
www.burmeseclassic.com

အတွဲ (၁၅) အမှတ် (၁၀)
၂၀၁၅ခုနှစ် အောက်တိုဘာလ

# သရဖူ

မဂ္ဂဇင်း



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ



(၁) ဒီဝါ တပတိ အာဒိစ္စော၊
ရတ္တိမာ ဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊
ဈာယီ တပတိ ဗြာဟ္မဏော။

(၂) အထ သဗ္ဗ မဟော ရတ္တိ
ဗုဒ္ဓေါ တပတိ တေဇသာ။
တာဒိသံ တေဇ သမ္ပန္နံ၊
ဗုဒ္ဓံ ဝန္ဒာမိ အာဒရံ။

(၃) နမက္ကာရာ နဘာဝေန၊
သဗ္ဗေ ပူရေန္တု သက်ပ္ပာ။ ။

BURMESE CLASSIC

# သရဏ

မဂ္ဂဇင်း

အတွဲ (၁၅) အမှတ် (၁၀)
၂၀၁၅ ခုနှစ် အောက်တိုဘာလ

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ









## ဘာသာရေးဆောင်းပါးများ


၅ အချက်ပြမျှားတပ်ဆင်ထားသော စက်ရုပ်ကြီး
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၆ အနန္တကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော ဗိုလ်သက်ထွန်းနှင့်တွေ့သော သိပ္ပံမောင်ဝ
**မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး**

၁၁ မဟာပဋ္ဌာန်းဘိုးဘိုးအောင် ရေးပေးခဲ့သောဂါထာ
**မြဝင်း(ဒဿန)**

၁၄ လိုတရဂါထာ
**ချောင်းဆုံအုန်းသွင်**

၁၇ သံတွဲမြို့နယ် ဇလွန်ရွာ ဓမ္မသစ္စာကျောင်းမှ ခန္ဓာတော်မပျက်မယွင်းဘဲ ဓာတ်တော်များကွန့်မြူးသည့် ဦးသုဇာတနှင့် ဦးကဝိန္ဒ ရုပ်ကလာပ်တော်နှစ်ပါး
**ရွှေချိုအောင်(ပေလီ)**

၃၀ သာမညဆရာတော်ကြီးနှင့် ဂန္ဓီရဖြစ်ရပ်ဆန်း
**အောင်ဆန်းလင်း(ဘီ-အေ)**

၃၄ သံယောဇဉ်နှင့်လူ
**ထုံးတောင်-အရှင်ဓမ္မပီယ(မြောင်)**

၃၇ ထားဝယ်မြို့မှ ထူးထူးခြားခြား အထင်ကရ ဆုတောင်းပြည့် သံပုံစေတီ
**မောင်စိမ်းထွေး(ထားဝယ်)**

၄၃ သောတာပန်ဟူသည်
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၄၄ ဂါထာကိုရင်ဆိုင်၍ယှဉ်ပြိုင်ခဲ့သူ
**စိုးထွန်း(ဥပဒေ)**

၄၈ ရဟန္တာအရှင်အရပဲ၏ အန္တရာယ်လည်းကင်း၊ ဥစ္စာလည်းကြွယ်တဲ့ဂါထာမန္တန်
**ကိုရွှေမြသန်း(သမိုင်း)**

၄၉ ဆားတောင်ဆရာတော်ဘုရားကြီး အမှတ်တရ
**တင်အောင်(စက်မှုတက္ကသိုလ်)**

၅၅ ထူးခြားသောရုပ်တုများနှင့် စီးပွားတက်ဂါထာ
**တက္ကသိုလ်အပန်ငယ်**

၅၉ သီးလုံးဆရာတော်
**ဝေစည်(ရွှေဘို)**

၆၄ မောရသုတ်ပရိတ်တော်နှင့် ကျွန်ုပ်၏အတွေ့အကြုံ
**အေးချမ်းအောင်(ရမည်းသင်း)**

၆၇ ပြိုဟ်ရှစ်ခွင်ကိုးသိမ်ဝင်သော နဝင်းပုတီးအဆောင်
**ရောမြေ-ကျော်ဝေ**

၆၉ ထားဝယ်ရှင်ကိုးရှင်မှသည် ထိုင်းနိုင်ငံ ကန်ချနာဘူရီဆီသို့
**မောင်ပွင့်ဉာဏ်(မောရ)**

၇၄ ပလ္လင်သုံးဆင့်၊ အခဏ်းကိုးခဏ်း... သုံးလောက၏မင်းဖြစ်သော ဘုရားရှင်တော်မြတ်ကို ကိုးကွယ်ကြရအောင်
**ဘုန်းခေါင်**

၇၇ မဟာပဝါရဏာပွဲ(သို့)ဖိတ်ပွဲ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၇၉ ရွှေကြက်ယက်တောင်ပေါ်၌ တည်ထားကိုးကွယ်မည့် ရွှေကက္ကူကြိဖလစေတီတော်
**ဘိုဘို(ရွှေကက္ကူ)**

၁၀၁ ကမ္ဘာအံ့ချီးမကုန် မြတ်ရွှေတိဂုံရင်... တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ အမှတ် (၂၀)
**ကံဝင်း**

၁၁၃ ဗေဒါလမ်း၊ ခရေပင်ဖောက်ထိုး မြစ်ကမ်းနံဘေးက ထမင်းဆိုင်နဲ့ ဖျာပုံခရီး
**ကိုအေးမြင့်(မဟာဗိဇ္ဇာ၊ ရေး-...)**

၁၃၃ မြဘုရားဖူးခရီးသည်
**ခင်မောင်အေး(မန္တလေး)**

၁၄၃ ကချင်ပြည်နယ် အင်းတော်ကြီး ရွှေမဥ္စူဘုရားသို့ခရီးသွားခြင်း
**အေးလွင်(ကသာ)**

၁၆၂ ညီတော်အာနန္ဒာ၏ ပါရမီဇာတ်လမ်းများ
**ဝဏ္ဏသီရိ**

၁၈၃ တန်ခိုးကြီး ရွှေတိဂုံဘုရား ရင်ပြင်တော်မှာ အမှောင့်အမှာ... ခဲ့သူတစ်ယောက်အကြောင်း သိုက်မောင်နှံ(၇)ဖော်မှ ဒဏ်ခတ်...
**ကံဝင်း**

၂၀၅ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရွာမြင်းမူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဦးဆုံး ကျောက်စိမ်းစေတီတော်... ဝေရောစန
**မေသူနေဝင်း**


www.burmeseclassic.com

www.burmeseclassic.com


## သုတရသဆောင်းပါး


၃၆ စိမ်းလန်းသောမနက်ဖြန်ပေါင်းများစွာ ဖြတ်သန်းချင်သော်လည်း
**ဇိုသက်**
ကျွန်တော်သိသမျှရေးရပါတယ်
**ခန်းမော်ညိုသူ**
ကိုယ့်ကာယကံကိုယ့်ထံပြန်
**မကျွေးဝင်းမြင့်**
ကျွဲ နွားများ ကျူပင်အစာတောက်လျှင် ဆေးနည်း
**နေအောင်လင်း(စလေ)**
စောင့်ကြည့်လေ့လာသင့်သည့် နိမိတ်သဘောဆောင်များ
**မင်းရှိန်အောင်**
ကြီးငှက်တို့ဓလေ့စရိုက်နှင့် အတိတ်နိမိတ်များ
**နေအောင်လင်း(စလေ)**
ကိုလိုနီခေတ် မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း
**အနောက်တံခါးမှူးမောင်မှူး**
ဟင်းမလားဏ်ရတနာသိုက်
**ထုမိုး(ပညာရေး)**
ဦးသိန်းရွှေနှင့် ထူးခြားဆန်းသောဖြစ်ရပ်ဆန်းများ
**အဏ္ဏဝါလှိုင်း**
ဆေးသာလီမြို့ဟောင်း ဘုရားဖော်မှုကုန်း အမှတ်(VSL.12B)
**ခန်းချိုထူးလှ (ရှေးဟောင်းသုတေသန)**
မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့(၇၄)
**မောင်သန်းဆွေ(ထားဝယ်)**
ဆေးဒပညာရှုထောင့်က ၂၀၁၅ ခုနှစ်ရွေးကောက်ပွဲရလဒ်
**နိုင်းအောင်**
ဆောမြို့သူကြီးလူဝင်စား
**ဆောနကာဘိုးထောင်**
ဘက်များသန်ချသည့်နည်း
**နီမင်း(မြောက်စည်း)**
ဘေးငုံးရှင် စစ်ကွင်းဆရာတော်ကြီး၏ အပည့် မဟာပထမံပညာ၏ မြှုပ်ဂိုဏ်းချုပ်
ဒိမိုရှင်ဆရာကြီးဦးထွန်းမြိုင်(၇)
**ဆရာဆရာဦးအေးရွှေ**
မြန်မာ့အထူးခြားဆုံး ဆိပ်ခေါင်းအကြောင်း
**ကြည်လွင်**
မြိတ်သျှမြန်မာနိုင်ငံ ဆေးဦးဆုံး ရွှတ်တော်ရွေးကောက်ပွဲ
**ချိုထက်**

## သုရဋ္ဌဝတ္ထုတို

၁၇၄ သံသရာအငြိုးရှိကကြေပါစေ
**ရွှေပြည့်စိုး(မိုးကုတ်)**
၁၈၆ ငှက်ကြီးတောင်ဓားသမားနဲ့ မှင်စာတို့ရဲ့တစ်ပွဲတစ်လမ်း
**အောင်မြင့်ထွန်း(မသုံးလုံး)**
၂၁၀ လက်ဖက်ကုသိုလ်ကွမ်းကုသိုလ်
**နန္ဒာစိုး(ဆင်ဖြူကျွန်း)**
၂၂၂ ကန့်ကွက်လွှာ
**တော်မြင့်(ငှက်ဖျား)**
၂၄၆ ကြုံတောသချိုင်းစောင့်နဲ့ တွေ့တဲ့ည
**ရိရိဌေး**
၂၅၈ ဦးအော်နှင့်ဖူးတလယ်
**ငွေစိုး(ရွှေကြန့်မြေ)**
၂၆၆ သမ္မာဒိဋ္ဌိမကြောက်တဲ့တစ္ဆေ ငရုတ်သီးနဲ့တွေ့တော့
**သပိတ်ကျင်း-ကျော်ကျော်ထွန်း**
၂၇၀ တေးသီငှက်
**မဟာသျှံ**
၂၈၂ ငရဲနှင့်တူသောဒုက္ခ တစ်ဖန်ပြန်မရချင်
**အာကာသ(သာစည်)**
၂၈၈ ခွင့်မလွှတ်နိုင်သည့်စေတနာအများ
**တင်အေးကျော်(အောင်လံ)**
၃၀၀ ကက်ကင်းညီနောင်နှင့် အသက်ရှည်ဆေး
**ကောင်းသော်**
၃၃၄ ရေဆက်ပါသူ
**မောင်မောင်သန်းထွန်း**
၃၃၈ ပြကျောက်(၃)
**နေပြည်တော်ကျော်ကျော်စိုး**
၃၅၀ ကြောင်ရုပ်ကြီးနှင့်လူ
**မင်းဟိန်းထိဒ်**
၃၆၂ ဂျပန်ချစ်သူများ
**ရဲမြတ်တင်**
၃၈၄ ကိုးလောင်းဇရပ်
**မင်းခေါင်ထွင်**
၄၀၂ ကျောက်မဲတောကျေးရွာမှ အပေအတောကြီးများအကြောင်း
**သန့်ဇင်**

## သုရဋ္ဌအခန်းဆက်ဝတ္ထုရှည်

၁၉၈ ပညာရှင်
**ဆရာဦးမောင်မောင်သန်း (ရင်ကိုအေးမြစေသား)**
၃၉၀ ဂန္ဓာရီသမားအယူမှားသော်
**ဗိုးကျော့**



## သုရဋ္ဌတိုင်းရင်းဆေး

၁၃ အပူနာ၊ အနာဖု၊ အနာစိမ်းများပေါက်ခဲ့သော်
**ထပ်တရာ**
၁၁၂ ရင်ကျပ်၊ ပန်းနာချောင်းဆိုးလျက်ဆေး
**နတ်မောက်မင်းသန့်နိုင်**
၁၃၂ ကလေးသူငယ် နာစေး နာပိတ်သော်
**နတ်မောက်မင်းသန့်နိုင်**
၁၀၅ ချောင်းခြောက်ဆိုးနေလျှင်
**နတ်မောက်မင်းသန့်နိုင်**
၂၂၇ အိမ်တိုင်းအတွက် မြန်မာဆေးဖယောင်းချက်
**လူစွမ်းမြင့်(နတ်မောက်)**
၂၉၃ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
**မဟာနွယ်(မန်းတက္ကသိုလ်)**
၂၉၈ အဘွားပေးတဲ့ကလေးဆေး
**ရွှေညာမြေ-မောင်သန်းနိုင် (ကုန်းဇောင်း)**
၃၂၇ ချင်းတောင်တန်းက ဆေးနည်းကောင်း
**ရွှေညာမြေ-မောင်သန်းနိုင် (ကုန်းဇောင်း)**
၃၆၀ အစာလည်းဆေး၊ ဆေးလည်းအစာ ရောဂါလည်းပျောက်၊ လျှာလည်းလောက်သည့် ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ(၁၀)
**ရွှေနဝင်း(ပုသိမ်)**
၃၆၈ ပျားအုံရဲ့အား
**နတ်မောက်မင်းသန့်နိုင်**
၄၁၀ ကျိုးပေါင်းရောဂါအတွက် ဆေးမခက်ပါ
**အဏ္ဏဝါလှိုင်း**


www.burmeseclassic.com

www.burmeseclassic.com





## သုရဿ ပညာရပ်


၁၃၉ ဘဝရှင်သန်ရာသင့်လက်မှာ
**ဦးအောင်မင်း**

၁၅၅ နာမည်များနှင့်ဖြင်းခုံခြင်း
**နေဝိဇ္ဇာ**

၁၅၉ ကုလားမသား သုံးယောက်ဖွား
ရွှေသားညီနောင် တန်ခိုးပြောင်
သိဒ္ဓိအင်းအစီအရင်
**တြိရတနာ-ဆရာဝေယျာလင်း**
**(ကဏ္ဍီပါဖိနပ်စီး၊ ရွှေထီးဆောင်း)**

၁၇၁ ရေသူမ၏လျှို့ဝှက်ချက်
**မင်းရှိန်အောင်**

၂၃၀ ဝိဇ္ဇာဓရမြန်မာ့အဂ္ဂိရတ်ပညာ(၅၅)
**ဆရာဦးဆက်ထွန်းလင်း**
**(အာယုဗ္ဗေဒ)**

၂၅၁ ရှေးမြန်မာ့မြို့တော်သစ်
တည်ဆောက်မှုနှင့်နိမိတ်ပညာ
**မင်းရှိန်အောင်**

၂၅၄ တားရော့ကားချပ်များအား
ချဉ်းကပ်လေ့လာခြင်း
**ဆရာစိုး-ရွှေအာရုဏ်ဦး**
**(တားရော့သုတေသီ)**
**မိုးကောင်း**

၂၇၆ မဟာကိန်းဂဏန်းများ(၂)
**ကိုးနဝင်း**

၂၉၄ နာမည်မြင်ကွင်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၃၁၀ အဟန့်
**မင်းပြည့်**

၃၄၃ ဖုန်းရွှေပညာသိကောင်းစရာ
**ဦးအောင်လှိုင်(သုဝဏ္ဏ)**

၃၆၉ ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး
ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏
ဘဝနှင့်လက္ခဏာပညာအမြင်
**ဆရာချမ်းမင်း(LL.B)**

၃၈၀ တားရော့ဖြန့်ခင်းပုံနည်းစနစ်
**ဆရာကြီး**


## သုရဿလက်တွေ့အသုံးချ


၁၀၆ လိုသူများသုံးစေဖို့
မဟာအတုလအစိန္တေယျသရဏဂုံ
အင်းတော်ကြီး
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၁၉၃ ၂၀၁၅ ခုနှစ်အောက်တိုဘာလအတွက်
ဓနသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်
**ရှိန်းအောင်(ဂန္ဓီရ)**

၂၁၅ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ
အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား
**ဦးအောင်စောလှိုင်(ပုသိမ်)**

၂၂၁ ၂၀၁၅ ခုနှစ်အောက်တိုဘာလအတွက်
စီးပွားရေးဗေဒင်ဟောကိန်း
**မင်းရှိန်အောင်**

၂၄၄ အနန္တသိဒ္ဓိမဟာဒီပံပူဇော်နည်း
နန်းဦးဆရာတော်၏နည်း
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၂၄၅ ထီ
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၂၆၈ လိုသူများသုံးစေဖို့
မြန်မာ့လောကီပညာနှင့်ဂါထာများ
**ဆရာဦးစိန်လှိုင်(ကျိုက်လတ်)**

၂၈၀ ပြည်မြန်မာ၏
၂၀၁၅ ခုနှစ်၊ တူရာသီပြောင်း၊
မန်ဒိန်းဇာတာဟောကိန်း
**မင်းရှိန်အောင်**

၃၈၈ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ
ကောင်းကျိုးဝေဖြာ
တစ်နေ့တာလမ်းညွှန်
**ဒေါ်ခင်စံသူ(B.Sc)**

၄၁၁ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ
ကံမြင့်ကံပွင့်အစီအရင်
**ပြည်သိန်းကျော်**

၄၁၄ အကျိုးပေးမြန်ခြင်းအတွက်
သုရဿလက်ဆောင်
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**

၄၁၈ ၂၀၁၅ ခုနှစ်အောက်တိုဘာလအတွက်
ခုနစ်ရက်သားသမီးဟောစာတမ်း
**ဆရာဦးမောင်မောင်သန်း**
**(ရင်ကိုအေးမြစေသား)**



**နာယက**
ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)
**စာတည်းချုပ်**
ဦးအောင်မြတ်
**အုပ်ချုပ်မှုစာတည်း**
ဒေါ်သန်းသန်း(ခ)
ဒေါ်ချောသီရိနိုင်
**စာတည်းအဖွဲ့**
ကျော်မင်းထွဋ်
ဝေလွှဲလွှဲထွဏ်း

**ဥပဒေအကြံပေး**
ဦးထွန်းရွှေ
B.A (Law);L.L.B
လွှတ်တော်ချုပ်ရှေ့နေ
**ထုတ်ဝေသူ**
ဦးအောင်မြတ်
(၀၀၀၈၄)

**မျက်နှာဖုံးနှင့်**
**အတွင်းပန်းချီ**
စိုးအောင်
**သုရဿစာလုံးဒီဇိုင်း**
ကိုကျော်မင်းမောင်
**အတွင်းဖလင်**
color king
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဦးဝင်းအောင် (၀၀၀၈၂)
သန်းထိုက်ရတနာအော့ဖ်ဆက်
အမှတ်(၈၄၈၆) လမ်း(၅၀)
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၂၉၈၆၇၄

**ဖြန့်ချိရေးမှူး**
အောင်မြင့်သန်း

**ကွန်ပြူတာစာစီ**
စုစုလှိုင်၊ ချမ်းငြေကျော်၊
အိမွန်ထွန်း၊ နင်းသန္တာကျော်၊ စန်းထွန်းမြ

**ရုံးအဖွဲ့**
တင်မိုးနိုင်၊ သဲပယုလှိုင်၊ အေးအေးစန်း၊
စုမွန်၊ စုစုစံ၊ နနု၊ ဖြိုးရတနာ၊
**စာတည်းအဖွဲ့ရုံးခန်းနှင့်ဖြန့်ချိရေး**
ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၈၃၂) ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ရန်ကုန်။
ဖြန့်ချိရေး- ၀၁-၂၄၀၆၉၀
စာမူနှင့်ကြော်ငြာ -၀၁-၃၈၈၇၁၈
**မျှဝေသား**
**တစ်ဦးတည်း၊ ကိုယ်စားလှယ်**
ထွန်းဦးစာပေ
**နေပြည်တော်ပျဉ်းမနား-**
သော်တာစန်း၊ သရဖူ၊ ရွှေရည်ဝင်း
**မော်လမြိုင်**-ကျော်ကျော်စာပေ
**ရှမ်းတောင်ကယား**-ဂါနုဒီ၊ မိလျှံနှာ
**ပဲခူး**- သဇင်စာပေ
**ဟသာတ**-တာလေးမောင်၊ ရွှေမောင်
**မကွေး** -ရွှေပြည်စိုး
**တောင်ငူ**-ဦးထွန်း၊ ဦးလှမောင်
**မြန်အောင်**-လှထုမေတ္တာ
**အုပ်ရေ** ၁၀၀၀
လက်ကားဖြန့်ချိမှု ( ၃၀၀၀ ) ကျပ်


www.burmeseclassic.com

www.burmeseclassic.com

## အချက်ပြများ တပ်ဆင်ထားသော
## စက်ရုပ်ကြီး

- ဤကိုယ်ကာယ တစ်လုံးမျှ၌
  တွင်းပပြန်လှန် ဓာတ်အခံတို့
  ရန်ရန်ချင်းတိုက် မိတ်ချင်းတိုက်နှင့်
  တိုက်ခိုက်အာရုံ ကောင်းဆိုးဂုဏ်ကြောင့်
  အကုန်မစဲ ခန်းမစဲသည်
  မြဲခွင့်မသာပါတကား။

- ဤကိုယ်ကာယ တစ်လုံးမျှကို
  ကံကလည်းဖျက် စိတ်ကဖျက်နှင့်
  တိုက်ဖျက်ဥတု သွင်းခုအစာ
  ဝင်ဖျက်လှာကြောင့်
  မကွာဆင့်ဆင့် ပျက်ဘေးသင့်သည်
  ကောင်းခွင့်မသာပါတကား။

- ဤကိုယ်ကာယ တစ်လုံးမျှကား
  ကံထအငွေ့ စိတ်ထငွေ့နှင့်
  ဓာတ်ငွေ့ထဟန် ဘုတ်ပုံစံကို
  မွမ်းမံဥတု သွင်းခုအစာ ထိုနှစ်ဖြာက
  ဆိုင်ရာဓာတ်သက် ငွေ့ချင်းဆက်ဖြင့်
  ခြေလက်စသား လှုပ်ပေးထားကြောင့်
  နှစ်သားကင်းစင် တိမ်သို့လွင့်သည်
  ပိုင်ခွင့်မသာပါတကား။

*(၁၃၆၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်၊*
*ပဋ္ဌိပတ်တောကျောင်း)*

ကျေးဇူးတော်ရှင်
မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး







www.burmeseclassic.com

www.burmeseclassic.com



အနန္တကျေးဇူးတော်ရှင်
မဟာဟောစိမ့်မြှင်ဆရာတော်ဘုရားကြီး

# ဗိုလ်သက်ထွန်းနှင့်တွေ့သော သိပ္ပံမောင်ဝ

❑ ကောယံ ပါပကံ ပဿန္တောပိ၊
ကာ္ကစ သုန္ဒရံတိ မညတိ၊
ကာ္ကတော ပုနစ ဓမ္မကံပဿေ၊
အပရေ အကန္တ ဘာဝေနေဝ။
ဒွိဟိ စက္ခု သမဘာဂမာနေ၊
သမတ္တာ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ။

**ကော** - တစ်ဖက်က၊ **အယံ** - ဤ အမူအကျင့်သည်၊ **ပါပကံတိ** - ယုတ်ညံ့သောအမူအကျင့်များဟူ၍၊ **ပဿန္တောပိ**- အမြင်ပေါက်နေသော်မှလည်း၊ **ကာ္ကစ** - ဤဘက်၌ကား၊ **တော** - ထိုမူဝါဒကို၊ **သုန္ဒရံတိ** - အကောင်းဟူ၍၊ **မညတိ** - စွဲယူ သိမ်းပိုက် နှစ်ခြိုက်လျက်ရှိပါချေ၏။

**ပုနစ** - တစ်ဖက်နှင့်တစ်ဖက် တစ်ချက်အမြင်စောင်းနေကြပုံကား. . .၊ **ကာ္ကတော** - ဤဘက်က၊ **အယံ** - ဤမိမိ လုပ်ရပ်သည်၊ **ဓမ္မကံတိ** - တရားသော လုပ်ရပ်ဟူ၍၊ **ပဿေဝိ** - မြင်နေသော်မှလည်း၊ **အပရေစ** - တစ်ဖက်သူတို့သည်ကား၊ **ကာ္ကဒိ** - ဤဥစ္စာကို၊ **အကန္တဘာဝေနေဝ** - အော့ကြောလန်အဖြစ်ဖြင့်သာ၊ **ပဿတိ** - အုပ်ချုပ်ရေးကိုနှောင့်ယှက် တိုင်းပြည်ကယောက်ကယက်ဖြစ်စေသောပြစ်မှုအဖြစ် ရှုကြည့်၏။

**ဒွိဟိ** - နှစ်ဖက်ကုန်သော၊ **စက္ခု (စက္ခုနိ)** - ဝါဒဖက်သုံး မျက်လုံးတို့ကို၊ **သမာဘာဂမာနေ** - အကျင့်အယူ ဆင်တူကြည်ပ ညီမျှလိုလတ်သော်. . .၊ **ဓမ္မာနု ဓမ္မ ပဋိပတ္တိယာဝ** - မင်္ဂဆိုက်ဖိုလ်ဆိုက် နိဗ္ဗာန်အမြင်လိုက်စေသော ဝိပဿနာဉာဏ်၊ မင်္ဂဖိုလ်ဉာဏ် အဆန်ရင့်သည့် ပဋိပတ်အကျင့်မြတ်ကသာ၊ **သမတ္တာ** - စွမ်းဆောင်နိုင်ပေလိမ့်တကား. . .။ ။

**❑ တကယ်ရင်ဆိုင်ရသည်က အိုင်-စီ-အက်နှင့်တော်လှန်ရေး**

ဤစာတမ်းသည် ငါတို့ဝိပဿနာ သမားရေးရသည့်စာတမ်းမဟုတ်။

ဤစာတမ်းသည် ငါတို့ ဝနဝါသီ၏ ရေးလက်လည်းမဟုတ်။

သို့စဉ်လျက် ဘာ့ကြောင့်ရေးခဲ့ရသနည်း။ မေးခဲ့သော် . . .

နောက်နှောင်းသူတို့ တစ်ဖက်အမြင်၊ တစ်ဖက်အပြော ရောယောင်လိုက်ကာ ကိုယ့်အရိုး ကိုယ်ချိုးလိမ်နေမိကြမည်စိုးသောကြောင့်. . .။

ဤအကြောင်း၏ အတွင်းရေး တစ်ပိုင်းတစ်စ ငါတို့ကြားသိထားခဲ့၏။ သိထားသော ထိုအကြောင်းကို သိလေသူငါတို့က လက်ဆင့်ကမ်း မထားခဲ့လျှင် ငါတို့တာဝန်မကျေမည်စိုးသောကြောင့် . . .။

ဖြစ်ခဲ့သည်ကား ကြာခဲ့ပြီ။

၁၉၄၂ - ခုနှစ်လောက်တုန်းက။

ဖြစ်ခဲ့မှုကလည်း အများကြီး၊ တစ်ပြည်လုံး တင်းကျမ်း။ သို့စဉ်လျက် . . . ဤအမှုကျမှ ဘာ့ကြောင့် ယခုအထိ (နောင်အထိ) အသက်ငင်နေသနည်း။

အိုင် - စီ - အက်ဦးစိန်တင်အား တော်လှန်ရေးသမား ဗိုလ်သက်ထွန်း အုပ်စုက ဝင်ရောက် ရှင်းလင်းပါသည်ကို စာရေးဆရာ သိပ္ပံမောင်ဝအား ဓားပြသက်ထွန်းအုပ်စုက ပစ္စည်းယူ လူသတ်သွားသည်ဟူ၍ ကြေညာလိုက်ရာ. . .

ထိုခေတ်မှသည် ယနေ့ခေတ် နောင်ခေတ်တိုင်အောင်သော သုတေသီ စာရေးဆရာများက အသက်သွင်းပေးနေကြခြင်းကြောင့်. . .။ နိုင်ငံရေး စာရေးဆရာများက သွေးသွင်းပေးနေကြခြင်းကြောင့်. . .။ ခေတ်စမ်းစာပေပညာရှင်တစ်ယောက် ပျောက်ကွယ်သွားခြင်းမှာ နှမြောသင့်ကြ၏။ တမ်းတသင့်ကြ၏။

ထိုသိပ္ပံမောင်ဝသည် . . . ဟိုးယခင် စာပေပညာရှင်များ မြန်မာ့စာပေပလ္လင်က အခင်းအကျင်းအတိုင်း ကံ၊ ကတ္တား၊ အာလုပ်၊ သမ္ပဒါန်၊ အပါဒါန် စသည်များဖြင့် ဝါကျစုံပုံချလျက်က ပြုစုရေးသားကြသည်ကို . . .

အိုင်ဂိုးတူးသည်ပဇာ . . .

ကျွန်ုပ် (မောင်ဖြူ) သည် ဈေးသို့သွား၏။

ဤအရေးမျိုးဖြင့် ထိုးလှန်ကာ ခေတ်စမ်းတော်လှန်ရေးကြီး ဆင်နွှဲသူဖြစ်၏။

မြန်မာ့စာပေရေးသားနည်းပညာနှင့် အလှမ်းဝေးကွာသွားလေသူများအတွက် ရောမအထောက်အပံ့ကောင်းကြီးဖြစ်လာစေသည်။ သို့ကြောင့် စာပေပညာရှင် (ခေတ်လိုက်စာပေပညာရှင်) များ အားကိုးကြရ၏။ အားကိုးထိုက်သူလည်း ဖြစ်လာခဲ့၏။

သို့ - အားကိုးရာ၌ စာပေပညာတစ်ဖက်တည်းဖြင့် မလုံလောက်။ သူ့ဘဝနှင့် သူ့လုပ်ရပ်အပေါ် ဘက်စုံခြုံကြည့် ငုံကြည့်ပြီးမှသာ အားကိုးသင့်ကြသည်။

သို့ဆိုသဖြင့် သူ့အား အပုပ်ချရန် မဟုတ်ချေ။

ထိုမှအပြန် . . . သူ့အကြောင်း ခြေခြေမြစ်မြစ်သိထားကြဖို့သာ။

သူ့အသတ်ခံရခြင်းအကြောင်း အတွင်းကျကျ သိထားကြဖို့သာ။

ဦးစိန်တင်သည် အိုင်-စီ-အက်။

အိုင်-စီ-အက်ဟူသည် ဗြိတိသျှအား ပဋိညာဉ်စာချုပ်ဖြင့် သစ္စာခံထား



www.burmeseclassic.com

www.burmeseclassic.com

ခြင်း (သို့) အင်္ဂလိပ်အလိုကျ လိုက်နာ အုပ်ချုပ်ပေးနေရသူ. . . ။

တိုင်းတွင်းဖွား အုပ်ချုပ်သူမင်းများနှင့် အုပ်ချုပ်ခံပြည်သူများသော်မှ တစောင်းစေးနှင့် မျက်ချေးပမာ . . . အစေးမကပ်ကြရာ . . .

အကြည့်ကလည်း ငုံ့ကြည့်လေ့ရှိသော တိုင်းတစ်ပါးအစိုးရ။

အမြင်ကလည်း ငါဖို့သာ မြင်နေသော တိုင်းတစ်ပါးအစိုးရ။ ထိုအစိုးရသည် ဤအုပ်ချုပ်ခံ ပြည်သူတို့အကြားတာစားလိမ့်မည်မထင်။ တစ်ဖန် အင်္ဂလိပ်အလိုတော်ကျ အမှုထမ်းပေးနေရသူမင်းသားများနှင့် ပြည်သူများလည်း အစေးကပ်ကြလိမ့်မည်မထင်။

**ဘိုလ်သက်ထွန်းဆိုသည်မှာ ...**

ဤ၌ ဗိုလ်သက်ထွန်းအကြောင်း တစေ့တစောင်းလမ်းကြောင်းပေးထားလို၏။သိပ္ပံမောင်ဝ(တစ်ဖက်)အကြောင်းကား အများထဲ အများကြီးသိပြီးသား ဖြစ်နေကြပြီ။

ဗိုလ်သက်ထွန်းသည် ခင်ဦးမြို့နယ်ပိုင် အင်ကြင်းပင်ရွာသား။ ထိုရွာကား ယနေ့ ရဟန္တာအဖြစ် ကျော်ကြားသော ဝေဘူဆရာတော်ကြီး၏ရွာ။ ထိုအင်ကြင်းပင်ရွာသည် တဲကြီး၊ ဘေကြီး၊ ဖုန်းကုန်းစသည့် သူကြီးတစ်ပိုင်အတွင်း၌ရှိပြီး . . ထိုသူကြီးအမိန့် နာခံရသောရွာ။

တစ်နေ့ ထိုဗိုလ်သက်ထွန်းသည် လှည်းနှင့်ပတ်သက်သောအစိတ်အပိုင်းများ (ပုံတောင်း၊ ဒေါက်၊ အကူ စသည်များ) လက်ရာမြောက်ပြုလုပ်ကာ မြို့ဘက်လှည်းရောင်းရာ ဆိုင်များ၌လည်း သွင်း၏။ တောနေ တောင်သူများကိုလည်း ရောင်းချ၏။

ယင်းကို သူ့နည်းတူ လှည်းလုပ်ငန်း (လှည်းအစိတ်အပိုင်းလုပ်ငန်း) ဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသူက သဝန်တိုစိတ်ဖြစ်ပေါ်လာ၏။ သို့ဖြင့် သူ့လိုမလုပ်နိုင်ရန် သူကြီးဖြင့် လှည့်ကိုင်တော့ သည်။

သူကြီးကလည်း တစ်ဖက်ပေးထားသည့်စကား၊ တစ်ဖက်ပေးထားသည့် လာဘ်များကို ရယူကာ ဗိုလ်သက်ထွန်း (ကိုသက်ထွန်း) အား အမျိုးမျိုးပညာပြတော့သည်။ အမျိုးမျိုးတားမြစ်မိန့်များ ထုတ်တော့သည်။

ဗိုလ်သက်ထွန်းကား လူရိုးလူဖြောင့်။

သို့သော် မဟုတ်မခံ ဆတ်ဆတ်ကြဲသမား။ နောက်ဆုံး ထိုဗိုလ်သက်ထွန်း မခံနိုင်လွန်းတော့ရကား သတ်လျှိုသူ၊ သူကြီးကုန်းတိုက်သမားအား သတ်ပစ်ထားခဲ့ကာ လက်နက်မဲ့ တောခိုခဲ့ပြီ။

ဥပဒေကို လိုသလိုသုံးနေသော သူကြီးဒဏ် မခံနိုင်သောကြောင့်။

သူကြီးကပ်ဖားဖား အချင်းချင်းကျ နှိပ်လိုသူအား လှဲချထားခဲ့မိသောကြောင့် သည့်နောက် လက်နက်ရှင် သူကြီးများထံမှ လက်နက်ခဲယမ်းမီးကျောက်များကို အစာငတ်ခံကာ ချောင်းမြောင်း လုယက်၏။ သို့ဖြင့် လက်နက်များ တစ်စတစ်စစုမိလာ၏။ လူသူများပါ တစ်စတစ်စ စုမိလာ၏။

လက်နက်စုမိချိန်၊ လူစုမိချိန်၌ လုပ်သင့်သည်မှာ တော်လှန်ရေး. . . ။

သို့ဖြစ်ရာ ဤလက်နက် ထိုလူစု ဖြင့်သာ အုပ်ချုပ်မှုအင်အားနည်းရာ . . . ရုံတစ်ခါ ဇီးကုန်းမြို့ငယ်လေးသို့ တက်စီးကြသည်။ ရုံတစ်ခါ ကန့်ဘလူ၊ ရုံတစ်ခါ ခင်ဦး . . . စီးပြီးသော် . . . ရသမျှ ရွှေငွေပစ္စည်းများ ကိုယ်စီယူခဲ့ကြသည်။ ရသမျှ ရိက္ခာများ ရုံတစ်ခါ လှည်းဖြင့်၊ ရုံတစ်ခါ လူများဆင့်ခေါ်၍ သယ်ခဲ့ကြသည်။ ဌာနေရောက်သော အခါတွင်ကား အနီးနေရွာများသို့ထိ ရိက္ခာများ ဝေငှပေးသည်။ အဝတ်အထည်များလည်း ဝေငှပေးသည်။

ထိုစဉ် စားရမဲ့ သောက်ရမဲ့ တောနေများအတွက်ကား ပျော်ပွဲ။

အဆုံးရှုံးခံ မြို့နေများဘက်တွင်ကား ငိုပွဲ။

သို့ မြို့တက်စီးခြင်း၊ တိုက်ခိုက်လုယက်ခြင်းများ ပြုလုပ်ကြရာ၌ . . . ပစ္စည်းရှင်တိုင်းလည်း အလုယက်မခံကြရပါ။ မြို့နေတိုင်းလည်း အနှိပ်စက်



www.burmeseclassic.com

www.burmeseclassic.com

မခံကြရပါ။ ဤသူကား အင်္ဂလိပ်မင်းနှင့် ပေါင်း စီးပွားရေးခေါင်းပုံဖြတ်နေ၏။ ဤသူကား အင်္ဂလိပ်မင်းအလိုကျ လူထုအပေါ် အာဏာပြနေ၏။ ထိုသတင်း ဤစာရင်းများ လက်ဝယ်ရောက်လာမှသာ ထိုစာရင်းပါလူများကို တိုက်ခိုက်သည်။ ရှိပစ္စည်းများ သိမ်းပိုက်သည်။

တစ်ဖန် ခရိုင်ရုံးများစိုက်ရာ ရွှေဘိုမြို့ကြီးသို့လည်း သွားရောက်ကြသေးသည်။ ရွှေဘိုမြို့ကြီးကိုကား စီးနိုင်သောလူ၊ လက်နက်အင်အားများ မရှိကြရာ ရုတ်တရက် (လူခြေတိတ်) မြို့တွင်းဝင်၍ လိုရာအိမ်ဝင်စီးကြသည်။

လုံခြုံသောအိမ်ဆို ရဲဝတ်စုံဝတ်ဆင်ကာဝင်စီး. . . ။

သာမန်အိမ်ဖြစ်က အရပ်ဝတ်ဖြင့် ပင်ဝင်စီး. . . ။

အတွင်းပစ္စည်းများယူပြီးက မြင်းကိုယ်စီဖြင့် ပြန်ခဲ့ကြလေပြီ။ ရလာသည့် ရွှေငွေများ၏ အဓိကအသုံးမှာ လက်နက်ဝယ်ရန်၊ အဝတ်အစား အသုံးအဆောင်ဝယ်ရန်အတွက်မျှသာ သို့မဟုတ် ရန်ပုံငွေ။

ဗိုလ်သက်ထွန်းခေါင်းဆောင်သည့် ထိုအုပ်စု၌ နောက်လိုက်အယောက်-၂၀ ကျော်ကျော်ရှိ၏။ လိုအပ်က လိုက်ရန် အသင့်များလည်းရှိသေး၏။ ယင်းတို့နှင့် ခေတ်ပြိုင်များလည်း တောနယ်တို့ထုံးစံအတိုင်းရှိကြပေသေး၏။

သို့သော် တစ်ယောက်ကောင်းဖြင့် ပြီးစီး၏။

ဤ၌ အများကြားဖူးသော ဗိုလ်ဖျော်ဆိုသည်လည်း ထိုခေတ်ဖွားဖြစ်ခဲ့၏။

ယင်းသည်လည်း မတော်သူတိုင်ကြားချက်အရ မတရားအရေးယူခံရသူတစ်ယောက် ဖြစ်၏။

ကြားဖူးသည်မှာ . . . ဗိုလ်ဖျော်သည် ထိုအမှုအတွက် ထုချေလွှာတင်ရန်လိုလို၊ လျှောက်လွှာတင်ရန်လိုလို သံတုတ်ကို စက္ကူဖြင့်လိပ်ပတ်ပတ်ကာ ကန့်ဘလူ အရေးပိုင် အင်္ဂလိပ်ကြီးရှိရာ ရုံးသို့တက်လာ၏။ အရေးပိုင်ကြီးရှေ့ရောက်သော် ထိုအရေးပိုင်ကြီးအား သံတုတ်ဖြင့် ဘယ်ပြန်ညာပြန်ရိုက်နှက်၏။ ပြီးသည်နှင့် အောက်ဆင်းပြေးလာ . . . ရုံးရှေ့အသင့်ချည်ထားသည့် အရေးပိုင်၏မြင်းကို ရုတ်တရက် ခုန်တက်ပြီး အဝေးသို့ခရီးပြင်းနှင်ခဲ့ပြီ။

ထိုအဝေးကား တခြားမဟုတ်။ သူ့ဆရာရှိရာ ငါတို့ မင်းကုန်းတောရနှင့် သူ့ရွာများပင်။

ထိုစဉ် မင်းကုန်းတောရကြီးကျောင်းရောက်သည်နှင့် တောရဆရာတော်ဦးသုနန္ဒအား သုံးကြိမ်ဂါရဝပြုပြီးကာ . . .

“တပည့်တော် သည်အချိန်ကစ၍ မိုက်ရပါတော့မည်ဘုရား”

သည်သို့ လျှောက်ထားသည်ဆို၏။ ပြီးသည်နှင့် မြင်းစီးခရီးနှင်တော့သည်။

သည့်နောက် ရွှေဘိုနယ်တစ်လွှားတွင် ရဲရဲတောက် ဗိုလ်ဖျော် ဟူ၍အမည်ပေါ်လွင်လာခဲ့ပြီ။ အင်္ဂလိပ်က ဆုငွေထုတ်ယူရသည်အထိ မိုက်စွမ်းပြခဲ့ပြီ။

ဗိုလ်သက်ထွန်းကား သူကြီးတစ်နယ်လောက်သာတွင်ကျယ်၏။ ပြိုင်ဘက်လှည်းလုပ်သမားကိုသာနှိမ်နိုင်ခဲ့၏။ သို့သော် သတ္တိကောင်းခြင်း၊ အချင်းချင်းအနစ်နာခံခြင်း၊ မျိုးချစ်စိတ်အားကြီးခြင်း စသည်များကြောင့် နယ်လူထုအားကိုးရာဖြစ်ခဲ့သည်။ နောက်ပါအင်အားများရာ အုပ်စုကြီးလည်း ဖြစ်လာခဲ့သည်။

ယင်းတို့သည် ဇီးကုန်းမြို့နှင့် ကန့်ဘလူမြို့အကြားတွင် တဲတန်းကြီးများထိုး၍ မိသားစုများပါ နေထိုင်ကြသည်။ သေဖော်ရှင်ဖက်အားကောင်းကြသည်။ သူတို့အားလုံး နောက်မယားများ (တောဝင်ဆောင် အမြှောင်မယားများ) ဖြင့်သာ တောတွင်း၌နေကြ၏။ ယခင်မယားများ တောသို့လိုက်ပါမသွားကြပါ။

သို့ အခိုင်အမာအထိုင်ချနေသော်မှလည်း. . . အင်္ဂလိပ်များလည်း တောဝင်မဖမ်းရဲကြပါ။ အင်္ဂလိပ်အလိုတော်ကျများလည်း တောဝင်မဖမ်းရဲကြပါ။ တစ်ပိုင်ကိုင် အစိုးရသူကြီးမင်းများလည်း တောဝင်မဖမ်းရဲကြပါ။

ထိုစဉ်က ငါတို့နယ်တွင်းရှိ သူကြီးမင်းများသည် . . . ငါတို့မင်းကုန်းရွာအုပ်ချုပ်ရသူကား သောက်ကန်သူကြီးမင်း။ ဗိုလ်သက်ထွန်း၏အင်ကြင်းပင်ရွာအုပ်ချုပ်ရသူကား မဒေါင်းလှသူကြီးမင်း။ (ငါတို့ လူလားမြောက်ချိန်တွင်ကား ဖန်းကုန်းကနေ အုပ်ချုပ်သည်။) တစ်ဖန်မြောက်ဘက်တွင် ဘုတ်ကုန်း(ဖုတ်ကုန်း) သူကြီး၊ အနောက်ဘက်တွင်လည်း သူ့နေရာနှင့်သူ သူကြီးမင်းအသီးသီး. . . ။ ထိုအားလုံးလိုက်လံမဖမ်းဝံ့ကြသောအခါ . . .

အိမ်၌ကျန်နေရစ်ခဲ့ကြသော သမီးတွဲလောင်းသားတွဲလောင်းရှိမယားများကို (သူကြီးများက ဖမ်းပို့စေပြီး) ရွှေဘိုအချုပ်ထောင်ကြီး (ခရိုင်ဝန်၊ နယ်ပိုင်ဝန်များ ရုံးစိုက်ရာ) တွင်သွင်းထားလိုက်ကြသည်။ ထိုအထဲ . . .

ဗိုလ်သက်ထွန်းမယားကြီး ဒေါ်နိုင်ပါ၏။

ဗိုလ်ဘစံမယားကြီး (ငါတို့အမေ) ဒေါ်မေလည်း ပါ၏။ ငါတို့အဖေကား ဗိုလ်သက်ထွန်းနှင့် သေဖော်ရှင်ဖက်။ ငါတို့အဖေကား မဟုတ်မခံနှင့် အရွဲ့တိုက်သမား။

သည့်အတူ အခြားအခြားများ၏ မယားကြီးများလည်း ထောင်မိမယ်များဖြစ်ကြရရှာပြီ။

ထိုစဉ်က (၄၂-ခုနှစ်က) နယ်ပိုင်ကြီး ဦးစိန်တင် မန္တလေးမှနေ ရွှေဘိုသို့ ပြောင်းရွှေ့လာသည်။ န ယ်ပိုင်ကြီးဆိုသည်ကို သတိပြုခဲ့ပါ။

တစ်ဖန် နယ်ပိုင်ကြီး ဦးဘသန်းလည်း ကန့်ဘလူဝယ် အမှုထမ်းနေဆဲဖြစ်သည်ကိုလည်း သတိပြုခဲ့ပါ။

တစ်ဖန် ထိုစဉ်က ဗိုလ်သက်ထွန်းဦးစီးသည့်တော်လှန်ရေးအုပ်စု၏အစိုးရအပေါ် (အုပ်ချုပ်သူများအပေါ်) ထားရှိကြမည့် သဘောထားကိုလည်း သတိပြုခဲ့ပါ။

**❑ သိပ္ပံမောင်ဝနောက်ဆုတ် ဦးစိန်တင်ရှေ့တိုး**

ဦးစိန်တင် (အိုင်-စီ-အက်) သည် ၁၉၄၂- ခုနှစ်က မန္တလေးမှနေ ရွှေဘိုသို့ ပြောင်းရွှေ့ အမှုထမ်းကြောင်း မှတ်သားခဲ့ရ၏။

ထိုစဉ်က ငါနှင့် အမေတို့သည် ရွှေဘိုထောင်ကြီးချုပ်ထဲ၌ရောက်နေကြ၏။ ယင်းကို ရွှေဘိုမြို့ပေါ် သို့ ဂျပန်ကြဲချနေသောဗုံးဒဏ်မှ လွတ်မြောက်ရန်ပုန်းခိုရပုံများဖြင့် ငါတို့အတ္ထုပ္ပတ္တိထဲ၌ အကျယ်ရေးပြခဲ့ပြီးပြီ။

တစ်ဖန် ဗိုလ်သက်ထွန်းဇနီး ဒေါ်နိုင်နှင့် အခြားအခြားများလည်း ယင်းရွှေဘိုထောင်ကြီးချုပ်ထဲ၌ပင်ရောက်နေကြသည်။

အိုင်စီအက် ဦးစိန်တင်နှင့် ဓားပြအမည်ပေးထားသည့် တော်လှန်ရေးသမားတို့၏မယားများ ရွှေဘို၌ ဂျပန်ဗုံးဒဏ်စုခံနေကြရသောနှစ်ပင်. . . ။

သည်သို့ အုပ်ချုပ်သူ မြန်မာဖြစ်အင်္ဂလိပ်မင်းကြီးများနှင့် အုပ်ချုပ်ခံမြန်မာ့တော်လှန်ရေးမယားများ ဗုံးဒဏ် (အတူ)ခံနေရချိန်. . . တကယ့်အင်္ဂလိပ်



www.burmeseclassic.com

www.burmeseclassic.com

ခင်းစစ်စစ်ကြီးများက မြန်မာပြည်မှ ထွက်ခွာခဲ့ကြ၍ အိန္ဒိယပြည် ဆင်းမလား မြို့၌ ရုံးစိုက်နေကြလေပြီ။ ယင်းကို အိုင်-စီ-အက် ဦးစိန်တင် မြင်တွေ့သွားလေရာ. . . ရွှေဘိုမှနေ အိန္ဒိယရှိ အင်္ဂလိပ်မင်းများထံလိုက်ပါရန် ဆုံးဖြတ်လိုက်သည်။ လိုက်ရာ၌ မြစ်ကြီးနားမှတစ်ဆင့် လိုက်ရန်လည်း စီစဉ်လိုက်ပြီ။

သို့ဖြင့် ဦးစိန်တင်နှင့် မိသားစုများရော. . . အခြားအခြားမိသားစုများပါ ဘူတာစုံ ရပ်တန့်ခေါ်ငင်နေသည့် မီးရထားကြီးဖြင့် ရွှေဘိုမှနေ (ဆိုင်ရာမှနေ) မြစ်ကြီးနားသို့ လိုက်ပါခဲ့ကြပြီ။

ထိုစဉ် ကန့်ဘလူဘူတာရောက်သည်နှင့် ဦးစိန်တင်တို့မိသားစုပါလာကြသော ရထားတွဲအား ကန့်ဘလူဘူတာ၌ပင် ဖြုတ်ထားခဲ့ပြီ။ ဤ၌ ထိုတွဲအာ့ကြောင့် ဖြုတ်ချထားခဲ့သနည်း။ ခင်းစားစရာ. . .။

ဖြုတ်ခဲ့သူက ဂါတ်ဗိုလ် . . .၊ ကျန်ခဲ့သူများက နယ်ပိုင်ကြီးများ. . .၊ ခင်းစားစရာ. . .။

နယ်ပိုင်များတွင် ကန့်ဘလူနယ်ပိုင်ကြီးဦးဘသန်း (မိသားစု) ပါဝင်နေသည်ကိုလည်း သတိပြုခဲ့ပါ။

သို့ဖြင့် မြစ်ကြီးနားမှနေ အိန္ဒိယ ဆက်ကူး၍ အင်္ဂလိပ်အစိုးရနောက်သို့ လိုက်ပါကြရန် တာလွှတ်ထားသော နယ်ပိုင်ကြီးများနှင့် မိသားစုဝင်များ နယ်ခံ နယ်ပိုင်ကြီးဦးဘသန်း ပါပါလျက် အားနှင့် ကန့်ဘလူသို့ မနား (မနေ) ကြ ဘဲ. . . ဟိုး ကန့်ဘလူနှင့် ၁၀-မိုင်မျှ ဝေးကွာသော (တောမီးလောင် တောကြောင် လက်ခမောင်းခတ်ကာလ ဖြစ်သော) ဂါးတားဆည်ကြီးအနီးရှိ ဗိုလ်တဲသို့ သွားရောက်နေထိုင်ကြသည်။

သို့ သွားရောက်နေထိုင်ခြင်းနှင့် မွေးမနှောင်းမှာပင် ဂါးတားဆည်ကြီး အနီးရှိ ဗိုလ်တဲသို့ အင်္ဂလိပ်အရာရှိများ ရောက်တည်းခိုနေကြသည်. . . ဤ သတင်းကိုလည်း ဗိုလ်သက်ထွန်းတို့ဆီသို့ ကြားပါးစကားအဖြစ် ရောက်လာနေသည်။ တိုက်ဆိုင်မှုပင်. . .။

ထိုတိုက်ဆိုင်မှုက. . . တစ်ဖက်နှင့် တစ်ဖက် တိုက်ခိုက်ကြရန် ဆိုင်ပေးခြင်း လား နှစ်ဖက်လုံး မျက်မှန်းကျိုးသဖြင့် အတွင်းကနေ လုပ်ကြံလိုက်ခြင်းလား . . .။

မည်သို့ဆိုစေ အင်္ဂလိပ်ဆို အလိုမရှိမုန်းနေသည့် ဗိုလ်သက်ထွန်းအုပ်စု ... အင်္ဂလိပ်အရာရှိကြီးများလာရောက် အပန်းဖြေရာ ထိုဂါးတားဆည်ကြီးအနီးရှိ ဗိုလ်တဲဆီသို့ ညတွင်းချင်း ချီတက်သွားကြပြီ။

နံနက်ပိုင်း လင်းအားကြီးတွင် တိုက်ပွဲဖြစ်ပွားကြသည်။ တိုက်ခိုက်ကြရင်းက ကန့်ဘလူနယ်ပိုင်ကြီး ဦးဘသန်း၏ဇနီး ကျည်သင့်ပြီး ကွယ်လွန်သည်။ သို့ကြောင့် နယ်ပိုင်ကြီးများအဖွဲ့ဘက်မှ လက်နက်ချကြသည်။ လက်နက်ချကြောင်းလည်း အော်ပြောကြသည်။

သေနတ်သံစဲ အော်ပွဲသာ ကြားကြရသော ထိုအချိန် . . .

ဗိုလ်သက်ထွန်းနှင့် ၁၀-ဦးက ဗိုလ်တဲပေါ်သို့ အသင့်အနေထားဖြင့် တက်. . .။ ကျန်အုပ်စုဝင်များက ပတ်ပတ်လည်နေရာယူ ဝိုင်းထား . . .။ သည့်နောက် ခေါင်းဆောင် ဗိုလ်သက်ထွန်းသည် အုပ်ချုပ်ရေးနှင့် မသက်ဆိုင်သူများကို ဘေးမဲ့အဖြစ်ထားသောအားဖြင့် ဦးစိန်တင်၏ဇနီးကိုလည်း ဗိုလ်တဲ၌ပင်ထားခဲ့သည်။ သစ်တောဝန်ထမ်းဦးစံတို့ကိုလည်း တို့ပင်မတို့ချေ။

အရေးပိုင်၊ နယ်ပိုင်များဖြစ်ကြသော ဦးစိန်တင်နှင့် ဦးဘသန်းတို့ကိုသာ ဗိုလ်တဲမှအဆင်းခိုင်းကာ မြို့ဘက် ဦးတည်စေသည်. . .။

ဤနေရာ၌ ဗိုလ်သက်ထွန်း၏ အလေ့အထကိုလည်း ပြောလိုသေး၏။

သူသည် ရန်ဘက်များနှင့်ရင်ဆိုင်ဖြေရှင်းရာ၌ . . . တစ်ဖက်ကလည်း ကိုယ့်လို လက်နက်ကိုင် ဖြစ်နေခဲ့သော် ခေါင်းအေးသောစိတ်၊ ရဲဝံ့သောသတ္တိတို့ဖြင့် လက်ဦးကာ အနိုင်ယူပြလေ့ရှိသည်။

အကယ်တိတိ တစ်ဖက်သော ထိုရန်သူက လက်နက်မဲ့ဖြစ်နေသော် တစ်ဖက်သတ် ဖြောင်အနိုင်မကျင့်တတ်ဘဲ အပြေးခိုင်းလေ့ရှိသည်။

ဆိုပါစို့ - သူ့အမနှင့်သူ့ယောက်ဖတို့ကိစ္စ။

ထိုယောက်ဖသည် မယားအပေါ် အမျိုးမျိုးအပြစ်ရှာညှဉ်းဆဲ၏။ နောက်ဆုံး အိမ်ပေါ်က ဆင်းပြေးရလောက်အောင်အထိ တိုးပြုကျင့်လာ၏။ ထိုသတင်း တောတွင်းကနေ ကြားရသောအခါ. . . တစ်ယောက်တည်း ရွာသို့ ပြန်လာကာ ထိုယောက်ဖနှင့်ရင်ဆိုင်၏။ ထိုယောက်ဖ ကြောက်သဖြင့် ဆတ်ဆတ်တုန်နေ၏။ ထိုစဉ် . . .

"ခင်ဗျားအပေါ် ကျုပ်တစ်ဖက်သတ် အနိုင်မယူချင်ပါဘူး. . .။ ဒါပေသိ ခွင့်လွှတ်လည်းမထားခဲ့ချင်ဘူး. . .။ သည်တော့ ခင်ဗျား လွတ်အောင်ပြေး . . . ကိုက်-၂၀၀ကျော်မှသာ ကျုပ်လှမ်းပစ်မယ်။ ကဲ - ပြေးတော့. . ."

သည်သို့ စီရင်ခဲ့ဖူးသော ဖြတ်ထုံးရှိခဲ့ဖူးရာ . . .

ယခုလည်း အင်္ဂလိပ်အလိုကျ (ပြည်သူများအား ဖိနှိပ်ပေးကြရသူ) ဦးစိန်တင်နှင့် ဦးဘသန်းတို့နှစ်ဦးကိုလည်း အပြေးခိုင်းပါသည်။

ဦးဘသန်းကား ကိုက်-၂၀၀ကျော်ဝယ် ဗိုလ်သက်ထွန်း၏ ကျည်ဖူးကို အလွတ်မပြေးနိုင်ရှာပါ။

ဦးစိန်တင်ကား ဗိုလ်တဲပေါ်က မယားလှမ်းအခေါ်ကြောင့် ပြန်လှည့်လာစဉ် (ဗိုလ်သက်ထွန်းက မပစ်နှင့် ဟန့်တားသည့်ကြားမှ) တစ်ယောက်က လှမ်းပစ်လိုက်ရာ. . . အသက်ပေးသွားရရှာပါသည်။

ထိုစဉ် . . . သတ်သူများကား တော်လှန်ရေးအုပ်စုက၊ အသတ်ခံရသူများကား အင်္ဂလိပ်အရေးပိုင် နယ်ပိုင်မင်းများသာ. . .။

အများ အသိ၊ အမြင်တွင်ကား . . . ငွေကြေးပါသည်အထင်ဖြင့်လုယက်ရန်လာသော ဓားပြများက စာရေးဆရာ သိပ္ပံမောင်ဝကို သတ်သွားကြသည်. . . ဟူ၍။

အမြင်ချင်း ဘယ်လောက်ကွာခြားနေသနည်း။

သည်သို့ အမြင်ကွဲပြားနေကြရာ၏အဓိကအကြောင်းရင်းမှာ . . . အင်္ဂလိပ်အစိုးရ၏ ပြန်ကြားရေးဌာနကထုတ်ပြန်သော သတင်းအတိုင်းသာ သူ့ခေတ်သတင်းစာတို့က ဖော်ပြခွင့်ရှိကြရာ . . .

တော်လှန်ရေးအုပ်စုက ဓားပြအမည်ရစေပြီး. . .၊

အိုင်-စီ-အက်ဝန်ထမ်းက စာရေးဆရာအမည်ရနေပါသည်။

ဤ၌ ငါတို့သိစေလိုသည်မှ ထိုဆိုခဲ့ပြီးများကိုထောက်၍. . . ဗိုလ်သက်ထွန်းအုပ်စုက သိပ္ပံမောင်ဝနှင့် အပေါင်းပါတို့အပေါ် လူမှားသတ်မိပါသည်ဟူ၍လည်း ခုခံစရာမလို။ တစ်ဖန်. . . တမင်သတ်ကြတာပါဟူ၍လည်း စွဲချက်တင်စရာမရှိပါ။ ဘာ့ကြောင့်. . .။ ဆိုခဲ့ပြီးသည်များ ဆက်စပ်ကြည့်က အဖြေသိလောက်ကြပါပြီ။

တစ်ဖန်လည်း ဗိုလ်သက်ထွန်းအုပ်စုသည် ဓားပြတွေပါဆိုသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ငြင်းကွယ်စရာမရှိပါ။ သို့တိုင်လည်း ဝန်ခံရမည့်အရာလည်းမဟုတ်ပါ။ ဘာ့ကြောင့်ဆိုသော် . . . တိုက်တိုက်၊ လုံတိုက် နေရာများဝယ် တိုက်ခိုက်လုယက်ခြင်း ဝေငှထောက်ပံ့သင့်သည်များ၌ ဝေငှထောက်ပံ့လေ့ရှိကြ၏။ သို့မဟုတ် . . .

မတရား ရယူထားသူများထံမှ သိမ်းပိုက်၍ . . .

မတရား ခေါင်းငုံ့ခံနေရသူများသို့ တစ်ဆင့်လွှဲပြောင်းပေးနေသောကြောင့် အထက်နေ ဤဆိုခဲ့ပြီးများကို လိုရင်းမျှ ထပ်မံပြပါမည်။

၁။ ဗိုလ်သက်ထွန်းအုပ်စုက အင်္ဂလိပ်တော်လှန်ရေးလုပ်ကြသည်။

၂။ ယင်းတို့ကို ဖမ်းမရ၍ ယင်းတို့၏ မယားများကို ရွှေဘိုထောင်၌ ထားသည်။

၃။ အိုင်-စီ-အက် ဦးစိန်တင် ရွှေဘိုအရေးပိုင်အဖြစ် တာဝန်ပေးခံရသည်။

ဤတွင် ကြားဖြတ်ဇာတ်ခင်း တစ်ခု ကြားညှပ်သွင်းပေးပါသည်။

ဆိုးဆိုးဆတ်ဆတ်နိုင်လှသော ဟသ်ာတခရိုင်နေများကို အုပ်ချုပ်ရန်အတွက် ထိထိရှရှကိုင်တွယ်လေ့ရှိသော ဇေဗီးယားအမည်ရ (ယင်းသည် အင်္ဂလိပ်နှင့် အိန္ဒိယတို့မှ မွေးဖွားသောသားဆိုပါသည်။) အရေးပိုင်မင်းအား ပို့လွှတ်တာဝန်ပေးသည်ဟု ဆိုပါသည်။

သို့ဆိုသော်. . . ထိုးထိုးထောင်ထောင်နိုင်လှသော ဤရွှေဘိုခရိုင်နေများကို အုပ်ချုပ်ရန်အတွက်လည်း ဒိုးဒိုးဒေါက်ဒေါက် အရေးပိုင်ကို မို့မည်မှာ သေချာနေပါသည်။ စိတ်ထန် မာန်တင်းသမားဆိုက မှားမည်မထင်ပါ။

၄။ ၄၂-ခုနှစ် ဂျပန်တို့ ဝင်လာချိန်အဆိုပါ အိုင်-စီ-အက်ဦးစိန်တင်သည် မြန်မာပြည်မှ ရှောင်ထွက်၍ အိန္ဒိယဘက်ကူးရန် ကြိုးစားပါသည်။

၅။ ကန့်ဘလူအရောက်တွင် ဦးစိန်တင်ပါသော မီးရထားတွဲကို မြစ်ကြီးနားအထိ အပါမခံဘဲ ဖြုတ်ပစ်ထားခဲ့သည်နှင့် ကြုံရပါသည်။

၆။ ထိုစဉ် နယ်ခံ နယ်ပိုင်ကြီး ဦးဘသန်းရော ရွှေဘိုအရေးပိုင်ကြီး ဦးစိန်တင်ပါ မိသားစုများနှင့်အတူ . . . သူ (သူပုန်ထချိန်ကာလတော်ကြောင်များ လက်ခမောင်းခတ်ချိန်ကာလဝယ်) ကန့်ဘလူနှင့် ၁၀-မိုင်မျှဝေးသည့် ဂါးတားဆည်ကြီးအနီးရှိ ဗိုလ်တဲသို့ သွားရောက် နေထိုင်စေပါသည်။

၇။ ကန့်ဘလူ၊ ဇီးကုန်း၊ ခင်ဦးနယ်များအတွင်း ကြီးစိုးနေသည့် တောဘုရင် ဗိုလ်သက်ထွန်းအဖွဲ့ထံသို့လည်း ကန့်ဘလူမှနေ (ဂါးတားဆည်ကြီး ဗိုလ်တဲ၌ အင်္ဂလိပ်အရာရှိကြီးရောက်နေသည်) ထိုသတင်း အတွင်းစကားကိုလည်း လူကြုံပါးလိုက်ပြန်သေးသည်။

အထက်ပါအချက်များကိုထောက်သော်. . .

ဗိုလ်သက်ထွန်းအုပ်စုသည် တစ်နံပါတ် တရားခံမဖြစ်နိုင်။ ကိုယ်ထိလက်ရောက် ကျူးလွန်သောကြောင့်ကား တရားခံအဖြစ်မှလည်း မလွတ်။

သို့ဆိုသော် . . .

(က) သိပ္ပံမောင်ဝ သတ်သူ၏ တရားခံအစစ် နံပါတ်တစ်သည် မည်သူဖြစ်သင့်သနည်း။ စာပေပညာရှင်များ၊ သုတေသီများ၊ ဥပဒေပညာရှင်များ အဖြေထုတ်ပေးကြပါကုန်။

(ခ) တစ်ဖန်. . . ဗိုလ်သက်ထွန်းနှင့် အပေါင်းပါများကို အင်္ဂလိပ်အစိုးရအသုံးအနှုန်းအတိုင်းပင် ဓားပြဟု ဆက်ခေါ်သင့်ကြသလား. . . ။

ယင်းသည်လည်း ထိုပညာရှင်များအတွက် ပုစ္ဆာတစ်ခုပင်ဖြစ်နေရာ . . . ထိုပညာရှင်များ (မိမိတို့ရှုထောင့်မှနေ) တွက်ချက်၍ အဖြေထုတ်ကြပါကုန် . . . ။

(ဂ) တစ်ဖန်လည်း. . . အိုင်-စီ-အက် ဦးစိန်တင်ရော စာရေးဆရာသိပ္ပံမောင်ဝပါ နှစ်လောင်းပြိုင်အသတ်ခံခဲ့ရရာ. . .

သေသူမှာ သိပ္ပံမောင်ဝလား၊ အိုင်-စီ-အက် ဦးစိန်တင်လား . . . ။

ဤပုစ္ဆာကိုလည်း ထိုပညာရှင်များကပင် အဖြေထုတ်ကြကုန်။

## ။ အကြည့်ချင်းမတူက အသိချင်းမတူနိုင်

ကြားတွင် ကန့်လန့်အခြားခံထားရရာ၏ နှစ်ဖက်နေတို့တွင် တစ်ဖက်အမြင်နှင့် တစ်ဖက်၏အမြင် အမြင်ချင်းမတူတတ်ကြပါ။ ကြည့်ခွင့်ရကပင် အဆင်ချင်းမတူကြသောကြောင့်။ သို့ဖြစ်ရာ . . .

တစ်ဖက်၌ အယုတ်ပေါ်နေသော်လည်း ကျန်တစ်ဖက်၌ကား အကောင်း။

တစ်ဖက်၌ တရားရှိနေသော်လည်း တစ်ဖက်အမြင်ကား မတရားဖြစ်နေတတ်သည်။

ဘက်စုံအကောင်းမြင် မြင်တွေ့လိုကြပါလျှင်ကား. . . ကိုယ့်ကိုယ်ကိုယ် အမှုဖွင့်၍ ဝိပဿနာဘာဝနာ ဥပဒေသတို့ဖြင့် ရှုမှတ်စစ်ဆေး အပြစ်ပေးကြဖို့သာ. . . ။

၁ ဧကာယံ ပါပကံ ပဿန္တောပိ၊
ဣဓစ သုန္ဒရံ တိ မညတိ၊
ဣတော ပုနစ ဓမ္မကံပဿေ၊
အပရေ အကန္တ ဘာဝေနေဝ။
ဒွိဟိ စက္ခု သမဘာဂမာနေ၊
သမတ္ထာ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ။

**ဧကံ** - တစ်ဖက်က၊ **အယံ** - ဤအမူအကျင့်သည်၊ **ပါပကံတိ** - ယုတ်ညံ့သောအမူအကျင့်များဟူ၍၊ **ပဿန္တောပိ**- အမြင်ပေါက်နေသော်မှလည်း၊ **ဣဓစ** - ဤဘက်၌ကား၊ **တံ** - ထိုမူဝါဒကို၊ **သုန္ဒရံတိ** - အကောင်းဟူ၍၊ **မညတိ** - စွဲယူသိမ်းပိုက် နှစ်ခြိုက်လျက်ရှိပါချေ၏။

**ပုနစ** - တစ်ဖက်နှင့်တစ်ဖက် တစ်ချက်အမြင်စောင်းနေကြပုံကား. . . ၊ **ဣတော** - ဤဘက်က၊ **အယံ** - ဤမိမိလုပ်ရပ်သည်၊ **ဓမ္မကံတိ** - တရားသောလုပ်ရပ်ဟူ၍၊ **ပဿေပိ** - မြင်နေသော်မှလည်း၊ **အပရေစ** - တစ်ဖက်သူတို့သည်ကား၊ **ဣဒံ** - ဤဥစ္စာကို၊ **အကန္တဘာဝေနေဝ** - အောကြောလန်အဖြစ်ဖြင့်သာ၊ **ပဿတိ** - အုပ်ချုပ်ရေးကိုနှောင့်ယှက် တိုင်းပြည်ကယောက်ကယက်ဖြစ်စေသောပြစ်မှုအဖြစ် ရှုကြည့်၏။

**ဒွိဟိ** - နှစ်ဖက်ကုန်သော၊ **စက္ခု (စက္ခုနိ)** - ဝါဒဖက်သုံး မျက်လုံးတို့ကို၊ **သမဘာဂမာနေ** - အကျင့်အယူ ဆင်တူကြည်ပ ညီမျှလိုလတ်သော်. . . ၊ **ဓမ္မာနုဓမ္မ ပဋိပတ္တိယာဝ** - မဂ်ဆိုက်ဖိုလ်ဆိုက် နိဗ္ဗာန်အမြင်လိုက်စေသော ဝိပဿနာဉာဏ်၊ မဂ်ဖိုလ်ဉာဏ် အဆန်ရင့်သည့် ပဋိပတ်အကျင့်မြတ်ကသာ၊ **သမတ္ထာ** - စွမ်းဆောင်နိုင်ပေလိမ့်တကား. . . ။ ။

၁၃၇၅-ခုနှ[illegible]
ကဆုန်လပြည့်ကျော် ၈-ရက်[illegible]
စနေနေ့[illegible]
ဥဒေယျမိမ်တောရ၊ မလည်[illegible]

မဟာဗောဓိမြ[illegible]
ဆရာတော်ဒေါ်ုရားကြီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# မြဝင်း(ဒဿန)

မဟာပဥ္စမံဘိုးဘိုးအောင်
ရေးပေးခဲ့သောဂါထာ



၁။

ကျွန်တော်သည် ပြည်မြို့ စကားတောင်ဆရာတော်ဘုရားကြီး သက်ရှိထင်ရှားရှိစဉ်အခါက စကားတောင်ကျောင်းတိုက်သို့ မကြာခဏ သွားရောက်၍ ဆရာတော်ဘုရားကြီးအား သိလိုသမျှ အချက်တို့ကို မေးလျှောက်တတ်ပါသည်။ ဆရာတော်ဘုရားကြီးကလည်း စေတနာထူးလျက် စိတ်ရှည်လက်ရှည်ဖြေကြားတတ်ပါသည်။

၂။

တစ်ညတွင် ကျွန်တော်သည် စကားတောင်ကျောင်းတိုက်သို့ ရောက်သွားပါသည်။ ကျွန်တော်နှင့်အတူ ဦးသိန်းထွန်း(သင်္ချာဌာန၊ပြည်တက္ကသိုလ်) နှင့် ကိုသန်းနိုင် (ပေလေးပင်) တို့လည်း ပါပါသည်။ ကျွန်တော်တို့သည် ဆရာတော်ဘုရားကြီးအခန်းသို့ဝင်၍ ဆရာတော်ဘုရားကြီးအား ကန်တော့ကြပါသည်။ ထို့နောက် သင့်သောနေရာများမှ ထိုင်ကြပါသည်။ ထိုညက ကျွန်တော်သည် ဆရာတော်ဘုရားကြီးအား မဟာပဥ္စမံဘိုးဘိုးအောင်နှင့် စပ်လျဉ်း၍ မေးလျှောက်ခဲ့ပါသည်။

"ဆရာတော်ဘုရား၊ ဆရာတော်ဘုရားဆီ မဟာပဥ္စမံဘိုးဘိုးအောင် ရောက်လာပြီး ဂါထာပေးခဲ့တယ်လို့ပြောကြပါတယ် ဘုရား။ မဟာပဥ္စမံဘိုးဘိုးအောင်ရောက်လာပုံကို ပြောပြပါဘုရား"

"အစကတော့ ဘိုးဘိုးအောင်ရယ်လို့မသိပါဘူး။နောက်တော့မှ ကျောင်းကိုရောက်လာတဲ့ ဒကာတွေပြောတော့မှ ဘိုးဘိုးအောင်လို့သိရတာ။ ဘုန်းကြီးက အဲဒီတုန်းက ကိုးသောင်းကျောင်းမှာနေတယ်။ ဆရာကြီးတို့ တက္ကသိုလ်နဲ့ သိပ်မဝေးဘူး။ သိတယ်မဟုတ်လား"

"သိပါတယ် ဘုရား"

"အဲဒီတုန်းက စစ်အတွင်းကတောကိုပို့ထားတဲ့ စာအုပ်သေတ္တာလေးရောက်လာလို့ သေတ္တာကိုဖွင့်ပြီး စာအုပ်တွေကိုကြည့်နေတာ။ အမြီးနှစ်ခွကောင်တွေက စာအုပ်အနှောင့်တွေကိုကိုက်ထားလို့ စာအုပ်တွေက အတော်ပျက်စီးနေတယ်။ ဒါနဲ့ ဘုန်းကြီးက စာအုပ်တွေကိုခါမြီး ကောင်းတာနဲ့ ပျက်တာ တစ်ပုံ



www.burmeseclassic.com

www.burmeseclassic.com

စီပုံနေတာ။ အဲဒီလိုလုပ်နေတုန်း ရသေ့လိုလိုပုဂ္ဂိုလ်တစ်ဦး ရောက်လာတယ်။ ခြေထောက်မှာလည်း ဖုန်တွေနဲ့။ အဲဒီပုဂ္ဂိုလ်က ဘုန်းကြီးနားလာထိုင်ပြီး -

"ဘာတွေလုပ်နေတာတုံး"

လို့ မေးပါတယ်။

ဘုန်းကြီးကလည်း -

"ဘုန်းကြီးဆိုတော့ ဘုန်းကြီးအလုပ်လုပ်နေတာပေါ့"

လို့ ခပ်ပြတ်ပြတ်ပြောလိုက်တယ်။ အဲဒီတော့ အဲဒီပုဂ္ဂိုလ်က ဘာမှဆက်မပြောဘူး။ ဘုန်းကြီးလုပ်တာကို ထိုင်ကြည့်နေတယ်။ ဘုန်းကြီးလည်း စာအုပ်တွေ တစ်ပုံစီစီထပ်ပြီး ကုဋီသွားဦးမယ်ဆိုပြီး အောက်ကိုဆင်းသွားတယ်။ ကုဋီကပြန်လာတော့ ရေတစ်ခွက်သောက်တယ်။ ဦးရစ်သေ့ ရေသောက်ဦးမလားဆိုပြီး ရေခပ်ပေးမိတယ်။ နောက်တော့မှ ဘာဖြစ်လို့ ရေခပ်ပေးမိပါလိမ့်လို့ ကိုယ့်ကိုယ်ကိုယ်ပြန်ပြီးမေးမိတယ်။ နောက်တော့ အတွေးရလာတယ်။ ဒီရသေ့ကြည့်ရတာ တော်တော်နဲ့ ပြန်ပုံမပေါ်ဘူး။ ဒီရသေ့ပြန်လေအောင် ဘုရားရှိခိုးမှဆိုပြီး-

"ကဲ - ဘုရားရှိခိုးရမယ့်အချိန်ရောက်ပြီ၊ ဘုရားရှိခိုးတော့မယ်"

ဆိုပြီး ဘုရားခန်းထဲဝင်ပြီး ဘုရားရှိခိုးတယ်။ ခါတိုင်းကထက်ကြာအောင် ဘုရားရှိခိုးတယ်။ ဘုရားရှိခိုးပြီးတော့ ဦးရသေ့တော့ ပြန်ရောက်ပြီဆိုပြီး ဘုရားခန်းထဲကထွက်လာတော့ ဦးရသေ့က မပြန်ဘဲ ဘုန်းကြီးထိုင်တဲ့ ကုလားထိုင်ပေါ်မှာထိုင်နေတာတွေ့ရတယ်။ ဒါပေမယ့် ရုပ်ပြောင်းသွားတယ်။ စောစောက ရုပ်မျိုးမဟုတ်တော့ဘူး။ ဝတ်ဖြူစင်ကြယ်နဲ့ဖြစ်သွားတယ်။ သူကဘုန်းကြီးကိုကြည့်ပြီး -

'ဘာလိုသလဲ'

လို့ မေးပါတယ်။

ဘုန်းကြီးကလည်း -

'ဘာမှမလိုဘူး'

လို့ ပြောလိုက်တယ်။

အဲဒီတော့ သူက စာရွက်တစ်ရွက်နဲ့ ရေးစရာတောင်းတယ်။ ဘုန်းကြီးက ဗလာစာအုပ်နဲ့ ခဲတံပေးလိုက်တယ်။ သူက ဗလာစာအုပ်ကိုလှန်ပြီး စာရွက်ပေါ်မှာ ခဲတံနဲ့ရေးတယ်။ သူခဲတံကိုင်ပုံက ဘုန်းကြီးတို့ကိုင်ပုံမျိုး မဟုတ်ဘူး။ ခဲတံကို လက်ဝါးထဲထည့်ပြီး လက်သီးဆုပ်သလိုမျိုးကိုင်တယ်။ ဂါထာတစ်ပုဒ်ရေးတယ်။ ပြီးတော့ ဘုန်းကြီးကိုပေးတယ်။





ဘုန်းကြီးက -

'ဒါဘာလုပ်ရမှာလဲ'

ဆိုတော့ -

"လိုရာသုံးပေါ့"

လို့ ဆိုပြီးထွက်သွားပါတယ်။ ဒါနဲ့ ဘုန်းကြီးက ရိုးရိုးရသေ့တော့ ဟုတ်ဟန်မတူဘူး၊ ထူးခြားတယ်ဆိုပြီး လိုက်ကြည့်တယ်၊ မတွေ့တော့ဘူး။ ဆရာကြီးလည်း သိသားပဲ။ ကိုးဆောင်းဘုန်းကြီးကျောင်းကအထွက်မှာရထားလမ်းရှိတယ်။ ဘုန်းကြီးက ရထားလမ်းနားအထိ လိုက်သွားတယ်။ ရထားလမ်းနားမှာ ကုလားကြီးတွေရှိတယ်။ အဲဒီကုလားကြီးတွေကို-

'ဒီနားမှာဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်တစ်ဦးမလာဘူးလား'

လို့ မေးကြည့်တော့ အဲဒီကုလားကြီးတွေက-

'မလာဘူး၊ မမြင်ဘူး'

လို့ ပြောတယ်။

ကိုးဆောင်းကျောင်းနဲ့ ဘယ်လောက်မှဝေးတာ မဟုတ်ဘူးနော်။ ဒါနဲ့ ဘုန်းကြီးလည်း ကျောင်းကိုပြန်ပြီး သူရေးထားတဲ့ဂါထာကိုဖတ်ကြည့်ပြီး ဗလာစာအုပ်သိမ်းထားလိုက်တယ်။

နောက် (၃) ရက်လောက်ကြာတော့ လူ (၃) ဦးရောက်လာတယ်။ သူတို့က လျှောက်တယ်။

'တပည့်တော်တို့ ရွှေဆံတော်မှာ အဓိဋ္ဌာန်ဝင်ဖို့လာကြတာပါတဲ့။ အရှင်ဘုရားကျောင်းမှာ တည်းခွင့်ပြုပါ' တဲ့။

ဒီတော့ ဘုန်းကြီးက -

"နေစရာကတော့ ဆွမ်းချက်ရုံပဲရှိတယ်။ အဲဒီထဲမှာတည်းကြပေါ့"

လို့ ပြောလိုက်တယ်။

အဲဒီတော့ သူတို့က -

'ရပါတယ် ဘုရား' တဲ့။

'တပည့်တော်တို့ကို သောက်ရေအိုးတစ်လုံးစွန့်ပါ'

လို့လျှောက်တယ်။

ဒါနဲ့ ဘုန်းကြီးက သောက်ရေအိုးရယ်၊ ရေအိုးဖုံးရယ်၊ ရေခွက်ရယ် စွန့်လိုက်တယ်။ သူတို့က မနက်လင်းတာနဲ့ ရွှေဆံတော်ကိုသွားကြတယ်။ မိုးချုပ်မှ ပြန်ရောက်လာကြတယ်။ (၃) ရက်ပြည့်တဲ့ညမှာတော့ သူတို့ဘုန်းကြီးဆီရောက်



www.burmeseclassic.com

www.burmeseclassic.com

# ထပ်တရာ
# အပူနာ၊အနာဖု၊အနာစိမ်းများပေါက်ခဲ့သော်

အနာစိမ်းအပူဖုများသည် ကြီးငယ်မရွေးပေါက်လေ့ရှိသည့် အပူလွန်ကဲ၍ဖြစ်သောအပူနာဖြစ်သည်။ နာလည်းနာသည့်အပြင် အဖုနေရာတစ်ဝိုက်တွင် ပူလောင်ခြင်းကို ခံစားရ၏။ အချို့ငရုတ်ကောင်းစေ့ခန့်မှ ကွမ်းသီးလုံးအရွယ်ထိကြီး၏။ ဆီးဝမ်းမမှန်အညောင်းထိုင်သူများဖြစ်တတ်၏။ တစ်လုံးတလေမျှမက သုံး၊ လေးလုံးခန့် စုပြုံပေါက်တတ်၏။

တစ်နေ့ ရုံးတက်လာသည့် လုပ်ဖော်ကိုင်ဖက်ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုလှဖေတစ်ယောက် ကွတကွတနှင့် လမ်းလျှောက်သည်ကိုမြင်မိ၍ မည်သို့ဖြစ်၍ ဤသို့ကုန်းကုန်းကွကွဖြစ်နေရကြောင်းမေးရာ ကိုလှဖေမှ -

"အစ်မကြီးရေ ကန်တော့ဗျာ။ ကျွန်တော့်စအိုမှာ အဖုသုံးလေးဖုပေါက်နေတာ အခံရဆိုးပြီး စက်ဘီးလည်းစီးမရ၊ လမ်းလျှောက်လည်းနာ၊ ထိုင်လည်းနာနဲ့တော်တော်ဆိုးနေတယ်။ ဒါကြောင့်ပါ"

"ဒါများရှင် ကျွန်မဆေးနည်းပြောပါမယ်။ ယုံကြည်ရင်လုပ်ပါ။ မနက်လုပ်ရင် ညနေဆို သိသာပါတယ်။ အလွန်ဆုံး (၃) ရက်ပါပဲ"

"အမြန်ပြောပါ အစ်မကြီးရယ်၊ ပျောက်ရင် ထုံးစံအတိုင်း ရုံးစားသောက်ဆိုင်မှာ ပြုစုပါ့မယ်"

ဟု ဆိုပါသည်။

ဆေးနည်းမှာ -

နလင်ကျော်နှင့် ထင်းရှူးဆီကို ကျောက်ပျဉ်၌ လက်ကော်၍ရအောင် ပျစ်ပျစ်သွေး၍ အနာဖုတစ်ဝိုက် အသားတွင်းစိမ့်ဝင်အောင်လိမ်းပေးခြင်းခြင်းဖြစ်၏။ ပရဆေးဆိုင်များတွင် အလွယ်တကူ ဝယ်ယူရရှိနိုင်ပါသည်။

နောက်တစ်နေ့ ရုံးတက်လာရာ ဝမ်းသာအားရဖြင့် ဆေးလိမ်းသည့် အချိန်ကပင် အနာမှာ အပူသက်သာပြီး အေးသည့်အရသာကို ခံစားရကြောင်း၊ နံနက်မိုးလင်းသော် အနာဖုများမှာစမ်းမရလောက်အောင် ပိန်ရှုံ့သွားကြောင်း၊ အောင့်ခြင်း၊ နာခြင်းလည်းမရှိတော့သဖြင့် ရုံးတွင်လိမ်းရန် ဆေးအားသွေးယူလာခဲ့ကြောင်း ပြောပါသည်။ ညနေ ရုံးမှစက်ဘီးစီး၍ပြန်သွားနိုင်၏။ (၃) ရက်မရောက်ခင် (၂) ရက်နှင့် ပျောက်ကင်းသွားခြင်းဖြစ်၏။

စာရေးသူကိုယ်တိုင်လည်း ကိုလှဖေနည်းတူဖြစ်ဖူး၏။ ထိုဆေးဖြင့်ပျောက်ခဲ့သဖြင့် ယင်းဆေးအား ယုံကြည်စွာပြုလုပ်သင့်ကြောင်း အကြံပြု ရေးသားလိုပါသည်။

အနာဖုအားပြည်ညှစ်ခြင်း၊ အခြားအနာပေါက်ဆေးများသုံးခြင်းဖြင့် မလိုလားအပ်ဘဲ ပိုးဝင်၊ ပြည်တည်နှင့် အနာခေါင်းကျယ်သွားနိုင်ပါသည်။ ယခုဆေးနည်းမှာ အနာဖုလုံးဝပိန်ရှုံ့ပျောက်သွားခြင်းဖြစ်သဖြင့် တန်ဖိုးလည်းနည်းကာ အမြန်ဆုံးသက်သာပျောက်ကင်းနိုင်၍ ဖြန့်ဝေမျှခြင်းပြုပါသည်။

ထင်းရှူးဆီမှာ မီးမွှေးရန်ခွဲစိတ်ထားသည့်အကာသားမဟုတ်ဘဲ အဆီအနှစ်ပြည့်သည့်အတုံးကို အသုံးပြုရပါမည်။

ထပ်တရာ

---

လာတယ်။ ဘုန်းကြီးကို ကန်တော့ပြီး ဒကာကြီးတစ်ဦးက ဆရာစောလို့ထင်တယ်။ သူက မေးလျှောက်တယ်။

'အရှင်ဘုရားကျောင်းကို ပဋ္ဌမံဘိုးဘိုးအောင်လာသွားပါတယ်ဘုရား။ ဂါထာလည်း ရေးပေးသွားပါတယ်ဘုရား။ အဲဒီဂါထာကို တပည့်တော်တို့ကိုစွန့်ပါဘုရား"

လို့ လျှောက်တယ်။

ဒီတော့ ဘုန်းကြီးက -

'ပဋ္ဌမံဘိုးဘိုးအောင်လားဘာလားတော့မသိဘူး။ ပုဂ္ဂိုလ်တစ်ဦးတော့လာတယ်၊ လိုရာသုံးဖို့ဆိုပြီး ဂါထာရေးပေးသွားတယ်'

လို့ပြောတော့ စောစောကလျှောက်တဲ့ဒကာပဲ -

'အဲဒါ ပဋ္ဌမံရေးပေးသွားတဲ့ဂါထာပါဘုရား။ အဲဒါကို စွန့်ပါဘုရား'

လို့ လျှောက်တယ်။ ဒါနဲ့ ဘုန်းကြီးကလည်း အဲဒီဂါထာကိုပေးလိုက်တယ်။

"ဆရာတော်ဘုရားကြီးအဲဒီဂါထာကိုရသေးသလား ဘုရား"

"ရပါတယ်၊ ဆရာကြီးကော လိုချင်လို့လား။ လိုချင်ရင်လိုက်ရေး" ဆိုပြီး ဂါထာကို ရွတ်ပြပါတယ်။

၁။ ဗုဒ္ဓေါ ဗုဒ္ဓဿ ဣဒ္ဓိဗုဒ္ဓဿ
နိမ္မိတံ မာတုဗုဒ္ဓေါ။

၂။ ဘဂဝါ တုမှာကံ အတ္တဓာဝံ
နိမ္မိတံ ဗုဒ္ဓေါ။

၃။ ဗုဒ္ဓေါ ဗုဒ္ဓဿ ဣဒ္ဓိဗုဒ္ဓဿ
နိမ္မိတံ စိတ္တံဗုဒ္ဓေါ။

၄။ ဗုဒ္ဓေါ ဗုဒ္ဓဿ ဣဒ္ဓိဗုဒ္ဓဿ
နိမ္မိတံ ကာယဗုဒ္ဓေါ။

၅။ ဗုဒ္ဓေါ ဗုဒ္ဓဿ ဣဒ္ဓိဗုဒ္ဓဿ
နိမ္မိတံ စိတ္တံဗုဒ္ဓေါ။ ။

ဂါထာလိုက်ရေးပြီးသောအခါ -

"ဂါထာက တိုပါတယ်။ ကျက်လို့လွယ်ပါတယ်"

ဟု လျှောက်ပါသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက -

"ဆရာကြီးလိုသလိုသုံးပေါ့"

ဟု မိန့်ပါသည်။

ထို့နောက် ကျွန်တော်တို့သည် ဆရာတော်ဘုရားကြီး၏ အခန်းထဲမှ ထွက်လာခဲ့ကြပါသည်။

၃။

ခရစ်နှစ် ၂၀၀၄ ခုနှစ်တွင် ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီမြတ်ကြီး ဂေါပကအဖွဲ့သည် ယခင်မဟာဗောဓိအသင်းကထုတ်ဝေခဲ့သော 'ပထမံဦးအောင်အတ္ထုပ္ပတ္တိအကျဉ်း' ကို ပြန်လည် ထုတ်ဝေရန် ကျွန်တော့်အားတာဝန်ပေးအပ်ပါသည်။

ကျွန်တော်သည် မဟာပဋ္ဌမံဘိုးဘိုးအောင်နှင့် စပ်လျဉ်း၍ စာဖတ်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သိနိုင်ကြစေရန် မဟာပဋ္ဌမံဘိုးဘိုးအောင်နှင့် စပ်ဆိုင်သော အချက်အလက်များကို ရှာဖွေ စုဆောင်း၍ ထိုစာအုပ်၌ ဖော်ပြခဲ့ပါသည်။ အထက်ဖော်ပြပါ ဂါထာကိုလည်း ဖော်ပြခဲ့ပါသည်။ ဂါထာအောက်ခြေ၌ (အထက်ပါ ဂါထာသည် မဟာပဋ္ဌမံဘိုးဘိုးအောင်ကိုယ်တိုင် ရေးပေးခဲ့သောဂါထာဖြစ်သည်ဟု ပြည်မြို့ နိုင်ငံတော် ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဝိလာသာစာရ မဟာထေရ် စကားတောင်ဆရာတော်ဘုရားကြီးက မိန့်ဆိုပါသည်) ဟု ဖော်ပြခဲ့ပါသည်။

မြဝင်း (ဒသန)



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်စင်မှစာအုပ်တစ်အုပ်ရှာရင်း လွန်ခဲ့သော နှစ်ပေါင်း(၅၀)ခန့်က မှတ်စုစာအုပ်ကလေးတစ်အုပ်ကိုတွေ့မိသည်။ ကော်ပီစာအုပ်အပါးကလေးဖြစ်ပြီး မြိတ်ခရီးမှတ်စုဟု စာအုပ်အဖုံးတွင် ရေးထားသည်။

ထိုစဉ်က ကျွန်တော် တက္ကသိုလ်ကျောင်းသားဘဝဖြစ်ပြီး နွေရာသီကျောင်းပိတ်ရက်များတွင် ကျွန်တော့်ဦးလေးနှင့်အဒေါ်ရှိရာ မြိတ်မြို့သို့အလည်သွားကြလေ့ရှိသည်။ စာတိုပေစကလေးများလည်း စတင်ရေးသားနေပြီဖြစ်၍ ရေးနိုင်သည့်အချက်ကလေးများတွေ့က မှတ်စုစာအုပ်ကလေးဖြင့် မှတ်သားထားခဲ့သည်။ ဒိုင်ယာရီရေးလေ့မရှိသေးသဖြင့် ရိုးရိုးမှတ်စုသာရေးခဲ့သည်။

# ချောင်းဆုံအုန်းသွင်

လိ-တာ-ရ ဂါထာ

www.burmeseclassic.com

မှတ်စုစာအုပ်မှာ စာမျက်နှာ(၈၀) ရှိပြီး တစ်အုပ်လုံးအပြည့် ရေးမှတ်ထားသည်။ စိတ်ဝင်တစား ဖတ်ကြည့်မိရာ တစ်အုပ်လုံးနီးပါးမှာ ကျွန်တော်ပြန်ရေးပြီးသားဖြစ်နေသည်။ စာအုပ်အဆုံးနားလောက်တွင် 'မုန်တိုင်းမိခြင်းနှင့် မုန်တိုင်းကွင်းဂါထာ'ဟူသော ခေါင်းစဉ်ကိုတွေ့လိုက်ရသည်။ ဂါထာကို ဖတ်ကြည့်တော့ ကျွန်တော်မရေးဘူးသေးသောဂါထာဖြစ်ကြောင်းသိလိုက်ရသည်။ မုန်တိုင်းမိပုံပါ ရေးမှတ်ထားသဖြင့် ပြည့်ပြည့်စုံစုံဖြစ်အောင်ပြန်လည်တင်ပြလိုက်ပါသည်။

၁၉၅၅ ခုနှစ်၊ မတ်လကုန်ခါနီးလောက်ဖြစ်ပါသည်။ ကျွန်တော် မြိတ်တွင် အလည်လွန်နေသဖြင့် ခါတိုင်းသင်္ကြန်မတိုင်မီ ပြန်နေကျကို ယခု မေလကုန်ခါနီးထိ မပြန်ဖြစ်သေးရှိချေသည်။ ထိုစဉ်အချိန်က မြိတ်ခရီးကို စက်လှေဖြင့်အသွားများကြသည်။ ကျွန်တော်လည်း စက်လှေဖြင့်ပင်သွား/ပြန်သည်။ မေလပထမပတ်လောက်မှစပြီး မိုးဦးလေဦးကျတတ်လာပြီဖြစ်၍ စက်လှေများကိုခရီးသည်တင်ခွင့်မပြုတော့ပေ။ စက်လှေထွက်ခါနီး သက်ဆိုင်ရာမှတက်စစ်သည်။မလွဲမကင်းသာလိုက်ရမည့်သူများခေတ္တဆင်းနေရပြီး စစ်ဆေးသူများပြန်ဆင်းသွားမှတက်ရသည်။

ကျွန်တော့်ကို မြို့မျက်နှာဖုံးပုဂ္ဂိုလ်တစ်ဦးက အပ်နှံပေးသဖြင့် ပဲ့နင်းအခန်းမှလိုက်ပါရသည်။ စက်လှေနာမည်ကို မမှတ်မိတော့သော်လည်း ပဲ့နင်းကြီးနာမည်ကိုတော့ ကောင်းကောင်းမှတ်မိနေသည်။ သူ့နာမည်က ဦးပါ ဟူ၍ဖြစ်သည်။ ကျွန်တော်နှင့်အတူ ကုန်သည်နှစ်ယောက်၊ သုံးယောက်ပါသည်။ မြိတ်ဆိပ်ကမ်းက ကျွန်တော်တို့စက်လှေထွက်တော့ နံနက် (၁၀) နာရီခွဲနေပြီ။ ပဲ့နင်းအခန်းတွင် အိပ်စင်(၂)ခုရှိသဖြင့် ကျွန်တော်က အိပ်စင်တစ်ခုတွင်အိပ်ပြီးလိုက်ပါလာသည်။

"ဆရာလေး ပျင်းရင်လာ၊ ရေနွေးကြမ်းသောက်ရင်း စကားပြောရအောင်"

ပဲ့နင်းကြီးကဖိတ်ခေါ်ဖြင့် ပဲ့စင်ရှိသူ့ခုံဘေးတွင် ဝင်ထိုင်ပြီး မီးဖုတ်ပြီးဆီနင့်နေအောင်ဆမ်းထားသည့် မြိတ်ငါးပုပ်ခြောက်အမြီးနှင့် ရေနွေးကြမ်းသောက်ရင်း ထွေရာလေးပါးစကားပြောဖြစ်သည်။ နေကချစ်ချစ်တောက်ပူနေသည်။ ကောင်းကင်တွင် တိမ်ကင်းစင်နေသည်ဟု ပြောနိုင်သည်။

"ဆရာလေး၊ ဒီညနေ လေပြင်းမုန်တိုင်းကျလိမ့်မယ်"

ပဲ့နင်းကြီးက ကောင်းကင်ကိုမော့ကြည့်ပြီး ကျွန်တော့်ကိုလှမ်းပြောသည်။

"ဟာ-ပဲ့နင်းကြီး၊ ကောင်းကင်ပြင်က ကြည်လင်နေတာပဲ မဟုတ်လား"

ကျွန်တော်က ကျွန်တော့်အမြင်ကို ပြောလိုက်ပါသည်။

ထိုအခါ ပဲ့နင်းကြီးက -

"အမှတ်တမဲ့ကြည့်ရင်တော့ ဒီလိုပဲမြင်ရတာပေါ့။ သေသေချာချာကြည့်ရင် တိမ်သားကလေးတွေကြိုးတန်းသလိုတန်းနေတာတွေ့ရမယ်။ အဲဒါ ကောင်းကင်မှာ တောင်လေနဲ့မြောက်လေပြိုင်ပြီးတွန်းနေတာ။ ဘယ်သူမှမနိုင်သေးလို့ တိမ်တွေအလယ်မှာတန်းနေတယ်။ တစ်ဖက်ဘက်ကနိုင်သွားတာနဲ့ လေပြင်းမုန်တိုင်းကျတော့မှာပဲ။ မွန်းလွဲနှစ်နာရီလောက်ကျရင် ဘယ်အချိန်လေပြင်းကျမယ်ဆိုတာ ကျွန်တော်ပြောနိုင်မယ်"

ဟု ရှင်းပြပါသည်။

ကျွန်တော်က-

"ပဲ့နင်းကြီးတို့ရဲ့အတွေ့အကြုံကရတဲ့ပညာပေါ့နော်"

ဟု မှတ်ချက်ပေးလိုက်ပါသည်။

ပဲ့နင်းကြီးက -

"ကျွန်တော်တို့က ညကို ကြယ်ကြည့်ပြီး လမ်းမှန်ရောက်အောင်သွားတယ်။ တိမ်ကိုကြည့်ပြီး မိုးလေဝသခန့်မှန်းတယ်။ ရေအရောင်ကိုကြည့်ပြီး ရေတိမ်၊ ရေနက်၊ ကျောက်ဆောင်ရှိ၊ မရှိသိတယ်။ ဒါတွေဟာ ကျွန်တော်တို့ရဲ့ရိုးရာပညာပဲ"

ဟု ပြန်ဖြေပါသည်။

ထို့နောက် ကျွန်တော်တစ်ရေးအိပ်လိုက်ပါသည်။ နိုးလာတော့ မွန်းလွဲနှစ်နာရီခွဲလုပြီ။ ကောင်းကင်တွင် ခပ်မှိုင်းမှိုင်း အုံ့ဆိုင်းဆိုင်းဖြစ်လာသည်။



"ညနေ လေးနာရီအစောဆုံး၊ ငါးနာရီနောက်အကျဆုံး လေပြင်းကျလိမ့်မယ်။ ကျွန်တော်တို့ မလိကျွန်းမှာဝင်ခိုရမယ်။ မလိကျွန်းကို ငါးနာရီလောက်ရောက်မယ်။ ကံကောင်းမှလွတ်မယ်"

ကျွန်တော်နိုးတော့ ပဲ့နင်းကြီးကပြောပါသည်။ ကျွန်တော်က 'ငါးနာရီထိုးပြီးမှကျပါစေ' ဟု ဆုတောင်းရင်း ရင်တထိတ်ထိတ်ဖြင့် လိုက်ပါလာခဲ့သည်။ ငါးနာရီထိုးဖို့ (၁၅) မိနစ်အလိုလောက်တွင်မလိကျွန်းကိုကပ်မိသည်။ ကြိုးသတ်၍ပြီးရုံသာရှိသေး၊ လေပြင်းကျလာသည်။ လေကွယ်ရာ ချောင်းကွေ့တွင် ကြိုးသတ်ထားသောလှေမှာလူးနေသည်။ ပင်လယ်ထဲဆိုက မတွေးဝံ့တော့။

ထိုည ကျွန်တော်တို့ မလိကျွန်းတွင်အိပ်သည်။ ကျွန်တော်နှင့်လှေသားများ လှေပေါ်တွင်အိပ်၍ ကုန်သည်များက မလိရွာတွင် သွားအိပ်ကြသည်။ နောက်နေ့ ကျွန်တော်တို့ မလိရွာသို့တက်လည်သည်။ ထိုညလည်း မလိရွာတွင်ပင် အိပ်ပြန်သည်။ နောက်နေ့ကျတော့ ကျွန်တော်က -

"ဦးပါ၊ ကျွန်တော်တို့ ဒီနေ့ထွက်မလား"

ဟု မေးရာ ပဲ့နင်းကြီးဦးပါက -

"ဒီညထပ်အိပ်ဦးမယ်တဲ့ ဆရာလေးရေ။ ကုန်သည်တွေက တညင်းတင်ဖို့လုပ်တာ ဒီနေ့မပြတ်လို့တဲ့။ မနက်ဖြန်မှထွက်ရင် မုန်တိုင်းကစိတ်မချရပြန်တော့ဘူး ဆရာလေးရဲ့၊ တစ်ကျော့ပြန်လာနိုင်တယ်"

ဟု ဖြေပါသည်။

ကျွန်တော်က -

"ကျွန်တော် ကြားဖူးသလောက် စက်လှေမှာ ပဲ့နင်းက အာဏာပိုင်ဆို။ ဦးပါက ဘာလို့ထပ်အိပ်ခွင့်ပြုသလဲ"

ဟု မေးလိုက်ပါသည်။ ဦးပါက-

"အခုမဟုတ်တော့ဘူးဆရာလေးရေ။ စက်လှေမှာ စက်လှေစာရေးဆိုတာ အာဏာပိုင်ပဲ။ သူက သူ့ငွေကိုယ်စားလှယ်၊ သူ့အဆုံးအဖြတ်ပဲ"

ဟု ပြန်ဖြေပါသည်။

သို့ဖြင့် မလိရွာတွင် နှစ်ညကြာသွားပါသည်။ ထို့နောက် ကျွန်တော်တို့ ရန်ကုန်သို့ဦးတည်ထွက်လာကြပါသည်။ ညနှစ်နာရီခန့်တွင် သီလဝါမီးပြကိုမြင်ရသည်။

ဦးပါက -

"သီလဝါမီးပြမြင်ပြီ ဆရာလေးရေ။ (၁၁) နာရီလောက် ရန်ကုန်ချောင်း



www.burmeseclassic.com

www.burmeseclassic.com

ရောက်မယ်။ ရေတက်နဲ့လိုက်ဝင်သွားရုံပဲ"

ဟု ပြောပါသည်။

ကျွန်တော်က -

"အင်း-ကံကောင်းတယ်ဆိုရမယ်ပေါ့၊ ရာသီဥတုကမဖောက်လို့"

ဟု မှတ်ချက်ချလိုက်ပါသည်။

ဦးပါက 'အင်း'ဟုဆိုပြီး ရေနွေးကြမ်းသောက်ရင်း ပွဲထိန်းနေလိုက်သည်။ ကျွန်တော်လည်း ပျင်းသဖြင့် ပြန်အိပ်နေလိုက်သည်။

"ရွက်ချ"

ဦးပါ၏ အော်သံကြောင့် ကျွန်တော် မှေးခနဲအိပ်ပျော်သွားရာမှ လန့်နိုးလာပါသည်။ လှေသားများ အပြေးအလွှားရွက်ချကြ၏။ ကျွန်တော်ကဘာမှထူးထူးခြားခြားမတွေ့ရသဖြင့် -

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်ပါသည်။

ဦးပါက -

"မိုးသက်လေပြင်းလေ၊ ကျွန်တော့်အသားကိုလာထိတယ်။ မကြာခင် မိုးသက်လေပြင်းကျတော့မယ်"

ဟု ပြန်ဖြေပါသည်။

ရွက်နှစ်ဖုံရှိသည့်အနက် တစ်ဖုံသာချ၍ပြီးသည်။ နောက်တစ်ဖုံအချမှာ တစ်ဝက်သာရသည်။ လေဆောင့်သဖြင့် ဆက်ချ၍မရတော့။ ဦးပါက ကျွန်တော့်ကို သက်ကယ်ဘောကွင်းပေးပြီး နိုင်သလောက် ပွဲဆက်ထိန်းနေသည်။ လှိုင်းကို ငါးဖယ်သီခံနေသည်။ ကည့်တည့်ခံလျှင် လှေကျိုးမည်။ ဘေးတိုက်ခံလျှင် လိမ့်ပြီးမှောက်မည်ဟုဆိုသည်။ လှိုင်းလုံးသည် လှေဦးပိုင်းကိုကျော်၍ကျော်၍သွားသည်။ ကျွန်တော်တော့ 'ဒီတစ်ခါတော့ သွားပြီ' ဟုထင်မိသည်။

"ပွဲလွှတ်လိုက်ရပြီ ဆရာလေး၊ ဆက်ထိန်းရင် ပွဲကျိုးမယ်။ ဘုရားကလွဲပြီး အားကိုးစရာမရှိတော့ဘူး။ ဆရာလေး ဘုရားရှိခိုးပေတော့၊ ကျွန်တော် ဂါထာတစ်ပုဒ်ရွတ်လိုက်ဦးမယ်"

ဦးပါသည် သူ့ပွဲထိန်းခုံပေါ်တွင် ပုဆစ်တုပ်ထိုင်ပြီး လက်အုပ်ချီက တည်ငြိမ်စွာရွတ်ဆိုနေပါသည်။ လှေက ဘယ်ညာလူးနေသဖြင့် လူပါလိုက်ပါမသွားရန် မနည်းထိန်းထားရပါသည်။ ကျွန်တော်က သမ္ဗုဒ္ဓေဂါထာကို တောရောက်တောင်ရောက်ရွတ်နေမိသည်။ ခဏကြာတော့ လှေမှာလူးနေရာမှငြိမ်သွားသည်။ ဦးပါက ဂါထာကိုဆက်ရွတ်နေသည်။ လှေသားများက တစ်ဝက်သာကျသေး



သောရွက်တစ်ဖုံကိုချလိုက်ကြသည်။ ပြီးတော့ ဦးပါလည်း ဂါထာရွတ်ပြီးသွားပါသည်။

"တကယ်စွမ်းတယ် ဆရာလေး။ ကျွန်တော့် မှတ်စုစာအုပ်မှာရှိတယ်၊ ကူးယူသွား။ အန္တရာယ်ကင်းတယ်၊ လာဘ်ရွှင်တယ်၊ မျက်နှာပွင့်တယ်၊ လိုတရတဲ့ ဂါထာပဲ"

ဦးပါက အထက်ပါအတိုင်းပြောပြီး သူ့ခေါင်းအုံးအောက်မှ မှတ်စုစာအုပ်ကိုထုတ်ပေးသည်။ မိုးလေများလုံးဝကင်းစင်သွားပြီဖြစ်၍ အားလုံးရယ်နိုင်မောနိုင်ကြတော့၏။ ကျွန်တော်က ဦးပါ၏မှတ်စုစာအုပ်မှဂါထာကို ကျွန်တော့်မှတ်စုစာအုပ်သို့ ဝမ်းသာအားရတလေးတစားကူးယူလိုက်ပါသည်။

ဂါထာတော်ကို -

**ဘေးကင်းလာဘ်ပေါ**

**နောကိုးတန်ဂါထာ**

ဟူ၍ ခေါင်းစဉ်တပ်ထားသည်။ ဂါထာ၏ ပါဠိစာသားမှာ -

- နောရဇ္ဇတိ ရဇ္ဇမာနော၊
  နနော နနော ဥတ္တမော။
  မာနော နနော - နနော၊
  ဘုမ္မိရာဇာ နော - နနော။
  ဣတိသော ဣတိပိသော၊
  ဘဂဝါ ဝုတ္တော။
  ဣတိမန္တာ သုခါဝဟာ။
  ဣတိ ဗုဒ္ဓေဟိ သရဏံ၊
  သဗ္ဗဒေဝါ ပိယံ မမ။
  ဣတိ ဓမ္မေဟိ သရဏံ၊
  စတုရာဇာ ပိယံ မမ။
  ဣတိ သံဃေဟိ သရဏံ၊
  သဗ္ဗေ ရာဇာ ပိယံ မမ။
  ဣတိ ရတန သရဏံ၊
  ပုရိသ ဣတ္ထိ ပိယံ မမ။
  ဣတိသဗ္ဗေ အန္တရာယော၊
  ဝိနဿန္တု အသေသတော။ ။

ထိုဂါထာတော်ကို ၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ရောင်ပြန်အမှတ်တရအထူးထုတ်တွင် သဲမောင်(ပညာရေး)က 'နောကိုးတန်ဣရှစ်တန်ဂါထာတော်ကြီး' ဟု ရေးသားထားပြီး 'တောင်ဖီလာဆရာတော်၏အညွှန်းနှင့် ဘားမဲ့ဆရာတော်၏အညွှန်း'တို့ကိုပါ ဖော်ပြထားပါသည်။ ပိုမိုပြည့်စုံအောင် ဖြည့်စွက်ဖော်ပြလိုက်ပါသည်။

**တောင်ဖီလာဆရာတော်၏အညွှန်း**

- အမှုကြီးငယ်ဖြစ်လျှင် အရှေ့အရပ်သို့မျက်နှာမူ၍ (၄)ခေါက်ရွတ်။
- မီးလောင်လျှင် တောင်အရပ်သို့ မျက်နှာမူ၍ (၄)ခေါက်ရွတ်။
- ပင်လယ်ခရီးနှင့် လေပြင်းကျလျှင် မြောက်အရပ်သို့မျက်နှာမူ၍ (၄) ခေါက်ရွတ်။
- မင်းစိုးရာဇာတို့ အမျက်ရှိလျှင် အရှေ့မြောက်သို့မျက်နှာမူ၍ (၄) ခေါက်ရွတ်။
- သူခိုး၊ ဓားပြတို့မကပ်စေလိုလျှင် အရှေ့တောင်အရပ်သို့ မျက်နှာမူ၍ (၄) ခေါက်ရွတ်။
- လာဘ်လာဘနှင့် စည်းစိမ်ကိုအလိုရှိလျှင် အနောက်မြောက်သို့မျက်နှာမူ၍ (၄) ခေါက်ရွတ်။
- အုံ့ဆိုင်းမှိုင်းစေခြင်းတို့ရှိလေလျှင် အနောက်တောင်သို့ မျက်နှာမူ၍ (၄) ခေါက်ရွတ်။
- မြစ်ကူးချောင်းခြား ရေလမ်းသွားသော် ရေညာသို့မျက်နှာမူ၍ (၄) ခေါက်ရွတ်။

**ဘားမဲ့ဆရာတော်၏အညွှန်း**

- စီးပွားဥစ္စာဖြစ်ထွန်းလိုသော် ရာဟုထောင့်ကိုကြည့်၍ (၄)ခေါက်ရွတ်။
- စိတ်လက်မကြည်သာသော် စနေထောင့်ကိုကြည့်၍ (၄)ခေါက်ရွတ်။
- မိုးရွာစေလိုသော် ကောင်းကင်ကိုကြည့်၍ (၄)ခေါက်ရွတ်။
- နာဖျားမကျန်းမာသော် တနင်္ဂနွေထောင့်၊ အင်္ဂါထောင့်ကိုကြည့်၍ (၄)ခေါက်ရွတ်။

အထက်ပါဂါထာသည် လိုတရဂါထာဖြစ်၍ အလိုရှိရာကို အညွှန်းအတိုင်း ပူဇော်ရွတ်ဆိုကြပါကုန်။

ချောင်းခုံအုန်းသွင်



www.burmeseclassic.com


www.burmeseclassic.com



ဦးကာဝိန္ဒ၏ ပုံတူပန်းချီကား



ဦးသုဇာတပုံတော်



ဦးကာဝိန္ဒပုံတော်

# သံတွဲမြို့နယ် ဇလွန်ရွာ ဓမ္မသစ္စာကျောင်းမှ ခန္ဓာတော်မပျက်မယွင်းဘဲ ဓာတ်တော်များကွန့်မြူးသည့် ဦးသုဇာတနှင့်ဦးကာဝိန္ဒရုပ်ကလာပ်တော်နှစ်ပါး

ရွှေချိုအောင်(ပေလိ)

ဇလွန် အမည်ရှိ မြို့ရွာများသည် မြန်မာနိုင်ငံတွင် လူသိများ၍ ထင်ရှားကျော်ကြားကြပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် မြို့မြန်မာပြည်တွင် ဧရာဝတီတိုင်းဒေသကြီးရှိ 'ဇလွန်မြို့'တွင် 'ဇလွန်မာရ်အောင်မြင်ပြည်တော်ပြန်ရုပ်ပွားတော်မြတ်' တည်ရှိပါသည်။ ထို့ပြင် ဘုန်းတော်ကြီးဦးသီလ၏ အရိုးဓာတ်စေတီတော်လည်းတည်ရှိပါသည်။ ဘုန်းတော်ကြီးဦးသီလသည် မြန်မာနိုင်ငံပဋိယတ္တိသာသနာ၀င်တွင် အလွန်ထူးခြားသည့်ပုဂ္ဂိုလ်မြတ်တစ်ဦးဖြစ်ပါသည်။ မြို့ရွာနယ်အနှံ့ သာသနာပြု၍ တရားအားထုတ်ရင်း ဇလွန်မြို့တွင် ခန္ဓာ၀န်ကိုချခဲ့ခြင်းဖြစ်သည်။

ထို့အတူ ကျွန်တော်တို့၏ ရခိုင်ပြည်နယ် သံတွဲမြို့တောင်ဘက် (၁၀) မိုင်အကွာရှိ ဇလွန်ရွာလေးသည်လည်း ဇလွန်ဆရာတော်နှစ်ပါးကြောင့် မြို့ရွာအနှံ့၊ နိုင်ငံအနှံ့ သတင်းမွှေးပျံ့ခဲ့ရပေသည်။ ဇလွန်ရွာသည် ရှေးယခင်က သာမန်ရွာလေးတစ်ရွာမျှသာဖြစ်သော်လည်း ယခုအခါ ဇလွန်ဆရာတော်နှစ်ပါး၏ မပုပ်မသိုး မပျက်မယွင်းသည့်



ဆရာတော်နှစ်ပါး၏ရုပ်ကလာပ်တော်များ



www.burmeseclassic.com

www.burmeseclassic.com

ခန္ဓာတော်များမှ တစ်နေ့တည်း ဓာတ်တော်များ တစ်ပြိုင်နက် ကွန့်မြူးခဲ့ကြသောကြောင့် ဖြစ်ပါ သည်။

ဇလွန်သာသနာဝယ် ရဟန္တာအရှင်သူမြတ်သုံးပါး ဆက်တိုက်ပေါ်ထွန်းလိမ့်မည် ဟူသည့် ဆရာတော်ကြီးတစ်ပါး၏ မိန့်မှာချက်မှာ ယခုအခါ (၇၅) ရာခိုင်နှုန်းမျှ မှန်ကန်မှုရှိနေခဲ့ပြီ ဖြစ်ပါသည်။ ပထမဆရာတော်ဖြစ်သည့် ဆရာတော်ကြီး ဦးသုဇာတမှာ ၁၉၈၄ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ပျံလွန်တော်မူခဲ့ရာ ယနေ့ဆိုလျှင် (၃၁) နှစ်ပင် ပြည့်မြောက်ပေတော့မည် ဖြစ်သည်။ ဆရာတော်ကြီးဦးသုဇာတသည် ပျံလွန်တော်မူပြီးနောက် ယနေ့တိုင် ခန္ဓာတော်မပျက်မယွင်းသည့်အပြင် ဓာတ်တော်များ အကြိမ်ကြိမ်ကွန့်မြူးခြင်း၊ ရွှေမှုန်ရွှေသားဓာတ်တော်များကျခြင်းတို့ရှိခဲ့လေသည်။ ဆရာတော်ကြီး၏ တပည့်ဖြစ်သူ ဆရာတော်ဦးကဝိန္ဒမှာလည်း ဇလွန်သာသနာနှင့်ဦးသုဇာတရုပ်ကလာပ်တော်ကို ထိန်းသိမ်းစောင့်ရှောက်ရင်း ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် ထပ်မံပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူပြီးနောက် ပထမဇလွန်ဆရာတော်ကြီး ဦးသုဇာတကဲ့သို့ ခန္ဓာတော် မပျက်မယွင်းဘဲရှိနေသဖြင့် ဇလွန်ရွာသားများက ဂိုဏ်းဂဏဆိုင်ရာ သံဃာတော်များကို ပင့်လျှောက်၍ ပထမမူလဆရာတော်ကဲ့သို့ပင် ထားရှိရန် သဘောတူလက်မှတ်ထိုး၍ အန္တိမဈာပနမကျင်းပဘဲ မှန်ခေါင်းတော်နှင့်ပင် ထားရှိရန် ဆုံးဖြတ်ခဲ့ကြသည်။

ထိုသို့ ဆုံးဖြတ်ချက်ချကြသည့်အတိုင်းပင် ဆရာတော် ဦးကဝိန္ဒ၏ ရုပ်ကလာပ်တော်အား ကျောင်းရှေ့တွင် မဏ္ဍပ်ထိုးစံနေတော်မူစေကာ အပူဇော်ခံထားရှိခဲ့ပါသည်။ ဒုတိယဆရာတော်၏ သတင်းကို ထပ်မံကြားသိကြသည့် ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းတို့သည် ဆရာတော်နှစ်ပါးအား နေ့စဉ်မပြတ် လာရောက်၍ ပူဇော်နေကြပါသည်။ ဤသို့ဖြင့် ဆရာတော် ဦးကဝိန္ဒ၏ ဈာပနပွဲအား ၁၃၇၆ ခု၊ တန်ခူးလဆန်း ၉ ရက်နှင့် ၁၀ ရက်နေ့များတွင် ကျင်းပပြုလုပ်ကာ ဈာပနပွဲပြီးသည့်နောက် ရုပ်ကလာပ်တော်အား မှန်ခေါင်းတော်ဖြင့် အပူဇော်ခံထားရှိခဲ့သည်။ ဇလွန်ဆရာတော်နှစ်ပါးကို အနယ်နယ်အရပ်ရပ်မှ လာရောက်ပူဇော်သူများလည်း ပျားပန်းခပ်မျှ နေ့စဉ်စည်ကား သိုက်မြိုက်လျက်ရှိနေလေ



ဦးသုဇာတ၏ဦးခေါင်းတော်မှဓာတ်တော်များ



ဦးကဝိန္ဒ၏လက်မောင်းတော်



ဦးကဝိန္ဒ၏ခြေတော်အစုံ



www.burmeseclassic.com

www.burmeseclassic.com



ဦးသုဇာတ ခြေမတော်မှ ဓာတ်တော်ပွင့်များ



ဦးသုဇာတလက်ခြေဆစ်မှ ဓာတ်တော်ပွင့်



ဦးသုဇာတရုပ်ကလာပ်တော်

သည်။

ဤသို့ဖြင့် ၂၀၁၅ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်ကြီးသည် ဧပြီလ ၁၄၊ ၁၅၊ ၁၆ ရက်များအတွင်း ပျော်ရွှင်ချမ်းမြေ့ငြိမ်းချမ်းစွာ ဆင်နွှဲပြီးမြောက်ခဲ့ကြလေသည်။ နှစ်စဉ်ဆိုသလိုပင် သင်္ကြန်ရက်များအတွင်း ငပလီကမ်းခြေတွင် အပန်းဖြေနိုင်ကြရန် ရန်ကုန်၊ မန္တလေးအစရှိသည့် အမြို့မြို့အနယ်နယ်မှ လုပ်သားပြည်သူများသည် သင်္ကြန်ဘုရားဖူးစီးလုံးငှား Express ကားကြီးများဖြင့်လည်းကောင်း၊ မီနီဘတ်စ်ကားများဖြင့်လည်းကောင်း၊ မိသားစုလိုက် ကိုယ်ပိုင်ကားများဖြင့် သင်္ကြန်မတိုင်မီ သံတွဲမြို့ ငပလီကမ်းခြေတွင် အပန်းဖြေနားနေရင်း ရခိုင်ရိုးရာ ငပလီသင်္ကြန်ပွဲတော်ကို ဆင်နွှဲလျက်ရှိကြသည်။ သင်္ကြန်ရက်ပြီးသည်နှင့် နှစ်ဆန်းတစ်ရက်၊ နှစ်ရက်တို့တွင် မိမိတို့မြို့များဆီသို့ ပြန်လေ့ရှိကြသည်။ ရန်ကုန်၊ မန္တလေးမြို့သို့ပြန်ရန် တောင်ကုတ်နှင့် ဂွကားလမ်း လမ်းနှစ်သွယ်ရှိနေရာ အချို့က သံတွဲ - ရန်ကုန် အသွား မိုင်(၁၀၀)ကျော်သက်သာသည့် ဂွ-ငါးသိုင်းချောင်းလမ်းမှ ပြန်လေ့ရှိကြသည်။

ငပလီအပန်းဖြေသင်္ကြန်ခရီးပြန်ကြသည့် ဂွ-ငါးသိုင်းချောင်းလမ်းမကြီးမှ ပြန်ကြသူများ ကံ့ထူးသွားခဲ့ကြသည်။ အပြန်တွင် ဇလွန်ဆရာတော်နှစ်ပါး၏ ရုပ်ကလာပ်တော်များကိုဝင်ဖူးကြသည်။ ထိုနေ့သည် ၂၀၁၅ ခုနှစ်၊ ဧပြီ ၁၈ ရက်နေ့ ဖြစ်သည်။ မြန်မာနှစ် ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ မြန်မာနှစ်ဆန်း ၂ ရက်နေ့ ဖြစ်သည်။ ရန်ကုန်၊ မန္တလေးမြို့မှ ငပလီသင်္ကြန်ဆင်နွှဲပြီးအပြန်တွင် ဆရာတော်နှစ်ပါးကို ဖူးမြော်နေသူများသည် ထိုနေ့ နံနက် (၈) နာရီတွင် မူလပထမ ဆရာတော်ကြီး ဦးသုဇာတ၏ ရုပ်ကလာပ်တော်မှ ဓာတ်တော်များ ကွန့်မြူးလာသည်ကို အံ့သြကြည်ညိုဖွယ်ရာ ဖူးတွေ့ကြရလေသည်။ ထိုသို့ဓာတ်တော်များ ရုတ်တရက်ကွန့်မြူးလာသည်ကို ဖူးတွေ့ကြရသည့် ရန်ကုန်၊ မန္တလေး ဧည့်သည်တော်များနှင့် ဒေသခံ မောင်ရွှေလေးရွာသားများမှာ ဓာတ်တော်ကို ဖူးထိုက်၍ ဦးခိုက်ခွင့်ရကြသည့် ကုသိုလ်ထူးကံထူးသူများပင် ဖြစ်လေသည်။ မန္တလေးမှ ဧည့်သည်တော်များက အခွင့်အခါကြုံ၍ ဖူးတွေ့ရသည်ကို ပါလာသည့် လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံများ၊ ဗွီဒီယိုမှတ်တမ်းများကို လျှပ်တစ်ပြက်



www.burmeseclassic.com

www.burmeseclassic.com


ရိုက်ကူး မှတ်တမ်းတင် ပူဇော်ကြလေသည်။ ထိုတစ်နေ့တည်းတွင်ပင် ဒုတိယမြောက် ပျံလွန်တော်မူသည့် ဆရာတော် ဦးကဝိန္ဒ၏ ရုပ်ကလာပ်တော်မှလည်း ညနေ (၃) နာရီခွဲခန့်တွင် ဓာတ်တော်များ ကွန့်မြူးပြန်လေရာ ဇလွန်ရွာသားများနှင့် ဆရာတော်နှစ်ပါး လာရောက်ဖူးမြော်သူများမှာ တစ်ဆင့်တက်၍ အံ့သြဘနန်း အလုအယက် ဖူးမြော်ခဲ့ကြလေသည်။

ကျွန်တော်တို့ မြန်မာပြည်ဝယ် ဂေါတမမြတ်ဗုဒ္ဓ၏ ဗုဒ္ဓသာသနာတော်သည် ယခုအခါ နေတစ်ဆူလတစ်နှုန်းတမျှ ထွန်းလင်းတောက်ပတော်မူလျက်ရှိနေဆဲပင် ဖြစ်ပါသည်။ မြတ်စွာဘုရားသခင်ကိုယ်တော်မြတ်ကြီးပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက်တွင်လည်း ယနေ့တိုင်မြန်မာပြည်တွင် ရဟန္တာအရှင်သူမြတ်များ အဆက်မပြတ်ဆိုသလို ပေါ်ထွန်းလျက်ရှိနေပေသည်။ သီးလုံးဆရာတော်၊ ထွဋ်ခေါင်ဆရာတော်၊ ရဟန္တာဦးသာရွှန်း (ဦးကဝိန္ဒ)၊ ပိန္နဲကွင်းဆရာတော်ဦးကလျာဏ၊ ရေစကြိုဂူဖြူတောရဆရာတော်၊ ဘုန်းတော်ကြီးဦးသီလ၊ ပုသိမ်မိဂဒါရုံဆရာတော်၊ ပခုက္ကူ သဲပုံတောရဆရာတော်၊ လယ်တီဆရာတော်၊ စစ်ကိုင်း မဟာဂန္ဓာရုံဆရာတော်၊ ညောင်လွန့်တောရဆရာတော်၊ သထုံဇေတဝန်ဆရာတော်၊ သေကျွတောင်ဆရာတော်၊ မြင်းခြံစွန်းလွန်းဂူဆရာတော်၊ ခန္တီးဆရာတော်၊ ရွှေဥဒေါင်းတောင်ဆရာတော်၊ သပိတ်အိုင်တောရဆရာတော်၊ မိုးကုတ်ဆရာတော် ဦးဝိမလ စသည်ဖြင့် သာသနာ့ အာဇာနည် ရဟန္တာပုဂ္ဂိုလ်အကျော်များ ပေါ်ပေါက်ခဲ့သည်။ ထို့အပြင် မြန်မာပြည်အရပ်ရပ်၌ ယနေ့တိုင် ဝိပဿနာဂုဏ်ဆောင် ရဟန္တာများ ပေါ်ထွန်းနေဆဲ ဖြစ်ပါသည်။

ထိုအထဲတွင် သံတွဲမြို့ ဇလွန် (မဒေး) ဆရာတော်ကြီး ဦးသုဇာတနှင့် ဦးကဝိန္ဒတို့မှာ နှစ်ပါးဆက်တိုက်ဆိုသလိုပင် ဇလွန်ရွာ ဓမ္မသစ္စာကျောင်းတော်အတွင်းဝယ် ပျံလွန်တော်မူပြီးနောက် ခန္ဓာဝန်ချပြီးသော်လည်း ခန္ဓာတော် မပျက်မယွင်းဘဲ ဓာတ်တော်များပင် ကွန့်မြူးတော်မူခဲ့ကြသည်။ ပထမ ဇလွန်ဆရာတော်ကြီး ဦးသုဇာတမှာ ပျံလွန်တော်မူပြီးနောက် ခန္ဓာတော် မပျက်မယွင်းသဖြင့် ဆရာတော်ကြီးအားထားရှိရန် ဂန္ဓကုဋိတိုက် အုတ်မြစ်ချနေစဉ်ရက်များအတွင်း ထူးခြားသော



ဦးသုဇာတလက်တော်မှ ဓာတ်တော်ထုံး



ဦးသုဇာတလက်တော်မှ ဓာတ်တော်ပွင့်များ




ဦးကဝိန္ဒလက်ဆစ်မှ ဓာတ်တော်ပွင့်ပုံ



www.burmeseclassic.com

www.burmeseclassic.com


ဦးကာဝိန္ဒရုပ်ကလာပ်တော်


ဦးသုဇာတစ်လည်ပင်းတော်မှ ဓာတ်တော်ပွင့်


သစ်မှိုဥခေါင်းရုပ်ကလေး


ဦးကာဝိန္ဒ၏ ဆေးကျောက်ထိပ်ငယ်

ရောင်ခြည်တော်များ ကွန့်မြူးခဲ့သဖြင့် ဦးမောင်အုန်း၊ ဦးတင်အေး၊ ဦးသန်းခင်၊ ဦးသိန်းမောင်၊ ဦးမောင်အုန်းရွှေ၊ ဦးကျော်နိုင်၊ ဦးအေးဖေ၊ ဦးထွန်းအောင် တို့မှာ ဖူးတွေ့ခဲ့ရသူများ ဖြစ်ကြသည်။

ပထမဆရာတော်ကြီး ဦးသုဇာတ ပျံလွန်တော်မူပြီးနောက် (၃) နှစ်အကြာတွင် လက်ရှိကျောင်းထိုင်ဆရာတော် ဦးကာဝိန္ဒ ပျံလွန်တော်မူခဲ့ရာ ခန္ဓာတော် မပျက်မယွင်းသဖြင့် ဆရာတော်နှစ်ပါး အားထားရှိနိုင်ရန် ယခင် ဂန္ဓကုဋိတိုက် နေရာတွင် အောင်မြင်သောခြင်္သေ့ ကုမ္ပဏီ ငပလီမြို့အခြေစိုက်ပိုင်ရှင် ကိုစိုးသီဟက အလုံးစုံ တာဝန်ယူ၍ ဆောက်လုပ်ရေးလုပ်ငန်း စတင်ခဲ့သည်။ ထိုအခါ ဆရာတော်နှစ်ပါးကို ယခင် ဇလွန်ဆရာတော်ကြီးကို မူလထားရှိရာ ကျောင်းဆောင်တော်အတွင်းဝယ် ဆရာတော် နှစ်ပါးအား ခေတ္တယာယီသီတင်းသုံးစေတော်မူခဲ့ခြင်း ဖြစ်သည်။ ပျံလွန်တော်မူပြီး နှစ်ပေါင်း (၃၁) နှစ်အကြာတွင် ဆရာတော်ကြီးဦးသုဇာတမှ ဓာတ်တော် ကွန့်မြူးသလို ပျံလွန်တော်မူပြီး လေးလ အကြာတွင် ဆရာတော် ဦးကာဝိန္ဒမှ ထပ်မံ၍ ဓာတ်တော်များ တစ်နေ့အတွင်း ကွန့်မြူးကြခြင်းမှာ အလွန်တရာမှ ထူးခြား တိုက်ဆိုင်မှုရှိလှပေသည်။ ဆရာတော် နှစ်ပါး၏ ကျင့်ကြံကြိုးကုတ်အားထုတ်မှု စရဏတရားနှင့် ဝိပဿနာဂုဏ်ရည်တို့မှာ အလွန် လျှို့ဝှက်သိပ်သည်း၍ ကမ္မဋ္ဌာန်းတရား ရှုမှတ်အားထုတ်ပုံတို့မှာ အလွန်ကြည်ညိုဖွယ်ရာဝိသေသများပင် ဖြစ်ပါသည်။

ဆရာတော်နှစ်ပါး၏ ထေရုပ္ပတ္တိကို လေ့လာကြည့်သည့်အခါ ဆရာတော် ဦးသုဇာတသည် သံတွဲ (ဒွါရာဝတီမြစ်) မြစ်ဖျားဒေသ ခွေးတောက်ခုံရွာဇာတိ ဖြစ်လေသည်။ ဖခမည်းတော် ဦးနီတာနှင့် မယ်တော် ဒေါ်မစိမ်းတို့မှ ၁၂၆၆ ခု၊ တော်သလင်းလဆန်း ၁ ရက်၊ သောကြာနေ့တွင် မွေးဖွားသန့်စင်တော်မူခဲ့သည်။ ခမည်းတော်မှာ ကြံခင်းမြို့သားဖြစ်၍ မယ်တော်မှာ သံတွဲသူစစ်စစ် ဖြစ်လေသည်။ ညီအစ်ကိုမောင်နှမသားချင်းငါးယောက်ရှိသည့်အနက် စတုတ္ထမြောက်သားရတနာပင် ဖြစ်လေသည်။ ငယ်နာမည် မောင်စိန်ဖိုးဖြစ်၍ ရွာဦးဆရာတော်ထံတွင် ပညာသင်ကြားရင်း ရှင်သာမဏေဝတ်စေခဲ့သည်။ ထို့နောက် လူဝတ်ပြန်လဲကာ မိဘတို့နှင့်အတူ (၁၇) နှစ်သားအထိ လယ်ယာလုပ်ကိုင်နေခဲ့

www.burmeseclassic.com


သည်။ တစ်ဖန် ဂုံးစရစ်ကျေးရွာဆရာတော်ဘုရားထံတွင် ရှင်သုဇာတဘွဲ့မည်ဖြင့် သာမဏေဝတ်ပြန်လေသည်။ ထိုမှ ဓာတ်ဆင့် မဒေါ့စမ်းဆရာတော် ဦးဒီပကိုဥပဇ္ဈာယ်ပြု၍ ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။

ဆရာတော်သည် သရက်ပင်ကွင်းကျေးရွာဆရာတော် ဘဒ္ဒန္တသီလဝံသယံတွင် လည်းကောင်း၊ မာန်အောင်ကျွန်းတောင်ကျောင်းဆရာတော် ဘဒ္ဒန္တအဂ္ဂ(ကမားဆရာတော်)ထံတွင်လည်းကောင်း ပရိယတ်၊ ပဋိပတ်စာပေများကို လေ့လာဆည်းပူးသင်ကြားခဲ့လေသည်။ထို့နောက်တွင် ကျောင်းထိုင်ဘုန်းကြီးအဖြစ် ဇလွန်(မဒေး) ရွာတွင် ဝါးကျောင်းကလေးဖြင့် စတင်သာသနာပြုခဲ့သည်။ ယခင်က ဇလွန်ရွာတွင် ဘုန်းတော်ကြီးကျောင်းမရှိသေးသဖြင့် ဆရာတော်က စကင်ကာရွာအလယ် ကုန်းကဲ့မူလေးပေါ်တွင် ဇလွန် (မဒေး) အိမ်ခြေ (၆၀) ခန့်ကို ဝါးကျောင်းလေးဖြင့် စတင်သီတင်းသုံးရင်း ဆုံးမဩဝါဒပေးခဲ့သည်။ ထိုဝါးကျောင်းလေးမှ တစ်ဖန် ကျောင်းသစ်ဆောက်လုပ်လှူဒါန်းသဖြင့် (၅) နှစ်တိုင်တိုင် ဇလွန် (မဒေး) ရွာသားများကို တရားဓမ္မ ဟောကြား ဆုံးမခဲ့လေသည်။

တစ်ဖန် ကျားအိုကျေးရွာတွင် ဝါဆိုသံဃာမရှိသဖြင့် ဇလွန်ကျောင်းကို တပည့်ရဟန်းငယ်တစ်ပါးအား လွှဲအပ်၍ ကျားအိုရွာတွင် (၃) နှစ် ကြွရောက်သီတင်းသုံးခဲ့လေသည်။ သက်တော် (၃၃) နှစ်အရွယ်တွင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတရားများ စီးဖြန်းအားထုတ်လိုသဖြင့် ကျားကိုက်ရွာအနီး တောရကျောင်းဆောက်လုပ်၍ ရဟန်းတရားကို (၂) နှစ်တိုင်တိုင် အားထုတ်တော်မူခဲ့သည်။ ဇလွန်တွင်ထားခဲ့သော ရဟန်းတော် ပျံလွန်တော်မူပြန်သဖြင့် တောရကျောင်းကို စွန့်ခွာကာ ဇလွန်ကျောင်းတော်၌ (၄) နှစ်တာ သီတင်းသုံး၍ တရားဓမ္မဟောကြားခြင်း၊ ကျင့်ကြံကြိုးကုတ်အားထုတ်ခြင်းများပြုခဲ့လေသည်။ ထို့နောက် အထူးနှင့် သံနို့(သံတွဲမြစ်ဖျားရွာများ) များတွင် နောင်အနာဂတ်သာသနာကို မျှော်မှန်း၍သာသနာပြုခဲ့ရလေသည်။ တစ်ဖန် ရွာရှည်ကျေးရွာတွင် သုံးနှစ်တာကာလ စောင့်ရှောက်တော်မူခဲ့သည်။ ဇလွန်သာသနာတော်ကြီးအရှည်သဖြင့် တည်တံ့ခိုင်မြဲရေးကို ရှေးရှု၍ ဇလွန်ကျောင်းတော်ကြီးကို (၃) နှစ်တိုင်တိုင် ယခုလက်ရှိ မြင်တွေ့တော်



ဦးကာဝိန္ဒနှစ်ချိုင်ကြားမှ ဓာတ်တော်ပွင့်



ကျောင်းအဝင်ဝမုခ်ဦး



အသစ်တည်ဆောက်ဆဲ ဂန္ဓကုဋိတိုက်



www.burmeseclassic.com


www.burmeseclassic.com



ဇလွန်ရွာ မွေ့သစ္စာကျောင်းတော်ကြီး



ဆရာတော်နှစ်ပါး ယာယီစံကျောင်းတော်



ကျောင်းပေါ်မှ တတ်တော်ကြီးပန်းချီများ



တတ်တော်ဖူးရန်လာရောက်ကြသူများ

မှုရသည့်အတိုင်း ကြီးမှူးဆောက်လုပ်တော်မူခဲ့လေသည်။ ကျောင်းတော်အတွင်း သိမ်တော်ကြီးကို ဆောက်လုပ်ခဲ့သည့်အပြင် ယနေ့မြင်တွေ့နေရသည့် ဇောဓိပင်ကြီးကိုလည်း ကိုယ်တော်တိုင် စိုက်ပျိုးခဲ့လေသည်။

ထို့နောက် သက်တော် (၅၁) နှစ်၊ သိက္ခာတော်(၃၃)ဝါအရတွင် ကျေးလက်ကျောင်းထိုင်ဘဝကို ငြီးငွေ့လာကာ ဇလွန်ရွာမြောက်ဘက်(၆)ဖာလုံခန့်အကွာ စမ်းတောင်တွင် တောရဆောက်တည်တော်မူခဲ့လေသည်။ ဆရာတော်သည် ကမ္မဋ္ဌာန်းတရားကို လွတ်လပ်စွာ ကျင့်ကြံအားထုတ်လိုသဖြင့် ရွာကိုစွန့်ခွာ၍ တောရမှီခဲ့ခြင်း ဖြစ်ပါသည်။ တောရကျောင်းတွင် (၄) နှစ်တာကာလ တရားအားထုတ်ပြီးနောက် ကျန်းမာရေးချို့ယွင်းလာခဲ့လေသည်။ ထို့ကြောင့် ဇလွန်ရွာဒကာ၊ ဒကာမများက ကျောင်းသို့ပြန်လည် ပင့်ဆောင်ကာ ကျန်းမာရေးအတွက် ဆေးဝါးများ ကုသပေးခဲ့ကြရသည်။ ဆရာတော်သည် ကျန်းမာရေးချို့ယွင်းပါသော်လည်း တရားအားထုတ်မှုကို လက်လျှော့မပေးခဲ့ချေ။ မဒေးရွာနှင့်(၂)ဖာလုံအကွာတွင် တောရကျောင်းဆောက်တည်၍ ဆက်လက် အားထုတ်ပြန်လေသည်။

ဆရာတော်သည် တရားဓမ္မကို မွေ့လျော်အားထုတ်ပြီးနောက် သာယာကွင်းတောင်ပေါ်ကျောင်းတွင် တပည့်ဖြစ်သူ ဦးကာဝိနန္ဒ (လက်ရှိပျံလွန်တော်မူသောဆရာတော်) ထံတွင် ကျန်းမာရေးအရ တစ်ဝါသီတင်းသုံးနေထိုင်ခဲ့သည်။ ဆရာတော်သည် သာယာကွင်း၌ (၁၁) နှစ် သီတင်းသုံးပြီးနောက် ဇလွန်ကျောင်းရှိ တပည့် ဦးသုမင်္ဂလ ပျံလွန်တော်မူသဖြင့် ဇလွန်ကျောင်းသို့ပြန်ကြွကာ ဆက်လက်တရားအားထုတ်တော်မူလေသည်။ဆရာတော်ဦးသုမင်္ဂလမှာ လက်ရှိပျံလွန်တော်မူသည့် ဆရာတော် ဦးကာဝိနန္ဒ၏ အစ်ကိုဝမ်းကွဲဖြစ်ပါသည်။ ဆရာတော် ဦးသုမင်္ဂလ ပျံလွန်တော်မူပြီးနောက် ဆရာတော်ကြီးဦးသုဇာတအား ဆရာတော် ဦးကာဝိနန္ဒက အနီးကပ်ပြုစုစောင့်ရှောက်ခဲ့သည်မှာ ဆရာတော်ကြီး ပျံလွန်တော်မူသည်အထိဖြစ် ဖြစ်လေသည်။

ဆရာတော်ကြီးက -

"မောင်ကာဝိ၊ မင်းငါ့အနားမှာအမြဲနေပါ။ အဝေးမှာနေရင် ငါပျံလွန်တော်မူရင် မင်းမသိလိုက်ဘဲဖြစ်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု မိန့်မှာတော်မူခဲ့သဖြင့် ဦးကဝိနန္ဒမှာ ဆရာတော်ကြီး ဦးသုဇာတအား အမြဲ အနီးကပ် လုပ်ကျွေးပြုစုခဲ့ရလေသည်။

ဆရာတော်ကြီး ဦးသုဇာတသည် သာယာကွင်း တောင်ပေါ်ကျောင်းတွင် သီတင်းသုံးနေစဉ် မြင်းခြံမြို့ စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိ ပျံလွန်တော်မူကြောင်း ကြားသိရလေသည်။ စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိ ပျံလွန်တော်မူရာ ဥတုဇရုပ်ကလာပ်တော်မှာ မပုပ်မသိုးကြောင်း၊ ထိုအရှင်မြတ်မှာ ရဟန္တာဖြစ်ကြောင်း ကောင်းသတင်းနှင့်တကွ ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်ကို ဆရာတော် ဖတ်ရှုခွင့်ရခဲ့လေသည်။


ဤသို့ဖြင့် နောင်(၂)နှစ်ခန့်အကြာတွင် ဆရာတော်ကြီး ဦးသုဇာတသည် သက်တော် (၆၅) နှစ်၊ သိက္ခာတော် (၄၅) ဝါအရတွင် ရုတ်တရက်ဆိုသလို သာယာကွင်းကျေးရွာမှ ဦးလှညွန့်နှင့် ကျောင်းဒါယကာများကို -

"တပည့်တို့၊ ဒကာတို့ - ငါပျံလွန်တော်မူရင် မပုပ်မသိုးတော့ဘူး။ ဒါကြောင့်မို့ ငါ့ရဲ့ခန္ဓာကိုယ်ကို မီးမှာလည်း မရှို့ကြလေနဲ့၊ မြေမှာလည်းမမြှုပ်နဲ့၊ ရေမှာလည်းမမျှောကြလေနဲ့။ အာရုံ(၆) ပါး၊ တံခါး (၆) ပေါက်ကို ရည်ရွယ်သောအားဖြင့် အပေါက် (၆) ပေါက်ပါသော ဂူကို ပြုလုပ်ပြီး ငါ့ဥတုဇခန္ဓာအလောင်းကို ဂူထဲမှာထည့်ထားကြပါ"

ဟု ရဲရင့်တည်ကြည်သောဣန္ဒြေဖြင့် မိန့်တော်မူခဲ့လေသည်။

သို့သော် အတွေ့အကြုံနည်းပါး၍ ပုထုဇဉ်များပီပီ ဆရာတော်၏ မိန့်မှာစကားများကို မည်သူမျှ အလေးအနက်မထားမိကြချေ။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် အမှန်တကယ် ခန္ဓာတော် မပုပ်မသိုး မပျက်မယွင်းမှသာ ဆရာတော်ကြီး ကြိုတင်မိန့်မှာထားပါလျက်နှင့်အသိနောက်ကျလေခြင်းဟူသော အတွေးဖြင့် နောင်တများစွာရမိခဲ့ကြလေတော့သည်။


ဆရာတော်ကြီး ဦးသုဇာတသည် ထိုသို့မိန့်မှာပြီးနောက်တွင် အပြောအဆို၊ အပြုအမူ၊ အနေအထိုင်မှစ၍ များစွာပြောင်းလဲလာခဲ့လေသည်။ လှူဖွယ်ဝတ္ထုအစုစုတို့အား လာရောက်လှူဒါန်းကြသူအပေါင်းတို့အား 'ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံဟောတု၊ ဣဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယောဟောတု' ဆုတောင်း



ဦးကဝိနန္ဒနှင့် တရေးသူ



ဆရာတော်နှစ်ပါး၏ ရုပ်ကလာပ်တော်



တရေးသူ ဓာတ်တော်ဖူးနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

…း တောက်နေသည်ကို တွေ့ရသည်ဆို…သည်။ ထိုကြောင့် လေးကျွန်းမောင်မောင် …လာသောအခါ ဘုရင်နှင့် မိဖုရားကြီး …အားခိုက်လိမ့်မည်ဟု နန်းတွင်းပုဏ္ဏား …တ်များက ဟောပြောကြသည် ဆိုပါ…သည်။ သို့ကြောင့် မွေးလာသည်နှင့် …လေးကို အိုးတစ်လုံးတွင်ထည့်၍ မြစ် …င်မျောလိုက်သည်။

လေးကျွန်းမောင်မောင်ပါသော …တလေးသည် မြစ်ကြောတစ် …ာက်မျောပါလာခဲ့ရာ မြစ်တွင်ငါးဖမ်းပြီး အသက်မွေးကြသည့်တံငါများက ထိုအိုးလေးကို တွေ့ကြသော်လည်း မဆယ်ဝံ့၍ ဥပေက္ခာပြုကြသဖြင့် ကလေးမှာ အသက်မရှင်တော့ဘဲ သေဆုံးသွားခဲ့ရသည်။

အသက်မရှိသောကလေးနှင့် အိုးကလေးကို နောက်ဆုံးတွင် ဆယ်သည့် ရွာ(ယခုတိုင် 'ဆည်သည့်ရွာ'ဟုပင်တွင်သည်။ ဆည်တက်ရွာဟုတွင်လာသည်။) မှ ဆယ်ခဲ့သည်။ ထိုရွာမှ လူကြီးများက အိပ်မက်အရ ရွာတွင် နတ်ကွန်းဆောက်ပေးရာ လေးကျွန်းမောင်မောင်နတ်ဟု ထင်ရှားလာသည်ဆိုပါသည်။

လေးကျွန်းမောင်မောင်နတ်ကွန်းရှိရာ ဆည်တက်ရွာ(ဆည်သည့်ရွာ)သည် မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြေတော်ကျေးရွာအုပ်စုတွင် ပါဝင်ပြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင်ရှိပါသည်။ နှစ်စဉ် တပေါင်းလပြည့်ကျော် ၁ ရက်နေ့နှင့် ၂ ရက်နေ့များတွင် လေးကျွန်းမောင်မောင်နတ်ပွဲကို ဆည်တက်ရွာတွင် ကျင်းပသည်။ ပခန်းပွဲသို့လာ

မြန်မာ့ရိုးရာနတ်ယုံကြည်မှုဓလေ့ (၇၅)

# မောင်သန်းဆွေ (ထားဝယ်)

## လေးကျွန်းမောင်မောင် နှင့် မယ်ဝိမ့်ညို



www.burmeseclassic.com

www.burmeseclassic.com

၏ တပည့်ဒါယကာရင်းဖြစ်သူ ဦးအုန်းမောင် (ယခုလက်ရှိ ဂေါပကဥက္ကဋ္ဌ) သည် ဝိပဿနာဆိုင်ရာစာပေများကို လေ့လာ ဖတ်ရှုထားသဖြင့် ရုပ်၊ နာမ် နှစ်ပါးတို့၏ ဖြစ်ကြောင်းပျက်ကြောင်း၊ ချုပ်ရာချုပ်ကြောင်းတို့ကို လေ့လာသိရှိထားသဖြင့် ဆရာတော်အပေါ် ဤသို့ အတွေးဝင်မိလေသည်။ ဆရာတော်သည် လျှောင်း၊ ထိုင်၊ ရပ်၊ သွား လေးပါး သောဣရိယာကို ကြည့်ရှုမည်ဆိုပါက သမာဓိအားကောင်းသည်မှာ အမှန်ပင်ဖြစ်သည်။ ကြိုတင်သိနိုင်စွမ်းသည့်ဉာဏ်အမြင်ထူးရှိမှုကလည်းထင်ရှားလှသည်။ သို့ရာတွင် ဆရာတော်ကြီးမှာ ဟိုးရှေးယခင်အခါကများကဲ့သို့ သမထအဘိဉာဉ်အာရုံသက်သက်မှာပဲ နစ်မွန်းနေလေရော့သလားဟု အတွေးသံသယစိတ်တို့ဝင်လာမိသဖြင့် သွယ်ဝိုက်၍ ဆရာတော်ကို လျှောက်ထားကြည့်ရလျှင်ကောင်းမှာပဲဟုအကြံဖြစ်မိသဖြင့် ၁၃၄၆ ခု၊ တော်သလင်းလဆန်း ၅ ရက်နေ့ နံနက်ပိုင်းတွင် ဆရာတော်ထံသွားလေ၏။ ကျောင်းသို့ရောက်လျှင် ဆရာတော်အားဝတ်ပြု၍ အရိုအသေပေးကာ ထိုင်ရုံမျှသာရှိသေးသည်၊ ဆရာတော်ကြီးက -

"အုန်းမောင် လာဟေ့။ အေး - မင်းက ဆရာလုပ်ပြီး အန်တုမယ်လို့လာတာကိုးကွယ့်။ ခွေးမသား ပြန်တော့"

ဟု အမိန့်ရှိလိုက်ရာ ဦးအုန်းမောင်မှာ မှင်တက်မိသကဲ့သို့ရှိရာမှ ဆရာတော်အားဝတ်ပြု၍ ကျောင်းပေါ်မှ ချက်ချင်းထပြန်ခဲ့ရဖူးလေသည်။

ထို့နောက် တော်သလင်းလပြည့်နေ့ ဥပုသ်နေ့တွင် ဥပုသ်သည် ဒကာ၊ ဒကာမများအား တရားဟောကြားသီလပေးလေသည်။ ဥပုသ်သည် ဒကာ၊ ဒကာမ (၁၀၀)ကျော်တို့ရှေ့မှောက်၌ ဒါယကာကြီး ဦးစိန်ကို အမေး၊ အဖြေပြုလုပ်စေရာ၌ ဦးစိန်အား သောတာပန်ပုဂ္ဂိုလ်ကိုမြင်လျှင် သောတာပန်ပုဂ္ဂိုလ်ဟု သိနိုင်ပါမည်လား။ သောတာပန်ပုဂ္ဂိုလ်ကကော ငါသောတာပန်ဟု ပြောပါမည်လား။ သကဒါဂါမ်ပုဂ္ဂိုလ်ကိုမြင်လျှင် သဒါဂါမ်ပုဂ္ဂိုလ်ဟု သိနိုင်ပါမည်လား။ သကဒါဂါမ်ပုဂ္ဂိုလ်ကကော ငါသကဒါဂါမ်ပုဂ္ဂိုလ်ဟုပြောပါမည်လား။ အနာဂါမ်ပုဂ္ဂိုလ်ကိုမြင်လျှင် အနာဂါမ်ပုဂ္ဂိုလ်ဟု သိနိုင်ပါမည်လား။ အနာဂါမ်ပုဂ္ဂိုလ်ကကော ငါအနာဂါမ်ပုဂ္ဂိုလ်ဟု ပြောပါမည်လားဟု ဦးစိန်နှင့် ဒကာ၊ ဒကာမများကို တစ်လှည့်စီ အမေး၊ အဖြေပြုလုပ်စေပြီး နောက်ဆုံးတွင် ရဟန္တာပုဂ္ဂိုလ်ကိုမြင်လျှင် ရဟန္တာပုဂ္ဂိုလ်ကြီးဟု သိနိုင်ပါမည်လား။ ရဟန္တာပုဂ္ဂိုလ်ကကော ငါရဟန္တာပါဟု ပြောမယ်ထင်ပါလားဟု အရိယာသံယာပီပီ အရိပ်အမြွက်သောစကားတို့ကို ရိပ်ခြည်စောင်းပါး ဒကာ၊ ဒကာမများ သိရှိနိုင်စေရန် စကားပရိယာယ်ဖြင့် ညွှန်းဆိုဟောကြားခဲ့လေသည်။ သို့ပါသော်လည်း ဒကာ၊ ဒကာမများမှာ သိရှိရိပ်စားမိခဲ့ကြခြင်း မရှိခဲ့ကြချေ။ နောင်နှစ်များစွာ ကြာလင့်လာသည်အထိ ဆရာတော်ကြီးအပေါ်တွင် ယုံမှားသံသယကင်း၍ ထင်ထင်လင်းလင်း သိရှိနားလည်ခဲ့ကြရပေတော့သည်။

၁၃၃၆ ခုနှစ်၊ သီတင်းကျွတ်လကွယ်နေ့တွင် ဇလွန်ကျောင်းစောင့်ထားရှိခဲ့သည့် တပည့်ဖြစ်သူ ဦးသုမင်္ဂလပျံလွန်တော်မူရာ ဈာပနအခမ်းအနားနေရာသို့ နံနက်(၈)နာရီခန့်တွင် နေဆာလှုံရန် ကျောင်းရှေ့သို့ ရောက်ရှိလာခဲ့သည်။ ဆရာတော်ကြီးသည် ဦးပဥ္စင်းဦးရေဝတအား ခေါ်ယူ၍ ဗြဟ္မာရုပ်ပြုလုပ်ထားသည်ကို -

"ဘာရုပ်တြီးလဲ"

ဟု မေးတော်မူပါသည်။

ဦးပဥ္စင်း ဦးရေဝတက ဗြဟ္မာရုပ်ဖြစ်ကြောင်း လျှောက်ထားရာ ဆရာတော်ကြီးကပြုံးတော်မူ၍ ဗြဟ္မာဆိုတာဒီလိုမဟုတ်ဘူးကွယ့်။သုဒ္ဓါဝါသအနာဂါမ်ရဟန္တာဗြဟ္မာကြီးတွေဆိုလျှင် အသားအရေတွေက ရွှေလိုဝင်းဝါပြီး အလွန်တင့်တယ်ကြကြောင်း ရုတ်တရက် မိန့်ကြားတော်မူလေသည်။ ဦးပဥ္စင်း ဦးရေဝတသည် ဆရာတော်ကြီး၏ အဘိညာဉ် (ဒိဗ္ဗစက္ခုဒဿ) အမြင်စွမ်းရည်ကို သိလိုသဖြင့် -

"နတ်ဗြဟ္မာတွေမှာ ပန်းချီ၊ ပန်းပု



ဦးသုဇာတ စိုက်ပျိုးခဲ့သည့် ဗောဓိပင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

ရုပ်တွေမှာကဲ့သို့ အချွန်အတက်တွေရှိကြသည်မှာ ဟုတ်ပါသလား"

ဟု လျှောက်ထားခဲ့ရာ ဆရာတော်ကြီးက လူတွေပွဲလမ်းသဘင်အလှူပွဲများသွားသည့်အခါ ဝတ်ကောင်းစားလှတွေကို လှပတင့်တယ်အောင် ဝတ်ဆင်ကြသကဲ့သို့ နတ်တို့မှာလည်း လိုအပ်သည့်အခါ ဘယက်ဒွါဒရာအဝတ်တန်ဆာများကို ဝတ်ဆင်လေ့ရှိကြောင်း သေချာကျနရှင်းပြ မိန့်ကြားတော်မူခဲ့လေသည်။

ထို့နောက် ဦးပဥ္စင်းဦးရေဝတက လောကတွင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ တကယ်ရှိ မရှိမေးမြန်းလျှောက်ထားသည့်အခါ ဆရာတော်ကြီးက လောကတွင် ဝိဇ္ဇာ၊ ဇော်ဂျီ၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ် အများကြီးရှိကြောင်း၊ ဓမ္မာဒနတောင်တွင် အလွန်ပေါများကြကြောင်း၊ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များမှာလည်း အင်းဝိဇ္ဇာ၊ ပြဒါးဝိဇ္ဇာ၊ သံဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာ စသည်ဖြင့် အမျိုးမျိုးရှိကြကြောင်း၊ ထိုပုဂ္ဂိုလ်များသည် ကျွန်းမာ သက်ရှည်နေထိုင်ကြပြီး အရိယာပုဂ္ဂိုလ်ဖြစ်အောင် ကြိုးပမ်းအားထုတ်လေ့ရှိကြကြောင်း၊ သို့သော်လည်း လောကီဝိဇ္ဇာထက် လောကုတ္တရာဝိဇ္ဇာလမ်းစဉ်ကိုသာ ကြိုးစားသင့်ကြောင်း၊ သံသရာရှည်လွန်း၍ အလွန်ငြီးငွေ့စရာကောင်းကြောင်း၊ လောကုတ္တရာဝိဇ္ဇာလမ်းစဉ်တွင်ပင် သာဝက၊ အဂ္ဂသာဝက၊ မဟာသာဝကဆုတွေကိုမတောင်းကြဘဲ ပကတိသာဝကအနေဖြင့်သာ နိဗ္ဗာန်ရအောင်ကြိုးစားသင့်ကြောင်း ဆုံးမဩဝါဒပေးတော်မူခဲ့လေသည်။

ဆရာတော်ကြီးဦးသုဇာတသည် ယခင်က ကြိုတင် မိန့်မှာတော်မူခဲ့သည့်အတိုင်း ၁၃၄၆ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ ညနေ (၂)နာရီ၊ (၄၅) မိနစ်အချိန်တွင် တစ်ဘဝခန္ဓာရုပ်သိမ်း၍ ချုပ်ငြိမ်းတော်မူခဲ့လေသည်။ ဆရာတော်ကြီး ဦးသုဇာတသည် သက်တော် (၈၀) သိက္ခာတော် (၆၀) ဝါအရတွင် ခန္ဓာချုပ်သိမ်း၍ အေးငြိမ်းသည့် နိဗ္ဗာန်သို့ ကူးမြောက်ကာ ဝိပဿနာ ထိန်ရောင်ဖြင့် ပျံလွန်တော်မူပြီးနောက် ရုပ်ခန္ဓာမပျက်မယွင်းဘဲ တစ်လအကြာတွင် ဓာတ်တော်များကွန့်မြူးလျက် ဦးအုံးဆောင် ဦးတင်အေး၊ ဦးသန်းခင်၊ ဦးသိန်းဆောင် ဦးမောင်အုန်းရွှေ ဦးကျော်နိုင်တို့က ကိုယ်တွေ့ဖူးမြော်လိုက်ရပေသည်။

ကျွန်တော်သည် ဆရာတော်ကြီး၏အကြောင်းကို ရောင်ပြန်မဂ္ဂဇင်း အပ္ပမာဒဓမ္မရသမဂ္ဂဇင်း၊ လျှို့ဝှက်ဆန်းကြယ်မဂ္ဂဇင်း၊ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၊ သုရဇ္ဇမဂ္ဂဇင်းတို့တွင် ဗုဒ္ဓဘာသာဝင်အများ ဖတ်ရှုသိရှိကြည်ညိုနိုင်ရန်၊ အလျဉ်းသင့်ပါက ကိုယ်တိုင် လာရောက် ဖူးမြော်နိုင်ရန် ဆောင်းပါးများကို ရှုထောင့်အမျိုးမျိုးမှ ရေးသား ကုသိုလ်ယူခဲ့ပါသည်။ ဆရာတော်ဖူးရန် လာရောက်သူများကိုလည်း ကိုယ်တိုင်ပင် နတ်လမ်းညွှန်အကြိမ်ကြိမ်ပို့ဆောင်ပေးခဲ့ပါသည်။

ထို့အတွက် ဇလွန်ရွာကို ကျွန်တော် အကြိမ်ကြိမ်ရောက်ရှိခဲ့ပါသည်။ ဆရာတော်ကြီးနှင့် ဇလွန်သာသနာကို စောင့်ရှောက်နေသည့် ဆရာတော် ဦးကဝိနန္ဒနှင့်လည်း ဆရာတော်၏ ဝိပဿနာဂုဏ်ရည်များကို အကြိမ်ကြိမ် မေးမြန်းလျှောက်ထားဖူးပါသည်။ ဦးကဝိနန္ဒကလည်း မေးမြန်းသမျှကို စိတ်ရှည်လက်ရှည် ဖြေကြားလေ့ရှိပါသည်။ ထိုအခါ ဆရာတော်ကြီး ဦးသုဇာတကို အကြောင်းပြု၍ ဦးကဝိနန္ဒနှင့် ဆရာရင်းဒကာရင်းသဖွယ် လေးစားကြည်ညိုခဲ့ရပါသည်။ ဦးကဝိနန္ဒသည် ဆရာဖြစ်သူ ဆရာတော်ကြီးဦးသုဇာတ၏ ဝိပဿနာအလုပ်ကို တပည့်ရင်းပီပီ အမွေဆက်ခံနိုင်ခဲ့သူ ဖြစ်ပါသည်။ အရိယာပီပီ အလွန်သိုသိပ်တော်မူပြီး တစ်စွန်းတစ်စလေးမျှ သိခွင့်မရခဲ့ကြချေ။ ကျောင်းတိုက်ခန်းထဲတွင် အစဉ်အမြဲ အချိန်ပြည့် သီတင်းသုံးခဲ့သည်မှာ ဆရာ့နည်းဖြင့် ဝိပဿနာလမ်းစဉ်ကို ထက်ကြပ်မကွာ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ခြင်း ဖြစ်သည်။ ဦးကဝိနန္ဒသည် ဆရာတော်ကြီးနည်းတူ စားသောက်သွားလာနေထိုင်မှု အလိုနည်းပါးသလို ဝတ္ထုငွေကိုလည်း ထိကိုင်သိုမှီးထားခြင်း မရှိခဲ့ပေ။ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို လာရောက်ဖူးမြော်သူ 'ရာထူးဂုဏ်သိန်ကြီးငယ်မဟူ ဆင်းရဲ ချမ်းသာမရွေး လှူဒါန်းကြသော်လည်း သိုမှီးစုဆောင်းသိမ်းဆည်းထားခြင်းမရှိခဲ့ပေ။ သာမန်ပုဂ္ဂိုလ်များဆိုပါက သိန်းဆယ်နှင့်ရာချီ၍ရနိုင်တန်ရာကောင်းသည်ကို သတိပြုမိပါသည်။ ဆရာတော်နှစ်ပါးစလုံးသည် တကယ့်တောကျောင်းအရိယာရဟန်းများပီပီ အလိုနည်းနည်းသိပ်သိပ်သည်းသည်းဖြင့် ခြိုးခြံကျင့်သုံး မြတ်သောစိတ်နှလုံးတို့ဖြင့် ဝိပဿနာကမ္မဋ္ဌာန်းတရားကို ပေါက်မြောက်သည်အထိ ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သည်မှာ အလွန်ကြည်ညိုဖွယ်ကောင်းပါသည်။

ဆရာတော် ဦးကဝိနန္ဒ ပျံလွန်သည့် ဇန်နဝါရီ ၃ ရက်နေ့တွင် စာရေးသူမှာ အလုပ်များနေသဖြင့် ချက်ချင်းသတင်းမရရှိခဲ့ပါ။ ထိုအချိန်က ဂျီတွောရွာကမ်းခြေ ပုလဲကျွန်းရေ့ကျောက်တော်ကြီးပေါ်တွင် 'ဇေယျာအောင်မြသိန်းတန်နဂါးရုံ' ဘုရားတည်၍ ဘုရားပင့်ဆောင်ဌာပနာသွင်းခြင်း၊ အနေကဇာတင်ခြင်းလုပ်ငန်းများကို ဘုရားအလှူရှင် မရီမာ၊ မချောငယ်၊ မချောစု ရန်ကုန်-မန္တလေးအလှူရှင်များနှင့် ကိုနိုင်ကြွေတို့အား ကူညီဆောင်ရွက်ပေးနေချိန်ဖြစ်သဖြင့် ရုတ်တရက် ချက်ချင်းမရောက်ရှိနိုင်ခဲ့ပါ။ တစ်ဖန် မာန်အောင်တောင်နီခရီးစဉ် တိုက်ကြီးမြို့ အဖေကြီး ဦးအေးဖေ သာသနာပြုကိုးဖြူခရီးစဉ်ရန်ကုန်(NFPE) သင်တန်း၊ကျောင်းတွင်းစာမေးပွဲ၊စတုတ္ထတန်း၊ အဌမတန်းမြို့နယ်ခရိုင်စစ်စာမေးပွဲ၊ ဆယ်တန်းစာမေးပွဲများဖြင့် တာဝန်များပြားလှပေရာ (×××) ရက်နေ့တွင်မှ ဆရာတော်ဦးကဝိနန္ဒရုပ်ကလာပ်တော်သို့ ပူဇော်ရန် ရောက်ရှိခဲ့ရလေတော့သည်။ သို့ရာတွင် ဒေသခံအချို့နှင့် မသိနားမလည် မယုံကြည်သူများက သတင်းအမျိုးမျိုးကို ကိုယ်တိုင်ဖူးတွေ့ရခြင်းမရှိဘဲ ထင်ကြေးဖြင့် ပြောဆိုနေကြသံကို စိတ်မကောင်းစွာ ကြားသိနေရပါသည်။ ဝိပဿနာဂုဏ်ဆောင်ပုဂ္ဂိုလ်တစ်ပါး၏ တစ်လအကြာ၊ သုံးလအကြာ၊ ခြောက်လအကြာ အဆင့်ဆင့်ပြောင်းလဲလာမှုများကို အကြိမ်ကြိမ် သွားရောက် မှတ်တမ်းတင်ထားခဲ့ပါသည်။ မယုံမကြည် မလေးမစားပြောဆိုနေသူများကိုလည်း ကိုယ်တိုင်သွားဖူးလိုက်ကြပါဦး။ သူတစ်ပါးအပြောကြားရုံဖြင့် လိုက်ပြောနေလျှင် တစ်ချက်မှားပါက ဝစီဘေဒထိတိုင်းရှဖြစ်တတ်ကြောင်း စေတနာဖြင့်သတိပေးမိပါသည်။

ကျွန်တော်က ဦးကဝိနန္ဒ၏ ရုပ်ကလာပ်တော်အား သစ်ရွက်ဥပမာ၊ ငှက်ပျောသီးမှည့်ဥပမာပေး၍ စောင့်ကြည့်နေခဲ့ပါသည်။ သစ်ရွက်တို့မည်သည် ရင့်ရော်လာပါက ကြွေချိန်တန်ပါက စိမ်းရာမှဝါ၊ ဝါရာမှနီ၊ နီရာမှညို စသည်ဖြင့် အဆင့်ဆင့်ဥပမာပေးခဲ့ပါသည်။ တစ်ဖန် ငှက်ပျောသီးမှည့်တို့မည်သည် ဝါဝင်းမွှေးပျံ့ပြီး တဖြည်းဖြည်းကြာလာလျှင် အခွံများညိုရင့်လာ၍ အရေစစ်ခြောက်သွေ့ကာ ပျားရည်နံ့ကဲ့သို့ရနံ့ရှိကြောင်း ဥပမာပေးခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော် ဦးကာဝိန္ဒ၏ ရုပ်ကလာပ်တော်သည် ဆရာတော်ကြီး ဦးသုဇာတ ရုပ်ကလာပ်တော်နှင့်မခြား တစ်သားတည်းကျသကဲ့သို့ ဝါဝင်းပြည့်ဖြိုးနေရာမှ တဖြည်းဖြည်းကိုယ်ရေတော်စစ်လာကာ ညိုသောအသွင်သို့ဆောင်လာခဲ့ပါသည်။ အနံ့တော်မှာလည်း ငှက်ပျောခြောက်ရနံ့ကဲ့သို့ သင်းပျံ့နေခဲ့ပါသည်။ သာဓက တစ်ခုမှာ အနံ့ပျက်ပါက ယင်ကောင်များ ဝိုင်းအုံလာရပေမည်။ ယခုမူ ယင်ကောင်တစ်ကောင်မျှရှိမနေခြင်းမှာ ထူးခြားလှပေသည်။ ဤသည်ကား ဝိပဿနာဂုဏ်၏ အထင်အရှားပြဆိုချက်များ ဖြစ်ပေသည်။

ကျွန်တော်၏ စောင့်ဆိုင်းမှတ်တမ်းတင်မှုသည် သက်သေသာဓကထင်ရှားပြသရန် ကြံ့ကြံ့ကြိုက်လာပါသည်။ ၁၃၇၇ ခုနှစ်၊ နှစ်ဆန်း ၂ ရက်နေ့တွင် မြပြင်ရွာ မြရတနာကျောင်းတိုက် ဆရာတော်ကြီး ပူဇော်ကန်တော့ပွဲတွင် မြပြင်ကျောင်းအုပ် ဆရာကြီး ဦးမြင့်ဝေက နှစ်ဆန်း ၁ ရက်နေ့က ဇလွန်ဆရာတော် နှစ်ပါး ဓာတ်တော်ကွန့်မြူးကြွချောင်း၊ သွေ့ဖုန်းမှာ ရိုးရိုးဖုန်းဖြစ်၍ ဓာတ်ပုံမှတ်တမ်းကို ကူးယူ၍မရခဲ့ကြောင်း ပြောပြပါသည်။ ထိုအခါ စာရေးသူ စောင့်စားကြည့်ညို မှတ်တမ်းတင် ရေးသားခွင့်ရပေပြီဟု ဝမ်းပန်းသာခဲ့ပါသည်။ ဇလွန် (မဒေး) ဒုတိယဆရာတော် ဦးကာဝိန္ဒ ပျံလွန်တော်မူသည့်အခါ တပည့်ဒကာများက ရိုးရိုးသာမှတ်ထင်၍ သစ်သားခေါင်းတွင် အောက်မှ လက်ဖက်ခြောက်နှင့် မီးသွေးကို ကြိတ်ထည့်၍ စီမံထားခဲ့ပါသည်။ သို့ရာတွင် ခန္ဓာတော်မယွင်းမပျက်သည်ကို တွေ့ရှိ၍ ရွာသားများ စည်းရုံးတိုင်ပင်ကာ ပထမဆရာတော်ကဲ့သို့ပင်ထားရှိရန် တညီတညွတ်တည်း လက်မှတ်ရေးထိုး၍ ဆုံးဖြတ်ချက်ချခဲ့ကြလေသည်။ မူလက ဘုန်းကြီးပျံပွဲတော်ကျင်းပ၍ ရှာပနပြာချပူဇော်ရန် ကြံစည်ခဲ့သော်လည်း မူလအစီအစဉ်ပြောင်း၍ မှန်ခေါင်းဖြင့် ပူဇော်ထားရှိကာ အများပြည်သူကို အပူဇော်ခံထားရှိပေးခဲ့ကြလေသည်။

ဆရာတော်ဦးကာဝိန္ဒကို သံတွဲမြို့နယ် စမ်းဝတိုက်နယ် ဇလွန်ကျေးရွာတွင် ဖခမည်းတော် ဦးစံကျော်နှင့် မယ်တော် ဒေါ်ငွေအင်တို့မှ ၁၂၈၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့တွင် နံနက်ပိုင်း၌ မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။ မွေးချင်းလေးယောက်အနက် ဆရာတော်လောင်းလျာမှာ ဒုတိယမြောက်သားရတနာပင်ဖြစ်ပါသည်။ အစ်မကြီးမှာ ဒေါ်အေးဖြူဖြစ်၍ ကျန်ညီအစ်ကိုများမှာဦးလှမောင်နှင့် ဦးလှရွှေတို့ဖြစ်ပါသည်။ ဆရာတော်၏ ငယ်နာမည်မှာ မောင်ကျော်အေးအမည်ရှိလေသည်။ မောင်ကျော်အေးသည် (၁၃)နှစ်သားအရွယ်တွင် ဝိသုဒ္ဓါရုံကျောင်း ကျောက်ကြီးဆရာတော်ဘဒ္ဒန္တစိန္တာစရိယကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ရောက်ရှိခဲ့သည်။ ဘွဲ့အမည်မှာ ရှင်ကဝိန္ဒဖြစ်လေသည်။ ရှင်ကဝိန္ဒသည် ရှင်ကျင့်ဝတ်မှစတင်၍ အခြေခံစာပေများကို ဆည်းပူးသင်ကြားခဲ့သည်။

ဦးကဝိန္ဒသည် သက်တော် (၂၁)တွင် ဆတ်လည်မျှော်ကျောင်းဆရာတော်ဘဒ္ဒန္တစာရိတ္တမထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဇလွန်(မဒေး) ဒါယကာ၊ ဒါယကာမတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူလျက် မြန်မာနှစ် ၁၃၀၉ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်၊ တနင်္လာနေ့ နံနက် (၉) နာရီအချိန်တွင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့လေသည်။ ဦးကဝိန္ဒသည် ရဟန်းဖြစ်ချိန်မှစ၍ ဝိနည်းတော်ကို အတူးကလည် ဂရုပြု လေးစား ဆောင်ရွက် ကျင့်သုံးတော်မူခဲ့လေသည်။ ကုလဒူသကအမှုကိုလည်း ဝေးစွာရှောင်ကြဉ်ခဲ့လေသည်။ ဆရာတော်သည် အစ်ကိုဖြစ်သူ ဦးကောသလ္လထံတွင် ဝိနည်း၊ သဂြိုဟ်၊ သဒ္ဒါကြီး စသည့် ကျမ်းဂန်တို့ကို ဇလွန်(မဒေး)ကျောင်းတော်၌ (၃)နှစ်ခန့် သင်ကြားခဲ့လေသည်။ ထို့နောက် ငါးသိုင်းချောင်းမြို့ ဘုရားကြီးတိုက်ခွဲတွင် (၂) နှစ်ခန့် စာပေလေ့လာသင်ကြားခဲ့သည်။ ထိုမှတစ်ဆင့် ပိဋကတ်ကျမ်းဂန်စာပေတို့ကို ခြောက်ထပ်ကြီးဆရာတော် ဦးအာဒိစ္စ (ဖားကူးဆရာတော်) ထံတွင်လည်းကောင်း၊ မန္တလေးမြို့ စတုဘုမ္မိကမဂ္ဂင်ရိပ်သာ နံ့ယောဆရာတော်ကြီးထံတွင် လည်းကောင်း၊ မင်္ဂလာသုခပါဠိတက္ကသိုလ်ဆရာတော်ဦးကောသလ္လ(အဘိဓမ္မိကဝါစုဠက) ထံတွင် လည်းကောင်း၊ ရန်ကုန်မြို့ ဇမ္ဗူသီရိကျောင်းတိုက်စသည့် ထင်ရှားသည့် စာသင်တိုက်များတွင် ပိဋကတ်စာပေများကို လေ့လာဆည်းပူးခဲ့ပါသည်။

ဦးကဝိန္ဒသည် (၁၇) ဝါအရတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဦးရန်ကုန်ကျောင်းတိုက်တွင် ခဏတာ သီတင်းသုံးနေထိုင်ခဲ့သည်။ ထို့နောက် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်း (၂) ရပ်ကွက် ဓမ္မသစ္စာဝိပဿနာကျောင်းတိုက်တွင် အစ်ကိုဖြစ်သူ ဦးကောသလ္လနှင့် (၈) နှစ်ခန့် သီတင်းသုံးနေထိုင်လျက် ကျောင်းတိုက်အား ပြန်လည်မွမ်းမံတည်ဆောက်ခဲ့လေသည်။ အလှူရှင်မှာ ကျောင်းဒါယိကာမကြီး ဒေါ်အမာဖြစ်လေသည်။ ထို့နောက် ဦးကဝိန္ဒသည် သိက္ခာတော် (၂၅) ဝါအရတွင် ဇလွန်(မဒေး)ကျေးရွာ ဓမ္မသစ္စာကျောင်းသို့ ပြန်လည်ရောက်ရှိခဲ့လေသည်။ ဇလွန်တွင် (၂) နှစ်ခန့် သီတင်းသုံးနေထိုင်ပြီးနောက် ဆရာတော်၏ တာဝန်ပေးချက်အရ သံဒီကျေးရွာတွင် (၃)နှစ်ခန့်သီတင်းသုံးတော်မူခဲ့သည်။ ထို့ပြင် သာယာကွင်းတောင်ပေါ်ကျောင်း၌ (၂)နှစ်ခန့်သီတင်းသုံးနေထိုင်ခဲ့သည်။ ထို့နောက် ကျောက်ကြီးကျေးရွာ ဝိသုဒ္ဓါရုံကျောင်း၌ (၁) နှစ်ခန့် သီတင်းသုံးနေထိုင်ပြီး ဇလွန်ကျောင်းတော်သို့ ပြန်လည် ရောက်ရှိတော်မူခဲ့လေသည်။ ဆရာတော်ကြီးအား အလုပ်အကျွေးပြုစုနေသည့် အစ်ကိုဖြစ်သူ ဦးကောသလ္လမှာ လေငန်းရောဂါ ခံစားနေရသဖြင့် အစ်ကိုကိုယ်စား ဆရာတော်ကြီး ဦးသုဇာတကို ပြုစုနိုင်ရန် ရောက်ရှိခဲ့ခြင်း ဖြစ်လေသည်။ ဦးကဝိန္ဒသည် ဆရာတော်ကြီးအား (၅) နှစ်တာကာလပတ်လုံး အလုပ်အကျွေးအဖြစ် အနီးကပ်ပြုစု စောင့်ရှောက်တော်မူလေသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးသည်မှ ဦးကာဝိန္ဒသည် ဇလွန်သာသနာနှင့် ဆရာတော်၏ရုပ်ကလာပ်တော်ကို (၃၆) နှစ်တာကာလပတ်လုံး ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့လေသည်။

ဆရာတော် ဦးကဝိန္ဒသည် ဇလွန် (မဒေး) ဒကာ၊ ဒကာမများအား သံသရာမှလွတ်မြောက်ရာဖြစ်သောနိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုသာ စဉ်ဆက်မပြတ်ဟောကြားလေ့ရှိပါသည်။ ဒကာ၊ ဒကာမများကို ဆုံးမဩဝါဒပေးရာတွင်လည်း အသိကို သတိနှင့်ဆင်ခြင်သုံးသပ်လျက် ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုတို့ကို အစဉ်အမြဲ မကျိုးမပေါက်ရလေအောင် ထိန်းသိမ်းကြရန် ဆုံးမလေ့ရှိသည်။ ထို့ပြင် ဒကာ၊ ဒကာမများ လူကြီး၊ လူလတ်၊ လူငယ်မရွေး အားလုံး စည်းလုံးညီညွတ်စွာနေထိုင်ကြရန် အမြဲဆုံးမသတိပေးတော်မူလေ့ရှိပါသည်။

ဆရာတော်ဦးကဝိန္ဒသည် စိတ်သဘောထား ရိုးသားဖြူစင်သလို ဖခနေ



www.burmeseclassic.com

www.burmeseclassic.com

အထိုင် အသွားအလာ အေးဆေးတည်ငြိမ်လေ့ရှိသည်။ စကားအပိုပြောလေ့မရှိဘဲ လိုရင်းကိုသာ ပြောကြားလေ့ရှိပြီး တိုက်ခန်းအတွင်း အမြဲတရားအားထုတ်လေ့ရှိပါသည်။ ဇလွန်ရွာကျောင်းတော်ကြီးတွင် နေထိုင်သီတင်းသုံးနေသော်လည်း တောရဆောက်တည်သည့်ဆရာတော်နှင့်မခြား နေထိုင်သီတင်းသုံးတော်မူသည်ကို သတိထားမိ၏။ ဆရာတော်တွင် ထူးဆန်းသည့်ပစ္စည်းနှစ်ခုရှိသည်။ ဥဒေါင်းငှက်သဏ္ဌာန် သစ်ဝါးမြစ်နှင့် ကျောက်လိပ်ကလေးတစ်လုံးရှိပါသည်။ ကျောက်လိပ်ကလေးကို ဒန်အိုးကြီးဖြင့် ထည့်စိမ်ထားပြီး စာရေးသူ အပါအဝင် ဧည့်သည်များကို ကျောက်လိပ်ရေစိမ်ထားသည့် ရေစင်အား သောက်သုံးရန် ညွှန်ကြားလေ့ရှိသည်။ ဆရာတော်သည် ပျံလွန်တော်မမူမီကလဲကျဖူးရာ ကျောင်းမှန်တိုင်နှင့်ဆောင့်မိ၍ တင်ပဆုံရိုးကွင်းဆက်အရိုးသီးကျိုးသွားခဲ့ပါသည်။ မဲနယ်တွင်းဆရာနှင့်ကုသရာ နာကျင်ကိုက်ခဲမှုမရှိသော်လည်း လမ်းထမလျှောက်နိုင်သဖြင့် ရန်ကုန်မြို့သို့ သွားရောက်ကာ စတီးရိုးထည့်၍ကုသခဲ့ရလေသည်။

ဆရာတော်သည် သက်တော် (၈၈) နှစ်၊ သိက္ခာတော် (၆၇) ဝါအရ ၁၃၇၆ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်နေ့ ည(၁၀)နာရီ (၃၅)မိနစ်တွင် ခန္ဓာဝန်ကို ချတော်မူခဲ့လေသည်။ဆရာတော်ဦးကဝိန္ဒသည် ပထမပျံလွန်တော်မူသော ဆရာတော်ကြီး ဦးသုဇာတ၏ လမ်းစဉ်ကိုလိုက်၍ ဆရာ့မူအတိုင်း ဂျင့်ကြဲကြီးထုတ်အားထုတ်တော်မူခဲ့ရာ ခန္ဓာတော်ဖျက်မယွင်းသည့်အပြင် ဓာတ်တော်များပင် ကွန့်မြူးခဲ့လေသည်။

ဆရာတော်နှစ်ပါးအား ဂန္ဓကုဋိတိုက်အတွင်း အတူထားရှိပူဇော်ရန် ထေလီအခြေစိုက် အောင်မြင်သော ဖြေသုံ့ကုမ္ပဏီပိုင်ရှင် ကိုစိုးသိဟက ပြီးစီးသည်အထိ တာဝန်ယူဆောက်လုပ်မည်ဖြစ်သဖြင့် ဆရာတော်ကြီး၏ မူလဂန္ဓကုဋိတိုက်အား အသစ်ပြန်လည်ဆောက်လုပ်နိုင်ရန်အတွက် မူလစံကျောင်းတော်သို့ ရွှေ့ပြောင်းထားရှိခဲ့လေသည်။ ဤသို့ဖြင့် ဆရာတော်နှစ်ပါးမှာ ယခင်စံကျောင်းတော်အဟောင်း၌ပင် ထားရှိခဲ့လေသည်။ ဤသို့ဖြင့် ဆရာတော်နှစ်ပါးအား စံကျောင်းတော်အဟောင်း၌ပင် ထားရှိခဲ့သည်။ဆရာတော်ဦးသုဇာတ၏ ရုပ်ကလာပ်တော်မှာ မပုပ်မသိုးသည့်အပြင် ထပ်မံ၍ ဆရာတော်ဦးကဝိန္ဒလည်း မပုပ်မသိုးခန္ဓာတော်မပျက်ယွင်းကြောင်းကြားသိကြသဖြင့် အမြို့မြို့အရွာရွာမှ နေ့စဉ် သံဃာတော်ဖူးသူများ စည်ကားလျက်ရှိနေပါသည်။ နေ့ရောညပါ ဧည့်သည်ဘုရားဖူးများ ရောက်ရှိနေသဖြင့် ဧည့်သည်များကို အုန်းကြာဆံ၊ မုန့်လုံးလေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြပါသည်။ ဤသို့ဖြင့် ဆရာတော်နှစ်ပါးအား လာရောက် ဖူးမြော်သူများဖြင့် ဇလွန်ရွာတွင် နေ့စဉ် စည်ကားသိုက်မြိုက်လျက်ရှိနေပါသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်၊ ၁၃၇၇ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်၊ မြန်မာနှစ်ဆန်း ၂ ရက်နေ့ စနေနေ့နံနက် (၈) နာရီခွဲခန့်အချိန်တွင် မန္တလေးမှ ဧည့်သည်များ ဆရာတော်နှစ်ပါးကို ဖူးမြော်နေကြစဉ် ဆရာတော်ကြီးဦးသုဇာတ၏ ရုပ်ကလာပ်တော်မှ ဓာတ်တော်များ စတင်ကွန့်မြူးပေါ်ထွက်လာခဲ့လေသည်။ ဆရာတော်ကြီး ဦးသုဇာတ၏ လည်ပင်းနှင့် ညှပ်ရိုးတော်နေရာမှ စတင်၍ ဓာတ်တော်များဖြာထွက်ကွန့်မြူးလာခြင်း ဖြစ်သည်။ ပထမတွင် ရင်ညွန့်တော်မှ မီးပန်းများကဲ့သို့ဓာတ်တော်များစတင်ဖြာထွက်လာခဲ့ပါသည်။ မန္တလေးဧည့်သည်များလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ ဝိုင်းဝန်း၍ လက်ကိုင်ဖုန်းများဖြင့် ဓာတ်ပုံတဖျပ်ဖျပ်ရိုက်ယူကြပါသည်။ ထို့နောက် ဓာတ်တော်များသည် ခန္ဓာတော်အနှံ့ ပျံ့နှံ့သွားပြီး ဦးခေါင်းတော်၊ လက်တော်၊ ခြေတော်များမှာ ထပ်မံကွန့်မြူးကြပြန်လေသည်။ ဓာတ်တော်များမှာ ရွှေဒင်္ဂါးကွက်သဏ္ဌာန်ပေါ်ပြီးမှ ဓာတ်တော်လုံးလေးများအဖြစ် အထက်သို့ လွင့်ပျံကွန့်မြူးနေလေသည်။ မှန်ခေါင်းတော်အတွင်း နေရာအနှံ့အပြားသို့ စိန်ပွင့်ကလေးများပမာ ပိုးစုန်းကြူးကလေးများ တောက်နေသကဲ့သို့ ပျံသန်းသွားနေကြလေသည်။ ဓာတ်တော်ပွင့်ကလေးများမှာ ဖူးမြော်နေရင်း ပန်းနုရောင်၊ အနီရောင်များသို့ တဖြည်းဖြည်းပြောင်းလဲ၍ ကွန့်မြူးတော်မူကြလေသည်။ ထို့အတူ ဆရာတော်ဦးကဝိန္ဒ၏ ရုပ်ကလာပ်တော်မှလည်း ထိုနေ့ညနေ (၃) နာရီခွဲခန့်အချိန်တွင် ထပ်မံကွန့်မြူးထွက်ပေါ်ခဲ့လေသည်။

ကျွန်တော်သည် ဆရာတော်နှစ်ပါးအား ဓာတ်ပုံမှတ်တမ်းတင်ရိုက်ကူးသည့်အခါ၌ပင် ဆရာတော်ကြီး၏ ဦးခေါင်းတော်၊ လက်တော်၊ ခြေတော်များတွင် စွဲကပ်ကျန်ရှိနေသေးသည့် ဓာတ်တော်ပွင့်သေးသေးကလေးများကို ထူးဆန်းစွာ ဖူးမြော်မှတ်တမ်းတင်ခွင့်ရရှိခဲ့ပါသည်။ ထို့အပြင် အသေအချာ စူးစူးစိုက်စိုက် ဖူးမြော်သည့်အခါတွင် ဦးခေါင်းတော်ရှိ ဆံတော်များအကြား၌ ဓာတ်တော်ရွှေမှုန်များကို ဖူးမြင်တွေ့ရှိရပါသည်။ ဂေါတမမြတ်ဗုဒ္ဓ၏ သာသနာတော်သမိုင်းတွင် ရဟန္တာဖြစ်ပြီး ဓာတ်တော်မကျသော အရှင်မြတ်များရှိသကဲ့သို့ ရဟန္တာလည်းဖြစ်၊ ဓာတ်တော်လည်းကြွင်းသည့် ဘုန်းတော်ကြီးဦးသီလကဲ့သို့ ရဟန္တာများလည်းရှိ၏။သုတ္တနိပါတ်၊အဋ္ဌကထာ၊ ရတနသုတ်၊ ခဂ္ဂဝိသာဏသုတ် ၁၁၇ တွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်များမှာကား ပရိနိဗ္ဗာန်စံခါနီး အဘိညာဉ်ဝင်စား၍ အဓိဋ္ဌာန်ပြုတော်မူမှသာ ဓာတ်တော်ကျနိုင်သည်ဟု ပြဆိုထားပါသည်။ ထို့ပြင် သုတ္တနိပါတ် အာမဂန္ဓသုတ် အဖွင့် ၃၀၃ တွင် ဖွင့်ဆိုထားသည်မှာ 'ထိုမှတစ်ပါး ကိလေသာအာသဝေါကုန်ခန်းသော ရဟန္တာအရှင်မြတ်များ၏ အလောင်းတော်သည်လည်း အပုပ်နံ့မထွက်ကြောင်း' အထင်အရှားပြဆိုထားပါသည်။ ဂိလာနသုတ် သံယုတ် အဋ္ဌကထာ၌လည်း 'အရောင်အဝါထွက်သည်မှာ စိတ်ကြည်လင်သန့်ရှင်း၍ နှလုံးသွေးကြည်လင်သန့်ရှင်း၏။ ၎င်းစိတ်နှင့်ဆက်သွယ်သော' စိတ္တဇရုပ်၊ ဥတုဇရုပ်များအားလုံး ကြည်လင်သန့်ရှင်း၍ နှလုံးသွေးကြည်လင်သန့်ရှင်း၏၊ အရောင်ထွက်၏' ဟူ၍ ပြဆိုထားပေရာ ဆရာတော်ကြီးဦးသုဇာတ၏ လည်ပင်းတော်နှင့် ရင်ညွန့်တော်၊ ညှပ်ရိုးတော်တို့တွင် ရွှေရောင်ကဲ့သို့ဝါဝင်း၍ ကြည်လင်သန့်ရှင်းနေသည်ကို အမှန်ပင် ဖူးမြင်ကြရပါသည်။

ထို့ကြောင့် ဇလွန်ဆရာတော်ကြီးနှစ်ပါးတို့သည် မြင်းခြံ စွန်းလွန်းဆရာတော်၊ ဘုန်းတော်ကြီးဦးသီလ၊ ရဟန္တာဦးသာရွှန်း (ဦးကဝိန္ဒ) တို့ကို ထောက်ရှု၍ ဓာတ်တော်ကွန့်မြူးသည်ကို ဖူးတွေ့ရသဖြင့် ခီဏာသဝအစစ် ရဟန္တာပုဂ္ဂိုလ်ကြီးအဖြစ်ဖြင့် ဇလွန်ရွာ ဓမ္မသစ္စာကျောင်းတိုက်ဝယ် ဗုဒ္ဓဘာသာသူတော်စင်အပေါင်းတို့ကို 'အကာလိကဂုဏ်တော်'၊ 'ဧဟိပဿိကဂုဏ်တော်' တို့ဖြင့် အချိန်မရွေး အခါမရွေး ကာလမရွေး အားရရှင်လန်း လိုက်ခဲ့စမ်းပါ၊ ရှုခဲ့စမ်းပါဟု ဝိပဿနာဂုဏ်ရောင်ကိုဆောင်သည့် ပုဂ္ဂိုလ်များဖြစ်ကြောင်း ရေးသားပူဇော်လိုက်ရပါသည်။

ရွှေချိုအောင် (ပေ[illegible])



www.burmeseclassic.com

www.burmeseclassic.com

# (ထိ-အေး) အောင်ဆန်းလင်း

တစ်နေ့နံနက်ခင်းတွင် ကျွန်တော်၏ နေအိမ်သို့ ဇနီးဘက်မှ ပတ်သက်သောဆွေမျိုးထဲမှ ကျောင်းဆရာမ (အငြိမ်းစား) မခင်မာဝေ အလည်အပတ်ရောက်ရှိလာခဲ့သည်။ သူမသည် သျှောင်နောက် ဆံထုံးပါစကားနှင့်အညီ ခင်ပွန်းသည်စစ်မှုထမ်း၏ အရပ်ဒေသဖြစ်သော ဧရာဝတီတိုင်းဒေသကြီးဆီသို့အတူလိုက်ပါနေထိုင်ခဲ့သည်ပင်။ ဆယ်နှစ်ဆယ်မိုးခန့် ကြာညောင်းခဲ့လေပြီ။ ခင်ပွန်းသည်၏ဒေသသို့ လိုက်ပါလာခဲ့ပြီးမှ ခင်ပွန်းသည်က ရောဂါတစ်ခုဖြင့် သေဆုံးသွားခဲ့သည်။ ခင်ပွန်းမရှိတော့သော်လည်း ခင်ပွန်း၏ ဆွေမျိုးအသိုင်းအဝိုင်းကြားတွင် ခင်ရာဆွေမျိုး၊ မြိန်ရာဟင်းကောင်း ဟူသည့်အတိုင်း အဆင်ပြေနေသဖြင့် မိမိဇာတိရပ်ရွာဖြစ်သော ကချင်ပြည်နယ်သို့ မပြန်တော့ပေ။

အိမ်မှာအလည်အပတ်ရောက်ရှိလာစဉ် ဆရာမခင်မာဝေပြောပြသည့် သူမ၏ယောက္ခမ သာမညဆရာတော်ဖူးခရီးစဉ်တွင် ထူးခြားဆန်းကြယ်သော အတွေ့အကြုံနှင့်ဆုံခဲ့ရ၏။ ထိုအတွေ့အကြုံကား မမျှော်လင့်တဲ့အမှန်တကယ် ကြုံတွေ့ရခြင်း ဖြစ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်ကာလ။

အဘွားဒေါ်ကောင်းလှသည် သားသမီးလေးယောက်ရှိသော်လည်း အိမ်ထောင်ကျပြီးနောက် အားလုံးအိုးခွဲသွားကြလေရာ သမီးအကြီးဆုံးမှမွေးသော ဝတ်ရည်ဆိုသူ (၁၄) နှစ်ခန့်ရှိသူ မြေးတစ်ဦးသာ အနီးအနားမှာရှိသည်။ လက်တိုလက်တောင်း အားကိုးလို့ရအောင် သမီးဝတ်ရည်ကို အတူနေခွင့်ပေးသော သမီးကြီးကိုလည်း ကျေးဇူးတင်ရသည်။

အဘွား ဒေါ်ကောင်းလှ အသက် (၇၈) နှစ်ကျော်လာချိန်တွင် ခန္ဓာကိုယ်က ချို့ယွင်းဖောက်ပြန်လျက် ဇရာမိသဘောကိုပြသနေပေပြီ။ ကျန်းမာရေးက သိပ်ကောင်းလှသည်မဟုတ်။ နလုံးရောဂါ၊ သွေးတိုးရောဂါတို့ဖိစီးနှိပ်စက်နေလေသည်။

ထိုတောင်းလှသော လူ့ဘဝကို ရရှိလာခဲ့ချိန်တွင် အသေမဦးမီ ဉာဏ်ဦးရမည် ဟူသည့်အတိုင်း ဒါန၊ သီလ၊ ဘာဝနာ ငယ်စဉ်ကတည်းက အားစိုက်လုပ်ဆောင်လာခဲ့သော်လည်း ယခုအသက် (၇၀) နှစ်ကျော်အရောက်မှာတော့ ကျန်းမာရေးကြောင့် စိတ်သွားတိုင်းကိုယ်မပါ ဘုရားသွား၊ ကျောင်းတက် ဥပုသ်သီတင်းသွားရောက်မစောင့်ထိန်းနိုင်ပေမယ့် မိမိအိမ်မှာပင် အချိန်ပြည့်လိုလို ပုတီးစိပ်၊ တရားမှတ်လုပ်ဆောင်နေခဲ့သည်သာ ဖြစ်သည်။

ဝတ်ရည်သည် (၈) တန်းကျောင်းသူဖြစ်သဖြင့် စာမေးပွဲဖြေအပြီးအချိန်ကာလကို ဒေါ်ကောင်းလှ စောင့်မျှော်နေလေသည်။ စာမေးပွဲဖြေပြီးသည်နှင့် မြေးဖြစ်သူ ဝတ်ရည်ကို အနီးသို့ခေါ်လိုက်သည်။

"သမီးဝတ်ရည်၊ ညည်းရဲ့စာမေးပွဲပြီးအောင် အဘွားစောင့်နေတာ"

ဝတ်ရည်က -

"အဘွားဘာလုပ်ချင်လို့စောင့်နေတာလဲ၊ ပြောလေ"

"သမီးနဲ့အဘွားတို့ ဘုရားဖူးကားနဲ့ သာမညဆရာတော်ကြီးကို သွားဖူးကြရအောင်"

"ဟို- အဘွားကလည်း၊ ကျန်းမာရေးမှမကောင်းသေးတာ။ ရွာဦးဘုန်းကြီးကျောင်းကိုတောင် ဥပုသ်စောင့်မသွားနိုင်းတာကြာပြီ။ သမီးတို့နေတဲ့ ဧရာဝတီတိုင်းကနေ သာမညဆရာတော်ကြီးရှိတဲ့ ဘားအံဆိုတာ ခရီးကအဝေးကြီးဆိုတော့ ဘယ်လိုလုပ်မလဲ အဘွားရဲ့"

ဟုတ်တော့လည်း ဟုတ်သည်။ အဘိုးစစ် ဝတ်ရည်တို့မြေးအဘွားနေထိုင်ရာ ရွာကလေးသည်ပင် ဧရာဝတီတိုင်းဒေသကြီးရှိ ပုသိမ်မြို့နှင့် မိုင်ပေါင်း (၂၀) ကျော်လောက် ကွာဝေးနေသေးသည်။

"သမီးဝတ်ရည်၊ အဘွားက သာမညဆရာတော်ဘုရားကြီးကို ဖူးမြော်ပြီးရင်တော့ သေချင်လည်းသေစေတော့ရပြီ။ အခက်အခဲနဲ့ဒုက္ခဆိုတာကိုယ်စိတ်ကြိုတာချည်းပဲကွယ့်။ ဒါတွေတုန်အောင်စောင့်ဆိုင်းနေရင် ဘာမှလုပ်လို့မရနိုင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

အဘွားဖြစ်သူ၏ ပြင်းပြသော အာသီသကို ဝတ်ရှည် ကောင်းစွာ သဘောပေါက်လိုက်ပြီ။ ထို့ကြောင့် ရည်မှန်းကြိုးစားသော အချက်အခါမဆို ရှိနိုင်ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ဝဘထင်းပြီး အဘွား၏ သမီးရှား သဲတို့ကြား နှုတ်ဖြတ်နေ၏ ပျော်ရွှင်ရှင်





www.burmeseclassic.com

www.burmeseclassic.com

ရင် ပုသိမ်သွားပြီး သာမည-ကျိုက်ထီးရိုးဘုရားဖူးကားကို သွားစုံစမ်းမယ်။ အဆင်ပြေရင် ကားလက်မှတ်နှစ်စောင်ကို တစ်ခါတည်းဖြတ်ခဲ့လိုက်မယ်လေ"

သို့ဖြင့် မြေးအဘွားနှစ်ယောက်သည် ဘုရားဖူး AIRCON လေအိတ်ကားကြီးနှင့်အတူ ပုသိမ်မှ နေ့ခင်းပိုင်းတွင် ထွက်ခွာလာခဲ့သည်။ မီရာကားလက်မှတ်ကိုဖြတ်ပြီးလိုက်ပါလာခဲ့ရခြင်းဖြစ်၍ ကားကြီး၏နောက်ပိုင်းကျသောထိုင်ခုံကိုသာစီးခဲ့ရသည်။ ကားထဲတွင် AIRCON မှ အအေးဓာတ်လွှတ်ထား၍ မြေးအဘွားနှစ်ယောက် စောင်ခြုံနေခဲ့ကြရ၏။

ဤကဲ့သို့ ကားကြီးမျိုးကို မစီးဘူးကြသဖြင့် အကြောင်းမသိ၍ အနွေးခေါင်းစွပ်ကိုတော့ မယူလာမိခဲ့ကြပေ။ တခြားခရီးသည်အားလုံးလိုလိုကတော့ ခေါင်းစွပ်များ ကိုယ်စီပါကြလေသည်။ မှန်လုံကားကြီးဖြစ်၍ ကားမောင်းနေစဉ်တွင် ပြင်ပမြင်ကွင်းများကိုလည်း ကောင်းစွာ မသဲကွဲ၍ ဝတ်ရည်က သိပ်အာရုံမစိုက်သော်လည်း အတူခရီးသွားများအပြောဖြင့် ရန်ကုန်ကိုကျော်ခဲ့ပြီ။ ပဲခူးကိုရောက်တော့မည်ဆိုတာတွေကို ကြားနေရလေသည်။

တစ်နေရာတွင် ကားခေတ္တရပ်ပြီး အားလုံး ညစာစားကြသောအခါတွင် သာမညဒေသသည် သက်သတ်လွတ်ဟင်းလျာကိုသာ ထာဝရစားသုံးရသော နယ်မြေဖြစ်၍ ကားနှင့်လိုက်ပါလာသော ဝတ်ရည်တို့အဖွဲ့လည်း သက်သတ်လွတ်ထမင်းဟင်းကို စတင်စားသောက်ကြရလေသည်။

ထိုနေရာမှဆက်လက်ထွက်လာခဲ့သောအခါ ညဦးအမှောင်ထုက တဖြည်းဖြည်းလွှမ်းခြုံလာခဲ့ပြီ။ လမ်းနံဘေးမြင်ကွင်းတွင် မီးအိမ်၊ မီးလုံးလေးများ လင်းနေသည်ကို မြင်တွေ့လာနေရသည်။ ကားပေါ်တွင် အဘွားဒေါ်ကောင်းလှသည် လမ်းတစ်လျှောက်လုံး ပုတီးစိပ်လျက်သာ လိုက်ပါလာခဲ့ရာ ညဦးပိုင်းမှာပင် အဘွားလက်ထဲမှ ပုတီးနှစ်ကြိမ်ကြမ်းပြင်ပေါ်သို့ ပြုတ်ကျသဖြင့် ဝတ်ရည်က ကောက်ပေးရလေသည်။

တတိယအကြိမ် ပုတီးလွတ်ကျချိန်မှာတော့ အဘွား၏ ခန္ဓာကိုယ်ပါ ဝတ်ရည်ရှိနေရာဘက်ကို ယိုင်လဲလာသဖြင့် ဝတ်ရည်မှ -

"အဘွား၊ အဘွား ဘယ်လိုဖြစ်တာလဲ။ သမီးကိုပြောဦးလေ"

အဘွားထံမှ စကားသံတစ်စုံတစ်ရာထွက်မလာတော့ပေ။

ကားစီးလိုက်ပါလာနေရင်း အဘွားတစ်ယောက် လေဖြတ်သွားသဖြင့် ကားပေါ်မှာ ရုတ်ရုတ်သဲသဲဖြစ်သွားခဲ့သည်။ အဘွား ဒေါ်ကောင်းလှ၏ ခန္ဓာကိုယ်တစ်ခြမ်းမှာ ခြေ၊ လက်တွေလှုပ်လို့လည်း မရ။ ပါးစပ်လည်းရွဲ့သွားပြီး စကားပြောလို့လည်းမရတော့ပေ။ ကားစပယ်ယာက ဝတ်ရည်ကိုမေးသည်။

"ညီမလေး၊ အစ်ကိုတို့ ဘယ်လိုလုပ်ပေးစေချင်လဲ ပြောပါ"

"ကျွန်မတို့မြေးအဘွား ဒီလိုပုံစံနဲ့ သာမညကို ဆက်လိုက်ပါဖို့ဆိုတာက မဖြစ်နိုင်တော့ဘူး။ရှေ့မှာရောက်တော့မယ့်ကားလမ်းဘေး ရွာတစ်ရွာမှာသာ ဆင်းနေခဲ့လိုက်တော့မယ်။ အစ်ကိုတို့က နည်းနည်းကူညီကြပါ"

ဟု ဝတ်ရည်က ပြောသည်။

"အသိမိတ်ဆွေမရှိဘဲနဲ့ တစိမ်းရပ်ရွာမှာအဆင်ပြေပါ့မလားညီမလေး"

"အို-ဒါတွေတွေးနေလို့မရတော့ဘူး။ ဒုက္ခရောက်လာတဲ့သူကို မြန်မာလူမျိုးတွေ ရိုးပင်းကူညီတတ်ကြပါတယ်။ ဒီနေရာမျိုးမှာမရိုးစိုင်းပါဘူး"

မကြာမီ ရွာတစ်ရွာအနီးမှ ကားဖြတ်သွားစဉ်ရပ်လိုက်ပြီးနောက် အဘွားဒေါ်ကောင်းလှကို ကားစပယ်ယာက မီးရောင်လက်နေသော အိမ်တစ်အိမ်ဆီသို့ အရောက်ပို့ပေးခဲ့သည်။ သုံးရက်လခုံးမျက်စ လရောင်ရေးရေးအောက်တွင် ပိတ်ထားသောအိမ်တံခါးကို ဖွင့်ပေးရန် ဝတ်ရည်က အသံပြုလိုက်သည်။

"အိမ်ရှင်တို့၊ အိမ်ရှင်တို့ တံခါးလေး ခဏလောက်ဖွင့်ပေးကြပါဦး"

"ဘယ်သူတွေလဲ၊ ဘာကိစ္စရှိလို့လဲ"

အိမ်ထဲမှလည်း မိန်းကလေးသံနှင့် တုံ့ပြန်သံကြောင့် ဝတ်ရည် အားတက်သွားပြီးနောက် -

"ဘုရားဖူးခရီးသွားညီ့သည်တွေပါရှင့်။ သွားရင်းလာရင်း ဒုက္ခရောက်လာလို့ပါ"

ထို့နောက် အိမ်တံခါးပွင့်လာပြီး အကျိုးအကြောင်းပြောပြရာ နှစ်ထပ်အိမ်ကြီး၏အောက်ထပ်မှာ အသင့်ရှိထားသော နှစ်ယောက်အိပ်ခုတင်မှာ အိပ်ခွင့်ရသဖြင့် ဒေါ်ကောင်းလှတို့မြေးအဘွားအဆင်ပြေသွားသည်။

အိမ်ရှင်မိန်းကလေးမှာ ဝတ်ရည်ထက် အသက် (၂) နှစ်ခန့်မျှ ကြီးလိမ့်မည်ဟုထင်ရ၏။ သူမသည် ညှေ့သည်များ အနေမခက်အောင် ပြုံးရွှင်စွာ စကားပြောလေ့ရှိသည်။

"ဒုက္ခရောက်လာသူကို ကူညီရတာ အလွန်ကုသိုလ်ရတဲ့ကိစ္စပဲ။ တစ်ညမဟုတ်ဘူး၊ နေကောင်းသည်ထိ ကြိုက်သလောက်နေကြပါ။ စားရေးသောက်ရေးပါ အကုန်လုံး မမ တာဝန်ယူပါတယ်"

ဟု နေခြည်ဆိုသူ အိမ်ရှင်မိန်းကလေးက ဝတ်ရည်ကို ပြောလိုက်သည်။ ခန့်မှန်းအချိန်ကာလ ည (၉) နာရီခန့်လောက်ရှိပြီ၊ လေလုံနေသော အိမ်ခန်းထဲတွင် ခပ်နွေးနွေးရှိသဖြင့် များစွာအအေးသက်သာ၏။ အရေးအကြောင်းရှိက အော်ခေါ် ရန် မှာကြားခဲ့ပြီးနောက် အိမ်ရှင်မိန်းကလေးသည် အိမ်အပေါ်ထပ်သို့ တက်ရောက်သွားရာ အောက်ထပ်တွင် ညှေ့သည်မြေးအဘွားနှစ်ယောက်သာ ကျန်ရစ်ခဲ့သည်။

ဝတ်ရည်တို့အိပ်စက်သော ခုတင်နှင့် မနီးမဝေးရှိစားပွဲပေါ်တွင် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းပေးထားခဲ့ရာ ဖယောင်းတိုင်အလင်းရောင် မကုန်ဆုံးသေးမီ မြေးအဘွားနှစ်ယောက်စလုံး နှစ်ခြိုက်စွာ အိပ်ပျော်သွားခဲ့လေသည်။

နံနက်မိုးစင်စင်လင်းမှ ဝတ်ရည် အိပ်ရာမှ နိုးလာခဲ့သည်။ နိုးသည်နှင့် အဘွားဖြစ်သူကို ကြည့်လိုက်တော့ အိပ်ရာခုတင်ထက်တွင်ထိုင်နေရင်းမှ သူ့မြေး ဝတ်ရည်ကို အပြုံးနှင့်ကြိုဆိုနေလေသည်။

အဘွားဒေါ်ကောင်းလှက -

"အဘွားကို ညတုန်းက သာမညဆရာတော်ဘုရားကြီး ကြွလာပြီး ဆေးတစ်ခွက်ပေးသွားတယ်ကွယ့်။ အဲဒါကြောင့် အဘွားလေဖြတ်ခံရထားတာ အတော်သက်သာသွားပြီ။ အဲဒါ နောက်တစ်ကြိမ် ဆေးထပ်သောက်လိုက်ရမှ ရောဂါပျောက်မယ်ဆိုလို့ ဆရာတော်ကြီးကို အဘွားစောင့်မျှော်နေတာ"

အဘွား၏ ထူးဆန်းသောစကားနှင့် ထူးခြားစွာရောဂါသက်သာနေမှုကို ဝတ်ရည် ဘယ်လိုနားလည်ရမှန်းမသိတော့ပေ။ မယုံရအခက်ယုံရအခက်နှင့်၊ ညဦးတုန်းက ကားစပယ်ယာ ပွေ့ချီလာခဲ့ရသော အဘွားသည် ခုတင်ပေါ်မှ သူ့ဘာသာဆင်းလာပြီး အနီးရှိ ကုလားထိုင်တစ်လုံးပေါ် ပြောင်းရွှေ့ထိုင်လိုက်သည်ကို တအံ့တဩနှင့်ငေးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သမီးတို့ အိပ်ပျော်နေချိန်မှာဆို ဇယောင်းတိုင်မီးကလည်း ငြိမ်းသွားလောက်ပြီ။ ရှိတဲ့အိမ်တံခါးတွေကလည်း လုံနေအောင် ပိတ်ထားတာပဲ။ သာမည ဆရာတော်ကြီးက ဘယ်လိုလုပ်ဝင်လာတာလဲ။ အဘွားကကော မှောင်ထဲမှာ ဘယ်လိုမြင်ရတာလဲ။ သမီးစိတ်ထဲမှာ နားမလည်တော့ဘူး အဘွား။ ပြီးတော့ သာမညကို ရောက်ဖို့ဆိုတာ အတော်ဝေးသေးတယ်"

"အေး - သမီးပြောတာကလည်း မှန်ပါတယ်။ အဘွားကောင်းကောင်း တွေ့မြင်လိုက်ရတာကတော့ တံခါးပိတ်ထားလျက်ကို ဆရာတော်ကြီးက ထွင်းဖောက်ပြီးဝင်လာတာပဲ။ ပြီးတော့ ဆရာတော်ဘုရားကြီးကြွလာချိန်က ညဖြစ်ပေမယ့် မီးမထွန်းရဘဲ နေ့ခင်းလိုလင်းနေတယ်။ 'ဒကာမကြီး လေဖြတ်ခံရတာ သက်သာအောင် ဒီဆေးသောက်လိုက်ရင်ကောင်းသွားမယ်' လို့ မိန့်တယ်"

ထိုအချိန်မှာပင် အိမ်ရှင်နေခြည်သည် နေမကောင်းသူ ဒေါ်ကောင်းလှအတွက် ဆန်ပြုတ်နှင့် ဝတ်ရည်အတွက် ပဲပြုတ်နှင့် ထမင်းကြော်၊ ရေနွေးကမ်းတို့ကို သယ်ဆောင်ပြီးအိမ်ခန်းထဲဝင်ရောက်လာ၏။ ယခုလိုအချိန်တွင် စားသောက်ဖွယ်ရာများ အဆင်သင့်ဖြစ်အောင် ဘယ်အချိန်ကတည်းက အိပ်ရာမှထ၍ ချက်ပြုတ်ခဲ့သလဲ ဝတ်ရည် မခန့်မှန်းတတ်တော့ပေ။ စိတ်ထဲမှာလည်း အလွန်အားနာနေမိသည်။

ထို့ကြောင့် -

"အားနာစရာကောင်းလိုက်တာ။ မတွေ့မမြင်ဘူးတဲ့မမကို လာဒုက္ခပေးနေမိပြီ"

"အို - ဒီလိုမတွေးပါနဲ့ ညီမလေး။ အခက်အခဲကြုံနေတဲ့သူကို ကူညီရတာ မမရဲ့ဝါသနာပါ။ ကုသိုလ်လည်းရတယ်လို့ ယုံကြည်တာအမှန်ပါ။ ဒါနဲ့ အဘွားက ကားပေါ်မှာ ဘယ်လိုဖြစ်ခဲ့တာလဲ၊ စပ်စုတယ်မထင်နဲ့နော်"

ယခုမှ မြင်မြင်ထင်ထင်မှာကြည့်လိုက်ရာ နေခြည်သည် အသားဖြူဖြူ၊ အရပ်မြင့်မြင့်ရှိ၍ မျက်နှာက ပြုံးလိုက်လျှင် ပါးချိုင့်ရှိသဖြင့် ချစ်ရှင်မင်းသမီး ချိုပြုံးငယ်စဉ်ကပုံနှင့်အလွန်တူနေလေသည်။

"ကိုယ်တစ်ခြမ်းလေဖြတ်သွားတာ ခံလိုက်ရတာပေါ့ သမီးရယ်။ ခြေ လက်တွေတောင် ညတုန်းကလှုပ်လို့မရတော့အောင်ဖြစ်သွားခဲ့တယ်။ ကားထဲမှာ အဲကွန်းအအေးဓာတ်ကြောင့်လည်းဖြစ်သွားတာပါလိမ့်မယ်။ သမီးတို့အိမ်ထဲရောက်မှ အချမ်းသက်သာသွားတယ်"

(ဤနေရာတွင် သာမညဆရာတော်ဘုရားကြီး ဆေးလာရောက်တိုက်သွားပုံကို ပြောမပြဘဲ လျှို့ဝှက်ထိမ်ချန်ထားခဲ့လိုက်သည်။)

ထိုအခါ နေခြည်က ဒေါ်ကောင်းလှကို-

"ဩော်- ဒါဆိုရင် သမီးတို့အိမ်မှာ လေဖြတ်ခံရရင် သောက်တဲ့ဆေးရှိနေသေးတယ်။ အခုဘုန်းကြီးဝတ်နေတဲ့ သမီးတို့အဘိုး လေဖြတ်တုန်းက ဆေးဆရာပေးထားတာ။ အဲဒါကို အဘွား သောက်ကြည့်လိုက်နော်"

နေခြည်သည် အိမ်အပေါ်ထပ်သို့ တက်သွားပြီး ဆေးပုလင်းတစ်လုံးယူလာ၍ ဆေးတစ်မျိုးကို စတီးဇွန်းတစ်ချောင်းမှာထည့်ကာ ဒေါ်ကောင်းလှအားတိုက်၏။ ညတုန်းက သာမညဆရာတော်ဘုရားကြီးက ဆေးကို ကြွေဇွန်းတွင်ထည့်၍ တိုက်ကျွေးခြင်းသာ ကွာခြားသည်။ ဆေးနှစ်မျိုးစလုံးမှာ ကိုးပါးဆေးအနံ့နှင့် ဆင်ဆင်တူပြီး မွှေး၍စူးရှသော အရသာပါတစ်ထပ်တည်းတူညီနေသည်ကို တွေ့ရသည်။

ထို့ကြောင့် ဒေါ်ကောင်းလှအား ဒုတိယအကြိမ် ဆေးတိုက်ကျွေးသောတာဝန်ကို နေခြည်အား လွှဲပြောင်းပေးလိုက်သည့်သဘော သက်ဝင်နေလေသည်။ ဤအတိုင်း မှန်ကန်ခဲ့ပါက ဒေါ်ကောင်းလှ၏ကျန်းမာရေး သိသာစွာ တိုးတက်ရပေလိမ့်မည်။ တွေးထင်ထားသည့်အတိုင်းပင် နောက်ထပ်နာရီဝက်ခန့်အချိန်အတောအတွင်း အိမ်သာရှိရာနေရာကို မေးမြန်းပြီး တစ်ဦးတည်း သွားနိုင်သည်အထိ အခြေအနေပြောင်းလဲလာခဲ့လေသည်။

ကျန်းမာရေးကောင်းမွန်သွားပြီဖြစ်၍ ရှေ့ခရီးအတွက် ဆွေ့သည်များပြင်ဆင်ကြရာ နေခြည် ကျေနပ်အောင် သက်သတ်လွတ် စီစဉ်ချက်ပြုတ်ထားသော နံနက်စာကို စားခဲ့လိုက်ကြရသေးသည်။

"သာမညသွားမယ့်ကားတွေပေါ်ပါတယ်အဘွားရယ်။ အားလုံး ဒီလမ်းပေါ်ကပဲ ဖြတ်မောင်းသွားကြရတာပါ။ စိတ်ချနေပါ။ ဒီနေ့တော့ သာမညကို အဘွားတို့ရောက်ကိုရောက်မှာ သေချာပါတယ်"

အဘွားဒေါ်ကောင်းလှက -

"သမီးနေခြည်ကို ကျေးဇူးတင်လိုက်တာ။ ဘယ်လိုပြောရမှန်းမသိအောင်ပါပဲ သမီးရယ်"

"ရပါတယ်အဘွားရယ်၊ သမီးက အခက်အခဲတွေ့နေသူ၊ ဒုက္ခရောက်နေသူတွေကို ကူညီရတာကို ဝါသနာပါတယ်။ သမီးကလည်း လူတစ်မျိုးအဘွားရဲ့၊ ရေများတဲ့နေရာ မိုးရွာနေတာမျိုးဆိုရင် သမီးစိတ်နဲ့မတွေ့တော့ဘူး။ ရေရှားတဲ့နေရာမှာရွာတဲ့မိုးမှသာ တန်ဖိုးရှိမှာပေါ့"

ဝန်စည်စလယ်အထုပ်အပိုးများကို ဆွဲယူပြီး အိမ်ဝင်းထဲမှ ထွက်လာခဲ့ကြရာ နေခြည်ကလည်း အတူလိုက်ပါလာ၏။

"သမီးရဲ့မိဘတွေကို မတွေ့ပါလား။ ဘယ်သွားနေကြလည်းကွယ့်"

"မိဘနှစ်ပါးစလုံး ရှမ်းပြည် (ယိုးဒယား) မှာ အလုပ်သွားလုပ်နေကြပါတယ်။ အိမ်မှာ သမီးတို့မောင်နှမနှစ်ယောက်ပဲကျန်တယ်။ သမီးက ဒီနှစ်ဆယ်တန်းစာမေးပွဲဖြေမှာဖြစ်ပြီး မောင်လေးကတော့ ခြောက်တန်းဖြေပြီးသွားပြီ။ သမီးတို့အိမ်နဲ့ကပ်နေတဲ့အိမ်တွေက ဦးလေး၊ အဒေါ်တွေရဲ့အိမ်တွေချည်းပဲလေ။ သမီးတို့အတွက် အသုံးစရိတ်ငွေတွေကို မိဘတွေကပို့ပေးပါတယ်။ အတူနေတဲ့အဘိုးက ဘုန်းကြီးဝတ်နေတယ်"

သာမညဘက်သို့ ဘုရားဖူးကားကြုံစောင့်ရင်း လမ်းနံဘေးရှိ ကြီးမားလှသော ကုက္ကိုပင်ရိပ်မှာ ထိုင်၍စကားကောင်းနေကြခြင်း ဖြစ်လေသည်။

မကြာမီ သူတို့သုံးယောက်ရှိရာနေရာသို့ ရန်ကုန်မှထွက်ခွာလာသော သာမညသွားမည့် ဘုရားဖူးကားကြီးတစ်စီးမှ တင်ခေါ်သွားလေသည်။

လေဖြတ်ခြင်း ဟူသော ရောဂါသည် လူတို့ကိုတစ်ကြိမ်ဒုက္ခပေးပြီးလျှင် ထိုလူ မသေမချင်း ဒုတိယအကြိမ်၊ တတိယအကြိမ် ထပ်မံနှောင့်ယှက်တတ်သော်လည်း အဘွားဒေါ်ကောင်းလှကို ထပ်မံဒုက္ခပေးခြင်းမရှိဘဲ အခြားအကြောင်းဖြင့် လွန်ခဲ့သော (၅) နှစ်ခန့်က ကွယ်လွန်သွားခဲ့ပါသည်။

မှော်ဟဝေ ရတ္တတိ မေ့စာရီ

အောင်ဆန်းထင်း (ဘီ-အေ)

စာကြွင်း -

ကာယကံရှင်များ၏ နာမည်များကို လွှဲပြောင်းရေးသားထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(ဖောင်)
ထုံးတောင်-အရှင်ဓမ္မပိယ

# သံယောဇဉ်နှင့်လူ



□ လူတို့သဘော၊ မနောစင်ဖြူ၊ ကောင်းသောသူနှင့်၊ ပေါင်းဖက်သင့်က၊ ကောင်းကျင့်ကောင်းမူ၊ မကောင်းသူနှင့်၊ အတူပေါင်းမူ၊ မကောင်းသူလို၊ လိုက်ပြုတတ်စွ၊ ဤလောက၌၊ တံငါအိမ်လား၊ တံငါလား။

မန်လည်ဆရာတော်

လူသည် သံယောဇဉ်အနှောင်အဖွဲ့၌ ပျော်မွေ့၏။ သံယောဇဉ်ကပေးသောဒုက္ခကို ကြည်ဖြူကျေနပ်စွာ ခံယူလေ့ရှိကြသည်။

သံယောဇဉ် ဟူသော စကားကိုလည်း မြန်မာတို့က မိခင်ဘာသာစကားသဖွယ် ရင်းနှီးနေပြီး ဖြစ်သည်။

□ သံယောဇဉ်အနှောင်အဖွဲ့ခံရကုန်သောသူတို့သည် အဖန်တလဲလဲ ကြာမြင့်စွာ ဆင်းရဲသို့ရောက်ကြကုန်၏။

ဟူသော ဓမ္မပဒဒေသနာတော်နှင့်လည်း များစွာကျွမ်းဝင်ပြီးဖြစ်ကြလေသည်။

သို့အတွက် လွန်စွာသံယောဇဉ်ကြီးမား၍ စိုးရိမ်ပူပန်များသူကို ရင်းနှီးခင်မင်သူတို့က စေတနာမေတ္တာဖြင့် 'ဥပေက္ခာထားဖို့' သတိပေးတတ်ကြ၏။

သို့သော် ထိုစကားမှာ အပြောလွယ်သလောက် လိုက်နာဖို့ခက်၏။ သံယောဇဉ်ကြီးတတ်သူတို့သာနားလည်နိုင်သောအဖြစ်ကြောင့် ပြန်ပြောရန်မလွယ်လှပေ။

စာရေးသူ၏ မိခင်ကြီးကား ကျောင်းဆရာမတစ်ဦးပီပီ လွန်စွာသံယောဇဉ်ကြီးတတ်သူဖြစ်၏။ သားသမီး၊ ဆွေမျိုးသားချင်းများအပေါ်မှာ သံယောဇဉ်ကြီး၏။ တပည့်များအပေါ်မှာ သံယောဇဉ်ကြီး၏။ ဇာတိရပ်ရွာအပေါ်မှာ သံယောဇဉ်ကြီး၏။ ယုတ်စွအဆုံး အိမ်မှာမွေးမြူထားသောတိရစ္ဆာန်များအပေါ်မှာလည်း သံယောဇဉ်ကြီး၏။ သို့ဖြစ်ရာ ဆွေမျိုးသားချင်း၊ တပည့်တပန်းတစ်ယောက်ယောက် သာရေး၊ နာရေးကိစ္စတစ်ခုခုဖြစ်လာပါကလည်း သံယောဇဉ်ကြီးစွာနှင့် စိုးရိမ်ပူပန်နေတတ်သည်။

ထိုသို့ လွန်စွာ သံယောဇဉ်ကြီး၍ စိုးရိမ်ပူပန်မှုကြီးရကား ချစ်ခင်ရင်းနှီးသူတို့က 'သိပ်လည်းပူမနေပါနဲ့၊ ဥပေက္ခာလည်းထားဦးမှပေါ့' ဟု အပြစ်တင်သလိုနှင့် ဝိုင်းဝန်းဆိုတတ်ကြသည်။

သို့သော် သံယောဇဉ်ကြီးမားသူတို့၏သဘောကား သူတစ်ပါး၏ကောင်းကျိုးကို အာရုံပြု၏။ သူတစ်ပါးအကျိုးအတွက် ကိုယ်ကျိုးပျက်ခံပြီး ပြုစုဆောင်ရွက်ပေးလေ့ရှိသည်။

တစ်ကိုယ်ကောင်းသမား အတ္တဝါဒီများကား သူတစ်ပါးအကျိုးကို အလေးမထား၊ မိမိကိုယ်ကျိုးအတွက်သာကြည့်၏။ မိမိအကျိုးရှိမည်ဆိုလျှင် တစ်ပါးသူဘယ်လိုပင်ဖြစ်ပါစေ စတေးဖို့ ဝန်မလေးသူများဖြစ်နေတတ်သည်။ သူတစ်ပါးအပေါ်တွင် သံယောဇဉ်မရှိသည်နှင့်အမျှ မိမိကိုယ်ကို အင်မတန်ခင်တွယ်၍ သံယောဇဉ်ကြီးလေ့ရှိ၏။

သံယောဇဉ်ကြီးတတ်ကြသူတို့ကို ဥပေက္ခာထားဖို့ပြောတတ်ကြသော်လည်း ဥပေက္ခာ၏သဘောအစစ်အမှန်ကိုကား နားလည်ဖို့ မလွယ်ကူလှပေ။ ဥပေက္ခာတရားသည် အလွန်သိမ်မွေ့၏။တကယ့်ဥပေက္ခာသဘောမှာ တရားစစ်တရားမှန်ဖြစ်သော်လည်း တစ်ကိုယ်ကောင်းဥပေက္ခာကား ဆိုးရွားယုတ်ညံ့လှ၏။

တချို့က တစ်ကိုယ်ကောင်းဥပေက္ခာကိုပင် အဟုတ်ထင်၍ ကျင့်သုံးနေတတ်ကြသည်။

ကိုယ်သက်သာသလိုနေချင်၍ မျက်နှာလွှဲနေတာမျိုး၊ သူတစ်ပါးကို မကျေနပ်၍ ရှောင်နေတာမျိုးကား ဥပေက္ခာစစ်စစ် မဟုတ်ပေ။ တစ်ပါးသူတို့၏ အခက်အခဲဒုက္ခများကို မကူညီ၊ မစောင့်ရှောက်ချင်၍ မျက်နှာလွှဲနေလိုက်သည် ဆိုသောစကားမျိုး၌ ပါရှိသည့် ဥပေက္ခာမျိုးသာ လူတို့၏ပါးစပ်ဖျား၌အသုံးများလျက်ရှိရာ ထိုဥပေက္ခာကိုပင် အစစ်ထင်နေကြရှာသည်။

တကယ့် ဥပေက္ခာတရားမှာ မြင့်မြတ်သော ဗြဟ္မစိုရ်တရားဖြစ်၍ တစ်ကိုယ်ကောင်းဝါဒကား ယုတ်ညံ့သောအတ္တဒိဋ္ဌိတစ်မျိုးဖြစ်၏။ သံယောဇဉ်ကြောင့်ဖြစ်ပေါ်လာသော စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်းကို အမှန်တကယ်သက်သာရာရစေနိုင်သော တကယ့်ဥပေက္ခာတရား၏ သဘောအမှန်ကို သေချာစွာ ခံယူတတ်ဖို့ ကြိုးစားသင့်သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော ပင်ရင်းတရားနှင့် ကံ၊ ကံ၏အကျိုးကို သက်ဝင်ယုံကြည်မှုတို့မှပွားများလာရသော ကမ္မဿကတာ ဥပေက္ခာတရားမျိုးကား သာမန်ပုထုဇဉ်တို့အဖို့ ကျင့်သုံးရန် ခဲယဉ်းလှ၏။

စာရေးသူတို့၏မိတ်ဆွေ စာချဆရာတော်တစ်ပါးကမူ -

"ငါတော့ကွာ ပုထုဇဉ်ဖြစ်ရက်နဲ့ အရိယာလေသံထွက်နေတဲ့ပုဂ္ဂိုလ်တွေကို ချီးကျူးရခက်၊ သနားရခက်ပဲကွ။



www.burmeseclassic.com

www.burmeseclassic.com

ငါ့အနေနဲ့ကတော့ အရိယာနွယ်ပုဂ္ဂိုလ်တွေမှသာကျင့်သုံးနိုင်တဲ့ဥပေက္ခာအစစ်အမှန်ကို မကျင့်သုံးနိုင်ပေမယ့် တစ်ကိုယ်ကောင်းဥပေက္ခာကိုတော့ မကျင့်သုံးပါဘူး။ ပုထုဇဉ်ပီပီ သံယောဇဉ်ထားပြီး သံယောဇဉ်ကပေးတဲ့ဒုက္ခသုက္ခတွေကို ခံစားဦးမယ်ဟေ့"

"ဒါဖြင့် အရှင်ဘုရားက ပုထုဇဉ်အဖြစ်ကနေ အရိယာဖြစ်အောင် မကြိုးစားတော့ဘူးလား"

"အရှင်ဘုရားတို့ပဲကြိုးစားကြပါ။ တပည့်တော်ကတော့ ပုထုဇဉ်အဖြစ်ကို ကောင်းကောင်းကြီးခံယူဦးမယ်။ ပုထုဇဉ်ပီပီ မိုက်မဲတွေဝေမယ်။ ပုထုဇဉ်ပီပီ တစ်ခါတလေ လိမ္မာကြည့်မယ်။ ပုထုဇဉ်ပီပီ သံယောဇဉ်ကပေးလာမယ့် ဒုက္ခတွေကို လိမ့်ပိမ့်ခံစားပြီး သံယောဇဉ်မှာ မွေ့လျော်ချင်ပါသေးတယ် ဘုရား။

တပည့်တော် ဒီလိုပြောလိုက်လို့ လူထွက်ပြီး အိမ်ထောင်သားမွေးပြုချင်တယ်လို့ အရှင်ဘုရားမထင်လိုက်ပါနဲ့။ ဒီသံယောဇဉ်ကြိုးတွေကို အခြေပြုပြီး ပါရမီတွေဖြည့်ဆည်းဖို့ပါ။ ပါရမီဖြည့်မှ အရိယာဖြစ်နိုင်တယ် မဟုတ်လား။ တပည့်တော်ခံယူထားတာက သံယောဇဉ်ကြောင့် လူ့လောကကြီးပွားတိုးတက်မှုတွေဖြစ်ရတယ်။ သံယောဇဉ်ဟာ ပုထုဇဉ်တွေရဲ့ အင်အားတစ်ခုဖြစ်တယ်။ သံယောဇဉ်ရဲ့ကျေးဇူးကို လူအများခံစားကြရတယ်။ သံယောဇဉ်သာမရှိရင် လောကကြီးဟာ ဆုတ်ယုတ်ပျက်စီးသွားမှာပေါ့။

အရှင်ဘုရားဖတ်ဖူးမှာပါ။ ရဟန္တာ၊ အနာဂါမ်မထေရ်မြတ်ကြီးတွေကို လှူဒါန်းဖို့သွားကြတဲ့ ဒါယကာ၊ ဒါယိကာမတွေကို မထေရ်ကြီးတွေက သာသနာမှာ အကျိုးအများဆုံးအလှူကိုလှူဖို့ဆိုရင် ကျောင်းအောက်မှာ ဆော့ကစားနေကြတဲ့ ပုထုဇဉ်သာမဏေလေးတွေကိုသာ လှူကြဖို့ ညွှန်ပြခဲ့ပါတယ်။

ဒါဟာ သာသနာတော်ကို စောင့်ရှောက်ရာမှာသာမက ကျန်တဲ့တာဝန်ဝတ္တရားတွေမှာပါ သံယောဇဉ်မရှိဘဲ ဆောင်ရွက်နေရင် မအောင်မြင် မတိုးတက်နိုင်ဘူးဆိုတာပြတာပဲ။ ကိုယ်လုပ်နေတဲ့အလုပ်နဲ့ ပုဂ္ဂိုလ်မှာ သံယောဇဉ်ကြီးဖို့အထူးလိုအပ်ပါတယ်။ လောကမှာ ကြီးပွားတိုးတက်ဖို့ဆိုတာ သံယောဇဉ်နဲ့ အလုပ်လုပ်ကြရမှာပါ။ ပုဂ္ဂိုလ်မှာ သံယောဇဉ်ကြီးရင် အဲဒီပုဂ္ဂိုလ်ရဲ့ အပြုအစု အစောင့်အရှောက်ကို ပြည့်ပြည့်ဝဝရနိုင်ပါတယ်။ ပုထုဇဉ်မှန်သမျှ အားပေးအားမြှောက် အပြုအစု၊ အယုအယခံချင်ကြတာ ဓမ္မတာမဟုတ်လား။

သတ္တဝါမှန်သမျှ ဒုက္ခနဲ့ကြုံတွေ့ရမှာ သဘာဝပါ အရှင်ဘုရား။ ပုထုဇဉ်က ဒုက္ခမှာမွေ့လျော်တယ်။ ငရုပ်နှံ့ကို ရွှေပန်းထင်တယ်။ တကယ်တော့ ငရုပ်နှံ့ပင်ဖြစ်ပါစေ ရွှေပန်းအမှတ်နဲ့ သာယာမွေ့လျော်နေရင် ကျေနပ်ကြတာပါပဲ။ ကျေနပ်မှုက ပဓာနပဲမဟုတ်လား။

တပည့်တော်ကတော့ ပုထုဇဉ်အဖြစ်ကို ရိုးသားစွာလက်ခံပြီး သံယောဇဉ်ကို အားကိုးမယ်။ သံယောဇဉ်ကြီးလို့ ဒုက္ခများချင်များပါလိမ့်မယ်။ အကျိုးထူးလည်းရှိပါတယ်။ ရွှေပန်းမဟုတ်တဲ့ ရွှေရည်စိမ်ပန်းထက်တော့ ငရုပ်နှံ့ကပေးတဲ့ ဒုက္ခက ပိုပြီးနက်နက်နဲနဲအဓိပ္ပာယ်ရှိပါလိမ့်မယ်။

ရိုးသားစွာ မိုက်မဲတွေဝေခြင်းဟာ ဟန်ဆောင်ခြင်းထက် ပိုမိုကောင်းမွန်တယ်လို့ ယူဆပါတယ်။ တစ်ကိုယ်ကောင်းဥပေက္ခာကို မဟုတ်လုပ်ပြီး သံယောဇဉ်ခွာတဲ့အလုပ်ကို တပည့်တော်မလုပ်ချင်ပါဘူး အရှင်ဘုရားရယ်"

"အရှင်ဘုရား ပြောတာကို တစ်စိတ်တစ်ဒေသတော့ တပည့်တော် လက်ခံပါတယ်။ အရှင်ဘုရားရဲ့ တပည့် စာသင်သားတွေအပေါ်မှာ သံယောဇဉ်ကြီးကြီးနဲ့ ဂရုစိုက်ပြုစု စောင့်ရှောက် ပေးကမ်းချီးမြှောက်နေတာတွေဟာ မျက်မြင်ကိုယ်တွေ့တွေ့ရှိရတာပါ။ တပည့်တော် ယုံကြည်ပါတယ်။ ကိုယ်လုပ်နေတဲ့အလုပ်အပေါ်မှာ သံယောဇဉ်ကြီးကြီးထားမှ ပိုပြီးထက်သန်လာပြီး အောင်မြင်တိုးတက်ခြင်းကို ရောက်ကြရတာပါ။ စာပေပညာရှင်တွေရဲ့ စာပေအပေါ်မှာထားတဲ့ သံယောဇဉ်ကြောင့် စာပေတိုးတက်ရပါတယ်။ အနုပညာရှင်တွေရဲ့ အနုပညာသံယောဇဉ်ကြောင့် အနုပညာလုပ်ငန်းတွေ ခမ်းနားကြီးကျယ်လာပါတယ်။ သိပ္ပံပညာရှင်တွေရဲ့ သံယောဇဉ်ကြီးမားမှုကြောင့် သိပ္ပံပညာရပ်တွေ တိုးတက်ပြီး လူ့လောကကြီးပွားဖွံ့ဖြိုးတိုးတက်လာရပါတယ်။ ဒါဟာ သံယောဇဉ်ကြောင့် လောကကြီးပွားတိုးတက်ခြင်းလို့ မြင်မိပါတယ်။

ဒါပေမယ့် တပည့်တော်တို့ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေမှာ သံသရာဝဋ်ဆင်းရဲ၊ ဒုက္ခဆင်းရဲကနေ လွတ်မြောက်အောင် သံယောဇဉ်ကြိုးတွေကိုဖြတ်ဖို့ အရေးတကြီးတာဝန်ရှိတယ် မဟုတ်ပါလား အရှင်ဘုရား"

"မှန်ပါတယ်၊ ရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်က ကိလေသာတွေကင်းပြီး ရဟန္တာဖြစ်ရေးပါ။ ရဟန္တာဖြစ်ဖို့အတွက် ပါရမီတွေဖြည့်ရပါတယ်။ ရဟန္တာဖြစ်မှ သံသရာစက်ကနေ ရုန်းမထွက်နိုင်အောင် တုပ်နှောင်ထားတဲ့ သံယောဇဉ်ကြိုးတွေကို ဖြတ်နိုင်တော့မှာပေါ့။

တကယ်တော့ သံယောဇဉ်ဆိုတာ **သံယောဇေန္တိ ဗန္ဓန္တိ** - နှောင်ဖွဲ့တတ်ကုန်၏။ **ဣတိ** - ထို့ကြောင့်၊ **သံယောဇနာနိ** - သံယောဇဉ်မည်၏ လို့ဆိုထားတဲ့အတိုင်း ကြိုးနဲ့တုပ်နှောင်ထားသလို သတ္တဝါကို သံသရာဝဋ်မှမလွတ်ရအောင်ချည်နှောင်တတ်လို့ သံယောဇဉ်လို့ ခေါ်တာပါ။ ပုထုဇဉ်တို့သန္တာန်မှာ သံယောဇဉ်ကြိုးဆယ်ချောင်းရှိတာ အရှင်ဘုရား သိပြီးသားပါ။

၁။ **ကာမရာဂသံယောဇဉ်** - ဝတ္ထုအာရုံကာမဂုဏ်တွေကို နှစ်သက်တပ်မက်တဲ့တဏှာ
၂။ **ရူပရာဂသံယောဇဉ်** - ရူပဖြဟ္မာ့ဘဝကိုနှစ်သက်တဲ့တဏှာ
၃။ **အရူပရာဂသံယောဇဉ်** - အရူပဖြဟ္မာ့ဘဝကိုနှစ်သက်တဲ့တဏှာ
၄။ **ပဋိဃသံယောဇဉ်** - ဒေါသ
၅။ **မာနသံယောဇဉ်** - မာန
၆။ **ဒိဋ္ဌိသံယောဇဉ်** - ဒိဋ္ဌိ (အယူအစွဲအမျိုးမျိုး သီလဗ္ဗတပရာမာသ ဒိဋ္ဌိမပါ)
၇။ **သီလဗ္ဗတပရာမာသသံယောဇဉ်** - နွားအကျင့်ခွေးအကျင့်နဲ့ကျွတ်အောင်များဟုယူဆ၍ ယွင်းယွင်းသုံးသပ်စွဲလမ်းတဲ့အကျင့်။
၈။ **ဝိစိကိစ္ဆာသံယောဇဉ်** - ဝေခွဲဆုံးဖြတ်မရခြင်း
၉။ **ဥဒ္ဓစ္စသံယောဇဉ်** - ပျံ့လွင့်ခြင်း
၁၀။ **အဝိဇ္ဇာသံယောဇဉ်** - မောဟတို့ မဟုတ်ပါလား။

ဒီ သံယောဇဉ်ကြိုး (၁၀) ချောင်းမှာ ကာမရာဂ၊ ပဋိဃ၊ ဒိဋ္ဌိ၊ သီလဗ္ဗတပရာမာသ၊ ဝိစိကိစ္ဆာဆိုတဲ့ ကြိုးငါးချောင်းက ကာမဘုံတွေအတွက် ဆက်သွယ်ထားတဲ့ကြိုးများဖြစ်တယ်။ ကာမရာဂသံယောဇဉ်က ကာမဂုဏ်အာရုံတွေကို လိုလားနှစ်သက်တယ်။ ဒီသံယောဇဉ်ကြိုးမပြတ်သရွေ့တော့ ကာမဘုံတွေမှာပဲ တဝဲလည်လည်နေကြရဦးမယ်။

ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ

www.burmeseclassic.com

ကင်းရင် သောတာပန်ဖြစ်ပါတယ်။ ဒီကြိုးတွေမကင်းသမျှတော့ အပါယ်လေးပါးတိုင်အောင် ဆွဲချနေဦးမှာပဲ။ ဒါကြောင့် ဒီကြိုး (၅) ချောင်းကို အောက်ကာမဘုံတွေအတွက်ဖြစ်လို့ ဩရမ္ဘာဂိယသံယောဇဉ်ကြိုးတွေလို့ခေါ်နိုင်ပါတယ်။

နောက်ပြီးတော့ ကာမရာဂ၊ ပဋိဃတို့ကို သကဒါဂါမိမဂ်နဲ့ အားနည်းအောင်လုပ်၊ အနာဂါမိမဂ်နဲ့ဖြတ်ပြီးတဲ့နောက်မှာလည်း သံသရာကလွတ်ပြီလားဆိုတော့ မလွတ်သေးပါဘူး။ ရူပရာဂက ရူပဘုံနဲ့ဆက်သွယ်၊ မာန၊ ဥဒ္ဓစ္စနဲ့ အဝိဇ္ဇာတို့ကလည်း အဲဒီဖြဟ္မာ့ဘုံတွေနဲ့ ဆက်သွယ်နေတုန်းပါပဲ။ ဒါကြောင့် ဒီကြိုး(၅)ချောင်းကို အထက်ဗြဟ္မာဘုံတွေအတွက်ဖြစ်တဲ့ သံယောဇဉ် (ဥဒ္ဓံဘာဂိယသံယောဇဉ်) လို့ ခေါ်ပါတယ်။ ရဟန္တာဖြစ်မှပဲ ဥဒ္ဓံဘာဂိယကြိုး (၅) ချောင်းကို အကြွင်းမရှိ ဖြတ်တောက်ပြီး သံသရာဝဋ်မှ လွတ်မြောက်ခွင့်ရမှာဖြစ်ပါတယ်။

ဒါကြောင့် သံယောဇဉ် ဆိုတာ ဘယ်လိုဘုံဘဝရောက်ရောက် မိမိနဲ့ဆိုင်ရာဘုံဘဝကို ပြန်ရောက်လာအောင် ကြိုးနဲ့ဆွဲထားသလို ချည်နှောင်ဖွဲ့တတ်တဲ့သဘောပဲ ဖြစ်တယ်။ တကယ်တော့ သံယောဇဉ်ဆိုတာ ကိုယ်ဖြတ်ချင်တိုင်းလည်းဖြတ်လို့ရတာ မဟုတ်ပါဘူး။ လောကုတ္တရာမဂ်ဉာဏ်နဲ့ အဆင့်ဆင့်ဖြတ်ပြီး အရဟတ္တမဂ်ကျမှ အကြွင်းမဲ့ပယ်ဖြတ်နိုင်တာပါ။ အောက်မဂ်တွေမှာက ဖြတ်သင့်တဲ့သံယောဇဉ်ပဲပြတ်မှာပေါ့။ ရဟန္တာမှတစ်ပါး တရားအားထုတ်နေတဲ့ပုဂ္ဂိုလ်တွေမှာတော့ သတိရှိနေတဲ့အချိန်မှာ သံယောဇဉ်ဖြစ်စေတဲ့ တဏှာ၊ ဥပါဒါန်တွေကို ခေတ္တခဏပယ်ထားနိုင်ပေမယ့် သတိလက်လွတ်သွားရင် တဏှာ၊ ဥပါဒါန်တွေက ကိုယ့်အဆင့်နဲ့ကိုယ်ဖြစ်နေကြမှာပဲ။ ကိုယ့်အဆင့်ကိုယ် နားလည်ဖို့လိုပါတယ်"

"မှန်ပါ့၊ တချို့ကလည်း လုပ်ငန်းကိစ္စမှာဖြစ်ဖြစ်၊ ဆွေမျိုးမိတ်ဆွေတွေနဲ့ပဲဖြစ်ဖြစ် မလုပ်ချင်မကိုင်ချင်၊ မမြင်တွေ့ချင်တာတွေကို သံယောဇဉ်ပြတ်တယ်လို့ ပြောနေကြပါတယ်ဘုရား။ တပည့်တော်ရဲ့ ဒါယကာတစ်ယောက်ဆိုရင် အမေ၊ အစ်မတွေနဲ့ စိတ်ဆိုးပြီး မတွေ့တာ နှစ်ပေါင်းများစွာ ကြာသွားပါပြီ။ အဲဒါကို သူကတော့ သံယောဇဉ်ပြတ်တယ်လို့ ယူဆပြောဆိုလေ့ရှိပါတယ်ဘုရား"

"မြန်မာတွေရဲ့စကားအသုံးအနှုန်းမှာ သံယောဇဉ်နဲ့ မေတ္တာကို စာလာပေလာနဲ့ နေရာတကျမသုံးတတ်ကြတာကို တွေ့ရလေ့ရှိပါတယ်။ သံယောဇဉ်စကားကို သန့်ရှင်းစင်ကြယ်တဲ့ မောင်ချစ်နှမချစ်တွေမှာ သုံးစွဲတတ်ကြပြီး မေတ္တာကိုတော့ တဏှာချစ်အနေနဲ့ သုံးနေတာတွေ့ရပါတယ်။ မိဘဆွေမျိုးသားချင်း မခေါ်နိုင်မပြောနိုင်ဖြစ်နေတာဟာ သံယောဇဉ်ပြတ်တာမဟုတ်ဘဲ ပဋိဃ၊ မာန၊ ဒိဋ္ဌိ စတဲ့ သံယောဇဉ်ကြိုးတွေ ဖွဲ့နှောင်ခံနေရတာပါ။ အကြောင်းတိုက်ဆိုင်ရင် ကျန်တဲ့ သံယောဇဉ်ကြိုးတွေလည်း ပြန်ပေါ်လာမှာပါပဲ။

ကာမဂုဏ်ရဲ့အပြစ်တွေကို ထိုက်သလောက်သိမြင်ပြီးတဲ့ သောတာပန်ပုဂ္ဂိုလ်တောင်မှ သံယောဇဉ်ကြိုးတွေ အမျှင်တန်းရက် ကျန်နေသေးတာပဲ။ သာမန်ပုထုဇဉ်မှာ သံယောဇဉ်ပြတ်တယ်ဆိုတာ ဘယ်လိုဖြစ်နိုင်မှာလဲ။

မြတ်စွာဘုရားရှင်လက်ထက်တော်က ဝိသာခါတို့၊ အနာထပိဏ်တို့ဟာ ထိပ်တန်းသူဌေးကြီးတွေပဲ။ ဝိသာခါကျောင်းအမကြီးဆိုရင် အပျိုစင်အရွယ်ကတည်းက သောတာပန်တည်နေတာ။ ဒါပေမယ့် ကျန်တဲ့သံယောဇဉ်ကြိုးတွေကြောင့် အိမ်ထောင်သားမွေးတွေပြုပြီးမှ ဗုဒ္ဓမြတ်စွာသာသနာကို အကြီးအကျယ် ထောက်ပံ့ပြုစုခဲ့ကြတဲ့ သာသနာ့အာဇာနည်တွေပဲ။ ငါအရိယာဖြစ်ပြီ၊ ငါနဲ့မဆိုင်တော့ဘူးလို့ မျက်နှာလွှဲမနေကြပါဘူး။ တစ်ကိုယ်ကောင်းဥပေက္ခာကို မကျင့်သုံးကြပါဘူး။ တတ်နိုင်တဲ့ဘက်ကနေကြောင့်ကြစိုက်ပြီး ပြုစုစောင့်ရှောက်ခဲ့ကြလို့ ဒီကနေ့ သာသနာ့သမိုင်းမှာ ထင်ပေါ်ကျော်ကြားသူတွေဖြစ်နေကြတာပေါ့။

ဒါကြောင့် အများကြားကောင်းအောင်၊ လူအထင်ကြီးခံရအောင် ကြွားဝါတတ်တဲ့ တစ်ကိုယ်ကောင်းဥပေက္ခာသမားတွေရဲ့ သံယောဇဉ်ကင်းကင်းနေခြင်းဟာ လောကကောင်းကျိုးပြုရာမရောက်သလို မိမိကိုယ်ကျိုးအတွက်ပါ တုံးဖြိုနေရာရောက်ပါတယ်။

တကယ်တော့ ကာမဂုဏ်တွေကို အကောင်းထင်နေသမျှတော့ လောကီလူ့ဘောင်ကို ငြီးငွေ့စိတ်ဖြစ်ဖို့ မလွယ်ပါဘူး။ မငြီးငွေ့သမျှတော့ နိဗ္ဗာန်ကို ရချင်၊ လိုချင်စိတ်လည်း ဖြစ်လာဦးမှာ မဟုတ်ပါဘူး။ ကာမချမ်းသာထက် များစွာသာလွန်တဲ့ ဈာန်သမာပတ်ချမ်းသာကိုပဲ အတော်ကြိုးစားအားထုတ်ပြီးလုပ်ယူရတာပါ"

"အရှင်ဘုရားပြောသလိုဆိုရင် ရှုပ်ထွေးလှတဲ့ ကာမဘုံထဲမှာနေပြီး ပါရမီဆယ်ပါးကို ပြည့်အောင်ဖြည့်ဆည်းခွင့်ရနေတာဟာ သံယောဇဉ်ကြိုးတွေရဲ့ကျေးဇူးပဲလို့ ဆိုချင်တာလားဘုရား"

"မှန်ပါတယ်။ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို တကယ်လိုချင်တဲ့စိတ်နဲ့ အားထုတ်မယ်ဆိုရင် မဟာသတိပဋ္ဌာနသုတ်မှာလာတဲ့အတိုင်း မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ အကြည်ဓာတ်၊ အတိုက်ဓာတ်တွေနဲ့ ရုပ်၊ အသံ၊ အနံ့၊ အရသာ၊ အထိအတွေ့၊ သဘောတရားဆိုတဲ့ အခံဓာတ်တွေကိုသိနေအောင် ကြိုးစားအားထုတ်ရမယ်။ အဲဒီလိုသိအောင် အားထုတ်ရင်းနဲ့အတိုက်ဓာတ်၊ အခံဓာတ်၊ အကြည်ရုပ်ဓာတ်တွေထိတိုက်မှုကြောင့် ဝိညာဏဓာတ်နဲ့အတူပူးတွဲပါလာတဲ့ သံယောဇဉ်ဖြစ်ပေါ်မှုကို သိလာမယ်။

ဒီလိုဖြစ်ပေါ်လာတဲ့ သံယောဇဉ်က အရင်ကမဖြစ်ပေါ်သေးတဲ့သံယောဇဉ်ဆိုတာကိုလည်း သိအောင်ကျင့်ရမယ်။

ဖြစ်ပေါ်လာတဲ့ သံယောဇဉ်ကို ပယ်ဖျောက်နိုင်အောင်နဲ့ ပယ်ဖျောက်သွားမှုကိုသိအောင်ကျင့်ရမယ်။

ပယ်ဖျောက်သွားလို့ နောင်အခါ သံယောဇဉ်ဖြစ်ပေါ်လာခြင်းမရှိရင်လည်း အဲဒီအခြေအနေကိုသိအောင်ကျင့်ရမယ်။

အဲဒီလိုကျင့်ကြံပွားများအားထုတ်နေရမယ်ဆိုရင် သံယောဇဉ်ကပေးလာမယ့် ဆင်းရဲတွေ၊ လောကဓံတရားတွေ၊ ကာမဂုဏ်တရားတွေအပေါ်မှာ ငြီးငွေ့စိတ်တွေဖြစ်ပေါ်လာမယ်။ လွတ်မြောက်လိုစိတ်တွေဖြစ်ပေါ်လာမယ်။

အဲဒီကတစ်ဆင့် မိမိတို့ ပါရမီအားလျော်စွာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေဖြစ်ပေါ်လာပြီဆိုရင်တော့ သူ့ဆိုင်ရာမဂ်ဉာဏ်တွေက သူဖြတ်ရမယ့် သံယောဇဉ်ကြိုးတွေကို အမြစ်ပြတ်အောင်ဖြတ်သွားပါလိမ့်မယ်။

ဒါဆိုရင်တော့ သံယောဇဉ်ကြိုးတွေ အစစ်အမှန်ကင်းပြီမို့ သံသရာဝဋ်ဆင်းရဲ၊ ခန္ဓာဝဋ်ဆင်းရဲကနေ လွတ်မြောက်ပြီး အမြတ်ဆုံးပန်းတိုင် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီပေါ့ဘုရား"

"သာဓု၊ သာဓု၊ သာဓုပါ ဘုရား"

ထုံတောင်-အရှင်ဓမ္မပီယ(မြောင်)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာနှစ် ၁၂၈၁ ခုနှစ် (ခရစ်နှစ် ၁၉၂၀)။

ထားဝယ်ဒေသ ရပ်ကွက်ကျေးရွာ အချို့၌ ကာလဝမ်းရောဂါနှင့်ကျောက် ကြီးရောဂါ ကူးစက်ရောဂါဆိုးကြီး ကျရောက်ခဲ့သည်။ နေ့မြင်ညပျောက် ဆိုသလို လူ့အသက်များ တဖြုတ်ဖြုတ် ကြွေ တရစပ်ဖြစ်ပေါ်ခဲ့ရာ နေ့နေ့ညည လူအများထိတ်ထိတ်ပျာပျာနှင့် ကျိုးလန့် စာစားသောကပွားနေထိုင်ကြလေသည်။ ထိုသို့ ရောဂန္တရကပ်ဘေးဆိုးဆိုက်နေ ချိန်တွင် မေတ္တာကရုဏာကြီးမားစွာဖြင့် ဇေယျဝတီကျောင်းတိုက် ပထမဆရာ တော် ဦးသီလက ရောဂါကပ်ဘေးကင်း ဝေးအောင် ထားဝယ်တစ်နယ်လုံး သံပုံ စေတီတည်ထားကိုးကွယ်ကြရန် ဩဝါဒ မိန့်ကြားတော်မူသဖြင့် တလိုင်းမရပ် သုခလမ်း ဇောမိညောင်ပင်အနီး သံပုံ စေတီကို ၁၂၈၁ ခုနှစ်၊ တပေါင်းလပြည့် ဗုဒ္ဓဟူးနေ့တွင် တည်ထားပူဇော်သည်။

လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမ၊ ကလေးပါမကျန် ရပ်ကွက်သူရပ်ကွက် သားအားလုံး တစ်ဖာလုံခန့်ဝေးသော ထားဝယ်မြစ်မှ သဲသယ်ယူစုပုံကြသည်။ ထိုစဉ်က (၆) နှစ်အရွယ် သဲသယ်ယူ ရာတွင် ပါဝင်သော ဒေါ်အေးကြည်၏ အဆိုအရ သက်ကြီးရွယ်အိုအချို့ပင်

မောင်စိမ်းဆွေး(ထားဝယ်)

# ထားဝယ်မြို့မှ ထူးထူးခြားခြား အထင်ကရ
# ဆုတောင်းပြည့် သံပုံစေတီ





လိုင်းပေါင်းစုံဘုရား
(ဆိုက်ကားအသင်းကြီးကြွံအဖွဲ့)



မုန်ကန္တကုဋီနှင့်ကိန်းဝပ်တော်မူသော ဆုတောင်းပြည့် သံပုံစေတီတော်



www.burmeseclassic.com

www.burmeseclassic.com



ပြည်တော်အေးဘုရား (ယာ)၊ တက်သစ်လိုတရဘုရား (အလယ်)၊ အတုလဘုရား (ဝဲ)



မွေ့အေသီမြတ်စွာဘုရား (အလယ်) နှင့် ကျောက်ဆင်းတုနှစ်ဆူ



ဝင်္ကြွေးတော်မြေကျောက်ဆင်းတုနှင့် မတ်ရပ်ဘုရားများ

လျှင် ကူဖော်တွဲ၍ လည်းကောင်း၊ ချိမ၍ လည်းကောင်း၊ အထမ်းသမားဖြင့်လည်းကောင်း လက်တစ်ဆုပ်သဲပါဝင်သယ်ယူကြသည်။ အမျိုးသားများနှင့်အတူ အမျိုးသမီးတို့ကလည်း ဝါးသယ်၊ ဝါးဖြတ်၊ ဝါးခွဲ၊ ဝါးသပ်၊ ဝါးဖြာ အားတက်သရော ဝင်လုပ်ကိုင်ကြ၏။ ထို့နောက် ဝါးနှီးကို စေတီပုံသဏ္ဌာန်ခြင်း (ထားဝယ်အခေါ် ဝါးကျော) ရက်လုပ်ကာ သစ်သားပြားအကာအရံပြုလုပ်ပြီး ကျောထဲ သဲထည့်၍ ဆုတောင်းပြည့် အန္တရာယ်ကင်း သဲပုံစေတီ တည်ထား ကိုးကွယ်သောအခါ ရပ်ရွာအတွင်း ရောဂါကင်းရှင်းပပျောက်လေသည်။ သို့ဖြင့် လက်ငင်းဒိဋ္ဌ အကျိုးထူးသောကြောင့် နောင်အရှည်တည်တံ့စေရန် ရည်ရွယ်၍ သဲကျောစေတီမှ ဉာဏ်တော် (၉) တောင်ပြည့်အုတ်စေတီသို့ ပြန်လည် မွမ်းမံ၏။ ၂၀၁၂ ခုနှစ်တွင် စေတီဘွဲ့တော်ကို 'ဆုတောင်းပြည့်သဲပုံစေတီ'ဟု ပြောင်းလဲခေါ်တွင်သမုတ်ကာ ယနေ့အထိ ပူဇော်ကိုးကွယ်လာခဲ့ပေသည်။

ရပ်ဘုရားရွာဘုရားတစ်ဆူ ဖြစ်သည့် ဆုတောင်းပြည့် သဲပုံစေတီကို အောက်ခံပလ္လင်တော် လေးထောင့်၊ ကျည်းဝန်း၊ ခေါင်းလောင်း၊ ရင်စည်း၊ သပိတ်မှောက်၊ ဖောင်းရစ်၊ ကြာမှောက်၊ ရွှဲ၊ ကြာလန်၊ ငှက်ပျောဖူး၊ ထီးတော် အဆင့်ဆင့်တည်ထား၏။ ဖောင်းရစ် (၅) ရစ်၊ ရွှဲ(၁၄)လုံး၊ ထီးတော်ခေါင်းလောင်း (၁၁)လုံး၊ ပလ္လင်တော်ကြွေပြားကပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ထုံးတော်ပြည့်ရွှေသင်္ကန်းနှင့်စေတီတော်မြတ်
(ခေါင်းဆောင်းတော်၌ကမ္ဗည်းရေးထိုးထားသည်)



တက်သစ်လိုတရရုပ်ပွားတော်မြတ်




ထူးထူးခြားခြား ဗမ္မာဒီဆုတောင်းပြည့်ဘုရား

ပြီး စေတီတော်တစ်ဆူလုံး ရွှေအစစ်သင်္ကန်း ကပ်လှူပူဇော်ထားသည်။ ဓာတ်တော်မွေတော် ဌာပနာသဖြင့် ဓာတုစေတီဖြစ်သည်။ ကနုတ်ပန်း၊ ခြူးပန်းခြူးနွယ်၊ စုလစ်မွမ်းချွန်တို့ ဝါရွှေဝါသွေးထိန်တောက်လျက် ပြာသာဒ်ဘုံ(၅)ဆင့်နှင့် တင့်တယ်နေသောစေတီတော် ဂန္ဓကုဋိတိုက်ကြီးကို ထီးထီးမားမား အဝေးမှမြင်ရ၏။ စေတီမုခ်ဝအရှေ့ခြမ်းကို ၁၃၅၉ ခုနှစ်၊ မုခ်ဝအနောက်ခြမ်းကို ၁၃၆၀ ပြည့်နှစ်၊ အလယ်မုခ်ဝကြီးကို ၁၃၆၂ ခုနှစ်များ၌ လှူဒါန်းပူဇော်ထားကြောင်း သိရှိရသည်။

၁၃၃၀ ပြည့်နှစ်အချိန်က သဲပုံစေတီအကြိမ်ကြိမ်ရောင်ခြည်တော်ကွန့်မြူးပြီး ထားဝယ်မြစ် အနောက်ဘက်ကမ်းရှိ ကဘူတောင်ဘုရား၊ ရပ်ခံတောင်ဘုရားတို့သို့ ရောင်ခြည်တော်ကူးလူးခဲ့သည်ကို ဖူးမြင်ရကြောင်း လူကြီးသူမအချို့က ယခုအထိပြောဆိုကြဆဲ ဖြစ်သည်။ လွန်ခဲ့သော (၁၇)နှစ် တစ်ညသန်းခေါင်ယံတွင် စေတီအပေါ်သို့ အကွင်းလိုက်အကွင်းလိုက် ပန်းနုရောင်၊ ဝတ္တမြားရောင်များဖြာ၍ဖြာ၍ရောင်ခြည်တော်လွှတ်နေသည်ကို ဦးချစ်ထွန်းနှင့် ဆရာမ ဒေါ်တင်တင်အေး ဖူးတွေ့လိုက်ရသည်။ ဒုတိယအကြိမ်တွင် လက်ရှိဂေါပကဦးလှကြင်၊ ရပ်ကွက်နေသူအချို့နှင့် ဇယ်တောက်နေသူတို့ပါ ဖူးတွေ့ရပြန်သည်။ လူလေး၊ ငါးဦး တစ်နေရာတည်းအတူတူရှိသော်လည်း ဖူးထိုက်သူ တစ်ဦးစနှစ်ဦးစသာ ဖူးမြင်ရသည်မှာ



ဂန္ဓကုဋိမုခ်ဆဝမှ ဗုဒ္ဓရုပ်ပွားတော်များအား ဖူးမြော်ကြည်ညိုရစဉ်



ပဥ္စဝဂ္ဂီငါးဦးအား တရားဦးဟောခန်း ဗုဒ္ဓဝင်ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com



တပုဿနှင့် ဘလ္လိကညီနောင်တို့အား ဆံတော်ပေးသနားတော်မူခန်း ဗုဒ္ဓဝင်ပန်းချီကား



သုမေဓာရသေ့ ဗျာဒိတ်ယူခန်းဗုဒ္ဓဝင်ပန်းချီကား

ထူးခြား၏။

ဆုတောင်းပြည့်သဲပုံစေတီသည် အမိုးအကာအောက်တွင်တည်ရှိပြီး ဝတ္တကမြေပေ(၄၀)×ပေ(၆၀)ကျယ်ဝန်း၏။ မိုးများအရပ်ဖြစ်၍ စေတီတော်အား မိုးမခစေရန် အရေးကြီးသည်။ မိုးရေက သဲကိုတိုက်စားသွားမည်ဖြစ်သောကြောင့် စေတီတော်အား တည်ထားစဉ်ကပင် ဂန္ဓကုဋိနှင့်လုံလုံခြုံခြုံပူဇော်ထားခြင်းဖြစ်သည်။ ထိုစဉ်အခါက သစ်သားကျောင်းဆောင်မျက်နှာဖွင့် (၁၁) ပေနှင့် အတွင်းသို့ (၁၆) ပေ ရှည်၏။ အနောက်ဘက်တွင် ဇရပ်ရင်ကွဲတစ်ဆောင်ရှိသည်။ ရှေ့မျက်နှာ၌ သုခလမ်းနှင့် မီးသတ်ဌာနမြေကွက်လပ်ရှိသည်။ ထိုနေရာတွင် ကုက္ကိုပင်ကြီးနှစ်ပင်၏ တုတ်ခိုင်ကြီးမားသည့် အကိုင်းခွကြားချင်း ဆက်သွယ်၍ သီတင်းကျွတ် တာဝတိံသာမီးထွန်းပွဲကို ရပ်ကွက်လူငယ်များ ဦးစီးကျင်းပကြကြောင်းသိရသည်။ ၁၉၆၃ ခုနှစ် တလိုင်းမရပ်မီးဘေးသင့်၍ တစ်ရပ်ကွက်လုံး ပြာကျခဲ့သော်လည်း သဲပုံစေတီသစ်သားကျောင်းဆောင်နှင့် ဇရပ်ရင်ကွဲမှာ အံ့ဩဖွယ် မီးလွတ်ကင်း၏။ စေတီတော်၏ တန်ခိုးအာနုဘော်ကြောင့် မီးမလောင်ကျွမ်းသဖြင့် မီးကွင်းဘုရားဟု ထင်ရှားသည်။ ယခု ဇရပ်ရင်ကွဲရော ထားဝယ်မြို့တည်နှစ် (မြန်မာ ၁၁၁၆) နှင့် ထပ်တူ



ဘုရားရှင် မာရ်နတ်ချွတ်ခန်း ဗုဒ္ဓဝင်ပန်းချီကား



www.burmeseclassic.com

www.burmeseclassic.com

ထပ်မှုသက်တမ်းရှိသည်ဆိုသော ဇောဓိ ညောင်ပင်ကြီးပါ မတွေ့ရတော့ပါ။


စေတီတော်ခေါင်းလောင်းလုံးပတ်တော်၌ ရွှေသက်န်းကပ်လှူကာမှည်းရေး ထိုးထားသည်ကို ထူးခြားစွာဖတ်ရှုရ၏။

'၁၃၁၁ ခု၊ ပြာသိုလ ရွှေသက်န်း အလှူတော်ကို ဗုဒ္ဓဒါနသမဂ္ဂအဖွဲ့သားများနှင့် တလိုင်းမရပ် ဒါနရှင် သူတော်ကောင်းအပေါင်းတို့ကောင်းမှု၊ နတ်လူသာဓုခေါ်စေသောဝ်'။ '၁၃၅၈ ခုနှစ်၊ တပို့တွဲလတွင် ရွှေသက်န်းတော်ကပ်လှူပြီးစီးသည်၊ ဆုတောင်းပြည့် သဲပုံစေတီ ဂေါပကအဖွဲ့မှ ကြီးမှူး၍ အများ ဒါယကာကောင်းမှု'၊ 'ကိုစိုးဝင်း-မယုချို မိသားစု တလိုင်းမရပ် ရွှေသက်န်းကပ်လှူပြီး ပူဇော်သည်။ ၁၀-၄-၂၀၀၆'


စေတီတော်တစ်ဆူလုံး မှန်ဂန္ဓကုဋိ တပ်ဆင် လှူဒါန်း ပူဇော်ထားခြင်းကို 'ပဲ့နင်းကိုမျိုးလွင် ဦးစီး၍ မိုးမိုးလွင်(၂)၊ ရတနာမြေ (၁)၊ အောင်သီဟဟိန်း(၂)၊ အောင်သန့်စင်(၃)၊ ဝါလတ်စက်လှေများ ကောင်းမှု၊ ရန်ကုန်မြို့။ ကိုထွန်းမင်းလတ်-မခင်ခင်အေး မိသားစုကောင်းမှု၊ ရန်ကုန်မြို့' ဟု ရေးထားသည်။ ရေဆိပ် လှေဆိပ်မြစ်ဆိပ်နီး၍ ရေကြောင်းသွားလာ ရွက်နာဝါတို့က လမ်းဘေးကပ်ရပ် စေတီတော်တွင် ဖုန်မကပ်မငြိရအောင် ရည်ရွယ်ကုသိုလ်ယူခြင်း ဖြစ်ပေမည်။

မှတ်တမ်းများအရ သဲပုံစေတီ တည်ထား ကိုးကွယ်သော မြန်မာနှစ် ၁၂၈၁ မှစ၍ သဲပုံစေတီဝေယျာဝစ္စအဖွဲ့၊ ဗုဒ္ဓဒါနသမဂ္ဂအဖွဲ့၊ ဆုတောင်းပြည့် အန္တရာယ်ကင်းသဲပုံစေတီဂေါပကအဖွဲ့၊ ဆုတောင်းပြည့်သဲပုံစေတီဂေါပကအဖွဲ့ အသီးသီးတာဝန်ယူခဲ့ကြပြီး ဝါဆိုလပြည့် နှင့်သီတင်းကျွတ်လပြည့် ဝါဝင်၊ ဝါထွက် တွင် ဆွမ်းတော်ကြီးတင်လှူပွဲ၊ မြန်မာနှစ် ဆန်းတစ်ရက်နေ့တိုင်း သက်ကြီးပူဇော်ပွဲ၊ တပေါင်းလဆီဆွမ်းလောင်းလှူပွဲ၊ ကဆုန် လ ညောင်ရေသွန်းပွဲ၊ မဟာသဘင်ပွဲတို့ကို ပူဇော်ကျင်းပ၏။ ယခင်က တပေါင်း လပြည့် သဲပုံစေတီပွဲတော်ကို ကြီးကြီး ကျယ်ကျယ် ခြိမ့်ခြိမ့်သဲသဲ ကျင်းပခဲ့ရာ အနယ်နယ်အရပ်ရပ်မှ ဘုရားပွဲလာသူ များနှင့် ကြက်ပျံမကျစည်ကားခဲ့ပါသည်။ အကြောင်းအမျိုးမျိုးကြောင့် ပွဲတော် မကျင်းပဖြစ်သည်မှာ ယခု (၁၇)နှစ်ရှိပြီ ဟု ဂေါပကဦးလှကြင်က ခပ်ပြုံးပြုံးပြော၏။

၁၃၀၆ ခုနှစ်ခန့်က သဲပုံစေတီ ဗုဒ္ဓ



ပြာသာဒ်ဘုံ (၅) ဆင့်နှင့် ဆုတောင်းပြည့်သဲပုံစေတီဂန္ဓကုဋိတိုက်



တလိုင်းမရပ်ရွာရှင်နတ်ကွန်း



သဲပုံစေတီ ဘုရားဖူးသော ငန်းတော်ကျား



www.burmeseclassic.com

www.burmeseclassic.com

ဒါနသမဂ္ဂအဖွဲ့မှ ဝါတွင်းကာလ ဒေါ်ဂျစ်ကားနှင့် နီဗ္ဗာန်ဆော် ရေကာင်းခင်းအလှူခံထွက်ဖူးသည်ကို ယနေ့ထိ ပြောမဆုံးပေ။ ရေကာင်းတာဝန်ခံ ဦးထွန်းဖေ၊ လူငယ်ခေါင်းဆောင် ဦးဖေအေး (ရုပ်ရှင်)၊ မီးသတ်တာဝန်ခံ ဦးရွှေညီးတို့ဦးစီးပြီး ဇာတ်မင်းသား၊ မင်းသမီး၊ လူရွှင်တော် အစုံအလင်နှင့် အဖိတ်နေ့တိုင်း စေတီပရိဝုဏ်ဇရပ်၌ မြိုင်မြိုင်ဆိုင်ဆိုင်တီးမှုတ်ဧည့်ခံကပြပွဲမှာ လွမ်းလောက်စရာကောင်းကြောင်း သက်ကြီးစကားကို ကြားရသည်။ ထိုစဉ်က တစ်ကိုယ်တော် နီဗ္ဗာန်ဆော်သူ ဒေါ်စိန်ကြည်လည်း ထင်ရှားသူတစ်ဦးဖြစ်၏။

ဆုတောင်းပြည့်သဲပုံစေတီတော် ဂန္ဓကုဋီအတွင်းဝယ် ဉာဏ်တော် (၁)ပေ ဇမ္ဗူဒီဘုရားကိန်းဝပ်တော်မူသည်။ ဇမ္ဗူဒီဘုရားမှာ သတ္တု(၅)မျိုးစပ် ပဉ္စလောဟာ ဆင်းတုဖြစ်သည်။ ဦးတော်၌ မီးလျှံသဏ္ဍာန် အချွန်အတက် (၁၁)ခုနှင့် နဖူးသင်းကျစ်တွင် ကျောက်(၁၉)လုံးစီထား၏။ ဇမ္ဗူပတိမင်းချွတ်ခန်းမှ မင်းမြောက်တန်ဆာဝတ်ဘုရားဖြစ်ပြီး ဘူမိဖဿမုဒြာဟန်ဖြစ်သည်။ ပူဇော်သူအား အန္တရာယ်ဘေးရန်အပေါင်းအောင်မြင်ကျော်လွှားခြင်း၊ စစ်မက်ရေးရာအောင်ပွဲခံခြင်း၊ အောင်မြင်မှုတည်တံ့ခိုင်မြဲခြင်း၊ ကြီးမြတ်သောအထွတ်အထိပ်ပို့ဆောင်ခြင်းအကျိုးထူးစေ၏။ ဆင်းတုတော်ညာလက်မတွင် လက်စွပ်၊ ညာလက်ကောက်ဝတ်တွင် လက်ပတ်၊ ညာလက်မောင်းတွင် လက်ပတ်နှင့် ထူးခြားသည်။ နက်နဲသော ရှေးလူကြီးတို့၏ လောကီအစီအရင်ဟု ဆိုကြသည်။ ၁၃၀၄ ခုနှစ်က အနောက်တိုက်ကျောင်းဝင်းရှိ အင်းဝကျောင်းသိမ်မှ ဦးမောင်အင် ပင့်ဆောင် ပူဇော်ထားခြင်း ဖြစ်သည်။ တစ်ခါက စိတ်မနှံ့သူတစ်ဦး ညဘက် ထိုဆင်းတုအား ခိုးယူသွားပြီး တာတော်ပြင် မောလဲဘုရားအနီးစွန့်ထားသဖြင့် ပြန်လည် ပင့်ဆောင်ခဲ့ရဖူးကြောင်း အဖြစ်သနစ်ကို မှတ်သားဖွယ်သိရှိရသည်။ ဦးအုန်းညွန့်-ဒေါ်တင်ကြည်မိသားစု တလိုင်းမရပ်က ဆင်းတုတော်အား ရွှေသင်္ကန်း ကပ်လှူပူဇော်ထား၏။

ထိုင်တော်မူ ရုပ်ပွားတော်များဖြစ်သော တက်သစ်လိုတဘုရား (ဦးတင်ရွှေ-ဒေါ်သန်းပိုမိသားစု၊ တလိုင်းမရပ်)၊ ပြည်တော်အေးဘုရား (ဦးဘအေး - ဒေါ်အေးမိသားစု၊ တလိုင်းမရပ်)၊ အတုလဘုရား (ဦးသန်းစိန် - ဒေါ်သီးလှ တလိုင်းမရပ်)၊ ဝဋ်ကြွေးတော်ပြေဘုရား (ကိုထွန်းထွန်းစိုး - ဒေါ်ခင်ခင်အောင်မိသားစု၊ အနောက်ရပ်)၊ လိုင်းပေါင်းစုံဘုရား (မြတ်ရှင်မော်နီဗ္ဗာန်ဆော်အဖွဲ့)၊ ဂေါတမမြတ်စွာဘုရား၏ နိယတဗျာဒိတ်ခံ မမ္ဗဒဿသီရပ်တော်မူဘုရားတို့ကို သပ္ပာယ် တင့်တယ်စွာ ဖူးမြော်ကြည်ညိုရပါသည်။

ဘုရားခန်း၊ ဘုရားဆောင်တို့တွင် နောက်ခံဗုဒ္ဓဝင်ပန်းချီကားချပ်သရုပ်ဖော်လေ့ရှိသည့် ထားဝယ်ဓလေ့ရိုးရာအတိုင်း ဂန္ဓကုဋီအလယ်မုခ်ဝတည့်တည့် အုတ်နံရံတွင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပဉ္စဝဂ္ဂီငါးဦးအား တရားဦးဟောကြားတော်မူပုံ၊ အရှေ့ဘက်နံရံတွင် သုမေဓာရသေ့ဗျာဒိတ်ယူခန်း၊ အောင်တော်မူဘုရားခန်းနောက်ခံတွင် မာရ်နတ်ချွတ်ခန်း၊ ဘေးနံရံတွင် တပုဿနှင့် ဘလ္လိကညီနောင်နှစ်ဦးသို့ ဆံတော်ပေးသနားတော်မူပုံတို့ကို ပန်းချီဆရာကြီး ဦးအုန်းတင်၏ အနုပညာလက်ရာမြောက် အသက်ဝင်စွာ ခြယ်မှုန်းထားသည်ကို ရှုစားရ၏။

၁၃၆၀ ပြည့်နှစ်၊ ဝါဆိုလပြည့်နေ့တွင် ငန်းတော်ကျားမြွေကြီးတစ်ကောင် စေတီမုခ်အဝင် ခြေသုတ်ခုံပေါ် ဦးခေါင်းတင်ပါးပျဉ်းချလျက် ထူးထူးဆန်းဆန်း ဘုရားဖူးရောက်လာခဲ့ဖူး၏။ ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်၍ ဥပုသ်သည်များ၊ ဘုရားဖူးများ၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အလင်းတိုင်ကပ်လှူသူများ၊ အမွှေးနံ့သာတိုင်ပူဇော်သူများ၊ ဆွမ်းတော်ကပ်၊ ပုတီးစိပ်သူများ ဝင်ထွက်သွားလာနေသော်လည်း ထိုမြွေသည် တုတ်တုတ်မလှုပ် ဘုရားကိုသာ စူးစိုက်ကြည့်နေကာ သမာဓိအာရုံပြု ပူဇော်နေမြဲဖြစ်သည်။ လူအများအုန်းအုန်းကျက်ကျက် လာရောက် ကြည့်ရှုကြသော်လည်း အကြောက်အလန့်မရှိ။ မြွေက လူကို ရန်မပြုသလို လူက မြွေကိုရန်မပြုကြ။ သို့နှင့် ညသန်းခေါင်တိုင်အောင် မလှုပ်မရှားငြိမ်သက်လျက် ဘုရားကြည်ညိုနေသော မြွေကြီးသည် အရုဏ်ဦးရောက်မှ ရုတ်တရက် ပျောက်ခြင်းမလှပျောက်သွားခဲ့သည်။ သဲပုံစေတီ၏ ကောင်းမှုကုသိုလ်ရှင်တစ်ဦးပေလော။ သို့တည်းမဟုတ် ဘဝကူးခါနီး ကောင်းမှုပြုဆုတောင်းခြင်းပေလော။ ထိုမြွေကြီးသည် ရုတ်ခြည်းဝတ်ဖြူသူတော်စင်ထာစ်ဦးဖြစ်သွားသည်ဟု ဆရာမဒေါ်တင်တင်အေးအား အိပ်မက်ပေးကြောင်း စိတ်ဝင်စားဖွယ်သိရှိရသည်။

ဘုရားစေတီတည်ထားကိုးကွယ်ခြင်းသည် သက်တော်ထင်ရှား မြတ်စွာဘုရားအား ပူဇော်ခြင်းနှင့်ထပ်တူထပ်မျှ အကျိုးရရှိသည်ဟု မှတ်သားဖူးပါသည်။ အပါဒါန်ပါဠိတော်၌ ဗုဒ္ဓမပွင့်မီ ရှေးကမ္ဘာတစ်သိန်းကာလတွင် ဝုလိနုပ္ပာဒကမထေရ်လောင်း ဒေဝလရသေ့သည် အလုပ်အကျွေးတို့နှင့်အတူ ဟိမဝန္တာတောနက်၌ သီတင်းသုံး၏။ ရသေ့ကြီး ဒေဝလသည် သဲပုံစေတီတည်၍ ဆွမ်း၊ ပန်း၊ ရေချမ်း ပူဇော်သည်ကို တပည့်များက လျှောက်ထားအမေးရှိလေလျှင် -

'အခြံအရံများစွာသောသာဝကများနှင့်တကွ သတ္တဝါဝေနေယျတို့အား ကယ်ချွတ်တော်မူကြကုန်သော အတုမရှိ မြတ်စွာဘုရားရှင်တို့၏ ဂုဏ်ကျေးဇူး အကျင့်သီလများကို အာရုံပြုရည်မှန်း၍ သဲပုံစေတီကို ရှိခိုးပူဇော်၏'

ဟု ရှင်းပြလေသည်။

ထိုအခါ တပည့်အပေါင်းတို့ ဝမ်းမြောက်ဝမ်းသာဖြစ်ကြပြီး ဘုရားရှင်ကို ဆတက်ထမ်းပိုး ကြည်ညိုလျက် သဲပုံစေတီတည်ထားပူဇော်ကြလေသည်။

ရှေးမြန်မာဘုရင်များလက်ထက် အခါက တပေါင်းလတွင် သောင်ပြင်သဲခုံ၌ သဲပုံစေတီတည်၍ ပူဇော်ကန်တော့ပြီး သဲပုံစေတီပွဲတော်ဆင်ယင်ကျင်းပလေ့ရှိခြင်းမှာ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်ပေသည်။

ထားဝယ်မြို့မှ အထင်ကရ ဆုတောင်းပြည့်သဲပုံစေတီထူးခြားချက်များမှာ -

- အမိုးအကာအောက် (၉) တောင်ပြည့်ဘုရား ဖြစ်သည်။
- မှန်ဂန္ဓကုဋီနှင့်ကိန်းဝပ်သည်။
- ရောဂန္တရကပ်ဘေးဆိုးလွတ်ကင်းသည်။
- မီးကွင်းဘုရားဖြစ်သည်။
- ရောင်ခြည်တော်ကွန့်မြူးသည်။
- ထူးခြားသော ရုပ်ပွားတော်မြတ်ကြီးများ စံပယ်သည်။
- ငန်းတော်ကျားမြွေ ဘုရားဖူးသည်။
- စေတနာအလှူရှင် ချက်ချင်းပေါ်သည်။
- စိတ်ကြံသမျှ အဓိဋ္ဌာန်ပြု အောင်မြင်သည်။

မောင်စိမ်းသွေး (ထားဝယ်)

www.burmeseclassic.com

www.burmeseclassic.com



## ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

# သောတာပန်ဟူသည်

၁ သီလငါးတန် ကိုယ်မြဲမြဲ သောတာပန်ဟု ရှင်တော်မြတ်ဘုရား မိန့်မြွက်ကြား

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး စံပယ်တော်မူစဉ်က အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်၏ခြေတော်ရင်းသို့ လာရောက် ပူဇော် ကန်တော့ပြီးသည့်အခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူဌေးကြီးအား သောတာပန်ဖြစ်ပြီးသောသူသည် ငါးပါးသီလကို စွန့်ကျူးသူဖြစ်ကြောင်းကို ဤသို့ တရားဟောကြားတော်မူသည်။

□ သူကြွယ်၊ အကြင်အခါ၌ အရိယာဖြစ်သောပုဂ္ဂိုလ်အား ငါးပါးသောဘေး၊ ငါးပါးသောရန်တို့သည် ငြိမ်းအေးကုန်၏။ သောတာပန်ဖြစ်ပြီးသောပုဂ္ဂိုလ်တို့တွင် ပြည့်စုံရမည်ဖြစ်သော အင်္ဂါလေးပါးနှင့်လည်း ပြည့်စုံ၏။ ပဋိစ္စသမုပ္ပါဒ်တရားတော်ကိုလည်း ပညာဖြင့်ကောင်းစွာမြင်၏။

ထိုအရိယာပုဂ္ဂိုလ်သည် အလိုရှိသော် မိမိကိုယ်ကိုမိမိ 'ငါ့အား ငရဲ၌ လာရောက်မှုကုန်ပေပြီ၊ တိရစ္ဆာန်ဖြစ်ရမှုကုန်ပြီ၊ ပြိတ္တာဖြစ်ရမှုကုန်ပြီဖြစ်၏။ မကောင်းသောလားရာဖြစ်သည့် ငရဲ အပါယ်ဘုံသို့ ကျရောက်မှုကုန်ပြီ။ ငါသည် သောတာပန်ဖြစ်ပြီ။ အပါယ်သို့ ကျရောက်ခြင်းမရှိပြီ။ ကောင်းသော သုဂတိဘဝသို့သာ လားရောက်ရန် သေချာနေပြီ။ အထက်မဂ်သုံးပါးလျှင် သွားရာရှိပေတော့သည်'ဟု ပြောဆိုနိုင်၏။

သူကြွယ်၊ အဘယ်သို့သော ငါးပါးသောဘေး၊ ငါးပါးသောရန်တို့သည် ငြိမ်းသနည်းဆိုသော် သူ့အသက်ကို သတ်လေ့ရှိသောသူသည် သူ့အသက်သတ်ခြင်းဟူသောအကြောင်းကြောင့် မျက်မှောက်ဘဝ၌ဖြစ်သော ဘေးရန်လည်းပွား၏။ တမလွန်ဘဝ၌ဖြစ်သော စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏။ သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်သောသူအား ဤသို့သောဘေးရန်များငြိမ်း၏။

သူ့ဥစ္စာကိုခိုးလေ့ရှိသောသူသည် သူ့ဥစ္စာခိုးယူခြင်း ဟူသော အကြောင်းကြောင့်။ ကာမတို့၌ မှားသောအားဖြင့် ကျင့်လေ့ရှိသောသူသည် ကာမတို့၌ မှားကျင့်ခြင်း ဟူသော အကြောင်းကြောင့်။ မုသားပြောလေ့ရှိသောသူသည် မုသားပြောခြင်းဟူသော အကြောင်းကြောင့်။ သေအရက်ကို သောက်လေ့ရှိသောသူသည် သေအရက်ကိုသောက်ခြင်းဟူသောအကြောင်းကြောင့် မျက်မှောက်ဘဝ၌ဖြစ်သော ဘေးရန်သည်ပွား၏။ တမလွန်ဘဝ၌ဖြစ်သော ဘေးရန်လည်းပွား၏။ စိတ်ဆင်းရဲခြင်း၊ စိတ်နှလုံးမသာယာခြင်းကိုလည်း ခံစားရ၏။

သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်သူအား၊ ကာမတို့မှ မှားသောအားဖြင့် ကျင့်ခြင်းမှရှောင်ကြဉ်သူအား၊ မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်သောသူအား၊ သေအရက်ကိုသောက်ခြင်းမှရှောင်ကြဉ်သောသူအား ဤသို့သောဘေးရန်သည် ငြိမ်း၏။ ဤငါးပါးသောဘေး၊ ငါးပါးသောရန်တို့သည် ငြိမ်းကုန်၏။

□ **သောတာပန်ဖြစ်ပြီးသော ပုဂ္ဂိုလ်တို့ ပြည့်စုံရမည့်အင်္ဂါရပ်လေးပါး**

၁။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်ကိုးပါးကို သိရှိကာ မြတ်စွာဘုရားကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။
၂။ တရားတော်၏ ဂုဏ်တော်(၆)ပါးကိုသိရှိကာ တရားတော်ကို မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံ၏။
၃။ သံဃာ့ဂုဏ်တော် (၉) ပါးကိုသိရှိကာ သံဃာတော်ကို မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်းတို့နှင့်ပြည့်စုံ၏။
၄။ မကျိုးမပေါက် မပြောက်မကျား ကျင့်သုံးအပ်သည့် အရိယာပုဂ္ဂိုလ်တို့ နှစ်သက်အပ်သော သီလနှင့် ပြည့်စုံ၏။

ဤသို့သော သောတာပန်အင်္ဂါလေးပါးတို့နှင့် ပြည့်စုံရပေ၏။ **အဘယ်မည်သော ပဋိစ္စသမုပ္ပါဒ်တရားတော်ကို ပညာဖြင့် ကောင်းစွာမြင်သနည်း။** ဤအကြောင်းတရားရှိလျှင် ဤအကျိုးတရားဖြစ်၏။ ဤအကြောင်းတရားမရှိလျှင် ဤအကျိုးတရားလည်းမဖြစ်။

ဤအကြောင်းတရား ဖြစ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်၏။ ဤအကြောင်းတရားချုပ်ခြင်းကြောင့် ဤအကျိုးတရား ချုပ်၏။ မသိမှု အဝိဇ္ဇာဟူသောအကြောင်းကြောင့် ပြုပြင်စီရင်မှုဟူသော သင်္ခါရဖြစ်၏။ သင်္ခါရကြောင့် စိတ် ဟူသော ဝိညာဉ်ဖြစ်၏။ ဤသို့ စသည်ဖြင့် ပဋိသန္ဓေနေမှု ဇာတိဟူသော အကြောင်းကြောင့် (အိုခြင်း-ဇရာ)၊ (သေခြင်း-မရဏ)၊ (ပူဆွေးခြင်း-သောက)၊(ငိုကြွေးခြင်း-ပရိဒေဝ)၊(ကိုယ်ဆင်းရဲခြင်း- ဒုက္ခ)၊ (စိတ်ဆင်းရဲခြင်း-ဒေါမနဿ)၊ (ပြင်းစွာပူပန်ခြင်း - ဥပါယာသ) တို့သည် ဖြစ်ကုန်၏။ ဤသို့လျှင် အလုံးစုံကုန်သော ဒုက္ခအပေါင်းသည် ဖြစ်လေ၏။

အဝိဇ္ဇာချုပ်ငြိမ်းလျှင် သင်္ခါရချုပ်ငြိမ်း၏၊ သင်္ခါရချုပ်ငြိမ်းလျှင် ဝိညာဉ်ချုပ်ငြိမ်း၏။ ဤသို့ စသည်ဖြင့် ဇာတိချုပ်ငြိမ်းလျှင် အိုခြင်း - ဇရာနှင့် သေခြင်း-မရဏ စသော ဒုက္ခတို့သည် ချုပ်ငြိမ်းကုန်၏။ ဤသို့လျှင် အလုံးစုံသော ဒုက္ခအပေါင်းသည် ချုပ်ငြိမ်းလေ၏။

ဤကား ထိုအရိယာတပည့်ပညာဖြင့် ကောင်းစွာ မြင်အပ်သော၊ ထိုးထွင်း၍ သိအပ်သော ပဋိစ္စသမုပ္ပါဒ်တရားတော်ပေတည်း။

(နိဒါနသံယုတ်၊ ၅-ဂဟပတိဝဂ်၊ ၁-ပဉ္စဝေရဘယသုတ်)

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကျွန်တော် သူငယ်ချင်းရဲ့အရာရှိတစ်ဦးက စခန်းတွင် ခပ်ညှိုးညှိုး သူခိုးတစ်ဦး ဖမ်းမိထားကြောင်း ထိုသူကို စစ်ဆေးရာ သူ့အဖြစ်အပျက်သည် ဂမ္ဘီရ ဆန်နေကြောင်း၊ ထို့ကြောင့် စိတ်ဝင်စားပါက စခန်းသို့လာရောက်အင်တာဗျူးနိုင်ကြောင်း ဖုန်းဖြင့်အကြောင်းကြားပါသည်။ ကျွန်တော်က ဂမ္ဘီရအသံကြားသည်နှင့် ထွေရာလေးပါးဆက်မနေမေးတော့၊ အခုလာခဲ့မယ်ဟု ခပ်တိုတိုပြောပြီး စခန်းသို့ထွက်လာသည်။ စခန်းရောက်ရာ အချုပ်သားနှင့် ကျွန်တော့်အား သီးသန့်အခန်းတွင် တွေ့ဆုံနိုင်ရန် သူငယ်ချင်းက စီစဉ်ပေးပါသည်။ အချုပ်သားရှေ့ရှိ ထိုင်ခုံတွင်ထိုင်ရုံရှိသေး -

"ဆရာ၊ ကျွန်တော်ရှေ့နေမငှားဘူးနော်။ ကျွန်တော့်အဖြစ်က လက်ပူးလက်ကြပ်မိလိုက်တာ။ ဘာမှငြင်းလို့ရမှာမဟုတ်ဘူး။ အပြစ်ပေးတော့လည်း ခံလိုက်ရုံပေါ့"



# စိုးထွန်း(ဥပဒေ)

## ဂါထာကိုရင်ဆိုင်၍ယှဉ်ပြိုင်ခဲ့သူ

ခရီးရောက်မဆိုက် စကားပင်မစရသေး ထိုသူက သူ့ဇာတ်ကြောင်းကို ပြောချင်ပုံမပေါ်၊ ပိတ်၍ပြောနေသဖြင့် ကျွန်တော်တောင် ဘာစကားနှင့် စရမှန်းမသိအောင် အကျပ်ရိုက်သွား၏။ ထို့ကြောင့် ခေါင်းအေးအေးထားပြီး ထိုသူစိတ်ဝင်စားနိုင်သည့်စကားနှင့်စမှ အဆင်ပြေတော့မည်ဟု စဉ်းစားလျက် အောက်ပါအတိုင်း ပြောကြည့်လိုက်ပါသည်။

"အေးကွာ၊ မင်းမပြောပေမယ့် မင်းအကြောင်းကို မင်းဆရာမေးကြည့်လို့ ဘာမိုးမှမမြောက်သေးပါဘူး။ မင်းအမှုကို မနက်ဖြန်မှာ ဇာတ်သိမ်းပြီးသွားမယ်ဆိုရင် မင်းကြိုက်သလား"

"ဆရာဘာကယ်ပြောတာလား"

ထိုသူက အခုမှ ကျွန်တော့်စကားကို တော်တော်လေးစိတ်ဝင်စားသွားသည်။ တွေ့စတွင်ပြောသလို စကားသံမမာတော့။

"ကျွန်တော့်မှာ မိခင်အိုကြီးတစ်ဦးရှိတယ်။ ကျွန်တော်မရှိတာနဲ့ ခွက်ဆွဲပြီးတောင်းရတော့မယ်။ ဆရာပြောသလို မနက်ဖြန်လွတ်မယ်ဆိုရင် ဆရာဘာခိုင်းခိုင်းကျွန်တော်လုပ်ပေးပါ့မယ်။ ကန်တော့စရာငွေတော့မရှိဘူး ဆရာ။ ခိုင်းချင်တာခိုင်းပါ၊ အကုန်လုပ်ပေးပါ့မယ်"

"အေးပါ၊ မင်းဆီကလည်း ငါးပြားတစ်စေ့မလိုချင်ပါဘူး။ ဒါပေမယ့် အပေးအယူသဘောအနေနဲ့ မင်းဖြစ်ပျက်ခဲ့တာမှန်သမျှ အကုန်ပြောပြ။ ဒါဆိုရင် မင်းဘက်က တာဝန်ကျေပြီ။ လွတ်ဖို့ကိစ္စက ငါ့တာဝန်ထားလိုက် ရှင်းပြီလား"

"ကျွန်တော့်အဖြစ်က ကျွန်တော်ခံလိုက်ရတဲ့အဖြစ်ကြီးပါပဲ။ တစ်ခုမှ အဆင်ပြေတာမရှိဘူး။ နားထောင်လို့လည်းကောင်းမှာမဟုတ်ပါဘူး။ ဘာမှမထူးတဲ့ဇာတ်လမ်းကို ဆရာက ဘာလို့စိတ်ဝင်စားတာလဲ"

"မင်းအတွက် မထူးပေမယ့် ငါ့အတွက်က ထူးတယ်ကွ။ မင်းကိစ္စမှာ ဂါထာတော်တစ်ခုနဲ့ ပတ်သက်နေလို့ မင်းအကြောင်းကို အခုလိုလာပြီးမေးရတာပါ"

ဤသို့ စကားအချေအတင်ပြောပြီးမှသာ သူ့ဘဝအား ကယ်တင်မည့်သူဟု ကျွန်တော်အား ယုံကြည်လျက် အောက်ပါအတိုင်း အိတ်သွန်ဖာမှောက်ပြောပါတော့သည်။ သူ၏ပြောကြားချက်ကြောင့် 'ဂါထာကို ရင်ဆိုင်၍ ယှဉ်ပြိုင်ခဲ့သူ' ဆိုသော ဇာတ်လမ်း ပေါ်ပေါက်လာခြင်း ဖြစ်ပါသတည်း။

❑

"ဒီလိုဆရာရဲ့၊ ကျွန်တော်တို့အဖွဲ့မှာ (၄) ယောက်ရှိတယ်။ အလုပ်ကတော့ ကြုံဒိုးပဲ။ တစ်နေ့ (၄) ယောက်ဆုံတုန်း စိန်ထွန်းရီက စကားစလာတယ်။ ဟိုအပျိုကြီး(၃)ယောက်အိမ်ကိုနိုးဖို့သွားတိုင်း မအောင်မြင်ကြောင်း၊ ညဘက်မှာလည်း ဟိုဒိဝါတပတိအာဒိစ္စေဆိုတဲ့ဂါထာကို အကြီးရော အလတ်ရော အငယ်ပါ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ရွတ်နေကြောင်း၊ ရွတ်တယ်ဆိုတဲ့ ပုတီး

www.burmeseclassic.com

www.burmeseclassic.com

စိပ်တာကိုပြောကြောင်း၊ အဲဒီဂါထာကြောင့်ကြံစည်တိုင်းပျက်တာဖြစ်ကြောင်း ပြောနေတယ် ဆရာ။

ဒီလိုပြောတာကို ကျွန်တော်က ဘဝင်မကျဘူး။ ဒါနဲ့ ဒီကောင့်စကားကို မခံချင်တာနဲ့ ဘယ်လိုပြန်ပြောလိုက်သလဲဆိုရင် -

'ဟေ့ကောင်တွေ၊ မင်းတို့အတွေးအခေါ်တွေ အောက်ကျနိပြီ။ ဒီဂါထာကြောင့်မဖြစ်နိုင်ပါဘူး။ ငါကပေါက်ကရလေးဆယ်လုပ်ပေမယ့် ဒီဂါထာကိုတော့ သိတယ်ကွ။ နေမင်းဆိုတာ နေ့အခါမှာ တင့်တယ်တယ်။ လမင်းဆိုတာ ညအခါမှာတင့်တယ်တယ်။ ပြာဟ္မဏတွေက ဈာန်သမာပတ်ဝင်စားချိန်မှာ တင့်တယ်တယ်။ ဘုရားရှင်က အခါခပ်သိမ်းတင့်တယ်တယ်လို့ အဓိပ္ပာယ်ရတဲ့ဂါထာပဲ'

ဒီဂါထာကြောင့်တော့မဖြစ်နိုင်ပါဘူး။ မင်းတို့ကောင်တွေညံ့လို့မအောင်မြင်တာပါ။ ဘာဂါထာရွတ်ရွတ် စနစ်တကျခိုးရင်ဘာလို့မဖြစ်နိုင်ရမှာလဲ။ ကဲ- အဲဒီအပျိုကြီးတွေအိမ်က ပစ္စည်းတစ်ခုခုရအောင်ခိုးပြမယ်။ အဖိုးတန်တဲ့ရွှေထည်ပစ္စည်းတော့မဟုတ်ဘူးပေါ့ကွာ။ သူတို့အိမ်ကပစ္စည်းတစ်ခုခုဆိုရင် ပြီးတယ်မဟုတ်လား။ တကယ်လို့ ငါခိုးလို့ရလာရင် မင်းတို့ကောင်တွေငါ့ကိုဘာနဲ့ဂုဏ်ပြုမှာလဲ'

လို့ ဒီကောင်တွေကို မေးလိုက်တယ်။

သူတို့က -

'ဩော် - မင်းကအလောင်းအစားလုပ်မယ်ပေါ့။ ကောင်းပြီ၊ အဲဒီအပျိုကြီးအိမ်က နှစ်လုံးဝင် ဒန်အိုးတစ်လုံးပဲယူလာ၊ သူတို့အိမ်ကအိုးအဖုံးဖြစ်ဖို့တော့ လိုမယ်နော်။ ဒန်အိုးဖုံးကစာလုံးကို ငါတို့က မြင်ဖူးထားတယ်၊ ငါတို့စစ်ဆေးလို့မှန်တယ်ဆိုရင် ခိုးရာပါပစ္စည်းမဟုတ်တဲ့ ဆိုင်ကယ်တစ်စီးဝယ်ပေးမယ်ကွာ။ မင်းမအောင်မြင်လို့ တစ်ခုခုဖြစ်ရင်တော့ ကိုယ့်ဘာသာကိုယ်ခံရမယ်။ တို့ကိုအပူလာမကပ်နဲ့၊ ဆွဲမထည့်နဲ့မောင်၊ ကျေနပ်ရင် လုပ်ငန်းဘယ်နေ့စမလဲ'

လို့မေးတယ်။

ကျွန်တော်ကလည်း -

'ငါ့ကို လေ့လာဖို့ (၃)ရက်အချိန်ပေး။ (၅) ရက်မြောက်နေ့မှာ အိမ်ထဲရောက်အောင်ဝင်မယ်ကွာ။ မင်းတို့က မြင်ပအကူအညီပဲပေး'

လို့ ပြောပြီး လုပ်ငန်းစကြတယ် ဆရာ။ ဒီလိုနဲ့ နှစ်လုံးချက် ဒန်အိုးလေးတစ်လုံးခိုးဖို့ သေသေချာချာ အစီအစဉ်တွေချရတာပေါ့။ အပျိုကြီးအိမ်ကို ပထမနေ့ လေ့လာတော့ ခြံကတော်တော်လုံတာပဲ။ အရှေ့တစ်ပေါက်ပဲအဝင်အထွက်လုပ်လို့ရတယ်။ သူတို့အိမ်က သစ်သားအိမ်။ အောက်ကိုလူထိုင်ပြီးဝင်လို့ရသလို မီးဖိုဆောင်ကတော့ ခပ်နိမ့်နိမ့်ပဲ။ မီးဖိုဆောင်ကတံခါး ကိုတော့ ချိတ်နဲ့ဖွင့်ရင် ရနိုင်တယ်ဆရာ။ ဒါကတော့ အတွင်းလူနဲ့ စုံစမ်းထားတာပါ။

ကျွန်တော်က ဒုတိယနေ့မှာ ပလတ်စတစ်ဘူးဟောင်းခွက်ဟောင်းတွေဝယ်တယ်ဆိုပြီး ခြံထဲကိုဝင်လိုက်တယ်။ အပျိုကြီးတွေရောင်းတဲ့အချိုရည်ဘူးတွေတောင် ဝယ်လိုက်ရသေးတယ်။ ဒီလိုဝင်ကြည့်မှ ဝင်ပေါက်၊ ထွက်ပေါက်၊ ပုန်းနိုင်တဲ့နေရာအားလုံးကို မျက်စိထဲပြီး ကြည့်ရတာပါ။ ဒီလိုသိထားမှ ညဘက်လာရင် အဆင်ပြေမယ် မဟုတ်လား။

အိမ်ရဲ့ဖွဲ့စည်းပုံလေ့လာပြီးတော့ အပျိုကြီးတွေရဲ့ဓလေ့ကို ဆက်ပြီးလေ့လာရသေးတယ် ဆရာ။ ကျွန်တော့်လူတွေပြောတာမလွန်ဘူး။ မနက်ပိုင်းမှာ ဒိဝါတပတိဂါထာကို တစ်ယောက်တစ်ပတ်စိပ်တယ်။ ပုတီးမစိပ်ခင် ဒိဝါတပတိဂါထာကို ပုတီးတစ်ပတ်စိပ်ပါ့မယ်လို့ အသံထွက်တိုင်တည်လို့သိတာပါ။ ညလည်း ပုတီးတစ်ပတ်စီစိပ်ကြတယ်။ ညဘက်မှာတော့ တစ်ယောက်ပြီးမှတစ်ယောက်စိပ်တယ်။ (၁၂) နာရီကျော်မှ ဒီအပျိုကြီးတွေကအိပ်ကြတာ ဆရာရဲ့။

ကျွန်တော် ည (၈) နာရီလောက် အပျိုကြီးအိမ်ရှေ့ကဖြတ်လျှောက်တော့ တော်တော်လေး လေဖောင်ဖွဲ့တဲ့အိမ်ပါပဲ။ ပြောစရာစကားကလည်းကုန်ပဲမကုန်နိုင်တော့ဘူး။ အင်း-ဘာတွေပြောသလဲဆိုတာ မနက်ဖြန်ရောက်ရင်သိရတော့မှာပေါ့လို့ ကျွန်တော်ကပြုံးမိသေးတယ်။ စိတ်ထဲမှာလည်း ဒန်အိုးလေးတစ်လုံးယူပေးလိုက်တာနဲ့ ဆိုင်ကယ်တစ်စီးရမှာကိုမြင်ယောင်နေတယ်။ လွယ်အားကြီးလို့အထင်တောင်သေးမိတယ်။

ဒီဒန်အိုးဆိုတာက မီးဖိုဆောင်မှာပဲရှိတာလေ။ မီးဖိုဆောင်ရောက်ဖို့ဆိုတာ အိမ်ရှေ့ခြံတံခါးက ဝင်မှရနိုင်တယ်။ အဆင်ပြေတာက ခြံတံခါးမှာ မီးလုံးထွန်းမထားဘူး။ လေ့လာလိုက်တော့ လမ်းမီးရောင်က အပျိုကြီးခြံတံခါးအထိ အလင်းရောင်ရောက်တာကို တွေ့လိုက်ရတယ်။ ဒါနဲ့ ဝင်မယ့်ညဘက်မှာ အိမ်ရှေ့တံခါးနားကို မယောင်မလည်ကပ်လိုက် တယ်ဆရာ။

ဖြန်းခနဲ လူတစ်ယောက်က အပျိုကြီးတွေ ထမင်းစားပြီးကြပြီလားလို့ လှမ်းမေးတယ်။ ကျွန်တော်ကလည်း ခြံဝရောက်နေတော့ ကျွန်တော့်ခြေလှမ်းကို သောက်ရေအိုးစင်ဘက်ပို့လိုက်ရတော့တာပေါ့။ အဲဒီမှာ မသောက်ချင်ဘဲ ဟန်ဆောင်ပန်ဆောင် တစ်ခွက်တော့ သောက်လိုက်ရတယ်။ ဒီလူထွက်သွားတော့ (၉) နာရီ (၁၅) မိနစ်ရှိနေပြီ။ ကျွန်တော်က ဟိုကောင်တွေနဲ့ အချိန်းအချက်လုပ်ထားတာက (၉း၃၀) အချိန်။ ဒီကောင်တွေက အပျိုကြီးအိမ်ဆက်သွယ်တဲ့ခတ်ကြိုးကို တစ်နေရာကရှော့တိုက်ပေးကြလိမ့်မယ်။ ဒီလိုလုပ်ပြီး မီးမှောင်ချိန်မှာ ကျွန်တော်က ခြံထဲကို လှစ်ခနဲဝင်ရမှာကိုး။

(၉) နာရီ (၂၀) မိနစ်လောက်မှာ စက်ဘီးစီးလာတဲ့ လူတစ်ယောက်က အပျိုကြီးအိမ်ရှေ့ရောက်မှ ချိန်းကျသွားပြန်တယ်။ ဒီလူက ခတ်မီးတိုင်အောက်မှာ ချိန်းကိုပြန်တင်တယ်။ ကျွန်တော်က ဒီအတိုင်းမတ်တတ်ရပ်နေလို့မသင့်တော်တာနဲ့ အပျိုကြီးရေချမ်းစင်က သောက်ရေတစ်ခွက်ထပ်ပြီးသောက်လိုက်ရတာပေါ့။ ဒီရေဟာ နောက်ပိုင်း ကျွန်တော့်ကို ဒုက္ခလှလှကြီးပေးတာဆက်ပါမယ်။

ဒီလိုနဲ့ (၉း၃၀) အချိန်မှာ မီးပျက်သွားတာနဲ့ ကျွန်တော်လည်း ခြံထဲမှာ လှစ်ခနဲဝင်လိုက်တယ်။ အိမ်ခေါင်းရင်းက လက်လံတစ်လံကျော်ကျယ်တယ်လေ။ ဒါကြောင့် ခေါင်းရင်းဘက်ကနေ အိမ်အောက်ကို ဝင်လိုက်တယ်ဆရာ။ အပျိုကြီးတွေအိမ်အောက်က အမှိုက်မရှိဘူး။ သဲလေးတွေခင်းထားတယ်။ ကျွန်တော်က အပျိုကြီးတွေ အိပ်တဲ့အချိန်အထိ စိတ်ရှည်ရှည်စောင့်ရတော့မှာကိုး။

ဒါနဲ့ အိမ်ပေါ်မှာ ဘယ်သူတွေရှိသလဲလို့ နားစွင့်လိုက်တယ်။ ယောကျ်ားနှစ်ယောက်ရဲ့အသံကြားရတယ်။ ဒီလူနှစ်ယောက်ဟာ အပျိုကြီးတွေကိုလာပိုးတဲ့လူတွေဖြစ်လိမ့်မယ်။ကျွန်တော့်အလုပ်က ဒီလူနှစ်ယောက်ပြန်ပြီး အပျိုကြီးတွေ ပုတီးစိပ်ပြီးချိန်ကို စိတ်ရှည်ရှည်စောင့်ရတော့မှာပေါ့။ အဲဒီအချိန်မှာ အပျိုကြီး (၃) ဦးထဲက အငယ်မက စကားအထူးအဆန်းနဲ့စလာတယ်။ အဲဒီအငယ်မပြောတဲ့ဇာတ်လမ်းကို ကျွန်တော်က အိပ်ချိန်ထိစောင့်ရမယ့်လူဆိုတော့ သူ့ဇာတ်လမ်းကို နားထောင်ပြီး အချိန်ဖြုန်းရတော့မယ်လေ။

'ကျွန်မလေ အဲဒီအကြောင်းကို ပြောမယ်ပြောမယ်နဲ့ မပြောဖြစ်ဘူး။ ဒီညတော့ ကျွန်မတို့ ပထမနှစ်မှာ



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတွင်းပြဇာတ်ကို ပြောပြမယ်။ တက္ကသိုလ်မှာ ကျွန်မက Queen လေ။ ဒါကြောင့် ဘာပွဲလုပ်လုပ် ကျွန်မကပါလေစမြဲပဲ။ အဲဒီပြဇာတ်မှာ ကျွန်မက အဓိကသရုပ်ဆောင်နေရာက တာဝန်ယူရတာယ်။ ဘိန်းဖြူသုံးပြီးအသက်ဆုံးတဲ့ ဇာတ်လမ်းကို ပညာပေးသရုပ်ဆောင်ရမှာပါ။

ဇာတ်လမ်းထဲမှာ - ကျွန်မက ကျောင်းသူပဲ။အစ်ကိုကတော့ (၁၀)တန်းကို (၃) ကြိမ်ကျပြီး စိတ်လေနေတယ်။ အပေါင်းအသင်းမကောင်းတော့ ဆေးခြောက်ကတစ်ဆင့် ဘိန်းဖြူကိုစမ်းရင်းကစွဲသွားတယ်။ ဘိန်းဖြူဝယ်စရာမရှိတော့ ကျွန်မဆွဲကြိုးကိုခိုးသွားတယ်လေ။ ကျွန်မက အစ်ကိုကြီးလက်ချက်ဆိုတာ ရိပ်မိတော့ မိဘတွေမသိအောင် တိုးတိုးတိတ်တိတ်ခေါ်ပြီးပြောရတော့တာပေါ့။

အစ်ကိုကြီးရယ်၊ အမေက ဆွဲကြိုး ဘယ်မှာလဲလို့မေးရင် ညီမက ဘယ်လိုဖြေရမှာလဲ။ အမေကတစ်ဆင့် အဖေကြီးသိသွားရင် မလွယ်ဘူး။ အဖေကြီးကိုယ်တိုင် ရဲစခန်းသွားတိုင်မှာနော်။ အစ်ကိုကြီးက ဘိန်းဖြူအတွက်ပဲ ခေါင်းထဲမှာရှိတာကိုး။ မိဘတွေရဲ့စည်းစိမ်တွေကုန်အောင်ဖြုန်းတော့မလို့လား။ အစ်ကိုကြီးတစ်ယောက်တည်းဆိုးရုံတင်မဟုတ်ဘူး မိသားစု (၃) ဦးပါ ဘဝပျက်အောင်လုပ်နေပါလားဆိုပြီး ငိုပြီးပြောရမယ်ပေါ့။ ကျွန်မ အစ်ကိုကြီးက -

ညီမလေးရယ် ဒီတစ်ခါပြီးရင် အစ်ကိုကြီး ဆေးရုံတက်ဖြတ်ပါမယ်။ အခုအချိန်မှာ ဟိုကောင်တွေအစလုပ်ထားလို့ ရပ်လို့မရတော့ဘူး။ အဲဒါမထိုးရင် အစ်ကိုကြီးသေလိမ့်မယ်။ ဒါကြောင့် ဒီတစ်ကြိမ်သုံးပြီးတာနဲ့ ဆေးရုံတက်ပြီး ဖြတ်ဖို့ အစ်ကိုကြီး ကတိပေးပါတယ်လို့ သူကကတိတွေအထပ်ထပ်ပေးပြီး မှောင်ထဲကိုဝင်သွား၊ ကျွန်မက မျက်ရည်တွေသုတ်ပြီး ကျောင်းကို ဟန်မပျက်တက်သွားပေါ့။

ဒီလိုနဲ့ ညနေဘက် ကျောင်းက ပြန်လာချိန်မှာ အိမ်ပေါ်ကို လှမ်းအတက် အစ်ကိုကြီးက ခုတင်ပေါ်မှာမလှုပ်မယှက်နဲ့၊ အမေက ခုတင်ဘေးမှာငိုလို့။ အဖေကတော့ ကျွန်မကိုတစ်ချက်ကြည့်ပြီး စိတ်မကောင်းတာနဲ့ တစ်ဖက်လှည့်နေတယ်။ ကျွန်မက လွယ်အိတ်ပြုတ်ကျပြီး အဖြစ်ဆိုးလှချေလား အစ်ကိုကြီးရဲ့ဆိုပြီး ဖက်ငိုရမယ့်အခန်းကို သရုပ်ဆောင်ရမှာကိုး။

ကျွန်မပြောချင်တဲ့ဇာတ်လမ်း မှာ ဒီအခန်းက အရေးကြီးတာကို ပြောရဦးမယ်။ ကျွန်မတို့ပြဇာတ်မှာအလှုပြင်ပေးတဲ့ဆရာက တကယ်ပွဲနေ့မှာ မလာနိုင်ဘူး။ သူမလာနိုင်တော့ သူ့လက်ထောက်ကို လွှတ်ပေးလိုက်တယ်လေ။ ဒီဆရာလည်း ပြင်တာဆင်တာအားလုံး အိုကေပဲ။ မအိုကေတာဆိုလို့ တစ်ခုပဲလွဲနေတယ်။ အဲဒါက သေနေတဲ့အစ်ကိုရဲ့ အင်္ကျီရင်ဘတ်မှာ တေဇောဘမ်းသုတ်ရမယ့်ကိစ္စပဲ။ ပထမဆရာက သူစီစဉ်တာဆိုတော့ ဘာမှအမှားအယွင်းမရှိဘူး။ ဒုတိယဆရာက တေဇောဘမ်းကို ရင်ဘတ်နားမသုတ်ဘဲ ဗိုက်နားမှာသွားသုတ်ထားတယ်လေ။

ကျွန်မက ပထမ ငိုဖို့ဖက်ပြီး ရင်ဘတ်ပေါ် မျက်နှာမှောက်လိုက်တယ်။ တကယ်ဆိုရင် ရင်ဘတ်ကတေဇောဘမ်းဟာ မျက်စိနားပွတ်မိပြီး မျက်ရည်ကျအောင် ဖန်တီးထားတာပါ။ ရင်ဘတ်မှာ ဘာတေဇောဘမ်းမှမရှိတော့ ဘာမျက်ရည်မှမထွက်တော့ဘူး။ ဒါပေမယ့် ရင်ဘတ်ကို မှောက်စဉ်က တေဇောဘမ်းနံ့တော့ရပါတယ်ဆိုပြီး ဒုတိယအကြိမ်မှာ အနံ့ရှိရာရှာလိုက်တော့ ဗိုက်နားက အနံ့ရတယ်။ ဒီတော့ ဗိုက်ပေါ်ကို မျက်နှာမှောက်လိုက်ရတာပေါ့။

ဒီတော့ တေဇောဘမ်းက မျက်ခွံတွေပွတ်မိပြီး မျက်ရည်တွေကျရမှာကိုး။ ဒီအချိန်မှာ ဆလိုက်ကလည်း မျက်နှာကို အသားပေးပြီးထိုးထားတယ်။ ကျွန်မ မျက်နှာကိုဆလိုက်ထိုးထားတော့ အစ်ကိုကြီးအလောင်းလည်း ထင်းထင်းလင်းလင်းဖြစ်သွားတာပေါ့။ ကျွန်မဗိုက်ပေါ် မှောက်ပြီးငိုချိန်မှာ ဟီ ဟီ ဟီ ဟီဆိုပြီး အသံကို ခပ်အုပ်အုပ်ကြားလိုက်တယ်။ ဘယ်ကအသံလဲလို့ ခေါင်းကြီးသွားတာပေါ့။အစ်ကိုကြီးကြည့်လိုက်တော့ ပါးစပ်ကိုပိတ်မထားဘဲ သွားကြီးတွေစေ့ထားတယ်။ ဘာဖြစ်တယ်ဆိုတာကို ပထမ သဘောမပေါက်လိုက်ဘူး။

တကယ့်အဖြစ်က သူ့ဗိုက်ပေါ်ကို ကျွန်မမျက်နှာမှောက်မိတော့ ယားကျိကျိဖြစ်လို့ ကျိတ်ရယ်တာလို့ နောက်ပိုင်းမှသိရတယ်။ ကျွန်မတာဝန်က နောက်တစ်ကြိမ်မှောက်ပြီးငိုရဦးမှာကိုး။ စီစဉ်တဲ့ဒါရိုက်တာက ဒီလိုပဲညွှန်ကြားထားတော့ နောက်ဆုံးအကြိမ် ဗိုက်ပေါ်လည်း မှောက်လိုက်ရော သေချင်ယောင်ဆောင်ရတဲ့အစ်ကိုကြီးက မအောင့်နိုင်တော့ဘဲ ဟား ဟား ဟား ဟားနဲ့တွန့်လိမ်ပြီးရယ်ပါလေရော။ ဆလိုက်ကထိုးထားတော့ ကြည့်တဲ့ပရိသတ်က မသာကြီးက ရယ်တယ်တော့ဆိုပြီး အောက်ကလူတွေလည်း ထိန်းမနိုင်သိမ်းမရရယ်လိုက်ကြတာ အုံးတိုက်သွားတာပဲ။

ပိုပြီးဆိုးသွားတာက သေတဲ့လူအဖြစ် သရုပ်ဆောင်တဲ့ အစ်ကိုကြီးက သူ့ကိုလူတွေဝိုင်းရယ်လို့ရှက်ပါတယ်ဆိုပြီး ကန့်လန့်ကာနောက်ကို ပြေးလည်းဝင်ရော မသာကြီးကထပြေးတယ်ဟေ့ဆိုပြီး ရယ်လိုက်ကြတာ အရှိန်သတ်လို့မရဘဲ ပွဲပျက်သွားတာပေါ့'

ဒီအပျိုမက အမှုအရာလုပ်ပြီး ပြောပုံရတယ်။ ကျွန်တော်ဆိုတာ သူ့ဇာတ်လမ်းမှာမျောပြီးပါသွားတော့ ကျိတ်ပြီးရယ်ရသေးတယ်။ အဲဒီအချိန်မှာ အပျိုကြီးတွေလှူထားတဲ့သောက်ရေကို နှစ်ခွက်သောက်ထားလို့ ကန်တော့ပါရဲ့ဆရာ၊ အပေါ့သွားချင်ပါလေရော။

ကျွန်တော့်မှာ ဆီးကြိတ်ရောဂါရှိတယ်ဆရာ။ ဒါကြောင့် အပေါ့သွားချင်လာရင် ထိန်းထားလို့မရဘူး။ ပြီးတော့လည်း အိမ်အောက်မြေကြီးပေါ်မှာပဲ ကိစ္စမရှိပါဘူးဆိုပြီး ကန်တော့နော် ပေါက်လိုက်တာပေါ့ဆရာ။ ကျွန်တော် အစပိုင်းမှာပြောသလို အပျိုကြီးအိမ်အောက်က သဲတွေခင်းထားတာလေ။ ဆီးသွားတဲ့အခါ ရှဲရှဲရှဲရှဲနဲ့အသံမြည်ပါလေရော။ အပေါ်က အပျိုကြီးတွေက ခဏအသံရပ်သွားချိန်မှာ ရှဲရှဲရှဲရှဲက တော်တော်လေးအသံကျယ်တယ်ဆရာ။ ဇာတ်လမ်းပြောတဲ့ကလေးမက -

'မမကြီးရေ၊ မြွေလာတာလား မသိဘူး။ ရှဲရှဲရှဲရှဲအသံတွေကြားတယ်'

လို့ ပြောလိုက်တယ်။

အစ်မကြီးဖြစ်တဲ့သူက -

'နင့်ရှဲရှဲရှဲရှဲက တစ်နေရာတည်းမှာစုပြီးကြားနေရတာ။ မြွေဆိုရင် ခြေရင်းဘက်ဖြစ်ဖြစ်၊ ခေါင်းရင်းဘက်ဖြစ်ဖြစ် အသံပြောင်းပြီးကြားရမှာပေါ့'

လို့ ရှင်းပြနေတယ်။

အဲဒီအချိန်မှာ ကျွန်တော်က ကျိတ်ရယ်ထားတဲ့အရှိန်ရယ်၊ ကိုယ်ရဲ့ ရှဲရှဲရှဲရှဲကိုရပ်မရတာရယ် နှစ်မျိုးလည်း ဆုံပါလေရော ကန်တော့နော် ဘွတ်ဘွတ်ဆိုပြီး ဝမ်းပါထွက်သွားတယ်ဆရာ။ တစ်ခါလောက်ဆို တော်သေးတာပေါ့။ ဘွတ်ဘွတ်ဘွတ်ဘွတ်က စက်သေနတ်ပစ်သလို လေးငါးခါလောက်ထွက်သွားတယ်။

ဒီတစ်ခါတော့ မမကြီးကချက်ချင်း စိတ်ပေါက်တာပေါ့။ ဒါလူရဲ့အီးပေါက်တဲ့အသံ။ ကျွန်မတို့အိမ်အောက်မှာသူ



www.burmeseclassic.com

www.burmeseclassic.com

ရောက်နေတာ သေချာပြီ။ ကိုနိုင်ရေ လုပ်ပါဦးဆိုပြီး ဧည့်သည်ယောကျ်ား တစ်ယောက်ကို အကူအညီတောင်း လိုက်တယ်။ ဧည့်သည်က နှစ်ယောက်။ ဒီလူနှစ်ယောက်က လက်နှိပ်ဓာတ်မီး တဝင်းဝင်းနဲ့ အိမ်အောက်ဆင်းလာပြီး အိမ်အောက်ထဲကို လက်နှိပ်ဓာတ်မီးနဲ့ ထိုးလိုက်တော့ ကျွန်တော့်ကို မိတော့ တာပေါ့။

အဲဒီ ကိုနိုင်ဆိုတဲ့လူက စိတ်တိုပုံ ရတယ်။

'ဟေ့ကောင် မင်းထွက်မလာရင် တုတ်နဲ့ထိုးမှာနော်။ မင်းအသားတွေကွဲ ပြဲမသွားချင်ရင် မြန်မြန်ထွက်လာခဲ့'

လို့ ခေါ်တယ်ဆရာ။ ကျွန်တော် အပြင်ရောက်တယ်ဆိုရင်ပဲ အဲဒီကိုနိုင် ဆိုတဲ့လူက ဖနောင့်တွေ၊ ဒူးတွေ၊ လက် သီးတွေကျွေးလိုက်တာ တစ်ခါတည်း မြေပေါ်ကို ဝမ်းလျားမှောက်သွားတယ်။ အငယ်မက အစ်ကိုလွှန်မယ်နော်၊ သူ့ အပြစ်ကနေ ကိုယ့်အပြစ်ဖြစ်နေပါဦး မယ်။ ကြိုးသာတုပ်လိုက်ပါလို့ပြောတယ် ဗျ။ ကြိုးတုပ်ပြီးခြံဝထွက်ရုံရှိသေး ပတ်တ ရောင်နဲ့တွေ့ပြီး အခုလို စခန်းရောက် လာတာပါ ဆရာ။

ကျွန်တော့်အဖြစ်က ဒန်အိုးလေး တစ်လုံးခိုးဖို့ (၅) ရက်တောင်လှေ့လာပြီး မှ စနစ်တကျလုပ်တာပါ။ ကျွန်တော့် ကောင်တွေပြောတာ သွေးထွက်အောင် မှန်တာပဲ။ ဒီအပျိုကြီးတွေအိမ်ကို ခိုးလို့ မရတာ ကျွန်တော်ကတော့ လက်တွေ့ ပဲ။ နောက်ဆိုရင် ဘုရားဂါထာတွေကို မစမ်းရဲတော့ပါဘူး။ ဒီကောင်တွေက ကိုယ်ဖြစ်ရင်ကိုယ်ခံဆိုတော့ ဒီကောင် တွေကို အကူအညီမတောင်းရဲတော့ဘူး။ ဒီကောင်တွေကလည်း အပြစ်ကိုယ်စီနဲ့ ဆိုတော့ ရဲစခန်းဆိုရင် ဝေးဝေးက ရှောင်ကြတယ်လေ။ ဆရာကျွန်တော့်ကို တကယ်လွတ်အောင် ဆောင်ရွက်ပေး မှာလား"

ထိုလူက သူ့အားလွတ်ပေးမည်ဟု အပြောကို သိပ်ယုံကြည်ပုံမပေါ်။ မယုံ တာလည်း အပြစ်တင်လို့မရ။ ကျွန်တော် က ရှေ့နေတစ်ယောက်ကိုး။ စခန်းမှာ ရှိတဲ့အချုပ်သားကို စခန်းမှူးကြီး လွှတ် ပေးမယ်ဆိုရင်တော့ ဒီကောင်ယုံမှာပါ။ ကျွန်တော်ကလည်း အကြောင်းတစ်ခုရှိ လို့ ဒီလိုရဲရဲတင်းတင်းပြောရဲတာပါ။ ကျွန်တော်က သူတို့ပြောနေကျစကား အတိုင်း -

"ခြော်-မင်းက ငါ့ကိုမယုံသလို ယုံသလိုဖြစ်နေတယ်ပေါ့။ ကဲ - ငါက ထပ်ပြီးပြောလိုက်ဦးမယ်။ မင်းမနက်ဖြန် မှာလွှတ်ရမယ်ကွာ။ လွှတ်၊ မလွှတ်လောင်း ဦးမလား"

"ဟာ - ဒီလိုတော့မလောင်းရဲ တော့ပါဘူး။ တစ်ခါလေးအလောင်းအ စားလုပ်မိပါတယ်။ အာလူးသီးတွေထွက် တာမနည်းဘူး။ ကျွန်တော့်ဘက်က ဘာ တွေဆောင်ရွက်ဖို့ရှိသေးလဲ"

"အေး-လုပ်စရာတော့ရှိတယ်ကွ။ ခတ်တူနံ့တူဆေးကိုယူ ဆိုတဲ့စကားကို မင်းကြားဖူးမှာပေါ့။ အခု မင်းခံလိုက်ရ တာက သဗ္ဗဇယမင်္ဂလာဂါထာတော်ကို မယုံလို့သွားပြီးစမ်းမိတာကိုး။ ခတ်တူ ဆိုတာ ဥပမာကွာ ကြက်သားစားလို့ နေမကောင်းရင် ကြက်ဥကိုပြန်ပြီးစားရ တာမျိုး၊ ဝက်သားစားလို့နေမကောင်းရင် ဝက်အူကို ဟင်းအဖြစ်စားရတာမျိုး၊ နွားသားစားလို့ နေမကောင်းရင် နွားနို့တိုက် လိုက်မှကောင်းသွားတာမျိုး ကြားဖူး လား"

"နည်းနည်းတော့ ကြားဖူးသလိုရှိ သား။ ကျွန်တော့်အဖြစ်နဲ့ ခတ်တူနံ့တူ က ဘယ်လိုပတ်သက်နေလဲ ဆရာ"

"ဒီလိုကွ၊ မင်းသိတဲ့ဂါထာက ဒိဝါတပတိဂါထာပေါ့။ ဒီဂါထာရဲ့အဆုံး ပိုဒ်မှာ ထိုကဲ့သို့ အစဉ်အမြဲတင့်တယ် တော်မူသောဘုရားရှင်အား ရှိခိုးပူဇော် ရတဲ့အတွက် ကျွန်ုပ်မှာ အခါခပ်သိမ်း လိုအင်ဆန္ဒမှန်သမျှပြည့်စုံပါစေသတည်း လို့ အဓိပ္ပာယ်ရတဲ့ဂါထာနဲ့ အဆုံးသတ် ထားတယ်။ ဟုတ်တယ်နော်။

အေး-ဟိုအပျိုကြီးတွေက လာဘ် လာဘကို ဆုမတောင်းဘဲ သူတို့အိမ် ကလေးကို ရန်သူမျိုးငါးပါးဘေးကကင်း ဝေးရပါလို၏လို့ဆုတောင်းရှိပါလိမ့်မယ်။ သူတို့တောင်းတဲ့ဆု ပြည့်၊ မပြည့် မင်းက လက်တွေ့ကြုံပြီးပါပြီ။ အထူးပြောစရာ မလိုတော့ပါဘူး။ အခု မင်းလည်း ဒီဂါထာ ကို စမ်းသပ်မိလို့ အချုပ်ထဲရောက်နေပြီ။ ဒီအချုပ်အနှောင်ကလွတ်ချင်ရင် မင်းသိ ထားတဲ့ ဒိဝါတပတိဂါထာကိုပဲ အကြိမ် တစ်ထောင်ရွတ်ရမယ်။ အကြိမ် (၁၀၀) ပြည့်ရင် တစ်ခါဆုတောင်းပေါ့။

"ဆရာ၊ ကျွန်တော့်မှာ ပုတီးမှမရှိ တာ ဘာနဲ့စိပ်ရမှာလဲ"

"ဟေ့ကောင်၊ ပုတီးမရှိလည်းရပါ တယ်ကွ။ လက်ဆယ်ချောင်းနဲ့မှတ်ပြီး (၁၀) ခါဆို။ (၁၀) ကြိမ်ပြည့်ရင် လက် သန်းကိုချိုးပြီးမှတ်။ နောက် (၁၀) ကြိမ် ပြီးတော့ လက်သူကြွယ်၊ နောက်လက် ခလယ်၊ လက်ညှိုး၊ လက်မ ဘယ်၊ ညာ ဆိုရင် အကြိမ် (၁၀၀) ရပါတယ်ကွ။ အကြိမ်(၁၀၀)ပြည့်ရင် မင်းကဒီလိုသစ္စာ ဆိုလိုက်။

ကျွန်ုပ်သည် အပျိုကြီးအိမ်က မည်သည့်ပစ္စည်းမျှမယူခဲ့ပါ။ အခုသဗ္ဗ ဇယမင်္ဂလာဂါထာတော်ကို အကြိမ် (၁၀၀) ပြည့်အောင်ရွတ်ဆိုပြီးပါပြီ။ ဤ စကားမှန်ပါက ယခုအချုပ်အနှောင်မှ လွတ်မြောက်ရပါလို၏ဘုရားလို့ စိတ်ထဲ ကနေ ယုံယုံကြည်ကြည် ဆုတောင်း။ မင်းကို ဒီဂါထာတော်ကပဲလွတ်အောင် ဖန်တီးပေးပါလိမ့်မယ်။ မင်းမယုံဘူးဆို ရင် ယိုးဒယားဆိုင်ကယ်တစ်စီးကြေး လောင်းမယ်ကွာ"

"အမလေး- မလောင်းရဲတော့ပါ ဘူး။ ဆရာအကြံပေးသလိုလုပ်ပါ့မယ်။ မနက်ပိုင်း ဆရာလာဦးမှာလား"

"ဟ - ငါကိုယ်တိုင်အကြံပေးတဲ့ ကိစ္စပဲ။ မင်းလွတ်တာကိုငါလာကြည့်မှာ ပေါ့"

"ဆရာ၊ ဒီလောက်အာမခံနေရင် ကျွန်တော့်ဘက်က အကြိမ်(၁၀၀၀)ပြည့် အောင် ရွတ်ပါတော့မယ် ဆရာ"

ထိုစကားပြောဆိုပြီး ကျွန်တော် က စခန်းမှထွက်လာခဲ့ပါတယ်။ ဒီလို အာမခံရဲတယ်ဆိုတာ ကျွန်တော့်မှာ လည်း ခိုင်လုံတဲ့အကြောင်းလေးတစ်ခု ကရှိတာကိုး။ ကျွန်တော် စခန်းလာတုန်း မှာ ဒီကောင့်ကိုထိုးခဲ့တဲ့ ကိုနိုင်ဆိုတဲ့လူ နဲ့ လမ်းမှာဆုံတယ်လေ။ ကိုနိုင်က ည ဘက်က ထိုးကြိတ်တာ လက်လွန်သွား ကြောင်း၊ စခန်းကိုသွားရင် ကြည့်ခဲ့ဖို့ အကြောင်း၊ အပျိုကြီးတွေက သူတို့အိမ် က ဘာပစ္စည်းမှမပါလို့ တရားရုံးလည်း မတက်ချင်ကြောင်း၊ မနက်ဖြန်မှာ အမှု သွားပြီးပိတ်ရဦးမယ့်အကြောင်းတွေကို ကျွန်တော်ကသိထားတဲ့လူကိုး။

အခုအချိန်လောက်ဆို ဒီကောင် လက်ချိုးပြီး သဗ္ဗဇယမင်္ဂလာဂါထာ တော်ကြီးကို ရွတ်ဆိုနေလောက်ပါပြီ။ မနက်ရောက်လို့ ကိုနိုင်အမှုပိတ်လိုက် ရင်တော့ သဗ္ဗဇယမင်္ဂလာဂါထာတော် ဟာ ဒီလူအသည်းမှာစွဲစွဲမြဲမြဲယုံကြည် နေမှာမလွဲပါဘူး။

ဒီဂါထာတော်ကိုသိချင်ရင် သူရဋ္ဌ မဂ္ဂဇင်းရဲ့ပထမစာရွက်မှာ စာလုံးထင်း ထင်းနဲ့ရိုက်နှိပ်ထားတာကို ကြည့်လိုက် ပါ။ လူသားတွေကောင်းကျိုးအတွက် စာအုပ်တိုင်းမှာ ထည့်ပေးထားပါတယ်။


လူသားတိုင်း လိုအင်ဆန္ဒတွေ ပြည့်ဝကြပါစေ။

စိုးထွန်း(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com



ကိုရွှေမြသန်း(သမိုင်း)

# ရဟန္တာအရှင်အရဟံ၏ အန္တရာယ်လည်းကင်း ဥစ္စာလည်းကြွယ်တဲ့ ဂါထာမန္တန်

မိမိနေထိုင်ရာ ဝါးဖြူကုန်းတောရသို့ မိတ်ဆွေသူငယ်ချင်း အပေါင်းရောအသစ်ပါ ခဏခဏရောက်လာတတ်ကြ၏။ငြိမ်းအေးချမ်းမြ၍ဟုဆိုကြသည်။ ထိုသို့ လာကြသူများထဲတွင် အငြိမ်းစားတ်များသူများအလာကျဲပြီး အပူစာတ်များသူများသာ အလာစိပ်ကြ၏။ သူတို့၏ အပူစာတ်များကို ရက်ပိုင်းမျှ ခဏတစ်ဖြုတ် လာရောက်ငြိမ်းစေခြင်းမျှသာ။

ခဏလာနား ငှက်ငယ်များကဲ့သို့ အပြန်တွင် ငြိမ်းစေမည့်နည်းလမ်းများ၊ အဆင်ပြေစေမည့်နည်းလမ်းများတောင်းသွားတတ်ကြသေး၏။ ဤသို့ဤနှယ် တောင်းလေ့ရှိကြသဖြင့် မိမိလည်း တတ်သရွေ့၊ မြင်သရွေ့၊ သိသရွေ့ လမ်းညွှန်ရတာမျိုးရှိခဲ့သလို ရှာဖွေစုဆောင်းလေ့လာ မှတ်သားထားသည့် နည်းလမ်းကောင်းများကို လမ်းညွှန်လိုက်ရတာလည်းရှိ၏။ ကမ်းဆင့်ဆက်သီမျှဝေခြင်းမျှသာ။

ယခုလည်း ကမ်းဆင့်ဆက်သီမျှဝေခဲ့သည်များထဲမှ ရဟန္တာအရှင်အရဟံ၏ ရန်စူးရန်ငြောင့် အနှောင့်အယှက်ဘေးဒုက္ခအန္တရာယ်တို့မှ ကင်းဝေးစေနိုင်သည့် ကိုယ်စိတ်နှစ်ပါးချမ်းသာဥစ္စာပေါကြွယ်စေနိုင်သည့် ဂါထာမန္တန်ကို စာဆင့်ကမ်းလိုက်ပါ၏။

❑

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် ရှင်အရဟံ၏ လမ်းညွှန်မှုဖြင့် ပုဂံသာသနာစည်ပင်ပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ အရှင်အရဟံကား အရိမဒ္ဒနာ ပုဂံပြည်နှင့် မြန်မာနိုင်ငံအား ပထမဆုံး ဗုဒ္ဓမြတ်စွာသာသနာတော်အား ကြည်ညို ကိုင်းရှိုင်းလာစေရန် ဆောင်ရွက်ပေးခဲ့သော သာသနာပြုပုဂ္ဂိုလ် ဖြစ်သည်။ မြတ်စွာဘုရားရှင်၏ သာသနာတော် အစွန့်ရှည်စွာ အစဉ်သဖြင့် စည်ပင် ထွန်းကားရန်အတွက် သာသနာတော် (၃) ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

သထုံပြည်မှ မနူဟာမင်းနှင့်တကွ ဓာတ်တော်မွေတော်များ၊ ပိဋကတ်တော်များ၊ အရိယာသံဃာတော်များကို ပုဂံပြည်သို့ ပင့်ဆောင်၍ သာသနာတော်ပြန့်ပွားအောင် စွမ်းဆောင်ခဲ့သူ ဖြစ်သည်။ မင်းနှင့် ပြည်သူအပေါင်းတို့ကား ဗုဒ္ဓ၏ အဆုံးအမတရားတော်ကို သက်ဝင်ယုံကြည်ကြသလို ကိုးကွယ်နေကြပြီ ဖြစ်သည်။ မမွန္တရာယ်ဖြစ်သော တန္တရအယူဝါဒနှင့် အရည်းကြီးများလည်း ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။ စစ်မှန်သော ထေရဝါဒသာသနာထွန်းကားရေးအတွက် အရည်းကြီးတို့အားသုတ်သင်ရှင်းလင်းရသည်မှာ လွယ်ကူလှသည်တော့ မဟုတ်ပေ။ ထို့ကြောင့်လည်း ရဟန္တာအရှင်အရဟံမထေရ်မြတ်က အနော်ရထာမင်းကြီးအား အောက်ပါထူးခြား ထက်မြက် အစွမ်းထက်သည့် ဂါထာမန္တန်ကိုပေးသနားတော်မူခဲ့သည်။

❑ သနန္တ ဂုဏာ သမ္ဗန္နံ
နဝဂုဏောဟိ ဥက္ကဋ္ဌံ။
သဗ္ဗညု ဗုဒ္ဓေ စေတီယံ
အဟံ နမာမိ သဗ္ဗဒါ။ ။

**အနန္တ ဂုဏ သမ္ဗန္နံ** - အဆုံးမရှိသော ဂုဏ်တော်ဗုံးဗူးညဏ်တော်အထူးနှင့် ပြည့်စုံသော၊ **နဝဂုဏောဟိ**-အရဟံအစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ **ဥက္ကဋ္ဌံ** - ထူးမြတ်သော၊ **သဗ္ဗညု** - ဥေ ယျမ်တရားအပေါင်းနှင့် ပြည့်စုံတော်မူသော၊ **ဗုဒ္ဓံ** - သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား၍ သိမြင်တော်မူသော မြတ်စွာဘုရားရှင်၏၊ **စေတီယံ** - ဓာတုပရိဘောဂ ဥဒ္ဒိဿမြေ ဟုဆိုအပ်သောစေတီတော်တို့ကို၊ **အဟံ**- အကျွန်ုပ်သည်၊ **သဗ္ဗဒါ** - အခါခပ်သိမ်း၊ **နမာမိ** - ရှိခိုးပါ၏။

ရှင်အရဟံပေးသော ဂါထာတော်အား အနော်ရထာမင်းကြီးသည် နေ့စဉ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့ပါသည်။ ထို့ကြောင့်လည်း ဘေးမသီရန်မခဘဲ သာသနာတော်ကြီးကို ပြုစုနိုင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာရာဇဝင်သမိုင်းတွင် ပထမမြန်မာနိုင်ငံတော်ကြီးကို အောင်မြင်စွာ တည်ဆောက်နိုင်သည့် ဘုရင်အဖြစ်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ဤဂါထာမန္တန်တော်အား နေ့စဉ်ကိုးကွယ် ရွတ်ဖတ်ပါက ရန်စူးရန်ငြောင့် အနှောင့်အယှက် ဘေးဒုက္ခအန္တရာယ်တို့မှ ကင်းဝေးစေနိုင်သလို ကိုယ်စိတ်နှစ်ပါးချမ်းသာ ဥစ္စာဓန ပေါကြွယ်ဝစေနိုင်ပါသည်။ ပုဂံသာသနာတော်ကြီးကို တည်ထောင်ခဲ့သည့် ရဟန္တာအရှင်အရဟံ၏ ဂါထာမန္တန်ဖြစ်သည့်အလျောက် ထူးခြားမှန်မြတ်သည့် သိဒ္ဓိစွမ်းအားများ ရရှိစေမည်ဟုလည်း နန်းစဉ်ပုရပိုက်ဖြူမှတ်တမ်းများ၊ ရှေးကျမ်းဟောင်းများမှ ညွှန်းဆိုထားပါကြောင်းကို ဆိုစကားပြုရင်းဖြင့် . . .။

*ကျန်းမာချမ်းသာကြပါစေ*

ကိုရွှေမြသန်း (သမိုင်း)

**မှီငြမ်း** -

ရှေးမြန်မာမင်းများ ဆန်းကြယ်ဖြစ်ရပ်ထူးဆန်းအိပ်မက်သိဒ္ဓိမြောက်ဂါထာမန္တန်များ
(နန်းကြော့သျှင်)

www.burmeseclassic.com

www.burmeseclassic.com

၁၈-၃-၂၀၁၀ ပြည့်နေ့။ ၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်နေ့။


ကျွန်တော်သည် ထိုနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်ကျေးရွာတွင် ရောက်ရှိနေသည်။ ထိုရွာတွင် သီတဂူဆရာတော်ကြီးက ဆေးရုံဖွင့်ပွဲကျင်းပရာသို့ ရောက်ရှိနေခြင်းဖြစ်ပါသည်။ ထိုဖွင့်ပွဲသို့ ရန်ကုန်မှ စာရေးဆရာကြီး မင်းယုဝေ၊ မောင်ရွှန်းသစ်၊ ခင်ဇ(စက်မှု)၊ သန်းဝင်းရှိန်၊ S.Sခင်မောင်အေး၊ သီရိမင်္ဂလာဈေးမှ ဦးကျော်ဆွေတို့တက်ရောက်ကြသည်။ ကျွန်တော့်ကို အဖေ စာရေးဆရာကြီး ဦးရန်အောင် ပြောပြခဲ့သော ဆားတောင်ဆရာတော်ဘုရားကြီးသမိုင်းကို ပြန်ပြောင်းသတိရလာပါသည်။

ဆားတောင်ဆရာတော်ကြီးသည် သက်တော် (၃၀) မှာ ရဟန္တာဖြစ်တော်မူပါသည်။ သက်တော် (၈၃) မှာ ခန္ဓာဝန်ချတော်မူပါသည်။ ပရိနိဗ္ဗာန်ပြုတော်မူပါသည်။ ရဟန္တာဖြစ်တော်မူသော နှစ်ပေါင်း (၅၀) ကျော် ကာလပတ်လုံး

# တင်အောင်(စက်မှုတက္ကသိုလ်)

# ဆားတောင်ဆရာတော်ဘုရားကြီး

## အမှတ်တရ




မဖူးလိုက်ရတာနာသည်ဟု ဟိုနေရာဒီနေရာမှာပြော၍နေကြသောကြောင့် လိုက်လံမေးမြန်းစုံစမ်းကြသော ဆရာတော်ကြီးဖြစ်ပါသည်။

ဆားတောင်ကျောင်းတိုက်သည် ကသဲကုန်းကျေးရွာတွင် တည်ရှိပါသည်။ ထိုသို့ရှိသော်ငြား ကသဲကုန်းသွားမည် မပြော၊ ဆားတောင်သွားမည်ဟုသာ ပြောကြသည်။ ဆရာတော်ဘုရားကြီး၏ ဆားတောင်ပဋိပတ္တိကျောင်းတိုက်ကြီးကို အစွဲပြုပြီး ထိုသို့ပြောကြခြင်းဖြစ်ပါသည်။

ဆားတောင်ဆရာတော်ဘုရားကြီး အလောင်းအလျာကို စစ်ကိုင်းတိုင်းဒေသကြီး ဆားတောင်ကျေးရွာအုပ်စု သင်တွဲရွာတွင် အဘ ဦးငွေဒင်၊ အမိ ဒေါ်ပြောင်းမယ်တို့မှ ၁၂၈၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့ နေ့လယ် (၂) နာရီအချိန်တွင် မွေးဖွားသန့်စင်သည်။ မန္တလေးနှင့် ရွှေဘိုကားလမ်းရှိ ဆားတောင်မငါးရွာ၊ မုဋ္ဌောလေးဆူ၊ ဘူးကန်လေးဆင့်၊ ရွှေယင်ဆည်ဘုရားတို့နှင့် သာယာအေးချမ်းသော ဆားတောင်ရွာသည် ဆရာတော်ဘုရားကြီး၏ ရွှေချက်တော်သိုရာဇာတိဖြစ်ပါသည်။

### ▫ထူးဆန်းသောအိပ်မက်

ဆရာတော်လောင်းလျာပဋိသန္ဓေနေအုံဆဲဆဲတွင် အမိဒေါ်ပြောင်းမယ်၌ ထူးခြားသောအိပ်မက် မြင်မက်ခဲ့သည်မှာ-

တစ်ခုသော နံနက်အရုဏ်တက်ချိန်တွင် အမိဒေါ်ပြောင်းမယ်ထံသို့ ဆင်မကြီးနှင့် ဆင်ထီးလေးတစ်ကောင် ရောက်လာခဲ့သည်။

ဆင်မကြီးက -

"သား၊ ပြန်ကြစို့ရဲ့"

ဟု ဆင်ထီးလေးကိုခေါ်ရာ ဆင်ထီးလေးက -

"ပြန်မလိုက်နိုင်တော့ဘူး၊ ကျုပ်ဒီမှာပဲ နေခဲ့တော့မယ်"

ဟု ပြောပြီး မိခင်ဒေါ်ပြောင်းမယ်၏ လက်ယာနံပါးမှဖောက်လျက် ဝမ်းကြာတိုက်မှာဝင်နေခဲ့သည်ဟု အိပ်မက်မြင်မက်ခဲ့သည်။ ထို့နောက် နတ်သားတစ်ပါးရောက်လာပြီး ဝမ်းကြာတိုက်အတွင်းသို့ ပတ္တမြားသွတ်သွင်းလိုက်သည်ဟုဆိုကာ ပျောက်ကွယ်သွားပုံ အိပ်မက်မြင်မက်ပြန်သည်။ ထိုအိပ်မက်များမြင်မက်ပြီးနောက် ဆရာတော် အလောင်းအလျာကို ပဋိသန္ဓေတည်ခဲ့ပါ



www.burmeseclassic.com

www.burmeseclassic.com


ဆားတောင်ဆရာတော်ဘုရားကြီး သက်တော် ၃၀ အရွယ်က ရိုက်ကူးထားသောပုံ


ဆားတောင်ဆရာတော်ဘုရားကြီးထံမှ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးသန့်နှင့် စာရေးဆရာမကြီး ဒေါ်ခင်မျိုးချစ်တို့ ဩဝါဒခံယူနေပုံ

သည်။

ဆရာတော်လောင်းလျာ မွေးဖွားလာသောအခါ 'မောင်လတ်' ဟု မှည့်ခေါ်သည်။ မိဘများမှာ ဆင်းရဲချို့တဲ့သဖြင့် မောင်လတ်၏ငယ်ဘဝမှာလည်း ကြမ်းတမ်းခဲ့ပါသည်။ မိဘများ၏ လယ်ယာလုပ်ငန်းခွင်ဝင်ကူညီခဲ့ရသည်။ နွားကျောင်းခဲ့ရသည်။ ငယ်စဉ်က သင်းတွဲရွာ မြူနီစပယ်မူလတန်းကျောင်း ဆရာကြီး ဦးစံတင်ထံတွင် (၃) တန်းအထိ ပညာသင်ကြားခဲ့ပြီးနောက် မောင်လတ် (၈)နှစ်သားအရွယ်ရောက်သော် သင်းတွဲရွာထိပ်ရှိ ကြာကန်ဆရာတော်ဘုရားထံ ပညာသင်ကြားရန် အပ်နှံသည်။ (၁၂) နှစ်သားအရွယ်တွင် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟဖြင့် ကြာကန်ဆရာတော်အား ဉပဇ္ဈာယ်ပြု၍ သာမဏေဝတ်သည်။ သာမဏေနှစ်ဝါအရတွင် အခွင့်မသာတော့၍ လူထွက်ရပြန်သည်။ မိဘများနှင့်အတူ မိုးရိုးဖလာတောင်သူဘဝဖြင့် လုပ်ကိုင်နေထိုင်ရသည်။ ပေါင်းသင်၊ ဂျုံရိတ် အစရှိသည့် အရွယ်နှင့်မမျှသော လုပ်ငန်းများကို အချိန်မလပ် လုပ်ကိုင်သည်။ မိဘများစိတ်ချမ်းသာမှုဖြစ်စေရန် မညည်းမညူ ကူညီလုပ်ကိုင်ပေးရသည်။

(၁၅) နှစ်သားအရွယ်တွင် ဆားတောင်ရွာ မစိုးရိမ်ကျောင်းတိုက်ဆရာတော် ဦးဇဋိလထံတွင် သာမဏေဝတ်ပြန်သည်။ မစိုးရိမ်တောကျောင်းနှင့် မန္တလေးတောင် ပြင်ပခန်းကျောင်း၌ စာဝါလိုက်ခဲ့ပြီး (၁၇) နှစ်အရွယ်တွင် ပထမငယ်တန်းကို အောင်မြင်ခဲ့သည်။ အသက် (၂၀) ပြည့်သောအခါ မြင့်မြတ်သော ရဟန်းဘဝသို့ ကူးပြောင်းရန် ဆုံးဖြတ်ပြီး ဖခင်ကြီးထံ ရဟန်းခံပေးရန် ခွင့်ပန်ပြောကြားခဲ့သည်။ထို့နောက် မိဘများ၏ ပစ္စယာနုဂ္ဂဟဖြင့် ဆားတောင်ရွာ ရွာဦးကျောင်းဆရာတော် ဦးတေဇကို ဉပဇ္ဈာယ်ပြုကာ (၂၂ - ၆ - ၁၉၄၅)၊ ၁၃၀၇ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ နံနက် (၈) နာရီတွင် မြင့်မြတ်သောရဟန်းဘဝသို့ ရောက်တော်မူခဲ့သည်။ ဘွဲ့တော်မှာ အရှင်ပညာဏိကဖြစ်ပါသည်။

လိုချင်တောင့်တလှသော ရဟန်းဘဝကိုရခဲ့သော်လည်း ရဟန်းဘဝရပြီး မကြာမီမှာပင် ကျန်းမာရေးချူချာခြင်းနှင့် ကြုံရလေသည်။ ထို့ကြောင့် စာပေပရိယတ္တိကို ဆန္ဒရှိသလောက် မသင်ကြားနိုင်ချေ။ ဝိနည်းတော်ကို ရိုသေလေးမြတ်ခြင်းဖြင့်သာလျှင် ရဟန်းဘဝရှင်သန်ခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com

သည်။ ဤအတောအတွင်း (၁၃-၂-၁၉၅၃)၊ ၁၃၁၄ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်နေ့တွင် မယ်တော် ဒေါ်ပြောင်းမယ် ကွယ်လွန်ခဲ့သည်။ ၁၃၁၆ ခုနှစ်ရောက်၍ စာဝါများသင်ကြားနေစဉ် ရဟန်း (၉) ဝါအရ ပရိယတ္တိအရှိန်ရပ်တန့်ရန်ဘဝအကြောင်းဖန်လာခဲ့ပြီး ခြေတရွတ်ဆွဲရောဂါဖြစ်ပေါ်ခဲ့သည်။ ဝေဒနာကိုကြိတ်မှိတ်၍ခံခဲ့ရသည်မှာ စာဝါများပင်မလိုက်နိုင်တော့ချေ။ ခြေတရွတ်ဆွဲရောဂါကလည်း ပြင်းထန်လာရာ စာပေပရိယတ္တိနှင့် တဖြည်းဖြည်းဝေးကွာလာတော့သည်။ စာဝါများဆက်မလိုက်နိုင်တော့ဘဲ ဝေဒနာနှိပ်စက်မှုကြောင့် စာဆက်သင်ရန် မဖြစ်နိုင်တော့သဖြင့် ပရိယတ္တိမှ ပဋိပတ္တိသို့ပြောင်း၍ကြိုးစားရန်ဆရာတော်စဉ်းစားရတော့သည်။

ဤတွင် အရှုံးထဲက အမြတ်ဟုဆိုရသကဲ့သို့ စာမသင်နိုင်လျှင် ကျင့်ကြံအားထုတ်တော့မည်။ ပဋိပတ္တိသာသနာတော်အားဖြင့် ရဟန်းဘဝ၏ အဓိပ္ပာယ်ကို ဖြည့်တင်းပါတော့မည်။ ဦးပြုံးချို၏ မှတ်တွန်းချက်အရ (၁၆-၇-၁၉၅၄) ၁၃၁၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှစ၍ မြင်းခြံမြို့ စွန်းလွန်းဂူကျောင်းဆရာတော်ဘုရားကြီး၏ ထေရုပတ္တိနှင့် ကျင့်စဉ်များကိုကြည့်ရှု၍လည်းကောင်း၊ မဟာဗောဓိရိပ်သာကျင့်စဉ်နည်းကိုကြည့်ရှုလေ့လာ၍လည်းကောင်း ကြိုးစားကျင့်ကြံအားထုတ်တော်မူသည်။ စာအုပ်တစ်အုပ်၏တန်ဖိုးသည် ငွေတန်ဖိုးမဟုတ်ပါ။ စိတ်ဓာတ်တန်ဖိုးဖြစ်သည်။ ပါရမီတန်ဖိုးဖြစ်သည်။ စွန်းလွန်းဆရာတော်ဘုရား၏ ထေရုပတ္တိနှင့်ကျင့်စဉ်စာအုပ်ကို ဖတ်ရှုပြီး ထိုသို့ကြိုးစားလျှင်ဖြစ်နိုင်သည်ကို ဖတ်ရင်းဖတ်ရင်း သိရှိအားတက်လာခဲ့သည်။ မဖြစ်မနေကြိုးစားမည်ဟု သန္နိဋ္ဌာန်ချကာ ကြိုးစားအားထုတ်တော့သည်။

## ဆရာတော်၏နည်း

ညနေ (၆) နာရီမှစ၍ ဣရိယာပုထ် လုံးဝမပြောင်းလဲဘဲ တစ်စပ်တည်းအတိကပ်အောင်ကြိုးစား၍ နောက်တစ်နေ့ နံနက် (၆) နာရီအထိ အားထုတ်တော်မူသည်။ ပထမသမာဓိဖြစ်သောအာနပါနနည်းဖြင့် (၁၀) ရက်တိုင်တိုင်အားထုတ်တော်မူပြီး ဝိပဿနာတရားကို ကူးပြောင်း၍ အားထုတ်တော်မူသည်။

သမာဓိတရား ပြည့်စုံသည်နှင့် နှာသီးဖျားမှ ထိသိနေရာမှ မှတ်သိစိတ်လေးကို ဦးခေါင်းအလယ်ဗဟိုဖြစ်သော ငယ်ထိပ်ပေါ်သို့ပြောင်းကာရှုမှတ်လျက်ဖြစ်ပျက်သဘောကို ဆင်ခြင်သည်။ ငယ်ထိပ်မှနေရှုမှတ်ရင်း ခန္ဓာကိုယ်တစ်ခုလုံးခြေဖျားသို့ကျအောင် ခြေဖျားမှ ဆံဖျားသို့ အပြန်ပြန်အလှန်လှန် အထက်၊ အောက် ဖြစ်-ပျက်သဘောနှင့် ဝိပဿနာတရားကို ကူးပြောင်းလျက် နေ့၊ ညမပြတ် တရစပ် အားထုတ်လေသည်။ ဆားတောင်ဆရာတော်အလောင်းလျာသည် အသက်ကို ဘုရားထံမှာ စွန့်လွှတ်လှူဒါန်းလျက် စွန်းလွန်းဆရာတော်ဘုရားကြီးကဲ့သို့ပင် ဝီရိယကိုဗိုလ်တင်၍ အရိုးကြေကြေ၊ အရေခန်းခန်း၊ မလျှော့တမ်းဖွဲ့ လုံ့လ၊ ဝီရိယဖြင့် တရားမရလျှင်မနေဟူသော သတ္တိထူးဖြင့် အသက်ကိုပဓာနမထားဘဲ ကမ္မဋ္ဌာန်းတရားကိုတစ်ရက်မှမလစ်လပ်စေရဘဲ အားထုတ်ပါသည်။ ဆရာတော်ဘုရားသည် ထိုင်ရင်းနှင့် အားထုတ်သည်မှာ လဲကျသွားသည့်တိုင်အောင် တရားမပြတ်ချေ။ ဆရာတော်ကြီးကိုယ်တိုင်ပြောကြားချက်မှာ -

"အင်း - အားထုတ်တာကတော့ နေ့မှာတော့ အမှတ်နဲ့ပဲနေတာများပါတယ်။ ကလေးတွေကို စာပြရတာ (ရဟန်းငယ်၊ သာမဏေငယ်များအတွက် ပရိယတ္တိတာဝန်ထမ်းဆောင်ခြင်း) ပြီးတဲ့အချိန် ညမှာတော့ (၆) နာရီခွဲ (၇) နာရီလောက်ကနေပြီး တင်ပျဉ်ခွေထိုင်ပြီး တရားအားထုတ်တာ ကျိန်းတယ်လို့မရှိပါဘူး။ နံနက်လင်းတာနဲ့တစ်ပြိုင်နက်တည်း ဘာဝနာစခန်းဖြုတ်တော်မူတယ်။ ကိုယ်လက်ဆေးကြောသုတ်သင်ချင်လို့သာပဲ။ မျက်နှာသစ်တာ၊ မျက်နှာသစ်စရာ တယ်မလိုပါဘူး။ အဲဒီကနေပြီး ဆေးကြောသုတ်သင်ပြီး မကြာခင်ပဲသင်္ကန်းရုံပြီး သပိတ်နဲ့ ဆွမ်းခံထွက်တယ်၊ အမှတ်နဲ့ပဲသွားတယ်။ ပြန်လာသည့်တိုင်အောင်အမှတ်နဲ့ပဲ။ ဘုရားပါဆွမ်းတော်ကပ်ပြီး ကလေးတွေစာပြ၊ တစ်နေ့လုံးလိုလိုပဲဆိုပါတော့၊ ဒီလိုပဲအမှတ်နဲ့ပဲနေတယ်"

"အရှင်ဘုရား၊ ဘယ်လောက်ကြာအောင် အားထုတ်ခဲ့ရပါသလဲဘုရား"

"အားထုတ်တာကတော့ (၁) နှစ်ကျော်ကျော်ပါပဲ"

ဟု ကိုယ်တော်တိုင် မိန့်တော်မူခဲ့ပါသည်။

၁၃၁၆ ခုနှစ်၊ ဝါဆိုလ (၁၉၅၄ ခု၊ ဇူလိုင်လ) မှ စတင် အားထုတ်တော်မူရာ တန်ဆောင်မုန်းလတွင် ပုထုဇဉ်အနွယ်ကို ဖြတ်တောက်၍ အရိယာဘဝ၏ ပထမအဆင့်သို့ တက်လှမ်းရောက်ရှိခဲ့သည်။ ထူးဆန်းသောအိပ်မက်များဖြင့် တရားလမ်းသည် ဆက်၍ဆက်၍ ပွင့်လင်းလာခဲ့သည်။ စတုမဟာရာဇာနတ်မင်းကြီးလေးပါးပင် ကြွရောက်လာပြီး တရားအဆင့် မြင့်သထက်မြင့်အောင် ကျင့်ဆောင်ပါရန် တောင်းပန်လျှောက်ထားကြသည်။ ဤသို့ဖြင့် တစ်နှစ်ပတ်အချိန်ကြာသောအခါ မြတ်သောအကျင့်၏ထူးသောအသိဖြင့် ဇာတိဘေးကြီးကို အပြီးအပိုင် ဖြတ်တောက်နိုင်ခဲ့ပါတော့သည်။ ထိုအချိန်က ဆားတောင်ဆရာတော်၏ သက်တော်မှာ (၃၀) မျှသာရှိပါသေးသည်။ ဆားတောင်ဆရာတော်သည် သက်တော်ငယ်ငယ် (၃၀) အရွယ်တွင် ရဟန္တာအဖြစ် တရားထူးရကာ သာသနာတော်ကြီး ပွင့်ပေါ်ထွန်းခဲ့ပါသည်။ ၁၃၁၇ ခုနှစ် (အေဒီ ၁၉၅၅ ခု) တွင် အရှင်ပညာဏိကသည် ဆားတောင်ပဋိပတ္တိသာသနာ့ရိပ်သာတွင် တရားပြကာ ပဋိပတ္တိကျင့်စဉ်သာသနာတွင် ပြန့်ပွားအောင် ဆောင်ရွက်တော်မူသည်။

ဆရာတော်လေး တရားထူးရပြီးသည့်နောက် ၁၃၁၈ ခုနှစ်သို့ ရောက်သောအခါတွင်ကား ဆားတောင်ရွာသို့ အဝေးမှ လာရောက် ဖူးမြော်သူများကျောင်းနှင့်မဆံ့အောင် စည်ကားများပြားလှပါသည်။ ပရိသတ်များပြားလှ၍ မဏ္ဍပ်ကြီးများထိုးကာ အပူဇော်ခံခဲ့ရပါသည်။ ဆားတောင်ရွာကြီးမှာလည်း ချက်ချင်းပင် ပွဲကြီးလမ်းကြီးဖြစ်သွားကာ ဈေးဆိုင်တန်းဖြင့် ပျားပန်းခပ်စည်ကားသွားခဲ့ရပါသည်။ ၁၃၃၁ ခုနှစ် (အေဒီ ၁၉၆၉ ခု) တွင် စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ မင်းရွာကုန်းကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူသည်။

ထိုစဉ်က ကျောက်ဆည် ဝေဘူတောင်တွင် သီတင်းသုံးလျက်ရှိသော ဝေဘူဆရာတော်ဘုရားကြီးထံတော်သို့ ဆားတောင်ဆရာတော်၏ တပည့်များ သွားရောက် ဖူးမြော်ကြပါသည်။

"သြော် - ဒါယကာကြီးတို့က ဝီရိယအရှင်သခင်ရဲ့သာဝကတွေကိုး ဗျ"

ဟု ဝေဘူဆရာတော်ဘုရားကြီး မိန့်ကြားတော်မူပါသည်။

ဆားတောင်ဆရာတော်၏တပည့်များက -

"တပည့်တော်တို့ရဲ့ ဆရာတော် ရဟန်းကိစ္စ ပြီးပါပြီလား ဘုရား"

ဟု မေးလျှောက်ရာ-



www.burmeseclassic.com

www.burmeseclassic.com

"ဒါယကာကြီးတို့ရဲ့ ဆရာတော် ရဟန်းကိစ္စပြီးပါပြီဗျာ။ ဒါယကာကြီးတို့ အရတော်ပါပေ့ဗျာ၊ ကံထူးကြပါပေ့ဗျာ"

ဟု ဝေဘူဆရာတော်ကြီးက မိန့်ပါသည်။

"အရှင်ဘုရားရော ရဟန်းကိစ္စပြီးပါပြီလားဘုရား"

ဟု လျှောက်ထားရာ -

"ကျုပ်ကတော့ လျှောက်ဆဲပါဗျာ"

ဟု မိန့်တော်မူပါသည်။

ဤအကြောင်းအရာဖတွကို ဆားတောင်ဆရာတော်ကြီးအား ပြန်လည်လျှောက်ထားကြပြီး-

"ဝေဘူဆရာတော်ဘုရားကြီးဟာ ရဟန်းကိစ္စပြီးပါပြီလားဘုရား"

ဟု လျှောက်ထားကြရာ ဆားတောင်ဆရာတော်ဘုရားကြီးက -

"အင်း - ဆရာတော်ကြီးရဟန်းကိစ္စပြီးပါပြီ"

ဟု မိန့်ကြားတော်မူပါသည်။

"အရှင်ဘုရားကော ရဟန်းကိစ္စပြီးပါပြီလား"

ဟု လျှောက်ထားမေးမြန်းကြရာ-

"ကျုပ်ကတော့ လျှောက်လှမ်းဆဲပါ"

ဟု မိန့်ကြားတော်မူပါသည်။

ဝိနည်းတော်ကို လေးစားကြည်ညိုကြသည့် အရှင်မြတ်ကြီးတို့၏ ပြောဆိုမိန့်ကြားပုံမှာ အတုယူဖွယ်ရာ ဖြစ်ပါတော့သည်။

**□ ဝေဘူဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့ကြွလာခြင်း**

ဝေဘူဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့ ဆားတောင်ဆရာတော်ဘုရားထံ ကြွရောက်သည့် (၂၀-၇-၁၉၅၆)၊ ၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက် အကြောင်းအရာကို မှတ်တမ်းအတော်များများတွင် တွေ့ရှိရပါသည်။ ဆားတောင်ဆရာတော်ဘုရားကြီး ဘဝတစ်လျှောက်တွင် ဝါဆိုလဆန်း ၁၃ ရက်သည် ထူးခြားနေပေသည်။ ထူးခြားရခြင်းအကြောင်းမှာ ထိုရက်တွင် ဆရာတော်အလောင်းလျာ ရဟန်းဘောင်တက်သောနေ့ဖြစ်ခြင်း၊ ဝေဘူဆရာတော်ဘုရားကြီးနှင့် မဟာစည်ဆရာတော်ဘုရားကြီးတို့ ဆားတောင်ဆရာတော်ဘုရားထံကြွရောက်တော်မူလာခြင်းတို့ကြောင့် ဖြစ်သည်။

ကျေးဇူးရှင် ဝေဘူဆရာတော်ဘုရားကြီးသည် ဆားတောင်ပဋိပတ္တိရိပ်သာသို့ ကြွလာမည်ဖြစ်ကြောင်း၊ ဝေဘူဆရာတော်ဘုရားကြီး၏ တပည့်များက စာဖြင့်အကြောင်းကြားရာ ယင်းစာကို ဆားတောင်ဆရာတော်ဘုရားအား ဆက်ကပ်ကြပါသည်။

စာကိုဖတ်ပြီးနောက် ဆားတောင်ဆရာတော်က -

"ဝေဘူဆရာတော်ဘုရားကြီးသာမက မဟာစည်ဆရာတော်ဘုရားကြီးလည်း ကြွလာလိမ့်မယ်။ ဒါယကာတို့ပြင်ဆင်ထားကြ"

ဟု မိန့်ကြားတော်မူပါသည်။

ဒါယကာများက -

"နှစ်ပါးအတူတူကြွလာတော်မူကြမှာလားဘုရား"

ဟု လျှောက်ထားကြရာ ဆရာတော်ဘုရားက -

"မဟုတ်ဘူး၊ တစ်ပါးစီကြွလာကြလိမ့်မယ်"

ဟု မိန့်တော်မူပါသည်။

ဝေဘူဆရာတော်ဘုရားကြီးတပည့်များထံမှသာ စာရပြီး မဟာစည်ဆရာတော်ဘုရားကြီး၏ တပည့်များထံမှ စာမရရှိပါ။ သို့သော် ဆရာတော်ကြီးမိန့်သဖြင့် ပြင်ဆင်ထားကြပါသည်။

၁၃၁၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၃ ရက်၊ နံနက် (၈) နာရီအချိန်တွင် မဟာစည်ဆရာတော်ဘုရားကြီးသည် ဆိပ်ခွန်ကျေးရွာမှ ရန်ကုန်မဟာစည်ရိပ်သာသို့ ဝါဆိုရန်အကြွတွင် ဆားတောင်ဆရာတော်ဦးပညာဏ်ကထံ တပည့်နောက်ပါသံဃာတော်များနှင့် ကြွရောက်ပြီး ဆားတောင်ဆရာတော်ကြီး၏ အဖူးအမြော်ခံရင်း အောက်ပါ စကားရပ်များကို မေးမြန်းလျှောက်ထားမှုများ ပြုလုပ်ပါသည်။

မဟာစည်ဆရာတော်ကြီး -

"ဘယ်နည်းနဲ့ တရားအားထုတ်ပါသလဲ"

ဆားတောင်ဆရာတော် -

"တပည့်တော် စွန်းလွန်းဆရာတော်ဘုရား၏ ထေရုပ္ပတ္တိနှင့် ကျင့်စဉ်စာအုပ်ကို ဖတ်ရှုလေ့လာပြီး သမ္မပဓာန်ကျင့်စဉ်အတိုင်း အားထုတ်ပါတယ်ဘုရား"

"စွန်းလွန်းဦးကဝိနည်းကလည်း အလွန်ကောင်းတဲ့နည်းပါပဲ။ ဦးကဝိလိုကော ပြင်းပြင်းထန်ထန် အားထုတ်နိုင်ပါရဲ့လား"

"မှန်လှပါ၊ တပည့်တော် လောဘ၊ ဒေါသ၊ မောဟာစွန့်လွှတ်နိုင်တာဆိုတော့ စွန့်လွှတ်နည်းဆိုဆို၊ စွန်းလွန်းနည်းဆိုဆို အားထုတ်ရတာကတော့ စွန့်လွှတ်နည်းပါပဲဘုရား"

"တရားအားထုတ်ရတာ အားရပါးရရှိပါရဲ့လား"

"တရားအားထုတ်ရတာ အားရပါးရရှိပါတယ်ဘုရား"

"တရားအရသာ အားရပါးရခံစားရပါသလား"

"တရားအရသာ အားရပါးရခံစားရပါတယ်ဘုရား"

"ဒီအတိုင်းဆိုမလွဲပါဘူး။ အသက်ကလည်းငယ်ပါသေးတယ်၊ ရှေ့ဆက်ပြီး ကိုယ်ခံစားရသလို ဝေနေယျတွေကိုလည်း တရားစခန်းဖွင့်ပြီး တရားပြပေးဦး"

ထိုသို့ဆိုကာ ဘုရားကန်တော့ပြီး မဟာစည်ဆရာတော်ဘုရားကြီးနှင့်တကွ နောက်ပါသံဃာတော်များသည် ရန်ကုန်သို့ဆက်၍ကြွတော်မူသည်။ ရွာသူရွာသားများနှင့် များပြားလှသည့် ပရိသတ်အပေါင်းတို့သည် မဟာစည်ဆရာတော်ဘုရားကြီးအား ဖူးမြော်လိုက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ကြည်ညိုသဒ္ဓါပွားလို့မဆုံးနိုင်ကြချေ။

မိမိတို့၏ ပွင့်ပေါ်စ ဆားတောင်ဆရာတော်အတွက်လည်း ဂုဏ်ယူလို့မဆုံးနိုင်ကြမီ -

"ဝေဘူတောင်ဆရာတော်ဘုရားကြီး ကြွလာပြီ"

ဟူသောအသံကို ကြားလိုက်ရလျှင် ဝမ်းမြောက်ရွှင်လန်းခြင်းအပြည့် ပီတိအဟုန်သဒ္ဓါစုံဖြင့် ဝေဘူဆရာတော်ဘုရားကြီးအား ဆီးကြိုကန်တော့ကြပါသည်။ဝေဘူဆရာတော်ဘုရားကြီးသည် တရားပလ္လင်ပေါ်တွင် စကျွက္ကနြွေချ၍ သီတင်းသုံးနေစဉ် (သမာပတ်ဝင်စားနေစဉ်) မှာပင် ဆားတောင်ဆရာတော်ဘုရားမှာ တရားပလ္လင်ရှေ့တည့်တည့်အောက်မှာ (ဝေဘူဆရာတော်ဘုရားကြီးကဲ့သို့) တရားရှုမှတ်လျက် သီတင်းသုံးနေသည်။

မြူတိမ်ကင်းသော ကောင်းကင်တွင် နေ၊ လနှစ်ဆူ ပြိုင်တူပေါ်ထွက်နေသကဲ့သို့ ဖူးမြင်ရပါသည်။ အလွန်များပြားလှသော ပရိသတ်ကြီးမှာ အပ်ချသံကြားရလောက်အောင် ငြိမ်သက်နေကြသည်။ နာရီဝက်ခန့်အကြာတွင် ဆရာတော်ဘုရားကြီးနှစ်ပါး၏ မျက်လုံးများ တစ်ပြိုင်နက်ပွင့်တော်မူလာပါသည်။

"အရသာမရှိဘူးလားဗျာ၊ မချမ်းသာဘူးလားဗျာ။ ကျုပ်တို့ တစ်သံသရာလုံးရှာခဲ့ကြတာ အခုမှပဲ အားရပါးရကြီးခံစားကြရတာမဟုတ်လားဗျာ။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်လေးက တယ်ပါရမီထူးတာကို။ အသက်ငယ်ပါသေးတယ်။ အသက်ငယ်ငယ်နဲ့ ကိစ္စပြီးတယ်ဆိုတော့ တယ်ပါရမီထူးတာကိုး။ သာသနာအတွက် အားထားပါတယ်။ ဝေနေယျတွေကို ကယ်ပါ၊ ချွတ်ပါ၊ တရားပြပါ၊ ကျွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေအများကြီးရှိပါသေးတယ်။ ဆရာတော်လေးက အမျိုက်ရှင်းရမှာဆိုတော့ သာသနာ့ခရီးမှာ သာသနာအကျိုးစီးပွားအတွက် သာသနာပြုပေးပါဦး"

"မှန်လှပါ ဘုရား"

"ကြွလာတဲ့ ပရိသတ်တွေလည်း တယ်များသကိုးပါဗျာ၊ ကံထူးပါပေ့ဗျာ။ မသေမီ တရားဦးအောင်လုပ်ကြပါဗျာ။

ဒ ဖုဋ္ဌဿ လောက ဓမ္မေဟိ၊
စိတ္တံ ယဿ န ကမ္ပတိ၊
အသောကံ ဝိရဇံ ခေမံ၊
ဧတံ မင်္ဂလ မုတ္တမံ။

လောကဓံတရားရှစ်ပါးတို့၌ တွေ့ကြုံရသောရဟန္တာစိတ်သည် ၊ မတုန်မလှုပ်၊ စိုးရိမ်ကြောင့်ကြခြင်းလည်းမရှိ၊ တိလေသာရမ္မက်ဟူသော မြူလည်းမရှိ၊ ကြောက်ထိတ်လန့်သောဘေးလည်းမရှိတဲ့။

ဘုရားဟောတဲ့ မင်္ဂလာတရားတော်နဲ့ ညီပါပေတယ်ဗျာ။ သူတော်ကောင်းအပေါင်းတို့ သာဓုခေါ်ကြ"

ထိုသို့ ဝေဘူဆရာတော်ဘုရားကြီးက မိန့်လိုက်သည်တွင် တစ်ခဲနက်သော သာဓုခေါ်သံကြီးသည် အထက်ဘဝဂ်၊ အောက်အဝီစိတောင်အောင် ဗွဲ့တင်သွားလေသည်။

ဤတွင် မဟာစည်ဆရာတော်ဘုရားကြီးနှင့် ဆက်စပ်လျက်ရှိသော ဆားတောင် ဆရာတော်ဘုရားကြီး၏ အဆုံးအဖြတ်ကိုလည်း တင်ပြပါဦးမည်။

ဒကာတစ်ယောက်သည် ဆားတောင်ဆရာတော်ဘုရားကြီး သီတင်းသုံးရာ စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ မင်းရွာကုန်းကျောင်းတိုက်ရိပ်သာသို့သွား၍ လှူဒါန်းဖူးမြော်ပြီးနောက် စကားအလျဉ်းသင့်သဖြင့် အောက်ပါအတိုင်း လျှောက်ထားပါသည်။

"မနေ့က မဟာစည်ဆရာတော်ဘုရားကြီးပျံလွန်တော်မူသွားကြောင်း သတင်းကြားရပါတယ်ဘုရား"

ဟူ၍ လျှောက်ထားရာ ဆားတောင်ဆရာတော်ကြီးက ပြန်လည်မိန့်ကြားပုံမှာ -

"မဟာစည်ဆရာတော်ဘုရားကြီး ပျံလွန်တာမဟုတ်ပါဘူး။ ပရိနိဗ္ဗာန်ပြုသွားတော်မူတာပါ"

အရိယာ သူတော်ကောင်းတို့၏ ဂုဏ်ရည်ကို သူတော်ကောင်းချင်းသာ သိနိုင်ကြောင်း ထင်ရှားသည့် သာဓက တစ်ရပ်ဖြစ်ပါသည်။ နားလည်သူများကလည်း ရဟန္တာအရှင်မြတ်အချင်းချင်းမို့ သိခြင်းဖြစ်ဟန်တူပါသည်ဟု ဆိုကြသည်။ မဟာစည်ဆရာတော်ဘုရားကြီးကို ကျမ်းတတ်အကျော်ဆရာတော်ကြီးအဖြစ်သာ ရဟန်းရှင်လူများ အသိများကြပါသည်။ ရဟန္တာဖြစ်ကြောင်း ရဟန်းရှင်လူအသိနည်းကြပါသည်။ဆားတောင်ဆရာတော်ကြီး မိန့်တော်မူချက်အရ မဟာစည်ဆရာတော်ဘုရားကြီးသည် ရဟန္တာကိုယ်တော်မြတ်ဖြစ်ကြောင်း ခိုင်လုံစွာ သိရှိရပါသည်။

ဆားတောင်ဆရာတော်ကြီးသည် ဝေဘူဆရာတော်ကြီးနှင့်မဟာစည်ဆရာတော်ဘုရားကြီးနှစ်ပါးတို့ တိုက်တွန်းတော်မူခဲ့သည့်အတိုင်း မိမိရရှိထားသော တရားထူးတရားမြတ် ဝိပဿနာရှုမှတ်နည်းများကို ကျွတ်ထိုက်သူ ဝေနေယျအပေါင်းတို့အား တရားပြဖြန့်ဝေတော်မူခဲ့ပါသည်။ ဆားတောင်ဆရာတော်ကြီး၏ တရားစခန်းများတည်ရှိရာဌာနများမှာ -

၁။ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကသဲကုန်းကျေးရွာ 'မင်းကုန်းကျောင်းရိပ်သာ'
၂။ ဆရာတော်ကြီး၏ဇာတိ စစ်ကိုင်းတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် 'ဆားတောင် ပဋိပတ္တိသာသနာ့ရိပ်သာ'
၃။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ခြေမြောက်ဘက်ရှိ 'ဆားတောင်ပဋိပတ္တိသာသနာ့ရိပ်သာ'
၄။ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရွှေကျီးနားဘုရားတောင်ဘက်ရှိ 'ထိ-သိ-သတိ ဆားတောင်ရိပ်သာ' တို့ ဖြစ်ပါသည်။

ဆားတောင်ဆရာတော်ကြီးသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ကသာ၊ လားရှိုး စသော မြို့ကြီးများသို့လည်း ကြွရောက် တရားပြခဲ့ပါသည်။

ဆားတောင်ဆရာတော်ဘုရားကြီး၏ဝိပဿနာတရားအားထုတ်နည်းမှာ-

ရှေးဦးစွာ ဩကာသဖြင့် ဘုရားကန်တော့၊ ငါးပါးသီလခံယူ၊ ရုပ်နာမ်ခန္ဓာဘုရားလှူ၊ (၃၁) ဘုံသို့ မေတ္တာပို့၊ သူတော်ကောင်းကြီးများ၏ မေတ္တာခံယူ၊ သူတော်ကောင်းတရားကို သာဓုခေါ်ကြပါသည်။

ထို့နောက်တွင် ကြာကြာထိုင်နိုင်အောင် ခါးကိုမတ်မတ်ထား၊ ဘယ်လက်ဝါးပေါ် ညာလက်ဝါးထပ်၍ထားပြီး ဦးခေါင်းနောက်သို့မလန်စေဘဲ စက္ခုကုန္ဒြေချထားပါ။ စိတ်ငြိမ်၍ လေလုံသောနေရာတွင် ထိုင်လျှင်ပိုကောင်း၏။ တရားထိုင်ချိန် အစမှအဆုံး ညောင်း၍ ပြင်ခြင်း၊ ယား၍ကုတ်ခြင်း၊ မော၍နားခြင်းများ မပြုလုပ်ရပါ။

အသင့်ဖြစ်ပြီဆိုလျှင် မျက်စိမှိတ်ပါ။ ပါးစပ်ပိတ်၍ ဝင်လေကစ၍ရှုပါ။ ရှူလိုက်တိုင်း နှာသီးဖျား၊ နှုတ်ခမ်းဖျားတစ်ဝိုက်တွင် ဝင်လေ၊ ထွက်လေတို့က တိုး၍ထိသွားသည်ကို သိလိမ့်မည်။ ထိုလေတိုးထိသိအာရုံကိုပျက်မသွားအောင် ထိတိုင်းထိတိုင်း သိသိနေအောင်၊ အစဉ်အဆက်ပြတ်မသွားအောင်ထိကပ်ကာ အားစိုက်၍ သန်သန်ပြင်းပြင်းရှူပေးနေရမည်။ ခပ်သန်သန် ခပ်ပြင်းပြင်းရှူရခြင်းအကျိုးမှာ ပြင်ပမှအသံများ ပျောက်စေခြင်း၊ ကိုယ်စိတ်နှစ်ပါးအင်အားတိုးစေခြင်း၊ စိတ်ကိုထိန်းသိမ်းနိုင်ခြင်း၊ ထိနမိဒ္ဓ ကာမစ္ဆန္ဒအစရှိသော နီဝရဏအတားအဆီးများကို လွယ်ကူ သွက်လက်စွာ ငြိမ်းစေခြင်း၊ သမာဓိလျင်မြန်စွာရင့်သန်စေခြင်း၊ ဝေဒနာနိုင်နင်းစွာရှုမှတ်နိုင်ခြင်းတို့ဖြစ်ပါသည်။ ရှူနေစဉ် သတိပြုသည့်အခါ ဝင်လေ၊ ထွက်လေကို မလိုက်လေနှင့်။ ရေတွက်ခြင်းလည်း မပြုလေနှင့်။ နှာသီးဖျား၊ နှုတ်ခမ်းဖျားဟူ၍လည်း မယူလေနှင့်။ ထိမှုသက်သက်ကိုသာ သတိပြုနေရပေမည်။ 'ထိမှု၊ သိမှု ထိုနှစ်ခုသတိကြပ်ကြပ်ပြု' ရှူသည့်အခါ ရှိုက်လေများများပါအောင် ဝင်သက်ကို ဂရုစိုက်ပြီး ကပ်ဆွဲ၍ရှူသွင်းပါ။ ထွက်သက်ကိုဆက်၍ဝင်လေပြန်ထွက်အောင် ရှူထုတ်ပါ။ ဝင်လေကို ဂရုစိုက်ပြီးဆွဲယူခြင်းကြောင့် သမာဓိရင့်သန်လွယ်သည်။ ဝင်လေ၊ ထွက်လေမျှတသွားမှ တရားရလွယ်ပါသည်။

တရားထိုင်ချိန် နာရီပြည့်သွားသောအခါ ဆရာတော်ဘုရားကြီးက -

"တဲ - အချိန်စေ့သွားပြီ၊ တရားအာရုံဖြေ၊ ဘုရားအာရုံပြု"

ဟူ၍ မိန့်တော်မူပါသည်။

ထိုအခါ ဝေဒနာရှုမှတ်နေသော အာရုံကို ညင်သာစွာ လျှော့ဖြေပြီး မြတ်စွာဘုရားနှင့် ဆရာတော်ဘုရားကြီးအား မိမိအားထုတ်သောတရားနှင့်



www.burmeseclassic.com

www.burmeseclassic.com

ပူဇော်ကန်တော့ရပါသည်။ ဆားတောင်ဆရာတော်ကြီးသည် တစ်နာရီ တရားချိုးမြှင့်ပါက နာရီဝက်မှာ အာနာပါနဖြစ်ပြီး မိမိခန္ဓာကိုယ်ပေါ်မှာပေါ်လာသည့် ဝေဒနာ (ဝိပဿနာ) ကို ရှုရသည်မှာ နာရီဝက်ဖြစ်ပါသည်။

"သစ်မြစ်ကိုတူးရာမှာ ချွေးတလုံးလုံးနဲ့ ပင်ပန်းပေမယ့် ထင်းခွဲစိုက်တဲ့အခါ လွယ်ကူသလို ရှေ့ပိုင်းအာနာပါနကို ပြင်းပြင်းထန်ထန်အားထုတ်တာနဲ့ နောက်ပိုင်း ဝိပဿနာကျတော့ စိတ်ကလေး ဘယ်မှမပြေးတော့ဘဲနဲ့ တရားအရသာခံစားနိုင်တယ်"

ဟု ဆရာတော်ကြီးက အမိန့်ရှိခဲ့ပါသည်။

ဆရာတော်ကြီးသည် နေ့(၁)နာရီ တစ်ချိန်၊ ည (၃) နာရီတစ်ချိန်၊ တစ်နေ့ (၂) ကြိမ် တရားချိုးမြှင့်လေ့ရှိပါသည်။ တရားထိုင်မည့်သူသာရှိလျှင် တစ်ဦးတည်းပင်ဖြစ်စေ တရားချိုးမြှင့်လေ့ရှိပါသည်။

**ထိ-သိ-သတိနှင့် ဆားတောင်ဆရာတော်ဘုရားကြီး၏ ဩဝါဒများ**

- တရားအားထုတ်တဲ့အခါမှာ ဝေဒနာကိုမကြောက်နဲ့။ ကြောက်ရင်လွဲ၊ ရဲရင်မင်းဖြစ်တယ်ဆိုတာ ဒီနေရာမှာသုံးရမှာ။
- မိမိခန္ဓာကိုယ်က ဖြစ်ပေါ်နေတဲ့ ဝေဒနာကို သည်းခံရှုနိုင်မှ ပတ်ဝန်းကျင်ရဲ့ လောကဓံကိုလည်း ခံနိုင်ရည်ရှိမှာ။
- နိဗ္ဗာန်မဂ်ဖိုလ်ရလိုကြောင်းနဲ့ ဆုတောင်းခဲ့တာများပြီ။ ဝိဇ္ဇာဉာဏ်မပါ မမွှတာတောင်းဖို့ အာညောင်းရုံပဲ မောဖတ်တင်မည်။ ဒါနပြုကာ အခါခါတောင်းလည်း ငါကောင်းချင်မှု ခံနေသည်။ ငါတစ်လုံးပယ်ကာ ကွယ်ကာပေးမှ လွန်စွာမနှေး နိဗ္ဗာန်မြင်မည်။

ဆားတောင်ဆရာတော်ကြီး၏မွေ အနှစ်သာရ ဩဝါဒများကား မှတ်သား၍မကုန်နိုင်ပြီ။ ဆရာတော်ဘုရားကြီး၏ မေတ္တာရေအစွမ်းဖြင့် 'ကျန်းမာရေးကောင်းလာသူတွေလည်း အနမတဂ္ဂပင်။ ဆရာတော်ကြီး၏ ဆံတော်များသည် ဓာတ်တော်အသွင်ဖြင့် အဖူးမြော်ခံလျက်ရှိသည်ကိုလည်း တပည့်ဒကာတို့၏ ဘုရားကျောင်းဆောင်များတွင် တွေ့မြင်နိုင်ပါသည်။ အံ့ချီးမကုန်နိုင်သော ဆရာတော်ကြီး၏ ဂုဏ်တော်များကို ဆရာတော်ကြီး၏ အနီးနေတပည့်ဒကာ ဥပါသကာများက ပို၍ကြည်ညို ပြောဆိုနိုင်ပါလိမ့်မည်။

။ ထိုခေတ်အခါက သက်တော်ထင်ရှား ရဟန္တာကြီးများ ဖြစ်ကြသော ဝေဘူတောင် ဆရာတော်ကြီးနှင့် မဟာစည်ဆရာတော်ကြီးတို့သည် ဆားတောင်ဆရာတော် ဦးပညာဏကထံ တစ်နေ့တည်း ကြွရောက်မေးမြန်းသွားကြသည်များမှာ သာသနာတစ်ခေတ်တွင် အံ့ချီးဖွယ်ရာများ ဖြစ်ပေသည်။

ဟု ဆရာမောင်ချမ်းမြွေက 'လွန်မြောက်ခြင်းစာအုပ်' တွင် မှတ်တမ်းတင်ထားပါသည်။

ဆရာတော်ကြီးကား လူတို့သာမက နတ်တို့ကပါ ကြည်ညိုသော ဆရာတော်ကြီးဖြစ်ကြောင်း ခမ္မမိတ်ဆွေတစ်ဦးက ဤသို့ပြောခဲ့ပါသည်။

"၁၃၂၃ ခုနှစ်မှာ ပုပ္ပား ဦးပဏ္ဍဝက ပင့်လျှောက်လို့ ပုပ္ပားမယ်တော်က လူအသွင်ဖန်ဆင်းပြီး ဆရာတော်ကြီးကို သစ်သီးဆွမ်းနေ့စဉ်လာကပ်တယ်။ ပြီးတော့ ဆရာတော်ကြီးကို ဝက်သားမစားစေဖို့လည်း ပုပ္ပားမယ်တော်က အလှူခံတယ်လို့ သိရတယ်။ ဆရာတော်လည်း ပုပ္ပားမယ်တော်အကြိုက် လိုက်လျောခွင့်ပြုလိုက်ပြီး အဲဒီအချိန်ကစပြီး ဝက်သားမစားတော့ဘူး"

ဩော် - ဆရာတော်ကြီးတို့ကဲ့သို့သော အရိယာသူတော်ကောင်းကြီးများ သာသနာပြုပုံမှာ လေးနက်ကျယ်ဝန်းလှပါသည်တကား။

ကျေးဇူးရှင် ဆားတောင်ဆရာတော်ဘုရားကြီး ဦးပညာဏကသည် သက်တော် (၈၃) နှစ်၊ သိက္ခာတော် (၆၄) ဝါအရ ၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ခရစ်နှစ် (၁၂-၁၁-၂၀၀၇)၊ အင်္ဂါနေ့နံနက် (၁၀) နာရီ (၄၅) မိနစ်တွင် သီတင်းသုံးတော်မူရာ ဆားတောင်ပဋိပတ္တိကျောင်းတိုက်ကြီး၌ ခန္ဓာဝန်ချတော်မူခဲ့သည်။ (၁၄-၁၁-၂၀၀၇) နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဆားတောင်ဆရာတော်ဘုရားကြီး ခန္ဓာဝန်စွန့် ပျံလွန်တော်မူကြောင်း ဖတ်ရပါသည်။ ခန္ဓာဝန်ချတော်မူသောအခါ ကျောင်းတိုက်အတွင်း၌ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ် သီတင်းသုံးတော်မူခဲ့သည့်အတိုင်း ခင်းကျင်းထားရှိသည်။ ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မူစဉ် ရင်ခွဲရန်အသုံးပြုသောခုတင်ကိုလည်း အမှတ်တရအနေဖြင့် ထိန်းသိမ်းပူဇော်ထားသည်။ ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား ရင်ခွဲသောအခါ သွေးစိမ်းရှင်ရှင်များထွက်ကျလာသည်။ ထွက်ကျလာသော သွေးတော်များကို ရေသန့်ဘူးသန့်သန့်ဖြင့် ခံယူထားရာ မကြာမီမှာပင် ထိုရေသန့်ဘူးအတွင်း ဓာတ်တော်များ ဖြစ်ပေါ်နေသည်ကို ဖူးတွေ့ကြရသည်။ ဆရာတော်ဘုရားကြီးနှင့် သံသရာတွင် တစ်ခါပြန်၍ဆုံနိုင်စရာအကြောင်းမရှိတော့ပါဟူ၍သာ ဆိုရပါတော့မည်။

၁၉၅၄ ခုနှစ်က ဆားတောင်ဆရာတော် ဝယ်ယူရရှိသော စွန်းလွန်းဆရာတော်ဘုရားကြီး ထေရုပ္ပတ္တိစာအုပ်ကလေးမှာ တန်ဖိုး (၂) ကျပ်မျှသာရှိသည်။ ရန်ကုန်မြို့ အထက်ပုဇွန်တောင်ရေကျော်လမ်းမှ ထုတ်ဝေသည်။ ထုတ်ဝေသူမှာ ဘောက်ထော်ဂူကျောင်းဒါယကာဦးတင်ဖေ ဖြစ်ပါသည်။ ထို(၂)ကျပ်တန်စာအုပ်လေးကိုဖတ်ပြီး ဆားတောင်ဆရာတော်သည် ကျင့်ကြံသဖြင့် ရဟန္တာကိုယ်တော်မြတ်ကြီးဖြစ်သွားတော်မူပါသည်။ သာသနာတော်ကြီး နှစ် (၅၀၀၀) ဆိုသောစကားသည် ဘုရားရှင်၏ဗျာဒိတ်တော်ဖြစ်ပါသည်။ မှန်ကန်နေကြောင်း မသိသူတို့သိစေရန် ဆားတောင်ဆရာတော်ဘုရားကြီးက သက်သေဖြစ်ပါလေသည်။

ဤဆောင်းပါးဖြင့် ဆားတောင်ဆရာတော်ဘုရားကြီးနှင့် အဖေဦးရန်အောင်တို့အား ဦးခိုက်လျက်။

တင်အောင် (စက်မှုတက္ကသိုလ်)

ကျမ်းကိုး -

၁။ မြန်မာနိုင်ငံ ရဟန္တာနှင့်ရဟန်းထူးများ
(ဆရာမောင်ပန်းမွှေး)

၂။ ကျေးဇူးရှင် ဆရာတော်ကြီးများ၏အံ့ဖွယ်ဘဝဖြစ်စဉ်နှင့် ခမ္မကျင့်စဉ်များ
(မောင်သွေးချွန်)

၃။ လောကကိုလွန်မြောက်ခြင်း
(မောင်ချမ်းမြွေ)



www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်အာပနိုဝယ်

## ထူးခြားသောရုပ်တုများနှင့်စီးပွားတက်ဂါထာ



မုံရွာမြို့ကိုရောက်တိုင်း ကိုကိုထွန်းတို့နေအိမ်တွင် တည်းခိုနေကျဖြစ်သည်။ ကိုကိုထွန်းတို့အိမ်မှာ သင်္ဘောဆိပ်နှင့်နီးသည်။ ကျွန်တော်သွားရမည့် ဒေသမှာ မင်းကင်းမြို့ဖြစ်သဖြင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက် သင်္ဘောစီး၍သွားရ၏။ ထိုစဉ်က အမြန်ယာဉ်မော်တော်သေးများ စထွက်ခါစဖြစ်သည်။ အမြန်ရေယာဉ်မှာ နံနက် (၆) နာရီ မုံရွာမြို့မှ စထွက်လျှင် မင်းကင်းမြို့သို့ နေ့လယ် (၃)နာရီရောက်၏။ ဟင်္သာတကဲ့သို့သော ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှပြေးဆွဲသည့် အညာကြီးဆန်သင်္ဘောများစီးပါက၊ ည (၆) နာရီထွက်ပါက၊ နောက်တစ်နေ့နံနက် (၁၁) နာရီမှ မင်းကင်းကိုရောက်သည်။

မုံရွာမြို့တွင် ဆွေမျိုးများရှိသော်လည်း ကိုကိုထွန်းအိမ်သို့သာအရောက်များသည်။ ကိုကိုထွန်းတို့မိသားစုမှာ သဘောကောင်းကြ၏။ ကိုကိုထွန်းတွင် ဇနီးသည် မဝတ်မှုန်နှင့် သားငယ် အောင်ပြည့်စုံတို့နှစ်ဦးသာရှိသည်။ တည်းခိုရမည်မှာ လွတ်လပ်သည့်အပြင် ဝါသနာချင်းတူသူများလည်းဖြစ်ကြသည်။

ထိုစဉ်က ကျွန်တော်သည် ကဗျာရေး၊ သီချင်းများရေးသည်။ မြန်မာ့အသံတွင် အသံသွင်း၍ အသံလွှင့်ရန်ကိစ္စပေါ်လာတိုင်း ကိုကိုထွန်းကို လှမ်း၍မှာရသည်။ ကိုကိုထွန်းက ဗုံတီးသမား။ ခြောက်လုံးပတ်၊ စခွန့်နှင့် ပတ်မကြီးကိုကျွမ်းကျင်စွာတီးနိုင်သည်။ ချင်းတွင်းဒိုးအဖွဲ့များတွင် ကိုကိုထွန်းမပါ၍မပြီးချေ။

ကိုကိုထွန်း၏ အသက်မွေးဝမ်းကျောင်းစီးပွားရေးလုပ်ငန်းမှာ ပန်းချီဆွဲ၏။ ရှုခင်းပုံ၊ ပုံတူ၊ ဆိုင်းဘုတ်ရေးနှင့် နေအိမ်ဆေးသုတ်ခြင်းလုပ်ငန်းအားလုံးလုပ်၏။ မိသားစုသုံးယောက်အတွက် စားဝတ်နေရေး ဖူလုံရုံမျှသာရှိသည်။ ကိုကိုထွန်းက ကြိုးစား၍ အလုပ်လုပ်သည်။ စိတ်စေတနာကောင်းပေမယ့် မူးလာလျှင် သွေးဆိုး၏။ ရတနာသုံးပါးကိုကြည်ညိုတတ်သူဖြစ်သဖြင့် ပြဿနာသိပ်မရှာ။ လူချစ်လူခင်တော့ပေါပါဘိ။

ကျွန်တော်သည် မင်းကင်းမြို့မှာ တာဝန်ကျနေသဖြင့် ရန်ကုန်မြို့ရှိ မိသားစုထံသို့ ခြောက်လတစ်ကြိမ်ပြန်ရသည်။ နေအိမ်မှ မင်းကင်းမြို့သို့ အပြန်တွင် ကိုကိုထွန်း၏နေအိမ်သို့ မဝင်မဖြစ်ဝင်ရသည်။ မင်းကင်းမြို့တွင် သုံးနှစ်ကြာတာဝန်ထမ်းဆောင်ပြီးနောက် ရန်ကုန်မြို့ရှိ ရုံးချုပ်သို့ပြန်ပြောင်းရ၏။ ကိုကိုထွန်းနှင့် မတွေ့ကြတာ ကြာပြီဖြစ်ပါသည်။

ရန်ကုန်ပြန်ရောက်၍ (၇)နှစ်ခန့်ကြာပြီးနောက် မြေးကလေးကိုရှင်ပြုပေးပါသည်။ ကျွန်တော်တို့မိသားစုအားလုံးမှာ ဂီတဝါသနာအိုးများဖြစ်ကြသဖြင့် အလှူတွင် တီးဝိုင်းဖြင့် ဧည့်ခံပေးရန် ဆုံးဖြတ်ကြသည်။ မတွေ့ရတာကြာပြီဖြစ်သော ကိုကိုထွန်းကိုလည်း လူကြုံဖြင့် မှာလိုက်ကြ၏။ ကိုကိုထွန်းမိသားစုလည်း ဘုရားဖူးရန်ရည်ရွယ်ပြီး လိုက်ပါလာကြသည်။

မတွေ့ရတာ ကြာပြီဖြစ်သော ကိုကိုထွန်း၏မိသားစုကို ပြန်တွေ့လိုက်ရလျှင်ပဲ မယုံကြည်နိုင်လောက်အောင်ဖြစ်ခဲ့ရသည်။ မိသားစုမှာ ယခင်ကလို ဆင်းဆင်းရဲရဲ ချို့ချို့တဲ့တဲ့မဟုတ်တော့။ သစ်သစ်လွင်လွင် သားသားနားနားနှင့် ရုပ်ဆင်းအင်္ဂါများမှာ ကျက်သရေအပေါင်းပြည့်စုံနေ၏။ ကိုယ်ပိုင်နေအိမ်၊ ကိုယ်ပိုင်ကားနှင့် ကိုယ်ပိုင်လုပ်ငန်းများဖြင့် ကြီးပွားချမ်းသာနေပြီ ဖြစ်သည်။ သားကြီးမှာ တက္ကသိုလ်သို့ပင် ရောက်နေပေပြီ။

ထိုသို့ များစွာပြောင်းလဲသွားသဖြင့် ကျွန်တော်တို့မိသားစုမှာ ဝမ်းသာအံ့သြဖြစ်ခဲ့ရသည်။ ကျွန်တော်တို့နည်းတူ ဂီတအပေါင်းအသင်းများက ဝမ်းသာမဆုံးပါ။ အကျိုးအကြောင်းကို မေးကြည့်ကြသောအခါ ကိုကိုထွန်းမှ ဘဝအတွေ့အပြောင်းဖြစ်စဉ်ကို စိတ်ရှည်စွာဖြင့် အောက်ပါအတိုင်း ပြန်ပြောပြပါတော့သည်။

❑

နွေဦးကာလတွင်ဖြစ်သည်။ မုံရွာမြို့ သစ်ထုတ်လုပ်ရေးဒေသမှ ဝန်ထမ်းဖြစ်သူ ဦးကျော်မြင့် ကိုကိုထွန်းဆီသို့ ရောက်လာပြီး -

"ကိုကိုထွန်း၊ အလုပ်အားနေတယ် မဟုတ်လား"

"အားပါ့ဗျာ၊ အလုပ်က သိပ်မရှိသေးဘူး။ အလှူတွေမှာဒိုးပတ်လိုက်တီးနေရတာပဲရှိတယ်၊ ဘာကိစ္စရှိလို့လဲ"

"မင်းကို အလုပ်တစ်ခုအပ်ချင်လို့ပါ။ လုပ်ရမယ့်အလုပ်က ကုသိုလ်လည်းရ ဝမ်းလည်းဝပေါ့"

"ဟာ - တယ်ဟုတ်ပါလား၊ ဘာအလုပ်များလဲ အာစရိ"

"မင်းကင်းနဲ့ကလေးဝမြို့ကြားမှာ ကြွေကျေးရွာဆိုတာရှိတယ်။ ကျေးရွာက ဘုရားတစ်ဆူမှာ ထီးသင်္ကန်းကပ်ပေးရမယ်။ အဖော်နှစ်ယောက်တော့ခေါ်သွားရလိမ့်မယ်"

"ရပါတယ်၊ ကျုပ်မှာအဖွဲ့ရှိပြီးသားပါ။ ဘယ်တော့သွားရမှာလဲ"

"သုံးရက်လောက်ကြာရင် တို့ဌာနကနေ မော်တော်တစ်စီးထွက်လိမ့်မယ်။ ကြွေကျေးရွာက သစ်ဖောင်တွေသွားဆွဲရမယ်။ အဲဒီမော်တော်နဲ့လိုက်ခဲ့ကြပေါ့"

ကိုကိုထွန်းအတွက် ဘုရားမှာထီးသင်္ကန်းကပ်လှူပူဇော်ရသည့်အလှူမှာ



www.burmeseclassic.com

www.burmeseclassic.com

အသစ်အဆန်းမဟုတ်ပါ။ စစ်ကိုင်းတိုင်းဒေသကြီး ချင်းတွင်းမြစ် ကမ်းနံဘေးရှိ ဖောင်းပြင်၊ မော်လိုက်၊ မင်းတင်းနှင့် ကနီမြို့များမှ စေတီများကို မကြာခဏ ထုံးသင်္ကန်းကပ်လှူပေးရသည်။ လုပ်နေကျအလုပ်မို့အပန်းမကြီးလှ။ ကုသိုလ်လည်းရ ဝမ်းလည်းဝသဖြင့် လိုလိုချင်ချင်ပင် အလုပ်ကိုလက်ခံလိုက်သည်။ လုပ်ဖော်ကိုင်ဖက်နှစ်ဦးကို အကြောင်းကြားထားပြီး လိုအပ်မည့်ပစ္စည်းများကို ကြိုတင်စုဆောင်းထားလိုက်၏။

သုံးရက်မြောက်နေ့တွင် ကိုကိုထွန်းတို့အဖွဲ့ မုံရွာဖောင်ဖွဲ့ရေးပိုင်မော်တော်နှင့် ချင်းတွင်းမြစ်ကို ဆန်တက်လာကြသည်။ ယခင်အခါက ထိုခရီးကို အညာကြီးဆန်သင်္ဘောနှင့်သွားလာဖူးရာ ယခုလို မော်တော်လေးဖြင့် သက်သက်သာသာသီးသန့်သွားရသဖြင့် ကြည်နူးဝမ်းသာမဆုံးဖြစ်ရသည်။

အလုပ်လုပ်ရမည့် ကြွေကျေးရွာကို နောက်တစ်နေ့ညနေပိုင်းတွင်ရောက်သည်။ ကိုကိုထွန်းတို့အဖွဲ့ကို ဘုရားပရဝဏ်အတွင်းရှိ ဇရပ်တစ်ခု၌ နေရာချထားပေးသည်။ ဘုရားမှာ ဉာဏ်တော် (၇)တောင်မျှမြင့်ပြီး ရှစ်မျက်နှာစေတီဖြစ်သည်။

စေတီကို သုံးပေအမြင့်ရှိ အုတ်တံတိုင်းကာရံထားပြီး မုခ်လေးမုခ်တည်ဆောက်ထား၏။ ဘုရားတွင် အရံစေတီလေး (၈)ဆူ တည်ထားသည်။ စေတီမှာ ကြွေကျေးရွာမှ သုံးမိုင်ကျော်မျှ အလှမ်းဝေးပါသည်။ မဟာမြိုင်တောကြီးသို့ ရောက်ရန် နှစ်မိုင်မျှသာလိုတော့သည်။ ပတ်ဝန်းကျင်တွင် လူနေအိမ်ခြေမှာ ငါးလုံးမျှသာရှိ၏။

ကိုကိုထွန်းတို့အဖွဲ့ နောက်တစ်နေ့ နံနက်စောစောကပင် အလုပ်စကြ၏။ အောက်ခံထုံးများကို ဓားမနှင့်ခွာရသည်။ ပြောင်သွားအောင် ဘရပ်(ရှ်)ဖြင့်တိုက်ရသည်။ စင်ကြယ်သွားအောင်လည်းကျင်းပေးရသေး၏။ စေတီများအပြင် ကာရံထားသောတံတိုင်းများကိုပါ သန့်ရှင်းရေးလုပ်ပေးကြသည်။ နှစ်ရက်ကြာသောအခါ ကပ်လှူထားပြီးသောထုံးများအားလုံး သန့်စင်သွား၏။

နောက်နေ့တွင် ထုံးသင်္ကန်းကို စတင် ကပ်လှူကြသည်။ မကပ်လှူမီ ကိုကိုထွန်းတို့အဖွဲ့ ဘုရားရှိခိုးပြီး သီလဆောက်တည်ကြသည်။ ထိုညတွင် ကိုကိုထွန်းတစ်ယောက် မောမောနှင့် ဘုရားရင်ပြင်ပေါ်တွင် ဖျာခင်း၍အိပ်လိုက်၏။ တည်းခိုရန်ပေးထားသောဇရပ်နှင့် ပေနှစ်ဆယ်မျှဝေးမည်ထင်ပါသည်။ ကိုကိုထွန်း နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျသွားပြီး နံနက် ကျေးငှက်များ အိပ်တန်းမှ မထခင်အချိန်တွင် ခေါ်သံကြား၍ လန့်နိုးလာသည်။

"ဒကာလေး၊ ဒကာလေး"

ကိုကိုထွန်း အိပ်ရာမှအလူးအလဲထလိုက်သောအခါ နံဘေးတွင်ရပ်နေသော ဘုန်းကြီးတစ်ပါးကို ဖူးတွေ့လိုက်ရသည်။ ဘုန်းကြီးမှာ အသားညို၍ သက်တော် (၇၀) နီးပါးရှိမည်ထင်ပါသည်။ ကိုကိုထွန်းက အိပ်ချင်မူးတူးဖြင့် ဦးချလိုက်သောအခါ ဘုန်းကြီးက -

"ဘုရားရင်ပြင်ပေါ်မှာ ခြင်ကိုက်တယ်။ ဒီဒေသမှာ ငှက်ဖျားရောဂါထူပြောပါဘိ။ အတင့်မရဲရဘူး ဒကာလေး"

"တင်ပါ့၊ တပည့်တော် မောမောနဲ့ အိပ်ပျော်သွားတာပါ။ ဘာကိစ္စရှိလို့လဲဘုရား"

"ဦးပဥ္ဇင်းက ဒကာလေးကို ပေးစရာရှိလို့လာတာ"

"ဘာပေးမလို့လဲဘုရား၊ ဦးပဥ္ဇင်းက ဒီနားကပဲလား"

"ဦးပဥ္ဇင်းက မဟာမြိုင်တောထဲကပါ။ ဘုရားဖူးရင်းလမ်းကြုံလို့ ဒီကိုရောက်လာတာ၊ ကဲ - ရော့၊ ဒကာလေး ပူဇော်ထားဖို့ ရဟန္တာသုံးပါး"

ဟု ပြော၍ ရဟန္တာသုံးပါး၏ ရုပ်တုတော်များကိုပေးပါသည်။ ရဟန္တာများမှာ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တနှင့် ရှင်ကစ္စည်းတို့ဖြစ်သည်။ ရဟန္တာသုံးပါးကို တွဲ၍ထုလုပ်ထားသည်။ ကိုကိုထွန်းသည် မကြာခဏ ဘုရားတွေမှာ ထုံးသင်္ကန်း၊ ရွှေမင်သင်္ကန်းများ ကပ်လှူနေကျဖြစ်၍ ရဟန္တာသုံးပါးအကြောင်း သိရှိထားပြီး ဖြစ်သည်။

ရှင်သီဝလိမထေရ်မြတ်မှာ သပိတ်ကို ဘယ်ဘက်တွင်လွယ်ထားပြီး ယပ်ကို ပခုံးပေါ်တွင်တင်ထားလျက် အလယ်၌ ရပ်နေ၏။ ရှင်ဥပဂုတ္တမထေရ်မြတ်အား ကောင်းကင်သို့မော့ကြည့်ပြီး ဆွမ်းစားနေဟန်ကို ဘယ်ဘက်နံဘေးတွင်ထုလုပ်ထားသည်။ ညာအစွန်တွင်မူ ရှင်ကစ္စည်းရဟန္တာမြတ်ကြီးအား ထိုင်လျက်အနေအထားလုပ်ထား၏။ ရှင်သီဝလိရဟန္တာမြတ်၏ဉာဏ်တော်မှာ လေးလက်မရှိပြီး ကျန်ထိုင်လျက် ရဟန္တာနှစ်ပါး၏ဉာဏ်တော်မှာ နှစ်လက်မစီရှိကြပါသည်။

ကိုကိုထွန်းသည် လက်နှစ်ဖက်ဖြင့် တရိုတသေ ကိုင်ထားသော ရုပ်တုတော်များကို စူးစမ်းလေ့လာကြည့်ရှုနေစဉ် ဘုန်းတော်ကြီးကဆက်ပြီး -

"ဦးပဥ္ဇင်း၊ ဒီရဟန္တာသုံးပါးရုပ်တုတော်တွေကို မဟာမြိုင်တောထဲတစ်နေရာကရလာ။ ဒီရဟန္တာတွေကိုပူဇော်သင့်တဲ့လူကိုပေးဖို့ ဦးပဥ္ဇင်းစောင့်နေတာကြာပြီ။ ဒကာလေးကစနေသားမဟုတ်လား။ ပူဇော်ထိုက်လို့ ဦးပဥ္ဇင်းကလာပေးတာ။ ပူဇော်ဖို့ယူထားလိုက်ပါ။အဓိကကတော့ အလယ်က ရှင်သီဝလိရဟန္တာမြတ်ကြီးပဲ။ နေ့စဉ် ဆီမီး၊ ပန်း၊ ဆွမ်း၊ သောက်တော်ရေချမ်းကပ်လှူပါ။ အကျိုးထူးပေးပါလိမ့်မယ်"

ကိုကိုထွန်းသည် ရဟန္တာရုပ်တုတော်များကို လက်ပေါ်မှ ဘုရားရင်ပြင်ပေါ်သို့ချပြီး ရိုသေစွာ ကန်တော့လိုက်သည်။ ရဟန္တာသုံးပါးကို ရွှေသင်္ကန်းကပ်လှူထားသော်လည်း အချို့နေရာများတွင် သစ်စေးများပေါ်နေပြီ ဖြစ်သည်။ ထိုအချိန်တွင် စေတီတော်ပတ်ဝန်းကျင်ရှိသစ်ပင်များမှ ငှက်အုပ်ကြီးသည် အိပ်တန်းဝင်ရာမှ ထ၍ပျံသွားကြ၏။ ဘုန်းတော်ကြီးသည် ကျောပေးထွက်သွားပြီး သစ်ပင်ချုံပုတ်များအကြားသို့ တိုးဝင်ပျောက်ကွယ်သွားသည်။ ပတ်ဝန်းကျင်တွင် ဘုန်းကြီးကျောင်းမရှိ။ နံနက်မိုးသောက်ယံအချိန်ကျမှ ရဟန္တာရုပ်ပွားတော်များကို ပူဇော်ဖို့လာပေးသဖြင့် ထူးဆန်းနေသည်ဟု ကိုကိုထွန်း ထင်နေမိသည်။

လုပ်ငန်းများပြီးစီးသွားသောအခါ မုံရွာသို့ပြန်ရောက်လာပြီး ရဟန္တာများ၏ ရုပ်တုတော်များကို ဘုရားဆင်းတုတော်၏ ညာဘက်နံဘေးတွင်တင်၍ ပူဇော်ထားလိုက်၏။ ဘုန်းတော်ကြီးမှာလိုက်သည့်အတိုင်း ပန်း၊ ဆီမီး၊ ဆွမ်းနှင့် သောက်တော်ရေချမ်းများကို နေ့စဉ်ဆက်ကပ်လှူဒါန်း၏။ ရှင်သီဝလိ (၁၀) ဂါထာကိုရွတ်၍ နေ့စဉ် (၇) ခေါက် ရွတ်ဖတ်ပူဇော်လိုက်သည်။

မကြာခင် ဆိုင်းဘုတ်ရေး၊ ဆေးသုတ်အလုပ်များ တွင်ကျယ်လာသည်။ တပည့်နှစ်ယောက်ကိုပင် ခေါ်ထားရ၏။ ချင်းတွင်းတစ်ကြော ကိုကိုထွန်း၏လုပ်ငန်းများမနိုင်မနင်းဖြစ်လာသည်။ တစ်နှစ်ခန့်ကြာသောအခါ ကိုယ်ပိုင်အိမ်နှင့်ဖြစ်လာသည်။ မောင်အငယ်ဆုံးဖြစ်သော ကိုကိုထွန်းသည် (၂) နှစ်အကြာတွင် အမွေရလိုက်သေးသည်။

ကားပိုင်၊ အိမ်ပိုင်နှင့် လုပ်ငန်းပိုင်ဖြစ်ပြီး ယခုလိုအခြေအနေရောက်ရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်မှာ ရဟန္တာသုံးပါး၏ကျေးဇူးတော်ကြောင့်ဖြစ်ကြောင်း ပြန်ပြောပြပါသည်။ ကျွန်တော့်အား ပူဇော်ထားရန် ရဟန္တာသုံးပါး၏ဓာတ်ပုံကိုပေးပါသည်။

ရဟန္တာသုံးပါးအနက် ရှင်သီဝလိ ရဟန္တာမြတ်ကြီးအား နေ့စဉ်အာရုံပြု၍ ရှင်သီဝလိဂါထာများကို ရွတ်ဖတ်ပူဇော်ခဲ့ကြောင်းနှင့် ခရီးသွားမှသာ ရှင်ဥပဂုတ္တဂါထာကို ရွတ်ဖတ်ပူဇော်မိကြောင်းပြောပြပါသည်။ သူ့ဘဝ၏အလှည့်အပြောင်းဖြစ်ရပ်မှန်မှာ ရှင်သီဝလိရဟန္တာမြတ်ကြီး၏ စောင်မမှုကြောင့်သာ ဖြစ်ကြောင်း အလေးအနက် ခံယူထားသည်။

ကိုကိုထွန်းရွတ်ဖတ်ပူဇော်လျက်ရှိသော ရှင်သီဝလိ(၁၀)ဂါထာကို အောက်တွင် ဖော်ပြလိုက်ပါသည်။

### ရှင်သီဝလိဂါထာတော်

၁။ သီဝလိ စ မဟာနာမံ၊
သဗ္ဗလာဘံ ဘဝိဿတိ။
ထေရဿ အာနုဘာဝေန၊
သဗ္ဗေ ဟောန္တု ပိယံ မမ။
၂။ သီဝလိ စ မဟာဝီရော၊
ယေယေ ပဿန္တု မံ ပိယံ။
တေတေ ပဿန္တု ပရမံ၊
ဇနပဒါ ပူဇယန္တု။
၃။ သီဝလိ စ နာမထေရေန၊
မမ သီသေ ဌပေတွာန။
ဇမ္ဗူဒီပ မဏ္ဍလေန၊
ဇယောမန္တာ သုခါဝဟံ။
၄။ သီဝလိ စ မဟာနာမံ၊
ကူနွာ ဒေဝါ သပြဟ္မကာ။
မနုဿ ပုရိသော ကွတ္ထိ၊
မဟာလာဘံ ဘဝိဿတိ။
၅။ သီဝလိ စ မဟာလာဘံ၊
နာနာ ဒေတိ ဝရံ ဝရံ။
ကူဒမ္ဗိ ပူဇိတံ ဒေတိ၊
မဟာသုခံ ဘဝိဿတိ။
၆။ ဝဏ္ဏံ ဒန္တံ သုခံ ကိတ္တိ၊
အနာမယံ ဘဝေ ဘဝေ။
တဝရုက္ခေ ဒေဝမိတာ၊
သဗ္ဗကောမံ ဝိနဿန္တု။
၇။ သီဝလိ စ မဟာလာဘံ၊
သဗ္ဗလာဘံ ဘဝိဿတိ၊
ထေရဿ အာနုဘာဝေန၊
သဒါ ဟောတု ပိယံ မမ။
၈။ သီဝလိ စ မဟာထေရော၊
ယေ ယေ ပဿန္တု မံ ပိယံ။
တေ တေ ပဿန္တု မံ ပိယံ၊
ဇနပဒါ ပူဇယန္တု။
၉။ သီဝလိ စ မဟာထေရော၊
မမ သီသေ ဌပေတွာန၊
မန္တိတေန ဇယောမန္တံ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။
၁၀။ သီဝလိ စ မဟာထေရော၊
ဒေဝ မနုဿ ပူဇိတော။
သောရဟော ပစ္စယာဒီနံ၊
မဟာလာဘံ ကရောတုမေ။ ။

### ဂါထာတော်အနက်မြန်မာပြန်

**၁။ မဟာနာမံ** - ရှေးဘုန်းရှေးကံခြယ်စီမံ၍ ပိုလျှံလာဘ်သပ်အမည်တော်အားဖြင့် ကြီးကျယ် မြင့်မြတ်တော်မူသော၊ **သီဝလိစ** - လာဘ်လာဘမညိုးလွန်ကျော်ဟိုး၍ တန်ခိုးဣဒ္ဓိအစဉ်ရှိသည့် အရှင်သီဝလိမထေရ်သည်လည်း၊ **သဗ္ဗလာဘံ** - သူမတူတန် ရှေးဘုန်းကံကြောင့် အမှန်ဖြစ်လာ များမြတ်သောလာဘ်ရတနာသည်၊ **ဘဝိဿတိ** - မြတ်စွာလူ့ဘ အံ့ဩရအောင် ပြည့်ဝသောလာဘ်ရတနာသည်၊ **ထေရဿ** - လာဘ်လာဘမညိုး လွန်ပြည့်ဖြိုးသည့် တန်ခိုးကြီးလတ် ထိုရှင်သီဝလိမထေရ်မြတ်၏၊ **အာနုဘာဝေန** - တန်ခိုးတော်အစုံ ဂုဏ်တော်ဟုန်ကြောင့်၊ **သဗ္ဗေစ** - လူ့နတ်မကြွင်းပြဟ္မာမင်းနှင့် ခပင်းဥဿုံ အလုံးစုံသောသူတို့သည်၊ **မမ** - ကောင်းမြတ်စိတ်ကြံအဓိဋ္ဌာန်နှင့် အမှန်အားထုတ်အကျွန်ုပ်အား၊ **ပိယံ** - မေတ္တာရေမိုးဒီရေတိုးသို့ မြတ်နိုးခင်မင် လွန်ချစ်ခင်သည်၊ **ဟောတု ဘဝတု** - အမြဲမသွေဖြစ်ပါစေသတည်း။

**၂။ သီဝလိစ** - ဘုန်းကံကြီးမားလွန်များပြား၍ ဘုရားသော်မှ အံ့ဩရသဖြင့် လာဘသိဒ္ဓိအလွန်ပြည့်သည့် အရှင်သီဝလိ အမည်ရှိသော မထေရ်ကား၊ **မဟာဝီရော** - တရားမယုတ် အမှားမလုပ်ဘဲ အားထုတ်သောဝီရိယလည်းရှိတော်မူပါပေ၏။ **ယေယေ** - ရာဇသေဋ္ဌိနင်းပြည့်ရှင်မင်းနှင့် ခပင်းဥဿုံအလုံးစုံသော အကြွင်အကြွင်သူတို့သည်၊ **မံ** - သီဝလီအရှင် ဦးထိပ်တင်၍ နေ့စဉ်မန်းမှုတ် အကျွန်ုပ်ကို၊ **ပိယံ** - ချစ်ခင်လေးမြတ် မေတ္တာဓာတ်ဖြင့်၊ **ပဿန္တု** - ကြည်သာရွှင်ပျ မမေ့ကြဘဲ တွေ့ကြလုံးစုံ မြင်ကြကုန်၏၊ **တေတေ** - တွေ့မြင်သမျှ ထိုထိုသို့သော မိတ်သင်္ဂဟတို့သည်၊ **ပရမံ** - မုန်းစိတ်မဝင် ချစ်စိတ်ရွှင်၍ ခင်မင်အားသည့် မြင့်မြတ်သောမေတ္တာအရင်းအနှီးဖြင့်၊ **ပဿန္တု** - ကြည်လင်ညွတ်နူး ဇောစိတ်မြူး၍ အထူးမသွေမြင်ပါစေသတည်း၊ **ဇနပဒါ** - ပြည်သူပြည်သား မေတ္တာပွား၍ အများသောသူတို့သည်၊ **ပူဇယန္တု** - ကြည်လင်ရိုကျိုးမပြတ်တိုး၍ မြတ်နိုးပူဇော်ကြစေသတည်း။

**၃။ သီဝလိ နာမထေရ်ရေန** - ဘုန်းကံလာဘ်မိုးလွန်ပြည့်ဖြိုး၍ ကောင်းကျိုးစုံဘိမဟိဒ္ဓိနှင့် ကိတ္တိကျော်ကြား ထိုသီဝလိအမည်ရှိသော အရှင်ဘုရားသည်၊ **မမ**-**သီဝလိ**ဂုဏ် လွန်ကြည်ယုံ၍ လုံးစုံမြော်ကော် တပည့်တော်၏၊ **သီသေ** - စမုတ်ကျောင်းဆောင်အသွင် မယုတ်လျောင်းပျော်ရွှင်ဖို့ ဦးခေါင်းတော်ပလ္လင်၌၊ **ဌပေတွာန** - မမြဲမပြတ် လေးပါးဓာတ်ဖြင့် ရပ်တန့်ကြည်ဖြူ တည်တော်မူ၍၊ **ဇမ္ဗူဒီပ မဏ္ဍလေန** - ယူဇနာတစ်သောင်းကျယ်ပြန့်ညောင်း၍ အပေါင်းစုံလင် ဇမ္ဗူဒီပါကျွန်းအပြင်၌၊ **ဇယောမန္တာ**-လောကီဓာတ်လိုက် နတ်အကြိုက်နှင့် လာဘ်တိုက်ကြံ့ဘိ မဟိဒ္ဓိကြောင့် သိဒ္ဓိပေါင်းလျှံအောင်မန္တန်ဖြင့်၊ **သုခါဝဟံ** - ကျန်းမာမရှင်း လန်းဖြာလင်း၍ ချမ်းသာခြင်းကို ဆောင်ရွက်နိုင်သည်၊ **ဟောတု ဘဝတု**- သီဝလိတန်ခိုး သိဒ္ဓိနိုး၍ ကောင်းကျိုးစုံစွာဖြစ်ပါစေတည်း။

**၄။ သီဝလိစ** - ဘုရားလူ့ဘ ချီးမွမ်းရလျက် ရကာတိတ္ထိအမည်ရှိသော သီဝလိမထေရ်မြတ်သည်ကား၊ **မဟာနာမံ** - ဧတဒဂ်ရ လာဘ်လာဘကြောင့် နာမကျော်ဟည်း မြင့်မြတ်သောအမည်လည်းကြီးပါပေ၏။ **တဿထေရဿ** - ထိုအရှင်သီဝလိမထေရ်မြတ်၏၊ **အာနုဘာဝေန** - တန်ခိုးဂုဏ်တော် အာနုဘော်ကြောင့်၊ **သပြဟ္မကာ** - ပြဟ္မာနှစ်ဆယ်အသွယ်သွယ်နှင့်တကွဖြစ်ကုန်သော၊ **ကူနွာဒေဝါ** - စတုမဟာဝတီသာ၌ အာဏာပိုင်နှင်း သိကြားမင်းသည် လည်းကောင်း၊ **မနုဿပုရိသောကွတ္ထိစ** - လူ့ဘုံပျော်ပါး လူယောက်ျားနှင့် များပြားစွာလှလူ့မိန်းမတို့သည်လည်းကောင်း။ **မဟာလာဘံ** - မပြတ်တိုးစရာ မြတ်နိုးစရာတို့ဖြင့် လာဘ်မိုးရွာခြင်းသည်၊ **ဘဝိဿတိ** - စိတ်ရွှင်ပီတိ ဘဝင်ငြိအောင် သိစုံစွာ အပြစ်မလာဘဲဖြစ်ပါစေသတည်း။

**၅။ သီဝလိစ** - သံယာရဟန်းသိန်းရှစ်သန်းကို ဆွမ်းကွမ်းလုံလောက်တောင်လိုမောက်အောင် များမြောက်စွာ လှူဒါန်းနိုင်ခြင်းရှိသော အရှင်သီဝလိမထေရ်သည်ကား၊ **နာနာဝရံဝရံ**- အံ့ဩချီးကျူး မကြုံဘူးအောင် အထူးထူးအပြားပြား များပြားမြင့်မြတ်လှသော၊ **မဟာလာဘံ** - စားသုံးမကုန် အားလုံးခြုံ၍ပြည့်စုံသောလာဘ်လာဘကို၊ ဒေ-

www.burmeseclassic.com

ယုံကြည်အားထား လူအများကို တရား ပိုင်ပိုင်ပေးစွမ်းနိုင်၏၊ **ပူဇိတံ** - ယုံကြည် မပြတ်ပူဇော်အပ်သော၊ **ဣဒမ္ဘိ** - မွန်မြတ် စွာလှ ဤသို့သဘောရှိသော လာဘ် ဟူသမျှကို၊ **ဒေတိ** - အေးချမ်းပိုင်ပိုင် သောဘျမ်းမလှိုင်ဘဲပေးစွမ်းနိုင်၏၊ **တဿ ထေရေန** - ထိုအရှင်သီဝလိမထေရ်မြတ် ၏၊ **အာနုဘာဝေန** - အစုံမျှော်ကိုး ဂုဏ် တော်တန်ခိုးကြောင့်၊ **မဟာသုခံ** - ရွှေ ငွေ၊ စိန်၊ ကျောက် ထိန်ထိန်တောက်၍ မြားမြောက်ဥစ္စာ ကောင်းမြတ်သော စည်းစိမ်ချမ်းသာသည်၊ **ဘဝိဿတိ** - အရှင်သီဝလိက နေ့တိုင်းမ၍ ထာဝရစုံ စွာ အပြစ်မလာဘဲဖြစ်ပါစေသတည်း။

၆။ **မမ** - သီဝလိဂုဏ် လွန်ယုံကြည် ၍ ခိုလှုံဖူးမြော် တပည့်တော်အား၊ **ဘဝေ ဘဝေ** - နောက်နောင်များစွာသံသရာဟု မှန်စွာမဆိုင်း ဘဝတိုင်းဘဝတိုင်း၊ **ဝဏ္ဏံစ**- မြင်သူအများ မေတ္တာပွားအောင် ခြောက် ပါးပြစ်ကင်း ငါးကောင်းခြင်းနှင့် အဆင်း လှခြင်းသည် လည်းကောင်း၊ **ဒန္တံစ** - ကြန္တေ့ခြောက်တန် မဖောက်ပြန်ဘဲ ကောက်ညာဏ်ချွတ်ယွင်း ယဉ်ကျေးသိမ် မွေ့ရခြင်းသည်လည်းကောင်း၊ **သုခံစ** - ကိုယ်စိတ်နှစ်ဖြာလိုကျွှာနှင့် ကျန်းမာ မယွင်း ချမ်းသာခြင်းသည်လည်းကောင်း၊ **ကိတ္တိံစ** - မိမိဂုဏ် တိုင်းလုံးတုန်အောင် ပြည့်စုံလင်းပင် ကျော်စောခြင်းသည် လည်းကောင်း၊ **အနာမယံ** - အန္တရာယ် မကပ် ဥပဒ်မတွယ် ဘေးပျောက်ကွယ်၍ နုနယ်ရုပ်ဆင်း ရောဂါအနာတင်းခြင်း သည် လည်းကောင်း၊ **ဟောတုဘဝတု** - သီဝလိတန်ခိုး သိဒ္ဓိနိုး၍ ကောင်းကျိုး စုံစွာ အပြစ်မလာဘဲဖြစ်ပါစေသတည်း။ **တာဝရကျွေ** - မဥ္ဇူသက စမုတ်ကြွနှင့် မုချ အသွင် အရှင်ဘုရားတည်းဟူသော နတ် ပန်းပင်ကြီး၌၊ **ဒေဝတာ** - စိုးအုပ်ပျော်မွေ့ တရားတော်တည်းဟူသော နတ်သမီး သည်၊ **သဗ္ဗကောခံ** - လုံးစုံများစွာ ဂြိုဟ် ကြမ္မာနှင့် ဒဿာဆိုးဖျက် မကောင်းသော ရန်အမျက်ကို၊ **ဝိနဿန္တု** - နတ်ရေစင် ဆေး ကြည်လင်အေးဖို့ မနှေးမြန်စွာ ဖျက်ဆီး၍ပစ်နိုင်ပါစေသတည်း။

၇။ **မဟာလာဘံ** - ကြီးကျယ်မြင့် မြတ်များစွာသောလာဘ်ရှိတော်မူသော၊ **သီဝလိစ** - ဇေတဒဂ်ရ လာဘ်လာဘ ကြောင့် ဂုဏကိတ္တိ ပြည်လုံးသိသော အရှင်သီဝလိမထေရ်သည်ကား၊ **သဗ္ဗလာဘံ**- ရွှေစိတ်တော်ညွှတ် အာရုံလွတ် က အထွတ်အမြတ်ဖြစ်သော လာဘ် လာဘသည်၊ **ဘဝိဿတိ** -ရှေးဘုန်းရှေး ကံ ဖန်စီမံ၍ အမှန်မသွေ ဖြစ်ပေါ်လာ ရပေ၏၊ **ထေရဿ** - လာဘ်ပေါ်ပြည့်ရှင် ထိုအရှင်၏၊ **အာနုဘာဝေန** - တန်ခိုးဂုဏ် တော်အာနုဘော်ကြောင့်၊ **မမ** - သီဝလိ ဂုဏ် လွန်ကြည်ယုံ၍ ခိုလှုံဖူးမြော် တပည့် တော်အား၊ **သဒါ** - နေ့ရောညပါ မလပ် ပါဘဲ အခါခပ်သိမ်း၊ **ပိယံ** - လူ,နတ်ချစ် ခင် မေတ္တာဝင်၍ ခင်မင်ရင်းနှီး သား သမီးသို့ အားကြီးသောချစ်ခြင်းသည်၊ **ဟောတု ဘဝတု**- လူ,နတ်လိုတူ ဂြိုဟ် လည်းမ၍ မုချမသွေဖြစ်ပါစေသတည်း။

၈။ **သီဝလိစ** - လူနှင့်တကွ နတ် ဗြဟ္မာအစစတို့တွင် လာဘ်လာဘမိုး မပြတ်တိုးသဖြင့် မြတ်နိုးခြင်းရှိသော ရှင်သီဝလိမထေရ်မြတ်သည်ကား၊ **မဟာ ထေရော** - ကြီးကျယ်မြင့်မြတ် ဂုဏ်ဒြပ် နှင့် လူ,နတ်ဦးခိုက် ပူဇော်ထိုက်သော မထေရ်ကြီးလည်းဖြစ်ပါပေ၏။ **ယေယေ**- မျက်မြင်သမျှ မပျက်ခင်ကြဖို့ အသက်ရှင် ကြကုန်သော အကြင်အကြင်သူတို့ သည်၊ **မံ** - နေ့,ညမလပ် အထပ်ထပ်ဖြင့် မပြတ်ပီတိ ဘဝင်မနသိငြိ၍ အရှင် သီဝလိဂုဏ်အလီလီအားယုံကြည်သော အကျွန်ုပ်ကို၊ **ပိယံ** - သားရင်းပမာချစ်ခင် စွာဖြင့်၊ **ပဿန္တု** - ဘဝင်ဟာဒယတုန် ရင်ဝခုန်အောင် မြင်ကြကုန်၏၊ **တေတေ**- လူရောနတ်ရော သောသောဖြိမ့်ညာ ပြစ်မလာဘဲ မေတ္တာကြည်ဖြူ ထိုထိုသူ တို့သည်၊ **မံ** - ယုံယုံကြည်ကြည် ဇော မနသိဖြင့် လောကီ, လောကုတ် နှစ်ပါး မယုတ်အောင် အားထုတ်ခြင်းရှိသော အကျွန်ုပ်ကို၊ **ပိယံ** - တမင်မွေး၍ချစ် သော ရင်သွေးအစစ်ကဲ့သို့ ကြင်ရှေး မလစ် အပြစ်အစဉ်မလာဘဲ ချစ်ခင်စွာ၊ **ပဿန္တု** - ရွှင်ပျစုံစုံ ရင်ဝခုန်အောင်မြင် ကြကုန်၏၊ **ဇနပဒါ** - တောဖျားဇနပုဒ် မြို့ချုပ်ပြည်ကြီးအသီးသီး၌နေသောသူ တို့သည်၊ **ပူဇယန္တု** - ဆီထိမနော ပီတိ ဇောဖြင့် သဘောခင်ဖြူ ချစ်သွေးတူ၍ သည်းအူစွဲမျှ ယူမျှော်တလျက် ပူဇော်ကြ စေသတည်း။

၉။ **သီဝလိစ** - ဘုရင်အလီလီသိ ကြတဲ့ အရှင်သီဝလိမထေရ်မြတ်သည် ကား၊ **မဟာထေရော** - အပြည်ပြည်က မှီးရသော မထေရ်ကြီးလည်းဖြစ်တော် မူပါပေ၏။ **သော** - ထိုဘုရင်အလီလီ သိကြတဲ့ အရှင်သီဝလိမထေရ်ကြီးသည်၊ **မမ** - ခန္ဓာငါးရပ် လေးပါးဓာတ်ဖြင့် ပေါင်းစပ်မယုတ် အကျွန်ုပ်၏၊ **သီသေ**- စမုတ်ကျောင်းတော်အသွင် မယုတ် လျောင်းပျော်ရွှင်ဖို့ ဦးခေါင်းတော်ပလ္လင် ၌၊ **ဌပေတွာန** - ကြည်သာရွှင်ပြုံး သီတင်း သုံး၍၊ **မန္တံ** - ဂါထာမန္တန်အတန်တန်ကို၊ **မန္တိတေန** - ဖန်ဖန်မန်းမှုတ် အမိန့်တော် ထုတ်၍၊ **ဇယော** - ခပ်သိမ်းကိစ္စ ဟူသမျှ ကို တစ်စမကျန် ခြွင်းမချန်ဘဲ အမြန် မသွေ အောင်ပါစေသတည်း၊ **အဟံ** - မပြတ်ဖောင့်တ လာဘ်ပေါင်းရဖို့ ဇယ ကြိုးကုတ် အကျွန်ုပ်သည်၊ **သဗ္ဗဒါ** - စတ္တန့်ပီဇနာမလစ်ပါဘဲ ခရာမလပ် အခါ ခပ်သိမ်း၊ **ဝန္ဒာမိ** - ယုံကြည်မြတ်နိုးမပြတ် ကိုး၍ လာဘ်မိုးခြိမ့်ညာ ပြည့်ဖြိုးရွာ လျက် ရှိခိုးပါ၏ အရှင်ဘုရား။

၁၀။ **ဒေဝမနုဿပူဇိတော**-ဗြဟ္မာ, နတ်, လူ ခပ်သိမ်းသူတို့ ကြည်ဖြူလေး မြတ် ပူဇော်အပ်တော်မူထသော၊ **မဟာ ထေရော** - ကြီးကျယ်လွှမ်းမိုး ဘုန်းတန်ခိုး နှင့် မညှိုးအံ့ချီး များသံယာအလီလီမှီးရ သဖြင့် မထေရ်မြတ်ကြီးလည်းဖြစ်တော် မူထသော၊ **သောစ သီဝလိ** - လာဘ်အရာ တွင် မြတ်စွာထွတ်ဖျား ဇေတဒဂ်ထားရ သဖြင့် အများသောသံယာတို့မှီခိုရာဖြစ် သော ထိုအရှင်သီဝလိသည်၊ **ပစ္စယာဒိနံ** - လေးဖြာပစ္စည်းအသီးသီးတို့ကို၊ **အရ ဟော**- မြူဆန်မကြွင်း အပူအလျှံကင်းသ ဖြင့် အလှူခံခြင်းငှာထိုက်တော်မူပါပေ ၏၊ **မေ** - သီဝလိအရှင် ကျွန်းထိပ်တင် ကို ကြည်လင်ဖူးမြော် တပည့်တော်အား၊ **မဟာလာဘံ** - ရွှေ ငွေ၊ စိန်၊ ကျောက် ထိန်ထိန်တောက်၍ မြားမြောက်ပြည့်ဖြိုး ကြီးစွာသောလာဘ်မိုးကြီးကို၊ **ကရောတု**- ပိုလျှံပြည့်လွှမ်း ခြိမ့်ခြိမ့်မွှမ်းအောင် ရွာ သွန်းခြင်းပြုတော်မူပါစေသတည်း။

□

ရှင်သီဝလိ(၁၀)ဂါထာကိုရွတ်ဖတ် ပူဇော်ပြီးနောက် ပါဠိပုဒ်တွေမပါသော အောက်ဖော်ပြပါဂါထာဖြင့် ဆုတောင်း ခြင်းကိုပြုလုပ်ရပါသည်။

- ဥုံ ရှင်သီဝလိ ဘုန်းရှိမြတ်စွာ
  ရဟန္တာ၊
  ထိပ်မှာမြတ်ဖျား ကိုယ်တော်ထား၊
  နားမှာ ကိုယ်တော်ကျိန်း၊ ခပ်သိမ်း
  လိုရ
  ကာယဝစီ မနောချီ၊ သုံးလီ
  ဩကာသ၊
  ရှိသေမြတ်နိုး၊ ကျွန်ုပ်ရှိခိုး၊ တန်ခိုး
  ကိုယ်တော်ပြ၊
  အရာခပ်သိမ်း အောင်မြင်ငြိမ်းစေ
  သတည်း။

တက္ကသိုလ်အပန်ပယ်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် သီးလုံးဆရာတော်ကြီး (၁၁၄၈-၁၂၂၂) ၏ ဓာတ်တော်တို့ကို ဌာပနာ၍ သီးလုံးတောင်ရွာထိပ်တွင် တည်ထားသော မြသိန်းတန်စေတီတော်

# ဝေစည်(ရွှေဘို)

# သီးလုံးဆရာတော်

သီးလုံးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့၏ အနောက်မြောက်ထောင့်တွင် တည်ရှိပါသည်။ ရွှေဘိုမြို့နှင့် (၁၂) မိုင်ကွာဝေးပါသည်။ ထိုသီးလုံးရွာတွင် သီတင်းသုံးတော်မူသောသီးလုံးဆရာတော်ကြီးသည် ပိဏ္ဍကတ္တယ၊ ဓမ္မပရိယတ်၊ ဟောတိုင်းတတ်၍၊ ပဋိပတ်ဂုဏ်၊ လောက်လုံထင်ပေါ်၊ တိုင်းလုံးကျော်သော၊ လဇ္ဇီပေသလ၊ သိက္ခာကာမ၊ သီလဝန္တအစစ်ဖြစ်တော်မူပါသည်။

စာရေးသူအား သီးလုံးရွာမှ မိတ်ဆွေတစ်ဦးက အလှူဖိတ်သဖြင့် သီးလုံးရွာသို့ သွားရောက်ခဲ့ပါသည်။ ဆရာကြီး ဓမ္မာစရိယ ဦးဌေးလှိုင်၏ 'ရဟန္တာနှင့်ပုဂ္ဂိုလ်ထူးများ' စာအုပ်ကိုဖတ်ခဲ့သည်မှစ၍ မိမိနေထိုင်ရာ မြို့နယ်အတွင်းတွင်ရှိသော သီးလုံးရွာသို့ တစ်နေ့နေ့တွင် သွားရောက်ဦးမည်။ သီးလုံးဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့သောကျောင်း၊ သီးလုံးဆရာတော်ကြီး၏ ဓာတ်တော်များကို ဌာပနာထားခဲ့သော ဓာတုစေတီနှင့် ဆရာတော်ကြီး ဝိပဿနာတရား ကျင့်ကြံပွားများအားထုတ်ခဲ့ပြီး တစ်မဂ်တစ်ဖိုလ်ရရှိခဲ့သည့်နေရာ၊ တရားအထွတ်အထိပ်သို့ရောက်တော်မူသောနေရာတို့ကို သွားရောက်ကြည်ညိုဦးမည်ဟု အကြိမ်ကြိမ်စိတ်ကူးကြံစည်မိပါသည်။ သို့သော် ယရာဝါသောဗဟုကိစ္စော ဆိုသည့်အတိုင်း သွားရောက်ဖို့ အဆင်မပြေခဲ့ပါ။ စာရေးသူ၏ အသက်(၂၀)ခန့်က ကြံစည်ခဲ့သမျှသည် ယခုအသက်(၇၀)နှစ်ရောက်မှသာ လျှင်အောင်မြင်ထမြောက်ပါတော့သည်။

သီးလုံးရွာကြီးသည် အိမ်ခြေ (၇၀၀) ခန့်ရှိပါသည်။ ရွှေဘိုမြို့မှ ရေဦးလမ်း၊ ညောင်ပင်သာလမ်းမှ သွားလို့ရပါသည်။ သို့မဟုတ်ပါက ရွှေဘိုမှ ဆိပ်ခွန်သို့သွားပြီး ဆိပ်ခွန်မှ တူးမြောင်းပေါင်အတိုင်းသွားလျှင်လည်းဖြစ်၏။ သီးလုံးရွာကြီးသည် ဆန်စပါး၊ ပဲအမျိုးမျိုးနှင့် ကွမ်းများစိုက်ပျိုးကြပါသည်။ ဆိပ်ခွန်လုံချည်ဟုခေါ်ကြသော ချည်ချောထည်များပါ ရက်လုပ်ကြပါသည်။

သီးလုံးရွာသို့ ဝင်လိုက်လျှင်ပင် အလွန်ကျယ်ဝန်းသောကျောင်းဝင်းကြီးထဲတွင် ကြီးမားခံ့ညားလှသော နှစ်ထပ်ကျောင်းဆောင်ကြီးကို ကြည်ညိုဖွယ်ရာတွေ့ရပါသည်။ ထိုကျောင်းတော်ကြီးကို ၁၁၈၁ ခုနှစ်တွင် သီးလုံး(၇)ရွာစားဖြစ်



ဥပဇ္ဈာယ် ဒုတိယ နံမော်ဆရာတော်ကြီး အရှင်ဝိစာရိန္ဒထံ၌ သီးလုံးဆရာတော်ကြီး ရဟန်းဖြစ်တော်မူခဲ့ရာဌာန
(စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဒီပဲယင်းမြို့နယ် ညောင်လှကျေးရွာ နမောမြောက်ကျောင်း)

www.burmeseclassic.com



ရွှေဘိုမြို့နယ် သီးလုံးရွာ ကန်ရင်းကျောင်းကြီးပေါ်၌ ကိန်းဝပ်စံပယ်တော်မူသော
နရပတိမင်းကောင်းမှု သမိုင်းဝင် သက်န်းနက်ရုပ်ပွားတော်
(၁၁၉၀ ပြည့်နှစ်တွင် သီးလုံးဆရာတော်ကြီး ထပ်မံပြုပြင် ကိုးကွယ်ပူဇော်တော်မူသည်)

သော ရွှေတောင်သက်ဟအနုယုဒ္ဒဘွဲ့ခံ ဦးဝိုက်နှင့် ဒေါ်အေးတို့က ဆောက်လုပ်လှူဒါန်းသည်ဟု သိရပါသည်။

တစ်ဖန် သက္ကရာဇ် ၁၁၉၀ ပြည့်နှစ်တွင် ဒုတိယမြောက်အလှူရှင်အဖြစ် သီးလုံးဝန်ကြီး ဗိုလ်ချုပ်သတိုးမင်းကြီး မဟာရာဇသကြ်န် ဦးစိုးနှင့် ဝန်ကတော် ဒေါ်မယ်စီတို့က မဟာဝေယံဘုံသာ အမည်ဖြင့် ဆောက်လုပ် လှူဒါန်းပါသည်။ အရပ်အခေါ်အားဖြင့် မင်းကြီးကျောင်းဟု လူသိများပါသည်။

ထိုကျောင်းကြီးကို ကျွန်းသားတိုင်လုံးရှည်ရှည်ကြီးများဖြင့် ဆောက်လုပ်ထားပါသည်။ ကျွန်းတိုင်တစ်လုံးလျှင် လူတစ်ဖက်စာရှိပါသည်။ ရုပ်ပွားတော်ရှေ့တွင် ဂဠုန်ပန်းပုရုပ်ရှိရာ အလွန်အသက်ဝင်လှပါသည်။ ရှေးကပြုလုပ်ခဲ့သော



သီးလုံးကျောင်းဘုရားခန်းမှ ဂဠုန်ရုပ်



သီးလုံးဆရာတော်ကြီးအား ၁၁၉၀ ခုနှစ်တွင် ဒုတိယမြောက် လှူဒါန်းသော
သီးလုံးဝန်ကြီး ဗိုလ်ချုပ် သတိုးမင်းကြီး မဟာရာဇသကြ်န်ဦးစိုးနှင့် ဝန်ကတော် ဒေါ်မယ်စီတို့၏ မဟာဝေယံဘုံသာကျောင်းတော်ကြီး

www.burmeseclassic.com


တံခါးချပ်(တံခါးရွက်)များကို တွေ့ခဲ့ရပါသည်။ တံခါးရွက်၏ထုထည်သည် (၂) သတ်မကျော်ကျော်ရှိပါသည်။တံခါးရွက်မှာ သစ်သားများဆက်စပ်ပြီးပြုလုပ်ထားခြင်းမဟုတ်ပါ။ ဧရာမကျွန်းပင်လုံးကြီးမှ ခွဲစိတ်ထားသော သစ်သားတံခါးရွက်များဖြစ်ပါသည်။ ကောင်းကင်ချ မင်းတုပ်များဖြင့် ပြုလုပ်ထားပါသည်။


မဟာဝေယံဘုံသာကျောင်းကြီးထဲတွင် မှန်စီရွှေချစာတိုက်ဗီရိုများကိုလည်း တွေ့ရပါသည်။ ကျောင်းတော်ကြီး၏ ဘုံအမြင့်တွင် မှန်စီရွှေချကြာပန်းကြာပွင့်များရှိပါသည်။ ဆရာတော်ဘုရားကြီးရေးသားခဲ့သော ပေစာများနှင့် ပုရပိုက်တစ်ဆူကိုပါ ကြည်ညိုခဲ့ရပါသည်။ မှတ်တမ်းမှတ်ရာများအရ သီးလုံးဆရာတော်ကြီးကို -


ယခုအခေါ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့၏ မြောက်ဘက် (၁၅)မိုင်ခန့်အကွာရှိ ဘုတ်ကုန်းရွာအနီး ရွှန်းရွှန်းတက်ရွာ (ဒေသအခေါ် ရွှံ့စက်ရွာ) တွင် ခမည်းတော်ကြီး ဦးပုနှင့် မယ်တော်ကြီးဒေါ်ငွေဥ (အချို့မှတ်တမ်းများတွင် ဒေါ်ငွေရီ) တို့မှ မြန်မာနှစ် ၁၁၄၈ ခုနှစ်တွင် ဆရာတော်လောင်းလျာ သားရတနာကို ဖွားမြင်ခဲ့ပါသည်။

ရွှံ့စက်ရွာ (ရွှန်းရွှန်းတက်ရွာ) ရှိ ရွာဦးဘုန်းတော်ကြီးကျောင်းတွင် အရှင်သာမဏေပြုခဲ့ပြီး ငါးခုန်ဆရာတော်ကြီးထံ ပညာသင်ကြားနေထိုင်ခဲ့ပါသည်။ ထိုငါးခုန်ဆရာတော်ကြီးသည် ခန္တီပါရမီနှင့်အထူးပြည့်စုံရကား ဆရာတော်လောင်းလျာဖြစ်သော ရှင်စန္ဒိမာသည် ခန္တီမျိုးစေ့ကို ငါးခုန်ဆရာတော်ကြီးထံမှ ရရှိခဲ့ပါသည်။ ရှင်စန္ဒိမာ ငါးခုန်ဆရာတော်ကြီးထံရှိစဉ်က ခန္တီရှိ မရှိကို သိတင်းသုံးဖော်တိုရင်ငယ်များက သပိတ်ဆေးရေများနှင့်ချောင်းပြီး စမ်းသပ်ကြသည်ဟု ဆိုပါသည်။

မြန်မာနှစ် ၁၁၆၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဒီပဲရင်းမြို့နယ် သက်ယက်ကုန်းရွာနှင့်တစ်မိုင်ခန့်အကွာ ညောင်လှစျေးကျေးရွာ၏မြောက်ဘက်ရှိ နံ့မောကျောင်းဆရာတော် ဦးဝိစာရိန္ဒထံတွင် မြင့်မြတ်သောရဟန်းဘောင်သို့ ကူးပြောင်းခဲ့ပါသည်။ ထိုကျောင်းတွင် (၁၃) ဝါဆိုခဲ့ပါသည်။ ထိုနံ့မောကျောင်းကြီးသည် ကျွန်းသားလုံးပတ်တိုင်ကြီးပေါင်း (၁၀၀) ဖြင့် ဆောက်လုပ်ထားပါသည်။ လွန်ခဲ့သော နှစ်ပေါင်း (၃၀) ကျော်က စာရေးသူသည် ဒီပဲရင်းမြို့နယ် မူးကမ်း











www.burmeseclassic.com




သီးလုံးတောရဆရာတော်ကြီး ဖွားတော်မူစဉ်မှစ၍ လွန်တော်မူသည်အထိ သီတင်းသုံးတော်မူခဲ့သော ဌာနများပြသည့်မြေပုံ



သီးလုံးဆရာတော်၏တောရကျောင်းမှ မန်ကျည်းပင်တန်းစကြံလမ်း



မာတုစေတီတံတိုင်းမှ ရှေးအုတ်များ

ကြီး အ-လ-က (ယခု အ-ထ-က) တွင် ဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ရာ (ဆရာကြီးဂန္ဓာမာ့ဦးအုန်းမောင်၏ ပြည်သူ့နီတိ၏ဆယ်ပုံတစ်ပုံမျှပင်တန်ဖိုးမရှိသော) ဆိုရှယ်လစ်စာရိတ္တကို မြို့နယ်ပညာရေးမှူးနှင့် လက်ထောက်ပညာရေးမှူးများက သင်တန်းပို့ချပေးသဖြင့် ထိုသင်တန်းတည်ရှိရာ နံမောကျောင်းတော်ကြီးသို့ သင်တန်းတက်ခဲ့ရဖူးပါသည်။ နံမောကျောင်းကြီးသည် စစ်ဘေးစစ်ဒဏ်ကြောင့်ပျက်စီးခဲ့ရပါသည်ဆိုသော်လည်း ကျန်ရှိနေသေးသည့် ခံ့ညားသော နံမောကျောင်းကြီးကို တအံ့တသြကြည့်ညို့ခဲ့ကြရပါသည်။ နံမောကျောင်းအတွင်းတွင် ရှေးလက်ရာ အုတ်(အရှည်)ကြီးများဖြင့်စီထားသောရေတွင်းတစ်တွင်းကိုလည်း တွေ့ခဲ့ရပါသည်။ ဤရေတွင်းတွင်ရေချိုးနေသောကိုရင်ရှင်စန္ဒိမာ၏သင်္ကန်းကိုဝှက်ပြီးစကြရာ ခိုက်ခိုက်တုန်ချမ်းနေလျက်ကပင် စိတ်ဆိုးခြင်းအလျှင်းမရှိဘဲ လက်အုပ်လေးချီပြီး 'သင်္ကန်းပေးကြပါဘုရား' ဟုသာ အကြိမ်ကြိမ်တောင်းပန်ခဲ့သည်ဟု ညောင်လှကျေးရွာမှ ဆရာကြီးဦးချစ်တီးကပြောပြခဲ့ပါသည်။ ရေတွင်းဓာတ်ပုံလေးပါ ဖော်ပြလိုက်ပါ၏။

သီးလုံး(၇)ရွာအုပ်ချုပ်ရသူ ဦးဝိုက်က ဦးပဥ္စင်း ဦးစန္ဒိမာအား သက္ကရာဇ် ၁၁၈၁ ခုနှစ်တွင် သီးလုံးရွာသို့ ပြန်လည်ပင့်ဆောင်ပြီး ရွာအရှေ့ထိပ်တွင် ကန်ရင်းကျောင်းကို ဆောက်လုပ် လှူဒါန်းကိုးကွယ်ခဲ့ပါသည်။

သက္ကရာဇ် ၁၁၉၀ ပြည့်နှစ်တွင် သာယာဝတီမင်းလက်ထက် စန္ဒိမာဘိဝံသသီရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရုတံဆိပ်တော်နှင့် ဂဏဝိမုတ်အမိန့်တော်ကို ကပ်လှူတော်မူခဲ့ပါသည်။ ယခင်ကျောင်းဒကာကြီးဦးဝိုက်၏ညီ ဦးစိုးနှင့်ဇနီး ဒေါ်မယ်စီတို့က (ယနေ့အခေါ် အနောက်ကျောင်း) ခေါ် မဟာဝေယံဘုံသာကျောင်းတိုက်ကို ဆောက်လုပ်လှူဒါန်းပါသည်။

သီးလုံးဆရာတော်ဘုရားကြီးသည် သီးလုံးရွာဦးကျောင်း၌ သီတင်းသုံးတော်မူစဉ် ၁၂၁၂ ခုနှစ် မင်းတုန်းမင်းတရားကြီးက 'စန္ဒိမာဘိလင်္ကာရ ကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ဆက်ကပ်တော်မူစေပါသည်။ ဂိုဏ်းမုတ်အမိန့်ကို တည်မြဲစေပါသည်။

သီးလုံးဆရာတော်ကြီးအား မန္တလေး နေပြည်တော်ကြီးသို့ ကြွရောက်တော်မူပါရန် မင်းတုန်းမင်းတရားကြီးက



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ငယ်စဉ်ခါကတည်းက ဘာသာရေးကို အထူးအလေးထားသူတစ်ဦးဖြစ်လေသည်။ ဂါထာမန္တန်များ ရွတ်ပွားပူဇော်နေခြင်းကိုလည်း အချိန်တိုင်း ရွတ်ပွားနေသည့်အကျင့်နှင့်အတူ ပုတီးစိပ်ပွားပူဇော်ခြင်းကိုလည်း ညစဉ် မပျက်ခဲ့ပေ။

ကျွန်ုပ်အသက်(၃၀)အရွယ် လွန်ခဲ့သည့် (၁၅) နှစ်က သစ်တောထွက်ကုန်ပစ္စည်းများထုတ်လုပ်သောကုမ္ပဏီကြီးတွင် အထွေထွေတာဝန်ခံအဖြစ် ကျွန်ုပ် လုပ်ကိုင်ခဲ့ရသော လုပ်ငန်းဟူသမျှတိုင်း အခက်အခဲမရှိ ထူးခြားစွာ အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့သည်မှာလည်း ကျွန်ုပ် ယုံကြည်စွာ ရွတ်ပွားပူဇော်သော ဂါထာတော်တို့၏ တန်ခိုးတော်ကြောင့်ဟု ယုံကြည်ပါသည်။

ကုန်ကြမ်းများရရှိနိုင်သော တောတောင်နေရာဒေသအသီးသီးသို့ သွားရောက်ပြီးနောက် ကုန်ကြမ်းများ ရှာဖွေရလေသည်။ မြန်မာနိုင်ငံနေရာအတော်များများ၌ သွား ရောက် လုပ်ကိုင်ရခြင်းကြောင့် လူမျိုးပေါင်းစုံတို့နှင့် ထိတွေ့ဆက်ဆံခဲ့ရာတွင်လည်း မည်သည့် အခက်အခဲမျှမရှိခဲ့ပေ။

နယ်မြေလုံခြုံမှုမရှိသော အညိုရောင်၊အနက်ရောင်သတ်မှတ်ထားသော တိုက်ပွဲဖြစ်နိုင်သည့်နယ်မြေ၊ တိုက်ပွဲဖြစ်နေဆဲနေရာတို့တွင်လည်း ရောက်ရှိသွားခဲ့ဖူးသည်။ မည်သည့်နေရာ၊ မည်သည့်ဒေသရောက်ရောက် ကျွန်ုပ်ကို ရင်းနှီးချစ်ခင်ကြသူ၊ ကူညီပေးကြသူတွေ အမြဲတွေ့ရလေ့ရှိသည်။

အန္တရာယ်ရှိသည့်နေရာဒေသဖြစ်သော်လည်း ကျွန်ုပ်အတွက် မည်သည့်ဘေးအန္တရာယ်မျှ မတွေ့ကြုံခဲ့ဘူးပေ။ ပုထုဇဉ်သဘာဝအရ စိုးရိမ်ကြောက်လန့်မှုတွေကြောင့် နောက်ကြောင်းပြန်လှည့်ဖို့ အကြိမ်ကြိမ်ဖြစ်ခဲ့ရသည်။ သို့သော် ကျွန်ုပ်ဆုံးဖြတ်ပြီးလုပ်ကိုင်သောလုပ်ငန်းသည် နောက်ကြောင်းပြန်လှည့်ပါက သိန်းပေါင်းများစွာဆုံးရှုံးရမည်။ ဆုံးရှုံးပါက တာဝန်ခံဖြစ်သည့် ကျွန်ုပ် ဆုံးရှုံးခဲ့သောငွေကြေးအား ပေးလျော်ရမည်။

ကျွန်ုပ်မှာ ပေးလျော်ရန် ငွေကြေးမတတ်နိုင်ပါ။ ဒေသခံတို့၏ ကူညီအားပေးမှု၊ နောက်ပြန်လှည့်လျှင် မလွဲမသွေ တွေ့ကြုံရမည့် အခက်အခဲတွေကြောင့် အရဲကိုးအားတင်းလုပ်ဆောင်ခဲ့ရာတွင် ကျွန်ုပ်မှာ အားကိုးစရာဆို၍ ဘုရားရှင်၏ ဂါထာမန္တန်များသာ။

အသက်ဘေးနှင့် ကြုံရပါက လူဆိုသည်မှာ မျက်နှာငယ်နှင့် အားကိုးရှာကြသည်ကို ထိုတော့မှ ကျွန်ုပ်လက်တွေ့သိရှိခဲ့ရသည်။ ကျွန်ုပ်၏ အသက်ကို ကာကွယ်နိုင်ရန် လက်နက်မရှိပါ။ ကျွန်ုပ်ကို ကာကွယ်ပေးနိုင်သော မိတ်ဆွေရင်းချာမရှိပါ။

ယုံကြည်စိတ်ချရပါသည်ဟု မည်သူမျှ ကျွန်ုပ်ကို အာမခံပေးနိုင်သူမရှိသောနေရာ၊ တိုင်းရင်းသားတွေကြားတွင် ထူးထူးခြားခြား ကျွန်ုပ်က ဗမာ။ မည်သည့်တိုင်းရင်းသားဘာသာစကားမျှ မပြောတတ်။ သူတို့ပြောဆိုတာတွေ အနည်းငယ်သာ နားလည်ပြီး ပြန်ပြောတတ်သည့်အခြေအနေ။


ထိုကဲ့သို့သော အခြေအနေတွင် ကျွန်ုပ်ကြုံတွေ့ခဲ့ရဖူးသော မမေ့နိုင်စရာအဖြစ်အပျက်ကို တင်ပြပါမည်။

❑

(ရမည်းသင်း)

# အေးချမ်းအောင်

## မောရသုတ်ပရိတ်တော်နှင့် ကျွန်ုပ်၏အတွေ့အကြုံ



www.burmeseclassic.com

www.burmeseclassic.com

နေညိုလာသည်နှင့် မြူနှင်းမှုန်တွေက နေရောင်ကိုပင် ပျောက်ကွယ်လုနီးပါး တောတောင်တို့ကို ရစ်သိုင်းခြုံလွှမ်းလာနေသည်။ ကျွန်ုပ် လက်မှနာရီကို ကြည့်နေမိသည်မှာ အခါခါပင်ဖြစ်သည်။ ယခု လေးနာရီထိုးပြီးနေပြီ ဖြစ်သည်။ ဒီဇင်ဘာလ၏ ဆောင်းလေနုအေးလေးက အသည်းခိုက်မျှအေးလာနေပြီလည်းဖြစ်သည်။

အအေးလုံစေရန် အကျီအထပ်ထပ်နှင့် အနွေးထည်ကို ဝတ်ဆင်ထားသော်လည်း စူးရဲစွာအေးလာနေသောအအေးဓာတ်က အသားထဲစိမ့်ဝင်နေသည်။ ညပိုင်းဆိုလျှင် မည်မျှအေးမည်နည်း။ ဒီနေ့မှရောက်လာခဲ့သည့် ကျွန်ုပ်ကို နှုတ်ဆက်အေးပြနေခြင်းလားဟု တွေးထင်မိသည်။

စောထူးလယ်တို့မိသားစုကတော့ တောင်ယာအလုပ်မပျက်။ သူတို့လင်မယား ပေါက်ပြားကိုယ်စီနှင့်တူးဆွနေကြလေသည်။ ကျွန်ုပ် စောထူးလယ်ဆီလာရခြင်းအကြောင်းမှာ ဝါးတောများလာရောက် လေ့လာခြင်း ဖြစ်သည်။ စောထူးလယ်က ဝါးပိုးတောရှိရာသို့လိုက်လံပြသပေးမည် ဖြစ်သည်။

ကျွန်ုပ်လုပ်ကိုင်သောကုမ္ပဏီမှာ ရာသီအလိုက်ထွက်ရှိသော သစ်တောထွက်ပစ္စည်းများထုတ်လုပ်သည့်ကုမ္ပဏီဖြစ်၍ ဝါးပိုးဝါးမှုရရှိသော မျှစ်ကိုလည်း နိုင်ငံခြားသို့ ပို့ဆောင်ပေးပါသည်။ နောင်နှစ် မျှစ်ရာသီအတွက် လုပ်ငန်းတိုးချဲ့ရန် ဝါးတောအခြေအနေလေ့လာခြင်း ဖြစ်သည်။

ဝါးတောအခြေအနေ၊ အကျယ်အဝန်းကိုကြည့်၍ အဝယ်ဒိုင်ဖွင့် ရနိုင်၊ မရနိုင် ခန့်မှန်းတွက်ချက်ရန် ဖြစ်လေသည်။ မျှစ်တန်ချိန်ထောင်ချီထွက်ရှိမှ အဝယ်ဒိုင်ဖွင့်ရနိုင်သည်။ ထို့ကြောင့် ဝါးတောအခြေအနေကိုတင်ကွင်းဆင်းလေ့လာရခြင်း ဖြစ်သည်။

လက်မှနာရီကိုကြည့်မိပြန်သည်။ အဘယ်ကြောင့်ဆိုသော် နယ်မြေအခြေအနေက မကောင်းဘူးဟု သိထားရ၍ ဖြစ်သည်။ စောထူးလယ်ဆီလာစဉ် နယ်မြေအခြေအနေကို လမ်းပြဖြစ်သူက ပြောပြခြင်းကြောင့် သိထားရသည်။ စောထူးလယ်ဆီရောက်တော့ ညနေ သူပြန်မည်ဖြစ်ကြောင်းသိရသဖြင့် သူတို့အပြန်စောင့်နေရသည်။ အလုပ်မသိမ်းကြသေးသည့် စောထူးလယ်တို့ကိုကြည့်သလို နာရီကိုလည်းကြည့်ကြည့်နေမိသည်။ လူစိမ်းနယ်စိမ်းဖြစ်သည့် ကျွန်ုပ်စိုးရိမ်စိတ်တွေဖြစ်နေရသည်။

"လာဗျို့ - ဆရာရေ ပြန်စို့"

တောင်ယာထဲကခုန်းလာတဲ့ ဟင်းသီးဟင်းရွက်ပလိုင်းကြီးကို စောထူးလယ်မိန်းမက မ,ယူလာသည်။ ယာခင်းထဲမှ လှမ်းအသံပြုလိုက်တာကြောင့် ဘေးမှာချထားတဲ့ ကျောပိုးအိတ်ကောက်ယူ၍ လက်မှနာရီကြည့်မိပြန်ပါသည်။

ငါးနာရီတောင်ထိုးပြီးပါပကော။ နိမ့်ကာမြင့်ကာဖြင့်အထပ်ထပ်ရှိနေသော တောင်ကြီးတွေကို နေရောင်က ကျော်လွန်ပြီး အရှေ့ဘက်ခြမ်းတစ်နေရာဆီက မြင့်မားလှသောတောင်စွန်းထိပ်တစ်နေရာတွင်သာ နေရောင်လေးတစ်ကွက်ကို တစ်နေ့တာ၏ နောက်ဆုံးမြင်တွေ့ရခြင်းအဖြစ် ကျွန်ုပ် သတိထားမိလိုက်သည်။ တောရိပ်တောင်ရိပ်ကြီးမားခြင်းကြောင့် နေရောင်မဲ့သွားသော နေရာတိုင်းတို့တွင် မှောင်ရိပ်ပင်သန်းလာနေပြီ။

စကားတပြောပြောနှင့်လာခဲ့ကြရာ အမှောင်ထုကသိပ်သည်းလာသည်။ သူတို့ကသွားလာနေကျဆိုတော့ အခက်အခဲမရှိပါ။ ကျွန်ုပ်မှာသာ ဟိုတိုးဒီတိုးနှင့် အတော့်ကို ဂရုတစိုက်လိုက်ပါနေရသည်။

ရွာနှင့် (၃) မိုင်လောက်ဝေးသည် ခန့်မှန်းရသည်။ ကျွန်ုပ်တွင်ပါလာသည့် ဓာတ်မီးထိုးကာလိုက်ပါလာတော့ -

"ဆရာရေ မီးမထိုးဘဲသွားလို့မရဘူးလား"

"ဘာပြုလို့လဲ စောထူးလယ်"

"နယ်မြေအခြေအနေကမကောင်းတော့ ဓာတ်မီးမသုံးစေချင်ဘူး"

စောထူးလယ်၏ စကားကြောင့် ကျွန်ုပ်သတိရသွားသည်။ အလင်းရောင်မရှိဘဲ အမှောင်ထဲသွားလာနေရသည့် ကျွန်ုပ်မှာဘယ်လိုသွားရမှန်းပင်မသိဖြစ်နေတော့သည်။ 'ဆင်ကန်းတောတိုး' ဆိုသည့်စကားကို ပြေး၍သတိရမိပါသည်။

ကုန်းဆင်း၊ ကုန်းတက်နှင့် ချောက်ကမ်းပါးကြီးများအတိုင်းသွားနေရသည်မို့ အသည်းခိုက်အောင်အေးစိမ့်နေသည့်ကြားမှ ကျွန်ုပ်မှာမူ ချွေးများပင်စို့၍နေပြီဖြစ်သည်။ လာခဲ့စဉ်က သည်လောက်ခရီးကြမ်းလိမ့်မည် ၏မထင်ခဲ့မိပေ။

"ဟော့ - ရပ်"

ရှေ့ဘက်ဆီမှ ခပ်အုပ်အုပ်အမိန့်ပေးလိုက်သံနှင့်အတူ သေနတ်မောင်းတင်လိုက်သံကိုပါ တစ်ပြိုင်တည်းကြားလိုက်ရသည်။ စောထူးလယ်က တောင်ယာမှပြန်လာတာဖြစ်အကြောင်း ပြောပြနေသည်။

လူလုံးကွဲရုံလောက် အလင်းရောင်ရှိသည့်ဓာတ်မီးနှင့် ကျွန်ုပ်တို့ (၃) ဦးတို့ လက်နက်ကိုယ်စီနှင့် လူတစ်စုက တစ်ဦးချင်းလိုက်ကြည့်ပြီးနောက် -

"သူ့ကိုခေါ်ခဲ့"

အမိန့်သံနှင့်အတူ ကျွန်ုပ်ကုပ်ပိုးကို ဆောင့်ဆွဲခေါ်လိုက်ခြင်းခံလိုက်ရသည်။

"ဟာ - အစ်ကိုတို့၊ အဲဒါ ကျုပ်မိတ်ဆွေ ကုမ္ပဏီကလူကြီးတစ်ယောက်ပါ"

ဟု ပျာပျာသလဲဝင်ပြောလိုက်သည့် စောထူးလယ်ပါးကို ဖြောင်းခနဲ ရိုက်သံကြားရသည်။

"မပြောနဲ့၊ မင်းကိုပါသတ်ပစ်လိုက်ရမလား"

ကျွန်ုပ်ကို လက်ထိတ်ခတ်လိုက်ကြသည်။

"နောင်ကြီးတို့၊ ကျွန်တော်လူကောင်းပါ"

"ဘာမှမပြောနဲ့၊ စခန်းရောက်မှရှင်း။ ဟော့ကောင်တွေ ပစ္စည်းတွေသိမ်းလိုက်"

လက်ထဲမှ ဓာတ်မီးနှင့် ကျောပိုးအိတ်ပါသွားသည်။ ကျွန်ုပ်ရင်ဝကို သေနတ်ပြောင်းတေ့ထားသည်။ စောထူးလယ်တို့လင်မယားကတော့ ဗမာလိုပြောလိုက်၊ သူတို့တိုင်းရင်းသားဘာသာစကားနှင့်ပြောလိုက် အချိန်အတော်ကြာသွားခဲ့သည်။

ထိုစဉ် -

"ဟော့ကောင်တွေ၊ အဲဒီလင်မယားကို ရွာကိုပြန်ပို့လိုက်ကြ။ ဒီကောင်ကိုခေါ်သွားတာ စစ်တပ်ကိုသွားပြောရင် သတ်ပစ်မယ်။ တစ်ခါတည်းပြောလိုက်တာနော်"

အရက်နံ့တွေသင်းနေကြသည့်သူတို့ကို ကျွန်ုပ် ပြောဆိုရှင်းပြနေလည်း အကြောင်းထူးမှာမဟုတ်၍ သူတို့ခေါ်ဆောင်ရာသို့အေးဆေးပင်လိုက်ခဲ့သည်။ စောထူးလယ်တို့လင်မယား ကျွန်ုပ်ကြောင့် ဒုက္ခရောက်နေကြပြီလား ပူနေမိသည်။ ကျွန်ုပ်ကြောင့် တစ်စုံတစ်ခုဖြစ်သွားမှာမလိုလား။

ကျွန်ုပ်သည်လည်း မည်သို့ဖြစ်ဦးမည်မသိနိုင်ပေ။ အေးချမ်းမှုမရှိသည့် နယ်မြေထဲ အဆင်ခြင်မဲ့သွားလာမိသည်ကိုက ကျွန်ုပ်အမှား။ ရင်နှင့်မမျှအောင်



www.burmeseclassic.com

www.burmeseclassic.com

ပူပန်ရင်းလိုက်ပါသွားနေရသည့် ကျွန်ုပ်မှာ သူတို့ခြေလှမ်းတွေမီအောင် အထူးသတိထားလိုက်နေရသည်။ အမှောင်ထဲမှာ ခဏခဏလဲကျခဲ့သည်က အကြိမ်ကြိမ်။

ပူလောင်နေသည့် စိတ်တွေနှင့် ကျွန်ုပ်အားကိုးရှာကြည့်မိသည်။ ကျွန်ုပ်ကို သိကျွမ်းရင်းနှီးသူတစ်ယောက်မျှမရှိ။ လွတ်မြောက်ဖို့ရန် ဘယ်လိုမှ လမ်းစမမြင်။ ကျွန်ုပ်သိထားသည်က အစိုးရသတင်းပေးဟု သံသယရှိလျှင်ပင် သတ်ပစ်လေ့ရှိသည်။

တိုက်ပွဲတွေမကြာခဏဖြစ်နေသည့်နေရာမှာ ကျွန်ုပ်ကိုတွေ့၍ဖမ်းခေါ်သွားခဲ့သည်။ တကယ့်သေဘေးရောက်နေရပြီဆိုသည့် အသိတရားက ကြီးမားစွာ ကျွန်ုပ်အား ခြောက်လှန့်နေသည်ကို စိတ်အားငယ်စွာဖြင့် လိုက်ပါနေရသည်မှာ ဆင်းရဲလွန်းနေပါသည်။

❑

"ကဲ- ပြောစမ်း၊ မင်း တို့နယ်ထဲလာတဲ့ကိစ္စက"

လက်မောင်းပေါ်တွင် တံဆိပ်တွေနှင့်လူကစ၍ ကျွန်ုပ် သူတို့ရှေ့ရောက်သည်နှင့် စစ်မေးလေသည်။ သူ့ဘေးတွင်လည်း အဝှင့်တွေနှင့်လူသုံးယောက်လည်း စားပွဲတွင်ဆိုင်နေကြသည်။ ကျွန်ုပ်သည်လည်း ကုမ္ပဏီ၏ကုန်ကြမ်းရရှိနိုင်ရေးအတွက် ဒီတောတောင်ကို ရောက်လာခဲ့ရခြင်းဖြစ်ကြောင်း၊မိတ်ဆွေစောထူးလယ်အကူအညီနှင့် ဝါးတောတွေ လိုက်လံကြည့်ရှုမည့်အကြောင်း၊ ဒေသခံတို့၏ ကောင်းဆိုမှုကြောင့် ယခုလို လာရောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ နယ်မြေအခြေအနေမှန်ကို စောထူးလယ်ယာထဲမရောက်ခင်လေးတွင် လမ်းပြလိုက်ပို့ပေးသူက ပြောမှသိရကြောင်း၊ အခြား မည်သည့်ရည်ရွယ်ချက်မျှမရှိကြောင်းနှင့် ကျွန်ုပ်လုပ်ကိုင်သောကုမ္ပဏီကို ကျွန်ုပ်၏နောက်ကြောင်းကို စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ အစိုးရနှင့်လုံးဝပတ်သက်မှုမရှိပါကြောင်း ပြောပြနေသည်ကို ၎င်းတို့မှာ ခေါင်းတယမ်းယမ်းနှင့်နားထောင်နေကြသည်။တစ်ယောက်ပြီးတစ်ယောက် သူတို့လိုချင်သောစကားရအောင်လှည့်ပတ်မေးကြသည်။ ကျွန်ုပ်ဖြေကြားသောစကားတိုင်း ၎င်းတို့က လက်မခံတော့ ဖြေနေရသည့်ကျွန်ုပ်မှာ အကြီးအကျယ်စိတ်ဓာတ်ကျရသည်။

(၂) နာရီခန့် သူတို့မေးမြန်းစစ်ဆေးပြီးနောက် ကျွန်ုပ်ကို လွန်စွာကျဉ်းမြောင်းလှသောအခန်းထဲတွင်ချုပ်ထားပါသည်။ သူတို့မေးသမျှမှန်ကန်စွာ ကျွန်ုပ်ဖြေဆိုပေမယ့် ယုံကြည်လက်ခံမှုမရှိတဲ့အပြင် ၎င်းတို့သာသာစကားနှင့် မနက်ဖြန်ပြန်စစ်ဦးမည်။ နည်းမျိုးစုံနှင့်စစ်ကြည့်မည်။ ဒီစကားတွေပဲပြောနေလျှင်ရှင်းပစ်ရမည်ဟု သူတို့ချင်းပြောဆိုကြသည်ကို သိလိုက်ရသည့်ကျွန်ုပ်။

ခရီးပြင်းကို (၂) နာရီခန့်လျှောက်ခဲ့ရသည်။ တစ်ခါ (၂) နာရီခန့်မေးမြန်းစစ်ဆေးခြင်းကိုခံရသည်။ အသည်းခိုက်အောင် အေးနေတာကို သတိမရခဲ့မိ။ ခုတော့ အခန်းကျဉ်းလေးထဲမှာ ရေခဲရေလောင်းချနေသလား ထင်ရလောက်အောင် အအေးဒဏ်ကို သတိထားခံမိတော့သည်။ ခန္ဓာကိုယ်တစ်ခုလုံး အနွေးဓာတ်ရှိသည့်နေရာမရှိ။ အပြင်က အအေးဒဏ်က ချည်တုပ်ထားပြီး အတွင်းမှာတော့ ပူလောင်နေရသည့် မိမိအဖြစ်ကို ပြန်ရှုမြင်မိသည်။

အပြင်မှာ မည်မျှပင်အေးနေစေကာမူ အသက်ဘေးနှင့်ကြုံနေရ၍ ပူလောင်ကြောက်ရွံ့နေရသည့်အတွင်းမှာ လောင်နေသည့်မီး၊ အတွင်း၊ အပြင်အားပြိုင်မှုနှစ်ခုနှင့်အတူ သေရတော့မည်ဆိုသည့် ကြောက်ရွံ့ထိတ်လန့်မှုတွေက တစ်ချိန်လုံးစိုးမိုးနေတော့သည်။

၎င်းတို့၏ စကားအရ ကျွန်ုပ်လွတ်မြောက်လမ်းမရှိတော့ပါ။ သေခြင်းတို့ ရင်ဆိုင်ရန်သာရှိတော့သည်။ စိတ်တွေကို တည်ငြိမ်အောင် ကျွန်ုပ်အစွမ်းကုန်ကြိုးစားလေသည်။ ပူလောင်နေ၍ အကျိုးမရှိသည်ကိုလည်းသိနေသည်။

ကျွန်ုပ် အမြဲတစေ ရွတ်ပွားပူဇော်နေလေ့ရှိသော ဂါထာမန္တန်များနှင့်ပရိတ်တရားတော်တို့ကို ရွတ်ပွားပူဇော်ရန် ယခုမှ သတိရလာခဲ့သည်။ စိုးရိမ်ပူပန်စိတ်များကြောင့်သတိမေ့နေခဲ့သည်။ ဘုရားရှင်အား ရည်မှန်းကာ လက်အုပ်ချီပြီး တည်ငြိမ်စွာဖြင့် ရွတ်ပွားပူဇော်ပါသည်။

တိတ်ဆိတ်သောညဉ့် ပုစဉ်းရင်ကွဲကောင်တွေ၏ စီးချစ်ချစ်အော်မြည်နေသံနှင့် အပြင်မှ အစောင့်နှစ်ယောက်၏ခြေသံတို့ကို မကြာမကြာကြားနေရသည်။ ကျွန်ုပ်ကို အထူးစောင့်ကြပ်နေသည်ကို ကြည့်ခြင်းအားဖြင့် ကျွန်ုပ်ဆက်မတွေးချင်။

ငယ်စဉ်က အဘိုးပြောခဲ့သော စကားကိုသတိရမိသွားသည်။

"လူဆိုတာ ဘယ်အရာမဆိုအခက်အခဲအကျပ်အတည်းဆိုတာတွေ့ရတတ်သကွယ့်။ အဲဒီလိုကြုံတွေ့နေရရင် ကိုယ့်ဘက်က မှန်ကန်တဲ့အလုပ်ဖြစ်မယ်ဆိုရင်ပေါ့။ ဦးစွာသစ္စာပြုပြီးတော့ မောရသုတ်ပရိတ်တော်ကိုသာရွတ်ကွယ့်။ သေချာလွတ်မြောက်တယ်။ ငါ့မြေးမှတ်ထား"

မောရသုတ်ပရိတ်တော်အား သစ္စာပြုကာ အဆက်မပြတ် ရွတ်ပွားပူဇော်နေပါတော့သည်။ အချိန်မည်မျှကြာသွားသည်မသိပါ။ တောကြက်တွေ၏တွန်သံတိုကြားလိုက်ရသည်ဆိုတော့ လင်းကြက်တွန်ခြင်းဖြစ်မည်။

ရုတ်တရက် တံခါးသော့ဖွင့်သံနှင့်အတူ ဓာတ်မီးရောင်မြင်လိုက်ရသည်။

"အေးတယ်၊ ရော့ - စောင်"

စကားသံနှင့်အတူ ဂွမ်းစောင်ထူထူကြီးတစ်ထည် ကျွန်ုပ်ရင်ခွင်ထဲဘုတ်ခနဲကျလာသည်။ အခန်းတံခါးပြန်ပိတ်သွားသည်။ ကျွန်ုပ်လည်း ရင်ခွင်ထဲမှစောင်ကိုဆွဲယူခြုံထားလိုက်သည်။ 'ဖြစ်သမျှအကြောင်း အကောင်းချည်း' ဆိုတဲ့စကားကို နှလုံးသွင်းကာ မောရသုတ်ပရိတ်တော်ကိုသာ အာရုံစူးစိုက်စွာရွတ်ပွားပူဇော်နေမိသည်။

မိုးစင်စင်လင်းသွားပြီ ဖြစ်သော်လည်း အပြင်ကို ကျွန်ုပ် ဘာမှမမြင်တွေ့ရပေ။ တကယ့်ကိုပင် ခိုင်ခံ့လုံခြုံသော အခန်းထဲထည့်ထားခြင်း ဖြစ်သည်ကို တွေ့လိုက်ရသည်။ အခန်းထောင့်တစ်နေရာမှ နေရောင်ခြည်ကွက်လေးတစ်ကွက်ကို မြင်တွေ့လိုက်ရတော့ ကျွန်ုပ်သည် သစ္စာထပ်မံ၍ပြုမိလိုက်ပြန်ပါသည်။

'ကျွန်ုပ်၏ ကောင်းမှု၊ မကောင်းမှုဟူသမျှအားလုံးကို ဘုရားရှင်တော်မြတ်ကြီးနှင့် သမ္မာဒေဝနတ်မြတ်နတ်ကောင်းနတ်အပေါင်းတို့ အားလုံးသိရှိကြပါသည်။ ကျွန်ုပ်သည် ဘုရားရှင်၏ ဂါထာ၊ မန္တန်များကို သိတတ်စအရွယ်ကတည်းက နေ့စဉ်မပြတ် ရွတ်ပွားပူဇော်ခဲ့သူဖြစ်ပါသည်။ ဤမှန်ကန်သောသစ္စာစကားကို တိုင်တည်ပြီးကာ မောရသုတ်ပရိတ်တော်မြတ်ကြီးအား ရွတ်ပွားပူဇော်ခြင်းကြောင့် ယခုကြုံတွေ့နေရသော အခက်အခဲ၊ အကျပ်အတည်းမှ လွတ်မြောက်ရပါလို၏'

ဟု သစ္စာတိုင်တည်ပြီးကာ ဥဒေတယံဂါထာတော်အား အဆက်မပြတ် တည်ငြိမ်စွာ ရွတ်ပွားပူဇော်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဂြိုဟ်ရှစ်ခွင်ကိုးသိမ်ဝင်သော နဝင်းပုတီးအခဆောင်

## ရောမြေ့-ကျော်ဝေ

စာရေးသူသည် ဂြိုဟ်တိုင်ခွင် ဘုရားများတွင် ပုတီးပူဇော်ရန်အတွက် ဝန်းပုထုလုပ်၍ အသက်မွေးဝမ်းကျောင်းပြုသော ဆရာကြီးဦးထွန်းရွှေ၏နေအိမ်သို့ ဇနီးနှင့်အတူသွားရောက်ခဲ့ပါသည်။ ဆရာကြီးမှ စာရေးသူ၏ လက္ခဏာဇာတာတို့ကို ကြည့်ရှုစစ်ဆေးပြီး အညံ့နှင့် အကောင်း ဒွန်တွဲနေသောအချိန်ဖြစ်နေသဖြင့် စာရေးသူကို ဆရာကြီးက ဒက္ခိဏာသာခါရှုပ်ပွားတော်တစ်ဆူထုလုပ်ပူဇော်ရမည်ဟု ပြောပါသည်။ ရုပ်ပွားတော် ထုလုပ်ပူဇော်ရာတွင်လည်း ဇောမိညောင်အစစ် လက်ယာတောင်ဘက်အကိုင်းမှအသားဖြင့် ထုလုပ်ကိုးကွယ်ပူဇော်မှ အညံ့ပြေပျောက် အကောင်းရောက်မည်ဟုပြောသောအခါ စာရေးသူလည်း စိတ်ထဲတွင် ကြံရွယ်ပြီးရည်မှန်းထားသော ဒက္ခိဏာသာခါရုပ်ပွားတော်ပူဇော်ရန်လာရခြင်းအကြောင်းရင်းမှန်ကို ဖွင့်မပြောရဘဲနှင့် ဆရာကြီးမှ ကြိုတင်သိ၍ ပြောကြားခြင်းဖြစ်သည်ဟု ထင်မိလေသည်။

ဆရာကြီးထံတွင် ရုပ်ပွားတော် ထုလုပ်ပေးပါရန် အပ်နှံသော်လည်း အချိန်အခါနှင့် တွက်စစ်ချက်အရ ထုလုပ်ရန် ဇောမိညောင်ကိုင်းက မရှိသေးသည်ကတစ်ကြောင်း၊ (၇) ရက်အတွင်း မွေးနေ့တွင် ပူဇော်ရမည် ဖြစ်သဖြင့် ဆရာကြီး၏ ညွှန်ကြားချက်အရ ဟသ်ာတမြို့တွင်းရှိ အောင်မန်းရတနာဦးနိဗ္ဗာန်ကုန်သည်ဆိုင်တွင် သွားရောက်၍ ပင့်ဆောင်ပါသည်။ ထိုအခါ တိုက်ဆိုင်ဆိုင် ရုပ်ပွားတော်တစ်ဆူသာ တွေ့ရှိသဖြင့် အားရဝမ်းသာစွာ စာရေးသူတို့ဇနီးမောင်နှံ ပင့်ဆောင်ပြီး ပူဇော်ရန်အတွက် ဆရာကြီးထံတွင်ပြသ၍ ရွှေအစစ်ဖြင့်ထပ်မံ၍ ရွှေချခဲ့ပြီး စာရေးသူ၏မွေးနေ့တွင် အနေကဇာတင်၍ ပူဇော်ခဲ့လေသည်။ ပုတီးကိုစွန့်နှင့် ရုပ်ပွားတော်ရပြီး နောက်တစ်နေ့တွင် လာရင်းကိစ္စကို ဆရာကြီးအား သေချာစွာပြောပြသောအခါ ဆရာကြီးသည် စာရေးသူကို ပုတီးစိပ်နည်း၊ ပုတီးကိုကိုင်၍ လက်ခလယ်ဖြင့် ပုတီးလုံးကလေးများကို လည်လည်ပတ်ပတ်စိပ်ပုံစိပ်နည်းပြသလေသည်။

"မောင်ကျော်ဝေနဲ့ မမြင့်မြင့်ဌေး၊ မင်းတို့နှစ်ယောက်ကို ဆရာကြီးပုတီးစိပ်ပြတာ သေချာသဘောပေါက်ရဲ့လား။ ဒီမှာကြည့်၊ ပုတီးစိပ်တယ်ဆိုတာ လက်ညှိုးနဲ့မစိပ်နဲ့။ လက်ညှိုးဆိုတာ ညှိုးညှိုးငယ်ငယ်နဲ့ သိမ်ငယ်တတ်တယ်။ လက်ခလယ်နဲ့စိပ်တော့ အားလုံးအဆင်ပြေချောမွေ့တယ်။ စီးပွားရေးချောင်လည်လာသလို၊ ပုတီးပတ်ရေများလေ

---

'ဂျောင်းခနဲ' တံခါးဖွင့်လိုက်သံကြားရ၍ ကျွန်ုပ်လှည့်ကြည့်မိသည်။

"နောက်ကလိုက်ခဲ့"

ဟုအသံဝဲဝဲနှင့်ပြောကာ ဦးဆောင်ခေါ်ရာနောက် ကျွန်ုပ်လိုက်ခဲ့ရသည်။ ကျွန်ုပ်နောက်မှ လက်နက်ကိုယ်စီနှင့် နှစ်ယောက်ပါလာသည်။ ယာယီသစ်သား၊ ဝါးသားများဖြင့် ဆောက်လုပ်ထားသော အခန်းကျယ်ကြီးတစ်ခုထဲခေါ်သွားသည်။ ညကစစ်ဆေးခဲ့သောနေရာမဟုတ်။

"အဲဒီမှာထိုင်"

တိုပြတ်ပြတ်အသံနှင့်ပြောပြီး ၎င်းလူများ အခန်းပေါက်မှာ သွားရပ်နေကြသည်။ (၅) မိနစ်ခန့်ရှိတော့ ညက စစ်ဆေးမေးမြန်းခဲ့သည့်အထဲမှ ပုဂ္ဂိုလ်ကြီးတစ်ဦး ရောက်လာသည်။ ကျွန်ုပ်အား စီရင်ရန် စက်ရှင်တရားသူကြီးတစ်ဦးဟု သာမြင်နေရင်းက ကျွန်ုပ်ရင်မှာ တဒုန်းဒုန်းခုန်နေသံများက ကိုယ့်နားကပင်ပြန်ကြားနေရပါပြီ။ ထိုပုဂ္ဂိုလ်ကြီးကို ရင်မောစွာဖြင့် ကျွန်ုပ်ကြည့်နေမိသည်ကို ထိုပုဂ္ဂိုလ်ကြီးက -

"ကဲ - မောင်ရင့်ကို ကျုပ်တို့ရဲ့ အထက်လူကြီးက ဘာမှမေးစရာမလိုတော့ဘူးတဲ့"

ဆက်မပြောသေးဘဲ စကားရပ်ကာ ကျွန်ုပ်ကိုအကဲခတ်ကြည့်နေသည်။ ကျွန်ုပ်၏ရင်မှာ ဗလောင်ဆူနေသည်။ တည်ငြိမ်အောင် စိတ်ကိုအတတ်နိုင်ဆုံး ထိန်းထားနေရသည်။ ရှေ့ဆက်လာမည့်စကား ကျွန်ုပ်သိနေပါသည်။

"သူ့ကိုပြန်လွှတ်ပေးလိုက်ကြ"

ကျွန်ုပ် ကိုယ့်နားကိုယ်ပင် မယုံနိုင်အောင်ဖြစ်ရပါသည်။ နောက်က ကျွန်ုပ်လက်ကို လှမ်းဆွဲခေါ်လိုက်ခြင်းကြောင့် လိုက်ပါသွားခဲ့ရသည်။ ဘယ်လိုနားလည်ရမည်မသိနိုင်တော့ပါ။

ကျွန်ုပ် စောထူးလယ်ဆီ ပြန်ရောက်တော့ ကျွန်ုပ်ကို ပွေ့ဖက်ကာ မျက်ရည်တွေပင်ကျရှာသည်။

"ဆရာသိပ်ကံကောင်းတာပဲဗျာ။ ပြန်လွှတ်ပေးတယ်ဆိုတာမရှိသလောက်ပါ။ ကံကောင်းလိုက်တာ ဆရာရယ်"

ဟု တုန်ယင်နေသည့် စကားသံများဖြင့် ကျွန်ုပ်လက်ကိုထွက်သွားလေမည်အလား ထင်းကျပ်စွာဆုပ်ကိုင်ရင်းဝမ်းသာစကားများ တဖွဖွပြောနေပါတော့သည်။

ကျွန်ုပ် ယုံကြည်စွာဖြင့် ရွတ်ပွားပူဇော်ခဲ့သည့် ဂါထာမန္တန်များနှင့် မောရသုတ်ပရိတ်တော်တန်ခိုးကြောင့် လွတ်မြောက်ခဲ့ရပါသည်ဟု စောထူးလယ်တို့ကို ပြောမပြခဲ့တော့ပါ။

(စာကြွင်း - ယခုတင်ပြခဲ့သည့် ဖြစ်ရပ်မှန်အဖြစ်အပျက်တွင် နေရာဒေသတို့ကိုဖော်ပြခြင်းမပြုပါရန် မေတ္တာရပ်ခံသူတစ်ဦးကြောင့် နေရာဒေသတို့ကို မဖော်ပြခြင်းဖြစ်ပါသည်။

ထိုမေတ္တာရပ်ခံသူမှာ တစ်ချိန်က ကျွန်ုပ်အား ဖမ်းဆီးခေါ်ဆောင်သွားပြီး စစ်ဆေးမေးမြန်းရာတွင် ပါဝင်ခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးနှင့် ကျွန်ုပ်မှာ ယခုအခါ မိတ်ဆွေများပင်ဖြစ်နေပါပြီ။

ထိုပုဂ္ဂိုလ်ကြီး၏ စကားအရ ဖမ်းမိထားသောကျွန်ုပ်ကို သတ်ပစ်ရန် ၎င်းညက တညီတညွတ်တည်း ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း၊ တိုက်ပွဲကာလမှာ ဖမ်းမိသော ဗမာဟူသမျှ သတ်ပစ်လေ့ရှိကြောင်း၊ သို့သော် ကျွန်ုပ်ကို စစ်ဆေးမေးမြန်းပြီးနောက် ၎င်းတို့စိတ်မှာ ထိုနေ့ညတွင်ဘယ်လိုဖြစ်သည်မသိဘဲ ထိုညတွင်ပင် အစည်းအဝေးထပ်လုပ်ခဲ့ကြကြောင်း၊ အထက်လူကြီးများကို တင်ပြရာတွင် အထက်လူကြီးမှလွှတ်ပေးရန် ထပ်မံ အတည်ပြု ဆုံးဖြတ်ပေးလိုက်ကြောင်း ပြောပြပါသည်။

အလျဉ်းသင့်ပါက ယင်းအကြောင်းအား ထပ်မံ ရေးသား တင်ပြပါဦးမည်။

အေးချမ်းအောင် (ရမည်းသင်း)



www.burmeseclassic.com

www.burmeseclassic.com

လေအကြံအစည်အောင်လေလေပဲကွယ်"

ဟု ပြောပြီး စာရေးသူထံမှ ဂြိုဟ်ရှစ်ခွင်ပုတီးကိုယူပြီး သေချာစွာကြည့်လေသည်။

"ဒီပုတီးက ပန်းပွတ်ဆရာကိုတင်ညွန့်ရဲ့ လက်ရာပုတီးပဲ။ ပုတီးကုံးအနေအထားကတော့ အတော်ကောင်းပါတယ်။ ပုတီးပုံစံကလည်း အင်္ဂါရပ်နဲ့ ညီညွတ်ပါပေတယ်။ဒါပေမယ့် မောင်ရင် ဒီပုတီးကိုကိုင်ရင် အနည်းဆုံး (၉) သိမ်ဝင်ပြီးမှကိုင်ပါ။ သိမ်ဝင်ပုတီးဆိုတာ ဗုဒ္ဓရဲ့ဂုဏ်တော်တွေနဲ့ အသက်သွင်းထားတဲ့ပုတီးကို ဆိုကြတာပါ။ ရဟန်းခံရှင်ပြုပွဲတွေမှာ ရဟန်းလောင်းတွေသိမ်တက်တဲ့အချိန် (၉) ကြိမ်ပြည့်လျှင် ပုတီးသိဒ္ဓိတင်သလို အသက်ဝင်တယ်လို့ ရှေးဆရာတော်ကြီးများက ဆိုထားခဲ့ဖူးပါတယ်။ သိမ်ဝင်ပုတီးဆိုတာ လူတိုင်းနဲ့ မထိုက်ပါဘူး။ သိမ်ဝင်ပုတီးကို လက်ဝယ်မှာကိုင်ပြီး မိုရိုသေသေလေးလေးစားစားနဲ့ မြင့်တဲ့နေရာမှာထားပြီးစိပ်ရင် အကျိုးပေးအာနိသင်ထက်မြက်ပါတယ်။ ဆရာတစ်ဆူလို့ခေါ် ရလောက်အောင်လည်း ပေါက်မြောက်ပါတယ်။ ပုတီးကိုင်တဲ့သူ (ကိုင်ဆောင်သူ) ဟာ -

၁။ ငါးပါးကိုလုံသောသူဖြစ်ရမည်။

၂။ သားကြီးအသား၊ ငါးကြီးအသားများကို စားသုံးခြင်းမှ ရှောင်ကြဉ်ရမည်။

၃။ အနန္တောအနန္တငါးပါးကို အမြဲတမ်းမြဲမြဲစွာမမေ့ဖို့သတိထားပါ။

ဒီ (၃) ချက်ကို အောင်မြင်စွာလိုက်နာပြီး ကျင့်ကြံပွားများအားထုတ်ရင် ပရလောကသား မကောင်းဆိုးဝါး၊ တစ္ဆေ၊ သရဲ၊ မြေဖုတ်၊ ပြိတ္တာ၊ ဘီလူး စသော မကောင်းတဲ့ မိစ္ဆာပယောဂမှန်သမျှတို့ကို နိုင်နင်းပြီး ဖယ်ရှင်းနိုင်ပါတယ်။ ဆရာလုပ်သူ ဆရာတစ်ဆူရဲ့ အမိန့်အာဏာဟာ ဒီပုတီးရဲ့တန်ခိုးထက်မြက်မှုမှာ မူတည်တာကြောင့် ဆရာဖြစ်သူက အသောက်အစားလောင်းကစားနဲ့ ကာမမှောင်ကြူး မရှောင်မြူးရင် အာဏာစက်ဟာ တန်ခိုးထက်မြက်မှု မရှိသလို အဆောင်ပုတီးဟာ အရှောင်ပုတီးအဖြစ်ကို ရောက်သွားပေလိမ့်မယ်"

ဟု ဆရာကြီးမှ ပြောကြားခဲ့သည်ကို စာရေးသူ နှလုံးမှတ်သား သတိထားခဲ့ပါသည်။ ဆရာကြီးညွှန်ကြားသော ဂြိုဟ်ရှစ်ခွင်ပုတီးမှာ အောက်တွင်ဖော်ပြပေးထားပါသည်။ အစွမ်းထက်သော ဂြိုဟ်ရှစ်ခွင်သိမ်ဝင်ပုတီးပြုလုပ်လိုလျှင်-

| | | |
|---|---|---|
| တနင်္လာနံ | - ကျွန်းသား | - ၁၅လုံး |
| အင်္ဂါနံ | - ဆီး(ဇီး)သား | - ၈လုံး |
| ဗုဒ္ဓဟူးနံ | - လိမ်သား | - ၁၇လုံး |
| စနေနံ | - ထိမ်သား | - ၁၀လုံး |
| ကြာသပတေးနံ | - ပေါက်သား | - ၁၉လုံး |
| ရာဟုနံ | - ရှားသား | - ၁၂လုံး |
| သောကြာနံ | - သီးသား | - ၁၂လုံး |
| တနင်္ဂနွေနံ | - အင်သား | - ၆လုံး |
| ပုတီးလုံးရေစုစုပေါင်း | | - ၁၀၈လုံး |

ထိုပုတီးပြုလုပ်သူ ပန်းပွတ်ဆရာသည်လည်း ပုတီးပြုလုပ်ရာတွင် နှုတ်မှ ဂါထာမန္တန်များကို ရွတ်ပွားပြီး နေ့နံအလိုက် ပုတီးလုံးများကိုစီပြီး သီကုံးမှသာလျှင် သိမ်မဝင်မီ သိဒ္ဓိတင်ထားသလိုဖြစ်ပေမည်။ ဂြိုဟ်ရှစ်ခွင် ပုတီးပြုလုပ်၍ သိမ်ဝင်ပြီးသော် စိပ်ရန် ဆောင်ထားရမည့်ဂါထာတော်မှာ ဘုရားဂုဏ်တော် (၉) ပါးပင် ဖြစ်ပါသည်။ (၇) ရက်၊ (၇) ကြိမ် ဂြိုဟ်တိုင်ခွင်ဘုရားများတွင် ပုတီးပူဇော်ရန်ဖြစ်ပါသည်။ ပုတီး (၄၉) ကြိမ် မြောက်စိပ်ပြီးသော် ပါရမီအနု၊ အရင့်လိုက်ပြီး-

၁။ စီးပွားရေး

၂။ ကျန်းမာရေး

၃။ ပညာရေး

၄။ ရာထူးတိုး

၅။ အရောင်းအဝယ်

စသည်တို့ ထူးခြားလာပါလိမ့်မည်။

(၄၉)ရက် (၃)ကြိမ်ပြီးပါက ပါရမီအနု၊ အရင့်လိုက်ပြီး ထူးခြားမှုတွေတွေ့လာပါမည်။ အမြဲတမ်းစိပ်ပါက -

၁။ အကြားအမြင်ရခြင်း

၂။ မနောမယသိဒ္ဓိနှင့် ပြည့်စုံခြင်းတို့ဖြစ်လာမည်။

(၁၀၈) လုံးပုတီးကို (၁၀၈) ပတ်နေ့စဉ် စွဲမြဲစွာစိပ်ခဲ့ရာတွင် အဆင်ပြေခဲ့ကြသော စာရေးသူ၏ မိတ်ဆွေများသည် စာရေးသူကို ကျေးဇူးတင်လို့မဆုံးတပြုံးပြုံးနှင့် စာရေးသူကလည်း ထိုသူတို့ကိုကြည့်ပြီး ပီတိဖြစ်မိလေသည်။ ဆရာကြီးဦးထွန်းရွှေပေးခဲ့သော ပုတီးစိပ်နည်းသည် စာရေးသူ၏ ကိုယ်တွေ့ပင် ဖြစ်ပါသည်။ ကွယ်လွန်သွားရှာပြီဖြစ်သော ဆရာကြီးဦးထွန်းရွှေကိုလည်း အထူးကျေးဇူးတင်မိပါသည်။

ဆရာကြီး ကွယ်လွန်သွားသော်လည်း ဆရာကြီး၏ ပြောကြားသင်ကြားပြောဆိုဆုံးမခဲ့သည့်စကားသံတွေသည် စာရေးသူ၏ နှလုံးဖက်တွင် နားဝင်ပီယံချိုမြခြင်းများဖြင့် အေးမြသာယာရှုမောဖွယ်ဖြစ်ခဲ့ရပါလေတော့သည်။ စာရေးသူသည် အပိုစကားအဖြစ် မလိုလားအပ်သော အကြွားအဝါစကားများကို မပြောလိုသော်လည်း စာဖတ်သူမိတ်ဆွေများအတွက် မနေ့ာပို့ခဲ့ရသည်ကိုတော့ အမှန်ပါလို့ ဝန်ခံပါရစေ။

စာရေးသူ၏ မေတ္တာ၊ စေတနာကို စာရှုသူ မိတ်ဆွေအပေါင်း၊ ဤပုတီးနှင့် ဤဂါထာတော်အား ကျင့်ကြံပွားများအားထုတ်နိုင်ကြပါစေရန် ရည်ရွယ်၍ သုရဋ္ဌမဂ္ဂဇင်းကြီးတွင် ဆောင်းပါးအဖြစ် မှီငြမ်း၍ ရေးသားလိုက်ရပါတော့သည်။ ထူးခြားပေါက်မြောက်အကျိုးထူးများခံစားရ၍ မဂ္ဂင်ခရီးကို တစ်သက်လျှင် မညည်းဘဲ မပျက်အစဉ် ဆောင်ရွက်သွားနိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပတ္တနာခြွေလိုက်ရတာကတော့ စာရေးသူ ရောမြေကျော်ဝေ၏မေတ္တာစေတနာပါ။

(ကွယ်လွန်သူ ဆရာကြီးဦးထွန်းရွှေတစ်ယောက် ကောင်းရာသုဂတိဘုံတွင် စံစားခံစားနိုင်ပါစေ)

ရောမြေကျော်ဝေ


| | | |
|---|---|---|
| တနင်္ဂနွေနေ့တွင် | - အရဟံ | - ၆ပတ် |
| တနင်္လာနေ့တွင် | - သမ္မာသမ္ဗုဒ္ဓေါ | - ၁၅ပတ် |
| အင်္ဂါနေ့တွင် | - ဝိဇ္ဇာစရဏသမ္ပန္နော | - ၈ပတ် |
| ဗုဒ္ဓဟူးနေ့ (နံနက်) | - သုဂတော | - ၁၇ပတ် |
| ဗုဒ္ဓဟူးနေ့ (ညနေ) | - လောကဝိဒူ | - ၁၂ပတ် |
| ကြာသပတေးနေ့တွင် | - အနုတ္တရောပုရိသဒမ္မသာရထိ | - ၁၉ပတ် |
| သောကြာနေ့တွင် | - သတ္ထာဒေဝမနုဿာနံ | - ၂၁ပတ် |
| စနေနေ့ (နံနက်) | - ဗုဒ္ဓေါ | - ၁၀ပတ် |
| စနေနေ့ (ညနေ) | - ဘဂဝါ | - [illegible] |





www.burmeseclassic.com

www.burmeseclassic.com



ရေးမြို့ ရွှေဆံတော်ဘုရားပရဝဏ်အတွင်းမှ ရွှေသာလျောင်းဘုရားကြီး

ဒီတစ်ပတ် ဆောင်းပါးမှာ မော်လမြိုင် - ရေးလမ်းပိုင်းနဲ့ ရေး - ထားဝယ်လမ်းပိုင်းပြမြေပုံတွေ ဖော်ပြထားပါတယ်။

နိုင်ငံခြားသားခရီးသွားတွေလက်ထဲမှာ ခရီးသွားလမ်းညွှန်စာအုပ်တွေနဲ့ ကျွန်တော်တို့အဖွဲ့က မော်လမြိုင်ကနေ စောင့်စီးရမှာဖြစ်ပါတယ်။ ရန်ကုန် - မော်လမြိုင် ကားမောင်းချိန် (၅) နာရီ၊ (၅)နာရီခွဲလောက်ပဲကြာတာမို့ မော်လမြိုင်ကို ည (၁၂) နာရီခွဲထက် နောက်မကျဘဲ အရောက်လာပါမယ်လို့ ဧည့်လမ်းညွှန်(ဂိုက်)က ဖုန်းဆက်လာပါတယ်။ ဒါနဲ့ ကျွန်တော်တို့လည်း ညဦးပိုင်းတောင် မအိပ်ရဲတော့ဘဲ ထိုင်စောင့်နေခဲ့ပါတယ်။

ည (၁၂) နာရီလောက်မှာ ဖုန်းဝင်လာပါတယ်။ ကားက ဘုရားကြီးကိုပဲရောက်ပါသေးတယ်တဲ့။ မြတ်စွာဘုရား- ဘုရားကြီးဆိုတာ ပဲခူးကအထွက်


မောင်ပွင့်ဘူဏ်(ဓမာရ)

# ထားဝယ် ရှင်ကိုးရှင်မှသည် ထိုင်းနိုင်ငံ ကန်ချနာဘူရီဆီသို့

မြေပုံတွေကိုင်ထားတတ်ကြတာ တွေ့ဖူးမှာပါ။ ကိုယ်သွားမယ့် နေရာဒေသရဲ့ အကြောင်းကို ကြိုပြီးလေ့လာတဲ့ဆီမှာ ခရီးအကွာအဝေး ဘယ်လောက်ကိုကြိုတ်ကားခဘယ်လောက်ပေးရတယ် ဆိုတာလောက်အထိမှတ်သားလာတတ်တဲ့ သူတို့ရဲ့အလေ့အထကောင်းတွေကို အတုယူသင့်ပါတယ်။ ကျွန်တော်တို့ဆီမှာတော့ ဧည့်လမ်းညွှန်ရော ကားဆရာတွေပါ ဘာမြေပုံမှမဆောင်ထားဘဲ ရောက်လေရာမှာ ကားပေါ်ကဆင်းပြီး တွေ့တဲ့လူကို လမ်းမေးနေကြတုန်းပါဘဲ။

**(၁) ရန်ကုန် - မော်လမြိုင် = ၁၈၇ မိုင်**

ဒီနှစ်သင်္ကြန်ပိတ်ရက်မှာ ခရီးသွားတွေများလွန်းလို့ ပထမစီစဉ်ထားတဲ့ ၁၂ - ၄ - ၂၀၁၄ ရက်နေ့ခရီးစဉ်မရဘဲ နောက်တစ်ရက် ၁၃ - ၄ - ၂၀၁၄ ည (၇) နာရီ ရန်ကုန်ကထွက်မယ့်ကားကို



ရေးမြို့လယ်ရှိ မြတ်စွာဘုရား၏ လက်ယာဆံတော်လေးဆူ ကိန်းဝပ်ရာ ရွှေဆံတော်စေတီ



www.burmeseclassic.com

www.burmeseclassic.com





မော်လမြိုင်မြို့အဝင် သံလွင်တံတား (မော်လမြိုင်) နှင့် ခေါင်းဆေးကျွန်းရှခင်း
(နောက်ခံတောင်တန်းမှာ မုတ္တမဘက်ကမ်း ဖြစ်သည်)



မောင်းမကန်ကမ်းခြေ ညနေခင်းဆည်းဆာအလှ

စစ်တောင်းမြစ် ဟိုဘက်ကမ်းမှာပဲရှိပါသေးတယ်။ မနက် (၃) နာရီခွဲလောက် မော်လမြိုင်ကို ရောက်ပါမယ်ဆိုတာနဲ့ တစ်ရေးလောက် ကြက်အိပ်ကြက်နိုး အိပ်ပြီး (၃)နာရီမှာထပါတယ်။ (၃)နာရီခွဲလောက်မှာ ဖုန်းထပ်လာတော့ သထုံကို ရောက်ပါပြီ၊ မော်လမြိုင်ကို (၅)နာရီလောက်ရောက်ပါမယ်တဲ့။

မော်လမြိုင်အဖွဲ့မှာ မြို့ထဲစုရပ်ကနေ (၆) ယောက်တက်ပြီး မော်လမြိုင်အထွက် ဈေးကြိုစုရပ်ကနေ (၃)ယောက်တက်မယ်လို့ ကြိုပြီးအကြောင်းထားပါတယ်။ (၅) နာရီခွဲလောက်မှာ ဈေးကြိုစုရပ်က ဖုန်းဆက်လာပါတယ်။ ကားက မြို့ထဲမဝင်ဘဲ မြို့ရှောင်လမ်းအတိုင်း မောင်းပြီး ဈေးကြိုရောက်လာပါတယ်တဲ့။ ဒါနဲ့ ခရီးသည်တွေကို ဈေးကြိုမှာ ခဏချထားပြီး ကားကမြို့ထဲတစ်ခေါက်လာပြန်ကြိုရပါတယ်။ ဒီလိုနဲ့ မိုးလင်းလို့ (၆) နာရီလောက်မှ မော်လမြိုင်ကထွက်ဖြစ်ပါတော့တယ်။ သတ်မှတ်ချိန်ထက် (၆)နာရီ(နေ့တစ်ဝက်စာလောက်)နောက်ကျသွားတာဟာ ခရီးစဉ်တစ်ခုလုံးကို အလွဲလွဲအချော်ချော်ဖြစ်စေပါတော့တယ်။

ခရီးစဉ်အတွက် ငွေအကျေကြို တင်ချေပြီးတာနဲ့ စီးရမယ့်ကားနံပါတ်နဲ့ ထိုင်ခုံနံပါတ်ပါပေးပါတယ်။ ခရီးထွက်မယ့်မနက်ကျတော့ အဲဒီကားကို တခြား ခရီးစဉ်ကိုပေးလိုက်ပြီး သူ့လောက် မကောင်းတဲ့ကားနဲ့ အစားထိုးလိုက်တာမို့ ခရီးသည်တွေက မကျေမနပ်ဖြစ်ကြ ပါတယ်။ နောက်တစ်ခါ ဒရိုင်ဘာနှစ် ယောက်မှာ တစ်ယောက်ကဆင်းသွားလို့ တောင်တက်လမ်းကျွမ်းတဲ့ နောက်ဒရိုင် ဘာတစ်ယောက်ကို စောင့်နေလို့ ကြာ သွားတယ်လို့ သိရပါတယ်။

*A journey is like a marriage. The certain way to be wrong is to think you can control it.*

ခရီးတစ်ခုထွက်တာဟာ အိမ် ထောင်ပြုသလိုပါပဲ။ ကိုယ့်စိတ်တိုင်းကျ ဖြစ်ရမယ်လို့ မျှော်လင့်ထားရင်တော့ သေချာပေါက်မှားတာပဲဗျို့။

အမေရိကန်ဝတ္ထုရေးဆရာ ဂျွန် စတိုင်းဘက်ရဲ့စကားပါ။ အိမ်ထောင်ပြု တယ်ဆိုတာလည်း ဘဝခရီးလမ်းကို နှစ် ယောက်အတူလျှောက်လှမ်းတာပဲမဟုတ် ပါလား။

ကားပေါ်မှာပါလာတဲ့လူလူ အရွယ် တရုတ်အမျိုးသမီးတစ်ယော



www.burmeseclassic.com

www.burmeseclassic.com

တာ အတူပါလာတဲ့ ဆယ်ကျော်သက် အရွယ် သူ့တူကို လက်ညှိုးထိုးပြပြီး အခုလိုပြောပါတယ်။

"တစ်နှစ်တစ်ခါ နွေရာသီ ခရီးထွက်တိုင်း သူ့ကိုပါအမြဲခေါ်လာတယ်။ လူတွေအကြောင်းသိရအောင်လို့"

လေးစားလောက်တဲ့ အတွေးအခေါ်ပဲဖြစ်ပါ၏။

## (၂) မော်လမြိုင် - ရေး = ၉၇ မိုင်


မနက်အစောကြီးဆိုတော့ ကားအသွားအလာရှင်းတာနဲ့ ကားကအတော်လေး မြန်မြန်မောင်းလာလိုက်တာ မုဒုံကို မိနစ်(၂၀)လောက်ပဲမောင်းရပြီး မော်လမြိုင်ကနေ မိုင် (၄၀) ဝေးတဲ့ သံဖြူဇရပ်ကို (၇) နာရီလောက်မှာရောက်ပါတယ်။ သံဖြူဇရပ်ကအထွက်မှာ ဘုရားသုံးဆူလမ်းခွဲဆိုင်းဘုတ်ကို တွေ့ရတယ်။ သံဖြူဇရပ်ကနေ ထိုင်းနယ်စပ် ဘုရားသုံးဆူ(မြို့) တောင်ကြား (Three Pagodas Pass) ကို (၆၄) မိုင် ဝေးပါတယ်။ ကျောက်ကြမ်းလမ်းဖြစ်တဲ့ ဘုရားသုံးဆူလမ်းဟာ မိုးတွင်းဆို သွားလာရမလွယ်ပါ။ ဒုတိယကမ္ဘာစစ်တုန်းက ဂျပန်တွေ မြန်မာပြည်ထဲဝင်လာတဲ့လမ်းကြောင်းဖြစ်ပြီး မဟာမိတ်စစ်သုံ့ပန်းတွေရော မြန်မာချွေးတပ်သားတွေပါ ထောင်ချီပြီးသေခဲ့လို့ သမိုင်းမှာ နာမည်တွင်နေတဲ့နေရာတစ်ခုပါ။

မော်လမြိုင်-ရေးကားလမ်းပိုင်းပြမြေပုံကိုကြည့်ရင် သံဖြူဇရပ် - ဘုရားသုံးဆူလမ်းကို လမ်းကြမ်းဖြစ်လို့ မျဉ်းပြတ်နဲ့ပြထားပြီး ဘုရားသုံးဆူတောင်ကြားလမ်းဟာ ရေးမြို့ရဲ့ အရှေ့အရပ်လောက်ကျနေတာတွေ့ရမှာပါ။ သံဖြူဇရပ်ကနေ ကျိုက္ခမီရေလယ်ဘုရားနဲ့ စက်စဲကမ်းခြေတွေကိုသွားတဲ့ လမ်းခွဲတွေလည်းတွေ့နိုင်ပါတယ်။ မော်လမြိုင်-ရေးကားလမ်းတစ်ဖက်တစ်ချက်မှာ ရွှေမြို့လို့ တင်စားကြတဲ့ မွန်ပြည်နယ်ရဲ့ အဓိကထွက်ကုန် ရော်ဘာခြံတွေကိုသာ ကောက်လျှောက်မြင်ကြရပါတယ်။ မွန်ရွာအများစုဟာ ကားလမ်းပေါ်မှာမရှိဘဲ ကားလမ်းအတွင်းဘက်ဝင်ပြီး မော်လမြိုင်-ရေးရထားလမ်းပေါ်မှာရှိတာများတယ်။

လွန်ခဲ့တဲ့ (၂) နှစ်လောက်က ရေးကို တစ်ခေါက်ရောက်ဖူးပါတယ်။ အဲဒီတုန်းက ရေးလမ်းဟာ 'ကျောက်ခဲစားများရင်တောင် အစာကြေလောက်တယ်လို့' ဆိုရလောက်အောင်ကြမ်းပါ



ရေး-ထားဝယ် ကားလမ်းပိုင်းတစ်နေရာ




မော်လမြိုင်-ရေး ကားလမ်းပိုင်းပြ မြေပုံ

တယ်။ ရေးမဂ္ဂဇင်းမှာ မော်လမြိုင်က စာရေးဆရာမ ခင်စောဝင်း(ပညာရေး) က ကာတွန်းတစ်ပုံဆွဲထားပါတယ်။

'ငါ့ကျွဲပျောက်နေတာ တော်ရုံနဲ့ ရှာမတွေ့ဘူး။ လက်စသတ်တော့ ရေးကားလမ်းပေါ်က ချိုင့်ထဲမှာ ဝင်အိပ်နေတာကိုး'တဲ့။ အခုတော့ လမ်းပြင်ထားလို့ သွားလာရတာ အတော်အဆင်ပြေသွားပါတယ်။ ဒါတောင် သစ်သားခင်းသံပေါင်(ဘေလီတံတား)တွေကို ကွန်ကရစ်တံတားပြန်ဆောက်နေလို့ ကားကို လမ်းလွှဲကနေ ကွေ့ပတ်ဆင်းမောင်းရပါတယ်။ ရေးကို မနက် (၉) နာရီခွဲမှာ ရောက်ပါတယ်။

ရေးမြို့ပြင် ကားလမ်းဘေးက လက်ဖက်ရည်ဆိုင်မှာ နံနက်စာကျွေး




www.burmeseclassic.com

www.burmeseclassic.com



ထားဝယ်မြို့အဝင် မြို့ပတ်လမ်းရှခင်း




ရေး-ထားဝယ် ကားလမ်းပိုင်းပြ မြေပုံ

ပါတယ်။ ဘိုလို ဘရိတ်ဖတ်(စ်)လို့ခေါ်တဲ့နံနက်စာကို ဘယ်အချိန်မှာစားသလဲ မသိပါ။ တစ်မနက်လုံး ဝမ်းဟာနေလို့ ကိုယ့်ပန်းကန်ကိုယ်ဆွဲပြီး ထမင်းဆီဆမ်းနဲ့ ကြက်ဥကြော်ကို ဆွမ်းခံသလိုခံစားရတဲ့အချိန်က နံနက် (၁၀) နာရီထိုးနေပါပြီ။ ကားမဆိုက်ခင်လေးဘဲ ကြက်ဥအလုံး(၇၀)ပြေးဝယ်ထားလို့ အဆင်ပြေသွားတယ်လို့ ဆိုင်ပိုင်ရှင်က ပြောပါတယ်။ နို့မဟုတ်ရင် ဥတောင်ရဖို့မရှိပါ။

**(၃) ရေး - ထားဝယ် = မိုင် ၁၀၀**

ရေးကထွက်တာနဲ့ တောင်တက်လမ်းစပါတယ်။ ပထမတော့ လမ်းကပြေပြေကလေးပါပဲ။ ကြာလာလေ မတ်လေဖြစ်ပြီး အကွေ့အကောက်ကပိုများလာသလို လမ်းတစ်ဖက်က ချောက်ကလည်း ပိုပြီးနက်လာတာမြင်ရပါတယ်။ တောင်စောင်းအကွေ့တွေမှာ အရှိန်မလျှော့ဘဲ ဟွန်းကိုဆက်တိုက်တီးပြီး တဝေါဝေါနဲ့တက်ပါတယ်။ တံတားတချို့နေရာတွေမှာ မြေပြိုထားလို့ ပြန်ဖို့ထားတာလည်း တွေ့ရပါတယ်။ နာမည်ကျော်မလွှဲတောင်ပဲ ဖြစ်ပါတယ်။ ဘေးကကျွန်တော့်အမျိုးသမီးကတော့ မျက်စိကိုစုံမှိတ်ပြီး ပါးစပ်က လှုပ်နေပါတယ်။ သေချာပါတယ်၊ သမ္ဗုဒ္ဓေဂါထာကိုခေါက်တုံ့ခေါက်ပြန်ရွတ်တာနေမှာပါ။ ကျွန်တော်ကိုယ်တိုင်လည်း လမ်းတစ်ဖက်က ချောက်နက်ကိုကြည့်ပြီး မတော်လို့သာကျသွားရင် ဘယ်လိုနေမလဲလို့တွေးလိုက်တော့ တစ်ကိုယ်လုံး ကြက်သီးတွေထလာပါတယ်။

မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးခြားထားတဲ့ နယ်နိမိတ်ကိုကျော်လာတော့လမ်းကပြေလာပါတယ်။ အကွေ့အကောက်တွေကရှိနေတုန်းပါပဲ။ တောင်စောင်းတွေကို စက်ယန္တရားတွေနဲ့ဖြိုချပြီး လမ်းချဲ့ပြုပြင်ထားလို့ မွန်ပြည်နယ်ဘက်အခြမ်းထက် လမ်းပိုကောင်းပြီး ကျယ်လည်းကျယ်ပါတယ်။ အာရှလမ်းမကြီးဆိုတဲ့ နာမည်နဲ့လိုက်အောင် နိုင်ငံတကာ အဆင့်မီ လမ်းကြီးဖြစ်လာရင် သွားလာလို့အတော်ကောင်းသွားမှာပါ။လမ်းဘေးတစ်ဖက်တစ်ချက်မှာ ရော်ဘာခြံတွေသာမက ကွမ်းသီးခြံတွေရော၊ ရောဘာနဲ့ ကွမ်းသီးပင် ရောစိုက်ထားတာတွေရော တွေ့ရပါတယ်။ ကွမ်းသီးဟာ တနင်္သာရီတိုင်းဒေသကြီးရဲ့ အဓိကထွက်ကုန်တစ်ခုဖြစ်ပါတယ်။

သင်္ကြန်အကြိုနေ့ညမှာ ရန်ကုန်ကစထွက်လာတာဆိုတော့ ဒီကနေ့ဟာ သင်္ကြန်အကျနေ့ဖြစ်ပါတယ်။ ထားဝယ်ရောက်ခါနီးမှာ မိုးပြေးကလေးရွာပါတယ်။ ညနေစောင်းလာလေ ခရီးသည်တွေရဲ့ဝမ်းဗိုက်တွေက တဂွီဂွီမြည်လာလေဖြစ်ပါတယ်။ မနက်စာ (breakfast) နဲ့နေ့လယ်စာ(lunch)ကို ပေါင်းပြီးစားတာကို brunch လို့ခေါ်တာမို့ ငါတို့ မနက်တုန်းက brunch ကျွေးလိုက်သလားလို့ထင်မိပါတယ်။ ညနေ (၄) နာရီကျော်လောက်မှာ ထားဝယ်ကို ရောက်ပါတယ်။

ခရီးစဉ်မစခင် ဝေထားတဲ့ လက်ကမ်းစာစောင်မှာ ထားဝယ်မြို့ ရောဝ

www.burmeseclassic.com

www.burmeseclassic.com

ထမင်းဆိုင်မှာ နေ့လယ်စာကျွေးမယ်လို့ ခေါ်ပါတယ်။ နာမည်ကိုကြည့်ပြီး ထမင်းဆိုင်ကြီးဖြစ်မယ်လို့ ထင်မိတာ မှားပါတယ်။ ဆိုင်မှာစားပွဲခုံ(၃)၊(၄)လုံးပဲရှိတာ လမ်းတစ်ဖက်က ဘုန်းကြီးကျောင်းမှာ တွေ့ပါတယ်။ ထမင်းရောဟင်းပါ ကိုယ်ကြိုက်ယ်ထစနစ်နဲ့ယူတဲ့ဆီမှာတန်းစီရင် စနစ်တကျဖြစ်မှာစိုးလို့ တိုးဝှေ့ပြီးအလုအယက်ယူကြပါတယ်။ အသားဟင်းတစ်မျိုးစီနဲ့စားလို့ပြီးခါနီးမှ အရန်ဟင်းဖြစ်အနေ နဲ့ ချဉ်ပေါင်ကြော်၊ ကြက်ဟင်းခါးသီးကြော် စတာတွေကို ကြိုက်သလောက်ထည့်စားလို့ရပါတယ်လို့ လာပြောပါတယ်။ ဟုတ်ကဲ့-ပြောဖော်ရတာသေးတာကိုပဲ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ခရီးစဉ်မှာ ထားဝယ်ကို နေ့လယ်ရောက်မယ်လို့ပြောထားတဲ့အတွက် နေ့လယ်စာကို အော်ဒါမှာပြီးသားဖြစ်မယ်ထင်ပါတယ်။ ဒါကြောင့် နေ့လယ်စာကို ညနေ(၄)နာရီခွဲမှာ စားရတာဟာလည်း ခရီးစဉ်ရဲ့အမှတ်တရတစ်ခုပဲ ဖြစ်ပါတယ်၊ နေ့လယ်ရောက်ရင် နေ့တစ်ဝက်အားဖူးမယ်ဆိုတဲ့အစီအစဉ်ကိုဖျက်ပြီး မောင်းမကန်ကမ်းခြေကိုထွက်လာခဲ့ကြပါတယ်။

**(၄) ထားဝယ် - မောင်းမကန် = (၁၀) မိုင်**

ထားဝယ်မြို့ အနောက်ဘက် ကမ်းခြောကင်းတံတားကိုဖြတ်လိုက်တာနဲ့ လောင်းလုံးမြို့နယ်ထဲက ကမြောကင်းရွာကို ရောက်ပါတယ်။ လောင်းလုံးကို လောင်းလုံလို့ခေါ်တာ မှားတယ်ပြောတော့ ကျွန်တော့်မဟေသီက လက်မခံပါ၊ အများခေါ်နေကျအတိုင်း လောင်းလုံတာသာအမှန်လို့ပြောပြီး ဘာကြောင့်လောင်းမလဲလို့ စိန်ခေါ်ပါတယ်။ ကျွန်တော်က သူ့ကို ပြုံးစိစိနဲ့ပြန်ကြည့်ရင်း ဟုတ်တဲ့လူက အကြင်နာပေးကြေးလို့ပြောလိုက်တော့ သူက အခုလိုပြန်ပြောပါတယ်။

"နာနေပါဦးမယ် အဘိုးကြီးရယ်"

"ဟား ဟား ဟား"

ဒီကနေ့အတွက် အသက်ရှည်ဆေးတစ်ခွက်သောက်လိုက်ရတာပဲဖြစ်ပါတယ်၊ ရယ်သောသူသည် အသက်ရှည်သည် (Laughter the best medcine) ဆိုတဲ့စကား အများကြားဖူးနေကျပါ။ ခဏကြာ ဌာနဆိုင်ရာဆိုင်းဘုတ်တစ်ခုရဲ့အဖြတ်မှာ လောင်းလုံးမြို့နယ်ဆိုတဲ့စာတန်းကို လက်ညှိုးထိုးပြလိုက်ပြီး -

"အကြွေးမှတ်ထားလိုက်တော့မယ်နော် အဘွားလေး"

လို့ ပြောလိုက်ပါတယ်။

အဘွားကြီးခေါ်ရင် မကြိုက်လို့ ပြောင်းခေါ်ရပါတယ်။

တောင်ဆွယ်တစ်ခုကို ကွေ့ပတ်တက်ပြီးပြန်အဆင်းမှာ ဟိုအဝေးက ပင်လယ်ပြာနဲ့ကမ်းခြေကိုလှမ်းမြင်လိုက်ရပါတယ်။ ထားဝယ်ကနေ မောင်းမကန်ကို နာရီဝက်လောက်ပဲလာရပါတယ်။ ညနေစောင်းမှာ မောင်းမကန်ကမ်းခြေဟာ ရပ်ဝေး၊ ရပ်နီးကဧည့်သည်တွေနဲ့ စည်ကားနေပါတယ်။ ရေကျချိန်ဖြစ်လို့ ပြန့်ပြူးနေတဲ့သဲသောင်ပြင်ကို မျက်စိတစ်ဆုံးမြင်ရပါတယ်။ ကိုယ့်က ဂီတဝါသနာပါသူဆိုတော့ တစ်ခေတ်တစ်ခါက အဆိုတော် မောင်ကြည်တိုး ဆိုထားတဲ့ 'ကိုလေးတို့မောင်းမကန်' သီချင်းကို ပြန်ကြားယောင်မိပါတယ်။

*ရှမျှော်လို့မဆုံးပြီ xxx ရေဝေကုန်းတန်းတစ်လျှောက်ဆီxxxကျောက်ဆောင်ကျောက်ကမ်းပါးများနဲ့ တောင်များအသွယ်သွယ် xxx မိုးပြာနောက်ခံပန်းချီ xxx စိမ်းလဲ့လဲ့မြသားသဲလွင်ဆီ xxx ဝိုင်းစက်မို့ဟန်ပွားတဲ့ xxx လှိုင်းကြက်ခွပ်သံများနဲ့ xxx သဘာဝရဲ့အလှသွေးစုံညီxxx ကိုလေးတို့ မောင်းမကန် သောင်ယံဆီxxx။*

*ထင်းရှူးတောတန်းနဲ့ ပြောမခန်းတဲ့ ကမ်းခြေတလျှောက်ဆီxxx။*

ဒီသီချင်းကို နားထောင်လိုက်တာနဲ့ မောင်းမကန်ကမ်းခြေရဲ့အလှဟာပေါ်လွင်လာရပါတယ်။ တေးရေးဆရာက ထင်းရှူးပင်လို့ မှားပြီးရေးထားတဲ့ ပင်လယ်ကဗွီးပင်တွေက ကမ်းစပ်အတိုင်း တညီတညာစီတန်းပေါက်ရောက်နေပါတယ်။ စိမ်းလန်းနေတဲ့ သစ်ပင်တွေနဲ့ ပြာလဲ့နေတဲ့ပင်လယ်ရေပြင်ဟာ သဘာဝပန်းချီကားတစ်ချပ်လို လှချင်တိုင်းလှနေပါတယ်။

'မောင်းမကန်ရေချိုး ဆွေမျိုးကိုမေ့တယ်' လို့ဆိုကြတာမို့ လူကြီးရောကလေးတွေပါ ပင်လယ်ရေထဲမှာ ပျော်ပျော်ပါးပါး ရေဆော့ကစားနေကြပါတယ်။ ကျွန်တော်တို့အဖွဲ့က ကိုအောင်ကျော်ခင် (Nippon Paint) ကတော့ ရေမချိုးတာတောင် မောင်းမကန်ပင်လယ်ရေနဲ့ ထိသွားမှဖြစ်မယ်ဆိုပြီး ဒူးဆစ်လောက်မြုပ်အောင် ရေထဲဆင်းသွားပါတယ်။

မြန်မာ့သမိုင်းမှာ ထင်ရှားတဲ့ ဘုရင်တစ်ပါးဖြစ်တဲ့ အလောင်းစည်သူမင်းကြီးဟာ ကောဇာသက္ကရာဇ် ၅၁၇ ခုနှစ်မှာ ဖောင်တော်နဲ့ ထားဝယ်ဒေသကိုရောက်ရှိပြီး ပင်လယ်ကမ်းခြေတစ်နေရာမှာ ဖောင်တော်ကို ဆိုက်ကပ်ရပ်နားပါတယ်။ ပါလာတဲ့ အခြွေအရံ မောင်းမမိဿံတွေက ရေချိုးရအောင်လို့ ကမ်းပေါ်တက်ပြီး ကန်တူးခဲ့တဲ့အတွက် 'မောင်းမကန်' အမည်တွင်ခဲ့တယ်လို့ ဆိုပါတယ်။

ညနေ (၆) နာရီကျော်မှ မောင်းမကန်ကပြန်ထွက်ခဲ့တာ ဒီကနေ့ညအိပ်မယ့် Diamond Crown ဟိုတယ်ကို ရောက်တော့မှောင်နေပါပြီ။ မာတ်လှေကားပါတပ်ထားတဲ့ (၅)ထပ်အဆောက်အအုံဖြစ်တာမို့ ထားဝယ်မှာတော့ အကြီးဆုံးဟိုတယ်ဖြစ်မယ်ထင်တာပါပဲ။ ဟိုတယ်ဝင်းကလည်း အတော်ကျယ်ပြီး မှန်လုံလေအိတ်ကားကြီး (၃)စီးနဲ့ကိုယ်ပိုင်ကားတွေလည်းရှိတာမို့ ဟိုတယ်အခန်းပြည့်လောက်အောင် ခရီးသည်များမယ်လို့ ခန့်မှန်းရပါတယ်။

ပါလာတဲ့ဂိုက်အမျိုးသမီးက -

"မနက် (၃) နာရီခွဲမှာ ထိုင်းနယ်စပ်ကို ခရီးဆက်မှာမို့ (၃)နာရီလောက်ထကြပါ။ ဟိုတယ်ကိုလည်း အဲဒီအချိန်နှိုးဖို့ (morning call) ပြောထားပါတယ်"

လို့ လိုက်ပြောပြီး ရှိုင်းစားသောက်ဆိုင်မှာ ညနေစာစားဖို့ ခေါ်ပါတယ်။ ညနေစာထမင်းမစားတဲ့ ကျွန်တော်တို့ ဇနီးမောင်နှံက နေ့လယ်စာကို ညနေ (၄) နာရီခွဲလောက်မှစားထားတာရယ်၊ ခရီးကလည်းပန်းနေတာမို့ လိုက်မသွားတော့ဘဲ အိပ်ရာထဲတန်းဝင်လိုက်ကြပါတယ်။

မနက်မိုးလင်းလို့ လူစုမိတော့ အတူပါလာတဲ့ မိတ်ဆွေတွေက -

"ခင်ဗျားတို့ ညက စားသောက်ဆိုင်လိုက်မလာတာ ကံကောင်းတယ်ဗျာ။ စားသောက်ပြီးတဲ့အချိန်မှာ ကားသမားတွေနဲ့ ဂိုက်နဲ့ စကားများလို့ ကားသမားတွေက ကားမောင်းထွက်သွားတယ်။ ကျွန်တော်တို့လည်း လမ်းမသိတာနဲ့ သုံးဘီးဆိုင်ကယ်တစ်စီးငှားပြီး ကျပ်ကျပ်သပ်သပ်စီးပြန်လာတာ ည (၁၀) နာရီလောက်မှ ဟိုတယ်ကိုပြန်ရောက်တယ်"

လို့ ပြောပါတယ်။

ဖြစ်ရမယ်လေ . . . . ။

မောင်ပွင့်ဉာဏ် (မောရ)



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းခေါင်

# ပလ္လင်သုံးဆင့် အခလားကိုးခလား

သို့

## သုံးလောက၏ဖမင်းဖြစ်သောဘုရားရှင်တော်မြတ်ကို ကိုးကွယ်ကြရအောင်

ကျွန်ုပ်တို့သည် ထေရဝါဒ ဗုဒ္ဓဘာသာကို ကိုးကွယ်အားထား ယုံကြည်မှုသဒ္ဓါအားကြီးကြသူများ ဖြစ်ပါသည်။ မြတ်စွာဘုရားသံခင်ကို သက်တော်ထင်ရှားရှိစဉ်က ဖူးမဝဖြစ်ခဲ့ကြရသလို နိဗ္ဗာန်စံပြီးသည်နှင့် အာဝေဏိကဂုဏ်တော်များကို အထွတ်ထားပြီး ကိုယ်ပွား၊ ကိုယ်စားတော်များ ထုလုပ်ကိုးကွယ်ကြပါသည်။

ရှင်တော်မြတ်ဘုရားမှ ကောသလမင်းကြီးအား ရွှေနှုတ်တော်ဖွင့်ဟမိန့်တော်မူခဲ့သည်မှာ ရွှေ၊ ငွေ၊ ကြေးနီ၊ ကြေးဝါ၊ ကြေးဖြူ၊ ပတ္တမြား (နဝရတ်ကျောက်မျက်)၊ သံ၊ ခဲ၊ သွပ်၊ ခပ်ပြာ၊ အဆင်းရှိသောဆေး၊ သစ်သား စသည်တို့ဖြင့် သွန်းအပ်၏၊ ထုဆစ်အပ်၏၊ ရေးသား ပူဇော်အပ်၏ဟု မိန့်ဆိုပါသည်။

သို့ဆိုပါလျှင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့အနေဖြင့် မြတ်စွာဘုရားသခင်၏ ကိုယ်ပွားတော်၊ ကိုယ်စားတော်အဖြစ် ကိုးကွယ်ကြရာတွင် အယူအဆအမျိုးမျိုး၊ ဝါဒအမျိုးမျိုးရှိခဲ့ကြသလို မုဒြာအမျိုးမျိုးလည်း ထုဆစ်ကိုးကွယ်ခဲ့ကြပါသည်။ ဆရာစဝ်ထွန်းမှတ်ဝင်းကလည်း 'မြန်မာသိပ္ပံပညာပဋိမာမုဒြာများနှင့်အာသန၊ဝါဟန၊စီးတော်ယာဉ်များနှင့်ပလ္လင်များ' ဟု စာအုပ် (၂) အုပ် ရေးသား မှတ်တမ်းတင်ထားခဲ့ပြီလည်း ဖြစ်ပါသည်။

ကျွန်ုပ်အနေဖြင့် ယခု ရေးသားတင်ပြမည်ဖြစ်သော ဗုဒ္ဓကိုယ်စားကိုယ်ပွားတော်မှာ ကျွန်ုပ်သည် ဝိဇ္ဇာဓရေဂမ္ဘီရပညာကို ထမင်းမေ့ဟင်းမေ့လေ့လာလိုက်စားနေချိန် လွန်ခဲ့သောနှစ်ပေါင်း (၄၀) ကျော်ကာလက တွေ့ရှိခဲ့သောပေမူတစ်ခုမှဖြစ်ပါသည်။

ထိုနှောင်းကာလတုန်းက ကျွန်ုပ်သည် အစိုးရ၏ ဌာနကြီးတစ်ခုတွင် တာဝန်ထမ်းဆောင်နေချိန်လည်း ဖြစ်ပါသည်။ အခါအားလျော်စွာ ကျွန်ုပ်မှာ ခရီးသွားလာရပါသည်။ ကျွန်ုပ်တာဝန်ထမ်းဆောင်ရသော ခရိုင်မြို့ကြီးသည် ပုဂံနှင့် ဧရာဝတီမြစ်ကြီးသာ ခြားပါသည်။

တစ်နည်းဆိုရလျှင် ပုဂံသာသနာ၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်များနှင့် ထဲထဲဝင်ဝင်ရှိသောဒေသကြီးတစ်ခုလည်း ဖြစ်သည်ဟု ဆိုချင်ပါသည်။ ပုဂံခေတ်၏ မင်းကောင်းမင်းမြတ်များဖြစ်ကြသော အနော်ရထာ၊ ကျန်စစ်မင်းနှင့်အလောင်းစည်သူမင်းကြီးများတည်ထားခဲ့ကြသော စေတီများမှာမူ ယနေ့တိုင် အထင်အရှား ပူဇော်နေကြရပါသေးသည်။

ဖြစ်စဉ်ကိုဆက်ပါဦးမည်။ ကျွန်ုပ်တာဝန်ဖြင့် ခရီးသွားလာစဉ်အချိန်များတွင် အဓိကတာဝန်များဆောင်ရွက်ပြီး နားနေချိန်ဖြစ်သော ကိုယ်ပိုင်အချိန်များတွင် ရောက်ရှိရာဒေသ၏ ဘုရားပုထိုးများနှင့် ဘုန်းတော်ကြီးကျောင်းများသို့ အရောက်သွားခဲ့ပါသည်။

ရှေးခေတ်အခေါ်အရ စာတိုက်များ (ရုပ်လုံးရုပ်ကြွနှင့်ထုဆစ်ထားသည့် လွန်စွာ အနုစိတ်သော ပန်းပုလက်ရာများကို ရွှေချထားသည့်ဗီရိုများ၊ နောက်ရုပ်လုံးရုပ်ကြွထုဆစ်ပြီး ကျောက်စီထားခဲ့သောပေများ၊ ပုရပိုက်များသိမ်းဆည်းသည့်)၊ ကျွန်းသေတ္တာများထဲကို ရှာဖွေလေ့လာ ဖတ်ရှုခွင့်ကြုံခဲ့ရပါသည်။

ကျွန်ုပ်လိုချင်သည့်အကြောင်းများဖြစ်သည့်ဘာသာရပ်များကိုလည်း ရေးသားကူးယူခွင့်ရခဲ့ပါသည်။ ယခုရေးသားတင်ပြမည့် အဆင့်(၃)ဆင့်၊ ပလ္လင်တော်(၉)ခဏ်းပါသည့် ဗုဒ္ဓကိုယ်ပွားတော်ထုလုပ်ရန်နှင့် စီမံရပုံအပြည့်အစုံကို ပေမူတစ်ခုမှ ကူးယူရရှိခဲ့ပါသည်။

တစ်ခုတော့ ဖော်ပြနိုင်ခြင်းမရှိပါ။ ထိုပေမူတွင် ကျမ်းပြုသူ မည်သူမည်ဝါဟု မတွေ့ရှိရတော့သောကြောင့် ဖြစ်ပါသည်။ ထိုပေများမှာမူ ကျွန်းသေတ္တာကြီးတစ်လုံးအတွင်းမှတွေ့ရှိရပြီး ထိုကျွန်းသေတ္တာကြီးမှာလည်း စေတီတစ်ဆူ၏ ပုထိုးတိုက်အတွင်းတွင် ဖြစ်ပါသည်။

ထိုစဉ်က သေတ္တာကြီးတစ်ခုလုံးမှာ ခြစားထားသည့်အတွက် သေတ္တာမှာ အဖုံးများမရှိတော့သလို သေတ္တာနံရံများပင်လျှင် အကောင်းမရှိတော့ပါ။ ပျက်စီးချို့ယွင်းနေပြီ ဖြစ်ပါသည်။

စာရေးဖို့ကြုံလာခဲ့ပုံမှာ -

တစ်နေ့က -

ကျွန်ုပ်၏ ညီမတစ်ယောက်လို ခင်မင်ရသော တပည့်မအိမ်သို့ အလည်ရောက်သွားခဲ့ပါသည်။ မတွေ့ရတာကြာပြီဖြစ်၍လည်း တပည့်မက နွေးထွေးစွာ ကြိုဆိုခြင်းဖြင့် ဧည့်ဝတ်ကျေပွန်ခဲ့ပါသည်။ အတိတ်ကဖြစ်ရပ်ဖြစ်စဉ်များကို ရှေးဟောင်းနှောင်းဖြစ်ပြောဆိုနေရာမှ 'မဟာဒုက်ဆွမ်းကျွေး'ကို ပင့်ဖိတ်လိုက်ပါသေးသည်။

မဟာဒုက်ပွဲမှာ ဘုရားမဲပေါက်ချင်ကြောင်း၊ မဲတစ်စောင်ကို (၅၀၀) ပူဇော်ရကြောင်းကိုလည်း ပြောပြပါသည်။

ကျွန်ုပ်လည်း ပြန်လာခဲ့ပါပြီ။ စိတ်အစဉ်ကတော့ ဘုရားမဲပေါက်ချင်ကြောင်းပြောသံကို ကြားနေရပါသည်။ အမျိုးကောင်းသား၊ အမျိုးကောင်းသမီးများအနေဖြင့် မဟာဒုက်ပွဲလို မကြုံနိုင်သည့် အရပ်ဒေသများတွင် မိမိတို့၏ စိတ်ဆန္ဒနှင့် သဒ္ဓါအားကြီးစွာ ထုလုပ်ကိုးကွယ်နိုင်သော ဗုဒ္ဓကိုယ်ပွားတော်ထုလုပ်ကိုးကွယ်နိုင်ကြစေရန် အာရုံပေါ်လာခဲ့သဖြင့် စာရေးရန်အကြံဖြစ်ခဲ့ရပါသည်။

အထက်နားတွင် ရေးသား ဖော်ပြခဲ့သောအကြောင်းကို မှတ်စုတစ်အုပ်တွင် ရေးသားခဲ့သည်ကို မှတ်မိနေပါသည်။ မှတ်စုမှတ်တမ်းများပြားသဖြင့် လွယ်လင့်တကူ မတွေ့ရပါ။ စာအုပ်စင်များ၊ စာအုပ်များသိမ်းဆည်းသည့်ဗီရိုများကိုဖွင့်ရလေတော့သည်။ ဗီရို(၂)လုံးကိုဖွင့်ပြီးတော့ ရှာဖွေစဉ်မှာပင် '၁၉၇၃ ခုနှစ်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းမှ ထုတ်သော နေ့စဉ်မှတ်စုစာအုပ်ကို တွေ့ရသဖြင့် အမှုအမှတ်တမဲ့ပင် စာရွက်များကိုလှန်ကြည့်မိပါသည်။

ဟန်ကျချင်တော့ ကျွန်ုပ်ကြည့်နေသော ၁၉၇၃ ခုနှစ် မှတ်စုစာအုပ်ထဲမှာပင် ယခုရေးသားမည့် ဗုဒ္ဓကိုယ်ပွားတော်ထုလုပ်ကိုးကွယ်ပုံပါရှိနေတာကို တွေ့ရပါတော့သည်။

ကျွန်ုပ် ပေတစ်ဆူမှ ရေးကူးခဲ့သည့်မှတ်စုတွင်ပါရှိသည့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

အရာအပြည့်အစုံကို အောက်တွင် ရေးသား ဖော်ပြလိုက်ပါသည်။

အမျိုးကောင်းသား၊အမျိုးကောင်း သမီးတို့အနေဖြင့် ဗုဒ္ဓကိုယ်ပွားတစ်ဆူ ထုလုပ်ရန် အောက်ပါ အသားများကို အသုံးပြုနိုင်ကြပါသည်။

**နေ့သားအလိုက်**
**အမြစ်-အညွန့်တွဲသောသစ်များ**

**တနင်္ဂနွေသားသမီးအတွက်**
ထောက်ကြန့်သား
**တနင်္လာသားသမီးအတွက်**
ဩဇာသား
**အင်္ဂါသားသမီးအတွက်**
ကလောသား
**ဗုဒ္ဓဟူးသားသမီးအတွက်**
စိန်ပန်းသား
**ကြာသပတေးသားသမီးအတွက်**
လောက်သေသား၊
**သောကြာသားသမီးအတွက်**
ပိတောက်သား
**စနေသားသမီးအတွက်**
သစ်အယ်သား

**နေ့သားအလိုက်ပဥ္စပွတ်သစ်များ**

**တနင်္ဂနွေသားသမီးအတွက်**
ပေါက်သား
**တနင်္လာသားသမီးအတွက်**
သီးသား
**အင်္ဂါသားသမီးအတွက်**
ထိမ်သား
**ဗုဒ္ဓဟူးသားသမီးအတွက်**
အင်သား
**ကြာသပတေးသားသမီးအတွက်**
ကျွန်းသား
**သောကြာသားသမီးအတွက်**
ညောင်သား
**စနေသားသမီးအတွက်**
လင်းလွန်းသား

**နေ့သားအလိုက်မွှေးနံ့သစ်များ**

**တနင်္ဂနွေသားသမီးအတွက်**
အင်သား
**တနင်္လာသားသမီးအတွက်**
ကျွန်းသား
**အင်္ဂါသားသမီးအတွက်**
ညောင်သား
**ဗုဒ္ဓဟူးသားသမီးအတွက်**
လင်းလွန်းသား၊ လွန်သား
**ကြာသပတေးသားသမီးအတွက်**
ပေါက်သား
**သောကြာသားသမီးအတွက်**
သီးသား
**စနေသားသမီးအတွက်**
ထိမ်သား

စသည့် ဒ..သားတို့ဖြင့် မိမိစိတ် သဒ္ဓါဆန္ဒအားလျော်စွာ ထုလုပ်ကိုးကွယ် နိုင်ကြပါသည်။

**ဗုဒ္ဓကိုယ်ပွားတော်ထုလုပ်ရာတွင်**
**သိသင့်သောအချက်များ**

က။ ထုလုပ်ရာတွင် ပါဠိဒိကဂုဏ်တော်နှင့်ပြည့်စုံအောင် ကြည်ညို ဖွယ်ရာ အသရေဆောင်သည့်ပုံတော်ကိုထုရမည်။

ခ။ ထုလုပ်ရာတွင် တတ်နိုင်သမျှ လက္ခဏာတော်ကြီး၊ ငယ်တို့နှင့် ပြည့်စုံသည့်အသွင်ကိုဆောင်နေအောင် ထုလုပ်ရမည်။

ဂ။ ထုလုပ်ရာတွင် လှပစေရန်ရည်ရွယ်ချက်ဖြင့် မိန်းမတို့၏ မျက်နှာအသွင်မျိုး မထုအပ်။

**ရုပ်ပွားတော်၊ ကိုယ်စားတော်**
**ထုလုပ်ရာတွင်**
**လုံးဝမအပ်စပ်သောအချက်များ**

၁။ ကြည်ညိုဖွယ်ကင်းသော လက်တော်တစ်ဖက်ကို ဆန့်တန်းထားခြင်းမျိုး၊

၂။ လည်ကုပ်တိုပြီး ပုအိုင့်စွာထုလုပ်ခြင်းမျိုး၊

၃။ မျောက်မျက်နှာကဲ့သို့ မျက်နှာပေါက်ဆိုးသည့်ပုံထုလုပ်ခြင်း။

၄။ ဝမ်းဗိုက်တော်ပူနေသည့်ပုံမျိုးထုလုပ်ခြင်းမျိုး၊

၅။ မြေဖုတ်၊ ဘီလူးပမာ ကြောက်မက်ဖွယ်ဖွယ်၊ စက်ဆုတ်ဖွယ် ထုလုပ်ခြင်းမျိုးတို့မှာ လုံးဝ မထုလုပ်အပ်သည့်အချက်များ ဖြစ်ပါသည်။

မြတ်စွာဘုရားသခင်၏ ကိုယ်ပွားတော်အဖြစ် ထုဆစ်ကိုးကွယ်ရာတွင် အမျိုးလေးပါးတို့ကို ကိုးကွယ်ရန်အတွက် ဝိဇ္ဇာမရေ ဂမ္ဘီရပညာနယ်မှ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်။

**ပုဂ္ဂိုလ်လေးမျိုးတို့အတွက်**
**ကိုးကွယ်ရန်သတ်မှတ်ပြဋ္ဌာန်းခြင်း**

၁။ ဆင်းရဲသားနှင့် ကုန်သည်၊ လယ်လုပ်တို့ကိုးကွယ်သင့်သောမုဒြာမှာ 'မေးတော်စား' ဖြစ်ပါသည်။

ထုလုပ်ရာတွင် ရုပ်ပွားတော်၏ တင်ပျဉ်ခွေထိုင်တော်မူသည့် ဘယ်၊ ညာ ဒူးနှစ်ဖက်အစွန်းထိပ်တို့၏ အကွာအဝေးအတိုင်းအတာကို စမ္မခဏ်အခင်းမှ မေးတော်အထိထောက်၍ တိုင်းတာသည့်အတိုင်း ထုလုပ်ရမည်။ (မေးတော်မှ စမ္မခဏ်အထိ ဉာဏ်တော်အမြင့်သည် ဒူးတော်နှစ်ဖက်ထိပ်တို့ အတိအကျညီရှိရပါမည်။)

မေးတော်စား ဖြစ်ပါသည်။

မျက်နှာတော်သည် အတန်ငယ်မှုမော့သောမျက်နှာတော်ရှိပြီး မဟာကရုဏာဖြင့်ကြည့်တော်မူနေသောအသွင်ကိုဆောင်ပါသည်။

၂။ သူဌေးသူကြွယ်တို့ ကိုးကွယ်အပ်သောမုဒြာမှာ 'နှုတ်ခမ်းတော်စား' ဖြစ်ပါသည်။

ထိုကိုယ်ပွားတော်ထုလုပ်ရာတွင် မတ်သောမျက်နှာတော်ရှိနေရပါမည်။ ဒူးတော်နှစ်ဖက်ထိပ်စွန်းအတိုင်းအရှည်နှင့် 'နှုတ်ခမ်းတော်' အထိ ဉာဏ်တော်ရှိသောအတိုင်းထုရပါမည်။

ပစ္စည်းလေးပါးတို့အပေါ် တပ်မက်တော်မမူဘဲ အာလယပြတ်သောအသွင်တော်ကိုဆောင်တော်မူပါသည်။

၃။ ရဟန်းသံဃာ၊ သူတော်စင်များ ကိုးကွယ်အပ်သောမုဒြာမှာ 'နှာသီးတော်စား' ဖြစ်ပါသည်။

မည်သည့်တရားကို ဟောကြားဆုံးမမည်၊ မည်သည့်သိက္ခာပုဒ်တော်ကို ပညတ်မည် စသည့်အသွင်ကိုဆောင်တော်မူသောကိုယ်ပွားတော်ဖြစ်ပါသည်။

ဒူးတော်နှစ်ဖက်စွန်းအထိအတိုင်းအရှည်သည် 'နှာသီးတော်' ကိုထိသည့် ဉာဏ်တော်အမြင့်အတိုင်း ထုလုပ်ရပါမည်။

၄။ မင်းမှုထမ်းများ၊ အရာရှိကြီးများ၊ အစိုးရအဖွဲ့၏ အကြီးအကဲများ ကိုးကွယ်အပ်သောမုဒြာမှာ 'မျက်မှောင်တော်စား' ဖြစ်ပါသည်။

ထုလုပ်ရာတွင် ဒူးတော်နှစ်ဖက်ထိပ်အရှည်သည် 'မျက်မှောင်တော်' အထိ ဉာဏ်တော်အမြင့်အတိုင်း ထုလုပ်ရခြင်းမှာ 'မျက်မှောင်တော်စား' ဖြစ်ပါသည်။ မျက်နှာတော်မှာ အတန်ငယ်ငုံ့နေသော မျက်နှာတော်အနေအထားရှိနေ၏။

မျက်လွှာတော်ကိုချထားပြီး သိရိသမ္ပတ္တိကိုဆောင်လျက် လောကသုံးပါး၌ အကြီးဆုံး၊ အထွတ်မြတ်ဆုံးသောအသွင်ကိုဆောင်တော်မူပါသည်။

ဝိဇ္ဇာမရေဂမ္ဘီရပညာသဘောတရားအရ အသားသုံးမျိုးကိုသုံးရန် ပြဋ္ဌာန်းသည်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

၁ အမြစ်၊ အညွန့်အသားကို ထုလုပ်ကိုးကွယ်ခြင်း၏အကျိုးသည် စီးပွားဥစ္စာအလုပ်အကိုင် တည်တံ့ခြင်းကိုပေးစေ၏။

၂ ပဥ္စပွတ်အသားသည် စီးပွား၊ လာဘ်လာဘကို တိုးပွားစေ၊ ရစေ၏ဆိုထားပါသည်။

၃ မွှေးနံ့သစ်သားထုလုပ်ကိုးကွယ်သူသည် ဘေးဥပဒ်အန္တရာယ်ကင်းခြင်း၊ ကျန်းမာပြီး အသက်ရှည်ခြင်းတို့ကို ဖြစ်စေသည်ဟု ဆိုပါသည်။

(မြတ်စွာဘုရားရှင်၏ အာဝေဏိကဂုဏ်ကို အာရုံပြုပြီး ကိုးကွယ်ခြင်းဖြင့် အထူးထူးသော အကျိုးအနန္တပေးမည်ကို မုချယုံကြည်ကြရပါမည်။)

**ဝိဇ္ဇာမယအစီအမံဖြင့်**
**အဆင့်သုံးဆင့်နှင့်**
**အခဏ်းကိုးခဏ်းပလ္လင်တော်**

ပလ္လင်တော်၏အဆင့်သုံးဆင့်ထားရှိရခြင်း - အဆင့်(၃)၏သဘောထားမှာ 'ဘုံသုံးပါး' မှလွတ်မြောက်စေကြောင်းကိုညွှန်းပါသည်။




**ပလ္လင်သုံးဆင့်ပုံပြ**
**(နမူနာပုံစံ)**

**ပလ္လင်တော်အလယ်ဆင့်တွင်**
**ပါဝင်ကြရမည့်အခဏ်း(၉)ခဏ်း**

၁။ ဝိဇယုဿဝဓရှုသင်းပုံ ဖြစ်သည်။ သိကြားမင်း၏ ခရုသင်းဖြစ်၍ ဘေးရန်ခပ်သိမ်းပယ်ပျောက်စေရန်။

၂။ အလောင်းတော် ငုံးမင်းပုံ ဖြစ်သည်။ ကပ္ပဋ္ဌိတိကပ္ပတည်မီး ဘေးကြီးမှကင်းလွတ်စေကြောင်း၊

၃။ အင်္ဂုလိမာလ ရဟန္တာအရှင်မြတ်ပုံတော်ဖြစ်သည်။ အန္တရာယ်ကင်းရှင်းစွာ သားဖွားမြင်ခြင်း။

၄။ ပစ္စေကဗုဒ္ဓါပုံတော်သည် တန်ခိုးတော်အားဖြင့် နိရောဓချမ်းသာ လိမ္မာတော်မူခြင်း၊ ရန်အနှောင်အဖွဲ့ဟူသမျှ ကင်းလွတ်ခြင်း၊ ဒိဋ္ဌဓမ္မဝေဒနီယအကျိုးကိုခံစားရခြင်း။

၅။ သိကြားမင်းပုံတော်သည် လိုအင်ဆန္ဒပြည့်ဝ၍ မကောင်းသောဘေးအန္တရာယ်တို့မှ ကာကွယ်ခြင်း၊

၆။ ဝိဇ္ဇာရုပ်သည် အလိုရှိရာရ၍ ဘေးဥပဒ်တို့မှ ကာကွယ်စေခြင်း။

၇။ ပြဟ္မာမင်းပုံသည် အရာခပ်သိမ်းတို့၌ အဟိတ်သတ္တဝါရှေ့ထား၍ မေတ္တာဖြင့် လွှမ်းမိုးအောင်မြင်စေကြောင်း။

၈။ နေမင်းပုံသည် မကောင်းသောဂြိုလ်ဆိုး၊ ကြမ္မာဆိုးအမှောင်တမတို့ကို ဖြိုခွင်း၍ အလင်းရောင်ဟူသောမင်္ဂလာတိုးပွားလာခြင်း။

၉။ လမင်းပုံသည် အခါခပ်သိမ်းအေးငြိမ်းသာယာပြီး မင်္ဂလာဟူသမျှ ပြည့်စုံစေကြောင်းတို့ကို ပြဆိုထားခြင်း ဖြစ်ပါသည်။

**မှတ်ချက် -**

ကိုးခဏ်းတို့သည် သာသနာတော်ကို ကိုးတိုင်းကိုးဌာနပြန့်ပွားစေခြင်းသဘောကိုလည်း ကောက်ယူနိုင်ပါသည်။

စည်းကမ်းတကျ ထုလုပ်ပြီးသော မြတ်စွာဘုရား၏ ကိုယ်ပွားတော်ကို မိမိတို့သဒ္ဓါပြဌာန်းသည့်အတိုင်း ရွှေသက်န်းကပ်လှူနိုင်ကြပါပြီ။

အမျိုးကောင်းသား၊အမျိုးကောင်းသမီး၊ ခုနစ်နေ့သား၊သမီးတို့အနေဖြင့် ဦးစွာပြုရန်တစ်မျိုးရှိနေသေးသည်။ (မိမိကိုယ်တိုင် ဆောင်ရွက်ရမှာ ဖြစ်ပါသည်။ အကြောင်းမညီညွတ်ပါက အကြီးအကဲတစ်ဦး သို့မဟုတ် လေးစားအပ်သော ဆရာတစ်ဦးကို ဆောင်ရွက်စေရန် မေတ္တာရပ်ခံပါ။)

ဆောင်ရွက်ရန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ပ သရဏဂုံသုံးပါးကို ဦးစွာရွတ်ဖတ်ပူဇော်ပါရန်။

အောက်ပါအတိုင်း နတ်များကို အပ်နှင်းပေးရန် ဖြစ်ပါသည်။

ဇေယျပုတ-အလားမစောင်း လာခြင်းကောင်းဖြင့် ပွင့်တော်မူပြီးကြသော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယဓိက သဗ္ဗညုမြတ်စွာဘုရားရှင်တို့၏သာသနာတော်ကို စောင့်သော်မကွာ တေဇောရှိန်ပြင်း နတ်မင်းများစွာ နတ်တကာတို့ -

ဘုမ္မာရုက္ခာအာကာသဌာလောကပါလာဒေဝါစတုး ဝိရူဠက၊ ဝိရူပက္ခ၊ ကုဝေရနှင့် ဓာတရဋ္ဌ နာမထင်ရှားနတ်မင်းများအပြင် ငါးပါးခေါ်မှတ်သူရဿတီ၊ စန္ဒီ၊ ပရမေသွာ၊ မဟာပိန္နဲ၊ ကျောက်ထဲပေစွ၊ ဝေါရမန္တာ နတ်ဒေဝါတို့ -

ဝိဇ္ဇာလေးပါး၊ ခုနစ်ပါးဒေဝီ၊ တစ်လီမယွင်း အတွင်း (၃၇) သွယ်နတ်မင်းတို့ စောင့်ခြင်းနိစ္စ ဘေးရန်ပအောင် စောင့်ကြပ်ကြပါ နတ်ဒေဝါတို့ -

ဒါယကာအပေါင်း သူတော်ကောင်းကို လျှင်ကြောင်းမစ သုခချမ်းသာမကွာရိပ်ငြိမ်း စည်းစိမ်ဥစ္စာရတနာတို့ ရှာသွန်းဖြိုးသို့ မညှိုးစေရာ တန်ခိုးဖြာလျက် မကွာနေ့ညစောင့်ကြပ်ကြပါ နတ်ဒေဝါတို့ - ငါတို့ပြုသမျှ ကုသိုလ်အမျှ ထပ်တူရပါစေကုန်။

ဟု ဝမ်းမြောက် ဝမ်းသာစွာဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

နောက်ဆက်လက်ပြီး အောက်ပါအတိုင်း ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ရွှေရောင်တောက်ပပြီး ကြည်ညိုစဖွယ် လွန်စွာတင့်တယ်တော်မူသော **ပလ္လင်တော်(၃)ဆင့်၊ အခဏ်း(၉)ခဏ်းဖြင့် စံပယ်တော်မူသော မြတ်စွာဘုရားရှင်**အား အနေကဇာတင်ရမည်ဖြစ်ပါသည်။

အနေကဇာတင်ရာတွင် သာသနာ (၅၀၀၀) အခွန့်ကြာအောင် သို့မဟုတ် ဤဘဒ္ဒကမ္ဘာတွင် ငါးဆူဘုရား ပွင့်ပြီးစကန်ဖြစ်မည်မှန်၍ သဏ္ဌာန်တော်အရှင် မြတ်ငါးပါးကိုပင့်ဖိတ်ပြီး ပြုဖွယ်ကိစ္စမှန်သမျှတို့ စုံလင်စွာဖြင့် အနေကဇာတင်လှူကြရန်ပင် ဖြစ်ပါသည်။

ထိုသို့ ပြီးမြောက်သွားသောအခိုန်မှစပြီး ကိုးကွယ်သူ ဒါယကာများအနေဖြင့် များစွာသော ရတနာတို့ဖြင့် ပြည့်စုံစွာရရှိပြီး ကောင်းမှုကိစ္စမှန်သမျှ လိုလားတောင့်တတိုင်း ရရှိပြည့်စုံနိုင်ကြမည်ဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါတော့သည်။

ပညာတိုးပွား၍
အကျိုးများကြပါစေ

ဘုန်းမော်ငြင်

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးအများစုပုဂ္ဂိုလ်များသည် မိမိတို့ ကိုးကွယ်ဆည်းကပ်နေကြသော ရတနာမြတ်သုံးပါးနှင့် စောင့်ထိန်းရမည့် လူ့ကျင့်ဝတ်ငါးပါးသီလများ၊ မင်္ဂလာတရားတော်များ၊ ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ် ကျင့်သုံးနေကြပေသည်။ မြန်မာလတစ်ဆယ့်နှစ်လရှိရာတွင်လည်း လအလိုက် ဘာသာရေးပွဲတော်များကို အစဉ်အဆက် မိုးရာမပျက် ကျင်းပပြုလုပ်ခဲ့ကြပါသည်။

ယနေ့ ဗုဒ္ဓဘာသာဝင် လူပုဂ္ဂိုလ်တွေတော်တော်များများ ပဝါရဏာပွဲဆိုသည်ကို ဘာလဲဟု သေသေချာချာ ဂဃဏနမသိကြသော လူပုဂ္ဂိုလ်များမှာ (၇၀) ရာခိုင်နှုန်းလောက်တော့ရှိကြပါလိမ့်မည်။ ယနေ့ မျိုးဆက်သစ်လူငယ်များကိုမပြောလိုပါ။ အသက်(၃၀)ကျော်မှ အသက် (၆၀) လောက်အထိ ပဝါရဏာပွဲဆိုတာ ဘာလုပ်မှန်းကို မသိကြသူများပါလိမ့်မည်။

မြန်မာဓလေ့ထုံးထမ်းစဉ်လာအရ တစ်ဆယ့်နှစ်လမှာ လစဉ်ရာသီပွဲတွေ ကျင်းပခဲ့ကြတာကို သိကြပါသည်။ ပဝါရဏာပွဲကိုတော့ သိသူနည်းပါးသည်။ ပဝါရဏာဆိုတာဘာလဲ၊ ဘာပြုလို့ ပဝါရဏာပြုရတာလဲ၊ ပဝါရဏာမပြုလျှင်ကော ဘာအပြစ်ဖြစ်သလဲ၊ ပဝါရဏာပြုလျှင် မည်သို့သော အကျိုးသက်ရောက်မှုရပါသလဲ၊ ပဝါရဏာပြုသော သံဃာတော်များကိုလှူလျှင် ဘယ်လိုအကျိုးကြီးသလဲ ဆိုတာတွေကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်များ သိထားသင့်ပါသည်။

ပဝါရဏာပွဲ ဟူသည် သံဃာတစ်ပါးက အများကိုဖိတ်၊ အစဉ်လိုက်ဖိတ်သောပွဲကြီး ဖြစ်သည်။

ပ္ပအဲဒီပွဲကြီးက ဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဝါဆိုသော သံဃာတော်များက သီတင်းကျွတ်လပြည့်နေ့မှာ မဟာပဝါရဏာပြုရပါသည်။ ဝါခေါင်လပြည့်ကျော်တစ်ရက်နေ့မှာ ဝါဆိုသော သံဃာတော်များမှာ တန်ဆောင်မုန်းလပြည့်နေ့မှာ မဟာပဝါရဏာပြုရပါသည်။)

မဟာပဝါရဏာပြုရသောရက်သည် (၂)ရက်ဖြစ်သော်လည်း ပြုသောရဟန်းတော်များက မိမိတို့နှင့် သက်ဆိုင်ရာတစ်ရက်ပဲပြုရပါသည်။ သာမညခေါ်ရင်တော့ ပဝါရဏာပွဲပါ၊ သံဃာတော်နှစ်ရာကျော်ပြု ပဝါရဏာပြုလျှင် မဟာပဝါရဏာပွဲကြီး အကြီးအကျယ်ဖိတ်သောပွဲဖြစ်၏။

(ကျိုက်ခေါ်)

# ဆရာဦးစိန်လှိုင်

## မဟာပဝါရဏာပွဲ(သို့)ဖိတ်ပွဲ



ပဝါရဏာအကြောင်းပြောရလျှင် မြတ်စွာဘုရားလက်ထက်တော်အခါက ရဟန်းတော်များသည် ဝါဆိုဦးတွင် မြတ်စွာဘုရားထံမှာ ကမ္မဋ္ဌာန်းတရားကိုတောင်းပြီး တောတောင်အသီးသီးသို့ သွားရောက်ကာ တရားအားထုတ်လေ့ရှိကြသည်။

သီတင်းကျွတ်သည့်အခါ တရားရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မြတ်ဘုရားထံသို့ ပြန်လာကြ၍ တရားထူးရ၊ မရ အကြောင်းကို လျှောက်ထားကြ၊ ဘုရားဖူးကြ၊ တရားနာကြသည်။

ထိုအချိန်အခါက ပဝါရဏာ ဆိုတာ မပညတ်ရသေးပါ။

ပဝါရဏာပွဲကို မြတ်စွာဘုရား၊ ပညတ်တော်မူခြင်း အကြောင်းရင်းကို ပြောရလျှင် တစ်နှစ် ဝါဆိုဦးကာလမှာ



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတော် (၃၀) သည် ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတရားတောင်းပြီး တောထဲကိုကြွသွားကြပါသည်။ စိတ်ကောင်း၊ နှလုံးကောင်းနှင့်ကြွသွားကြသည်။

ရဟန်းတော်အပါး (၃၀) တို့သည် တောထဲရောက်သည်တွင် မထေရ်ကြီးက ဩဝါဒပေးသည်။

"ငါ့ရှင်တို့၊ ငါတို့ဟာ မြတ်ဘုရားထံမှာ ကမ္မဋ္ဌာန်းတောင်းလာကြတာပါ။ ငါတို့မှာလည်း အပါယ်တံခါးက ဟင်းလင်းပွင့်နေပါသေးတယ်။ ပေါ့ပေါ့တန်တန်အားထုတ်ရုံနှင့်မဖြစ်ပါ။ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနှင့် ကြိုးကြိုးစားစားအားထုတ်ကြရမည်။ ဘယ်လိုနည်းနှင့် အားထုတ်လျှင် ချမ်းသာကြမလဲ"

ဟု တိုင်ပင်ကြသည့်အခါ အမျိုးမျိုး အကြံပြုကြသည်။ နောက်ဆုံးအကြံကို သဘောကျလက်ခံကြ၏။ ထိုအကြံမှာ 'တစ်ပါးနှင့်တစ်ပါး စကားမပြောကြဘဲ နှုတ်ပိတ်အားထုတ်ကြစို့၊ ဝစီပိတ်အားထုတ်ကြစို့၊ မပြောမဖြစ်သောအကြောင်းပေါ်လာပါက လက်ဟန်ခြေဟန်နှင့်ပြောစတမ်း' ဟု ကတိကဝတ်ပြုကာ အားထုတ်ကြတော့သည်။

ရဟန်းအားလုံး ရိုးရိုးသားသား ကြိုးကြိုးစားစားနှင့် စိတ်ကောင်းနှလုံးကောင်းနှင့်တရားအားထုတ်နေကြသော်လည်း သီတင်းသာကျွတ်သွားသည်၊ ရဟန်းတစ်ပါးမျှ တရားထူးမရကြ။ သီတင်းကျွတ်လျှင် ဘုရားရှင်ထံသို့ပြန်သွားကြတော့၏။

မြတ်ဘုရားရှင်က ရောက်လာသောရဟန်းတော်များကို -

"ငါ့ရှင်တို့၊ သင်တို့တွေ ကျန်းခံ့ပါရဲ့လား၊ မျှတပါရဲ့လား။ ဝါတွင်းသုံးလလုံး ချမ်းချမ်းသာသာနှင့် အားထုတ်နိုင်ကြပါရဲ့လား"

ဟု အမေးတော်ရှိသည့်အခါ ရဟန်းတော်များက မျှတကြောင်းနှင့် ကျန်းမာကြောင်း၊ ချမ်းသာစွာကျင့်ရကြောင်းတို့ကို လျှောက်ထားသည့်အခါ-

"သင်တို့ဘယ်လိုကျင့်လို့ချမ်းသာကြသလဲ"

ဟု မေးတော်မူသည့်အခါ ရဟန်းတော်များက ရိုးသားစွာနှင့် သူတို့တောထဲရောက်သည်တွင် ဩဝါဒစကားမြွက်ကြားသည့် နှုတ်ပိတ် ဝစီပိတ်ကျင့်သောအကြောင်းများကို အကုန်လုံးလျှောက်ထားကြပါသည်။ ရဟန်းတော်များက ဤသို့လျှောက်ထားပြီးသောအခါ မြတ်စွာဘုရားက ရဟန်းတော်များကို ခါတိုင်းလို 'ဘိက္ခဝေ' လို့ မဟာကရုဏာနှင့်မခေါ်တော့ဘဲ မဟာအမှားကြီးမှားထားသော ရဟန်းတော်များကို -

"မောဃပုရိသ - မဂ်ဖိုလ်မနီးအချည်းနှီးသော အို - ယောက်ျားတို့၊ သင်တို့သည် မချမ်းသာသောအကျင့်ကိုကျင့်ပြီး ချမ်းချမ်းသာသာကျင့်ရသည်ဟုပြောကြသည်။ အို - မောဃပုရိသတို့၊ အဲဒီ နှုတ်ပိတ်ဝစီပိတ်အကျင့် ဆိုတာ အ-အကျင့်၊ အရူးကျင့်၊ တိရစ္ဆာန်ကျင့်၊ တိတ္ထိအကျင့်ပဲ၊ သင်တို့သည် မချမ်းသာသောအကျင့်ကိုကျင့်ခဲ့ပြီး ချမ်းသာရသည်ဟု ဝန်ခံနေကြ၏။

အို - မောဃပုရိသ-မဂ်ဖိုလ်မနီးအချည်းနှီးသောယောက်ျားတို့၊ ဒီနေ့ကစပြီး ရဟန်းဖြစ်သောပုဂ္ဂိုလ်သည် အဲဒီ အ-အကျင့်၊ အရူးကျင့်၊ တိရစ္ဆာန်ကျင့်၊ တိတ္ထိကျင့်တို့ကို ဘယ်တော့မှမကျင့်ရ။ ဘယ်နည်းနှင့်မျှမကျင့်ရ။ ကျင့်တဲ့ရဟန်းအာပတ်သင့်စေ"

ဟု သိက္ခာပုဒ်ကို ပညတ်လိုက်သည်။ အဲဒီလို သိက္ခာပုဒ်ကို ပညတ်ပြီးတော့ ပဝါရဏာကိုလည်း ပညတ်လိုက်ပါသည်။

**□ ပဝါရဏာ ဆိုသည်မှာ ကိုယ့်မှာ အပြစ်ရှိလျှင် သူများတွေက ဆုံးမအောင်၊ ဆုံးမရဲအောင်၊ ဆုံးမကြဖို့ရာ ဖိတ်သောပွဲဖြစ်သည်။**

အင်မတန် ကောင်းမြတ်သောပွဲဖြစ်ပေသည်။

ပုထုဇဉ်တွေမှာ အပြစ်နှင့်မကင်းကြပါ။ လောဘနှင့်မှားတာလည်းရှိကြသည်။ ဒေါသ၊ မောဟ၊ မာနတို့နှင့်မှားတာလည်းရှိသည်။ ကိုယ်မှားတာကို ကိုယ့်ဟာကိုယ် မြင်ခဲသည်၊ သိခဲသည်။ မြင်ပြန်၊ သိပြန်လျှင်လည်း မမြင်ချင်၊ မသိချင်အောင်နေတတ်ကြသည်။ ကိုယ့်အပြစ်ကို သူများက မြင်လွယ်သည်။ သူများအပြစ် မြူမှုန်လောက်ကို အုန်းသီးလောက်ချဲ့မြင်ပြီး ကိုယ့်အပြစ် အုန်းသီးလောက်ကို မြူမှုန်လောက်တောင် မမြင်တတ်ကြပါ။ မြင်လည်းဖုံးထားတတ်ကြသည်။ ကိုယ့်အပြစ်ကို ဖုံးထားပါလျှင် အတိုးတက်တတ်ပါသည်။ ပညာရှိသူတော်ကောင်းတွေထံမှာ ထုတ်ဖော်ပြောလျှင် အတိုးမတက်တော့ပါ။အခြားနေ့တွေမှာ မာန၊ ဒေါသတွေရှိချင်ရှိနေပေမယ်လို့ ပဝါရဏာနေ့မှာတော့ မာန ဒေါသတွေဖယ်ပြီး -

□ သံဃာတော် အရှင်မြတ်တို့ဘုရား၊ တပည့်တော် ဖိတ်ပါသည်။ သံဃာတော်အရှင်မြတ်များသည် တပည့်တော်အပေါ်မှာ အပြစ်တစ်စုံတစ်ရာ မြင်ပါသည်၊ ကြားပါသည်၊ ယုံမှားပါသည်ဆိုလျှင် တပည့်တော်ကို အစဉ်သနားသောအားဖြင့် ပြောဆိုဆုံးမကြပါ။ တပည့်တော်၏အပြစ်ကို အရှင်ဘုရားတို့ ပြောဆိုဆုံးမလို့သိမြင်ပါလျှင် တပည့်တော်ကုစားပါ့မယ်၊ ပြင်ဆင်ပါ့မယ်ဘုရား -

ဟု ဖိတ်ကြားရပါ သည်။

အပြစ်က ကိုယ်တိုင်မြင်တဲ့အပြစ်၊ တစ်ဆင့်ကြားရသောအပြစ်၊ ယုံမှားသံသယဖြစ်ရသောအပြစ် ဟူ၍ သုံးမျိုးရှိသည်။ အဲဒီအပြစ်တွေကို သနားသောအားဖြင့် ဆုံးမရမှာဖြစ်သည်။ အရက်တကွဲအကျိုးနည်းဖြစ်ပြီး လွှင့်စဉ်သွားအောင်ဆိုသည့်သဘောနှင့်မပြောရပါ။ မကောင်းသောစိတ်နှင့်၊ မသမာသောစိတ်နှင့် မဆုံးမရပါ။ အဲဒီလိုဆုံးမပြီး ပြုပြင်လိုက်လျှင် ပုဂ္ဂိုလ်ကောင်းဖြစ်သွားပါသည်။ မြတ်စွာဘုရားရှင်၏ အဆုံးအမ၊ သာသနာတော်မြတ်ကြီး အရှည်တည်တံ့ခိုင်မြဲပြန့်ပွားရေးကို ဒီမဟာပဝါရဏာပွဲကြီးက များစွာ အထောက်အပံ့ပေးပါ၏။

မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာတော်များကို ဝါတွင်းသုံးလပတ်လုံး ပရိယတ်၊ ပဋိပတ်တရားတော်များကို အားစိုက်ကြိုးစားပြီး သီတင်းဝါလကျွတ်သည့်အခါမှာ လူအပေါင်းတို့၏အကျိုးစီးပွားအလို့ငှာ၊ သတ္တဝါအပေါင်းတို့၏ချမ်းသာသုခအလို့ငှာ၊ လူအများကို အစဉ်သနားစောင့်ရှောက်ချီးမြှောက်ခြင်းအကျိုးငှာ ခရီးဒေသစာရီကြွခိုင်းတော်မူပါသည်။

ရဟန်းသံဃာတော်တွေက လူအများကို ဗေဒင်ဟော၊ ဆေးကု၊ ယတြာချေ၊ အင်း၊ အဆောင်၊ လက်ဖွဲ့တွေ၊ ဓာတ်လုံးတွေ၊ ဦးဖွတွေလုပ်ပြီး အစီးအပွားပြုရမှာလား၊ မဟုတ်ပါ။

အစလည်းကောင်း၊ အလယ်လည်းကောင်း၊ အဆုံးလည်းကောင်းသောကောင်းခြင်းသုံးဖြာနှင့်ပြည့်စုံသော မြတ်ဘုရားရှင်၏ အဆုံးအမ တရားတော်များကိုဟောပြောပြပြီး လူအများ၏အစီးအပွားကိုဆောင်ရမည် ဖြစ်ပါသည်။

ဗုဒ္ဓတရား
ကမ္ဘာလွှမ်းပတ်တည်စေသော်

ဆရာဦးစိန်လှိုင် (ကျိုက်ဒိတ်)



www.burmeseclassic.com

www.burmeseclassic.com

### ဘိုဘို(ရွှေကံကူ)


## ရွှေကြွက်ယက်တောင်ပေါ်၌တည်ထားကိုးကွယ်မည့်

# ရွှေကံကူတြိဖလစေတီတော်

ဤဆောင်းပါးကို စာဖတ်ပရိသတ်တို့ လိပ်ပတ်လည်အောင်တင်ပြရမည်ဆိုလျှင် ၂၀၁၂ ခုထုတ် သူရဇ္ဇမဂ္ဂဇင်းတစ်အုပ်တွင် ဖော်ပြပါရှိခဲ့သော စာရေးသူ၏ 'ရွှေကံကူအောင်မြေမှ ထူးခြားသော ဆေးသိဒ္ဓိသစ္စာရေ' ဆောင်းပါးရှည်ကြီးမှ အကြောင်းအရာများတို့ကို ပြန်လည်ကောက်နုတ် အစဖော်တင်ပြရမည်ဖြစ်ပါ သည်။

၁၉၉၈ ခုနှစ်က ဖြစ်ပါသည်။ ထိုအချိန်တွင် ယနေ့အချိန်၌ ရွှေကံကူလေပုံ့သစ်တော်ရုပ်ရှင်တော်မြတ်အဖြစ် ထန်းခိုးကြီးဘုရားတစ်ဆူပွင့်ထွန်းတော်မူသာမည့် ရုပ်ပွားတော်မြတ်သည် စာရေးသူတို့၏နေအိမ်တွင် ကြွမြန်းရောက်ရှိတော်မူလျက်ရှိနေပြီး ဖြစ်သော်လည်း သာမန်မိသားစုနေအိမ်များတွင်ထားရှိပူဇော်သော ရုပ်ပွားတော်အဖြစ်သာရှိနေပါသေးသည်။ အမေကောင်းလည်း ရှိနေသေးပြီး အန်တီအေးနှင့် မယ်တော်ကြီးတို့သည် မူလတန်းပြကျောင်းဆရာမများအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိနေကြကာ အစ်မကြီးဒေါ်နွဲ့ရီ(အန်တီနွဲ့)သည် စဉ့်ကိုင်ဈေးထဲတွင် နို့ဆီ၊ ထောပတ် (ယခင် ထန်းလျက်ရောင်းနေရာမှ အဆင်မပြေ၍) ဆိုင်ဖွင့်ကာရောင်းချသွက်ရှိနေသကဲ့သို့ စာရေးသူမှာ နို့ဆီထုန်သည်လုပ်ငန်း လုပ်ကိုင်လျက်ရှိပါသည်။

စာရေးသူတို့၏ မြို့သာရွာ အပါအဝင် ငါန်းဇွန်နယ်သည် နို့ဆီကောင်းထွက်ရှိရာဒေသဖြစ်၍ မြို့သာမှထွက်ရှိသော နို့ဆီများကို ရထားဖြင့်ပို့ဆောင်စေ၍ ပလိတ်နှင့် မန္တလေး ရှမ်းစုဘူတာတို့တွင်ချစေပြီး စာရေးသူမှ ပလိတ်၊ စဉ့်ကိုင်၊ မန္တလေးမြို့ပေါ်ရှိ လက်ဖက်ရည်ဆိုင်များကို ဖြန့်ချိပေးပို့ပါသည်။ မြို့သာမှ နို့ဆီရှုံ (၃) ရုံခန့်ကို ဖောက်သည်ထားသည်း လက်ဖက်ရည်ဆိုင် (၁၀) ဆိုင်ခန့်သို့ ပေးပို့ရခြင်းဖြစ်၍ စာရေးသူသည် နေ့စဉ် ပလိတ်နှင့်မန္တလေးမြို့သို့ နေ့စဉ်ရောက်ရှိရပါသည်။ ဆယ်ရက်တစ်ကြိမ်ခန့်လည်း မြို့သာသို့ တစ်ညအိပ်လိုက်




၁၃၇၇ ခု၊ ဝါခေါင်လပြည့်နေ့တွင် ပန္နက်တင်မင်္ဂလာပြုလုပ်မည့် ရွှေကံကူတြိဖလစေတီတော်




ရွှေကံကူတြိဖလစေတီတော်တည်ထားမည့် သောကြာနံစေတီ၏ မျက်နှာစာ

www.burmeseclassic.com



သမိုင်းဝင် ရွှေကြက်ယက်ဆုတောင်းပြည့်စေတီတော်ကြီးအား ရောဝတီတံတားမှ ဖူးတွေ့ရပုံ



ရွှေကြက်ယက်ဆုတောင်းပြည့် ရုပ်ပွားတော်မြတ်



နရပတိစည်သူ၏ကျောင်းမှ ပဥ္စလောဟာ ဆေးတော်ရုပ်ပွားဆင်းတုရား

ပါပြီး နို့ဆီရုံများကို ငွေရှင်းရပါသည်။ ထို့ကြောင့် စာရေးသူသည် မည်သည့် မြို့ရွာကိုမျှ ညအိပ်ညနေသွားရောက်နိုင်ခြင်းမရှိပါ။

သို့သော် ၁၉၉၈ ခုနှစ်ထဲသို့ ရောက်ရှိစမှာပင် စာရေးသူစိတ်တို့ တစ်မျိုးဖြစ်လာပါသည်။ ခရီးဝေးသို့ ထွက်ခွာသွားလိုစိတ်များ ဖြစ်ပေါ်လာပါသည်။ တကယ်တော့ စာရေးသူတို့ မိသားစုသည် ၁၉၈၇ ခုနှစ်မှာပင် မြို့သာမှ စဉ့်ကိုင်မြို့သို့ ပြောင်းရွှေ့ပြီးချိန်မှစ၍ စာရေးသူသည် စဉ့်ကိုင်တွင်နေသည်ဟူ၍ မရှိခဲ့ပါ။ ကြီးပွားချမ်းသာနိုင်ရေးအတွက် မိုးကုတ်၊ ဖားကန့်၊ ခန္တီး စသော ရတနာမြေဒေသများနှင့် နယ်စပ်ဒေသများသို့ သွားရောက်နေထိုင် လုပ်ကိုင်စီးပွားရှာနေခဲ့ပါသည်။ ၁၉၉၂ ခုတွင် အဖေဝင်းကွယ်လွန်အနိစ္စရောက်ခဲ့ပြီးနောက် စာရေးသူလည်း ခရီးထွက်၍မရတော့ပါ။ အိမ်တွင် မိန်းကလေးများသာရှိ၍ မိသားစုနှင့်အတူနေနိုင်သော နို့ဆီကုန်သည်လုပ်ငန်းကို လုပ်ကိုင်ရခြင်းဖြစ်ပါသည်။

နံနက်လင်းလျှင် အစ်မကြီးသည် ဆိုင်ဖွင့်ရန် ဈေးသွားရပြီး (၈) နာရီမတိုင်မီ အန်တီအေးနှင့် မယ်တော်ကြီးတို့လည်း ကျောင်းသွားကြရသည်။ နံနက် (၁၀) နာရီခန့်တွင် စာရေးသူလည်း မန္တလေးသို့သွားရသည်။ ထိုအခါ အမေကောင်း တစ်ယောက်တည်းသာ အိမ်မှာ ကျန်ရစ်ပါသည်။ အမေကောင်းသည် မျက်စိတစ်ဖက်မှာ ရေတိမ်နှစ်ခါခွဲလိုက်ရသောကြောင့် ထိုမျက်စိမှာ အလင်းမရတော့ပါ။ သို့သော် ကျန်သော မျက်စိတစ်ဖက်ကတော့ မျက်မှန်မလိုဘဲ အပ်ပေါက်ထိုးနိုင်ပါသေးသည်။ ထိုစဉ်က အမေကောင်း၏အသက်မှာ (၇၄) နှစ်ရှိနေပြီ ဖြစ်ပါသည်။

ညနေ (၄) နာရီတွင်မှ မယ်တော်ကြီးနှင့်အစ်မအေးသို့အိမ်သို့ပြန်ရောက်ကြပြီး ညနေ (၅) နာရီ၊ (၆) နာရီခန့်မှ အစ်မကြီးက ဈေးမှပြန်ရောက်ပါသည်။ စာရေးသူကတော့ ညစဉ် (၇) နာရီနှင့် (၉)နာရီအတွင်းမှသာ အိမ်သို့ပြန်ရောက်လေ့ရှိပါသည်။ အမေကောင်းသည် စာရေးသူ ပြန်လည် ရောက်ရှိမှသာ ထမင်းစားပါသည်။ ဝင်ပေါက်တံခါးတွင် ထွက်၍မျှော်နေလေ့ရှိပါသည်။ ဤကဲ့သို့ သောအနေအထားတွင် စာရေးသူသည် မိသားစုနှင့်ခွဲခွာ၍ အဝေးသို့မသွားသင့်ပါ။ နို့ဆီလုပ်ငန်းမှာလည်း လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ရည်ဆိုင်တွင် အကြွေးများစွာထားရှိရသည်ဖြစ်ပြီး နို့ဆီရုံများသို့လည်း စာရေးသူမှ အပေါင်းပေး အသစ်ယူ ရှင်းလင်းနေရပါသည်။ ထို့ကြောင့် ဤလုပ်ငန်းသည် လက်စဖြတ်ရန် လွယ်ကူသောလုပ်ငန်းမဟုတ်ပါ။ လုပ်ငန်းသဘောအရလည်းကောင်း၊ မိသားစုအခြေအနေအရလည်းကောင်း ခရီးဝေးခရီးရှည်ထွက်၍မရသောအနေအထားဖြစ်ပါ၏။ စာရေးသူ၏ပင်ကိုအသိသဘောထားအရလည်း ခရီးထွက်လိုခြင်းမရှိပါ။

သို့သော် စာရေးသူသည် ကိုယ့်စိတ်ကိုကိုယ်မနိုင်ပါ။ စိတ်ရောဂါရရှိနေခြင်းလော သို့မဟုတ် နမ်လွှင့်ခံရသည်လောမသိပါ။ အဝေးသို့ထွက်ခွာသွားလိုသောစိတ်တို့မှာ ချုပ်နှိမ်၍မရနိုင်ဘဲ အရစ်ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ဖြင့် (၇) လပိုင်းသို့ရောက်ရှိလာသောအခါ စာရေးသူ၏စိတ်တို့ကို မည်သို့မျှထိန်းနိုင်စွမ်းမရှိသောအခြေသို့ဆိုက်ရောက်လာပါသည်။

စာရေးသူသည် မည်သည့်အရပ်ဒေသသို့ သွားလိုမှန်းသွားရမှန်းလည်းမသိပါ။ သွားမည်ဟုကြံရွယ်သည့်အခါတိုင်း စာရေးသူအား ခြပေါက်ဝသို့ထွက်၍မျှော်နေမည့်အမေကိုမြင်ယောင်လာပြီး စာရေးသူအိမ်သို့ပြန်ခဲ့သည်။ (ထိုအကြောင်းများကို 'သံသရာတစ်ကွေ့ဝယ်' ဝတ္ထုတွင် အသေးစိတ်ဖော်ပြခဲ့ပြီး) ထိုသို့ အကြိမ်ကြိမ်ဖြစ်ပြီးနောက်တွင်



ရွှေကြက်ယက်မြတ်စွာဘုရားတွင် ရွှေသင်္ကန်းကပ်လှူ၍ ဆရာဘိုဘိုသစ္စာပြုနေပုံ



သောကြာနံစေတီတော်တွင် ဆရာဘိုဘိုနှင့် မောင်ထွန်းထွန်းယဉ်းသစ္စာပြုနေပုံ

www.burmeseclassic.com

စာရေးသူလည်း ဖြစ်ပေါ်လာသော စိတ်ဆန္ဒတို့ကို မလွန်ဆန်နိုင်တော့၍ ခြေဦးတည့်ရာသို့ထွက်သွားမိပါတော့သည်။

သို့ဖြင့် စာရေးသူသည် စိတ်ကူးယဉ်အိပ်မက်ဆန်ဆန်၊ ဝတ္ထုဇာတ်လမ်းဆန်ဆန် သပိတ်ကျင်းမြို့နယ် အုန်းတကူးကျေးရွာကလေးသို့ ရောက်ရှိသွားခဲ့ပါသည်။ စာရေးသူသည် ထိုရွာကလေးကိုမသိပါ။ မရောက်ဘူးပါ။ ထိုရွာတွင် အသိမိတ်ဆွေလည်းမရှိပါ။ ထိုရွာသို့ သွားရန် မည်သူကမျှ ညွှန်ကြားလိုက်ခြင်းလည်းမရှိပါ။ ထိုရွာလေးသည် စာရေးသူနှင့် အစိမ်းသက်သက်သာ ဖြစ်ပါ၏။

စာရေးသူ ရောက်ရှိသွားချိန်တွင် ထိုရွာကလေးရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတွင် ကျောင်းဆရာ ပြတ်လပ်လျက်ရှိချိန်နှင့် ထူးဆန်းစွာ ကြုံကြိုက်နေပါ၍ ရောက်သည့်နေ့မှာပင် ကျောင်းဆရာအလုပ်ကိုရရှိခဲ့ပြီး နောက်တစ်နေ့တွင် ကျောင်းဆရာအဖြစ်ကို ရောက်ရှိခဲ့ပါသည်။ ထူးဆန်းလှပါ၏။ ပို၍ထူးဆန်းသည်မှာ အုန်းတကူးရွာလေးမှာ တောခေါင်ချောင်ကျလှသော ရွာငယ်ဇနပုဒ်လေးဖြစ်ရာ ပျင်းရိငြီးငွေ့ဖွယ်ရာကောင်းလှသော်လည်း စာရေးသူသည် မပျင်းရိဘဲ ပျော်မွေ့သလို ခံစားရသကဲ့သို့ ရွာဦးကျောင်းဆရာတော်နှင့်တကွ ရွာသူရွာသားများနှင့် ကလေးများကလည်း စာရေးသူကို မြင်မြင်ချင်း ရင်းနှီးချစ်ခင်လျက်ရှိကြပါသည်။


စာရေးသူသည် ရောက်ခါစတွင် အိမ်ကိုသတိရပြီး အိမ်မှလူများ ရုတ်တရက် စာရေးသူ ပျောက်ဆုံးသွား၍ ပူပင်သောကရောက်လျက်ရှိနေကြမည်ကို တွေးမိကာ စိတ်မကောင်းဖြစ်လျက် ဝမ်းနည်းမိရသော်လည်း အဆက်အသွယ်မပြုလုပ်ခဲ့ပါ။ ဘာရယ်ကြောင့်မှန်းမသိ စာရေးသူသည် ဤရွာလေးတွင် ဆက်လက်နေလိုသေးသောဆန္ဒများ ဖြစ်ပေါ်နေမိပါသည်။ အိမ်ကို အဆက်အသွယ်ပြုလုပ်လျှင် အိမ်မှ စာရေးသူကို ပြန်ခေါ်မည်မှာ သေချာပါသည်။ ထို့ကြောင့် အဆက်အသွယ်မပြုလုပ်ဘဲနေလာခဲ့ပါသည်။

ဤသို့ဖြင့် တစ်နှစ်တစ်ရာသီကုန်ဆုံးသွားခဲ့သည်။ အုန်းတကူးရွာကလေး၏တည်နေပုံမှာ အရှေ့ဘက် တစ်မိုင်ခန့်မှစ၍ မိုးကုတ်ဒေသတောင်စဉ်တောင်တန်းကြီးများနှင့်တစ်ဆက်တစ်စပ်တည်းဖြစ်သောတောင်ဆွယ်တောင်ကြောဖျားမှာ တောင်၊ မြောက်သွယ်တန်းလျက်ရှိသည်။ ရွာ၏အနောက်ဘက် (၃) မိုင်ခန့်အထိ တောရိုင်းအင်တိုင်းတောကြီးများ တစ်မျှော်တစ်ခေါ် တည်ရှိလျက်ရှိပြီး အင်တိုင်းတောအလွန်တွင် ချောက်ကမ်းပါးပြတ်ကြီးရှိပြီး ပေ (၃၀၀) ခန့် နိမ့်ဆင်းသွားလျက် (၅)မိုင်ခန့်တွင် ဧရာဝတီမြစ်ကြီးကိုရောက်ရှိမည်ဖြစ်ပါသည်။

ထို့ကြောင့် အုန်းတကူးရွာကလေးမှာ အပူ၊ အအေး မမျှတပါ။ မိုးများ[illegible] သည်။ သို့ဖြစ်၍ ရာသီဥတုကြမ်းတမ်း[illegible] ကာ ငှက်ဖျားရောဂါထူပြောလှပါသည်[illegible] ကျွန်းများပွင့်ချိန် ဝါတွင်း[illegible] ဝစ်လျှောက်လုံး ရွာရှိ လူကြီး[illegible]လေး



၁၉၆၂ တွင် မြို့သာမြို့ ရွှေဘုံသာကိုနဝင်းရန်အောင်မြင်စေတီသို့ ရှင်မထီးဆရာတော် ကြွရောက်စဉ်



၁၉၆၀ ပြည့်နှစ်တွင် ပုပ္ပားတောင်ကလေးသို့ ပထမဆုံးအကြိမ် ကံထပ်မင်္ဂလာပွဲသို့ ရှင်မထီးဆရာတော် ကြွတော်မူစဉ်



သောကြာနံစေတီတွင် ဆရာဘိုဘို သစ္စာပြုဆုတောင်းနေပုံ




www.burmeseclassic.com

www.burmeseclassic.com



မြင်ဦးမြို့မှ တိုင်းရင်းသမားတော်ကြီး၏လက်ထဲတွင် သိဒ္ဓိဝင်ဆေးဖြစ်မှ ထူးခြားမှုဖြစ်ပေါ်ပုံ



ရွှေကျူကြိုဖလစေတီတော် တည်ထားမည့်နေရာ ရွေးချယ်စဉ်



ဆရာဘိုဘိုအား မြဝတီရုပ်သံအဖွဲ့မှ ဆေးသိဒ္ဓိအကြောင်း မေးမြန်းရိုက်ကူး မှတ်တမ်းတင်နေပုံ

အားလုံး ဖျားကြပါသည်။ ရွာတွင် စီးပွားရေးချောင်လည်သူမှာ (၃) ဦးခန့်မျှသာရှိပြီး အားလုံးမှာ ထင်းခုတ်၊ ဝါးခုတ်၊ ပန်းသွေးဖုတ်စသော လက်လုပ်လက်စားများသာဖြစ်ကြသည်။ ဖျားနာ၍အလုပ်ဆင်းနိုင်လျှင် စားဝတ်နေရေးခက်ခဲပါတော့သည်။ စာရေးသူလည်းဖျားသည်၊ ကလေးများလည်းဖျားသည်။ မိုးရာသီတွင် နေ့စဉ် ကျောင်းသားထက်ဝက်ခန့်သာ ကျောင်းသို့လာရောက်နိုင်ခြင်းရှိပါသည်။ ဒီကလေးကဖျား၊ ဟိုကလေးကပြန်ကောင်းနှင့်ဖြစ်ပါသည်။

ထိုအခါ စာရေးသူသည် ရွာသားများကိုသနားကရုဏာသက်မိသည်။ ဤရွာသားများကို အကုန်အကျခံ၍ဆေးကုပေးနိုင်လျှင်ကောင်းမှာပဲဟူသောအတွေးတို့ဖြစ်ပေါ်လာမိသည်။ သို့သော် စာရေးသူသည် မိမိ၏ဆေးဖိုးဝါးခကိုပင် အနိုင်နိုင်ဖြစ်နေရာ ရွာသားများအားလုံးကို ဆေးကုပေးရန်မှာ ဝေလာဝေးဖြစ်နေပါ၍ စိတ်မကောင်းစွာဖြင့် တစ်နှစ်တာကုန်ဆုံးခဲ့ရပါ သည်။

တစ်နှစ်ဟူသော အချိန်ကာလမှာလည်း ဘာမှမကြာလိုက်ပါ။ တစ်ခဏတာမျှသာဖြစ်ပါ၍ မကြာမီမှာပင် မိုးရာသီသို့ ပြန်လည် ရောက်ရှိလာပြန်ပါသည်။ ရွာသူရွာသားများနှင့် ကျောင်းသားများ ဖျားနာကြပြန်ပါသည်။ စာရေးသူတွင် ဆေးကုသပေးလိုသောဆန္ဒတို့ဖြစ်ပေါ်လာပြန်ပါသည်။ သို့သော် စာရေးသူတွင် ငွေကြေးမတတ်နိုင်ပါ။ ထိုအခါ စာရေးသူတွင် စိတ်ကူးအတွေးတစ်ခုပေါ်ပေါက်လာပါသည်။ ရွာသူရွာသားတို့တွင် ရောဂါတကယ်ပျောက်ချင်မှတော့ ပျောက်မည်ဖြစ်သော်လည်း လတ်တလော စိတ်ချမ်းသာမှုကိုတော့ ပေးစွမ်းနိုင်မည်ဖြစ်ပါ သည်။

ထိုကြောင့် စာရေးသူသည် -

"ကျွန်တော်ဆေးကုတတ်တယ်"

ဟု ရွာသူရွာသားများကိုပြောလိုက်ပြီး -

"ခေါင်းကိုက်၊ ဗိုက်နာ၊ အဖျားအစရှိသော ကိုယ်တွင်းရောဂါဝေဒနာတို့ဖြစ်လျှင် ရေ၊ ရေနွေးကြမ်း၊ လက်ဖက်ရည်၊ ကော်ဖီ၊ အချိုရည် စသည့် သောက်လို့ရသော အရည်ဟူသမျှယူခဲ့ပါ။ ဒဏ်ရာ၊ အနာ၊ ကြွက်နို့၊ ပွေး၊ ဝဲ၊ ပိုးမွှားကိုက်ခဲခြင်းတို့ဆိုလျှင် လူနှင့်တည့်သော၊ လူကိုထိလျှင် မယားယံစေသော သစ်ရွက်၊ မြက်၊ သစ်ပင်တို့ကို ယူဆောင်ခဲ့ကြပါ"

ဟု ဆိုလိုက်ပြီး ဆေးကုသမည့်သူတို့ ရောက်ရှိလာလျှင် ရေ၊ ဖျော်ရည်၊ သစ်ရွက်၊ မြက်၊ သစ်ခက်တို့ကို ကိုင်ဆောင်၍ -

"ရတနာသုံးပါးမှလွဲ၍ ကိုးကွယ်အားထားစရာမရှိပါဘုရား။ ရတနာသုံးပါးကို တပည့်တော် အမှန်တကယ်ကိုးကွယ် ယုံကြည် အားကိုးအားထားပါသည်ဘုရား။ ဤဝေဒနာရှင်ကိုလည်း အမှန်တကယ် ပျောက်ကင်းလိုသော စေတနာထားရှိပါသည်ဘုရား။ မှန်ကန်စွာဆိုရသောသစ္စာနှင့် ရတနာသုံးပါး၏ဂုဏ်တော်တို့ကြောင့် ဤရေ၊ မြက်၊ သစ်ရွက်သည် ဆေးဖြစ်၍ ယုံကြည်စွာ သောက်သုံးလျှင်၊ ယုံကြည်စွာ သုံးသပ်လျှင် ဤရောဂါဝေဒနာ၊ ဒဏ်ရာအနာ၊ ပိုးမွှား၊ အဆိပ်အတောက်တို့ ချက်ချင်းလက်ငင်း သက်သာ ပျောက်ကင်းပါစေဘုရား"

ဟု ရွတ်ဆိုပြီး ပေးအပ်လိုက်ပါသည်။

ထိုအခါ အမှန်တကယ် ဆေးသိဒ္ဓိကျရောက်၍လော၊ ၎င်းတို့၏ ယုံကြည်ချက်ပြင်းထန်မှုကြောင့် ဖြစ်ပေါ်သော စိတ်စွမ်းအင်ကြောင့်လော၊ သွေးသားသဘာဝဖြည့်ဆည်းမှုကြောင့်လော မသိ ရောဂါဝေဒနာတို့သက်သာပျောက်ကင်းသွားလေ့ရှိပါသည်။

ထိုသို့ဖြင့်နေလာခဲ့ရာ စာရေးသူ၏စာသင်ကျောင်းသားတစ်ဦးဖြစ်သော ကိုရင်လေးတစ်ပါးကို မြွေစိမ်းခေါင်းဝိုင်းကိုက်လိုက်ပါသည်။ ဦးပဉ္ဇင်းနှင့် ကိုရင်လေး၏ မိဘများသည် ကိုရင်လေးကို ပွေ့ချီပြီး စာရေးသူထံ ရောက်ရှိလာပါသည်။

စာရေးသူ ရင်ထိတ်သွားမိသည်။ စာရေးသူသည် မိမိကိုယ်မိမိ ဆေးသိဒ္ဓိ



www.burmeseclassic.com

www.burmeseclassic.com

ကျသည်ဟု တထစ်ချမယုံကြည်ရဲပါ။ ၎င်းတို့၏စိတ်ကြောင့်သာ ရောဂါဝေဒနာတို့ သက်သာ ပျောက်ကင်းသွားကြသည်ဟုထင်မှတ်မိသည်။ ထိုရောဂါဝေဒနာတို့ သက်သာ ပျောက်ကင်းကြရမှုမှာလည်း သိသာထင်ရှားစွာ တိုင်းတာ၍ ရနိုင်ခြင်းမရှိ။ ယခု မြွေဆိပ်ကတော့ စာရေးသူသာ တကယ်တားနိုင်စွမ်းမရှိလျှင် ချက်ချင်းတက်လာမည် ဖြစ်ပါ၏။ ထိုသို့ဖြစ်လျှင် စာရေးသူအပေါ် ရွာသူရွာသားတို့ ယုံကြည်မှုကင်းမဲ့သွားကြတော့မည်ဖြစ်ပြီး နောက်နောင် မည်သူမျှ စာရေးသူထံ ဆေးကုသခံလာရောက်ကြတော့မည်မဟုတ်ပါ။ ထို့ပြင် စာရေးသူလည်း အရှက်ကွဲပြီး သိက္ခာကျရပေတော့မည်။ ထို့ကြောင့် စာရေးသူတွင် စိတ်ပူလျက်ရှိပါသည်။

ထိုအခါမှ စာရေးသူလည်း ရတနာသုံးပါးကို တကယ့်ကို အားကိုးအားထားလျက် လှိုက်လှဲစွာပြင်းပြသောဆန္ဒတို့ဖြင့် သစ္စာပြု ဆုတောင်းလျက် သစ္စာရေလည်းတိုက်သည်။ သစ်ခက်ဖြင့်လည်း ဒဏ်ရာနေရာကိုသပ်ချပေးလိုက်သည်။ သို့တိုင် သက်သာပါ့မလားဟု စိတ်စောစိတ်မောနေမိသည်။ ရတနာသုံးပါး၏ဂုဏ်တန်ခိုးသည်ကား ကြီးမြတ်လှပါ၏။ ချက်ချင်းလက်ငင်းပင်ပျောက်ကင်းသွားပါတော့သည်။ ထိုအခါမှ စာရေးသူလည်း ဟင်းချနိုင်လျက် ဝမ်းသာပီတိဖြစ်ရပါတော့သည်။ ကိုရင်လေးသည် စာရေးသူအနီးမှ ထွက်ခွာသွားသည်နှင့် အကောင်းပကတိဖြစ်သွားပြီး ပြေးလွှားဆော့ကစားလျက်ရှိနေပါတော့သည်။ ရတနာသုံးပါးကို သစ္စာပြုလျှင် တကယ်ရကြောင်း ယခုမှ ထင်ရှားစွာသိလိုက်ရ၍ စာရေးသူလည်း ရတနာသုံးပါးကို အကြွင်းမဲ့ ယုံကြည်အားကိုးမိရပါတော့သည်။

မကြာမီမှာပင် စဉ့်ကိုင်မြို့အနီး စံပြရွာသားတစ်ဦး (စာရေးသူ၏အစ်ကို ကိုဝင်းကို အိမ်ထောင်ကျလျက်ရှိသောရွာမှဖြစ်ပြီး ကိုဝင်းကိုနှင့်ခင်မင်ရင်းနှီးသူ) သည် အုန်းတကူးရွာအနီးရှိ နီလာထွက်သောနေရာသို့ ကျောက်တူးလာရင်း စာရေးသူကို တွေ့မြင်သွားရာမှ စာရေးသူ၏နေအိမ်သို့ သွားရောက် သတင်းပေးသဖြင့် စာရေးသူ၏မိသားစုနှင့် အဆက်အသွယ်ရရှိသွားခဲ့ပါသည်။ ထိုအချိန်တွင် စာရေးသူတို့နေအိမ်မှ ရုပ်ပွားတော်သည် တန်ခိုးကြီးဘုရားအဖြစ် စတင်ပွင့်ထွန်းတော်မူလျက်ရှိပါပြီ။ ၂၀၀၁ခုနှစ် စာသင်နှစ်ကုန်ဆုံးသောအခါ မယ်တော်ကြီးတို့သည် စာရေးသူအား အုန်းတကူးသို့ ပြန်မလွှတ်တော့ပါ။ စာရေးသူတို့နေအိမ်သို့ ဘုရားဖူးဧည့်သည်များ အမြဲမပြတ် လာရောက်လျက်ရှိခြင်း၊ ကြီးကြားကြိုးကြား ပင့်ဆောင် ပူဇော်သူတို့ ပေါ်ပေါက်လာလျက်ရှိခြင်းတို့ကြောင့် အိမ်မှာပင်နေစေပြီး ဗုဒ္ဓဝေယျာဝစ္စတို့ကို ဆောင်ရွက်စေပါသည်။ စာရေးသူသည် အုန်းတကူးရွာလေးတွင် ပျော်မွေ့လျက်ရှိခြင်းကြောင့် မယ်တော်ကြီးတို့ကို အကျောက်အကန်ငြင်းဆန်ခဲ့သော်လည်း သာသနာ့အရေးဖြစ်နေသောကြောင့် လက်ခံလိုက်ရပြီး အောင်မြေမှာပင်နေခဲ့လိုက်ရပါတော့သည်။

စာရေးသူသည် ပင်ကိုစကားနည်းသည့်ဗီဇအတိုင်း အုန်းတကူးတွင် ဆေးကုခဲ့သည့်အကြောင်းကို မည်သူ့ကိုမျှ ပြောမပြခဲ့ပါ။ ၂၀၀၆ ခုနှစ်သို့ ရောက်လာသောအခါ ရုပ်ပွားတော်သည် 'ရွှေကံကူလေပျံသစ်တော်ရုပ်ရှင်တော်မြတ်' အဖြစ် တန်ခိုးတော်တို့ ထင်ရှားကျော်ကြားပျံ့နှံ့၍နေပြီ ဖြစ်ပါသည်။ အန်တီအေးနှင့် မယ်တော်ကြီးတို့လည်း ပညာရေးဝန်ထမ်းများအဖြစ်မှ နုတ်ထွက်ခဲ့ကြပြီး သာသနာပြုလုပ်ငန်းတွင် ဘဝကိုမြှုပ်နှံ၍ အပြည့်အဝ ဆောင်ရွက်လျက်ရှိနေကြပြီ ဖြစ်ပါသည်။ ထိုနှစ် နွေရာသီ ရန်ကုန်မြို့ ဒေသစာရီခရီးစဉ်၌ ရုပ်ရှင်တော်မြတ် ကြွမြန်းရောက်ရှိနေတော်မူခိုက် စာရေးသူသည် အောင်မြေတွင် စဉ့်ကိုင်မြို့ ခေတ်ဆန်သူစားဥယျာဉ်မှ မပေါင်းပေါင်း၏ မ,တည်လှူဒါန်းငွေ၊ ခုနစ်ရက်သားသမီးတို့ လှူဒါန်းထားသောဝတ္ထုငွေတို့ဖြင့် အုတ်တံတိုင်းခတ်ခြင်း၊ သံပန်းသံတံခါးများတပ်ဆင်ခြင်း၊ စာရေးသူတို့၏ မူလနေထိုင်ခဲ့ရာ အုတ်တန်းထိုးနံကပ်တိုက်အိမ်လေးကို တိုးချဲ့ပြုပြင်ဆောက်လုပ်ခြင်းတို့ ဆောင်ရွက်ပါသည်။ ထိုအခါ ပန်းရန်၊ လက်သမား၊ ဆေးသုတ်သမားတို့ ရောက်ရှိလာပါသည်။

အချို့ နေမကောင်းဘဲ အလုပ်ဆင်းလျက်ရှိသည်ကို တွေ့မြင်နေရပါသည်။ ၎င်းတို့သည် လက်လုပ်လက်စားများဖြစ်ကြရာ ငွေပိုငွေလျှံမရှိပါ။ ၎င်းတို့၏တစ်နေ့တာလုပ်အားခသည် ဆေးခန်းတစ်ခါပြရုံနှင့်ကုန်မည်ဖြစ်သည်။ တစ်နေ့အလုပ်နားလျှင်လည်း တစ်နေ့တာစားရေးခက်မည်။ ထို့ကြောင့် ဆေးခန်းလည်းသွားမပြ၊ အလုပ်လည်းမနားဘဲ အလုပ်ဆင်းနေကြခြင်း ဖြစ်ပါသည်။ ထိုအခါ စာရေးသူလည်း မနေသာတော့ဘဲ ထိုသူတို့ ကို ရေ၊ သစ်ရွက်၊ မြက် စသည်တို့ဖြင့် ကုသပေးလိုက်ပါသည်။ ထို့ကြောင့် စာရေးသူ ဆေးကုတတ်သည်ကို လူအချို့တို့သိရှိသွားခဲ့ပါသည်။

သို့ဖြင့် ၂၀၀၈ ခုနှစ်သို့ရောက်လာခဲ့သည်။ ရုပ်ရှင်တော်မြတ် ရန်ကုန်ခရီးစဉ်တွင် ကြွမြန်းရောက်ရှိတော်မူနေစဉ် တစ်နေ့တွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ရွာမှ ကိုမြင့်ဦး (ရုပ်ရှင်တော်မြတ်အား ၎င်းတို့၏ နေအိမ်သို့ (၅) ကြိမ်ခန့် ပင့်ဆောင်ထားရှိပြီး၍ စာရေးသူတို့နှင့် ခင်မင်ရင်းနှီးလျက်ရှိသူ) ရောက်ရှိလာပြီး ၎င်းနှင့် ၎င်း၏လှိုင်ကော်မှသူငယ်ချင်းတစ်ဦးတို့ ရွှေကြက်ယက်တောင်ပေါ်တွင် ဒုလ္လဘရဟန်းဝတ်မည်ဖြစ်၍ စာရေးသူကိုလည်း ၎င်းတို့နှင့်အတူ ဒုလ္လဘဝတ်ရန် လာရောက်ပြောခြင်း ဖြစ်ပါသည်။ ကိုမြင့်ဦးက စာရေးသူမှာ ဘုရားဒါယကာဖြစ်နေသည့်အပြင် လူပျိုလူလွတ်လည်း ဖြစ်နေ၍ ၎င်းတို့၏ဖိတ်ခေါ်မှုကို အလွယ်တကူ လက်ခံလိမ့်မည်ဟု ထင်ထားပါသည်။

သို့သော် စာရေးသူသည် ဒုလ္လဘမဝတ်လိုပါ။ ယခုအချိန်တိုင် လူငယ်စိတ် (သူငယ်နာ) မကုန်သေးဟု ဆိုရပါမည်။ ဆံပင်တိုနှင့်ပင်မနေတတ်ပါ။ ခေါင်းတုံးတုံးရန်ဆို ဝေလာဝေးဖြစ်၏။ ထို့ကြောင့် စာရေးသူသည် ဤယနေ့တိုင် တစ်ကြိမ်တစ်ခါမျှ (၁၀နှစ်သားတွင် ဘိုးသူတော်လူထွက်ခဲ့ပြီးသည့်နောက်) ဒုလ္လဘမဝတ်ခဲ့ဘူးပါ။ အားနာနာနှင့်ပင် ကိုမြင့်ဦး၏ ငြင်းဆန်လိုက်ရပါသည်။ ကိုမြင့်ဦးသည် လက်မလျှော့ပါ။ မယ်တော်ကြီးတို့ပြန် ရောက်လာလျှင်ပြောဦးမည်ဟုဆိုကာ ဘဝင်မကျဘဲပြန်သွားခဲ့ပါသည်။

မယ်တော်ကြီးတို့ ရန်ကုန်မှပြ လည်ရောက်ရှိလာသောအခါ ကိုမြင့် လည်း ထပ်မံရောက်ရှိလာပြန်ပါ ထိုအချိန်တွင် အမရပူရမြို့ (၁၀၃) သ စက်မန်နေဂျာကြီး ဦးထင်အောင်လင် ဇနီး ဒေါ်ကြည်ကြည်သင်း (မုံရွာမြို့တ တာဝန်ကျစဉ်က ရုပ်ရှင်တော်မြတ် (၂) ကြိမ် ပင့်ဆောင်ပူဇော်ထားပြီး ကာ ယခု (၁၀၃) သစ်စက်တွင်လ တစ်ကြိမ်ပင့်ဆောင်ပူဇော်ခဲ့ပြီးဖြစ်လ စာရေးသူတို့နှင့်ခင်မင်ရင်းနှီးသူ)တို့ စာရေးသူထံ ဆေးကုသခံယူရန် ရှိနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုမြင့်ဦးသည် ယခင်အခေါက်က စာရေးသူထံ လာရောက် ပြောကြားခဲ့သော ဒုလ္လဘကိစ္စကို မယ်တော်ကြီးမှ စာရေးသူကို ပြောကြားပေးရန် တောင်းဆိုပါသည်။

မယ်တော်ကြီးမှ-

"ဟုတ်သားပဲ၊ ဒုလ္လဘဝတ်တယ်ဆိုတာ မင်္ဂလာပဲ။ ငါတို့မှာ မိန်းမသားဖြစ်နေလို့ ရဟန်းဝတ်ဖို့ရာ အခွင့်အရေးမရှိဘူး။ အဲဒီတော့ ခေါ်တဲ့လူကတောင် ခေါ်နေတာ မင်းဝတ်လိုက်ပါ"

ထိုအခါ စာရေးသူမှ -

"ဒါဆိုလည်းဖြစ်ပါတယ်ဗျာ၊ ကြားဖူးတာတော့ ရဟန်းနှစ်မျိုးရှိတယ်လို့ဆိုတယ်။ တစ်မျိုးက ဝိနည်းရဟန်းတဲ့။ အခုမြင်တွေ့နေရသမျှ ရဟန်းတွေအားလုံး ဒုလ္လဘအပါအဝင်ပေါ့။ နောက်တစ်မျိုးက သုတ္တန်ရဟန်းတဲ့။ အဲဒါကတော့ ရဟန်းသီလတွေကို လေ့လာပြီး ကိုယ့်အိမ်ကိုယ့်ဘုရားမှာပဲ တပည့်တော် ရဟန်းသီလကို ဘယ်၍ဘယ်မျှ အချိန်ကာလအထိ ဆောက်တည်ပါ့မည်ဘုရားလို့ အာမဘန္ဒေပြုပြီး ကိုယ့်အိမ်မှာပဲ လူဝတ်နဲ့ ဥပုသ်စောင့်သလိုနေရုံပဲ။ အဲဒါလည်း အတူတူပဲ"

ဟု ဆိုရာ -

"အေး- အဲဒါကရဟန်းမမြောက်ဘူးကွ။ ကိုရင်ကြီးဝတ်ထားရင်တောင် တံဆောင်ပြီး ဥပဇ္ဈာယ်ဆရာတွေနဲ့ နည်းလမ်းတကျ သိမ်ဝင်မှ ရဟန်းအဖြစ်ကို ရောက်ရှိပြီးမြတ်တာ"

ဟု မယ်တော်ကြီးက ဆိုပါသည်။

သို့သော် စာရေးသူသည် ဒုလ္လဘရဟန်းတော့မဝတ်လိုပါ။ ရွှေကြက်ယက်တောင်ပေါ်သို့လူဝတ်နှင့်သွားနေဆိုလျှင်နေပါမည်ဟု မယ်တော်ကြီးကိုပြောလိုက်ရာ မယ်တော်ကြီးသည် ရုပ်ရော အသံပါပြောင်းသွားပြီး -

"ဟော့ကောင်၊ မင်းကို ငါရှင်မထီးကဝတ်ခိုင်းနေတာကွ။ ဒီနေ့ဒီအချိန်မှာ ရွှေကြက်ယက်တောင်ပေါ်ကိုမှရွေးပြီး ဝတ်ခိုင်းရတာက မင်းဟာ အနာဂတ်တွင် တန်ခိုးကြီး ဘုရားဒါယကာဖြစ်နေတာ မဟုတ်ဘူး။ ရှေးဘဝကလည်း မင်းက တန်ခိုးကြီးဘုရားဒါယကာပဲ။ အဲဒီတောင်ပေါ်မှာ မင်းတည်ခဲ့တဲ့ဘုရားရှိတယ်။ အဲဒီဘုရားကို မင်းဘာသာတွေ့လာလိမ့်မယ်။ သိလာလိမ့်မယ်။ ထူးခြားမှုတွေကြုံရမယ်။ တစ်ချိန်ကျရင် မင်းအဲဒီတောင်ပေါ်မှာ ဘုရားတည်ရလိမ့်မယ်"

ဟု မိန့်ကြားပါသည်။

စာရေးသူသည် မယ်တော်ကြီးကို ပုဂ္ဂိုလ်ကြွသည်ကို မယုံပါ။ ရိုးရိုးသာမန်ပြောမရ၍ ရှင်မထီးကြွသည်ဟုဆိုပြီး မယ်တော်ကြီးစိတ်နှင့်မယ်တော်ကြီးကိုယ်ပြောကြားနေခြင်းသာဖြစ်မည်ဟုသာ ယူဆပါသည်။ သို့သော်လည်း ပရိသတ်အများရှေ့တွင် ပြောကြားနေခြင်းဖြစ်ရာ မယုံသော်လည်း ယဉ်ကျေးမှုအရ ခေါင်းညိတ်လက်ခံသဘောတူလိုက်ရပါသည်။

ထိုအခါ မယ်တော်ကြီးသည် ဒေါ်ကြည်ကြည်သင်းအား -

"ဒါဆို ခင်ဗျားလည်း ဆရာဘိုရဟန်းဝတ်နေတဲ့အချိန်မှာသာ ဆေးကုလိုက်တော့။ လူဝတ်နဲ့ကုတာထက် ရဟန်းဝတ်နဲ့ကုရင် ပိုပြီးဆေးစွမ်းထက်မယ်။ ပြီးတော့ သူ့ဒုလ္လက သူများတွေဒုလ္လဘနဲ့မတူဘူး။ သူ့ရဲ့သဘောဆန္ဒနဲ့ မဟုတ်ဘူး၊ ပုဂ္ဂိုလ်က ဝတ်ခိုင်းလို့ဝတ်ရတာ။ တချို့လူတွေက နှစ်စဉ် ဒုလ္လဘဝတ်နေတော့ ဒုလ္လဘကို အကြိမ်ကြိမ်ရနေကြတယ်။ သူကတော့ တစ်သက်မှာတစ်ခါသာဝတ်ဖူးတဲ့ဒုလ္လဘမို့ တကယ့်ရှားရှားပါးပါးပဲ"

ဟု ပြောပါသည်။

သို့ဖြင့် ဝါဆိုလဆန်း ၃ ရက်နေ့တွင် ရွှေကြက်ယက်ဘုရားကြီးနှင့်ကပ်လျက် သိမ်တော်တွင် တောင်ပေါ်ကျောင်းများမှ ဆရာတော်ခုနစ်ပါး၏ ဩဝါဒကို ခံယူ၍ ရဟန်းပြုလိုက်ပါသည်။ အတော်အသင့်စည်ကားသော ရဟန်းခံပွဲလေးတစ်ခုဖြစ်ခဲ့ပါသည်။

စာရေးသူတို့ ရဟန်းဝတ်သောကျောင်းမှာ ရွှေကြက်ယက်တောင်တော်မြောက်စောင်းတန်းအတက် ယာဘက် (အနောက်ဘက် စောင်းတန်းအနောက်ဘက်ဘေးတွင် ထိုတစ်ကျောင်းသာရှိသည်။) ရှိ ဓမ္မာရုံတိုက်သစ်ရှမ်းကျောင်းတွင်ဖြစ်ပါသည်။ ကျောင်း၏အမည်မှာလည်း ထူးခြားသကဲ့သို့ တကယ့်မြေပြန့်ဒေသတွင်တည်ရှိသော်လည်း ကျောင်းထိုင်ဆရာတော်မှအစ ကိုရင်၊ ကျောင်းသား၊ ကပ္ပိယအဆုံး ရှမ်းတိုင်းရင်းသားများသာဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းမှဖြစ်ကြကာ ရှမ်းစကားသံ၊ ရှမ်းစာဖတ်သံတို့ဖြင့် ရှမ်းပြည်နယ်သို့ရောက်သွားသည့်အလား ခံစားရပါသည်။

ဤကျောင်းဖြစ်ပေါ်လာပုံမှာလည်း ပုဂံခေတ်က နရပတိစည်သူမင်း အိမ်ရှေ့မင်းသားဘဝ၌ရှိစဉ် ရှမ်းပြည်တစ်နေရာမှ ဝါးပိုးဝါးတွင်းမှမွေးဖွားသူ (ယခုခေတ်သဘာဝနည်းဖြင့်တွေးလျှင် ဝါးရုံအောက်သို့လာရောက်စွန့်ပစ်ထားသောကလေးငယ်) ဝေဠုဝတီမင်းသမီးကလေးကို ရှမ်းစော်ဘွားတစ်ဦးမှ ပုဂံသို့လာရောက် ဆက်သသည်။ (ထိုအချိန်၌ ဝေဠုဝတီသည် အရွယ်ရောက်နေပြီ။) ဘုရင်၏မယ်တော်သည် မိန်းကလေးကို ကြည့်ရှုစစ်ဆေးသောအခါ မိဖုရားဖြစ်ထိုက်သော ကြန်အင်လက္ခဏာတို့နှင့် ပြည့်စုံနေ၍ သားတော်ကြီး ဘုရင်ကို ခေါ်ယူပြသပြီး နှစ်သက်မှုရှိ၊ မရှိ၊ နှစ်သက်လျှင်လည်း မိဖုရားအရာ၌သာထားရှိရမည်ဟုဆိုရာ ဘုရင်က ရုတ်တရက် မျက်စိထဲတွင်မတွေ့၍ မနှစ်သက်ပါဟု ငြင်းပယ်လိုက်ပါသည်။

တစ်ဖန် မယ်တော်သည် သားတော်ငယ် အိမ်ရှေ့စံ နရပတိစည်သူကို ခေါ်ယူပြသရာ နှစ်သက်သဖြင့် မိဖုရားမြှောက်လိုက်ပါသည်။ ဝေဠုဝတီမင်းသမီးကလေးမှာ နဂိုကတည်းက လူမကနတ်တမျှ လှပပြီးသူဖြစ်ရာ နန်းတွင်းမိဖုရားအဆင်တန်ဆာတို့ဖြင့်ဆင်ယင်လိုက်သောအခါ ရင်သပ်ရှုမော အံ့ဩမဆုံးအောင်လှ၍နေပါတော့သည်။

တစ်နေ့တွင် ဘုရင်သည် ညနေခင်းအချိန် မယ်တော်ကို လာရောက်ကန်တော့စဉ် မယ်တော်အား ခြေဆုပ်လက်နယ်ပြုစုနေသော ဝေဠုဝတီကို မြင်တွေ့လိုက်ရာ ဝေဠုဝတီဟု မသိရှိတော့ဘဲ မြင်မြင်ချင်း ချစ်ခင်စွဲလမ်းသွားတော့၏။ထို့ကြောင့် ဤမိန်းကလေးသည် မည်သူနည်းဟု မိခင်ကိုမေးမြန်းရာ ဝေဠုဝတီမင်းသမီးလေးဖြစ်ကြောင်း ဖြေကြားလျှင် မယုံနိုင်အောင်ဖြစ်ရပြီး မိမိကို အလျင်ပြသမေးမြန်းပါလျက် ငြင်းပယ်ခဲ့မိသည်ကို နောင်တရမိပြီး စိတ်သောကများဖြင့် ပူလောင်စွာခံစားရင်း နန်းဆောင်သို့ပြန်သွားခဲ့သည်။

ဘုရင်သည် ရာဂမီးများ၏လောင်မြိုက်မှုကိုမခံစားနိုင်သည့်အဆုံး နရပတိစည်သူကို နယ်စွန်နယ်ဖျားဒေသတွင် သူပုန်သူကန်များ သောင်းကျန်းထကြွနေသည်ဟု လိမ်လည်ပြောဆိုလျက် စစ်ထွက်စေခဲ့သည်။ နရပတိစည်သူလည်း နောင်တော်၏ မရိုးသားသောအကြံကို ရိပ်စားမိပြီးဖြစ်၍ ကျွန်ုပ်ပြည့်ကို သိန္ဓောမြင်းကဲ့သို့မြန်ဆန်လှသော အိမ်ရှေ့မင်း၏မြင်းနှင့်အတူ ပုန်းအောင်းနေစေခဲ့ပြီး ထင်သည့်အတိုင်းဖြစ်ခဲ့လျှင် အမြန်ဆုံးလိုက်လာခဲ့ရန် မှာကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

နရပတိစည်သူ ပုဂံမှထွက်ခွာသွားပြီး မကြာမီမှာပင် ဘုရင်သည် ဝေဠုဝတီကိုသိမ်းပိုက်ပါတော့သည်။ ပုန်းအောင်းနေရစ်ခဲ့သော မြင်းခံတော်ငပြည့်လည်း အခွင့်သာသည်နှင့် နရပတိစည်သူနောက်သို့ အလျင်လိုက်ပါတော့သည်။ နရပတိစည်သူလည်း နယ်မြေအခြေအနေကို ထောက်လှမ်းကြည့်ရာ နယ်မြေအေးချမ်းကြောင်းသိရလျှင် ရှေ့သို့ခရီးမဆက်တော့ဘဲ တပ်စခန်းချ၍ ငပြည့်ကိုစောင့်ဆိုင်းနေပါသည်။

ခရီးပြင်းနှင်လာသော ငပြည့်လည်း နေဝင်မိုးချုပ်စတွင် အိမ်ရှေ့မင်းတပ်စခန်းချ၍နေသော တောင်စောင်း၏တစ်ဖက်တောင်စောင်းသို့ ရောက်ရှိလာသည်။ အလယ်တွင် လျှိုကြီးတစ်ခုခြားနေပြီး နှင်းခိုးတို့သိပ်သည်းထူထပ်စွာကျရောက်လျက်ရှိရာ ချောင်းကြီး၊ မြစ်ပြင်ကြီးဟု ထင်မှတ်ရပါသည်။ ငပြည့်သည် ရေကြောက်တတ်သူဖြစ်၍ နံနက်မှ နည်းလမ်းရှာကြံပြီး မြစ်ကိုကူးတော့မည်ဟုကြံရွယ်ပြီး ထိုတောင်စောင်းမှာပင် အိပ်စက်ရန် ပြင်ဆင်ပါသည်။ ညဉ့်နက်ပိုင်းသို့ရောက်သောအခါ မြင်းသည်သခင်အိမ်ရှေ့မင်း၏ ကိုယ်သင်းနံ့ကို ရရှိပြီး ပတတ်ရပ်၍ဟီရာ ငပြည့်မှ မြင်းကိုထရိုက်ပါသည်။

တစ်ဖက်တောင်စောင်းမှ အိမ်ရှေ့မင်းလည်း ၎င်း၏မြင်းဟီသံကိုကြားလျှင် ငပြည့်ရောက်လာတော့မည်ထင်မှတ်၍ စိတ်စောလျက် စောင့်ကြိုနေပါသည်။ သို့သော် အချိန်တို့သာ ကုန်လွန်သွားခဲ့သည်၊ ငပြည့်ရောက်မလာပါ။ ငပြည့်အိပ်ပျော်သောအခါ မြင်းက ဟီပြန်၏။ ငပြည့်က အိပ်ရေးပျက်သည်ဟုဆိုကာ မြင်းကိုထရိုက်ပြန်၏။ တစ်ဖက်တောင်စောင်းတွင် အိမ်ရှေ့မင်းရှိနေသည်ဟု မသိရှိပါ။ မြင်းကို အကြောင်းမဲ့ဟီသည်ဟုထင်မှတ်ကာ ရိုက်နှက်နေခြင်းဖြစ်ပါသည်။

ထိုသို့ဖြင့် နံနက်လင်းသွား၍ မြစ်ကိုဖြတ်ကူးရန် တောင်စောင်းမှဆင်းလာသောအခါ ချောင်းမဟုတ်ဘဲ မြေပြင်လျှိုကြီးတစ်ခုသာဖြစ်နေကြောင်းတွေ့လိုက်ရသောအခါ ငပြည့်လည်း သေသေချာချာ မစူးစမ်းမိသည့်အတွက် နောင်တရမိပြီး အိမ်ရှေ့မင်း၏အပြစ်ပေးခြင်းကို ခံယူတော့မည်ဟု စိုးရွံ့နေမိသည်။

ထင်မှတ်သည့်အတိုင်းပင် မနေ့ညက ဟိုမှာဘက် တောင်စောင်းတွင်ရောက်နေပြီဖြစ်သော်လည်း မြူခိုးနှင်းခိုးများကို မြစ်ကြီးဆီးတားလျက်ရှိသည် ထင်မှတ်၍ ထိုနေရာမှာပင် ညအိပ်လိုက်မိသည့်အကြောင်း လျှောက်ထားလိုက်လျှင် အိမ်ရှေ့မင်းသည် မိဖုရားအတွက်သောက၊ နောင်တော်အတွက်ဒေါသတို့ဖြင့် ဆူဝေလျက်ရှိရာ ထိုဒေါသတို့သည် ငပြည့်အပေါ် စုပြုံကျရောက်သွားပြီး ငပြည့်ကို ကွပ်မျက်လိုက်ပါတော့သည်။

ထိုနေ့မှာပင် ဧရာဝတီမြစ်ကြောင်းအတိုင်း စုန်ဆင်းလာခဲ့ရာ စစ်ကိုင်းအနီးသို့ရောက်လျှင် အရှေ့ဘက်ကမ်းပေါ်မှ သပ္ပာယ်တင့်တယ်တော်မူလှသော ရွှေကြက်ယက်စေတီတော်ကြီးကို မြင်တော်မူ၍ မေးမြန်းရာ ရွှေကြက်ယက်စေတီတော်ဖြစ်ကြောင်း လျှောက်တင်ကြ၏။ အလောင်းတော် ကြက်မင်းမောင်နှံတို့ ထိုနေရာတွင် စံမြန်းနေထိုင်ခဲ့ကြပြီး တစ်ဆင့်ထက်တစ်ဆင့် မြင့်သည့်ထက်မြင့်သော်ဘဝများသို့ အစဉ်အမြဲပေါင်းဆုံလျက်ရောက်ရှိကြရကာ နောက်ဆုံးတွင် မြတ်စွာဘုရားနှင့် ယသော်ဓရာထေရီအဖြစ်သို့ရောက်ရှိပြီး နိဗ္ဗာန်သို့ အတူစံဝင်ကြရပါသည်။ ထို့ကြောင့် အိမ်ထောင်ရေးကိစ္စနှင့်အခြားဆုတောင်းအဓိဋ္ဌာန်တို့အောင်မြင်ပြည့်ဝစေပါသည်ဟု လျှောက်တင်ကြရာ နရပဘိစည်သူလည်း ရွှေကြက်ယက်ဆိပ်ကမ်းဆီသို့ ဖောင်တော်ကိုကပ်စေကာ စခန်းချရပ်နားပါသည်။

နရပတိစည်သူသည် ဖောင်တော်ကပ်ပြီးနောက် ရွှေကြက်ယက်စေတီတော်ကြီးဆီသို့ တက်ရောက်သွားပြီး စေတီတော်မုခ်လိုဏ်အတွင်း၌ မြောက်ဘက်အရပ်သို့ မျက်နှာတော်မူ၍ စံနေတော်မူသော ရွှေကြက်ယက်ရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကန်တော့ပြီးလျှင် ခေါင်းပေါင်းထားသောပဝါကိုဖြုတ်၍ လက်နှစ်ဖက်ဖြင့် ရိုသေစွာ ကိုင်မြှောက်လျက် -

"အရှင်ဘုရား၊ တပည့်တော်သည် တပည့်တော်၏ မိဖုရားအပေါ်တွင် သစ္စာမပျက်ယွင်းခဲ့ပါဘုရား၊ ယခုလည်း မေတ္တာသစ္စာမပျက်ပါဘုရား။ တပည့်တော်၏ သစ္စာမှန်ကန်ပါလျှင် တပည့်တော်၏ မိဖုရားကို ပြန်လည်ပိုင်ဆိုင်ရပါစေဘုရား။ တပည့်တော်၏ဆုတောင်းပြည့်ဝမည်ဆိုလျှင် အရှင်ဘုရားသည် တပည့်တော်၏ပဝါကို အလှူခံတော်မူပါဘုရား"

ဟု လျှောက်ထား၍ ပဝါကို ဘုရားထံသို့ မြှောက်ချလိုက်ရာ ထူးဆန်းအံ့ဩဖွယ်ကောင်းလှပါသည်။ အုတ်၊ အင်္ဂတေဖြင့်ပြုလုပ်ထားသော ရုပ်ပွားတော်ကြီးမှ ဦးခေါင်းတော်ညွတ်ပေးတော်မူပြီး လည်ကုပ်ပေါ်သို့ ပဝါကျရောက်သွားသောအခါမှ ဦးခေါင်းတော်ပြန်လည်တည့်မတ်သွားကာ နဂိုအတိုင်းပြန်ဖြစ်သွားပါသည်။ နရပတိစည်သူလည်း အံ့ဩခြင်းနှင့်ဝမ်းသာမဆုံးဖြစ်ရပါတော့သည်။

ထို့ကြောင့် ချက်ချင်းပင် တပ်တော်ကိုပြန်၍စည်းဝေးစေကာ ပုဂံသို့သွားရောက်ပြီး တပ်မှူးများထဲမှ နောင်တော်ဘုရင်ကိုလုပ်ကြံရန်သွားရောက်လိုသူကို လူ (၅) ကျိပ်နှင့် ကြိုက်ရာ ဆင်၊ မြင်း၊ ရဲမက်တို့ကို ရွေးချယ်နိုင်ကြောင်း ပြောကြားရာ သွားရောက်လိုသူမထွက်ပေါ်၍ ဤအရေးကိစ္စကို အောင်မြင်စွာဆောင်ရွက်နိုင်ပါက ထိုတပ်မှူးအား နောင်တော်ဘုရင်၏ မိဖုရားခေါင်ကြီးသုံးပါးအနက်မှ နှစ်သက်ရာ တစ်ပါးနှင့် ထိမ်းမြားပေးမည်ဟု ဆိုသောအခါမှ ဗိုလ်ကျော်စွာ ထွက်ပေါ်လာပါသည်။

ဗိုလ်ကျော်စွာသည် စစ်သည်ဗိုလ်ပါ (၅)ကျိပ်(၅၀)နှင့်အတူ ပုဂံသို့ထွက်ခွာသွားပြီး ညအချိန် နန်းတွင်းသို့ဝင်ရောက်၍ ဘုရင်ကိုလုပ်ကြံရာ အလွယ်တကူပင် အောင်မြင်ခဲ့သည်။ နောက်တစ်နေ့တွင် ဗိုလ်ကျော်စွာသည် မိဖုရားသုံးပါးထဲမှ တစ်ပါးကိုရွေးချယ်ယူရမည်ဟု နန်းတွင်း၌ ကြွေးလုံးထုတ် အသားယူပြီး ပြောဆိုလျက်ရှိရာ မိဖုရားသုံးပါးနားတော်သို့ပေါက်ကြားလျှင် မယ်တော်ထံ အပြေးအလွှား အခစားဝင်ကြပြီး ကျော်စွာကို မယူလိုကြကြောင်း၊ ကျော်စွာကို ယူရမည်ဆိုလျှင် မိမိကိုယ်ကိုမိမိတို့ အဆုံးစီရင်ကြမည်ဟု ငိုယိုလျှောက်ထားကြပါသည်။ မယ်တော်လည်း ဤကိစ္စမှာ လုံးဝမဖြစ်သင့်ကြောင်း သားတော်ရောက်လာလျှင် ပြောပေးမည်ဟု နှစ်သိမ့်ထားရပါသည်။

မကြာမီမှာပင် နရပတိစည်သူ ပုဂံနန်းတွင်းသို့ ကြွမြန်းရောက်ရှိတော်မူလာပြီး ထီးနန်းကို ဆက်လက်ခံယူပါသည်။ ထို့နောက် မယ်တော်ကို လာရောက် ကန်တော့၍ -

"သားတော် ဘုရင်ဖြစ်သည့် အထိမ်းအမှတ်အနေဖြင့် မယ်တော်အား ကန်တော့လိုပါသည်။ ဤယနေ့တွင် မယ်တော် တောင်းဆိုသမျှ ပေးသနားမည်ဖြစ်၍ လိုရာကိုတောင်းပါ"

ဟု ဆိုလျှင် မယ်တော်သည်



www.burmeseclassic.com

www.burmeseclassic.com

မိဖုရားသုံးပါးကို ကျော်စွာနှစ်သက်သော မိဖုရားနှင့် ထိမ်းမြားပေးမည် ဟူသော အမိန့်ကို ပယ်ဖျက်ပေးရန် တောင်းဆိုပါသည်။

နရပတိစည်သူလည်း စဉ်းစားချင့်ချိန်တော်မူလျက် မယ်တော်ပြောသည်မှာ မှန်ကန်ပေသည်။ မင်းမျိုးမင်းနွယ်သည် ကျွန်မျိုးနှင့်မထိမ်းမြားသင့်ပေ။ ထို့ကြောင့် ဤအမိန့်ကို ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း မယ်တော်ထံကတိပြုလိုက်ပါသည်။

နောက်တစ်နေ့ ညီလာခံတွင် နရပတိစည်သူသည် ကျော်စွာအား မိဖုရားများနှင့် ပေးစားရန်မှာ မဖြစ်နိုင်ကြောင်း၊ အခြားနှစ်သက်ရာ မင်းမျိုးမဟုတ်သော နန်းတွင်းသူများကိုသာ ရွေးချယ်ပါ။ ကောင်းမွန်စွာ ထိမ်းမြားပေးပြီး မြို့စားနယ်စားအရာ ပေးသနားတော်မူမည်။ ယခင်အမိန့်အရ ပယ်ဖျက်ပြီး အမိန့်တော်အသစ် ပြင်ဆင်ချမှတ်တော်မူသည်ဟု ဆိုလိုက်သောအခါ ကျော်စွာသည် ဒေါသဖြစ်လျက် -

"အသင်သည် အာဏာမရမီက မက်လုံးပေး၍တစ်မျိုး၊ အာဏာရသောအခါတွင်တစ်မျိုး၊ သစ္စာမရှိ ကတိမတည်သူဖြစ်၍ သင့်အထံတွင် ဆက်လက် ခစားရန် ဆန္ဒမရှိပြီ"

ဟု ဆိုကာ ထွီခနဲ တံတွေးထွေးလျက် ညီလာခံမှထွက်ခွာသွားလျှင် နရပတိစည်သူသည် ဒေါသအမျက်ပြင်းစွာ ထွက်သွားပြီး တက်စမင်းဖြစ်၍ ဤသို့ခံ့မရှုံ့ပြုခြင်း ဖြစ်ပေသည်။ သင်းကို အလျှော့ပေးလိုက်လျှင် အခြားသူများလည်း မခံ့မညားရှိလိမ့်မည်၊ သင်းကို ဆောမတာဆုံးမရပေမည် ဟူသောစိတ်ဖြင့် သန်လျက်ဖြင့် ပစ်ပေါက်လိုက်ရာ ဗိုလ်ကျော်စွာလည်း သေဆုံးသွားရသည်။

နန်းတက်စတွင် နရပတိစည်သူသည် တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောအောင် ဆောင်ရွက်တော်မူလျက်ရှိနေခဲ့ရသဖြင့် အခြားကိစ္စများကို ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။ နှစ်အတန်ကြာ၍ တိုင်းရေးပြည်ရေးများ အခြေအနေကောင်းမွန်၍ သာယာဝပြောလျက်ရှိပြီဖြစ်သော တစ်ညတွင် နန်းတော်လေသာဆောင်၌ ဝေဠုဝတီမိဖုရားနှင့် ထွေထွေရာရာစကားပြောဆို၍နေရင်း အိမ်ရှေ့မင်းဘဝက စစ်ထွက်ခဲ့ရသော အကြောင်းအရာတို့ကို ပြန်ပြောင်း အောက်မေ့ သတိရလာမိသည်။ ရွှေကြက်ယက်ဘုရားကြီး၏ကျေးဇူးတော်ကြောင့်သာ ယခုကဲ့သို့ ဘုရင်ဘဝကိုရရှိပြီး ချမ်းသာစွာ စံစားနေရခြင်းဖြစ်သည်။ ကျေးဇူးကြီးမားလှသည်။ ထိုကျေးဇူးတို့ကိုဆပ်သည့်အနေဖြင့် ရွှေကြက်ယက်စေတီတော်ကြီးကို ပြုပြင်မွမ်းမံ၍ ကုသိုလ်ယူမည်။

သစ္စာရှိသော ကျွန်ယုံနှစ်ယောက်ကိုလည်း သတ်ပစ်ခဲ့မိသည်။ ၎င်းတို့အတွက်လည်း စိတ်မကောင်းဖြစ်မိသည်။ ၎င်းတို့အတွက်လည်း တစ်ခုခုပြုလုပ်ပေးရမည်ဟု စိတ်ကူးပေါ်လာခဲ့သည်။

ထို့ကြောင့် နရပတိစည်သူသည် ထိုစိတ်ကူးတို့ကို မိဖုရားနှင့်တကွ မှူးကြီးမတ်ရာများနှင့်တိုင်ပင်ရာ ရွှေကြက်ယက်စေတီတော်ကြီးကို ပြုပြင်မည်။ ပြီးလျှင် ရွှေကြက်ယက်စေတီတော်ကြီး မည်မျှတန်ခိုးကြီးသည်၊ မည်မျှဆုတောင်းပြည့်သည်တို့ကို ဖော်ကျူးရန်၊ သာဓကပြုရန်၊ နောင်လာနောင်သားများလည်း သိရှိ၍ ရွှေကြက်ယက်ဘုရားကြီးထံ ယုံကြည်လေးနက်စွာ တောင်းဆုပန်ကြစေရန် ရည်ရွယ်၍ နရပတိစည်သူမင်း ဆုတောင်းပြည့်ခဲ့သည့် အထိမ်းအမှတ်အဖြစ်နှင့် သောကြာနံအောင်စေတီတည်ရန်၊ ကွယ်လွန်ခဲ့ပြီးသော ဗိုလ်ပြည့်နှင့် ဗိုလ်ကျော်စွာတို့အတွက်လည်း အမှာ်တရ လွမ်းခံစေတီတစ်ဆူစီ တည်ထား၍ ၎င်းတို့ရောက်ရာဘဝမှ ကျွတ်တမ်းဝင်စေရန် ရည်ရွယ်ပါသည်။

ဤသို့ဖြင့် မကြာမီ ထိုကိစ္စကို အကောင်အထည်ဖော် ဆောင်ရွက်ကြရာ ရွှေကြက်ယက်စေတီတော်ကြီးနှင့် ရွှေကြက်ယက်ရုပ်ပွားတော်ကြီး (၄) ဆူတို့မှာလည်း ရောင်တော်များပွင့်လျက် ပိုမိုကြည်ညိုသပ္ပာယ်စွာ ဖူးတွေ့နေရသကဲ့သို့ ရွှေကြက်ယက်တောင်တော် မြောက်ဘက်စောင်းတန်း၏အရှေ့ဘက် ဆင်ခြေလျှောကုန်းမြင့်ပေါ်တွင်လည်း သောကြာနံအောင်စေတီ၊ ဗိုလ်ပြည့်စေတီ၊ ဗိုလ်ကျော်စွာစေတီ ဟူသော စေတီတော်သုံးဆူသည်လည်း အစဉ်အတိုင်း ပေါ်ထွန်းတော်မူလာခဲ့ပါသည်။

ဤသို့ဖြင့် နှစ်ကာလများကြာညောင်း၍ နရပတိစည်သူမင်းလည်း သက်တမ်းအရ နတ်ရွာစံ ကံတော်ကုန်ခဲ့ပြီးသည်၏နောက်တွင် ရွှေကြက်ယက်စေတီတော်ကြီး အပါအဝင် ရွှေကြက်ယက်တောင်တော်ပေါ်ရှိ စေတီစုထိုးတို့သည်လည်း နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့ကို နှစ်ပရိစ္ဆေဒကြာမြင့်စွာ ခံစားခဲ့ကြရသည်။ ထို့နောက် ငလျင်ဒဏ်သင့်သောအခါတွင် စေတီတော်များ ပြိုပျက်ခဲ့ကြရပါတော့သည်။

ရွှေကြက်ယက်စေတီတော်ကြီးမှာမူ နေ့စဉ် ဘုရားဖူးဧည့်ပရိသတ်များလာရောက်လျက်ရှိခြင်း၊ ဂေါပကအဖွဲ့တို့ဖြင့် ထိန်းသိမ်း စောင့်ရှောက်လျက်ရှိခြင်း၊ ဘုရားပိုင်ဘဏ္ဍာငွေတို့ရှိခြင်းတို့ကြောင့် ဟောင်းနွမ်းညှိုးမှိန်လျှင်ပင် ပြန်လည်မွမ်းမံလျက်ရှိနေသည်ဖြစ်ရာ ပြိုပျက်သောအခါတွင်လည်း ချက်ချင်းလက်ငင်း ပြုပြင်ကြမည်ဖြစ်သော်လည်း အခြံစေတီတော်များမှာမူ ပြင်မည့်ဒကာမပေါ်သေးသရွေ့ ပြိုပျက်မှုအတိုင်းသာရှိနေခဲ့ပါသည်။ ထို့နောက် ပုဂံခေတ် ပျက်သုဉ်းခဲ့ရသည်။ တစ်ဖန် ပင်းယခေတ်၊ အင်းဝခေတ်၊ ဟံသာဝတီခေတ်၊ ကုန်းဘောင်ခေတ်တို့ကို ဖြတ်သန်းခဲ့ရပြန်ကာ သီပေါမင်းပါတော်မူပြီးနောက် မြန်မာ့ထီးဆက်နန်းဆက်ပြတ်ခဲ့ရပြီး အင်္ဂလိပ်တို့၏ အုပ်ချုပ်မှုကိုခံခဲ့ရပြန်သည်။ ထို့နောက် ဂျပန်တို့ မြန်မာနိုင်ငံသို့ ဝင်ရောက်လာကြပြီး အင်္ဂလိပ်တို့ ဆုတ်ခွာထွက်ပြေးသွားကြပြီးနောက် မြန်မာနိုင်ငံသည်လည်း အခြားနိုင်ငံများကဲ့သို့ ဒုတိယကမ္ဘာစစ်မီးကြီး၏ လောင်မြိုက်မှုကိုခံခဲ့ရပြီး ပြာပုံအတိဖြစ်ခဲ့ရပါ၏။ ထို့နောက် လွတ်လပ်ရေးရရှိပြီး ဖဆပလခေတ်သို့ ရောက်ရှိလာခဲ့ပြန်သည်။ ထိုအချိန်တိုင် ရွှေကြက်ယက်တောင်တော်ပေါ်ရှိ နရပတိစည်သူမင်း၏ ကောင်းမှုတော်စေတီတော် (၃) ဆူမှာကား ပြင်ဆင်သူကင်းမဲ့လျက် မုဒ်လိုဏ်များအတွင်း၌ ပူဇော်ထားရှိခဲ့သော ရုပ်ပွားဆင်းတုတော်တို့လည်း မရှိတော့ဘဲ အုတ်ပုံအတိသာ ကျန်ရှိရစ်တော့ကာ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းလျက်ရှိပါ၏။

လွန်ခဲ့သော နှစ်ပေါင်း (၅၀) ခန့်တွင် ထိုစေတီတော်များကို ပြုပြင်မည့် ဒါယကာတို့ ပေါ်ပေါက်လာခဲ့သည်။ အပေါ်မုဒ်လိုဏ်များပင် မရှိတော့ပါ။ ဖိနပ်တော်မျှသာ ကျန်ရှိရစ်ပါတော့သည်။ သောကြာနံစေတီ၏မြေအောက် ဌာပနာတိုက်ကို တူးဖော်လိုက်သောအခါ ဉာဏ်တော် (၁၁) လက်မခန့် ပဉ္စလောဟာဖြင့် သွန်းလောင်းထားသော တင့်တယ်သပ္ပာယ်တော်မူလှသည့်ရုပ်ပွားတော်တစ်ဆူကိုတွေ့ရှိရပြီး ရုပ်ပွားတော်အောက်တွင်ပါရှိသော ပုရပိုက်၌ ဖော်ပြပါရှိသည်မှာ ဤရုပ်ပွားဆင်းတုတော်



www.burmeseclassic.com

www.burmeseclassic.com

သည် နရပတိစည်သူမင်းကြီး၏ ရှေးလက်ထက် မင်းအဆက်ဆက်တို့ နန်းဦးတွင် ထားရှိပူဇော်ခဲ့ကြပြီး ထူးခြားမှုမှာ ဘုရင့်မိသားစုဝင်တို့ နာမကျန်းဖြစ်လျှင် သမားတော်နှင့် လူနာတို့ ဤဆင်းတုတော်အား ရှိသေစွာ ရှိခိုးကန်တော့ပြီး သစ္စာဆို၍ ဆေးကုလျှင် ရောဂါဝေဒနာတို့ပျောက်ကင်းစေသည့် ဆေးဘုရားဖြစ်သည်ဟူ၍ ဖြစ်ပါသည်။

ထိုအခါ ရွှေကြက်ယက်တောင်တော်ပေါ်မှ ဆရာတော်ကြီးများ ညှိနှိုင်းတိုင်ပင်စည်းဝေးကြ၏။ ဤဆေးဘုရားသည် ပုဂံခေတ်တွင်လည်း အများပြည်သူတို့ ဖူးမြော်ကြည်ညိုခွင့် မရခဲ့ပါ။ ဘုရင်မိသားစုများသာ ကိုးကွယ်ခဲ့ကြသည်။ နရပတိစည်သူမင်းလက်ထက်တွင်လည်း ဤသောကြာနံဘုရားတွင် ဌာပနာသွင်းခဲ့၍ နှစ်ပေါင်း (၇၀၀)ခန့် မည်သူမျှမဖူးကြရ။ ယခုတစ်ဖန်ပြန်၍ ဌာပနာသွင်းလိုက်လျှင် နောင်တွင် မည်သူမျှဖူးမြော်ခွင့်ရရှိတော့မည်မဟုတ်ပါ။ ထို့ကြောင့် မြေပေါ်တွင် အပူဇော်ခံထားရှိရန် ဆုံးဖြတ်တော်မူကြပါသည်။

ထိုဆုံးဖြတ်ချက်အတိုင်း ပဥ္စလောဟာဆေးဘုရားကို ဓမ္မာရုံတစ်ခုဆောက်လုပ်ပြီး သောကြာနံစေတီနှင့် မလှမ်းမကမ်း စောင်းတန်း၏အနောက်ဘက်တွင် ပူဇော်ထားရှိလိုက်ပါသည်။ ဘုရား၏ လုံခြုံရေးအတွက် ရွှေကြက်ယက်တောင်ပေါ်ကျောင်းများမှ အလှည့်ကျတာဝန်ယူ၍စောင့်ကြပ်ရပါသည်။ ထိုသို့ပြုလုပ်ရသည်မှာ ဒုက္ခများသဖြင့် ဓမ္မာရုံကို အလုံကာရံပြီး တံခါးများတပ်ဆင်ကာ ကျောင်းသဖွယ် ဖန်တီးလိုက်ပြီး ကျောင်းထိုင်လိုသောပုဂ္ဂိုလ်ကိုဖိတ်ခေါ်ရာ နောက်ဆုံးတွင် ဤရှမ်းကိုယ်တော်ရောက်ရှိလာခြင်း ဖြစ်ပါသည်။ နရပတိစည်သူ၏ ဘုရားဖြစ်ခြင်းကြောင့်၊ ဝေဠုဝတီသည် ရှမ်းပြည်မှဖြစ်ခြင်းကြောင့် ဤဆေးဘုရားကို ရှမ်းတို့က လာရောက်စောင့်ရှောက်ရသည်မှာ သဘာဝကျလှပါသည်။

ဤသို့ဤပုံဖြင့် ဓမ္မာရုံတိုက်သစ် ရှမ်းကျောင်းဟူ၍ ပေါ်ပေါက်လာခဲ့ရသည်ကို စာရေးသူ သိရှိလိုက်ရသောအခါ ဒေါ်ကြည်ကြည်သင်းအား ဤဘုရားရှေ့သို့ခေါ်ယူ၍ ဆေးကုသရန် စိတ်ကူးပေါ်မိပါသည်။ စာရေးသူသည် စိတ်ဆန္ဒမရှိဘဲ သက်န်းဝတ်ခဲ့ရသည်ကို ကြိုတင်သိရှိနေသော ရှင်မထီး (ပုဂံခေတ် ရှင်အဇ္ဇဂေါဏ) ဆရာတော်ဘုရားကြီးသည် စာရေးသူကို သင်္ကန်းဝတ်ရန် တိုက်တွန်းပြောကြားစဉ်အခါက သင်္ကန်းဝတ်စဉ် စိတ်တို့မပျံ့လွင့်စေရန် ပထမ(၃)ရက်ကို အရဟံပုတီးပတ်(၉၀၀) စိပ်ရမည်ဟု မိန့်ကြားခဲ့ပါသည်။ အရဟံပုတီးပတ်(၉၀၀)မှာ နည်းနည်းနောနော မဟုတ်ပါ။ နံနက် (၅) နာရီ ပုတီးစ၍ စိပ်နိုင်ရန် (၄) နာရီခွဲထက် နောက်မကျစေဘဲ အိပ်ရာထရပြီး ဆွမ်းခံကြွချိန်၊ ဆွမ်းစားချိန်၊ ရေချိုးချိန်တို့မှလွဲ၍ အချိန်ပြည့်မနားတမ်းစိပ်ရပါသည်။ ဧည့်သည်လာရောက်၍ ဘာစကားတစ်ခွန်းမျှ စကားစမြည်ပြောလိုက်မိလျှင်ပင် ည(၁၂)နာရီ မကျော်အောင် မနည်းအားစိုက်စိပ်မှ အပတ် (၉၀၀) ပြည့်ပါ၏။

ထို့ကြောင့် ဒေါ်ကြည်ကြည်သင်းအား သင်္ကန်းဝတ်ပြီး (၄) ရက်မြောက်သောနေ့မှသာ လာရောက်ရန် ကြိုတင်ပြောကြားထားပြီး ဖြစ်ပါသည်။ ထိုနေ့တွင် စာရေးသူအား (၁၀၃) သစ်စက်သို့ ပင့်၍ ဆွမ်းကပ်သည်။ ထိုအချိန်တွင် ရုပ်ရှင်တော်မြတ်ကိုလည်း ပင့်ဆောင်ထားရှိပြီဖြစ်၍ အန်တီအေးနှင့်မယ်တော်ကြီးတို့လည်းရှိနေပါသည်။ ဆွမ်းကပ်ရင်း ဒေါ်ကြည်ကြည်သင်းအား ဆေးကုသမှုခံယူရန် ဖြစ်ပါသည်။ ထိုအခါ စာရေးသူ သည် အခြားသူများကိုတော့ သည်မှာပင်ကုပေးခဲ့မည်၊ ဒေါ်ကြည်ကြည်သင်းကိုတော့ ကျောင်းမှာပဲကုပေးမည်ဖြစ်၍ စာရေးသူကို ပြန်ပို့မည့် ကားဖြင့်လိုက်ပါခဲ့ရန်ပြောကြားလိုက်ပါသည်။ စာရေးသူကိုပြန်ပို့သောအခါ ဒေါ်ကြည်ကြည်သင်းနှင့်အတူ အန်တီအေးနှင့် မယ်တော်ကြီးပါ လိုက်လာကြပါသည်။ မန်နေဂျာများစီးရန် ဌာနမှချပေးသော မာဇဒါဂျစ်ကို ဒေါ်ကြည်ကြည်သင်း၏ မောင် ကိုဆန်းဝင်းမှ မောင်းပါသည်။

စာရေးသူသည် ကျောင်းသို့ရောက်သော် ဒေါ်ကြည်ကြည်သင်းကို ဘုရားရှေ့ ခေါ်ဆောင်သွားပါသည်။ ရေသန့်ဘူးများ လှူဒါန်းပြီး သစ္စာပြုဆုတောင်းပါသည်။ ဆေးဘုရားရုပ်ပွားတော်၏ မုဒြာသည် လက်တစ်ဖက်က တင်ပျဉ်ခွေထက်တွင် ရေကြမ်းအိုးကို ပိုက်ထားပြီး လက်တစ်ဖက်က ဒူးတော်ပေါ်တင်၍ ဆေးလုံးကို လက်ညှိုးနှင့် လက်မအကြားညှပ်ထားသော ပုံစံဟန်ဖြစ်ပါသည်။ စာရေးသူသည် ဘုရားထံမှ ဆေးလုံးကို ဆွဲယူလိုသောဆန္ဒများဖြစ်ပေါ်လာ၍ -

"အရှင်ဘုရား၊ ဆေးတော်များစွန့်တော်မူပါ"

ဟု လျှောက်ထားကာ လက်မနှင့် လက်ညှိုးပင်ညှပ်၍ ဆေးလုံးကို သုံးကြိမ်ပွတ်ဆွဲယူလိုက်ပါသည်။

ဆေးလုံးမှာ ပဥ္စလောဟာသား (သတ္တုတစ်မျိုး) ဖြစ်နေရာ လက်ထဲတွင် ဘာမှပါရှိမလာပါ။ သိဒ္ဓိများတော့ပါ ကောင်းပါလာလိမ့်မည် ထင်ပါသည်။ စာရေးသူလည်း လက်ကိုခွဲမပစ်သေးဘဲ ဆေးများပါရှိနေလေဟန်ညှပ်ထားလျက်နှင့် ဒေါ်ကြည်ကြည်သင်းကိုလက်ဝါးဖြန့်စေလိုက်ပါသည်။ ထို့နောက် ဆေးမှုန့်များပါရှိသည့်သဘောဖြင့် စာရေးသူမှ လက်ညှိုးနှင့် လက်မတို့ကို ပွတ်ချလိုက်ပါသည်။ ထူးဆန်းလွန်းလှ၍ ကိုယ့်မျက်စိကို ကိုယ်မယုံနိုင်အောင်ဖြစ်ရပါသည်။ စာရေးသူ၏လက်မနှင့်လက်ညှိုးအကြားမှ အညိုရောင်ဆေးမှုန့်တို့အဆက်မပြတ်ကျလာပါတော့သည်။ သစ္စာပြုခြင်းနှင့် ဆေးမှုန့်ကျခြင်းတို့သည် ဘာမှမကြာလိုက်ပါ။ တဒင်္ဂအချိန်တိုအတွင်းလေးမှာ ဖြစ်ပါ၏။ ထိုအချိန်၌ အနားတွင် မယ်တော်ကြီးတစ်ယောက်သာရှိပါသည်။ ကိုဆန်းဝင်းနှင့် အန်တီအေးတို့မှာ ကျောင်းအပြင်တွင်သာရှိနေကြပါသေးသည်။

ကာယကံရှင်၊ မယ်တော်ကြီးနှင့် စာရေးသူတို့ပါ အံ့သြမဆုံးဖြစ်ကြရပြီး မှင်တက်မိလျက် ဒေါ်ကြည်ကြည်သင်း၏ လက်ဖဝါးအတွင်း၌ ဆေးမှုန့်များ မန်ကျည်းစေ့ခန့်ရရှိချိန်တွင် လက်နှစ်ချောင်းကို ခွာပစ်လိုက်သည်။ ပို၍ထူးဆန်းသည်မှာ စာရေးသူ၏ လက်တွင် မည်သည့်ဆေးမှုန့်၊ မည်သည့်အရောင်အသွေးတို့မျှ စွန်းထင်း၍မနေသည်မှာ အံ့သြမဆုံးဖြစ်ရပါ၏။

စာရေးသူမှာ ဒေါ်ကြည်ကြည်သင်းကို ဆေးမှုန့်များအားလျက်စေပြီး လက်တွင်ကပ်နေသော ဆေးမှုန့်တို့ကို နဖူးတွင် ပွတ်သပ်စေလိုက်ပါသည်။ ထို့နောက် သစ္စာရေတိုက်လိုက်ပါသည်။ ဒေါ်ကြည်ကြည်သင်း၏ ကျောရိုးတစ်လျှောက်တွင် ချွေးသီးချွေးပေါက်ကြီးများကျလာပြီး ခံစားနေရသော ဆီးချို သွေးတိုး၊ နှလုံးရောဂါတို့ သက်သာပျောက်ကင်းသွားပါသည်။ စာရေးသူလည်း ထပ်မံ၍ ဘုရားရှင်ထံလျှောက်ထားပြီး လက်မနှင့် လက်ညှိုးကို ပွတ်ကြည့်သော်လည်း ဆေးမှုန့်တို့ကျမလာတော့ပါ။ ထိုသို့ဖြစ်မည်ဟု ကြိုတင်သိထားလျှင် ဆေးမှုန့်တို့ကို ဆာဘာအိတ်

www.burmeseclassic.com

သာသနာပွဲဇလုံတို့ဖြင့် ခံယူထားပြီးမှ ဆက်နှစ်ချောင်းကိုခွာမည်ဖြစ်ပါ၏။

ထို့နောက် မယ်တော်ကြီးနှင့် ဒေါ်ကြည်ကြည်သင်းတို့လည်း အမရပူရမြို့သို့ ပြန်သွားကြပါသည်။ ထိုညက ထူးဆန်းလှစွာ ဆေးမှုန့်ကျခဲ့သည့် အကြောင်းတို့ကိုဝေွးရင်း အိပ်ရာဝင်ခဲ့ပါသည်။

ထိုညက ဤသို့ ထူးခြားလှပြီး အကြောင်းအကျိုး ဆက်နွယ်သော အိပ်မက်တစ်ခုမြင်မက်ပါသည်။အိပ်မက်ထဲတွင် စဉ့်ကိုင်မြို့နယ်အတွင်း စဉ့်ကိုင်မြို့၏ မြောက်အရပ်တွင်ရှိသော ရွာကောင်းကုန်းရွာမှ ကိုခင်မောင်ဦး (ပေါ်တော်မူဘုရားဒါယကာဖြစ်သည်။ ၎င်းပိုင်ဆိုင်သောခြံအတွင်းမှ ဘုရားပြိုဘုရားငုတ်တိုမှ သိုက်နန်းရှင်များ၏ အိပ်မက်များပေးခြင်း၊ ထူးခြားမှုများပြသခြင်းတို့ကြောင့် တန်ခိုးကြီးဘုရားအဖြစ် ပေါက်ရှိလာခဲ့သည်။ ကိုခင်မောင်ဦးမှ ၎င်းပိုင်ခြံကို သာသနာသို့လှူဒါန်းခဲ့သည်။) ရောက်ရှိလာပြီး စာရေးသူကို ဦးချကန်တော့၍ စက္ကူဖြူအထုပ်ကလေးကို ပေးအပ်ပါသည်။

"ဒါဟာ အရှင်ဘုရားရဲ့ လွန်ခဲ့တဲ့ အနှစ်တစ်ထောင်က ဗုဒ္ဓဂယာမှ ဆင်တုံးနွယ်မြစ်ပါဘုရား။ တပည့်တော်သိမ်းထားခဲ့ရတာကြာပါပြီ။ အခုအချိန်တန်လို့ လာပို့တာပါဘုရား"

ဟု လျှောက်ထားပြီး ပြန်ထွက်သွားပါသည်။

စာရေးသူလည်း အထုပ်ကလေးကိုဖြေကြည့်လိုက်ရာ ခေါက်ဆွဲစားသော ဇွန်းလုံးခန့်မျှသာရှိပြီး အလျားတစ်လက်မခန့်သာရှိသည့် ဆွေးမြည့်ဟောင်းနွမ်းနေသော ဆေးမြစ်လေးကို တွေ့ရပါသည်။ ဆေးမြစ်မှကျနေသည့် အမှုန်အမွှားကလေးများမှာ နေ့ခင်းကကျနေခဲ့သော ဆေးမှုန့်များပင်ဖြစ်နေပါ၏။ ထို့အပြင် အိပ်မက်ဟုသာဆိုရသော်လည်း စာရေးသူ၏ နေရာထိုင်ခင်း၊ ပစ္စည်းအထားအသိုတို့မှာ အပြင်အတိုင်းပင်ရှိနေပြီး စာရေးသူ သက်န်းဝတ်၍(၄)ရက်မြောက်သောနေ့ဟုလည်း အိပ်မက်ထဲမှာပင် သိနေပါ၏။

နံနက်လင်း၍ အိပ်ရာမှနိုးသော် ထူးဆန်းတိုက်ဆိုင်လှသော အိပ်မက်အကြောင်းကိုတွေးပြီး အံ့ဩမဆုံးဖြစ်နေမိပါသည်။ ထိုအခါ စာရေးသူလည်း အနှံးတကူးတွင် ကျောင်းဆရာအလုပ်မှ ပြန်လာခဲ့သော ၂၀၀၁ခု နောက်ပိုင်းမှ ဤယနေ့အချိန်တိုင် စွဲကပ်လျက်ရှိသော ခြေထောက်ကိုက်ရောဂါ ပျောက်ကင်းစေရန် ဆေးဘုရား၌ သစ္စာပြုဆုတောင်းပြီး သစ္စာရေဖြင့် မိမိကိုယ်ကို ပြန်ကုမည်ဟု စိတ်ကူးပေါ်ပေါက်လာမိပါသည်။ စာရေးသူ၏ ခြေထောက်ကိုက်ရောဂါမှာ ထူးဆန်းလှပါသည်။ တိုင်းရင်းဆေး၊ တရုတ်ဆေးနည်း၊ အနောက်တိုင်းဆေးတို့ဖြင့် ကုသခဲ့သော်လည်း ပျောက်ကင်းခြင်းမရှိသည့်အပြင် ထူးခြားမှုပင်မရှိလာခဲ့ပါ။ ထူးခြားသည်မှာ နှစ်များရှည်ကြာလာ၍ မည်သည့်ဆေးမျှမကုသတော့ဘဲနေခဲ့သည်မှာကြာမြင့်နေပြီဖြစ်သော်လည်း ရောဂါမှာတိုးလည်းမတိုး၊ပျောက်လည်းမပျောက် ပုံမှန်အတိုင်းသာရှိနေပါ၏။

စာရေးသူ၏ရောဂါမှာ ဤသို့ဖြစ်ပါ၏။ စာရေးသူသည် နေ့ညမည်သည့်အချိန်တွင်ဖြစ်စေ လမ်းလျှောက်ခြင်း၊ မတ်တတ်ရပ်ခြင်းတို့၌ (၁၀) မိနစ်ခန့်ထက် ပို၍မရပါ။ ခြေသလုံးအရိုးများမှ ထိုးကိုက်လာပါတော့သည်။ ထိုင်လိုက်လျှင် တစ်ခဏနှင့် ပျောက်ကင်းသွားပြီး တစ်ဖန် မတ်တတ်ရပ်ခြင်း၊လမ်းလျှောက်ခြင်းတို့ကို ပြုလုပ်နိုင်ပြန်ပါသည်။

ထိုင်နေလျှင်၊ စက်ဘီး၊ ဆိုင်ကယ်၊ ကားတို့ဖြင့် စီးနင်းသွားလာနေလျှင် ဘာမှမဖြစ်ပါ။ မိုးအေးခြင်း၊ ဆောင်းရာသီအအေးလွန်ကဲခြင်း၊ ရေစိုဝတ်နှင့်နေခြင်းတို့တွင်လည်း ခြေထောက်မကိုက်ပါ။ ထူးဆန်းသောရောဂါဟု ဆိုရမည်ဖြစ်ပါ၏။

ထိုည (ရဟန်းဝတ် (၅)ရက်ရသောည) က စာရေးသူသည် အိပ်ရာဝင်ခါနီးအချိန်၌ ဆေးဘုရားရုပ်ပွားတော်၏ ရှေ့တော်မှောက်သို့ သွားရောက်ပြီး ခြေထောက်ကိုက်ရောဂါဝေဒနာသက်သာ ပျောက်ကင်းရပါစေလိုကြောင်း ဆုတောင်းလိုက်ပါသည်။ ထိုညမှာပင် ထူးခြားသောအိပ်မက် မြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် စာရေးသူသည် ရှေးခေတ်ဝတ်စားဆင်ယင်မှုပုံစံဖြင့် အလုပ်ရုံတဲကြီးတစ်ခုအတွင်း ထောင့်တစ်နေရာရှိ သလွန်ထက်တွင်ထိုင်နေပြီး ကြမ်းပြင်တွင် လူတစ်ထိုင်မျှမကသော ကြေးသွန်းရုပ်ပွားတော်ကြီး (၃) ဆူရှိနေပါသည်။ ဤရုပ်ပွားတော်မြတ် (၃) ဆူမှာ ရွှေကြက်ယက်တောင်တော်ပေါ် တွင်တည်ထားမည့်စေတီတော်(၃)ဆူတွင် အပူဇော်ခံထားရှိမည့်ရုပ်ပွားတော်များဖြစ်ကြောင်း အလိုလိုသိနေသည်။

ထိုအချိန် ရုပ်ပွားတော် (၃) ဆူအနက် နောက်ဆုံးကျန်ရှိသောတစ်ဆူ၏ပလ္လင်ခုံတွင် ပန်းထုလျက်ရှိရာ ပန်းပွင့်ဖတ်တစ်ခု၏ ဂငယ်ကုန်းလေးတစ်ခုသာကျန်ရှိတော့ပြီး ကြေးပန်းတဉ်းဆရာမှ အချောသတ်ပြုလုပ်နေချိန်ဖြစ်ပါသည်။ ပန်းတဉ်းဆရာသည် စို့ဖြင့် ဘုရားပလ္လင်ခုံကိုရိုက်လိုက်ရာ ထိုစို့ချွန်သည် စာရေးသူ၏ခြေသလုံးရိုးအတွင်းကို ရိုက်လိုက်သကဲ့သို့ မခံမရပ်နိုင်အောင်နာကျင်သွား၍ စာရေးသူလည်း အားခနဲ အော်၍ ခြေသလုံးကိုဖိနှိပ်နေရသည်။ ပန်းတဉ်းဆရာသည် ဘုရားပလ္လင်ကိုစို့ဖြင့်ရိုက်၍ စာရေးသူနာကျင်သွားရသည်ဟုမသိပါ။ အခြားအကြောင်းကြောင့်သော် လည်းကောင်း၊ ကင်းကိုက်၍သော်လည်းကောင်း ဟု ထင်မြင်ယူဆမိလေမည်။ ထို့နောက် စို့ကိုတည်၍ စာရေးသူကို မော့ကြည့်ပြီး တူဖြင့်ရိုက်ချလိုက်ပြန်ပါသည်။ စာရေးသူလည်း အားခနဲအော်ပြီး ခြေသလုံးကိုဖိနှိပ်ထားရပြန်ရာ ပန်းတဉ်းဆရာလည်း ၎င်းက ပလ္လင်ခုံကိုစို့ဖြင့်ရိုက်တိုင်း စာရေးသူ ခြေသလုံးတွင် ရိုက်ခံရသကဲ့သို့ဖြစ်နေကြောင်း ယခုမှ သဘောပေါက်သွားပြီး ဆက်၍ထုသင့်၊ မထုသင့် စာရေးသူကို နှုတ်ဖြင့်မမေးရဲ၍ မျက်စိဖြင့်မေးနေသကဲ့သို့မထုသေးဘဲ စာရေးသူကိုကြည့်နေပါသည်။

စာရေးသူလည်း -

'ဤဘုရားတို့သည် ငါကိုယ်တိုင်လှူသောဘုရားတို့ဖြစ်သည်။ ငါကိုယ်တိုင်သော်မှ ဤပလ္လင်ပန်းတို့ကို ပြီးဆုံးအောင်မထုခဲ့လျှင် နောင်တွင် မည်သူမျှ ထုရဲမည်မဟုတ်။ ထိုအခါ ပန်းတို့တစ်ပိုင်းတစ်စ ကျန်ရစ်ပေတော့မည်။ ယခုခြေသလုံးနာသည်မှာ တစ်ခဏမျှသာဖြစ်၍ ပြီးအောင်ထုစေမည်'

ဟု ဆုံးဖြတ်လိုက်ပြီး -

"ကဲကွာ-ပြီးအောင်သာထုလိုက်၊ ငါအံကြိတ်ခံမယ်"

ထိုသို့ပြောလိုက်လျှင် ပန်းတဉ်းဆရာသည် မြန်မြန်ပြီးစေတော့ဟူ၍ စို့ချက်တို့ကို အဆက်မပြတ်ရိုက်ချလိုက်ရာ စာရေးသူ၏ ခြေသလုံးအတွင်းရိုးတစ်လျှောက် စူးအောင့်နာကျင်လွန်းလှသဖြင့် အိပ်ရာမှပင်နိုးလာခဲ့ပါသည်။ သို့တိုင် နာကျင်လျက်ရှိနေသေး၍ ထထိုင်ပြီး ခြေသလုံးကိုနှိပ်နေရပါသည်။

ထိုအခါမှ စာရေးသူ ခြေထောက်ကိုက်ရသောအကြောင်းရင်းကို သိရှိရပါတော့သည်။ စာရေးသူသည် ဆင်းတု



www.burmeseclassic.com

www.burmeseclassic.com

တော်များအား လှပသပ္ပာယ်စေရန် ပန်းဖော်ခြင်းဖြစ်သော်လည်း ရုပ်ပွားတော်မြတ်တွင် အသက်တော်ကိန်းဝပ်နေပြီဖြစ်၍ အဂါရဝသက်ရောက်ကာ အပြစ်သင့်ရောက်ခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့် အဂါရဝဖြစ်ရသနည်းဆိုလျှင် မိမိတို့နေအိမ်သို့ ဆရာတော်ကြီးတစ်ပါး ကြွရောက်တော်မူလျက် ကုလားထိုင်ပေါ်တွင် ထိုင်နေသည်ဆိုပါစို့။ ဆရာတော်ကြီးထိုင်နေခိုက် ကုလားထိုင်သံပြုတ်နေ၍ဟုဆိုကာ ရိုက်နှက်ပြုပြင်ခြင်းပြုလုပ်ကြမည်မဟုတ်ပါ။စာရေးသူသည် ဤဆင်းတုတော်ကို သက်တော်ထင်ရှားဟု မမှတ်ယူ၍သာ ယခုကဲ့သို့ပြုလုပ်ခဲ့မိခြင်းဖြစ်သည်။ထို့ကြောင့် ကောင်းသောစိတ်နှင့် ပြုလုပ်ခြင်းဖြစ်သော်လည်း အပြစ်သင့်ရခြင်းဖြစ်သည်။ အကယ်၍ ရုပ်ပွားတော်အား ရှိခိုးကန်တော့ ခွင့်တောင်းပြီးမှဆိုလျှင် အပြစ်သင့်မည်မဟုတ်ပါ။

ထို့နောက် ရက်ပိုင်းများတွင်တော့ ထူးခြားမှုများဖြစ်ပေါ်ကြုံတွေ့ရခြင်းမရှိပါ။ (၉) ရက်စေ့သော် မယ်တော်ကြီးမှ (၁၁) ရက်ပြည့်အောင် ဝတ်စေ၍ ဆက်၍ ဝတ်ခဲ့ရပါသေးသည်။ လူဝတ်မလဲမီ တစ်ညတွင်တော့ အိပ်ရာမဝင်မီ ခြင်ထောင်တွင် လိပ်ပြာများလာနားသည်။ အိပ်ပျော်သွားသောအခါ အိပ်မက်လိုလို တကယ်လိုလိုဖြင့် စာရေးသူအား လူတို့လာရောက် ဝတ်ပြုနေကြသည်မှာ (၃) ပင် (၂) ခန်းတိုက်အပြည့်ပင်ရှိပြီး မည်သူမျှ ဦးခေါင်းမမော့ဘဲ ကြမ်းပြင်နှင့်ထိသည်အထိ ဦးခေါင်းတို့ကိုနှိမ့်ချလျက် ဘိတ်ဆိတ်ငြိမ်သက်စွာ ကန်တော့နေကြပါ၏။

(၁၁) ရက်ပြည့်သောအခါ စာရေးသူလည်း လူထွက်ခဲ့ပါသည်။ ထူးခြားဆန်းကြယ်လှသော အကြောင်းအရာတို့ကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသောအခါမှ ရှင်မထီးဆရာတော်ကြီးမှ စာရေးသူကို ဒုလ္လဘဝတ်ခိုင်းသည်ဆိုခြင်းကို ယုံကြည်မိပါတော့သည်။

ဒုလ္လဘဝတ်ခဲ့စဉ် ကြုံတွေ့ရသောအဖြစ်အပျက် အကြောင်းအရာတို့မှာ ထူးခြား ဆန်းကြယ်လှသောကြောင့် စာရေးသူသည် တွေ့သမျှလူတိုင်းကို ပြောပြ၍မဆုံးအောင်ပင် ရှိခဲ့ပါသည်။ စာရေးသူနှင့် ကိုခင်မောင်ဦးတို့သည် ခင်မင်မှုသက်တမ်းရှည်ကြာခဲ့ပြီဖြစ်သော်လည်း ထူးထူးခြားခြား ခင်မင်မှုတို့ တိုးတက်မလာခဲ့ပါ။ တစ်လတစ်ကြိမ်၊ နှစ်လတစ်ကြိမ်ခန့်သာ လမ်းတွင်ဆုံလေ့ရှိပြီး လက်ဖက်ရည်သောက်ပြီး လမ်းခွဲလိုက်သည်နှင့် သတိရသည်ဟူ၍၊ တွေ့ချင်သည်ဟူ၍၊ မတွေ့ရတာကြာပြီဟူ၍ မည်သည့်အခါမျှမတွေးမိပါ။ တကယ့်အပေါ်ယံခင်မင်မှုမျိုးသာဖြစ်ပါ၏။ ယခုလည်း တစ်ခါတစ်ရံ ကိုခင်မောင်ဦးနှင့် ဆုံတတ်ပြီး လက်ဖက်ရည်ဆိုင်တွင်ထိုင်ဖြစ်သောအခါ အိပ်မက်အကြောင်းကို ပြောပြရန် ကြံရွယ်မိပါသေးသည်။

ထိုသို့ပြောလိုက်လျှင် မယုံကြည်၍ ဟာသလုပ်လိုက်လျှင်လည်း ခက်မည်။ ယုံကြည်၍ တွေ့ရာသစ်မြစ်တစ်ခုကို ယူဆောင်လာပြီး ပေးနေလျှင်လည်း တကယ့် အစစ်အမှန်ဖြစ်မည် မဟုတ်ပါ။ ထို့ကြောင့် မပြောဘဲနေသည်က အကောင်းဆုံးဖြစ်မည်ဟု တွေးမိကာ မပြောဘဲနေလာခဲ့သည်။ သို့ဖြင့် (၂) နှစ်နှင့် (၁၀) လ ကြာမြင့်လာခဲ့သောအခါ စာရေးသူလည်း ထိုအကြောင်းအရာတို့ကို မေ့ပျောက်သလိုဖြစ်လာခဲ့ပါသည်။

၂၀၁၁ ခုနှစ်၊ ကဆုန်လထဲတွင် နံနက် (၉) နာရီခန့်၌ စာရေးသူသည် တပည့်လေး ဆေးသုတ်သမား မောင်နိုင်နှင့် စာရေးသူတို့ရပ်ကွက်ထဲရှိ ဒီဂျေလက်ဖက်ရည်ဆိုင်သို့ ရောက်ရှိနေစဉ် ကိုခင်မောင်ဦးရောက်ရှိလာပြီး စာရေးသူအား နေအိမ်တွင် မတွေ့၍ လိုက်လာခြင်းဖြစ်ကြောင်းပြောပြီး အိတ်ထောင်ထဲမှ အရာဝတ္ထုလေးတစ်ခုကိုထုတ်လိုက်၍ -

"ဒါ နန္ဒင်းအမြစ်ပေါ့ဗျ။ ခေါ် တယ်။ ရောဂါတွေပျောက်တယ်။ မင်းကိုပေးတာ"

ဟု ရုတ်တရက်ပြောလိုက်သောအခါ စာရေးသူရော အိပ်မက်အကြောင်းသိထားသူ မောင်နိုင်ပါ အံ့ဩသွားပါသည်။

"ဒါဆို ဒီဆေးမြစ်ကို ဘယ်ကနေ ဘယ်လိုရခဲ့ပြီး ဘာကြောင့် ကျွန်တော့်ကိုလာပေးသလဲ"

ဟု မေးလိုက်ရာ -

"ဒီအကြောင်းက တော်တော်ရှည်တယ်ကွ။ လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်ကျော်ကစခဲ့တာပေါ့ကွာ။ ပေါ်တော်မူဘုရားစပြီးတန်ခိုးကြီးတဲ့အချိန် ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးလည်း သက်ရှိထင်ရှားရှိနေချိန်ပေ့ါ။ တစ်နေ့ ပေါ်တော်မူဘုရားကို ဘုရားလာဖူးနေကျ မိတ်ဆွေတွေရောက်လာပြီး ရွှေပေါ်ကျွန်းကိုနေ့ချင်းပြန်သွားမှာမို့ သူတို့နဲ့လိုက်ခဲ့ဖို့ခေါ်တယ်။ ကားရှားတဲ့ခေတ်ဆိုတော့ ငါလည်း ရောက်ဖူးအောင် လိုက်သွားခဲ့တယ်။ ဟိုရောက်တော့ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးရဲ့ သာသနာဟာ တကယ့်ကို အောင်မြင်ထွန်းကာကျယ်ပြန့်လွှမ်းလှတာမို့ စိတ်မှာ ဝမ်းနည်းလာမိတယ်။ အဲဒီမှာ တစ်ခုတွေးမိတာက ငါဟာ ပေါ်တော်မူဘုရားရဲ့ သာသနာပြုဖြစ်တယ်။ ရွှေပေါ်ကျွန်းဆရာတော်ကြီးသည် ရဟန်းဖြစ်တယ်။ ရဟန်းသည် သားတော်၊ ပေါ်တော်မူသည် ဘုရား၊ ဘုရားသည် ရဟန်းရဲ့အဖဖြစ်တယ်။ ဒါကြောင့် အဖရဲ့သာသနာဟာ သားတော်သာသနာထက်သာရမှာပဲ။ ဒါနဲ့ စိတ်ထဲကနေပဲ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီးကို တစ်နေ့မှာ အရှင်ဘုရားရဲ့သာသနာထက် ပေါ်တော်မူသာသနာက သာရပါစေမယ်။ အဲဒီအခါကမှ တပည့်တော် ရွှေပေါ်ကျွန်းကို လာပါဦးမယ်ဘုရားလို့ လျှောက်တင်ပြီးပြန်ခဲ့တယ်"

ဟူ၍ အစချီလျက် အောက်ပါအတိုင်း ပြောပြပါသည်။

ဆရာတော်ကြီးသည် ကိုခင်မောင်ဦးကို မေတ္တာဖြင့် လွှမ်းခြုံထားသဖြင့် ဆရာတော်ကြီး သက်ရှိထင်ရှားရှိနေတော်မူစဉ်ကာလများတွင် ကိုခင်မောင်ဦးတွင် ဘာမှသိသိသာသာထူးခြားမှုများမဖြစ်ပေါ်ခဲ့ပါ။ ဆရာတော်ကြီး ဘဝနတ်ထံပို့လွန်တော်မူပြီး နှစ်အတန်ငယ်ကြာလာသောအခါ ကိုခင်မောင်ဦးတွင် အလုပ်အကိုင်၊ငွေရေးကြေးရေးကိစ္စများ အဆင်မပြေမှုတို့ ဖြစ်ပေါ်လာပါသည်။ နောက်ဆုံးတွင် ဂေါပကအဖွဲ့၌ပင် ပါဝင်ရခြင်းမရှိတော့ပါ။ ကိုခင်မောင်ဦးသည် သူပိုင်မြေအတွင်းမှ သူကိုယ်တိုင်ဖော်ထုတ်ခဲ့သောပေါ်တော်မူဘုရားဒါယကာ (မူလဘုရားဒါယကာမှာ အလောင်းစည်သူမင်းဖြစ်၍ ဒုတိယဘုရားဒါယကာဟုခေါ်နိုင်ပါသည်။)ဖြစ်ပါလျက် ပေါ်တော်မူဘုရားဂေါပကတွင် ပါဝင်ခွင့်မရရှိတော့ခြင်းမှာ တကယ်တော့ မဖြစ်သင့်ပါ။ သို့သော် ထိုအတိုင်းပင်ဖြစ်ခဲ့ရပါ၏။

ထိုသို့ဖြင့် တစ်ညတွင် အိပ်မက်ထဲ၌ ရွှေပေါ်ကျွန်းဆရာတော်ကြီးကိုဖူးတွေ့လိုက်ရသည်။အိပ်ရာမှနိုးသောအခါ ဆရာတော်ကြီးကို ပြစ်မှားပြောဆိုမိ၍ (တကယ်တော့ ပြစ်မှားသည့်သဘောတော့မဟုတ်ပါ။ ပြိုင်သည့်သဘောသာ သက်ရောက်ပါသည်။) မိမိတွင် အဆင်မပြေမှုများကြုံတွေ့ရသည်။ ယခု ဆရာ



www.burmeseclassic.com

www.burmeseclassic.com

တော်ကြီးသည် မိမိကို သနားသောအားဖြင့် အိပ်မက်ပေးခြင်းဖြစ်သည်ဟု အဖြေရှာကို တွေ့ရှိသွားသည်။

ထို့ကြောင့် နောက်တစ်နေ့တွင် ရွှေပေါ်ကျွန်းသို့သွားရောက်ပြီး ဆရာတော်ကြီး၏ရုပ်တုတော်ကို ကန်တော့ပွဲဖြင့် ပူဇော်ကန်တော့တောင်းပန်လိုက်ပါသည်။ ထို့နောက် ကျောင်းဆောင်အတွင်းမှ ပြန်ထွက်လာသောအခါ ရှမ်းအန်းကြီးဟုယူဆရသော သက်တော်ကြီးရင့်တော်မူပြီဖြစ်သည့် ဆရာတော်ကြီးတစ်ပါးမှ လက်ယပ်ခေါ်ပါသည်။ အနားသို့ရောက်၍ ဝပ်ချကန်တော့ပြီးသောအခါ ဆရာတော်ကြီးမှ ဆေးမြစ်တစ်ခုပေးအပ်ပြီး 'နန္ဒင်းအမြုတေ' ဟု ခေါ်ကြောင်း၊ ရောဂါမျိုးစုံသက်သာပျောက်ကင်းစေကြောင်း၊ ဒါယကာကိုပေးခြင်းတော့၊ မည်သူ့ကိုပေးရမည်ဆိုသည်ကို မိမိဘာသာသိရှိလာလိမ့်မည်။ ချက်ချင်းသွားရောက်ပေးအပ်လိုက်ပါ ဟုမိန့်ကြားလိုက်ပါသည်။

ကိုခင်မောင်ဦးသည် နန္ဒင်းအမြုတေအမြစ်ကိုလက်ထဲတွင်ကိုင်ဆုပ်လိုက်သည်နှင့် စာရေးသူ၏ မျက်နှာပေါ်လာသည်။ အခြားသူများကိုပြောင်း၍ စိတ်အာရုံတွင်ဖော်ကြည့်သော်လည်းမရပါ။ စာရေးသူ၏ မျက်နှာသာ တွေ့မြင်နေရပါသည်။ ထို့ကြောင့် စာရေးသူထံ ယခုကဲ့သို့ လာရောက်ပေး အပ်ရပါသည်ဟု ရှင်းပြပါသည်။ ထိုအကြောင်းအရာတို့ကို ပြည့်ပြည့်စုံစုံ သိရှိလိုက်ရသောအခါ စာရေးသူမှာ အံ့သြခြင်းနှင့်အတူ ဝမ်းသာမဆုံးဖြစ်ရပါသည်။

လွန်ခဲ့သော (၂)နှစ်နှင့် (၁၀)လက မက်ခဲ့သည့်အတိုင်း တကယ်ဖြစ်လာခဲ့ပါပြီတည်း။ အနည်းငယ်တော့ ကွဲလွဲမှုရှိပါသည်။ အိပ်မက်ထဲတွင် ကိုခင်မောင်ဦးလာပေးခဲ့သည်က ဗုဒ္ဓဂယာမှ ဆင်တုံးမနွယ်၊ ယခု အပြင်မှာက ရွှေပေါ်ကျွန်းမှ နန္ဒင်းအမြုတေဖြစ်သည်။ အရွယ်ချင်းတူပြီး အိပ်မက်ထဲမှလူကပင် အိပ်မက်ကို သိမထားဘဲ လာရောက်ပေးအပ်ခြင်းဖြစ်ပါ၍ တကယ်လည်း ထူးဆန်းပြီး သိဒ္ဓိရှိမည်မှာလည်း သေချာပါ ၏။

ဤအတိုင်းဆိုလျှင် အိပ်မက်ထဲမှ ဆင်တုံးမနွယ်သည် အပြင်တွင် နန္ဒင်းအမြုတေအဖြစ် ရောက်ရှိလာခဲ့ခြင်းလော သို့မဟုတ် နောက်ထပ် ဆင်တုံးမနွယ် ရောက်လာဦးမည်လော စာရေးသူမသိပါ။

ထိုသို့ဖြင့် မကြာမီ အိပ်မက်တစ်ခု မြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် စဉ့်ကိုင်မြို့ ခေတ်ဆန်သူ စားဥယျာဉ်မှ မပေါင်းပေါင်းသည် တစ်ဖက်တွင် ရောဝတီမြစ်ကဲ့သို့ မြစ်ကြီးတစ်စင်းရှိနေပြီး မြစ်ကမ်းနံဘေး တောင်ကုန်းကလေးပေါ်ရှိ သစ်ပင်တစ်ပင်အောက်မှ သစ်မြစ်တစ်ခုကို လိမ်ချိုးလိုက်ပါသည်။ မပေါင်းပေါင်းသည် ရွှေကံကူသာဝကအရင်းဖြစ်၍ ရွှေကံကူမိသားစုနှင့်ခင်မင်ရင်းနှီးပြီး အမြဲမပြတ် ဝင်ထွက်သွားလာနေသူဖြစ်ပါသည်။ အိပ်မက်မှာ တိုတောင်းလှပါသည်။ ထိုမျှသာဖြစ်ပါ၏။

ထိုအိပ်မက်မြင်မက်ပြီး (၃) ရက်အကြာတွင်တော့ မပေါင်းပေါင်းရောက်ရှိလာပြီး ဆင်တုံးမနွယ်မြစ်လေးကို ပေးအပ်ပါသည်။ရွှေကြက်ယက်တောင်ပေါ်တွင် အိပ်မက်ထဲ၌ ကိုခင်မောင်ဦးလာပေးသော ဆင်တုံးမနွယ်မြစ်နှင့်တူညီနေသည်မှာ အံ့သြဖွယ်ပင်ဖြစ်ပါ၏။ ၎င်းတို့၏ ဘုရားကျောင်းဆောင်ပေါ်တွင် ထူးထူးခြားခြားရောက်ရှိနေပြီး စာရေးသူကိုပေးလိုသောဆန္ဒတို့ဖြစ်ပေါ်လာ၍ လာရောက် ပေးအပ်ခြင်းဖြစ်ကြောင်း မပေါင်းပေါင်းမှပြောပါသည်။ မပေါင်းပေါင်းသည်လည်း စာရေးသူ၏ အိပ်မက်ကို မသိရှိထားပါ။ ယခုမှသာ စာရေးသူက အိပ်မက်ကို ပြောပြလိုက်ရပါသည်။

ထိုသို့ဖြင့် တစ်လခန့်အကြာတွင် နံနက် စာရေးသူအိပ်ရာထ၍ ဘုရားခန်းကိုဖွင့်လိုက်ရာ ဘုရားကျောင်းဆောင်ရှေ့တွင် ငါးရံ့တစ်ကောင်ရောက်ရှိနေပါသည်။ ငါးရံ့သည် လုံးဝလှုပ်ရှားမှုမရှိ၍ သေနေသည်ဟုထင်ပြီးကိုင်လိုက်ရာ သန်သန်မာမာပင်ထခုန်၏။ ငါးရံ့သည် တစ်ညလုံး နေရာမရွှေ့ ပလ္လင်တော်ကို ကန်တော့နေခြင်းဖြစ်၍ ယိုးဒယားဖျာပေါ်တွင် ငါးရံ့၏ပုံသဏ္ဌာန် ရေအစိုဓာတ်တို့ ကျန်ရစ်ပါသည်။ အလုံပိတ်ထားသော ဘုရားခန်းအတွင်းသို့ ဤငါးရောက်ရှိနေသည်မှာ ဆန်းကြယ်လှပါ၏။ စာရေးသူလည်း ငါးကိုကောက်ယူ၍ အိမ်ရှေ့တွင်ရှိ ဘုရားပန်းရေလဲသော ကျောက်စည်တိုအတွင်းသို့ ထည့်လိုက်ပါသည်။ ထို့နောက် မျက်နှာသစ်၊ အဝတ်အစားများလဲလှယ်ပြီး ဈေးသို့ထွက်ခဲ့ပါသည်။

စာရေးသူတို့မှာ လူသာမန်မျှသာဖြစ်သော်လည်း ခေတ်ဆန်သူစားဥယျာဉ်နှင့် မိုးတိမ်ယံအလှမိန်နီယမ်တို့မှာ ညနေခင်းပို့လျှက်ရှိပါ၍ ဟင်းချက်စရာဝယ်ရန်လိုအပ်ပါ။ စာရေးသူ ဈေးသို့ နေ့စဉ်သွားနေခြင်းမှာ ဘုရားပန်း၊ ဆွမ်းတော်တင်၊ သစ်သီးကန်တော့ပွဲဝယ်ရန်အတွက်သာဖြစ်ပါ၏။

(ထိုကဲ့သို့ ဘုရားကိုပူဇော်ရန် နေ့စဉ် ဝတ်ထား၍ပြုလုပ်သောအကျိုးမှာ ကား ကြီးမားလှပါ၏။ စာရေးသူသည် ၂၀၀၁ မှ ၂၀၀၆ အထိ ဈေးကို စက်ဘီးနှင့်သွားနေရာမှ ၂၀၀၇မှ ၂၀၁၃ အထိ ဆိုင်ကယ် (၄) စီးပြောင်းကာ ဈေးသို့သွားနိုင်ခဲ့သည်။ ၂၀၁၃ (၉) လပိုင်းမှ ၂၀၁၄ (၁၁) လပိုင်းအတွင်းမှာပင် ကားနှစ်စီးပြောင်း၍ ဈေးသို့သွားနိုင်ခဲ့ပြီဖြစ်ရာ လက်ငင်းကောင်းကျိုးခံစားရခြင်းပင်ဖြစ်ပါ၍ ဘုရားဝတ်ကား မပျက်မကွက်ပြုသင့်လှပါ၏။)

ဈေးမှအပြန် ရန်အောင်မြင်ရပ်ကွက်သို့ချိုးကွေ့လိုက်လျှင် သစ်ကြီးပင်ပေါ်မှ ချိုးလေးတစ်ကောင်ကျလာပြီး စာရေးသူ၏ပခုံး၊ လက်မောင်းတို့မှတစ်ဆင့် ဆိုင်ကယ်လက်ကိုင်တွင်နား၍လိုက်ပါလာခဲ့သည်။အိမ်သို့ရောက်သောအခါတွင်လည်း ချိုးကလေးသည် ဘယ်လိုမှပြန်မသွားပါ။ စာရေးစားပွဲပေါ် ချထားလျှင်၊ ဝရန်တာပေါ်တင်ထားလျှင်၊ ရေချိုးသောအခါ အဝတ်လှန်းသောဝါးလုံးတန်းပေါ်၌တင်ထားလျှင် ချိုးကလေးသည် ခုန်ဆင်းခြင်း၊ ပျံသန်းခြင်းတို့မပြုပါ။ တစ်ပေခန့်မျှသာ ရွှေ့လျားသွားလာမှုပြုပါသည်။ စာရေးသူ မန္တလေးသို့ တစ်နေကုန်သွားရောက်ရသောနေ့များတွင်လည်း နောက်ဖေးမြေကွက်လပ်၌လွှတ်ထားလျှင် မြက်ပင်၊ သစ်ပင်များအကြား အစာစား၍နေသည်။ ဘယ်ကိုမျှပျံထွက်မသွားပါ။

ညအိပ်ရာဝင်လျှင် စာရေးသူ၏ ခြေရင်း ခုတင်စောင်းတန်းပေါ်တွင်ထားရှိရာ ထိုနေရာမှာပင် ညအိပ်ပါသည်။ ထိုသို့ဖြင့် (၂) လခန့် ကြာမြင့်လာခဲ့ပါသည်။ စာရေးသူ ညအိပ်ညနေခရီးထွက်လျှင် ချိုးလေးအတွက် နောက်ဆံတင်းရသည်။ ချိုးကလေးသည် ခြေထောက်၊ တောင်ပံတို့ အကောင်းပကတိသာရှိနေပြီး ပျံသန်းနိုင် သွားနိုင်လာနိုင်ပါလျက် စာရေးသူမှ မပျံစေလို၍နေနေရသကဲ့သို့ ဖြစ်နေရာ တစ်နေ့တွင် နောက်ဖေးခြံဝင်းအတွင်းသို့ ချိုးကလေးကို ယူဆောင်သွားပြီး -

"ကဲ-ချိုးကလေး၊ မင်းသွားလိုရာ သွားနိုင်တယ်။ ဒီမှာလာနေလို့လည်းရတယ်၊ မင်းသဘောပဲ"

ဟုဆိုကာ ချိုးကလေးကို မြှောက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ပါသည်။

ချိုးလေးသည် မိုးပေါ်သို့ အတန်မြင့်သည့်အထိပျံတက်သွားပြီးမှ ပျံဝဲဆင်းသက်လာကာ တစ်ဖက်အိမ်မှ သရက်ပင်အကိုင်းတစ်ခုသည် စာရေးသူတို့ခြံဝင်းအတွင်းသို့ ရောက်ရှိနေရာ ထိုအကိုင်းပေါ်သို့နားလိုက်ပြီး ခြေထောက်နှင့် တောင်ပံတို့ကို အညောင်းဆန့်လျက်ရှိပါ၏။ ထိုနေ့မှစ၍ ချိုးကလေးသည် စာရေးသူတို့အနီးဝန်းကျင်မှာပင် နေထိုင်လျက်ရှိသည်မှာ ဤယနေ့တိုင်ဖြစ်ပါသည်။ ထို့နေ့မှာပင် ကျောက်စည်အတွင်းမှ ငါးရံ့ကိုလည်း ဇော်ဂျီမြစ်အတွင်းသို့လွှတ်လိုက်ပါသည်။

ငါးရံ့နှင့် ချိုးကလေးတို့သည် သဘာဝမတူသောသတ္တဝါတို့ဖြစ်ပါ၏။ အဘယ်ကြောင့် စာရေးသူထံသို့ တစ်နေ့တည်း တစ်ပြိုင်တည်း ရောက်ရှိလာကြပါသနည်း။ အကြောင်းရှိ၍လော၊ သာမန်တိုက်ဆိုင်မှုသလော၊ သက်သက်လော စာရေးသူ မသိပါ။

ဤသို့ဖြင့် (၂)လခန့်ကြာမြင့်ခဲ့ပြီး တစ်ညတွင် အိပ်ရာမဝင်မီ ချိုးကလေးကို စိတ်ပူနေမိပါသည်။ ချိုးကလေးမရောက်လာသည်မှာ (၂) ရက်ခန့်ရှိပြီ။ လေသေနတ်၊ လေးခွတို့၏ လက်ချက်ကြောင့် အသက်ဆုံးရှုံးခဲ့လေပြီလား သို့မဟုတ် အလည်လွန်နေယ်ကျွံ၍ ပြန်လမ်း မသိတော့လေပြီလား။ ထိုအတွေးများဖြင့် အိပ်ပျော်သွားခဲ့ရာ အိပ်မက်မြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် စာရေးသူသည် စမ်းချောင်းကလေးနံဘေးရှိ သစ်ပင်ကလေးများပေါ်တွင် ချိုးကလေးကို လိုက်ရှာနေမိသည်။ အတန်ကြာရှာဖွေသည့်တိုင် မတွေ့ရှိ၍ စိတ်ပျက်ပြီး ချောင်းရေစပ်နားမှလှည့်ပြန်မည်ပြုရာ ကြည်စိမ်းလျက်ရှိသော ရေအောက်ထဲတွင် တရိပ်ရိပ်ဖြင့်လှုပ်ရှားမှုကို တွေ့လိုက်ရ၍ သေသေချာချာကြည့်လိုက်ရာ ရေအောက်တွင် ငါးကဲ့သို့ သွက်လက်မြန်ဆန်စွာ သွားလာလျက်ရှိသော စာရေးသူ၏ချိုးကလေးဖြစ်နေ၍ ဝမ်းသာသွားပြီး စာရေးသူသည် ချောင်းထဲသို့ဆင်းလိုက်ကာ ရေအောက်သို့ လက်ကိုချပေးလိုက်ရာ ချိုးကလေးသည် စာရေးသူ၏ လက်ညှိုးကို ခြေချောင်းလေးများနှင့်ကုပ်၍တွယ်ထားပါသည်။ စာရေးသူသည် လက်ကို ရေပေါ်သို့ မ,လိုက်ပြီး လှည့်ထွက်မည်ပြုစဉ် ရေအောက်မှ လှုပ်ရှားမှုတစ်ခုတွေ့လိုက်ရ၍ကြည့်လိုက်ပြန်ရာ ချိုးကလေးတစ်ကောင်ဖြစ်နေပြန်၍ ကျန်လက်တစ်ဖက်ကို ရေအောက်သို့နှစ်လိုက်ပြန်ရာ ထိုချိုးကလေးလည်း စာရေးသူ၏လက်တွင် ပါလာပြန်ပါ၏။ ချိုးကလေးနှစ်ကောင်ကို လက်နှစ်ဖက်တွင်ယှဉ်ကြည့်ရာ ခွဲခြား၍မရအောင် တူညီ၍နေသည်ကို တွေ့ရှိရပါသည်။ အိပ်မက်မှာ ထိုမျှနှင့်ပြီးဆုံးသွားပါသည်။

စာရေးသူလည်း အထပ်ထပ်အခါ အိပ်မက်၏အဓိပ္ပာယ်ကို စဉ်းစားကြည့်ရာ နောက်ဆုံးတွင်မှ ဤအိပ်မက်၏အဓိပ္ပာယ်မှာ ကိုခင်မောင်ဦးလာပေးသော နန္ဒင်းအမြုတေနှင့် မပေါင်းပေါင်းလာပေးသော ဆင်တုံးမနွယ်တို့မှာ အတူတူတစ်မျိုးတည်းသာဖြစ်ကြောင်း စာရေးသူ ရှင်းရှင်းလင်းလင်းသိရှိရန် သက်ရှိချိုးနှင့်သက်ရှိ ငါးရံ့တို့ကိုပို့လွှတ်ပြီးမှ ဤအိပ်မက်ကိုပေးခြင်းဖြစ်ကြောင်းသဘောပေါက်ရပါတော့သည်။

ထို့နောက် မကြာမီအိပ်မက်တစ်ခုမြင်မက်ပြန်ပါသည်။ အိပ်မက်ထဲတွင် အဘအောင်မင်းခေါင်မှ စာရေးသူအား နေ့စဉ် ညစဉ် မိမိရှိခိုးနေကျအတိုင်း ဘုရားရှိခိုးပါ။ ပြီးလျှင် တရားစာတစ်ပုဒ်ရွတ်ပါ။ ပွင့်တော်မူပြီးကုန်သော ဘုရားအဆူဆူအပေါင်းတို့အား တရားတော်ဖြင့် ပူဇော်ပါ၏ဟူ၍ နှုတ်မှဆိုပြီး ဦးသုံးကြိမ်ချလိုက်ပါ။ ထို့နောက် တရားစာတစ်ပုဒ်ရွတ်ဖတ်ပါ။ ပြီးလျှင် ဗုဒ္ဓအဆူဆူတို့ ဟောကြားတော်မူခဲ့သော တရားတော်မြတ်အပေါင်းကို တရားတော်ဖြင့်ပူဇော်ပါ၏ဟူ၍ နှုတ်မှဆိုပြီး ဦးသုံးကြိမ်ချပါ။ ထိုနည်းအတိုင်း ဗုဒ္ဓ၏တပည့်သားသံဃာတော်အရှင်မြတ်များတစ်ကြိမ်၊ ဘဝအဆက်ဆက်မှ မိဘ၊ ဆရာ၊ ကျေးဇူးရှင်များအတွက် တစ်ကြိမ်၊ နောက်ဆုံးမှ မိမိ အပါအဝင် သိဒ္ဓိရှင်မဟိဒ္ဓိရှင် ပုဂ္ဂိုလ်များအား တရားတော်ဖြင့်ပူဇော်ပါ၏ဆိုပြီး ကန်တော့ပါ ဟူ၍ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမား၊ ကျေးဇူးရှင် သိဒ္ဓိရှင်မဟိဒ္ဓိရှင်ပုဂ္ဂိုလ်တို့ကို ပူဇော်ကန်တော့နည်းသင်ပေးပါသည်။

တစ်လခန့်အကြာတွင် အိပ်မက်တစ်ခုမက်ပြန်ပါသည်။ အိပ်မက်ထဲတွင် စာရေးသူသည် မျောတိုင်အရွယ် သစ်ပင်ပျိုတို့ ဆယ်ပေကြားတစ်ပင်ခန့်ပေါက်ရောက်လျက်ရှိသော တောအုပ်ကလေးကို ငေးကြည့်နေမိပါသည်။ သစ်ပင်အားလုံး ဝါးတစ်ရိုက်အထက်သာ အကိုင်းအခက်တို့ရှိပြီး သစ်ကိုင်းသစ်ရွက်တို့မှာ ထူထပ်သိပ်သည်းလှပြီးလိမ်လျက်၍နေသဖြင့် နေပြောက်ပင်ထိုးမည်မဟုတ်ပါ။ အောက်ခြေမြေပြင်ကို အခုရက်ပိုင်းလေးမှ ပေါင်းမြက်များကို အကြမ်းခုတ်ထားခြင်းဖြစ်၍ အချို့မြက်ငုတ်တို့လည်းကျန်ရှိနေသေးပြီး ပေါက်တူးမြေစာတို့ဖြင့် ညီညာခြင်းမရှိပါ။

စာရေးသူ ကြည့်နေဆဲမှာပင် အထုပ်အပိုးဖြင့် လူတစ်ယောက်ရောက်လာပြီး သစ်ပင်တစ်ပင်အောက်ထိုင်လိုက်သည်။ ပထမဆုံးလူရောက်ရှိပြီး မရှေးမနှောင်းမှာပင် အထုပ်အပိုးနှင့်လူများ (၃)ယောက်၊ (၂) ယောက်၊ (၅) ယောက်၊ တစ်ယောက်တည်း စသဖြင့် ဆက်တိုက် ရောက်ရှိလာကြသည်မှာ တဒင်္ဂအတွင်း ကျယ်ဝန်းသည့် တောအုပ်အရိပ်အောက် အကြားအလပ်မရှိအောင် လူတို့ကျစ်ညပ်သွားပါသည်။ ထူးဆန်းသည်မှာ လူများအားလုံးသည် စာရေးသူဘက်သို့ လှည့်၍ထိုင်နေကြခြင်း ဖြစ်ပါသည်။ စာရေးသူလည်း ရှက်သလိုလိုဖြစ်လာ၍ နောက်သို့လှည့်ပြန်မည်ပြုရာ အဘအောင်မင်းခေါင်ဟု အလိုလိုသိနေသောအသံ ကောင်းကင်မှ ထွက်ပေါ်လာပါသည်။

"ဆရာဘိုဘိုက ဆေးကုပေးမယ်လို့ လူတွေကြားသိ၍ ဆရာဘိုဘိုထံ ဆေးကုသရန်ရောက်လာခြင်းဖြစ်သည်"

ဟူ၍ အဓိပ္ပာယ်မျိုးဖြစ်ပါသည်။

ထိုစဉ် ရှေ့ဆုံးတွင်ထိုင်နေသူတစ်ဦးထလာပြီး -

"ကျွန်တော် ဘိုးတော်သန်းလှရဲ့ လက်ရင်းတပည့်ပါ။ ကျွန်တော့်ကိုအရင်ကုပေးပါ"

ဟု ပြောပါသည်။

စာရေးသူလည်း ခါတိုင်းလို ရေကိုသစ္စာပြုပြီး ထိုသူကိုပေးအပ်လိုက်ရာ-

"ငါ့သား၊ အဲဒီလူရဲ့နဖူးတည့်တည့်ကို လက်မနဲ့ချိန်ပြီး 'ဒိဝါတပတိဂါထာ' ရွတ်လိုက်။ ပြီးရင် ဤခုနစ်ရက်သားသမီး၏ ခန္ဓာကိုယ်တွင်း၌ နေဓာတ်၊ လဓာတ်တွေ သမမျှတစွာ စီးဆင်းပါစေလို့ ဆုတောင်းလိုက်။ တကယ်တော့ လူတွေဟာ အပူလွန်ကဲခြင်း၊ အအေးလွန်ကဲခြင်း၊ အပူချို့တဲ့ခြင်း၊ အအေးချို့တဲ့ခြင်းတွေကြောင့် ရောဂါတွေဖြစ်ကြရတာ"

ဟု ဆေးကုနည်းကို ထပ်မံညွှန်ပြခဲ့ပါသည်။

မကြာမီ ၉ ရက်၊ ၉ လဗုဒ္ဓပူဇနီယပွဲတော်ကြီးသို့ရောက်လာခဲ့ရာ အိပ်မက်ထဲကအတိုင်း စာရေးသူသည် လူထောင်ချီ၍ တစ်ရက်တည်းမှာပင် သစ္စာရေများ



www.burmeseclassic.com

www.burmeseclassic.com

တိုက်ကျွေးလိုက်ရပါသည်။

ထို့နောက်ပိုင်းတွင် လူပေါင်းများစွာကို စာရေးသူဆေးကုပေးခဲ့ရပါသည်။ နှစ်ရှည်စွဲကပ်လျက်ရှိသော ပွေး၊ ဝဲ၊ ကြွက်နို့၊ အနာစိမ်းနှင့် ရေယုန်၊ ခူနာစသည်တို့မှာ ရာနှုန်းပြည့် ပျောက်ကင်းကြပါသည်။ အခြားသော(၉၅)ပါးသော ရောဂါဝေဒနာတို့မှာလည်း (၈၀)ရာနှုန်းခန့်ပျောက်ကင်း၍ ပယောဂရောဂါများဆိုလျှင်လည်း (၉၀) ရာနှုန်းခန့် ပျောက်ကင်းသည်ကို ကြုံတွေ့ခဲ့ရပါသည်။ စာရေးသူ၏ ဆေးသိဒ္ဓိ သစ္စာရေဖြင့် ရောဂါဝေဒနာ ပျောက်ကင်းခဲ့ကြသူများမှာ ယနေ့အချိန်တွင် သောင်းဂဏန်းအထိရှိနေပြီ ဖြစ်ပါသည်။ အမြင့်ဆုံးလူတန်းစားမှ အနိမ့်ဆုံးလူတန်းစားအထိ ပါဝင်ပြီး သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်များပင် ပါဝင်ခဲ့ပါသည်။ ၂၀၁၄ ခွေက်ကူ ၉ ရက်၊ ၉ လ ဗုဒ္ဓပူဇနီယပွဲတော်ကို မြဝတီရုပ်သံနှင့် MRTV - 4 ရုပ်သံတို့မှ ခိုက်ကူးထုတ်လွှင့်ခဲ့ရာ စာရေးသူ၏ ဆေးသိဒ္ဓိအကြောင်းလည်း ပါဝင်၍ ဆေးသိဒ္ဓိသစ္စာရေအကြောင်းကို နိုင်ငံနှင့်အဝန်း ပိုမိုကျယ်ပြန့်စွာသိရှိသွားရာ စာရေးသူထံ ဆေးကုသမှုခံယူသူတို့ နေ့စဉ်လာရောက်လျက်ရှိပါသည်။

ရှေ့တွင်ဖော်ပြပါရှိခဲ့ပြီးဖြစ်သော စာရေးသူ၏ ခြေထောက်ကိုက်ရောဂါမှာလည်း ယခုထိတိုင် မပျောက်ကင်းဘဲ အရင်အတိုင်းသာရှိနေပါသည်။ ထိုအကြောင်းကို မယ်တော်ကြီးအားပြောပြမိရာ မယ်တော်ကြီးအား ရှင်မထီးဆရာတော်ဘုရားကြီး နာမ်ကိန်းကြွရောက်တော်မူလာပြီး –

“သောကြာနံစေတီအနီးမှာ ဘုရားတစ်ဆူတည်ပါ။ပဋ္ဌာလော်ဟာဆေးဘုရားပုံတော်အတိုင်း စကျင်ကျောက်နဲ့ရုပ်ပွားတော်ပူဇော်ပါ။ အဲဒီစေတီတည်ပြီးရင် မင်းရဲ့ခြေထောက်ရောဂါပျောက်မယ်။ ဒီစေတီထဲမှာ ကုသိုလ်ပါဝင်ကြမယ့်သူတွေဟာ မင်းရဲ့အတိတ်ဘဝက ဆွေမျိုး၊ ဆရာ၊ တပည့်အဖြစ် ပတ်သက်ခဲ့ဖူးသူတွေသာဖြစ်မယ်။ အတိတ်ဘဝဝဋ်ကြွေးကံကြွေးတွေကြောင့် ကုမရတဲ့ရောဂါ၊ နာလန်မထူနိုင်တဲ့ စီးပွားရေးပြုတ်သွားတဲ့အလုပ်အကိုင်၊ ရာထူး၊ ဘယ်လိုမှ လောကီ၊ လောကုတ္တရာပညာတွေကို သင်ကြားလို့မရသူတွေ၊ ဘယ်လိုဒုက္ခအကျပ်အတည်းမျိုးမဆို ရင်ဆိုင်နေကြရသူတွေ ဒီဘုရားမှာလာပြီးဆုတောင်းရင် အစစအရာရာ အဆင်ပြေ အောင်မြင်မယ်။ ဘုရားရဲ့ဘွဲ့တော်ကိုလည်း ရွှေကံကူတြိဖလစေတီတော်လို့သမုတ်ရမယ်။ တြိ ဆိုတာ (၃)၊ ဖလ ဆိုတာ အကျိုးပေါ့။ ဒီဘုရားကိုရောက်လာသူမှန်သမျှ ရတနာ (၃) ပါးကို အမြဲဦးထိပ်ထားရမယ်လို့သိလာပြီး အဲဒီအကျိုးတွေခံစားရရှိမယ်။ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့ ကုသိုလ်တရား(၃)ပါးကို အမြဲပြုလုပ်ရမယ်လို့သိလာပြီး အဲဒီအကျိုးတွေ ခံစားရမယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တဆိုတဲ့ လက္ခဏာရေး (၃) ပါးကို အမြဲမပြတ် ဆင်ခြင်နေရမယ်လို့သိလာပြီး အဲဒီအကျိုးတွေ ခံစားကြရမယ်။ ဒါကြောင့် တြိဖလလို့ အမည်သမုတ်ခြင်း ဖြစ်တယ်”

ဟု ရှည်လျားစွာမိန့်ကြားတော်မူခဲ့ပါသည်။

ဤတစ်ကြိမ်တွင်တော့ စာရေးသူ စောဒကမတက်တော့ပါ။ ရှင်မထီးမှမိန့်ကြားသည်ဟု အကြွင်းမဲ့ ယုံကြည်မိပါသည်။ ထို့ကြောင့် ၂၀၁၅ နှစ်ဆန်းသည်နှင့် ဤစေတီတော်ကို စတင်တည်ထားတော့မည် ဖြစ်ပါသည်။ ဆေးသိဒ္ဓိသစ္စာရေဇာတ်လမ်းတွင် ရွှေကြက်ယက်တောင်ပေါ်၌ စာရေးသူအား သက်နှုံးဝတ်ရန် ရှင်မထီးဆရာတော်ကြီးမှ ပထမဆုံးမိန့်ကြားတော်မူ၍ ရွှေပေါ်ကျွန်းဆရာတော်ကြီးမှ နန္ဒင်းအမြဲတေပေးခဲ့သည်။ ရသေ့ကြီးဦးခန္တီမှ ဆင်းတုံးမန္တယ်အမြစ်ပေးခဲ့သည်။ (မယ်တော်ကြီးကို နာမ်ကိန်း၍ ပြောကြားခြင်း ဖြစ်သည်။) ထို့နောက် အဘအောင်မင်းခေါင်မှ ဆေးကုနည်းလမ်းညွှန်ခဲ့ပါသည်။

ယခုလည်း ရှင်မထီးဆရာတော်ကြီး ဒုတိယအကြိမ်ပြန်လည်ပေါ်ပေါက်လာပြီးညွှန်ကြားပြန်ပြီ ဖြစ်ပါသည်။ ရွှေပေါ်ကျွန်းဆရာတော်ဘုရားကြီး၊ဘရသေ့ကြီးဦးခန္တီနှင့် အဘအောင်မင်းခေါင်တို့မည်သို့သောအခန်းကဏ္ဍဖြင့် ပါဝင်ပေါ်ထွက်လာဦးမည်နည်း။ အခြားမည်သည့်ထူးခြားမှုများနှင့် မည်သည့်ပစ္စည်းတို့ရရှိဦးမည်နည်း မသိနိုင်သေးပါ။

စာရေးသူသည် ရွှေကြက်ယက်တောင်ပေါ်တွင် စေတီတော်တည်ထားမည့်အကြောင်းကို ရွှေကံကူသာဝက အချို့နှင့် ရွှေကြက်ယက်ရွာမှ ကိုမြင့်ဦးကို ပြောကြားပြီး ဖြစ်ပါသည်။ ထိုကိစ္စကို ရွှေကြက်ယက်ဘုရားဂေါပကအဖွဲ့များကို အသိပေးပြောကြားထားနှင့်ရန် မှာကြားထားပါသည်။ ၂၀၁၄၊ (၁၀) လပိုင်းတစ်ညနေခင်းတွင် စာရေးသူ၏ ကပည့်လေးတစ်ဦးဖြစ်သော မန္တလေးမြို့မှ (စိန်ကြယ်အထည်မျိုးစုံရောင်းဝယ်ရေး) မောင်ကျော်မင်းသိန်းနှင့်သောကြာနံစေတီသို့ သွားရောက်ခဲ့ပါသည်။

ဤတောင်တော်နှင့် ဤသောကြာနံစေတီတို့သည် စာရေးသူနှင့် ပဋ္ဌာန်းအကြောင်းဆက်တို့ပါရှိခဲ့ပါက ဤနေရာတွင် အခက်အခဲအဟန့်အတားမရှိစေတီတော်တစ်ဆူ အောင်မြင်စွာ တည်ထားနိုင်ရပါစေလို၏ အရှင်ဘုရားဟု သစ္စာပြု တိုင်တည်ကာ ဆုတောင်းလိုက်ပြီး မောင်ကျော်မင်းသိန်းနှင့် အတူပါလာသောမောင်ကျော်မင်းသိန်းတို့နှင့်တရုတ်မျိုးနွယ်တူညီတော်စပ်သူတို့ကို သောကြာနံစေတီပတ်လည်တွင် အမွှေးတိုင်များ ထွန်းညှိစေပြီး ဘဝဆက်ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်အပေါင်းတို့ကို ဧတ္တာပို့သပြီး အမျှပေးဝေ၍ ပြန်ခဲ့ကြပါသည်။

စာရေးသူမှ မောင်ကျော်မင်းသိန်းကို ဤအကြိမ်သည် အလွတ်သဘောတိုးတိုးတိတ်တိတ်လာရောက်အဓိဋ္ဌာန်ပြုခြင်းမျှသာဖြစ်၍ ကိုမြင့်ဦးနှင့်ဂေါပကအဖွဲ့တို့ကို သွားရောက် တွေ့ဆုံခြင်း၊ အသိပေးခြင်းမပြုတော့ကြောင်း၊ ပဋ္ဌာန်းဆက်မှန်လျှင် ယခုအဓိဋ္ဌာန်အတွက် ထူးခြားမှုတို့ဖြစ်ပေါ်လာမည်ဖြစ်ကြောင်းတို့ကိုပြောကြားပြီး စာရေးသူတို့ စဉ့်ကိုင်မြို့အောင်မြေသို့ ပြန်ခဲ့ကြပါသည်။

(၃) ရက်ခန့်အကြာတွင် ကိုမြင့်ဦးမှ စာရေးသူထံ ဖုန်းဆက်လာပါသည်။

“ဆရာဘို၊ ဘုရားတည်ဖြစ်လား”

“တည်ဖြစ်တယ်ဗျ။ နဂိုကတည်းက စီစဉ်ထားတဲ့အတိုင်း ၂၀၁၅ မှာတည်မှာ”

“အဲဒါဆိုပြီးရော။ ဂေါပကအဖွဲ့ကို ပြောထားပြီးပြီ၊ နေရာနှစ်နေရာရှိတယ်။ နေရာလာရွေးပါတဲ့။ ကျန်တဲ့ကိစ္စတွေ ဂေါပကပဲ စီစဉ်ဆောင်ရွက်ပေးမှာမို့ နေရာပြပေးရင်ရပြီလို့ ပြောတယ်။ လွန်ခဲ့တဲ့ (၂) ညလောက်က သောကြာနံစေတီကမဟုတ်ဘဲ ကွက်လပ်တစ်နေရာက ရောင်ခြည်တော်လွှတ်တယ်။ အခုလည်း ရွှေကြက်ယက်ရုပ်ပွားတော်ကြီးမှာ မျက်နှာတော်နဲ့ ရင်ဘတ်တော်တွေက ရေတွေကျနေလို့ လာဖူးတဲ့သူတွေနဲ့ တရုန်းရုန်းဖြစ်နေတယ်”

ဟူ၍ဖြစ်ပါသည်။

စာရေးသူ အဓိဋ္ဌာန်ပြုပြီးမှထူးခြားမှုများဖြစ်ပေါ်သဖြင့် စာရေးသူလည်း ဝမ်းသာခြင်းနှင့်အတူ အားတက်မိရပါသည်။

(၁၀)ရက်ခန့်အကြာတွင်မှ နေရာ



www.burmeseclassic.com

www.burmeseclassic.com

ရွေးချယ်ရန် ရွှေကြက်ယက်သို့သွားဖြစ်ပါသည်။ မန္တလေးမြို့ မြောက်ပြင် ရွှေသီးကုန်မာမျိုးစုံရောင်းဝယ်ရေးမှ တပည့်ကလေး မောင်ဝင်းနိုင်ကို ပို့ဆောင်စေခဲ့ပါသည်။ ကိုမြင့်ဦးမှ ဘုရားတည်ခွင့်ရသော နေရာနှစ်ခုကိုလိုက်ပြရင်း -

"ဆရာဘို၊ တော်တော်ထူးဆန်းတယ်ဗျ။ လွန်ခဲ့တဲ့ (၃) ရက်လောက်က ဆရာဘိုဘုရားတည်မယ့်တောင်စောင်းအောက်မှာ စပါးကြီးမြွေကြီး (၂) ရက် (၂) ညရောက်လာပြီးနေသွားတယ်။အခု ဘယ်ရောက်သွားလဲမသိတော့ဘူး"

ဟုပြောပါသည်။

တစ်ဖန် ၂၀၁၄၊ ၁၀ လပိုင်းတွင် ရုပ်ရှင်တော်မြတ်သည် ပြင်ဦးလွင်မြို့သို့ ကြွမြန်းတော်မူခဲ့ပါသည်။ ရုပ်ရှင်တော်မြတ်အား အောင်မြေသို့ ပြန်လည်ပို့ဆောင်သောအခါ ပြင်ဦးလွင်မြို့တွင် အချိန်ပိုင်းမျှ ပင့်ဆောင် ပူဇော်ခွင့်ရရှိသော မြန်မာတိုင်းရင်းဆေးသမားတော်ကြီးလည်း ပါရှိလာပါသည်။ သမားတော်ကြီးသည် မန္တလေးအဆက်ဖြစ်ပါသည်။ ထိုနေ့က လိုက်ပါပို့ဆောင်ကြသော ဒေါ်သန်းမေနှင့်သမီးများ၊ အခြားဧည့်သည်များပါပါရှိနေ၍ မန္တလေးသို့ပြန်သွားပြီး ညအိပ်မည်။ မနက်ဖြန်မှ ပြင်ဦးလွင်မတက်မီလာခဲ့ဦးမည်ဟု ပြောသွားပါသည်။

နောက်နေ့မနက်တွင် သမားတော်ကြီးရောက်ရှိလာပါသည်။ ရွှေကံကူပုံတော်များ၊ မိတ်ဆွေများကမှာကြားလိုက်၍ အများအပြားဝယ်ယူပူဇော်သွားပါသည်။ ထို့နောက် စာရေးသူ၏ဆေးသိဒ္ဓိသစ္စာရေအကြောင်း စိတ်ဝင်စား၍ပြောပြပါရန် မေတ္တာရပ်ခံသဖြင့် စာရေးသူလည်း အထက်ပါအကြောင်းအရာတို့ကို ရှည်လျားစွာ ပြောပြရပြန်ပါသည်။ စာရေးသူပြောပြနေသော အကြောင်းအရာတို့မှာ တကယ့်အဖြစ်မှန်များသာဖြစ်သော်လည်း နားထောင်ရသူတို့အဖို့ ယုံနိုင်စရာမရှိပါ။ ပုံပြင်ပြောပြနေသကဲ့သို့သာ ထင်မှတ်ရမည်ဖြစ်ပါသည်။ သို့သော် ဆေးသမားတော်ကြီးနှင့်တကွ နားထောင်ကြသူ ပရိသတ်တို့ကတော့ တကယ်ယုံကြည်ကြပါသည်။

စာရေးသူ၏ဇာတ်လမ်းဆုံးသွားသောအခါ ဆေးသမားတော်ကြီးမှ စာရေးသူ၏ ဆေးမြစ်များကို လေ့လာကြည့်ရှုလိုကြောင်းပြောပါသည်။(စာရေးသူသည် ယခုအခါ၌ ဆေးသိဒ္ဓိသစ္စာရေပေးဝေရာတွင် ရေပြဒါးနှင့်မိုင်းဖုံးဆရာတော်ဘုရားကြီးတို့၏ ဆေးတောင့်ကိုပါ အသုံးပြုလျက်ရှိပါသည်။ ရေပြဒါးလက်ဝယ်ရောက်ရှိပုံမှာ ၂၀၁၃ သာမညခရီးစဉ်တွင် ဦးရွှေမောင်နေအိမ်သို့ ရုပ်ရှင်တော်မြတ်ကြွရောက်တော်မူစဉ် ဦးရွှေမောင်သည် မယ်တော်ကြီးကို ကြည်ညိုစိတ်တို့ဖြစ်ပေါ်လာ၍ ၎င်းထံတွင်ရှိသော ရွှေပြဒါးကိုခွဲ၍ပေးလိုက်ခြင်းဖြစ်ပါသည်။)

ဦးရွှေမောင် ရေပြဒါးရရှိပုံက ဤသို့ဖြစ်ပါသည်။ သာမညနယ် ကရင်ရွာကလေးတစ်ရွာမှ တံငါသည်တစ်ဦးသည် လသာသောညတစ်ညတွင် ချောင်းရိုးတစ်လျှောက် လှေကလေးနှင့် ပိုက်ကွန်ပစ်လျက်ရှိပါသည်။တစ်နေရာအရောက်တွင် ငါးကြီးတစ်ကောင်အစာဟပ်နေသည်ကို မြင်တွေ့၍ ကွန်ပစ်ပြီးဆွဲယူလိုက်ပါသည်။ ကွန်ထဲတွင် ဧရာမငါးကြီးတစ်ကောင်ပါရှိလာမည်ဟု ထင်ထားသော်လည်း လက်သီးဆုပ်ခန့်လေးလံသော ခဲလုံးကြီးသာပါရှိလာသည်။ ထိုခဲလုံးကြီး၏တစ်နေရာတွင် ပါးစပ်သဏ္ဌာန်လည်းပါရှိသည်။ ဘာမှန်းတော့မသိပါ။ အိမ်မှာသိမ်းထားလိုက်ပြီး နီးစပ်ရာလူများကိုမေးကြည့်ရာ ရေပြဒါးဖြစ်ကြောင်း၊ တန်ဖိုးကြီးမားကြောင်း သိရပါ သည်။

မကြာမီမှာပင် DKBA အဖွဲ့မှ ခေါင်းဆောင်တစ်ဦး ရောက်ရှိလာပြီး ရေပြဒါးကို ဝယ်ယူရာ တစ်ဝက်သာ ရောင်းလိုက်ပါသည်။ ထို့နောက် ကရင်တံငါသည်ကြီးသည် ဦးရွှေမောင်ထံလာရောက်ပြီး ကျန်ရှိသော ရေပြဒါးတစ်ဝက်ပါ ရောင်းချသွားပါသည်။

ထိုစဉ်က သာမညဆရာတော်ဘုရားကြီး သက်ရှိထင်ရှားရှိနေသေး၍ ဦးရွှေမောင်သည် ရေပြဒါးကိုယူဆောင်ပြီး ဆရာတော်ကြီးကို ပြသမေးမြန်းလျှောက်ထားရာ ဤအရာသည် ရေပြဒါးစစ်မှန်ကြောင်း၊ သဘာဝအလျောက်ရှားရှားပါးပါး ဖိုမထိုးရဘဲရရှိသည့် ပြဒါးရှင်ဖြစ်ကြောင်း၊ ရေထဲတွင် ငါးအစာဟပ်သကဲ့သို့ဖြစ်နေခြင်းမှာ အာကာသထဲမှကျရောက်လာသည့် အလွန်အင်မတန်သေးငယ်မှန်မွှားသော ပြဒါးများကိုစားနေခြင်းဖြစ်ကြောင်း၊ ဤရေပြဒါးကိုဆောင်ယူထားလျှင် စည်းစိမ်ဥစ္စာရွှေငွေ ရတနာတို့ အလိုလိုပေါ်ကြွယ်လာမည်ဖြစ်ကြောင်းနှင့် ဆရာတော်ဘုရားကြီးထံတွင်လည်း ရေပြဒါးရရှိထားပါသည်ဟု မိန့်ကြားတော်မူလိုက်ပါသည်။ ထိုအချိန်မှစ၍ ဦးရွှေမောင်သည် ရေပြဒါးကိုကောင်းမွန် ရိုသေစွာ သိမ်းဆည်းထားခဲ့ရာ ဆရာတော်ကြီးမိန့်ကြားသကဲ့သို့ အလုပ်အကိုင်နှင့်စီးပွားရေးတို့သိသိသာသာ တိုးတက် အောင်မြင်လာခဲ့ပါသည်။

(မိုင်းဖုံးဆရာတော်ဘုရားကြီး၏ ဆေးတောင့် လက်ဝယ်ရရှိပုံမှာ ဤသို့ဖြစ်ပါသည်။ စဉ့်ကိုင်မြို့ စာရေးသူတို့ ရန်အောင်မြင်ရပ်ကွက် စာရေးသူတို့၏ မြောက်ဘက်နားလေးတွင်နေထိုင်သော ဦးအောင်သန်းဆိုသူရှိပါသည်။ ဦးအောင်သန်းသည် လမ်းစဉ်ပါတီခေတ်နှောင်းကာလကတည်းကပင် ရန်ကုန်မြို့တွင် မောရွှေလီစားသောက်ဆိုင်ကို ဖွင့်လှစ်ခဲ့ပါသည်။ဦးအောင်သန်းသည် အပေါင်းအသင်းဆံ့သူဖြစ်၍ တပ်မတော်အစိုးရခေတ်ဦးတွင် တပ်မတော်ထောက်လှမ်းရေးအကြီးအကဲများနှင့်ပါ ရင်းနှီးကျွမ်းဝင်ခဲ့သည်။ ထို့နောက် ကုမ္ပဏီများတွင် ရှယ်ယာများ ပါဝင်ခဲ့ပြီး ရန်ကုန်မြို့ အထက်တန်းလွှာအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့ခဲ့သည်။ ထိုသို့ဖြင့် မိုင်းဖုံးဆရာတော်ကြီးထံ အကြိမ်ကြိမ်ရောက်ရှိခဲ့ပြီး ဆရာတော်ကြီးနှင့် ရင်းနှီးခဲ့ခြင်းဖြစ်သည်။

ဦးအောင်သန်းသည် တပ်မတော်အစိုးရခေတ်လယ်ပိုင်းအရောက်တွင် စဉ့်ကိုင်မြို့သို့ပြန်လာပြီး တောမတောင်ပေါ်ကျောင်းတွင် ဦးအာဒိစ္စ ဟူသောဘွဲ့ကိုခံယူလျက် သာသနာ့ဘောင်သို့ အပြီးတိုင် ဝင်ရောက်သွားခဲ့သည်မှာ ယနေ့တိုင်အောင်ပင်ဖြစ်သည်။ သို့သော် စာရေးသူတို့သည် ဦးပဉ္စင်းကြီးဦးအောင်သန်းထံ သွားလာဝင်ထွက်မှု၊ ဆက်သွယ်မှုလုံးဝမရှိပါ။ သို့သော် ပြီးခဲ့သော ၂၀၁၄၊ (၁၀) လပိုင်း ပြင်ဦးလွင်ခရီးစဉ်မှာပင် ဦးပဉ္စင်းကြီး ဦးအောင်သန်းသည် ရွှေကံကူ လေပျံသစ်တော်ရုပ်ရှင်တော်မြတ်၏ ခရီးစဉ်ကို ကြားသိရ၍ ပြင်ဦးလွင်အောင်ချမ်းသာ ပန်းတန်းမန်းကဖေးမှ စောင့်ကြိုကာ ရုပ်ရှင်တော်မြတ်ကို ဖူးမြော်ကန်တော့ပြီး မယ်တော်ကြီးကို မိုင်းဖုံးဆရာတော်ကြီး၏ သက်န်းတော် လှူလိုကြောင်းပြောပါသည်။ ဤသင်္ကန်းတော်သည် မိုင်းဖုံးဆရာတော်ကြီး (၃) နှစ် ဂူအောင်း၍ အဓိဋ္ဌာန်ဝင်ရောက်စဉ်က သင်္ကန်း(၃)စုံသာသုံးဆောင်ခဲ့သည်။ ယခုသင်္ကန်းမှာ ထို(၃)စုံအနက်က တစ်စုံဖြစ်သည်ဟုပြောပါသည်။

ထို့နောက် စာရေးသူအား ဦးပဉ္စင်းကြီး ဦးအောင်သန်းမှ မိုင်းဖုံးဆရာတော်ကြီးထံမှ ရရှိထားသော ဆေးသမားတော်



www.burmeseclassic.com

www.burmeseclassic.com

ပေးအပ်ပြန်ပါသည်။ ထို့ကြောင့် ယနေ့အချိန်တွင် မိုင်းဖုံးဆရာတော်ကြီး၏ ဆေးတောင့် စာရေးသူလက်ဝယ်ရောက်ရှိနေခြင်း ဖြစ်ပါသည်။)

• ရေပြဒါးရရှိပုံမှာ မယ်တော်ကြီးသာမညခရီးစဉ်မှပြန်လည်ရောက်ရှိလာပြီး ရေပြဒါးကို စာရေးသူတို့အား ပြသသုံးကိုက်ရှိနေစဉ်မှာပင် မယ်တော်ကြီးအား ရှင်မထီးဆရာတော်ဘုရားကြီးမှ နာမ်တိန်း၍ -

"ရေပြဒါးဆိုတာ ရှင်မထီးနဲ့ဓာတ်တူနာမ်တူပဲကွ။ အဲဒီရေပြဒါးကို (၃)ပိုင်းအညီအမျှပိုင်းပြီး မင်းတို့မောင်နှမသုံးယောက်ဆောင်ထားကြ"

ဟု မိန့်ကြားတော်မူခဲ့ပါသည်။

ထို့ကြောင့် စာရေးသူထံသို့ပါ ရေပြဒါးရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ရေပြဒါးသည် ခဲတုံးကဲ့သို့အရောင်တူပြီး ခဲကဲ့သို့ပျော့ပါသည်။ ဟင်းလျာစတီးဓားနှင့်ပင်ပိုင်းဖြတ်၍ရပါသည်။

ဆေးသမားတော်ကြီးအား ကိုင်တွယ်ကြည့်ရှုနိုင်ပါကြောင်းပြောပြပြီး ဆင်တုံးမန္တယ်မြစ်၊ ရေပြဒါး၊ မိုင်းဖုံးဆရာတော်ကြီး၏ ဆေးတောင့်တို့ကို ပေးအပ်လိုက်ပါသည်။ ဆေးသမားတော်ကြီးသည် ထိုပစ္စည်းများကို ၎င်း၏ယာဘက်လက်ဖဝါးပေါ်သို့ တင်လိုက်ပါသည်။ ထင်မှတ်သော ထူးခြားမှုတစ်ခု ပေါ်ပေါက်လာပါ၏။ ပြဒါးသည် သတ္တုတစ်မျိုးဖြစ်၍ မိုင်းဖုံးဆရာတော်ကြီး၏ဆေးတောင့်သည် သစ်မြစ်၊သစ်ဥ၊ပန်းစသော သစ်ပင်မျိုးဖြစ်ပါ၏။ သို့သော် ရေပြဒါးသည် သံလိုက်ကဲ့သို့၊ ဆေးတောင့်သည် သံချောင်းကဲ့သို့ဖြစ်သွားပြီး ရေပြဒါးဆီသို့ ဆေးတောင့်ကလေးက ပြေး၍ကပ်ပါသည်။ ထို့နောက် ဆေးတောင့်ကလေးသည် အလိုလိုဖြည်းဖြည်းချင်းထောင်၍လာပါသည်။ ဆေးတောင့်ကလေးမှာ အချိန်ကြာမြင့်စွာထောင်နေပါသည်။ လက်ဖဝါးကို လှုပ်ရှားကြည့်သော်လည်း မလဲသွားပါ။ တစ်နေကုန်ထားလျှင် တစ်နေကုန်ထောင်နေမည်ဟု ယူဆနိုင်ပါသည်။ အချိန်အတန်ကြာသောအခါမှ မယ်တော်ကြီးက'ငါ့လက်ပေါ်တင်ကြည့်ပါဦး' ဟု ဆိုကာ ဆေးသမားတော်ကြီးထံမှ ပစ္စည်းများကို ယူဆောင်ပြီး မယ်တော်ကြီးလက်ပေါ်တင်ကြည့်သည်။

"လက်ထဲမှာ တိုးတော့တိုးနေတယ်၊ ဒါပေမယ့် သမားတော်ကြီးလို တော့မဖြစ်ဘူး"

ဟု မယ်တော်ကြီးက ပြောပါသည်။

ဆေးသမားတော်ကြီး လက်ဖဝါးပေါ်သို့ နောက်တစ်ကြိမ်တင်ကြည့်ပြန်ရာ စောစောကလိုမဖြစ်တော့ပါ။ ဖြစ်လေ့ဖြစ်ထရှိတဲ့သဘာဝမို့ဆိုလျှင် အမြဲတမ်းဖြစ်မှာပေါ့။ ဒါက သဘာဝလွန်သိဒ္ဓိအစွမ်းပြတာမို့ တစ်ကြိမ်တစ်ခါသာ အကြောင်းတရားတွေတိုက်ဆိုင်မှာဖြစ်ပေါ်တတ်တာဟု မယ်တော်ကြီးမှ ရှင်းပြပါသည်။

ဆေးသမားတော်ကြီးသည်လည်း စာရေးသူပြောပြခဲ့သော ဆေးသိဒ္ဓိသစ္စာရေဇာတ်လမ်းကို ပိုမိုယုံကြည်သွားပြီး ကိုယ်တိုင် ကြုံတွေ့လိုက်ရသော ထူးခြားမှုကြောင့်လည်း ဝမ်းသာပီတိဖြစ်လျက်ရှိပါသည်။ ၎င်း၏ ဆေးတိုက်မှ ဖော်စပ်ထုတ်လုပ်မည့် ဆေးဝါးများတွင် စာရေးသူ၏ ဆေးသိဒ္ဓိသစ္စာရေများကို ထည့်သွင်း ဖော်စပ်ခွင့်ပြုပါဟု ဆိုကာ ဆေးသိဒ္ဓိသစ္စာရေများကိုလည်း ယူဆောင်သွားခဲ့ပါသည်။

စာရေးသူတို့ ရွှေကံကူမိသားစုမှ ရွှေကံကူတြိဖလစေတီတော် တည်ထားကိုးကွယ် ရည်ရွယ် စိတ်ကူးခါမျှနှင့် ဤကဲ့သို့သော ထူးခြားမှုများ စတင်ကြုံတွေ့နေရပြီ ဖြစ်ပါ၏။

စေတီတော်ပုံစံကို မယ်တော်ကြီးမှ ရှင်မထီး၏ဓာတ်ဖြင့် ပုံကြမ်းထုတ်ပေးပါသည်။ ကုလားကျောင်းခံဖြစ်၍ ပုဂံခေတ် စေတီတော်မူဘုရားများပုံစံဖြစ်နေပါသည်။ကုလားကျောင်းခံပေါ်မှအလယ်တည့်တည့်တွင် စေတီပေါက်၍ ထောင့်(၄) ထောင့်တွင် အရံစေတီတော်(၄)ဆူပါဝင်ပါမည်။ မုခ်လေးမုခ်ပါရှိပြီး ရုပ်ပွားတော်လေးဆူ (ပွင့်တော်မူပြီးကုန်သော ဘုရား (၄) ဆူ) ကျောချင်းကပ်ပုံစံ အပူဇော်ခံပါမည်။ ရုပ်ပွားတော်များကို တြိဖလ ပဉ္စလောဟာ ဆေးဘုရားပုံစံတော်အတိုင်း စကျင်ကျောက်ဖြင့် ပူဇော်မည် ဖြစ်ပါသည်။ ဘုရားလေးဆူရှေ့တွင် စကျင်ကျောက်ဖြင့် သပိတ် သို့မဟုတ် ဆေးအိုးပုံသဏ္ဌာန် ပြုလုပ်ထားရှိပြီး ဘုရားဖူးလာရောက်ကြသူတို့ ရောဂါ၊ ဆေး စသည်တို့ကိုထည့်ပြီး ဆေးသိဒ္ဓိတောင်းခံကြရန်ဖြစ်ပါသည်။

ယခုပင် နီးစပ်သူတို့က -

"ဆရာ၊ ဘုရားတည်လျှင် ကုသိုလ်ပါဝင်ပါရစေ"

ဟု ဆိုသူတို့မနည်းရှိနေပေပြီ။ စာရေးသူတို့သည် လုပ်ငန်းများကို စီမံကိန်းချပြီး ကြိုတင်ပြင်ဆင်စုဆောင်းပြီးမှ လုပ်ကိုင်ကြခြင်း ဖြစ်ပါသည်။ထို့ကြောင့် ၂၀၁၄ ခုနှစ်တွင် ရွှေကံကူကျောင်းတော်ကြီးဆောက်လုပ်ရန် ဟူသော ရည်ရွယ်ချက်အတိုင်း သိန်းပေါင်း (၃၅၀၀) ကုန်ကျသော (၃)ထပ်ကျောင်းဆောင်ကြီးကို ၅-၉-၂၀၁၄ တွင် လုံးဝ ပြီးစီးအောင်မြင်စွာဖြင့် ဆောက်လုပ်နိုင်ခဲ့ပြီဖြစ်သကဲ့သို့ ၂၀၁၅ ခုနှစ်အတွက် ကြိုတင်လျာထားရည်မှန်းချက်အတိုင်း ပခုက္ကူမြို့ ရွှေတန့်တစ်ဘုရားရှိ အလောင်းစည်သူမင်းအား သိကြားမင်း ဆက်သခဲ့သည့် သရက္ခန်ရုပ်ပွားတော်မြတ်နှင့် ပခန်းကြီးမြို့ စည်သူရှင်ဘုရားရှိ အလောင်းစည်သူမင်းအား သိကြားမင်း ဆက်သခဲ့သည့် သရက္ခန်ရုပ်ပွားတော်မြတ်တို့ကို ရွှေသားစလွယ်၊ မကိုဋ်တော်တို့ လှူဒါန်းရန် စစ်ကိုင်းမြို့မှ နိုင်ငံကျော် ပန်းထိမ်ဆရာကြီးဦးကျော်ဇောနှင့် စီစဉ်နေပြီဖြစ်သကဲ့သို့ ရွှေကြက်ယက်တောင်တော်ပေါ်တွင် ရွှေကံကူတြိဖလစေတီတော်တည်ထားကိုးကွယ်ရန်လည်း စီစဉ်၍နေပြီ ဖြစ်ပါသည်။

စာရေးသူတို့သည် ရှေးကလည်း ဘဝများစွာသံသရာကို အဖန်ဖန်အထပ်ထပ်လည်ခဲ့ပြီးပြီဖြစ်သကဲ့သို့ ရှေ့တွင်လည်း နိဗ္ဗာန်သို့မျက်မှောက်မပြုနိုင်သေးသရွေ့ ဘဝများစွာကို အဖန်ဖန်အခါခါ လည်ရဦးမည် ဖြစ်ပါ၏။ ဘယ်ကလာသည်၊ ဘယ်ကိုသွားရမည် စသည်တို့ကို တွေးတော ကြံစည်ရန် မလိုအပ်ပါ။ မိမိရရှိသော ဘဝအခြေအနေ၌ လုပ်နိုင်သမျှသော ဒါန၊ သီလ၊ ဘာဝနာ စသော ကုသိုလ်တရားများကို ပြုနိုင်သမျှပြုသွားကြရန်သာဖြစ်ပါ၏။

မကြာမီ ရွှေကြက်ယက်တောင်တော်ပေါ်တွင် ရွှေကံကူ တြိဖလစေတီတော် ပေါ်ထွန်းလာပေတော့မည်။ ထိုအခါ ခုနစ်ရက်သားသမီးအပေါင်းတို့သည် မိမိတို့အတိတ်ဘဝများက ပါရှိခဲ့သော ဝဋ်ကြွေး၊ ကံကြွေး၊ ဝဋ်နာ၊ ကံနာတို့ကို အဓိဋ္ဌာန်ပြု ဆုတောင်း၍ ယခုလက်ရှိဘဝနှင့် နောင်ဘဝသံသရာတို့အတွက် ကောင်းကျိုးချမ်းသာများ ရယူခံစားနိုင်တော့မည်ဖြစ်ကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။

(ခုနစ်ရက်သားသမီးအပေါင်းတို့ အတိတ်ဘဝ ဝဋ်ကြွေးကံကြွေးများကင်းစင်၍ ကောင်းကျိုး ချမ်းသာ မင်္ဂလာများနှင့် ပြည့်စုံကြပါစေဟု ဆန္ဒပြုပါ၏။)

ဘိုဘို (ရွှေကံကူ)

www.burmeseclassic.com

လူတစ်ယောက်ဟာ သာမန်အားဖြင့် အသက်ရှူရပ်သွားပြီဆိုရင် သေဆုံးတယ်လို့ အကြမ်းဖျင်းသတ်မှတ်လိုက်ကြတယ်။ တချို့လည်း အသက်ရှူရော နှလုံးခုန်ပါ ရပ်သွားကာ အတန်ကြာမြောသွားပြီးမှ ရုတ်တရက် နှလုံးပြန်ခုန်လာလို့ သေရွာပြန်ကိုယ်တွေ့ဆိုပြီး ပြောစမှတ်ဖြစ်ကြတာလည်းရှိကြတယ်။

အသက်ကြီးပိုင်း ခုနစ်ဆယ်ကျော်ရှစ်ဆယ်လောက် သက်တမ်းပြည့်နေပြီးမှသေဆုံးခြင်း၊ လူလတ်ပိုင်းသုံး-လေးဆယ်လောက်မှာ ရောဂါတစ်ခုခုနဲ့ သေဆုံးသွားရခြင်းမျိုးဟာ ဖြေသာလှသော်လည်း မမျှော်လင့်တဲ့ ရုတ်တရက်သေဆုံးခြင်းမျိုးကိုတော့ လူတိုင်းကြောက်ရွံ့မလိုလားကြပေ။ ဓသေရမှာ လူတိုင်းသိသော်လည်း လူ့လောကဟာ အင်မတန်ကျယ်ပြောပြီး မဆုံးမရှိတဲ့ အာရုံခံစားမှုတွေပြည့်နေလို့ သာမန်အားဖြင့် သေဖို့မေ့နေတတ်ကြတယ်။ မေ့လောက်အောင်လည်း ယနေ့ခေတ်မှာ ဆန်းသစ်တဲ့နည်းပညာတွေက ဖုံးလွှမ်းနေကြတာကိုး။ ပထမအရွယ် ကလေးဘဝမှာ ကစားမယ်၊ စားမယ်၊ အိပ်မယ်၊ ကျောင်းနေ ပညာရှာ၊ ဒုတိယအရွယ်မှာ ချစ်သူရှာ၊ မိဘအုပ်ထိန်းမှုအောက်က ရုန်းထွက် ဘဝကြင်ဖော်အဖြစ် ရွေးချယ်အိမ်ထောင်ပြု၊ ဇနီးသားသမီးတွေနဲ့စားဝတ်နေမှုဝဲဂယက်ထဲမှာ ရုန်းကန်ကြ၊ သေဖို့ထက် နေဖို့သာလုံးပန်းနေကြတာ လူ့အဖွဲ့အစည်းရဲ့သဘာဝမဟုတ်တာတွေပါပဲ။

ကလေးဘဝတုန်းက -

'ဒီကောင်လေး၊ ကဲလိုက်တာလွန်ရော။ ငါလက်မအားသေးလို့နော်၊ သေဖို့ပြင်ထား'

အမေ့ရဲ့အော်ငေါက်ကြိမ်းမောင်းသံ၊ ကြီးလာတော့လည်း လူမှုဆက်ဆံရေးနယ်ပယ်မှာ အချင်းချင်း ပြဿနာတစ်ခုအပေါ် ဒေါပွပြီး -

'ဒီလောက်တောင် လူပါးဝတဲ့ကောင်၊ တွေ့ကြသေးတာပေါ့ကွာ။ တွေ့ရင်တော့ သေဖို့သာပြင်ထား'

ဆိုသော စကားစုကို ပေါ့ပေါ့တန်တန်ပြောဆိုကြတာကို ကြားဖူးနားဝရှိနေသည်မှာ ကြာလေပြီ။

သေဖို့မပြင်နိုင်သေးခင် မြန်လွန်းလှသော သေခြင်းတရားက သတိသံဝေဂရစရာ သာဓကများစွာပြခဲ့လေပြီ။

တစ်နေ့ ရုံးပိတ်ရက် ထိုင်နေကျလက်ဖက်ရည်ဆိုင် စကားဝိုင်းထဲက ကျွန်တော့်ဘော်ဒါ ကိုကျော်ကြီးအသံက အကျယ်ဆုံး။ ရယ်လိုက်မိရင်လည်း အတောမသတ်နိုင်။ ပိုက်ကျော်ခြင်းကစားကို ဝါသနာအရ လိုက်စားတဲ့ ကစားသမားမို့ တောင့်တင်းတုတ်ခိုင်တဲ့ ခန္ဓာကြီးနဲ့ ဆေးလိပ်၊ အရက်လည်းကင်း၊ သဘောလည်းကောင်းလို့ ချစ်သူခင်သူဝိုင်းဝိုင်းလည်ပေါ့။ စကားကောင်းနေတုန်း တစ်ခုခုသတိရလိုက်ဟန်နှင့် 'ကိုးနာရီတောင်ထိုးတော့မယ်။ ငါသွားစရာရှိလို့' ပြောပြောဆိုဆို ဖြုန်းဆိုထသွားပါလေရော။ နောက်တစ်နာရီနီးပါးကြာပြီးမှ စကားစဖြတ်ပြီး အိမ်ပြန်ခဲ့ပါတယ်။ အိမ်ရောက်လို့ ဘုရားပန်းလဲဖို့ နောက်ဖေးဝင်သွားတုန်းရှိသေး ခြင်းတောင်းလေးတယမ်းယမ်းနဲ့ ဈေးမှ ကတိုက်ကရိုက်ပြန်လာဖုံရတဲ့ဇနီးက အိမ်ပေါက်ဝကနေ -

"ကိုသက်ရေ၊ ကိုကျော်ကြီးဆုံးပြီတဲ့"



# ဖိုးသက်

## စိမ်းလန်းသောမနက်ဖြန်ပေါင်းများစွာ ဖြတ်သန်းချင်သော်လည်း . . .

ခြောက်ကပ်ကပ်အသံအက်ကြီးနဲ့ ဒရောသောပါးလှမ်းအော်သံကြားလိုက်တော့ ကျွန်တော်လည်း ဟာခနဲသာ အသံထွက်နိုင်ပြီး ဖိနပ်တောင်စီးဖို့ သတိမရဘဲ ဟိုဘက်တစ်လမ်းကျော်က ကိုကျော်ကြီးတို့အိမ်ကိုဒုန်းစိုင်းပြေးသွားမိပါတော့တယ်။ ကျွန်တော်နဲ့လမ်းခွဲခဲ့တာ တစ်နာရီကျော်လောက်သာရှိပါသေးတယ်။

စုရုံးစုရုံးနဲ့ ထင်မြင်ချက်၊ ဝေဖန်ချက်များနဲ့ဝိုင်းအုံနေတဲ့လူတွေကို မမေးနိုင်တော့။ ငါးလွှာက ကိုကျော်ကြီးရဲ့အခန်းထဲအပြေးဝင်သွားပြီးကြည့်လိုက်တော့ ခုတင်ပေါ်တွင် သဘက်လေးခြုံထားပြီး ခွေပျော့ပျော့နဲ့ မျက်နှာပေါ်မှာ ရေပေါက်ရေသီးလေးများပင် မပျောက်သေး။ ကျယ်လှတဲ့နဖူးပြင်ပေါ်က ကပိုကရိုကျနေတဲ့ဆံစများပင် ရေမခြောက်သေး။ နှုတ်ခမ်းပြာနှမ်းနှမ်းနဲ့ စောစောက လက်ဖက်ရည်ဆိုင်မှာ ရယ်မောပြုံးရွှင်နေ့တဲ့ ကိုကျော်ကြီးမှာ တုတ်တုတ်မျှပင် မလှုပ်နိုင်ရှာတော့ပြီ။ သွေးတိုးအား ရှိသည်ကို ကျန်းမာရေးသတိမရှိဘဲ ရေချိုးခန်းကအထွက် ဦးနှောက်သွေးကြောပြတ်သွားတာလို့ ဆရာဝန် မှတ်ချက်ပြုလိုက်ပါတယ်။ မြန်လွန်းလှတဲ့



www.burmeseclassic.com

www.burmeseclassic.com

သေခြင်းတရားအပေါ် ကျွန်တော် ဘယ်လိုမှနားမလည်နိုင်။

ရုတ်တရက် သေရခြင်းအမျိုးမျိုး ရှိကြတဲ့အထဲတွင် ကိုယ့်သွေးသားရင်းချာထဲမှာလည်း ပေါ်ပေါက်ရဦးမယ်လို့ ဘယ်နည်းနဲ့မှ မျှော်လင့်မထားသောကံကြမ္မာဆိုးတစ်ခုက ကျွန်တော့်ကိုမှ ရွေးပြီး တည့်တည့်ရိုက်ခတ်လိုက်ပြန်ပါတယ်။ တခြားသူတော့မဟုတ်၊ ကျွန်တော့်သားသမီး (၅) ဦးအနက် လေးယောက်မြောက်ကျွန်တော့်သားပင်ဖြစ်ပါတယ်။

ကျွန်တော် နေပြည်တော်မှာ မိုးတက်နေချိန် ၂၀-၁၁-၂၀၀၈ နေ့။ နေ့လယ် (၂) နာရီလောက် ကန်တင်းမှာ လက်ဖက်ရည်သောက်ပြီး အခန်းထဲပြန်ရောက်ရုံရှိသေး -

"ဦးသက်ရေ၊ ရန်ကုန်ကဖုန်းလာတယ်၊ အရေးကြီးလို့ ပြန်ဆက်ပါတဲ့"

တုံးတိတိစကားသံကြောင့် ချက်ချင်းပဲ ဖုန်းပြန်ဆက်လိုက်တော့ တူမရဲ့အသံက ကတုန်ကယင်နဲ့ ပြောလိုက်ပုံက -

"ဦးလေး၊ ဦးသားနေလင်း ကြိုးဆွဲချလို့တဲ့။ အခု အိမ်ကလူတွေ မကြီးကြီးလမ်းက အိမ်ကိုသွားနေကြတယ်။ သမီးလည်း ဒါပဲသိတယ်"

ဘာပြန်ပြောရမှန်းမသိအောင်ဘဲ တစ်ဖက်ကလည်း ဖုန်းချသွားရောမင်တက်မိသလို ခဏကြောင်သွားပြီးမှ စိတ်ကိုမနည်းတင်းထားရင်း ဒုညွှန်မှူးကို ခပ်သုတ်သုတ်သွားအကျိုးအကြောင်းပြောပြီး ပစ္စည်းတွေသိမ်း၊ အခန်းထဲက သူတွေက ကြောင်တောင်တောင်ကြည့်နေပြီး သူတို့လည်း ဘာပြောရမှန်းကို မသိဖြစ်နေကြတာပေါ့။ ရုံးမှအပြန်သိုင်းကားပေါ်တွင် နေပြည်တော် ရှုခင်းများကိုငေးရင်း အိမ်ကျ သူ့အမေကို ဘယ်လိုပြောရမလဲလို့ စဉ်းစားရင်း အိမ်ပြန်လာခဲ့ရတယ်။ ကား Accident ဆိုရင်တော့ အသက်မီချင်မီဦးမယ်၊ အခုဟာ ဘစ်ခါတည်းကိစ္စတုံးဖြစ်နေလို့ မျှော်လင့်ချက်မရှိတော့ပြီ။ ဖြစ်မှုဖြစ်ရလေလောကဓံတရားရယ်လို့သာ သက်ပြင်းချလိုက်ရပါတယ်။ သူ့အမေကို သားနေလင်းသက် အဆုတ်ရောဂါနဲ့ ဆေးရုံတင်ထားရလို့ မနက်ကျ ရန်ကုန်ပြန်မယ်လို့ ခပ်တည်တည် ကွန်ဖြူမပျက်ပြောပြီး တစ်ညလုံး ရင်တနင့်နင့်နဲ့ ဟန်ဆောင်နေလိုက်ရတယ်။

ရန်ကုန်အိမ်ကို ရောက်တော့မှ အကြောင်းစုံသိလိုက်ရပါပြီ။ အတိတ်ကပါလာတဲ့ ကံဝဋ်ကြွေးကို အခုပစ္စုပ္ပန်ဘဝမှာ ပေးဆပ်ရခြင်းပဲ ဖြစ်ပါတယ်။ မလေးရှားမှာ အလုပ်သွားလုပ်ရာမှ (၂) နှစ်နီးပါးအကြာ ပြန်ရောက်တာမကြာသေး။ (အသေးစိတ်တော့မဖော်ပြလိုတော့ပါ။) ကျွန်တော်တုန်လှုပ်ချောက်ချားရုံကလွဲလို့ ဘာမှမတတ်နိုင်ပါ။ ယင်းအဖြစ်အပျက်မတိုင်ခင် တစ်လနီးပါးလောက်ကမှ ရုံးကိစ္စနဲ့ မော်လမြိုင်မှအပြန် အိမ်မှာညစာထမင်းအတူစားရင်း အဖေလည်း လုပ်သက်ပင်စင်ယူတော့မှာမို့ နေပြည်တော်မှာလိုက်နေဖို့ ပြောခဲ့သေးတယ်။ သားနဲ့အတူ နောက်ဆုံးစားခြင်း၊ နောက်ဆုံးစကားပြောခြင်းရယ်လို့ မထင်မှတ်ခဲ့ပေ။ သူ့အကြောင်းကိစ္စသူ့ခံစားချက်၊ သူ့အစိုင်အခဲနဲ့သူ၊ သူ့ဆုံးဖြတ်ချက်နဲ့သူလို့ ပြောလို့ရပေမယ့် အသက် (၂၅) နှစ်ရောက်မှ သားတစ်ယောက်ဆုံးရှုံးရခြင်းကတော့ ကိုယ်တိုင်ခံစားရမှ သိခဲ့ပါတော့တယ်။

သေမင်းက မည်သို့သောကန့်သတ်ချက်၊ မည်သို့သောစံချိန်စံညွှန်းတို့ဖြင့် ဆုံးဖြတ်အမိန့်ချ ဝါးမျိုခြင်းဖြစ်ကြောင်း နားမလည်နိုင်။ ကံကြမ္မာအလှည့်အပြောင်း ကံစီမံရာသာခံပေတော့လို့ သဘောထားရပါတော့မယ်။ အချိန်မတိုင်မီ သေဆုံးရသူများအတွက် အတော်ပင်တုန်လှုပ်ယူကျုံးမရဖြစ်ရပေတယ်။

ဒါကြောင့် အခုရနေတဲ့အသက်ရှူခွင့်လေးကို သတိလေးတစ်လုံးကပ်ထားပြီး စားရာ၊ သွားရာ၊ လဲလျောင်းရာနဲ့ လှုပ်ရှားမှုပြုတိုင်း မမေ့တဲ့သတိတရားထားကြဖို့ ကျေးဇူးတော်ရှင်တော်ကူးဆရာတော်ကြီးက -

ယ သေဖို့နီးလေ အရေးကြီးလေပဲ။
အရေးကြီးဆုံးအလုပ်က ခန္ဓာ
ကိုယ်လုပ်ကျွေးဖို့မဟုတ်။ ခန္ဓာ
ကိုအသုံးချပြီး ဝိပဿနာရှုမှတ်
ဖို့ပဲ

လို့ ဆုံးမတော်မူပါတယ်။

ငယ်ငယ်က 'နင်တော့လေ သေဖို့ပြင်ထား' လို့ ကြိမ်းမောင်းလေ့ရှိတဲ့ အမေ့ရဲ့အသံက အခု အသက် (၆၀) ကျော် အသက်ကြီးပိုင်းရောက်မှတကယ်ပင် သေဖို့ပြင်ရတော့မယ့်အချိန် ရောက်မှန်းမသိရောက်ခဲ့လေပြီ။ မိတ်ဆွေဆရာဝန်တစ်ယောက်ပြောဖူးတယ်။

"အသက်အစိတ်၊ သုံးဆယ်ကျော်အထိကတော့ ဒေါင်ဒေါင်မြည်ပစ်တိုင်းထောင်ပဲပေါ့ဗျာ၊ သုံးဆယ့်ငါး၊ လေးဆယ်လောက်ဆို ရုံဖန်ရံခါ တရှောင်ရှောင်ဖြစ်လာတယ်။ ငါးဆယ်ကျော်ရင် မကြာခဏဆေးစစ်မှုလုပ်ပါ။ ခြောက်ဆယ်နောက်ပိုင်းကျရင်တော့ တစ်နေ့မှ စိတ်မချရဘူးသာမှတ်ပေတော့။ ကျန်းမာရေးသတိနဲ့ ကျန်းမာရေးအသိလေးကပ်ထားပေးတော့ဗျို့"

အလွန်လေးနက်တဲ့စကားဖြစ်ပါတယ်။ တရားအလုပ်ဆိုတာ အလေ့အကျင့်တစ်ခုပါ။ အရေးကြီး စသဖြင့် ဂရုမထားဘဲနေမိရင် နောက်ကျသွားပါလိမ့်မယ်။ အမှန်တော့ လူသားအားလုံးဟာ ထမင်းစားရင်း သေဖို့စောင့်နေကြသူများပင် မဟုတ်ပါလား။ အခုအသက် (၆၀) ကျော်ဆိုတော့ ဘဝလက်ကျန်အချိန် နည်းသထက် နည်းလာသည်ကတော့ အမှန်ပင်။

ဒီနေ့ကျွန်တော်အသက်ရှင်နေမှန်း သိနေတယ်။ တကယ်တော့ မနက်ဖြန်ဆိုတာ ဝေးပါသေးတယ်။ ကြားထဲမှာ ညဆိုတဲ့အချိန်ကာလတစ်ခု ဖြတ်သန်းရပါဦးမယ်။ ယနေ့ ညကိုပင် ချောမောစွာကျော်ဖြတ်နိုင်ပါ့မလား။ အမှောင်ထုထဲမှာ မှေးစက်ပျော်ဝင်သွားတဲ့ မျက်လုံးအစုံနဲ့ နှလုံးခုန်ခြင်းတို့ဟာ နောက်တစ်နေ့ရဲ့ နူးညံ့တဲ့အရုဏ်ဦးရောင်နီနဲ့အတူ ပြန်လည်နိုးထနိုင်ပါ့မလား။ ဆန့်သောလက်မကွေးမီ၊ ကွေးသောလက်မဆန့်မီဟုပင် တင်စားရသော သေခြင်းတရားကို အန်တုနိုင်ပါ့မလား။

မနက်ဖြန်ဆိုသည့်တား မသေချာ။ ယနေ့ပင် ကြိုတင်ကောင်းမှုကြိုးစားပြုရရမှာ ဖြစ်ပါတယ်။ ကောင်းကင်ပြာကြီးနဲ့ စိမ်းလန်းတဲ့ မနက်ဖြန်ပေါင်းများစွာကို ကျွန်တော်ကျော်ဖြတ်ချင်သေးသော်လည်း စိတ်အစဉ်မှာ နာရီ၊ စက္ကန့်တံလေးလို အခါမလပ် လှုပ်ရှားနှိုးဆွနေတဲ့ အသိလေးတစ်ခုက -

မရဏ် မေ (တုဝံ) ဘဝိဿတိ
ငါသည် တစ်နေ့ မုချသေရမည်။

သတ္တဝါအပေါင်း ချိုမြိန်သော သေခြင်းတရားကို ငြိမ်းအေးစွာ ကျော်ဖြတ်နိုင်ကြပါစေ ဟူ၍။

ဗိုးသက်

(၂၀ - ၁၁ - ၂၀၀၈ ရက်နေ့က ရုတ်တရက် ကွယ်လွန်သွားသောသား နေလင်းသက်သို့)



www.burmeseclassic.com

www.burmeseclassic.com



# ပန်းမော်ညှို့သူ

## ကျွန်တော်သိသမျှရေးရပါတယ်

မင်းစည်ဆရာတော်ဘုရားကြီးဟာ ဘုရားရှိခိုးပြီးလို့ ကျောင်းပေါ်မှာပဲ စင်္ကြံလျှောက်ရင်း တရားမှတ်နေပါတယ်။ ဘုရားရှေ့ တိုင်ကပ်နာရီကြီးမှ နာရီထိုးသံကြားလိုက်တယ်။ (၁၂) နာရီထိုးသွားပြီပဲ။ ကျောင်းပတ်ဝန်းကျင်အားလုံးလည်း တိတ်ဆိတ်ငြိမ်သက်နေပါတယ်။

အဲဒီအချိန်မှာလွင့်ပျံ့လာတဲ့အသံတစ်သံကို ဆရာတော်ကြီးကြားလိုက်ပါတယ်။ မြတ်စွာဘုရားရဲ့ မေတ္တာသုတ်တော်ကို အသံနေအသံထားနဲ့ရွတ်နေတဲ့ မိန်းမအသံ။ ရွတ်နေတဲ့အသံဟာ ဌာန်၊ ကရိုဏ်းကျလွန်းလို့ ဆရာတော်ကြီးဟာ စင်္ကြံမှာ ခေတ္တရပ်ပြီးနားထောင်မိလိုက်ပါတယ်။ ကျောင်းအနီးတစ်ဝိုက်မှာ လူနေအိမ်ခြေမရှိ။ ရပ်ကွက်နဲ့လည်းအလှမ်းဝေးနေတော့ ဘယ်ကအသံများဖြစ်လိမ့်မလဲဆိုတဲ့အတွေးနဲ့ ကျိန်းစက်အရာအခန်းအတွင်းဝင်ပြီးကျိန်းစက်ခဲ့ပါတယ်။ တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ် နေ့စဉ် မေတ္တာသုတ်ရွတ်ဆိုသံဟာ ည (၁၂) နာရီထိုးတိုင်း ဆရာတော်ကြီးကြားခဲ့ရပါတယ်။ (၇) ရက်စေ့တဲ့ညမှာတော့ ဆရာတော်ကြီးကို အိပ်မက်ပေးပါတယ်။

"ဆရာတော်ကြီးဘုရား၊ တပည့်တော်မဟာ ဘုရားသိုက်ကိုစောင့်ရှောက်နေတဲ့ သိုက်စောင့်ပါဘုရား။ ဒီမင်းစည်ကျောင်းဝင်းအတွင်းမှာပဲ ဘုရားသိုက်ရှိပါတယ်။ တပည့်တော်မဟာ ဘုရားသိုက်ကိုစောင့်ခဲ့တာ နှစ်ပေါင်းများစွာကြာခဲ့ပါပြီ။ ဘယ်လိုကုသိုလ်ကောင်းမှုမျိုးမှမလုပ်ခဲ့ရပါဘုရား။ ဆရာတော်ကြီးရဲ့ကျောင်းကြီးဟာ ဟောင်းနွမ်းစုတ်ပြတ်နေပြီ။ ဒါကြောင့် ဆရာတော်ကြီးရဲ့ ကျောင်းကြီးကို အသစ်တစ်ဖန် တည်ဆောက်ပြီးကုသိုလ်ယူချင်လို့ပါဘုရား"

"ဒကာမကြီးက ကုသိုလ်ယူချင်တယ်ဆိုတော့ ကျုပ်ခွင့်ပြုပါတယ်"

အဲဒီလို ဆရာတော်ကြီး ခွင့်ပြုလိုက်တော့ သိုက်စောင့်ဒကာမကြီးဟာ ဆရာတော်ကြီးကို ဦးသုံးကြိမ်ချပြီး ပျောက်သွားပါတယ်။ ဆရာတော်ကြီး လန့်နိုးလာတယ်။ အိပ်မက်များလား၊ တကယ်များလားဆိုပြီး ဆရာတော်ကြီး ဒွိဟမဆုံးနိုင်အောင်ဖြစ်နေခဲ့ပါတယ်။

❑

ဆရာတော်ကြီးရဲ့ ကျောင်းနဲ့မနီးမဝေး မြေနုရပ်ကွက်ထဲမှာ ဒေါ်စိန်ဥဆိုတဲ့ မုဆိုးမကြီးတစ်ယောက်ရှိပါတယ်။ သူ့မှာ မနီဆိုတဲ့ (၁၃) နှစ်အရွယ် သမီးတစ်ယောက်ရှိပါတယ်။ ဒေါ်စိန်ဥဟာ ကောက်ညှင်းပေါင်း ရောင်းပါတယ်။ မနက် အရုဏ်တက်မှာ ကောက်ညှင်းပေါင်းပြီး ဗန်းမော်ဈေးထဲမှာရောင်းပါတယ်။ မနက် (၇) နာရီမှာ ရောင်းမကုန်သေးရင် မြို့လှည့်ပြီး ရပ်ကွက်တွေမှာရောင်းတတ်ပါတယ်။ အရောင်းကုန်ရင်လည်း တစ်ခါတည်း အိမ်ပြန်ပြီးနံနက်စာချက်ပြုတ်စားသောက်ပါတယ်။ စားသောက်ပြီးရင် သမီးလေးကို ကောက်ညှင်းဆန်ရွေးထားဖို့၊ ရေခပ်ထားဖို့၊ ညစာထမင်းချက်၊ ရေချိုးဖို့ မှာကြားပြီး မင်းစည်ကျောင်း မမ္မာရုံကိုသွားပြီး တရားထိုင်လေ့ရှိပါတယ်။ ဒီအလုပ်က ဒေါ်စိန်ဥရဲ့နေ့စဉ်အလုပ်ဖြစ်နေပါတယ်။

တစ်ရက်မှာ ဒေါ်စိန်ဥဟာ ဂုဏ်တော်ပုတီးစိပ်နေစဉ် သူ့နားထဲကို အသံတစ်သံဝင်လာတယ်။ အဲဒီအသံကတော့ 'ကျောင်းဆောက်ဖို့ ပေးလိုက်တယ်နော်၊ ကျောင်းဆောက်ဖို့ပေးလိုက်တယ်နော်။ ကျောင်းဆောက်ပါ' ဆိုတဲ့အသံ ဖြစ်ပါတယ်။ ဒေါ်စိန်ဥ မျက်လုံးဖွင့်ကြည့်လိုက်တော့ သူ့ရှေ့မှာ ငွေဒင်္ဂါးပြားတွေဟာ မြေကြီးထဲကထွက်လာပြီး အပုံကြီးဖြစ်နေပါတယ်။ ဒေါ်စိန်ဥဟာ ပထမတော့ လန့်သွားသေးတယ်။ဒါပေမယ့် 'ကျောင်းဆောက်ဖို့ပေးလိုက်တယ်နော်' အသံကို သတိရလိုက်ပြီး ငွေဒင်္ဂါးတွေကို သူ့ထဘီထဲကိုကျုံးထည့်ပါတယ်။ ထဘီထဲထည့်လေ မြေကြီးထဲကထွက်လာလေဖြစ်နေတော့ သူ့သမီးမနီကို လှမ်းခေါ်ပါတယ်။

"မနီရေ၊ အမေ့ဆီကို အမြန်လာဦးဟေ့"

"သမီးရေ၊ အမြန်လာခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်ဥ သူ့သမီးကို တအားအော်ခေါ်လိုက်တော့ မြေကြီးထဲမှ မြေပေါ်ကိုထွက်နေတဲ့ ငွေဒင်္ဂါးတွေဟာ ချက်ချင်းပျောက်သွားပါတယ်။ သမီးမနီရောက်လာတော့ ဒေါ်စိန်ဥရဲ့ထဘီထဲမှာရောက်ရှိနေတဲ့ ငွေဒင်္ဂါးပြားများဟာ အထုပ်ကြီးလိုဖြစ်နေပါတယ်။ မျက်လုံးက တောင်ကြည့်မြောက်ကြည့်နဲ့ စိုးရိမ်ထိတ်လန့်သလိုဖြစ်နေပါတယ်။

သမီးမနီက -

www.burmeseclassic.com

www.burmeseclassic.com

"အမေ၊ အမေ့ထဘီမှာ ငွေဒင်္ဂါးတွေနဲ့ပါလား။ အမေဘယ်ကရလာသလဲဟင်"

"အမေပုတီးစိပ်နေတုန်း ကျောင်းဆောက်ဖို့ပေးတာဆိုပြီး အမေရှေ့ မြေကြီးထဲကထွက်လာတဲ့ဒင်္ဂါးတွေပဲ။ အမေကျုံးထည့်လို့မနိုင်တော့ သမီးကိုခေါ်လိုက်တာ။ သမီးကိုခေါ်လိုက်တော့ တစ်ခါတည်းပျောက်သွားတယ်။ အမေ့ထဘီမှာရှိနေတဲ့ဟာတော့ မပျောက်ဘူး၊ အလွန်အံ့ဩစရာကောင်းတယ်"

သမီးမနီလည်း အလွန်အံ့ဩနေပါတယ်။

"သမီး ကြားဖူးတယ် အမေ၊ တရားရှိတဲ့သူများကို ဥစ္စာစောင့်များက သူတို့ပိုင်တဲ့ဥစ္စာများကို ပေးတတ်ကြတယ်တဲ့။ အမေ့လည်း တရားအလုပ်လုပ်နေတော့ သူတို့ကအမေ့ကိုပေးကြမှာပေါ့"

"အခုပေးတာ အမေ့အတွက် မဟုတ်ဘူး။ ကျောင်းဆောက်ဖို့အတွက်တဲ့ သမီး။ ဒါကြောင့် ဆရာတော်ကြီးဆီသွားအပ်ရအောင်"

ဒင်္ဂါးတွေကို သမီးနဲ့ အမေ ရေတွက်ပြီး ပါလာတဲ့ခြင်းထဲကို ထည့်လိုက်ပါတယ်။ ဒင်္ဂါးအားလုံး စုစုပေါင်း နှစ်ထောင့်တစ်ရာ့ငါးဆယ်ဖြစ်ပါတယ်။

❑

ဒေါ်စိန်ဥနဲ့ သမီးမနီဟာ ဆရာတော်ကြီးဆီ အကျိုးအကြောင်းလျှောက်ထားပြီး ဆရာတော်ကြီးကို ဒင်္ဂါးများအပ်ကြပါတယ်။ ဆရာတော်ကြီးအလွန်အံ့ဩသွားပါတယ်။ မိမိမက်တဲ့အိပ်မက်နဲ့ ဆက်နွှယ်နေကြောင်းလည်း သိလိုက်ပါတယ်။

"ဒကာမကြီး ဒေါ်စိန်ဥ၊ ကျုပ်တို့ကျောင်းဝင်းထဲမှာပဲရှိတဲ့ဘုရားသိုက်ကိုစောင့်နေတဲ့ သိုက်စောင့်မက အိပ်မက်ပေးတယ်။ ကျုပ်သီတင်းသုံးနေတဲ့ကျောင်းကြီးဟာ အိုဟောင်းစုတ်ပြတ်နေလို့ ကျောင်းသစ်ဆောက်ပါရစေတဲ့။ ကျုပ်လည်းခွင့်ပြုလိုက်တယ်။ ကျုပ်ကိုအိပ်မက်ပေးတာ ဆယ်ရက်တစ်ပတ်ရှိဦးမယ်။ အခု ဒေါ်စိန်ဥကို ငွေတွေပေးပြီး နားထဲမှာလည်း ကျောင်းဆောက်ဖို့အတွက်ပေးလိုက်တာနော် သတိပေးသံကြားနေရတော့ ဒေါ်စိန်ဥမှတစ်ဆင့် ကျုပ်ကိုလှူလိုက်တာပဲ ဒကာမကြီး။ အမှန်တော့ ဒေါ်စိန်ဥရဲ့ သီလ၊ သမာဓိကို ယုံကြည်တာကတစ်မျိုး၊ နေ့စဉ်တရားထိုင်၊ ပုတီးစိပ်နေတဲ့ မြတ်စွာဘုရားရဲ့ ဂုဏ်တော်ကိုးပါးကို ကြည်ညိုတာကတစ်မျိုးမို့ ဒေါ်စိန်ဥကိုပေးလိုက်တာနဲ့တူပါတယ်"

"မှန်ပါဘုရား၊ ဖြစ်နိုင်ပါတယ်"

ဒကာမကြီးမှတစ်ဆင့် လှူလိုက်တော့ ကျုပ်အနေနဲ့ ဒကာမကြီးအတွက် ကျပ်ဒင်္ဂါးတစ်ရာ့ငါးဆယ်ပေးလိုက်မယ်၊ လိုတာသုံးကြပေါ့။ ကျောင်းကိုလည်း ဒေါ်စိန်ဥအမည်နဲ့ပဲဆောက်ကြတာပေါ့။ သိုက်စောင့်ဆောက်တယ်လို့ပြောရင် ဘယ်သူမှယုံကြမှာမဟုတ်ဘူး။

တစ်နှစ်အတွင်းမှာပဲ ဆရာတော်ကြီးဟာ ကျောင်းဟောင်းကိုဖျက်ပစ်ပြီး ကျောင်းသစ်ကြီးကိုဆောက်ခဲ့ပါတယ်။ လက်သမား၊ ပန်းရန်သမားအားလုံးဟာ ဆရာတော်ကြီးရဲ့ တပည့်လက်သားများဖြစ်နေတဲ့အတွက် အားလုံးအဆင်ပြေခဲ့ပါတယ်။ ရှေးလက်ရာများကိုမှီပြီး တည်ဆောက် အလှဆင်ထားတဲ့အတွက် ပန်း (၁၀) မျိုးဟာ ကျောင်းရဲ့အလှသရုပ်ကို ဖော်ကျူးနေပါတယ်။တံခွန်တိုင်၊ ကုက္ကားတို့ဟာ ကျောင်းဦးမှာ မားမားမတ်မတ်နဲ့ လေယူရာလွင့်ကစားနေကြပါတယ်။

ဆရာတော်ကြီးဟာ ကျောင်းတော်ကြီးကို စိတ်တိုင်းကျ မွမ်းမံတည်ဆောက်ပြီးနောက် ရပ်ကွက်သူရပ်ကွက်သားအားလုံးကို ခေါ်လိုက်ပါတယ်။ ကျောင်းတော်ကြီးပြီးမြောက်ခဲ့ပြီဖြစ်တဲ့အတွက် ကျောင်းရေစက်ချပြုလုပ်မယ့်အကြောင်း ဒေါ်စိန်ဥကပြောပြပါတယ်။ ဗန်းမော်မြို့ပေါ်ရှိကျောင်းများကိုပင့်ရန်နဲ့ မြို့ပေါ်ရှိလူများကို ဖိတ်ကြားဖို့ပြောပါတယ်။ မြေနုရပ်ကွက်သူရပ်ကွက်သားများအားလုံး အလွန်ဝမ်းသာလက်ခံသွားကြပါတယ်။

ထူးခြားတာတစ်ခုက ကျောင်းတော်ကြီးရေစက်ချဖို့ ဆရာတော်ကြီးရယ်၊ ဒေါ်စိန်ဥရယ်၊ ရပ်ကွက်သူရပ်ကွက်သားများနဲ့ စည်းဝေးတိုင်ပင်ပြီးတဲ့ညမှာ ဆရာတော်ကြီးရဲ့ အိပ်ရာခေါင်း ရင်းနံဘေးမှာ ငွေဒင်္ဂါးတစ်ထောင်ပါအိတ်တစ်အိတ်ကို ဆရာတော်ကြီးတွေ့လိုက်ရတယ်။ အဲဒီညမှာပဲ ဒေါ်စိန်ဥရဲ့ အိပ်ရာခေါင်းရင်းနံဘေးမှာလည်း ငွေဒင်္ဂါးငါးရာပါအိတ်တစ်အိတ်ကို ဒေါ်စိန်ဥ တွေ့ရပါတယ်။ ဒေါ်စိန်ဥက ဆရာတော်ကြီးကိုလျှောက်ထားတော့ ဆရာတော်ကြီးက -

"ဒကာမကြီး၊ သိုက်စောင့်က ကျောင်းတော်ကြီးရေစက်ချအလှူပွဲမှာ မလောက်မငဖြစ်မှာစိုးလို့ပေးတာနဲ့တူတယ်။ လူတွေကိုလည်း ကျွေးမွေးရဦးမယ်၊ ဆရာတော်တွေကိုလည်းလှူရဦးမယ်ဆိုတော့ သူပေးထားတဲ့ငွေနဲ့ မလောက်မငမဖြစ်ရအောင်ပေးတာဖြစ်လိမ့်မယ်။ အလွန်စိတ်ထားမြင့်မြတ်တဲ့ ဒကာမကြီးပါလား"

❑

ကျောင်းရေစက်ချပွဲအလှူကြီးဟာ အလွန်စည်ကားလှပါတယ်။ အကြိုညမှာ အငြိမ့်ပွဲနဲ့ ဧည့်ခံပေးပါတယ်။ ပွဲရှားပါးတဲ့အချိန်ဖြစ်တဲ့အတွက် တစ်မြို့လုံးလာရောက်ကြည့်ရှုအားပေးကြပါတယ်။ ကြိတ်ကြိတ်တိုး စည်ကားလှပါတယ်။ နောက်တစ်ရက် ကျောင်းတော်ကြီးရေစက်ချပွဲမှာလည်း ပင့်သံဃာများအားလုံးကြွခဲ့ကြပါတယ်။ ဖိတ်ကြားထားတဲ့လူအားလုံးလည်းလာကြပါတယ်။ ဆရာတော်ကြီးကိုယ်တိုင်တရားဟောပါတယ်။ ပြီးတော့ ကျောင်းတော်ကြီးဖြစ်ပေါ်လာပုံကို တရားနာပရိတ်သတ်များသိအောင်ပြောပြပါတယ်။ နောက်ဆုံး ဆရာတော်ကြီးကိုယ်တိုင် သိုက်စောင့်ဒကာမကြီးကို သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ရန် ကျောင်းတော်ကြီးပေါ်ကို ဖိတ်ကြားပါတယ်။ သိုက်စောင့်ဒကာမကြီးရဲ့ကိုယ်စား ကျောင်းတော်ကြီးအားဆောက်လုပ်လှူဒါန်းခဲ့တဲ့ ဒေါ်စိန်ဥအား ရေစက်ချ အမျှဝေခဲ့ပါတယ်။ ရေစက်ချအပြီး အမျှ ပေးသံနှင့်အတူ သာဓုခေါ်သံများဟာ ကျောင်းတော်ကြီးရဲ့အမိုးကိုဖောက်ထွင်းပြီး ကောင်းကင်ထက်မှာ ပျံ့လွင့်နေပါ တော့တယ်။ ဆရာတော်ကြီးရဲ့ အကျင့် သိက္ခာ၊ သမာဓိ၊ ဒေါ်စိန်ဥရဲ့ သရဏဂုံ တည်ဆောက်မှုအကျင့်သီလနဲ့ဂုဏ်တော် (၉)ပါးပုတီးမြတ်ဟာ ဘုရားသိုက်စောင့် ပင် မနေနိုင်ပါလား။

ဗန်းမော်ညိ...

**မှတ်ချက်**

ဖော်ပြပါ မင်းစည်ကျောင်းတော်ကြီးကို တည်ဆောက်ခဲ့တာဟာ မြန်မာနိုင်ငံကို အင်္ဂလိပ်အုပ်စိုးစအချိန်လော... ဖြစ်မယ်ထင်ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မင်းစည်ကျောင်းကြီးပြာ... ပျက်စီးခဲ့ပါတယ်။ ဆရာတော်ကြီး... စစ်မဖြစ်မီ ပျံတော်မူခဲ့တယ်။ ဒေါ်စိန်... က ၁၉၇၀ ပြည့်နှစ်မှာ ကွယ်လွန်ခဲ့... ဖြစ်ရပ်မှန်ဆောင်းပါးဝတ္ထုလေး... တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံ ...ပြင်တော်၌ ထူးထူးခြားခြား ထီးတော် ...စေတီတော် (၃) ဆူ တည်တော်မူနေ ...ည်ကို လေ့လာ တွေ့ရှိရပါသည်။

ထိုထီးတော်ပုံစေတီတော်(၃)ဆူ ...ည်နေသော နေရာဌာနသည် မူလ ...မအောင်မြေဟု ခေါ်ဆိုသော ...နက်နွှေထောင့်မှာ တည်ရှိနေပါသည်။ ...ပထမအောင်မြေဆို၍ စာရှုသူများ ...သာစရာ အကြောင်းရှိပါသည်။ ရွှေတိဂုံဘုရားရင်ပြင်တော်တွင် အောင်မြေ(၃)ဌာနပေါ် ထွန်းတော်မူခဲ့ပါသည်။ ထို(၃)ဌာနမှ ပထမအောင်မြေနေရာကား ယခုထီးတော်ပုံစေတီများ စုဝေးတည်နေတော်မူရာ တနင်္ဂနွေထောင့် တံခွန်တိုင်ကြီးအနီး အဘပထမံဘိုးဘိုးအောင်ဂူဘုရားရှေ့ရှိ ထီးတော်ပုံစေတီတည်ရာဌာနတစ်ဝိုက်သည် မူလပထမအောင်မြေ ဖြစ်ပါသည်။ တပင်ရွှေထီးမင်းမှ အဓိဌာန်ပြု သတ်မှတ်ခဲ့သောနေရာဟု ဆိုပါသည်။

ဒုတိယအောင်မြေနေရာဌာနမှာ အင်္ဂါထောင့်တည့်တည့် တံခွန်တိုင်နှင့် ပြည်တော်ပြန် မတ်ရပ်တော်ဂူဘုရားနေရာတစ်ဝိုက်သည် ဒုတိယအောင်မြေနေရာ ဖြစ်ပါသည်။ ဒုတိယအောင်မြေနေရာသည် မင်းတုန်းမင်းကြီးသတ်မှတ်ခဲ့သောနေရာဖြစ်၍ 'ဘိုးတော်အောင်မြေ' ဟုလည်းခေါ်ဆိုကြသည်။ အင်္ဂါထောင့်

ကံ့ဝင်း

## ကမ္ဘာ့အံ့ချီးမကုန် မြတ်ရွှေတိဂုံရင်ပြင်တော်မှ ထင်ရှားကျော်ကြား စေတီဘုရားများ

အပိုင်း(၂၀)

# မူလအောင်မြေမှာတည်ထား ထီးတော်ပုံစေတီများ



ခင်းတုန်းမင်းကြီးကောင်းမှုထီးတော်ပုံစေတီ




နိုင်ငံတော်အစိုးရတည်ထား ထီးတော်ပုံစေတီ



ဆင်ဖြူရှင်မင်း၏ ထီးတော်ပုံစေတီ



ထီးတော်ပုံစေတီအတွင်းမှ ရုပ်ပွားတော်မြတ်



တနင်္ဂနွေမူလအောင်မြေနေရာမှ ထီးတော်ပုံစေတီတော်များ



www.burmeseclassic.com

www.burmeseclassic.com

တည့်တည့်ဖြစ်၍ အင်္ဂါနံဖြစ်သောလုပ်ငန်းရပ်များ စတင်သောနေရာ ဥပမာ စစ်ထွက်သူများ စစ်မထွက်မီ အဓိဋ္ဌာန်ပြုဆုတောင်းသောနေရာ၊ စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက်ခြင်း၊ သစ္စာပြုဆုတောင်းခြင်း၊ ဆေးဝါးစတင်ဖော်စပ်ခြင်း၊ စက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ခြင်းများကို စိတ်ကြံသမှု အဓိဋ္ဌာန်ပြု၍ ဆုတောင်းကြကြောင်း သိရ၏။ ထိုအောင်မြေတွင် အဓိဋ္ဌာန်ပြုဆုတောင်းပြီး စတင်ဆောင်ရွက်သော လုပ်ငန်းများ အထူးအောင်မြင်ကြောင်း သိရပါသည်။ အတည်မပြုနိုင်သော သတင်းစကားက လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပင် ထိုအင်္ဂါထောင့် အောင်မြေမှနေ၍ ရွှေတိဂုံဘုရားကြီးအား လာရောက်ဖူးမြော် သစ္စာအဓိဋ္ဌာန်ပြုခဲ့ကြောင်း ကြားသိရပါသည်။


တတိယအောင်မြေကား ယခု ဓမ္မမိတ်ဆွေစာရှုသူများအားလုံးသိကြသည့် အတိုင်း ရာဟုထောင့်လွင်ပြင်မှ အောင်မြေနေရာ ဖြစ်ပါသည်။ ထိုအောင်မြေများတွင် သစ္စာဆိုခြင်း၊ အဓိဋ္ဌာန်ဝင် ပုတီးစိပ်ခြင်းများ ပြုလုပ်ကြပါသည်။ ထီးတော်ပုံစေတီများ ဆောင်းပါးရေးသားရင်း အောင်မြေနှင့်ပတ်သက် သိမှတ်ဖွယ်တင်ပြခဲ့ခြင်း ဖြစ်ပါသည်။

**□ ဆင်ဖြူရှင်မင်း၏ ကောင်းမှုတော်ထီးတော်ပုံစေတီ**

အလောင်းမင်းတရားကြီး၏ ဒုတိယသားတော်ဖြစ်သော ကုန်းဘောင်ဆင်ဖြူရှင်မင်းသည် ထူးခြားသောမင်းတစ်ပါး ဖြစ်ပါသည်။ ရွှေတိဂုံစေတီတော်ကြီးညဏ်တော်အမြင့် (၃၂၆)ပေအမြင့် (ယခုညဏ်တော်)အထိတည်တော်မူခဲ့သော ထူးခြားသည့်မင်းတစ်ပါးဖြစ်တော်မူပါသည်။

ဆင်ဖြူရှင်မင်းလက်ထက် မြန်မာနှစ် ၁၁၃၀ ပြည့်နှစ်တွင် မြေငလျင်ပြင်းစွာလှုပ်သောအခါ ရွှေတိဂုံစေတီတော်ကြီးမှာ သပိတ်မှောက်အထက်ပိုင်းမှစ၍ ပြိုကျပြီး အောက်ခြေပန်းတင်ခုံများပါ ပျက်စီးကုန်ကြ၏။

ဆင်ဖြူရှင်မင်းသည် ရွှေတိဂုံစေတီတော်ကြီးအား ပြန်ပြုပြင်လှူဒါန်းရန် ကုသိုလ်ကံအခွင့်ပန်းကဲ့သို့ပွင့်ပြီးဖြစ်၍ အင်တိုက်အားတိုက် ကောင်းသည်ထက်ကောင်းအောင်၊ ခိုင်မာသည်ထက်ခိုင်မာအောင် စတုရန်းသံတောင်ကိုးရာ ဖွင့်ပြီးပြင်ဆင်စေ၏။ စေတီတော်သပိတ်



မင်းတုန်းမင်းကြီး၏ ထီးတော်အဟောင်းပုံ






www.burmeseclassic.com

www.burmeseclassic.com




မင်းတုန်းမင်း၏ထီးတော်ပုံစေတီ



နိုင်ငံတော်အစိုးရ၏ ထီးတော်ပုံစေတီ



နိုင်ငံတော်အစိုးရ၏ ထီးတော်ပုံစေတီ



ဘိုးဘိုးအောင်အာရုံခံတန်ဆောင်းမှ ထီးတော်ပုံစေတီနှင့်ရွှေတိဂုံစေတီတော်ကြီးသို့ လှမ်းမျှော်ဖူးမြင်ရပုံ



အင်္ဂါထောင့်မှာရှိ ဒုတိယအောင်မြေနေရာ



တနင်္ဂနွေထောင့်ရင်ပြင် ထီးတော်ပုံစေတီများ

မှောက် အထက်လည်သီးသုံးဆင့်မှစ၍ သံတောင် (၈၇) တောင်၊ (၂) မိုက်ကို မြန်လည် တည်ဆောက်ရာတွင် ကုသိုလ်တော် ရွှေအုတ်၊ ငွေအုတ်၊ ကြေးတစ်သိန်း၊ သံတစ်သိန်းတို့နှင့်ကွပ်ကာ ကြေးအိုးသံမှိုစွဲ၍ ကောင်းသည်ထက်ကောင်းအောင် သေချာခိုင်ခံ့စွာ တည်ဆောက်ဥာဏ်တော်ကာ (၃၂၆)ပေ (ယခုလက်ရှိဥာဏ်တော်)မြင့်၍ မြန်မာနှစ် ၁၁၃၆ ခု၊ တပေါင်းလပြည့်နေ့တွင် စစ်သည်စစ်အင်္ဂါလေးပါး စီစဉ်ခင်းကျင်း၍ ရွှေထီးတော်ကြီးအထွတ်တင်လှူတော်မူခဲ့ပေသည်။

ထီးတော်ပုံစေတီတော်ကိုလည်း တနင်္ဂနွေထောင့် ရင်ပြင်တော်၌ တည်ထားတော်ယူကြောင်း လေ့လာတွေ့ရှိရပါသည်။

## ▫ မင်းတုန်းမင်းကြီး၏ထီးတော်ပုံစေတီ

မင်းတုန်းမြို့စား ဘဝရှင်မင်းတရားကြီးသည် မြန်မာနှစ် ၁၂၁၄ ခုနှစ်တွင် အမရပူရရွှေနန်းတော်ကိုသိမ်းပိုက်ပြီးနောက် မန္တလေးမြို့သစ်ကိုတည်ထောင်တော်မူ၍စံနေစဉ်ကာလ ၁၂၃၁ ခုနှစ်သို့ရောက်သောအခါ ဆင်ဖြူရှင်မင်းတရားကြီးတင်လှူခဲ့သော ရွှေတိဂုံထီးတော်သည် နှစ်ပေါင်း (၁၀၀) နီးပါးရှိလာပြီဖြစ်၍ ထီးတော်မှာ ဟောင်းနွမ်းကာ ကြံ့ခိုင်မှုအားနည်းနေပြီး ထီးတော်အသစ်တင်သင့်ပါကြောင်းကို ရာမညတိုင်းသားများဖြစ်ကြသော စစ်ကဲကြီးဦးထော်လေးနှင့် ဦးထွန်းအောင် စသည့်ပြည်သူပြည်သာများက လျှောက်တင်ကြလေ၏။

မင်းတုန်းမင်းတရားကြီးသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထီးတော်ကြီးကို အသစ်တင်လှူရန် စီစဉ်ဆောင်ရွက်ပါတော့၏။ (၂၂) တောင်၊ (၁) မိုက်အမြင့်ရှိ ထီးတော်ကြီးပြုလုပ်ပြီးစီးသောအခါ ရွှေချိန်ရွှေသား (၂၁၂၉၉) ကျပ်သားအပါဝင် ကျောက်နီကြီး၊ ကျောက်နီလတ်၊ ကျောက်နီသေး၊ ပတ္တမြားကြီး၊



www.burmeseclassic.com


www.burmeseclassic.com



ယနေ့ယခုခေတ်ကာလ ရာဟုထောင့်မှ အောင်မြေ

ပတ္တမြားလတ်၊ ပတ္တမြားသေး၊ မြကြီး၊ မြလတ်၊ မြသေး၊ ကျောက်သံစိန်ကြီး၊ စိန်လတ်၊ စိန်သေးအပါဝင် ရတနာပစ္စည်းများဖြင့် စီခြယ်မွမ်းမံဆောင်ရွက်တော်မူစေပါသည်။ မြန်မာနှစ် ၁၂၃၃ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်မှ ၁၅ ရက်တိုင်တိုင် မင်းတုန်းမင်းတရားကြီးကိုယ်စား ပုပ္ပားမြို့စားမင်းမှ ခမ်းနားကြီးကျယ်စွာဖြင့် မင်းတုန်းမင်းကြီး၏ ထီးတော်ကြီးကို တင်လှူပူဇော်နိုင်ခဲ့ပါသည်။

မင်းတုန်းမင်းတရားကြီး၏ကောင်းမှုတော်ထီးတော်ပုံစေတီတော်ကိုလည်း တနင်္ဂနွေထောင့် မူလပထမအောင်မြေမှာပင် တည်ထားတော်မူခဲ့ပါသည်။



မင်းတုန်းမင်းကြီး၏ထီးဆောင်ပုံစေတီမှ ကျောက်စာ

**၁ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကောင်းမှုတော်ထီးတော်ပုံစေတီ**

မင်းတုန်းမင်းတရားကြီးတင်လှူခဲ့သော ရွှေတိဂုံစေတီတော်ထီးတော်ကြီးသည် ခရစ်နှစ် ၁၉၉၉ ခုနှစ်သို့ရောက်သောအခါ နှစ်ပေါင်း (၁၂၈) နှစ်သက်တမ်းသို့ ရောက်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ နှစ်(၁၀၀)ကျော်ကြာလာမှုနှင့်အတူ ထီးတော်ကြီးသည်လည်း ဟောင်းနွမ်းပျက်စီးခြင်းသို့ဖြစ်ပေါ် နေပါ၏။




မင်းတုန်းမင်းတရားကြီးတင်လှူ



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သောထီးတော်ကြီးသည် ဟောင်းနွမ်းဆွေးမြည့်ပျက်စီးခြင်းကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ထီးတော်သစ်တင်ရန်ကာဝန်တစ်ရပ် ဖြစ်ပေါ်လာတော့၏။ ထီးတော်အသစ်ကြီးကို အကောင်းတကာ့အကောင်းဆုံးဖြစ်အောင် နိုင်ငံတော်အစိုးရ ဦးဆောင်မှုဖြင့် ပညာရှင်များက Stainless Steel တို့ဖြင့် ထီးတော်အသစ်ကိုပြုလုပ်ကြလေ၏။

ထီးတော်တင်ရန်ကြိုးစားနေသောကာလတွင် မင်းတုန်းမင်းကြီးလှူဒါန်းထီးတော်ကြီးဟောင်းနွမ်းဆွေးမြည့်ပျက်စီးနေသည်များကို အများပြည်သူများတွေ့လာနိုင်ရန် ရာဟုထောင့် ချမ်းသာကြီးတန်ဆောင်း၌ ပြပွဲသဘောပြုလုပ်ပြသထားပါသည်။ မင်းတုန်းမင်းကြီးနှင့်မိဖုရားသည်သူများလှူဒါန်းထား ကျောက်သံပတ္တမြား ရွှေရတနာများကိုလည်း ပြသထားပါသည်။ ထိုထီးတော်ပြပွဲတွင် နောက်ထပ်တင်လှူပူဇော်မည့် ထီးတော်အသစ်ကြီး၏ အစိတ်အပိုင်းများကိုလည်း အများပြည်သူ ကြည့်ညိုနိုင်ရန် ပြသထားပါသည်။ တိုင်းသူပြည်သားဗုဒ္ဓဘာသာဝင်များသည် ထီးတော်ဟောင်းနှင့် ထီးတော်သစ်ပြသသောပြပွဲဆောင်တွင် ထီးတော်သစ်အစိတ်အပိုင်းများ တွေ့မြင်ရသောအခါ သဒ္ဓါယိုဖိတ်လှူဒါန်းလိုသောစိတ်များ တဖွားဖွားပေါ် ပေါက်လာပြီး ရွှင်လန်းကြည်နူးစွာဖြင့် အဖိုးတန်လက်ဝတ်ရတနာကျောက်သံပတ္တမြားရွှေထည်များနှင့်အလှူငွေများလှူဒါန်းကြသောအခါ လက်ဝတ်ရတနာပေါင်း (၇၀၀၀၀) နှင့် သိန်းထောင်ပေါင်းများစွာ အလှူခံရရှိခဲ့ကြပါသည်။

ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ပြုလုပ်ထားသော သံချေးမတက်၊ သံမဏိသံထည် (Stainless Steel) များဖြင့် တည်ဆောက်ထား ထီးတော်သစ်ကြီးကို ၁၉၉၉ ဧပြီလ ၄ ရက်မှ ၆ ရက်နေ့အထိ (၃)ရက်တိုင်တိုင် နိုင်ငံတော်အစိုးရနှင့် ပြည်သူတစ်ရပ်လုံး ဗုဒ္ဓဘာသာဝင်များ တစ်ခဲနက်ပါဝင် စေတီတော်ထီးတော်သစ်ကြီး တင်လှူနိုင်ခဲ့ပါသည်။ ၂၉ - ၄ - ၁၉၉၉ နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတော်တင်ပွဲ အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။ ယခုအခါ ရွှေတိဂုံစေတီတော်ကြီးမှာ ထီးတော်အသစ်နှင့်တင့်တယ်ကြည်ညိုဖွယ်ရှိလျက် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များ၊ ဘုရားဖူးများနှင့် ကမ္ဘာအရပ်ရပ်မှနိုင်ငံခြားသားဘုရားဖူးများ နေ့ညမပြတ် စည်ကားနေ



ရွှေတိဂုံစေတီတော်တနင်္ဂနွေထောင့်မှ ရှေးရှေးတုန်းက ထီးတော်ပုံစေတီများ

သည်ကို ဝမ်းမြောက်ဖွယ် မြင်တွေ့ရပါသည်။

နိုင်ငံတော်အစိုးရ၏ ထီးတော်ပုံစေတီတော်ကို မူလပထမ တနင်္ဂနွေထောင့်ရင်ပြင်တော်မှာ ရှေးယခင်က တည်တော်မူထားပြီး ထီးတော်ပုံစေတီများနှင့်တစ်တန်းတည်းတွင် တည်တော်မူပါသည်။ ထီးတော်ပုံစေတီတော်ကို -

၁၇-၄-၁၉၉၉ နေ့တွင် ပန္နက်တင်မင်္ဂလာအခမ်းအနားဆောင်ရွက်ခြင်း၊

၁၉-၄-၁၉၉၉ နေ့တွင် အုတ်မြစ်တော်စီမင်္ဂလာအခမ်းအနား၊

၂၉-၅-၁၉၉၉ တွင် မုလပဌာပနာတော်သွင်းမင်္ဂလာအခမ်းအနား၊

၂၄-၁၁-၁၉၉၉ ကြာကလပ်တော်တင်မင်္ဂလာအခမ်းအနား၊

၆-၁၂-၁၉၉၉ တွင် ပန်းလည်တိုင်စိုက်ထူမင်္ဂလာအခမ်းအနား၊

၂၂-၁၂-၁၉၉၉ တွင် ထီးတော်ပုံစေတီထီးတော်တင်ပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတော်တင် မင်္ဂလာအခမ်းအနားများကို နိုင်ငံတော်အစိုးရမှ ဦးဆောင်ကာ ကျင်းပနိုင်ခဲ့ပါသည်။

ယခုအခါ ထီးတော်ပုံစေတီများကို မူလပထမအောင်မြေ တနင်္ဂနွေထောင့်တွင် တစ်စုတဝေးတည်း (၃)ဆူတည်ထားသည်ကို ဖူးမြင်ကြရမှာဖြစ်ပါသည်။ ဘုရားဖူး ဓမ္မမိတ်ဆွေများအနေဖြင့် ထီးတော်ပုံစေတီများကို မူလထီးတော်ဟောင်းများငုံ၍ တည်ထား အကျယ်အဝန်း ဉာဏ်တော်အမြင့်တူစွာ အနီးကပ်ကြည်ညိုဖွယ် ဖူးမြင်ကြရမည့်အပြင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ထိပ်ဆုံးပိုင်းအထွတ်မှာရှိ ထီးတော်အရွယ်အစားကို မျက်ဝါးထင်ထင် အနီးကပ်ဖူးရဘိသကဲ့သို့ ဖူးမြော်ရသည်မှာ ကုသိုလ်ထူးလှပါသည်။ ရှေးအမြော်အမြင်ရှိသောမင်းနှင့် ပညာရှိများ၏ ကျေးဇူးတရားကြောင့် ခေတ်အဆက်ဆက် ထီးတော်ပုံများကို စေတီတော်အဖြစ် ဖူးမြော်ခွင့်ရရှိခဲ့ကြပါသည်။

အထူးသဖြင့် သဒ္ဓါထက်သန် စိတ်အားပြင်းထန်စွာဖြင့် စိတ်ကြံ့သမှု အဓိဋ္ဌာန်ပြုသစွာဆိုသောအခါ အောင်မြင်မှုအထွတ်အထိပ်သို့ရောက်စေသော မူလပထမအောင်မြေမှာတည်ထား ထီးတော်ပုံစေတီများတွင် ရွှေတိဂုံဘုရားကြီးဦးထိပ်မှာထား ဆွမ်း၊ ပန်း၊ ရေချမ်းဆက်ကပ်ရွှင်လန်းလှူဒါန်း၍ ဘာဝနာတစ်ခုလက်ကိုင်ပြုပြီး ပြုသမျှကုသိုလ်တွေ မျှတပေးဝေအမျှဝေကြပါ။ အသင်ဓမ္မမိတ်ဆွေများ လိုရာပြီးမြောက် ခရီးရောက်မှာ အမှန်ပင်ဖြစ်ပါကြောင်း။ ။

မေတ္တာများစွာဖြင့်

ကံ့ဝင်း

ကျမ်းကိုး -

၁။ ရွှေတိဂုံထာဝရဘက်စုံအဖွဲ့ထုတ်
အံ့ချီးမကုန်မြတ်ရွှေတိဂုံစာအုပ်
၂။ ဂေါပကအဖွဲ့ထုတ်
၂၆၀၀-ပြည့်စာအုပ်
၃။ ညွန့်မောင်ဦးရေး
မြတ်ဘုရားရွှေတိဂုံစာအုပ်
၄။ မောင်မောင်ကြီး(မန္တလေး)
ဓာတ်ပုံရုပ်ပုံမြင်ကွင်းစုံ




www.burmeseclassic.com

www.burmeseclassic.com

လိုသူများသုံးစေဖို့

# မဟာအတုလအစိန္တေယျသရဏဂုံအင်းတော်ကြီး

လူကြီးသူကြီးချစ်ခင်နှစ်သက်၏။ အဝေးသွားသူ၊ ပျောက်သောသူ၊ မိမိထံသို့လာစေ၊ ရောက်စေလိုသူ၊ အတိုက်အခံရန် ပျောက်စေလိုလျှင် အောက်ဖော်ပြပါ အချက်အလက်များအတိုင်း စနစ်တကျသေချာစွာ ပြုလုပ်စီရင်အသုံးပြုကြပါလေ။ ။




**❑ မဟာအတုလအစိန္တေယျသရဏဂုံအင်းတော်ကြီးစီရင်အသုံးပြုနည်း**

အင်းချရန်နေ့(ပြဿဒါးမကြုံသောကြာသပတေးနေ့) ကောင်းသောအချိန်မှာ စီမံပါ။ နံနက်စောစော မိမိကိုယ်ကိုသန့်ရှင်းစင်ကြယ်၍ ညဝတ်အဝတ်များကို လဲလှယ်ပြီးလျှင် ဘုရားထံတွင် ငါးပါးသီလဆောက်တည်ပါ။ ဘုရားကို ပန်း၊ ရေချမ်းကပ်လှူပါ။

အင်း (၃) ချပ်ချပြီးလျှင် စစ်ပြီးသော ပျားဖယောင်းနှင့် ဖယောင်းတိုင် (၃) တိုင် ပြုလုပ်ပါ။ တစ်တိုင်လျှင် ဖယောင်း (၂) ကျပ်၊ (၂) မတ်စီ အလေးချိန်ရှိရမည်။ ကြိုတင်၍ စီစဉ်ထားပါ။ ဖယောင်းတိုင်မီးစာမှာ ပြုလုပ်လိုသူ၏ မွန်မြတ်သောသန့်ရှင်းသည့်အဝတ်စကို ရေစင်စွာ ဆေးကြောလျှော်ဖွပ်၍ ကျစ်ပြီးမီးစာပြုလုပ်ပါ။ အင်း (၃) ချပ်ကို သန့်ရှင်းသည့် မိုင်းကိုင်စက္ကူတွင် သို့မဟုတ် ရိုးရိုးစက္ကူတွင်ချပါ။

အောက်အင်း (၃) အင်းမှာ ကွက်လပ် (၃) ခုနေရာမှာ အလယ်က မိမိနံကိုရေးပါ။ ဘေးနှစ်ဖက်က ကွက်လပ်နှစ်ခုတွင် လိုသူ၏နံကိုရေးပါ။ နေ့နံမသိသော် အမည်ထည့်ပါ။

အပေါ်အင်း၏ ကွက်လပ်နှစ်ခု၌ ကိုယ့်နံကိုအပေါ်က သူ့နံကို အောက်က ထည့်ပြီးလျှင် သရဏဂုံသုံးပါး (၁၀၈) ခေါက်စုတ်ပါ။ ဧဝံ အစိန္တိယျာ ဂါထာ (၃) ပုဒ်ကိုလည်း (၃၇) ခေါက်စီ စုတ်ပြီးလျှင် အောက်ပါ ဂါထာကို(၁၀၈)ခေါက်စုတ်ပါ။

❑ ဉုံ တုဋ္ဌေဟိ မမ တုဋ္ဌေဟိ၊
ပိယေဟိ၊ မမပိယေဟိ၊
သိန္နေဟံ မမသိန္နေဟံ၊ ဥရသိန္နေဟံ၊
ဉုံ ရာဇစိတ္တံ သဗ္ဗပုရိသ ဒေဝစိတ္တံ မှိုင်း မှိုင်း။ ။

ဂါထာများစုတ်ပြီးလျှင် ပထမဖယောင်းတိုင်တစ်တိုင်ကို သီလခံယူ၍ လိုရာဆုကိုတောင်းပြီး ဘုရားရှေ့တော်မှာထွန်းပါ။ မိမိစိတ်ကို အလိုအတိုင်းပြည့်စုံလိမ့်မည်ဟု တည်ကြည်ငြိမ်သက်စွာထားရမည်။

ဒုတိယ ဖယောင်းတိုင်ကို သစ်ပင်ကြီးမှ ရုက္ခစိုးနတ်ကို ပူဇော်ပသပါသည်ဟု ဆုတောင်းထွန်းပါ။

တတိယဖယောင်းတိုင်တစ်တိုင်မှာ အိမ်တွင်းမင်းမဟာဂီရိကိုရည်စူး၍ ဥရှုတိုင်အိမ်ဦးခန်းတွင် ဆုတောင်းထွန်းပါ။

**❑ သတိပြုရန်**

အဝေးသွားသူ၊ ပျောက်သောသူ၊ ကိုယ့်ထံ ရောက်စေလိုသူများအတွက် ၎င်းဖယောင်းတိုင်များထွန်းလျှင် ခရီးနီးလျှင် မီးတိုင်တစ်ဝက်မကျခင်ရောက်၏။ ခရီးဝေး၍ မလာနိုင်သူများ ရုတ်တရက် မရောက်လာခဲ့သော် ထပ်၍မထွန်းပါနှင့် ဒုက္ခရောက်တတ်သည်။

ဧဝံအစိန္တိယာဂါထာ (၃)ပုဒ်(၃၇) ခေါက်ရွတ်ပါ။

၁။ ဧဝံ အစိန္တိယာ ဗုဒ္ဓါ၊ ဗုဒ္ဓဂုဏာ အစိန္တိယာ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

၂။ ဧဝံ အစိန္တိယာ ဓမ္မာ၊ ဓမ္မဂုဏာ အစိန္တိယာ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

၃။ ဧဝံ အစိန္တိယာ သံဃာ၊ သံဃဂုဏာ အစိန္တိယာ အစိန္တိယေ ပသန္နာနံ ဝိပါကော ဟောတိ အစိန္တိယော။

သမ္မာအာဇီဝလိုရာဆန္ဒများ ပြည့်ဝကြပါစေ

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူသည် အသက်ရှည်ခြင်း၊ အသက်တိုခြင်းအကြောင်းအရင်းများကို ထေရ်ကြီးဝါကြီးဆရာတော်များအား မေးလျှောက်သောအခါ သူတစ်ပါး၏ အသက်ကိုသတ်ဖြတ်သောသူ၊ သူတစ်ပါးတို့ နှိပ်စက်ညှင်းပန်းသောသူသည် အသက်တို၏။ အကုသိုလ်ဟူသည် ကြောက်ဖွယ်ကောင်းသည်။ ဘယ်သူမပြု မိမိမှုဆိုသလို ကောင်းသောအမှုကို ပြုလျှင် ကောင်းတာခံစားရ၍ မကောင်းသောအမှုကိုပြုလျှင် မကောင်းတာခံစားရသည်ဟုမိန့်ဆိုကြသည်ကို ကြားရတိုင်း ဤဖြစ်ရပ်ကလေးကို ပြေး၍အမှတ်ရမိပါသည်။

❑

ကျွန်တော့်ရင်တွေတဒိတ်ဒိတ်ခုန်နေသည်။ ကျွန်တော်မကြည့်ဝံ့တော့၊ မကြည့်ရက်တော့ပေ။ သို့သော် မကြည့်ဝံ့မကြည့်ရက်သည်ကိုမှကြည့်နေမိလျက်သား။ ကျွန်တော့်ရင် နှလုံးသွေးရပ်သွားဘိအလား ရင်ထဲမှာဖိုနေပါသည်။ ခေါင်းထဲမှာ နောက်ကျိကျိ။

ကျွန်တော် ကြည့်မြင်နေရသည်မှာ လူတစ်ယောက်ကို အရှင်လတ်လတ် ရင်ကိုခွဲနေခြင်းလည်း မဟုတ်ပါ။ ရင်ဝတို လှံဖျားမြမြနှင့်ထိုးဆွနေခြင်းလည်း မဟုတ်။ ဓားသွားထက်ထက်နှင့်လည်း ပြတ်အောင်ခုတ်သတ်နေခြင်းမျိုးလည်း မဟုတ်ပါ။

ကျွန်တော်မမြင်ရက်ဖြစ်နေရသည့် အရာမှာ စာကလေးတစ်ကောင်ကို တွယ်အပ်တစ်ချောင်းနှင့် မျက်လုံးနှစ်ဖက်ကို ထိုးဖောက်နေသော မြင်ကွင်းကြောင့်ပါတည်း။

စာကလေးမှာ နာရှာလွန်း၍ ဆတ်ဆတ်လူးနေပါသည်။ မျက်လုံးကလေးနှစ်ဖက်မှ သွေးစသွေးနအရည်ကြည်များထွက်လာပါသည်။ထိုးဖောက်သူကတော့ သဘောကျလျက် အားရပါးရ ရယ်မောနေပါသည်။

ကျွန်တော်က သည်လိုမလုပ်ရန် တားသည်၊ မရ။ ကျွန်တော့်သူငယ်ချင်း ဤမှုအသိဉာဏ်မိုက်မဲ၍ ရက်စက်ကြမ်းကြုတ်လိမ့်မည်ဟုလည်းမထင်။ သူသည် စာကလေးကို လေးခွနှင့်ပစ်သည်။ ချက်ကောင်းကို မမှန်။ သို့သော် စာကလေးမှာ မူးသွား၍ သူဖမ်းမိသွားသည်။ သူ့အကျီတွင် အသင့်ပါလာသောတွယ်ချိတ်နှင့်ဖောက်မှ ကျွန်တော် အလန့်တကြားတားသည့်ကြားမှ သွေးအေးအေးနှင့် ဖောက်ပစ်ပါတော့သည်။

နေရာကား မကွေးမြို့အရှေ့ဘက် ပြည်တော်သာတိုက်တန်းလျားများ၏အရှေ့ဘက် ယာကွင်းထဲမှာဖြစ်၏။ ယင်းယာမှာ ဆက်ရက်၊ ချိုးငှက်ပေါ၏။ နွေရာသီကျောင်းပိတ်ရက် သူကဇက်အတင်းအဖော်ခေါ်၍ လေးခွကိုယ်စီနှင့်လိုက်သွားခြင်း ဖြစ်၏။

သူသည် စာကလေး၏ မျက်စိနှစ်လုံးကိုဖောက်ပြီးသည်နှင့် လက်ကလွှတ်လိုက်ပါသည်။ စာကလေးသည် နာကျင်မှု၊ ကြောက်လန့်မှုဖြင့် တစ်ဟုန်ထိုးပျံ၏။ ဝေးဝေးမပျံနိုင်ရှာပါပေ။ ဟိုသစ်ပင်တိုးသည်သစ်ပင်တိုက်နှင့် သူ့အဖို့ ဒုက္ခပင်လယ်ဝေနေရှာပါသည်။

"ကြည့်စမ်းပေါ့ ဝင်းမြင့်၊ စာကလေး ဟား. . . ဟား - တိုးပြန်ပြီ၊ ဟာ- တိုက်ပြန်ပြီ ဟား ဟား ဟား"

ကျွန်တော့်သူငယ်ချင်း အပျော်ကြီးပျော်နေပါသည်။ မကြည့်ရက် မမြင်ရက်။ မျက်စိမျက်နှာပျက်လျက် စိတ်မကောင်းစွာဖြင့် အိမ်သို့ ကျွန်တော်တစ်ယောက်တည်းပြန်လာခဲ့ပါသည်။

ကျွန်တော့်သူငယ်ချင်းသည်သာ တဝါးဝါးတဟားဟား သဘောကျစွာ စာမျက်ကန်းလေးတစ်ကောင်နှင့် ပျော်၍ ကျန်ရစ်ခဲ့ပါသည်။

သူသည် အသက် (၁၃) နှစ်ရှိပါပြီ။ သူ့နာမည်က 'မိုက်ကျော်'။ နာမည်နှင့်လိုက်အောင် မိုက်သည့် မိုက်ကျော်ပါတည်း။

ကျွန်တော်သည် အကြောင်း



# မကွေးဝင်းမြင့်

## ကိုယ့်ကာယကံ ကိုယ့်ထံပြန်



www.burmeseclassic.com

www.burmeseclassic.com

အမျိုးမျိုးကြောင့် တက္ကသိုလ်ပညာကို ဆုံးခန်းတိုင်အောင်မသင်ရဘဲ တစ်ဝက်တစ်ပျက်နှင့်ထွက်ခဲ့ရပါသည်။ တစ်ဝမ်းတစ်ခါးအတွက် စာအုပ်ဆိုင်ထောင်သည်။

ကျွန်တော် ကျောင်းကထွက်ခဲ့သည့်နည်းတူ ကျွန်တော့်သူငယ်ချင်း မိုက်ကျော်သည်လည်း ကျောင်းကထွက်ရသည်။

သူသည် ငယ်ငယ်က အကျင့်ဆိုးတွေမဖျောက်။ ပွေသည်။ ရှုပ်သည်။ ကျောင်းသူကလေးတစ်ဦးကို ကားတင်သည်။ သည်လိုနှင့် ကျောင်းသူကလေး မိစံနှင့် မိုက်ကျော်တို့ ညားခဲ့ကြသည်။

မိုက်ကျော်၏ အသက် (၂၄) နှစ်ရှိပါပြီ။

အလုပ်ကတော့ မိဘက ပန်းထိမ်လုပ်ငန်းဖြစ်၍ တစ်ဦးတည်းသောသားဖြစ်သူ မိုက်ကျော်သည် သူပဲဦးစီးလုပ်ကိုင်လိုက်သည်။ လုပ်သည်ဆိုရာ၌ သူကိုယ်တိုင် ဖြစ်ဖြစ်မြောက်မြောက်တတ်သူမဟုတ်။ တပည့်လက်သားခြောက်ဦးလောက်နှင့် သူက ငွေသိမ်းပြေစာဖွင့်လက်ခံရုံသာ ဖြစ်သည်။

ငွေကြေးချမ်းသာ၍ အထည်အမျိုးမျိုးဝယ်လိုက်၊ ရောင်းလိုက်လုပ်နိုင်သဖြင့် သူ့ပန်းထိမ်ဖိုသည် အမြဲလူစည်ကားသည်။

ကျွန်တော် ရောက်သောအခါ အတိုင်း အေးအေးလူလူ စကားမပြောဖြစ်။ အရောင်းအဝယ်ကိစ္စများကြားထဲမှ တစ်ခွန်းစနှစ်ခွန်းစပြောရင်း ပြန်ခဲ့ရသည်။

သီးနှံပေါ်သောအခါ မိုက်ကျော်၏ ပန်းထိမ်ဖိုတွင် ပို၍လူစည်သည်။ အဲဒီအခါ ရွှေဈေးကလည်းတက်သည်။ တောမှဦးကြီးတွေ ငွေခန်းစပြုသော် ရွှေဈေးလည်း တအိအိကျ၏။ ငွေလို၍ဝယ်ထားသည့်ရွှေလေးပြန်ရောင်းရသည်။ ပေါင်သူကပေါင်သည်။ မိုက်ကျော်တို့ ပန်းထိမ်ဖိုမှာပင် ရောင်းကြ၊ ပေါင်ကြသည်။ တစ်ခါ တောင်သူဦးကြီးများ သီးနှံပေါ်၍ငွေရွှင်ပြန်တော့ မိုက်ကျော်တို့ ပန်းထိမ်ဖိုပင်ဝယ်ကြ၊ ရွေးကြရပြန်သည်။ တောင်သူဦးကြီးများ ရွေးလိုက်ပေါင်လိုက်၊ ပေါင်လိုက်၊ ရွေးလိုက်စသည်ဖြင့် ဝိုင်းကြီးပတ်ပတ်ဒူဝေဝေဖြစ်လေ မိုက်ကျော်တို့ ဝင်ငွေတိုးလေဖြစ်နေလေသည်။

ထို့ကြောင့် မိုက်ကျော်သည် အစီခံဒူးယားစီးကရက်ကိုလက်ကမချ။ အရက်ကလေးတမြမြ။ ညနေတိုင်း မော်တော်ကားကလေးတဝီဝီနှင့်။

တစ်နေ့ မိုက်ကျော်တစ်ယောက် ငရဲမီးလောင်၍ ဆေးရုံရောက်သည်။ ဖြစ်ဖြစ်ချင်း ကျွန်တော်လိုက်သွားသည်။

ဆေးရုံရောက်တော့ မိုက်ကျော်၏ အဖေနှင့် အမေကို တွေ့ရ၏။ မိုက်ကျော်၏ဇနီး မိစံကိုလည်း တွေ့ရ၏။ သူတို့မျက်စိမျက်နှာပျက်နေကြ၏။

“ဘာဖြစ်တာလဲ မိစံ”

“သူ. . . သူ. . . သူ့မျက်နှာ ငရဲမီးလောင်လို့”

“ဟင်-ဖြစ်မှဖြစ်ရလေ၊ကိုယ်လည်း ခုကြားကြားချင်းလာခဲ့တာပဲ”

ကျွန်တော်သည် မိုက်ကျော် ဖြစ်ရပုံကို ထိတ်ထိတ်ပျာပျာဖြစ်သွားမိပါသည်။

ပန်းထိမ်လုပ်ငန်းဆိုသည်မှာလည်း ငရဲမီးနှင့်မကင်း။ ငရဲမီးဆိုတာကလည်း ပြင်းထန်ပါဘိခြင်း။ မထိလိုက်နှင့် ထိလိုက်တာနှင့်တစ်ပြိုင်နက် အဝတ်ထိအဝတ်၊ အသားထိ အသားနီလန်သွားမည် ဖြစ်သည်။

မိစံသည် ကိုယ်လေးလက်ဝန်ကြီးနှင့် ဖြစ်၏။ မွေးခါနီးဖွားခါနီး ဘုရားသိကြား,မလို့ မိုက်ကျော်ဘာမှမဖြစ်ပါစေနှင့်ဟု ဆုတောင်းမိသည်။

ကျွန်တော့်ရင်ထဲလည်း လှုပ်ရှားနေပါသည်။

မိုက်ကျော်၏မိဘနှစ်ပါးကတော့ ဆိုဖွယ်မရှိပြီ။ မိုက်ကျော်၏အမေသည် ပရိတ်တော်ကိုပင် မှန်အောင်မရွတ်ဆိုနိုင်ရှာတော့ပေ။

ဆရာဝန်တစ်ယောက် အရေးပေါ်လူနာခန်းထဲမှထွက်လာသည်။ သူ့မျက်နှာသည် ဆရာဝန်ပီပီ တည်တည်ငြိမ်ငြိမ်ပင်။ ကရုဏာလွှမ်းသည့်မျက်နှာဖြင့် မိုက်ကျော်၏ဖခင်ကို တိုးတိုးညင်းညင်းကလေး ဤသို့ပြော၏။

“လက်ဝဲဘက်ပါးကို အပူတော်တော်လောင်သွားပါတယ်။ တခြားဘာမှမထိခိုက်။ မဖြစ်လောက်ပါဘူး။ ဒါပေမယ့် ဒါပေမယ့် မျက်စိတော့ကွယ်လိမ့်မယ်ထင်ပါတယ်”

မိုက်ကျော်၏အဖေသည် ငိုင်ကျသွား၏။ မိုက်ကျော်၏အမေက ရှိုက်ကြီးတငင်ငို၏။ မိစံလည်း ငိုသည်။ ကျွန်တော်လည်း ဖြစ်ရလေ မိုက်ကျော်ရယ်ဟုညည်းမိရင်း သက်ပြင်းပြင်းတစ်ချက်ချမိပါသတည်း။

မိုက်ကျော်၏မျက်စိနှစ်ဖက်စလုံး ကွယ်ရှာသည်။ မိုက်ကျော်၏အဖေက အမျိုးမျိုးကုသပေး၏။ မရ။ ငွေလည်း သောက်သောက်လဲကုန်သည်။ မထူးခြား။

သည်လိုနှင့် တစ်နှစ်နီးပါးကြာလာ၏။ မိုက်ကျော်တို့ ရန်ကုန်ဆေးရုံကြီးသွားရောက်ကုသနေတုန်း မိစံ ကလေးမျက်နှာမြင်သည်။ သားဦးကလေး။ သူ့ကို ပြည်ကျော်ဟု မှည့်သည် ဆို၏။

မိုက်ကျော်အနေနှင့် မျက်စိအလင်းပြန်ရရန် ဘယ်နည်းနှင့်မျှမဖြစ်ပါပေ။ သူတို့ ငွေကြေးတတ်နိုင်၍လုပ်နေကြခြင်းသာ ဖြစ်သည်။ နောက်ဆုံးတော့ လက်လျှော့၍ မကွေးပြန်ရောက်လာ၏။

တစ်နေ့ -

မိုက်ကျော်အိမ်သို့ ကျွန်တော်ရောက်သွား၏။ မိုက်ကျော်၏ မျက်နှာတစ်ခုလုံး ခရုသင်းစွဲနေသည့်အလား ရဲချိုပ်နေသည်။ မျက်မှန်အမည်းကြီးကို တပ်ထားပြီး ပက်လက်ကုလားထိုင်ပေါ်မှာထိုင်နေသည်။

“သူငယ်ချင်း မိုက်ကျော်၊ နေကောင်းရဲ့လားဟေ့”

“ဘယ်သူလဲ”

“ငါပါကွ၊ မိုက်ကျော်ရ”

“ကိုဝင်းမြင့်လေ ကိုကျော်ရဲ့”

မိစံ ကလေးနို့တိုက်ရင်းမှ ပြော၏။

“ဩော် - သူငယ်ချင်း၊ ထိုင်ကွာ ထိုင်၊ ကိုယ်တော့ဘဝဆုံးပြီ”

မိုက်ကျော်အသံကတိမ်ဝင်သွားသည်။ ကျွန်တော့်ရင်ထဲလည်း နင့်ခနဲခံစားလိုက်ရပါသည်။

“အားမလျှော့ပါနဲ့ကွာ။ ဘဝဆိုတာ ဒီလိုပဲပေါ့”

“အင်း”

“ဒါနဲ့ သူငယ်ချင်း၊ မင်းစဖြစ်တုန်းက ဘယ်လိုဖြစ်တာလဲ မိုက်ကျော်”

“ဖြစ်တာက ဒီလိုကွ။ အဲဒီနေ့က ရွှေထည်တစ်ခုကို မသင်္ကာတာနဲ့ ရွှေစစ်မစစ်စမ်းသပ်ဖို့ မှတ်ကျောက်တင်ပြီး ငရဲမီးစားမယ်လုပ်တုန်း ငရဲမီးပုလင်းက လည်း စားပွဲပေါ်မှာတင်ထားတာ။ ကိုယ့်အိမ်မှာ မွေးထားတဲ့ ကြောင်က ဖြုန်းခနဲ ခုန်ချတော့တာပဲ။ ငရဲမီးခွက်ရော ပုလင်းပါ ဖိတ်စဉ်ကွဲကျကုန်ပြီး ကိုယ့်မျက်နှာ လက်မောင်း ငရဲမီးလောင်တော့တာပဲ တောက်-အသည်းအနာဆုံးက ကိုယ့်ရဲ့ သွေးလေး သားလေးကို မမြင်ရတဲ့ [illegible] ကွာ။ မိစံရေ့ သားလေးကို ကိုယ့် [illegible] ထဲပေးပါဦးကွာ။ သူငယ်ချင်း၊ ကိုယ့်သား [illegible]



www.burmeseclassic.com

www.burmeseclassic.com

နေအောင်လင်း(စလေ)

# ကျွဲ၊ နွားများ ကျူပင်အစာတောက်လျှင် ဆေးနည်း

ကိုင်းမြေ၊ မြေနုကျွန်းပေါ်မြေတို့တွင် ကိုင်းပင်၊ ကျူပင်တို့အား အလေ့ကျပေါက်လျက် မြင်တွေ့နိုင်ပါသည်။ ကျူပင်ကိုင်းပင်တို့မှာ အခြားအပင်မျိုးနွယ်တို့နှင့်မတူသည့်အချက်က အသီး၊ အစေ့တို့မှ အပင်ပေါက်ပွားရှင်သန်နိုင်သကဲ့သို့ အမြစ်ဥ၊ အမြစ်၊ ကိုင်းဆစ်တို့မှလည်း အပင်ငယ်တို့ ပေါက်ပွားဖြစ်ထွန်းတာ တွေ့ရသည်။ ကျူပင်၊ ကိုင်းပင်တို့ ကျွန်းမြေပေါ် အစေ့အပင်ပေါက်အမြစ်တွယ်မိလျှင် တောရှင်းသတ်ဖို့ပင်မလွယ်တဲ့အောင် ပေါက်ပွားနှုန်းမြန်တာတွေ့ရပါသည်။ ကျူတော၊ ကိုင်းတောကြီးများအဖြစ် တစ်နှစ်၊ နှစ်နှစ်အတွင်း တောဖြစ်ကာ ကျွန်းကိုင်းမို့ကိုင်းကျွန်းမို့ ဆိုစကားကဲ့သို့ပင် ကိုင်းမြေကျွန်းမြေကိုလည်း ကျူပင်ကိုင်းတောများအမှိုက်ရကာနုန်းတင်မြေပို့ကာ ကိုင်းမြေကျွန်းမြေတို့အဖြစ် မကြာခင်ပေါ်ထွန်းလာတတ်ခြင်းဝင်ဖြစ်သည်။

ထိုကိုင်းတော၊ ကျူတောကြီးများအား မခုတ်မထွင်ကိုင်းမြေမလုပ်လျှင်လည်း ကျွဲစားကျက်၊ နွားစားကျက်အဖြစ် ကိုင်းတောင်သူ၊ ယာတောင်သူတို့ ကျွဲ၊ နွားတို့စားကျက်အဖြစ် လွှတ်ကျောင်းထားတတ်ကြသည်။ ကိုင်းပင်၊ ကျူပင်နှစ်မျိုးစလုံးပင် ကျွဲ၊ နွားတို့ စားသောက်တာတွေ့ရသည်။ ကျွဲတို့မှာ ကျူပင်အား ပို၍ပင် ကြိုက်နှစ်သက်တာတွေ့ရသည်။

ကျွဲ၊ နွားတို့ ကြိုက်နှစ်သက်စားသောက်သော်လည်း ကိုင်းပင်၊ ကျူပင်တို့မှာ အအေး၊ အစိုဓာတ်ဖြစ်၍ ကျွဲ၊ နွားတို့ အစားအစာလွန်လျှင်သော်လည်းကောင်း၊ တစ်ခါတစ်ရံ အစာမကြေ ဝမ်းဗိုက်မြည့်ဖောင်းကာ ဝမ်းချုပ်၊ လေချုပ်ဖြစ်ကာ ထိုကျွဲ၊ နွားတို့ကလည်း စားမြုံ့ပြန်ခြင်းမရှိဘဲ (၁) ရက်၊ (၂) ရက် ရက်ကြာလာလျှင် ထိုဝမ်းဗိုက်ပြည့်ဖောင်းအစာမကြေဖြစ်သည်။ ကျွဲ၊ နွားတို့မှာ အသက်ဆုံးရှုံးရသည်အထိပင်ကြုံရတတ်သည်။ ကိုင်းပင်တို့မှာ များများစားလျှင်လည်း ဝမ်းချုပ်တတ်သလို ကျူပင်မှာ အစားများလျှင်သော် လည်းကောင်း၊ ကျူပင်အရိုးအဆစ်ထဲက ပိုးတစ်မျိုးတောက်၍သော်လည်းကောင်း ကျူပင်မှာ အစာမာ၊ အစာစိုသဖြင့် တိရစ္ဆာန်တို့ဝမ်းမီးမချက်နိုင်ဘဲ ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်ကာ အစာအိမ်လေဖောင်းဗိုက်ပြည့်၍ ကျွဲ၊ နွားတို့ အသက်ဆုံးရှုံးရသည်အထိ ကြုံတွေ့ရတတ်ပါသည်။

ထိုကဲ့သို့ ကျွဲ၊ နွားများ ကျူပင်စား၍ အစာမကြေဖြစ်ကာ အစာအိမ်လေဖောင်းဆီးချုပ်၊ ဝမ်းချုပ်ဖြစ်လျှင် အမြန်ဆုံး ဆီး၊ ဝမ်း၊ လေတို့ရကာ သက်သာပျောက်ကင်းသည့်နည်းအား ညီးစုကျေးရွာမှ ကျွဲ၊ နွားတို့အား မွေးမြူလျက်လယ်ယာလုပ်ငန်းနှင့် မိဘဘိုးဘွားအစဉ်ဆက်က လုပ်ကိုင်လာခဲ့သူ ဦးအောင်မြသိရှိရပါသည်။

ကျွဲ၊ နွားတွေ ကျူပင်တွေအစားများသွားလို့ အစာမကြေအစာအိမ်ပြည့်ဖောင်းပြီး ဝမ်းဆီးလည်းမသွားဘဲ ဝမ်းဗိုက်ကြီးကားနေလျှင် နွားသားရေကို ရအောင်ရှာ၊ မီးဖုတ်၊ နွားသားရေက မီးဖုတ်လိုက်တော့ မီးကျက်၊ ချိုးခြစ်ကျွမ်းသွားတော့ အမဲခြောက်ဖုတ်လို့ဖြစ်သွားမည်။ အဲဒီသားရေမီးဖုတ်ကို ကျွဲ၊ နွားတို့ရဲ့ပါးစပ်ထဲဝင်အောင်ခွံ့ပြီး ကျွေးပေးလိုက်။ မကြာခင်မှာ သက်သာပျောက်ကင်းသွားလိမ့်မည်ဟု ပြောပြပါသည်။

ကျူပင်တို့မှာ အစာမာပြီး အစိုအေးသည့်အစာဖြစ်သောကြောင့် ကျွဲ၊ နွားများအဖို့ အစားများလျှင် ဤကဲ့သို့ အစာမကြေလေဖောင်းသည့်ဝေဒနာတို့ ကြုံတွေ့ရတတ်ပါသည်။ အချိန်မီကုသနိုင်ပြီး ဆေးနည်းအလွယ်ဖြစ်လို့ ရေးသား ပေးပို့လိုက်ရပါသည်။

ပြောပြပေးသူ ဦးအောင်မြအား ကျေးဇူးအထူးတင်ရှိပါသည်။

နေအောင်သင်း(စလေ)

---

လေး ချောရဲ့လားကွ၊ ဟင်-ကြည့်စမ်းပါဦး၊ ကိုယ့်လည်းပြောပါဦး”

မိုက်ကျော်သည် သူ့သားကလေးနီတာထွေးကို ဟိုစမ်းဒီစမ်းစမ်းသည်။ ကလေးက ဝတုတ်တုတ်လေးဖြစ်သည်။

“သူငယ်ချင်း မိုက်ကျော်၊ မင်းသားက ချောပါတယ်ကွ။ မင်းနဲ့လည်းတူတယ်”

ကျွန်တော်က သည်လိုပြန်ပြောလိုက်တော့ မိုက်ကျော်မျက်နှာဝင်းထိန်သွားသည်။ သွားကြီးများပေါ်အောင်ပြုံးကာ လက်ထဲမှ သူ့သားကလေးကို နမ်းရှုပ်နေ၏။

“ကဲ-သူငယ်ချင်း အားမငယ်ပါနဲ့ကွာ၊ စိတ်ကောင်းကောင်းထား။ ကိုယ်ပြန်ဦးမယ်၊ နောက်လည်း မကြာမကြာ ကိုယ်လာခဲ့ပါ့မယ်ကွာ”

“အေးကွာ - ပြန်တော့၊ ကဲဟော့ သားသားက ဦးဦးကိုတာ့တာလုပ်လိုက်ဦးလေ”

အခါလည်မျှသာရှိသော ကလေးငယ်ကို မိုက်ကျော်က လက်နှင့်စမ်းရင်း တာ့တာလုပ်ခိုင်းနေပြန်လေ၏။ ကလေးငယ်က ဘာမှမသိ။ ကြာတော့ စိတ်ညစ်ပြီး အော်ငိုသည်။ သည်တော့မှ အနားက မိစံက ကလေးကိုယူ၍ ချော့မြူနေတိုက်လိုက်ရသည်။

မိုက်ကျော်တို့ကို နှုတ်ဆက်ပြီး ကျွန်တော် အိမ်ပြန်လာတော့ လမ်းမီးများပင်လင်းနေလေပြီ။

စိတ်ထဲမှာတော့ မျက်မှန်အမည်းကြီးကိုတပ်ကာ မိုက်မှောက်ကျနေရှာသော သူငယ်ချင်း မိုက်ကျော် မျက်နှာကို မြင်ယောင်မိလာသည်။

ကျွန်တော့်ဘဝင်လှိုက်လှိုက်ဆူနေသည်။ မိုက်ကျော်နှင့်တွေ့စဉ်က မပြောရက်ပြောမထွက်ခဲ့သောစကားကိုလည်း တစ်ယောက်တည်းညည်းမိပါသည်။

“သူငယ်ချင်း မိုက်ကျော်၊ မင်းပြုခဲ့တဲ့ မကောင်းမှုက အခုမင်းကိုတုံ့သော အကျိုးပေးတာ။ အကုသိုလ်ဆိုတာ ကြောက်စရာကောင်းတယ် သူငယ်ချင်း။ ဝဋ်မှာအမြဲ ငရဲမှာအပတဲ့။ ဒီဘဝဒီမျှနဲ့ မင်းတစ်ယောက်ခံရပါစေလို့ ကိုယ်ဆုတောင်းပါတယ် သူငယ်ချင်း”

ဟူ၍။

မကွေးဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီနေ့ကို သိပ်မှတ်မိတယ် ဆရာ။ ၂၀၁၂ ခုနှစ်၊ မေလ ၂၈ ရက်နေ့ ည (၈) နာရီ (၁၅) မိနစ်လောက်ကပေါ့ ဆရာ။ ကျွန်မက မင်္ဂလာဒုံ ကြံ့စုခင်းမှာနေတယ် ဆရာ။ မင်္ဂလာဒုံလေဆိပ်ရှေ့မှာ တာဝန်ထမ်းဆောင်နေတဲ့ သမီးကို လာကြိုတုန်းကပေါ့။ ကျွန်မပြောတဲ့ အဲဒီအချိန်မှာ ဖျတ်ခနဲအလင်းရောင်တောက်တောက်တစ်ခုလင်းလက်သွားလို့ မိုးတောင်းကင်ကိုမော့ကြည့်မိတော့ အစိမ်းရောင် အလင်းတန်းတစ်ခု အနောက်တောင်ထောင့်ကနေပြီး ဖြန့်ကြက်တက်လာပြီး မိုးတောင်းကင်ကြီးတော်တော်များကို ဖုံးလွှမ်းသွားတယ် ဆရာ။ အဲဒီအလင်းရောင်ဟာ (၃) မိနစ်လောက်တောင်နေသွားသလားမသိဘူး။ အချိန်အတော်ကြီးနေမှ တဖြည်းဖြည်း ပျောက်ကွယ်သွားတယ်။ ကျွန်မတအားကြီးအံ့ဩသွားတယ် ဆရာ။ ဒီထူးဆန်းတာကို ကျွန်မတစ်ယောက်တည်းမြင်လိုက်သလားလို့ လိုက်လံစုံစမ်းကြည့်တော့ မင်္ဂလာဒုံလေဆိပ်က လုံခြုံရေးဝန်ထမ်းတချို့လည်း မြင်လိုက်တယ်ဆရာ။ မေဓာဝီဈေးကလူတချို့လည်း မြင်လိုက်တယ်ဆရာ။ မေဓာဝီဈေးက မြောက်ဥက္ကလာပမှာရှိပေမယ့် ကျွန်မတို့ ကြံ့ခင်းစုနဲ့ နီးနီးလေးပဲ ဆရာ။

ကျွန်မတွေ့လိုက်တဲ့ အဲဒီထူးဆန်းတာလေးကို ဂျာနယ်တွေ၊ သတင်းစာတွေမှာ ပါလာမလားလို့ လိုက်ကြည့်နေတာ အခုထက်ထိတစ်ခါမှပါမလာဘူး ဆရာ။ ကျွန်မက အဲဒီအစိမ်းရောင် အလင်းတန်းကို အရမ်းစိတ်ဝင်စားတယ် ဆရာ။ ကျွန်မက အာယုစန်းနဲ့ဗေဒင်ပညာကို နှစ်ရှည်လများလိုက်စားဟောပြောခဲ့သူဆိုတော့ အယူတော်မင်္ဂလာပညာကိုလည်းစိတ်ဝင်စားတယ်ဆရာ။ ကျွန်မတွေ့လိုက်တဲ့အစိမ်းရောင်အလင်းတန်းဟာ အယူတော်မင်္ဂလာပညာမှာပါတဲ့ ကိတ်ပဲဖြစ်ရမယ်။ ကိတ်မှာတောင်မှ ဒိဗျကိတ်ဖြစ်ရမယ်လို့ ဆုံးဖြတ်ခဲ့တယ် ဆရာ။ အဲဒါမှန်လား ဆရာ"

# မင်းရှိန်အောင်

## စောင့်ကြည့်လေ့လာသင့်သည့် နိမိတ်သဘောဆောင်များ

ပြီးခဲ့သော ဩဂုတ်လနေ့တစ်နေ့က မင်္ဂလာဒုံမြို့နယ် ကြံ့စုခင်းက ဒေါ်တင်တင်ဝင်းနှင့် စကားလက်ဆုံကျရင်းနှင့် ဒေါ်တင်တင်ဝင်းပြောခဲ့သော စကားဖြစ်သည်။ ပြီး ဒေါ်တင်တင်ဝင်းက ဤသို့ပြောဆိုပြန်သည်။

"ထူးဆန်းတာကို ဆက်ပြောဦးမယ်ဆရာ။ ကျွန်မတွေ့လိုက်တဲ့ အဲဒီအစိမ်းရောင်အလင်းတန်းကို မြင်လိုက်ရတဲ့နေ့ဟာ ၂၀၁၂ ခု၊ မေလ ၂၈ ရက်နေ့လို့ပြောခဲ့တယ်နော် ဆရာ။ တိုက်တိုက်ဆိုင်ဆိုင်လို့ဆိုရမလား၊ အဲဒီနေ့မှာပဲ ရခိုင် ကျောက်နီမော်မှာ ဟိုမိန်းကလေး





www.burmeseclassic.com

www.burmeseclassic.com

စွပေါ်ခဲ့တာပဲ ဆရာ။ အဲဒီနောက်မှာ ဖြစ်လိုက်တဲ့ လူမျိုးရေး၊ ဘာသာရေးဆန့်ကျင်တဲ့အဓိကရုဏ်းတွေ ဆရာသိတဲ့အတိုင်းပဲ ဆရာ။ ကျွန်မသိချင်တာက ကျွန်မတို့တွေ့လိုက်တဲ့ အစိမ်းရောင်တန်းဟာ တယ်ပဲ ကိတ်လား ဆရာ။ အဲဒီကိတ် ဟိုအဓိကရုဏ်းတွေဖြစ်ပေါ်ဖို့ အတွက် ကြိုတင်နိမိတ်ပြတာပဲလား ဆရာ"

ဒေါ်တင်တင်ဝင်း၏ အဆိုပါ မေးခွန်းကို ကျွန်တော် တိတိပပ အဖြေမပေးမိခဲ့။ သုတေသနပြုလေ့လာသင့်သော နိမိတ်သဘောတစ်ခုဖြစ်နေမလားဟု တွေးမိပါသည်။

ပြီးနောက် ပြောနေသောစကားသည် မြန်မာပြည်တစ်ဝန်း၌ မိုးကြီးသည်းထန်စွာရွာ၍ ရေကြီးရေလျှံနေမှု တ်တိုရောက်ရှိသွားသည်။ မြန်မာပြည်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်(၁၄)ခု အနက် (၁၂)ခုတွင် ဖြစ်နေ၏။ ထိုအထဲ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့ သဘာဝဘေးဒဏ်သင့်နယ်မြေအဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ကြေညာထားရသည်။ ဆိုလိုသည့်သဘောက မြန်မာပြည်တစ်ဝန်း၌ ရေဘေးသင့်ဒေသများထဲတွင် အဆိုပါရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့သည် အဆိုးဝါးဆုံးဟု ရည်ညွှန်းရာရောက်နေပေသည်။

ဖြစ်ရခြင်းအကြောင်းရင်းခြာက ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှ ၂၈ ရက်နေ့အထိ တစ်ကြိမ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ တစ်ကြိမ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး ရာစုနှစ်တစ်ဝက်ကျော်တ်မှာ တစ်ကြိမ်တစ်ခါမှမကြုံစဖူးသော မိုးကြီးသည်းထန်စွာသဲသဲမဲမဲကြီး ရှည်တာများ ရွာသွန်းနေခဲ့သဖြင့် ပြည်လုံးလိုလို ရေကြီးရေလျှံခဲ့သည်။ တောင်ကျရေများ တရကြမ်းစီးဆင်းခဲ့သည်။ တောင်ပြို၊ မြေပြိုခဲ့သည်။ ကြည်းကုန်းမြေပြင်တွင် ဧရာမရေပင်လယ်ကြီးပေါ်ထွန်းခဲ့ရသည်။ ဤသည်တို့ ရုပ်သံတီဗွီဖန်သားပြင်များပေါ် သတင်းစာဂျာနယ်စာမျက်နှာတွေပေါ်မှာ စိတ်မချမ်းမြေ့ဖွယ်ရာ မမြင်ချင်အဆုံးဖြစ်သည်။ လူအသေအပျောက်များခဲ့သည်။ လူနေအိမ်ခြေအပျက်အစီးများခဲ့သည်။ ကျွဲ၊ နွားအသေအပျောက်များခဲ့သည်။ စိုက်ပျိုးမြေအပျက်အစီးများခဲ့သည်။

စိတ်ဝင်စားစရာတစ်ခုက ဤမိုးကြီးသည်းထန်စွာမရွာသွန်းမီသီသီလေး၌ ဘင်္ဂလားပင်လယ်အော်တွင် ဆိုင်ကလုံးမုန်တိုင်းတစ်ခုဖြစ်ပေါ်ပြီး အိမ်နီးနားချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲသို့ဝင်ရောက်သွားခဲ့ရသည်။ ဤမုန်တိုင်းကြောင့် ယခုပြောနေသော မြန်မာပြည်တစ်ဝန်း၌ မိုးကြီးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်ခဲ့ရသည်။ ထူးဆန်းသည်က ထိုဆိုင်ကလုံးမုန်တိုင်း၏အမည်က 'ကိုမန်' ဖြစ်သည်။ ခေမာတတ်ဟု ဆိုရမည်လား၊ ဂဗ္ဘေမာတ်ဟု ဆိုရမည်လား။

မိုးကြီးသည်းထန်စွာရွာသွန်း၍ဖြစ်ရသော ရေဘေးကြောင့် ထိခိုက်မှုများပြားရသော တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်များသည် ဂဗ္ဘေ၊ ခေမာဆိုသော တနင်္လာနာမ်၊ ကြာသပတေးနာမ်တို့နှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်စပ်နေသည်။ ဥပမာ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကလေးမြို့၊ မုံရွာမြို့နယ်၊ မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်၊ ပွင့်ဖြူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ဟားခါးမြို့နယ်တို့ ဖြစ်သည်။ လေ့လာသုံးသပ်စရာပင်။

ဤသည်နှင့် ဆက်နွှယ်လျက် ဇာတ်စုံတစ်ရာကို သွားသတိရမိသည်။ ရခိုင်မြောက်ဦးရွှေပြည်၌ မဟာသမ္မတရာဇာမင်းလက်ထက် သက္ကရာဇ်၁၁၄၆ခု၊ နယုန်လပြည့်ကျော် ၇ ရက်နေ့မှ စတင်ပြီး (၇) ရက်တိုင်တိုင် မိုးကြီးသည်းထန်စွာရွာရာ ကစ္ဆပနဒီ (ကုလားတန်) မြစ်သည် မြစ်ညာမှ တောင်ကျရေ (အညာရေ) ပြင်းထန်စွာ ဒလဟောစီးဆင်းလေသောကြောင့် မြစ်ကမ်းနံဘေး ဝဲ၊ ယာ မြေပြင်တစ်နံတစ်လျားတွင် ရေပင်လယ်ပြင်အဖြစ် ဖုံးလွှမ်းလျက် လှိုင်းတံပိုးများဖြင့် တင်းကျမ်းပြည့်လျှံသွားသည်။ ဝန်းကျင်တစ်ခွင်က ရေဘေးသင့်ဒုက္ခသည်အပေါင်းတို့သည်လည်း တခြားခိုနားစရာမရှိသဖြင့် မဟာမုနိဘုရားကုန်းတော်ပေါ် တက်ရောက် ခိုလှုံနေထိုင်ရတော့သည်။ ထိုအတောအတွင်း၌ ရေဘေးသင့်ကိုယ်ဝန်သည်မ (၃) ဦး မြိုင်တူမီးဖွားခဲ့လေသည်။

နောက် မဟာမုနိဘုရားဆင်းတုတော်သည် ရောင်ခြည်တော်မှေးမှိန်ခဲ့သည်။ အလျား(၃၃)လံရှိသော ခမောင်းတုံး (ပျဉ်းမတုံး) တစ်ခုသည် မဟာမုနိဘုရားကုန်းတော်ခြေရင်းတွင် လာပါးသည်။ ထိုတုံးသည် အစုန်၊ အဆန်ရေပြင်တွင် ရွေ့လျောမျောပါနေပြီး ထိုတုံးပါးအရပ်တွင် ညဥ့်အခါ၌ တူရိယာတီးမှုတ်သံများ၊ ငိုကြွေးသံများ ကြားရသည်ဟူ၏။ သွားကြည့်လျှင်လည်း ထိုတုံးမှတစ်ပါး မမြင်ရ မကြားရ ဆို၏။ ထိုတုံးပါးရာအရပ်၌ လူအသေအပျောက်ဖြစ်တတ်သည်ဆို၏။ ပြီး မဟာမုနိဘုရားကုန်းတော်ရှိ ဦးတော်ဆေးကန် အစပြု၍ မြစ်ရေ၊ ချောင်းရေတို့သည် သွေးကဲ့သို့ နီရဲကုန်၏။ မဟာမုနိဘုရားကုန်းတော်ရှိ မဟာဗောဓိပင်အရွက်တို့လိပ်ကြကုန်၏။ သစ်ပင်စောင့်နတ်တို့ငိုကြွေးကုန်၏။

ထိုနိမိတ်များကို မြောက်ဦးပြည့်ရှင်မင်းကြီးကြားတော်မူ၍ ဝါဆိုလဆန်း ၁၄ ရက်နေ့တွင် မဟာမုနိဘုရားကုန်းတော်ပေါ်ကိုလာလတ်၍ ထိုနိမိတ်တို့၏ဆိုးကျိုးများ ပြေပျောက်စေခြင်းအလို့ငှာ ရှေ့မင်းများ ထုံးစံအတိုင်း ဝသုန္ဒရေတွင်း၌ရေစက်သွန်းချပြီးလျှင် မိမိအတွက် ဒင်္ဂါးပြား (၅၀)၊ ထီးနန်းအတွက် ဒင်္ဂါးပြား (၅၀) စီတို့ ထိုဝသုန္ဒရေတွင်းသို့ ထည့်မည်ပြုစဉ် ထိုတွင်းထဲမှ ကလေးငယ်လက်ကဲ့သို့သော လက်တစ်ခုထွက်လာပြီးလျှင် မင်းကြီး၏လက်တော်ကို ပုတ်ခတ်သဖြင့် ထိုဒင်္ဂါးတို့သည် တွင်းထဲမရောက်ဘဲ မြေပြင်သို့လွင့်ကျလေသည်။

ထို့ကြောင့် မင်းကြီးက ဤမဟာမုနိဘုရားကုန်းတော်မြောက်ဘက်တွင် သီတင်းသုံးနေသော ဝါတော် (၆၀) ရှိ တောရနေရဟန်းတော်အား ပင့်ဆောင်လျက် အကြောင်းအကျိုး အကောင်း၊ အဆိုးကိုမေးလျှောက်လေသော် ရဟန်းတော်က များမကြာမီ ပစ္စန္တရစ်အရပ်က လာ၍ မင်းပြုသဖြင့် ဤတိုင်းပြည်ကြီး ပျက်စီးရတော့မည်ဟု မိန့်တော်မူပြီး မျက်နှာတော်လွှဲတော်မူသွားလေသည်ဟူ၍ ရခိုင်ရာဇဝင်များ၌ ဆိုထားချက်များကိုပင် ဖြစ်၏။ လက်တွေ့တွင်လည်း သက္ကရာဇ် ၁၁၄၆ ခုနှစ်၊ ပြာသိုလဆုတ် ၇ ရက်နေ့တွင် အမရပူရရွှေပြည်ရွှေနန်းက ဤမြောက်ဦးရွှေပြည်ရွှေနန်းကို လာရောက် သိမ်းပိုက်ခဲ့လေသည်။

သို့လိုပင် မှန်နန်းရာဇဝင်၊ ဦးကုလားမဟာရာဇဝင်ကြီးတို့၌လည်း ပထမအင်းဝရွှေပြည်ရွှေနန်း ပျက်သုဉ်းခါနီး၌ မင်းနေပြည်တော်ဝယ် ရေကြီးရေလျှံခြင်း၊ အိမ်ပေါ်ကို လိပ်ကြီးငါးကြီးတို့တက်ခြင်း၊ ညနေဆည်းဆာရောက်



www.burmeseclassic.com

www.burmeseclassic.com

တိုင်း နေပြည်တော်ထဲသို့ စနေထောင့်မှ ပန်းနီပန်ဘီလူးတစ်ကောင်ဝင်ရောက်ကာ လူသူလေးပါးကို အုတ်ကျောက်တို့နှင့် လိုက်လံပစ်ခတ်ခြင်း စသည့် နိမိတ်သဘောများပေါ်ပေါက်ခဲ့သည်ဟု ဖော်ပြမှုများကို တွေ့ရှိရပါသေးသည်။

တစ်ခါ သာရတ္ထဒီပနီကျမ်းတွင် -

ပြည်ရွာမတည်၊ ကြောင်းဆယ်မည်ကို၊ နားလည်ကုန်ကြ၊ လက်ာပြအံ့၊ ဂြိုဟ်မရှုစ်ထောင့်၊ မဖြောင့်သွားလာ၊ ခေါင်းပါးစားရေ၊ ချိန်နေမမှန်၊ ရွာသွန်းမြူးခုန်၊ ပစ္စုန်ထွေထူး၊ လေရူးပေါ်ပေါ်၊ ဖြော်ဖြော်တက်တို့၊ မိုးကြိုးအသံ၊ လမှန်ကြူးထံ၊ ဒေါင့်ဒဲစသည်၊ လုပ်ထယာခင်း၊ ကျဆင်းပိုးထူ၊ ခွေးအူချိန်ဆွဲ၊ တောထဲကြွက်နက်၊ တောကြက်သင်းခို၊ ရွာကိုဝင်လျှိုး၊ ကြမ်းပိုး၊ ပိုးဟပ် ပေါလတ်များစွာ၊ နံ့စာသူငယ်၊ ပေါယာယ်ရောက်ကြ၊ ဗျူဂ္ဂစိမ်းစား၊ သစ်ကျားရဲယောင်၊ မရှောင်လူယူ၊ ခိုးသူလည်းထ၊ ပြည်မအုပ်စိုး၊ မင်းစိုးများလတ်၊ ကြခတ်ဝါကြီး၊ သီးသောကြောင်းဟိ၊ ဆယ်နိမိတ် -

ဆိုပြီး ပြည်ရွာမြို့ပြပျက်စီးကြောင်း ဆယ်ပါးနိမိတ်တို့ကိုဖော်ပြရာတို့ထဲ၌ -

**ချိန်နေမမှန်၊ ရွာသွန်းမြူးခုန်၊ ပစ္စုန်ထွေထူး၊ လေရူးပေါ်ပေါ်** ဆိုသည့်ဖော်ပြချက်သည် ပုံမှန်မဟုတ်သောမိုးကြီးရွာ၊ လေကြီးတိုက်ခြင်းကို ဖော်ညွှန်းခြင်းပင်ဖြစ်သည်။

ထို့ပြင်တဝ ဝိသုဒ္ဓမဂ် အဋ္ဌကထာထဲ၌ လောဘလွန်ကဲလျှင် ရေဘေးကြုံတတ်မည်။ ဒေါသလွန်ကဲလျှင် မီးဘေးကြုံတတ်မည်။ မောဟလွန်ကဲလျှင် လေဘေးကြုံတတ်သည်။ တစ်ဖန် နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ မာတ်ကျမ်းတချို့တွင် တေဇောမာတ်ပျက်လျှင် ရောဂန္တရကပ်ဆိုက်တတ်သည်။ အာပေါမာတ်ပျက်လျှင် ဒုဗ္ဘိက္ခန္တရကပ်ဆိုက်တတ်သည်။ ဝါယောမာတ်ပျက်လျှင် သတ္တန္တရကပ်ဆိုက်တတ်သည်။ ပထဝီမာတ်ပျက်လျှင် ဝိလုပ္ပန္တရကပ် (အလုံးစုံသောကပ်) ဆိုက်တတ်သည်။ ပြီး ဝိသုဒ္ဓိမဂ် ဋီကာထဲ၌လည်း လောဘလွန်ကဲလျှင် ဒုဗ္ဘိက္ခန္တရကပ်၊ ဒေါသလွန်ကဲလျှင် သတ္တန္တရကပ်၊ မောဟလွန်ကဲလျှင် ရောဂန္တရကပ်ဆိုက်တတ်သည်ဟု ညွှန်းဆိုထားပြန်သည်။ ဤနေရာ၌ ဆိုခဲ့သမျှနှင့် နီးနွယ်လျက် ဝေဖန်ဖို့နှင့် သုတေသနပြုဖို့ကောင်းလှပေသည်။

ဆိုခဲ့သမျှကို ခြုံငုံ၍ဆိုရလျှင် ယခုပစ္စက္ခကာလ၌ မိုးကြီးသည်းထန်စွာရွာသွန်းမှု၊ တောင်ကျရေဒလဟောစီးဆင်းမှု၊ ရေကြီးရေလျှံမှု၊ တောင်ပြို၊ မြေပြိုမှု၊ ထိုသို့အဖြစ်သနစ်များကြုံကြိုက်နေစဉ် မန်းစက်တော်ရာဘုရား၌ အောက်စက်တော်ရာကို ရေကြီးဖုံးလွှမ်းမှု၊ ပုဂံ၌ ရှေးဟောင်းစေတီတစ်ဆူပြိုကျမှု၊ မုံရွာဘက်၌ နေထီးဆောင်းမှု၊ တောင်သမန်အင်း၌ ငါးများသေဆုံးမှု၊ ခြသေ့်တံဆိပ်ပါတီမှ ကီးပလေးယားဦးအောင်သောင်းကွယ်လွန်မှု၊ ဥက္ကဋ္ဌသူရဦးရွှေမန်းနေရာဖယ်ပေးရမှု၊ အစိုးရန်ဝန်ကြီးအဖွဲ့ပြုပြင်ပြောင်းလဲမှုတို့သည် ဖြစ်ရိုးဖြစ်စဉ်သာမန်မဟုတ်ဘဲ နိမိတ်သဘောဆောင်သော ထီးရိပ်ဘက်ကို ဦးတည်ရွှေ့လျောနေသည်ဟု ဆိုရမည်လား။ ယေဘုယျအားဖြင့် ရွေ့လျောင်လာမည့် နိုဝင်ဘာလ၌ နိုင်ငံတော်အစိုးရသစ်နှင့် နိုင်ငံတော်သမ္မတသစ် ပြောင်းလဲရန်အတွက် ရွေးကောက်ပွဲရှိနေသည်။ ၎င်းအတွက် ရည်ညွှန်းနေသလား။ ဘယ်သဘောကို ဆောင်နေလေသနည်း။ အဆိုးလား၊ အကောင်းလား၊ အကျိုးလားအကြောင်းလား။

သို့တစေ -

'အာကာမိုးလတ်၊ နက္ခတ်နေလ၊ နဝတာရာ၊ ရှစ်ဖြာဂြိုဟ်သွား၊ ဂြိုဟ်စားဂြိုဟ်စု၊ ဥတုသုံးလီ၊ ရာသီသုံးရပ်၊ နေကြွတ်လပုပ်၊ မြေလှုပ်တော်လည်း၊ နတ်ပွဲအမြောက်၊ ပစ်ဖောက်အသံ၊ ဥပါပုံနှင့်၊ **သည်းထန်မိုးခွေ**၊ နေလည်း နှစ်စင်း၊ လတွင်းကြယ်သွား၊ နဂါးစက်နတ်၊ ထောင့်ခတ်ဖီလာ၊ ယတြာနှင့်၊ ဇာတာစန်းလဂ်၊ ဂြိုဟ်ပျက်ငှက်ယုတ်၊ စုန်း၊ ဖုတ်၊ တစ္ဆေ၊ ဖွတ်မြွေပျားစွဲ၊ မြေကွဲတိမ်ခိုး၊ မိုးကြိုးလောင်မီး၊ ရေစီးသာဆန်၊ မြတ်မွန်ပုထိုး၊ အခိုးရောင်ခြည်၊ ထွက်သည်ထုံးဟောင်း၊ နိမိတ်ပေါင်းမှာ၊ လောကီသာတည်း။ ပညာဝေဖန်၊ အမြင်သန်မှု၊ သုတ်ကဝိ၊ အသိမြော်မြား၊ တရားကိုသာ၊ လိမ္မာနိစ္စ၊ သာမိနဇာတ်၊ ထုံးမှတ်သင့်စွ၊ သီလဝမင်း၊ နှလုံးသွင်းသို့၊ ရန်တင်းဖယ်ခွာ၊ ပျောက်ရလေသည်။ မှန်ပေမုချ ယွင်းမစွ'

ဟု ရှေးသူတောင်းတို့ ဆိုထားပြန်ရာ ဆိုခဲ့သော နိမိတ်သဘောဆောင်များကို စောင့်ကြည့်လေ့လာပြုပြင်သင့်သည်မှာ ဧကန်ဖြစ်ပေသည်။

မင်းရိုန်အောင်

# ရင်ကျပ်၊ ပန်းနာ၊ ချောင်းဆိုးလျက်ဆေး

ဖုန်မှုန့်များပါသောလေကိုရှူရှိုက်ရခြင်း၊ ကားအိတ်ဇောမီးခိုးငွေ့ပါသောလေများ ရှူရှိုက်ရခြင်း၊ ဆီညှော်နံ့၊ အမှိုက်မီးရှို့ရာမှထွက်သော အညှော်နံ့များ ရှူရှိုက်ရခြင်းတို့ကြောင့် ရင်ကျပ်၊ ပန်းနာ၊ ချောင်းဆိုးရောဂါ ဖြစ်ရသည်။ မသန့်သောလေများကို အဆုတ်မှ မနိုင်မနင်းစစ်ထုတ် သန့်စင်ရသောအခါ အဆုတ်နာ၊ အဆုတ်ရောဂါများပါ ဖြစ်လာပါသည်။

ထိုမသန့်သောလေအပြင် မြေပဲဆန်၊ ဝက်သား၊ ကြက်အဆီ၊ စားအုန်းဆီ အစရှိသည့် ကိုလက်စထရောအဆီများ ပြည့်ဝနေသည့် ဆီများ စားသုံးရသဖြင့်လည်း ဘူးလေးရာ ဖရုံဆင့် ဆိုသကဲ့သို့ ရင်ကျပ်၊ ပန်းနာ၊ ချောင်းဆိုး၊ အဆုတ်ရောဂါ တိုးပွားလာရပါသည်။

လေကောင်းလေသန့် ရှူသွင်းထုတ်လေ့ကျင့်ပေးခြင်း၊ အဆီများရှောင်ရှားစားသောက်ခြင်း၊ ချင့်ချိန် တိုင်းဆနေထိုင်စားသောက်ခြင်းဖြင့် အဆုတ်ရောဂါ ကာကွယ်နိုင်ပါသည်။

ပန်းနာ၊ ရင်ကျပ်၊ ချောင်းဆိုး ဖြစ်လာပါက အောက်ပါလျက်ဆေးကို တစ်နေ့နှစ်ကြိမ်မှ လိုအပ်လျှင် သုံးကြိမ်အထိ လျက်ပေးပါ။ ကြာရှည်စွဲလျက်ပေးမှ သက်သာပျောက်ကင်းပါမည်။

ချင်းတက်အစိုကို ရေသန့်စင်စွာဆေးပြီး ထုထောင်းကာ ညှစ်ခြေ၍ အရည်ညှစ်ယူပါ။ ၎င်းချင်းသတ္တုရည် ဟင်းသောက်ဇွန်းတစ်ဇွန်းကို ပျားရည် တစ်ဇွန်း ဆတူရောမွှေပြီး လျက်ပေးပါ။ တစ်ကြိမ် တစ်ခွက်စာ ဖြစ်ပါသည်။ ထို ကဲ့သို့ တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ်ထိ လျက်ပေးရပါမည်။

ရောဂါနုလျှင် တစ်ပတ်၊ ဆယ် ရက်အတွင်း သက်သာပျောက်ကင်းပါ မည်။ ရောဂါရင့်လျှင် တစ်လမှ သုံးလ အထိ စွဲစွဲမြဲမြဲပြုလုပ်လျက်ပေးပါ။


ပန်းနာ၊ ရင်ကျပ်၊ ချောင်းဆိုးရှိသူ သည် ကာမမှုကို ဆင်ခြင်ပြုရပါမည်။ မဆင်ခြင်လျှင် အသက်တိုတတ်သည်။ သတိပြုရန်ဖြစ်ပါသည်။

နတ်မောက်မင်းသန့်




www.burmeseclassic.com

www.burmeseclassic.com



# ပေဒါလမ်း၊ ခရေပင်ဖောက်ထိုး၊ မြစ်ကမ်းနံဘေးက ထမင်းဆိုင်နဲ့ ဖျာပုံခရီး

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရေး-သု)



သာစည်ဘုရားကြီး

လှိုင်သာယာရဲ့ ပဒေသာပင်မြို့တော်၊ ပန်းလှိုင်အိမ်ရာတွေကိုကျော်ပြီးတဲ့အခါ ဒလ-တွံ့တေးဘက်သွားတဲ့ကားလမ်းကိုကွေ့ဝင်လိုက်ပါတယ်။ တွံ့တေးတံတားကြီးကိုဖြတ်ပြီး မကြာခင်မှာမောင်းတီးစေတီတော်ကြီးကို လမ်းရဲ့လက်ဝဲဘက်မှာ ဖူးတွေ့လိုက်ရတယ်။


**၁ တွံ့တေး-စမ်းရွာက 'မောင်ဒီဘုရား'**

တွံ့တေး အရှေ့တောင်ဘက် ခပ်ယွန်းယွန်းက စမ်းရွာမှာရှိတဲ့ 'မောင်ဒီဘုရား' လို့ ရှေးကခေါ်ကြတဲ့ ဂဝံကျောက်နဲ့တည်ဆောက်ထားတဲ့ မြေပေါက်စေတီကြီးတစ်ဆူပေါ့။ မွန်တွေရဲ့ ဂဝံကျောက်ယဉ်ကျေးမှုကိုလေ့လာရင်း ဒီဘုရားကိုရောက်ဖူးခဲ့ပါတယ်။ မူလစေတီတော်ရဲ့ ထီးတော်နဲ့ ငှက်ပျောဖူး ပြိုကျပျက်စီးလို့ အဲဒီနေရာမှာ ရပ်ရွာက စေတီလေးတစ်ဆူထပ်ဆင့်တည်ခဲ့တယ်။ စေတီရဲ့



www.burmeseclassic.com

www.burmeseclassic.com




နဂါးကိုနောက်တစ်ကြိမ် မကြုံတွေ့ရစေဖို့ ကပ်ကာစေတီ



ဖျာပုံမြို့က လိပ်ဥကုန်း ကျိုက္ကမှူစေတီတော်



အနန္တဇိနမြတ်စွာဘုရားကြီး



ဖျာပုံ သာစည်ဘုရားကြီးတန်ဆောင်းဘေးက ကျိုက်ပဒိုင်စေတီတော်

အထက်ပစ္စယံ (၂) ဆင့်ပတ်လည်မှာ အနော်ရထာမင်းကုသိုလ်တော်အုတ်ခွက်ဘုရားအကျိုးအပဲ့တွေအမြောက်အမြားတွေ့ခဲ့ရပါတယ်။ အုတ်ခွက်ဘုရားပဲ့တွေကိုဆက်ကြည့်တော့ တစ်မျိုးတစ်စားတည်းဖြစ်နေတယ်။ မုခ်တံကဲနဲ့ ကျောင်းဆောင်အောက် ပြော့ပလ္လင်ထက်မှာ လက်တော်ဘယ်တင်၊ ညာချပြီး ထက်ဝယ်ဖွဲ့ ခွေထိုင်နေတော်မူတဲ့ဘုရားပုံတော်ဖြစ်ပါတယ်။ ဘေးတစ်ဖက်တစ်ချက်နဲ့ အပေါ်ပိုင်းမှာ သီဟိုဠ်ပုံစေတီငယ်လေးတွေရှိနေပါသေးတယ်။ ပလ္လင်အောက်မှာတော့ အနော်ရထာမင်းကုသိုလ်တော်များအတိုင်း ရှေးမွန်၊ မြန်မာအက္ခရာနဲ့ ပါဠိဘာသာအားဖြင့် စာနှစ်ကြောင်းရေးထိုးထားတယ်။ ပုဂံယဉ်ကျေးမှုခေတ်ဦးကာလ ကျောက်စာတွေမှာ အများဆုံးရေးထိုးတာက မွန်ရှေးဟောင်းစာနဲ့ ဖြစ်ပါတယ်။ ခေတ်နှောင်းကာလမှာတော့ မြန်မာစာရေးသားမှု စနစ်တကျ ဖွံ့ဖြိုးတိုးတက်နေပါပြီ။

မောင်းတီးဘုရားနဲ့စပ်ရင်း ခရီးဖော်တွေကို လေ့လာဖို့သင့်လှတဲ့အကြောင်း ပြောပြပေမယ့် အားလုံးက ဖျာပုံမှာစီစဉ်ထားတဲ့ စားပွဲကိုအရောက်သွားဖို့ကိုပဲ အားသန်နေကြပါတယ်။ မီးများရာမီးနိုင်မို့ ကိုယ်လည်း တွံတေးအိပ်မက်ကို ကိုယ်တစ်ယောက်တည်းပဲ ကျိတ်မှိတ်နေလိုက်မိရဲ့။ တွံတေးဒေသဟာ ရေတိမ်တဲ့ မုတ္တမပင်လယ်ကွေ့အတွင်းကို ဧရာဝတီနဲ့ စစ်တောင်းမြစ်

www.burmeseclassic.com


www.burmeseclassic.com

တို့က အနည်များပို့ချရာမှ ဖြစ်ပေါ်လာတာပါ။ ဒီလိုနဲ့ အဲဒီဒေသမှာ ပင်လယ်ဘက်ကို တဖြည်းဖြည်းနိမ့်ဆင်းသွားတဲ့ မြစ်ဝကျွန်းပေါ်လွင်ပြင်ဖြစ်လာပါတယ်။ မြန့်မြူးတဲ့ မြေမျက်နှာပြင်ကို တွံတေးကုန်းရိုး(တွံတေးတောကြီးတန်း)က ဖြတ်နေရဲ့။ တောကြီးတန်းဟာ ပင်လယ်ရေမျက်နှာပြင်ထက် ပေ (၁၀၀) အထိ မြင့်တယ်။ တွံတေးနယ်မှာ ဂဝံကျောက်ကုန်းရိုးတွေလည်းရှိခဲ့တယ်။ ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်းထောင်ကျော် ပျူခေတ်မှာ ဒီတောကြီးတန်းဒေသဟာ လူတွေအခြေချနေထိုင်နိုင်ခဲ့တဲ့ကုန်းတန်းပါ။

တွံတေးကုန်းရိုး-တောကြီးတန်းပေါ်မှာ ဂဝံကျောက်နဲ့ တည်ဆောက်ထားတဲ့ ဘုရားတွေနဲ့ အဆောက်အအုံချက်တွေရှိနေဆဲပါ။ ဒါတွေကို ပုဂံခေတ်တိုင်မီ မွန်တိုင်းရင်းသားများရဲ့ ဂဝံကျောက်ယဉ်ကျေးမှုထွန်းကားစဉ်က မွန်



ဖျာပုံမြို့က အသစ်ပြုပြင်မွမ်းမံထားတဲ့ လိပ်ဥကုန်း ကျိုက်ထူးမျှော်စေတီတော်




နဂါးတွေမြူးတဲ့ ဖျာပုံသာစည်ဘုရားကြီးတန်ဆောင်းအဝင်



ဖျာပုံမြို့က အသစ်ပြုပြင်မွမ်းမံထားတဲ့
လိပ်ဥကုန်း ကျိုက်ထူးမျှော်စေတီတော်



နဂါးတွေမြူးတဲ့
ဖျာပုံသာစည်ဘုရားကြီးတန်ဆောင်းအဝင်



ဖျာပုံမြို့ရဲ့နာမည်ကျော် အနုပညာပြတိုက်ကြီးလိုဖြစ်နေတဲ့ မင်းကျောင်း




www.burmeseclassic.com


www.burmeseclassic.com



ဖျာပုံမြို့ မင်းကျောင်းနှစ်ထပ်ဆောင်ကြီးရဲ့ အပေါ်ထပ် ဘုရားခန်း



ဖျာပုံမြို့က သိမ်ဥကုန်း ကျိုက္ကမွန်စေတီတော်



ဖျာပုံမြို့ မင်းကျောင်းနှစ်ထပ်ဆောင်ကြီးရဲ့ အောက်ထပ် ဆွမ်းစားဆောင်



ယနေ့ သစ်ပင်ကိုင်းခြောက်ကြီး



သာစည်ဘုရားကြီး ပြန်လည်ပြုပြင်သူ အရှင်ကောဝိဒ



ဖျာပုံ-မင်းကျောင်းကြီးအပြင်ပတ်ထည်က ပြတင်းပေါက်နဲ့ ပန်းပုလက်ရာများ

တိုင်းရင်းသားများတည်ထားခဲ့ကြခြင်း ဖြစ်ပါတယ်။ တွံတေးကုန်းရိုးရှိ ကျော့မှူး မှာတော့ ဂဝံကျောက်နဲ့ တည်ဆောက်ထားတဲ့ ရေတွင်းနဲ့ ကျားရုပ်တွေလည်း ဒီနေ့အထိ တွေ့နိုင်သေးတယ်။ တန်ဖိုးထားတတ်ရင်တော့ ဒါဟာ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်တွေပါ။

ယခု မြန်မာပြည်အောက်ပိုင်း ဟံသာဝတီခရိုင် တွံတေးမြို့ဟာ ရှေးအခါက တလ(ဒလ)လို့ခေါ်တဲ့ မွန်မြို့ဟောင်း ဖြစ်ပါတယ်။ တလမြို့ဟာ ကုန်းဘောင်ခေတ်အထိ ပဲခူးကိုချီတက်ရာလမ်းကြောင်းကိုကာကွယ်တဲ့ ခံတပ်မြို့ပေါ့။ တွံတေးမြို့မှာ ရှေးစေတီကြီးတစ်ဆူ ရွှေဆံတော်ဘုရားအမည်နဲ့ရှိပါတယ်။ဘုရားတည်ရာနေရာဟာ သီဟိုဠ်ကျွန်းသားတွေ လာရောက်တဲ့နေရာ ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်ခဲ့လို့ 'သီဟိုဠ်ငယ်' တွင်တဲ့နေရာပေါ့။

www.burmeseclassic.com

www.burmeseclassic.com







သာစည်ဘုရားကြီး



နဂါးတွေမြှူးတဲ့ ဖျာပုံသာစည်ဘုရားကြီးတန်ဆောင်းအဝင်



ဖျာပုံမြို့က ထိပ်ဥကုန်း ကျိုက္ကလျှမ်စေတီတော်

ဒီနယ်တစ်ဝိုက်ဟာ မြေမီးဖုတ်လုပ်ငန်းမှာတော့ တစ်ဖက်ကမ်းခပ်တယ်လို့တောင်ဆိုနိုင်တယ်။ ကျင်တွယ်ကိုက်ညီသာတဲ့အုတ်များ၊ မီးမှန်ပြီးကောင်းစွာကျက်တဲ့အုတ်များကိုဖုတ်နိုင်တဲ့အပြင် ရေတိုင်အုတ်ကြွပ်များ၊ ပါးပြီးလက်ရာမြောက်တဲ့အိုးခွက်များ၊ ပန်းပုံဖော်ထားတဲ့အိုးကြီးများ ပြုလုပ်နိုင်ခဲ့ကြတယ်။ အနုစိတ်တန်ဆာဆင်ထားတဲ့၊ လှပတင့်တယ်တဲ့ ပုဂံအုတ်ခွက်အမျိုးမျိုးကို ဒီနေ့အထိ တွေ့နေရတယ်။ အစိမ်းရောင်၊ အဝါရောင်၊ ရွှေရောင်စုံလင်တဲ့ စဉ့်အိုး၊ စဉ့်တွင်း၊ စဉ့်အုတ်၊ စဉ့်ခွက်တွေလည်း ပြုလုပ်နိုင်ခဲ့လို့ စဉ့်လုပ်ငန်းကလည်း ထင်ရှားလှပါတယ်။ ကိုယ်တို့အခုလှမ်းဝင်နေရတဲ့ရွာတွေရဲ့ဝန်းကျင်မှာ ကမ္ဘာက စိတ်ဝင်စားစွာ လာရောက်လေ့လာနေတဲ့ အိုးလုပ်ငန်းလုပ်ကိုင်ခဲ့ရာ ယဉ်ကျေးမှုအမွေအနှစ်တွေအများကြီးရှိနေပါရဲ့။

တွံ့တေးမြို့အရှေ့ဘက် တွံ့တေး-ဒလကားလမ်းရဲ့ တောင်ဘက်မှာရှိတဲ့ ကပင်းကျေးရွာဟာ အနော်ရထာမင်းလက်ထက်တုန်းက အရေးကြီးတဲ့မြို့တစ်မြို့ဖြစ်ခဲ့ပါရဲ့။ ကလျာဏီသိမ်ကျောက်စာမှာ 'ကပင်းနာဂရ'လို့ ဖော်ပြခံထားရတယ်။ အနော်ရထာမင်းပြုပြင်ခဲ့တဲ့ မောင်ဒီဘုရားတည်ရှိရာ ကံဘဲ့၊ စမ်းရွာတို့ဟာ ပုဂံခေတ်ကတည်းကတည်ရှိခဲ့တဲ့ရွာတွေပါ။ ပြီးတော့ ဒီလမ်းတစ်လျှောက်ကရွာတွေဟာ ရွှေတိဂုံဘုရားဖြစ်လာမယ့် ဆံတော်စေတီတည်ဖို့ ဆံတော်ပင့်လာရာ လမ်းကြောင်းက ဆံတော်ကြိုရွာများ ဖြစ်ပါတယ်။ အင်းဝဠုန်၊ ဘုရားကြီး၊ စပါးကန်၊ ကွမ်းခြံကုန်း စတဲ့ တွံ့တေး-ကွမ်းခြံကုန်းကားလမ်းတစ်လျှောက်ရှိ ကျေးရွာများဟာလည်း မွန်မြို့ပြကျေးရွာဟောင်းများ ဖြစ်ကြပါတယ်။

တွေးရင်းငေးရင်းမှာပဲ ကွမ်းခြံကုန်း၊ ဝါးဘလောက်သောက်ဆိမ်းခွဲထွေကိုဖြတ်ပြီး ဖျာပုံနဲ့နီးလာပေါ့။ ဆရာဇော်ဂျီ၊ ဆရာမင်းသုဝဏ်နဲ့ နုယဉ်တို့ရဲ့ ဇာတိချပ်ရွာတွေပါလား။ မဗေဒါကဗျာများကို မွေးဖွားခဲ့ရာ 'ဗေဒါပျို၊ အံကိုခဲတဲ့. . .' ဗေဒါလမ်းတွေကိုလည်း တွေ့လာရပါပြီ။ ကားလမ်းဘေးက ချောင်းရိုးလေးတွေတစ်လျှောက်မှာ လမုပင်အုပ်တွေ၊ ခရာဆူးချုံတွေ၊ ခရမ်းနုအပွင့်ဝေဝေနဲ့ ဗေဒါပင်လေးတွေအစီအရီပါ။ ဗေဒါပင်ဖုတ်လေးတွေကိုထိုးဆိတ်မယ့် 'ဘဲအုပ်ကတစ်ရာ၊ နှစ်ရာ. . .'ကိုလည်း မြင်နေရပေါ့။ 'ကျောင်းကြီးပေါ်မှာ မောင်ငယ်ဆော့တဲ့ . . .' တောမလေ့ဘုန်းကြီးကျောင်းဝင်းလေးတွေ၊ 'ဆွမ်းအုပ်နီနီ၊ အမေရွက်လို့. . .' ဆွမ်းပို့သွားတဲ့ချောင်းဖြတ်ဝါးတံတားလေးတွေကလည်း လွမ်းမောဖွယ်ရာပါ။ စိမ်းစိုနေတဲ့ လယ်ကွင်းတွေ၊ ခဲသားရောင်ကောင်းကင်မှာ ဖွဲသန်းနေတဲ့ ဖျိုင်းဖြူဖြူတွေကို ကြည့်ရင်း ဖျာပုံကိုရောက်သွားပေါ့။ ပထမဆုံး ဖျာပုံဂေါက်ကွင်းနားက စားသောက်ဆိုင်မှာ ကိုယ်တို့ ညှိသည်



www.burmeseclassic.com

www.burmeseclassic.com










ဖျာပုံမြို့၊ မင်းကျောင်းဆရာတော်များနဲ့
ကြည်ညိုသဒ္ဓါပွားများနေကြသူများ





တွေကိုစောင့်ကြိုနေတဲ့ ဆိုင်ရှင် ဦးကျော်ဝင်းဆီအရင်ဝင်ကြတယ်။ နောက်မှ မြို့ထဲက သူ့အိမ်သွားပြီး ကိုယ်တို့အားခဲထားတဲ့ ထမင်းပွဲကိုပြင်နေမယ့် မသင်းနဲ့ တွေ့မယ်လေ။

## ဖျာပုံ = ဖျာ-ဆိုင်၊ ပုံ-ထမင်း၊ ထမင်းဆိုင်

'ဖျာပုံ'လို့ပြောလိုက်တာနဲ့ နာမည်ကျော် ဖျာပုံဆန်၊ ဖျာပုံမုန့်ဟင်းခါးနဲ့ ပုစွန်ခြောက်တွေကို ပြေးမြင်လိုက်ကြမှာပါ။ ဖျာပုံရဲ့ ဂုဏ်ဒြပ်တာ အစားအသောက်တွေနဲ့တွဲနေတာလည်း သတိပြုမိရဲ့။ အဲဒီလို ကျော်ကြားမှုများနဲ့လိုက်ဖက်အောင်ပဲ ဖျာပုံမြို့ခံ ဦးကျော်ဝင်း၊ မသင်းနဲ့ မောင်နှမတစ်စုက ကောင်းကောင်းကြီး ဧည့်ခံလိုက်ကြပါတယ်။ အထူးသဖြင့် အမှတ်ရနေတာကတော့ ကိုယ်အလွန်ကြိုက်တဲ့ပုစွန်ချဉ်သုပ်ပါ။ ဩော် - ထမင်းစားကောင်းတာလည်း မပြောနဲ့လေ။ မွန်ဘာသာစကားနဲ့ 'ဖျာပုံ' ဆိုတဲ့အမည်ကိုက မြန်မာလိုတော့ 'ထမင်းဆိုင်'ပါတဲ့။ မြစ်ကမ်းနံဘေးမှာ တည်ရှိပြီး၊ လှေ - သင်္ဘောတွေ ဆိုက်ကပ်ပြီး တစ်ထောက်နားရင်း ထမင်းစားကြတဲ့ နေရာ ပေကိုး။

ဒီမွန်အမည်တွေနဲ့ ပတ်သက်လို့ ပထမဆုံးပြောချင်တာက ကိုယ်တို့ရွာနာမည်ဖြစ်တဲ့ 'လပွတ်ကုလားရွာ' ပါ။ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်အတွင်းမှာရှိပါတယ်။ အနက်အဓိပ္ပာယ်တစ်စုံတစ်ရာဖော်လို့မရနိုင်တဲ့နာမည်မို့ သိပ္ပံ-မောင်ဝရဲ့ 'တပေကုလား' ထက် ပိုသာပါတယ်။ ဒါပေမဲ့ ရွာနဲ့ အလှမ်းမဝေးတဲ့ နေရာတွေမှာ 'လပွတ်စာလုပ်၊ လပွတ်ပြေ၊ လပွတ္တာ'

www.burmeseclassic.com



နာဂစ်ဓာတ်သင့် ဖျာပုံသာစည်ဘုရားကြီးရဲ့ ပုံရိပ်များ

စတဲ့ မြို့တွေ၊ ရွာတွေလည်း အဖော်ရှိနေသေးတော့ သိပ်ပြဿနာမရှိလှပါဘူး။ အရွယ်လေးအသင့်အတင့်ရ၍ စာလေးပေလေးသင်ဖူးလာတော့ မွန်နာမည်တွေလို့သိလာပါတယ်။ ရွာတောင်ဘက်စွန်းမှာ 'ကျိုက်မောင်း' ဆိုတဲ့ စေတီတော်ကြီးရှိပြီး ရွာနီးချုပ်စပ်တိုင် ကျော်ကြားတဲ့ ဘုရားပွဲတွေလည်း ကျင်းပလေ့ရှိတယ်။ 'ကျိုက်' ဆိုတာ မွန်လို 'ဘုရား' လို့ (ကျိုက်ထီးရိုးစေတီတော်ကြီးရဲ့ ထင်ရှားမှုကြောင့်) လူအတော်များများ သိထားကြပါရဲ့။ 'မြောင်းမြစား လောက်ဖျား' ဆိုတာလည်း ကြားဖူးလာတော့ ကိုယ့်ရပ်ကိုယ့်ရွာကို မွန်အဆက်အနွယ်လို့ပဲ စိတ်ထဲစွဲနေတော့တယ်။

တက္ကသိုလ်ရွှေရတုသဘင်ကာလ ကျောင်းစာတွေမအားလပ်တဲ့ကြားထဲက တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမကြီးထဲမှာ 'ဆရာနိုင်ပန်းလှ'တို့သင်တဲ့ မွန်စာပေသင်တန်းတွေလည်း ပြေးတက်ခဲ့သေးတယ်။ သို့ပေမယ့် ကိုယ့်အိမ်မှာ မွန်လိုပြောဆိုသုံးစွဲသူ တစ်ယောက်မှမရှိလေတော့ မွန်ပတ္တလားလေးမြင်ဖူးရုံ လေးအီလှတဲ့ မွန်သီချင်းကြီးတွေ ကြားဖူးရုံနဲ့ အဆုံးသတ်ခဲ့ပါတယ်။ နောက်တော့ ဝါသနာအလျောက် စာတွေပေတွေဖတ်ရင်း ရာဇဝင်သမိုင်းတွေထဲရောက်သွားရင်း ရသစာပေလိုလည်းဖတ်ကောင်းလို့ ဝယ်ထားမိတဲ့ ဆရာကြီးဒေါက်တာသန်းထွန်းရဲ့ စာအုပ်တွေမှာ -

**ကျာ်** = ဘုရား၊ မြတ်သောနေရာ။

**လပွတ္တာ** = လပေါက်-ချောင်းနှစ်ချောင်းကြားက တူးမြောင်း၊ တာ - ထန်းပင်။ ချောင်းနှစ်ချောင်းဆက်ပေးတဲ့တူးမြောင်းဝဲယာ ထန်းပင်တန်း။

**ဝါးခယ်မ** = ဖို့ခင်း။

**ဝါးဘလောက်သောက်**=ကောက်နယ်။

**ပုသိမ်** = ပသိမ်၊ ပရ်သေ-မုဆလင်မြို့။

**မဒမ** = မုဟ် - ကျောက်။

**တွံ** = စွန်း၊ ကျောက်စွန်း။

**ပဂိုး (ပဲခူး)** = ဗ - လှည့်ဖြား၊ ဂေါ - ရယူသည်၊ လှည့်ဖြားရယူခဲ့တယ်။

**ဖျာပုံ** = ဖျာ - ဆိုင်၊ ပုင် - ထမင်း၊ ထမင်းဆိုင်။

**ကျိုက်လတ်** = ကျာ် - ဘုရား၊ လာ် - အပြိုအပျက်၊ ဘုရားပျက်။

**ကျုံပျော်** = ကြျင် - ချောင်းငယ်၊ ပြာ် - မိန်းမ၊ မိန်းမချောင်း။


**ခနောင်တို** = မင်းကွတ်ပင်။

www.burmeseclassic.com



ဖျာပုံမြို့က အသစ်ပြုပြင်မွမ်းမံထားတဲ့ ထိပ်ဥကုန်း ကျိုက္ကသွပ်စေတီတော်





သာစည်ဘုရားကြီး

စတဲ့ မွန်ဘာသာစကားလုံးတွေကို တွေ့ရပါတော့တယ်။

ထမင်းစားပြီးတဲ့အခါမှာတော့ မသင်းတို့မောင်နှမတွေစုဝေးနေထိုင်ကြတဲ့အိမ်ဝင်းထဲဆင်းထိုင်ရင်း၊ လက်ဖက်သုပ်ဆက်စားရင်းစကားပြောကြပါတယ်။ လက်ဖက်ကကောင်းတာလား၊ ဖျာပုံပုစွန်ခြောက်ကကောင်းတာလားလည်း ဝေခွဲမနေတော့ပါဘူး။ မြစ်ဝကျွန်းပေါ်ဒေသကခြံဝင်းတွေအတိုင်းပဲ သူတို့ခြံထဲမှာလည်း အပင်တွေကစုံလို့ပါ။ ခြံဝမှာ ကံ့ကော်ပင်ကြီးကလည်း အပွင့်တွေဝေလို့၊ အိမ်ရှေ့မှာလည်း ဆီးပင်ကြီးနဲ့ မာလကာပင်ကြီးက အသီးတွေပွတ်လို့၊ ဇီဇဝါချုံမှာလည်း အပွင့်တွေကဖွေးလို့၊ မွှေးလို့ပါ။ ချားလ်မင်းသားနဲ့ လေဒီဒိုင်ယာနာတို့ရဲ့ ကမ္ဘာကျော်မင်္ဂလာပွဲမှာ လက်ထပ်ပန်းစည်းကို ဒီဇီဇဝါပန်း (Gardenia) နဲ့လုပ်တာလို့ ကိုယ်ကပြောတော့ အိမ်ရှင်က တန်ဖိုးတက်သွားတဲ့ ဇီဇဝါပန်းတွေခူးပြီး ကိုယ်တို့အဖွဲ့က မိန်းကလေးတွေ့ကိုကမ်းတယ်။

လှမ်းမြင်နေရတဲ့အိမ်ရဲ့ဧည့်ခန်းဝမှာတော့ ကော်ဖီရောင်ညိုညိုဖျော့ဖျော့မှာ အဖြူရောင်အစက်အပြောက်တွေကြဲပက်ထားတဲ့ အမွေးအတောင်နဲ့ ပုပုလုံးလုံးကြက်တညင်မက သူ့ကလေးတွေနဲ့ တတောက်တောက်အစာကောက်နေရဲ့။

မသင်းရဲ့အစ်မက -


"(၄) နှစ်သမီးရှိပြီ။ ကိုယ့်သားသမီးလိုဖြစ်နေတော့ အိမ်ထဲမှာပဲနေနေတာ။ သူကပွားလာတဲ့ ကြက်တညင်အုပ်တွေတောင်မနည်းတော့ဘူး"

လို့ ချစ်မြတ်နိုးစွာကြည့်ရင်းပြောပါတယ်။ တောကိုမဝင်တဲ့ကြက်တညင်မို့ မောင်ရင်လာပြီး လေးနဲ့ပစ်တာလည်း မခံရဘူးပေါ့။

ဒီလိုနဲ့ စားလို့သောက်လို့ဝတော့ မြို့ထဲကိုအလည်ထွက်ကြတယ်။ ပထမဆုံးကတော့ ဖျာပုံပုစွန်ခြောက်ဝယ်ဖို့ ဈေးကိုပေါ့။ ပုစွန်ရှားလို့ တစ်ဆယ်သားဘူးလေးတောင် (၃၈၀၀) ကျပ်ဖြစ်နေပေါ့။ ကြိတ်ထားတဲ့ ပုစွန်ခြောက်မှုန့်က အစိတ်သားကို (၅၀၀၀) ကျပ်ပါ။ ပြားနေအောင်ထုထားတဲ့အသင့်စားငါးခြောက်ထုပ်လေးတွေကို လက်ဆောင်ပေးဖို့ဝယ်ကြတယ်။ ဈေးလမ်းပေါ်က ရှေးတိုက်ဟောင်းတွေကို စိတ်ဝင်စားလို့ ဓာတ်ပုံရိုက်ယူခဲ့တယ်။ 'အမြောက်တံဆိပ်' တိုက်မှာတော့ ဟိုးတိုက်ထိပ်အမြင့်ပေါ်က ရှေးခေတ်အမြောက်ကြီးရယ်၊ ကလပ်ပေါ်က ကံ့ကော်ပန်းပွင့်ကြီးနဲ့ ဒေါင်းရုပ်တွေရယ်ဟာ အတော်လက်ရာမြောက်တဲ့ အင်္ဂတေပန်းအနုစိတ်လက်ရာတွေပါ။

ဈေးထဲရောက်တုန်း တစ်ခါက သီရိလင်္ကာစွယ်တော်ဖူးခရီးစဉ်မှာ ခရီးဖော်ဖြစ်ခဲ့တဲ့ အစ်မကြီး ဒေါ်ကျင်ပို့ကို သတိရပြီး လိုက်ပို့တဲ့အိမ်ရှင်ကိုမေးကြည့်တော့ ကံအားလျော်စွာ တစ်မြို့တည်းသူချင်းသိကြလို့ပို့ပေးတယ်။ ပျော်ရွှင်ရွှင်နေတတ်တဲ့အစ်မကြီးကို

www.burmeseclassic.com





ဗျာဂုံ-မင်းကျောင်းကြီး နောက်နားက တည်ဆောက်ဆဲ ကျောင်းဆောင်များ

"အစ်မရေ၊ ဒီနှစ်သီတိုင်ငွေစွယ်တော် ဖူးသွားဦးမှာ။ လိုက်ဦးမလား"

လို့ အဖော်စပ်တော့ သူက ကိုယ့် ပခုံးကိုလှမ်းဆွဲပြီး ထိုင်ရာကထပြတယ်။

ဘုရားရေ၊ သူ့အောက်ပိုင်းတွေ သူကောင်းကောင်းမသယ်နိုင်တော့ပါ လား။

"ကဲ - နင် ငါ့ကို ကူတွဲပေးမယ်ဆို ရင် ဒီပုံနဲ့ပဲလိုက်ခဲ့မယ်"

လို့ ခပ်ပြုံးပြုံးပဲပြောနေပြန်တဲ့ အစ်မကို စိတ်မကောင်းစွာဘဲ ငေးကြည့် နေလိုက်ရပါတော့တယ်။ ဪ -သခါရ ပေကိုး။ ဘုရားဟောတွေမှန်လိုက်တာလို့ လည်း သံဝေဂယူမိရဲ့။

အဲဒီနောက်မှာတော့ ကိုယ့်ရဲ့ တောင်းဆိုချက်အရ အိမ်ရှင်က ကိုယ် တို့ကို မင်းကျောင်းနဲ့ ခရေပင်ဇောက်ထိုး လိုက်ပြတယ်။ မြို့လယ်ကောင်က ဈေးနဲ့ မနီးမဝေးမှာဘဲ 'မဟာပုညာရာမတိုက်-



ဗျာဂုံ-မင်းကျောင်းကြီး နောက်နားက တည်ဆောက်ဆဲ ကျောင်းဆောင်များ



ကျိုက္ကမျှော်စေတီတော်ရဲ့ မူလအလှူ့အမ တလပရော်သမီးမွန်မိဖုရား



ကျိုက္ကမျှော်စေတီတော်ရဲ့ မူလအလှူ့အမ တလပရော်သမီးမွန်မိဖုရား



www.burmeseclassic.com

www.burmeseclassic.com

'မင်းကျောင်း'လို့ အမည်တင်ထားတဲ့ အင်္ဂတေမုခ်ဦးကြီးနဲ့ ဘုန်းကြီးကျောင်းကို ခဏနဲ့ရောက်သွားပါတယ်။ 'ပခန်းကျောင်း' ဆိုတဲ့ ဆိုင်းဘုတ်အောက်က နတ်လမ်းလေးအတိုင်းလျှောက်ဝင်သွားကြတော့ ဘေးတစ်ဖက်တစ်ချက်မှာလည်း ကြာတွေပေါက်နေတဲ့ ရေကန်တွေနဲ့ပါ။ ဒါကြောင့်လည်း 'ကျောင်း၊ ဇရပ်နဲ့ ရေကန်စုံသည်' လို့ သီချင်းတွေထဲမှာတောင် ထည့်သွင်းစပ်ဆိုကြတာကိုး။ အတော်အသင့်ကြီးတဲ့ ထိုင်တော်မူဆင်းတုတော်ကြီးတစ်ဆူကိုလည်း တန်ဆောင်းတစ်ခုမှာဖူးလိုက်ရတယ်။ 'အနန္တဇိန မြတ်စွာဘုရားကြီး'၊ '၁၂၁၁ ခုနှစ် တည်ထားကိုးကွယ်သည်' လို့ ကမ္ပည်းထိုးထားလို့ နှစ်တွေရာနဲ့ချီပြီးကြာခဲ့ပြီပေါ့လို့ သတိထားမိသွားပါတယ်။ ဘုရားဘေးကတိုင်ကြီးမှာတော့ ဆရာတော်တစ်ပါးပါးရဲ့ အဆိုအမိန့်လို့ထင်ရတဲ့ စာစုတစ်စုရေးထားတာ တွေ့ရပါတယ်။ စိတ်ဝင်စားစရာ၊ သိထားစရာကောင်းတဲ့အချက်တွေပါနေလို့မှတ်သားလိုက်ရပေါ့။

- ❑ ဂုဏ်ဇင်းနဲ့ ငါး နေ့တိုင်းစား၊ နေ့စဉ်ရေကိုသောက်ကာထား၊
  လက်ခုတ်တီးကာ၊ ယပ်ခတ်ပေး၊
  လောက်စာလုံးများများလုံးပေး၊
  'ထိ'အောင်လုပ်၊ 'သိ'အောင်လုပ်၊ 'ရှိ'အောင်လုပ်၊
  မဆိုးနဲ့၊ မမိုက်နဲ့၊ မလိမ်နဲ့၊ မကြွားနဲ့၊ ဘဝင်မမြင့်နဲ့၊ မမောက်မာနဲ့၊ မာန်မတက်နဲ့၊
  ကောင်းသော စကားကိုပြော၊
  ကောင်းသော အလုပ်ကိုလုပ်၊
  ကောင်းသော အစားကိုစား၊
  ဘာလုပ်လုပ် ငါစွဲဖြုတ်၊ ဘာလှူလှူ ငါစွဲဖြုတ်လှူ၊
  မိမိကိုယ်မိမိဝေဖန်ပါ၊ သူတစ်ပါးအား မဝေဖန်ပါနှင့်၊
  မိမိကြောင့် အဖွဲ့၊ မိသားစု၊ ပတ်ဝန်းကျင် မထိခိုက်စေနှင့်၊
  အာစိဏ္ဏကံတင်ပြီးဆောင်ရွက်ပါတဲ့

❑ ခရေပင်ဇောက်ထိုး

နတ်လမ်းဘေးမှာ'ကပ်ကာစေတီ' ဆိုတဲ့ ဘွဲ့မည်နဲ့ ဆလင်ဒါပုံ ဝစ္စယာငါးဆင့်နဲ့ စေတီဆန်းတစ်ဆူလည်းဖူးလိုက်ရတယ်။ 'ကပ်ဘေး'တွေက ကာကွယ်ဖို့ ရည်ညွှန်းတည်ထားဟန်တူပါတယ်။

နတ်လမ်းမဆုံးခင်ဘဲ မင်းကျောင်းကြီးကို လှမ်းမြင်လိုက်ရပါတော့တယ်။ နှစ်ထပ်တိုက်ကျောင်းအရှည်ကြီးဖြစ်လို့ ခံ့ညားလှပါတယ်။ ကျောင်းကြီးရဲ့ခေါင်းရင်းဘက်ဘုရားခန်းနေရာမှာ ဘုံငါးဆင့်အဆင့်ဆင့်တင်ထားလို့ မြန်မာ့ဗိသုကာလက်ရာဆန်လှရဲ့။ ဒါပေမယ့် နာဂစ်မုန်တိုင်းတုန်းက ဖျာပုံလည်းပြားပြားဝပ်ခဲ့ရလို့ အသစ်ပြန်လည်တင်ထားတဲ့ဘုံဆင့်တွေလို့ထင်ရပါတယ်။ ဘုရားဆောင်အနီးမှာတော့ ညောင်ပင်ကြီးတစ်ပင်ကို အုတ်ခုံတွေပတ်လည်ဝိုင်းလျက်တွေ့ရတော့ ဗုဒ္ဓဘာသာအယူအဆနဲ့ ညောင်ပင်တွေဟာ ခွဲမရဘူးဆိုတာ သက်သေပြနေသလိုပါ။ သီဟိုဠ်သွားတုန်းက သီရိလင်္ကာဘုန်းကြီးကျောင်းတိုင်းမှာ ဗောဓိပူဇာဆိုတဲ့ ဗောဓိညောင်ပင်ပူဇော်တဲ့ဓလေ့ရှိနေတာကိုလည်း သတိရမိသွားပါတယ်။

မင်းကျောင်းကြီးရှေ့က နတ်လမ်းဘေးမှာကပ်လျက်အဆောက်အအုံငယ်တစ်ခုကတော့ ခဲလေသမျှ သဲရေကျဖြစ်စရာပါ။ ခရေပင်ဇောက်ထိုးအဆောက်အအုံပါတဲ့။ အထဲမှာတော့ 'ဖျာပုံမြို့မင်းကျောင်းတိုက်အတွင်း အံ့ဖွယ်ပေါက်ခဲ့သောခရေပင်ဇောက်ထိုး'ဆိုတဲ့စာတန်းနဲ့အတူ ခရေပင်ကြီးရဲ့ဓာတ်ပုံတွေကို ချိတ်ဆွဲပြသထားပါတယ်။ အသက်မရှိတော့ပြီဖြစ်တဲ့ခရေပင်အကိုင်းအခြောက်ကြီးတွေကိုလည်း ပန်းတွေနဲ့တန်ဆာဆင်ပြီးစိုက်ထူပြသထားရဲ့။

"ခရေပင်ဇောက်ထိုး ဆိုတာ မရှိတော့ဘူးလား"

လို့ လိုက်လံပြသတဲ့ အိမ်ရှင်ကို




ဖျာပုံမြို့ရဲ့နာမည်ကျော် အနုပညာပြတိုက်ကြီးလိုဖြစ်နေတဲ့ မင်းကျောင်း



ဖျာပုံမြို့ မင်းကျောင်းနှစ်ထပ်ဆောင်ကြီးရဲ့ အလှရှုခင်းများ

www.burmeseclassic.com








ဖျာပုံ-မင်းကျောင်းကြီးပတ်လည်က ပြတင်းပေါက်နဲ့ နတ်ရုပ်များ









-ဖျာပုံ-မင်းကျောင်းကြီးအပြင်ပတ်လည်က ပြတင်းပေါက်နဲ့ ပန်းပုလက်ရာများ

မေးလိုက်မိတော့ သေသွားခဲ့ပါပြီတဲ့။ ဒါ့ကြောင့်လည်း အကိုင်းတွေကိုပဲ ပြသထားတာပါတဲ့။ ဩော် - ဖျာပုံမှာ စိတ်ဝင်စားဖွယ် လေ့လာကြည့်ရှုစရာတစ်ခု လျော့သွားပေါ့။ ခရေပင်ဖောက်ထိုးဆိုတာ မျက်စိနဲ့တပ်အပ်မမြင်နိုင်တော့ပေမယ့် ဘယ်လိုလဲဆိုတာသိချင်လို့မေးကြည့်တော့ -

"ရိုးရိုး သာမန် ခရေပင်လိုပါပဲ။ ဒါပေမယ့် အပင်ကြီးကကြီးတော့ အထက်ပိုင်း လေထဲက အကိုင်းအခက်တွေမှာ အမြစ်တွေထွက်နေပြီး အဲဒီအကိုင်းအခက်တွေက အောက်ဘက်ကို ပြန်စိုက်ဆင်းသွားတော့ အပင်က ဖောက်ထိုးလို့ ဖြစ်နေတာပါ" တဲ့။

မာတ်ပုံတွေအရတော့ အတော်ကြီးတဲ့ခရေပင်ကြီးပါဘဲ။

## ၂ ရှေးမြန်မာ့လက်ရာများနဲ့မင်းကျောင်း


နတ်လမ်းရဲ့ အဆုံးမှာတော့ မင်းကျောင်းကြီးခြေရင်းဝင်ပေါက်ဝကို ရောက်သွားပါတယ်။ ဝင်ပေါက်မျက်နှာချင်းဆိုင်မှာလည်း လက်ရှိဆရာတော်စံမြန်းတဲ့ သီးခြားဘုန်းကြီးကျောင်းတစ်ကျောင်းကို တွေ့ရတယ်။ ကိုယ်တို့အဖွဲ့သားတွေ လတ်တလောဖြစ်ပေါ်လာတဲ့သဒ္ဓါစိတ်နဲ့ အလှူငွေကောက်ခံစုဆောင်းပြီး ဆရာတော်ကို ဆက်ကပ်လှူဒါန်းကြခဲ့ကြပါတယ်။ ဆရာတော့်နောက်နားကန့်ရံတွေမှာလည်း ခေတ်အဆက်ဆက်က ဆရာတော်ကြီးများဖြစ်ကြတဲ့ ဖျာပုံမြို့ မဟာပုညာရာမတိုက် တျေးဌးရှင် ပထမမင်းကျောင်းဆရာတော်ဘုရားကြီးဘဒ္ဒန္တပညာဝံသပုံ၊ မင်းကျောင်းဆရာတော်ဘုရားကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ


www.burmeseclassic.com





ဝိသုတပုံ' ဆိုတာတွေကိုလည်း ဓာတ်ပုံတွေ၊ ပန်းချီတွေနဲ့ ဖူးတွေ့ရပါတယ်။ ဆရာတော်က မျက်နှာတော် အလွန်ချိုသာပြီး ဖော်ရွေပျူငှာလှပါရဲ့။ ဆရာတော်တရားအဆုံးမှာတော့ ဦးချပြီး မင်းကျောင်းဘက်ကို သွားရောက်လေ့လာကြပါတယ်။ နာမည်ကျော်လှတဲ့ ခရေပင်ဇောက်ထိုးနဲ့ လွဲခဲ့ပေမယ့် ထင်ရှား ကျော်ကြားလှတဲ့ မင်းကျောင်းကြီးကတော့ ထီးထီးရှိနေဆဲပါ။ ရုပ်မြင်သံကြားမှာ မင်းကျောင်းကြီးကို အစီအစဉ်တစ်ရပ်အနေနဲ့ တင်ဆက်တာကြည့်ခဲ့ဖူးကတည်းကရောက်ဖူးချင်နေခဲ့တာ ဖြစ်ပါတယ်။ ရှေးဟောင်းသုတေ























ဗျာဝုံ-မင်းကျောင်းကြီးပတ်လည်မှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားတွေ



www.burmeseclassic.com


www.burmeseclassic.com

သနပညာလေ့လာလိုက်စားမိကတည်းက ရှေးဟောင်းပစ္စည်းတွေကို ထိန်းသိမ်းထားတယ်ဆိုတဲ့သတင်းကြားတိုင်း ထိန်းသိမ်းစောင့်ရှောက်ထားသူတွေကို ကျေးဇူးတင်နေမိတာပါ။


မင်းကျောင်းကြီးရဲ့ အောက်ထပ်ဟာ ခန်းမကျယ်အရှည်ကြီးပါ။ လူတစ်ဖက်ကျော်ထုလုံးရှိတဲ့ ရွှေရောင်တိုင်လုံးကြီးများနဲ့ ခန်းမကြီးဟာ ခမ်းနားထည်ဝါလှပါတယ်။ တိုင်လုံးကြီးများရဲ့ အောက်ခြေလူတစ်ရပ်အမြင့်လောက်ကတော့ မှန်စီရွှေချပြီး မှန်ချပ်တွေကပ်ထားလို့ သက်လက်ထနေပေါ့။ ခန်းမကြီးအမိုးကို မော့ကြည့်လိုက်မှ မင်းကျောင်းဟာ နှစ်ထပ်ကျောင်းပေမယ့် နှစ်ထပ်ပြည့်မဟုတ်ဘဲ အလယ်မှာ ဟင်းလင်းပွင့်နေတာ ဘေးပတ်လည်တစ်လျှောက်မှာသာ နှစ်ထပ်ဖြစ်ကြောင်း သိလိုက်ရတယ်။ ဒါကြောင့်လည်း အပေါ်ထပ်က ဘုရားဆောင်ကို အောက်ထပ်ကလည်း လှမ်းမြင်ဖူးတွေ့နိုင်ပါတယ်။ အောက်ထပ်ခန်းမကျယ်ကြီးဟာ ဆွမ်းစားဆောင်ဖြစ်ပြီး ဆွမ်းစားစားပွဲများခင်းကျင်းထားတယ်။ အောက်ထပ်ကနေ အပေါ်ထပ်တက်တဲ့ တစ်ဆစ်ချိုးသစ်သားလှေကားကြီးတွေလည်း နံရံမှာကပ်ပြီးရှိပါတယ်။

ဆွမ်းစားခန်းကြီးရဲ့ခေါင်းရင်းမှာတော့ ပလ္လင်တံကဲကြီး(၃)ခုနဲ့ တန်ဆာဆင်ထားလို့ အတော်ထည်ဝါလှပတယ်။

ဆွမ်းစားခန်းကြီး ပတ်လည်မှာတော့ ဇာတ်၊ နိပါတ်တော်၊ ဗုဒ္ဓဝင်များထဲကအကွက်တွေနဲ့ ဝိပါက်တော်တွေကို ပန်းချီတွေဆွဲပြီး ဇာတ်ဝင်စာသားတွေနဲ့အတူ ချိတ်ဆွဲ ပြသထားပြန်ပါတယ်။ ‘မြတ်စွာဘုရားသည် (၁၆) မျိုးသော အိပ်မက်တို့၏ အကျိုး-အပြစ်တို့ကို ကောသလမင်းကြီးအား ဟောကြားနေတော်မူပုံ’၊ ‘ယုတ်မာသောကျီးကို ရွှေဟင်္သာတို့က ခြံရံနေကြသည်ဟု မြင်မက်သောပုံ’၊ ‘မြွေကြီးကို ဖားငယ်က တိုက်ဖြတ်စားသောက်နေသည်ဟု မြင်မက်သောပုံ’၊ ‘ကျောက်ဖျာကြီးသည် လှေအသွင်ကဲ့သို့ ရေပြင်အလယ်၌ပေါ်နေသည်ဟုမြင်မက်သောပုံ’၊ ‘အချည်းနှီးသောဘူးတောင်းတို့သည် ရေလယ်၌နစ်မြုပ်ကြသည်ဟုမြင်မက်သောပုံ’၊ ‘နောင်အခါ မြို့ရွာအလယ်၌ အခွန်နှိပ်စက်လွန်း၍ မြို့စွန်ရွာဖျားသို့ပြောင်းရွှေ့နေကြလိမ့်မည်ဟုဟောပြသောပုံ’၊ ‘တရားပျက်သောကာလဝယ် မိုးကွက်ကြားရွာခြင်းကြောင့် လယ်ယာညံ့ခြင်း၊ သင့်ခြင်း၊


ဖျာပုံမြို့၊ မင်းကျောင်းတိုက်အတွင်း အုံဖွယ်ပေါက်ခဲ့သော ခရေပင်ဓာတ်ထိုး
တစ်ခါက နာမည်ကျော် ခရေပင်ဓာတ်ထိုး


ဖျာပုံမြို့က ရှင်စုံမင်းကျောင်းကို အဝင်ထဲမှာ. . .


ဖျာပုံမြို့က ရှင်စုံမင်းကျောင်းကို အဝင်ထဲမှာ. . .



www.burmeseclassic.com

www.burmeseclassic.com

ကောင်းခြင်းဟု သုံးမျိုးသုံးစားကွက် ကြားသီးပွင့်မည်ဟုဟောပြပုံ၊ 'ဆုတ်ယုတ်သောကာလဝယ် သူတော်ကောင်းတို့၏စကားကို လူတို့မနှစ်မြို့ဘဲရှောင်လွှဲပယ်စွန့်ကြလိမ့်မည်ဟုဟောပြပုံ၊ 'နှောင်းသောကာလမှာ အနှစ်မရှိ သူယုတ်တို့၏ စကားကိုသာ လူများနှစ်သက်၍ လက်ခံ အတည်ပြုကြလိမ့်မည်ဟုဟောပြပုံ၊ 'နှောင်ကာလ၌ သူယုတ်မာတို့သည် မင်းမြှောင်စီးကပ်ပြုလုပ်၍ သူတော်ကောင်းများကို ညှဉ်းပန်းနှိပ်စက်ကြလိမ့်မည်ဟုဟောပြပုံ' စသည်ဖြင့် ဖတ်မငြီးကြည့်မဝဖြစ်သောပုံများပါဘဲ။ ဗဟုသုတအပြင် ဘာသာရေး၊ လူမှုရေးအတွေးအခေါ်တွေလည်းအပြည့်ပါနေတဲ့ပုံတွေပါ။


တချို့ ပန်းချီကားတွေကိုတော့ မျက်နှာကြက်နဲ့တိုက်ကာ ခပ်စောင်းစောင်းချိတ်ဆွဲထားပြီး ပန်းချီကားထဲက နေ ရုပ်တုတွေကြွတက်နေသလို ပန်းချီနဲ့ ပန်းပုရောထားတာမျိုးပါ။ 'အာနန္ဒာလောင်း ရွှေပန်းထိမ်သည်သည်ဘဝမှ ပရဒါရကံကြောင့် ခုနစ်ဘဝတိုင်တိုင် မိန်းမဖြစ်လေရာ နောက်ဆုံးမိန်းမဘဝဖြစ်သော အင်္ဂတိမင်းကြီး၏သမီး ရုဇာသိဂ္ဂီ အလှူမဏ္ဍပ်တွင် စီမံလျက်နေ၏'၊ 'အင်္ဂတိမင်းကြီးသည် ကဿပတတ္တတွန်း၏တရားအတိုင်း ကုသိုလ်-အကုသိုလ်မရှိ ပြုလိုရာပြု ဟူသော ဟောပြမှုကြောင့် အရက်သေစာဖြင့်သာပျော်မြူး၍နေလေ၏။'၊ 'သမီးတော်ရုဇာသိဂ္ဂီမင်းသမီးသည် ခမည်းတော်၏အယူမှောက်မှား၍သောက်စားကျူးလွန်ခြင်းမှကယ်တင်မည့်သူကို တောင့်တလေရာ နာရဒဗြဟ္မာမင်းကြားသိလေ၏။'၊ 'အလောင်းတော် နာရဒဗြဟ္မာမင်းသည် ရသေ့အသွင်ဖန်ဆင်း၍ အင်္ဂတိမင်းကြီးအား ထိတ်လန့်သောအမှတ်ဖြင့် ကောင်းကင်မှ ကိုယ်ထင်ပြလေသည်' ဆိုသော ဇာတ်ကွက်သရုပ်ဖော်များဖြစ်ရာ ဖတ်ကောင်း၊ ကြည့်ကောင်းလှပါတယ်။ ပန်းချီကားပြုလုပ်စဉ်ကာလက ခေတ်ပြိုင်ဝတ်စားဆင်ယင်မှုတွေကိုလည်း သရုပ်ဖော်ထားတဲ့ပုံတွေမှာတွေ့နိုင်လို့ တန်ဖိုးကြီးလှပါရဲ့။ ကလေးငယ်တွေဖတ်ရင်ဖြင့် ဘာသာရေးအသိ၊ လူမှုရေးအသိ၊ ယဉ်ကျေးမှုအသိများရနိုင်လို့ ကိုယ်ကတော့ ဘုရားတန်ဆောင်းတွေမှာ ပန်းချီကားတွေတွေ့ရင် ငယ်ငယ်ကတည်းက အသည်းအသန်ကြည့်ရှုနေကြပါ။

'ဒေါ်အေး၊ ဒေါ်လေး'ဆိုတဲ့ အဖြူအမည်းဓာတ်ပုံကြီးထဲက မြန်မာအဘွားကြီးနှစ်ဦးဟာ ကျောင်းအလှူရှင်တွေလေလား။ မူလကျောင်းကြီးရဲ့တည်ဆောက်ပြီးစက အဖြူအမည်းကျောင်းသစ်ပုံကြီးကိုလည်းတွေ့ရပါသေးတယ်။ ပန်းချီကားတွေနဲ့ ဓာတ်ပုံတွေကြည့်လို့ဝတဲ့အခါ အောက်ထပ်ဆွမ်းစားဆောင်ပတ်လည်ကို လှည့်ကြည့်တယ်။ ပြတင်းတံခါးတွေတိုင်းမှာ တံခါးရွက်နဲ့အပြည့်ကြာပွင့်ပေါ်မှာ မတ်တတ်ရပ်ပြီး ကြာဖူးကိုင်ထားတဲ့ နတ်သားရုပ်ရုပ်ကြွတွေကိုကပ်ထားတယ်။ ခေါင်းလေးတွေငဲ့စောင်းနေတဲ့ နတ်သားရုပ်တွေကို ဆေးရောင်စုံခြယ်ထားရဲ့။လက်အုပ်ချီပြီး ခေါင်းတည့်တည့်ထားကာရပ်နေတဲ့နတ်သားတွေကိုတော့ ကိုယ်ထည်တစ်ခုလုံး ရွှေချထားတယ်။ တချို့တံခါးရွက်တွေမှာတော့ သစ်ရွက်၊ နွယ်ပင်နဲ့ ပန်းခက်ပန်းပွင့်တွေထွင်းထုထားတဲ့ ပန်းခွေပုံသစ်သားပန်းပုတွေကို အကြွထုလုပ်ပြီးကပ်ထားလို့ ကျောင်းကြီးဟာ ပိုမိုခမ်းနားနေပေါ့။

အဲဒီနောက်မှာတော့ တစ်ဆစ်ချိုးသစ်သားလှေကားကြီးတစ်စင်းကနေ အပေါ်ထပ်ကိုတက်ခဲ့တယ်။ အောက်ထပ်က ဆွမ်းစားဆောင်ကို အပေါ်စီးကနေလှည့်ကြည့်နိုင်တဲ့ အတွင်းစင်္ကြံတစ်လျှောက်လျှောက်သွားတော့ ဘုရားခန်းကိုရောက်တယ်။ မှန်လုံဘုရားခန်းကြီးပါ။ မှန်ခန်းကြီးရဲ့နဖူးစည်းကို သစ်သားပန်းပုပန်းဆွဲတွေနဲ့ တန်ဆာဆင်ထားရဲ့။ မှန်ခန်းထဲမှာတော့ လက်ရာမြောက်လှတဲ့ တံကဲကြီးနဲ့ ရွှေပလ္လင်ထက်မှာ မင်း



မှော်ပုံမြို့က ရှင်စုံမင်းကျောင်းကို အဝင်ထဲမှာ. . .



မှော်ပုံမြို့က ထိပ်ဥကုန်း ကျိုက္ကမှုန်စေတီတော်



www.burmeseclassic.com

www.burmeseclassic.com

ဝတ်ဘုရားကျောက်ဆင်းတုတစ်ဆူကို ပူဇော်ထားတယ်။ မှန်ခန်းပတ်လည်မှာလည်း သိကြားမင်းရုပ်တုကြီးတွေနဲ့ပါ။

ဘုရားခန်းဘေးကနေ အပြင်ကို ပတ်ထွက်လိုက်တော့ ရဟန်းတွေ သီတင်းသုံးတဲ့အခန်းတွေကို အပေါ်ထပ် ပတ်လည်မှာ စီတန်းတွေ့လိုက်ရတယ်။ ဒီအခန်းတွေမှာ စာအံရင်း သီတင်းသုံး၊ အောက်ထပ်က ဆွမ်းစားဆောင်မှာ ဆွမ်းဆင်းဘုဉ်းပေး၊ ရှေးက မြန်မာကြီးတွေဟာ အဆောင်ကို အဆင်ပြေအောင် စီမံပြီးလျှာခင်းထားတာပါပဲလား။ ရဟန်းတွေသီတင်းသုံးတဲ့အခန်းတွေရဲ့အပြင်မှာလည်း စကြံလျှောက်လို့ရတဲ့ဝတ်လည်လမ်းကြီးရှိရဲ့။ အခန်းတွေရဲ့အပြင်မှာလည်း ရေနံသုတ်ထားတဲ့ပြတင်းပေါင်နဲ့ ပြတင်းတံခါးရွက်တွေကို ငွေမင်ရောင်သစ်ထွင်းပန်းပုတွေ၊ တံကဲတွေနဲ့တန်ဆာဆင်ထားပါတယ်။အဆောင်ကိုလုပခဲ့သူများ ပြီး မြန်မာမှုပြည့်ဝတဲ့ဂုဏ်ယူဖွယ်ကုသိုလ် ဒါနပါပဲ။

မင်းကျောင်းကြီးရဲ့နောက်ဘက်မှာလည်း တည်ဆောက်ဆဲ နှစ်ထပ်တိုက်ကျောင်းတွေရှိသေးရဲ့။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေရဲ့ စေတနာတရားကတော့ နာဂစ်မုန်တိုင်းကဘယ်လိုတားဆီး ဒုက္ခပေးခဲ့ပေမယ့် ဘယ်တော့မှရပ်တန့်မသွားဘဲ အရှိန်အဟုန်နဲ့ ဆက်လက်ပွားများနေတုန်းပါလား။

မင်းကျောင်းကြီးပေါ်ကပြန်ဆင်းခဲ့ပြီး ဖျာပုံမြစ်ကမ်းပါးက ဘုရားစေတီတွေကို ဆက်လက် သွားရောက် ဖူးမြော်ကြပါတယ်။ ကမ်းပြိုသွားတာကို ပြန်မြေဖို့ဆယ်ယူပြီးတည်ထားတဲ့ ဆုတောင်း



ဖျာပုံမြို့လယ်နဲ့ဖျာပုံဈေး





ဖျာပုံမြို့က ရှင်စုံမင်းကျောင်းကို အဝင်လမ်းမှာ. . .



ဖျာပုံမြို့က ရှင်စုံမင်းကျောင်းကို အဝင်လမ်းမှာ. . .




www.burmeseclassic.com

www.burmeseclassic.com

ပြည့် ပြည်လုံးချမ်းသာ'သာစည်ဘုရားကြီး' ကို အရင်ဆုံးသွားဖူးကြတယ်။ မြစ်ကမ်းခြေရေစပ်နဲ့ ဆီလျော်စွာ နဂါးတွေမြူးတဲ့ ဆင်းတုတော်ကြီးပေါ့။ သံတန်း၊ သံရက်မတွေနဲ့ အခိုင်အခံ့ဆောက်ထားတဲ့ တန်ဆောင်းအဝင်မှာပဲ နဂါးရုပ်ခံထားပြီး နဂါးခေါင်းထောင်ကာမိုးထားတဲ့ လျောင်းတော်မူ ဆင်းတုတော်ကို ဖူးမြင်လိုက်ရတယ်။တန်ဆောင်းအထက် ထုပ်တန်းပတ်လည်မှာလည်း နာဂစ်ဒဏ်ကြောင့် ပျက်စီးခဲ့တဲ့ တန်ဆောင်းကြီးနဲ့ ပြုပြင်ရေးလုပ်ငန်းစဉ်ပုံတွေကို ချိတ်ဆွဲပြသထားပါတယ်။

၂-၅-၂၀၀၈ နေ့က တိုက်ခတ်တဲ့ နာဂစ်မုန်တိုင်းကြောင့် ဘုရားတန်ဆောင်းတွေ ပြိုပျက်သွားရတယ်။ မုန်တိုင်းဝင်ခိုတဲ့ မြိတ်၊ ထားဝယ်ဘက်ကငါးဖမ်းလှေ၊ သင်္ဘောတွေကရေလုပ်သားတွေဟာ ပျက်စီးသွားတဲ့ သာစည်ဘုရားကြီးကနေ ရောင်ခြည်တော်တွေကွန့်မြူးနေတာနဲ့ ကြုံကြိုက်သွားရပြီး ကြည်ညိုစွာနဲ့ပဲ နောက်တစ်နေ့နံနက်ပိုင်းမှာ ဘုရားကြီးကို စုပေါင်းပြုပြင်သန့်ရှင်းရေးတွေလုပ်ပေးခဲ့ကြတယ်။ ၂၃-၁-၂၀၁၀ ပြည့်နှစ်မှာတော့ မဇ္ဈိမဂုဏ်ရည် မဟာစည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒက မ,တည်လှူဒါန်းပြီး တန်ဆောင်းတော်သစ်ကြီးနဲ့ ဘေးက တိုးချဲ့တန်ဆောင်းတွေကို စတင်တည်ဆောက်လှူဒါန်းခဲ့ပါတယ်။ မရှေးမနှောင်းမှာဘဲ မြစ်ကမ်းပါးမှာရှိတာမို့ တန်ဆောင်းတော်အရှေ့ (၃၅) ပေအကွာကနေ ကမ်းပြိုလာလိုက်တာ တန်ဆောင်းရှေ့ (၂) ပေအကွာလောက်အထိရောက်လာပါတယ်။ အဲဒါနဲ့ ရေတိုက်စားမှုဒဏ်ကိုကာကွယ်ဖို့ မြစ်ကမ်းပါးထိန်းသိမ်းရေးအတွက် အရှေ့ပေါ်ဘိုးတိုင်တွေလည်း စိုက်ခဲ့ကြရပြန်တယ်။ ခုတော့ဖြင့် တန်ဆောင်းကြီးဟာ အခိုင်အခံ့နဲ့ မြစ်ကမ်းဘက်ကို မျက်နှာလှည့်ပြီး ရေစပ်အထိ တပြန့်တပြူးထိုးဆင်းနေရဲ့။ မြစ်ထဲမှာမျောပါလာတဲ့ ဗေဒါပင်အုပ်နဲ့ ခရမ်းပြာဗေဒါပွင့်တွေက ဘုရားကြီးကို ဦးခိုက်ပူဇော်ပြီးဆက်လက်စီးဆင်းနေသလိုပါ။ မြစ်ရေကို ဖြတ်သန်းတိုက်ခတ်လာတဲ့လေကလေးတဖြူးဖြူးနဲ့မို့ ဘုရားဖူးရတာကြည်နူးချမ်းမြေ့စရာကောင်းလှပါတယ်။

တန်ဆောင်းကြီးရဲ့ဘေးမှာတော့ ကျိုက်ပဒိုင်စေတီလေးရှိပါတယ်။ တန်ဆောင်းကြီးရှေ့က ရင်ပြင်တော်ဟာ ဖျာပုံမြစ်ရေပြင်နဲ့ ထိစပ်နေပြီး ကြာဖူးတိုင်တွေဝန်းရံကာ လေဟာပြင်လိုဟင်းလင်းပွင့်နေလို့ မြစ်အလှကိုလည်း







ဖျာပုံမြို့ရဲ့နာမည်ကျော် အနုပညာပြတိုက်ကြီးလိုဖြစ်နေတဲ့ မင်းကျောင်း



ဖြန့်ထည်ပြုပြင်ထားတဲ့ သာစည်ဘုရားကြီးရှေ့က ဖျာပုံမြစ်ကမ်းပါး



www.burmeseclassic.com

www.burmeseclassic.com

အဲဒီကနေ ခံစားနိုင်ရဲ့။ ကော်ဖီရောင် ညိုညစ်ညစ်နဲ့ ကိုယ်တို့မြစ်ဝကျွန်းပေါ် မြစ်ရေပြင်အလယ်မှာ ဆားနုံသင်းနေသလို ပဲ။ မြစ်ထဲအထိ ဝါးတိုင်တွေနဲ့ဝင်းခတ် ပြီး ဘုရားကြီးရှေ့ကကမ်းပါးကိုကာကွယ် ထားပါတယ်။ မြစ်ရေတိုးနေလို့ တလူလူ လှုပ်ယမ်းခါနေတဲ့ ဝါးတိုင်တွေ ဝါးဖောင် တွေမှာတော့ ဗေဒါပင်တွေက တွယ်ငြိ နေရဲ့။ ဟိုးခပ်လှမ်းလှမ်းမှာတော့ ဖျာပုံ တံတားသစ်ကြီးနဲ့အတူ မြစ်ထဲမှာ တစ်စင်းနဲ့တစ်စင်း ပူးကပ်တွဲပြီးဆိုက် ထားကာ အနားယူနေကြတဲ့ သင်္ဘော တွေလည်း တွေ့ရပါတယ်။

ဘုမိဖီသမုဒ္ဒါထိုင်တော်မူဆင်း တုတော်ဖြူဖြူနှစ်နှစ်ကြီးဟာ အနားစွန်း အတွန့်အရေးတွေမှာ စိန်တွေမြုပ်ထား တဲ့ ရွှေသင်္ကန်းတော်နဲ့ ကြည်ညိုစရာ ကောင်းပါရဲ့။ သာစည်ဘုရားကြီးရဲ့ ဦးခေါင်းတော်နောက်ပါး တံကဲဖျားမှာ တော့ နဂါးရုပ်ကြီးနှစ်ကောင်က စီးမိုး ပူဇော်နေပါတယ်။ ဘုရားကြီးကပြန် အထွက်မှာတော့ တန်ဆောင်းတော်ကြီး နောက်ပါး ကုန်းပေါ်ကမြေအပြင်ဟာ အတော်ကြီး ကျယ်ပြော့တာတွေ့ရလို့ ဘုရားပွဲတော်ကျင်းပဖို့ အတော်ကောင်း မှာလို့ပြောကြရင်း ပွဲတော်ရက်များကို စိတ်မှန်းနဲ့ ပျော်ကြည့်မိကြပါတယ်။ အဲဒီနောက် ကုန်းတွင်းပိုင်းက သမိုင်းဝင် လိပ်ဥကုန်း ကျိုက္ကမွန်စေတီတော်ဆီကို ဆက်လက် သွားရောက် ဖူးမြော်ကြပြန် တယ်။

**သမိုင်းဝင်ကျိုက္ကမွန်စေတီတော်မြတ်ကြီး**

အသစ်စက်စက် တည်ဆောက် ထားသလို ရွှေရောင်ဝင်းနေတဲ့စေတီ တော်ကို ကြည်ညိုဖွယ် ဖူးတွေ့လိုက်ရပါ တယ်။ သမိုင်းဝင် ကျိုက္ကမွန်စေတီတော် မြတ်ကြီး အသစ်ပြန်လည်ပြုပြင်တည် ဆောက်ထားကြောင်း တမ္ပည်းစာကို လည်း ကြေးပြားမှာ ရေးထိုးစိုက်ထူထား တာကို စေတီတော်ဘေး ရင်ပြင်အတွင်း မှာပဲ တွေ့လိုက်ရပါတယ်။ တပင်ရွှေထီး မင်းလက်ထက်(၁၅၃၈-၁၅၅၀ခုနှစ်)မှာ စစ်သေနာပတိ ဘုရင့်နောင်ကျော်ထင် နော်ရထာဟာ ဟံသာဝတီ-ပဲခူးကိုတိုက် ခိုက်သိမ်းပိုက်ပါတယ်။ အဲဒီအခါမှာ ဟံသာဝတီပြည့်ရှင် သုရှင်တကာရွတ်ပိ နဲ့အပေါင်းပါများ၊ စစ်သည်များဟာ ပြည်ဘက်ကို ထွက်ပြေးတိမ်းရှောင်ခဲ့ကြ ရတယ်။ သုရှင်တကာရွတ်ပိရဲ့ မိဖုရား တစ်ပါးဖြစ်တဲ့ တလပဒော်သမီးမင်း သမီးနဲ့ နန်းတွင်းသူနန်းတွင်းသားတွေက တော့ တွံတေးမှတစ်ဆင့် ဒေးဒရဲဘက် ကို ထွက်ပြေးကြပါတယ်။ အဲဒီကမှ ထပ်မံပြီး ဒေးဒရဲကနေ ဆက်လက်ပြေး ကြရပြန်ရာ ဖျာပုံဆိပ်ကမ်းထိပ်နားကို ရောက်လာပါတယ်။ အဲဒီမှာလည်း လုံခြုံ တယ်လို့မထင်ရသေးတာနဲ့ ဖျာပုံက (၈) မိုင်လောက်အဝေးမှာရှိတဲ့ သမိန် ထောကုန်းတန်းကိုပြောင်းရွှေ့ပြီး စခန်း ချဖို့ စီစဉ်ကြပြန်တယ်။

မပြောင်းရွှေ့မီ (၁၅၃၈ ခုနှစ်) မှာ တော့ မိဖုရားနဲ့တကွ နန်းတွင်းသူနန်း တွင်းသားတွေဟာ သူတို့ကိုးကွယ်ပူဇော် ခဲ့ကြတဲ့ ဓာတ်တော်တွေကို ဌာပနာပြီး ကျိုက္ကမွန် (ကျောက်မျှင်) စေတီတော်ကို တည်ထားခဲ့ကြပါတယ်။ သူတို့ဝတ်ဆင် ခဲ့တဲ့နားတောင်း၊ ဆံထိုးနဲ့ ဘယက်စတာ တွေကိုလည်း စေတီတော်ဌာပနာတိုက် မှာ ထည့်သွင်းဌာပနာခဲ့ကြတယ်။ ဒီလိုနဲ့ နှစ်ပေါင်းများစွာ ကြာညောင်းလာတဲ့ အခါ စေတီတော်ဟာ ပျက်ယွင်းသွားပါ တော့တယ်။ နောက်ဆုံးမှာတော့ စေတီ ပျက်နဲ့အတူ ကုန်းမို့မို့သာ ကျန်ရစ်ခဲ့ပါ တယ်။ သစ်ပင်တွေ၊ ချုံနွယ်ပိတ်ပေါင်း တွေကြားမှာ ဖိနပ်တော်သာသာမျှပဲ ကျန်တော့တဲ့ စေတီတော်ပေါင်းဟာ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်၊ ၃ ရက်တွေ မှာ နာဂစ်မုန်တိုင်းဒဏ်ကို ထပ်မံခံခဲ့ရ ပြန်ပါတယ်။

မုန်တိုင်းနောက်မှာလာတဲ့လေပြည် ညင်းကတော့ စေတီတော်ပျက်ကို ခုနစ် ရက်သားသမီးအလှူရှင်များရဲ့ ဝိုင်းဝန်း လှူဒါန်းမှုနဲ့ ကျိုက္ကမွန်စေတီတော် ဂေါပက ပြန်လည် ပြုပြင်မွမ်းမံရေးတွေ လုပ်ခဲ့တာပါ။ ၁၃၇၀ ပြည့်နှစ်၊ တပေါင်း လပြည့်ကျော် ၁၂ ရက်၊ ၂၀၀၉ ခုနှစ်၊ မတ်လ ၂၂ ရက်၊ တနင်္ဂနွေနေ့မှာ မင်္ဂ လာအခမ်းအနားကျင်းပနိုင်ခဲ့ပါတယ်။

**ပ ကျွန်းပင်ပို့များရဲ့အားမာန်**

ဒါဟာ ဖျာပုံခရီးစဉ်ရဲ့နောက်ဆုံး နှုတ်ဆက်ခြင်းမို့ စေတီတော်ဝင်းကပြန် အထွက်မှာ မွန်းတိမ်းလုလုနေခြည်သွန်း ထားတဲ့စေတီတော်ကို လှည့်ဖူးမိပြန်ပါ ရဲ့။ စေတီတော်ဝင်းရဲ့ထွက်ပေါက်နားမှာ တော့ ဆုမြတ်ငါးဖြာဆိုတဲ့ ဗီနိုင်းဘုတ် ကို တွေ့လိုက်ရပါတယ်။

**ဆုမြတ်ငါးဖြာ**

၁။ အသက်ဘေးမှ လွတ်ကင်းချမ်း သာရခြင်း။
၂။ စားရေရိက္ခာ လိုရာ-မထ ပြည့်စုံ ကြခြင်း။
၃။ အခြွေအရံများ ခစားကျညီမှု လုံလောက်စွာရရှိခြင်း။
၄။ ရောဂါဝေဒနာမှစ၍ အတွင်းအပ အန္တရာယ်များလွတ်မြောက်ခြင်း။
၅။ မိမိတို့လိုရာဆန္ဒကို ထမြောက် အောင်မြင်စွာ ကြံစည်မှုပြည့်စုံ ခြင်းပါတဲ့။

ဆရာတော်တစ်ပါးပါးရဲ့ ဟော ကြားချက်လား၊ တရားတော်ထဲကလား မသိပေမယ့် ကိုယ်လိုချင်သောဆုတွေနဲ့ ကော တူညီရဲ့လားလို့ နှိုင်းယှဉ်တိုက် ကြည့်နေမိရဲ့။ အသက်ဘေးကလွတ် ကင်းပြီး စားစရာအပြည့်အဝရှိကာ ရောဂါဘယမကပ်ညှိဘဲ ကြံစည်သမျှ အောင်ရမတဲ့၊ ကောင်းပါလေ့။ဒါပေမယ့် အခြွေအရံတွေ အလုံအလောက် ခစား နေတဲ့ဘဝမှာ ဇိမ်ခံဖို့ကိုတော့ တစ်ခါမှ မလိုလားဘူးသူမို့ ဒီဆုကတော့ ကိုယ်နဲ့ မဆိုင်သလိုပေ။ ကိုယ်တွေကတော့ ကိုယ်ထူကိုယ်ထပဲနေချင်သူကိုး။ ဓါ

ဆုငါးဖြာဆိုင်းဘုတ်ဘေး စေတီ တော်ပရိဝုဏ်ပတ်လည်မှာတော့ ကျွန်း ပင်ပို့လေးတွေက ထွက်ပြူစအရွက်ဖား ဖားတွေနဲ့ မိုးတိုးမတ်တတ်ရပ်နေပါ တယ်။ ဩော် - အရင်ဆယ်စုနှစ်တွေက ဖြင့် သည်နေရာမှာ ကြက်ဆူပင်တွေ ဝန်းရံခဲ့ပေမပေါ့။ နောက်နှစ်တွေ အတော်ကြာလို့ ပြန်လာဖြစ်ရင်တော့ ကျွန်းပင်တွေကြားက စေတီတော်ကို ဖူးရမှာပါ။ မြင်ဖူးချင်လျက်မမြင်ခဲ့ရတော့ တဲ့ 'ခရေပင်ဇောက်ထိုး' နဲ့ကို နှမြော တသရင်း မြင်သင့်လို့မြင်နေရပြီဖြစ်တဲ့ ကျွန်းပင်ပို့တွေကို နှုတ်ဆက်ကာ ထမင်း ဆိုင် - ဖျာပုံမြို့ကနေ ပြန်လာခဲ့ပါတော့ တယ်။

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး-သု)


**စာကိုး -**

မြန်မာသမိုင်းနိဒါန်း၊ ဒေါက်တာ သန်းထွန်း၊ Myanmar Heritage၊ ၂၀၀၁.
မြန်မာသမိုင်းရှာတော်ပုံ၊ ဒေါက် တာသန်းထွန်း၊ ဒေါင်းစာပေ၊ ရန်ကုန်၊ ၂၀၀၃။
ရှေးဟောင်းမြန်မာ့အိုးမြို့တော်၊ ထန်လိုင်၊ စာပေဗိမာန်၊ ရန်ကုန်၊ ၂၀၀၁။



www.burmeseclassic.com

www.burmeseclassic.com



(ဓရမ)

# နေအောင်လင်း

## ကျီးငှက်တို့ဓလေ့စရိုက်နှင့်အတိတ်နိမိတ်များ

□ ကျီးဖြူ ကျီးမည်းတစ်ကောင်တည်း
ကျီးမည်းဒီမှာနေ
ကျီးဖြူအိမ်ဘယ်မှာဆောက်
ဟောဒီမှာဆောက်
အာလောက်လောက် အာလောက်
လောက်

ဤကဗျာထဲကလိုပင် ကျီးဖြူနှင့် ကျီးမည်း ဟူ၍ ကျီးငှက် (၂) မျိုးရှိကြောင်းကို သိရှိရပါသည်။ သို့သော် မြန်မာနိုင်ငံတစ်ဝန်းတွင် အများမြင်တွေ့ရသော ကျီးငှက်တို့မှာ ကျီးမည်း အနက်ရောင်ရှိသည့်ကျီးငှက်များသာ မြင်တွေ့ရပါသည်။ ကျီးဖြူတို့မှာ ဩစတြေးလျတိုက်နှင့် အာဖရိကတိုက်တွင် တွေ့ရှိရကြောင်း သိရပါသည်။

ကျီးငှက်အား မြန်မာနိုင်ငံ ဒေသအတော်များများတွင်မြင်တွေ့ရပါသည်။ ထိုသို့ ဒေသတိုင်းတွင် မြင်တွေ့ရသည်ဆိုသော်လည်း အရပ်ဒေသနေရာတိုင်းတွင် ကျီးငှက်တို့ နေထိုင်ကျက်စားလေ့မတွေ့ရပါ။ ကျီးငှက်တို့မှာလည်း လူတို့ကဲ့သို့ပင် ရေကြည်ရာမြက်နုရာဆိုသကဲ့သို့ အစားအသောက်၊ နေစရာ၊ အရိပ်အာဝါသကောင်းမွန်သည့်နေရာ၊ ငှက်မုဆိုးတို့၏ဘေးကင်းရန်လွတ်ရာနေရာတို့တွင်သာ အများအပြား နေထိုင်ကျက်စားတာတွေ့ရပါသည်။ ကျီးငှက်တို့သည် လူနှင့်အလွန်နီးနီးကပ်ကပ်နေထိုင်ကျက်စားလေ့ရှိကာ ငှက်တိရစ္ဆာန်ဖြစ်သော်ငြား လူတို့၏ အထာသဘောသဘာဝတို့အား သိရှိနေတတ်သည်။ အလွန်ပါးနပ်ပြီး လျင်မြန်ဖျတ်လတ်သည့်ငှက်မျိုး လည်း ဖြစ်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း (၂၀)ကျော်ဝန်းကျင်ကာလ ကျွန်တော်တို့ရွာတွင် ကျီးငှက်များ အလွန်ပေါပေါများများပင် နေထိုင်ကျက်စားခဲ့ဖူးသည်။ ထိုအချိန်က ရွာတွင် အကြီးဆုံးထနောင်းပင်ကြီး နှစ်ပင်လည်းရှိနေချိန် ဖြစ်သည်။ အပင်ကြီးများမှာ နှစ်ပေါင်းရာချီသက်တမ်းရှိကာ ပင်လုံးပတ်မှာ နွားကန် (နကန်) ကြီး နှစ်ပတ်စာနီးပါးပင် ကြီးမားကာ



www.burmeseclassic.com

www.burmeseclassic.com

ထိုထနောင်းပင်ကြီးများတွင် သစ်တစ်ပင်တောင်း၊ ငှက်တစ်သောင်းနားခို စကားတဲ့သို့ပင် ခို၊ ဆက်ရက်၊ ဇီးကွက်၊ ကျီးငှက်၊ ရှဉ့်၊ စာကလေး၊ ဥဗျိုင်းကအစ ငှက်တိရစ္ဆာန်များလည်း ကျက်စားနေထိုင်ခဲ့ဖူး၏။ သစ်ပင်ပိုင်ရှင်မှ မည်သည့်ငှက်တိရစ္ဆာန်မှ လောက်ခွနှင့်ပစ်ခတ်ဖမ်းဆီးခြင်းမပြုရပါ။ ဘေးမဲ့ပေးထားခြင်း ဖြစ်သည်။ အခြားငှက်တို့အားလည်း ပစ်ခတ်ဖမ်းဆီးခြင်းမပြုရသဖြင့် ကျီးငှက်တို့လည်း ဘေးမဲ့လွတ်ငြိမ်းချမ်းသာရာရခဲ့သည့်နေ့ရာလည်း ဖြစ်သည်။

ထိုကဲ့သို့ နေထိုင်လာခဲ့သည့်အခါ နှစ်များကြာလာသည်နှင့် ကျီးငှက်တို့မှာ အခြားအချိန်ကာလများတွင် လူတို့၏ အသုံးအဆောင်စားဖွယ်တို့အား ခိုးယူထိုးသုတ်ခြင်း လုံးဝမရှိခဲ့ပေ။ သို့သော် ကျီးငှက်တို့၏ ထူးခြားချက်တစ်ခုမှာ သားပေါက်အသိုက်ဝင်ချိန်တို့တွင် လူတို့၏ အစားအသောက်၊ အသုံးအဆောင်အချို့နှင့် ဘဝတူငှက်ငယ်တို့၏ အသိုက်အမြုံမှအကောင်ငယ်တို့အား အနိုင်အထက် လုယက်ထိုးသုတ်သတ်ဖြတ်ကာ သူတို့၏သားသမီးအစာအဖြစ် သတ်ဖြတ်လုယူတတ်ခြင်းပင် ဖြစ်သည်။ ကျီးငှက်တို့အသိုက်ဝင်ချိန်ကား တပို့တွဲ၊ တပေါင်းလများပင် ဖြစ်သည်။ တပို့တွဲ၊ တပေါင်းလတို့တွင် 'တမာလည်းနု၊ ဘော့လည်းဥ' ဟု ဆိုသည်မှာ ကျီးငှက်အား ရည်ညွှန်းပြောဆိုခြင်း ဖြစ်ပါသည်။

တပို့တွဲ၊ တပေါင်းလ ကျီးငှက်တို့အသိုက်ဝင်၊ မဝင်ကြည့်ရှုကာ တပေါင်းလတွင်အသိုက်ဝင်ကျင်းခတ်လေ့ရှိသည်။ မြစ်တွင်း ကျက်စားသည့် ငါးကျောင်းများ ကျင်ဝင်ဥချ၊ မချအား ရေလုပ်သားကြီးများမှအမှတ်သညာပြုလေ့ရှိကြသည်။ ကျီးငှက်များ အသိုက်ဝင်ပြီဆိုတာနှင့် ရေထဲတွင်ကျက်စားသည့် ငါးကျောင်းများလည်း အသိုက်ဝင်ဥချသားပေါက်ဘာ တစ်ချိန်တည်းပင် ဖြစ်သည်။

ကျေးလက်နေ တောင်သူလယ်သမားများအဖို့ ကျီးငှက်တို့ အသိုက်ဝင်အသိုက်ဆောက်မှုကိုကြည့်ရှုကာ ဒီနှစ်လေကြမ်းများတိုက်ခတ်မှုရှိ၊ မရှိ လေတိုက်မည့် အရပ်ဒေသတို့အား ကြည့်ရှုခန့်မှန်းနိုင်ကြသည်။ ဥပမာ ကျီးငှက်အသိုက်သည် သစ်ပင်ကြီးများပေါ် ကိုင်းများကိုင်းနားတွင် အသိုက်တည်ဆောက်တာတွေ့ရှိရလျှင် ထိုနှစ်အဖို့ လေကြမ်းများတိုက်ခတ်ခြင်းမရှိ။ ထိုသို့မဟုတ်ဘဲ ကျီးငှက်အသိုက်မှာ သစ်ပင်ကြီးများ၏ ကိုင်းဆုံကိုင်းခွ ခြေသလုံး၊ ပေါင်လုံးအရွယ်သစ်ကိုင်းတုတ်တုတ်ခွဆုံနေရာ အသိုက်ဆောက်တာတွေ့ရလျှင် ထိုနှစ်အဖို့ လေကြမ်းများတိုက်ခတ်မည်ဟုခန့်မှန်းနိုင်သည်။

အသိုက်ဆောက်လုပ်ရာ၌လည်း လေကွယ်သည့် အရပ်ဒေသဘက်က အသိုက်ဆောက်လေ့ရှိကြောင်း တွေ့ရပြီး အနောက်လေတိုက်ခတ်မှုများမည်ဆိုပါက အသိုက်အား အပင်၏ အရှေ့ဘက်ကိုင်းတွင် အသိုက်ဆောက်တာတွေ့ရမည်။ တောင်လေတိုက်ခတ်တာများမည်ဆိုလျှင် အသိုက်အား အပင်၏ မြောက်ဘက်ကိုင်း လေကွယ်ရာအရပ်တွင် အသိုက်ဆောက်တာ တွေ့ရမည် ဖြစ်သည်။ ထိုနည်းတူပင် အခြားသော အရပ်တို့အားလည်း လေကွယ်ရာ၊ လေခိုရာအရပ်မှ အသိုက်ဆောက်တာတွေ့ရမည်ဖြစ်သည်။ ကျီးသိုက်တည်ဆောက်ပုံအား ကြည့်ရှုမှတ်သားကာ လေတိုက်မည့်အရပ်ဒေသ၊ လေကြမ်းများတိုက်ခတ်ခြင်းရှိ၊ မရှိအား တပို့တွဲ၊ တပေါင်းလ ကျီးသိုက်ဝင်ချိန်မှစ၍ မိုးဦးကျကျီးငှက်တို့ အကောင်ငယ်ပေါက်သည့် တန်ခူး၊ ကဆုန်၊ နယုန်လကို လေကြမ်းမိုးကြမ်းတို့တိုက်ခတ်မည့် အခြေအနေတို့အား ကြိုတင်ခန့်မှန်းကာ သိရှိနိုင်ကြသည်။

ထိုအချိန်က ကျွန်တော်တို့ရွာရှိ ထနောင်းပင်ကြီးများပေါ် ကျီးငှက်အသိုက် တစ်ပင်လျှင် (၇)သိုက်၊(၈)သိုက်ဆောက်ကာ ကျီးငှက်တို့ ပေါက်ဖွားနေချိန်လည်း ဖြစ်သည်။ ကျီးငှက်တို့၏ သဘာဝအရ ဥချအသိုက်ဝပ်နေစဉ်တွင် ကျီးမတို့သည် အစာရှာဖွေခြင်းမပြုတော့ဘဲ အသိုက်ထဲမှာပင် သားပေါက်သည်အထိဝပ်ကာ ကျီးဖိုတို့က ရှာဖွေချီယူလာသည့်အစာအစာကိုသာ စားကာ အသိုက်ဝပ်လေ့ရှိကြသည်။

ကျီးငှက်တို့ကား အသိုက်ဝင်ချိန်အလွန်ပင် အတင့်ရဲသည့်တိရစ္ဆာန်များပင်ဖြစ်သည်။ အသိုက်ဝပ်သည့် ကျီးငှက်မစားသောက်ဖို့ ကျီးဖိုတွေက ရပ်တကာရွာတကာအိမ်တို့တွင် အခြောက်လှန်းထားသည့် သားကင်ငါးကင် အမဲသား၊ ငါးခြောက်များ၊ ထမင်းဟင်းအိုးများပါမကျန် လှန်လှောထိုးချိသုတ်ယူသွားတတ်ကြသည်။ မီးဖိုချောင်ထားသည့် ထမင်းဟင်းအိုးလည်း ကောင်းကောင်းမနေရ။ လူလစ်တာနှင့်ထိုးလှန်သုတ်ချိယူသွားတတ်သည်။ ထိုအချိန်ကာလတွင် ဆပ်ပြာခဲပင်မနေရချီယူတတ်ကြသည်။

ကျီးငှက်များ အသိုက်ဝင်သည့်အချိန်၌ ရွာတွင်အအုပ်အဖွဲ့နှင့်ကျက်စားနေထိုင်လျက်ရှိကာ မတ်တတ်ဖြေးအရွယ်ကလေးသူငယ်တို့ကို လူကြီးမိဘတို့က စားစရာမုန့်ပဲသရေစာတို့ပေးကာ လွှတ်လိုက်လျှင်ပင် တစ်အိမ်နှင့်တစ်အိမ်အကူးအသန်း တစ်လမ်းနှင့်တစ်လမ်းအကြား လူကြီးမိဘတို့အလစ် ကလေးလက်မှမုန့်တို့အား အလစ်သုတ်ချိကာ လုယူလာသည်အထိပင် အတင့်ရဲကာလာခဲ့သည်။ နောက်ဆုံး ကလေးဆီမှမုန့်၊ ငါးခြောက်ချို၊ အမဲလှန်းဖြုတ်ချိရုံမကတော့ဘဲ အိမ်တွင်မွေးထားသည့် ကြက်ပေါက်စမိသားအုပ်ကြက်ငယ်တို့အားလည်း ချမ်းသာမပေး။ လူလစ်လျှင်လစ်သလို ကြက်မကြီးများအလစ်တွင် ကြက်ငယ်တို့အား သုတ်ချိကာ သူတို့အစာအဖြစ် ချီယူသွားကြသည်။ ထိုသို့ ကျီးငှက်တို့အသိုက်ဝင်ချိန် ကြက်ငယ်ကိုပါမနေရ သုတ်ချိလာသည်နှင့် ကျီးငှက်တို့အားမြင်လျှင် ဟိုအိမ်ကတဟေးဟေး ဒီအိမ်ကတဟေးဟေးခြောက်လှန့်ကာအသံပေးနေရတော့သည်။

ကျီးငှက်တို့ကား ထိုသို့အသိုက်ဝင်ချိန် ဘဝတူ သေးငယ်သည့် ငှက်အချင်းချင်းပင် ညှာတာမပေး။ အသိုက်တွင်းဝင်နေသည့် ဆက်ရက်၊ စာကလေး၊ ဖွတ်၊ ရှဉ့် စသည့်အကောင်ပေါက်ငယ်တို့ပင် ချမ်းသာမပေးဘဲ ချီယူထိုးသုတ်ကာ အသိုက်ဝင်နေသည်။ ကျီးမနှင့်ငှက်ငယ်တို့အား အစာချီယူပေးတတ်သည့်အချိန်လည်း ဖြစ်သည်။

ကြာလာတော့ ရွာထဲကလူတွေက ကျီးငှက်တို့၏ ဝလေ့စရိုက်အား အကဲခတ်လေ့လာမိကြပြီ ဖြစ်သည်။ ကျီးငှက်တို့မှာ ထိုကဲ့သို့ သားပေါက်အသိုက်ဝင်သည့်ကာလ ငါးလှန်းမနေရ၊ အမဲလှန်းမနေရ၊ နေအိမ်တို့တွင် မွေးမြူထားသည့် ကြက်ပေါက်ငှက်ပေါက်ပါမကျန် အနိုင်အထက် ထိုးသုတ်ကာ အတင်းရဲလာသဖြင့် ရွာရှိကလေး၊လူကြီးတွေ သည်းမခံနိုင်တော့။ နောက်ဆုံး လောက်လေးခွတွေ အိမ်တိုင်းဆောင်ထားကာ ခြောက်လှန့်ပစ်ခတ်ရတော့သည်။ ထိုသို့ပစ်ခတ်ရာတွင် လူကြီးများ



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ခြောက်ရှုရှယ်ရှုပစ်ခတ်ကြသော်လည်း လူငယ်လူလတ်တို့က ကျီးငှက်တို့အား တွေ့ရာနေရာတွင် ပစ်ခတ်ကြတော့သည်။

ကျီးငှက်တို့ ရွာအတွင်း အတင့်ရဲလာသည်နှင့် ရွာတွင်းရှိ လူငယ်လူလတ်ပိုင်းတို့က ကျီးငှက်တို့အသိုက်ဝင်ချိန်၊ အကောင်ငယ်ပေါက်စအချိန်သို့ရောက်ရှိချိန်၊ အသိုက်ထဲမှ ကျီးငှက်ငယ်တို့ မပီကလာပီကလာအော်သံကြားရသည့်အချိန် အမွေးအတောင်တို့မစုံမီမှာပင် အသိုက်အား လောက်ခွနှင့်ပစ်ချသူကချ၊ သစ်ပင်ပေါ်တက်ကာ အသိုက်အားဝါးလုံးရှည်ကြီးများဆက်ကာ ထိုး၍ဖျက်ချသူကဖျက်ချကြသည်။ အမျိုးထိလျှင်အားလုံးကဝိုင်း၍အာတတ်သည်။ ကျီးငှက်တို့မှာ ထိုသို့ အသိုက်တို့အား ပစ်ချထိုးချချိန်တွင် ဝိုင်းအုံ၍အော်ဟစ်ကာဆူညံနေတော့သည်။ ရွာတွင်းရှိ ကျီးအသိုက်တို့အား (၁) နှစ် (၂) နှစ်ဆက်တိုက် လောက်ခွနှင့်ပစ်ချ၊ အသိုက်အားဝါးလုံးနှင့်ထိုးချဖျက်ဆီးခဲ့ပြီးနောက်ပိုင်း ကျီးငှက်တို့ ရွာတွင်အသိုက်မလုပ်တော့ဘဲ ပြောင်းရွှေ့သွားကြသည်။ ရွာတွင်ကျီးငှက် (၁၀) ကောင်ပြည့်အောင်ပင်လာရောက်ခြင်းမရှိခဲ့သည်မှာ နှစ်ပေါင်း (၂၀) ကျော်နီးပါးပင် ကြာမြင့်ခဲ့သည်။

ကျီးငှက်တို့မှာ အသိုက်တို့အားဖျက်ဆီးခြင်း၊ လေးခွနှင့်ပစ်ခတ်ခြင်းတို့ကြောင့် ရွာသို့မလာတော့ဘဲ အခြားအနေအစားချောင်သည့် မြို့တောကျေးရွာများသို့ ပြောင်းရွှေ့ကာ ပျောက်ကွယ်သွားသလောက်ဖြစ်သွားခဲ့သည်။ ကျီးငှက်တို့မှာ မရှိမဟုတ်၊ ရှိသည်။ နေရာဒေသတိုင်းမှာတော့ နေထိုင်ကျက်စားတာ မတွေ့ရခြင်းပင် ဖြစ်၏။ အစာရေစာပေါသည့်နေရာ၊ အနေအစားချောင်သည့်နေရာ၊ ငှက်မုဆိုးတို့၏ အန္တရာယ်ကင်းဝေးသည့်နေရာတို့တွင်သာ နေထိုင်ကျက်စားတာတွေ့ရသည်။

အိမ်တွေမှာတော့ ကျီးသာလျှင်ဧည့်လာသည်ဟု အတိတ်နိမိတ်ကောက်လေ့ရှိသည်။ ကျီးငှက်တို့နှင့်ပတ်သက်၍ ရွှေစက်တော်ဘုရားကြီးတွင် ကျီးငှက်ဆို၍ တစ်ကောင်တစ်မြီးမျှပင် မမြင်မတွေ့ရခြင်းပင် ဖြစ်သည်။ ကျီးငှက်တို့စားသောက်စရာ ဆွမ်းတော်တင်ပွဲများ၊ သစ်သီးဝလံများ ပေါပေါများများ စွန့်ပစ်ထားသော်လည်း ကျီးငှက်တို့ လာရောက် စားသောက်ခြင်း မတွေ့ရပေ။ ထူးခြားချက်မှာ ရွှေစက်တော်ဘုရားကြီးတွင် ကျီးငှက်တို့ပေါပေါများလာရောက်ခြင်းကိုတွေ့ရခြင်းနှင့် ယင်များပေါပေါများများရောက်လာလျှင် ပွဲတော်လာရောက်သူများအနေနှင့် အထူးသတိပြုစရာအချက်မှာ တစ်စုံတစ်ရာအန္တရာယ်များ၊ ကပ်ရောဂါများ မထင်မှတ်ဘဲကျရောက်တတ်သည်ဟု ဒေသခံတို့က ပြောစမှတ်ရှိခဲ့သည်။ ကျီးငှက်တို့ ဓလေ့စရိုက်ကလည်း အနိုင်အထက် လုယက်တတ်သည့် ငှက်မျိုးဖြစ်ခြင်းကလည်း အကြောင်းအရင်းခံပင် ဖြစ်သည်။

ကျီးငှက်တို့နှင့်ဆက်နွယ်လျက်ရှိသည့်စကားပုံတို့ခိုင်းနှိုင်းရာတွင် မေထုန်မှီဝဲသည့်အခါ ကျီးငှက်ကဲ့သို့လျှို့ဝှက်ရာ၏။ သခင်အပေါ် သစ္စာရှိသည့်နေရာတွင် ခွေးကဲ့သို့ကျင့်ရာသည်ဟုတွေ့ရှိမှတ်သားရသည်။ နောက်ထပ်မှတ်သားစရာတစ်ခုက ကျီးပြုံခြင်းပင် ဖြစ်သည်။ ကျီးငှက်တို့ အကြောင်းမဲ့ ဝိုင်းဖွဲ့အော်မြည်ကာကျီးပြုံလျှင် ထိုကျေးရွာ၊ ထိုရပ်ကွက်တို့တွင် တစ်စုံတစ်ခုသော ဘေးဥပဒ်အန္တရာယ်တို့နှင့် မထင်မှတ်ဘဲကြုံတွေ့ရလေ့ရှိသည်။ အတိတ်နိမိတ်ဆိုးများဟု မှတ်ယူလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေ ကျီးငှက်တို့မှာ အမှတ်သညာရှိပြီး အလွန်လျင်မြန်ပါးနပ်သည့်အပြင် လူတို့နှင့်လည်း အနေနီးသည့်ငှက်တစ်မျိုး ဖြစ်သည်။ လောကီတိတ္ထိကျမ်းတို့တွင် ကျီးသာနိမိတ်အဟောအား ဤသို့တွေ့ရှိရသည်။

ပ ရှေ့မြောက်မျက်နှာ ရွှေကျီးသာလာဘ်မှာရမည်မှတ်။
ရှေ့ရပ်တူရှုသာလေမူ ချစ်သူလာတွေ့တတ်။
ရှေ့တောင်ရပ်ကား သာလေငြားမီးများလောင်လေတတ်။
တောင်ရပ်တူရှုသာလေမူ ချစ်သူလာတွေ့တတ်။
အနောက်တောင်က ကျူးသံဟမနခိုးဝှက်တတ်။
အနောက်ဒေသမြည်သံဟ ဒဏ္ဍကြီးဥပါဒ်။
အနောက်မြောက်မှာ ကျူးသံသာကျွန်လာဆိုက်ရောက်တတ်၊
မြောက်ကသာငြား ကောင်းစကားကြားမည်ဧကန်မှတ်။

နေအောင်လွင်း (စလေ)

# ကလေးသူငယ် နှာစေးနှာပိတ်သော်

နတ်မောက်မင်းသန့်ခိုင်

ကလေးသူငယ်များသည် လသားအရွယ်မှ အခါလည် တစ်နှစ်သား၊ နှစ်နှစ်သားအရွယ်အထိ နုနယ်လွန်းသေးသဖြင့် ရာသီဥတု ရုတ်တရက် အပြောင်းအလဲအပူ၊ အအေးမမျှတခြင်းကြောင့် လည်းကောင်း၊ ရေချိုးသန့်စင်ပေးပြီးနောက်တွင် လေစိမ်းတိုက်သောကြောင့် လည်းကောင်း အအေးပတ်ဖွဲ့ပြီး နှာစေးနှာပိတ်ဖြစ်တတ်ပါသည်။

ကလေးသူငယ် နှာစေးနှာပိတ်ဖြစ်ခြင်းသည် စိုးရိမ်ရန်မလိုသော်လည်း လေဝဝမရှူရသဖြင့် ပါစပ်ကလေး,ဟကာ ခက်ခဲပင်ပန်းစွာ အသက်ရှူနေရတတ်ပါသည်။ နှာစေးနှာပိတ်နေသဖြင့် မိခင်နို့စို့သောအခါ၊ အစားခွံ့ကျွေးသောအခါတွင်လည်း အဆင်မပြေ ခက်ခဲနေရတတ်ပါသည်။

ထိုသို့ နှာစေးနှာပိတ်ဖြစ်နေသောကလေးသူငယ်အတွက် နှာရိုင်းအတွင်းလက်တွေ့ ပျောက်ကင်းစေရန်မှာ -

ကလေးသူငယ်၏ ငယ်ထိပ်ကိုခေါင်းလိမ်းရှိုးရှိုးအုန်းဆီစိုရုံမျှသုတ်လိမ်းပေးပြီး ကွမ်းရွက်ကိုပျော့ပျောင်းအောင်မီးကင်ကာ ကလေး၏ငယ်ထိပ်တွင်ကပ်ထားပေးလိုက်ပါ။ အုန်းဆီနှင့် ကွမ်းရွက်၏ဆေးဓာတ်အာနိသင်ကြောင့် ကလေးသည် နှာပွင့်လာပြီး နှာစေးနှာပိတ်နာရီပိုင်းအတွင်း သက်သာ ပျောက်ကင်းသွားပါမည်။ အသက်ရှူရအဆင်ပြေ၊ နို့စို့၍အဆင်ပြေ၊ အစာစားရာတွင်အဆင်ပြေပြီး ကလေးသည် ရယ်မောပြုံးကြည်လာပါလိမ့်မည်။


အလွယ်အသာနည်းစနစ်ကလေးဖြစ်ပြီး အမှတ်တမဲ့ဖြစ်နေတတ်သဖြင့် အသိပေး သတိပေး တင်ပြရေးသားအပ်ပါသည်။ အထက်ပါနည်းကို ကလေးမိခင်တော်တော်များများထံ လေ့လာမေးမြန်းကြည့်ရာ သိသူများပြားသည်ကိုတွေ့ရပါသည်။

ကျန်းမာချမ်းသာလန်းဖြာကြပါစေ

နတ်မောက်မင်းသန့်ခိုင်

www.burmeseclassic.com


www.burmeseclassic.com



မန်ကောက်မြို့မှ စီတွန်ကျေးရွာသို့အသွား
လမ်းနံဘေးမှ ဆင်းတုတော်



ထိုင်းနိုင်ငံဘုရင်မင်းမြတ်နှင့်သမီးတော်



မြဘုရားပရဝဏ်အတွင်းရှိ အရုံစေတီတော်

ခင်မောင်အေး(မန္တလေး)

# မြဘုရားဖူးခရီးသည်

(တစ်)

နုတ်အဲဝေးလေကြောင်းလိုင်းမှ (၇၃၇) လေယာဉ်ကြီး မင်္ဂလာဒုံလေဆိပ်မှစတင်ထွက်ခွာလာသည်နှင့် ကျွန်တော်တို့ ရန်ကုန်-ဘန်ကောက်ခရီးစဉ်စတင်ပြီဖြစ်ပါသည်။ ဘန်ကောက်တွင် စိုင်းတင်နှင့် သူ့ဇနီးနုတ်တို့က ကျွန်တော်တို့နှင့် လာရောက် တွေ့ဆုံကြမည်ဖြစ်ပါသည်။ ဩစတြေးလျတွင်နေထိုင်ကြသောသူတို့ဇနီးမောင်နှံက မြန်မာနိုင်ငံမှ ဆွေမျိုးများနှင့် လာရောက် တွေ့ဆုံကြခြင်းဖြစ်ပါသည်။

စိုင်းမျိုးမင်းတင်က မြန်မာနိုင်ငံမှ လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်ကပင် ဩစတြေးလျနိုင်ငံသို့ သွားရောက်အလုပ်လုပ်နေခြင်း ဖြစ်၏။ ဖခင်နှင့် အစ်မများက ရန်ကုန်တွင် နေထိုင်ကြသည်။ စိုင်းတင်၏ဇနီးဖြစ်သူနုတ်မှာ ဘန်ကောက်မှ ကီလိုမီတာ (၇၀၀) ကွာဝေးသည့် စူလွန်ရွာသူ ဖြစ်၏။ ယခုနှစ် တန်ခူးလတွင် နုတ်၏မိခင် ကွယ်လွန်ခြင်း(၅)နှစ်ပြည့်အဖြစ် မိမိ၏ကျေးရွာသို့ ပြန်လည်လာရောက်လျက် သံဃာတော်များအား ဆွမ်း၊ သင်္ကန်း၊ ပရိက္ခရာ စသည်လှူဒါန်းခြင်း၊ ဆွမ်းဆက်ကပ်ခြင်းနှင့် အမှုအတန်းဝေခြင်းပြုလုပ်မည်ဖြစ်ပါသည်။

စိုင်းတင့်တို့မိသားစုလေးယောက်စလုံး လာရောက်ကြမည်ဖြစ်၏။ သမီးအကြီး မီးမီးက (၁၀) နှစ်၊ သားငယ် ဂျူနီယာက (၈)နှစ် အသီးသီးရှိကြပါသည်။ သူတို့နှစ်ယောက်စလုံး အဒေါ်တွေနှင့် မဆုံကြစဖူးချေ။ ထို့ကြောင့် နုတ်ခွန်းဝေ၏မိခင်ကြီးနှစ်ပတ်လည်သို့လည်းလာရင်း မိသားစုပြန်လည်တွေ့ဆုံပွဲလည်းပြုလုပ်ခြင်းပင်။ မိသားစုအချင်းချင်း မတွေ့ဆုံဖြစ်ကြသည်မှာ (၁၅) နှစ်မျှမကတော့။ ယခုလို တစုတဝေးတည်း တွေ့ဆုံကြတော့မည်ဆိုသည့်အခါ အားလုံးပင် စိတ်လှုပ်ရှားလျက်ရှိနေကြပေသည်။



www.burmeseclassic.com

www.burmeseclassic.com







မြတ်စွာဘုရားအားစောင့်ရှောက်နေသည့်နတ်ဘီလူး



မြတ်စွာဘုရားပရဝဏ်အတွင်းမှ ကိန္နရာရုပ်



ပညာရှိနတ်ပင်းကြီးနှင့် အစောင့်အရှောက်

ဘန်ကောက်သို့ရှေ့ပြေးထွက်ခွာလာကြသူတွေက ကျွန်တော်နှင့် အစ်မကြီးဖြစ်သည်။ စိုင်းတို့နှင့်ဘန်ကောက်တွင်ဆုံကြမည်။ ဒွန်မောင်းလေဆိပ်တွင် ကျွန်တော်တို့က နံနက် (၉း၅၀) အချိန်ရောက်မည်ဖြစ်၍။ စိုင်းတို့လေယာဉ်က ဩစတြေးလျမှ ဒွန်မောင်းလေဆိပ်သို့ (၅) နာရီရောက်ရှိမည် ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်က သူတို့မရောက်မချင်း လေဆိပ်မှာစောင့်ဆိုင်းနေရမည်။ လေဆိပ်တွင် ကျွန်တော်တို့ရောက်ကြတော့ နုတ်၏အဒေါ်နွန်က သုဝဏ္ဏဘုမ္မိလေဆိပ်တွင် သွားရောက် စောင့်ဆိုင်းကြိုဆိုနေသည်။ ထို့ကြောင့် ကျွန်တော်တို့လေဆိပ်မှ သူတို့ကိုပြန်လည်ကာ ဖုန်းဆက်ပြီး အကျိုးအကြောင်းကိုပြောပြကာ အကူအညီတောင်းရ၏။ ကြိုဆိုသူ



တော်ဝင်ဘုရင့်စံအိမ်တော်ရှေ့ အမှတ်တရ



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးတန်းမှာတွေ့မြင်ရသည့် ဓနိနုတ်သီး





ဗန်ကောက်မှ စီလွန်ရွာသို့အသွား လမ်းခုလတ်မှ သစ်သီးတန်း



ဒွန်မောင်းလေဆိပ်တွင် လာရောက်ကြိုဆိုသူများနှင့်အတူ



ပီပီတက်ကျွမ်းသောအနုပညာဖြင့် အလှူခံနေသော ဂီတာသမား



ဘုရားဖူးပြီး အဖော်တွေကိုစောင့်ရင်း သစ်သီးဆိုင်ရှေ့နားနားနေနေ



ဗန်ကောက်မြို့မြောက်ရားဖူးပရိသတ်များ လမ်းညွှန်က ခေါ်ဆောင်လာစဥ်

ကလည်း အင်္ဂလိပ်လိုမတတ်တတတ်မို့ အချိန်များစွာကုန်တော့မှ ရောက်လာလေသည်။

သူမနှင့်အတူ ဒွန်မောင်းလေဆိပ်မှ အငှားကားဖြင့် သုဝဏ္ဏဘူမိလေဆိပ်သို့ ဆက်လက် သွားရောက်ရပြန်လေသည်။ တစ်နာရီသာသာမောင်းရသည်။ ယာဉ်ကြောကျပ်ခြင်းမရှိ၊ လေဆိပ်သို့ ချောမောစွာရောက်သွားသည်။နေ့လယ် (၂)နာရီသာရှိသေးသဖြင့် လေဆိပ်တွင် ပျင်းရိငြီးငွေ့စွာ သုံးနာရီသာသာစောင့်ဆိုင်းနေရ၏။ အရည်ပျော်မတတ်စောင့်ရပြီး (၅း၃၀)နာရီခန့်တွင် စိုင်းမိုးမင်းတင်တို့မိသားစု ရောက်လာကြ၏။ အစ်မအကြီးဆုံးနှင့် မောင်အငယ်ဆုံးတို့ မျက်ရည်လည်ရွဲတွေ့ဆုံပွဲကား ဘေးမှကြည့်နေရသူ ကျွန်တော်ပင် စိတ်တွင်းမှာနင့်နေအောင်ခံစားလိုက်ရပါသည်။

စိုင်းတို့၏ ဝန်စည်စလယ်များကို ရွေးယူရရှိခဲ့ပြီးနောက် လေဆိပ်မှ ဘန်ကောက်မြို့လယ်တစ်နေရာတွင်ရှိသည့် ဟိုတယ်တစ်ခုသို့ သွားရောက်ကြသည်။ နှစ်ယောက်ခန်းသုံးခန်းငှားလျက် ထိုည ဘန်ကောက်တွင်ညအိပ်ကြသည်။ မအိပ်မီစားကြသောညစာသည် ထိုင်းရိုးရာဟင်းလျာများပီပီ ဧရတ်သီးစပ်လှပါသည်။ ဗိုက်တွေလေးနေပြီ။ အိပ်လည်းအိပ်ချင်ပြီ။

(နှစ်)

နံနက်စောစော အိပ်ရာမှနိုးလာသောအချိန်တွင် မိမိကိုယ်ကိုမိမိ ရန်ကုန်မှာပဲရှိနေသည်ဟုထင်နေဆဲ။ စိုင်းတင်၏ကလေးတွေ စကားပြောနေကြသော



www.burmeseclassic.com

www.burmeseclassic.com



မြဘုရားပေါ်မတက်ရောက်မီ ပန်း ဆီမီး ရေချမ်းများ လှူရန်နေရာ



မြဘုရားသို့လာရောက်ဖူးမြော်သည့် နိုင်ငံခြားသူ



မြဘုရားကို လာရောက်ဖူးမြော်သော ဗိုးချဲနှင့်လာသည့် နိုင်ငံခြားသား



စီလွန်ကျေးရွာ မရောက်မီ ညစာစားရန် ဟောပေါ်ဆိုင်ရှေ့တွင်



ဘာသီကျူနှင့်ဟောပေါ်စားကြတော့မည့် စိုင်းတင်၏မိသားစု



ဘာသီကျူ လုပ်နေသည့် စိုင်းမျိုးမင်းထင်၏ဇနီးနှင့် သမီး

အသံတွေကြားတော့မှ 'တို့ဘန်ကောက်မှာရောက်နေတာပါလား' လို့ သတိရတော့၏။ စိုင်းတင်၏ သမီးနှင့်သားက ဩဇီမှာမွေးပြီးကြီးပြင်းလာကြသည်ဖြစ်ရာ အင်္ဂလိပ်လိုသာပြောတတ်ကြသည်။ ယခုနံနက် သူတို့စကားပြောနေကြသည့်အခါ အင်္ဂလိပ်လိုပြောနေကြခြင်းဖြစ်သဖြင့် ကြက်တူရွေးတွေအစာလုနေသည့်အလား ဆူညံနေသည်။ ဘန်ကောက်နံနက်ခင်းတွင် နံနက်စာကို ကော်ဖီနှင့်ပေါင်မုန့်ကြက်ဥကြော်သာစားလိုက်ကြ၏။

ယနေ့နံနက်အစီအစဉ်သည် မြဘုရားအား ဖူးမြော်ကြမည့်အစီအစဉ်ဖြစ်ပါသည်။ ဗာန်ကောက်၏ တန်ခိုးကြီးဘုရားတစ်ဆူဖြစ်သည့် မြဘုရားကိုတနင်္လာနေ့နှင့်နှစ်သစ်ကူးနေ့၊ သင်္ကြန်ရက်များမှလွဲပြီး နေ့စဉ်ဖူးမြော်နိုင်ပါသည်။ ဝင်ကြေးအဖြစ် ဘတ်(၅၀၀)ပေးရသည်။ နိုင်ငံခြားသားတိုးရစ်တွေလည်း မြဘုရားကို ဖူးမြော်မည့် ကျွန်တော်တို့နှင့်အတူ တန်းစီနေကြ၏။ တစ်ယောက်ချင်း စည်းကမ်းစနစ်တကျ တန်းစီလျက် လှေကားထစ်များအတိုင်းတက်သွားကြသည်။

ဘုရားဖူးပရိသတ်များ မြတ်ဘုရားရှေ့တော်တွင် ကြည်ညိုသဒ္ဒါပွား ရှိသေမြတ်နိုးလက်စုံမိုးကာ ဝတ်ပြုကန်တော့နေကြ၏။ မြတ်ဘုရား၏ အနှိုင်းမဲ့အသရေတော်သည် ကိုးပါးသောဂုဏ်တော်မြတ်တို့နှင့်ပြည့်စုံပြီး ဝေနေယျသတ္တဝါအပေါင်းအား မေတ္တာဖြင့်မျှဖေဖြန့်ကြက်ထားသည့်အလားပင်ဖြစ်၏။ မြဘုရားကို ဓာတ်ပုံရိုက်ခွင့်မပြုသဖြင့် မည်သို့သော ကျက်သရေတော်ရှိသည်၊ မည်သို့တင့်တယ်သပ္ပာယ်သည် စသည်ဖြင့် ရှင်းလင်းဖော်ပြခြင်းငှာမစွမ်းသာ။

ဘုရာရှင်အား ဖူးမြော်ရန်လာကြသော ဘုရားဖူးပရိသတ်များအနက် နိုင်ငံခြားသူအမျိုးသမီးများအသားကပ်ဘောင်းဘီဝတ်ဆင်လာပါက ထိုင်းရိုးရာပတ်လုံချည်ကိုငှားရမ်းထုတ်ပေးဝတ်ဆင်စေသည်။ စည်းကမ်းတင်းတင်းကျပ်ကျပ်ထုတ်ပြန်ထားသည်ကိုလေ့လာမိပါသည်။ မြဘုရားသို့ အဝင်မှစတင်လျက် ဘုရားဖူးများ ကြိတ်ကြိတ်တိုး၍နေလေသည်။ ဧည့်လမ်းညွှန်နှင့်လာကြသူတွေလည်း ပရိဝုဏ်အတွင်းပြည့်ကျပ်လျက်ရှိသည်။ မြဘုရားရှေ့သို့ရောက်ခဲ့ပြီး ထိခြင်းကြီးငါးပါးဖြင့် ဘုရားရှင်ကို ရှိသေစွာရှိခိုးကန်တော့၏။ အပါးမှာ ကိုယ့်လိုဘုရားဖူးတွေလည်းရှိနေသည်မို့ အာရုံပြုကြာကြာမပြုနိုင်ခဲ့။ ပုတီးလည်း တစ်ပတ်ပြည့်

www.burmeseclassic.com

www.burmeseclassic.com

အောင်မစိပ်နိုင်ခဲ့ပေ။

ဘုရားဖူးပြီး ဆင်းလာခဲ့ကာ ရှင်ပြင်တော်သို့ရောက်လာတော့မှပင် အသက်ရှူချောင်သွားသည်။ ကိန္နရာမောင်နှံကို အမှတ်တရဓာတ်ပုံရိုက်ခဲ့ပါသည်။ ဘုရားရင်ပြင်တော်ပေါ်မှ နတ်ဘီလူးရုပ်နှစ်ရုပ်ကိုလည်း ဓာတ်ပုံရိုက်ခဲ့သည်။ ပန်း၊ နံ့သာတိုင်များ ကပ်လှူပူဇော်နေသည့်နေရာမှာလည်း ပူဇော်နေသူတွေအပြည့်။ တန်ဆောင်းအတွင်း အေးအေးလူလူထိုင်ကာ အပူဒဏ်ကို ဓာကွယ်လျက်နားနေကြသူတွေ၊ နားနားနေနေဂိမ်းဆော့နေသူတွေ၊ သစ်သီးဆိုင်တွင် သစ်သီးဝယ်စားရင်း နားနေသူတွေ ဝင်လာလိုက်ထွက်သွားလိုက်၊ ဝိုးချဲ့နှင့်လာသည့်ဘုရားဖူးလည်းတွေ့ရသည်။ ရွှေရောင်ဆံပင်နှင့်ထဘီဝတ်လာသော နိုင်ငံခြားသူကလည်း ကင်မရာရှေ့မှဖြတ်လျှောက်သွား၏။ သစ်သီးသည်များ နောက်ဘက်တွင်ခဏနားရင်း အဖော်တွေကိုစောင့်နေရ၏။ ထိုအချိန်တွင် မြဘုရား၏သမိုင်းကြောင်းကို ဖတ်ရှုထားသမျှ ပြန်လှန်စဉ်းစားမိပါသည်။

## (သုံး)

တော်ဝင်ဘုရင့်နန်းဆောင်တော်၏မြောက်ဘက်တွင် ဆက်စပ်လျက်ရှိသည့် ဂိတ်တံခါးနှင့်မျက်နှာချင်းဆိုင်မှာ မြဘုရားကျောင်းတော်တည်ရှိပါသည်။ မြဘုရားသည် ထိုင်းနိုင်ငံ၏ ကျော်ကြားထင်ရှားလှသည့် တန်ခိုးကြီးဘုရားတစ်ဆူဖြစ်ပေသည်။ မြတ်ဗုဒ္ဓ၏တရားတော်များကို လေးစားလိုက်နာကျင့်ကြံကြပြီး သုံးသရာမှကင်းလွတ်ရာ မြတ်နိဗ္ဗာန်သို့ရောက်ရှိနိုင်စေကြောင်း အားထုတ်ကြိုးစားကြသူများ ဆည်းကပ်ကိုးကွယ်ကြသည့်ဘုရားဖြစ်ပါသည်။

မြဘုရား၏ ဿလွန်တော်ကို တင့်တယ်စွာ ထွင်းထုထားပြီး ရွှေချမ်းမံထားသည်။ ဘုစာဘုတ် ဟု သိရှိကြ၏။ ယင်းကဲ့သို့ အလေးအမြတ်ထားသော မြဘုရားကိုယ်တော်ကို နွေ၊ မိုး၊ ဆောင်း သုံးရာသီသင်္ကန်းများဖြင့် အခါကြီးရက်ကြီးများတွင် ဘုရင်ကိုယ်တိုင် ဦးဆောင်လျက် ဆက်ကပ် ပူဇော်ပါသည်။

မြဘုရားကို ၁၄၃၄ ခုနှစ်တွင် ချင်းရိုင်ခရိုင် စတုပဒေသတွင် ရှာဖွေတွေ့ရှိခဲ့ပါသည်။ ထိုစဉ်က မြဘုရားဆင်းတုတော်သည် ပလတ်စတစ်ဖြင့် မွမ်းလုပ်ထားသည့် သာမန်ဆင်းတုဖြစ်သည်ဟု အများသိကြသည်။ ကာလအတန်ကြာသော် မြဘုရားကို ရှာဖွေဖော်ထုတ်တွေ့ရှိခဲ့သောဆရာတော်က ဆင်းတုတော်၏နှာခေါင်းတော်တစ်နေရာတွင်ကွာကျနေသဖြင့် စစ်ဆေးကြည့်သည့်အခါ အတွင်းတွင် အစိမ်းရောင်ကျောက်သားဖြစ်နေကြောင်း တွေ့ရှိရ၏။ ထိုအခါမှစတင်ကာ မြဘုရား၏ကျော်ကြားလှသည့်ဒဏ္ဍာရီစတင်ပေါ်ပေါက်လာခဲ့ပေသည်။ မြဘုရားဆင်းတုတော်ကို လင်းပန်တွင် ပင့်ဆောင်ပူဇော်ထားခဲ့ရမှ လန်နတ်သိုင်းဘုရင်တီလုတ်လက်ထက်တွင် ချင်းမိုင်သို့ ပင့်ဆောင်သွားပြန်လေသည်။ ချင်းမိုင်သည် သူ၏မြို့တော်ဖြစ်လေသည်။

၁၅၅၂ ခုနှစ်သို့ရောက်သောအခါ လားအိုးဘုရင်နှင့် ချင်းမိုင်မင်းသမီးတို့၏သားတော် လွမ်ပရာဘုန်ဘုရင်ချိုင်းချိုသားသည် မြဘုရား၏ပြတ်တောက်နေသောသမိုင်းကြောင်းကို ပြန်လည်ဆက်စပ်ပေး၏။ ချိုင်းချိုသားသည် ခမည်းတော်၏ လားအိုးထီးနန်းကို ဆက်ခံစိုးစံလေသည်။ ဘုရင်ချိုင်းချိုသားသည် မြဘုရားကို လားအိုးနိုင်ငံသို့ ပင့်ဆောင်သွားခဲ့၏။ မြဘုရားဆင်းတုတော်သည် လားအိုးနိုင်ငံတွင် (၂၂၆) နှစ်တိုင်တိုင် သီတင်းသုံးစံပယ်နေခဲ့ရပြီး ၁၇၇၈ ခုနှစ်သို့ရောက်သောအခါ ထိုင်းတပ်မတော်ကို ကွပ်ကဲသည့် ချောင်ပရာယချကရီ (နောင် ဘုရင်ရာမ-၁)ဖြစ်မည့်သူသည် လားအိုးနိုင်ငံ၏မြို့တော် ဗီယန်းတိန်းကို တိုက်ခိုက် သိမ်းပိုက်လိုက်ပြီးနောက် မြဘုရားသည် ထိုင်းနိုင်ငံသို့ ပြန်လည်ရောက်ရှိသွားပြန်လေသည်။ မြဘုရားသည် ခမ်းနားထည်ဝါ တင့်တယ်စွာ တော်ဝင်ဘုရင်မင်းမြတ်၏ကျောင်းတော်တွင် ယခုချိန်ထိအောင် သီတင်းသုံး စံပယ်လျက်ရှိလေသည်။

## (လေး)

ထိုင်းဘုရင်မင်းမြတ်အဆက်ဆက် ဆည်းကပ်ကိုးကွယ်ခဲ့သော မြဘုရားကို ဖူးမဝ၊ ကြည်ညိုလို့မဝ။ သို့တစေ ကိုယ့်နောက်မှာ အတိုးတိုးအဝှေ့ဝှေ့တွန်းတိုက်လာနေကြသည့် ဘုရားဖူးများကြောင့် နေရာကို မဖယ်ချင်ဖယ်ချင်ဖြင့်ဖယ်ပေးလိုက်ရပြီး ဘုရားပေါ်မှပြန်ဆင်းလာခဲ့ရပေသည်။ ဆန္ဒပြည့်ပါပြီ။ မြဘုရားကို ဖူးမြော်လိုသည့် မိမိအိပ်မက်ပြီး ပြည့်စုံသွားပါပြီ။

မြဘုရားမှပြန်လည်ထွက်ခွာလာခဲ့ပြီးနောက် နတ်ခွန်းဝေ၏ဇာတိရွာသို့ ထွက်ခွာဖြစ်ခဲ့ပါသည်။ နတ်တို့ရွာသည် ဘန်ကောက်မှ ကီလို (၇၀၀) ဝေးကွာသည်။ ငှားထားသောကားက ရွာအထိလိုက်ပို့ရန်စီစဉ်ထားပြီးဖြစ်သဖြင့် ဘုရားပေါ်မှ ဆင်းလာကြသည်နှင့် ရွာသို့ ရှေးရှုဦးတည်ထွက်ခွာလာကြ၏။ လမ်းတစ်လျှောက် ကြည့်ရှုစရာတွေများလှပါသည်။ သတိထားမိသည်က လူတိုင်းလူတိုင်း စည်းကမ်းကို အလေးအနက်ထားလျက် လိုက်နာကြခြင်းဖြစ်သည်။ တန်းစီရမည့်နေရာမှာတန်းစီသည်။ လူတန်းကြီးမည်မျှရှည်ရှည် စိတ်ရှည်လက်ရှည်စောင့်ကြသည်။ တိုးဝှေ့ခြင်း၊ ကျော်တက်ခြင်း၊ ဆူပူခြင်းအလျှင်းမရှိကြ။ အားကျအတုယူဖွယ်ရာကောင်းလှပါသည်။

နိုင်ငံကြီးသားပီပီ မိမိနိုင်ငံဂုဏ်တက်အောင် လုပ်ကိုင်နေထိုင်ကြသည်။ စားစားသွားသွား၊ နားနားနေနေ မည်သည့်အနေအထားမျိုးဖြစ်ပါစေ သူတို့ဂရုမပြုကြသည်က စည်းကမ်းသာဖြစ်ပါသည်။ နှစ်နာရီကျော်မျှကြာအောင် မောင်းလာခဲ့ပြီးနောက် မြို့ငယ်လေးတစ်ခုသို့ ရောက်လာလေသည်။ လမ်းနံဘေး ခေါက်ဆွဲဆိုင်တစ်ခုဖြစ်သည်။ ဝက်/ကြက်ခေါက်ဆွဲ၊ ဖက်ထုပ်အပြုတ်နှင့် အပေါင်း စုံစုံလင်လင်ရပါသည်။ ကြက်ကြော်၊ နံကင်၊ အသားကင်အစုံအလင်ရှိသည်။ အိမ်ရှင် နတ်က ကျွန်တော်တို့အားလုံးအတွက် နံရိုးပေါင်းခေါက်ဆွဲတစ်ပွဲစီမှာပေးသည်။ နတ်သာမပါလျှင် ကျွန်တော်တို့တစ်တွေမည်မျှအခက်တွေ့မည်မဆိုနိုင်။ ထိုင်းတို့နှင့် ကျွန်တော်တို့ မည်သို့မျှ စကားပြောဆိုလို့မရချေ။ စကားမပေါက်ဟုပြောရချိမ့်မည်။ သူတို့စကား ကျွန်တော်တို့ကမတတ်၊ ကျွန်တော်တို့ အင်္ဂလိပ်လိုပြောတော့လည်း သူတို့ကနားမလည်။ တော်တော်ကြီးကို အဆင်မပြေဖြစ်နေရလေသည်။

လမ်းခုလတ်မြို့ဈေးလေးမှာ နတ်က ခေါက်ဆွဲမှာထားတုန်း အနီးမှဈေးတန်းအတွင်း သွားရောက် လေ့လာမိ၏။ ကုန်စိမ်းတွေ၊ သားငါးများ၊ သီးနှံမျိုးစုံ တည်ခင်းရောင်းချသည်။ နတ်က အနီးရှိ သစ်သီးဆိုင်မှသရက်သီးမှာကာ ထမင်းနှင့်စားဖို့ချပေးလေသည်။ ဆာနေ၍လား ပြောတတ် စားလို့မြိန်လှ၏။ သရက်သီးကလည်းချိုသည်။ ရေမြေသဘာဝချင်းတူသော မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာကောင်းသော အငွေ့အသက်များ ထိုင်းနိုင်ငံ၏ လမ်းဘေးစားသောက်ဆိုင်တွင် လာရောက် ဟပ်ထင်နေလေသည်ဟု ထင်မြင်မိပါသည်။

စားသောက်ပြီးစီးသည်နှင့် နှုန်း



www.burmeseclassic.com

www.burmeseclassic.com

ဆက်ပြန်သည်။ နာရီပေါင်းများစွာ ကားစီးရချိမ့်ဦးမည်။ သည့်နောက် ရှည်လျားသော ဟိုင်းဝေးလမ်းမကြီးတစ်လျှောက် အချိန်တော်တော်များများကြာအောင် မောင်းလာခဲ့ပြီးနောက် အလွန်စည်ကားသောသစ်သီးဈေးတန်းတစ်ခုသို့ရောက်ရှိလာလေသည်။ သစ်သီးတန်းတွင် ရောင်းချနေသည့် သစ်သီးများကားအမျိုးအစားစုံလင်လှ၏။ သစ်သီးအရည်အသွေးများလည်းကောင်းသည်။ ဒူးရင်းသီး၊ သရက်သီး၊ နာနတ်၊ ငှက်ပျော စသည်ဖြင့် စားချင့်စဖွယ်၊ ဝယ်ချင့်စဖွယ်ဖြစ်သည်။ ဈေးဆိုင်တန်း၏ရှေ့တွင် ဈေးရောင်းကောင်းစေရန် ကူညီစောင်မသော စန္ဒီနတ်သမီးပုံတော်ကို ကိုးကွယ်ပသထားသည်။ စားဦးစားဖျားဖြင့် တင်မြှောက်ဆက်ကပ်ထားသည်။ စန္ဒီနတ်သမီးကို ဆည်းကပ်သော ဈေးသည်တို့ ဈေးရောင်းကောင်းကြသည်ဟု ယုံကြည်ကြပါသည်။

သစ်သီးဈေးမှ ဆက်လက်ထွက်ခွာလာပြန်ပါသည်။ သည်တစ်ကြိမ်နားသောနေရာက မြန်မာနိုင်ငံက ရန်ကုန်နေပြည်တော်လမ်းမကြီးခရီးတစ်ဝက်မှ (၁၁၅)မိုင်ယာဉ်ရပ်နားစခန်းနှင့်ဆင်တူပါ သည်။ စားသောက်ဆိုင်တွေချည်းဖြစ်သည်။ စားဖွယ်သောက်ဖွယ်တွေလည်း မိမိနှစ်သက်ရာ ရွေးချယ်ဝယ်ယူစားသောက်နိုင်သည်။ နားနေရန်ရေပန်းပိုင်းတစ်ခုက ခရီးသည်များ၏ရင်ကို အေးမြစေသည်။ ဂီတသမားအဆိုတော်တစ်ဦး မိမိတတ်ကျွမ်းသောဂီတာဖြင့်တီးခတ်လျက် ခရီးသွားများထံမှ အလှူခံနေ၏။ စေတနာရှိသူက စေတနာအလျောက် ငွေတစ်ဘတ်၊ နှစ်ဘတ် စသည်ထည့်သွားကြသည်ကို တွေ့မြင်ရပါသည်။

(၆း)

ထိုမှတစ်ဖန် ခရီးဆက်ခဲ့ကြပြီး ဆည်းဆာအချိန်သို့ရောက်လာလေ၏။ ဝင်လုဆဲနေဝန်းက ခရီးသည်တွေအားတဖြည်းဖြည်း တစ်စတစ်စနှုတ်ဆက်သွားသည်။ မော်တော်ယာဉ်၏ရှေ့မီးအစုံအလင်းတန်းဖြင့် အဝေးမြင်ကွင်းကို ထင်ထင်ရှားရှား တွေ့မြင်ရသည်။ မြင်ကွင်းများက သစ်တောသစ်ပင်တွေချည်းဖြစ်သည်။ တစ်စတစ်စတောတွင်းသို့ရောက်ရှိလာသည်။ မြို့တွေရွာတွေ ကျန်ရစ်ပြီ။

ကျေးလက်၏ အငွေ့အသက်က ဆီးလိုကြိုဆိုနေသည့်နှယ်ပင်။ ညသည်ရှုတ်ခြည်းအသက်ဝင်လာသည့်အလား လျှပ်စစ်မီးအလင်းရောင်တွေဝန်းကျင်မှာ ရုတ်ခြည်းပေါ်လာလေသည်။ ဝဲယာလမ်းဘေးတစ်လျှောက် စက်ရုံကြီးများတစ်ခုနှင့်တစ်ခုဆက်လျက် ဆောက်လုပ်ထားသလို ထင်မှတ်ရသည်။ မော်တော်ယာဉ်က အရှိန်နှင့်မောင်းသွားသဖြင့် မည်သို့သောပစ္စည်းများထုတ်လုပ်သည်ကိုမသိနိုင်ခဲ့ပါ။ ကြီးမားသောအဆောက်အအုံများဖြစ်သောကြောင့် စက်ရုံကြီးများဖြစ်မည်ဟု ခန့်မှန်းကြည့်ရခြင်းဖြစ်ပါသည်။

"ညစာစားဖို့အချိန်ရောက်ပြီထင်တယ်"

"ဟုတ်တယ်၊ ဟော့ပေါ့စားကြရအောင်၊ မကောင်းဘူးလား"

"ကောင်းတာပေါ့၊ ရှေ့တစ်မိုင်လောက်ကျရင် ဘာဘီကျူဟော့ပေါ့ဆိုင်ကောင်းကောင်းတစ်ဆိုင်ရှိတယ်။ အဲဒီကျရင်နားကြပြီး ဟော့ပေါ့စားကြတာပေါ့"

---

သို့ဖြင့် မော်တော်ယာဉ်ကိုဆက်လက်မောင်းသွားခဲ့ပြီး ဟော့ပေါ့ဆိုင်သို့ဦးတည်သည်။ လမ်းနံ့ဘေးတွင် ကြီးမားသောဆင်းတုတော်ကြီးတစ်ဆူကိုဖူးတွေ့ရ၏။ ဆင်းတုတော်ကြီးသည် ဈာယမုဒြာပုံတော်ဖြစ်သည်။ သတ္တဝါအပေါင်းအား တရားရေအေးတိုက်ကျွေးနေဟန်ပင်။ များမကြာမီ လမ်းမကြီးနံဘေးတွင် စားပွဲအရှည်များခင်းကျင်းထားသည့် စားသောက်ဆိုင်တစ်ခုသို့ ရောက်ရှိလာသည်။ဆိုင်ရှေ့တွင် ဆင်းတုတော်တစ်ဆူနှင့် ကြက်ဖတစ်ကောင်ကို စင်တစ်ခုစီပေါ်တွင်တင်ထားသည်။ သောက်တော်ရေတစ်ခွက် ဆင်းတုတော်အား ဆက်ကပ်ထားသည်။

"ကိုင်း - ဒီဆိုင်ကတော့ ဒီလမ်းပေါ်က အကောင်းဆုံးဘာဘီကျူနဲ့ဟော့ပေါ့ဆိုင်ပါပဲ။ ဟိုဘက်မှာ အိမ်သာ၊ ရေချိုးခန်းရှိတယ်။ အပေါ့အပါးသွား၊ ခြေလက်ဆေးကြ၊ မှာစရာ ကျွန်မမှာထားလိုက်မယ်"

စိုင်း၏ဇနီးနုတ်ကပြော၏။

သို့နှင့် ကျွန်တော်တို့တစ်တွေ ရေချိုးခန်းရှိသည့်နေရာသို့သွားရောက်ကြကာ အပေါ့အပါးသွား ကိုယ်လက်ဆေးကြောသန့်စင်လိုက်ကြရ၏။ စားပွဲရှည်တစ်ဖက်တစ်ချက်မှာ ကျွန်တော်တို့နေရာယူပြီးကြသည့်အခါတွင် ဟော့ပေါ့မီးသွေးမီးဖိုနှစ်ခုရောက်နေပြီဖြစ်သည်။ ဟော့ပေါ့အိုးက တစ်မျိုးထူးခြားနေသည်။ မီးသွေးဖိုအထက်မှာ သံစကာခုံးတစ်ခုဖုံးအုပ်ထားသည်။ သံစကာက အကျဲ၊ ယင်းသံစကာပေါ်တွင်လှီးထားသော အသားပြားများကိုကင်သည်။ အသားလွှာအပြင် ဝက်အဆုတ်၊ ဝက်သည်းလွှာ၊ ကျောက်ကပ်ပြား စသည်လည်းကင်သည်။ အသားလုံး၊ ပုစွန်၊ ကြက်ဥတို့ကို အကင်သံစကာဘေး ဟော့ပေါ့အိုးတွင် ရောနှောထည့်ထားသည်။ မကြာခင်မှာ အကင်တွေကျက်ပြီဖြစ်သဖြင့် နုတ်က သူမ၏ ကလေးနှစ်ယောက်ပန်းကန်များအတွင်းထည့်ပေးသည်။ ကျန်သောသူတွေကိုလည်းထည့်ပေးသည်။

စားရသည်မှာ အရသာရှိလှပါသည်။ သားငါးများကလတ်ဆတ်သဖြင့် ဟင်းရည်ကချိုသည်။ အသားကနူးညံ့လျက် ပါးစပ်ထဲမှာပင် ပျော်ဝင်သွားသည်။ ဆိုင်ရှင်ကိုယ်တိုင် သားငါးများကိုလာရောက်ကင်ပေးသည်။ စားပွဲထိုးကပဲငံပြာရည်ဆမ်းလိုက်၊ ဟင်းခတ်မှုန့်ဖြူးလိုက်နှင့် ညှိဝတ်ကျေပွန်အောင်ဧည့်ခံသည်။ ဝတ္တရားကျေရုံမျှမဟုတ်၊စေတနာဖြင့်လုပ်ကိုင်ပေးခြင်း ဖြစ်ပါသည်။ နုတ်၏အဒေါ်တစ်ယောက်က ကင်ပြီးသောသားငါးများကို စားသောက်နေကြသောသူများအား လိုက်လံဝေငှပေးသည်။

"အားရပါးရစားကြပါ။ ရှေ့မှာ သုံး၊ လေးနာရီကြာအောင်ကားမောင်းရဦးမှာ။ ညနှစ်နာရီထက်စောရောက်မှာမဟုတ်ဘူး"

နုတ်ကသတိပေးသည်။

နုတ်ပြောသည့်တိုင်း မော်တော်ယာဉ်ကို တမေ့တမောကြီးစီးနင်းလာခဲ့ရလေသည်။ ကားအတွင်းမှာ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အဖြစ်လိုက်ပါလာသည့် နွန်ကလွဲပြီး အားလုံးအိပ်ပျော်နေကြလေသည်။ ခရီးရှည်ကြီးကား စင်စစ် ငြီးငွေ့ဖွယ်ရာကောင်းလှပါသည်။ သို့တစေ လမ်းတစ်လျှောက်လျှပ်စစ်မီးတွေထိန်ထိန်လင်းနေသည်ဖြစ်သဖြင့် မြင်ကွင်းက လှပနေသည်။ သို့မို့ကြောင့် အိပ်ချင်စိတ်မရှိခြင်း ဖြစ်ပါသည်။ သို့သော် အမှောင်ရိပ်များကတစ်စထက်တစ်စကြီးစိုးလွှမ်းမိုးလာနေပြီဖြစ်ရကား မျက်ခွံတစ်စုံက တဖြည်းဖြည်းလေးလာသည်။ လမ်းနံဘေးမှ မီးရောင်တွေ ရိပ်ခနဲရိပ်ခနဲဖြတ်သွားနေသည်။ လင်းလိုက်မှောင်လိုက်၊ လင်းလိုက်မှောင်လိုက်။

ခင်မောင်အေး (မန္တလေး)



www.burmeseclassic.com

www.burmeseclassic.com

ဦးအောင်မင်း

# ဘဝရှင်သန်ရာ သင့်လက်မှာ

**သိမ်ငယ်တတ်သည့်အခြေအနေပြ လက်ဝါးပုံစံ**

အသက် (၄၆) နှစ်အရွယ် လူ့လတ်ပိုင်း၊ အိမ်ထောင်သည်အမျိုးသားတစ်ဦး၏လက်ဝါးပြင်အားလေ့လာရာ၌ အောက်ပါအတိုင်း တွေ့ရှိရသည်။



**သရုပ်ခွဲလေ့လာခြင်း**

လက်တည်ဆောက်ပုံအနေအထားအရ အကြမ်းစားလက်ဟု ဆိုနိုင်သည်။ လက်ချောင်းများတည်ဆောက်ပုံသည် စွန်၊ သိမ်းငှက်တို့၏လက်ချောင်း၊ လက်သည်းများကဲ့သို့ တိုတောင်း၍ ချွန်နေတတ်သည်။ လက်ညှိုးအရွယ်အစား အလွန်တိုတောင်းနေခြင်းက မိမိကိုယ်မိမိတန်ဖိုးမထားတတ်သူ၊ စိတ်အားငယ်၍ သိမ်ငယ်စိတ်ဝင်နေသူအဖြစ် ဖော်ပြသည်။

လက်မကိုလေ့လာပါက ပိန်လှီ၍ ပျော့ပျောင်းနေခြင်းကြောင့် အလိုဆန္ဒကို အပြည့်အဝ ထုတ်ဖော်ပြသနိုင်ခြင်း မရှိသူအဖြစ် တွေ့ရမည်။ လက်ဝါးပြင်ပါလမ်းကြောင်းများရှင်းနေသလောက် နည်းပါးလွန်းပြီး နက်ရှိုင်းထင်ရှားသည့်အပြင် လက်ဝါးပြင်အသားကြမ်းတမ်းနေခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာခွန်အား (သာမန်လူထက်) သာလွန်မှုရှိသည်ကို တွေ့ရမည်။

ဦးခေါင်းလမ်းကြောင်းတိုတောင်းကျယ်ပြန့်ခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာ အပေါ်ယံအမြင်သက်သက်ကိုသာ အဓိကအားကိုးသူအဖြစ် တွေ့ရသည်။

နှလုံးလမ်းကြောင်း သာမန်ထက်တိုတောင်းနေခြင်းနှင့် သောကြာခါးပတ်ထင်ရှား ရှင်းလင်းလွန်းသောကြောင့် နှလုံးသားခံစားမှုဦးစားမပေးဘဲ လိင်ကိစ္စသက်သက်ကိုသာ စိတ်ဝင်စားသူအဖြစ် တွေ့ရသည်။

**ကောက်ချက်ချခြင်း**

လက်ညှိုးတိုတောင်းခြင်းနှင့် ဦးခေါင်းလမ်းကြောင်းတိုတောင်းကျယ်ပြန့်ခြင်းတို့က အရာရာဖြန့်ကြက်စဉ်းစားနိုင်ခြင်းမရှိဘဲ မိမိဖြစ်လိုသောအကြောင်းအရာတစ်ခုတည်းအတွက်သာ တစ်ဖက်သတ်စဉ်းစားတတ်သည့်ဉာဏ်ရည်နည်းသည့်သူများသာဖြစ်သည်။

ဖော်ပြပါလက်ဝါးပိုင်ရှင်၏ ဖြစ်ရပ်မှန်ဇာတ်လမ်းအရ သူ၏ဇနီးသည်အား ဆေးရုံတွင် (သေဆုံးသည်ထိ) စွန့်ပစ်ထားခဲ့ပြီး အောက်တန်းလွှာအမျိုးသမီးတစ်ဦးနှင့်တွဲ၍ ဟိုတယ်အသေးစားတစ်ခုတည်ထောင်ရန်ကြိုးစားခဲ့သူဖြစ်သည်။ အဆိုပါအမျိုးသမီးနှင့်လက်တွဲပြီးနောက်ပိုင်း နေ့စဉ် မူးယစ်သောက်စား၍ လိင်အပျော်အပါးတို့ဖြင့်သာ ဘဝကိုဖြတ်သန်းနေသူအဖြစ် တွေ့ရှိရသည်။

**စိတ်ခံစားမှုလွယ်ကူသူ၏လက်ဝါးပုံစံ**

စိတ်ခံစားမှုလွယ်သူအသက်(၂၅) နှစ်အရွယ်အမျိုးသမီးအား အောက်ပါအတိုင်း လေ့လာစစ်ဆေးမှုများပြုလုပ်ရာတွင် သူမ၏အိပ်မပျော်သောရောဂါအခြေအနေကြောင့် စိတ်ပိုင်းဆိုင်ရာယိမ်းယိုင်လျက် အရာရာဇဝေဇဝါဖြစ်တတ်ခြင်း၊ ဆုံးဖြတ်ချက်မပြတ်သားခြင်း၊ ဆောင်ရွက် လုပ်ကိုင် ပြောဆိုသမျှအချည်းနှီးဖြစ်ရခြင်းတို့ကို ရင်ဆိုင်နေရသူဖြစ်သည်။



သူမအနေဖြင့် အလုပ်လုပ်ရန်စိတ်ဝင်စားမှုမရှိတော့ဘဲ တစ်ခုတည်းသောရည်မှန်းချက်အဖြစ် အိမ်ထောင်ပြုရန်သာ‘စိတ်စောနေခဲ့သည်။

**သရုပ်ခွဲလေ့လာခြင်း**

ကာယကံရှင်၏လက်ချောင်းများရှည်လျား၍ ထိပ်ချွန်နေခြင်းက အနုပညာရပ်၌ စိတ်ဝင်စားသူအဖြစ် ဖော်ပြသော်လည်း လက်မတည်ဆောက်ပုံပျော့ပျောင်းနေခြင်းက စိတ်လှုပ်ရှားခံစားမှုပြင်းထန်လာသည်နှင့် စိတ်ထင်ရာ ကမူးရှူးထိုးလုပ်တတ်သူဖြစ်ကြောင်း အသိပေးနေပါသည်။

၎င်းပြင် လက်ဝါးပြင်ပါ သေးမျှင်သောလမ်းကြောင်းများစွာနှင့် သောကြာခါးပတ်ထင်ရှားစွာပါရှိခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာအရ ဆတ်ဆတ်ထိမခံတတ်သူဖြစ်ကြောင်း အထင်အရှားဖော်ပြသည်။

ဦးခေါင်းလမ်းကြောင်းအနေဖြင့် အောက်သို့ အနည်းငယ်နိမ့်ဆင်းနေပြီး နှလုံးလမ်းကြောင်းတည်ဆောက်ပုံအရ စိတ်ပိုင်းဆိုင်ရာ၌ ဖို-မ သဘာဝ (၂)မျိုးစလုံး ပါရှိနေကြောင်း ဖော်ပြသည်။

www.burmeseclassic.com

**ကောက်ချက်ချခြင်း**

ကာယကံရှင်အနေဖြင့် အိမ်ထောင်ပြုရန် ရည်ရွယ်ချက်မှာ လိင်ကိစ္စ သက်သက်အတွက်သာ ဖြစ်ကြောင်း ပျက်နေသည့်ကံလမ်းကြောင်းနှင့်နှလုံး လမ်းကြောင်းတည်ဆောက်ပုံတို့အရသိရှိရသည်။ ၎င်းပြင် စိတ်ခံစားမှုအလွန်လွယ်ကူသူဖြစ်သောကြောင့် ဖောက်ပြား တကာနှင့်ကိုယ်လက်နှီးနှောတတ်သူဖြစ်သည်။

**လိင်ကိစ္စ၌ဆန္ဒပြင်းပြသူ**

အသက် (၄၄) နှစ်အရွယ် အိမ်ထောင်သည် အမျိုးသမီးတစ်ဦးအား လက္ခဏာပညာဖြင့် အောက်ပါအတိုင်း လေ့လာစစ်ဆေးခွင့်ရခဲ့သည်။



**သရုပ်ခွဲလေ့လာခြင်း**

လက်ချောင်းများတည်ဆောက်ပုံအရ အနုပညာရပ်နှင့်ပတ်သက်၍ ခံစားနားလည်လွယ်သူအဖြစ်တွေ့ရပြီး လက်ညှိုးရှည်လျားခြင်းက အလိုဆန္ဒပြည့်ဝမှုနှင့်လက်မတောင့်တင်းသန်မာမှုက စိတ်အလိုရှိသလိုပြုမူခွင့်ရရှိသူဖြစ်ကြောင်း ဖော်ပြနေပါသည်။

ငယ်ရွယ်စဉ် အပျိုပေါက်အရွယ်က ဦးခေါင်းလမ်းကြောင်းအစနေရာ၌ ကျွန်းခံနေခဲ့သော်လည်း နောက်ပိုင်း၌ တဖြည်းဖြည်း ပျောက်ပျက်သွားခဲ့သည်။

နှလုံးလမ်းကြောင်းတိုတောင်းခြင်းသည် ၎င်းအမျိုးသမီး၌ (စိတ်ပိုင်းဆိုင်ရာအရ) ဖို-မ သဘာဝ (၂)ရပ်စလုံး ပါဝင်ကြောင်းဖော်ပြပြီး သောကြာခါးပတ်ထင်ရှားနေခြင်းကြောင့် ဆတ်ဆတ်ထိမခံတတ်သူ၊ စိတ်ခံစားမှုအလွန်လွယ်ကူသူအဖြစ်တွေ့ရှိရသည်။

**ကောက်ချက်ချခြင်း**

ကာယကံရှင် အမျိုးသမီးသည် အသက်(၁၇)နှစ်၌ ပထမဆုံးအိမ်ထောင်ကျပြီး မကြာမီပင် ကွာရှင်းပြတ်စဲကာ ဒုတိယအိမ်ထောင်ထပ်မံထူထောင်ခဲ့သည်။ ထိုသို့ တတိယအကြိမ်အထိ အိမ်ထောင်ဆက်များလာခဲ့ပြီးနောက်ပိုင်း အမျိုးသားအတော်များများနှင့် (အငယ်-အနှောင်း) ပုံစံဆက်ဆံလာခဲ့သည်။ အိမ်ထောင်ဆက်များလာခဲ့သည့်တိုင် သူမအတွက် ကျေနပ်လောက်သောပျော်ရွှင်ခံစားမှုများမရရှိခဲ့ပေ။

နှလုံးလမ်းကြောင်းတိုတောင်းပြီး သောကြာခါးပတ်ထင်ရှားနေခြင်းကြောင့် ဖို-မ သဘာဝ (၂) ရပ်စလုံးပါရှိသူပီပီ ယောက်ျားပုံစံ ဝတ်ဆင်နေထိုင်သော (ကျားဆန်ဆန်ခန္ဓာကိုယ်ရှိသော) အမျိုးသမီးဖြစ်လာခဲ့သည်။ ထိုအခါ သူမ၏ ရင်သား တည်ဆောက်ပုံ သေးငယ်တင်းမာလာပြီး နှုတ်ခမ်းခေါင်းတစ်ဝိုက်၌ အမျိုးသားများကဲ့သို့ အမွေးမှင်များပေါက်လာခဲ့သည်။ ထို့ပြင် ဆီးခုံမွေးများ (အမျိုးသားများကဲ့သို့) ကြမ်းလာပြီး အသံမှအစ ယောကျ်ားသံပမာ ပြောင်းလဲလာခဲ့သည်။

**သတိလွန်ကဲစွာထားရှိတတ်သူ၏ လက်ဝါးပုံစံ**

အသက် (၅၀) နှစ်အရွယ် အိမ်ထောင်သည်အမျိုးသား ကျွမ်းကျင်အတတ်ပညာရှင်တစ်ဦး၏သတိလွန်ကဲစွာထားရှိတတ်ပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိခဲ့သည်။



သူသည် ဘီယာ၊ ဝီစကီတို့အား နှစ်ခြိုက်စွာသောက်သုံးခြင်းဖြင့် ကျေနပ်ပျော်ရွှင်နေသူဖြစ်သည်။ စကားမပြောမီ အချိန်ယူ၍ တုံ့ဆိုင်းတတ်ခြင်းရှိသော်လည်း ပြောမိပြီဆိုသည်နှင့် ဆက်တိုက်အမြန်ပြောဆိုလေ့ရှိသည်။

**သရုပ်ခွဲလေ့လာခြင်း**

တိုတောင်းသောလက်ချောင်းများက စိတ်ပိုင်းဆိုင်ရာတုံ့ပြန်မှုလျင်မြန်ကြောင်းနှင့် လက်ချောင်းများအောက်ခြေတုတ်ခိုင်သန်မာခြင်းကြောင့် ထိုးထွင်းဉာဏ်အားကောင်းခြင်းကို ဖော်ပြသည်။ ၎င်းအပြင် လက်မတည်ဆောက်ပုံ ခိုင်မာတောင့်တင်းခြင်းကြောင့် စိတ်မာတင်းခွန်အားရှိသူဖြစ်ကြောင်း ဖော်ပြသည်။

လက်ဝါးပြင်ပါလမ်းကြောင်းများသည် အလွန်သေးမျှင်နေခြင်းကြောင့် အာရုံခံစားမှု၌ စူးရှထက်မြက်သူဖြစ်သည်။

ဦးခေါင်းလမ်းကြောင်းသည် လက်ဝါးပြင်၌ ကန့်လန့်ဖြတ်ပုံစံနိမ့်ဆင်းနေခြင်းကြောင့် အတွေးစိတ်ကူးများအား လက်တွေ့အကောင်အထည်ဖော်နိုင်သူအဖြစ် တွေ့ရှိရသည်။ ၎င်းပြင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့က အစပြုနေရာ၌ပင် တင်းကျပ်ခိုင်မြဲစွာ ချိတ်ဆက်နေခြင်းကြောင့် သတိထားမှုလွန်ကဲတတ်ပြီး မိမိကိုယ်မိမိ ယုံကြည်မှုလျော့နည်းတတ်သူအဖြစ် တွေ့ရှိရသည်။

**ကောက်ချက်ချခြင်း**

လက်ဝါးပိုင်ရှင်၏ လက်သူကြွယ်ထိပ်ဖျားပိုင်း၌ အလိပ်လိုက်ဗွေပါရှိနေခြင်းက သူတကာနှင့်မတူသော အရည်အသွေးထူးကဲစွာပါရှိနေသည်ကို ဖော်ပြသည်။

ကာယကံရှင်အနေဖြင့် ဘဝအတွေ့အကြုံအခက်အခဲများအား(အရက်ဖြင့် စိတ်ထွက်ပေါက်ရှာခြင်းမပြုဘဲ) ပုံမှန်သတိထားရုံမျှဖြင့် အလွယ်တကူဖြတ်ကျော်နိုင်ပါမည်။

**စိတ်ဖိစီးမှုခံနေရသည့်လက်ဝါးပုံစံ**

အသက်(၅၂)အရွယ် အိမ်ထောင်သည် အမျိုးသမီးတစ်ဦး၏ ခံစားနေရသော စိတ်ဖိစီးမှုဝေဒနာနှင့် အကြောက်တရားကြီးနေခြင်းအခြေအနေများအား အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။ ဖော်ပြပါ အမျိုးသမီးသည် မျက်နှာ၌ အကြောဆွဲနေပြီး လက်သည်းကိုက်နေလေ့ရှိသည်။ ယင်းမှာ စိတ်ပိုင်းဆိုင်ရာ ပြင်းထန်သောအနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုကြောင့် အာရုံကြောစနစ်တစ်ခုလုံး ပျက်စီးသွားသည့်သဘောကို ဖော်ပြသည်။ တစ်ခါတစ်ရံ ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ငိုကြွေးနေတတ်ခြင်းသည် ရက်စက်ခြင်း၌ သာယာတတ်သည့်ခံဝ်ပွန်းသည်ကြောင့်ပင်ဖြစ်ကြောင်း လေ့လာ တွေ့ရှိရသည်။



### သရုပ်ခွဲလေ့လာခြင်း

လက်မံတည်ဆောက်ပုံအားနည်းခြင်းကြောင့် အလိုဆန္ဒမပြည့်ဝဘဲ အရာရာခေါင်းမာမာနှင့်ဆန့်ကျင်တတ်သူဖြစ်ကြောင်း ဖော်ပြသည်။ ဦးခေါင်းလမ်းကြောင်းသည် ဆိုးရွားစွာကွဲထွက်သွားပြီး ခက်ရင်းခွပုံစံရှိနေခြင်းကြောင့် အာရုံကြောစနစ်များထိခိုက်နေခြင်းကို ပိုမိုပေါ်လွင်ထင်ရှားစေသည်။

နှလုံးလမ်းကြောင်းက လမ်းခွဲတစ်ခုအဖြစ် ကွဲထွက်ကာ ဦးခေါင်းလမ်းကြောင်းပေါ်သို့ ဆင်းလာခြင်းကြောင့် မွေးရာပါအထုံဝိဇဖြစ်သည့် မနော်လိုဝန်တိုစိတ်များ ပိုမိုပေါ်ပေါက်လာသည်ကို တွေ့ရှိရသည်။

အသက်လမ်းကြောင်း ထူထဲထင်ရှားနေပြီး လမ်းကြောင်းတစ်လျှောက် အစက်အပြောက်များပါရှိနေခြင်းကြောင့် သွေးတိုးခြင်း၊ နှာစေး၊ ချောင်းဆိုးခြင်းများ မကြာခဏဖြစ်ပေါ် ခံစားနေရသည်။

### ကောက်ချက်ချခြင်း

နှလုံးလမ်းကြောင်း ထင်ရှားရှင်းလင်းခြင်းကြောင့် ရုပ်ပိုင်းဆိုင်ရာအရသတ္တိရှိတတ်သော်လည်း စိတ်ခံစားမှုနှင့် ဝတ်သက်၍ ပျော့ညံ့တတ်သည်။

အမိကလမ်းကြောင်းတစ်ခုဖြစ်သည့် ဦးခေါင်းလမ်းကြောင်းအဆုံးသတ်၌ ခက်ရင်းခွနှင့် ကျွန်းခံနေခြင်းများကြောင့် စိတ်ပိုင်းဆိုင်ရာအကြီးအကျယ်ထိခိုက်ပျက်စီးမှုများရှိနေကြောင်းအထင်အရှား တွေ့ရှိရသည်။ စိတ်ပိုင်းဆိုင်ရာ ထိခိုက်ပျက်စီးလာသည်နှင့် ဆေးကုသခံရန် ငြင်းပယ်၍ မိမိကိုယ်တိုင်လည်း အထိန်းအချုပ်မဲ့သူဖြစ်လာတတ်သည်။

### ငွေ၊ ခံနိုင်ရည်မရှိသူ၏ လက်ဝါးပြင်ပုံစံ

အသက် (၄၃) နှစ်အရွယ် အိမ်ထောင်မရှိသူအမျိုးသမီး၏ လက်ဝါးပြင်ကိုလေ့လာရာ၌ စိတ်မပြတ်မသား၊ တွေဝေနေတတ်သူ၊ စိတ်ပင်ပန်းနွမ်းလျနေသူ၊ အသက်ရှင်ရပ်တည်နေရသည့် (လက်ရှိဘဝ) အခြေအနေအပေါ် စိတ်ကျေနပ်မှုမရှိသူအဖြစ် လေ့လာတွေ့ရှိရသည်။



### သရုပ်ခွဲလေ့လာခြင်း

လက်သူကြွယ်နှင့် လက်သန်းတို့က အတွင်းဘက်သို့ကွေးနေခြင်းကြောင့် မိမိကိုယ်မိမိကာကွယ်မှုမပြုနိုင်သူဖြစ်ပြီး လက်မအနည်းငယ်ပျော့နေခြင်းကြောင့် စွမ်းဆောင်မှုအားနည်းသူ၊ ငွေ၊ ခံနိုင်ရည်မရှိသူအဖြစ် တွေ့ရှိရသည်။ ၎င်းပြင် လက်ဝါးပြင်ပါ လမ်းကြောင်းများ သေးမျှင်နေခြင်းကြောင့် စိတ်ခံစားမှုလွယ်သူ၊ ဆတ်ဆတ်ထိမခံတတ်သူအဖြစ်ပါ မှတ်ယူနိုင်သည်။ ထို့ပြင် ကံလမ်းကြောင်းတည်ဆောက်ပုံမကောင်းဘဲ အသက်လမ်းကြောင်း၌ပါ ကျွန်းများစွာခံနေခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာ၌ပါ ငွေ၊ ခံနိုင်ရည်လုံးဝမရှိသူအဖြစ် တွေ့ရှိရသည်။

ဖြောင့်တန်းနေသောဦးခေါင်းလမ်းကြောင်းတစ်လျှောက်တွင် သေးငယ်သော အမှုန်အမွှား၊ အစက်အပြောက်ကလေးများပါရှိနေခြင်းက စိုးရိမ်ထိတ်လန့်မှုများစွာကြောင့် အာရုံကြောဖွဲ့စည်းပုံစနစ်ကိုပင် ထိခိုက်နိုင်ကြောင်း အသိပေးနေပါသည်။

နှလုံးလမ်းကြောင်းတည်ဆောက်ပုံအနေဖြင့် မိန်းမဆန်စွာရှိနေပြီး သောကြာခါးပတ်ထင်ရှားနေခြင်းအပြင် ဦးခေါင်းလမ်းကြောင်းနှင့် နှလုံးလမ်းကြောင်းကြားနေရာ ကျယ်ပြန့်နေခြင်းကြောင့် အငြိုးအာဃာတမထားတတ်သူဖြစ်သော်လည်း ငွေမရှိသူ၊ အလွယ်တကူအားလျော့တတ်သူအဖြစ် တွေ့ရသည်။

### ကောက်ချက်ချခြင်း

အသက်လမ်းကြောင်းပေါ် ကျွန်းခံနေခြင်း၊ နှလုံးလမ်းကြောင်းတည်ဆောက်ပုံအားပျော့ခြင်းတို့က အမျိုးသားများအပေါ် စိတ်ဝင်စားမှုမရှိခြင်းကို ဖော်ပြပြီး ဦးခေါင်းလမ်းကြောင်းနှင့်အသက်လမ်းကြောင်းအစနေရာ (ကြားအကွာအဝေး အနည်းငယ် လိုအပ်နေခြင်း) က လွတ်လပ်မှုကို နှစ်သက်သူအဖြစ် ဖော်ပြနေပါသည်။

### ဖို-မ ကိစ္စ၌ အရှက်အကြောက်ကြီးသူ၏ လက်ဝါးပုံစံ

အသက် (၂၅) နှစ်အရွယ် (အိမ်ထောင်မရှိသူ) အမျိုးသမီးသူနာပြုတစ်ဦး၏ ဖို-မ ကိစ္စ၌ အရှက်အကြောက်ကြီးတတ်ပုံကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရသည်။

ဖော်ပြပါအမျိုးသမီး၏မိခင်သည် အရက်သေစာအလွန်အကျွံသောက်စားယစ်မူးပြီး ကိုယ်ကျင့်တရားပျက်ပြားနေသူဖြစ်သည့်ပြင် ဖခင်ဖြစ်သူကလည်း ဘာသာရေး၌ မူမမှန်သူအဖြစ် တွေ့ရှိရသည်။ သူမ ကလေးဘဝကတည်းမှစတင်၍ မိခင်၊ ဖခင်တို့၏ ဆိုးရွားသောမြင်ကွင်းကိုတွေ့ကြုံခဲ့ရသူဖြစ်သည်။

### သရုပ်ခွဲလေ့လာခြင်း

လက်ချောင်းများ၏လက်ဆစ်ရိုးနေရာများဖောင်းနေခြင်းသည် အရာရာခွဲခြမ်းစိတ်ဖြာတတ်ပုံကို ကိုယ်စားပြုပြီး ယာဘက်လက်ချောင်းများအတွင်းဘက်သို့ကွေးနေခြင်းက မိမိကိုယ်မိမိ လိမ္မာပါးနပ်စွာ ကာကွယ်တတ်သူကြောင်း ဖော်ပြသည်။ ၎င်းပြင် ယာဘက်လက်မသန်မာတောင့်တင်းခြင်းကြောင့် စိတ်ဓာတ်ခွန်အား လုံလောက်စွာရှိနေသည့်သဘောကိုဖော်ပြသည်။

(ဝဲ-ယာ) လက်ဝါးပြင် (၂)ဖက်ရှိ လမ်းကြောင်းများသည် သေးမျှင်၍ များပြားနေခြင်းကြောင့် အလိုဆန္ဒနောက်သို့



www.burmeseclassic.com

www.burmeseclassic.com



ဗိ-မ ကိစ္စ၌
အရှက်အကြောက်ကြီးသူ၏
လက်ဝါးပုံစံ

အရာရာမလိုက်ပါမိစေရန် ထိန်းချုပ်နိုင်ကြောင်း ဖော်ပြနေသည်။

ထို့ပြင် ဝဲဘက်လက်ရှိ ဦးခေါင်းလမ်းကြောင်းအဆုံးသတ်၌ ထင်ရှားစွာ ကျွန်းခံနေခြင်းသည် စိတ်ပိုင်းဆိုင်ရာ ဒုက္ခ၊သုခမျိုးစုံကြုံတွေ့နိုင်ကြောင်း ဖော်ပြပြီး ယာဘက်လက်ရှိ ဦးခေါင်းလမ်းကြောင်း၌ အဆိုပါကျွန်းခံနေခြင်းမထင်ရှားပါက စိတ်ပိုင်းဆိုင်ရာ၌ မျှတစွာ ထိန်းချုပ်နိုင်သူအဖြစ် တွေ့ရမည်။

အဓိကလမ်းကြောင်းများကို ဆက်လက်လေ့လာရာတွင် ဦးခေါင်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစနေရာတွင် တင်းကျပ် မြဲမြံစွာ ချိတ်ဆက်နေခြင်းကြောင့် (အထူးသဖြင့် ယာဘက်လက်တွင်ဖြစ်သောကြောင့်) သတိကြီးစွာထားတတ်သူအဖြစ် တွေ့ရသည်။

ဖော်ပြပါ အမျိုးသမီး၏ ဝဲ၊ ယာလက်(၂)ဖက်ရှိ နှလုံးလမ်းကြောင်းတည်ဆောက်ပုံကို ယှဉ်တွဲလေ့လာပါက ယာဘက်လက်အထက် ဝဲဘက်ရှိ နှလုံးလမ်းကြောင်းက ပိုမိုရှည်လျားခြင်းကြောင့် ဖိုမကိစ္စအား စိတ်အတွင်း ဆန္ဒရှိသော်လည်း လက်တွေ့၌ အရှက်အကြောက်ကြီးတတ်သည်။ ထို့ပြင် နှလုံးလမ်းကြောင်းနိမ့်ဆင်းနေခြင်းသည် စိတ်ကူးဖြင့်သာ သံယောဇဉ်တွယ်တတ်သူ၊ စိတ်အတွင်းဆုံးဖြတ်ချက်ချပြီးသော်လည်း လက်တွေ့အကောင်အထည်မဖော်နိုင်သူအဖြစ် တွေ့ရသည်။

**ကောက်ချက်ချခြင်း**

ယာဘက်လက်ရှိ ဦးခေါင်းလမ်းကြောင်းထင်ရှားနေခြင်းသည် အရာရာသတိထားလွန်းသောကြောင့် လုပ်ဖော်ကိုင်ဖက် (အခြားသူနာပြုများ) အပေါ် အလွယ်တကူ မယုံကြည်တတ်သူဖြစ်လာခဲ့ရာမှ ဆက်ဆံရေးပျက်ပြားသွားနိုင်ပါသည်။

**အားမလိုအားမရဖြစ်တတ်သူ၏ လက်ဝါးပြင်ပုံစံ**

အသက် (၅၀) နှစ်အရွယ် (အိမ်ထောင်ရှိသူ) အမျိုးသမီး၏ ခေါင်းကိုက်ဝေဒနာခံစားနေရခြင်းနှင့် မှတ်ဉာဏ်ပျောက်ဆုံးနေခြင်းတို့ကို အောက်ပါအတိုင်း လက္ခဏာပညာရပ်ဖြင့် လေ့လာစစ်ဆေးမှုများပြုလုပ်ခဲ့သည်။

**သရုပ်ခွဲလေ့လာခြင်း**

ဖော်ပြပါ အမျိုးသမီး၏ လက်ချောင်းများကိုလေ့လာပါက လက်ညှိုးရှည်လျားနေခြင်းကြောင့် ချုပ်ကိုင်လွှမ်းမိုးလိုစိတ်ရှိသူအဖြစ်တွေ့ရှိရပြီး လက်မက လက်ဝါးပြင်နှင့် ခပ်ဝေးဝေးတွင်ရှိနေခြင်းက လွတ်လပ်စွာ တွေးခေါ်ကြံစည်တတ်သည့်သဘောရည်ညွှန်းကာ



လက်ချောင်းများ၏ ထိပ်ဖျားအဆစ်ရိုးနေရာများ အသင့်အတင့်ကြီးထွားနေခြင်းကြောင့် စိတ်ဓာတ်ခိုင်မာပြင်းပြသူအဖြစ် အဖြေထုတ်နိုင်ပါသည်။

ထို့အပြင် လက်ဝါးပြင်ရှိ လမ်းကြောင်းများ သေးမျှင်၍ (များပြားခြင်းမရှိပါက) ဆတ်ဆတ်ထိမခံတတ်သည့်သဘာဝရှိကြောင်း ဖော်ပြပါသည်။ တစ်ဖန် အသက်လမ်းကြောင်း၏ ပထမတစ်ဝက်က ထင်ရှားခိုင်မာမှုမရှိခြင်းသည် အသက် (၃၀) ခန့်က စိတ်လေလွင့်ခဲ့ဖူးကြောင်းဖော်ပြပြီး ထိုနောက်ပိုင်းကာလ ဦးခေါင်းလမ်းကြောင်းအစနေရာ၌ ကျွန်းခံလာခြင်းကြောင့် စိုးရိမ်ပူပန်မှုများပိုလာသည့်သဘောကို ထင်ရှားစွာ တွေ့ရသည်။

နမူနာ လက်ဝါးပြင်ပါ လက္ခဏာများအရ ဦးခေါင်းလမ်းကြောင်းအဆုံးသတ်၌ ကြီးမားသောကျွန်းတစ်ခုခံနေခြင်း၊ လက်သူကြွယ်အောက်တည့်တည့်နေရာရှိ နှလုံးလမ်းကြောင်းပေါ်၌ ကျွန်းခံနေခြင်းတို့က လက်ဝါးပိုင်ရှင်၏ မျက်စိအားနည်းခြင်း၊ မျက်စိနှင့်ပတ်သက်သော ရောဂါဝေဒနာများဖြစ်လာနိုင်ခြင်းတို့ကို အသိပေးဖော်ပြနေပါသည်။

**ကောက်ချက်ချခြင်း**


လက္ခဏာရှင်အနေဖြင့် ငယ်ရွယ်စဉ်က မိဘများ၏လိုအပ်သလိုပံ့ပိုးမှုမခံခဲ့ရခြင်းကြောင့် လိုအပ်ချက်များစွာရှိနေခဲ့သည်။ထို့ကြောင့် အချိန်ကြာလာသည်နှင့်အမျှ စိတ်ပိုင်းရော ရုပ်ပိုင်းပါ အဖန်ဖန်ထိခိုက်မှုများရှိလာခဲ့သည်။

ဦးအေး[illegible]မင်း



www.burmeseclassic.com

www.burmeseclassic.com



အင်းတော်ကြီးရွှေမဥ္ဇူရေလယ်ဘုရား


# ကချင်ပြည်နယ်၊ အင်းတော်ကြီး
# ရွှေမဥ္ဇူဘုရားသို့ခရီးသွားခြင်း

အေးလွင်(ကသာ)

သူရဇ္ဇမဂ္ဂဇင်းတွင် စာမရေးဖြစ်တာကြာခဲ့ပြီဖြစ်၍ ပထမဦးစွာ သူရဇ္ဇမဂ္ဂဇင်းအယ်ဒီတာအဖွဲ့နှင့် စာဖတ်ပရိသတ်ကြီးကို မေတ္တာပို့သလိုက်ပါသည်။ စာရေးဖြစ်ဖို့ကြိုးစားတိုင်းအစ်စုံတစ်ခု လာဆွဲဆုပ်ထားနေသလိုခံစားမှုများကြောင့် စာမရေးဖြစ်သလို ၂၀၁၄ခု၊ မတ်လ ၂၉ ရက်က ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပြီး ညာဘက်လက်ကောင်ဆစ်ပြုတ်သွား၍ အိပ်ရာထဲ(၂)လခန့်နေရသည်။ စာမရေးနိုင်သဖြင့် စာရေးချင်စိတ်က တားမရဆီးမရပေါ်လာသော်လည်း ယခုသက်သာလာပြီဖြစ်သဖြင့် သူရဇ္ဇပရိသတ်ကြီးအတွက် ဘုရားဖူးခရီးသွားဆောင်းပါး ရေးသားထိုက်ရပါသည်။

❑

ကချင်ပြည်နယ်သည် အလွန်သာယာလှပသော ရှုခင်းများစွာ၊ သစ်တောကြီးများနှင့် အဖိုးတန် သယံဇာတများစွာထွက်ရှိရာဒေသဖြစ်ခဲ့သော်လည်း ပြည်တွင်းစစ်ကြောင့် ငြိမ်းချမ်းစွာနေရသောကာလနည်းခဲ့သည်။ ပြည်တွင်းစစ်ကြောင့် ပြည်သူများစွာမှာ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်း၊ လျှပ်စစ်မီးမရ၊ ဆက်သွယ်ရေးညံ့ဖျင်းမှုဒဏ်များလိမ့်နေအောင်ခံနေဆဲ ဖြစ်သည်။ ကချင်ပြည်နယ်ရှိ တန်ခိုးကြီးဘုရားများမှာလည်း



ရွှေမဥ္ဇူစေတီတော်



www.burmeseclassic.com

www.burmeseclassic.com




အဘသိုမင်းခေါင်တည်ထားခဲ့သော နမ္မာမြို့မှ ဖူးဘုရား



မုဆိုးမစေတီတော်



နမ္မာဖူးဘုရားရှေ့ အမှတ်တရ




မငြိမ်းချမ်းမှု၊ လမ်းအဆက်အသွယ် မကောင်းမှုတို့ကြောင့် မြန်မာပြည်တွင် လူသိနည်းခဲ့ရသည်။

ယခုခရီးစဉ်မှာ ကချင်ပြည်နယ် ဘုရားဖူးခရီးစဉ်ဖြစ်သည်။ ၂၀၁၄ ခုနှ တွင် ကချင်ပြည်နယ် အင်းတော်ကြီး ဘုရားဖူးခရီးထွက်ရန် ကသာမြို့ရဲတပ် မှူး ဦးကျော်အောင်မြင့်၊ ဇနီး ဒေါ်ခင်ခ လှတို့နှင့် စကားပြောဆိုထားခဲ့သည် ဒေါ်ခင်ခင်လှမှာ ခင်ခင်လှ (အင်းစိ ကလောင်အမည်ဖြင့် လှိုဝှက်ဆန်းကြ မဂ္ဂဇင်းတွင် ပင်တိုင်ဆောင်းပါးရေး သူတစ်ဦးလည်းဖြစ်သည်။ ဒေါ်ခင်ခင် နှင့် စကားပြောဆိုထားခဲ့သော်လည် ကသာမြို့နယ် ခတက်ချောင်ကျေး တွင် ဘုရားထီးတော်တင်ရန် မြစ်ကြီးန မှ ဆရာရဲရင့်အောင် (နက္ခတ္တဗေဒပည ရှင်) မှ ငွေ (၅) သိန်းလှူမည်ဆိုသ မြစ်ကြီးနားသို့ ၉-၃-၂၀၁၄ ရက်နေ့ ခရီးထွက်ခဲ့သည်။ မြစ်ကြီးနားမှအ အင်းတော်ကြီးဘုရားပွဲသို့ တစ်ခါ သွားတော့မည်ဟု ဆုံးဖြတ်လိုက်သ




www.burmeseclassic.com

www.burmeseclassic.com



အင်းတော်ကြီးရွှေမဥ္ဇူရေလယ်ဘုရား



ရန်ပြေမာန်ပြေကမ္ဘာငြိမ်းချမ်းရေး အောင်မြင်သာစေတီတော်တည်နေပုံ

တစ်ယောက်တည်းပဲ ခရီးထွက်ခဲ့ရာ နဘားဘူတာတွင် ရထားစောင့်ရင်း Facebookပေါ်၌ အင်းတော်ကြီးဘုရားဖူးခရီးထွက်မည်ဖြစ်ကြောင်းတင်လိုက်သည်။ မနက်(၂)နာရီ နဘားသို့ ရထားဆိုက်သဖြင့် မြစ်ကြီးနားသို့လိုက်ခဲ့ရာ နေ့လယ် (၁၂) နာရီခန့်တွင် မိုးကောင်းဘူတာမှအထွက် ဖုန်းဝင်လာသည်။ ကသာမှ ဒေါ်ခင်ခင်လှတ ဆက်ခဲ့ခြင်းဖြစ်သည်။ Facebookပေါ်မှာ အင်းတော်ကြီးသွားပြီဆိုတာတွေ့ရ၍ ကျွန်တော့်ကိုရန်တွေ့စကားပြောခြင်း ဖြစ်ပါသည်။ ကျွန်တော်က အခြားကိစ္စနှင့်သွားရင်း အင်းတော်ကြီး ဆက်တိုက်သွားမည်ဖြစ်သောကြောင့် မခေါ်တော့ခြင်းဖြစ်ကြောင်းပြောပြခဲ့ရာ သူတို့အဖွဲ့ကလိုက်ဖို့အဆင်သင့်ဖြစ်နေကြောင်းပြောသဖြင့် ဟိုပင်မြို့၌စောင့်နေရန်၊ အပြန်၌အတူတူဆုံပြီး အင်းတော်ကြီးသွားကြရန်ချိန်းလိုက်သည်။

မြစ်ကြီးနားသို့ရောက်သောအခါ ရန်ကြီးအောင် မီးစက်ဝင်းအတွင်းရှိ ဦးထွန်းကြည်၊ ဒေါ်ခင်မာအေးတို့အိမ်၌ တည်းသည်။ မြစ်ကြီးနားတွင်နေစဉ်အတွင်း ဆရာရဲရင့်အောင်မှစားသောက်ရေးတာဝန်ယူပေးသည်။

မိတ်ဆွေနှစ်ဦးမှာ မနက်မိုးလင်းလျှင် ခေါက်ဆွဲစား၊ လက်ဖက်ရည်သောက်ပြီး လမ်းခွဲကြသည်။ နေ့လယ်ထမင်းစားချိန် တစ်ချိန်ဆုံကြပြီး ညနေရောက်တော့ အပြုံးကမ္ဘာစားသောက်ဆိုင်တွင်ထမင်းစားရင်း အေးအေးဆေးဆေးစကားပြောကြသည်။ ဘုရားထီးတင်ရန်အတွက် အလှူငွေ (၅၀၀,၀၀၀) ကို ဆရာရဲရင့်အောင်မှ ကသာသို့ လွှဲပေးမည်ဖြစ်ကြောင်း သိရပြီဖြစ်သဖြင့် စိတ်အေးသွားသည်။ မြစ်ကြီးနားဘူတာရုံတက် ရထားလက်မှတ်ဖြတ်ရန်သွားရင်း ဘူတာရုံအနီး တိုက်တန်းမှ 'ရှီရှီထွန်း' ဆိုင်ကယ်အပိုပစ္စည်းနှင့် ဂက်(စ်)လေအိုးအရောင်းဆိုင်ကိုတွေ့ရာ ဖျတ်ခနဲကျွန်တော့်ညီဖြစ်သူ မျိုးလွင်အေး၏သူငယ်ချင်း ကိုထွန်းဝင်း (ဗိုလ်ကြီးအငြိမ်းစား)၏ဆိုင်ဖြစ်နေကြောင်းကို သတိရလိုက်သဖြင့် ဆိုင်ထဲဝင်မေးရာ အဆင်သင့်ပင်တွေ့သဖြင့် ဝမ်းသာအားရ နှုတ်ဆက်မိကြသည်။

ကိုထွန်းဝင်းမှာ သူတို့မိသားစုနှင့် ကျွန်တော်တို့မိသားစု နှစ်စုလုံးရင်းနှီးကြသော တစ်ရပ်ကွက်တည်းနေ မိတ်ဆွေများ ဖြစ်သည်။ ကျွန်တော်၏ညီဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com

နှင့် သူငယ်တန်းမှ ဘွဲ့ရသည်အထိ အတူတူတွဲခဲ့သော သူငယ်ချင်းများဖြစ်ကြသလို သူ၏ အစ်ကို၊ အစ်မများနှင့် ကျွန်ုပ်တော်မှာလည်း ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြသည်။ ကိုထွန်းဝင်းမှာ ဘွဲ့ရပြီးနောက် (O.T.S) ဗိုလ်သင်တန်းဖြေပြီး စစ်ဗိုလ်ဖြစ်သွားသူဖြစ်သည်။ တပ်မတော်မှထွက်ပြီး ဘာသာရေးကို ယုံကြည်ချက် ပြင်းထန်စွာဖြင့် လုပ်ပြီး အေးချမ်းစွာဖြင့် ဈေးရောင်းရင်း သာသနာ့အကျိုး ဆောင်ရွက်နေသူ တစ်ဦးလည်း ဖြစ်သည်။

မြစ်ကြီးနား မြစ်ဆုံ တန်ဖဲရွာမှ ပြောင်းရွှေ့လာသော အောင်မြင်သာရွာ အနီးတွင် ဘုရားတစ်ဆူတည်နေသဖြင့် သူနှင့်လိုက်ကြည့်ရန်ဖိတ်ခေါ်ရာ ဝမ်းသာအားရလိုက်သွားသည်။ သူ၏ ကားဖြင့် နှစ်ယောက်တည်းသွားခြင်း ဖြစ်သည်။ လမ်းတွင် ကိုထွန်းဝင်က သူပြောကြားသော အကြောင်းအရာများကို ယုံမလားဟု နိဒါန်းပျိုးပြီး ထူးခြားဆန်းကြယ်သော သူ့ဘဝအကြောင်းအရာများ၊ သာသနာ့အတွက် သူပြုကျင့်ခဲ့သော ကျင့်စဉ်များအကြောင်းကိုပြောပြသည်။ ကျွန်တော်က ယုံပါသည်။ သူ့မျက်နှာတွင် အေးချမ်းတည်ငြိမ်မှုကပေါ်နေရာ တရား၏အနှစ်အရသာကိုတွေ့နေပြီး သူတစ်ပါးကိုပါ တရား၏အရသာခံစားစေလိုသောစေတနာဖြင့်ပြောကြောင်း စိတ်ထဲက အလိုလိုသိနေသောကြောင့် ဖြစ်၏။

မြစ်ကြီးနားမှ မြစ်ဆုံသို့ (၂၈) မိုင်ဝေးရာ မြစ်ဆုံ တနိဖဲရွာမှ ရွှေ့လာသော အောင်မြင်သာစံပြကျေးရွာသည် မြစ်ကြီးနားမှ (၂၁) မိုင်ဝေးသည်။ ၂၀၁၀ ပြည့်နှစ်က မြစ်ဆုံကိစ္စဖြင့် တန်ဖဲရွာရွှေ့ရသောအခါ အင်ခိုင်ဘွမ်တောင်ခြေ ဘေးသို့ အောင်မြင်သာရွာအဖြစ် ရွာတည်ခဲ့ရာ အိမ်ခြေ (၃၀၀) ခန့်ရှိသည်။ ပေ (၆၀၀)ခန့်မြင့်သောတောင်တန်းကြီး ဘေးတွင် တည်ထားသောရွာလေးကို ကြည့်ရင်း ဘယ်ကိုလွမ်းရမသိလွမ်းနေရသည့်အဖြစ်ကို ရယ်ချင်နေမိသည်။ ရွာဘေးတွင်ရှိသော ပင်လယ်ရေပြင်အမြင့် (၇၃၄) ပေမြင့်သည့် တောင်ကုန်းလေးပေါ်တွင် ‘ရန်ပြေမာန်ပြေ ကမ္ဘာငြိမ်းချမ်းရေးအောင်မြင်စေတီတော်’ ကို တည်နေသည်ကို တွေ့ရသည်။

ဉာဏ်တော်အမြင့် (၃၆) ပေ (၂၄ တောင်) မြင့်သော စေတီတော်ကို ၇-၁၁-၂၀၁၁ နေ့တွင် စတင်အုတ်မြစ်ချခဲ့သည်။ ၂၁-၆-၂၀၁၃နေ့တွင် ပထမ ဌာပနာသွင်းပွဲကျင်းပခဲ့သည်။ ဤစေတီတော်ကို ဆရာတော် ဦးဝိစာရနှင့် ဦးအောင်မင်းသူ၊ ဦးထွန်းဝင်းတို့ ဦးစီးပြီး တည်ခြင်း ဖြစ်သည်။ စုစုပေါင်း သိန်းပေါင်း (၂၀၀၀) ခန့် ကုန်ကျသည်ဟု ခန့်မှန်းထားပြီး အလှူရှင်များ လိုလိုပေါ်ပေါက်လာကြောင်း သိရပါသည်။ ထူးခြားမှုဖြစ်စဉ်အနေဖြင့် ဘုရားအုတ်မြစ်ချစဉ် ဘုရားတည်မည့်နေရာသို့ ညအချိန်တွင် အလင်းတန်းကြီးကျရောက်ပြီး လူသေးသေး၊ လူနီ၊ လူဖြူလေးတွေ



မြစ်ကြီးနား ဦးထွန်းဝင်းအိမ်မှ သရက္ခန်ဘုရား



ရှမ်းတိုင်းရင်းသားတို့ဆက်ကပ်ရာ ဘုရားပူဇော်ထားသော သစ်သီးများ




အလှူရေစက်ချ အမျှဝေသူများ

www.burmeseclassic.com

ထောင်းကင်မှုကျလာသည်ကို ပန်းရန် ဆရာများက မြင်တွေ့ခဲ့ရသည်ဟု သိရသည်။

ဘုရားတည့်သည့် ကုန်းတော်ပေါ်မှ အောက်ကို ပန်းရန်ဆရာများ နေ့ထယ် လက်ဖက်ရည်ဆင်းသောက်ချိန်တွင် ဝတ်ရုံအညိုဝတ်ထားသူက ဘုရားမှာ အလုပ်လုပ်နေသည်ကို တွေ့ရပြီး အလုပ်လုပ်ရန်ကုန်းပေါ် သို့တက်သောအခါ မတွေ့ရတော့ပေ။ ဘုရားတည်သည့်နေရာတွင် ဘုန်းကြီး (၂) ပါးကို ကလေးများကတွေ့ရပြီး ကုန်းပေါ် သို့ တက်ကြည့်သောအခါ မတွေ့ရတော့သည်ဟု သိရသည်။ ကျွန်တော်က ကိုထွန်းဝင်းကို လိုက်ပို့ခိုင်းသော်လည်း အချိန်မရတော့သည်ကတစ်ကြောင်း၊ ထမ်းပြင်နေ၍ ကားလမ်းမကောင်းသဖြင့် ကားဘီးပေါက်မှာစိုးရိမ်သဖြင့် ညွှန်းကောင်းလိုက်မပို့ခဲ့သဖြင့်မရောက်ခဲ့ရပေ။ မြစ်ဆုံကို နောက်တစ်ခေါက်မှသာ အရောက်သွားတော့မည်ဟု အားခဲထိုက်သည်။


အပြန်မှာကိုထွန်းဝင်းအိမ်သို့ဝင်သောအခါ သူ့ဘုရားခန်းနှင့်ဓာတ်ခန်းကိုလှေ့လာကြည့်ရသည်။ သရက္ခန်သားနှင့် ထုလုပ်ထားသော ဆင်းတုတော်ကိုပြသည်။ ထူးခြားသောတန်ခိုးအကြောင်း မေးကြည့်ရာ ကိုထွန်းဝင်းက ဘာမှမဖြေဘဲ ပြုံးနေသည်။ မယုံမှာစိုး၍ မပြောသည့်အပြုံးဖြစ်သည်။ သူတော်ကောင်းဓာတ် နှလုံးသားတွင်တည်နေသော ကိုထွန်းဝင်းကို ကိုယ့်ထက်ငယ်



အင်းရေပြင်ထဲမှ ဘုရားရင်ပြင်တော်




ဖူးဘုရားဝင်းအတွင်းရှိ ဓာတ်ခန်း



ကြည်ညိုဖွယ်ရာ ရွှေမဥ္ဇူဘုရား



ရွှေမဥ္ဇူဘုရားကို ကမ်းမှလှမ်းမြင်ရပုံ




ထူးခြားသော ဂန္ထီရသစ်ကွင်း




ရွှေမဥ္ဇူဘုရားရှေ့ အမှတ်တရ


www.burmeseclassic.com



အင်းကော်စပ်မှ နဂါးရုံဘုရား





ခရီးသွားဖော်များနှင့် နန်းမွန်းတောင်ထိပ် အမှတ်တရ




စာရေးဆရာမ မခင်ခင်ထူ (အင်းစိန်) နှင့် အမှတ်တရ



နန့်မီးလောင်ကျောင်းမှ နီးဘုရား



နန့်မွန်းတောင်မှ ရသေ့လေး

သော်လည်း လေးစားမိသည်။ ကောင်းသောစိတ်ဓာတ်၊ ကောင်းသောအပြုအမူဆောင်ရွက်ချက်များကို ကြိုးစားပြုကျင့်နေသောသူများကို တွေ့ရတိုင်း အလကားနေရင်း သူတစ်ပါးကို ဒုက္ခပေးချင်နေသော လူယုတ်မာများနှင့် မနှိုင်းယှဉ်အပ်နှိုင်းယှဉ်နေမိသည်။

ဆရာရဲရင့်အောင်နှင့်အတူ ညစာစားသုံးရင်း ကျွန်တော့်ဘဝအတွက် ဇာတာခွင်ကိုမေတ္တာဖြင့်တွက်ချက်ပေးခဲ့သည်။ယခုတိုင်အောင် အကြောင်းတိုက်ဆိုင်တိုင်း ဖုန်းဖြင့်ဆောင်ရန်၊ ရှောင်ရန်များကို ပြောတတ်သော ဆရာရဲရင့်အောင်ကို သတိရမိပါသည်။ မထင်မှတ်ဘဲ မြစ်ကြီးနား၌ ဘုရားဖူးရခြင်း ဖြစ်သည်။

မြစ်ကြီးနားမှအပြန်တွင် မြစ်ကြီးနားမြို့၏ ထူးခြားမှုကို သတိပြုမိသည်။ တချင်ပြည်နယ်၏ မြို့တော် သဘာဝသယံဇာတများစွာထွက်ရှိရာ ပြည်နယ်၏မြို့တော်သည် အင်တာနက်လိုင်းလုံးဝမကောင်းခြင်း ဖြစ်သည်။ မြစ်ကြီးနားမှဟိုပင်သို့ရောက်သောအခါ သော



www.burmeseclassic.com

www.burmeseclassic.com

မှလာမည့် ဒေါ်ခင်ခင်လှတို့အဖွဲ့ကို စောင့်နေရသည်။ ဖုန်းလိုင်းများလုံးဝ မကောင်းသဖြင့် မက်ဆေ့ချ်ဖြင့်သာ အကြောင်းကြားရသည်။ နေ့လယ် (၁၂) နာရီတွင် ဒေါ်ခင်ခင်လှတို့ရောက်ပြီဟု သိရသဖြင့် သွားကြိုရသည်။ တည်းခိုရန် အတွက် ညီမဖြစ်သူ မခင်မာစိုးတို့အိမ် သို့ခေါ်ခဲ့သည်။ ထိုနေ့တွင် ကြာကြီးကွင်း ရှိ ရှမ်းကုန်းဘုန်းကြီးကျောင်းသို့သွား ကြရာ ဂမ္ဘီရပစ္စည်းများတွေ့ရသည်။

နောက်တစ်နေ့ (၁၂-၃-၂၀၁၃) နေ့မနက်တွင် အင်းတော်ကြီး ရွှေမဥ္ဇူ ဘုရားပွဲသို့သွားရန် ကားငှားကြသည်။ ဟိုပင်မှ အင်းတော်ကြီး၊ အင်းတော်ကြီးမှ တသာအထိ ကားအပြတ်ငှားရာ (၃၅၀, ၁၀၀) နှင့် စျေးတည့်သွားသည်။ မနက် စာမုန့်စားပြီးသည်နှင့် ကားဖြင့်ထွက် ခဲ့ရာ ဘေးပတ်ဝန်းကျင်ရှုခင်းများကို ကြည့်ရင်း လျော့ပါးလာသော သစ်ပင် များကို သတိပြုမိသည်။ နန့်မွန်းတောင် ပေါ်သို့တက်သောအခါ ယခင်ကာလ များက စိမ်းညို့အုပ်မှိုင်းသောသစ်ပင် များ အလွန်နည်းလာသည်ကိုတွေ့တော စိတ်မကောင်းဖြစ်ရသည်။

နန့်မွန်းတောင်ထိပ်သို့ရောက်သော အခါ အလှူခံနေသော ရသေ့လေးနှင့် တွေ့သဖြင့် စကားပြောကြရင်း နန့်မွန်း တောင်ပေါ်တွင် သာသနာပြုနေသော သူ့အကြောင်းများကိုသိရသည်။ ပင်လယ် ရေပြင်အထက် ပေ (၁၀၀၀)ကျော်မြင့် သောတောင်ထိပ်တွင် ခေတ္တအနားယူ ရင်း မှုန်ပျပျမြင်နေသည့် အင်းတော်ကြီး အင်းကို ငေးမျှော်ကြည့်မိသည်။ ဘုရား




ညအခါ ဘုရားဖူးလာကြသူများ



ဘုရားကို မီးပူဇော်နေသော ဘုရားဖူးများ



မှုသိုးမပုံတော်



အင်းပြင်ကိုဖြတ်၍ နန့်မီးလောင်ရွာသို့အသွား



နန့်မီးလောင်ရွာမှ ထူးခြားသော ငှက်ပျောနိုင်



လွှဲမွန်ရာသို့ ဘုရားဖူး



အင်းရေပြင်မှ ရေရေချင်ငှက်များ

www.burmeseclassic.com




ဆင်နိုင်ဘွဲ့တောင်ခြေမှ အောင်မြင်သာရွာ



တည်းခိုရာစားသောက်ဆိုင်ရှေ့ အမှတ်တရ






မြစ်ကြီးနားရောက် အမှတ်တရ



ဘုရားဖူးလာကြသော ပလောင်တိုင်းရင်းသားများနှင့် အမှတ်တရ

ဖူးကားများ၊ ဆိုင်ကယ်များဖြင့် စည်ကားလှသည်။ ကျွန်တော့်အမေ၏ မွေးဇာတိ အင်းတော်ကြီးအိုင်ကိုကြည့်ရင်း အမေတို့မောင်နှမများ၊ ဆွေမျိုးများအကြောင်း စဉ်းစားမိသည်။ ကသာမြို့နယ် မိုးတားလေးရွာဇာတိ အဘိုးဖြစ်သူက မုံရွာသူ အဘွားနှင့် အကြောင်းပါပြီး အင်းတော်ကြီးအင်းဘေးရှိ ချောင်းဝရွာတွင် တစ်သက်လုံးနေထိုင်သွားခဲ့ပုံများ၊ အမေတို့မောင်နှမများအားလုံး အင်းတော်ကြီး ချောင်းဝရွာတွင် မွေးဖွားကြီးပြင်းလူလားမြောက်ခဲ့ကြပြီး အဘိုးမောင်နှမအားလုံး ရွှေ့ပြောင်းခဲ့သည်များကို အမှတ်ရမိသည်။

အမေကတော့ ဝန်ထမ်းဖြစ်သူ အဖေ့နောက်လိုက်ပါရင်း ကသာမြို့မှာပဲ အဖေရော အမေပါ ခေါင်းချခဲ့သည်များကိုတွေးမိရင်း ဘာကိုလွမ်းရမှန်းမသိဖြစ်လာသည်။ နန့်မွန်းတောင်တွင် အမှတ်တရဓာတ်ပုံများရိုက်ကူးရင်း ရသေ့လေးကိုနှုတ်ဆက်၍ အပြန်တွင်ဝင်မည်ဟု ကတိပေးပြီးထွက်ခဲ့သည်။ အင်းတော်ကြီးဘုရားသည် ဟိုပင်မှ ကားလမ်းအတိုင်း မိုင်(၁၀)ကျော်သာရှိသော်လည်း ဘာမှမပြုပြင်ဘဲ တံတားလေးကားလမ်းကြောင့် နေ့တစ်ဝက်နီးပါးမောင်းရသည်။ ဖုန်လုံးကြီးများ၊ ချိုင့်ခွက်ကြီးများ၊ ကျောက်တုံးအဖုအထစ်များကိုဖြတ်သန်းရင်းမောင်းရသဖြင့် အချိန်ကြာရခြင်းဖြစ်သည်။ ဘုရားပွဲကျင်းပနေရာရောက်တော့ ကားရပ်ရန်နေရာကိုပင် မနည်းရှာရသည်။ တည်းခိုခန်းများကိုလိုက်မေးရင်း စိတ်ထဲမှအဆင်ပြေမည့်နေရာတစ်ခုကိုရွေးမိသည်။ တစ်ခန်း(၁၅၀၀၀)နှင့် (၂) ခန်းယူလိုက်သည်။ ကျွန်တော်နှင့် ပစ္စည်းများကတစ်ခန်း၊ ဒေါ်ခင်ခင်လှ မဧပရယ်နှင်း၊ မသီတာတို့က တစ်ခန်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သည်။ စာအသောက်ဆိုင်နှင့်တွဲလျက်ဖွင့်ထားသဖြင့် အဆင်ပြေလှသည်။

ရေမိုးချိုး၊ ထမင်းစားပြီးသည်နှင့် ဘုရားကိုအရင်သွားဖူးကြသည်။ ဘုရားရင်ပြင်တော်ပေါ်တွင်ထိုင်ရင်း ဘောပတ်လည်မှရေပြင်ကြီးကို ငေးမောမိသည်။ တောင်၊မြောက်အလျား(၁၆)မိုင်၊ အရှေ့၊အနောက် (၈)မိုင်ကျယ်ဝန်းသော အရှေ့တောင်အာရှ၏ အကြီးဆုံးကုန်းတွင်းရေအိုင်အကြောင်း စဉ်းစားမိသည်။ အင်းတော်ကြီးအင်းသည် မြောက်လတ္တီကျူ (၂၅) ဒီဂရီနှင့် (၂၆) ဒီဂရီအကြား၊ အရှေ့လောင်ဂျီကျူ (၉၆၂) ဒီဂရီနှင့် (၉၇) ဒီဂရီ အကြားတည်ရှိ၍ ကချင်ပြည်နယ် မိုးညှင်းခရိုင်အတွင်း တည်ရှိသည်။ ပင်လယ်ရေပြင်အထက် (၅၄၆) ပေမြင့်သောနေရာတွင်တည်ရှိ၍ ဘောပတ်လည်တွင် ပေ(၁၀၀၀)မှ ပေ(၄၀၀၀)ထိမြင့်သောတောင်များ ဝန်းရံလျက်ရှိသည့် ချိုင့်ဝှမ်းကြီး ဖြစ်သည်။ ဘောပတ်ဝန်းကျင်ရှိတောင်များမှ စီးဆင်း၍ အင်းတော်ကြီးအင်းသို့ စီးဝင်သော ချောင်းမှာ (၁၂) ချောင်းရှိ၍ အင်းတော်ကြီးမှ ချောင်းတစ်ခုတည်းသာ ပြန်စီးထွက်သဖြင့် ရေဝင်များပြီး ရထွက်နည်းသည်ဟု ဆိုရမည် ဖြစ်သည်။ တစ်နှစ်ပတ်လုံး မိုးရေချိန် (၇၀) လက်မရှိသဖြင့် မိုးများသည်ဟု ဆိုနိုင်သည်။ အင်းပတ်လည်တွင် ကျေးရွာအုပ်စု (၁၁) ခုရှိ၍ ကျေးရွာ(၁၄)ရွာရှိပြီး အချို့ကျေးရွာများမှာ အကြောင်းအမျိုးမျိုးကြောင့် ပျောက်ကွယ်ခဲ့ကြောင်း သိရသည်။

အင်း၏ ရေအနက်မှာ ပျမ်းမျှပေ (၂၀) ခန့်နက်ပြီး အနက်ဆုံးနေရာမှာ (၆၅) ပေခန့်ရှိကြောင့်လည်း သိရသည်။ ၁၉၉၄ခုနှစ်၊ မတ်လ ၄ ရက်မှစတင်၍ အင်းတော်ကြီးဘောမဲ့တောကို သစ်တောကြိုးဝိုင်း (၅) ခု၊ ရေပြင်ဧရိယာ (၁) ခု ပေါင်း (၆) ခုဖြင့် ထိန်းသိမ်းခဲ့သည်။

အင်းတော်ကြီးအင်းနှင့်ပတ်သက်သောရာဇဝင်ထဲတွင် သာသနာတော်နှစ် ၂၃၀ ပြည့်နှစ်တွင် ရောပတ္တနဂါးမျိုးသားအဖ(၃)ဦးနှင့် နဂါးပေါင်း(၃၈၀၁၂)တော်တို့သည် ဘောဂဝတီနဂါးပြည်မှနယ်မြေ


ဆရာရဲရင့်အောင် (မြစ်ကြီးနား)
နက္ခတ္တဝေဒပညာရှင်


အင်းရေပြင်ကိုနောက်ခံထား၍ အမှတ်တရ









အင်းတော်ကြီးအင်းမှ ငှက်များ



www.burmeseclassic.com

www.burmeseclassic.com



အင်းတော်ကြီးဒေသ ကောင်းကင်ဓာတ်ပုံမြင်ကွင်း

သစ်ရှာဖွေရန် ထွက်ခွာခဲ့သည်ဟုဆို၏။ မြန်မာနှစ် ၂၆၄ ခုတွင် အိမ်မြေကိုးသန်း ရှိသော ပစ္စန္တရက္ခာဂုရှုတိုင်းတွင် အိမ်ခြေ တစ်သောင်း၊ ကျောင်းပေါင်းတစ်ထောင် ရှိသော ဥတ္တရဋ္ဌာနီ၊ စည်ခမ်း(ရှမ်းအခေါ် မြို့ကို တည်ထောင်တော်မူ၍) နောင် တွင် ဥတ္တရစောဖွါး (ဗမ်သီမျိုး၊ စောင် ဆေးဖိတ်၊ ကျားဖြူ) မင်း စိုးစံအုပ်ချုပ် ခဲ့သည်။

မြန်မာနှစ် ၃၆၀ ပြည့်နှစ်၊ ဘီစီ ၁၈၄ တွင် တောင်၊ မြောက်အလျား (၁၆) မိုင်၊ အရှေ့၊ အနောက် (၈) မိုင် ကျယ်ဝန်းသောအင်းကြီးကို ရေနတ်နဂါး တို့၏ ဘုန်းတန်ခိုးဖြင့် ဖွဲ့တည်ခဲ့သည်ဟု အခိုင်အမာဆိုထားသည်။ နဂါးမင်းသား များသည် အင်းဖွဲ့ရန်ချိန်တတ်လာရာမှ ကသာခရိုင် အင်းတော်မြို့တွင် အင်း တစ်အင်း၊ နောင်တွင် အင်းတစ်အင်းဖွဲ့ ပြီးနောက် ယခုအင်းတော်ကြီးအင်းဖွဲ့ မည့်နေရာသို့ရောက်သောအခါ ထမ်သီ ရှမ်းတိုင်းရင်းသားတို့နေထိုင်ရာ စည်ခမ်း မြို့ကိုကြည့်၍ ရွှေတောင်အရှင်ကြီးထံ ရောက်သွားလေ၏။

ရွှေတောင်အရှင်ကြီးက -

"အသင်နဂါးမင်းသား၊ အဘယ် ကိစ္စများနှင့်လာခဲ့ကြသနည်း"

ဟု မေးမြန်းသောအခါ -

"ကျွန်ုပ် သည် မဲသီလူမျိုး (ဥတ္တရ စောဖွါ)မင်း စိုးစံသော စည်ခမ်းမြို့ကို အင်းဖွဲ့ရန် အလွန် နှစ်သက်ပါသည်။ သနားသဖြင့် ခွင့်ပြုပေးပါရန်"

လျှောက်ထားသောအခါ ရွှေ တောင်နတ်မင်းကြီးက -

"ငါတစ်ဦးတည်းမပြီးနိုင်ပါ။ လွဲ အိမ်တော်အရှင် စက်ခါတော်အရှင်ကြီး တို့နှင့် တိုင်ပင်ညှိနှိုင်းပြီးမှ အခွင့်ပြုမည်"

ဟု အမိန့်ရှိလေသည်။

ထို့နောက် ရွှေတောင်အရှင်ကြီး က လွဲအိမ်တော်အရှင်၊ စံကားဝါတောင် အရှင်စသောနတ်တို့ကို အစည်းအဝေး ဖိတ်၍ ထမ်သီလူမျိုးနေထိုင်ရာ ဥတ္တရ ဋ္ဌာနီ စည်ခမ်းမြို့ကို နတ်နဂါးတို့အင်းဖွဲ့ ရန် တောင်းဆိုထားသည်ကို ပေးသင့်၊ မပေးသင့် စည်းဝေးကြရာ အသီးသီး သော နတ်မင်းများက ဤဥတ္တရဋ္ဌာနီ မြို့သား ထမ်သီလူမျိုးများသည် ငါတို့၏ အခြွေအရံ ကျေးကျွန်ဖြစ်သော သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်တို့ကို အမြဲပစ် ခတ် သတ်ဖြတ် စားသောက်ကြပြီး အလွန်ဆိုးဝါးကြသည်။ တရားလည်း မကပ်ကုန်။ အာရုံငါးပါးကာမဂုဏ် တရားတို့ကိုသာ မွေ့လျော်ပျော်ပါး နေ့ ရက်ကုန်လွန်စေသည်။ သူတို့ထံ မြို့ကို အင်းလွဲရန် သဘောတူကြကြောင်းပြော ကြလေသည်။ အစည်းအဝေးပြီးလျှင် ရွှေတောင်အရှင်ကြီးက နဂါးမင်းသား တို့ကိုခေါ်၍ အင်းဖွဲ့ရန် ကန့်ကွက်မှုမရှိ ကြောင်း ပြောလေ၏။

အင်းရေပြင်ကိုဖြတ်၍ စက်လှေ ဖြင့် နန့်မီးတောင်ရွာ နှီးဘုရားသို့သွား ရင်း အင်းကြီးဖြစ်ပေါ်လာပုံသမိုင်းကို တွေးမိသည်။ ဤအင်းကြီးသည် ကမ်း မမြင်လမ်းမမြင် ကျယ်ဝန်းလှသဖြင့် ကုန်းတွင်းပင်လယ်အငယ်စားလေးဟု တင်စားနိုင်သည်။ အမေတို့မောင်နှမများ ဇာတိချက်မြုပ် အင်းတော်ကြီးအင်း အကြောင်းကတော့ ငယ်စဉ် ကလေး ဘဝကတည်းက အမေက အမြဲပြောပြ ၍ နှလုံးသားထဲ စွဲမြဲစွာမှတ်မိနေသည်။

အမေတို့ငယ်စဉ် ကလေးဘဝက အင်းတော်ကြီးအင်းအတွင်းမှ အခိုးအ ငွေ့များ ကောင်းကင်လျှံထွက်လာသည် ကို အမေတို့မြင်တွေ့ရပုံ၊ ထိုအခိုးအငွေ့ များသည် နဂါးမှအခိုးအငွေ့ထုတ်လွှတ် သည်ဟု ဒေသခံများက ယုံကြည်ကြပုံ များကို အမေပြောပြ၍ မှတ်မိနေသည်။ အင်းတော်ကြီးအင်းတွင် နတ်ကြီးသည် ဟု လူအများ ယုံကြည် ကြောက်ရွံ့ကြ သည်များကိုလည်း သတိရမိသည်။ အမေ၏ ဇာတိမြေ အင်းရေပြင်ကိုဖြတ် ရင်း ရေထဲလက်နှစ်ကြည့်ရာ အေးမြ သော ရေအေး၏ အထိအတွေ့ကြောင့် စိတ်ထဲအေးမြသွားသည်။ နန့်မီးတောင် ရွာထဲရောက်ပြီး နှီးဘုရားသွားဖူးသည်။ ပြီးနောက် စက်လှေဖြင့် လွဲမွန်ရွာဘက် သို့လာခဲ့သည်။

ထွက်ပြေးခဲ့သော အဒေါ်အို မုဆိုးမသည် ယခု လွဲစွန့်ခေါ်အင်း၏ အနောက်ဘက်တွင်ရှိသော ကုန်းမြင့် ပေါ်သို့ရောက်ရှိ၍ မိမိနေခဲ့သောတိုင်း ပြည်ကိုပြန်၍မျှော်ကြည့်သည်ကို ရှမ်း ဘာသာဖြင့် 'မုန်' ဟုခေါ်သည်။ ကုန်းမြင့် တောင်ထိပ်ကို 'လွဲ' ဟုခေါ်၏။ နှစ်လုံး ပြောင်းပြန်တွဲလိုက်တော့ လွဲမုန်ဟု အဓိပ္ပာယ်ရသည်။ ကာလနှစ်ပေါင်းကြာ သောအခါ အခေါ်အဝေါ်အနည်းငယ် ပြောင်းလဲလာသဖြင့် မုန်ကို မွန်ဟုခေါ် ပြီး လွဲမွန်ရွာတွင် မုဆိုးမဈေတီတည်ဖြစ် သောအကြောင်းကလည်း ထူးခြားနေ လေသည်။ အဒေါ်အိုမုဆိုးမသည် အင်း ဖွဲ့ခြင်းမှ လွတ်မြောက်လာပြီးနောက် ထို တောင်ကုန်းတွင်ပါလာခဲ့သော ဆွေမျိုး ရင်းချာများနှင့် အတူတကွ နေထိုင်ရင်း သက်တမ်းစေ့သောအခါ ကွယ်လွန်ခဲ့ သည်။ ကွယ်လွန်ခဲ့သော ဆွေမျိုးများနှင့် အတူ နတ်ဘဝဖြင့်အတူတူနေထိုင်ခဲ့ရာ မြန်မာနှစ် ၁၃၁၁ ခုနှစ်၊ (မုဆိုးမသည် အဘယဂိရိတောင်ကုန်းသို့ ရောက်ပြီး သည့်နောက် နှစ်ပေါင်း ၂၁၃၃ ခုနှစ်ကြာ တွင်) ဝါဆိုလဆန်း ၄ ရက်၊ (၂၈-၆- ၁၉၄၉)၊ အင်္ဂါနေ့ ည (၁၁) နာရီတွင် နန့်ပဒဲဘုန်းတော်ကြီးအား -

"တပည့်တော်သည် ဥတ္တရဋ္ဌာနီ စည်ခမ်းမြို့ကြီးအင်းဖွဲ့မည့်နေ့ရက်တွင် သမီးနှင့်မြေး၊ ဆွေမျိုးရင်းချာအနည်းငယ် မျှနှင့် ယခုလွဲမွန်ရွာတောင်ဘက် အဘ ယဂိရိကုန်းဟုခေါ်သောကုန်းပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com

ထွက်ပြေး၍ သေဘေးမှလွတ်မြောက်ပြီး အသက်ထက်ဆုံးနေ၍ သေဆုံးပြီးသော အခါ နတ်အဖြစ်သို့ရောက်ကာ လွဲမွန်ရွာ တောင်ထိပ်တွင် ချမ်းသာစွာ နေရပါ သည် ဘုရား။ တပည့်တော်မပြေးတက် ခဲ့ရသောကုန်းသည် ရေဘေးမှလွတ် မြောက်ရာဌာန ဖြစ်သောကြောင့် ဤ ကုန်းတွင် တပည့်တော်မ ဘုရားတစ်ဆူ တည်လိုပါတယ်ဘုရား။ သို့သော်လည်း နတ်ဘဝနှင့်တော့ ဘုရားတည်ရန်မဖြစ် နိုင်ပါ။ အရှင်မြတ်ကသာ တပည့်တော်မ နှင့် သမီးမြေးတို့ကို ရည်စူး၍ တည်ပေး တော်မူပါဘုရား"

ဟု အိပ်မက်ပေးလေသည်။

အိပ်မက်ထဲတွင် နန့်ပဒဲဘုန်းတော်ကြီးက -

"ဘုရားတည်စေလိုတာကတော့ ကောင်းပါတယ်။ ဘုန်းကြီးမှာ ဘုရား တည်ရန် ငွေမရှိပါဘူး"

ဟု မိန့်တော်မူလျှင် မုဆိုးမက ပြန် လျှောက်သည်မှာ -

"ဝတ္ထုငွေအတွက် မစိုးရိမ်ပါနှင့် ဘုရား။ ပြည့်စုံနိုင်တဲ့နည်းကို တပည့် တော်မလျှောက်ပါမည်။ ဘုန်းကြီးကို စောင့်လျှင် ကုန်းငယ်အတွက် နှောင့်နှေး သွားမည်ဘုရား။ တတ်နိုင်သလောက် ကုသိုလ်ပါဝင်ထည့်လှူကြပါစေ။ ထည့် ဝင်လှူဒါန်းကြတဲ့ငွေကို လက်နှင့်ခံတော် မမူပါနှင့်။ ရေစဉ့်အိုးဖြင့်ခံ၍ ထည့်လှူ ကြပါစေ။ငွေစက္ကူဖြစ်လျှင် ငွေစက္ကူထည့် ရန် သေတ္တာဖြစ်စေ (သို့) သင့်လျော် သောဝတ္ထုတစ်ခုခုနှင့်ခံထားပါ ဘုရား။ အလှူပါဝင်သည့် အလှူရှင်တို့၏အမည် စာရင်းကို သေချာစွာ စာရင်းမှတ်ထား တော်မူပါ။ စာရင်းကိုလိပ်ပြီးလျှင် ဘုရား စေတီတော်ဌာပနာတိုက်၏ အနောက် ဘက် အပေါက်တစ်ပေါက်လုပ်ထားပါ။ ဌာပနာသွင်းသောအခါ အလှူရှင်စာရင်း ကို အတွင်းသို့ ထည့်သွင်းတော်မူပါ ဘုရား။ နောင်စေတီတော်တည်ပြီးလျှင် သာဓုအနုမောဒနာပြုမည့်အခါ သောတာ နံ့ပုဂ္ဂိုလ်မှ အလှူရှင်နာမည်စာရင်းကို ဖတ်ပါစေဘုရား။ သာဓုခေါ်မည့်အခါ တပည့်တော်မကို ခေါ်ပေးပါ ဘုရား။ သာဓုအနုမောဒနာခေါ်ပြီးလျှင် အဓိပတိ သစ်ပင်ညောင်ပင်ကြီးသော် လည်း ကောင်း၊ တကောင်းရေစက်နှင့် ညောင် ရေအိုးကပန်းတွေပါသွန်း၍ အမျှဝေပေး ပါ ဘုရား။ စေတနာဖြူစင်စွာဖြင့် တတ် နိုင်သလောက် ကုသိုလ်ပါဝင်ထည့် လှူကြသူများသည် သာဓုအနုမောဒနာ ခေါ်ပြီးလျှင် (၇) ရက်သာ သက်သတ် လွတ်စား၍ ဥပုသ်စောင့်၊ သမထဝိပဿ နာ ဘာဝနာကိုပွားများပါလျှင် ရတနာ ရွှေမိုး ငွေမိုးသွန်း၍ ကြွယ်ဝချမ်းသာကြ ပါမည်ဘုရား"

ဟု အိပ်မက်နှင့်လျှောက်ထားလေ သည်။

နန့်ပဒဲဆရာတော်ကြီး ဦးဝါယမ အား အိပ်မက်သုံးကြိမ်တိုင်တိုင်ပေးသည့် အတွက် မနေသာတော့ဘဲ လွဲမွန်ကျောင်း (ဂိုဏ်းချုပ်)ဆရာတော် ဦးပညာသာမိထံ လျှောက်ထားရတော့သည်။ ဂိုဏ်းချုပ် ဆရာတော်ကြီးက ရပ်ရွာဒါယကာများ နှင့် ညှိနှိုင်းတိုင်ပင်ကြပြီး စေတီတော် တည်ထားရေးကို စီစဉ်ဆောင်ရွက်တော် မူသည်။ မြန်မာနှစ် ၁၃၁၁ခု၊ နတ်တော် လဆန်း ၈ရက် (၂၇-၁၁-၁၉၁၉)၊ တနင်္ဂ နွေနေ့ နံနက် (၈) နာရီတွင် ပန္နက်တော် ချပြီး ဖိနပ်တော် (၈) တောင်ထား၍ 'မုဆိုးမစေတီတော်' ဟူသော ဘွဲ့တော် အမည်ကို ဂိုဏ်းချုပ်ဆရာတော် ဦးပညာ သာမိက ဦးစီးနာယက ဆောင်ရွက် တည်တော်မူသည်။ နတ်တော်လဆန်း ၁၅ ရက်၊ (၄-၁၂-၁၉၄၉)၊ တနင်္ဂနွေနေ့ နံနက် (၈)နာရီတွင် ဗုဒ္ဓဓာတ်တော်မွေ တော်များ၊ ရွှေ ငွေကျောက်ရတနာများ ဌာပနာထိုက်သော ပစ္စည်းများကို ပွဲ သဘင်ကျင်းပ၍ ဌာပနာပိတ်ကာ စေတီ တော်အား ဆက်လက် တည်တော်မူ သည်။ ထိုနှစ် တပေါင်းလဆန်း ၁၄ ရက် (၁-၃-၁၉၅၀) ဗုဒ္ဓဟူးနေ့နံနက် (၇) နာရီ အချိန်တွင် ထီးဒါယကာ ဦးသာဖေ ဒေါ်မဖဲတို့က လှူဒါန်းသော ထီးဝံ (၁)ပေ၊ (၆)လက်မရှိသောထီးတော်ကို ကြီးကျယ်ခမ်းနားစွာထီးတင်လှူတော်မူ သည်။ ဤတောင်ကုန်းပေါ်တွင် ငွေမဥ္ဇူ စေတီတော်နှင့် မုဆိုးမစေတီနှစ်ဆူရှိရာ ငွေမဥ္ဇူကအရင်တည်ခြင်း ဖြစ်သည်။

လွဲမွန်တောင်ကုန်းပေါ်မှ အင်းရေ ပြင်ကို လှမ်းမျှော်ကြည့်ရင်း အတွေးနယ် ချဲ့မိသည်။ ဤအင်းကြီးကိုအမှီပြု၍ ရွာ ပေါင်းများစွာ အသက်ရှင်ကြသည်။ သတ္တဝါပေါင်းများစွာ ရှင်သန်ကျက်စား ကြသည်။ သစ်ပင်ပေါင်းများစွာ ပေါက် ရောက်ကြသည်။ သစ်ပင် (၈၅) မျိုး၊ ဘယဆေး (၃၆ )မျိုး၊ ဝါးမျိုး (၁၁) မျိုး၊ မြက်အမျိုးအစား(၁၄) မျိုး၊ ကြိမ်(၅)မျိုး၊ သစ်ခွ (၇၀) မျိုးတို့ ပေါက်ရောက်ကြ သည်ဟု သိရသည်။ တောရိုင်းတိရစ္ဆာန် များအနေဖြင့် နို့တိုက်သတ္တဝါ(၁၇)မျိုး၊ အာရှဆင်၊ ကျားသစ်၊ ကြောင်မင်း၊ စိုင်၊ ပြောင်၊ ဆတ်၊ ဒရယ်၊ မျောက်လွှဲကျော်၊ မျက်ခုံးဖြူ သစ်တောငှက်မျိုးစိတ် (၃၅၀) မျိုး၊ (အောင်လောင်၊ လင်းတ၊ ဒေါင်း၊ ရစ်ငှက်မျိုးများ)၊ ရေပျော်ငှက် (၉၉) မျိုး၊ (ငှက်ကြီးဝန်ပို၊ ကြိုးကြာခေါင်းနီ၊ ကြိုး ကြာခေါင်းမည်း)၊ ကုန်းနေရေနေသတ္တ ဝါ (၈၈) မျိုး၊ ငါးမျိုးစိတ် (၈၀) မျိုး၊ လိပ်ပြာ (၅၀) မျိုးတို့ ရှိကြောင်း သိရ သည်။ လွဲမွန်ရွာမှ အင်းတော်ကြီးရွှေမဥ္ဇူ ဘုရားသို့ စက်လှေက ဦးတည်ပြီးမောင်း လာတော့ ဘုရားကိုကြည်ညိုပြီး စိတ်မှာ ရည်မှန်းကန်တော့မိသည်။ တစ်ချိန်က ဤအင်းကို မည်သည့်လှေမျှဖြတ်သန်း လို့မရအောင် ကြမ်းတမ်းခဲ့သည်ဟု ဆို သည်။ အင်းတော်ကြီးအရှင်သခင် ကြမ်း တမ်းသည်ဟု လူတို့ကအယူရှိကြသည်။

ထို့ကြောင့် လူအများသည် အင်း ကမ်းဘေး သီတင်းသုံးသော တောရ ဆရာတော် ဦးညီသူကို အကြောင်းစုံ လျှောက်ထားကြရာ ဆရာတော်က -

"ကောင်းပါပြီ ဒကာတို့။ သစ္စာ၊ မေတ္တာကို အားထားပြီး အင်းတော်ကြီး အရှင်သခင်ကို ကျွန်ုပ်တောင်းပန်မည်။ သင်တို့စိုးရိမ်ပူပန်ခြင်းမရှိကြကုန်နှင့်"

မိန့်ကြားလေသည်။

တောရဆရာတော် ဦးညီသူသည် ထွက်ရပ်ပေါက် (သို့) ဝိပဿနာကမ္မ ဌာန်းပေါက်မြောက်သော ပုဂ္ဂိုလ်ထူးဟု ထင်ရှားကျော်ကြားသောရဟန်း ဖြစ် သည်။

တစ်နေ့သောအခါ ဆရာတော် သည် လောင်းလှေတစ်စင်းပေါ်တွင် ကျောက်တုံးငယ်သုံးလုံးတင်ကာ -

"ဤကျောက်တုံးငယ်တို့သည် အင်းပြင်ထဲသို့ သယ်ဆောင်သွားကာချ ထားအပ်သောနေရာသည် နောင်အနာ ဂတ်ကာလ၌ ဗုဒ္ဓသာသနာတော်ထွန်း ကားရာ မြတ်စွာဘုရား၏သရီရဓာတ် တော်မွေတော်များကိန်းဝပ်ရာ၊ စေတီ တော်တည်ရာဌာန ဖြစ်ပါစေသတည်း။ ကျွန်ုပ်တို့အား ဘေးမသီရန်မခပါစေ သတည်း"

ဟု အဓိဋ္ဌာန်ပြုတော်မူသည်။

လောင်းလှေကို ဘုန်းကြီးကျောင်း သားတို့အား လှော်ခတ်စေလျက် ဆရာ တော်သည် လောင်းလှေဦးတွင် မတ် တတ်ရပ်ကာ ဖာနန်းမုံ (ကျောင်းတိုက်) (သို့) လွဲနန်းမုံ (လွဲမွန်) ဒေသမှ စတင် ထွက်တော်မူသည်။မည်သူတစ်ဦးတစ် ယောက်မှမဖြတ်ဝံ့သော အင်းတော်ကြီး ရေပြင်ကို ဆရာတော် ဖြတ်သန်းနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

လေကတဟူးဟူးတိုက်လာ၏။ တောင်းကင်တစ်ပြင်လုံး မိုးသားတိမ်တိုက်များဖြင့်မှောင်လာသည်။ အင်းရေပြင်သည် လှိုင်းလုံးကြီးများဖြင့် တဝေါဝေါမြည်လာလေသည်။ လှိုင်းလေကြားထဲ မိုးကြီးသည်းထန်စွာရွာသွန်းလေသည်။

ဆရာတော် ဦးညီသူသည် လှိုင်းလေကြားထဲ လောင်းလှေကိုဆက်လက်လှော်ခတ်စေခဲ့ရာမှ -

"ဤကျောက်တုံးငယ်သုံးလုံး ချထားအပ်သောနေရာမရှိပါက၊ တစ်စုံတစ်ရာ ထူးခြားမှုမပြဘဲ ချထားအပ်သောနေရာရှိပါက ထူးခြားမှုဖြစ်စေသတည်း"

ဟု အဓိဋ္ဌာန်ပြုလေသည်။

ထိုအခါ ကြီးမားသော ရေသတ္တဝါကြီးတစ်ကောင်သည် အင်းကို ကန့်လန့်ဖြတ်၍ လှေကိုတားဆီးလေသည်။ တစ်စုံတစ်ခုသော သဲသောင်ပြင်မို့မို့လေးကိုလည်း မြင်လိုက်ရသဖြင့် လှေကိုလှော်ခတ်စေ၍ သဲသောင်ပြင်သို့ ရောက်သောအခါ ဆင်းသက်ပြီး သောင်ပြင်ထိပ်တွင် တောင်ဝှေးဖြင့် တောက်လေသည်။

ဆရာတော်သည် -

"နောင်သာသနာတော် ထွန်းလင်းတောက်ပမည့် ဒေသ၊ စေတီ ပုထိုးတည်ရှိမည့်နေရာ"

ဟု ရေရွတ်၍ ကျောက်တုံးသုံးတုံးကို သဲသောင်ပြင်ထိပ်တွင် ချထားတော်မူသည်။ မိုးသက်လေပြင်းနှင့် လှိုင်းများငြိမ်သက်သွားသဖြင့် ဆရာ၊ ဒကာများ ပြန်လည်တွေ့ကြရာ အားလုံးက ပျော်ရွှင်ဝမ်းမြောက်ကြလေသည်။ ထိုအချိန်မှစပြီး အင်းတော်ကြီးရေပြင်ပေါ်တွင် လှေများဖြင့်ကူးသန်းလှော်ခတ်သွားလာကြသည်ဟု ဆို၏။

တောရကျောင်းဆရာတော် အဓိဋ္ဌာန်ဖြင့် တောင်ဝှေးစိုက်ထူသောနေရာနှင့် ကျောက်တုံးငယ်သုံးလုံးချထားတော်မူသောနေရာသည် နောင်အခါ ရွှေမဥ္ဇူစေတီတော် တည်ထားတော်မူသောနေရာဒေသဖြစ်လေသည်။ မြန်မာနှစ် ၁၂၃၀ ပြည့်နှစ်မတိုင်မီ တောရဆရာတော် ဦးသောဘိတ (လူအမည် ဦးသာအေး) ကို ရေပေါ်မီးကျောင်း၌ သီတင်းသုံးရန် ရပ်ရွာဒကာ၊ ဒကာမများက ပင့်ဆောင်ခဲ့ကြသည်။ ဆရာတော်က နောင်တွင် အင်းတော်ကြီးဘုရားဒကာများဖြစ်လာမည့် ဦးသာမြတ်၊ ဦးရင်ငို၊ ဦးသာဘိုး၊ ဦးမြတ်စံတို့နှင့် ဘုရားတည်ရေးကိစ္စဆွေးနွေးရာ အင်းတော်ကြီးမှ ဒကာများက ဝမ်းပန်းတသာကြိုဆိုကြသည်။စေတီတော်ဘုရားတည်ရန် နေရာရွေးချယ်သောအခါ မြောက်ဘက်လားသော် ရေပြင်၊ အရှေ့ဘက်လားသော် ရေပြင်၊ တောင်ဘက်လားသော် ရေပြင်၊ အနောက်ဘက်လားသော် ရှည်လျားမိုးမြင့်(ကမ်းစပ်ထိ) သဲသောင်ခုံပြင်တန်းကြီးနှစ်တန်း (လူလမ်း၊ နတ်လမ်း) တို့ဖြင့် ဝန်းရံဗဟိုပြုသောကမ်းစပ်မှ (မြောက်ဘက်လူလမ်း ၂၇၆ တာ) ရှည်လျားသော သဲသောင်ခုံပြင်ထိပ်တွင် စေတီတော်ဘုရားတည်ထားရန် ဆုံးဖြတ်တော်မူသည်။

လိုအပ်သော အုတ်၊ထုံး၊အင်္ဂတေတို့ လုံလောက်အောင်စုဆောင်းပြီးသောအခါ မြန်မာနှစ် ၁၂၃၀ပြည့်နှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ ၂၀-၂-၁၈၆၉၊ စနေနေ့ (၁၁) နာရီတွင် ရွှေမဥ္ဇူစေတီတော် ရေလယ်ဘုရားကိုပန္နက်ချတော်မူသည်။ နေ့အချိန်တွင် လူသားများလုပ်အားပေးတည်ကြ၍ ညအချိန်တွင် နတ်များလုပ်အားပေးသောကြောင့် လျင်မြန်စွာပြီးစီးအောင်မြင်သဖြင့် လူတစ်ပိုင်းနတ်တစ်ပိုင်းတည်သောစေတီတော်ဟူ၍ ကျော်စောလေသည်။ ၁၂၃၁ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်၊ (၂၂-၄-၁၈၆၉)၊ ကြာသပတေးနေ့ (၁၀း၃၀) နာရီတွင် ရွှေအုတ်၊ ငွေအုတ်ချတော်မူသည်။ ၁၂၃၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ (၆-၅-၁၈၆၉)၊ ကြာသပတေးနေ့ (၁၀း၃၀)နာရီတွင် ဓာတ်တော်များနှင့် ရွှေ၊ ငွေ၊ ရတနာကျောက်မျက်ရတနာများဖြင့် ဌာပနာတော်မူလေသည်။ ပထမထီးတော်မြတ်ကို အများပြည်သူအလှူငွေဖြင့် မြန်မာနှစ် ၁၂၃၁ ခု၊ ပထမဝါဆိုလပြည့် ၈ ရက်၊ (၁-၇-၁၈၆၉၊ ကြာသပတေးနေ့) နေဝင် (၁၆း၀၀) နာရီတွင် တင်လှူသည်။ မြန်မာနှစ် ၁၂၃၁ ခုနှစ်၊ ပထမဝါဆိုလ၌ ထီးတော်တင်လှူပူဇော်ပွဲ ကျင်းပပြီးစီးလျှင် ထိုနှစ် တပေါင်းလဆန်း ၈ ရက်မှ (xxx) ရက်တိုင်အောင် ဗုဒ္ဓပူဇနီယ ပထမဆုံးသောပွဲတော်ကို ဆင်ယင်ကျင်းပလေသည်မှာ ယခုတိုင်အောင်ပင် ဖြစ်သည်။

ဘုရားသို့ စက်လှေဖြင့်ပြန်လာပြီး ဘုရားဖူးကြသည်။ အလှူငွေထည့်ပြီး ရေစက်သွန်းချအမျှဝေကြသည်။ လူအများကျိတ်ကျိတ်တိုး စည်ကားနေကြသည်ကိုတွေ့ရသည်။ ပြီးနောက် ဘုရားပွဲဈေးထဲလျှောက်လည်၍ အမှတ်တရပစ္စည်းများဝယ်ကြသည်။ ဘုရားပွဲသို့ဘုရားဖူးလာကြသော တိုင်းရင်းသားပေါင်းစုံကို ဝတ်စုံများဖြင့် တွေ့ရသည်။ ညသို့ရောက်သောအခါ ဘုရားဆီသို့သွားလာလမ်းသည် လူအများတိုးမပေါက်အောင် စည်ကားနေသည်ကို တွေ့ရသည်။ အင်းရေပြင်ကိုဖြတ်သန်း၍ တိုက်ခတ်သောလေပြည်ကိုရှူရှိုက်ရင်း ဘုရားကိုကြည်ညိုမိသည်။

မနက်အစောကြီးထ၍ ဘုရားဆီသို့သွားကာ ပဋ္ဌာန်းဖြင့် ရွတ်ဖတ်ပူဇော်ခဲ့ရသည့် ပီတိကိုလည်း ယခုတိုင် မမေ့နိုင်သေးပေ။ ဘုရားမှပြန်လာပြီးနောက် ပြန်ရန်ပြင်ဆင်ကြတော့သည်။ ဆိုင်ရှင်ကလေးမက တည်းခိုခန်းခလာတောင်းသဖြင့် ပေးရင်း စကားပြောကြည့်ရာ ကျွန်တော့်အမေ၏အစ်ကို ဦးကျောက်လုံး၏သမီးဖွင့်ထားသော စားသောက်ဆိုင်မှန်းသိရသည်။ ဆွေမျိုးများပြန်ဆုံမိခြင်း ဖြစ်သည်။ အစ်ကိုဝမ်းကွဲများနှင့် စကားပြောရင်း သူတို့ကျွေးခဲ့သော မနက်စာကိုစားပြီးနောက် ပြန်ခဲ့ကြတော့သည်။

ငှားထားသောကားဖြင့် ဟိုပင်သို့ အရင်ဝင်ပြီး ခဏနားကြသည်။ အင်းတော်ကြီးဒေသမှထွက်သောငါးဖြင့် ပြုလုပ်ထားသော ငါးကြီးချဉ်များဝယ်ကြသည်။ ပြီးနောက် နမ္မားသို့ဝင်ကာ အဘဘိုးမင်းခေါင်တည်ခဲ့သော ဖူးဘုရားသို့ ဝင်ရောက် ဖူးမြော်ခဲ့ရသည်။ ကသာသို့ အပြန်လမ်းကတော့ အတွေးများစွာဖြင့် ပြန်ခဲ့ရသောလမ်းဖြစ်သလို အေးချမ်းလှပေသည်။ ယခု ကျွန်တော်သွားခဲ့သော နေရာများသည် အဖေ၊ အမေတို့မွေးဖွားရာဇာတိများ အဖေ၊ အမေတို့နေထိုင်ခဲ့ရာနေရာများဖြစ်သဖြင့် ကွယ်လွန်ခဲ့ပြီးသော အဖေ ဦးစံတင်၊ အမေ ဒေါ်သင်ကြည်၊ အစ်မ ဒေါ်လှဲလှဲစန်း၊ အစ်ကို ဗိုလ်သက်လွင် (တေဇ-၁၂) တို့အား ကျွန်တော်ပြုခဲ့သောကုသိုလ်အပေါင်း[illegible] အား အမျှဝေပေးရင်း ကချင်ပြည်န[illegible] ဘုရားဖူးခရီးစဉ်ပြီးဆုံးခဲ့ရသည်။

*(အစစအရာရာ ကူညီသော [illegible] ကြီးနားမှ ဆရာရဲရင့်အောင်၊ ဦးထွန်း[illegible] (ရီရီထွန်း-ဆိုင်ကယ်ပစ္စည်းနှင့် ဂက်[illegible] အိုးအရောင်းဆိုင်)တို့အား သတိ[illegible] မှတ်တမ်းတင်အပ်ပါသည်။)*

အေးလွင် ([illegible]



www.burmeseclassic.com

www.burmeseclassic.com

# နေဝိဇ္ဇာ

## နာမည်များနှင့်ငြင်းခုံခြင်း



### ၁ အတိတ်လွင်ပြင်နှင့်ပြန်ဆက်ခြင်း

မိုးသားမကြူးသော တပေါင်း၊ တန်ခူး၏ ပူချက်ကဖြင့် လွန်လွန်းလှ၏။ လေကလည်း တစ်နေနေရာမှာ အလည်လွန်နေပုံရသည်။ ရွာအပြင်လယ်ကွင်းတွေဘက်မျှော်ငေးမိတဲ့အခါ မြေအပြင်က မှန်ချပ်တွေစီခင်းထားသည့်နှယ် တံလျှပ်တို့က တဖျပ်ဖျပ်လွန့်လူးလိပ်တက်နေသည်။ အဖေ့ဇာတိချက်မြှုပ်မြင်းကျွန်းရွာကလေး၊ ဘကြီးဘုန်းတော်ကြီးဦးမေဓာဝီခေါင်းချခဲ့သောရွာကလေး၊ အမေ့ဇာတိကလည်း သည်ခင်ဦးမြို့နယ်အရှေ့ဘက်ရှိ ရွာစဉ်ရွာမို့ သိပ်မဝေးပါ။ ဆိုင်ကယ်တစ်စင်းနှင့် လွန်းပျံကဲ့သို့ သွားလိုက်၊ ပြန်လိုက်ဖြင့် အတိတ်၏အငွေ့အသက်တွေကို လိုက်ဖမ်းနေမိသည်။ ဘကြီးဘုန်းကြီးနှင့်အဖေတို့ရှိစဉ်ကတော့ ကြည်နူးဖွယ်အတိပင်။ ယခုလောက်စည်ကားခဲ့ပေမယ့် ပညာတွေ၊ အသိတွေက သင်ယူ၍မကုန်နိုင်။ ဦးနှောက်အတွက် စည်ပင်ဖွံ့ဖြိုးစေသော ရတနာတွေ တို့ရောက်တိုင်းလည်း ဖြည့်ဆည်းနေလေ့၊ ရလေ့ရှိမြပင်။

အဖေ့ဘက်အမျိုးတွေသည် သည်ဘက်နယ်တွင်ထင်ရှားပါသည်။ မြင်းထောင်း၊ သာဝတ္တိ၊ မုံလှ၊ ရေဦး၊ ခင်ဦးတစ်လျှောက်၌ မြင်းကျမြောက်ကျောင်းဆရာတော်နှင့် အဖေရဲ့နာမည်ဦးရှောင်ဆိုသည်ကို လူကြီးပိုင်းတွေက သိနေကြ၏။ သိကြတာကလည်း အင်္ဂလိပ်၊ ဗေဒင်၊ အင်း၊ ဆေး စသည့်လောကီဝိဇ္ဇာရဲ့ ပညာရပ်များ နှံ့စပ်ကျွမ်းကျင်သည်တို့အတွက် အလေးထား ဆက်ဆံတတ်၍ ဖြစ်ပါသည်။ အေးလေ၊ နှစ်တွေဖြင့်ရေတွက်ကြည့်လျှင် ၁၉၂၀မှ ၁၉၉၀ ပြည့်နှစ်အတွင်းဆိုတော့ နှစ်ပေါင်း (၇၀) ခန့်ထိကြာခဲ့ပြီပဲကိုး။ ဘကြီးဘုန်းတော်ကြီးဖုံလွှန်တော်မူစဉ် ကျွန်ုပ်က အဝေးမှာပညာသင်နေသည်။ ပညာရေးအနှောင့်အယှက်ဖြစ်မှာစိုးသဖြင့် နောင်တော်ကြီးဦးဘဒ္ဒိယနှင့် အဖေတို့က အကြောင်းမကြားကြပါ။ ၁၉၈၇ ခုနှစ်အချိန်ကပါပဲ။

ရွှေဘို၊ ခင်ဦး အညာဒေသ၏ ထုံးစံအတိုင်း ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ၏ ဈာပနာပွဲတိုင်းသည် တစ်ခေတ်၌ တစ်ပွဲလောက်သာ ကြုံလေ့ကြုံရသည်မို့ ခမ်းနားကြီးကျယ်စွာ ကျင်းပတတ်ကြပါသည်။ ပွဲရက်လည်း ကြာတတ်သည်။ တကယ့်နာမည်ကြီးဇာတ်များငှားရမ်းကာ ခြိမ့်ခြိမ့်သဲစီမံကြသည်။ တစ်ဇာတ်မဟုတ်။ ဟိုရွာသည်ရွာအပြိုင်ထည့်ဝင်ပြီး နာမည်ယူတတ်ကြ၏။ သည်အနေ သည်ကာလမှာ အရေးကြီးဆုံးအရာသည် ဈာပနာပွဲတစ်လျှောက် သွေးထွက်သံယို ခိုက်ရန်မဖြစ်ပွားရေးပင်။ ရန်ငြိုးရန်မီးလက်ကျန်ရှိသူကလည်း ဓားကိုသွေးရင်းအားမွေးနေသည်။ ရည်ငံဆဲလူငယ်တွေကလည်း အားခဲပြီးနီးစပ်ရေးကြံထား၏။ ဈာပနပွဲတိုင်းလိုလို သွေးမထွက်၊ ပြဿနာမဖြစ်သောအခါမရှိ။ တစ်ယောက်လား၊ နှစ်ယောက်လားမေးခွန်း၏အဖြေသာလျှင် သိရန်စိတ်ဝင်စားတတ်ကြသည်။ ရန်ငြိုးမရှိသော်လည်း မိုက်သွေးပြချင်သည့် လူငယ်တို့ကလည်း ဓားတဝင့်ဝင့်။

အဲ့သည်အချိန်တုန်းက ဓားဆိုလျှင် ဖိုထန်းတောရွာ (ဖိုထတော)ကတိုးဆိပ်ရွာပန်းပဲထွက်ဓားတို့က နာမည်ကြီးလှသည်။ နာမည်ကြီးလောက်အောင် ဓားတွေက ကောင်းသည်။ ထက်သည်။ ငါးမူးလုံးခန့်သံချောင်းကိုပင်ပြတ်အောင် ခုတ်နိုင်ပါသည်။ ပဲ့ခြင်း၊ ကျိုးခြင်းမရှိ။ အကယ်၍ ဖြစ်သွားစေဦးတော့။ ပန်းပဲဖိုတွင်သွားပြလိုက်၊ အသစ်ယူချင်ယူ၊ ငွေအလျော်နှစ်ဆ ပြန်ယူချင်သလား။ ပေးပါသည်။ အာမခံနှင့်ရောင်းပါသည်။ သို့သော်လည်း လူတိုင်းတော့မဝယ်နိုင်ကြပါ။ ဆန်တစ်ပြည်ရှစ်ကျပ်၊ ကိုးကျပ်ခေတ်တွင် ဓားတန်ဖိုးက သုံးရာကျပ်အနည်းဆုံးဈေးပေးရသည်။ သည်လိုစရိုက်ကြမ်းသောနယ်တွင် ဈာပနကရှိလာလေတော့ မြင်းကျွန်းရွာရှိ ဦးမေဓာဝီဆွေမျိုးများနှင့် ရွာရှိဒကာ၊ ဒကာမတွေက ပူပန်ကြ၏။ ပြဿနာမဖြစ်စေချင်။ သွေးညှိနံ့မရှူလိုကြ။ ကြီးကြပ်ရေးဆိုင်ရာဖွဲ့ထားလေ့ရှိပေမယ့် အမြဲတမ်းစောင့်မကြည့်နိုင်။ တစ်နေ့တော့ အဖေက ဦးတင်မောင်နှင့် ဦးဘဒ္ဒိယတို့အား -

"ကိုကြီးတင်၊ ကျုပ်သည်နေ့ကစပြီး အရက်ဖြတ်တော့မယ်။ ဘကြီးရဲ့ ဈာပနပွဲအတွက် ကျုပ်အစွမ်းကုန်ကြိုးစားပြီး အစီအရင်တစ်ခုလုပ်ဖို့ရှိပါတယ်။ စိတ်ချပါ ကိုကြီးတင်။ ဘကြီးဈာပနပွဲအတွင်း ဘာမှမဖြစ်စေရပါဘူး။ ကုန်ကုန်ပြောမယ်ဗျာ၊ ပွဲခင်းထဲမှာ ခွေးနှစ်ကောင်ကြမ်းကြမ်းတမ်းတမ်းကိုက်နေတာမြင်ရင် ငရှောင်တာဝန်မကျေဘူးလို့မှတ်ပြီးကျုပ်



www.burmeseclassic.com

www.burmeseclassic.com

လက်ကိုလာဖြတ်လှည့်ပါ။ မဖြတ်ဝံ့ရင်လည်း ကျုပ်လက်ကိုကျုပ်ဖြတ်ပြီး ကတိတည်စေမယ်”

အဖေ့စကားကြောင့် ဦးတင်မောင်တို့က ကျေနပ်သွားကြသည်တဲ့။ ဦးဘဒ္ဒိယမှာလည်း ကျွန်ုပ်၏ အစ်ကိုဝမ်းကွဲမို့ ထိုစဉ်ကအဖြစ်အပျက်များကို ပြန်ပြောပြတတ်သည်။ အဖေအရက်ကို တစ်ခါတစ်ရံ သောက်လေ့ရှိသည်ကအားလုံးအသိ။

“အေးကွာ၊ အဲ့သည်အခါက ငါ့မှာလည်း ကျောင်းကိစ္စ၊ ဈာပနကိစ္စတို့နဲ့ အားရတယ်မရှိပါဘူး။ ငါကလည်း လူငယ်ရဟန်းငယ်ကိုး။ သာသနာဘက်အရေးတွေတော့ သာဝတ္ထိဘုန်းကြီးအားကိုးရတယ်။ ဒါပေမယ့် ပွဲကိစ္စဘက်မှာတော့ ဘယ်သူ့မှအားကိုးလို့မရပြန်ဘူးကွ။ မင်းသိတဲ့အတိုင်းပဲလေ၊ ငါတို့နယ်မှာက ရန်ပွဲကရိုးနေပြီ။ လူသတ်တဲ့အထိ ပွဲမှာဖြစ်လာရင် ရှင်းရမှာတွေက မလွယ်ဘူးလေ။ ဦးလေးရှောင်စကားကြားတော့ အားတော့ရှိပါရဲ့။ အမှန်အတိုင်းပြောရလျှင် ငါက သည်ပညာရပ်တွေ စိတ်မှ မဝင်စားဘဲ၊ ယုံလည်းမယုံပါဘူး”

“နောက်တော့ ဘာဖြစ်ကြလဲဘုရား”

“ဦးလေးရှောင်က ဇရပ်မှာနေပြီး ပုတီးကိုသာတစ်နေကုန်စိပ်နေတာကွ။ ဈာပနကျင်းပဖို့တစ်ပတ်အလိုမှာ ငါ့ကိုခေါ်ပြီး ဦးပဥ္စင်း၊ သည်သင်ပုန်းပြားလေးတွေတစ်ချပ်စီကို ဇာတ်ခုံရှေ့မှာသွားမြှုပ်၊ သည်ကြေးပြားနှစ်ချပ်ကတော့ ကျောင်းအဝင်ဝ လဲဝါပင်မှာ တစ်ချပ်စီ မကွာအောင်ကပ်ထားပေးပါ။ဘာစကားမှ လျှောက်မပြောနှင့်နော်။ ကဲ - ကြွပေတော့ဆိုပြီး သူက ဆက်ပုတီးစိပ်နေတော့တယ်။ ဦးလေးရှောင် ခိုင်းတဲ့အတိုင်းလုပ်ပြီးတော့ ငါလည်း ဘာသိဘာသာနေလိုက်တာပဲ။ သည်အင်းလေးတွေက ဘာများစွမ်းမှာမို့တုံးလို့ တွေးမိတယ်။

အဲ - ဆန်းတာက ပွဲသာပြီးသွားရော၊ ဘာပြဿနာမှမတက်တာဘဲဟေ့။ ငါ အတော် အံ့ဩသွားတယ်သိလား။ ဟုတ်တယ်၊ ရန်ဖြစ်တာပင်မရှိခဲ့ဘူး။ ခင်ဦးမြို့ ရဲစခန်းမှူးကြီးကတောင် ခုလို ငြိမ်းငြိမ်းချမ်းချမ်းပြီးသွားတာကို သိပ်ဝမ်းသာနေရဲ့။ သူက ခုလိုဖြစ်တာ မယုံနိုင်စရာလို့ထင်နေတာကိုး။ အဲ့သည်ရန်ဘက်ရှာ၊ မားဝင့်သူတွေဟာ သူတို့ချင်းမတွေ့တာနဲ့၊ ပွဲခင်းထဲဝင်တဲ့အခါလည်း စိတ်ထားတွေက အာရုံတစ်ဖက်ရောက်သွားနဲ့ဖြစ်ကာ မိုးလင်းလို့ အိမ်ပြန်ရောက်တော့မှပဲ သူတို့ရဲ့မူလစိတ်ပြန်ပေါ်ပြီး ဒေါသကဝင်ဝင်လာကြတယ်လို့ မန်ကျည်းအုပ်ရွာသားလူမိုက်တစ်ဦးက ပြောပြဖူးတယ်။

အဲ့သည်အင်းကပ်ထားတဲ့ လဲဝါပင်နှစ်ပင်လည်း အကောင်းကြီးကနေ တစ်နေ့တခြား ခြောက်ကပ်လို့ သေကုန်ကြမှသာ ငါလည်း မင်းအဖေပညာ အစွမ်းကိုကို ယုံကြည်လာတယ်”

ယခုတော့ ဦးဘဒ္ဒိယတစ်ပါးလည်း မိုးကောင်းမြို့၌ ကျောင်းထိုင်နေပြီး ဦးကြီးတင်မောင်က အသက်ရှစ်ဆယ်ကျော်၊ အဖေ့တပည့် ဦးညိုမောင်လည်း ခုနစ်ဆယ်အတွင်းသို့ ဝင်နေကြလေပြီ။ ကျန်သူတွေမရှိကြတော့ ရှိတဲ့သူတစ်ဦးကဖြင့် မြင်းထောင်းရွာတွင်နေသည်။ နာမည် ဦးနန္ဒ။ အသက်သုံးဆယ့်ငါးနှစ်ခန့်၌ လူပြန်တော်ဖြစ်ခဲ့သည့် ဦးမေဓာဝီ၏တပည့်တစ်ဦး။ အသက်က ခုနစ်ဆယ့်ငါးနှစ်ခန့်ရှိသော်လည်း ရုက္ခမူလောဏ ကြောင့် သန်မြန်နေမြဲ။

ဆရာကြီး ဦးနန္ဒ ငယ်စဉ်၌ ပယောဂဗိန္ဓောဆရာကြီးအဖြစ် ထင်ရှားခဲ့၏။ ခုတော့ နားခဲ့သည်မှာကြာချေပြီ။ မိသားစု၏ စီးပွားရေးက အဆင်ပြေသဖြင့် သူ့အတွက် ပူပန်ဖွယ်မရှိလှ။ အားလပ်နေလျှင် အဂ္ဂိရတ်ကစားမည်။ ဝါသနာတူလူကြီးတချို့နှင့် ငြင်းကြခုံကြမည်။ သူ့အထာ၊ သူ့စရိုက်မသိလျှင်တော့ လူကတ်ဖွဲ့ကြီးဖြစ်၏။ ပြောလျှင် ဝေ့ဝိုက်ဇာမချဲ့တဲ့တိုးပြောတတ်၏။ အိမ်ဝင်းထဲရှိ ကုက္ကိုပင်ကြီးအောက်က ဆရာကြီးအနားတွင် လူကြီးတစ်ဦး၊ နှစ်ဦးစတော့ သွားတိုင်းတွေ့နေကျဖြစ်၏။

ဆိုင်ကယ်နှင့် မြင်းကျမှ နေပူပူတွင်ထွက်ခဲ့သည်။ မြင်းထောင်းရွာက ခုတော့ ခင်ဦးမြို့ကနေ ရထားလမ်းဖောက်ထားသည်။ ရေဦးမြို့ကူးချင်လျှင် အနီးကလေးရယ်၊ တံတားကျော်တာနှင့် ရောက်ပြီ။ လက်ဖက်ရည်ဆိုင်၊ မုန့်တီဆိုင်တို့ကပါ တစ်နေကုန်ဖွင့်ထားသည်။ ဆာလျှင်ဝင်စား၊ အားလျှင်ငြင်းခုံရာသို့။

## ▫ နာမည်များနှင့်ငြင်းခုံခြင်း

စနေကြလေပြီ။ ဘယ်အချိန်ကပင် ငြင်းကြပြောကြနေသည် မသိရ။ ကျွန်ုပ်ဝင်ထိုင်လိုက်ဆဲမှာပင် ဘုန်းကြီးကျောင်းနားတွင်နေသော၊ ဦးဘဝင်းက ဆရာကြီးဦးနန္ဒအား ရွယ်တူမာဖော်သိချင်းမို့ အားမနာတမ်း -

“နန္ဒရာ၊ ဘာနည်းနဲ့ပြောပြောပေါ့။ အခု လမ်းမှာရန်ဖြစ်ပြီး လင်ကိုဆွဲခေါ်သွားတဲ့ လင်မယားအကြောင်း ငါပြောတာ မှားတယ်လို့ မင်းထင်နေသလားဟင်”

“လင်က ဉာဏ်မိုး၊ မယားနာမည်ကြည်ကြည်စန်းလို့ သည်က ဦးစိုးပြောတယ်နော်။ ဒါကလွဲလို့ ငါတို့ဘာမှမသိကြဘူး။ ခု မင်းက အင်္ဂဝိဇ္ဇာတိုင်အခါနှင့်ပြောတယ်မဟုတ်လား။ ဦးစိုးသိချင်တာက သူတို့နှစ်ယောက်ရဲ့ ရှေ့နောက်အဖြစ်စုံကွ။ မင်းရဲ့အပြောလောက်ကတော့ ဘာတိုင်တွေအချိန်တွေလိုလိုလဲ။ မျက်မြင် မယားကနိုင်နေတာပဲဟာ”

ကျွန်ုပ်က မသိမသာဖြင့် စာအုပ်တွင် ကြာသပတေးနေ့၏ တိုင်နှင့်အချိန်အချိန်တော့ (၁၀း၃၀)မှ (၁၂း၀၀)တိုထိ၍ သောကြာတိုင်ထူထားပြီး နောက်ကြောင်းပြန်လိုက်ကြည့်သည်။ အမျိုးသမီးအခါတိုင်၊ အင်္ဂါနဝင်း၊ ကြာသပတေးက အခိုက်အညံ့နှင့် ဉာဏ်မိုးအကောင်းမှ အဆိုး ဇောက်ထိုးဆင်းကိန်း။ နောက် ကြာသပတေးကိုဖိထားသောကြိုဟ်က တနင်္လာ၊ ကြည်ကြည်အတွဲဗျည်း အဆိုးမှအကောင်းအထိုးတက်နေသော စန်း, အင်္ဂါ။

“ဒါဆို မင်းက အနာဂတ်သဉာဏ်အမြင်နဲ့ဟောမယ်ပေါ့လေ”

“ဖွီး - လောကီပညာရပ်နယ်ကို ဘာသာရေးဉာဏ်အမြင်တွေဝင်မရှိပါဘူး။ အလွယ်လေးပဲငါပြောမှာကွ။ တစ်ခုတော့ ဦးစိုးကို ငါမေးကြည့်ချင်တယ်။ မင်းသဘောတူလား”

“ဘာလဲပြောစမ်းပါဦး”

ဦးစိုးက ပြုံးပြုံးကြီးဖြင့် သူတို့အားကြည့်နေသည်။ ဘာမှတော့ဝင်မစွက်ဦးဘဝင်း၏အမေးက ဦးနန္ဒ၏ -

“ဉာဏ်မိုးဟာ သူတို့မွေးချင်းပေါက်ဖော်ထဲမှာ အကြီးဆုံးဟုတ်မဟုတ်ဘဲ”

“ဒါကသိပ်မှအရေးမပါလေတော့ပြောပြလိုက်ပါ့မယ် ဘဝင်းရယ်။ ဟုတ်တယ်၊ ဉာဏ်မိုးက မွေးချင်းထဲ အကြီးဆုံး”

ဦးနန္ဒတစ်ဦး ခေါင်းတဆတ်ဆတ်လုပ်ရင်း ရေနွေးကိုင်ငှဲသောက်လိုက်ပြီးမှ ကွမ်းတစ်ယာထုတ်၍တစ်ချက်ချက်ဝါးလိုက်ရာကနေ -

“ဉာဏ်မိုး၊ သည်ကောင်အခု အသက်သုံးဆယ်နားရှိဦးမှာ



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ငယ်စဉ် လူပျိုဘဝတည်က မရောင်ရာဆီလူး၊ မတူးရာတွင်းဖြစ်မယ့်ကောင်လေးပဲ။ မိဘတွေခိုင်းရင်တော့ အမျိုးမျိုးစေ့ဝိုစ်များလိမ့်မယ်။ အပေါင်းအသင်းတွေနဲ့ပဲ ပေးလားဝါးလားသဝေထိုးချင်တဲ့ညဉ်အပြည့်ပေါ့။ မကောင်းတဲ့ဘက်တွေ ဝါသနာကြီးတတ်မယ်။ မိုက်ချင်၊ သောက်ချင်စိတ်ရှိမယ်။ သည်လိုဝေလေလေနေလာခဲ့ရင်းနဲ့ ဟိုကလေးမကြည်ကြည်စန်းနဲ့တွေ့ပြီးယူဖြစ်တယ်ဆိုပါစို့။

ကြည်ကြည်စန်းကိုတော့ သူကကြောက်တယ်။ မကြောက်ဘူးပြောရမှာထက် သူကပိုပြီးမြတ်နိုးတတ်တာ။ သူ့သေိစိတ်ထဲကိုက ကြည်ကြည်စန်းကိုပဲ အာလုပ်လုပ် တိုင်ပင်ချင်၊ အပြောအဆိုခံချင်၊ ဆရာတင်ချင်စိတ်ပေါ်ပေါ်နေတတ်မှာအပ္ပန်ပဲ။ သူတို့နှစ်ယောက်ညာတတ်၊မတတ်ငါမသိဘူး။ ငါသိတာတော့ သည်ကောင်လေးဟာ ကြည်ကြည်စန်းနဲ့ လက်ထပ်ပြီးမှ ပိုလိမ္မာလာတယ်။မယားစကားနားထောင်နေသရွေ့သူတို့ သည့်ထက်ပိုချမ်းသာနေမယ်ဆိုတာပဲဟေ့"

ဦးနန္ဒတစ်ဦး၏ စကားရှည်ကြီးကြောင့် ကျွန်ုပ်အူချာလည်သွားလေသည်။ စရိုက်ကိုဆိုလိုက်သည်မို့ မဟာဒုတ်ကိုများ ခန့်မှန်းပြောလေသလော၊ ဇာမက္ခရဆန်းကျမ်းကို အခြေယူညှိဆိုသလော မသဲကွဲပါ။ စကား၏အစကိုနိုက်မရခဲ့။ ဦးစိုးကတော့ -

"မှန်ပါတယ် နန္ဒရယ် မှန်တယ်။ ဉာဏ်မိုးဟာ ငယ်စဉ်တည်းက စွယ်စုံပဲကွ။ ကြည်ကြည်စိုးနဲ့ သူက ဘွဲ့ရပြီးမှတွေ့ကြတာ။ ကောင်မလေးက ဆယ်တန်းအောင်၊ မအောင် ငါလည်း တိတိကျကျမသိဘူး။အိမ်မှာတော့ သူ့အထက်အစ်ကိုတစ်ယောက်ရှိကြောင်းပြောတာပဲ။ မိန်းကလေးထဲတော့ သူတစ်ယောက်တည်းပါတယ်။ ဇာတိက ဒီပဲရင်းမြို့သူ၊ ကောင်လေး ဉာဏ်မိုးက ရွှေဦးသားပဲ။ သူတို့တစ်တွေ စီးပွားရေးကောင်းကြတယ်လေ။ နန္ဒပြောတာက ကောင်လေးနှင့်အုပ်မကွာနေလို့ပြောနိုင်တဲ့အတိုင်းပဲလား"

"ဒါကတော့ ဦးစိုးရယ်။ ကျုပ်ကအက္ခရာတွေနဲ့ရင်အုပ်မကွာနေလာသူဆိုတော့ လူ့စည်းအမှန်၊ အမှားကြည့်ပြီးအမည်အလိုက်ဝေဖန်လိုက်တာပါ"

"မင်းက အက္ခရာတွေ ဝဂ်အလိုက်ဂိုဏ်းသင့်၊ မသင့် ထောင်ပြအဖြေရှာတယ်လို့ဆိုချင်တာလား နန္ဒ"

"အေးလေကွာ။ ဉာဏ်မိုး၊ ဉာ-က စဂိုဏ်းရဲ့နောက်ဆုံးပိတ်ဗျည်းအက္ခရာ၊ ဉာဏ်-လို့ရေးတဲ့အခါ ဏကြီးကရှည်း ဋဂိုဏ်းရဲ့အဆုံး။ နောက် မိုး-မအက္ခရာ ပဂိုဏ်းရဲ့ အဆုံးနောက်လိုက်မဟုတ်လား။ ဉာဏ်မိုးက သူ့မိဘတွေရဲ့ပထမဆုံးသားဦးသားမွန်။ အဦးအစယောက်ျားလေးကို ဂိုဏ်း (ဝဂ္ဂ-အစုဝဂ်-ဂဏ-အဖွဲ့အစုဂိုဏ်းအတူတူပင်) ရဲ့ ပထမ၊ ဒုတိယ၊ တတိယအက္ခရာတွေနဲ့မစဘဲ စတုတ္ထအက္ခရာနောက်ဆုံးပိတ်နဲ့ မှည့်ထားလေတော့ သည်ကောင်လေးဂိုဏ်းသင့်ပြီပေါ့။ ဉာဏ်မိုးတဲ့"

"ဘာဉာဏ်တွေက သူ့အပေါ် မိုးမလဲ။ ကောင်းတာတော့မဖြစ်မှာသေချာတယ်မဟုတ်လား။ လူသိမခံရာတွေပဲမိုးတော့မှာပေါ့။ မိဘတွေအတွက် အားကိုးမရတဲ့သားကြီး သို့မဟုတ် ကျားထီးဖြစ်နေပြီလေ။ နောက် သူ့ကံကောင်းတာကမယားဖြစ်သူနာမည်က ကြည်ကြည်စန်းနော်။ ကြည်-ကဂိုဏ်းရဲ့ ဦးစီးခေါင်းဆောင်၊ နှစ်လုံးထပ်တော့ နှစ်အားပေါ့ကွာ။ စန်း-စဂိုဏ်းရဲ့ဦးစီးထိပ်အက္ခရာ မယားဘက်နာမည်ဂိုဏ်းဟာ လင်နဲ့ဆန့်ကျင်ဘက်လေ။ မယားနာမည်က ဦးစီးရှေ့ဆောင်၊ လင့်နာမည်ကဖြင့် နောက်လိုက်အဆုံးပိတ်၊ သားဦးတဲ့။ သည်ကောင်လေး ကြည်ကြည်စန်းနဲ့ညားလို့ကွ။ နို့မို့ဆို ယောင်ချာချာနဲ့ သွားပြီ"

"ဒါဆို ကြည်ကြည်စန်းကောဗျာ"

"ဩော် - ဆရာရှောင်သား၊ မင်းစိတ်ပါနေပြီကိုးကွ။ တို့မြန်မာ့ရိုးရာမှာ 'သားကိုသခင်၊ လင်ကိုဘုရား' လို့ ဆိုကြရဲ့မဟုတ်လား။ လင်က အိမ်ရဲ့ဦးစီးပဲ။ မယားက နောက်လိုက်၊ အိမ်ထောင်ရေးမယ် ဘယ်လောက် မယားခြေမယားလက် အစစလင့်ထက်သာချင်သလောက်သာနေပါစေ။ ဘယ်တော့မှ နံပါတ်တစ်မဖြစ်ဘူးဟေ့။ အခု ကြည် ကြည်စန်းကအတင်းဆွဲခေါ်ပြီး ဆိုင်ကယ်နဲ့ထွက်သွားပုံထောက်သော် ဟိုကောင် မာနပြမှာပဲ။ ဒါပေမယ့် မပြရဲဘူး။ အဲဒါကြောင့်ကြည်ကြည်စန်းနာမည်ဟာ ဂိုဏ်းမှန်ရမယ်လို့ ငါယုံကြည်ထားတယ်။

ကြည်ကြည်စန်းလို ဂိုဏ်းဦး၊ သမီးဦးတွေဟာ ဉာဏ်မိုးလိုဂိုဏ်းသင့်သူတို့နဲ့ဆိုရင် ပြုပြင်ပေးချင်၊ ဆိုဆုံးမချင်တဲ့မိခင်စိတ်ရှိတတ်ကြတယ်။ ဂိုဏ်းမသင့်တဲ့ဂိုဏ်းဦး၊သားဦးဆိုရင် သည်လိုမဟုတ်တော့ဘူး။ လင်ကပြန်ပက်၊ ဆရာလုပ်ဦးမှာပေါ့။ သို့မဟုတ် တစ်ယောက်နဲ့တစ်ယောက် စရင်းနောက်ရင်း ချစ်တင်းစကားလေးတွေပါကြပြီး အပြန်အလှန် ဖေးမတာတွေ့ရလိမ့်မယ်။ ပြီးတော့နောက်ပေါက်ရွှေကြာပန်းက ပိုလို့မွှေးချင်၊ မြင့်ချင်တဲ့ အငယ်ဆုံးကနေ ဂိုဏ်းသင့် ကျော်ကျော်ဦး၊ စောပိုင်စတဲ့နာမည်ရှင်ဆိုလျှင်တော့ ဘယ်လွယ်မလဲဟေ့"

## ပ ဂိုဏ်းများနှင့်စုစည်းခြင်း

ဝဂ္ဂ၊ အစု၊ အဖို့၊ အုပ်စု၊ ဝဂ်၊ ဝဂ်တစ်ခု၊ ဂဏ၊ အပေါင်းအစု၊ အုပ်စု၊ အဖွဲ့၊ ဂိုဏ်း၊ ဂိုဏ်းတစ်ခုဟု အဓိပ္ပာယ်ချင်းသာမန်အားဖြင့်ဆင်တူကြသော်လည်း ဂဏ ဟူသောပုဒ်ကိုသာ ဤတွင်အသုံးပြုပါမည်။ ဂိုဏ်း ဟူသော အဓိပ္ပာယ်သည် လေးနက်သည်၊ အားရှိသည်။ ဗျည်းအက္ခရာငါးလုံးအစုအစုတို့ကို ကဝိပါဒသင်္ဂဟဆန်းကျမ်း၌ ဇုင်းအုပ်စုငါးမျိုးတို့ကို အမြတ်နေရာ၌ထားကုန်၏။

### ပါဠိ ။ ။ ပထမော ခတ္တိယော ဝံသော

ပထမ က-ဝဂ်၊ က-ဂိုဏ်း ငါးလုံးတို့သည် ခတ္တိယဝံသ၊ မင်းမျိုး၊ အုပ်ချုပ်ရေး၊ စီရင်ရေး၊ အာဏာရေးဘက်၌ တည်ကုန်၏။ (က၊ ခ၊ ဂ၊ ဃ၊ င)

### ဒုတိယောဝံသ ဗြဟ္မဏော

ဒုတိယ စ-ဝဂ်၊ စ-ဂိုဏ်း ငါးလုံးတို့သည် ဗြဟ္မဏဝံသ၊ ပညာတတ်မျိုး၊ အတတ်ပညာ၊ အသိပညာဘက်၌ တည်ကုန်၏။ (စ၊ ဆ၊ ဇ၊ ဈ၊ ည)

### တတိယော ဝေဿိယ ဝံသော

တတိယ ဋ-ဝဂ်၊ ဋ-ဂိုဏ်း ငါးလုံးတို့သည် ဝေဿိယဝံသ ကုန်သည်မျိုး၊ စီးပွားရေး၊ ဆန်းစစ်ရေးဘက်၌ တည်ကုန်၏။ (ဋ၊ ဌ၊ ဍ၊ ဎ၊ ဏ)

### စတုတ္ထော စ ဒေဝေါမတော

စတုတ္ထ တ-ဝဂ်၊ တ-ဂိုဏ်း ငါးလုံးတို့သည် ဒေဝဝံသ၊ စိတ်ခံစားမှု၊ ဖျော်ဖြေရာမျိုး၊ အနုပညာ၊ အလှဖန်တီးရေးဘက်၌ တည်ကုန်၏။ (တ၊ ထ၊ ဒ၊ ဓ၊ န)

### ပဉ္စမော ဗြဟ္မဝံသော စ

ပဉ္စမ ပ-ဝဂ်၊ ပ-ဂိုဏ်း ငါးလုံးတို့သည် ဗြဟ္မဝံသ၊ သူတော်သူမြတ်မျိုး၊ ကောင်းသောပြုပြင်ရေး၊ ခိုင်မြဲရေးဘက်၌တည်ကုန်၏။ (ပ၊ ဖ၊ ဗ၊ ဘ၊ မ)

### ယရဝဟ ဝဗ္ဗော သုဒ္ဒေါ

ဂိုဏ်းမတည်၊ ဝဂ်မမြောက်သော (ယ၊ ရ၊ ဝ၊ ဟ) လေးလုံးတို့သည် သုဒ္ဒ



www.burmeseclassic.com

www.burmeseclassic.com

ဝံသ၊ သူဆင်းရဲမျိုး၊ ကာယအရေး၊ ဉာဏပင်ပန်းစွာရပ်ရေးဘက်၌တည်ကုန်၏။

**ဒ လသ ဝဂ္ဂေါ ဟီနဝံသော**

ဝဂ်ဖွဲ့မရ ဂိုဏ်းမမည်သော (လ၊ သ) ဗျည်းနှစ်လုံးတို့သည် ဟီနဝံသ၊ အယုတ်မျိုး၊ အညံ့၌ တည်ရှိကုန်၏။ ၎င်းသည် စာဖွဲ့မရ အသည် သရဘက်၌ အကျုံးဝင်သည်။

**ဂိုဏ်းဦးဆောင်ဗျည်းများ**

| | | | | |
|---|---|---|---|---|
| က | စ | ဋ | တ | ပ |

**ဂိုဏ်းဆန့်ကျင်ဗျည်းများ**

| | | | | |
|---|---|---|---|---|
| င | ည | ဏ | န | မ |

**ဂိုဏ်းဖျက်ဗျည်းများ**

| | |
|---|---|
| လ | သ |

သားဦး၊ သမီးဦး၊ သားအငယ်ဆုံး၊ သမီးအငယ်ဆုံး၊ တစ်ဦးတည်းသော သားသမီး၊ ကိတ္တိမအဖြစ် မိမိထံဝင်လာသူများကိုသာလျှင် အမိကဂိုဏ်းသင့်၊ မသင့် ဆုံးဖြတ်ရပါလိမ့်မည်။ နာမည်၏ အစ၊ အလယ်၊ အဆုံး သုံးပါးစုံနေသော် ဆိုးအား၊ ကောင်းအားက ပိုပြီးများတတ ပါသည်။ အရင်းအမှား၊ အလယ်ပိုမှန်၊ အဆုံးအမှား နာမည်ရှင်သည်လည်း ဂိုဏ်းသင့်သောအုပ်စုဝင်သည်။

ဂိုဏ်းသင့်လျှင် -

မိဘစကားနားမထောင်တတ်ခြင်း၊ အပေါင်းအဖော်ခုံမင်ခြင်း၊ မဟုတ်ရာတွင်လူတတ်လုပ်ခြင်း၊ ဇွဲမရှိ၊ အပျင်းထူခြင်း၊ အစုံဝါသနာရှိခြင်း၊ အိမ်ထောင်ရေးဒုက္ခများခြင်း၊ မိသားစုတာဝန်မကျေပွန်ခြင်း၊ ဂိုဏ်းသင့်ရာအလိုက် ဆန့်ကျင်ဘက်ပြုခြင်း၊ မွေးချင်းအပေါ် တစ်ဖက်သတ်ဆက်ဆံအနိုင်ယူတတ်ခြင်းများရှိလိမ့်မည်။ မှန်လျှင် ဆန့်ကျင်ဘက်ကောင်းကျိုးပြည့်စုံ၏။

**ဆန့်ကျင်နာမည်များ**

၁။ သားဦး၊ သမီးဦးတွင် ဂိုဏ်းဆန့်ကျင်ဗျည်းတို့နှင့်မှည့်ခြင်း။

၂။ သားဦး၊ သမီးဦးတွင် ဂိုဏ်းဖျက်ဗျည်း၊ ဂိုဏ်းဆန့်ကျင်ဗျည်းတို့ ယှဉ်တွဲမှည့်ခြင်း။

၃။ သားငယ်၊ သမီးငယ်တွင် ဂိုဏ်းဦးဆောင်ဗျည်းတို့နှင့်မှည့်ခြင်း။

၄။ သားငယ်၊ သမီးငယ်တွင် ဂိုဏ်းဖျက်ဗျည်း၊ ဂိုဏ်းဦးဆောင်ဗျည်းတို့ ယှဉ်တွဲမှည့်ခြင်း။

၅။ တစ်ဦးတည်းသောမွေးသူတွင် ဂိုဏ်းဖျက်၊ ဂိုဏ်းဆန့်ကျင်ဗျည်းတို့ ယှဉ်တွဲမှည့်ခြင်းတို့သည် ဂိုဏ်းသင့်နာမည်ရှင်ဟု ခေါ်ပါသည်။ ကျမ်းတွင်မပြသော်လည်း မြန်မာ့ရိုးရာတွင် အစ်ကိုဖြစ်သူအား ညီညီဟုမှည့်ခြင်း၊ ငယ်လေးဟုခေါ်ခြင်းသည်လည်း ဤအလိုနှင့်မခြားပါ။ သို့သော်လည်း အထက်ပါဥပဒေသငါးချက်နှင့်မတူသောဗျည်းနှင့်မှည့်ခေါ်လျှင်တော့ သက်သာလိမ့်မည်။ တူလျှင်ပိုဆိုးမည်။ ည-သည် စဂိုဏ်း၏ဂိုဏ်းဆန့်ကျင်ဗျည်းဖြစ်သဖြင့် အစ်ကိုကြီးကို ညီညီဟုစ၍ နောက်အလုံးပိတ်ချင်ရာပိတ်မှည့်ပါစေ၊ ဂိုဏ်းသင့်နာမည်နှစ်ထပ်ကွမ်း အဆိုးဖြစ်သွားလေပြီ။ ညီညီမင်း၊ ညီမင်းလွင်၊ ညီလွင်သန်း၊ ညီမလေး၊ သားညီလေး စသည် စဉ်းစားယူနိုင်ပါသည်။

ရှိသေး၏။ ထွေး ဆိုသောအဓိပ္ပာယ်။ သားထွေး၊ သမီးထွေး၊ အထွေးဆုံးလေးစတဲ့သဘောကို ရည်ညွှန်းရာ၌ ၎င်းထွေးဖြင့်ပင် အသုံးပြုတတ်ကြပါ၏။ ထွေးသည် (တ) ဂိုဏ်း၏ ဒုတိယက္ခရာစာလုံး၊ ဂိုဏ်းတော့လွတ်နေသည်။ဓလေ့အရဖြင့် မမှည့်ထိုက်။ သမီးကြီးအား ထွေးထွေးမာမှည့်သော်သွားပြီ။ မအကွာရာသည် သမီးကြီးဘဝ ဆန့်ကျင်ဘက်သို့သိမ်းသွင်းပစ်မည်။ ဗျည်း၊ ထွေးတင်၊ ထွေးထွေးခိုင်၊ ထွေးထွေးပြည့် စသည်ဆိုလျှင် သင့်တော်လိမ့်မည်။

နောက် ဦး သရအက္ခရာ၊ ဗျည်းဂိုဏ်းအလွတ်၊ မြန်မာတွင် ဦးကား အဦးအစ၊ ပထမထိပ်ခေါင် အငယ်ကိုဦးထည့်၍မှည့်ခြင်းသည် ထုံးစံလွတ်နေတာကလွဲလျှင် ဂိုဏ်းတော့မသင့်ပါ။ အပြစ်မရှိ။ ဂိုဏ်းဆန့်ကျင်ဗျည်းနှင့်တွဲမိပြီဆိုလျှင်တော့ သင့်လိမ့်မည်။

အငယ်၊ အကြီး၊ တစ်ဦးတည်းမှလွတ်သော သာမန်လူတို့တွင် ဂိုဏ်းသင့်ဗျည်းချည်းသက်သက်မှည့်သော်လည်း အကျိုးသက်ရောက်မှုမှာ ၎င်းတို့၏စရိုက်အလိုက် အပြောင်းအလဲမြန်ခြင်းသဘောတော့ အနည်းအများရှိလိမ့်မည်။ များသောအားဖြင့် င၊ ည၊ ဏ၊ န၊ မ၊ လနှင့် သ တွဲစပ်မှည့်သူများသည် အရာရာရရှိသော အခွင့်အလမ်းတွင် နှောင့်နှေးတတ်၊ လေးတွဲ့တတ်သောစိတ်ဓာတ်ရှိ

စမြဲပင်။ တာဝန်တစ်ခုအပေါ် ဦးစီးခေါင်းဆောင်အဖြစ်ယူထားရထားပါလျှင် သိသာထင်ရှားသည်။ အနုတ်လက္ခဏာဆောင်သည်။ အများထက် ပိုကြိုးစားပြမှ၊ ပိုကောင်းပြမှ တည်တံ့နိုင်ကြသည်။

ဆရာကြီးဦးနန္ဒ ကောက်ချက်ဆွဲပြောလိုက်သည်။ နောက်ပေါက်ရွှေကြာမွင့်က စောစီးစွာပွင့်ခဲ့သော ရွှေကြာပွင့်ထက် ပိုမွေးချင်ကြသော မိသားစု၌ အငယ်ဆုံးသားနှင့်ပတ်သက်ပြီးပြောခဲ့ပါသည်။ ထိုစကားမှာလည်း အရပ်လောကနှင့်မစိမ်းပါ။ စွဲနေကြသည်။ အကြီးဆုံးသားဦး၊ သမီးဦးနှင့် အငယ်ဆုံးသမီးထွေး၊ သားထွေးနှင့် မသင့်မြတ်ကြဟူသော အယူအဆတစ်ရပ်ရှိနေသည်။ ထိုအရေးသည် ဤဆောင်းပါး၌ အကျုံးဝင် အရေးထားရန်မရှိပါ။ အမှန်တော့ ကြည်ကြည်စန်းနှင့် အငယ်ဆုံးသားဖြစ်သူက ဂိုဏ်းသင့်ရာ ကျော်ကျော်ဦး၊ စိုးပိုင်၊ တင်ပိုင် စသောနာမည်ပါသူဆိုလျှင် အလွန်စဉ်းစားရတော့မည်။အလုပ်မှာ လက်ကြောမတင်း၊ ပြင်ပတွင်ဟီးဟီးဟားဟားလမ်းသလား၊ တတ်ယောင်ကား၊ စကားကြီး၍ငွေဖြုန်းသူဖြစ်မည်တပြင်မလွယ်၊ ဆုံးမရခက်၊ သောကပွားဖွယ်အိမ်ထောင်ရေးဇာတ်ကွက်သာဖြစ်ဖို့များကြောင်းရှိပါလိမ့်မည်။

(က) ဂိုဏ်း ဦးဆောင်မှန်သူနှင့် (သား၊ သမီး၊ အကြီးဆုံး) ဂိုဏ်းသင့် (အငယ်ဆုံး) ဦးဆောင်ဗျည်းမှည့်ထား လျှင် -

(ခ) နှစ်ဦးစလုံး ဂိုဏ်းသင့် ဆန့်ကျင်ဗျည်း၊ ဦးဆောင်ဗျည်း ကမောက်ကမမှည့်ထားလျှင် -

(ဂ) အုပ်စုဝင်သုံးဦး၌ ဂိုဏ်းဖျက်ဗျည်းချည်းသာ ထပ်တူမှည့်ထားလျှင် ပိုဆိုးသောဘဝခရီးဖြစ်တတ်၏။ မိသ[illegible] အပေါ် တာဝန်မကျေသလို အိမ်ထောင်၌လည်း ပျက်ကွက်ခြင်း အဓိကသ[illegible] များဖြစ်တတ်၏။ ဤမျှဆိုလျှင် ရတ[illegible] တို့၏ဝိသေသလက္ခဏာဖြစ်သော အ[illegible] ဆုံး၊ အထွေးဆုံးနှင့် တစ်ဦးတည်းရင်[illegible] သည်းချာများရဲ့ ဂိုဏ်းသင့်၊ မသ[illegible] ဆက်လက် အဖြေရှာနိုင်လောက်လေ[illegible] မို့ နိဂုံးချုပ်ပါရစေဟု။

(ဤဆောင်းပါးဖြင့် မြင်းထော[illegible] ရှာ ဆရာကြီး ဦးနန္ဒနှင့် မြင်းကျ[illegible] ဦးတင်မောင်၊ ဦးညိုမောင်တို့အားဂုဏ[illegible] ပါကြောင်း။)

[illegible]နုဝ[illegible]

www.burmeseclassic.com

www.burmeseclassic.com

△ ကြိုးရတနာ-ဆရာဇေယျာလင်း
(ကမ္ဘာ့သိပ္ပံနှင့်ဖိုး ရှေးခေါင်းဆောင်း)

# ကုလားမသား သုံးပေယောက်ဖွား ရှေ့သားညီနောင် တန်ခိုးပြောင် သိဒ္ဓိအင်းအစီအရင်



မြန်မာ့ဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်းစမပညာဟူသည် အလွန်စနစ်ကျလျက် နိုင်လုံသော နောက်ခံအကြောင်းခြင်းရာများ ဆီလျော်ညီညွတ်သော အကျိုးအကြောင်းများကို အခြေခံလျက် စီရင်ရေးသော ပညာရပ်တစ်ခုဖြစ်ပါသည်။ သာမန်လူတို့အဖို့ အင်းဆိုတာ လေးဆောင့်ကွက်တွေပဲ၊ အရှုပ်တွေပဲဟု ထင်ဆောင်းထင်စရာရှိသော်လည်း အမှန်ပင်စစ် အလွန်ခက်ခဲနက်နဲသိမ်မွေ့သော၊ လျှို့ဝှက်သောသဘောအဓိပ္ပာယ်တို့ဖြင့် ဖွဲ့စည်းစီမံစီရင်ထားသောအင်းစမများဖြစ်ပါသည်။ အချို့သောပညာရပ်တို့မှာ ကျွန်ုပ်တို့ အခုထိ လက်လှမ်းမမီနိုင်၊ မသိနိုင်သော လျှို့ဝှက်နက်နဲလှသည့် ဂမ္ဘီရသဘောအဓိပ္ပာယ်များစွာရှိနေပါသေးသည်။ မြန်မာ့အင်းစမပညာ၌ လေးဆောင့်ပုံအင်းကွက်အမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ ရုပ်ပုံအမျိုးမျိုးတို့ဖြင့် စီရင်ရာတွင် ယင်းတို့အတွင်း၌ ထည့်သွင်းရသည့် အက္ခရာဗျည်း၊ သရ၊ စမ၊ ဂဏန်း၊ ဂါထာမန္တန်တို့သည် ထိုသက်ဆိုင်ရာအင်းတို့၏ တန်ခိုးသိဒ္ဓိတို့ကို ဆောင်ယူ ဖော်ထုတ်ပေးသော အဓိကကျလှသည့် အင်းဆန်များပင် ဖြစ်ပါသည်။ ထိုအင်းစမတို့၏ အဓိကကျသော သက်ဆိုင်ရာ အင်းဆန်များကို စီစဉ်စီမံရာတွင်လည်း ရှေးဆရာမြတ်တို့သည် တွေ့ကရာပေါက်ကရ ထုတ်ခဲ့ကြသည် မဟုတ်ပေ။ အလွန်ကျိုးကြောင်းဆီလျော်သော နောက်ခံအကြောင်းရင်းတို့ဖြင့် ကြံဆကောက်နုတ်ဖော်ထုတ်ခဲ့ကြခြင်း ဖြစ်ရလသည်။ မြန်မာ့ဂန္ဓာရီ ဝိဇ္ဇာမယသိဒ္ဓိ အင်းစမပညာရပ်တို့၌ ရှေးဆရာမြတ်တို့သည် ဗျည်း (၃၃) လုံး၊ သရ (၁၂) လုံး၊ ဂဏန်းများ၊ ဂါထာမန္တန်များတို့ကို သုံးနေရာနှင့်သူ ထိရောက်ထက်မြက်သော အလိုရှိအပ်တောင့်တအပ်သည့် အကျိုးတန်ခိုးသိဒ္ဓိများရရှိနိုင်စေရန် ကြံဆလုပ်ကိုင်ခဲ့ကြရာ ထိုဆရာမြတ်တို့ကိုယ်တိုင် သိဒ္ဓိပြီးမြောက် ထွက်ရပ်ပေါက်သည်အထိ ခရီးရောက်သွားခဲ့ကြသည်မှာ များလှလေပြီ ဖြစ်ပေသည်။

ထိုဆရာမြတ်တို့ ထားရစ်ခဲ့လေသော အင်းစမအစီအရင်အထောင်အသောင်းတို့တွင် သာမန်ဗျည်းအက္ခရာစမများသာမက အထူးပြုဗျည်းအက္ခရာစမအုပ်စုကြီးများလည်းရှိကြပေသေးသည်။ ဥပမာ အများသိကြသည့် စဓဗဝ စမ အက္ခရာကြီးလေးလုံး၊ ကဃဏင္ဂ ဟူသော မြန်မာ့အင်းစမပညာနယ်၌ ကြီးလေးကြီးအက္ခရာစမကြီးများ စသည့် အထူးပြုအက္ခရာစမအုပ်စုများရှိကြ



www.burmeseclassic.com

www.burmeseclassic.com

တွင် ယခုတင်ပြအံ့သော 'ကုလားမသား သုံးယောက်ဖွား ရွှေသားညီနောင် တန်ခိုးပြောင် သိဒ္ဓိအင်းအစီအရင်' ၌ ပါဝင်လျက်ရှိသော 'ဋ္ဌ-သ-ည-ခ' ခေါ် အင်းဆန်အထူးပြုအက္ခရာ စမလေးလုံး လည်း အပါအဝင်ဖြစ်ပေသည်။

မြန်မာ့ ဝိဇ္ဇာမယသိဒ္ဓိ အင်းစမ ပညာတွင် 'ဝ' သည် နေ၊ လတို့မှ ဆင်း သက်လာသော အက္ခရာစမဖြစ်၏။ စဓဗတို့သည် လစန္ဒာ၏ လဆန်း၊ လ ဆုတ်ပုံရိပ်တို့ကိုဖမ်းလျက် ကြံဆလုပ် ဆောင်အပ်သော ဗျည်းအက္ခရာစမကြီး များဖြစ်ပေသည်။ ဤကား အမြွက်မျှ သာ ဥပမာကြံဆ၍ပြောခြင်းသာလျှင် ဖြစ်ပေသည်။ အကျယ်ဆိုရသော်ကား ဆုံးအံ့မထင်ပါပေ။ ထိုသို့ အကြောင်း တရား ဆီလျော် ခိုင်ခံ့သော နောက်ခံ အကြောင်းတရားတို့ကိုအခြေပြုကောက် ယူထားသော အထူးပြုဗျည်းအက္ခရာစမ အုပ်စုတွင် ဤ 'ဋ္ဌ-သ-ည-ခ' ဆိုသော ဗျည်းအက္ခရာစမအုပ်စုသည်လည်း ထင်ရှားသောဗျည်းအက္ခရာစမများဖြစ် ပြီး ရှေးဂန္ဓာရီဝိဇ္ဇာမယသိဒ္ဓိအင်းစမပညာ ရှင်ဆရာသခင်အပေါင်းတို့ အကြောင်း အကျိုးအမျိုးမျိုးတို့ဖြင့် အစီအရင်များ စွာတွင် ထည့်သွင်းအသုံးပြုခဲ့ကြပါပေ သည်။

အင်းစမပညာရပ်၌ အင်းဆန် ဗျည်းအက္ခရာစမများကောက်ယူရာတွင် ရှေးအကျဆုံး မူလဘူတအင်းစမများ သက်ဆင်းရာ ကပ္ပာလင်္ကာရကျမ်းအလို အရ -

**သာဝိ** - ထိုကုလားမသည်၊ **ဂဗ္ဘံ** - **ဂဗ္ဘသ** - ကိုယ်ဝန်၏၊ **ပက္ကတာ** - ပရိ **ပက္ကတာ** - ရင့်မာသည်၏အဖြစ်ကြောင့်၊ **တယောပုတ္တေ** - သားသုံးယောက်တို့ကို၊ **ဝိဇာယိ** - ဖွားမြင်၏။ **တေသုဝိ** - ထို (၃) ယောက်သောသားတို့ကို၊ **ဝိဇာယိ** - ဖွား မြင်၏။ **တေသုဝိ** - ထို (၃) ယောက် သောသားတို့တွင်လည်း (ဤနေရာတွင် ကုလားမဆိုသည်ကား 'ဋ္ဌ' ကိုဆိုကြောင်း သိထားရပါမည်။)

ထိုသန္ဓေရင့် ပဋိသန္ဓေတည် အမိ ကုလားမဖြစ်သော 'ဋ္ဌ' မှ -

သ၊ ည၊ ခ ဟူသော သား (၃) ယောက်ကို ပွားများဖွားမြင်လေသည်။ ထိုသို့အားဖြင့် အမိ 'ဋ္ဌ' အပါအဝင် သား (၃) ယောက်ဖြစ်သော သ၊ ည၊ ခတို့ကို ပေါင်းစုဖွဲ့စည်းလိုက်သောအခါ 'ဋ္ဌ- သ- ည- ခ' ဟူသော ဗျည်းအက္ခရာစမအုပ်စု

ဋ္ဌ မှ → သံ ညင်း ချိပ် (တသံညင်းချိပ်)= သ, ည, ခ
↓ ↓ ↓
သ ည ခ

ကြီးတစ်ခု ပေါ်လာရလေတော့သည်။

ထို့ကြောင့်လည်း -

**တာယမာတုယာ** - ထိုအမိ(ဋ္ဌ)နှင့်၊ **သဟ** - တကွ၊ **တယောပုတ္တာ** - သား(၃) ယောက်တို့သည်၊ **စတုက္ခရာ** - အက္ခရာ လေးလုံးတို့သည်၊ **ဟောန္တိ** - ဖြစ်ကြကုန် ၏။ **မာတုယာစ** - အမိ၏လည်းကောင်း၊ **ပုတ္တာနဥ္စ** - သားတို့၏လည်းကောင်း၊ **အာယု** - အသက်တို့ကို၊ **ပိဏ္ဍိတွာ-သမ္ပိ ဏ္ဍိတွာ** - ပေါင်း၍၊ **စတုပညာသာ** - ငါး ဆယ့်လေးနှစ်တို့သည်၊ **ဟောန္တိ** - ဖြစ်ကြ ကုန်၏။

အထက်ဂါထာအရ 'ဋ္ဌ'အပါအဝင် သား(၃)ယောက်ဖြစ်သော 'သ-ည-ခ' တို့ အတူတကွ ပေါင်းစည်းလျက် 'ဋ္ဌ-သ- ည-ခ' ဟူသော အထူးပြု ဗျည်းအက္ခစမ လေးလုံးအုပ်စုဖြစ်လာရ၏။ ထိုအက္ခရာ လေးလုံးတို့၏အသက် (ထိုဆိုင်ရာကိုယ် စားပြုဂြိုဟ်သက်) အသီးသီးတို့ကို ဂြိုဟ် သက်များအရပေါင်းယူပါက စတုပညာသ ခေါ် (၅၄) နှစ်ကို ရပေသည်။



ဋ္ဌ (စနေ - ၁၀ နှစ်)
သ (သောကြာ - ၂၁နှစ်)
ည (အင်္ဂါ - ၈ နှစ်)
ခ (တနင်္လာ - ၁၅ နှစ်)
ထို့ကြောင့် -
ယင်းတို့ကိုပေါင်းသော် -
ဋ္ဌ= ၁၀ + သ = ၂၁+ ည = ၈ + ခ = ၁၅ = ၅၄ (စတုပညာသ)

တစ်ဖန် ၅၄= ၅+၄= ၉ နဝင်း ကိုက်ဂဏန်းဖြစ်ပြန်လေသည်။

ထို့ကြောင့်လည်း ကျမ်းလင်္ကာ ဖြင့် -

- *ကုလားမသား၊ သုံးယောက်ဖွား၊ ရွှေသားညီနောင်၊ တန်ခိုးပြောင်၊ ကျော်ခေါင်သိဒ္ဓိ၊ တုမရှိသည့်၊ မှုနိ မြတ်စွာ၊ စိန္တေယာကို၊ ဝေဇန်ပိုင်း သိ၊ ပညာရှိမှ၊ ထိမည်၊ သိမည်၊ ညှိမည်၊ ကြည့်မည်ဟူသတတ်။*

ထို့ကြောင့် နောက်ခံသမိုင်းအ ကြောင်းကောင်းခြင်း၊ ခိုင်ခံ့ခြင်းများဖြင့် ပြည့်စုံသော နဝင်းတိုက်၊ နဝင်းကြိုက် သည့် ဤ 'ဋ္ဌ-သ-ည-ခ' တည်းဟူသော အထူးပြု ဗျည်းအက္ခရာ စမအုပ်စုအား အထူးစိတ်ဝင်စားမိသည့်အားလျော်စွာ ယင်းဗျည်းအက္ခရာ စမလေးလုံးနှင့် ဆက်စပ်ပတ်သက်သမျှ ဝိဇ္ဇာမယအစီ အရင်များကို လေ့လာကြည့်သောအခါ အလွန်အသုံးများသော ဗျည်းအက္ခရာ စမလေးလုံးဖြစ်ကြောင်းတွေ့ရပေသည်။ ထိုသို့ ကျွန်ုပ် လေ့လာတွေ့ရှိရသော ဤ အထူးပြု ဗျည်းအက္ခရာစမလေးလုံးနှင့် အခြေပြုစီရင်အပ်သော အစီအရင်များ အနက်မှ အလွန်အသုံးကျ၍ အသုံးကျယ် အသုံးကြွယ်သော 'ကုလားမသားသုံး ယောက်ဖွား ရွှေသားညီနောင်တန်ခိုး ပြောင် သိဒ္ဓိအင်း' ဟု ခေါ်ဆိုအပ်သော 'ဋ္ဌ-သ-ည-ခ' ဝင်အင်း၊ ထွက်အင်း အင် (၂) အင်းအစီအရင်ကို ဖော်ထုတ်တင် လိုက်ပါသည်။ ထို့အပြင် ဤအင်းအ အရင်ကို 'ဋ္ဌ-သ-ည-ခစတုပညာသအ အစီအရင်ကြီး' (အဘယ်ကြောင့် စတု ပညာသဖြစ်ကြောင်းကို အထက်တ ရှင်းပြခဲ့ပြီး ဖြစ်ပါသည်။)



www.burmeseclassic.com

www.burmeseclassic.com

### ဝင်အင်း

| | | | | | |
|---|---|---|---|---|---|
| | ငှ | ငှ | သ | ငှ | |
| ခ | ငှ | ငှ | သ | သ | သ |
| ခ | ည | သ | ငှ | ည | ခ |
| ခ | ငှ | သ | သ | ည | ည |
| ခ | ည | ခ | သ | ည | ခ |
| | ည | ငှ | ခ | ည | |

### ထွက်အင်း

| | | | | | |
|---|---|---|---|---|---|
| | ခ | ည | ငှ | သ | |
| ငှ | ခ | သ | ငှ | ည | ငှ |
| ငှ | သ | ည | ခ | သ | ငှ |
| ည | ခ | ည | ည | သ | ခ |
| ငှ | ခ | ည | ငှ | ခ | ငှ |
| | သ | သ | ည | ခ | |

ကုလားမသား သုံးယောက်ဖွား
ညီနောင် တန်ခိုးပြောင်သိဒ္ဓိအင်း
အစီအရင်နမူနာ
ဝင်အင်းနှင့်ထွက်အင်း

ဤအင်း (၂) အင်း၏ အင်းဆန်ကား ငှ-သ-ည-ခ၊ ခ-ည-သ-ငှ၊ သ-ည-ခ-ငှ၊ ငှ-ခ-ည-သ၊ ည-ခ-ငှ-သ၊ သ-ငှ-ခ-ည၊ ခ-ငှ-သ-ည၊ ည-သ-ငှ-ခ ဤအင်းကို ကျောတွင် ဆေးရိုးကြီး သုံးနှုံးပါက တုတ်၊ အုတ်၊ တံတောင်ခံ ၏၊ အိုးထိန်းလက်စက်မြေကို ခွက်ပြု လုပ်လျက် ၎င်းခွက်ကို ဤအင်းချပြီး မဆစ်ဆီ (၅) ကျပ်သားကို ငှ-သ-ည-ခ နှင့် (၃၇) အုပ်စုတ်ပြီး မီးစာအဖြစ် ဝင်ချည်ဖြင့် (၁၀၈) ပင်ကို မီးစာပြု ၍ ထွန်းရမည်။ တစ်ဖန် ထွက်အင်း ကိုလည်း ရွာနတ်စင်တွင် အုန်း၊ ငှက် ပျောကန်တော့ပွဲဖြင့်ထွန်းပြီး အတိုက် အခိုက် သူပြုလူပြု ပြုလာသူမှန်သမျှပြန် စေဟုဆိုကာ ထွန်းပါလေက ပြုသူ ထံသို့ပြန်ခံရ၏။ နောက်တစ်နည်း ကား ဝင်အင်းကို သချိုင်းတွင် ခေါပ ကောင်းလေးခွက်ရှိ ထမင်းဖြူ ထမင်းနီ၊ မစိမ်း၊ ငါးစိမ်းထည့်လျက် ခေါခွက် ကားတောင်းပြု။ အလယ်တွင် အင်းကို ထားလျက် မည်သူပြုသည်ဖြစ်စေ ပြု သောသူသို့ ပြန်ပါစေဟူ၍ မီးထွန်းပါက ပြုသောသူမခံနိုင်။ သူပြုသမျှ ပြုသ လောက်ခံရပေလိမ့်မည်။ ဤနည်းဖြင့် မီးထွန်းလျက် မိမိအလိုရှိသောသူကို မှန်းဆတမ်းတလျက် မည်သူတို့အလိုရှိ ပါသည်။ အမြန်လာပါစေဟုထွန်း၊ မမြင် ရ မနေနိုင်ဖြစ်လေ၏။ မမြင်ရက ရူးလေ သည်ထိ ဖြစ်တတ်၏။

ထို ငှ-သ-ည-ခ ဂါထာကို အပြန် အလှန် ညီညီညာညာရေးပါ။ အဝင် အထွက်ဂါထာစာနှစ်တန်းညီနေရမည်။ ပိုလည်းမပို၊ လိုလည်းမလိုစေရ။ ရွာဦး နတ်စင်တွင် ထိုဂါထာ အပြန်အလှန်ရေး လျက် လက်ဖွဲ့ညီနောင် (လက်ဖွဲ့နှစ်လုံး) ထိုး။ ထိုလက်ဖွဲ့ကို ရွာဦးနတ်စင်တွင် တင်လျက် မည်သူ့ကို မည်သို့အိပ်မက် စေဟုပြောပြီး အလိုရှိသူများမှာခဲ့ပါက သက်ဆိုင်ရာထံကို ပြောချင်ဖြစ်ချင်ရာ ကို အိပ်မက်ပေးပေလိမ့်မည်။ ဤအစီ အရင်နည်းဖြင့် ဓမ္မစေတီ၊ ဓမ္မပါလတို့ ဘုရင်မကြီးရှင်စောပုထံ အိပ်မက်စေခဲ့ သဖြင့် ကောင်းစားခဲ့ကြဖူးသည် ဆိုပါ သည်။

စုန်ရေ၊ ဆန်ရေတို့ကို (လှေဖြင့် ထက်ကိုတက်ကဆန်ရေ၊ ရေစုန်အောက် ဆင်းကစုန်ရေ) ထိုငှ-သ-ည-ခအင်းဆန် ဂါထာဖြင့် (၁၀၈) အုပ်မန်းပြီး စည်းသုံး တန်ချက သူပြုလူပြု၊ စုန်းအမှောင့် ပယောဂတို့ မိမိအိမ်ခြံဝင်းထဲသို့ မဝင် နိုင်။အကွယ်အကာကောင်းလှ၏။ သူပြု လူပြုစုန်းအမှောင့်ပယောဂတို့မဝင်နိုင်။ မချဉ်းကပ်ဝံ့။

ထိုအင်းဆန်ဂါထာဖြင့် ရေကို (၃၇) အုပ်မန်းပြီး မြွေကိုက်သူကိုတိုက်၊ ဒဏ်ရာကိုလည်း ထိုရေမန်းဖြင့်ဆွတ်၊ မြွေဆိပ်ကျ ချမ်းသာရ၏။

ဤအင်းဆန်ဂါထာဖြင့်ပင် မဆစ် ဆီ(၅)ကျပ်သားကို (၃၇) အုပ်မန်း။ ထို ဆီမန်းတစ်စက်ကိုတိုက်၊ ကျန်တစ်ဝက် ကို ကိုယ်ပေါ်ကလိမ်းသော် သူပြုလူပြု အပြုအစားအလုံးအပင်းမှန်သမျှအကုန် ကျ၏။

ထိုဂါထာဖြင့်ပင် မဆစ်ဆီ (၅) ကျပ်သားကို (၃၇)အုပ်နှင့် သက်စေ့မန်း။ ထို့နောက် ကောဏ္ဍသံဟုဆို၍ ရှေ့ဆံစ ကို ပင့်သပ်ပေး။ နောက်တစ်ဖန် ကော ဏာဂုံဟုရွတ်ကာ နောက်ဆံစကိုပင့်၍ သပ်လေ။ ထို့နောက် ကဿပဘုရား ဟုဆိုကာ လက်ဝဲဆံစကိုပင့်သပ်ပါလေ။ တစ်ဖန် အရိမေတ္တေယျဘုရားဟုဆိုလျှင် မျက်နှာကို ပွတ်သပ်လိမ်း။ ထိုသို့ ပြုလုပ် စီရင်ပါက ယောကျ်ား၊ မိန်းမ၊ ရဟန်း ရှင်လူ မြင်သမျှအပေါင်းတို့ ချစ်၏။

- ငှ-သ-ည-ခ၊ ခ-ည-သ-ငှ၊ သ-ည-ခ-ငှ၊ ငှ-ခ-ည-သ၊ ည-ခ-ငှ-သ၊ သ- ငှ-ခ-ည၊ ခ-ငှ-သ-ည၊ ည-သ-ခ-ငှ။

ထိုငှ-သ-ည-ခအင်းဆန်ဂါထာ တို့ကို အပြန်အလှန် အပိုအလိုမရှိ ရွှေ၊ ငွေအသန့်တို့၌ရေးထိုး။ ထို့နောက် ရေ ထဲ တွင် လှေ၊ ဖောင် စသည်တို့နှင့် စုန် ရေကိုခပ်ပြီး ယင်းရေထဲသို့ အဆိုပါ လက်ဖွဲ့လေးလုံးကို ထည့်ပါလေ။ ထို ဂါထာနှင့်ပင် (၁၀၀၀) စုတ်ပါက လက်ဖွဲ့ တို့ ရေတွင်ပေါ်လျက် ကူးခပ်ပေလိမ့် မည်။ ထိုသို့ လက်ဖွဲ့တို့ ရေတွင်ကူးလျှင် အောင်၏။

ဝါးပျံရပါက ယင်းဝါးပျံကို ဂဝံ ရုပ်ထုပါ။ ဂဝံရုပ်သည် လက်နှစ်ဖက်ဖြင့် မျက်နှာကို ဖုံးထားစေ။ အခြားလက်နှစ် ဖက်ကား နားရွက်တို့ကို ဖုံးထားစေ။ အခြားလက်နှစ်ဖက်တို့ကား ဒွါရတို့ကို ဖုံးထား၏။ (ထို့ကြောင့် ဤနည်းအရ ဂဝံ ရုပ်တွင် လက်ခြောက်ဖက်ရှိသည်ဟု သိ ရပေမည်) ထိုလက်ခြောက်ဖက် ဂဝံရုပ် ကို မဆစ်ဆီ (၅) ကျပ်သားတွင်ထည့်။ ထိုအင်းဆန်ဂါထာဖြင့်ပင် (၁၀၀၀) အုပ် စုတ်ပါ။ ဂဝံရုပ်ထလာလျှင် အောင်မြင် ပြီဖြစ်သည်၊ သို့မဟုတ် ဆီဆူပါလျှင် လည်း အောင်မြင်ပြီဖြစ်သည်။ ထိုအခါ ယင်းဂဝံရုပ်ကို အိမ်မှာ (၁၀၀၀) စုတ်၊ တန်ခိုးကြီးဘုရားမှာ (၁၀၀၀) စုတ်ပါက အပါး (၃၀) ပြီး၏။

သူပြုလူပြု၊ စုန်းတိုက်၊ နတ်တိုက်၊ အင်းမြှုပ်၊ ရုပ်ထားနာမ်ထားအတတ်များ ကိုသိလိုလျှင် ထို 'ငှ-သ-ည-ခ' ဝင်အင်း ထွက်အင်း(၂)အင်းကို လက်ဖွဲ့ညီနောင် ထိုးလျက် ထိုလက်ဖွဲ့ကို ကြက်လည်ပင်း တွင်ချိ၍လွှတ်ပါ။ ပြုထားသောအရပ်မှာ ကြက်ယက်လိမ့်မည်၊ ကြက်ဝပ်လျှင်ဝပ် လိမ့်မည်။ အလွန်အသုံးကျယ်အသုံး ကြွယ်ဝလှသော အစီအရင်ထူးပင် ဖြစ် ပါသည်။

သိသူဖော်စား၊
မသိသူကျော်သွား
*အနန္တစကြဝဠာအနန္တသတ္တဝါတို့*
*ချမ်းသာကြပါစေ*
*မေတ္တာများဖြင့်-*

ဘိုရေတနာ-ဆရာဒေယျာလင်း
(ကတ္တီပါဇိနပ်စီး၊ ရွှေထီးဆောင်း)



www.burmeseclassic.com


www.burmeseclassic.com

ညီတော်အာနန္ဒာ၏ ပီရမစ်ဆတ်ထမ်းများ

# ဝဏ္ဏသိရိ

(၁၀)

## လူ့ကိုယ်ခန္ဓာနှင့်နတ်စည်းစိမ်



ညီတော်အာနန္ဒာအရှင်မြတ်ကြီးသည် ငါးရာ့ငါးဆယ် ပကိဏ္ဏကနိပါတ် သာမိနဇာတ်တော်၌ ဘုရားအလောင်းတော် သာမိနမင်းကြီး၏ခုနစ်ဆက်မြောက်မြစ်တော် နာရဒမင်းဖြစ်၍ ဘေးလောင်းတော် သာမိနမင်းကြီးအား မိမိလက်ဝယ်ရှိနေသော ဝိဒေဟတိုင်းကြီးနှင့်တကွ ထီးနန်းစည်းစိမ်တို့ကို ပြန်လည်၍ ဆက်သခဲ့ဖူးပေသည်။

ထိုဇာတ်တော်၌ ဘုရားအလောင်းတော်သည် ဝိဒေဟတိုင်း မိမိလာမြို့တော်၌ ထီးနန်းစိုးစံခဲ့ရ၏။ အလောင်းတော် သာမိနမင်းကြီးသည် အဝှမ်းကျယ်လှစွာသောဝိဒေဟတိုင်းကြီးကို မင်းကျင့်တရားလေးပါးနှင့်အညီ စိုးမိုးအုပ်ချုပ်၏။ ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်း၏။ လပြည့်၊ လကွယ်နှင့် လဆန်း၊ လဆုတ်ဥပုသ်နေ့များတွင် ဥပုသ်သီတင်းဆောက်တည်၏။

ထို့အပြင် သာမိနမင်းကြီးသည် အလှူတော်ကြီးပေးရန်လည်း စိတ်ညွတ်လာသဖြင့် နန်းတော်၏တံခါးဝ၌ လည်းကောင်း၊ မိမိလာမြို့တော်ကြီး၏ တံခါးပေါက်လေးခုတို့၌ လည်းကောင်း အလှူမဏ္ဍပ်ကြီးတစ်ဆောင်စီကို ဆောက်လုပ်စေ၏။ အလှူမဏ္ဍပ်ကြီးခြောက်ဆောင် ဆောက်လုပ်၍ ပြီးစီးသောအခါ ဘဏ္ဍာတိုက်တော်မှ တစ်နေ့တစ်နေ့လျှင် အသပြာ ခြောက်သိန်း၊ ခြောက်သိန်းထုတ်ပေးစေ၏။ ထိုအသပြာတို့ဖြင့် လာလာသမျှသော အလှူခံပုဂ္ဂိုလ်တို့အတွက် အစားအစာတို့ကို လုံလောက်အောင်ချက်ပြုတ်စေ၏။ သူတို့အတွက် လိုအပ်သမျှအသုံးအဆောင်ဝတ္ထုပစ္စည်းတို့ကို ဝယ်ခြမ်း၍ ပေးဝေလှူဒါန်း၏။

သာမိနမင်းကြီး၏ အလှူတော်ကြီးကို အမှီပြုကြရသဖြင့် မိမိလာမြို့တော်ကြီးနှင့်တကွ ဝိဒေဟတိုင်းကြီးတစ်ခွင်လုံးရှိ တိုင်းသူပြည်သားတို့သည် မိမိတို့၏ စားဝတ်နေရေးအတွက် ထွန်ယက်စိုက်ပျိုးခြင်း စသော အသက်မွေးလုပ်ငန်းတို့ကိုလုပ်နေစရာမလိုတော့ဘဲ အချိန်တန်လျှင် သာမိနမင်းကြီး၏အလှူမဏ္ဍပ်တော်ကြီးများဆီသွားလိုက်ရုံနှင့်ပင် လိုအပ်သမျှအဝဝကို ရယူသုံးဆောင်နိုင်ကြပါပေသည်။

ထိုကဲ့သို့သော အလှူတော်ကြီးကြောင့် သာမိနမင်းကြီး၏ ဂုဏ်သတင်းသည် မိမိပိုင်စိုးရာ ဝိဒေဟတိုင်းကြီး၏ နယ်နိမိတ်ကို ကျော်လွန်၍ ပတ်ဝန်းကျင်တိုင်းနိုင်ငံတို့အထိ ပျံ့နှံ့ကျော်စောလာ၏။ တိုင်းတစ်ပါးကသူတို့သည်ပင် သာမိနမင်းကြီးကို ကြည်ညိုလေးစားကြသဖြင့် သာမိနမင်းကြီး၏ သွန်သင်ဆုံးမမှုများကို ခံယူကာ ကုသိုလ်ကောင်းမှုအမျိုးမျိုးတို့ကို ကြိုးစား၍ ပြုလုပ်ကြလေသည်။

ဤသို့ဖြင့် ဝိဒေဟတိုင်းနှင့်တကွ အခြားအခြားသော တိုင်းနိုင်ငံတို့မှ လူတို့ သေဆုံးသောအခါ တာဝတိံသာနတ်ဘုံသို့ လားရောက်ကြရ၏။ ကုသိုလ်ရှင်ကောင်းမှုရှင်တွေများပြားလှသဖြင့် သုဓမ္မာနတ်သဘင်ကျင်းပရာကွင်းကျယ်ကြီးတွင် အသစ်အသစ်ရောက်လာကြသော နတ်သမီး၊ နတ်သားတို့ဖြင့်ပြည့်၍ နေပါတော့သည်။

တာဝတိံသာနတ်ဘုံသို့ရောက်လာသမျှသော နတ်သမီး၊ နတ်သားတို့သည် လူတို့၏ရပ်ရွာ ဝိဒေဟတိုင်း မိမိလာမြို့တော်မှ သာမိနမင်းကြီးဂုဏ်ကျေးဇူးကို ချီးကျူးပြောဆိုကြ၏။ ထိုချီးကျူးစကားကို ကြားနာရသဖြင့် အခြားအခြားသော နတ်သမီး၊ နတ်သားတို့ကလည်း ထူးထူးခြားခြား စေတနာသဒ္ဓါတရားထက်သန်လှသော သာမိနမင်းကြီးကို ဖူးမြင်ရန် တောင့်တလာကြ၏။ မိမိတို့၏ လိုလားတောင့်တချက်ကို တာဝတိံသာနတ်တို့၏ အကြီးအမှူးဖြစ်သော သိကြားမင်းထံ တင်ပြကြလေသည်။

ထိုအခါ သိကြားမင်းသည် မာတ လိနတ်သားကို ခေါ်ယူပြီးလျှင် -

"အမောင် မာတလိ၊ ငါတို့ စီးနင်းနေကျ ဝေဇယန္တာရထားနှင့် လူတို့ပြည်သို့ ဆင်းသက်ပါ။ ဝိဒေဟတိုင်းပြည်ကြီး အရှင်သခင် သာမိနမင်းကြီးကို ဝေ ယန္တာရထားပေါ်တင်ပြီး ငါတို့နေ တာဝတိံသာနတ်ဘုံသို့ပင့်ခေါ်ခဲ့ပါ"

အမိန့်ပေး၏။

သိကြားမင်း၏ အမိန့်ကို ဦးညွှ ခံယူပြီးလျှင် မာတလိနတ်သားသ သိန္ဓောမြင်းတစ်ထောင်,ကသော ဝေ ယန္တာနတ်ရထားကြီးကို မောင်းနှင်လျ တာဝတိံသာနတ်ဘုံမှ ဆင်းသက်လာ

ထိုနေ့သည်ကား တစ်နေ့သော လ၏လပြည့်နေ့ဖြစ်၍ သာမိနမင်းကြီး သည် အလှူမဏ္ဍပ်ကြီးများကို လှည့် လည် ကြည့်ရှု၍ လိုလေသေးမရှိ လှူ ဒါန်းနိုင်အောင် စီမံ မိန့်ကြားပြီးလျ နန်းတော်သို့ ပြန်လာခဲ့၏။ ဥပုသ်နေ့ ၍ ဥပုသ်သီလ ခံယူဆောက်တည် ညနေချမ်းအချိန်သို့ ရောက်သော စံနန်းဆောင် ပြာသာဒ်အမြင့်သို့ ထ ရောက်ပြီးလျှင် ထက်ဝန်းကျင်မှ ခ ၍နေကြကုန်သော မှူးတော်မတ် အပေါင်းအား ကုသိုလ်ကောင်းမှုအ



www.burmeseclassic.com

www.burmeseclassic.com

ဘို့ကြောင့် အကျိုးတရား ခံစားရပုံ အကြောင်းစုံကို ဟောကြားဆုံးမ၍နေလေသည်။

ဤသို့ဖြင့် နေ့ကာလကုန်ဆုံးလာခဲ့၍ အရှေ့လောကဓာတ်မှ လပြည့်ဝန်းကြီး ထွက်ပေါ်လာ၏။ လပြည့်ဝန်းကြီးထွက်ပေါ်လာသည်နှင့် မရှေးမနှောင်းမှာပင် လပြည့်ဝန်းကြီးကဲ့သို့ အရောင်အဝါတောက်ပလှစွာသော အရာဝတ္ထုတစ်ခုကလည်း လပြည့်ဝန်းကြီးနှင့် အပြိုင်အဆိုင် ထွက်ပေါ်လာခဲ့ပါပေသည်။ ထိုမြင်ကွင်းကို မိမိလာမြို့တော်သူမြို့တော်သားတို့ကလည်း ရှုမြင်ကြရသဖြင့် -

"ဟေ့ - ဒီကနေ့မှာ လဝန်းကြီးနှစ်ဆူပြိုင်တူထွက်လာပါပေါ့ကလား"

ဟု တအံ့တသြပြောဆိုကြရ၏။

ထိုမှ အတန်ငယ်ကြာသောအခါ ဝေဇယန္တာရထားက ရှေ့သို့ကျော်တက်လာခဲ့သဖြင့် လဝန်းကြီးနှင့် နတ်ရထားတို့ကို ကွဲကွဲပြားပြားမြင်လာကြရ၍ -

"ဟာ - အစတုန်းက လဝန်းကြီးနှစ်ခုလို့ထင်နေခဲ့ကြရတာ။ အခုတော့ ရှေ့ကဟာက သိန္ဓောမြင်းတွေကတဲ့ နတ်ရထားကြီးပါလားကွ။ နတ်ရထားကြီးမှာ ရထားထိန်းနတ်သားက မောင်းနှင်လာခဲ့တာကိုး။ ဒါနဲ့ နေပါဦး၊ ဒီနတ်ရထားကြီးက ဘယ်သူ့ကိုခေါ်ရအောင်လာခဲ့တာပါလိမ့်"

ဤသို့ တစ်ယောက်သောသူက တအံ့တသြနှင့်မေးမြန်းလိုက်သဖြင့် -

"ဟေ့- ဘယ်သူရှိရမှာလဲကွ။ ငါတို့ရဲ့ကျေးဇူးရှင် ဝိဒေဟတိုင်းကြီးရှင် သာဓိနမင်းကြီးကိုပဲ ဖြစ်မှာပေါ့ကွ။ ငါတို့ရဲ့မင်းကြီးက တရားစောင့်တယ်။ တရားတော်နဲ့အညီ ကျင့်သုံးဆောက်တည်တယ်။ သူမတူတဲ့အလှူတော်ကြီးကို နေ့တိုင်းနေ့တိုင်းပေးလှူနေတယ်။ ဒီတော့ သူကလွဲလို့ဘယ်သူရှိရမှာလဲကွ"

ဤသို့ မြို့တော်သူမြို့တော်သားတို့ အပြန်အလှန်ပြောဆိုနေကြစဉ်မှာပင် ဝေဇယန္တာနတ်ရထားကြီးသည် မိမိလာမြို့တော်ပေါ်သို့ နိမ့်ဆင်းလာသည်။ မာတလိနတ်သားသည် ဝေဇယန္တာနတ်ရထားကို အိမ်ခေါင်မိုးနှင့်လွတ်ရုံမျှ နိမ့်နိမ့်ကလေး မောင်းနှင်ကာ မိမိလာမြို့တော်ကြီးကို လက်ယာရစ်တစ်ပတ်ပတ်ပြ၏။ ထိုအခိုက်တွင် မိမိလာမြို့တော်သူမြို့တော်သားတို့ကလည်း ဝေဇယန္တာရထားဆီသို့ ပန်းမျိုးစုံဖြင့် ပင့်မြှောက်၍ ကြိုဆိုကြလေသည်။

မိမိလာမြို့တော်ကြီးကို တစ်ပတ်ပတ်ပြပြီးသောအခါ မာတလိနတ်သားသည် ဝေဇယန္တာရထားကို နန်းတော်ဆီသို့ မောင်းနှင်လာခဲ့ပြီးလျှင် သာဓိနမင်းကြီးစံမြန်းလျက်ရှိသော နန်းပြာသာဒ်၏ လေသာပြတင်းသို့ ချဉ်းကပ်လာ၏။ လေသာပြတင်းနားသို့ရောက်သောအခါ ဝေဇယန္တာရထားကို နောက်ပြန်လှည့်စေ၍ ရထား၏ခြေနင်းခုံကို လေသာပြတင်းအနားမှာကပ်ပေးထားပြီးလျှင် -

"မြတ်သောမင်းကြီး၊ နတ်ရထားပေါ်သို့ ကြွရောက်တော်မူပါ။ သိကြားမင်းနဲ့တကွ တာဝတိံသာနတ်အပေါင်းက အရှင်မင်းကြီးကို ဖူးလိုမြင်လိုကြပါတယ်။ သုဓမ္မာနတ်သဘင်များ ကျင်းပတိုင်း အရှင်မင်းကြီးရဲ့ ဂုဏ်ကျေးဇူးတွေကို သူ့ထက်ငါ ချီးကျူးနေကြပါတယ်ဘုရား"

ဤကဲ့သို့ မာတလိနတ်သားက ရထားထက်မှ လက်အုပ်ချီမိုးရှိခိုး၍ ပင့်လျှောက်၏။ ဤတွင် သာဓိနမင်းကြီးကလည်း မိမိ၏ ကုသိုလ်ကောင်းမှုများ၏ အကျိုးပေးထက်သန်နေပုံကို အာရုံပြုကာ တွန့်တိုဆုတ်နစ်ခြင်းမရှိဘဲ ရဲရဲဝံ့ဝံ့ပင် ဝေဇယန္တာရထားပေါ်သို့ တက်လာခဲ့ပေသည်။

ထို့နောက် မာတလိနတ်သားသည် ဝေဇယန္တာရထားကို ဦးမော့စေ၍ ပြန်လည်မောင်းနှင်လာခဲ့ရာ တာဝတိံသာနတ်ဘုံသို့ ရောက်ရှိလာလေသည်။



www.burmeseclassic.com

တာဝတိံသာနတ်တို့သည် သာမိနမင်းကြီးကို သောင်းသောင်းဖြဖြ ကြိုဆိုကြကုန်၏။ နတ်တို့၏ ပန်းနံ့သာ၊ တံခွန်၊ ကုက္ကားတို့ဖြင့် ဝန်းရံပူဇော်ကာ သိကြားမင်းရှိရာ ပင့်ဆောင်လာခဲ့ကြသည်။ တာဝတိံသာနတ်တို့ကို အစိုးရသော သိကြားမင်းကလည်း မိမိထိုင်နေရာ ပဏ္ဍုကမ္ဗလာအခင်းကို ထက်ဝက်ခွဲ၍ပေးပြီးလျှင် -

"ဝိဒေဟတိုင်းကြီးသခင်အရှင်မင်းမြတ်၊ ကမ္ဗလာအခင်းပေါ်မှာထိုင်တော်မူပါ။တာဝတိံသာနတ်အပေါင်းက အရှင်မင်းမြတ်ကို ဖူးလိုမြင်လိုကြတာကြောင့် နတ်ရထားနဲ့ ပင့်ဆောင်လာခဲ့ရပါတယ်။ ဒီတာဝတိံသာနတ်ဘုံမှာ ကိုယ့်မြို့ကိုယ်နန်းတော်ကဲ့သို့ စိတ်တိုင်းကျစံစားတော်မူပါဘုရား"

ဤသို့ ဖိတ်ကြားပြီးလျှင် သိကြားမင်းသည် ယူဇနာတစ်ထောင်ကျယ်ဝန်းသောနတ်မြို့ကိုလည်းကောင်း၊ (၂)ကုဋေ (၅)သန်းအရေအတွက်ရှိသောနတ်သမီးတို့ကို လည်းကောင်း၊ ဝေဇယန္တာနန်းပြာသာဒ်ကြီးကိုလည်းကောင်း ထက်ဝက်ခွဲဝေ၍ သာမိနမင်းကြီးအား ဆက်သပြီးလျှင် မိမိနှင့်အတူတူ ထီးပြိုင်နန်းပြိုင်စံစားစေ၏။

သာမိနမင်းကြီးကလည်း လူတို့၏ကိုယ်ခန္ဓာဖြင့်ပင်လျှင် နတ်တို့၏သုဒ္ဓါဘုတ်ကို စားသုံး၏။ နတ်တို့၏အဝတ်အဆင်တို့ကိုဝတ်၏။ နတ်တို့၏ပန်းတို့ကို ပန်ဆင်၏။ နတ်တို့၏ နံ့သာတို့ကို လိမ်းကျံ၏။ နတ်တို့၏ တီးမှုတ်၊ ကခုန်၊ ဖျော်ဖြေမှုတို့၌ မွေ့လျော်၏။ နတ်တို့၏ အထိအတွေ့ကာမဂုဏ်အာရုံတို့ကို အလိုရှိတိုင်းစံစား၍နေ၏။ လူတို့၏ကာမဂုဏ်စည်းစိမ်ထက် အဆများစွာသာလွန်၍ သာယာဖွယ်ရှိသော၊ အဆများစွာသာလွန်၍ နှစ်သက်ဖွယ်ကောင်းသော နတ်တို့၏ ကာမဂုဏ်စည်းစိမ်ချမ်းသာတို့ကို စံစားပြီးရင်းစံစား၍လာခဲ့မိလေရာ သာမိနမင်းကြီးမှာ အချိန်တွေ၊ နှစ်ကာလအပိုင်းအခြားတွေ မည်၍မည်မျှကျော်လွန်သွားပြီးကုန်ဆုံးသွားပြီဟူ၍ပင် သတိမမူမိတော့ပါ။

သို့ရာတွင် သာမိနမင်းကြီးသည် ဘုရားအလောင်းတော် ပါရမီရှင်တစ်ဦးသာဖြစ်၍ ဘဝဘဝပေါင်းများစွာကဖြည့်ကျင့်ဆည်းပူးလာခဲ့သော ပါရမီကုသိုလ်တို့က နှိုးဆော်လာကြသဖြင့် အိပ်ပျော်ယောက်ျားနိုးသော်လားသို့ သတိသံဝေဂရရှိလာ၏။ ထို့ကြောင့် သာမိနမင်းကြီးသည် သိကြားမင်းထံ ချဉ်းကပ်လာခဲ့ပြီးလျှင် -

"နတ်တကာတို့ထက်မြင့်မြတ်လှတဲ့ အရှင်သိကြားမင်း၊ စောစောပိုင်းတုန်းကတော့ နတ်တို့ပြည်ကသီချင်းတွေ၊ အတီးအမှုတ်တွေနဲ့ ကျွန်ုပ်မွေ့လျော်ခဲ့တာမှန်ပါတယ်။ အခုတော့ အဲဒါတွေနဲ့ မွေ့လျော်လို့မရတော့ပါဘူး။ ကျွန်ုပ်ရဲ့ သက်တမ်းကကုန်နေလို့လား။ ဒါမှမဟုတ်လည်း ကုန်ခါနီးနေလို့လား။ ဒါမှမဟုတ် ကျွန်ုပ်ကိုယ်တိုင်တွေဝေမိန်းမောနေတာများဖြစ်လေမလား"

ဤသို့ မိမိ၏စိတ်အခြေအနေပြောင်းလဲလာပုံကို ပြောပြလိုက်လေရာ-

သိကြားမင်းက နတ်တို့ဘုံမှာ ပျော်မြဲတိုင်း ဆက်လက်ပျော်နေစေလို၍-

"လူတကာတို့ထက် လုံ့လ၊ ဝီရိယထက်သန်လှတဲ့အရှင်သာမိနမင်း၊ အရှင်မင်းမြတ်ရဲ့ သက်တမ်းကလည်း မကုန်သေးပါ။ ကုန်ခါနီးတာလည်း မဟုတ်သေးပါ။ တွေဝေမိန်းမောနေတာလည်း မဟုတ်ပါ။ တကယ်တော့ဖြင့် လူ့ပြည်မှာတုန်းက အရှင်မင်းမြတ်ပြုစုအားထုတ်ခဲ့တဲ့ ကုသိုလ်ကံတွေ ကုန်သွားကြတာသာဖြစ်ပါတယ်။ လူ့ပြည်မှာတုန်းက ပြုစုအားထုတ်ခဲ့တဲ့ ကုသိုလ်ကံတွေရဲ့အကျိုးတရားအဖြစ်နဲ့ နတ်တို့ရဲ့စည်းစိမ်ချမ်းသာတွေကို နှစ်ပေါင်းမြောက်မြားစွာ ခံစားလာခဲ့ပြီမို့ နောက်ထပ် အကျိုးပေးဖို့ လက်ကျန်မရှိတော့ပါ။ ဒါပေမယ့် အရှင်မင်းမြတ် စိတ်အားမငယ်ပါနဲ့။ အရှင်မင်းမြတ်ရဲ့ ကုသိုလ်ကံအရင်းအမြစ်တွေ ကုန်သွားကြသော်လည်း ကျွန်ုပ်တို့ နတ်အပေါင်းရဲ့ တန်ခိုးအာနုဘော်နဲ့ ဆက်လက်ပြီး ခံစားလို့ရနေပါသေးတယ်။ ယခင်ကအတိုင်း ကျွန်ုပ်တို့နဲ့အတူ ပျော်ပျော်ကြီးစံနေပါဦး ဘုရား"

ဤသို့ သိကြားမင်းက စေတနာထက်သန်စွာ ဖိတ်ကြားပါသော်ငြားလည်း အလောင်းတော်သာမိနမင်းကြီးက လက်မခံနိုင်သဖြင့် -

"နတ်တို့ရဲ့ အကြီးအမှူးဖြစ်တဲ့ အရှင်သိကြားမင်း၊ နတ်တို့ရဲ့ တန်ခိုးအာနုဘော်ကို အမှီပြုပြီး ခံစားရမယ့် နတ်စည်းစိမ်တွေဆိုတာက သူတစ်ပါးပိုင်တဲ့ ယာဉ်ရထားကိုငှားပြီးစီးရတာနဲ့ တူပါတယ်။ သူတစ်ပါးရဲ့အဝတ်အထည်ကို ငှားပြီးဝတ်ရတာနဲ့တူပါတယ်။ ခေတ္တခဏ အသုံးပြုခွင့်ကလေးရနေပေမယ့် အချိန်တန်တော့ ပိုင်ရှင့်ထံပြန်အပ်လိုက်ရမှာပဲ မဟုတ်ပါလား။ ဒါကြောင့် သူတစ်ပါးတို့ ပြုစုအားထုတ်ထားတဲ့ကုသိုလ်ကံကြောင့် ခံစားရမယ့် စည်းစိမ်ချမ်းသာကိုအလိုမရှိတော့ပါဘူး။ကုသိုလ်ကောင်းမှုအစုစုကို ကိုယ်တိုင်ပြုပြီးတော့ ကိုယ်ပိုင်ဥစ္စာကို စုဆောင်းပါရစေ။ ဒါကြောင့် ဒီကနေ့မှာပဲ နတ်ပြည်က လူ့ပြည်ကိုပြန်ဆင်းပါရစေတော့"

ဤသို့ အကြောင်းပြခိုင်လုံစွာ ခွင့်ပန်လာသဖြင့် သိကြားမင်းမှာ တားမြစ်ရန်မဖြစ်နိုင်တော့သဖြင့် သာမိနမင်းကြီးအား ဝေဇယန္တာရထားဖြင့် လူ့ပြည်သို့ပြန်ပို့ရန် မာတလိနတ်သားကို တာဝန်ပေးလိုက်ရပါတော့သည်။

မာတလိနတ်သားသည် အရှိန်အဟုန်နှင့်မောင်းနှင်လာခဲ့သော ဝေဇယန္တာရထားကို တဖြည်းဖြည်းအရှိန်သတ်ပြီးလျှင် လူတို့ပြည်က မင်းဥယျာဉ်တော်တစ်ခုထက်သို့ ငြိမ့်ငြိမ့်သာသာလေးဆင်းသက်ပေးပြီးမှ -

"အရှင်မင်းကြီး၊ ဟိုဟာကအရှင်မင်းကြီးပိုင်စိုးခဲ့တဲ့ ဝိဒေဟတိုင်းကြီးရဲ့ အချက်အချာ မိဓိလာမြို့တော် ဖြစ်ပါတယ်။ ယခု ကျွန်ုပ်တို့ရပ်နေကြတာက မိဓိလာမြို့တော်အနီးက အရှင်မင်းကြီးရဲ့ ဥယျာဉ်တော် ဖြစ်ပါတယ်။ ဥယျာဉ်တော်မှာ မွေ့လျော်စွာ စံပျော်ရစ်ပါတော့ဘုရား"

ဤသို့ နှုတ်ဆက်စကားပြောကြား၍ ရှိခိုးဦးတင်ကာ မာတလိနတ်သား ပြန်တက်သွားလေသည်။

ထိုတစ်ခဏအတွင်း၌ သာမိနမင်းကြီး ပြန်လာသည်ကို ဥယျာဉ်တော်စောင့်က မသိလိုက်သေးပေ။ သို့ဖြစ်၍ သာမိနမင်းကြီးမှာ ခရီးဦးကြိုဆိုမည့်သူ မရှိသဖြင့် ယောင်တိယောင်ချာဖြစ်ကာ ဥယျာဉ်တော်ထဲမှာ ဟိုဟိုသည်သည် လျှောက်ကြည့်နေမိ၏။

မာတလိနတ်သားက အရှင်မင်းကြီး၏ဥယျာဉ်တော်ဟုဆိုခဲ့၍သာ ခပ်မဆိတ်နေခဲ့ရ၏။ တကယ်တော့ဖြင့် ယခုလက်ရှိမြင်နေရသည့် မြင်ကွင်းများကတော့ ယခင်ကမြင်ကွင်းများနှင့် လုံးဝမတူတော့ပါကလား။

ဟိုအချိန်တုန်းကတော့ ဤဥယျာဉ်တော်ထဲက မြေသားတို့က စိမ်းစိမ်းစိုစို သစ်ပင်ပန်းမန်တို့ကို ရေအလုံအလောက် ပေးနိုင်ဖို့ ပြုလုပ်ထားသည့် ရေပွန်းသည်နားတောင်းသဖွယ် တင့်တယ်၍နေခဲ့၏။ ရှုလေရာရာတွင် ရေသွယ်မြောင်းလေးတို့မှာ ရေအေးအေးတို့အလျှံ



www.burmeseclassic.com

www.burmeseclassic.com

မပြတ်စီးဆင်း၍နေခဲ့ကြပါ၏။ ဥယျာဉ်တော်အတွင်းက ရေတန်ကြီးများမှာလည်း ကြာမျိုးစုံတို့ဖုံးလွှမ်းကာ စက္ကဝက်ငှက်ဖို ငှက်မတို့၏ တွန်မြူးရာဖြစ်ခဲ့ကြပါ၏။ ပန်းချုံပန်းရုံတို့တွင် မန္ဒာလကာအမည်ရသော ပန်းနွယ်တို့က ဖုံးလွှမ်း၍နေကြပါ၏။ ထိုမျှလောက် သာယာဖွယ်ကောင်းသော၊ ထိုမျှလောက် နှစ်သက်ကြည်နူးဖွယ်ကောင်းခဲ့သော ဟိုယခင်ကဥယျာဉ်တော်ထဲတွင် သာမိနမင်းကြီး၏ အလုပ်အကျွေးနန်းတွင်းသူတို့က မိမိတို့အရှင်မင်းကြီးအား ပျော်သည်ထက်ပျော်ပါစေရန် သာယာချောင်သောအသံတို့ဖြင့်ဖျော်ဖြေခဲ့ကြပါ၏။ယခုတော့ သူတို့လေးတွေ တစ်ယောက်မျှ မပေါ်လာကြတော့ပါတလား။ သူတို့လေးတွေနှင့်အတူ မွေ့လျော်ပျော်ပိုက်စွာ လှည့်လည်လာခဲ့ဖူးသည့် ဥယျာဉ်တော်ကြီးကလည်း ယခင်ကမြင်ကွင်းနှင့် လုံးဝမတူတော့ပါတလား။ ဘာကြောင့်များ ဤသို့ဤပုံဖြစ်နေရပါလိမ့်။

ဤသို့ သာမိနမင်းကြီး အတွေးရခက်ခက်နှင့် ဟိုဟိုသည်သည်လျှောက်နေဆဲမှာပင် ဥယျာဉ်တော်စောင့်က မြင်သွား၏။ မိမိတို့၏ လက်ရှိပြည့်ရှင်မင်း၏ဝတ်စားတန်ဆာအပြည့်အစုံဝတ်ဆင်ထားသည်ကို မြင်လိုက်ရုံနှင့် သာမန်လူပုဂ္ဂိုလ်မဟုတ်မှန်းသိသဖြင့် မိမိလာမြို့တော်သို့ အလျင်အမြန်လာ၍ ရွှေနန်းတော်သို့ဝင်ကာ ပြည့်ရှင်မင်းအား လျှောက်တင်၏။ ထိုအချိန်၌ မိမိလာမြို့တော်၌ ထီးနန်းစိုးစံလျက်ရှိသော နာရဒမင်းသည် ညီတော်အာနန္ဒာအလောင်းလျာဖြစ်နေပေသည်။

နာရဒမင်းသည် ဥယျာဉ်တော်စောင့်၏ လျှောက်တင်စကားကို ကြားရသည်နှင့်တစ်ပြိုင်နက် မိမိရှေ့က ထီးနန်းစိုးစံသွားခဲ့ကြသော မိဘဘိုးဘွားဘီဘင်တို့၏ စကားစဉ်ကို သတိရလာ၍ -

"ကောင်းပြီ-ဥယျာဉ်တော်စောင့်။ ဥယျာဉ်တော်ကို အလျင်အမြန်ပြန်သွားပါ။ အသင်တွေ့ခဲ့ရသူဟာ ငါကဲ့သို့သော ပြည့်ရှင်မင်းတစ်ပါးသာဖြစ်တယ်။ ဒါကြောင့် အဲဒီပြည့်ရှင်မင်းနဲ့အတူ ငါကိုယ်တော်ပါထိုင်ရအောင် ဥယျာဉ်တော်ထဲမှာ ပလ္လင်နှစ်ခုချထားပါ"

ဤသို့ အမိန့်ပေးလိုက်သည့်အတိုင်းပင် ဥယျာဉ်တော်စောင့်ကလည်း သာမိနမင်းကြီးအနားတွင် ပလ္လင်တော်နှစ်ခုကိုယှဉ်၍ချထား၏။

ဤတွင် သာမိနမင်းကြီးသည် ပလ္လင်တော်တစ်ခုထက်သို့တက်၍ ထိုင်ပြီးလျှင်-

"အချင်း - ဥယျာဉ်တော်စောင့်၊ အခြားပလ္လင်တစ်ခုက ဘယ်သူ့အတွက်လဲ"

ဤသို့ ပြည့်ရှင်မင်းတို့၏ရာဇမာန်ဖြင့် ခပ်ထန်ထန်မေးလိုက်၏။

ဤတွင် ဥယျာဉ်တော်စောင့်က-

"မှန်လှပါ၊ ကျွန်တော်မျိုးတို့ရဲ့ အရှင်မင်းကြီးအတွက်ပါဘုရား"

ဤသို့ ရိုသေကျိုးနွံစွာ လျှောက်ထားလိုက်သည်တွင် သာမိနမင်းကြီး မခံမရပ်နိုင်ဖြစ်လာ၍ -

"အောင်မာ - ဒီဝိဒေဟတိုင်းကြီးမှာ ငါသာလျှင်ဘုရင်၊ ငါသာလျှင်အရှင်သခင်၊ ငါကလွဲလို့ ဘယ်ကရှင်ဘုရင်ရှိနေရမှာလဲကွ"

ဤသို့ ကြုံးဝါးပြောဆိုပြီးလျှင် ယှဉ်လျက်ချထားသော ပလ္လင်တော်၌ အခြားမင်းတစ်ပါးတက်မထိုင်နိုင်အောင် ခြေတစ်ဖက်စွိုတင်ထားလိုက်လေသည်။

မကြာမီမှာပင် နာရဒမင်းသည် သာမိနမင်းကြီးရှေ့မှောက်သို့ ရောက်လာ၏။ ယခုအချိန်၌ မိမိသည် ဤ ဝိဒေဟတိုင်းကြီးအရှင်သခင်ဖြစ်နေသော်ငြားလည်း သာမိနမင်းကြီး၏ စိတ်သဘောထားကို သိလိုက်ရသဖြင့် ပလ္လင်တော်ပေါ်သို့တက်၍ ယှဉ်တွဲ၍ထိုင်ရန် လုံးဝမကြိုးစားဘဲ သာမိနမင်းကြီး၏ ခြေအစုံ၌ ဦးခိုက်၍ရှိခိုးလိုက်၏။

ဤတွင်မှ သာမိနမင်းကြီး၏ မျက်မာန်များပြေလျော့လာ၍ -

"အသင်ကဘယ်သူပါလဲ"

ဟု ချိုချိုသာသာမေးလာသဖြင့်-

"ဘေးလောင်းတော်မင်းတရားကြီးဘုရား။ ကျွန်တော်က ဘေးလောင်းတော်မင်းတရားကြီးရဲ့ခုနစ်ဆက်မြောက်မြစ်တော်ဖြစ်ပါတယ်။ ဘေးလောင်းတော်မင်းတရားကြီး နတ်ပြည်လိုက်ပါသွားတဲ့နောက်မှာ ဘေးလောင်းတော်မင်းတရားကြီးရဲ့သားတော်က ဝိဒေဟတိုင်းကြီးရဲ့ထီးနန်းကို ဆက်ခံအုပ်စိုးပါတယ်။ အဲဒီသားတော် နတ်ရွာစံသွားတဲ့အခါကျတော့ မြေးတော်က ဆက်ခံခဲ့ပါ။ မြေးတော်ပြီးတော့ မြစ်တော် စသဖြင့် သားစဉ်မြေးဆက် ဆက်ခံလာခဲ့လို့ ယခု ကျွန်တော်က ခုနစ်ဆက်မြောက်ဖြစ်ပါတယ်။ ဆွေစဉ်မျိုးဆက်တွေခုနစ်ဆက်ကြ ပြောင်းခဲ့ပါပြီ။ နှစ်ပရိစ္ဆေဒကိုတွက်ကြည့်မယ်ဆိုရင်လည်း နှစ်ပေါင်းခုနစ်ရာတိုင်တိုင်ကြာခဲ့ပါပြီဘုရား"

ဤသို့ ဖြစ်ကြောင်းကုန်စင်လျှောက်တင်လိုက်ခါမှ သာမိနမင်းကြီးသဘောပေါက်ကာ -

"သြော် - ဒါကြောင့်ပေကိုး။ ဒါကြောင့် အရင်နဲ့မတူအောင် ပြောင်းလဲသွားကြတာကိုး"

ဤသို့ မြစ်တော်ကို စေ့စေ့ကြည့်၍ ခေါင်းတညိတ်ညိတ်နှင့်ရေရွတ်နေရ၏။

ဤတွင် မြစ်တော် နာရဒမင်းက လက်အုပ်ချီမိုးရှိခိုးလျက် -

"ဘေးလောင်းတော် မင်းတရားကြီးဘုရား၊ ဘေးလောင်းတော်မင်းတရားကြီး နတ်ပြည်မှာရောက်နေတဲ့အခိုက်မို့ ကျွန်တော်က အရိုက်အရာကိုဆက်ခံခဲ့ရပါတယ်။ အခုတော့ ဘေးလောင်းတော်မင်းတရားကြီး ကိုယ့်တိုင်း၊ ကိုယ့်ပြည်၊ ကိုယ့်ရွာပြန်ရောက်လာပြီမို့ ဟိုယခင်ကအတိုင်း ဝိဒေဟတိုင်းကြီးကို ပြန်လည်သိမ်းပိုက်တော်မူပါ။ မိမိလာမြို့တော်ကြီးက ရွှေထီးရွှေနန်းကို ယခင်ကအတိုင်း ဆက်လက်ပြီး စိုးစံတော်မူပါဘုရား"

ဤသို့ အနူးအညွတ် ပန်ကြားလျှောက်တင်၏။

သို့ရာတွင် ဘေးလောင်းတော် သာမိနမင်းကြီးကတော့ လက်မခံတော့ပါ။

"တော်ပြီ နာရဒ၊ တော်ပြီကွယ်၊ တော်ကြပါစို့ကွယ်။ ဒါလောက်တောင်ကြီး မေ့မေ့လျော့လျော့နေခဲ့မိတာကိုက လွန်လှပါပြီ။ ငါလူ့ပြည်ဆင်းလာခဲ့တာက ဒီထီးနန်းကိုပြန်သိမ်းပိုက်ဖို့မဟုတ်ဘူးကွယ့်။ နတ်တို့ဘုံမှာကုသိုလ်ကောင်းမှုပြုခွင့်ကမရှိဘူး။ ကုသိုလ်ကောင်းမှုပြုနိုင်တာက လူတို့ဘုံသာဖြစ်တယ်။ ဒါကြောင့် ကုသိုလ်ကောင်းမှုပြုရအောင်သာ လူ့ပြည်ကိုပြန်ဆင်းလာခဲ့တာပါ"

ဤသို့ ပြတ်သားစွာမိန့်ကြားလိုက်သဖြင့် နာရဒမင်းမှာ ဘေးလောင်းတော်မင်းတရားကြီး စိတ်တိုင်းကျ အလှူဒါနများပြုလုပ်ရန်သာ စီမံဖန်တီး၍ပေးရပါတော့သည်။

ဘေးလောင်းတော် နရဒမင်းကြီးသည် မိမိလာမြို့တော်၌ အလှူဒါနများကို စိတ်တိုင်းကျပေးလှူနေရာက ခုနစ်ရက်အရတွင် နတ်ရွာစံခဲ့လေသည်။

ဝဏ္ဏသိဒ္ဓိ



www.burmeseclassic.com


www.burmeseclassic.com

ဆင်ဖြူကျွန်းရှိ အရိုးဖြစ်သူ ပေါ်မမဖြူယံမှအပြန်တွင် စလင်းမြို့မှ မောင်တင်၏ မြင်းရထားကိုငှား၍ ညီဖြစ်သူ ဖိုးထွန်းအင်နှင့် ပြန်လာကြသည်။ လမ်းခရီးတွင် ဆင်ဖြူကျွန်းရဲဌာနမှ ရဲတပ်ကြပ်ကြီးစနေအောင်လည်းလိုက်လာသည်။ မောင်စနေအောင်သည် ဒုတိယကမ္ဘာစစ်အတွင်းက ပါဝင်တိုက်ခိုက်ခဲ့သူဖြစ်၍ **BurmaStar**ခေါ် တံဆိပ်ကြီးကို ပွဲလမ်းသဘင်တို့တွင် ဝတ်ဆင်လေ့ရှိသူ ဖြစ်လေသည်။

စလင်းမြို့တွင် မြင်းရထားများရှိသည့်အနက် မောင်တင်၊ မောင်ထွန်းတို့၏ မြင်းရထားများသည် သန့်ရှင်း၏။ မြင်းများမှာလည်း ကွင်းကျများဖြစ်သဖြင့် လမ်းခရီးတွင်လှသည်။ စလင်းနယ်သည် မြင်းမွေးရန်ကောင်းသည်။ မြန်မာမင်းများလက်ထက်က မြင်းခေါင်းကြီးအရာကို ဆက်ခံထမ်းဆောင်သူများရှိသည်။ စလင်းမြို့မြို့လယ်လမ်း (ယခု နရပတိစည်သူလမ်း) ရှိ သူကောင်းမ မယ်အိုလေးတိုက်မနေ ဦးဆိုင်ထံတွင် မြင်းခေါင်းကြီး ဲဆောင်းသော မောက်တိုကို မြင်ရဖူးပါသည်။ လွတ်လပ်ရေးရပြီးနောက် မြင်းပြိုင်ကွင်းဖွင့်ပြီးရာ မြင်းထရိန်နာများဖြစ်သော ဦးဘဝဲ၊ ဦးဘိုနီ၊ ဦးချမ်းသာစသောသူများသည် စလင်း၊ ဆင်ဖြူကျွန်း၊ စလေ၊ ညောင်ဦး စသည့်နယ်များတွင် ပြိုင်မြင်းများမွေးကြသည်။ သူများထံမှမြင်းများ လေ့ကျင့်ပြီး မြင်းပြိုင်ကွင်းတွင် ဝင်ရောက်ပြိုင်စေသည်။ သားရားဘရက်ခေါ် အင်္ဂလန်ပေါက် နာမည်ရမြင်းချောမြင်းလှ အင်္ဂလန်ဒါဘီရှိုင်းယားကွင်းကျများကို မှာယူလျက် စလင်း၊ ကျပင်း၊ ချောက်၊ စဥ့်ကူ၊ ကျအိုး၊ ပျော်ဘွယ်၊ ညောင်ဦး၊ လက်ဝဲရွာတို့တွင် ပြိုင်မြင်းများကို သားစပ်သည်။ မွေးကြသည်။ ပခုက္ကူဘက်တွင် မြင်းထရိန်နာ ဦးဘကြားဆိုသူသည် နာမည်ကြီးသည်။

မောင်တင်ရထားဆွဲသည့် မြင်းမှာထွားသည်၊ လည်တိုင်ခိုင်ခံ့သည်။ ခွာဆိုင်မှာလည်း ထွာကျော်ရှိသည်။ စစ်တပ်မှအမြောက်ဆွဲသောမြင်းမျိုးဖြစ်အံ့။ အမောခံ၊ ဆွဲအားကောင်း၊ ခရီးတွင်၊ အရောင်ကလည်း ချိပ်ရောင်၊ (၇)လက်မတန်းဆိုတော့ စလင်းနှင့် ဆင်ဖြူကျွန်း (၆) မိုင်ခန့်အလယ် ဗိုလ်ဝင်ရွာ (ယခု မိုးဝန်း) ကို နာရီဝက်ပင် မကြာလိုက်ရောက်တော့သည်။ စလင်းတွင် ဘာလီဆာရနီဆိုသော သားစပ်ရန် မြင်း (၂) ကောင်ရှိ၏။ တိမွေး/ကုဆရာဝန် မောင်ဩဘာအပြောတွင် ညောင်ဦးအပိုင် လက်ဝဲရွာရှိ ဗိုလ်မှူးကြီး တစ်ဦးပိုင် အင်္ဂလန်နိုင်ငံမှ တင်သွင်းလာသောမြင်းမှာ ဇာတိချက်ကြွ အင်္ဂလန်မြေတိ လွှမ်းသောကြောင့် ရေဒီယိုမှအင်္ဂလိ သီချင်းဖွင့်ပေးရသည်ဟုဆို၏။

မိုးဝန်းရွာသည် စလင်း ဆင်ဖြူကျွန်းလမ်း၌ အရေးပါလှသည်။ မိုးဝန်း အနောက်ပိုင်းရှိရွာများ၊ အရှေ့ပိုင်းရှိ မင်းတဲ၊ ကြက်သကိုင်ရွာ စသည့်ရွာများ သို့သွားနိုင်၏။ ဆင်ဖြူကျွန်း၊ စလင်း မင်းဘူးကားတို့ရပ်နားလူတင်လူချပြုရာ ကားဂိတ်လည်းဖြစ်ရာ ခရီးသွားများဆုံ ရာအရပ် ဖြစ်၏။ ထိုခရီးသွားတို့ ဆာ လောင်မွတ်သိပ်ချိန်တွင် မိုးဝန်းရွာ ရောင်းချသော မုန့်ဟင်းခါးသည် ခရီး



## ကိုလိုနီခေတ်မြို့အုပ်ကြီးတစ်ဦးမှတ်တမ်း


# အနောက်တံခါးမှူးမောင်မှူး

## ဘားမားစတား စနေအောင်ရှင်းတမ်း




www.burmeseclassic.com


www.burmeseclassic.com



ဘားမားစတားဆုတံဆိပ်



ရရာလက်နက်ဖြင့် ကျင့်သားရ အင်္ဂလိပ်တပ်တို့ကို ခံတိုက်ရာ မင်းလှခံတပ်မှမြင်ကွင်း
(ဓာတ်ပုံ-အင်တာနက်)



မြိတိသျှတပ်များ အသေအလဲတိုက်ယူရသော ကြည့်မြင်တိုင်တိုက်ပွဲ

သွားတို့၏နှုတ်မှကောင်းလှပေသည်ဟု မှတ်ချက်ချသည်။ သူတို့ရောက်လေရာ အရပ်တွင် ကောင်းသတင်းလွှင့်လေရာ မိုးဝန်းမုန့်ဟင်းခါးသည်-ကျော်ကြားလေသည်။

ကျွန်ုပ်တို့မြို့စလင်းတွင် မြောင်းကို ကတုတ်၊ တံတားကို ပေါင်း၊ မြင်းလှည်းကို ရထားဟုခေါ်ဆိုလေ့ရှိရာ ရွာအဝင် ကတုတ်ကိုကူးသည့်ပေါင်းကလေး ထိပ်အကျော် ညောင်ပင်အောက်၌ရှိသော မုန့်ဟင်းခါးဆိုင်ထိပ်တွင် ရထားဆရာမောင်တင်သည် သူ့ရထားကိုရပ်နားလိုက်သည်။ ဘားမားစတားဆရာ စနေအောင်သည် လူချစ်လူခင်ပေါသည့်သူဖြစ်သည့်အလျောက် ရွာသူရွာသားများနှင့်အဖွဲ့ကျလျက်ရှိသည်။ ကျွန်ုပ်တို့ (၂) ဦးလည်း မောင်တင်ကိုခေါ်လျက် မိုးဝန်းမုန့်ဟင်းခါးကို ဝယ်ယူသုံးဆောင်ကြပါသည်။

ဖိုးထွန်းအင်သည် စကားကြွယ်ဝသူဖြစ်လေသည်။ စနေအောင်သည် မြင်းရထားထွက်ခါနီးတွင် ပန်းပဲဖိုတစ်ခုအတွင်းမှ ဓားမတစ်လက်ကိုဝယ်၍လာလေသည်။ သူနှင့်အတူ လူတစ်ဦးလည်း လိုက်လာသည်။ မြင်ဖူးပါသည်ဟု ကြည့်စဉ် ထိုသူမှပင် သူသည် ၁၉၄၉ ခုနှစ်ခန့်က စလင်းမြို့တွင် ရဲဘော်ဖြူတို့လက်နက်အလုပ်ရုံတွင် သေနတ်ပျက်များကို ပြင်ဆင်ခြင်း၊ လုပ်သေနတ်များလုပ်ခြင်းတို့ကို လုပ်ကိုင်ဖူးသူဖြစ်ကြောင်းဆိုသောကြောင့် ထိုစဉ်က ကျွန်ုပ်ထံ မကြာခဏလာလေ့ရှိသော ကွန်မြူနစ်ပိုလ်အောင်မောင်းနှင့်အတူ လိုက်ပါလာလေ့ရှိသူ 'မော်စတိန်း' ဘရှင်ဖြစ်ကြောင်း သိရသည်။ယခုသော် ပန်းပဲဆရာဘရှင်သည် လူတို့အကျိုးပြု တောင်သူလယ်သမားသုံးကိရိယာများကို လုပ်ကိုင်နေပေပြီ။

၁၉၄၈ - ၄၉ ခုခန့်က မော်တာဆိုသော ဝေါဟာရသည် ကျွန်ုပ်တို့စလင်း-မင်းဘူးနယ်တစ်ဝိုက်တွင် ခေတ်စားသည်။ သောင်းကျန်းသူရဲဘော်ဖြူတစ်ဦးကမူ ဗိုလ်မော်တာဟု အမည်ခံကာ ရောက်လေရာတွင် ဒုတိယကမ္ဘာစစ်လက်ကျန် ဂျပန်(၂)လက်မစိန်ပြောင်းမော်တာကို လက်စွမ်းပြပစ်ခတ်ပြသည်။ တိုက်ပွဲတွင် မော်တာအရေးပါကြောင်းသိသောအခါ ပခုက္ကူနယ် မြိုင်ဘက်မှ မြန်မာလုပ် မော်စထိန်းသည်ပေါ်လာသည်။ မော်စထိန်းသည် တစ်ခါသုံးသာဖြစ်၏။ ဘီအိုစီရေနံပိုက်ကိုဖြတ်၍လုပ်သည်ဟု ဆို၏။ ဤနေရာတွင် ကျွန်ုပ်မှာ မကျွမ်းသော်လည်း ဘားမားစတားမောင်စနေအောင်သည် တာဝန်ကျေလှသည်။ လက်နက်လုပ်တတ်သူကို သူသိက္ခာမထိခိုက်အောင် လက်တစ်ကမ်းခြားထား၍ စောင့်ကြည့်ပုံကို ကျွန်ုပ်သဘောကျ၏။ မောင်စနေအောင်ကဲ့သို့သော ရာဇဝတ်အမှုထမ်းမျိုးများစွာလို၏။ လိမ္မာပါးနပ်စွာဖြင့် ထောက်လှမ်းရန်လိုသည်။

လူစုံသောအခါ မောင်တင်သည် သူ့မြင်းရထားကိုထွက်တော့သည်။ မြင်းရထားဆရာမောင်တင်က လူပေါင်းစုံနှင့်ဆက်ဆံရသောသူဖြစ်လေရာ သူငယ်စဉ် မြင်းရထားမောင်းရသည့် ဂျပန်ခေတ်ကာလကို အမှတ်ရစွာပြောလေသည်။ ဂျပန်ခေတ်တွင် ဆင်ဖြူကျွန်းတွင် ဆရာဝန်တစ်ဦး၊ စလင်းမြို့တွင် ဆရာဝန်တစ်ဦးထားသည်။ စလင်းဆင်ဖြူကျွန်းတွင် ပလိပ်ရောဂါကျရောက်သည်။ ဆရာဝန် (၂) ဦးသည် ပလိပ်ရောဂါမပြန့်ပွားရန် နယ်ဆင်း၍ကုကြသည်။ တစ်နေ့သော် စလင်းဆရာဝန်သည် ဆင်ဖြူကျွန်းဘက်မှ မြင်းရထားနှင့် ပြန်လာသည်။ ဆင်ဖြူကျွန်းဆရာဝန်လည်း စလင်းဘက်မှ ဆင်ဖြူကျွန်းသို့ ပြန်လာသည်။ မိုးဝန်းတွင် ကျွန်ုပ်တို့နားသည့် ညောင်ပင်ရိပ်တွင် ရထားနှစ်စင်းဆုံ၍ ရပ်နားလေသည်။ ဆင်ဖြူကျွန်းသို့ ဆေးကုသလာသော



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၃ ခုနှစ်ခန့်က ရဲသားများကို ထုတ်ပေးခဲ့သော ဗလခြိုက်မျိုးနွယ် ဂရင်နာသေနတ် (စမ်မဖြစ်မီ မန္တလေးတွင် လုအုပ်ခွဲရာ၌ ယင်းသေနတ်ကိုသုံးခဲ့သည်ဟု အဆိုရှိသည်)

စလင်းမြို့နယ်ဆရာဝန်မှ အဘယ်ကြောင့် စလင်းသို့လာ၍ ဆေးကုသရန်လာ သနည်းဟု မေးခွန်းထုတ်သည်ဟုဆို၏။ ထိုရောအခါ ဆင်ဖြူကျွန်းဆရာဝန်က လည်း ခင်ဗျားလည်း ဆင်ဖြူကျွန်းကို လာပြီး ဆေးကုသည်ဟုပြန်ပြောသည် ဟုဆိုပြီး ဘောင်းဘီဝတ်ဆရာဝန်နှင့် မောင့်ကျက်သရေခေါင်းပေါင်းဆောင်း ဆရာဝန်တို့အချင်းများသည်ဟု မြင်း ရထားဆရာ မောင်တင်ကဆို၏။ စေတ နာဆရာဝန်များပင်ဖြစ်လင့်ကစား သူတို့ လည်း သောတာပန်များမဟုတ်သဖြင့် မြင်းရထား ဆရာမောင်တင်၏ စကား ကို ဖြစ်နိုင်ပေသည်ဟု မှတ်ယူထား၏။ မကြာမီ ပေါင်လောင်ရွာထိပ်မှ မင်းသား ရေအိုးစင်သို့ ရောက်သောအခါတွင် မောင်တင် ရထားခေတ္တရပ်နားသည်။ မြင်းများတွင်ဆီးနှင့်ဝမ်းအရေးကြီးသည်။ သူ့မြင်းကို ဆီးသွားရန် အချိန်ပေးခြင်း ဖြစ်၏။

ဖိုးထွန်းအင်က စကားစလာ၏။ စလင်းမင်းသားကြီးဦးအိုကောင်းမှုကို သာဓုခေါ်သည်။ စလင်းမြို့ ခြသေ့်ဦးရွာ အထိ ပေါင်လောင်ရွာမှနေ၍ အုတ် တံတားထိုးခဲ့ရာ ယခုအထိ ပြည်သူများ အကျိုးကို ဆောင်နေပါသည်ဟု ဆို၏။

ရခိုင်မာန်အောင်သားဇာတိဖြစ် သော ဘားမားစတားကမူ သူတို့မဆင် မခြင်နှင့် အင်္ဂလိပ်သွားစစ်တိုက်သဖြင့် တိုင်းပြည်နာသည်ဟုဆိုပြန်သည်။ ခရီး သွားရင်း အပျင်းပြေစကားမှာ ကျွန်ုပ် သိသလောက်ရှင်းမှ တော်တော့မည်။

သို့ဖြစ်၍ -

"မောင်စနေအောင်၊ ဆင်ဖြူကျွန်း ဘယ်တော့ပြန်မလဲ"

ဟု မေးရာ တိုက်ပိုင်ကြီးကခေါ် ထား၍ လေးရက်မျှကြာပါမည်ဟုဆို သဖြင့် -

"နက်ဖြန် မင်းတိုက်ပိုင် မောင်ဘ သန်းကို ငါက မင့်ကိုခေါ် ထားကြောင်း ပြောလာခဲ့"

ဟု မှာလိုက်ရတော့သည်။

နောက်နေ့သည် တနင်္ဂနွေနေ့ဖြစ် ရာ ကျွန်ုပ်မှာကြားသည့်အတိုင်း တိုက် ပိုင်ကြီးမောင်ဘသန်းသည် တပည့်ကျော် ဘားမားစတား စနေအောင်နှင့်အတူ နံနက်ပိုင်းတွင် ရောက်ရှိလာတော့သည်။ အင်္ဂလိပ်လိုအားဖြင့် Circle Inspector of Police ကို မြန်မာလိုအားဖြင့် တိုက် ပိုင်ဟုခေါ် ဆိုရခြင်းမှာ ခရစ်နှစ် ၁၈၅၂ ခုနှစ် အောက်မြန်မာပြည်အား ဗြိတိသျှ တို့ အခြေပြုအုပ်ချုပ်သောအခါ၌ အုပ် ချုပ်ရေးစနစ်ကို မဟာမင်းကြီး၊ အတွင်း ဝန်၊ ဒုတိယအတွင်းဝန်၊ အတွင်းဝန်က လေး၊ အရေးပိုင်၊ စစ်ကဲနယ်ပိုင်ဝန် ထောက်၊ မြို့အုပ်၊ တိုက်သူကြီး စသည် ဖြင့် အုပ်ချုပ်သည်။ နယ်တက်အုပ်ချုပ် ရေးအရာရှိ (ထွေ/အုပ်) သည် ဌာန ပေါင်းစုံကို အုပ်ချုပ်သည်။ တိုင်း၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ်၊ ကျေးရွာဟုဖွဲ့စည်း သည်။ တိုက်နယ်ကို Circle ဟု ပြန်ဆို သည်။ ထို့ကြောင့် Circle Inspecter of Police တိုက်ပိုင်ကြီးဟု ခေါ်ကြသည်။ တိုက်ပိုင်မင်းသည် သူ၏ရဲဌာနာပိုင် ကွာတားတန်ခဲ့ဗလက်ခေါင်းတိုထရပ် ကားနှင့်တပည့်တပ်သားများနှင့်ရောက် လာခြင်း ဖြစ်သည်။ တပည့်ကျော် စနေ အောင်သည် ဂရင်နာဂန်းခေါ် မြန်မာတို့ က ဗလခြိုက်သေနတ်ကို ကိုင်ဆောင် လျက် ရောက်လာ၏။ ပေါက်မရဲစခန်း သို့ အရေးပေါ် သွားရမည့်အကြောင်း ပြောလာခြင်း ဖြစ်၏။ လုံခြုံရေးတာဝန် ယူရသူများမှာ အချိန်ကာလမရွေး လိုအပ်သလိုသွားရသူများဖြစ်၍ ကျွန်ုပ် မှာ မတားနိုင်။ စလင်းတွင် အရေးကြီး သော ရဲစခန်းများရှိ၏။ ချောင်းလေးစင်း ဆုံရာအရပ်ကိုတည်၍ လေးစင်းရွာဟု ခေါ် ဆိုရာမှ လင်းဇင်းရွာ၊ လင်းဇင်းဆည် ထိုဆည်အနားတွင် လမ်းဆုံလမ်းခွ ပေါက်မရွာရှိ၏။ စလင်းမှ စေတုတ္တရာ မြို့သို့သွားရာ လမ်းကို လုံခြုံရေးယူရ သောစခန်းများမှာ ပေါက်မ၊ ကန်ပြား၊ မြောင်းဦးစခန်းတို့မှ တာဝန်ယူရသည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီက စလင်းရဲဌာနာ စစ်မြင်း (၆) ကောင်၊ ပေါက်မတွင် စစ်မြင်း (၆) ကောင်၊ ကန်ပြားတွင် (၆) ကောင်၊ မြောင်းဦးတွင် (၆) ကောင်၊ စေတုတ္တရာ၌ (၆) ကောင်ထားရှိသည်။ စလင်းနယ်ပိုင်ဝန်ထောက် စေတုတ္တရာ သို့ ခရီးထွက်ပါက အဆိုပါမြင်းတို့ကို စခန်းစဉ်အလိုက်ပြောင်းစီးပြီး မိုင်လေး ဆယ်ကျော်ခရီးကိုသွားရသည်။ နယ်မြေ က ကြမ်းသဖြင့် မြင်းများဖြင့် ကင်းလှည့် ကြသည်။

သို့နှင့် မောင်စနေအောင်ကို ပြော ပြလိုသော စကားရပ်သည် ကျွန်ုပ်၏ အဘိုး ဘိုးလူကြီးစိုက်သည့်တိုက်ရှေ့ရှိ မန်ကျည်းပင်အောက်တွင် ကော်မရှင် အဖွဲ့ပမာထိုင်လေ့ရှိသည့် ကျွန်ုပ်အပါ အဝင် ကျောင်းဒကာရွှေ၊ ဖိုးထွန်းအင်၊ မြေစာရင်းအင်စပိတ်တော်၊ဦးသာဒွန်း ဦးတို့သာ စကားဝိုင်းအဖြစ်ပြောရန်ရှိ တော့သည်။ ကျွန်ုပ်၏ဇနီးပါရမီဖြည့်ဖက် မယ်ရှင် မုန့်ဟင်းခါး၊ ကော်ဖီ စသည်တို့ ကိုတည်ခင်းသဖြင့် စားသောက်စဉ် -


"စနေအောင်ကိုင်တဲ့သေနတ်က ပြောင်းက အကျွန်ုပ်အိမ်က ရဲသားမောင် ဂိုက်ကိုင်တဲ့ ရိုင်ဖယ်က ပြောင်းထက် အဝက ကျယ်တယ်ထင်ပါရဲ့"

ဟု ဖိုးထွန်းအင်က မေးလေတော့ သည်။

သူကြီးအို ကျောင်းဒကာရွှေက အဝအကျယ်က (၂) လုံးပြူးသေနတ် လောက်ရှိဟန်တူရဲ့ဟု သူနှင့်သေနတ် မရင်းနှီးလှသဖြင့် အထင်လောက်သာ ပြောရှာသည်။

ကျွန်ုပ်က -

"အင်္ဂလိပ် - မြန်မာ တတိယစစ် မှာ အင်္ဂလိပ်ဘက်ကသုံးခဲ့တဲ့ ဟင်န မာတနီ (Henery Matini riffle) ခေ ဗလခြိုက်သေနတ်ရဲ့ မျိုးဆက်ပေါ့ ကျည်ထိုးကျည်ရိုက်စနစ်က အတ ပဲ။ ကျည်ဆန်ကို (၁၂)ဘို့ပြောင်းနဲ့ (



အင်္ဂလိပ်-မြန်မာတတိယစစ်ပွဲတွင် ဗြိတိသျှတပ်သုံး ဟင်နရီမာတနီရိုင်ဖယ် (ဗလခြိုက်) သေနတ်



www.burmeseclassic.com

www.burmeseclassic.com

ထုံးပြုသေနတ်မှာသုံးသလို၊ အယ်ဂျီ၊ အက်(စ်)ဂျီ စသဖြင့်သုံးပါတယ်။ ဂရင်နာ (Greener Gun) ခေါ်တယ်။ အကျဉ်းထောင်အမိကရုဏ်းမှာ လူစုခွဲဖို့ ဆန္ဒပြကြတဲ့လူစုလူဝေးထိန်းမရရင်ပစ်ခွဲဖို့ အင်္ဂလိပ်အစိုးရကသုံးခဲ့တာပေါ့ဗျာ”

ဟု ရှင်းပြရသည်။

ယမန်နေ့ မြင်းရထားပေါ်တွင် တပ်ကြပ်ကြီး စနေအောင်မှ မြန်မာက ဆောင်မခြင်သွားတိုက်ခဲ့၍ဆိုသောစကားကို ဖိုးထွန်းအင်က အကြောင်းဖော်လေသည်။

ထို့ကြောင့် ကျွန်ုပ်က သိုးဆောင်းပုံပြင်ကလေးတစ်ခု ပြန်ပြောလိုက်ပါသည်။

“တောထဲမှာရှိတဲ့ ရေကန်ကလေးအနားကို သမင်ကလေးက ရောက်ပါသတဲ့။ စားဖို့စောင့်နေတဲ့ ဝံပုလွေက -

‘ကန်ရေနောက်အောင်လုပ်သည့်အတွက် ကိုက်သတ်စားရမည်’

လို့ ဆိုပါတယ်။

သမင်ကလေးက ကန်ထဲကို သူဆင်းရသေးကြောင်း ပြောတဲ့အခါမှာ ဝံပုလွေက -

‘နင်မဟုတ်၊ နင့်အဖေဖြစ်မည်’

ဆိုပြီး စားလိုက်တဲ့ပုံပြင်ကြားဖူးပါလိမ့်မယ်။ အမှန်မှာတော့ အရှေ့တောင်အာရှမှာ သူတို့နယ်ချဲ့ဖို့ကြံခဲ့ကြတာပါ။ အိန္ဒိယဆိုရင်လည်း ကုန်ကူးရင်း တစ်ပြည်လုံးရှိတာပါပဲ။ မြန်မာနိုင်ငံမှာလည်း ရခိုင်ပြည်နယ်ကို ပြည်ထဲသွင်းလိုက်တော့ ချစ်တကောင်းမှာရှိတဲ့ မစ္စတာရာဘတ်ဆန်ဆိုတဲ့ (တရားသူကြီးလို့ဆိုတာပါပဲ) က ရခိုင်လူငယ်တွေကို အင်္ဂလိပ်စာသင်တယ်။ တစ်နေ့ ဗမာတိုက်ရင် သူတို့ကိုရခိုင်ပြည်တိုက်ပေးမယ်ဆိုတဲ့အတွေးရောက်အောင် သိမ်းသွင်းတယ်၊ ရခိုင်များပါဝင်တဲ့ မောက်ရယ်ဂျီမင့်ဖွဲ့တယ်။ ရှင်မဖြူအရေးအခင်းဖန်တီးတယ်၊ စစ်ဖြစ်တော့ မောက်ရယ်ဂျီမင့်က မြန်မာတပ်နဲ့ဆိုင်ပေးတယ်။ စစ်ပွဲပြီးတော့ ရခိုင်ကိုအုပ်ချုပ်တဲ့အခါ သူသည့်တွေကို ကျွန်းအုပ်ရာထူးပေးပြီးတယ်။ရခိုင်ကိုအင်္ဂလိပ်လက်အောက်သိမ်းတယ်ဆိုတာသိရလို့ ကျွန်းအုပ်တွေက သူပုန်ထလို့ ကျွန်းအုပ်များအစား လိပ်ပုဒ္ဒနများဖြင့်အုပ်ချုပ်ရတယ်။ ခုပြောတာတွေက သုတေသနစာတမ်းတွေ လက်လှမ်းမီသလောက်ဘက်ပြောတာပါ။ ပထမစစ်ပွဲ၊ ဒုတိယစစ်ပွဲတွေမှာ မြန်မာတပ်များတိုက်ရည်ခိုက်ရည်ကို ကြည့်ပြီး မြန်မာများအားနည်းတဲ့အချိန်ကို စောင့်တာပါ။

မင်းတုန်းမင်းလက်ထက်နန်းစံနှစ် ခရစ်နှစ် (၁၈၅၃-၁၈၇၈) မှာ အင်္ဂလိပ်နဲ့ မြန်မာဆက်ဆံရေးပြေလည်ပါတယ်။ သံရေးတမန်ရေး စကားဆိုကြတယ်။ အောက်မြန်မာနိုင်ငံကို ရထားပြီးဖြစ်တဲ့ အင်္ဂလိပ်များက မြန်မာများနဲ့ သင့်တင့်စွာဆက်ဆံပါတယ်။ မြန်မာများ ဥရောပတိုထွက်ပြီး ဆက်သွယ်လာပါတယ်။ သို့သော်လည်း ခေတ်မီတဲ့ လက်နက်များကို မတင်သွင်းနိုင်ရန် ကြိုးပမ်းပိတ်ပင်ထားဟန်တူတယ်ခင်ဗျ။

မင်းတုန်းမင်းကလည်း တိုင်းပြည်မှာ သတင်းစာထုတ်ခွင့်ပြုတယ်၊ ခရစ်ယာန်သာသနာပြုများ လာရောက်သာသနာပြုခွင့်ပေးပါတယ်။ မြန်မာတို့အခေါ် ဆရာမှတ်ကြီး၊ ဆရာယုဒသန်တို့လည်း သာသနာပြုကြပါတယ်။ ဒီလိုအချိန်မှာ မှတ်တမ်းတင်ရမှာက သံတဲကျောင်းပါ။ မင်းတုန်းမင်းက ဘုရားရှိခိုးကျောင်း၊ခရစ်ယာန်ဘုန်းကြီးနေအိမ်၊ စာသင်ကျောင်းကို ဆောက်လှူခဲ့တယ်လို့ သိရပါတယ်။ သံတဲကျောင်း ခရစ်ယာန်ဘုန်းကြီး အယ်ဖရက်ကိုလ်ဘတ်ရဲ့မန်းမြို့တော်မှ ပေးစာများထဲမှာ မင်းတုန်းမင်းနတ်ရွာစံတော်မူပြီးနောက် ဈာပနချတဲ့နေ့မှာ စောင့်ကြပ်တဲ့ မြန်မာသေနတ်ကိုင်တပ်သားများကိုင်ဆောင်တဲ့သေနတ်က Brown Bess လို့ခေါ်တဲ့ မာစကက်သေနတ်ပါလို့ဆိုတယ်။ ဝါတာလူးစစ်ပွဲမှာ ဗြိတိသျှတပ်က ဘရောင်းဘက် (စ်) မာစကက်သေနတ်ကိုကိုင်ပြီး နပိုလီယန်တပ်တွေကို အနိုင်တိုက်ခဲ့တဲ့ သေနတ်ပါ။ မာစကက်သေနတ်ရဲ့ သဘောကပြောင်းမှာ အရစ်မပါဘူး။ ပြောင်းချောဆိုတော့ ပစ်အားမကောင်းဘူး။ နောက်ဒီသေနတ်က ပြောင်းထိပ်ဝက ယမ်းထိုးပြီးပစ်ရတဲ့ တူမီးသေနတ်ပါ။ ဝါတာလူးစစ်ပွဲက ခရစ်နှစ် 18 June 1815 မှာ ဥရောပဘယ်ဂျီယန်၊ ဘရပ်ဆယ်မြို့အနီးမှာဖြစ်ခဲ့တာပါ။ မင်းတုန်းမင်းနတ်ရွာစံတော့ ခရစ်နှစ် ၁၈၇၈ ရှိပါပြီ။ ဗြိတိသျှတပ်တွေမှာ သူထက်ကောင်းတဲ့ ဆနိုင်ဒါရိုင်ဖယ်ကို တပ်ဆင်သုံးစွဲကြတယ်။ အဲဒီသေနတ်ကလည်း ပြောင်းရင်းကနေပြီး ယမ်းထိုးပစ်ရတာပါပဲ။ သေနတ်ယမ်းတောင့်အတွက် အိန္ဒိယမှာ တပ်ဘွင်းသူပုန်ထတယ်လို့ဆိုပါတယ်။အိန္ဒိယနိုင်ငံရေးသမားများအဆိုက လွတ်လပ်ရေးအတွက် သူပုန်ထတာလို့ဆိုတယ်။

အဲဒီသေနတ်ထက် ကောင်းတာက မာတနီဟင်နရိုင်ဖယ်ပါ။ မြန်မာများကလည်း မာတနီရိုင်ဖယ်ကိုမှာဝယ်မှာပါပဲ။ အင်္ဂလိပ်ကမရလို့မကိုင်ရတာပါ။

မင်းတုန်းမင်းနဲ့ ဗြိတိသျှတို့ သံတမန်အခင်းပြနေစဉ် အာဖရိကမှာ ဇူလူးတွေကို တိုက်တယ်။ အမှန်ကတော့ ဟင်နရီမာတနီသေနတ်ရဲ့ ပစ်အားကို စမ်းရင်းနယ်ချဲ့တာပါ။ ပထမတိုက်ပွဲ [၄]မှာ အင်္ဂလိပ်များ တပ်လုံးပြုတ်ဆုံးပါတယ်။ ဆန်းစစ်လိုက်တော့ သေနတ်များကောင်းသော်လည်း နောက်ပိုင်းလက်နက်ခဲယမ်းဖြည့်ရန်အတွက် ကျည်ဆန်သေတ္တာများကို ဖွင့်ရာမှာ သေတ္တာအဖုံးများကို အခိုင်အမာလုပ်ထားသဖြင့် ယမ်းတောင့်များကို တိုက်ပွဲဝင်နေတဲ့တပ်သားများမရသဖြင့် ရှုံးတာကို ဗြိတိသျှဘက်က သိသွားပြီးသည့်နောက် ရှေ့ဒရစ်တိုက်ပွဲမှာ ဗြိတိသျှတပ်က ဇူလူးတွေကိုအပြုတ်နိုင်ပြီး မာတနီသေနတ်ရဲ့စွမ်းရည်ကိုသိသွားပါပြီ။ အာဖကန်နစ်စတန်[၄]မှာ စစ်ပွဲဖြစ်ပြီးနေတယ်။ ဒီလိုပြဿနာတွေနဲ့ဆိုတော့ မြန်မာဘက်မလှည့်နိုင်ခဲ့တာပါ။ မြန်မာတပ်များရဲ့ စစ်ရေးကျွမ်းမှုကိုလည်း သူတို့ထည့်တွက်ပါတယ်။ ဒါကြောင့် မြန်မာများစိတ်ဝမ်းကွဲချိန်၊ သူတို့အပိုင်သိမ်းရမယ့်အချိန်ကို ငံ့လင့်ပြီးစောင့်တာပါ။ အာရှမှာ အင်္ဂလိပ်တို့ဩဇာမကျစေဖို့ အာဖကန်မှာ အင်္ဂလိပ်က အစွမ်းပြရာမှာ ရုရှားက တစ်ဖက်ကနေဝင်ပြီး အာဖကန်ကို ကူညီတော့ အင်္ဂလိပ်အကျပ်ရိုက်နေတဲ့အချိန် မြန်မာပြည်ကို ရန်စမဘဲနေခြင်းပါ။

အာဖကန်မှာ အင်္ဂလိပ်ဌာနေကိုယ်စားလှယ်[၅] အသတ်ခံရတော့ မြန်မာပြည်မှာရှိတဲ့ အင်္ဂလိပ်ကိုယ်စားလှယ်ရှော အပါအဝင်၊ သံတဲကျောင်းခရစ်ယာန်ဘုန်းကြီး ကို(လ်)ဘတ်အပါအဝင် အင်္ဂလိပ်ကျေးတော်မျိုးကျွန်တော်မျိုးနဲ့ ပြည်ပြေးတစ်စု၊ မန္တလေးမှ အင်္ဂလိပ်ပိုင် အောက်မြန်မာပြည်ကို ပြန်ပြေးရတယ်လို့ ဆိုပါတယ်။ အာဖရိကအရေးအခင်း၊ အာဖဂန်အရေးအခင်းပြီးမှ သစ်ကုမ္ပဏီသစ်ခိုးမှုဒဏ်ချတာကိုအကြောင်းရှာပြီးသိမ်းတာဆိုတာ ထင်ရှားပါတယ်။ စစ်ဆင်ရေးအတွက် တပ်စုစည်းပုံကလည်းမြန်ပါတယ်။ ခရစ်ယာန်ဘုန်းတော်ကြီး ကိုလ်ဘတ်စာအရကတော့ ဒီလိုသဘောရပါတယ်။

ဗြိတိသျှတွေ အထက်မြန်မာပြည်သိမ်းတော့ အောက်မြန်မာပြည်မဟုတ်



www.burmeseclassic.com

www.burmeseclassic.com

မင်းကြီး ဆာဘားနပ်နဲ့အတူ မန္တလေးကို အတွင်းဝန်အဖြစ် လိုက်ပါခဲ့တဲ့ ဆာဟာဘတ်တင်ကယ်ဝိုက်က သူရေးတဲ့ မြန်မာနိုင်ငံထဲမှ ဝန်ထမ်းတစ်ဦး A Civill Servant in Burma ဆိုတဲ့ စာအုပ်ထဲမှာ မြန်မာမှုးမတ်ထဲတွင် ကင်းဝန်မင်းကြီးသည် အမြော်အမြင်ရှိသူဖြစ်သည်။ဥရောပသို့ ကုန်သွယ်ရေးမစ်ရှင်ခရီးထွက်ရာ ဥရောပနိုင်ငံများမှ ကြိုဆိုကြပါတယ်။ ဗြိတိသျှကုမ္ပဏီများကလည်း လက်ခံတွေ့ဆုံကြတယ်။ ကုန်သွယ်ရေးဆိုင်ရာအမှုကိစ္စများကိုဆောင်ရွက်ရာ နိုင်ငံကြီးတစ်နိုင်ငံမှ အမတ်ကြီးသဖွယ် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ အဲဒီကမှ ဥရောပနိုင်ငံရေးအခြေအနေကို သိရှိဝင်ဆံ့သွားတယ်။ ကင်းဝန်မင်းကြီးဟာ မကြာမီ ကမ္ဘာ့နိုင်ငံရေးလောကမှာ ဝင်ရောက်လာနိုင်ဖွယ်ရာရှိတယ်။ ပြင်သစ်၊ ဂျာမနီ၊ အီတလီတို့နဲ့ ဆက်သွယ်လာတယ်။ စာချုပ်များချုပ်တယ်။ ၁၈၈၅ ခု၊ အောက်တွန်ကာလမှာ ပြင်သစ်တို့နဲ့ဆက်ဆံရေးတိုးတက်ကောင်းမွန်လာတယ်။ မန္တလေးမှာ ပြင်သစ်ကောင်စစ်ဝန်တစ်ဦး ခန့်ထားတယ်။ ပြင်သစ်ဘဏ်တစ်ခုလည်းဖွင့်ရန်လည်း စီစဉ်တယ်။ ပြင်သစ်ဟာ စာချုပ်များချုပ်ဆိုပြီး မြန်မာနိုင်ငံမှာ အခြေစိုက်နိုင်တယ်။ ဘုံဘေဘားမားသစ်ကုမ္ပဏီကို ဒဏ်ရိုက်တဲ့အခါ ဒါကိုအကြောင်းကိုပြုပြီး ရာဇသံပေးပြီတက်သိမ်းခြင်းပါလို့ ဆိုပါတယ်။

အုပ်ချုပ်ရေးနဲ့ နိုင်ငံရေးအရာရှိချုပ်အဖြစ် ကာနယ်စလေဒင်၊ မစ္စတာအာဖယ်ယာ၊ အေအက်(စ်)ဖလင်မင်၊ ကပ္ပတိန်ဂျီအက်(စ်)အီရီ၊ ဂျီဂျီကောလင်းတို့က အုပ်ချုပ်ရေး၊ နိုင်ငံရေးအရာရှိများအဖြစ် စစ်ဆင်ရေးနဲ့အတူ လိုက်ပါတယ်။ ရန်ကုန်ပုလိပ်အဖွဲ့မှ မြန်မာစာတတ်သူ သုတေသနပညာရှင် အာစီစတီဗင်ဆင်က ဗြိတိသျှဗိုလ်ချုပ်ရဲ့စကားပြန်များကို အုပ်ချုပ်သူအဖြစ် လိုက်ပါခဲ့တယ်။

စစ်ချီရာမှာ ၁၈၈၅ ခု၊ နိုဝင်ဘာလ ၁၄ ရက်နေ့မှာ နယ်စပ်ဖြတ်ကျော်တယ်။ ၁၇ ရက်နေ့မှာ မင်းလှသိမ်းပြီ၊ ပုဂံကို ၂၃ ရက်မှာတပ်ချတယ်။ ၂၅ ရက်နေ့မှာ မြင်းခြံရောက်တယ်။ မင်းလှခံတပ်တိုက်ပွဲကလွဲရင် အသေအချာတိုက်ရတယ်မရှိဘူးလို့ ရေးထားတယ်။ မြင်းခြံရပြီး အင်းဝရောက်ခါနီးမှာ ကင်းဝန်မင်းကြီး ရောက်လာပြီး ဆွေးနွေးပြီးနောက် ခြွင်းချက်မရှိ လက်နက်ချလိုက်ရန် မြန်မာတို့လက်ခံသည်လို့ ရေးသားထားတယ်။ ၂၆ ရက်မှာ စစ်ကိုင်းနဲ့ အင်းဝရှိခံတပ်များလက်နက်ချသည်လို့ ပါရှိပါတယ်။

တိုက်ရည်ခိုက်ရည်ကောင်းလှတဲ့ မြန်မာတပ်များ၊ အခုတတိယအင်္ဂလိပ်-မြန်မာစစ်ပွဲတွင် ခုခံမှုမှာနည်းလှသည်။ အကြောင်းရင်းရှာရလျှင် မြန်မာအစိုးရအဖွဲ့မှာ ဗဟိုချက်မှစ၍ပျက်စီးနေသည်။ အရည်အချင်းမရှိ၊ ဘဏ္ဍာငွေမလုံလောက်သောကြောင့် ပြန်လည်တိုက်နိုင်ခြင်းမရှိခြင်း ဖြစ်သည်။ စာရင်းစစ်လိုက်သောအခါ မြန်မာအစိုးရတွင် စတာလင်ပေါင် (၅၀၀၀) ခန့်သာရှိသည်ကို တွေ့ရသည်လို့ ဖော်ပြထားပါတယ်။ စတာလင်ပေါင် (၅၀၀၀) ဆိုသည်မှာ စစ်ရေးစစ်ရာအတွက် လုံလောက်သောငွေကြေးမဟုတ်ပါပေလို့ မှတ်ချက်ပြုထားပါတယ်"

ကျွန်ုပ်သည် အထက်ပါအချက်တို့ကို မိတ်ဆွေခင်ပွန်းတို့အား ပြောကြားပြီးနောက် -

"စနေအောင်ကိုခေါ်လိုက်တာက မြန်မာများဘက်က ရန်စသည်ဖြစ်စေ၊ ရန်မစသည်ဖြစ်စေ အင်္ဂလိပ်ဟာ မြန်မာပြည်ကိုသိမ်းယူဖို့ စီစဉ်ထားတာပါ။ သူတို့ကိုမလှန်နိုင်အောင် လက်နက်ကောင်းမရောင်းပါဘူး။ ခေတ်မမီတဲ့ လက်နက်ကိုသာရောင်းထားတယ်။အပြင်ထွက်လက်နက်ရှာမှာလည်း မကြိုက်ဘူး။ ဒါကြောင့် လက်နက်ချင်းမပြိုင်နိုင်ပါဘူး။ နောက်မြန်မာဘုရင်တပ်မတော်ကို အင်အားအပြည့်မထားဘဲ စစ်ဖြစ်မှဆင့်ခေါ်တဲ့စနစ်ကြောင့် တိုက်ခိုက်ရေးအတွက် လိုသလို လေ့ကျင့်မှုမရခြင်း၊ စစ်တပ်အတွက် စစ်ပြင်ရန်လုံလောက်တဲ့ ငွေကြေးရန်ပုံငွေမရှိခြင်းကို ခေတ်လူငယ်များသိစေချင်လို့ပြောတာပါ။ ခုတို့ခေတ်မှာ ဒါမျိုးမကြုံတွေ့ရအောင်၊ ခေတ်မီတဲ့ တပ်မတော်ကြီးဖြစ်အောင် ကြိုးစားရပါမယ်။ လူငယ်များကလည်း စိတ်ပါဝင်စားစွာ ပါဝင်သင့်တယ်ဆိုတာ စနေအောင်ကို ပြောပြချင်တာပါပဲဗျာ"

ဟု စကားအဆုံးသတ်လိုက်ရပါသည်။

ငွေကြေးသုံးစွဲခြင်းကို သေချာစွာ စိစစ်လေ့ရှိသူ ကျောင်းဒကာရွှေကမူ -

"အသုံးနဲ့အဖြုန်းကိုသိမှပေါ့ဗျာ။ စစ်စရိတ်သုံးဖို့လည်းအရေးကြီးတာပေါ့"

ဟု မှတ်ချက်ပြုသည်။

မှတ်တမ်းတင်သူ အင်စပိတ်တော် ဦးသာဒွန်းဦးကမူ -

"ကျွန်တော်ကြားဖူးတာကတော့ ယောအတွင်းဝန်က စနစ်တကျအစိုးရဖွဲ့၊ တိုင်းပြည်ဘဏ္ဍာတော်ငွေများကို စနစ်တကျသုံးဖို့ကျမ်းပြုတင်တော့ မင်းတုန်းမင်းက လက်မခံဘူးလို့ သိရပါတယ်။ အကယ်၍သာ ယောအတွင်းဝန်ရဲ့ကျမ်းကို လက်ခံလိုက်ရင် မြန်မာရာဇဝင်ဟာ တစ်မျိုးတစ်ဖုံဖြစ်မှာပဲ"

ဟုဆိုသည်။

"ဂျပန်မှာမင်ဂျီဘုရင်ခေတ်ဆိုတာ မင်းတုန်းမင်းနဲ့ခေတ်ပြိုင်ပါ။ သူလက်ထက်မှာ နိုင်ငံခြားပညာတော်သင်လွှတ်ပြီး ခေတ်နှင့်အညီ အစိုးရဖွဲ့ပြီးလုပ်ဆောင်ခဲ့တော့ ကြီးပွားတိုးတက်ပါတယ်။ မြန်မာပြည်လည်း ဒီလိုလုပ်ရင် ကြီးပွားမှာပါ"

ဟု ပြောရပါသည်။

"မောင်စနေအောင်က ရခိုင်သား။ အင်္ဂလိပ်ခေတ်က ဆပ်ပ္ပါမိုင်းနား တပ်မှာ အမှုထမ်းတယ်။ ဒုတိယကမ္ဘာစစ်အတွင်း ဝင်းဂိတ်ရဲ့ ခြသေ့်တပ်နဲ့လိုက်တော့ အင်္ဂလိပ်အထင်ကြီးလို့ သူ့ကိုရှင်းပြချင်လို့ခေါ်လိုက်တာပါ"

ဟု ပြောရသည်။

"ဒီလိုဆို ဘားမားစတားစ... အောင်ရှင်းတမ်းလို့ အမည်တပ်လိုက်... မယ်ခင်ဗျား"

ဟု မြေတိုင်းအင်စပိတ်တော်ကြီး...ဏ်စကားအဆုံးတွင် အဆွေခင်ပွန်းတော်... ဦးသည် အိမ်သို့ပြန်ကြလေသတည်း။

အနောက်တံခါးမှူးမောင်...

၁ ယခု တပ်မတော် မော်ကွန်းတိုက်... တွင်ရှိပါသည်။

၂ EAC Executive Assistant Co... missioner စစ်ကဲတန်းဝန်ထောက်...

၃ The Battle of Isandlwana (al... ernative spelling: Isandhlwa... on 22 January 1879. Battle ... Rorke's Drift 22-23 Janu... 1879.

၄ The Second Anglo-Afghan W... was fought between the Uni... Kingom and the Emirate of A... ghanistan from 1878 to 188...

၅ ခရစ်နှစ် ၁၈၇၉ ခု၊ စက်တင်... လ ၃၃ ရက်တွင် ကဘူး(လ်)... ဖကန်ရှိ ဗြိတိသျှဌာနေကိုယ်... လှယ် လောင်(ဒ်)ကာဗဂ... တကွ အဖွဲ့သားအားလုံး အသ... ခံကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းရိန်အောင်

# ရေသူမ၏လျှို့ဝှက်ချက်

ည္ဟန်ခဲ့သော နှစ်နှစ်ကျော် သုံးနှစ် တ် က မြဝတီရုပ်သံမှနေပြီး ဒယ်စီ ဿ)အမည်ရှိတဲ့ ဖိလစ်ပိုင် ရေသူမ ဇာတ်လမ်းတွဲကို ဆွတ်ပျံ့ကြည်နူးဖွယ်၊ ှိုက်မောဖွယ်၊ စိုးရွံ့ချောက်ချား ဖော်ကျူးပေးခဲ့တာ ကြည့်ရှု သူအပေါင်းတို့ တစိုက်မတ်မတ် လမ်းရှိခဲ့ကြောင်း သတိပြုမိခဲ့ ဒီတော့ မြန်မာဗီဒီယိုလောက ည်း ရေသူမဇာတ်လမ်းခွေတွေ ခွေပြီးတစ်ခွေထွက်ပေါ်လာတော့

ဒီလိုပါပဲ လွန်ခဲ့တဲ့ နှစ်လေး၊ ငါး လောက်က ဂျပန်ရေသူမဇာတ် ဟောလိဝုဒ်ရေသူမဇာတ်လမ်း ရုပ်ရှင်ကားတွေ ရန်ကုန်မြို့လယ် ရုံကြီးတွေမှာ ရုံတင်ပြသခဲ့တော့ ခဲမှာ ပုရွက်ဆိတ်တွေအုံသလို ကြိတ်တိုး လူကြိုက်များခဲ့တာကို တ်ထိ သတိတရရှိတုန်းပါပဲ။

တကယ့်တကယ်တော့ ဒီလို ဇာတ်လမ်းတွေ၊ ရေသူမပုံပြင် ရေသူမဒဏ္ဍာရီတွေဟာ ကမ္ဘာ့ ခွင်တစ်ပြင်က လူမျိုးတိုင်းလိုလိုမှာ၊ တိုင်းလိုလိုမှာရှိနေတယ်လို့ဆိုရ ပါဘဲ။ရှေးဂရိစာဆိုတော်ဟိုမားရဲ့ ဆေးလင်္ကာထဲက ရေသူမဇာတ် တွေ၊ အာရေဗီယန်တစ်ထောင့် ည ပုံပြင်ထဲက သင်္ဘောသားဆင်း ရဲ့ရေသူမဇာတ်လမ်းတွေ၊ ဒိန်းမတ် သား အန်ဒါဆင်ရဲ့ရေသူမပုံပြင်တွေ တတောက်ပပ တထင်တရှားရှိနေ ပါပဲ။

ရေသူမဆိုတာက ဦးခေါင်းမှ အထိ လူမရဲ့ဗလာကျင်းနေတဲ့ကိုယ် အထက်ပိုင်းနဲ့ ခါးမှအမြီးထိကို ငါး ကိုယ်ခန္ဓာအောက်ပိုင်းပါတဲ့ ရေနေ ဝါပါ။ တစ်နည်းပြောရရင် လူမိန်းမ ပိုင်း၊ ငါးတစ်ပိုင်းရေနေသတ္တဝါပါ။ သူမဇာတ်လမ်းဆိုတာက အဲဒီရေ လေးတွေနဲ့ လူယောကျ်ားလေးတို့ ကြိုက်ညားကွဲဇာတ်လမ်းပါပဲ။


အဲဒီအတိုင်းပဲ၊ မိမိတို့မြန်မာနိုင်ငံ တမ်းရိုးတန်းမှာလည်း အင်မတန် ဆွတ် ရင်မောစရာကောင်းလှတဲ့ ရေသူမဇာတ်လမ်းတစ်ပုဒ်ရှိခဲ့ဖူးတယ်။ အဲဒါက ရခိုင်ပြည်နယ်မှာ တစ်ခါတုန်းက မေဃဝတီလို့ခေါ်တဲ့ မာန်အောင်ကျွန်း ဇီးတောမော်ပင်လယ်ကမ်းခြေမှာ ဇာတ်အိမ်တည်ထားပါတယ်။ ဇီးတောမော်ပင်လယ်ကမ်းခြေမှာ ရေသူမချိုင်ဆိုတာရှိတယ်။ ပြီး-အဲဒီဇီးတောမော်ပင်လယ်ကမ်းခြေနဲ့ မနီးမဝေး ပင်လယ်ပြင်မှာ လှာက်ကျွန်းဆိုတာရှိတယ်။ အဲဒီလှာက်ကျွန်းပေါ်မှာ ဗီကံမီးပြတိုက်ရှိပါတယ်။

အဲဒီရေသူမဇာတ်လမ်းက ဒီလိုပါ။ ရှေးရှေးတုန်းက ဒီဇီးတောမော်ကမ်းခြေရဲ့မနီးမဝေး ပင်လယ်ပြင်တစ်နေရာမှာ ငရွှေနီဆိုတဲ့လူငယ်တစ်ဦးဟာ လှေငယ်တစ်စင်းနဲ့ ပိုက်ချနေတုန်း ရေသူမတစ်ကောင်ကို ဖမ်းဆီးမိခဲ့သတဲ့။ အဲဒီရေသူမဟာ ရုတ်တရက် အဖမ်းအဆီးခံရတာကြောင့် အထိတ်တလန့်ဖြစ်သွားတာကြောင့် လူမလေးအသွင်ပြောင်းလဲသွားသတဲ့။ အဲဒီရေသူမအသွင်ပြောင်းလူမလေးဟာ လူမကနတ်တမျှ ချောမွေ့လှပသည့်အတွက် ငရွှေနီဟာ ချစ်ကြိုက်မိသွားပြီး လင်မယားအဖြစ်ပေါင်းသင်းနေထိုင်သတဲ့။

နှစ်ကာလအတန်ကြာလို့ သားတစ်ယောက်၊ သမီးတစ်ယောက်ရပြီးနောက်မှာ အဲဒီရေသူမဟာ မိမိမူလဘဝကို ပြန်လည်သတိရပြီး ပင်လယ်ထဲကို ရုတ်တရက်ပြေးဆင်းပြီး ထာဝရပျောက်ကွယ်သွားသတဲ့။ ငရွှေနီဟာ သားသမီးနှစ်ယောက်ကို ပိုက်ထွေးလို့ သူ့ဇနီးရေသူမ တစ်နေ့ပြန်လာနိုးပြန်လာနိုးနဲ့ လွမ်းတတတဆွေးတမြေ့မြေ့နဲ့ ပင်လယ်ပြင်ကို ငေးမျှော်ကြည့်လို့ ငေးမောစောင့်ကြည့်နေတာ သက်လုံးဆုံးတိုင်တဲ့။ ပုံပြင်လေးက ဒါပါပဲကွယ်။

ဒီနေရာမှာ ဆက်နွယ်သုံးသပ်စရာလေးတစ်ခုကို ဖော်ညွှန်းပါရစေ။ အဲဒါက ဆရာသိန်းဖေမြင့်ရဲ့ 'အဏ္ဏဝါခရီးသည်နဲ့ ပုလဲဒေဝီ' ဝတ္ထုထဲက အကြောင်းတစ်ခုပါပဲ။ အဲဒီဝတ္ထုထဲက အမိကဇာတ်ကောင် မောင်သန့်ဇင်ဟာသူ အင်မတန် ရင်နင့်အောင် ချစ်ကြိုက်စွဲလမ်းရတဲ့ချစ်သူ ပုလဲဒေဝီကို လှေ့လာ





ရေဝက်ငါးနှင့် ရေသူမပုံ

ရေးရေယာဉ်တစ်စီးပေါ်မှာ ခရီးကြုံလိုက်ပါရင်းနဲ့ မြိတ်ကျွန်းစုတစ်ခွင်တစ်ပြင်မှာ လိုက်လံရှာဖွေရင်း တစ်နေ့ညနေစောင်း ဆည်းဆာနေရီချိန်မှာ ပင်လယ်ကျွန်းတစ်ကျွန်းရဲ့ ပင်လယ်ကမ်းခြေကျောက်ဆောင်တစ်ခုပေါ်မှာဆံပင်ရှည်ဖားလျားချပြီး ထိုင်နေလျက် ပင်လယ်ဘက်မျက်နှာမူလေညင်းခံနေတဲ့ မိန်းမပျိုတစ်ဦးအသွင်ကို မပီဝိုးတဝါး တွေ့မြင်လိုက်ရတော့ သူ့ချစ်သူပျောက် ပုလဲဒေဝီက လွမ်းတဆွတ်ဆွတ်နဲ့ ရေသူမယောင်ဆောင်လို့ သူ့ကိုစောင့်မျှော်နေရှာတယ်ဆိုပြီး အဲဒီအနားကို အပြေးအလွှားချဉ်းကပ်သွားတော့ သူ့ချစ်သူပျောက် ပုလဲဒေဝီလည်းမဟုတ်၊ သူထင်သလို ရေသူမလည်းမဟုတ်ဘဲ ဒူးဂေါင်း (Dugong) ခေါ် ရေဝက်ငါးဖြစ်နေတာကို တထူးတဆန်း တွေ့မြင်လိုက်ရတယ်လို့ အံ့ဩရင်မောဖွယ်ရာ ဖော်ပြထားတာကိုတွေ့ရှိရပေတယ်။

ဒါနဲ့ဆက်နွယ်ပြီး အတွေးနယ်ချဲ့စရာလေးတစ်ခုကိုတွေ့လာရပြန်တယ်။ အဲဒါက ဆရာဖိုးကျော့ရဲ့ 'မာန်အောင်ကျွန်းကရေသူမ' ဝတ္ထု(မေဃဝတီမဂ္ဂဇင်း (၂) ပါ) က ဖော်ပြချက်တစ်ခုပါပဲ။

အဲဒီ ဖော်ပြချက်ထဲမှာ -

ပိုက်ဖြုတ်ပြီး ရေသူမကို ညင်ညင်သာသာ ပက်လက်လှန်ကြည့်လိုက်ရာ ဥသျှစ်သီးပမာဏရှိသော ရေသူမ၏ သားမြတ်အစုံသည် အမှောင်ညသန်းခေါင်မီးရောင်ထဲ ဝင်းခနဲလင်းခနဲဖြစ်သွား၏။ သေသေချာချာကြည့်ရာ မျက်နှာသည် လူမျက်နှာထက် ဝက်မျက်နှာနှင့် ပိုတူနေသည်။ ပါးနှစ်ဖက်မှာ ရွှေအိုရောင်ပြေပြေရှိသည်။ ဦးခေါင်းတစ်ခုလုံးမှာ မည်းနက်နေသည်။ထိုအမည်းရောင်



www.burmeseclassic.com

www.burmeseclassic.com

သည် ကျောပေါ်အထိ ရှည်လျားတည်ရှိနေသည်။'

လို့ ဖော်ကျူးထားတာကို တွေ့ရှိရပါတယ်။

ဆက်လက်ပြီး ဆရာဖိုးကျော့က အဲဒီဝတ္ထုထဲမှာပဲ -

"ဒီရေဝက်ငါးကို ရေသူမလို့ ဘယ်သူကပြောတာလဲ။ ဒါ ရေသူမ မဟုတ်ဘူးဟ၊ ရေဝက်ငါးလို့ခေါ်တယ်။ တို့ငယ်ငယ်တုန်းက တို့မာန်အောင်ကျွန်းမှာ ရေဝက်ငါးတွေ အားကြီးပေါပေါ့။ ခုဒီဘက်ပိုင်းရောက်လာတော့မှ ရှားပါးသွားလို့ နင်တို့မမြင်ဘူးကြတာ။ ဒါ ရေဝက်ငါးလို့ခေါ်တယ်"

လို့ တခြားတစ်နေရာမှာ မြွက်ဆိုထားတာကို တွေ့ရပြန်ပါတယ်။

ဆိုခဲ့သလိုပါပဲ လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်ထိ ရေဝက်ငါးတွေဟာ ရခိုင်ကမ်းရိုးတန်း မာန်အောင်ကျွန်းရဲ့ ကမ်းနီးပင်လယ်ပြင်မှာ အတော်ကြီးပေါပေါများများရှိခဲ့ပါဖူးပါတယ်။ မာန်အောင်ကျွန်းရဲ့ ဘင်္ဂလားပင်လယ်အော်ဘက် မျက်နှာမူထားတဲ့ ဇီးတောမော်အပါအဝင် အနောက်ဘက် ပင်လယ်ကမ်းခြေ တစ်နံတစ်လျားက ကမ်းဦးရေတိမ်ဟာ ရေဝက်ငါးတွေရဲ့ ပျော်စံရာ စားကျက်တလင်းပေါ့။ အိမ်ဂေဟာပေါ့။

ဒီတော့ ရေဝက်ငါးဆိုတာ ဘာလဲ၊ ဘယ်လိုဟာလဲဆိုတာကို ရှာဖွေစောကြောရပါတော့မယ်။ ဒီရေဝက်ငါးတွေဟာ ပင်လယ်ရေသတ္တဝါတစ်မျိုးဖြစ်ပေမယ့် တခြားပင်လယ်ငါးမျိုးတွေနဲ့မတူဘဲ တစ်မူထူးခြားစွာ သွေးနွေးနို့တိုက်သတ္တဝါ ရေနေငါးတစ်မျိုးဖြစ်နေပါတယ်။ ဒါကြောင့် ရေဝက်ငါးမတွေဟာ လူမိန်းမတွေမှာပါတဲ့ ရင်သားတွေနဲ့တူတဲ့ ရင်သားအစုံပါနေပါတယ်။ နောက် ဒီရေဝက်ငါးတွေဟာ အသားမစားသုံးကြဘဲ အသီးအရွက်ကိုပဲ စားသုံးကြပါတယ်။ ပင်လယ်ကမ်းဦးရေတိမ်မှာ ပေါက်ရောက်တဲ့ပင်လယ်မြက်တစ်မျိုးနဲ့ သန္တာကျောက်တန်းတွေက ရေညှိရေမှော်တွေဟာ ရေဝက်ငါးတွေရဲ့အဓိက အာဟာရတွေပဲ။ ရေဝက်ငါးတွေဟာ ကိုယ်ထည်ကြီးပြီး ဦးခေါင်းပိုင်းမှာ စည်ပိုင်းလိုရှိလျက် အမြီးဘက်မှာ အဖျားသွယ်သွားပါတယ်။ ရေဝက်ငါးရဲ့ရှေ့လက်တွေဟာ ရေယက်များဖြစ်ကြပြီး နောက်ခြေမှာ ခက်ရင်းခွလို အမြီးတိုင်းဖြစ်ကြပါတယ်။ အရွယ်အစားမှာ (၈) ပေမှ (၁၀) ပေထိ ရှိလျက် အလေးချိန်မှာ ပေါင် (၅၀၀) မှ ပေါင် (၁၀၀၀) လောက်အထိရှိကြသတဲ့။ ရေဝက်ငါးမတွေဟာ (၁၈) လကြာ ကိုယ်ဝန်ဆောင်တတ်ပြီး တစ်နှစ်အကြာမှ နို့ချိုတိုက်ကျွေး ရင်ခွင်ပိုက်ထိန်းသိမ်းပြီးမှ သားခွဲတတ်တယ်လို့ ဆိုပါတယ်။ စိတ်ဝင်စားစရာက ဒီရေဝက်ငါးတွေဟာ ကုန်းပေါ်က ဆင်တွေနဲ့တစ်ဆွေတစ်မျိုးတည်းတဲ့။

နောက်ရေဝက်ငါးတွေရဲ့လှုပ်ရှားမှုတွေဟာ လေးလံထိုင်းမှိုင်းရုံသာမက ရေထဲမှာ ကြာကြာမနေနိုင်တာကြောင့် မကြာခဏ ရေပြင်ဘက်ကို ဦးခေါင်းဖော်ပြီးအသက်ရှူကြရတယ်။ ကုန်းပေါ်တက်လို့ နေဆာလှုံခြင်း၊ လေညင်းခံခြင်း ပြုကြပါတယ်။ ပြီး သိထားရမှာတစ်ခုက ရေဝက်ငါးတွေဟာ ရန်လိုတိုက်ခိုက်တတ်တဲ့သတ္တဝါမဟုတ်ပေမယ့် ရန်သူတွေ အလွန်ပေါပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရေဝက်ငါးရဲ့အသားတွေဟာ မင်းကြီး-မင်းလေးမကြိုက်တဲ့၊ သူတို့ကို ဆည်းကပ်တဲ့သူတွေက တရုတ်အမဲလို့ခေါ်တဲ့ ကုန်းပေါ်ကဝက်သားနဲ့ တထေရာတည်းတဲ့။ အဆီတစ်ထပ်၊ အသားတစ်ထပ်မို့ ကုန်းပေါ်ကဝက်သားအတိုင်းတဲ့။ ဒါကြောင့်လည်း ရေဝက်ငါးလို့ သမုတ်ကြပုံပေါ်တယ်။ ဒါကြောင့် လူသားနဲ့အသားစားငါးတွေဟာ အသားအတွက်၊ အဆီအတွက် ရေဝက်ငါးကို တွေ့ရာသင်္ချိုင်း ဓားမဆိုင်းပေါ့။ ရေဝက်ငါးတွေအဖို့ အဲဒီလို ရန်သူပေါများရတဲ့အထဲမှာ သားပေါက်နှုန်းကလည်း နှေးကွေးနည်းပါးရုံသာမက ပြောင်းလဲလာတဲ့ သဘာဝပတ်ဝန်းကျင် အပါအဝင် အထိန်းအသိမ်းမဲ့နေတာကြောင့် ရှားပါးမျိုးသုဉ်းလုစာရင်းထဲသို့ ထုတ်ချင်းပေါက်ရောက်နေပါတော့တယ်။

ဆိုခဲ့အတိုင်းပါပဲ ဒီရေဝက်ငါးတွေဟာ သွေးနွေးသတ္တဝါဖြစ်တာကြောင့် နွေးထွေးတဲ့ ပင်လယ်ကမ်းဦးရေတိမ်တွေမှာ မှီတင်းနေထိုင်ကြပါတယ်။ အပူပိုင်းဒေသက ပင်လယ်ကမ်းဦးရေတိမ်တွေနဲ့ သမပိုင်းဒေသက နွေးထွေးတဲ့ ပင်လယ်ကမ်းဦးရေတိမ်တွေဟာ ရေဝက်ငါးတွေရဲ့မြို့ပြကျေးရွာတွေပေါ့။

တိတိပပပြောရရင် အိန္ဒိယသမုဒ္ဒရာမြောက်ပိုင်းက ဘင်္ဂလားပင်လယ်အော် အိန္ဒိယအရှေ့ဘက်ကမ်းခြေ၊ အန်ဒမန်ကျွန်း၊ နီကိုမာကျွန်း၊ သီရိလင်္ကာကျွန်း၊ မော်လဒိုက်ကျွန်းတွေမှာ၊ အိန္ဒိယသမုဒ္ဒရာတောင်ဘက် အာဖရိကတိုက်အရှေ့ဘက်ကမ်းခြေ မော်ရစ်သျှကျွန်း၊ မာဒါဂါစကားကျွန်း စတာတွေမှာ အင်ဒိုပစိဖိတ်အရပ်က မလေးရှားကမ်းခြေ၊ ဘော်နီယိုကျွန်း၊ တီမောကျွန်း၊ ဩစတြေးလျတိုက် မြောက်ဘက်ကမ်းခြေ၊ နယူးလီဒိုနီးကျွန်း၊ ဆော်လမွန်ကျွန်း၊ အာရှအရှေ့ဘက် ကတိုင်ပင်လယ်ကွေ့၊ ဗီယက်နမ်ကမ်းခြေ၊ တရုတ်အရှေ့တောင်ကမ်းခြေ၊ ထိုင်ဝမ်(တိုင်ပေ)၊ ဂျပန်နဲ့ မြောက်ဘက်ပစိဖိတ်ကျွန်းတချို့မှာ ရေဝက်ငါးတွေဟာ ကျင်လည်ကျက်စားလျက်ရှိပါတယ်။ သို့ကလိုပါပဲ အနောက်ဘက်မှာဆိုရင် ပါရှန်ပင်လယ်ကွေ့၊ ပင်လယ်နီဒေသ၊ မြေထဲပင်လယ်ဒေသတွေမှာလည်း ရေဝက်ငါးတွေနေထိုင်ကျက်စားကြပါသေးတယ်။

စိတ်ဝင်စားစရာကောင်းတာက ဒီရေဝက်ငါးတွေကို အရှေ့တိုင်းမှာ ဒူးဂေါင်း (Dugong) လို့ ခေါ်ဝေါ်ကြပြီး အနောက်တိုင်းမှာ မာနတီ (Manatee) လို့ ခေါ်ဆိုကြပါတယ်။ သူတို့ဆီမှာတွေ့ရတတ်တဲ့ ဆီးကောင်း (Seacow) ခေါ်တဲ့ ပင်လယ်ရေသတ္တဝါနဲ့တူတယ်လို့ဆိုကြပါတယ်။ တချို့က ဝေလငါး၊ လင်းပိုင်ငါးတွေနဲ့ဆင်တူတယ်လို့ပြောကြပါသေးတယ်။ နောက်ပြောစရာတစ်ခုကတော့ ရေဝက်ငါးနဲ့ပတ်သက်တဲ့သိပ္ပံပညာဆိုင်ရာ ညွှန်းဆိုချက်တချို့ကိုပင်ဖြစ်ပါတယ်။

ဩော်-အရေးကြီးတာတစ်ခုပြောဖို့ကျန်ပါသေးတယ်။ ရေဝက်ငါးမတွေဟာ ဦးခေါင်းနဲ့ ကျောပြင်ပေါ်မှာ မည်းနက်နေတဲ့အပြင် သွေးနွေးနို့တိုက်ရေသတ္တဝါဖြစ်တာကြောင့် လူမရင်သားအစုံနဲ့တူတဲ့ရင်သားတစ်စုံလည်းရှိတယ်ဆိုခဲ့သလိုပါပဲ။ ဒီရေဝက်ငါးတွေဟာ ပင်လယ်ရေထဲမှာ ကိုယ်ခန္ဓာကိုမတ်မတ်ထားပြီးကူးခပ်သလို ပင်လယ်ကမ်းခြေပေါ်တက်ရောက်ပြီး သဲသောင်ပြင်မှာ ကျောက်ဆောင်ပေါ်မှာ နေဆာလှုံရင်း လေညင်းခံရင်း နားနေတတ်ပါတယ်။ အဲဒီလို နားနေတဲ့အခါမျိုးမှာ တုံးလုံးလဲလျောင်းဝပ်စင်းတာတို့၊ ကိုယ်တစ်ဝက်လဲလျောင်းတာတို့၊ ကိုယ်တစ်ဝက်မတ်မတ်ပြုထိုင်နေသလိုမျိုးတို့ ပြုမူတတ်ကြပါတယ်။

ဆည်းဆာနေရီ ညနေခင်းမျိုးမှာ မှောင်ရီမကင်းစင်တဲ့ မိုးကင်းအရုဏ်ကာလမျိုး၊ ပိုးတဝါးလရောင်အောက်တို့မှာ ရေဝက်ငါးမတွေကို တွေ့မြင်လိုက်ရတဲ့တဒင်္ဂမှာ ဆံပင်ဖားလျားချပြီး



www.burmeseclassic.com

www.burmeseclassic.com

အထက်ပိုင်းဗလာကျင်းနေတဲ့ လူမိန်းမကိုယ်ခန္ဓာအပေါ်ပိုင်းနဲ့ အောက်ပိုင်းငါးအတ္တဝါအမြီးပိုင်းပါရှိတဲ့ရေသူမများလားလို့ ဆင်မှတ်မှားလေ့ရှိကြတယ်လို့ အဆိုရှိကြပါတယ်။ သို့ဆိုလျှင် အဲဒါအမှန်ပဲတယ်ပဲလား။ နောက်စိတ်ဝင်စားစရာတစ်ခုက အဲဒီလို ရေဝက်ငါးရှိတဲ့ဒေသတွေမှာ ရေသူမဇာတ်လမ်းတွေ၊ ရေသူမဒဏ္ဍာရီတွေ၊ ရေသူမပုံပြင်တွေပေါ်ပေါက်လျက်ရှိကြစမြဲလို့ဆိုတာပါပဲ။

ဤနေရာမှာ မေးစရာ၊ တွေးစရာဖြစ်လာတာက ရွှေနဲ့ယိုးမှားပန်းစကားဆိုသလို ရေသူမနဲ့ယိုးမှား ရေဝက်ငါးကို ဆိုရတော့မည်လား။ ရေဝက်ငါးကို ရေသူမလို့ ထင်မှတ်မှားပြီးဆိုကြလေသလား။

ဗုဒ္ဓဝင်မဟာဝင်တွေထဲမှာတော့ လူတစ်ပိုင်း၊ ငှက်တစ်ပိုင်းရှိတဲ့ ကိန္နရီကိန္နရာ၊ ခြင်္သေ့ဦးခေါင်းနဲ့လူကိုယ်ခန္ဓာရှိသော နရသီဟတို့ရှိတယ်လို့ ဖော်ပြထားပေမယ့် ရေသူမလို့ ဖော်ပြတာမျိုးကို မတွေ့ရပါ။ သာရတ္ထသင်္ဂဟအဋ္ဌကထာထဲမှာတော့ ဝဇီရစိန်ရတနာတို့ဖြင့် မွမ်းပြောလျက် စိန်ရောင်တောက်ကာ ထက်သောဦးခေါင်း၊ လူကိုယ်နဲ့တူသော ငါးအပေါင်းတို့ ပျော်မြူးရာ နရမာလိ သမုဒ္ဒရာလို့ ဖော်ပြထားတာကို တွေ့ရပါတယ်။ သို့တစေ ဂရိဒေဝတာပုရာဏ်ထဲမှာတော့ အက်ဖရိုဒိုက်နတ်သမီး (အချစ်နတ်သမီး) ဟာ ပင်လယ်ပြင်ကို အစိုးရတဲ့ မာယာရှင်မဖြစ်ပြီး ရံဖန်ရံခါမှာ ရေသူမအသွင်ဖန်ဆင်းလို့ ပျော်မွေ့တတ်တယ်လို့ ဆိုပါတယ်။ သို့ကလိုပါပဲ ပိုဆေဒန်နတ်ဘုရားနဲ့ နက်ပကျွန်းနတ်ဘုရားတို့ဟာလည်း မကြာမကြာ လူတစ်ပိုင်းငါးတစ်ပိုင်းရေသူထီးအသွင်ယူလို့ ပျော်မြူးတယ်လို့ ဆိုကြတယ်။ ဆီးမိုက်ဒေဝတာပုရာဏ်ထဲမှာလည်း အက်တာဝါတစ်(ဒါဆီ)အမည်ရှိ လနတ်သမီးဟာ တစ်ခါတစ်ရံမှာ ရေသူမအသွင်ယူတတ်တယ်လို့ဆိုကြသလို ဖီလစ်စတင်းဒေဝတာပုရာဏ်ထဲမှာလည်း အာဂါတာနတ်ဘုရားမနဲ့ ဒါဂွန်နတ်ဘုရားတို့ဟာလည်း ရေသူမအသွင်၊ ရေသူထီးအသွင် မကြာခဏယူတတ်သတဲ့။ ရှေးဟောင်းဘေဘီလုံလူမျိုးတို့ကိုးကွယ်တဲ့ အောနတ်(စ်)နတ်ဘုရားဟာလည်း လူတစ်ပိုင်းငါးတစ်ပိုင်းဖြစ်ပြီး လူဦးခေါင်းပေါ်မှာ ငါးပုံဦးထုပ်ဆောင်းထားတတ်တယ်လို့ ဖော်ညွှန်းမှုရှိကြပါတယ်။

ဒီနေရာမှာ မေးခွန်းထုတ်စရာဖြစ်



**၁၈ ရာစု ပြင်သစ်ရေသူမပန်းပုရုပ်ပုံ ပုံတူပန်းချီ**

လာတာက ရေသူမတို့သည် ဒေဝတာပုရာဏ်ထဲ၊ ဒဏ္ဍာရီထဲ၊ ပုံပြင်ထဲမှာပဲရှိနေကြတာလား။ ကုန်းဘောင်ခေတ် ရတနာပူရ မြို့တည်နန်းတည် ဘားလောင်းတော် ဆင်ဖြူရှင်မင်းကြီးလက်ထက်တော်က ထူးထူးခြားခြားဖြစ်ပုံကို ပန်းချီပုံများနဲ့ရေးဆွဲမှတ်တမ်းတင်ထားတဲ့ ရှေးပုရပိုက်တစ်ဘူးထဲမှာ ဧရာဝတီမြစ်မထဲ ရေသူထီးပေါ်နေပုံ၊ ရေသူမပေါ်နေပုဆိုပြီး ရေကူးနေတဲ့ အမျိုးသမီးငယ်ပုံနှစ်ပုံကို ထည့်သွင်းရေးဆွဲထားသလို ပဥ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက်တော်က ဝန်ရှင်တော် အသည်ဝန်ကြီး တိုင်းတာမြို့စားမင်း မင်းကြီးမဟာသူရရဲ့ ရေမှတ်ရင်းပုံစံအမည်ရှိတဲ့ ပုရပိုက်ထဲမှာလည်း ရတနာပူရအင်းဝမြို့ရဲ့ အရှေ့မျက်နှာ ဒုဋ္ဌဝတီမြစ်ငယ်မြစ်ထဲမှာ ရေသူမပုံဆိုပြီး ရေးဆွဲပြဆိုထားတာကိုတွေ့ရှိရပါတယ်။ ဒီတော့ ရေသူမဟာ ပင်လယ်သမုဒ္ဒရာထဲမှာနေကြရုံသာမက မြစ်ကြီး၊ မြစ်ငယ်ထဲမှာလည်းနေထိုင်ကြတယ်လို့ ပြဆိုချင်ကြတာလား။

နောက်ထပ်အလေးဂရုပြုဖွယ်ရာ တစ်ခုက ၁၉ ရာစုစောစောပိုင်း ဗြိတိသျှစကော့တလန်က လူရိုသေရှင်ရိုသေ ကျောင်းဆရာ ဝီလျံမွန်ရိုးက ကိတ်သနက်ပင်လယ်ကမ်းခြေမှာ ရေသူမတစ်ကောင်ကို တွေ့မြင်လိုက်ရတယ်လို့ တိုင်း(မ်)သတင်းစာထဲမှာ တခမ်းတနား ဖော်ပြခဲ့ဖူးတယ်။ မစ္စမက်ကေး ဆိုတဲ့ အိမ်ထောင်ရှင်မကလည်း အဲဒီပင်လယ်ကမ်းခြေမှာ ရေသူမတစ်ကောင်ကို တွေ့ရှိခဲ့တယ်လို့ ဖော်ပြကြပြန်တယ်။

တစ်ဖန် ၁၈၅၆ ခုနှစ်က ရေးသားခဲ့တဲ့ သင်္ဘောမာလိန်မှူး ဒပ်ဖရင်ရဲ့ ရေကြောင်းခရီးစဉ်စာအုပ်ထဲမှာ လူဦးခေါင်း၊ ငါးအမြီးနဲ့ လေး၊ မြားများကိုင်စွဲကာ ရေလက်ကြား၊ ပင်လယ်ကွေ့များမှာ ကျက်စားတတ်တဲ့ လူသားစားသတ္တဝါတို့ရဲ့ ပရိယာယ်ကို သတိဝီရိယဖြင့် ရှောင်ရှားရန်လိုတယ်လို့ဖော်ပြထားတာကို တွေ့ရပါတယ်။ ဒီနေရာမှာ အိုဒက်ဆေးလက်ာ၊ တစ်ထောင့်တစ်ညပုံပြင်၊ ဥရောပသင်္ဘောသားပုံပြင်တချို့မှာ ရေသူမတွေဟာ ပင်လယ်ခရီးသွားတွေကို သင်္ဘောသားတွေကို သာယာချိုမြိန်တဲ့ တေးသီချင်းတွေနဲ့ သွေးဆောင်ဖြားယောင်းပြီး မာယာဖြင့်လှည့်ဖြားပျော်ပါးကာ သတ်ဖြတ်စားသောက်တတ်တယ်လို့ဆိုထားကြပြန်တယ်။ တချို့ဥရောပသင်္ဘောသားပုံပြင်တွေထဲမှာလည်း မိန်းမလှကျွန်းပေါ် တက် ပျော်ပါးရာက ဘီလူးမတွေ၊ နတ်ဆိုးမတွေ၊ စုန်းမတွေရဲ့ လှည့်ဖြား သတ်ဖြတ် စားသောက်ခံရပုံတွေ၊ ပင်လယ်ရေအောက်မြို့တော်က ရေပြင်ပေါ် အလည်အပတ်ထွက်လာတဲ့ရေသူမတွေနဲ့တွေ့ဆုံချစ်ကြိုက်ကွဲလွမ်းကြပုံတွေ ဖော်ပြထားကြပါသေးတယ်။ တချို့က ဒီအဖြစ်အပျက်တွေဟာ တကယ့်ဖြစ်ရပ်မှန်လို့ဆိုကြပေမယ့် မယုံကြည်သူတွေက အများအပြားပါ။

ဂရုတစိုက်တွေးတောစရာတစ်ခုက အနောက်တိုက်သားတွေဟာ ရေသူမတွေကို တွေ့မြင်ရရင် ကျိန်စာမိသလို၊ အဆိပ်မိသလို ကံဆိုးမှုမျိုးစုံနဲ့ တွေ့ကြုံရတယ်။ ယုံကြည်ကြပေမယ့် အရှေ့တိုင်းသားတွေကတော့ ရေသူမတွေနဲ့တွေ့ဆုံရရင် အချစ်ရေးအဆင်ပြေမှုအပါအဝင် ကံကောင်းမှုတွေနဲ့ကြုံဆုံရတယ်ဆိုကြပါတယ်။ ပသို့ပင်ဆိုစေ အရှေ့တိုင်းသားတွေနဲ့ အနောက်တိုင်းသားတွေဟာ ရေသူမတွေ ချောမောလှပကြတယ်၊ လူသားယောကျ်ားတွေနဲ့ ချစ်ကြိုက်ပေါင်းဖက်နိုင်တယ်လို့ဆိုထားချက်တွေက တစ်လေသံတည်း ဖြစ်နေတော့ ဝေဖန်စောကြောစရာ အထူးကောင်းလှပါတယ်။

အားလုံးခြုံပြီး ကောက်ချက်ချရရင် အထက်ကဆိုခဲ့သလို ရေသူမဇာတ်လမ်း၊ ရေသူမဒဏ္ဍာရီ၊ ရေသူမပုံပြင်တို့ဟာ ရေဝက်ငါးများပေါ်များတဲ့ဒေသမှာမှ ဘာကြောင့်ပေါ်ထွက်ကြပါသလဲ။ ရေဝက်ငါးကိုပဲ ရေသူမလို့ထင်မှတ်ခဲ့ကြသလား။ ရေသူမလို့ တသီးတခြားရှိနေကြသလား။ ရေသူမဆိုတာ ကိန္နရီကိန္နရာတို့လို၊ နရသီဟတို့လို သတ္တဝါတစ်မျိုးပဲလား။ ပသို့ပင်ဆိုစေ ရေသူမကတော့ လျှို့ဝှက်သထက် လျှို့ဝှက်နေဆဲလို့ ဆိုရမယ်ထင်ပါတယ်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း. . . ဝေါ. . ."

"ဒိုင်း. . . ဝေါ. . ."

လောင်းစင်ရွာ၏ တောင်ဘက် တောင်ကုန်းပေါ်မှဟု ခန့်မှန်းရသော သေနတ်သံ (၂) ချက်သည် ဆက်တိုက် ထွက်လာကာ တောတောင်တို့၏ ပဲ့တင်သံကို မြည်ဟည်းစေ၏။ ခံတက်ပင်ခွအားမှီ၍ မတ်တတ်ရပ်ကင်းစောင့်နေသော ကျွန်ုပ်သည် သေနတ်ကို မောင်းတင်ကာ အရှေ့ဘက်ရွာထိပ်အဝင်သို့လည်းကောင်း၊ အိမ်တောင်ဘက်ရှိ လောင်းစင်ချောင်းဘက်သို့လည်းကောင်း အမှောင်ထုအတွင်းသို့ အားစိုက်ကာ ကြည့်နေမိ၏။

သေနတ်သံ (၂) ချက် ထွက်ပေါ်အပြီး ခဏအတွင်းမှာပင် ကွန်မန်ဒိုတပ်မှ တပ်သားမိုးဝင်းသည် ဂျီသရီးသေနတ်ကိုင်ကာ ကျွန်ုပ်၏ရှေ့၌ တစ်စုံတစ်ရာကို ကျိုးကန်းတောင်းမှောက်လိုက်ရှာနေ၏။ ထို့ကြောင့် ကျွန်ုပ်အား ရှာဖွေနေသည်ထင်၍ တိုးတိုးလှမ်းမေးရ၏။

"ကိုမိုးဝင်း၊ ကိုမိုးဝင်း"

"ကိုကျော်စိုးလား"

"ဟုတ်တယ်"

"ခင်ဗျားကို လိုက်ရှာနေတာ။ တောကောင်တွေက လည်များလိုးသွားပြီလားလို့"

"ကြံကြံဖန်ဖန်ဗျာ၊ ကျုပ်ကင်းကိုင်တတ်တဲ့ကောင် မဟုတ်ဘူးဗျ"

"ခုန သေနတ်သံ (၂) ချက် ကြားတယ်မဟုတ်လား"

"ကြားတယ်၊ ကျုပ်တောင်သေနတ်မောင်းထိုးထားပြီးပြီ"

"တောကောင်တွေတောင်ဘက်တောင်ကြောပေါ်မှာရှိတယ်။ အဲဒါသူတို့ရှိကြောင်းသတိပေးတာနေမှာ။ လုံးဝသတိမလစ်စေနဲ့နော်"

"အေးပါ၊ စိတ်ချပါ"

ဟု ပြောသည်နှင့် မိုးဝင်းသည် အိမ်ပေါ်ပြန်တက်သွားလေ၏။ ကျွန်ုပ်သည် ည (၁၂) နာရီမှ (၁) နာရီအထိ ကင်းကျသဖြင့် ကင်းစောင့်နေခြင်း ဖြစ်သည်။ကင်းတာဝန်များအား တပ်မတော်မှ ကွန်မန်ဒိုတပ်သား မိုးဝင်းမှ နာရီနှင့် အလှည့်ကျနိုး၍လဲစေ၏။ ကင်းသမားအသစ်လာမှ အဟောင်းကနားရ၏။

ခုနှစ်အားဖြင့် ၁၉၇၂ ခု ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

မိုးကုတ်မြို့နယ်၏တောကျသောဒေသများအား တောကောင်ခေါ် သူပုန်တို့ဖြတ်သန်းသွားလာတတ်သဖြင့် နယ်မြေအေးချမ်းမှုနည်းပါးသည်ဟုဆိုရပေမည်။

လောင်းစင်၊ ရေဝေ၊ ပင်သပြေ၊ နောင်ဟွယ် စသော မြို့ပြနှင့်အလှမ်းဝေးကွာလှသည့် တောရွာတို့တွင် တောကောင်တို့သည် စတည်းချနေထိုင်တတ်လေ၏။

၁၉၇၂ ခုတွင် ကျောက်ပြဿဒ်၊ ကျောက်ဖျာ၊ ဆင်ခွာ၊ ရေအေး၊ ငွေးပင်စသောရွာများအား တောကောင်အဖွဲ့မှ ရွာစဉ်လှည့်၍ ဆက်ကြေးကောက်ခဲ့ပါသည်။ကျွန်ုပ်တို့ကျေးရွာများသည် ဓားပြမှန်ကို ကာကွယ်နိုင်ကြသော်လည်း လူအင်အား၊ လက်နက်အင်အား တောင့်တင်းသော သူပုန်တို့ကိုမူ အန်မတုရဲကြ၍ ခေါင်းငုံ့၍ခံကြရပါသည်။

"ခင်ဗျားတို့ရွာတွေမှာ တူမီးသေနတ်တွေ၊ ဒူးလေးတွေရှိတယ်ဆိုတာ ကျုပ်တို့သိတယ်။ အဲဒါကို ကျုပ်တို့ရှာမစိုက်ဘူး။ ကျုပ်တို့ကို ခုခံမယ်ဆိုရင်တော့ ခင်ဗျားတို့နာမှာပဲ။ ကျုပ်တို့ခုလိုလိုက်ပြီး ကျေးရွာတွေမှာအလှူခံတာကလည်း ခင်ဗျားတို့အတွက် တိုက်ပွဲဝင်ဖို့ ရန်ပုံငွေအလှူခံခြင်းပါ။ ခုလိုယဉ်ယဉ်ကျေးကျေး လက်ခံတွေ့ဆုံတာ ကျုပ်တို့ဝမ်းသာပါတယ်။ကျုပ်တို့လူတွေ ခင်ဗျားတို့တစ်ရွာလုံးဖြန့်ချထားတယ်။ စိတ်ချပါ။ အပ်တိုတစ်ချောင်းတောင် မယူစေရပါဘူး။ ယူခဲ့ရင်ကျုပ်ကိုအကြောင်းကြားပါ။ ကျုပ်ကိုယ်တိုင် အဲဒီရဲဘော်ကို ခင်ဗျားတို့မျက်စိရှေ့မှာသတ်ပြမယ်၊ ဟုတ်ပြီလား"

စသည်ဖြင့် သူပုန်ဝါဒတရားဟောကာ တောင်းသမျှငွေအား ရွာလူကြီးတို့မှပေးလိုက်ရလေ၏။ ထို့ကြောင့် နယ်မြေအေးချမ်းရေးအတွက် 'ရန်ကြီးအောင်စစ်ဆင်ရေး' ဟု အမည်ပေးကာ တပ်မတော်၊ ပြည်သူ့ရဲတို့နှင့် ပူးပေါင်းလျက် ပြည်သူ့စစ်ဖွဲ့စည်းလေ၏။ စုစုပေါင်းတပ်စိတ်(၃)စိတ်စာမျှ နယ်မြေအေးချမ်းရေးအတွက် မိုးကုတ်အနောက်ပိုင်းတွင် ကင်းလှည့်ကြရ၏။ အလွန်ဝေးကွာသော နောင်ဟွယ်ရွာသို့တိုင်ရောက်၏။

ကျွန်ုပ်တို့ ကျေးရွာများသည် အပတ်စဉ် အလှည့်ကျ ပြည်သူ့စစ်တာဝန်ထမ်းရ၏။ တာဝန်တစ်ခါကျလျှင် တစ်ပတ်ကြာ၏။ ကျောက်ဖျာရွာမှာ ရွာသေးသဖြင့် တစ်ပတ်လျှင် တစ်ဦးသာလိုက်ရ၏။ ရွာကြီးလျှင် နှစ်ဦး၊ သုံးဦး စသည်လိုက်ရ၏။ ရွာများသဖြင့် စုလိုက်ပါက အတော်များလေ၏။

အမာခံ ပြည်သူ့စစ်စခန်းသည် ကျောက်ပြဿဒ်၌ ဆောက်ထား၏။ ကျောက်ပြဿဒ်သည် အလယ်ဗဟိုကျသည်တစ်ကြောင်း၊ ရွာကြီးသည်တစ်ကြောင်းကြောင့် အခြေပြု၏။ ထိုစခန်း၌ပင် တပ်မတော်သားများမှ သင်တန်းတွေပေး၏။

လောင်းစင်ဝန်းကျင်၌ သူပုန်များစခန်းချနေသည်ဟု သတင်းရသဖြင့် ပြည်သူ့စစ်များသည် ပုံမှန်လမ်းမကြီးမှ မချီတက်ဘဲ တောတောင်တို့ကို ဖြတ်ကျော်ကာ ချီတက်ခဲ့ကြရာ လွန်စွာပင်ပန်းလေ၏။

ကျွန်ုပ်တို့ ပြည်သူ့စစ်များမှာ တပ်မတော်ကဲ့သို့ လက်နက်ကောင်းများ မဟုတ်ပါ။ ဓားပြရန်ကာကွယ်ရန် ကိုယ့်ဟာကိုယ် ပြုလုပ်ထားကြသော တူမီးသေနတ်များဖြစ်ပေရာ တိုက်ပွဲဖြစ်လျှင် ရုတ်တရက်တစ်ချက်သာပစ်နိုင်ကြမည်ဖြစ်သည်။ နောက်တစ်ချက်ပစ်နိုင်ရန် စက္ကူနှင့်လိပ်ထားသော ယမ်းတောင့်အား ပြောင်းဝမှပြန်ထည့်ရပါမည်။ ထိုယမ်းလိပ်အား သံချောင်းကလေးဖြင့် ဖောက်မိအောင် ပြောင်းနံ့ဘေးခလုတ်အနီးရှိသံပေါက်လေးအတိုင်း သံကလေးကိုသွင်းရပါသည်။ ထိုသို့သွင်းပြီးလျှင် မောင်းတင်ရပါသည်။ ထိုမောင်းရိုက်တံသည် သွင်းထားသော သံမှိုကလေးကို ရိုက်ရန် အသင့်ဖြစ်ပါက မောင်းဖြုတ်ရပါသည်။ မောင်းရိုက်သည်နှင့် အထဲမှ ယမ်းလိပ်မီးလောင်ပေါက်ကွဲကာ ဒိန်းခနဲမြည်ဟည်းလျက် ခဲသီးထွက်သွားပါသည်။

တစ်ဖက်မှရန်သူကိုင်ထားသည်က အော်တိုမစ်တစ်အကောင်းစားသေနတ်တွေဖြစ်ရာ ကျွန်ုပ်တို့တူမီးသေနတ်များအဖို့ တပ်မတော်သားများနှင့် ပြည်သူ့ရဲတို့၏လက်နက်ကောင်းများကိုသာ အားကိုးအားထားပြုကြရပါသည်။ အချို့တူမီး



## (မိုးကုတ်) ရွှေပြည်စိုး

## သံသရာအငြိုးရှိက ကျေပါစေ

www.burmeseclassic.com

www.burmeseclassic.com

မရှိသောရွာများမှာ ဒူးလေးတို့သာပါလာရာ ကျွန်ုပ်တို့အရပ်သားများသည် အိုးနင်းခွက်နင်းနိုင်ကြလေ၏။ အချို့မှာ ပုဆိုးနှင့်၊ အချို့မှာ ဘောင်းဘီနှင့် ဖြစ်သည်။

အချို့ရွာသားများသည် ဒူးလေးတော့ပါ၏။ ပစ်ရန် ညှို့ကြိုးမပါသည်လည်းရှိ၏။ အချို့က မိမိတို့၏လက်နက်ငှားမပေးချင်ကြရာ ဖြစ်သလိုကြံရာဆွဲလာသည်တို့လည်းရှိကြပါသည်။ ထိုအခါ ကွန်မန်ဒိုတပ်မှ တပ်ကြပ်ကြီး ဦးသိန်းမောင်က ဆူပူကြိမ်းမောင်းတတ်ပါသည်။

"ရန်သူနဲ့တွေ့ရင် မင်းတို့ဘယ်လိုလုပ်မလဲ။ အချို့လူတွေက ပြည်သူ့စစ်အလှည့်ကျတယ်ဆိုလို့သာလာရတယ်။ ကိုင်စရာလက်နက်ဓားမတစ်ချောင်းသာပါလာတာလည်း တွေ့ရတယ်။ ရွာတိုင်းဒါမျိုးမဖြစ်ပါစေနဲ့။ ရပ်ရွာလူကြီးတွေအနေနဲ့ အရေးတယူ ဆောင်ရွက်ပေးဖို့ ပြန်ပြောကြပါ။ ဒါဟာ အပျော်ခရီးထွက်ကြတာမဟုတ်ဘူး။ အချိန်မရွေး ရန်သူနဲ့တွေ့နိုင်တယ်။ တို့တွေဟာ ဒီဒေသငြိမ်းချမ်းရေးအတွက် ကာကွယ်စောင့်ရှောက်နေကြတာ။ အများကြီးမဟုတ်တောင် တစ်ချက်၊ နှစ်ချက်ပြန်ပစ်နိုင်အောင် ကြိုးစားကြပါ"

ဟု ပြည်သူ့စစ်စခန်းတွင် ဩဝါဒပေးဖူး၏။

ပြည်သူ့စစ်အား ကွန်မန်ဒိုတပ်စိတ်တစ်စိတ်နှင့် ပြည်သူ့ရဲတပ်စိတ်တစ်စိတ်ဖွဲ့စည်းထားရာ အင်အားအသင့်အတင့်တောင့်တင်းပါသည်။ ကျွန်ုပ်တို့သည် ပင်ပန်းစွာ တောလမ်းမှဖြတ်၍ လောင်းစင်ရွာကိုဝင်ပါသည်။ ရွာတွင် အေးအေးချမ်းချမ်းနှင့်တွေ့ရသည်။ အုပ်စုသုံးစုခွဲကာ အိမ်ကြီးများတွင် စတည်းချကြပါသည်။ သေနတ်သံ(၂)ချက်ကြားပြီးနောက် မည်သည့်အသံမျှမကြားရတော့ပါ။ ညဉ့်သည် ချောင်းရေစီးသံတလွင်လွင်ကိုကြားနေရ၏။

ရွာတွင် (၃) ရက် စတည်းချကာ တပ်မတော်မှ ပြည်သူ့စစ်သင်တန်းများပေးပါသည်။ ကျွန်ုပ်တို့သည် ဆန်၊ ဆီနှင့် ဟင်းဝယ်ရန် ငွေသာပါ၏။ ဟင်းချက်စရာလုံးဝမပါပါ။ သို့ကြောင့် ရွာတွင် ဟင်းချက်စရာဝယ်ရန် ဈေးဆိုင်ရှာရ၏။ ဈေးဆိုင်မှာ ဟင်းချက်စရာဘာမှမရှိပါ။ ကလေးမုန့်သာရှိ၏။ ထို့ ကြောင့် ဖပကဝိုဒေါင်မှ ငါးပိဝယ်၍ ဖုတ်စားကြရ၏။ အချို့က အစိမ်းစား၏။ ရွာ၏အနီးတွင် တည်းခြံကြီးရှိရာ တည်းသီးတို့ခဲနေ၏။ မေးကြည့်သောအခါ သူပုန်တို့သတ်သွားသည့် ကျောင်းဆရာစိုက်သွားသော တည်းခြံမှန်းသိရ၏။ တစ်ရွာလုံးစားရကောင်းမှန်းမသိသောအချိန်ဖြစ်ပေရာ ကျွန်ုပ်တို့သည် စိတ်ကြိုက်ခူး၍ ပြုတ်စား၊ ဖုတ်စား၊ ငါးပိဖြင့် အစိမ်းတို့စားသူတို့ပင်လျှင်ရှိရာ တည်းသီးနှင့်တို့ဖြင့် ကောင်းနေတော့၏။

ထိုလောင်းစင်ရွာတွင်နေနေစဉ်အတွင်းသူပုန်တို့၏နယ်မြေဖြစ်ရာ ကျွန်ုပ်တို့ ပြည်သူ့စစ်များသည် ရတက်မအေးရအောင်ရှိလေ၏။ စစ်ရည်ဝနေသော ကွန်မန်ဒိုတပ်မတော်သားများမှာရိုးနေပြီဖြစ်၍ ခပ်ပျော်ပျော်သာရှိကြလေ၏။ အေးအေးဆေးဆေးပင် ပြည်သူ့စစ်သင်တန်းပေး၏။

ကျွန်ုပ်တို့အထဲတွင် အလွန်ကြောက်တတ်ပြီး အိမ်ကိုအလွန်လွမ်းတတ်သော ပြည်သူ့စစ်တစ်ဦးပါလေရာ သူ့ကိုစ၍ ကျွန်ုပ်တို့သောကဖျောက်ကြရ၏။ (၃) ရက်ပြည့်လျှင် တောလမ်းမှ ကပိုင်ရွာသို့ခရီးဆက်ပါသည်။

**⊐သစ်ဆိမ့်ကုန်းရွာသို့**

ကပိုင်တွင် ခေတ္တနား၍ ညနေစာများချက်ပြုတ်စားသောက်ကြပြီးသော် စစ်ကြောင်းသည် ကားလမ်းမကြီးအတိုင်း သစ်ဆိမ့်ကုန်းရွာသို့ချီတက်ခဲ့ကြသည်။ ကပိုင်၏အထက်တွင် စခန်းကြီးရွာရှိ၏။ စခန်းကြီးရွာပြီးလျှင် သစ်ဆိမ့်ကုန်းရွာဖြစ်သည်။ ထိုရွာအစဉ်တို့သည် မန္တလေး-မိုးကုတ်ကားလမ်းဘေးတွင်ရှိရွာတို့ဖြစ်သည်။

ဆရာကြီးဦးသိန်းမောင်ဦးစီးသော ပြည်သူ့စစ်ကြောင်းသည် သစ်ဆိမ့်ကုန်းရွာရောက်သည်နှင့် ဘုန်းတော်ကြီးကျောင်းတွင် စတည်းချကာ ရပ်နားပါသည်။ ထိုစဉ်က သစ်ဆိမ့်ကုန်းရွာသည် ယခုခေတ်ကဲ့သို့ ကြီးထွားခြင်းမရှိသေး။ သစ်ဆိမ့်ကုန်းရွာ၏အောက် တစ်ခေါ်လောက်တွင် အောက်ကျောက်ကြမ်းဟူသော အိမ်ခြေ (၁၅) အိမ်ခန့်ရှိသော ရွာငယ်လေးရှိပါသေးသည်။ ထိုအောက်ကျောက်ကြမ်းရွာလေးတွင် ကြီးမားသော ရှေးဟောင်းဘုန်းတော်ကြီးကျောင်းရှိရာ အင်္ဂလိပ်တို့ကားလမ်းမဖောက်မီ ရှေးကပင်လျှင်တည်ရှိခဲ့သောရွာ ဖြစ်သည်။ ကားလမ်းပေါက်သောအခါ လူတို့ ကားလမ်းအနီး ရွှေ့ပြောင်းနေထိုင်ကြသဖြင့် ရွာဟု အမည်တွင်ခဲ့ခြင်း ဖြစ်သည်။

ထိုပြည်သူ့စစ်ဖွဲ့ပြီးနောက်ပိုင်းတွင် ရပ်ရွာလုံခြုံရေးအတွက် တပ်ကြပ်ကြီး ဦးသိန်းမောင်မှ ရွာတို့ကိုစည်းရိုးကာစေပါသည်။ တစ်လံကျော်ကျော်ဝါးစည်းရိုးအား ကျားမှောက်ကျားလှန်ဝါးချွန်များ အပြည့်တပ်ဆင်စေပါသည်။ ကင်းတဲခါးနှင့် ကင်းတဲများ ဆောက်စေကာ ရပ်ရွာကို ကင်းစောင့်စေပါသည်။

ပြည်သူ့စစ်များသည် ညတွင် ကင်းစောင့်သူများ နိုးကြားခြင်းရှိ၊ မရှိ တိတ်တဆိတ် ဝင်ရောက် စစ်ဆေးလေ့ရှိရာ အားလုံးသော တာဝန်ကျသူတို့သည် နိုးနိုးကြားကြားရှိနေကြရလေ၏။ ခြေသံလုံလုံဖြင့် ညဉ့်တွင်လှည့်လည်ရသောအခါများတွင် လွန်စွာအိပ်ရေးပျက်ရလေ၏။ ရံဖန်ရံခါ လမ်းသွားရင်းငိုက်၏။

သစ်ဆိမ့်ကုန်းရွာအား ဝါးများဆင့်ပြီးဖြစ်ရာ နက်ဖြန်တွင် တစ်ရွာလုံး စည်းရိုးကာမည် ဖြစ်သည်။ ဝါးမျိုးစုံတို့မှာ ရွာပြင်ထွက်လိုက်သည်နှင့် ထိုစဉ်က တောတွေဖြစ်ရာ ပေါများလှပေသည်၊ ထို့ကြောင့် ဝါးကို အလွယ်တကူ ခုတ်ယူရရှိနိုင်သောခေတ် ဖြစ်သည်။

**⊐ရွာဝင်တံခါး (၃) ခု**

သစ်ဆိမ့်ကုန်းတွင် နတ်ကွန်း သစ်ဆိမ့်ပင်ကြီးအနီး ရွာ၏အရှေ့ခြမ်း ဝင်ပေါက်နှင့် အနောက်ခြမ်းဝင်ပေါက် လမ်းမ (၂) ခုသည် ကားလမ်းမကြီးနှင့် မျက်နှာချင်းဆိုင်တွင်ရှိသည်။ အောက်ကျောက်ကြမ်းသို့ သွားရာလမ်း၌ ရွာအောက်တွင် တံခါးတစ်ပေါက်ရှိသည်။

ရွာသားတို့သည် တွင်းမသွားကြဘဲ ရွာလုံးကျွတ်တပ်ကျားလှန်ထိုး၍စည်းရိုးများကာခြင်း၊ ကင်းတံခါးတပ်ဆင်ခြင်းတို့ လုပ်ဆောင်ကြရလေ၏။ သို့အတွက် ပြည်သူ့စစ်ခေါင်းဆောင် တပ်ကြပ်ကြီး ဦးသိန်းမောင်ကိုယ်တိုင် ဦးစီးအုပ်ချုပ်ကာ ကျွန်ုပ်တို့ ပြည်သူ့စစ်များလည်း ဝိုင်းဝန်းကူညီလုပ်အားပေးကြရ၏။

စည်းရိုးလမ်းကြောင်းအား တော များရှင်းခြင်း၊ ဝါးပိုးတိုင်ကြီးများစိုက်ရန် တွင်းများတူးကြခြင်း၊ ဝါးများအားခွဲ၍ ကျားမှောက်ကျားမှန်ထိုးရန် အဃော တော်ဖြတ်၍ နှစ်ဖက်ချွန်ခြင်း၊ ဝါးပိုး ကြီးများအား တန်းဝါးငယ်များထိုးနိုင် အပေါက်များဖောက်ခြင်း၊ တိုင်ပေါ များထဲသို့ တန်းဝါးငယ်များ ရော ရှုရှုဝင်နိုင်ရန် ဝါးငယ်များအား များပြောင်အောင်သပ်ရခြင်း၊ တိုင်စို

www.burmeseclassic.com

တန်းဝါးထိုးခြင်း၊ ကျားမှောက်လှန်ထိုးခြင်း စသည်ဖြင့် မခိုမကတ်သွန်ခွန်စိုက်လုပ်ကိုင်ကြရာ ညနေ ( ) နာရီခန့်တွင် တစ်ရွာလုံးစည်ကား၍ သွားလေ၏။ ကျန်နေသည်မှာ (၃) ပေါက်ဖြစ်ပေရာ တစ်ပေါက် ဝါးတံခါးကြီး (၂) ချပ် လိုအပ်၏။ တံခါး (၃) ပေါက်အတွက် လူစုခွဲကာ ဝန်ပေးလိုက်ရာ ကျွန်ုပ်မှာ သစ်ဆိမ့်ကြီးအနီးရှိရာ အရှေ့တံခါးပေါက်တွင် ဝန်ကျ၏။ သို့သော် လုပ်ငန်းကိုင်ကျွမ်းကျင်သော လူကြီးများကသာ ဆောင် လုပ်ကိုင်နေရာ ကျွန်ုပ်သည် စဝင်ရိပ်တွင်ထိုင်ကာ ထိုအုပ်စုကို ကြည့်နေမိ၏။ မိုးရာသီမို့ မိုးမရွာ ည်မှာ ကံကောင်းလှပေ၏။

**ထိန်းနိုင်သောဒေါသ**

ကင်းတံခါးအဝင်ဝမှ မြက်ပွင့်၊ ငင်းပင်များအား အချို့က သန့်ရှင်း လုပ်နေကြပါသည်။ ထိုအခါ အုံကြီး နေသော ကစော့ပင်ကြီးအား ကြည့်သန်းက ခုတ်ရန်ပြင်ဆင်နေ၏။

“ဟေ့-ကြည်သန်း၊ ကစော့ပင်ကြီး တင်းတံခါးနဲ့လွတ်ပါတယ်ကွ ထား တ်ပါ။ လူတကာခူးစားနေတာကွာ၊ စရာကြီးပါ”

“မောင်အေးရာ၊ ငါ့မျက်စိထဲမှာ အဝင် ကင်းတံခါးဝန်းကျင်ရှင်းနေမှ တ်တာကွ။ ဒီအပင်ကြီးမှာ ရန်သူ လို့ရတယ်ကွ”

ကိုကြည်သန်းနှင့် ပလောင်မောင် တို့သည် သစ်ဆိမ့်ကုန်းရွာဇာတိ ဖြစ်ပြီး ရိုးသားသော ကျောက်တွင်း သမားများ ဖြစ်ကြပါသည်။ ပလောင် သော မောင်အေးအား ပလောင် င်အေးဟု ခေါ်ကြပါသည်။ အချို့ အများဆွတ်ကာ ပလောင်ဟုလည်း ကြ၏။ကိုကြည်သန်းမှာမူ ရှမ်း-ဗမာ သည်။ ကိုယ်စီအိမ်ထောင်များရှိ သည်။

“မင်းကွာ၊ ကြံကြံဖန်ဖန်လျှောက် စမ်းပါနဲ့။ ကစော့ပင်ကြီးမှာခိုကပ် တော့ကော ဒီကင်းတံခါးကြီးကို နိုင်မှာလားကွ။ မင်းဟာက စကား ပြောတာပဲ။ ငါကအများအတွက် နဲ့ပြောတာ ဟေ့ကောင်”

“စေတနာတွေဘာတွေသံကောင်း နေနဲ့ မောင်အေး။ ဒီကစော့ပင် င်းပိုင်တာမဟုတ်ဘူး၊ လမ်းဘေး တ်နေတာ။ ငါ့ဟာငါခုတ်ချင်ခုတ်မယ်၊ ငါ့ကိုလာပြီးအာဏာပြရအောင် မင်းကဘာကောင်မို့လဲ”

“အေး - ငါဘာကောင်မှတော့ မဟုတ်ဘူးပေါ့ကွာ။ ဒါပေမယ့် မခုတ်နဲ့ ဆိုရင် မခုတ်နဲ့ပေါ့ကွ”

ပလောင်မောင်အေးနှင့် ကိုကြည်သန့်တို့မှာ လက်တစ်ကမ်းအကွာတွင်ရှိသည်။ ကိုကြည်သန်းက ကိုင်းယမ်းဓားကောက်ကို ကိုင်ထား၏။ ပလောင်က ပေါက်ပြားနှင့် မြက်များ၊ ပေါင်းပင်များ ရှင်းနေခြင်း ဖြစ်သည်။ သူတို့နှစ်ဦး၏ စကားအခြေအတင်သည် ဒေါသသို့ ဦးတည်နေပြီဖြစ်ကြောင်း ထိုင်ကြည့်နေသော ကျွန်ုပ်ကသိ၏။ ထိုနေရာတွင် ပြည်သူ့စစ်လူကြီးများ၊ ရွာလူကြီးများ မရှိကြတော့ပါ။ လူကြီးတို့ အနားယူပြီး အိမ်တစ်အိမ်တွင် ရေနွေးသောက်နေခိုက် ဖြစ်၏။

ကိုကြည်သန်းသည် အသားဖြူသူ ဖြစ်ရာ မျက်နှာသည် ဒေါသကြောင့် နီရဲလာ၏။ ပလောင်မောင်အေးမှာ အသားမည်းပြီး ဆံပင်ကို ရှပ်ရှင်မင်းသားကျော်ဆွေကဲ့သို့ အမောက်ထောင်ထောင်ပြုကာ ဆီတို့ဖြင့်ပြောင်နေအောင်ဖြီးထားတတ်၏။ မောင်အေး၏မျက်ထောင့်တို့လည်းနီကာပြူးကျယ်လာပြီဖြစ်သည်။

“အေး - အဲဒီလိုပြောလေ ငါက ခုတ်ချင်လေပဲကွ။ ကဲ - ခုတ်တယ်ကွာ၊ ခုတ်တယ်ကွာ။ မင်းကဘာလုပ်ချင်လို့လဲ”

ဟု ဒေါသတကြီးနှင့် ကစော့ပင်အားခုတ်လေ၏။

“ခုတ်တော့ရိုက်တယ်ကွာ”

“ခွပ်”

ဟူသောအသံနှင့်အတူ ကိုကြည်သန်း လဲကျသွားတော့၏။ ခုတ်သည်နှင့်တစ်ပြိုင်နက် ပလောင်မောင်အေးက ပေါက်ပြားအနှောင့်ဖြင့်လွှဲပြီး ဦးခေါင်း၊ အလယ်တည့်တည့်အား ရိုက်ချလိုက်ခြင်း ဖြစ်ပေ၏။

“ဟေ့ - မောင်အေး လွှန်မယ်၊ ဟေ့ကောင်လွန်မယ်”

ဟု ဝိုင်းအော်ဟစ်တားမြစ်ကာ နောက်တစ်ချက်ရိုက်ရန် ပေါက်ပြားမြှောက်နေသော မောင်အေးလက်ထဲမှ ပေါက်ပြားအား ဝိုင်း၍လုယူလိုက်ကြ၏။ မထိန်းနိုင်သောဒေါသကြောင့် ပြစ်မှုကျူးလွန်ခဲ့ပေပြီ။

**□လူသတ်မှု**

ကိုကြည်သန်း၏ဦးခေါင်းဒဏ်ရာမှ သွေးတို့ယိုစီးဆင်းလာ၏။ ဆံပင်တို့ကြောင့် အတိအကျမမြင်ရသော်လည်း ဦးခေါင်းခွံကွဲဝင်သွားကာ ဒဏ်ရာသည် ပေါက်ပြားအနှောင့်ရာ လခြမ်းသဏ္ဌာန် ချိုင့်ဝင်နေသည်ကိုတွေ့မြင်ကြရသည်။ ရိုက်ချက်ကား အတော်ပြင်းပါသည်။

ပွေ့ပိုက်၍ ခေါ်ကြည့်ပါသော်လည်း ကိုကြည်သန်းမှာ စကားပြန် လုံးဝ မရတော့ဘဲ မျက်ဖြူလန်ကာ တဆတ်ဆတ်တုန်နေလေ၏။ လူများပြေးခေါ်သောကြောင့် ဦးသိန်းမောင်နှင့် ပြည်သူ့ရဲများ ရောက်လာကြပါသည်။ ရွာသူရွာသားများလည်း တစ်အုံတစ်မကြီးပါလာ၏။

“ကဲဟေ့-ဆေးရုံကိုပို့ဖို့စီစဉ်ကြရအောင်”

ဟု ဆိုသော်လည်း ထိုခေတ်တွင် သစ်ဆိမ့်ကုန်း၌ကားမရှိပါ။ ကားရှိသည်မှာ ကျောက်ကြမ်းကြီးသာ ဖြစ်သည်။ ကျောက်ကြမ်းကြီးရွာ၌ ဈေးပို့သော ဂျစ်ကားရှိသည်။ သို့သော် နီးနီးနားနား မဟုတ်ပါ။ အတော်ပင်ဝေးပါသေးသည်။ သို့အတွက် မကြံတတ်အောင်ရှိနေကြ၏။

ပလောင်မောင်အေးမှာမူ စိတ်လိုက်မာန်ပါလုပ်လိုက်ပြီး ကြောင်စီစီဖြင့်ရပ်ကာကြည့်နေပါသည်။ သို့နှင့် ပြည်သူ့ရဲများက မောင်အေးအား လက်ထိတ်ခတ် ဖမ်းဆီးလိုက်ပါသည်။

“ကားမရှိလည်း ကျပ်ပြင်ဆေးရုံကို ထမ်းစင်နဲ့ပို့နိုင်အောင်စီစဉ်ကြပါ”

ထိုသို့ ထမ်းစင်စီစဉ်နေဆဲမှာပင် ကိုကြည်သန်း သေဆုံးသွားခဲ့ပါသည်။ ဦးခေါင်းခွံကွဲဝင်ကာ ဦးနှောက်ထဲ သွေးဝင်သွားဟန်ရှိ၏။ထိုအခါ ပလောင်မောင်အေးသည် လူရိုက်မှုမဟုတ်တော့ဘဲ လူသတ်မှုဖြစ်သွားခဲ့လေ၏။

မျက်ဝါးထင်ထင် မြင်တွေ့လိုက်ကြရသောသူတို့မှာ အတော်ပင်စိတ်မကောင်းရှိကြရသည်။ အဘယ်ကြောင့်ဆိုသော် မပြောပလောက်သော၊ ဘာမှတန်ဖိုးမရှိသော မိုးကုတ်လမ်းဘေးချောင်းမြောင်းတို့တွင် အလွန်ပေါသော မည်သူကမျှ တန်ဖိုးထား၍စားသုံးခြင်းမရှိသော ကစော့ဝင်တစ်ပင်ကြောင့် လူတစ်ဦးသေဆုံးရခြင်း၊ လူသတ်မှုကျူးလွန်ရခြင်းဟူသည်မှာ ပြစ်မှုနှင့်လုံးဝမတန်၍ ဖြစ်၏။

ပလောင်မောင်အေးနှင့် ကိုကြည်သန်းတို့မှာ အသက် (၄၀) ဝန်းကျင်ဖြစ်သည်။ မိုးကုတ်ပတ္တမြားမြေတွင် ကြားရ

www.burmeseclassic.com

ခဲ့သော ပလောင်မောင်အေး၏လူ့သတ်မှုသတင်းကား ဟိုးလေးတကျော်ဖြစ်ခဲ့လေ၏။

▫ တာဝန်

ရပ်ရွာအေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လှည့်လည်နေရသော ရန်ကြီးအောင်စစ်ကြောင်းကား တာဝန်အရ သစ်ဆိမ့်ကုန်းရွာမှ ညဦး (၁၂) နာရီခန့်တွင် ကားလမ်းမကြီးအတိုင်း တိတ်တဆိတ်ထွက်ခွာလာခဲ့ပါသည်။ အထက်ဘက် ငွေးပင်ရွာဘက်သို့ ချီတက်ခဲ့ခြင်း ဖြစ်ပေ၏။

ညကား လမိုက်ရက်ဖြစ်ပေရာ ကောင်းကင်တွင် မိုးအုံ့မှိုင်းနေခြင်းကြောင့် ကြယ်ရောင်သော်မျှမရှိအောင် မှောင်မည်း၍နေလေ၏။ အိပ်ကောင်းချိန် အိပ်မှုန်စုန်မွှားဖြင့်ထ၍လာခဲ့ရသော်လည်း အမှောင်ကိုအန်တုရ၍ချီတက်လာရသောအခါ အိပ်ချင်စိတ်တို့သည် နိုးကြားသောသတိကြောင့် သို့မဟုတ် ကြောက်စိတ်ကြောင့် ပျောက်ကွယ်ရလေ၏။ တစ်ဦးနှင့်တစ်ဦးမြင်ရသော အနေအထား တစ်လံမရှိတရှိပမာဏနှင့်ချီတက်ခဲ့ရာ ငွေးပင်ရွာတွေ့နားသို့ ရောက်လာ၏။

"ဝေါ ဝရော ဝရော"

ဟူသော လမ်းဘေးချုံတိုးသံကြီးသည် ရုတ်တရက်ပေါ်လာပြီး တိတ်ဆိတ်သွားလေ၏။ ကျွန်ုပ်တို့အားလုံးမှာလည်း လျှပ်တစ်ပြက်ထွက်ပေါ်လာသောချုံတိုးသံကြီးကြောင့် လမ်းဘေးဆလံမြောင်းတွင် အသင့်နေရာယူပြီးဖြစ်နေကြ၏။ ကျွန်ုပ်တို့ ပြည်သူ့စစ်များမှာ ရန်သူများပေလောဟူ၍ ရင်တထိတ်ထိတ်ရှိနေကြပါသည်။ ကျွန်ုပ်တို့၏တူမီးများမှာ ကျည်ထိုးထားပြီးဖြစ်၍ မောင်းတင်ကာပစ်ရုံသာရှိပါသည်။

ခေတ္တကြာသောအခါ ပကတိတိတ်ဆိတ်၍နေပေရာ တပ်မတော်သားတစ်ဦးသည် ဆလံမြောင်းအတိုင်း ရှေ့သို့တက်၍တိုးဝင်သွားသောလမ်းဘေးချုံအား ခဲဖြင့်ကောက်ထုကြည့်သည်။ ထိုအခါ ခလောက်သံ၊ လှုပ်ရှားသံ၊ နှာမှုတ်သံတို့ထွက်ပေါ်လာရာ နွားအုပ်ဖြစ်ကြောင်း သိရလေ၏။ ထိုအခါကျမှ အားလုံး စိတ်သက်သာရာရလေ၏။

အမှန်မှာ နွားအုပ်သည် လမ်းဘေး၌ စုရုံးအိပ်ပျော်နေစဉ် ချီတက်လာသောစစ်ကြောင်းကိုမြင်၍လန့်ကာ ချုံအတွင်းဝင်၍ပုန်းနေကြခြင်းဖြစ်သည်။ အထက်ကျောက်ကြမ်းကြီးရွာအထက်၌ ကွေ့ကြီးဟူသော ဂေါ်ရခါးကုလားများနေသောရွာရှိ၏။ ထိုရွာအည် နွားများမွေးကာ ယခုကဲ့သို့ လွှတ်ထားခြင်း ဖြစ်သည်။ သည်းထိတ်ရင်ဖိုရှိလိုက်ပါဘိခြင်း။ ထိုကွေ့ကြီး ဂေါ်ရခါးရွာမှလည်း ပြည်သူ့စစ်တစ်ယောက်အမြဲလိုက်ရပါသည်။

သို့နှင့် ကျွန်ုပ်တို့သည် ဆလံမြောင်းထဲမှတက်ကာ ဆက်လက်ချီတက်ခဲ့ကြပြီး ငွေးပင်ရွာသို့သွားသောလူသွားလမ်းအတိုင်းတက်ခဲ့ကြ၏။ အတက်ချည်းဖြစ်ပေရာ ကျောပိုးအိတ်၊ သေနတ်ဟူသော ဝန်ထုပ်ဝန်ပိုးကြောင့် ချွေးများပင်ပြန်၏။ ကျောပိုးအိတ်ထဲတွင် တစ်ပတ်စာဆန်၊ ဆီ၊ စောင်၊ အဝတ်၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ မျက်နှာသုတ်ပဝါ စသည်ပါရာ အတော်ပင်လေး၏။ အေးသောအရပ်ဖြစ်ပေရာ စောင်တစ်ထည်ပါမှရ၏။ သည်တစ်ခေါက်တွင်မူ ကျွန်ုပ်၏ တွဲဖော်တွဲဖက် ဘော်လုံးကြီးရွာမှ ဂေါ်ရခါးခင်မောင်ကြည်မပါသဖြင့် ပျင်းရိဖွယ်ဖြစ်သည်။

သို့နှင့် ကျွန်ုပ်တို့ ပြည်သူ့စစ်ကြောင်းသည် ငွေးပင်ရွာ၏ မြောက်ဘက်ရှိ ကင်းတဲခါးဝသို့ရောက်၏။

"ဟေ့ - ရပ်၊ ဘယ်သူလဲ"

ကင်းတဲမှ ဟိန်းဟောက်သံထွက်လာ၏။

"ငါတို့ပြည်သူ့စစ်ကြောင်းပါ"

ထိုအခါ ကင်းတဲပေါ်မှ ဓာတ်မီးဖြင့်ထိုးကြည့်၏။ တပ်မတော်သားများ၊ ပြည်သူ့ရဲများကို မြင်သောအခါ တံခါးဖွင့်ပေး၏။ အထဲဝင်၍ခဏစစ်ဆေးပြီး ဤသို့ သတိအမြဲရှိနေစေရန် မှာကြားကာ ငွေးပင်မှသည် ကျပ်ပြင်ဈေးသို့သွားသော လူသွားဖြတ်လမ်းအတိုင်း ဆက်လက်ချီတက်ကြရပါသည်။

ထိုလူသွားလမ်းတွင် တချို့နွားမြင်းတို့လည်းသွားထားရာ မြေပြင်မညီညာသည့်အပြင် အချို့နေရာများ၌ ဗွက်များထနေ၏။ တစ်လံကျော်ကျော်သာကျယ်ဝန်းသော မြေလမ်းဝယ် ပင်ပန်းကြီးစွာသွားကြရပါသည်။ အမြန်မသွားနိုင်ကြပါ။ ဗွက်များကြောင့် ဖြည်းဖြည်းချင်းသာသွားနိုင်ကြ၏။ လမ်းမှာခပ်ပြေပြေတက်သွားသော ကောက်ကောက်ကွေ့ကွေ့လမ်းဖြစ်၏။ မျက်စိကို အမှောင်အတွင်း၌ အားကုန်ဖွင့်၍သွားလာကြရ၏။ မျက်ခြည်မပြတ်စေရန်အတွက် ရှေ့လူကိုလည်း အမီလိုက်ရ၏။ အတန်ကြာမှ ကျောက်ဖြူ-ဂေါ်ရခါးရွာသို့သွားသော ဖြတ်လမ်းရှိရာ ကားလမ်းမကြီးပေါ်သို့ရောက်တော့၏။ သို့သော် စစ်ကြောင်းသည် ကျောက်ဖြူသို့မချီတက်ပါ။ ကားလမ်းအတိုင်း လမ်းဆုံရှိရာ ကျောက်ဖားသို့ချီတက်၏။

ကျောက်ဖားသည် မိုးကုတ်သို့သွားသောကားလမ်းမကြီး၏ ဂိတ်စခန်းဖြစ်သည်။ (နောင်တွင် ပတ္တမြားမြေအဝင်ဆိုင်းဘုတ်ကြီး စိုက်ထူထားရာ ယခုထိတိုင် ဖြစ်၏။) ထိုကျောက်ဖားတွင် အနောက်သို့ လမ်းသုံးသွယ်ခွဲထွက်ပါသည်။ တစ်လမ်းမှာ ကျောက်ပြဿဒ်-ကျောက်ဖျာလမ်း၊ နှစ်လမ်းသည် ဆင်ခွာရွာလမ်း၊ သုံးလမ်းသည် ဘောလုံးလေး-ဘောလုံးကြီးလမ်း ဖြစ်သည်။

စစ်ကြောင်းသည် သုံးလမ်းဖြစ်သော ဘောလုံးလေး-ဘောလုံးကြီးရွာ လမ်းကြောင်းအတိုင်း ဆက်လက်ချီတက်ရာ လမ်းမှာ ကျောက်ခင်းလမ်းဖြစ်၍ အဆင်ပြေ၏။ ဘောလုံးလေးရွာကို ကင်းဝင်စစ်၏။ နိုးကြားနေ၍ အဆင်ပြေ၏။

ထိုမှ ဘောလုံးကြီးရွာသို့ ဆက်လက်ချီတက်ပြန်ပါသည်။ ဘောလုံးကြီးကား ပလောင်နှင့် ဂေါ်ရခါးတို့နေကြ၏။ ဘောလုံးလေးကား ပလောင်သက်သက်ဖြစ်သည်။ ဘောလုံးကြီးရွာကား ကင်းသမားတို့ အိပ်ပျော်နေကြရာ ပြည်သူ့စစ်တို့မှနိုးယူရ၏။ ထိုအခါကျမှ ဓာတ်မီးနှင့်ထိုးကြည့်ကာ တံခါးဖွင့်ပေး၏။ ရွာမှာ ရွာကြီးဖြစ်ကာ ပလောင်နှင့်ဂေါ်ရခါးတစ်ပိုင်းစီနေကြခြင်း ဖြစ်၏။

ကျွန်ုပ်တို့သည် ရွာလူကြီးအိမ်သို့ ချီတက်ကာ အောက်၌ကင်းချထားခဲ့ပြီး အိမ်ပေါ်တွင် စုရုံးအနားယူကြပါသည်။ အိပ်ပျော်နေသော ကင်းသမားများအား ဒဏ်ခတ်ပေးရန် ရွာလူကြီးအား ခေါင်းဆောင် ဆရာကြီး ဦးသိန်းမောင်မှ ညွှန် ကြားပါသည်။

ကျွန်ုပ်တို့သည် ကျောပိုးအိတ် ရှေ့တွင်ချကာ နံရံမှီပြီး ချက်ချင်းအိပ် ပျော်သွားခဲ့လေ၏။ မည်မျှကြာလိုက် သည် မသိ။ အနီး၌ ကပ်ထိုင်နေသော ကျောက်ပြဿဒ်မှ ဦးတင်အောင်က -

"ဟေ့ကောင် ကျော်စိုး၊ ထ သွားရအောင်"

ဟု လှုပ်နှိုးလေမှ ရုတ်တရ လန့်နိုးကာ ကျောပိုးအိတ်ကောက်လွ ပြီး သေနတ်ကို ပခုံးပေါ်ကောက်ထ ကာ အိမ်ပေါ်မှဆင်းရလေ၏။ အောက်၌ချထားခဲ့သော

www.burmeseclassic.com

နိုင်ကို ကောက်စီးရ၏။ လူစုံသောအခါ ဘောလုံးကြီးရွာထဲမှ အနောက်သို့ထွက်ရာ လူသွားလမ်းအတိုင်းဆက်လက်ထွက်ခွာလာရာ ဆင်ခွာသွား ကားလမ်းသို့ တုလားရွာအနီး၌ပေါက်၏။ မကြာမီ ဆင်ခွာ၌ ကင်းဝင်၍စစ်ဆေး၏။ နီးနီးကြားကြားရှိနေ၍ ဆင်ခွာရွာမှကားလမ်းအတိုင်း ဆက်လက်ချီတက်ရာ ကျောက်ပြဿဒ်ရွာထိပ် ဆင်ခွာ-ကျောက်ပြဿဒ် ကားလမ်းဘေးရှိ ပြည်သူ့စစ်စခန်းသို့ မွန်းလွဲရောက်ရှိကြပါသည်။ ကျောက်ပြဿဒ်ရောက်သော် မိုးပင်လင်းစပြုပြီဖြစ်ရာ မနားတမ်း ပင်ပန်းကြီးစွာ ခရီးရှည်လျှောက်ခဲ့ရသော ကျွန်ုပ်တို့သည် ခဏအတွင်း အားလုံးအိပ်ပျော်ကုန်ကြပါသည်။ ကင်းတာဝန်၊ ချက်ပြုတ်ရေးတာဝန်တို့မှာ စခန်းစောင့်ကျန်ရစ်သူတို့၏တာဝန်သာဖြစ်ချေ၏။

၁ နယ်မြေအေးချမ်းသွားခြင်း

ကျွန်ုပ်သည် ပြည်သူ့စစ်တာဝန်အား ကိုယ့်အိမ်အတွက် လည်းကောင်း၊ သူကြီး ဦးထွန်းညိုအိမ်အတွက် လည်းကောင်း၊ ဘိန်းစားကြီး ဦးအေးအိမ်အတွက် လည်းကောင်း သုံးအိမ်အတွက် ထိုက်ရရာ ရွာတွင် ပြည်သူ့စစ်တာဝန်အထမ်းရဆုံးဖြစ်သည်။ ဦးအေးမှာ ဘိန်းကြိုက်သူဖြစ်ရာ ဘိန်းအဖြတ်မခံနိုင်ခြင်း၊ ပြည်သူ့ရဲတို့ကို ကြောက်ရွံ့ခြင်းကြောင့် ငွေဝလိုက်ရခြင်းမရှိရာ စသည်မှ အဆုံးထိုင် ကျွန်ုပ်သာလျှင် အမြဲလိုက်ပေးရလေ၏။ ဦးအေး၊ ဒေါ်အုံးလှိုင်တို့သည် ကျွန်ုပ်အပေါ် ကျေးဇူးရှိသောသူများဖြစ်ကြပါသည်။ ထိုစဉ်က ကိုယ်ခွဲမရှိပါ။ ရှိသော ကိုယ်ခွဲများကလည်း သမီးများသာဖြစ်ချေ၏။ သားတစ်ယောက်ပါသော်လည်း အရွယ်မရောက်သေးပါ။

သို့နှင့် ကျွန်ုပ်တို့ ပြည်သူ့စစ်များသည် လောင်းစင် စသော တောရွာတို့နှင့်ကျင်း၌ မှီခိုနေထိုင်ကြသော သူပုန်တို့အား မြောက်ဘက်ဒေသဖြစ်သော ကျောင်ခေါင်းမှသည် မိုးမိတ်ဝန်းကျင်သို့ တူးလူးနိုင်သည့် တောတွင်းမှ လမ်းကြောင်းများအား ကင်းပုန်းဝပ်ကာ စောင့်ကြည့်ခြင်း၊ ထိုလမ်းတို့၌ ကင်းထည့်ခြင်းများလည်း ပြုလုပ်ကြရလေ၏။ သို့သော် မျက်နှာချင်းဆိုင်ဟူ၍ တစ်ခါမှမဆုံခဲ့ဘူးပါ။ သူပုန်တို့ကူးလူးသောလမ်းကြောင်းမှာ ကင်းရွာထိပ်တောတွင်းလမ်းကြောင်းများ ဖြစ်သည်။ ကျွန်ုပ်မှာမူ မရောက်ဘူးသော တောတို့ကိုရောက်ရသဖြင့် ကျေနပ်ပါသည်။ တောအလှတို့ကိုခံစားရပါသည်။

ထိုသို့ တပ်မတော်ပြည်သူ့ရဲဦးစီးသော ပြည်သူ့စစ်စစ်ကြောင်းမှလှုပ်ရှားခြင်း၊ မိုးကုတ်မြို့ အခြေစိုက်ရွှေတန်းရုံး ခလရ (---) မှ တပ်မတော်သားများကလည်း နယ်မြေအနှံ့စခန်းချစိုးမိုးခြင်း၊ မြောက်ပိုင်းရှမ်းပြည်နယ်၏ အစွန်တစ်နေရာဖြစ်သော မိုးကုတ်နှင့်ဆက်လျက်ရှိသည့် မိုင်းလုံရွာကြီးရှိ ရွှေတန်းအခြေစိုက်တပ်မတော်သားများကလည်း နယ်မြေရှင်းလင်းခြင်း စသောစုပေါင်းဆောင်ရွက်ချက်ကြောင့် သူပုန်တို့သည် မိုးကုတ်ပတ္တမြားမြေဝန်းကျင်မှ ဖဲခွာသွားကြပါတော့သည်။ ထိုသို့သော တပ်မတော်၊ ပြည်သူ့ရဲ ပြည်သူ့စစ်တို့ကျေးဇူးကြောင့် နယ်မြေအေးချမ်းသွားခဲ့ပြီဖြစ်ရာ တစ်နှစ်ခွဲနှစ်နှစ်နီးပါးတွင် ပြည်သူ့စစ်ရုပ်သိမ်းလိုက်ပါတော့သည်။ ထိုအခါ ကိုယ့်ရပ်ကိုယ့်ရွာကာကွယ်ရန်ဟူ၍ ပြုလုပ်ထားကြသော လက်လုပ်တူမီးသေနတ်များကိုလည်း တပ်မတော်သို့ အပ်နှံလိုက်ကြပါသည်။

ပြည်သူ့စစ်ဟူ၍သာမပေါ်ပေါက်ခဲ့သော် ကျွန်ုပ်သည် တောတောင်အနှံ့ ရပ်ရွာအနှံ့ ရောက်ဖူးရန် မလွယ်ကူပါ။ ထိုပြည်သူ့စစ်ကြောင့် ဒေသန္တရဗဟုသုတများရ၏။ မိတ်ဆွေသူငယ်ချင်းများရ၏။ ကျွန်ုပ်နှင့်အတွဲဖြစ်ဆုံးသူငယ်ချင်းမှာ ဘောလုံးကြီးမှ ဂေါ်ရခါးခင်မောင်ကြည်ဖြစ်၏။ ထိုပြည်သူ့စစ်အတွင်းမရလိုက်သည်မှာ ရည်းစားသာဖြစ်ချေ၏။

ပ ဒုတိယမြောက်မွေးဖွားခြင်း

အထက်ပါ ပြည်သူ့စစ်အတွေ့အကြုံတစ်စွန်းတစ်စကိုဖော်ပြရခြင်းမှာ အကြောင်းရှိပါသည်။ ထိုပြည်သူ့စစ်လှည့်လည်စဉ် လူသတ်မှုတစ်ခုကိုကြုံခဲ့ရရာ လူသတ်မှုကျူးလွန်သော ပလောင်မောင်အေးသည် လူသတ်ရန်ရည်ရွယ်ချက်မရှိခြင်း၊ ဒေါသအလျောက် စိတ်မထိန်းနိုင်၍ပြုမူမိခြင်း၊ တစ်ချက်တည်းရိုက်ခြင်း၊ ကောင်းစေလိုသောစေတနာဖြင့် တားမြစ်ခြင်း စသောအချက်များကြောင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်ဟူ၍ သက်ညှာစွာ စီရင်ချက်ချပါသည်။

ထိုပြည်သူ့စစ်များ ဖျက်သိမ်းပြီးသည်နှင့် ကျောက်ဖျာရွာ၌ ကျွန်ုပ်ကျေးဇူးရှင်များဖြစ်သည့် ကိုဘစိုးနှင့် မတင်ကြည်တို့မှ ဒုတိယမြောက်သားကို ဖွားမြင်ပါသည်။

ထူးဆန်းသည်မှာ ထိုကလေး၏ ဦးခေါင်းအလယ်တည့်တည့်တွင် လခြမ်းသဏ္ဍာန်အမာရွတ်ကြီးတစ်ခုပါလာပြီး အမာရွတ်မှာ အနည်းငယ်ချိုင့်ဝင်နေပါသည်။ ဆံပင်လုံးဝမပေါက်သောအမာရွတ်ဖြစ်သည်။ အဘယ်ကြောင့် ထိုအမာရွတ်သည် မွေးကင်းစကလေးတွင်ပါလာရသည်ဟု မည်သူမျှမသိကြပါ။ ပင်္ကိုသဏ္ဌာန် ချို့ယွင်းမှုဟုအထင်ရှိကြပါသည်။ အချို့ကလည်း လူဝင်စားဟူ၍ မှတ်ချက်ပြုကြပါသည်။

အကြီးသားမှာ ကျော်မင်းဖြစ်၍ နာမည်လိုက်လျောညီထွေစေရန် အငယ်သားအား ဇော်မင်းဟုမှည့်ခေါ်ပါသည်။ ကျော်မင်းမှာ မျက်လုံးပြူးလေးနှင့်မို့ ကျွန်ုပ်က ချစ်စနိုးခေါ်ပြီး ဇော်မင်းကိုမူ အပြူးနှင့် လိုက်လျောညီထွေစွာ အလူးဟုခေါ်၏။ အရွယ်မှာ ညီအစ်ကိုနှစ်ဦးသားဆက်သဖြင့် မတိမ်းမယိမ်းဖြစ်သည်။

အပြူးနှင့် အလူးတို့သည် လှပသောကလေးများဖြစ်ကြရာ မျက်စိအောက်မှာပင် အတော်လေးကြီးပြင်းလာခဲ့ပေပြီ။ သို့နှင့် ဇော်မင်းခေါ် ဖိုးဇော်ပင်လျှင် ပြေးတတ်လွှားတတ်၊စကားပြောတတ်သောအရွယ်သို့ရောက်ရှိခဲ့၏။

(ဤနေရာ၌ ဆက်စပ်၍ ထူးခြားမှုတစ်ခု တင်ပြချင်ပါသည်။ မတင်ကြည်သည် သားသမီး (၅) ဦး မွေးဖွားခဲ့သော်လည်း ထိုသားသမီးတို့ကို နမ်းသည်ဟူ၍ တစ်ခါမျှမမြင်ဘူးကြပါ။ ပွေ့ရုံသာ ပွေ့ပါသည်။ သားသမီးတို့ကို လွန်စွာချစ်လျက် လိုချင်ရာဟူသမျှ အကုန်ဖြည့်ဆည်းပေးသော်လည်း ဘယ်သောအခါမှ နမ်းခြင်းမရှိခဲ့ပါ။ ကျွန်ုပ်တို့မှာမူ ကိုယ့်သားသမီးကို နမ်း၍မဝကြပါ။ ပွေ့တိုင်းနမ်းဖြစ်ကြပါသည်။ ဒေါ်တင်ကြည်ကား ထူးဆန်းသောအမျိုးသမီး ဖြစ်ပေ၏။ အားလုံးကို ကြင်နာသနားတတ်သော်လည်း မိမိ၏ရင်သွေးများကို မနမ်းသည်မှာတော့ ဆန်းကြယ်လှပေ၏)

ဃ တတိယပြဿ

အလူးခေါ် ဖိုးဇော်သည် စကားကောင်းကောင်းပြောတတ်သောအရွယ်သို့ရောက်ရှိခဲ့ပြီဖြစ်ရာ ချစ်စဖွယ်ကောင်းလှပေသည်။ သူတို့မောင်နှမများသည် အများကဲ့သို့ ဆွတ်ဆွတ်မဖြူဘဲ အနည်းငယ်ညိုကြပါသည်။

မိုးတစိမ့်စိမ့်ရွာနေသော နေ့တစ်



www.burmeseclassic.com

www.burmeseclassic.com

နေ့တွင် အပြင်သို့မထွက်နိုင်ကြရာ အိမ်ထဲတွင် စုပေါင်းမီးလှုံကာ ကိုဘစိုးတို့ မိသားစုများ မျက်နှာစုံညီရှိနေကြလေ၏။ ဖိုးဇော်မှာ မိခင်၏ရင်ခွင်တွင် ထိုင်နေလေ၏။

"အမေ၊ သားသစ်ဆိမ့်ကုန်းသွားချင်လိုက်တာ။ သားရဲ့မိန်းမနဲ့ ကလေးတွေဘယ်လိုနေတယ်ဆိုတာသွားကြည့်ချင်လိုက်တာ"

"အောင်မာ၊ သားက ဘယ်တုံးက သစ်ဆိမ့်ကုန်းမှာအိမ်ထောင်ကျလို့မိန်းမနဲ့ကလေးတွေရှိနေတာလဲ။အဟားဟား- ဒီကလေးက အတော်စိတ်ကူးယဉ်တဲ့ ကလေးပဲ"

ဟု ဆိုကာ မတင်ကြည်က ရယ်မောနေလေ၏။

ဖိုးဇော်သည် ရင်ခွင်အတွင်းမှ မျက်လုံးအဝိုင်းသားနှင့် မော့ကြည့်နေလေ၏။

"စိတ်ကူးယဉ်တာမဟုတ်ဘူး။သားရဲ့မိန်းမ မခင်မာနဲ့ ကလေးနှစ်ယောက်ရှိတယ်လေ"

"မခင်မာ ဟုတ်လား။ မခင်မာက ကိုကြည်သန်းမိန်းမပဲ"

"အမေကလည်း၊ သားက ကြည်သန်းလေ အမေရဲ့။ သားကို ပလောင်မောင်အေးက ပေါက်ပြားနှောင့်နဲ့ထုလို့ သေသွားတာ။ အဲဒါ အမေကျောက်ဝယ်လာတုန်းအမေ့ဆီလိုက်လာခဲ့တာ။ သားက အမေ့ကို အကြွေးဆပ်စရာပိုက်ဆံငါးရာရှိတယ်လေ။ အဲဒါ အမေ့ကို အကြွေးဆပ်စရာရှိလို့ လိုက်လာတာ"

ဘေးမှနားထောင်နေသူ ကိုဘစိုးမှာ ပါးစပ်အဟောင်းသားနှင့် အံ့ဩခြင်းကြီးစွာနားထောင်နေလေ၏။ ထိုအခါ မတင်ကြည်မျက်ရည်ကျ၏။

"ကိုစိုးရယ်-ကြည့်ပါဦး။ သားလေးက ကိုကြည်သန်းတဲ့၊ အကြွေးငါးရာ ဆပ်စရာလို့လို့တဲ့၊ စိတ်မကောင်းလိုက်တာ ကိုစိုးရယ်"

"အကြွေးငါးရာက နင်ချေးပေးထားတာ အမှန်ပဲလား"

"ဟုတ်တယ်၊ မသေခင်အရင်ရက်က ကျွန်မကျောက်ဝယ်သွားတုန်းကချေးသုံးထားတာ။ ကျွန်မဖြင့် မေ့တောင်နေပါပြီ ကိုစိုးရယ်"

"အေးကွာ - ဘာတတ်နိုင်မလဲ။ တို့နဲ့ထိုက်လို့တို့ဆီရောက်ခဲ့တာပေါ့ကွာ။ ငါ အစကတည်းက ခေါင်းမှာ လခြမ်းလို အမာရွတ်ကြီးပါကတည်းက ဒီကလေး လူဝင်စားနေမှာလို့တော့ထင်မိသားကွ။ ဒါပေမယ့် ကြည်သန်းကို မတွေးမိဘူး။ မောင်အေးထုလိုက်တဲ့ အမာရွတ်က ဒီဘဝအထိပါလာတာကိုး။ တကယ်ကွာ၊ အံ့ဩစရာကောင်းလိုက်တာကွာ"

ဟု ပြောနေမိ၏။

ဖိုးဇော်မှာမူ သိသကဲ့သို့ အသေအချာနားထောင်နေ၏။

"သားကြီးရင် အဲဒီမောင်အေးကို ပြန်သတ်မှာ သားလုံးဝမကျေဘူး"

"ဟဲ့ - သား၊ ဘာလို့အဲဒီလိုလုပ်ရမှာလဲ။ ခုဟာက သားက အမေ့သား ဖိုးဇော်ဖြစ်နေပြီလေ။ သားကိုသတ်တဲ့ မောင်အေးလည်း လူသတ်မှုနဲ့ ထောင်ထဲမှာ ထောင်ကျနေပြီလေ"

"ဟင့်အင်း - သားကတော့ သတ်မှာပဲ။ သားကို ရက်ရက်စက်စက်ပေါက်ပြားနဲ့ထုသတ်တာ သားပြန်သတ်ရမှ ကျေနပ်မှာ"

စကားပြောတတ်စ ကလေးမှာ လူကြီးကဲ့သို့ ခံစားချက်ဖြင့်ပြောပြနေသဖြင့် ကိုဘစိုးရော မတင်ကြည်မှာ အံ့ဩခြင်းမကအံ့ဩနေရလေ၏။

**□ လွတ်ငြိမ်းချမ်းသာခွင့်**

မောင်အေးလွတ်ငြိမ်းချမ်းသာခွင့်နှင့်ထောင်ကလွတ်ခဲ့ပြီဟူသောသတင်းသည် တောနယ်တစ်ဝိုက်၌ ကျော်ကြားသလို ကျွန်ုပ်တို့ ကျောက်ဖျာရွာလေးသို့လည်း လွင့်ပျံ့ရောက်ရှိခဲ့၏။ မောင်အေးမှာ ကံကောင်းထောက်မစွာပင် ထောင်ထဲ၌ကြာကြာမနေရဘဲ နိုင်ငံတော်တော်လှန်ရေးအစိုးရ၏ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အမှန်ပင်လွတ်မြောက်ခဲ့ပြီ ဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင် ကိုကြည်သန်းတစ်ဖြစ်လဲ ဖိုးဇော်မှ အတိတ်အကြောင်းပြန်ပြောင်းပြောပြပြီး ရက်ပိုင်းအတွင်းမှာပင်ဖြစ်သည်။ ပလောင်ကိုမောင်အေးသည် ရပ်ကိုစွရွာကိုစွ၌ လည်းကောင်း၊ ပြည်သူ့စစ်သင်တန်းသင်ယူရာ၌လည်းကောင်း၊ ပြည်သူ့စစ်တာဝန်ထမ်းဆောင်ရာ၌လည်းကောင်း စိတ်ရောကိုယ်ပါ တက်ကြွစွာ ဆောင်ရွက်တတ်သူဖြစ်ကြောင်း ကျွန်ုပ်သိပါသည်။ ကျွန်ုပ်သိသလို စိတ်ကောင်းရှိသောကိုမောင်အေးအကြောင်းကို လူတိုင်းကသိကြပါသည်။

သို့သော် အတိတ်ကံ၏အကြောင်းအကျိုးဟု ဆိုရမည်ဖြစ်သော ရာဇဝတ်မှုဟူသောအကြောင်းသည် ပေါ်လာခဲ့ရာ မမျှော်လင့်ပါဘဲလျက် ကိုကြည်သန်းသေရ၏။ ကိုမောင်အေး ထောင်ကျရ၏။ နှစ်ဦးစလုံး ဆိုးကျိုးတို့ကို ရရှိစေခဲ့ပါသည်။ ကိုမောင်အေးမှာမူ ပလောင်မောင်အေးဟု အမည်မတွင်တော့ဘဲ ထောင်ထွက်မောင်အေးဟူ၍ အမည်တွင်ခဲ့လေ၏။

မည်သို့ဆိုစေ ပျော်၍မဆုံးတပြုံးပြုံးဖြစ်နေရသူမှာ မောင်အေးသာ ဖြစ်၏။ သူ့ဇနီး၊ သားသမီးများနှင့်အတူပြန်၍နေရခြင်း၊ မိရိုးဖလာအလုပ်ဖြစ်သော ကျောက်တွင်းတူးခြင်း အလုပ်အားပြန်၍ လုပ်ကိုင်ရခြင်းကြောင့် နဂိုဘဝကိုပြန်လည်ရရှိခဲ့၍ ဖြစ်သည်။

သို့သော် အိမ်နီးချင်းဖြစ်သော ကိုကြည်သန်း၏ဇနီး မုဆိုးမ မခင်မာတို့မှ အားနာလွန်းသဖြင့် မျက်နှာကို ရဲရဲ မကြည့်ဝံ့။ သူတည်းဟူသောအကြောင်းကြောင့် မခင်မာ မုဆိုးမဖြစ်ခဲ့ရသည် မဟုတ်ပါလား။ ပြီးခဲ့တာတွေပြီးခဲ့ပြီမို့ အတိတ်အား မည်သို့မျှပြုပြင်၍မရ စကောင်းပေ။ ထို့ပြင် မိုးကုတ်သားတို့သည် အငြိုးအတေးထားခြင်းလည်းမရှိ ကြပါ။

**□ ပြန်ဆုံရတဲ့နေ့**

"အမေ၊ သား သစ်ဆိမ့်ကုန်းထို သွားချင်တယ်"

ဟူ၍ ဖိုးဇော်မှ မိခင်အား မကြာ မကြာ ပူဆာတတ်သဖြင့် သားစိတ်ချမ်း သာစေရန် စီစဉ်ရပါသည်။ သို့အတွက် နှစ်နှစ်ကျော်ကျော်အရွယ်ရှိသော ဖိုးဇော် အား ကိုဘစိုးမှ ချီပိုး၍ သစ်ဆိမ့်ကုန်း သို့လာခဲ့ကြပါသည်။ လမ်းမှာ လူသွား လမ်းကြောင်းလေး ဖြစ်သည်။

ကျောက်ဖျာရွာမှ သစ်ဆိမ့်ကုန်း သွားလမ်းသည် ဦးစွာ ရွာ၏ တော ဘက် ငမုန်းချောင်းကိုဖြတ်ရ၏။ ထို လွန်သော် သက်ကယ်ကျင်းခေါ် တွင် လုပ်ရာတောတန်းကိုဖြတ်ရပြန်၏။ ထို တောမှလွန်သော် သစ်ဆိမ့်ကုန်းသွား ကုန်းဆင်းလမ်းအတိုင်းဆင်းလာရ ဘုန်းတော်ကြီးကျောင်းလွန်သော် ထော လမ်းဘေးရှိ သစ်ဆိမ့်ကုန်းရွာကို ရော ပါသည်။ နာရီဝက်ကျော်ကျော်သွား သောခရီး ဖြစ်သည်။

"အဖေ"

ကျောပေါ်မှ ဖိုးဇော်က ဖခင် ခေါ်၏။

"သားလေး၊ ဘာတုံးကွ"

"ရွာက အရင်အတိုင်းပဲ ဟင် - သားတို့ကာခဲ့တဲ့ စည်းရိုး တောင် မရှိတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

"ဪ-ဆွေးပြီး မြို့လဲကုန်ပြီလေကွာ၊ ဘယ်ရှိတော့မှာလဲ။ ခုခေတ်က သူပုန်တွေ၊ ဓားပြတွေ မရှိတော့ဘူး သားရဲ့"

"ဟော - ဟိုမှာသားတို့အိမ်"

ဟု ပြောပြီး လက်ညှိုးထိုးပြပါသည်။ မှန်ပါသည်။ သစ်ဆိမ့်ပင်ကြီးနှင့် မဝေးလှသောနေရာရှိ အိမ်ကလေးသည် မခင်မာတို့မိသားစု၏အိမ်ကလေးသာ ဖြစ်ပါသည်။ ဘဝနှစ်ခုနီးစပ်၍ ဇာတိသရညာဏ်ရကာမမေ့ခြင်းဖြစ်၏။

မခင်မာတို့အိမ်ရောက်သော် ကြို တင်သိပြီးဖြစ်သောမခင်မာသည် ဖိုးဇော်ကို ပွေ့ဖက်နမ်းရှုပ်ကာ မျက်ရည်ကျ၏။ ဝိုင်းဝိုင်းစက်စက်နှင့် ချစ်စဖွယ်သော ဖိုးဇော်အား မခင်မာက လက်ကမချပေ။ ကျောက်ဝယ်ရင်း အလည်လာသည်မို့ မခင်မာတို့အိမ်တွင် အချိန်အတော်ကြာ နေကြလေ၏။

အိမ်တွင် လှည့်ပတ်ကြည့်ရှုနေသော ဖိုးဇော်မှာ ထရံပေါက်မှ ပလောင်းမောင်အေးတို့အိမ်သို့ချောင်းကြည့်နေသည်ကို တွေ့ရ၏။

"အဖေ၊ အဖေ"

"ဘာလဲ သား"

"ဟိုမှာ ကျွန်တော့်ကိုသတ်တဲ့ ပလောင်မောင်အေး"

ဟု ပြောသဖြင့် ထရံပေါက်မှ ချောင်းကြည့်လိုက်၏။ ဟုတ်ပါသည် ပလောင်မောင်အေးသည် ဓားမတစ်ချောင်းဖြင့် အိမ်ရှေ့တွင် ထင်းများခုတ် ဖြတ်နေသည်ကို မြင်ရပါသည်။

"ဟုတ်လို့လား သားရယ်၊ သားက သူ့ကိုသိလို့လား"

"သိတာပေါ့၊ ကင်းတဲခါးနားမှာ သားကို ပေါက်ပြားနဲ့ ထုသတ်တာ။ တစ်နေ့ကျရင် သားသူ့ကိုပြန်သတ်မှာ"

"အဲ - သားကလည်းကွာ၊ အဲဒီလို မလုပ်ရဘူးသားရဲ့၊ သားကိုသတ်လို့ သူထောင်ကျခဲ့ပြီးပြီလေ။ ကဲ-လာလာ သား"

ဟု ခေါ်ကာ ရင်ခွင်တွင် ပွေ့ပိုက်ထားလိုက်လေ၏။ သို့သော် ဒေါသစိတ်တပြေပြန်မတူသေးပေ။ တဆတ်ဆတ်တုန်၍နေလေ၏။ ထို့နောက်တွင်မူ တလေး၏ရင်တွင် အငြိုးအတေးကြီး မည်စိုးသဖြင့် သစ်ဆိမ့်ကုန်းရွာသို့ခေါ် မသွားကြတော့ပါ။

□ အမည်းစက်

မိုးကုတ်၏အနောက်ပိုင်းနယ်မြေသည် အညိုရောင်နယ်မြေမှသည် အဖြူရောင်နယ်မြေသို့ ပြောင်းလဲအောင် တာဝန်ရှိသူတို့ကတည်ဆောက်နိုင်ခဲ့ကြ၏။ ထိုအဖြူရောင်နယ်မြေအား သောင်းကျန်းသူတို့၏အန္တရာယ်မှလုံးဝကင်းရှင်းသည့် အမာခံနယ်မြေတည်ဆောက်ရန် ပြင်ဆင်ကြပါသည်။

ထိုအမာခံနယ်မြေတည်ဆောက်ပွဲသည် ကျပ်ပြင်စျေးအနောက်ဘက်ကားလမ်း၏မြောက်ဘက်ကွင်းကြီးတွင် ကျင်းပမည်ဖြစ်ရာ ရွာတိုင်းရှိ ပြည်သူ့စစ် တာဝန်ထမ်းခဲ့ဖူးသောသူများနှင့် ရပ်ရွာလူကြီးများ အမျိုးသမီးထုများ တစ်ခဲနက် ချီတက်ကြမည် ဖြစ်ပါသည်။

ကျွန်ုပ်တို့ပြည်သူ့စစ်များမှာ စနစ်တကျ တန်းစီချီတက်ရမည်ဖြစ်၍ တိုက်နယ်ဖြစ်သော ကျောက်ကြမ်းကြီးတွင် ကျွန်ုပ်တို့သင်တန်းပြန်ဆင်းကြရသည်။ ကျောက်ပြဿဒ်တိုက်နယ်၊ ကပိုင်တိုက်နယ်၊ ဘောလုံးကြီးတိုက်နယ် ဟူ၍ရှိရာ သူ့အုပ်စုနှင့်သူတပ်မတော်သားများက သင်တန်းပေးပါသည်။

ကျောက်ကြမ်းကြီးတိုက်နယ်တွင် သစ်ဆိမ့်ကုန်းပါရာ ထိုသစ်ဆိမ့်ကုန်းပြည်သူ့စစ်တွင် ထောင်ထွက်ပြီးစ မောင်အေးလည်း ပါဝင်လာသည်ကို တွေ့ရ၏။ မောင်အေးမှာ ထိုသို့ ထမ်းရွက်ရန် ဝါသနာပါသည်ဖြစ်ရာ တက်တက်ကြွကြွ စိတ်ပါလက်ပါ သင်တန်းဆင်းကို တွေ့ရလေ၏။

သို့သော် ဒုစရိုက်ကင်းအောင်နေထိုင်ကြသော မိုးကုတ်သားအများစုကမူ ထောင်ထွက်မောင်အေးအား ရွံကြောက်ကြီးဖြစ်၍နေကြပါသည်။ ကျွန်ုပ်မှာမူ မောင်အေးအားကြည့်၍စိတ်မကောင်းခြင်းကြီးစွာ ဖြစ်မိလေ၏။ ဒေါသတည်းဟူသောမာန်သည် ကိုမောင်အေးအား အမည်းစက်ကြီးတစ်ခုစွန်းငြိခဲ့ပြီ ဖြစ်ပါသည်။ သစ်ဆိမ့်ကုန်းတွင် သူ့လောက်တက်တက်ကြွကြွ သင်တန်းသင်ယူသူ မရှိသည်ကို ကျွန်ုပ်မြင်တွေ့ရပါသည်။ ထိုခေတ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ တည်ထောင်ပြီးဖြစ်၍ လူတို့သည် ခေတ်နှင့်လျော်ညီစွာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ဝင်ကြ၏။ သို့နှင့် ကျွန်ုပ်တို့သည် အရန်ပါတီဝင်၊ ပါတီဝင်၊ တင်းပြည့် ဟူ၍ အဆင့်ဆင့်တက်ကာ အမာခံပါတီဝင်များဖြစ်လာခဲ့ကြပါသည်။ ကျွန်ုပ်မှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်၌ ကျောက်ဖျာရွာ၏ တပ်စိတ်များမှ လက်ထောက်စိတ်မှူးတာဝန်ထမ်းဆောင်ရပါသည်။

ထိုသို့ တိုင်းပြည်တာဝန်ထမ်းဆောင်ရာတွင် ပလောင်မောင်အေးမှာ လွန်စွာစိတ်ပါဝင်စားသူဖြစ်သည်။ သူ့ခမျာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသို့ ဝင်ချင်လိုက်သည်မှာရှူမတတ်ဖြစ်သည်။ အထက်တိုက်နယ်လူကြီးများတိုင်အောင် တက်၍ပြော၏။ မည်သို့ပြောစေကာမူ မောင်အေး ဝင်ခွင့်မရရှာပါ။

အဘယ်ကြောင့်ဆိုသော် လူသတ်မှုကျူးလွန်ဖူးသူဖြစ်သဖြင့် ကိုယ်ရေးရာဇဝင်တွင် အမည်းစက်စွန်းထင်းနေ၍ ဖြစ်ပါသည်။ ထိုဖြစ်အင်ကို ကြားသိရသော ကျွန်ုပ်သည် ကိုမောင်အေးအတွက် လွန်စွာပင်စိတ်မကောင်းဖြစ်ခဲ့ရလေ၏။ ဖြစ်မှုဖြစ်ရပလေဟုညည်းတွားမိသည်။

□ သံသရာအငြိုးရှိကကျေပါစေ

အချိန်တို့သည် တရွေ့ရွေ့ကုန်ဆုံးကာ ကျွန်ုပ်တို့လည်း တဖြည်းဖြည်းကြီးပြင်းလာကြပါသည်။ ဖိုးဇော်ပင်လျှင် ကျပ်ပြင်အ-ထ-ကသို့ကျောင်းသွားတက်နေပြီဖြစ်သည်။ ထွားထွားကျိုင်းကျိုင်းဖြင့် လှပချောမောသော လူပျိုပေါက်အရွယ်ဖြစ်လာ၏။

ဆိုအခါ ကျွန်ုပ်က အမှတ်တမဲ့ မေးကြည့်မိ၏။

"ဟေ့ကောင် အလူး၊ မင်းခေါင်းကအမာရွတ်ကဘာဖြစ်တာလဲကွ"

"အဲဖေပေါ့ဗျာ၊ ကျွန်တော် အမေ့ဗိုက်ထဲနေတုန်းက လက်လွန်ထားတာနေမှာဗျ ဟား ဟား ဟား ဟား"

ဟူ၍ ဟာသလုပ်ပါသည်။

သူတို့ညီအစ်ကိုနှစ်ယောက်စလုံးပင် ပျော်ပျော်ရွှင်ရွှင်နေတတ်သည့် ဟာသညာဏ်ရှိသူများဖြစ်သည်။ အကြီးဖြစ်သူ အပြူးမှာမူ ဗွီဒီယိုများ ခေတ်စားလာသောအခါ သရုပ်ဆောင်တို့ကို အသေအချာကြည့်ပြီး အမူအရာ၊ အသံတို့ဖြင့်ပြောင်ပြတတ်သဖြင့် အစဉ်သဖြင့် ရယ်မောနေရပါသည်။ ပျော်ပျော်နေတတ်သောစရိုက်ရှိ၏။ အလူးတွင်မူ ထိုစရိုက်မျိုးမရှိပါ။

တစ်ခါသော် ဖိုးဇော်အား အမှတ်တမဲ့ မေးကြည့်မိပါသည်။

"အလူး၊ မင်း မောင်အေးကို သတိမရဘူးလား"

"အင်း-သတိတော့ရတာပေါ့ဗျာ။ အဲဒါတွေဟာ သံသရာဝဋ်ကြွေးရှိလို့ဖြစ်ရတာပါ။ ကျွန်တော့်မှာဘာအာဃာတမှ မရှိတော့ပါဘူး။ သံသရာအငြိုးများရှိခဲ့



www.burmeseclassic.com

www.burmeseclassic.com

ရင်လည်း ကျေပါစေတော့လို့ဆုတောင်းပါတယ်ဗျာ"

ဟု လူကြီးစကားကိုဆိုပါသည်။

ကျွန်ုပ်သည် သူ၏ ရင်တွင်းဆန္ဒကို သိချင်၍သာမေးခြင်း ဖြစ်ပါသည်။ အရင်တစ်ခါကမေးသလို ဟာသမလုပ်တော့ဘဲ တည်တည်ငြိမ်ငြိမ်ပင် သူရင်တွင်းဆန္ဒ ဖွင့်ဟသောအခါ ကျွန်ုပ်အမှန်ပင် ကြည်နူးရပါသည်။

"ဟုတ်တယ် အလူးရ ငါက အဲဒါကို ကြားချင်တာ။ သံသရာမှာ တစ်ဦးနဲ့တစ်ဦး အတွဲအလှည့် မုန်းမာန်ပွားနေကြရင် သံသရာတစ်လျှောက်လုံးဆုံးကြမှာမဟုတ်ဘူး။ ဘဝဆက်တိုင်း ပူလောင်ဆင်းရဲကြရတာ"

ဟု ပြောပြဖြစ်ပါသည်။ သူတို့သည် အသိနိမ့်သူများ မဟုတ်ကြပါ။ ကြောင်းကျိုးဆီလျော်စွာနားလည်သောယဉ်ကျေးသည့် မိုးကုတ်သားများ ဖြစ်ကြပါသည်။

□ ရှေ့မှာ

အရဟတ္တဖိုလ်မဆိုက်သမျှ ကျွန်ုပ်တို့သည် သံသရာခရီးသည်များ ဖြစ်ကြပါသည်။ အနာဂါမ်ပုဂ္ဂိုလ်သည်ပင်လျှင် သက်တမ်းရှည်လျားသောဗြဟ္မာကြီးဘဝဖြင့် နောက်ဆုံးတစ်ဘဝနေရပါသေးသည်။ အရိယာမဖြစ်သမျှ ကျွန်ုပ်တို့သည် ရှည်လျားသော သံသရာခရီးဝယ် ပင်ပန်းစွာလျှောက်လှမ်းနေရပါဦးမည်။ (၃၁) ဘုံ တည်းဟူသော ဖြစ်တည်ရာဘဝအမျိုးမျိုး၌ တက်ချည်ဆင်းချည် ဖတ်ဖတ်မောအောင်လျှောက်လှမ်းနေရပါဦးမည်။

ကျွန်ုပ်တို့ရှေ့တွင် ကျွန်ုပ်တို့ ပုထုဇဉ်များနှင့်အနီးစပ်ဆုံးသောဘုံငါးခုရှိသည်။ ထိုသည်တို့မှာ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်၊ လူနံ၊ လူအ၊ လူမွဲ၊ လူအရုပ်ဆိုးများ ဖြစ်ကြပါသည်။ အထက်နတ်ဗြဟ္မာဟူသည်မှာ ပုထုဇဉ်တို့နှင့် အတော်အလှမ်းဝေးသောဘုံများဖြစ်သည်။ ရှိတော့ရှိတယ်၊ ရှားတယ်ဟူသောစကားကဲ့သို့ နတ်ပြည်နတ်ရွာရောက်သူတို့ရှိကြပါသည်။ သို့သော်ရှားသည်ဟုဆိုရမည်ဖြစ်သည်။ လောဘ၊ ဒေါသ၊ မောဟစိတ်တို့ အမြဲသဖြင့်ခြံရံနေတတ်သော ပုထုဇဉ်တို့အဖို့ နတ်စော်နံရန်ဟူသည်မှာ ဒုလ္လဘတစ်ပါးဖြစ်ပါလိမ့်မည်။အသိနှင့်သတိရှိသူတို့သာလျှင်ရောက်ရာဘုံဖြစ်ပါသည်။ ပုထုဇဉ်တို့ပျော်စံရာဘုံသည် အမှန်စင်စစ် အပါယ်လေးဘုံသာဖြစ်ပါသည်။ ဒါန၊ သီလပြည့်စုံသောသူပင်လျှင် နောက်ဆုံးထွက်သက်၌ နှလုံးသွင်းမှားမိပါက ပေတဂတိလားကာ မကောင်းသောဘဝ၌ ခေတ္တခံစားစံစားရပါသေးသည်။သံသရာသည် ကြောက်ဖွယ်ကောင်းလှပေ၏။

ကိုကြည်သန်းသည် ကျွန်ုပ်၏ မျက်စိရှေ့၌ပင် ဥပစ္ဆေဒကကံဖြင့်သေဆုံးကာ တစ်ဘဝချုပ်ငြိမ်းသွားခဲ့၏။ ကျွန်ုပ်တို့သည် ကိုကြည်သန်းအား ကြာသောအခါ မေ့မေ့လျော့လျော့ရှိလာခဲ့၏။ သေသောသူ ကြာလျှင်မေ့ ဟူသောစကားအတိုင်း ဘဝကိစ္စအဝဝဖြင့် သူ့ကိုနှလုံးမသွင်းကြတော့ပါ။

သို့သော် ကိုဘစိုး မတင်ကြည်တည်းဟူသော ကျွန်ုပ်နှင့် ညီအစ်ကိုမောင်နှမလိုအတူနေသော ဇနီးမောင်နှံနှစ်ဦးထံ မောင်မင်းဇော်ဟူ၍တစ်ဖြစ်လဲပြန်လည်ရောက်ရှိလာသောအခါတွင်မူ ကိုကြည်သန်း၏ ပုံရိပ်သည် ကျွန်ုပ်တို့မျက်စိထဲ၌ ပြန်လည်ရှင်သန်လာခဲ့၏။ ကိုကြည်သန်းကား ဖိုးဇော်အဖြစ် ပြန်လည်ဝင်စားခဲ့လေပြီ။

သို့ကြောင့် ဘဝနှစ်ခုနီးစပ်သော ဖိုးဇော်သည် ဇာတိဿရဉာဏ်ရကာ အတိတ်ဘဝကို ပြန်လည်အမှတ်ရ၏။ စကားတတ်လွယ်၏။ အသိမြင့်၏။ ထို့ပြင် ကိုဘစိုး၊ မတင်ကြည်တို့မှာလည်း ဘိုးဇရပ်၊ ဘွားဇရပ်မှသည် ယခုဘဝ ကိုဘစိုး၊ မတင်ကြည်ဟူ၍ ပြန်လည်ဖြစ်တည်ကာ ပေါင်းသင်းကြရ၏။ ရှေးကသူတို့အိမ်ကြီးနှင့်ဝင်းခြံကြီးကို ပြန်လည်ရရှိ၏။ ပြုခဲ့သောကုသိုလ်များအရှိန်အဝါကြောင့် တိုက်နှင့်ကားနှင့်ပြည့်ပြည့်စုံစုံနေထိုင်နိုင်ကြ၏။ လက်ဖျားငွေသီးသူများ ဖြစ်ကြ၏။

ကျွန်ုပ်တို့ရှေ့တွင် စောင့်ကြိုနေမည့်ဘဝများတွင် ပဋိမပြောက်ဘုံဖြစ်သော လူ့ဘုံသည်လည်း နီးစပ်ကြပါသည်။ ကံကောင်းထောက်မသဖြင့် ကျွန်ုပ်တို့လူဖြစ်လာကြ၏။ လူဖြစ်သော်လည်း လူနှင့်တူမှဂုဏ်ရှိကြပါသည်။ကျိုး၊ ကန်း၊ ဆွံ့၊ အ၊ နားမကြားဖြစ်ခဲ့သော် လူဖြစ်သော်လည်း အချည်းနှီးဖြစ်ကြရပြန်ပါသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် အခြေခံလူတန်းစားသာ အများစုဖြစ်သည်။ ချမ်းသာကြွယ်ဝသောသူ ဟူသည်မှာ အနည်းစုသာဖြစ်၏။ ရုပ်ရည်လှသူနှင့် ရုပ်ရည်မလှသူဟူ၍ ခွဲခြားပြန်လျှင်လည်း လှပကြော့ရှင်းသူဆိုသည်မှာ ရှားပါး၏သည်။ တရုတ်တို့က 'ဆင်းရဲမွဲတေနေလျှင် သေသည်နှင့်အတူတူပဲ' ဟု ဆိုပြလေ၏။ မြတ်စွာဘုရားကလည်း ရှင်လျက်နှင့်သေသူ(၄)ဦးကို ညွှန်ပြတော်မူခဲ့ပါသည်။ ဆင်းရဲမွဲတေသူ၊ အနာရောဂါ နှိပ်စက်ဖိစီးသူ၊ ရာဇဝတ်ဘေးသင့်နေသူ၊ ကြွေးမြီထူထပ်သောသူ ဟူ၍ ထို (၄) ဦးကို ထောက်ပြတော်မူခဲ့ပါသည်။

ထို့ကြောင့် လူ့ဘဝရရှိပြန်ပါသော်လည်း ဘဝသုခမရသူတို့အများအပြားရှိခဲ့ကြလေ၏။ ဖိုးဇော်မှာမူ ကံကောင်းထောက်မစွာ ချမ်းသာကြွယ်ဝသော၊ ရိုးသားဖြူစင်သော၊ စေတနာကောင်းသော၊ မျိုးရိုးကောင်းသော၊ ရုပ်ရည်တင့်တယ်သောမိဘများထံရောက်ခဲ့ရလေ၏။ ထို့ပြင် အေးချမ်းသောပတ္တမြားမြေ၌ပင် လူပြန်ဖြစ်ရလေ၏။

မိုးကုတ်သဘာဝ အရွယ်ရောက်၍ ဖခင်နှင့်ကျောက်တွင်းတူးကြသောအခါ၌လည်း သွားလေရာတွင် အဆင်ပြေခဲ့ကြပါသည်။ သူတို့ညီအစ်ကိုသည် ကားတစီစီ၊ ဒီတီဆိုင်ကယ်တစီစီဖြင့် လူပျိုဘဝတွင် ဂုဏ်တင့်စွာ နေထိုင်နိုင်ကြ၏။

ဖိုးဇော်အရွယ်ရောက်လတ်သော် ကျောက်ဖျာမှ ဦးမြင့်ဝေ၊ ဒေါ်စိန်တင်တို့၏သမီး မာလာနှင့် အိမ်ထောင်ကျတာ သားသမီးတို့ပင် ပွားစီးနေပြီ ဖြစ်သည်။ ၂၀၁၃ ခုနှစ်၊ ၈ လပိုင်းတွင် မိုးကုတ်ကျောက်ဖျာသို့ အမှတ်တရသွားလည်ရာ ကိုဘစိုး၊ မတင်ကြည်တို့၏တိုက်အိမ်ကြီးတွင် ကျွန်ုပ်တို့ငယ်စဉ်ကကဲ့သို့ စည်စည်ကားကားမရှိတော့ဘဲ ခြောက်သွေ့သွေ့ဖြစ်နေ၏။ အဘယ်ကြောင့်ဆိုသော် သားသမီးတို့ အသီးသီးအိမ်ထောင်ကျကုန်ကာ မိဘရင်ခွင်မှပျံသန်းထွက်ခွာကုန်၍ ဖြစ်ပါသည်။ သံဝေဂရဖွယ်ဖြစ်၏။

သံသရာခရီး၌ အငြိုးအတေးတို့များစွာတွေ့တတ်၏။ ထိုအငြိုးအတေးတို့အား ဖိုးဇော်ကဲ့သို့ သံသရာခရီးတို့ဆက်လက် မယူဆောင်တော့ဘဲ ဖြတ်တောက်ပစ်နိုင်ဖို့ လိုအပ်ပါသဖြင့် မျက်စိအောက်မှဖြစ်ရပ်မှန်ကို တင်ပြလိုက်ခြင်းဖြစ်ပါသည်။

ချမ်းမြေ့ကြပါစေ

ရွှေပြည်စိုး (မိုးကုတ်)



www.burmeseclassic.com

www.burmeseclassic.com

## တန်ခိုးကြီးရွှေဟိဂုံဘုရားရင်ပြင်တော်မှာ

## အမှောင့်အမှားလုပ်မိခဲ့သူတစ်ယောက်အကြောင်း

# သိုက်မောင်နှံ(၇)ဖော်မှဒဏ်ခတ်ခံရသူ

ကံဝင်း

သူ့အမည်က ကိုထွန်းဇော်။

ရောက်နေတဲ့နေရာက ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောဌာန။

မေ့မြောနေသည်က (၂၆) ရက်တိတိ။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ည (၁၂) နာရီဆိုသော သန်းခေါင်ယံအချိန်သည် တိတ်ဆိတ်ငြိမ်သက်မှုမရှိ။ ခိုတစ်တောင်၏ညည်းညူသံလိုလို၊ လူနာတစ်ဦးက ညည်းညူနေသလိုလို အသံကြားနေရ၏။ အဓိကယ်၍ ဆေးရုံကြီးသာ လျှပ်စစ်မီးများမလာခဲ့သော် ချောက်ချားဖွယ်ကောင်းမှာ အမှန်ဖြစ်ပါသည်။ ဆေးရုံကြီး၏ ညဉ့်သန်းခေါင်အချိန် လူမမာညည်းညူသံမှလွဲ၍ လူနာလူမမာများ အိပ်မောကျနေကြ၏။ တာဝန်ကျဆရာ၊ ဆရာမများပင် ဂျူတီခန်းမှာ အညောင်းဆန့်၊ ခါးဆန့်ကျောဆန့်နေကြတဲ့အချိန်မှာပေါ့။ ဦးနှောက်နှင့် အာရုံကြောဌာနမှာ တက်ရောက် ကုသရင်း (၂၆) ရက်တိုင်တိုင် မေ့မြောနေသော ကိုထွန်းဇော်၏ အမြင်အာရုံများက သင်းလင်းထင်းထင်းမရှိ ဝေဝါးနေလေ၏။

ထိုအချိန် လူနှစ်ယောက် တွန်းလှည်းကိုတွန်းရင်း ကိုထွန်းဇော်၏ခုတင်နားရောက်လာ၏။ ပြီးတော့ တောင့်တင်းနေသည့် ကိုထွန်းဇော်ခန္ဓာကိုယ်ကို အိပ်ရာခင်းနှင့်ရစ်ပတ်ပြီး ရှေ့တစ်ယောက်နောက်တစ်ယောက်မ,ချကာ တွန်းလှည်းပေါ်တင်လိုက်၏။ ထိုသူနှစ်ဦး လုပ်ဆောင်ချက်များကို ကောင်းစွာထင်ရှား မမြင်ရသောလည်း အားလုံးကိုသိနေသူက ကိုထွန်းဇော်။ ပြီးတော့ တွန်းလှည်းကို နှစ်ယောက်သားတွန်းသွားသည်ကို သိနေ၏။ ခဏကြာတော့ တံခါးဝတစ်ခုကို ဖွင့်သန်းလိုက်ပြီဟု သတိထားမိ၏။ အခန်းတံခါးတစ်ခု၏ အောက်ခြေတံခါး လျှောက်လမ်းကို တွန်းလှည်းဖြတ်စဉ်မှာ တွန်းလှည်းဘီးလေးထိတွေ့သံနှင့်အတူ တွန်းလှည်း



သိုက်မောင်နှံ (၇) ဖော်မှ ဒဏ်ခတ်ခံရသူ ကိုထွန်းဇော်



ကိုထွန်းဇော်မှ ဆီမီး အလှူတိုင် ပူဇော် တောင်းပန်နေပုံ




စာရေးသူမှ တွေ့ဆုံမေးမြန်း မှတ်တမ်းယူစဉ်

ပေါ်မှ ခန္ဓာကိုယ်ကအနည်းငယ်မြောက်သွား၏။ ပြီးတော့ တစ်ကိုယ်လုံး အေးခဲဖြစ်သွား၏။ အဲယားကွန်းလွှတ်တဲ့အခန်းထဲရောက်လာပါပြီကော။ ရင်ထဲမှာ အေးခဲဖြစ်သွား၏။ အရသာလေးတာတစ်မျိုး။ရင်ထဲမှာပူနေတာကြာပြီ။ကျောပြင်ကလည်း တစ်ချိန်လုံးပက်လက်နေနေရတော့ ကျောပူနေတာအတော်ပေါ့။ အေးခဲလာမှုက တအံ့တဩ ရေခဲမှတ်တောင်ကျော်ပြီထင်ပါရဲ့။ တွန်းလှည်းတွန်းလာတဲ့လူနှစ်ယောက်က ပျောက်သွားပြီး ကိုထွန်းဇော်တစ်ယောက်တည်းရှိနေခိုက် ထိုအချိန်မှာ အရုပ်ဆိုးဆိုး၊ အသားမည်းမည်းကုလားတစ်ယောက်လို့ထင်ရတဲ့လူ။ အဲဒီလူက ကိုထွန်းဇော်တွန်းလှည်းနားရောက်လာပြီး -

"ဒါရေခဲတိုက်၊ မင်းလာရမယ့်နေရာမဟုတ်ဘူး။ သွား. . . သွား"

www.burmeseclassic.com



ကိုထွန်းဇော် အပေါ့်သွားခဲ့သောနေရာ

ပြောပြောဆိုဆို ကိုထွန်းဇော်ကို ဆောင့်တန်လိုက်တာ တွန်းလှည်းကလည်း ဘီးလေးဘီးနှင့်ဆိုတော့ အရှိန်နဲ့ အတော်ဝေးဝေးလွင့်သွား၏။

"ရေ. . . ရေပေးပါ. . ."

ကိုထွန်းဇော် သတိရ၍ မျက်စိဖွင့်ကြည့်တော့ သူ့သားနှင့်သူ့ချွေးမ ခုတင်ဘေးမှာတွေ့ရ၏။ ရင်ထဲပူနေ၍ ရေတောင်းတော့ ရေအစက်ကလေးချပေးတာ ရေငတ်က မပြေ။ သူဘယ်နေရာရောက်နေသည်ကိုမသိ။ ရေတစ်စက်တစ်စက်နှင့် ရေစက်ပေါင်းများစွာ ဝမ်းထဲရောက်သွားတော့ အမောပြေသလိုလို၊ ရင်ထဲမှာ အေးလာသလိုဖြစ်သွား၏။ ကိုထွန်းဇော်မျက်စိအားယူဖွင့်ကြည့်လိုက်တော့ မျက်နှာမူရာ မျက်နှာကြက်မှာ လည်ပတ်ခြင်းမရှိတဲ့ ပန်ကာတစ်လုံးကို တွေ့ရ၏။ ယက်ယာဘက်၊ လက်ဝဲဘက်ကြည့်လိုက်တော့ လက်ဝဲခြမ်းမှာ သားငတိုး၊ လက်ယာဘက်မှာက မိချမ်း၊ ချွေးမ မိချမ်း။

"အဖေ၊ သတိရလာပြီလား"

သားငတိုး၏အမေးကို မျက်စိမှိတ်ပြရင်း ဖြေလိုက်၏။ လူက လှုပ်၍မရ။ မျက်နှာတစ်ခြမ်းက ပုံမှန်မဟုတ်။ နှုတ်ခမ်းက ရွဲ့စောင်းသွား၏။ စကားပြောတာပြောကြည့်၏။ စကားကမပီ၊ သူပြောတာ လူမသိ။ သူတို့ပြောနေတာတွေတော့ ကြားသိနေ၏။ ခွဲစိတ်ကုသမှု ဖြစ်မည်ဟု ဆေးရုံကပြော၏။ ကုန်ကျစရိတ်က အနည်းလေး သိန်း (၂၀) အထက်မှာ ကုန်ကျနိုင်၏။ ပကတိပြန်ကောင်းရန် အာမခံချက်မရှိ။ သိန်း(၂၀) ကျော် မပြောပါနှင့်၊ လက်ထဲ (၁) သိန်းပင်ပြည့်အောင် မချမ်းသာ။ လုပ်ရသည့် အလုပ်က ဘုရားဝန်ထမ်း။ ရသည့်လစာနှင့်က ယခုထုတ်ရက်လောက်သာ လက်ထဲငွေရှိ၊ လကုန်တော့ငွေမရှိ။ အပိုအလျှံ လုံးဝမရှိ။ ထို့ကြောင့် အိမ်ပြန်ရန်သာ ရှိတော့၏။ သေရမယ့်အတူတူ အိမ်ပြန်ပြီးသေတာကောင်းသည်ဟု ဆုံးဖြတ်မိ၏။ မိသားစု၏ဆုံးဖြတ်ချက်က ရာနှုန်းပြည့်မှန်၏။ အိမ်မှာဆိုတော့ မိသားစုဝင်များ မိန်းမနှင့် သား၊ ချွေးမတို့ ဆေးရုံမှာလို အလှည့်ကျမစောင့်ရတော့။ အိမ်မှာဆိုတော့ တစ်ယောက်တစ်လှည့်ကြည့်၊ မိန်းမဖြစ်သူက လူနာပြုစုလျှင် သားနှင့် ချွေးမက အပြင်ထွက် ရရာအလုပ်လုပ်၊ ဤသို့ဖြင့် ကိုထွန်းဇော်တစ်ယောက် အိမ်ပြန်ရောက်လာပါတော့၏။

အိမ်ပြန်ရောက်တော့ အိမ်နီးပါးချင်းများလည်းရောက်လာ၊ လူမမာမေးကြစမ်းကြပေ့ါ။ အဲဒီမှာ ကိုထွန်းဇော်တစ်ယောက် အိမ်ရောက်သည်နှင့် အိမ်သူမယားကို ကြည့်၍မရ။ အိမ်သူဇနီးမယား၊ ချစ်လှပါသောဇနီးကို ဘယ်ကဘယ်ဖြစ်သည်မသိ။ မျက်နှာကိုကြည့်လိုက်သည်နှင့် အိမ်သူမယားမျက်နှာက ပွရောင်းရောင်း၊ အမ်းတမ်းတမ်း၊ မျက်ထောင့်လည်းနီဆိုတော့ ငါ့မိန်းမမျက်နှာက ဘာဖြစ်လဲပေ့ါ။ မကြာပါဘူး၊ မိန်းမလုပ်သူက တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ပြီး အသံတုန်တုန်နှင့် ကိုထွန်းဇော်ကို လက်ညှိုးထိုးပြီး ပြောပါတော့၏။ တစ်ဦးတစ်ဦးက ဝင်ပူးသလိုမျိုး။

"ငါ့ညီမတွေက နင့်ကိုအသေလုပ်တာ။ ဘုရားကြီးပေါ်မှာ နင် ယခင်လုပ်ထားတဲ့ ကုသိုလ်တွေရှိလို့ မသေတာ။ ငါတို့က သိုက်မောင်နှံ (၇)ဖော်။ ငါတို့ သိုက်အပေါ် နင့်အပေါ့်သွားတာ (၂)ခါတောင်။ (၁)ခါတော့ ခွင့်လွှတ်သေးတယ်၊ (၂)ခါဆိုတော့ ခွင့်မလွှတ်တော့ဘူး"

"ခွင့်လွှတ်ပါ သိုက်မယ်တော်။ ကျွန်တော့်မှာလည်းမြင်တဲ့အတိုင်းပါပဲ၊ သေအံ့ဆဲဆဲပါ။ ရှိသမျှလည်း ကုန်ပါပြီ။ အကြွေးတွေကလည်း အများကြီး။ အလုပ်မဆင်းနိုင်လို့ အလုပ်ကလည်း ထွက်ရပါတော့မယ်။ ကန်တော့ပွဲနဲ့ လာတောင်းပန်ပါ့မယ်။ ခွင့်လွှတ်ပါ၊ ချမ်းသာပေးပါ"

ကိုထွန်းဇော်က စကားမပီမသဖြင့် တောင်းပန်လိုက်သောအခါ သိုက်မယ်တော်လည်း ပူးကပ်ခြင်းမှခွာသွားပါတော့၏။ ရွှေတိဂုံစေတီတော်ကြီးက ကမ္ဘာ့အံ့ချီးမကုန် စေတီတော်ကြီးပါ။ ကိုထွန်းဇော်က ရွှေတိဂုံဘုရားကြီး၏ လုံခြုံမှုသတ်ဝန်ထမ်း။ ဂျူတီကျတဲ့နေရာက နောင်တော်ကြီးဘုရားခြေရင်း တစ်ဝိုက်မှာပါ။ မနက်အစောကြီး (၄) နာရီဆိုတော့ တနင်္ဂနွေထောင့် နောင်တော်ကြီးခြေရင်းမှာ လူသူရှင်းနေလေ၏။ အပေ့ါသွားရမည်ဆိုပါက သန့်စင်ခန်းက အဝေးကြီး။ ဘုရားကြီးခြေရင်းမှာ တော်တော်ကြာသွားရမည်။ ဂျူတီချိန်းမယ့်လူကလည်း အချိန်မကျသေးတော့ ကိုထွန်းဇော် လွှယ်မထားနိုင်၊ မအောင့်နိုင်တော့။ နောင်တော်ကြီးခြေရင်း ဓမ္မစေတီကျောက်စာအနောက်ဘက်မှာ ရေဆင်းတဲ့မြောင်းပေါက်ကလေးရှိ၏။ ဓမ္မစေတီကျောက်စာတိုက်အကာအကွယ်ဆိုတော့ ဘယ်သူမှမမြင်နိုင်။ ကိုထွန်းဇော် အပေ့ါသွားလိုက်၏။ ထိုကဲ့သို့ပင် ရက်သတ္တပတ်အတွင်း (၂) ကြိမ် (၂) ခါ သွားမိခဲ့၏။ ကိုထွန်းဇော် အထင် မည်သူမျှမမြင်ဟု ထင်ခဲ့သော်လည်း လူတွေမတွေ့မမြင်နိုင်သော လောကမှ အစောင့်ပုဂ္ဂိုလ်များက မြင်တွေ့ခဲ့၏။ ဒုတိယအကြိမ် အပေ့ါသွားပြီး ဂျူတီထွက်၍ အိမ်ပြန်ရောက်တော့ အိမ်အဝင် ရေကူးမြောင်းထဲပြုတ်ကျ ဒုက္ခစရောက်ပါတော့၏။ ရေမြောင်းထဲ ရောက်သည်နှင့် အပေါ်ပြန်တက်လို့မရတော့။ အကူအညီရလိုရငြား အော်တော့လည်း ဘယ်သူမှ ရောက်မလာ။ အတန်ကြာမှ အိမ်သူအိမ်သားနှင့် အနီးဝန်းကျင်မှရောက်လာကြ၏။ ရေမြောင်းတိမ်တိမ်ကလေးမှာ ရေကူးသလိုမျိုး လူးလူးလွန့်နေတော့ ကိုထွန်းဇော်ကို ရေမြောင်းထဲမှဆယ်ယူ၊ အိမ်ပေါ်မ,တင်တော့ သတိမရတစ်ချက် ရတစ်ချက်။



www.burmeseclassic.com

www.burmeseclassic.com

အကြောကလည်းဆွဲဆိုတော့ လေဖြတ်သလိုလိုဘာလိုလို ရန်ကုန်ဆေးရုံကြီး ပို့လိုက်ကြ၏။

ဦးနှောက်နှင့် အာရုံကြောဌာနမှာ တင်၍ ဆေးကုသမှုခံယူရာတွင် (၂၆) ရက်ကြာသည့်တိုင် သတိမရ မေ့မြော သွားတော့၏။

ဆေးရုံမှ အိမ်ပြန်ရောက်၊ သိုက်မယ်တော်ကြီးက ဝင်ပူးပြောပြီး နောက်တစ်နေ့မှာတော့ ကိုထွန်းဇော် တစ်ယောက် ဇနီးမယားနှင့် သားကတွဲပြီး ရွှေတိဂုံရင်ပြင်တော် တနင်္ဂနွေထောင့်သို့ ရောက်လာခဲ့တော့၏။ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများကလည်း ဝိုင်းဝန်းပေးမှုဖြင့် ယခင်က ကိုထွန်းဇော် သွားအပေါ့ခဲ့သောနေရာ၊ ခမ္ဘစေတီတော်ကျောက်စာတိုက် အနောက်ဘက်နေရာရောက်တော့ ကိုယ်တိုင်ကိုယ်ကျ လက်တန်ခြေတုန်ဖြင့် တံတိုင်းအုတ်ပေါင်ပေါ်တန်တော့ပွဲသိုက်ပွဲကိုတင်၊ ဘေးက အကူအညီဖြင့် ကိုယ်တိုင် ဖယောင်း၊ အမွှေးတိုင်ပူဇော်၊ လက်က နှင်းဆီ (၇) ပွင့်ကိုင်ပြီး သိုက်မှောင်နှံ့ (၇)ဖော်ကို အရိုအသေပြု တောင်းပန်ပါတော့၏။

"သိုက်မယ်တော်နှင့်သိုက်မောင်နှံ (၇)ဖော်တို့။ ကျွန်တော်ပြုခဲ့တဲ့အမှောင့်အမှားမိုက်မဲမှုကို ကျေနပ်ခွင့်လွှတ်တော်မူကြပါ။ သိုက်မယ်တော်များကို မလေးစား၍လုပ်ခဲ့သည်မဟုတ်ပါ။ မရည်ရွယ်ပါဘဲလုပ်ခဲ့မိတဲ့အမှားကို သည်းခံခွင့်လွှတ်တော်မူကြပါ။ ဘုရားကြီးပေါ်မှာ နှစ်ပေါင်းများစွာ တာဝန်ထမ်းခဲ့ရာတွင် ဘယ်သူ့ကိုမှဒုက္ခမပေး၊ ဝေယျာဝစ္စဆောင်ရွက်၍ မေတ္တာပို့၊ အမျှဝေမှုတွေပြုလုပ်ခဲ့သည်ကို သိုက်မယ်တော်များ သိကြသည့်အတိုင်း ယခင်ကလိုဝေယျာဝစ္စပြုလုပ် မေတ္တာပို့သမျှတပေးဝေမှုများပြုလုပ်နိုင်ရန် စောင့်ရှောက်ပေးတော်မူကြပါ။ ကျွန်တော်ပြုသမျှ ကုသိုလ်များကိုလည်း အမြဲလာရောက်၍ အမျှဝေပါမည်။ ကျန်းမာပကတိချမ်းသာခြင်းနှင့် ကံရှိသမျှ နေခွင့်ပေးတော်မူကြပါ"

ထိုသို့ နှင်းဆီ (၇) ပွင့်၊ ဆီမီး၊ အမွှေးတိုင်မြိုင်မြိုင်နှင့် သိုက်ပွဲလှူ ဆုတောင်းပြီးသောအခါ ကိုထွန်းဇော်တစ်ယောက် တစ်ကိုယ်လုံးပေါ့ပါးသွားသလို ခံစားလိုက်ရ၏။ ကန်တော့တောင်းပန်ပြီး၍ ရင်ပြင်တော်ဘက်သို့လမ်းလျှောက်လိုက်သောအခါ ရှေးယခင်ကတဲ့သို့ အကောင်းပကတိ မဟုတ်သော်လည်း အတွဲမပါပါဘဲ လျှောက်နိုင်လာလေ၏။ ရွှေတိဂုံဘုရားကြီးကို လက်အုပ်ကလေးချီပြီး ဌာနဆိုင်ရာလူကြီးများထံ သွားရောက် သတင်းပို့ရာတွင် ဌာနဆိုင်ရာလူကြီးမှ အလုပ်မဖြုတ်သည့်အပြင် မှတ်တမ်းကိုင်ရသော၊ ထိုင်၍ဆောင်ရွက်ရသောအလုပ်နေရာ စီစဉ်ပေးခဲ့၍ ဝမ်းသာပီတိဖြစ်ခဲ့ရ၏။ ရွဲ့စောင်းနေသော နှုတ်ခမ်းသည်လည်း ပကတိနီးပါး ပြန်ကောင်းလာလေ၏။ ထိုသို့ ထူးဆန်းဖြစ်ရပ်ဆန်းများကို စာရေးသူထံ သတင်းပေးပို့ခဲ့သော ရွှေတိဂုံဘုရား လုံခြုံ/မီးသတ်ဌာနမှ ဆရာကြီး ဦးခင်မောင်မြင့်နှင့်အတူ ကိုထွန်းဇော်ထံသွား၍ တွေ့ဆုံမေးမြန်းချိန်တွင် ကိုထွန်းဇော်သည် သူ၏ အဖြစ်အပျက် အတွေ့အကြုံများကို ကိုယ်တိုင် ပီပီသသရှင်းပြနိုင်ခဲ့သည်ကို မျက်မြင် ကိုယ်တွေ့ကြုံခဲ့ရပါသည်။

**၁ ကိုထွန်းဇော်၏ နောက်ဆက်တွဲ ထူးဆန်းသောသတင်း**

ယခုအခါ ကိုထွန်းဇော်သည် ရွှေတိဂုံစေတီတော်လုံခြုံ/မီးသတ်ဌာနတွင်ပြန်လည်တာဝန်ထမ်းဆောင်ခွင့်ရ၍ လစာငွေရပြီး မိသားစုစားဝတ်နေရေးအဆင်ပြေလာပြီဆိုသော်လည်း သူ့တွင် ဆေးရုံတက်စဉ်က ကြွေး(၅)သိန်းတင်ခဲ့၏။ ထိုကြွေးအတွက် အမြဲစိတ်မအေးဖြစ်နေရ၏။ ထိုစဉ် တစ်နေ့သ၌ ကိုထွန်းဇော်သည် အလုပ်မှ အိမ်ပြန်ရောက်သောအခါ ဇနီးမယားဖြစ်သူက အမည်နာမ မေးသောအခါ အမည်နာမမပြောသော ထူးဆန်းသော လူတစ်ယောက်က သူတို့အိမ်ရောက်လာပြီး-

'ကိုထွန်းဇော်လာလျှင် ဤငွေ(၁)သိန်းပေးပါ' ဟုဆိုကာ ထူးဆန်းသောငွေတစ်သိန်းပေးသွားသည်။ ထိုကဲ့သို့ ကိုထွန်းဇော်ဘုရားမှာတာဝန်ထမ်းဆောင်စဉ် မကြာခဏ လူပုံစံအမျိုးမျိုးဖြင့် (၁) သိန်းကျပ် (၃)ကြိမ်၊ (၂)သိန်းကျပ်တစ်ကြိမ်လာပေးလေရာ အကြွေး(၅)သိန်း ကျေသွားပါတော့၏။ အကြွေးကျေပြီး နောက်ပိုင်း ထပ်မလာတော့ကြောင်း ကိုထွန်းဇော်မှ စာရေးသူကို သစ္စာဆိုပြီး ပြောပြပါ၏။

စာရှုသူများ ကိုထွန်းဇော်၏ အံ့မခန်းဖြစ်ရပ်ဆန်းများကတော့ မှတ်တမ်းတင်အပ်လှပါသည်။ အမှောင့်အမှားတစ်ခုကြောင့် သေမတတ်ဒုက္ခရောက်ခဲ့ပြီးမှ ရွှေတိဂုံဘုရားကြီးပေါ်တွင် မြို့စင်စွာဖြင့် ဝေယျာဝစ္စထမ်းဆောင်ခဲ့သောကောင်းမှုကံစေတနာတို့က သူ၏ဘဝကို အသစ်တစ်ဖန် ပြန်လည်၍ ရှင်သန်ခွင့်ရခဲ့ပါပြီ။ ယနေ့ခေတ် ရွှေတိဂုံစေတီတော်ရင်ပြင်တော်မှ ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်ကို အပင်ပန်းခံ ကြိုးစား၍ ရေးသားတင်ပြလိုက်ပါသည်။

စာရှုသူမွေမိတ်ဆွေများ ကျန်းမာချမ်းသာကြပါစေ။

မေတ္တာများစွာဖြင့်

ဘဲဥင်း

**စာကြွင်း -**

ကိုထွန်းဇော်၏ ဖြစ်ရပ်မှန်ကိုယ်တွေ့ကြုံများကို တွေ့ဆုံမေးမြန်းလိုပါလျှင် ရွှေတိဂုံဘုရားကြီး လုံခြုံ/မီးသတ်ဌာနတွင် သွားရောက် တွေ့ဆုံနိုင်ပါသည်။

## ချောင်းခြောက်ဆိုးနေလျှင်

ချောင်းတဟွပ်ဟွပ်ဆိုးနေပြီး သလိပ်ကပ်ကာ သလိပ်မရဘဲ ချောင်းခြောက်ဆိုးနေလျှင် အလွယ်ကူဆုံးနှင့် အလျင်မြန်ဆုံး အောက်ပါအတိုင်း ပြုလုပ်ပါ။

ပွက်ပွက်ဆူနေသော ရေနွေးဖြူကို ကြွေပန်းကန်လုံးထဲ လောင်းထည့်ပြီး တက်လာသော ရေနွေးငွေ့များကို အဆက်မပြတ် ရှူ/ထုတ် (၅) မိနစ်ကြာမျှ ပြုလုပ်ပေးပါ။ တစ်နေ့သုံးကြိမ် နံနက်၊ နေ့လယ်၊ ည ပြုလုပ်ပေးပါ။ တစ်ပတ်အတွင်း သလိပ်ကွာပျော်ဆင်းပြီး ချောင်းဟန့်တိုင်း သလိပ်လိုက်လာကာ ထွေးထုတ်ခြင်းဖြင့် လက်တွေ့သက်သာပျောက်ကင်းစေပါသည်။

စားဆေးအဖြစ် အစိမ်းရောင်ရှောက်သီး (၂၀) ကျပ်သားခန့်အရွယ်ကို ပါးပါးလှီး၊ ထန်းလျက် (၂၀) သားထုခြေထည့်၊ ရေ (၅) ပုလင်းနှင့်ခန်းအောင်ကျိုချက်ပါ။ နေ့စဉ် ဆေးတစ်ဇွန်းစားသွားပါ။ သလိပ်ကင်းပြီး စားဝင်အိပ်ပျော် ကျန်းမာလာပါမည်။

အလွန် ရိုးရှင်း လွယ်ကူပြီး တိုက်ဆိုင်ကြုံတွေ့လျှင် လူတိုင်း အလွယ်အသာ အသုံးပြုနိုင်ရန် ရေးသား တင်ပြလိုက်ပါသည်။

နဘဲခမောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ ကျွန်ုပ်သည် မြောင်းမြမြို့မှ ကျွန်ုပ်အဒေါ် နေထိုင်ရာ ဝါးခယ်မမြို့သို့အလည်အပတ်သွားရောက်ခဲ့ပါသည်။

အဒေါ်သည် ကျွန်ုပ်ကိုမြင်သည်နှင့် အားရဝမ်းသာစွာ -

"ဟယ် - ငါ့တူလေးပါလား၊ နင်လာတာနဲ့အတော်ပဲ။ ငါလေ နင့်ဆီကို ဖိတ်စာပို့လိုက်ဦးမလို့၊ နင်ဘာနဲ့လာတာလဲ"

"ကျွန်တော် ဗန္ဓကရေယာဉ်နဲ့ လိုက်လာတာ။ ဒေါ်လေးတို့ဆီလည်း မရောက်တာကြာလို့။ ဒါနဲ့ ဘာဖိတ်စာလဲ ဒေါ်လေးရဲ့"

"ရှင်ပြုပဥ္စင်းခံလေဟယ်။ နင့်ဦးလေး ခုတစ်လောကုသိုလ်ကံတွေနိမ့်နေတယ်တဲ့။ ကံဇာတာလည်းမြင့်တက်သွားအောင် နင့်ညီလေးနှစ်ယောက်ကိုလည်း ရှင်ပြုပေးမလို့"

"ကောင်းတာပေ့ါ ဒေါ်လေးရဲ့"

"ဒါဆိုရင် နင်လာတာနဲ့အတော်ပဲ။ အလှူပွဲမှာ ငါးသလောက်နှပ်ကျွေးဖို့စီစဉ်ထားတယ်။ ကျုံပတုပ်ရွာလူလွှတ်ဖို့မရှိဘူး။ ကျုံပတုပ်ရွာငါးသလောက်ကောင်းတယ်။ နင်ကဝယ်တတ်တော့ (၈) ပိဿာလောက်သွားဝယ်ပေးဟယ်။ ငါးမြင်းလည်းရသလောက်တော့ဝယ်ခဲ့။ ငါးသလောက်နှပ်မလောက်ရင် ငါးမြင်းချဉ်ရည်ဟင်း အပိုဆောင်ထားမယ်။ မကောင်းဘူးလား"

"ကောင်းတယ် ဒေါ်လေး။ ကျွန်တော်လည်း မြောက်ခုံရွာသွားလည်ဖြစ်တာပေ့ါ။ ဘယ်နေ့သွားရမလဲ"

"မနက်ဖြန်သွားရမှာကွယ့်"

"ကောင်းပါပြီ၊ ဒေါ်လေးရယ်"

ဒေါ်လေးတို့အိမ်တွင် အလှူအတွက် ကြိုတင်လုပ်ဆောင်စရာရှိသည်တို့ကို တစ်နေကုန်ဝိုင်းကူလုပ်ကိုင်ပေးလိုက်ပါ၏။ ညနေစောင်း ရေမိုးချိုးလိုက်သည်။ ညစာကို ဒေါ်လေးတို့မိသားစုနှင့်အတူ ဝိုင်းဖွဲ့စားသောက်လိုက်ပါသည်။ တစ်နေကုန်ပင်ပန်းထားသည့်အတွက်ကြောင့် အိပ်ရာစောစောဝင်ခဲ့လိုက်ပါ၏။ နောက်နေ့နံနက်စောစောတွင် ဒေါ် လေးတို့၏ပဲ့ထောင်ဖြင့် ငါးသလောက်ဝယ်ရန် မြောက်ခုံရွာ (ယခုအခေါ် စပါးရိုးရွာ) သို့ ထွက်လာခဲ့ပါသည်။

ယခု မော်တော်ဆိပ်ရှိရာ စပါးရိုးရွာဆိုသည်မှာ စပါးရိုးရွာသစ်ဖြစ်ပါ၏။ စပါးရိုးရွာအဟောင်းမှာ မြစ်မကြီး၏ချောင်းရိုးလေးလက်တက်ခွဲအတွင်းသို့ ဝင်သွားရ၏။ မြောက်ခုံရွာတစ်ဖက်ကမ်းတွင် ရွှေတောင်ကွင်းရွာရှိသည်။ အလှူအတွက် ဟင်းစားကို ကျုံပတုပ်ရွာတွင် ဝယ်ယူရမည်ဖြစ်လေ၏။

ကျွန်ုပ် မြောက်ခုံရွာသို့ ရောက်ရှိသောအခါ တံတားအနီးသို့ အရှိန်လျှော့ကပ်လိုက်ပါသည်။ ပဲ့ထောင်သည် တံတားအနီးတွင် တည်ငြိမ်သွားပြီဖြစ်၍ စက်သပ်လိုက်ပြီး တံတားတိုင်ငုပ်တွင် ခိုင်မြဲစွာကြိုးချည်လိုက်သည်။

ကျွန်ုပ်ငယ်စဉ်က သွားလာကျင်လည်ခဲ့ရသော မြောက်ခုံရွာသို့ တစ်ခေါက်တစ်ကျင်း အလည်အပတ်ရောက်ရှိခဲ့ရပြန်သည်။ ကျွန်ုပ်သည် မြောက်ခုံရွာမြေကိုနင်းမိသည်နှင့် ကျွန်ုပ်ငယ်စဉ်ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်တို့ကို သတိရတမ်းတမိလာပါသည်။ ချောင်းရိုးကို ဖြတ်သန်းတိုက်ခတ်လာသောလေနုအေးကိုရှူရှိုက်ရင်း ငယ်ငယ်က နေထိုင်ခဲ့ရသည်များကို တရေးရေးအမှတ်ရလာပြီး လွမ်းသလိုလိုဆွေးသလိုလိုရင်တဖိုဖိုဖြင့်လွမ်းမောရပါ၏။


အောင်မြင့်ထွန်း





www.burmeseclassic.com

www.burmeseclassic.com



မြောက်ခုံရွာကိုရောက်သည်နှင့် ကရင်လက်သမားဆရာကြီး ဦးဒီပိုးကို ရှေးဦးစွာသတိရလိုက်ပါသည်။ ကိုယ်နေထိုင်ခဲ့ဖူးသော နေရာဟောင်းမှ မိတ်ရင်းဆွေရင်းများကို များစွာသတိရခြင်းဖြစ်တတ်သည်မှာ လူသားတိုင်း ခံစားချက်ချင်း တူညီပါလိမ့်မည်။ ကျွန်ုပ်တို့၏အိမ်မှအစ ဆွေမျိုးသားချင်းတို့၏ နေအိမ်၊ စပါးကျီဒေါင်၊ နွားတင်းကုပ်ပါမကျန် ဆောက်လုပ်လိုပါက လက်သမားဆရာကြီး ဦးဒီပိုးကို ခေါ်ယူသုံးစွဲလေ့ရှိကြသည်။

ဦးဒီပိုးသည် လက်သမားပညာရပ်ကို ကောင်းစွာ ကျွမ်းကျင်တတ်မြောက်ပါသည်။ အဆောက်အအုံ ဆောက်လုပ်ရန်လိုအပ်သော သစ်ဝယ်သည်ကအစ အလေအလွင့်မရှိစေရန် သူကိုယ်တိုင် တိုင်းထွာပေးလေ့ရှိ၏။ သူ တွက်ချက်ပေးထားသည့် သစ်အတိုင်းအထွာ အတိုင်း ဝယ်ယူပါက အလေအလွင့်မရှိ ဆောက်လုပ်လိုသူ အကုန်အကျသက်သာပါ၏။ အချို့ အိမ်ဆောက်လိုသူများ မိမိ စိတ်ကြိုက် သစ်များဝယ်ယူလာရာ အပိုပစ္စည်းများ၊ အလေအလွင့်များကြောင့် မကုန်သင့်သော အပိုကုန်ကျစရိတ်များ ကုန်ကျရရှာလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဦးဒီပိုးသည် သူ့ကိုငှားရမ်းသူအပေါ် စေတနာထား၏။ သူကိုယ်တိုင်ဆောက်လုပ်ပြီးစီးသော အဆောက်အအုံကို ပိုင်ရှင်ထံ အပ်နှံပြီးစီးပါက လက်ခံရရှိသူ စိတ်ချမ်းမြေ့သွားရသည်ကို တွေ့မြင်နိုင်ပါသည်။ ဦးဒီပိုးသည် ဝမ်းစာရှာဖွေရာတွင် စိတ်ကောင်းနှလုံးကောင်းရှိသလို ရပ်ရေးရွာရေး၊ လူမှုရေးဘက်၌လည်း ရိုင်းပင်းကူညီတတ်မှုတို့ကို အဆွေစာရှုသူ မြင်တွေ့ရပါဦးမည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်သေးခင် ၁၉၃၈ ခုနှစ်လောက်က မြောက်ခုံရွာမှာ ထိတ်လန့်ဖွယ်ရာထူးခြားသည့်ဖြစ်ရပ်မှန် အဖြစ်အပျက်ထဲ၌ ဦးဒီပိုးပါဝင်လှုပ်ရှားခဲ့ပါသည်။ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ မြောက်ခုံရွာမှ ထူးခြားဖြစ်စဉ်တစ်ရပ်ကို တင်ပြရသည်ရှိသော် -

❑

အချိန်ကာလအားဖြင့် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ ၁၉၃၈ ခုနှစ်။

မြစ်ဝကျွန်းပေါ်ဒေသ ဝါးခယ်မမြို့နယ် မြောက်ခုံကျေးရွာတွင် လယ်ပိုင်ရှင်သူဌေးကြီး ဦးချမ်းဟူ၍ရှိလေ၏။ သူသည် လယ်ဧကများစွာတို့ကို ပိုင်ဆိုင်ထားရာ လက်ညှိုးထိုးမလွဲ သူ၏လယ်ဧကများက နေရာအနှံ့ရှိနေကြပါ၏။ ကိုယ်ပိုင်လယ်မှထွက်သောစပါး၊ အခြားလယ်သမားများ လာရောက် ရောင်းချသောစပါးများကိုလည်း လက်လွှတ်မခံ၊ သင့်တင့်မျှတသောဈေးနှုန်းဖြင့် တရားမျှတစွာဝယ်ယူသိမ်းဆည်း၏။ ထို့နောက်စပါးပေးကြိုတင်ငွေယူထားသော လယ်သမားများထံမှ သိမ်းယူရရှိသောစပါးများကိုလည်း သူ၏စပါးဂိုဒေါင်ကြီးများ၌ သိုလှောင်ထားပါသည်။

စပါးများကို နှစ်စဉ်သိုလှောင်ပြီး ဈေးကောင်းရလျှင် ထုတ်ရောင်း၏။ ဦးချမ်းသည် မြောက်ခုံရွာနှင့်တကွ အနီးပတ်ဝန်းကျင်ကျေးရွာများရှိ လယ်သမားများအား စပါးပေးပေးထားလေရာ လယ်သမားထုအများစုမှာ သူ့ကျေးဇူးနှင့်မကင်းကြပါ။

မြောက်ခုံရွာ၏ အနောက်ပိုင်း (၄) မိုင်အကွာတွင် ထီးတန်းဟုခေါ်သော ကရင်ရွာကြီးတစ်ရွာရှိလေ၏။ ထီးတန်းရွာကြီးတွင် ကရင်တိုင်းရင်းသားအများစုနှင့် ဗမာအိမ်ထောင်စုအနည်းငယ်နေထိုင်လျက်ရှိကြပါသည်။ ကရင်တိုင်းရင်းသားအများအပြားနေထိုင်ခြင်းကြောင့် ကရင်ရွာကြီးအဖြစ်ထင်ရှားလေ၏။ ထိုရွာကြီးသည်လည်း လယ်ယာလုပ်ငန်းကို ဓားမဦးချလုပ်ကိုင်စားသောက်နေထိုင်ကြသော လယ်သမားများသာ ဖြစ်ကြပါလေသည်။

ဦးချမ်းသည် ထီးတန်းရွာ လယ်သမားများကို စပါးပေး ပေးထားပါ၏။ ဦးချမ်း၏ စပါးပေးယူထားသူ လယ်သမားများ ထီးတန်းရွာတွင် အများဆုံးဖြစ်လေ၏။ ဦးချမ်းနှင့် ထီးတန်းရွာသားတို့ မိတ်ဖက်ဖြစ်နေကြပါသည်။ ထို့ကြောင့် ဦးချမ်းသည် ထီးတန်းရွာသို့ အရောက်အပေါက်များလေ၏။ ဦးချမ်းကို ထီးတန်းတစ်ရွာလုံး ခွေးကအစ၊ ကလေးကအစ သိရှိကြပါသည်။ လူချစ်လူခင်လည်းပေါများသဖြင့် ထီးတန်းရွာသားများ ရင်းနှီးကျွမ်းဝင်မှုရှိလေ၏။ အဘယ်ကြောင့်ဆိုသော် သဘောမနောကောင်းသော ဦးချမ်း ထီးတန်းရွာသို့ နှစ်စဉ်သွားရောက်ကာ စပါးသိမ်းနေရသည်မဟုတ်ပါလား။

ထီးတန်းရွာမှ စပါးပေးယူထားသူလယ်သမားနှင့် ဦးချမ်းစကားပြောဆိုပြီးပါက ထိုလယ်သမားထံမှ စပါးသယ်ယူရန် သူ၏တူနှစ်ယောက်ကို နွားလှည်းနှင့်ထီးတန်းသို့စေလွှတ်ရလေ၏။ ဦးချမ်းစပါးသိမ်းဆည်းရမည့်အချိန်ကား ခေတ်ပျက်ချိန်ဖြစ်နေတော့သည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လုဖြစ်ခင် စစ်မီးတောက်လောင်တော့မည့် အနေအထားသို့ရောက်နေခဲ့ပါသည်။ အရှေ့၊ အနောက် အင်အားကြီးနိုင်ငံကြီးများ စစ်ကြေညာကာ ကမ္ဘာကြီးကို ခြိမ်းခြောက်နေပါ၏။ ကမ္ဘာကြီးတွင် စစ်မီးလျှံများအနှံ့အပြားဟုန်းဟုန်းတောက်လောင်တော့မည်ဖြစ်လေရာ နိုင်ငံငယ်လေးများသို့ ကယက်ရိုက်ခတ်လာ၏။ နိုင်ငံငယ်လေးများ၏ ပြည်တွင်းရေးမငြိမ်မသက်ဖြစ်လာ၏။ ထိုအချိန်၌ တောမီးလောင် တောကြောင်လက်ခမောင်းခတ်ချေပြီ။ ပြည်တွင်း၌ သူခိုးဓားပြလုယက်မှုများ သောင်းကျန်းကြလေတော့သည်။ လူအပေါင်းတို့ ကျီးလန့်စာစားနေကြရရှာ၏။ ခေတ်ကာလကြီး တည်ငြိမ်မှုကင်းမဲ့သွားချေပြီ။

ထီးတန်းရွာရှိ ရိုးသားသောလယ်သမားများက ဦးချမ်း၏စပါးများကို ပေးဆပ်လိုကြပါသည်။ မသမာသူ လယ်သမားအချို့က ခေတ်ကာလပျက်နေပြီဖြစ်၍ ဦးချမ်းအား ပေးဆပ်ရန် စပါးများမပေးဆပ်လိုကြတော့ပါ။ ကိုယ်တိုင်မပေးချင်သလို ပေးဆပ်လိုသူများကိုစပါးပေး ပေးဆပ်ရန်မလိုဟု တားဆီးကြလေ၏။ မပေးဆပ်ရန် ကြိမ်းမောင်းကြ၏။ ထီးတန်းရွာလယ်သမားအချို့မြောက်ခုံရွာသို့တိတ်တဆိတ်လာရောက်ကာ ဦးချမ်းအား စပါးတွေလာသိမ်းဖို့ တချို့လယ်သမားတွေကလည်း ကြွေးမဆပ်ကြနှင့်ဟု ကြိမ်းဝါးနေကြောင်း လျှို့ဝှက်သတင်းပေးလာကြ၏။

စပါးအကြွေးကို အတင်းအဓမ္မတောင်းရမ်းမည်ဆိုပါကလည်း စိတ်မာတက်များရိုင်းစိုင်းနေကြ၍ သတ်ရဲဖြတ်ရဲဖြစ်နေကြ၏။ ခေတ်ကာလအပြောင်းအလဲမှာ မိုက်ရူးရဲဆန်နေကြပါသည်။ ဦးချမ်းသည် စပါးအကြွေးကို တောင်းလည်း မတောင်းရဲဖြစ်နေခိုက်မှာ တချို့အကြွေးပေးလိုသူများကလည်း ကျွန်တော်တို့ဆပ်ချင်သည်၊ လာသိမ်းပါဟုလိုလိုချင်ချင်ခေါ်ငင်နေကြလေ၏။

ကရင်လယ်သမားအဘိုးကြီးဦးဖားနှင့် မိနန်းပေါင်ဇနီးမောင်နှံတို့က စပါးလာယူရန်၊ ဒီပြင်လယ်သမားတွေကလည်းဆပ်မည်၊ သူတို့ကလည်းဆပ်မည်၊ အခြားစပါးဆပ်လိုသူများကလည်းရှိနေကြပါသဖြင့် ထီးတန်းရွာကိုလာခဲ့ပါဟု ဆပ်လိုသူများက ဦးချမ်းကိုအတင်းခေါ်လျက်ရှိနေကြပါသည်။ စပါးမပေးဆပ်လိုသူ လူ့အရိုင်းအစိုင်းများလည်းရှိနေပါ၍ စပါးလာသိမ်းလျှင် နေ့ဘက်မလာဘဲ ညကျမှတိတ်တဆိတ် လာသိမ်းရန်ကိုလည်း ဦးချမ်းကို အကြံပေးကြလေ၏။

နေ့ဘက်စပါးလာသယ်ယူပါက လူသိရှင်ကြားလူအများသိရှိနိုင်ကြလေ၏။ မသမာသူများမှ လမ်းမှဖြတ်၍ လုယက်ခံရနိုင်ကြောင်း၊ ထို့ကြောင့် နေ့ဘက် ထင်ထင်ပေါ်ပေါ် မလာစေလို ကြောင်း သတိပေး ပြောကြားကြခြင်း ဖြစ်လေ၏။

❑

စပါးသိမ်းရန် အန္တရာယ်ရှိနိုင် သော်လည်း လူတို့၌ လောဘ ဟူသော အမှောင်ဖုံးလွှမ်းနေကြပါသည်။ ဦးချမ်း သည်လည်း ပစ္စည်းလောဘမကင်း သို့ဖြစ်၍ ဦးချမ်းသည် ထီးတန်းရွာ စပါးပေးများ သွားရောက် သိမ်းယူ ဆုံးဖြတ်ချက်ချလိုက်ပါ၏။ သူ့တူ ယောက်ဖြစ်ကြသော ကိုထွန်းမောင် မြမောင်တို့ကို အခေါ်လွှတ်လိုက်သ ကိုထွန်းမောင်၊ ကိုမြမောင်တို့သည် သူ ၏ဦးလေး ဦးချမ်းကို ကြောက်ရွံ့ရို သူများ ဖြစ်ကြပါသည်။ ဦးလေး

www.burmeseclassic.com

သည်ဆိုသော အမှာစကားရောက်ရှိလာသည်နှင့် သူတို့၏ဦးလေးထံ ချက်ချင်းရောက်ရှိလာကြပါ၏။

ဦးချမ်းက သူ၏တူတော်မောင်နှစ်ယောက်ကို တီးတိုးပြောကြားနေသည်။

"မင်းတို့ ဒီည ထီးတန်းက ကိုဖားဆီက စပါးသွားသိမ်းရမယ်"

"ဟာ-ဦးလေးကလည်း ညဘက်ကြီးလား၊ ခါတိုင်းလိုပဲ နေ့လယ်ဘက်သွားမယ်လေ ဦးလေးရဲ့"

"တိုးတိုးပြောစမ်းကွာ၊ နေ့ခင်းဘက်သွားရင် မင်းတို့အန္တရာယ်ရှိတယ်။ ည (၈) နာရီလောက် တိတ်တိတ်လေးသွားကြ။ ဟိုကျရင် ကိုဖားကသူ့စပါးတွေ ချင့်ပြီးသားအိတ်တွေ အသင့်ပြင်ထားလိမ့်မယ်။ မင်းတို့နှစ်ယောက် လှည်းနှစ်စီးနဲ့သွားကြ။ သတိဝီရိယရှိကြပါစေနော်။ အန္တရာယ်ကာကွယ်ဖို့ ငှက်ကြီးတောင်ဓားတစ်လက်စီဆောင်သွားကြနားလည်လား"

"နားလည်ပါပြီ ဦးလေး၊ ဦးဖားပြီးတော့ ဘယ်သူ့စပါးလဲ"

"စောဘင်ဂျမင်ရဲ့ စပါးကိုတော့ သန်ဘက်ခါမှသယ်မယ်ကွာ။ နေ့တိုင်းသယ်နေပြန်ရင်လည်း လူသိဦးမယ်"

ဦးချမ်းက သူ့တူနှစ်ယောက်ကို စေ့စေ့ငငမှာကြားလိုက်ပါ၏။ ကိုထွန်းမောင်နှင့် ကိုမြမောင်တို့သည် ငှက်ကြီးတောင်ဓားများကို လှည်းအိမ်ဝါးကြမ်းခါအောက်၌ တစ်ယောက်တစ်ချောင်းစီ ထိုးထည့်လာကြသည်။ ည (၈) နာရီတွင် သူတို့လှည်းနှစ်စီး မြောက်ခုံရွာမှ ထွက်လာခဲ့ကြပါသည်။

ဦးချမ်း၏ ခွေးလိမ္မာများဖြစ်ကြသော နက်ကျော်သည် ကိုထွန်းမောင်လှည်းအောက်မှလည်းကောင်း၊ အောင်နက်သည် ကိုမြမောင်လှည်းအောက်မှလည်းကောင်း၊ အဖော်အဖြစ် လိုက်ပါလာခဲ့ကြ၏။ ခွေးများသည် အိမ်လုံသောခွေးများ ဖြစ်ကြပါသည်။ သခင်တို့၏အပေါ် သစ္စာရှိကြသောတိရစ္ဆာန်များဖြစ်ကြလေ၏။ သခင်တို့၏ရန်အပေါင်းကို ခုခံကာကွယ်ပေးကြမည့်သခင့်ဘက်တော်သားများပီသကြပါသည်။

မြောက်ခုံရွာနှင့် ထီးတန်းရွာအကြားတွင် ကိုင်းတောစားကျက်ကြီးရှိလေ၏။ နွေရာသီဖြစ်သောကြောင့် ကိုင်းတောစားကျက်ကြီး၌ ရေခန်းနေ၏။ နွေရာသီတွင် ထိုစားကျက်အတွင်းမှ နွားလှည်းဖြတ်မောင်းနိုင်ပြီ ဖြစ်သည်။ ရွာသားတို့၏နွားလှည်းများ ထိုစားကျက်ကြီးအတွင်း နေ့စဉ်ဖြတ်မောင်းကြလေရာ လှည်းလမ်းကြောင်းအဖြစ် ကိုင်းတောစားကျက်အတွင်း အသုံးပြုနေကြပါ၏။ ကိုင်းတောစားကျက်နှင့် မနီးမဝေး၌ ကုန်းချောမြေကွက်တစ်ခုရှိပါသည်။ ထိုကုန်းချောမြေသည် ယခင်က မြေပုပ် (သချိုင်းဟောင်း) ဖြစ်ခဲ့ဖူး၏။ ယခုအခါ သချိုင်းမြေနေရာ ရွှေ့ပြောင်းသတ်မှတ်လိုက်ပြီဖြစ်ရာ ကုန်းချောမြေမှာ မြေပုပ်အဖြစ်သာ တည်ရှိနေခဲ့ပါသည်။

ထီးတန်းရွာအတွင်းသို့ရောက်ရှိလာကြသော ညီအစ်ကိုနှစ်ယောက်တို့သည် သူတို့၏နွားလှည်းများကို ဦးဖား၏အိမ်ရှေ့တွင် ရပ်လိုက်ကြပါ၏။

"ဦးဖား၊ ဦးဖား"

ကိုထွန်းမောင်က ဦးဖားကို အိမ်ရှေ့မှ အသံခပ်အုပ်အုပ်ဖြင့် ခေါ်လိုက်ပါသည်။

"ဟေ - ထွန်းမောင်နဲ့ မြမောင်တို့လား။ လာကြ၊ လာကြ"

"ဟုတ်ပါတယ် ဦးဖား၊ ကျွန်တော်တို့ စပါးလာသိမ်းတာ"

"လာကြဟေ့၊ အဆင့်သင့်ပါပဲကွာ၊ မင်းတို့လှည်းတွေကုက္ကိုပင်ကြီးအောက်မောင်းခဲ့ကြကွာ၊ အဲဒီနေရာစပါးကျီနဲ့နီးတယ်"

ကိုထွန်းမောင်နှင့် ကိုမြမောင်တို့ စပါးကျီနှင့်နီးရာ ကုက္ကိုပင်ကြီးအောက်သို့ လှည်းကိုမောင်း၍ရပ်လိုက်ကြ၏။

"ကဲ-စပါးအိတ်တွေနွားလှည်းပေါ် မြန်မြန်တင်ကြ၊ သွက်သွက်လုပ်ကြဟေ့။ စကားတိုးတိုးပြော၊ အသံဗလံမဆူစေနဲ့။ မြန်မြန်လုပ်"

ဦးဖားက အမြန်သာ လောဆော်နေပါတော့သည်။ ကိုထွန်းမောင်နှင့် ကိုမြမောင်တို့သည် စပါးအိတ်များကို နွားလှည်းနှစ်စီးပေါ် သို့ သွက်သွက်လက်လက်တင်နေကြပါသည်။ စိတ်မြန်သော ဦးဖားကိုယ်တိုင်ဝင်ရောက်လုပ်အားပေးလေရာ နာရီဝက်ခန့်နှင့် အပြီးအစီးတင်ပြီးကြလေ၏။

"ကဲ၊ကဲ-ပြီးပြီဟေ့၊ မြန်မြန်သွားကြတော့"

"ဟုတ်ကဲ့ ဦးဖား၊ ကျွန်တော်တို့သွားမယ်"

"အေး၊ အေး - လမ်းမှာ ဂရုစိုက်ကွာ၊ သတိရှိကြကွယ့်"

"စိတ်ချ ဦးဖား"

ဦးဖားကို နှုတ်ဆက်ပြီးနောက် ကိုထွန်းမောင်နှင့် ကိုမြမောင်တို့သည် နွားလှည်းနှစ်စီးကို မဟူရာညမှာ ကျွမ်းကျင်စွာ မောင်းနှင်ထွက်ခွာခဲ့ကြပါသည်။ နက်ကျော်နှင့် အောင်နက်သည်လည်း လှည်းအိမ်အောက်နားမှာ တာဝန်ကျေပွန်စွာ လျှောက်၍လိုက်ပါလာခဲ့သည်။ လှည်းကိုဆွဲနေသောနွားများသည် စပါးအိတ်အပြည့် လှည်းပေါ် တင်ထားသော်လည်း သူတို့၏အသွားနှုန်းကိုမလျှော့။ သခင်အရေးကြီးလျှင်ကြီးသလို အလိုက်သိစွာ နွားလှည်းကိုရုန်း၍ခရီးတွင်စေပါသည်။ ကိုင်းတောစားကျက်ထဲမှ ဖြတ်ပြန်လာကြရာ မြောက်ခုံရွာသို့ ည (၁၀) နာရီကျော်ကျော်တွင် ပြန်လည်ရောက်ရှိကြပါသည်။

ကိုထွန်းမောင်နှင့် ကိုမြမောင်တို့သည် ထီးတန်းရွာသို့ စပါးသွားသိမ်းလျှင် ည(၈)နာရီခန့်တွင်ထွက်ခွာ၍ ည (၁၀) နာရီကျော်ကျော်တွင် ပြန်လည်ရောက်လေ့ရှိပါ၏။ ညဘက်တိတ်ဆိတ်နေသောအချိန်မှသာ နှစ်ရက်တစ်ပတ်၊ သုံးရက်တစ်ပတ် စပါးသိမ်းကြသည်။ ထီးတန်းရွာသို့ နေ့စဉ်မသွားကြပါ။ ဦးချမ်းသည် မိမိစပါးကို ပြောင်ပြောင်တင်းတင်းမသယ်ယူနိုင်ဘဲ ခိုးကြောင်ခိုးဝှက်သိမ်းယူနေရရှာသည်။

❑

ဦးချမ်းသည် ထီးတန်းရွာစပါးများကို ရက်ခြားသိမ်းယူရင်း ခိုးဆိုးလုယက်သတင်းကိုလည်း နားစွင့်ထားရလေ၏။ ရပ်ရေးရွာရေးလှုပ်လှုပ်ရွရွဖြစ်နေလျှင် နှစ်ယောက်ကို စေလွှတ်ခြင်းမပြုတော့။ အနည်းငယ်တည်ငြိမ်ပါက ဦးချမ်းသည် သူ့တူနှစ်ယောက်ကို ထီးတန်းရွာသို့စေလွှတ်ရပြန်လေ၏။ ခေတ်ဆိုးခေတ်ပျက်ကြီးထဲမှာ ရင်တမမဖြင့် အလုပ်လုပ်စားနေကြရပါသည်။

တစ်နေ့သောအခါ ရပ်ရွာတည်ငြိမ်မှု ကြုံကြိုက်သောကြောင့် ကိုထွန်းမောင်နှင့် ကိုမြမောင်တို့ ညီအစ်ကိုနှစ်ယောက် နွားလှည်းနှစ်စီး၊ တစ်ယောက်လျှင် တစ်စီးမောင်းကာ မြောက်ခုံမှ ည (၈) နာရီတွင် ထီးတန်းရွာသို့ထွက်လာခဲ့ကြ၏။ သူတို့၏ ရဲဘော်ရဲဘက် နက်ကျော်နှင့်အောင်နက်တို့လည်းလိုက်ပါလာခဲ့ကြ၏။ သူတို့ညီအစ်ကို ကိုင်းတောစားကျက်ကြီးကို ဖြတ်သန်းနေစဉ်-

"ရှူး ရှူး ဝုတ် ဝုတ်"

လှည်းအောက်မှလိုက်ပါလာသော နက်ကျော်နှင့် အောင်နက်တို့သည် နှာမှုတ်လိုက်၊ ဟောင်လိုက်၊ သူတို့အမြီးကို ကုပ်ကာ လှည်းအောက်သို့ နောက်ဆုတ်

www.burmeseclassic.com

ဝင်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေကြသည်။

"ဟေ့ကောင် ထွန်းမောင်၊ နက်ကျော်နဲ့ အောင်နက် ဘာဖြစ်နေကြတာလဲကွ"

"မသိဘူးလေကွာ၊ ဘာအနံ့ရလို့လဲ။ တစ်ခုခုတော့တစ်ခုခုပဲကွ"

"ဘာဖြစ်ဖြစ် သတိတော့ထား။ အရေးဆိုဓားဆွဲဖို့မမေ့နဲ့ကွ"

"အေးပါကွာ၊ ထီးတန်းရောက်ခါနီးပြီကွ၊ ကဲ-ဆက်မောင်းကြမယ်ကွာ"

"ထီးတန်းမြင်နေရပြီဟေ့"

ကိုထွန်းမောင်၊ ကိုမြမောင်တို့ ဦးချမ်း ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ကြပါသည်။

ထီးတန်းသို့ စေလွှတ်လိုက်သော မြောက်ခုံတွင်ကား ဦးချမ်းသည် သူ့တူနှစ်ယောက်ကို စေလွှတ်လိုက်ရသော်လည်း စိတ်မချဖြစ်နေလေ၏။ ထိုင်မရ ထမရနှင့် အိမ်ရှေ့တွင် လမ်းသလားလိုက်၊ ထွန်းမောင်တို့ လာရာလမ်းကို မျှော်လိုက်နှင့် မျောက်မီးခဲကိုင်မိသည့်ပမာဖြစ်နေရှာ၏။ ဦးချမ်းသည် ညဆယ်နာရီတီးခါနီးသော် ထွန်းမောင်တို့ပြန်လာနိုးဖြင့် ခြေဖျားထောက်လည်တိုင်ဆန့်ကာ မျှော်နေရှာပါသည်။ ကိုထွန်းမောင်နှင့် ကိုမြမောင်တို့ အရိပ်အယောင်မမြင်ရသေးပေ။

အချိန်တို့သည် တရွေ့ရွေ့စက္ကန့်၊ မိနစ်၊ နာရီ၊ အဆင့်ဆင့်လည်ပတ်ရွေ့လျားကာ ညဉ့် (၁၂) နာရီကျော်သွားလေသည်။ စောင့်မျှော်သူ ညအိပ်မပျော်လည်ပင်းရှည်လာပါတော့သည်။ ဦးချမ်းစိတ်လှုပ်ရှားကာ နှလုံးခုန်မြန်လာလေသည်။ သူ့တူနှစ်ယောက်အတွက် စိတ်ပူရလေ၏။ ထွန်းမောင်တို့ပေါ်မလာတော့ပါ။ စပါးမရ၍ဘဲ အဆင်မပြေဖြစ်နေကြပြီလား၊ စပါးရပြီးသယ်ယူလာစဉ်လုယက်သူတို့နှင့်တွေ့ကာ ပဋိပက္ခဖြစ်နေကြပြီလား။ လားပေါင်းများစွာလှည့်ပတ်တွေးတောကာ ခေါင်းရှုပ်လာ၏။

"လုပ်ကြပါဦး၊ လုပ်ကြပါဦး"

ဦးချမ်းစိတ်ရှုပ်လာသည်ကို ထွက်ပေါက်ရှာလိုက်ပါ၏။ ဦးချမ်း၏ချောက်ချားတုန်လှုပ်ဖွယ် ဟစ်အော်သံကြီးက ညဉ့်လယ်ယံကိုထွင်းဖောက်သွား၏။ ဟစ်အော်သံကြောင့် တစ်ရွာလုံးနိုးကြရတော့သည်။ ဦးချမ်းအိမ်သို့ ရှေ့ဆုံးမှရောက်ရှိလာသူကား လက်သမားဆရာကြီး ဦးဒီပိုးဖြစ်ပါသည်။ သူ၏လက်ထဲ၌ လက်သမားသုံး ရဲတင်းတစ်လက်ကိုင်ဆွဲလျက်-

"ဦးချမ်း ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"

ဦးဒီပိုးနောက်မှရောက်လာသူများသည် ဝါးရင်းတုတ်၊ ကိုင်းခုတ်ဓား၊ မီးတုတ်များ ကိုင်ဆောင်ထားသောရွာသားများ ဖြစ်ကြပါသည်။ ဦးချမ်းသည် စိတ်လှုပ်ရှားစွာဖြင့် ထွန်းမောင်နှင့် မြမောင်တို့ ထီးတန်းစွင် စပါးသွားသိမ်းပုံ၊ နွားလှည်းနှစ်စီး၊ ခွေးနှစ်ကောင်နှင့်အတူ ည (၁၀) နာရီပြန်ရောက်လေ့ရှိပုံ၊ ယနေ့ ညသန်းခေါင်ယံအချိန်ထိ ပြန်လည်ရောက်ရှိမလာကြသေးပုံတို့ကို ရှင်းပြလေ၏။

"ဒါဆို ကျွန်တော်တို့လူစု အခုချက်ချင်းလိုက်သွားမှဖြစ်မယ်။ ဦးချမ်းက အိမ်ကပဲစောင့်။ စိတ်ချပါ။ကျွန်တော်တို့ ထွန်းမောင်နဲ့ မြမောင်တို့ကိုပြန်ခေါ်လာခဲ့ပါ့မယ် ဘာမှမပူနဲ့"

ဦးဒီပိုးက ဦးချမ်းကို အားပေးနှစ်သိမ့်လိုက်ပါ၏။ ဦးဒီပိုး၏အားပေးစကားကြောင့် ဦးချမ်းသည် အနည်းငယ်စိတ်သက်သာရရှိသွားပါသည်။အကြောင်းကိစ္စတစ်ခုဖြစ်ပေါ်လာလျှင် အမှန်တကယ်အကူအညီပေးပြီး စိတ်လှုပ်ရှားနေသူကို စိတ်သက်သာစေရန် ဖြေသိမ့်ပေးနိုင်သူသည် အဖော်မွန်ကောင်းဖြစ်တော့သည်။

❑

"ကဲ-ငါ့လူတို့အမြန်လာကြ၊ ထွန်းမောင်တို့နောက်ကိုလိုက်ကြရအောင်"

"လိုက်မယ်၊ လိုက်မယ်၊ လာကြဟေ့၊ သွားကြမယ်။ တစ်ယောက်မှမကျန်ခဲ့နဲ့ဟေ့"

တို့လူလေးများ ဆိုသလို တညီတညွတ်တည်း ထွက်ခွာလာကြသည်။ ဦးဒီပိုးတို့အုပ်စု တုတ်၊ ဓား၊ မီးတုတ်များနှင့် ထီးတန်းရွာသို့ လျင်မြန်စွာ ခရီးပြင်းနှင်ကြလေ၏။ သူတို့အုပ်စုလက်နက်မျိုးစုံလူသူအင်အားတောင့်တင်းသည်။ ဦးဒီပိုးက ရှေ့ဆုံးမှ သူ၏ လက်စွဲတော် ရဲတင်းကြီးကို မြှောက်ကာမြှောက်ကာ ဦးဆောင်ချီတက်သွားလေ၏။ မြောက်ခုံရွာသားတို့၏ စည်းလုံးမှုဖြစ်ချေတော့သည်။ တစ်ဦးတစ်ယောက်အကူအညီလိုအပ်ပါက ဝိုင်းဝန်းရိုင်းပင်းကူညီတတ်သော မြောက်ခုံရွာသားတို့၏ညီညွတ်သောစိတ်ဓာတ် ဤတွင် ပေါ်လွင်လာပါသည်။

ဦးဒီပိုးတို့လူစု တုတ်၊ ဓားကိုဝင့်၊ မီးတုတ်များကိုမြှောက်၊ စိတ်ဓာတ်ခွန်အားကို မြှင့်တင်ကြလျက် ခြေကုန်သုတ်ခြေတင်နေကြလေ၏။ လရောင်ဆမ်းထားသော ရွာလမ်းမကြီးပေါ်တွင် သူရဲကောင်းတို့၏ခြေလှမ်းများက အားတက်ဖွယ်ကောင်းလှပါ၏။ လဆန်း (၁၀) ရက်လရောင်အောက်မှ အားမာန်ဝင့်ကာချီတက်နေကြသောလူတစ်စု ခြေမြန်တပ်သားတို့၏ခြေလျင်နှုန်းမြင့်မားလေရကား သူတို့အရှေ့တွင် ကိုင်းတောစားကျက်ညို့ညို့မှိုင်းမှိုင်းကြီးကို အဝေးမှ လှမ်းမျှော်မြင်တွေ့နိုင်ပြီ ဖြစ်လေ၏။

ရှေ့ဆုံးမှ ဦးဆောင်နေသူ ဦးဒီပိုး၏ ခြေလှမ်းအနည်းငယ် တုံ့ဆိုင်းကာ တစ်စုံတစ်ခုကို မြင်လိုက်မိသည့်အလား သေချာစွာ ငေးစိုက်ကြည့်ရင်း -

"ဟေ့-ဟိုမြေပုပ်ကုန်းမှာအရောင်လက်လက်လဲ့လဲ့နဲ့မြင်ကြလား"

"ဟုတ်တယ်၊ ဟုတ်တယ် ဦးဒီပိုး"

"အလင်းရောင်နှစ်ခုက ပြေးနေသလိုပဲ"

"လာကွာ၊ အမြန်သွားကြမယ်"

ဦးဒီပိုးက ပြောပြောဆိုဆို အပြေးကလေးထွက်သွားတော့သည်။ လဆန်းရက်လရောင်အောက်မှ အလင်းရောင်နှစ်ခုသည် ငြိမ်သက်မနေဘဲ ဟိုသည်လှည့်ပတ်ပြေးနေသည့်နှယ်။ မြေပုပ်ကုန်းသို့နီးလာပြီဖြစ်သော သူတို့လူစု မြင်လိုက်ကြရသည်မှာ -

ဦးဒီပိုးက -

"ဟိုကောင်တွေရန်သူတွေနဲ့ချ... ကြပြီ။ လာကြဟေ့၊ တိုက်ကြ၊ တိုက်ကြ..."

"ဝိုင်းကြဟေ့"

"ချကွာ၊ ဆော်ကွာ၊ တစ်ယော... မှ မလွှတ်စေနဲ့ဟေ့"

မြောက်ခုံရွာမှ လူအုပ်ကြီးသည် ထွန်းမောင်တို့ကိုကူညီရန် ငြာသံ... ကာ ဒုန်းစိုင်းပြေးသွားကြလေ၏။ မီး... တုတ်များမှ မီးရောင်တို့သည် ဝင်း... ဝင်းခနဲ လင်းရောင်ခြည်များဖြာထွ... ကြလျက် တစ်ဖက်ရန်သူတို့ကို ချော... ချားစေ၏။

သူတို့သည် ထွန်းမောင်တို့လှ... ဝိုင်းနှင့်နီးလေသော် -

နွားလှည်းနှစ်စီးတို့သည် ဖရို... နွားတို့သည် ထမ်းပိုးကြိုးမှပြုတ်ထွ... ကာ စပါးအိတ်များ မြေပြင်မှာ ပြ... လျက်။ နွားလေးကောင်၊ ခွေးနှစ်ကော... တို့တောင်ပြေးမြောက်ပြေး။ ထွန်းမော... နှင့် မြမောင်တို့ ငှက်ကြီးတောင်ဓား... ကိုကိုင်ကာ တွေ့ရာမြင်ရာသဲသဲမဲမဲ... ခုတ်နေကြ၏။ အမြီတမ်းသွေးထွ... သူတို့၏ဓားများ၊ လရောင်အောက်...



www.burmeseclassic.com

www.burmeseclassic.com

ဝင်းခနဲလက်ခနဲနှင့် မနားတမ်းပြေးလွှားလိုက်ခုတ်နေကြပါသည်။ ထွန်းမောင်က လှည်းပေါ် ပြေးတက်ခုတ်သည်။ မြမောင်က လှည်းနှစ်စီးကို ဝိုင်းပတ်လှည့်ကာ တစ်စုံတစ်ခုကို အမိအရလိုက်တမ်းပြေးတမ်းခုတ်ချလေ၏။ ခွေးနှစ်ကောင်သည် တစ်စုံတစ်ခုကို မြင်နေရသည့်အလား သည်းကြီးမည်းကြီးလိုက်တိုက်၏။ မြင်တွင်းထဲ၌ အရေးပေါ် လှုပ်ရှားနေကြရာ ဦးဒီပိုးတို့သည် ထွန်းမောင်တို့ရှိရာ ရောက်ရှိခဲ့လေပြီ။

စပါးများ မြေပြင်ပေါ် ပြန့်ကြဲနေလိုက်သည်မှာ မြင်မကောင်း။ ခွေးနှစ်ကောင် လျှာထွက်ကာ ပက်လက်လှန်နေကြ၏။ ကိုထွန်းမောင်နှင့် ကိုမြမောင်တို့မှာလည်း ခြေကုန်လက်ပန်းကျကာ သူတို့တစ်ကိုယ်လုံး ချွေးများရွှဲနစ်လျက်မောဟိုက်နေကြသည်။ သူတို့လက်ထဲမှ ငှက်ကြီးတောင်ဓားများကိုတော့ မလွှတ်တမ်း မြဲမြဲဆုပ်ကိုင်ထားကြ၏။ သူတို့နှင့် တိုက်ခိုက်ကြသောရန်သူကိုတော့ မတွေ့ရချေ။ နွား (၄) ကောင်မှာ အမြှုပ်တစီစီထွက်လေပြီ။

လူအုပ်ကြီးသည် သူတို့ကို ဝိုင်းထားလိုက်ကြပါ၏။

ဦးဒီပိုးက -

"မင်းတို့ဘာဖြစ်ကြတာလဲ၊ စပါးအလုခံရတာလား၊ ဘယ်ရောက်သွားလဲ ဒီကောင်တွေ"

ဦးဒီပိုး၏မေးခွန်းများသာ ဖြစ်ပါ၏၊ သူတို့ထံမှမည်သည့်အဖြေမျှထွက်မလာခဲ့။ သူတို့၏ရင်ဘတ်ကြီးများ ဖားဖိုထိုးနေသည့်နှယ် နိမ့်ချည်မြင့်ချည်ရင်သိုင်းထနေသည်။ ထွန်းမောင်တို့သည် စကားမပြောနိုင်လောက်အောင် မောဟိုက်နေလေရကား ဦးဒီပိုးတို့ကိုဆက်ပြီး မေးခွန်းထုတ်ရန်မသင့်ဟု ဦးဒီပိုးသိလိုက်ပါပြီ။ ဤနေရာမှအမြန်ဆုံးထွက်ခွာမှ သင့်လျော်မည် ဖြစ်လေ၏။

"ကိုင်း - မောင်ညိုနဲ့ မင်းဒင်တို့အုပ်စု မင်းတို့အားလုံး စပါးဝိုင်းကျုံးသူတို့။ နွားတွေ လှည်းထမ်းပိုးမှာပြန်တပ်လိုက်ကြ၊ သွားကြမယ်တော့"

သူတို့အုပ်စုအားလုံး စုသိမ်းလိုက်ကြပါ၏။ ခွေးနှစ်ကောင်မှာလည်း ယခုမှ မြီးနှန့်နိုင်လာသည်။ လှည်းအောက်မှ လျှောက်လိုက်နိုင်ခဲ့သည်။ မြောက်ခုံရွာအဝင်မှ ဦးချမ်းသည် လည်တဆန့်ဆန့်မျှော်နေရှာလေသည်။ ဦးချမ်းသည် ကိုထွန်းမောင်နှင့်ကိုမြမောင်တို့၏လှည်းဆီသို့ အပြေးအလွှားရောက်လာပြီး သူသိလိုသည်များကို မေးမြန်းပါတော့သည်။

"မင်းတို့ဘယ်လိုဖြစ်ကြတာလဲ။ ငါရင်မောလွန်းလို့ပြောကြစမ်းပါဦး"

"ဦးချမ်း၊ အိမ်ရောက်မှ အေးအေးဆေးဆေးမေးဗျာ။ ခုနေမေးလို့မရနိုင်ဘူး၊ အိမ်မှာအမောအပန်းဖြေပါစေဦး"

ဦးချမ်းအိမ်သို့ရောက်ရှိကြသောအခါ ဦးဒီပိုးက ကိုထွန်းမောင်နှင့် ကိုမြမောင်တို့ကို သောက်ရေတိုက်ပေးလိုက်ပါသည်။ ရေအေးအေးကိုသောက်စေပြီးအမောဖြေစေလိုက်၏။ သူတို့မြောက်ခုံရွာသို့ ပြန်ရောက်ကြသောအချိန်မှာ အရုဏ်တက်ပြီ ဖြစ်၏။ အရှေ့ဘက်ဆီမှ ရောင်နီပျို့လာပြီ ဖြစ်ပါသည်။ ဦးချမ်း၏အိမ်ပေါ်တွင် ကိုထွန်းမောင်တို့ ဖြစ်ပျက်ခဲ့ပုံကို သိချင်ကြသော မြောက်ခုံရွာသူ၊ ရွာသားများ ပြည့်ကျပ်နေလေ၏။ ဖြစ်ပျက်ခဲ့ပုံအလုံးစုံကို ကိုထွန်းမောင်က ရှင်းပြလေသည်။

"ကျွန်တော်နဲ့ မြမောင်တို့ ထီးတန်းရွာအသွားကတည်းက ကိုင်းတောစားကျက်နားအရောက် နက်ကျော်နဲ့ အောင်နက်တို့ ဘာဖြစ်လို့လဲမသိဘူး၊ တစ်နေရာကို စူးစိုက်ပြီးထိုးထိုးဟောင်နေကြတယ်။ သခင်အားကိုးတဲ့အနေနဲ့ လှည်းအောက်ကို ပြန်ပြန်ဆုတ်တယ်။ ထူးတော့ထူးတယ်၊ ဘာမှန်းမသိခဲ့ရဘူး။ ထီးတန်းရွာမှာ မန်းထီးခလုံရဲ့စပါးတွေ သိမ်းပြီး ကျွန်တော်တို့ညီအစ်ကို ပြန်လာခဲ့ကြတယ်။ ထီးတန်းရွာမှာ အနှောင့်အယှက်ကင်းပါတယ်။ ကျွန်တော်တို့ကို ဘယ်သူမှမနှောင့်ယှက်ကြပါဘူး။ ကျွန်တော်တို့ ကိုင်းတောစားကျက်ကိုကျော်ပြီး ကုန်းချောလေးဖြစ်တဲ့ မြေပုပ်ကုန်းလည်းရောက်ရော အဲဒီနေရာမှာ. . .

❑

ကိုထွန်းမောင်နှင့် ကိုမြမောင်တို့သည် မန်းထီးခလုံ၏စပါးအိတ်များကို နွားလှည်းပေါ် သို့ စနစ်တကျ စီတင်ကာ လျှော်ကြိုးဖြင့် ခိုင်ခံ့စွာချည်နှောင်လိုက်ကြသည်။ ကိုထွန်းမောင်လှည်းနောက်မှ ကိုမြမောင်လှည်းက ထက်ကြပ်မကွာလိုက်ပါလာခဲ့သည်။ နယ်မြေအေးချမ်းစွာဖြင့်၊ အနှောင့်အယှက်ကင်းကင်းဖြင့် ထွက်လာခဲ့ကြပါ၏။ သူတို့သည် နွားလှည်းကို ဖြည်းဖြည်းနှင့်မှန်မှန်မောင်းနှင်လာခဲ့ကြပါသည်။ လဆန်းရက်အလင်းရောင်သည် သူတို့သွားရာလမ်းကြောကို မြင်သာစေခဲ့ပါ၏။ ခွေးလိမ္မာများဖြစ်ကြသော နက်ကျော်နှင့် အောင်နက်တို့သည် လှည်းနှစ်စီးအောက်က အေးအေးညင်သာစွာ ခြေလှမ်းများလှမ်းကာ လိုက်ခဲ့ကြသည်။

သူတို့သည် ကိုင်းတောစားကျက်အနီး ကုန်းချောဖြစ်သောမြေပုပ်ကုန်းသို့ အရောက် လရောင်အောက်မှာ ထင်ရှားစွာ မြင်နေရသော ညီညာသည့်မြေမျက်နှာပြင်မှာ ဖွားခနဲ ဖွားခနဲ မြေသားမွမွများ မို့မောက်ကြွတက်လာကြသည်။ တစ်ဆက်တည်း ဖြူဖြူကောင်လေးများ ဖြုတ်ခနဲ၊ ဖြုတ်ခနဲ မြေသားမွမွကြားမှ ခုန်ထွက်လာကြသည်ကို ညီအစ်ကိုနှစ်ယောက် အံ့အားသင့်စွာ တွေ့လိုက်ကြရလေသည်။

"ဟာ-ထွန်းမောင်ရေ ဘာကောင်တွေလဲဟ"

"ငါလည်းမသိဘူးကွ၊ အန္တရာယ်ရှိပြီထင်တယ်။ ဓားကိုင်ထားဟေ့ မြမောင်"

"အေး-သတိရှိပါစေနော်"

သူတို့နှစ်ဦး တစ်ဦးကိုတစ်ဦး သတိပေးလိုက်ကြ၏။ ကိုထွန်းမောင်နှင့် ကိုမြမောင်တို့သည် ငှက်ကြီးတောင်ဓားများကို ကိုယ်စီဆွဲကိုင်လိုက်ကြပါသည်။ ထို့နောက် တိုင်ပင်ထားသည့်အလား နွားလှည်းများပေါ်မှ အသီးသီးခုန်ချလိုက်ကြသည်။ သူတို့နှစ်ယောက် မြေပြင်ပေါ် အရောက် ကျောချင်းကပ်ကာ ရန်သူကို ရင်ဆိုင်လိုက်ကြပါ၏။ နွားတို့သည် လန့်ဖျပ်ကာ ထမ်းပိုးမှပြုတ်ထွက်စေရန်ရုန်းထွက်နေကြတော့သည်။ နက်ကျော်နှင့် အောင်နက်တို့လည်း လှည်းအောက်မှ ပြေးထွက်ခဲ့ကြ၏။ သခင်တို့၏ခြေတော်ရင်း ဝဲဘက်၊ ယာဘက်ခွဲကာ အသီးသီးနေရာယူလိုက်သည်။

ငှက်ကြီးတောင်ဓားကိုင်သခင်တို့၏ မာန်အရှိန်ကို အားကိုးကာ ဖြူဖြူကောင်လေးများကို သူတို့၏သွားစွယ်များဖြီး၍ မာန်နှင့်ထန်နှင့် ဟိန်းဟောက်ကာ အပြင်းအထန်ဟောင်လိုက်ကြလေ၏။ နက်ကျော်နှင့် အောင်တို့ သခင်အားကိုးဖြင့် အားတက်ကာ အမြီးများကုပ်မနေကြတော့။ ကြောက်ရွံ့စိတ်ကင်းကြောင်းပြသသောအားဖြင့် တိုက်ခိုက်ရန် အသင့်ဖြစ်နေကြ၏။

ဖြူဖြူကောင်လေးများ၏သဏ္ဌာန်မှာ ပီပြင်မှုမရှိချေ။ အရွယ်အစားမှာ ဂုတ်တောင်ခွဲ၊ နှစ်တောင်ခန့်ရှိကြလေ၏။ ဦးခေါင်း၊ လက်နှစ်ဖက်၊ ခြေနှစ်ချောင်းပုံပန်းရှိလေ၏။ ထင်ထင်ရှားရှား



www.burmeseclassic.com

www.burmeseclassic.com

မရှိချေ။ လှုပ်ရှားမှုဟန်ပန်မြန်ဆန်၏။ အကောင်လေးများ လှုပ်ရှားမှုလျင်မြန်ဆန်မှုကြောင့် ရှုပ်ယှက်ခတ်နေရာ ဘယ်နှကောင်မှန်းလဲ မသိနိုင်ချေ။ ဖြူဖြူကောင်လေးများသည် ခွေးများဟောင်နေသော်လည်း လူရှိရာဘက်တည့်တည့်သို့ တစ်ဖွတ်ထိုးပြေးဝင်ကြ၏။

အချို့သည် ခွေးများပေါ်တက်စီးကြလေ၏။ အချို့မှာ ထွန်းမောင်တို့လည်ကုပ်ပေါ် ခွစီးကြ၏။ အချို့က စပါးအိတ်များပေါ်သို့ပြေးတက်ကြ၏။ စပါးအိတ်များကိုလည်းပေါ်မှဆွဲချ၏။ လျှော်ကြိုးများပြတ်ကာ စပါးအိတ်များမြေပြင်ပေါ်သို့ ပြန့်ကျဲကုန်တော့သည်။ နွားများ၏ရုန်းကန်အားကြောင့် ထမ်းပိုးကြိုးများပြုတ်ထွက်ကုန်၏။ ခွေးများက ဖြူဖြူကောင်လေးများကို ကိုက်သတ်ရန်ကြိုးစားကြလေ၏။ ကိုထွန်းမောင်၊ ကိုမြမောင်တို့သည် ငှက်ကြီးတောင်ဓားများ စုံကိုင်ခုတ်ရင်း သူတို့၏ဓားသွားများ လည်ပင်းအနီးဝေ့ဝဲနေရာ လည်ကုပ်ပေါ်မှအကောင်လေးများ ဆင်းပြေးကုန်ကြ၏။

ဖြူဖြူကောင်လေးများ၏လှုပ်ရှားဟန်မှာ မြန်ဆန်လွန်းသဖြင့် ရှေ့မှပြေးနေသောဖြူဖြူသဏ္ဌာန်၊ အနောက်ဘက်မှ အဖြူအမျှင်တန်းများကိုသာ တရိပ်ရိပ်မြင်ရသည်အထိ မြန်ကြလေ၏။

ခွေးနှစ်ကောင်သည် လှည်းပေါ် ခုန်အုပ်ကာလိုက်ကိုက်၏။ ကိုထွန်းမောင်နှင့် ကိုမြမောင်တို့က ငှက်ကြီးတောင်ဓားများဖြင့် လှည်းနှစ်စီးကိုပတ်၍လိုက်ပြီး အမိအရခုတ်ပါသော်လည်း လုံးဝမခုတ်မိချေ။ ဖြူဖြူကောင်လေးများက လှစ်လှစ်ပြေးနေ၏။ ထွန်းမောင်တို့က အနောက်ကလိုက်လျှင် ဖြူဖြူကောင်များက လူတို့၏ခြေကြိုခြေကြားဝင်ကာ လှည့်ပတ်ပြေးကြလေ၏။ မည်သို့ပင် လှည့်ပတ်လိုက်စေကာမူ အကောင်လေးများက အပြေးသန်၍ လွတ်ထွက်ကုန်သည်။ မြင်ကွင်းက ရှုပ်ထွေးနေပါ၏။ ခွေးများက ကိုက်သတ်ရန် ကြိုးစားကြပါသော်လည်း အမောသာအဖတ်တင်၏။ ငှက်ကြီးတောင်ဓားများ လှုပ်ရှားမှုနှင့်အတူ လရောင်အောက်မှာ ဖွေးခနဲဖွေးခနဲအရောင်များတလက်လက်ထကာသာရှိပါလေ၏။ ခွေးများလည်းပန်းပြီး လူများလည်းနွမ်းချေပြီကော။

❑

ညက ထွန်းမောင်တို့၏အဖြစ်ကို ဦးချမ်းသည် တနှံ့နှံ့စဉ်းစားရင်း ယနေ့နံနက် ဆရာတော်ထံသို့ သွားရောက်လျှောက်ထားမေးမြန်းလိုသည့်ဆန္ဒဖြစ်ပေါ်လာ၏။

မြောက်ခုံရွာမှ ချောင်းရိုးလေးထဲရှိ စပါးရိုသို့သွားမည်ဆိုပါက ခြေကျင်လျှောက်လျှင် (၁၀) မိနစ်ခန့် လျှောက်ရလေ၏။ စပါးရိုအနောက်ပိုင်းတောင်းကျောင်းထိုင်ဆရာတော် ဦးကောသလ္လအား -

"ဆရာတော်ဘုရား၊ ထွန်းမောင်တို့ ညက ကိုင်းတောစားကျက်အနီး မြေပုပ်ကုန်းမှာ မြေကြီးထဲက ထွက်လာတဲ့ နှစ်တောင်လောက်ရှိတဲ့ ဖြူဖြူကောင်လေးတွေနဲ့ တွေ့ခဲ့ကြတယ်ဘုရား"

ဦးချမ်းက ထွန်းမောင်တို့ညီအစ်ကိုနှင့် ဖြူဖြူကောင်လေးများ တိုက်ခိုက်ကြပုံ အသေးစိတ် လျှောက်ထားလိုက်ပါသည်။

ထိုအခါ ဆရာတော်ဦးကောသလ္လ မိန့်ကြားသည်မှာ -

"ဒီလိုအဖြစ်အပျက်မျိုး ရှေးရှေးဆရာများလည်း ဒီအကောင်လေးတွေကို တွေ့ဖူးမြင်ဖူးခဲ့ကြတဲ့အကြောင်း မိန့်ဆိုခဲ့ကြဖူးတယ် ဒကာကြီးရေ"

အစိမ်း၊ သရဲ၊ သဘက်၊ စုန်း၊ နတ်မိစ္ဆာ၊ ကဝေ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး၊ ဖုတ်၊ ပြိတ္တာ၊ ကျတ်၊ မှင်စာဟူသော နာနာလောကပုဂ္ဂိုလ်သတ္တဝါများ ရှိကြလေကုန်၏။ ထိုအထဲ၌ မှင်စာ ဟူသော နာနာလောကအကောင်တို့သည် ဆော့တတ်၊ ပြောင်တတ်၊ လှောင်တတ်သော ကလေးသူငယ်တစ္ဆေလေးများဖြစ်ကြသည်ဟု ဦးချမ်းအား မိန့်လေ၏။

ထိုသတ္တဝါလေးများသည် ဆာလောင်မွတ်သိပ်သောအခါ၌ လူတို့ကို အနှောင့်အယှက်ပေးတတ်၏။သို့မဟုတ် ပျင်းရိ၍ ပျော်မြူးလိုသောအခါ၌လည်း လူတို့ကို ကျီစယ်ဆော့ကစားတတ်သည်ဟူ၍ ရှေးဆရာများကြုံခဲ့ဖူး၏။ တွေ့ခဲ့ဖူး၏။ စိုးရိမ်ဖို့မလိုကြောင်း၊ ထိုနေရာမျိုးသွားစရာကိစ္စအကြောင်းရှိခဲ့ပါလျှင် ပေါက်ပေါက်ဆုပ် အစရှိသော မုန့်ပဲသရေစာများ၊ အစားအသောက်များ ကျွေးမွေးပေးကမ်း၍ အမျှအတန်းပေးဝေရကြောင်း၊ လူတို့ကို ထိုထက်ပို၍ ဒုက္ခမပေးပါ။ ဆော့ကစားခြင်းမျှသာ ဖြစ်ကြောင်း ဆရာ့တော်က ဦးချမ်းနားလည်သဘောပေါက်စေရန် ရှင်းလင်းမိန့်ကြားပေးပါ၏။

ဦးချမ်းသည် ဆရာတော့်ရှင်းပြမိန့်ကြားပေးသည့်အတွက် နားလည်သဘောပေါက်သွားပါသည်။ စိတ်ထဲမှာ ရှင်းသွားပြီဖြစ်၍ ဆရာတော်အား ဦးသုံးကြိမ်ကန်တော့ခဲ့ပြီးနောက် ရွာသို့ ပြန်လာခဲ့ပါသည်။ ဦးချမ်းသည် ဆရာတော်၏ရှင်းပြမှုကို ဘဝင်ကျသွားသည်ဖြစ်၍ ဆရာတော်ထံမှ အပြန်လမ်းတစ်လျှောက်၌ စဉ်းစားတွေးတောလာခဲ့သည်မှာ -

"သြော် - ငှက်ကြီးတောင်ဓားသမားနဲ့ မှင်စာတို့ တစ်ပွဲတစ်လမ်းအတဲစမ်းခဲ့ကြရတယ်။ မိုက်လိုက်ပါဘိ၊ ငါတူလေးတွေ မသေကောင်းမပျောက်ကောင်း မသေတာကံကောင်း။ မှင်စာလေးတွေ နာနာလောကမှ ကျွတ်လွတ်ရလေအောင် သူတို့လေးတွေကို အစားအသောက်ကျွေးပြီး အမျှအတန်းပေးဝေ လိုက်ဦးမှပဲ"

❑

ကျွန်ုပ်သည် မြောက်ခုံရွာ လျင်မြန်သော လျှပ်တစ်ပြက်တိုက်ပွဲတ ပြန်လည်စဉ်းစားမိရင်းကပင် ရင်ထိတ် မိနေပါသေးသည်။နာနာလောကဝိညာဉ် များကိုလည်း ကျွန်ုပ်ပြုလုပ်ခဲ့ဖူးသည် ကုသိုလ်အားလုံးကို တစုတဝေါင်းတည် အမျှအတန်းပေးဝေမိရပြန်၏။ ကျွန်ု သည် မြောက်ခုံရွာနှင့် ခွဲခွာရပါဦးတော့ မည်။

အလှူအတွက် ဟင်းကျွေးလှူ ပြည့်စုံလုံလောက်စွာဝယ်ယူပြီး ပွဲထော ဖြင့်တင်လာခဲ့ပါသည်။ ကျွန်ုပ်သည် ပွဲထောင်ပေါ်မှ မြောက်ခုံရွာကို မ သော သတိရခြင်းများစွာဖြင့် ငေးမေ ကြည့်နေမိကာ မြောက်ခုံရွာလေး စိတ်ထဲမှနှုတ်ဆက်နေမိသည်။ ပွဲထော ရေယာဉ်သည် ကျွန်ုပ်အား မြောက်ခုံ နှင့် ဝေးရာဆီသို့ ခေါ်ဆောင်သွားလေ သည်။

တည်ငြိမ်အေးချမ်းသောမြောက် ရွာသည် ကျွန်ုပ်၏မြင်ကွင်းမှုန်ပျပျထေ ထဲမှ ဝေး၍ ဝေး၍ . . . ။

(ဖြစ်ရပ်မှန်ကိုအမည်လွှဲရေးသ ပါသည်။)

ဆရာကြီးဦးမြင့်သန်းအ
အထူးကျေးဇူးတင်လျ

ဘဝတုသဗ္ဗမင်

အောင်မြင့်ထွန်း (မုံ



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်

# မနုသိဒ္ဓိနက္ခတ်မင်္ဂလာအခါတော်

ရှိန်းအောင်(ဂမ္ဘီရ)

မနုသိဒ္ဓိနက္ခတ်စန်းယှဉ်ချိန်၊ မနုသိဒ္ဓိနက္ခတ် လင်္ဂဖြတ်ချိန်၊ မနုသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ချိန် ၎င်းအခါသုံးပါးထပ်ချိန်တို့တွင် အဓိဋ္ဌာန်ဘာဝနာပွားများခြင်း၊ အဓိဋ္ဌာန်ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ဂါထာမန္တန်ရွတ်ဖတ်ပူဇော်ခြင်း၊ အထူးသဖြင့် မဟာဝေဒဗ္ဗမန္တန်တော်ကြီးအပါအဝင် မန်လာဘ်ဆိုင်ရာဂါထာမန္တန်များကို ရွတ်ဖတ်ပူဇော်ကျင့်ကြံပွားများပါလျှင် ထူးကဲသောကောင်းကျိုးချမ်းသာများကို ခံစားရမည်မှာ ဧကန်ဖြစ်ပါသည်။ ယခုကာလတွင် မနုသိဒ္ဓိနက္ခတ်သို့ စန်းသည် (၂၂-၁၀-၂၀၁၅) နေ့နံနက် (၀း၅၇း၂၇) နာရီမှ စတင်ဝင်ရောက်ပြီး ၎င်းနေ့ နေ့လယ် (၁၂း၅၇း၂၇) နာရီတွင် မနုသိဒ္ဓိနက္ခတ်နှင့် စန်းတို့ယှဉ်ဖက်နေမည်ဖြစ်ကာ (၂၃-၁၀-၂၀၁၅) နေ့ သန်းခေါင် (၀း၅၇း၂၇) နာရီတွင် မနုသိဒ္ဓိနက္ခတ်မှ စန်းထွက်ခွာမည် ဖြစ်သည်။ (၂၂-၁၀-၂၀၁၅) နေ့ (၁၃း၄၃း၅၈) နာရီမှ (၁၄း၀၀း၀၂) နာရီအတွင်း မနုသိဒ္ဓိနက္ခတ်လင်္ဂဖြတ်ကျော်မည်ဖြစ်လျှင် ၎င်းနေ့ (၁၉း၁၅း၃၉) နာရီမှ (၂၀-၁၇-၅၉) နာရီအတွင်း မနုသိဒ္ဓိနက္ခတ် မွန်းတည့်မျဉ်းဖြတ်ကျော်မည် ဖြစ်ပါသည်။

| လင်္ဂဖြတ်ကျော်ချိန် | | | မွန်းတည့်မျဉ်းဖြတ်ကျော်ချိန် | | |
|---|---|---|---|---|---|
| စဉ် | စဝင်ချိန် | စထွက်ချိန် | စဉ် | စဝင်ချိန် | စထွက်ချိန် |
| ၁ | ၁၅း ၀၆း ၅၀ | ၁၅း ၂၂း ၅၈ | ၁ | ၂၀း ၃၈း ၁၅ | ၂၁း ၄၂း ၃၅ |
| ၂ | ၁၅း ၀၂း ၅၄ | ၁၅း ၁၉း ၀၂ | ၂ | ၂၀း ၃၄း ၁၉ | ၂၁း ၃၈း ၃၉ |
| ၃ | ၁၄း ၅၈း ၅၈ | ၁၅း ၁၅း ၀၆ | ၃ | ၂၀း ၃၀း ၂၃ | ၂၁း ၃၄း ၄၃ |
| ၄ | ၁၄း ၅၅း ၀၂ | ၁၅း ၁၁း ၁၀ | ၄ | ၂၀း ၂၆း ၂၇ | ၂၁း ၃၀း ၄၇ |
| ၅ | ၁၄း ၅၁း ၀၆ | ၁၅း ၀၇း ၁၄ | ၅ | ၂၀း ၂၂း ၃၁ | ၂၁း ၂၆း ၅၁ |
| ၆ | ၁၄း ၄၇း ၁၀ | ၁၅း ၀၃း ၁၈ | ၆ | ၂၀း ၁၈း ၃၅ | ၂၁း ၂၂း ၅၅ |
| ၇ | ၁၄း ၄၃း ၁၄ | ၁၄း ၅၉း ၂၂ | ၇ | ၂၀း ၁၄း ၃၉ | ၂၁း ၁၈း ၅၉ |
| ၈ | ၁၄း ၃၉း ၁၈ | ၁၄း ၅၅း ၂၆ | ၈ | ၂၀း ၁၀း ၄၃ | ၂၁း ၁၅း ၀၃ |
| ၉ | ၁၄း ၃၅း ၂၂ | ၁၄း ၅၁း ၃၀ | ၉ | ၂၀း ၀၆း ၄၇ | ၂၁း ၀၉း ၀၇ |
| ၁၀ | ၁၄း ၃၁း ၂၆ | ၁၄း ၄၇း ၁၄ | ၁၀ | ၂၀း ၀၂း ၀၁ | ၂၁း ၀၅း ၁၁ |
| ၁၁ | ၁၄း ၂၇း ၃၀ | ၁၄း ၄၃း ၁၈ | ၁၁ | ၁၉း ၅၈း ၅၅ | ၂၁း ၀၁း ၁၅ |
| ၁၂ | ၁၄း ၂၃း ၃၄ | ၁၄း ၃၉း ၂၂ | ၁၂ | ၁၉း ၅၄း ၅၉ | ၂၀း ၅၇း ၁၉ |
| ၁၃ | ၁၄း ၁၉း ၃၈ | ၁၄း ၃၅း ၂၆ | ၁၃ | ၁၉း ၅၁း ၀၃ | ၂၀း ၅၃း ၂၃ |
| ၁၄ | ၁၄း ၁၅း ၄၂ | ၁၄း ၃၁း ၃၀ | ၁၄ | ၁၉း ၄၇း ၀၇ | ၂၀း ၄၉း ၂၇ |
| ၁၅ | ၁၄း ၁၁း ၄၆ | ၁၄း ၂၇း ၃၄ | ၁၅ | ၁၉း ၄၃း ၁၁ | ၂၀း ၄၅း ၃၁ |
| ၁၆ | ၁၄း [illegible] ၃၀ | ၁၄း ၂၃း ၃၈ | ၁၆ | ၁၉း ၃၉း ၁၅ | ၂၀း ၄၁း ၃၅ |
| ၁၇ | ၁၄း ၀၃း ၃၆ | ၁၄း ၁၉း ၄၂ | ၁၇ | ၁၉း ၃၅း ၁၉ | ၂၀း ၃၇း ၃၉ |
| ၁၈ | ၁၃း ၅၉း ၄၀ | ၁၄း ၁၅း ၄၆ | ၁၈ | ၁၉း ၃၁း ၂၃ | ၂၀း ၃၃း ၄၃ |
| ၁၉ | ၁၃း ၅၅း ၄၆ | ၁၄း ၁၁း ၅၀ | ၁၉ | ၁၉း ၂၇း ၂၇ | ၂၀း ၂၉း ၄၇ |
| ၂၀ | ၁၃း ၅၁း ၅၀ | ၁၄း ၀၇း ၅၄ | ၂၀ | ၁၉း ၂၃း ၃၁ | ၂၀း ၂၅း ၅၁ |
| ၂၁ | ၁၃း ၄၇း ၅၄ | ၁၄း ၀၃း ၅၈ | ၂၁ | ၁၉း ၁၉း ၃၅ | ၂၀း ၂၁း ၅၅ |
| ၂၂ | ၁၃း ၄၃း ၅၈ | ၁၄း ၀၀း ၀၂ | ၂၂ | ၁၉း ၁၅း ၃၉ | ၂၀း ၁၇း ၅၉ |
| ၂၃ | ၁၃း ၄၀း ၀၂ | ၁၃း ၅၆း ၀၆ | ၂၃ | ၁၉း ၁၁း ၄၃ | ၂၀း ၁၄း ၀၃ |
| ၂၄ | ၁၃း ၃၆း ၀၆ | ၁၃း ၅၂း ၁၀ | ၂၄ | ၁၉း ၁၁း ၄၇ | ၂၀း ၁၀း ၀၇ |
| ၂၅ | ၁၃း ၃၂း ၁၀ | ၁၃း ၄၈း ၁၄ | ၂၅ | ၁၉း ၀၇း ၅၁ | ၂၀း ၀၆း ၁၁ |
| ၂၆ | ၁၃း ၂၈း ၁၄ | ၁၃း ၄၄း ၁၈ | ၂၆ | ၁၉း ၀၃း ၅၅ | ၂၀း ၀၂း ၁၅ |
| ၂၇ | ၁၃း ၂၄း ၁၈ | ၁၃း ၄၀း ၂၂ | ၂၇ | ၁၈း ၅၉း ၅၉ | ၁၉း ၅၈း ၁၉ |
| ၂၈ | ၁၃း ၂၀း ၂၂ | ၁၃း ၃၆း ၂၆ | ၂၈ | ၁၈း ၅၆း ၀၃ | ၁၉း ၅၄း ၂၃ |
| ၂၉ | ၁၃း ၁၆း ၂၆ | ၁၃း ၃၂း ၃၀ | ၂၉ | ၁၈း ၅၂း ၀၇ | ၁၉း ၅၀း ၂၇ |
| ၃၀ | ၁၃း ၁၂း ၃၀ | ၁၃း ၂၈း ၃၄ | ၃၀ | ၁၈း ၄၈း ၁၁ | ၁၉း ၄၆း ၃၁ |
| ၃၁ | ၁၃း ၀၈း ၃၄ | ၁၃း ၂၄း ၃၈ | ၃၁ | ၁၈း ၄၄း ၁၅ | ၁၉း ၄၂း ၃၅ |



www.burmeseclassic.com

www.burmeseclassic.com

# လုမ်ိုး(ပညာရေး)

# ဟင်းမလား၏ရုတနာသိုက်



၁၉၄၅ ခု၊ ဧပြီလ။

တတိယဂျာမနီနိုင်ငံ ဘာလင်မြို့မှ မိုင်ဖေါင်း(၂၀၀)ကျော်ခန့်ကွာဝေးသော ဩစတြီးယားနိုင်ငံ အယ်(လ်)(စ်)တောင်တန်းဒေသသည် မှိုင်းပျပျ တက်သစ်စနေ၏ ရောင်နီအောက်တွင် လဲလျောင်းအိပ်စက်နေသည်ဟု ထင်ရသည်။ နွေဦးရာသီဟုဆိုရသော်လည်း ဆောင်းရာသီ၏အငွေ့အသက်များက ကြွင်းကျန်ရစ်ဆဲဖြစ်၏။ တဖွားဖွားကျနေသောနှင်းပွင့်များသည် ဝါဂွမ်းစိုင်ကြီးများကဲ့သို့ အဆုပ်လိုက်အဆုပ်လိုက်ကျနေဆဲဖြစ်ပါသည်။ နှင်းပွင့်များသည် မြေပြင်ကိုသာ ဖြူဖွေးနေသောလုပ်သည်သာမက တောင်းကင်တစ်ခွင်ကိုလည်း ပရုတ်မှုန်များကဲ့သို့ဖြူဖွေးနေအောင်လုပ်ပြီးလျှင် လေထဲတွင် ပျံ့လွင့်ပြီးမှမြေကြီးပေါ်သို့ကျလာခဲ့သည်။ မျှော်လေတိုင်း နှင်းပွင့်ဖြူဖြူများကိုမြင်နေရသည်မှာ ငြီးငွေ့ဖွယ်ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိသော ဩစတြီးယားတောင်သူပျို အီဒါဝိုင်းစင်ဘာချာသည် ဂွမ်းစောင်အထပ်ထပ်ခြုံကာ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျလျက်နေသည်။ လွန်ခဲ့သောညကမှ အမေရိကန်ပြည်ထောင်စု ဗိုလ်ချုပ်ကြီးပက်တန်၏စစ်ကြောင်းများက မရပ်မနားပစ်ခတ်သည့်အမြောက်ကြီးများ၏အသံကြောင့် အိပ်စက်၍မရဘဲ ဘယ်လူးညာလှိမ့်ဖြင့်သာအချိန်ကုန်ခဲ့ရသည်။ နာဇီဂျာမန်တို့၏ နှစ်ပေါင်း (၁၀၀၀) ကျော် တည်တံ့ရမည်ဟု ကြွေးကြော်ခဲ့သော တတိယဂျာမနီနိုင်ငံတော်မှ (၁၂) နှစ်နှင့်ပင် အသက်ငင်နေသော လူမမာကြီးသဖွယ်ဖြစ်ခဲ့ရလေပြီ။ ဂျာမနီနိုင်ငံအတွင်း မဟာမိတ်တပ်များ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီ ဖြစ်သည်။ ဆိုဗီယက် (ယခု ရုရှား) တပ်နီတော်သည် တတိယဂျာမနီနိုင်ငံ၏ မြို့တော်ဖြစ်သော ဘာလင်မြို့တော် နယ်နိမိတ်တွင်း ဝင်ရောက်ခဲ့ပြီ ဖြစ်၏။ (နာဇီဂျာမန်တို့သည် ရှာလမိန်းဘုရင်ကြီးလက်ထက် ဂျာမနီနိုင်ငံတော်အား ပထမဂျာမနီနိုင်ငံတော်ဟု သတ်မှတ်၍ ဝန်ကြီးချုပ် ဘစ်(စ်)မတ်လက်ထက် ဂျာမနီနိုင်ငံတော်အား ဒုတိယဂျာမနီနိုင်ငံတော်ဟု သတ်မှတ်ခဲ့၏။ နာဇီခေါင်းဆောင်ကြီး ဟစ်တလာလက်ထက် ဂျာမနီနိုင်ငံတော်ကြီးကိုမူ တတိယဂျာမနီနိုင်ငံတော်ဟု သတ်မှတ်ထားခဲ့ပြီး ထိုနိုင်ငံတော်ကြီးသည် နှစ်ပေါင်း (၁၀၀၀) တည်တံ့ရမည်ဟု ကြွေးကြော်ထား၏။ သို့သော် (၁၂) နှစ်သာကြာမြင့်ခဲ့ပါသည်။)

အီဒါဝိုင်းစင်ဘာချာ တတောက်တောက်ခေါက်သံကြောင့် လန့်နိုးလာသည်။ ပထမတွင် သူသည် တံခါးခေါက်သံဟုမထင်။ မင်းတုပ်ပျက်နေသော သူတို့ယာတောအိမ်တံခါးအား လေတိုးဝှေ့သဖြင့်မြည်နေသည့်အသံဟု ထင်မိ၏။ တစ်ဖက်ခန်းတွင်အိပ်ပျော်နေသော သူ့ဖခင်ကြီး၏ ဟောက်သံကို ကြားနေရ၏။ မှိုင်းပျပျရောင်ခြည်သည် မှန်ပြတင်းမှ ခုန်ပေါက်၍ သူ့အိပ်ခန်းတွင်ဝင်လာခဲ့ပြီ ဖြစ်၏။

အီဒါဝိုင်းစင်ဘာချာသည် အာရုံကြောများတင်းလာသည်အထိ နားစိုက်ထောင်မိပြန်သည်။ သူတို့အိမ်ခပ်လှမ်းလှမ်းမှ ဂျာမန်ဘာသာဖြင့် စကားပြောနေသံကြားရသည်ဟုလည်းထင်သည်။ တတောက်တောက်ခေါက်သံကြားရပြန်လေသည်။ တံခါးခေါက်သံဖြစ်သည်က သေချာနေသည်။ ဂျာမန်ဘာသာဖြင့် တံခါးဖွင့်ပါဟု လေသံမြင့်၍အမိန့်ပေး၏။ အသံကြားရသည့် သူ့ဖခင်ဟောက်သံတိတ်ဆိတ်သွားပြီး အိပ်ရာမှထလာသည့်အသံကိုကြားရသဖြင့် အီဒါဝိုင်းစင်ဘာချာသည် အိပ်ရာမှထ၍ သူ့အဝတ်အစားကိုပြင်ဆင်ကာ အိမ်ရှေ့တံခါးဆီသို့ထွက်လာခဲ့သည်။

အိမ်ရှေ့တံခါးဝတွင် ဝတ်စုံနက်ဝတ်ထားသော လူတစ်ယောက်ကို မှိုင်းပျပျတက်သစ်စရောင်ခြည်အောက်တွင်တွေ့ရသည်နှင့် အီဒါဝိုင်းစင်ဘာချာသည် အိမ်ရှေ့တံခါးကို အလျှင်အမြန်ဖွင့်လိုက်သည်နှင့် ကြက်သေသေသွားတော့၏။ ကြက်သီးမွေးညင်းများထသွားသည်ဟုလည်း ထင်မိ၏။ တံခါးဝတွင်ရပ်နေသူမှာ နာဇီပါတီအထူးထောက်လှမ်းရေးတပ် [အက်(စ်)အက်(စ်)] မှ ဝတ်စုံနက်ဝတ်ဆင်ထားသော ဗိုလ်ကြီးတစ်ယောက်ဖြစ်နေသည်။

နာဇီပါတီကို အာဏာရထားခဲ့သည့် တတိယဂျာမနီနိုင်ငံတော်သားများအဖို့ နာဇီပါတီ၏ အထူးထောက်လှမ်းရေးအက်(စ်)အက်(စ်)တပ်မှအရာရှိတစ်ယောက် အချိန်မတော် တံခါးခေါက်လျှင် သက်ာမကင်းဖွယ် တစ်စုံတစ်ရာရှိသဖြင့် ဖမ်းဆီးခေါ်ဆောင်ရ လာခြင်းဖြစ်သည်ဟု နားလည်[illegible]၏။





www.burmeseclassic.com

ဖမ်းဆီးခေါ် ဆောင်ခြင်းခံရသူများသည် မည်သည့်အခါမှ ပြန်လမ်းမရှိ။ ထိုစဉ်က နာမည်ဆိုးဖြင့် ကျော်ကြားသော ချွေးတပ်စခန်းအရပ်ခေါ် သေမင်းတမန် အကျဉ်းစခန်းများဖြစ်သော ဩစဝစ်၊ ထရီဘလင်ကာ၊ မော်သော်ဆင်၊ မေဒါနက်တို့သို့ ရောက်ကြရသည်။ သို့ဖြစ်၍ ဩစကြီးယားတောင်သူပျို အီဒါဝိုင်းစင်ဘာချာမှာလည်း အက်(စ်)အက်(စ်) အရာရှိတစ်ယောက်အား အမှတ်မထင် တွေ့ရသဖြင့် ထိတ်လန့်ချောက်ချားသွားခြင်း ဖြစ်၏။

သူဖခင်လည်း အိပ်ရာမှနိုးလာပြီး တံခါးဝသို့ရောက်လာသည်။ ဂျာမန် အက်(စ်)အက်(စ်)အရာရှိမှာ မွန်ရည်သူတောင်းပြောညက်သူဖြစ်၏။ အီဒါဝိုင်းစင်ဘာချာတို့မိသားစု အိပ်ပျော်နေခြင်းကို အနှောင့်အယှက်ပေးမိသည့်အတွက် အထူးဝမ်းနည်းမိကြောင်း၊ သူတို့ထံမှ နိုင်ငံတော်အတွက်- အထူးအရေးကြီးသော အကူအညီတောင်းလိုပါကြောင်း၊ ထိုအကူအညီမှာ သူတို့သယ်ယူလာသည့် ပစ္စည်းအချို့ကို အီဒါဝိုင်းစင်ဘာချာတို့အိမ်မှ လှည်းဖြင့် သူတို့ကျေးရွာအနီးရှိ တော့လစ်(ဇ်)ရေအိုင်ကြီးအနီး ပို့ဆောင်ပေးစေလိုကြောင်း အေးအေးဆေးဆေး ပြောပြ၏။

ဤတွင် အီဒါဝိုင်းစင်ဘာချာသည် ကိုယ်လက်သန့်စင်၍ မြင်းလှည်းကိုပြင်ဆင်ကာ အက်(စ်)အက်(စ်)အရာရှိခေါ် ဆောင်ရာနောက်သို့ လိုက်လာခဲ့ရာ သူတို့ယာတောဝတွင်မူ နာဇီပါတီ အထူးထောက်လှမ်းရေးတပ်တံဆိပ်ရေးသားထားသော စစ်ကုန်တင်ကားတစ်စီး ရပ်ထားသည်ကိုတွေ့ရ၏။ ထိုမော်တော်ကားအနီးတွင်မူ ဝတ်စုံနက်ဝတ်ဆင်ထားသော အက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်တပ်သားများနှင့် နာဇီစစ်ရဲအထူးထောက်လှမ်းရေးအဖွဲ့ (ဂက်စတာပို) မှ အရာရှိအချို့ကိုတွေ့ရ၏။

သူမြင်းဆွဲလှည်းမော်တော်ကားအနီးရောက်သည်နှင့် နာဇီအက်(စ်)အက်(စ်)တပ်သားများသည် မော်တော်ကားပေါ်မှ အထူးလေးလံသောသေတ္တာကြီးများကို အီဒါဝိုင်းစင်ဘာချာလှည်းပေါ်သို့တင်ကြသည်။ ထို့နောက် သူ့အား သူတို့ကျေးရွာမှ သုံးမိုင်ခန့်ကွာဝေးသော တောင်ကျောက်မိုင်းဟောင်းများအနီးရှိ တော့လစ်(ဇ်)ရေကန်ကြီးရှိရာသို့ သူမြင်းဆွဲလှည်းဖြင့်ပို့စေသည်။ ထိုတော့လစ်(ဇ်) ရေအိုင်သည် လူသွားလမ်းသာရှိ၏။

သို့သော် အီဒါဝိုင်းစင်ဘာချာသည် နာဇီအက်(စ်)အက်(စ်)ဗိုလ်ကြီး အမိန့်ပေးသည့်အတိုင်း သူမြင်းဆွဲလှည်းဖြင့် ထူးဆန်းသောသေတ္တာများကိုတင်ကာ အခေါက်ခေါက်ပို့ဆောင်ပေးခဲ့ရသည်။

တော်လစ်(ဇ်)ရေအိုင်တွင် အသင့်စောင့်နေသော နာဇီအက်(စ်)အက်(စ်)တပ်သားများသည် မြင်းဆွဲလှည်းဖြင့် တင်ဆောင်လာသည့် လေးလံသော သေတ္တာများကို ရေအိုင်ကြီးအတွင်းပစ်ချခဲ့ကြသည်။ အီဒါဝိုင်းစင်ဘာချာအဖို့ အခေါက်ခေါက် ပို့ဆောင်ပေးခဲ့ရသည့် ထိုသေတ္တာများသည် မည်သည့်သေတ္တာများဖြစ်နိုင်သည်ကိုမသိ။ သေတ္တာများ



ပေါ် တွင် နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့၏ တံဆိပ်အမှတ်အသားများရေးထားသည်ကိုမူ သတိထားမိသည်။ အီဒါဝိုင်းစင်ဘာချာအဖို့ ထိုသေတ္တာများသည် တတိယဂျာမနီနိုင်ငံတော်၏ အထူးလျှို့ဝှက်စာရွက်စာတမ်းများနှင့် တန်ဖိုးရှိသောပစ္စည်းများဖြစ်နိုင်သည်ဟု မှတ်ယူမိသည်။

ဤသို့ အထူးလျှို့ဝှက်လုပ်ငန်းကြီးပြီးဆုံးခဲ့သည်နှင့် အက်(စ်)အက်(စ်)ဗိုလ်ကြီးကမူ အီဒါဝိုင်းစင်ဘာချာတို့မိသားစုအား သူတို့အား အကူအညီပေးသည့်အတွက် အထူးကျေးဇူးတင်ပါကြောင်း၊ နာဇီတတိယဂျာမနီနိုင်ငံတော်အတွက် တာဝန်ယူခဲ့သည့်အတွက် အထူးဂုဏ်ယူသင့်ကြောင်း၊ ထိုကိစ္စမှာ အထူးထိပ်တန်းလျှို့ဝှက်ကိစ္စဖြစ်သဖြင့် မည်သည့်အခါမျှ ပေါက်ကြားခြင်းမရှိရန် တာဝန်ယူရမည်ဖြစ်ကြောင်း သတိပေးပြောကြားပြီး အက်(စ်)အက်(စ်)ဗိုလ်ကြီးနှင့်တပ်သားများသည် ထွက်ခွာသွားခဲ့ကြသည်။ ရက်သတ္တပတ်တစ်ပတ်အတွင်း ထိုဒေသအား အမေရိကန်ဗိုလ်ချုပ်ကြီးပက်တန်၏တပ်များက သိမ်းပိုက်ခဲ့သည်။

အထက်ဖော်ပြပါ တော်လစ်(ဇ်) ရေအိုင်ကြီးမှာ အလျားတစ်မိုင်ကျော်ကျော်ရှည်လျား၍ အနံမှာ မိုင်ဝက်ခန့်ရှိ၏။ ရေအိုင်ကြီးပတ်ပတ်လည်တွင် မတ်စောက်သော ထုံးကျောက်ဆောင်များရှိသည်။ ပတ်ဝန်းကျင်တွင် ကျောက်တုံးမိုင်းတွင်းများရှိ၍ အထူးသာယာသောကန်ကြီးတစ်ကန်ဖြစ်သော်လည်း အသွားအလာခဲယဉ်းသဖြင့် လူသိနည်းသည်။ ကန်ကြီးနှင့်ခပ်လှမ်းလှမ်းတွင် သမိုင်းအဆက်ဆက် ကြောင့်ကြမဲ့တင်းတွာနေထိုင်ခဲ့ကြသော လယ်သမားများ၊ ယာသမားများနှင့် ကျောက်တုံးမိုင်းတူးကြသော အလုပ်သမားများ၏မိသားစုများသည် ထိုရေအိုင်ကြီးအကြောင်းသိကြသည်။ ဒေသခံအများ၏ပြောပြချက်အရ ထိုရေအိုင်ကြီးသည် အနက်ပေ (၃၀၀) ရှိသည်ဟု ဆိုသည်။

အချိန်ကာလစက်ယန္တရားသည် မည်သူ့ကိုမျှစောင့်မနေ။ မြစ်ရေအလျဉ်ကဲ့သို့ မရပ်မနားစီးသွားနေလေသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးခဲ့ပြီးနောက် ကမ္ဘာနိုင်ငံများ၏ စီးပွားရေး၊ နိုင်ငံရေး၊ အခြေအနေမှာ ထူးထူးခြားခြားပြောင်းလဲသွားသည်။ တစ်ချိန်က မဟာမိတ်များအဖြစ် အတူလက်တွဲ၍ နာဇီဂျာမန်နှင့် ဝင်ရိုးစွန်းမဟာမိတ်များအားတိုက်ခဲ့သော အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုသမ္မတနိုင်ငံ (ယနေ့ ရုရှား) တို့သည် အုပ်စုများဖွဲ့၍ အပြိုင်အဆိုင်နိုင်ငံရေးတိုက်ပွဲဆင်နွှဲလာကြ၏။တတိယဂျာမနီနိုင်ငံတော်ကြီးကိုလည်း အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီဟု ခွဲခြားခဲ့သည်။ (နောင်ခါမှ ပြန်လည် စုပေါင်းနိုင်ခဲ့သည်။) ဘာလင်မြို့တော်ကိုပင် အနောက်ဘာလင်၊ အရှေ့ဘာလင်ဟု စစ်အောင်နိုင်ခဲ့သော မဟာမိတ်များက ခွဲခြား၍အုပ်ချုပ်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးအား စတင်မီးမွှေးခဲ့သော စစ်ရာဇဝတ်သားများဟူ၍၊ နာဇီပါတီခေါင်းဆောင်များ၊ နာဇီအစိုးရအဖွဲ့ဝင်များ၊ အက်(စ်)အက်(စ်) ထိပ်သီးခေါင်းဆောင်များနှင့် နာဇီတပ်မတော်အကြီးအကဲများကိုလည်း စစ်ရာဇဝတ်သားများဟု ဖမ်းဆီး၍ နိုင်ငံတကာစစ်ရာဇဝတ်ခုံရုံးတော်က နိုင်ငံတကာတရားဥပဒေနှင့်အညီ အပြစ်ပေးအရေးယူခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးအတွင်းတွင် ဥရောပတိုက်နိုင်ငံအသီးသီးမှ ပြည်သူ

www.burmeseclassic.com

အံများနှင့် နိုင်ငံတော်ပိုင်ရတနာများ၊ ရွှေငွေများ၊ ရှေးဟောင်းအနုပညာပစ္စည်းများ၊ ဂျူးလူမျိုးတို့၏ ရွှေငွေရတနာများ၊ ကိုယ်ပိုင်အနုပညာပစ္စည်းများအား သိမ်းယူခဲ့ကြပြီး လူမျိုးတုံးအစုလိုက်အပြုံလိုက်သတ်ဖြတ်ခဲ့မှုများအတွက်လည်း နာဇီရာဇဝတ်သားများကို အပြစ်ပေးအရေးယူခဲ့သည်။ နာဇီထိပ်သီးခေါင်းဆောင်အချို့မှာလည်း မိမိကိုယ်မိမိ အဆုံးစီရင်သွားခဲ့ကြသည်။

မဟာမိတ်နိုင်ငံများမှ စစ်ထောက်လှမ်းရေးအဖွဲ့ဝင်များကလည်း တတ်နိုင်သလောက်၊ လက်လှမ်းမီသလောက် နာဇီဂျာမန်စစ်ရာဇဝတ်သားများအား ဖမ်းဆီးအရေးယူခဲ့သည်။ နာဇီစစ်ရာဇဝတ်သားများကလည်း နည်းလမ်းအမျိုးမျိုးနှင့် ကိုယ်ရောင်ကိုယ်ဝါဖျောက်၍ထွက်ပြေးတိမ်းရှောင်ခဲ့ကြသည်။ နာဇီထိပ်သီးခေါင်းဆောင်အချို့တို့ကမူ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း စစ်ရှုံးတော့မည်ကို သေသေချာချာရိပ်မိသည်နှင့် စစ်ဒီရေတက်စဉ်ကတရားမဲ့သိမ်းပိုက်ထားသော ရွှေငွေရတနာများ၊ ရှေးဟောင်းအနုပညာပစ္စည်းများအား နည်းလမ်းအမျိုးမျိုးနှင့် မြှုပ်နှံထားခဲ့ကြ၏။

အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒုတိယကမ္ဘာစစ်ပြီးဆုံးစကာလတွင် နိုင်ငံတကာမှ နာဇီစစ်တရားခံများ၏ပျောက်ဆုံးနေသော ရတနာသိုက်များကို စိတ်ဝင်စားခဲ့ကြသော်လည်း ရက်၊ လ၊ နှစ်ကြာမြင့်လာသည်နှင့် ထိုရတနာသိုက်ကိစ္စကို အကြောင်းအမျိုးမျိုးကြောင့် မေ့လျော့သွားခဲ့ကြသည်။ဤဆောင်းပါးအစတွင်ဖော်ပြခဲ့သော နာဇီပါတီ၏ ထိပ်သီးခေါင်းဆောင်နှင့်နာဇီပါတီအထူးထောက်လှမ်းရေးတပ်ဖွဲ့ (အက်(စ်)အက်(စ်)တပ်မှူးချုပ်နှင့် စစ်ရဲ ဂက်စတာပိုအဖွဲ့ခေါင်းဆောင် ခေတ်သစ်ယမမင်းကြီးဟုကင်ပွန်းတပ်ခံရသော ဟင်းမလား၏ အက်(စ်)အက်(စ်)တပ်ဖွဲ့ပိုင် ရတနာသိုက်မှာလည်း လူများကမေ့လျော့ခဲ့၏။

ဤဖြစ်စဉ်ကိုတိတိပပသိရှိခဲ့သော ဩစတြေးယားပြည်သူ တောင်သူပျို အီဒါဝိုင်းစင်ဘာချာ၏ မိသားစုကလည်း အကြောင်းအမျိုးမျိုးနှင့်လွတ်မြောက်နေကြသောနာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့ဝင်များရန်ကိုကြောက်ရွံ့သဖြင့် ထိုရတနာသိုက်နှင့် ပတ်သက်သော သတင်းအား အမှောင်ချထားခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် အနောက်ဂျာမနီမှစောင်ရေအများဆုံး ထုတ်ဝေရသည့် ဒိုင်စတန်းမဂ္ဂဇင်းကြီးတွင် နာမည်ကျော်သမိုင်းသုတေသီစာနယ်ဇင်းသမားတစ်ဦးက ဒုတိယကမ္ဘာစစ်ကြီးအတွင်း နာဇီပါတီဒုတိယခေါင်းဆောင်နှင့် အက်(စ်)အက်(စ်)နှင့် ဂက်စတာပိုတပ်ဖွဲ့ခေါင်းဆောင် ဟိန်းရစ်(ချ်)ဟင်းမလားဦးဆောင်သည့် အက်(စ်)အက်(စ်)အဖွဲ့က လျှို့ဝှက်စွာ ဆင်နွှဲခဲ့သည့် ဘန်ဟတ်စစ်ဆင်ရေးနှင့် ထိုအဖွဲ့က ဂျူးလူမျိုးတို့ထံမှသိမ်းယူသွားသော ရတနာရွှေငွေများနှင့် နာဇီဂျာမနီနိုင်ငံတော်ဘဏ်ကြီးမှ နိုင်ငံတော်ဘဏ္ဍာအရံရွှေများကို ၁၉၄၅၊ ဖေဖော်ဝါရီလအတွင်း သိမ်းယူကြ၍ ထိုပစ္စည်းများကို ဩစတြေးယားနိုင်ငံ တောင်တန်းဒေသသို့လျှို့ဝှက်စွာသယ်ဆောင်ယူသွားသည့် အကြောင်းဆောင်းပါးအား အထောက်အထားသဲလွန်စများကိုအခြေခံ၍ ရေးသား ဖော်ပြခဲ့သည်။

ဒိုင်စတန်းမဂ္ဂဇင်းကြီးမှာ အစဉ်အလာကြီးမား၍ ဩဇာတိက္ကမကြီးမားခဲ့သောမဂ္ဂဇင်းကြီးဖြစ်၏။ သို့ဖြစ်၍ ထိုမဂ္ဂဇင်းကြီးတွင် အခန်းဆက်ဆောင်းပါးအဖြစ် ဖော်ပြခဲ့သော အထက်ဖော်ပြပါဆောင်းပါးမှာ နိုင်ငံတကာအား အထူးဂယက်ရိုက်ခဲ့သည်။ ထိုမဂ္ဂဇင်းနှင့်ခေတ်ပြိုင် အနောက်ဂျာမနီနိုင်ငံမှ ထုတ်ဝေခဲ့သော ဒိုင်းစပီဂျယ်မဂ္ဂဇင်းကလည်း အထက်ဖော်ပြပါ နာဇီအက်(စ်)အက်(စ်)တပ်မှူးချုပ် ဟိန်းရစ်(ချ်)ဟင်းမလားလျှို့ဝှက်စွာ စီစဉ်ဆောင်ရွက်ခဲ့သော ဘန်ဟတ်စစ်ဆင်ရေးအကြောင်း ရေးသားဖော်ပြသော ဆောင်းပါးတစ်စောင်ကိုလည်း အထောက်အထား ဓာတ်ပုံသာဓကများနှင့် ဖော်ပြခဲ့၏။ အထက်ဖော်ပြပါ နာဇီဂျာမနီနိုင်ငံတော်ဘဏ်ကြီးမှ ထိန်းသိမ်းထားသော နိုင်ငံတော်ပိုင် အရံရွှေများ၊ ဂျူးလူမျိုးများထံမှ သိမ်းယူထားသော ရတနာရွှေငွေများ အကြောင်းနှင့် နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့နှင့် ဂက်စတာပိုခေါင်းဆောင်ကြီး ဟိန်းရစ်(ချ်)ဟင်းမလား ပြုလုပ်ခဲ့သော ဘန်ဟတ်စစ်ဆင်ရေးအကြောင်းအား ဘီဘီစီရုပ်သံလွှင့်အစီအစဉ်က အထူးအစီအစဉ်အဖြစ် ထုတ်လွှင့်ပေးခဲ့သည်။

ဤနေရာတွင်အလျဉ်းသင့်သဖြင့် ဘန်ဟတ်စစ်ဆင်ရေးအကြောင်းအနည်းငယ်စကားပလ္လင်ခံရန်လိုအပ်လာသည်။ ၁၉၄၂ ခုနှစ်တွင် နာဇီဂျာမန်တို့အဖို့ ဒုတိယကမ္ဘာစစ်ကြီးအားအောင်ပွဲခံရန် သေချာသလောက်ဖြစ်နေ၏။ဗြိတိသျှနှင့် အမေရိကန်ပြည်ထောင်စုတို့ကမူ ကျားကုတ်ကျားခဲခုခံဆဲဖြစ်သည်။ ဤတွင် နာဇီပါတီထိပ်သီးခေါင်းဆောင်ကြီး ဟစ်တလာ၏အကြံပေးချက်အရ အင်္ဂလန်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စုတို့၏ စီးပွားရေးကမောက်ကမဖြစ်စေရန် လျှို့ဝှက်စစ်ဆင်ရေးတစ်ရပ်ဆင်နွှဲရန် အက်(စ်)အက်(စ်)အထူးတပ်ဖွဲ့ခေါင်းဆောင်နှင့်နာဇီချွေးတပ်စခန်းများ (အကျဉ်းစခန်းများ) အုပ်ချုပ်ရေးမှူးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ဟင်းမလားအားတာဝန်ပေးခဲ့သည်။ ဤတွင် ဟင်းမလားသည် အထက်ဖော်ပြပါ စစ်ဆင်ရေးကို ပြုလုပ်ခဲ့၏။ ဟိန်းရစ်(ချ်)ဟင်းမလားသည် ထိုစစ်ဆင်ရေးပြုလုပ်ရန်အတွက် အစီအစဉ်ကို အသေးစိတ်ရေးဆွဲခဲ့သည်။

ထိုစစ်ဆင်ရေး၏ အမိန့်ကဇာတ်ဆောင်မှာ အက်(စ်)အက်(စ်)တပ်ဖွဲ့မှ ဗိုလ်မှူးဘန်ဟတ်ကရုဂျားဆိုသူဖြစ်၏။ သို့ဖြစ်၍ ထိုစစ်ဆင်ရေးအား ဘန်ဟတ်ကရုဂျားဟု ကင်ပွန်းတပ်ခဲ့သည်။ ထိုစစ်ဆင်ရေး၏ အဓိကရည်ရွယ်ချက်မှာ အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း အင်္ဂလန်နိုင်ငံနှင့်အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပျက်ပြားအောင်ထိုးနှက်ရန်ဖြစ်သည်။ ထိုစစ်ဆင်ရေးအရ အမေရိကန် ဒေါ်လာငွေစက္ကူနှင့် ဗြိတိသျှနိုင်ငံသုံးငွေ ပေါင်စတာလင်အတုများပြုလုပ်၍ နည်းလမ်းအမျိုးမျိုးဖြင့် အင်္ဂလန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုတို့အပြင် ၎င်းတို့၏ မဟာမိတ်နိုင်ငံများအတွင်းပို့ဆောင်စေရန်ဖြ သည်။ ဤသို့ ဒေါ်လာငွေစက္ကူအတုများနှင့် ပေါင်စလာလင်အတုများကြော ငွေစက္ကူများဖောင်းပွလာခဲ့ပြီး မဟာမိ တို့အဖို့ စီးပွားရေးအထူးယိမ်းယိုင်သွ ပေလိမ့်မည်ဟု နာဇီတို့ကယူဆထား ထိုစစ်ဆင်ရေးအတွက် အဓိကလိုအ သူများမှာ ပုံနှိပ်လုပ်ငန်းကျွမ်းကျင်သ များ၊ ဘလောက်လုပ်ငန်းအတွေ့အကြ ရင့်ကျက်သူများဖြစ်ရမည်။ ထိုပုဂ္ဂိုလ် အများမှာ ဂျူးလူမျိုးများသာ ဖြစ်သ ထိုစဉ်ကာလက ဂျူးလူမျိုးအများ ဟင်းမလားတာဝန်ယူထားသော တပ်စခန်းများတွင် ရောက်ရှိနေသ ထိုစခန်းများမှ အထက်ဖော်ပြပါ အတတ်ပညာရှင်များအား ရွေး ထုတ်ယူ၍ လျှို့ဝှက်စွာတာဝန်ပေးရ ဖြစ်သည်။

သို့ဖြစ်၍ ချွေးတပ်စခန်းမျာ



www.burmeseclassic.com

www.burmeseclassic.com

ဦးစီးချုပ်ဖြစ်သူ နာဇီအက်(စ်)အက်(စ်) တပ်မှူးချုပ် ဟင်းမလားအား ခေါင်းဆောင်ကြီးဟစ်တလာက တာဝန်ပေးလိုက်ခြင်း ဖြစ်သည်။ ထိုငွေစက္ကူအတုပြုလုပ်ရေးအတွက် ငွေစက္ကူအတုပြုလုပ်ရာတွင် အထူးကျွမ်းကျင်သူ ဂျူးအမျိုးသား (၁၄၀) ခန့် လိုအပ်၏။ သို့ဖြစ်၍ နာဇီဂျာမနီနိုင်ငံနှင့်ဥရောပတိုက်နိုင်ငံအချို့တွင် နာဇီတို့တည်ဆောက်ထားသော ချွေးတပ်စခန်း အရပ်အခေါ် သေမင်းတမန်ငရဲခန်းများတွင် အကျဉ်းသားဖြစ်နေသော ဂျူးလူမျိုးများအတွင်း ရှာပုံတော်ဖွင့်ခဲ့ရ၏။ ထိုအကျဉ်းသားများအား မည်သည့်ကိစ္စဆောင်ရွက်ရမည်ကိုအသိပေးထားခဲ့ခြင်းမပြုဘဲ စနစ်တကျ စုံစမ်းသပ်စိစစ်ရှာဖွေခဲ့ရာ လိုအပ်သောပုံနှိပ်လုပ်ငန်းနှင့် ဘလောက်လုပ်ငန်းတတ်မြောက်သူ (၁၄၀)ကိုခေါ်ယူ၍ ဟင်းမလားကိုယ်တိုင် စစ်ဆေးကြည့်ရှုခဲ့သည်။

ထိုအကျဉ်းသားများအား ဂျာမနီနိုင်ငံ ဘာလင်မြို့တော် ဆင်ခြေဖုံးရှိ ဆတ်ဆင်ဟောဆင် ချွေးတပ်စခန်းတွင် ခေန်းသွင်းခဲ့ပြီး ဗြိတိသျှသုံး ပေါင်စတာလင်ငွေစက္ကူများနှင့် အမေရိကန်ပြည်ထောင်စုသုံး ဒေါ်လာငွေစက္ကူအတုများ ပြုလုပ်ခဲ့ပြီး မဟာမိတ်နိုင်ငံများအတွင်း နည်းလမ်းအမျိုးမျိုးနှင့် ဖြန့်ဖြူးခဲ့သည်။ ဤဘန်ဟတ်စစ်ဆင်ရေးနှင့်ပတ်သက်၍ ဗြိတိသျှအာဏာပိုင်များက သတင်းရရှိသည်နှင့် ပေါင်စတာလင်စက္ကူအသစ်များ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ မှတ်တမ်းများအရ ပေါင်စတာလင်ငွေအတု သန်း (၁၅၀) ဖိုးခန့် ပုံနှိပ်ထုတ်ဝေခဲ့သည်။ သို့သော် အခြေအနေအရပ်ရပ်ကြောင်းတို့ကြောင့် အသင့်ရိုက်ပြီးငွေစက္ကူများကို ဟင်းမလား၏ အက်(စ်)အက်(စ်)တပ်မတော်ဌာနချုပ်တွင် လုံခြုံစွာသိမ်းထားခဲ့သည်။ ထိုစဉ်ကာလက ဟိန်းရစ်(ချ်) ဟင်းမလားမှာ တတိယနာဇီဂျာမနီနိုင်ငံတော်ကြီးတွင် ခေါင်းဆောင်ကြီး ဟစ်တလာပြီးသည့်နောက် အထူးဆန်းဆုံး၊ အသိရအခက်ဆုံး၊ စိတ်ဝင်စားစရာအကောင်းဆုံးပုဂ္ဂိုလ်တစ်ဦးဟု နိုင်ငံတကာမှလူထုကမှတ်ယူထား၏။ သူသည် နာဇီပါတီ၏ဒုတိယခေါင်းဆောင်တတိယဂျာမနီနိုင်ငံ၏ ပြည်ထဲရေးဝန်ကြီး နာဇီပါတီအထူးထောက်လှမ်းရေးတပ်ဖွဲ့ အက်(စ်)အက်(စ်)တပ်မှူး၊ နာဇီစစ်ပုလိပ်၊ စစ်ရဲ (ဂက်စတာပို)တပ်မှူး၊ နာဇီဂမ္ဘီရဗဟုရှိ အကြီးအကဲ ဂျူးလူမျိုးများအား မျိုးတုန်းဖျောက်ပျက်ရေးစီမံကိန်းတာဝန်ခံနှင့် နာဇီသေမင်းတမန်အကျဉ်းစခန်းများ စစ်ဆေးကြပ်မတ်ရေးအဖွဲ့ အကြီးအကဲ တာဝန်ယူထားရရာ ဟင်းမလားဟူသော အမည်ကို ကြားရုံမျှဖြင့် ကျောရိုးစိမ့်အောင်ကြောက်ကြသည်ဟုဆိုသည်။

ဤကဲ့သို့ တတိယဂျာမနီနိုင်ငံတော်ကြီး၏ အထင်ကရပုဂ္ဂိုလ်တစ်ဦးသည် ကျွန်တော်တို့စာဖတ်ပရိသတ်အဖို့ အစိမ်းသက်သက်မဟုတ်ဟုဆိုရမည် ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကွယ်လွန်သူ စာရေးဆရာကြီးလင်းယုန်မောင်မောင် ပြုစုသော ဟစ်တလာစာအုပ်များ၊ အိုက်ခမန်၏ငရဲခန်း အပါအဝင် အခြား တတိယနာဇီဂျာမနီနိုင်ငံနှင့် ပတ်သက်သောစာအုပ်များတွင် ဟင်းမလား၏ အကြောင်း အနည်းငယ်ရေးသားဖော်ပြခဲ့သည်။ အခြားကလောင်အမည်မမှတ်မိသော စာရေးဆရာများကလည်း ဟင်းမလားအကြောင်း တစေ့တစောင်း ဖော်ပြသော ဆောင်းပါးများလည်း ရေးသား ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ဟိန်းရစ်(ချ်)ဟင်းမလား၏ဖခင်မှာ လူချစ်လူခင်များသော ကျောင်းအုပ်ဆရာကြီးဖြစ်ခဲ့ပြီး ဘာသာရေးကိုင်းရှိုင်းသူများ ဖြစ်သည်။ ဟင်းမလားမှာ ထူးထူးခြားခြားဉာဏ်ရည်ထက်သူတစ်ဦးမဟုတ်သော်လည်း ကျောင်းသားဘဝတွင် အရည်အချင်းအတော်အသင့်ကောင်း၍ ကြီးစားခွင့်ရခဲ့သူဖြစ်၏။

နာဇီပါတီအင်အားကောင်းလာသည့် ပထမကမ္ဘာစစ်ပြီးကာလတွင် နာဇီပါတီဝင်တစ်ဦးဖြစ်လာခဲ့သည်သာမက ဂျာမန်မဟာမျိုးနွယ်ဝါဒကို ထူးထူးခြားခြား ယုံကြည်ခဲ့သူဖြစ်၏။ ဤကဲ့သို့ ပုဂ္ဂိုလ်တစ်ဦးသည် ဂျူးလူမျိုး(၁၁)သန်းအား အစုလိုက်အပြုံလိုက်သတ်ဖြတ်ရန် အမိန့်ပေးခဲ့သူဖြစ်သည်သာမက တတိယဂျာမနီနိုင်ငံတော်ကြီး၏ စစ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးကိုပါ ကြီးကိုင်ခဲ့သူတစ်ဦးဖြစ်၏။ သို့ဖြစ်၍ တတိယဂျာမနီနိုင်ငံတော် ပြိုလဲတော့မည့်အချိန်တွင် သူတာဝန်ယူခဲ့ရသော အက်(စ်)အက်(စ်)တပ်ဖွဲ့ဌာနချုပ်နှင့် ဂက်စတာပိုဌာနချုပ်မှရတနာရွှေငွေများ၊ တတိယဂျာမနီနိုင်ငံတော်ဗဟိုဘဏ်မှ အရံရွှေတုံးရွှေချောင်းများ၊ သူတာဝန်ယူခဲ့ရသော ဘန်ဟတ်စစ်ဆင်ရေးမှ ငွေစက္ကူများကို စစ်နိုင်မဟာမိတ်တို့လက်ထဲ ကျရောက်စေခြင်းမရှိအောင် အထက်တွင်ဖော်ပြသည့်အတိုင်း လူအသွားအလာခက်ခဲသည့် ဩစတြီးယားနိုင်ငံတောင်တန်းဒေသ ကျောက်မိုင်းများအနီးရှိ တော်လစ်(ဇ်)ရေအိုင်ကြီးအတွင်း ပစ်ချ၍ ခြေရာဖျောက်ခဲ့သည်။ ဟင်းမလားကိုယ်တိုင် မိမိကိုယ်မိမိ အဆုံးစီရင်ခဲ့၏။

သို့သော် သူ၏ ပျောက်ဆုံးနေသော ရတနာသိုက်အကြောင်း သုတေသီအများက ဖော်ထုတ်ရေးသားကြသောအခါ ဂျာမနီနိုင်ငံနှင့်နိုင်ငံတကာမှ ရတနာသိုက်ရှာဖွေသူများက စိတ်ဝင်စားလာခဲ့သည်။ ပထမဆုံး ထိုသိုက်ကိုရှာဖွေရန်စီစဉ်ခဲ့သူများမှာ အထက်ဖော်ပြပါ ဒိုင်စတန်မဂ္ဂဇင်းတိုက်မှ အယ်ဒီတာအဖွဲ့ဝင်များဖြစ်ကြသည်။ သူတို့၏ နောက်ကွယ်မှ ငွေကြေးထောက်ပံ့သူများအကူအညီနှင့် ကျွမ်းကျင်သော ရေငုပ်သမားများငှားရမ်း၍ တော်လစ်(ဇ်) ရေအိုင်ကြီးအတွင်းရှာဖွေခဲ့ရာ ဗြိတိသျှငွေစက္ကူအတုများပါဝင်သည့် သေတ္တာများ၊ ပုံနှိပ်စက်နှင့် ဘလောက်တုံးများသာတွေ့ရှိသဖြင့် ဆက်လက် ရှာဖွေခဲ့ခြင်း မပြုခဲ့ပေ။

၁၉၆၃ ခုနှစ်တွင်မူ ဩစတြီးယားအစိုးရသည် ခေတ်မီရေငုပ်ကိရိယာများ၊ ရေငုပ်သမားများနှင့် ထိုရေအိုင်ကြီးအတွင်း ဟင်းမလား၏ ပျောက်ဆုံးနေသော ရတနာသိုက်အားရှာဖွေခဲ့ရာ ငွေအတုများ အပါအဝင် အခြားပစ္စည်းများပါဝင်သော သေတ္တာတစ်ဆယ့်ရှစ်လုံးအား ဆယ်ယူရခဲ့သည်ဟုသိရသည်။ ထိုသေတ္တာများအတွင်း မည်သည့်အရာများပါဝင်ခဲ့သည်ကိုမူ ဩစတြီးယားအစိုးရက ထုတ်ဖော်ကြေညာခြင်းမရှိခဲ့ပေ။

၂၀၀၀ ပြည့်နှစ်တွင် အမေရိကန်ပြည်ထောင်စု ရုပ်သံလွှင့်အဖွဲ့သည် ကမ္ဘာ့ဂျူးလူမျိုးအဖွဲ့အစည်း၏ အကူအညီနှင့် အထက်ဖော်ပြပါ ရေအိုင်ကြီးအတွင်းမှ ဟင်းမလား၏ရတနာသိုက်ကိုရှာဖွေရန် စီစဉ်ခဲ့သည်။ ဩစတြီးယားအစိုးရအာဏာပိုင်များကလည်း ခွင့်ပြုခဲ့၏။ ထိုရတနာသိုက်ရှာဖွေရေးအဖွဲ့က မူ ဟင်းမလား၏ ဘန်ဟတ်စစ်ဆင်ရေးအဖွဲ့မှ ရိုက်နှိပ်ထားသော ပေါင်စတာလင်ငွေစက္ကူအတုများသာ တွေ့ရသည်ဟုဆိုသည်။ ယနေ့အထိ နာဇီအက်(စ်)အက်(စ်)တပ်ဖွဲ့မှူးဟင်းမလား၏ ရတနာသိုက်မှာ နိုင်ငံတကာမှ ရတနာသိုက်ရှာဖွေသူများအား စိန်ခေါ်လျက်ရှိပါကြောင်း။

လှမိုး (ပညာရေး)

ကျမ်းကိုး -

*Dazzling Treasures.*

www.burmeseclassic.com

www.burmeseclassic.com

# ဆရာဦးမောင်မောင်သန်း
(ရှင်ဆိုဇအားဖြိုဇဝဿာ၊)

# ပညာရှင်
(အင်္ဂလိပ်ဘာသာမှမှီးငြမ်းဆက်စပ်ရေးသည်)

(ယခင်လမှအဆက်)

အခါမှာ အင်္ဂါအခါဖြစ်၏။

"ဦးလေးကို ကျွန်တော် ဘာမှန်းမသိခင်၊ ဘယ်သူဘယ်ဝါမှန်းမသိခင် ကျွန်တော်တစ်ခုတော့ပြောလိုက်မယ်။ အဲဒါကတော့ ဦးလေးမှာ ငွေကြေးနဲ့ ပတ်သက်တဲ့ကိစ္စရှိနေပြီ၊ ငွေပြဿနာရှိနေပြီ။ ဦးလေးနာမည်ဘယ်လိုခေါ်လဲ"

"ကျင်မောင်ပါ"

"ဩော် - ဦးကျင်မောင်။ ဟုတ်ကဲ့ - ကျင်မောင်ဆိုတော့ တနင်္လာနံဖြစ်ပြီး အခုအခါအလိုအရ အမြစ်မှာရှိပါတယ်။ ဒါဆို ဦးလေးဟာ အမြစ်တို့၊ အခြေတို့ဆိုတဲ့ အခိုင်အမာကိစ္စကိုလုပ်သူဖြစ်ရမယ်။ ဒါမှမဟုတ် ပတ်သက်နေရမယ်"

ထိုဦးလေးသည် ကျွန်ုပ်အားကြည့်နေရင်းမှ ပြုံးလာပြီး ဘေးနားရှိ အဘစိန်ဘက်သို့လှည့်ကြည့်လိုက်၏။ ဘာမှန်းတော့မသိ။ မှန်တယ်လည်းမပြော၊ မှားတယ်လည်းမပြော။ ကျွန်ုပ်ကလည်း သူမည်သည့်အမူအရာပြုနေသည်ဖြစ်စေ၊ ကိုယ့်အလုပ်ကိုယ်ဆက်လုပ်ရန်သာ စိတ်ကူးထားသူဖြစ်သောကြောင့် -

"ကျင်မောင်ဆိုတာ ကျွန်တော်တို့ ပညာနဲ့ပြောရရင် အမြတ်ဆုံးလို့ခေါ်တဲ့ 'က' အက္ခရာ 'ဥပရ' ကနေ အယုတ်ဆုံးလို့ သတ်မှတ်ထားတဲ့ 'မ'အက္ခရာ 'ဟေဌ' ကို လှမ်းမှည့်ထားလို့ သွားရာလမ်းကြောင်းနည်းနည်းဆိုးသွားတယ်။ တော်တော်များများဆုံးဖြတ်ကြရင် မှားတယ်လို့ပြောကြမှာ သေချာတယ်။ ဦးလေးအသားကမည်းနေတယ်လေ။ ကျင်ဆိုတဲ့ 'က' အက္ခရာက ဖြူရင်တော့ ဆန်းဝင်တာပေါ့။ အဲ - လိုက်လျောညီထွေရှိတာပေါ့။ ခုတော့ ကျင်နဲ့ အသားမည်းတာနဲ့ မလိုက်တော့ဘူး။ လိုက်လျောညီထွေမရှိတော့ဘူး။ ဒါကြောင့် ဦးလေးဟာ ပင်ပင်ပန်းပန်းလုပ်ကိုင်စားရမယ့်သူပဲ"

ဤတစ်ကြိမ်တွင် ဦးကျင်မောင်ခေါင်းအကြိမ်ကြိမ်ညိတ်ပြီဖြစ်၏။ ကျွန်ုပ်၏မျက်လုံးတို့မှာ သူ့ဆီမှမခွာ။ 'ငါခြေသုတ်ပုဆိုး မြေစွယ်ကျိုးသဖွယ်သင်ယူခဲ့ရတဲ့ပညာအပေါ် မှာ ငါသစ္စာရှိပြီ။ အဘမျက်နှာကိုထောက်ပြီး အဘသားသမီးတွေလိုနေသူမို့ ငါလျှော့ပြော၍မရ။ ပညာတိုင်းငါပြောလိုက်ပြီ။ သူဘယ်လိုတုံ့ပြန်မည်လဲ' ဟူသောစိတ်ဖြင့် စိုက်ကြည့်နေလိုက်၏။ ထိုသူသည် ဘေးဘိကိုတစ်ချက်ငဲ့ကြည့်လိုက်ပြီး -





www.burmeseclassic.com

www.burmeseclassic.com

"မှန်ပါတယ်၊ လက်သမားပါ။ စောစောက ငါတူ ပထမဆုံးပြောက တည်းက မှန်ပါတယ်။ အမြစ်တို့၊ အခြေတို့၊ အခိုင်အမာတိစွဆိုတာ မှန်ပါတယ်။ ဦးလေးက အိမ်လည်းဆောက်ပါတယ်"

"တာ - အဲဒါဆိုရင် ဦးလေးကို ကျွန်တော်ပြော်စရာရှိလာပြီ။ အဘ၊



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ဆက်ပြောရမလားခင်ဗျာ"

"လူလေးကို အဘပြောတယ်လေ၊ ကိုယ်တတ်တဲ့ပညာနဲ့ ကူညီတယ်ဆိုတာ ဘယ်လောက်ကုသိုလ်ရလဲ"

"ဟုတ်ကဲ့ အဘ၊ ဒါဆိုရင် ဦးလေးကို ကျွန်တော်ပြောမယ်။ ဦးလေးက လက်သမားဆိုလို့ပါ။ ဦးလေးသိသိနဲ့နေတာလား၊ မအားမလပ်သေးလို့ မလုပ်ဖြစ်သေးတာလားတော့မသိဘူး။ လက်သမားဆိုတဲ့ ပညာရှင်ဆိုတာ အိမ်တစ်အိမ်ဆောက်ပြီဆိုတာနဲ့ စီးပွားအတတ်အကျဖြစ်နိုင်ပုံတွေ၊ အကျိုးပြုပုံ၊ ခိုက်ပုံတွေကအစ သိနေမှာသေချာတယ်။ ဦးလေးလည်း ပညာရှင်ပဲလေ။ ဒါမှသာ ကိုယ်ဒီပြင်အိမ်ကိုတာဝန်ယူပြီးဆောက်ရရင် အိမ်ရှင်တွေအပေါ် လုပ်အားသစ္စာစောင့်သိရာရောက်တော့မပေါ့။ ပြီးတော့ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး"

"ကိုယ့်အိမ်ကိုလည်း ကိုယ်တိုင်ဂရုစိုက်ရမယ်၊ သိနေရမယ် ဦးလေး။ ဦးလေးအိမ်ကို ဦးလေးပြန်ကြည့်လိုက်ရင် ကျွန်တော်ပြောတာ သိလောက်ပါပြီ"

"ရပါတယ် ငါ့တူ၊ ပြောပါ"

"ဒီအိမ်ပြန့်ပြင်ထားတာလား"

"အေး - ဟုတ်တယ်"

"ဒီအိမ်ကို ကျွန်တော်စဝင်လာကတည်းက စိတ်ထဲမှာတစ်မျိုးကြီးပဲ၊ မကြိုက်ဘူး"

"ဘာဖြစ်လို့လဲ"

"ဦးလေးအိမ်ကိုဦးလေးပြန်ကြည့်လေ။ မျက်နှာစာရဲ့မျက်နှာစာအပေါ်က ခေါင်မိုးကိုပြန်ကြည့်။ သစ်ဟောင်းတွေ၊ သွပ်ဟောင်းတွေချည်းပဲ။ မျက်နှာစာက သစ်တွေဆို တချို့ဆွေးတောင်နေပြီ။ ပြီးတော့ ဟိုမှာကြည့်၊ ကြမ်းခင်းထားတာ ရှေ့ခြမ်းကကြမ်းတွေက ပျဉ်ဟောင်းတွေ၊ နောက်ခြမ်းကသစ်နေတယ်။ ကျွန်တော်ပြောရရင်တော့ ဦးလေးဆန်းပျက်နေပြီ"

"ဆန်းပျက်တယ်ဆိုတာ ပြောပြပါ ငါ့တူ။ စောစောကပြောတဲ့အထဲမှာလည်း ဆန်းဝင်ဆိုလားကြားလိုက်တယ်။ ဦးလေးနားမလည်လို့ပါ"

"ဩော် - ဆန်းပျက်တယ်ဆိုတာ မဖြစ်သင့်တာတွေ ဖြစ်လာတတ်တဲ့သဘောလို့ လွယ်လွယ်မှတ်ထားလိုက်ပါ။ လိုက်လျောညီထွေမရှိဘူးပေါ့။ အဲဒီအကျိုးဆက်က အိမ်ထောင်ဦးစီးဘုန်းကံကျတာပေါ့။ လုပ်ရကိုင်ရပင်ပန်းပြီး လက်ထဲမှာ ဘယ်တော့မှပိုက်ဆံမရှိဘူး။ ကြွေးတင်မယ်။ ရောဂါထူတတ်တယ်။ ဝင်လာသမျှပိုက်ဆံဟာ အကြောင်းအမျိုးမျိုးနဲ့ကုန်ပြီသာမှတ်။ မိသားစုအတွင်းမှာ စိတ်ဆင်းရဲမှုတွေ ဟိုကဖြစ်လိုက်ဒီကဖြစ်လိုက်ဖြစ်နေတတ်တယ်"

"ဟာ - ဟုတ်ပဟယ်၊ ကြွေးကို ပတ်ချာလည်ဝိုင်းနေတာပဲ။ မှန်လိုက်တာမှဟယ်။ ခုတောင် စရန်ယူထားတဲ့အလုပ်တွေမပြီးသေးလို့၊ ကြာလည်းကြာနေလို့ ပိုင်ရှင်တွေက တရားတောင်စွဲမယ့်သဘောရှိနေပြီ"

အသံရှင်ဆီသို့ မျက်လုံးဝေ့ကြည့်လိုက်၏။ ဘေးမှတအံ့တသြလှမ်းပြောလိုက်သူမှာ အိမ်ရှင်၏ဇနီးဖြစ်ဟန်တူ၏။ ဆံပင်မှာ အမောက်နှစ်ခုကို ဘယ်၊ ညာထားပြီး အမောက်နှစ်ခု၏အလယ်မှာခွဲထား၏။ ပုံမှာ ကွမ်းစားတတ်ပုံရ၏။

"လက်စနဲ့ လူလေးပြုပြင်ပေးလိုက်ပါ"

"ဟုတ်ကဲ့ အဘ၊ ဒီဦးလေးတို့ဘက်က လိုက်နာရင်ပေါ့လေ"

"လိုက်နာမှာပေါ့ ငါ့တူရ။ ရှင်းရှင်းပြောရရင် ဦးလေးတို့က ဘာကိုမှအယုံအကြည်မရှိသလို ခေါင်းမာလွန်းလို့ အဘစိန်က ဘာမှကိုမပြောတာ။ ဘယ်တော့မှလဲ ဘာမှမပြောဘူး။ ငါ့တူပဲ လမ်းညွှန်ပါ"

"လောလောဆယ် ဦးလေးမပြင်ဖြစ်သေးခင်မှာ အိမ်ရှေ့မျက်နှာစာအပေါ်နားလေးမှာ ကြည့်မှန်နှစ်ပေပတ်လည်လောက် ငြိမ်နေအောင်ကပ်ထားပေါ့"

"လုပ်ပါ့မယ်"

"ဦးလေး၊ အဲဒါဆို ဒီအိမ်လေးကို အချိန်ယူပြီးပြန်ပြင်လိုက်ပါ။ ကျွန်တော်ခုနကပြောတဲ့ရှေ့ခြမ်းတွေ၊ ခေါင်မိုးခြမ်းတွေကိုပြင်လိုက်ပါ"

"မရှိရှိတာရှာကြံပြီးဖြစ်အောင်ပြင်ပါ့မယ်"

"အခု အသက်ကဘယ်လောက်ထဲမှာလဲ"

"(၅၄) ထဲမှာပါ။ ပြာသိုဆိုပြည့်ပါပြီ"

"တနင်္လာပဲလား"

"မဟုတ်ပါဘူး၊ တနင်္ဂနွေသားပါ"

တနင်္လာသား (၅၄) နှစ်ဟူသည် ကြာသပတေးသက်ရောက်ဖြစ်နေသောကြောင့် လည်းကောင်း၊ ကောဇာမှာ ၁၃၃၇ ခုနှစ်ဖြစ်နေသောကြောင့်လည်းကောင်း၊ ကျင်မောင် တည်းဟူသော တနင်္လာနာမည်ကိုသာမက တနင်္လာပရိယာယ်ဖြစ်သော ငွေနှင့် တနင်္ဂနွေသား ကျင်မောင်၏ အညွန့်ဂြိုဟ်လည်းဖြစ်သော တနင်္လာနံအား ဆန်းကျမ်းပညာရပ်နှင့်ကြည့်လျှင် 'ပြ'ခွင်ထဲတွင် ကောဇာ၏ မရဏဂြိုဟ် စနေကပ်ထားသည်ကို စိတ်တွက်နှင့်တွက်ရင်း သိလိုက်၏။ သူ့နာမည်သည်လည်း နာမည်ကျော်နိစ်-ပြက်နိမ်နေချေပြီ။

"ဦးလေးအတွေးအခေါ် အယူအဆတွေတော်တော်လွဲနေတယ်။ ကျွန်တော်ပြောတာလုပ်မလား"

"လုပ်ပါ့မယ် တူလေး၊ ဘာလုပ်ရမလဲ"

"ကျီးကို နေ့တိုင်းအစာကျွေးပေတော့"

"ဩော် - ကျီးကန်း"

(ကျီးကိုအစာကျွေးပါဟုဆိုလိုက်သည်နှင့် လူဆယ်ယောက်လျှင် ရှစ်ယောက်ခန့်ပြောတတ်သောစကားဖြစ်ပါသည်။ ကျီးဟု အတိတ်ကောင်းနိမိတ်ကောင်းဖြင့်ပြောသည်ကို ကျီးကန်းဟု သုံးနှုန်းသွားကြသူတွေရှိပါသည်။ 'မဟုတ်ဘူး၊ ကျီးကိုကျွေးရမှာ' ဟုပြောသော်လည်း 'အင်းလေ - ကျီးကန်း' ဟုထပ်ပြောကြသူများရှိ၏။ ထိုသူတို့သည် မည်မျှကျီးကျွေးကျွေး ငွေကြေးကိစ္စတော်တော်နှင့် မပြေလည်တတ်ကြပေ။)

"ကျင်မောင်ကလည်းကွယ်၊ လူလေးက ကျီးပြောနေမှ ကျီးလိုက်ပေါ့၊ ဘယ့်နှယ် ကျီးကန်းရယ်လို့"

"ဟုတ်ကဲ့- ကျီး. . . ကျီး. . . အဲ- လွယ်ပါ့မလား"

"ဦးလေးပဲလုပ်ပါ့မယ်ဆို"

"လူလေး"

"ဗျာ - အဘ"

အဘ၏မျက်နှာမှာ ပုံစံတစ်မျိုး ပြောင်းသွားသလို ကျွန်ုပ်ခံစားလိုက်ရ၏။ အဘသည် မျက်နှာကျွန်ုပ်ဘက်သို့ မလှည့်။ မျက်လုံးလေးနှင့်သာ ထောင့်ကပ်ကြည့်ရင်းငြိမ်နေ၏။ မျက်နှာမှာ မပြုံးချင်သလိုပြုံးချင်သလိုနှင့် -

"အဘပြောမယ်၊ ကျီးအစာ တနင်္လာနံတူ ကြောင်ကိုကျွေးရင်ကော"

"ဒီလိုပါ အဘ၊ ဦးလေး ကိုကျင်မောင်ရဲ့ကံမှာက တနင်္လာကို စနေ ထားပါတယ်။ 'ပြ'ထဲမှာပါ စနေ ကောဇာရဲ့ မရဏစနေကပ်ထားပြီမို့ ဟာ သူတစ်ပါးရဲ့ ငွေကြေးကိစ္စတွေ ပတ်သက်ပြီး ပြဿနာရှိနေပါပြီ။ သူ လို့မရပါဘူး။ ဒီတော့ ထွက်ပေါက်လို ပါပြီ။ သူ့အတွက် ထွက်ပေါက်ဖြ တာကိုကြည့်လိုက်တော့ အဲဒီတနင်္လာ စနေ(၂-၀)ဟာ ဂြိုဟ်ချင်းသဘောမ

www.burmeseclassic.com

ပါဘူး။ ဒါကြောင့် ရိုင်းစိုင်းတဲ့တနင်္လာနံ သတ္တဝါကို အစာကျွေးရပါလိမ့်မယ်။ ပြီးတော့ တနင်္လာကိုပူးတဲ့စနေဟာ မီးဂြိုဟ်ပါ။ ပြီးတော့ အနက်ရောင်သဘောပါ။ ဒါကြောင့် မီးလိုပေါ့ပါးပြီး ဂနာမငြိမ်တဲ့ တနင်္လာနံသတ္တဝါလည်းဖြစ်ရမယ်။ကောဇရဲ့မရဏဂြိုဟ်အရ အနိဋ္ဌနိမိတ်ဆောင်တဲ့ အနက်ရောင်သတ္တဝါလည်းဖြစ်ရမယ်ဆိုတော့ ကျီးကိုပဲကျွေးရမှာပါ အဘ။ ကြောင်ကျွေးလို့မရပါဘူး"

အဘ၏အမူအရာမှာ တစ်မျိုးဖြစ်သွားပြန်၏။ အားရပါးရပြုံးပြီး လေးလေးနက်နက်ထောင်နေရင်းမှ ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ပြီးမှ ရေနွေးကြမ်းငှဲ့သောက်လိုက်ပြီး 'လူလေး-တယ်ဟုတ်ပါလား' ဟူသော စကားကို အသံတိတ်ပြောနေသယောင်ယောင်နှင့် ပြုံးရင်းဆက်ကြည့်နေ၏။

"ကျင်မောင်ရေ၊ လူလေးပြောသလို မင်းကျီးရှာပြီးကျွေးပေတော့။ သေချာလုပ်ရင်တော့ မင်းအဆင်ပြေပြီ။ ဩော် - လူလေး၊ ကျီးမတွေ့တဲ့နေ့မျိုးကျ"

"ကျီးမတွေ့တဲ့နေ့ကျ ခွေးနက်ကိုရှာပြီးကျွေးရင် ရပါတယ်။ (၅၄) ရက်တော့ နေ့တိုင်းမပြတ်ကျွေးမှ ဦးလေးတို့ကျင်မောင် အဆင်ပြေမှာ"

"ငါ့တူ၊ ဟို . . . စောဒကတတ်တာမဟုတ်ပါဘူး။ 'ခ' ချင်းအတူတူ ခိုကျွေးလည်းရလား"

"ဦးလေးပြောတာ တနင်္လာနံမှန်တယ်။ ဒါပေမယ့် သူကမရိုင်းဘူး၊ တောင်းကင်ပျံသတ္တဝါ။ ခွေးကရိုင်းတယ်။ ပြီးတော့ အနိဋ္ဌသဘောပြောရရင် သူကဘာစားလဲ"

"ဟာ - သဘောပေါက်သွားပါပြီတူလေး"

ထို့နောက် ကျွန်ုပ်သည် ကိုကျင်အောင်တို့အိမ်တွင်ရှိနေသောပုဂ္ဂိုလ်များအားလုံးကို အဘ၏စေခိုင်းချက်အရ ခေါ်ဒင်ဟောရ၏။ ကျွန်ုပ်ကလည်း အမည်နှင့်ဆိုင်သောပညာများကို ဒိုးခနဲဒေါက်ခနဲနေအောင်ပြောရင်းဟော၏။ ကိုကျင်မောင်၏တူ ကျော်ဆင့်ကို ဒဏ်ရာကြီးကြီးရထားသည်။ ခွဲစိတ်ခြင်း ဒါမှမဟုတ် ချုပ်ထားရခြင်းဖြစ်မည်ဟုပြောလိုက်လေရာ ကျော်ဆင့်သည် ကျွန်ုပ်အား ခေါင်းငုံ့ပြ၍ ဆံပင်များကို လက်ဖြင့်ဖက်နှင့်ခွဲပြ၏။ ဆံပင်နှစ်ခုခွဲပြသောကြားဦးရေပြားတွင် ဒဏ်ရာကြီးမှာလက်လေးလုံးခန့်ရှိ၏။ သူများအရိုက်ခံရ၍ကွဲခဲ့ကြောင်းပြော၏။ သူ၏စကားအဆုံး အခြားသူများပါ ကျွန်ုပ်၏အနားသို့ ဝိုင်းလာတော့လေရာ ကျွန်ုပ်မှာမပြောမဖြစ်ပြောရတော့၏။

ကျော်ဆင့်ကို ပြောလိုက်ချိန်တွင် ကျွန်ုပ်အားပြုံးပြပြီး မျက်ခုံးတစ်ချက်ပင့်ပြ၍ ခေါင်းညိတ်လိုက်သောအဘကို ကြည့်ရင်း ကျွန်ုပ်မှာအားတွေတက်သွားတော့၏။ ကျွန်ုပ်လည်း အင်္ဂဝိဇ္ဇာ၊ ဆန်းကျမ်းစုံအောင်ဟောတော့၏။ အဘက တစ်ခွန်းမှဝင်မထောက်။ ဝင်မစပ်စု။ ကျွန်ုပ်ဟောလိုက်၍လွဲသွားသောတစ်ခွန်းတလေကိုပင်ဝင်မပြော။ ကျေနပ်စွာဖြင့် ငြိမ်နေ၏။

ထိုနေ့မှစ၍ နောက်ပိုင်း -

အဘနှင့်သားလိုသမီးလိုနေကြသူများထံသို့ ကျွန်ုပ်ရောက်ရပါတော့သည်။

တစ်နေ့ -

အသားအလွန်မည်းလှသောဦးဖြူလေးတို့အိမ်တွင် အဘရော ကျွန်ုပ်ပါ ထိုမိသားစုနှင့်စကားထိုင်ပြောနေစဉ် -

"ဟဲ့ - လုပ်ပါဦး၊ လုပ်ပါဦး"

မီးဖိုခန်းလေးတွင်းမှအော်သံနှင့်အတူ အမျိုးသမီးတစ်ဦး ကလေးချီရင်းပြေးထွက်လာ၏။ ကလေးမှာ ပါးစပ်ဟလိုက်၊ ပိတ်လိုက် တဟပ်ဟပ်ဖြစ်နေ၏။ ထိုအမျိုးသမီးလက်မှာရော ကလေး၏ပါးစပ်နားတစ်ဝိုက်မှာပါ ထမင်းလုံးများ၊ ဟင်းအဆီများပေကျံနေလေရာ -

"အရိုးစူးတယ်နဲ့တူတယ် အဘ"

"ဟုတ်တယ်၊ ဟုတ်တယ်"

ကလေးချီလာသော အမျိုးသမီးမှာ ငိုမဲ့မဲ့နှင့်အော်ပြောနေ၏။ အဘက ငါးပိရည်အိုးယူခဲ့ဟု ချက်ချင်းခိုင်းလိုက်သောကြောင့် အခြားတစ်ယောက်က ငါးပိရည်အိုးပြေးယူ၏။ အဘသည် သူ့ရှေ့ရောက်လာသော ငါးပိရည်အိုးအဖုံးကိုကိုင်၍ အရိုးစူးနေသောကလေး၏ခေါင်းပေါ်သို့ လက်ပြန်ပက်လက်လှန်တင်လိုက်ပြီး 'ဦ - ကာကျသွားဟ' ဟု ခပ်ကျယ်ကျယ် (၇) ခေါက် ရွတ်လိုက်၏။ အတန်ကြာအောင်ငြိမ်နေပြီးမှ အဖုံးကို ပြန်ချကာ အိုးပေါ်ပြန်တင်လိုက်၏။ ကျွန်ုပ်လည်း အထူးအဆန်းမြင်နေသောကြောင့် မျက်တောင်မခတ်ကြည့်နေရင်းကြည့်နေရင်း ကလေးမှာ ခွပ်ခနဲတစ်ချက်ချောင်းဆိုးလိုက်ပြီး လက်တစ်ဆစ်ခန့်ငါးရိုးကြီး တံတွေးများနှင့်ရောထွေးထွက်လာပါတော့သည်။

"နင်တို့ဟယ် ကလေးကို ထမင်းခွံ့တာများ လက်လေးနဲ့ဖျစ်ညှစ်ကြည့်ပါလားလို့ တကတဲ"

ဤတစ်ကြိမ်တော့ အဘမျက်နှာကို စေ့စေ့ကြည့်၍ ပြုံးနေမိသူမှာ ကျွန်ုပ်ဖြစ်လာ၏။ မမြင်ဘူးပါ။ ကျွန်ုပ်အထင် သုံးမိနစ်ပင်မပြည့်ပါ။ တစ်မိနစ်ကျော်ကျော်လေးနှင့် လည်ချောင်းထဲမှ ငါးအရိုးထွက်ကျလာသောပညာကို နှလုံးသားထဲဝယ် စွဲနေအောင်မှတ်သားထားလိုက်ပါတော့သည်။

"အဘ"

"ဟေ"

"ဟိုနေ့က ကိုဖြူလေးတို့အိမ်မှာ အရိုးစူးသွားတဲ့ကလေးကို အဘစလောင်းဖုံးလက်ပြန်တင်ပြီးမန်းချလိုက်တာ အဲဒါကျွန်တော်အရမ်းသဘောကျသွားလို့ ကျွန်တော်မှတ်ထားလိုက်တယ် အဘ"

"အေးလေ-မှတ်ထားလေ၊ ဦ-ကာကျသွားဟ အသက်အောင့် (၇) ခါမန်းတာ မှတ်ထားလေ"

"ဟို - အဘကိုမပြောဘဲ အဘပညာကို စိတ်ထဲကမှတ်ထားမိတာ ပညာပညာခိုးသလိုဖြစ်မှာစိုးလို့ ခွင့်တောင်းတာပါ အဘ"

"အမယ် - လူလေးနှယ် ပြောစရာလား၊ မင်းနဲ့ငါကြားမှာ"

"ဟုတ်ကဲ့ အဘ၊ အဲဒီပညာအတွက် အဘကို ရိုသေစွာကန်တော့ပါတယ်ခင်ဗျာ"

ပြောပြောဆိုဆိုနှင့် အဘ၏ဒူးခေါင်းအား ဦးခေါင်းနှင့်ထိ၍ကန်တော့လိုက်ရာ အဘက သာဓုခေါ်ပြီး ကျောလေးပွတ်ပေးရင်းဆုပေး၏။

"အေး၊ အေး- လူလေး ဆင်းရဲနဲ့ ငရဲကင်းပါစေကွယ်"

ဒိတ်ခနဲဖြစ်သွား၏။

ထိုဆုပေးမှာ ကျွန်ုပ်၏ ဆရာသခင်ပေးနေကျဆု ဖြစ်၏။ 'အင်း - ဆရာနဲ့ အဘနဲ့ တစ်ဆရာတည်းသင်ခဲ့ကြတော့ ဆုပေးတွေပါ တချို့တူနေပါလား' ဟု တွေးရင်း ပီတိဖြစ်နေပါတော့သည်။

"မှတ်ထား လူလေး၊ လူလေး အဘနောက် တကောက်ကောက်လျှောက်လိုက်မယ်လုပ်တော့ အဘအကျင့်တွေကျင့်ခိုင်းခဲ့တာ အဲဒါပဲ"

"ဟုတ်ကဲ့"

"လူဆိုတာ စွမ်းအောင်ကျင့်ထားရတယ် လူလေးရဲ့"

'ဟာ - ဆရာပြောနေကျစကားတွေပါလား'

ဟု ဆရာ့ကိုပြေးသတိရမိပြန်၏။

"လူမစွမ်းရင် အလကားပဲ စာအုပ်ထဲကပညာ ကိုယ့်ပညာမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

တာ။ စာအုပ်ထဲမှာတွေ့တဲ့ဂါထာတွေကိုရွတ်ရုံနဲ့ စွမ်းမယ်ဆိုရင် လူတိုင်းစွမ်းကုန်ပြီပေါ့ကွယ်၊ မဟုတ်ဘူးလား"

"ဟုတ်တဲ့"

"စာအုပ်ထဲမှာတွေ့ရောဆိုပါတော့၊ 'ဦ - သထုံရာဇာ ထုံရာဇာ အထုံမပြေခံပါလေ' ဆိုတဲ့ဂါထာမင်းတွေ့ဖူးလား"

"ကြားတောင် မကြားဖူးပါဘူး အဘ"

"အေး - အဲဒါတကယ့်ဂါထာကြီးပဲ၊ တကယ်စွမ်းတယ်။ အဘရဲ့ဦးကြီးတစ်ယောက်ဟာ သူ့အိမ်ကို မားပြတိုက်တာ သူ့ကို အိမ်ပေါ်ကဆွဲချပြီး ငှက်ကြီးတောင်နဲ့ ဖက်ကိုပိုင်းတာ မားသွားလိပ်သွားတယ်"

"ဟာ"

"ကြာတော့ ဘယ်လိုမှခုတ်မရလို့ မားပြလည်းကြောက်လန့်ပြီး ထွက်ကိုပြေးတော့တာပဲ။ ဦးကြီးက အဲဒီဂါထာကို တောက်လျှောက်ရွတ်နေတာကွယ့်။ သူက အဲဒီလို မားပြတိုက်မှရွတ်တာမဟုတ်ဘူး။ နေ့တိုင်း ည (၇) ခေါက်၊ မနက် (၇) ခေါက်ရွတ်ရွတ်လာတော့ နှစ်တွေကြာလာတော့ထုံနေပြီပေါ့"

"တကယ်စွမ်းတယ်နော်၊ ကျွန်တော်တောင်ရွတ်ချင်လာပြီ"

"ထုံတော့ထားပေါ့၊ အဘသင်ပေးမယ်"

ကျွန်ုပ်နှင့် အဘသည် -

ကျိုက္ကဆံဘုရားမှ လမ်းလျှောက်လျှင် (၁၀) မိနစ်ခန့်လျှောက်ရသော ကျောက်စာတောင် (ကျောက်စာတိုင်) ဘုရားသို့ မကြာခဏသွားလေ့ရှိ၏။ ကျောက်စာတောင်ဘုရားတွင် စေတီ(၃)ဆူရှိပြီး အလွန်သပ္ပာယ်လှ၏။ ထူးဆန်းသော ဂမ္ဘီရများနှင့်နွယ်နေသည့်ပုံများ စေတီများတွင် တွေ့ရ၏။ နားတော့မလည်ပါ။ အဘကိုမေးကြည့်သော်လည်း အဘက သူလည်း မပြောနိုင်ဟု ဆို၏။

ထိုစေတီသုံးဆူသို့ ရောက်လျှင် အဘက တစ်ဆူချင်းကို သေချာရှိခိုး၏။ ပြီးမှ တတိယမြောက်စေတီ၏ခြေရင်း ရင်ပြင်တွင်ထိုင်ရင်း ကျွန်ုပ်ကို ဗဟုသုတများပြောပြတတ်၏။

တစ်ခါတစ်ခါ ရုပ်ပွားတော်မြတ်ကြီးများ ကိန်းဝပ် စံပယ်တော်မူရာ တန်ဆောင်းကြီးအတွင်းဝင်၍ ကြာရှည်စွာ ဘုရားဝတ်ပြုပြီး ဗဟုသုတများပြော၏။

တစ်ခါတစ်ခါ ယက္ခမယ်တော်ကြီးပုံတော်ဘေးတွင်ထိုင်၍ နှစ်ယောက်သား စကားစမြည်ပြော၏။

"လူလေး"

"ဗျာ - အဘ"

"ဒီကျောက်စာတော်ဘုရားထဲကို ဝင်လာတော့ လူတစ်ယောက်ကို သတိထားမိလား"

"ဟို - အင်္ကျီမပါဘဲ ဘောင်းဘီတိုဒူးလောက်အမည်းကြီးနဲ့"

"အေး၊ အေး"

"ဘာဖြစ်လို့လဲ အဘ"

"သူက အစက လူကောင်းကွယ့်။ ဒီကျောက်စာတောင်ဘုရားမှာလာပြီး အင်းတွေချ၊ ဖနောင့်တွေပေါက်နဲ့"

"ဟာ - ဘာလုပ်တာလဲ အဘ"

"သူ့ဟာသူ သူ့အတွက် လာစီရင်တာနေမှာပေါ့။ ဒီမှာက ပုဂ္ဂိုလ်ထူးတွေစောင့်ရှောက်တာကလား။ ဘယ်ရမလဲ၊ ခဏခဏလာလာလုပ်ရင်း အဲဒီလိုသွက်သွက်ခါအောင်ရူးသွားတော့တာပဲ"

"ဩော်"

"အင်းချလို့ရပါတယ်၊ ဒီမှာဝိဇ္ဇာပုံတော်တွေရှိနေတာပဲ။ သိဒ္ဓိတင်လို့လည်း အင်မတန်မှထူးပါတယ်။ သူကဘာအင်းတွေဘယ်လိုလာလုပ်လဲမှမသိဘဲ။ ပြီးတော့ ဖနောင့်တဒုန်းဒုန်းပေါက်နေတာတွေက သူ့အတွက်ပိုဆိုးသွားတယ်။ သူဟာ စိတ်မနှံ့ဖို့အကြောင်းတွေရှိကောင်းရှိမှာပေါ့။ ဒီမှာဒီလိုတွေလာလုပ်တော့ သူ့အတွက်ကံတွေညှိုးမှိန်သွားပြီး ခပ်မြန်မြန်ထိခိုက်သွားတာနေမှာပေါ့။အင်မတန်မှတန်ခိုးကြီးတယ်။ အစောင့်အရှောက်တွေနည်းမှတ်လို့။ ဒီမှာကျောက်စာထက်အက္ခရာတင်ထားတဲ့ ပါဠိတော်တွေက နှယ်နှယ်ရရမှမဟုတ်တာ၊ မမှန်မကန်လာလုပ်လို့ဘယ်ရမလဲ"

"ဩော် - ဒါကြောင့် ဒီဘုရားမုခ်ဝ ရောက်တာနဲ့ အဘဘာစကားမှမပြောတော့ဘဲ မေတ္တာသုတ်တောက်လျှောက်ရွတ်ပြီး မေတ္တာတွေပို့၊ အမျှတွေဝေနေတာကိုး"

"အေး - သိုက်နန်းရှင်တွေလည်း ရှိကြတယ်လေ။ အမျှဝေရတာပေါ့၊ မေတ္တာအထူးပို့ရတာပေါ့။ မမြင်ရတဲ့ ပုဂ္ဂိုလ်တွေအများကြီးဘဲ"

အဘသည် ပြောရင်းနှင့် သီလခံယူပြီး ဘုရားဝတ်ပြုတော့၏။ အဘ ဘုရားဝတ်ပြု၊ မေတ္တာပို့၊ တရားရှုမှတ်လျှင်ကြာတတ်လေရာ ကျွန်ုပ်လည်း မေတ္တသုတ်များစွာရွတ်ရင်း အရဟံဗုဒ္ဓေါ ရှုမှတ်လေတော့၏။

"ညောင်းလား အဘ၊ ကျွန်တော် နှိပ်ပေးမယ်လေ"

"ရတယ်၊ မလိုဘူး လူလေး"

အဘသည် ခြေနှစ်ဖက်ကို ခပ်မျှောမျှောလေးဆင်း၍ အညောင်းဆန့်လိုက်ပြီး တင်ပျဉ်ခွေပြန်ထိုင်ကာ ကျွန်ုပ်ကို အာလာပသလ္လာပများပြောပြ၏။

"အဘ၊ အဘပြောတဲ့သူဟာ မားပြက မားနဲ့ခုတ်တာ ငှက်ကြီးတောင်မား သွားတွေပါ လိပ်တက်သွားတာတော့ ဟုတ်ပါပြီ။ ကျွန်တော်လည်း ဒီဂါထာ တော့ရပြီ။ အဲလိုမဟုတ်ဘဲနဲ့ ရင်ဆိုင်ကြ ရတာမဟုတ်ဘဲနဲ့ ရန်သူနဲ့လွဲသွားတာမျိုး ရန်သူကမမြင်တာမျိုးတွေလည်းရှိလား အဘ"

"ရှိတာပေါ့။ ဦ - ရှေ့က ဘုရား နောက်က ရဟန္တာ၊ ဂုရုကာဆရာတာ ကွယ်ဆရာကွယ်၊ ဦ - ရှေ့က ရဟန္တာ နောက်က ဘုရား၊ ဂုရုကာ့ဆရာတာ ကွယ် ဆရာကွယ်ဆိုရင် ဘယ်တွေ့တော့ မလဲ ရန်သူက"

"ဟာ - အဲဒါ စိတ်ဝင်စားစရာ နော် အဘ"

"အေး - မှန်မှန်ကန်ကန်ရွတ်ရင် တော့စွမ်းတာပေါ့"

"ဘယ်လိုမှန်မှန်ကန်ကန်လဲအဘ"

"ပမာကွယ်၊ လူတစ်ယောက် အိမ်ကိုဝင်ပြီးပစ္စည်းတွေဘာတွေခိုးမ ဆိုပါတော့။ သူ့ကို လူမမြင်အောင် အဲ ရွတ်လိုက်တော့ မရဘူးပေါ့။ လူ ယောက်ကိုသွားပြီးရိုက်မယ်နှက်မယ် ပါတော့။ ဒါမျိုးဆိုရင်လည်းရွတ်သွား မစွမ်းဘူး။ မဟုတ်တာလုပ်ရင်မစွမ်းဘူး"

"ဩော် - အဲလိုလည်းရှိသေး ကိုး"

"ရှိတာပေါ့ လူလေးရဲ့၊ နွားမ ဝှက်ဂါထာဆို အတော်စွမ်းသားက အဘလက်တွေ့ပဲ။ အဘတို့ ကာလ ဘဝက ဟိုဘက်ရွာနဲ့ ဒီဘက်ရွာ လှည့်ရင်း အချင်းများကြရော။ ရိုက်ကြနှက်ကြပေါ့ လူငယ်တွေကိုး မှာ အဘကလည်း အဘသူငယ် ဖိုးထောင်ဆိုတာနဲ့လိုက်သွားတာ ဖြစ်တော့မယ်ဆိုတာကြိုသိတော့ ကလည်း လက်မလေးခေါက်ပြီး လေးချောင်းနဲ့ဆုပ်ထားပြီး နွားမ ဝှက်ကိုရွတ်နေတာပေါ့။ ကြော လည်းကြောက်ကိုး။ အမယ် - မင်းကြီးသားတွေက မမြင်ဘူး။ အ ရန်ဖြစ်နေတဲ့အလယ်နားရောက်နေ အဘကို ဘယ်သူမှမမြင်သလိုဘဲ လည်းမရိုက်ဘူး။ ကြည့်ရုံပဲကြည့် လှည့်လှည့်သွားကြတယ်"

"ဟာ - စွမ်းတာပဲနော်"

www.burmeseclassic.com

"အေး - ဘယ် ဦး - ဂေါဏ ပုတ္တနေ စရံ ဘယ် နတ္ထိ သွားဟ ဆိုလိုက်တာနဲ့လုံပြီပဲ။ အဲဒါနွားမသားဗုက်ဂါထာပေါ်တယ်။ နွားမကြီးဟာ အစာရှာသွားခိုက် သူ့သားလေးကို ဘယ်သူမှမမြင်အောင်ဝှက်တာလို့အဆိုရှိကြတယ်"

"ဪ - ခုမှကြားဖူးတယ်"

"သင်ပေးမှာပေါ့ လူလေးကို၊ လူလေးတတ်ထားသင့်တာပေါ့။ လူလေးကစာအုပ်ဖတ်ပြီးလေ့လာခဲ့တယ်ဆိုပေမယ့်စာအုပ်ဖတ်ပြီးတတ်ထားပုံနဲ့မတူအောင်တိုတတ်တာကလား။ အဘကြည့်ကြည့်နေတယ်၊ လူတစ်ယောက်ကိုဟောတော့မယ်ဆိုရင် လူလေးကထောင့်စေ့အောင်အကဲခတ်တာတွေ၊ နာမည်ကိုသုံးသပ်တာတွေ အဘအတော်သဘောကျတယ်"

"ဟုတ်ကဲ့ - အဘ၊ ဆရာတွေထိုင်ဆိုင်ပြောကြတဲ့ပညာစကားဝိုင်းတွေမှာလည်း ကျွန်တော်ခပ်လှမ်းလှမ်းလေးကနားထောင်ပြီး မှတ်သားဖို့ ဉာဏ်မှီရင်မှတ်သားပါတယ်။ ဉာဏ်မမှီတာမျိုးဆိုရင်တော့ ဒီတိုင်းပဲ နားထောင်ကောင်းကောင်းနဲ့ပဲ နားထောင်ပါတယ်"

"လူလေးက ဝါသနာအတော်ကြီးသတိုး"

အဘသည် ခေါင်းလေးတညိတ်ညိတ်နှင့်လုပ်နေရင်းမှ အတော်တိတ်ဆိတ်သွားပြန်၏။ ကျွန်ုပ်ထင်ပါသည်။ 'ဪ-လူလေးခမျာဒါလောက်ဝါသနာကြီးတာတောင် ဆရာကောင်းကောင်းနဲ့ သေင်ရှာဘူး' ဟု စဉ်းစားနေပုံရ၏။

"အေး၊ အေး - လူလေးက ဆန်းဝင်ဆန်းကျင်တွေ၊ ကဋ္ဌ၊ အနိဋ္ဌတွေပြောသိုပါ။ အဘထပ်ပြောပြမယ်။

အနိဋ္ဌနိမိတ်ဆိုတာ လက်ဝဲဘက်မှာတွေ့ရင် ကောင်းတယ်၊ ဘယ်ဘက်ပေါ့ကွ။ ညာဘက်မှာတွေ့ရင်မကောင်းဘူး။

လက်ဝဲဘက်ကတွေ့ပြီး လက်ယာဘက်တွေ့ပြန်ရင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက်။

လက်ယာဘက်ကတွေ့ပြီး လက်ဝဲဘက် နောက်ထပ်ပြန်တွေ့ရင် အဆိုးတစ်ခုခုကြုံပြီးမှ ကောင်းမယ်။ မှတ်ထားလူလေး"

"ဟုတ်ကဲ့ အဘ"

"ကဋ္ဌနိမိတ်ကျတော့ တစ်မျိုး။ လက်ယာဘက်မှာတွေ့ရင်ကောင်းတယ်။ လက်ဝဲဘက်မှာဆိုမကောင်းဘူး။ လက်ယာဘက်မှာတွေ့ပြီး လက်ဝဲဘက်မှာတွေ့ရင် ကောင်းတစ်ဝက်၊ဆိုးတစ်ဝက်။ လက်ဝဲဘက်မှာတွေ့ပြီး လက်ယာဘက်ထပ်တွေ့ပြန်ရင် အဆိုးကြုံပြီးမှ ကောင်းမယ်။

ဒီတော့ ဘာလုပ်ရမလဲ။ ဖြေဆေးဆိုတာသိရမယ်။ အဲဒီလိုများအနိဋ္ဌနိမိတ်တွေ့ခဲ့ရင် ခြေစုံရပ်၊ အနောက်ဘက်ကိုနောက်ပြန်သုံးလှမ်းဆုတ်၊ ပြီးမှဆက်သွား။ တွေ့တွေ့ချင်းလုပ်၊ ဒါဖြေဆေးပဲ"

"ဟုတ်ကဲ့ပါ အဘ"

"အေး - လူလေးက ဝါသနာကြီးလို့ အဘကသင်ပေးတာပါ။ လူလေးကကဋ္ဌ၊ အနိဋ္ဌသိပ်ကြည့်တတ်လေ"

"ဟုတ်ကဲ့"

"တို့များသင်ခဲ့ရစဉ်က ကလေးလိုအံ့ရတယ်ကွယ့်။ ငှက်ကြွမ်းမြည်သံ၊ ခိုက်ရန်ဆဲဆို၊ ငြိုငြင်ညည်းညူ၊ ပူဆူပြင်းထန်ကြားရပြန်၊ ပျက်ရန်နိမိတ်များဆိုတာအခါအခါအံ့ရတယ်။ ဒါနိမိတ်ကောက်ရင် အနိဋ္ဌပေါ့"

"ဟုတ်ကဲ့ အဘ"

"တစ်ခါတစ်ခါ တိုင်မှာမကောင်းတာပြပေမယ့် ဘေးနားမှာကြားလိုက်ရတဲ့အသံက နိမိတ်ကောင်းနေရင် အဲဒီကာယကံရှင်ကို အကောင်းပဲပြောရတာတွေရှိတယ်။ တကယ်လည်း ကောင်းသွားတာပဲ"

(ဤပညာခန်းများကို ဒေါင်းဒေါင်းပြေး(ကြောင်းကြောင်းပြေး)အောင် ဆရာသခင်သင်ကြားပေးလိုက်ပြီးဖြစ်ပါသည်။ သို့သော် ဤမျှအထိ သင်ယူခဲ့မှန်းကို သိသိပ်စွာဖြင့်ငြိမ်ရင်း၊ နားထောင်ရင်းဘာမှမတတ်သည်သို့နှယ် အဘမျက်နှာအားကြည့်၍ ငေးမောနေခဲ့ပါသည်။)

အဘနှင့်သွားအတူလာအတူနေလိုက်၊ ညနေစောင်းလျှင် လမ်းခွဲလာပြီးပြန်လိုက်နှင့် ဗဟုသုတများအတော်ရ၏။ မကြားဘူးသောပညာများလည်းရ၏။ အဲဘက ဆရာနှင့်မတူ။ ပညာအကြောင်းများပြောပြလျှင် လက်ာများနှင့် ဝေဝေဆာဆာပြောတတ်၏။ ဆရာက လက်ာမပြော၊ ဒွံပြော၏။

ကျွန်ုပ်လည်း အဘထံသို့ နေ့စဉ်ရက်ဆက်ရောက်သည်လည်းရှိ၏။ နှစ်ရက်၊ သုံးရက်ကွာသွားသည်လည်းရှိ၏။ အထည်ကိစ္စရှိလျှင် လေဟာပြင်ဈေးပြေးရသေး၏။

"သားလေး"

"ဗျာ"

"သားဘယ်သွားသွားနေတာလဲ၊ နေ့ခင်းဘက်ဆိုတာနဲ့"

"အမေကလည်း သားပြောထားတယ်လေ၊ ဆရာခိုင်းထားတာလေ၊ သားသွားသွားနေရတာ"

"ဪ - သိပြီ၊ ချဉ်းကပ်ရတာမလွယ်ဘူးဆိုတာလား"

"ဟုတ်တယ် အမေ၊ ခုတော့ရင်းနှီးစပြုလာပြီ။ အဘက သားကိုခင်လာပြီ"

"အဘဆိုတာ"

"အဘဆိုတာ အဘစိန်ပဲလေ၊ အဲဒီသားသွားပြီးနီးစပ်အောင်လုပ်နေရတဲ့ဆရာ့သူငယ်ချင်း၊ ဆရာနဲ့သင်ဖော်သင်ဖက်"

"ဟာ - ဒါဆို အဲဒီအဘလည်းအတော်တတ်မှာပဲ"

"ခုထိဘာကိုမှမဟတာအမေရေ။ ပြောတာက တခြားဂါထာတို့၊ မန္တန်တို့အဲဒါတွေပဲ။ ဒီပြင်ဗဟုသုတတွေပေါ့။ ပညာအကြောင်းကို သူဘာမှမပြောဘဲသားအပြောတွေကိုပဲအကဲခတ်နေတယ်ခုထိ"

"ဪ - အေးအေး၊ သားရည်ရွယ်ချက်က ဒီတိုင်းဆိုပြည့်လာမှာပါ။ သားကလည်း သူများချစ်အောင်ခင်အောင်နေတတ်တာ အမေသိတယ်လေ"

"ဟုတ်ကဲ့ပါ"

နောက်နေ့တွင် အမေသည် သူ၏မောင်ဝမ်းကွဲထံ ကျွန်ုပ်နှင့်အတူအလည်သွား၏။ သွားချင်လွန်းသည်ဟု မကြာခဏပူဆာလွန်း၍လိုက်ပို့ပေးရခြင်းဖြစ်သည်။

သူ၏မောင်ဝမ်းကွဲမှာ ဦးကျော်လှိုင်ဟုအမည်ရပြီး မိုးကြိုးရပ်ကွက်တွင်နေထိုင်သူဖြစ်၏။ လူမှာ ဝလွန်း၍ တော်ရုံနှင့် ဘယ်မှမသွားတတ်။ ဘေးနားမှာကွမ်းအစ်ကြီးချထားပြီး တစ်ယာပြီးတစ်ယာတစွတ်စွတ်စားနေတတ်သူ ဖြစ်၏။

"မမငွေသိန်း၊ ဒီကောင့်ပုံကိုကြည့်စမ်း"

"ဘာဖြစ်လို့လဲ ကျော်လှိုင်"

"ဖိုးညဏ်နဲ့မတူဘူးလား"

"ဟဲ့ - ငါ့သားကိုများ"

"ဟုတ်တယ် မမသိန်းရဲ့၊ သေချာကြည့် သူနေပုံထိုင်ပုံ၊ ပြုံးပုံက။ ဟော့ကောင်ငါ့တူ၊ မင်းလက်သီးတွေဘာတွေထိုးတတ်လား"

"ဟဲ့ - နင့်တူက ကရာတေးသင်တန်းတွေတောင်ဖွင့်နေတာဟဲ့။ စုံတယ်၊ စုံတယ် ကစားတာ"

"ဟာ - ခါလာတေး၊ ကောင်းတာပေါ့။ အဲ-မမငွေသိန်း-ကြည့်၊ ကျွန်တော်ပြောတာမဖြစ်နိုင်ဘူးလား၊ ဖိုးညဏ်ဝင်စားတာ။ ခုဖဲ ကိုယ်ခံပညာတွေ ဒါလောက်ကစားနေပြီ။ ဟော့ကောင့်၊ မင်းခါးရလား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ - ရတယ်။ တုတ်ကြမ်း၊ ဓားကြမ်းခုတ်ပါတယ်"

ဦးလေးသည် အလွန်ဝလွန်း၍ ပွံ့ပွံ့ကြီးထိုင်နေသော သူ၏ ပေါင်ကြီးအား ဖျတ်ခနဲပုတ်လိုက်ပြီး -

"ကဲ - ဟုတ်ပြီကွာ၊ မင်းဖိုးညဏ်ပဲ"

အမေက ကျွန်ုပ်ကို သေချာပြုံးကြည့်နေ၏။ ပြီးမှ -

"အေး - မမသိန်းလည်း သိသင့်သလောက်သိနေပါတယ်။အဘိုးလေးက မမသိန်းကိုချီလာရတာလေ။ ကိုကျော်နဲ့ အိမ်ထောင်ကျတော့လည်း မမသိန်းရှိတဲ့ဆီလိုက်လိုက်နေတယ်"

"ငါ့တူ၊ မင်းဖိုးညဏ်ဆိုတာကြားဖူးလား"

"မကြားဖူးဘူး"

"အေး - မင်းလိုပဲဖြူဖြူနွဲ့နွဲ့၊ အဲလိုပဲ ပြုံးပြုံးပြုံးပြုံးနဲ့ ကြည့်လိုက်ရင်ဘာမှ မတတ်သလိုဘဲ ဇာကယ့်လူအေး။ ဟား- တပည့်တွေအများကြီးကွ။ ဘုရားပွဲများရှိပြီဆိုရင် သူ့တပည့်တွေစုလာတော့တာပဲ။ လူမိုက်တွေ၊ လူမိုက်တွေ၊ အင်းတွေဆေးတွေနဲ့ချည်းပဲ။ တို့က ကလေးဘဝပေါ့ကွာ။ အဲဒီမှာ ဘာလုပ်လဲသိလား။ အရက်ကိုမှန်းတာ ဆူတက်တယ်နော်။ အဲဒါနည်းနည်းစီမျှသောက်ပြီး ဝရန်တာမှာလက်ကိုတင်၊ ငှက်ကြီးတောင်ဓားတွေနဲ့ တဒုန်းဒုန်းခုတ်တာ ရော်ဘာတုံးကြီးခုတ်နေသလားအောက်မေ့ရတယ်။အဲဒါ တစ်ယောက်ပြီးတစ်ယောက် ခုတ်စမ်းတာ။ ပြီးမှ အုပ်စုလိုက် ပွဲခင်းဘက်ကိုသွားတာ။ တစ်ခါတစ်ခါ ငှက်ပျောသီးဖီးကြမ်းကိုမန်းပြီးကျွေးတာ။ အမျိုးမျိုးပဲကွာ၊ မန်းတာတော့။ ပွဲခင်းမှာများ ဓားပြတွေဘာတွေတိုက်ဖို့လာပြီဆိုရင် ဖိုးညဏ်က ဟေ့ကောင်တွေ၊ ငါရှိတယ်နော်ဆိုလိုက်တာနဲ့ ဘယ်ဓားပြမှမတိုက်ရဲဘူး"

"မီးကိုသေနေတာပဲ"

အမေကပါဝင်ပြော၏။

"အမေရောသိလား၊ အဲဒါတွေ"

"သားကလည်း၊ အမေပြောပြောပြသားပဲ။ သားမှစိတ်မဝင်စားတာ"

ဦးလေးသည် ဘေးနားရှိကွမ်းအစ်ထဲမှ ထုံးဘူးဖွင့်လိုက်ပြီး လက်ညှိုးကြီးနှင့်ထုံးကိုကော်လိုက်၏။ ပြီးမှ သူ့ပါးစပ်ထဲ သွားနှင့်ခြစ်ထည့်လိုက်ပြီး ကွမ်းသီးစိတ်(၃)စိတ်ခန့်ယူ၍ဝါးလိုက်၏။ နောက်ထပ်ကွမ်းများကို အရိုးဖြတ်ထိပ်ဖြတ်လုပ်ရင်း -

"ဘယ်ဓားပြမှသူရှိတဲ့နေရာမလာရဲဘူး။ သူ့ရှေ့မှာဓားပြတိုက်နေရင်လည်း မကြိုက်ဘူး။ အဲဒီဓားပြတွေတော့မသက်သာဘူးသာမှတ်။ သူ့ရှေ့မှာတိုက်တဲ့ ဓားပြဆိုရင် သေလုနီးပါးကို ဆုံးမလိုက်ပြီး ဓားကိုယူထားလိုက်တာ။ သိပ်ခေါင်းမာပြီး ပြောမရဆိုမရတဲ့ကောင်မျိုးဆိုရင်တော့ တစ်နေရာရာမှာလက်သည်မပေါ်ဘဲ သေသွားပါလေရော"

"ဟာ"

"အေး - ဖိုးညဏ်ဆိုတာ အဲလိုမျိုးကွ။ ဖိုးညဏ်ရှိတဲ့နေရာမှာ ဓားပြမရှိဘူး။ မဟုတ်ရင်မခံဘူး။ သူကသူ့တပည့်တွေနဲ့နေတာ။ သူ့တပည့်တွေကလည်းသစ္စာရှိတယ်။ ပြီးဆေးတွေထိုးပေး၊ တော်နေကြာ ဝရန်တာလက်ရန်းပေါ် လက်တင်ပြီး ခုတ်ကြပြန်ပြီး တဒုန်းဒုန်းနဲ့။ သူကမိုက်ချင်ရင် တခြားရွာမှာသွားမိုက်တာ။ သူ့ရွာမှာတော့ သူလူမိုက်မှန်းဘယ်သူမှမသိဘူး။ အဲဒီလို ဓားပြတွေက ဟာ -ဓားဖိုးညဏ်ရှိတယ်၊ ဓားဖိုးညဏ်ရှိတယ်ဆိုပြီး အော်အော်ပြေးကြလွန်းမှ လူတွေက သူ့ဇာတိသိလာတာကွ။ ပိရိတယ်နော၊ ဓားစွမ်းပြတဲ့ဖိုးညဏ်တစ်ညဏ်ထဲရှိတယ်"

ဦးလေးသည် ပြောရင်းမာန်ပါလာပြီး လက်ဟန်တွေပါပါလာ၏။ မာန်ပါလွန်း၍လားမသိ၊ ကွမ်းရွက်များကိုပါးစပ်ထဲထည့်လိုက်သည်မှာ အားနှင့်မာန်နှင့်ဖြစ်နေ၏။

"မင်းနှယ် - သူလိုချင်တဲ့မိန်းမကိုသွားတောင်းရင် ကန်တော့ပွဲနဲ့သွားတာ ဟိုရောက်တော့ ဖိုးညဏ်မို့လို့ မပေးစားချင်ဘူးလည်းဆိုရော အဲဒီနှစ်ဆောင်ပြိုင်အိမ်ကြီးပေါ် ကနေ ကန်တော့ပွဲကိုကန်ချပြီး 'ဟဲ့ကောင်မ လိုက်ခဲ့' ဆိုပြီး လက်ဆွဲခေါ်ချလာတာကွ။ လက်မှာက ဓားကတလက်လက်နဲ့၊ သူ့တပည့်တွေကလည်း ဓားတဝင့်ဝင့်နဲ့"

"ဟာ-တော်တော်ဆိုးတာပဲနော်"

"သူ့အမေက ဟဲ့ - ဖိုးညဏ်၊ ငါးလေးဘာလေးသွားရှာပါလားဟယ်။ တစ်နေ့တစ်နေ့အိပ်နေတာပဲပြောတာကို ဘာသွားလုပ်တယ်မှတ်လဲ။ ပလိုင်းထဲမှာ မြွေတွေ၊ ဖျော့တွေထည့်ပြီးပြန်လာတယ်။ အိမ်ရောက်လို့ သူ့အမေက သွန်လည်းကြည့်ပြီးရော တက်နေပါလေရော ဂိဂိနဲ့"

သူလုပ်ပြသောအမူအရာကြောင့် ကျွန်ုပ်မှာရယ်ရ၏။ အမေကပါရယ်နေ၏။

ဦးလေးသည် အံမေ့ကိုလက်ညှိုးထိုးပြပြီး -

"မှာင်း - သူ့ကိုတော့ အသည်းပဲ။ သူ့မြေးမှသူ့မြေး၊ အရမ်းချစ်တာ။ မင်းအမေကို သူကချီပိုးပြီးထိန်းလာရတာလေ။ ကိုအုန်းကျော်နဲ့ အိမ်ထောင်ကျတာတောင် ရှိတဲ့နေရာလိုက်တယ် ငါ့တူ"

"တာမွေဂါတ်မှာတုန်းက လာနေသေးတယ်လေ။ အဲဒါနောက်ဆုံးပဲ။ တစ်ပတ်ကြာသွားတယ်။ နောက်တော့ ကိုးတောင်ပြည့်ဘုရားတွေတည်တဲ့ပုဂ္ဂိုလ်တစ်ပါးနဲ့တွေ့ပြီး အကျွတ်တရားရသွားပြီးလိုက်သွားလိုက်တာ ကြာအင်းကိုလည်းပြန်ရောက်မလာတော့ဘူး။ အဲဒီထဲတသတင်းအစအနကိုပျောက်သွားတာ"

အမေပြောနေသည်ကို ဦးလေးရော ကျွန်ုပ်ပါ နားထောင်နေ၏။

"တာမွေဂါတ်ထဲမှာ ဘိုးလေးနောက်ဆုံးလာသွားတာရယ်၊ သားကိုမွေးတော့ ပြိတ်သျှဘားမားခြံထဲမှာရယ် ဆက်စပ်မိပြီး မမသိန်းလည်း အဲသလိုထင်ခဲ့တာကြာပြီ။ နင့်တူလည်းဟယ် ပြောမရဆိုမရဘူးဖြစ်လိုက်သေးတယ်။ လက်ဝှေ့တွေတက်တက်ထိုးတာမှ ငါ့မှာ မျက်ရည်နဲ့မျက်ခွက်။ အဲဒီပြီးဆေးတွေ ရော၊ တစ်ကိုယ်လုံးဆေးချည်းပဲ။ ပေါင်မှာလည်း ကျားခါးပြတ်နဲ့"

"ဟေ-ဟုတ်လား။ ပြစမ်း ဦးလေးကို"

ကျွန်ုပ်လည်း ကန်တော့ဟုဆိုပြီး ပုဆိုးကို ပေါင်ရင်းနားထိဆွဲမ,ပြလိုက်ရာ ဦးလေးသည် မျက်လုံးကြီးပြူးသွားပြီး -

"ဟား - ဖိုးညဏ်က ကျားတတ် ကျားဆင်းနဲ့ကွ"

ဟု ထအော်ပါလေတော့၏။

"မင်းကိုဘယ်သူထိုးပေးတာလဲ"

"ကျွန်တော့်ကို သိုင်းသင်ပေးတဲ့ သိုင်းဆရာကြီး ဘကြီးမျှင်နဲ့ ဆရာကြီး ဦးသွင်တို့ထိုးပေးတာပါ ဦးလေး"

ပြောရင်းနှင့်ပြန်ထိုင်လိုက်၏။

"ရန်ကလည်း တချိမ်းချိမ်းပဲ ဖြစ် ဖြစ်။ ထိုးဟယ်ကြိတ်ဟယ်ကနေ ဟော-ခုတော့ ဘုရားတွေတည်၊ သာသနာ နေတဲ့ ဆရာတစ်ပါးနဲ့တွေ့ပြီး ရန်မ တော့ဘူး။ မအေကိုလုပ်ကျွေးနေ သက်သတ်လွတ်လည်း ရာသက်ပန် ပြီး အဓိဋ္ဌာန်ကြီးတွေခဏခဏဝင်တယ်"

ဦးလေးသည် ကျွန်ုပ်အား အလွန် ထူးဆန်းသောဂြိုဟ်တစ်ခုမှရောက်လာ သည့် ဂြိုဟ်သားတစ်ဦးနှယ် တအံ့တ ကြည့်ရင်း ပါးစပ်ပါဟလာ၏။ကွမ်းတော့ ထွက်မကျ။ တော်တော်ကြာမှ ခေါင်း လေးတညိတ်ညိတ်နှင့် -

"ဩော် - ဖိုးလေး၊ ဖိုးလေး"

ဟု နှုတ်မှ တတွတ်တွတ်ပြော



www.burmeseclassic.com

www.burmeseclassic.com

တော့၏။ မျက်လုံးက ကျွန်ုပ်ဆီမှာ။

"ငါတူ"

"ဗျာ"

"ဘုရားစင်မှာပိုးကြိုးနဲ့ထိုးထားတဲ့ လွယ်လက်ဖွဲ့ကြိုးရှိတယ်။ အဲဒါ အဖေကြီးမြ ငါ့ကိုပေးခဲ့တာ၊ မင်းယူကြည့်"

ကျွန်ုပ် မတ်တတ်ရပ်လိုက်ပြီး ဘုရားဆောင်ဆီသို့ကြည့်ရာ -

နီညိုရောင်အပုံလေးမြင်၍ ဆွဲယူလိုက်ပါသည်။ အတော်လက်ရာကောင်းစွာထိုးထားသောလက်ဖွဲ့ကြိုးဖြစ်၏။ ကြိုးများထိုးထားသည်မှာ သပ်ရပ်လှ၏။ ထိုလက်ဖွဲ့ကြိုးကိုကိုင်လိုက်သည်နှင့် အိမ်မြှောင်စုတ်ထိုးသံကျယ်လောင်စွာထွက်လာ၏။

"မင်းကိုင်ထားတာ ဘယ့်နှယ်နေလဲ"

"ဗျာ-ဘယ့်နှယ်မှမနေဘူးဦးလေး"

"အေး - နည်းနည်းဆုပ်ထားကြည့်"

ကျွန်ုပ်လည်း ထိုင်လိုက်ပြီး လက်ထဲတွင် ခပ်ကျစ်ကျစ်လေးဆုပ်ထားလိုက်ရာ လက်ဖွဲ့မှာလှုပ်လာသလိုခံစားရ၏။ လက်ထဲတွင် သက်ရှိတစ်ကောင်တိုးနေသလို၊ လူးလွန့်နေသလို ခံစားလာရသောကြောင့် ဦးလေးဦးကျော်လှိုင်ဆီသို့ လှမ်းကြည့်လိုက်၏။ ကွမ်းအစ်ထဲမှကွမ်းသီးစိတ်များကိုယူပြီး ပါးစပ်ထဲထည့်၍ ဒုတ်ဒုတ်ဝါးရင်း သဘောကျနေသည့် ဦးလေးသည် အမေ့ကိုလှည့်ကြည့်ပြီးပြုံးနေ၏။

"မမသိန်း - တွေ့လား၊ ဒီကောင် ဒါမျိုးမြင်ဖူးမှာမဟုတ်ဘူး။ ဟော့ကောင် မြင်ဖူးလား ဒါမျိုး"

"ဟုတ်တယ်၊ မမြင်ဖူးဘူး"

"မင်းမလိုချင်ဘူးလား"

"ဟာ - လိုချင်တာပေါ့ ဦးလေး ကလည်း"

"အေး - ယူသွား"

"ဟဲ့ဟဲ့ - ကျော်လှိုင်၊ ဘာတွေလဲ။ တော်ကြာကာယသိဒ္ဓိလက်ဖွဲ့ဖြစ်နေရင် လာဘ်တွေပိတ်နေမယ်နော်။ လဟာပြင်ဈေးမှာ ဆိုင်ထွက်နေတာ နင့်တူက"

"ဟာဗျာ - မပိတ်ပါဘူး မမသိန်းကလည်း။ ကလေးလိုချင်တာယူသွားပစေပေါ့။ ကျွန်တော်ကမလိုပါဘူး။ ဒါ အဖေကြီးမြလေ၊ မမသိန်းသိပါတယ်။ ကြာအင်းကုပဲလေ၊ နောက်မှ သူတို့ဝါးနက်ချောင်းဘက်ပြောင်းသွားတာ"

"ဩော် - ဦးလေးမြ၊ အေးအေး- စုံတယ် သူက"

"အဲဒါ သူ့လက်ဖွဲ့။ ကိုးတောင်ပြည့်ဘုရားတွေတည်တဲ့ ရသေ့တစ်ပါး ပေးထားခဲ့တာ၊ ကျွန်တော့်ကိုဆက်ပေးခဲ့တာ။ အခု ကျွန်တော့်တူကို ကျွန်တော် ဆက်ပေးတာပဲ။ ယူသွား ငါ့တူ"

"ဟာ - ဦးလေး၊ လက်မှာတိုးနေတယ်။ အကောင်တစ်ကောင်ကောင်တိုးနေသလိုပဲ"

"အေး - ချုပ်လို့နှောင်လို့မရဘူးကွ။ အဲဒီလက်ဖွဲ့ကို ညာဘက်လက်မောင်းမှာချည်ထားရင် ကြိုးနဲ့တုပ်တာတောင် ပြန်ပြေထွက်တယ်။ အဲဒီမှာကြည့်၊ တိုးထွက်နေတဲ့သဘော"

"ဟုတ်တယ်၊ တော်တော်တိုးတယ်"

ကျွန်ုပ် အလွန် ဝမ်းသာသွား၏။ အမေနှင့် ဦးလေးက အာလာပသလ္လာပများပြောနေကြပြီး စကားမှာရေပက်လျှင် ပင်ဝင်မည်မထင်။ ကျွန်ုပ်လည်း လက်ဖွဲ့ကြိုးကို စလွယ်သိုင်းရန် အကျီချွတ်လိုက်ရာ -

"ဟုတ်ပါတယ်၊ ဒီကောင် ဖိုးညဏ်ပါ။ ကြည့်-ဆေးတွေချည်းပါ။ မင်းဘယ်မှာထိုးတာလဲ"

"သိုင်းဆရာကြီး ဘကြီးမျှင်ထိုးပေးတာပါ။ လက်က စမတွေကတော့ ကြို့ပင်ကောက် သပြေရုံက ဆရာကြီးထိုးပေးတာပါ"

"ဟား - ဖိုးညဏ်မှ ဖိုးညဏ်ပဲဟော့။ ငါပြောတယ်ကွာ၊ မမသိန်းမယုံကြည့်။ ဘယ် - ကျွန်တော်တို့မိုက်တယ် ဆိုတာ ဖိုးညဏ်ကိုဘယ်မီမလဲ၊ ဟိုက တုတ်ပြီး၊ ဓားပြီးမိုက်တာ"

ထိုလက်ဖွဲ့သည် ဦးလေးကျော်လှိုင်ထံတွင် အကြောင်းမဲ့ရှိနေသည် မဟုတ်။ အမေမကြာခဏပြောဖူး၏။ ဦးလေးကျော်လှိုင်အား လူမိုက်တော်တော်များများက ကြောက်ရွံ့ကြသည်ဟု။

ထိုလက်ဖွဲ့အား သချိုင်းပေါင်းများစွာတွင် တရားကျင့်ခဲ့သော ဗုဒ္ဓဟူးနာမည်ရှင် သူငယ်ချင်းအား ပြလိုက်ရာ သူငယ်ချင်းသည် သူ၏ လက်ဝါးပေါ်တွင်ဖြန့်၍တင်ထားလိုက်ပြီး -

"အင်း - ဒီလက်ဖွဲ့ကိုဆောင်တဲ့သူဟာ လူတွေဘာတွေဝိုင်းချုပ်လို့မရဘူးကွ။ လွတ်ထွက်သွားလိမ့်မယ်။ အဲသလောက်စွမ်းတယ်"

ဟု ပြော၏။

ကျွန်ုပ်ကဘာမှမပြောပဲ။ ငြိမ်နေလိုက်ပါသည်။

ကျေးရူးရှင်ဆရာအရှင်ဖြစ်သော ဆရာအောင်အား ရှိသေစွာ ပြသရာ ဆရာသည် လက်ဝါးပေါ်တင်၍ သေချာကြည့်နေစဉ်မှာပင် - လက်ဖွဲ့ကြိုးများ တလှုပ်လှုပ်ဖြစ်နေကြသည်ကို အံ့ဩစွာတွေ့ရ၏။ ကျွန်ုပ်ပင်လျှင် ပါးစပ်အဟောင်းသားဖြစ်သွားပြီး မျက်တောင်မခတ်စိုက်ကြည့်နေမိ၏။ လက်ဖွဲ့မှာ ခုန်နေသယောင်ယောင်ပင်ဖြစ်နေ၏။

"ဒါက ခုလပ်ပေါ့ကွယ်။ လုပ်ထားတာတော့တော်တော်စွမ်းပါတယ်။ ကိုယ့်မှာ အခံအားရှိရင်တော့ ပိုစွမ်းမှာပေါ့။ သူကတော့ အချုပ်တွေအဖြေတွေ ကောင်းတာပေါ့။ လူတွေဘာတွေဝိုင်းချုပ်တာတို့ဘာတို့သိုင်းမှာရှိတယ်လေ"

"ဟုတ်ကဲ့"

"အေး - အဲသလိုမျိုးဆိုရင်တော့ ရှောခနဲ လွတ်ထွက်သွားနိုင်တာပေါ့။ ကိုယ်ကျင့်အားကောင်းရင်၊ ကြိုးနဲ့တုပ်ရင်တောင် ပြေထွက်သွားနိုင်တယ်။ ကောင်းတယ်။ ဒါပေမယ့် ဒါကိုလွယ်ထားပြီး ရန်တော့မဖြစ်နဲ့ပေါ့"

"ဟုတ်ကဲ့ပါ ဆရာ၊ မဖြစ်စေရပါဘူးခင်ဗျာ။ ဆရာ့စကားကိုနားထောင်ပါ့မယ်"

"အေးအေး"

ဆရာ့ထံမှပြန်ယူပြီး ကိုယ်မှာအသားနှင့်ထိ၍ လွယ်ထားလိုက်၏။ အကျီထပ်ဝတ်လိုက်လျှင် လက်ဖွဲ့ကိုမမြင်ရတော့။

ဆရာ၏စကားကိုနားထောင်သောကြောင့် ရန်တော့မဖြစ်ပါ။

သို့သော် သူငယ်ချင်းများနှင့် နှစ်ကြိမ်၊ သုံးကြိမ်စမ်းဖူး၏။ ဝိုင်းချုပ်ခိုင်းပြီးရုန်းလိုက်ရာ ဘယ်လိုဘယ်လိုလွတ်ထွက်သွားသည်မသိ။ ကိုယ့်ကိုယ်ကိုယ်ပင် အံ့ဩ၍မဆုံး။

ဦးလေး ဦးကျော်လှိုင်မှာ၍ ထိုလက်ဖွဲ့စလွယ်သိုင်းထားသည့်အချိန်များမှာ မီးနေအိမ်ရှောင်ခဲ့ရ၏။

(ထိုလက်ဖွဲ့သည် တုတ်ပြီး၊ ဓားပြီးလက်ဖွဲ့မဟုတ်ပါ။ ဝိုင်းဝန်းချုပ်ကိုင်ကြလျှင် ရှောခနဲလွတ်ထွက်သွားနိုင်သောလက်ဖွဲ့သာဖြစ်၏။ ထိုလက်ဖွဲ့ကို ဘုရားစင်ပေါ်တင်ထားသည်မှာ လချီ၍ကြာခဲ့ပါသည်။

တစ်နေ့ သူငယ်ချင်းတစ်ယောက်နှင့်တွေ့စရာကိစ္စရှိ၍ သူ၏အိမ်သို့သွားခဲ့ပါသည်။

"သူငယ်ချင်း၊ ဝင်ခဲ့လေကွာ"

ဟု အသံကြားသောကြောင့် ဝင်သွားရာ သူ့မိန်းမလှဲနေသည့်ဘေးတွင် သူထိုင်နေသည်။ သူ့မိန်းမရင်ခွင်ဝယ် ကလေးပေါက်စလေးရှိနေပြီး ထိုအခွင့်

www.burmeseclassic.com

သမီး၏ခေါင်းတွင် အဝတ်စည်းထား၏။ ကျွန်ုပ်လည်း အထဲဝင်သွားမှသိတော့၏။ ထိုနောက်ပိုင်း လက်ဖွဲ့ကိုသတိရ၍ကြည့်လိုက်ရာ လက်ဖွဲ့ကို ကြွက်ကိုက်၍ နှစ်ပိုင်း၊ သုံးပိုင်းပြတ်နေတော့၏။ နှမြောလွန်း၍ ထမင်းတောင်မစားနိုင်လောက်အောင်ဖြစ်ခဲ့ရပါသည်။ ထိုနေ့မှစ၍ လူမိုက်တို့၏ဆရာ ဦးလေးဦးကျော်လှိုင်၏အဆောင်မှာ နိဂုံးချုပ်သွားရပါတော့သည်။)

"လူလေး၊ နင်ကိုသန့်ဇင်ဆီမသွားဘူးလား"

"မသွားသေးဘူးအမေ။ ဆရာခိုင်းထားတဲ့ကိစ္စ မအောင်မြင်မချင်း သွားမသွားဘူး။ ဆရာကလည်း အဲဒီသူခိုင်းထားတဲ့ကိစ္စ အောင်မြင်အောင်လုပ်ပြီးမှ သူ့ဆီလာစေချင်တဲ့သဘောရှိတယ်အမေ"

"ဟင် - မင်းတို့ဟာကလည်း၊ ဘယ်လောက်တောင် အရေးတကြီးကိစ္စတွေမို့လို့လဲဟယ်။ ဒါလောက်ကြီးများ"

"ဆရာက ပညာရှင်လေ အမေ။ သားတို့ကလည်း ပညာကိုချစ်လွန်းတဲ့သူတွေ၊ ပညာနဲ့ပတ်သက်နေတဲ့သူတွေဆိုတော့ ပညာနဲ့ပတ်သက်တဲ့ကိစ္စဟာ သားတို့အတွက် အရေးကြီးတာပေါ့"

"အင်းပေါ့လေ၊ ဒါတော့ဟုတ်တာပေါ့"

တစ်နေ့ -

ဘကြီးမျှင်အိမ်တွင် အသက်သုံးဆယ်အရွယ်ခန့်ရှိသော အစ်ကိုတစ်ယောက်ရောက်နေ၏ ။ သူသည် ဓားရေး(၁၇)ချင်းလာသင်သူဖြစ်ကြောင်း ဘကြီးမျှင်၏ဇနီး အစ်မခင်စိန်ပြောပြ၍ သိရ၏။ ပြောရင်းပြောရင်းနှင့် ကြိုးဖြေကြိုးတုပ်အကြောင်းရောက်သွားရာ -

"ညီလေး၊ ကြည့်ချင်လို့လား"

"ဟုတ်တဲ့ - အစ်ကို"

"ကြိုးသွားရှာခဲ့လေ"

ဓားကစားသည့်အခါ အကျီများချွတ်ပြီး ခဏတင်လှန်းထားရသော အဝတ်လှန်းကြိုးကိုသွားဖြုတ်လိုက်၏။ အစ်မခင်စိန်ကလည်း ဖြုတ်ခိုင်း၏။ ကျွန်ုပ်လည်း ထိုကြိုးနှင့် ဟိုအစ်ကိုအား ချည်လိုက်ပြီး သူ၏ ခိုင်းစေချက်အရ စောင်တစ်ထည်နှင့်အုပ်လိုက်၏။နောက်သို့လှည့်မည်အပြု -

"ညီလေး"

"ဟာ"

"မင်းကသေချာမှမတုပ်ဘဲ"

"ဟာ - ကျွန်တော် နှစ်ပြန်၊ သုံးပြန်တုပ်ထားတဲ့ဟာ"

ပြုံးပြီးကြိုးလှမ်းပေးသောအစ်ကိုအား တအံ့တသြကြည့်နေစဉ် -

"လာကွာ၊ သေချာတုပ်"

ဤတစ်ကြိမ်တွင်တော့ အဘမျှင်၏စေခိုင်းချက်အရ အဘကိုယ်တိုင်ဘေးနားမှာကြည့်နေရင်းနှင့်ပင် တစ်ကိုယ်လုံးလက်တွေရောခြေတွေပါတုပ်လိုက်တော့၏။

"ဟာ - ညီလေး၊ ငါလမ်းလျှောက်လို့မှမရတော့ဘဲ"

"အစ်ကိုမလျှောက်နဲ့တော့လေ၊ အဲဒီမှာပဲထိုင်နေ။ ကျွန်တော်စောင်နဲ့အုပ်လိုက်မယ်"

"ဟာကွာ - မင်းကလည်း။ ကဲကဲ-သဘော၊ သဘော"

စောင်နှင့်အုပ်လိုက်၏။

အဘက ခေါင်းရင်းပက်လက်ကုလားထိုင်ပေါ်တွင်ပြန်ထိုင်၍ ဆေးပြင်းလိပ်တိုကိုကောက်အကိုင် ကျွန်ုပ်က အဘနားကပ်ထိုင်မည်အပြု -

"ညီလေးကလည်းကွာ၊ သေချာလည်းမတုပ်ဘူး"

"ဟာ"

ကျွန်ုပ်၏အသံ ကျယ်လောင်စွာထွက်သွားပြီး လူမှာလည်း ထူးဆန်းသည့်သတ္တဝါတစ်ကောင်ကို တွေ့လိုက်ရဘိသည့်အလား တစ်ကိုယ်လုံး ဖိန်းရှိန်းပြီးထိုလူကို ကြက်သေသေကြည့်နေမိ၏။ ညာအက်လက်တွင် ကြိုးကိုတွဲလောင်းကိုင်ထားရင်းပြုံးနေရာမှ သူလည်း အဘနားလျှောက်လာပြီးထိုင်လိုက်၏။ စုစုပေါင်း နှစ်မိနစ်ပင်မကြာပါ။ တစ်မိနစ်ပြည့်ရုံလောက်သာရှိလောက်၏။

"အစ်ကို၊ အဲဒါ ဟို-လက်ဖွဲ့လား၊ ဆေးလား"

"ဒါကအတတ်ကွ"

"အတတ်၊ ဟာ - ဒါဆို ကျွန်တော်သင်ချင်လိုက်တာ အစ်ကိုရာ"

"အေး - အစ်ကိုလည်း သင်ပေးချင်ပါတယ်။ ဒီပညာက ဒီလိုသင်လို့မရဘူးကွ၊ သစ္စာခံပညာ။ ကိုယ်ပေးချင်တဲ့လူကိုလည်း ပေးချင်တိုင်းပေးလို့မရဘူး။ မင်းကြည့်လေ၊ ဖြေတာကို လူမြင်ခံလို့မှမရဘဲ"

"ဩော်"

"ငါ့ဆရာဆိုရင် တံတားမှာနေတာကွ။ သူ့ကို လက်ပြန်ကြိုးတွေတုပ်၊ ခြေတွေနဲ့လက်တွေနဲ့သိုင်းချည်၊ လည်ပင်းတွေပါတင်းနေအောင်ချည်ပြီးမှ မလှုပ်နိုင်တော့မှ ဂုန်နီအိတ်ထဲကိုထည့်တာကွ။ ပြီးတော့ ဘာလုပ်တယ်မှတ်လဲ၊ မြစ်ဆိပ်ကနေ ရေထဲကိုဝိုင်းမပြီးပစ်ချလိုက်တာ၊ ရေစီးထဲစုံးစုံးကိုမြုပ်သွားတာ"

"ဟာ"

"အေး - ကမ်းပေါ်မှာကလည်း လူတွေကညို့နေတာပဲ၊ ကမ်းလုံးကျွတ်ပဲကြည့်နေကြတာ။ ဆရာ့ကို ဂုန်နီအိတ်ထဲထည့်ပြီး ရေထဲပစ်ချလိုက်တော့လည်း အော်လိုက်ကြတာမှ ငယ်သံကိုပါရော။ ဒါနဲ့ကြည့်နေရင်းကနေ ဝါးသုံးရိုက်၊ လေးရိုက်ကျော်ကျော်လောက်လည်းကျရော ရေထဲကနေ ဘွားခနဲပေါ်လာတယ်။ လက်တစ်ဖက်မှာ ဂုန်အိတ်၊ လက်တစ်ဖက်မှာ ကြိုးနဲ့"

"ဟာ - ကျွန်တော်သာဆို လက်ခုပ်ထတီးမိမှာပဲ"

"တီးကြတယ်လေ၊ ကမ်းလုံးညွတ်နေကြတာပဲဟာ။ ကြည့်နေကြတာရင်တမမနဲ့။ ဒီမြင်ကွင်းလည်းမြင်ရော လက်ခုပ်သံတိုညံသွားတာပဲ။ ဆရာက ကမ်းဘက်ပြန်ကူးလာတော့ ကြိုလိုက်ကြတာကွာ၊ လူစွမ်းကောင်းလားအောက်မေ့ရတယ်"

"အင်း - ခက်တာပဲနော်၊ သင်လို့ကလည်းမရ"

"ငါ့ဆရာကလည်း ငါ့တစ်ယောက်ပဲသင်ပေးခဲ့တာ"

"ဟင် - ခုမရှိတော့ဘူးလား"

"ရှိတယ်၊ တရားအားထုတ်နေတယ်။ ဘာမှမလုပ်တော့ဘူး"

"ကိုင်း - ဟော့ကောင်၊ မင်းကြိုးဖြေကြိုးတုပ်တွေပြောမနေနဲ့တော့။ မစားရဝခမန်းပဲ၊ သင်လို့လည်းရတာမဟုတ်ဘဲနဲ့"

အဘမျှင်၏ စကားကြောင့် ထိုအစ်ကို အားရပါးရရယ်နေ၏။ ကျွန်ုပ်တထိုအစ်ကိုကို အားနာနေ၏။

နောက်နေ့ -

အဘစိန်ဆီသွားသောအခါ ထိုအကြောင်းလေးများကို ပြောပြဖြစ်၏။ သို့သော် အဘစိန်သည် စိတ်မဝင်စားသောကြောင့်လားမသိ၊ ဘာတစ်ခွန်းမှပြန်မပြော။ ဝေလည်းမဝေဖန်၊ ပြုံးပြီးနားသာထောင်နေ၏။

"အတတ်ပညာဆိုတာတွေကတော့ စုံတာပေါ့ လူလေးရယ်။ လူလေးတောင်ကြည့်လေ။ စာအုပ်ဖတ်လေ့လာပါတယ်သာပြောတယ်၊ ပြောလိုက်တာများဒေါက်ဒေါက်ဒေါက်ဒေါက်နဲ့။ မင်းသာမပြောရင် ဆရာနဲ့ လက်ထပ်သင်ထားသလိုပဲ"

"အဘပြောမှ ကျွန်တော့်ကိုယ် ကျွန်တော်တောင် အထင်ကြီးသွား... အဘ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကပြောရင်း ရင်ကော့၍ လက်မလေးထောင်ပြီး ကောင်းကင်ကို မော့ကြည့်၍ပြုံးလိုက်ရာ -

"ဟယ် - ကလေး ကျီစယ်တယ် ကြည့်စမ်း"

အဘအတော်သဘောကျသွား၏။ ရယ်လိုက်သည်မှာ တော်တော်နှင့်မပြီး တော့။ တော်လေးကြာမှ လမ်းလျှောက် သွားရာ ကျွန်ုပ်လည်း စကားတပြော ပြောနှင့်လိုက်သွား၏။

အဘသည် လယ်တီကျောင်း တိုက်ဘေးမှဖြတ်၍လမ်းလျှောက်လာ ရင်း လမ်းကောက်ကွေ့တစ်နေရာအ ရောက်တွင် ကျီးပေါင်းများ၊ အဖုအထစ် များနှင့် ကောက်ကောက်ကွေးကွေးပုံစံ ဖြစ်နေသော ပျဉ်းမပင်ကြီးတစ်ပင်ကိုပြ ၍ -

"လူလေး၊ ဒီအပင်မှာဘာရှိမယ် လို့ မင်းထင်လဲ"

"ဗျာ - အဘ"

"ဩော် - ဘာရှိနိုင်လဲလို့။ လုပ် လေ၊ အခါတိုင်တို့ဘာတို့နဲ့"

ကျွန်ုပ်လျှင် ကြောင်သွား၏။ ဘာမပြောညာမပြောပြောလိုက်သော ကြောင့် ထိုအပင်ကြီးအား မော့ကြည့် လိုက်ပြီး -

"အယ် - အခါတိုင်နဲ့ကြည့်တတ် လောက်အောင်တော့ မတတ်သေးပါဘူး အဘ။ ကြားဖူးနားဝလေ့လာသမျှဆိုရင် တော့ လမ်းကွေ့မှာ အသီးမသီးဘဲ အခု လို အဖုအထစ်တွေကိုးရိုးကားရားနဲ့ဆို ရင် ဘာမှမရှိနိုင်ဘူး အဘ။ ရှိရင် အစိမ်း သရဲပဲနေလိမ့်မယ်"

"ဟေ - ဟုတ်လား"

"ကျွန်တော်ကြားဖူးမှတ်ဖူးတာပါ အဘ"

"လူလေးက တယ်ဟုတ်ပါလား ကွ။ မင်းပြောတာဟုတ်တယ်၊ ဒီအပင်မှာ အစိမ်းရှိတယ်။ ငါကတော့ အခြောက်ခံ ခဲ့ရဖူးလို့သိတာကွ။ နောက်နှစ်ဦး၊သုံးဦး ကထပ်ပြောပြတော့ သေချာသွားတာ ပေါ့"

အဘပြောလိုက်သည်နှင့် ကျွန်ုပ် လည်း ကျောချမ်းသွားပြီး ပျဉ်းမပင်ကြီး တို နောက်တစ်ခါပြန်လှည့်ကြည့်မိ၏။ စိတ်ထဲတွင် ပျဉ်းမပင်အရွက်များကြားမှ မျက်လုံးများလှမ်းကြည့်နေကြသည်ဟုပင် တွေးရင်း အဘနားသို့ပိုကပ်၍လျှောက် လိုက်၏။

လမ်းချိုးတစ်ခုကို ဖြတ်မည်အပြု လူအုပ်စုတစ်စုချလာသောနာရေးကိုမြင် လိုက်ရ၏။ထိုလူစုသည် ကျိုက္ကဆံသင်္ချိုင်း သို့သွားနေသည်ဖြစ်သောကြောင့် ကျွန်ုပ် တို့၏ဘယ်ဘက်မှညာဘက်သို့ဖြတ်သွား နေကြောင်းသတိထားလိုက်မိ၏။ ဘယ်မှ ညာသို့ဖြတ်သောအနိဋ္ဌနိမိတ်၊ ငိုသံကြား နိမိတ်ဖြစ်၍ ကောင်းတစ်ဝက်၊ ဆိုးတစ် ဝက်ဖြစ်နေမှန်း သတိထားလိုက်သော် လည်း -

အဘသည် ရုတ်တရက် တံ့ခနဲ ခြေစုံရပ်လိုက်သည်ကို တွေ့လိုက်ရ၏။ ပြီးမှ ခြေ (၇) လှမ်းနောက်ဆုတ်သွားပြီး ခဏနေမှ -

"လာ - လူလေး၊ သွားကြမယ်"

"အဘ"

"ဟေ"

"အဲဒါဘာလုပ်တာလဲဟင်"

"လူလေးကလည်း၊ မင်းကိုငါသင် ပေးထားတယ်လေ။ အနိဋ္ဌနိမိတ်ဟာ ဘယ်က ညာကိုဖြတ်ရင် ကောင်းတစ် ဝက်၊ ဆိုးတစ်ဝက်ပါလို့"

"ဟုတ်ကဲ့"

"ခုဟာက ညနေပိုင်းဖြစ်နေတော့ မကောင်းတဲ့ဘက်များသွားပြီ။ မင်းမေး လည်း မင်းဒီလိုပဲပြောမှာပဲလေ"

"ကျွန်တော် . . လေ့လာဖတ်မှတ် ဖူးတာတော့ အကြံအစည်ပျက်တတ် တယ်အဘ"

"အေးလေ - ဒါကြောင့်လည်း ငါ အသက်အောင့်ပြီး ခြေစုံရပ် (၇)လှမ်း နောက်ဆုတ်လိုက်တာပေါ့"

"ဟာ - အဘ ကျွန်တော့်ကိုသင် ပေးထားတာ သုံးလှမ်း"

"အေး - သင်ကြားခြင်းရယ်၊ လက်တွေ့ရယ်မတူဘူးဆိုတာ လူလေး နောက်ပိုင်းတဖြည်းဖြည်းသဘောပေါက် လာလိမ့်မယ်။ စာဆိုတာ စာထဲမှာပဲရှိ တယ်။ လက်တွေ့မှ လက်တွေ့သိရတာ လူလေး"

"ဒါကြောင့် ကျွန်တော်တွေသွား တယ်။ ဘယ်ကနေ ညာကို အနိဋ္ဌနိမိတ် ဖြတ်ရင် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက် ပါလို့။ အဘပြောမှ ညနေပိုင်းဆိုတာ မကောင်းတဲ့အားကြီးသွားတာသိရတော့ တယ်။ ပြီးတော့ နောက်ဆုတ်ခိုင်းတာ သုံးလှမ်း၊ ကျွန်တော် ဒါပဲမှတ်ထားတာ။ ခု ကျွန်တော် လက်တွေ့မြင်ရတာ အဘ လှမ်းတာ (၇) လှမ်း"

"အေး - ဒါကတော့ လက်တွေ့ တွေလေ သား"

အဘမျက်နှာကို ဆတ်ခနဲလှမ်း ကြည့်လိုက်၏။ အဘနှုတ်က သားဟု ခေါ်လိုက်သည်မှာ နွေးထွေးလိုက်ပါဘိ။ ရင်ထဲတွင်အေးမြသွားလိုက်ပါဘိ။

အဘစိန်၏ လက်တွေ့ယတြာမှာ ကျွန်ုပ်အတွက် အတော်ပညာရသွားပါ တော့သည်။ အဘယ်ကြောင့်ဆိုသော် ထိုနေ့က (၁၆) တွေ့ရှိ ဦးတိမ်တို့ဆီ အဘနှင့် ကျွန်ုပ်သွားသောအခါ အဘ လုပ်ပေးထားသောကိစ္စအောင်မြင်သွား ပြီဆိုပြီး ငွေ (၃၀၀) ကန်တော့လိုက်ကြ ၏။

"မောင်တိမ်"

"ဗျာ - ဆရာကြီး"

"ဒီကလေးဟာ မင်းတို့လိုပဲပေါ့ ကွယ်၊ ငါ့သားသမီးလိုနေတာပေါ့ မှတ် ထား"

"ဟုတ်ကဲ့ - ဆရာကြီး"

"ဩော် - လူလေး၊ မင်းကို အဘ ပြတဲ့ ကျိုက္ကဆံသင်္ချိုင်းနားမရောက်ခင် လမ်းချိုးက ပျဉ်းမပင်ကြီးမှာ မောင်တိမ် လည်း အလန့်ခံလိုက်ရသေးတယ်။ မောင်တိမ်ပြောပြလိုက်ပါဦး"

မျက်စိတစ်ဖက်တိမ်စွဲ၍ဖြူဖြူကြီး ဖြစ်နေသော ဦးတိမ်သည် ကျန်သော ဘယ်ဘက်မျက်လုံးကို ကျွန်ုပ်ထံစိုက် ကြည့်၍ -

"ဟုတ်တယ်ကွ ညီလေး၊ အဲဒီ တုန်းက အစ်ကိုကလည်း အလုပ်ကပြန် အလာပေါ့ကွာ"

ဦးလေးအရွယ်ဖြစ်သော်လည်း သူ့ကိုယ်သူ အစ်ကိုဟုပြောနေ၍ ကျွန်ုပ် လည်း အလိုက်အထိုက် 'ဟုတ်ကဲ့ အစ်ကို၊ ဟုတ်ကဲ့ အစ်ကို' ဟုသာ ပြော နေလိုက်ပါသည်။

"အဲဒီနားရောက်တော့ မိန်းမကြီး တစ်ယောက်ထိုင်နေတယ်။ အစ်ကိုက လည်း သူ့ကိုသတိထားကြည့်လိုက်တော့ ခေါင်းကငုံ့ထားပြီး၊ လက်ကဖြန့်ပြီး တောင်းနေတယ်။ ဒါနဲ့ ဩော် - သား ထောက်သမီးခံမရှိဘူးနဲ့တူတယ်ဆိုပြီး တစ်လှမ်း၊ နှစ်လှမ်းကျော်သွားမှ အကျႌ အိတ်ကပ်ထဲက ပိုက်ဆံအကြွေဆယ်ပြား စေ့လေးကိုယူပြီး ပြန်လှည့်လိုက်တော့ မရှိတော့ဘူး"

"ဟာ - ဘာမရှိတာလဲ အစ်ကို"

"အဲဒီအဘွားကြီးမရှိတော့ဘူး"

"ဟာ"

"သူ့ပုံစံကြီးနဲ့ဘယ်လိုမှလဲချက်ချင်း ထမသွားနိုင်လောက်ဘူးလေ။ အစ်ကို လည်း ကြောင်ပြီးကြည့်နေတုန်း နံလိုက် တဲ့ပုပ်စော်ကြီးကွာဟောင်နေတာပဲ။ လူ က ဆယ်ပြားစေ့ကိုင်ထားပြီး ဘာလုပ် လို့လုပ်ရမှန်းလဲမသိဖြစ်နေတုန်း သစ်ပင် အရွက်တွေကြားထဲက အဘွားကြီးသံ ကြီးနဲ့ 'ဘာရှာနေတုံး' ဆိုပြီး ကားသံ


www.burmeseclassic.com

www.burmeseclassic.com

ထွက်လာပါလေရော”

“ဟာ”

“ငါလည်း ခေါင်းတွေကြီးသွားပြီး အသံရှိတဲ့နေရာကိုမော့ကြည့်လိုက်တော့ စောစောကအဘွားကြီးကွာ၊ ခွကြားမှာထိုင်လို့။ မျက်နှာကြီးက ဟာ - ဘယ်လိုကြီးမှန်းကိုမသိဘူး။ ခုပြောရင် ခုကြက်သီးထတယ်”

ပြောရင်းနှင့် သူ၏လက်များကို ဦးတိမ် ပွတ်သပ်နေ၏။ ကျွန်ုပ်လည်း ရောယောင်ပြီး ကြက်သီးများထနေ၏။

“နေဝင်ရီတရောလား အစ်ကို”

“အေးပေါ့၊ အလုပ်ကပြန်လာချိန်လေ။ ညနေစောင်းနေပြီလေ”

“ဟုတ်ကဲ့”

“ငါလည်းကွာ ကြောက်တလည်းကြောက်၊ ကြည့်ကလည်းကြည့်ချင်နဲ့ သေချာကြည့်လေ ရုပ်ကြီးကကွာ အရိုးပေါ် အရေပြားတွေကပ်နေတဲ့ရုပ်မျိုးကြီးနဲ့။ အမလေး-ဘယ်လိုကြီးမှန်းမသိဘူး။ ကြည့်နေရင်းနဲ့ လှမ်းခေါ်တာ ကိုယ့်လူ”

“ဟာ”

“ဘယ်ရမလဲ၊ ငါလည်းလစ်တာပဲ၊ တစ်ချိုးတည်း။ လှည့်ကိုမကြည့်တော့တာ။ နောက်နေ့ကျ ဖျားတယ်လေ။ အဲဒီညပဲစဖျားတာပါ။ အဲဒါကတစ်ခါ။ နောက်တစ်ခါက အဲဒီလိုပဲ၊ အဲဒီအချိန်ပဲ အလုပ်ကပြန်လာတာပဲ။ ခါတိုင်းပြန်ချိန်က လေးနာရီခွဲဆိုတော့ လူတွေသွားလာနေသေးတယ်။ အလုပ်များတဲ့နေ့ကျ ငါးနာရီခွဲပြီးမှပြန်လာရလို့ အဲဒီနားရောက်ရင် ခြောက်နာရီကျော်နေပြီ။ အဲဒီနေ့ကျတော့ ခပ်လှမ်းလှမ်းကလာနေတဲ့လူကိုစောင့်မယ်ဆိုပြီးစောင့်နေလိုက်တယ်။ ပျဉ်းမပင်ကြီးကိုလည်း လှမ်းမြင်နေရပြီ၊ ဟိုအဘွားကြီးကိုလည်း မျက်စိထဲမြင်ယောင်နေပြီ၊ မသွားရဲတော့ဘူး။ အစ်ကိုက သူများလိုမျက်စိနှစ်လုံးရှိတာမဟုတ်ဘူးလေ၊ ပြေးဖို့လွှားဖို့ခက်တယ်လေ”

“ဟုတ်ကဲ့ပါ အစ်ကို”

“ဒါနဲ့စောင့်နေရင်း လမ်းချိုးကွေ့လေးနားက လူတစ်ယောက်ပေါ်လာတယ်။ ဟော - ငါတော့ အဖော်ရပြီဆိုပြီး အဲဒီလူအလာကိုပဲကျောပေးရပ်ရင်း စောင့်နေလိုက်တယ်။ အဲဒီလူလည်း အနားရောက်ရော သူ့နောက်နားက ခပ်ခွာခွာလိုက်သွားလိုက်တယ်။ ပျဉ်းမပင်ကြီးနားရောက်တော့ အဲဒီလူက ခေါင်းကြီးငုံ့ပြီး ပျဉ်းမပင်ကြီးနောက်ဘက်ကိုကွေ့ဝင်သွားတယ်။ ဟာ - ဒီလူကလည်း ငါကဒီအပင်နားကဖြတ်ရမှာကြောက်ပါတယ်ဆိုမှ ဒီအပင်ဘက်သွားတယ်၊ အပေါ့သွားမလို့လားမသိဘူးဆိုပြီး ရပ်စောင့်နေလိုက်တယ်။ ပြန်ထွက်မလာပြန်ထွက်မလာနဲ့ တော်တော်ကြီးကြာလာတော့ မိုးကလည်းချုပ်စပြုပြီမို့ ဟိုအစ်ကို၊ ဟိုအစ်ကိုဆိုပြီး ကျယ်ကျယ်အော်ခေါ်ရင်း ပျဉ်းမပင်ကြီးနောက်ဘက်ကိုသွားကြည့်လိုက်တယ်။ မစင်များစွန့်နေသလားပေါ့။ သွားကြည့်လိုက်တော့ ဟာ - ဘာမှကိုမတွေ့တာ ကိုယ့်လူ”

“ဟာ”

“ငါလေ အဲဒီနေရာမှာတင် ခြေထောက်တွေ ကျောက်ရုပ်လိုဖြစ်သွားသလားအောက်မေ့ရတယ်။ ကြက်သေသေပြီး ဘာလုပ်ရမှန်းမသိဖြစ်နေတုန်း သစ်ပင်အကိုင်းတွေကို တစ်ယောက်ယောက်ကဆွဲကိုင်ပြီးဆွဲခါလှုပ်နေသလို တဝုန်းဝုန်းလှုပ်တော့တာပဲ”

“လေလည်းမတိုက်ဘဲနဲ့”

“အေး - လေလည်းမတိုက်ဘဲနဲ့ ဝုန်းဒိုင်းကိုကြဲနေတာပဲ။ ငါလည်းဘာမှန်းကိုမသိတော့ဘူး။ အိမ်ကိုဘယ်လိုပြန်ရောက်သွားမှန်းတောင်မသိတော့ဘူး။ နောက်နေ့ ထုံးစံအတိုင်း ဖျားတော့တာပေါ့ကွာ”

“တော်ပြီ၊ တော်ပြီ။ အစ်ကိုတိမ်ပြောလို့ ကျွန်တော်နောက်ဆိုအဲဒီအပင်နားကမဖြတ်တော့ဘူး။ ဟိုးဘက်လမ်းကပဲကွေ့သွားတော့မယ်”

ဦးတိမ်ရော အဘပါ သဘောကျစွာရယ်နေကြ၏။

“မင်းလည်းကြောက်တတ်သားပဲ”

“ဟာ-မလုပ်နဲ့အစ်ကို။ လူလူချင်းက မြင်ရတယ်၊ ကြောက်စရာမလိုဘူး။ အဲဒီဘာမှမမြင်ရတာတို့ပျောက်ပျောက်သွားတာတို့ကျ ကျောချမ်းတယ်”

“လူလေး၊ အဲဒါအပင်နဲ့ပတ်သက်တဲ့ ဇာတ်သုတပဲ”

“ဟုတ်ကဲ့ပါ အဘ”

“ငါ့လူတစ်ယောက်အခြောက်ခံရတာက တစ်မျိုးကွ”

“ဟုတ်လား အစ်ကို၊ ပြောပြပါဦး”

“သူက မှောင်စပျိုးလေးမှာ အဲဒီနားကဖြတ်တာ။ ဖြတ်လာတော့ ခပ်လှမ်းလှမ်းကတည်းက ကလေးငိုသံကြားလာတာတဲ့။ ကလေးကစူးစူးဝါးဝါးကိုငိုတာတဲ့။ ဒါနဲ့ လျှောက်လာတော့ အဲဒီအပင်ကြီးကိုလည်းလှမ်းမြင်ရော အပင်ရင်းမှာ မိန်းမတစ်ယောက်ဟာ ကလေးကိုပွေ့ချီထားပြီးချော့သလိုလုပ်နေတယ်တဲ့။ ကြည့်နေရင်းနဲ့ သူ့လက်ကြီးနဲ့ တအားလွှဲပြီး ကလေးကို တဗုန်းဗုန်းရိုက်လိုက်တာမှ အမဲဖျက်သလိုပဲတဲ့။ ဟာ - ဒီမိန်းမ ဒီကလေးလေးကို ဒါလောက်ရိုက်မှတော့ ကလေးဟာ အဆုတ်တွေ၊ အသည်းတွေ ကြေမွပြီး သေလောက်ပြီဆိုပြီးကြည့်နေတုန်း ကလေးကို သူ့ရှေ့ကမြက်တောထဲ ချပုတ်တွေထဲလှမ်းပစ်ထဲ့လိုက်တယ်တဲ့။ ဟိုလူလည်း ဟာခနဲဖြစ်သွားတာပေါ့။ ကလေးလေးဟာ ငယ်သံပါအောင်အော်ရင်း မြက်တောထဲ ပြုတ်ကျလွင့်သွားတာ သူကြောင်ကြည့်နေပြီး ဟာ - ဒီမိန်းမ လူစိတ်မရှိတဲ့တိရစ္ဆာန်မ၊ ဒီကလေးကို ငါသွားကောက်ပြီးမွေးစားမယ်။ ဒီမိန်းမ ယုတ်လက်ထဲမထည့်တော့ဘူးဆိုပြီးသွားနေတုန်း အဲဒီမိန်းမဟာ အဲဒီပျဉ်းမပင်ကြီးဘက်ကို ဆတ်ခနဲလှည့်မတ်တတ်ရပ်လိုက်ပြီး အဲဒီပျဉ်းမပင်ကြီးပေါ် ကို ဘေးတိုက်ကြီးလမ်းလျှောက်တက်သွားတယ်ဟေ့”

“ဗျာ - ဘယ်လို”

“လက်က ဘာမှမကိုင်ဘဲ မတ်တတ်ကြီး ယမ်းလျှောက်ပြီး သစ်ပင်ပေါ် တက်သွားတာ မြေပြင်မှာလမ်းလျှောက်သွားသလိုပဲ”

“ဟာ”

“အဲဒီမှာ အဲဒီလူလည်း နာနာဘာဝဆိုတာသိလည်းသိရော ကြက်သီးတွေထ၊ ခေါင်းတွေကြီးပြီး စောစောက လွှင့်ပစ်ထားတဲ့ကလေးဆီပြေးတာပေါ့။ဟိုရောက်တော့ ပုပ်စော်နံဟောင်နေတဲ့ခွေးသေကောင်ပုပ်ကြီးတလွဲပြီး ဘာမှမရှိဘူးတဲ့။ ကျသွားတဲ့နေရာပဲ မလွဲဘူး ခွေးသေကောင်ပုပ်ကြီး။ အဲဒီမှာတင် အဲဒီလူဟာ ဘယ်လိုဘယ်လိုအိမ်ပြန်ရောက်သွားလဲမသိဘူးတဲ့။ တစ်ခါတည်း လန့်ဖျားဖျားပြီးကယောင်ချောက်ချားတွေထထအော်တာ မနည်းကိုကုလိုက်ရတယ်”

“ဟာ - ကြောက်စရာပဲ။ ဒါဆို အဲဒီအပင်ကြီးမှာ နည်းနည်းနောနော မဟုတ်ဘူးနော်၊ နေကြမှာ”

ဦးတိမ်သည် ထိုင်နေရင်းမှ ခါးပံစကိုဖြေလိုက်ပြီးပြန်ဝတ်ရင်း အဘစိန်ဘက်သို့လှည့်ကြည့်၍ -

“အဲဒီနည်းနည်းနောနောမဟုတ်တာ ဆရာကြီးလည်း ကြုံခဲ့ဖူးတယ်တွညီလေး”

“ဟုတ်တယ် လူလေး၊ စောစောတလည်းပြောပြခဲ့ဖူးတယ်လေ။ အဘပါ အခြောက်ခံခဲ့ရဖူးတယ်လို့။ အဘအခြောက်ခံရတာကတော့ ဘာမှမမြင်ပါဘူး။ လမ်းလျှောက်လာရင်း အဲဒီအပင်နားရောက်တော့ လူလေး၊ ငါးယောက် စကားပြောလာကြသံတွေကြားရယ် အဘကလည်း ဩော် - ငါ့နောက်မှာ



www.burmeseclassic.com

www.burmeseclassic.com

သူတွေအများကြီးပဲဆိုပြီးလျှောက်နေတာ၊ ဒါနဲ့ ကြက်သီးတတဖြန်းဖြန်းဆိုတော့ မသက်သာတာနဲ့ လှည့်ကြည့်လိုက်တော့ ဘာသံမှမကြားဘဲ ချက်ချင်းရပ်သွားတယ်။ ဒီဘက်ပြန်လှည့်တော့ ပြန်ကြားရပြန်ရော။ ဒါနဲ့ပဲ မေတ္တာသုတ်ကိုရွတ် မေတ္တာတွေပို့ပေါ့ကွယ်။ အဲဒါကျ မောင်မင်းကြီးသားတို့အသံတွေ တဖြည်းဖြည်း ဝေးဝေးသွားတော့တာ။ အဘကတော့ မေတ္တာတရားပဲ။ အဘနဲ့သင်ဖော်သင်ဖက်သူငယ်ချင်းသာဆိုလို့ တော့ ဟာ - ဘာပြောကောင်းမလဲ၊ သူတို့ကို တစ်ခါတည်းခေါ်သွားပြီး ဖြစ်နေရာမှာသွားထားမှာ။ သူကမရဘူးကြမ်းတယ်"

(အင်ဂိဇ္ဇာဆရာသခင်ကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဆရာသည် ဝိညာဉ်လောကကို လူနှင့်စကားပြောသလိုပြောလိုက်ဆိုလိုက်၊ မာန်လိုက်မဲလိုက်နှင့်နေတတ်သူဖြစ်၏။ ဘယ်လောက်ခြောက်သည့်နေရာဖြစ်ဖြစ် သွားအိပ်ရဲ၏၊ နေ၏ ဘာမှမဖြစ်။ မမြင်ရသောထိုပုဂ္ဂိုလ်များကိုလည်း အလွန်ကျွေးတတ်သူဖြစ်၏၊ ကြည့်ရသည်မှာ ဆရာ့ကို မမြင်ရသောပုဂ္ဂိုလ်များ အလွန်ချစ်ကြပုံရ၏။)

ထိုနေ့မှစ၍ -

ပျဉ်းမပင်ကြီးနားသို့ တစ်ယောက်တည်းမသွားတော့ပါ။ အဖော်မရှိသေးလျှင် ကားလမ်းမဘေးမှထိုင်စောင့်ပြီး အဖော်ရှိမှသွားတော့၏။ ဖြစ်နိုင်သမျှရှောင်၏။

အဘသည် ကျိုက္ကဆံဘုရားကြီးသို့ ကျွန်ုပ်နှင့်သွားတိုင်း မမြင်ရသောလောကသားများအကြောင်းကို သူကြုံသမျှ၊ သူ့မိတ်ဆွေတွေကြုံဖူးသမျှပြောပြောပြ၏။ စာတွေ့နှင့်လည်းပြော၏။ စာအုပ်စာပေများထဲမှ ဖတ်ဖူးသည်များကိုလည်းပြောပြ၏။

ကျွန်ုပ်သည် -

အဘ၏အလိုက်ကိုအလွန်သိ၍သော် လည်းကောင်း၊ အဘခိုင်းသမျှကိုငြည်းမည်ူ ပေါ့ပါးစွာ ပြုလုပ်တတ်၍သော် လည်းကောင်း၊ အဘ၏မေတ္တာကိုတဖြည်းဖြည်းရလာခဲ့ချေပြီ။ သွားလေရာ တကောက်ကောက်လိုက်နေတတ်သောကြောင့် ကျွန်ုပ်မပါလျှင်ပင် အဘသွားတတ်တော့။ ဘာလိုလိုနှင့် နှစ်လခန့်လည်းကြာခဲ့လေပြီ။ သို့သော် အဘသည် အလွန်နူတ်လုံ၏။ သူပြောထားသည့်စကားအတိုင်း တပည့်မမွေးတတ်၍ ပညာနှင့်ပတ်သက်လာလျှင် ဘာမှမကြားရ။ တစ်ခါတစ်ခါ ဆရာပြောသလို ဆရာနှင့် သင်ဖော်သင်ဖက်၊ ပညာပြိုင်ဖက်ဟူသည် ဟုတ်မှဟုတ်ပါ့မလားဟုပင် မကြာခဏတွေးမိ၏။ သူ့တပည့်များ၊ မိတ်ဆွေများနှင့်ဆုံတိုင်း ကျွန်ုပ်ကဟောရ၏။ သူကဘာမှမသိသလိုနေ၏။ မှားမှား မှန်မှန် ဘာမှဝင်မပြော။

'ငါများမှားဟောလိုက်လျှင် အဘတော့ ဝင်ထောက်ပေးချည်ရဲ့၊ ပညာပေးချည်ရဲ့'

ဟု စဉ်းစားပြီး တစ်ခါတစ်ခါမှား ဟောပြ၏။

အဘကား ဆိတ်ဆိတ်နေလျက်ပင်။

တစ်ခါသော် -

အဘနှင့်ကျွန်ုပ်သည် ကျောက်စာတိုင်ဘုရားအနီးရှိ အကြော်ဆိုင်လေးတွင် အကြော်ထိုင်စားနေကြ၏။ ထိုဆိုင်မှအကြော်များမှာ သန့်ပြန့်လတ်ဆတ်ရုံမက အချဉ်မှာ ကြက်သွန်ဖြူများ၊ နံနံပင်များ၊ ငရုတ်သီးစိမ်းများနှင့်ဖျော်ထားသောကြောင့် အဘရောကျွန်ုပ်ပါအလွန်ကြိုက်၏။ ကျွန်ုပ်က ဘူးသီးကြော်ကြိုက်သော်လည်း အဘ ဗယာကြော်ကြိုက်တတ်မှန်းသိပြီးနောက်ပိုင်း ကျွန်ုပ်လည်း ဗယာကြော်လိုက်စားခဲ့ပါသည်။ ဆိုင်ရှင်မှာ မည်သည့်အချိန်ကြည့်ကြည့် အကျီ အညိုရောင်လက်စကနှင့်ဖြစ်၍ ဤတစ်ထည်များသာရှိလားဟု တွေးမိသော်လည်း အကျီမှာ သန့်ပြန့်နေတတ်၏။ စကားများများပြောလေ့မရှိ။

အကြော်စားနေစဉ် လူနှစ်ယောက်ရောက်လာပြီး ကျွန်ုပ်တို့ဘေးသို့လာရောက်ထိုင်ရင်း အဘနှင့်စကားစမြည်ပြော၏။ အလွန်ရင်းနှီးနေကြပုံရပါသည်။

ထိုလူနှစ်ယောက်သည် ကျွန်ုပ်ကိုအကဲခတ်နေပုံရပြီး အဘကိုပါ ခပ်တိုးတိုးကပ်မေးနေပုံရ၏။ ကျွန်ုပ်က မစပ်စုတတ်၍ ဘေးသို့မျက်နှာလွှဲထားလိုက်ပါသည်။ ထိုနှစ်ဦးထဲမှတစ်ဦးသည် ကျွန်ုပ်ကိုကြည့်၍ ခေါင်းတညိတ်ညိတ်လုပ်ရင်း -

"သြော် - ဆရာစိန့်ရဲ့နောက်မှာ လိုက်လိုက်နေတဲ့ကောင်လေးဆိုတာ ညီလေးကိုး"

"ဟုတ်ကဲ့ပါ အစ်ကို၊ အဘက အနားမှာနေခွင့်ပြုလို့ အဘနားမှာ ချဉ်းကပ်ခွင့်ရခဲ့တာပါ"

"သြော် - အေးအေး၊ ကောင်းတယ်။ မင်းအကြောင်းကိုကြားပါတယ်။ မင်းဟိုစပ်စပ်ဒီစပ်စပ်သိတယ်ဆိုတာကြားပါတယ်"

ထိုပုဂ္ဂိုလ်ပြောလိုက်မှ သူ့ဘေးတွင်ထိုင်နေသော သူ၏လက်မှ လက်ပတ်နာရီအားကြည့်လိုက်ရာ ဗုဒ္ဓအခါဖြစ်နေပြီဖြစ်၏။

"ဟုတ်ကဲ့ပါ အစ်ကို၊ ဝါသနာကြီးလွန်းလို့ လေ့လာလိုက်စားနေတုန်းပါခင်ဗျာ"

"ကောင်းတာပေါ့ကွာ ကြိုးစား။ အစ်ကိုတို့လည်း ဒီလိုပဲသင်ခဲ့ရတာပဲ။ အစ်ကိုကတော့ အင်ဂိဇ္ဇာတို့၊ သုံးတန်ပေါ်နိုင်တို့ ဝါသနာကြီးတာကွ။ ဆန်းကတော့ နည်းနည်းပါးပါးပါ။ သူကခက်တယ်လေ။ ဆရာစိန်လည်းသိပါတယ်။ အစ်ကိုတို့ဘယ်လောက်ဖွဲ့ကောင်းတယ်ဆိုတာ"

"ဟုတ်ကဲ့၊ အစ်ကို့ကို ကျွန်တော်လေးစားပါတယ်ခင်ဗျာ"

"အေးပါ အေးအေး၊ ညီလေးက တနင်္ဂနွေလား၊ ကြာသပတေးလား၊ တနင်္လာလား"

"အစ်ကိုပြောတဲ့အထဲမှာ တစ်ခုပါပြီးသားပါ အစ်ကို"

"ဒါဖြင့် မင်းအဖေအိမ်မှာမရှိဘူး"

ခပ်ပေါ့ပေါ့ နားထောင်နေရာမှ ထိုသူ၏စကားကြောင့် လူမှာဒိန်းခနဲဖြစ်သွားပြီး သူ၏မျက်နှာအား စေ့စေ့ကြည့်လိုက်မိပါသည်။ သူပြောသလို အိမ်မှာအဖေမရှိတော့ပါ။ ကျွန်ုပ်၏ဖခင်သည် သာသနာ့ဘောင်သို့ ဝင်သွားပြီဖြစ်ပြီး အုတ်ဖိုမြို့အရှေ့ဘက် တိမ်မြုပ်ကြီးတွင် တရားအားထုတ်နေပြီ ဖြစ်၏။

"ဟာ - ခုမမေးဘာမမေးနဲ့ မှန်လိုက်တာ အစ်ကိုရယ်၊ ကျွန်တော်မြင်တောင်မမြင်ဖူးပါဘူး"

"ဒီသယ်န်းကျွန်းဘက်က မင်းနဲ့ အရပ်မတည့်ဘူး"

"ဗျာ"

"မပူပါနဲ့ကွာ၊ မင်းဟာ ဆရာစိန်ရဲ့ အခိုင်းအစေလိုနေတာကတစ်ကြောင်း၊ ပြီးတော့ မင်းတို့ဆရာတပည့်က ကျိုက္ကဆံသချိုင်းဘေးနားမှာချည်းပဲတဝဲလည်လည်လုပ်နေကြတာကတစ်ကြောင်းကြောင့် မင်းဘာမှမဖြစ်နိုင်ပါဘူး။ ယကြာလိုဖြစ်နေတာပေါ့ကွာ"

"သြော် - ဟုတ်ကဲ့"

"ကဲ - မင်းငါ့လိုပြောနိုင်လား"

(ရှေ့လဆက်ရန်)

ဆရာဦးမောင်မောင်သန်း
(ခိုင်ကိုအေးမြဲစေသား)



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းရာသီ၏ နံနက်ခင်းမို့ ရာသီဥတုက အေးမြသာယာနေသည်။ မြောက်ပြန်လေသည်ပင် နှင်းရနံ့ မြူရနံ့တို့ သင်းပျံ့နေ၏။ လက်မှနာရီကိုကြည့်လိုက်သောအခါ နံနက် (၈) နာရီထိုးပြီးခါစပင်ရှိသေးသည်။ နေခြည်သည် နှင်းထုကို ပါးလျစွာထိုးခွဲနေရဆဲဖြစ်၍ ခပ်နွေးနွေးလေးသာဖြာနိုင်သေးသည်။ အအေးဓာတ်က အဆီးအတားမဲ့ကျယ်ဝန်းသောဝန်းကျင်တစ်ခွင်လုံးကို လွှမ်းခြုံထားနိုင်နေဆဲ။ ဖြာထွက်နေသောနေရောင်ခြည်သည် အပူဓာတ်ကိုမပေးနိုင်သေး။

သို့သော် မူ-အုပ်ဆရာကြီး ဦးသိန်းထွန်းကတော့ အဲဒီအနေအထားကိုပဲ ကြိုက်ပါသည်။ ထိုအအေးဓာတ်ကလေးကြောင့်ပင် (၇) မိုင်ကျော်ကျော် စက်ဘီးနင်းလာခဲ့ရသည့်တိုင် သူမှာ မောမောလျလျ မခံစားရတာဖြစ်မည်။ ယနေ့နံနက် အိမ်က စက်ဘီးနင်းထွက်လာခဲ့တော့ နံနက်(၅)နာရီသာသာလေး ရှိသေးသည်။ ခပ်ဖြည်းဖြည်းခပ်မှန်မှန်ကလေးပင် သူနင်းလာခဲ့သည်။ (၈) နာရီထိုးပြီးချိန်မှာတော့ မုန်းမြောင်းမကြီး၏လက် ခွဲမြောင်းပေါင်လမ်းတစ်လျှောက်သို့ သူသက်သက်သာသာရောက်နေခဲ့ပြီဖြစ်သည်။ သို့သော် သူစက်ဘီးနင်းလာခဲ့ရသော ခရီးတာကို တွက်လျှင်တော့ (၇) မိုင်ကျော်ခဲ့ပါပြီကော။

မှန်သည်။ သူနေထိုင်သည်က မကွေးတိုင်းဒေသကြီး ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ ဆင်ဖြူကျွန်းကျေးရွာကလေးမှာ ဖြစ်၏။ သူတာဝန်ထမ်းဆောင်ရသည်က စလင်းမြို့နယ် ဗီးဇတ်ကြူဝင်းကျေးရွာအုပ်စုအပိုင်ထဲက ဥယျာဉ်ရွာလေး၏ မူလတန်းကျောင်းမှာ။ ဥယျာဉ်ရွာမှာ စလင်းမြို့၏တောင်ဘက် စလင်း-မင်းဘူးကားလမ်းမကြီးမှ အရှေ့ဘက်သို့ ဖဲ့ဆင်းခဲ့ပြီး မုန်းမြောင်းမတော်ကြီး၏လက်ခွဲမြောင်းပေါင်လမ်းအတိုင်းသွားရခြင်း ဖြစ်သည်။

ဆင်ဖြူကျွန်းမှ ထွက်ခွာခဲ့လျှင် (၆) မိုင်ခွဲဝေးသော စလင်းမြို့ကို ဖြတ်ကျော်ရသေးသည်။ သူက ထိုဥယျာဉ်ရွာကလေး၏ကျောင်းမှာ ကျောင်းအုပ်ဆရာကြီးအဖြစ် တာဝန်ထမ်းဆောင်ရ၏။ နည်းနည်းအလှမ်းဝေးတော့ အိမ်ကိုနေ့စဉ်အသွားအပြန်မလုပ်နိုင်။ နေ့စဉ် (၁၄) မိုင်လောက် (အသွား၊ အပြန်) စက်ဘီးနင်းရမည်မှာ သက်သာလှသည်မဟုတ်။ ထို့ကြောင့် ရွာကျောင်းမှာပဲနေသည်။ ကိုယ်တိုင်ချက်ပြုတ်စားသောက်သည်။ ထမင်းတစ်အိုး၊ ဟင်းတစ်မျိုးလောက် ချက်ရပြုတ်ရတာလောက်ဖြင့် စာဖွဲ့စရာမဟုတ်။ ကျောင်းပိတ်ရက်စနေ၊ တနင်္ဂနွေကျမှ သူမိသားစုရှိရာ ဆင်ဖြူကျွန်းကအိမ်ကို တစ်ခေါက်ပြန်လေ့ရှိ၏။

ယနေ့ကား တနင်္လာနေ့၊ ကျောင်းပြန်ဖွင့်သည့်နေ့။ ထို့ကြောင့်ပင် ဆင်ဖြူကျွန်းမှ မိုးလင်းစမှာပင် ဝီရိယထား၍ ကျောင်းတက်ရန် စက်ဘီးဖြင့်ထွက်လာခဲ့ခြင်း ဖြစ်သည်။ သူစက်ဘီးကိုမှန်မှန်နင်းရင်း ကျွမ်းဝင်ရင်းနှီးခဲ့ပြီးဖြစ်သော လမ်းနံဘေးမြင်ကွင်းတွေကို ငေးကြည့်လာခဲ့သည်။ မည်မျှကျွမ်းဝင်သည်ဆိုစေ စိမ်းမြသောမြက်ခင်းပြင်များ၊ ရွှေဝါရောင်ဝင်းမှည့်နေသောစပါးစိုက်လယ်ကွင်းပြင်ကျယ်ကြီးများက သူ့အဖို့ရိုးစင်းမသွားပါ။ နေခြည်နုနုဖြာကျနေသော ထိုမြင်ကွင်းများ၏ နံနက်ခင်းအလှကို သူနှစ်သက်ပါသည်။ နှင်းရနံ့၊ မြူရနံ့၊ ကောက်ပင်စပါးပင်ရနံ့၊ မြက်စိမ်းရနံ့တို့ ပျော်ဝင်ဖွဲ့စည်းထားသော လေပြည်လေနုအေးလေး တသုန်သုန်တညင်းညင်းကလည်း သူ့ကိုအမောပြေစေသည်ပဲမဟုတ်လား။

အရှေ့ဆီသို့ လှမ်းမျှော်ကြည့်လိုက်တော့ ဥယျာဉ်ရွာကလေးကို လှမ်းမြင်နေရပြီ။ ရွာနှင့်မလှမ်းမကမ်းကို ရောက်တော့ သူစက်ဘီးပေါ်မှဆင်းလိုက်သည်။ ရေမြောင်းကို ဖြတ်ကူးထားသော တမာတုံးကလေးကို စက်ဘီးမ,ပြီး ကူးရမည်။ ဒါမှ ရွာလမ်းတည့်တည့်သို့ရောက်မည် ဖြစ်သည်။ စက်ဘီးကိုဒေါက်ထောက်လိုက်ပြီး လုံချည်ကိုခိုင်မြဲအောင် ခပ်တင်းတင်းပြန်၍ဝတ်လိုက်သည်။ ပြီးမှ အကျယ်တစ်ပေပင်မရှိသော တမာတုံးမြောင်းကူးတံတားပေါ်မှစက်ဘီးကိုမ,ကာဖြတ်သည်။

ကျေးလက်မလေ့မို့ တံတားတသားသားနားနားခိုင်ခံ့ထည်ထည်မဟုတ်။ ထိုနေရာအနီးမှ ပင်စည်ခြောက်၍သေသွားသော တမာပင်ပင်စည်တုံးကြီးကို မြောင်းဟိုဘက်ဒီဘက် ကန့်လန့်ဖြတ်လှဲချထားရသည့်လူကူးတံတားမို့ စက်ဘီးကိုမ,၍ဖြတ်ရသည့်အခါ သတိထားရ၏။ ဤနေရာမျိုးတွင် ဝတ်ထားသောပုဆိုးမခိုင်ပါက ပြီးပါလေရော။ ထို့ကြောင့် တမင်ပင်ခိုင်ခိုင်ပြန်ဆီးရခြင်းဖြစ်သည်။ သို့သော် အဲဒီအပြုအမူတပင် သူ့အတွက် အမှားတစ်ခုဖြစ်သွားခဲ့ရလိမ့်မည်ဟု သူမထင်ခဲ့မိရိုးအမှန်ပင်။ ခုတော့ မြောင်းပေါင်ကို ဟိုဘက်ကမ်းသို့ရောက်သည်နှင့် ထိုအမှားအတွက်

# နန္ဒာစိုး (ဆင်ဖြူကျွန်း)

# လက်ဖက်ကုသိုလ် ကျွမ်းကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com

သူမမျှော်လင့်ခဲ့သည့် အတားအဆီးကို ရင်ဆိုင်ရပါလေတော့သည်။

“ဟ - ဘာတုံးဟ၊ ဘယ်လိုဖြစ် ဘာပါလိမ့်”

သူ့နှုတ်ဖျားကပင် နားမလည် နိုင်စွာ ဖော်ထုတ်ရေရွတ်လိုက်သံထွက် ပေါ်လာရ၏။ ဟုတ်သည်။ ရေမြောင်း သည်ဘက်ကမ်းသို့ ရောက်သည်နှင့် သူ့စက်ဘီးက ဘယ်လိုကနေဘယ်လို ဆောက်ပြန်သွားသည်မသိ။ ရှေ့ဆက် နင်းဖို့နေနေသာသာ နေရာကပင်ရွှေ့ အောင်တွန်းလို့မရတော့ချေ။ ချိန်းကြိုး များကျရော့သလားဟု ငုံ့ကြည့်သည်။ မကျပါ။ ဒါဖြင့် ဘရိတ်ရော်ဘာတုံးက လေးတွေပဲကပ်သွားကြရော့သလားဟု ဆပ်ကြည့်၏။ မကပ်ပါ။ သူစစ်ဆေးမိ သလောက်မှာတော့ စက်ဘီးမရွေ့ လောက်စရာ ဘယ်လိုအပြစ်တစ်စုံတစ် ရာမှမရှိ။ ဘာချို့ယွင်းချက်မှလဲရှာမရ။

သို့သော် မည်သို့ပင်အားစိုက်၍ တွန်းစေကာမူ စက်ဘီးက တစ်လက်မ မျှမရွေ့။ ကျောက်ချထားသလို တင်းခံ နေတာသေချာ၏။ ထို့ကြောင့် မ,ကြည့် တော့လည်း ဧရာမကျောက်တုံးကြီးနှယ် အဆမတန်လေးလံနေသဖြင့် ကြွပင်ကြွ မလာချေ။ အခုပင် တမာတုံးမြောင်း ကား တံတားပေါ်တွင် ပေါ့ပါးစွာ မ,လာ နိုင်ခဲ့သေးသောစက်ဘီးက သည်ဘက် ကမ်းရောက်တော့မှ မ,မရအောင်လေး လံသွားသည်မှာ ထူးဆန်းလှတော့၏။ တစ်သက်တာတွင် တစ်ခါမှ မကြုံခဲ့ရဘူး သော အတွေ့အကြုံဆန်းကြောင့် သူ့ အံ့အားအသင့်ကြီးသင့်၍ ကြောင် တောင်တောင် ယောင်နနဖြစ်နေဆဲမှာ ပင် တစ်စုံတစ်ရာသော လှုပ်ရှားမှုအသံ



...တွက သူ့ရှေ့မှ...
...တော့၏။
“ဖြော . . . ဝေါ . . .
. . . နိုး . . . နိုး”

www.burmeseclassic.com

ကြောင့် သူကြက်သေသေသွား၏။ အသက်ရှူများလောက်သည့်မြင်ကွင်းက သူဖြတ်သန်းရမည့်နဘူးပင်ချုံတန်းရှည်တစ်လျှောက်ပေါ်တွင် နေရောင်ဖြင့် တလက်လက်ဖြူဖွေးတောက်ပနေသော ဧရာမမြွေကြီးတစ်ကောင်က တအိအိ ကန့်လန့်ဖြတ်၍ဖြတ်သွားနေခြင်း ဖြစ်လေတော့သည်။

အိပ်မက်မက်နေသလားဟု တွေးလိုက်မိသေးသော်လည်း ဒါဟာအိပ်မက်မဟုတ်၊ တကယ်လက်တွေ့လက်ငင်းကြုံနေရတာဟု သူသိနေသည်။ မြွေကြီးက နည်းနည်းနောနောမဟုတ်။ ယောကျ်ားကြီးပေါင်လုံးထက်ပင်တုတ်ဦးပေမည်။ အချင်း (၈) လက်မထက်မနည်းရှိမည်။ အရှည်အလျားကို ဆန့်ကြည့်လိုက်မိတော့ သူမျက်လုံးပြူးသွားရသည်။ (၁၀) တောင်ဝါးတစ်ပြန်မက ရှည်လျား၏။ လူတစ်ရပ်မက မြင့်မား၍ တစ်ချုံတစ်ချုံလျှင် တင်း (၅၀)၊ (၁၀၀) ဆံ့မည့် စပါးပုတ်လောက် အတိုင်းအတာရှိသော နဘူးချုံကြီးသုံးလေးချုံသည် ထိုမြွေကြီး၏ ဖြူဖွေးသော ဝမ်းဗိုက်အောက်သို့ တစ်ပြိုင်နက်တည်း ပိပြားရောက်ရှိနေလေသည်။

"အောင်မယ်လေး၊ ဒီကောင်ကြီးသာ ငါ့ဘက်ဖွဲဆင်းလာခဲ့ရင် ဘုရား . . ဘုရား"

သူ့အတွေးနှင့်သူပင် အတော်ချောက်ချားသွားရ၏။ ဟုတ်သည်။ ထိုမြွေကြီးသာ သူ့ဘက်ဖွဲဆင်းကာဦးလှည့်လာပါလျှင် သူပြေးပေါက်မရှိ။ သည်မျှကြီးမားသောမြွေကြီးသည် လှုပ်ရှားမှုတွင်လည်း မြန်ဆန်ပြင်းထန်မှာ ဧဧကင်မေးဖို့မလို။ လွတ်အောင်ပြေးနိုင်ဖွယ်မမြင်ချေ။ ရင်တွေတဒိန်းဒိန်းခုန်နေကာ ဒူးတွေပင်တဆတ်ဆတ်တုန်လာသည်။ ထိတ်လန့်ကြောက်ရွံ့စွာ သူကြက်သေသေပြီး မတ်တတ်မေ့မေ့နေစဉ်မှာ သူ့နောက်ဘက်မှ ထွက်ပေါ်လာသော နှုတ်ဆက်သံကြောင့် သတိပြန်ဝင်လာပြီး သူအားတက်သွားသည်။

"ဟော-ဆရာကြီးတောင်ရောက်နေပြီကိုး ခင်ဗျ"

လှည့်ကြည့်လိုက်တော့ သူနှင့်အတူ တစ်ကျောင်းတည်းက သူ့လက်ထောက် ကျောင်းဆရာကလေး မောင်သန်းငွေ။ ဆရာလေးကလည်း သူ့စက်ဘီးကလေးကိုမ,ကာ ရေမြောင်းဖြတ် တမာတုံးခြောက်ကြီးပေါ် ချပြီး ခေါင်းထောင်လိုက်သည်နှင့် မျက်လုံးတွေပြူးကျယ်သွားသည်ကို သူမြင်လိုက်ရ၏။

"ဟာ - ဆ. . . ဆ. . . ဆရာကြီး၊ ဟို. . . ဟို"

သူ့အလောတကြီး သည်မှာဘက်က နဘူးချုံတန်းတွေပေါ်ကြည့်လိုက်မိတော့ စောစောက ဧရာမမြွေကြီးမရှိတော့။ ချက်ချင်းပင် ဘယ်ကိုပျောက်သွားမှန်းမသိဘဲ အူလည်လည်ဖြစ်ရပြန်၏။

"ဧရာမမြွေကြီးကွ မောင်သန်းငွေရ။ လမ်းကို ကန့်လန့်ဖြတ်ပြီး စောစောတုန်းက. . ."

သူ့စကားပင်ဆုံးအောင် မပြောလိုက်ရသေး၊ မောင်သန်းငွေက သူ့စက်ဘီးပေါ် အမြန်ခုန်တက်လိုက်ကာ အရေးတကြီးပြော၏။

"ကျွန်တော်အမြီးပိုင်းကလေးကို ဖျတ်ခနဲ မြင်လိုက်ရတယ် ဆရာကြီး။ မြန်မြန်ပြေးကြစို့ဗျို့။ အခြေအနေမကောင်းဘူး။ ရွာကို ဒုန်းစိုင်းနင်းပြေးကြစို့ရဲ့"

"ဟကောင်၊ ဟကောင်ရ ငါ့လည်း စောင့်ဦးဟ"

သည်တော့မှ သူလည်း သတိဝင်လာကာ ကယောင်ကတမ်းဖြင့် သူ့စက်ဘီးကို တွန်းလိုက်တော့ စက်ဘီးက ချက်ချင်းပဲ ပြန်ကောင်းနေပြန်၏။ တော်သေးရဲ့ဟဲ့ဟု သူဝမ်းသာသွား၏။ မောင်သန်းငွေကား နောက်ကျတဲ့ခြေထောက်သစ္စာဖောက်ဆိုသည့်နှယ် -

"အမြန်ဆုံးနင်းပေတော့ ဆရာကြီးရေ့ ကျွန်တော်တော့ပြေးပြီ"

ဟု အော်ပြီးနောက် အော်အော်နင်းနင်းနှင့် ဒရောသောပါးနင်းပြေးလေတော့ရာ ဆရာကြီးလည်း နောက်မှ အမြန်နင်းလိုက်လာခဲ့ရတော့သည်။

သူနှင့် မောင်သန်းငွေတို့မှာ ရွာအဝင်လမ်းမှသည် ရွာလယ်လမ်းမတစ်လျှောက်လုံး စက်ဘီးစီးပြိုင်ပွဲမှ တာလွတ်လာလိုက်ကြသည့်အလား ဝရုန်းသုန်းကား ဖွတ်တရွတ်နင်းလာလိုက်ကြသည်မှာ ကျောင်းရှေ့သို့ ထိုးဆိုက်ပါမှပဲရပ်တော့သည်။ နှစ်ယောက်စလုံးလည်း ဖတ်ဖတ်မောနေကြရာ စကားမပြောနိုင်ကြဘဲ အသက်ကိုလုရှူနေကြရသည်။ ဆောင်းမနက်ခင်းမို့ အေးမြနေသည့်ကြားထဲက စောစောစီးစီးစိမ့်ပြန်ထွက်ရှိလာကြသည့် ဇောချွေးတွေက ရွှဲနစ်နေကြသည်။ အန္တရာယ်ကင်းရာရောက်ခဲ့ပြီဖြစ်ပေမင့် သူ့ရင်တွေကတော့ တဒုန်းဒုန်းဆောင့်ခုန်နေဆဲ။ ထိတ်လန့်ကြောက်ရွံ့မှုဖြင့် ဒူးတွေတဆတ်ဆတ်တုန်နေဆဲ။

ကျောင်းပေါ်သို့ ပြေးတက်ကာ သောက်ရေအိုးစင်မှ ရေအိုးအဖုံးကိုလှပ်ကြည့်လိုက်တော့ ရေလက်ကျန်က အိုးဖင်ကပ်သာရှိ၏။ ကြားထဲက ရနေ၊ တနင်္ဂနွေကျောင်း (၂) ရက်ပိတ်ထားတော့ ကျောင်းသားတွေ သောက်ရေဖြည့်ဖို့ မေ့သွားကြလေသလား မသိ။ ကျောင်းဝင်းနှင့်ကပ်လျက်ရှိသော ခေါင်းရင်းဘက်ခြံမှ ကိုတင်လှိုင်ကို ကုန်းအော်ခေါ်ရသည်။

"ကိုတင်လှိုင်ရေ ဗျို့-ကိုတင်လှိုင်"

"ခင်ဗျားခင်ဗျ၊ ဆရာကြီးတို့ရောက်ကြပြီလား"

ကိုတင်လှိုင်က သူ့အိမ်ထဲမှပြန်အော်ထူးသည်။

"ကျုပ်တို့ရောက်နေတာကိုနောက်ထားလိုက်၊ လောလောဆယ် ဒီဘက်ကို ပြေးခဲ့စမ်းပါဗျ။ သောက်ရေကလေးများများခပ်လာခဲ့စမ်းပါ။ များများဆို ဖလားကြီးနဲ့ အပြည့်သာခပ်ခဲ့ပါဗျို့"

"လာပြီ၊ လာပြီ ဆရာကြီး။ အခုလာပါပြီ"

ခဏချင်းပင် ကိုတင်လှိုင်က သောက်ရေဖလားကြီးတစ်လုံးအပြည့်နှင့်အပြေးအလွှားရောက်လာ၏။ သူက သောက်ရေအေးအေးကို အငမ်းမရဆီးယူကာ တကျိုက်ကျိုက်မော့လိုက်၏။ ပြီးနောက် လက်ထောက် မောင်သန်းငွေကို လက်ဆင့်ကမ်းပေးကာ အမြန်တိုက်ရ၏။ ဆောင်းမနက်ခင်းအေးအေးကြီးမှာ ရေခဲရေတမျှအေးသော သောက်ရေအေးကြီးကို တဂွပ်ဂွပ်မော့ချနေကြသော သူတို့နှစ်ယောက်ကိုကြည့်ကာ ကိုတင်လှိုင် မျက်မှောင်ကျုတ်သွား၏။

"ဖြည်းဖြည်းသောက်ကြပါဦး ဆရာတို့ရဲ့။ မတော်တဆရေဝင်လွဲပြီး သီးသွားကြပါဦးမယ်။ ဆရာတို့ပုံစံတွေက အလန့်တကြားနဲ့ဘာတွေဖြစ်လာကြတာတုံး"

ကျောင်းအုပ်ကြီးနှင့်လက်ထောက် ဆရာတို့မှုပျက်နေပုံကို ကိုတင်လှိုင်က ရိပ်မိနေပုံရသည်။

"ဘာမှမဖြစ်ပါဘူးဗျာ၊ အမလေး ရေအေးအေးလေးဝင်သွားတော့မှ ရင်ငြိမ်းသွားတယ်"

မောင်သန်းငွေက ခုမှ သက်ပြင်းချကာ အပူလုံးကြီးကျသွားတော့သ[illegible] လေသံမျိုးဖြင့်ပြော၏။

"အာ - မဟုတ်သေးပါဘူး၊ ဆရာတို့ တစ်ခုခုတော့ဖြစ်ကိုဖြစ်လာကြပါပြီ။ နှစ်ယောက်စလုံး ပုံမှန်မဟုတ်ဘူး။ ပြောစမ်းပါ၊ ဘာဖြစ်လာကြတယ်ဆိုတာ"

ကိုတင်လှိုင်က မရအရဇွတ်ဆေ[illegible] ကတ်၍မေးပြန်၏။ အတန်ကြာမှ သူတို့ အသက်ရှူမှန်လာကြ၏။ သည်တော့ သူက စောစောက အတွေ့အကြုံ[illegible] ဇာတ်ကြောင်းလှန်ရသည်။

"ကျုပ်တစ်သက်မှာ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

ကြီးတဲ့မြွေမျိုးကို မြင်ကိုမမြင်ဖူးဘူး။ မြွေ ဘား နဂါးလားတောင်မပြောတတ်ဘူး။ နောက်တစ်ချက်က မောင်သန်းငွေ ရောက်လာချိန်မှာ ဖျတ်ခနဲ မျက်စိ အောက်က မျက်လှည့်ပြသလို ပျောက် သွားပုံကလည်း တော်တော်အံ့သြဖို့ ကောင်းတယ်။ ချက်ချင်းပဲဘယ်ရောက် သွားမှန်းမသိဘူးဗျ။ မောင်သန်းငွေက ချက်ချင်းဝင်ထောက်ခံလေ၏။

"ဟုတ်တယ်၊ မြင်လိုက်ရတဲ့ အမြီးပိုင်းကိုက ခြေသလုံးတစ်ပတ်ရစ် လောက်ရှိတယ်၊ နည်းတဲ့မြွေကြီးမဟုတ် ဘူး။ ကျွန်တော်လည်း ကြားဖူးနားဝရှိ အားတော့ ကြက်သီးတွေဖြန်းခနဲထပြီး စက်ဘီးကို အားကုန်နင်းပြေးခဲ့တော့တာ ။ ဒီကောင်ကြီးများ ကျွန်တော်တို့ဘက် လှည့်လာပြီးလိုက်ရင် ကျွန်တော်တို့ နှစ်ယောက်လုံး လွတ်လမ်းမမြင်ဘူး"

ကိုတင်လှိုင်က ခေါင်းတညိတ် ညိတ်နားထောင်နေရင်းမှ တစ်စုံတစ်ရာ အဖြေရသွားသလို ပြော၏။

"ဒါဆို ရေမြောင်းအကူးမှာတွေ့ခဲ့ ကြတာဖြစ်ရမယ်။ အဲဒီအနားမှာညောင် ချုံပင်ကြီးလည်းရှိသေးလေ"

"ဟုတ်သဗျား၊ ရေမြောင်းကူးပြီး တာနဲ့ အဲဒီကောင်ကြီးက ရှေ့က နဘူး ချုံတန်းရှည်ပေါ်မှာ ကန့်လန့်ဖြတ်ကြီး ဘူး ကျုပ်ရှေ့ဆက်သွားရမယ့်လမ်းကို ပိတ်ထားတဲ့အတိုင်းပဲ။ ချုံတန်းပေါ် အများဆင်းလိုက်လာလို့ကတော့ ကျုပ် သေပြီ၊ အရေးထဲ စက်ဘီးကလည်း နင်းမရမ,မရွေ့မရနဲ့ဗျာ၊ အောက်က မြေကြီးနဲ့ မူလီစုပ်ထားသလားအောက် မေ့ရတယ်"

"ဒါဖြင့် ဆရာကြီး အဲဒီအနီး အနားမှာ ဆဲမိသလား ဒါမှမဟုတ် အပေါ့အပါးသွားမိသလား၊ ဒီလိုမှ မဟုတ်သေးရင် ခါးအောက်ပိုင်းလုံချည် ပြင်ဝတ်မိသလား။ တစ်ခုခုတော့လုပ်ကို လုပ်မိခဲ့ပြီထင်တယ်"

ကိုတင်လှိုင်၏ စကားကြောင့် သူ အံ့သြသွားသည်။ သူလုပ်ရှားမှုတွေကို နောက်က လိုက်ကြည့်ထားသလို ကွက် ပြောနိုင်နေသောကြောင့် ဖြစ်၏။ သူ ခံလိုက်ပါသည်။

"ဟုတ်တယ်၊ မြောင်းကူးခါနီး တော့ စက်ဘီးထမ်းရမှာမို့ လုံချည်တော့ နိုင်အောင် ပြင်ဝတ်မိတယ်။ ပိုသေချာ အောင်ဆိုပြီး နှစ်ခါလောက်ကို ခပ်တင်း တင်းပြင်ဝတ်မိသဗျ"

"ကိုင်း-ဒါဆိုရင်ကိစ္စမရှိပါဘူး၊ ည နေကျတော့ လိုက်တောင်းပန်တာပေါ့။ ဒီအကြောင်းတွေကို စကားမစပ်မိကြ တော့ ကျွန်တော်ကလည်း ဆရာကြီးတို့ ကို သတိမပေးမိဘူး။ အဲဒီအကြောင်းကို ရေနွေးကြမ်းဝိုင်းဖွဲ့ရင်း ပြောကြသေး တာပေါ့။ ကျွန်တော်ပြောမှာမဟုတ်ပါ ဘူး။ တကယ့်လက်တွေ့ကြုံခဲ့တဲ့ ရွာထဲ က လူပျိုကြီး ကိုအောင်မြကို ပြန်ဖောက် သည်ချခိုင်းမယ်။ ကိုအောင်မြကြုံခဲ့တုန်း ကမှ ဟိုးလေးတကျော်ဆရာကြီးရဲ့။ အခု တော့ ဆရာကြီးတို့လည်း ကျောင်းတက် ရ၊ စာသင်ရဦးမှာမို့ အားမှာမဟုတ်ဘူး။ ကျွန်တော်လည်း အလုပ်ကလေးတွေရှိ သေးတယ်။ ညကျမှ ရေနွေးကြမ်း စကားဝိုင်းဖွဲ့ကြရအောင်"

ကိုတင်လှိုင်ကတော့ ခပ်အေးအေး ပင်ပြောပြီးပြန်သွားတော့သည်။ သူတို့ နှစ်ယောက်မှာမူ တစ်နေ့သာကုန်ရော စာသင်ရတာပင် စိတ်မဖြောင့်။ သည်လို နှင့် ညဦးပိုင်းရောက်လာ၍ ညစာထမင်း စားပြီးကြချိန်တွင် ကိုတင်လှိုင်က လူပျို ကြီးကိုအောင်မြကို ကျောင်းသို့ခေါ်လာ သည်။ ရေနွေးကြမ်းဝိုင်းကလေးဖွဲ့မိ ကြပြီဆိုတော့မှ သူသိချင်နေသော အကြောင်းအရာတို့ကို ကိုအောင်မြက ဖောက်သည်ချပါလေသည်။ ထိတ်လန့် တုန်လှုပ်ဖွယ်ကောင်းသော ကိုအောင်မြ ၏အတွေ့အကြုံများကား ဤသို့တည်း။

❑

"တကယ်တော့ ကျွန်တော်က အဲဒီအကြောင်းတွေကို ပြန်ကိုမပြောချင် ဘူး ဆရာကြီးရဲ့။ အခု ဆရာကြီးတို့မို့ သာ ရှက်ရှက်နဲ့ပြန်ပြောရမှာ။ တင်လှိုင် ကလည်း ပြောပြပေးပါလို့ လာနားပူ နေလို့တစ်ကြောင်းပေါ့။ ဆရာကြီးတို့ မနက်တုန်းကတွေ့ခဲ့တယ်ဆိုတဲ့ မြွေ လား၊ နဂါးလားမပြောနိုင်တဲ့အကောင် ကြီးနဲ့ အနီးကပ်ထိပ်တိုက်ရင်ဆိုင်တွေ့ ခဲ့ဖူးတာ ကျွန်တော်ပဲပေါ့"

"လုပ်စမ်းပါဦးဗျာ၊ ကျုပ်တို့ တကယ်စိတ်ဝင်စားလို့ပါ"

သူတို့နှစ်ယောက်က တောင်းဆို လိုက်ကြ၏။ ကိုအောင်မြက ပြန်စဉ်းစား ရင်း ကျောချမ်းသလိုတွန့်ပြကာ သူ့ စကားကို ဆက်၏။

"ပြောရရင် ခုထိသွေးလန့်တုန်း ဆရာကြီးရဲ့။ ဒီလိုဗျ - ဖြီးခဲ့တဲ့ကောက် စိုက်ရာသီတုန်းကပေါ့။ မနက် (၁၀) နာရီလောက်မှာ အဲဒီမြောင်းကူးတမာ တိုးဘေးက ညောင်ချဉ်ပင်ကြီးနား ကျွန် တော်ရောက်သွားတယ်။ အဲဒီအပင်က ညောင်ရွက်နုနုလေးတွေက ကျွန်တော် ခူးနေကျ။ ရေနွေးဖျောပြီး မြေပဲဆန်နဲ့ သုပ်စားလို့သိပ်ကောင်းတယ်။ကျွန်တော် က ညောင်ချဉ်ရွက်သုပ်ကြိုက်တော့ အရွက်နုကလေးတွေ ခူးဖို့သွားတာပါပဲ။ ဒီလိုနဲ့ ညောင်ပင်ပေါ် ရောက်ရောဆိုပါ တော့"

"အဲဒီတော့ ဟိုမြွေကြီးနဲ့တွေ့ရော လား"

"မတွေ့သေးပါဘူး၊ ပါလာတဲ့ လွယ်အိတ်ကလေးနဲ့ တစ်လုံးအပြည့်ရ အောင်ခူးပြီးတော့ အချိန်က မနက်(၁၀) နာရီခွဲလောက်ရောက်ရောပေါ့။ အဲဒီမှာ ဘာရယ်မဟုတ် ညောင်ပင်ခွဆုံအထိုင် ကောင်းတဲ့နေရာမှာ ထိုင်အမောဖြေရင်း ဟိုဟိုဒီဒီမျက်စိကစားလိုက်တော့ သိပ် မဝေးလှတဲ့လယ်ကွက်ထဲမှာ ကောက် စိုက်သမတွေ ဆယ့်လေးငါးယောက် ကောက်စိုက်နေကြတာကို မြင်ရတာကိုး ဆရာရဲ့။ ကောက်စိုက်သမတွေဆိုတာ က သိတဲ့အတိုင်း လုံချည်တိုတို၊ ခြေ သလုံးတစ်ပတ်ရစ်အထက် ဒူးဆစ်နီးနီးနဲ့ ဆန့်လိုက်ကုန်းလိုက်နဲ့ ကောက်စိုက်နေ ကြတဲ့ ရွာပေါင်းစုံက အပျိုတွေကိုး။ အိမ် ထောင်သည်ဆိုတာက စည်းခေါင်းမိန်းမ တို့၊ ကောက်စိုက်အဖွဲ့ခေါင်းဆောင်အပျို ထိန်းအကြီးအကဲတို့လိုမျိုး တစ်ယောက် စ၊နှစ်ယောက်စလောက်ပဲပါတာကလား။ များသောအားဖြင့်တော့ ငယ်ငယ်ရွယ် ရွယ် လွတ်လွတ်လပ်လပ်အပျိုတွေက များတယ်။ အပျိုတွေမှပဲ အနှောင်အဖွဲ့ ကင်းကင်းနဲ့ ဒီအလုပ်ကို အချိန်ပေးပြီး လိုက်နိုင်ကြလုပ်နိုင်ကြတာလေ။ အဲဒီမှာ ဆရာတို့ရေ၊ မရှိသေစကားပဲပြောပါရ စေတော့။ ကျွန်တော်ကလည်း လူပျိုကြီး ဆိုတော့ အဲဒီကောင်မလေးတွေ ကောက် စိုက်နေကြတာတွေကို လှမ်းထိုင်ကြည့် နေရင်းက ဟိုကောင်မလေးကဘယ်လို၊ ဒီကောင်မလေးကဖြင့် ဘယ်ချမ်းသာ၊ ဘယ်သူကပိုတောင့်တယ်၊ ဘယ်သူက ပိုဖြောင့်တယ်ဘာညာနဲ့ ထိုင်ပြစ်မှားနေ မိတော့တာကလား။ မကောင်းတဲ့ ကိလေသာတဏှာစိတ်တွေဝင်လာတော့ တာလေ။ အဲဒါကလည်း အတော်ကြာ တယ်ဗျာ။ ကိုယ့်ဟာကိုယ်တစ်ယောက် တည်း စိတ်နဲ့ထိုင်ပြစ်မှားလို့အားရ တော့မှ အိမ်ပြန်ဖို့အောက်ပြန်ဆင်းမယ် လုပ်တော့ မရတော့ဘူး ဆရာကြီးရေ"

"ဘယ်လိုကြောင့်မရတော့တာလဲ လူပျိုကြီးရဲ့"

သည်တော့ ကိုအောင်မြက ကြက်သီးထဟန်လုပ်ပြပြီး ဆက်ပြော ၏။

"ဘာပြောကောင်းမလဲ ဆရာကြီး ရယ်။ အဲဒီပေါင်လုံးလောက်မက တုတ် တဲ့မြွေကြီးက ဘယ်အချိန်ကတည်းက ရောက်နေနှင့်တယ်မသိပါဘူး။ ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော်ဆင်းမယ့်ညောင်ပင်ရဲ့ပင်စည်ကို ပတ်ထားလိုက်သမှ နှစ်ပတ်ကျော်တယ်ဗျ။ သူခေါင်းကြီးက ကျွန်တော်ဆင်းမယ့်ကိုင်းတက်နေရာကို ကြိုသိနေတဲ့အတိုင်း တည့်တည့်ကြီးပါးပျဉ်းထောင်စောင့်နေတော့တာ။ မျက်လုံးတွေက ဆီးဖြူသီးလုံးလောက်မကဘူး နီရဲလို့။ ကျွန်တော့်မျက်နှာကို တည့်တည့်စူးစိုက်ပြီးစိုက်ကြည့်နေတော့တာ။ ပါးစပ်ကြီးဖြဲပြီး ထွက်လာတဲ့လျှာကြီးကလည်း အပြင်ကို တစ်ထောင်လောက်ရောက်တယ်။ နှာမှုတ်သံကလည်း တရှူးရှူးတရှဲရှဲနဲ့ ဖားဖိုကြီးဆွဲတဲ့အတိုင်းပဲ ပွက်ပွက်ညံလို့။ ကျွန်တော်လည်း အဲဒီမှာ ဒူးတွေတုန်၊ ဇောချွေးတွေပြန်၊ နီးရာညောင်ကိုင်းကြီးကျစ်ကျစ်ပါအောင်ဖက်ထားရင်း ဒီတစ်ခါတော့ သေပြီအောက်မေ့လိုက်တယ်။ ဘာနဲ့မှမတူအောင် ကြောက်လိုက်တာ တဆက်ဆက်တုန်လို့"

"ဟား - အဲဒီတော့ခင်ဗျားဘယ့်နှယ်ဆက်လုပ်တယ်၊ အပင်ပေါ်အထက်ပိုင်းတက်ပြေးရောလား"

"ပြေးမလို့ စိတ်ကူးလိုက်တိုင်း သူ့ခေါင်းကြီးက ရှူးဆိုအပေါ်တက်တက်လာတော့ လှုပ်ကိုမလှုပ်ဝံ့တော့ဘူးဆရာကြီးရေ၊ နောက်တော့ သူက တဖြည်းဖြည်း ကျွန်တော်နဲ့ နီးရာကပ်ကပ်လာတော့ ကြောက်အားကြီးပြီး ချေးတွေထွက်၊ သေးတွေထွက်နဲ့ တစ်ခါတည်း ညောင်ကိုင်းဖက်လျက် သတိမေ့သွားတော့တာပါပဲ။ ကျွန်တော်သတိပြန်ရလာတာတော့ အိမ်ကိုပြန်ရောက်နေပါပြီ။ လူလည်းရှက်လို့ ရွာထဲကို တစ်ပတ်လောက်ထိ မထွက်ရဲပါဘူးဗျာ။ အဲဒီတစ်ခါကတည်းက ကျွန်တော်ပြစ်မှားမိတဲ့ကိလေသာတဏှာမကောင်းစိတ်တွေ မပေါ်အောင်ထိန်းချုပ်ခဲ့တော့တာ ဒီနေ့အထိပါပဲ"

လူပျိုကြီးကိုအောင်မြက စကားလက်စသတ်ရင်း ရေနွေးကြမ်းကို ငုံသောက်လိုက်၏။ ကံကောင်းလွန်းလို့ သေဘေးကလွတ်ခဲ့တာပါလားဟု တွေးကာ ကြက်သီးထမိရလေသည်။ နောက်ပိုင်းဖြစ်ပျက်ပုံကိုသိရသည်မှာ ကိုအောင်မြရှိနေရာ ညောင်ချဉ်ပင်ကြီးအရိပ်၌ ကောက်စိုက်သမကလေးတွေက ကန်သင်းတက် နေ့လယ်စာထမင်းထုပ်ဖြေ၍ ဝိုင်းဖွဲ့စားသောက်တတ်ကြလေ့ရှိကြောင်း၊ ထမင်းစားလာကြသော ကောက်စိုက်အဖွဲ့က မြင်တွေ့သဖြင့် ရွာကို ပြေးသတင်းပို့ကြတော့မှ ရွာမှ လူကြီး၊ လူငယ်များ လိုက်ပါလာကြပြီး ညောင်ပင်ကိုင်းခွဆုံ၌ သတိမေ့မြောနေသော ကိုအောင်မြကို ဝါးလှေကား နှစ်ဆင့်ဆင့်၍ ထမ်းချခဲ့ကြရကြောင်း၊ သို့သော် ထိုမြွေကြီးကို မည်သူမျှ အစအနပင်မတွေ့ကြရတော့ကြောင်းဆိုလေသည်။ လူပျိုကြီးအရက်ဟက်တက်ကွဲသွားရပုံကား ချေးတွေသေးတွေစိုရွှဲနံစော်နေသဖြင့် ရွာကာလသားတွေကပဲဝိုင်းဝန်း ရေချိုးသန့်စင်ပေးလိုက်ကြ၊ အဝတ်လဲပေးကြပြီးချိန်အထိ သတိပြန်မလည်လာဘဲ ဆက်လက်မေ့မြောနေ၍ ရွာကာလသားကာလသမီးတို့ ဝိုင်းဖွဲ့ရယ်မောကြစရာကြီးဖြစ်သွားခဲ့ကြောင်းပင်။

"အဲဒီတော့ အဲဒီပြဿနာကို ဘယ်လိုမှတ်ချက်ချကြသလဲဗျာ"

အကြောင်းစုံကိုသိရပြီမို့ သူက ရွာခံနှစ်ဦး၏ သဘောထားကို တောင်းခံကြည့်လိုက်ခြင်း ဖြစ်သည်။

ထိုအခါ ကိုတင်လှိုင်ကပင် ဆက်လက်ရှင်းပြပါ၏။

"နောက်မှ သိမိကြရာရွာကသက်ကြီးရွယ်အိုတွေကို မေးမြန်းကြည့်ကြတော့ အဲဒီနေရာဟာ မိတ္တီလာနတ်နန်းရဲ့အဆက်အနွယ်တွေ ကြီးစိုးအပိုင်းစားရထားခဲ့တဲ့နေရာလို့ပြောကြတာပဲဆရာကြီးရဲ့။ ယုံတာမယုံတာနောက်ထား၊ ရွာမှာတကယ်ကြုံလာလို့ သိလာကြရတာကတော့ အဲဒီနေရာတစ်ဝိုက်မှာ မဆဲရမတိုင်းရဘူး။ အယုတ္တအနုတ္တတွေမပြောမဆိုရ၊ စိတ်မကူးရဘူး။ အပေ့၊ အလေးမစွန့်ရဘူး။ ခါးအောက်ပိုင်းလုံချည်တဖြန်းဖြန်းခါပြီး ပြင်မဝတ်ရဘူး။ ဒီအချက်တွေထဲက တစ်ခုခုလုပ်မိပြီဆိုရင်တော့ အဲဒီနဂါးလား၊ မြွေလားမသိရတဲ့ သတ္တဝါကြီးက တစ်နည်းနည်းနဲ့ပေါ်လာပြီး အကောင်အထည်ပြတော့တာပဲ ဆရာကြီး"

"ဟုတ်လား၊ တခြားကော ထူးထူးခြားခြားဖြစ်ခဲ့တာတွေရှိသေးလားဗျ"

"ရှိပါသော်ကော ဆရာကြီးရဲ့။ တစ်ခါကလည်း ရွာက ကလေးမလေး နှစ်ယောက် လှည်းမောင်းလာရင်း အဲဒီနေရာအရောက်မှာ သတိမေ့ပြီး နွားကိုဆဲဆိုအော်ငေါက်မိတာ လှည်းမှောက်ပြီး လက်ကျိုးကုန်ကြပါရောလား။ တခြားသူတွေမဟုတ်ဘူး။ ဆရာကြီးကျောင်းမှာ အခုလေးတန်းသင်နေတဲ့ ဆရာကြီးတပည့်မ ညီအစ်မနှစ်ယောက်ပေ့။ ကျွန်တော့်သဘောကတော့ ပရလောကသားတွေဆိုတာ သူ့နေရာသူ့ဒေသနဲ့ ကျင်လည်ကျက်စားနေကြတာ သေချာပါတယ်။ သူ့ခေတ်သူ့အခါ သူ့ကာလတုန်းက သက်ဆိုင်ရာမင်းတွေကနေရာအပိုင်စားပေးခဲ့ကြတယ်ဆိုတာလည်း ဇွတ်မှိတ်ငြင်းနေလို့ ဖြစ်တာမဟုတ်ဘူး။ ဒီတော့ သူတို့ကိုယုံခြင်း၊ မယုံခြင်းကိုနောက်ထား လိုက်။ ကိုယ်ကမေတ္တာထား၊ မေတ္တာပို့ အမျှဝေတာဟာ ကိုယ့်အတွက်အန္တရာယ် အကင်းဆုံးလမ်းပဲပေ့။ အခုဆရာကြီးတို့ မနက်ကတွေ့ခဲ့ကြတဲ့ကိစ္စအတွက်လည်း မပူပါနဲ့။ နောက်နေ့ကျရင် အဲဒီနား ရောက်တာနဲ့ ကွမ်းယာထုပ်နဲ့ လက်ဖက် ထုပ်တစ်ထုပ်စီလက်ကကိုင်ပြီး သင့်တို့ လည်း မနှောက်ယှက်ပါဘူး။ ကျွန်ုပ်တို့ လည်း မနှောက်ယှက်ပါနဲ့။ သင်တို့သုံး ဆောင်ဖို့ကွမ်းယာထုပ်၊ လက်ဖက်ထုပ် များမေတ္တာနဲ့ပေးဆက်ပါတယ်။ ကျွန်ုပ် တို့ပြုဖူးသမျှ ကုသိုလ်ကောင်းမှုအ ဘာဂကိုလည်းအမျှဝေပါတယ်လို့ ပြော ပြီးအမျှပေးဝေလိုက်။ ကွမ်းယာထုပ် လက်ဖက်ထုပ်ကို ညောင်ချဉ်ပင်ခွကြား တင်ထားလိုက်ရုံပါပဲ။ နောက်နေ့ ဘယ်တော့မှမတွေ့တော့ဘူး။ ရွာထဲ တော့ အဲသလို ကွမ်းဆေးလက်ဖက်စွန့် ပြီး တောင်းပန်လိုက်ကြတာပါပဲ။ ဆရာ တို့လည်း အဲသလိုပဲလုပ်လိုက်ကြတာ ပေ့။ ကိုယ်က သူတို့အနားက ဖြတ်သန်း သွားလာနေရတာလေ"

ထိုညက ညဉ့်အတော်နက်မှ သူ တို့စကားဝိုင်းကလေးသိမ်းခဲ့ကြသည်။ ကိုတင်လှိုင်တို့ပြန်သွားပြီးသည့်နောက် မှာပင် သူနှင့်မောင်သန်းငွေတို့မှာ ထိုအ ကြောင်းကို ဆက်လက်ပြောဖြစ်ကြသေး ၏။

မောင်သန်းငွေက ပြော၏။

"ဆရာကြီးရေ၊ ကိုယ်တွေ့မို့သာ နော်၊ နို့မို့ယုံနိုင်စရာမရှိဘူး"

"ကိုင်း-ယုံတာမယုံတာတွေငြင်း ခုံနေမယ့်အစား ကိုယ်က မေတ္တာထား အမျှဝေပြီး ဆက်ဆံနေထိုင်တာဟာ အန္တရာယ်အကင်းဆုံးပါပဲကွာ။ ဒီတော့ မင်းရော ငါရော နောက်တစ်နေ့ကျ ကွမ်းယာထုပ်၊ လက်ဖက်ထုပ်ကလေး တွေ အမှတ်တရဝယ်လာခဲ့ကြတာပေါ့ ဟိုသီချင်းကလို ဗျတ္တလိုပန်းဆက်သမား မဟုတ်ဘဲ မင်းနဲ့ ငါကတော့ ကွမ်းဆက် သမားလုပ်လိုက်ကြတာ စိတ်အရှင်းဆုံး ပါပဲကွာ။ ကွမ်းဆေးလက်ဖက်ဆိုတာ လည်း တို့မြန်မာရိုးရာမှာ ရှေးရှေး တည်းက နေရာတကာ မပါမဖြစ်အရေး ရောက်တဲ့ဆေးတစ်ဖုံပဲမဟုတ်လားကွ

ထိုနေ့မှစကာ ဥယျစ်ရွာ၌ တာဝန် ထမ်းဆောင်ခဲ့ဖူးသော နှစ်ကာလအပိုင်း အခြားကို သူ့ဘဝ၏ အမှတ်တရ ကွမ်း ဆေးလက်ဖက်အလှူဒါနအထူးပြုခဲ့သော နေ့၊ လ၊ နှစ်ကာလများအဖြစ် ယနေ့တိုင် မှတ်တမ်းတင်ခဲ့ရပါတော့သတည်း။

နန္ဒာစိုး (ဆင်ဖြူကျွန်း)



www.burmeseclassic.com

www.burmeseclassic.com

# အထွက်၊ အဝင်၊ ခပါဒ်နက္ခတ်ဇယား

အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့၊ ဆေးဝါး၊ မန္တန်၊ မန္တရားပညာရပ်များကိုသုံးလျက် အစွမ်းထက်အစီအရင်များနှင့် သိဒ္ဓိပေါက်အောင်စဉ်များအား စီရင်ဆောင်ရွက်ကြရာ၌ ထွက်၊ ဝင်၊ ခပါဒ်နက္ခတ်များရွေးချယ်ခြင်းသည် အရေးကြီးသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ မိမိတို့ဆောင်ရွက်ရမည့် အကြောင်းအရာအလိုက် လိုအပ်သောနက္ခတ်များအား အစင်အကြယ်ရွေးချယ်ဆောင်ရွက်ကြခြင်းဖြင့် မိမိတို့၏ လိုရာပန်းတိုင်သို့ အရောက်လှမ်းနိုင်ကြစေရန်ရယ်ရွယ်၍ ဤထွက်၊ ဝင်၊ ခပါဒ်နက္ခတ်ဇယားကို ဖော်ပြပေးလိုက်ပါသည်။

| ခရစ်ရက် | မြန်မာရက် | နေ့ | နက္ခတ် | နက္ခတ်ပြောင်းချိန် | နက္ခတ်အမျိုးအစား |
|---|---|---|---|---|---|
| ၁ | တော်သလင်းလဆုတ် | ၅တေး | ၂<br>၃ | ၁၆း၃၁း၀၀ | ✱ သိဒ္ဓိ<br>□ ဝရ |
| ၂ | ၄ | ဖြော | ၃<br>၄ | ၁၅း၂၉း၀၂ | △ ကာဏ<br>✱ အမြိတ္တ |
| ၃ | ၅ | စနေ | ၄<br>၅ | ၁၄း၅၇း၀၃ | □ ဝရ<br>△ ဥပါဒ် |
| ၄ | ၆ | ၁နွေ | ၅<br>၆ | ၁၄း၃၃း၂၇ | ✱ အမြိတ္တ<br>✱ လာဘ |
| ၅ | ၇ | ၂လ်ာ | ၆<br>၇ | ၁၄း၃၈း၃၉ | △ ဥပါဒ်<br>△ မိတ္တူ |
| ၆ | ၈ | ၃ဂါ | ၇<br>၈ | ၁၅း၁၈း၃၇ | ✱ လာဘ<br>✱ သိဒ္ဓိ |
| ၇ | ၉ | ၄ဟူး | ၈<br>၉ | ၁၆း၀၈း၁၇ | △ မိတ္တူ<br>△ ကာဏ |
| ၈ | ၁၀ | ၅တေး | ၉<br>၁၀ | ၁၈း၀၀း၀၀ | ✱ သိဒ္ဓိ<br>□ ဝရ |
| ၉ | ၁၁ | ဖြော | ၁၀<br>၁၁ | ၂၀း၀၄း၂၂ | △ ကာဏ<br>✱ အမြိတ္တ |
| ၁၀ | ၁၂ | စနေ | ၁၁<br>၁၂ | ၂၂း၄၃း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၁ | ၁၃ | ၁နွေ | ၁၂ | မပြောင်း | ✱ အမြိတ္တ |
| ၁၂ | ၁၄ | ၂လ်ာ | ၁၂<br>၁၃ | ၀၀း၅၃း၂၀ | □ ဝရ<br>△ ဥပါဒ် |
| ၁၃ | ● | ၃ဂါ | ၁၃<br>၁၄ | ၀၃း၃၃း၂၀ | ✱ အမြိတ္တ<br>✱ လာဘ |
| ၁၄ | သီတင်းကျွတ်လဆန်း | ၄ဟူး | ၁၄<br>၁၅ | ၀၆း၀၆း၃၃ | △ ဥပါဒ်<br>△ မိတ္တူ |
| ၁၅ | ၂ | ၅တေး | ၁၅<br>၁၆ | ၀၈း၁၇း၂၇ | ✱ လာဘ<br>✱ သိဒ္ဓိ |
| ၁၆ | ၃ | ဖြော | ၁၆<br>၁၇ | ၁၀း၀၆း၁၉ | △ မိတ္တူ<br>△ ကာဏ |
| ၁၇ | ၄ | စနေ | ၁၇<br>၁၈ | ၁၁း၂၂း၀၆ | ✱ သိဒ္ဓိ<br>□ ဝရ |
| ၁၈ | ၅ | ၁နွေ | ၁၈<br>၁၉ | ၁၂း၁၂း၁၂ | △ ကာဏ<br>✱ အမြိတ္တ |
| ၁၉ | ၆ | ၂လ်ာ | ၁၉<br>၂၀ | ၁၂း၃၆း၃၇ | □ ဝရ<br>△ ဥပါဒ် |
| ၂၀ | ၇ | ၃ဂါ | ၂၀<br>×<br>၂၁ | ၀၆း၄၁း၁၉<br>၁၈း၂၉း၃၀ | ✱ အမြိတ္တ<br>✱ လာဘ<br>✱ သိဒ္ဓိ |
| ၂၁ | ၈ | ၄ဟူး | ၂၁<br>၂၂ | ၁၂း၀၀း၀၀ | △ မိတ္တူ<br>△ ကာဏ |
| ၂၂ | ၉ | ၅တေး | ၂၂<br>၂၃ | ၁၁း၀၂း၅၁ | ✱ သိဒ္ဓိ<br>ဝရ |
| ၂၃ | ၁၀ | ဖြော | ၂၃<br>၂၄ | ၀၉း၄၅း၀၀ | △ ကာဏ<br>✱ အမြိတ္တ |
| ၂၄ | ၁၁ | စနေ | ၂၄<br>၂၅ | ၀၈း၁၅း၀၀ | □ ဝရ<br>△ ဥပါဒ် |
| ၂၅ | ၁၂ | ၁နွေ | ၂၅<br>၂၆ | ၀၆း၄၅း၀၀ | ✱ အမြိတ္တ<br>✱ လာဘ |
| ၂၆ | ၁၃ | ၂လ်ာ | ၂၆<br>၂၇ | ၀၆း၀၆း၃၃ | △ ဥပါဒ်<br>△ မိတ္တူ |
| ၂၇ | ၁၄ | ၃ဂါ | ၂၇<br>၁ | ၀၃း၂၂း၃၀ | ✱ လာဘ<br>✱ သိဒ္ဓိ |
| ၂၈ | ○ | ၄ဟူး | ၁<br>၂ | ၀၁း၅၄း၁၇ | △ မိတ္တူ<br>△ ကာဏ |
| ၂၉ | သီတင်းကျွတ်လဆုတ် | ၅တေး | ၂<br>၃<br>၄ | ၀၀း၄၅း၄၃<br>၂၃း၃၇း၀၉ | ✱ သိဒ္ဓိ<br>□ ဝရ<br>△ ဥပါဒ် |
| ၃၀ | ၂ | ဖြော | ၄<br>၅ | ၂၂း၅၀း၁၉ | ✱ အမြိတ္တ<br>✱ လာဘ |
| ၃၁ | ၃ | စနေ | ၅<br>၆ | ၂၂း၂၅း၃၄ | △ ဥပါဒ်<br>△ မိတ္တူ |

၂၀-နက္ခတ် = ၄၅ ယန္တီ
×-နက္ခတ် = ၃၀ ယန္တီ
၂၁-နက္ခတ် = ၄၅ ယန္တီ
ဖြင့် တွက်သည်

✱ = အဝင်နက္ခတ်
□ = ခပါဒ်နက္ခတ်
△ = အထွက်နက္ခတ်
○ = လပြည့်နေ့
● = လကွယ်နေ့

၂၇-၁၀-၂၀၁၅ အင်္ဂါနေ့ ညနေ ၁၈း၅၄း၃၃ နာရီ၌ လပြည့်သည်။

အသုံးတည့်နိုင်ကြပါစေ
ဦးအောင်စောဝင်း (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် အခမ်းအနားစခန်းပွဲပြီး၍ မိမိနေထိုင်ရာလုပ်ငန်းသို့ပြန်ရောက်လာသည်။ လုပ်ငန်းခွင်တွင် ကုလားတစ်ယောက်လည်း အလုပ်သမားအနေနှင့်အလုပ်လာလုပ်သည်။ သာမန်ကြည့်လျှင်တော့ အလုပ်သမားတစ်ယောက်ပါပဲ။ ဒါပေမယ့် ဝိဇ္ဇာလိုင်းလိုက်စားသဖြင့် ထွက်ရပ်ပေါက်ဆရာများနှင့် ဆုံတွေ့နိုင်သောသူ ဖြစ်သည်။ ကျွန်ုပ်အား လက်ဆွဲနှုတ်ဆက်ပြီး လက်ဖက်ရည်တိုက်၏။ စကားတွေပြောကြလေသည်။

"ကိုသောင်းတင်၊ ထူးထူးဆန်းဆန်း ကျွန်တော့်ကို နှုတ်ဆက်တယ်၊ လက်ဖက်ရည်တိုက်တယ်၊ စကားပြောတယ်"

"ဆရာ့ကို လေးစားလို့ပါ။ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ဘ ညကတရုတ်ဘိုးတော်ဝင်ပြီးတရုတ်လိုပြောတယ်မဟုတ်လား"

"ဗျာ - ခင်ဗျားဘယ်လိုလုပ်သိတာလဲ။ ဒီပွဲမှာခင်ဗျားကိုမတွေ့မိပါဘူး"

"ကျွန်တော်မြို့ထဲမှာနေတာပါ။ ဆရာတို့ငွေးချိုနဲ့အဝေးကြီးပါ"

"ဒါဆို ကိုသောင်းတင်က ဘာလို့သိတာလဲ"

"မြွေမြွေချင်း ခြေမြင်တယ် ဆိုသလို ဝိဇ္ဇာဓာတ်တူလို့ သိရတာပေါ့"

"အေးဗျာ၊ ခင်ဗျားကို လေးစားသွားပြီ။ ကျွန်တော့်အကြောင်းကို ဘယ်သူမှမပြောဘဲသိတာ ဝိဇ္ဇာပဲ"

"ဆရာကတရုတ်လိုပူးပြောတာ၊ ဆရာပြောတာဆရာသိသလား"

"ကျွန်တော်က မသိဘူးဗျ။ ပါးစပ်က သူ့အလိုလိုပြောနေတာ"

"ဆရာကလည်းကြိုးစားရဦးမယ်။ ကိုယ်ပြောတာကိုသိရမယ်၊ သူများပြောတာကိုလည်းသိရမယ်။ ပုဂ္ဂိုလ်သဘောကိုသိဖို့လိုတယ်။ ကျွန်တော်ဘာဖြစ်ခဲ့တယ်၊ ဘာတွေလုပ်တယ်ဆိုတာလည်း ဆရာသိဖို့လိုတယ်"

"ဟုတ်တယ် ကိုသောင်းတင်၊ ကျွန်တော် အခုမှ ဒီလမ်းစဉ်ကိုလိုက်စားတာ၊ ဘာမှမသိသေးဘူး။ လိုနေတာတွေတော့ အများကြီးပဲ"

"ဒီလမ်းစဉ်လိုက်ရင် အတတ်မြန်သလို အကျမြန်တယ်။ အဓိက အဖျက်တွေများတယ်။ တက်မယ့်သူကဒီအဖျက်တွေကို ကျော်လွှားဖို့လိုတယ်"

"ဟုတ်ကဲ့ - ကျေးဇူးတင်ပါတယ်၊ လိုတာရှိရင်လည်း ပြောဆိုဆုံးမနိုင်ပါတယ်"

ကျွန်တော့်အလုပ်တွင် စာရေးတာဝန်ထမ်းဆောင်နေသော ကိုသောင်းတင်( မွတ်စလင်ကုလား)ကို အထင်သေးလို့မရကြောင်းသိလိုက်ရလေသည်။

ညနေ ကိုသိန်းရွှေကြီးလာသဖြင့် ဆရာစုနေထိုင်ရာ ငွေးချိုသို့သွားကြသည်။ ငွေးချိုသို့ရောက်သောအခါ သံပတ်ကွင်းရွာမှ ဆရာတော် ကြွလာသဖြင့် ဖူးတွေ့ရလေသည်။

"ဆရာတော်ဘယ်ကကြွလာတာလဲ"

"ရွာကကြွလာတာ၊ အကြောင်းရှိလို့လာတာ"

"အမိန့်ရှိပါဦးဘုရား"

"ဖျာပုံကိုသွားဖို့ရှိတယ်။ ဒီက ဆရာစုနဲ့တပည့်တွေရောက်ဖူးအောင်လာခေါ်တာ"

"ဖျာပုံကဘာကိစ္စရှိလို့လဲ ဘုရား"

"ဦးပဥ္စင်းရဲ့ဆရာတော်ကြီးပျံလွန်တော်မူလို့သွားရမှာ"

"ဒီလိုဆိုလည်း မရောက်ဘူးတဲ့



# အဏ္ဏဝါလှိုင်း (၇)

## ဦးသိန်းရွှေနှင့် ဂမ္ဘီရဆန်သောဖြစ်ရပ်ဆန်းများ

www.burmeseclassic.com

www.burmeseclassic.com

နေရာကိုလိုက်ချင်ပါတယ် ဘုရား"

"ကဲ - ဆရာစု၊ ခင်ဗျားနဲ့ တပည့်တွေလိုက်ချင်တဲ့သူတွေစုလိုက်ပါ။မနက်ဖြန်သွားကြမယ်"

"တင်ပါ့ဘုရား"

ကျွန်ုပ်တို့ ဆရာစု၏တပည့်များထဲမှ (၇)ယောက်လိုက်ဖို့ သဘောတူကြသည်။ ကျွန်တော်လည်းလိုက်ဖို့ဆုံးဖြတ်လိုက်သည်။ ကျွန်တော်တို့အဖွဲ့ လိုင်းသင်္ဘောဖြင့် မြောင်းမြသို့သွားရ၏။ ထိုမှတစ်ဆင့် သင်္ဘောပြောင်းစီးပြီး ဖျာပုံသို့သွားကြလေသည်။ ဖျာပုံတွင် ဆရာတော်၏ဈာပနကိစ္စကို ဆောင်ရွက်တာကြည့်ရှုခဲ့ရ၏။ ကိစ္စအဝဝပြီးတော့ မြို့ကိုပတ်ကြည့်သည်။ ဘုရားတွေဖူးရသည်။ ဒေသန္တရဗဟုသုတရကြလေသည်။

ဆရာစုနှင့် အနီးကပ် ကျွန်တော်နေရသည်။ ဆရာစုသည် လွယ်အိတ်ထဲမှ မှတ်စုစာအုပ်ကြီးကိုထုတ်ပြီး ခဲတံဖြင့် ရေးသား မှတ်သားနေလေသည်။ တပည့်တွေနှင့် ဖျာပုံရောက်ကြောင်း၊ ဘာသင်္ဘောနှင့်စီးရကြောင်း၊ ဆရာတော်၏ ဈာပနကိစ္စများကို မှတ်တမ်းတင်နေခြင်း ဖြစ်ပါသည်။ သို့သော် ဆရာစုရေးသောစာကို ကျွန်တော် မဖတ်တတ်ပါ။ လက်ရေးမှာ ဆက်ပြီး လှိုင်းတွန့်နေသလိုရေးနေလေသည်။ စာဘာလဲမသိပါ။

"ဆရာစု၊ ဘာတွေရေးနေတာလဲ"

"မှတ်စုရေးနေတာ"

"ဆရာ့မှတ်စုကလည်း သားမဖတ်တတ်ဘူး။ ဘာစာတွေလဲ"

"ဒါကဝိဇ္ဇာလိုရေးတာ"

"ဗျာ - သားနားမလည်ဘူး"

"မင်းကနုသေးတာကိုး။ ဘယ်သိမလဲ၊ ဘယ်နားလည်မှာလဲ"

"သားကောဒီလိုရေးလို့ရသလား"

"မင်းအစောင့်ရှိတာပဲ။ မင်းပါးစပ်ကပြောတာတောင်နားမလည်ဘဲ စာရေးတာ ဘယ်လိုလုပ်နားလည်မှာလဲ"

"ဪ- တရုတ်လိုပါးစပ်ကပြောတတ်သလို လက်ကလည်း တရုတ်လိုစာရေးတတ်သလား"

"အေးကွ၊ ရေးတတ်တယ်"

"ဒါဆို သားအစောင့်ကိုပင့်ပြီး စမ်းရေးကြည့်မယ်"

"အေး - မင်းစမ်းကြည့်လေ"

ကျွန်ုပ်သည် အာရုံထဲမှ ကျွန်ုပ်အားစောင့်ရှောက်သောအစောင့်အားပင့်ဖိတ်လိုက်သည်။ ကျွန်ုပ်ခန္ဓာကိုယ်တစ်ခုလုံးတုန်လာပြီး ဝင်စီးလေတော့သည်။ လက်ထဲမှဘောလ်ပင်ဖြင့် ဗလာစာအုပ်တွင် စာရေးလေတော့သည်။ လက်ကိုဝင်စီးပြီး စာရွက်ကိုခြစ်၍ဆွဲနေလေသည်။

ဆရာစုက -

"မင်းရဲ့အမည်ကိုရေး"

ပါးစပ်ကရွဲ့ပြီး ရှီးယားဟု သုံးကြိမ်အော်ပြီး တရုတ်အစောင့် ရှီးယားဟု သိလိုက်ရ၏။

"ရပြီ၊ ရပြီ ထွက်တော့"

ဆရာစုမှပြောလိုက်သဖြင့် ကျွန်ုပ်အစောင့်ထွက်ခွာသွားလေသည်။

"မောင်စိုး၊ မင်းတရုတ်ဘိုးတော့်အမည်က ရှီးယားပဲ။ ဒီစာကိုမင်းရေးတာပဲ၊ မင်းဖတ်တတ်လား"

"မဖတ်တတ်ဘူးဆရာ"

"အေး - မင်းကြိုးစားရဦးမယ်။ ကိုယ်ပြောတာကိုယ်သိရမယ်၊ သူများပြောတာလည်း သိဖို့လိုတယ်။ ဝိဇ္ဇာလိုစာရေးတတ်ရမယ်"

"ဟုတ်ကဲ့ - ဆရာ"

"အေး - မင်းကိုကြုံတုန်းပြောပြရဦးမယ်"

"ဟုတ်ကဲ့ - ဆရာ၊ ပြောပြပါခင်ဗျာ"

"ငါတို့ ဆရာလိုင်းစလိုက်စုက သိန်းရွှေနဲ့ငါကုလားလိုပြောတာ ရပ်လို့မရဘူး"

"ဟုတ်ကဲ့"

"ငါတို့ဘေးက တကယ့်ကုလားတွေက သူတို့ဘာသာနဲ့ပြောတာပဲလို့ လာပြီးနားထောင်တာ၊ သူတို့လည်း နားမလည်ဘူး"

"ကုလားက ကုလားစကားဘာလို့ နားမလည်တာလဲ"

"ဒီကုလားဝိဇ္ဇာက ရှေးခေတ်က ကုလားဝိဇ္ဇာတွေပဲ။ ခုခေတ်ကုလားတွေ နားမလည်နိုင်ဘူး"

"ဟုတ်ကဲ့"

"ငါတို့လည်းကုလားလိုပြောလိုက်၊ ရယ်လိုက်မောလိုက်ပြောလိုက်နဲ့ ကြာတော့ ကုလားကနားငြီးလာပြီး တို့နှစ်ယောက်နဲ့ဝေးရာကိုထွက်ခွာသွားတော့တယ်"

"ဟား ဟား ဟား - မှတ်သားလောက်ပါပေတယ်"

"အေးကွ၊ ပြောတတ်ခါစဆိုတော့ ပြောတာပေါ့။ ငါတို့လည်း တစ်ညလုံးပြောနေတာ။ ညအိပ်မလို့ဆရာ့ကိုသွားတိုင်ကြတယ်။ ဆရာလာမှပဲအပြောရပ်သွားတယ်"

"ဪ- ဒီလိုတောင်ဖြစ်ခဲ့တာပဲ"

"အေး - မင်းလည်း ခုမှအစရှိသေးတယ်။ ကြိုးစားရဦးမယ်ဆိုတာသိအောင်ပြောတာပါ"

"ဟုတ်ကဲ့ - ဆရာ"

ကျွန်ုပ်တို့နှစ်ယောက် စကားပြောနေစဉ် အဖွဲ့များပြန်ရောက်လာသဖြင့် စကားပြောပြတ်သွားလေသည်။ ဆရာတော်လည်းကြွလာပြီး မနက်ဖြန် ပုသိမ်ပြန်ကြမည်ဟု ပြောလေသည်။ ကျွန်ုပ်တို့တစ်စုသည် ဖျာပုံမှ စက်လှေဖြင့် မြောင်းမြမြို့သို့ ပြန်လာကြလေသည်။ မြောင်းမြမြို့သို့ ရောက်သောအခါ ရန်ကုန်-ပုသိမ်သင်္ဘောကိုစောင့်ရမည်။ ည(၂)နာရီမှဆိုက်မည်ဖြစ်၍ ကျွန်တော်တို့အဖွဲ့သည် စကြာဘုရားတွင် ခဏ နားနေကြလေသည်။

စကြာဘုရားသည် ဧရာဝတီမြစ်ကမ်းစပ်တွင်တည်ရှိသည်။ သင်္ဘောဆိပ်နှင့်မလှမ်းမကမ်းတွင်ရှိပါသည်။ ဘုရားတွင် တရားထိုင်ပြီး အချိန်ကိုကုန်စေပါသည်။ အချိန်တညနေစောင်းဖြစ်သည်။ မြောင်းမြမြို့မှလူအချို့ ဘုရားကိုလာပြီး ပန်း၊ ရေချမ်းဆက်ကပ်ပြီးဘုရားဖူးကြလေသည်။

ကျွန်ုပ် တရားထိုင်ရာမှ မတ်တတ်ရပ်လိုက်ပြီး မေတ္တာပို့နေစဉ် တယော နှစ်ယောက် ကျွန်ုပ်ထံ ပြေးလာလေသည်။ "ဘိုးတော်ကြီး ဘိုးတော်ကြီး" ဟု အော်နေလေသည်။ လူတချို့ကလည်း ဘိုးတော်ကြီးရောက်လာပြီဟု ဝိုင်းအော်ကြလေသည်။

ကျွန်ုပ်လည်း ဘိုးတော်ကြီး ရောက်လာပြီဆို၍တွေ့ချင်သဖြင့် ဘုရားပရိဝုဏ်တွင်လိုက်ကြည့်သောအခါ ဘယ်သူမှမရှိပါ။ ထူးထူးဆန်းဆန်း ဘုရားဖူးများ ကျွန်ုပ်ထံဝိုင်းလာကြပြီး ကျွန်ုပ်အား ဦးချနေလေသည်။

"ဘိုးတော်ကြီး၊ သားတို့ကိုကယ်ပါ"

"ဘိုးတော်ကြီး၊ သမီးတို့ကိုကယ်ပါ"

ဟော-ခက်ပြီ။ ကျွန်ုပ်ကိုလူတွေ ဝိုင်းပြီးမြှောက်နေကြလေသည်။ ဘာမှ မသိမတတ်တာကို သိနေတာက ကျွန်တော်ပါ။ ငါဘာဘိုးတော်မှမဟုတ်ဘူး၊ သူတို့ဘာလို့ပြောတာလဲ။ စဉ်းစားမရ

"ငါမင်းတို့ထင်တဲ့ဘိုးတော်မဟုတ်ဘူး၊ ငါသာမန်လူပဲ"

"မဟုတ်ပါဘူး၊ ခင်ဗျားဆို



www.burmeseclassic.com

www.burmeseclassic.com

ကြီးမှဘိုးတော်ကြီးပါ။ သားတို့ကိုကယ်ပါ"

"ခက်ပြီ - ဘိုးတော်မဟုတ်ဘူး"

"ဘိုးတော်ကြီး ဒီနေ့ ဒီပုံစံနဲ့လာမယ်ဆိုတာ သားတို့ကြိုသိနေတာ။ သားတို့ကို ဒီတိုင်းမထားပါနဲ့"

ကျွန်ုပ်ဘာပဲပြောပြောမရ။ ကျွန်ုပ်အား ဘိုးတော်ကြီးဟုသာသမုတ်နေလေတော့သည်။ ဒီအတိုင်းဆက်နေရင်းကြာလာတော့ လူတွေများလာလေသည်။ ကျွန်ုပ်အားဦးချပြီး လက်ဖြန့်တောင်းနေလေသည်။ ကျွန်ုပ်ဘာမှပေးစရာမရှိ။ ခက်တော့ခက်ပြီ။ ကျွန်ုပ်ဘာလုပ်ရမှန်းမသိပါ။ ကျွန်ုပ်အစောင့်ကိုပင့်လိုက်၏။ ဒီဇွာကြီးကြွလာပြီးစိတ်ထင်ရာလုပ်လိုက်လေတော့သည်။

"သားတို့ လက်ဖြန့်"

ကျွန်ုပ်သည် လက်ဖြန့်ထားသော မြောင်းမြသားများကို ကျွန်ုပ်လက်ဖြင့်မှုတ်ပြီး သိဒ္ဓိတွေကိုဖြန့်ပေးလိုက်လေသည်။ သူတို့လည်း ကျေနပ်သွားကြလေသည်။ အားလုံးပြန်သွားမှ ကျွန်တော်လည်း သက်ပြင်းချပြီး ဆရာစုထံပြန်လာလေသည်။

"ဆရာစုရေ သားတော့ လူတွေဝိုင်းလာပြီး ဘိုးတော်ကြီးလို့အော်နေတာ၊ ဘယ်ပါခဲ့မပါလို့ပြောနေကြတယ်။ ဝိုင်းဦးချကြတယ်"

ကျွန်ုပ်၏ အဖြစ်အပျက်များကို ဆရာစုအား ပြန်ပြောပြလေသည်။

ဆရာစုမှ ပြုံးပြုံးကြီးလုပ်နေလေသည်။

"ဆရာဘာလို့ပြုံးနေတာလဲ"

"မင်းက သာမန်လူထင်နေတာ၊ မင်းဆရာဖြစ်နေပြီလို့သိရအောင် မင်းအစောင့်ကလုပ်တာ"

"ဘယ်လိုလုပ်တာလဲ ဆရာ"

"မင်းရဲ့အစောင့်က မင်းပုံကို ဘိုးတော်ပုံဖြစ်အောင်၊ မြင်အောင်လုပ်လိုက်တာ။ သူတို့အမြင်မှာ ဘိုးတော်ကြီးပုံတိုမြင်လို့ မင်းထံဝိုင်းလာတာပေါ့"

"ဪ - ဒီလိုကိုး"

"သူတို့ကိုကြိုပြီးအတိတ်နိမိတ်တွေပြောထားတာ။ ဒါကြောင့် ဒီဘုရားမှာ လာစောင့်နေကြတာ"

"သားတော့အတော်ကြောက်သွားတာ။ ဘာမှကြိုမသိတော့ဘာလုပ်ရမှန်းမသိဘူး"

"မင်းမလုပ်တတ်လို့ သူဝင်ပြီးလုပ်လိုက်တာအဆင်ပြေသွားပြီမဟုတ်လား"

"ဟုတ်တယ်၊ အခုတော့ အဆင်ပြေသွားတယ်"

"အေး၊ အေး - အစောင့်က ဆုံးမတာလည်းရှိသေးတယ်ကွ"

"ဟုတ်ကဲ့ - ဗဟုသုတရအောင် ပြောပြပါဦး"

"ငါ့တပည့် ကိုကျော်ဆန်းနဲ့ ကိုသိန်းအောင်ဆိုတာရှိတယ်။ သူတို့က ဖဲရိုက်တာဝါသနာပါတယ်။ ပုသိမ်မြို့ မာတဆိုတဲ့ရပ်ကွက်မှာ ဖဲရိုက်ဖို့သွားကြတာ"

"ဟုတ်ကဲ့ - သူတို့နဲ့ရိုက်ဖို့ချိန်းတဲ့သူတွေရှိမှာပေါ့"

"မာတလည်းရောက်ရော အိမ်တိုင်းအိမ်တိုင်းကလူတွေထွက်လာပြီး သူတို့နှစ်ယောက်ကို လက်အုပ်ချီကြတာ။ ဆရာကြီး(၂)ယောက်ကြွလာပြီလို့ အော်ပြောကြရာက မာတတစ်ရပ်ကွက်လုံး အုတ်အော်သောင်းနင်းဖြစ်ကြတာပေါ့။ ဝိဇ္ဇာညီနောင်ကြွလာပြီ၊ သိဒ္ဓိပြီးမြောက်တဲ့ ဝိဇ္ဇာညီနောင်ကြွလာပြီဆိုပြီး လူအုပ်ကြီးက သူတို့ကိုဝိုင်းရှိခိုးကြတာပေါ့"

"ဘာဆက်ဖြစ်သေးလဲ ဆရာ"

"သူတို့နှစ်ယောက်က အကင်းပါးတယ်။ ငါတို့ဖဲရိုက်လာတာကို မရိုက်ဖြစ်အောင် အစောင့်တွေကလုပ်ချလိုက်ပြီဆိုတာသိတယ်။ အခြေအနေမဟန်ဘူး၊ လစ်ကြစို့ဆိုပြီး လူအုပ်ကြားကထွက်ပြေးလာရတယ်"

"သားတော့ခုမှကြားဖူးတယ်"

"ဒီလိုပဲ၊ ဝိဇ္ဇာပညာရပ်တွေက ထူးဆန်းအံ့ဩစရာတွေ အများကြီးပဲ။ သင်လို့မဆုံးနိုင်ဘူး။ ငါတို့ဆရာဆိုရင် လူတွေဆွဲတဲ့အင်းမသောက်ဘူး။ နတ်တွေဆွဲတဲ့အင်းမှသောက်တာ"

"ဪ - ဒီလိုမျိုးလည်းရှိသေးလား"

"ဟုတ်တယ် မောင်စိုင်း၊ မင်းမြင်ရတာက လူတွေမိုင်းကိုင်စာရွက်ကို ခဲတံနဲ့ရေးဆွဲတယ်၊ မီးရှို့တယ်၊ ပြာကို ရေနဲ့ဖျော်ပြီးသောက်ကြတယ်"

"ဟုတ်ကဲ့ - ဆရာ"

"နတ်တွေဆွဲတာကျတော့ ကန့်လန့်ကာတွေကာထားရတယ်။ အထဲမှာ ဖယောင်းတိုင်တွေ၊ အမွှေးတိုင်တွေထွန်းညှိပြီး လိုအပ်တဲ့မိုင်းကိုင်စက္ကူ၊ ခဲတံ၊ ပေတံတွေချပေးရတယ်။ နတ်တွေပင့်ဖိတ်ပြီးဆွဲခိုင်းတာ။ အားလုံးပြာကျပြီးမှ အဆင်သင့်သောက်ရတာ"

"ဆရာစုလည်း ဒီပညာကိုရတာပေါ့"

ဆရာစုဘာမှပြန်မပြောပေ။ ကျွန်ုပ်အား သေသေချာချာကြည့်ပြီး ငြိမ်နေလေသည်။

"ဒါဆိုလည်း သားတို့တပည့်တွေကိုတော့ တစ်ခါလောက်လုပ်ပြပါလား"

"မင်းကိုပြောမိတာနဲ့ ငါရှုံးပြီပတ်သလိုဖြစ်နေပြီ"

"ဆရာစုရဲ့ဆရာက ထွက်သွားတော့ ဆရာစုကို ပညာလွှဲခဲ့တာလား၊ ဆရာအစဉ်အဆက်ဘယ်လိုလွှဲတာလဲ"

"ဆရာကဆေးပွဲတစ်ခုလုပ်ရင်းနဲ့ ဝင်ပူးပြောတာ။ သူတို့ ငါ့ကိုခေါ်သွားတော့မယ်။ မင်းတို့ ဆရာ့ကိုကန်တော့ကြလို့ပြောတာ"

"ဒီတော့ တပည့်တွေကဘာပြောသလဲ"

"တပည့်တွေက ပညာမစုံသေးပါဘူး၊ မခေါ်ပါနဲ့ဦးလို့ တားကြတာပေါ့။ ဒါလည်းမရဘူး။ ခေါ်တော့မှာကိုကြိုပြောပြီးသားမို့ နောက်(၁၀)ရက်နေရင် ခေါ်မှာပဲလို့ပြောတာ"

"တပည့်တွေကဘာပြောလဲဆရာ"

"ခေါ်တာတော့ဟုတ်ပါပြီ။ ဒီပညာကို ဘယ်သူ့လွှဲခဲ့မှာလဲလို့ လျှောက်တာပေါ့"

"ဝင်ပူးတဲ့ဝိဇ္ဇာက ဒီပညာကို ငါ့ကို လွှဲပေးမယ်လို့ပြောပြီးထွက်သွားတာပဲ။ ငါလည်း ဆရာကြီးဆုံးတော့ ငါကဆက်ပြီး ဆရာဖြစ်တာပေါ့"

"ဒါလည်း ဆရာပြောလို့သိရတာ။ အထူးအဆန်းတွေပဲ"

ဆရာစု၏ တပည့်များသည် မြောင်းမြမြို့ထဲသို့ လျှောက်လည်ကြလေသည်။ သံပတ်ကွင်းဆရာတော်ကလည်း မြို့ထဲကျောင်းသို့သွား၍ သီတင်းသုံးနေကြသည်။ စကြာဘုရားတွင် ဆရာစုနှင့် ကျွန်တော် ဆရာတပည့်နှစ်ယောက်တည်းကျန်ခဲ့လေသည်။ ကျွန်ုပ်တို့နှစ်ယောက်လည်း ဝိဇ္ဇာအကြောင်းများကို ပြောပြရင်း ညနေ (၆) နာရီထိုးလေသည်။

"မောင်စိုင်း၊ မောင်စိုင်း"

"ဟုတ်ကဲ့ - ဆရာစု၊ ကျွန်တော်ရှိပါတယ်"

"ငါ့အသားကိုကိုင်ကြည့်ပါဦး၊ ငါဖျားနေပြီ"

ကျွန်ုပ်နှင့် စကားပြောနေတာ အကောင်းကြီးပါ။ ခုမှဘာလို့ဖောက်ပြန်လာတာလဲ၊ ချက်ချင်းကြီးအဖျားဝင်လာတာလား။ ကျွန်တော့်လက်ဖြင့် ဆရာစုကို ဆုပ်ကိုင်လိုက်သောအခါ ချစ်ချစ်တောက် ပူလောင်နေသော



www.burmeseclassic.com

www.burmeseclassic.com

အသားအရေကို စမ်းသပ်မိလေသည်။ အပူချိန် (၁၂၀) ဒီဂရီလောက်ရှိမည်ထင်သည်။ ဆရာစုမျက်လုံးမှာလည်း နီရဲနေလေသည်။

"ဆရာစု၊ အပူရှိန်တွေများနေတယ်၊ ဖျားနေတာဖြစ်မယ်။ ဆေးခန်းသွားကြရအောင်"

"သား မောင်စိုင်း၊ အဘပြောတာကို သေသေချာချာနားထောင်"

"ဟုတ်ကဲ့ - ဆရာစု"

"အခု ဆရာသေချင်တယ်၊ ဆရာ့ပညာတွေကို မင်းကိုပေးခဲ့မယ်"

"ဗျာ"

ကျွန်တော်အံ့ဩသွားသည်။ ဝိဇ္ဇာလိုင်း၊ ဂန္ဓာရီလိုင်းကိုရောက်ခါစ၊ သင်ခါစပဲရှိသေးတာ ဘာအတွေ့အကြုံမှမရှိ။ နုနယ်သေးသောတပည့်လေးကို ချောင်ပိတ်၍ရိုက်သလို ဆရာစု၏ဝိဇ္ဇာဆရာကြီးများ ဆရာစုကိုခေါ်ဖို့စီမံနေလေပြီ။ ဘာလုပ်ရမှာလဲ၊ ဘာပြောရမှာလဲ။ ခက်ပြီ။ အပြောမှားလျှင် တစ်ချက်တည်း အသက်ထွက်သွားနိုင်သည်။မိမိအားကိုးသော ကိုသိန်းရွှေကြီးက ပါမလာ။ သူပါလာလျှင်ဆို ပွဲကပြီးပြီ။ သူမှပြောတတ်တာ။ ကျွန်ုပ်လည်း မျက်ရည်တွေစီးကျလာပြီး အ,အကြီးလိုဖြစ်နေလေသည်။ ကျွန်ုပ်၏ဆုံးဖြတ်ချက်ကိုစောင့်နေလေသည်။

"သား မောင်စိုင်း၊ ဘာလို့ငိုနေတာလဲ၊ ဆရာ့ကိုကိုင်ကြည့်ပါဦး"

ကျွန်ုပ်သည် ရီဝေသောမျက်လုံးကြားမှ ဆရာ့ကိုသေသေချာချာကြည့်ပြီး လက်ဖြင့် စမ်းသပ်ကိုင်ကြည့်လိုက်သောအခါ အလွန်အေးစက်နေသောခန္ဓာကိုယ်ကြီးကိုစမ်းမိလေသည်။ ခုန အပူကြီးတောက်နေပြီး အခုရေခဲလိုအေးစက်နေပါလား။ သာမန်ရောဂါတော့မဟုတ်ဘူး။ ငါဘယ်လိုလုပ်ရမှာလဲ၊ ငါ့အပေါင်းအသင်းတွေကလည်း ဘာလို့မြို့ထဲကိုသွားကြတာလဲ။ ငါတစ်ယောက်တည်းဒုက္ခဖြစ်ပြီ။မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုရန် ရှင်အာနန္ဒာကို ကြိုတင်ပြော၏။ ရှင်အာနန္ဒာ ဘာမှပြန်မပြောနိုင်ပါ။ အခုလည်း ဆရာစုသည် လူသူကင်းမဲ့အောင်ပြုလုပ်ပြီး နှစ်ယောက်တည်းကျန်မှ 'ငါသေချင်တယ်' ဟု ပြောနေလေသည်။ ကျွန်ုပ်ကတော့ ဘာမှမတတ်ပါ။ ငါ့အစောင့်ကိုခေါ်ဦးမှပဲဟုဆုံးဖြတ်ပြီး အစောင့်ကို ပင့်ဖိတ်လိုက်လေသည်။ အစောင့်ကြွလာသောအခါ အားကိုးရှိလာသည်။ ပြောရဲဆိုရဲလာသည်။

"ဆရာစု၊ တပည့်ပြောပါရစေ။ ဆရာကိုဆေးပြန်ကုရတဲ့တပည့်မရှိသေးဘူး။ ဆရာ့ရောဂါကိုဆရာပဲပြန်ကုပါ။ ဒီမြောင်းမြမှာ ဆရာ့သချိုင်းမရှိဘူး"

ဟု အသံမာမာဖြင့် ပြန်ပြောနေမိပါသည်။ ကျွန်ုပ်ကပြောတာလား၊ ကျွန်ုပ်အစောင့်ကပြောတာလားမသိ။ပြောတာတည့်သွားသဖြင့် ဆရာစုဘာမှပြန်မပြောတော့ပါ။ငြိမ်ပြီးနားထောင်နေလေသည်။ တော်တော်ကြာမှ -

"မောင်စိုင်း၊ ငါ့ကျန်းမာရေးကောင်းသွားပြီ။ ဘာမှမဖြစ်တော့ဘူး"

ဟု ပြောလေသည်။

ကျွန်ုပ်လည်း ဆရာစုကိုကိုင်၍ စမ်းသပ်ကြည့်သောအခါ ပူခြင်း၊ အေးခြင်းမရှိ။ သာမန်ပကတိအပူချိန်ရှိပြီး သာမန်လူဖြစ်သွားလေတော့၏။ ကျွန်ုပ်တို့နှစ်ယောက် ဖြစ်ပျက်နေတာကို လိုက်လာသော ဆရာစုတပည့်များ တစ်ယောက်မှမသိကြပါ။ ည (၂) နာရီတွင် ရန်ကုန်သင်္ဘောဝင်လာပြီး သင်္ဘောပေါ်တွင် နေရာယူရလေသည်။ နံနက် (၉) နာရီမှ ပုသိမ်ရောက်လေသည်။ ပုသိမ်တွင် ဆရာစု၏တပည့်များ လာကြိုကြသည်။ ကိုသိန်းရွှေတစ်ယောက် ပါမလာပါ။ ကျွန်တော်တို့အဖွဲ့ ငွေးချို့သို့ ဆရာစုအားလိုက်ပို့ကြလေသည်။ ငွေးချိုရောက်ပြီးခဏနားနေစဉ် ကိုသိန်းရွှေကြီးတစ်ယောက် ရောက်လာလေသည်။ ဆရာစုအားဦးချပြီး ကျွန်ုပ်အားလက်ဆွဲခေါ်ကာ လူသူရှင်းရာ ဘုရားပေါ်သို့ ခေါ်သွားလေသည်။

"မောင်စိုင်း၊ သားမင်းကိုငါအရမ်းကျေးဇူးတင်တယ်၊ ငါမင်းကိုအနီးကပ်သွန်သင်ပေးရကျိုးနပ်ပြီ"

"ကိုသိန်းရွှေကြီးဘာတွေလာပြောနေတာလဲ"

"သားမောင်စိုင်း၊ မင်းဘာမှမပြောနဲ့။ ဝိဇ္ဇာဆိုတာပြောမှသိတာမဟုတ်ဘူး။ မင်းတို့ဖြစ်ပျက်ခဲ့တာတွေကို ငါပြန်ပြောပြမယ်"

"မှားနေပြီနဲ့တူတယ်။ ကျွန်တော်ဖြစ်ပျက်ခဲ့တာကို ကျွန်တော်ကပြန်ပြောရမှာမဟုတ်လား"

"အေး-မင်းပြောတာကို ငါကနားထောင်ရရင်ငါတို့ကသာမန်လူဖြစ်သွားမှာပေါ့။ မင်းတို့ဖြစ်တာကို ငါကမလိုက်ရဘဲပြန်ပြောမှာ။ မင်းနားထောင်"

"ကောင်းပါပြီဗျာ"

"သားနဲ့ ဆရာစုနဲ့ ဘုရားတစ်ဆူရဲ့တန်ဆောင်းထဲမှာ ပြောဆိုနေတာတွေငါအကုန်သိတယ်။ ဆရာစုက 'သေချင်တယ်'ပြောတာ၊ မင်းကသေပေါ့လို့ပြောလိုက်ရင် သူဝိဇ္ဇာစခန်းကထွက်သွားမှာ။ ခုတော့ သားကပြောတတ်ဆိုတတ်တော့ ဆရာစုကိုခေါ်လို့မရတော့ဘူး။ မင်းပြောတာကို ငါက အဖွဲ့ကိုယ်စားကျေးဇူးတင်တယ်။ ဆရာစုသာမရှိရင် ငါတို့အဖွဲ့ ဒုက္ခရောက်ပြီ"

"ဆရာစုကိုပြန်ခေါ်ဖို့ ဝိဇ္ဇာတွေက အကွက်ဆင်တာပေါ့"

"ဟုတ်တယ် မောင်စိုင်းရေ၊ မင်းတို့နှစ်ယောက်တည်းရှိတဲ့အချိန် သူတို့ကအငိုက်ဖမ်းတာ။ မင်းစကားမှားသွားရင် တစ်ခါတည်းခေါ်သွားမှာ"

"ကျွန်တော်က ဘာမှသိတဲ့သူမဟုတ်ဘူး။ ဘာပြောရမှန်းမသိဘူး။ ကိုသိန်းရွှေကြီးကိုသတိရလို့ ကျွန်တော့်မနောစိတ်နဲ့လှမ်းသတိပေးလိုက်တာ"

"မင်းအသိပေးလို့ ငါချက်ချင်းသိတယ်။ ငါလည်းမင်းကိုဘယ်လိုမှကယ်လို့မရဘူး၊ ပြောလို့လည်းမရဘူး။ ငါပြောလည်း မင်းကသိမှာမဟုတ်ဘူး"

"တော်တော့်ကို အကျဉ်းအကျပ်ထဲရောက်နေတာ၊ နောက်မှ ပုဂ္ဂိုလ်ပင့်ပြီး ရဲဆေးတင်ပြောလိုက်ရတာ၊ပြောတာမှန်လို့ တော်သေးတာပေါ့"

"ဟုတ်တယ်၊ မင်းပြောတာတွေ ငါအကုန်သိတယ်။ ဒါကြောင့် မင်းကို ကျေးဇူးတင်တာပေါ့"

"ဟုတ်ကဲ့ - အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကိုသိန်းရွှေကြီးကိုလည်းကျေးဇူးတင်ပါတယ်။ ဒီပညာရပ်တွေက နုနယ်သေးတဲ့ကျွန်တော်နဲ့မကိုက်ညီသေးဘူး။ ကိုသိန်းရွှေက ဒုတိယဆရာဖြစ်နေပြီပဲ။ ဆရာစုမရှိရင် ကိုသိန်းရွှေက ဆရာလုပ်ပေါ့"

"သား၊ ဒါ ဝိဇ္ဇာတွေအလုပ်။ အဖွဲ့ကို ထွက်ရပ်ပေါက်ဆရာတွေ၊ ဝိဇ္ဇာတွေနဲ့ဖွဲ့စည်းထားတာ။ သူတို့အလုပ်သူတို့လုပ်ပါလိမ့်မယ်။ လူ့သဘောနဲ့လုပ်လို့ရတာမဟုတ်ဘူး"

"ဩော် - ပုဂ္ဂိုလ်သဘော၊ လူ့သဘောဆိုတာ ဒါကိုပြောတာပဲ"

ဝိဇ္ဇာဂန္ဓာရီတို့၏သဘောသဘာဝကို လေ့လာလိုက်စားသူများ သိရှိပါစေဆိုတဲ့စေတနာနဲ့ ဝေငှပေးခြင်း ဖြစ်ပါတယ်။

ကျေးဇူးတင်ပါတယ်။

အကြွင်းဝါလှိုင်း


www.burmeseclassic.com

www.burmeseclassic.com


## ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလအတွက်

# စီးပွားရေးဗေဒင်ဟောကိန်း


မင်းရှိန်အောင်




၁-၁၀-၂၀၁၅ နေ့
သာယနဇာတာခွင်




၁၁-၁၀-၂၀၁၅ နေ့
သာယနဇာတာခွင်




၂၁-၁၀-၂၀၁၅ နေ့
သာယနဇာတာခွင်

ယခု အောက်တိုဘာလ၏ ပထမ (၁၀) ရက်ကာလတွင် ရွှေဈေးကွက်၊ ကျောက်မျက်ဈေးကွက် တည်ငြိမ်သော်လည်း ရုတ်တရက်တိုးတက်တတ်မည်။ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက်တက်ရိပ်မြင်ရသော်လည်း စိတ်မချရသေး။ အလှအပဆိုင်ရာ၊ အဝတ်အထည်နှင့် ဖက်ရှင်ဆိုင်ရာ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ကားနှင့်တခြားရောင်းဝယ်ရေးဆိုင်ရာဈေးကွက် တက်ရိပ်၊ ကျရိပ်ရှုပ်ထွေးနေမည်။ တယ်လီဖုန်းနှင့် အင်တာနက်ဆိုင်ရာ၊ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဆိုင်ရာတက်ဈေးမိမည်။ ကောက်ပဲသီးနှံဈေးနှုန်းဈေးပြောက်တတ်သော်လည်း သတိထားရမည်။ သစ်နှင့် ပရိဘောဂဆိုင်ရာလုပ်ငန်း၊ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်း ဈေးကောင်းတွေ့နေမည်။ စာနယ်ဇင်းဈေးကွက်၊ မီဒီယာဈေးကွက်အတက်ဘက်ဦးလှည့်နေသော်လည်း သတိထားရမည်။ အိမ်ခြံမြေဈေးကွက်၊ ဆောက်လုပ်ရေးလုပ်ငန်း ဈေးကွက်တည်ငြိမ်နေသော်လည်း တက်ရိပ်များကို မြင်လာရမည်။ လောင်စာဆီ၊ စားသုံးဆီဈေးကွက်ခန့်မှန်းရခက်အောင် သုပ်ရှားလာမည်။ ဆေးရုံလုပ်ငန်းဆိုင်ရာဈေးကွက်ကောင်းသလိုလိုရှိလာသော်လည်း ပညာရေးလုပ်ငန်း လေးလံနေမည်။ ရေထွက်ပစ္စည်းလုပ်ငန်းထိုင်းမှိုင်းနေဦးမည်။ သံနှင့်သံပစ္စည်း၊ ဆောက်လုပ်ရေးပစ္စည်းများ၊ တွင်းထွက်ပစ္စည်းများ ဈေးကွက်လှုပ်ခတ်လွန်း၍ ခန့်မှန်းရခက်နေမည်။

ဒုတိယ (၁၀) ရက်ကာလတွင် ရွှေဈေးကွက်တည်ငြိမ်နေသယောင်နှင့် ရုတ်ခြည်းတိုးတက်တတ်မည်။ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက် ရုတ်တရက်လှုပ်ရှားအတက်ဘက်ရောက်သွားတတ်မည်။ ကျောက်မျက်ဈေးကွက်ငြိမ်နေမည်။ ကောက်ပဲသီးနှံဈေးကွက်မြောက်ကြွတတ်မည်။ စာနယ်ဇင်းဈေးကွက်၊ မီဒီယာဈေးကွက် မိုးကောင်းနေမည်။ တယ်လီဖုန်းနှင့်အင်တာနက်ဆိုင်ရာ၊ လျှပ်စစ်နှင့်အယ်လီထရွန်းနစ်ဆိုင်ရာ ဈေးနှုန်းတက်ဈေးဘက်သို့ တွန်းဝှေ့နေမည်။ အိမ်ခြံမြေဈေးကွက် တည်ငြိမ်သယောင်ရှိသော်လည်း ရုတ်ခြည်းဖောက်ပြန်တတ်မည်။ ဖက်ရှင်နှင့် အထည်အလိပ်လုပ်ငန်း၊ အလှအပဆိုင်ရာလုပ်ငန်း သိပ်မကောင်းသော်လည်း တက်ရိပ်များကိုတွေ့လာရမည်။ ကားနှင့် တခြားယာဉ်ဆိုင်ရာဈေးကွက် အေးခဲနေသော်လည်း တက်ဈေးများကိုတွေ့လာရမည်။ ဟိုတယ်နှင့်ခရီးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊ စက်နှင့်စက်ပစ္စည်း၊ တွင်းထွက်သတ္တုပစ္စည်းများ တက်ဈေးမြင့်လာရမည်။ ဆေးနှင့်ဆေးပစ္စည်း၊ သစ်နှင့်ပရိဘောဂဆိုင်ရာ တက်ဈေးဘက်ကိုရွှေ့လျားနေမည်။ စားသုံးဆီ၊ လောင်စာဆီတက်ဈေးမိတတ်မည်။ ငါးနှင့်ရေထွက်ပစ္စည်းဈေးကွက်အေးခဲနေမည်။

တတိယ(၁၀)ရက်ကာလတွင် ရွှေဈေးကွက်အခန့်မှန်းရခက်သော်လည်း အတက်ဘက်သို့ညွှန်းနေမည်။ ငွေကြေးဈေးကွက်၊ စတော့ရှယ်ယာဈေးကွက် ကမောက်ကမဖြစ်သော်လည်း အတက်ဘက်သို့ညွှတ်နေမည်။ ကောက်ပဲသီးနှံများ ဈေးကောင်းမိသော်လည်း သတိထားရမည်။ မီဒီယာဈေးကွက်၊ စာနယ်ဇင်းဈေးကွက် အတက်ဘက်မှာရှိနေဦးမည်။ အလှအပဆိုင်ရာ၊ ဖက်ရှင်နှင့် အထည်အလိပ်ဆိုင်ရာဈေးကွက်အေးခဲနေမည်။ ကားဈေးကွက်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ခြေချုပ်မိနေသလိုရှိမည်။ ငါးနှင့်ရေထွက်ပစ္စည်းလုပ်ငန်းထိုင်းမှိုင်းနေမည်။ အိမ်ယာမြေဈေးကွက်အနည်းငယ်လှုပ်ကြွလာမည်။ ဆောက်လုပ်ရေးလုပ်ငန်း လေးလံနှေးကွေးနေဦးမည်။ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်း၊ သစ်နှင့်ပရိဘောဂလုပ်ငန်းများ ဈေးကွက်လှုပ်ခတ်မှုရှိလာမည်။ အတက်ဘက်သို့ဦးလှည့်နေမည်။ လောင်စာဆီနှင့်စားသုံးဆီတက်ဈေး ကမောက်ကမဖြစ်နေမည်။

မင်းရှိန်အောင်



www.burmeseclassic.com

www.burmeseclassic.com

ဩစတြေးလျမှ ထိုစာရောက်လာသောအခါ အာသာမှာ စိုးရိမ်ပူပန်သွားပါသည်။

"ဘာများလဲကြည့်လိုက်ပါဦး"

စာအိတ်ပေါ်မှ စာတိုက်တံဆိပ်ကိုကြည့်ရင်း -

"ဩစတြေးလျမှာ ကျွန်မတို့သိတဲ့ လူမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

ဟု ကျွန်မကပြောလိုက်ပါသည်။
အာသာကလည်း -
"ကိုသိတဲ့လူလည်းမရှိပါဘူး"
ဟု ထောက်ခံပါသည်။
ကျွန်မက -
"ဖွင့်ဖတ်လိုက်ပါ၊ ကိုက်မစားပါဘူး"

ထိုနေ့က နေရောင်တောက်ပသောနံနက်ဖြစ်ပါသည်။ အိမ်မှာ အရှေ့ဘက်လှည့်ပြီး ပင်လယ်အော်ကို မျက်နှာမူထားသည်။ ကျွန်မက အိမ်သုတ်ဆေးအနံ့များ ပြယ်လွင့်အောင် ပြတင်းပေါက်များကို စောစောကပင်ဖွင့်ထားပါသည်။ ကျွန်မတို့က အလုပ်သမားများဆေးသုတ်ပြီးပြီးချင်းပင် ထိုအိမ်သို့ပြောင်းခဲ့ခြင်းပါသည်။ အားလုံးမှာ အမြင်အားဖြင့် သစ်လွင်လှပ၍နေပါသည်။ ထိုအိမ်မှာ ရှေးဟောင်းအိမ်တစ်အိမ်ဖြစ်သော်လည်း ကျွန်မတို့အဖို့ အသစ်ဖြစ်နေ၏။

ကြည့်ပါဦး - ကျွန်မနှင့် အာသာ လက်ထပ်ခဲ့သည်မှာ နှစ်ပေါင်း (၃၀) ကျော်ပြီဖြစ်သော်လည်း ယခုမှဘ၀အစပြုရသည့်လူငယ်ဇနီးမောင်နှံနှင့်တူနေပေသည်။ ကျွန်မတို့ဝင်ဘယ်တန်ရိပ်သာမှအိမ်ကိုစွန့်ခွာခဲ့သည်မှပထမခြေလှမ်းဖြစ်ပါသည်။ အာသာကရှက်လွင့်ခြင်းနှင့် ပင်လယ်ကမ်းနံဘေးစိုက်ပျိုးခြင်းကို စွဲလမ်းနှစ်ခြိုက်ခဲ့ပါသည်။

"သေချာပါတယ်၊ မပျင်းရပါဘူး"

လာနိုင်သော အနောက်ပိုင်းဒေသကို ပြောင်းခဲ့ပါသည်။ ဤဒေသတွင် ဆွေမျိုးမရှိခြင်းကပင် ကျွန်မတို့အား လွတ်လပ်စေပြီး အိပ်မက်ပမာ ခံစားရပါသည်။

ကျွန်မ တစ်ခါမှ ယခုလောက် သူပျော်ရွှင်နေသည်ကို မတွေ့မြင်ဘူးပါ။ တစ်သက်လုံး အမှတ်ရစရာဖြစ်နေပါသည်။

ကျွန်မတို့လက်ရှိအိမ်တွင်နေထိုင်ပြီး (၃) ပတ်မျှကြာသောအခါ ထိုစာရောက်လာခြင်း ဖြစ်ပါသည်။ ဇူလိုင်လ၏ရာသီဥတုသည် မိုးအုံ့၍ငြိုးငွေ့ဖွယ်ရာကောင်းသော နွေလယ်ခင်းကိုဖြစ်စေပြီး ညနေပိုင်းနေပွင့်တတ်ပါသည်။ ကျွန်မက ခန်းဆီးလိုက်ကာများပင်တပ်



# (ဂုက်ဖျား) တော်မြှင့်

## ကန့်ကွက်လွှာ

ဟု သူကပြောခဲ့ပါသည်။

ကျွန်မ ပထမဦးဆုံး အာသာကို သိစဉ်ကတည်းက သူသည် အနောက်ပိုင်းဒေသကို အိပ်မက်မက်ခဲ့ပါသည်။ ထိုဒေသသို့ ကျွန်မတို့ပျားရည်ဆမ်းခရီးထွက်ခဲ့ပါသည်။ အားလပ်ရက်များတွင်လည်း သွားရောက် လည်ပတ်ခဲ့ပါသည်။ ထို့ကြောင့် နောက်ဆုံးတွင် သူ၏အိမ်နှင့် သူကိုယ်တိုင်ထူထောင်ခဲ့သောစီးပွားရေးလုပ်ငန်းကိုရောင်းချ၍ မည်သူမျှမလိုက်မထားပါ။ မမှောင်ခင် အိပ်ရာဝင်လေ့ရှိသော်လည်း အပြင်တွင် ရေမှအပ ဘာမှမရှိပါ။ အိမ်နောက်ဘက်တွင် တောအုပ်မှသစ်ပင်ကြီးများက ကာရံထားပါသည်။ အနီးအနားတွင် ရွာရှိသော်လည်း ကျွန်မတို့အား လာကြည့်မည့်သူမရှိဟု ထင်ရပါသည်။

ထိုဒေသရှိ စာတိုက်မှာပင် ကျွန်မမေရီထံမှ စာတစ်စောင်ရရှိခဲ့ပြီ ဖြစ်ပါသည်။ သို့ရာတွင် ဩစတြေးလျတိုတေ

www.burmeseclassic.com

မေ့ထားနေစဉ်ကာလ၌ အာသာထံမှ အာမေဒိုတ်သံကြားရပါသည်။ သူပြော ပြသောအခါ ကျွန်မ မအံ့ဩတော့ပါ။ ထိုလူက စာထဲတွင်ရေးထားသည်မှာ -

အိမ်သို့ ရောင်းချရန် အကြောင်း လုံးဝမရှိပါ။သူက ကွယ်လွန်သူ လီ-စိန် -ဂျေဟိုးဘတ်မှာ သူ၏ ဦးလေးဖြစ်ပြီး သေတမ်းစာအရ သူသာလျှင် အမွေ ဆက်ခံခွင့်ရှိသူဖြစ်ကြောင်းပါရှိပါသည်။

စင်စစ် အာသာသည် အရောင်း အဝယ်စာချုပ်လက်မှတ်မထိုးမီ သေချာ စွာ စိစစ်ခဲ့ပါသည်။ အိမ်ပိုင်ရှင်ဖြစ်သူ အဘိုးကြီး မစ္စတာဟိုးဘတ်သည် သူ၏ ဘိုးဘေးစဉ်ဆက်မှ နောက်ဆုံးမျိုးဆက် ဖြစ်ပါသည်။ ထိုဒေသတွင်ပင် အမှန်တ ကယ်သေဆုံးခဲ့ပြီး သေတမ်းစာမထားခဲ့ ပါ။ အာသာနှင့်လည်း ဆွေးနွေးခဲ့သော ဟိုးဘတ်၏ ရှေ့နေများသည်လည်း ထို အချက်ကိုလုံးဝလက်ခံယုံကြည်ခဲ့သည်။ အဘိုးကြီးသည် တစ်ခါက သေတမ်းစာ ရေး၍ သူတို့လက်တွင် အပ်နှံထားပါ သည်။ နောင်အခါ ထိုစာကို ပြန်တောင်း ၍ ၎င်းတို့ရှေ့တွင်ပင်ဖျက်ဆီးခဲ့ပါသည်။ ရှေ့နေများက သေတမ်းစာအသစ် တစ်စောင်ပြုလုပ်လိုပါသလားဟုမေးပါ သည်။ ဟိုးဘတ်ကမတုံ့ပြန်ခဲ့ပါ။ မကြာမီ သူသေဆုံးခဲ့ပါသည်။ သူ့တွင် အကြွေး များမှအပ ချန်ထားခဲ့သောပစ္စည်းဟူ၍ မရှိပါ။ ရှေ့နေများက အိမ်ထဲတွင် ရှာဖွေ သောအခါ အကြွေးတောင်းခံလွှာများ သာ တွေ့ရပါသည်။ ထို့ကြောင့် ထိုအိမ် ကိုရောင်း၍ အကြွေးဆပ်ပါသည်။ ထိုသို့ အကြွေးပေးထားသူများကိုပင် ချီးကျူး စရာကောင်းနေပါသည်။ သူ၏ အစဉ် အလာကောင်းသောနာမည်ဂုဏ်သတင်း အရ ခွင့်ပြုထားပုံရပါသည်။ မည်သို့ပင် ဖြစ်စေ အဘိုးကြီးဟိုးဘတ်မှာ မျိုးဆက် ၏ နောက်ဆုံးဖြစ်ပါသည်။ သူ့တွင် တူ တစ်ယောက်ရှိသည် ဟူသော စကားမျိုး မပေါ်ပေါက်ခဲ့ပါ။

"သူကိုယ်သူဘယ်လိုခေါ်သလဲ"

ကျွန်မမေးမိပါသည်။

"သူကိုယ်သူ ပီ-စိန်-ဂျေဟိုးဘတ် လို့ လက်မှတ်ထိုးထားတယ်"

"အာသာ၊ ရှေ့နေတွေမမှားနိုင် ပါဘူး"

"မမှားပါဘူး"

ဟု အာသာကပြောပါသည်။

"အဲဒီကောင်လေးမှာ သက်သေ ပြစရာမရှိပါဘူး"

ကျွန်မက -

"ဒါဆိုရင် သူကစမ်းကြည့်တာ လား။ ဒါမှမဟုတ် မပြောကောင်းမဆို ကောင်း လူလိမ်များလား"

အာသာက စာကိုပေးရင်း -

"သူဘယ်သူပဲဖြစ်ဖြစ်ဂရုစိုက်စရာ မလိုပါဘူး။ ဒါပေမယ့် သူကဒီဒေသကို သိတယ်။ သူ့လက်ဝါးကိုသူသိနေသလို သိနေပုံရတယ်"

တကယ်လည်းသိပုံရပါသည်။ ထို စာမှာ ထူးခြားသောစာတစ်စောင်ဖြစ်ပြီး တစ်စိတ်တစ်ပိုင်းအားဖြင့် ခါးပြတစ်စု ဟု ရန်စထားကာ အခြားတစ်ဖက်တွင် လည်း ကျွန်မတို့၏ခံစားချက်ကို ကလိ ထားပါသည်။ သူ့အပြောတွင် ဤဒေသ မှာ သူကလေးဘဝတွင်ကစားခဲ့သောနေ ရာ ဖြစ်ပေသည်။ သူသည် သောကများ သောဘဝတွင် နေထိုင်ခဲ့ရပြီး ပြန်လာ ချင်စိတ်သာရှိပါသည်။

သူက -

'ဒါဟာ ကျုပ်ရဲ့ ကံကြမ္မာစိတ် ခံစားမှုနဲ့ အမွေပစ္စည်းပဲ။ ကျုပ်ပိုင်တာ နော်။ ပြီးတော့ ကျုပ်ကို ဘယ်သူမှလိမ် လို့မရဘူး'

ဟု ရေးထားပါသည်။

ကျွန်မက -

"ဘုရားရေ၊ သူဆိုလိုတာက. . ."

အာသာက ဘာမှပြန်မပြောပါ။

"မှုမှုတတရှိဖို့ဆိုရင် သူဦးလေးက သူကိုပြောပြထားသင့်တယ်"

"သူတို့ချင်းစကားမပြောဘူးထင် တယ်"

ဟု အာသာကပြောပါသည်။

"အဲဒီလိုရှေးဟောင်းမျိုးနွယ်တွေ မှာ ဒါမျိုးတွေအများကြီးရှိတယ်"

ကျွန်မက -

"အာသာ၊ ရှင် အဲဒီစာကို ရှေ့နေ တွေဆီပို့သင့်တယ်။ သူတို့ကပဲ စာရေး သင့်တယ်။ ဒီအတွက်ပဲ သူတို့ကိုငွေရ တာမဟုတ်လား။ သူကပဲ ကျွန်မတို့ကို ကလိမယ့်အစား အဲဒီရှေ့နေတွေဆီ အရင်စာရေးသင့်တယ်"

အာသာကထပ်မံ၍ -

"သူ့မှာသက်သေပြစရာမရှိပါဘူး"

ဟု ပြောပါသည်။

ကျွန်မကလည်း -

"ဒါဟာ ကျွန်မတို့ကို ဘာမှမထိ ခိုက်နိုင်ပါဘူး။ ရှင်စိတ်ထဲမထားပါနဲ့"

ဟု ပြောလိုက်ပါသည်။

သို့သော် သူကမေ့ပျောက်မထား နိုင်ကြောင်းလည်း ကျွန်မသိနေပါသည်။

"ဘာမှမဖြစ်ပါဘူး။ ဒါပေမယ့် အဲဒီကောင်လေးတိုတော့ သနားသေး တယ်"

"တော်ပါတော့"

ဟု ကျွန်မအော်မိပါသည်။

အာသာက -

"သူ့မှာမျှော်လင့်ချက်မရှိပါဘူး"

ဟု ပြောပါသည်။

ထို့နောက် သူမြက်ခင်းပေါ်သို့ ဆင်းသွားသည်ကို တွေ့ရပါသည်၊ ထို့နောက် ရေထဲကိုငုံ့ကြည့်ပါသည်၊ တစ်ဖန် သစ်ပင်များကို ဒေးကြည့်ပြန် ပါသည်။ သူက စိတ်ထိခိုက်လျှင် ထိုသို့ တစ်ယောက်တည်းထွက်သွားတတ်ပါ သည်။

ယောကျာ်းတစ်ယောက်၏ စိတ် ကို အလုံးစုံမသိနိုင်ကြောင်း ကျွန်မသိရ ပါသည်။ သို့သော် လွန်စွာနောက်ကျ သွားပါသည်။ အာသာအား မည်သည် က စိတ်ထိခိုက်စေကြောင်း စဉ်းစားမိ ပါသည်။ သူက ဤနေရာဤဒေသကို နှစ်သက်သကဲ့သို့ ဟိုးဘတ်၏ အမွေခံ သည်လည်း နှစ်သက်မည်ကို ကိုယ်ချင်း စာမိပေမည်။ အာသာက ဤနေရာကို ထူးထူးကဲကဲ ဘဝနှင့်ရင်း၍နှစ်သက်ခဲ့ ပေသည်။

အဓိကမှာ မြေအနေအထားဖြစ် ပေသည်။ တောင်ကြားလမ်းမှ ကွေ့၍ ဝင်လာလျှင် ရုတ်တရက် အိမ်ကိုမြင်ရ ပေမည်။ ရေနှင့် သစ်ပင်များမှာ မြင့် တက်နေပြီး မြက်ခင်းမှ ပင်လယ်အော် အထိ ဆင်ခြေလျှောတစ်လျှောက် တန်း ဆင်းသွားပါသည်။ အဆုံးတွင် သင်္ဘော ဆိပ်တစ်ခုရှိပါသည်။

ကျွန်မတို့ ပထမဆုံး ဆိပ်ကမ်း သို့ ရောက်ရှိလာချိန်တွင် ဒီရေကျနေပါ သည်။ ကျွန်မက 'ရွှံ့နံ့မနံတာ ကံကောင်း တယ်' ဟု မှတ်ချက်ချပါသည်။ ထိုစဉ်က ကျွန်မတို့နေအိမ်ဖြစ်လာမည်ဟု ကျွန်မ အလိုလိုသိနေပါသည်။ ကျွန်မတို့၏ အနာဂတ်ကို အာသာ၏ မျက်နှာပေါ် တွင် နိမိတ်ဖတ်နေမိပါသည်။

ကျွန်မပြောသည့်အတိုင်း အာသာ က ရှေ့နေများထံ စာရေးခဲ့ပါသည်။ ကျွန်မ မသိခဲ့သည်မှာ အာသာက ထိုလူ ထံလည်း စာပြန်ခဲ့ပါသည်။ သူက ထိုလူ နှင့် ဝေးဝေးရှောင်သင့်ပါသည်။ သူ့ဆန္ဒ မှာ ထိုလူကို အားပေးလိုခြင်းဖြစ်ပြီး အိမ် မှာလည်း လူကောင်းသူကောင်းလက် ဝယ်ရှိကြောင်း အသိပေးလိုခြင်း ဖြစ်ပါ သည်။ သို့ရာတွင် အာသာက သူ၏ စိတ်သဘောထားကို ပေါ်လွင်အောင်


www.burmeseclassic.com

www.burmeseclassic.com

ခရေဖွဲ့တတ်ပါ။ စာမှာတစ်ကိုယ်ကောင်းဆန်သလိုဖြစ်နေပါသည်။

ဩစတြေးလျမှ လေကြောင်းဖြင့်လာသော ပြန်စာကိုရသောအခါ စိတ်တိုနေသောအန္တရာယ်လူဆိုးတစ်ယောက်၏လက်ရာကို ဖတ်ရှုရပါသည်။ ထိုစာကို လက်ခံရယူတဲ့သူမှာ ကျွန်မ မဟုတ်ပါ။ အာသာကလည်း လျှို့ဝှက်ထားခဲ့သည်။

ကျွန်မက -

"သူက သေနတ်တစ်လက်နဲ့ ကျွန်မတို့ဆီလာမှာလား"

ဟု မေးခဲ့ပါသည်။

အဘယ်ကြောင့်ဆိုသော် ထိုလူနှင့် ကျွန်မတို့ တွေ့ရပေတော့မည်။ သူက ပြဿနာအားလုံးကို ရှင်းလင်းရန်၊ ဩစတြေးလျမှ လေယာဉ်ဖြင့်ပြန်လာရန် စီစဉ်နေပါသည်။ သူ့စာအရ သူ၏ပြန်စာပို့သော လေယာဉ်ထွက်အပြီး နောက်တစ်စင်းနှင့်လာနိုင်ရန် ရည်ရွယ်ထားပါသည်။ ကျွန်မတို့လည်း ရွှေနေများထံသွားရပါသည်။ သူတို့ကလည်း အားမကိုးရပါ။ ညည်းတွားရေရွတ်မှုများသာပြုလုပ်ကြပြီး ခေါင်းရှောင်နေကြပါသည်။ ရွာမှလူများကလည်း မကောင်းကြပါ။ သို့သော် ကျွန်မ မအံ့ဩမိပါ။ တောလက်နေသူတို့သဘာဝ လူစိမ်းများကို မယုံကြည်တတ်ကြပါ။ သူတို့၏သဘောထားကိုလည်း အာသာနှင့်ကျွန်မ သတိမထားမိခဲ့ပါ။ ရွာမှလူများသည် ဟိုးဘတ်နှင့်ဆက်နွယ်မှုရှိပေမည်။ ထို့အပြင် ဟိုးဘတ်၏ တူတော်မောင်ရောက်လာမည့်အရေးကိုလည်း ကျွန်မတို့မပြောအဲသိနေကြပါသည်။ မျက်လုံးတိုင်းတွင် ထိုကဲ့သို့သောအရိပ်အယောင်ရှိသည်ကို ကျွန်မခံစားမိပါသည်။

ထို့ကြောင့် ကျွန်မတို့သာလျှင်ပြဿနာနှင့် ကျန်ရစ်ပါသည်။ ယခုဆိုလျှင် ရင်ဆိုင်ရုံမှတစ်ပါး အခြားမရှိပါ။ အာသာကတော့မာကျောလာပါသည်။

သူက ကျွန်မအား -

"ဒီကောင်[illegible]သူ့ရဲ့သဘောထားကိုမပြောင်းလဲဘူးဆိုရင် သူပြောသမျှနားထောင်နေမှာမဟုတ်ဘူး။ ဘေးရှောင်မှာလည်းမဟုတ်ဘူး။ ရောင်းလည်းမရောင်းနိုင်ဘူး။ အဲဒါဆုံးဖြတ်ချက်ပဲ"

ဟု ဆိုပါသည်။

အာသာပြောသည့်အတိုင်းဖြစ်လာခဲ့ပါသည်။

နောက်တစ်နေ့နံနက်တွင်မူ ကျွန်မတို့၏သော့ကများ အဆုံးသတ်သွားပါသည်။ အာသာက သတင်းစာကိုကိုင်လိုက်မိသည်။ ထို့နောက် တုန်လှုပ်စွာဖြင့် သတင်းစာကိုပြန်ချလိုက်မိသည်။ ကျွန်မဖတ်လိုက်သောအခါ ကမ္ဘာတစ်ဝက်ခန့် အကွာအဝေးက ဆိုးဝါးလှစွာသော လေယာဉ်ပျက်ကျမှုသတင်းကို တွေ့ရပါသည်။ ခရီးစဉ်မှာ ဩစတြေးလျမှအပြန်ဖြစ်ပါသည်။ လေယာဉ်ပေါ်လိုက်ပါလာသူအားလုံးသေဆုံးခဲ့သည်။ အာသာက သတင်းစာပြန်ယူပြီး ခရီးသည်စာရင်းကို လက်ညှိုးနှင့်ထောက်၍ ရှာပါသည်။ ထိုစာရင်းတွင် ပီ-စိန်-ဂျေ ဟိုးဘတ်တစ်ယောက် ပါဝင်ပါသည်။

အာသာနှင့် ကျွန်မသည် စိတ်သက်သာရာရမှုကိုပြောပြ၍ ရှက်ရွံ့မိပါသည်။ မကြာမီ အာသာကမြက်ခင်းပေါ်ထွက်၍ လမ်းလျှောက်ပါသည်။ ရှေ့နေများက ဖုန်းဆက်သောအခါ ကျွန်မက-

"ဟုတ်ကဲ့ - ကျွန်မသိပါတယ်။ မပြောပါနဲ့တော့"

ဟုသာ ဖြေကြားလိုက်ပါသည်။

ထိုညတွင် ကြမ်းခင်းသစ်သားပြားမှာ စတင်ကွဲအက်လာပါသည်။ နာရီတစ်လုံးသည် ဆင့်ပေါ်မှအလိုလိုလျှောကျသွားပါသည်။ အဝတ်အစားများနှင့် စက္ကူများသည် အံဆွဲနှင့်ဗီရိုများမှထွက်လာပြီး အခန်းထဲတွင်အပုံလိုက်ဖြစ်နေပါသည်။ အခန်းတွင်းမှ ပစ္စည်းများကို ရှုပ်ယှက်ခတ်စွာ ရှာဖွေထားသည်နှင့်တူနေပေသည်။ ညတိုင်း၊ နေ့တိုင်း ထိုကဲ့သို့ဆက်လက်ဖြစ်ပွားနေပါသည်။ အာသာရော ကျွန်မပါ အသံကြားမိသော်လည်း လူကို မတွေ့ရပါ။ ကျွန်မတို့နှောင့်ယှက်ထားခြင်းမရှိသောအခန်းထဲဝင်ရသည်မှာ ရှားမှရှားလှပေသည်။ ထို့အပြင် အခန်းတိုင်းလိုလို လူဝင်ထားသလိုခံစားရပါသည်။ လတ်တလောအားဖြင့် သူဘယ်သူဆိုသည်မှာ စဉ်းစား၍မရပါ။

"အာသာရေ၊ ကျွန်မတို့ သူ့ကိုကူညီရင် ရပ်တန့်သွားလိမ့်မယ်ထင်တယ်"

ဟု ကျွန်မပြောမိပါသည်။ သို့ရာတွင် အာသာက လက်ခံမည့်ပုံမရှိပါ။ ကျွန်မကိုယ်တိုင်က ရှိမည်မထင်သော သေတမ်းစာကို နာရီများစွာ လျှို့ဝှက်ရှာဖွေနေသည်ကို အဓိပ္ပာယ်မရှိဟု ယုံကြည်လာပါသည်။

"ဒါတွေဟာမကောင်းဘူး"

ကျွန်မ လှေကားရင်းမှနေ၍ တစ်အိမ်လုံးကြားအောင်အော်ပါသည်။ သို့ရာတွင် ဟိုးဘက်က စွန့်လွှတ် အရှုံးမပေးပါ။ ကျွန်မ သင်းအုပ်ဆရာတစ်ဦးအားပင့်ဖိတ်ရန် အကြံရပါသည်။ ကျွန်မသည် ဘုရားရှိခိုးကျောင်းသို့ အမြဲသွားသူမဟုတ်သော်လည်း တရားဟောဆရာများတွင် အစွမ်းရှိသူဟုကြားဖူးပါသည်။ မည်သို့ဆိုစေ ကျွန်မဆက်သွယ်ကြည့်သောအခါ သင်းအုပ်ဆရာ၏ဇနီးက သူအားလပ်ရက်ခရီးထွက်နေကြောင်းအသိပေးပါသည်။

အစပိုင်းတွင် ကျွန်မတို့ တတ်နိုင်သမျှ အိမ်အပြင်ဘက်တွင် အချိန်ဖြုန်းမိပါသည်။ အိမ်အတွင်းတွင် ဟိုးဘတ်စိတ်ကြိုက်နေနိုင်ရန်ဖြစ်သည်။ ယခုအခါ ကျွန်မတို့နေရောင်ကိုပင် မြင်ရန်ခဲယဉ်းနေပါသည်။ မည်းမှောင်ကာ မြူခိုးများနှင့်ပြည့်နေပေမည်။ ကျွန်မစိတ်သက်သာရစေရန် အာသာက အိမ်ကိုမမြင်ရသည်အထိလှေလှော်၍ ကျွန်မကိုခေါ်သွားတတ်ပါသည်။ သို့မဟုတ်ပါက အသားညှပ်ပေါင်မုန့်များ ပြုလုပ်ပြီး သစ်ပင်အောက်တွင် အချိန်ကုန်စေရပါသည်။ ထိုနေရာတွင် ငှက်သံ၊ ပုရစ်သံများမှလွဲ၍ ဘာမှမရှိပါ။ များမကြာမီ ထိုသို့ စွန့်ခွာသွားမှုများက အာသာ၏ရင်ကိုပူလောင်စေပါသည်။ လူတစ်ယောက်တွင် နေအိမ်ရှိရပေမည်။ ကိုယ့်အိမ်တွင်ကိုယ်နေသင့်ပေသည်။

အစပထမတွင် ဟိုးဘတ်ကိုမြင်တွေ့ရသည်မှာ အနည်းငယ်အလှမ်းဝေးပါသည်။ ညနေစောင်း၍ သစ်တောထဲမှပြန်လာသောအခါ သူ့အား အိမ်ရှေ့တွင် အိမ်ရှင်သဖွယ်ရပ်နေသည်ကို မျက်ဝါးထင်ထင်မြင်ရပါသည်။ သူကအရပ်ရှည်ပြီး ခေါင်းပြောင်ပါသည်။ အသိရခက်သောအပြုံးကိုဆောင်ထားသည်။ ကျွန်မတို့အိမ်အနီးသို့ ချဉ်းကပ်သွားသောအခါ သူက အိမ်အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားပါသည်။ သူက ကျွန်မတို့အား အရှက်ရအောင် တိုက်ခိုက်လိုစိတ်ရှိပုံရပါသည်။ သူ့အား မကြာခဏဆိုသလို ပြတင်းပေါက်မှဖြတ်သွားသည်ကို တွေ့မြင်ရပါသည်။

ထို့နောက် ညနေခင်းတွင် ကျွန်မတို့အား အကြာကြီးစိုက်ကြည့်နေသည်ကိုကြုံရပါသည်။ နေဝင်ရီတရောကာလသည် စွတ်စိုနေပြီး ပင်လယ်ထဲမှ မြူနှင်းများသည် တရိပ်ရိပ်တက်လာပြီးရပ်နေပုံကို မှန်မှတစ်ဆင့် မြင်နေရပါသည်။ ကျွန်မက သွားများနှင့် မျက်လုံးများကိုပင် သေချာမြင်ရပါသည်။ ထိုထက်မက သူရယ်နေသည်ကိုမြင်ရပါသည်။ ကျွန်မက အတတ်နိုင်ဆုံးတိုးညင်းစွာဖြင့် -

www.burmeseclassic.com

"အာသာ၊ ကျွန်မတို့နေကာတွေ ပိတ်လိုက်ရအောင်"

ဟု ပြောပါသည်။

တစ်နည်းအားဖြင့် ကျွန်မအား လှောင်ပြောင်နေသည်ကို သည်းခံ၍မရပါ။ အာသာလည်း ထိုနည်းနှင်နှင်ဖြစ်ပါသည်။ သူကတော့ အိမ်မှတစ်ဖဝါးမျှ မခွာလိုပါ။ ပြဿနာစိန်ခေါ်မှုတစ်ရပ်ဟု လက်ခံထားပါသည်။

"မရဘူး။ သူ့အတွက်ကောင်းတာဟာ ကိုယ့်အတွက်ဆိုးတာပဲ"

ဟု သူပြောပါသည်။

ထိုညက ကျွန်မအိပ်ရာထဲရှိစဉ် ခြောက်လှန့်ပြန်ပါသည်။ အာသာက ကျွန်မအား စိတ်ပြေလက်ပျောက် မေရီနှင့်သွားနေရန် အကြံပေးပါသည်။

ကျွန်မက -

"ဘာလဲ၊ ရှင့်ကိုစွန့်ခွာရမလား။ ကျွန်မနေရာ ဘယ်မှာလဲဆိုတာ ကျွန်မသိတယ်"

သေတမ်းစာကိုရှာဖွေရန် လက်လျှော့ပြီးနောက် ဟိုးဘတ်သည် ကျွန်မတို့အား အာရုံစိုက်လာပါသည်။ ကျွန်မတို့ သူ့ကိုရှောင်၍မလွတ်ပါ။ ကျွန်မတို့ ထွက်ခွာမသွားမှန်းသိသောအခါ ကျွန်မတို့အား စောင့်ကြည့်လေ့လာရန် အကြံရှိပုံရပါသည်။ သူကတစ်စုံတစ်ရာသောကန့်သတ်မှု အဖိုးစားနှုန်းဖြင့် အဆုံးသတ်ချင်ပုံရပါသည်။

အာသာက -

"ဒီလိုလုပ်နေသမျှမရဘူး"

ဟု တုံ့ပြန်ပါသည်။

ယခုအခါ ဟိုးဘတ်က ကျွန်မတို့အား လှောင်ပြောင်ကဲ့ရဲ့ခြင်းများမပြုလုပ်တော့ကြောင်း ကျွန်မကထောက်ပြသည်။ သူက အခန်းထောင့်တွင်အာသာကဲ့သို့ပင် တိတ်ဆိတ်စွာထိုင်နေတတ်ပါသည်။ ထို့နောက် သစ်တောထဲသို့ ထွက်သွားပါသည်။ မှောင်သောအခါ သူ့လမ်းသူသိပါသည်။ အိမ်ကိုပြန်လာပြန်ပါသည်။

ကျွန်မအနေနှင့် သက်ရှိလူသားဖြစ်လျှင် လူပျိုလူလွတ်တစ်ယောက် အိမ်တွင်ရှိနေခြင်းကို ကန့်ကွက်လိုစိတ်မရှိပါ။ သို့သော် ထိုပြဿနာမှာ အာသာလက်မခံနိုင်သောကိစ္စ ဖြစ်နေသည်။ သဘာဝမဟုတ်သော အခြေအနေကို အာသာ သည်းခံ၍မရနိုင်ပါ။ ကိုယ်က သက်ရှိလူသားတွေနှင့် မျှမျှတတပဲ ဆက်ဆံလုပ်ကိုင်ခဲ့သည်။ ထိုစနစ်ကို စီးပွားရေးလုပ်ငန်းတွင် အာသာအမှန်တကယ်ကျင့်သုံးခဲ့ပါသည်။ မမှန်မကန် လုပ်ရပ်များမှာ အာသာနှင့် လုံးဝမသက်ဆိုင်ပါ။

"ကျုပ်မေးချင်တာ တစ်ခုပဲရှိတယ်။ သက်ရှိလူသာဆိုရင် ဒါဟာ ညစ်ပတ်တဲ့လှည့်စားမှုပဲ"

ဟု ပြောပါသည်။ သူ့အပေါ် ဟိုးဘတ်က အခွင့်အရေးယူလွန်းသည်ဟု ထင်ပါသည်။

"ကောင်းပြီ၊ အာသာ။ ရှင်သူ့ကို အပြစ်တင်လို့မရပါဘူး။ လေယာဉ်ပျက်ကျတာကိုပဲအပြစ်တင်ရမှာ"

သို့ရာတွင် အာသာမှာ စနစ်ကြီးသူဖြစ်ပါသည်။ ထိုပြဿနာမပြီးမချင်း သူအိမ်တွင် ပျော်ရွှင်မည် မဟုတ်ပါ။ ထိုကိစ္စများမရှင်းလင်းဘဲ အခြေကျမည် မဟုတ်ပါ။ အထူးသဖြင့် ပစ္စည်းဥစ္စာနှင့်ပတ်သက်၍ သံသယရှင်းလိုပါသည်။

"ဒီကိစ္စအပြတ်ရှင်းရမယ်"

ဟု သူကပြောပါသည်။

ထို့နောက် ထိုနေ့မှစ၍ ဟိုးဘတ်နောက်လိုက်ပါသည်။ အာသာက ပြတင်းပေါက်အနား ခြေဖော့သွားပြီး အခန်းထဲတွင် ဟိုးဘတ်ရှိ၊ မရှိ ချောင်းပါသည်။ တစ်ခါတစ်ရံ အာသာက တံခါးဝပေါက်တွင် နာရီပေါင်းများစွာရပ်ပြီး သစ်တောထဲမှ ဟိုးဘတ်ပြန်အလာကို စောင့်နေပါသည်။ တစ်ခါတစ်ရံ အကြောင်းမဲ့ လက်ဖက်ရည်ခွက်ကို ပစ်ချတတ်ပါသည်။ အခါတိုင်းတွင် စိတ်ဓာတ်ကျသည့်အမူအရာနှင့် ပြန်လာလေ့ရှိပါသည်။

ကျွန်မက -

"စိတ်မပူပါနဲ့၊ သူကခဏဝင်လာတဲ့ဆမ်ပါပဲ"

ဟု နှစ်သိမ့်ပါသည်။

ဟိုးဘတ်သည် အာသာနှင့် မျှမျှတတမျက်နှာချင်းမဆိုင်ပါ။ သူက အာသာအား စိတ်ကျေနပ်မှုတစ်စုံတစ်ရာမပေးပါ။ အာသာမရှိသောနေရာတိုင်းတွင် ဟိုးအဘတ်ရှိနေပြီး ပြောင်ချော်ချော်ပြုံးနေပါသည်။ ဤသည်မှာ်လျှင် သူ၏ ကလဲ့စားဖြစ်ပေမည်။ သူ၏ဟာသလည်းဖြစ်ပေမည်။

ပြန်စဉ်းစားလျှင် ထူးဆန်းမှုတစ်ခုတော့ရှိပါသည်။ အာသာနှင့်ကျွန်မတို့ ပါးစပ်များတွင် 'တစ္ဆေ' ဟူသော စကားလုံးမသုံးခဲ့ပါ။ သူနှင့်ရန်ဖြစ်သည်အထိ မပြောဖြစ်ပါ။

ရန်ဖြစ်ခြင်းမှအပ ဘာမှမရှိပါ။ ဟိုးဘတ်သည် ကျွန်မနှင့်အာသာအကြားအက်ကြောင်းတစ်ခုတော့ မဟုတ်ခဲ့ပါ။

ကျွန်မယုံကြည်မှုကို အမြဲတမ်းအမှတ်ရနေပါသည်။ အိမ်ထောင်သက်နှစ် (၃၀) ကျော်ပြီးမှ မကွဲကွာနိုင်ပါ။ တစ်ခုတော့ရှိပါသည်။ အာသာသည် ဖြောင့်မတ်၍ တစိုက်မတ်မတ်လုပ်တတ်သူဖြစ်ပြီး ကျွန်မကမူ ဘဝကိုရေလိုက်ငါးလိုက်ဖြတ်သန်းတတ်သူ ဖြစ်ပါသည်။

ထိုအကြောင်းကပင် အာသာတို့သားကောင်ဖြစ်စေပါသည်။

နိဂုံးချုပ်အဆုံးသတ်မှာ ရုတ်တရက်ဖြစ်ပေါ်လာသည်။

ကျွန်မ မပြောလိုသော်လည်း အတိုချုံးပြောရပေတော့မည်။ ထိုနေ့က တစ်နေကုန်မိုးခြိမ်းပါသည်။ ရာသီဥတုမှာ မွန်းကျပ်ပြီး နေရထိုင်ရဆိုးရွားလှပါသည်။ အိမ်တွင်း၌ အလွန်မှောင်မိုက်သဖြင့် မီးဖိုခန်းကိုဖြတ်သန်းရသည်မှာပင် တစ်မနက်ခန့်ကြာပါသည်။ ဘယ်အချိန်တွင် ညစာပြင်သည်ဆိုသည်ကို မမှတ်မိတော့ပါ။ အာသာက စကားသိပ်မပြောပါ။ စားချင်စိတ်လည်းရှိပုံမရ သူက ကျွန်မတို့ယူဆောင်လာခဲ့သော ကုလားထိုင်ပေါ်တွင်ထိုင်လေ့ရှိပါသည် မကြာခဏဆိုသလို အာသာ၏ ပခုံး မှကျော်၍ ဟိုးဘတ်ကို လျှပ်တစ်ပြ မြင်မိပါသည်။ မိနစ်အနည်းငယ်ကြာ သောအခါ ကျွန်မမေ့မေ့ပျောက်ပျော ဖြစ်သွားသည်။ ကျွန်မ ဧည့်ခန်းရှိ ဆို ပေါ်တွင် ခြေထောက်တင်၍ခေတ္တအိ ရန် ကြိုးစားပါသည်။ သို့ရာတွင် ကျွ အိပ်မောကျသွားပါသည်။ ၎င်းနော လေမုန်တိုင်းသံကြောင့် ကျွန်မနိုးလာ သည်။ပီ-စိန်-ဂျေ-ဟိုးဘတ်သည် ကျွ ထိုင်နေသော ဆိုဖာကုလားထိုင် အစွန်းထစ်ဖက်တွင်ထိုင်နေပြီး သူ ခေါင်းပြောင်ပြောင်ကို ကျွန်မဘက် ငုံ့စောင်းထားပါသည်။ သူတစ်ခါ ဒီလောက်နီးနီးမလာဘူးပါ။

သူက အနားသို့ပို၍ကပ်လာ သူ၏ မျက်လုံးဖြူများကို ပြလာပါသ မကောင်းဆိုးဝါးကို မြင်မြင်ချင်း ကျွ သိပါသည်။ ကျွန်မအသံကုန်ဟစ်အော လိုက်ပါသည်။ သို့ရာတွင် ကျွန်မခေါ် အထက်မှ မိုးခြိမ်းသံကြီးပေါ် ပေါက်ထ သောကြောင့် ကျွန်မအသံပျောက်သွ ပါသည်။ လျှပ်စစ်ရောင်ကြောင့် ဘာ ဘာမှမမြင်ရတော့ပါ။ မည်သည့်အ တတည်းက တံခါးဝတွင်အာသာ နေကြောင်း မသိပါ။ သူနေတဲ့ဘ တွင် မိုးမှောင်ကျနေပြီး ကြက်ခင်း



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းအတွက် မြန်မာဆေးဖယောင်းချက်

လှူစွမ်းမြင့်(နတ်မောက်)

နေအိမ်တိုင်းတွင် ကိုယ်တိုင်ချက်လုပ်ဆောင်ထားသင့်သော မြန်မာ့ရိုးရာဆေးဖယောင်းချက်နည်း တင်ပြပါမည်။ အလွယ်အသာချက်လုပ်နိုင်ပြီး အလွန်ပင် အစွမ်းထက်ထိရောက်သော အဖိုးနည်းဝန်ပါဆေးနည်းမဟာတစ်မျိုးဖြစ်ပါသည်။ မသိသူကျော်သွား သိသူဖော်စားဆိုသလို ဤဆေးတစ်မယ်နှင့်ပင် ကြီးပွားခဲ့သူများရှိပါသည်။

ဤဆေးနည်း၏အသုံးမှာ -

သွေးထွက်သံယို၊ အနာပြည်ဖု၊ အနာစိမ်း၊ အနာအိုများကို လျင်မြန်စွာ ပျောက်ကင်းစေခြင်း ဖြစ်ပါသည်။

အထူးသဖြင့် အိမ်ရှင်မများ မီးဖိုချောင်တွင် ချက်ရေးပြုတ်ရေးလုပ်ကိုင်ရာ ကြက်သွန်၊ အာလူး၊ ဟင်းသီးဟင်းရွက်၊ အသား၊ ငါးတို့ကို ခုတ်ထစ်လှီးဖြတ်ရာတွင် လက်ကို ဓားထိရှ၍ သွေးထွက်သံယိုဖြစ်ပါက ဒဏ်ရာကို ရေစင်စွာဆေးပြီး ဤဆေးဖယောင်းချက်သုတ်လိမ်း၍ပေးလိုက်ပါ။ ပတ်တီးစည်း၍ရသောနေရာဆိုလျှင် အဝတ်သန့်သန့်ဖြင့်စည်းပေးထားလိုက်ပါ။ အမြန်သွေးတိတ်ပြီးနောက်နေ့တွင် အနာခြောက်သွေ့ပျောက်ကင်းပါသည်။

အနာဖု၊ ပြည်ဖု၊ အနာစိမ်းများတွင် ပြည်ပုပ်သွေးပုပ်ကို ဖောက်ညှစ်ထုတ်ပစ်ပြီး ရေစင်စွာ ဖန်ရည်ဆေးပေးပြီး ခြောက်သွေ့လျှင် ဤဆေးဖယောင်းချက်လိမ်းပေးလိုက်ပါ။ အနာလျင်မြန်စွာကျက်ပြီး ပျောက်ကင်းသွားပါမည်။ အနာမပျောက်မချင်း လိမ်းနိုင်ပါသည်။ ပူခြင်း၊ စပ်ခြင်း လုံးဝမရှိပါ။ သို့အတွက် နေအိမ်တိုင်း ဆောင်ထားသင့်သဖြင့် ရေးသား တင်ပြပါသည်။

ဆေးဖယောင်းချက်ကို အလွယ်အသာ နေအိမ်မှာပင် ချက်လုပ်နိုင်ပါသည်။

ချက်လုပ်နည်းမှာ -

- ထောပတ် တစ်ဆယ်ကျပ်သား၊
- ပျားဖယောင်း တစ်ကျပ်သား

ထောပတ်ကို မီးကျီးခဲရဲရဲနှင့် အိုးထဲထည့်ချက်ပါ။ အငွေ့ထလာလျှင် ပျားဖယောင်းထည့်ပြီး ဖြည်းညင်းစွာမွှေပေး။ ပျားဖယောင်းအရည်ပျော်ပြီး ထောပတ်နှင့်သမသွားလျှင် ဆေးအိုးချ အအေးခံ၍ ဖန်ပုလင်းတွင်ထည့်ကာ ဆောင်ထားပါ။ လိုသည့်အချိန်လိမ်းပါ။ ထိုဆေးဖယောင်းချက်၏ အစွမ်းအာနိသင်သည် အနှစ်တစ်ရာကြာသော်လည်း ယုတ်လျော့သွားခြင်းမရှိဘဲ လိုသည့်အချိန် သုံးစွဲလိမ်းနိုင်ပါသည်။

လှူစွမ်းမြင့်(နတ်မောက်)

---

တွင် ရေများဖွေးနေပါသည်။ ဒီရေလည်း အလွန်တက်နေပါသည်။ ဟိုးဘတ်သည် ကျွန်မတစ်ခါမှ မကြားဘူးသောအသံဖြင့် ရယ်လိုက်ပါသည်။ ပြီးလျှင် ဆို့ဖာမှထ၍ထွက်သွားပါသည်။

အာသာက -

"ခင်ဗျား သွားစရာမလိုဘူး။ ခင်ဗျားနဲ့ စကားနည်းနည်းပြောချင်တယ်"

ဟု ပြောဆိုရင်း လက်ကိုဆန့်တန်းကာ တားလိုက်ပါသည်။ နောက်ဆုံး သူက ဟိုးဘတ်ကို အခန်းထောင့်တွင် ချောင်ပိတ်ထားပါသည်။

ဟိုးဘတ်က ထပ်၍မရယ်တော့ပါ။ သူက အာသာရပ်နေရာသို့ တည့်တည့်လျှောက်လာပြီး အာသာ၏ ခန္ဓာကိုယ်ကို ဖောက်ထွင်း၍ တံခါးမှထွက်သွားပါသည်။ အာသာက မယုံနိုင်စွာဖြင့် သူ့ရင်ဘတ်ကိုသူစမ်းပါသည်။ ထို့နောက် သူကနောက်လှည့်ပြီး ကျွန်မကိုလည်း ဘာမှမပြောဘဲ ဟိုးဘတ်နောက်ကို လိုက်သွားပါသည်။ ကျွန်မ အလွန်ရဲရင့်သလို ခံစားမှုဖြစ်လာပြီး ဒယိမ်းဒယိုင်ဖြင့်ပင် ပြတင်းပေါက်သို့သွားပါသည်။ လျှပ်စီးအရောင်အောက်တွင် ခပ်မှိန်မှိန်အရောင်လက်နေသော ဟိုးဘတ်က အာသာကို စောင့်နေပါသည်။ ကျွန်မ အိမ်အောက်သို့ရောက်သောအခါ သူတို့နှစ်ဦး မျက်နှာချင်းဆိုင်ရပ်နေသည်ကို မြင်တွေ့ရပါသည်။ သူတို့နှစ်ဦးဘာတွေပြောနေသနည်းဆိုသည်ကို မသိရပါ။ ဟိုးဘတ်က လှည့်ထွက်သွားပါသည်။ အာသာက သူ့နောက်ပြေးလိုက်သွားပါသည်။ မြက်ခင်းပြင်အဆုံးတွင် အာသာက ဟိုးဘတ်ကို ကျော်တက်သွားပြီး လက်သီးနှင့်ထိုးပါသည်။ စင်စစ် သူသည် လေကိုသာ တိုက်ခိုက်နေရပါသည်။

ဟိုးဘတ်က သဘော်ာဆိပ်ကမ်းသို့ ဆင်းသွားပါသည်။ လျှပ်စီးရောင်ကြောင့် ဟိုးဘတ်၏နောက်၌ ရေပြင်မှာဖြူဖွေးနေပါသည်။ အာသာက တိုက်ခိုက်ရင်း သင်္ဘောဆိပ်ခံအစွန်းမှ အရှိန်လွန်၍ကျသွားပါသည်။ ကျန်ရစ်သည်မှာ ဆူညံပွက်လောထနေသောမုန်တိုင်းနှင့် လှိုင်းထန်သောရေ ဖြစ်ပါသည်။ ကျွန်မ၏ ချစ်လင်မှာ ကျောက်ခဲတုံးတစ်တုံးကဲ့သို့ ကျသွားပါသည်။

နောက်တစ်နေ့ နေမြင့်မှ သူတို့ အာသာကို အိမ်ကိုပြန်ပို့ပေးကြပါသည်။

သူ၏မျက်နှာမှာ အေးချမ်းပြီး ကျေနပ်ပုံရပါသည်။ သူ့တွင် ပြောစရာရှိပုံမရတော့ပါ။ သူစိတ်ရှိသမျှဆောင်ရွက်ပြီးပေပြီ။

ကျွန်မှက ရွာထဲမှ တယ်လီဖုန်းရှိရာသို့သွားခဲ့ဝေမည်။ ထိုအခါ ကျွန်မ တစ်ယောက်တည်း မကျန်ရစ်ခဲ့ကြောင်း သိရပါသည်။ သေခြင်းတရားက မိတ်ဆွေများကို ဖော်ထုတ်ပေးပါသည်။ တစ်စုံတစ်ဦးက မေရီ့ထံကြေးနန်းရိုက်ပေးပါသည်။ မေရီချက်ချင်းရောက်လာပါသည်။ မေရီနှင့်အတူပင် ထိုဒေသမှ ထွက်ခွာခဲ့ပါသည်။ ဘယ်တော့မှ ပြန်မလာမည့်ခရီး ဖြစ်သည်။

ထိုနေရာမှာလည်း လိုချင်သူအတွက်ဖြစ်လာပေမည်။ ကျွန်မတွင် ပိုက်ဆံလိုနေချိန် ထိုအိမ်ကို ရောင်းချလိုက်ရသည်။ ထိုအိမ်တွင် သူ(ဟိုးဘတ်) ရှိနေသည်၊ မရှိနေသည်ကို ကျွန်မမပြောနိုင်ပါ။ ထိုနေရာကို မည်သူပိုင်ဆိုင်နေသည်ကိုလည်း ကျွန်မ မမေးတော့ပါ။

တော်မြင့် (ငှက်ဖျား)

Mary Clarke ၏ Injunction ကို ဆီလျော်အောင် ဘာသာပြန်ပါသည်။

www.burmeseclassic.com

## ပန်းချီထူးလှ(ရှေးဟောင်းသုတေသန)

# ဝေသာလီမြို့ဟောင်းတူးဖော်မှု ကုန်းအမှတ် (VSL.12B)


တူးဖော်သုတေသနပြုလုပ်သည့် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12 B) သည် ဝေသာလီမြို့ဟောင်း၏အတွင်းဘက်တူးဖော်သုတေသနပြုလုပ်ပြီးသည့်ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12 A) ၏ တောင်ဘက်၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13)၏မြောက်ဘက်တွင် တည်ရှိပါသည်။ G.P.S ညွှန်းမှတ်အရ မြောက်လတ္တီတွဒ် ၂၀˚ ၄၀' ၁"၊ အရှေ့လောင်ဂျီတွဒ် ၉၃˚ ၉' ၂" တွင် တည်ရှိပါသည်။

တူးဖော်မှုပြုလုပ်သည့်ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12 B) ၏ အရှေ့ဘက်တွင် လယ်ကွင်း၊ ကုန်းတန်းများနှင့်ဝေသာလီရွာ၊အနောက်ဘက်တွင်လယ်ကွင်း၊ ရန်ကုန်-မင်းဘူး ရထားလမ်း၊ ရန်ကုန်-စစ်တွေကားလမ်းတို့ရှိပါသည်။ တောင်ဘက်တွင် ကုန်းတန်း၊ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.13) တို့ ရှိပါသည်။ မြောက်ဘက်တွင် ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12 A) နှင့် ဝေသာလီရွာဝင်လမ်း၊ လယ်ကွင်းများနှင့် ဝေသာလီချောင်းတို့ရှိပါသည်။

တူးဖော်သုတေသနများပြုလုပ်နေသည့် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12B) သည် အရှေ့-အနောက်(၃၅)ပေခန့်၊ တောင်-မြောက် အလျား(၂၃၉)ပေခန့်ရှိသော ကုန်းတန်းရှည်တစ်ခုအဖြစ် မတူးဖော်မီ မြင်တွေ့ရပါသည်။ ကုန်းအနားတွင် ပေါက်ပင်များလည်း ပေါက်ရောက်နေပါသည်။ ဤကုန်းအမြင့်ကို ပတ်ဝန်းကျင်ရှိ အနိမ့်ဆုံးမြေနေရာများမှတိုင်းလျှင် လေးပေကျော်ခန့်မြင့်သည်ကို တွေ့ရှိရပါသည်။ မတူးဖော်မီ ဤကုန်းပေါ်တွင် ချုံနွယ်များပေါက်ရောက်ပြီး ချုံအောက်တွင် ကျောက်စအုတ်စ အနည်းငယ်ပေါ်နေသည်ကို တွေ့ရှိရပါသည်။

တူးဖော်သုတေသနပြုလုပ်သည့်


**ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (12. B) ပန္နက်ပုံဆွဲ**






www.burmeseclassic.com

www.burmeseclassic.com



ပုံ (၁)

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.12 B) သည် ဝေသာလီရွာသားများလုပ်စားနေသော လယ်ကွင်းထဲတွင် ထီးထီးတည်ရှိနေသည်။ လယ်သမားများ မြေယာတိုးချဲ့ခြင်းကြောင့်လည်းကောင်း၊ ဤကုန်းမှ ကျောက်တုံးများကိုယူ၍ လယ်ကန်သင်းရိုးလုပ်ခြင်းကြောင့် လည်းကောင်း နှစ်စဉ် ဤကုန်းများမှာ အဖျက်အဆီးခံနေရပါသည်။ ရထားလမ်း၊ ကားလမ်းတို့နှင့်နီးသောကြောင့်လည်း ဤကုန်းမှ ကျောက်တုံးများ၊ အုတ်များလမ်းလုပ်ရာတွင် အသုံးပြုခြင်းခံရသည်ဟု ဒေသခံများပြောကြားချက်များအရ သိရှိရပါသည်။ နှစ်စဉ် အဖျက်အဆီးခံရမှုမရှိပါက ဤကုန်းအမြင့်မှာ တော်တော်မြင့်မည်ဟုခန့်မှန်းရပါသည်။ ဝေသာလီမြို့ဟောင်းတူးဖော်မှု ကုန်းအမှတ် (VSL.12B) သည် မတူးဖော်မီကပင် အဖျက်အဆီးဒဏ်ကိုများစွာခံထားရသောကုန်းတစ်ကုန်းပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းအတွင်းရှိ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12B) သည် ကုန်းတန်းရှည်နန်းရိုးတစ်ခုဖြစ်နေသည့်အတွက်ကြောင့် ကျင်းရှည်တူးသည့်စနစ် (Loung Trench System) ကိုအခြေခံ၍ တူးဖော်ပြီးအဆောက်အအုံပေါ်ထွက်လာပြီးမှဂြိတ်ကွက်များချ၍ပုံထုတ်ယူခဲ့ရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12B) ကို တူးဖော်သုတေသန ပြုလုပ်လိုက်သည့်အခါ တောင်လျား၊ မြောက်လျား နန်းရိုးကျောက်တန်းကြီးတစ်ခုကို တူးဖော်တွေ့ရှိရပါသည်။ တောင်၊ မြောက်အလျား (၂၃၄) ပေခန့်နှင့် အရှေ့၊ အနောက်အကျယ် (၁၀) ပေခန့်ရှိသည်ကို တွေ့ရှိရပါသည်။ တူးဖော်သုတေသနပြုလုပ်၍ ထွက်ရှိလာသောနန်းရိုးတန်းမှာ တောင်၊ မြောက်အဖြောင့်မတွေ့ရှိရဘဲ မြောက်ဘက်ခြမ်းမှာ အနောက်ဘက်သို့ ဒီဂရီ အနည်းငယ်တိမ်းစောင်းနေပြီး တောင်ဘက်ခြမ်းမှာ အရှေ့ဘက်သို့ ဒီဂရီ အနည်းငယ် တိမ်းစောင်းနေသည်ကို တွေ့ရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.12B)သည် ဝေသာလီမြို့ဟောင်း နန်းတော်ရာနန်းရိုးကို ထပ်မံတူးဖော်သည့်အတွက် နန်းရိုးတည်ဆောက်မှုစနစ်မှာလည်း ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A)နှင့် တူသည့်အချက်များရှိသလို မတူသည်များကိုလည်း တွေ့ရှိရပါသည်။ သို့သော်လည်း ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.12B)သည် ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12A) ထက် ကျန်ရှိနေသည့်အနေအထားပိုမိုကောင်းမွန်နေသည်ကို တွေ့ရှိရပါသည်။ နန်းရိုးတည်ဆောက်ပုံမှာလည်း ရွံ့ဆန်သောသဘာဝမြေလွှာပေါ်တွင် ကျောက်နန်းရိုးပန္နက်ချရန်အတွက် အမာခံရရှိအောင် ကျောက်ကျိုး၊ အုတ်ခဲကျိုးများရော၍ ကျစ်လျစ်သိပ်သည်းအောင် ထုထောင်းနင်းထားသည့်မြေလွှာပြုလုပ်ပြီး ထိုမြေလွှာပေါ်တွင် နန်းရိုး၏ကျောက်ပန္နက်ကို စတင်ပြုလုပ်လေသည်။ ထိုကျောက်ပန္နက်ပေါ်တွင် ဒုတိယမြောက်ကျောက်စီကို ထပ်မံပြီးစီတင်သည်။ နန်းရိုးအတွင်းတွင် ကျောက်တုံးများကို နန်းရိုးအတွင်း၊ အပြင်သာစီထားပြီး အလယ်တွင် အုတ်ခဲကျိုး၊ ကျောက်ခဲကျိုးအပိုင်းအစများဖြင့်သာဝမ်းစာရိုက်ထားသည်ကို တူးဖော်သုတေသနပြုလုပ်၍ လေ့လာ တွေ့ရှိခဲ့ရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12B) အား တူးဖော်သုတေသနပြုလုပ်ရာတွင် မြေလွှာလေးလွှာကိုသာ တွေ့ရှိရပါသည်။

မြေလွှာအမှတ် (၁) သည် ရေ၊ လေ၊ မြေတို့ သယ်ဆောင်ပို့ချကာ သစ်ရွက်ဟောင်း၊ သစ်မြစ်ဆွေးတို့နှင့်ရောနှော၍ဖြစ်ပေါ်လာသော အပေါ်ယံသစ်မြစ်ဆွေးရောမြေလွှာပင်ဖြစ်ပါသည်။

မြေလွှာအမှတ် (၂) မြေလွှာသည် အပေါ်ယံ သစ်မြစ်ဆွေးရောမြေလွှာအောက်တွင်ရှိသော မူလအဆောက်အအုံပြိုကျပြီးနောက် ပို့ချထားသော ပို့ချမြေလွှာပင်ဖြစ်ပါသည်။

မြေလွှာအမှတ်(၃)မြေလွှာသည် နန်းရိုး၏ အောက်ခြေပန္နက်အခိုင်အမာရရှိရန်အတွက် အုတ်ခဲကျိုး၊ ကျောက်ခဲကျိုးများနှင့် ကျစ်လျစ်သိပ်သည်းစွာထုထောင်းပြုလုပ်ထားသော ဖို့မြေလွှာပင်ဖြစ်ပါသည်။

မြေလွှာအမှတ်(၄)သည် ကျစ်လျစ်သိပ်သည်းစွာ ထုထောင်းထားသောမြေလွှာအောက်တွင်ရှိသောရွံ့စေးဆန်သည့်သဘာဝမြေလွှာပင်ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12B) ကို တူးဖော်သုတေသနပြုလုပ်လိုက်သည့်အခါ မြေမီးဖုတ်အိုးခြမ်းကွဲအပိုင်းအစများ၊ စဥ့်ထည်လက်ရာအပိုင်းအစများ၊ နန်းရိုးကျောက်တန်းနှင့်နန်းရိုးကျောက်တန်းကျောက်တုံးများတချို့တွင် ရေးဆွဲထားသော ဝေသာလီခေတ်သင်္ကေတကောက်ကြောင်းလက်ရာများကိုလည်း တူးဖော်တွေ့ရှိရပါသည်။

ပုံ (၁) မှာ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ်(VSL.12B)မှ တူးဖော်တွေ့ရှိသော နန်းရိုးကျောက်တန်းအနောက်ဘက် ကျောက်တုံးတစ်တုံးတွင် ရေးဆွဲထားသော သင်္ကေတလက်ရာကိုဆွဲထားသောပုံပင် ဖြစ်ပါသည်။ သင်္ကေတကောက်ကြောင်းလက်ရာရေးဆွဲထားသော မူရင်းကျောက်တုံးမှာ အမြင့် (၂၁) cmခန့်၊ ကျောက်တုံးအရှည် (၅၄) cmခန့်နှင့် ကျောက်တုံးအနံ(၄၀)cmခန့် ရှိပါသည်။ ကျောက်တုံးလက်ဝဲဘက်တွင်ပွဲနေသည်ကို တွေ့ရှိရပါသည်။ ကောက်ကြောင်းရေးထားသောကျောက်တုံးမှာ တောင်လျား၊ မြောက်လျားဖြစ်



www.burmeseclassic.com

www.burmeseclassic.com

နေပြီး သင်္ကေတကောက်ကြောင်းကို ကျောက်တိုင်၏အနောက်ဘက်မျက်နှာတွင် ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ သင်္ကေတကောက်ကြောင်းမှာ ခက်ရင်းခွဟုသာပြောရမည်ပင်။ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSI.12A) မှ တူးဖော်တွေ့ရှိရသော ခက်ရင်းခွနှင့် အနည်းငယ် တူညီမှုမရှိသည်ကို တွေ့ရှိရပါသည်။ ခက်ရင်းခွဲ အရှည် (၃၀) cmခန့်၊ ခက်ရင်းခွသုံးခု အမြင့်အထု (၆) cmခန့်နှင့် အရင်းအထု (၂) cmခန့်ရှိသည်။ ခွသုံးခွတွင် အလယ်ခွကြီးပြီး အောက်ခွ ဒုတိယငယ်ကာ အပေါ်ဆုံးခွမှာ အငယ်ဆုံးအဖြစ် တွေ့ရှိရပါသည်။ အငယ်ဆုံးအပေါ်ခက်ရင်းခွ အထု (၂) cmခန့်၊ အရှည် (၁၃) cm ခန့်ရှိပါသည်။ အလယ်ခက်ရင်းခွအထုအကျယ် (၃) cmခန့်နှင့် အရှည် (၁၅) cm ခန့်ရှိပါသည်။ အောက်ဆုံးခက်ရင်းခွ အကျယ် (၂½) cmခန့်နှင့် အရှည် (၁၄) cmခန့်ရှိပါသည်။ ခက်ရင်းခွအရင်းအရှည် (၁၅) cmခန့်ရှိပါသည်။


ဝေသာလီကျောက်လှေကားတွင် အုပ်စိုးခဲ့သော စန္ဒြားမင်းဆက်ဘုရင်များမှ သိကြားမင်းပေးသော လုံ့စကြာ၊ လုံ့ပုံ့ကို ပိုင်ဆိုင်သူများအဖြစ် အသပြာဒင်္ဂါးတွင်လည်း သရုပ်ဖော်ထားသည်ကို တွေ့ရှိရပါသည်။ ထိုနည်းတူစွာ ဝေသာလီမင်းများသည် မိမိ၏ တန်ခိုးအာဏာစက်အတွက် လုံ့စကြာကို နှုန်းနံရံကျောက်တိုင်များတွင်လည်း သင်္ကေတကောက်ကြောင်းအဖြစ် ရေးဆွဲခဲ့လိမ့်မည်ဟု ယူဆရပါသည်။ ဤပုံ (၁) ခက်ရင်းခွလက်ရာအညီလည်း လုံ့ပုံ့စကြာအထိမ်းအမှတ် ဝေသာလီဘုရင်တို့၏ အာဏာကျက်စားရာနေရာတွင်ရေးဆွဲထားသော သင်္ကေတကောက်ကြောင်း ဖြစ်နိုင်ပေသည်။

ပုံ(၂)လက်ရာသည်လည်း ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12B) မှ တူးဖော်တွေ့ရှိသော နန်းရိုးကျောက်တန်း အနောက်ဘက်ခြမ်း ပုံ (၁) သင်္ကေတ ရေးထွင်းထားသော ကျောက်တိုင်နှင့် (၅၀) cmခန့်အကွာ တောင်၊ မြောက်တစ်တန်းတည်း တွေ့ရှိနိုင်ပါသည်။ ပုံ (၁) ကို မြောက်ဘက်၌ တွေ့ရှိရပြီး ပုံ (၂) ကို တောင်ဘက်ကျောက်တိုင်တွင် တွေ့ရှိနိုင်ပါသည်။ ဤပုံ (၂) ရေးဆွဲထားသော ကျောက်တိုင်လည်း တောင်လျား၊ မြောက်လျားကျနေသည်ကို တွေ့ရှိရပါသည်။ ဤပုံ(၂)မှာ ကျောက်တိုင်၏ အပေါ်မျက်နှာပြင်တွင် ရေးဆွဲထားသော လက်ရာပင်ဖြစ်ပါသည်။


ကျောက်တိုင်မှာ မြေကြီးတွင်ခပ်စောင်းစောင်းမြှုပ်နေသည်ကို တွေ့ရှိရပါသည်။ ကျောက်တိုင်၏မြောက်ဘက်ခြမ်း မြေကြီးတွင် ပိုမြှုပ်ပြီး ကျောက်တိုင်၏ တောင်ဘက်ခြမ်းမြေကြီးတွင် ပိုပေါ်သည့်ဟုတွေ့ရှိရပါသည်။ ကျောက်တိုင်၏ အောက်ပိုင်းပဲ့နေသည်ကိုတွေ့ရှိရပါသည်။ ဤကျောက်တိုင်ပေါ်တွင်ရေးဆွဲထားသော ခက်ရင်းခွအရှည်မှာ (၂၀)cm ခန့်ရှိပါသည်။ ခက်ရင်းခွအရင်းအကျယ် (၃)cmခန့်ရှိပြီး အဖျားအကျယ် (၁၀)cm ခန့်ရှိပါသည်။ သုံးခွတွင် အပေါ်ဆုံးအခွသေးပြီး (၂)cmခန့်ကျယ်၍ (၁၁)cmခန့်ရှည်ပါသည်။ အလယ်ခွမှာ အကျယ် (၂½)cmခန့်ရှိပြီး (၁၀½)cmခန့်ရှည်ပါသည်။ အောက်ဆုံးခွမှာ (၂½) cmခန့်ကျယ်ပြီး (၉½)cmခန့်ရှည်သည်ကို တွေ့ရှိရပါသည်။

ဤကောက်ကြောင်းသင်္ကေတကို ကျောက်တိုင်၏ အနောက်မြောက်ဘက်ခြမ်းတွင်ကပ်၍ရေးဆွဲထားပါသည်။ ပုံ(၂)ခက်ရင်းခွသင်္ကေတကောက်ကြောင်းရေးဆွဲထားသော ကျောက်တိုင်အရှည် (၅၀)cmခန့်၊ မျက်နှာပြင်အကျယ် (၂၆) cmခန့်နှင့် ကျောက်တိုင်အမြင့် (၂၉)cm ခန့်ရှိသည်ကို တိုင်းတာတွေ့ရှိရပါသည်။ ဤပုံ (၂) ခက်ရင်းခွမှာ ပုံ(၁)ခက်ရင်းခွကဲ့သို့ လက်ဝဲဘက်မှ လက်ယာဘက်သို့ ခက်ရင်းခွအဖျားကို ရေးဆွဲထားခြင်းမဟုတ်ဘဲ လက်ယာဘက်မှနေ လက်ဝဲဘက်သို့ အဖျားကို ရေးဆွဲထားခြင်း ဖြစ်သည်။ ဤပုံ(၂)ခက်ရင်းခွလုံ့ပုံ့လက်ရာသည်လည်း ပုံ(၁)ကဲ့သို့ ဝေသာလီဘုရင်များ၏ဘုန်းတန်ခိုးအာဏာစက်သင်္ကေတအဖြစ်ရေးဆွဲထားသောကောက်ကြောင်းလက်ရာပင် ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12B) နန်းရိုးကျောက်တန်းအနောက်ဘက်တွင် တွေ့ရှိရသော ကျောက်တိုင်ပေါ်တွင်ရေးဆွဲထားသော လခြမ်းသင်္ကေတကောက်ကြောင်းလက်ရာကိုရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ လခြမ်းသင်္ကေတကောက်ကြောင်းရေးဆွဲထားသော ကျောက်တိုင်မျက်နှာပြင်အမြင့် (၂၂)cmခန့်၊ အကျယ် (၃၀)cmခန့်နှင့် ကျောက်တိုင်နောက်ဆွဲအရှည်(၄၆)cmခန့်ရှိပါသည်။ ဤလခြမ်းရေးဆွဲထားသောကျောက်တိုင်ကို နန်းရိုးတံတိုင်း၏ အနောက်ဘက်ခြမ်းအလယ်လောက်တွင် တွေ့ရှိနိုင်ပါသည်။ ကျောက်တိုင်မှာ အရှေ့၊ အနောက်တန်း၍မြှုပ်နေပြီး ကျောက်တိုင်အရှေ့ဘက်ထောင့်မျက်နှာပြင်တွင် ပုံ (၃) လခြမ်းသင်္ကေတကောက်ကြောင်းလက်ရာကိုရေးဆွဲထားခြင်း ဖြစ်ပါသည်။ ကျောက်တိုင်ပေါ်တွင်ရေးဆွဲထားသော မူရင်းလခြမ်းအရှည် (၁၃) cmခန့်နှင့် လခြမ်းအကျယ် (၃½) cm ခန့်ရှိပါသည်။ ကျောက်တိုင်မျက်နှာပြင်၏လက်ဝဲဘက်အောက်ထောင့်တွင် ဤခြမ်းပုံကောက်ကြောင်းသင်္ကေတကို ရေးဆွဲထားခြင်း ဖြစ်ပါသည်။




ပုံ (၂)




ပုံ (၃)



www.burmeseclassic.com

www.burmeseclassic.com

ရခိုင်ဝေသာလီခေတ် ဒင်္ဂါးများတွင် နေ၊ လတံဆိပ်များကို တွေ့ရှိရပါသည်။ နေမှာ အဝိုင်းဖြင့် တွေ့ရှိရပြီး လမှာ နေနှင့်မတူအောင် ဆန်းသစ်စလခြမ်းအသုံးပြုသည်ကိုတွေ့ရပါသည်။ ဆန်းသစ်စလခြမ်း၏ အဓိပ္ပာယ်မှာ တိုးတက်ခြင်း၊ ဆန်းသစ်ခြင်း စသည့် အဓိပ္ပာယ်ဆောင်သည်ဟု ရှေးရခိုင်ပညာရှိများကအယူရှိကြသည်ဟု သိရှိရပါသည်။ အေးချမ်းသာယာခြင်း၊ တင့်တယ်ခြင်း၊ မွေ့လျော်ဖွယ်ရှိခြင်းတို့ကိုလည်း လမင်းအဖြစ် တင်စားဖော်ပြကြသည်ကိုလည်း တွေ့ရှိရပါသည်။

သျှစ်သောင်းပုထိုးတော် (အာနန္ဒစန္ဒြမင်းကျောက်စာ - ဝေသာလီခေတ်)တွင် ဘုရင်မင်းမြတ်တို့အား လနှင့်တင်စားထားပုံကို ကျောက်စာတွင်ဤသို့ ရေးသားထားသည်ကို တွေ့ရှိရပါသည်။ ကမ္ဘာမြေပြင်အထက်၌ပေါ်ထွန်းသော လမင်းကဲ့သို့ ဘူမိစန္ဒြမည်သောအခြားမင်းတစ်ပါးသည် ကုသိုလ်ကောင်းမှုကံကြောင့် (၇)နှစ်တိုင်အောင် မင်းအဖြစ်အုပ်ချုပ်လေ၏။ အလွန်မွေ့လျော်ဖွယ်ရှိသောလမင်းကဲ့သို့ ဤလူပြည်၌ကျော်စောခြင်းရှိ၍ စန္ဒြဘွဲ့ခံကာ မင်းစည်းစိမ်ချမ်းသာကို တင့်တယ်စွာခံစားကြသော ဘုန်းကျက်သရေနှင့်ပြည့်စုံသောလူတို့၏အသျှင်သူရဲကောင်းဓမ္မစန္ဒြမင်းသည် လမင်းသဖွယ်တင့်တယ်၍ တန်ခိုးအာနုဘော်ကြီးမားခြင်း၌ ထင်ရှားကျော်စော၏' ဟု ဝေသာလီဘုရင်များကို လနှင့်နှိုင်းထားသည်များကိုလည်း တွေ့ရှိရပါသည်။ ထို့ကြောင့် ပုံ(၃)ကဲ့သို့ သင်္ကေတဆန်းသစ်စလခြမ်းကောက်ကြောင်းများမှာ ဝေသာလီဘုရင်များကို တင်စား၍ ညွှန်းသော သင်္ကေတကောက်ကြောင်းလခြမ်းများဖြစ်နိုင်ဖွယ်ရှိပါသည်။

ပုံ(၄)လက်ရာသည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်ရေးကွန်းအမှတ် (VSL.12B) မှ တူးဖော်၍ပေါ်ထွက်လာသော နန်းရိုး၏အနောက်ဘက်၊ တောင်ဘက်ခြမ်းတွင်တွေ့ရှိရသော ကျောက်တုံးပေါ်မှ ကူးယူရေးဆွဲထားသည့် သင်္ကေတကောက်ကြောင်း ခရုသင်းလက်ရာပုံဆွဲပင်ဖြစ်ပါသည်။ ခရုသင်းရေးဆွဲထားသောကျောက်တုံး မူရင်းကျောက်တုံးအမြင့်(၄၀)cmခန့်၊ အရှည် (၇၅) cmခန့်နှင့် ကျောက်တုံးအထု (၅၅) cm ခန့် ရှိပါသည်။ ကျောက်တုံးပေါ်ရေးဆွဲထားသော မူရင်းခရုသင်းလည်း အမြင့် (၂၅) cmခန့်၊ အကျယ် (၁၄)cm ခန့်ရှိပါသည်။ ခရုသင်းကို ကျောက်တုံး၏အရှေ့ဘက်မျက်နှာပြင်တွင် ရေးဆွဲထားပါသည်။ ခရုသင်းရေးဆွဲထားသောမျက်နှာပြင်သည် မူလက အရှေ့ဘက်လှည့်တံတိုင်းမြေကြီးထဲကပ်နေပါသည်။ မိုးရွာချသည့်အခါ တံတိုင်းမြေကြီးထဲမှ ကျောက်တုံးလန်ကျလာပြီးမှ ကျောက်တုံးပေါ်တွင် ခရုသင်းရေးဆွဲထားသည်ကိုတွေ့ရှိရခြင်း ဖြစ်ပါသည်။ ကျောက်တုံးမှာလည်း အပေါ်ပိုင်းပွဲ့နေသည်ကို တွေ့ရှိရပါသည်။ ခရုသင်းမှာ အပေါ်အရစ်သုံးရစ်ပါရှိပြီး အဝတွင် လက်ယာရစ်အလိပ်ကလေးကို တွေ့ရှိရပါသည်။ ပုံ(၄)တွင် ၎င်းကျောက်တုံး၏ခရုသင်းရေးဆွဲထားသောမျက်နှာပြင်နှင့်ကျောက်တုံးထုအထုကို ရေးဆွဲဖော်ပြထားခြင်း ဖြစ်ပါသည်။ ကျောက်တုံးအထုထုမျက်နှာပြင်တွင်လည်း ကျောက်ဆစ်ထားသည့်လိုင်းနှစ်ကြောင်းကို တွေ့ရှိရပါသည်။


ခရုသင်းကို မင်္ဂလာပစ္စည်းအဖြစ် သတ်မှတ်ကြသည့်အယူ ရခိုင်တို့တွင် ရှေးကရှိခဲ့သည်ကို တွေ့ရှိရပါသည်။ အောင်မြင်ခြင်း၊ ပြီးမြောက်ခြင်းအထိမ်းအမှတ်အဖြစ် တန်ဖိုးထားကြသည်။ လက်ယာရစ်ခရုသင်းမှာ ပို၍တန်ဖိုးရှိသည်ဟု သိရှိရ၏။ ပုံ(၄)သည်လည်း လက်ယာရစ်ခရုသင်းသင်္ကေတကောက်ကြောင်းပင် ဖြစ်ပါသည်။ ဘာသာရေးအခမ်းအနားနှင့် ဘုရင်မင်းမြတ်တို့၏မင်္ဂလာဘိသိက်ရေစင် သွန်းလောင်းရာတွင်လည်း အသုံးပြုသည်။ ခရုသင်းကို မှုတ်၍လည်းရသည်။ မင်္ဂလာအခမ်းအနားများတွင် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ်သုံးသည်ကို တွေ့ရှိရပါသည်။

ရခိုင်ရာဇဝင်များတွင် မင်းအဆက်ဆက်တို့သည် 'ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊ သူတော်စိတ်သည်၊ မဖိတ်ကျင့်ရိုးမြတ်အမျိုး' ဟူ၍ နန်းတက်ပွဲဘိသိက်အခမ်းအနားကို မလွဲမသွေ ပြုလုပ်ရသည်။ ဘိသိက်ပွဲတွင် လက်ယာရစ်ခရုသင်းသည် မပါလျှင်မပြီးသော တော်ဝင်ပစ္စည်းဖြစ်ပါသည်။ 'ဘိသိက်သွန်းရိုး၊ မော်ကွန်းထိုးသည်၊ မင်းမျိုးမြတ်ကညာ၊ လက်ယာရစ်ခရုသင်း၊ မင်းတို့သုံးရဲ မြာဟ္မဏလည်း' ဟူ၍ ဝေသာလီခေတ်အဆက်ဖြစ်သော လေးမြို့ခေတ် (အေဒီ ၈၁၈-၁၄၀၆) ဒဿရာဇာမင်းဘိသိက်ဆောက်ခန်း၊ ပညာရှိကဝိကျော်လျှောက်ထုံးတွင်တွေ့ရသည်။

ရှေးခေတ်ရခိုင်ဘုရင်များဘိသိက်တော်မင်္ဂလာတွင် ခရုသင်းအရေးပါပုံကို ဓညဝတီအရေးတော်ပုံကျမ်း ဒဿရာဇာမင်း၏ ဘိသေကမင်္ဂလာအခန်းတွင် အောက်ပါအတိုင်း ရေးထားသည်ကို တွေ့ရှိရပါသည်။

၂နတ်ပူဇော်ပုဏ္ဏားတို့က သရဏာ သိရိန္ဒဘုမ္မိဇာလင်္ဂါထာကိုရွတ်ဆို၍ ခရုသင်းသံပေးရသည်။

၃မီးပေါက်ခုနှစ်လုံး ပစ်ဖောက်၍




ပုံ (၄)

www.burmeseclassic.com

မောင်း၊ ဒုံမင်း၊ ခရုသင်းအသံတို့ဖြင့်တစ်ပြိုင်နက်တီးမှုတ်စေ၍'

ဒသာသနာပိုင်ပရောဟိတ်ပုဏ္ဏားကြီးမှာ နဝရတ်စီခြယ်သောခရုသင်းကို ပန်းတောင်းဖြင့်ထည့်၍ လက်နှစ်ဖက်စုံလျက်ကောင်းစွာကိုင်၍လိုက်ရသည်။

ဒမင်းရှေ့တူရှုနေလေ၍ နဝရတ်စီခြယ်ထားသော လက်ယာရစ်ခရုသင်းကို အဂီါငါးရပ်ကို စုံစွာထည့်၍ လက်နှစ်ဖက်စုပ်၍ ကောင်းမွန်စွာရိုသေလျက်မင်းကြီးဦးခေါင်းကို သွန်းစိုက်ရလေသည်။

လေးမြို့ခေတ်ကို ဆက်ခံသော မြောက်ဦးခေတ် (အေဒီ ၁၄၃၀-၁၇၈၄) သီရိသုဓမ္မရာဇာဘုရင်လက်ထက်တော် ၁၆၂၂-၁၆၃၈ ၏ ဘိသိက်ခန်းတွင်လည်း လက်ယာရစ်ခရုသင်းပါရှိပုံကို ပေါ်တူဂီဘုန်းတော်ကြီး မန်နရစ်ကိုယ်တိုင် မြင်တွေ့မှတ်တမ်းတင်ခဲ့ပါသည်။


'ဂါထာတော်ဆုံးသည်နှင့် ဗြာဟ္မဏပုဏ္ဏားတို့သည် ၎င်းတို့၏လက်ယာရစ်ခရုသင်းကို တစ်ပြိုင်နက်မှုတ်ကြပြန်သည်။ မဟာကျိန်ဘုရားဆင်းတုတော်ကိုဘုရင်မင်းမြတ်၏ဦးခေါင်းထိပ်ပေါ်တွင်ရွက်၍ ကျမ်းသစ္စာပြုရသော ဘိသိက်အခန်းတွင်ဖော်ပြထားသည်။ဘုန်းတော်ကြီးမန်နရစ်က သီရိသုဓမ္မာရာဇာဘုရင်၏ မြောက်ဦးမြို့တော်လှည့်လည်သောအခန်းတွင် ဓမ္မာစကြာပုံနှင့် လက်ယာရစ်ခရုသင်းပုံ ထွင်းထုထားသည်။ ခရုသင်းထဲမှ ကြာပန်းဖူးပွင့်လာပုံကို သရုပ်ဖော်ထားသည်။ ကျွန်ုပ်တို့သည် သီရိသုဓမ္မာရာဇာဘုရင်၏နောက် ခပ်လှမ်းလှမ်းအထိလိုက်နိုင်ကြသည်။ ဘုရင်မင်းမြတ်သည် တံခါးကြီးမှတစ်ဆင့် သျှစ်သောင်းဘုရားပေါ်သို့ တက်ရောက်သွားသည်။ သျှစ်သောင်းဘုရားတံခါးကြီးမှာ ကျောက်တုံးကြီးနှင့် အခိုင်အခံ့ပြုလုပ်ထားပြီး တံခါးမိုးကျောက်တုံးပေါ်တွင် လက်ယာရစ်ခရုသင်းပုံပေါ်မှ ကြာပန်းဖူးပွင့်လာပြီး ကြာပန်းထက်တွင် ဓမ္မာစကြာအဝန်းရေးဆွဲထားသောလက်ရာကို တွေ့ရှိခဲ့ရသည်ဟု ဖော်ပြခဲ့သည်။


၎င်းကျောက်တုံးပေါ်တွင် ရေးဆွဲထားသောပုံကို ဒေါက်တာဖော်ချီမာက ဗြာဟ္မဏကိုကိုယ်စားပြုသော ခရုသင်းမှ ဗုဒ္ဓဝါဒကိုယ်စားပြု ဖွားတော်မူရာ အထိမ်းအမှတ် ကြာပန်းဖူးပွင့်လာပြီး ဗုဒ္ဓ၏ ဓမ္မစကြာတရားတော် ပေါ်ထွန်းလာခဲ့ကြောင်း သရုပ်ဖော်ထားသည်ဟုဆိုပါသည်။ယခုရေးသားခဲ့သော သျှစ်သောင်းဘုရားတက်လမ်းလှေကားမြောက်ဘက်ရှိ ခရုသင်းပါ လက္ခဏာအမှတ်အသားသည် ဝေသာလီခေတ် အာနန္ဒစန္ဒြမင်းကျောက်စာနှင့် သမိုင်းကြောင်းဆက်စပ်နေသော လက်ရာတစ်ခုပင်ဖြစ်ပါသည်။ ၎င်းအပြင် ဝေသာလီခေတ် ဒင်္ဂါးပါခရုသင်းအမှတ်အသားသည်လည်း ဝေသာလီခေတ်မြို့တွင် လည်းကောင်း၊ နှောင်းပိုင်း ရခိုင်များဆက်ခံကြသော လေးမြို့ခေတ်၊ မြောက်ဦးခေတ်များတွင်လည်းကောင်း ထီးသုံးနန်းသုံးတော်ဝင်ပစ္စည်းဖြစ်ပါကြောင်းနှင့် ဓညဝတီ၊ ဝေသာလီ၊ လေးမြို့၊ မြောက်ဦး စသော ရခိုင်နန်းဆက်မြို့ဆက်ခေတ်အသီးသီးတို့သည် ဘိုးစဉ်ဘောင်ဆက် သမိုင်းကြောင်းဆက်ခံနေသလို ယဉ်ကျေးမှုပါဆက်နွှယ်မှုရှိနေပါကြောင်း သိရှိရပါသည်။

ထို့ကြောင့် ခရုသင်းပုံကိုအသုံးပြုခြင်းမှာ မင်္ဂလာကျက်သရေရှိ၍ စည်းစိမ်ဥစ္စာ ပေါကြွယ်ဝစေလိုသော အထိမ်းအမှတ်အဖြစ် ရေးဆွဲကြသည် ဟူသော အဓိပ္ပာယ်ဆောင်သည်ဟူ၍ အယူအဆရှိသည်ကို သိရှိရပါသည်။

ပုံ(၅)ခရုသင်းမှာ ဝေသာလီရွာ လက္ခတ်တောင်ဘုန်းကြီးကျောင်းတိုက် အနောက်ဘက်နတ်ကွန်း (ရှေးဟောင်းသုတေသနဌာန) မှ ဆောက်လုပ်ထားသောအုံထဲကျောက်တုံးမှ ကူးယူရေးဆွဲထားသော ပုံဆွဲလက်ရာပင်ဖြစ်ပါသည်။ ပုံ (၅) တွင် ခရုသင်းသင်္ကေတကောက်ကြောင်းပုံပါ ကျောက်တုံးမျက်နှာပြင်နှင့် အထူကို ရေးဆွဲဖော်ပြထားပါသည်။ ခရုသင်း ရေးဆွဲဖော်ပြထားသော မူရင်းကျောက်တုံးအမြင့်(၂၁)cmခန့်၊ အကျယ်(၃၈)cmခန့်နှင့် အထူ(၁၆)cmခန့်ရှိပါသည်။ ကျောက်တုံးပေါ် ရေးဆွဲထားသော ခရုသင်းမူရင်းလက်ရာအမြင့်(၁၈) cm ခန့်နှင့် ခရုသင်းအရှည် (၂၅) cmခန့်ရှိပါသည်။ထိပ်အရစ်သုံးရစ်ပါရှိပြီး လက်ယာရစ်ခရုသင်းပုံအလိပ်ကလေးပါရှိပါသည်။ ၎င်းပုံ(၅)ခရုသင်းပုံကို ပုံ(၄) ခရုသင်းနှင့် နှိုင်းယှဉ်ကြည့်နိုင်ရန်အတွက် ရေးဆွဲဖော်ပြလိုက်ရခြင်း ဖြစ်ပါသည်။ ပုံ (၅) ခရုသင်းမှာ ဝေသာလီမြို့ဟောင်း တူးဖော်မှုကုန်းအမှတ် (VSL.12B) မှ တူးဖော်တွေ့ရှိရသော ခရုသင်းမဟုတ်ပါ။ ခေတ်လက်ရာတော့ တူညီမှုရှိပါသည်။ ပုံ (၅) ခရုသင်းလက်ရာလည်း ဝေသာလီခေတ်လက်ရာပင်ဖြစ်သည်ဟု သိရှိရပါသည်။ နှိုင်းယှဉ်ရန်အတွက် ဖော်ပြလိုက်ရခြင်းသာ ဖြစ်ပါသည်။

ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ်(VSL.12B)မှ တူးဖော်ထွက်ရှိလာသောနန်းရိုး၏အရှေ့ဘက်မျက်နှာတောင်ဘက်ခြမ်းတွင် တွေ့ရှိရသောကျောက်တုံးပေါ်မှ ရေးဆွဲထားသော







www.burmeseclassic.com

www.burmeseclassic.com

သက်ရာပင် ဖြစ်ပါသည်။ သင်္ကေတကောက်ကြောင်းလက်ရာမှာ အပေါင်းသင်္ကေတအမှတ်အသားပင်ဖြစ်ပါသည်။ အပေါင်းလက္ခဏာ ရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၃၂) cmခန့်၊ အကျယ် (၄၅) cmခန့်နှင့် ကျောက်တုံးအထုလည်း (၄၅) cmခန့်ရှိပါသည်။ ကျောက်တုံး၏အရှေ့ဘက်မျက်နှာပြင်အပေါ်ပိုင်းတွင် အပေါင်းလက္ခဏာကို ရေးဆွဲထားပါသည်။ ကျောက်တုံးမှာ သက်ယာဘက်ထောင့်တွင်ပဲ့နေပါသည်။ ကျောက်တုံးပေါ် ရေးဆွဲထားသော အပေါင်းလက္ခဏာ မူရင်းကောက်ကြောင်းအမြင့် (၈) cm ခန့်နှင့် အကျယ် (၁၀) cmခန့်ရှိပါသည်၊ အပေါင်းလက္ခဏာမျဉ်းနှစ်ကြောင်းတွင် ဒေါင်လိုက်ရပ်နေသောမျဉ်းတိုပြီး အလျားလိုက်တန့်လန့်ဖြတ်မျဉ်းရှည်သည်ကို တွေ့ရှိရပါသည်။

အပေါင်းလက္ခဏာ၏ သဘောသဘာဝအဓိပ္ပာယ်မှာ အများသိကြသည့်အတိုင်း ပြီးပြည့်စုံခြင်း၊ အလိုဆန္ဒပြီးမြောက်ခြင်း၊ အောင်မြင်ခြင်းအဓိပ္ပာယ်များကိုဆောင်နေပါသည်ဟုသိရှိရသည်။ ကောင်းသော မင်္ဂလာလက္ခဏာအမှတ်အသားတစ်ခုပင်ဖြစ်ပါသည်။ ဝေသာလီနန်းတော်တိုင်းမှ နိမိတ်ကောင်းသင်္ကေတကောက်ကြောင်းလက္ခဏာတစ်ခုပင်ဖြစ်ပါသည်။

ပုံ (၇) သည်လည်း ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL. 12B) မှ တူးဖော်ထွက်ရှိလာသော နန်းရိုးကျောက်တန်းအရှေ့ဘက် အပေါင်းလက္ခဏာနားတွင်တွေ့ရသောကျောက်တုံးပေါ်မှ ကူးယူရေးဆွဲထားသော သင်္ကေတကောက်ကြောင်းလက်ရာတစ်ခုပင်ဖြစ်ပါသည်။ ဤသင်္ကေတကောက်ကြောင်းလက်ရာကို ကျောက်တုံး၏အရှေ့ဘက်မျက်နှာတွင် ရေးဆွဲထားပါသည်၊ သင်္ကေတကောက်ကြောင်းရေးဆွဲထားသော မူရင်းကျောက်တုံးအမြင့် (၁၈) cmခန့်၊ အကျယ် (၃၀) cmခန့်နှင့် ကျောက်တုံးထုအထူ (၁၈) cmခန့်ရှိသည်။ကျောက်တုံးပေါ်တွင်ရေးဆွဲထားသော မူရင်းသင်္ကေတကောက်ကြောင်းအရှည် (၁၅) cmခန့်၊ အမြင့် (၄) cm ခန့်နှင့် အလယ်မှ ရပ်စောက်လိုင်းအရှည် (၉) cm ခန့်ရှိပါသည်။ ပုံ(၇)တွင် သင်္ကေတကောက်ကြောင်းရေးဆွဲထားသောကျောက်တုံးမျက်နှာပြင်နှင့်ကျောက်တုံးထုအထူကို ရေးဆွဲဖော်ပြထားပါသည်။



ပုံ (၇)

ဤကျောက်တုံးပေါ်တွင်ရေးဆွဲထားသော သင်္ကေတကောက်ကြောင်းလက်ရာမှာ လေးနှင့်မြားသဏ္ဌာန်တွေ့ရှိရပါသည်။ လေးနှင့် မြားသည်လည်း ဝေသာလီဘုရင်များ ကိုင်ဆောင်သော လေးစကြာလက်နက်တစ်ခုပင် ဖြစ်ပါသည်။ ဝေသာလီကျောက်လှေကားမြို့ကိုတည်ထောင်ခဲ့သော မဟာတိုင်းစန္ဒြားမင်းကြီးမှာ လေးနှင့် သန်လျက်၊ လက်နက်လုံ့ပျံကို ပိုင်ဆိုင်သည်ဟု ရခိုင်သမိုင်းကဆိုပါသည်။ ရခိုင်မင်းသမီးချေင်းတွင် -

□ မဟာမည်လှိုင်း၊ တိုင်းစန္ဒြား၊ ကျောက်လှေကား၌၊ သိကြားနတ်ပေး၊ လေးနှင့်သန်လျက်၊ လက်နက်လုံ့ပျံ၊ စေစားခံ၍. . .

ဟူ၍ရေးစပ်ထားသည်မှာ ဝေသာလီကျောက်လှေကားမြို့တည်မဟာတိုင်းစန္ဒြားမင်းကြီးကိုင်ဆောင်သောလေးမှာ ရိုးရိုးလေးမဟုတ်ဘဲ သိကြားမင်းပေးသောလေးဟု သိရှိရပါသည်။ထိုသိကြားမင်းပေးသော လေးပုံသဏ္ဌာန်ကို နန်းရိုးကျောက်တုံးပေါ်တွင် သင်္ကေတကောက်ကြောင်းအဖြစ် ရေးဆွဲထားခြင်း ဖြစ်ပါသည်။ ဤသို့ ရေးဆွဲရခြင်းမှာလည်း မကောင်းမိစ္ဆာများ၊ မကောင်းကြံသူများ လေးနှင့်မြားကိုမြင်သည်နှင့် ကြောက်လန့်အောင် ရေးဆွဲထားသော အောင်မြင်ခြင်းသင်္ကေတကောက်ကြောင်းလေးနှင့်မြားပင်ဖြစ်သည်ဟု ရှေးပညာရှိများ ယူဆကြသည်ဟု သိရှိရပါသည်။

ဝေသာလီမြို့ဟောင်း တူးဖော်ရေးကုန်းအမှတ် (VSL.12B)မှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းလက်ရာများမှာ များသောအားဖြင့် ဝေသာလီခေတ်လက်ရာများကိုသာ အများအပြားတွေ့ရှိရပါသည်။ ကျောက်တုံးများပေါ်တွင် ရေးခြစ်ထားသော သင်္ကေတကောက်ကြောင်း အမှတ်အသားများမှာလည်း အဓိပ္ပာယ်မဲ့စွာ တောင်ခြစ်မြောက်ခြစ် ရေးဆွဲထားခြင်းမဟုတ်ဘဲ အဓိပ္ပာယ်ရှိရှိ ဝေသာလီခေတ်ကို ထင်ဟပ်နေသော ဝေသာလီခေတ်ဘုရင်များကို မီးမောင်းထိုးပြနေသော အောင်မြင်ခြင်းသင်္ကေတကောက်ကြောင်း၊ ငြိမ်းချမ်းသာယာခြင်းကောက်ကြောင်း၊မင်္ဂလာရှိသောကောက်ကြောင်း၊ ပြီးပြည့်စုံခြင်းကောက်ကြောင်းများနှင့်ဘေးအန္တရာယ်ကင်းဝေးအောင် ရေးဆွဲထားသော အဓိပ္ပာယ်ရှိ သင်္ကေတကောက်ကြောင်းလက္ခဏာများပင်ဖြစ်ပါသည်။

ဤကုန်းမှ တူးဖော်တွေ့ရှိရသော ရှေးဟောင်းယဉ်ကျေးဆိုင်ရာလက်ရာများကို မပျောက်မပျက်ရအောင် ရေရှည် ထိန်းသိမ်းနိုင်စေရန် ခြံစည်းရိုးများ စနစ်တကျကာရံ၍ အမိုးအကာများပြုလုပ်ကာ ဆိုဒ်မြူစီယမ်အဖြစ် ဖော်ပြထိန်းသိမ်းထားသင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

*အနန္တောအနန္တငါးပါးကို*
*ထာဝရဦးထိပ်ပန်ဆင်*
*ကန်တော့လျက်*

ပန်းချီထူးလှ
(ရှေးဟောင်းသုတေသန)

**မှီငြမ်းချက် -**

၁။ စာရေးသူကိုယ်တိုင် တူးဖော်သုတေသနပြုမှုမှတ်စု။
၂။ ဝေသာလီမြို့ဟောင်းတူးဖော်မှုကုန်းအမှတ် (VSL.12B) အစီရင်ခံစာ။
၃။ စံသာအောင်၊ ဦး၊ အာနန္ဒစန္ဒြ၊ ရှစ်ရာစုရခိုင်ဝေသာလီမင်း ၃/၁၉၇၅ ခုနှစ်။
၄။ ညွန့်ဟန်၊ ဦး၊ ဝေသာလီမြို့ဟောင်းတူးဖော်သုတေသနပြုမှု အစီရင်ခံစာ ၁၂/၁၉၈၆ ခုနှစ်။
၅။ ထွန်းရွှေခိုင်(မဟာဝိဇ္ဇာ)ရခိုင်ရာဇဝင်။



www.burmeseclassic.com

www.burmeseclassic.com

□ လေးကျွန်းမောင်မောင်

လေးကျွန်းမောင်မောင်နတ်သည် ကလေးနတ်ကလေးဖြစ်သည်။ သို့သော် ဘိုးတော်သိကြားမင်းထံအထိသွားနိုင်သည်ဆိုရာ သခင်မ မမနဲ့ကဲ့သို့ စားတော်စာများနှင့်အထူးဆက်သပြီး နတ်ကနားများတွင် အထူးချော့ရသည့်နတ်သူငယ်လေးဖြစ်သည်။

သူ၏ဖြစ်စဉ်သမိုင်းမှာ မရေရာလှချေ။ တကောင်းပြည့်ရှင် (အမည်မဖော်ပြ) ၏ သားတော်တစ်ပါးဖြစ်သည်ဟုဆိုသည်။ မိဖုရားကြီးမှ လေးကျွန်းမောင်မောင်အား ကိုယ်ဝန်ဆောင်ထားစဉ် အိပ်မက်မြင်မက်တော်မူရာတွင် ကောင်းကင်မှကြယ်များ ဘုရင်နှင့် မိဖုရားကြီးတို့ရှေ့မှောက်သို့ကြွေကျပြီး အရောင်



www.burmeseclassic.com

www.burmeseclassic.com

သောသူများသည် ပခန်းပွဲမှအပြန် လေးကျွန်းမောင်မောင်နတ်ကွန်းသို့ ဝင်၍ဆက်သကြသည်။ စာရေးသူကမူ ပခန်းပွဲမှ နံနက်စောစော လေးကျွန်း မောင်မောင်နန်းသို့ လှည်းဖြင့်သွားသည်။ လေးကျွန်းမောင်မောင်နန်းမ●ရောက်မီ လမ်းတွင် ကျေးရွာများက ကလေးငယ် များသည် -

"ပိုက်ဆံပေးပါဗျို့၊ ပိုက်ဆံပေးပါ ဗျို့"

ဟုအော်၍ လှည်းနောက်မှလိုက် တောင်းကြသည်။ ပိုက်ဆံများကြဲခဲ့ရ သည်။ ယခု တောင်ပြုန်းပွဲသို့အသွား လမ်းတွင် ထိုကဲ့သို့ပိုက်ဆံတောင်းသည့် ကလေးများ ရှေးယခင်ကမရှိပါ။ လေး ကျွန်းမောင်မောင်နန်းမှ ကလေးများ နည်းအတိုင်း နောက်ပိုင်း ကူးစက်လာ ခြင်း ဖြစ်သည်။

လေးကျွန်းမောင်မောင်နတ်သည် လေးကျွန်းတစ်မြင့်မိုရ်ကို ပိုင်စိုးစောင့် ရှောက်သူဖြစ်သဖြင့် ဤအမည်တွင်ခြင်း ဖြစ်သည်ဟု ပြောကြသည်။

နတ်ကိုးကွယ်သူများ၏အိမ်တွင် ပုံတော်၊ ပုံစားထား၍လည်း ကိုးကွယ်ကြ ပါသည်။ နတ်ကနားများတွင်လည်း သူ့ ကဏ္ဍာနှင့်သူ ကလေးငယ်ကဲ့သို့ဝတ်ကာ စကားမပီကလာပီကလာနှင့် နတ်ချော့ ကြသည်။ (များသောအားဖြင့် သူငယ် တော်ကဲ့သို့ ဝတ်ဆင်ကြပါသည်။) နတ်သမိုင်းအရ မွေးကင်းစကလေးဟု ပြထားသော်လည်း နတ်ချော့ရာတွင် လေး၊ ငါးနှစ်ကလေးအရွယ်ပမာ ချော့ ခြင်း ဖြစ်သည်။

**၁ မယ်စိမ့်ညိုနတ်**

မယ်စိမ့်ညိုနတ်ကို သီးခြားနတ်ပွဲ မပြုလုပ်ပေးသော်လည်း သီတိုရှင်ဘုရား ပွဲနှင့်နယုန်လတွင် ပူးတွဲကျင်းပပြုလုပ် သည်ကို တွေ့ရသည်။

ပခုက္ကူမြို့ အနောက်ပိုင်းတွင်ရှိ သော အင်းတစ်အင်းကို ပေါက်ပင်ရှင်မ အင်း သို့မဟုတ် ပေါက်အင်းဟု ခေါ် သည်။ ၎င်းအင်း၏ မြောက်ဘက်တွင် မယ်စိမ့်ညိုနတ်ကွန်းရှိသည်။ ထို့ကြောင့် မယ်စိမ့်ညိုသည် မူလက အင်းစောင့်နတ် သမီးဖြစ်ခဲ့ဟန်တူသည်။ ယခုအခါတွင် အခြားနတ်များနည်းတူ မယ်စိမ့်ညိုသည် မ,စနိုင်သည့်နတ်တစ်ပါးဖြစ်လာသည်။ ဝန်း(၃၇) မင်းအပါအဝင်ဖြစ်သော်လည်း လူသိသူသိများလှသည့် နတ်တစ်ပါး မဟုတ်ပါ။ အပြင်နတ်ကနားများတွင်



လေးကျွန်းမောင်မောင် (ခေါ်) ရှင်တွေးလေး



နတ်ကိုးကွယ်သူများအိမ်၌ရှိသည့် လေးကျွန်းမောင်မောင်ပုံတော်

လည်း သီးခြားနတ်ပွဲပေးခြင်း၊ ချော့ခြင်း ပြုလေ့မရှိပါ။ သက်ဆိုင်သူများကမူ ပြုလေ့ပြုထရှိပါသည်။

သူ၏နတ်ဖြစ်စဉ်မှာ အလောင်း စည်သူမင်းကို တိုင်းတစ်ပါးမှဆက်သ လိုက်သောမင်းသမီးဖြစ်ပြီး မိဖုရားတစ် ပါးလည်းဖြစ်သည်။ အလောင်းစည်သူ မင်းသည် ဖောင်စကြာစီးနင်း၍ တိုင်း ခန်းလှည့်လည်ရာတွင် ယခု ပခုက္ကူမြို့ အနောက်ဘက် ပေါက်အင်းအနီးသို့ ရောက်ရှိလာသည် ဆိုပါသည်။

ထိုအချိန်တွင် မယ်စိမ့်ညိုသည် မိမိ၏နေရင်းတိုင်းနိုင်ငံကို အောက်မေ့ သတိရသဖြင့် ငေးငိုင်နေရာမှ အင်း အတွင်းမြင်ကွင်းကိုမြင်သည်။ အင်း အတွင်း၌ ကွန်ပစ်၊ ငါးဖမ်းနေသော တံငါသည်များလည်းရှိသည်။ စွန်တစ် ကောင်ပျံဝဲနေသည်ကို လက်ခုပ်လက်ဝါး တီးကာ ကမ်းစပ်တွင် အော်ဟစ်မြူးထူး နေသော တံငါသည်တို့၏ သားသမီး များကိုလည်း တွေ့မြင်သည်။ ကလေး များ၏ပျော်ရွှင်မှုကိုကြည့်ပြီး မယ်စိမ့် ညိုလည်း ပြုံးလိုက်မိသည်။

ထိုသည်ကိုမြင်တွေ့လိုက်မိသော မယ်စိမ့်ညိုအား မနာလိုနေသည့် ဘုရင့် ကိုယ်လုပ်တော်တစ်ပါးက ဘုရင်အား ကုန်းချောစကားဆိုလေသည်။ မယ်စိမ့် ညိုသည် မိမိ၏ကာယိက္ကန္ဒြေကို မထိန်း ဘဲ တံငါသည်ကိုတပ်မက်မိပြီး မိန်းမ မာယာနှင့်ပြုံးပြနေသည်ဟု လျှောက် တင်လိုက်သည်။

အလောင်းစည်သူမင်းကြီးလည်း မတွေးတော မဆင်ခြင်တော့ဘဲ အမျက် ဒေါသထွက်ကာ မယ်စိမ့်ညိုကို သန် လျက်နှင့်ခုတ်မည်ပြုပြီးမှ မိမိစိတ်ကို ထိန်းလိုက်သည်။ သို့သော် ဘုရင်၏ လက်တော်က မယ်စိမ့်ညိုအား အင်းထဲ သို့ တွန်းချလိုက်သကဲ့သို့ဖြစ်သွားသဖြင့် မယ်စိမ့်ညိုသည် ရေထဲသို့ကျသွားသည်။ ဘုရင်ကြီးမှာ ချက်ချင်းပြန်လှည့်ထွက် ခဲ့သဖြင့် မယ်စိမ့်ညိုရေထဲကျသွားသည် ကိုမသိလိုက်ဟုဆိုပါသည်။ ထိုအချိန် တွင် အင်းအနီးရှိ ကုက္ကိုလှရွာ၌ အိုးစည် တီးကာ ရွာသူရွာသားများ ပျော်ရွှင်စွာ ကခုန်နေခိုက်ဖြစ်သဖြင့် မယ်စိမ့်ညိုရေ ထဲသို့ကျသွားသည့်အသံကိုလည်း မည် သူမျှမကြားလိုက်သဖြင့် မယ်စိမ့်ညိုသည် ရေနစ်သေဆုံးပြီး နတ်ဖြစ်သွားရသည်။


သို့ကြောင့် မယ်စိမ့်ညိုနတ်သည် အိုးစည်သံကို စိတ်နာသွား၏။ ကုက္ကိုလှ ရွာသူရွာသားတို့ ယနေ့တိုင် အိုးစည် မတီးရဲကြချေ။ အိုးစည်တံဆိပ်ပါသော ပစ္စည်းများကိုလည်း အသုံးမပြုရဲကြပေ အကယ်၍ရွာတွင် အိုးစည်တီးပါက ရန် ဖြစ်တတ်သည်။ သို့မဟုတ် မြွေကိုက် ရတတ်သည်ဟု ရွာသူရွာသားများ ယုံကြည်ကြသည်။

မောင်သန်းဆွေ (ထားဝယ်)




www.burmeseclassic.com

www.burmeseclassic.com




သယာနစနစ်ဇာတာခွင်




နိယာနစနစ်ဇာတာခွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ရွေးကောက်ပွဲကော်မရှင်က ၂၀၁၅ ခု၊ နိုဝင်ဘာလ ၈ ရက်တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံလုံးဆိုင်ရာရွေးကောက်ပွဲ ပြုလုပ်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုနေ့တွင်ပြုလုပ်သော ရွေးကောက်ပွဲရလဒ်ကို အကြောင်းပြုလျက် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအဖို့ ပထမမဏ္ဍိုင်ဟူသော အစိုးရသစ်၊ ဒုတိယမဏ္ဍိုင်ဟူသော လွှတ်တော်သစ်တို့ ရရှိလာမည်ဖြစ်သည်။ ယခုအခါ၌ ထိုကဲ့သို့ဖြစ်ပေါ်လာမည့် အစိုးရသစ်၊ လွှတ်တော်သစ်ကို ပုံစံအမျိုးမျိုး၊ နည်းအဖုံဖုံဖြင့် ဘာများဖြစ်နိုင်မည်နည်းဆိုသည်ကို ဝေဖန်စစ်ကြောသုံးသပ်နေကြသည်။ ယခုလည်း ၎င်းကို ဝေဒပညာရှုထောင့်က ဆန်းစစ်ကြည့်ချင်ပါသည်။

ယခု ရွေးကောက်ပွဲ ပြုလုပ်မည့် ၈-၁၁-၂၀၁၅ နေ့နံနက် (၆) နာရီဖြင့်၊ သယာနစနစ်ဖြင့်၊ နိယာနစနစ်ဖြင့်ပါ ဂြိုဟ်စက္ကဇာတာချကြည့်ထားပါသည်။

ထူးခြားချက်က သယာနဇာတာမှာ ဥဒယလဂ်သည် ဗြိစ္ဆာရာသီမှာကျနေသဖြင့် လွတ်လပ်ရေးဇာတာတွင် ဥဒယလဂ်ရာသီသည် ဗြိစ္ဆာရာသီဖြစ်နေသည်နှင့် တိုက်ဆိုင်နေပြီးလျှင် နိယာနဇာတာတွင် ဥဒယလဂ်သည် တူရာသီမှာကျနေလျက် တိုက်တိုက်ဆိုင်ဆိုင်ပင် တူရာသီသည် မြန်မာပြည်ဒိဂ်စွဲရာသီဖြစ်နေသည် စသည်တို့ပင်ဖြစ်၏။

နောက် စိတ်ဝင်စားစရာတစ်ခုက အင်္ဂါဂြိုဟ်၊ သောကြာဂြိုဟ်၊ ရာဟုဂြိုဟ်၊ တနင်္လာဂြိုဟ်တို့သည် (၄) ဒီဂရီအတွင်း ပူးယှဉ်နေပြီး ဥဒယလဂ်သည် ဗုဒ္ဓဟူးနှင့် တနင်္ဂနွေဂြိုဟ်တို့ ကြတ်ခြင်းခံနေရသည်။ ကြာသပတေးသည် တနင်္ဂနွေကို (၆၀) ဒီဂရီဖြင့်မြင်ထားလျက် အင်္ဂါဂြိုဟ်သည် ဥဒယလဂ်ကို (၄၅) ဒီဂရီဖြင့်မြင်ထားသည်။နောက်စနေဂြိုဟ်သည် တနုဘာဝမှနေပြီး ကမ္မဘာဝကို (၁၀) တန်နှ အမြင့်ဖြင့် မြင်ထားခြင်းပင်ဖြစ်၏။

တနုဘာဝကို ကြာသပတေးဂြိုဟ် မြင်ထားခြင်းကြောင့် ရွေးကောက်ပွဲသည် တရားသဖြင့်တော့ဖြစ်တတ်ပါသည်။ အင်္ဂါဂြိုဟ်၏အမြင်၊ ဗုဒ္ဓဟူးဂြိုဟ်နှင့် တနင်္ဂနွေဂြိုဟ်တို့၏ကြတ်မှု၊ ဗြိစ္ဆာရာသီတို့၏သဘောတရားကြောင့် လျှို့ဝှက်စွာကြံစည်မှု၊ လျှို့ဝှက်စွာအင်အားသုံးမှု၊ စောဒကတက်မှု၊ အငြင်းပွားရမှုတော့ရှိတတ်သည်။

ဘာဝတစ်ခုတည်း၊ ရာသီတစ်ခုတည်း၌ ဂြိုဟ်လေးလုံး ပူးယှဉ်မှုကြောင့် ဒွေဒဟရာသီနှင့် နှီးနွှယ်နေမှုကြောင့် ပါတီတစ်ခုတည်း လွတ်လွတ်ကျွတ်ကျွတ်အနိုင်ရရန် ခဲယဉ်းသည်။ အစိုးရဖွဲ့လျှင်လည်း ညွန့်ပေါင်းအစိုးရဖြစ်လိမ့်မည်။ ထိုအစိုးရဖွဲ့ရာတွင်လည်း အငြင်းပွားရမှုများ၊ အညမညဖြစ်မှုများ၊ ဝိရောဓိဖြစ်မှုများရှိမည်။ လွှတ်တော်ဖွဲ့စည်းရာ၌လည်း အငြင်းအခုံဖြစ်မှုများ၊ သဟဇာတမကျမှုများ၊ မကျေနပ်သောတုံ့ပြန်မှုများ၊ အကျပ်ရိုက်မှုများဖြင့် လိုရာမရောက်နိုင်သလိုရှိနေမည်။

အနိုင်ရသူများသည် စနေနံ၊ တနင်္ဂနွေနံ၊ ကြာသပတေးနံ တစ်ခုခုသို့မဟုတ် တစ်ခုထက်မကသောနံများနှင့် ဖွဲ့စည်းထားသော အမည်နာမပါသော နိုင်ငံရေးပါတီ (ဝါ) ထိုစနေ၊ တနင်္ဂနွေ၊ ကြာသပတေးဆိုင်ရာနေ့သား၊ ထိုနံများပါအမည်ရှင်များ ဦးဆောင်သော နိုင်ငံရေးပါတီတစ်ခုခုဖြစ်တတ်သည်။ တိုင်းရင်းသားတို့နှင့်ဆက်နွှယ်နေလျှင် ပို၍သေချာတတ်သည်။

နိုင်ငံတော်အကြီးအကဲ(ဝါ)နိုင်ငံတော်သမ္မတ(ဝါ) လွှတ်တော်ဥက္ကဋ္ဌတို့သည် အများအားဖြင့် စနေသား (သို့မဟုတ်) စနေနံပါသော အမည်ပိုင်ရှင် (သို့မဟုတ်) စနေဂြိုဟ်ရုပ်ရည်လက္ခဏာ ကြန်အင်ရှိသောသူဖြစ်တတ်သည်။

နောက်ဖြစ်နိုင်ခြေရှိသောသူများ တနင်္ဂနွေသား (ဝါ) တနင်္ဂနွေနံပါသော အမည်ပိုင်ရှင်(ဝါ)တနင်္ဂနွေဂြိုဟ်ရုပ်ရည် လက္ခဏာရှိသူဖြစ်တတ်သည်။

တခြားဖြစ်နိုင်ခြေရှိသူမှာ ကြာသပတေးသား (ဝါ) ကြာသပတေးနံပါသော အမည်ပိုင်ရှင် (ဝါ) ကြာသပတေးဂြိုဟ်ရုပ်ရည်လက္ခဏာရှိသူ ဖြစ်တတ်သည်။

ရှိန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

ဝိဇ္ဇာဓရမြန်မာ့အင်္ဂါရတ်ပညာ

၁၁

# ဆရာဦးဆက်ထွန်းလင်း

(အာယုဗ္ဗေဒ)

## ဝိဇ္ဇာဓရပညာနှင့်ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ

## လောဘလုပ်ငန်းနှင့်ဓမ္မလုပ်ငန်း



❑ လောဘလုပ်ငန်းနှင့်ဓမ္မလုပ်ငန်း

အင်္ဂါရတ်လုပ်ငန်းကို ဝေဖန်သုံးသပ်ရာ၌ အသုံးပြုတတ်သူများအဖို့ကား ကောင်းမွန်သော ဆုလာဘ်များကို ပိုင်နိုင်ရရှိစေနိုင်ခြင်းပင် ဖြစ်၏။ ကောင်းမွန်သောဆုလာဘ်ဆိုသည်ကား အင်္ဂါရတ်ပညာကြောင့် ကျန်းမာမည်။ အသက်ရှည်မည်။ အကာလမရဏကို တားဆီးနိုင်မည်။ သူတော်ကောင်းလုပ်ငန်းများစွာကို လုပ်ကိုင်ခွင့်ရမည်။ ထူးမြတ်သောပါရမီများကိုလည်းဖြည့်ဆည်းနိုင်မည်။ ထိုထက်ပိုမို၍အားထုတ်ပါက လူသားတစ်ဦး၏ ပုံမှန်သက်တမ်းကန့်သတ်ချက်ကို ပြုပြင်ပြောင်းလဲပစ်နိုင်သည်။ တန်ခိုးသိဒ္ဓိနှင့် ဈာန်အဘိညာဉ်များရနိုင်သည်။ ထိုထက် ပို၍အလိုရှိပါက မဂ်၊ ဖိုလ်၊ နိရောဓ သမာပတ်၊ ဖလသမာပတ်၊ နိဗ္ဗာန်ခရီးအပြီးဆုံးတိုင်သွားနိုင်မည့် အခြေအနေကောင်းများ ရရှိနိုင်ပါသည်။ထို့ကြောင့် အင်္ဂါရတ်လုပ်ငန်းသည် ကိုင်တွယ်အသုံးပြုသည့်ပုဂ္ဂိုလ်အပေါ် မူတည်၍ ဓမ္မလုပ်ငန်းကြီးဖြစ်ပါလိမ့်မည်။

သို့တည်းမဟုတ်ဘဲ အင်္ဂါရတ်လုပ်ငန်းကို ဤတစ်ဘဝကောင်းစားရေး၊ ငွေရှာဖွေရေး၊ ရွှေဖြစ်ငွေဖြစ်ရေး စသည့် ကိုယ်ကျိုးစီးပွားအတွက်သာရည်ရွယ်ပါက အလွန်ကြီးမားသောအန္တရာယ်များ ကျရောက်နိုင်ခြင်း ရောဂါဆိုးကြီးများ ဖြစ်ပွားနိုင်ခြင်း၊ အသက်တိုခြင်း၊ အချိန်အခါမဟုတ်ပါဘဲ အကာလမရဏကျရောက်နိုင်ခြင်း၊ သိဒ္ဓိ၊ မဟိဒ္ဓိ၊ ဈာန်အဘိညာဉ်၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်တို့နှင့်လွဲချော်ရခြင်းတို့အပြင် ပို၍ဆိုးဝါးပါက အပါယ်လေးပါးသို့ ကျရောက်ရခြင်း စသည့် မကောင်းကျိုးဖြစ်စေနိုင်ရုံမျှမက လက်ရှိဘဝတွင်လည်း မည်မျှချမ်းသာကြွယ်ဝကာ အထက်တန်း၌ရှိနေစေကာမူ ရုတ်တရက် မွဲပြာကျသွားခြင်း၊ အိမ်ခြေယာခြေမရှိ ကုန်းကောက်စရာမရှိ လောက်အောင်ပင် ဆင်းရဲသွားနိုင်ခြင်း၊ လူတောမတိုးဝံ့အောင်ဖြစ်သောအခြေအနေများဖြစ်ပေါ်စေခြင်း စသည့်ဘေးဆိုး၊ အန္တရာယ်ဆိုးများအား ကြုံတွေ့ရတတ်သဖြင့် အင်္ဂါရတ်ပညာကို အသုံးပြုသည့်ပုဂ္ဂိုလ်သည် အထူးသတိကြီးစွာ ထားရပါမည်။ အင်္ဂါရတ်ပညာအား လောဘလုပ်ငန်းအဖြစ် အသုံးပြုသူအဖို့ အဆိုပါ မကောင်းကျိုးများ ကျရောက်နိုင်သည့်အန္တရာယ်ကိုလည်း သတိပြုရပါမည်။

အချို့သောအခြေအနေများတွင် လူသားတစ်ဦးအဖို့ ကြီးကျယ်သော အကျိုးခံစားခွင့်များရရှိနေပါက ထိုလမ်းသည် အဘယ်မျှပင်ဘေးအန္တရာယ်ထူပြောစေကာမူ အလေးဂရုပြုခြင်းမရှိ တတ်ကြပေ။ လောဘလမ်းနှင့် ဓမ္မလမ်း နှိုင်းယှဉ်လျှင် လောဘလမ်းသို့သာလိုက် လေ့ရှိကြ၏။ ဤအကြောင်းအရာနှင့် ပတ်သက်ပြီး ယခင်လက ဖော်ပြခဲ့သည့် အဖြစ်အပျက်တို့ကို ဆက်လက်ဖော် ရမည်ဆိုပါက -

ဦးချစ်ညွန့်သည် ကိုယ်တိုင် လုပ်နည်းကိုကောင်းစွာလုပ်ကိုင်ဆော ရှက်နိုင်သော်လည်း သူ၏လုပ် ကိုင်ဖက် မိတ်ဆွေရင်းချာတစ်ဦးဖြစ် ဦးထွန်းတင်တစ်ယောက် ရုတ်တရ မမျှော်လင့်ဘဲ ဘေးဆိုးတစ်ရပ်ကြုံ ကာ အကာလမရဏဟု ခေါ်တွင်သော ပုံမှန်သေဆုံးချိန်မဟုတ်ဘဲ စောစီး ပင် သေဆုံးခဲ့ရခြင်းဖြစ်သဖြင့် ကြီး သော သင်ခန်းစာအဖြစ် မှတ်ယူ အကြီးအကျယ်ရွှေဖြစ်စေသည့်လုပ် ကြီးကို ရာသက်ပန် စွန့်လွှတ်ပစ်လို တော့၏။

ထိုသို့လုပ်ငန်းစွန့်ပြီးနောက် တွင် အခြားသောမိတ်ဆွေရင်းတစ်



www.burmeseclassic.com

www.burmeseclassic.com



အဖြစ် ကျန်ရှိနေသော ဦးရွှေသိန်းအား သတိရမိ၏။ ဦးချစ်ညွန့်အနေဖြင့် ဦးရွှေသိန်းအားလည်း အဆိုပါ ရွှေလုပ်သည့် လုပ်ငန်းကိုစွန့်လွှတ်စေလို၏။ ဦးထွန်းတင်ကဲ့သို့ ဘေးအန္တရာယ်ဆိုးမကြုံတွေ့စေလိုသဖြင့် ရွှေလုပ်သည့်အလုပ်အား လုံးဝရပ်ဆိုင်းပစ်စေလို၏။ ထို့ကြောင့် ဦးချစ်ညွန့်သည် ဦးရွှေသိန်းနေထိုင်ရာ မြို့သို့ ကိုယ်တိုင်လိုက်သွားပြီး ဦးရွှေသိန်းအား ကြုံတွေ့ခဲ့ရသည့်အခြေအနေ အရပ်ရပ်ကို ရှင်းလင်းပြောပြခဲ့၏။ ဦးရွှေသိန်းက လက်မခံပေ။ အမျိုးမျိုးဖျောင်းဖျပြောဆိုခဲ့၏။ ဦးရွှေသိန်းက ပယ်ချခဲ့၏။ ဦးချစ်ညွန့်က ရွှေလုပ်သည့်အလုပ်ကို ရပ်ပစ်နိုင်ရန်အတွက် အခြားသောလုပ်ငန်းတစ်ခုဖြင့် အစားထိုးပြောင်းလဲလုပ်ကိုင်နိုင်အောင် ငွေကြေးအရင်းအနှီးပါ အကူအညီပေးမည်ဖြစ်ကြောင်း မက်လုံးပေးပြီး စည်းရုံးသော်လည်း ခါးခါးသီးသီးပင် ငြင်းပယ်ခဲ့၏။

နောက်ဆုံး ဦးရွှေသိန်းက -

"ဒီမယ် ဦးချစ်ညွန့်၊ ခင်ဗျားဟာလေ လုံ့ဖျား ပုစဉ်းနား ကျိုးကန်းချေးပါ ဆိုတာလိုမျိုးဖြစ်နေပြီဗျ။ မဆီမဆိုင် ကြောက်လန့်တတ်ရန်ကောဗျာ။ ဦးထွန်းတင် သူ့ဘာသာသူ မတော်တဆမှုဖြစ်ပြီးသေတာကို ဘယ့်နှယ် - ကျုပ်တို့ရွှေလုပ်တဲ့လုပ်ငန်းနဲ့လာဆက်စပ်နေရတာလဲ။ ကျုပ်တို့ဒီနည်းကိုရဖို့ဘယ်လောက်ပေးဆပ်ခဲ့ရလဲဆိုတာ ခင်ဗျားလည်း သိရက်သားနဲ့ဗျာ။ ခင်ဗျားတို့ကျုပ်ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းရှင်းပဲပြောမယ်။ ဘယ်သူတွေ ဘာပဲပြောပြော ကျုပ်ဂရုမစိုက်ဘူး။ ဒီလုပ်ငန်းကိုကျုပ်ဘယ်တော့မှ မစွန့်လွှတ်ဘူး၊ ဆက်လုပ်မယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်ညွန့်လည်း မည်သို့မျှ မတတ်နိုင်တော့ဘဲ ပြန်လာခဲ့ရလေတော့၏။

**□ဘာမှမသိနားမလည်သေးသောကလေးငယ်၏လက်ထဲ သင်တုန်းဓားရောက်သွားသကဲ့သို့ဖြစ်ခြင်း**

အစွမ်းထက်ပါသည် ဟူသော ပညာရပ်နှင့်အတူ တစ်ပါတည်းတွဲပါလာ လေ့ရှိသည်ကား ဘေးအန္တရာယ် ဟူသည့် သဘောတရားပင် ဖြစ်၏။ သာဓကအားဖြင့်ဆိုရပါမူ အဏုမြူပညာရပ်နှင့်အတူ တစ်ပါတည်းတွဲပါလာသည်ကား ရေဒီယိုသတ္တိကြွမှုဘေးအန္တရာယ်ပင် ဖြစ်၏။ ထို့အတူ အဂ္ဂိရတ် ဟူသည့် ပညာရပ်နှင့်တစ်ပါတည်းတွဲပါလာသည့် ကောင်းကျိုး၊ ဆိုးပြစ်များကလည်း များပြားစွာပင်ရှိပါသည်။ ကောင်းကျိုးများကား ကျန်းမာရေး၊ အသက်ရှည်ရေးတို့တွင် အသုံးပြုနိုင်ခြင်း၊ ရောဂါဆိုးများကို ကုသပျောက်ကင်းစေနိုင်ခြင်း၊ ရွှေဖြစ်ငွေဖြစ်စေနိုင်ခြင်း၊ သိဒ္ဓိမဟိဒ္ဓိစျာန်အဘိညာဉ်များနှင့်ထွက်ရပ်ပေါက်စေနိုင်ခြင်းများဖြစ်စေနိုင်သကဲ့သို့ ထိုအကျိုးများ၏ဆန့်ကျင်ဘက်သဘောတရားများဖြစ်သည့်ရောဂါဘယထူပြောခြင်း၊ အသက်တိုခြင်း၊ ကုသ၍မရနိုင်သောရောဂါဆိုးများဖြစ်ခြင်း၊ အပါယ်လေးပါးသို့ကျရောက်စေနိုင်ခြင်း စသည့် ဘေးဆိုးများဖြင့်လည်း တလွဲအသုံးချမိပါက ကြုံတွေ့ရစေနိုင်ကြောင်းသိရမည် ဖြစ်ပါသည်။

လူအများအနေဖြင့် အဂ္ဂိရတ်လုပ်ငန်းနှင့်ပတ်သက်ပြီးလုပ်တော့မည်ဆိုလျှင် ဓာတ်အကြောင်း၊ မီးအကြောင်း၊ လုံအကြောင်း၊ ဖိုအကြောင်း စသည့် အကြောင်းခြင်းရာများလောက်သိလျှင် လုံလောက်ပြီဟု ထင်ကြ၏။ အဂ္ဂိရတ်ထိုး၍ ရွှေဖြစ်ခြင်း၊ မဖြစ်ခြင်းကား နောက်တစ်ဆင့်ဖြစ်၏။ လတ်တလော စထိုးသည်နှင့် ဓာတ်ပစ္စည်းများ မီးဖြင့်စတင်ထိတွေ့ရာမှ ဖြစ်ပေါ်လာသည့် ဓာတ်ပြောင်းလဲမှု ရှူရှိုက်ရသည့်အနံ့ဖြစ်ပေါ်စေသော လေထု၏ပြောင်းလဲမှု၊ ပတ်ဝန်းကျင်ရှိ လူသားများ၏ ရုပ်ခံ၊ ဓာတ်ခံအခြေအနေ၊ ဓာတ်ထိုးသူပုဂ္ဂိုလ်၏ ရုပ်ခံ၊ ဓာတ်ခံအခြေအနေ စသည်တို့ကို သုံးသပ်ရမည် ဖြစ်၏။

ပြဒါးနှင့် မီး ထိတွေ့လျှင် ဘာဖြစ်မည်နည်း၊ ဆေးဒန်းနှင့် မီး ထိတွေ့လျှင် ဘာဖြစ်မည်နည်း၊ ကန့်နှင့် မီး ထိတွေ့လျှင်ဘာဖြစ်မည်နည်း စသည့်အချက်တို့ကို ကောင်းစွာ သိရှိနားလည်သဘောပေါက်ရန်လိုပါသည်။ ဥပမာ ပြဒါးသည် မီးဖြင့် ထိတွေ့သည်နှင့် ပြေးထွက်ကာ လျော့တတ်သည့်အရာဖြစ်၏။ ထိုလျော့သွားသော ပြဒါးများသည် အဘယ်သို့ရောက်ရှိသွားပါမည်နည်း။ စဉ်းစားကြည့်ရန်လိုပါသည်။ ထိုပြဒါးသည် ထိုးသည့်ဖိုနှင့် အနီးပတ်ဝန်းကျင်တစ်ခုလုံးတွင် ပျံ့နှံ့ရောက်ရှိသွားမည် ဖြစ်၏။ ထိုသို့လွင့်ပျံ့သွားသော ပြဒါးအမှုန်အမွှားမော်လီကျူးများသည် အနီးရှိ လူသားများ၏ ခန္ဓာကိုယ်များသို့ လည်းကောင်း၊ အသက်ရှူရှိုက်ရာလေထုတွင်းသို့ လည်းကောင်း၊ လူအသုံးအဆောင်အိုးခွက်ပန်းကန်ခွက်ယောက်များအတွင်းသို့ လည်းကောင်း၊ စားသုံးသည့်အစားအစာများသို့ လည်းကောင်း၊ သောက်သုံးသည့်ရေများအတွင်းသို့ လည်းကောင်း ထိုးဖောက် ဝင်ရောက်သွားမည် ဖြစ်၏။ ထိုပျံ့လွင့်မှုသည် ဖိုထိုးသည့်နေရာမှ အနည်းဆုံး ကိုက် (၅၀) ကျော် (၁၀၀) အတွင်း လေသင့်လျှင်သင့်သလိုရောက်ရှိသွားမည် ဖြစ်၏။ ထို့ကြောင့် ထိုဓာတ်မှုန့်များပျံ့လွင့်မှုကို ဖိုအနီးဝန်းကျင်ရှိ လူများသာမက အခြားသော ဘေးဘီမှ လူများအထိပါ သွားရောက် ရိုက်ခတ်နိုင်၏။

ထိုပြဒါးစသည့်ဒြပ်မှုန့်များသည် အသားအရေကို ထိဖန်များလျှင် ထိုနေရာ၌ ပြဿနာပေါ်တတ်၏။ အလုံးအကျိတ်များ၊ အနာပေါင်းအနာဆွေးများဖြစ်တတ်၏။ အစားအစာ၊ ရေတို့မှတစ်ဆင့် ခန္ဓာကိုယ်ထဲရောက်သွားလျှင်လည်း အတိုင်းအဆမရှိသော အတိုင်းအတာပမာဏများကြောင့် ဘေးအန္တရာယ်ဖြစ်စေနိုင်၏။ ထိုထိုသောဓာတ်များအား မီးဖြင့်ထိုးသောကြောင့် ထွက်လာသော လျော့ပါးသွားသည့် ဓာတ်မှုန့်များ၊ အခိုးများ၊ အနံ့များကြောင့် ပတ်ဝန်းကျင်ရှိ လေထုသည် ညစ်ညမ်းနေမည်သာ ဖြစ်၏။ ထိုလေကို ရှူရှိုက်မိသောလူတို့၏ အသက်ရှူလမ်းကြောင်း၊ အဆုတ်တို့တွင် ဘေးအန္တရာယ်ကို ဖြစ်စေနိုင်သည့်အခွင့်အလမ်းများစွာရှိစေပါသည်။

ထို့အပြင် မည်သည့်ဓာတ်သတ္တုတစ်မျိုးမျိုးကိုဖြစ်စေ၊ ဓာတ်ပစ္စည်းကိုဖြစ်စေ၊ အပူပေးလျှင် ထိုပစ္စည်းများမှ ဓာတ်ရောင်ခြည်တစ်မျိုးထုတ်လွှတ်စေနိုင်ပါသည်။ထိုရောင်ခြည်တို့သည်လည်း လူသား၏ခန္ဓာကိုယ်အား အကြိမ်များစွာထိပါက အန္တရာယ်ဖြစ်စေနိုင်ပါသည်။ အဏုမြူကိုထုတ်ယူသည်မှာ ယူရေနီယမ်သတ္တုမှဖြစ်၏။ ၎င်းကို ဓာတ်ဖြိုခွဲစေပြီး ထုတ်ယူခြင်း ဖြစ်၏။ ထို့အတူ ပြဒါး၊ ဆေးဒန်း စသည်တို့ကို အပူပေးခြင်းသည်လည်း ဓာတ်ဖြိုခွဲမှုဖြစ်စေနိုင်သဖြင့် များစွာသတိပြုလုပ်ကိုင်ရမည်ဖြစ်၏။ ထိုသို့ မဟုတ်ပါက နာတာရှည်ရောဂါများ၊ ကုစားရခက်သော ပြင်းထန်သည့်ရောဂါဆိုးများကိုဖြစ်စေနိုင်သည်။ ထို့ကြောင့် ဖိုထိုးသည့်လုပ်ငန်းကို လူနေထူထပ်သည့်နေရာများတွင် မလုပ်သင့်ပေ။ မိမိပယောဂကြောင့် မိမိကိုယ်တိုင်အပြင် မိမိ၏အတူနေအိမ်သူအိမ်သားများကို လည်းကောင်း၊ မိမိပတ်ဝန်းကျင်ရှိလူနေအိမ်တို့မှလူများကိုလည်းကောင်း သွားရောက် ထိခိုက်စေနိုင်ပါသည်။ အထူးသဖြင့် ကလေးငယ်များ၊ ကိုယ်ခံအားနည်းပါးနေသူများ၊ သက်ကြီးရွယ်အိုများအဖို့ကား အထူးပင်ထိခိုက်စေနိုင်ပါသည်။ ဗုဒ္ဓဘာသာသဘောတရားများအရ မိမိပယောဂကြောင့် သူတစ်ပါးရောဂါဘယကျရောက်လျှင် မိမိ၌ကြီးစွာသောအပြစ်ဖြစ်စေနိုင်သည်ကို သတိပြုရပါမည်။

ထို့ကြောင့် အချို့သော အဂ္ဂိရတ်ပညာရှင်တို့သည် ဓာတ်လုံးတစ်လုံးတည်ရန်အတွက် ဓာတ်အကြမ်းအဆင့်များ (ဝါ) မီးမနေသေးသောဓာတ်ကို ဖော်သည့်အဆင့်အဂ္ဂိရတ်ထိုးလျှင် ရပ်ထဲရွာထဲမလုပ်ဘဲ လူနေဝေးလံသည့်အရပ်များတွင် သွားရောက်ဖမ်းပြီး ပုံမှန်မီးနေသော ဓာတ်ရင့်အဆင့်သို့ရောက်သောအခါတွင်မှ ရပ်ထဲရွာထဲတွင်နေပြီးဆက်ထိုးလေ့ရှိသည့် သဘောတရားသည်လည်း အရေးပါသဖြင့် မှတ်သားဖွယ်ကောင်းပါသည်။

ထိုသို့မဟုတ်ဘဲ ငါဖြစ်လျှင်ပြီးရော၊ ငါအဆင်ပြေလျှင်ပြီးရောသောမျိုးခံယူကာ ဘယ်သူသေသေ ငတော လျှင်ပြီးရောလုပ်ကိုင်ပါက အထက်လမ်းစဉ်များနှင့် လွန်စွာဝေးကွာသွားမည်သာဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဝိဇ္ဇာဓရထွက်ရပ်လမ်းစဉ်သည် ကုသိုလ်လုပ်ငန်းစစ်စစ်သာ ဖြစ်သောကြောင့်တည်း။ အကုသိုလ်ဟု ယူဆရမှုမှန်သမျှတို့သည် မြူမျှမထင် ကင်းစင်နိုင်လေကောင်းလေဖြစ်သောကြောင့်ပင်ဖြစ်၏။ ဝိဇ္ဇာဓရလမ်းစဉ်တွင် သတိသည် အခရကျသောနေရာမှ အဓိကပြဋ္ဌာန်းကြောင်း ကောင်းစွာ ခံယူကျင့်သုံးရမည်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပါသည်။

ထပ်မံ၍ သတိပြုရမည်မှာ ဝိဇ္ဇာဓရလုပ်ငန်းဖြစ်သော အဂ္ဂိရတ်လုပ်ငန်းတွင် ဆေးဝါးဖော်စပ်သည့်လုပ်ငန်းလည်း ပါဝင်၏။ ထိုဆေးဝါးများကိုလည်း ဘေးအန္တရာယ်အကင်းဆုံးဖြစ်အောင် ဆောင်ရွက်ရပါမည်။ ကျွမ်းကျင်ပိုင်နိုင်ရပါမည်။ သို့မဟုတ်ပါကလည်း ဤဝိဇ္ဇာဓရဆေးဝါးလုပ်ငန်းသည်လည်း ဘုသိုလ်လုပ်ငန်းအဖြစ်မှ ရွေ့လျားကာ အကုသိုလ်လုပ်ငန်းအဖြစ် ပြောင်းလဲသွားနိုင်သည်ကိုလည်း သတိပြုရမည်ဖြစ်ပါသည်။ တတ်ယောင်ကားမလုပ်မိစေရန် အထူးအရေးကြီးပါသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး ဉာဏာဘိဝံသ ဓမ္မာစရိယ မဟာမဓ္မရာဇာဓိရာဇဂုရုဘွဲ့ တံဆိပ်တော်ရ တောင်တွင်းဆရာတော်ဘုရားကြီးပျော်က သူ၏ဒွါဒသိမ်ကျမ်းတွင် ဓာတ်ဆေးတို့နှင့် ပတ်သက်၍ မိန့်ဆိုထားသည်မှာ -

၁ ဒုတ္ထာဗဟန်း၊ ဆေးဒန်း၊ လက်ချား၊ စိန်၊ ပြဒါးဝိုင်း၊ ဟင်းရိုင်း၊ သံ၊ ကြွပ်၊ သွပ်နှင့်ကန့်မော်၊ ဓာတ်ကိုမျှော်၍ တွင်ခေါ်သည်များ၊ တစ်ပါးပါးကိုဉာဏ်သွားနှင့်သတ်၊ ဓာတ်ချင်းဖြတ်လော့၊ မီးရပ်မီးနေ၊ သိပါလေမူ၊ များထွေရောဂါ၊ ဆေးအစာကို ကုပါဆို၏။ ဓာတ်ကိုမကျွမ်း၊ ဉာဏ်မထွန်းလင်း၊ ဖြစ်လေခြင်းကြောင့် ကွေ့ကွင်းတိမ်းပါး၊ ငရဲများသည် ပြဒါးဆေးဒန်း ကိုးပါးလမ်းတွင် အရင်စမ်းဟုံ၊ ကွာလှမ်းဉာဏ်စ၊ ဖမ်းမရက၊ များလှရောဂါ မကုပါနှင့်။ သူနာပင်ဝေး၊ ရသာဆေးကို၊ မကျွေးရှောင်ခွာ သက်ထုတ်စာကို၊ များစွာလူဗိုလ် ကဲ့ရဲ့ဆိုလိမ့်၊ ဉာဏ်အိုဉာဏ်မွဲအမြင်နည်းကာ၊ တင့်ရဲ့ယောင်ယမ်း -

ဟု ရေးဖွဲ့ပြီး အထူးပြု ဖော်ပြထားသည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

ပေါ့စေလို၍ ကြောင်ရုပ်ထိုး၊ ဆေးအတွက်လေး ဟူသည့် အဖြစ်မျိုး မဖြစ်သင့်ပေ။ ထို့ကြောင့် အဂ္ဂိရတ်ပညာလမ်းစဉ်ကို ထွက်ရပ်ပေါက်အဆင့်အထိလိုက်သည့်ပုဂ္ဂိုလ်အတွက်ကား အလေးထားစရာ၊ ဂရုပြုစရာ၊ စောင့်ထိန်းစရာကိစ္စတို့ကား မြောက်မြားစွာပင်ရှိနေပါသည်။ အလွန်ပင် ထိလွယ်ရှလွယ်အခြေအနေမျိုးဟူသည်ကိုလည်း သတိပြုရပါမည်။ သာမကအဖြစ် ထုတ်ဆောင်ပြရပါမူ အပ်ဖျားပေါ် မုန်ညင်းစေ့တင်ထားသကဲ့သို့ အခြေအနေမျိုးဟုဆိုလျှင် ပိုပြီးသင့်လျော်မည်ထင်ပါသည်။

ထို့ကြောင့် ထွက်ရပ်ပေါက်ဝိဇ္ဇာဓရအဂ္ဂိရတ်လမ်းစဉ်လိုက်သည့် ပုဂ္ဂိုလ်အဖို့ကား ရွှေဖြစ်၊ ငွေဖြစ်လုပ်စားသည့်လမ်းစဉ်ကို အထူးရှောင်ရှားရခြင်း၊ မိမိနှင့်တကွ ပတ်သက်ဆက်နွှယ်နေသော လူအများ ဘေးအန္တရာယ်ကင်းအောင် ဂရုပြုရခြင်း၊ အဂ္ဂိရတ်ထိုးရာတွင်ဖြစ်စေ၊ ဆေးကုသမှုပြုရာတွင်ဖြစ်စေ သတိနှင့်ဉာဏ်ပညာတို့ကို ဦးစီးရှေ့ဆောင်ပြုရခြင်း၊ လူအများအကျိုးရှိရာရှိကြောင်းကိစ္စများနှင့် ပတ်သက်၍လည်း ထာဝစဉ်ရှေးရှုစဉ်းစားမှုမျိုးရှိရခြင်း၊ အချိန်မရွေးကျရောက်လာနိုင်သည့် လောဘ၊ ဒေါသ၊ မောဟတို့ကြောင့်ဖြစ်ပေါ် လာနိုင်သည့် ဘေးအန္တရာယ်ပေါင်းများစွာကို ဂရုပြုရခြင်းတို့ ဖြစ်၏။ ထို့အပြင် ဤလမ်းစဉ်လိုက်စားသည့်ပုဂ္ဂိုလ်များအတွက် အရေးကြီးဆုံးမှာ အရှယ်မတိုင်မီ (ဝါ) သေဆုံးချိန်မတိုင်မီ သေဆုံးရသည့် အကာလမရဏမကျရောက်စေရန်ပင် ဖြစ်၏။ မိမိတို့သည် ကံနှင့်ကံ၏အကျိုးကို ယုံကြည်သည့်ဗုဒ္ဓဘာသာဝင်များဖြစ်သည့်အားလျော်စွာ မိမိ၏ အကာလမရဏကို အလိုမရှိပါက အခြားသောပုဂ္ဂိုလ်များအား အကာလမရဏမကျရောက်စေရန် သတိပြုလုပ်ကိုင်ရမည့်တာဝန်ရှိပါသည်။

အဂ္ဂိရတ် ဝိဇ္ဇာဓရလမ်းစဉ်သည် အခြားသော ဝိဇ္ဇာဓရလမ်းစဉ်များဖြစ်သည့် အင်းဝိဇ္ဇာလမ်းစဉ်၊ ဆေးဝိဇ္ဇာလမ်းစဉ်၊ မန္တန်ဝိဇ္ဇာလမ်းစဉ်တို့နှင့် ယှဉ်ထိုးစဉ်းစားကြည့်ပါက ဘေးအန္တရာယ်များစွာပိုမိုနိုင်သည့်လမ်းစဉ် ဖြစ်၏။ အခြားသောဝိဇ္ဇာဓရလမ်းစဉ်များက လုပ်နည်းလုပ်ဟန်မှားယွင်းခဲ့လျှင်တောင် မဖြစ်သာဘဲရှိချင်ရှိပါမည်။ ဘေးအန္တရာယ်တော့မဖြစ်စေနိုင်ပေ။ အဂ္ဂိရတ်ဝိဇ္ဇာလမ်းစဉ်ကား ထိုသို့မဟုတ်ပေ။ လုပ်နည်းလုပ်ဟန်မှားသွားလျှင်ကား မဖြစ်နိုင်တော့သည့်အပြင် ဘေးဆိုးအန္တရာယ်ဆိုးပါ ကျရောက်လာနိုင်သည်ကိုလည်း ဂရုပြုရပါမည်။ ဆိုလိုသည်မှာ ထွက်ရပ်ပေါက်ရန်ပင်ဝေးစွ၊ အကာလမရဏနှင့်သာ နှစ်ပါးသွားရမည့်အဖြစ်ကိုလည်း လျှော့တွက်၍မရပေ။

ထို့ကြောင့် ရှေးရှေးသော အာစရိယဆရာသခင်တို့၏ ဩဝါဒအရဆိုပါမူ လူပုဂ္ဂိုလ်တစ်ဦးသည် အဂ္ဂိရတ်လမ်းစဉ်ဖြင့် ဝိဇ္ဇာဓရထွက်ရပ်ပေါက်လုပ်ငန်းကို လုပ်ကိုင်တော့မည်ဟု မည်မျှပင်ပိုင်းဖြတ်ထားသည်ဖြစ်စေ၊ သီလ၊ သမာဓိ၊ ပညာများ ရင့်သန်စေရန်အတွက် ရှေးဦးစွာ အင်းခံ၊ ဆေးခံ၊ မန္တန်အခံများရှိရပြီး ပိုင်နိုင်ပြီဆိုသောအခါတွင်မှ အဂ္ဂိရတ်လမ်းစဉ်ဖြင့် ပြီးဆုံးဆောင် ဆက်လက်ဆောင်ရွက်သင့်သည် ဟူသော အကြံပြုမိန့်မှာချက်များကိုလည်း အလေးထားစဉ်းစားသင့်၏။

ဤကိစ္စနှင့်ပတ်သက်ပြီး အထက်၌ဖော်ပြခဲ့သော ဦးချစ်ညွှန့်နှင့် ဦးရွှေသိန်းတို့၏ အဖြစ်အပျက်တွင်လည်း သင်ခန်းစာယူဖွယ်ရာများစွာပါရှိနေပါသဖြင့် ဆက်လက် ဖော်ပြလိုပါသည်။

ဦးချစ်ညွှန့်သည် သူ၏မိတ်ဆွေရင်းချာတစ်ဦးဖြစ်သော ဦးရွှေသိန်းအား မိမိကိုယ်ကျိုးအတွက် ရွှေဆက်မလုပ်ရန် ဖျောင်းဖျပြောဆိုသော်လည်း မည်သို့မျှ လက်မခံသည့်အဆုံးတွင် လက်လျှော့၍ သူ၏နေရပ်သို့ပြန်လာခဲ့၏။ ထို့နောက် ဦးချစ်ညွှန့်သည် ဦးချစ်သိန်းနှင့်ပတ်သက်သမျှသောအရာအားလုံးကို မေ့ဖျောက်ထားလိုက်၏။ ဤသို့ဖြင့် အချိန်ကာလတို့သည် သုံးနှစ်သုံးမိုးကုန်လွန်သွားခဲ့ပြီဖြစ်၏။ ဤနောက်ပိုင်းတွင်မှ ဦးချစ်ညွှန့်သည် ဦးရွှေသိန်းနှင့် ပြန်လည်ဆက်စပ်ကာ သတင်းစကားတစ်ခုကို ကြားရတော့၏။

မိုးများသဲသဲမဲမဲရွာသွန်းနေသော နေ့တစ်နေ့၏ညနေပိုင်းတွင် ဦးချစ်ညွှန့်ထံသို့ ဖုန်းတစ်ခုဝင်လာခဲ့၏။

"ဟဲလို - ဦးချစ်ညွှန့်လား"

ဟူသည့် ကတုန်ကယင်ဖြစ်သော အသံမျိုးဖြင့် ပြတ်တောင်းပြတ်တောင်း မေးလိုက်သည့် အသံတစ်သံကို ကြားလိုက်ရသဖြင့် ဦးချစ်ညွှန့်လည်း ကပျာကယာပင် -

"ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် ဦးချစ်ညွှန့်ပါ။ ဘာကိစ္စရှိလို့ပါလဲခင်ဗျာ၊ ဘယ်သူပါလဲခင်ဗျာ"

ဟု တစ်ဆက်တည်းပြောလိုက်ရာ-

"ဦးချစ်ညွှန့်၊ ကျွန်တော်ပါ ရွှေသိန်းပါ"

"ဟာ - ဦးရွှေသိန်း၊ ခင်ဗျားအသံလို့တော့ ထင်သားကလား။ ဝမ်းသာလိုက်တာဗျာ၊ အခုဘယ်ကဆက်တာလဲ"

"ရန်ကုန်ကပဲဆက်တာ၊ အခု ကျွန်တော် ရန်ကုန်ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားကို သတိရတာနဲ့ ဆက်လိုက်တာ။ အဟွပ်. . . အဟွပ်”

“ဒါနဲ့ ခင်ဗျား ရန်ကုန်ကိုဘာလာလုပ်တာလဲ”

“ကျွန်တော့်ဇနီး ဆေးရုံတက်နေရတယ်။ အခု ရန်ကုန်ဆေးရုံကြီးမှာ”

“ဟုတ်လား၊ ဘာဖြစ်လို့တုံး”

“အသေအချာတော့မသိသေးပါဘူးဗျာ။ အစာအိမ်သွေးကြောပေါက်တယ်လို့တော့ပြောပါတယ်။ ခွဲစိတ်ရမလားမသိပါဘူးဗျာ။ ဒါပေမယ့် လူကတော့ ဝမ်းအမည်းရောဂါသွားပြီး အားကလည်း အရမ်းကိုနည်းနေတယ်။ ကျွန်တော်တို့ကနယ်မှာနေတာမဟုတ်လား။ အဲဒါနဲ့ကြန့်ကြာသွားတာလည်းပါတယ်။ အဟွပ်. . . အဟွပ်. . . အဟွပ်”

“ဟင်-ခင်ဗျားလည်း ချောင်းဆိုးလိုက်တာ။ ကိုယ့်ကျန်းမာရေးလည်း ဂရုစိုက်ဦး”

ဟု ဦးချစ်ညွန့်က ပြောလိုက်ရာ ဦးရွှေသိန်းက-

“ဟုတ်ကဲ့ပါ၊ မိန်းမကိစ္စပြီးမှပဲ အေးအေးဆေးဆေးကုလို့ရတော့မယ်။ အင်း - ချောင်းဆိုးတာက အဟွပ် . . . အဟွပ် နည်းနည်းတောင်ကြာပြီ”

“အင်း၊ အင်း - ဟုတ်ပြီ၊ ဟုတ်ပြီ။ ရန်ကုန်ဆေးရုံကြီးကို ကျွန်တော်လာခဲ့မယ်”

ဟု ပြောဆို၍ ဦးချစ်ညွန့်သည် ဖုန်းချပြီးသည်နှင့် ရန်ကုန်ဆေးရုံကြီးသို့ ထွက်ခွာသွားလေတော့၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး (၃) လခန့်အကြာတွင် ဦးချစ်ညွန့်သည် ဦးရွှေသိန်းနေထိုင်ရာနယ်မြို့သို့သွားသည့်ခရီးလမ်းတွင် ရောက်ရှိနေခြင်းဖြစ်၏။ ထိုနေရာသို့ ဦးချစ်ညွန့်သွားရောက်ရသည့်အကြောင်းမှာ သူ၏အရင်းနှီးဆုံးမိတ်ဆွေဖြစ်သည့် ဦးရွှေသိန်း ရုတ်တရက် ကွယ်လွန်သွားသောကြောင့် ဖြစ်၏။ ထို့ကြောင့် ဦးချစ်ညွန့်သည် စိတ်ထိခိုက်ကြေကွဲစွာဖြင့် ဦးရွှေသိန်း၏ဈာပနကိုပို့ဆောင်ရန်လာရောက်ခဲ့ခြင်းဖြစ်၏။ ကားပေါ်တွင် စီးနင်းလိုက်ပါသွားရင်း ဦးရွှေသိန်းနှင့် ပတ်သက်ခဲ့ရသည်များကို ပြန်ပြောင်းသတိရမိ၏။

သူတို့သည် လွန်ခဲ့သည့် ဆယ်နှစ်ကျော်ကာလကတည်းက အတူတွဲပြီး ရွှေဖြစ်မည့်နည်းလမ်းကိုရှာဖွေခဲ့ကြ၏။ ဆယ်နှစ်ကျော်ခက်ခက်ခဲခဲရှာဖွေတွေ့ရှိသောအခါတွင်ကား ရွှေလုပ်ခဲ့၏။ ရွှေဖြစ်ခဲ့၏။ သို့သော် ဆရာကြီးထွန်းလှိုင်ကကန့်ကွက်ဟန့်တားခဲ့၏။ ရွှေဆက်လုပ်ပါက သေမည်ဖြစ်ကြောင်း ဆရာကြီးပြောခဲ့၏။ ဆရာကြီးပြောပြီး မကြာမီ ဦးထွန်းတင်တစ်ယောက် ဥပစ္ဆေဒကကြောင့် သေဆုံးရပြီးနောက်ပိုင်း သူသည် ရွှေလုပ်သည့်လုပ်ငန်းကို အပြီးတိုင် စွန့်လွှတ်ခဲ့၏။ ကျန်သော ဦးရွှေသိန်းကိုလည်း သူအမျိုးမျိုးဖျောင်းဖျကြည့်ခဲ့၏။ လုံးဝလက်မခံဘဲ အပြင်းအထန် ဆန့်ကျင်ခဲ့၏။ သူဘာသာဆက်လုပ်ခဲ့၏။ သူသည် ရွှေများ အတော်ပင် လုပ်ဖြစ်သွားဟန်တူ၏။ သို့သော် (၃) နှစ်အကြာတွင် သူ့ဇနီးဖြစ်သူ အစာအိမ်သွေးကြောပေါက်ပြီး ရန်ကုန်ဆေးရုံကြီး၌ ကုသမှုခံယူခဲ့ရ၏။ သို့သော် အလာကောင်းသော်လည်း အခါနှောင်းခဲ့ပြီ ဖြစ်၏။ ခွဲစိတ်ရန်ပြင်ဆင်နေချိန်၌ပင် ကွယ်လွန်အနိစ္စရောက်ခဲ့၏။

ဦးရွှေသိန်း၏ဇနီး သေဆုံးပြီးသောအချိန်၌ ဆေးရုံမှ ရင်ခွဲစစ်ဆေးသောအခါတွင်ကား အစာအိမ်၊ အစာမျိုပြွန်၊ အူသိမ်တို့နှင့် အခြားသောကိုယ်တွင်းကလီစာများ၌ ဒဏ်ရာများ၊ အနာများ၊ အပေါက်များကို တွေ့ခဲ့ရသဖြင့် ဦးချစ်ညွန့်သည် ထိုအချိန်ကတည်းက အထူးပင်အံ့အားသင့်ခဲ့ရ၏။ ယခုတွင်မှ ပြန်လည်စဉ်းစားကြည့်မိသည်မှာ ဦးရွှေသိန်း၏ဇနီးသည် ရွှေလုပ်သည့်လုပ်ငန်းတွင် ကိုယ်တိုင်ဝင်၍အနီးကပ်လုပ်ကိုင်ခဲ့ဟန်တူ၏။ သူတို့သည် ရွှေလုပ်ရာတွင်လည်း အတော်ပင် လောဘတကြီးနှင့် ပြင်းပြင်းထန်ထန် လုပ်ကိုင်ခဲ့ကြဟန်တူ၏။

ယခု ဇနီးသည် သေဆုံးပြီး (၃) လခန့်အကြာတွင် ဦးရွှေသိန်းပါ သေဆုံးသွားခဲ့ပြန်၏။ ထို့ကြောင့် ဦးချစ်ညွန့်အနေဖြင့် သူတို့အကြောင်းကိုတွေးမိပြီး အတော်ပင် ထိတ်လန့်ကြောက်ရွံ့နေမိ၏။ ဦးရွှေသိန်းတို့ ယခုကဲ့သို့သေဆုံးသွား ကြရခြင်းမှာ ဆရာကြီးဦးထွန်းလှိုင်ပြောသကဲ့သို့ ရွှေလုပ်ကြသဖြင့် ကျိန်စာသင့်ခြင်းလော။ ပြဒါးများ၊ ဆေးဒန်းများကို အလွန်အမင်းထည့်ပြီး ဖိုထိုးသဖြင့် ထွက်လာသော ဓာတ်မှုန်ဓာတ်မွှားများ၊ အခိုးအငွေ့များကိုရှူရှိုက်ရခြင်း၊ ထိခိုက်ရခြင်းတို့ကြောင့် ကိုယ်တွင်းအင်္ဂါများ ထိခိုက်ပျက်စီးရခြင်းလောဟု စဉ်းစားရင်းဖြင့် ဦးရွှေသိန်းနေထိုင်ခဲ့သည့်နေရာသို့ ရောက်ရှိခဲ့လေတော့၏။

ဦးချစ်ညွန့်တစ်ယောက် ဦးရွှေသိန်း၏ခြံဝသို့ရောက်ရှိသောအခါ ဦးရွှေသိန်း၏အိမ်ကိုကြည့်ပြီး အလွန်ပင်အံ့[...] ပြီး ပါးစပ်အဟောင်းသားဖြစ်သွားခဲ့[...] အဘယ်ကြောင့်ဆိုသော် လွန်ခဲ့သည့်[...] လေး၊ ငါးနှစ်ခန့်က ဦးချစ်ညွန့်သည်[...] ဤအိမ်သို့ရောက်ခဲ့ဖူး၏။ ထိုစဉ်က ဤ[...] အိမ်သည် တဲသာသာဗျဉ်ထောင်အိမ်[...] လေးတစ်လုံးသာဖြစ်၏။ ယခုအခါတွင်[...] ကား ဦးရွှေသိန်း၏အိမ်သည် ကြီးကျယ်[...] ခမ်းနားလှသော နှစ်ထပ်တိုက်ကြီးဖြစ်[...] ၏။ အိမ်ထဲသို့ရောက်ရှိသွားသောအခါ[...] တွင်လည်း အဆင့်အတန်းမြင့်မားလှ[...] သည့် အိမ်ထောင်ပရိဘောဂအသုံး[...] အဆောင်ပစ္စည်းများကို တွေ့ရလေ[...] ဦးချစ်ညွန့်အိမ်ထဲသို့ရောက်သောအခါ[...] ဦးရွှေသိန်း၏သမီးဖြစ်သူက ခရီးဦးကြို[...] နှုတ်ဆက်ခြင်းပြုလေ၏။

ဦးရွှေသိန်း၌ သမီးတစ်ယောက်[...] သားတစ်ယောက်ကျန်ရစ်ခဲ့၏။ သို့သော်[...] ထိုကလေးများသည် ရင့်ကျက်သော[...] အရွယ်များမဟုတ်ကြပေ။ သမီးဖြစ်သူ[...] က ဆယ်တန်းအရွယ်ဖြစ်ပြီး သားဖြစ်သူ[...] က ရှစ်တန်းအရွယ်သာရှိကြသေး၏[...] ထို့ကြောင့် ဦးချစ်ညွန့်သည် ကလေးများ[...] အပေါ် အထူးပင်ကရုဏာသက်မိ[...] ယခုအရွယ်လေးများနှင့်ပင် သူတို့၏[...] ဘဝရှေ့ရေးအတွက် သူတို့ခြေထောက်[...] ပေါ် သူတို့ရပ်ကြရတော့မည် ဖြစ်[...] ဦးရွှေသိန်းအနေဖြင့်တော့ သူ့ကလေး[...] များအတွက် အတော်ပင် စုစုဆောင်း[...] ဆောင်းရှာထားခဲ့ပေလိမ့်မည်ဟု တွေး[...] ပြန်သဖြင့် အတန်ပင်စိတ်သက်သာ[...] ရခဲ့ပြန်၏။ ထို့နောက် ဦးချစ်ညွန့်[...] ဦးရွှေသိန်း၏သမီးအား ဦးရွှေသိန်း[...] သေဆုံးပုံသေဆုံးနည်းကိုသိလိုသဖြင့်[...]

“သမီးလေး၊ ညည်းအဖေ ဦးရွှေ[...] သိန်းဘယ်လိုဖြစ်ပြီးသေရတာလဲ။ အဘ[...] ကို ပြောပြပါဦး”

“အဘရယ်၊ အဖေဆုံးပုံဆုံးနည်း[...] ပြောရရင် အံ့သြစရာကြီးပဲ။ သမီးတို့[...] လည်း ရုတ်တရက်ကြီးဆိုတော့ ဘယ်လို[...] မှ နားမလည်နိုင်ပါဘူး”

“ဟင်-ဘယ်လိုများဖြစ်လို့လဲသမီး[...] ရဲ့၊ ရုတ်တရက်ကြီးဆိုတာ”

“ဒီလိုပါ အဘရယ်၊ အဖေကအ[...] ရောဂါမှလည်း ကြီးကြီးကျယ်ကျယ်ဖြစ်[...] မရပါဘူး။ ချောင်းလေးနည်းနည်းဆို[...] တာလောက်ပဲရှိပါတယ်။ သွားသွားလာ[...] လာ အကောင်းကြီးပါ။ အိပ်ရာထဲလဲ[...] တာလည်း မဟုတ်ပါဘူး။ နောက်ဆုံး[...] ဆုံးခါနီးအထိ သမီးတို့နဲ့အတူတူ[...] စာစားနေတာ”



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ဘယ်လို သမီး၊ ညနေက အတူတူစားနေခဲ့တယ် ဟုတ်လား"

"ဟုတ်ပါတယ်၊ ထမင်းစားနေတာက သားအဖသုံးယောက်ထမင်းစားနေကြတာပါ။ သမီးရယ်၊ မောင်လေးရယ်၊ ဖေဖေရယ်၊ သုံးယောက်သား ပျော်ပျော်ကြီး ထမင်းစားနေကြတာပါ။ ဖေဖေက တောင် သမီးနဲ့ မောင်လေးကို လိမ်လိမ်မာမာနေကြဖို့မှာသေးတယ်။ အဲ-ထမင်းစားလို့တစ်ဝက်လောက်ပြီးတဲ့အချိန်မှာ ထမင်းဝိုင်းရဲ့အပေါ်တည့်တည့် ခေါင်းမိုးပေါ်လောက်က 'တောက်' ဆိုတဲ့ အသံကျယ်ကြီးနဲ့ တောက်ခေါက်သံတစ်ချက် ကြားလိုက်တယ်။ ဘာမှမတွေ့ရဘူး၊ ဒါနဲ့ ဘယ်ကလာတဲ့အသံလဲဆိုပြီး ဘေးဘီကို ဝေ့ဝိုက်ကြည့်လိုက်တယ်။ ဘာမှမတွေ့ဘူး။ အဲဒီအချိန်မှာပဲ ဒုန်းဆိုတဲ့ အသံကြီးကြားလိုက်ရတာနဲ့ဘယ်ကလာတဲ့အသံလဲဆိုပြီး စဉ်းစားကြည့်လိုက်တော့ အဖေ့ဘက်ကလာတဲ့အသံပဲလို့ ထင်လိုက်တာနဲ့ အဖေ့ဘက်လှည့်ကြည့်လိုက်ပါတယ်။ အဲဒီအချိန်မှာ အဖေဟာ စားနေတဲ့ထမင်းပန်းကန်ပေါ် မျက်နှာကြီးမှောက်ကျနေပြီး မလှုပ်မယှက်ဖြစ်နေတော့ သမီးတို့လည်း စိတ်ပူပြီး လှုပ်နှိုးကြပါတယ်။ ဘယ်လိုမှမရတော့ပါဘူး အဘ..."

ဟု ပြောပြီး ကလေးမလေးသည် သူ့အဖေအတွက်စိတ်ထိခိုက်သွားသဖြင့် ငိုရှိုက်ဖြစ်နေလေ၏။ သူမ၏စကားများလည်း မောဟိုက်ပင်ပန်းနေသည့် အသွင်အမျိုးဖြင့် တော်တော်နှင့်စကားဆက်နိုင်ဘဲဖြစ်နေသဖြင့် ဦးချစ်ညွန့်က-

"သမီး၊ ဖြည်းဖြည်းပြောပါ စိတ်လျှော့ပါကွယ်။ တအားကြီးလိုက်ပြီး မစားနဲ့နော်"

"ဟုတ် ဟုတ်၊ ဟုတ်ကဲ့ပါ အဘ။ အဖေ့ကိုသတိရသွားလို့ပါ"

"ညဦးအဖေက ထမင်းစားနေရင်း လန်းလန်းကြီးဟုတ်လား၊ ဘယ်လိုဖြစ်တာလဲ၊ လူကောင်းလိုပဲ ထမင်းထိုင်စားနေတုန်းဖြစ်တာဆိုတော့ စဉ်းစားရခက်လှပါလဲ"

"ဟုတ်တယ် အဘရဲ့၊ သမီးတို့လည်း အဲဒါကြောင့် အံ့ဩနေကြရတာ ဘယ်လိုမှနားမလည်နိုင်ပါဘူး"

"အဲဒါနဲ့ သမီးတို့လည်း ဘာဆက်လုပ်ကြသေးလဲ"

"သမီးတို့လည်း ဖေဖေကို ခေါ်ကြတယ်။ ဘယ်လိုမှခေါ်လို့မရတာနဲ့ ဆေးရုံကိုသယ်သွားကြတယ်။ ဆေးရုံရောက်တော့ ဆရာဝန်တွေက စမ်းသပ်ကြတယ်။ ဆုံးပြီလို့ပြောတယ်။ အဲဒါနဲ့ သမီးတို့လည်း သဂြိုဟ်ဖို့အတွက် သေစာရင်းတောင်းတော့ သူတို့က ဒီအတိုင်း ရေးပေးလို့မရဘူး။ ဆုံးပြီးမှ ဆေးရုံရောက်လာတဲ့အတွက် ရင်ခွဲစစ်ဆေးပြီးမှရမယ်လို့ဆိုတာနဲ့ သမီးတို့လည်း ရင်ခွဲစစ်ဆေးဖို့ သဘောတူလိုက်ရတယ်"

"ရင်ခွဲစစ်ဆေးတယ်ဟုတ်လား။ ရင်ခွဲတော့ ဘာတွေ့လဲသမီးရဲ့၊ စိတ်ဝင်စားစရာပဲ"

"ရင်. . . ရင်ခွဲတော့ အဆုတ်မှာ အပေါက်ကြီးတွေ့တယ်တဲ့။ ဘယ်ကနေ ဘယ်လိုအပေါက်ကြီးဖြစ်သွားလဲတော့ မသိပါဘူး ဘဘရယ်"

ဟု စကားကို လက်စသတ်ပြီး နောက် ဦးရွှေသိန်း၏သမီးသည် အတော်ပင်နွမ်းနယ်မောပန်းနေဟန်ဖြစ်နေတော့၏။

ထိုကို ဂရုပြုမိသော ဦးချစ်ညွန့်က -

"သမီးကြည့်ရတာ စကားပြောရုံနဲ့တင်အတော်မောပန်းနေတဲ့ပုံပဲ။ ဒီလိုဖြစ်တာ သမီးအဖေရဲ့ နာရေးကြောင့် ပင်ပန်းပြီးဖြစ်တာလား ဒါမှမဟုတ် အရင်ကတည်းကဖြစ်တာလား"

"အင်း - ဘယ်လိုပြောရမလဲ။ အရင်တုန်းကတော့ ကောင်းပါတယ်။ နောက်မှဖြစ်တာပါ။ အဖေမဆုံးခင် တစ်လလောက်တုန်းက အရမ်းမောမော လာလို့ ဆရာဝန်နဲ့ပြကြည့်ဖူးတယ်"

"အဲဒီလိုပြကြည့်တော့ ဆရာဝန်က ဘာပြောလဲ၊ ဘာရောဂါရှိတယ်တဲ့လဲ"

"ဆရာဝန်ကပြောတော့ နှလုံးအဆို့ရှင်တံခါးပျက်တယ်လို ပြောတယ်။ လောလောဆယ် ဆေးသောက်ဖို့ဆေးတစ်လစာပေးလိုက်တယ်။ တစ်လပြည့်တော့ ပြန်ပြဖို့မှာလိုက်ပါတယ် အဲ-ဆေးသောက်လို့တစ်လပြည့်တော့ အဖေ့နာရေးဖြစ်နေတာနဲ့ ပြန်မပြရသေးပါဘူး"

"ဒါနဲ့သမီး အခုလို ဆေးတစ်လသောက်တော့ဘယ်လိုနေလဲ၊ သက်သာရဲ့လား ဒါမှမဟုတ် အရင်လိုပဲလား"

"ဘယ်လိုပြောရမှန်းတောင်မသိတော့ပါဘူး ဘဘရယ်။ ဘယ်လိုမှမထူးဘူး၊ ပိုဆိုးလာသလားတောင်ထင်ရတယ်"

"ဟင် - ဒါဆို မဖြစ်ဘူး သမီး။ ဘဘ ရန်ကုန်ပြန်ရင် သမီးလိုက်ခဲ့။ ရန်ကုန်မှာ သေသေချာချာကုမှဖြစ်တော့မယ်"

"အဲဒီလို သမီးလိုက်လို့ဖြစ်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ သမီးရဲ့"

"အခုဒီမှာက သမီးနဲ့ မောင်လေး (၂) ယောက်ပဲရှိတော့တာလေ။ သမီး ဘဘနဲ့ ရန်ကုန်ကလိုက်သွားရင် ဒီမှာ မောင်လေးတစ်ယောက်တည်းကျန်ခဲ့မှာဆိုတော့ မဖြစ်နိုင်ဘူး။ စိတ်ညစ်ပါတယ် ဘဘရယ်"

"တဲ၊ ကဲ - ဘာမှစိတ်ညစ်မနေနဲ့၊ သမီးမောင်လေးပါ တစ်ပါတည်းခေါ်ခဲ့တော့။ ဒီအိမ်ကြီးကိုပိတ်ထားပြီး ရပ်ရွာလူကြီးတွေဆီအပ်ထားခဲ့ပေါ့။ ကဲ-စီစဉ်စရာရှိတာ မြန်မြန်စီစဉ်ပေတော့ သမီး"

❑

သို့ဖြင့် ဦးချစ်ညွန့်သည် ဦးရွှေသိန်း၏သားနှင့်သမီးအား ရန်ကုန်ခေါ်လာခဲ့၏။ သမီးဖြစ်သူအား အထူးကုဆရာဝန်ကြီးများနှင့် ပြသနေစဉ် သားဖြစ်သူ ကလေးငယ်သည် တစ်နေ့တခြား ဖြူဖပ်ဖြူရော်ဖြစ်လာသဖြင့် ဦးချစ်ညွန့်သည် စိုးရိမ်ပြီး အထူးကုဆရာဝန်ကြီးများနှင့် ပြသခဲ့၏။ ထိုအခါ ဆရာဝန်ကြီးက သွေးစစ်ကြည့်မှဖြစ်မယ်ဆိုပြီး သွေးစစ်ရန်အတွက် စာရေးပေးလိုက်သဖြင့် ဦးချစ်ညွန့်သည် ဦးရွှေသိန်း၏ သားငယ်အားခေါ်၍ သွေးစစ်ဌာနတွင် ဆရာဝန်ကြီးခိုင်းသည့်အတိုင်း သွေးစစ်ခဲ့၏။ သွေးအဖြေကို နောက်တစ်နေ့တွင်မှလာယူရန်မှာကြားခဲ့၏။

ထို့ကြောင့် နောက်တစ်နေ့တွင် ဦးချစ်ညွန့်သည် ဦးရွှေသိန်း၏သားငယ်အားထားခဲ့ကာ ဓာတ်ခွဲခန်းသို့အဖြေယူရန် တစ်ဦးတည်းထွက်လာခဲ့၏။ ဓာတ်ခွဲဌာနသို့ရောက်သောအခါ အဖြေစာရွက်ကို အဆင်သင့်ပင်ထုတ်ပေးသဖြင့် ဦးချစ်ညွန့်လည်း ဓာတ်ခွဲအဖြေကိုယူပြီး အမှတ်မထင်ဖတ်ကြည့်လိုက်သောအခါ မျက်လုံးများ ပြူးကျယ်သွားပြီး -

"ဟာ"

ဟူသော အာမေဋိတ်သံတစ်လုံးတည်းသာထွက်နိုင်ပါတော့သတည်း။

(ရွှေ့လဆက်ရန်)

ဆရာဦးခက်ထွန်းလင်း
(အာယုဗ္ဗေဒ)




www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးဝိန်လှိုင်(ကျိုက်လတ်)

# အနန္တသိဒ္ဓိ မဟာဒီပံ ပူဇော်နည်း

## နန်းဦးဆရာတော်၏နည်း




နန်းဦးဆရာတော်ဘုရားကြီး၏ ဝေနေယျ ဒကာ၊ ဒကာမများ အားလုံး အတွက် လောကီကိစ္စအဝဝတို့ ဆောင် ရွက်လုပ်ကိုင်ရာတွင် အခက်အခဲမရှိဘဲ အဆင်ပြေအောင်မြင်ကြစေရန် စိတ် ရည်သန်၍ ဗုဒ္ဓကိုပူဇော်သော မဟာဒီပံ (အချို့က ရတနာဒီပံဖယောင်းတိုင်ထွန်း ခြင်း) ဖယောင်းတိုင်ထွန်းခြင်းဒါနကို အစီအရင်ပြုလုပ်၍ လုပ်ဆောင်နိုင်ကြ စေရန်နည်းကို ဖော်ပြလိုက်ပါသည်။

**□ လိုအပ်သောဒါနပစ္စည်းများ**

ဖယောင်းတိုင်ကြီး(၃)တိုင်၊ ဂါထာ (၃) ပုဒ်ရေးရန်၊ ဘုရားကန်တော့ရန် ကန်တော့ပွဲတစ်ပွဲ (အုန်းတစ်လုံးနှင့် ငှက်ပျောသုံးဖီး) နံ့သာတိုင်၊ ပန်းများ၊ ဂါထာရေးရန် စက္ကူ(၃)ရွက်၊ ဖယောင်း တိုင်ကြီး (၃)တိုင်တွင် ဂါထာစာရွက်များ ပတ်ရန်၊ ဂါထာများကို စာရွက်တွင် မရေးဘဲ ဖယောင်းတိုင်ပေါ်တွင် ကညစ် သို့မဟုတ် မင်မပါသော ဘောလ်ပင်နှင့် ရေးနိုင်သည်။ ဖယောင်းတိုင်ပေါ်တွင် ဂါထာရေးလျှင် ဖယောင်းတိုင်အောက် ခြေမှစ၍ မီးစာဘက်သို့ရေးပါ။ ပထမ ဂါထာစာရွက်ရေးသားပြီးလျှင် ပထမ ဖယောင်းတိုင်မှာ ပုံပါအတိုင်းပတ်ပါ။ ဒုတိယဂါထာစာရွက်ကို တစ်တိုင်၊ တတိယဂါထာစာရွက်ကိုတစ်တိုင်ပတ် ပြီးပါက အနန္တသိဒ္ဓိမဟာဒီပံဖယောင်း တိုင် (၃) တိုင်ရပါပြီ။

**□ မီးထွန်းပူဇော်ရန်**

မဟာဒီပံဖယောင်းတိုင်ကိုပူဇော် လိုသူ ကာယကံရှင်ပုဂ္ဂိုလ်သည် မိမိမွေး နေ့ နံနက် (၉)နာရီ (၃၆)မိနစ်မှ နံနက် (၁၀)နာရီခွဲအတွင်း ဘုရားရှေ့တော်မှာ ငါးပါးသီလခံယူဆောက်တည်၍ မိမိလို ရာအကြောင်းကိစ္စကို နှုတ်မြွက်ဆိုပြီး အောက်ပါဆုတောင်းစာလွှာကို (၃)ကြိမ် ရွတ်ဆိုလျက် မီးပူဇော်ပါ။

ဖယောင်းတိုင်မီးကိုငြိမ်းသတ်လို ပါက ပါးစပ်နှင့်မမှုတ်ပါနှင့်။ ယပ်ဖြစ်စေ၊ ကွမ်းရွက်ကို ကတော့လုပ်၍ဖြစ်စေ အုပ် ၍ငြိမ်းသတ်ပါ။

ညဘက်တွင်လည်း ဘုရားကို ၎င်းဖယောင်းတိုင်ဖြင့်ပင် ပူဇော်နိုင် သည်။ ဆုတောင်းလွှာကိုလည်း မိမိစွမ်း သမျှ ရွတ်ဆိုပူဇော်ဆုတောင်းနိုင်ပါ သည်။

**□ ဖယောင်းတိုင်တွင်ရေးရန်ဂါထာများ**

**ပထမဂါထာ**

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ၊
ဓမ္မော လောကေ သမုပ္ပန္နော၊
သုခါယ သဗ္ဗပါဏိနံ၊
သံဃော လောကေ သမုပ္ပန္နော၊
ပုညာယ သဗ္ဗပါဏိနံ။

**ဒုတိယဂါထာ**

ဗုဒ္ဓတေဇေန အရိန္ဒမော၊ ဗုဒ္ဓေါ
မေ ရက္ခန္တု နိစ္စံ။
ဓမ္မ တေဇေန မဟာလာဘော၊
ဓမ္မော မေ ရက္ခန္တု သဒါ။
သံဃ တေဇေန မဟာယသော၊
သံဃော မေ ရက္ခန္တု ဒိနေ။

**တတိယဂါထာ**

နမော တေ ဗုဒ္ဓ ဝီရတ္ထု၊
ဝိပ္ပမုတ္တောသိ သဗ္ဗဓိ၊
သမ္ဗာဓ ပဋိပန္နောသ္မိ တဿ မေ
သရဏံ ဘဝ။
အရဟံ ဗုဒ္ဓေါ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အကာလိကော ဓမ္မံ သရဏံ ဂစ္ဆာမိ
သုပ္ပဋိပန္နော သံဃံ သံရဏံ ဂစ္ဆာမိ
ဗုဒ္ဓေါ သဗ္ဗညုတညာဏော၊ ဓမ္မော
ဓလောကုတ္တရော နဝ၊
သံဃော မဂ္ဂဖလဋ္ဌောစ၊ ဣစ္စေတေ
ရတနတ္တယံ၊
ယေန သစ္စေန သဂ်မော၊ ဟောတု
မေ ဇယမင်္ဂလံ။ ။

**□ အနန္တသိဒ္ဓိ မဟာဒီပံ ဆုတောင်းလွှာ**

အနန္တလေးပါးတို့၏ ကွန်ချာ မဟာဓမ္မရာဇာအစစ်ဖြစ်တော်မူကြတုံ သော ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကော ဏ္ဍာသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမ အစရှိသည့် တစ်ဆယ့်နှစ်ပါးသော အစိန္တေယျဂုဏ်တို့နှင့် ပြည့်စုံတော်မူ သော၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ အဟံ အကျွန်ုပ်သည် နမာမိ ရှိသေမြတ် နိုး ရှိခိုးပါ၏ဘုရား။

အံ့ချီးစရာ၊ မဟာဒီပံ၊ မီးလျှံပြောင် ဝင်း၊ ပူဇော်ခြင်းကြောင့်၊ ကင်းရှင်းဘေး ဂါငါးဖြာရန်သူ၊ ဆယ်ဆူသောဒဏ်၊ ရှ တန်သောအပြစ်၊ နှစ်ဆယ့်ငါးပါးသော ဘေး၊ ဝေးဝေးရှင်းကွာ၊ တစ်ဆ ခြောက်ပါးသောဥပဒ်၊ မကပ်ဒွတ္တီ၊ နှစ်ဝသုံးဆယ်၊ ပါယ်လေးကြမ္မာ၊ ရော ဆနဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျော ပြယ်၍ မတွယ်ရှင်းကွာ၊ ဝေးစေသော

ရပ်ရှစ်ဒိသာ၊ သွားလေရာလည် လာဘလာဘာ၊ လာဘ်မိုးရွာ၍ ချမ်းသ သုခရစေသောဝ်။ တနင်္ဂနွေ၊ တန အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာ၊ ပူး၊ နဂါး၊



www.burmeseclassic.com

www.burmeseclassic.com

သောက်ရှား၊ မိန်းမ၊ ဟူသမျှလည်း၊ မြင်တစုံမက်၊ သားဝမ်းထွက်သို့၊ ဖြူစင်မေတ္တာ မျှစေသောဝ်။

မာဃက္ကန္ဒာ၊ အသူရာနှင့်၊ စသည်ဆော့ဘ်သောင်း၊ နတ်အပေါင်းလည်း၊ ကောင်းချီးစောင်မလိုက်စေသောဝ်။ သူနေသတီ၊ စန္ဒိပရမီသွာ၊ မဟာပိန္နဲ၊ ဝေါရနေ့ဒေဝသမာ၊ နတ်များစွာလည်း၊ လိုရာအောင်ဆုပေးစေသောဝ်။

တစ်ကျိပ်နှစ်ပါး၊ ထင်ရှားတုံလတ်၊ ကိုယ်စောင့်နတ်က၊ စသည့်အညီ၊ ဒေဝီတို့ပါး၊ နတ်မင်းများလည်း၊ ဆပ္ပားကြင်နာ၊ မေတ္တာအောင်ဆုပေးစေသောဝ်။

မဟာဂီရိ၊ နှံ့သိကျော်လတ်၊ အိမ်စောင့်နတ်နှင့်၊ သုံးဆယ့်သုံးတန်၊ ဝေယံဘုံရပ်၊ နတ်ဒေဝါလည်း၊ ကောင်းကျိုးမကြာပေးစေသောဝ်။

မဟာဒီပ၊ မီးလျှံထိန်ဝေ၊ မှောင်မျိုးခွေသား၊ မျက်ဝါးကြုပ်ကြုပ်၊ ကျွန်ုပ်ရန်သူ ဟူဟူသမျှ၊ ကွာထဝေးကွာ၊ ယုဇနာလှင်၊ တစ်ရာမျှလောက်၊ လွင့်ပါးပျောက်၍ ရောက်စေသောဝ်။

အိမ်တွင်း အိမ်ပြင်၊ ကျောင်းတွင်းကျောင်းပြင်၊ စုန်းမှင်နတ်ရဲ၊ ခွာရဲမိစ္ဆာ၊ သီဟာဇုတ္တ၊ ဝါဠဝံအောင်း၊ မကောင်းအသံ၊ ငှက်ပျံငှက်ဝဲ၊ ကြွက်ခဲတဝ၊ ပြိုဟ်ပါပနှင့် ဆနဝုတိ၊ မရှိကိုယ်ဝယ်၊ လွင့်ပျောက်ပြယ်၍၊ မတွယ်ရှင်းစွာ၊ ဝေးစေသောဝ်။

ရောင်းဝယ်ဖောက်ကား၊ ကုန်သည်များလည်း၊ စီးပွားချမ်းသာ၊ ရာဆောင်မက၊ လိုတိုင်းတ၍ ရစေသောဝ်၊ ရာဇခိုကပ်၊ မှီခိုလတ်လည်း၊ ချစ်မြတ်ကြည်ဖြူ၊ သားအတူလျှင်၊ မြင်သူမေတ္တာမျှစေသောဝ်။ ဆေးဝါးမန္တန်၊ ရွတ်အံဖွားဖွား ပညာများလည်း၊ စိတ်ကလိုတိုင်းရစေသောဝ်။

ယမ်း ဆား ဒုတ္ထာ၊ သေလာကျောက်မျိုး၊ ပြီးမျိုးကာယ၊ အတွင်းသည်၊ မြှုပ်ထစေက်အပ်၊ အနုနတ်ဆေး၊ နပ်ထွေးလက်ဖွဲ့၊ ခါးလှည့်အဆောင်၊ ကြံတိုင်းအောင်၍၊ ဆောင်တိုင်းမကြာ မြောက်စေသောဝ်။

သိဒ္ဓိဇေယ်၊ ထိုဒီပလျှင်၊ မီးလျှံထိန်ဝေ၊ မှောင်မျိုးခွေသည်၊ ဝေနေသတ္တဝါ၊ သုံးဘုံရွာတွင်၊ ချမ်းသာသုခ၊ ရကြစေသောဝ်။

ဆရာဦးစိန်လှိုင်(ကျိုက်သဘဲ)

# ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

(၃၂၂) ကြိမ်မြောက်
ထီဖွင့်ပွဲကြီးနီးပါပြီ။

**တနင်္ဂနွေသားသမီးများ**

အောက်တိုဘာလ ၇၊ ၁၃၊ ၁၇၊ ၂၁ ရက်များမှာ ထီထိုးပါ။

အချိန်ပေးနိုင်သူများ ဓာတ်ကြီး (၄) ပါး ဆွမ်းတော်ကပ်ပါ။ ဘယ်လိုမှ အချိန်မပေးနိုင်လျှင် တစ်နေ့ထဲ ဘုရား (၇) ဆူပြည့်အောင်သွားဖူးပါ။ အပြန်မှာ ထီထိုးပါ။

နိုဝင်ဘာလမှာ ၃၊ ၂၊ ၁၊ ၆ ဂဏန်းများနှင့်ကံစပ်ပါသည်။

**တနင်္လာသားသမီးများ**

အောက်တိုဘာလ ၈၊ ၁၄၊ ၂၂၊ ၂၈ ရက်များတွင် ထီထိုးပါ။

ဘုရားရှင်အား ကျောက်ကျောဆွမ်းများနှင့် (၉) ရက်တိုင်တိုင် ကပ်လှူပူဇော်ပါ။ ကိုယ်ရွှတ်နေကျ ပုတီးစိပ်နေကျအတိုင်း ကျင့်ကြံအားထုတ်ပါ။ ပြီးမှ ထီထိုးပါ။

နိုဝင်ဘာလတွင် ၃၊ ၂၊ ၄၊ ၈ ဂဏန်းများနှင့် ကံစပ်ပါသည်။

**အင်္ဂါသားသမီးများ**

အောက်တိုဘာလ ၉၊ ၁၅၊ ၂၃၊ ၂၉ ရက်များမှာ ထီထိုးပါ။

အချိန်ပေးနိုင်သူများ ဓာတ်ကြီး (၄) ပါး ဆွမ်းတော်ကပ်လှူပါ။ အချိန်မပေးနိုင်သူများက ဘုရားရှင်အား ပန်းပေါင်းစုံ (၇) မျိုးနှင့် (၇) ရက်တိုင်တိုင် ပူဇော်ပြီးမှ ထီထိုးပါ။

နိုဝင်ဘာလတွင် ၃၊ ၂၊ ၉၊ ၁၊ ၄ ဂဏန်းများ ကံစပ်ပါသည်။

**ဗုဒ္ဓဟူးသားသမီးများ**

အောက်တိုဘာလ ၁၃၊ ၁၆၊ ၂၆ ရက်များမှာ ထီထိုးပါ။

ဦးခေါင်းမကောင်းသူများကိုတွေ့လျှင် ငွေ၊ အာဟာရလှူပါ။ မတွေ့လျှင် ရှာဖွေပြီးလှူပါ။ ပြီးမှ ထီထိုးပါ။

နိုဝင်ဘာလတွင် ၃၊ ၇၊ ၆၊ ၉ ဂဏန်းများနှင့် ကံစပ်ပါသည်။

**ကြာသပတေးသားသမီးများ**

အောက်တိုဘာလ ၇၊ ၁၀၊ ၁၇၊ ၂၅ ရက်များမှာ ထီထိုးပါ။

အလှူတစ်ခုခု(သို့)မင်္ဂလာဆောင်တစ်ခုခုက ဖိတ်ကြားခြင်း (သို့) ပြင်ဆင်နေသည်ကိုမြင်ခြင်း (သို့) ကြားခြင်းဖြစ်လျှင် ထီထိုးလိုက်ပါ။

နိုဝင်ဘာလတွင် ၃၊ ၁၊ ၄၊ ၈ ဂဏန်းများ ကံစပ်ပါသည်။

**သောကြာသားသမီးများ**

အောက်တိုဘာလ ၁၁၊ ၁၈၊ ၁၉၊ ၂၉ ရက်များတွင် ထီထိုးပါ။ အဓိဋ္ဌာန် (၇) ရက်ဝင်ပါ။ တစ်နေ့လျှင် ပုတီး (၇) ပတ်စိပ်ပြီး (၇) ရက်သားသမီးများကို မေတ္တာအထူးပို့၍အဓိဋ္ဌာန်ဝင်ပါ။ မည်သည့်ဂုဏ်တော်ကိုစိပ်စိပ်ရပါသည်။ (၇) ရက်ပြည့်ပြီးမှထီထိုးပါ။

နိုဝင်ဘာလတွင် ၃၊ ၂၊ ၉၊ ၆ ဂဏန်းများနှင့်ကံစပ်ပါသည်။

**စနေသားသမီးများ**

အောက်တိုဘာလ ၉၊ ၁၂၊ ၂၀၊ ၂၇ ရက်များမှာ ထီထိုးပါ။

မင်္ဂလာရှိသော စကားတစ်ခုခုကို ကြားသည့်နေ့တွင် ကနက္ကဒဏ်ထီးဖြူတစ်လက်ဝယ်၍ ဘုရားရှင်အား ပူဇော်လိုက်ပါ။ နောက်နေ့ထီထိုးပါ။

နိုဝင်ဘာလတွင် ၃၊ ၁၊ ၈ ဂဏန်းများနှင့် ကံစပ်ပါသည်။

(၇) ရက်သားသမီး မည်သူမဆို ၂၀-၁၀-၂၀၁၅၊ အင်္ဂါနေ့တွင် ထီထိုးဖြစ်အောင်ထိုးပါ။ ကိုယ့်နံဂဏန်းပါအောင် ထိုးပါ။

ဥပမာ တနင်္ဂနွေသားဖြစ်လျှင် (၁)၊ ဗုဒ္ဓဟူးသား ဖြစ်လျှင် (၄) ပါအောင် ထိုးပါ။ ထိုနေ့တွင် ကောင်းမှုကုသိုလ် တစ်ခုခုထင်ထင်ရှားရှားပြုလုပ်ပါ။

ဆရာဦးမောင်မောင်သန်း
(ရင်ကိုအေးမြစေသား)



www.burmeseclassic.com

www.burmeseclassic.com

ဒီဇာတ်လမ်းရဲ့အမိကတရားခံလို့ ပြောရမလား၊ ဇာတ်ကောင်လို့ပြောရမလားမသိတဲ့သူကတော့ ဇေယျာနိုင်နဲ့ ဖြိုးမင်းဝေတို့နှစ်ယောက်ပဲဖြစ်တယ်။ ဒီဇာတ်လမ်းအဖြစ်အပျက်ကတော့ နှစ်ပေါင်း လေးဆယ်ကျော်က ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုပါ။

အဲဒီခေတ်တုန်းက ကြံ့တောသင်္ချိုင်းဆိုရင် မသိတဲ့သူမရှိအောင် ထင်ရှားလှပါတယ်။ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ အလုံနဲ့ ပြည်လမ်း စတဲ့ ရန်ကုန်အနောက်ပိုင်းကလူတွေသေဆုံးရင် ကြံ့တောသင်္ချိုင်းမှာ အသုဘချကြရပါတယ်။ စမ်းချောင်းမှာနေတဲ့ လူအများစုဟာ ရုပ်ရှင်မင်းသမီး၊ မင်းသားသေလို့ ကြံ့တောမှာ အသုဘချရင် ကိုယ်နဲ့သိသိ မသိသိ ကြံ့တောသင်္ချိုင်းကို အရောက်သွားပြီး ရုပ်ရှင်သရုပ်ဆောင်များကိုသွားကြည့်တတ်ကြပါတယ်။ အထူးသဖြင့် သွားကြည့်တဲ့လူများကတော့ ကလေးတွေနဲ့ လူပျိုပေါက်အရွယ်တွေကများပါတယ်။

ကြံ့တောသင်္ချိုင်းအနီးမှာ နာနတ်တောရပ်ကွက်၊ ဟံသာဝတီဘူတာ ဝေဠုဝန်ရပ်ကွက် စတာတွေရှိပါတယ်။ အဲဒီတုန်းက ကြံ့တောသင်္ချိုင်းထဲမှာ အနာကြီးရောဂါသည်တွေ၊ သူတောင်းစားတွေက တဲထိုးပြီးနေကြတယ်။ အကြော်ကြော်တဲ့သူတွေကလည်း ညနေစောင်းမှာ သင်္ချိုင်းထဲမှာအကြော်ကြော်ကြတယ်။

ကြံ့တောသင်္ချိုင်းဟာ နေ့ဘက်မှာ

# ရိရိငွေး
# ကြံ့တောသင်္ချိုင်းစောင့်နဲ့ တွေ့တဲ့ည





www.burmeseclassic.com

www.burmeseclassic.com



ည်ကားသလောက် ညဘက်မှာ
တော့ သစ်ပင်အိုကြီးတွေ၊ အုတ်ဂူတွေနဲ့
ကြောက်စရာကောင်းပါတယ်။ ကြံ
သချိုင်းမှာ သရဲခြောက်တယ်ဆိုပြီး
ချို့ကပြောကြတယ်။ တချို့ကလည်း
ာဝတီအနီးမှာ ခေါင်းမြီးခြုံနဲ့
ားမသရဲက လက်မည်းကြီးကိုမြှုပြ
ခြောက်သတဲ့။ တချို့ကပြောတော့

လည်း အဲဒီသရဲမက နာနတ်တောထဲက ထွက်လာသလိုလို ပြောကြတယ်။ ဒီလိုနဲ့ သချိုင်းနဲ့ သရဲ၊ သရဲနဲ့သချိုင်းကတော့ လုံးချာပတ်လည်နေတဲ့ စကားဝိုင်းတစ်ခု ဖြစ်နေပါတယ်။

ဇေယျာနိုင်ဆိုသူကတော့ ထူးဆန်းတဲ့ အကြောင်းအရာတွေကို စိတ်ဝင်စားသူဖြစ်ပါတယ်။ ဖြိုးမင်းဝေနဲ့ တစ်ရပ်ကွက်တည်းနေတဲ့ စမ်းချောင်းသားစစ်စစ်။ ဖြိုးမင်းဝေရဲ့ ဦးလေးကတော့ ဗဟုသုတစုံလင်တဲ့ ကျောင်းဆရာတစ်ယောက်ပါ။

ဇေယျာနိုင်နဲ့ ဖြိုးမင်းဝေဟာ ဝိဇ္ဇာနဲ့သိပ္ပံတက္ကသိုလ် ဓာတုဗေဒအဓိက ဒုတိယနှစ်ကျောင်းသားများဖြစ်ကြပါတယ်။ သိပ္ပံကျောင်းသားများပီပီ သရဲဆိုတာ တကယ်ရှိ မရှိကို ပိုပြီးစိတ်ဝင်စားကြပါတယ်။ ဖြိုးမင်းဝေရဲ့ ဦးလေးကလည်း ဇေယျာနိုင်နဲ့တွေ့တိုင်း -

"မင်းတို့က သိပ္ပံကျောင်းသားတွေဆိုတော့ လက်တွေ့ပြမှယုံမယ့်သူတွေပဲ။ တကယ်တော့ (၃၁) ဘုံမှာ ပြိတ္တာဘုံဆိုတာရှိတယ်။ ပြိတ္တာဘုံဆိုတာ တစ္ဆေ၊ သရဲ၊ သဘက်၊ မှင်စာ၊ မြေဖုတ် စတာတွေ ပါဝင်တယ်။ သရဲ၊ သဘက်က လူတွေနဲ့တွေ့ရင် ခြောက်လှန့်တတ်တယ်။ တချို့လူတွေဟာ သရဲခြောက်ခံရပြီး အကြောက်လွန်ပြီးမူးမေ့သွားတာမျိုးဖြစ်တတ်တယ်။ မြေဖုတ်ကတော့ ကလေးသူငယ်တွေကို ညညဝိုအောင်ဖမ်းစားတတ်တယ်။ အဲဒါဆိုရင် ခေါစာပစ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးပြောတာကတော့ ရှာဦး ကျောင်းဘုန်းကြီးဦးဇဝနဟောတဲ့အတိုင်း ပါပဲ။ ဒါပေမယ့် ကျွန်တော်တို့က သရဲကို ကိုယ်တိုင်တွေ့ဖူးချင်တာ"

"သရဲဆိုတာ ရုပ်ကြမ်းနဲ့ ရုပ်နုနဲ့ နှစ်မျိုးရှိသကွယ့်"

"ဦးလေး ရုပ်ကြမ်းနဲ့ ရုပ်နုဆိုတာ ဘယ်လိုလဲ။ ကျွန်တော်တို့မသိလို့ရှင်းပြပါလား"

"အေး- ဦးလေးရှင်းပြမယ်။ ရုပ်နုဆိုတာကတော့ ဥပမာ မောင်ဆန်းမောင် သေသွားပြီး သရဲဖြစ်နေတယ်ဆိုပါတော့ကွာ။ သူရဲ့ သရဲဘဝကရုပ်က အလွန်အရုပ်ဆိုးတယ်။ သူ့ရဲ့အလွန်အရုပ်ဆိုးတဲ့ရုပ်ကိုပြရင် မောင်ဆန်းမောင်မှန်း သူ့အမျိုး၊ သူ့မိဘတွေကသိမှာမဟုတ်ဘူး။ မောင်ဆန်းမောင်ကလည်း သူ့ဆွေမျိုးမိဘတွေကို အမျှအတန်းပေးဝေဖို့ပြောမယ်ဆိုရင် လူ့ဘဝက မောင်ဆန်းမောင်ရဲ့ရုပ်ကို ဖန်ဆင်းပြီးပြရတယ်။ အဲဒါကို ရုပ်နုလို့ခေါ်တယ်။ အဲဒီတော့မှ သူ့မိဘဆွေမျိုးတွေက မလန့်မှာပေါ့။ သူတို့က အဲဒီလိုဖန်ဆင်းနိုင်တဲ့ကမ္မဇိဒ္ဓိရှိတယ်။ ရုပ်ကြမ်းဆိုတာကတော့ အခုသရဲဘဝက ကြောက်မက်ဖွယ်ရုပ်ကိုပြောတာ။ လူတွေကို ကြောက်လန့်အောင်ခြောက်တာမျိုးဆိုရင် ရုပ်ကြမ်းနဲ့ခြောက်ကြတယ်။ ရုပ်နုနဲ့ခြောက်လို့ကတော့ ဘယ်သူကကြောက်မလဲ။ ရုပ်ဆိုးဆိုးနဲ့ခြောက်မှ ကြောက်မှာပေါ့"

"ဟုတ်ကဲ့ - သိပါပြီ ဦးလေး။ ဒါနဲ့ သင်္ချိုင်းမှာသရဲရှိသလား ဦးလေး"

"ရှိတာပေါ့ကွ၊ သရဲတွေရဲ့အချုပ်က သင်္ချိုင်းစောင့်ပေါ့ကွာ"

"သင်္ချိုင်းစောင့်ဆိုရင် မဖဲဝါလား"

"အေး - မြန်မာအယူအဆကတော့ သင်္ချိုင်းစောင့်ဆိုရင် မဖဲဝါပေါ့။ ဒါပေမယ့် ကြံတောသင်္ချိုင်းမှာဆိုရင် သင်္ချိုင်းစောင့်က ကာလီဗိုက်တဲ့"

"အဲဒါ ဦးလေးကို ဘယ်သူပြောလဲ"

"ငါ့ရဲ့ဆရာဖြစ်တဲ့ ဂမ္ဘီရဆရာပွက ပြောတာ"

"သူတို့ကဘယ်နေရာမှာနေသလဲ ဦးလေး"

"နတ်ရဲပင်မှာနေတာပေါ့"

"ဦးလေး၊ ကျွန်တော်တို့အသက် နှစ်ဆယ်ပြည့်တော့မယ်။ နတ်ရဲပင်ဆိုတဲ့ အပင်ကို တစ်ခါမှမကြားဖူးဘူး"

"ခက်တာကိုး၊ နတ်ရဲပင်ရယ်လို့တော့ဘယ်ရှိပါ့မလဲ။ ဒါက ဂမ္ဘီရအခေါ်နဲ့ခေါ်တာ"

"ဒါဆို နတ်ရဲပင်ဆိုတာ ဘယ်လိုလဲပြောပါဦး"

"ကြံတောသင်္ချိုင်းထဲက နတ်ရဲပင်ဆိုတာ သစ်ပင်တွေအားလုံးထက်ပိုကြီးတဲ့အပင်ပေါ့။ ကုက္ကိုပင်တို့ ညောင်ပင်တို့လည်းဖြစ်နိုင်တယ်။အပင်တွေက အကြီးဆုံးနှစ်ချို့ပင်ကို နတ်ရဲပင်လို့ခေါ်တယ်။ ကြံတောသင်္ချိုင်းထဲမှာဆိုရင် အဝင်ဝနားက ကုက္ကိုပင်ကြီးဟာ သင်္ချိုင်းထဲမှာရှိသမျှအပင်တွေထက်အကြီးဆုံးပဲ။ အဲဒီအပင်ကို နတ်ရဲပင်လို့ခေါ်တယ်"

"ဒါဆို အဲဒီကုက္ကိုပင်ကြီးမှာ ကာလီဗိုက်နေတာပေါ့ ဟုတ်လား ဦးလေး"

"ဒါပေါ့ကွ"

"ဒါဆိုရင် အဲဒီအပင်မှာ ကာလီဗိုက်နေတယ်ဆိုတာ ဘယ်လိုသက်သေပြမလဲ"

"သက်သေပြရအောင်။ ငါနဲ့ ကာလီဗိုက်ကသူငယ်ချင်းမှမဟုတ်တာ"

"ဒါတော့ ဒါပေါ့ ဦးလေးရယ်၊ ကျွန်တော်တို့လည်း သရဲဆိုတာကို တွေ့ဖူးချင်တယ်"

"အေး - တွေ့ဖူးချင်တယ်ဆိုရင် လက်ခံတယ်။ တွေ့၊ မတွေ့တော့ မသိဘူး။ ဒါပေမယ့် လပြည့်ညတွေမှာ စုန်းမတွေဟာ နွားရဲ့အသည်းစုံအူစုံနဲ့လာပြီး တင်မြှောက်ပြီး ပညာတတ်ကြတယ်။ အဲဒီအခါမှာ သင်္ချိုင်းစောင့်က ကိုယ်ထင်ပြတတ်တယ်။ ကိုယ်ထင်မပြရင် သူတို့ရဲ့ပညာမတတ်ဘူးတဲ့"

"ဒါဆိုရင် ကာလီဗိုက်ကို တွေ့ရအောင် လပြည့်နေ့ညတိုင်း ကြံတောကို သွားစောင့်ရမလိုဖြစ်နေပြီ"

"ဒါနဲ့ ကာလီဗိုက်အကြောင်းပြောရဦးမယ်"

"ဟုတ်ကဲ့ ဦးလေး"

"ကာလီဗိုက်ရဲ့ရုပ်က ရုပ်ကြမ်းကြီးတဲ့။ တချို့စုန်းမတွေတောင် သူ့ကိုတွေ့ပြီး လန့်ဖျပ်မေ့လဲသွားတတ်တယ်တဲ့။ ဒါကြောင့် သူတို့က စကောထဲမှာ နွားရဲ့အသည်းစုံအူစုံကိုထည့်ပြီး စကောကို မြှောက်ကာ မျက်စိမှိတ်ထားကြသတဲ့။ ပြီးမှ တင်မြှောက်ပါတယ်၊ ပညာတတ်ပေးပါလို့ပြောပြီးခဏစောင့်နေရသတဲ့။ ကာလီဗိုက်က 'အိမ်း' ဆိုမှ အဲဒီစကောကိုထားပြန်သွားကြတာတဲ့"

"ဦးလေးရယ် ကြည့်လည်းကြည့်ချင်တယ်၊ သိပ်ပြီးရုပ်ကြမ်းရင်လည်း ကြောက်တယ်"

"အိမ်း - ကြောက်တယ်ဆိုလို့ ဆက်ပြောလိုက်ဦးမယ်။ တစ်ခါက စုန်းမတွေ ပညာတတ်တာ လိုက်ချောင်းတဲ့လူကို သင်္ချိုင်းစောင့်က မျက်လုံးကြီးပြူးပြီးတော့ စူးစူးဝါးဝါးကြည့်လိုက်တာ အဲဒီလူ လန့်ဖျပ်ပြီး နောက်နေ့ကျတော့ သေသွားရောတဲ့။ အဲဒါကိုလူကြီးတွေက ကံနိမ့်နေလို့ သင်္ချိုင်းစောင့်ကဖမ်းစားပြီး သတ်ပစ်လိုက်တာလို့ပြောတယ်"

"အဲဒီတော့ ဘယ်လိုလုပ်မလဲ ဦး လေး"

"ကြောက်ရင်မကြည့်နဲ့ပေါ့။ သရဲ မမြင်ရလို့မသေဘူး။ သရဲနဲ့တွေ့ပြီး အကြောက်လွန်ရင်သေမှာ။ မင်းတို့ ပြောတဲ့သက်သေပြဆိုရင်ပြလိုက်မယ်။ အကြောက်လွန်လို့သေရင် ငါ့တာဝန် မဟုတ်ဘူး"

"ဦးလေး၊ ဦးလေးနဲ့ ကျွန်တော်တို့ ဟာ ဆွေမျိုးအရင်းကြီးပါ ဦးလေးရယ်"

"အေးပါကွ၊ ဒါကြောင့် ကြောက်ရင် မကြည့်ပါနဲ့ဆို"

ဦးလေးနဲ့ဖြိုးမင်းဝေတို့ အချီအချ ပြောနေစဉ် ဇေယျာနိုင်မှာမနေနိုင်တော့ဘဲ-

"ဦးလေး ကျွန်တော်ကတော့ မကြောက်တတ်ဘူး။ သူလည်း ရုပ်နဲ့နာမ်ပဲ။ ကျွန်တော်တို့လည်း ရုပ်နဲ့နာမ်ပဲ"

"အေး၊ အေး - မင်းက တရား တယ်။ ဒါဆိုရင် အလုပ်ဖြစ်တယ်"

"ငဖြိုးမလိုက်ချင်ထားခဲ့ ဦးလေး ဦးလေးနဲ့ ကျွန်တော်ပဲ လပြည့်ည ကာလီဗိုက်ကိုသွားကြည့်မယ်"

ထိုအခါ ဖြိုးမင်းဝေမှ -

"ဟေ့ကောင် ဇေနိုင်၊ မင်းတို့ချည်း ပဲမသွားနဲ့။ ငါလည်းလိုက်မှာပေါ့ကွ"

"လိုက်မယ်ဆိုရင် မကြောက် ကြောက်ရင်မလိုက်နဲ့။ အဲဒီနှစ်ယ ကြိုက်တာရွေး"

ဒီလိုနဲ့ နောက်ဆုံးတော့ ဇေယျာနိုင်တို့သုံးယောက်ဟာ ကာလီဗိုက် သွားကြည့်ဖို့ ဆုံးဖြတ်ချက်ချခဲ့ကြတယ်။

ကာလီဗိုက်။

ကာလီဗိုက် ဆိုတာက ကုလားသင်္ချိုင်းရဲ့ သင်္ချိုင်းစောင့်လို့ ကြတယ်။ ကြံတောသင်္ချိုင်းမှာ ကာလီဗိုက်က အကြီးဆုံးတဲ့။ ရုပ် မော့်ကျင့်စဉ်ကိုကျင့်တဲ့သူတွေက



www.burmeseclassic.com

www.burmeseclassic.com

ကာလီဗိုက်ဆီမှာ ကွမ်းယာများဆက်သပြီး မော်ကျင့်စဉ်ကျင့်ကြပါတယ်။ စုန်းမတွေကလည်း နွားရဲ့အသည်းစုံအူစုံနဲ့ ညောတတ်ကြပါတယ်။ ဟိုးရှေးခေတ်က အယူအဆကတော့ ရွာတစ်ရွာတည်လို့ အိမ် (၃) လုံးရှိရင် တစ်အိမ်ကစုန်းတဲ့။ အဲဒီတုန်းက အဲဒီလောက် စုန်းပေါများပါတယ်။ လပြည့်ည၊ လကွယ်ညတွေမှာ တောင်းကင်ထက်မှာ မီးလုံးတွေတက်လိုက်၊ ဆင်းလိုက်နဲ့ စုန်းမီးကစားကြပါတယ်။ တောရွာတွေမှာဆိုရင် အဲဒီစုန်းမီးလုံးတွေကို လပြည့်၊ လကွယ်ညတိုင်းလိုလို တွေ့ရတတ်ပါတယ်။

(မှတ်ချက် - စာရေးသူဟာ အေးဒရဲသူပါ။ စာရေးသူတို့မြို့ကဆက်သွားလျှင် ဖျာပုံအထိ ရွာတွေရှိပါတယ်။ စာရေးသူတို့အိမ်အံပေါ် ထပ်က ရွာဘက်ကိုလှမ်းကြည့်ရင် လပြည့်၊ လကွယ် ညသန်းခေါင်ကျော်အချိန်လောက်မှာ မီးလုံးအနီရောင်တွေဟာ တောစပ်ကအဖြည်းဖြည်း ကောင်းကင်ဆီကိုတက်လာကြပါတယ်။ သစ်ပင်ထိပ်ဖျားလောက်အရောက်မှာ အပေါ်ကိုဆက်မတက်ဘဲ မီးလုံးတစ်လုံးနဲ့တစ်လုံး လိုက်တမ်းပြေးတမ်းကစားသလိုမျိုးတွေ၊ တချို့ကလည်း အထက်နဲ့အောက်တက်လိုက်၊ ဆင်းလိုက်ပြေးကစားနေတာတွေ၊ တချို့မီးလုံးငါးလုံးခန့်လောက် တစ်ပြိုင်နက်ကောင်းကင်ပေါ် တတ်လိုက်၊ ပြန်ဆင်းလိုက်ကစားနေတာ တွေ့ရပါတယ်။

တစ်ခါတလေမှာတော့ မီးလုံးလေး၊ ငါးလုံးပါတဲ့ ဒီဘက်အဖွဲ့နဲ့ မီးလုံးလေး၊ ငါးလုံးပါတဲ့ ဟိုဘက်အဖွဲ့ဟာ တစ်ဖွဲ့နဲ့တစ်ဖွဲ့ တိုက်ခိုက်တဲ့ပုံစံမျိုးတွေ့ရပါတယ်။ ဒီဘက်မီးလုံးနဲ့ ဟိုဘက်ကမီးလုံးပြေးပြီးဆောင့်လိုက်တာ မီးပွားတွေတောင်တဖွားဖွားကျတယ်။ သုံး၊ လေးခါလောက်ဆောင့်ပြီးရင် ရှုံးတဲ့မီးလုံးကအောက်ကို ပြုတ်ကျသွားတယ်။ နံနက်သုံးနာရီလောက်ဆိုရင် မီးလုံးအားလုံးအောက်ခြေကို ပြန်ဆင်းသွားကြတယ်။ အဲဒီမြင်ကွင်းက စာရေးသူခဏခဏမြင်ရတဲ့မြင်ကွင်းပဲဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်ကျော်က အဖြစ်အပျက်ဖြစ်ပါတယ်။)

သည်ည လပြည့်ည။

ဇေယျာနိုင်တို့သုံးဦးဟာ ဆုံးဖြတ်ချက်ချထားတဲ့အတိုင်း ည (၁၀) နာရီကျော်ကျော်လောက် ကြံတောသင်္ချိုင်းဆီ လမ်းလျှောက်လာခဲ့ကြပါတယ်။ သူတို့အိမ်နဲ့ ကြံတောသင်္ချိုင်းမှာ (၁၀) မိနစ်ခန့်လမ်းလျှောက်ရင် ရောက်နိုင်တဲ့နေရာ ဖြစ်ပါတယ်။ သူတို့သုံးဦးသားမှာ ဝွေးဈေး (ယခုရှမ်းလမ်းဈေး)မှ ကျော်ဖြတ်ကာ သံတံတားလမ်း မဂ္ဂိကဝတီလမ်းကြားမှတစ်ဆင့် ဝေဠုဝန်တိုက်တန်းများကို ဖြတ်ကျော်ခဲ့ကြပါတယ်။ ဒီနောက်မှ ကံတော့လမ်း၊ ဦးညိုလမ်းတို့ကို ဖြတ်ကျော်ကာ ကြံတောသင်္ချိုင်းထဲဝင်ရောက်ခဲ့ပါတယ်။

သင်္ချိုင်းထဲအဝင်မှာ ဦးလေး ဦးမောင်ခိုင်က -

"ငါတို့က ကာလီဗိုက်ရှိတဲ့ နတ်ရဲပင်နားက ချုံပုတ်ထဲမှာဝင်ပြီးစောင့်နေကြမယ်။ ဒီလပြည့်ည ဆယ့်နှစ်နာရီမှာ စုန်းမတွေမလာရင် နာရီပြန်တစ်ချက်တီးအထိစောင့်မယ်။ အဲဒီအချိန်မှမလာရင် ပြန်မယ်။ နောက်လပြည့်ညကျမှ ထပ်လာမယ်"

"ဟုတ်ကဲ့ပါ ဦးလေး"

ထိုသို့ပြောနေစဉ် လေခပ်ကြမ်းကြမ်းတစ်ချက်တိုက်ခတ်လိုက်ရာ လူငယ်နှစ်ဦးသား ရင်ထဲမှာ စိမ့်ခနဲအေးသွားပါတယ်။

"အောင်မယ်လေး-လေတိုက်တာနဲ့တင် ငှက်ဖျားရောဂါဝင်ချင်သလိုပဲ"

"ဟိုနှစ်ယောက် ပါးစပ်ငြိမ်ငြိမ်ထား၊ ကာလီဗိုက်နယ်မြေထဲဝင်လာပြီ"

"ဟုတ်ကဲ့ပါ ဦးလေး"

ထိုသို့ပြောပြီး ဆက်လျှောက်လာရာ သင်္ချိုင်းအတွင်းမှ -

"အူး အူး ဝူး ဝူး"

ခွေးတစ်ကောင်မှ စတင်အူလိုက်ရာ နောက်ပါနောက်လိုက်ခွေးလေးခွေးလွှင့်လေး၊ ငါးကောင်မှ -

"အူး အူး ဝူး ဝူး"

သံပြိုင်အူကြအသံကြောင့် သူငယ်ချင်းနှစ်ယောက်မှာ ကြက်သီးတဖြန်းဖြန်းထလာပြီး ခေါင်းနားပန်းကြီးသွားခဲ့ပါတယ်။ ဒါကြောင့် ဦးလေးရဲ့လက်ကိုကိုင်ပြီး ကုပ်ချောင်းကုပ်ချောင်းနဲ့ဘယ်၊ ညာကြည့်ရင်း နတ်ရဲပင်ကြီးဆီလျှောက်လှမ်းခဲ့ကြပါတယ်။

မကြာခင်မှာ နတ်ရဲပင်အနီးရှိ ချုံပုတ်များဆီကိုရောက်ရှိလာပြီး သုံးယောက်စလုံး ချုံပုတ်တစ်ခုထဲမှာ နေရာယူခဲ့ကြပါတယ်။

အချိန်ကား ညဉ့်ဆယ့်တစ်နာရီကျော်ကျော်။

ဇေယျာနိုင်ရော ဖြိုးမင်းဝေပါ အတွေ့အကြုံမရှိတဲ့အတွက် ကြောက်စိတ်များကြောင့် ရင်ထဲတဒိတ်ဒိတ်ခုန်နေပါတယ်။

ထိုစဉ် မြေပုံများနဲ့အုတ်ဂူများကိုဖြတ်သန်းတိုက်ခတ်လာတဲ့ လေနဲ့အတူ ပုပ်အဲ့အဲ့အနံ့ဆိုးက တစ်ချက်တစ်ချက်ရောက်လာတဲ့အတွက် အန်ချင်စိတ်ကို မနည်းမျိုသိပ်ထားရပါတယ်။ သူတို့စောင့်ဆိုင်းနေစဉ် ကုက္ကိုပင်ကြီးပေါ်မှ မည်းမည်းကောင်ကြီးတစ်ကောင်ပျံသန်းလာခဲ့ရာ -

"ဝှီး ဖလပ် ဖလပ်"

"ဘုရား ဘုရား သရဲစခြောက်ပြီနဲ့တူတယ်"

ဇေယျာနိုင်က ခပ်တိုးတိုးပြောပြီး မျက်စိမှိတ်ထားလိုက်တယ်။ထိုမည်းမည်းကောင်ကြီးမှာ သူတို့ပုန်းအောင်းနေတဲ့ ချုံပုတ်အနီးရှိ ချုံပုတ်တစ်ခုထဲဝင်သွားခဲ့တယ်။

"ဦးလေး၊ သရဲလာပြီလားဟင်"

"ဟာ - ဘယ်ကသရဲကမှာလဲ။ အဲဒါလင်းဆွဲကွ"

"မသိပါဘူး ဦးလေးရယ်၊ ရင်ထဲကိုထိတ်သွားတာပဲ"

"လင်းဆွဲတွေက ညဘက်ပိုးကောင်မွှားကောင်တွေကို စားကြတာပါ"

ထိုစဉ် လေခပ်ကြမ်းကြမ်းတစ်ချက်တိုက်ခတ်ရာ -

"ဖြောင်း ဖြောင်း ဖြောင်း"

"အောင်မလေး ဘာသံကြီးတုံး ဦးလေး"

"လေကြမ်းတိုက်လို့ ဇရပ်အမိုးသွပ်ပြားတွေ အသံမြည်တာပါကွ"

"ဦးလေး၊ ကျွန်တော်တော့ ဒီကိုလိုက်လာမိတာမှားပြီနဲ့တူတယ်"

"ဟ - ဘာဖြစ်လို့လဲကွ"

"သရဲကိုအခုအထိမတွေ့ရသေးဘူး၊ ဒါပေမယ့် ပတ်ဝန်းကျင်ကအသံတွေကြောင့် ကြောက်လွန်းလို့သေတော့မယ်"

"မင်းကလည်း ယောကျ်ားမဟုတ်တာကျနေတာဘဲ။ မကြောက်ပါနဲ့၊ ငါတစ်ယောက်လုံးရှိတယ်"

"မဖြစ်တော့ဘူး ဦးလေးရာ၊ ပြန်ကြပါစို့"

ထိုစဉ် သင်္ချိုင်းအဝမှ လူရိပ်သဏ္ဌာန်သုံးခုကိုလှမ်းမြင်ရသဖြင့် -

"ဇေယျာနိုင် မပြန်နဲ့၊ ဟိုမှာ စုန်းမတစ်သိုက်လာပြီနဲ့တူတယ်"

ဦးလေးက ထိုသို့ပြောသဖြင့် လာ



www.burmeseclassic.com

www.burmeseclassic.com

ရာလမ်းသို့လှမ်းကြည့်လိုက်ရာ လူရိပ်သဏ္ဌာန်သုံးခု တဖြည်းဖြည်းလာနေတာကို တွေ့လိုက်ရပါတယ်။

"ဦးလေး၊ စုန်းမတွေလာပြီ။ ဒါဆိုမပြန်သေးဘူး"

"အေး-စကားမပြောနဲ့တော့၊ သူတို့လုပ်တာကိုကြည့်နေ"

"ဟုတ်"

လူရိပ်သဏ္ဌာန်သုံးခုမှ တဖြည်းဖြည်းနှင့် နတ်ရဲပင်အနီးသို့ရောက်ရှိလာခဲ့တယ်။ သူတို့သုံးယောက်စလုံး မိန်းမများဖြစ်ပြီး အနက်ရောင်အင်္ကျီနဲ့အနက်ရောင်ထဘီကိုဝတ်ဆင်ထားပါတယ်။ သူတို့သုံးယောက် အနက်ခေါင်းဆောင်လို့ထင်ရတဲ့ အမျိုးသမီးကြီးက ဆံပင်ကိုဖားလျားချထားပြီး အနက်ရောင်ခြုံစောင်ကို ခြုံထားပါတယ်။

ဒုတိယအမျိုးသမီးဆီမှာ စကောနဲ့ ယောက်မတစ်ခုပါလာပြီး တတိယအမျိုးသမီးဆီမှာ ထမင်းအိုးခပ်ကြီးကြီးတစ်လုံးကို ခေါင်းပေါ်မှာရွက်ထားပါတယ်။ နတ်ရဲပင်ကြီးလို့ခေါ်တဲ့ကုက္ကိုပင်ကြီးရဲ့ရှေ့မှာ သတင်းစာတစ်ရွက်ကိုဖြန့်ခင်းလိုက်ပါတယ်။ အဲဒီသတင်းစာရွက်ပေါ်မှာ စကောကိုတင်လိုက်ပါတယ်။ ထိုအခါ တတိယအမျိုးသမီးက ထမင်းအိုးထဲမှာပါတဲ့အရာတွေကိုထုတ်ပြီး စကောထဲကိုထည့်လိုက်ပါတယ်။ လပြည့်ညဆိုပေမယ့် ဖျော့တော့တဲ့အလင်းရောင်သာရတာဖြစ်လို့ ဘာတွေမှန်းမသိဘူး။

"ဩော် - စုန်းမတွေများ သတ္တိကောင်းလိုက်တာ။ ညသန်းခေါင်ယံအချိန်မှာ သင်္ချိုင်းထဲကိုလာဝံ့တာအံ့ပါရဲ့ဗျာ"

ဇေယျာနိုင်က တစ်ယောက်တည်း တီးတိုးရေရွတ်မိတယ်။

မကြာခင်မှာ ခေါင်းဆောင်အမျိုးသမီးက စကောကို ယောင်းမနဲ့ခေါက်ပြီး -

"ဤနတ်ရဲပင်ရှိအရှင်ကြီးကို အမဲအူစုံအသည်းစုံနဲ့ ဆက်သပါတယ်။ သုံးဆောင်တော်မူပါ"

ဤသို့ သုံးကြိမ်သုံးခါပြောဆိုလိုက်တယ်။ ထိုသို့ပြောပြီး ခဏစောင့်ပြီးနောက် -

"အရှင်ကြီးကို စားပွဲများဆက်သပါတယ်။ အရှင်ကြီးက ကိုယ်ထင်ပြပြီး ကျွန်တော်မျိုးမတို့ကို ပညာအဆင့်တက်ပေးပါ"

ထိုသို့ပြောဆိုလိုက်ရာ ဦးလေးဦးမောင်ခိုင်မှာ -

"ဇေယျာနဲ့ မောင်ဖြိုးရေ၊ ပွဲကြီးပွဲကောင်းပဲ။ ကိုယ်ထင်ပြရင် မင်းတို့မြင်ရမယ်"

ဟု ခပ်တိုးတိုးလေသံဖြင့် ပြောလိုက်တယ်။

ဇေယျာနိုင်တို့နှစ်ယောက်လည်း ကြောက်ကြောက်နဲ့ကြည့်နေတုန်း လေပြင်းတစ်ချက်တိုက်ခတ်လာပြီး အပုပ်နံ့များမခံနိုင်အောင် ထောင်းခနဲထောင်းခနဲလှိုင်လှိုင်ဝေလာခဲ့တယ်။

မကြာမီမှာ နတ်ရဲပင်ကြီးအနီးမှာ အမွေးအမှင်ထူပျစ်နေတဲ့လက်မည်းကြီးတစ်ခုပေါ်လာပြီး စကောထဲကို လက်နှိုက်လိုက်ပါတယ်။

"ဟာ၊ ဟာ - ဟိုမှာ လက်မည်းကြီးပေါ်လာပြီ"

ဖြိုးမင်းဝေက ကြောက်လန့်တကြား အာမေဍိတ်သံဖြင့် ခပ်တိုးတိုးပြောလိုက်ပါတယ်။ ဇေယျာနိုင်ကတော့ နဂိုကတည်းက ခပ်ကြောက်ကြောက်မို့ အသံမှမထွက်နိုင်အောင် ကြောက်ရွံ့စိုးထိတ်နေပါတယ်။

နောက်တော့ တစ်ကိုယ်လုံးအမွေးအမှင်တွေဖုံးနေတဲ့ ဆယ်ပေလောက်ရှိတဲ့အကောင်ကြီးတစ်ကောင်ရဲ့သဏ္ဌာန်ဟာ တဖြည်းဖြည်းပေါ်လာပါတယ်။

နောက်တော့ စကောထဲမှာရှိတဲ့ အမဲအူစုံအသည်းစုံကို လှမ်းနှိုက်ပြီး ပါးစပ်ကြီးကိုဟလိုက်ရာ ပါးစပ်ကြီးမှာ သွေးတွေနဲ့နီရဲနေပြီး အစွယ်နှစ်ချောင်းမှာပြူးနေပါတယ်။ မျက်လုံးကြီးနှစ်လုံးမှာလည်း မီးကျီးခဲလိုနီရဲနေပါတယ်။

အဲဒီအကောင်ကြီးကိုကြည့်ပြီး ဖြိုးမင်းဝေမှာ မည်သို့မျှစိတ်မထိန်းနိုင်ဘဲ-

"အောင်မယ်လေး - လုပ်ကြပါဦး၊ ကယ်ကြပါဦး"

ထိုသို့ အသံနက်ကြီးနဲ့ အော်ပြီး ချုံပုတ်ထဲကြောက်အားလန့်အားနဲ့ပြေးထွက်ခဲ့ရာ သူ့ပုဆိုးတစ်ခုလုံးမှာလည်း ရှုံ့ရှုံ့တွေနဲ့ ရွှဲရွှဲစိုနေလေရဲ့။

စကောထဲမှာ အမဲအူစုံအသည်းစုံတင်ပြီး ပွဲဆက်နေတဲ့မိန်းမကြီးက ဖြိုးမင်းဝေကိုကြည့်ပြီး ပထမတော့လန့်သွားခဲ့တယ်။ နောက်တော့ သူတို့ပညာတက်ပွဲကို ဖျက်ဆီးတဲ့သူလို့ထင်ပြီး စိတ်ဆိုးမာန်ဆိုးနဲ့ -

"အဲဒါ ငါတို့ပညာသည်တွေရဲ့ပွဲစဉ်ကိုဖျက်တဲ့ မကောင်းဆိုးဝါးကောင်ဘဲ။ လိုက်ပြီးရိုက်စမ်း"

အမျိုးသမီးနှစ်ယောက်က ဖြိုးမင်းဝေနောက်သို့ အပြေးလိုက်သွားသဖြင့် ဇေယျာနိုင်နဲ့ ဦးလေးဖြစ်သူမှာ မနေသာတော့ဘဲ သူတို့နောက်မှ အပြေးလိုက်လာခဲ့တယ်။

အမျိုးသမီးနှစ်ယောက်က ဖြိုးမင်းဝေကိုမီလာပြီးဖမ်းဆွဲလိုက်ပါတယ်။ ပြီးတော့ သူတို့မှာပါလာတဲ့ ယောက်မနဲ့ခေါက်ပြီး -

"ဟဲ့ - နင်က ဘယ်ကပယောဂဆရာလဲ၊ ဘာဖြစ်လို့ ငါတို့ကိုနှောင့်ယှက်တာလဲ"

ဟု ပြောဆိုပြီး ရိုက်နှက်ပါတော့တယ်။ မကြာမီ ဦးမောင်ခိုင်နဲ့ဇေယျာနိုင်တို့မီလာပြီး-

"အစ်မကြီးတို့ရယ် မလုပ်ပါနဲ့။ သူက ကောင်းကောင်းစိတ်မနှံ့လို့ပါ"

"စိတ်မနှံ့တဲ့သူက ကျုပ်တို့ကို ဘာဖြစ်လို့ပွဲဖျက်ရတာလဲ"

"အဲဒီလိုမဟုတ်ပါဘူး အစ်မကြီးရယ်၊ ကျွန်တော့်တူကိုယ်စား တောင်းပန်ပါတယ်"

ဤသို့ ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် -

"ဟေ့လူတွေ၊ သင်္ချိုင်းထဲမှာ အချိန်မတော် ဘာဖြစ်နေတာလဲ"

"ဟာ - ရဲတွေပါလား"

"ဟုတ်တယ်၊ ပတ္တာရောင်လှည့်ကင်းခင်ဗျားတို့ရဲ့အော်သံဟစ်သံတွေကြားလို့လာဖမ်းတာ"

"ကျွန်တော်တို့မှာ ဘာအပြစ်မှမရှိပါဘူး ရဲကြီးရယ်"

"ခင်ဗျားတို့ဗျာ၊ ပျော်ပါးစရာရှားလို့ သင်္ချိုင်းထဲမှာလာပြီးပျော်ပါးရတာလား လို့"

"မဟုတ်၊ မဟုတ်ရပါဘူး ရဲကြီးရယ်၊ ကျွန်တော်တို့ မပျော်ပါးရပါဘူးဗျာ"

"ဘာမှပြောမနေနဲ့။ မောင်ရိုပ်… နဲ့ အားလုံးဖမ်းလာခဲ့၊ စခန်းကျမှရှင်းမယ်"

ဤသို့ဖြင့် ရဲစခန်းသို့ ထိုမိန်းမသုံးယောက်နှင့် ဇေယျာနိုင်တို့သုံးယောက် လိုက်သွားခဲ့ရပါတော့သတည်း။

ဇိုဇို…



www.burmeseclassic.com

ရှေးရှေးတုန်းက မြန်မာပညာရှိတို့သည် အယူတော်မင်္ဂလာပညာဟုခေါ်ဝေါ် သမုတ်သော နိမိတ်ပညာကို ထီးနန်းရေး၊ တိုင်းရေးပြည်ရေး၊ သံတမန်ရေး စစ်ရေး၊ စီးပွားရေး၊ ပညာရေး စသည်တို့တွင် လိုအပ်လျှင်လိုအပ်သလို အားတွက်ရွေ့သလို အသုံးပြုခဲ့ကြသည်။ ထိုအထဲတွင် မြို့တော်သစ်၊ နန်းတော်သစ်များတည်ဆောက်ရာတွင် ဤနိမိတ်ပညာကို စနစ်တကျ အသုံးပြုခဲ့ကြပုံက အလွန်စိတ်ဝင်စားစရာကောင်းလှသည်။

ဥပမာ ဆယ်စုနှစ် နှစ်စုကျော်ကျော်လွန်ပြီး ရခိုင်လောင်းကြက်ရွှေတည်ရွှေနန်းကို ပြန်လည် သိမ်းပိုက်ရရှိထားခဲ့သော မင်းစောမွန်မင်းသည် ရန်သူမင်းတို့ အကြိမ်ကြိမ်လွှမ်းမိုးခြယ်လှယ်ခြင်းခံခဲ့ရသော ထိုလောင်းကြက်ရွှေတည်ရွှေနန်းကို မနှစ်မြို့မသတီဖြစ်လာသဖြင့် မြို့သစ်နန်းသစ်တည်ဆောက်ရန်အတွက် နောက်လိုက်နောက်ပါ ပညာရှိအမတ်ဗိုလ်ပါများနှင့်အတူ မြို့တော်ရာသစ်၊ နန်းတော်ရာသစ်ကိုရှာဖွေရန်အလို့ငှာ ရွှေဖောင်တော်စီး၍ အဥ္စနဒီလေးမြို့

# မင်းရှိန်အောင်

## ရှေးမြန်မာ့မြို့တော်သစ် တည်ဆောက်မှုနှင့်နိမိတ်ပညာ

မြစ်ကိုဆန်တက်လျှက် အနောက်ဘက်ချောင်းတက်ကို ဝင်ရောက်လေသော် ရွှေတောင်အနီးအပါးရှိ ဂျွန်တောင်ခြေရင်း မြောက်ဦးချောင်းဖျားတစ်နေရာ၌ အညွန့်အရွက်အခက်များ လက်ယာရစ်ခွေနေရုံသာမက လက်ယာရစ်လျှောက်ပတ်ခွေနေသော ကြီးမားလှသည့် သင်းနှယ်တောတစ်တောကို တွေ့မြင်ရလေသည်။ ထိုစဉ်တွင် ကြောင်တစ်ကောင် အကိုက်ခံရသော ကြွက်တစ်ကောင်သည် ထိုသင်းနွယ်တောရှိရာသို့ပြေးလာရာ သင်းနွယ်တောအရောက်၌ ထိုကြွက်တ ကြောင်ကိုပြန်ကိုက်သဖြင့် ကြောင်ပြန်ပြေးရသည်ကို ထူးထူးဆန်းဆန်း မြင်တွေ့ရသည်။

နောက် မြွေတစ်ကောင်လိုက်၍ ပြေးလာရသောဖားသည် ထိုတောအရောက်၌ မြွေကိုပြန်လိုက်သည်ကို တွေ့ရပြန်သည်။ ပြီး ကျားလိုက်၍ပြေးလာရချေတစ်ကောင်သည် ထိုတောအရောက်၌ ထိုကျားကိုပြန်လိုက်သည်ကို မြင်ရပြန်သည် တချို့ကုန်သည်တို့သည် ဘုမ္မစိုး၊ ရုက္ခစိုးတို့၏ သရုပ်ဆောင်လမ်းညွှန်မှုဟုဆိုကြပါသေးသည်။

ဤကဲ့သို့ ထူးခြားသောအခြေအနေကြောင့် ပညာရှိတို့က ထိုသင်းနွယ်တောတည်ရာကို ဘုမိနက်သန်အောင်မြေအဖြစ် ရွေးချယ်လိုက်ကာ မြို့တော်သစ်တည်ရန် သတ်မှတ်လိုက်လေသည်။ ထိုမြို့တော်သစ်နေရာကို ရှင်းလင်းသုတ်သင်စဉ် ဖျဉ်းမပင်ကြီးတစ်ပင်ကိုခုတ်လှဲရာ၌ ထိုအပင်သစ်ခေါင်းထဲမှတောက်တဲ့ဖြူငါးကောင်ရရှိသည်ကို ပညာရှိတို့က ဤနေရာတွင် မြို့တော်သစ်တည်လျှင် တိုင်းတစ်ပါးက သဘော်ကြီး၊ ငယ်တို့ဝင်ထွက်မစဲတသဲသဲရှိအံ့ဟု နိမိတ်ဖတ်ကြားကြလေသည်။

နန်းတော်ရာကို ရှင်းလင်းသုတ်သင်နေစဉ်တုန်းကလည်း တောင်ဘက်အရပ်မှာ မြေဖြူစဉ့်အိုးတစ်လုံး၊ မြောက်ဘက်အရပ်မှာ မြေနီစဉ့်အိုးတစ်လုံးရရှိခဲ့သည်။ ယင်းကို ပညာရှိတို့က မြေဖြူအိုးတစ်လုံးတွေ့ခြင်းကြောင့် သားတော်အစဉ် မြေးတော်အနွယ် မြစ်တော်အညွန့် ထီးဖြူဆောင်းမင်းချည်းဖြစ်အံ့။ မြေနီအိုးတွေ့ရှိခြင်းကြောင့် အရှေ့၊ အနောက်မင်းတို့နှင့် ထိတွေ့ရင်ဆိုင်ရအံ့ဟု နိမိတ်ဖတ်ကြလေသည်။ ပသို့ပင်ဆိုစေ မြန်မာ



www.burmeseclassic.com

နှစ် ၇၉၂ ခုနှစ်၊ တော်သလင်းလ ၁ ရက်နေ့တွင် မင်းစောမွန်မင်းသည် မြောက်ဦးရွှေပြည်မြောက်ဦးခေတ်ကို တည်ထောင်ခဲ့လေသည်။

ထို့သို့ပင် ကမ္ဘာဦးမင်း မဟာသမ္မတရာဇာမင်း၏ အနွယ်တော်ဖြစ်သော ကုသဝတီပြည့်ရှင် ဩက္ကာကရာဇ်မင်း၏သားတော်၊ သမီးတော်တချို့သည် နေပြည်တော်သစ် နန်းတော်သစ်ထူထောင်ရန်အတွက် မြေနေရာရှာဖွေရန်အလို့ငှာ ခရီးထွက်လာရာ ဟိမဝန္တာတောင်နှင့် မနီးမဝေး ရေကန်တစ်ခုအနီးကျွန်းတောသို့ရောက် ကပ္ပိလရှင်ရသေ့နှင့်တွေ့ဆုံလေသည်။ ကပ္ပိလရှင်ရသေ့သည် ဤကျွန်းတောတွင် ကျောင်းသခ်မ်းဆောက်၍ သီတင်းသုံးစံပယ်နေသောသူတော်စင်တစ်ပါးဖြစ်သည်။ ကပ္ပိလရှင်ရသေ့သည် မင်းသားတို့လာရခြင်းအကြောင်း သိရှိသွားသောအခါတွင် ဤကျောင်းသခမ်းတည်ရာကျွန်းတောသည် အလွန်ထူးခြားသည်။ ဤမြေ၌ပေါက်ရောက်သော နွယ်မြက်သစ်ပင်တို့၏ အညွန့်အရွက်အခက်များသည် လက်ယာရစ်ခွေလျက် အရှေ့ဘက်အရပ်သို့လှည့်နေကြသည်။ ကြမ်းကြုတ်သောသားရဲတိရစ္ဆာန်တို့သည် တစ်နေရာသို့ရောက်လျှင် နူးညံ့သိမ်မွေ့သွားကြသည်။ အားနည်းသောတိရစ္ဆာန်တို့သည် ဤနေရာသို့ရောက်လျှင် အားကြီးသောတိရစ္ဆာန်တို့ကို ပြန်လည်ရင်ဆိုင်နိုင်သည်။ဤမြေသားတို့သည် နီရဲကြသည်။ ထို့ကြောင့် ဤကျွန်းတောတည်ရာကားဘုမ္မိနက်သန်အောင်မြေတည်း။

ဤဘုမိနက်သန်သည် အောင်မြေ၌ မြို့ထော်နန်းတော်တည်၍နေလျှင် ဘေးရန်အပေါင်းမှကင်းကွာရုံသာမက စည်ပင်ဝပြောကြွယ်ဝချမ်းသာကြလိမ့်မည်ဟု နိမိတ်ဖတ်လိုက်သည်။ ဤသို့ဖြင့် သကျသာကီမင်းတို့၏ သတ္တတိုင်းကပ္ပိလဝတ်ပြည်သည် ပေါ်ပေါက်လာရသည်ဟု ဗုဒ္ဓဝင်မဟာဝင်တို့၌ ဖော်ပြထားသည်ကို တွေ့ရှိနိုင်ပေသည်။ ဤကဲ့သို့ ဘုမ္မိနက်သန်အောင်မြေ ရွေးချယ်၍ နေပြည်တော်သစ် နန်းတော်သစ်တည်ဆောက်မှုများရှိသလို နိမိတ်များကို အခြေခံ၍ နေပြည်တော်နန်းတော်သစ် တည်ဆောက်ရန်အတွက် နေရာဌာနရွေးချယ်မှုများကိုလည်း တွေ့ရပါသေးသည်။

ပိုမိုထင်ရှားအောင်ပြချင်ပါသေးသည်။ မွန်ရာဇဝင်၌ ဝါရီရူမင်းသည် မုတ္တမမြို့ကို မင်းနေပြည်တော်အဖြစ်တည်ထောင်လိုသည့်အတွက် မြေနေရာရှင်းလင်းသုတ်သင်သည့်အခါဝယ် စပါးကြီးမြွေတစ်ကောင်ကိုရသဖြင့် ပညာရှိတို့က ဤမြို့သည် တိုင်းတစ်ပါး ကုန်သည်သင်္ဘောများ ဝင်ထွက်မစဲစည်ကားနေသော သင်္ဘောဆိပ်မြို့ဖြစ်အံ့ဟု နိမိတ်ဖတ်လေသည်။နောက် ကျားတစ်ကောင်ရရှိပြန်ရာ ပညာရှိတို့သည် ဤမြို့၏ဘုရင်များသည် ရန်သူမင်းများကိုအောင်မြင်လျက် ကျား၊ သစ်၊ ခြင်္သေ့များကဲ့သို့ ရဲစွမ်းသတ္တိရှိအံ့ဟု နိမိတ်ဖတ်လေသည်။

နောက် မြို့ရိုးတည်၍ မြို့ကြငှန်းတိုင်ထူမရဖြစ်နေစဉ် ကိုကြငှန်းတိုင်တွင်းသို့ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးကိုတွန်းချပြီး ထိုတိုင်ကိုထူက အောင်မြင်မည်ဟု ပုဏ္ဏားတို့က ဟောကြားကြပြန်သည်။ တိုက်တိုက်ဆိုင်ဆိုင်ပင် လင်ကိုစိတ်ဆိုး၍ အိမ်ပေါ်မှဆင်းလာသော ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ယောက် ထိုကြငှန်းတိုင်တွင်းအနီးသို့ရောက်လာစဉ် ဝိုင်းဝန်းတွန်းချပြီး ထိုတိုင်ကိုထူလိုက်ကြသည်။ ထိုသို့တိုင်ထူစဉ် ထိုအမျိုးသမီးဝမ်းဗိုက်ပေါက်၍ထွက်လာသောသွေးမှ မြွေရှစ်ကောင်ဖြစ်၍ ထွက်ပြေးလေ၏။ လိုက်လံသတ်ဖြတ်ခိုင်းသဖြင့် လိုက်သတ်ရာ ခုနစ်ကောင်သေ၍ တစ်ကောင်မှာမူ အနောက်ဘက်သို့ထွက်ပြေးလွတ်မြောက်သွားသည်။ ဤသည်ကို ပညာရှိတို့က ဤမြို့တွင် မင်းရှစ်ဆက်ရှိပြီး ခုနစ်ဆက်သည် ဤမှာသေအံ့ဟု၊ နောက်ဆုံးမင်းမှာ အနောက်ဘက်သို့ ပြောင်းရွှေ့သွားလိမ့်မည်ဟု နိမိတ်ဖတ်လေသည်။

ဤကဲ့သို့ အလားတူသောအဖြစ်အပျက်တစ်ခုသည်လည်း သာယာဝတီမြို့တည်ထောင်စဉ်တုန်းက ပေါ်ပေါက်ခဲ့ဖူးသည်။ သာယာဝတီမြို့ ဆိုသည်မှာ ယခုခရိုင်မြို့ဖြစ်သော သာယာဝတီမြို့ကို ဆိုလိုသည်မဟုတ်ပါ။ ယနေ့ ကြို့ပင်ကောက်မြို့နယ်အရှေ့ဘက်ခြမ်း ပဲခူးရိုးမ မနီးမဝေးရှိ ကျစ္စာစေတီတော်အနီးက သာယာဝတီမြို့ဟောင်းကိုဆိုလိုခြင်းဖြစ်ပါသည်။ သက္ကရာဇ် ၈၈၈ ခုနှစ်လောက်က သိုဟန်ဘွားမင်းကြောင့် အင်းဝပျက်သဖြင့် ပုဂံမြို့စား သားတော်မောင်မောင်ကြီးသည် ရှေးဘိုးလောင်းဘေးလောင်းတော် ပုဂံကျစ္စာမင်းကြီးတည်သော ကျစ္စာစေတီတော်အနီးတွင် စစ်ဘေးခိုလှုံနေခဲ့သည်။ ဤသို့ဖြင့် မြို့တော်သစ်တစ်ခုတည်ရန်အကြောင်းဖန်လာသဖြင့် ပတ်ဝန်းကျင်တွင် အနှစ်သာရရှိသော သစ်ပင်ကြီး၊ ဝါးပင်ကြီးများပေါက်ရောက်လျက်၊ အနှစ်သာရရှိသော သစ်သီးဝလံများပေါများသည်ကိုနိမိတ်ယူလျက် သာရဝတီ>သာရာဝတီမြို့တော်ကို တည်ထောင်ရန် စီစဉ်လေတော့သည်။ ထိုသို့ မြို့ရိုးတည်ဆောက်စဉ်တွင် မြို့ဦးတိုင်ထူ၍မရဖြစ်နေသဖြင့် ပုဏ္ဏားတော်တို့က တနင်္ဂနွေနေ့ တနင်္ဂနွေအချိန်တွင် တနင်္ဂနွေထောင့်မှ နာမည်တွင် 'အောင်'ပါရှိသော ကိုယ်ဝန်ဆောင်အမျိုးသမီးရောက်လာလျှင် ၎င်းမိန်းမအား ထိုတိုင်တွင်းကိုဝစ်ချပြီး တိုင်ထူမှအောင်မြင်မည်ဟုဟောကြားလေသည်။

တိုက်ဆိုင်စွာ ထိုနေ့ထိုအချိန် ထိုနေရာမှ အကျဉ်းကျနေသောလင်ကိုထမင်းပို့ရန်အတွက် ဖျာလိပ်ကိုလက်ချိုင်းကြားမှာညှပ်၊ ထမင်းအိုးကိုခေါင်းမှာတင်လျက် ထိုအနီးသို့ရောက်ရှိလာသော မအောင်ဖြူကိုဖမ်းဆီးပြီး တိုင်တွင်းထဲချကာ တိုင်ထူလိုက်လေသည်။ ချက်ချင်းလိုပင် ထိုသို့ထူလိုက်သောတိုင်ထိပ်ပေါ်တွင် တီတစ်ကောင်ကို ကိုက်ချီလာသော ကျီးတစ်ကောင်သည် လာရောက်နားလျက် ထိုတီကောင်ကို ချက်ချင်းစားမျိုလိုက်ပြီးနောက် သာယာစွာဖြင့်မြည်ကြွေးလေသည်။ ၎င်းကို နိမိတ်ယူ၍ သာရာဝတီကို သာယာဝတီဟုပြောင်းလဲသတ်မှတ်လိုက်သည်။ ဤသို့ဖြင့် ဗိုဓ်အဆက်အနွယ် မောင်မောင်ကြီးသည် သာယာဝတီရွှေပြည်ရွှေနန်းရှင် သတိုးနော်ရထာမင်းဖြစ်လာခဲ့လေသည်။

တစ်ခါ မဇ္ဈိမဒေသ ကလိင်္ဂရာဇ်အဆက်အနွယ် မင်းပြောင်မင်းရောင်အမှူးပြုသော မင်းသား၊ မင်းသမီးတို့သည် မဟာသက္ကရာဇ် ၁၉၃ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်၊ တနင်္လာနေ့ နံနက် (၂) ချက်တီးကျော် (၃) မောင်းနက္ခတ် (၇) လုံး သုံးပါဒ် ကရကဋ်လဂ်တစ်နှစ်းတွင် ပုံဏ္ဏာဝတီမြို့တော်ဟောင်းနေရာ၌ မြို့တော်သစ်တည်ရန်အလို့ငှာ ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်နေစဉ် ထူးခြားသောနိမိတ်များဖြစ်ပေါ်လာသည်ကိုတွေ့ရှိရသည်။

ပထမနိမိတ်မှာ ကဒူးတိုင်းရင်းသားတစ်ယောက် တင်းထိမ်ကိုခြုံလျက်နွားနက်ကိုစီးကာ သေရည်ဘူးကိုလွယ်၍ ထိုပန္နက်တင်ပွဲပြုလုပ်သည်နေရာသို့ ဖြန်းစားကြီးရောက်ရှိလာရာ အစောင့်အကြပ်လုပ်နေသူများက လိုက်လံဖမ်းဆီးရာ ထိုသူသည် ကမူးရှူးထိုးထွက်ပြေးသဖြင့် သေရည်ဘူးသည် ပန္နက်တင်



www.burmeseclassic.com

www.burmeseclassic.com

သောနေရာတွင် ကျကွဲသွားသဖြင့် ခေါင်းအပေါ်၌ ပက်ဖျန်းလိုက်သလိုဖြစ်သွားသည်။ နွားနက်နှင့်ကဒူးတိုင်းရင်းသားမှာမူ လွတ်မြောက်သွားသည်။

ဒုတိယနိမိတ်မှာ မရှေးမနှောင်းမှာပင် ဇရာမစပါးကြီးမြွေတစ်ကောင် ထိုနေ့ တင်နေရာကို ရုတ်တရက်ရောက်ရှိလာပြီး ရှူးရှူးရှူးမြည်ကာ တောင်ဘက်အရပ်သို့ ထွက်ခွာသွားလေသည်။

တတိယနိမိတ်မှာ ထိုနေ့ညဦးအခါတွင် တောင်ဘက်အရပ်တွင် ကြယ်တံခွန်ပေါ်ပြီး ဥက္ကာကြွေခဲ့သည်ဆို၏။

အဆိုပါ နိမိတ်များကို ပညာရှိအမတ်ကြီး ဝိဓူရကျော်ခေါင်က ဤသို့ ဖတ်ကြားခဲ့သည်။ ပထမနိမိတ်ကို တင်းထိမ်ချိုခြင်းတစ်ခု၊ တင်းထိမ်ချို၍ နွားနက်ကြီးစီးခြင်းတစ်ခု၊ သေရည်ဘူးကျကွဲသဖြင့် ပန္နတင်အပေါ် ဖျန်းပက်သလိုဖြစ်ခြင်းတစ်ခု စသဖြင့် ခွဲခြမ်းစိတ်ဖြာကာ တင်းထိမ်ချိုသောအလိုကား ဤပြည်သူတို့သည် လောဘနည်း၍ ရောင့်ရဲတင်းတိမ်အံ့။ တင်းထိမ်သည်လည်း နေနံနှစ်ထပ်၊ နွားနက်သည်လည်း နေနံနှစ်ထပ်၊ မြို့ရွာပတ်ပတ်လည်တွင်လည်း တောင်တန်းများပတ်ချာဝိုင်းဝန်းနေသောကြောင့် ထိုထိုသောအကြောင်းများကြောင့် ယခုတည်မည့်မြို့တော်သစ်ကို ရတနာတင်းထိမ်နေပြည်တော် တောင်တွင်းကြီးမြို့ဟုခေါ်တွင်စေက ပိုမိုကောင်းအံ့၊ သေရည်ဘူးကျကွဲပက်ဖျန်းသလိုဖြစ်သည့်အလိုကာ ဤဒေသတွင် အစာရေစာအလွန်ပေါကြွယ်ဝအံ့ဟုနိမိတ်ဖတ်ကြားလေသည်။

စပါးကြီးမြွေက ရှူးရှူးရှူးဟု မြည်သောအလိုကား သုသုသုဟူသောအသံရှိသောကြောင့် ဤအရပ်သားတို့သည် ကောင်းမွန်ချမ်းသာအံ့ဟု နိမိတ်ဖတ်သည်။

ကြယ်တံခွန်ထွက်ခြင်းအလို့ငှာကား တိုင်းပြည်ဘုန်းသမ္ဘာအရှိန်အဝါကြီးမားပြီး တိုင်းတစ်ပါးက လက်ဆောင်ပဏ္ဏာများရအံ့။ ဥက္ကာကျခြင်းအလိုမှာမူ ဝဋ်ကြွေးမကင်းသူတို့နှင့် ခြေလေးချောင်းသတ္တဝါတို့ ဆင်းရဲဒုက္ခတွေ့အံ့ဟု နိမိတ်ဖတ်လေသည်။ ဤကား တောင်တွင်းကြီးမြို့ မြို့တည်နိမိတ်တည်း။

ဆိုခဲ့သမျှကို ခြုံငုံကောက်ချက်ချလျှင် မြို့တော်သစ်နန်းတော်သစ်တို့ကို တည်ဆောက်ရာတွင် ရှေးပညာရှိတို့သည် အယူတော်မင်္ဂလာပညာဆိုင်ရာ အတိတ်နိမိတ်များကို စနစ်တကျသုံးစွဲသွားခြင်း၏ သရုပ်သကန်ပင်ဖြစ်သည်။ နောက်ထူးခြားချက်တစ်ခုကတော့ တချို့ပညာရှိတို့က သို့ကလို အတိတ်နိမိတ်တွေကိုမသုံးဘဲ သိုက်စာ၊ စနည်း၊ တဘောင်၊ အိပ်မက်တို့ကို တကူးတက သုံးစွဲကြပုံသဘောသကန်များကိုလည်း တွေ့ရှိရပေသည်။

နမူနာဆိုရသော် ဆိမီးခုံရှာစား မဟာနန္ဒသကြိန်၊ ကန္နီမြို့စား သီရိသခ်ယာ၊ ပုဏ္ဏားတော် မဟာသီရိပဏ္ဍိ၊ မဟာဂုရုရာဇာဂုရု အမှူးပြုသော ပညာရှိတို့က အမရပူရရွှေနန်းရှင်မင်းတုန်းမင်းကြီးကို ရှေးမန္တလေးသိုက်စာကို ကိုးကားလျက် ဤသို့လျှောက်တင်ကြလေသည်။

မန္တလေးပြည်ရွာ၊ တည်သောအခါ၊ ရာဇာမင်းထက်မင်း၊ သီတင်းသီလ၊ ဒါနမကင်း၊ စောင့်မြဲခြင်း၊ ဗိုလ်လူခပင်း၊ ချမ်းသာခြင်း၊ မယွင်းထိုအခါဖြစ်လိမ့်မည်၊ ရှေ့ထက်ထိုခါ၊ သာသနာ၊ ထိုခါဝင်း၍ တောက်လိမ့်မည်။

ထိုသို့ သိုက်ထွက်စကားရှိနေသဖြင့် အရှင်မင်းကြီးသည် မန္တလေးတောင်ခြေရင်း၌ နေပြည်တော်သစ်တစ်ခုတည်ဆောက်တော်မူသင့်ကြောင်း ဝိုင်းဝန်း လျှောက်တင်ကြလေသည်။ နောက်ဆုံးတွင် မင်းတုန်းမင်းကြီးသည် မန္တလေးရတနာပုံနေပြည်တော်သစ်ကို တည်ထောင်ဖြစ်ခဲ့လေသည်။

တစ်ခါ သက္ကရာဇ် ၇၂၅ ခုနှစ်လောက်က တိုင်းရေးပြည်ရေးအရှုပ်အထွေး၊ ထီးရေးနန်းရေးအရှုပ်အထွေးကြားထဲမှ ရှင်ဘုရင်ဖြစ်လာသော သတိုးမင်းဖျားသည် လက်ရှိ ပင်းယနေပြည်တော် ပင်းယရွှေနန်းတော်ကို စစ်ရေးအမြင်နှင့်သုံးသပ်လျှင် ထိခိုက်နစ်နာမှု အချိန်မရွေးဖြစ်ပေါ်လာနိုင်သည်ဟုရှုမြင်ခံစားမိလာသဖြင့် နေပြည်တော်သစ်နန်းတော်သစ်ပြောင်းရွှေ့ထူထောင်ရန် လိုလားလျက်ရှိသည်။

ထို့ကြောင့် တစ်ချိန်တုန်းက မင်းနေပြည်တော်ဖြစ်သော စစ်ကိုင်းကို ပြောင်းရွှေ့ တည်ထောင်လျှင် ကောင်းမည်လားဟု တဘောင်နာစေရာ အောက်ပါ တဘောင်ကို ကြားနာလာရသည်။

'ထဘီးတောင်းစေ၊ ခြေကောင်းစေ၊ တဘက်ခါးဆီး၊ ချွေးကြီးတဖျာ၊ ပန်းမှုသာ'

သတိုးမင်းဖျားသည် အဆိုပါ တဘောင်၏ ဆိုလိုရင်းကို သံဘောပေါက်သွားသဖြင့် စစ်ကိုင်းကို မင်းနေပြည်တော်သစ်အဖြစ် တည်ဆောက်လိုခြင်းကို ဖလက်လျှော့လိုက်လေသည်။ ပြီးတစ်ကြိမ်က မင်းနေဖြည်တော်အဖြစ် တည်ရှိဖူးသည့် အင်းဝကို ပြန်လည်ထူထောင်လျှင် ကောင်းမည်လားဆိုပြီး တဘောင်နာစေပြန်သည်။

'ပြရယ်သည်လော၊ သွယ်သည်လော၊ ပြရယ်သင်တိုင်း၊ မြနှင့်နှိုင်းသည်၊ စောကျိုင်ပတ်စာနယ်သည်လော၊ အမွေးတပုံ၊ အခွဆုံးကိုရှယ်သည်လော"

ဟူသော တဘောင်သံကိုကြားရသောအခါတွင် သတိုးမင်းဖျားသည် မြစ်သုံးခွဲဆုံ၌တည်ရှိသော အင်းဝမြို့တော်ဟောင်းကို မင်းနေပြည်တော်သစ်အဖြစ် ပြန်လည် တည်ဆောက်ရန် ရွေးချယ်လိုက်လေသည်။

တစ်ဖန် သတိုးမင်းဖျားမင်းသည် အင်းဝမြို့တော်ဟောင်းကို ပြန်လည်တည်ဆောက်ရန်အတွက် ၎င်းအနီး၌ ယာယီတဲနန်းဖြင့် စံတော်မူနေစဉ် တစ်နေ့မှာ ဖျာလိပ်ခန့်ရှိသော ဇရာမစပါးကြီးမြွေတစ်ကောင်သည် မြေကြီးအတွင်းမှနေ၍ တဲနန်းတိုင်တစ်ခုကို ရစ်ပတ်ကာ လှုပ်ခါယမ်းသဖြင့် တဲနန်းတစ်ခုလုံးသိမ့်သိမ့်တုန်လှုပ်ခါနေသဖြင့် ယင်းကိုတူးဖော်ကြည့်ရာ ထိုမြွေကြီးတွေ့ရှိရသောကြောင့် ရဟန်းပညာရှိ ပုတူးကြီးသံယာ့ရာဇာက ဤကဲ့သို့နိမိတ်ဖတ်လေသည်။

'မြို့တော်တည်မည်ဟုအရပ်အနေပြုနေသော ဤတဲနန်းကို ဤတွင်းအောင်းစပါးကြီးမြွေကြီးက လှုပ်ယမ်း၍ လှုပ်ခါရသည်အလိုတော်ကား ဤမြစ်ဆုံးအရပ်၌ ပြည်ကြီးတည်ဖြစ်သော် သာသနာတော်ထွန်းပရန်ဖြစ်လတ္တံ့။ ဤပြည်ကြီးတိုမှီ၍ အသက်မွေးသောသူတို့သည်လည်း ချမ်းသာကြီးပွားလတ္တံ့'

ဟု ဖွင့်ဆိုလေသည်။

တစ်ဖန် သတိုးမင်းဖျားသည် ထိုနေ့ညဉ့်၌ ထူးထွေဆန်းပြားသော အိပ်မက်တစ်ခုကို မြင်မက်ပြန်သည်။ အိပ်မက်ထဲ၌ အင်းဝမြို့တည်ရာအရပ်တွင် ဇရာမလက်ပံပင်ကြီးတစ်ပင်ပေါက်ရောက်နေသည်။ ထိုလက်ပံပင်ထိပ်ဖျား၌ ဆဒ္ဒန်ဆင်ပျံတစ်ခုနားသည်။ ခက်မလေးဖြာတွင် ပရိက္ခရာအစုံနှင့် ရဟန္တာလေးပါး သီတင်းသုံးနေသည်၊ အပင်ရင်း၌ ခြင်္သေ့စောင့်သည်၊ အမြစ်ဖျား၌ နဂါးစောင့်သည်၊ ခက်မလေးဖြာ၌ သီတင်းသုံးနေသော ရဟန္တာလေးပါးကို ဂဠုန်သုတ်သည်ဟု မြင်မက်ခြင်းဖြစ်ပေသည်။

www.burmeseclassic.com

ဆရာစိုး-ရွှေအာရုဏ်ဦး

# တားရော့ကားချပ်များအား ချဉ်းကပ်လေ့လာခြင်း

# (အဓိကကားချပ်များ/ Major Arcana)

## XI. Strength - စွမ်းအား




❑ *မျက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့် ကျွန်တော် (သို့) တားရော့ပုံပြင် - ၁ ဆောင်းပါးအားဖတ်ပြီးမှ တားရော့ ကားချပ် ဆောင်းပါးများအား လေ့လာ ဖတ်ရှုပါက ပိုမိုသဘောပေါက်နိုင်မည် ဖြစ်ပါသည်။*

**Xi. Strengh - စွမ်းအား**

❑ **အခြားအမည်ကွဲများ**

- Force
- Fortitude
- Neith

❑ **ပတ်သက်ဆက်နွှယ်မှုများ**

- သိဟ်ရာသီ
- ကန်ရာသီ
- တနင်္ဂနွေဂြိုဟ်
- တနင်္လာဂြိုဟ်
- Conseious mind
- Subconseious mind

❑ **သရုပ်ဖော်ပုံ**

ငယ်ရွယ်နုပျိုတဲ့ မိန်းမပျိုလေး တစ်ယောက်က ခြင်္သေ့တစ်ကောင်ရဲ့ ပါးစပ်ကို အကြောက်အရွံ့ကင်းစွာဆွဲဟ နေပုံ၊ ခြင်္သေ့ကလည်း အိမ်မွေးကြောင် ကလေး/ ခွေးကလေးတစ်ကောင်လို ကြည်ဖြူ ငြိမ်သက်စွာ ပြုသမျှခံယူနေပုံ ပဲ ဖြစ်ပါတယ်။ မိန်းကလေးက အပြာ ရောင်အတွင်းခံဂါဝန်ရှည်ကိုဝတ်ထားပြီး အပေါ်က အနီရောင်ခြုံထည်ကို ဝတ်ရုံ ထားပါတယ်။ ခေါင်းမှာလည်း အပြာ ရောင်နဲ့ အဖြူရောင်တစ်ဖက်စီပါတဲ့ Lemniscate ပုံစံဦးထုပ်ကိုဆောင်းထား ပါတယ်။ နောက်ခံအရောင်က ခရမ်း ရောင်ဖျော့ဖျော့။

ပတူးကြီးသံယာရာဇာက ထိုအိပ် မက်ကို ဤသို့ ဖတ်ကြားလေသည်။ အင်းဝမြို့တည်မည့်အရပ်၌ လက်ပံပင် ပေါက်ရောက်သည့်အလိုတား လက်ပံပင် တို့မည်သည် ဖွံ့ဖြိုးကြီးမားသော်လည်း အနှစ်မရှိလျက် သုံးနှစ်တစ်ကြိမ်အရွက် အပွင့်အသီးတို့နှင့် ဝေဆာပြည့်စုံသည် ဖြစ်ရကား -

အင်းဝမြို့သည်လည်း သုံးနှစ်တစ် ကြိမ်စည်ပင်ဖွံ့ဖြိုးအံ့။ လက်ပံပင်များ၌ ဆဒ္ဒန်ဆင်ပျံနားသည်အလိုကား ဗုဒ္ဓဟူး သားဖြစ်သော အရှင်မင်းကြီးသည် ဤအင်းဝမြို့တော်ကို ကောင်းမွန်ပြည့်စုံ စွာ တည်ထောင်နိုင်အံ့။

ခက်မလေးဖြာ၌ ရဟန္တာလေးပါး သီတင်းသုံးသည့်အလိုကား တိုင်းပြည် ၏အရပ်လေးမျက်နှာ၌ သာသနာတော် စည်ပင်ဝပြောအံ့။ ထိုရဟန္တာလေးပါး အား ဂဠုန်သုတ်သည့်အလိုကား တနင်္ဂ နွေသားမင်းလက်ထက်၌ သာသနာ တော် သုတ်သင် သန့်ရှင်းရေးလုပ်အံ့။ အပင်ရင်း၌ ခြင်္သေ့စောင့်သောအလို ကား တောင်ဘက်အရပ်မှ ရန်သူတို့ ခန့်ညားရွံ့ရှားအံ့။ မြစ်ဖျားတွင် နဂါး ရှိသည့်အလိုကား စနေသားမင်းလက် ထက်တွင် မြို့ရွာပြောင်းလဲတည်ထောင် အံ့ဟု နိမိတ်ဖတ်ကြားလေသည်။

ထိုပြင့်တဝ တကောင်းမင်းရိုး ကံရာဇာကြီးမင်းသားသည် တကောင်း ရွှေပြည်ရွှေနန်းကိုစွန့်ခွာလျက် သုပန္တရ တိုင်း၊ ယောနကတိုင်းတို့ကို ဖြတ်ကျော် ကာ ရခိုင်မြောက်ဘက် တောင်ကုန်း ဒေသ နီလာပန်းတောင်းမြို့သို့ ရောက် ရှိလာရာ ၎င်းတွင် ရခိုင်ဓညဝတီမင်းရိုး၊ သုနန္ဒာမင်းသမီး၊ ဖွားတော်သွေးမင်း သမီးတို့နှင့်တွေ့ဆုံကာ စုံဖက်ပေါင်းသင်း ကြပြီး ထိုမြို့နှင့်မနီးမဝေး၌ ကျောက် ပန်းတောင်းမြို့ကို တည်ထောင်လျက် နေကြကုန်၏။ သို့တစေ ကျောက်ပန်း တောင်းမြို့သည် တောင်ပေါ်မြို့ဖြစ်နေ ၍ မနေထိုင်လိုရကား တောင်ဘက်ရှိ မြေနိမ့်လွင်ပြင်သို့ ပြောင်းရွှေ့ကာ သီရိ ဂုတ်အရပ်ဝယ် မြို့ပြုတည်၍နေ၏။ သို့သော် ထိုနေရာသည် အရပ်အနေ မသင့်သဖြင့် အသေအပျောက်များ သဖြင့် နောက်တစ်နေရာသို့ ပြောင်းရွှေ့ ၍ မြို့တော်သစ်တည်ရန် ကြံစည်ပြန် သည်။

ထိုအခါ သိကြားမင်းတ မနေသာ သဖြင့် အိပ်မက်ပေး၍ ဓညဝတီမြို့တော် ပောင်းနေရာကို ညွှန်ပြလေသည်။ နောက်တစ်နေ့တွင် ဓညဝတီမြို့တော် ပောင်းနေရာကိုရှာဖွေရာ သိကြားမင်း က မြို့တော်ပောင်းနေရာကို ကောင်း ကင်မှနေ၍ ရောင်စဉ်ခုနစ်ခုပါ သက်တံ ဖြင့် ဝန်းဝိုက်ပြသသဖြင့် ကံရာဇာကြီး မင်းသည် သက်တံအဝန်းအဝိုက်အတွင်း ကျရောက်သော မြေပြင်ကို ရွေးချယ်၍ ဒုတိယ ဓညဝတီ ရွှေပြည်ရွှေနန်း တည်ထောင်တော်မူလေသည် ဟူ၏။

အားလုံးကိုချုပ်၍ လိုရင်းကိုဆို လျှင် ရှေးပောင်းမြို့တော်နန်းတော် တည်ဆောက်သောအခါတွင် အ တော်မဂ်လာပညာလာ အတိတ်နိမိ စနည်းတဘောင်သိုက်များကိုသာ သေး အိပ်မက်ကိုပါ ထည့်သွင်း အသုံ ကြသည်ကိုတွေ့ရပါသည်။ နောက် သွင်းပြုစရာတစ်ခုက ဤကဲ့သို့ အ တော်မင်္ဂလာပညာဆိုင်ရာကို အသုံ သောအခါတွင် ဒေဝလောကသား၊ လောကသားတို့နှင့် ဆက်နွှယ်နေမှု သလားဟူသော မေးစရာ၊ တွေး များကို တွေ့လာရပြန်သေးသည်။

မင်းမိုး



www.burmeseclassic.com

www.burmeseclassic.com

ကားချပ်နံပါတ်(၁၀)ကစပြီး တားရော့ကားချပ်တွေဟာ (Symbo-lism) သင်္ကေတအသုံးပြု အယူအဆ သဘောတရား ပညာခန်းကို ပိုပြီးတော့လေးနက်သထက်လေးနက်စွာ အသုံးပြုလာတာကို တွေ့ရပါတယ်။ တစ်ခွန်းတည်းနဲ့ အဖြေထုတ်ဖို့ရာ/ အဓိပ္ပာယ်ဖော်ပြဖို့ ရာမဖြစ်နိုင်ပါဘူး။

အရောင်ပိုင်းကကြည့်ရင် အနီရောင်နဲ့အပြာရောင်တွေကအားပြိုင်နေပါတယ်။ အဝါရောင်နဲ့ လိမ္မော်ရောင်တွေကလည်း ခန္ဓာကိုယ်အထက်ပိုင်းမှာ နေရာဖက်ထားပါတယ်။ ဒါပေမယ့် အပြာရောင်နဲ့ အဖြူရောင် Lemniscate ပါတဲ့ ဦးထုပ်က ထိပ်မှာအုပ်မိုးထားပါတယ်။ အတ္တစိတ်ကို အခြေခံတဲ့ လောဘ၊ အကျိုးစီးပွား၊ သံယောဇဉ်၊ စိတ်ပုံ့လွင့်မှုတွေကတစ်ဖက်၊ အကျိုးအကြောင်းနဲ့ အကောင်း၊ အဆိုးကို ဆင်ခြင်ဆုံးဖြတ်နိုင်တဲ့ အသိဉာဏ်ပညာကတစ်ဖက် အားပြိုင်လွန်ဆွဲနေခြင်းကို သန့်ရှင်းဖြူစင်သော ဉာဏ်ပညာက (Lemniscate) ထိန်းချုပ်ထားနိုင်ခြင်းကို ဖော်ညွှန်းပါတယ်။

ခြင်္သေ့က သိဟ်ရာသီ ⊙ တနင်္ဂနွေကို ကိုယ်စားပြုပြီး မိန်းမပျို့လေးက ကန်ရာသီရုပ်ကို ကိုယ်စားပြုကာ အဓိပ္ပာယ်အရ တနင်္လာ (ရေ) ဓာတ်သဘောကို ဖော်ဆောင်ပါတယ်။

နေဓာတ်ကို လဓာတ်က၊
အပူဓာတ်ကို အအေးဓာတ်က၊
အဖျက်စိတ်ကို အပြုစိတ်က၊
ရိုင်းစိုင်းတဲ့စိတ်ကို ယဉ်ကျေးသိမ်မွေ့တဲ့စိတ်က၊
လောဘ/ဒေါသစိတ်ကို မေတ္တာစိတ်က -

လွှမ်းမိုးချုပ်ကိုင်အနိုင်ယူဖို့ကြိုးစားခြင်း၊ ပြုပြင်ဖို့ကြိုးစားခြင်း၊ ခက်ထန်တဲ့အမျက်စိတ်တွေကို တက်ကြွတဲ့အပြုစိတ်တွေအဖြစ် ပြောင်းလဲပြီး အများအကျိုးဆောင်ရွက်ရမှာ အသုံးပြုဖို့၊ မေတ္တာစိတ်တွေပွားများလာစေဖို့ တိုက်တွန်းနှိုးဆော်ထားပါတယ်။

တောရိုင်းတိရစ္ဆာန်တို့ရဲ့ ဘုရင်၊ အရက်စက်ဆုံး၊ အကြမ်းကြုတ်ဆုံးဖြစ်တဲ့ ခြင်္သေ့တစ်ကောင်ကို ထာဝရယဉ်ကျေးသိမ်မွေ့အောင်လေ့ကျင့်ဖို့မဖြစ်နိုင်ပါဘူး။ သူ့အကြိုက်ပေးကျွေးပြီး တစ်ဖက်ကလည်း သူကြောက်ရာတစ်ခုခုနဲ့ခြောက်လှန့်ထိန်းကျောင်းပြီး ကိုယ်လိုရာခိုင်းစေခြင်းဟာ ခဏတာသော်လည်းကောင်း/ ရံဖန်ရံခါသော်လည်းကောင်းပဲဖြစ်နိုင်ပါတယ်။ ဒီထက်ပိုကောင်းတဲ့နည်းတစ်ခုကတော့ သူ့အပေါ်မှာ (ခြင်္သေ့ကို) ရန်လိုခြင်း/ အနိုင်ယူလိုခြင်း/ နှိပ်စက်ညှင်းပန်းလိုခြင်းဆိုတဲ့ စိတ်ရိုင်းတွေမမွေးဘဲနဲ့ ပကတိ ဖြူစင်သန့်ရှင်းတဲ့ မေတ္တာစိတ်မွေးမြူနိုင်မယ်ထားနိုင်မယ်ဆိုရင်တော့ မေတ္တာရဲ့ တန်ခိုးစွမ်းအားကြောင့် ဒီခြင်္သေ့ဟာ အိမ်မွေးခွေးလေး၊ ကြောင်လေးတွေလို ယဉ်ကျေးသွားပါလိမ့်မယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း ထင်ရှားကျော်ကြားခဲ့တဲ့ ဆရာတော်/လူသူတော်ကြီးတွေနေတဲ့ကျောင်းသခ်မ်းကို မီးလာလှုံတဲ့ ကျားကြီးတွေအကြောင်း၊ တောထဲကခရီးလမ်းမှာ သူတော်စင်တွေနဲ့တွေ့တဲ့ ဆင်ဆိုးကြီးတွေ၊ ကျားဆိုးကြီးတွေက မာန်ချပြီး အဝေးက ရှောင်ဖယ်သွားခဲ့တာတွေ တစ်ဆင့်စကားကြားခဲ့ဖတ်ခဲ့ဖူးပါတယ်။

သန့်ရှင်းဖြူစင် အေးချမ်းလှတဲ့ မေတ္တာဓာတ်ရဲ့သဘာဝအရှိတရားတွေပါ။

ရိုင်းစိုင်းတဲ့၊ အောက်တန်းကျတဲ့၊ အကုသိုလ်စိတ်ရဲ့အခြေခံတစ်စိတ်တစ်ပိုင်းမျှကို နိုင်သလောက်ပြုပြင်ပြောင်းလဲနိုင်ခြင်းကို ဆိုလိုပါတယ်။ ပြုပြင်ပြောင်းလဲကြဖို့လည်း တိုက်တွန်းလမ်းညွှန်ထားပါတယ်။

အပြင်နိမိတ်အရပြောရရင်တော့ တစ်စုံတစ်ခုသော ဆွဲဆောင်နိုင်စွမ်းရှိတဲ့ မိန်းကလေးတစ်ယောက်ရဲ့ပိုက်ကွန်မှာ အညှိခံထားရတဲ့စက်ကွင်းထဲကျရောက်နေတဲ့ ယောကျ်ားတစ်ယောက်လို့ပြောလို့ရပါတယ်။ မိန်းကလေးဆိုရင်လည်း အချိန်မရွေး ကိုယ့်ကိုဒုက္ခပေးနိုင်စွမ်းရှိတဲ့/ဖောက်ပြန်ပြောင်းလဲသွားနိုင်တဲ့ ယောကျ်ားလေးတစ်ယောက်နဲ့ အားစမ်းဆော့ကစားနေတဲ့ မိန်းကလေးတစ်ယောက်အဖြစ် ပုံဖော်နိုင်ပါတယ်။

သဘာဝချင်းမတူတဲ့အရာနှစ်ခုကို အတင်းအဓမ္မ ပေါင်းစပ်ပုံဖော်ဖို့ ကြိုးစားနေသူတို့လည်း ပြောလို့ရပါတယ်။ ဟိုးငယ်စဉ်ကာလတုန်းက သို့မဟုတ် အတိတ်တစ်ချိန်က မိမိပြုလုပ်နေကျ အလုပ်/အကျင့်စရိုက်တစ်ခုကို ယခုလက်ရှိဘဝ အခြေအနေနဲ့ လိုက်လျောညီထွေမရှိတော့တဲ့အတိုင်း အကျင့်ဟောင်းတွေကို ဆုပ်ကိုင်ထားဆဲ၊ ပြုမူနေဆဲ၊ ဆောင်ရွက်ဖို့ကြိုးစားနေဆဲသူတစ်ဦးအဖြစ်လည်း ကောက်ချက်ချလို့ရပါတယ်။ ဒီဟောချက်နဲ့နောက်ဆက်တွဲတစ်ပါတည်းပြောသင့်တဲ့အချက်တစ်ခုကတော့ အဲဒီအပြုအမူတွေဟာ လက်ရှိဘဝအခြေအနေ၊ အသက်အရွယ်နဲ့ မကိုက်ညီတော့တဲ့အတွက် မလုပ်ပါနဲ့တော့/ စွန့်လွှတ်လိုက်ပါတော့ စိတ်တွေကို ပြုပြင်လိုက်ပါတော့လို့ အကြံပေးစကားဆိုသင့်ပါတယ်။

အဲဒီကာယကံရှင်မှာ ယခုကဲ့သို့ မကောင်းသောအကျင့်စရိုက်၊ အတွေးအခေါ်အယူအဆတွေကို မှားမှန်းသိရင် ရှောင်ကြဉ်နိုင်တဲ့ စွမ်းရည်၊ စိတ်ဓာတ်၊ အတွေးအခေါ်တွေရှိနေတယ်။ အဲဒီစိတ်အရိုင်းကို ကောင်းကျိုးဖြစ်စေမယ့် စိတ်ဓာတ်ခွန်အားတွေအဖြစ်ပြောင်းနိုင်တဲ့ စိတ်တန်ခိုးသတ္တိတွေရှိနေတယ်။ ကိုယ့်ကိုယ်ကိုယ်ယုံကြည်ပါ။ မိမိကိုယ်ကိုယုံကြည်မှုအပြည့်နဲ့ အမှားပြင်/အမှန်ဆောင်ရွက်ပါ။ အောင်မြင်ပါလိမ့်မယ်လို့ တိုက်တွန်းစကားပြောပေးပါ။ ဦးထုပ်ပေါ် မှာဖော်ပြထားတဲ့ (Lemniscate = Eternity Power = အဆုံးအစမရှိ ထာဝရတည်ရှိနေတဲ့သဘာဝရဲ့စွမ်းအား) သင်္ကေတက သင့်ကိုထာဝရအားပေးကူညီနေမှာပါ။ (တစ်နည်းအားဖြင့်) အဲဒီစကြဝဠာစွမ်းအားတွေကို သင်ပိုင်ဆိုင်ထားပါတယ်။ နည်းလမ်းမှန်ပြီး ကောင်းကျိုးဖြစ်စေမယ့် နေရာ/အချိန်အခါတွေမှာ အချိန်မရွေးထုတ်သုံးလို့ရပါတယ်။ သင့်ရဲ့ရင်ထဲမှာ အဲဒီစွမ်းအားစုတွေရှိနေပါတယ်။ နေဓာတ်နဲ့ လဓာတ်ကို မျှတညီညွတ်စွာ ပေါင်းစပ်နိုင်ပါစေ။

နမူနာဟောကွက်ကလေးတွေနဲ့ စဉ်းစားကြည့်ကြရအောင်။

□ **နမူနာ (၁)**

တားရော့ Major ကားချပ်တွေ လေ့လာနေစဉ်ကာလတစ်ခု။ မဟောတတ်သေးပါ။ တစ်ခါမှမဟောဘူးသေးပါ။ ညချမ်းတစ်ခုရဲ့လက်ဖက်ရည်ဝိုင်းမှာ ရောက်တတ်ရာရာတွေပြောနေစဉ် အိမ်လာလည်တဲ့ လင်မယားနှစ်ဦးထဲက ယောကျ်ားဖြစ်သူက -

“အစ်ကိုကြီး၊ အဲဒီတားရော့ကတ်တွေနဲ့ ကျွန်တော့်ကိုဗေဒင်ဟောပေးပါ။ ကျွန်တော်ကြည့်ချင်တယ်”

“ငါတစ်ခါမှမဟောဖူးသေးဘူး။ ဒါပေမယ့် မင်းဆန္ဒရှိရင်ကြည့်ပေးမယ်။ ငါ ဟောတတ်သလောက် ဟောတတ်သလို ဟောမယ်။ မင်းကလည်း အမှား/အမှန်ကို အမှန်အတိုင်း ပြန်ပြောပေးရမယ်”

လက်တွေ့စဆင်းရတော့တာပေါ့။

www.burmeseclassic.com

သူချိုးလိုက်တဲ့ကားချပ်က Strength ။

"ငါ့ညီ၊ မင်းမိန်းကလေးတစ်ယောက်နဲ့ငြိနေတယ်။ အဲဒီမိန်းကလေးက ရုပ်လှချင်လည်းလှမယ်၊ အပြောကောင်းချင်လည်း ကောင်းမယ်၊ ရုပ်မလှပေမယ့် မျက်နှာလေးကချိုနေတာမျိုး/ စကားပြောမကောင်းပေမယ့် ဆနှားစရာကောင်းအောင်ပြောတတ်တာမျိုး စသဖြင့် သူများနဲ့မတူတဲ့ ဆွဲဆောင်မှုတစ်ခုခုရှိရမယ်။ ရှိနေခဲ့ရင် အဲဒီကိစ္စက ဒီအသက်အရွယ်မှာ ပြုသင့်ပြုထိုက်တဲ့ အပြုအမူစိတ်ထားမျိုးမဟုတ်တော့ဘူး၊ ပြင်လိုက်ပါ"

ခေါင်းထဲမှာမှတ်မိသမျှ ပေါ်လာသမျှပြောချလိုက်ပါတယ်။ ပြောပြီးမှ သူ့မိန်းမရှေ့မှာ ပြောမိရက်သားဖြစ်နေတာသတိပြုမိတယ်။ မှားလား၊ မှန်လားကို ဘယ်လိုမှဆက်မမေးသင့်တော့ပါ။ သူ့မိန်းမကလည်း မျက်နှာပျက်လို့၊ သူ့မျက်နှာကြီးကလည်းနီမြန်းလို့။ အခြေအနေကိုအကဲခတ်မိတဲ့ အခြားသူတစ်ယောက်က အတင်းဝင်ပြီး စကားလမ်းကြောင်းပြောင်းလိုက်တော့မှ ကျွန်တော်ရော သူတို့လင်မယားပါ နေရထိုင်ရတာအဆင်ပြေသွားပါတော့တယ်။

နောက်တစ်နေ့ နံနက်ရောက်မှ သူတစ်ယောက်တည်းရောက်လာပြီး -

"ဟုတ်တယ် အစ်ကိုကြီး၊ တားရော့ကပြောတာမှန်တယ်။ ကျွန်တော်စားသောက်ဆိုင် (စင်တင်တေးဂီတ) က ဧကောင်မလေးတစ်ယောက်နဲ့ခင်နေတာကို မိန်းမကသိသွားလို့ ပူညံပူညံဖြစ်နေတာ။ အဲဒီကောင်မလေးက အစ်ကိုကြီးပြောသလိုပဲ၊ သိပ်မလှပါဘူး။ ရွှက်ကြမ်းရေကျိုလောက်ပါပဲ။ ဒါပေမယ့် သူမှာအဖေမရှိ၊ အမေကလည်း ကျန်းမာရေးမကောင်း၊ မောင်လေး/ ညီမလေး နှစ်ယောက်ကလည်း ကျောင်းထားနေရသေးတယ်။ အဲဒီဘဝလေးကိုသနားပြီး ကျွန်တော်က ရိုးရိုးသားသားခင်တာပါ။ တတ်နိုင်သရွေ့ကူညီတာပါ။ ဒီအလုပ်မျိုးမှာ ရေရှည်မလုပ်စေချင်ဘူး။ မိဘနဲ့ပြန်နေပြီး ကောင်းရောင်းကောင်းဝယ်လုပ်စားဖို့ ကျွန်တော်ကအားပေးဖျောင်းဖျပေးနေတာ"

စသည်ဖြင့် တိုးတိုးတိတ်တိတ်ရင်ဖွင့်လာပါတယ်။

ပြောရရင် တားရော့နဲ့ဗေဒင်ဟောပြောတဲ့ အတွေ့အကြုံကို ဒီကားချပ်နံပါတ် (၁၀) Strength နဲ့ စဖွင့်ခဲ့ရတာပါ။

□ နမူနာ (၂)

"ဆရာ၊ ကျွန်မအိမ်ထောင်ပြုဖို့ ရည်ရွယ်ထားတဲ့သူနဲ့ယူဖို့ သင့်/မသင့် ကြည့်ချင်လို့ပါ"

. . . . . . . . . . .

. . . . . . . . . . .

. . . . . . . . . . .

Strength ကားချပ်။

"ညည်းကအိမ်ထောင်ပြုဖို့စဉ်းစားတယ်လို့သာပြောတယ်။ ညည်းစိတ်က မဝံ့မရဲမယုံမကြည်ဖြစ်နေပုံရတယ်။ ဒါဆိုရင် တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိပြီးသား၊ ငယ်သူငယ်ချင်း၊ ငယ်ရည်းစား ကာလရှည်ကြာချစ်လာခဲ့ကြသူတွေ မဖြစ်နိုင်ဘူး။ သူ့အကြိုက်၊ ကိုယ့်အကြိုက် တစ်ကွက်ကောင်းလေးတွေ အပေးအယူလုပ်ပြီး ချစ်ခဲ့ကြိုက်ခဲ့ကြတယ်ထင်တယ်"

"ဟုတ်ပါတယ် ဆရာ၊ ကျွန်မအသက်အရွယ်အရ (၃၀) ကျော်ပြီဆိုတော့ အိမ်ထောင်ပြုသင့်တဲ့အရွယ်ကိုရောက်နေပြီ။ အရင်ကတော့ ချစ်သူတွေရှိခဲ့ဖူးပါတယ်။ အကြောင်းအမျိုးမျိုးကြောင့် မယူဖြစ်ခဲ့ကြဘူး။ သူနဲ့တွေ့တာတော့ မကြာသေးဘူး၊ တစ်နှစ်လောက်ပဲရှိဦးမယ်။ ချစ်ခဲ့ကြိုက်ခဲ့ကြတာတော့ လေး၊ ငါး၊ ခြောက်လလောက်ရှိပြီ။ သူ့အရောင်းအဝယ်လုပ်ငန်းကမဆိုးပါဘူး။ ဝင်ငွေကောင်းပါတယ်။ အစ်မတွေကတစ်ဆင့်သိရတာပါ။ ကျွန်မအပေါ်မှာလည်း ကောင်းပါတယ်။ လိုအပ်တာမှန်သမျှ ကူညီပေးပါတယ်။ အစ်မတွေလည်းတိုက်တွန်း၊ ကျွန်မကိုယ်တိုင်ကလည်း အမှီများရမလားဆိုပြီး စဉ်းစားထားတာပါ။ ယူသင့်/ မယူသင့် ဆရာမြင်သလို ပွင့်ပွင့်လင်းလင်းသာပြောပါ၊ အားမနာပါနဲ့။ ကျွန်မရဲ့ဘဝရှေ့ရေးဆိုတော့ သိပ်အရေးကြီးလို့ပါ"

"တားရော့ကားချပ်က ပြောတဲ့အတိုင်းဆိုရင် ညည်းတို့နှစ်ယောက်က အသွင်သဘာဝမတူတာနှစ်ခုကို အတင်းညှိမလို့ကြိုးစားတာနဲ့တူနေတယ်။ သူ့သဘာဝ၊ စိတ်နေစိတ်ထား၊ အကျင့်စရိုက်၊ မိသားစုကိုလည်း ညည်းအကုန်မသိသေးဘူး။ သိထားသလောက်ထဲမှာလည်း လက်မခံနိုင်တာ၊ သဘောမကျတာလေးတွေရှိနေတယ်။ ဒီလိုပဲ သူ့ဘက်ကလည်း ညည်းရဲ့အမူအကျင့်တွေကိုအကုန်မသိသေးဘူး။ အခုလောလော ဆယ် တစ်ယောက်နဲ့တစ်ယောက်အပြန်အလှန်မျှော်လင့်ချက်တွေနဲ့ မျှော်ကိုးဆက်ဆံနေကြတဲ့အဆင့်ပဲရှိသေးတယ်။ ဒါကြောင့် ဒီတက်ပိုပြီး တစ်ယောက်အကြောင်းကိုတစ်ယောက်က နားလည်အောင် ကြိုးစားကြပါဦး။ အားလုံးသိနားလည်ပြီးတော့ သူ့အကြိုက်ကိုယ့်အကြိုက်တွေမတူတာရှိရင် ပြုပြင်ဖို့၊ ညှိနှိုင်းဖို့ ခွင့်လွှတ်နိုင်ဖို့ဆိုတာတွေကို ဆက်ပြီးကြိုးစားကြရမယ်။ အရေးကြီးဆုံးက တစ်ဦးနဲ့တစ်ဦး တကယ်ကို ဖြူဖြူစင်စင် ရိုးရိုးသားသားနဲ့ချစ်ကြတာ ဟုတ်ရဲ့လား ဆိုတာ ဆန်းစစ်ဖို့လိုပါတယ်။ တစ်သက်လုံး အတူနေသွားကြရမယ့် အိမ်ထောင်သည်ဘဝမှာ အပြန်အလှန် နားလည်မှုရှိတဲ့ အချစ်မေတ္တာက အခြေခံအရေးအကြီးဆုံးပါ။

အဲဒါကြောင့် အခုအခြေအနေ လောက်နဲ့ လက်မထပ်သင့်သေးဘူး အပြန်အလှန် အပေးအယူတွေအပေါ် မှာပဲ အခြေခံပြီး အိမ်ထောင်တည် ဆောက်ကြမယ်ဆိုရင် ကိုယ်လိုတာ သူကမပေးနိုင်၊ သူလိုတာကိုလည်း ကိုယ် ကမပေး နိုင်တော့တဲ့အခြေအနေမျိုး ရင် အိမ်ထောင်ရေးကိုထိခိုက်လာမှာ ဒီတော့ ရိုးသားတဲ့မေတ္တာကို အပြန်အ လှန်ထားနိုင်ပြီလား၊ အပြန်အလှန်နား လည်ခွင့်လွှတ်မှုတွေပြုနိုင်ပြီလားဆို ကိုစဉ်းစားပြီးမှ လက်ထပ်ဖို့သင့်ပါတယ် ဆရာပြောတာကို ညည်းသဘောပေါ ရဲ့လား၊ လက်ခံရဲ့လား"

"ကျွန်မသဘောလည်းပေါက် တယ်၊ နားလည်းနားလည်ပါတယ်။ မ ပါတယ်၊ ဆရာပြောသလိုပါပဲ။ ကျွန်မ ရင်းနှီးဖို့လိုသေးတယ်။ ပွင့်ပွင့်လင်းလ ရင်းနှီးတဲ့အဆင့်ကိုမရောက်သေးဘူး ဆရာအကြံပေးတဲ့အဆင့်ရောက်အော ကြိုးစားပါ့မယ်။ ပြီးမှ လက်ထပ် သေချာချာဆုံးဖြတ်ပါ့မယ်။ ကျေး တင်ပါတယ်ဆရာ၊ ကျွန်မ မတွေးမိတ တွေကို တွေးပြ၊ ပြောပြပေးတဲ့အတွ ခွင့်ပြုပါဦး"

□ နမူနာ (၃)

အသက် (၅၀) ဝန်းကျင်ခန့် အ သားကြီးတစ်ဦး။ အဝတ်အစားသန့်သ ပြန့်ပြန့်၊ အမူအရာကသိမ်သိမ်မွေ့ အပြောအဆိုက ယဉ်ယဉ်ကျေးကျေ သူ့ကိုဟောဖို့ဖြန့်လိုက်တဲ့ Spread လက်ရှိ ပစ္စုပ္ပန်ရဲ့ဖြစ်စဉ်ကိုပြတဲ့ မှာ Strength ကားချပ်။


www.burmeseclassic.com

www.burmeseclassic.com

Strength ကားချပ်ရဲ့ အဓိပ္ပာယ် ...တို ပြန်ပြီးအာရုံပြုစဉ်းစားလိုက်တဲ့ ...ခါ သူ့အတွက် ပြောသင့်တဲ့အချက် ...ချက်ကို အာရုံထဲပေါ်လာတယ်။

အဲဒါတွေကတော့ -

"နောင်ကြီးအတွက် ဒီကားချပ်နဲ့ ...သက်ပြီးပြောစရာနှစ်ချက်ရှိတယ်။ ...မတစ်ချက်ကတော့ နောင်ကြီးမှာ ... အသက်အရွယ်မှာ မပြုလုပ်သင့် ...တဲ့ ငယ်ငယ်ကတည်းကလုပ်နေ ... မကောင်းတဲ့အမူအကျင့်တစ်ခုရှိ ...ယ်၊ ငယ်စဉ်ကာလတုန်းကတော့ သူ့ ...သက်အရွယ်နဲ့သူ အပြစ်လို့မဆိုသာ ...မယ့် အခုအသက်အရွယ်က ဘယ် ...ရာမှာမဆို စိတ်ကိုအလိုလိုက်သင့်တဲ့ ...ရွယ်မဟုတ်တော့ဘူး။ မလုပ်သင့်ဘူး ...င်ရင် ပြင်သင့်ပြီဆင်သင့်ပြီ။ ဒီအချက် ... နောင်ကြီးကိုယ်၌လည်း သိပြီးသား ...မှာပါ။ သတိထားတဲ့ကြားက အမှတ် ...မဲ့သတိလွတ်ပြီး လုပ်မိကိုင်မိ/ ပြော ...သွားတာလည်းဖြစ်နိုင်တယ်။ ဘာ ...ကျင့်လဲ/ ဘယ်အပြုအမူလဲဆိုတာကို ...တော့ ကျွန်တော် မပြောတတ်ဘူး။ ...ောင်ကြီးကိုယ်တိုင် စဉ်းစားကြည့်ပါ။ ...ကောင်းတာရှိရင်ပြင်လိုက်ပါလို့ တား ...က သတိပေးနေပါတယ်။

နောက်တစ်ခုက နောင်ကြီးလုပ် ...တဲ့အလုပ်တစ်ခုက (စိတ်ပိုင်းဆိုင်ရာ ...ကျင့်စဉ်တစ်ခုလည်းဖြစ်နိုင်တယ်) အမြီး ...မောက်မတည့်ဘူးဆိုတဲ့ စကားပမာ ... တစ်နေရာရာမှာလွဲနေတယ်။ ...ကျဉ်းအကျယ်ဆိုဒ်တူပေမယ့် အရစ်၊ ...တ်၊ အကွဲမတူတဲ့ ဝက်အူနဲ့ဝက်အူ ...င်းတစ်ခုကို တပ်ဆင်နေသလိုပဲ။ မူလ ...ခံမြေခံနဲ့တူတဲ့ နောင်ကြီးရဲ့သဘာဝ ...ကျင့်စရိုက်၊ အတွေးအခေါ်တွေကို ...င့်တော်လိုအပ်သလို ကြိုတင်ပြုပြင် ...ားဘဲနဲ့ သို့မဟုတ် ပြည့်စုံလုံလောက် ... အခြေအနေမျိုးအထိရောက်အောင် ...ပြင်ရသေးဘဲနဲ့ သဘာဝမတူတဲ့ကျင့် ...တစ်ခု/ အတွေးအခေါ်အယူအဆ ...ခုကို အကောင်အထည်ဖော်ကျင့် ... စဉ်းစားဆောင်ရွက်နေတယ်လို့ ...ရော့ကပြောပါတယ်။ အထက်က ...ခဲ့တဲ့ဥပမာထဲကလိုပဲ၊ ဆိုဒ်ချင်းတူ ...မယ့် အရစ်၊ အစိပ်၊ အကွဲချင်းမတူ ... စထည့်ခါစမှာတော့ကျပ်ပြီးခိုင်နေ ...ယ်လို့ထင်ရပေမယ့် ရှေ့ဆက်ပြီးလှည့် ...ည့်လို့မရတော့ဘူး။ အရစ်ချင်းအံဝင် ...ကျတိုးဝင်သွားတာမျိုးမဟုတ်ဘဲနဲ့ မိမိ ...အားနဲ့အတင်းအဓမ္မလှည့်သွင်းတာဖြစ်တဲ့အတွက် ကြပ်ပြီးညှပ်နေခြင်းသာ ဖြစ်တယ်။ တစ်ခုခုသော်လည်းကောင်း/ နှစ်ခုစလုံးသော် လည်းကောင်း ပျက်စီးသွားနိုင်ပါတယ်။ ဒါကြောင့် အဲဒီလုပ်ရပ်ကိုရပ်လိုက်ပါ။ ရောက်တဲ့နေရာကနေပြီး ဖြည်းညင်းသာယာစွာ နောက်ကိုပြန်ဆုတ်လိုက်ပါ။ ပြီးတော့မှ ပြန်လည်ဆန်းစစ်မှုပြုလုပ်ပါ။ ပြုပြင်သင့်တာကို ပြုပြင်ပေးပါ။ အဲဒီနှစ်ခု သဘာဝချင်းလိုက်လျောညီထွေဖြစ်ပြီဆိုမှ နောက်တစ်ကြိမ်ကြိုးစားကြည့်ပါ။ ကျွန်တော်ပြောချင်တာကို နောင်ကြီးသဘောပေါက်ရဲ့လား မသိဘူး။ အဓိပ္ပာယ်တွေက နည်းနည်းတော့ သိမ်မွေ့နက်ရှိုင်းပါတယ်"

"ဆရာပြောတဲ့ ပထမအချက်ကလည်း ဟုတ်တယ် ဆရာ၊ ကျွန်တော်က ငယ်ငယ်ကတည်းက မဟုတ်မခံ၊ အတင်မခံ၊ အကြောမခံ၊ တုံ့ပြန်လိုက်ရမှ ညအိပ်ပျော်တယ်။ နောက်ပြီး ကျွန်တော့်ရှေ့မှာ အမြင်မတော်တာတွေ့ရင်လည်း ငါနဲ့မဆိုင်ဘူးဆိုပြီး ရှောင်မသွားတတ်ဘူး။ ဝင်ပါရမှကျေနပ်တယ်။ ဟိုတုန်းကတော့ 'ငါမှန်လို့လုပ်တာ၊ မှန်ရာကိုပြောတာ၊ စေတနာနဲ့ပြောတာ၊ ဘာဖြစ်ဖြစ်ဂရုမစိုက်ဘူး' ဆိုတဲ့အတွေးနဲ့လုပ်ခဲ့တာတွေပေါ့ဆရာရယ်။ အသက်ကလေးရလာတော့ ကျွန်တော်က ငပွကြီးဖြစ်နေမှန်းသိတော့တယ်။အိမ်မှာလည်း အိမ်မှာအလျောက်၊ သားသမီးနဲ့ ဇနီးတွေကလည်း ကွယ်ရာမှာပြောကြတယ်။ လူ့ခွစာ၊ စာအုပ်ကြီးသမား၊ ဆရာကြီးတဲ့။ အလုပ်ထဲမှာလည်း အလုပ်ထဲမှာမို့ အထက်လူကြီးတွေက ကျွန်တော်မဟုတ်မခံတတ်မှန်းလည်းသိ၊ အလုပ်ကိုလည်း စေတနာပါပါနဲ့လုပ်တတ်မှန်းသိတော့ စားရမှာလည်းသဲတရှပ်ရှပ်၊ ပစ်ရမှာကျတော့လည်း အဆီကတဝင်းဝင်းဆိုသလိုဖြစ်ကုန်တာပေါ့။ ကျွန်တော်လည်း သတိထားပြီးပြင်ပါတယ်။ ဒါပေမယ့် ဆရာရယ်၊ တစ်ခါတစ်ခါတော့ လွတ်သွားတာမျိုးတွေလည်းရှိတတ်ပါသေးတယ်။


ဆရာပြောတဲ့နောက်တစ်ချက်ဆိုတာကို ဆရာပြောနေတုန်း ကျွန်တော်တောက်လျှောက်စဉ်းစားနေပါတယ်။ ဆရာပြောပြနေတဲ့ သဘောသဘာဝတွေနဲ့ ဖြစ်နိုင်ခြေရှိတဲ့ ကျွန်တော့်ဖြစ်စဉ်လေးကို ပြောပြချင်ပါတယ်။ ကျွန်တော့်မှာက သားသမီးတွေလက်မလွတ်သေးဘူး ဆရာရဲ့။ အကြီးနှစ်ယောက်က တက္ကသိုလ်မှာ၊ အငယ်က ဆယ်တန်း၊ စရိုက်စကာအကုန်အကျအများဆုံးအရွယ်တွေပေါ့ ဆရာရယ်။ ကလေးတွေကလိမ်လည်းလိမ္မာ၊ စာကလည်းတော်ကြတော့ သူ့အမေက တပြုံးပြုံးနဲ့ပေါ့ ဆရာရယ်။ သူတို့လေးတွေရဲ့ဘဝရှေ့ရေးတွေတွေးပြီး စိတ်ကူးနဲ့ရှူးပြီးပျော်နေတာ။ ကျွန်တော်လည်း သားတွေ၊ သမီးတွေစာတော်ကြ/ လိမ္မာကြတော့ပျော်တာပေါ့၊ ဂုဏ်ယူရတာပေါ့။ အဲဒီလိုပျော်သမျှတစ်ဖက်လည်း သူတို့လေးတွေရဲ့လိုအပ်ချက်မှန်သမျှ မှုံပိုးထောက်ပံ့နိုင်ဖို့ ကျုံးရုန်းပြီးရှာရတော့တာပေါ့ ဆရာရယ်။ အမှန်ဆို ကျွန်တော်စိတ်အေးလက်အေးနဲ့ နားနားနေနေ၊ ပေါ့ပေါ့ပါးပါးလေးနေချင်ပြီ။ ပိုပြီးထူးခြားတာက ဆရာပြောခဲ့တဲ့ ပထမအချက်ပေါ့။ ကျွန်တော့်ရဲ့ ဒေါသ၊ မာနတွေကို သတိတရပြန်မြင်တဲ့အချိန်တစပြီး ကိုယ့်စိတ်ကိုပြုပြင်ဖို့ ကြိုးစားလေ့လာလိုက်တာ ဗုဒ္ဓရဲ့အဆုံးအမတရားတော်တွေထဲကိုရောက်သွားတော့တာပေါ့။ ဒါတွေကိုလည်း ဆရာသိပြီးသားဖြစ်မှာပါ။ ဗုဒ္ဓရဲ့အဆုံးအမဟာ နိဗ္ဗာန်လမ်းမှာလမ်းဆုံးတယ်။ သစ္စာလေးပါးတရားတော်ကို သမုဒယကြောင့်ဖြစ်ရတဲ့ဒုက္ခဆိုတာကိုတော့ ကိုယ်တွေ့နဲ့ယှဉ်ပြီး ကျွန်တော် ရှင်းရှင်းကြီးမြင်ခဲ့ပြီ ဆရာရေ၊ လက်တွေ့ခံစားနေရတာကိုး။ အဲဒီလို တစ်ဖက်က ဝမ်းသာစရာ၊ တရားသဘောကို တွေးမြင်မိလေလေ ဒုက္ခကိုဒုက္ခမှန်းမသိ၊ သုခထုပ်ကြီးကို ရင်မှာပိုက်ထားရသလို ပျော်မွေ့နေမိတဲ့ကိုယ့်အဖြစ်ကိုကိုယ်နောင်တရလေပါပဲ ဆရာရယ်"

(ရှေ့ဆက်ဆွေးနွေးဖြစ်ခဲ့ကြတဲ့ စကားတွေကတော့ အများကြီးပါ။ ဒါပေမယ့် တားရော့ပညာခေါင်းစဉ်အောက်က လွဲထွက်သွားတာမျိုးဖြစ်မှာစိုးလို့ ဒီမျှနဲ့ပဲရပ်လိုက်ပါမယ်)

**Voicaless Language/ Silence Language/ Symbolic Language . . .** ဆိုတဲ့ တားရော့ပညာဆိုတာ အဲဒီလို သဘောတရား/ လမ်းညွှန်ချက်တွေပါ။)

ဆရာစိုး - ရွှေအာရုဏ်ဦး
(တားရော့သုတေသီ)
မိုးကောင်း

www.burmeseclassic.com



"မင်္ဂလာပါ ငှက္ကဋ္ဌကြီး။ သဲကြီးမဲကြီး ဘာတွေထိုင်ရေးနေတာလဲဗျ"

မြို့နယ်စာရေးဆရာအသင်းရုံးတွင် နှစ်ပတ်လည်အစီအရင်ခံစာထိုင်ရေးနေသော ကျွန်တော်သည် ရုတ်တရက်ထွက်ပေါ်လာသောအသံကြောင့် ခေါင်းမော့ကြည့်လိုက်ရာ မိတ်ဆွေကြီးဖြစ်သူ ဦးအော်ကို တွေ့လိုက်ရသဖြင့် ရေးလက်စအလုပ်ကိုရပ်နားလိုက်ပြီး -

"ဟာ - ဦးအော်၊ လာ-ထိုင်ဗျို့။ ဘာရယ်မဟုတ်ပါဘူး၊ အသင်းရဲ့နှစ်ပတ်လည်အစီအရင်ခံစာလေး ရေးနေတာပါ"

ဟု ပြန်ဖြေလိုက်ရာ ဦးအော်က-

"ဒါက ငှက္ကဋ္ဌလုပ်ရမှာမဟုတ်ဘူးလေ၊ အတွင်းရေးမှူးတာဝန်မဟုတ်လား။ ကဲပါ- ငှက္ကဋ္ဌရယ်၊ လက်ဖက်ရည်သွားသောက်မလို့ အဖော်မရှိလို့ ဒါနကလေးမြောက်သွားအောင် လိုက်သောက်ပါဦး၊ ဒကာခံပါရစေဗျာ"

သို့ဖြင့်ပင် အသင်းရုံးတံခါးကိုပိတ်ကာ ဦးအော်ခေါ် ဆောင်သည့်လက်ဖက်ရည်ဆိုင်သို့ကျွန်တော်လိုက်ခဲ့ရလေ၏။ ဦးအော်က အလိုက်အလွန်သိပါသည်။ အသင်းရုံးနှင့် မဝေးလှသည့် 'ကောင်း' လက်ဖက်ရည်ဆိုင်လေးတွင်ဝင်ထိုင်၍ လက်ဖက်ရည်ပေါ့ဆိမ့်နှစ်ခွက်မှာလိုက်သည်။

"ငှက္ကဋ္ဌတို့အသင်းရုံး ဒီနားရောက်လာတော့ ကျွန်တော်နဲ့အတော်နီးသွားတယ်။ ဒီတော့ ငှက္ကဋ္ဌတို့စာရေးဆရာအဖွဲ့တွေနဲ့ စကားစမြည်အခုလိုပြောလို့ရတာပေါ့"

မှန်သည်။ ကျွန်တော်၏မြို့နယ်စာရေးဆရာအသင်းရုံးက လမ်းသစ်လမ်းမကြီးနံဘေး ထောက်ကြန့်မြို့ ဓနသဟာရစစ်သချိုင်းအနီးတွင်တည်ရှိပြီး ဦးအော်၏ နေအိမ်ကမူ စစ်သချိုင်းအနောက်ဘက်တွင် တည်ရှိသည်။ ဦးအော်သည် ရန်ကုန်မြို့ ဟံသာဝတီစစ်သချိုင်း၊ ထောက်ကြန့် ဓနသဟာရစစ်သချိုင်း၊ သံဖြူဇရပ်စစ်သချိုင်း (၃)ခု၏ တာဝန်ခံမန်နေဂျာအဖြစ် နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သောကြောင့် တာဝန်မှ အငြိမ်းစားယူပြီးချိန်တွင်လည်း သူကျင်လည်ခဲ့သောနေရာဝန်းကျင်၌သာ အခြေကျနေထိုင်ခဲ့ဟန်တူ၏။ ကျွန်တော်လည်း ဘာမှမထူးပါ။ စစ်သချိုင်းအတွင်း၌ရှိသော အညတရစစ်သည်တော်များကိုအကြောင်းပြု၍ ကုန်ကြမ်းရှာကာ လုံးချင်းဝတ္ထုတစ်ပုဒ်ရေးရန် ကြံစည်နေသူဖြစ်သည်။ ထို့ကြောင့် စစ်သချိုင်းနှင့်ပတ်သက်သော အချက်အလက်များကို ဦးအော်အား အခါအခွင့်သင့်တိုင်းမေးနေရသူလည်းဖြစ်၏။ ယခုလည်း ရရှိလာသောအခွင့်အရေးကို လက်လွှတ်မခံဘဲ အကျိုးရှိအောင် ဦးအော်ကို ကျွန်တော်မေးရပါဦးမည်။

"ဦးအော်၊ စစ်သချိုင်းမှာတာဝန်ထမ်းဆောင်နေတုန်းက သရဲမွေးထားတယ်ဆို။ အဲဒီသတင်းဟာ အမှန်ပဲလား"

ကျွန်တော့်အမေးက တကယ့်ဆိုင်းမဆင့်ဗုံမဆင့်။ ဦးအော်ကလည်း ခပ်ဘွင်းဘွင်းအဖြေပြန်ပေးရှာပါသည်။

"အင်း- ဟုတ်တယ်လေ။ စာရေးဆရာကြားရတဲ့သတင်းဟာ အမှန်ပေါ့"

သည်တစ်ခါတော့ ကျွန်တော့်ကို ငှက္ကဋ္ဌဟု မခေါ်တော့ဘဲ စာရေးဆရာ

www.burmeseclassic.com

ဟု ဦးအော် ပြောင်းခေါ်ပြန်သည်။ ဒါက ဦးအော်ရဲ့ဝသီ။ အသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရသော ကျွန်တော့်ကို ချစ်စနိုးအနေဖြင့် ဥက္ကဋ္ဌဟုလည်းကောင်း၊ တစ်ခါတစ်ရံ စာရေးဆရာဟု ဘစ်သွယ် အာလုတ်ပြုကာ ဦးအော်က ခေါ်ဝေါ်သမှုပြုတတ်လေ့ရှိ၏။ ကျွန်တော် ကျေနပ်ပါသည်။ သူနှင့် ကျွန်တော်က သားအဖ၊ တူဝရီးအရွယ်။

"ကျွန်တော်က ဒီသတင်းကို ကောလာဟာလမှတ်နေတာ၊ တာယက်ရှင်ကိုယ်တိုင်က တကယ်ပါလို့ဝန်ခံနေရင်တော့ သတင်းကို ဇာတ်လမ်းအသွင် ပြောင်းကြရအောင်။ ကဲ-ဒီအကြောင်း ကျွန်တော်ကိုမပြောပြချင်ဘူးလား"

ကျွန်တော်၏ တောင်းဆိုမှုကို ဦးအော်မငြင်းပါ။

"ရပါတယ် စာရေးဆရာရဲ့၊ ကိုယ့်အကြောင်းကိုယ်ပြောရတာပဲ၊ ဘာမပြောပြနိုင်စရာရှိလဲ။ စာရေးဆရာကသာ ပြောသမျှကိုမလွဲရအောင် အသေအချာသာမှတ်ပေတော့"


ဦးအော်က သူ့စကားကို သို့နှယ်အဆုံးသတ်ကာ လက်ဖက်ရည်တစ်ကျိုက်ကောက်သောက်လိုက်သည်။ သူ၏ မျက်ဝန်းများက သူ့တာဝန်ထမ်းဆောင်ခဲ့သော စစ်သချိုင်းပရိဝုဏ်ဆီသို့ မမှိတ်မသုန်ကြည့်နေလျက်။

❑

# ငွေစိုး (ရွှေကြည်နှင့်မြေ)

# ဦးအော်နှင့်ဖူးတာလယ်

၁၉၈၈ ခုနှစ်၊ ဒီမိုကရေစီတောင်းဆိုမှုလှုပ်ရှားမှုများနှင့်အတူ ပေါ်ပေါက်လာသော ရှုစ်လေးလုံးအရေးအခင်းကာလ။ တစ်တိုင်းပြည်လုံး မတည်မငြိမ်ဖြစ်နေသည့်အတွက် ပြည်သူများ၏ စားဝတ်နေရေးကလည်း ကျပ်တည်းဆင်းရဲနေချိန်။ ထိုကာလ၌ အနယ်နယ်အရပ်ရပ်ရှိ အရပ်ဒေသအသီးသီးတွင် ခိုးဆိုးနှိုက်များ ဆူပူထကြွနေလျက်ရှိသည်။ ထိုအရေးကြောင့် ရပ်ရွာများ





www.burmeseclassic.com

www.burmeseclassic.com

အနေဖြင့် ကိုယ့်ရပ်ရွာလုံခြုံရေးကို ရပ်ရွာရှိမိသားစုဝင်များ၏ညီညွတ်မှုအားဖြင့် နေ့ညမပျက် ကာကွယ်ထိန်းသိမ်းနေကြရသည်။ ခေတ်ကာလက တောင်မင်းမြောက်မင်းမကယ်နိုင်သည့်အခြေအနေ။ မှန်သည်။ ဦးအော်သည်ပင် သူတာဝန်ယူထားရသည့် စစ်သချိုင်းပရိဝုဏ်တစ်ခုလုံး၏လုံခြုံရေးကို ဝန်ထမ်းအနည်းငယ်ဖြင့် ညစဉ်တိုင်းစောင့်ကြပ်ကြည့်ရှုနေရလျက်ရှိသည်။ ထိုကာလ၌ ဦးအော်လည်း ကောင်းကောင်းမအိပ်နိုင်ရှာ။ အိပ်လျှင်လည်း ကြက်အိပ်ကြက်နိုး။ အခံကြောင်းမဲ့မဟုတ်၊ မသမာသူများက ကျဆုံးစစ်သည်များ၏ ဂူငယ်လေးများတွင် ကမ္ပည်းရေးထိုးမှတ်တမ်းတင်ထားသည့် ကြေးဝါပြားချပ်များကို လစ်လျှင်လစ်သလို ဝင်ရောက်ခိုးယူနေသောကြောင့်ဖြစ်သည်။ အသေအချာစောင့်ကြပ်နေသည့်ကြားကပင် ပျောက်ပေါင်းများခဲ့ချေပြီ။ ဤကမ္ပည်းကြေးဝါချပ်တစ်ချပ်၏ကာလတန်ကြေးမနည်းလှကြောင်းကို ဦးအော် သိပါသည်။ ထိုကမ္ပည်းပြားတို့မှာ ဩစတြေးလျနိုင်ငံမှ လပေါင်းအတော်ကြာအောင်အော်ဒါမှာယူတင်သွင်းခဲ့သည့် ကမ္ပည်းပြားများဖြစ်သည်။ ထိုကြောင့် ကမ္ပည်းပြားများပျောက်တိုင်း ဦးအော် ခေါင်းကျိန်းကာ အင်္ဂလန်နိုင်ငံသို့ ထုခြေလွှာအမြဲတင်ပေးရလေ၏။ လွန်ခဲ့သောတစ်ပတ်ကပင် ကမ္ပည်းပြားခိုး၍ခွာနေသော သူခိုးတစ်သိုက်ကို မိမိလိုင်စင်နှင့်ကိုင်ဆောင်ထားသည့် ဝက်ဘလေခြောက်လုံးပြူး (WEBLEV REVOLVER NO.6) ဖြင့် ခြောက်လှန့် ပစ်ခတ်လိုက်ရသေး၏။ သို့နှယ် ဖြစ်ပေါ်နေသော အခြေအနေတွင် ဦးအော်ထံသို့ သူငယ်ချင်းဖြစ်သူ စောရွှီးရှိုတစ်ယောက် အလည်အပတ်အနေဖြင့် ရောက်လာလေ၏။

"အော်ကြီး၊ မင်းမျက်နှာကြည့်ရတာ ဖြူဖပ်ဖြူရော်နဲ့ နေမကောင်းဘူးလားဟ"

စောရွှီးရှိုက သူငယ်ချင်းဖြစ်သူ၏ ချောင်ကျနေသောမျက်နှာကိုကြည့်၍ ဝေဖန်မှုပြုလိုက်၏။

"ဟုတ်တယ် စောရွှီးရှိုရေ ညရေးညတာမကောင်းလို့ အိပ်ရေးပျက်ပေါင်းတွေများပြီ။ လူလည်း အခုလိုကမ္ဘာန်းရုပ်ပေါက်နေတော့တာပဲ"

ဦးအော်က ညစဉ်သူကြုံတွေ့နေရသည့်ဒုက္ခကို စောရွှီးရှိုအားရှင်းပြလိုက်သည်။ ဦးအော်စကားကို စောရွှီးရှိုက အသေအချာနားထောင်ပြီး ဖြေရှင်းနိုင်မည့်နည်းလမ်းကို အကြံပြန်ပေးသည်။

"ဘာမှမပူနဲ့တော့ အော်ကြီး၊ မင်းကြုံနေတဲ့ပြဿနာကို ဖြေရှင်းပေးနိုင်တဲ့သူရှိတယ်။ အဲဒီသူကိုသာ မင်းဆီမှာခေါ်ထားလိုက်။ မင်းတစ်ညလုံးအိပ်ချင်သလောက် စိတ်ချလက်ချသာအိပ်ပေတော့။ ဘာမှအပျောက်အရှုမရှိအောင် သူကတာဝန်ယူသွားလိမ့်မယ်။ ဘယ်လိုလဲ၊ မင်းသဘောတူတယ်ဆိုရင် အဲဒီသူကိုသွားခေါ်ကြမယ်"

"ညွှန်းလှချေလား စောရွှီးရှိုရ။ မင်းကောင်က ဘယ်မှာနေလို့ နာမည်ဘယ်လိုခေါ်သလဲဟ။ ဒါလေးကိုတော့ ငါသိအောင် အရင်လင်းစမ်းပါဦး"

စောရွှီးရှိုက လှည်းကူး စာဖူးတောင်းရွာတွင် နေထိုင်သည့် ကရင်အမျိုးသားတစ်ယောက်ဖြစ်သည်။ ထို့ကြောင့် စကားပြောသည့်အခါ ရှုးရှုးဒိုင်းဒိုင်းပြောတတ်သူဖြစ်သည်။

"အော်ကြီးကလည်း၊ အရေးထဲမှ သန်းခေါင်စာရင်းလာစစ်နေပြန်ပြီ။ သူနာမည်က ဖူးတလယ်တဲ့။ ငါတို့ရွာမှာပဲနေတယ်။ တစ်ယောက်တည်းသမားပဲ။ ကဲ - ဒီလောက်ပဲ သူ့အကြောင်းကို ငါပြောနိုင်တယ်။ မင်းသူ့ကိုသုံးချင်တယ်ဆိုရင် ငါကိုအကြောင်းကြားလိုက်၊ မင်းနဲ့ငါ သူ့ကိုသွားခေါ်ကြမယ်။ ဒီကြားထဲ မင်းစဉ်းစားပေါ့။ အခုတော့ ငါလည်းပြန်ဦးမယ်"

စောရွှီးရှိုက သို့နှယ်စကားဖြင့် အဆုံးသတ်ကာ ဦးအော်ကိုနှုတ်ဆက်၍ ပြန်သွားသည်။ စောရွှီးရှိုသည် မိုးတွင်လယ်လုပ်၊ ဆောင်းတွင်ယာထွန်ပြီး နွေတွင်မီးသွေးဖုတ်ကာ သူ့မိသားစုနှင့်အတူ အေးချမ်းစွာ နေထိုင်နေသူဖြစ်သည်။ ယခုလည်း တောင်ယာအခင်းအတွက် လိုအပ်သောမျိုးစေ့နှင့် ဓာတ်မြေဩဇာများကို ထောက်ကြန့်သို့ ဈေးတက်ဝယ်ရင်း ဦးအော်ထံသို့လှည့်ဝင်ခဲ့ခြင်းဖြစ်သည်။ မည်သို့ဆိုစေ အကျဉ်းအကျပ်ထဲရောက်နေသော ဦးအော်အဖို့ သူငယ်ချင်းဖြစ်သူ စောရွှီးရှို အကြံပေးသည့်အတိုင်းလုပ်ဆောင်ရန် ဆုံးဖြတ်ချက်ချလိုက်လေတော့၏။

❑

ချိန်းဆိုထားသောရက်တွင် စောရွှီးရှိုနေထိုင်ရာ စာဖူးတောင်းရွာသို့ မိမိစိတ်ကြိုက်ဝယ်ယူထားသော ဟိုင်းလပ်ကားကို ကိုယ်တိုင်မောင်း၍ထွက်လာခဲ့လေသည်။ စာဖူးတောင်းရွာသည် လှည်းကူးဖောင်ကြီး ကားလမ်းမန်ဘေးတွင်တည်ရှိသောရွာဖြစ်ပြီး စောရွှီးရှိုသည် သူနေထိုင်ရာရွာမှ ဦးအော်ကိုစောင့်၍ ဖူးတလယ်ကို သွားရောက်ခေါ်ဆောင်မည်ဖြစ်သည်။ ထောက်ကြန့်နှင့် စာဖူးတောင်းရွာသည် မဝေးလှသောခရီးဖြစ်သောကြောင့် စောရွှီးရှိုမှာထားသည့် ညနေ (၄) နာရီခန့်တွင် စာဖူးတောင်းရွာသို့ ဦးအော် ရောက်ရှိသွားလေ၏။ စောရွှီးရှို၏တောင်ယာတဲသည် ရွာအစွန်တွင်ရှိသောကြောင့် တဲသို့ရောက်သည်အထိ ကားဖြင့် ဦးအော်မောင်းဝင်လာခဲ့သည်။

"လာဟေ့ အော်ကြီး၊ ခဏနားပါဦး။ အချိန်ကျမှ ဒီကောင့်ကိုသွားခေါ်ကြတာပေါ့။ ဘာမှမပူပါနဲ့၊ ငါအားလုံးအဆင်ပြေအောင် စီစဉ်ထားပါတယ်"

စောရွှီးရှိုက အသင့်ပြင်ထားသည့် ဝီစကီ၊ အမြည်းစုံတို့ဖြင့် ဦးအော်ကို တည်ခင်းဧည့်ခံသည်။ ငြင်းချင်သော်လည်း ဦးအော် မငြင်းဝံ့ပါ။ ကရင်တိုင်းရင်းသားချင်းဆိုတော့ ကိုယ့်အမျိုးတွေစိတ်ရင်းကို ဦးအော် ကောင်းကောင်းသိသည်။ ထို့ကြောင့် တစ်ခွက်တစ်ဖလားနှင့် ဖွယ်ဖွယ်ရာရာလုပ်ထားသည့် တောတွင်းသားအမြည်းအကြော်အလှော်စုံကို ထမင်းလွတ်သွားအောင် မြည်းလိုက်သည်။ ဝီစကီလေးတစ်ပက်၊ နှစ်ပက်အာခေါင်စိုသွားတော့ သူငယ်ချင်းနှစ်ယောက် စကားဖောင်ဖွဲ့လို့မဆုံးဖြစ်လာသည်။ နေကလည်း တဖြည်းဖြည်းညိုလာသည်။ သို့သော် စောရွှီးရှိုအဖို့ သူလုပ်ရမည့်အလုပ်ကို သူသိပါသည်။

"ကဲ-အော်ကြီးရေ ဖူးတလယ်ကိုသွားခေါ်ရအောင်"

စောရွှီးရှိုက အသင့်ဆောင်ထားသည့် အရက်ဖြူတစ်ပုလင်းကို ခါးကြားတွင်ထိုးကာ ပေါက်တူးတစ်လက်၊ ဂုန်နီအိတ်တစ်လုံးကိုယူကာ ရှေ့မှဦးဆောင်၍ လျှောက်လှမ်းသွား၏။ ဦးအော်ဘာမသိဘာမသိဖြင့် စောရွှီးရှိုနောက်မှ လိုက်ရပြန်သည်။

"ဟေ့ - စောရွှီးရှို မင်းကောင်က ဘယ်မှာနေတာတုံး"

စောရွှီးရှိုက ယာခင်းအလွန် ခပ်လှမ်းလှမ်းအကွာအဝေးတွင်ရှိနေသည့် တောချုံပုတ်တန်းလေးဆီသို့ လက်ညှိုးညွှန်ပြပြီး ခပ်သွက်သွက်လျှောက်လှမ်းနေလေ၏။ ဦးအော် ထပ်မမေးတော့ဘဲ ထိုနေရာရောက်လျှင် ဖူးတလယ်၏



www.burmeseclassic.com

www.burmeseclassic.com

တွေ့ရလိမ့်မည်ဟု ယုံကြည်လိုက်သော ကြောင့် ဖြစ်သည်။

❑

မကြာမီ တောတန်းချုံပုတ်လေးဆီသို့ ဦးအော်တို့နှစ်ယောက်ရောက်လာသည်။ ဖူးတလယ်ဆိုသော သကောင့်သားသည်ကား ဤတောတန်းလေးအတွင်းတွင် တစ်ကိုယ်တည်းနေထိုင်သူလေလား။ စိတ်ကူးဖြင့်သာ တွေးကြည့်မိသော်လည်း လူသူအရိပ်အယောင်ကို ဦးအော် လုံးလုံးမတွေ့ရသေး။ စောရွှီးရှိုတစ်ယောက်ကတော့ မြက်ရိုင်းချုံပုတ်များကြားထဲတွင် တစ်စုံတစ်ရာကိုရှာနေသည့်ဟန်ဖြင့် အလုပ်ရှုပ်နေ၏။ စောရွှီးရှို၏အမူအရာကို ဦးအော် နားမလည်နိုင်တော့။ ထိုအချိန်မှာပင် စောရွှီးရှိုသည် တစ်စုံတစ်ခုကိုတွေ့သွားဟန်ဖြင့် ထိုကမ္မန်း၊ မြက်ရိုင်းပင်များ ရောထွေးပေါက်နေသောမြေနေရာတစ်ခုကို ပါလာသည့် ပေါက်တူးဖြင့် မြေကျင်းတစ်ကျင်းဖြစ်အောင် တူးဆွလေတော့သည်။

"ရွှီးရှို မင်းဘာတွေလုပ်နေတာလဲ။ ငါဘာမှနားမလည်တော့ဘူး"

ဦးအော်၏ သတိပေးစကားကို ရွှီးရှိုက ဂရုမစိုက်ပါ။ အသာရေနေဆိုသောအမူအရာဖြင့် တူးလက်စပေါက်တူးကိုဆက်တူးနေသည်။ အမှောင်ထုက တစ်စတစ်စ ရစ်သန်းလာသည်။ ကျေးငှက်တို့သည်ပင် အိပ်တန်းတက်ရန် အသိုက်များဆီသို့ပြန်ကုန်ကြပြီ။ ဝေ့တာရှိုက်ကာတိုက်လာသောပြည်ညင်းကြောင့် တောချုံပုတ်တို့သည် တရှဲရှဲမြည်ကာ ယိမ်းနွဲ့နေကြသည်။ မကြာမီ အမှောင်ထုက တတ်ဝန်းကျင်ကို ဝါးမျိုတော့ပေမည်။ စောရွှီးရှိုကား ဆက်လက်တူးနေဆဲ။ မြေကျင်းက အတန်ငယ်ကျယ်လာသည်။ အနက်သုံးပေကျော်ကျော်တွင် မြေကျင်းအတွင်းမှ လူအရိုးခေါင်းဖွေးဖွေးကြီး တစ်ခု ဘွားခနဲပေါ်လာသည်။ ဦးအော် ချက်စိပြာခနဲဖြစ်သွားသည်။

"ဟေ့၊ ဟေ့ ရွှီး. . . ရွှီးရှို မင်း. . . မင်းဘာတွေလုပ်နေတာလဲ"

ဦးအော်အသံက ထိတ်ထိတ်ပျာပျာ ကတုန်ကယင်။ ဦးအော်ကမေးနေသော်လည်း စောရွှီးရှိုက သူ့အလုပ်ကို သူဆက်လုပ်သည်။ မြေကျင်းထဲက အရိုးခေါင်းကြီးပေါ်သို့ ပါလာသည့် အရက်ဖြူ များကိုလောင်းချကာ နှုတ်မှ တတွတ်တွတ်စကားများပြောနေသည်။ ပြီးမှ ဂုန်နီအိတ်အတွင်းသို့ အရိုးခေါင်းကြီးကိုထည့်ကာ ကြိုးဖြင့်အသေအချာ ချည်လိုက်သည်။

"ငါပြောတဲ့ ဖူးတလယ်ဆိုတာ သူပဲ အော်ကြီးရ။ ဒီကောင်က စာပူးတောင်းတိုက်ပွဲမှာ နဖူးကိုကျည်သင့်ပြီး တိုက်ပွဲကျသွားတဲ့ ကရင်ရဲဘော်တစ်ဦးပဲ။ သူကိုခေါ်ပြီး မင်းဆီမှာ စောင့်ခိုင်းထားလိုက်။ မင်းခေါင်းကိုက်နေတဲ့ကိစ္စတွေ ငြိမ်းသွားလိမ့်မယ်"

ဦးအော်အဖြစ်က မှန်းချက်နှင့်နှမ်းထွက်လွဲသည့်နှယ်။ သို့သော် ဦးအော်စဉ်းစားရလေပြီ။

"နို - ခေါ် သွားတာတော့ ဟုတ်ပါပြီ၊ ဒီကောင့်ကိုကျွေးဖို့မွေးဖို့က ဘယ်လိုလုပ်ရမှာလဲ"

ဘဝချင်းမတူညီသည့် တမလွန်လောကသားကို ဦးအော် မည်သို့ ထိန်းသိမ်းရမည်မသိ။

"ဒါကလွယ်လွယ်လေးပါ။ တစ်နှစ်ကိုတစ်ကြိမ် ကြက်သွေးနဲ့ သူ့ကိုတင်မြှောက်ပေးလိုက်ပေါ့။ ဒါ သူ့ရဲ့ရာရှင်ပေါ့ဗျာ။ မင်းအတွက်လည်း ကရိကထမများပါဘူး"

ဒီအခြေအနေအထားဆိုလျှင် ဦးအော်လုပ်နိုင်စွမ်းရှိသည်။ ညစဉ်ဒုက္ခပေးနေသည့် သကောင့်သားများကို ဤနည်းဖြင့် ကာကွယ်မှသာ လုံခြုံလိမ့်မည်ဟု ဦးအော် ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် ဦးအော်တို့နှစ်ယောက် တောင်ယာတဲသို့ ပြန်ကာ ထိုမှတစ်ဆင့် ထောက်ကြန့်သို့ ဦးအော်ပြန်ခဲ့လေ၏။ ပတ်ဝန်းကျင်တစ်ခွင်လည်း အလင်းပျောက်ကာ အမှောင်ထုက လွှမ်းမိုးသွားပြီဖြစ်သည်။ ဦးအော်၏အိမ်ပြန်ခရီးကား တစ်ယောက်တည်း မဟုတ်တော့။ ထောက်ကြန့်ကိုပြန်ရောက်တော့ ည(၇)နာရီထိုးနေချေပြီ။ ဦးအော်အလုပ်မပြီးသေးပါ။ စစ်သချိုင်းဝင်းအတွင်း ဝန်ထမ်းရုံးအနီးတွင်ရှိသော တညင်းပင်ကြီးအောက်သို့ ဂုန်နီအိတ်ကြီးကို ဆွဲပြီးသွားလိုက်သည်။ တညင်းပင်ကြီးက လူကြီးလက်တစ်ဖက်သာသာရှိသည်။ အပင်ခြေတွင်ခြုံများ စားထားသော အခေါင်းပေါက်ကြီးတစ်ပေါက်ရှိနေသည်။ ထိုသစ်ခေါင်းပေါက်ထဲသို့ အရိုးခေါင်းကို ဦးအော်ထည့်သွင်းလိုက်ပြီး စောရွှီးရှိုသင်ပေးလိုက်သည့် နည်းအတိုင်း ဆောင်ရွက်လိုက်သည်။

"ကဲ-ဖူးတလယ်ရေ၊ ဒီနေရာဟာ မင်းနေရမယ့်နေရာဖြစ်သွားပြီ။ ဒီနေ့ကစပြီး ငါဟာ မင်းသခင်ဖြစ်သွားပြီ။ ဒီခြံကြီးကို မင်းလုံအောင်စောင့်ရှောက်ပေးတော့။ ဒါ ငါအမိန့်ပဲ"

ထူးခြားမှုကတော့ အံ့ဖွယ်အတိ။ ဦးအော်စကားဆုံးသည်နှင့် တညင်းပင်ကြီးသည် လေဝင်တိုးလိုက်သည့်အလား သိမ့်ခနဲဖြစ်သွားသည်။ ဦးအော်ကြက်သီးတဖြန်းဖြန်းထသွားသည်။ ဒီလိုအတွေ့အကြုံမျိုး သူ့ဘဝတွင် တစ်ခါမှမကြုံဘူး။ ဘာတွေဆက်ဖြစ်ဦးမည်ကို ဦးအော်မမှန်းဆတတ်တော့။ ထောက်ကြန့်ရဲစခန်းမှ ရှစ်နာရီသံချောင်းခေါက်သံပျံ့လွင့်လာသည်။ ခေတ်ကာလအခြေအနေအရ ညရှစ်နာရီဆိုလျှင် ယာဉ်သွားယာဉ်လာမရှိတော့။ တစ်မြို့လုံးလည်း ပကတိအနေအထားဖြင့် ငြိမ်သက်နေလျက်။

❑

ဦးအော်က သူနှင့်ဖူးတလယ်ဇာတ်လမ်းကို သို့နှယ် နိဂုံးချုပ်လိုက်သည်။ သို့သော် ကျွန်တော် ဘဝင်မကျနိုင်သေးပါ။

"မေးပါရစေဦး၊ ဖူးတလယ်က ဦးအော်အတွက် အလုပ်ကောဖြစ်ရဲ့လား"

"ဖြစ်တာပေါ့ စာရေးဆရာရ၊ အဲဒီနောက်ပိုင်း ဘာအနှောင့်အယှက်မှမဖြစ်တော့ဘူး။ ထူးထူးခြားခြားတစ်ခုခုဖြစ်တော့မယ်ဆိုရင်တောင် ဖူးတလယ်က ကြိုပြီးသတိလာပေးလေ့ရှိတယ်။ ပြောမယ်ဆိုရင် ဖူးတလယ်နဲ့ ပတ်သက်တဲ့ ထူးထူးဆန်းဆန်း အံ့ဖွယ်ဖြစ်ရပ်တွေ အများကြီးပြောဖို့ ကျန်နေသေးတယ်။ နောင်ကြုံရင် စာရေးဆရာကို ထပ်ပြောပြမယ်။ ဒီနေ့ကတော့ ဒီလောက်နဲ့ကျေနပ်လိုက်တော့"

ဦးအော်တစ်ယောက် လက်ဖက်ရည်ဖိုးရှင်းကာ ကျွန်တော့်ကိုနှုတ်ဆက်ပြီးပြန်သွားသည်။ ကျွန်တော် အသင်းရုံးကိုပြန်လာပြီး ရေးလက်စဖြစ်နေသည့် နှစ်ပတ်လည်အစီအရင်ခံစာကိုရေးရန် ပြင်ဆင်သည်။ သို့သော် မရေးနိုင်သေးပါ။ စာပူးတောင်းတိုက်ပွဲ၌ နဖူးကိုကျည်သင့်၍ ကျဆုံးခဲ့ပါသည်ဆိုသော ကရင်ရဲဘော်လေး ဖူးတလယ်သည် မနေသဟာရစစ်သချိုင်းကြီးကို သူကျင်လည်နေသည့် အပရနယ်ပယ်မှနေ၍ မည်သည့်အစွမ်းသတ္တိများဖြင့် စောင့်ရှောက်နေသည်ကို စိတ်ကူးဖြင့် မှန်းမျှော်တွေးမိနေသောကြောင့်ဖြစ်လေတော့သတည်း။

ငွေစိုး(ရွှေကြာနီ)


www.burmeseclassic.com

## ယောနကာဘိုးတောင်

# ဆောမြို့သူကြီးလှူဝင်စား

ဆောမြို့။

အနော်ရထာမင်းမြတ်၏ပုဂံခေတ် မြို့ရွာသမိုင်းများတွင် ယောလေးမြို့ ပါဝင်ခဲ့သည်။ ယောလေးမြို့တွင် လောင်းရှည်မြို့၊ ဆောမြို့၊ ယောမြို့၊ ထီးလင်းမြို့ဟူ၍ ထင်ပေါ်သတင်းကြီးခဲ့သည်။ ဆောမြို့ကို ပျူမင်းသမီးက စတင်တည်ထောင်ခဲ့သည်ဟု ပါးစပ်ရာဇဝင်တွင်ခဲ့သည်။ အလောင်းစည်သူမင်းလက်ထက်တွင် ထီးလင်းရွှေကွန်အုပ်ဘုရားနှင့် ဆောရွှေစိုင်မြင်ဘုရားများကို တည်ထားခဲ့သည်ဟု ဆိုပါသည်။ လောင်းရှည်ရွှေတန်းဆာဘုရားနှင့်ယောမြို့ ပေါက်သစ်ဆိမ့်ဘုရား၊ ချင်းပြည်နယ်တွင် အမ်းဘုရားတို့မှာ ရာဇဝင်စာတင်ထားနိုင်သည်။



ဆောမြို့သူကြီး ဦးသန်းမောင်

မင်းရဲကျော်စွာသည် ရခိုင်ဘုရင်ထောရာကြီး ပုန်ကန်ခြားနားသဖြင့် ဦးဆောင်ဦးရွက်ပြုကာ ဆော^လောင်းရှည်တို့မှ စစ်ကြောင်းချီတိုက်ခိုက်ခဲ့ဖူးပါသည်။ ဆောမြို့စားဦးစီ၊ ဆောမြို့ယောမြို့စားဦးပေါ်ဦး၊ ယောမြို့စားဦးဘိုးလှိုင်၊ လောင်းရှည်မြို့စားသီပေါမင်းမယ်တော်တို့မှာ သမိုင်းစာမျက်နှာများပေါ်ဝယ် ထင်ရှားကျော်ကြားခဲ့ဖူးပါသည်။ မြန်မာ့သမိုင်းထဲမှာ ဆောမြို့ကို တွေ့ကြရသည်၊ မြင်ကြရသည်။ လွတ်လပ်ရေးရပြီး ၁၉၅၀ ပြည့်နှစ်မှစတင်ကာ မြို့စား၊ ရွာစားခေတ်ပျောက်၍ သူကြီးခေတ်ရောက်လာသည်။ ဆောမြို့ကလေးသည် ထိုစဉ်က တောင်ပတ်လည် ဝိုင်းရံလျက်ရှိသည်။ အရှေ့ဘက်တွင် စိမ်းစိုညို့မောင်းနေသော ငန်းကျောလေးတောင်၊ ငန်းကျောကြီးတောင်က အုပ်မိုးလျက်ရှိသည်။မြောက်ဘက်တွင် မိပေါင်းချောင်တောင်၊ သစ်ဆိမ့်တောင်၊ ကျွန်းတောခင်တောတို့က စိမ်းစိုသစ်လွင်နေ၏။ အနောက်ဘက်တွင် ချင်းရိုးမတောင်တန်းကြီးက စိမ်းပြာပြာမှိုင်းဝေလျက်ရှိနေသည်။ တောင်ဘက်တွင် ကွမ်းအုပ်ခင်တောင်၊ မြို့ဆိုးတောင်တို့က ပိတ်ဆို့ကာဆီးထားသည်။ ကန်ပက်လက်မြို့မှ စီးဆင်းလာသော ဆောချောင်းကလေးသည် ဆောမြို့ကို ပွေ့ဖက်ထားသကဲ့သို့ တသွင်သွင်စီးဆင်းလျက်ရှိသည်။ ချုတ်ချောင်းသည် ဆောချောင်းထဲသို့ ဆောမြို့အနီး ကျောက်စိုင်ကျောက်ခဲများအကြား ပေါင်းဆုံစီးဝင်လျက်ရှိသည်။ ဆောချောင်းရေသည် အေးမြစိမ်းလဲ့ကြည်လင်နေ၏။ ချုတ်ချောင်းရေမှာ မအေးလှဘဲ နွေးနွေးကလေးကြည်လင်လှပနေသည်။ ကျောက်စရစ်ခဲဖြူများ၊ ကျောက်စိုင်ကျောက်ခဲများ၊ သဲ၊ နုန်းတို့ဖြင့် ချောင်းနှစ်ခုပေါင်းဆုံရာတွင်လှပနေသည်။ ဆောချောင်းရေကြည်ကြည်ချိုချိုလေးကို တစ်မြို့လုံးက သောက်ရေ၊ သုံးရေအသုံးပြုကြသည်။ ချောင်းထဲတွင် ငါးမျိုးစုံက ရှင်သန်ပေါက်ဖွားနေသည်။ ဆောချောင်းရေမှ မြောင်းသွယ်ယူကာ လယ်ယာများ စိုက်ပျိုးလုပ်ကိုင်လျက်ရှိကြသည်။

မနက်ပိုင်းနှင့် ညနေချမ်းအချိန် ဆောသူလှပျိုဖြူတို့ရေခပ်ချိန်ကလေးမှာ လှပတင့်တယ်နေသည်။ ဤဆောမြို့ကလေးကို ဆောမြို့သူကြီးဦးသန်းမောင်က အုပ်ချုပ်လျက်ရှိသည်။ ဆောမြို့ကို (၃) ပိုင်းခွဲထားသည်။ ဆောမြို့မြောက်ပိုင်း၊ ဆောမြို့တောင်ပိုင်းဟူ၍ ရပ်ကွက် (၂) ခုကို လမ်းမတော်လမ်းကြီးဖြင့် ခြားနားထားသည်။ ရဲစခန်းသည် ဆောမြို့ကြီးအနောက် ရဲစခန်းကုန်းတွင် တည်ရှိသည်။ ဆောမြို့အလယ်တန်းကျောင်းမှာ တောင်ဘက် *သန်းပင်ခုံအနီးတွင် တည်ရှိသည်။ ဆောချောင်းကမ်းစပ်တွင် သက်ငယ်မိုး၊ စလီကာကျောင်းကလေးများ ဖြစ်သည်။ ကျောင်းဆောင်ကြီး (၅) ဆောင်ဖြင့် လှပတင့်တယ်နေသည်။ ကျောင်းဝင်းအတွင်းတွင် ရှေးဟောင်းမန်ကျည်းပင်အိုကြီးများက အုပ်ဆိုင်းညို့မှိုင်းနေ၏။ လမ်း၊ ရုံး၊ ဆေးရုံ၊ သစ်တောရုံး၊ ရဲဌာန၊ ဘဏ်တိုက်၊ မြို့ပိုင်ရုံး၊ စာတိုက်၊ ကြေးနန်းရုံးတို့က အစီအရီရှိနေသည်။ တောင်ကြားထဲ ဒယ်အိုးအတွင်း မြို့ကလေးတည်ထားသကဲ့သို့ ဖြစ်နေတော့သည်။

ဆောမြို့သချိုင်းကုန်းမှာ ယခုဆောမြို့အ-ထ-ကကျောင်းတည်ရှိနေရာ ဖြစ်သည်။ ဆောမြို့လေးကို သူ့သဘာဝမလေ့ဖြင့် အလှအသွင်တင့်နေသည်။ ဆောမြို့တွင် ဘုန်းကြီးကျောင်းမှာ ထိုစဉ်က မြောက်ကျောင်း၊ တောင်ကျောင်း (၂) ကျောင်းသာရှိလေသည်။ ရှေးဟောင်းမြို့ဖြစ်သောကြောင့် အုတ်လမ်းများ၊ စေတီ၊ ပုထိုး ဘုရားပြိုဘုရားပျက်များအလွန်ပေါများသည်။ ဆောမြို့တစ်ခုလုံးကို စေတီဟောင်းအုတ်ပုံများကသာ လွှမ်းမိုးထားသည်။ ကန်ပက်လက်လမ်း၊ ကျောက်ထုလမ်း၊ ဆိပ်ဖြူလမ်းတို့က ဆောမြို့ကလေးမှ သွားလာနိုင်သည်။

သူကြီးဦးသန်းမောင်သည် ရွေးကောက်ပွဲဖြင့် အနိုင်ရခဲ့သည်။ သူကြီးမဲရွေးပွဲတွင် ပြိုင်ဘက်ကင်းအောင်မဲနိုင်သည်။ အပြောကောင်းအဟောကောင်းသော သူကြီးဦးသန်းမောင် ဖြစ်သည်။ အာဝဇ္ဇန်းရွှင်လှသည်။ သူကြီးဦးသန်းမောင်သည် အင်္ဂလိပ်ခေတ်၌ တော်လှန်ရေးတွင်ပါဝင်ခဲ့သည်။ ဆက်သွယ်ရေး ကြားဆက်သားလုပ်ခဲ့သည်။ ဂျပန်ခေတ်



www.burmeseclassic.com

www.burmeseclassic.com



ဆောမြို့သူကြီးဦးသန်းမောင်၊ ဇနီးဒေါ်တင်ဦး၊
သမီး၊ ဒေါ်ခင်မြရီ



ဆောမြို့သူကြီးလူဝင်စား
ကိုမောင်အေး(ဦးတင်မောင်ညွန့်)

တွင် မသက်သာမှုနှင့် အဖမ်းခံရဖူးသည်။ နောက်တော့ပြန်လွတ်လာသည်။

ဆောမြို့သူကြီး ဦးသန်းမောင်သည် ဆောမြို့အပိုင် ကျင်းလိန်ရွာတွင် အဖ ဦးလူဖေ၊ အမိ ဒေါ်ဖွားချိတို့မှ မွေးဖွားခဲ့သည်။ သူကြီးဦးသန်းမောင်အထက်တွင် အစ်ကိုဦးစိုးမောင်ရှိသည်။ သူကြီးဦးသန်းမောင်အောက်၌ ဦးသာရင်ကျောင်းဆရာဖြစ်သည်။ သူကြီးမဲရွေးကောက်ပွဲမတိုင်မီအချိန်က ရန်ကုန်နှင့် ဆောမြို့ ကုန်သည်အလုပ်လုပ်ကိုင်သည်။ ရွာ ယာဖက်လုပ်ငန်းလုပ်ကိုင်သည်။ အောက်ထုလေဆိပ်တွင် လေယာဉ်ဝင်းလုံးငှားစီးနိုင်သူအဖြစ် နာမည်ကြီးသည်။ ရွှေကိုင်းမျက်မှန်၊ ဘန်ကောက်ဆိုး ရှူးဖိနပ်ဖြင့် ကြော့ကြော့မော့မော့ သားနေထိုင်တတ်သူဖြစ်သည်။ စေတနာကြွယ်၍ သဒ္ဓါတရားပိုသူ ဖြစ်သည်။

လောင်းရှည်မြို့ အင်ဖူးသူကြီး ဦးဘိုးသိန်း၊ ဇနီး ဒေါ်မင်းဆုံတို့၏သား ကိုတင်လတ်(အလယ်တန်းကျောင်းအုပ်)၊ ဒေါ်မြရင်တို့ သမီးလတ် ဒေါ်တင်ဦးနှင့် လက်ထပ်ထိမ်းမြားကြသည်။ ဒေါ်တင်ဦးအထက်တွင် ဦးကျော်စိုး မွေးချင်းဖြစ်သည်။ ဒေါ်တင်ဦးအောက်တွင် ဒေါ်စောတင် မွေးချင်းရှိသည်။ ဒေါ်တင်ဦးမှာ သူကြီးသန်းမောင်ခိုးရာနောက်လိုက်ပြေးသွားသည်။ဆောမြို့သူကြီးဖြစ်သောကြောင့် ဒေါ်မြတင်ထားနိုင်သည်။ အိမ်ကြီးမှာ ပျဉ်ထောင်အိမ်ကြီးဖြစ်သည်။ ဆောလမ်းတောင်ပိုင်းတွင် တည်ရှိသည်။ သစ်ပျဉ်ထောင်ခြေတံရှည်အိမ်ကြီးဖြစ်သည်။ ပျဉ်ထောင်အိမ်အောက်တွင် မြင်းဇောင်းထားသည်။ ပျဉ်ထောင်အိမ်ကြီးမှာ ရေနံချေးဝနေ၍ အမည်းရောင်၊ သပိတ်ရောင်ထနေသည်။ ထိုအချိန်က ရေနံဆီပေါများသော BOC ကုမ္ပဏီရေနံပုံးများရှိသဖြင့် မီးမှန်အိမ်၊ အောက်လင်းဓာတ်မီး၊ မီးခွက်ထွန်းရသောအခါကာလဖြစ်လေသည်။ သူကြီးဦးသန်းမောင်နှင့် သူကြီးကတော် ဒေါ်တင်ဦးတို့ ဖူးစာဆုံ ပေါင်းဖက်နိုင်ခဲ့ကြပြီးသော် သမီးလေး မခင်မြရီကိုပင် မွေးဖွားသန့်စင်နိုင်ခဲ့ပါသည်။ ဆောမြို့တစ်ခွင်သည် အေးငြိမ်းချမ်းသာယာလျက်ရှိပါသည်။

သို့သော် . . . ထိုသို့သော်သည် သူကြီးသန်းမောင်အတွက် မမြင်နိုင်သော ကံကြမ္မာဆိုးတစ်ခုဝင်ရောက်လာတော့မည် ဖြစ်သည်။ ဆောမြို့သူကြီးရွေးကောက်ပွဲ၌ အနိုင်မရအရှုံးရခဲ့သော ဦးရွှေဝမှာ ဆောမြို့သူကြီး ဦးသန်းမောင်ကို ငြိုးသူရန်ဘက်စောင့်ကြည့်နေသည်။ အခါခွင့်ကောင်းကို ကြိုဆိုမျှော်လင့်နေသော ဦးရွှေဝသည် အကွက်ချောင်းနေလေတော့၏။ သူကြီးကတော် ဒေါ်တင်ဦးနှင့် သမီးကလေး မခင်မြရီတို့နှစ်ဦးမှာ လောင်းရှည်နယ်သူကြီး၊အင်ဖူးရွာသူကြီး ဦးဘိုးသိန်းစျာပနသွားနေကြချိန်ဖြစ်၏။ ဆောမြို့သူကြီး ဦးသန်းမောင်သည် မြို့မြောက်ပိုင်းသား မြို့ခေါင်းရွာဆော် ဦးထွန်းစိန်ကို အိပ်ဖန်စောင့်ခေါ်ထားလေသည်။ အင်ဖူးသူကြီး ဦးဘိုးသိန်းအသုဘမြေကျ ရက်လည်သည်အထိ လောင်းရှည်အပိုင်တွင်နေရလေသည်။

ထိုနေ့က ဆောမြို့အနောက်ဘက် ချင်းတောင်တန်းကြီးပေါ်ဝယ် နေနီလုံးကြီးသည် တောင်နှုတ်ခမ်းတွင် မေးတင်နေသည်။ ကျေးငှက်သာရကာများကလည်း အိပ်တန်းဝင်ရန်ပျံသန်းနေကြသည်။ မြို့ပြင်ဘက်ရှိ လယ်ကွင်းများအတွင်းမှ စင်နိမ့်လယ်ပွဲ၊ ကြက်စာလယ်ပွဲ၊ အင်းမလယ်ပွဲ၊ နွားစားကျက်များမှ လွှတ်ကျောင်းထားသော နွားရိုင်းတို့ မြို့ထဲသို့ဝင်လာကြသည်။ ဘူဘူဘဲဘဲနှင့် နွားမသားပျောက်အော်သံကာ မြို့အဝင်လမ်းတွင်ကြားနေရသည်။ နေဝင်တရီတရောအချိန်ဖြစ်ပြီး ရစ်ခွေစီးဆင်းနေသော ဆောချောင်းရေစီးသံက တသွင်သွင်စီးနေဆဲဖြစ်သည်။ ချင်းတောင်တန်းကြီးထဲ နေလုံးကြီးထိုးဝင်သွားသောအခါ အမှောင်ရောင်က မဟူရာဝတ်ရုံကို ခြုံလွှမ်းလိုက်တော့သည်။ ငန်းကျောတောင်မကြီးမှ ချေဟောက်သံက ခပ်ပြင်းပြင်းကြားနေရသည်။ ဆောမြို့ ရဲတပ်ကုန်းဆီက နာရီခေါက်သံက တဒေါင်ဒေါင်တဒင်ဒင်မြည်နေသည်။ ညအမှောင်ထုက လရောင်မရှိ မည်းမည်းမှောင်နေသည်။

သူကြီးသန်းမောင်၏အိမ်မြောက်ဘက်တွင် ဦးသိန်းညွန့်၊ ဒေါ်ဧလေးတင် အိမ်ရှိ၏။ အိမ်တောင်ဘက်ရှိ ဦးစောလေးတို့က ကန်ပက်လက်တွင်နေကြ၍ အိမ်တွင် လူမရှိကြချေ။ အနောက်ဘက်တွင် ဆံသဆရာ ဦးသောင်းလှိုင်၊ ဇနီး ဒေါ်သန်းကြည်အိမ်ရှိသည်။ ဆောမြို့ကလေးသည် အမှောင်ထုအောက်တွင် မီးမှန်အိမ်၊ မီးခွက်များထွန်းကြပေပြီ။ နေဝင်မီးလက် စီးပွားတက် ဆိုသည် မဟုတ်လား။

အကြံသမား ဉာဏ်ကစားသော သူကြီးအရာကျရွေးကောက်ပွဲမဲရှုံးဦးရွှေဝနှင့် တပည့်ကျော် မောင်မဲလုံး (အမည်လွှဲ) တို့သည် ဆင်ကြံကြံလျက်ရှိသည်။

"ဟေ့ မောင်မဲလုံး၊ ရဲဆေးလေး တစ်ခွက်တစ်ဖလားမော့သွားဦးကွ"

"ဟုတ်ကဲ့ - ဆရာကြီး"

"ဒါမှ ပစ်မှတ်ကို အသေအချာထိမှာ"

ဇလီကာ၊သက်ငယ်မိုးအိမ်ကလေးထဲတွင် ဆရာတပည့်နှစ်ဦးသား တိုင်ပင်နှီးနှော အစီအစဉ်ဇယားချနေကြသည်။ မောင်မဲလုံးသည် မီးတောက်အရက်တစ်ခွက်ကို တစ်ခါတည်းမော့ပစ်လိုက်သည်။ အမဲကြော်ခွက်ထဲမှ အမဲသားတစ်တုံးယူ၍ ပါးစပ်ထဲပစ်ထည့်လိုက်သည်။

"ကောင်းလိုက်တာ ဆရာရွှေရယ်၊ အရက်နဲ့အမြည်းက အံကိုက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"အေး - အဲဒါ မင့်အတွက်လုပ်ထားတာ။ ရေချိန်ကိုက်အောင်ချသွား"

"ဟုတ်ကဲ့ ဆရာကြီး၊ ဒီတစ်ခါတော့ ပွဲပြီးပါပြီဗျ"

"အေးကွ - မောင်မဲလုံးရေ၊ သေသေချာချာပစ်မှတ်ထိအောင်လုပ်"

မောင်မဲလုံးသည် စစ်ပြီးခေတ် အင်္ဂလိပ်အရိုင်ဖယ်သေနတ်ကြီးကို ပွတ်သပ်၍ ကျည်အိမ်ထဲသို့ ကျည်ဆန်ငါး တောင့်ထည့်လိုက်သည်။ ကျည်အပြည့် ကျည်အိမ်ကို သေနတ်တွင် တပ်ဆင်လိုက်သည်။

"ဆရာရွှေ ကျုပ်တောမုဆိုးလုပ်လာတာကြာပြီလေ။ ဒီတစ်ပွဲတစ်လမ်းတော့ အပိုင်ပစ်မှတ်ကို ထိအောင်ပစ်နိုင်ပါတယ်။ စိတ်ချပါ ဆရာရွှေရယ်"

တောအရက်ရှိန်လေးနှင့် ဆရာရွှေနှင့်မောင်မဲလုံးတို့သည် သူကြီးဦးသန်းမောင်အိမ်ကြီးဆီသို့ အရောက်လှမ်းခဲ့ကြတော့သည်။

❑

ဆောမြို့သူကြီး ဦးသန်းမောင် ခြံတံရှည်အိမ်ကြီးမှာ အမှောင်ထဲတွင် ရှိနေသည်။ အချိန်မှာ ညငှက်လေးများ မြည်နေပြီ။ လရောင်မရှိသဖြင့် ကြယ်ရောင်ကလေးများက မှိတ်တုတ်မှိတ်တုတ်အလင်းရောင်ပေးနေသည်။ ဆောမြို့ ရဲတပ်ကုန်းစခန်းဆီမှ တဒေါင်ဒေါင် နာရီသံချောင်းခေါက်သံ ပေါ်ထွက်လာသည်။ သူကြီးဦးသန်းမောင်နှင့် ရွာဆော်ကြီးဦးထွန်းစိန်တို့ မီးအိမ်လေးအောက်တွင် မြို့အခြေအနေရပ်အကြောင်းဆွေးနွေးပြောဆိုနေကြသည်။ နာရီကိုးချက်တိတိတွင် ရပ်တန့်သွားတော့သည်။

"ဟေ့-မောင်ထွန်းစိန်၊ တို့ကိုနင်းပေးစမ်းပါကွာ"

"ဟုတ်ကဲ့ သူကြီးမင်း၊ ဧည့်ခန်းမှာပဲ ဖျာခင်းပြီးနင်းကြတာပေါ့"

"အေး- ကောင်းတယ်ကွ၊ ကောင်းတယ်"

သူကြီးဦးသန်းမောင်ကို ဧည့်ခန်းတွင် ရွာဆော်မောင်ထွန်းစိန်က တက်နင်းပေးနေသည်။ ညောင်းညာတိုင်း သူကြီးဦးသန်းမောင်က မောင်ထွန်းစိန်ကို နင်းနှိပ်ခိုင်းကာ အကြောဖြေလေ့ရှိသည်။ မောင်ထွန်းစိန်သည် အကြောနားလည်သူဖြစ်သဖြင့် အနင်းအနှိပ်ကျွမ်းကျင်သည်။ ထို့ကြောင့် ရွာများသို့ ကွင်းဆင်းတိုင်း လက်စွဲတော်ရွာဆော်မောင်ထွန်းစိန်ကိုခေါ်သွားလေ့ရှိသည်။

"ဟေ့-မောင်ထွန်းစိန်၊ ခြေသလုံးကိုနင်းကွ။ ခြေသလုံးအကြောတွေတောင့်တင်းနေတယ်"

"ဟုတ်ကဲ့ - သူကြီးမင်း၊ အကြောတွေထိကောထိရဲ့လား"

"ထိတယ်ဟေ့ မောင်ထွန်းစိန်၊ ဆက်နင်းကွ"

ဦးရွှေဝနှင့် တပည့်မောင်မဲလုံးတို့သည် သေနတ်ကြီးကိုလွယ်ကာ သူကြီးဦးသန်းမောင်အိမ်သို့ဦးတည်လာနေကြသည်။ ယောအခေါ် တုတ်မီးဓာတ်ခဲနှစ်တောင့်ထည့်လက်နှိပ်ဓာတ်မီးလေးဖြင့် ညမှောင်မှောင် လမှောင်မှောင် ကြယ်ရောင်မလင်းလှမ်းလာခဲ့သည်။ တုတ်မီးလက်နှိပ်ဓာတ်မီးအရောင်ဖြင့် သူကြီးဦးသန်းမောင်အိမ်အနီးသို့ ချဉ်းကပ်ရောက်ရှိလာကြသည်။ မောင်မဲလုံးသည် နဂိုကပင် လေ့လာမှတ်သားထားသဖြင့် သူကြီးဦးသန်းမောင်အိမ်ကို ရှစ်စပ်ကဂျင်ခြေလည်အောင်သိနေသည်။

သူကြီးဦးသန်းမောင် ခြံတံခါးလွှန်းလျှိုထားသောဒေါက်ကို အသာမ,ပြီး ဆရာတပည့်နှစ်ဦးသား ချတ်နင်းကာဝင်လာခဲ့သည်။ ညအမှောင်ထဲဝယ် ပိုးစုန်းကြူးလေးများသည် ဝဲကာပျံကာ ဟိုဟိုဒီဒီပြေးလွှားနေကြသည်။

"ဇီးကွက်. . . ဇီးကွက်"

ညငှက်ဇီးကွက်၏အော်သံသည် မန်ကျည်းပင်မြင့်ကြီးဆီမှအသံကြားနေရသည်။ မောင်မဲလုံးသည် လှေကားအဆင်းတွင်ရှိသော စပါးကျီပေါ်သို့ အသာအယာတက်လိုက်သည်။ ခြံတံရှည်အိမ်ကြီးဧည့်ခန်းတွင်းမှာ မီးအိမ်လေးထိန်ထိန်လင်းနေသည်။ ထိုအချိန်တွင် စပါးကျီပေါ်သို့ ဦးရွှေဝရောက်လာသည်။

"ရှူး - တိုးတိုး၊ မောင်မဲလုံးမြင်ရသလားကွ"

"ဆရာရွှေ မြင်ရတယ်၊ မီးအိမ်ဘေးနားကဖျာပေါ်မှာ သူကြီးသန်းမောင်ကို ရွာဆော်ကြီး မောင်ထွန်းစိန်နင်းနေတယ်"

"အေး - ဟုတ်တယ်ကွ၊ ဟော - ခေါင်းဘက်ကိုတက်နင်းနေပြီ"

"ဆရာရွှေ ခြေရင်းဘက်ကိုပြန်ဆင်းသွားပြီဗျ"

"သေချာမှတ်သွား မောင်မဲလုံး၊ အောက်ဆင်းပြီးပစ်ကွင်းရှာပေတော့"

"ဟုတ်ကဲ့ - ဆရာရွှေ"

မောင်မဲလုံး စပါးကျီပေါ်က ဖျဉ်ထောင်အိမ်အောက်ထပ်ကိုရောက်သွားပြီ။

"ဆရာရွှေ အိမ်အောက်ကို တုတ်မီးလေးထိုးပြပါဦး"

"အေး၊ အေး - တိုးတိုးပြောကွ ကြားသွားဦးမယ်"

"ဆရာရွှေ အရိပ်တွေမြင်နေရပြီ"

အိမ်ကြမ်းပေါက်တွင် ထင်လင်းစွာ မောင်မဲလုံးမြင်နေရသည်။ သူကြီးသန်းမောင်၏ခန္ဓာကိုယ်ချက်ကောင်းထိ ပစ်မှတ်ရှာနေသည်။ အိမ်အောက်သို့ စပါးကျီပေါ်မှ အခါပေးနေသော ဆရာရွှေဝရောက်လာသည်။

"မှန်းစမ်း၊ မောင်မဲလုံးသေချာရင် ခလုတ်ဖြုတ်လိုက်ကွ"

"ဆရာရွှေ၊ ရင်ဘတ်တည့်တည့်ကြီး မြင်ရပြီ၊ ပစ်လိုက်မယ်နော်"

"ပစ်လိုက်လေ၊ ကြာသလားလို့"

"ဒိုင်း"

ရိုင်ဖယ်သေနတ်သံသည် ဆော ချောင်းရေစီးသံကို ခဏတန့်ရပ်သွား သည်ဟု ထင်ရသည်။ ဆရာရွှေဝနှင့် တပည့် မောင်မဲလုံးတို့သည် ဒိုင်း သေနတ်သံနှင့်အတူ ခြေရာဖျောက် ကြလေသည်။

"ဟေ့မောင်ထွန်းစိန်၊ သေနတ်သံ ကြားတယ်။ မောင်းထု လူစု"

မောင်ထွန်းစိန်သည် သေနတ် သည် သူ့အနီးက မြည်သံကြောင့် အူသွားသည်။ မောင်းနှင့်မောင်းတု ကိုယူ၍ထုသော်လည်း မောင်းဘု မထိဘဲ တဒွန်ဒွန်မြည်နေသည်။

"ထွန်းစိန်၊ မောင်းဘုနဲ့ထုပါကွ"

သူကြီးဦးသန်းမောင်ထထိုင် ရင်ဘတ်ကိုလက်နှင့်ဖိကာ -

"ငါ့ကိုထိသွားပြီ"

ဧည့်ခန်းတံခါးကိုမှီ၍ ကိုသိန်း အိမ်ဘက်ကိုလှမ်းခေါ်သည်။

"ကိုသိန်းညွန့်၊ ဗျို့-ကိုသိန်းညွန့်"

သူကြီးဦးသန်းမောင် အိမ်နီး ကိုသိန်းညွန့်ကိုလှမ်းခေါ်ရင်း တံခါး မှီနေရာမှလဲကျသေဆုံးသွားလေသည်။ သူကြီးကတော် ဒေါ်တင်ဦးနှင့် မခင်မြရီတို့မှာ လောင်းရှည် အင် သို့ ရောက်နေသည်။

"ဒူ. . . ဒူ. . . ဒူ. . ."

သူကြီးဦးသန်းမောင်အိမ်မှ ထုသံသည် ဆောမြို့ပေါ်တစ်ခွင် ကျွက်ကျွက်ညံသွားသည်။ ဆော ကုန်းပေါ်တွင်လည်း အချက် ချောင်းမှေ့သံက တဒေါင်ဒေါင် ဒေါင်အဆက်မပြတ်ထွက်ပေါ်နေသ



www.burmeseclassic.com

www.burmeseclassic.com

"ဟော့ - ဆောမြို့သူကြီးအိမ်က သေနတ်သံကြားတယ်"

"ဟော့-လူစုကြ၊ ဝိုင်းကြဟော့။ ဝိုင်းထားကွ"

"ဒူ. . . ဒူ. . . ဒူ. . . "

သူကြီးဦးသန်းမောင်၏အိမ်သို့ လူစုလူဝေးနှင့်ရောက်သွားသော်လည်း ရှာဆော်မောင်ထွန်းစိန်မှာ မောင်းတဒူဒူထုနေဆဲဖြစ်သည်။

"ဟော့ - မောင်ထွန်းစိန် မောင်းထုရပ်တော့။ သူကြီးသေနတ်မှန်ပြီး သွေးအိုင်ထဲမှာလဲနေတယ်"

မောင်ထွန်းစိန်ကား မောင်းထုမရပ်သေး။ ဆက်ကာဆက်ကာထုနေသည်။

"ဒူ. . . ဒူ. . . ဒူ. . . "

ဆောမြို့ရဲစခန်းမှ ရဲများရောက်လာသည်။ စစ်ဆေးကြည့်သောအခါ သူကြီးဦးသန်းမောင် သေနတ်ဒဏ်ရာတစ်ချက်နှင့်သေဆုံးသွားခဲ့သည်။ ရာဇဝတ်ဘေးပြေးမလွတ်ဆို စကားအတိုင်း ဦးရွှေဝနှင့် မောင်မဲလုံးတို့ကို မျက်မြင်သက်သေများ၊ လက်နက်သေနတ်နှင့်အတူ ဖမ်းဆီးနိုင်ခဲ့သည်။ ဆောမြို့သူကြီးဦးသန်းမောင်ရုပ်အလောင်းကို သုသာန်သချိုင်းဇရပ်တွင် (၂) ရက်ကြာထားပြီး သူကြီးကတော်နှင့်သမီးတို့ရှေ့တွင် သဂြိုဟ်လိုက်သည်။ ကွန်ပေါင်ဒါ၏ စစ်ဆေးချက်အရ သေနတ်ဒဏ်ရာကြောင့် သေဆုံးသွားကြောင်း ဆေးစာထွက်ဆိုသည်။ ဆောမြို့သူကြီးသတ်သူများသည် အာဏာအဆိပ်တက်၍ လူသတ်မှုဖြစ်သွားခြင်း ဖြစ်သည်။ အာဏာတူသည် ကြောက်စရာကောင်းလှပေသည်။ လူသတ်တရားခံများသည် လူသတ်မှုဖြင့် ထောင်ကျသွားလေသည်။

❑

ရာသီတွေအလီလီပြောင်းခဲ့ပြီ။ ရွက်ဟောင်းကြွေကျ မြေခကာ သစ်ပင်တို့မှာ ရွက်သစ်နုဝေနေကြသည်။ ရက်မှလသို့ပြောင်းခဲ့သည်။ လမှနှစ်သို့ပြောင်းခဲ့၏။ စိတ်ဆိုသည်မှာ စွဲလမ်းရာတွင် တည်တတ်ပါသည်။ လူသည်လည်း ဘဝအိုးအိမ် အကြိမ်ကြိမ်တည်ကာ သံသရာလည်နေကြသည်။ သူကြီးဦးသန်းမောင်မသေဆုံးမီ သေနတ်ဒဏ်ရာနှင့် အိမ်နီးချင်း ကိုသိန်းညွန့်၊ ဒေါ်လေးတင်အိမ်သို့ အားကိုးတကြီး ခေါ်ဆိုကာ အသက်ထွက်သွားခဲ့သည်။ ဦးသိန်းညွန့်နှင့် ဒေါ်လေးတင်တို့ ဇနီးမောင်နှံတွင် သမီးကြီး မညွန့်ညွန့်တင်၊ သားကိုမောင်မွေး (ယခုတောင်ကျောင်းဘုန်းကြီးကျောင်းထိုင်ဆရာတော်)တို့မွေးပြီးချိန်တွင် သူကြီးဦးသန်းမောင် ဆုံးပါးသွားခဲ့ပါသည်။ သူ့အစွဲအလမ်းအယူကြောင့် တတိယမြောက်သား ကိုမောင်အေး (ဦးတင်မောင်ညွန့်) ကို ဆောမြို့သူကြီး လူဝင်စားအဖြစ် မွေးဖွားလာတော့သည်။ ကိုမောင်အေးမွေးစဉ်က ဦးသိန်းညွန့် ဆောမြို့သူကြီး ဦးသန်းမောင်ကို အိပ်မက်ထဲတွင်မက်သည်။ မကြာမီ ဒေါ်လေးတင် ကိုယ်ဝန်ဆောင်လာခဲ့၏။

ကိုမောင်အေး မွေးဖွားစဉ် နားပြည်ယိုသည်။ ညာဘက်တွင် အပေါက်ကလေးပါလာသည်။ ပြည်လည်းမဟုတ်သောအစေးများထွက်နေသည်။ ဤဒဏ်ရာသည် ဟိုယခင်ဘဝက သူကြီးဦးသန်းမောင်သေနတ်ဒဏ်ရာဖြစ်သည်။ ဦးသန်းညွန့် ဆောမြို့သူကြီးလူဝင်စားသည်ကို မယုံသဖြင့် တောင်ကျောင်းဘုန်းတော်ကြီးထံ ဗေဒင်မေးကြည့်ကြ၏။ ဘုန်းကြီးကလူဝင်စားဖြစ်ကြောင်း၊ အရွယ်ရလာလျှင် ဇာတိပြလာလိမ့်မည်ဟု ပြောသည်။ ဆောမြို့တောင်ပိုင်း ဗေဒင်ပညာရှင် ဦးရာညွန့်ကို မေးကြည့်ကြပြန်သည်။ လူဝင်စားအစစ်အမှန်ဖြစ်ကြောင်း အမှန်သိရတော့သည်။

ကိုမောင်အေးခဏခဏဖျားသည်။ ငယ်စဉ်မှ အခါလည်သားရောက်လာသောအခါ ဟိုယခင်က သူကြီးကတော် ဒေါ်တင်ဦးထံတွင် ခမည်းတောင်းတော့သည်။ ခဏခဏပင် သူကြီးဝတ်နေကျ ပစ္စည်းများကို တစာစာပေးပါဟု အမှန်ပြော၍တောင်း၏။ ကျောက်နီလက်စွပ်၊ မြင်း၊ လယ်မြေ၊ ရွှေဖလားရောင် ဘန်ကောက်ပုဆိုး (၄) မျိုးကို တောင်းတော့သည်။

အတိတ်ဘဝ ဇနီးဟောင်းဖြစ်သူ ဒေါ်တင်ဦးက ငွေသားဒင်္ဂါးကို ပန်းထိမ်ဆရာ ဦးဘိုးထွန်းထံ မြင်းရုပ်ပြုလုပ်ပေးသည်။ သူကြီးဦးသန်းမောင်အတိတ်ဘဝက ဝတ်နေကျ ဘန်ကောက်ပုဆိုးကိုပေးရသည်။ လယ်မြေကိုမူ သူကြီးပိုင် ဆောမြို့ ကျင်းလိန်ရွာမှမြေကြီးကို အထုပ်ကလေးလုပ်၍ လည်ပင်းမှာဆွဲရန် လုပ်ပေးရသည်။ ခမည်းပေးပြီးတော့ 'မဖျားနှင့်မနာနှင့်၊ ဘဝဟောင်းကံစွည်းတွေ အပိုင်ပေးလိုက်ပြီ' ဟု ပြောလိုက်သည်။

ထိုအခါမှစ၍ ကိုမောင်အေး တပိန်ပိန်တလိန်လိန်ချူချာမှုတွေပျောက်ကင်းသွားတော့သည်။ (၂)လသားအရွယ်တွင် ခမည်းတောင်း၍ပေးရ၏။ ကိုမောင်အေး (၁) နှစ်၊ (၆) လအရွယ်တွင် အိမ်နီးချင်းဖြစ်သောကြောင့် ချီပိုး၍ သူကြီးဦးသန်းမောင်ဆုံးပါးခဲ့သောအိမ်သို့ခေါ်သွားကြသည်။ အတိတ်ဟောင်းကအသိကိုမမေ့ပေ။ ကိုမောင်အေးကိုမှန်ကွေးပြီး ဧည့်ခန်းရောက်တော့ ထူးဆန်းမှုကိုပြတော့သည်။ ကိုမောင်အေးကုလားထိုင်နှင့် ကြမ်းပြင်ကဖျာကို မ,ပြီးရှာဖွေနေတော့သည်။ သူကြီးဦးသန်းမောင်သမီး ဒေါ်ခင်မြရီ အံ့ဩသွားသည်။ ကိုမောင်အေး ရှာနေသည်မှာ သူကြီးဘဝက သေနတ် ကြမ်းပြင်မှသူ့ရင်ဘတ်ကိုမှန်သောအပေါက်ကလေးကိုတွေ့ရသည်။ ခေါင်မိုးပေါ်တွင် သေနတ်ရာအကျယ်ကြီးကိုတွေ့သွားသည်။ သွေးကစကားပြော၏။ ထူးထူးခြားခြားအတိတ်ဖြစ်ရပ်များကို မမေ့နိုင်အောင်ရှိနေသည်။ ကိုမောင်အေး၏ ထူးခြားမှုတစ်ခုမှာ ရှေးဘဝကရေစက်များက စကားပြောလာ၏။ ယခင်ဘဝက ဇနီးဒေါ်တင်ဦးကို နဂိုဘဝကခေါ်သည့်အတိုင်း တင်တင်ဟုခေါ်သည်။ ကိုမောင်အေးကလေးဘဝမှာပင် သူကြီးဦးသန်းမောင်ဘဝအကြောင်း ခရေစေ့တွင်းကျ ပြည့်ပြည့်ဝဝ လှုလှုပပကြီးပြောနိုင်သည်။

အရွယ်ရောက်လာသောအခါတွင် ကြက်ဥကွေးလိုက်မိသဖြင့် အတိတ်ဘဝမေ့သွားတော့သည်။ လူဝင်စားများကို ကြက်ဥမကွေးရပါ။ သူကြီးဦးသန်းမောင်လူဝင်စား ယခုဘဝတွင် ကိုမောင်အေး (ဦးတင်မောင်ညွန့်) သည် လောင်းရှည်မြို့နယ်ခွဲတွင် ဥက္ကဋ္ဌဖြစ်သည်။ ရှေးဘဝဆက်ကပြန်၍သူကြီးရာထူးပြန်ရရှိခြင်းမှာ ဘဝဆက်တိုင်း မင်းစိုးရာဇာပါရမီရှင်ဖြစ်သည်။ အံ့ဩစရာပင်ဖြစ်တော့သည်။ ယခုအချိန်တွင် ဆောမြို့သူကြီးလူဝင်စား ကိုမောင်အေးသည် လောင်းရှည်သူနှင့် ဖူးစာဆုံကာ သားသမီးများနှင့်အတူ ဆောမြို့နယ် သမဝါယမဥက္ကဋ္ဌအဖြစ် ထမ်းရွက် လျက်ရှိနေပါသည်။ မယုံလျှင် လက်တွေ့မျက်မြင်မေးမြန်းစုံစမ်းနိုင်ပါသည်။ လူ့ဘဝကားဆန်းကြယ်လှသည်။ ဆောမြို့သူကြီးလူဝင်စားကား ပို၍ပို၍ ဆန်းကြယ်လှပါသည်တကား။

*နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ*

ယောနကဘိုးထောင်



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေ ဟူသည် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဟူသော အပါယ်လေးပါးတို့တွင် ပါဝင်သော သတ္တဝါပင် ဖြစ်၏။ တစ္ဆေတို့သည် လူပြည်လောက အတွင်း၌ပင်ရှိ၍ တောချုံပိတ်ပေါင်း၊ တောင်စောင်း စသည်တို့တွင်မှီ၍ ဆင်းရဲထူပြောစွာခံစားနေရသောသတ္တဝါတစ်မျိုး ဖြစ်သည်။

လူ့ဘဝရရှိစဉ်က ခြူစူခြင်း၊ ဝန်တိုခြင်း၊ ပေးကမ်းလှူဒါန်းမှုမရှိခြင်း၊ သူတစ်ပါးတို့ ပေးကမ်းလှူဒါန်းသည်ကိုလည်း တားမြစ်ပိတ်ပင်ခြင်း၊ အနှောင့်အယှက်ပေးခြင်းပြုသူတို့သည် သေလွန်သော အခါ တစ္ဆေ(ပြိတ္တာ)ဖြစ်ရသည်ဟု ဝိမာနဝတ္ထုတို့၌တွေ့ရှိရပါသည်။

တစ္ဆေတို့သည်လည်း အတန်းအစားအမျိုးမျိုးရှိသည်။ သစ်ပင်ချုံပုတ်စသည်တို့၌နေရသော အတန်းအစား၊ ကျောင်းအိုး၊ ဇရပ်ပျက်တို့၌နေရသော အတန်းအစား၊ သုသာန်သင်္ချိုင်း၌နေရသောအတန်းအစား၊ လူသူအနီးတွင်နေရသောအတန်းအစား၊ ဘုံဗိမာန်နှင့်နေရသောအတန်းအစား၊ တောင်တောင်ချောက်ကမ်းပါး၌နေရသော အတန်းအစားဟူ၍ အမျိုးမျိုးရှိသည်။

ကျွန်တော်တို့ တွေ့ဆုံခဲ့ရသော တစ္ဆေသည် တောတောင်ချောက်ကမ်းပါးတွင်နေရသောတစ္ဆေပင် ဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့အဖွဲ့သည် လူသူမနီးတောကြီးမြိုင်ချောင်းသေလာတောင်တို့တွင် ဓာတ်သတ္တုသယံဇာတများကို လေ့လာရှာဖွေရသည့်အဖွဲ့ဖြစ်သောကြောင့်ပါတည်း။

ကျွန်တော်တို့အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်ဖြစ်သော ကိုလှထွန်းသည် စာပေဝါသနာရှင်ဖြစ်ပေရာ သယံဇာတလေ့လာရှာဖွေရေးလုပ်ငန်းလုပ်ကိုင်ရင်းတစ်ဖက်ကလည်း စာပေများတကုပ်ကုပ်ဖြင့်ရေး၏။ ကျွန်တော်တို့က သူ့ကွယ်ရာတွင် စာရူးဟုခေါ်၏။ သို့သော် ကိုလှထွန်းသည် နောက်သုံးနှစ်ခန့်ကြာသော် ပွင့်လန်း (သတ္တုတွင်း) ဟူသော အမည်ဖြင့် အမျိုးသားစာပေဆုရသွားပါသည်။

ကျွန်တော်တို့ ဂျီပီအဖွဲ့သည် ပြင်ဦးလွင်မြို့အရှေ့ဘက် (၂၆) မိုင်ခန့်ကွာသော တောတွင်း၌ ဘောက်ဆိုက်သတ္တု (Bauxite) ကို ခေတ်မီအီလက်ထရွန်နစ်စက်ကိရိယာများဖြင့် လေ့လာရှာဖွေနေခြင်း ဖြစ်ပါသည်။ သံလိုက်ဆွဲအားအသုံးပြုသော မဂ္ဂနက်တိုမီတာစက်ဖြင့်လည်း ပူးတွဲအသုံးပြုပါသည်။ ဂျီပီအဖွဲ့ ဟူသည် ဘူမိရူပဗေဒဆိုင်ရာ စက်ကိရိယာများအသုံးပြု၍ လေ့လာရှာဖွေရေးလုပ်သောအဖွဲ့ကို အတိုကောက် G.P အဖွဲ့ဟု ခေါ်ခြင်းပါ။

ဂျီပီအဖွဲ့သည် အဖွဲ့ငယ်လေးဖြစ်သောကြောင့် ဝန်ထမ်းအင်အား (၅) ဦးနှင့် နေ့စားအလုပ်သမားများသာပါရှိ



သပိတ်ကျွန်း

# ကျော်ကျော်ထွန်း

## သမ္မုဒ္ဒမကြောက်တဲ့တစ္ဆေ ရေတိသိမ်းနဲ့တွေ့တော့...



www.burmeseclassic.com

www.burmeseclassic.com

သည်။ အလုပ်နားရက်တစ်နေ့တွင် အလုပ်သမားများဖြစ်သော အိုက်ဖနှင့် ဝိလာသတို့နှစ်ယောက် သပြေရေချောင်းလေး၏အောက်ပိုင်းရှိ ဖိလာကြီးခေါ် သောနေရာသို့ ငါးပက်သွားရန်တိုင်ပင် နေသံကြားသဖြင့် အဖွဲ့ခေါင်းဆောင်ကို လှထွန်းက -


"ဟေ့-ကိုဖိုးကျော်ရေ၊ တို့လည်း အိုက်ဖတို့နောက် အပျင်းပြေလိုက်ကြရ အောင်"

ဟု ဆိုသဖြင့် အိုက်ဖတို့သွားသောအခါ ကျွန်တော်တို့ပါ လိုက်သွားပါသည်။ သပြေရေချောင်းလေးသည် ကျွန်တော်တို့အဖွဲ့နေသော စခန်းဘေးမှ ကွေ့ဝိုက်စီးဆင်းသွားကာ အောက်ဖက်နှစ်မိုင်ခန့်ရောက်သောအခါ ဒုဌဝတီခေါ် မြစ်ငယ်မြစ်ထဲ စီးဝင်ပါသည်။ ဒုဌဝတီမြစ်မရောက်ခင် တစ်မိုင်ခန့်အကွာ၌ ငါးများခိုအောင်းသည့် ရေအိုက်များရှိရာ ထိုရေအိုက်တစ်ခုကို တမံပိတ်၍ ငါးပက်မည် ဖြစ်ပါသည်။

ရေအိုက်ဆိုသော်လည်း ကြီးကြီးမားမားမဟုတ်ပါ။ ရေအနက်ပေါင်လယ်ခန့်ရှိ၍ အကျယ်ကလည်း ရှစ်ပေခန့်သာရှိသဖြင့် တမံတုတ်၍ ရေပက်ထုတ်လျှင် နှစ်နာရီကျော်ကျော်ခန့်သာ ကြာမည်ဖြစ်ပါသည်။ အိုက်ဖတို့ တမံတုတ်နေစဉ် ကိုလှထွန်းနှင့် ကျွန်တော် ဖိုးကျော်တို့က ချောင်းကမ်းဘေးရှိ တောင်ပိန္နဲပင်အောက်ထိုင်ရင်း ရောက်တတ်ရာရာများ ပြောဆိုနေကြပါသည်။

တမံတုတ်ပြီးသည်နှင့် အိုက်ဖနှင့် ဝိလာသတို့ နှစ်ဦးစလုံး ပါလာသော လက်ဆွဲပုံးဖြင့် အားသွန်ခွန်စိုက်ရေများကို ပက်ထုတ်ကြပါသည်။ မောလျှင် ခဏနား၍ ဆေးလိပ်သောက်ကာ ဆက်ပက်ကြပြန်သည်။ အိုက်ထဲမှ ရေခန်းချိန်တွင် ညနေငါးနာရီခန့်ရှိပြီ ဖြစ်ပါသည်။ ငါးများမှာ ငလဝါငါး၊ ငါးရံ့ခေါင်းတိုများဖြစ်သည်။ ငါးများဖမ်းပြီးချိန်တွင် နေဝင်သွားပြီဖြစ်၍ သစ်ရိပ်ဝါးရိပ်တို့ကြောင့် မှောင်စပြုပြီ ဖြစ်ပါသည်။

အလာတုန်းက ငါးအခြေအနေကြည့်ရင်း ချောင်းအတိုင်းလိုက်ခဲ့ကြသော်လည်း ပြန်ချိန်၌မှောင်နေပြီဖြစ်၍ ဖြတ်လမ်းမှပြန်ခဲ့ကြပါသည်။ အိုက်ဖနှင့် ဝိလာသတို့ကရှေ့မှသွား၍ ကျွန်တော်တို့နှစ်ယောက်က နောက်မှလိုက်ပါသည်။ အတော်သွားမိသောအခါ နောက်ဘက်မလှမ်းမကမ်းမှ လူတစ်ယောက်လိုက်





www.burmeseclassic.com

www.burmeseclassic.com

ကိုသူများသုံးစေဖို့

# မြန်မာ့လောကီပညာနှင့်ဂါထာများ

## စီးပွားချမ်းသာမချို့တဲ့သောဂါထာနှင့်အင်းတော်

### ဆရာဦးစိန်လှိုင်(ကျိုက်လတ်)

မြန်မာ့ရှေးဟောင်းလောကီပညာရပ်များသည် မြန်မာလူမျိုးတို့အတွက် တန်ဖိုးမဖြတ်နိုင်သောပညာရပ်များ ဖြစ်ပေသည်။ မြန်မာလူမျိုးအားလုံးတို့၏ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်လည်း ဖြစ်၏။ ရှေးပညာရှိလူကြီးများ အဆက်ဆက်က နောင်လာနောက်သားများကို လက်ဆင့်ကမ်းပေးထားခဲ့သော ပညာရပ်အမွေများ ဖြစ်၏။ နှစ်ပေါင်းရာချီလာသည်နှင့်အမျှ တန်ဖိုးမဖြတ်နိုင်သော မြန်မာ့လောကီပညာရပ်များသည် တစ်စတစ်စနှင့် တိမ်ကောပပျောက်လာပြီ ဖြစ်ပေသည်။

သက်ရှိထင်ရှားရှိနေကြသေးသော မြန်မာ့လောကီပညာရှင်တို့သည် မိမိတို့ လေ့လာဆည်းပူးတတ်ကျွမ်းခဲ့ကြသော မြန်မာ့လောကီပညာများကို မျိုးဆက်သစ်ဖြစ် နောင်လာနောက်သားများကို ဆက်လက် သင်ကြား မျှဝေပေးပါရန် မေတ္တာ စေတနာဖြင့် အနူးအညွတ် တောင်းပန်အပ်ပါသည်။

**အင်းချလိုသူများသို့** - မည်သည့် အင်းမဆို အင်းကောင်းအင်းမြတ်တို့ကို အင်းချမည်ဆိုပါက အင်းပေါင်မျဉ်းသား[...] သောအခါ အဟိန်းမန္တန်ကား -

ဥ႑ စတုရော မဟာဒီပါနံ
ကျွန်းကြီးလေးကျွန်း
သည်တွင်တည်စေ
ဟု ဟိန်းရွတ်၍ မျဉ်းသားလေ[...]

လာသလို ခြေသံကြားသောကြောင့် အားလုံးရပ်လိုက်ကြပြီး အိုက်ဖက ရှမ်းဘာသာဖြင့် -

"ဘယ်သူလဲကွ"

ဟု လှမ်းအော်ရာ ခြေသံရပ်သွားပြီး ဘာမှတုန့်ပြန်သံမကြားရပါ။ ညဥ့်ငှက်ကလေးများ အော်မြည်သံသာကြားနေရပါသည်။ ဝိလာသက ဂျီ(ချေ)ဖြစ်မှာပါဟုဆိုရင်း ဆက်လျှောက်ခဲ့ကြပါသည်။

စခန်းရောက်သောအခါ ရလာသောငါးများကို ကျွန်တော်တို့အဖွဲ့အား တစ်ဝက်ခွဲပေး၍ ကျန်ငါးများကို သူတို့နေ့စားအလုပ်သမားများ ညတွင်းချင်းချက်ကြပါသည်။ စခန်းဝန်းကျင်၌ ငါးဟင်းရနံ့က ကြိုင်လှိုင်လျက်ရှိပါသည်။ တောတောင်ထဲတွင် နေ့စဉ်အသီးအရွက်များဖြင့်သာစားနေကြသော ကျွန်တော်တို့လည်း အိုက်ဖတို့ပေးသော ငါးဟင်းဖြင့် ယနေ့ညစာစားကောင်းလှပါသည်။ နေ့စဉ်စားနေရသည့် ပုံမှန်ဟင်းများမှာ ကုလားပဲ၊ အာလူး၊ တောထဲမှာစား၍ ရသော ဟင်းသီးဟင်းရွက်များ တစ်ခါတစ်ရံ မှိုရတတ်၏။ သားငါးဆိုသည်ကရှားပါးပစ္စည်းထဲပါ၏။

ထမင်းစားပြီးသောအခါ အိပ်ရာပေါ်လှဲလျောင်းရင်း စကားပြောနေကြစဉ် စခန်းနှင့် ပေတစ်ရာခန့်အကွာလောက်ဆီမှ -

"ဟေး ဟေး ဟေး"

ဟူသော အော်သံကြီးထွက်ပေါ်လာပါသည်။ စကားပြောနေသူများ အားလုံးတိတ်ဆိတ်သွားပြီးတစ်ယောက်နှင့်တစ်ယောက် 'ဘာသံလဲ' ဟု တီးတိုးမေးကြ၏။ ကျွန်တော်ဘေးမှ ထားဝယ်သား ကိုကျော်ဟန်က တစ္ဆေအော်တာဖြစ်မည်ဆိုကာ သမ္ဗုဒ္ဓေဂါထာတော်ကို ဟိုရောက်ဒီရောက်ဖြင့်ရွတ်၏။ အော်သံကြီးက ရပ်မသွားဘဲ စခန်းဘေးပတ်ရင်း အော်နေ၏။ ကြားရသူတိုင်း ကြက်သီးထလောက်၏။

"ဟေး-အိုက်ဖ၊ မင်းတူမီးသေနတ်နဲ့ပစ်ကွာ"

ဆိုသူက ကိုပွင့်လန်း ဖြစ်၏။

အိုက်ဖတွင် တောလည်ရန်ယူလာသော သေနတ်ပါ၏။ အိုက်ဖလည်း သေနတ်ယူ၍ပစ်ရန် ယမ်းထောင်း၏။ တူမီးသေနတ်သည် ပစ်မည်ဆိုလျှင် အလွယ်တကူမရ။ ယမ်းထောင်း၊ ခဲစေ့ထည့်ဖြင့် အချိန်ယူရ၏။

"ဂါထာတော်က ကိုယ်ကျင့်စရဏရှိတဲ့သူရွတ်မှ အစွမ်းထက်တာ။ တူမီးသေနတ်နဲ့လည်းမပစ်နဲ့၊ ယမ်းကုန်တယ်။ ဒီတစ္ဆေက ဗီလာကြီးတစ္ဆေ၊ ငါးစားချင်လို့ လိုက်လာတာ"

ဆိုသော အလုပ်သမားကြီးဦးစိန္တာ ပြောမှ ပြန်လာကြစဉ်က နောက်မှခြေသံကြားသည်ကို အမှတ်ရ၏။ တစ်ဆက်တည်းပင် -

"ဟေး-အိုက်ဖ၊ ငရုတ်သီးခြောက် ဆယ်တောင့်လောက်ယူပြီး မီးဖိုထဲထည့်[...] လိုက်စမ်း"

ဦးစိန္တာစကားဆုံးလျှင် အိုက်[...] လည်း ငရုတ်သီးခြောက်များ မီးတို[...] များပေါ်ချလိုက်လေရာ တဲအတွင်း[...] လူအတော်တော်များများ ဟတ်ချိုး[...] ဟတ်ချိုးဖြစ်ကုန်ကြသလို ဟေး၊ [...] အော်နေသော တစ္ဆေကြီးလည်း ဝူး[...] တစ်ချက်သာအော်နိုင်ပြီး ပြေးထွ[...] ပျောက်ကွယ်သွားပါတော့သည်။

ဤတွင်မှ ကိုပွင့်လန်းလည်[...] ဟတ်ချိုးရင်း -

"ဟေး - အိုက်ဖ၊ မင်းငရုတ်[...] ရေလောင်းလိုက်ပါတော့"

ဟု တားယူရပါသည်။

သမ္ဗုဒ္ဓေ မကြောက်သည့် တ[...] ငရုတ်သီးနှင့်တွေ့တော့ ဖင်ထောင်[...] ရသည့်ကိုယ်တွေ့ဖြစ်ရပ်မှန်အား တ[...] ခြင်း ဖြစ်ပါကြောင်း။

ထိုစဉ်က ဘောက်ဆိုက်ရှာ[...] ရေးဂျီပီအဖွဲ့တွင်ပါဝင်ခဲ့သော အဖွဲ့[...] ငါးဦးတွင် ထားဝယ်သား ကိုကျော်[...] ကိုလှထွန်း (ပွင့်လန်း)၊ ကိုစိုးမြင့်တို့[...] ကွယ်လွန်ကုန်ကြပြီး ကျွန်တော် ဖိုး[...] (၈၀)၊ ကိုကျော်ဇံ (၈၆) နှစ်တို့နှစ်ဦး[...] ပင်စင်စားကြီးများအဖြစ်နှင့် သ[...] ထင်ရှားကျန်းမာချမ်းသာလျက်ရှိကြေ[...] ပါခင်ဗျား။

သပိတ်ကျင်း-ကျောက်ကျော်[...]



www.burmeseclassic.com

www.burmeseclassic.com

| | | | | | |
|---|---|---|---|---|---|
| | ၂၂ | ၃ | ၃၀ | ၁၁ | |
| ၂ | ၂၉ | ၁၀ | ၂၃ | ၄ | ၃၁ |
| ၂၁ | ၈ | ၂၅ | ၃၂ | ၁၇ | ၁၂ |
| ၂၈ | ၁ | ၁၆ | ၉ | ၂၄ | ၅ |
| ၁၅ | ၂၀ | ၇ | ၂၆ | ၁၃ | ၁၈ |
| | ၂၇ | ၁၄ | ၁၉ | ၆ | |

(အင်းဆန်သွင်းရန်-ဂဏန်း)

| | | | | | |
|---|---|---|---|---|---|
| | ၂၂ ဝေ | ၃ ရ | ၃၀ မာ | ၁၁ ဒ္ဓ | |
| ၂ သာ | ၂၉ သု | ၁၀ သု | ၂၃ အာ | ၄ စ | ၃၁ နှ |
| ၂၁ ဘ | ၈ သံ | ၂၅ သံ | ၃၂ သံ | ၁၇ သံ | ၁၂ မ |
| ၂၈ ဝိ | ၁ သံ | ၁၆ သံ | ၉ သံ | ၂၄ သံ | ၅ က္က |
| ၁၅ ရ | ၂၀ ကံ | ၇ ဒ္ဓံ | ၂၆ ယံ | ၁၃ ဿ | ၁၈ ဆိ |
| | ၂၇ အ | ၁၄ သြ | ၁၉ န္န | ၆ ဝိ | |

(အင်းဆန်ဂါထာသွင်းပြီး)

အင်းပေါင်ရေးသားတိုင်း အဟိန်းမန္တန်နှင့်ရွတ်၍ မျဉ်းသားရမည်။ အင်းပေါင်ရေးသားသောအခါ အစွန်းပိုသွားလျှင်-

- ဥုံ သန၊ သန မဟာသန၊ သောင်းသောင်းတြေဟုံဟုံ ဤမန္တန်တော်နှင့်ရွတ်၍ဖျက်ပါ။

တစ်နည်း -

- သရာသရေလောပ၊ ကြေဆရာကြေ ဆို၍ ဖျက်ပါလေ။

နောက်တစ်နည်းမှာ -

- ဥုံ ခမ္ဗတိ ဆို၍ ဖျက်ပါ။

**အင်းပေါက်ခြင်း -** စကားပြောလျက် အင်းချသော် အင်းပေါက်၏။ ထောင့်မကန်မိသော် အင်းပေါက်၏။ အင်းဂဏန်းတို့၌ အမြီးနှစ်ချိုး၊ ခေါင်းတစ်ချိုးမညီသော် အင်းပေါက်၏။ အစွန်းအစမညီသော် အင်းပေါက်၏။ အင်းကွက်ကျယ်လျက် အင်းဆန်သေးငယ်လျှင် အင်းပေါက်၏။ အင်းပေါင်မျဉ်းမဆက်မိသော် အင်းပေါက်၏။ အင်းဆန်အလယ်မတည့်သော် အင်းပေါက်၏။ အင်းပေါက်သည်ဆိုသည်မှာ အင်း၏အညွန်းအမှာအတိုင်း မလိုက်တတ်၊ လိုရာအကျိုးမရတတ်ဖြစ်မည်ကို ဆို၏။

ဤအင်းတော်များကို ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ကမ္ဗဝါကြေးပြားရရာ တစ်ပြားပြားတွင်စီရင်ပြီးလျှင် သန့်ရှင်းစွာဆောင်ပါ။ အမဲသားမစားရ။ သရဏဂုံနှင့်တကွ ငါးပါးသီလမြဲပါမှ ဂါထာနှင့် အင်းတော်အကျိုးခံစားရမည်။

**သံရှစ်ချက် လိုရာရ လက်ရုံးကြီးဂါထာ**

- သံသာရ စက္က ဝိဒ္ဓံသံ၊
  သံသုဒ္ဓ မဿ သြရဿံ၊
  သံဆိန္နကံ ဘဝေအာသံ၊
  သံယံ အပိ သုမာနသံ။

**သံသာရ စက္က ဝိဒ္ဓံသံ -** သံသရာစက်ကို ချိုးဖျက်တော်မူပြီးထသော၊ **သံသုဒ္ဓံ အဝိဇ္ဇာ -** အမှောင်ကင်းသဖြင့် ဖြူဝင်း စင်ကြယ်သောစိတ်ရှိထသော၊ **အဿ -** ထိုဘုရားရှင်၏၊ **သြရသံ-**သဒ္ဓမ္မသမ္ဘူတခေါ် ရင်သွေးတော်အစစ်ဖြစ်တော်မူထသော၊ **ဘဝေ -** သုံးဆယ့်တစ်ထပ်ဘဝရပ်၌၊ **အာသံ-**ခင်မင်တွယ်တာတဏှာတရားကို၊ **သံဆိန္နကံ -** ကောင်းကောင်းကြီးတော်လှန်ဖြတ်တောက်တော်မူပြီးထသော၊ **သုမာနသံ -** ရွှင်ကြည်အေးမြကောင်းမွန်လှသော ရွှေနှလုံးရှိတော်မူထသော၊ **သံယံ အပိ -** အရိယာရှစ်ဖော်၊ သံဃာတော်မြတ်ကိုလည်း၊ **အဟံ -** တပည့်တော်သည်၊ **ဝန္ဒာမိ -** ညွတ်နူးကြည်သာ ထိပ်ငါးဖြာဖြင့် ကြည်စွာရှိကျိုးရှိခိုးပါ၏ဘုရား။

(ကိုးကြိမ်ဦးနှိမ်ချကန်တော့ပါ။)

ဤဂါထာကိုရွတ်၍ လက်ရုံးဆန့်တန်းပြီး လိုရာတမ်းတ ဆုတောင်းကပြည့်ဝ၏။ အပြိုင်အဆိုင်များကိုနိုင်၏။ လာဘ်လည်းရွှင်စေသည်။ တစ်နေ့ (၃) ကြိမ်ရွတ်ပါ။)

မြတ်ဗုဒ္ဓ၏ဂါထာတော်များကိုရွတ်ဆိုပူဇော်ပြီးလျှင် ထိုဂါထာတော်များ၏ အကျိုးကျေးဇူးများကို ပိုမိုရရှိစေနိုင်ကြရန် မေတ္တာပို့သခြင်းနှင့် တွဲဖက်အသုံးပြုသင့်ပါသည်။

ထိုကဲ့သို့မေတ္တာပို့ပြီးသည်နှင့် မိမိပြုခဲ့သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို သုံးဆယ့်တစ်ဘုံသား အားလုံးတို့အား အမျှဝေပေးပါ။သို့မှသာ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါများက မိမိ၏အလှူဒါနကောင်းမှုတို့ကို သာဓုအနုမောဒနာ ခေါ်ဆို၍ အသိအမှတ်ပြုကာ မိမိအား စောင့်ရှောက်ကြမည် ဖြစ်ပါ၏။ မိမိက သူတို့အား မေတ္တာပို့၊ အမျှဝေပြီးနောက် ထိုနတ်ဒေဝါအပေါင်းတို့အား ၎င်းတို့နေရပ်ဌာနဘုံဗိမာန်သို့ပြန်ကြွနိုင်စေရန် နတ်ပို့ခြင်းအမှုကိုပြုပေးပါ။

ဆရာဦးစိန်လှိုင် (ကျိုက်လတ်)



www.burmeseclassic.com

www.burmeseclassic.com



# မဟာသုံ

တေးသိုင်ကုက်

သံလွင်မြစ်၏အရှေ့ဘက်ခြမ်းတွင် တည်ရှိသော ပြည်နယ်မြို့ကြီးတစ်မြို့တွင် တာဝန်ထမ်းဆောင်ရန် ရောက်ရှိနေခိုက်ဖြစ်သည်။ ထိုမြို့သည် တောင်ပေါ်နှင့် မြေပြန့် ရောထွေးနေသောမြို့တစ်မြို့ဖြစ်၏။ မြို့အနောက်ဘက်တွင် သံလွင်မြစ်ရှိပြီး မြို့၏အရှေ့ဘက်နှင့် တောင်ဘက်တွင် အရှေ့ရိုးမတောင်ကြီး၏တောင်ဆွယ်များမှဖြာထွက်လာသော တောင်တန်းများကြောင့် တောင်ကုန်းဆင်ခြေလျှောများဖြစ်နေသည်။ မြို့သည် ထိုကဲ့သို့ မြေပြန့်တစ်ပိုင်း၊ တောင်စောင်းတစ်ပိုင်းတွင် တည်ရှိနေခြင်းဖြစ်သည်။ မြို့စွန်ရပ်ကွက်တွင် တောင်ခြေမှ သစ်တောများပင်ပေါက်နေသေးသဖြင့် တောကျသောမြို့ဟုလည်းဆိုနိုင်သည်။

စော်ဘွားရေရှင် ဆိုသော အရပ်တွင် ကျွန်တော်တို့နေရ၏။ ထိုရပ်ကွက်မှာ မြို့စွန်တွင်တည်ရှိပြီး လူနေရပ်ကွက်များနှင့် အနည်းငယ်အလှမ်းဝေးသည်။ လွတ်လပ်ရေးကျောက်တိုင်နှင့်ဘောလုံးကွင်းရှိပြီး အလယ်တွင် ပန်းခြံရှိသည်။ ထိုပန်းခြံ၏လမ်းတစ်ဖက်တွင် စကားဖြူရိပ်သာဟုခေါ် သောခြံထဲရှိ တိုက်အိမ်ကြီးတွင် ကျွန်တော်တို့ကိုထားသည်။ ထိုခြံထဲတွင်ရှိသောတိုက်ကြီးကို အမည်နှင့်လိုက်အောင် ဆေးအဖြူသုတ်ထားသည်။ တိုက်ကြီးမှာ ရှေးဟောင်းနှစ်ထပ်တိုက်ကြီးဖြစ်သည်။ကျွန်တော်တို့ရောက်ပြီးမှသိရသည်မှာ အနီးတွင် အလားတူခြံကြီးသုံးခြံရှိနေသေးပြီး ထိုခြံများတွင် လူနေသော်လည်း သည်တိုက်ကြီးတွင် လူမနေဟုဆိုသည်။ သို့သော်လည်း ခြံစောင့်များမှာ အိမ်ကြီး၏ နောက်ဘက်တွင်ရှိသော တန်းလျားတွင် နေထိုင်ကြသောကြောင့် တိုက်အိမ်ကြီးတွင် လူမနေ



www.burmeseclassic.com

www.burmeseclassic.com



ဆော်လည်း ခြံထဲတွင်လူသွားလူလာရှိ
ပြီး လူသူအရိပ်အယောင်တော့ရှိနေလေ
သည်။

တိုက်အိမ်ကြီးမှာ နှစ်ထပ်ဖြစ်သောကြောင့် ကျွန်တော်တို့သည် အဖွဲ့ဝင်များ အပေါ်ထပ်၊ အောက်ထပ်မျှနေကြသည်။အောက်ထပ်တွင် အခန်းကျယ်ကြီးတစ်ခန်း၊ မီးဖိုခန်း၊ စတိုခန်းနှင့်လက်ဆေးများပါသောစက်ပိုင်းခြမ်းပုံဝရန်တာသည်။ အပေါ်ထပ်သို့ ကြီးမားသောလှေကားနှင့်တက်ရပြီး လှေကားထိပ်တွင် ပေါ်တီကိုဟုခေါ်သော လေသာဆောင်ရှိသည်။ ထိုအဆောင်ပြီးလျှင် အိပ်ခန်းကျယ်သုံးခန်းလည်းရှိသေး၏။ အောက်ထပ်၌ ယာဉ်မောင်းနှင့်ဝန်ထမ်းနှစ်ယောက်၊ အပေါ်ထပ်တွင် စခန်းတာဝန်ခံနှင့် ဝန်ထမ်းလေးယောက်နေကြသည်။ ပေါ်တီကိုအခန်းကိုတော့ လူမနေဘဲ လွတ်ထားလိုက်ကြသည်။

အရာရှိများနှင့် စခန်းတာဝန်ခံဖြစ်သောဆရာတို့က အပေါ်ထပ်အခန်းများတွင်မျှပြီးနေကြသည်။ ကျွန်တော်က အပေါ်ထပ်လက်ယာဘက်ထောင့်တွင်ရှိသောအခန်းတွင်နေရသည်။ ကျွန်တော်နေရသောအခန်းမှ အပြင်ဘက်သို့လှမ်းကြည့်လျှင် ရုံး၏ရှေ့တွင်ရှိသော မြေနီလမ်းကလေးကို အတိုင်းသာမြင်နိုင်ပြီး ထိုလမ်းလေးအတိုင်းလိုက်ကြည့်သောအခါ တစ်ဖက်စွန်းတွင် တောအုပ်လေးတစ်ခုကိုမြင်ရသည်။ အင်ပင်များပေါက်နေသောအင်တောဖြစ်သည်။ အင်တော၏တစ်ဖက်စွန်းကိုတော့ လှမ်းမမြင်ရပေ။ သို့သော် ရေစီးသံများကြားနေရသောကြောင့် စမ်းချောင်းကလေးတစ်ချောင်းတော့ရှိလိမ့်မည်ဟု မှန်းကြည့်သည်။ တစ်ရက်တော့ အခြေအနေသိရအောင်သွားကြည့်ဦးမည်ဟု စိတ်ထဲတွင် မှတ်ထားလိုက်သည်။

ကျွန်တော်တို့သည် စခန်းချပြီးလျှင် နယ်မြေအခြေအနေကိုသိရအောင် ရုံးကားနှင့် နှစ်ရက်၊ သုံးရက် မြို့ဝင်မြို့ထွက်လမ်းများကို လျှောက်ကြည့်ကြသည်။ လေယာဉ်ကွင်းဘေးတွင် တောလမ်းရှိနေပြီး မှောင်ခိုအထမ်းသမားများ ရံဖန်ရံခါ ဖြတ်သွားဖြတ်လာရှိသည်ဆိုသောကြောင့် ထိုလမ်းကိုလည်းကြည့်ထားသည်။ မြို့အထက်ပိုင်းတွင် အထမ်းသမားများက အထုပ်များကို တောလမ်းမှထမ်းလာပြီး ရေဆိပ်ဆင်းကာ မော်တော်ပေါ်တင်တတ်သည်ဆို၍ ရေဆိပ်များကိုလည်းလိုက်ကြည့်နေသည်။

တစ်ရက်တွင် ကျွန်တော်သည် ကြေးနန်းစာများပို့ရန်ရှိနေသောကြောင့် စခန်းရုံးတွင်ပင်ကျန်ရစ်ခဲ့သည်။နေ့လယ်စာထမင်းစားပြီး ရုံးစားပွဲတွင်ထိုင်၍ ကြေးနန်းစာများကိုရေးနေစဉ် ပေါ်တီကိုအခန်းမှလိုလို၊ အောက်ထပ်မှလိုလိုနှင့် သီချင်းညည်းသံကြားရသည်။ ထိုသီချင်းသံသည် ပထမတွင် တိုးတိုးညင်ညင် သီဆိုနေရာမှ အနည်းငယ်ကျယ်လာပြီး ဟန်ကျပန်ကျဆိုနေတော့သည်။

သီဆိုသူမှာ မိန်းကလေးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခေတ်ပေါ် သီချင်းမဟုတ်ဘဲ ဒေသခံများ သီဆိုသော ရှမ်းသီချင်းလိုလို၊ ပအိုဝ် သီချင်းလိုလိုနှင့် အတော်ကလေးနား ထောင်ကောင်းသည်။ ကျွန်တော်သည် အလုပ်ကိုရပ်ထားပြီး သီချင်းသံတွင်နစ် မျောနေသည်။ အတီးမပါ အဆိုသက် သက်ဖြစ်သော်လည်း ဆွဲဆွဲငင်ငင်နှင့်ဆို သောသီချင်းဖြစ်သောကြောင့် နားစွဲ သည်။ ခေတ္တသာဆိုပြီးရပ်သွားသဖြင့် လုပ်လက်စအလုပ်ကို ဆက်လုပ်နေရ သော်လည်း ကြားချင်နေသေးသည်။ သည်အိမ်ကြီးနောက်ဘက်တွင် ဝန်ထမ်း လိုင်းရှိပြီး မိသားစုနှစ်စုနေသောကြောင့် ထိုမိသားစုထဲမှမိန်းကလေးတစ်ယောက် အလုပ်လုပ်ရင်း သီဆိုသည်ဟုပင်ထင် သည်။အရပ်သူကလေးဖြစ်သော်လည်း အတော်ကလေး အသံကောင်းသည်မို့ ချီးမွမ်းစရာပင်ဖြစ်သည်။

နေ့လယ်တစ်နာရီခန့်တွင်ညောင်း ညာလာသဖြင့် အညောင်းပြေ အိမ် အောက်သို့ဆင်းလာပြီး နောက်ဘက် တွင်ရှိသော ဝန်ထမ်းလိုင်းသို့ သွားလိုက် သည်။ လက်ဖက်ရည်သောက်ရန်ဖြစ် သည်။ ဝန်ထမ်းလိုင်းမှ စောပီတူး ဆိုသူ ၏အိမ်တွင် ထမင်းစားကြသည်ဖြစ်ရာ လက်ဖက်ရည်သောက်ရန် သူ့အိမ်သို့ ဆင်းလာလိုက်သည်။ စောပီတူးအိမ် ရောက်သော် သူ့မိန်းမက လက်ဖက်ရည် ပွဲလာချသည်တွင် သူမကို မေးကြည့် သည်။

"ဟေ့- ခုနတုန်းကသီချင်းဆိုတာ ဘယ်သူလဲ၊ အသံတယ်ကောင်းပါလား"

"ဘယ်သူဆိုတာတုံး ဆရာ"

"ဩော်- ညည်းကလည်း၊ ခုလေး တင်ဆိုတာ။ ပအိုဝ်သီချင်းလား၊ ရှမ်း သီချင်းလားဘာလားမသိဘူး ဆိုနေ လိုက်တာ၊ အတော်နားထောင်ကောင်း တယ်"

"ဘယ်သူဆိုတာတုံး ဆရာ၊ အိမ် က ကလေးတွေတော့ မဆိုပါဘူး"

"ဒါဖြင့် ဘယ်သူဆိုသွားတာလဲ မသိဘူး။ အတော်အသံကောင်းတယ်။ ငါက ညည်းသမီးကြီးဆိုတယ်မှတ်တာ"

"သူမဆိုတတ်ပါဘူး ဆရာရယ်၊ ရပ်ကွက်ကလာခေါ်လို့ ဒုံးယိမ်းထဲမှာက ဖူးတယ်ပဲရှိတာ၊ သီချင်းတွေဘာတွေမဆို တတ်ပါဘူး"

"အေး - ဒါဆိုရင်ဘယ်သူဆိုသွား လဲမသိဘူး။ ခုနတုန်းက ငါအပေါ်ထပ် မှာ စာရေးနေတုန်း ဘေးခန်းကလိုလို၊ နောက်ဘက်ကလိုလိုနဲ့ ဆိုင်းမပါဝိုင်းမပါ သီချင်းဆိုသွားတာ အတော်နားထောင် ကောင်းတယ်။ ဒီဝင်းထဲမှာ ဘယ်သူရှိ သေးသလဲ သီချင်းဆိုတတ်တာ။ ဒါမှ မဟုတ် ကက်ဆက်ဖွင့်တာလား"

"ဟုတ်ရဲ့လား ဆရာရယ်။ ဒီမှာ တော့ ဘယ်သူမှမရှိပါဘူး။ ဟိုဘက်အိမ် မှာလည်း အဘိုးကြီးတစ်ယောက်နဲ့ ကောင်လေးတစ်ယောက်ပဲနေကြတာ။ ကက်ဆက်လည်းမဖွင့်ပါဘူး။ လမ်းပေါ် ကဆိုတာများလား"

"ညည်းကလည်း အိမ်နဲ့လမ်းက အဝေးကြီး၊ ဒီလို နေ့လယ်နေ့ခင်းဘယ် သူက သီချင်းဆိုမှာတုံး။ နေပါဦး၊ ငါ လိုက်ကြည့်ပါဦးမယ်။ ခုလေးတင်ဆိုသွား တာ"

ကျွန်တော်သည် လက်ဖက်ရည် ကို ကုန်အောင်မသောက်နိုင်ဘဲ သီချင်း ရှင်ကိုရှာရန်ထွက်လာခဲ့သည်။အိမ်ဘေး ကိုပတ်ကြည့်သည်။ မည်သူမျှမရှိပါ။ သို့နှင့် အိမ်ပေါ်သို့ ပြန်တက်လာပြီး တစ်ခန်းဝင်တစ်ခန်းထွက်ရှာကြည့်တော့ လည်း လူသူအရိပ်အယောင်မမြင်ရပါ။ သို့နှင့် ပီတူးတို့အိမ်ပြန်လာပြီး ပြန်ထိုင် ရင်း လက်ဖက်ရည်ကို ဆက်သောက် လိုက်သည်။

"အေးကွ - အိမ်ပေါ်မှာရော အောက်မှာပါ ဘယ်သူမှမရှိဘူး။ ထူး ဆန်းလိုက်တာ၊ သီချင်းသံကို ငါအသေ အချာကိုကြားလိုက်တာပဲ"

"ဆရာစိတ်ထင်လို့ပါ၊ ကျွန်မ လည်း အောက်မှာရှိနေတာ၊ လူဝင်လာ ရင်မြင်မှာပေါ့"

ကျွန်တော်သည် စိတ်ထဲမှာ ဇဝေ ဇဝါဖြစ်ပြီးပြန်လာခဲ့၏။ အသေအချာ ကြားလိုက်ပါလျက်နှင့် သီဆိုသူကိုမတွေ့ တော့ခြင်းမှာ ထူးဆန်းနေပေသည်။ ကက်ဆက်ဖွင့်သည်လည်းမဟုတ်၊ တစ် ယောက်ယောက်တော့ အမှန်ပင်ဆိုခဲ့ပါ သည်။ သို့နှင့် မတင်မကျနှင့်နေလိုက်ရ သည်။ စိတ်ထဲမှာတော့ မကျေနပ်ပေ။

❑

တစ်ည လကလေးကခပ်သာသာ၊ လေကလေးကတဖြူးဖြူးနှင့်မို့ အတော် နှင့်မအိပ်ကြသေးဘဲ ပေါ်တီကိုတွင်ထိုင် ကြရင်း ရောက်တတ်ရာရာများပြောဆို နေကြသည်။ ထိုစဉ်တွင် တောအုပ်ဘက် မှ ဖြည်းဖြည်းညင်ညင်တီးခတ်လိုက် သော ဒုံမင်းသံလိုလို၊ စောင်းသံလိုလိုနှင့် တူရိယာတစ်ခုကို တီးခတ်လိုက်သော အသံကို ကြားလိုက်ရသည်။ အားလုံး ကြားကြရခြင်းဖြစ်သည်။ ထို့နောက်တွင် မိန်းမတစ်ယောက်က တိုးတိုးညင်ညင် သီချင်းလိုက်သီဆိုသံကိုလည်း ကြားရ သည်။ဟိုနေ့ကကျွန်တော်ကြားခဲ့ရသော သီချင်းသံမျိုးဖြစ်သည်။ ကျွန်တော်တို့ သည် ပြောလက်စ စကားများကိုရပ်ပြီး နားစွင့်လိုက်ကြသောအခါ သီချင်းဆုံး သွား၍ထင်သည်၊ အဆိုရော အတီးပါ ရပ်သွားသည်။

တစ်ယောက်က -

"ဟော - အခုတော့ရပ်သွားပြီ"

"နားထောင်အကောင်းသားပဲဗျ ဘယ်သူတွေများဆိုတီးနေတယ်မသိဘူး"

"ဒီတောအုပ်အလွန်မှာ လူနေ တယ်ထင်တယ်၊ သူတို့တီးတာနေမှာ"

"အေးကွ၊ အဆိုရော အတီးပါ ပိုင်တယ်ဗျာ။ နားထောင်ကောင်းလိုက် တာ"

နောက်နေ့တွင် မြေနီလမ်းအတိုင်း လိုက်သွားပြီး အင်တောကိုသွားကြည့် သည်။ လမ်းသည် သစ်ပင်ကြီးများဖြင့် ပိတ်ဆို့နေပြီး အောက်ခြေတွင် ချုံပင်များ ပေါက်နေသောကြောင့် တိုးမရဘဲရှိနေ ၏။ မလှမ်းမကမ်းတွင်တော့ စမ်းချောင်း တစ်ခု စီးဆင်းနေသည်ဟု ထင်ရသည်။ ရေစီးသံသွဲ့သွဲ့ကိုကြားနေရသည်။ ရှေ့ ဆက်တိုးမရသောကြောင့် ပြန်လှည့်လာ ခဲ့ရသည်။ စိတ်ထဲတွင်တော့ သည်တော စပ်မှာ လူရှိနေမှာပဲဟုထင်နေသည်။

"ဟေ့-လမ်းဆုံးသွားပြီ။ရှေ့ဆက် သွားလို့မရတော့ဘူး။ ရှေ့မှာတော့ ရေ သံတွေကြားနေရသေးတယ်။စမ်းချောင်း လားဘာလားရှိမယ်ထင်တယ်"

"အေးဗျ၊ ဆက်သွားလို့လည်းမရ တော့ဘူး။ ဒီမှာတင်လမ်းဆုံးနေပြီ"

သို့နှင့် မတင်မကျဖြစ်ကာ ပြန် လာခဲ့ကြသည်။ ထိုနေရာမှာနေထိုင်သူ လူသူအရိပ်အယောင်မျှပင်မမြင်ရသဖြင့် စိတ်ထဲတွင်မကျေမနပ်ဖြစ်ကုန်ကြသည်။ သည်တောအုပ်ကိုကျော်ပြီး သီချင်းသံ ပျံ့လွင့်လာရအောင်ကလည်း အတော် ကလေးဝေးနေသေးသည်။

"သည်တစ်ခါ သီချင်းသံကြားရင် ဆင်းကြည့်မယ်ကွာ"

❑

ထိုသို့နေလာရင်းမှ တစ်နေ့တွင် ကားတစ်စီးဆိုက်လာပြီး လူနှစ်ယောက် ဆင်းလာသည်။ ပြည်နယ်ကောင်စီမှ လူ တစ်ယောက်လည်းလိုက်ပါလာပြီး မိတ် ဆက်ပေးသည်။

"အခွန်ဌာနက ဆရာဦးဌေးကြွယ် ပါ။ အပြင်မှာ နေစရာမရသေးလို့ ဆရာ တို့နဲ့ပေါင်းနေရအောင်ခေါ်လာခဲ့တာ"

www.burmeseclassic.com

ဒီအိမ်ကြီးမှာ အရပ်ဘက်အရာရှိများအတွက် ဧည့်ရိပ်သာဖြစ်ရာ ဝန်ကြီးဌာနတုန်းကသောကြောင့် သူတို့ကိုလာထားခြင်းဖြစ်သည်။ အခန်းပိုလည်းရှိ၍ သူတို့နေခြင်းအတွက် အခက်အခဲမရှိပေ။

"ဟာ - ကောင်းတာပေါ့။ ဒီမှာ ကျွန်တော်တို့ချည်းနေရတာပျင်းနေတာ၊ ဆရာရောက်လာတာ အတော်ပဲ"

ကျွန်တော်တို့သည် သူ့ကို ပေါ်တီတိုအခန်းတွင် နေရာပေးလိုက်သည်။ သူနှင့်အတူပါလာသူမှာ ဆံပင်ရှည်ရှည်၊ ပိန်ပိန်ပါးပါး၊ အရပ်ရှည်ရှည်နှင့်ဖြစ်သည်။ နောက်မှသိရသည်မှာ ရန်ကုန်တွင် တက္ကသိုလ်တက်နေသောသားဖြစ်သည်။ ကျောင်းပိတ်သည်နှင့် ဖခင်ဖြစ်သူနှင့် အလည်လိုက်လာခြင်း ဖြစ်သည်။ သူတို့နှစ်ယောက်သည် ပေါ်တီကိုအခန်းထဲတွင် ဖျာနှစ်ချပ်ခင်းပြီး အိပ်ရာလိပ်များချကာ နေရာယူကြသည်။ ဒီအခန်းမှာ ဘုရားခန်းလည်းဖြစ်သောကြောင့် သူများကို ဘုရားကျောင်းဆောင်အားဦးတိုက်ပြီး ယှဉ်လျက်နေကြသည်။

ဆရာဦးငွေးကြွယ်သည် ပျော်တတ်သူတစ်ဦးဖြစ်ရာ ရုံးဝင်းထဲတွင် ကျွန်တော်တို့လုပ်သမျှလိုက်လုပ်သည်။ ဘောလီဘောပုတ်လျှင်လည်း လိုက်ပုတ်သည်။ မြို့ထဲကို ကားနှင့်သွားပြီး လက်ဖက်ရည်သောက်လျှင်လည်းလိုက်သည်။ ရှင်းသည်ဆိုလျှင်လည်းလိုက်ရှင်းသည်။ မယ်ဒလင်ကိုကောင်းစွာတီးတတ်သဖြင့် အဆင်ပြေသည်။ညအခါများတွင် ဆရာက မယ်ဒလင်တီးသည်၊သီချင်းဆိုသည်။ ကျွန်တော်တို့ကဝိုင်းပြီးနားထောင်သည်။ ဆရာ၏သားကတော့ လူအေးဖြစ်သည်။ ဘာမှလိုက်မလုပ်ပေ။ ကြည့်ရုံသာကြည့်နေသည်။ နောက်မှသိရသည်မှာ သူက စာသမားပေသမားဖြစ်ပြီး တရားထိုင်သည်ဟု ဆိုသည်။ သူ့ကိုကြည့်လျှင် ထိုင်နေသည်ကများသည်။ ဟိုကြည့်ဒီကြည့်နှင့် ငေးမောနေတတ်သည်။ လက်ဖက်ရည်ဆိုင်ထိုင်တတ်သောအကျင့်ရှိသည်။

တစ်နေ့တွင် ရုံးအဖွဲ့သားများ လေဆိပ်သို့ ကားနှင့်ထွက်သွားရာ ကျွန်တော်နှင့် ဆရာဦးငွေးကြွယ် နှစ်ဦးသာ ကျန်ရစ်ခဲ့သည်။ နေ့လယ်နေ့ခင်းလည်းဖြစ်ရာ ဆရာက သူ၏လက်စွဲတော် မယ်ဒလင်ကလေးကို ထုတ်လာသည်။ ကြိုးညှိပြီး နဂါးနီသီချင်းကိုတီးသည်။ ဆရာသည် အသံတိုးတိုးကလေးနှင့် သီချင်းဆိုနေရာ အတော်နားထောင်ကောင်းသည်။ ထို့နောက် မေရှင်၏ကျေးစေတမန်သီချင်းကိုတီးရန် အတောလေးကိုတီးလိုက်စဉ် မိန်းကလေးတစ်ယောက် အသံပေါ်လာပြီး အတီးနှင့်ထပ်တူထပ်မျှကျအောင်ဝင်ဆိုလိုက်သည်။ တီးလုံးတီးကွက်နှင့် တေးသီချင်းသီဆိုသံတို့မှာ အံဝင်ခွင်ကျဖြစ်ပြီး အလွန်လိုက်ဖက်နေပေသည်။ တစ်ဖက်ခန်းမှ မိန်းကလေးသည် ချိုချိုနွဲ့နွဲ့ကလေးနှင့် သီချင်းကို သီဆိုနေခြင်းဖြစ်သည်။

ထိုစဉ်တွင် ကျွန်တော်သည် တစ်စုံတစ်ခုကိုသတိရပြီး အခန်းထဲမှ ချက်ချင်းပြေးထွက်ကာ သီချင်းသီဆိုနေသူကို လိုက်ရှာလိုက်သည်။

တွေ့ပါပြီ။ စောပီတူး၏ သမီးအကြီးကလေးသည် ကျွန်တော်နေသောအခန်းတွင် အဝတ်အစားဟောင်းများကို လျှော်ဖွပ်ရန်လာပြီးသိမ်းဆည်းနေရာမှ ဟန်ကျပန်ကျသီချင်းကိုလိုက်ဆိုနေခြင်းဖြစ်သည်။ သူမသည် ကျွန်တော် အခန်းထဲဝင်လာသည်ကို သတိမပြုဘဲ ခုတင်ခြေရင်းတွင် ပုံ့ပုံ့ကလေးထိုင်လျက် တီးလုံးနှင့်အတူ လိုက်ဆိုနေသည်ကို အံ့အားသင့်စဖွယ် တွေ့လိုက်ရတော့၏။ ကျွန်တော့်ကိုမြင်လျှင် မော့ကြည့်ပြီး သီချင်းသီဆိုခြင်းကို ရပ်လိုက်သည်။ ထို့နောက် မည်သည့်စကားတစ်ခွန်းကိုမျှမပြောဘဲ လျှော်ဖွပ်မည့်အဝတ်အစားများကိုယူကာ အခန်းအပြင်ဘက်သို့ထွက်ပြီး လှေကားမှ အောက်ထပ်သို့ ဆင်းသွားတော့သည်။

ကျွန်တော်သည် သူမကိုနောက်မှ လိုက်ကြည့်ပြီး တစ်စုံတစ်ခုပြောရန်ဟန်ပြင်လိုက်ပါသော်လည်း နှုတ်မှမည်သည့်စကားကိုမျှပြောမထွက်ဘဲ အခန်းပြင်ဘက်သို့ သူမထွက်သွားသည်ကိုသာ နောက်မှလိုက်ကြည့်ရင်း ကြက်သေသေ၍ကျန်ရစ်ခဲ့ပါတော့သည်။

သူမထွက်ခွာသွားမှ သတိရသလိုဖြစ်ပြီး နောက်ကပြေးလိုက်သွားသော်လည်း သူမအောက်ထပ်သို့ရောက်သွားသဖြင့် မမီလိုက်တော့ပေ။ ထို့ကြောင့် ကျွန်တော်သည် ပေါ်တီကိုအခန်းထဲသို့ ပြန်ဝင်လာလိုက်သည်။ မယ်ဒလင်တီးနေသောဆရာက -

"ဘယ်လိုဖြစ်သွားတာလဲ၊ သီချင်းဆိုနေရင်းရပ်သွားတယ်"

"ဘယ်သူဆိုတာလဲဆိုတာ ကျွန်တော်သွားကြည့်တာ ပီတူးသမီးကလေးပဲ"

"အေးဗျ၊ အသံလေးကကောင်းလိုက်တာ။ လက်ထဲမှာ မယ်ဒလင်ကြိုးကို ထိတယ်တောင်မထင်ရဘူး။ သူ့အသံနဲ့မီအောင်အတော်တီးလိုက်ရတာကိုး"

ဆရာကတော့ သူ့အတွေ့အကြုံကိုပြောပြနေသည်။ ကျွန်တော်ကတော့ တစ်မျိုးစဉ်းစားနေမိသည်။

"ဆရာတစ်ခုတွေးမိသလား"

"ဘာကိုလဲဗျ"

"ကလေးမလေးဟာ ဗမာစကားကိုသာပီအောင်မပြောတတ်တာ၊ သီချင်းဆိုတော့ဖြောင့်နေတာပဲဆိုတာလေ"

"ဒါတော့ဖြစ်တတ်ပါတယ်။ တိုင်းရင်းသားတွေဟာ စကားကိုသာမပီတာ၊ သီချင်းကိုတော့ပီအောင်ဆိုတတ်တယ်ဗျ။ ရခိုင်သားတွေ၊ ထားဝယ်သားတွေဆိုရင် စကားသာဝဲတာ၊ သီချင်းဆိုရင်ဖြောင့်နေတာပဲ"

နောက်ပြီး သူ့အသက်အရွယ်နဲ့ သူဆိုတဲ့သီချင်းကိုကြည့်ပါဦး။ မေရှင်သီချင်းဟာလေ။ အရပ်သူကလေးတစ်ယောက်ဟာ ဒါကိုစည်းကိုက်ဝါးကိုက်ဆိုနိုင်တယ်ဆိုတာ အံ့ဩစရာပဲ"

"အင်း - ဒါတော့ဟုတ်တယ်ဗျ။ သူဘယ်ကတတ်ထားလဲမသိဘူး"

ကျွန်တော်တို့ နှစ်ယောက်သည် မယ်ဒလင်ကို အသာချထားပြီး သီဆိုသူအရွယ်နှင့်မလိုက်အောင်ဆိုသွားဟန်ကို စဉ်းစားနေကြသည်။ ထိုစဉ်က ယခုခေတ်ကဲ့သို့ ဆိုကရေးတီးပြိုင်ပွဲများကလည်းမပေါ်သေးရာ ကလေးများကို ခေတ်ဟောင်းသီချင်းတိုက်ပေးသည်ဆိုသည်မှာလည်း မရှိသေးချေ။

"လာဗျာ ဆရာ၊ လက်ဖက်ရည်သောက်ဆင်းရင်း မေးကြည့်ရအောင်"

ကျွန်တော်တို့ လက်ဖက်ရည်သောက်ရန် အောက်ကိုဆင်းပြီး ပီတူးတို့အိမ်သွားတော့ ပီတူးမိန်းမက လက်ဖက်ရည်ပွဲများလာချပေးသည်။ သူမကိုမေးရသည်။

"ဟဲ့ - ညည်းသမီးကော ဘယ်ရောက်သွားလဲ"

"ဘာခိုင်းမလို့လဲ ဆရာ။ ခုနပဲ အိမ်ပေါ်တက်သွားတယ်၊ ကျွန်မသွားခေါ် ပေးမယ်"

ဟုဆိုပြီး အိမ်ထဲသို့ဝင်သွားသည်။ ခဏအကြာတွင်ပြန်ထွက်လာပြီး-

"ဒီကောင်မလေး ဘယ်လိုဖြစ်တယ်မသိဘူး။ အချိန်မတော်ကြီး အိပ်နေလိုက်တာ နှိုးလို့မရဘူး"

"ဘာမှမခိုင်းပါဘူး၊ မေးစရာရှိလို့ပါ။ ညည်းကိုမေးလည်းရပါတယ်"

"ဘာတုံးဆရာ၊ ဘာများလဲ"

"ညည်းပြောတော့ ကလေးမလေး



www.burmeseclassic.com

www.burmeseclassic.com

က သီချင်းမဆိုတတ်ဘူးဆို၊ ခုနတုန်းက မယ်ဒလင်နဲ့ လိုက်ဆိုလိုက်တာမှ ဟုတ်နေတာပဲ"

"အို - ဟုတ်လား၊ ကျွန်မတော့ မပြောတတ်တော့ဘူး။ ကျွန်မသိတာက သူမဆိုတတ်ပါဘူး။ ဆရာအမြင်မှားတာနေမှာ"

"ဟဲ့-ဘယ်ကမှားမှာလဲ။ ငါ့ရှေ့မှာတင်ဆိုနေတာ ဖြောင့်နေတာ"

"ဆရာပြောတာနဲ့ ကျွန်မတောင် ရှုးချင်ပြီ။ သူမဆိုတတ်ပါဘူးဆရာရယ်"

ထိုသို့ပြောနေတုန်း ကောင်မလေးသည်နိုးလာပြီး သူ့အမေဘေးတွင်လာရပ်သည်။ သူ့အမေကမေးသည်။

"မိနော်၊ နင်ခုနတုန်းက အိမ်ပေါ်ထပ်မှာ သီချင်းဆိုတယ်ဆို။ ဒီဆရာတွေပြောနေတယ်"

"မဆိုပါဘူး အမေ၊ ကျွန်မ အိမ်ထဲမှာအိပ်နေတာ"

"ညည်း ခုန ငါ့အခန်းမှာ အဝတ်တွေသိမ်းနေရင်း သီချင်းဆိုတယ်လေ"

မှု ကျွန်တော်ကဝင်ပြောသည်။ သူမက အတန်ငယ်စဉ်းစားပြီးနောက် -

"ဟုတ်တယ်၊ သမီးဆရာ့အခန်းမှာ အဝတ်တွေသိမ်းနေရင်း အိပ်ပျော်သလိုလိုဖြစ်သွားလိုက်တာ၊ အခု အမေလာနှိုးမှာပဲနိုးတော့တယ်။ သမီးဘယ်လိုအိမ်ကိုပြန်ရောက်လာလဲဆိုတာတောင် မသိဘူး။ သီချင်းလည်းမဆိုပါဘူး"

ကိစ္စကအခုမှပြတ်တော့သည်။ ပီတူးသမီးသည် အိပ်ပျော်သလိုဖြစ်သွားပြီး ဘာမှမမှတ်မိဟု ဆိုနေလေသည်။ သို့ဆိုလျှင် သီချင်းဆိုသည်မှာမည်သူဖြစ်ပါသနည်း။

"ဟဲ့ - ညည်းထိုင်ပြီးလိုက်ဆိုနေတာ ငါကိုယ်တိုင်တွေ့တာပဲ။ ငါလာမှ ညည်းအောက်ကိုဆင်းသွားတာ"

"မမှတ်မိဘူး၊ ဆရာ့အဝတ်ဟောင်းတွေလိုက်သိမ်းတာပဲ မှတ်မိတယ်။ ပြီးတော့ အိပ်ရာထဲရောက်နေတာပဲ။ ဘယ်လိုပြန်ရောက်လာလဲ မသိဘူး"

အခြေအနေမှာ အားလုံးရှုပ်ထွေးနေသည်။ သူမထသွားတုန်းက လိုက်ခေါ်မည်ပြုစဉ် ကျွန်တော် နှုတ်ဆွံ့နေသည်ကို အခုမှစဉ်းစားမိသည်။ အဘယ်ကြောင့် ခေါ်မရပြုမရဖြစ်ရပါသနည်း။ သူမကလည်း အလုပ်လုပ်ရင်း အိပ်ပျော်သွားသလိုဖြစ်ပြီး အိမ်ပြန်ရောက်နေသည်ဟုဆိုပြန်သည်။ ထူးဆန်းလှပေသည်။ သို့နှင့် ထိုကိစ္စမှာ လိပ်ခဲတည်းလည်းနှင့် အဖြေရှာမရလိုက်ပြန်ပေ။

❑

သို့နှင့် ရက်နှစ်ဆယ်ခန့်ကြာသော် ဆရာဦးငွေးကြွယ်၏သားပြန်သည်။ သူဖခင်နေသားတကျရှိပြီဖြစ်သောကြောင့် ပြန်သည်ဟုပင် ထင်ပါသည်။ ကျောင်းသားလည်းဖြစ်သောကြောင့် ကျောင်းပြန်တက်ရန်ပြန်သည်လည်းဖြစ်နိုင်သည်။ သို့သော် မပြန်မီ တစ်ညနေတွင် ကျွန်တော်တစ်ယောက်တည်း ရုံးမှာရှိနေခိုက် သူရောက်လာသည်။

"ဆရာနဲ့ အဖေနဲ့က ခင်မင်နေတော့ ဆရာ့ကိုပဲမှာခဲ့မယ်"

"အေး-ပြော၊ ဘာလုပ်ပေးရမလဲ"

"ဒီလိုဆရာ၊ ကျွန်တော်က သားဖြစ်နေတော့ ပြောရခက်နေလို့ပါ"

သူ့စကားမှာဆန်းလှသည်။ သူ့အဖေအကြောင်းပြောရန်ရှိနေသည်ထင်သည်။

"အင်း-ပြောပါဦး၊ မင်းအဖေက ဘာဖြစ်နေလို့လဲ"

"ပြောရမှာတော့ အတော်ခက်တယ်။ ခုတစ်လော အဖေ မိန်းကလေးတစ်ယောက်နဲ့တွဲနေတာ အဲဒါ ကျွန်တော်မကြိုက်ဘူး။ ပြောရရင်လည်း မကောင်းဘူး"

"ဟေ-အဆန်းပါလား၊ မင်းအဖေ မိန်းမတစ်ယောက်နဲ့တွဲနေတယ်လို့ဘယ်သူပြောလဲ။ ငါတို့လည်း ဒီမှာရှိနေတာ မမြင်မိပါဘူး။ သူကြည့်ရတာ အေးအေးဆေးဆေးပါ"

"ကျွန်တော်မျက်စိနဲ့တွေ့တာကို နှစ်ခါရှိပြီ"

"ဟေ - ဘယ်မှာတွေ့တာတုံး၊ ပြောပါဦး"

"တစ်ညဆရာရယ်၊ ကျွန်တော်က လမ်းဟိုဘက်က လွတ်လပ်ရေးကွင်းထဲမှာ လက်ဖက်ရည်သွားသောက်တာ၊ ည ဆယ်နာရီခွဲလောက်ပြန်လာတယ်။ အခန်းထဲရောက်တော့ ခြင်ထောင်ထောင်ပြီး ဘုရားရှိခိုး၊ ပုတီးစိပ်ပေါ့။ ဆယ့်တစ်နာရီလောက်ရှိလိမ့်မယ်။ အိပ်မယ်ဆိုပြီး လှဲလိုက်ရင်း အဖေ့ဘက်ကိုလှည့်ကြည့်လိုက်တော့ အဖေ့ခြင်ထောင်ဘေးမှာ မိန်းမတစ်ယောက်ထိုင်နေတာကို တွေ့ရတယ်။ ထိုင်ပြီးခေါင်းဖြီးနေတာ။ ဘုရားကျောင်းဆောင်က မီးရောင်နဲ့မြင်တာ။ အဲဒါကောင်းလား ဆရာရယ်"

"ဟာ ဟာ - နေပါဦး၊ ဘယ်ကမိန်းမကရောက်နေတာလဲ။ ရုံးပေါ်မှာ ငါတို့လည်းရှိနေတာပဲ။ မိန်းမတစ်ယောက်ကိုခေါ်လာတယ်ဆိုရင်လည်း တို့သိရမှာပေါ့"

"မသိပါဘူးဆရာ၊ ဒါနဲ့ ကျွန်တော်လည်း ရှက်တာနဲ့ တစ်ဖက်ကိုစောင်းပြီးနေလိုက်တယ်။ အဲဒါ ခဏအိပ်ပျော်သွားတယ်ထင်တယ်။ တစ်ရေးနိုးလို့ ကြည့်လိုက်တော့ အဲဒီမိန်းမမရှိတော့ဘူး။ အဖေ့အသက် (၅၄) နှစ်ရှိပြီ။ တစ်ခါမှ ဒီလိုမလုပ်ဖူးဘူး။ ကျွန်တော်တွေ့တာ နှစ်ခါရှိနေပြီ"

"ဟုတ်လား၊ အရင်တစ်ခါက ဘယ်တုံးကလဲ"

"ဟိုအရင်တစ်ပတ်ကပဲ။ ညနေဘက် ကျွန်တော် အခန်းထဲဝင်မယ်ဆိုပြီးတက်လာလိုက်တာ၊ အဖေက ထမင်းစားပွဲမှာထိုင်ပြီးစားနေတယ်။ မိန်းမတစ်ယောက်က ဘေးမှာထိုင်လို့။ မိန်းမက အသားဖြူဖြူ။ ဆံပင်ကောင်းကောင်း။ အသက် (၃၀) ကျော်ကျော်လောက်ရှိမယ်။ ဒါနဲ့ ကျွန်တော်လည်း အောက်ကိုပြန်ဆင်းနေလိုက်တယ်။ ဒါတွေဟာ ဘယ်ကောင်းမလဲ ဆရာရယ်။ ကိုယ်က လူကြီးပဲဟာ။ ဒီအခန်းထဲမှာ ကျွန်တော်လည်းရှိနေတာ၊ မနေနိုင်လို့တွဲရင်လည်း အပြင်မှာတွဲပေါ့"

ကျွန်တော်သည် သူပြောနေသည်များကိုနားထောင်ရင်း -

"မဟုတ်သေးပါဘူး။ မင်းတို့အဖေ မိန်းမတစ်ယောက်နဲ့တွဲတာ ငါတို့တစ်ခါမှမမြင်ပါဘူး။ မင်းအမြင်မှားနေတာလား"

"မဟုတ်တာဆရာရယ်၊ ကျွန်တော့် မျက်စိနဲ့ တပ်အပ်ကိုတွေ့တာ။ အဲဒါ ကြည့်ပြောပေးပါဦး"

ကျွန်တော်သည် ထိုဇာတ်လမ်းကို သိထားသောကြောင့် သူ့ရန်ကုန်ပြန်သောအချိန်တွင် ရုံးက အိုးတူးသောင် ဇင်ကားနှင့် မြစ်ဆိပ်သို့လိုက်ပို့သည်။ သူသည် မြစ်ကို ဇက်နှင့်ကူးပြီး တစ်ဖက်ကမ်းသို့ရောက်လျှင် သထုံသို့ကားစီးပြီး သထုံကျမှ ရထားစီးရမည်ဖြစ်လေသည်။

သူ့ကို ဇက်ဆိပ်သို့ပို့ပြီးသော် ဆရာဦးငွေးကြွယ်နှင့် ကျွန်တော်တို့သည် မြစ်ကမ်းတွင်ရှိသောလက်ဖက်ရည်ဆိုင်တွင် ခေတ္တဝင်ထိုင်ကြသည်။ ထိုင်နေရင်းမှ ကျွန်တော်က စဉ်းစဉ်းစားစားနှင့်မေးကြည့်လိုက်သည်။

"ဆရာကောင်မလေးတစ်ယောက်နဲ့တွဲနေတာ ကျွန်တော်မသိဘူး။ ဘယ်ကလဲဆရာ၊ ဆရာကတယ်စွံတာကိုး"

"တောက်တီးတောက်တဲ့ ဗျာ၊ ဘယ်သူနဲ့တွဲနေလို့လဲ။ ခင်ဗျားစကားကလည်း"

"ကျွန်တော်ကြားတာတော့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com

ကောင်မလေးတစ်ယောက်နဲ့တွဲနေတယ်။ ဆရာ့အခန်းထဲကိုလည်းလာတယ်လို့ ပြောတယ်။ အဲဒါ ဘယ်သူလဲဆရာ"

ဆရာဦးဌေးကြွယ်သည် အံ့ဩသောမျက်နှာနှင့် ကျွန်တော့်ကိုကြည့်နေသည်။

"ခင်ဗျားပြောတာ အဆန်းပဲ။ ကျွန်တော်ဘယ်သူနဲ့မှမတွဲပါဘူး။ ဘယ်တကြားလာတာတုံး။ ရုံးမှာတော့ စာရေးမတွေရှိတာပဲ။ ကျွန်တော် ရှုပ်ရှုပ်ယှက်ယှက်မနေပါဘူး"

"ဘယ်ကကြားလဲဆိုတာ အရေးကြီးပါဘူး။ ရုံးကလည်းမဟုတ်ဘူး။ ကျွန်တော်တို့နေတဲ့အိမ်ကိုတောင်ရောက်လာတယ်။ ညဘက်တွေဝါရှိနေတယ် ပြောတယ်"

ဆရာသည် ကျွန်တော်မေးသည်တို့ပြန်မဖြေဘဲ -

"လာဗျာ၊ ပြန်ရအောင်"

ဟု ဆိုသဖြင့် သူမဖြေချင်သည် မေးနေခြင်းမှာ ယဉ်ကျေးမှုမရှိရာကျသည်ဟုယူဆပြီး ဘာမှဆက်မေးမနေတော့ဘဲ ပြန်လာခဲ့ကြသည်။ အိမ်ရောက်လျှင် ဆရာသည် အပေါ်သို့မတက်သေးဘဲ-

"လာဗျာ၊ ပီတူးတို့အိမ်ကိုသွားရအောင်"

ဟုဆိုသဖြင့် သူ့နောက်မှလိုက်ခဲ့သည်။

ပီတူးတို့အိမ်ရောက်သော် သူ့မိန်းမကထွက်လာပြီး -

"ဆရာတို့ လက်ဖက်ရည်သောက်မှာလား၊ ဖျော်လိုက်မယ်လေ"

ဟုပြောသည်။

ဆရာသည် ပီတူးမိန်းမကို အနားခေါ်ပြီးမေးသည်။

"ဟဲ့ - ဒီအိမ်ရာဇဝင်ကို ညည်းသိလား"

"ဘာရာဇဝင်လဲ ဆရာ"

"ဘာလဲဆိုတော့ ဒီအိမ်နဲ့ပတ်သက်တဲ့အကြောင်းတွေကို ငါရုံးမှာကြားတာရှိတယ်။ ညည်းတို့က ဒီမှာနေတော့ အတိုးအကြောင်းပိုသိမှာပဲ"

"ကျွန်မယောကျ်ားကတော့ ဒီအကြောင်းတွေကို ဆရာတွေကိုမပြောဖို့မှာထားတာရှိတယ်။ ဒါပေမယ့် ဆရာတို့ခုတစ်လောဖြစ်တာတွေနဲ့ပ တ်သက်ပြီး မပြောရင်မဖြစ်လို့ပြောပြတာပါ။ ယုံချင်ရင်ယုံ၊ မယုံချင်ရင်လည်းရပါတယ်"

"အေး - ပြောစမ်းပါဦး"

"ဒီလိုဆရာ၊ ဒီခြံထဲမှာ အစောင့်အရှောက်တွေရှိတယ်။ ကျွန်မတို့ကိုယ်တိုင်မြင်ဖူးတာ"

"ဟုတ်လား၊ ဘယ်လိုမြင်လိုက်တာလဲ ပြောပါဦး"

ထိုစဉ်အခါက ပီတူးတို့၏သမီးကလေး မွေးပြီးခါစဖြစ်သည်။ သမီးက နို့စို့အရွယ်ဖြစ်ရာ သေးစိုသောအနှီးများကို ညဘက်လျှော်ပြီးလှန်းရ၏။ တစ်ညတွင် အနှီးလှန်းရန် ခြံထဲသို့ဆင်းလိုက်လျှင် ကားလမ်းပေါ်မှ ခြံထဲသို့ ယောကျ်ားသုံးလေးယောက်၊ မိန်းမသုံးလေးယောက် လမ်းလျှောက်ပြီး ဝင်လာသည်ကိုတွေ့ရသည်။ ခြံထဲမှာ ပလကရုံးမှလာထားသော ဒီဇယ်ဆီပုံးများရှိရာ လူတွေဝင်လာသဖြင့် သတိထားပြီးကြည့်နေကြသည်။ သည်ခြံကိုဖြတ်ပြီး တစ်ဖက်သို့သွားစရာလမ်းလည်းမရှိပေ။

သူမ၏ယောကျ်ား ကိုပီတူး၊ တစ်ဖက်အိမ်မှ ဦးမန်းငြိမ်းမောင်နှင့် သူမကိုယ်တိုင်ထွက်ကြည့်ကြခြင်းဖြစ်သည်။ သူတို့သည် နောက်ဖေးတန်းလျားမှ ရှေ့တိုးလာပြီး ရုံးဘေးသို့ရောက်လာသည်။ လမ်းနှင့်နီးလာသောအခါ ရှေ့ဆက်လျှောက်မရတော့ပေ။စကားလည်းပြောမရနှင့် ကျောက်ရုပ်များလိုရပ်လျက်သားဖြစ်ကုန်သည်။ လှုပ်ရှား၍လည်းမရပေ။ ထိုဖြတ်သွားသူအုပ်စုကတော့ ဘာကိုမှ အမှုမထားဘဲ စကားတပြောပြောနှင့် လမ်းအတိုင်းလျှောက်ပြီး တောအုပ်အတွင်းဝင်သွားကြသည်။ သူတို့ပျောက်သွားမှ လှုပ်ရှား၍ရသည်။ ထို့ကြောင့် ကြောက်ကြောက်နှင့် သုံးဦးသား အိမ်ထဲဝင်ပြေးကြတော့သည်။

နောက်တစ်ကြိမ် ကြုံရသည်မှာ ညှော့သည်တစ်ယောက်ဖြစ်သည်။ ဌာနဆိုင်ရာအရာရှိတစ်ဦးဖြစ်သည်။ သူ့ကို အောက်ထပ် အိပ်ခန်းတစ်ခုတွင်နေရာချထားသည်။ မိသားစုနှင့် အတူလာတည်းခြင်းဖြစ်သည်။ ယောကျ်ားဖြစ်သူ အိပ်နေစဉ် နောက်မှကျောချင်းလာထိသဖြင့် မိမိ၏ဇနီးဖြစ်သူပင်ထင်နေသည်။ ခေတ္တကြာမှ ဇနီးဖြစ်သူက နောက်ဖေးနောက်ဖီထသွားပြီး ပြန်ဝင်လာသည်ကိုသိမှ ခုနတုန်းက ကျောချင်းကပ်အိပ်နေသူမှာ ဘယ်သူမှန်းမသိဖြစ်ပြီး လင်မယားနှစ်ယောက် တစ်ညလုံးအိပ်မရဘဲထိုင်နေလိုက်ကာ မနက်ပိုင်းတွင် မြို့ထဲသို့ ပြောင်းပြေးကြရလေသည်။ သည်အိမ်ကြီးတွင် သည်လိုဇာတ်လမ်းမျိုးရှိခဲ့ဖူးသည်ဟု ဆိုပါသည်။

"ဆရာတို့ ဟိုတစ်လောတုန်းက ပြောတဲ့ မယ်ဒလင်နဲ့သီချင်းလိုက်ဆိုတယ်ဆိုတာ နောက်တော့ ကျွန်မစဉ်းစားကြည့်တာ သူတို့ပဲဖြစ်မယ်။ ဆရာတို့ကြောက်မှာစိုးလို့မပြောတာ"

"အင်း- အိမ်ကြီးကလည်းဟောင်းနေ၊ ဘေးမှာလည်း တောအုပ်ကရှိနေတော့ ဒီတောထဲကဟာတွေက ဒီအိမ်ကြီးမှာလာပြီးကျက်စားနေတာဖြစ်မှာပေါ့လေ။ သည်အိမ်ကြီးဟာ သူတို့ပိုင်နက်ထဲရောက်သလိုဖြစ်နေတာကိုး"

ဆရာက စဉ်းစဉ်းစားစားနှင့်ပြောသည်။

"ကျွန်တော့်သားကတွေ့တယ်ဆိုတာ သူက ပုတီးသမားကိုး။ တရားရှုမှတ်နေတော့ သမာဓိကောင်းပြီး ကျွန်တော်တို့မမြင်တဲ့ဥစ္စာတွေသူကတွေ့နေတာ"

နောက်မှစဉ်းစားကြည့်လိုက်သောအခါ ဆရာ့သားတွေ့သည့်ဆိုသောအမျိုးသမီးမှာ လူစင်စစ်မဟုတ် အရိပ်အယောင်သဘောမျှသာ ဖြစ်သည်။ သီချင်းဆိုခြင်း၊ အိပ်ယာဘေးတွင်ထိုင်နေခြင်း၊ ထမင်းစားနေစဉ် ဘေးမှာလာထိုင်နေခြင်းဆိုသည်များမှာ ဆရာကတွေ့မြင်ရခြင်းမရှိပေ။ သို့သော် ဆရာ့သားကသာတွေ့ပြီး အထင်အမြင်မှားသွားခြင်း ဖြစ်လေသည်။ သူတို့သည် နေထိုင်သူများကို ကိုယ်ထိလက်ရောက်ဒုက္ခမပေးသော်လည်း သည်နေရာမှာ သူတို့နေရာဖြစ်ခြင်းကြောင့် အလျဉ်းသင့်လျှင် ဝင်ထွက်သွားလာတတ်သောသဘောတော့ရှိသည်။ ဘာသာဘာဝ သီချင်းညည်းခြင်းများလည်းရှိပေမည်။ အသူရကာယ်ဘုံသားများဟုခေါ်ရမည်လား၊ ဥစ္စာစောင့်ဟု ခေါ်ရမည်လားတော့ မသိပေ။ သည်ခြံထဲမှာ သူတို့ရှိနေသည်ကတော့ သေချာသည်။

ကျွန်တော်တို့ကို ဒုက္ခမပေးသော်လည်း လူသားနှင့်သူတို့အတူ ရောထွေးနေခြင်းမှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် ဝါဆိုလပြည့်နေ့တွင် သံဃာတော်ငါးပါးကိုပင့်၍ သင်္ကန်းကပ်လှူရင်း ပရိတ်ရွတ်၊ ကမ္မဝါဖတ်၊ မေတ္တာပို့၊ အမျှဝေတာ။ သည်နေရာသည် အစိုးရဝန်ထမ်းများ နေထိုင်ရုံးစိုက်ရာနေရာဖြစ်သောကြောင့် သင်တို့နှင့် မဆိုင်မပိုင်တော့ ဖယ်ရှားပေးပါဟု အမိန့်ပြန်တမ်းကို ဆရာတော်များက ရွတ်ဖတ်ပေးပါသည်။

ထို့နောက်တွင်တော့ ဘုရားတန်ခိုး၊ တရားတန်ခိုး၊ သံဃာတန်ခိုးဖြင့် မည်သည့်အရိပ်အယောင်မျှမမြင်ရမတွေ့ရတော့ပေ။ သီချင်းသံလည်းမကြားရတော့ပေ။

မဟာ




www.burmeseclassic.com

www.burmeseclassic.com

ကိုးနဝင်း ၂

# မဟာကိန်းဂဏန်းများ




**တစ် (ပုလ္လိင်နှင့်ဆိုင်သော (သို့) ဖိုသဘာဝနှင့်ဆိုင်သော အခြေခံသဘောတရား)**

1-ဂဏန်းသည် ကိုယ့်အကြောင်းကိုယ်သိသူ၊ စတင်တီထွင်သူ၊ မြေစမ်းခရမ်းပျိုးသူ၊ တိုးတက်မှုများ၏ အစပထမဖြစ်ကြောင်း ရည်ညွှန်းသည်။

၎င်းပြင် 1-ဂဏန်းသည် အတွေ့အကြုံနုနယ်သေးခြင်းကြောင့် ကျေနပ်အားရလောက်သည့် ရလဒ်မရရှိသော်လည်း လုပ်နိုင်သမျှ အကောင်းဆုံးလုပ်တတ်သူများဖြစ်ကြောင်း ရည်ညွှန်းသည်။ အမည် (သို့) မွေးနေ့အားပေါင်းခြင်းဖြင့်ရရှိသော 1-ဂဏန်းပိုင်ရှင်များသည် ခေါင်းဆောင်ဖြစ်လိုစိတ်ရှိကြသူများ ဖြစ်သည်။ ထို့ကြောင့် အရာရာရှေ့တန်းမှ ရပ်တည်တတ်ပြီး ဦးဆောင်နိုင်စွမ်းရည်မြင့်မားခြင်းကြောင့် စစ်သူကြီးများကဲ့သို့ အမိန့်ပေးနိုင်သည့် သြဇာရှိသူများဖြစ်လာတတ်သည်။

တစ်ခါတစ်ရံ 1-ဂဏန်းပိုင်ရှင်များသည် ၎င်းတို့ကိုယ်ကို လောက၏ အရေးပါဆုံးသူများအဖြစ် သတ်မှတ်ပြီး အရာရာလွှမ်းမိုးလိုစိတ်ရှိလာတတ်၏။

အဆိုပါ 1-ဂဏန်းပိုင်ရှင်တို့အနေဖြင့်ဘဝတစ်သက်တာခရီးအား အလွယ်တကူ စိတ်ကြိုက်ခြယ်လှယ်၍မရနိုင်ပုံကို သုံးသပ်နားလည်ပြီး အမှန်တရားကို ရှာဖွေတတ်ရန် မဖြစ်မနေလိုအပ်သည်။

1-ဂဏန်းပိုင်ရှင်တစ်ဦးစီအလိုက် သေးငယ်လွန်းသော အရာများစွာဖြင့် အနန္တစကြဝဠာအားဖွဲ့စည်းထားကြောင်း၊ စကြဝဠာ၏ကြောင်းကျိုးဖြစ်စဉ်များအား နားလည်သဘောပေါက်ရန် ကြိုးစားရမည်ဖြစ်ကြောင်း နှလုံးသွင်းထားသင့်သည်။

**လိုအပ်ချက်**

မိမိခြေထောက်ပေါ် ကိုယ်တိုင်ရပ်နိုင်ရန်ကြိုးစားပြီး လွတ်လပ်စွာဖြင့် တိုးတက်အောင် ကြံဆောင်ရမည်။

**နှစ် (ဣတ္ထိလိင် သို့မဟုတ် မသဘာဝနှင့်ဆိုင်သော အခြေခံသဘောတရား)**

2- ဂဏန်းသည် စိတ်ရှည်သည်းခံခြင်း၊ ဖွဲ့ခံနိုင်ရည်ရှိခြင်း၊ တစ်ဖက်သားအပေါ် နားလည်ခြင်းတို့ကို ရည်ညွှန်းသည်။ 2-ဂဏန်းသည် ကိုယ်တွင်ရှိခြင်း, မရှိခြင်း၊ ပိုင်ဆိုင်ခြင်း၊ မပိုင်ဆိုင်ခြင်း. . . ဟူသည့် အစိပ္ပာယ်များအပေါ် မူတည်၍ ဘဝတစ်သက်တာအတွင်း လုံခြုံစိတ်ချမှု၊ ဘေးကင်းမှုရှိကြောင်း ကိုယ်စားပြုဖော်ပြသည်။ 2-ဂဏန်းသည် လွတ်လပ်စွာနေထိုင်တတ်သူဖြစ်သော်လည်း အကန့်အသတ်စည်းဘောင်ရှိသူဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးကိုလိုလား၍ ပဋိပက္ခနှစ်ခုတို့အကြား ကြားဝင်ဖြေရှင်းတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။ ၎င်းအပြင် 2-ဂဏန်းပိုင်ရှင်များသည် အောင်မြင်စွာငြိမ်းချမ်းရေးတည်ဆောက်နိုင်သည့်ကမ္ဘာ့နိုင်ငံကြီးသားများ၊ ငြိမ်းချမ်းရေးအဖွဲ့ခေါင်းဆောင်များ၊ မျှတမှုကို မြတ်နိုးသူများဖြစ်ကြောင်း ဖော်ပြသည်။

**2-ဂဏန်းဖြစ်စေသည့်ဆက်စပ်အကြောင်းအရာများကိုပေါင်းပေးခြင်း**

| အချိန် | အားသွန်ခွန်စိုက်ကြိုးစားခြင်း | အလိုဆန္ဒ | နှစ်ခုခွန်တွဲ | မျှတခြင်း |
|---|---|---|---|---|
| time | Toil | Will | Duality | Balance |
| 2945 | 2693 | 5933 | 4313927 | 2131535 |
| 2 0/2 | 20/2 | 28/1 | 29/11/2 | 20/2 |

2-ဂဏန်းသည် အရာအားလုံး၌ ဆန့်ကျင်ဘက်သဘောတရား နှစ်ခုရှိကြောင်း. . . အဖိုနှင့်အမ၊ စိတ်ဝိညာဉ်နှင့် အကောင်အထည်ရှိပစ္စည်း၊ နုပျိုခြင်း၊ အိုမင်းခြင်း၊ အဂ်ါကြိုဟ်နှင့် သောကြာဂြိုဟ် မျိုးပွားခြင်းနှင့် မြုံခြင်း၊ နာကျင်ခြင်းနှင့် သာယာခြင်း ဟူသည့် ဆန့်ကျင်ဘက်အခြေအနေတို့အား ဒွန်တွဲကိုယ်စားပြုပေးသည်။ နမူနာစံပြဖြစ်စေသော အကြောင်းအရာ ဆက်ဆံရေး၌သဟဇာတဖြစ်စေခြင်း။

**သုံး (3)**

3-ဂဏန်းက သားတော်၊ ခမည်းတော်၊ သန့်ရှင်းသော ဝိညာဉ်တော် ဟူသည့် သုံးဆူတစ်ဆူဖြစ်ခြင်းသဘော 3-ဂဏန်းပိုင်ရှင်တို့အဖို့ ကိုယ်ပိုင်စွမ်းအင်များ ပြန့်ကျဲမနေစေဘဲ တစုတစည်းတည်းဖြစ်စေရန် ကြိုးစားရမည်ဖြစ်သည်။ 3-ဂဏန်းပိုင်ရှင်တို့အဖို့ စိတ်ခံစားမှုနှင့် လက်တွေ့ဖြစ်ပျက်မှုများအကြား သဟဇာတဖြစ်စေရန်၊ အနာဂတ်ကာလပြဿနာများအား ရင်ဆိုင်ဖြေရှင်းနိုင်ရန် ခွဲခြားစိတ်ဖြာနားလည်ထားရန်လိုကြောင်း 3-ဂဏန်းက ညွှန်ပြသည်။

3-ဂဏန်းသဘာဝအရ အောင်မြင်မှုရောက်ရှိခြင်းကိုပါ ကျေနပ်စွာလက်ခံတတ်ပြီး မည်သို့ အကောင်းဆုံးပြုပြင်လုပ်ကိုင်သင့်သည်ကို စဉ်းစားတတ်ကြသည်။ 3-ဂဏန်းပိုင်ရှင်များသည် အောင်မြင်မှုတို့၏ ရှေ့ဆောင်လမ်းပြလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

| ရှင်သန်ကြီးထွားခြင်း | ပုံမှန်လှုပ်ရှားမှုစက်ဝိုင်း | ခွဲခြမ်းစိတ်ဖြာခြင်း | ကြားဝင်စေ့စပ်ဖျန်ဖြေခြင်း | စိတ်ရှည်သည်းခံနိုင်ခြင်း |
|---|---|---|---|---|
| Growing | Cycle | Analyze | Mediate | Tolerance |
| 7965957 | 37335 | 1513785 | 4549125 | 263591535 |
| 48/3 | 21/3 | 30/3 | 30/3 | 39/3 |

**3 ဂဏန်းရစေသည့် ဆက်စပ်နေသော အကြောင်းအရာများ**

အကယ်၍ 3-ဂဏန်းသည် ဝိညာဉ် ထိပ်ပြား၊ ဘဝ၊ စွမ်းအင်တို့ (၃) ခုပေါင်း အားရည်ညွှန်းပါက ပျော်ရွှင်မှု၊ ဉာဏ်ရည်ထက်မြက်မှုတို့အား ရည်ညွှန်းသည်။

| ပျော်ရွှင်မှု | ဉာဏ်ရည်ထက်မြက်မှု |
|---|---|
| Happy | Genius |
| 81777 | 755931 |
| 30/3 | 30/3 |

**ထိုးထွင်းချက်**

မိမိကိုယ်မိမိ ယုံကြည်စိတ်မြင့် တတ်လာသလို အခြားသူတို့အားလည်း စိတ်ဓာတ်ခွန်အားဖြည့်ပေးရန် ထိုးထွင်းပါသည်။

**လေး (4)**

4-ဂဏန်းသည် အနာဂတ်ကာလအတွက် အပြုသဘောဆောင်စွာ ကြိုတင်ပြင်ဆင်တတ်ခြင်း၊ ရိုးသားခြင်း၊ လက်တွေ့ကျခြင်းတို့ကို ရည်ညွှန်းသည်။

၎င်းအပြင် 4-ဂဏန်းပိုင်ရှင်များသည် ဥပဒေအား လေးစားလိုက်နာခြင်း၊ နေ့စဉ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း အစီအစဉ်ကျနခြင်းတို့ကို ကိုယ်စားပြုသည်။

4-ဂဏန်းပိုင်ရှင်တို့၏မဆုတ်မနစ်သော ဇွဲလုံ့လဖြင့်ကြိုးစားအားထုတ်ခြင်းကြောင့် ထူးခြားသော အကျိုးရလဒ်ကောင်းများအား ရရှိခံစားရတတ်သည်။

4-ဂဏန်းသည် ရိုးသားနိုင်မှု အဆင့်အတန်း အမြင့်ဆုံးနေရာတွင် တည်ရှိသည်။ အလုပ်အပေါ် ယုံကြည်စိတ်ဖြင့် လုပ်ကိုင်တတ်ပြီး အောင်မြင်မှုရရှိအောင် သည်းခံစိတ်ဖြင့် ကျော်ဖြတ်တတ်သည်။

4-ဂဏန်းပိုင်ရှင်များသည် ပရောဂျက်တစ်ခုအား အရည်အသွေးပြည့်မီစွာဖြင့် လက်စသတ်နိုင်ရန်၊ အောင်မြင်မှုများဖြင့် အဆုံးသတ်နိုင်ရန် စိတ်တည်ငြိမ်စွာဖြင့် ဆောင်ရွက်တတ်ကြသည်။

**ရည်မှန်းချက်**

မိမိအသိဉာဏ်ပညာဗဟုသုတများအား အများသိစေရန် မျှဝေပေးချင်စိတ်ရှိသည်။

**ငါး (5)**

5-ဂဏန်းသည် ထက်မြက်သော ဉာဏ်ရည်သွေးအား ကိုယ်စားပြုသည်။ အရာရာသိချင်တတ်လိုစိတ်ရှိခြင်းသည် 5-ဂဏန်းပိုင်ရှင်တို့၏ မွေးရာပါဗီဇတစ်ခု ဖြစ်သည်။

5-ဂဏန်းသည် အပြောင်းအလဲများအား နှစ်သက်ခြင်း၊ ခရီးသွားခြင်းတို့အပေါ် ကျေနပ်မှုရှိကြောင်း ရည်ညွှန်းသည်။

၎င်းပြင် 5-ဂဏန်းပိုင်ရှင်များသည် သင်ယူရာ၌ အလွယ်တတ်မြောက်ကြပြီး တတ်မြောက်ပြီးသည့် ပညာရပ်များအား လက်တွေ့အကျိုးရှိရှိအသုံးချနိုင်သူများ ဖြစ်ကြသည်။ 5-ဂဏန်းသဘာဝအရ အသစ်အဆန်းဟူသမျှအား စမ်းသပ်စစ်ဆေးလိုစိတ်ရှိကြသည်။

5 ဂဏန်းသည် လိမ္မာပါးနပ်ခြင်း၊ ဘက်စုံထူးချွန်တတ်ခြင်း၊ ကျရာလုပ်ငန်း၌ ကျွမ်းကျင်ခြင်းတို့ကိုလည်း ရည်ညွှန်းသည်။

**5 ဂဏန်းရစေသည့် ဆက်စပ်နေသော အခြေအနေအကြောင်းအရာများ**

5 - ဂဏန်းပိုင်ရှင်များသည် စိတ်ပိုင်းဆိုင်ရာအရ စိတ်ဓာတ်ခွန်အားကောင်းသူများဖြစ်ပြီး သင်ကြားနိုင်မှု အရည်အသွေးမြင့်မားသူများလည်း ဖြစ်သည်။ စကားပြောဆိုခြင်း၊ ဈေးကစားခြင်း၊ အရောင်းမြှင့်တင်ခြင်းတို့၌ ကျွမ်းကျင်မှုရှိကြသည်။ စူးစမ်းရှာဖွေစစ်ဆေးမှုများပြုလုပ်ခြင်း၊ အတွေ့အကြုံကောင်းများရရှိခြင်းတို့ဖြင့် ဘဝအား ပျော်ရွှင်စွာရှင်သန်ရပ်တည်တတ်သူများ ဖြစ်သည်။ ၎င်းပြင် 5-ဂဏန်းပိုင်ရှင်များသည် စိတ်လှုပ်ရှားရသည့် စွန့်စားမှုပါသောအလုပ်မျိုးစုံကို လုပ်ကိုင်လိုသူများလည်း ဖြစ်သည်။

| ငွေကြေးဥစ္စာပစ္စည်း | ဘဝ |
|---|---|
| Substance | Life |
| 132121535 | 3965 |
| 23/5 | 23/5 |

5-ဂဏန်းပိုင်ရှင်သည် အနားမနေတတ်သူပီပီ အမြဲတစေသိလိုစိတ်၊ စူးစမ်းလိုစိတ်များဖြင့် အလုပ်ရှုပ်နေတတ်သူ ဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် ပတ်သက်သမျှ အရာရာလေ့လာစူးစမ်း၍ အဖြေရှာလေ့ရှိသည်။

**အာရုံစူးစိုက်မှု**

အသက်အပိုင်းအခြားတစ်ခုတွင် တည်ငြိမ်မှုကိုရလိုစိတ်ရှိသည်။

**ခြောက် (6)**

အာရုံ (၆) ပါးနှင့် ထိုးထွင်းဉာဏ်ကောင်းခြင်းကို ရည်ညွှန်းသော ဂဏန်း

**4 ဂဏန်းရစေသည့် ဆက်စပ်နေသော အခြေအနေအကြောင်းအရာများ**

| ရှာဖွေခြင်း | အလုပ်လုပ်ခြင်း | စိတ်ရှည်သည်းခံခြင်း | အလားလာကောင်းများ |
|---|---|---|---|
| SEEK | WORK | PATIENT | POTENTIAL |
| 1552 | 5692 | 7129552 | 762552913 |
| 13/4 | 22/4 | 31/4 | 40/4 |

**5 ဂဏန်းရစေသည့် ဆက်စပ်နေသော အခြေအနေအကြောင်းအရာများ**

| သုတေသနပြုလုပ်ခြင်း | စူးစမ်းလေ့လာတတ်ခြင်း | သင်ယူတတ်မြောက်ခြင်း | အတွေ့အကြုံ | ပျော်ရွှင်မှုရရှိခြင်း |
|---|---|---|---|---|
| Research | Explorer | Learn | Experience | Joy |
| 95151938 | 56736959 | 35195 | 5675995535 | 167 |
| 41/5 | 50/5 | 23/5 | 59/5 | 14/5 |

www.burmeseclassic.com

ဖြစ်သည်။ ၎င်းအပြင် 6-ဂဏန်းသည် အနုပညာရပ်အပေါ် စိတ်ဝင်စားခြင်း၊ ချစ်ခြင်းမေတ္တာထားခြင်း၊ ငြိမ်းချမ်းခြင်း၊ သဟဇာတဖြစ်ခြင်းတို့အပေါ် ကိုယ်စားပြုသည်။ 6-ဂဏန်းပိုင်ရှင်တို့သည် မည်သည့်အသက်မွေးဝမ်းကျောင်းအလုပ်တွင်မဆို ကောင်းမွန် ကျွမ်းကျင်စွာ လုပ်ကိုင်တတ်သည်။ တရားမျှတမှုကိုလိုလားပြီး တစ်ဖက်သားအပေါ် နားလည်ပေးတတ်သူ၊ သနားကြင်နာတတ်သူဖြစ်ကြောင်း ရည်ညွှန်းသည်။

**6 ဂဏန်းရရှိစေသည့် ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာများ**

| သစ္စာရှိခြင်း | တရားမျှတခြင်း | နားလည်မှု | သနားကြင်နာစိတ်ရှိခြင်း |
|---|---|---|---|
| Truth | Justice | Understanding | Compassionate |
| 29328 | 1312935 | 3545912154957 | 3647111965125 |
| 24/6 | 24/6 | 60/6 | 51/6 |

6-ဂဏန်းပိုင်ရှင်တို့သည် သဘာဝမိခင်ကမ္ဘာမြေကြီးနှင့် ရေမြေတောတောင်သဘာဝတို့အား အလှတရားတစ်ခုအဖြစ် အမြတ်တနိုးတန်ဖိုးထားတတ်ကြသည်။ 6-ဂဏန်းပိုင်ရှင်များသည် အများအားဖြင့်ပျော်ပျော်နေတတ်ကြပြီး အနုပညာအပေါ် စျာန်ဝင်စားတတ်ကြသည်။

| ပန်းချီအနုပညာရှင် | စကားလုံး |
|---|---|
| Artist | Word |
| 192912 | 5694 |
| 24/6 | 24/6 |

6-ဂဏန်းသည် လူသားချင်းစာနာထောက်ထားခြင်း၊ မေတ္တာထားတတ်ခြင်း၊ အတွေးအခေါ်ရှိခြင်းတို့ကို ကိုယ်စားပြုသည်။

ကိုယ်ကျိုးစွန့်အနစ်နာခံခြင်းသည် 6-ဂဏန်းပိုင်ရှင်၏ ဂုဏ်ပုဒ်တစ်ခုဖြစ်သော်လည်း မျှတမှုရှိစေရန် လိုအပ်သည်။

**6ဂဏန်းနှင့်ပတ်သက်သောအမြင်**

လူအများအား ဆင်းရဲဒုက္ခတွင်းမှ ကယ်တင်တတ်သည့် သခင်ယေရှုကဲ့သို့သော အရည်အသွေးများပါရှိသူဖြစ်သည်။

**ခုနှစ် (7)**

7-ဂဏန်းသည် ကျွန်ုပ်တို့ခန္ဓာကိုယ်အတွင်းရှိ ဆဲလ်များ၏ အရည်အသွေးကို ရည်ညွှန်းသည်။ ကျွန်ုပ်တို့၏ စဉ်းစားတွေးခေါ် ဆုံးဖြတ်ချက်များအတွက် ရုပ်ခန္ဓာက များစွာထောက်ပံ့ပေးသည်။

၎င်းပြင် 7 သည် ဘဝတစ်သက်တာခြေလှမ်းများကို ကိုယ်စားပြုသည်။

**7 ဂဏန်းရစေသည့် ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာများ**

| ဘုန်းတော်ကြီး | တမန်တော် | နှလုံးသား | မိမိကိုယ်မိမိ စွန့်လွှတ်အနစ်နာခံခြင်း | ကျေ |
|---|---|---|---|---|
| Clergy | Apostle | Heart | Self-Sacrifice | GR |
| 335977 | 1761235 | 85192 | 1536113996935 | 79 |
| 34/7 | 25/7 | 25/7 | 61/7 | 25 |

**7 ဂဏန်းနှင့်ပတ်သက်သော လျှို့ဝှက်နက်နဲသည့်အဓိပ္ပာယ်များ**

၁။ ရုပ်ပိုင်းဆိုင်ရာ အခြေခံသဘောတရားကို ရည်ညွှန်းသည်။
၂။ အခြေခံအားဖြင့် ဆက်စပ်ပတ်သက်နေသော အခြေအနေများကိုဖော်ပြသည်။
၃။ အရာရာရပ်တန့်ခြင်းမရှိ အမြဲရွေ့လျား ပြောင်းလဲတတ်သည့်သဘောကို ရည်ညွှန်းသည်။
၄။ အရာရာ နှစ်ခု တစ်စုံ ဒွန်တွဲနေသည့်သဘောကို ရည်ညွှန်းသည်။
၅။ အရာရာ ဟန်ချက်ညီစေသည့်သဘောကို ရည်ညွှန်းသည်။
၆။ အကြောင်းအကျိုး အခြေခံသဘောတရားကိုရည်ညွှန်းသည်။ တစ်ခုသော အကြောင်းကြောင့် တစ်ခုသောအကျိုးကိုရရှိကြောင်း ဖော်ပြသည်။
၇။ ဖို မသဘာဝတို့၏ အခြေခံသဘောကို ရည်ညွှန်းသည်။

7-ဂဏန်းပိုင်ရှင်များသည် အများအားဖြင့် စိတ်အားထက်သန်ပြီး စိတ်ခံစားမှုလွယ်သူများဖြစ်သည်။ တစ်ခါတစ်ရံ နားလည်မှုလွဲတတ်ကြသည်။

**ရှစ် (8)**

8-ဂဏန်းသည် လူအဖြစ်ဝင်စားခြင်းသဘောကို ရည်ညွှန်းသည်။

8- ဂဏန်းပိုင်ရှင်များသည် ရည်မှန်းချက်ပန်းတိုင်ဆီသို့ ရောက်အောင်ကြိုးစားကြသူများလည်း ဖြစ်သည်။

၎င်းပြင် 8-ဂဏန်းသည် အောင်မြင်ခြင်း၊ ကြီးပွားချမ်းသာခြင်းသဘောကို ရည်ညွှန်းသည်။ အဆိုပါဂဏန်းပိုင်ရှင် များသည် တာဝန်ယူတတ်သည့် လုပ်သားကောင်းများလည်း ဖြစ်သည်။

**8 ဂဏန်းရရှိစေသည့် ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာ**

8-ဂဏန်းပိုင်ရှင်များသည် မည်သည့်အလုပ်တွင်မဆို ထိပ်တန်းရောက်သည်အထိ စွမ်းဆောင်နိုင်ကြသည်။ ငွေကြေးပမာဏ မြောက်မြားစွာဖြင့်လုပ်ရသည့်လုပ်ငန်းကြီးများ၌ အဆင်ပြေချောမွေ့စွာကိုင်တွယ်ဆောင်ရွက်နိုင်ကြသည်။

လူ့ဘဝတစ်သက်တာအတွင်း အခြေအနေ၊ အဆင့်အတန်းတစ်စထက်တစ်စ မြင့်မားလာစေရန်နှင့် ဩဇာ

| ရည်မှန်းချက် | အောင်မြင်ခြင်း | ကြီးပွားချမ်းသာခြင်း | တာဝန်ယူတတ်ခြင်း | ယုံကြည် |
|---|---|---|---|---|
| GOAL | Success | Prosperity | Responsible | Tr |
| 7613 | 1333511 | 7961759927 | 95176519235 | 29 |
| 17/8 | 17/8 | 62/8 | 53/8 | 17/ |

**8 ဂဏန်းရရှိစေသည့် ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာ**

| ခေါင်းဆောင်နိုင်စွမ်းရှိသူ | ယုံကြည်မှု | မျှော်လင့်ချက် | ကျွမ်းကျင်မှုရှိခြင်း | ဘုရ |
|---|---|---|---|---|
| MOSES | FAITH | HOPE | ADEPTSHIP | G |
| 46151 | 61928 | 8675 | 145721897 | 7 |
| 17/8 | 26/8 | 26/8 | 44/8 | 17/ |



www.burmeseclassic.com

www.burmeseclassic.com

[..]အကာထက်မြက်စေရန် ကြိုးစားဆောင်ရွက်နိုင်ကြသူများလည်း ဖြစ်သည်။

**8 ဂဏန်းရရှိစေသည့် ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာ**

Mose သည် ဦးဆောင်နိုင်စွမ်းနှင့် [..]မ်းရည်ကောင်းများ ပိုင်ဆိုင်ထားသူ[..]အား ရည်ညွှန်းသည်။ 8 ဂဏန်းပိုင်ရှင်[..]များသည် ယုံကြည်ချက်နှင့် မျှော်လင့်[..]ချက်ကြီးသူများဖြစ်ပြီး တစ်သက်တာအတွင်း ဝိညာဉ်- လိပ်ပြာခရီးလမ်းကြောင်း၌ အကောင်းဆုံးဖြစ်စေလိုကြသည်။

**[..]ဒိုး (9)**

9-ဂဏန်းပိုင်ရှင်တစ်ဦးချင်းအလိုက် [..]တစ်ဖက်သားအပေါ် ဝန်ဆောင်မှုပေးခြင်း၊ အားပေး-ကူညီခြင်းလုပ်တတ်ကြသည်။ အများအားဖြင့် အဆိုပါ ဂဏန်းပိုင်ရှင်သည် ရဲဘော်ရဲဘက်စိတ်ရှိပြီး ကိုယ်ပိုင်အရည်အသွေးများအား အစွမ်းကုန် အသုံးချတတ်သူများလည်း ဖြစ်သည်။

ၔင်းပြင် 9-ဂဏန်းပိုင်ရှင်များသည် စိတ်ရှည်သည်းခံတတ်ခြင်း၊ နားလည်[..]ခွင့်လွှတ်ခြင်းတို့ဖြင့် တစ်ဖက်သားအား စိတ်ဓာတ်ခွန်အား ဖြည့်စွမ်းပေးတတ်သည်။

**9 ဂဏန်းရစေသည့် ဆက်စပ်ပတ်သက်နေသော အခြေအနေအကြောင်းအရာများ**

9-ဂဏန်းအစိပ္ပာယ်အားထင်ဟပ်စေသည်။

| လူသားချင်းစာနာထောက်ထားသူ | |
|---|---|
| The | HumaniTarian |
| 285 | 834159219915 |
| | 72/9 |

လူသားတို့၏ အမည် (သို့) မွေးသက္ကရာဇ်ပါ ကိုယ်စားပြုကိန်းဂဏန်းများအား ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းခြင်းဖြင့်ရရှိသော 9-ဂဏန်းသည် အတိတ်တစ်ချိန်က သင်ယူရရှိခဲ့သည့် အတွေ့အကြုံနှင့် ပညာရပ်များအား ကိုယ်စားပြုထားသည်။

**၉ ဂဏန်းအတွက် မျှော်လင့်ချက်**

နောက်ထပ်သော အစီအစဉ်သစ်များအတွက် ခိုင်မာသော အုတ်မြစ်ချနိုင်ခြင်း၊ နောက်ထပ်တိုးတက်မြင့်မားမှုများအတွက် ကြိုတင်အားထုတ်ခြင်း။

**အပိုင်း (၇)**

**ပြောင်းလဲခြင်းပြအမှတ် (သို့) 10 ဟူသော ကိန်းဂဏန်း**

0-ပါသော 1-ဂဏန်း (သို့) 10-ဂဏန်းသည် ဂဏန်းတစ်လုံးတည်းရအောင် ပေါင်းခြင်းမပြုမီ ပထမဆုံးပေါင်းခြင်းဂဏန်း ဖြစ်သည်။ မည်သူမဆို အမည် (သို့) မွေးနေ့ကိုယ်စားပြုဂဏန်းများအား ပေါင်းခြင်းဖြင့် 10-

| [..]တွင်းမှ [..]နေ | သိရှိခြင်း | စဉ်းစားခြင်း | ကူညီထောက်ပံ့ခြင်း | နှိမ့်ချခြင်း |
|---|---|---|---|---|
| [..]ER | KNOWING | THOUGHT | SERVICE | HUMILITY |
| [..]559 | 2565957 | 2863782 | 1594935 | 83493927 |
| [..]/2 | | 36/9 | 36/9 | 45/9 |


**9 ဂဏန်း၏ စိတ်ပိုင်းဆိုင်ရာအခြေအနေ[..] စကားလုံးများ**

| [..]ခြင်းမှသနားကြင်နာစိတ်ရှိခြင်း | မဖောက်ပြန်ခြင်း | တစ်ခုလုံး | ချစ်ခြင်းမေတ္တာ |
|---|---|---|---|
| [..]ssion To Compassion | Fidelity | WHOLE | Love |
| [..]11965 26 3647111965 | 69453927 | 58635 | 3645 |
| [..]/2 | 45/9 | 27/9 | 18/9 |

9-ဂဏန်းသည် ထူးချွန်သောပညာ[..]ရေးအခြေအနေ၊ သိပ္ပံနယ်ပယ်တို့ကို [..]ရည်ညွှန်းသည်။ ၎င်းအပြင် တက္ကသိုလ်[..]ညာရေး၊ အချစ်ရေး၊ နားလည်မှု[..]ရှိသောဝေါဟာရများအား ကိုယ်စားပြုသည်။

ဂဏန်းရရှိပါက ရည်မှန်းချက်အတိုင်း အောင်မြင်စွာရယူနိုင်ခြင်းနှင့် အောင်မြင်မှုအားဆက်လက်ထိန်းသိမ်းထားနိုင်ခြင်းသဘောကို ရည်ညွှန်းသည်။

အောင်မြင်မှုတစ်ခုရစေရန်အတွက် 10-ဂဏန်းရစေသော အောက်ပါအခြေ




**ပြောင်းလဲခြင်းပြအမှတ်နေရာတွင် ရှိနေသည့် 1 နှင့် 0 ပေါင်းစပ်နေသော 10 ဂဏန်း**

| တက်ကြွစွာလှုပ်ရှားမှု (သို့) သက်ဝင်မှု | အောင်မြင်ခြင်း သရဖူ | လူသား |
|---|---|---|
| Vitality | Crown | MAN |
| 49213927 | 39655 | 415 |
| 37/10 | 28/10 | 10 |

အနေ (၃) ရပ် လိုအပ်သည်။

10-ဂဏန်းသည် ဘဝတစ်သက်တာအတွင်း ပြောင်းလဲခြင်းအခြေအနေအမျိုးမျိုးကို ရည်ညွှန်းသည်။

၎င်းအပြင် 10-ဂဏန်းသည် ဦးဆောင်နိုင်စွမ်းရှိခြင်း၊ တရားမျှတခြင်း၊ စကြဝဠာနှင့်ဘုရားသခင်အလိုအတိုင်း လိုက်နာခြင်း၊ ခိုင်မာစွာဆုံးဖြတ်ခြင်းရှိသူများကို ကိုယ်စားပြုသည်။

**10 ဂဏန်းနှင့် အခြားဂဏန်းဆက်စပ်ပတ်သက်နေသောအခြေအနေအကြောင်းအရာ**

| ဖြစ်ပေါ်သည့် | တောက်ပခြင်း | အလင်းရောင် အကြောင်းရင်းခံ |
|---|---|---|
| Arise | Shine | Light |
| 19915 | 18955 | 39782 |
| 25/7 | 28/10 | 29/11 |

အထက်ပါ ဖော်ပြချက်အရ 7-ဂဏန်းသည် အသက်ဝိညာဉ်၏ တိုးတက်မှုအဆင့်ဆင့်ကို ဖော်ပြသည်။

10-ဂဏန်းအနေဖြင့် ပြောင်းလဲနိုင်သည့် အခြေအနေအမျိုးမျိုးကို ရည်ညွှန်းသည်။

11-ဂဏန်းကမူ ဘဝအခြေအနေအရပ်ရပ်အား နိုင်နင်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်သူဖြစ်ကြောင်း ဖော်ပြသည်။


10-ဂဏန်းသည် ဘဝတစ်သက်တာအတွင်း အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုဖြစ်စဉ်များကြောင့် 'သေခြင်း' သို့ မရောက်ဘဲဘုရားသခင်အလိုတော်အရ ထာဝရအသက်ပိုင်ဆိုင်သူဖြစ်လာမည့် အခြေအနေကို ကိုယ်စားပြုသည်။

ကိုနေဝင်း




www.burmeseclassic.com

www.burmeseclassic.com




(သာယနစနစ်ဇာတာခွင်)




(နိယာနစနစ်ဇာတာခွင်)

## ပြည်မြန်မာ၏ ၂၀၁၅ ခုနှစ်၊ တူရာသီပြောင်း

# မန္တိုင်းဇာတာဟောကိန်း

### မင်းရှိန်အောင်

၁၈-၁၀-၂၀၁၅ ရက်နေ့ နံနက် ား၀ား၃၉နာရီအချိန်တွင် တနင်္ဂနွေဂြိုဟ်သည် တူရာသီသို့ကူးပြောင်းဝင်ရောက်သောအခါ၌ ဥဒယလဂ်သည် သာယနစနစ်ဇာတာခွင်၌ သိဟ်ရာသီ ၁၃˚ ၅၆' တွင် ထွက်ပေါ်လျက်၊ နိယာနစနစ်ဇာတာခွင်မှာ ကရကဋ်ရာသီ ၁၉˚ ၅၈' ဝယ် ပေါ်ထွက်လျက်ရှိသည်။ ဤတူရာသီပြောင်းဇာတာခွင်ကို တူရာသီ စူဠသင်္ကြန်ဇာတာခွင်ဟုလည်းခေါ်သည်။

ဤဇာတာခွင်၏ ထူးခြားချက်မှာ အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့သည် (၀˚) အတွင်း ပူးထပ်နေလျက် သောကြာဂြိုဟ်သည် နက်ပကျွန်းဂြိုဟ်နှင့် (၁၈၀˚)ဖြင့် ဝိသမမြင်ကာ တနင်္ဂနွေဂြိုဟ်ဖြင့် ဂြိုဟ်ပြိုင်ဖြစ်နေကြသည်။ ရာဟုဂြိုဟ်နှင့် ဗုဒ္ဓဟူးဂြိုဟ်တို့သည် (၆˚) အတွင်းပူးယှဉ်ကာ သောကြာဂြိုဟ်သည် အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်တို့နှင့် (၇˚) အတွင်းပူးယှဉ်နေကြသည်။ သောကြာဂြိုဟ်သည် စနေဂြိုဟ်ကို (၉၀˚)၊ စနေဂြိုဟ်သည် နက်ပကျွန်းဂြိုဟ်ကို (၉၀˚) မြင်ထားသည်။ ဗုဒ္ဓဟူးဂြိုဟ်သည် ပလူတိုဂြိုဟ်ကို(၉၀˚)၊ ပလူတိုဂြိုဟ်သည် ယူရေးနပ်ဂြိုဟ်ကို (၉၀˚)မြင်ထားသည်။ သောကြာဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၂၀˚)၊ အင်္ဂါဂြိုဟ်၊ ကြာသပတေးဂြိုဟ်က ပလူတိုဂြိုဟ်ကို (၁၂၀˚)အမြင့် မြင်ထားသည်။

အားလုံးကိုခြုံ၍ ကောက်ချက်ချရလျှင် အစိုးရဆိုင်ရာ၊ လွှတ်တော်ဆိုင်ရာတို့၌ မထင်မှတ်သောပြုပြင်ပြောင်းလဲမှုများဖြစ်ပေါ်မည်။ ရွေးချယ်တင်မြှောက်ပွဲသက်ဝင်လှုပ်ရှားမည်။ ၎င်းတို့နှင့်စပ်လျဉ်း၍ အငြင်းပွားရမှု၊ ဝိရောဓိဖြစ်မှု၊ ပဋိပက္ခဖြစ်မှုများရှိမည်။ ကာကွယ်ရေးဆိုင်ရာတို့နှင့် ယှက်နွယ်နေလျှင် ပိုမိုတင်းမာမှုများရှိမည်။ အကြီးအကဲတချို့ သိက္ခာသမ္မာထိခိုက်ပွတ်တိုက်ခံရမှုများရှိမည်။ အတိုက်အခံများ၊ တိုင်းရင်းသားများအတွက် ကံကောင်းသလိုရှိမည်။

သံတမန်ဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာစွက်ဖက်မှု၊ ထိုးနှက်မှု၊ ဖိအားပေးမှုများရှိမည်။ နယ်စပ်လုံခြုံရေးနှင့်ဆက်နွယ်နေသော၊ တစ်ဖက်နိုင်ငံနှင့်ဆက်နွယ်နေသော၊ ရွှေ့ပြောင်းအလုပ်သမားများနှင့်ဆက်နွယ်နေသော၊ ရွှေ့ပြောင်းနေထိုင်သူများနှင့် ဆက်နွယ်နေသောဒုက္ခသည်များ၊ NGO အဖွဲ့များနှင့်ဆက်နွယ်နေသော၊ တိုင်းရင်းသားဒေသနှင့်ဆက်နွယ်နေသော စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ ငြိမ်းချမ်းရေး ပဋိပက္ခအရေး၊ တိုးတက်ဖွံ့ဖြိုးရေး စသည်တို့၌ ရှင်းလက်စမကုန်နိုင်ဖြစ်နေမည် သို့မဟုတ် သခွတ်ပင်တမီးတကျည်ကျည်ဖြုနေလိမ့်မည်။

ဘဏ်လုပ်ငန်း၊ စတော့ရှယ်ယာလုပ်ငန်း၊ ငွေကြေးဈေးကွက်လုပ်ငန်း၊ ဘဏ္ဍာငွေကြေးစီမံခန့်ခွဲရေးလုပ်ငန်းတို့၌ဖြစ်နေသောပြဿနာပိုမိုကြီးထွားလာတတ် သို့မဟုတ် ပြဿနာသစ်တချို့ထဖြစ်တတ်မည်။ အထူးသဖြင့် အခွန်အကောက်ကိစ္စ၊ ချေးငွေကိစ္စ၊ အာမခံကြေးကိစ္စ၊ စတော့ရှယ်ယာကိစ္စ၊ ငွေကြေးဈေးကွက်ကိစ္စ၊ ကုန်သွယ်ရေးကိစ္စတို့၌ မရိုးဖြောင့်မှုများ၊ တရားမဝင်မှုပြုမူဆောင်ရွက်ချက်များကြောင့် အကျယ်ကျယ်မငြိမ်းဖွယ်ဖြစ်တတ်မည်။

သယ်ယူပို့ဆောင်ရေးဆိုင်ရာ၊ ဆက်သွယ်ရေးဆိုင်ရာ၊ တယ်လီဖုန်းနှင့် အင်တာနက်ဆိုင်ရာတို့၌ ညှိနှိုင်းဖြေရှင်းမရနိုင်မှုများကို သိသိသာသာတွေ့လာရမည်။ အနုပညာလောက၊ စာနယ်ဇင်း



www.burmeseclassic.com

www.burmeseclassic.com

# ဝက်များသန့်ချသည့်နည်း

၂၀၁၄၊ ဒီဇင်ဘာရောက်သည်နှင့် စာရေးသူအား အသိမိတ်ဆွေများမှ အလည်ခေါ်သဖြင့် ရွာ၏ အရှေ့ (၁၀) မိုင်ကျော်ဝေးသော ဆင်ချောင်းတောကျက်သို့ အလည်ရောက်ခဲ့မိ၏။

နန့်ကသဲမြစ်နှင့် မြစ်သာမြစ်အား ဖြတ်ကူး၍ တောင်တစ်လုံးကျော်လိုက်သွင် တောတိုက်သို့ရောက်၏။ မြစ်ရေ ...ချိန်ဖြစ်၍ စက်လှေမပို့တော့ပေ။ လူ ...တ် ခြေကျင်ဖြင့် ခါးလောက်ရှိသော နေရာမှ ကူးရ၏။ ဤခရီးသည် နေ့တစ် ...က်ခရီးမျှကြာ၏။ ဆင်ချောင်းထဲတွင် ...ဘေးဝဲ၊ ယာတောများ ခုတ်ထွင်၍ တောင်ယာလုပ်ကိုင်စားသောက်ကြသော မိသားစု (၁၅) ဦးခန့်ရှိ၏။

မိတ်ဆွေတဲရှင်တွင် (၁) ပေခန့်ရှိသော ခေါက်ဗီဒီယိုလေးရှိ၍ အနီးအနား ...မိသားစုများသည် ညနေစောင်းမှောင် ...ပြီးလျှင် အလျိုလျိုပေါ်လာကြ၏။ ...င်လျှင် ဇာတ်ကားပြပေး၏။ ည (၁၂) နာရီအထိ ကြည့်နိုင်ကြ၍ စာရေးသူပင် ...ညြမိပါ၏။ တချို့ဆိုလျှင် မိမိတဲနှင့် ...မိုင်ခန့်ဝေးသောနေရာမှပင် မပင် ...မနင်း လာကြည့်ကြ၏။ ညနက်လွန်း၍ ...တို့တဲမပြန်သူများလည်းရှိသေးသည်။ ...ထဲတွင်အိပ်၊ မနက်ပိုင်း အဆာပြေ ...မင်းစားပြီးမှပြန်သူက နေ့စဉ်လိုလိုပင်။ ...တို့ဘဝနှင့်သူတို့တော့ ကျေနပ်နေကြ ...၏။

နောက်နေ့ ညနေစောင်းတွင် အသက် (၃၀) ခန့် လူငယ်ကောင်လေး ...စ်ယောက်သည် တဲသို့ အလည်လာ ...ာ စာရေးသူနှင့် စကားလက်ဆုံပြောမိ ...ကြ၏။ စကားပြောကြရင်း သင်္ဘောသီး အကြောင်းပြောရာမှ လူငယ်လေးသည် ဆေးမြီးတိုလေးတစ်ပုဒ်ပြောပြလာ၏။

"သင်္ဘောသီးက ဆေးအသုံးတည့်တယ်ဗျ အုံးလေး"

ဧည့်သည်ကောင်ကလေးသည် စာရေးသူ၏နာမည်မသိသေး၍ အုံးလေးဟု သုံးနှုန်းခြင်းဖြစ်၏။

"အေး - ဟုတ်တယ်၊ မနက်သင်္ဘောညှင့်ကျက်ပျော့လို့တောင်တင်စားကြတာပဲ"

"ဟုတ်တယ် အုံးလေး၊ ဝက်တွေသန်ရှိရင် သင်္ဘောသီးက အသေနိုင်တယ်"

ကောင်လေး၏စကားအား စာရေးသူ စိတ်ဝင်တစားရှိလှ၍မေးလိုက်မိ၏။

"ဟုတ်ကဲ့လား ကောင်လေးရ၊ လုပ်စမ်းပါဦး၊ မင့်ဆေးနည်းလေးက"

"အုံးလေးသိအောင် ကျွန်တော်ပြောပြမယ်၊ ကျွန်တော့်ဝက်တွေကို တစ်လတစ်ကြိမ်လောက် သန်ချတယ်၊ ဝက်တွေဖြစ်သလားမမေးနဲ့၊ အားလည်းရှိတယ်၊ လုံးဝပိန်မသွားဘူး၊ ဆေးကသင်္ဘောသီးစိမ်းကိုနုပ်နုပ်စဉ်းပြုတ်လိုက်၊ ကျက်ရင်အအေးခံပြီးဝအောင်သာကျွေးလိုက်၊ ဒီနေ့ကျွေးရင် မနက်ဆို သန်ကျပြီ၊ လက်တွေ့ပဲ"

ကောင်လေး၏ စကားအား မထောက်ခံ၍မရ၊ သိလိုတာမေးရပြန်၏။

"မောင့်နည်းကကောင်းလိုက်တာဗျာ၊ နို့ - သင်္ဘောသီးက အခွံနွာရဦးမှာလား၊ အစေ့တွေကောပါသေးလားဗျ"

"အခွံမနွာရဘူး၊ အစေ့တွေမပါဘူး၊ နူးအိအောင်ပြုတ်ကျွေးရုံပဲ"

စာရေးသူမှာ ကောင်လေး၏ဆေးနည်းအား သဘောကျ၍ ပြုံးပြုံးရွှင်လျက် ခေါင်းတညိတ်ညိတ်ရှိနေစဉ်မှာ တဲရှင်မကြည်အေးသည် စာရေးသူတို့၏ စကားအားကြားသွားကာ အနီးသို့လာ၍ ကောင်လေးအား မေးပြန်ပါသည်။

"ဟဲ့ - ဝက်သန်ချတာသင်္ဘောသီးပြုတ်ကျွေးရင်ရသလား"

ကောင်လေးမှ မဆိုင်းမတွ ဖြေလိုက်ပါ၏။

"ရတာပေါ့၊ အခု ဒီအကြောင်းပြောနေကြတာပဲ"

"ဒါဆို ငါ့ဝက်နှစ်ကောင်လည်း သန်ချကြည့်မယ်"

"ချဗျာ၊ ဒီနေ့ကျွေးရင် မနက်ဆိုသန်ကျတယ်"

မကြည်အေးသည် ပြောပြောဆိုဆို တဲနံဘေးရှိ သင်္ဘောပင်မှ အစိမ်းသီး (၇) လုံးခန့်အား ဝါးဖြင့်ထိုးချကာ ခွဲ၍ အစေ့များဖယ်ကာ ဓားနှင့်နုပ်နုပ်စဉ်းလျက် မြေအိုးနှင့် ပြုတ်လိုက်ပါ၏။ ည (၈) နာရီခန့်တွင် အအေးခံထားသော သင်္ဘောသီးပြုတ်များအား ဝက်နှစ်ကောင်မျှ၍ကျွေးလိုက်၏။

နောက်နေ့ မနက်ပိုင်း (၁၀) နာရီခန့်တွင် မကြည်အေး၏ယောကျ်ားသည် တဲအောက်တွင် ချည်ထားသော ဝက်နှစ်ကောင်၏ဖင်မှ တန်းလန်းကျနေသော သန်ကောင်များအား လက်နှင့်ဆွဲ၍ နှုတ်နေတော့၏။ ထိုနေ့တစ်နေ့လုံး နာရီခြား၍ သန်ကောင်များကျနေသည်မှာအံ့ဩစရာကောင်းလှတော့၏။ ကျွေးသည့်အခါ ကျွေးနေကျအစာနှင့် ရောမကျွေးပါ။ သီးသန့်ကျွေးရပါမည်။

စိုးမင်း (မြောက်ဥက္ကလာ)

---

...တ၊ မီဒီယာလောကတို့နှင့်ဆက် ...ယ်၍သဘောထားကွဲပြားမှု၊ စောဒက ...က်မှုများရှိတတ်သလို ကောလာဟလ ...တင်းစုံထွက်ပေါ်မှု၊ တရားစီရင်ဆိုင် ...ာ ဥပဒေရေးဆိုင်ရာဝေဖန်စောကြော ...များပြင်းထန်လာတတ်။ ၎င်းလောက ...နှင့် ဆက်နွယ်ထင်ရှားသော အမျိုး ...တစ်ဦးအတွက် စိတ်မကောင်းဖြစ် ...ရည်။

ကလေးသူငယ်၊ အမျိုးသမီးများ ...င်ဆက်နွယ်နေသော၊ မူးယစ်ဆေးဝါး ...ဆက်နွယ်နေသော ရာဇဝတ်မှုခင်း ...ထကြွလာမည်။ ပညာသင်လူငယ်များ၊ ၎င်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ ဘာသာရေးနှင့် နီးနွယ်နေသောအစုအဝေးများ၊ တက်ကြွလှုပ်ရှားမှုများ သည်းထန်လာသလို ၎င်းတို့နှင့် စပ်လျဉ်းနေသော တရားဥပဒေစီရင်ရေးသည်လည်း ပြင်းထန်စွာ ဝေဖန်မှုကိုခံနေရလိမ့်မည်။ ပညာရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ အပျော်အပါးဆိုင်ရာနေရာဌာနတို့၌ မတော်တဆထိခိုက်မှုများဖြစ်တတ်မည် သို့မဟုတ် လူစည်ကားရာ နေရာဌာနၵ္ဍ်စိုးရိမ်ရတတ်မည်။

အခြေခံလူတန်းစားတို့၏နေထိုင်ရေး၊ ကျန်းမာရေးကိစ္စများ၊ အလုပ်သမားတို့၏လုပ်ခလစာ၊ အလုပ်အချိန်ကိစ္စမဖြေရှင်းနိုင်သေးမှု၊ အငြင်းပွားရမှုများ ဆက်လက်ရှိနေဦးမည်။ အိမ်ယာမြေ၊ လယ်ယာမြေ၊ သစ်တောမြေ၊ သတ္တုတွင်းမြေနှင့် ပတ်သက်နေသော ပြဿနာများကို ရှင်းလင်းမှုအတော မသတ်နိုင်ရှိနေဦးမည်။

ရာသီဥတုမကောင်းသောကြောင့် စိုက်ပျိုးရေးလည်း သိပ်ကောင်းမည်မဟုတ်။ မိုးကြီးမှု၊ ရေကြီးမှု၊ မြေပြိုမှု၊ တွင်းပြိုမှုများ မကြာခဏဖြစ်မည်။ လေပြင်းမုန်တိုင်း၏ခြိမ်းခြောက်ခံရသလို မြေငလျင်ကိုလည်းသတိထားရမည်။

မင်းခိုင်အောင်



www.burmeseclassic.com

www.burmeseclassic.com

"တောက်-အတော်မိုက်တဲ့ကောင်၊ တစ်ယောက်တစ်ခြမ်းစီ အကိုက်လုပ်ထားတာ နှစ်ခြမ်းကြီးများထည့်စားပစ်ရတယ်လို့။ ကြည့်လည်းစားမှပေါ့၊ လူစားစားတာကောဟုတ်ရဲ့လားကွာ"

ပူပူနွေးနွေးသူ့သမက်အသစ်လေး တင်ထွန်းကို တဖျစ်တောက်တောက် ပြောနေသော ဦးရွှေအေးအသံ ဖြစ်၏။ ပုဆိုးခပ်စုတ်စုတ်တဗျစ်ဗျစ်ဆွဲဆုတ်နေသလို တမြည့်မြည့်နှင့်တအုံနွေးနွေးပြောနေလေ၏။

ဒေါ်ကြီးလှသည် ကြက်ဥပြုတ်နှစ်လုံးကို လေးခြမ်းခြမ်း၍ ခရမ်းချဉ်သီးဟင်းချက်ထားရာ တစ်ယောက်တစ်ခြမ်းဝေပုံကျအား ပဲတောင့်ပြုတ်အတို့အမြှုပ်နှင့်ထမင်းစားရန်ဖြစ်သည်။ ထိုသည်ကို သကောင့်သား တင်ထွန်းကား အရိပ်အခြည်မျှမသိ ဘုမသိဘမသိနှင့် နှစ်ခြမ်းထည့်စားကာ တောထဲနွားကျောင်းထွက်သွားချေသည်။ ရိပ်ကာသိကာမသိရှာသော ခမျာကွယ်ရာတွင် ဦးရွှေအေးက တတွတ်တွတ်ပြော၍မပြီးနိုင်ဘဲရှိနေ၏။

မန်ကျည်းပင်စုရွာတွင် နေထိုင်သော ဦးရွှေအေးနှင့် ဒေါ်ကြီးလှတို့တွင် ခင်မြတ်အေး ဟူသောသမီးတစ်ယောက်ရှိ၏။ သူမသည် လွန်ခဲ့သောလကမှ တင်ထွန်းနှင့် အိမ်ထောင်ရက်သားကျ၍ တင်ထွန်းက ခင်မြတ်အေးအိမ်ပါလာကာ တောင်သူဦးစီးပြီးလုပ်၏။

ဦးရွှေအေးကား စေ့စပ်သေချာခြိုးခြံချွေတာသောအကျင့်ရှိသည်။ စီးမှကပ်သည်ဟူသောစကားအမြဲပြောကြားလေ့ရှိရာတွင် သူ့ဇနီးနှင့်သမီးဖြစ်သူကိုလည်း -

"စီးပွားရေးဆိုတာ ရှာတတ်ဖို့ထက် ထိန်းသိမ်းတတ်ဖို့က ပိုပြီးအရေးကြီးတယ်။ ဥစ္စာဖြိုးစားဖို့ကတဲ့။ စီးတဲ့ရေဆည်တဲ့ကန်သင်းရှိမှ အဖတ်တင်တာ။ ငါပြောမယ်နားထောင်၊ ဟောလိုအထုပ်ကြီးကြီးမဖြစ်ခင် ထုတ်ထုတ်မပစ်ရဘူးကြားလား"

ဟူ၍ လက်နှင့်ဝိုင်းပြကာ အားပါးတရပြောပြလေ့ရှိသည်။

ဦးရွှေအေးသည် နွားတစ်ရှဉ်းလုပ်ရှိသော ထိန်ပင်ကန်လယ်ပွဲကိုပိုင်၏။ နို့စားနွားမကြီးသုံးလေးကောင်ကြိုးချည်မွေးကာ နို့ညှစ်ရောင်းပြီး လွှတ်ကျောင်းချိန်တွင် သူများနွားအုပ်ထဲကပ်ရပ်ထည့်၏။ နမော်နမဲ့ပျင်းတိပျင်းတွဲမနေခဲ့၍ ပွပင်ကြောင့်ကြကင်းကာ နေရေးစာရေးချောင်ချိပါသည်။

ကုသိုလ်ကောင်းမှုအရာတွင် နလပိန်းတုံးနေပြီး လုံးဝကြီးမလှူမတန်းဘူးတော့မဟုတ်။ သဒ္ဓါနှင့် ပညာကို ဟန်ချက်ညီအောင် စဉ်းစားပြီး ချင့်ချိန်၍လှူ၏။ ရပ်ထဲရွာထဲမှ တော်ရိလျော်ရိ အလှူခံ သူ့ဆီမသွားရဲ။ သဘောမတွေ့လျှင်မတွေ့သလို အားတုံ့အားနာမရှိ တုံးတိတိပြောချတတ်၏။

"ဘကြီးအေး၊ ကျွန်တော်တို့လူငယ်တွေ သိမ်တောင်ဘုရားပွဲမှာ အရုပ်သားပြဇာတ်လေးလုပ်ချင်လို့ဗျ။ အဲဒါ အလှူငွေထည့်ပါဦးလို့ အလှူခံကြတာပါ"

တစ်နေ့ ဇော်မင်းတို့ကာလသားတစ်သိုက် ကက်ဆက်သီချင်းဖွင့်၍ ငွေဖလားကြီးတကိုင်ကိုင်နှင့်ရွာထဲလျှောက်ပတ်ပြီး လှည့်လည်အလှူခံကြ၏။ အမြည်းမပါ ရေနွေးကြမ်းဗလာသောက်နေသော ဦးရွှေအေး၏အိမ်ရောက်လာကြ ခြင်း ဖြစ်၏။

"ဆိုင်းက ရွာက ကိုတင်လှိုင်တို့စခွန်း၊ ဗုံ၊ မောင်လေးနဲ့ရတယ်ထား မင်းသမီးနှစ်လက် မိတ္ထီလာသွားပြီးငှားရမှာဆိုတော့"

သူတို့ထဲမှ ထွန်းအိက ပြောပြန်၏။

"နေပါဦး၊ ပြဇာတ်မင်းသားလုပ်မယ့်ကောင်က ဘယ်သူတုံး"

ရေနွေးကြမ်းတစ်ခွက်ကို ဂွတ်ခနဲမြည်အောင်သောက်လိုက်ရင်း ဦးရွှေအေးကမေး၏။

"ဘကြီးအေး၊ ထွန်းဖဲလုပ်မှာလေ၊ ဒီကောင် သူ. . . သူ. . . သူလုပ်မှာ"

အလှူငွေအား ရက်ရက်ရောရော တည်တော့မည်အထင်နှင့် ပြဇာတ်မင်းသားလုပ်မည့် ထွန်းဖဲကို ဝိုင်းဝန်းပြီးရှေ့ ဆွဲထုတ်ပြ၊ လက်ညှိုးထိုးပြကြ



# အာကာသ (သာစည်)

## ရေနှင့်တူသောနက္ခ တစ်ဖန်ပြန်မရချင်

www.burmeseclassic.com

www.burmeseclassic.com



၏။ ထွန်းဖေကလည်း အလျှံရှင်မှန်း လူသိအောင် မဏ္ဍပ်တိုင်ဖက်၍တက်ပြသလို ရှေ့ဆုံးကိုတိုးဝှေ့ကာ ထွက်လာ၏။

"အဲလိုဆို ပြဇာတ်မင်းသားလုပ်တဲ့ ကောင်က မင်းသမီးလက်ကိုင်ရတာမျိုး မဟုတ်လား"

"ဟုတ်ထယ်လေ ဘကြီးအေးအတ်ဝင်ခန်းထဲ အဆင်ပြေရင် ဖက်ချင်ကောင်ဖက်လို့ရသေး"

ထွန်းဖေသည် ပြဇာတ်မင်းသားလုပ်မည့်ကောင်ဆိုပြီး ဟန်ပန်အပြည့်နှင့်ပြော၏။

"အေးလေ၊ မင်းသမီးလက် မင်းကိုင်ရတာ ငါကိုင်ရတာမှမဟုတ်ဘဲ။ ကိုင်မယ့်ကောင်ကမှုားမျှားထည့်ပေါ့ကွ။ ငါ့ကတော့ တစ်ပြားတစ်ချပ်တောင် မထည့်နိုင်ပေါင်"

ဟု ယဟိုပြတ်ပြောချလိုက်ရာ ကာလသားတစ်သိုက်လည်း ဘကြီးအေးအနားမှ တွန့်ဆုတ်တွန့်ဆုတ်နှင့် ခပ်ကုပ်ကုပ်ပြန်ရုပ်သွားကြလေကုန်၏။

တစ်နှစ်တွင် ဦးရွှေအေးတို့ မိသားစုသည် ရွာဦးသပြေသာကျောင်းတိုက်၌ ကထိန်ခင်းအလှူပွဲပြုလုပ်၏။ ပင့်သံဃာ တစ်ဆယ့်ငါးပါးအား ဆွမ်းခံဖွယ်ဘောဇဉ်များဆက်ကပ်၍ တရားနာ ဖိတ်ကြားသားသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းကိုလည်း ကျွေးမွေးဧည့်ခံသဖြင့် ဧည့်သည်များ အပြင်အပမချေ၏။

ရဟန်းသံဃာ ဘုန်းကြီးကျောင်းသား၊ လူပျိုပေါက်လူပ်ကူကိုင်ကူသူများ၏ သုံးရာကျော်ထား၏။ ဖိတ်ကြားထားသူတချို့က တစ်ယောက်တည်းမလာကြကလေးအငိုအကြီးကိုလက်ဆွဲပြီးပါလာသေး၏။ မဖိတ်မကြားဘဲ ပျော်အောင်ထိုးအချည်းနှီးဝင်စားသူများကလည်းရှိသေး၊ ကထိန်တရားပွဲ၌ တရား



www.burmeseclassic.com

www.burmeseclassic.com

နာနေချိန်တွင် ချက်ပြုတ်ရေးတာဝန်ကျသော ကျော်အောင်သည် ကျောင်းပေါ်သို့ ခပ်ယို့ယို့လေးတက်လာကာ ဦးရွှေအေးခါးအား အသာအယာသွားတို့၏။

"ဘာတုံးကွ၊ ကျော်အော်ရ"

"ထမင်းဟင်းပြတ်တော့မယ်ဗျ"

ကျော်အော်က ဦးရွှေအေးနားနားကပ်ပြီးလေသံခပ်တိုးတိုးနှင့်ပြော၏။

"အဲ့ဒါငါကဘာလုပ်ရမှာတုံး"

"ကျောင်းပေါ်တရားနာနေတဲ့လူတွေကျွေးဖို့ ဘယ်နှယ့်လုပ်မတုံး။ ထပ်ချက်ရဦးမှာလားလို့"

"ရော်-ကျော်အောင်ကလည်း၊ ငါဖိတ်တဲ့လူတွေအပြင် အပိုကျွေးဖို့တောင်ပါသေး။ မင်းတို့လောက်ငအောင်မကျွေးတတ်လို့မရှိတော့တာ ငါဘာတတ်နိုင်မှာတုံး၊ ကုန်ရင်ရပ်ထားလိုက်ပေါ့"

ဟု ပြောကာ တရားဆက်နာနေလေ၏။

ဦးရွှေအေးကား သူ့အာရုံပြတ်ထားသည်ထက် ပိုလာသောကိစ္စအားလက်မခံတတ်။ တရားနာပရိသတ်များလည်း တရားပြီးချိန်တွင် ထမင်းစားခေါ်နိုးနိုးနှင့် စောင့်စားနေကြရာ ကြာတော့ အလျှိုလျှိုထပြန်သွားကြကုန်၏။

လွန်ခဲ့သောနှစ် မိုးတွင်းကာလဖြစ်၏။ ရွာတောင်ဘက်တွင်ရှိသော လူကူးချောင်းတံတားသည် မိုးရေတိုက်စားပြီး ရေအားနှင့်မျောပါပျက်စီးသွားခဲ့၏။ မဖြစ်မနေ ဖြတ်ကူးသွားလာနေရသော တံတားလေးဖြစ်၍ အဆောတလျင်ပြန်လည်ပြုပြင်ရမည်ဖြစ်၏။ ရွာဥက္ကဋ္ဌဦးမောင်လှမှ တစ်အိမ်တစ်ယောက်ဆင့်ခေါ်ကာ တံတားပြန်လုပ်ဖို့ ကုန်ကျငွေအား တစ်အိမ်ထောင်ချင်းခွဲတမ်းချ၍ဖတ်ပြလျက်ရှိနေ၏။

ဦးရွှေအေး၏အမည်နှင့် တာဝန်ကျခွဲတမ်းငွေဖတ်ပြသည့်နေရာရောက်လာခိုက် -

"နေ. . . နေ. . နေပါဦး ဥက္ကဋ္ဌ"

ဟူ၍ ဦးအေးရွှေ လက်တစ်ဖက်ထောင်ပြပြီး လူအုပ်ကြားမှ ဆတ်ခနဲထရပ်လိုက်၏။ နဂိုကတည်းက လူစီးကပ်မအပ်မရာခွဲထားသော သူ့တာဝန်ကျငွေကိုများနေသဖြင့် လျှော့ပေးဖို့ပြောတော့မည်ဟုထင်ကာ အများတကာ၏မျက်စိများ သူ့ထံရောက်နေကြ၏။

"ကျပ်. . . ကျပ်ခွဲတမ်းကနည်းနေသေးတယ်ဗျ။ နည်းနည်းထပ်တိုးလိုက်ပါဦး"

ဟု ပြောကာ ပြန်ထိုင်သွား၏။ ထင်ကြေးမှားကာ ဦးရွှေအေးထံ အာရုံများနေကြသူတို့လည်း ဟင်းခနဲဖြစ်သွားကုန်ကြလေ၏။

ဦးရွှေအေးကား နေရာတိုင်းလိုလို ကတတ်တီးကတ်ဖွဲ့လုပ်ကာ လူ့လွယ်အိတ်လုပ်ပြီး နေနေတာတော့မဟုတ်။ ထည့်ထိုက်ထည့်သင့်သည်ထင်လျှင် မည်သူမည်ဝါမတိုက်တွန်းလည်းလက်နှေးခြင်းမရှိတတ်ဘဲ လျော်ကန်သင့်မြတ်စွာထည့်ဝင်လှူဒါန်းလေ့ရှိသည်။

တကယ်ဆိုတော့ ဦးရွှေအေးသည် ဟိုတုန်းက အတော်ကြီးဆင်းရဲကျပ်တည်းခဲ့ဖူး၏။ မွဲတေဆင်းရဲဝဲဂယက်ထဲရောက်ပြီဆိုမှဖြင့် မရှိခိုးနိုးနိုးထင်၍ မျက်နှာတစ်မျိုးထားတတ်ကြ၏။ လူလူချင်းပင်မဆိုထားနှင့် ကိုယ့်အိမ်ကခွေးတောင် လူလွဲပြီး သခင်ကိုပြန်ဟောင်တတ်သေး၏။

အဟုတ်တမ်းကျတော့ စားဝတ်နေရေးအတွက် မလုပ်ချင်တာလုပ်ရ၊ မသွားချင်တာသွားရ၊ မပြောချင်တာပြောရသဖြင့် အောက်ကျပြီး ဆင်းရဲလွန်းလှသည်။ ငရဲပြည်၊ ငရဲပြည်ဆိုပြီး လူတွေပြောသာပြောနေကြသော်လည်း တကယ်တမ်းကျတော့ ငရဲဒုက္ခကဝေးမှ မဝေးဘဲ။ ငရဲနှင့်တူသောဘဝကျင်လည်ခဲ့ရသော ဦးရွှေအေးကား ငရဲသို့တစ်ခေါက်ပြန်မရောက်ချင်တော့ပေ။

❑

မန်ကျည်းပင်စုရွာတွင် လှအောင်နာမည်တူတွေက တစ်ပုံတစ်ခေါင်းမျှရှိ၏။ အမည်နာမတူသူ ပေါများလွန်း၍ တံငါလှအောင်၊ ပိန်ရှည်လှအောင်၊ ပေါင်ကျိုးလှအောင် အစရှိသဖြင့် ရှေ့မှ နာမဝိသေသတပ်၍ခေါ်ကြရ၏။ သည်အထဲ မျက်ပြူလှအောင်တစ်ယောက်လည်း အပါအဝင်ဖြစ်လေ၏။

မှည့်လည်းမှည့်တတ်ပါပေသည်။ မျက်ပြူလှအောင်ဆိုသလောက် ပြူးပြူလိုက်သည့်မျက်စိကလည်း မပြောပါနှင့်တော့။ ပညတ်နှင့် လူနာမည်လိုက်ဖက်လှချေသည်။ ယင်းကိုလှအောင်ကား မမုန်းနှင့် အိမ်ထောင်ကျပြီး သားသမီးငါးယောက်ထွန်းပေါက်ခဲ့သည်။

ကိုလှအောင်နှင့် မမုန်းတို့သည် ကြုံရာကျပန်းအလုပ်သမားများဖြစ်ကြ၍ လက်လုပ်မှ ပါးစပ်လုပ်နိုင်သောဘဝမျိုးဖြစ်သည်။ သားသမီးများကိုလည်း တည်တည်ပပ ဟန်ကျပန်ကျ ကျောင်းမထားနိုင်။ ဘုန်းကြီးစာတစ်ဝက်တစ်ပျက်၊ တန်းကျောင်းက ကဖျက်ယဖျက်တက်သလိုနှင့်ပြီးကြရ၏။

အကြီးဆုံးကောင် ရွှေအေးက အိမ်တကာလှည့်ကာ သူရင်းငှားနေရသည်။ ရွှေအေးကား အလုပ်အကိုင်ကောင်းသည်။ တည်ကြည်ဖြောင့်မတ်သည်။ သူရင်းတိုင်ကွယ်ရာ ဟူ၍ ခိုကတ်မနေ။ လုပ်စရာမှန်သမျှ အစီအစဉ်တကျလုပ်သွားတတ်လေ့ရှိသည်။

ရွှေအေးကို အလုပ်ရှင်တိုင်းက စုံမက်ကြ၏။ လူအလုပ်ဝင်သောအိမ်မှန်သမျှက ပြန်အထွက်မခံဘဲ လက်မလွှတ်ကြတော့ပေ။ အထူးသဖြင့် ဦးစိန်ပိုင်၏အိမ်က နွေ၊ မိုး၊ ဆောင်းပတ်လုံးထွက်ရသည်မရှိ။ဦးစိန်ပိုင်လည်း အလုပ်အပေါ်စိတ်ချရသော ရွှေအေးအား တခြားအိမ်ပြောင်းရွှေ့သွားမည်စိုး၍ သူ့အမေ မမုန်းတောင်းသမျှ သူ့လုပ်ခအား ပိုကြိုပြီးပေးပေးထားလေသည်။

မန်ကျည်းပင်စုရွာတွင် ခြေခြေမြစ်မြစ်နေထိုင်ကြသော ဦးစိန်ပိုင်နှင့် ဒေါ်တောတို့သည် နွားနှစ်ရှဉ်းလုပ်တောင်သူကြီးများဖြစ်ကြ၍ လယ်ယာမြေမြောက်မြားစွာရှိပြီး နှစ်စဉ်လိုလိုသီးနှံစုံရရှိသည်။ ခင်မောင်သက် ဟူသောသားတစ်ယောက်သာရှိ၍ မိတ္ထီလာတက္ကသိုလ်တွင် အဝေးသင်ပထမနှစ်တက်လျက်ရှိနေသည်။

ကျောင်းဖွင့်ရက်မဟုတ်သောနေ့ရက်များတွင် ခင်မောင်သက်သည် သူရင်းငှားရွှေအေးနှင့်တွဲ၍ နွားတစ်ရှဉ်းဖြင့် တောင်သူအလုပ်ကူညီလုပ်၏။ တစ်ဦးတည်းသောသား မိတဆိုး၊ ဖတဆိုးလေး ခင်မောင်သက်ကား ကျောင်းသားယောင်ယောင် ယောင်သုံးဆယ်နှင့် ဟုတ်တိပတ်တိ အလုပ်မလုပ်ချင်ပေ။ နွားနှစ်ရှဉ်းကလန်ကလားတဖားဖားနှင့် ရွှေအေးတစ်ယောက်တည်းသာ ဒိုင်ခံလုပ်ရလေသည်။

မီးဖိုချောင်တွင် ကူဖော်လောင်ဖက်အဖြစ်ခိုင်းစေရန် ဒေါ်တော၏အနား ကြီးလှလေးအား ခေါ်ကာထား၏။ အဖေနှင့်နေပြီး အမေမရှိရှာသော ကြီးလှသည် ဦးစိန်ပိုင်၏ဘက်မှ ဆွေမျိုးသားချင်းစပ်ကာဟပ်ကာတော်၏။

ဒေါ်တော်က ရှေးအဘွားကြီးဖြစ်သော်လည်း မွတ်နေအောင်လည်၏။ ကြီးလှအား အမွေစားအမွေခံစာချုပ်မည့်ဟန်နှင့် သူ့အဖေဘိုတင့်ကို အနည်းအကျဉ်းပေးပြီး အသားလွတ်ခေါ်ခိုင်းထားခြင်း ဖြစ်သည်။

အပျိုဖြန်းမလေး ကြီးလှကား

www.burmeseclassic.com

အသားဖြူဖြူ ပုံ့ပုံ့ယုံ့ယုံ့၊ တောသူပီပီ လေးလှ၏။ တိုနန့်နန့်သူ့ဆံပင်နီကြန့်ကြန့်အား နောက်တွင် ဖြစ်ကတတ်ဆန်း စုစည်းထားလေ့ရှိရာ ပေါ်နေသောလည် ကုပ်သားအိမ့်မို့မို့လေးက ဖြူဆွတ်ဝင်းပနေ၏။ ကြီးလှသည် အရွယ်နှင့်မမျှ တောက်တိုမည်ရ အောက်ခြေသိမ်း အလုပ်များအား နေ့စဉ် ခေါင်းမဖော် အောင် လုပ်ရသဖြင့် ပင်ပန်းရှာသည်။

အိမ်ရှင်ဖြစ်သူ ခင်မောင်သက် ပေါ်ကြော့နေသမျှ ရွှေအေး ဆင်းရဲနေရ၏။ ခင်မောင်သက်သည် သူ့မိဘများတိုမကြောက်၊ စိတ်ကူးပေါက်မှဝင်လုပ်၍ မထင်လျှင် သူ့နေချင်ရာနေသည်။ ရွှေအေးက နွားတစ်ရှဉ်းတည်းထိန်းရကျောင်းရသည်ဆိုတော်သေး။ နွားကြီးနှစ်ရှဉ်း ဖိုသီဖတ်သီနှင့် စိတ်ဆင်းရဲဒုက္ခရောက်ရလေသည်။

ကြီးလှကား ဘဝတူချင်းဖြစ်သော ရွှေအေးအား စာနာသနားစိတ်ထားသည်။ ကောင်းကောင်းကန်းကန်း စားရာလေးရှိလျှင် ရွှေအေးကိုခပ်ကျိတ်ကျိတ်ကလေးကျွေးသည်။ ရွှေအေးကလည်း တောထဲပြန်ရောက်သည်နှင့် ကြီးလှလုပ်ရမည့် ရေဆွဲ၊ ထင်းခွဲအလုပ်များကို မညည်းမညူ ကူညီပြီးလုပ်ပေးလေ့ရှိသည်။ ရွှေအေးနှင့် ကြီးလှသည် ချည်းစားသနာမဟုတ်သေးသော်လည်း တစ်ယောက်နှင့်တစ်ယောက်သံယောဇဉ်ရှိနေကြချေသည်။

ဦးစိန်ပိုင်တို့၏လယ်ပွဲ ချစည်းတန်းတွင် ခွာညိုရုံတစ်မြုံတစ်မကြီးရှိရာ ထယ်သိမ်းချိန်တွင် လှိုင်လှိုင်ပွင့်လေ့ရှိ၏။ ဖားဖားလျားလျားအဖြူရောင်ခွာညိုပန်းများကား ဖွေးဖွေးရွရွပင်လုံးကျွတ်မျှ ပွင့်၍နေ၏။ ဆွတ်ပျံ့မွှေးကြူပြီး ပျားတုန်းများ ဝိုင်းဝိုင်းလည်ဝတ်ရည်ယူနေကြချေ၏။ ရွှေအေးသည် ညနေချမ်းအိမ်အပြန်တွင် နွားလှည်းတန်းလန်းဆောရပ်၍ ကြီးလှပန်ဖို့ ခွာညိုပန်းတစ်ပွေ့တစ်ပိုက်အားခူးယူခဲ့လေ၏။

စိုစိုပြည်လေးလှနေသော ကြီးလှသည် ခါတိုင်းနှင့်မတူ အူတူတူနှင့် တစ်မူထူးနေလေသည်။ ရွှေအေးပေးသော ခွာညိုပန်းများကို မအီမသာယူတာထားသော်လည်း စုံရေမက်ရေရှိဟန်မတူ။ ဆခင့်ယခင်နှစ်များက ခွာညိုပန်းပွင့်၍လာလျှင် ခုံခုံမင်မင်ပျော်ပျော်ရွှင်ရွှင်နှင့်လှမ်းယူကာ တစ်ခက်ကိုချက်ချင်းချိုး၍ သူ့ခေါင်းတွင်ထိုးပန့်တတ်သည်။ အခုတော့ ကြီးလှကား လန်းဆန်းဖျတ်လတ်၍မနေ၊ အူလည်လည်ယောင်နန နှင့် နားလည်ရခက်နေချေသည်။

"နင်မှန်မှန်ပြောစမ်း။ ငါ့ကိုလိမ်ညာမယ်တော့မကြံနဲ့၊ ဒါဘယ်သူနဲ့ရတဲ့ဟာတုံး"

နေဝင်ဖျိုးဖျမှောင်ရိပ်ကျချိန်စဖြစ်၍ မီးဖိုချောင်ထဲ၌ ရေနံဆီမီးခွက်လေး မှိန်ပျပျထွန်းညှိထားသည်။ မီးရောင်ဖျော့တော့တော့အောက် ဒေါ်တောရောက်နေ၍ နံဘေးတွင် ခပ်ကျုံ့ကျုံ့ထိုင်နေသော ကြီးလှကို တိုးတိုးကျိတ်ကျိတ်မေးနေလေ၏။ ရွှေအေးလည်း လယ်တောမှရိတ်လာသော ပြောင်းရိုးထုံးများအား ခြေနင်းခုံတွင်နုပ်နုပ်စဉ်းကာ နွားကြီးနှစ်ရှဉ်းကိုထည့်ကျွေးနေသည်။

ရွှေအေးသည် နွားစာစဉ်းဖတ်များကိုသယ်၍ မီးဖိုအနားမှဖြတ်သွားခိုက်တွင် ဒေါ်တော၏အသံကို သိုးသိုးသဲ့သဲ့ကြားလိုက်ရ၍ ထူးဆန်းသလိုဖြစ်သွားသည်။ ရှေ့လွန်ပြီးကာမှ နောက်ပြန်လှည့်ပြီး ထရံနားအသာအယာကပ်၍ နားစွင့်ကြည့်လိုက်သည်။

"မဟုတ်တာမပြောနဲ့ ကြီးလှ၊ ကိုသက်နဲ့ရတယ်လို့ပြောရအောင် ငါ့သားက အိမ်မကပ်တာ၊ ဟုတ်ကိုမဟုတ်နိုင်ဘူး။ ပြီးတော့ သူက တက္ကသိုလ်ကျောင်းသား၊ ညည်းထက်သာတာတွေ သူတို့ကျောင်းမယ် တစ်ပြုံကြီး"

"အဟုတ်ပြောတာပါ အရီးတောရယ်၊ ကျွန်မ မလိမ်ပါဘူး။ သူကအတည်တကျယူမယ်ဆိုပြီး. . ."

"တော်ပြီ၊တော်ပြီ-ကြီးလှ၊ဒီစကားဒီမှာတင်ထား။ ညည်းဘယ်သူ့မှတော့ လျှောက်မပြောနဲ့ကြားလား။ ဟိုဟိုသည်သည် ပြောသံကြားလို့ကတော့ ငါနဲ့အတွေ့ပဲ"

ဒေါ်တောလည်း ကြီးလှအား တစ်ဖက်သတ် မာန်မဲပြောဆိုကာ မီးဖိုထဲမှထွက်သွားသည်။

ခါတိုင်း ရွှေအေးတစ်ယောက်တည်း တောထဲသွားလျှင် တစ်ယောက်စာထမင်းကို တစ်ခါတည်းထုပ်ပေးလိုက်နေကျ။ ကောက်စိုက်၊ ပျိုးနုတ် အစရှိသဖြင့် အပြင်လူပါပြီး အလုပ်ရှုပ်လျှင်သာ ဒေါ်တောနှင့် ကြီးလှ ထမင်းလိုက်ပို့သည်။ ယနေ့ ထူးခြားလှစွာ ကြီးလှတစ်ယောက်တည်းသာ ထမင်းလာပို့သည်။

ခင်မောင်သက်သည် စာမေးပွဲပြီးသော်လည်း ဒေါ်တော၏ညီမရှိရာ မြို့ပေါ်က သူ့အဒေါ်အိမ်မှာနေနေပြီး ခုထိ ရွာပြန်မလာသေး။ ဒေါ်တောကလည်း တစ်ကျိတ်တည်းတစ်ကြံတည်းဖြစ်၍ သူ့သားပြန်မလာရကောင်းလားဟု တစ်ခွန်းတလေလေးမျှမပြော။ ကြီးလှခမျာ ခင်မောင်သက်ပြန်လာနိုးနိုးနှင့် ဆတ်တငံ့ငံ့မျှော်တိုးနေလေသည်။

လယ်ပွဲအလယ်ကောင်၌ရှိသော ဥနဲ့ပင်ပုဝိုင်းဝိုင်းသည် ပိတ်ပိတ်သားရှိ၍ အရိပ်အာဝါသကောင်းမွန်လှ၏။ ရွှေအေးအတွက် ခူးခတ်ပေးနေသော ကြီးလှသည် ကယောင်ကတမ်းနှင့် ပြည့်လျှံနေသော ပန်းကန်ထဲထမင်းများ ထပ်ကာထပ်ကာထည့်နေ၏။ ဖိတ်စဉ်ကုန်သဖြင့် ဆတ်ခနဲ သတိဝင်ကာ ရှက်အမ်းအမ်း အားတုံ့အားနာဖြစ်နေချေ၏။

"ကြီးလှ၊ နင်စိတ်နဲ့ကိုယ်နဲ့တောကပ်ရဲ့လားဟ။ အလွဲလွဲအချော်ချော်နဲ့ ဘယ်လိုတွေဖြစ်နေတာတုံး။ နင့်ကြည့်ရတာလည်း ခါတိုင်းလိုရွှင်ရွှင်ပျပျကိုမရှိဘူး"

ရွှေအေးသည် အလွဲလွဲအမှားမှား ချည်းလုပ်နေသော ကြီးလှကို စောင်းပါးရိပ်ခြည်ကြည့်၍ပြော၏။ ကြီးလှကား ဟိုသည်လုပ်နေသယောင်နှင့် စကားစမြည်ပြန်မပြောဘဲ ခေါင်းကလေးငုံ့ကာ ခပ်မဆိတ်သာနေချေ၏။

"နင်မပြောလည်း ငါသိပြီးပါပြီ ကြီးလှရာ။ တစ်မြန်နေ့ ညနေခင်းက အရီးတောနဲ့ မီးဖိုချောင်ထဲပြောနေတဲ့ စကားတွေ ငါအကုန်ကြားပါတယ်။ ဒီကောင်က နင့်ကိုတကယ်အတည်ယူမှာမှမဟုတ်တာ။ ကျောရရုံကြံစည်တာကို နင်ကအဟုတ်မှတ်နေ"

ခေါင်းစိုက်လျက် တုတ်တုတ်မျှ မလှုပ်သော ကြီးလှကား တရှုပ်ရှုပ်ငိုနေချေ၏။ တအင့်အင့်တဟင့်ဟင့်အသံထွက်ကာ ဖိုလှိုက်ဘဝင်ရှိုက်ကြီးတငင်ဖြစ်ကာနေလေ၏။

"ဒီမယ်ကြီးလှ၊ အရီးတောက ဉာဏ်အများသားဟ။ တစ်ခါမှ တို့နှစ်ယောက်တည်းကို လွှတ်မထားဘူးတဲ့ဟာ။ ဒီနေ့သိသိသာသာလွှတ်ထားတာပဲကြည့်။ သူ့သားအထုပ်အရှုပ်ကို ငါ့ခေါင်းပေါ်ပို့ချင်လို့သိလား"

ကြီးလှလည်း ရွှေအေးပြောနေသော စကားများပင် သဲသဲကွဲကွဲကြားဟန်မတူတော့။ တစ်ကိုယ်လုံး သိမ့်သိမ့်ခါအောင် ဝမ်းပန်းတနည်းဖြင့် ရှိုက်ကာငိုကြွေးပါလေတော့သည်။

❑

ကိုရွှေအေးတို့နေထိုင်သော မြေ

www.burmeseclassic.com

လတ်ဒေသတွင် ငါးရက်လျှင် တစ်ကြိမ် အလှည့်ကျခင်းသောဈေးများရှိသည်။ သာဂရ၊ ဟဲဇား၊ ကူမဲ၊ သာစည်၊ သဲတော ဈေးတို့သည် သာဂရဈေးပြီး ဟဲဇားအစ ရှိသဖြင့် တစ်ဈေးပြီးတစ်ဈေးခင်းကြ သည်။ ဈေးနှင့်လုပ်စားနေသော ကိုရွှေ အေးကား ဈေးစဉ်မှတ်ရလွယ်အောင် 'သာ၊ ဟဲ၊ ကူ၊ စည်၊ တော' ဟူ၍ အတို ကောက် မှတ်သားထားသည်။

ရထားလမ်းဘူတာရှိသော ဟဲဇား ရွာသည် ရက်ကန်းလုပ်ငန်းနှင့် အဓိက အသက်မွေး၍ ပင်နီမြေဟူပြီးအမျိုးသား တိုက်ပွဲဝင်အထည်များ ရက်လုပ်ခဲ့ဖူး သဖြင့် တစ်ပြည်လုံးတွင် ကျော်စော သည်။ ချည်ထုပ်ဆေးဆိုးခြင်းများပြုလုပ် ရာတွင် ထင်းလောင်စာကိုသုံးပြီး မိုးဖြိ ဒယ်ကြီးတွင် ချည်ခင်များဆေးခိုင်ခံ့ အောင် ထည့်ပြုတ်ရသည်။ မဖြစ်မနေ သုံးနေရသောထင်းကို ဟဲဇားဈေးပတ် တွင် နွားလှည်းများနှင့်လာရောက်ရောင်း ချကြရာ တစ်ဈေးစာအတွက်လုံလောက် စွာ ဝယ်ယူထားကြရသည်။

ကိုရွှေအေးသည် ကိုယ်ပိုင်လှည်း နွားထောင်ထား၍ ငါးရက်တစ်ဈေးခင်း သော ဟဲဇားကို သူများတကာလို ထင်း ရောင်းအမြဲလိုက်၏။ ကြားရက်များတွင် ပုဆိန်တစ်လက်၊ ဓားတစ်ချောင်းနွား လှည်းပေါ်တင်ကာ တောင်ခြေရှိရာ ထင်းရှာထွက်လေသည်။

ဦးစိန်ပိုင်အိမ်မှ ကြီးလှအားခေါ် ပြီးဆင်းလာစဉ် ရွှေအေးတွင် ရင်းပြု စားစရာ ဘာတစ်ခုမှမရှိ၊ လက်ချည်း ဗလာသက်သက်ဖြစ်၏။သူဦးမင်းဖြစ်သူ ဦးလှမောင်အိမ်တွင် သက်ငယ်အဖီလေး ကပ်ရပ်ချကာနေရ၏။ လင်မယားနှစ် ယောက်သား အားအားလျားလျားမနေ ကြ။ ကောက်စိုက်၊ ပျိုးနုတ်၊ ကြုံရာကျ ပန်းမနားတမ်းလိုက်လုပ်ကြသည်။

ဦးလှမောင်သည် ရွှေအေးအဖေ မျက်ပြူလှအောင်၏ အစ်ကိုကြီးဖြစ်၏။ ရွှေအေးအား သူ့မိဘများကညံ့ရကောင်း လားဟု ပြန်မခေါ်ဘဲပစ်ထားကြသည်။ ကြီးလှ၏အဖေကလည်း တုတ်တကြိမ်း ကြိမ်း၊ ဓားတကြိမ်းကြိမ်းလုပ်နေသဖြင့် အဲသည်ကိုလည်း မကပ်ရဲကြ။ ဦးလှ- မောင်ကသာ သူတူအတွက် ရှာငွေ ဆောင်ပေး၊ အကျဉ်းချုံးပြီးတောင်းရမ်း ပေးနှင့်မင်္ဂလာကိစ္စပြီးစီးသွားရလေ၏။

ရွှေအေးနှင့် ကြီးလှတို့လင်မယား သည် တွေ့ကြုံရာအလုပ်ကို မနားမနေ လုပ်၍ မြီးခြံချွေတာစုဆောင်းကြသည်။ ပင်ပန်း၍ အစာအဟာရချို့တဲ့လာသော ဒဏ်ကြောင့် သုံးလနှင့်ပါလာသော ကြီးလှဗိုက်ထဲမှကလေးလည်း ပျက်ကျ သွားသည်။

အိမ်ထောင်ကျပြီး၍ တစ်နှစ်ခန့် အကြာတွင် ရွာမြောက်ပိုင်း၌ ဝိုင်းမြေ တစ်ကွက်ဝယ်နိုင်ပြီး သူဦးမင်းအိမ်မှ ရွှေ့ ပြောင်းလာကြ၏။ ပိုလျှံသောငွေလေး နှင့် နွားလားပေါက်တစ်ကောင်စနှစ် ကောင်စမွေး၊ ဝက်မွေးနှင့် စီးပွားဖြစ်စ ပြုလာ၏။ ကိုယ်ဝန်ထပ်မံရလာသော ကြီးလှလည်း အိမ်မှုကိစ္စ၊ ဝက်ကျွေးရ သောအလုပ်များနှင့် တောထဲတောင်ထဲ မလိုက်နိုင်တော့ပေ။

ရွှေအေးသည် ကြီးထွားလာသော နွားလားပေါက်တစ်ရှဉ်းကို ထမ်းပိုးကျင့် ၍ ကျင့်ခိုင်းခိုင်းရန် လှည်းအိုတစ်စီး အား သူဦးမင်းထံမှ ငှားရမ်းထား၏။ သူများတကာထံ လိုက်လံထွန်ယက်ကူ ပြီး စပါး၊ နှမ်း အစရှိသဖြင့် အနည်း အကျဉ်းမျှ ကပ်ရပ်လုပ်၏။ ဟဲဇားဈေး ပတ်တွင်တော့ ဈေးနေ့တိုင်းလိုလို ထင်းရောင်းလိုက်ဖြစ်နေလေသည်။

တောင်ခြေမှ သယ်ဆောင်လာ သော ထင်းတုံးငုတ်တိုငုတ်စများအား အိမ်ရောက်သည်နှင့် ပုဆိန်နှင့်ခွဲခြမ်း စိတ်ဖြာပြီး အစိတ်အပိုင်းများဖြစ်အောင် လုပ်ယူ၏။ တစ်တောင်ကစ်ထွာခန့်ရှည် သော ထင်းခြမ်းသေးသေးလေးများကို လေးငါးခြမ်းတစ်စည်း ဝါးနှီးနှင့်စည်းရ ၏။ ရွှေအေးက ပုဆိန်တစ်လက်နှင့် တခြမ်းခြမ်းခွဲစိတ်၍ ကြီးလှလည်း တွင် ကျယ်အောင် စည်းနှောင်လျက်ရှိနေ၏။

မန်ကျည်းပင်စုရွာနှင့် ဟဲဇားဈေး သည် ငါးမိုင်မျှဝေး၍ လမ်းတစ်လျှောက် လုံးတွင် လူသူခေါင်းပါးလှသည်။ နွား လှည်းနှင့် မနက်စော ဆွမ်းချက်ခေါင်း လောင်းမထိုးမီက မောင်းလျှင် လင်း လင်းကျင်းကျင်းရှိမှ ဟဲဇားရွာကိုရောက် ၏။ လမ်းကလည်း သဲပုတ်တွေချည်းဖြစ် ကာ တအီအီတဟဲဟဲနှေးကန်ဖင့်နွဲ့စွာ မောင်းရသဖြင့် အနည်းဆုံး နှစ်နာရီမျှ ကြာမြင့်လေ၏။

မန်ကျည်းပင်စုရွာတွင် ကိုရွှေအေး လို ထင်းရောင်းလိုက်စားသူ သုံး၊လေးဦး ရှိ၏။ ဟဲဇားဈေးနေ့ မနက်စော ရွာက ထွက်လျှင် တစ်ယောက်နှင့်တစ်ယောက် တရှီးရှီးလက်ကွင်းထိုးသံများပေးကာ အတူတူထွက်ကြ၏။ ထင်းရောင်းသော အလုပ်ကလည်း ပိန်ရသည့်ထဲ နာတာ ရှည်စွဲဟုဆိုရမလို သစ်တောထွက်ဇစ္စည်း ဖြစ်၍ အဖမ်းအဆီးက ကြောက်နေရ သေး၏။

လွန်ခဲ့သောဈေးပတ်ကပင် တချို့ ထင်းလှည်းများလွတ်သွားသော်လည်း ကိုအောင်ပုနှင့် ကိုရွှေအေးကို လှည်းနှစ် စီးအဖမ်းခံရ၏။ ဖမ်းဆီးသည်ဆိုသော် လည်း တရားဝင်ဖမ်းသည်တော့မဟုတ်။ ငေါက်ငမ်းခြောက်လှန့်ပြီးပြန်လွှတ်လိုက် တာမျိုး ဖြစ်၏။

အလုပ်ကြီးသမား မီးသွေးလှည်း ပျဉ်လှည်းများက ကြိုတင်ပေးကမ်းထား ကြသဖြင့် ကိုရွှေအေးတို့ရှေ့တွင်ဖင် ခပ်တည်တည်မောင်းသွားနေကြသည်။ ကိုင်းဖျားကိုင်းနား ငုတ်တိုငုတ်စ သူတို့ အကျလုပ်စားသော မျက်နှာမွဲထင်း လှည်းလေးများက မသိနိုးနားနှင့်လိုမ့်ပိမ့် ပြီးခံနေရချေသည်။

မနေ့မနက်သော တစ်စီးနှင့်တစ် စီး ချိတ်ဆက်မမိဘဲ ထွက်သွားကြ၍ ကိုရွှေအေး၏လှည်းတစ်စီးတည်းဖြစ်နေ သည်။ အဖမ်းအဆီးလွတ်ရန်အတွက် သန်းခေါင်ကျော်ကတည်းကထွက်လာ သော ကိုရွှေအေးသည် အဖော်လှည်း များရှေ့တွင်လား၊ နောက်ကျန်ခဲ့လား ပင်မသိတော့ပေ။ ခက်နေသည်က အခြောက်အလှန့် အလွန်ကြမ်းတမ်း သော ထနောင်းပင်ဝိုင်းနေရာကို သူ့ လှည်းတစ်စီးတည်း အဖော်မပါဘဲဖြတ် သွားရမည်ဖြစ်နေသည်။

မန်ကျည်းပင်စုရွာမှ ဟဲဇားသို့ သွားသောလမ်းကား ဟိုစဉ်ကတည်းက ရှိသော ဒိစကြိုက်ကောင်စီလမ်းမကြီး ဖြစ်သည်။ ဖိုခုံလောက်ဆိုင်မကျတကျ သုံးရွာတစ်စုတည်း ကပ်လျက်ရှိသော သဲပုံ၊ ရင်ဇင်း၊ သဲကုန်းရွာတို့ကိုဖြတ်သွား ၍ ဟိုဘက်သုံး၊ လေးမိုင်ခရီးက ဟဲဇား အရောက်တောက်လျှောက်ဖြစ်သည်။

သဲကုန်းရွာ၏ အနောက်ဘက်အ လွန် လှည်းသွားလမ်းဘေးတွင် သုသာ ကုန်းရှိ၍ လမ်းနံဘေးတည့်တည့်တွင် လည်း သုံး၊ လေးဝင်ခန့်အစုလိုက်ပေါက် နေသောထနောင်းပင်ဝိုင်းသည် အုပ်မှိုင်း လျက်ရှိ၏။ အရိပ်အာဝါသကောင်းမွန် သဖြင့် နေ့ခင်းဈေးအပြန်တွင် ခဏတာ ဖြတ်ဝင်ရောက်နားခိုကြသော်လည်း ည ကြီးမင်းကြီးကျ မည်သူမျှ မနားရဲမသွား ရဲကြပေ။

ကြုံကြိုက်ဖူးသူတို့က အလွန်ဆူ ထူပြောသော ထနောင်းပင်ထက် လူ လိုအကောင်ကြီးတက်သွားရာ ပက် မြင်လိုက်ရသည်ဟု ပြောဖူး၏။ တာ

www.burmeseclassic.com

လှည်း ထနောင်းပင်ဝိုင်းမှ ရဲရဲနီသော သရဲမီးလုံးကြီးပြနေ၍ ရွှေ့မတိုးရဲဘဲ နောက်ကအဖော်အလာစောင့်ပြီးမှ ရွှေ့ဆက်သွားရဖူးသည်ပြော၏။

လွန်ခဲ့သောတစ်လခန့်က ခွေးနီတစ်ယောက် လန့်ဖျားလောက်အောင် ကြုံလိုက်ရသည်အား ကိုရွှေအေးကိုယ်တိုင် ကြားသိပြီး ဖြစ်သည်။ ရန်ကုန်-မန္တလေးရထားလမ်းသည် ဟံဇားရွာ အရှေ့ထိပ်တွင် တောင်နှင့်မြောက်ဖြတ်သွား၍ ဘူတာရုံရှိရာ ယင်းဘူတာတွင် ရပ်သော စာပို့လော်ကယ်ရထားများကို သွားရောက် စီးနင်းကြသည်။

သာစည်ဘူတာမှ မန္တလေးသို့ အစောထွက်သော လော်ကယ်ရထားသည် ဟံဇားဘူတာကို မိုးမလင်းမီဆိုက်၍ မန္တလေးသို့သွားချင်များ ဟံဇားဘူတာသို့ ညဦးတည်းက သွားအိပ်ရသည်။ ညဦးပိုင်းတွင် ယင်းဘူတာသို့ လှည်းငှားလိုက်သွားသော ခွေးနီသည် တိုးနာရီထိုးချိန်ကျမှရောက်၏။ ဘူတာတန်းရှိ သစ်ပင်အောက်တွင် လှည်းထိုးအိပ်ပြီး မနက်မိုးလင်းချိန်မှ ဆပြန်တော့မည်တုစိတ်ကူးထား၏။ထိုစဉ် နွားလှည်းတစ်စီးမောင်းသွားသည်ကို လှမ်းမြင်သဖြင့် အဖော်ရပြီအောက်မေ့ကာ အိပ်မနေတော့ဘဲ နောက်မှခပ်သုတ်သုတ်မောင်း၍လိုက်ပြန်လာသည်။

ညကား လမိုက်ညဖြစ်၍ ပိန်းပိတ်အောင်မှောင်မည်းနေ၏။ ခုတင်က နွားလှည်းတစ်စီးဟုထင်ပြီး လိုက်မောင်းပြန်လာရာ ရှေ့တွင်လှည်းနှင့်တူသော အရိပ်အယောင်မျှမတွေ့ရ။ ရှေ့ရောက်သွား၍ထင်မှတ်ပြီး သုတ်သီးသုတ်ပျာမောင်းလိုက်၏။ မည်သို့မျှ လိုက်မမီတော့။ ဧကန္တ လယ်ပွဲစောင့်သွားသော လှည်းဖြစ်မည်ဟုတွေးမိကာ အဖော်မဲ့သလိုဖြစ်သွားပြီး အားငယ်သွားချေသည်။

တကျည်ကျည်တကျာကျာမြည်ကာ မောင်းလာသော ခွေးနီ၏ နွားလှည်းသည် ထနောင်းပင်ဝိုင်းအနီးသို့ ရောက်လာ၏။ တော်သေးသည်။ ရှေ့တွင် ဆေးလိပ်မီးတဖွားဖွားဖွာ၍ လူတစ်ယောက်သွားနေသည်ကိုမြင်ပြီး အားတက်သရောဖြစ်သွား၏။

နွားလှည်းသံကြားသဖြင့် လမ်းဘေးဖဲ့ရပ်နေသောသူသည် အသံဗလံမပေး၊ နှုတ်မဆက်ဘဲ ခွေးနီ၏လှည်းပေါ်တက်လိုက်လာသည်။

"ရှေ့ကို နည်းနည်းတိုးဗျ၊ လှည်းဦးပေါ့နေတယ်"

လှည်းကပ်ရပ်စီးသော နောက်လူက ခွေးနီကို ဘာမှပြန်မပြော။

"ခင်ဗျားဘယ်ရွာကတုံး၊ အချိန်မတော်ကြီးကျမှ တစ်ယောက်တည်းဗျာ"

နောက်လူကလည်း ဘာပြောပြောဘာမေးမေး အင်းမလိုက်အဲမလိုက်နှင့် ငြိမ်ချက်သားကောင်းနေလေ၏။ ထနောင်းပင်ဝိုင်းအလွန် သုသာန်ကုန်းနားအရောက်တွင် ခွေးနီ၏စိတ်ထဲ၌ စနိုးစနောင့်ဖြစ်လာ၏။ ယနမကင်းဖြစ်လာသည်နှင့် လည်ပြန်လှည့်ကြည့်လိုက်ရာ ခပ်စောစောကလူ နောက်တွင်မရှိတော့ပေ။

ခွေးနီလည်း သရဲခြောက်မှန်းသိလိုက်ရ၍ ကြက်သီးမွေးညင်းများတဖျင်းဖျင်းထကာ ထူးပူရှိန်းဖိန်းသွားသည်။ နွားတစ်ရှဉ်းကိုလည်း အသံပျာအောင် အော်ဟစ်ငေါက်ငမ်းပြီး တစ်ချိုးတည်း ကဆုန်ပေါက် ဒုန်းစိုင်းမောင်းပြေးခဲ့လေသည်။

ကိုရွှေအေးလည်း တစ်ပိုင်းတစ်စ ရထားသော သမ္ဗုဒ္ဓေဂါထာတော်ကို အသံမတိုးမကျယ်ရွတ်ပြီး မောင်းလာရာ ကြောက်ရွံ့စိတ်အနည်းငယ်ပြေသလိုဖြစ်သွားသည်။ ရှေ့လှည်းဖော်နောက်လှည်းဖော်များအားကိုးနှင့် မျှော်လင့်ပြီးမောင်းလာရာ အလွန်တရာခြောက်လှန့်သည်ဟု နာမည်ကြီးနေသော ထနောင်းပင်ဝိုင်းပင် ကျော်လွန်လာလေပြီ။

သူ့စိတ်ထဲတွင် ပေါ့ပါးသွားသလိုရှိသဖြင့် ဟူးခနဲလေပူကြီးမှုတ်ထုတ်လိုက်ပြီးနေရာပြင်ထိုင်ကာ လေကလေးတချွန်ချွန်လိုက်၏။ စိတ်တုံးတုံးချဝမ်းသာရမည်မှမကြံသေး၊ အတိုင်နွားတစ်ကောင်က တွန့်ခနဲဖြစ်ကာ ရပ်တန့်သွားသဖြင့် လှည်းရှေ့စိုက်ကျမသွားရန် လှည်းရုံတိုင်အား လှမ်းကိုင်လိုက်ရ၏။

ကိုရွှေအေးသည် မြွေထင်ပါရဲ့ဟု နွားကိုထိမည်စိုး၍ နွားတစ်ရှဉ်းစလုံးကြိုးအား ခပ်တင်းတင်းဆွဲရပ်ထားလိုက်၏။ မှောင်မည်းနေသဖြင့်လည်းအောက်ကိုလှမ်းပြီးမမြင်ရ၊ မြွေပါးကင်းပါးနင်းမိမည်စိုး၍လည်း အောက်ဆင်းမကြည့်ရဲ။ တစ်ယောက်တည်း အတော်ပဲခွကျနေလေသည်။

နွားတစ်ရှဉ်းလုံးကား တရှူးရှူးတရှဲရှဲလုပ်ကာ ရှေ့မတိုးဘဲ နောက်ကိုချည်းဆုတ်ကန်ဆုတ်ကန်လုပ်နေသည်။ ကိုရွှေအေးသည် မဖြစ်ချေတော့သည်နှင့် လှည်းရုံတိုင်တွင် နွားကြိုးချိတ်ကာ လှည်းဘီးပေါ်မှကျော်ပြီး အောက်ဆင်းကြည့်ရန်ပြင်လိုက်၏။

"ဖြုန်း ဖြုန်း ဖြုန်း ဝုန်း"

ထိုအခိုက် နွားလှည်းရှေ့တွင် ချုံပုတ်ကြီး သွက်သွက်ခါလှုပ်ယမ်းသွားပြီး ဘွားခနဲ မည်းမည်းသဏ္ဌာန်အကောင်ကြီးထွက်လာကာ လမ်းဖြတ်ကူးသွားလေသည်။ နွားတစ်ရှဉ်းလည်း တဖြုန်းဖြုန်းတရှန်းရှန်းနောက်ဆုတ်ဆုတ်လာရာ ဝုန်းခနဲ လှည်းစည်းကုံးကွင်းပြတ်ကျသွားသည်။ လှည်းနှင့်လွတ်သွားသော နွားနှစ်ကောင်လည်း ထမ်းပိုးတန်းလန်းနှင့် နောက်ပြန်လှည့်ပြေးကုန်သည်။ ကိုရွှေအေးသည် လှည်းပေါ်မှ လွှားခနဲခုန်ချ၍ တဟေးဟေးတကျွတ်ကျွတ်လုပ်ကာ နွားများနောက်လိုက်ပါသွားလေသည်။

တစ်ယောက်တည်း ဒေါင်ချာစိုင်းနေသော ကိုရွှေအေးသည် ပြူးတူးပြဲတဲ ရှူးရှူးရှဲရှဲနှင့် တရမန်းကြမ်းပြေးကုန်သော နွားများအမီဒုန်းပြေးလိုက်သည်။ နွားကုန်ကျားမကြောက်လိုဖြစ်ကာ တစ္ဆေသရဲကိုလည်း ကြောက်လန့်ရမှန်းမသိတော့ဘဲ တဖုတ်ဖုတ်ပြေးလိုက်ပြီးချွေးဒီးဒီးကျလျက်ရှိလေသည်။

သဲကုန်းရွာအလွန်အရောက်တွင် နွားတစ်ရှဉ်းကို ရှေ့၌ဆီးဖမ်းထားကြသည်။ ကိုရွှေအေးလိုက်မီလာရာ သူ့အဖော်ထင်းလှည်းများဖြစ်နေလေ၏။

❑

"တစ်ယောက်တည်း ဘာတွေတွေးပြီး အခြောက်တိုက်ပြုံးနေရတာတုံး ကိုရွှေအေးရယ်"

ဒေါ်ကြီးလှနှင့် မျက်နှာချင်းဆိုင်ထိုင်၍ ထမင်းစားနေသော ဦးရွှေအေးသည် ရှေးဟောင်းနှောင်းဖြစ်များကို ပြန်လည်စဉ်းစားအတွေးပွား၍ ပြုံးလိုက်မိ၏။ ဟင်းခပ်ထည့်ပေးရင်းပြောလိုက်သော ဒေါ်ကြီးလှ၏အသံကြားမှ ဆတ်ခနဲ အသိဝင်လာကာ ခပ်ပြုံးပြုံးလုပ်၍ ထမင်းလုတ်အားခွံ့လိုက်လေ၏။

ဦးရွှေအေးသည် ကြက်ဥတစ်ခြမ်းအကျန်လေးအား ထမင်းတွင်မြှုပ်၍ အပြီးသတ်စားတော့မည်လုပ်ရင်းက-

"ဘာရယ်မဟုတ်ပါဘူး ကြီးလှရာ၊ ခက်ခဲပင်ပန်းဆင်းရဲမှန်းမသိသေးတော့ နမော်နမဲ့နိုင်တဲ့နှင့်သမက်လုပ်ပုံကိုပြောရင်း ကောက်ရိုးပုံနွားဆွဲစားသလို အမျှင်မပြတ်အောင် အတွေးတွေဝင်သွားလို့ ပြုံးလိုက်တာပါဟာ"

အာကာသ(သာစည်)



www.burmeseclassic.com

www.burmeseclassic.com



(ဆောင်ဝေ)

# တင်အေးကျော်

## ခွင့်မလွှတ်နိုင်သည့်စေတနာအမှား

အချိန်ကာလကိုပြန်လည်ရေတွက်
ကြည့်ပါက လွန်ခဲ့သောနှစ်ပေါင်း (၃၀)
ကျော်ခန့်ကဖြစ်ပြီး မြန်မာပြည်အလယ်
ပိုင်း မြေလတ်မြို့ကလေးတစ်မြို့တွင်ရှိ
အစိုးရပိုင်ရုပ်ရှင်ရုံတစ်ရုံတွင် လက်မှတ်
အရောင်းစာရေးအဖြစ် တာဝန်ထမ်း
ဆောင်နေသောအချိန်က ဖြစ်ပါသည်။

လုပ်ငန်းသဘောအရ ဝန်ထမ်း
များ တာဝန်ထမ်းဆောင်ရသည့်အချိန်
မှာ ရုပ်ရှင်လက်မှတ်စတင်ရောင်းချသည့်
ညနေစောင်း ခြောက်နာရီခန့်မှ ရုပ်ရှင်
ပြသမှုပြီးဆုံးသည့် ညဆယ့်တစ်နာရီ
ဆယ့်နှစ်နာရီခန့်အထိဖြစ်သော်လည်း
ကျွန်တော်ကတော့ မနက်ပိုင်းတွင် ရုံး
လုပ်ငန်းများကို ကူညီဆောင်ရွက်ပေး
ပြီး ရောင်းရငွေများ ဘဏ်သို့ပေးသွင်း
သည့်အလုပ်ကိုပါ လုပ်ကိုင်ရသည်
အဘယ်ကြောင့်ဆိုသော် ထိုအချိန်က
တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်း
အများစုမှာ ယခင်ပြည်သူပိုင်သိမ်းလိုက်
စဉ်ကတည်းကပင် ပါလာသည့်သူများ
ဖြစ်ကြ၍ ဆယ်တန်းအောင်သူမှာ မ
သလောက်ရှားသည်။ ရုပ်ရှင်တစ်ရုံလုံး
ပြေးကြည့်ပါမှ ဆယ်တန်းအောင်သူ
၍ ကျွန်တော်တစ်ယောက်တည်းပင်
သည်။

ကျွန်တော့်အထက်ရှိ မန်နေဂျာ
နှင့် ကြီးကြပ်ရေးမှူးသည်ပင် ဆယ်တ
မအောင်သေးဘဲ ယခင်တန်းမြင့်ကျော
ထွက်လက်မှတ်ရသူများ ဖြစ်ကြသည်
ထို့ကြောင့် အတိအကျသတ်မှတ်ထ
သည့် တာဝန်တစ်ရပ်မဟုတ်ပါသေ
လည်း လူပျိုလူလွတ်တစ်ဦးဖြစ်သ
အပြင် လုပ်ငန်းကိုနားလည်တတ်ကျွ
လိုသဖြင့် လိုလိုလားလား လက်ခံဆော
ရွက်ပေးခဲ့ခြင်းဖြစ်သည်။ အခြားဝန်ထ
များမှာ အိမ် ထောင်သည်များဖြစ်

www.burmeseclassic.com

www.burmeseclassic.com

လက်ရှိရနေသည့်လစာနှင့် မိသားစု စားဝတ်နေရေး မလုံလောက်ကြသည့်အတွက် မည်သူတစ်ဦးတစ်ယောက်မျှ နေ့လယ်ပိုင်းတွင် မအားလပ်ကြရဘဲ ဆိုက်ကားနင်းသူနင်း၊ ဈေးရောင်းသူရောင်းဖြင့် ရရာအလုပ်ကိုလုပ်ကိုင်ကြရသည်။

ရုပ်ရှင်ရုံကြီးမှာ ယခင်ပြည်သူပိုင်သိမ်းစဉ်ကတည်းက တစ်ပါတည်းပါလာသောရုံဟောင်းကြီးဖြစ်ပြီး သွပ်မိုး၊ ထရံကာ မြေစိုက်အဆောက်အအုံကြီး ဖြစ်သည်။ ထိုင်စရာထိုင်ခုံများနှင့် ရုပ်ရှင်ပြစက်တပ်ဆင်ထား၍သာ ရုပ်ရှင်ရုံဟုခေါ်ရသော်လည်း အမှန်တကယ်အားဖြင့်ဆိုရပါလျှင် ဟောင်းနွမ်းနေပြီဖြစ်သော ဂိုဒေါင်ပျက်ကြီးတစ်လုံးသာသာ အဆင့်ရှိသည်။ ကာရံထားသော သစ်သားများမှာလည်း နှစ်ကာလကြာမြင့်နေပြီဖြစ်သောကြောင့် နေရာတော်တော်များများတွင် ပေါက်ပြဲကျိုးပဲ့လျက်ရှိနေပြီ ဖြစ်သည်။ အလင်းရောင်မလုံတော့သောကြောင့် အခြားမြို့များရှိ ရုပ်ရှင်ရုံများကဲ့သို့ နေ့ခင်းပွဲများပြသ၍မရတော့ဘဲ ညပိုင်းမှသာပြသ၍ရတော့သဖြင့် ဝန်ထမ်းများမှာ နေ့ခင်းပိုင်းတွင် အလုပ်တာဝန်မရှိတော့ပေ။ ထို့ကြောင့် နေ့လယ်နေ့ခင်းများတွင် အပြင်အလုပ်ကို အေးအေးဆေးဆေးလုပ်နိုင်ကြသဖြင့် စားဝတ်နေရေး အဆင်ပြေလျက်ရှိကြသည်။

တစ်ခုပြောစရာရှိသည်မှာ မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ အထက်ဘက်မှကျလာပြီဆိုလျှင်တော့ ရုပ်ရှင်ရုံကြီးကအနိမ့်ပိုင်းတွင်ဖြစ်နေသဖြင့် ရေများတားမရဆီးမရ ရုံထဲသို့ ဒလဟောဝင်လာတော့သည်။ ကြွက်တွင်းကြီးများဖောက်ထားသောကြောင့် ရေနုတ်မြောင်းကိုမည်မျှနက်အောင်တူးထားပါစေ ဖောက်ထားသောတွင်းများမှတစ်ဆင့် ရေများဝင်လာတတ်သည်။ ထိုသို့ဖြစ်လာပြီဆိုလျှင် ဝန်ထမ်းများအားလုံး တစ်နေ့ကုန်မနားရတော့ဘဲ ညပိုင်းတွင် ရုပ်ရှင်ပြချိန်အမီ ရုံထဲမှရေများဖောက်ထုတ်ခြင်း၊ ကပ်နေသောရွှံ့နွံများခြစ်ထုတ်ပြီး အပေါ်ယံမှသဲများပြန်ခင်းပေးရခြင်း စသည့် လုပ်ငန်းများကို ခြေကုန်လက်ပန်းကျအောင် ပင်ပန်းကြီးစွာလုပ်ကြရ၏။ ထိုအချက်တစ်ချက်မှလွဲ၍ အခြားပင်ပင်ပန်းပန်းသိပ်မရှိလှပါ။ ထို့အပြင် ထိုအချိန်အခါက ယခုခေတ်ကဲ့သို့ တီဗွီ၊ ဗွီဒီယိုပြသည့်စက်များမပေါ်သေးသောကြောင့် ညဘက်တွင် စိတ်အပန်းဖြေစရာဟူ၍ တစ်မြို့လုံးနီးပါး ရုပ်ရှင်ရုံကိုသာ အားကိုးနေရသည့် အချိန်ကာလလည်း ဖြစ်သည်။

❑

ခပ်ဝေးဝေးတစ်နေရာဆီမှခေါက်လိုက်သော နာရီသံချောင်းသံကြောင့် ကျွန်တော် ရုံးခန်းထဲတွင် လုပ်လက်စအလုပ်ကိုရပ်လိုက်ပြီး လက်မှနာရီကိုကြည့်လိုက်မိသည်။ ညဆယ့်တစ်နာရီတိတိရှိနေပြီဖြစ်ကြောင်း သိလိုက်ရ၍ ရေးလက်စစာရင်းဇယားကို ဗီရိုထဲသို့ သိမ်းပြီး ရုပ်ရှင်ပြသနေသည့်ရုံဘက်သို့ ထွက်ခဲ့သည်။

ဒုတိယပွဲပြသနေသော ရုပ်ရှင်ဇာတ်ကားမှာ ပြီးခါနေပြီဖြစ်၍ ရုံရှေ့တွင် ရောင်းချနေသော ဈေးသည်များပင် မရှိတော့ပါ။ ရုပ်ရှင်ရုံဂိတ်ပေါက်သုံးပေါက်တွင်လည်း လက်မှတ်သိမ်းသည့် ဝန်ထမ်းသုံးဦးကိုသာတွေ့ရပြီး ကျန်ဝန်ထမ်းများကမူ အိမ်သို့ပြန်သွားကြပြီဖြစ်သည်။

"ကိုအေးကျော်၊ မပြန်သေးဘူးလား။ ရုပ်ရှင်လည်း ပြီးခါနီးနေပါပြီ၊ မိုးကစိတ်ချရတာမဟုတ်ဘူး။ ဒီည ပရိသတ်ကလည်းနည်းတော့ ဘာပြဿနာမှမရှိပါဘူး၊ အေးအေးဆေးဆေးပါပဲ"

လက်မှတ်သိမ်း ကိုကျော်ဝင်းက လှမ်းပြောလိုက်သဖြင့် ကျွန်တော်လည်း ယခုမှ သတိရကာ ကောင်းကင်သို့မော့ကြည့်လိုက်မိသည်။ မိုးရာသီအလယ်ကာလသို့ရောက်နေပြီဖြစ်၍ မိုးမရွာသော်လည်း ကောင်းကင်တစ်ခုလုံးမည်းမှောင်နေကာ မိုးသားတိမ်တိုက်များဖုံးလွှမ်းလျက်ရှိနေသည်။ ရွေ့လျားလျက်ရှိသော မိုးသားများကြောင့် တစ်ချက်တစ်ချက်မှသာ တိမ်မည်းများကြားမှ ဝိုင်းစက်နေသောလမင်းကြီးကို တွေ့ရတတ်သည်။

"အေးဗျာ - ပြန်တော့မလို့ဘဲ၊ အလုပ်ထဲစိတ်ကရောက်နေလို့ အချိန်ကုန်လို့ကုန်မှန်းတောင်သတိမထားလိုက်မိဘူး။ ဆရာသမားတွေလည်းပြန်ကုန်ကြပြီဆိုတော့ တစ်ယောက်ယောက်ရှိဦးမှဖြစ်မှာဗျ။ မထူးတော့ပါဘူးဗျာ၊ ရုပ်ရှင်ပြီးအောင်ပဲနေလိုက်ပါတော့မယ်"

မန်နေဂျာနှင့်ကြီးကြပ်ရေးမှူးက ရုပ်ရှင်ရုံလှူပြည့်သောနေ့များတွင် အချိန်ပြည့်နေကြသော်လည်း ယနေ့လို နိုင်ငံခြားဇာတ်ကားပြသ၍ ကြည့်ရှုသူနည်း



www.burmeseclassic.com

သောနေ့များတွင် ဒုတိယပွဲလက်မှတ်အရောင်းပိတ်ပြီး ရောင်းရငွေများလက်ခံပြီးသည်နှင့် ခဏတစ်ဖြုတ်စကားစမြည်ပြောကာ အိမ်ပြန်တတ်ကြသည်။ ထိုရက်များတွင် ကျွန်တော်တစ်ယောက်သာ ဒုတိယပွဲပြီးဆုံးသည့်အချိန်အထိ နေရသည်။

ရုပ်ရှင်ရုံထဲဝင်ကြည့်တော့လည်း ကြည့်ရှုသူက ဆယ်ဂဏန်းလောက်ပင်ရှိသည်။ ထိုစဉ်အချိန်က ညဘက်စိတ်အပန်းဖြေစရာရုပ်ရှင်ရုံသာရှိသည်ဟုဆိုသော်လည်း ရန်ကုန်လိုမြို့ကြီးများနှင့် နယ်မြို့လေးများရှိ ရုပ်ရှင်ကြည့်ပရိသတ်က တစ်နေရာနှင့်တစ်နေရာမတူညီကြပေ။ အပစ်အခတ်အထိုးအကြိတ်များများပါသော မြန်မာဇာတ်ကားများမှာ ရန်ကုန်နှင့် မြို့ကြီးများတွင် ကြည့်ရှုသူနည်း၍ ရုံတင်ရက်စောဆင်းပေးရသော်လည်း ကျွန်တော်တို့နယ်မြို့များတွင်မူ ရုံတင်ရက်တစ်ပတ်ဆိုသည်မှာနည်းပင်နေတတ်သည်။ တစ်ပတ်လုံး နေ့စဉ်ရုံပြည့်ရုံလျှံအောင်ကြည့်ကြ၏။ သို့သော်လည်း ရန်ကုန်နှင့် မြို့ကြီးများတွင် လက်မှတ်ဝယ်၍မရလောက်အောင်ပင် ကြိတ်ကြိတ်တိုးဖြစ်နေသော ဒရမ်မာနိုင်ငံခြားဇာတ်ကားဆိုလျှင် ကျွန်တော်တို့နယ်ရုံများတွင် နေ့စဉ်ရုံမဂိတ်ရရုံသာရှိသည်။

ယနေ့လည်း ရန်ကုန်မြို့တွင် အလွန် နာမည်ကြီးခဲ့သော နိုင်ငံခြားဇာတ်ကားကြီးတစ်ကား ပြသနေပြီး ပထမပွဲရော ဒုတိယပွဲပါ ပြသဖြစ်ရုံဝင်ငွေသာရခဲ့ပြီး ကြည့်သူပရိသတ်နည်းခဲ့သည်။ ထိုအထဲတွင် ပြသနေစဉ်ဇာတ်လမ်းအဆုံးအထိမကြည့်တော့ဘဲ အိမ်ပြန်သွားသူများလည်းရှိသဖြင့် ရုံထဲတွင် လူကဆယ်ဂဏန်းလောက်သာရှိသည်။ သို့သော်လည်း ထိုအချိန်ကာလက ဒုစရိုက်နှိမ်နင်းရေးအတွက် တစ်နိုင်ငံလုံး ဂျူန်စီမံချက်ချမှတ်ကာ ဆောင်ရွက်နေသောအချိန် ဖြစ်သည်။

ထို့ကြောင့် ရုပ်ရှင်ရုံ၏ စီမံချက်အဖွဲ့ဝင်များဖြစ်ကြသော မန်နေဂျာကြီးကြပ်ရေးမှူးနှင့် ကျွန်တော်တို့သုံးဦးထဲမှ တစ်ဦးမဟုတ်တစ်ဦး ရုပ်ရှင်ဒုတိယပွဲပြီးဆုံးသည်အထိ ရုံတွင်နေကြရသည်။ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက ချက်ချင်းအရေးယူဆောင်ရွက်နိုင်ရန် ဖြစ်သည်။

ခဏအကြာတွင် ဒုတိယပွဲပြီးဆုံးသွား၍ ရုံတွင်းမှပရိသတ်များထွက်လာကြသည်။ ရုပ်ရှင်ရုံတံခါးနှင့် ထွန်းထားသောမီးများအားလုံး ပိတ်ပြီးသည်အထိ စောင့်ကြည့်ပြီး လူများရှင်းသွားတော့မှ စက်ဘီးထုတ်ကာ အိမ်သို့ပြန်ရန်ပြင်ဆင်ရသည်။

❑

ရုပ်ရှင်ရုံနှင့် ကျွန်တော်နေသည့်ရပ်ကွက်က ခန့်မှန်းခြေ အနည်းဆုံးတစ်မိုင်ကျော်ကျော်ခန့်ကွာဝေးပြီး ထိုစဉ်က ယခုအချိန်လို ပြည်လမ်းမကြီး၏ ဝဲ၊ ယာတစ်လျှောက် အိုးအိမ်တိုက်တာအဆောက်အအုံများဖြင့် စည်ကားခြင်းမရှိသေးဘဲ အိမ်ခြေကျဲကာ ခြောက်ကပ်လျက်ရှိသည်။ လမ်းမီးများရှိသော်လည်း မီးအားကမပြည့်သည့်အပြင် လင်းအားကောင်းသောမီးချောင်းများ၊ မာကျူရီမီးသီးများမဟုတ်ဘဲ သာမန်လျှပ်စစ်မီးသီးများသာ တပ်ဆင်ထားသည့်အပြင် ဓာတ်တိုင်ပြည့်မီးမလင်းသဖြင့် အလင်းရောင်ကလင်းနေသည်ဆိုရုံသာရှိသည်။

ရုပ်ရှင်ရုံမှထွက်၍ ဆေးရုံဟောင်းကြီးကိုကျော်လိုက်သည်နှင့် မြို့မရဲစခန်းရှိပြီး ထို့နောက် မှောင်မည်းတိတ်ဆိတ်နေသော အစိုးရအထက်တန်းကျောင်းကြီးနှင့်ကျောင်းဘောလုံးကွင်းသို့ရောက်သည်။ ထိုမှဆက်လက်၍သွားလိုက်လျှင် အောင်မှာလာဥယျာဉ်ကြီးရှိပြီး ယခုလိုမီးသတ်စခန်းနှင့် အဆောက်အအုံတစ်ခုမှမရှိသေးဘဲ ညအချိန်တွင် လူသွားလူလာမှာ တစ်ယောက်တလေပင်မရှိတတ်ပေ။ အောင်မာလာဥယျာဉ်နှင့်တစ်ဆက်တည်းရှိ ရွှေယင်းမာဘုန်းကြီးကျောင်းကိုကျော်လိုက်သည်နှင့် ကျယ်ဝန်းလှသောကုသိနာရုံဘုရားဝင်းကြီးသို့ရောက်၏။ ရေညှိတက်နေသော အုတ်တံတိုင်းအကျိုးအပျက်များနှင့်အုပ်ဆိုင်းနေသော သစ်ပင်ကြီးငယ်များကြားမှအလင်းရောင်ဆို၍ စောင်းတန်းအဝင်ဝတွင်ထွန်းထားသော ခပ်မှိန်မှိန်မီးသီးလေးတစ်လုံးသာရှိသည်။

ပွဲတော်ကျင်းပပြုလုပ်သည့်အချိန်တစ်ချိန်သာ လူစည်ကားပြီး ကျန်သည့်အချိန်များတွင် ကျွန်းပင်အုပ်အုပ်ကြီးများက ဘုရားတောင်ပေါ် နှင့် ပတ်ဝန်းကျင်တစ်ခုလုံးအုပ်ဆိုင်းနေသည်။ ဥစ္စာစောင့်သိုက်နန်းများ၊ မမြင်နိုင်သောပရလောကသားများရှိသည်ဟု နာမည်ကြီးလှပြီး ညအချိန်တွင် အကြောင်းကြီးငယ်မရှိဘဲ မည်သူမျှဖြတ်သန်းသွားလာခြင်းမပြုရဲကြ။ ယခုအချိန်လို လူနေရပ်ကွက်သစ်များလည်းမရှိသေးဘဲ ဘုရားဝင်းကြီးလွန်သည်နှင့် မျက်စိတစ်ဆုံးတွင်ကျယ်ပြောလှသောယာခင်းကြီးများရှိသည်။

ကျွန်တော်တို့ ကျောင်းသားဘဝ၌ ဘုရားဝင်းကြီးအဆုံးရှိ လောင်တိုက်ခန်းဘက်သို့ ကျောင်းသားကြီးများကျောင်းပြေးလျှင် ကျောင်းမှဆရာများတော်ရုံတန်ရုံလူအုပ်ဖြင့် လိုက်မဖမ်းရဲကြ။ ဘုရားဝင်းကြီးနှင့် ပြည်လမ်းမကြီးသာခြားသော ယခုစိုက်ပျိုးရေးရုံးဝင်းတလည်း ထိုအချိန်က သမဝါယမပစ္စည်းများသိုလှောင်ထားသောဂိုဒေါင်များဖြစ်သည်။

ကျွန်တော်စက်ဘီးကိုခပ်မှန်မှန်နင်းကာပြန်ခဲ့သည်။ လမ်းတစ်လျှောက်တွင် တစ်ခါတစ်ရံ ဖြတ်မောင်းသွားတတ်သော အဝေးပြေးကုန်တင်ကားကြီးတစ်စီးတလေမှလွဲ၍ လူသွားလူလာမရှိတော့။အချိန်ကလည်း ညသန်းခေါင်နီးနေပြီဖြစ်၍ တိတ်ဆိတ်ငြိမ်သက်နေပြီးတစ်ခါတစ်ရံ ခပ်ဝေးဝေးတစ်နေရာမှ ဆွဲဆွဲငင်ငင်အူလိုက်သောခွေးအူသံများကိုသာကြားရတတ်သည်။ ခါတိုင်းရက်များ၌ မြို့ကိုပတ်၍ကင်းလှည့်နေသော လုံခြုံရေးလှည့်ကင်းအဖွဲ့များနှင့်တစ်နေရာမဟုတ်တစ်နေရာတွင်ဆုံမိတတ်သော်လည်း ယနေ့တော့ ဘုရားဝင်းကြီးနားရောက်လာသည်အထိ မတွေ့ရသေးပေ။ ကောင်းကင်တစ်ခုလုံးတွင်လည်း တိမ်တိုက်ကြီးများက လေနှင်ရာသို့ ခပ်သွက်သွက်လွင့်မျောနေ၍ လရောင်ကဖြာကျလာလိုက်၊ ပျောက်သွားလိုက်နှင့်ဖြစ်နေသည်။ တဖြည်းဖြည်း ဘုရားစောင်းတန်းအပေါက်ဝနှင့် မလှမ်းမကမ်းသို့ရောက်လာချိန်တွင် လရောင်က တိမ်တိုက်များကြားမှ ရုတ်တရက်ဖောက်ထွက်လာခဲ့သည်။

ဖြာကျနေသော အလင်းရောင်အောက်တွင်ရှိကြီးမားလှသောကုက္ကိုပင်ကြီးအောက်၌ တစ်စုံတစ်ရာကို ရိပ်ခနဲကျွန်တော် မြင်လိုက်ရသဖြင့် လက်တအလိုလိုပင် ဘရိတ်ကိုဖမ်းပြီးဖြစ်ကာ စက်ဘီးကို ခြေထောက်ပြီးရပ်လိုက်မိသည်။ သေသေချာချာစူးစိုက်ပြီးကြည့်လိုက်သောအခါ ကြီးမားအုပ်ဆိုင်းနေသောကုက္ကိုပင်ကြီးအောက်တွင် လူတစ်ယောက်ရပ်လျက်ရှိပြီး မျက်နှာကိုမမြင်ရလောက်အောင် ဆံပင်ရှည်ရှည်ကြီးများဖုံးလွှမ်းနေသောကြောင့် မိန်းမတစ်ယောက်ဖြစ်မှန်းတော့သိသာနေသည်။ သရဲမကြောက်တတ်သူဟု ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ယုံကြည်မိသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသော ညအချိန်မတော်ကြီးဖြစ်သောကြောင့် ကြက်သီးမွေးညင်းများထလာကာ ခေါင်းပေါ်မှဆံပင်များပင်ထောင်ထလာသလားဟု ထင်လိုက်ရသည်။ ကုက္ကိုပင်ကြီးကလည်း ကျွန်တော်ဖြတ်သွားရမည့်ကားလမ်းမကြီးဘေးနားတွင် ကပ်လျက်ရှိနေသောကြောင့် ရုတ်တရက် မည်ကဲ့သို့ဆက်လုပ်ရမည်ကို မဆုံးဖြတ်နိုင်သေးဘဲ မျက်ခြည်မပြတ်သာစောင့်ကြည့်နေမိသည်။

အချိန်အတန်ကြာလာသည့်တိုင် လှုပ်မရှားရှိနေသောကြောင့် လူလား၊ သရဲလား၊ လူဆိုလျှင်လည်း လူကောင်းလား၊ လူဆိုးလား မခွဲခြားနိုင်ဖြစ်နေစဉ်မှာပင် စောစောက ဖြာကျနေသောလရောင်ကို တိမ်တိုက်များကတဖြည်းဖြည်း ဖုံးအုပ်သွားခဲ့လေသည်။ ထိုအခါကျမှ နောက်ကြောင်းကို ပြန်လှည့်ရန်ဆုံးဖြတ်ချက်ချလိုက်ကာ စက်ဘီးကိုဒုန်းနင်း၍ ရုပ်ရှင်ရုံဘက်အမြန်ပြန်ခဲ့သည်။ အခြေအနေအရ ရုံတွင်ညအိပ်ရမည်ဆိုပါကလည်း အိပ်ရာအတွက်က စိတ်ပူစရာမရှိပါ။ တစ်ပတ်လျှင်တစ်ကြိမ် တာဝန်မှူးဂျူတီစောင့်နေကျဖြစ်၍ အိပ်ရာလိပ်အပိုတစ်ခုက ဗီရိုထဲတွင် အမြဲအဆင်သင့်ရှိနေ၍ဖြစ်သည်။ ခပ်သွက်သွက် စက်ဘီးကိုနင်းလာခဲ့ရာ ရဲစခန်းအရှေ့ဂိတ်ဝသို့ရောက်သောအခါ စခန်းထဲမှ စက်ဘီးကိုယ်စီဖြင့်ထွက်လာကြသော အဖွဲ့တစ်ဖွဲ့ကိုတွေ့လိုက်ရသည်။

"ဟေ့-ကိုအေးကျော်၊ ဘယ်လိုဖြစ်လာတာလဲ။ ညဂျူတီကျလို့ အခုမှအိမ်ကတစ်ခေါက်ပြန်လာတာလား"

ခင်မင်ရင်းနှီးနေသော နယ်ထိန်းတပ်ကြပ် ကိုခင်မောင်၏ အသံကြောင့် ကျွန်တော်စက်ဘီးကိုရပ်လိုက်ပြီး နှုတ်ဆက်လိုက်သည်။

"ဂျူတီမကျပါဘူးဗျာ၊ အခုမှအိမ်ပြန်ရမှာပါ"

စောစောတုန်းက တွေ့ခဲ့ရသောအကြောင်းကို ပြန်ပြောလိုက်သောအခါ တစ်ဖွဲ့လုံး တဟားဟားနှင့်ဝိုင်းရယ်ကြတော့သည်။

"ဟုတ်ကော ဟုတ်ရဲ့လားဗျာ။ ကျွန်တော်တို့လည်း ညတိုင်းအဲဒီဘက်ကင်းလှည့်နေကျပါ။ ခါတိုင်းနေ့ဆို ဒီအချိန်အဲဒီဘက်ကပြန်တောင်လာပြီ။ ဒီနေ့ကျမှ မြောက်ပိုင်းမှာ ကိစ္စလေးတွေရှိနေလို့ နောက်ကျနေကြတာ။ ဒါဆို ခင်ဗျားကိုသရဲခြောက်လိုက်တယ်လို့ထင်နေတာပေါ့။ တော်ကြာ သရဲမဟုတ်ဘဲ အဲဒီနားက ဂိုဒေါင်တွေဘာတွေဖောက်မယ့်သူဖြစ်နေပါဦးမယ်။ လာပါဗျာ၊ ကျွန်တော်တို့လည်း အခုအဲဒီဘက်ကို သွားကြမှာပါ"



ထိုအခါကျမှ ကျွန်တော်ကလည်း အုပ်စုတောင့်သဖြင့် နောက်ကြောင်းပြန်လှည့်ကာလိုက်ခဲ့သည်။ တဖြည်းဖြည်းနှင့်လာခဲ့ကြရာ စောစောက ကျွန်တော်တွေ့ခဲ့သည့်နေရာသို့ရောက်ခဲ့ကြသည်။ ကုက္ကိုပင်ကြီးအောက်သို့ ဓာတ်မီးနှင့်ဝိုင်းထိုးကြည့်ကြသော်လည်း စောစောက မြင်ခဲ့ရသည့်အမျိုးသမီးကိုမတွေ့ရတော့ပေ။

"ကိုအေးကျော်၊ သေချာရဲ့လားဗျာ။ ခင်ဗျားမြင်ခဲ့တာ"

"ဟုတ်ပါတယ်ဗျာ၊ မျက်စိမမှားပါဘူး။ အဲဒီအချိန် လကလည်းသာနေတာဗျာ၊ သေသေချာချာကြီးကိုမြင်လိုက်ရတာ။ အနည်းဆုံးလေး၊ငါးမိနစ်လောက်ကြာတယ်။ လူကိုမလှုပ်မယှက်နဲ့ကြည့်နေတာ"

"ကဲ - ဒါဆိုရင်လည်း စက်ဘီးတွေခဏရပ်ပြီးဘုရားစောင်းတန်းထဲနဲ့ ဂိုဒေါင်တွေဘက်ပတ်ကြည့်လိုက်ကြရအောင်"

စက်ဘီးများ ဒေါက်ထောက်ပြီး ရှေးဦးစွာဘုရားစောင်းတန်းထဲဝင်ခဲ့ကြသည်။ စောင်းတန်းထောင့်တစ်နေရာတွင် လူရိပ်လိုလိုကိုတွေ့လိုက်ရသဖြင့် ဓာတ်မီးများနှင့်ဝိုင်းထိုးလိုက်ရာ မျက်နှာတစ်ခုလုံး ဆံပင်များဖရိုဖရဲအုပ်နေသော မိန်းမတစ်ယောက်ကိုမြင်လိုက်ကြရသည်။

"ကိုအေးကျော်၊ စောစောကမြင်ခဲ့ရတာ အဲဒီအမျိုးသမီးလား"

"ဟုတ်တယ်ဗျ ဟုတ်တယ်၊ အဲဒီပုံစံအတိုင်းပဲရပ်ကြည့်နေတာ"

"သေသေချာချာကြည့်ပါဦးဗျာ၊ သရဲမဟုတ်ပါဘူး။ စိတ်နောက်နေတဲ့ ဒေါ်ခင်ညိုပါ။ အရင်ကလည်းတွေ့ဖူးနေတာပဲ၊ ခင်ဗျား မမှတ်မိတော့ဘူးလား"

"မမှတ်မိဆို အခုအချိန်ကမိုးတွင်းကြီးလေဗျာ။ နှစ်တိုင်း သူစိတ်နောက်တာက နွေရာသီတစ်ခုထဲဆိုတော့ သူလို့ ကျွန်တော်ဘယ်ထင်ပါ့မလဲ။ ပြီးတော့ သစ်ပင်ကြီးအောက်မှာ ညအချိန်မတော်ကြီး မလှုပ်မယှက်ငုတ်ကြီးရပ်နေတာဆိုတော့ ရုတ်တရက်လန့်သွားတာပေါ့"

ဓာတ်မီးရောင်အောက်တွင်မြင်နေရသည့် ဒေါ်ခင်ညိုကတော့ အသိဉာဏ်ကင်းလွတ်နေသည့်ပုံစံ ခပ်ငေးငေးတွေတွေကြီးကြည့်နေသည်။ ခဏအကြာ မျက်နှာကို ဖုံးအုပ်နေသော ဆံပင်ရှည်ကြီးကို လက်ဖြင့်မ,ကာ သပ်တင်လိုက်သည်။

ကျွန်တော် ဟာခနဲ အသံထွက်အောင် ယောင်ပြီးအော်လိုက်မိသည်။ နှစ်စဉ်နှစ်တိုင်း တွေ့မြင်နေကျမျက်နှာ မဟုတ်တော့ဘဲ မျက်နှာပြင်တစ်ခုလုံး နီရဲသောအဖုအပိမ့်ကြီးများဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေကာ ကြောက်စရာမျက်နှာကြီးဖြစ်နေသည်။

"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့လည်း စတွေ့ခါစက ရုတ်တရက်မမှတ်မိဘူး။ တခြားစိတ်နောက်နေတဲ့အမျိုးသမီးတစ်ယောက်လို့ထင်နေကြတာ။ နောက်မှ သူတို့ရွာကလူတွေပြောပြလို့ ဒေါ်ခင်ညိုမှန်းသိလိုက်ရတာ"

"ဘယ်လိုဖြစ်ရတာလဲဗျာ၊ ဒီလောက်ရုပ်ပျက်ဆင်းပျက်ဖြစ်သွားရအောင်"

"ကဲပါဗျာ - သူလည်းနားပါစေတော့။ ဘယ်သူ့ကိုမှလည်းဒုက္ခမပေးလောက်ပါဘူး။ မနက်ဖြန်ည ရုပ်ရှင်ရုံကျမှ ကျွန်တော် သူ့အကြောင်းပြောပြပါ့မယ်။ သွားကြရအောင်"

ကျွန်တော်တို့အဖွဲ့ပြန်ထွက်လာသည်အထိ ဒေါ်ခင်ညိုကတော့ မျက်လုံးအပြူးသားဖြင့် ငေးငိုင်ကြည့်နေဆဲပါ။

□



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ ညရုပ်ရှင်ပထမပွဲ ပြနေစဉ် ကိုခင်မောင်က လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်ကြရင်း ဒေါ်ခင်ညိုအကြောင်း ကျွန်တော့်အား ပြောပြခဲ့သည်။

ဒေါ်ခင်ညိုက ကျွန်တော်တို့မြို့ပေါ်ကမဟုတ်ဘဲ မြို့နှင့်အနည်းငယ်ဝေးသော ရွာကြီးတစ်ရွာမှ ဖြစ်သည်။ အိမ်ထောင်မရှိသောအပျိုကြီးဖြစ်သည့်အပြင် မိဘများကလည်း အိမ်တွင်အိမ်ဆိုင်ကြီးဖွင့်ကာ ရောင်းချနေကြသူများဖြစ်သောကြောင့် စီးပွားရေးအဆင်ပြေသည်။ ဒေါ်ခင်ညို၏ရုပ်ရည်ကလည်း အချောအလှကြီးမဟုတ်သည့်တိုင် ကြည့်ပျော်ရှုပျော်ရုပ်ရည်ကိုပိုင်ဆိုင်ထားသလို ထာဝစဉ်သပ်သပ်ရပ်ရပ်လည်းနေတတ်သူတစ်ဦး ဖြစ်သည်။ အမြဲတမ်းလိုလို သနပ်ခါးကို ခြေဆုံးခေါင်းဆုံးလိမ်းထားတတ်ပြီး သဘောမနော လည်းကောင်းသူတစ်ဦးဖြစ်သောကြောင့် ရွာတွင် လူချစ်လူခင်ပေါများသူတစ်ဦးဖြစ်သည်။

သို့ရာတွင် ဒေါ်ခင်ညို ငယ်ရွယ်စဉ်ကတည်းက အားနည်းချက်တစ်ခုရှိခဲ့သည်။ ထိုအားနည်းချက်ကြောင့်လည်း အိမ်ထောင်မပြုနိုင်ဘဲ အပျိုကြီးဘဝနှင့်နေခဲ့ရခြင်းဖြစ်သည်။ ထိုအားနည်းချက်တော့ တခြားမဟုတ်ဘဲ နှစ်စဉ်အချိန်မှန်မှန် တစ်နှစ်တစ်ခါစိတ်ဖောက်ပြီး အိမ်မှခြေဦးတည့်ရာထွက်သွားခြင်းဖြစ်သည်။ မိုးရိုးလည်းမရှိပါဘဲနှင့် နွေဦးပေါက်လာ၍ ပေါက်လဲ၊ လက်ပံများပွင့်လာပြီဆိုလျှင် စတင်၍စိတ်ဖောက်လာတတ်လေသည်။ ထိုအချိန်မျိုးတွင် ဘာအလုပ်မှမလုပ်တော့ဘဲ ရွာနီးချုပ်စပ်များနှင့် တစ်ခါတစ်ရံ ကျွန်တော်တို့မြို့ပေါ်အထိရောက်လာတတ်ပြီး ခြေဦးတည့်ရာလျှောက်သွားနေတော့သည်။

ထမင်းမှန်းဟင်းမှန်း မသိတော့သော်လည်း လိမ်းနေကျ သနပ်ခါးကိုတော့ အမြဲတမ်းလိမ်းထားတတ်ပြီး တစ်မနက်လုံးလျှောက်သွားနေကာ နေ့လယ်နေ့ခင်းအပူရှိန်ပြင်းလာလျှင် နီးစပ်ရာဘုရားကျောင်းတန်တစ်ခုခုတွင်ဝင်ခိုနေတတ်သည်။ ခေါင်းပေါင်းတစ်ခုကိုမပြတ်ပေါင်းထားတတ်ပြီး နေ့လယ်နေ့ခင်းခဏတစ်ဖြုတ်အိပ်ပါက ထိုခေါင်းပေါင်းအား ခေါင်းအောက်တွင်ခု၍အိပ်တတ်သည်။ နှစ်ကာလများစွာ တွေ့နေမြင်နေရသိနေကြသောကြောင့် လူတိုင်းရိုးနေပြီဖြစ်ပြီး အန္တရာယ်တစ်စုံတစ်ရာမပေးတတ်သောကြောင့် မည်သည့်ပြဿနာမှလည်းမဖြစ်ခဲ့ပေ။

နွေရာသီကုန်ဆုံး၍ မိုးဖွဲဖွဲကျလာပြီဆိုလျှင် ဒေါ်ခင်ညိုတစ်ယောက် မည်သည့်ဆေးမှုကုစရာမလိုဘဲ သူ့အလိုလိုပင်ပြန်ကောင်းလာတတ်၏။ ထိုအခါမျိုးတွင် သနပ်ခါးဖွေးနေအောင်လိမ်းထားတတ်သော ဒေါ်ခင်ညိုကို အိမ်တွင်ဈေးရောင်းမပြတ်ပြန်တွေ့ကြရသည်။ ယခုနှစ်တွင်လည်း ခါတိုင်းနှစ်များကဲ့သို့ပင် ဒေါ်ခင်ညိုတစ်ယောက် နွေဦးပေါက်လာသည်နှင့် စတင်စိတ်ဖောက်သွားခဲ့သည်။ယခုနှစ်က ခါတိုင်းနှစ်များနှင့်မတူဘဲ အယ်(လ်)နီညို ခေါ် အပူလှိုင်းကျရောက်သည့်နှစ်တစ်နှစ်ဖြစ်သောကြောင့် အပူရှိန်ကပြင်းထန်လှသည်။ ထို့ကြောင့် ဒေါ်ခင်ညိုတစ်ယောက် ခါတိုင်းနှစ်များလို အခြားနေရာများသို့ ခြေဦးတည့်ရာလျှောက်မသွားဘဲ သူနေထိုင်ရာ ရွာဦးထိပ်ရှိ ဘုရားကြီးတန်းဆောင်းထဲတွင်သာ တစ်နေကုန်အိပ်နေလေ့ရှိသည်။

ထိုဘုရားကြီးကလည်း အလောင်းစည်သူမင်းကြီး စကြာဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်ခဲ့စဉ်က ဖောင်တော်ရပ်နားခဲ့သည့်နေရာတွင် တည်ထားခဲ့သည့် တန်ခိုးကြီးသောဘုရားတစ်ဆူဖြစ်ကြောင်းကို ရှေးလူကြီးများပြောစကားအရသိရှိရသည်။ လိုဏ်ဂူပုံစံတည်ထားသည့် ဘုရားကြီးတစ်ဆူဖြစ်ပြီး ဂူထဲတွင် ကြီးမားသပ္ပာယ်လှသော ဆင်းတုတော်ကြီးတစ်ဆူကို ပူဇော်ထားရှိသည်။ ရွာဦးဘုရားကြီးတစ်ဆူဖြစ်သောကြောင့် နှစ်စဉ် ဘုရားပွဲတော်ကျင်းပသည့်ရက်များတွင်သာ လူစည်ကားလေ့ရှိပြီး ကျန်သည့်ရက်များတွင် ဂေါပကလူကြီးများရှိသော်လည်း အချိန်ပြည့်မနေနိုင်ကြ။

ထိုနေ့က ဒေါ်ခင်ညိုတစ်ယောက် ခေါင်းပေါင်းကိုခုကာ ဘုရားကြီးထဲတွင် ပက်လက်လှန်ကာအိပ်နေခဲ့သည်။ အိပ်နေရင်းမှ အပေါ်ဘက်သို့မော့ကြည့်မိလိုက်သောအခါ ရုပ်ပွားတော်မြတ်ကြီး၏မျက်နှာတော်နှင့် ဘုရားတန်ဆောင်းမျက်နှာကြက်တွင် ပင့်ကူများအိမ်ဖွဲ့လျက်ရှိနေသည်ကို တွေ့လိုက်ရသည်။ နဂိုကတည်းကပင် အသန့်အပြန့်ကြိုက်တတ်သူတစ်ဦးဖြစ်သောကြောင့် နှုတ်မှလည်း -

"ငါမှမလုပ်ရင်ဘယ်သူမှသန့်ရှင်းရေးလုပ်ကြမှာမဟုတ်ဘူး"

ဟု တတွတ်တွတ်ပြောဆိုရေရွတ်ကာ ဘုရားဆင်းတုတော်ကြီးပေါ်သို့ တွယ်တက်၍ မျက်နှာတော်တွင်ကပ်နေသော ပင့်ကူအိမ်များကို ခေါင်းပေါင်းနေကျအဝတ်ဖြင့်သုတ်ပေးနေခဲ့တော့သည်။

ထိုအချိန် တိုက်တိုက်ဆိုင်ဆိုင် ဘုရားကြီး၏ရှေ့မှဖြတ်၍ မြို့မှပြန်လာသောရွာသားတစ်ဦးမှတွေ့ရှိပြီး ရွာဘက်သို့အမြန်ပြေးကာ ကျေးရွာမှလူကြီးများအားခေါ်လာခဲ့သည်။

ဒေါ်ခင်ညိုအား ဘုရားကြီးပေါ်မှ အမြန်ဆင်းခိုင်းခဲ့ရာ တော်တော်နှင့်မဆင်းဘဲပေကတ်နေ၍ နောက်ဆုံး ရွာထဲမှ မိဘဆွေမျိုးများသွားခေါ်ပြီးချော့မော့ ပြောမှဆင်းလာခဲ့သည်။

အောက်သို့ ရောက်သောအခါမှ သုတ်နေသော ခေါင်းပေါင်းကိုကြည့်လိုက်ကြသောအခါ သန့်ပြန့်သောအဝတ်တစ်ခုမဟုတ်ဘဲ သူဝတ်ဆင်နေကျ ထဘီအဟောင်းတစ်ထည်ဖြစ်နေကြောင်း တွေ့လိုက်ကြရသည်။

အားလုံး တုန်လှုပ်သွားကြသော်လည်း တားဆီးရန်နောက်ကျသွားပြီဖြစ်သည်။ နောက်ဆုံး မိဘဆွေမျိုးများက အိမ်သို့ချော့မော့ခေါ်သွားသည်ကိုပင် မလိုက်ချင်လိုက်ချင်ဖြင့်ပါသွားခဲ့သည်။

ထို့နောက် များမကြာမီမှာပင် ဒေါ်ခင်ညို့မျက်နှာပေါ်တွင် အကောင်းတစ်ကောင်ကိုက်ထားသလို အနီအစ အပိမ့်များထွက်လာပြီး မည်သို့မျှဆေး ကုသ၍မရတော့ဘဲ နောက်ဆုံးတွင် အ အပိမ့်များမှ အရည်များတစိုစိုထွက်လာ ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်သွားခဲ့သည် ထို့အပြင် ခါတိုင်းနှစ်များကဲ့သို့ မိုးဦးကျ လာသော်လည်း ပြန်ကောင်းမလာတော့ ဘဲ ဆက်တိုက်ပင် စိတ်နောက်သွား သည်။ သွက်သွက်ခါသွားအောင် စိတ် နောက်သွားသည့်အတွက် ခါတိုင်းလို သနပ်ခါးပင်မလိမ်းတော့ဘဲ ထမင်းမှန်း ဟင်းမှန်းမသိတော့လောက်အောင် ခြေ ဦးတည့်ရာလျှောက်သွားနေတော့သည်။

နောက်ပိုင်းရက်များတွင် ရွာ စုပေါင်း၍ ဘုရားကြီးအား ဗုဒ္ဓအ ကဇာပြန်တင်ခဲ့ကြသည်။

မပြစ်မှားအပ်သော ခင်ပွန်း ဆယ်ပါးထဲမှ အတုမရှိ ဗုဒ္ဓမြတ်စွာဘု ရှင်၏ ကိုယ်ပွားရုပ်ပွားတော်မြတ် အား ကျူးလွန်မိခဲ့သော စေတနာအ တစ်ခုကြောင့် ပြန်လည် ဒဏ်ခတ် ခံလိုက်ရသော ဒေါ်ခင်ညို၏ ကြေ ဖွယ်ရာအဖြစ်ကိုကြည့်ရင်း ကျွန်တေ သံဝေဂရလိုက်မိပါ တော့သည်။

တင်အေးကျော် (အောင်

www.burmeseclassic.com



### မဟာနွယ်(မန်းတက္ကသိုလ်)

# နွယ်မြက်သစ်ပင်ဆေးဖက်ဝင်

ကတိသစ္စာ တည်သောခါဝယ်၊ ဩဇာလေးနက် ပေါ်ဆိုတက်၍ နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏။

တစ်ခါတစ်ရံ မျက်စိအောက်မှ ဆေးပင်၏ အကျိုးအာနိသင်ကား တန်ဖိုးမဖြတ်နိုင်အောင် အကျိုးများပေ၏။ သို့သော် သတိမထား၊ အလေးမမူ၊ ဂရုမပြုမိသဖြင့် ဆေးပင်၏ အကျိုးကျေးဇူးတို့ကို မခံစားရဘဲ ရောဂါမှာ ရှည်ဝေးစွာဖြစ်နေကြရ၏။ ခံစားနေကြရ၏။ တစ်ဦးတစ်ယောက်က ပြောပြသောအခါမှ ဟုတ်သားလေပဲဟုသတိရကြ၏။ သတိမမူပါက ဂူကိုမမြင်တတ်ကြချေ။ သတိမူပါမှ မြူစင်၍ ဂူကိုမြင်သကဲ့သို့တည်း။ အရေးကြီးပါ၏။

ဆေးပင် ဟူသည် တစ်ဦးတစ်ယောက်အတွက်ကားမဟုတ်ပါ။ သက်ရှိသတ္တဝါတို့အတွက်သာ ဖြစ်ပါသည်။ သဘောပေါက်ကြစေလိုပါ၏။ တစ်ခါတစ်ရံမှာ ဆေးပင်ကို ခေါင်းအုံးပြီး တွယ်လွန်သွားကြလေ၏။ ယင်းကဲ့သို့ ဗုဒ္ဓိလ်တို့ကား ဤလူ့လောကတွင် ရေတွက်၍ပင် ကုန်နိုင်ဖွယ်မရှိပါ။ ဘည့်တည့်ပြောမှ ရိပ်မိကြပါ၏။

ဤနေရာတွင် အစွမ်းထက်သော ဆေးတစ်ပင်အကြောင်းကို တင်ပြပေးပါမည်။ ဆေးပင်၏အမည်က ဆေးဂန္ဓမာဖြစ်ပါ၏။ ဆေးပင်၏ ပုံသဏ္ဌာန်မှာ နှစ်ရှည်ခံပင်ဖြစ်၍ (၁၅) လက်မမှ လက်မ(၄၀)အထိ မြင့်၏။ ပင်စည်ပျော့၏။ အပင်ရင်းမှ အကိုင်းပွား၏။ အပင်အုံ (၁၂) လက်မ (၁၅) လက်မထိကျယ်၏။ သက်တမ်း (၃) နှစ်မှ (၆) နှစ်အထိ ရှည်၏။

## အရွက်

အရွက်မှာကြီး၏။ ရွက်ရိုးတံများ ရှည်၏။ အရွက်များအောက်ဘက်၌ ငွေရောင်အဆင်းရှိ၏။ ရွက်နားအဝိုက်အဘွန့်များစွာရှိ၍ ရွက်ပြားကြီးလာသည်နှင့်အမျှ ရွက်ရင်းပိုင်းကျယ်လာပြီး ရွက်ဘိပ်သို့ ကျဉ်းမြောင်းသွား၏။

## အပွင့်

ပွင့်တံများပေါ်၌ အမွေးတိုလေးများရှိ၏။ အပွင့်ကား အပြာနုရောင်ရှိ၏။ သေးငယ်သော ပန်းပွင့်ကလေးများ ပန်းခိုင်ထိပ်တွင် စုပေါင်း၍ ပန်းပွင့်တစ်ပွင့်တည်းကဲ့သို့ပွင့်ကြ၏။ သမပိုင်းရာသီဥတုကိုနှစ်သက်၍ အမြင့်ပေ (၃၅၀၀) မှ (၇၀၀၀) ပေအထိ စိုက်ပျိုးနိုင်၏။ စိုက်ပျိုးပင်အဖြစ် ပေါက်ရောက်၏။

## စိုက်ပျိုးပုံ

ပျိုးထောင်ခြင်း-အစေ့မှပျိုးထောင်၍လည်းကောင်း၊ သားတက်များကို ခွဲစိုက်၍လည်းကောင်း စိုက်ပျိုးနိုင်ပါ၏။

သားတက်ပွား၍စိုက်ပါက အစေ့မှစိုက်ခြင်းထက် အပင်စောစွာပွင့်၏။ အစေ့မှ ပျိုးထောင်စိုက်ရာ၌ အမြင့် (၁) ပေ၊ အကျယ်(၄)ပေ၊ အရှည်(၂၅)ပေရှိ ပျိုးပေါင်များတွင် ပျိုးထောင်ပြီး မစိုက်မီ ကြိုတင်၍ ရေလောင်းပေးရ၏။ ပျိုးပေါင်တစ်ခုတွင် မျိုးစေ့နို့ဆီဘူးတစ်ဘူးခန့်အား သဲနှင့်ရော၍ ပက်ပေးရ၏။ အပေါ်မှ နွားချေးမှုန့် (သို့) သစ်ဆွေးမှုန့်များနှင့် ဆန်ခါချ၍ဖုံးပေးရ၏။ ပျိုးထောင်ပြီး (၁၅)ရက်မှ (၂၁)ရက်အကြာမှာ အပင်ပေါက်လာ၏။

## စိုက်ပျိုးခြင်း

ပျိုးပင်များ တစ်လသားအရွယ် အပင်အမြင့် (၄) လက်မခန့်တွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးနိုင်၏။ ပျိုးပင်များ တစ်တန်းနှင့်တစ်တန်း တစ်ပေခွာ၍၊ တစ်ပင်နှင့်တစ်ပင် တစ်ပေခွာစိုက်ရ၏။ ညနေပိုင်း (သို့) မိုးအုံ့နေချိန်များတွင်သာ ပြောင်းရွှေ့စိုက်ပျိုးပါ။ သားတက်တို့ကို ခွဲ၍စိုက်ပါက လေးပွင့်ဆိုင်စိုက်ခြင်းက ငါးပွင့်ဆိုင်စိုက်ခြင်းထက် ပို၍ကြီးထွား၏။

ဤနည်းဖြင့် ရာသီမရွေး စိုက်ပျိုးနိုင်သော်လည်း မိုးဦးကျတွင် စတင်စိုက်ပျိုးလျှင် ပို၍ကောင်းပါ၏။

ပေါင်းရှင်းပေးခြင်း၊ မြေဆွပေးခြင်း၊ ရေလောင်းပေးခြင်းနှင့်လိုအပ်ပါက မြေဩဇာကျွေးပေးခြင်းတို့ကိုပြုလုပ်ပေးရ၏။ ရေမဝပ်စေရန် ရေထုတ်မြောင်းများလည်း ပြုလုပ်ပေးရ၏။

ရိတ်သိမ်းဆွတ်ခူးခြင်း-အပွင့်များအားလုံးပွင့်အောင်မစောင့်ဘဲ သုံးပုံနှစ်ပုံပွင့်လျှင်ဆွတ်ခူးရ၏။ ပွင့်ခါစ ပန်းပွင့်သည် ပိုမို၍ အာနိသင်ထက်မြက်သဖြင့် အစေ့များမရင့်မီ အပွင့်များကို ဆွတ်ခူးရ၏။ အပွင့်များဆွတ်ခူးရာ၌ နှစ်ပတ်၊ သုံးပတ်ခြား၍ခူးပေးရ၏။

## အသုံးပြုရန်

အရွက်၊ အပွင့်နှင့် ပဥ္စငါးပါးဖြစ်ပါ၏။ စပ်သောအရသာရှိ၏။ အေးသောသတ္တိရှိ၏။ ထက်မြက်၏။ သွေး၊ လေ၊ သည်းခြေတို့ကို နိုင်၏၊ ချုပ်၏။ နှလုံးကိုများစွာအကျိုးပြု၏။

အရွက်ကို ငရုတ်ကောင်းနှင့်ရောကြိတ်သောက်သော် ဆီးအောင့်ရောဂါပျောက်၏။

ပါးစပ်ကွဲ၊ ညောင်းကျ၊ သွေးအန်၊ သွေးကျရောဂါတို့ကို ကုသရာ၌ ဆေးဂန္ဓမာပင်ကို အသုံးပြုပါ၏။ အပွင့်ကို ခြင်ဆေး၊ ပိုးသတ်ဆေးအဖြစ် အသုံးပြု၏။ အပွင့်မှထုတ်ယူရရှိသော ဆေးရည်သည် သွေးလွန်တုပ်ကွေးရောဂါကိုဖြစ်စေတတ်သည့်ခြင်များကို နှိမ်နင်းရာ၌ အသုံးပြုပါ၏။

ဤဆေးပင်သည် လူများ၌ဖြစ်စေတတ်သော ယားနာ၊ ဝဲ၊ ပွေး၊ ဒက်၊ ကြွပ်စသော အရေပြားရောဂါတို့ကို ပျောက်ကင်းချမ်းသာစေပါ၏။

အထက်ဖော်ပြပါရောဂါအတွက်ဆိုလျှင် -

၁။ ရေနံချေး ၅ကျပ်သား
၂။ ဆေးဂန္ဓမာအရွက် ၅ကျပ်သား(ပြာပြု)
၃။ ပိစပ်ရွက် ၅ကျပ်သား(ပြာပြု)

## ပြုလုပ်နည်း

အားလုံးပေါင်းစပ်ပါ။ ဆေးထည့်မည့်အခါ မီးပူနွေးနွေးပေး၍ထည့်ပေးရပါမည်။

## ဆေးဂုဏ်သတ္တိ

အရေပြားရောဂါမှန်သမျှ ပျောက်နေကျဆေးဖြစ်ပါ၏။

တိုင်းရင်းဆေးပညာကို သေရွာသို့ မယူလိုပါ။ မိမိသင်ကြားမှတ်သားသမျှသော ဆေးပညာရပ်များကို တင်ပြနေပါ၏။

*ကျန်းမာချမ်းသာကြပါစေ*

မဟာနွယ် (မန်းတက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com

အန္တရာယ်ကင်းရှုံတင်မကဘူး။ ကလေးလေးတွေရဲ့ ရှေ့ရေးအတွက် လည်း စိတ်ချရပါတယ်။ ဒါဟာ အကောင်းပါပဲ။

နာမည်မှည့်ပေးတတ်တဲ့ သူငယ်ချင်းတစ်ယောက်ဆို လာပြောပြတာတွေ အများကြီး။

ကလေးမလေးကို 'ရတနာ' လို့ ပေးလိုက်တယ်တဲ့။ အဲဒါကို သူ့အဖေက ဆင်တူတွေများလို့မကြိုက်ဘူးဆိုပြီး ဗုဒ္ဓဟူးစ-စနေပိတ်မှည့်ရမယ်ဆိုတဲ့အတိုင်း 'ရတု'လို့ပေးလိုက်သတဲ့။ ချချာလိုက်တာမှ ဆေးခန်းနဲ့လူနဲ့မပြတ်ဘူးတဲ့။

တစ်ယောက်ဆိုလည်း စနေ အဓိပတိကို သူမှည့်ပေးထားတာ။ နာမည်က လေးလုံးဖြစ်နေလို့ သုံးလုံးမှည့်ချင်တယ်ဆိုပြီး ပြန်လာပြောလို့ စနေစ - စနေပိတ်ပဲပေးခိုင်းလိုက်တဲ့ အခါ 'တိမ်သက်တန့်' ဆိုပြီး ပေးကြ



# ဆရာဦးမောင်မောင်သန်း

## နာမည်မြင်ကွင်း

သတဲ့။ အဲဒီကလေးလည်း ရောဂါကိုစုံနေတာပဲတဲ့။ မှန်ပါတယ် - သူပြောတာ။ ကလေးဟာ ခေါင်းကြီးကိုယ်သေးကိုဖြစ်နေတာပဲ။ ကလေးကိုစိုက်ကြည့်လိုက်တဲ့ အခါကျတော့ ကလေးရဲ့မျက်လုံးတွေဟာ ဝါဖန့်ဖန့်လိုကိုဖြစ်နေတယ်။ ကြည့်ရတာ ရောဂါကြောင့်လား၊ အားနည်းတာကြောင့်လားတော့မသိဘူး။

တွေ့ခဲ့ဖူးတဲ့ 'သာမွန်းသျှင်' ဆိုတဲ့ ကလေးလေးပုံစံမျိုးပဲ။ ချချာလိုက်တာမှ။

သူများနဲ့လုံးဝမတူချင်လို့ပါဆိုပြီး သူ့မိဘတွေကိုယ်တိုင်ပြောတဲ့ သာမွန်းသျှင်လေး ချချာပုံလိုမျိုးပါပဲ။

တိမ်သက်တန့်ရဲ့မိဘတွေလည်း ဒီလိုပါပဲ။ ချချာနေပေမယ့် ပါးစပ်ကနေ တိမ်သက်တန့်ကတော့ တွင်တွင်ခေါ်နေလေရဲ့။ တကယ့်ကို အာတွေ့နေကြတယ်၊ အဲဒီနာမည်ကို။ ဟိုမှာ ကလေးက အားယုတ်နေပြီ။

မိဘတွေကတော့ ခုထိအပြုံးမပျက်သေးဘူး။

ဒါတွေက တကယ့်အတ္တစိတ်တွေပါ။

ကိုယ်ဖြစ်ချင်လွန်းတဲ့ဆန္ဒတွေကို ရှေ့တန်းတင်ပြီး မှည့်ချင်သလိုမှည့်၊ ခေါ်ချင်သလိုခေါ်နေကြတဲ့သဘောတွေပဲလေ။

မဟုတ်တဲ့နေရာမှာသွားပြီး တလွဲဆံပင်ကောင်းနေတယ်။

မထားသင့်တဲ့မာနတွေလျှောက်ထားနေတယ်။

ကလေးလေးတွေရဲ့ မျက်နှာကို ကြည့်ကိုမကြည့်ကြတော့ဘူး။

ကိုယ်လုပ်နေတဲ့လုပ်ရပ်က ကိုယ့်ကလေးကို ကျန်းမာချမ်းသာစေတာ



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဘုန်းကံတက်စေတာလား၊ ဒုက္ခပေးနေတာလား ခွဲခြားပြီးသိရမှာပေါ့။

ဒီလိုပြောလို့ -

စကားအကြိတ်အနယ်ပြောခဲ့ရတာလေးတစ်ခုသတိသွားရတာနဲ့ပြောလိုက်ပါဦးမယ်။

ကလေးတစ်ယောက် -

မှည့်ထားတာ 'ကြယ်တာရာ'။

ထိလိုက်တာခေါင်းချည်းပဲ။

သူ့ကိုကြည့်ရတာ တစ်မျိုးကြီးပဲ။ ဘယ်နေရာမှာမှငြိမ်ထိုင်မနေဘူး။ သူ့ကိုမိဘတွေကဆွဲပြီးထိုင်ခိုင်းလိုက်ရင် ဖင်နဲ့ကြမ်းပြင်နဲ့ထိတာနဲ့ ပြန်ထအတင်းထွက်သွား၊ တွေ့ကရာခုံတွေ၊ စားပွဲတွေကို ဝုန်းဒိုင်းနဲ့ဝင်တိုက်ပြီး သွားချင်ရာသွား၊ ဆွဲချင်ရာလျှောက်ဆွဲနေတော့တာပါပဲ။ ကြည့်နေရတဲ့သူတောင် ရင်တမမနဲ့ ဟာခနဲဟင်ခနဲဖြစ်နေရပါတယ်။ သူ့အဖေက ကောင်းကောင်းစကားမပြောရဘူး၊ အဲဒီကလေးကိုပဲ အချိန်ပြည့်လိုက်ဆွဲနေရပါတယ်။

ဘယ်လိုဖြစ်တာလဲ၊ သူ့မျက်လုံးတွေကမမြင်လို့လားဆိုတော့ မြင်တယ်တဲ့။ သူ့ကိုကအဲ့လိုဖြစ်နေတာတဲ့။ ဘယ်လိုကြီးမှန်းမသိဖြစ်နေတယ်တဲ့။

ကလေးက ပုတီဖွားလေး။



www.burmeseclassic.com

www.burmeseclassic.com

မှည့်ထားတာက ဟိုးကောင်းကင်ရောက်နေတယ်။

ပထမနာမည်က ဘာလဲဆိုတော့ ကျော်ထင်လင်းတဲ့။

ဟာ - အဲဒီနာမည်လေးဟာ အဓိပ္ပာယ်တော့ကောင်းသားပဲ။ မှည့်နည်းတော့မမှန်ဘူး။ ဒါပေမယ့် အဓိပ္ပာယ်ကောင်းရဲ့သားနဲ့ ဘယ်လိုဘယ်လို ကြယ်တာရာဖြစ်သွားတာလဲဆိုတော့ သူမှည့်ပေးလိုက်သလိုပဲလေတဲ့။ သူက တနင်္လာစ - စနေအလယ် - ဗုဒ္ဓဟူးပိတ် မှည့်ပေးလိုက်တာဆိုတော့ ခေတ်လည်း ဆန်အောင်စဉ်းစားနေတုန်း ဇာတ်ကောင်တစ်ခုရဲ့နာမည်လေးကို သဘောကျသွားလို့ ပေးလိုက်တာပါတဲ့။

ကျော်ထင်လင်းကနေ ကြယ်တာရာဖြစ်သွားတော့တာပါပဲ။ ကလေးက အခု လေးနှစ်ထဲရောက်နေပါပြီ။ ဒီကလေးလေးကို တခြားကလေးတွေနဲ့ ရောပြီး ကျောင်းထားဖို့ တော်တော်စဉ်းစားရပါပြီ။

ကောင်းကင်နာမည်ဆိုတာ အခန့်မသင့်ရင် အတွေးအခေါ် အယူအဆတွေ လွဲတတ်တယ်။ အတွေးမှား၊ အမှတ်မှား၊ အယူမှားတွေဖြစ်သွားတတ်တယ်။ ကိုယ်လုပ်တာမှ အမှန်ထင်တတ်တယ်။ ကြီးလာလေ အဲဒီစိတ်ပိုမိုစိုးမိုးလာလေပဲ။ အဲဒါ ခေါင်းထိခြင်းတစ်မျိုးပဲ။ ဒီလိုမှ မဟုတ်ရင် ခေါင်းတွေဘာတွေထိခိုက်တတ်တယ်လို့ ပြောလိုက်ရပါတယ်။

အများကြီးမြင်ဖူးပါတယ်။

ခေါင်းထိကြသူတွေ -

စောစောကပြောသလို ပုံစံအမျိုးမျိုးနဲ့ ထိကုန်ကြတာပါ။

ကန်တော်ကြီးမှာ အရက်ဝိုင်းဖွဲ့သောက်နေကြတဲ့တူညီဝတ်စုံဝတ်ထားတဲ့ ကလေးတစ်ယောက်ကို မေးကြည့်ပါတယ်။ သူက (၁၂) နှစ်လောက်ပဲရှိလောက်မှာပါ။ မေးကြည့်တော့ ထင်တဲ့အတိုင်းပဲ (၁၃) နှစ်တဲ့။ နာမည်က 'ဝေဟင်' တဲ့။ သားက သားတို့အထဲမှာ ခေါင်းဆောင်နဲ့တူတယ်နော် ဆိုတော့ ခေါင်းဆောင်က သားမဟုတ်ပါဘူးတဲ့။ 'အာကာသူရိန်တဲ့' ဆိုပြီး ကလေးတစ်ယောက်ကို လက်ညှိုးထိုးပြပါတယ်။ မျက်နှာထားခပ်မာမာပုံနဲ့ပါ။

ဒါဟာ -

ခေါင်းထိသွားကြသူတွေပါ။

ခွပ်ခနဲရိုက်ပြီး ခေါင်းကွဲသွားမှ၊ ခေါင်းမှာအချုပ်ရာတွေဗရပွဖြစ်မှ ခေါင်းထိတယ်ခေါ်တာမဟုတ်ပါဘူး။

ခေါင်းထဲမှာ အတွေးအခေါ် အယူအဆတွေလွဲပြီး လုပ်ချင်ရာလုပ် ဖြစ်ချင်ရာဖြစ်ကုန်တာတွေဟာ ခေါင်းထိခြင်းတစ်မျိုးပါပဲ။

အကြောင်းညီညွတ်သွားရင်တော့ ကောင်းကင်နာမည်များဟာ အကျိုးပေးတာမြင်ဖူးပါတယ်။

စောစောကလို မျောက်သစ်ကိုင်းလွတ်မှည့်နည်းမျိုးဆိုရင်တော့ အကျိုးမပေးတော့တာများပါတယ်။

ဒါကြောင့် -

နာမည်ရဲ့သတ္တိဟာ ကိုယ့်သဘောနဲ့ကိုယ် တွဲချင်တိုင်းတွဲလိုက်ရင် ပြီးတာပဲလို့ မထင်ပါနဲ့။ ရတာပဲလို့မထင်ပါနဲ့။

'သန့်ထူး' လို့မှည့်တာကို ရိုးတယ်ဆိုပြီး 'သက်ထွေး' လို့ ပြောင်းလိုက်ရာက နောက်ဆက်တွဲဖြစ်လာတဲ့ ပြဿနာပေါင်းစုံကြောင့် မိဘတွေငွေထုပ်ပိုက်ပြီး စည်းစိမ်ကုန်တဲ့အထိ လိုက်ရှင်းရတာမျိုးတွေ။

နားလည်တဲ့ဆရာဆီမှာသွားမှည့်လိုက်တဲ့ 'မြတ်ကျော်' ဆိုတဲ့နာမည်လေးကို ရိုးတယ်ဆိုပြီး သူ့အဖေနာမည် 'ဘုန်း' ဆိုတာရှိရက်သားနဲ့ 'မြတ်' က မိန်းမဆန်ပါတယ်ဆိုပြီး 'ဘုန်းကျော်' မှည့်လိုက်ရာကနေ ခြေတွေ၊ လက်တွေ၊ ညှပ်ရိုးတွေသွင်သွင်ကျိုးသွားရတဲ့ကလေးတစ်ယောက်ကိုလည်း မြင်ဖူးပါတယ်။

တကယ်လို့ ဖအေက ဘုန်းမပါရင်တော့ အဲဒီကလေးအတွက် ကောင်းရင်ကောင်းမှာပေ့ါ။ ဒါပေမယ့် နာမည်ပညာရှင်တွေကို ချဉ်းကပ်ပြီးမေးကြည့်လိုက်ရင် ဗျူပွတ်လွန်နေပြီလို့ပြောကြမှာသေချာပါတယ်။

မှည့်တော့မှည့်နေကြတာပါပဲ။

အဲဒီနာမည်မျိုး သုံး၊ လေးဦးတွေ့ဖူးပါတယ်။ ဘယ်လိုဘယ်လိုခြေတွေ၊ လက်တွေထိခိုက်ကုန်လဲတော့မသိဘူး။ ထိလိုက်ရင် ခြေတွေ၊ လက်တွေချည်းပဲ။ တစ်ယောက်ဆို (၄၀) ကျော်တာနဲ့ လေဖြတ်သွားပြီ။

အဲဒါကြောင့် မှည့်ချင်ရင်၊ ကိုယ့်သဘောနဲ့ကိုယ်နဲ့တွဲချင်ရင်တွဲပါ။ ပြီးရင် ကိုယ့်ကလေးကိုမှည့်ပေးလိုက်တဲ့ဆရာ၊ ဆရာမတွေနဲ့ တိုင်ပင်ကြည့်ပေ့ါ။ ပြောပြကြည့်ပေ့ါ။ ပညာနဲ့ဆုံးဖြတ်ပြကြမှာပေ့ါ။

'သောင်းထိုက်' နဲ့ 'သော်တာ' မတူပါဘူး။

'အောင်ခန့်' ကနေ 'ဥက္ကာ' ပြောင်းမှည့်ချင်ရင် စဉ်းစားပါ။

'အိန္ဒြေ' ဆိုတာ 'အ' ကနေ 'ရ' အသံထွက်ပဲ။ ဧကရီဆိုလည်းရတာပဲလို့ စဉ်းစားတော့မယ်ဆိုရင် အချိန်ယူပါ။

'ကောင်းမြတ်' ကနေ 'ခန့်ဘို' ပြောင်းတော့မယ်ဆိုရင်လည်း တွေးလိုက်ပါဦး။

ပိုဆိုးတာကတော့ အဓိပ္ပာယ်ပါ။

'သူဇာ' ဆိုတဲ့ နာမည်ကို ရိုးလွန်းတယ်ဆိုပြီး 'ပေဖူး'လို့ပြောင်းလိုက်တာနဲ့ အဲဒီနာမည်ရဲ့အကျိုးသက်ရောက်မှုတွေရောက်လာတော့မှာပဲဆိုတာ တွေးထားရပါလိမ့်မယ်။

ဘယ်လိုအကျိုးသက်ရောက်မှုတွေလဲ။ ခေတ်တော့ဆန်တယ်၊ မှန်တယ်။ ဒါပေမယ့် ဘာအဓိပ္ပာယ်မှန်းမသိဖြစ်နေတော့ ဘာမှန်းညာမှန်းမသိတဲ့ကိစ္စတွေ ရောက်လာတော့မယ်ဆိုတာ မလွဲပါဘူး။

ပေးလိုက်တဲ့ပုဂ္ဂိုလ်က 'သန်းဝင်းကျော်'။ ဒါကိုဘာနဲ့ဘာနဲ့တွဲရမယ်ဆိုတာ မေးကြည့်လာခဲ့တယ်ဆိုပြီး 'သူရိန်ခ' တဲ့တွဲလုံးပြောင်းလည်းပြောင်းလိုက်ရော ကလေးလည်း အတန်းထဲမှာ ဆုတော မရတော့တဲ့အပြင် အောင်ရုံလေးအောင် ဖို့တောင် အတင်းစာကျက်ခိုင်းနေရ ဘဝရောက်သွားတာလည်း မျက်စိနဲ့မြ ခဲ့ပါတယ်။

'သိန်းအောင်ကျော်' လို့ မှည့် လိုက်တဲ့သူက မှည့်ပေးလိုက်တုန်း ကလေးဟာမဆိုးဘူး။ သူတို့ကရိုးတ ဆိုပြီး အဲဒီမှည့်ပေးလိုက်တဲ့သူကို ကြာ-တနင်္ဂနွေ-တနင်္လာတွဲရင် ရ သွားမေးကြတယ်။ ဟိုကရတယ်ပြေ လိုက်ပါလိမ့်မယ်။ အဲဒီကလေးရဲ့အ နာမည်မှာ သက်ဆိုတာပါတယ်။က က သားဦး။ ဒီတော့ နံတူပဲဆိုပြီး 'သတ် ကျော်'လုပ်လိုက်ပါလေရော။

ကလေးဟာ ဆိုးလိုက် တာတေကိုလန်နေတာပဲ။ ဘယ်လို စည်းကမ်းကွပ်လို့မရဘူး။ စိတ်ဓာ ပျက်ပြားသွားတာ။

အဲဒီလို ကိုယ့်သဘောနဲ့ကိုယ် ကြည့်ချင်ကြတာတွေများလွန်းလို့ သတိပေးရပါတယ်။

ဆိုကြပါစို့။

'ကြည်စင်ဖြူ'။ အဲဒီလိုပေး ရောဆိုပါတော့။ တစ်နှစ်မပြည့်ခ ကလေးချူချာလို့၊ မှိန်းမှိန်းနေလို့ ပြန်လာတယ်။ မေးကြည့်လိုက် ဘယ်လိုခေါ်လဲပေ့ါ။ သူတို့က ကြ ဖြူလို့ခေါ်ပါတယ်တဲ့။ ဆရာပေးတဲ့ မှာ ကြည်စင်ဖြူပါတယ်လေတဲ့။ တူပဲမို့ ကြယ်စင်ဖြူပြောင်းခေါ်တာ



www.burmeseclassic.com

www.burmeseclassic.com

ကြည်နဲ့ ကြယ် တစ်လုံးထဲပြောင်းလိုက်တာနဲ့ ဖြစ်သွားရတဲ့ဆိုးကျိုးတွေကို သူတို့လေ့လာထားပုံမရသေးဘူး။

အစထဲက ကြယ်နဲ့မှည့်လို့အဆင်ပြေရင် ကြယ်စင်ဖြူပေးလိုက်မှာပေါ့။ အဆင်မပြေလို့ 'ကြည်' ပေးလိုက်တာလေ။

လူမှာ သူ့ကံနဲ့သူရှိပြီးသားပါ။

ခရမ်း ဆိုတဲ့ အရောင်နာမည်ကို မှည့်လိုက်လို့ ထင်ရှားကျော်ကြားလာမယ့်သူကို ဗေဒါမှည့်လို့မရပါဘူး။

ဒီလိုပါပဲ၊ ခရေ ဆိုတဲ့ နာမည်ကြောင့် ကျော်ကြားလာမယ့်သူဟာ ခရ ဆိုတဲ့ နံ့တူပေမယ့် မကျော်ကြားနိုင်ပါဘူး။

တချို့ဆို -

ငယ်နာမည်က တစ်မျိုး၊ ကျော်ကြား ထင်ရှားအောင်မြင်လာတဲ့ နာမည်ကတစ်မျိုးရှိနေကြပါတယ်။ ဒုနဲ့ဒေးပါ။

အဲဒီမှာ သူတို့ရဲ့ ငယ်နာမည် မဟုတ်ဘဲ နောက်မှပြောင်းလို့ကျော်ကြားလာတဲ့ နာမည်တွေကိုကြည့်ရင် ဟိတ်တွေပါတာ၊ အားမာန်တွေပြည့်တာ၊ ဒီဃ-ရဿအားကောင်းတာတွေ တွေ့ရပါလိမ့်မယ်။ ခေါ်ရတာကိုက နှုတ်မှာစီးနေပါတယ်။ မာန်ပါလှပါတယ်။

အဲဒီလို ပြောင်းနည်းကတော့ တစ်မျိုးပေါ့။

ခုနလို ခေတ်ဆန်ချင်လွန်းလို့ နံ့တူရင်ပြီးရောဆိုပြီး တွဲချင်ကြတာကတော့ တလေးလေးတွေအတွက် အန္တရာယ်များလှပါတယ်။

ဘာမှမသိရှာသေးတဲ့အရွယ်လေးတွေမို့ သူတို့လေးတွေအတွက်ဆိုရင် ရှုထောင့်ပေါင်းစုံက ကြည့်ပေးသင့်ပါတယ်။ တကယ်ပါ။

ကိုယ်ထင်ရာကိုယ်တွဲ၊ကိုယ်ကြိုက်ရာကိုယ်တွဲတော့မယ်ဆိုရင် ကလေးလေးတွေရဲ့ မျက်နှာလေးကို တစိမ့်စိမ့်ကြည့်လိုက်ပါဦး။

ကိုယ်လုပ်ချင်တာလုပ်တော့မှာဖြစ်တဲ့အတွက် ကိုယ့်မြေးလေး၊ ကိုယ့်သားလေး၊ ကိုယ့်သမီးလေး၊ ကိုယ့်တူလေး၊ ကိုယ့်တူမလေးဟာ ဘယ်လောက်အထိ ဘာဖြစ်သွားနိုင်လဲဆိုတာကို အရင်တွေးပေးလိုက်ပါ။ စဉ်းစားပေးလိုက်ပါ။

သစ်ထွန်းရယ်၊ သိန်းထိုက်ရယ်၊ သက်ထားရယ်၊ သတိုးရယ်၊ သာထက်ရယ် တူမလိုလိုနဲ့ မတူပါဘူး။

ဒါကြောင့် သက်ရောက်မှုလည်း မတူပါဘူး။

ဒီလိုပဲ -

စံသိန်းဆိုတာရယ်၊ စိုးသူဆိုတာရယ်၊ ဇွဲသန်ဆိုတာရယ်၊ ဇော်သက်ဆိုတာရယ် တူမလိုလိုနဲ့ လုံးဝမတူပါဘူး။ သက်ရောက်ပုံချင်း မတူတဲ့အတွက် အောင်မြင်ထင်ရှားကျော်ကြားတာချင်းလည်း လုံးဝမတူနိုင်ပါဘူး။

အောင်သိန်းဝင်းရယ်၊ အောင်သီလရယ်၊ အောင်သက်လူရယ်၊ အောင်သူရိန်ရယ်လည်း တူမလိုလိုနဲ့မတူပါဘူး။ ဒါကြောင့် ဒီလိုနာမည်ရှင်မျိုးတွေကို တွေ့တဲ့အခါ သူတို့ဘဝရပ်တည်နေကြရပုံနဲ့ အောင်မြင်နေကြပုံတွေ၊ ခက်ခက်ခဲခဲရုန်းကန်နေကြရပုံတွေကို လေ့လာကြည့်ပါ။ ဘယ်လိုမှမတူကြတာတွေ့ရပါလိမ့်မယ်။

'ကြည်မြင့်'ကနေ 'ချမ်းမြေ့'ပြောင်းလိုက်ပြီးတဲ့နောက်ပိုင်း လောကဓံတရားရဲ့အထုအထောင်းတွေကြားမှာ လှိုင်းစီးနေရရှာသလိုဖြစ်နေတဲ့သူနဲ့လည်း စကားပြောခဲ့ဖူးပါတယ်။

'ကြည်ကြည်မြင့်'ကနေ 'ကြာဖြူ'လို့လည်း ပြောင်းလည်းပြောင်းရော ဘယ်လိုမှထင်မထားတဲ့သူနဲ့ လိုက်ပြေးသွားသူလည်း မြင်ဖူးခဲ့ပါတယ်။

နာမည်ကို နံ့တူအတိုင်း ပြောင်းကြတယ်ဆိုတာက 'က' အက္ခရာဖြစ်ရင်ပြီးရော၊ 'စ' အက္ခရာဖြစ်ရင်ပြီးရော၊ တနင်္လာနံဖြစ်ရင်ပြီးရော၊ ဗုဒ္ဓဟူးနံဖြစ်ရင်ပြီးတာပဲဆိုလို့မရပါဘူး။

အက္ခရာတွေမှာ 'အား' တွေရှိပါတယ်။ ခေါ်ရတဲ့အသံထွက်ကိုက လျှာလိပ်ပုံ၊ အာစောက်သံသွားပုံ၊ သွားကြားကနေအသံထွက်ပုံ၊ နှုတ်ခမ်းကနေအသံထွက်ပုံ၊ ရင်ခေါင်းသံ၊ ဒါတွေမတူပါဘူး။ တကယ်ပီပီသသရွတ်ဆိုပြီးအသံထွက်ကြည့်ပါ။ ပါးစပ်ပြောင်းလဲသွားပုံတွေလုံးဝမတူတာတွေ့ရပါလိမ့်မယ်။

အဲဒီလိုမတူခြင်းကိုက အဲဒီအက္ခရာတစ်လုံးရဲ့စွမ်းအားပါပဲ။

ဒါဟာ နာမည်ပညာပါ။

ဒီလိုမှ မလေ့လာဖြစ်သေးရင် -

လေ့လာဖို့ အချိန်မပေးနိုင်သေးရင် တတ်ကျွမ်းနားလည်ကြတဲ့ဆရာတွေ၊ ဆရာမတွေက ပေးလိုက်တဲ့နာမည်ကို နံ့တူအတိုင်း ပြန်ပြောင်းပစ်ကြတာ မဖြစ်သင့်ပါဘူး။

ပြောင်းချင်ရင်ရပါတယ်၊ မှည့်ပေးတဲ့ပုဂ္ဂိုလ်ဆီမှာပဲ တစ်ခါထဲပြောင်းလိုက်ပေါ့။ ကိုယ်လိုချင်တာပြောပြပေါ့။ ဒါဆိုပညာခွင်နဲ့ ဖြစ်ရင်ဖြစ်တယ်၊ မဖြစ်ရင်မဖြစ်ဘူးဆိုတာ ပြောပြလိမ့်မှာပေါ့။

ဒါဆို ကလေးအတွက်လည်း ကောင်းသွားရော။ဘာမှပူစရာမလိုတော့ဘူး။

'ခင်ခင်' ဆိုတဲ့ နာမည်လေးဟာ ရိုးတယ်ဆိုပြီး 'ချောချစ်'လို့ပြောင်းလိုက်တာနဲ့ အတူတူပဲလို့ မတွေးကြစေလိုပါဘူး။

လွတ်လွတ်ကျွတ်ကျွတ် 'ခ' နဲ့ သဝေထိုးတွေ၊ ယပင့်တွေပါလာတဲ့ 'ချော' ဟာ မတူပါဘူး။

ယပင့်ပါလာပြီဖြစ်လို့ သေချာတယ်၊ ဂြိုဟ်အနေကောင်းရင်တော့ တစ်မျိုးပေါ့။ တကယ်လို့များ ဂြိုဟ်အနေမကောင်းခဲ့ရင် သူ့ကိုယ်သူ အားမကိုးချင်တော့ဘူး။

ဟော - အဲဒီလိုဟောပေါက်တွေ၊ ဆုံးဖြတ်ရတာတွေအများကြီးပါလာပြီ။ ဒါတစ်မျိုးထဲပြောသေးတာ။

အဲဒီလိုမတူတာတွေ အများကြီး။

'ရတနာလှိုင်'လို့ ပေးလိုက်တာကို ရတနာလှိုင် ရိုးလို့ဆိုပြီး 'ရတနာလှိုင်း' ဆိုပြီး ပြောင်းလိုက်ပြီးတဲ့နောက်ပိုင်း လှိုင်းလှိုင်းနဲ့ ချစ်စနိုးခေါ်ရင်း ဘဝမှာ အပြောင်းအလဲများစွာနဲ့ လူးလွန့်ခဲ့ရရှာသူလည်းရှိပါတယ်။

ဒါကြောင့် ပြောင်းတယ်၊ ပြောင်းတယ်ဆိုတိုင်း မကောင်းပါဘူး။

နံ့တူတော့ နံ့တူပါပဲ၊ ဒါပေမယ့် မတူပါဘူး။

မိမိနဲ့ မီမီနဲ့ မတူသလို မွှေးမွှေးဆိုရင်လည်း ပိုမတူတော့ပါဘူး။

ဒီလိုပါပဲ၊ မြမြနဲ့ မြတ်မြတ် မတူနိုင်ပါဘူး။

ဒီဗဟုသုတလေးတွေ သိထားပြီဆိုရင် -

တတ်ကျွမ်း နားလည်သူတွေက မှည့်ပေးလိုက်တဲ့နာမည်ကို နံ့တူတာပဲဆိုပြီး ကိုယ့်သဘောနဲ့ ပြောင်းပစ်တဲ့အခါ ဘယ်လောက်အန္တရာယ်များတယ်ဆိုတာ သိနိုင်လောက်ပါပြီ။

ဒါတွေသိထားသလို -

ကိုယ့်အတွက် မကြည့်ဖို့လည်း ဗဟုသုတတွေရှိနေရပါလိမ့်မယ်။ အဲဒါက ဘယ်လိုလဲဆိုတော့ -

ကလေးကို နာမည်ပေးလိုက်ပြီဆိုပါတော့။

"ကလေးနာမည်ဟာ ကျွန်တော့်ကိုအဓိပ္ပါယ်ရှိုး(?)ပေးပါတယ်နော်"

ဆိုသူတွေ -

"ကလေးနာမည်မှည့်ရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com

တော့်ကို အကျိုးပေးအောင်မှည့်ပေးပါ”

ဆိုသူတွေရှိနေကြပါတယ်။

အမှန်က -

ကလေးလေးအတွက်အရင်ကြည့်သင့်ပါတယ်။

ကလေးအတွက် ကောင်းပြီဆိုမှ အဲဒီကောင်းတဲ့နာမည်ဟာ မိဘနှစ်ပါးက ဘယ်သူ့ကိုခိုက်သွားနိုင်သလဲဆိုတာ ကြည့်ရပါတယ်။

ဒါမှ သဘာဝကျမှာပါ။

ဆိုကြပါစို့ -

ငါးကြွင်းကလေးလေး။

| | | |
|---|---|---|
| | ၂ | |
| ၄ | ၀ | ၃ |
| ၁ | ၅ * | ၆ |

သူ့အဖေက ဗုဒ္ဓဟူးနာမည်။

ကလေးကို အင်္ဂါစ ဗုဒ္ဓဟူး ပေးလိုက်ပြီဆိုပါတော့။

ဒီအခါမှာ သူကဘာပြောလဲဆိုတော့ -

“ကျွန်တော်က ဗုဒ္ဓဟူးဆိုတော့ ဗုဒ္ဓဟူးရဲ့ အခိုင်အမာဓာတ်ဖြစ်အောင် ကလေးကို အင်္ဂါစပြီး ကြာသပတေးပိတ်ပေးပါ ဆရာ” တဲ့။

သူပြောလိုက်တာ သိလိုက်ပါတယ်။

အင်္ဂဝိဇ္ဇာပညာခန်းက အမြစ်၊ အညွန့်ပညာခန်းပါ။

ဒီပညာခန်းတွေကို ဟိုးလွန်ခဲ့တဲ့ ၁၉၈၇ ခုနှစ်ထဲက အများကြီး ဖွင့်ဆိုရေးပြခဲ့ပြီးပါပြီ။

အမြစ်၊ အညွန့်အမှန်ဆိုရင် ဘယ်လို -

အဲဒီအမှန်ကနေ ဇောက်ထိုးဖြစ်သွားရင် ဘယ်လိုဆိုတာတွေကို လက်တွေ့ပေါင်းများစွာ၊ အတွေးအခေါ်ပေါင်းများစွာနဲ့ ဆောင်းပါးပေါင်းများစွာ နှစ်နဲ့ချီပြီးရေးခဲ့ပြီးပါပြီ။ အတွဲ (၁)၊ အတွဲ(၂) တောက်လျှောက်ဖြန့်ချိထားတာတွေရှိပါတယ်။

သူပြောတဲ့ပုံက အမြစ်၊ အညွန့်ကို တိတိကျကျသိလို့ပြောတဲ့ပုံမဟုတ်ပါဘူး။ အဲဒီပညာခန်းတွေကို အနည်းအကျဉ်းဖတ်ဖူးပြီးပြောလိုက်တဲ့ပုံပါ။ ဒါမှမဟုတ် အနည်းအကျဉ်းဖတ်ဖူးတဲ့သူက၊ အမြစ်အညွန့်ဆိုတာလောက်သိတဲ့လူက သူ့ကိုပြောပြပါလိမ့်မယ်။ ဒါကြောင့် ဒီလိုလာပြောပုံရပါတယ်။

သူ့ကိုသေချာရှင်းပြရပါတယ်။

အခေါ်အဝေါ်နဲ့ ဂဏန်းတည်ဆောက်ပုံတွေပြောပြတော့ သိပ်တောင်မကြားဖူးဘူးဖြစ်နေပါတယ်။

သူ့ခမျာ အမြစ်၊ အညွန့်တည်ပုံလေးတစ်ခုထဲသိထားပုံပေါ်ပါတယ်။

ဒါကြောင့် ရှင်းပြလိုက်ရပါတယ်။

ပထမမှည့်ထားတဲ့ ကောက်ကြောင်းက ကလေးကိုလည်း မထိခိုက်ဘူး၊ ကလေးရဲ့ဖခင်ကိုလည်း မထိခိုက်ဘူးလို့။

သူပြောသလို အင်္ဂါစ ကြာသပတေးပိတ်မှည့်လိုက်ပြီဆိုရင် သူ့အတွက်ခိုင်တာကတော့ ဟုတ်ပါရဲ့။ ကလေးအတွက်ကတော့ ဇောက်တိဇောက်ထိုးဖြစ်သွားပါပြီ။ ဒီအခါမှာ မလိုလားအပ်တဲ့ သက်ရောက်မှုဆိုးကျိုးတွေဖြစ်လာနိုင်ပါတယ်။ အဲဒီလိုဖြစ်လာပြီဆိုရင် ကလေး ဘုန်းကံနိမ့်သွားသလို ဟိုတာဖြစ်လိုက်ဒီဟာဖြစ်လိုက်ဖြစ်တတ်ပါတယ်။ ကလေးဖြစ်နေတော့ကော လူကြီးက စိတ်ချမ်းသာနိုင်ပါတော့မလား။ ငွေကုန်ကြေးကျရောများမကုန်ဘူးလား၊ ရှေ့မှာ စီးပွားရှာရတာ၊ အလုပ်လုပ်ရတာရော စိတ်ဖြောင့်နိုင်ပါဦးမလား - ကိုင်း။

ဒါကြောင့်ပြောတာပေါ့။

ဘယ်ဟာအရေးကြီးလဲ အရင်စဉ်းစားဖို့ပြောတာပါ။

ဒီကလေးလေးဟာ ဘုန်းကြီးနေရမယ်၊ ကျန်းမာနေရမယ်၊ ချမ်းသာနေရမယ်၊ ပညာတတ်ရမယ်၊ အသက်ရှည်ရမယ် ဒါမှဖြစ်မှာပေါ့။ ဒီကလေးလေး ဘုန်းကြီးမှ မိဘမှာလည်း ရှာရဖွေရတာ အကျိုးပေးမှာပေါ့။ ကျန်းမာရေးလည်း ကောင်းနေရမှာပေါ့။

သူပညာတတ်မှဖြစ်မှာပေါ့။ ကျန်းမာနေရမှာပေါ့။

ဒီလိုတွေသိနေရမယ်လေ။

စပြီး လူစဖြစ်ပော့ ဆိုကတဲက ကုလိုက်ရတာ ဆေးနဲ့လူနဲ့မပြတ်ဘူး ဆိုတာ ကောင်းတာမှမဟုတ်ဘဲ။

ဆရာဦးမောင်မောင်သန်း

(ရင်ကိုအေးမြစေသား)

ရှေးဟောင်းမြေ-မောင်သန်းနိုင်

(ကုန်းဇောင်း)

# အဘွားပေးတဲ့

# ကလေးဆေး

ကျွန်ုပ်သည် ငယ်စဉ်က အလွန်ချူချာခဲ့သည်။ နွမ်းပါးတော့ ဆေးခန်းကိုမသွားနိုင်ပါ။ အဘွား ဒေါ်စောမှီ၏ အိမ်သုံးဆေးကွမ်းရွက်ပြုတ်ရည်၊ ကြက်ဟင်းခါးရွက်၊ ကြောင်ပန်းရွက်ဆေးတို့နှင့် ပျောက်ကင်းခဲ့သည်။

အဖုအကျိတ်ဆိုလျှင်လည်း ထုံးနနွင်း၊ ဆေးရွက်ကြီး၊ ကြက်ဆူးရိုးအနီရွက်၊ ခံတက်ခေါက်တို့ဖြင့် ပျောက်ခဲ့ရသည်။ ကျွန်ုပ်သည် ပါရမီမရှိ၍ ဆေးဆရာဖြစ်မလာသော်လည်း စာတိုပေစများရေးသားနေသည့် ယခုအချိန်တွင် ကုန်ကြမ်းများပင်ဖြစ်လေ၏။ အဘွား ဒေါ်စောမှီ၏ကိုယ်တွေ့ဆေးနည်းများကို သူရဇ္ဇမဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

**ကြက်ညှာချောင်းဆိုး။ ။** ကြက်သွန်ဖြူကို ထောင်းထု၍ နှမ်းဆီနှင့်ကြော်အောင်နယ်ပါ။ အရည်ကို ရင်ဘတ်နှင့်ကျောကို လိမ်းကျံပေးပြီး ခြေဖဝါးကိုအဖတ်များနှင့်ပတ်တီးစည်းပေးထား ပါ။

**ချွဲထလျှင် ။ ။** ကြိတ်မှန်ရွက်ဖြစ်စေ၊ ခွေးသေးပန်းရွက်ဖြစ်စေ ရှိန်းခိုအနည်းငယ်ထည့်ပြီးကြိတ်ပါ။ ထိုအရည်ကို ငယ်ထိပ်မှနေ၍လိမ်းပေးပါ။

**ကလေးတက်လျှင်။ ။** ဆင်ငိုမြက်ပြုတ်ရည်ကိုတိုက်ပါ။ အတက်ချက်ချင်းကျမည်။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာသုံးပါးအား ဤစာမူဖြင့်ကန်တော့ပါ၏။

ရှေးဟောင်းမြေ-မောင်သန်းနိုင်

(ကုန်းဇောင်း)



www.burmeseclassic.com

www.burmeseclassic.com

# ကမ္ဘာကျော်နှင့် ဆရာချမ်းမင်း (LL.B)



ကမ္ဘာကျော် ဂျာမန်လူမျိုး ဗိသုကာနှင့်ဒီဇိုင်နာပညာရှင် JORG PRVIN

**ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်ကြီးတွေ ဟောခဲ့ဖူးသလား ?** " မင်းကွန်းတိပိဋကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ " ရဲ့ ...အာပုံတော်ကို နှိပ်ယူပြီး ရွှေတိဂုံဘုရား အရှေ့မုခ် အထက်ပစ္စယံ ပတ္တမြားမြတ်ရှင်ဘုရားမှာ တင်တယ်။ အဲဒီမှာ အဓိဋ္ဌာန်ဝင်ပြီးမှ ...တော်ရဲ့ ဖောင်းရစ်ပေါ်တင်ပြီး ဟောစာတမ်းရေးခဲ့သည်။ ဆရာတော်ဘုရားကြီးရဲ့ ပျံလွန်တော်မူမယ့်ကာလနှစ်၊လအထိ ...ပေးခဲ့ပါတယ်။ (တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၁၉၉၉ခု၊ ဇန်နဝါရီလ၊ စာမျက်နှာ–၁၅၅ ) ဆရာတော်ဘုရား သက်တော် ...ထိသာ အသက်ရှည်နိုင်မည်၊ မည်သည့်ရောဂါဝေဒနာ ခံစားရမည်ကို (၇)နှစ် ကြိုတင်၍ ၁၉၈၆ နိုဝင်ဘာလထုတ် ဓာတ်သဝေဒမဂ္ဂဇင်း ...တ် (၂၇)၊ စာမျက်နှာ ၁၄–၁၅–၁၆–၁၇–၁၈ တွင် ဟောပြောခဲ့ခြင်းဖြစ်၏။

**အမှတ်တရရဲ့ အမှတ်တရ** –ကမ္ဘာကစ်ဘောက်ဆာချန်ပီယံ ဂျပန်လူမျိုး **တာကာရှီအိတိုစ်**ကိုယ်တိုင် ဆရာချမ်းမင်းထံ လက္ခဏာ ...ဆွေးနွေး သွားခြင်းပါပဲ။ (သရဖူမဂ္ဂဇင်း၊ အမှတ် (၅၇)၊ ဇူလိုင်၊ ၂၀၀၂ ၊စာမျက်နှာ –၁၃၂– ၁၃၃ –၁၃၄–၁၃၅)

" ထူးခြားအောင်မြင်မှုတစ်ခုအနေနဲ့ ချင်းမိုင်မှာရှိစဉ်က ထိုင်းလူမျိုး (ITTI BALANOORA) ဆိုတဲ့ နာမည်ကြီး ...တော်သီချင်းရေးဆရာ ပရိုဂျူဆာကို ဟောပြောခဲ့ရခြင်းပါပဲ။ အဲဒီတုန်းက သူ့အိမ်ရှေ့မှာ အင်းမြုပ်ထားတဲ့အကြောင်း၊ သူတို့မျိုးရိုးမှာ ...ဝေဒနာခံစားရသူ အစဉ်အဆက် ရှိကြောင်း၊ အခု လောလောဆယ်မှာ သူ့မိခင် လေဖြတ်ဝေဒနာ ခံစားရမယ့်အကြောင်း၊ ...ယ်တိုင်ဟာ လျှမ်းလျှမ်းတောက်အောင်မြင် ကျော်ကြားသူ ဖြစ်ကြောင်းစတဲ့ မှန်ကန်တဲ့ဟောချက်တွေကြောင့် ကျွန်တော့်ကို ...လေးစားသွားခဲ့ပါတယ်။ ဂျပန်ကို ထွက်ခါနီး ဘန်ကောက်မှာရှိတဲ့ သူ့နေအိမ်မှာပဲ ကျွန်တော့်ကို ကျွေးမွေးဧည့်ခံခဲ့ပါတယ်။ ...ဆိုင်တဲ့ တိုက်တာခြံမြေ ရောင်းထွက်အောင် သာသနာပွဲ (၂၇) ပွဲပေးပြီး ဆောင်ရွက်ပေးခဲ့ပါတယ်။
...တွေ့ဆုံခြင်း၊ နက္ခတ္တရောင်ခြည်၊ ၁၉၉၉၊ ဇန်နဝါရီ၊ စာမျက်နှာ– ၁၅၅) (သပြေဝေးမဂ္ဂဇင်း ၁၉၉၉ ၊ အမှတ်– ၂၈၈၊ ...နှာ– ၂၃– ၂၄– ၂၅– ၂၆– ၂၇– ၂၈ )"

...န်–ရေစင်မှတ်တိုင်ဆင်းပါ။ ခြံအမှတ် ၃၁–၁၁၊ စံပယ်လမ်း ( တတိယမြောက် ဘယ်ဘက်လမ်းသွယ်–ရွှေခဏ္ဍာလမ်း၊) ...မ်းကြီးရိပ်သာ (VIP) ရွှေပြည်သာမြို့။(ဥပုသ်နေ့မှအပ နံနက် (၉) နာရီမှ ညနေ (၄) နာရီအတွင်း)Ph-09 8516520

## ...ရှုစင်းအလင်းလက္ခဏာ–အမှတ် (၁)

...ချ

...ဝင်းခိုင် (သိမ့်ထိုက်စာပေ)

...( ၂၃၁) ဒုတိယထပ် (ဝဲ)၊ ၃၂ လမ်း (အထက်)

...န်းမြို့နယ်၊ရန်ကုန်မြို့။ဖုန်း ၀၉ ၅၀၅၉၂၁၄

ပညာအလင်းပြစာအုပ်ဆိုင်

အမှတ် (၁၃၀)၊ ဗိုလ်ချုပ်လမ်းနှင့် ၄၈ လမ်းထိပ်၊

ရန်ကုန်မြို့၊ ဖုန်း -၂၉၀၉၂၃/ ၀၉ ၅၀၂၈၇၆၅

**လက္ခဏာပညာဖြင့် အကူအညီပေးပါရစေနှင့်**

## အဝရှုစင်းအလင်းလက္ခဏာ အမှတ် (၂)

မကြာမီ ထွက်ရှိလာမည်ဖြစ်သည်။

...၂၀ နှစ်မှ ၃၅ နှစ်အတွင်း ဘွဲ့မရ၊ ဆယ်တန်းမအောင်သော်လည်း လက္ခဏာဗေဒ ဝါသနာပါ၍ ကွန်ပျူတာ ကျွမ်းကျင်သူ စာ... ...နေမတစ်ဦး အလိုရှိသည်။ လူကိုယ်တိုင် လျှောက်ထားနိုင်သည်။ (ဥပုသ်နေ့မှအပ-မွန်းလွဲ ၃ နာရီမှ ၅ နာရီအတွင်း)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တက္ကသိုလ်တွင် တောင်ကြီးသားအောင်မြင့်နှင့် ပုသိမ်သားမြင့်အောင်တို့ အတူလာရောက်ဆုံကြသည်။ နယ်ကျောင်းသားများဖြစ်ကြ၍ အဆောင်လျှောက်ရာတွင် အင်းဝဆောင်၌ အတူနေထိုင်ခွင့်ရကြသည်။ ကျောင်းသားသစ်များဖြစ်၍ အောက်ဆုံးထပ်တွင် တစ်ခန်းနှစ်ယောက်နေခွင့်ရသဖြင့် အခန်းမဲနှိုက်ရာ အခန်း (၃၆) တွင် မဲပေါက်သဖြင့် အတူနေခဲ့ကြရသည်။ အောင်မြင့်နှင့် မြင့်အောင်မှာ နာမည်ချင်းသာဆင်တူသည်မဟုတ်၊ ရုပ်ရည်ရောအကျင့်စရိုက်ပါ အစစတူညီနေကြသည်။ ဘာသာတွဲတူသဖြင့် အတန်းအတူတက်ရသည်။ ထမင်းစားလည်းအတူ၊ ကျောင်းတက်လည်းအတူ ဝလေ့စရိုက်ချင်းပါတူသဖြင့် ညီအစ်ကိုလားဟုအများကထင်ရလောက်အောင် အစစတူညီနေပါသည်။ဘာသာရေးယုံကြည်မှုတွင်လည်း တူညီသဖြင့် တနင်္ဂနွေနံနက်တိုင်း ရွှေတိဂုံဘုရားသို့ အတူသွားရောက်ပုတီးစိပ်လေ့ရှိသည်။

တစ်နေ့ ပုတီးစိပ်ရင်း နောင်တော်ကြီးစေတီတွင် အသက်ငါးဆယ်ခန့် ယောဂီရောင်ဝတ်စုံဘိုးတော်ကြီးတစ်ပါးနှင့် ရင်းနှီးခဲ့ကြသည်။ ဘိုးတော်ကြီးက သူတို့နှစ်ယောက်ကို ခင်မင်သဖြင့် ပုတီးစိပ်နည်းများပြသပေးပါသည်။ ဘိုးတော်ကြီးကို လေးစားသဖြင့် ဘိုးတော်ခိုင်းသည့်အတိုင်း တိတိကျကျ လိုက်နာခဲ့ကြသည်။ သူတို့နှစ်ယောက်မှာ စာကြိုးစားသူများဖြစ်၍ ပထမနှစ်ကို ကောင်းစွာ အောင်မြင်ခဲ့ကြသည်။ ဒုတိယနှစ်တွင်လည်း အင်းဝဆောင်တွင် အခန်းရသဖြင့် တစ်ခန်းတည်းနှစ်ယောက်နေခဲ့ကြပြန်သည်။ တတိယနှစ်သို့ရောက်သော် အပေါ်ဆုံးထပ်တွင် တစ်ယောက်တစ်ခန်းနေထိုင်ခွင့်ရသဖြင့် အခန်းချင်းကပ်လျက်နေခဲ့ကြသည်။အခြားကျောင်းသားများက သူတို့နှစ်ဦးကို ကက်ကင်းညီနောင်ဟု ခေါ်ကြသည်။ အများပြောသကဲ့သို့ပင် အကျင့်စရိုက်၊ ဝါသနာတူညီကြသဖြင့် ထူးခြားသော သူငယ်ချင်းများဖြစ်ကြသည်။ စတုတ္ထနှစ်တွင်လည်း အင်းဝဆောင်အပေါ်ဆုံးထပ်၌ အခန်းချင်းကပ်လျက် နေခဲ့ရကြသည်။


ကျောင်းပြီး၍ ဘွဲ့ရသောအခါ မြင့်အောင်က အလုပ်ရှာနေချိန် အောင်မြင့်က တောင်ကြီးရှိ လက်ဖက်ပွဲရုံတွင် မိဘလုပ်ငန်းများကို ဦးစီးလုပ်ကိုင်ခဲ့ကြသည့်အခါ လူချင်းဝေးကွာခဲ့ရတော့သည်။ မြင့်အောင် ပြည်ထောင်စုဘဏ်တွင် အလုပ်ရသဖြင့် ဘဏ်ရိပ်သာတွင် အခန်းရပြီး ရန်ကုန်တွင်နေရသလို အောင်မြင့်မှာလည်း တောင်ကြီးတွင် အခြေချခဲ့သည်။ သုံးနှစ်ခန့်အကြာတွင် မြင့်အောင်မှာ ဘဏ်မန်နေဂျာကြီးရာထူးရပြီး လက်ထောက်မန်နေဂျာ မသဇင်နှင့် လက်ထပ်ကာ ဘဏ်ရိပ်သာတွင် ဆက်လက်နေထိုင်ခဲ့သည်။ တိုက်ဆိုင်မှုဖြစ်သည်မှာ မြင့်အောင်လက်ထပ်သည့်နေ့တွင် တောင်ကြီး၌ အောင်မြင့်က တစ်ချိန်တည်း လက်ထပ်ခဲ့ကြသည်။ ရန်ကုန်နှင့် တောင်ကြီး အလှမ်းကွာသဖြင့် တစ်ဦး၏လက်ထပ်ပွဲကို တစ်ဦးက မသွားနိုင်ဘဲ လက်ဖွဲ့ပစ္စည်းများသာ အပြန်အလှန်ပို့နိုင်ခဲ့ကြသည်။ ထူးခြားချက်မှာ သူတို့နှစ်ယောက်စလုံး အိမ်ထောင်သက်ကြာရှည်သော်လည်း သားသမီးမထွန်းကားခြင်း ဖြစ်သည်။

ထိုထက်ပို၍ ထူးဆန်းသည်မှာ မြင့်အောင် အငြိမ်းစားယူခါနီးတွင် ဇနီးသည် ဆုံးပါးသွားသဖြင့် တစ်ဦးတည်း အဖော်မဲ့ရသကဲ့သို့ အောင်မြင့်၏ ဇနီးမှာလည်း ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ မြင့်အောင်သည် အငြိမ်းစားယူလိုက်သည်နှင့် နေစရာမရှိတော့ဘဲ နေရာရှာရတော့သည်။ ထိုအချိန် ကျန်းမာရေးမကောင်းသဖြင့် ဆေးစစ်ရာတွင် အစာအိမ်ကင်ဆာဖြစ်နေကြောင်းကိုသိရှိရ၍ စိတ်မချမ်းမသာဖြစ်ကာ အောင်မြင့်ရှိရာ တောင်ကြီးသို့ စိတ်ပြေလက်ပျောက် သွားရန် ခရီးထွက်ခဲ့သည်။

အောင်မြင့်နှင့် တွေ့သည်နှင့် သူ၏ရောဂါဝေဒနာအကြောင်းကို ပြောပြလိုက်သည်။အောင်မြင့်မှာ မြင့်အောင်၏စကားကိုကြားရ၍ အံ့သြခြင်းမရှိဘဲ မြင့်အောင်က မကျေနပ်၍ ပြောလိုက်သည်။

# ကျောင်းသော်

## ကက်ကင်းညီနောင်နှင့် အသက်ရှည်ဆေး





www.burmeseclassic.com

www.burmeseclassic.com

"ဒီရောဂါဖြစ်ရင် အသက်ရှင်နိုင်ခွင့်မရှိတော့ဘူးဆိုတာသိပါလျက် မင်းဘယ်လိုမှ မခံစားရဘူးလား အောင်မြင့်"

မြင့်အောင်က အားမလိုအားမရ ပြောလိုက်သဖြင့် အောင်မြင့်က တည်ငြိမ်စွာပြောပါသည်။

"ဘာအံ့ဩစရာရှိမလဲ သူငယ်ချင်း။ ငါ့မှာ မင်းလိုဝေဒနာခံစားနေရတာ တစ်လကျော်ပြီ။ ငါဖြစ်သလိုမင်းမှာ မဖြစ်ပါစေနဲ့လို့ ငါဆုတောင်းပါသေးတယ်။ ဒါပေမယ့် မင်းဘယ်နေ့ပြောမလဲလို့စိုးရိမ်နေရတာ သိပ်ပင်ပန်းတယ်။ ဒီကနေ့ မင်းဆီက ဒီစကားကြားလိုက်ရတော့ ဘာအံ့ဩစရာရှိတော့မလဲ။ မင်းနဲ့ ငါက နှစ်ယောက်ပေါင်းမှ တစ်ဘဝ မဟုတ်လား"

အောင်မြင့်၏စကားကိုကြားလိုက်ရသောအခါ အံ့ဩရသူမှာ မြင့်အောင်ဖြစ် သည်။

"ဟာ - ဒါလောက်တိုက်ဆိုင်ရသလား။ တို့နှစ်ယောက်က သေရင်တောင် အတူသေမယ်ထင်တယ်။ ငါတော့ သေမယ့်ရက်ကိုပဲစောင့်နေရတော့မှာပဲ"

"ငါမသေရင် မင်းမသေဘူးဆိုတာ ယုံစမ်းပါကွာ၊ ငါလည်း ဒီရောဂါကဆရာအမျိုးမျိုးနဲ့ပြကြည့်ပါသေးတယ်။ အဲဒီအချိန် ရွှေတိဂုံဘုရားကို ငါရောက်တော့ တို့သွားနေကျ နောင်တော်ကြီး ဘုရားမှာ အသက်နှစ်ဆယ်ကျော် ဘိုးတော်လေးတစ်ပါးကို တွေ့ရတယ်။ ဘိုးတော်လေးက ငါ့ကိုဟောတယ်၊ ဆရာကောင်းတွေ့ရင် ဒီရောဂါပျောက်မယ်။ ဒီရောဂါနဲ့မသေနိုင်ဘူးလို့ပြောတယ်။ အဲဒီစကားကြားတော့ ငါလည်း ဆေးမကုတော့ဘဲ ဒီကိုလာခဲ့တာ"

"တို့ကျောင်းသားဘဝကတွေ့ခဲ့ဖူးတဲ့ ဘိုးတော်ကြီးအကြောင်း မမေးခဲ့ဘူးလား"

"ဘယ်နေပါ့မလဲကွာ မေးတာပေါ့။ ဘိုးတော်ကြီးက ပုပ္ပားမှာရှိတယ်။ တွေ့ချင်ရင် နေဝင်စတောင်ကလပ် အဆင်းမှာစောင့်နေရင် ဘိုးတော်ကြီး





www.burmeseclassic.com

www.burmeseclassic.com

တောင်ပေါ်ကဆင်းလာတာတွေ့နိုင်တယ်လို့ ပြောပါတယ်"

"ဒါဆို နေရာကျပြီ၊ ဘိုးတော်ကြီးကိုသွားတွေ့ပြီး .တို့ရောဂါအခြေအနေကိုပြောပြကြတာပေါ့"

"မင်းအလုပ်တွေ ဘယ်လိုလုပ်ခဲ့မှာလဲ"

"ငါ့မှာ အမွေဆက်ခံမယ့်သူမရှိလို့ ညီအငယ်ဆုံးလေးကို လုပ်ငန်းတွေအားလုံးလွှဲပေးထားတယ်။ သူဆီကလိုသလောက်ငွေကို လိုတဲ့အချိန်ထုတ်ယူလို့ရတယ်။ ညီလေးက ငါ့ရောဂါကိုပြည်ပသွားပြီးကုဖို့တောင်စီစဉ်နေတာ။ ငါကတော့ မင်းပြောတဲ့ကံကြမ္မာကိုယုံတယ်။ မင်းပြောတဲ့ ဆရာကောင်းကိုတွေ့အောင်ရှာချင်တယ်။ မင်းသဘောကကော"

"ငါ့သဘောကတော့ ပုပ္ပားကိုသွားပြီး ဘိုးတော်ကြီးကိုတွေ့ချင်တယ်"

"ကောင်းထယ်၊ မင်းသဘောဟာငါ့သဘော၊ ငါ့ဆန္ဒဟာမင်းဆန္ဒပဲပေါ့။ ဒါဆို တို့ပုပ္ပားကိုခရီးထွက်ကြတာပေါ့"

သူငယ်ချင်းနှစ်ယောက် ပျော်ရွှင်စွာ ရယ်မောလိုက်ကြသည်။ နှစ်ပေါင်းများစွာပျောက်ဆုံးခဲ့ရသော ပျော်ရွှင်မှုမျိုးကို ပြန်လည် တွေ့လိုက်ကြခြင်းဖြစ်သည်။ ငယ်စဉ်ကလို လွတ်လပ်သည့်၊ အနှောင်အဖွဲ့ကင်းသည့်ဘဝသို့ပြန်လည်ရောက်ရှိသွားကြသည်။ ချက်ချင်းသေရမည်ဆိုသည့်တိုင် နှစ်ယောက်အတူရှိနေပါက ဘာကိုမှဂရုစိုက်ရန်မလိုဟုထင်ကြပါသည်။ အားမာန်သစ်နှင့် စွမ်းအားများကိုယ်စီပြန်လည်ရရှိခဲ့ကြသည်။ နောက်နေ့ ပုပ္ပားသို့သွားရန် ပြင်ဆင်ကြသည်။ အောင်မြင့်၏ညီက ပွဲရုံမှ ပါဂျဲရိုကားတစ်စီး စီစဉ်ပေးထားပါသည်။

နောက်နေ့ နံနက်စောစောထွက်ခဲ့ကြသည်။ နေ့လယ်တွင် ပုဂံသို့ရောက်ရှိကာ ညောင်ဦးတည်းခိုခန်းတွင် နေရာယူပြီး ညနေရောက်မှ ဗျတ္တပန်းဆက်လမ်းကနေ ပုပ္ပားသို့ထွက်ခဲ့ကြသည်။ နေမဝင်မီ ပုပ္ပားသို့ရောက်ပြီး တောင်ကလပ်တွင် ကားရပ်ကာ တောင်ပေါ်မှအဆင်းကို စောင့်ကြည့်နေခဲ့ကြသည်။ နေဝင်တော့မည်ဖြစ်၍ ဘုရားဖူးများရှင်းစပြုနေပါသည်။ ဘိုးတော်အလာကိုစောင့်မျှော်ရင်း တောင်ကလပ်အဆင်းလမ်းကို မျက်ခြည်မပြတ်အာရုံစိုက်နေရသည်။

တစ်စတစ်စနှင့်မှောင်ရီသန်းလာသည်။ တောင်ပေါ်မှ ဆင်းသူမရှိသလောက်အချိန်တွင် တောင်ဝှေးထောက်၍ တောင်ပေါ်ကဆင်းလာသော ဘိုးတော်ကို တွေ့လိုက်ရသည်။ တောင်ပေါ်ကဆင်းလာပြီး မြေပေါ်သို့ခြေချမည့်ဆဲဆဲ ဘိုးတော်ထံအပြေးသွား၍ ဘိုးတော်၏ခြေအစုံကို ဦးခိုက်လိုက်ကြသည်။ အလွန်အံ့ဩဖွယ်ကောင်းသည်မှာ သူတို့အသက်နှစ်ဆယ်အရွယ်က တွေ့ခဲ့ဖူးသော ဘိုးတော်မှာ သူတို့အသက်ခြောက်ဆယ်ကျော်ချိန်တွင် ရှေးကတွေ့ခဲ့ဖူးသည့် ဘိုးတော်၏ရုပ်ရည်အတိုင်းတွေ့မြင်ရခြင်းဖြစ်သည်။ နှစ်ပေါင်းလေးဆယ်ကိုဖြတ်သန်းရာတွင် ဘိုးတော်အတွက် လုံးဝပြောင်းလဲခြင်းမရှိကြောင်း တွေ့လိုက်ရသည်။

"ဘိုးဘိုး၊ ကျွန်တော်တို့ကိုမှတ်မိပါသေးသလား"

"မှတ်မိပါတယ်၊ မင်းတို့ရောက်လာမယ်ဆိုတာလည်းကြိုတင်သိနေပါတယ်"

"ကျွန်တော်တို့ လာရင်းကိစ္စကိုကော ဘိုးဘိုးသိနေတာပဲလား"

"သိတာပေါ့"

"ဒါဆို ကျွန်တော်တို့အသက်ကိုကယ်ပါဦး"

ဘိုးဘိုးသည် ခေတ္တငြိမ်၍စဉ်းစားပြီးမှပြောပါသည်။ဘိုးဘိုးကပြန်ကြားခြင်းမရှိသဖြင့် မြင့်အောင် ထပ်မံမေးလိုက်သည်။

"အသက်ရှည်နိုင်မယ့်နည်းလမ်းတော့ရှိပါတယ်"

"နည်းလမ်းရှိရင် ပြောပြပါဘိုးဘိုး"

"အရင်က ကယ်သင့်တဲ့လူတွေကိုကျုပ်ကိုယ်တိုင်ကယ်တင်ပေးခဲ့ပါတယ်။ အခုအခါ ဒီအလုပ်တွေမလုပ်တော့တဲ့အတွက် ကုသပေးနိုင်မယ့်ဆရာကောင်းရှိတယ်။ ဒီနေရာကဝေးတော့ဝေးတယ်"

"ဘယ်လောက်ဝေးဝေး အသက်ရှင်ဖို့အတွက်သွားပါ့မယ် ဘိုးဘိုး"

"သွားနိုင်မယ်ဆိုရင် ဆရာ့ကိုအဘိုးကြိုတင်ပြောပေးနိုင်ပါတယ်"

"ဆရာနဲ့တွေ့ဖို့မဖြစ်မနေသွားပါ့မယ်၊ လမ်းညွှန်ပါ ဘိုးဘိုး"

"ဗုဒ္ဓဂယာကိုရောက်ဖူးကြရဲ့လား"

"ကျွန်တော် ရောက်ဖူးပါတယ် ဘိုးဘိုး"

အောင်မြင့်က သွက်လက်စွာပြန်ပြောလိုက်ပါသည်။

"ဗုဒ္ဓဂယာကိုရောက်တာနဲ့ ပထမဆုံး အတုမဲ့အောင်မြေရှိ မဟာဗောဓိဘုရားဖူးပါ။ အဲဒီဘုရားကြီးအနီးက ဗောဓိညောင်ပင်အောက်မှာ အိန္ဒိယလူမျိုး ယောဂီကြီးတစ်ဦး ပုတီးစိပ်နေတာတွေ့ရမယ်။ အဲဒီယောဂီကြီးဟာ မြန်မာစကားနည်းနည်းပြောနိုင်တယ်။ သူနဲ့တွေ့ရင် သူကဆေးပေးပါလိမ့်မယ်"

"သူ့ကိုတွေ့ရင် ဘာပြောရမလဲ ဘိုးဘိုး"

"မြန်မာပြည်က ဆံရာသခင်လွှတ်လိုက်လို့လာတာသာပြောလိုက်ပါ"

"ဆေးကုသပေးဖို့ ဘယ်လိုပြောရမှာလဲ ဘိုးဘိုး"

"သူနဲ့တွေ့ရင် ကိစ္စပြီးပါပြီ၊ ပြောစရာမလိုပါဘူး။ သူ့တာဝန်ကို သူသိပါတယ်"

"ဟုတ်ကဲ့၊ ရောက်အောင်သွားပါ့မယ် ဘိုးဘိုး။ သူ့ကိုဘိုးဘိုးမှာစရာရှိရင်ပြောပါ"

"သူ့ဒီကိုလာဖို့ရှိပါတယ်။ သူနဲ့ခရီးထွက်စရာရှိပါတယ်"

"ကောင်းပါပြီ ဘိုးဘိုး၊ ကျွန်တော်တို့ကိုခွင့်ပြုပါ။ အဘိုးကို ကန်တော့ပါတယ် ဘိုးဘိုး"

မြင့်အောင်နှင့် အောင်မြင့်တို့ အဘိုးကို ထိုင်ကန်တော့လိုက်ကြသည်။

"သာဓု၊ သာဓု၊ သာဓု"

အဘိုးနှင့်လမ်းခွဲပြီး သူငယ်ချင်းနှစ်ယောက် ပုဂံသို့ပြန်ခဲ့ကြသည်။ ဘိုးတော်ကြီးနှင့် တွေ့လိုက်ရပြီဖြစ်၍ စိုးရိမ်စိတ်များကင်းကာ တက်ကြွလန်းဆန်းလျက်ရှိကြပါသည်။ ပုဂံတွင် အနားယူရင်း၊ ဘုရားဖူးရင်း ငါးရက်ကြာခဲ့ကြသည်။ ပုဂံတွင်နေခိုက် အောင်မြင့်အရှမ်းပြည်နယ်ရှိ ညီငယ်နှင့်ဆက်သွယ်ခဲ့သည်။ ဗုဒ္ဓဂယာသို့သွားရန်ကိုစွစီစဉ်နိုင်သည်။ ညီငယ်က အစစအဆင်ပြေအောင် စီစဉ်ပေးခဲ့သည်။ ငါးရက်ပြည့်သည်နှင့် မန္တလေးသို့တက်ခဲ့ကြသည်။ မန္တလေးမှ ဗုဒ္ဓဂယာသို့သွားရန် အစစအသင့်ဖြစ်နေသဖြင့် လေယာဉ်ဖြင့်လိုက်ခဲ့ကြရာ ဗုဒ္ဓဂယာသို့ရောက်ရှိပြီး မဟာဗောဓိစေတီအနီးရှိ မဏ္ဍိုင်မြန်မာဘုန်းတော်ကြီးကျောင်းသို့ ရောက်ခဲ့သည်။ အောင်မြင့်မှာ ဘုန်းကြီးနှင့်ရင်းနှီးသဖြင့် တည်းခိုရေးကိစ္စအစစအဆင်ပြေရ၏။

နောက်နေ့ နံနက်စောစောတွင် မဟာအတုမဲ့အောင်မြေ မဟာဗောဓိစေတီသို့သွားကြသည်။ စေတီတော်ရှေ့ရှိ ဗောဓိညောင်ပင်ကို ရှာကြသည်။ ဗောဓိညောင်ပင်မှာ ခက်ခက်ခဲခဲ ရှာဖွေစရာမလိုဘဲအသင့်တွေ့ရသည်။ ညောင်ပင်အောက်တွင် အရှေ့သို့ မျက်နှာမူလျက် ပုတီးလုံးကြီးများဖြင့် သီကုံးထားသောပုတီးကိုစိပ်နေသည့် ယောဂီကြီးကိုတွေ့လိုက်ရသည်။ အသက်ငါးဆယ်နှ ယောဂီရောင်ဝတ်စုံကို ဝတ်ဆင်ထား



www.burmeseclassic.com

www.burmeseclassic.com

သည်။ အိန္ဒိယလူမျိုးဖြစ်ပုံရသည်။ သူ၏ ဆံပင်မှာဖြူနေသလို မုတ်ဆိတ်မွေးများလည်းဖြူ၍ အောက်သို့ရှည်ကျနေပါသည်။ ပတ်ဝန်းကျင်ကို ဂရုပြုပုံမရဘဲ ပုတီးကိုသာ သတိနှင့် တစ်လုံးချင်းစိပ်လျက်ရှိပါသည်။

သူငယ်ချင်းနှစ် ယောက်တို့သည် ခပ်လှမ်း လှမ်းမြက်ခင်းပြင်တွင်ထိုင်ရင်း ယောဂီကြီး၏အခြေအနေကိုစောင့်ကြည့်နေကြသည်။ တစ်နာရီကြာသော်လည်း မျက်စိပင်ဖွင့်မကြည့်ဘဲ ပုတီးကိုသာ အာရုံစိုက်နေသည်ကို တွေ့ရသည်။ နှစ်နာရီကြာသော်လည်း လှုပ်ရှားခြင်းမရှိသဖြင့် လူများမှားနေသလားဟု သံသယပင်ရှိလာသည်။ အောင်မြင့်သည် မြင့်အောင်ကိုထားခဲ့ကာလမ်းထိပ်ဈေးဆိုင်တန်းဆီသို့ လျှောက်ခဲ့သည်။ ဆိုင်တစ်ဆိုင်တွင် မြန်မာမိန်းကလေးရောင်းချနေသောဆိုင်သို့ဝင်၍ ဖယောင်းတိုင်နှင့်မီးခြစ်ဝယ်ရင်း စုံစမ်းလိုက်သည်။

"ဟိုဗောဓိညောင်ပင်အောက်မှာ ပုတီးစိပ်နေတဲ့ပုဂ္ဂိုလ်ကြီးက ဘယ်အချိန်တရားအလုပ်ပြီးတတ်ပါသလဲ"

"ဟိုကအရှင်ကြီးကို မေးတာထင်တယ်။ သူကအဓိဋ္ဌာန်ဝင်နေတာ။ သူ့အဓိဋ္ဌာန်က တစ်နေ့လုံးတစ်ညလုံးမရပ်မနားလုပ်နေတာဘဲ။ အစားတောင်မစားဘူး၊ ရေပဲသောက်တယ်။ ရေသောက်ချိန်တော့နီးပါပြီ။ မကြာခင်ရေသောက်တော့မှာပါ။ ဦးက ဘာကိစ္စမေးတာပါလဲ"

"သူ့ကို စကားနည်းနည်းပြောချင်လို့ပါကွယ်"

"သူကစကားပြောမှာမဟုတ်ဘူး။ အဓိဋ္ဌာန်မပြီးမချင်း ဘာစကားမှပြောလေ့မရှိဘူး"

"ဒါဆိုဒုက္ခပဲ၊ သူ့ကိုတွေ့ချင်လို့ မြန်မာပြည်ကလာခဲ့တာပါ"

"~~တစ်ခုတော့ရှိတယ်။ အထက်~~ ပုဂ္ဂိုလ်ကြီးတွေက ခွင့်ပြုရင်တော့ ရမှာပါ။ ဒါပေမယ့် ခဏပဲရမယ်ထင်တယ်"

"သူ့ရဲ့အထက်ပုဂ္ဂိုလ်ကြီးကလွှတ်လိုက်လို့လာခဲ့တာပါ"

"ဒါဆိုပြောကြည့်ပါလား။ သွားသွား - သူရေသောက်တော့မယ်"

ယောဂီကြီး လှုပ်ရှားသည်ကိုမြင်၍ မိန်းကလေးက ပြောလိုက်ခြင်းဖြစ်သည်။ ယောဂီကြီးသည် မျက်စိဖွင့်လာပြီးဘောဘက်ကိုကြည့်နေသည်။ အောင်မြင့်က မြင့်အောင်ကိုခေါ်၍ ယောဂီကြီးဆီသို့ အပြေးသွားခဲ့သည်။ ယောဂီကြီးသည် သူတို့နှစ်ယောက်ကို သေချာစွာကြည့်ပြီးမေးလိုက်သည်။

"ဆရာသခင်လွှတ်လိုက်တဲ့လူတွေလား"

"ဟုတ်ပါတယ်၊ ပုပ္ပားက အဘိုးလွှတ်လိုက်တာပါ"

"ဟုတ်ပြီ၊ ဆရာသခင်ပြောလို့ ကျွန်ုပ်သိပြီးပြီ။ ဒါပေမယ့် ကျုပ်အဓိဋ္ဌာန်က နောက်ထပ်သုံးရက်ကျန်သေးတယ်။ ဒါကြောင့် နောက်သုံးရက်ကျော်မှလာခဲ့ကြ။ ဒီနေရာမှာ ကျုပ်ရှိနေမယ်။ မနက်စောစောလာခဲ့ကြပါ။ ကျုပ်ကူညီပါ့မယ်"

ယောဂီကြီးကိုထိုင်၍ကန်တော့လိုက်ကြသည်။ ယောဂီကြီးက ရေပုလင်းကိုဖွင့်၍ ရေသောက်နေပါသည်။ ရေသောက်ပြီးသည် ပုတီးကိုကောက်ကိုင်ကာ ဆက်လက်စိပ်နေပါတော့သည်။ သူငယ်ချင်းနှစ်ယောက်မှာ ယောဂီကြီးအနီးမှခွာကာ တည်းခိုနေသည့်မဏ္ဍိုင်ကျောင်းသို့ ပြန်ခဲ့ကြပါသည်။ သုံးရက်အတွင်း ဘုရားများလှည့်ပတ်ဖူးကြသည်။ ဘုရားများမှာ ဖူး၍မကုန်အောင်ရှိပါသည်။ အဓိကကျသောနေရာများကိုမရောက်ရောက်အောင်သွားခဲ့ကြသည်။

သုံးရက်ပြည့်ပြီးနောက်တစ်နေ့မနက်စောစောတွင် ယောဂီကြီးကိုတွေ့ရန်လာခဲ့ကြသည်။ ယောဂီကြီးမှ ပုတီးစိပ်လေ့ရှိသောနေရာတွင် ထိုင်လျက်ရှိသည်ကို တွေ့ရသည်။ သူတို့နှစ်ဦးကိုမြင်သည်နှင့် ယောဂီကြီးက စတင်နှုတ်ဆက်ပါသည်။

"မောင်ရင်တို့က အသက်ရှည်ဆေးလိုချင်တာလား"

"ဟုတ်ပါတယ်၊ ကျွန်တော်တို့ခံစားနေရတဲ့ဝေဒနာက. . ."

မြင့်အောင်၏ စကားမဆုံးခင် ယောဂီကြီးကဖြတ်ပြီးပြောလိုက်သည်။

"မောင်ရင်တို့ခံစားနေရတဲ့ဝေဒနာ~~ကို ကျုပ်သိပါတယ်။ ဒီရောဂါပျောက်~~အောင်ကျုပ်ဆေးပေးနိုင်ပါတယ်။ ကျုပ်သိချင်တာက မောင်ရင်တို့ဆန္ဒကိုပြောပါဦး"

"အသက်မသေချင်သေးလို့ပါ"

"မသေချင်တာတော့ ဟုတ်ပြီ၊ အသက်ရှည်ချင်တာလား၊ မသေချင်တာလား"

"အသက်ရှည်တာနဲ့အသက်မသေတာ အတူတူပဲမဟုတ်လား"

"မတူဘူးလေ။ ကျုပ်က အသက်ရှည်ချင်လို့ သမာဓိအလုပ်ကို စဉ်ဆက်မပြတ်ကြိုးစားခဲ့တယ်။ ပုပ္ပားက ဆရာသခင်က အသက်မသေဘဲ တရားရအောင် ဝိပဿနာလုပ်နေသလိုပဲပေါ့။ မောင်ရင်တို့က အသက်မသေချင်ဘူးဆိုလို့ ဆရာသခင်က ကျုပ်ဆီလွှတ်လိုက်တာပဲ။ ဒီတော့ မောင်ရင်တို့အသက်ငယ်ပါသေးတယ်။ ကြိုက်ရာလမ်းကိုရွေးခွင့်ရှိပါတယ်"

"လောလောဆယ် ခံစားနေရတဲ့ရောဂါပျောက်ပြီး အသက်ရှည်ချင်ပါတယ်"

"ကောင်းပြီလေ၊ ကျုပ်ကူညီပါ့မယ်။ လူတစ်ယောက်ရဲ့အသက်ကိုမသေအောင်ကူညီဖို့ဆိုတာ တကယ်တော့ လွယ်ကူတဲ့အလုပ်မဟုတ်ပါဘူး။ လူမှာဘုန်းကံရှိတယ်။ ကံကုန်နေတဲ့လူကို ဘယ်ဆေးအစွမ်းမှမကယ်နိုင်ဘူး။ မောင်ရင်တို့နှစ်ယောက်ကိုကြည့်ရတာ ဘုန်းကံရှိတဲ့လူတွေမို့ ကယ်နိုင်တာ။ ကျုပ်ပေးတဲ့ဆေးကိုသောက်လိုက်ရင် ဝေဒနာပျောက်ပြီး အသက်ရှည်မယ်။ တစ်ခုပြောရန်ရှိတာ အသက်ရှည်ရုံနဲ့ လူဖြစ်ကျိုးမနပ်ဘူး။ သိဒ္ဓိရှိတဲ့လူသားဖြစ်အောင် ကျင့်ကြံအားထုတ်ဖို့လိုတယ်"

"တရားအလုပ်လုပ်ဖို့လည်း ဆုံးဖြတ်ပြီးပါပြီ ဘိုးဘိုး။ အခုတော့ ဆေးပဲပေးပါ"

"ကဲ- ဆေးတောင်းပေးမယ်"

ယောဂီကြီးသည် လက်အုပ်ချီ၍ မျက်စိမှိတ်လျက် ဂါထာကိုရွတ်နေသည်။ ဂါထာဆုံးသည်နှင့် မျက်နှာကိုကောင်းကင်သို့မော့ကြည့်ပြီး ညာလက်ကို အပေါ်သို့ဆန့်တန်းလိုက်ကာ ခဏအကြာ လက်ပြန်အချတွင် လက်ထဲတွင် အရာဝတ္ထုတစ်ခုပါလာသည်ကို တွေ့လိုက်ရသည်။ ယောဂီကြီးက ဆုပ်ထားသည့်လက်ကို ဖြည်းဖြည်းဖြန့်လိုက်ရာ လက်ဝါးပေါ်တွင် ဆေးထုပ်လေးနှစ်ထုပ်ပါလာသည်ကို တွေ့လိုက်ရသည်။

"အဲဒါ ကျုပ်စားတဲ့ ဓာတ်ပြာပဲ။ ရော့ - တစ်ယောက်တစ်ထုပ်စီယူလိုက်ကြ"

မြင့်အောင်နှင့် အောင်မြင့်တို့ ဆေးတစ်ယောက်တစ်ထုပ်ယူလိုက်ကြသည်။

"ဒီဆေးကို ကျုပ်စားခဲ့သလို ပုပ္ပားက ဆရာသခင်လည်း စားခဲ့ဖူးတယ်။ ဒီဆေးရဲ့အာနိသင်က မအို၊ မနာ၊ မသေတဲ့သဘောရှိတယ်။ ဒါထက် မောင်ရင်တို့ရဲ့ဆရာ ဆရာသခင်ရဲ့အသက်ဘယ်လောက်ရှိပြီလို့ ခန့်မှန်းသလဲ"

"ဆရာသခင်ကို ကျွန်တော်တို့ အသက်နှစ်ဆယ်လောက်စပြီးသိခဲ့တာပါ။ အဲဒီအချိန်က ဆရာသခင်ကအသက်

www.burmeseclassic.com

လေးဆယ်လောက်ပဲရှိဦးမယ်။ အခုနှစ်ပေါင်း (၄၀) ကြာခဲ့ပြီဆိုတော့ အသက်ရှစ်ဆယ်ကျော်ပြီပေါ့။ ဒါပေမယ့် ဆရာသခင်ကိုကြည့်ရတာ လွန်ခဲ့တဲ့နှစ်ပေါင်းလေးဆယ်ကျော်လောက်တုန်းကအတိုင်း သန်မာနုပျိုဆဲပါပဲ"

"ဆရာသခင်ရဲ့အသက်က ရာကျော်ပြီ"

ယောဂီကြီးက တည်ငြိမ်စွာပြောလိုက်သည်။ အမှန်လည်း ရာကျော်လောက်ရှိသင့်ပြီဖြစ်၍ အံ့သြရုံမှတစ်ပါး ပြောစရာမရှိတော့ပါ။ အားလုံးငြိမ်နေစဉ် ယောဂီကြီးက -

"ကျုပ်လည်း ဆရာသခင်ဆီလာရဦးမယ်"

"မြန်မာပြည်ကိုလာမှာလား"

"ဟုတ်တယ်၊ ဆရာသခင်နဲ့ခရီးထွက်ဖို့ရှိတယ်"

"ဆရာစောင့်နေပါတယ်။ ဘိုးဘိုး မြန်မာပြည်ရောက်ရင် တွေ့ခွင့်ပြုပါ။ ကျွန်တော်တို့ ဘိုးဘိုးကိုတွေ့ချင်လို့ပါ"

"ခဏလောက်တော့တွေ့ရမယ်။ သေချာမှတ်၊ နယုန်လပြည့်နေ့ ညကိုးနာရီ လေးဆယ့်ငါးမိနစ်၊ ရွှေတိဂုံဘုရား ဝိဇ္ဇာတန်ဆောင်းမှာတွေ့ကြမယ်။ ကဲ - ဒီဆေးကို ဘုရားကြီးရှေ့မှာသစ္စာပြုပြီး သောက်လိုက်ကြပါ"

"ဘယ်လိုသစ္စာပြုရမလဲ"

"တပည့်တော်သည် သာသနာပြုလိုပါ၍ အသက်ရှည်ရှည်နေချင်ပါတယ်။ ဒီဆေးအစွမ်းကြောင့် အသက်ရှည်ရပါစေလို့ပြောပြီး ဆေးသောက်လိုက်ပေါ့။ နောက်ပြီး စရဏအလုပ်တွေကိုလည်း တတ်နိုင်သလောက် ကြိုးစားပြီးလုပ်ကြပါ။ လုပ်နိုင်သလောက် အကျိုးများမှာပါ"

ဘိုးဘိုးကို ကန်တော့ပြီး မဟာဗောဓိဘုရားကြီးရှေ့သို့သွား၍ သစ္စာပြု၍ဆေးသောက်လိုက်ကြပါသည်။ ဆေးမှာ ရင်ထဲသို့ပူရှိန်းရှိန်းဆင်းသွားသည်ကို သတိပြုမိကြသည်။ ဆေးသောက်ပြီးသည်နှင့် စိတ်ထဲရှင်းသွားပြီး ရင်မှာအေးချမ်းမှုခံစားရပါသည်။ သေဘေးမှလွတ်မြောက်ပြီဟု ယုံကြည်လိုက်ကြပါသည်။ ဘုရားများဖူးပြီး မြန်မာပြည်သို့ ပြန်ခဲ့ကြပါသည်။ ဘိုးဘိုး မြန်မာပြည်ရောက်၍ တွေ့ချိန်တွင် သမာဓိအင်အားပြည့်နေစေရန် ပုတီးစိပ်ဖို့ သူတို့နှစ်ယောက် တိုင်ပင်ကြသည်။ ထို့နောက် ပဲခူးမှ ဆရာတော်ကြီးတစ်ပါးထံ သွားရောက်ပြီး အဓိဋ္ဌာန်ပုတီးများစိပ်ကြပါသည်။ သုံးလခန့်ကြိုးစားပြီး အဘိုးနှင့်တွေ့ရန် ရန်ကုန်သို့ပြန်ခဲ့ကြသည်။ အောင်မြင့်က သူတစ်ခါကဆေးစစ်ခံခဲ့ဖူးသော သမားတော်သွားရောက်ပြီး သူတို့နှစ်ယောက် စစ်ဆေးကြပါသည်။ သမားတော်ကြီးက အကြိမ်ကြိမ်ပင် စစ်ဆေးသော်လည်း ရောဂါမရှိတော့ကြောင်းသိရ၍ အထူးဝမ်းသာကြရပါသည်။ ဘိုးဘိုး၏ဆေးအစွမ်းကိုယုံကြည်လိုက်ကြပြီး ရာသက်ပန် သာသနာပြုရန် ပိုမိုခိုင်မာအောင် ဆုံးဖြတ်လိုက်ကြပါသည်။ မနက်ဖြန် နယုန်လပြည့်ဖြစ်၍ အဘိုးနှင့်တွေ့ရပါတော့မည်။

နယုန်လပြည့်နေ့ဖြစ်၍ ရွှေတိဂုံဘုရားတွင် အထူးစည်ကားလှပါသည်။ မြင့်အောင်နှင့် အောင်မြင့်တို့ ဘုရားသို့ရောက်ချိန် ညရှစ်နာရီခန့်ရှိသည့်တိုင် လူစည်ကားနေဆဲဖြစ်သည်။ ဘုရားတွင် ဆီမီးများ၊ ရေချမ်းများလှူဒါန်းပြီးမှ ဝိဇ္ဇာတန်ဆောင်းဆီသို့လာခဲ့ကြသည်။ ဝိဇ္ဇာတန်ဆောင်းထဲတွင် ဘုန်းကြီးငါးပါးကို တွေ့ရသဖြင့် တန်ဆောင်းပေါ်သို့မတက်ဘဲ အရှေ့ဘက်တန်ဆောင်းတွင်ထိုင်ရင်း စောင့်နေခဲ့ကြသည်။ တန်ဆောင်းကို မျက်ခြည်မပြတ်ကြည့်နေကြရာ ရှစ်နာရီထိုးသည့်တိုင် ဘိုးဘိုး၏အရိပ်အယောင် မျှပင်မတွေ့ရပါ။ကိုးနာရီခန့်တွင် ယောဂီဝတ်လူနှစ်ဦး တန်ဆောင်းထဲသို့ဝင်သွားသည်ကို တွေ့ရပါသည်။ မကြာမီ ထိုလူနှစ်ဦးနှင့် ဘုန်းကြီးများပါ တန်ဆောင်းထဲမှထွက်သွားကြသည်ကို မြင်ရသည်။ ကိုးနာရီခွဲသည်အထိ တန်ဆောင်းသို့ ရောက်လာသူများမရှိ၍ လူရှင်းနေပါသည်။ ဘုရားပေါ်တွင်လည်း တစ်စ တစ်စလူပါးစပြုလာပြီ။ ထိုအချိန်အထိ ဘိုးဘိုးရောက်မလာသေးပါ။ ညဆယ်နာရီတွင် ဘုရားပေါ်မှဆင်းရတော့မည် ဖြစ်၍ သူတို့နှစ်ယောက် ရင်ခုန်စပြုလာသည်။ ကိုးနာရီ မိနစ်လေးဆယ်ကျော်သည်နှင့် ဂေါပကအဖွဲ့မှ အသံချဲ့စက် အသံထွက်လာသည်။

"ဆယ်နာရီတိတိတွင် ဘုရားတံခါးများပိတ်တော့မည်ဖြစ်၍ ဘုရားဖူးများဆင်းပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား"

သူတို့နှစ်ယောက်မှာ ရင်ခုန်ရုံမက ရင်ပါပူလာပါသည်။ ဘိုးဘိုးနှင့်မတွေ့ဘဲ ပြန်ရတော့မည်လားဟု စိတ်ပူနေကြပါသည်။

ထိုအချိန်တွင် မြောက်ဘက်မှ လျှောက်လာနေသောဘိုးဘိုးကို တွေ့လိုက်ရ၍ဝမ်းသာသွားပါသည်။

"ဟိုမှာ ဘိုးဘိုးလာပြီ။ လာ သွားကြရအောင်"

မြင့်အောင်က ပြောလိုက်သဖြင့် နှစ်ယောက်အတူ ဝိဇ္ဇာတန်ဆောင်းဆီသို့ သွားကြသည်။ ဘိုးဘိုးသည် ဘုရားကို ဝတ်ပြုပြီးသည်နှင့် သူတို့နှစ်ယောက်ကို ပြောလိုက်သည်။

"ကျုပ် ဒီညပဲ ဆရာသခင်ဆီ အရောက်သွားရမယ်"

"ဟုတ်ကဲ့ပါ ဘိုးဘိုး"

"ကျုပ်ရော ဆရာသခင်ပါ နှစ်ပေါင်းများစွာ သမထအလုပ်ကိုကြိုးစား လုပ်ခဲ့ကြတယ်။ သမထအလုပ်တ အသက်ရှည်ပြီး စွမ်းအင်များလည်းတိုး ပါတယ်။ ဒါပေမယ့် သံသရာကလွတ်တဲ့ နည်းအစစ်တော့မဟုတ်ဘူး။ ဒါကြောင့် ဆရာသခင်က အသက်ရှည်ခြင်းထက် သံသရာကလွတ်တဲ့မသေနည်းကိုရွေး လိုက်ပြီ။ ကျုပ်လည်း ဆရာသခင်ရဲ့လမ်း စဉ်အတိုင်းလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီ။ ဆရာသခင်နဲ့အတူ ဝါတွင်းကာလ ဟိမဝန္တာမှာ ရဟန်းဝတ်နဲ့ တရားအား ထုတ်ကြမယ်။ဝါကျွတ်မှပြန်ရောက်တော့ မှာ"

"ဘယ်တော့သွားမှာလဲ ဘိုးဘိုး"

မြင့်အောင်က မေးလိုက်သည်။

"ဆရာသခင်ကတော့ အမြန်သွား ဖို့ပြောတယ်။ မောင်ရင်တို့နဲ့တွေ့စ ကျုပ်မေးတာ မှတ်မိဦးမှာပါ။ အသက် ရှည်ချင်တာလား၊ မသေချင်တာလား မေးတော့ မောင်ရင်တို့က အသက်ရှည် ချင်တယ်ပြောလို့ ကျုပ်ဆေးလည်း ပြီးပြီ။ အဲဒီတော့ ကျုပ်တို့ခရီးထွက် စဉ် သမထအကျင့်ကို တစ်ဆင့်ပြီးတ ဆင့်တက်နိုင်အောင် ကြိုးစားကြ နောက်ပိုင်း ကျုပ်တို့လမ်းစဉ်လိုချင်ပြီ ရင် ပြောင်းလို့လည်းရပါတယ်။ ကျ ကတော့ ဆရာသခင်ရဲ့ လမ်းစဉ် အကောင်းဖြစ်တယ်ဆိုတာယုံကြည် ဆရာ့နောက်ကိုလိုက်သွားပြီ။ မောင် တို့လည်း သံသရာကလွတ်တဲ့လမ်း လိုက်ချင်ရင် ဝါကျွတ်ကာလမှာ ကျုပ် ပုပ္ပားမှာရှိမယ်။ အဲဒီလမ်းစဉ်လိုက်ချင် လူ့ဘောင်ကိုတော့စွန့်ရလိမ့်မယ်။ စာ စားပြီးမှ ဆုံးဖြတ်ပါ။ ကဲ - ကျုပ် လောက်ပဲပြောစရာရှိတယ်။ ပြန်ကြ တော့"

ဘိုးဘိုး၏ စကားဆုံးသည်နှ ဘိုးဘိုးကိုကန်တော့ပြီး ဘုရားပေါ် အမြန်ဆင်းခဲ့သည်။ သူတို့နှစ်ယော ဘုရားပေါ်ကဆင်းသည်နှင့် ည နာရီတိတိဖြစ်၍ ဘုရားတံခါးပိ လိုက်သည်ကိုသိလိုက်ရပါတော့သည် ကောင်းသေ

www.burmeseclassic.com



မေသူနေဝင်း


# မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ဆင်ရှာမြင်းမှူးကျေးရွာတွင် တည်ထားကိုးကွယ်သည့် ကမ္ဘာ့ပထမဦးဆုံးကျောက်စိမ်းစေတီတော်မြတ်ကြီး "ဝေရောစန"



စိန်ဖူးတော်

အပူချိန်လွန်ကဲတတ်သော ကျွန်ုပ်တို့မန္တလေးရွှေမြို့တော်ကြီးကတော့ဖြင့် ယနေ့အချိန်မှာ ကောင်းကင်တစ်ခွင်တစ်ပြင် မိုးအုံ့တုံ့တုံ့ဖြင့် အပူဒဏ်သက်သာနေလေသည်။ ရန်ကုန်မှ မိတ်ဆွေတစ်ဦးအား ကျောက်စိမ်းစေတီတော်ကြီးဟု ဂုဏ်သတင်း ကျော်ကြားလျက်ရှိသော 'ဝေရောစန' စေတီတော်မြတ်ကြီးဆီသို့ ဘုရားဖူးလိုက်ပို့ပေးရန်အတွက် မနက်အစောကတည်းက ပြင်ဆင်နေခဲ့သည်။ မနက်စာစားသောက်ပြီးနောက် လိုအပ်သည့်ပစ္စည်းများကို စစ်ဆေးထည့်ယူပြီးနောက် ဆိုင်ကယ်တစ်စီးဖြင့်ဘုရားဖူးခရီးစတင်ခဲ့ပါသည်။


ရန်ကုန် - မန္တလေးအမြန်လမ်းမကြီးအတိုင်း အတန်ကြာအောင် မောင်းနှင်လာခဲ့ပြီးနောက် ဆောက်လက်စ




ကျောက်စိမ်းများဖြင့် တည်ဆောက်ထားသော အဝင်ဝမုခ်ဦး


www.burmeseclassic.com

www.burmeseclassic.com










ထီးတော်အစုံနှင့် စိန်ဖူးတော်

အဝေးမှဖူးမြင်ရသော ဝေရောစနကျောက်စိမ်းစေတီတော်



နဂါးရုံဘုရား

အဆောက်အအုံများအား ဦးစွာမြင်တွေ့လိုက်ရသည်။ နောင်တစ်ချိန်တွင် 'ကျောက်စိမ်းဈေး' ဖြစ်တည်လာမည့် ၄င်းအဆောက်အအုံကြီးများအား တက်လမ်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ယူ ဆောက်လုပ်နေခြင်း ဖြစ်ကြောင်းလည်း သိရှိရပါသည်။

□ဘွဲ့တော်နှင့်အဓိပ္ပာယ်

ရွှေသုဝဏ်ဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသဒ္ဓိယအရှင်မြတ်က 'ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး' ဟူ၍ ဘွဲ့တော်ဆက်ကပ်ထားပါသည်။ မြန်မာနိုင်ငံသူနိုင်ငံသားများနှင့် ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



မိုင်းညီညီကြောင်းကင်အောက်မှ
ကျောက်စိမ်းစေတီတော်



ဆဲယားကွန်းတပ်ဆင်ထားသောအာရုံခံမုခ်ဦး




မုခ်ဦးအတွင်းရှိ ဆင်းတုတော်

သူကမ္ဘာသား ပူဇော်သူအားလုံးတို့အား ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံစေလျက် အေးချမ်းသာယာမှုကို ခံစားနိုင်ကြစေရန်ရည်မှန်း၍တည်ထားသည်ဖြစ်ရာ ဘွဲ့တော်အရ အထွေထွေအပြားပြားသော ကိုးကွယ်ဆည်းကပ်ကြသူအပေါင်းတို့သည် အရာရာတိုးတက်ခြင်း၊ တောက်ပခြင်း၊ ထွန်းတောက်ခြင်း၊ ဂုဏ်သတင်းကျော်ကြားပြည့်စုံခြင်း၊ ချမ်းသာကြွယ်ဝခြင်း၊ ဘေးအန္တရာယ်ကင်းရှင်း



မှော်ရုံအတွင်းရှိ ရုပ်ပွားတော်မြတ်










www.burmeseclassic.com

www.burmeseclassic.com











ကျောက်စိမ်းဖြင့်ထွင်းထုထားသောခြေတော်ရာ









ခြင်းနှင့် လိုတိုင်းတတိုင်း ပြည့်စုံစေခြင်း စသည့် ဂုဏ်ကျေးဇူးများကို ရရှိစေနိုင်မည်ဖြစ်ပါသည်။

❑ စေတီတော်တည်ရှိရာမြေမြတ်မဟာ


မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆင်ရှာမြင်းမှူးကျေးရွာအုပ်စု ကွင်းအမှတ် (၆၂၈) ရန်ကုန်- မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင် (၃၆၁) အနောက်ဘက် ပေ (၆၀၀) ခန့်နှင့် စစ်ကိုင်း-မြစ်ငယ်ကားလမ်း၏ မိုင်တိုင် (၄/၇) တောင်ဘက် ပေ (၁၀၀၀) ခန့်တွင် တည်ရှိပါသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအထက် (၉) ပေမြင့်ပြီး (၅)ဧကအကျယ်အဝန်းရှိ ကုန်းမြေပေါ်တွင် တည်ထားကိုးကွယ်ခြင်းဖြစ်ပေရာ ရင်ပြင်တော်အကျယ်အဝန်းမှာ အလျား (၁၃၃) ပေ (၆) လက်မနှင့် အနံ (၁၃၃) ပေ၊ (၆) လက်မ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com









**အလှူရှင်၊ ကပ်လှူသည့် ပညာရှင်နှင့် ကုန်ကျစရိတ်**

မြေနေရာအလှူရှင်၊ ကျောက်စိမ်းဒီဇိုင်းများနှင့် ပန်းပုပုံများ ထုဆစ် စီမံခန့်ခွဲကပ်လှူသူပညာရှင်မှာ ဦးစိုးနိုင် (အေးအေးခိုင်-ကျောက်မျက်ကုမ္ပဏီ) ဖြစ်ပြီး တည်ထားရာတွင် လှူဒါန်းမှုကုန်ကျစရိတ်အဖြစ် ကျောက်စိမ်းတန်ဖိုးများ မပါဝင်ဘဲ ငွေကျပ်သိန်းပေါင်းလေးသောင်းကျော်ရှိနေပြီဖြစ်ရာ ကျောက်စိမ်းများ၏တန်ဖိုးမှာ ငွေကျပ်သိန်းပေါင်းတစ်သိန်းကျော်အနည်းဆုံးရှိပါသည်။

ယခု စေတီတော်မြတ်ကြီးတွင် ကပ်လှူပူဇော်ထားသည့် ကျောက်စိမ်းတန်ဖိုးမှာ ဒေါ်လာ(၁၅)သန်းခန့်တန်ဖိုးရှိပါသည်။

ကျောက်စိမ်းစေတီတော်မြတ်ကြီးသို့ လာရောက် ဖူးမြော်ကြည်ညိုသူများ အပန်းဖြေ အနားယူနိုင်ရန်အတွက် တွာကမြေပတ်လည်တွင် ဥယျာဉ်သဖွယ် ဖန်တီးထားမည်ဖြစ်ရာ သစ်ပင်ပန်းမန်များဖြင့် အလှဆင်စိုက်ပျိုးထားရှိမည်ဖြစ်သည်။ စေတီတော်ပတ်လည်တွင် ဘုရားဖူးမိဘပြည်သူများအတွက် အဆင်ပြေချောမွေ့စွာ နားခိုအပန်းဖြေ ဖူးမြော်ကြည်ညိုနိုင်စေရေးအတွက် လိုအပ်သောမြေပြင်ရှုခင်းပုံစံဒီဇိုင်းကို အလှူရှင်ကိုယ်တိုင် ရေးဆွဲထားခြင်း ဖြစ်သည်။ စေတီတော်ကြီး၏အနီးတွင် မုစလိန္ဒာရေကန်တော်ကို တည်ဆောက်သွားမည်ဖြစ်ပြီး ကန်အလယ်၌ နဂါးရုံဘုရားတစ်ဆူ စံပယ်သီတင်းသုံးနေမည် ဖြစ်ပါသည်။ နဂါးရုံဘုရား ဝဲ၊ ယာတွင် ရှင်သီဝလိရဟန္တာမထေရ်မြတ်နှင့် ရှင်ဥပဂုတ္တမထေရ်မြတ်တို့လည်း သီတင်းသုံးနေမည် ဖြစ်ပါသည်။ ထိုနဂါးရုံဘုရားနှင့် ရဟန္တာများကို ကြည်ညိုပူဇော်ကန်တော့ရန် သံကူကွန်ကရစ်တံတားများ၊ ပတ်လမ်းများလည်း စီစဉ်ထားရှိထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com




## ▫ တည်ထားရခြင်းရည်ရွယ်ချက်များ

ဘာသာပေါင်းစုံရှိကြသည့်အနက် ဗုဒ္ဓဘာသာသည် အခိုင်မာဆုံးနှင့် အမြတ်ဆုံးဟု ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံမှ ဆုံးဖြတ်ကြပါသည်။ မေတ္တာတရားကို အခြေခံသောကြောင့် မေတ္တာကို အရင်းခံ၍ သာသနာပြုခဲ့ကြသော အရိယာပုဂ္ဂိုလ်များသည် လူသားများဖြစ်ကြသဖြင့် တစ်နေ့ကျလျှင် ကွယ်ပျောက်ကုန်ကြပေမည်။ ဥပမာ အရိယာပုဂ္ဂိုလ်များမှစ၍ အိန္ဒိယနိုင်ငံ အသောကမင်းကြီးတို့အထိ ဥရောပတိုက်၊ အာရှတိုက်နိုင်ငံများသည် ဗုဒ္ဓဘာသာနိုင်ငံများဖြစ်ခဲ့ပြီး သာသနာပြုခဲ့ကြသည်။ ၄င်းတို့ကွယ်လွန်သောအခါ ယင်းကဲ့သို့ အစိုးရမင်းများ မပေါ်ပေါက်ခဲ့သဖြင့် သာသနာကွယ်ပျောက်ခဲ့ပါသည်။ ယခုခေတ်များတွင်လည်း ဥပမာ - လယ်တီဆရာတော်၊ မဟာစည်ဆရာတော်၊ မိုးကုတ်ဆရာတော်တို့ မရှိကြတော့ပါ။ ယနေ့ဆိုလျှင် ကမ္ဘာအနှံ့သို့ သာသနာပြုလျက်ရှိသော သီတဂူဆရာတော်ကဲ့သို့ ပုဂ္ဂိုလ်များမရှိတော်မူခဲ့လျှင် နောက်ထပ်သာသနာပြုရန် ရဟန်းသံဃာပေါ်ပေါက်ဖို့ခဲယဉ်းလှပါသည်။ ထို့ကြောင့် ဘာသာသာသနာရေးမမေ့မှိန်စေရန် နောင်တွင် အရေးကြီးလှပါသည်။ ရုပ်ဝတ္ထုများအနေဖြင့် ဗုဒ္ဓဘာသာ သာသနာတော်သည် ဗုဒ္ဓသာသနိကအဆောက်အအုံ စေတီပုထိုးများ ယနေ့မရှိခဲ့လျှင် အထက်ဖော်ပြပါသကဲ့သို့ ဆရာတော်ကြီးများ၊ အရိယာပုဂ္ဂိုလ်များကဲ့သို့ ကွယ်ပျောက်ခဲ့လျှင် ကျွန်တော်တို့အနေဖြင့် လက်တွေ့ဘာကိုအထောက်အထားပြနိုင်ကြပါမည်နည်း။ ထိုနည်းတူစွာ နောင်တွင်လည်း ဘာသာရေးအဆောက်အအုံများမရှိခဲ့



အဝေးမှ တွေ့မြင် ဖူးမြော်ရသော ကျောက်စိမ်းစေတီတော်



ဓမ္မာရုံ



ဓမ္မာရုံအတွင်းမြင်ကွင်း



www.burmeseclassic.com

www.burmeseclassic.com




…ခန်းလက်ရာများဖြင့်တည်ထားတော်မူသည့် ဝေရောစန ကျောက်စိမ်းစေတီတော်




အာရုံခံမုခ်ဦးတွင်ထွင်းထုထားသော မောစီညောင်ပင်

လျှင် ဗုဒ္ဓဘာသာသည် မှေးမှိန်နိုင်ပါသဖြင့် **ဝေရောစန ကျောက်စိမ်းစေတီ**ကဲ့သို့ တန်ဖိုးကြီးမားသည့် စေတီတော်များ ခိုင်မာစွာတည်ထားခဲ့ရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေးအကောင်းဆုံးသော ကျောက်စိမ်းထွက်ရှိရာ နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ ကျောက်စိမ်း ဆိုသည်မှာ ရတနာကိုးပါးအနက် တစ်မျိုးအပါအဝင်ဖြစ်ပြီး သဘာဝသယံဇာတပစ္စည်းဖြစ်သောကြောင့် နောင်တစ်ချိန်ဝယ် ကွယ်ပျောက်သွားနိုင်ခြေရှိသည်။ သို့ဖြစ်၍ တန်ဖိုးကြီးမားသည့်ကျောက်စိမ်းများဖြင့် တည်ထား ကိုးကွယ်သည့် 'ဝေရောစန' စေတီတော်မြတ်ကြီးကို စိတ်ဝင်စားမှု





ရင်ပြင်တော်မှ တွေ့မြင်ရသော ဥယျာဉ်တော်



ဥယျာဉ်တော်အတွင်းမှ ဖူးမြော်ရသော ကျောက်စိမ်းစေတီတော်နှင့် နဂါးရုံဘုရား



မဏ္ဍပ်အတွင်းရှိ ပွတ်လုံးတိုင်များ




www.burmeseclassic.com

www.burmeseclassic.com

ကြောင့် လာရောက် စူးစမ်းလေ့လာသူများ၏ရင်ထဲတွင် စေတနာသဒ္ဓါတရားများ တဖွားဖွားပေါ်ပေါက်လာကာ ထေရဝါဒဗုဒ္ဓဘာသာအပေါ် သက်ဝင်ယုံကြည်မှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သဖြင့် ဗုဒ္ဓသာသနာတော်ပြန့်ပွားရေးအတွက် ကြီးမားသော အထောက်အပံ့ကိုဖြစ်စေနိုင်ပါသည်။ကျောက်စိမ်းစေတီတော်မြတ်ကြီးဆိုသည်မှာ မြန်မာနိုင်ငံတွင်သာတည်ရှိရမည် ဟူသော ရည်ရွယ်ချက်ဖြင့်တည်ထားခြင်းဖြစ်သောကြောင့် နိုင်ငံအတွက် အထင်ကရ ပြယုဂ်တစ်ခု










လက်ရန်းတိုင်ထိပ်တွင် ထွင်းထုထားသော ကျောက်စိမ်းအနုလက်ရာ



အဝင်ဝမုခ်ဦးဘယ်ဘက်တွင် ကျောက်စိမ်းများဖြင့်သာ ထွင်းထုထားသော မြန်မာနိုင်ငံမြေပုံအနုလက်ရာ





ကျောက်စိမ်းရေကန်နှင့် သနပ်ခါးကျောက်ပျဉ်




www.burmeseclassic.com


www.burmeseclassic.com











စေတီတော်ပတ်လည်တွင် ပြုလုပ်ထားရှိမည့် မြေပြင်ရှုခင်းပုံစံ

ဖြစ်လာမည် ဖြစ်ပါသည်။

ကမ္ဘာ့ဂင်းနစ်(စ်)စံချိန်မှတ်တမ်းဝင်သည်အထိ ရည်မှန်းထားသည်ဖြစ်ရာ ပြည်တွင်းရှိ နိုင်ငံတကာခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေနိုင်မည်ဖြစ်ပါသည်။ အကယ်၍ ကျောက်စိမ်းသယံဇာတကုန်ဆုံးသွားချိန် ရောက်ရှိပါက မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် အရည်အသွေး အကောင်းဆုံး ကျောက်စိမ်းများထွက်ရှိရာနိုင်ငံဖြစ်သည်ဆိုသည့် အချက်ကို စေတီတော်မြတ်ကြီးကသာ အခိုင်အမာ ရည်ညွှန်းပြသပေးနိုင်မည် ဖြစ်ပါသည်။ ယခုကဲ့သို့ ကျောက်စိမ်းစေတီတော်မြတ်ကြီးသည် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံမှလွဲ၍ တခြားမည်သည့်နိုင်ငံများတွင်မျှ ထပ်မံတည်ထားရန် မဖြစ်နိုင်သေးသော ထူးခြားသည့်စေတီတော်မြတ်ကြီး ဖြစ်ပါသည်။

www.burmeseclassic.com

**❑ စတင်တည်ထားသည့်နှစ်**

မဟာမင်္ဂလာ(၁)အဖြစ် မြေသန့် မင်္ဂလာအခမ်းအနားကို ၂၁-၁၂-၂၀၁၂ ခုနှစ်တွင် လည်းကောင်း၊ မဟာမင်္ဂလာ (၂)အဖြစ် ပန္နက်တော်တင်နှင့်တွင်းတော် ဝန်းမင်္ဂလာအခမ်းအနားကို ၂၃-၁၂-၂၀၁၂ ခုနှစ်တွင် လည်းကောင်း ကျင်းပပြုလုပ်ခဲ့ပါသည်။

**❑ ရွှေထီးတော်တင်လှူပူဇော်ပွဲ**

ဝေရောစန ကျောက်စိမ်းစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် ရေစက်ချမဟာအလှူတော်မင်္ဂလာကို ၅-၆-၂၀၁၅ (သောကြာနေ့)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

**❑ စေတီတော်မြတ်ကြီး၏အတိုင်းအတာများ**


ထီးတော်မပါ ဉာဏ်တော်အမြင့် (၇၅) ပေ၊ (၆) လက်မ၊ လုံးပတ်တော် (၁၇၆) ပေ၊ ပန်းတင်ခုံမှာ အလျား (၅၂) ပေ၊ (၆) လက်မ၊ အနံ (၅၂) ပေ၊ (၆) လက်မနှင့် အမြင့် (၁၂) ပေ၊ ထီးတော်အမြင့် (၇) ပေ၊ ငှက်ပျောဖူးအမြင့် (၈) ပေ၊ (၆) လက်မ အသီးသီးရှိပါသည်။ ပန်းတင်ခုံအတွင်းရှိ မုခ်ဦး (၄) မုခ်တွင် ပူဇော် ကိုးကွယ်ထားရှိသည့် ကျောက်စိမ်းရုပ်ပွားတော်မှာ ဉာဏ်တော် (၃၁) လက်မ၊ တောင်ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ဉာဏ်တော် (၄၉) လက်မခွဲနှင့် မြောက်ဘက်မုခ်ဦးရှိ ရုပ်ပွားတော်မှာ ဉာဏ်တော် (၅၀) လက်မခွဲ အသီးသီး ဖြစ်ပါသည်။

**❑ စေတီတော်မြတ်ကြီး၏ပုံသဏ္ဌာန်တော်**

မုခ်ဦး(၄)မုခ် အပါအဝင် လှေကားဘေးဘက်၊ မကန်း၊ သံရက်ကင်းများ၊ စိန်တောင်များနှင့် စေတီဟော်တစ်ဆူလုံးအား ကျောက်စိမ်းမြန်မာမှုအနုလက်ရာများနှင့်အတူ ဖန်တီးပေါင်းစပ်တည်ထားခြင်း ဖြစ်ပါသည်။ မြန်မာမှုလက်ရာပိုင်းအတွက် အေးအေးခိုင် ကျောက်မျက်ကုမ္ပဏီမှ ကျောက်စိမ်းမြန်မာမှု




ဘုရားဖူးများဖြင့် စည်ကားနေသော ကျောက်စိမ်းစေတီတော်



ဆောက်လက်စ ကျောက်စိမ်းဈေးသစ်



အဝင်ဝမုခ်ဦးဘေးရှိ ဗိနပ်အခမဲ့အပ်ရန်ဌာန



ခုနှစ်ရက်သားသမီးများလှူဒါန်းထားသော လက်ရာမျိုးစုံ ကျောက်စိမ်းများ




စာရေးသူတို့ ဘုရားဖူးရောက်ခဲ့စဉ်က



www.burmeseclassic.com

www.burmeseclassic.com



ကမ္ပည်းမော်ကွန်း





ထံခွန်တိုင်




ပညာရှင်များက တာဝန်ယူ ဆောင်ရွက်ထားခြင်းဖြစ်ပြီး စေတီတော်တွင် (၂) လက်မ ပတ်လည် အရွယ်အစားရှိ ကျောက်စိမ်းဆင်းတုတော်မြတ်ပေါင်း (၃၀၀၀၀) ကို ကပ်လှူ ပူဇော်ထားပါသည်။ ထို့အပြင် စေတီတော်မုခ်ဦး (၄) မုခ်ရှိ တံကဲဥယျာဉ်ခေါ် ဥကင်တော်ဥယျာဉ်တို့ရှိ တုရင်ပိမာန်တွင် မြတ်ဗုဒ္ဓ၏ ဖွားမြင်တော်မူခန်း၊ ပွင့်တော်မူခန်း၊ ဓမ္မစကြာတရားဦးဟောတော်မူခန်းနှင့် ပရိနိဗ္ဗာန်စံတော်မူခန်း၊ ရုပ်ပုံတော်မြတ်များ၊ စေတီတော်ပတ်လည်တွင် ပါရမီတော်(၁၀)ပါး ကျောက်စိမ်းစာလုံးများ၊ ပန်းတင်ခုံနံရံအထက်တွင် အောင်ခြင်း (၈) ပါး အောင်တော်မူခန်းများ၊ ဇာတ်တော်ကြီးဆယ်ဘွဲ့ အစရှိသောကျောက်စိမ်းပန်းချီကားတော်များကို ထည့်သွင်း ပူဇော်ထားပါသည်။ ထို့အတူ အရှေ့ဘက်အထက်ပစ္စယံတို့တွင် ကျောက်စိမ်းဆင်းတုတော်တစ်ဆူတို့ကို လည်းကောင်း၊ ပထမပစ္စယံ၊ ဒုတိယပစ္စယံနှင့် တတိယပစ္စယံတို့တွင် ဗောဓိညောင်မှင်နှင့်ဘူမိဖဿမုဒြာဗုဒ္ဓရုပ်ပွားတော်၊ ဈာနမုဒြာဗုဒ္ဓရုပ်ပွားတော်၊ သန္တိဒမုဒြာဗုဒ္ဓရုပ်ပွားတော်၊ အဘယမုဒြာဗုဒ္ဓရုပ်ပွားတော်၊ စိဝရဟတ္ထမုဒြာဗုဒ္ဓရုပ်ပွားတော်တို့ကိုလည်းကောင်း၊ မုခ်ဦး (၄) မုခ်တံကဲဝဲ-ယာတို့တွင် မဟာဗောဓိညောင်ပင်ပုံသဏ္ဌာန်ကျောက်စိမ်းရုပ်ပုံတို့ကို လည်းကောင်း အသီးသီးပုံဖော်ပူဇော်ထားရှိပါသည်။


## ၂. တည်ထားပုံနည်းစနစ်

ကမ္ဘာတည်သရွေ့ ကျောက်စိမ်းစေတီတော်မြတ်ကြီး တည်ရှိနေရေးအတွက် ရည်ရွယ်တာ ငလျင်ဒဏ်ရစ်(၈) တာစကေး(မဲ. ၅၉)နှင့် လေဒဏ်များကို ခံနိုင်ရည်ရှိစေရန် ကမ္ဘာ့နောက်ဆုံးပေါ်

www.burmeseclassic.com









ရင်ပြင်တော်မှ လှမ်းမြင်ရသော ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး

တည်ဆောက်ရေးစနစ်ဖြစ်သည့် ဘိုး-ပိုင်စနစ်နှင့် သံကူကွန်ကရစ်အဆင့်မြင့် သံမဏိစတီး(လ်)များနှင့် အမာခံရယူ တည်ထားခြင်း ဖြစ်သည်။

စေတီတော် တည်ထားမှုတွင် အုတ်တစ်ချပ်မျှပါဝင်ခြင်းမရှိဘဲ အလှူရှင်ကိုယ်တိုင် နှစ်ပေါင်း (၂၅) နှစ်ကျော်တိုင်အောင် အမြတ်တနိုးစုဆောင်းထားရှိခဲ့ပြီး နိုင်ငံတကာကျောက်စိမ်းဈေးကွက်တွင် အရည်အသွေးကောင်းမွန်သည့် A, B, C, D အဆင့်ရှိ ကျောက်စိမ်းစုစုပေါင်း တန်ချိန်(၁၀၀၀)ကျော်ကို အသုံးပြုထားခြင်း ဖြစ်ပါသည်။

ကျောက်စိမ်းအသားကျောက်တန်ချိန်(၈၅၀)အား ဌာပနာထည့်သွင်းထားပြီး ငှက်ပျောဖူးတော်တွင်မူ A အဆင့်ရှိ အရည်ကျောက်စိမ်းများဖြင့်သာ ပူဇော်ထားရှိခြင်းဖြစ်သည့်အပြင် စိန်ဖူးတော်ကြီးမှာလည်း ကျောက်စိမ်းဖြင့်သာပြုလုပ်ထားသည့် စိန်ဖူးတော်ကြီးဖြစ်ပါသည်။

စေတီတော်မြတ်ကြီး၏ တောင်ဘက်ကပ်လျက်တွင် အလျားပေ (၈၀) နှင့် အနံပေ (၆၀) ရှိပြီး မြေအောက်ထပ်ပါ ကျောက်စိမ်းဓမ္မာရုံကြီးကို တည်ဆောက်ထားရှိပါသည်။ ပရိဝုဏ်အတွင်း ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကုန်ကျစရိတ်များမှာ စေတီတော်အဝင်လမ်းမကြီး အကျယ်ပေ (၁၀၀) အတွက် ငွေကျပ်သိန်း (၇၀၀)၊ ကားပါကင်အတွက် ငွေကျပ်သိန်း(၅၀၀)၊ အများသုံးသန့်စင်ခန်းနှင့် ရေပေးဝေရေးလုပ်ငန်းအတွက် ငွေကျပ်သိန်း(၁၇၅၀)၊ လျှပ်စစ်သွယ်တန်းခြင်းအတွက် ငွေကျပ်သိန်း(၃၀၀၀) မဟာတံတိုင်းအတွက် တစ်ခန်းလျှင် ငွေကျပ် (၁၅) သိန်းအသီးသီးဖြစ်သည်။

သဒ္ဓါထက်သန် လှူဒါန်းလိုသူများ အနေဖြင့် ကျောက်စိမ်းစေတီတော်ကြီးနှင့်ကျောက်စိမ်းဓမ္မာရုံတည်ဆောက်ရေးကော်မတီ (ရုံးချုပ်) ဖုန်း ၀၂-၆၃၅၆၆၊ ၀၂-၃၂၉၉၁ သို့ ဆက်သွယ် လှူဒါန်းနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

တစ်ခါတစ်ခေါက်တော့ဖြင့် လာရောက် ဖူးမြော်ကြည်ညိုသဒ္ဓါပွားများနိုင်အောင် စေတနာကောင်းဖြင့် နတ်လမ်းညွှန်လိုက်ရပါသည်။

မေသူနေဝင်း

**မှီငြမ်း -**

ဝေရောစန ကျောက်စိမ်းစေတီတော်ကြီးလက်ကမ်းစာစောင် စာရေးသူ၏လေ့လာမှု



www.burmeseclassic.com

www.burmeseclassic.com



# မင်းပြည့်

# အဟာန့်

"ဆရာရှိလား"

"ဪ - ဖေဖေပညာရွှေတောင် စာအုပ်တိုက်သွားတယ် အန်တီ"

"ဟုတ်လား၊ ဆရာလေးရှိနေတာပဲ။ ဒါဆို ဆရာလေးပဲကြည့်ပေးပါ"

"ဟုတ်ကဲ့ - ထိုင်ပါ ခင်ဗျ"

"အန်တီ ငွေလက်လွှန်ထားတာ ဟိုတစ်ခါ ဆရာကြီးပြောလိုက်လို့ ခွေးတွေရော၊ ကျီးတွေရော ကျွေးတာ အဲဒါ နည်းနည်းစီတော့ပြန်ရလာပြီ။ ခုတစ်ခါ ဒီလခဏနေပါဦးဆိုပြီးဖြစ်ပြန်ပြီ။ တော်ကြာ ဟိုအရင်တစ်ခါလိုကြာသွားမှာစိုးလို့ အဲဒါ ခွေးတွေ၊ ကျီးတွေပဲဆက်ကျွေးရမှာလား၊ ရွှေလာငွေလာဆက်ထိုးနေရမှာလား အဲဒါသိချင်လို့ပါ"

"ဪ - ဟုတ်ကဲ့"

"ဆရာလေး ငွေကလေ ဒီလိုပဲ။ သူတို့ပေးသလောက်. . ."

"ဪ - ကျွတ်. . . အမေက လည်းလေ ဘာတွေပြောနေမှန်းမသိဘူး။ သူတို့ပေးသလောက်ပဲရမှာပေါ့"

"မဟုတ်ဘူးလေ၊ အမေပြောတာက"

"အမေ နေစမ်းပါ၊ အဲဒီအီလယ်လယ်စကားတွေနဲ့ လိုရင်းကိုမရောက်နိုင်ဘူး။ ခု - ဒီလဆိုရင် နေပါဦးဖြစ်လာပြီ။ အမေဘာသိလို့လဲ၊ အမေဘာမှလဲသိတာမဟုတ်ဘဲ လျှောက်ပြောမနေနဲ့။ သူတို့မပေးချင်လို့ပေါ့။ ဒါများဆန်းလား ဒီဆရာလေးလုပ်ပေးမှာပေါ့"

"ရပါတယ်၊ အဖေပြောထားသလိုပဲ ခွေးတွေ၊ ကျီးတွေဆက်ကျွေးပါ အန်တီ။ ရွှေလာငွေလာမညှိုးပါစေနဲ့။ အန်တီဆက်ရမှာပါ။ ဆိုင်းသွားတာ ခဏပါ"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ပြီးလည်းပြီးရော သမီးဖြစ်သူ အမျိုးသမီးအလှည့်ရောက်လာပါတယ်။

"ဆရာလေး၊ ကျွန်မလေ ဘယ်လောက်ကောင်းတာတွေလုပ်လုပ်၊ ဘယ်လောက် အလုပ်ကို ကြိုးစားကြိုးစား ကျွန်မအထက်လူကြီးက ကျွန်မကိုနေရာမပေးဘူးရှင့်။ ဖိနှိပ်ထားတယ်။ ဟန့်ထားတယ်။ ကျွန်မရဲ့အလုပ်ကြိုးစားပုံတွေ သူသိရက်သားနဲ့ သူကထောက်ခံမပေးတော့ ရာထူးတိုးပေးနိုင်မယ့်လူကြီးနဲ့ဆုံတိုင်း ကျွန်မမှာတစ်ခုခုအဟာန့်လုပ်ထားသလို ခံစားနေရတယ်"

"ဘယ်လိုအဟာန့်လဲ"

"ဟို - မပြောရဲမဆိုရဲကြီးဖြစ်နေတာပေါ့။ သူမြင်ရင်လန့်နေသလိုကြီးပဲ။ ပါးစပ်ကဘာမှမထွက်နိုင်ဘူး။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ထင်တာကတော့ ကျွန်မနဲ့ ရာထူးတူတာ မျိုးတို့၊ ကျွန်မကိုမကျေနပ်ကြတဲ့သူမျိုး တို့က ဆေးတွေဘာတွေနဲ့မျှားလုပ်ထား သလားလို့"

ဒါကတော့ သူ့အထင်ပေါ့လေ။ ကျွန်တော်ထင်တာကတော့ တစ်မျိုး။ ပညာနဲ့တော့ ပညာနဲ့ပဲ။ ဒါပေမယ့် လူကဲခတ်ပညာ။ ကြည့်လေ၊ သူဝင်လာ ခါစက သူ့အမေပြောတဲ့စကားမှန်သမျှ ကို ရှေ့ကနေပိတ်ပိတ်ပြီးလိုက်လိုက်ဟန့် နေတာ။ အဲဒါကိုက သူထိနေတဲ့ထိချက် ပါပဲ။ ထင်ပါတယ်၊ ထင်ပါတယ်ဆိုတာ က ဒီအမျိုးသမီးဟာ မအေကိုလိုက်လိုက် ပိတ်လိုက်၊ ဟန့်လိုက်နဲ့ သူ့ရဲ့အောင်မြင် မှုတွေမှာ အဲသလိုလိုက်ပိတ်လိုက်ဟန့် သူတွေပေါ်လာရင် ဒုက္ခပါပဲလို့။ ပထမ



www.burmeseclassic.com

www.burmeseclassic.com

ထင်ထားတာက သူကိုကိုယ်ပိုင်လုပ်ငန်း လုပ်နေတဲ့သူထင်တာ။ သူပြောမှလုပ်ငန်းကြီးတစ်ခုက ဝန်ထမ်းမှန်းသိရပါတော့တယ်။

သူဟာအဝတ်အစားကိုအင်မတန်သပ်သပ်ရပ်ရပ်နဲ့ဝတ်စားထားပြီး လူကလည်း သန့်ပြန့်နေတဲ့သူပါ။ သူဟာ လုပ်ငန်းခွင်တစ်ခုရဲ့ နေရာလေးတစ်ခုမှာ အရာရောက်တဲ့သူဖြစ်နိုင်တဲ့ရုပ်အဆင်း အင်္ဂါရှိပါတယ်။ ဒါပေမယ့် ဖြစ်မလာဘူးဆိုကတည်းက တစ်ခုခုလိုနေလို့ဆိုတာ ပြောစရာတောင်မလိုတော့ပါဘူး။

အဲဒါမျိုးကို ဘယ်လိုမှတ်ရိုက်လို့ရမလဲ။သူကမိဘကိုပြန်ဟန့်နေတဲ့အဟန့်ကြီးကကြီးထွားလာနေပြီ။ ဒီလိုမျိုး သူခဏခဏဟန့်နေမှာသေချာတယ်။ အဲဒါကတော့ မှတ်ရိုက်လို့မရပါဘူး။ သူ့ကိုဆောင်ရန်၊ ရှောင်ရန် ပြောရုံပဲရပါလိမ့်မယ်။ ဒါကြောင့် ဆောင်ဖို့၊ ရှောင်ဖို့ပဲ ပြောလိုက်ရပါတယ်။

ဒီလိုမျိုးတွေ မကြာခဏတွေ့ရလေ့ရှိပါတယ်။

တစ်ခါကလည်း သားအမိနှစ်ယောက်လာတယ်။ ဒီလိုပဲ အမေလုပ်သူက သူ့ရဲ့အမွေကိစ္စကိုပြောနေတုန်း ဘေးနားက အသက် (၃၀) လောက်ရှိမယ့် သူ့သားက -

"ဟာဗျာ၊ အမေကလည်း နေစမ်းပါ။ အဲဒါမဟုတ်သေးဘူး"

ဆိုပြီး ပြောလိုက်ပြီးနောက်-

"အမေတို့ အဲလိုဘာမှမသိဘဲစွတ်စွတ်ပြောလို့ ဟိုဘက်ကအဲ့လိုဖြစ်တာပေါ့"

လို့ပြောလိုက်၊ သူ့အမေစကားတစ်ဝက်တောင် မကျိုးသေးဘူး ပါးစပ်ကကျွတ်. . . ကျွတ်နဲ့လုပ်ပြီး မျက်နှာကြီးကတစ်ဖက်လှည့်လိုက်၊ သူ့အမေဘက်ကို ချက်ချင်းပြန်လှည့်ကြည့်ပြီး -

"နေစမ်းပါ၊ အဲလိုပြောလို့မရဘူးလေ"

လို့ ပြောလိုက်နဲ့ အမေဖြစ်သူခမျာ အလူးအလဲပဲ။ အလူးအလဲဆိုတာ သူ့ခမျာ ပါးစပ်ကလေးအဟောင်းသားနဲ့ ဟမယ်ကြံလိုက် အပိတ်ခံလိုက်ရ၊ ပြောမယ်ကြံလိုက် အပိတ်ခံလိုက်ရနဲ့ အလူးအလဲပဲ။ မျက်လုံးလေးကြောင်တောင်တောင်နဲ့။

ဒါနဲ့ အဲဒီအဘွားကြီးရဲ့အမွေကိစ္စ အလှည့်ပြီးသွားပြီး ဟိုလူ့အလှည့်ရောက်လာပါလေရော။

"ကျွန်တော်က ကုမ္ပဏီတစ်ခုရဲ့ အဝယ်တော်ပါ။ ပဲတွေ၊ နှမ်းတွေဝယ်ပေးရပါတယ်"

"ဟုတ်ကဲ့"

"ခုဗျာဘာမှကိုလုပ်လို့မရဘူးဖြစ်နေတယ်။ ကျွန်တော်ဝယ်ပြီးရင် ဈေးကထပ်ကျလာတာချည်းပဲ။ ကျွန်တော်မဝယ်ခင်ကတော့ ဟုတ်တော့မလိုလိုနဲ့ ဈေးကောင်းတော့မလိုလိုနဲ့ နောက်ပြီး ကျွန်တော်နဲ့ ပြိုင်ဝယ်တာ သုံးဦးရှိတယ်။ သူတို့ကကြံဖန်လက်ဦးကြတာများတယ်။ အမှန်က ကျွန်တော်က အများဆုံးဝယ်တာ။ ကုန်သည်တွေကလည်း ကိုယ့်ကုန်သည်တွေ။ ဒါပေမယ့် ခုနပြောသလိုလုဝယ်နေရ၊ လက်ထဲရောက်ရင် ခုနပြောသလို ဈေးထိုးကျ၊ မဝယ်လို့ကလည်း ခုနပြောသလိုမရ။ ကုမ္ပဏီကလည်း ကိုယ်မှကိုယ်"

ခုနပြောသလိုတွေများနေသူကိုကြည့်ပြီး စိတ်ထဲက ခေါင်းညိတ်နေမိပါတယ်။ အဲဒီလိုဖြစ်ရတဲ့အကြောင်းအရင်းဟာ အလကားဖြစ်တာ မဟုတ်ပါဘူး။ သူ့ရဲ့အခက်အခဲမှန်သမျှဟာ သူနဲ့ပဲဆိုင်ပါတယ်။ အဲဒီလိုဖြစ်အောင်သူလုပ်နေတာပါ။ သူဘာလုပ်နေတာလဲဆိုတော့ အဟန့်ပါ။ သူ့အမေကို သူဟန့်လိုက်တာရစရာကိုမရှိတော့ပါဘူး။ ကြာတော့ သူ့အမေခမျာ စကားတောင်ရဲရဲမပြောရဲရှာတော့ပါဘူး။ သူ့သားဖြစ်တဲ့ အဲဒီလူရဲ့မျက်နှာကိုပဲ မျက်နှာငယ်လေးနဲ့ ငေးကြည့်နေရှာပါတော့တယ်။

အဲဒီလူကို သူ့ကံတွေပွင့်အောင် ကျွန်တော် အကြံပေးချင်ပါတယ်။ ဒါပေမယ့် ဘယ်လိုပေးရမှန်းမသိအောင်ကို စဉ်းစားလို့မရဖြစ်နေတယ်။ တကယ်ပါ၊ စဉ်းစားလို့မရပါဘူး။

ဘာလို့လဲဆိုတော့ သူ့အဟန့်တွေကို တိုးပြီးဖောက်ထွက်သွားနိုင်မယ့် ယတြာကတော့ သူ့အမေရဲ့ ထဘီ၊ အင်္ကျီ၊ အဝတ်အစားတွေကို သူလျှော်ပေးရမယ့် ကုသိုလ်ယတြာပါပဲ။

ဒါတောင် တစ်ကြိမ်နဲ့မရပါဘူး။ သူဟာ သူ့အမေကို ဘယ်တုံးထဲကဘယ်လို ဟန့်လာခဲ့လဲမှမသိရတာ။ ဒါကြောင့် သူ့အမေရဲ့အဝတ်အစားတွေကိုသူလျှော်ရင် အကြိမ်ကြိမ်လျှော်ရမယ့်သဘောရှိပါတယ်။

အကဲခတ်ကြည့်လိုက်ပါတယ်။

သူ့ရုပ်သွင်နဲ့သူ့အသံကိုပေါ့။ သူ့အသံမှာကိုကဟန်ပါတယ်။ ကျွန်တော်ပြောလည်းလုပ်မယ်မထင်ဘူး။ဒါကြောင့် သူ့စကားကို နားထောင်ပြီးတော့ပဲ အဲဒီနေ့ကဆိတ်ဆိတ်နေလိုက်ပါတော့တယ်။ ဆောင်ရန်၊ ရှောင်ရန်ကတော့ပေးလိုက်ပါတယ်။ မြင်ရတဲ့ ဆောင်ရန်၊ ရှောင်ရန်ပေါ့။ မမြင်နိုင်တဲ့ ဆောင်ရန်၊ ရှောင်ရန်တွေကိုတော့ တစ်နေ့သူ့ကိုပေးနိုင်ပါစေလို့ပဲ ဆုတောင်းနေလိုက်မိပါတယ်။

"ဒီအချိန်က ဆရာ့အချိန်လား"

"ဟုတ်ကဲ့ - ဦးလေး၊ ထိုင်ပါခင်ဗျ"

"ဟာ - ဒါဆိုအတော်ပဲ။ ဆရာလေးပဲပြောပေးလိုက်ပါဦး"

"ဟုတ်ကဲ့"

"ဒီလိုပါ၊ ဦးလေးက အငြိမ်းစားတစ်ယောက်ပါ။ ဦးလေးနေတဲ့အိမ်လေးကကြာခဲ့ပြီမို့ အသစ်ထပ်ဆောက်ဖို့ရှိပါတယ်။ အဲဒီမှာငွေလိုတဲ့ကိစ္စလေးရှိနေပါတယ်။ များများတော့ မဟုတ်ပါဘူး၊ သိန်း (၅၀) ထဲပါ။ အဲဒီငွေကိုပေးမယ်လို့ ပြောထားတဲ့ ဦးလေးရဲ့ညီမ ခုထိ. . ."

"ဖေကြီးကလည်း လာပြန်ပြီ၊ သူ့စကားများအဟုတ်လုပ်လို့"

ဦးလေးကြီးတစ်ချက်ထဲငြိမ်သွားပြီး သူ့သမီးမျက်နှာကိုကြည့်နေပါတယ်။ သူ့သမီးက မျက်နှာကြောတင်းတင်း -

"ဟို. . . အိမ်ဆောက်ဖို့ကလည်း လက်သမားကအဆင်သင့်ရှိနေပါတယ်၊ ဟိုကငွေရတာနဲ့ပြီးပြီ၊ စဆောက်ရုံပဲ၊ လက်သမားက ဦးလေးရဲ့. . ."

"လုပ်မနေစမ်းပါနဲ့၊ ဖေကြီးပြောလိုက်ရင် ဒီတိုင်းချည်းပဲ။ ပြီးတော့ ဘာမှဟုတ်တာလဲ မဟုတ်ဘူး။ အဲဒီလူတွေပြောသမျှယုံယုံ၊ အဲဒီမှာ ကြပ်ကြပ်ယုံ ဟိုကအလုပ်မရှိလို့တွန်းအားပေးနေတာကိုများ ဖေကြီး နားမလည်ပါဘူး"

အဲဒီအစ်မကို ကျွန်တော် အကဲခတ်နေလိုက်မိပါတယ်။ သူ့အဖေကလည်း သူ့ကိုကြည့်လို့ပေါ့။ သူကတော့ ပြောလိုက်ဆိုလိုက်နဲ့ ဟုတ်နေတာပဲ၊ သူပြောတာမှအမှန်၊ သူပြောတာမှ အဟုတ်။ ဟုတ်တယ်ထားပါဦး၊ ဟိုဦးလေးစကားကို ပြီးတဲ့အထိတော့ စောင့်သင့်ပါတယ်။ ခုတော့ ဦးလေးကြီးခမျာ ဟမယ်ကြံလိုက်အဟန့်ခံလိုက်ရ၊ ဟမယ်ကြံလိုက်အဟန့်ခံလိုက်ရနဲ့ လှုပ်ကိုမလှုပ်ရဲတော့ဘူးနဲ့တူပါရဲ့။

"ကောင်းပါတယ်၊ ဦးလေးအိမ်ဆောက်သင့်တဲ့နှစ်ပါပဲ။ ငွေလဲရမှာပါ။ ခဏတော့စောင့်ပါ။ နှစ်လလောက်ပေါ့"

"အဲ-သူကလည်းဆရာလေးပြောသလိုပါပဲ။ နှစ်လကျော်သုံးလလောက်တော့ စောင့်ပါဦးတဲ့"

"ရမှာပါ၊ ဦးလေးနဲ့ အဲဒီညီမနဲ့



www.burmeseclassic.com

www.burmeseclassic.com

အကျိုးပေးပါတယ်၊ ပေးပါလိမ့်မယ်"

"ဩော် - ဝမ်းသာပါတယ် ဆရာလေးရယ်"

"ဒါပေမယ့် ငွေမြန်မြန်ရလာအောင်တော့ ဦးလေးအရင်လုပ်ရလိမ့်မယ်"

"လုပ်မယ်လေ၊ လုပ်ရမှာပေါ့"

"ဒါဆို ဦးလေးကိုယ်တိုင် မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ငှက်ကလေးတွေကို အစာကျွေးပေးပါ။ အဲဒီငွေရလာပါလိမ့်မယ်။ ကျွေးတဲ့အခါ ဦးလေးရဲ့ညီမနာမည်ကို ပါးစပ်ကခေါ်ပြီး ဥပမာ ဦးလေးညီမနာမည်က မအုံးဆိုရင် ဩော် - မအုံးတောင် ငါ့ကိုငွေတွေပေးနေပါရောလား' ဆိုပြီး ပါးစပ်ကပြောပြီး ငှက်စာကျွေး"

"ဟာ-ကောင်းတယ်၊ ကျွေးမယ်"

ပြီးတော့ အဲဒီဦးလေးကြီးရဲ့သမီးအလှည့်ပါပဲ။ သူကတော့ စတိုးဆိုင်လေးဖွင့်ထားတာ။ တဖြည်းဖြည်းနဲ့ လာဘ်ပိတ်လာပြီး ဆိုင်ကပိတ်ရတော့မယ်။ အရင်ကလည်း အိမ်တွင်းစက်ချုပ်လုပ်ငန်းလုပ်တယ်တဲ့။ ဒါလည်း ဘာမှဖြစ်မလာဘဲပိတ်ခဲ့ရတယ်။ နောက်စာအုပ်အငှားဆိုင်လေးဖွင့်တယ်။ ပိတ်လိုက်ရတာပဲ။ သူ့ညီမတစ်ယောက်နဲ့စပ်ပြီး ရေသန့်လုပ်ငန်းလုပ်တယ်။ တဖြည်းဖြည်းနဲ့ ငွေဟာ ဘယ်လိုကုန်လို့ကုန်တယ်မသိဘူးတဲ့။ အခုစတိုးဆိုင်။

သူကတော့ အားရပါးရပြောနေတာပါ။ ကျွန်တော်ကလည်း အာရုံတစိုက်တော့ နားထောင်ပေးပါရဲ့။ ဒါပေမယ့် သူ့အတွက် ဖြေဆေးမရှိသလိုဘဲ ခံစားနေမိပါတယ်။

ဒါပေမယ့် မတတ်နိုင်ဘူး။ ပြောတော့ပြောလိုက်ပါတယ်။

"အစ်မကြီးလုပ်ရမှာရှိတယ်။ အဲဒါကတော့ အစ်မကြီးရဲ့အဖေဝတ်တဲ့ အဝတ်အစားတွေကို အစ်မကြီးကိုယ်တိုင် လျှော်ဖွပ်၊ မီးပူတိုက် အဖေကြီးရဲ့ ဝေယျာဝစ္စတွေလုပ်ပေးဖို့ပါပဲ။ လူငှားခေါ်ပြီး လျှော်ခိုင်းလို့တော့မရပါဘူး။ ကိုယ်တိုင်လုပ်ရမှာပါ"

"အဲဒါက အင်းလေ လုပ်ရမှာပေါ့။ ကျွန်မတကယ်လို့မအားရင်ကောလုပ်ပဲလား"

"ဟုတ်ကဲ့ - အချိန်ကိုရအောင်ယူပြီးဖြစ်အောင်လုပ်ရပါလိမ့်မယ်"

"ဒါလောက်ကတော့ . . . အင်းလေ ဖြစ်ပါတယ်"

"မပြီးသေးဘူး ခင်ဗျ"



"ဟင်"

"ဟုတ်တယ်၊ ညဘက်ကျရင် ညတိုင်းတော့ မဟုတ်ဘူးပေါ့။ တစ်ပတ်ကို (၁) ရက်လောက်ဖြစ်ဖြစ် ဦးလေးရဲ့ခြေထောက်လေးတွေကို အစ်မကြီးနှိပ်တတ်သလိုနှိပ်ပေးပါ၊ လုပ်ပေးပါ"

"ဟင် - အဲဒါမလုပ်ဖူးဘူး"

"လုပ်ရပါလိမ့်မယ်ဗျာ၊ မလုပ်ဘူးပေမယ့်လုပ်ရပါလိမ့်မယ်။ ဒါယတြာပါပဲ"

"ဟင် - ဒါယတြာ"

"ဟုတ်ပါတယ်၊ ယတြာပါ"

"ဟင်-ဟိုအဆောင်တွေဘာတွေဆောင်ရတာ ယတြာမဟုတ်ဘူးလား။ အဲဒါတွေဆောင်ရမယ်ဆိုရင်ဆောင်ချင်လို့"

"ဟုတ်ကဲ့ - ယတြာပညာတွေအများကြီးရှိပါတယ်။ ခုကျွန်တော်ပြောတာက အဲဒီအများကြီးထဲကတစ်ခုပဲရှိပါသေးတယ်။ ဒါအစ်မကြီးလုပ်ရမှာပါ"

"ဩော် - မကြားဖူးဘူး"

"ဟုတ်ကဲ့ - အဲဒီလိုလုပ်ရင် အစ်မကြီး တော်တော်အဆင်ပြေလာပါလိမ့်မယ်။ နှစ်လလောက်တော့ အချိန်ယူရမယ်"

ဒါ အဲဒီအစ်မကြီးကိုပြောလိုက်ရတဲ့ စကားတွေပါပဲ။

ထင်မထားပါဘူး။ သတိလည်းရနေတာတော့ မဟုတ်ပါဘူး။ ရက်တွေတော်တော်ကြာသွားတာ။ နှစ်လတော့ မကလောက်တော့ဘူး"

"ဟင် - ဦးလေးနော်၊ ဟိုတစ်လောက"

"ဟုတ်တယ်လေ၊ ငွေဒီရက်ထဲရတော့မယ် ဆရာလေး"

"ဘယ်ငွေလဲ၊ ဘယ်ငွေကိုပြောတာလဲ"

"အိမ်ဆောက်ဖို့ဆိုတာလေ၊ ဦးလေးကို ငွေပေးမယ်လို့ ညီမကပြောထားတာလေ။ ခုရတော့မယ်။ အဲဒါလေးလည်းမလွဲချင်ဘူး။ ပြီးတော့. . ."

ဦးလေးမျက်နှာက တော်တော့်ကိုပြုံးပြီး ကျွန်တော့်ကို အကြာကြီးကြည့်နေပါတယ်။

"ပြီးတော့ ဆရာလေးရဲ့အစ်မကြီး"

"ဗျာ"

"ဩော် - ဟိုဦးလေးသမီးလေ"

"ဟုတ်ကဲ့၊ ဩော် - မှတ်မိပြီ။ ဦးလေးကိုတောင်းပန်သလို ခြေကိုင်ခိုင်းလိုက်တာ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ မှတ်မိပြီ"

"အမယ် - ပထမတော့မလုပ်ချင်လုပ်ချင်နဲ့ပေါ့။ လုပ်ရင်းလုပ်ရင်း ဘယ်ဓာတ်ကဘယ်လိုထိသွားတယ်မသိဘူး၊ ဟာ - ဟုတ်နေတာပဲ။ ညဆို နာရီဝက်နီးပါးလောက်တောင်နှိပ်ပေးတာ။ သူ့ခမျာမလုပ်တင်လုပ်တတ်နဲ့။ အဲ - အဲဒီမှာပြောချင်တာက စတိုးဆိုင်ပြန်ရောင်းကောင်းလာပြီ။ စောစောက ဦးလေးရဲ့ညီမကလည်း သူ့ကိုခေါ်ပြောတယ်။ ငါးသိန်းလောက် စတိုးဆိုင်ထဲထပ်ထည့်ပေးမယ့်သဘောရှိတယ်။ ပြန်ရောင်းကောင်းလာတာကိုး။ ဟိုကကောင်းရှာပါတယ်။ သူတို့ကတစ်မျိုးထင်နေတာ။ အရင်ကလုပ်တိုင်းမဖြစ်နေတော့လည်း ဟိုကဘယ်ထုတ်ပေးမလဲဆရာလေးရဲ့၊ ဟုတ်ဖူးလား"

"ဟုတ်ကဲ့"

"အဲ - စကားကြုံပါးလိုက်ပါသေးသဗျာ။ စတိုးဆိုင်ပဲဆက်လုပ်ရမလားတဲ့၊ ကိုယ့်အစ်မက"

"ဟုတ်ကဲ့ - ဆက်လုပ်ပါလို့။ ဦးလေးလည်း မလွဲပါဘူး။ ရမှာပါ။ ကျွန်တော် အခိုင်အမာပြောလိုက်ပါတယ်"

"ဝမ်းသာလိုက်တာ၊ တကယ်ဝမ်းသာတယ်"

"ဦးလေးဝမ်းသာသလို ကျွန်တော်လည်း ဝမ်းသာရတာပေါ့"

အဲဒီလိုများ အဆင်ပြေသွားကြရင် သိပ်ဝမ်းသာတာပဲ။ ဒီလိုတွေ ဝမ်းသာနိုင်အောင်လို့ ဟိုးခပ်ငယ်ငယ်လေးထဲက တစ်လုံးစနှစ်လုံးစသင်ပေးလာတဲ့ ဖေဖေ့ကို ကျေးဇူးတင်ရလွန်းတဲ့အကြောင်းပြောရဦးမယ်။

ဖေဖေက စာအုပ်တိုက်ခဏသွားတယ်လေ။

မင်းကြည်

www.burmeseclassic.com

မောင်ထွန်းမြိုင်သည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ တနင်္ဂနွေထောင့်၌ အမိဋ္ဌာန်ဝင်ပုတီးစိပ်ပြီးနောက် သူ့ရှေ့တည့်တည့် ဘုရားကြီး၏ဆွမ်းတင်ခုံပေါ်တွင် ဆွမ်းတော်နှင့် ဟင်းများကို တွေ့လိုက်သောကြောင့် လွန်စွာဗိုက်ဆာနေသူတစ်ဦးအဖို့ကား ဖော်မပြတတ်လောက်အောင်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေသည်။ သို့သော်လည်း မောင်ထွန်းမြိုင်သည် ဆွမ်းတော်များကို ချက်ချင်းစွန့်ကာ မစားသေးဘဲ အချိန်အနည်းငယ်ကြာအောင် ဘုရားရှင်အား အာရုံပြုပြီး ကြည်ညိုနေလိုက်၏။ ပြီးသောအခါတွင်မှ ဆွမ်းတော်နှင့် ဆွမ်းဟင်းများကိုစွန့်လိုက်၏။

အဆိုပါ ဆွမ်းတော်နှင့် ဆွမ်းဟင်းများသည် ယခုအချိန်ထိအောင်ပင် ပူပူနွေးနွေးရှိနေသေးသည်ကို မောင်ထွန်းမြိုင် သတိပြုလိုက်မိ၏။ ထို့နောက် ဆွမ်းဟင်းများကို အသေအချာကြည့်လိုက်သောအခါ သက်သတ်လွတ်ဟင်းလျာများပင်ဖြစ်နိုင်ကြောင်း ယူဆရသဖြင့် လှန်လှောကြည့်လိုက်သောအခါ ပိန္နဲသီးဟင်းအချိုချက်၊ အာလူးကို မဆလာနိုင်းချင်းဖြင့်ချက်ထားသော အာလူးအစပ်ချက်၊ ပဲတီပင်ပေါက်သုပ်နှင့် ချဉ်ပေါင်ဖူးထောင်းများဖြစ်နေသည်ကိုတွေ့ရှိရ၍ မောင်ထွန်းမြိုင်လည်း ဆာလောင်မွတ်သိပ်မှု ပြေပျောက်စေရန်အတွက် ဆွမ်းတော်စွန့်များထည့်ထားသည့်အထုပ်ကို ယူကာ အနီးရှိ လူသူကင်းရှင်းသော တန်ဆောင်းတစ်ခုသို့ထွက်ခွာခဲ့၏။

လူသူအတော်အတန်ကင်းရှင်းသော တန်ဆောင်းကို ရှာဖွေသောအခါ တနင်္ဂနွေထောင့်နှင့် မလှမ်းမကမ်းတွင် နှစ်ကျိပ်ရှစ်ဆူတန်ဆောင်းကိုတွေ့ရ၍ မောင်ထွန်းမြိုင်သည် ထိုတန်ဆောင်းထဲ၌ထိုင်ကာ ပါလာသည့်ဘုရားဆွမ်းတော်စွန့်အထုပ်များကိုဖြေပြီးစားသောက်လေတော့၏။ စားသောက်၍ပြီးသောအခါ စားကြွင်းစားကျန်များကို အမှိုက်ပုံးထဲတွင် သွားရောက်စွန့်ပစ်ပြီး လက်ဆေးကြောခြင်းများပြုလုပ်ကာ မူလထမင်းစားခဲ့သော နှစ်ကျိပ်ရှစ်ဆူတန်ဆောင်းသို့ ပြန်လာပြီး တန်ဆောင်းအတွင်း အသေအချာလှည့်လည်စူးစမ်းကြည့်ရှုလေ၏။ ကြည့်ရှုပြီးသောအခါ မျက်စိသည် အတော်အတန်ပင် မှေးစင်းလာလေတော့၏။ ဖျာပုံမှ ညသင်္ဘောတစ်ညလုံးစီးခဲ့ရသဖြင့် အိပ်ရေးပျက်သည့်ဒဏ်နှင့် ဘုရားဆွမ်းတော်စွန့်များ




www.burmeseclassic.com

www.burmeseclassic.com

တို ဗိုက်လေးအောင်စားလိုက်မိသည့် အကာတို့ပေါင်းကာ မကြာမတင်မီပင် မောင်ထွန်းမြိုင်သည် တန်ဆောင်း၏ အစွန်ကျသောထောင့်တစ်ခုတွင် သွား ရောက်လှဲလိုက်သည်နှင့် အိပ်ပျော်ခြင်း သို့ရောက်ရှိသွားလေတော့၏။

အိပ်ပျော်ခြင်းသို့ ရောက်ရှိပြီး မကြာမီတွင် မောင်ထွန်းမြိုင်သည် ထူးခြားဆန်းကြယ်သောအိပ်မက်တစ်ခု ကို မြင်မက်ခဲ့၏။ ထိုအိပ်မက်ထဲတွင် သူနှင့်ယခင်ကတစ်ကြိမ်တစ်ခါမျှမတွေ့ ဘူးသော ရဟန်းတော်နှစ်ပါးသည် ကြွ ရောက်လာပြီး မောင်ထွန်းမြိုင်အား တစ်နေရာသို့ ခေါ်ဆောင်သွားခဲ့ကြ၏။ ထိုသို့ ခေါ်ဆောင်သွားသည်မှာလည်း အခြားတစ်ပါးသောအဝေးရှိနေရာများ သို့မဟုတ်ကြောင်း မောင်ထွန်းမြိုင်သတိ ထားမိ၏။

မောင်ထွန်းမြိုင်အား ရဟန်းတော် နှစ်ပါးက လက်တစ်ဖက်စီကိုဆွဲကိုင်ကာ ခေါ်သွားသဖြင့် မောင်ထွန်းမြိုင်သည် ရဟန်းတော်နှစ်ပါးအလယ်မှလိုက်သွား ရသကဲ့သို့ဖြစ်၏။ ရဟန်းတော်နှစ်ပါး ၏ ခေါ်ဆောင်ရာသို့ လိုက်ပါသွားရင်း မောင်ထွန်းမြိုင်သည် တဖြည်းဖြည်း မြင့်တက်သွားသကဲ့သို့ ခံစားရလေ၏။ ထို့နောက် မောင်ထွန်းမြိုင်သည် ဘေးဘီ သို့ လှည့်လိုက်သောအခါ ဘုရားကြီး တစ်ဆူ၏ထီးတော်ကြီးကို ဖူးတွေ့ရလေ သည်။ ထိုထီးတော်ကြီးသည် ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ထီးတော်ပင်ဖြစ် ရမည်ဟု မောင်ထွန်းမြိုင် သိလိုက်၏။ ထီးတော်ကြီးအား အသေအချာအာရုံပြု ကြည့်ညိုပြီးနောက် ဘေးဘီဝဲယာသို့ ငေ့ဝိုက်ကြည့်ရှုလိုက်သောအခါ ဘော်စင်



www.burmeseclassic.com

ငွေသားရောင်ဖြူလွှသည့်တိမ်တောင်တိမ်တိုက်များကို တွေ့ရလေသည်။ သို့သော် မောင်ထွန်းမြိုင်၏စိတ်ထဲတွင် တိမ်တောင်တိမ်တိုက်တို့၏ ပုံသဏ္ဌာန်သည် တစ်မျိုးတစ်ဘာသာ ထူးခြားနေသလားမသိဘူးဟူသောစိတ်ခံစားချက်က ဝင်ရောက်လာသဖြင့် အသေအချာပြန်လှည့်ကြည့်လိုက်သောအခါ ပထမထင်မြင်မိသော တိမ်တောင်တိမ်တိုက်များမဟုတ်ဘဲ ပုံသဏ္ဌာန်များဖြစ်နေသည်ကို တွေ့လိုက်ရ၏။ ထိုပုံသဏ္ဌာန်များသည် နတ်ပုံသဏ္ဌာန်များ၊ ဗြဟ္မာပုံသဏ္ဌာန်များကဲ့သို့ဖြစ်နေသည်ကိုတွေ့မြင်ရ၏။

မောင်ထွန်းမြိုင်တွေ့လိုက်ရသော ဒေဝါအပေါင်းတို့သည် စေတီတော်မြတ်ကြီး၏ ထီးတော်အား လက်အုပ်ချီလျက် ရှိခိုးကန်တော့နေကြသည့် ပုံသဏ္ဌာန်ကို မြင်တွေ့လိုက်ရသဖြင့် ကြက်သီးမွေးညင်းများပင်ထသွားမိလေတော့သည်။ ထို့နောက် မောင်ထွန်းမြိုင်တို့သည် ထီးတော်ကြီး၏ ဘုံအဆင့်ဆင့်ပေါ်မှ တစ်ဆင့်ပြီးတစ်ဆင့် ဖူးမြော်ပြီးတက်သွားကြလေ၏။ မောင်ထွန်းမြိုင် ဘေးဘီဝဲ၊ ယာသို့ ကြည့်သမျှတို့သည် စိန်ရောင်၊ ရွှေရောင်တပြောင်ပြောင်ချည်းသာဖြစ်နေတော့၏။

ထီးတော်ပန်းလည်တိုင်ကြီးစိုက်ထူထားရာ ဘေးပတ်ဝန်းကျင်သို့ကြည့်လိုက်သောအခါတွင်လည်း စိန်၊ ရွှေ၊ ပတ္တမြား၊ နီလာ၊ ဥဿဖရား၊ မြ၊ ကျောက်စိမ်း၊ ပုလဲ စသည့် ရတနာအပေါင်းတို့ဖြင့် စီခြယ်ထားသော ဗုဒ္ဓဘုရားရှင်၏ ဆင်းတုတော် အမြောက်အမြားကို ဖူးတွေ့လိုက်ရသဖြင့် ဖူးမြော်၍မဝအောင်ဖြစ်ရတော့၏။ ထို့ကြောင့် အတူလိုက်ပါပို့ဆောင်သည့် ရဟန်းနှစ်ပါးက ဆင်းတုတော်များကို တစ်ဆူချင်းယူပြသဖြင့် ထိုအခါတွင်မှ မောင်ထွန်းမြိုင်သည် ဘုရားအပေါင်းတို့ကို အားရပါးရဖူးရတော့၏။

ဘုရားများကိုဖူးပြီးနောက် ရဟန်းတော်များက မောင်ထွန်းမြိုင်အား ရွှေတိဂုံစေတီတော်မြတ်ကြီး၏ထီးတော်ကြီးပေါ်တွင်ရှိသောခေတ်အဆက်ဆက် မြန်မာ့ဝိဇ္ဇာမရထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ လှူဒါန်းခဲ့သည့်ပစ္စည်းများကို ပြလေ၏။ ထိုအထဲတွင် ပထမံအဖေကြီးအဘဘိုးဘိုးအောင် လှူဒါန်းခဲ့သည့် သံသေခေါင်းလောင်းလည်း ပါဝင်၏။ ပထမံရသေ့ကြီးဦးခန္တီ၏ ရွှေအုတ်၊ ငွေအုတ်၊ ပတ္တမြားအုတ်၊ သလွဲအုတ်များကို တွေ့ရသည်။ ခေတ်အဆက်ဆက် မြန်မာနိုင်ငံကို အုပ်စိုးခဲ့သည့် ဘုရင်မင်းမြတ်အပေါင်းတို့၏ ကမ္ပည်းရေးထိုးထားသော ကောင်းမှုကုသိုလ်တော်များစွာကိုလည်း တွေ့ရလေ၏။

ထို့နောက် မောင်ထွန်းမြိုင်လည်း အောက်သို့ ငုံ့ကြည့်လိုက်သောအခါ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ကုန်းမြင့်ကြီးတစ်ခုပေါ်၌ တည်ရှိနေကြောင်း တွေ့ရသဖြင့် ဘုရားကြီးနှင့်ပတ်သက်သောအကြောင်းအရာတို့ကိုသိရှိလိုစိတ် လွန်စွာပြင်းပြလာသဖြင့် ရဟန်းတော်တို့ကလည်း မောင်ထွန်းမြိုင်သိလိုသမျှကို ရှင်းပြသဖြင့် အောက်ပါအတိုင်းသိရှိရလေ၏။

## ၊ ဤဘဒ္ဒကမ္ဘာအစကတည်းက တည်ရှိလာခဲ့သော ရွှေတိဂုံစေတီတော်

ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ယခု ဗုဒ္ဓဂေါတမဘုရားရှင်လက်ထက်တော်အခါတွင်မှ တည်ရှိလာခဲ့သော စေတီတော် မဟုတ်ပေ။ ဤဘဒ္ဒကမ္ဘာဦးအစတွင် ပထမဦးဆုံး ပွင့်တော်မူခဲ့သော ကကုသန်ဘုရားရှင်လက်ထက်ကတည်းက တည်ရှိခဲ့သော ကမ္ဘာဦးစေတီတော်ကြီး ဖြစ်ပါသည်။ ထို့အတူပင် အခြားသော ဘုရားရှင်များဖြစ်သည့် ကောဏာဂုံဘုရားရှင်၊ ကဿပဘုရားရှင်တို့၏ သာသနာတော်များအတွင်းတွင်လည်း စေတီတော်မြတ်ကြီးအဖြစ် တည်ရှိခဲ့ပါသည်။ စေတီတော်မြတ်ကြီးတည်ရှိရာ ကုန်းတော်သည် သိင်္ဂုတ္တရကုန်းတော် ဖြစ်၏။ သိင်္ဂုတ္တရကုန်းတော်၏ အနောက်တောင်ထောင့်အစွန်ဆုံးတွင်ရှိသော တတိယတောင်ထွတ်ပေါ်တွင် တည်ထားခြင်း ဖြစ်၏။

သိင်္ဂုတ္တရကုန်းတော်၏တောင်စဉ်တောင်တန်းအဆက်မှာ ဟိမဝန္တာတောင်ကြီးမှဖြစ်၏။ ဟိမဝန္တာတောင်မကြီးမှ တောင်ဘက်သို့ သွယ်တန်းလာသော တောင်များတွင် သိင်္ဂုတ္တရကုန်းတော်သည် (၉၉)လုံးမြောက်သောတောင်ကုန်းကြီး ဖြစ်၏။ အဆိုပါ (၉၉) ဟူသော နဝင်းနှစ်ထပ်၏သင်္ချာသည် လောကီပညာရပ်များတွင် အမြင့်ဆုံးဟူသော သင်္ချာကို ဖော်ဆောင်နေသကဲ့သို့ လောကီလွန်ပညာရပ်များအတွက် ဝင်ရောက်ရာ တံခါးပေါက်သဖွယ်သော သင်္ချာလည်းဖြစ်နေပါသည်။

ယခု ရွှေတိဂုံစေတီတော်ကြီး၏ ထီးတော်အောက်ခြေတွင် မောင်ထွန်းမြိုင်တို့ ဖူးတွေ့ခဲ့ရသော စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားများနှင့် ရုပ်ပွားဆင်းတုတော်များ၊ ပစ္စည်းပစ္စယများ၊ သာသနာရေးဆိုင်ရာတို့၏ တည်ရှိ... သည် အထက်ဌာပနာတိုက်တော်ဖြစ်ပြီး ဗုဒ္ဓဂေါတမဘုရားရှင်၏ ဆံတော်မြတ် ရှစ်ဆူတို့ ကိန်းဝပ်စံပယ်တော်မူသော နေရာမှာ အောက်ဌာပနာတိုက်တွင်ဖြစ် ကြောင်း၊ ရဟန်းတော်နှစ်ပါးက မိန့်ကြား ပြီး မောင်ထွန်းမြိုင်အား အောက်ဌာပနာ တော်တိုက်သို့ ခေါ်ဆောင်သွားလေ တော့၏။ မောင်ထွန်းမြိုင်လည်း ... တစ်သက်နှင့်တစ်ကိုယ် မမြင်ဘူး၊ မ... ဘူးသောပုံတော်များ၊ အကြောင်းခြင်း... များကို တွေ့မြင်သိရှိရသဖြင့် အထူး... တအံ့တသြဖြစ်နေလေတော့၏။

## ၊ အောက်ဌာပနာတိုက်၏ တည်ရှိနေသော အနေအထား

ရွှေတိဂုံစေတီတော်ကြီး၏အောက် ဘက်အုတ်မြစ်တော်အောက်တည့်တည့် တွင် အလျားအတောင် (၄၄) တောင် အနံ (၄၄) တောင်ရှိသော တွင်းနက်ကြီး ရှိ၏။ ထိုတွင်းနက်ကြီး၏အောက်ဆုံး... အတောင်တစ်ရာကျော်ကျော်အကျ... အဝန်းရှိသည့် ရေပြင်ကျယ်ကြီးရှိ၏။ ထိုရေပြင်ကျယ်ကြီးသည် ရန်ကုန်မြို့... တစ်ဆက်တစ်စပ်တည်းတည်ရှိနေသော ပင်လယ်ဝနှင့်လည်း ဆက်စပ်နေ... ထို့ကြောင့် ရွှေတိဂုံစေတီတော်ကြီး... အောက်ရှိ ရေပြင်ကျယ်ကြီးသည်လ... ပင်လယ်ဒီရေအတိုင်းပင် အဝင်အထွ... အတက်အကျရှိ၏။

အဆိုပါ ရေပြင်ကျယ်ကြီးအပေါ်... ၌ အတောင် (၉၀) ခန့်ရှည်လျားသော ရွှေသင်္ဘောကြီးတစ်စင်းရှိ၏။ အဆို... သင်္ဘောကြီးအား တစ်စင်းလုံးရွှေများ... စီရင်ထားခြင်းဖြစ်၏။ ထိုရွှေသင်္ဘော... ပေါ်တွင် ပြာသာဒ်ကြီးတစ်ခုစီရင်ထား... ၏။ ထိုပြာသာဒ်ကို ပတ္တမြားရတနာ... စီရင်ထားသဖြင့် ပတ္တမြားပြာသာဒ်... ခေါ်၏။ ထိုပတ္တမြားပြာသာဒ်ထဲတွင် ... ဂေါတမဘုရားရှင်၏ ဆံတော်ရှစ်... ကိန်းဝပ်စံပယ်တော်မူနေပါသည်။ ... တော်စစ်တို့သည် အလျားလက်ရှစ်... ပမာဏရှိတော်မူပြီး ရွှေအဆင်း... ဝင်းလက်တောက်ပလျက်ရှိနေပါသ... ထိုဗုဒ္ဓဆံတော်စစ်ရှစ်ဆူကို ပတ္တမြား... ကြုတ်အတွင်းသွင်း၍ ပူဇော်ထား... ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

အဆိုပါ ဘုရားရှင်တို့၏ ဆံတော်မြတ်များနှင့် ဓာတ်တော်မွေတော်များ၊ ဌာပနာတော်များတည်ထားရာ ဥမင်လိုဏ်တော်သည် လုံခြုံရေးစနစ်များ ပြည့်စုံစွာတပ်ဆင်ထားကြောင်းကိုလည်း တွေ့ရ၏။ ဥမင်၏ လေးဖက်လေးတန် စလုံးတွင် ဘူတာဝါဟနပညာခေါ် စက်ကြိုးယန္တရားများ အထပ်ထပ်တပ်ဆင်ထား၏။ ဓားစက်၊ လှံစက်၊ မီးစက်၊ ရေစက် စသည်တို့ဖြင့် စက်ခလုတ်၊ မောင်းခလုတ်များ တပ်ဆင်ထား၏။ တစ်ဖန် ထိုယန္တရား စသည်တို့အပေါ်မှာလည်း သံကွန်ချာခုနစ်ထပ်ဖြင့် ဖုံးအုပ်ထားရှိလေ၏။ ထို့အပြင်လည်း ထွက်ရပ်ပေါက်ဝိဇ္ဇာဓိုရ်အပေါင်းတို့သည် ဌာပနာတိုက်ကြီးအား သူ့နေရာနှင့်သူ ဝန်းရံစောင့်ရှောက်နေကြ၏။ ထိုကဲ့သို့ ဝန်းရံစောင့်ရှောက်နေကြသော အဆင့်မြင့်ဝိဇ္ဇာဓိုရ်အရေအတွက်သည် ရာဂဏန်းမကရှိနေကြောင်းလည်း တွေ့မြင်သိရှိရ၏။

အဆိုပါ ဌာပနာတိုက်ကြီး၏ မလှမ်းမကမ်းတွင် လူပုံသဏ္ဍာန်ကျောက်ရုပ်ကြီးတစ်ရုပ်ကိုလည်း တွေ့ရ၏။ ထိုကျောက်ရုပ်ကြီးသည်လည်း ထူးခြား၏။ ပထမတစ်ကြိမ်ကြည့်သောအခါ မှောက်လျက်သားတွေ့ရပြီး နောက်တစ်ကြိမ်ကြည့်လိုက်သောအခါ ပက်လက်လှန်လျက်ရှိသော ပုံသဏ္ဍာန်အနေအထားကို တွေ့လိုက်ရသဖြင့် မောင်ထွန်းမြိုင်သည် အလွန်အံ့ဩသွားမိသဖြင့် ရဟန်းတော်တို့က ဤပုဂ္ဂိုလ်သည် အခြားတစ်ပါးသော ဘေးပုဂ္ဂိုလ်တို့၏ ပယောဂဖြင့် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဌာပနာတော်တို့ကို ဖောက်ထွင်းယူငင် ထိပါးရန်ကြိုးစားလာသူဖြစ်ကြောင်း၊ ထိုသူ၏ အမည်မှာ လူပုဂ္ဂိုလ်ထူး 'မောင်ကံ' ဖြစ်ကြောင်း မောင်ကံသည် မည်မျှပင်စွမ်းသော လူစွမ်းကောင်းဖြစ်စေကာမူ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် မပြတ်မလပ် စောင့်ကြပ်နေကြသော ဘီလူး၊ နဂါး၊ ကုမ္ဘဏ်၊ ယက္ခများနှင့် ထွက်ရပ်ပေါက်ဝိဇ္ဇာဓိုရ်ကြီးများ၏ ပညာကို မကျော်လွှားနိုင်ကြောင်း၊ နောက်ဆုံးတွင် မောင်ကံသည် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဌာပနာတိုက်အား ဖောက်ထွင်းသည့် အကုသိုလ်ကံအပြစ်ကြောင့် ပြစ်ဒဏ်စီရင်ခံရကြောင်း၊ ပြစ်ဒဏ်စီရင်ခံရရာတွင် ဝိဇ္ဇာမရေအတက်ဖြင့်ကျောက်ရုပ်အဖြစ်သို့ပြောင်းပြီး ပြစ်ဒဏ်စီရင်ခံရခြင်းဖြစ်ကြောင်း၊ ထိုအပြစ်ဒဏ်ကို မောင်ကံသည် ဤဘဒ္ဒကမ္ဘာတွင် ဗုဒ္ဓသာသနာတော်ကြီး တည်နေသမျှ ကာလပတ်လုံး စောင့်ရှောက်ထိန်းသိမ်းကာကွယ်ရမည့် တာဝန်ဖြစ်ကြောင်း ပြောဆိုရှင်းပြသဖြင့်၊ သိရသဖြင့်လည်း မောင်ထွန်းမြိုင်သည် အလွန်ပင်ထိတ်လန့်တုန်လှုပ်ခြင်းဖြစ်ရ၏။

ရွှေတိဂုံစေတီတော်ကြီး၏အဆိုပါ၊ အောက်ဌာပနာတိုက်ကြီး၏ရွှေသင်္ဘောပေါ်တွင် ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင်၏ဆံတော်စစ်ရှစ်ဆူသာမက ဘဒ္ဒကမ္ဘာ၏ရှေ့ ပွင့်ထွန်းတော်မူပြီးသော ကကုသန်၊ ကောဏာဂုံ၊ ကဿပဘုရားရှင်တို့၏ မွေတော်ပစ္စည်းများဖြစ်သည့် တောင်ဝှေးတော်၊ ရေစစ်တော်၊ ရေသနုတ်တော်များပါ ကိန်းဝပ်စံပယ်တော်မူလျက်ရှိမှပါသည်။ ထို့အပြင် အခြားသော စိန်၊ ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားရတနာအပေါင်းတို့သည် မြောက်မြားစွာပင် ထန်ဖိုးအနဂ္ဃ ထိုက်တန်စွာ တည်ရှိနေပါသည်။

အဆိုပါ ဌာပနာတော်အပေါင်း တည်ရှိရာ ဥမင်လိုဏ်ကြီးအား အပေါ်မှ အလွန်တရာ ကြီးမားသော ကျောက်ဖျာကြီးတစ်ချပ်ဖြင့် ဖုံးအုပ်ထားလေ၏။ ထိုကျောက်ဖျာကြီး၏အထက်တွင် ရွှေစေတီတစ်ဆူကို တည်ထားတော်မူထားပါသည်။ အဆိုပါရွှေစေတီကိုငုံ၍အပေါ်မှရွှေဖြူဖြင့်စေတီတစ်ဆူထပ်တည်ထားပါသည်။ တစ်ဖန် ထိုရွှေဖြူစေတီတော်အပေါ်မှ ငွေစေတီတစ်ဆူကိုငုံ၍တည်ထားပြန်ပါသည်။ တစ်ဖန် ထိုငွေစေတီပေါ်မှ ကြေးဖြူဖြင့် စေတီတစ်ဆူကိုငုံ၍ တည်ပြန်ပါသည်။အဆိုပါကြေးဖြူစေတီတော်ကိုငုံ၍ ကြေးနီစေတီတော်ကိုတည်ထားပြန်ပါသည်။ တစ်ဖန် ကြေးနီစေတီတော်ကိုထပ်ငုံ၍ သလွဲစေတီတော်ကို တည်ထားပြန်ပါသည်။ ထိုသလွဲစေတီတော်ကိုထပ်ငုံ၍ ကျောက်ဖြူဖြင့် စေတီတော်တည်ထားပြန်ပါသည်။ နောက်ဆုံးတွင် အဆိုပါ ကျောက်ဖြူစေတီတော်ကိုငုံ၍ အုတ်ဖြင့်စေတီတော်ကြီးတည်ထားခဲ့ပါသည်။

မူလတည်ထားခဲ့သောအုတ်စေတီတော်သည် ဉာဏ်တော်အမြင့်မှာ (၄၄) တောင်ရှိပါသည်။ ထိုအပေါ်မှ အုတ်များဖြင့်ပင် ခေတ်အဆက်ဆက် ဉာဏ်တော်ကိုမြှင့်၍တည်ထားခဲ့ရာ လက်ရှိတွင် (၂၃၅) တောင်အမြင့်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

အဆိုပါ အပေါ်ယံအကျဆုံးအုတ်ဖြင့်တည်ထားတော်မူခဲ့သည့်အုတ်စေတီတော်ကြီးတွင်ပင် ရိုးရိုးအုတ်များသာမက ရွှေအုတ်ချပ်၊ ရွှေဖြူအုတ်ချပ်၊ ငွေအုတ်ချပ်၊ ကြေးဖြူအုတ်ချပ်၊ ကြေးနီအုတ်ချပ်၊ သလွဲအုတ်ချပ်၊သံအုတ်ချပ်၊ကျောက်ဖြူအုတ်ချပ်၊ မြေအုတ်ချပ်၊ သဲအုတ်ချပ်များဖြင့်လည်း ထည့်သွင်း၍ တည်တော်မူထားပါသည်။

## ◘ နောင်တော်ကြီး၊ နောင်တော်လတ်၊ နောင်တော်ငယ်

သိင်္ဂုတ္တရကုန်းတော်ကို အပေါ်စီးအမြင်မှ ကြည့်ရှုမျှော်ကြည့်ညိုရာတွင် ရွှေတိဂုံစေတီတော်ကြီးနှင့် တစ်တန်းတည်း အခြားသော စေတီတော်နှစ်ဆူကို ဖူးမြင်ရသဖြင့် မောင်ထွန်းမြိုင်၏ စိတ်ထဲတွင် သိလိုစိတ်ပြင်းပြလာခဲ့၏။ ထိုအခါတွင် ရဟန်းတော်နှစ်ပါးက ရှင်းပြသည်မှာ ရွှေတိဂုံစေတီတော်သည် ပထမဦးဆုံး တည်ထားခဲ့သော်လည်း အရွယ်အစားနှင့် လုပ်ငန်းပမာဏကြီးမားမှုကြောင့် မပြီးစီးနိုင်သေးချိန်တွင် ဒုတိယမြောက်တည်ပြီး ပထမဦးဆုံးပြီးသည့် စေတီတော်မှာ နောင်တော်ကြီးစေတီတော်ဖြစ်၏။ နောင်တော်ကြီးစေတီတော်၏တည်ရှိမှုမှာ သိင်္ဂုတ္တရကုန်းတော်ပေါ်၌ တောင်ထွတ်သုံးခုရှိ၏။ ထိုတောင်ထွတ်သုံးခုအနက်မှ မြောက်ဘက်ဆုံးကျသည့် တောင်ထွတ်အကြီးဆုံးပေါ်တွင်တည်ရှိခြင်းဖြစ်၏။ ပထမဦးဆုံးတည်ပြီး၍ နောင်တော်ကြီးဟုခေါ်ခြင်း ဖြစ်၏။ နောင်တော်လတ်စေတီတော်မှာ ရွှေတိဂုံစေတီတော်ကြီး၏ အရှေ့မြောက်ထောင့် (ဝါ) တနင်္ဂနွေထောင့်နှင့် နောင်တော်ကြီးစေတီတော်၏ အနောက်တောင်ထောင့် (ဝါ) စနေထောင့်နေရာ စေတီတော်ကြီးနှစ်ဆူအကြား၌တည်ရှိ၏။ နောင်တော်လတ်စေတီတော်သည် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိတောင်ထွတ်သုံးခုအနက် အလယ်တောင်ထွတ်ပေါ်တွင်တည်ထားခြင်းဖြစ်၏။ တတိယမြောက်တည်ပြီး ဒုတိယမြောက်ပြီးစီးသည့်စေတီတော်ဖြစ်သဖြင့် နောင်တော်လတ်စေတီတော်ဟုခေါ်ခြင်းဖြစ်၏။

နောင်တော်လတ်စေတီတော်၏ ထူးခြားချက်မှာ စေတီတော်၏ ခေါင်းလောင်း၊ သပိတ်မှောက်ပတ်ပတ်လည်၌ ဖောင်းရစ်တစ်ပတ်လုံးအပြည့်ဖြစ်အောင် ရှစ်မျက်နှာအရပ်ထောင့်များအတိုင်း အစွယ်ကားကားနှင့် ဘီလူးရုပ် (၈) ရုပ် ပြုလုပ်ထား၏။ အဆိုပါ ဘီလူးရုပ်များသည် လက်ရုံးနှစ်ဖက်ကိုကွေး

www.burmeseclassic.com

ထားသည့်ပုံများဖြစ်၏။ ထို့ကြောင့် နောင်တော်လတ်စေတီတော်၏စည်းကို ယက္ခစည်း၊ ကုမ္ဘဏ်စည်းဟု ခေါ်၏။ နောင်တော်လတ်စေတီ၏ခြေရင်းသည် အောင်မြေဖြစ်၏။ ယက္ခကုမ္ဘဏ်အောင်မြေဟု ခေါ်၏။

ရွှေတိဂုံစေတီတော်မြတ်ကြီးကား နောက်ဆုံးတွင်မှ တည်ထားပြီးမြောက်သဖြင့် နောင်တော်ငယ်ဟုခေါ်ခြင်းဖြစ်၏။ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ဘုရားပုထိုးစေတီပေါင်းမြောက်မြားစွာရှိသည့်အနက် အဆိုပါ နောင်တော်ကြီးစေတီတော်၊ နောင်တော်လတ်စေတီတော်၊ နောင်တော်ငယ်စေတီတော် (ခေါ်) ရွှေတိဂုံစေတီတော်ကြီး သုံးဆူတို့သည် မျဉ်းကြောင်းတစ်ဖြောင့်တည်းတန်းသကဲ့သို့ တည်ရှိနေ၏။ ထိုစေတီတော်သုံးဆူသည် သင်္ကေတအားဖြင့် ထူးခြားသည့် ဘူမိသဘောတရားဆိုင်ရာ အောင်မြေကို ဖော်ညွှန်းနေပါသည်။

ထို့အပြင် စေတီသုံးဆူစလုံး၏ ထီးတော်၊ ငှက်ပျောဖူး၊ ကြာမှောက်ကြာလန်၊ ရွဲ၊ သပိတ်မှောက်၊ ဖောင်းရစ်စသည့် ဗိသုကာပုံစံ၊ အချိုးအားလုံးတို့မှာ တစ်ပုံစံတည်း၊ တစ်ချိုးတည်းပင်ဖြစ်ကြောင်းတွေ့ရ၏။ အလွန်တရာထူးခြားလှပါသော အံ့ဖွယ်တစ်ရပ်လည်းဖြစ်ပါသည်။ ထို့ကြောင့် ဤသိင်္ဂုတ္တရကုန်းတော်မြတ်နှင့် မြတ်သောတောင်ထွတ်သုံးခု၊ ထူးဆန်းပြီး ထူးခြားလှစွာသော သိဒ္ဓိအပေါင်း ပြည့်မြောက်ကာ ဆုတောင်းပြည့်စေသည့် ရွှေတိဂုံစေတီတော်မြတ်ကြီး ပါဝင်သော မြတ်လှစွာအပေါင်း ခညောင်းပါသည့် စေတီတော်သုံးဆူ စသည့်ဂုဏ်ထူးဝိသေသအပေါင်းတို့ကြောင့် သိင်္ဂုတ္တရကုန်းတော်မြေမြတ်မဟာသည် ဤဘဒ္ဒကမ္ဘာတွင် အမြတ်တကာ အမြတ်ဆုံးသော မြေမြတ်မဟာများအနက် တစ်ခုအဖြစ် ပါဝင်နေရခြင်း ဖြစ်ပေတော့၏။

**ပ အနာဂတ်သာသနာနှင့် သိင်္ဂုတ္တရကုန်းတော်မြတ်မဟာ**

အနာဂတ်သာသနာ ဆိုသည်မှာ အရိမေတ္တေယျဘုရားရှင်၏ သာသနာတော်ကိုဆိုခြင်း ဖြစ်ပါသည်။ အဆိုပါ မေတ္တေယျဘုရားရှင်၏ ဓာတ်တော်မွေတော်သည်လည်း ဤသိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်မြတ်တွင် ကိန်းဝပ်စံပယ်တော်မူမည်ဖြစ်၏။ ထိုအခါတွင် သိင်္ဂုတ္တရကုန်းတော်ပေါ်ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဤဘဒ္ဒကမ္ဘာ၏ ပွင့်ထွန်းတော်မူပြီးခဲ့သမျှသော ဘုရားငါးဆူလုံး၏ ဓာတ်တော်မွေတော်များအားလုံး ကုံလုံပြည့်စုံမည်ဖြစ်ပေသည်။ ထိုအချိန် ရွှေတိဂုံစေတီတော်မြတ်၌ ကိန်းဝပ်စံပယ်မည့် အရိမေတ္တေယျဘုရားရှင်၏ ဓာတ်တော်မှာ 'ဥဏ္ဏာလုံမွေးရှင်တော်' ဖြစ်ပါသည်။

သိင်္ဂုတ္တရကုန်းတော် အမည်နာမနှင့်ပတ်သက်ပြီး ဖော်ပြရပါမူ ဤဘဒ္ဒကမ္ဘာ၌ ရှေးဦးလက်မွန်အစ ပွင့်တော်မူသော ကကုသန်မြတ်စွာဘုရားလက်ထက်တော်အခါ၌ ယခု ရန်ကုန်မြို့တော်ကြီးတည်ရှိရာနေရာသည် သမုဒ္ဒရာရေမျက်နှာပြင်ပေါ်မှ ကုန်းမြေအဖြစ်ပထမဦးဆုံး ပေါ်ထွန်းလာသောမြေဖြစ်၏။ ထိုကုန်းမြေကို 'သိင်္ဂုတ္တရ' ဟု ခေါ်၏။ ထိုကုန်းမြေသည် စတင်ပေါ်ဦးစက အလွန်တရာသေးငယ်သောမြေသာဖြစ်၏။ သိမ်းငှက်များကုပ်ကုပ်ကပ်ကပ်နားရသောကြောင့် လည်းကောင်း၊ ရွှေငါးကြင်းမကို သိမ်းငှက်က ကုပ်မရသောကြောင့် လည်းကောင်း သိင်္ဂုတ္တရဟုတွင်ခြင်းဖြစ်၏။ တစ်နည်းအားဖြင့်လည်း သိင်္ဂုတ္တရသည် 'သိင်္ဂ' ဟူသောပုဒ်နှင့် 'ဥတ္တရ' ဟူသောပုဒ်တို့ ပေါင်းထားခြင်းဖြစ်၏။ 'သိင်္ဂ' ဟူသောပုဒ်၏ အဓိပ္ပာယ်မှာ 'ဦးချို' ဖြစ်၍ 'ဥတ္တရ' ဟူသောပုဒ်၏ အဓိပ္ပာယ်မှာ 'မြောက်အရပ်' ဖြစ်၏။ ထို့ကြောင့် ထိုကုန်းမြေသည် မြောက်အရပ်၌ ဦးချိုသဏ္ဌာန်ရှိသောကုန်းမြေဟုခေါ်ခြင်းဖြစ်၏။ ဤသို့ဖြင့် သိင်္ဂုတ္တရကုန်းမြေကို ကမ္ဘာဦးတည်စ ကကုသန်ဘုရားရှင်လက်ထက်မှ ယခု ဂေါတမဗုဒ္ဓဘုရားရှင်တိုင်အောင် အမည်အမျိုးမျိုး မှည့်ခေါ်ခဲ့ကြလေ၏။ ထိုသိင်္ဂုတ္တရ၏ အမည်နာမမှာ (၇) မျိုးရှိ၏။ ထိုအမည်နာမတို့မှာ (၁) သိင်္ဂုတ္တရ၊ (၂) သတ္တာဘုမ္မိ၊ (၃) ဘူရိဒတ္တ၊ (၄) ပေါက္ခရဝတီ၊ (၅) တြိသီဟရာဇာ၊ (၆) တမ္ဗာဂုတ္တ၊ (၇) တိဂုမ္ဘ ဟူ၍ ဖြစ်၏။

အဆိုပါ သိင်္ဂုတ္တရ၏ နောက်ဆုံးအမည်သည် 'တိဂုမ္ဘ' ဖြစ်၏။ ထိုတိဂုမ္ဘဟူသောအမည်မှ ထိုကုန်းတော်ပေါ်တွင် စေတီတော်မြတ်ကြီးတစ်ဆူ ပေါ်ထွန်းလာသောအခါ ထိုစေတီတော်ကြီးအား တိဂုမ္ဘအမည်ကို အစွဲပြု၍ 'ရွှေတိဂုံ' ဟု ဘွဲ့တော်သမုတ်ခြင်း ဖြစ်၏။ 'တိဂုမ္ဘ' မှ 'တိဂုံ' ဟူ၍ ဖြစ်လာခြင်း ဖြစ်၏။ 'တိ' ဟူသောပုဒ်၏အဓိပ္ပာယ်မှာ (၃) ဂဏန်းဖြစ်၏။ 'ဂုမ္ဘ' ဟူသောပုဒ်၏ အဓိပ္ပာယ်မှာ အုပေါင်းအစုဟူ၍ဖြစ်၏။ ထို့ကြောင့် ပုဒ်တစ်ခုလုံး၏အဓိပ္ပာယ်မှာ သုံးခုသော အပေါင်းအစု ဟူ၍ဖြစ်၏။ ထိုသုံးခုဟူသည်မှာ သိင်္ဂုတ္တရကုန်းတော်သည် တောင်ထွတ်သုံးခု ပေါင်းစုထားသည့် ကုန်းတော်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ နောင်တော်ကြီး၊ နောင်တော်လတ်၊ နောင်တော်ငယ်ဟူသောစေတီတော်မြတ်ကြီး (၃)ဆူတို့ တစ်တန်းတည်း ပေါင်းစုတည်ထားသည့် ကုန်းတော်ပေါ်မှ စေတီတော်ဖြစ်သဖြင့် လည်းကောင်း၊ 'တိဂုံ'ဟု ဘွဲ့အမည်သမုတ်ခြင်းဖြစ်၏။ ထို့ကြောင့် တိဂုမ္ဘမှ 'တိဂုမ်' ထိုမှ 'တိဂုံ' ဖြစ်၏။

ထို့အတူ 'တမ္ဗာဂုတ္တ'သော သိင်္ဂုတ္တရကုန်းတော်၏ ဆဋ္ဌမမြောက်အမည်၏ အဓိပ္ပာယ်မှာ 'တမ္ဗ'၏ အဓိပ္ပာယ်မှာ 'ကြေး' ဖြစ်၏။ 'ဂုတ္တ' ၏ အဓိပ္ပာယ် 'အစောင့်အကြပ်'ဟူ၍ဖြစ်၏။ထို့ကြောင့် ပေါင်းစုအဓိပ္ပာယ်မှာ 'ကြေးဖြင့်စီရင်ထားသောအစောင့်အကြပ်' ဟူ၍ ဖြစ်၏။ အချို့သောဖွင့်ဆိုချက်များတွင် တမ္ဗဂုတ္တ၏ အဓိပ္ပာယ်ကို တမ္ဗ အမည်ရှိသော *ဆင်မင်းစောင့်ရှောက်ရာတောင်ဟုလည်း* ဆို၏။

ထို့အတူ 'တြိသီဟရာဇာ'ဟူသော အမည်၏အဓိပ္ပာယ်မှာ သုံးပါးသော သီဟရာဇာ ဟူ၍ ဖြစ်၏။ ထို့အတူ 'ပေါက္ခရဝတီ' ဟူသောအမည်မှာ သိင်္ဂုတ္တရကုန်းမြေတည်ရှိသော ရန်ကုန်မြို့ကို ကကုသန်ဘုရားရှင်လက်ထက်တော်က ပေါက္ခရဝတီမြို့တော်ခေါ်သည်။ ဗုဒ္ဓဂေါတမထံမှ ဆံတော်စစ်ရှစ်ဆူရရှိသော တပုဿ၊ဘလ္လိကဥပါသကာတို့၏ နေရပ်ဇာတိမှာ ပေါက္ခရဝတီမြို့ ဖြစ်၏။

တစ်ဖန် 'ဘူရိဒတ္တ' ဟူသော အမည်မှာ ဘူရိဒတ္တနဂါးမင်းစောင့်ရာတောင်ဟု အဓိပ္ပာယ်ရ၏။ 'သတ္တာဘုမ္မိ' ၏အဓိပ္ပာယ်မှာ သတ္တာသည် (၇)ဂဏန်းဖြစ်၏။ 'ဘုမ္မိ' သည် ထူးခြားသောမြေဖြစ်၏။ ထို့ကြောင့် အောင်မြေ (၇) ပါးရှိရာတောင်တော်မြတ်ဟူ၍ အဓိပ္ပာယ်ရ၏။

အဆိုပါ သမိုင်းစဉ်လာကြီးမားလှသော သိင်္ဂုတ္တရတောင်တော်မြတ်ရှိ ရွှေတိဂုံစေတီတော်မြတ်တွင် ကကုသန်မြတ်စွာဘုရား၏ ရွှေတောင်ဝှေးတော်သည် လည်းကောင်း၊ ကောဏာဂမနဘုရားရှင်၏ ရေစစ်တော်သည် လည်းကောင်း၊ ကဿပဘုရားရှင်၏ သင်္ကန်းတော်သည် လည်းကောင်း၊ ဂေါတမဘုရားရှင်၏ ဆံတော်စစ်ရှစ်ဆူသည်

www.burmeseclassic.com

လည်းကောင်း ကိန်းဝပ်စံပယ်တော်မူနေပြီဖြစ်ပြီး နောင်လာမည့် အနာဂတ် ဗုဒ္ဓသာသနာတော်တွင်ပွင့်တော်မူလာ လတ္တံ့သော အရိမေတ္တေယျဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော် သည် လည်းကောင်း အသီးသီးကိန်းဝပ်တော်မူပေမည်။

အရိမေတ္တေယျ ဘုရားရှင်၏ ဥဏ္ဏာလုံမွေးရှင်တော်သည် ရွှေတိဂုံစေတီတော်မြတ်၌ ကိန်းဝပ်စံပယ်မည့်ကိစ္စနှင့် ပတ်သက်၍ စာပေအထောက်အထား ဖော်ပြရပါမူ ညောင်ရမ်းခေတ် ဝမ်းဘဲ အင်းစံမင်း၏သားတော် ပြင်စည်မြင်းမှူး မင်းသား မင်းရဲနရသူ၏ ရွှေတိဂုံသမိုင်းပျို့ အပိုဒ် (၇၀) ၌လည်း ဖော်ပြထားသည်မှာ -

- ❑ နောင်ခါတုံသော်၊ မြတ်ကုန်းဝေတော်ဝယ်၊ ညီတော်မြတ်စွာ၊ မိတေယျာ၏၊ ခြောက်ဖြာရောင်စုံ၊ ဥဏ္ဏာလုံစင်၊ မွေတော်ရှင်ကို၊ သည်တွင်နောင်အုပ်၊ အကျွန်ုပ်လျှင်၊ ပိုက်ထုပ်ကောင်းစွာ၊ ဌာပနာအံ့၊ မကြာအကုန်၊ လျှောက်ပေတုံသည်၊ စေ့စုံထွေထွေလာလာတည်း'

  ဟူ၍ ဖြစ်၏။

မုံရွေးဇေတဝန်ဆရာတော်ကြီး၏ စေတီယကထာရာဇဝင်ချုပ်တွင်လည်း ဖော်ပြထားသည်မှာ -

- ❑ ကကုသန်ဘုရားလက်ထက် ရွှေတောင်ဝှေး၊ ကောဏာဂုံဘုရားလက်ထက် သင်းပိုင်၊ ကဿပဘုရားလက်ထက် ရေစစ်တော်၊ ငါတို့ဂေါတမဘုရားလက်ထက် ဆံတော်၊ မိတေယျဘုရားလက်ထက် ဥဏ္ဏာလုံတော်တို့၏ ကိန်းဝပ်တော်မူရာ သိင်္ဂုတ္တရကုန်းထက်'

  ဟု ဖော်ပြထားပါသည်။

ထိုကဲ့သို့ တန်ခိုးတော်အနန္တနှင့် သိဒ္ဓိအပေါင်းတို့ ပြည့်ဝကုံလုံလှသော ရွှေတိဂုံစေတီတော်မြတ်၏လေ့လာစရာ အဖုံဖုံတို့ကို မောင်ထွန်းမြိုင်သည် စုံစေ့စွာဖြင့် ဖူးမြော်ခဲ့ရ၏။ ထို့နောက် ရဟန်းတော်နှစ်ပါးသည် ရွှေတိဂုံစေတီတော်ပေါ်တွင်အခြားရောက်သင့်ရောက်ထိုက်သော ဖူးသင့်ဖူးထိုက်သောနေရာတို့သို့ လိုက်ပါပို့ဆောင်ပေးခဲ့၏။

**❑ ရွှေတိဂုံစေတီတော်၏ အဓိကကျသော ထူးမြတ်သည့်နေရာများ**

မောင်ထွန်းမြိုင်အား ရဟန်းတော်နှစ်ပါးက ခေါ်ဆောင်သွားသည့်နေရာမှာ ဆံတော်တွင်းစေတီတော် ဖြစ်၏။ ဆံတော်တွင်းစေတီတော်သည် ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်၊ ဒေါ်ဒဂုန်ခင်ခင်လေး၏ မဟာဗောဓိပုထိုးတော်ကြီး၏အနောက်ဘက်၌ရှိ၏။ စေတီတော်ကို အစိမ်းရင့်ရောင်မှန်စီရွှေချနဂါးရုပ်များ အုတ်ပြာသာဒ်များဖြင့် တည်ဆောက်ထား၏။ ထိုအောက်တွင် ငုံထားသည့် မူလဆံတော်တွင်းစေတီတော်ရှိ၏။ ရွှေတိဂုံစေတီတော်တွင် ဆံတော်များ ဌာပနာတော်မူစဉ်အခါက ဆံတော်မြတ် (၈) ဆူကို ဆေးကြောသန့်စင်ရာနေရာ ဖြစ်၏။ ထိုကို အထိမ်းအမှတ်ပြုသောအားဖြင့် တည်ထားခြင်း ဖြစ်ကြောင်း မောင်ထွန်းမြိုင် မှတ်သားခဲ့ရ၏။ ထို့ပြင် ဆံတော်တွင်းစေတီတော်၏ အတွင်းကျဆုံးအပိုင်း၌ ကိန်းဝပ်စံပယ်တော်မူနေသည့် လက်ရှစ်သစ်အရွယ်ဉာဏ်တော်ရှိတော်မူသည့် ရွှေစင်ရွှေသားစစ်စစ် စေတီတော်ဌာပနာကိုလည်း ဖူးမြော်ကြည်ညိုခဲ့ရ၏။

အဆိုပါ ဆံတော်တွင်းစေတီတော်၏အောက်တည့်တည့်သို့ ဆင်းသွားသောအခါ အမျိုးအစားစုံလင်များပြားလှသော မီးစက်၊ လှံစက်၊ ရေစက်၊ မီးစက် စသည့် ဘူတာဝါဟနစက်ကြီး ယန္တရားများကို အံ့မခန်းတွေ့ရ၏။ ထိုယန္တရားများကို ကျော်လွှားလွန်မြောက်ပြီးနောက် အောက်တည့်တည့် ဥမင်လိုဏ်ကြီးအဆုံးတွင် ရေပြင်ကြီးတစ်ခုနှင့် ထိုရေပြင်သည် အခြားသောရေဝင်ရာလမ်းကြောင်းတစ်ခုနှင့် ဆက်စပ်နေကြောင်း တွေ့ရ၏။ ထိုရေဝင်ရာလမ်းသည် ရန်ကုန်မြစ်ရေနှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ပြီး ပင်လယ်မှရေများနှင့်လည်း ဆက်စပ်နေကြောင်း တွေ့ရ၏။

မောင်ထွန်းမြိုင်သည် အဆိုပါ ရေပြင်အစပ်၌ ရဟန်းတော်နှစ်ပါးနှင့် အတူတူရပ်ပြီး ရေပြင်ကိုကြည့်နေစဉ် ရေပြင်သည် တစ်စထက်တစ်စ မြင့်တက်လာသည်ကို သတိပြုမိလိုက်၏။ မကြာမတင်မီပင် ရေပြင်အစပ်တစ်နေရာမှရေတို့သည် အပေါ်သို့မို့မောက်ပြီး တက်လာလေတော့၏။ ထိုမြင်ကွင်းကို ကြည့်ပြီး မောင်ထွန်းမြိုင်သည် အံ့သြလွန်းသဖြင့် မှင်တက်မိသွားတော့၏။

(ရွှေလဆက်ဖတ်ရန်)

ပထမံဆရာဦးအေးရွှေ

ရွှေညာမြေ-မောင်သန်းနိုင်
(ကုန်းမောင်း)

# ချင်းတောင်တန်းက ဆေးနည်းကောင်း

ကျွန်ုပ်နေသည့် ရွာသာရွာလေးသည် အိမ်ခြေ (၁၂၀) ခန့်ဝန်းကျင်ရှိပြီး ကုန်းမောင်းမြို့နှင့် တောင်ဘက်ယွန်းယွန်းမှာပါ။ လယ်ယာလုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြသည်။

ပြီးခဲ့သော ၂၀၁၄၊ နိုဝင်ဘာလက မရောက်တာကြာပြီဖြစ်သည့် အစ်ကိုရှိဟုန်းနှင့် အစ်မ ဝါးကီးတို့ရှိရာ ချင်းတောင်တန်းကို ရောက်ဖြစ်ခဲ့သည်။ ကျွန်ုပ်နှင့် အစ်ကိုရှိဟုန်းသည် တောင်ယာလုပ်သည့်တဲလေးမှာ အတူတူအိပ်ရ၏။ ညရောက်ပြီဆိုလျှင် တဲရှေ့မှာ မီးဖိုလေးတစ်ခုဖိုထားပြီး ချင်းတိုင်းရင်းသားတွေ ယစ်ပူဇော်ပုံ၊ မြန်မာ့ဆေးတွေ တကယ်စွမ်းထက်ကြောင်းပါ ရှင်းပြသည်။

ကျွန်ုပ်လည်း ချင်းတိုင်းရင်းသား အစ်ကိုရှိဟုန်းပြောပြသမျှ မှတ်စုစာအုပ်ထဲရေးရမြန်သည်။ မြန်မာတိုင်းရင်းဆေးများကို လေ့လာ လိုက်စားသောသူများအတွက် သူရဇ္ဇမဂ္ဂဇင်းကြီးမှ ဖော်ပြလိုက်ပါသည်။

**၁။ ဆီးအောင့်လျှင် ။ ။** ခရာပင်ပဥ္စင်းပါးကို စမုန်မျိုးငါးပါးတစ်မတ်သားစီထည့်၍ သုံးခွက်နှစ်ခွက်တင်ကျိုပြီး လက်ဖက်ရည်ပန်းကန်တစ်လုံး နံနက်တစ်ခါ၊ ညအိပ်ရာဝင်တစ်ခါသောက်ပါ။

**၂။ ဆီးချုပ်လျှင်။ ။** သံပရာသီးကို နှစ်ခြမ်းခွဲ အစေ့ထုတ်၊ ယမ်းစိမ်းထည့်ပြီး မီးခဲပေါ်တင်ပါ။ ပူလာသောအခါ ချက်တိုင်အနီးနားတွင် ပွတ်ပေးပါ။

**၃။ ဆီးကျွန်လျှင်။ ။** ငရုတ်ကောင်းတစ်ကျပ်သား၊ မြင်းခွာရွက်ခြောက်နှစ်ကျပ်သားအမှုန့်ပြုပြီး ပျားရည်နှင့်တေပါ။ နံနက်တစ်ခါ၊ ညတစ်ခါ ဆီးကင်းခန့်စားပါ။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ သုံးပါးအား ဤစာမူဖြင့်ကန်တော့ပါ၏။

ရွှေညာမြေ-မောင်သန်းနိုင်
(ကုန်းမောင်း)



www.burmeseclassic.com

www.burmeseclassic.com



လက်ပံတန်းမြို့မှ ပေးပို့သော ယာနီတံဆိပ်ခေါင်းကပ်ထားသည့် စာအိတ်




စစ်ဝတ်စုံဖြင့် တွေ့ရှိရသော ဗိုလ်မှူးယာနီ



ယာနီတံဆိပ်ခေါင်းအစစ် ဘေးတိုက်နှစ်လုံးတွဲ

# မြန်မာ့အထူးခြားဆုံး တံဆိပ်ခေါင်းအကြောင်း

## ကြည်လွင်



ယာနီတံဆိပ်ခေါင်းအစစ်
အထက်-အောက် နှစ်လုံးတွဲ

မြန်မာနိုင်ငံမှ ထုတ်ဝေခဲ့သော စာပို့တံဆိပ်ခေါင်းတစ်မျိုးမှာ လွန်စွာထူးခြားလှသည်။ မြန်မာ့အထူးခြားဆုံး တံဆိပ်ခေါင်းဟု ဆိုနိုင်သည်။ မည်မျှထူးခြားသနည်းဆိုသော် သာမန်စာပို့တံဆိပ်ခေါင်းတို့တွင် ရှိအပ်သည့် လက္ခဏာများ မရှိလောက်အောင် ထူးခြားနေသောတံဆိပ်ခေါင်းဖြစ်သည်။ အမှန်တကယ်ထူးခြားသည်၊ မထူးခြားသည်ကို သံသယဖြင့် မေးမြန်းလိုသော် ယခုဖော်ပြမည့်အချက်အလက်များက သက်သေခံ ရှင်းလင်းပြသလိမ့်မည်ဖြစ်သည်။

၎င်းတံဆိပ်ခေါင်းမှာ -

၁။ မြန်မာနိုင်ငံမှ ထုတ်ဝေသော်လည်း နိုင်ငံအမည် လုံးဝ ဖော်ပြမထားခြင်း၊

၂။ စာပို့ခတန်ဖိုး မည်မျှဆိုသည်ကို ပုံနှိပ်ဖော်ပြထားခြင်းမရှိခြင်း၊

၃။ မည်သည့်ရုပ်ပုံဒီဇိုင်းမျှ မပါရှိခြင်း၊


၄။ မည်သည့်ပုံနှိပ်စက်တွင်မျှ ပုံနှိပ်ခဲ့ခြင်းမရှိခြင်း

စသည့် ထူးခြားမှုများက သံသယကို ရှင်းလင်းစေလိမ့်မည်။ အဘယ်ကြောင့် ထိုကဲ့သို့ထူးခြားနေရသနည်းဆိုသော် ထိုတံဆိပ်ခေါင်းကို လူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်တံဆိပ်ကိုရိုက်နှိပ်၍ တံဆိပ်ခေါင်းအဖြစ် ဖန်တီးအသုံးပြုခဲ့သောကြောင့် ဖြစ်သည်။ တံဆိပ်ခေါင်း၏ လက္ခဏာအသွင်အပြင်များကသာ ထူးခြားသည်မဟုတ်။ ထိုတံဆိပ်ခေါင်း ဖြစ်ပေါ်လာရသည့် အကြောင်းရင်း၊ ထိုတံဆိပ်ခေါင်းကိုထုတ်လုပ်ရပုံ၊ တံဆိပ်ခေါင်း၏နောက်ဆက်တွဲပြဿနာများမှာလည်း ထူးခြားမှုများနှင့် စိတ်ဝင်စားဖွယ်ရာကောင်းလှသည်ဖြစ်၍ မြန်မာ့



www.burmeseclassic.com

www.burmeseclassic.com



၁၉၄၄ ခုနှစ်က ရန်ကုန်မြို့၌ ထွက်ရှိခဲ့သော ယာနိုတံဆိပ်ခေါင်းအတု



ဂျပန်နိုင်ငံမှ ထွက်ရှိလာသော ယာနိုတံဆိပ်ခေါင်းအတု



အနားသားပါသော ယာနိုတံဆိပ်ခေါင်းအစစ်

အထူးခြားဆုံးတံဆိပ်ခေါင်းအကြောင်းကို ဆက်လက် ဖတ်ရှုစေလိုပါသည်။

(ဤတံဆိပ်ခေါင်းအကြောင်းရေးသားရာ၌ လူအမည်များကို အင်္ဂလိပ်စာလုံးများဖြင့်သာ ရေးသားသွားပါမည်။)

ဤထူးခြားသည့် တံဆိပ်ခေါင်းအကြောင်းမတင်ပြမီ ထိုတံဆိပ်ခေါင်းထုတ်ဝေခဲ့သည့်အချိန်ကာလက ရန်ကုန်မြို့နှင့် မြန်မာပြည်အခြေအနေများကို တနည်းအနေဖြင့် တင်ပြပါမည်။ မြန်မာနိုင်ငံမှာ ၁၉၄၀ ပြည့်နှစ်ကာလများက အရှေ့တောင်အာရှ၌ သဘာဝသယံဇာတများ ပေါကြွယ်ဝသည့် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်သည်။ နိုင်ငံအကျယ်အဝန်းနှင့် လူဦးရေအချိုးမှာလည်း နည်းပါးလှ၍ ကြွယ်ဝချမ်းသာကြပြီး အခြေချနေထိုင်ရန် အကောင်းဆုံး တိုင်းပြည်တစ်ပြည်ဖြစ်ခဲ့သည်။ ရန်ကုန်မြို့၌ အများဆုံးနေထိုင်ကြသည်မှာ မြန်မာ၊ အိန္ဒိယနွယ်ဝင်များ၊ တရုတ်များ။ ဥရောပတိုက်သားများတို့ဖြစ်ကြသည်။ ၁၉၄၁ ခုနှစ်နှောင်းပိုင်း၌ ဒုတိယကမ္ဘာစစ်မီးကြီးက မြန်မာနိုင်ငံသို့ ကူးစက်ပြန့်ပွားလာပြီး ဂျပန်စစ်တပ်များက ဝိတိုရိယအငူ (ကော့သောင်းမြို့)၊ ထားဝယ်၊ မော်လမြိုင်တို့မှတစ်ဆင့် အလုံးအရင်းဖြင့် ဝင်ရောက်လာကြရာ ရန်ကုန်မြို့မှာ ၁၉၄၂ ခုနှစ်၊ မတ်လတွင် ကျဆုံးခဲ့ပြီး မြိတ်သျှတို့မှာလည်း မန္တလေး၊ မေမြို့ (ပြင်ဦးလွင်)၊ မြစ်ကြီးနားမှတစ်ဆင့် အိန္ဒိယနိုင်ငံသို့ ဆုတ်ခွာပြေးကြရတော့သည်။

**□ ဆိတ်သုဉ်းနေတဲ့ရန်ကုန်မြို့**

ထိုခေတ်အချိန်ကာလက ရန်ကုန်မြို့၏လူဦးရေမှာ (၄) သိန်းကျော်သာရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကြောင့် ရန်ကုန်မြို့မှာ သုသာန်သဖွယ် ငြိမ်သက်နေပြီး လူသူမရှိသလောက် ခြောက်ကပ်လျက်ရှိသည်။ တိုက်တာအဆောက်အအုံများမှပစ္စည်းများလည်း ဗုံးဒဏ်ကြောင့် ပျက်စီးနေပြီး လုယက်မှုများကြောင့် ဖရိုဖရဲဖြစ်လျက်ရှိသည်။ လမ်းများတွင်လည်း အမှိုက်သရိုက်များဖြင့် နံစော်ပုပ်ဟောင်နေသည်။ သို့ရာတွင် ရန်ကုန်မြို့လယ်ကောင်၌ လှုပ်ရှားသွားလာနေသူတစ်ယောက်မှာ T.Aoi ဟု အမည်ရှိသည့် ဂျပန်စစ်ဗိုလ်ငယ်တစ်ဦးဖြစ်သည်။ သူက ရန်ကုန်စာတိုက်ကြီးသို့ အရောက်သွားရန် ကြိုးစားရှာဖွေနေသူ ဖြစ်သည်။ T.Aoi မှာ ရန်ကုန်မြို့သို့ ၁၉၄၂ ခုနှစ်၊ မတ်လအတွင်းက ဂျပန်စစ်ဗိုလ်ငယ်များဖြစ်ကြသော S.Yano (ယာနို)၊ T.Otsubo နှင့် Y.Hirose တို့နှင့်အတူ ရောက်ရှိလာခြင်းဖြစ်သည်။ သူတို့မှာ ဂျပန်နိုင်ငံဆက်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိငယ်များဖြစ်ကြပြီး ယာနိုနှင့် T.Aoi မှာ စာပို့လုပ်ငန်းများ ပြန်လည် အကောင်အထည်ဖော်ရန် ရောက်ရှိလာခြင်း ဖြစ်သည်။ ကျန် (၂) ဦးမှာ ကြေးနန်းဘက်ဆိုင်ရာ တာဝန်ယူကြရန် ဖြစ်သည်။ T.Aoi အဖို့ ရန်ကုန်မြို့၏ နွေခေါင်ခေါင်နေပူကျဲကျဲတွင် လမ်းလျှောက်ရှာဖွေနေရခြင်း ဖြစ်သည်။ မြန်မာစကားမတတ်ခြင်းကြောင့် ပိုမိုခက်ခဲလျက်ရှိသည်။

နောက်ဆုံးတွင်တော့ ရန်ကုန်မြို့ ကမ်းနားလမ်းရှိ ရန်ကုန်စာတိုက်ကြီးကို တွေ့ရှိရပေပြီ။ T.Aoi က ရန်ကုန်စာတိုက်ကြီးအတွင်း ဝင်ရောက် ကြည့်ရှုရာ အဆောက်အအုံမှာ ဗုံးဒဏ်ကြီးကြီးမားမားမထိခိုက်ခဲ့၍ အသုံးပြုနိုင်သော အခြေအနေတွင်ရှိနေသည်။ စာတိုက်ကြီးအတွင်းသို့ဝင်ကြည့်ရာ စာအုပ်စာတမ်းများ၊ ပါဆယ်ထုပ်များ၊ စာအိတ်များ၊ ပို့စကဒ်များ ပြန့်ကျဲနေသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် T.Aoi က ရန်ကုန်စာတိုက်ကြီးကို ပြန်လည်အသုံးပြုရန် စိတ်ပိုင်းဖြတ်လိုက်တော့သည်။

သူ၏ အထက်အရာရှိ S.Yano (ယာနို)၏အမိန့်ဖြင့် လမ်းဆုံလမ်းခွများတွင် စာတိုက်ကြီးပြန်လည်ဖွင့်လှစ်မည့် ကြေညာစာများကို စိုက်ထူထားလိုက်ရာ ၁၉၄၂ ခု၊ ဧပြီလအတွင်း စာပို့ဝန်ထမ်း (၂၀၀) ကျော် စုစည်းရရှိပြီး ရာထူးများ စိစစ်ခန့်အပ်ထားလိုက်သည်။ ယာနိုနှင့် T.Aoi တို့က စာပို့လုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် ကြိုးပမ်းနေချိန်တွင် ဂျပန်ပြည်မှ အရာရှိငယ်(၇၈)ယောက် ထပ်မံရောက်ရှိလာသည်။ ထိုအထဲတွင် စာတိုက်လုပ်ငန်းအတွက် T.Kato နှင့် K.Makino တို့လည်း ပါဝင်ကြသည်။ ထို့နောက် သတင်းစာ၊ ကြေညာစာများဖြင့် စာပို့လုပ်ငန်းများကို ၁၉၄၂ ခုနှစ်၊ ဇွန် ၁ ရက်နေ့တွင် ပြန်လည်စတင်မည်ဖြစ်ပြီး ရိုးရိုးစာတစ်စောင်ကို အလေးချိန် (၁) တိုလာအတွက် (၁) ပဲ စာပို့ခအဖြစ် ကောက်ခံမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

**□ စာပို့တံဆိပ်ခေါင်းများထုတ်လုပ်ခြင်း**

စာပို့လုပ်ငန်းများကို ၁၉၄၂ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ပြန်လည်စတင်တော့မည်ဟု ကြေညာပြီးလေပြီ။ စာပို့လုပ်ငန်းအတွက် မရှိမဖြစ်သော တံဆိပ်ခေါင်းများကိုလည်း ထုတ်လုပ်ရပေမည်။ ဂျပန်စစ်အရာရှိတို့က အင်္ဂလိပ်တံဆိပ်ခေါင်းများကို ပြန်လည်သုံးစွဲလိုခြင်းမရှိကြပေ။ ရန်သူ့တံဆိပ်ခေါင်းများမဟုတ်ပါလား။ မြစ်ဝကျွန်းပေါ်ဘက်၌ ဗမာ့လွတ်လပ်ရေးတပ်မတော်သားများက အင်္ဂလိပ်တံဆိပ်ခေါင်းများပေါ် ဒေါင်းတံဆိပ်များ ရိုက်နှိပ်သုံးစွဲခဲ့သည်ကိုလည်း သိထားကြသည်။ ထို့ကြောင့် စာပို့လုပ်ငန်းအတွက် ဦးဆောင်အရာရှိဖြစ်သူ ယာနိုက T.Kato အား သင့်တင့်လျောက်ပတ်သော တံဆိပ်ခေါင်းဒီဇိုင်းတစ်မျိုးရေးဆွဲရန် အမိန့်ပေးလိုက်သည်။

T.Katoကမြန်မာပြည်၏မြင်တွေ့နေကျမြင်ကွင်းဖြစ်သော လယ်သမားတစ်ယောက် နွားတစ်ရှဉ်းဖြင့် လယ်ထွန်



www.burmeseclassic.com

www.burmeseclassic.com

နေပုံဒီဇိုင်းကို ရေးဆွဲလိုက်၏။ သို့သော် ဤဒီဇိုင်းကို တံဆိပ်ခေါင်းအဖြစ် ပုံနှိပ်ထုတ်လုပ်ရန် မဖြစ်နိုင်တော့။ ဇွန် ၁ ရက်နေ့မှာ လွန်စွာနီးကပ်နေပြီဖြစ်သည်။ ယာနီအတွက် များစွာအခက်ကြုံနေရတော့သည်။ တစ်ရေးနိုးသော်အကြံပေါ်ဆိုသကဲ့သို့ ရုံးခန်းအတွင်း ခဏမှိန်းနေရာမှ ယာနီအတွက် အကြံကောင်းတစ်ခု ရလိုက်လေသည်။ ထိုအကြံမှာ သူ၏ 'ယာနီ' ဟူသော ကိုယ်ပိုင်တံဆိပ်ကို တံဆိပ်ခေါင်းအဖြစ်ထုနှိပ်၍သုံးစွဲရန်ဖြစ်သည်။ ဤကိစ္စ အကောင်အထည်ဖော်နိုင်ရန် K.Makino ကို အမိန့်ပေးလိုက်ပြန်သည်။

K.Makino အဖို့ ယာနီတံဆိပ်ခေါင်းများရိုက်နှိပ်ရန် ပထမဦးစွာလိုအပ်သည်မှာ စာရွက်ဖြူများ ဖြစ်လေသည်။ ရန်ကုန်စာတိုက်ကြီး၌ ပုံစံစာရွက်များသာရှိပြီး စာရွက်ဖြူမရှိပေ။ စာပို့ဝန်ထမ်းများထံမှသိရ၍ စာရွက်ဖြူများရှိရာ ရန်ကုန်မြို့နှင့် (၁၅) မိုင်ခန့်ဝေးသော အင်းစိန်ထောင်သို့ မော်တော်ကားဖြင့် သွားရတော့သည်။ အင်းစိန်ထောင်ပုံနှိပ်ခန်း၌ စက္ကူဖြူအထုပ်များကို K.Makino က မှုရသောမျက်နှာဖြင့် ယူ၍ပြန်လာခဲ့သည်။ စာတိုက်ကြီးရောက်မှ စာရွက်များကို ကြိုတင်အပေါက်ဖောက်ထားမှ ခွေးသွားစိတ်ပုံဖြင့် တံဆိပ်ခေါင်းများ ဖြတ်ထုတ်နိုင်မည်ကိုသတိပြုမိတော့၏။ အပေါက်ဖောက်စက်မှာ အင်းစိန်ထောင်ပုံနှိပ်ခန်း၌သာရှိသဖြင့် K.Makino က အင်းစိန်သို့ပြန်၍ စက္ကူဖြူများကို အပေါက်ဖောက်ခဲ့ရပြန်သည်။ ရန်ကုန်စာတိုက်ကြီးပြန်ရောက်မှ ယာနီတံဆိပ်ကို ဂျပန်အရာရှိများက အလှည့်ကျရိုက်နှိပ်ကြလေသည်။ ထိုနေ့မှာ မေလ ၂၈ ရက် ဖြစ်သည်။ နောက်တစ်နေ့ မေလ ၂၉ ရက်၌လည်း ယာနီတံဆိပ်ကို လက်ဖြင့် တစ်နေကုန် ဆက်လက်ထုနှိပ်ကြသည်။ ဇွန်လ(၁)ရက်နေ့၌ ယာနီတံဆိပ်ခေါင်းများကို လုံလောက်အောင် ရောင်းချနိုင်ခဲ့သည်။


ယာနီတံဆိပ်ခေါင်းကို မြန်မာငွေ (၁) ပဲဖြင့် ဝယ်ယူကြရသည်။ ပေးစာတစ်စောင်၏အလေးချိန် (၁) တိုလာ (၁၁. ၆၆ ၃၈၁ ဂရမ်) လျှင် စာပို့ခ(၁)ပဲကျသင့်ရာ ပေးစာများကို အလေးချိန်ရတော့မည်။ သို့ရာတွင် စစ်ကြီးဖြစ်ပွားစဉ်က ချိန်ခွင်များမှာ လုယူပျောက်ဆုံးကုန်ပြီ ဖြစ်သည်။ မည်သို့အလေးချိန်မည်နည်း။ ဤတွင် လုပ်သက် (၁၀) နှစ်ကျော်ရှိသောဝန်ထမ်းက သူ့လက်ဖြင့်မှန်းဆကြည့်ပါက (၁) တိုလာအလေးချိန်ကို တိကျစွာသိနိုင်ပါသည်ဟု ဆိုလာသည်။ ထိုနေ့မှစ၍ စာတိုက်ကြီး၌ ပေးစာများကို 'လူချိန်ခွင်' ဖြင့်သာချိန်ပြီး စာပို့ခအတွက် ယာနီတံဆိပ်ခေါင်းများကို ရောင်းချခဲ့သည်။

## ▫ ယာနီတံဆိပ်-တံဆိပ်ခေါင်း

ယာနီတံဆိပ်ခေါင်းအလုံးရေမည်မျှရိုက်နှိပ်ခဲ့သနည်း။ ယာနီတံဆိပ်ခေါင်းအချပ်တစ်ချပ်တွင် (၁၀၄) လုံး (၈×၁၃) ပါရှိသည်။ အင်္ဂလိပ်တံဆိပ်ခေါင်းသုတေသီတို့က အချပ် (၄၄၀) ရိုက်နှိပ်ခဲ့၍ စုစုပေါင်းအလုံး (၄၅၇၆၀) ရှိခဲ့သည်ဟု ဆိုကြသည်။ ဂျပန်ခေတ် မြန်မာတံဆိပ်ခေါင်းများအကြောင်း စာအုပ်ရေးသားပြုစုသူ ဗိုလ်မှူးကြီး G.L.Roberts က ယာနီတံဆိပ်ခေါင်းအချပ်တစ်ချပ်ရိုက်နှိပ်ရန် (၁) မိနစ်ခွဲ ကြာမြင့်သည်ဆိုပါလျှင် အချပ် (၄၄၀) ရိုက်နှိပ်ရန် (၁၁) နာရီ လိုအပ်မည်ဟု တွက်ချက်ပြသည်။ ထို့ကြောင့် ယာနီတံဆိပ်ခေါင်းများကို (၂) ရက်အတွင်း ချောမောစွာ ပြီးစီးအောင် ရိုက်နှိပ်နိုင်သည်ဟု ဆိုသည်။ ယာနီတံဆိပ်ခေါင်းများကို ရန်ကုန်မြို့အတွင်း စာတိုက် (၁၅) တိုက်အတွက် (၆) ချပ်စီ အလုံးရေ (၁၆၆၄) နှင့် ရန်ကုန်မြို့နှင့် ပြည်မြို့ကြား စာတိုက် (၁၅) တိုက်အတွက် (၁၆)ချပ်စီ ဖြန့်ဖြူးခဲ့သည်။ ထိုအထဲတွင် လက်ပံတန်းမြို့၌ (၂၄)ချပ်၊ ပြည်မြို့၌ (၅၀) ချပ်နှင့် ပေါင်းတည်မြို့၌ (၃၂) ချပ် ဖြန့်ဝေခဲ့သည်ဟု အင်္ဂလိပ်သုတေသီတို့က အတိအကျဆိုသည်။ ကျန်တံဆိပ်ခေါင်းအချပ်များကို ရန်ကုန်စာတိုက်ကြီး၌ သိမ်းဆည်းခဲ့သည်။

၁၉၄၂ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ဂျပန်ခေတ် မြန်မာနိုင်ငံ ငွေကြေးစနစ်ကို (၁၀၀) ဆင့်လျှင် (၁)ရူပီးဟု ပြောင်းလဲလိုက်ရာ လက်ကျန် ယာနီတံဆိပ်ခေါင်းများကို ဖျက်ဆီးခဲ့သည်ဟု ဆိုသော်လည်း ၁၉၄၅ ခုနှစ် စစ်ကြီးပြီးဆုံးချိန်၌ အိန္ဒိယနိုင်ငံ ဘုံဘေ တံဆိပ်ခေါင်းဈေးကွက်သို့ ယာနီတံဆိပ်ခေါင်းအချပ် (၁၅) ချပ်ရောက်ရှိခဲ့သည်ဟု ဆိုကြသည်။

ယာနီတံဆိပ် တံဆိပ်ခေါင်းကို ဆင်ရုပ်ပုံရေစာပါရှိသော စက္ကူပေါ်၌ ရိုက်နှိပ်ခဲ့ခြင်း ဖြစ်သည်။ ထိုစက္ကူများမှာ ကာလကတ္တားမြို့ရှိ စက္ကူထုတ်လုပ်သော




ယာနီတံဆိပ်ခေါင်း ၁၀၄ လုံးအချပ် (၈–

လုပ်ငန်းမှ တင်သွင်းခဲ့ခြင်း ဖြစ်သည်။ ဆင်ရုပ်ပုံရေစာမှာ စက္ကူတစ်ချပ်လုံးတွင် 'ရေစာပုံတစ်ပုံ' အဖြစ်သာ ပါရှိသဖြင့် တံဆိပ်ခေါင်းများကို တစ်လုံးစီဖြတ်ထုတ်လိုက်ပါက အချို့တံဆိပ်ခေါင်းများပေါ်၌ ရေစာပုံထိတွေ့ပေါ်လွင်နိုင်မှ ပေါ်လွင်နိုင်ပါမည်။ရေစာတစ်ခုလုံးကို ပုံဖော်ပြသရမည်ဆိုပါက ABSORBO ဟု 'ဂငယ်ပုံ' မျဉ်းကွေးစာတန်းက အထက်တွင်ရှိပြီး အောက်တွင် DUPLICATOR ဟူသော မျဉ်းဖြောင့်စာတန်းပါရှိသည်။ ထိုစာတန်း(၂)ခုကြား၌ နှာမောင်းချထားသော ဆင်ပုံကို မြင်တွေ့ရမည်ဖြစ်သည်။ ယာနီတံဆိပ်ခေါင်းအချပ်အတိုင်းအတာမှာ (၂၁၁ × ၃၈၈) မီလီမီတာရှိသည်။ ယာနီတံဆိပ်ခေါင်း၏ အပ်ပေါက်ရာအတိုင်းအတာ(perforation measurement)မှာ (၁၁. ၇၅×၁၁) ဖြစ်သည်။ ယာနီတံဆိပ်ကိုရိုက်နှိပ်သောမင်အရောင်မှာ 'ဟင်္သာပြဒါးရောင်' (Vermillion) ဖြစ်သည်။

## ▫ ဂျပန်တို့အိပ်ရာမှနိုးထလာခြင်း

ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးပြီး နှစ်ပေါင်း (၂၅) နှစ်ခန့်အကြာ ၁၉၆၇ ခုနှစ်တွင် တိုကျိုမြို့ရှိ တံဆိပ်ခေါင်းရောင်းဝယ်သူတစ်ဦးက သူ့ထံ၌ ယာနီတံဆိပ်ခေါင်း (၇၀) လုံး၊ (၇×၁၀) ပါဝင်သော အချပ်တစ်ချပ်ရှိသည်ဟု ကြေညာလိုက်သည်။ အင်္ဂလိပ်တို့ကမူ ယာနီတံဆိပ်ခေါင်းအချပ်မှာ (၁၀၄) လုံးဟု မှတ်တမ်းတင်ထားသည်။ ထို (၇၀) လုံးအချပ်ကို အချို့က 'အစစ်'၊ အချို့က 'အတု' ဟုဆိုကြပြန်သည်။ အစစ်၊ အတု ခွဲခြားရန်

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလန်နိုင်ငံ တော်ဝင်တံဆိပ်ခေါင်းအသင်း၏ ထောက်ခံချက်ယူရန် လိုအပ်ပါသလား။ ဤတွင်မှ ဂျပန်တို့က အိပ်ရာမှနိုးထလာသကဲ့သို့ မေးခွန်းများစွာမေးလာကြတော့သည်။ ဂျပန်လူမျိုးတစ်ဦးက ဂျပန်တို့ပိုင်နက်နယ်မြေပေါ်တွင် ဂျပန်တံဆိပ်ခေါင်းရိုက်နှိပ်ရာ၌ ထွက်ပေါ်လာသော ဂျပန်တံဆိပ်ခေါင်း စစ်၊ အစစ် ဟူသည့်ပြဿနာကို အင်္ဂလန်နိုင်ငံမှ ကျွမ်းကျင်မှုထောက်ခံချက်ဖြင့် အဖြေရှာရသည်မှာ သဘာဝကျပါ၏လော ဟူသောမေးခွန်းမျိုးဖြစ်သည်။ သို့ရာတွင် ကမ္ဘာစစ်ကြီးပြီးနောက် ဂျပန်ခေတ်တံဆိပ်ခေါင်းများကို အင်္ဂလိပ်တို့ကသာ လေ့လာ သုတေသနများပြုလုပ်ခဲ့ကြပြီး ယခုမှ ဂျပန်တို့က စတင်စိတ်ဝင်စားလာကြသည်ကို ဝန်ခံကြရသည်။ နောက်ဆုံး၌ လန်ဒန်ဈေးကွက်မှတစ်ဆင့် တိုကျိုဈေးကွက်သို့ရောက်ခဲ့သည့် ယာနိုတံဆိပ်ခေါင်းအလုံး (၇၀) အချပ်မှာ ရန်ကုန်မြို့နေ မန်းနီးဆိုသူ အိန္ဒိယနွယ်ဝင်တစ်ဦး၏လက်ချက်ဖြစ်ပြီး တံဆိပ်ခေါင်းအတုများဖြစ်သည်ကို တော်ဝင်တံဆိပ်ခေါင်းအသင်း၏ ကျွမ်းကျင်မှုကော်မတီက ခြေရာခံလိုက်နိုင်ခဲ့သည်။

သို့ရာတွင် ယခုမှ ဂျပန်တို့က အမှန်တကယ် စိတ်ဝင်စားလာကြပြီး ဂျပန်ခေတ် မြန်မာနိုင်ငံစာပို့သမိုင်းကို လေ့လာကြ၊ သုတေသနပြုကြဖြင့် နိုးကြလာတော့သည်။ K.Ito ဟုအမည်ရှိသည့် သုတေသီတစ်ဦးက မြန်မာနိုင်ငံ၌ စစ်ကြီးအတွင်းက စာပို့လုပ်ငန်းတွင် တာဝန်ယူခဲ့ရသော အရာရှိငယ်များကို ဂျပန်နိုင်ငံအတွင်း လိုက်လံထောက်လှမ်းရှာဖွေရာ ယာနို၏ လက်ထောက်ဖြစ်သူ T.Aoii ကြေးနန်းတာဝန်ခံT.Otsubo နှင့် S.Hirose ကို တွေ့ရှိခဲ့ရသည်။ သူတို့အားလုံးက ယာနိုတံဆိပ်ခေါင်းအချပ်မှာ (၁၀၄) (၈×၁၃) လုံး ပါရှိသည်ကို ဝန်ခံကြသည်။ အပြည်ပြည်ဆိုင်ရာဂျပန်တံဆိပ်ခေါင်းဂျာနယ်အယ်ဒီတာ R.M. Spaulding ကမူ နှစ်ပေါင်း (၂၅) နှစ်ကြာသည့်တိုင် ထိုပုဂ္ဂိုလ်တို့ကို ရှာဖွေတွေ့ဆုံ မေးမြန်းခြင်း မပြုလုပ်ခဲ့သည့် ဂျပန်တို့ကို အပြစ်တင်ခဲ့သည်။

**□ ယာနိုတံဆိပ်ခေါင်းအတုများ**

ယာနိုတံဆိပ်ခေါင်းမှာ စက္ကူဖြူပေါ်၌ အပေါက်ငယ်များဖောက်ပြီး ယာနိုတံဆိပ်သင်္ကေတ ထုနှိပ်လိုက်ရုံဖြင့် 'တံဆိပ်ခေါင်းအတု' အဖြစ် လွယ်ကူစွာဖန်တီးနိုင်သည့်ဖြစ်ပြီး ပြင်ပဈေးကွက်တွင်လည်း ဈေးကောင်းသောတံဆိပ်ခေါင်းတစ်မျိုးဖြစ်သဖြင့် 'ယာနိုတံဆိပ်ခေါင်းအတုများ' များစွာပေါ်ထွက်လျက်ရှိသော်လည်း တံဆိပ်ခေါင်းအစစ်နှင့် ခွဲခြားစိစစ်ရန် လွယ်ကူလှသည်။ ပထမဦးစွာ ယာနိုတံဆိပ်ခေါင်းအစစ်၏ လက္ခဏာများကို သိရှိထားရန် လိုအပ်သည်။ ယာနိုတံဆိပ်ခေါင်းအစစ်မှာ ABSORBO DUPLICATOR တံဆိပ်ရေစာစက္ကူပေါ်၌ ထုနှိပ်ထားခြင်းဖြစ်သည်။ ထုနှိပ်ရာမှာ ခပ်ဖွဖွထုနှိပ်သောအရာဖြစ်သော်လည်း ယာနိုတံဆိပ်မှာ ပြတ်သားသည်။ အပ်ပေါက်ရာအတိုင်းအတာမှာ (၁၁. ၇၅ × ၁၁) ဖြစ်ပြီး ဆေးရောင်မှာ ဟသ်ပဒါးအရောင်ဖြစ်သည်။ အနီလည်းမဟုတ်၊ ပန်းရောင်လည်း မဟုတ်ပေ။ ယာနိုတံဆိပ်မှစက်ဝန်းပုံမှာ လုံးဝန်းပြီး စက်ဝန်းအတွင်းမှ အင်္ဂလိပ်အက္ခရာ Y ဖောက်ထိုးကဲ့သို့ ဂျပန်စာလုံးမှာ 'ယာ' ဖြစ်ပြီး လက်ဝဲဘက်ခြမ်းမှ စာလုံးမှာ 'နို' ဖြစ်သည်။ လက်ဝဲဘက်ခြမ်းစာလုံး၏ အပေါ်ဘက်တွင် သုံးထောင့်ပုံနှစ်ခုဆက်ထားသကဲ့သို့ဖြစ်သည်။ တံဆိပ်ခေါင်းအတုများမှာ သုံးထောင့်ပုံ နှစ်ခုပုံ မထွက်ပါ။ စက်ဝန်းအချင်းမှာ (၁၃. ၅) မီလီမီတာရှိသည်။ စက်ဝန်း၏ (၃)နှင့်(၄) နာရီကြားနေရာမှာ မျဉ်းပြတ်နေသည်။

ယာနိုတံဆိပ်ခေါင်းအတုများတွင် စက်ဝန်းသေးနေခြင်း၊ ဘဲဥပုံဖြစ်နေခြင်း၊ စက်ဝန်း၏ (၃-၄) နာရီကြား မျဉ်းပြတ်မဟုတ်ခြင်း၊ ဆေးရောင်မှာ အနီ (သို့) အညိုဘက်သို့သန်းနေခြင်း၊ အပ်ပေါက်ရာအတိုင်းအတာတို့မမှန်ခြင်း စသည့် အချက်တို့ဖြင့် ခွဲခြားနိုင်သည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး မြန်မာတံဆိပ်ခေါင်းဝါသနာရှင်ကြီးအချို့ အိန္ဒိယပြည်သို့ရောက်ခိုက် ဆင်ရုပ်ပုံရေစာပါသည့် စာရွက်များဝယ်ယူလာပြီး ယာနိုတံဆိပ်အတုများဖြင့် ရိုက်နှိပ်ခဲ့ကြရာ စက္ကူရေစာနှင့် မင်တို့ မှန်ကန်သော်လည်း ယာနိုတံဆိပ်ခေါင်းပုံ မှားယွင်းနေသည့် ယာနိုအတုများလည်း ရန်ကုန်မြို့၌ ရောင်းဝယ်လျက်ရှိသည်။ ၁၉၉၄ ခုနှစ် ရန်ကုန်မြို့တွင် ပြုလုပ်ခဲ့သော ယာနိုတံဆိပ်ခေါင်းအတုတို့မူ အစစ်နှင့်လွန်စွာကွဲပြားသဖြင့် လွယ်ကူစွာ ခွဲခြားနိုင်သည်။

**□ ယာနိုဘယ်သူလဲ**

ဂျပန်သုတေသီတို့က ဂျပန်ခေတ်မြန်မာနိုင်ငံမှ ယာနိုတံဆိပ်ခေါင်းထုတ်လုပ်ခြင်းကို လက်တွေ့ ကြုံတွေ့သိရှိခဲ့သော ဂျပန်အရာရှိငယ်များကို ရှာဖွေကြရာ အသက်အရွယ်ကြီးရင့်မှ တွေ့ရှိကြရသည်။ လယ်သမားတံဆိပ်ခေါင်း ဒီဇိုင်းဆွဲခဲ့သူ T.Kato ကို အသက် (၆၃) နှစ်အရွယ်တွင် လည်းကောင်း၊ ယာနိုတံဆိပ်ခေါင်းရိုက်နှိပ်ရန် စက္ကူဖြူများ ရှာဖွေခဲ့ရသူ K.Makino ကို အသက် (၅၃) နှစ်တွင် လည်းကောင်း ရှာဖွေနိုင်ခဲ့ကြသည်။ သို့သော် ယာနိုတံဆိပ်ပိုင်ရှင် S.Yano ကိုမူ လုံးဝရှာမတွေ့ခဲ့ပေ။ အင်္ဂလိပ်တံဆိပ်ခေါင်းစာပေ၌ ယာနိုကို ဗိုလ်ယာနို၊ ဗိုလ်မှူးယာနို၊ ဗိုလ်မှူးကြီးယာနိုဟူ၍ အမျိုးမျိုးရေးသားကြရာ ယာနို၏ ရာထူးအစစ်အမှန်မသိရသလို ယာနိုမှာ စစ်ဘက်အရာရှိဟုတ်၊ မဟုတ်ဆိုသည်ကိုလည်း မသိခဲ့ကြရပေ။ သို့ရာတွင် စစ်ကြီးအတွင်း မြန်မာပြည်ရောက် ဂျပန်စစ်အရာရှိများဓာတ်ပုံမှ ယာနို၏ပုံကို ဆန်းစစ်ကြည့်ရာ ယာနိုမှာ ဗိုလ်မှူးအဆင့်ဖြစ်သော်လည်း စစ်ဘက်အရာရှိ မဟုတ်ပေ။ ဆက်သွယ်ရေးဝန်ကြီးဌာနမှ အရပ်ဘက်အရာရှိတစ်ဦးသာဖြစ်ပြီး အရပ်ဘက်ဝန်ထမ်းများကို စစ်ဘက်ရာထူးများပေးပြီး တာဝန်ကိုင်စေသောကြောင့် စစ်ဗိုလ်ပုံသဏ္ဌာန်ထွက်နေခြင်း ဖြစ်သည်။

ဤမျှဆိုလျှင် ယာနိုတံဆိပ်ခေါင်းမှာ မြန်မာနိုင်ငံ၏ အထူးခြားဆုံးတံဆိပ်ခေါင်းဟူသည်ကို ပေါ်လွင်စေမည်ဖြစ်ပြီဟု ယုံကြည်ပါသည်။ ယာနိုတံဆိပ်ခေါင်း၏ ထူးခြားချက်မှာ ကမ္ဘာစစ်ကြီးပြီးစကာလနှင့် ၁၉၇၀ ကျော်ကသာ သိသာပေါ်လွင်ခဲ့သည်မဟုတ်ဘဲ ယခု ၂၀၁၅ ခုနှစ် နှစ်ဦးပိုင်းအထိ ကျော်စောလျက်ရှိသည်။ ဤနှစ်ဦးပိုင်းက မြန်မာနိုင်ငံဆက်သွယ်ရေးသတင်းအချက်အလက်နည်းပညာဝန်ကြီးမှာ ဂျပန်နိုင်ငံသို့သွား၍ ဆက်သွယ်ရေးလုပ်ငန်းဆိုင်ရာ စာချွန်လွှာလဲလှယ်ပွဲတွင် ဂျပန်ခေါင်းဆောင်များအား ထူးခြားသောလက်ဆောင်ပေးအပ်ခဲ့သည်။ ထိုလက်ဆောင်မှာ 'ယာနိုတံဆိပ်ခေါင်းနှစ်လုံး' ဖြစ်သည်ဟု သိခဲ့ရလေသည်။

ကြည်လွင်


**ကိုးကားမှုများ**

1. Kyaw Myint Maung (2006) "What you should know about the Yano Seal Stamp". SKS (Unpublished)



www.burmeseclassic.com

www.burmeseclassic.com



# မောင်မောင်သန်းထွန်း

## ရေဆက်ပါသူ

သဘာဝ လောကကြီးသည် တစ်ခါတစ်ရံ သိပ္ပံပညာလိုက်မမီအောင် ဆန်းကြယ်နေတတ်သည်။ ကမ္ဘာပေါ်တွင် အထူးအဆန်းမှန်သမျှ သဘာဝတရားမှ ပေါက်ပွားလာသည့်အရာများပင် မဟုတ်ပါလား။ ယခုလည်း ရေဆက်ပါသူ မိန်းကလေးတစ်ယောက်၏ ဇာတ်ကြောင်းသည် အများသူငါနှင့်မတူအောင် မမွေးမီကပင် ထူးဆန်းစွာ လူလောကသို့ ရောက်ရှိလာသူပင်ဖြစ်ကြောင်း ကျွန်တော်က သတင်းရထားသည်။

ကျွန်ုပ်က ထိုဇာတ်လမ်းအားရရှိရန် ကိုရန်အောင်ရှိရာ ငအောက်ချောင်းသို့သွားရသည်။ ဟိုကိုရောက်တော့ ရေကြည်ဦးရပ်ကွက်ပြောင်းသွားသည်ဟု ပြောပြန်သည်။ ထို့ကြောင့် ကျွန်ုပ်က ရေကြည်ဦးရပ်ကွက်သို့လိုက်ရပြန်သည်။ ဖွဲ့မလျှော့ဘဲ ပေးလိုက်သည့်လိပ်စာအတိုင်းလိုက်ရှာရာ ရေကြည်ဦးအစိုးရဝန်ထမ်းရပ်ကွက်တွင် ဆိုက်ဆိုက်မြိုက်မြိုက်တွေ့ပါတော့သည်။ တွေ့သည်နှင့် ကိုရန်အောင်အား တွေ့လျှင်ပေးပါရန် ပေးထားသည့် မိတ်ဆက်စာကြောင့် ကျွန်ုပ်သိချင်လှသော သူ့သမီးအကြောင်းအား အောက်ပါအတိုင်း ပြောပြခဲ့ပါသည်။

❑

ကျွန်တော့်နာမည်က ကိုရန်အောင်။ ဇနီးသည်က မလေးနွယ်။ နှစ်ယောက်စလုံး ဗုဒ္ဓဟူးနေ့မွေးတဲ့သူတွေဗျ။ ကျွန်တော်တို့အိမ်ထောင်သက် (၇) နှစ်အထိ ကလေးမရသေးဘူး။ ဒါနဲ့ တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေကြတာ ရန်ဖြစ်မတတ်ပါဘဲ။ ဆရာဝန်တွေပြကြည့်တော့လည်း နှစ်ယောက်စလုံးမှာ အပြစ်မရှိဘူး။ နောက်ဆုံးတော့ လူတစ်ယောက် အကြံပေးတဲ့အတိုင်း ရွှေမုဋ္ဌောဘုရား အနောက်ဘက်မုခ်ကို လာလိုက်တယ်။

အနောက်ဘက်မုခ်က ဆင်းပြီး မျိုးမြင့်ခိုင်ထမင်းဆိုင်ဘက်လာလိုက်ရင် စွန်းလွန်းဓမ္မာရုံဘေးမှ ညောင်ပင်ကြီးတစ်ပင်ရှိတယ်မဟုတ်လား။ အဲဒီညောင်ပင်က ရုက္ခစိုးကြီးက ဝါအကြီးဆုံးပုဂ္ဂိုလ်လို့ပြောကြတယ်။ သားဆုတောင်းတဲ့သူတိုင်း အောင်မြင်ကြတယ်တဲ့။ အဲဒါကြောင့် ကျွန်တော်တို့လင်မယား ဘုရားပေါ်မှာ ရုက္ခစိုးကြီးအလှူအနေနဲ့ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တွေကပ်ပြီးပြီ။ ဒီညောင်ပင်မှာတော့ ဂြိုဟ်ခွင်တွေမှာအပြည့်၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးတိုင်တွေ ပူဇော်လိုက်တယ်။

ဘယ်သူတွေကရှူးတယ်ပြောပြောဗျာ။ ကျွန်တော်တို့ကတော့ သားဆုကို အဓိကထားပြီးတောင်းလိုက်တယ်။ အဲဒါနဲ့ဆုတောင်းပြီး မေ့မေ့ပျောက်ပျောက်နေလိုက်တာ (၄) လလည်းကျော်ရော ကျွန်တော့်ဇနီးကိုအိပ်မက်ပေးပါတော့တယ်။ ဇနီးသည်က လှေတစ်စီးနဲ့ ရေစုန်မှာလှေကိုလှော်လာတယ်။ အဲဒီအချိန် ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်တစ်ဦးက ရေထဲက ကလေးတစ်ဦးကိုဆွဲယူလိုက်ပြီး -

"ကဲ - ရော့၊ နင်တို့မွေးချင်လှတဲ့ ကလေး။ ငါ့မှာနင်တို့ကံနဲ့လိုက်မယ့် ကလေးကိုရှာနေလို့ကြာနေတာပါ။ ကဲ- မွေးပေတော့"

လို့ ပေးသွားတယ်။ ရေထဲ့ေနေ

www.burmeseclassic.com



ဆွဲယူလို့လားမသိဘူး။ အသားလေးတွေဆိုတာ ပဲကြီးခွံတွန့်နေတာပဲ။ အဲဒီအိပ်မက်မက်ချိန်က ပုသိမ်မြို့မှာရေတွေတရားလွန်ကြီးတဲ့နှစ်ပေါ့။ ဒါကြောင့် ရေစက်ပါသူကလေးလို့ ကျွန်တော်ကအလိုလိုသိလိုက်ပါတယ်။

ကျွန်တော် အိမ်ထောင်ကျစမှာ ပုသိမ်တစ်ဖက်ကမ်း ရေအိုးစင်ရပ်ကွက်မှာနေပါတယ်။ ဆောက်ထားတဲ့အိမ်ကကုန်းပေါ်မှာတစ်ပိုင်း၊ တာကိုင်းချောင်းစပ်မှာတစ်ပိုင်းဗျ။ ကျွန်တော့်ကလေးမွေးလာရင် ရေနဲ့သိပ်နီးနေတယ်ဆိုပြီး ပုသိမ်ဘက်ကမ်းပြောင်းလိုက်ပါတယ်။ အိမ်ရှာပေးတဲ့သူငယ်ချင်းက ငအောက်ချောင်းဘေးမှာ ငွေချေပြီးသားဖြစ်နေတယ်လေ။ ငအောက်ချောင်းဆိုတော့ ဒီနေရာလည်း ရေနဲ့တယ်လာကင်းပါ့မလဲ။ နောက်ဆုံး ကိုယ်တိုင်ရှာလိုက်တာ အခုလို ရေကြည်ဦးရပ်ကွက်က ပေါချောင်ကောင်းကိုဝယ်ဖြစ်တာပါပဲ။ အခုရပ်ကွက်နာမည်ကလည်း ရေကြည်ဦးဆိုတော့ ရေတော့မလွတ်ပါဘူးဗျာ။

အဲ - ကျွန်တော့်သမီးမွေးတာလည်း တော်တော်လေးဆန်းပါတယ်။ သူမွေးတဲ့နှစ်က ရေစည်ကြီးပြိုတဲ့နှစ်ပါပဲ။ အမျိုးသမီးက သွားဦးဖွားတာဖြစ်လို့ ပုသိမ်ဆေးရုံကြီးမှာတက်ပြီးဖွားပါတယ်။ ဖွားတာကတော့ သဘာဝအတိုင်းဖွားတာပါ။ မီးထွက်ပြီး ဆေးရုံကဆင်းတဲ့နေ့မှာ အကြီးမားဆုံးထူးခြားမှုနဲ့ဆုံပါလေရော။

ဆေးရုံဝင်းကြီးထဲက သံရေစင်ကြီးကို အရင်တုန်းက ဆရာမြင်ဖူးပါလိမ့်မယ်။ အခုလို ကွန်ကရစ်တိုင်၊ ကွန်ကရစ်ရေကန်မဟုတ်သေးဘူး။ သံနဲ့လုပ်ထားတဲ့ သံရေစင်ကြီးက ပေ (၄၀)ကျော်မြင့်တယ်လေ။ သံရေစည်ကြီးကလည်း ဂါလန် နှစ်သောင်းလောက်ဆံ့လိမ့်မယ်။ ဒီရေစည်ရဲ့သက်တမ်းဟာ နှစ်ပေါင်း (၃၀)ကျော်နေပါပြီ။ ပညာရှင်တွေကိုယ်တိုင် ကြည့်ရှုစစ်ဆေးပြီး လဲဖို့အချိန်တန်ပြီလို့ အထက်ကို အစီရင်ခံထားတယ်။ အခုလို အသစ်မလဲရသေးခင်မှာ သံဘောင်ကြီးတွေကဆွေးနေပြီး အပေါ်ကရေဂါလန်နှစ်သောင်းဝိတ်ကိုမထိန်းနိုင်တော့ဘဲ အုန်းခနဲပြုတ်ကျပါလေရော။



www.burmeseclassic.com

www.burmeseclassic.com

ပြုတ်ကျတဲ့အသံဟာ တစ်မြို့လုံးကြားလောက်အောင်ကျယ်ပါလိမ့်မယ်။

အဲဒီအချိန်မှာ ကျွန်တော့်ဇနီးက ဆေးရုံကဆင်းခွင့်ရလို့ဆင်းလာတဲ့အချိန်။ ဆေးရုံကြီးဝင်ပေါက်ထွက်ပေါက်က လူရှုပ်တယ်။ ဆေးရုံအုပ်ကြီးရုံးခန်းဘက်ကနေ မင်းကြီးလမ်းကိုသွားဖို့ ရည်ရွယ်ပြီးထွက်လာတာပါ။

(မှတ်ချက် - ယခု ဆေးရုံအုပ်ကြီးရုံးခန်းမရှိတော့ပါ။ ခုတင် (၅၀၀)ဆံ့ ဆေးရုံစီမံကိန်းရှိ၍ ဖျက်သိမ်းလိုက်ပါသည်။)

အခုလို ဆေးရုံအုပ်ကြီးရုံးခန်းဘက်ကထွက်မယ်ဆိုရင် သံရေစည်ကြီးဘေးနားကသွားရပါတယ်။ ကျွန်တော့်ဇနီးက မင်းကြီးလမ်းရောက်ရင် ဆိုက်ကားငှားမယ်ပေါ့။ ဒီလိုအတွေးနဲ့ထွက်လာတာပါ။ ကျွန်တော်က ညနေရောက်မှဆင်းမယ်ထင်ပြီ မနက်ပိုင်းမှာ ဆေးရုံကို မသွားဖြစ်သေးဘူး။ ကျွန်တော့်အမျိုးသမီးကလည်း ဘေးလူကိုဒုက္ခမပေးချင်တာနဲ့ သူ့ဘာသာဆင်းလာလိုက်တဲ့သဘောပဲ။

အဲဒီသံရေစည်နားအရောက်မှာ ရေအပြည့်ထည့်ထားတဲ့ သံရေစည်ကြီးက ဝိတ်ကိုထိန်းမထားနိုင်ဘဲ အောက်က သံပေါင်ကြီးတွေကွေးညွတ်ပြီး မြေပြင်ပေါ်ကို ကိုင်ရိုက်သလိုကျတော့တာပါပဲ။ ဒီရေစည်ကြီးက မင်းကြီးလမ်းဘက်မပြိုလို့တော်သေးတာပေါ့။ ဆေးရုံဝင်းထဲကိုပဲပြုတ်ကျတာပါ။ ကျွန်တော့်အမျိုးသမီးရဲ့ခံစားချက်ကိုမေးကြည့်တော့ -

"ကျွန်မဆိုတာ တီဗွီထဲမှာမြင်ရသလို ဩစတြေးလျတိုက်က ကမ္ဘာ့အကြီးဆုံးလှိုင်းလုံးကြီးက ကျွန်မကိုဝင်ဆောင့်လိုက်သလိုပါပဲ။ အုန်းဆိုတဲ့အသံကြီးလည်းကြားရရော လူတစ်ရပ်ကျော်ရေလုံးကြီးက မ,ယူလိုက်တာ ကျွန်မမြောက်ပြီးပါသွားတယ်။ လက်ထဲက (၇) ရက်သာရသေးတဲ့ ကလေးလည်း လွင့်ထွက်သွားတာပေါ့။ ကမ္ဘာပျက်တဲ့အထဲ ကျွန်မပါသွားသလို လိမ့်ပြန်ပြီး ကျွမ်းထိုးမှောက်ခုံ လွင့်ထွက်သွားတယ်"

လို့ သူ့ခံစားချက်ကိုပြောပြတယ်။ ကျွန်တော့်အမျိုးသမီးက ရေတွေနဲ့ ပေ (၃၀) ကျော်လွင့်သွားတယ်။ အနှီးထုပ်ကလေးနဲ့သမီးက ရေတွေနဲ့အတူ ပေ (၆၀) လောက်ပါသွားတယ်။ ကုန်းကမူလေးမှာသွားတင်တော့မှ ရပ်သွားတာပါ။ ကျွန်တော့်ဇနီးဆိုတာ ရေတွေရပ်သွားတော့မှ သူ့ရဲ့မွေးကင်းစကလေးကို



လိုက်ရှာရတာပေါ့။ နပ်(စ်)တစ်ယောက်က ကလေးကိုတွေ့ပြီး ကောက်ယူပြီး ပွေ့လိုက်တယ်။ ကံအားလျော်စွာပဲ ကလေးကမသေဘူး၊ ရေလည်းမမွန်းဘူး။ လန့်ဖျပ်ပြီးငိုတာပဲရှိပါတယ်။

ကိုယ့်ဆရာလည်း တီဗွီမှာကြည့်ဖူးပါလိမ့်မယ်။ ဆူနာမီရေလှိုင်းကြီးတွေလာတော့ မလေးရှားက ကလေးတစ်ယောက်က သူ့ရဲ့မွေ့ရာလေးနဲ့ရေထဲမှာ မျောသွားတယ်ဆိုတာလေ။ အခု ကျွန်တော့်သမီးက ဘာမွေ့ရာမှမပါဘဲ ရေလုံးကြီးတွေနဲ့ ပေ (၆၀) လောက်မျောသွားတာပါ။ တကယ့်ကို ရေဆက်ပါတဲ့ကလေးပါပဲ။ ဒါက သူ့ကိုမွေးချိန်မှာ ဘယ်သူမှမကြုံဘူးတဲ့ကိစ္စမျိုးကို သမီးက ကြုံဖူးလိုက်တာပါပဲ။

ကျွန်တော့်ကလေးအိမ်ရောက်လာတော့ ရေအိုးစင်ဘက်က ကျွန်တော်တို့ကိုးကွယ်တဲ့ဆရာတော်ဦးပဏ္ဍိတရောက်လာတယ်။ ကလေးရဲ့မွေးသက္ကရာဇ်ကို စစ်ဆေးပြီး -

"ဒီကလေးက ရေကိုကိုယ်စားပြုတဲ့ မသီတာအောင်လို့မှည့်ရမယ်။ အင်းမင်းသမီးက ရေအဆက်ပါတာပဲ။ ဒါပေမယ့် မင်းကလေးက ရေနဲ့ဝေးဝေးလည်း နေလို့မရပါဘူး။ မြစ်ထဲချောင်းထဲတစ်ယောက်တည်း ရေဆင်းချိုးတာတော့ ရှောင်ကြပေါ့ကွာ"

လို့ မိန့်ကြားပါတယ်။

ကျွန်တော်ကသမီးအရွယ်ရောက်တာနဲ့ ရေနစ်မသေအောင် ရေကူးသင်ပေးထားတယ်။ ယောကျ်ားကူး၊ မိန်းမကူး၊ လိပ်ပြာကူး၊ ကိုယ်ဖော့နည်း စတာတွေအားလုံးတတ်ပါတယ်။ ရေနစ်လို့တော့မသေနိုင်တော့ဘူး။ ကျွန်တော့်သမီး (၁၀) တန်းအောင်တော့ ကွန်ပျူတာသင်တန်းတက်ချင်တယ်လို့ ပူဆာပြန်တယ်။ ကျွန်တော်ကဘယ်မှာတက်မှာလဲဆိုတော့ ကမ်းနားလမ်းက အစ်မကြီး တစ်ယောက်ကသင်ပေးမှာတဲ့။ ကျွန်တော်က အေး- ကမ်းနားလမ်းဆိုရင် ရေနဲ့နီးတယ်။ ဒါဆိုရင်ဘူမိနက်သန်မှန်တယ်။ သင်ပေတော့လို့ ခွင့်ပြုလိုက်ရတယ်။သမီးကတော်တော်လေးကြိုးစားတာပဲ။ ကွန်ပျူတာကို ဆရာဆင့်ရောက်အောင်သင်ပြီး အလုပ်တွေခေါ်တိုင်းလျှောက်တော့တာပါပဲ။

ကျွန်တော့်သမီးရဲ့ အမှတ်တရဖြစ်ရပ်တစ်ခုလည်းရှိပါသေးတယ်။ကျွန်တော့်အဖေက ပြင်ခရိုင်မှာနေတယ်။ အဖေက 'ငါ အသက်(၇၀)ပြည့်မွေးနေ့ကျင်းပဖို့ရှိတယ်။ ငါ့မြေးကိုလွှတ်ပေး၊ သူ့အတွက် ဆွဲကြိုးတစ်ကုံးလုပ်ထားတယ်' လို့ အကြောင်းကြားလိုက်တယ်လေ။ သမီး မသီတာအောင်ဆိုတာ အဖေတို့မလိုက်လည်းသွားမယ်သွားမယ်နဲ့ တားမနိုင်ဆီးမရဖြစ်တော့တာပါဘဲ။

ကျွန်တော်က ပင်လယ်ပိုင်းကိုလွှတ်ဖို့ သူတစ်ယောက်တည်းဘယ်လာစိတ်ချပါမလဲ။ ကလေးကသွားချင်တယ်ဆိုတော့ ကျွန်တော်တို့မိသားတစ်စုလုံး အိမ်ပိတ်ပြီး ပြင်ခရိုင်ကို မေလ ၁ ရက်နေ့မှာသွားကြတယ်။ သမီးက သူ့ဘိုးဘိုးအလှူမှာ ပေါင်မုန့်အုန်းနို့ဆမ်းလှူမယ်ဆိုပြီး ပေါင်မုန့်တွေကိုယ်တိုင်သွားဝယ်တယ်လေ။ ကိုယ့်ဆရာလည်းသိမှာပေါ့။ ၂၀၀၈ ခုနှစ်၊ မေလ ၂ ရက်နေ့ဆိုတာ နာဂစ်မုန်တိုင်းကြီး ဧရာဝတီတိုင်းဒေသကြီးကိုမွှေတဲ့နေ့လေ။ ကျွန်တော်တို့က မုန်တိုင်းလာမယ်လို့ဘယ်ကလာထင်ပါ့မလဲ။ ကြားထားတာက ပုသိမ် ချောင်းသာကြားကို ဗဟိုပြုတယ်လို့ကြားထားတယ်။ သေးသေးလား၊ ကြီးကြီးလား ဒါလည်းမသိပါဘူး။

ရောက်ပြီးနောက်တစ်ရက်ဆိုစပါတော့တယ်။ လေပျံသံမှန်းမသိ၊ လေလာသံမှန်းမသိတိုက်လိုက်တဲ့လေသံတွေဟာ ကမ္ဘာကြီးတစ်ခါတည်းပျက်တာလားလို့တောင် သံသယဝင်သွားတယ်။ ထိတ်လန့်နေတုန်း အဖေတို့အိမ်ခေါင်မိုးကြီးတစ်ခုလုံးပြုတ်ထွက်သွားရောဗျ။ အမိုးမရှိတဲ့အိမ်ထဲကနေ ကောင်းကင်ကိုကြည့်လိုက်တော့ ရှေ့ပြေးလေက ဒီးပုံလိုပဲ။ အနောက်ကမီးရောင်နဲ့တူတဲ့အငွေ့တွေ။ သူ့နောက်မှ မည်းမည်းသဏ္ဌာန်မီးခိုးငွေ့က အတွဲလိုက်ပါလာတယ်။ ကျွန်တော့်အဖေအိမ်က နှစ်ထပ်အိမ်၊ အုတ်ဖိနပ်ခံပြီးဆောက်ထားတာ၊ တိုင်



www.burmeseclassic.com

www.burmeseclassic.com

တွေက (၆) ပတ်လည်၊ တစ်အိမ်လုံး ချွဲးကတိုးကြီးပါပဲ။ အမိုးမရှိတဲ့ဟင်း ထင်းပြင်ကြီးကနေ ကောင်းကင်ပေါ် ကြည့်လိုက်၊ ပြေးစရာမြေမရှိလိုက်နဲ့ သားစုတစ်ခုလုံး ဆောက်တည်ရာမရ ဖြစ်နေတယ်။

သိပ်မကြာပါဘူး၊ ရေတွေတက် လာတယ်။ အဖေ့အိမ်က အုတ်ဖိနပ်ခံပြီး ဆောက်တဲ့အိမ်။ အောက်ထပ်ကြမ်းခင်း နဲ့မြေကြီးက လူတစ်ရပ်နီးပါးမြင့်ပါတယ်။ ပြီးတော့ ကုန်းမြင့်ပိုင်းမှာဆောက်တဲ့အိမ် ပါ။ ရေတွေဆိုတာ အောက်ထပ်ကြမ်း ခင်းကိုမြုပ်လာတယ်။ ခုအချိန်မှာ မြေနိမ့် ပိုင်းကအိမ်ဆိုရင် ခေါင်မြုပ်လောက်တဲ့ ရေပါပဲ။ တစ်ခါမှမကြုံဘူးတော့ လန့်နေ ကြတာပေါ့။

နောက်ဆုံး အောက်ထပ်ကြမ်း ခင်းကနေ ဒူးလောက်အထိတက်လာ တော့ အိမ်ပေါ်ထပ်ကိုတက်ကြရတယ်။ အပေါ်ထပ်ကြီးသာမြုပ်သွားရင် ကျွန် တော်တို့ သေဖို့ပဲရှိပါတော့တယ်။ စိုးရိမ် နေတုန်း အပေါ်ထပ်ကြမ်းခင်းကနေ ဒူးလောက်အထိ ရေကထပ်ပြီးတက်ပါ လေရော။ ကျွန်တော်ရော ကျွန်တော့် အဖေပါ မျက်လုံးတွေပြူးသွားကြတာ ပေါ့။ ဒီအချိန်မှာ ကျွန်တော့်သမီးက ဘာပြောလဲဆိုရင် -

"ပါပါကြီးရဲ့၊ အဲဒီရေကဆက်ပြီး မတက်တော့ပါဘူး။ ခဏကြာရင် အပေါ်ထပ်ကြီးပြန်ပေါ်လာလိမ့်မယ်။ ရေကျတာနဲ့ မိုးပါတိတ်သွားမှာပါ"

လို့ပြောတာဗျ။

ပထမတော့ သူ့စကားကိုဘယ် လာယုံပါ့မလဲ။ ကျွန်တော်ကသူ့ကိုဒေါပွ နေတာ။ သူသွားချင်လို့ ကျွန်တော်တို့က လိုက်ရတာ။ အခုတော့ ဘယ်တော့သေ မလဲလို့ စိုးရိမ်နေရတဲ့အချိန်ကိုး။ သူပြော ပြီး သိပ်မကြာပါဘူး၊ ရေကအရင်ကျ သွားတယ်။ အပေါ်ကြမ်းခင်းပေါ်တာနဲ့ မိုးတိတ်တာနဲ့လည်း ကွက်တိပဲ။ အလို ဒီကလေးမလေးဟာ လေအကြောင်း၊ ရေအကြောင်းကို ဘယ်လိုလုပ်ပြီးသိပါ လိမ့်လို့ စဉ်းစားလို့တောင်မရပါဘူး။ ဒါနဲ့ ကျွန်တော်က သူ့ကိုစမ်းသပ်တဲ့အနေနဲ့-

"ဟဲ့ - သမီးရဲ့၊ တို့တွေအခုလို မုန်တိုင်းတိုက်နေချိန်မှာ ထမင်းတွေဟင်း တွေလည်း ရေမျောကမ်းတင်ဖြစ်ကုန်ပြီ။ ဘာမှစားစရာလည်းမရှိတော့ဘူး။ နင် ဗိုက်ဆာမှာလို့အခုလိုလာဖြစ်တာ"

လို့ အပြစ်တင်လိုက်သလို၊ ဆူ သလိုပြောလိုက်တဲ့အချိန်မှာ တကယ်ကို သဘာဝကျတဲ့အဖြေနဲ့ပြန်ပြောတယ်ဗျ။ ကျွန်တော်ဆိုတာ ကိုယ့်သမီးကိုဘာပြန် ပြောရမှန်းတောင်မသိတော့ပါဘူး။ သူ ပြန်ပြီးဖြေရှင်းတဲ့စကားက -

"ပါပါကြီးကလည်း၊ အခုပြင်ခရိုင် မှာ ဘိုးဘိုးနဲ့ဘွားဘွားနှစ်ယောက်တည်း နေတာ။ အခုလို မုန်တိုင်းမိနေချိန်မှာ အဘိုးအဘွားတွေက ဘာမှသိမ်းနိုင်ဆီး နိုင်တာမဟုတ်ဘူး။ ပါပါနဲ့မာမာနဲ့သမီး တို့ရှိတော့ သိမ်းတာတွေသိမ်း၊ ရွှေ့တာ တွေရွှေ့နဲ့ ဘိုးဘိုး၊ဘွားဘွားတို့အားရှိတာ ပေါ့။ ဒုက္ခရောက်ချိန်မှာ သားသမီးတွေ က ဘေးမှာမားမားမတ်မတ်ရပ်ပေးတယ် ဆိုတာ ဘယ်လောက်ကောင်းလိုက်လဲ။

သမီး ပုသိမ်ကဝယ်လာတဲ့ ပေါင် မုန့်၊ သကြား၊ နို့ဆီ၊ နို့စိမ်းတွေရှိတယ် မဟုတ်လား။ အောက်ထပ်ကြမ်းခင်း ရေ ရောက်လာကတည်းက ပေါင်မုန့်တွေကို ကျန်ကျောင်းအိတ်နဲ့ထည့်၊ အပေါ်က ကျန်ကျောင်းအိတ်နဲ့ထပ်ပြီးပိတ်တယ်။ နို့ဆီရော၊ နို့စိမ်းရော၊ သကြားရော အပေါ်ထပ်က ဘုရားကျောင်းဆောင် ထဲမှာစုပြီးထည့်ထားတယ်။ ဘုရား ကျောင်းဆောင်အမိုးက ပြုတ်မထွက်ဘူး ပါပါရဲ့။ ပုသိမ်က သမီးတို့ဝယ်လာတဲ့ ရေဘူးကြီးနှစ်ဘူးကလည်း အလုံပိတ် တွေပါပဲ။ သောက်ရေအတွက်ရော၊ စား စရာရော သမီးတို့မှာ အဆင်သင့်ရှိပါ တယ်။ အခုလို ဒုက္ခရောက်နေချိန်မှာ မိသားစုတစ်စုလုံး တက်ညီလက်ညီစုပြီး ရင်ဆိုင်ရတာ ဘယ်လောက်ပျော်ဖို့ ကောင်းသလဲ"

လို့ ကျွန်တော့်ကိုပြန်ပြီးပြောနေ တာ။ အဘိုး၊ အဘွားဆိုတာ သူ့မြေးရဲ့ စကားလည်းကြားရော အပြန် ကလေး



ကို ဆွဲကြိုးရော၊ လက်ကောက်ရော၊ လက်စွပ်ပါပေးလိုက်တာဗျ။ ဒါနဲ့ ရာသီ ဥတုသာယာပြီး ကယ်ဆယ်ရေးတွေ ရောက်မှ ကျွန်တော်တို့ ပြင်ခရိုင်ကပြန် ကြတယ်။ ပုသိမ်မပြန်လို့လည်းမဖြစ် သေးဘူးလေ။ ကျွန်တော်တို့အိမ်လေးရှိ မှရှိသေးရဲ့လားလို့ သိချင်တာပေါ့။ ရေ ကြည်ဦးပြန်ရောက်တော့ အမိုးလည်း မပျက်စီးဘူး၊ ပျဉ်တစ်ချပ်တောင်မကွာ ဘူး။ အကောင်းပကတိပါပဲ။ ပြောစရာ ဆိုလို့ လမ်းတစ်ခုပဲပျက်ပါတယ်။

အိမ်ပြန်ရောက်တော့ ကယ်ဆယ် ရေးအဖွဲ့တွေရှိနေလို့ ထမင်းတောင်ချက် မစားရပါဘူး။ ရက် (၂၀) လောက် စား စရာသောက်စရာတွေဆိုတာ 'ဧည့်ဘော် ကိုလိုင်'နေတာပါပဲ။ ကူညီပံ့ပိုးတဲ့အဖွဲ့ တွေပေးသွားတာ ဆန်တစ်အိတ်တောင် အပိုရှိနေပါသေးတယ်။ အဲဒါကတော့ အဆိုးထဲက အကောင်းနဲ့ကြုံခဲ့တာကို ပြောပြတာပါ။

ကျွန်တော်တို့ အိမ်ပြန်ရောက်ပြီး အရက်(၂၀)ကျော်ချိန်မှာ သမီးအလုပ် စာမေးပွဲဖြေထားတဲ့အထဲက အလုပ်ခေါ် စာရောက်လာတယ်။ သောက်ရေသန့် ကုမ္ပဏီမှာ ကွန်ပျူတာစာရင်းကိုင်ရာထူး ဗျ။ ကဲ- ကြည့်ပါဦး၊ ကျွန်တော့်သမီးက နာဂစ်မုန်တိုင်းကြားကို ရောက်ခဲ့တယ်။ မိသားစုတစ်စုလုံး အသေအပျောက် လည်းမရှိဘူး။ သူများတွေ စားရမဲ့ သောက်ရမဲ့ဖြစ်ချိန်မှာ ဘေးအိမ်တွေ တောင်ကျွေးထားနိုင်ပါတယ်။ နေတော့ ရေကြည်ဦးရပ်ကွက်၊ ရတဲ့အလုပ်က သောက်ရေသန့်ကုမ္ပဏီ၊ နာမည်က သီတာအောင်ဆိုတော့ ရေဆက်ပါတဲ့ မိန်းကလေးလို့မပြောရင် အခြားပေး စရာအမည်မရှိတော့ပါဘူး။

❑

ကျွန်တော်နှင့် ကိုရန်အောင်တို့ စကားလက်ဆုံကျနေချိန် သီတာအောင် ပြန်လာသည်။ ကျွန်တော့်အား တွေ့ ရာ-

"ဘဘက သမီးအကြောင်းကိုရေး မလို့လား"

ဟု ပြုံးရွှင်စွာမေး၍ -

"ဘဘအတွက် ရေလက်ဆောင်"

ဟု တစ်ခါသောက်ရေသန့်ဘူး သေးတစ်ဒါဇင်အား ကျွန်တော့်ကို လက်ဆောင်အဖြစ်ပေးလိုက်ပါသည်။

မောင်မောင်သန်းထွန်း

www.burmeseclassic.com

www.burmeseclassic.com



□ တောနေလူတန်းစားများ

ရန်ကုန် ဗဟန်းမြို့နယ် ဟာမစ်တစ်ရှိ မဟာစည်ရိပ်သာဌာနချုပ်၌ နှစ်စဉ်ဒီဇင်ဘာလရောက်တိုင်း မဟာစည်ရိပ်သာများ ဩဝါဒါစရိယခံယူပွဲကျင်းပလေ့ရှိ၏။ ထိုအခါ မြန်မာပြည်အရပ်ရပ်ရှိ မဟာစည်ရိပ်သာမှဆရာတော်များ၊ နိုင်ငံခြားမဟာစည်ရိပ်သာဆရာတော်များနှင့်အတူ တပည့်ရဟန်းသာမဏေဒါယကာ၊ ဒါယိကာမတို့ပါ ထိုဩဝါဒခံယူပွဲသို့ တက်ရောက် ကြည်ညိုကြလေ၏။

ထိုအခါ ဒီဇင်ဘာဆောင်း၏ ဒေသအသီးသီး အေးစက်နေသည့်အချိန်တွင် ရန်ကုန်ဆောင်းကား လုံးဝမအေးပါ။ ထိုသို့ မအေးသောအခါ 'ရန်ကုန်ဆိုတာ မိုးရာသီနှင့် နွေရာသီနှစ်ရာသီသာရှိတဲ့မြို့ကြီးပဲ' ဟု ဆိုကြကုန်၏။

ထိုသို့ဆိုကြသောအခါ ကျွန်ုပ်၏စိတ်တို့သည် မိုးကုတ်ပတ္တမြားမြေသို့ရောက်သွား၏။ မိုးကုတ်ကား နွေရာသီမရှိလိုက်ပါ။ အမြဲအေးနေရာ မိုးရာသီနှင့် ဆောင်းရာသီ ရာသီနှစ်ခုသာရှိသောမြို့ ဖြစ်ချေ၏။ သင်္ကြန်ပွဲပြီးသည်နှင့် မိုးကစပြီးကျတော့၏။

မိုးကျသည်နှင့် ချောင်းမြောင်းများရေပေါက်ကာ မိန်းကလေးအချို့သည် ကနယ်ဆေးကြတော့၏။ ချောင်းမြောင်း၌ မျောပါလာသော ပတ္တမြားတို့ကို ရှာဖွေသလို မျှောတိုက်ရာမှမျောလာသော ကနယ်များကို ပုတ်တောဖြင့် ဆေးကြလေ၏။ ကနယ်ဆေးခြင်းကို အလွယ်ခနဲဆေးသည်ဟု ခေါ်ကြပါသည်။

တောရွာနေလူတို့သည် တောနေလူတန်းစားများဖြစ်ကြကာ ယောကျ်ားမှန်က တွင်းလုပ်ကြ၏။ မိန်းမမှန်က အချို့ခနဲဆေး၏။ အချို့ ကျောက်ကုန်သည်လုပ်ကြ၏။ အချို့ လောဘစိတ်ရှိသူတို့မှာ အားချိန် ခနဲပြေးဆေးပြီး ကျောက်ရောင်းဝယ်ချိန်၌ ကျောက်ရောင်းဝယ်ထွက်ကြ၏။


ခနဲဆေးသည်ဟူ၍ အထင်သေး၍မရပါ။ ကံကောင်း၍ အကြောင်းလှခဲ့သော် ခနဲဆေးရာမှ ကျောက်ကြီးကျောက်ကောင်းရသူများ အများအပြားရှိတတ်သည်။ခနဲဆေးခြင်းသည်လည်း ပတ္တမြားရှာဖွေသောအလုပ်ဖြစ်ရာ ရတနာကိုရှာဖွေနေသရွေ့ မျှော်လင့်ချက်ကိုယ်စီရှိကြပါသည်။

ခနဲဆေးသည့်အလုပ်မှာ ရေပေါပေါများများရှိပါမှလုပ်၍ရ၏။ ချောင်းထဲမြောင်းထဲ၌ ဦးစွာ ခဲကြမ်းတို့ကိုကောက်၍ဖယ်ရှားရသည်။ ပြီးလျှင်ထိုနေရာမှ မုံပေါ့၊ သဲပေါ့များထွက်သွားစေရန် ခြေဖြင့်ဆောင့်မွှေရ၏။ သဲစစ်ထိုင်သွားပါမှ ထိုသဲစစ်ကို ပုတ်တောဖြင့်ထိုး၍ကော်ရ၏။ ကော်ပြီးသည်နှင့် ပုတ်တောကိုဝိုင်းကာ ရေပေါ်ဖော်၍ ခဲများ၊ သဲပေါ့များ ယက်ချလိုက်၏။ သဲစစ်အနည်းငယ်ကျန်သော် ထိုသဲစစ်ကိုနောက်တစ်ခါဝိုင်းလိုက်သည်နှင့် သဲစစ်ခေါ် မှုပဆစ်များနှင့် ကျောက်များသာကျန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ပါသည်။

ခနဲဆေး၍ပြီးသည်နှင့် လည်ပင်းတွင်ဆွဲထားသော အိတ်စလဲခေါ် အိတ်ရှုံ့လေးဖြန့်ကာထွေးထည့်လိုက်ပြီး ကြိုးဆွဲရှုံ့လျက် လည်ပင်းတွင် ပြန်ဆွဲလိုက်ကြ၏။

အိတ်စလဲဆိုသည်မှာ ပိတ်တစ်ခုခုကို အဝိုင်းလေးညှပ်၍ နှုတ်ခမ်းတို့တွင် ကြိုးသီကာ ဆွဲရှုံ့ပြီး လည်ပင်းတွင်ဆွဲထားခြင်းဖြစ်ရာ ခနဲဆေးမ,တိုင်း မပါမပြီး မရှိမဖြစ်ဆောင်သွားရသော အဆောင်အယောင်တစ်ခုဖြစ်သည်။

ပုတ်တောတစ်ချပ်ရှိလျှင် ထမင်းမငတ် ဟူသောစကားကို အမျိုးသမီးတို့က ကြွေးကြော်တတ်ကြ၏။ အမှန်လည်း ဟုတ်ပါသည်။ လက်ဆိပ်ရှိ၍ ကံကောင်းသော အမျိုးသမီးတို့သည် မကြာမကြာကျောက်ကောင်းလေးများ ရတတ်ကြရာ ယောကျ်ားတွင်းမှ တွင်းစတွင်းနမရခဲ့သော ဝမ်းရေးအတွက် များစွာ အထောက်အကူပြုလေ၏။

မျှောတွင်းများမှ ထွက်လာသော အောက်ဆုံးစလုတ်၏ အောက်မြောင်းမြီးတစ်လျှောက်တွင် ခနဲဆေးမများ တန်းစီနေခဲ့သော ထိုတွင်းသည် ကျောက်ကျကြောင်း လူတို့သဘောပေါက်ကြ၏။

ထိုသို့ ကျောက်ကျခဲ့သော ကျောက်ကြီးများလေး၍ မမျှောသော်လည်း အောက်ကျောက်ခေါ် ကျောက်မှုန်ကျောက်မွှားတို့ မျှောတတ်ရာ လာဆေးသူတိုင်း နေ့တွက်ကိုက်တတ်ကြလေ၏။ ထို့ကြောင့် တွင်းတစ်တွင်း ကျောက်ကျ၊ မကျ ခနဲဆေးမတို့ကို ကြည့်၍သိနိုင်၏။ ကျောက်ပါးရှားသော တွင်းတို့ကိုမူ အများအားဖြင့် သွားလေ့မရှိကြပါ။

မိုးရာသီ၌ မိုးကြီး၍ တွင်းမြောင်းမြီးများရေလွှမ်းကာ သဲရှိသမျှ အကုန်မျောကုန်သော် ထိုသဲနှင့် ကျောက်တို့သည် ချောင်းထဲသို့ မျောပါကာ ချောင်း၌ဝပ်လေ၏။ မိုးရာသီရေအားလျော့ချိန်တွင် အချို့မှာ ချောင်းကို မှတ်ထားကာဆေးလေ့ရှိကြ၏။

ထို့အပြင် မြေတောင်များပြိုကျခြင်း၊ ချောင်းကမ်းပါးများပဲ့ကျခြင်းတို့လည်းဖြစ်တတ်ရာ ထိုအခိုက် မြေတို့၌ ကျောက်ကြီးကျောက်ကောင်းတို့ပါလာပြီး ချောင်းထဲ၌ သောင်တင်၍နေတော့၏။ ကံကောင်းသူ ခနဲဆေးမတို့သည် ကျောက်တို့အား ဆိုက်ဆိုက်မြိုက်မြိုက် ရတတ်ကြလေ၏။

မြို့နေလူတန်းစားတို့မှာမူ ထိုခနဲဆေးခြင်းအလုပ်အား အများအားဖြင့် မလုပ်ကြပါ။ ကျောက်ရောင်းဝယ်ခြင်း၊ ပွဲစားလုပ်ခြင်း၊ ကျောက်သွေးခြင်းတည်း ဟူသော သက်သက်သာသာအလုပ်သာ လုပ်တတ်ကြပါသည်။

ပုတ်တော ဟူသည်မှာ နှီးတောင်းပတ်ပတ်လေးဖြစ်သည်။ နှီးလုံးသေးသေးလေးများဖြင့် ရက်ထားပြီး ကြောင်လိမ်နှုတ်ခမ်းလုံးထားသဖြင့် ထိုနှုတ်ခမ်းဖြင့် သဲကိုထိုးကော်၍ရအောင် တောင့်တင်း၏။

မိုးကုတ်တောမလေ့၌ အမျိုးသမီးမီးဖွားခဲ့သော် 'ပုတ်တောလား၊ သံချောင်းလားဟေ့' ဟု မေးကြလေ့ရှိ၏။ ပုတ်တောလေးဟေ့ဆိုပါက မိန်းကလေးဖြစ်ကာ သံချောင်းလေးဟဲ့ဆိုပါက ယောကျ်ားဖြစ်လေ၏။

မျှောတိုက်ရာဝယ် သံချောင်းရှည်သည် လွန်စွာအရေးပါလှ၏။ ဖြန်းထိုးရ၏။ ခဲကြီးများထိုးကန့်လန့်ခွဲရ၏။ ခဲကြီးများလှိမ့်ရ၏။ သူမပါလျှင်မပြီးပါ။ သံချောင်းသည် ကျောက်တူးရာ၌ လွန်စွာ အရေးပါလှ၏။ သို့ကြောင့် ပုတ်တောကို မိန်းကလေးနှင့် တင်စားကာ သံချောင်းကို ယောကျ်ားနှင့်တင်စားကြ၏။

တောနေလူတန်းစားတို့သည် ယောကျ်ားများ ကျောက်တွင်းတူးကြရာ တွင်းသုံးပစ္စည်းတို့ဖြစ်သော သံချောင်းများ၊ ပေါက်ပြားများ၊ တူကြီး၊ တူသေးများ၊ ယမ်းထွင်းစို့များ၊ ခေါက်စကာ၊ ဝိုင်းစကာများနှင့် ဖောက်တွင်းရာသီအတွက် သံချောင်းတို့၊ ပေါက်ပြားတို့၊ သစ်ခုတ်ဓား၊ စက်သီး၊ စက်သီးကြိုး၊ စက်သီးတိုင်၊ တူသေး၊ တာရာပုံး စသည်ဖြင့် စုံစုံလင်လင် အိမ်တိုင်းရှိကြလေ၏။ တွင်းသည် သူတို့၏ အသက်သွေးကြောမဟုတ်ပါလား။

## ❑ အလှဒေဝီမမေရီ

မိုးကုတ်အနောက်ပိုင်း ကျောက်ဖျာရွာတွင် လူပျိုခေါင်း ကိုအုန်းခိုင်နှင့် ဇနီး မရင်တို့ရှိ၏ ။ ဇနီးမောင်နှံနှစ်ဦးစလုံး ဖြူဖွေးလှပကြရာ သားသမီးတို့သည် ရွာ၌ အလှဆုံးဖြစ်ကြလေ၏။

ထိုဇနီးမောင်နှံမှာ သားသမီး(၁၀)ဦးဆက်တိုက်မွေးရာ မမေရီ၊ မမေသန်း၊ မောင်သန့်ဇင်၊ မမေဝင်း၊ မောင်မြင့်၊ မအဲမ၊ မန္တဲ့နွဲ့စန်း၊ မမေခိုင်ဟူ၍ (၈) ဦး အဖတ်တင်၏။

ထို (၁၀) ယောက်မွေးပြီးသော် ကိုအုန်းခိုင် အသက် (၄၀) ကျော်စတွင် အဆုတ်ကင်ဆာဖြင့်သေ၏။ မရင်သည် ထိုအချိန်တုန်းက အသက် (၄၀) ခန့်ရှိပြီး ကိုအုန်းခိုင်ရှိနေပါက နောက်ထပ်အများကြီးမွေးအားရှိသေး၏။ မိုးကုတ်သူတို့သည် အချို့ အသက် (၆၀) နီးမှ သွေးဆုံးသူတို့ရှိကြ၏။ ဤသည်မှာ မိသားစုဖြစ်စဉ်ဖြစ်သည်။

မမေရီ၊ မမေသန်းတို့သည် အထက်အောက်ဖြစ်သော်ငြားလည်း အေးပြီးအာဟာရပြည့်ဝသော မိုးကုတ်ဝယ် ငယ်ငယ်နှင့်အရွယ်ရောက်လေ့ရှိကြ၏။

မမေရီနှင့် မမေသန်းတို့မှာ လူကောင်ထွားကျိုင်းသဖြင့် ဖြူဖွေးကာ ပေမီကိုက်မီအလွန်ပင်လှပကြပါသည်။ အကြီးဆုံးမမေရီက ဖြူပြီးရဲတွတ်နေ၏။ အပျိုပေါက်သွေးဆူချိန်ဖြစ်ရာ ပန်းတစ်ပွင့်ပမာ မြင်သူငေးမျှလှသလို အငယ်မ မမေသန်းမှာ မမေရီထက် ပို၍လှပြီး ဆိုဖွယ်မရှိလောက်အောင်လှသူဖြစ်၏။ သူတို့သည် ရွာ၌အစီးများဖြစ်ကြ၏။

လူတွေက မမေရီကို 'အလှဒေဝီမမေရီ' ဟု ခေါ်ကာ တင်စားကြလေ၏။ မမေသန်းကိုမူ 'အလှထိပ်တန်း မမေသန်း' ဟု တင်စားကြပြန်ပါသည်။ တစ်ယောက်တစ်မျိုး ကြည့်၍မရိုးအောင် အလွန်လှပသော ညီအစ်မဖြစ်ရာ သူတို့၏အလှမှာ မြို့ပြတိုင်ကျော်စောပါသည်။

ရှမ်းမများဖြစ်ကြသဖြင့် တုတ်တုတ်ခဲခဲရှိကြကာ အားခွန်ဗလလည်းကောင်းကြ၏။ အားလျှင် ခနဲဆေးကြကြ၏။ ကျောက်ကုန်သည်လည်းလုပ်၏။ အများထင်းထမ်းသလို ထင်းထမ်းလည်းသန်၏။ သူတို့၏ ထင်းထမ်းအား အတော်အတန်လူမ၍ပင်မနိုင်ပေ။ ထင်းတုံးများလည်း လွှဖြင့်ဒိုင်ခံဖြတ်လေ့ရှိ၏။

ကိုယ့်ကိုယ်ကိုယ် လှသည်ဟူ၍ နွဲ့၍မနေကြပါ။ ဖခင် တွင်းဆင်းရာ၌ ပင လိုအပ်ပါကလိုက်၍ကူပေး၏။ တစ်နေကုန် ခဲခြင်းတွေထမ်းနိုင်၏။ မည်မျှနွံ့တွေ၊ ဗွက်တွေလူးနေပါစေ၊ မည်မျှနေပူပါစေ သူတို့၏အသားများမှာ ညိုမသွားဘဲ ရဲတွတ်နေတတ်၏။ ပင်ပန်း၍ပါးများရဲတွတ်နေသော်လည်း ပန်းသီးပါးများဖြစ်နေ၍ တစ်မျိုးကြည့်၍ကောင်းပြန်၏။

ထိုညီအစ်မသည် ပြိုင်တူကြီးပြင်းလာရာ မမေရီ အပျိုပေါက်အရွယ်၌



www.burmeseclassic.com

www.burmeseclassic.com

ထူးထူးခြားခြား ပြကျောက်ကို မြင်ဖူးလိုက်ပါသည်။ ထိုပြကျောက်ကို နတ်တို့က ပြန်လည်သိမ်းယူလိုက်ပုံမှာလည်း အံ့ဖွယ်ဖြစ်လေ၏။

**၁ ငမုန်းချောင်း၌**

ထိုစဉ်က မရင်သည် တစ်ရွာလုံး၏ အပ်ထည်များကို ဒိုင်ခံချုပ်ပေးနေရသော စက်ချုပ်အလုပ်ကိုလုပ်သည်။ သူ၏ညီမ မရွှေမှာလည်း သူကဲ့သို့ပင် စက်ချုပ်ရာ တစ်ရွာလုံး သူတို့ညီအစ်မသာ စက်ချုပ်လေ၏။

အပ်ထည်များမှာ လူကြီးသူမတို့၏အင်္ကျီများသာများသည်။ ယောကျ်ားအပ်ထည်မှာ တွင်းဝတ်အင်္ကျီ၊ တွင်းဝတ်ရှမ်းဘောင်းဘီတို့ဖြစ်ပြီး ကလေးဝတ်များလည်း ချုပ်ကြရ၏။

တစ်နှစ်ကျော် တစ်ယောက်နှုန်း ပုံမှန်မွေးဖွားထားသော ကလေးများကို အပျိုဖြန်းအရွယ် မမေဝင်းက ထိန်းကျောင်း၏။ အားလျှင် စက်ချုပ်ကူ၏။ ထို့ကြောင့် အပျိုပေါက်ညီအစ်မမှာ လွတ်လပ်စွာ အလုပ်လုပ်နိုင်ကြ၏။

ရွာ၏ သချိုင်းသွားရာ တောင်ဘက်တံခါးပေါက်မှထွက်သော် ခဏနှင့် သချိုင်းရောက်၏။ သချိုင်းမှအောက်သို့ ဆက်ဆင်းသော် ငမုန်းချောင်းနှင့်မဝေးလှပါ။

ထိုငမုန်းချောင်းကိုဖြတ်၍ ကုန်းပေါ်သို့တက်သော လမ်းအတိုင်းသွားသော် သစ်ဆိမ့်ကုန်းရွာ စခန်းကြီးရွာတို့ ရောက်သလို ထိုလမ်းမှပင် အဝေးရှိ တွင်းလုပ်ကွက်ဖြစ်သော သရက်ပင်ပြန့်၊ ဘပိုင်၊ မြိုင်ကြီး စသော တွင်းလုပ်ကွက်များသို့ရောက်နိုင်၏။

အပျိုပေါက်မလေး မမေရီသည် ခနဲဆေးဖော် ဒေါ်မေနှင့်အတူ ငမုန်းချောင်းသို့ ခနဲဆေးရန်ဆင်းခဲ့၏။ မိုးရာသီမို့ ရှမ်းခမောက်ကိုဆောင်းထား၏။ သို့သော် မိုးကမရွာပါ။ ရွာပါက အကာအကွယ်ရ၏။ သစ်ဆိမ့်ကုန်းသွားရာလမ်း၏ အထက်နား၌ဆေးရန် မမေရီက ရေတသွင်သွင်စီးနေသော ချောင်းထဲသို့ ဆင်းလိုက်၏။ အထက်ပြန့်တွင် ဦးရွှေသိုင်တို့ မျှောတိုက်နေရာ ဒေါ်မေသည် ထိုတွင်းရေမြီးကိုဆေးရန် ဆေးပေါ့လိပ်ကိုကာ တက်သွားတော့၏။

ချောင်းရေမှာ မြေနီတို့ကြောင့် နီရဲနေ၏။ ချောင်းဟုခေါ်သော်လည်း ရေမှာ အများကြီးမဟုတ်ပါ။ တစ်လံမျှအကျယ်တွင် ခြေမျက်စိမြုပ်ရုံမျှသာ ရှိပါသည်။

ချောင်းလယ်မှ ခဲလုံးကြီးများကို ဦးစွာဖယ်ရှားရပါသည်။ ခဲလုံးကြီးများ ရှင်းသွားသော် လက်သီးဆုပ်ခန့်ခဲများအား ရှင်းရပြန်ပါသည်။ ပြီးမှ ခြေဖြင့် ကြိမ်ဖန်များစွာဆောင့်၍ သဲစစ်များ ထိုင်အောင်ပြုကာ စ၍ဆေးပါသည်။ ရသမျှ ကျောက်တို့ကို ထုံးစံအတိုင်း ပါးစပ်ထဲထည့်ကာ ငုံထားရလေ၏။

ကျောက်ကိုသာ အာရုံထားကာ လုပ်ကိုင်ရသော ထိုအလုပ်သည် စိတ်မပြန့်လွင့်ချေ။ တစိုက်မတ်မတ် အလုပ်၌သာ အာရုံတည်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောက်ကြီးကျောက်ကောင်းဟူသည် ကံကောင်းလျှင်ရတတ်သည်မဟုတ်ပါလား။

**၁ ငါးကာရက်ခန့် ပတ္တမြားအစစ်**

အပျိုပေါက်မလေး မမေရီသည် ချောင်းလယ်၌ တစ်ဦးတည်းအေးချမ်းစွာခနဲဆေး၍နေလေ၏။ တစ်ပုတ်တောပြီးတစ်ပုတ်တော ပုတ်တောပေါင်းများစွာဆေးနေရာ အချိန်အတန်ပင်ကြာလာ၏။ သုံးလုံးစီး၊ လေးလုံးစီးကျောက်လေးများသာရပါသည်။

သုံးလုံးစီးဟူသည်မှာ သုံးလုံးချိန်ပါမှ တစ်ကာရက်ရှိသောကျောက်ဖြစ်ပြီး လေးလုံးစီး ဟူသည်မှာ လေးလုံးချိန်မှ တစ်ကာရက်ရှိသော ကျောက်အမှုန်အမွှားများဖြစ်သည်။ အငယ်ဆုံးနှမ်းစေ့အရွယ်ထိများပါက စုပေါင်းရောင်း၍ရ၏။ သို့သော် တန်ဖိုးသိပ်မရှိလှပေ။

ကနယ်ဆေးခြင်း တည်းဟူသော ခနဲဆေးခြင်းသည် တွင်းလုပ်သည် မဟုတ်ရာ ဖျန်းဆေးရခြင်းမဟုတ်၍ ကျောက်ကြီးကျောက်ကောင်း မျှော်လင့်ရန်ဆိုသည်မှာ ဆယ်ရေးတစ်ရေးကိုးရေးတစ်ရာမရေရာဟူသော စကားအတိုင်း ရေရာသောအလုပ်ကားမဟုတ်ပေ။

မမေရီသည် အောက်ခြေသဲစစ်တို့ကို ပုတ်တောဖြင့် ထိုးကော်ပြီး ဃက်ဖြင့်ထပ်မံကြုံးထည့်ကာ ပုတ်တောကိုရေပေါ်ဖော်လိုက်၏။

"ဟင်"

မိမိမျက်စိကိုပင်မိမိမယုံနိုင်အောင် ဖြစ်သွားရ၏။ ပုတ်တောအလယ်တည့်တည့်တွင် နီရဲ၍လှပလွန်းသောပေါက်စီပုံစံ မို့မို့မောက်မောက် ပတ္တမြားကြီးတစ်ပွင့်သည် ငွားငွားစွင့်စွင့်ထိုင်လျက်ရှိနေချေ၏။ ပမာဏအားဖြင့် ငါးကာရက်ခန့်အရွယ်ရှိမည်ဖြစ်ပြီး အရည်ပြည့်ဖြစ်သည့်အတွက် ထိုထက်ပိုလျှင် ပိုနိုင်၏။ ကြည့်ရုံနှင့် ဖန်သားမှန်သားဖြစ်မှန်းသိလိုက်ပြီး ကျောက်ကြီးကျောက်ကောင်းဖြစ်သည်ကို မိုးကုတ်သူမို့ နားလည်ပါသည်။

ဝမ်းသာပီတိစိတ်တို့မှာ ရုတ်ခြည်းလွှမ်းမိုးသွားမှုကြောင့် ခေတ္တကြောင်ကြည့်နေပြီး ထိုကျောက်အား ကောက်ယူရန် လက်အပြင်လိုက်မှာပင် -

"အို"

"ဖျော"

ထဘီသည် ရုတ်တရက်ကျွတ်ကျသွားရာ ရုတ်တရက်လန့်ပြီး ထဘီကို ကပျာကယာ ဖမ်းအဆွဲ၌ ပုတ်တောထဲမှသဲများစောင်းပြီးဖိတ်ကျကုန်တော့၏။ ထိုအခါ ဖျောဟူသော သဲများရေထဲသို့ ကျသံ ထွက်ပေါ်လာပါသည်။ ရှက်လွန်း၍ပတ်ဝန်းကျင်ကြည့်မိ၏။ လူမရှိပေ။

"သွပ်သွပ်သွပ်-သွားပါပြီဟယ်"

ဟု ညည်းတွားမိလေ၏။

ပုတ်တောကို ချောင်းဘေး၌ချကာ ထဘီကို အမြန်မြဲမြဲပြန်ဝတ်လိုက်၏။ ပြီးသည်နှင့် ပုတ်တောထဲ နည်းနည်းကျန်သောသဲကိုကြည့်မိသည်။ ကျောက်ကြီးကား ပြန်လွတ်ထွက်သွားသည့်အတွက် ထိုနေရာတစ်ဝိုက်နှင့် အောက်နားရှိသဲတို့ကို ကြိမ်ဖန်များစွာ နေရာမရွေ့ဘဲဆေးနေမိ၏။ ထိုကျောက်ကြီးက ပေါ်မလာတော့ပေ။

**၁ ပတ္တမြားနှင့်အရှက်**

မိုးများသောဒေသ ဖြစ်သဖြင့် အတွင်းခံစီဒီဘောင်းဘီတို့များမှာ လျှော်ထားရာမှ အတော်နှင့်မခြောက်သဖြင့် ယနေ့ထွက်လာရာ အတွင်းခံမပါခဲ့ပါ။

ထဘီကို မြဲမြံအောင်ဝတ်ထားပါသော်လည်း ကျောက်ကောက်မည်လုပ်ပါက ကြုံကြုံဖန်ဖန်ကျွတ်ကျရလေခြင်းဟူ၍ စိတ်မကောင်းခြင်းကြီးစွာဖြစ်ရပါသည်။ တော်သေးသည်၊ သူ၏ဝန်းကျင်၌ မည်သူမျှမရှိ၍ဖြစ်သည်။ ရှိများရှိပါကလည်း သေမည်လားမပြောတတ်ပေ။

လူမရှိသူမရှိတောထဲ၌ဖြစ်ပါသော်လည်း အရှက်သည် အရှက်သာဖြစ်ရာ စိတ်ထဲတွင် ရှက်မဆုံးအောင်ရှိချေ၏။ အရှက်ကို မျက်ကွယ်ပြု၍ ပတ္တမြားကို ကောက်သော် ရနိုင်၏။ ထိုပတ္တမြားသည် မိန်းကလေးတစ်ဦး၏အရှက်နှင့် နှိုင်းစာသော် မပြောပလောက်အောင် ငယ်သွားလေ၏။

www.burmeseclassic.com

ကြယ်ဖြူမင်း
အမှတ်တံဆိပ်
ဆီးချို၊ သွေးချိုသောက်ဆေး

ဆီးရှိသွေးရှိကြောင့် မကြာခဏ ရေငတ်ခြင်း၊ ဆီးမကြာခဏသွားပြီး ဆီးအောင့် ဆီးကျန်ခြင်း၊ ခြေထိပ်လက်ထိပ် ထုံကျဉ်ကိုက်ခဲခြင်း၊ ချွေးထွက်များ၍ ကိုယ်ခန္ဓာအားအင် ကုန်ခမ်း နုံးချိခြင်း၊ မောပန်းနွမ်းနယ်၍ ခြေလက် မသယ်ချင်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ မျက်စိ ဝေဝါးမှုန်ခြင်း၊ ယားနာပေါက်ခြင်း၊ အနာနှင့်တကွ ထိခိုက်ရှနာများ မပျောက်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း တို့ကို သုံးစွဲနိုင်ပါသည်။

အမြို့မြို့ရှိ မြန်မာ့ဆေးမျိုးစုံဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။



ပင်ရင်း ကြယ်ဖြူမင်း ဆေးတိုက်
အမှတ်(၄၅၁)၊ သမိန်ဗရမ်းနှင့် အောင်ခြေလမ်းထောင့်၊ (၁၆)ရပ်ကွက်၊ မြောက်ဒဂုံ။
☎ ၀၉-၇၃၀၁၄၀၄၄ ၀၉-၅၀၀၁၄၃၆၊ ၀၉-၅၁၁၉၀၇၂၊ ၀၉-၅၁၉၈၇၈၅

မှတ်ပုံတင် - TMR ၀၁၁၂၉၄(၀၆၁၅)
လိုင်စင် ၂/၂၀၁၃၊ထဆထလ၊(၂၃၈၅)

မြန်မာပြည် ဖြန့်ချိရေး (ပြည်မြို့ - ဆေးနန်းတော်ကြီးဆေးဆိုင်)၊ (တောင်ငူမြို့ - ရွှေစင်လောင်းဆေးဆိုင်)
(ဝုသိမ်မြို့ - မြခုမ္ပာဆေးနန်း)၊ (ဖဲ့မြို့ - တသ်ာတုန်းဆူသနဲ့ဆေးဆိုင်၊ တသ်ာတုန်းသစင်းစတိုး)

အပျိုစင်အပျိုပေါက်တစ်ယောက်အတွက်မူ အရှက်သည် အသက်တစ်မျှ အရေးကြီး၏။ ထိုအရှက်ကို ကာကွယ်ရာမှ ပတ္တမြားကြီးပြန်လည်ဖိတ်စင် ပျောက်ကွယ်သွားရလေ၏။ စိတ်ထဲတွင်ကြိတ်ခဲမရအောင် ရှက်မိသလို ပတ္တမြားကြီးကိုလည်း နှမြောတသနေမိလေ၏။ ထို့ကြောင့် ထိုကျသွားသောဝန်းကျင်မှ မရွှေ့စတမ်းဆေးနေရာ ညနေစောင်း၍ ဒေါ်မေပင်လျှင် ငမုန်းချောင်းအထက်ပိုင်းမှ ပြန်ဆင်းလာခဲ့တော့၏။

"ဟဲ့ - မေရီ နင့်ဟာက မနက်ရောက်ကတည်းက ဒီနားဆေးနေတာ နေရာမရွှေ့ဘူးလား"

"ဟင့်အင်း၊ ဒီနားသဲထူတာနဲ့ ဒီတစ်ဝိုက်ပဲ ဆေးနေတာ"

"ပြန်ချိန်တောင်ရောက်ပြီဟဲ့။ ပြန်ကြရအောင်လား"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့"

ဟု ပြောကာ လည်ပင်းမှ အိတ်စလဲထဲသို့ ပါးစပ်ထဲမှကျောက်များထွေးထည့်ကာ ပြန်ခဲ့ကြတော့၏။ ဒေါ်မေကိုမူ ထိုကျောက်ကြီးအကြောင်း စိုးစဉ်းမျှ မပြောပြပါ။ ပြောပြ၍မဖြစ်ပေ။ နောက်နေ့များ၌လည်း ထိုပတ္တမြားအစစ်ကို ပြန်ရှာရဦးမည်ဖြစ်၍ဖြစ်သည်။

၂ ကြိမ်ဖန်များစွာ

မမေရီသည် အိမ်ရောက်သော် မိသားစုများအား သူကြုံတွေ့ခဲ့ရသည့် အဖြစ်ကို ပြောပြသည်။ ထိုကျောက်သည် သူ့မျက်စိထဲက လုံးဝမထွက်တော့ပေ။ နောက်နေ့နောက်နေ့များတွင်လည်း ထိုဝန်းကျင်၌ လည်းကောင်း၊ ထိုဝန်းကျင်၏ အောက်ဘက်၌ လည်းကောင်း ကြိမ်ဖန်များစွာ ခန့်ဆေး၍ ပြန်ရှာ၏။ ကျောက်ကြီးကား စူဠလိပ်ရေထဲလွတ်လိုက်သည့်ပမာ အပြီးတိုင် ပျောက်ကွယ်သွားခဲ့ခြင်း ဖြစ်သည်။

နောက်မကြာမီမှာပင် ထိုကျောက်ကြီး အောက်ဆက်မျောသွားသည်ဟု ယူဆကာ အောက်ဘက်မှစ၍ ကိုအုန်းခိုင်က မျှောတိုက်၍ရှာပြန်၏။ အခြားကျောက်တို့သာရလျက် ထိုကျောက်ကိုကား မမေရီခန့်ဆေးသည့်နေရာရောက်သည့်တိုင် မတွေ့ရတော့ပါ။ သို့ကြောင့် ကြိမ်ဖန်များစွာရှာပါသော်လည်း မတွေ့ရသည့်အခါ ထိုကျောက်အား ပြ ကျောက်ဟူ၍ သတ်မှတ်လိုက်ကြတော့၏။ ထိုကျောက်သည် မမေရီကို ပြ ပြ၍ မရသောကျောက်ဖြစ်ရာ မမေ တစ်သက်တော့မမေ့ရက်မည်မဟုတ်ပေ ထို့ထက်မူ ကျောက်ကိုပြန်၍သိမ်းပုံ လည်း ထိုပတ္တမြားကိုစောင့်ရှောက်သော နတ်သည် အကျိုးစားသန်သည်ဟု ဆို ပေတော့မည်။ ပြန်သိမ်းလိုက်ပုံ ဆန်းကြယ်လှပါဘိ။

ကျောက်ဖျာရွာသို့အမှတ်တ

ချမ်းမြေ့ကြပါစေ

နေပြည်တော်ကျော်ကျော်

www.burmeseclassic.com

ဦးအောင်လှိုင်(သုဝဏ္ဏ)

# ဖုန်းရွှေပညာ

## သိကောင်းစရာ

**ကိုယ်စားပြုကိုယ်အင်္ဂါအစိတ်အပိုင်းများ**

ပါ့ကွာရှိ ကွာတစ်ခုချင်းစီအလိုက် ကိုယ်အင်္ဂါအစိတ်အပိုင်းတစ်ခုစီက (ပါ့ကွာ၏ အနား ၈-နားအတွက်)တစ်မျိုးစီ ကိုယ်စားပြုထားကြသည်။ ထို့ကြောင့် ပါ့ကွာမှ ကွာ (၈) ခုအတွက် ကိုယ်စားပြု အင်္ဂါအစိတ်အပိုင်း(၈)ခုမှာ ခြေထောက်၊ ဆင်ပါး၊ မျက်စိ၊ ပါးစပ်၊ ခေါင်း၊ နားရွက်၊ လက်နှင့် ဆက်ဆံရေး၊ အချစ်ရေးကွာ အတွက် အဓိကကျ အစိတ်အပိုင်းများ ပင် ဖြစ်သည်။

အထက်ပါ ကွာ (၈) ခုတွင် ပါဝင်ခြင်းမရှိသည့် ပါ့ကွာ၏ အလယ်ဗဟို (ကျန်းမာရေး) ဆိုင်ရာ ကွာအတွက် ကိုယ်စားပြု အင်္ဂါအစိတ်အပိုင်းမှာ အထက်တွင် ဖော်ပြခြင်းမရှိခဲ့သည့် အခြားသော အင်္ဂါအစိတ်အပိုင်းများပင် ဖြစ်သည်။

**ကျန်းမားရေးဆိုင်ရာကွာကိုယ်စားပြုကိန်းဂဏန်း (၉)**

(၉) ဂဏန်းသည် ကျန်းမာရေး ဆိုင်ရာကွာအား ကိုယ်စားပြုသည်။ ၎င်းမြင် (၉) ဂဏန်းသည် (တစ်လုံးတည်းသော ၁ မှ ၉ အထိ ရှိသော ဂဏန်းများ အနက်) အကြီးဆုံး ဖြစ်သည်။

ထို့ကြောင့် အကြီးဆုံးနှင့် အရေးပါဆုံးသော ကိန်းဂဏန်း စိုးမိုးသည့် ကျန်းမာရေးဆိုင်ရာကွာအား လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးရမည် ဖြစ်သည်။

**ကျန်းမာရေးဆိုင်ရာ ကွာအတွက် အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စများ**

၁။ ကျန်းမာရေးကွာရှိရာ အိမ်၏ အလယ်ကောင်နေရာရှိအခန်း၌ သစ်သားစားပွဲပေါ်တွင် သတ္တုဓာတ်ကိုယ်စားပြုပစ္စည်းများထားရှိပေးပါ။ ကျန်းမာရေးကွာသည် မြေဓာတ်ကိုယ်စားပြုကွာ ဖြစ်သည်။

၂။ အိမ်အတွင်း မည်သည့်နေရာတွင်မဆို ကြောင်လိမ်လှေကားရှိပါက ဖုန်းရွှေအစီအရင်များဖြင့် ကုစားပေးပါ။

၃။ လိုအပ်သလို စွမ်းအင်မြှင့်တင်ပေးပါ။

**ကျန်းမာရေးဆိုင်ရာကွာအတွက်**
**အကျဉ်းချုပ်မှတ်စရာ**

**စွမ်းအင်မြှင့်ပစ္စည်းများ**

မြေဖြင့်လုပ်သော ပစ္စည်းများ၊ အသီးအနှံ၊ အဝါရောင်၊ ရွှေရောင်၊ လေးထောင့်ပုံစံရှိပစ္စည်းများ၊ ပြားသော ပစ္စည်း၊ မီးဓာတ်၊ ကြယ်၊ နေရုပ်ပုံများ၊ ဘာသာရေးဆိုင်ရာရုပ်တုများ၊ အနီရောင်၊ တြိဂံပုံ၊ ပိရမစ်ပုံရှိပစ္စည်းများ။

**အန္တရာယ်ရှိသောပစ္စည်းများ**

သစ်သား၊ အစိမ်းရောင်ရှိ ပစ္စည်းများ၊ ထောင့်မှန်စတုဂံပုံရှိပစ္စည်းများ၊ ကြောင်လိမ်လှေကား။

**ဆန့်ကျင်ဘက်မျက်နှာချင်းဆိုင်၌ ရှိသောကွာ**

မရှိ (အိမ်၏ အလယ်ဗဟိုတွင် တည်ရှိသည်။)

**ကိုယ်စားပြုအင်္ဂါအစိတ်အပိုင်း**

ပါ့ကွာရှိ ကွာအသီးသီးက ကိုယ်စားပြုသော အင်္ဂါအစိတ်အပိုင်းများ မဟုတ်သည့် အခြားအင်္ဂါအစိတ်အပိုင်းများ။

ဆက်စပ်ပတ်သက်နေသောကိန်းဂဏန်း- (၉)

**အပိုင်း (၁၁)**
**ဖုန်းရွှေဆိုင်ရာမေးခွန်းနှင့်ကုစားရမည့်နည်းလမ်းများ**

**ကျွန်ုပ်၏ အိမ်သည် လေးထောင့်ကျသော အိမ်ပုံစံမဟုတ်ခြင်းကြောင့် ပါ့ကွာအား မည်သို့ ပုံဖော်ရမည်နည်း**

ပါ့ကွာပုံစံ ဖော်ဆောင်၍ မရနိုင်သည့် အိမ်ပုံစံကို Fig(46)တွင် လေ့လာပါက (L) ပုံစံရှိနေခြင်းကြောင့် ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာ၊ ဖန်တီးနိုင်စွမ်းနှင့်သားသမီးများဆိုင်ရာကွာတို့ အထင်အရှား ပျောက်ဆုံးနေသည်ကို တွေ့ရသည်။

ထိုကဲ့သို့ (ပါ့ကွာပုံစံ) အင်္ဂါမစုံသည့် အိမ်အား အချိန်မီ လိုအပ်သလို ပြန်ပြင်ရမည် ဖြစ်သည်။

အရပ်ထောင့် (သို့) ကွာပျောက်ဆုံးနေသောနေရာများ၌ (နံရံနှစ်ခုတွေ့ဆုံသောနေရာတွင်) ဒေါင်လိုက် (သို့) အလျားလိုက်ပစ္စည်းများဖြည့်ပေးပါ။

အကယ်၍ ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာ ပျောက်ဆုံးနေခဲ့ပါက အနီရောင်ပန်းပွင့်သည့်အပင်အား ၎င်းကွာရှိရမည့်နေရာ၌စိုက်ပေးပါ။

အကယ်၍ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာ ပျောက်ဆုံးနေပါက အနီရောင်ပန်းပွင့်သည့် အပင်အား ၎င်းကွာရှိရမည့်နေရာ၌စိုက်ပေးပါ။

အကယ်၍ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာ ပျောက်ဆုံးနေပါက ထိုင်နေသောမုဒြာဖြင့် ဗုဒ္ဓရုပ်ပွားတော်တစ်ခုအား ၎င်းကွာရှိရမည့်နေရာ၌ထားပေးပါ (သို့) ဆောင်လမွှန်ဘုရင်၏ ရုပ်ပုံထားရှိပါ။

အိမ်တစ်အိမ်၏ ပျောက်ဆုံးနေသော ကွာအလိုက် လိုက်ဖက်သောဓာတ်-ပစ္စည်းများဖြင့် အစားထိုးကုစားရန် အောက်ပါတို့အား ခွဲခြားနားလည်ထားရမည် ဖြစ်သည်။

**ဒေါင်လိုက်ပုံစံရှိ ပစ္စည်းများ (အိမ်အပြင်ဘက်ခြမ်း၌ ဖြည့်စွက်ပေးရမည့် အစီအရင်များ)**

သစ်ပင်၊
အလံတိုင်၊
မီးတိုင်၊
ချည်တိုင်၊
အိမ်အပြင်ဘက် ခေါင်တိုင်ပါရှိသော မီးလင်းဖို၊

(ဖန်တီးနိုင်စွမ်း၊ သားသမီးများဆိုင်ရာကွာသည် သတ္တုဓာတ်အားကိုယ်စားပြုထားသောကြောင့် ၎င်းကွာ၌



www.burmeseclassic.com

သတ္တုအား ဖျက်ဆီးနိုင်မည့် မီးဓာတ်အစီအရင် မလုပ်မိစေရန် သတိပြုပါ)

ဲရေပန်းထားရှိခြင်း၊ ရေတံခွန် အတု ထားရှိခြင်း၊

(ထင်ပေါ် ကျော်ကြားခြင်းကွာသည် မီးဓာတ်အား ကိုယ်စားပြုထားသောကြောင့် ၎င်းကွာ၌ ရေဓာတ်ကိုယ်စားပြု အစီအရင်မလုပ်ရန်သတိပြုပါ။)

ဗိသုကာလက်ရာများ၊

ပန်းခြံများ၊

ချုံပင်များ၊

ကြီးမားသော ထုထည်ရှိအိုးများ၊

ကလေးကစားကွင်း၊

**ပြားသော (သို့) ပြေပြင်ညီပုံစံရှိသော ပစ္စည်းများ (အိမ်အပြင်ဘက်ရှိအစီအရင်များ)**

ပျောက်ဆုံးနေသော ကွာနေရာ၌ အစားထိုးဖြည့်စွက်ရန် ဖဲကြိုးနီ၊ ကြိုးနီများသုံးပါက မြေကြီးအတွင်းထည့်မြှုပ်ထားနိုင်သည်။

ကျောက်တုံး၊ အုတ်ခဲ၊ ကြွေပြားများ၊ ရေကူးကန်၊ ရေဓာတ်ပါအစီအရင်များ (ထောင့်ချွန်း၊ ချွန်ထက်နေသောပုံစံမပါရှိစေဘဲ လုံးဝန်းသောပုံစံဖြင့်သာထားရှိရသည်။)

သလင်းကျောက် (ပျောက်ဆုံးသော ကွာနေရာ၌ မြေကြီးထဲထည့်မြှုပ်ပေးနိုင်သည်။)


မီးအစီအရင်ပါရှိသော တွင်းတူးခြင်း၊

သဲထည့်ထားသည့်သေတ္တာ၊




**ပုံစံရှိနေသော (ကွာများပျောက်ဆုံးနေသော) အိမ်ပုံစံ**

အထက်တွင် ဖော်ပြခဲ့သော ပျောက်ဆုံးနေသည့် ကွာနေရာများကို အစားထိုး အစီအရင်များအား အိမ်





**ပျောက်ဆုံးနေသော ကွာနေရာများ၌ သက်ဆိုင်ရာ ကိုယ်စားပြု ဓာတ်-ပစ္စည်းများဖြင့်အစားဖြည့်ထား**


အပြင်ဘက်၌ ပြုလုပ်ရသည်။

အိမ်အတွင်းဘက် ပျောက်ဆုံးနေသော ကွာနေရာများ၌ သလင်းကျောက်တုံးများထားရှိပေးရန် လိုအပ်သည်။

ထွက်ငွေများနေပါသည်။ ထို့အတူ အဆိုပါ ချွန်းထွက်နေရာတွင် ကလေးများ၏အိပ်ရာရှိပါက ငယ်ငယ်ရွယ်ရွယ်နှင့်အိမ်မှထွက်သွားရတတ်သည်။ချွန်း




**အိမ်၏ပုံကွာမှ ရှေ့သို့ချွန်းထွက်နေသောပုံစံ**




**အိမ်၏ပုံကွာမှ ချွန်းထွက်နေသောနေရာအား ကုစားပုံ**

Fig 48 (ပေါ်-ပုံ) တွင် ချွန်းထွက်နေသည့်နေရာ၌ မီးဖိုချောင်ရှိပါက အိမ်တွင်နေထိုင်သူများ မီးဖိုချောင်တွင် ချက်ပြုတ်စားသောက်ခြင်းမပြုဘဲ အပြင်သို့ထွက်စားသည့်အကြိမ်များခြင်းကြောင့်

ထွက်နေသောနေရာမှ မကောင်းသည့် ချီဓာတ်များ အိမ်အတွင်းမဝင်ရောက်နိုင်ရန် အဆိုပါနေရာ၌ ကြည့်မှန်ထောင်ထားပေးပါ။

သတိပြုရန်မှာ နံရံသည် ကြည့်မှန်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

နှင့် အပြင်ဘက်အခန်းတို့တွင် ရှိရန်လို အပ်သည်။

**အရှေ့တံခါးနှင့် မျက်နှာချင်းဆိုင်နေရာအား အကောင်းဆုံးအသုံးပြုခြင်းအဖြစ် ရှိရမည့်အခန်းများ**

အရှယ်ရောက်ပြီး သားသမီးတို့၏ အခန်း၊

အိမ်တွင်တွဲဖက်ထားသည့်ရုံးခန်း၊

ကားဂိုဒေါင်၊

ရေချိုးခန်း။

**အရှေ့တံခါးနှင့်မျက်နှာချင်းဆိုင်နေရာ၌ မထားရှိသင့်သောအခန်းများ**

အိပ်ခန်းကျယ်၊

ကလေးငယ်တို့ အခန်း၊


မီးဖိုချောင်၊

သင်၏အခန်းသည် ပင်မတံခါး၏ အရှေ့ဘက်တွင်ရှိနေပါက ပါ့ကွာပုံစံပြုလုပ်ထားသည့် ကြည့်မှန်အား မိမိအခန်းအပြင်ဘက်၌ ချိတ်ထားပေးပါ။ မှန်ထားရှိရာ၌ နံရံသည် မှန်နှင့်အခန်းကြားတွင်ရှိနေရန် လိုအပ်သည်။

**ကျွန်ုပ်အိမ်၏ တစ်စိတ်တစ်ပိုင်းသည် ကပ်လျက်ရှိအိမ်တွင်း ကျရောက်ကာ သက်ဆိုင်ရာကွာများ ပျောက်ဆုံးနေပါက မည်သို့ အစားဖြည့်ရပါမည်နည်း**

မိမိအိမ်က ကပ်လျက်အိမ်အတွင်း တစ်စိတ်တစ်ပိုင်းကျရောက်နေပြီး ကပ်လျက်အိမ်၏ တစ်စိတ်တစ်ပိုင်းကလည်း မိမိအိမ်အတွင်းသို့ အပြန်အလှန် ကျရောက်နေတတ်သည်။ ထိုအခါ စွမ်းအင်ရောထွေးမှုကိုဖြစ်စေပြီး စွမ်းအင်တစ်ခုခု၌ လွန်ကဲသွားတတ်သည်။


ထိုအနေအထားအား ကုစားရန် နံရံနှစ်ခုဆုံတွေ့သော်နေရာ (မိမိအိမ်နှင့် ကပ်လျက်အိမ်တို့ရှိ နံရံများအပြန်အလှန် တွေ့ဆုံသည်နေရာ) ၌ အပင်စိုက်ခြင်း၊ သလင်းကျောက်တုံး၊ သလင်းကျောက်ဘောလုံးချိတ်ဆွဲခြင်း၊ ဆည်းလည်းချိတ်ဆွဲခြင်းတို့လုပ်ပေးရသည်။




MPLETE THE SHAPE
F YOUR APARTMENT AND
OP ARROW CH'I WITH A
LANT, CHIME, OR CRYSTAL.

**မိမိအိမ်နှင့်ကပ်လျက်အိမ်တို့ အပြန်အလှန်နေရာလွန်ကဲစွာကျရောက်ပုံ**

**မိမိအိမ်ခေါင်မိုး၏ အောက်တည့်တည့်၌ တင်းကုပ် (သို့) အလုပ်ရုံရှိပါက အိမ်အတွက် ထိခိုက်နိုင်ပါသလား**



SHED ACCESSIBLE FROM OUTSIDE, BUILT ONTO HOUSE, AFFECTS THE CH'I.

**ခေါင်မိုးအောက်တည့်တည့်၌ တင်းကုပ်/အလုပ်ရုံရှိနေပုံ**


အိမ်မကြီး၏ တံစက်မြိတ် (ခေါင်မိုး) အောက်တည့်တည့်တွင် တင်းကုပ်၊ အလုပ်ရုံ (သို့) အခန်းပိုတစ်ခုရှိနေပါက အိမ်မကြီး၏ စွမ်းအင်များအပေါ် အကျိုးသက်ရောက်မှု ရှိတတ်သည်။

အကယ်၍ အဆိုပါ တင်းကုပ်၊ အလုပ်ရုံသည် မည်သည့်ကွာနှင့်နီးကပ်စွာရှိနေပြီး၊ မည်သို့ထိခိုက်မှု ရှိနိုင်၊ မရှိနိုင် စစ်ဆေးပြီး တစ်စုံတစ်ရာ ထိခိုက်မှုမရှိလျှင် နဂိုအတိုင်းထားရှိနိုင်သည်။

**သီးခြားခွဲထုတ်ထားသော ကားဂိုဒေါင်နှင့် အိမ်မကြီးနှင့်အတူ တွဲဖက်တည်ဆောက်ထားသည့် အဆောက်အအုံငယ်များအား မည်သို့စွမ်းအင်မျှစေနိုင်သနည်း**

အိမ်အတွင်း ကွာနေရာအလိုက် လေ့လာစစ်ဆေးရာ၌ အိမ်မကြီးနှင့် တစ်ဆက်တည်းရှိနေသည့် ခွေးအိမ်ရှိ၊ မရှိ (သို့) အိမ်မကြီးနှင့် သီးခြားတည်ရှိနေသော ကားဂိုဒေါင်ရှိ၊ မရှိ စစ်ဆေးပါ။

အိမ်အတွင်း ပါ့ကွာပုံစံရေးဆွဲပြီး သက်ဆိုင်ရာ ကွာအလိုက်မထားရှိရမည့် အခန်းများကို ပြန်စဉ်းစားပေးပါ။ အထူး





**သီးခြားခွဲထုတ်ထားသော ကားဂိုဒေါင်နှင့် အိမ်မကြီးအတိုင်း တစ်ဆက်တည်းရှိနေသော အဆောက်အအုံငယ်များ**




www.burmeseclassic.com

www.burmeseclassic.com




ကြီးပွားချမ်းသာခြင်းဆိုင်ရာ ကွာ အနီး ရေအိမ်ရှိနေပုံ




ကြီးပွားချမ်းသာခြင်းကွာနှင့် မိသားစုဆိုင်ရာကွာ နှစ်ခုတို့နေရာ၌ ရေအိမ်တည်ရှိနေပုံ

သဖြင့် ကြီးပွားချမ်းသာခြင်းဆိုင်ရာ ကွာ၌ ရေအိမ်လုံးဝမရှိစေရန် သတိပြုပါ။


**ရေအိမ်နေရာအား အခန်း၏အစိတ်အပိုင်းအဖြစ် ထည့်သွင်းစဉ်းစားရမည်လား**

အထက်ပါမေးခွန်းအရ ရေအိမ်အတွင်းမှ ပုံဖော်သော ပါ့ကွာသည် ရေအိမ်နှင့် ကပ်လျက် ကွာနှင့်ကိုက်ညီမှု ရှိပါက တစ်စုံတစ်ရာ ပြဿနာရှိနိုင်မည် မဟုတ်ပေ။

**ညွှန်းတည်ဆောက်ပုံစုထွက်နေပါက မည်သည့်အကျိုးသက်ရောက်မှုများ ဖြစ်သနည်း**

ချီဓာတ်သည် ရေကဲ့သို့ပင် မြင့်ရာမှနိမ့်ရာသို့ စီးဆင်းတတ်သည်။ အကယ်၍ စုထွက်နေသောနေရာ၌ ကြည့်မှန်၊ သလင်းကျောက်၊ မျက်နှာကြက်ပန်ကာ၊ ကောင်းကင်၌ရှိသော ကြယ်၊ လေယာဉ်ပျံပုံများ၊ ငှက်ရုပ်ပုံများထားရှိပေးနိုင်သည်။


**ကျွန်ုပ်သည် မြေအောက်ခန်း အပါအဝင် နှစ်ထပ်တိုက်တစ်လုံးတွင် နေထိုင်ပါသည်။ ကျွန်ုပ်နေသော အိမ်အတွင်း ဖုန်းရွှေ အစီအရင်လုပ်ရန်လိုပါသလား**




သင်နေထိုင်သော အိမ်အတွင်း ချွန်းထွက်နေသော ထောင့်စွန်းများ၊ မျက်နှာကြက်ပေါ်မှ အထင်းသားရှိနေသည့် ရက်မတန်းများ ရှိ၊ မရှိစစ်ဆေးပါ။ ထို့နောက် အိပ်ရာခြေရင်းနှင့် ရေအိမ်၊ ရေချိုးခန်းတို့ တန်းနေခြင်း ရှိ၊ မရှိ စစ်ဆေးပါ။

လိုအပ်ပါက ဖုန်းရွှေအစီအရင် ကောင်းများအား အခက်အခဲမရှိ အသုံးပြုပါ။ အထပ်မြင့် (အထက်၊ အောက်) အခန်းများနှင့် အောက်ထပ်လှေကားတို့ တစ်တန်းတည်း ရှိ၊ မရှိ စစ်ဆေးပါ။

**ကျွန်ုပ်အိမ်သည် လမ်းမထက်အောက် နိမ့်နေခြင်းကြောင့် အဆင်ပြေပါသလား**










www.burmeseclassic.com

www.burmeseclassic.com

အများအားဖြင့် ရှိတတ်သည်။ အကယ်၍ လမ်းမပေါ် မှစီးကျလာသော ရေများ မိမိတံခါးဆီသို့ ဦးတည်နေပါက အန္တရာယ်ရှိသောလက္ခဏာ ဖြစ်သည်။ ထိုအနေအထားအား ကာကွယ်ရန် အိမ်ရှေ့တံခါးအနီး ကျောက်တုံးတစ်တုံးချထားပေးပါ။ ထို့နောက် မီးအလင်းရောင်ထွန်းပေးပါ။

**ရှည်လျားသော လမ်းအဆုံး၌ အိမ်တည်ရှိနေပါက ပြဿနာရှိပါသလား**




ADD BOULDERS IN THE LANDSCAPE TO SLOW DOWN CH'I

**ရှည်လျားသော လမ်းအဆုံး၌ရှိသောအိမ်အားစီရင်ပုံ**


ထိုအနေအထားအရ အန္တရာယ်ရှိသောအခြေအနေဖြစ်သည်။ထို့ကြောင့် အရှေ့တံခါးအား အနီရောင်ဆေးသုတ်ပေးပါ။ ထို့နောက် တံခါးအရှေ့၌ ကြည့်မှန်ထားပေးပါ။ ခြံဝင်းအတွင်း ကျောက်တုံးကြီးချထားပေးပါ။ ထိုအခါ ရှည်လျားသော လမ်းမှထွက်လာသည့် မကောင်းသောချီဓာတ်များ အိမ်အတွင်း မဝင်ရောက်စေရန် အကာအကွယ်လုပ်ပေးမည် ဖြစ်သည်။

**ကျွန်ုပ်အိမ်သည် တောင်ကုန်းစောင်းပေါ်တွင်ရှိနေပါက ပြဿနာရှိပါသလား**




**တောင်စောင်းပေါ်တည်ရှိနေသည့်အိမ်ပုံစံ**

တောင်စောင်းပေါ်တွင်ရှိနေသည့် အိမ်တိုင်းလိုလို သိသာစွာစောင်းနေသည်ကို တွေ့ရသည်။ ထိုအနေအထားအား လုံးဝန်းသောကျောက်တုံးနှင့် စက်ယန္တရားပုံစံ ကလေးကစားစရာများအား အခန်းထောင့်၌ ထားရှိပေးသင့်သည်။ ကောင်းသော အစီအရင်ဖြစ်ရန်အတွက် လုံးဝန်းသေးငယ်သော ကျောက်တုံးကလေးများအား မှန်ပေါ်တင်၍ အိပ်ရာအောက်၌ ထားရှိပေးပါ။




**အိမ်နီးချင်းဘက်သို့ ကြည့်မှန်လှည့်ထောင်ထားပုံ**

**စော်ကားတတ်သော အိမ်နီးချင်းများရန်မှ မည်သို့ကာကွယ်ရမည်နည်း**

မကောင်းသောအိမ်နီးချင်းတို့၏ စော်ကားရိုင်းပျမှုများ၊ မကောင်းသော အမူအကျင့် ပြောဆိုဆဲဆိုသံများ၊ အော်ဟစ်ဆူညံသံများသည် မိမိအိမ်အား အနည်းနှင့်အများ ထိခိုက်တတ်သည်။

ထိုအနေအထားကို ပြုပြင်ရန်အတွက် မိမိအိမ်၏ အရေးပါသော ကွာများအား မည်သို့ စွမ်းအင်လျော့ကျစေသည် ဆိုသည်ကို ပထမဦးစွာ လေ့လာပါ။

ထို့နောက် ကြည့်မှန်အား ပြဿနာရှိသော အိမ်နီးချင်းဘက်သို့ လှည့်ထောင်ပြီး ကြည့်မှန်အား မမြင်ကွယ်ရာတွင်ထားရှိပါ။ (အကောင်းဆုံးမှာ အိမ်အတွင်းဘက် နံရံ၌ ထားပေးခြင်းပင် ဖြစ်သည်)

အကယ်၍ ပိုမိုအစွမ်းထွက်သော အစီအရင်လုပ်လိုပါက 'ရှီချင်း' 'တြိရေခါ' ပါသော ကြည့်မှန်အား အသုံးပြုပါ။

**ကျွန်ုပ်သည် မကြာသေးမီက ပြောင်းရွှေ့လာသူ ဖြစ်သည်။ ကျွန်ုပ်လက်ရှိနေသော အခန်းအတွင်း အတိတ်တစ်ချိန်ချိန်က တစ်စုံတစ်ခုသော အဖြစ်အပျက်တစ်ခုရှိခဲ့သလိုမျိုး ခံစားနေရပါသည်။ ကျွန်ုပ်တို့ အခန်းမှာနေခြင်းကို ရှောင်ကြဉ်ရမည်လား (သို့) ဖုန်းရှေ့အစီအရင်လုပ်ပေးနိုင်ပါသလား**


ပထမဦးစွာ ထိုအခန်း၌ သေနေသော အပင်များရှိ၊ မရှိ၊ မျက်နှာကြက်အမိုးပြားများပေါက်နေခြင်း ရှိ၊ မရှိ၊ နံရံနှင့် ပရိဘောဂများ အခြေအနေကောင်းခြင်း ရှိ၊ မရှိ စစ်ဆေးပေးပါ။

အိမ်ခန်းအတွင်းဝင်ရာ၌ စိတ်လေးလံနေခြင်းသည် မကောင်းသော ချီဓာတ်များစွာ ကိန်းအောင်းနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။

ထို့ကြောင့် အဆိုပါ အခန်းအား သန့်ရှင်းရေး စ,လုပ်ပေးပါ။

နံရံနှင့် ကြမ်းပြင်များအားသန့်စင်အောင် ဆေးကြောပွတ်တိုက်ပေးပါ။

ထို့နောက် လိမ္မော်သီးအား အခွံနွာ၍ အခွံအား အစိတ်အပိုင်း (၉) ခုရအောင် ပိုင်းထားပေးပါ။ လိမ္မော်သီး အခွံနွာပြီးသားအား သီးခြားဘေးဖယ်ထားပါ။



**လိမ္မော်ခွံ (၉) ခုပါ ရေဖြင့် အခန်းအား လက်ထောက်၍ ပက်ဖျန်းနေပုံ**

ထို့နောက် လိမ္မော်ခွံ (၉) ခုအား ရေကြည့်သန့်သန့်တွင် စိမ်ပြီး အခန်းအတွင်း ၎င်းလိမ္မော်ခွံပါရေအား လက်ထောက်၍ ပက်ဖျန်းပေးပါ။ ရေဖျန်းရာ၌ လက်ခလယ်နှင့် လက်မကို အသုံးပြုပါ။

ကျွန်ုပ်သည် အထပ်မြင့်တိုက်ခန်းတစ်ခု၏ အပေါ်ဆုံးထပ်တွင် ငှားရမ်း၍ နေထိုင်သည်။ ကျွန်ုပ်ဦးခေါင်း အထက်ခေါင်မိုးအနီး လေအေးပေးစက်များစွာ တပ်ထားသည်ကို တွေ့ရှိရသည်။ ၎င်းပြင် အခန်းအတွင်း လျှပ်စစ်ပစ္စည်းများ တစ်တိုက်လုံးစာအတွက်ထားရှိသည်ကို တွေ့ရပြန်သည်။

ထို့ကြောင့် ကျွန်ုပ်အတွက် တစ်စုံတစ်ရာထိခိုက်နိုင်မှုရှိပါသလား

www.burmeseclassic.com

ထိခိုက်မှုအခြေအနေရာနှုန်းပြည့်ရှိနေသောအခန်း ဖြစ်ပါသည်။ ပြင်ပမှဝင်ရောက်လာသည့် အရိပ်မည်းများနှင့် အက်ကွဲနေသော မျက်နှာကျက်များရှိနေပါက ပို၍ပင် အခြေအနေဆိုးနိုင်ပါသည်။ ထို့ကြောင့် မိမိနေထိုင်ရာ အခန်းအတွင်း အမိုးနှေ့ရာဆီမှ မကောင်းသောချီဓာတ်များ မကျရောက်လာစေရန် မှန်အားအပေါ် ဘက်လှန်ပြီးထောင်ထားပေးပါ။ အမိုးမျက်နှာကြက်ဆီမှ အက်ကွဲကြောင်းနှင့် လေအေးပေးစက်များအတွက် ရေအစီအရင်တစ်ခုထားပေးပါ။ ထိုအခါ ကောင်းသော ချီဓာတ်များဖြင့် မကောင်းသောချီဓာတ်တို့အား တန်ပြန်နိုင်ပြီး လုံခြုံစိတ်ချစွာနေထိုင်နိုင်ပါမည်။

**ကျွန်ုပ်သည် ကားဂိုဒေါင် အပေါ်ထပ်တွင် နေရသူ ဖြစ်သည်။ ထို့ကြောင့် မြေညီထပ်တွင်ရှိသော ကားဂိုဒေါင်မှ အကျိုးသက်ရောက်မှုများ ရနိုင်ပါသလား**

သင်သည် ကားဂိုဒေါင်၏ အပေါ်တည့်တည့်နေရာတွင် နေထိုင်သည်နိုင်ပါက အထူးသတိထားရန် လိုအပ်သည်။

ထို့ကြောင့် ကားဂိုဒေါင်အပေါ်တည့်တည့်နေရာရှိ မိမိအခန်း၏ ကြမ်းခင်း၌ ပရိဘောဂများထားရှိပေးပါ။

ထိုအခါ ပရိဘောဂများက အောက်မှလာသည့် မကောင်းသောချီဓာတ်များအား ပိတ်ကာပေးထားမည်ဖြစ်သည်။

**ကျွန်ုပ်အိမ်နှင့် ခပ်လှမ်းလှမ်းကွာဝေးသောနေရာ၌ ကျွန်ုပ်ကတူးရမ်းထားသည့် စတိုခန်းတစ်ခုတည်ရှိသည်။ ယင်းမှာ အိမ်အတွက် ထိခိုက်နိုင်ပါသလား။**

သင်သည် စတိုခန်းနှင့်ပတ်သက်၍ အောက်ပါအခြေအနေအမျိုးမျိုးရှိနေတတ်သည်။

စတိုးခန်းအား ငွေများစွာဖြင့် ဝယ်ခဲ့ရသည်။

နောင်တစ်ချိန် လိုအပ်လို လိုအပ်ငြား ကြိုတင်စီစဉ်ခဲ့သည်။

တစ်ဦးတစ်ယောက်ထံမှ လက်ဆောင်အဖြစ် ရရှိခဲ့သည်။

စတိုထဲမှ ပစ္စည်းများအား လွှင့်မပစ်ရက်ခဲ့ပါ။

ထို့နောက် စတိုခန်းသည် ကွာအရ အိမ်မကြီးအား ထိခိုက်ခြင်း ရှိ မရှိ တွက်ချက်၍ လိုအပ်သလို အစီအစဉ်ပြုလုပ်ပေးပါ။

**ကျွန်ုပ်သည် လှေအတွင်းအိမ်လုပ်၍နေသည်။ ထို့ကြောင့် ဖုန်းရွှေအစီအစဉ်များ လိုအပ်ပါသလား**

လှေအတွင်းဖြစ်စေ၊ ကားအတွင်းဖြစ်စေ၊ ရွှေ့ပြောင်းနိုင်သောအိမ်အဖြစ်နေထိုင်ပါကလည်း အိမ်ကဲ့သို့ပင် ပါ့ကွာပုံဖော်၍ တွက်ချက်ပေးပါ။ လှေ၊ စက်၊ ပစ္စည်းများအား တစ်ခါတစ်ရံ ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာ၌ ထားရှိပေးပါ။ ထို့နောက် ပင်မတံခါးနေရာအားစစ်ဆေးပါ။

လှေကားပေါ်၌နေထိုင်စဉ်အတွင်း ကွာအလိုက် ကိုယ်စားပြုဓာတ်များကို သတိပြုပါ။ 'မွေးဖွားဖြစ်တည်ခြင်း' နှင့် 'ဖျက်ဆီးပျက်သုဉ်ခြင်း' ပြစက်ဝိုင်းတို့အား လိုအပ်သလို အသုံးပြုပါ။

**အပိုင်း (၁၂)**

**ဖုန်းရွှေဆိုင်ရာအစီအရင်များပိုမိုထိရောက်စွာ အစွမ်းထက်ထိရောက်စေရန် စွမ်းအင်အပိုများပေါင်းထည့်ခြင်း**

ဖုန်းရွှေဆိုင်ရာအစီအရင်များအား အစွမ်းထက်ထိရောက်စေအောင် အသုံးချပေးနိုင်ခြင်းဖြင့် အချိန်ကုန်သက်သာကာ အောင်မြင် တိုးတက်မှုရှိသော အကျိုးရလဒ်ကောင်းများကို ရရှိပိုင်ဆိုင်နိုင်မည် ဖြစ်သည်။

ကျွန်ုပ်တို့၏ ဘဝတစ်သက်တာအတွင်း အပြောင်းအလဲလုပ်သည့်အခါ၌ ပြောင်းလဲလိုက်သော ကွာအလိုက် မကောင်းသော အခြေအနေများနှင့် ကြုံတွေ့ရတတ်သည်။ သို့သော်လည်း အပြောင်းအလဲအချို့က ကောင်းခြင်းဆီသို့ ဦး တည်သွားတတ်ပြန်သည်။

သင်သည် အလုပ်အကိုင်အပြောင်းအလဲလုပ်လိုပါက လတ်တလောအခြေအနေ၌ အလုပ်လက်မဲ့ဖြစ်ချင်ဖြစ်နိုင်သည်။ သို့သော်လည်း ကောင်းသောပြောင်းလဲခြင်းကြောင့် အလုပ်အကိုင်ကောင်းများ ရရှိတတ်သည်။ အရေးကြီးသည်မှာ သက်ဆိုင်ရာ ကွာအလိုက်ပြောင်းလဲမြင်းများ မှန်ကန်စေရန် ထိရောက်သော ဖုန်းရွှေအစီအရင်များအသုံးပြုတတ်ရန်သာ လိုအပ်သည်။ အလုပ်အကိုင်ကောင်းရစေရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာအား စွမ်းအင်မြှင့်တင်ပေးရမည်။ ဖုန်းရွှေသည် ရုပ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း (ပစ္စည်းများနေရာရွှေ့ခြင်း)၊ စိတ်ပိုင်းဆိုင်ရာပြောင်းလဲခြင်း (ရည်မှန်းချက်ပြောင်းလဲခြင်း)တို့ကို ဖြစ်စေသည့်အစွမ်းထက်ပညာရပ်တစ်ခု ဖြစ်သည်။

**ကူညီတတ်သူများ-ခရီးသွားခြင်းဆိုင်ရာကွာအတွက် စွမ်းအင်အပိုမြှင့်ပေးခြင်း**

အိမ်ရှိ ပါ့ကွာအရ ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာ ကွာအား ၎င်းနှင့်ကပ်လျက် ကူညီထုတ်သူများဆိုင်ရာကွာက ထောက်ခံပေးလျက် ရှိသည်။ ထို့ကြောင့် ကွာတစ်ခု စွမ်းအင်မြှင့်သည်နှင့် ၎င်းကွာနှင့်ကပ်လျက်ကွာ မျက်နှာချင်းဆိုင်ကျနေသော ကွာတို့ကိုပါ စွမ်းအင်မြှင့်ပေးရန် လိုအပ်သည်။

**ဆက်ဆံရေးဆိုင်ရာ ကွာအား စွမ်းအင်မြှင့်ပေးခြင်း**

ဘဝတစ်သက်တာလက်တွဲဖော်ကောင်း ရရှိရေးအတွက် ဆက်ဆံရေးဆိုင်ရာကွာအား စွမ်းအင်အပိုမြှင့်ပေးရန် လိုအပ်သည်။

ပါ့ကွာရှိ ကွာတစ်ခုစီအလိုက်စွမ်းအင်မြှင့်တင်ပြီး အောက်ပါ ကောင်းကျိုးများရရှိသည်ကို မိမိခံစားရသည့်အတိုင်း ဖော်ပြပေးနိုင်ပါသည်။

**မိသားစုဆိုင်ရာကွာ**

ကျွန်ုပ်ကြီးမြတ်သူတစ်ဦးအဖြစ်ခံစားရပြီး ကျန်းမာရေးကောင်းနေပါသည်။

မိသားစုအတွင်း ဆက်ဆံရေး၌ ကျွန်ုပ်ပျော်ရွှင်မှုကို ရှာတွေ့ခဲ့သည်။

ကျွန်ုပ်၌ လူတကာနှင့်လိုက်လျောညီထွေ ဆက်ဆံနိုင်သောစွမ်းရည်ရှိသည်။

လူအများက ကျွန်ုပ်အား သူတို့၏ မိသားစုဝင်များကဲ့သို့ ဆက်ဆံကြသည်။

**ကြီးပွားချမ်းသာခြင်းဆိုင်ရာကွာ**

ကျွန်ုပ် ယခုဖြစ်စေ၊ အစဉ်အမြဲဖြစ်စေ ငွေမရလွယ်ကူပါသည်။

ကျွန်ုပ်၌ အစဉ်အမြဲ ငွေကြေးလုံလောက်လျက်ရှိသည်။

ကျွန်ုပ်က သူများကို ပေးတတ်သလို ကျွန်ုပ်ကိုယ်တိုင်လည်း များစွာလက်ခံရရှိတတ်သည်။

**ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာ**

ကျွန်ုပ်အား လူတကာကလေးစားကြသည်။


ကျွန်ုပ်၏ ကျွမ်းကျင်မှုအမျိုးမျိုးကြောင့် လူသိများ၍ ထင်ပေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံကွက် (၉) ခုမှ ကြယ် (၉) ခုအား ခြေရာခံခြင်းပြပုံ




**ဆက်ဆံရေးဆိုင်ရာကွာ**

ကိုယ်ပိုင်ဖန်တီးနိုင်စွမ်းကြောင့် ပျော်ရွှင်ရသည်။ ဖန်တီးနိုင်စွမ်းကိုလည်း လက်တွေ့ထုတ်ပြနိုင်သည်။

ကျွန်ုပ်၏ သားသမီးများနှင့် အစဉ် သဟဇာတဖြစ်အောင် နေထိုင်နိုင်ပါသည်။

**ကူညီတတ်သူများဆိုင်ရာကွာ**

ကျွန်ုပ်သည် အချိန်မှန်၊ နေရာမှန်ဖြင့် ရပ်တည်နိုင်သူ ဖြစ်သည်။

ကျွန်ုပ်အတွက် လိုအပ်သည့် အချိန်တိုင်း လူတကာက ကူညီကြသည်။

လူတကာက ကျွန်ုပ်အပေါ် နှိုးသားမှုတစ္စာ ဆက်ဆံပါသည်။

**အသက်မွေးဝမ်းကျောင်းဆိုင်ရာကွာ**

ကောင်းသောကံကြမ္မာ၏စေစားမှုအတိုင်း ကျွန်ုပ်ရပ်တည်နိုင်သည်။

ဘဝတစ်သက်တာ လုံခြုံစိတ်ချစွာဖြင့် နေထိုင်နိုင်သည်။

**ကျွမ်းကျင်မှုနှင့်ပညာဗဟုသုတဆိုင်ရာကွာ**

ကျွန်ုပ်သည် အခြေအနေအားလုံး၌ ဆရာတစ်ဆူဖြစ်သည်။

စကြဝဠာဆိုင်ရာ အသိဉာဏ်ပညာတို့အား ကျွန်ုပ်ပိုင်ဆိုင်ထားသည်။

**ကျန်းမာရေးဆိုင်ရာကွာ**

ကျန်းမာရွှင်လန်း ပေါ့ပါးနေပါမည်။

ကိုယ်ကာယကျန်းမာသလို စိတ်ပိုင်းဆိုင်ရာလည်း တည်ငြိမ်သည်။

ကိုယ်ပိုင်နည်းလမ်းဖြင့် ပျော်ရွှင်မှုကို ရှာနိုင်သည်။

အံ့သြဖွယ်ကောင်းသော ပျော်ရွှင်မှုများ ကျွန်ုပ်ထံ နေ့စဉ်ရောက်နေဆဲဖြစ်သည်။

**ဖုန်းရွှေဆိုင်ရာ ကြယ် (၉) ခုအား ခြေရာခံခြင်း**

သင်သည် အိမ်၏ ပုံကွာအတိုင်း ကွာတစ်ခုချင်းစီအား ပုံပေါ်အောင် ကြည့်ရှု၍ အတည်ပြုခြင်းကို ကြယ် (၉) ခုအား ခြေရာခံခြင်းဟု ခေါ်ဆိုသည်။ ကြယ်တစ်ခုစီသည် ပုံကွာ၏ ကွာတစ်ခုစီအား ကိုယ်စားပြုသည်။ တစ်ဖန် ကြယ်တစ်ခုစီအလိုက် ကိုယ်စားပြုကွာအမည်များမှာ အောက်ပါအတိုင်း ဖြစ်တွေ့ရတတ်သည်။

၁။ မိသားစုဆိုင်ရာကွာ၊
၂။ ကြီးပွားချမ်းသာခြင်းဆိုင်ရာ ကွာ၊
၃။ ကျန်းမာရေးဆိုင်ရာကွာ
၄။ ကူညီတတ်သူများ၊ ခရီးသွားခြင်းဆိုင်ရာကွာ၊
၅။ ဖန်တီးနိုင်စွမ်းရှိခြင်းနှင့် သားသမီးများဆိုင်ရာကွာ၊
၆။ ကျွမ်းကျင်မှုနှင့် ပညာဗဟုသုတဆိုင်ရာကွာ၊
၇။ ထင်ပေါ်ကျော်ကြားခြင်းဆိုင်ရာကွာ၊
၈။ အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်ဆိုင်ရာကွာ၊
၉။ ဆက်ဆံရေး၊ အချစ်ရေးဆိုင်ရာကွာ။

အထက်ပါကွာ (၉) ခု (ကြယ် ၉-ခု) နေရာတွင် နံရံများ (တစ်နေရာရာ၌) ကျရောက်တာ အတားအဆီး၊ အပိတ်အဆို့သဖွယ်ဖြစ်နေပါက သက်ဆိုင်ရာကွာအလိုက် စွမ်းအင်မြှင့်ခြင်းကို ပြုလုပ်ပေးပါ။

**ရုပ်ဝတ္ထုပစ္စည်းများ အပြောင်းအရွှေ့နှင့် ဖုန်းရွှေဆိုင်ရာဘဝအပြောင်းအလဲ**

လက်ရှိကာလ ကျွန်ုပ်တို့ ပြုမူလုပ်ကိုင်ဆောင်ရွက်သမျှ အားလုံးသည် အနာဂတ်ကာလအတွက် မခြင်းမချန် အကျိုးသက်ရောက်မှုရှိစေမည့် အခြေအနေများပင် ဖြစ်သည်။ ထို့ကြောင့် အနာဂတ်ကာလအတွက် အပြောင်းအလဲကောင်းများအား လက်ရှိကာလ အပြောင်းအလဲများမှတစ်ဆင့် အခြေခံနိုင်အောင် ရုပ်ဝတ္ထုပစ္စည်းများအား လိုအပ်သလို ပြောင်းရွှေ့ပေးရန် လိုအပ်သည်။

ထို့ကြောင့် ဖုန်းရွှေပညာ အစွမ်းထက်မြက်စေရန်အတွက် အဓိကအကြောင်းအရင်းမှာ သင့်ရည်မှန်းချက်နှင့် ယုံကြည်ချက်အပေါ်၌သာ များစွာမူတည်ပါသည်။

ဦးအောင်သိုင်း (သုဝဏ္ဏ)



www.burmeseclassic.com

www.burmeseclassic.com

[ယခု ရေးသားမည့် အကြောင်းသည် တင်ပြခဲ့ဖူးသည့် 'တုန်လှုပ်ချောက်ချားဖွယ်ဖြစ်ရပ်ဆိုး' နှင့် နီးစပ်မှုရှိသည်။ သို့သော်လည်း ထိုအကြောင်းကို နည်းမှီခဲ့ကာ ရေးသားခြင်း မဟုတ်ပေ။ စာရေးသူ၏အဘိုးတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရသော အကြောင်းတစ်ခုကိုသာ ရေးသားမည် ဖြစ်သည်။

ထိုအချိန်က ဤဇာတ်တွင် အဘိုးနှင့်အတူ ပါဝင်ကြသည့် လူအချို့တို့၏ အမည်များကိုလည်း မူလအတိုင်းထည့်ရေးမည်သာဖြစ်သည်။ ဤဇာတ်လမ်း၌ အဘိုးသည် ရွာလုံခြုံရေးမှူး (ကင်းမှူးကြီး)အဖြစ်ပါဝင်သည်။ ကာလအားဖြင့်လည်း ကြာခဲ့ပြီ။

စာဖတ်သူများ ကြားသိနေကြလိမ့်မည်ဟုယူဆရသည့် အလားတူအကြောင်းအရာတစ်ခုသည်လည်း ယခု နွေရာသီ၌ ပြည်မြို့တွင် ကြုံတွေ့ကြရသည်။ အင်တာနက်၊ ဖေ့ဘုတ် စာမျက်နှာများတွင်လည်း ထိုအကြောင်းနှင့် တကွ ယခင်ကြုံတွေ့ခဲ့ကြရသည့်သတင်းများကိုပါ ဖြည့်စွက်ရေးသားကြသဖြင့် ဝေဝေဆာဆာဖတ်ရှုရသည်။

အကြောင်းအရာအမြောက်အမြားကို ဖတ်ရှုမှတ်သားထားဖူးမှ နောင်ဤကဲ့သို့ကြုံတွေ့လာရလျှင် မည်သို့မည်ပုံကာကွယ်ကြရမည်ကို သိနိုင်မည်ဖြစ်၍ ဖြည့်စွက်သည့်အနေဖြင့် ရေးသားတင်ပြလိုက်ခြင်း ဖြစ်ပေသည်။]

❑

# မင်းဟိန်းထိုက်

# ကြောင်ရုပ်ကြီးနှင့်လူ



မြန်မာနိုင်ငံ အင်္ဂလိပ်လက်အောက်မှလွတ်မြောက်ပြီးစအချိန်၌ မြို့ကြီးအချို့ကိုသာ ထိန်းချုပ်နိုင်ပြီး ဇနပုဒ်တောနယ်များကိုမူ အာဏာစက်လွှမ်းကြက်နိုင်ခြင်းမရှိသေးပေ။

ထို့ကြောင့် ရွာသူရွာသားများမှာ မိမိတို့ရပ်ရွာလုံခြုံရေးကို ကိုယ်တိုင်သာ ဖန်တီးပြီး သတိကြီးစွာဖြင့် နေထိုင်ကြရလေသည်။

အလံဖြူ အလံနီ စသော အစိုးရမည်ခံတပ်များရှိသော်လည်း လုံလောက်သည့် အုပ်ချုပ်မှုနှင့် ငြိမ်းချမ်းရေးကို ပေးစွမ်းနိုင်ခြင်းမရှိကြပေ။ ထို့ကြောင့် လူသတ်မှု၊ ဓားပြမှု စသော မှုခင်းများကိုလည်း ဟိုမှသည်မှကြားနေကြရမြဲဖြစ်သည်။

ထိုအထဲမှ အဘိုးတို့ရွာသည် အထိုက်အလျောက် ငြိမ်းချမ်းမှုကိုရရှိနေသည်ဟုဆိုနိုင်သည်။ တစ်ကြိမ်တစ်ခါမျှ သူခိုး၊ ဓားပြ၊ လူသတ်မှု။ မုဒိမ်းစသော မှုခင်းများ မဖြစ်ပွားဘူးပေ။

ထို့ကြောင့် လုံခြုံရေးကိုလည်း အလွန်အမင်းတင်းကျပ်ရန်မလိုပေ။ ညအချိန်များမှာသာ ကင်းအပြည့်ချထားကြပြီး နေ့ခင်း၌မူ ရွာအဝင်ကင်းရုံမှ တာဝန်ကျ လုံခြုံရေးကင်းသမားနှစ်ယောက်ရှိရုံဖြင့်ပင် လုံလောက်သည်။

သို့ဖြင့် နွေရာသီ၏တစ်ခုသော မနက်ပိုင်းတွင် အဘိုးတို့ရွာသို့ တစ်စုံတစ်ခုသော အဖြစ်ဆန်းသည် မခေါ်ပင့်လည်းဆွဲဖုံးနေသည်ကိုတွေ့ရလေသည်။ ကျောက်ပျဉ်နှင့်သနပ်ခါးတုံးများလည်း လွင့်စဉ်ပြန့်ကျဲနေသည်။

သမီးပျိုလေးသည် အခန်းထဲသို့ မိခင်ဖြစ်သူဝင်လာသည်ကိုမြင်လေလျှင် မျက်လုံးကလေးများ ပြူးကျယ်ပြီး ဖျတ်ခနဲ တစ်ချက်ကြည့်၏။ ထို့နောက် မျက်ရည်များစို့ဝိုင်းပြီး မှောက်နေသည့် ရေခွက်ကိုလှမ်းကောက်ပြီး ရှက်ကြောက်နေသည့်သဘောဖြင့်ငြိမ်နေ၏။

"သမီးဘာဖြစ်တာလဲ"

သမီးလေးသည် ချက်ချင်းစကားမပြောပေ။ ကိုယ်ဝတ်ရင်ရှားကိုပြင်ဝတ်၊ ချောဘဲရောက်၍လာလေသည်။

ထိုအချိန်၌ သူကြီးကတော်သည် မနက်စာထမင်းဟင်းများကို ချက်ပြုတ်နေ၏။ ထိုအခိုက်မှာပင် သမီး၏အခန်းထဲက ဒုန်းဒုန်းဒိုင်းဒိုင်းအသံများကိုကြားလိုက်ရ၍ ပြေးဝင်သွားပြီးကြည့်သည်။

ထိုအခါ သနပ်ခါးသွေးလူးနေသောသမီးပျိုလေးသည် ဆံပင်များဖိုးရိုးဖားလျားဖြစ်ပြီး ကိုယ်ဝတ်ရင်ရှားကို



www.burmeseclassic.com

ဆံပင်များကို ဖြေထုံးပြီးမှ ဟိုဟိုသည်သည်ကြည့်လိုက်ပြီး မျက်ရည်များကို သုတ်သပ်ကာ တိုးတိုးပြောသည်။

"ခုတင်က သမီး သနပ်ခါးသွေးလူးနေတုန်း လူကြီးတစ်ယောက် အနားလာရပ်တယ်။ ပြီးတော့ သမီးပါးစပ်ကို ပိတ်ပြီး အတင်းတွန်းလှဲတယ်"

"ဟင် - ဘုရားဘုရား၊ အဲတာ ဘယ်သူလဲ၊ အခုဘယ်မှာလဲ အဲဒီလူ"

ဟုပြောပြီး သူကြီးကတော်သည် ဟိုဟိုသည်သည်ကြည့်၏။

သမီးလေးသည်ကား အတော်လေးပင် ကြောက်လန့်နေလေသည်။ တဆတ်ဆတ်တုန်ပြီး ပြူးကျယ်သောမျက်လုံးလေးဖြင့် အသက်ကို သုံး၊ လေးကြိမ် ရှူရှိုက်လိုက်ပြီးမှ ဆက်ပြောပြနိုင်သည်။

"ဘယ်သူလဲမသိဘူး၊ အခန်းထဲကထွက်ပြေးသွားပြီ။ သမီးလည်း အဲဒီလူကြီးကို မမြင်ဖူးဘူး။ မည်းမည်းပုပုပဲ၊ အသက် (၂၅) နှစ်လောက် ရှိမယ်"



သူကြီးကတော် သက်မချ၏။ ထို့နောက် အပြင်ကို ထွက်ပြီး ဟိုဟိုသည်သည် ကြည့်ပြန်သည်။ အိမ်ရှေ့ မန်ကျည်းပင်ကြီးအောက်မှာ သူကြီးနှင့် ရွာသား သုံး၊ လေးယောက်တို့ စကားထိုင်ပြောနေကြ၏။ ထို့နောက် သူကြီးကတော် အခန်းထဲသို့ ပြန်ဝင်လာပြီး သမီးကိုဆက်မေးသည်။

"အပြင်မှာလည်း တစ်ယောက်မှ မတွေ့ရပါလား"

ဟုဆိုပြီး သူကြီးကတော် သက်မတစ်ချက်ကိုချလိုက်၏။စိတ်ထဲတွင်လည်း နားမလည်နိုင်ဖြစ်ကာ အတော်လေးပင် တုန်လှုပ်နေမိပြီ။

"နေစမ်းပါဦး၊ သမီးကို တွန်းလှဲတယ်ဆိုတော့ ဘာများဖြစ်သေးလဲ"

သမီးကခေါင်းခါ၏။

"ဘာမှမဖြစ်ဘူး"

ဟုလည်း မျက်နှာလေးဝှက်ပြီး ပြောသည်။

"လက်ဝတ်ရတနာတွေကိုများ လုသွားသေးလား"

"မလုဘူး၊ ဘာမှလဲမယူဘူး။ ဒီအတိုင်းအခန်းထဲကထွက်ပြေးသွားတာ"

သူကြီးကတော်စဉ်းစား၏။ ပစ္စည်းလည်းမယူ၊ လူကိုလည်း ဘာမှမလုပ်၊ နေ့ခင်းကြောင် ရဲရဲကြီးပင် အိမ်ပေါ်ကို တက်လာပြီး မိန်းမပျိုလေးတစ်ယောက်အားတွန်းလှဲကာ သည်အတိုင်းပြန်ဆင်းသွားသည်ဆိုခြင်းမှာ ထူးဆန်းလွန်းနေသည်။

www.burmeseclassic.com

အကြောင်းတစ်ခုတော့ရှိကောင်းရှိမည်ဟု ထင်သည်။ အများအားဖြင့် မိန်းမပျိုလေအားတွန်းလှဲခြင်းမှာ အဓမ္မမှုဖြစ်ဖွယ်သာများတတ်သည်။

"သမီးလေး - မေမေ့ကိုမရှက်နဲ့၊ အမှန်ကိုပြောစမ်း။ အဲဒီလူဆိုးက သမီးကို အဓမ္မများကျင့်သွားသလားကွယ်"

သမီးလေးက ခေါင်းခါ၏။

"ပစ္စည်းတွေကိုလည်းယူမသွားဘူးပေါ့"

သမီးလေးက ခေါင်းညိတ်၏။

သူကြီးကတော် သက်ပြင်းချ၏။ သမီးလေးက သူ့အဓမ္မအကျင့်ခံလိုက်ရသည်ကို အလွန်အမင်းရှက်ပြီးမပြောရဲဟုသာထင်နေလေသည်။

"ဟုတ်လို့လား သမီးရယ်၊ အမေ့ကို အမှန်အတိုင်းပြောစမ်း။ ရှက်နေလို့မဖြစ်ဘူး၊ အဓမ္မအကျင့်ခံလိုက်ရတယ်ဆိုရင်တော့ မတော်တဆကိုယ်ဝန်ရလာတော့မှ သိလို့မဖြစ်ဘူးနော"

"မဟုတ်ပါဘူးဆိုမှ"

ပြောရင်းက သမီးလေး ငိုမဲ့မဲ့ဖြစ်လာလေ၏။

သူကြီးကတော်သည် ရင်ထဲတွင် အတော်လေးပင် ဆူဝေနေလေပြီ။ *သက်မကိုအကြိမ်ကြိမ်ချပြီးလည်း* ထိုင်ရမလိုထရမလိုအထိပင်ဖြစ်နေမိသည်။

"နေ့ခင်းကြောင်တောင်ကြီး အိမ်ပေါ်တက်လာတဲ့ လူတစ်ယောက်က မိန်းမပျိုလေးတစ်ယောက်ကို တွန်းလှဲရုံလှဲပြီးပြန်ဆင်းသွားတယ်ဆိုတာ တကယ်တော့မဖြစ်နိုင်စရာကြီးဘဲ။ အမေမယုံဘူး သမီး။ အမေ့ကို တစ်ခုချင်းမှန်မှန်ပြောစမ်း"

"သမီးလည်း ဒီထက်မပြောတတ်တော့ဘူး၊ ဘာမှမဖြစ်ပါဘူးဆိုမှ။ ပြောမယ် အမှန်ကို၊ အဲဒီလူကြီး သမီးကိုတွန်းလှဲပြီး လုံချည်စလှန်ကြည့်ပြီး အခန်းထဲကထွက်ပြေးသွားတယ်။ ဒါပဲသမီးပြောတတ်တယ်"

ဟု ဆိုကာ သမီးလေး ငိုလေ၏။

သူကြီးကတော် တစ်အောင့်ကြာအောင်စဉ်းစားနေသည်။ ထို့နောက် သမီးလေး၏မျက်ရည်များကိုသုတ်ပေးပြီး ကျစ်ကျစ်ဖက်ထားရင်း တိုးတိုးပြောလိုက်သည်။

"သမီးလေးပြောတာ အမှန်ချည်းပဲနော်"

"ဟုတ်"

ထို့နောက် သူကြီးကတော် အခန်းအပြင်ဘက်သို့ထွက်လာခဲ့သည်။

ထိုအချိန်၌ သူကြီးသည်လည်း အိမ်ပေါ်သို့တက်လာနေလေသည်။ သူကြီးနှင့် စကားပြောနေကြသော ရွာသားများလည်း ခြံအပြင်ဘက်ထွက်သွားကြလေပြီ။

သူကြီးကတော်သည် သူကြီးအား အသံတိတ်လက်ယပ်ပြပြီးမီးဖိုဆောင်ထဲသို့ ခေါ်လာခဲ့သည်။ ထို့ကြောင့် သူကြီးလည်း အနည်းငယ်မျက်လုံးကျယ်သွားပြီး ကြောင်အမ်းအမ်းအမူအရာဖြင့်ပင်ပါလာလေသည်။ ထို့နောက် သူကြီးကပင်စမေးသည်။

"ဘာများလဲ"

သူကြီးကတော်က ချက်ချင်းမပြောသေးဘဲ အပြင်ဘက်ကို တစ်ချက်ကြည့်လိုက်ပြီးမှ တိုးတိုးပြောသည်။

"ခုတင်က လူတစ်ယောက် အခန်းထဲဝင်လာပြီး သမီးကိုဆွဲလှဲလို့တဲ့"

"ဘာ. . ."

သူကြီး အသံကျယ်ပြီးတအံ့တသြဖြစ်ကာ မျက်လုံးလည်းပြူးသွားလေသည်။

"ဟေး - နင့်အသံမကျယ်နဲ့၊ ငါ့စကားမဆုံးသေးဘူး။ ငါ့စကားဆုံးပြီးမှ ဘယ်လိုနားလည်ရမလဲဆိုတာ နင်စဉ်းစား။ ဖြစ်ပုံကတော့ အရမ်းပဲထူးဆန်းတယ်။ ဘယ်ကမှန်းမသိလူတစ်ယောက် နင့်သမီးသနပ်ခါးသွေးလူးနေတုန်း အခန်းထဲဝင်လာပြီး အတင်းတွန်းလှဲ လုံချည်စလှန်ကြည့်ပြီး အခန်းထဲကထွက်ပြေးသွားသတဲ့။ ဒီအပြင် ဘာမှတော့မလုပ်ခဲ့ဘူးလို့ဆိုတယ်။ လက်ဝတ်ရတနာတွေကိုလည်း ဘာမှလုမသွားဘူး။ ငါလည်းမယုံလို့ အသေချာမေးတယ်။ ဒီတော့ ဒီကိစ္စကို ဘယ်သူမှမသိစေနဲ့။ နင့်သမီးအဓမ္မအကျင့်ခံလိုက်တယ်လို့ထင်သွားကြရင် ဘယ်လိုမှအဆင်ပြေမှာမဟုတ်ဘူး"

သူကြီး တစ်အောင့်လေးစဉ်းစားလိုက်ပြီး သက်မတစ်ချက်ကိုချကာ ပြောသည်။

"ဟုတ်ပါ့မလား မိန်းမရယ်"

"ဘာကိုဟုတ်ပါ့မလားတုန်း"

"အဲလောက်ထိအပိုင်ကြံပြီးမှ လူကိုလည်းဘာမှမလုပ်၊ လက်ဝတ်ရတနာတွေကိုလည်း ဘာမှမယူဘဲထားခဲ့တယ်ဆိုတာကိုပေါ့"

"အေး - ငါလည်းဒါကြောင့်မယုံလို့ နင့်သမီးကိုအသေချာစစ်မေးတယ်။ ဟုတ်တယ်၊ သူဝတ်နေတဲ့ လက်ဝတ်ရတနာတွေကိုလည်း အပုံလိုက်တွေ့တယ်။ နင့်သမီးလည်းအကျင့်ခံလိုက်ရတဲ့ပုံမျိုးတော့မဟုတ်ဘူး။ ဒါတော့ ငါပြောနိုင်တယ်။ ဒီတော့ နင်ရွာသားတွေနဲ့စကားပြောနေကြတုန်း လူဝင်လူထွက်များရှိသလား၊ အိမ်ပေါ်တက်ဆင်းတာကိုများမြင်မိသလား"

"ဘာမှမရှိပါဘူး၊ ရှိရင်ငါမြင်မှာပေါ့။ နေ့ခင်းကြီးဥစ္စာ"

"အေး - အဲဒါထူးဆန်းတာပဲ။ ဘယ်လိုနားလည်ရမှန်းတောင်မသိတော့ဘူး။ ဖြစ်သွားတာလည်း တိတိကျကျပဲ။ ဒါပေမယ့် ငါလည်း အဲဒီလူကိုမမြင်လိုက်ဘူး။ နင်လည်းမမြင်လိုက်ဘူးဆိုတော့ လူများမဟုတ်လေသလား။ သရဲတစ္ဆေဆိုတာများလား"

"မဟုတ်တာ မိန်းမရယ်၊ နေ့ခင်းကြီး ဘယ်ကသရဲတစ္ဆေရှိမှာလဲ"

"အေးလေ - ဒါဆိုရင်ဘာလဲ။ နင့်သမီးကိုဆွဲလှဲတာဟာဘယ်သူလဲ"

သူကြီးလင်မယားမစဉ်းစားတတ်ဖြစ်နေကြစဉ်မှာပင် ရွာမြောက်ပိုင်းမှ ဦးမဲကြီး ခြံထဲသို့ခပ်သွက်သွက်ဝင်လာလေ၏။ ထို့ကြောင့် သူကြီးတို့လင်မယားစကားဖြတ်ကာ ဦးမဲကြီးအားတွေ့ရန် မီးဖိုဆောင်ထဲမှ ထွက်လာကြသည်။

ဦးမဲကြီး၏ကိုယ်မှာ ချွေးများနစ်နေသည်။ ဦးမဲကြီးအသက်ကိုဝအောင်ရှူရှိုက်လိုက်ပြီးပြောသည်။

"သူကြီး၊ ခုတင်က ငါ့အိမ်မှာအတော်လေးထူးဆန်းတဲ့အဖြစ်အပျက်တစ်ခုဖြစ်ပျက်သွားတယ်ကွ။ ဒါကြောင့်မင်းလာတိုင်တာ"

"ဟေ - ဟုတ်လား၊ ဘာများလဲမဲကြီး"

ဟုမေးပြီး ရွာသူကြီး မျက်လုံးပြူးသွားရပြန်သည်။

"ခုတင်က ငါ့သမီး သပြေကုန်းရွာက အောင်ကျော်လှသမီးမင်္ဂလာပွဲတအပြန်မှာ သူ့သူငယ်ချင်း ကောင်မလေးတစ်ယောက်လည်းပါလာလို့ အပြင်မှာထိုင်နေပြီး စကားပြောနေကြရင်း ငါ့သမီးက သူ့အခန်းထဲဝင်သွားပြီး အဝတ်လဲနေတုန်း ဘယ်ကမှန်းမသိ လူတစ်ယောက်ရောက်လာပြီး အတင်းဆွဲလှဲသတဲ့"

သူကြီး 'အေ' ဟု အာမေဍိတ်ဖြစ်သွားရ၏။ သူကြီးကတော်လည်း 'ဟင်' ခနဲဖြစ်သွားသည်။ ထို့နောက် သူကြီးလင်မယား တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြသည်။

ဦးမဲကြီးကဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"ထူးဆန်းတာက ရှန်းရင်းဆန်ခတ်ကြားလိုက်ရလို့ သူ့သူငယ်ချင်းကောင်မလေးပြေးဝင်သွားပြီးကြည့်တော့ ငါ့သမီးတစ်ယောက်တည်းသာရှုန်းကန်နေတာတွေ့ရပြီး ဆွဲလှဲတဲ့လူကိုမတွေ့ရဘူးတဲ့။ ဒါကြောင့် ဘာမှန်းမသိဖြစ်ပြီး သူငယ်ချင်းကောင်မလေး ထအော်လိုက်မှ ငါ့သမီးလည်း ကုန်းရုန်းထလာနိုင်တာတဲ့။ ဘာဖြစ်တာလဲလို့မေးကြည့်တော့ သူ အဝတ်လဲနေတုန်း လူကြီးတစ်ယောက်ပေါ်လာပြီး အတင်းဆွဲလှဲတယ်။ ပြီးတော့ ထဘီကိုချွတ်လှန်ပြီး ပေါင်ကြားတွေကို လက်နဲ့ပွတ်စမ်းသွားတယ်လို့ပြောတယ်။ သမီးကို သူ့အမေနဲ့ အစ်မဖြစ်သူတို့က ဝိုင်းမေးကြတဲ့အခါလည်း အဲဒီအတိုင်းပဲပြောတယ်။ အခြားဘာမှမလုပ်ခဲ့ဘဲ အခန်းထဲကထွက်ပြေးသွားတယ်လို့ဆိုတယ်။ ထွက်ပြေးသွားတယ်သာပြောတယ်၊ သမီးအနားမှာရှိနေတဲ့ကောင်မလေးရော အပြင်ဧည့်ခန်းမှာခမောက်နှီးသပ်နေတဲ့ငါပါ တစ်ယောက်မှ အဲဒီလူကို မမြင်လိုက်ကြဘူး။ အိမ်ရှေ့မှာထင်းရှပ်နေကြတဲ့ အကြီးမနှစ်ယောက်လည်းမမြင်လိုက်ကြဘူး။ အရမ်းထူးဆန်းတာပဲ။ အဲတာ မင်းဘယ်လိုလုပ်မလဲ"

ရှာသူကြီး ခေါင်းတဆတ်ဆတ်ညိတ်၏။

သူကြီးကတော်က သူ့ယောကျ်ားအား မျက်ဖြူလှန်တစ်ချက်ကြည့်ပြီး သက်မချ၏။

ဦးမဲကြီးကဆက်ပြောသည်။

"ငါကတော့ အဲဒီအကောင်ကို လူလို့တောင်မထင်ဘူးကွ။ သရဲမိစ္ဆာတစ်ကောင်ကောင်များဖြစ်လေမလားဆိုပြီး တောင်ထင်မိတယ်။ ဟုတ်တယ်လေ မင်းပဲစဉ်းစားကြည့်၊ လူသာဆိုရင် အားလုံးသူမြင်ရမှာပေါ့ကွ။ အခုတော့ ဆွဲလှဲခံလိုက်ရတဲ့ငါ့သမီးတစ်ယောက်သာမြင်ပြီး ကျန်တဲ့လူတွေ တစ်ယောက်မှမမြင်လိုက်ကြဘူးဆိုတော့ သရဲမိစ္ဆာတစ်ကောင်ကောင်လို့မထင်ရဘူးလား"

ရှာသူကြီးလည်း စဉ်းစားသည်။ သည်အဖြစ်ဆိုးကြီးသည် ယခုပင်လျှင်မိမိ၏အိမ်၌ဖြစ်သွားခဲ့ပြီ။ ဦးမဲကြီးကလည်း ယခုပင်လျှင် သူ့အိမ်မှာဖြစ်ပြန်ပြီဟု လာတိုင်နေပြန်သည်။ ရှာသူကြီးက သူ့သမီးလည်း ထိုကဲ့သို့အဖြစ်ခံလိုက်ရသည့်အကြောင်းကိုမူ ဖွင့်မပြောလိုသေးပေ။ ထို့ကြောင့် ဦးမဲကြီးအား မယုတ်မလွန်သာပြောလိုက်သည်။

"အိမ်း - ဒီအတိုင်းသာဆိုရတော့ အတော့်ကိုထူးဆန်းနေပြီလို့ပြောရမယ်ကွ။ သတိထားကြမှဖြစ်မယ်။ ဒီတော့မင်း အရေးပေါ်မောင်းထုပြီး လူစုလိုက်ပါကွာ"

အရေးပေါ်မောင်း ဟူသည်မှာ အဆက်မပြတ် တရစပ်အားဖြင့် အချက်ပေါင်းများစွာထုလိုက်ခြင်းပင်ဖြစ်သည်။ အရေးပေါ်မောင်းသံကိုကြားလျှင်လည်း ရွာသားထဲက မည်သူမဆို မည်သည့်နေရာကဖြစ်စေ ကြားရာအရပ်မှ ချက်ချင်းပြေးလိုက်လာရမြဲ ဖြစ်သည်။

မောင်းထု၍ ရွာသားများရောက်မလာမီပင် ရွာအနောက်ပိုင်းက မုဆိုးမဒေါ်ညိုသည် မယောင်မလည်နှင့် ခြံထဲသို့ဝင်လာ၏။ တစ်စုံတစ်ခုပြောချင်နေသည့်အမူအရာရှိနေသည်ဟုလည်းထင်ရသည်။ ထို့ကြောင့် ရွာသူကြီးက ဆီးမေးလိုက်သည်။

"မညို၊ ကိစ္စများရှိသလား"

"ရှိပါတယ်။ နင် အခု ငမဲကြီးနဲ့စကားပြောနေကြတယ် မဟုတ်လား။ ပြောကြဦးလေ၊ နောက်မှငါ့ကိစ္စကိုပြောပါ့မယ်"

ဟု ခပ်လျှော့လျှော့ပြောထားခဲ့ပြီး ဒေါ်ညိုသည် သူကြီးကတော်ရှိနေသည့် မီးဖိုဆောင်ထဲကိုသာဝင်သွားလေသည်။

တစ်အောင့်အကြာတွင် ရွာသားများ အူယားဖားယားဖြင့်ရောက်လာကြလေသည်။တချို့လယ်တော၊ကိုင်းတောမှပြေးလိုက်လာကြပုံရသည်။ ဓား၊ တံစဉ်၊ ခမောက်များပါလာကြသည်ကိုလည်း တွေ့ရသည်။ တချို့မှာ နှစ်လုံးပြူး၊ တူမီးစသော သေနတ်များလည်း ပါလာကြသည်။

အရေးပေါ်မောင်းထုပြီးခေါ်လိုက်သော်လည်း ရွာသူကြီးသည် မထင်ရှားသေးသောအကြောင်း(အမှု)ကိစ္စတစ်ခုကိုသာ ပြောပြဆွေးနွေးရမည်ဖြစ်၍ အေးစက်သောအမူအရာဖြင့်သာနေသည်။

ထို့ကြောင့်ထင်သည်။ရွာသားများလည်း တုတ်၊ ဓား၊ သေနတ်၊ လက်နက်များဖြင့်ပြေးလာကြသော်လည်း ရွာသူကြီး၏အမူအရာကိုကြည့်ပြီး နားမလည်သလိုဖြစ်ကာ ရွာသူကြီးအား အကဲခတ်သည့်သဘောမျိုးဖြင့် အရိပ်အခြည်ကိုကြည့်ရင်း အိမ်ရှေ့က မန်ကျည်းပင်ကြီးအောက်မှာ စုဝေးနေကြလေသည်။

"ဟေး - ဟိုလူ ခဏခဏ"

သူကြီးကတော်က မီးဖိုဆောင်မှ ခေါင်းထုတ်ပြီး လှမ်းခေါ်လိုက်၍ ရွာသူကြီးဝင်လိုက်သွား၏။

"ဒီမှာမညိုကလာပြောနေတယ်။ မနေ့ကညနေ လူတစ်ယောက် သူ့သမီးကိုဆွဲလှဲလို့ချည်စလှန်ကြည့်ပြီး အိမ်ပေါ်ကပြေးဆင်းသွားသတဲ့။ အဲဒါတိုင်ရကောင်းမလား၊ မတိုင်ဘဲနေရကောင်းမလားစဉ်းစားရင်း အခုနင့်ကိုအသိပေးဖို့လာခဲ့တာတဲ့"

"ဟ - တိုင်ရမယ်လေ၊ အဲတာကိုမတိုင်လို့ဘယ်ဖြစ်မလဲ။ တိုင်ရမှာပေါ့"

ဒေါ်ညိုက သူကြီး၏လက်ကို လှမ်းပုတ်လိုက်ပြီး -

"သိပ်ပြီးမအော်နဲ့ဟဲ့ သူကြီးရဲ့၊ ဘေးလူတွေကြားကုန်ပါ့မယ်။ ငါ့သမီးက အရမ်းရှက်တတ်တယ်။ ဒါကြောင့် ဒီကြောင်းကို ဘယ်သူ့မှလည်းအသိမပေးပါနဲ့တဲ့။ အခုတောင် ငါနင့်လာတိုင်တာမဟုတ်သေးပါဘူး။ အသိပေးတဲ့သဘောလောက်ပါ။ ဒါကြောင့် ဘေးလူတွေကိုတော့မပြောပါနဲ့"

ဟု တိုးတိုးလေးပြော၏။

"ဟ - ရှက်တော့ရှက်တာပေါ့ မညိုရာ၊ နင့်သမီးတစ်ယောက်တည်း ရှက်တတ်တာမဟုတ်ပါဘူး။ ငါ့သမီးလည်း ရှက်တတ်တာပဲ။ဒါပေမယ့် ဒီကိစ္စကြီးကို ဒီအတိုင်းထားလို့မရတော့ဘူးလေ။ ပွင့်ပွင့်လင်းလင်းပြောဆိုဆွေးနွေးပြီး အဖြေထုတ်ရမယ့်အဖြစ်ကိုရောက်နေပြီ။ ဒါကြောင့်လည်း ငါအရေးပေါ်မောင်းထုပြီး လူစုလိုက်တာပါ"

"ဩော်၊ ဩော်- အဲလိုလား။ ဒီတော့ နင့်သမီးလည်း ရှက်တတ်တာပဲဆိုတာက"

"ဟုတ်တယ်၊ ခုတင်က ငါ့သမီးသနပ်ခါးလူးနေတုန်း လူတစ်ယောက်တက်လာပြီး နင့်သမီးအဖြစ်လိုပါပဲ။ ပြီးတော့ ဟိုမှာ မဲကြီးလည်းလာတိုင်နေပြန်ပြီ"

"ဟောတော်"

ဒေါ်ညိုအံ့သြသွား၏။ ပြုံးမလိုရယ်မလိုလည်းဖြစ်သွား၏။တစ်ယောက်တည်းမက နှစ်ယောက်၊ သုံးယောက်အဖြစ်ချင်းကတူနေကြ၍ သိပ်ပြီးမရှက်နိုင်တော့။

သူကြီးက ပွင့်ပွင့်လင်းလင်းကြီးဒေါ်ညိုအားပြောလိုက်၍ သူကြီးကတော်လည်း သူကြီးကို တစ်ချက်မျက်စောင်းနှင့်ကြည့်ပြီး သက်မချလိုက်၏။ သူ့သမီး၏ အကြောင်းကို ဖွင့်ပြောလိုက်သောကြောင့် သူကြီးကတော် ကြိုက်ပုံမရဖြစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ညိုက ပြုံးယောင်သန်းပြီး သူကြီးအား စိုက်ကြည့်ကာပြော၏။

"အခုလိုလုပ်နေတာ ဘယ်သူလဲ၊ ဘယ်ကလဲ"

"ငါမသိဘူးလေ၊ နောက်တစ်ကြိမ် နှင့်သမီးဆီလာတော့မှ ဘယ်သူလဲဆိုတာ မေးကြည့်လိုက်ပေါ့"

"ပြောပြီ၊ သူကြီးအရူးက မဟုတ်က ဟုတ်ကတွေကို"

"ကိုင်း-ဟုတ်ပြီ။ ငါ ဒီကိစ္စကို ရွာသားတွေရှေ့မှာ ပွင့်ပွင့်လင်းလင်းပြောပြပြီးပဲ ဘာဆက်လုပ်သင့်တယ်ဆိုတာကို ဆွေးနွေးတိုင်ပင်တော့မယ်"

ဟု ဆိုကာ သူကြီး မီးဖိုဆောင်မှ ထွက်ပြီး အိမ်ရှေ့သို့ဆင်းလာခဲ့သည်။ ရွာသားများလည်း ခြံလုံးပြည့်ရောက်နေကြလေပြီ။ သူကြီးက အချိန်မဆိုင်းဘဲ ရွာသားများအား ဘွင်းဘွင်းကြီးပြောပြလိုက်လေသည်။

"ကိုင်း - ရွာသူရွာသားများရေ၊ အရေးပေါ် မောင်းထုပြီးခေါ် လိုက်ရတာက ထူးဆန်းတဲ့ အဖြစ်ဆိုးကြီးတစ်ခုကို ဖွင့်ဟတိုင်ပင်ပြီး ချက်ချင်းပဲ ဆွေးနွေးစုံစမ်း ဖော်ထုတ်ချင်လို့ပါပဲ။ အဲဒါက တော့ အခြားမဟုတ်ဘူး။ ခုတစ်လော ဘယ်ကမှန်းမသိတဲ့ လူဆိုးတစ်ယောက် ရောက်လာပြီး မိန်းမပျိုလေးတွေကို ဆွဲလုံနေတဲ့အကြောင်းပါပဲ။ ဒါပေမယ့် အဲဒီ လူဆိုးက ပစ္စည်းမယူ၊ လူကိုလည်း ဘာမှမလုပ် လှန်ကြည့်ပွတ်သပ်ပြီးထွက်ပြေးသွားတာချည်းပဲ။ ဒီကိစ္စ ရွာထဲမှာ ဖြစ်လို့ ငါ့ဆီလာတိုင်ကြတာလည်း နှစ်ယောက်တောင်ရှိနေပြီ။ ငါ့အိမ်မှာလည်း ဖြစ်ပျက်သွားခဲ့ပြီ။ ဒါအမှန်ကိုပြောတာပါ။ စကားကြမ်းလွန်းတယ်၊ အမှန်ကို ဘွင်းဘွင်းကြီးပြောလွန်းတယ်လို့လည်း မထင်ကြနဲ့။ နောက်လည်း ဒါမျိုးရွာထဲမှာ ဖြစ်ပျက်ကြတာ ရှိကောင်းရှိလေဦးမယ်လို့ယူဆရတယ်။ အဲဒီလိုမျိုးဖြစ်ပျက်ခဲ့တာတွေရှိတယ်ဆိုရင် ငါ့ဆီလာတိုင်ကြပါ။ ပွင့်ပွင့်ကြီးပြောပြရမှာကိုရှက်လို့ မရဲလို့ဆိုရင်လည်း ငါ့မိန်းမကိုသော်လည်း အသိပေးကြပါ။ ရှက်မနေကြပါနဲ့။ ရှက်ကြောက်ပြီးဖုံးဖိထားလို့ နောက် ဒီထက်ပိုဆိုးလာရင်ခက်မယ်။ ဒါကြောင့် ချက်ချင်း ဖွင့်ဟတိုင်ပင်ပြီး ဖော်ထုတ်ကြမှ ဖြစ်တော့မယ်။ ကိုင်း-ဒီကိစ္စနဲ့ပတ်သက်ပြီး သိကြသလား၊ ကြားကြသလား အချင်းချင်း ဆွေးနွေးကြ၊ တိုင်ပင်ကြ၊ ငါ့မိန်းမသော်လည်း အသိပေးကြ"

ဟု ပြောထားခဲ့တာ ရွာသူကြီး အိမ်ပေါ် ပြန်တက်လာ၏။ ထို့နောက် ဧည့်ခန်းမှာထိုင်ပြီး ရေနွေးသောက်နေလေသည်။

ရွာသူကြီးက ထိုအကြောင်းကို ပြောနေစဉ်ကပင် ရွာသားတချို့တို့ ပြုံးကြရယ်ကြ၏။ တချို့ကွက်ခနဲမျက်နှာပျက်သွားသည်ကိုလည်း တွေ့လိုက်ရသည်။ မျက်နှာပျက်သွားကြသူများမှာ မိသားစုထဲ၌ ထိုအဖြစ်မျိုးဖြစ်၍ရှိကြလိမ့်မည်ဟု ယူဆရသည်။

တစ်အောင့်အကြာတွင် ဦးစောထွန်းအောင်ရောက်လာ၏။ ရွာသူကြီးရှေ့က ကုလားထိုင်မှာ ခပ်ယို့ယို့ထိုင်သည်။

"စောထွန်းအောင် ဘာတုံး၊ အကြောင်းများရှိလို့လား"

ဦးစောထွန်းအောင် ပတ်ဝန်းကျင်များကို တစ်ချက်ကြည့်လိုက်ပြီး -

"အကြောင်းရှိဆိုကွာ၊ မင်းပြောတဲ့အတိုင်း ငါ့အိမ်မှာလည်းဖြစ်တယ်ကွ ရွာသူကြီးရ"

"ဩော် - ဘယ်နေ့ကတုံး"

"လွန်ခဲ့တဲ့ တစ်ရက်ကျော်ကပေါ့ကွ။ ကိုယ့်သမီးပျိုလေးမှာ အဲလိုမျိုးဖြစ်သွားရတယ်ဆိုတော့ ငါလည်းတိုင်ရကောင်းမလား၊ မတိုင်ဘဲနေရကောင်းမလားဆိုပြီး စဉ်းစားနေတာ"

"လွန်ခဲ့တဲ့ တစ်ရက်ကျော်ကဆိုတော့ သုံးရက်တောင်ရှိနေပြီပေါ့"

"အေးပေါ့၊ ဒီနေ့နဲ့ဆိုရင် သုံးရက်ရှိပြီ"

သူကြီးကတော်နှင့် ဒေါ်စိန်မြ အမည်ရှိ အမျိုးသမီးကြီးတစ်ယောက်တို့ ဧည့်ခန်းထဲသို့ဝင်လာကြ၍ ဦးစောထွန်းအောင်နှင့်သူကြီး စကားပြတ်သွားကြ၏။ သူကြီးကတော်ကပင် စပြောပြသည်။

"ဒီမှာ မစိန်မြကလည်း သူ့သမီး အဝတ်တွေခေါက်နေတုန်း အဲလိုမျိုးဖြစ်လို့တဲ့"

"ဟေ - မစိန်မြ နှင့်အိမ်မှာလည်း ဖြစ်သလား။ ဘယ်နေ့ကလဲ၊ ငါ့ကို အသေချာပဲပြောပြပါဦး"

ဟု သူကြီးက စကားကြောင်းပေးလိုက်သည်။

"မရှက်နိုင်တော့ပါဘူး သူကြီးမင်းရယ်။ အစကတော့ ကိုယ့်သမီးလေး အဲလိုမျိုးဖြစ်သွားရတဲ့ကိစ္စကြီး ရှက်လို့ဆိုပြီးငြိမ်နေခဲ့တာပါ။ အခုတော့ ကိုယ့်သမီးလေးနည်းတူ အခြားမှာလည်းကြားနေရတော့ မထူးတော့ပါဘူး"

"အေးပါ ပြောပါ၊ ဘယ်နေ့ကတုံး"

"လွန်ခဲ့တဲ့ သုံးရက်မြောက်နေ့ကပေါ့။ ကျုပ်သမီးလေးလျှော်ဖွပ်ထားတဲ့ အဝတ်တွေကို မီးပူတိုက်ပြီး ခေါက်သိမ်းနေတုန်း နောက်ဘက်တအရိပ်တစ်ခုကို မြင်လို့လှည့်ကြည့်လိုက်တာနဲ့ မည်းမည်းပုပုလူတစ်ယောက် သမီးလေးပါးစပ်ကို ပိတ်ပြီးအတင်းဆွဲလှဲတယ်တဲ့။ ပြီးတော့ ထဘီကိုချွတ်ပြီး အတင်းပွတ်သပ်ကိုင်ကြည့်ပြီးတော့ ဆင်းပြေးသွားတယ်လို့ ကျုပ်ကိုငိုတိုင်တာ"

"ဟုတ်ပြီ ဟုတ်ပြီ၊ အဖြစ်ချင်းလည်းတူတယ်၊ လူပုံစံချင်းလည်းတူနေတယ်ဆိုတော့ ဒါတစ်ယောက်တည်းဖြစ်တာသေချာနေပြီ။ ဘာကြောင့် အခုလိုလုပ်တယ်ဆိုတာတော့ မသိနိုင်ဘူးပေါ့။ ဒါပေမယ့် ဒီကိစ္စကြီးကို ဒီအတိုင်းထားလို့မဖြစ်တော့ဘူး။ ချက်ချင်းလိုက်လံစုံစမ်းပြီးဖော်ထုတ်မှဖြစ်တော့မယ်"

စောထွန်း ချွေးသံတရွှဲရွှဲဖြင့် ဧည့်ခန်းထဲသို့ပြေးဝင်လာ၍ ရွာသူကြီး မျက်လုံးပြူးသွား၏။ ထို့နောက် ဆီးမေးလိုက်သည်။

"ဟိုက် - စောထွန်း ဘာဖြစ်လာတာတုံး၊ အရေးများကြီးလို့လား"

"ဟုတ်ကဲ့၊ ကျွန်တော် လောက်လေးတစ်လက်နဲ့ ငှက်ချောင်းသွားရင်း တောရဘုရားကြီးနားက ကြက်ရိုးပင်ခေါင်းထဲမှာ လူတစ်ယောက် ခွေပြီးအိပ်ပျော်နေတာတွေ့ရလို့ ကျွန်တော်လန့်ဖျပ်သွားပါတယ်။ နောက်အသေအချာကြည့်လိုက်တော့မှ သေဆုံးနေတာမဟုတ်ဘူး၊ အိပ်ပျော်နေတာဗျ။ ဒါကြောင့် ဒီလူဟာ လူဆိုးတစ်ယောက်ဖြစ်ချင်ဖြစ်မှာပဲဆိုပြီး သူကြီးကိုလာတိုင်တာပါ"

ရွာသူကြီးအနည်းငယ်မျှမျက်လုံးကျယ်သွားပြီး စောထွန်း၏မျက်နှာကို စိုက်ကြည့်ကာ သက်မတစ်ချက်ကိုချ၏။ ထို့နောက် ခေါင်းတစ်ချက်၊ နှစ်ချက် ညိတ်လိုက်ပြီး ပြည့်စုံအောင် ဆက်မေးလိုက်သည်။

"အဲဒီလူဟာ ကိုယ့်ရွာသားတစ်ယောက်ကောမဖြစ်နိုင်ဘူးလား။ တောထဲ ဟင်းရှာ၊ ထင်းထမ်းသွားရင်း အိပ်နေတာတို့ဘာတို့ပေါ့"

"မဟုတ်ဘူးဗျ၊ ကိုယ့်ရွာသားဆိုရင် ကျွန်တော်သိတာပေါ့။ ကျွန်တော်မြင်ဖူးတဲ့လူတွေထဲက တစ်ယောက်မှ မဟုတ်ဘူး၊ လူစိမ်းပဲ"



www.burmeseclassic.com

www.burmeseclassic.com

ရှာသူကြီး တစ်ချက်နှစ်ချက် ခေါင်းညိတ်လိုက်ပြန်သည်။ ထို့နောက် ဆက်မေးသည်။

"မင်းက အဲဒီလူကို အသေချာ ကြည့်လာခဲ့တယ်ဆိုတော့ လူပုံစံဘယ် လိုလဲပြောပြပါဦး"

"လူကတော့ မည်းမည်း၊ ပုပု၊ ထင်တိုတိုနဲ့ အသက်က (၂၅)နှစ်လောက် ရှိမယ်လို့ထင်ရပါတယ်"

ရွာထဲမှ သောင်းကျန်းနေသော အဓိကတရားခံဖြစ်ဖို့ကများနေသည်။ ထို့ကြောင့် ရွာသူကြီးသည် အချိန်မဆိုင်း ဘဲ ချက်ချင်းပင် ထိုလူဆိုးကို ဖမ်းဆီး ရန်အတွက် စီစဉ်ရလေသည်။

ရွာလုံခြုံရေးမှူး(ကင်းမှူး)ကြီးဖြစ် သော ကိုထွန်းမြအောင်ကိုပင် နောက် လိုက်နောက်ပါ လုံခြုံရေးအဖွဲ့နှစ်ဆယ် ကျော်တို့အား တုတ်၊ ဓားလက်နက်များ တိုင်ဆောင်စေကာ စောထွန်းကို လမ်းပြ အဖြစ်ခေါ်ပြီး တောရဘုရားကြီးတောင် ကုန်းဘက်ဆီသို့ ချီတက်လာကြလေ သည်။ အရပ်လူကြီး (ကျောင်းလူကြီး၊ ရပ်မိရပ်ဖကြီး) သုံး၊ လေးယောက်တို့ လည်း လိုက်ပါလာကြသည်။

စောထွန်းမှာ အသက်သုံးဆယ် ဝန်းကျင်ရှိနေသည့်တိုင်အောင် အိမ် ထောင်ယာရာဝါသမရှိသေးပေ။ သူငယ် စဉ်ကပင် မိဘနှစ်ပါးစလုံးဆုံးပါးသွား၍ ဆွေမျိုးများအိမ်မှာလှည့်နေရင်း နောက် ပိုင်းတွင် ရွာဦးကျောင်းကို ရောက်သွား သည်။ ကျောင်းဝေယျာဝစ္စများကိုလုပ် ကိုင်ရင်း ထင်းခွဲသည်၊ ရေဆွဲသည်။ တစ်ခါတစ်ရံ တောရဘုရားကြီးမှာ ခုတင်ဆောက်တည်နေသောဆရာတော် ထံသို့သွားပြီးလည်း ထင်းခွဲပေးလေ့ရှိ သည်။ ရွာသားများကခိုင်းလျှင်လည်း ကြုံရာကျပန်းလိုက်လုပ်သည်။ အလုပ် မရှိလျှင် တောထဲဝင်ပြီး လောက်လေး တစ်လက်ဖြင့် ငှက်ချောင်းသည်။

ရွာသူကြီးက သူ့လူများကို လူဆိုး အား ဝိုင်းဖမ်းခိုင်းလိုက်ပြီး သူကမူ အရပ်လူကြီးများနှင့် ခုတင်ဆရာတော် ၏ကျောင်းလေးဆီသို့သာတန်းသွားကြ သည်။ အင်ကြင်းပင်ကြီးအောက်မှာပင် ဆရာတော်အား ဖူးတွေ့ကြရသည်။

ဆရာတော်နှင့်စကားပြောနေကြ ၍ တစ်အောင့်ကြာမှာပင် ချွေးသံတရွှဲ ရွှဲဖြင့် ကိုထွန်းမြအောင် ရောက်လာ သည်။ ထို့နောက် ရွာသူကြီးအား တိုး တိုးမေးသည်။

"သူကြီး လူဆိုးကို ဖမ်းမိထားပါ ပြီ။ ဒီခေါ် လာရမှာလား"

"ဒီတော့ခေါ် မလာပါနဲ့၊ တောင် ခြေဇရပ်မှာပဲထားပါ။ ငါလာခဲ့ပါ့မယ်။ ငါရောက်မှ အဲဒီလူကိုမေးမြန်းစစ်ဆေး မယ်။ ဒီတော့မေးဦးမယ်၊ မင်းတို့ အဲဒီ လူကို အလွယ်တကူကော ဖမ်းလို့ရကြ ရဲ့လား"

"ရပါတယ်၊ သူအိပ်ပျော်နေတာ ကို ဓား၊ လှံတွေနဲ့တေ့မိုးပြီး ဖမ်းလိုက် တာပဲ"

"အေး၊ အေး - ဟုတ်ပြီ၊ မင်းတို့ တောင်ခြေဇရပ်ကပဲစောင့်နေကြ"

ရွာသူကြီး၏ စကားအဆုံးမှာပင် ကိုထွန်းမြအောင် လှည့်ပြန်သွားလေ သည်။ ထို့နောက် ရွာသူကြီးက ဆရာ တော်အား မေးလျှောက်၏။

"ဆရာတော်ဘုရား၊ ဒီရက်ပိုင်း အတွင်းမှာ ဆရာတော့်ကျောင်းနားကို လူတစ်ယောက်မရောက်ပါလား ဘုရား"

"အေး- တွေ့တယ်၊ သစ်ပင်ရင်း မှာ ငှက်စာကျွေးထားတဲ့ဆွမ်းကျန်တွေ ကို လာစားတယ်။ စိတ်ရောဂါသည် လားမသိဘူး"

"အဲဒီလူပုံစံကို ဆရာတော်မှတ် မိပါသလား ဘုရား"

"မှတ်မိတာပေါ့။ မည်းမည်း၊ ပုပုပဲ၊ အသက်ကတော့ နှစ်ဆယ်ကျော်အစိတ် လောက်ရှိမယ်ထင်တယ်"

"ဆရာတော် အရင်က အဲဒီလူနဲ့ သိဖူးပါသလား ဘုရား"

"မသိပါဘူး၊ အခုဆွမ်းကျန်လာ စားမှ မြင်ဖူးတာပါ။ စိတ်မနှံ့သူတစ် ယောက်လို့ ယူဆရတယ်။ ငါ့ကိုမြင်ရင် လည်း ထွက်ပြေးတယ်"

ဤမျှသောက်ဆိုလျှင်ပင် ယခင် က ထိုလူသည် လုံးဝ ဆရာတော်နှင့် အဆက်အစပ်မရှိ။ယခုရက်ပိုင်းမှရောက် လာပြီး (စိတ်မနှံ့ယောင်ဆောင်ကာ) ဆွမ်းကျန်ကောက်စားရင်း ရွာကိုဒုက္ခ ပေးနေသည်ကိုဟုသိလိုက်၏။ သူ့အား စစ်မေးလျှင်လည်း ထိုထက်ပို၍ သိလာ နိုင်လေသည်။

❑

လှစောဦးမှာ တစ်ကောင်ကြွက် ဖြစ်၏။ ပေပေတေတေနေတတ်၏။ လက်ရဲဇက်ရဲလည်းနိုင်၏။ ထို့ကြောင့် တိုင်းပြည်ပျက်လာသောအခါ အုပ်ချုပ် မှုကင်းသဖြင့် တစ်ကိုယ်တော် လူစွမ်း ကောင်းအဖြစ် ရရာဝင်ကျူးလေ၏။

ကြက်ခိုး၊ ဝက်ခိုး၊ နွားခိုး အကုန် လုပ်၏။ ထို့နောက် အလစ်သုတ်၏၊ ဓား ထောက်လု၏။ ထို့နောက် လူကောင်း အဖြစ်ရပ်တည်ရန် မဖြစ်နိုင်တော့သည့် အဆုံး တွေ့မရှောင်ဖြစ်ကာ မထူးဇာတ် ခင်းလေ၏။

သို့သော် တစ်ကိုယ်တော်လုမိုက် လုပ်ခြင်းသည် အခိုက်အတန့်မျှသာဖြစ် နိုင်ပြီး ကြာကြာရပ်တည်ရန်ခက်ခဲ၏။ တိုင်းပြည်ပျက်၍ အုပ်ချုပ်ရေးကင်းလွတ် နေချိန်ဖြစ်သောကြောင့် ရွာတိုင်းမှာပင် လုံခြုံရေးများ တောင့်တင်းလျက်ရှိကြ ၏။

ထို့ကြောင့် လှစောဦးသည် လှုပ် ရှား၍မရနိုင်တော့။အသက်သေဖွယ်မြင် သဖြင့် တစ်စုံတစ်ရာသော သက်သာရာ သက်သာကြောင်းကို ရှာကြံရင်း အလံ ဖြူ၊ အလံနီများရှိရာ တောင်ခြေဒေသ ဘက်သို့ ထွက်လာခဲ့၏။

တောင်ခြေဒေသဘက်တွင် အလံ ဖြူ၊ အလံနီများရှိနေ၍ အနည်းငယ် ငြိမ်းချမ်းမှုရှိနေသည်ကိုတွေ့ရ၏။ မြစ် ပေါက်တိုင်းတွင် ကူးတို့ဆိပ်ရှိပြီး ကူးတို့ ဆိပ်တိုင်းတွင်လည်း ထမင်းဆိုင်လေးများ ရောင်းချ၍ရှိ၏။ လုံခြုံရေးမရှိသော အရပ်ဒေသများတွင် ကူးတို့ဆိပ်ရော ထမင်းဆိုင်များပါ မရှိတတ်ပေ။

ကူးတို့ဆိပ်တွင် အိန္ဒိယကုလား ဆန်ဆန်ဝတ်ဆင်ထားသောလူကြီးတစ် ယောက်နှင့်ဆုံ၏။ ထိုလူကြီးမှာ မုတ် ဆိတ်ကျင်စွယ်များနီစပ်စပ်ဖြင့် အသက် ခြောက်ဆယ်ခန့်ရှိသည်။ ရုပ်လက္ခဏာ ကြီးလည်း တည်ကြည်ခံ့ညား၏။ လှစော ဦးသည် ထိုလူကြီးကို အထူးအဆန်းဖြစ် ကာ စိတ်ဝင်စားပြီး ထမင်းဝယ်ကျွေး လေသည်။ ထမင်းစားသောက်ရင်း စကားပြောရင်းဖြင့် လှစောဦးနှင့် ထိုလူ ကြီးတို့ ရင်းနှီးသွားကြ၏။

လမ်းခွဲခါနီးတွင် ထိုလူကြီးက ထမင်းကျွေးဇူးကို ဆပ်သည့်အနေဖြင့် လှစောဦး၏ပေါင်မှာ ကြောင်ရုပ်နှစ်ရုပ် ထိုးပေး၏။ ထို့နောက် ကြောင်ရုပ်နှစ် ရုပ်၏အကြောင်းကိုလည်း ရှင်းပြသည်။

"အိမ်ပေါ် ကိုတက်ခါနီးမှာဖြစ်စေ၊ ခြံထဲဝင်ခါနီးမှာဖြစ်စေ အတက်ကြောင် ရုပ်ကို အာရုံပြု လက်နဲ့တို့ပွတ် (ဖွဖွလေး ဖိ)ပြီး တစ်ဦးတစ်ယောက်မှ ငါ့ကိုမမြင်ပါ စေနဲ့လို့ တိုးတိုးလေးဆိုလိုက်ရင် တစ် ယောက်မှမမြင်နိုင်တော့ဘူး။ အိမ်ပေါ် ကအဆင်းမှာဖြစ်စေ၊ ခြံထဲကအထွက် မှာဖြစ်စေ၊ အဆင်းကြောင်ရုပ်ကို လက် နဲ့တို့ပွတ် (ဖွဖွလေးဖိ) ပြီး ငါ့ကို တင်



www.burmeseclassic.com

www.burmeseclassic.com

ယောက်မှမမြင်ပါစေနဲ့လို့ ဆိုလိုက်ရင်လည်း တစ်ယောက်မှမမြင်နိုင်တော့ဘူး။ အာရုံအထားမှန်လာရင်တော့ ပါးစပ်ကပြောစရာတောင်မလိုတော့ဘူး။ လက်နဲ့တို့ပွတ်လိုက်ရုံနဲ့ပြီးတယ်။ ဒါကို ကြောင်တက်၊ ကြောင်ဆင်းလို့ခေါ်တယ်။ တချို့မှာ အတက်ကြောင်သာရှိပြီး အဆင်းကြောင်မရှိကြဘူး။ အဲဒီတာမျိုးက အန္တရာယ်များတယ်"

"ဒါမျိုးကို ဘယ်လိုနေရာတွေမှာသုံးပါသလဲ ဆရာကြီး"

ဟု လှစောဦးကမေး၏။

"မင်းကြိုက်သလိုသုံးပေါ့။ သုံးတက်ရင် အသုံးဝင်တာပဲ"

အတက်ကြောင်၊ အဆင်းကြောင်များအကြောင်းကို လှစောဦးကြားဖူး၏။ အများအားဖြင့် လှစောဦးတို့လို တစ်ကိုယ်တော်လူစွမ်းကောင်းများ အလစ်သုတ်ရာတွင် အသုံးပြုလေ့ရှိကြကြောင်း ဆို၏။ ထို့ကြောင့် လှစောဦးသဘောပေါက်ပြီး ခေါင်းညိတ်လိုက်၏။

"ဒီကြောင်ရုပ်အစွမ်းက ဒါပဲလားဆရာကြီး၊ နောက်အသုံးများရှိပါသေးလား"

"ကြောင်ရုပ်ကို ဒီထက်အစွမ်းတက်လာအောင် လုပ်လို့တော့ရသေးတယ်။ ဒါပေမယ့် အန္တရာယ်များမယ်လို့ထင်တယ်"

"ဘယ်လိုမျိုးလဲ ဆရာကြီး ပြောပြပါဦး"

"မိန်းမပျိုလေးတွေရဲ့အင်္ဂါဇာတ်ကို လှန်ကြည့်တာတို့၊ တို့ကိုင်ကြည့်တာတို့လုပ်နိုင်ရင်တော့ လုပ်နိုင်သလောက်အစွမ်းထက်မြက်လာတယ်။ အပေါ်၊ အောက်နှစ်ခုလုံးကို ထိကိုင်နိုင်ရင် ပိုကောင်းတယ်။ ဒါပေမယ့် တဖြည်းဖြည်းအစွမ်းတက်လာတော့မှ အဲလိုမျိုးကိုတိုးပြီးလုပ်သင့်တယ်။ အစွမ်းမထက်ခင်လုပ်မိရင် အချိန်ကြာတတ်တာကြောင့်အန္တရာယ်များတယ်။ အဖျက်အမှောင့်တွေ အများကြီးဝင်လာတတ်တယ်။ လူမိတာတို့၊ လက်နက်ထိမှန်တာတို့ဆိုတာမျိုးတွေနဲ့ ကြုံရတတ်တယ်။ ကိုယ်လိုသလောက်အစွမ်းမပြည့်ခင် အညွန့်ကျိုးသွားတတ်တာမျိုးပေါ့။ ဒါကြောင့်အစွမ်းမပြည့်ခင် အများကြီးလျှို့ဝှက်ပြီးသတိထားရတယ်။ အရေးအကြီးဆုံးကတော့ကိုယ့်စိတ်ကိုထိန်းနိုင်ရမယ်။ စိတ်ကိုမထိန်းနိုင်ဘဲ အဓမ္မမှုဖြစ်သွားရင်စည်းပေါက်ပြီး အသတ်ခံရတတ်တယ်။ စည်းမပေါက်အောင်ကြိုးစားပြီး မိန်းမပျိုလေးအတော်များများကို အဲလိုလုပ်နိုင်လေအစွမ်းတက်လေပဲ။ အခြားအောက်လမ်းနည်းတွေမှာလည်း ဒါမျိုးကိုသုံးလေ့ရှိကြတယ်"

တစ်ကောင်ကြွက် ပေတေပြီး လက်ရဲဇက်ရဲလည်းနိုင်သော လှစောဦးတစ်ယောက် အတော်လေးပင် သဘောကျသွားလေ၏။ မထင်မှတ်ဘဲ ထမင်းတစ်နပ် သည်လူကြီးအား ကျွေးလိုက်ရသောအကျိုးသည် တန်ဖိုးမဖြတ်နိုင်လောက်အောင်ပင် အမြတ်ထွက်လေပြီဟု တွေးပြီးလည်း ဝမ်းသာ၍မဆုံးဖြစ်သွားလေ၏။

"အစွမ်းတက်တယ် ဆိုတာကဘယ်လိုအစွမ်းမျိုးတွေပါလဲ ဆရာကြီး"

"အရုပ်၊ အသံ၊ အနံ့အသက်အမျိုးမျိုးကိုဖန်တီးနိုင်တာတို့၊ ကိုယ်ဖျောက်ပညာတို့စတာတွေပေါ့။ကိုယ်ဖျောက်ပညာဆိုရင် ငှက်ပျောခင်းထဲက ငှက်ပျောရွက်ထိပ်ဖျားတွေကိုတောင် ခုန်နင်းလျှောက်ပြေးပြီးသွားနိုင်တယ်။ ငှက်ပျောရွက်တွေမကျိုး၊ မကြေ၊ မတုန်၊ မလှုပ်ဘူး။ အိမ်မြင့်ကြီး၊ တိုက်မြင့်ကြီးတွေကိုလည်း အသာလေးခုန်ကျော်သွားနိုင်တယ်။ ဒီထက်မကအဝေးကြီးကိုလည်း ခုန်ကျော်သွားနိုင်တယ်။ အစွမ်းတွေတတော့ အများကြီးပဲ။ ငါပြောစရာတောင်မလိုဘူး။ မင်းကြိုးစားလို့ အစွမ်းတက်လာတဲ့အခါ ပိုသိလာလိမ့်မယ်"

လှစောဦး ပြုံးပြီး တစ်ချက်၊ နှစ်ချက်ခေါင်းညိတ်၏။ ထို့နောက် အလွန်အမင်း ထိုလူကြီးအား အထင်ကြီးလာပြီး သိလိုသည်များကို မေးကြည့်၏။

"ဆရာကြီးဇာတိ ဘယ်ကပါလဲ။ ဒီပညာတွေကို ဘယ်ဆရာဆီက သင်ယူတတ်မြောက်ထားတာပါလဲ"

"မမေးနဲ့"

"ဆရာကြီး အခု ဘယ်အရပ်ကိုသွားတာပါလဲ"

"မမေးနဲ့"

"ဪ. . ."

လှစောဦး ပါးစပ်ပိတ်သွား၏။ ရှက်ပြုံးဖြင့်လည်း တစ်ချက်ပြုံးလိုက်၏။

"ကျွန်တော် ဆရာကြီးနောက်လိုက်ပြီးပြုစုပေးရင်းနဲ့ ပညာဆက်သင်ချင်ပါသေးတယ်။ ခွင့်ပြုတော်မူပါ"

"မလိုက်နဲ့"

လှစောဦး ဘာမှမပြောရဲတော့။

ထိုလူကြီးလည်း အိတ်ထဲမှ ကွမ်းဘူးကိုထုတ်ကာ ကွမ်းတစ်ယာယာဝါးပြီး လှစောဦးကိုပင် နှုတ်မဆက်ခဲ့ဘဲ ဆိုင်ထဲမှ ထွက်သွားလေသည်။

လှစောဦး သက်မတစ်ချက်ကိုချလိုက်၏။ ထို့နောက် ကြောင်ရုပ်နှင့်ပတ်သက်ပြီး ထိုလူကြီးပြောပြခဲ့သည့်အကြောင်းအရာများကိုစဉ်းစားသည်။

လိုရင်းမှာ ကြောင်ရုပ်နှစ်ရုပ်အစွမ်းထက်မြက်လာအောင် ထိုလူကြီးပြောပြထားခဲ့သည့်အတိုင်း ဆက်လုပ်ရန်ပင် ဖြစ်သည်။ သို့သော် ဤနေရာသည် မြို့ကြီးပြကြီးမဟုတ်သောကြောင့် ဝယ်ခြမ်းစားသောက်ရေး၊ လျှို့ဝှက်စွာနေထိုင်ရေးနှင့်ပတ်သက်ပြီး အခက်တွေ့နိုင်သည်။

ထို့ကြောင့် ဦးစွာ ထိုကိစ္စကိုဖြေရှင်းရန် အကြံထုတ်ရင်း ခရီးနှင်လာခဲ့ရာ တောရကျောင်းတစ်ကျောင်းကိုတွေ့၍ အဆင်ပြေသွားလေသည်။ တောရကျောင်း၏ ပတ်ဝန်းကျင်တွင်လည်း ရွာကြီးရွာငယ်အချို့ရှိနေသည်ကို တွေ့ရသောကြောင့် ဤနေရာ၌ ကျင်လည်ကာ အရှေ့ယောင်ဆောင်၊ ဆွမ်းကျန်ကိုကောက်စားပြီး ကြောင်ရုပ်နှစ်ရုပ်အားအစွမ်းတင်ရလျှင် ကောင်းလေ့စွတကားဆုံးဖြတ်ကာ လုပ်ငန်းစလေသည်။

*

ရွာသားများသည် သည်လူမိုက် (လှစောဦး) ကို သတ်ပစ်ချင်ကြသည်။ ရွာသူကြီးက လက်မခံပေ။ သူတို့ရွာ၌ ယခင်ကလည်း လူသတ်မှုမဖြစ်ခဲ့ဘူး။ ယခုလည်းမဖြစ်စေလို။ ဒီလူမိုက် (လှစောဦး)သည်လည်း ရွာကိုပြောလောက်သည်အထိ ထိခိုက်နစ်နာအောင်ပြုလုပ်ခဲ့ခြင်းမရှိသေး။ ထို့ကြောင့် သက်ဆိုင်ရာ(အလံဖြူတပ်) ကိုသာ အပ်ပေးလိုကြောင်း ပြောပြ သောကြောင့် ရွာသားများကလည်း သဘောတူကြ၍ အလံဖြူတပ်ကို သွားပြီးသာ ပေးအပ်လိုက်ကြလေသည်။

စာကြွင်း - လှစောဦးကို အလံဖြူတပ်သို့ ဖမ်းပို့လိုက်ကြသော်လည်း အသတ်မခံရသည့်အပြင် 'ကြောင်ရုပ်ကြီး' အမည်ဖြင့် ဗိုလ်ဖြစ်သွား၏။ အလံဖြူများ ချုပ်ငြိမ်းသွားပြီးနောက်လည်း ကြောင်ရုပ်ကြီးအမည်ဖြင့်ပင် တစ်သက်ပတ်လုံး မော်တော်မောင်းဆရာအဖြစ်ဖြင့် ရပ်တည်သွားကြောင်း သိရသည်။ ဦးလှစောဦး၏ ကြောင်ရုပ်နှင့်ပတ်သက်၍ နောက်ဆက်တွဲအကြောင်းများကိုမူ မသိကြတော့ပေ။

မင်းယာဉ်နွယ်



www.burmeseclassic.com

www.burmeseclassic.com

# ဗြိတိသျှမြန်မာနိုင်ငံ လျှမ်း ထက် ပထမဦးဆုံးလွှတ်တော်ရွေးကောက်ပွဲ

ဗြိတိသျှမြန်မာနိုင်ငံ၏ပထမဦးဆုံး ရွေးကောက်ပွဲဟု မှတ်တမ်းတင်ရမည့် ဒိုင်အာခီဥပဒေပြုကောင်စီ (Legista - tive Counsel) ရွေးကောက်ပွဲကို ဗြိတိသျှ အာဏာပိုင်များသည် ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။

ဤရွေးကောက်ပွဲကိုမူ ကျွန်တော် မမီလိုက်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုရွေးကောက်ပွဲကြီးပြီး၍ (၁၀) နှစ်ခန့် အကြာမှ ကျွန်တော့်ကို ဖွားမြင်ခဲ့ခြင်း ဖြစ်ပါသည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးမဖြစ်ပွားမီ ကျွန်တော် ပဉ္စမကျောင်းသားတစ်ဦးဖြစ်လာခဲ့ပြီ ဖြစ်ပါသည်။ ထိုစဉ်က ထုတ်ဝေသော မဂ္ဂဇင်းများ၊ ဂျာနယ်များ၊ သတင်းစာများအား လက်လှမ်းမီသလောက် ရှာဖွေဖတ်ရှုခဲ့သည်သာမက အထက်ဖော်ပြပါရွေးကောက်ပွဲအားမီခဲ့ကြသော ကျွန်တော့်ဦးလေးများ၊ အဒေါ်များ၏ ပြောပြကြသည်များကို နားမဆုံ့အောင် နားထောင်ခဲ့ရသဖြင့် ထိုရွေးကောက်ပွဲအကြောင်း အတော်အသင့်မှတ်မိခဲ့၏။ ဤနေရာတွင် အလျဉ်းသင့်သဖြင့် အထက်ဖော်ပြပါ ဒိုအာခီခေတ်နှင့် ပထမဆုံးအကြိမ် ကျင်းပခဲ့သည်။ ဒိုင်အာခီဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပရန် ဖြစ်ပေါ်လာသောအခြေအနေအရပ်ရပ်ကို ရေးသားဖော်ပြရမည် ဖြစ်ပါသည်။


ဗြိတိသျှနယ်ချဲ့တို့သည် အိန္ဒိယတိုက်ငယ်ကို သိမ်းပိုက်ပြီးသည့်နောက် အိန္ဒိယတိုက်ငယ်သည် သူတို့၏နေမဝင်သော အင်ပါယာကြီးအတွင်း 'တန်ဖိုးဖြတ်နိုင်သောရတနာ' ဟူ၍ ကင်ပွန်းတပ်ခဲ့ကြသည်။ ဗြိတိသျှလူမျိုးတို့၏ ဝိတိုရိယဘုရင်မကြီးအား အိန္ဒိယတိုက်ငယ်၏ ဧကရီဘုရင်မကြီးဟူသော ဘွဲ့ထူးကိုခံယူစေခဲ့၏။ အထူးသဖြင့် အိန္ဒိယတိုက်ငယ်တွင် သမိုင်းအဆက်ဆက်ကြောင့်ကြမဲ့ကင်းစွာနေထိုင်ခဲ့ကြသောလူမျိုးစုများသည် ဗြိတိသျှဘုရင်မကြီး၏ တပ်မတော်တွင် အမှုထမ်းခဲ့ကြသဖြင့် ထိုစဉ်က ဗြိတိသျှတို့၏ စစ်အင်အားကို နိုင်ငံတကာက မော့ကြည့်ခဲ့ရသည်။ ဤကဲ့သို့ အင်အားတောင့်တင်းသော စစ်အင်အားဖြင့် အရှေ့တောင်အာရှရှိ နိုင်ငံများအား အကြောင်းအမျိုးမျိုးရှာ၍ သိမ်းပိုက်ခဲ့၏။

ကျွန်တော်တို့ မြန်မာနိုင်ငံအားလည်း စစ်ပွဲသုံးကြိမ်ဆင်နွှဲကာ သိမ်းယူခဲ့ကြပြီး ဗြိတိသျှဧကရီဘုရင်မကြီး၏ နေမဝင်အင်ပါယာအတွင်းသွင်းယူခဲ့ကြသည်။ မြန်မာနိုင်ငံအား သီးသန့်အုပ်ချုပ်ခြင်းမပြုခဲ့။ အိန္ဒိယတိုက်ငယ် သို့မဟုတ် အိန္ဒိယပြည်၏ ပြည်နယ်တစ်ခုဟု သတ်မှတ်ထားခဲ့ရာ ထိုစဉ်ကာလက မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးများအား အချို့သော ကမ္ဘာ့နိုင်ငံများက အိန္ဒိယပြည်၏ ပြည်နယ်တစ်နယ်မှ တိုင်းရင်းသားများဟု အထင်လွဲမှားမှတ်ယူခဲ့ကြ၏။

ထိုစဉ်ကာလက မြန်မာနိုင်ငံမှာ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်နယ်သာ ဖြစ်ခဲ့ရကာ အိန္ဒိယတိုင်းရင်းသားများအစု မြန်မာနိုင်ငံသို့ လွတ်လွတ်လပ်လပ်သွားလာခွင့်ရခဲ့ကြသဖြင့် အိန္ဒိယတိုင်းရင်းသားများသည် မြန်မာနိုင်ငံ၏ ရန်ကုန်မြို့တော်တွင် အခြေချနေထိုင်ခဲ့ကြ၏။ မှတ်တမ်းများအရ ရန်ကုန်မြို့တော်တွင် အိန္ဒိယအလုပ်သမားနှစ်သိန်းနီးပါးရှိခဲ့သည်ဟု သိရ၏။ ထိုစဉ်က ဗြိတိသျှအစိုးရရုံးစိုက်ရာ ရန်ကုန်မြို့တော်သည် မြန်မာနိုင်ငံ၏မြို့တော်ဖြစ်လင့်ကစား ရန်ကုန်မြို့တော်လူထုမှာ အိန္ဒိယတိုင်းရင်းသားများ၊ တရုတ်အမျိုးသားများ၊ ဗြိတိသျှအမျိုးသားများနှင့် ဥရောပတိုက်သားများ အများဆုံးနေထိုင်သော မြို့တော်ဖြစ်သည်။ မြန်မာအမျိုးသားများမှာ ရန်ကုန်ဆင်ခြေဖုံးရပ်ကွက်များတွင် သာနေထိုင်ကြသည်။ မြို့လယ်ရပ်ကွက်များတွင် တရုတ်နှင့် အိန္ဒိယတိုင်းရင်းသားများ နေထိုင်ကြ၏။ စီးပွားရေးလောကတွင်လည်း တရုတ်နှင့် အိန္ဒိယတိုင်းရင်းသားများ၊ ဥရောပတိုက်သားများက လက်ဝါးကြီးအုပ်ထား၍ မြန်မာတိုင်းရင်းသားအရင်းရှင်အနည်းစုသာ တရုတ်၊ ကုလားနှင့် ဥရောပတိုက်သားအရင်းရှင်များကို ပခုံးချင်းယှဉ်နိုင်ခဲ့သည်။ ထိုစဉ်က မှတ်တမ်းဇယားအရ ရန်ကုန်မြို့တွင် မျက်နှာဖြူဥရောပတိုက်သား (၈၀၀၀) ကျော်ရှိသည်ဟု သိရ၏။ ဤအခြေအနေအရပ်ရပ်ကား ၁၉၁၄ ခုနှစ်နှင့် ၁၉၁၈ ခုနှစ်တွင်ဖြစ်ပွားခဲ့သော ပထမကမ္ဘာစစ်ကြီးအပြီး မြန်မာနိုင်ငံ၏ အခြေအနေဖြစ်၏။

ပထမစစ်ကြီးကာလနှင့် ပထမကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားလာစအချိန်သည် ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် နိုင်ငံရေးအထူးနိုးကြားစခေတ်ဖြစ်ပြီး မြန်မာနိုင်ငံ၏လူထုသည် နိုင်ငံရေးမျက်စိပွင့်လာခဲ့သည်။ ဤသို့ တစ်ခေတ်ဆန်းချိန်ဖြစ်စေရန် လှုံ့ဆော်ပေးခဲ့သော အသင်းကြီးမှာ ၁၉၀၆ ခုနှစ်တွင် စတင်ပေါ်ပေါက်ခဲ့သောဝိုင်အမ်ဘီအေအသင်းကြီးဖြစ်ပါသည်။ ထိုအသင်းကြီးအား ဦးဘဖေ၊ ဒေါက်တာဘရင်နှင့် အမ်အေဦးမောင်ကြီးတို့(၃)ဦး စတင်တည်ထောင်ခဲ့သည်။ ထိုအသင်းကြီးသည် တဖြည်းဖြည်းနှင့် အင်အားတောင့်တင်းလာခဲ့ပြီး နောက်ဆုံး မြန်မာအသင်းများ၏အထွေထွေကောင်စီ ဂျီစီဘီအေအား ဖွဲ့စည်းနိုင်ခဲ့၏။

မူလကမူ ဝိုင်အမ်ဘီအေအသင်းကြီး၏ ရည်ရွယ်ချက်မှာ ဘာသာရေးဆိုင်



www.burmeseclassic.com





တိုးမြှင့်စည်းရုံးဆောင်ရွက်ရန်ဟုဆိုသော်လည်း ထိုအသင်းဝင်များ၏ ဟောပြောပို့ချချက်များသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့်နွယ်သော အချက်အလက်များ ပါဝင်လာခဲ့၏။ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ပြီး တစ်နှစ်ခန့်အကြာ ၁၉၁၅ ခုနှစ်တွင် အထက်မြန်မာနိုင်ငံ မန္တလေးမြို့တွင်ကျင်းပသော ထိုအသင်းကြီး၏ တတိယအကြိမ် ညီလာခံတွင်မူ မြန်မာနိုင်ငံအတွင်း ကျောင်းနေသင့်သည့်အရွယ်သို့ရောက်သော ကလေးသူငယ်များအား စာသင်ကြားရမည်ဟူသော ဥပဒေများကို အတည်ပြုရန်နှင့် ဘုရားပွဲတော်များ၊ ဘုန်းတော်ကြီးပျံများတွင် ကစားပွဲများကို တားမြစ်ပိတ်ပင်ရေးအဆိုများကို ဆုံးဖြတ်ကြ၏။

ထိုအချိန်တွင် ဥရောပစစ်မျက်နှာတွင် ဗြိတိသျှနှင့် မဟာမိတ်တို့မှာ အရှုံးနှင့် ရင်ဆိုင်နေရသည်။ စစ်ဒီရေသည် ဂျာမနီနှင့် မဟာမိတ်တို့ဘက်မှ မြင့်တက်လျက်ရှိနေ၏။ ပထမကမ္ဘာစစ်အောင်ပွဲခံရတော့မည့်အခြေအနေဖြစ်လာသည်။ စစ်ပြိုင်နိုင်ငံအများမှ စစ်သည်တော်အများမှာ ဥရောပအနောက်ဘက်စစ်မျက်နှာတွင် သောက်သောက်လဲကျဆုံးကြရ၏။ စစ်စရိတ်ငွေကြေးမှာလည်း တရိပ်ရိပ်မြင့်တက်လာခဲ့ရကာ အင်္ဂလန်နိုင်ငံအဖို့ အထွေထွေအကျပ်အတည်းနှင့် ကြုံလာခဲ့ရ၏။

ဤတွင် နေမဝင်သော ဗြိတိသျှဘုရင့်အင်ပါယာကြီးတွင် ပါဝင်သော မြန်မာနိုင်ငံသို့ဂယက်ရိုက်ခတ်လာ၏။ ဗြိတိသျှအာဏာပိုင်များ၏ စည်းရုံးမှုကြောင့် မြန်မာနိုင်ငံမှ လူငယ်လူရွယ်အများသည် ဗြိတိသျှနေမဝင်အင်ပါယာကြီးကို ကာကွယ်ရန် ဗြိတိသျှဘုရင့်တပ်မတော်သို့ ဝင်ရောက်ကာ အမှုထမ်းကြသည်။ မြန်မာလူမျိုး ကုန်သည်ပွဲစားများကလည်း ဗြိတိသျှဘုရင်စစ်စရိတ်အဖြစ် ထိုက်သင့်သော အလှူငွေများထည့်ဝင်ကြသည်။ဗြိတိသျှတို့အဖို့ ပထမကမ္ဘာစစ်ကြီးဖြစ်ပွားလာခဲ့ရခြင်းကြောင့် ကိုလိုနီနိုင်ငံများအပေါ် ထားရှိခဲ့သော သဘောထားလည်း အတော်အသင့်ပျော့ပျောင်းလာသည်။ လာမည့်အနာဂတ်တွင် နေမဝင်သော ဗြိတိသျှအင်ပါယာကြီးကွဲအက်မသွားစေရန် ဗြိတိသျှအစိုးရ ကိုလိုနီများအပေါ် ထားရှိသော သဘောတရားကိုလည်း ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်လာသည်ဟု မြင်လာသည်။ သို့ဖြစ်၍ ၁၉၁၇ ခုနှစ်တွင် ထုတ်ပြန်သော မွန်တေဂူချမ်းစဖို့ဒ်အစီရင်ခံစာတွင် အောက်ပါအတိုင်း ဖော်ပြခဲ့၏။

- ဗမာပြည်သည် အိန္ဒိယပြည် မဟုတ်ပါ။ ဗမာတိုင်းရင်းသားများသည်လည်း သီးခြားလူမျိုးများသာဖြစ်သည်။ နိုင်ငံရေးတိုးတက်လာမှုအဆင့်အတန်းအားဖြင့်လည်း အိန္ဒိယနိုင်ငံနှင့်မတူ တစ်သီးတခြားဖြစ်နေ၏။ သို့ဖြစ်၍ ဗမာနိုင်ငံနှင့် သင့်တော်မည့် အုပ်ချုပ်ရေးကို နောင်သောအခါ သီးသီးသန့်သန့်စဉ်းစားရပေမည်ဟု ပါဝင်ခဲ့သည်။

ဤသို့အတွင်း ပထမကမ္ဘာစစ်ကြီး ပြီးဆုံးသွားခဲ့သည်။ ထိုစစ်ကြီးကား စစ်အောင်နိုင်သူများလည်းရှုံး၍ စစ်ရှုံးနိုင်ငံများလည်း စစ်ရှုံးနိမ့်ရမှုကြောင့် ဒုက္ခပင်လယ်ဝေခဲ့ရသည်။ စစ်နိုင်ဗြိတိသျှနှင့် မဟာမိတ်နိုင်ငံများမှာလည်း စစ်ကြီး၏ဒဏ် ခါးစည်း၍ခံရပြီး စစ်စရိတ်ကြောင့် အထွေထွေအကျပ်အတည်းတွေ့ကြရသည်။ စစ်၏ဒဏ်ရာဒဏ်ချက်များကြောင့် စီးပွားရေးထိခိုက်၍ အလုပ်လက်မဲ့များ ပေါ်များလာသည်။ လူထု၏ နိုင်ငံရေးအမြင်များလည်း ပြောင်းလဲလာသည်။

ဗြိတိသျှအစိုးရသည် ထိုစဉ်က မြန်မာနိုင်ငံဘုရင်ခံ (မြန်မာနိုင်ငံဘုရင်ခံမှာ အိန္ဒိယဘုရင်ခံချုပ်၏လက်အောက်ခံဖြစ်၏။)ကရက်ဒေါက်အား မြန်မာနိုင်ငံနှင့်သင့်တော်သော အုပ်ချုပ်ရေးစနစ်ရေးဆွဲပေးရန် တာဝန်ပေးခဲ့သည်။ ထိုစဉ်ကမှတ်တမ်းအရ ဘုရင်ခံဆာရယ်ဂျီနယ်ကရက်ဒေါ့ရေးဆွဲပေးသော မြန်မာနိုင်ငံနှင့်သင့်တော်သော အုပ်ချုပ်ရေးစနစ်မှာ ထိုစဉ်က ကျင့်သုံးနေသော ရန်ကုန်မြို့တော်မြူနီစီပယ် (စည်ပင်သာယာ) အုပ်ချုပ်ရေးမျိုးသာ ဖြစ်၏။

သို့ဖြစ်၍ မြန်မာသတင်းမီဒီယာများက ကန့်ကွက်ရေးသားခဲ့ကြသည်။ ထို့အတူ ပြည်သူလူထုကလည်း ဆူပူကန့်ကွက်ခဲ့ကြ၏။ ထိုအချိန်တွင် အင်္ဂလန်နိုင်ငံတွင် အိန္ဒိယနိုင်ငံအုပ်ချုပ်ရေး



www.burmeseclassic.com

www.burmeseclassic.com

အတွက် အိန္ဒိယခေါင်းဆောင်များကို ဖိတ်ခေါ်၍ ဆွေးနွေးပွဲပြုလုပ်ခဲ့သည်။ ဤတွင် မြန်မာနိုင်ငံကလည်း မန္တလေးမှ ဝတ်လုံတော်ရ ဦးပုနှင့် ဦးထွန်းရှိန်နှင့် ဦးဘဖေတို့အား အင်္ဂလန်နိုင်ငံ ပါလီမန် ထွဲဖက်ကော်မတီနှင့် တွေ့ဆုံဆွေးနွေးရန် စေလွှတ်ခဲ့တော့၏။

ပထမအကြိမ် အင်္ဂလန်နိုင်ငံသို့ သွားရောက်ခဲ့ကြသော ဦးပု၊ ဦးထွန်းရှိန်နှင့် ဦးဘဖေတို့သည် သူတို့အရေးဆိုခဲ့ကြသောအချက်အလက်များနှင့် အခြေအနေအရပ်ရပ်အား သူတို့၏နိုင်ငံရေးအဖွဲ့အစည်းကြီးဖြစ်သော ဂျီစီဘီအေအဖွဲ့ကြီးသို့ တင်ပြခဲ့သည်။ ဤသို့အတွင်း အိန္ဒိယနိုင်ငံသည် တာဝန်ခံအုပ်ချုပ်ရေးစနစ်မျိုး ရရှိလာသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံကလည်း အိန္ဒိယကဲ့သို့ တာဝန်ခံအုပ်ချုပ်ရေးစနစ်မျိုးရရှိရန် တောင်းဆိုနိုင်ရေးအတွက် အင်္ဂလန်နိုင်ငံသို့ ဒုတိယအကြိမ် ကိုယ်စားလှယ်သုံးဦးစေလွှတ်ရန် ဂျီစီဘီအေအသင်းကြီးက ဆုံးဖြတ်ခဲ့သည်။

အသင်းတော်ကြီး၏ဆုံးဖြတ်ချက်အရ အင်္ဂလန်နိုင်ငံသို့ ဒုတိယအကြိမ်အဖြစ် ဘကြီးဘဖေ၊ ဝတ်လုံတော်ရ ဦးပုနှင့် ဦးသိန်းမောင် (ဦးထွန်းရှိန်ကွယ်လွန်သွားသဖြင့် ဦးထွန်းရှိန်ကိုယ်စား လိုက်ပါသွားသည်) တို့ သွားရောက်ခဲ့ကြသည်။ ပထမအကြိမ် သွားရောက်သည့်အချိန်နှင့် ဒုတိယအကြိမ် သွားရောက်သည့်ကာလမှာ (၃) လသာကွာသည်ဟု သိရ၏။ ဒုတိယအကြိမ်သွားရောက်သည့် ကိုယ်စားလှယ်အဖွဲ့ လန်ဒန်သို့ ရောက်သည်နှင့် မြန်မာနိုင်ငံတွင် ကျောင်းသားသပိတ်အရေးအခင်းဖြစ်ပေါ်လာခဲ့၏။

ဤတွင် အင်္ဂလန်နိုင်ငံတွင် ဩဇာတိက္ကမအကြီးမားဆုံး သတင်းစာကြီးဖြစ်သော လန်ဒန်တိုင်းသတင်းစာကြီး ခေါင်းကြီးပိုင်းက ဗြိတိသျှအစိုးရအား မြန်မာနိုင်ငံနှင့်ပတ်သက်သောအရေးကို အချိန်မနှောင်းခင် စဉ်းစားသင့်ပြီဟု ရေးသားခဲ့၏။ ထိုသတင်းစာကြီးသည် ဗြိတိသျှအစိုးရအပေါ်တွင် ဩဇာညောင်းခဲ့သဖြင့် ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအား 'ဒိုင်အာခီ'ခေါ် ဗြိတိသျှဘုရိုကရေစီနှင့် မြန်မာကိုယ်စားလှယ်များပူးတွဲအုပ်ချုပ်သည့်စနစ်ကိုပေးရန် စီစဉ်သည်။ သို့သော် ထိုအချိန်တွင် မြန်မာလူထုကမူ ကိုယ်ပိုင်အုပ်ချုပ်ရေးမျိုးကိုလိုချင်နေကြပြီ ဖြစ်သည်။ ဗြိတိသျှတို့ပေးသည်။ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အား တိုင်းပြည်လူထုက လက်မခံလိုကြ။

လန်ဒန်သွားခေါင်းဆောင်တစ်ဦးဖြစ်သော ဦးဘဖေသည် သူထုတ်ဝေနေသော သူရိယသတင်းစာကြီး၏ ခေါင်းကြီးပိုင်းမှနေပြီး ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို လက်ခံသင့်ကြောင်း၊ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို လက်ခံ၍ တစ်ဆင့်ပြီးတစ်ဆင့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးကို အရအမိရယူရမည်ဖြစ်သည်ဟူ၍လည်း အကြောင်းအမျိုးမျိုးပြကာ လှုံ့ဆော် ရေးသားခဲ့၏။

ထိုအချိန်တွင် ဂျီစီဘီအေအဖွဲ့ချုပ်ကလည်း ဝံသာနုလုပ်ငန်းများကို လှုံ့ဆော် ကြွေးကြော် လုပ်ကိုင်လာခဲ့ပြီဖြစ်သည်။ အင်္ဂလန်နိုင်ငံမှ ထုတ်လုပ်သော ကုန်ပစ္စည်းများ အပါအဝင် နိုင်ငံခြားဖြစ်ပစ္စည်းများကို သပိတ်မှောက်၍ မသုံးစွဲကြဘဲ မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ် ကုန်ပစ္စည်းများကိုသာ အားပေးသုံးစွဲကြရန် လှုံ့ဆော်စည်းရုံးခဲ့သည်။ သို့သော် ဂျီစီဘီအေအဖွဲ့ကြီးသည် ထူးထူးခြားခြားအမျိုးသားရေးစိတ်ဓာတ်တက်ကြွနေသော မြန်မာလူထုကြီးအား ဦးဆောင်မှုမပေးနိုင်။ မည်သည့်လမ်းစဉ်ကိုလိုက်ရမည်ကိုလည်း လူထုအတွင်း စိမ့်ဝင်အောင်ချမပြနိုင်တော့ဘဲ ကွဲအက်ခွဲထွက်ဖြစ်ခဲ့ရ၏။

ဗြိတိသျှအာဏာပိုင်များကမူ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ရန် ပထမဆုံးရွေးကောက်ပွဲကို ဤဆောင်းပါးအဝတွင် ဖော်ပြခဲ့သည့်အတိုင်း ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ဒိုင်အာခီဥပဒေပြုကောင်စီရွေးကောက်ပွဲကျင်းပမည်ဟု ကြေညာခဲ့သည်။ ယင်းဒိုင်အာခီဥပဒေပြုကောင်စီ ရွေးကောက်ပွဲတွင် မြန်မာပြည်သူလူထု၏ မဲဆန္ဒပေးပိုင်ခွင့်ကို ဗြိတိသျှအာဏာပိုင်များက စနစ်တကျကန့်သတ်ချုပ်ချယ်ထားခဲ့၏။ သို့သော် ဗြိတိသျှတိုင်းရင်းသား ကုန်သည်ကြီးများနှင့် အိန္ဒိယတိုင်းရင်းသားကုန်သည်ကြီးများ အထူးအခွင့်အရေးပေးခဲ့သည်ကို မှတ်တမ်းများအရသိရ၏။

ဗြိတိသျှအမျိုးသား ကုန်သည် (၁၀၀) အတွက် ကိုယ်စားလှယ်တစ်ယောက် အရွေးခံနိုင်ခွင့်ရှိခဲ့သော်လည်း မြန်မာအမျိုးသားများအတွက်မူ လူဦးရေ (၃၀၀၀၀) မှ ကိုယ်စားလှယ်တစ်ယောက် အရွေးခံနိုင်ခွင့်ရှိ၏။ ရွေးကောက်တင်မြှောက်သော ကိုယ်စားလှယ်များကို ထိုစဉ်က 'မင်းတိုင်ပင်အမတ်'ဟုကင်ပွန်းတပ်ခဲ့ကြ၏။ ဒိုင်အာခီဥပဒေပြုကောင်စီအတွက် မင်းတိုင်ပင်အမတ်ကိုယ်စားလှယ် (၁၀၃) ဦးအနက် ဘုရင်ခံက တိုက်ရိုက်ခန့်ထားသူ (၂၃) ဦးရှိရာ ကျန်အမတ်ဦးရေ (၈၀) အတွက်သာ ရွေးကောက်ပွဲကျင်းပခဲ့ရသည်။ ထိုအမတ်ဦးရေ (၈၀) အနက် အိန္ဒိယအမျိုးသား (၈) ဦး၊ ကရင်အမျိုးသား (၅) ဦး၊ အင်္ဂလိပ်-မြန်မာကပြား (၁) ဦးနှင့် အခြားလုပ်ငန်းရှင်ကြီးများနှင့် တက္ကသိုလ်မှ (၇) ဦး ပါဝင်လာခဲ့သဖြင့် ကျန် (၅၈) နေရာအတွက်သာ မြန်မာတို့ ပါဝင်အရွေးခံနိုင်ခွင့်ရှိသည်။ ထိုစဉ်က မှတ်တမ်းများအရ အထက်ဖော်ပြပါ ပထမဆုံးအကြိမ်ရွေးကောက်ပွဲတွင် မဲဆန္ဒပေးသူ လူဦးရေမှာ (၁၀) ရာခိုင်နှုန်းသာရှိခဲ့သည်။

ဤသို့ဖြစ်ရခြင်းအတွက် ဗြိတိသျှအာဏာပိုင်များသည် အထူးအံ့အားသင့်ခဲ့၏။ ဗြိတိသျှတို့ကမူ မြန်မာလူထုသည် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို ဝမ်းပန်းတသာ လက်ခံလိမ့်မည်ဟု ယူဆသည်။ ထိုအချိန်တွင် ကျောင်းသားသပိတ် (၁၉၂၀) ကြီးပြီးခဲ့ပြီဖြစ်ရာ မြန်မာလူထုသည် နိုင်ငံရေးစိတ်ဓာတ် မြင့်တက်လာပြီးဖြစ်ရကား၊ ယင်းအုပ်ချုပ်ရေးစနစ်သည် ဗြိတိသျှအမျိုးသားဘုရင်ခံနှင့် မျက်နှာဖြူအိုင်စီအက်များလက်ထဲ၌သာ အာဏာရှိသည်ကို သိရှိထားကြပြီးဖြစ်ရကား ထိုဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို လက်မခံလိုကြောင်း ပြသလိုက်သည့်သဘောဖြစ်သည်။ ပြည်သူအများစုနှင့် နိုင်ငံရေးတက်ကြွလာသော လူငယ်အများစု လက်မခံလိုသော ရွေးကောက်ပွဲအား ပါဝင်ခဲ့သောပါတီများမှာ နှစ်ပါတီသာဖြစ်သည်။ ထိုပါတီတို့မှာ အထက်ဆောင်းပါးတစ်နေရာတွင်ဖော်ပြခဲ့သော ဝိုင်အမ်ဘီအေအသင်း (နောင်အခါ ဂျီစီဘီအေ) အား စတင်တည်ထောင်သူ ဦးဘဖေခေါင်းဆောင်သော(၂၁)ဦးပါတီနှင့် ရွှေတောင်ကြားပါတီတို့ဖြစ်သည်။

အထက်ဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဦးဘဖေသည် အင်္ဂလန်နိုင်ငံမှ ပြန်ရောက်လာခဲ့ပြီး ဂျီစီဘီအေအသင်းကြီးအား ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို လက်ခံ၍ ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပမည့် ဒိုင်အာခီဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲတွင်ဝင်သင့်ကြောင်း အဆိုပြုခဲ့သည်။ ဤတွင် တစ်ချိန်က မြန်မာလူထုအား နိုင်ငံရေးနိုးကြားအောင် နည်းလမ်းမျိုး

www.burmeseclassic.com

(အဘလည်းဆေး၊ ဆေးလည်းအဘ)

## ရောဂါလည်းပျောက် လျှာလည်းလောက်သည့်

# ရသာစုံလင် ဆေးဖက်ဝင်ဟင်းလျာများ

ရွှေနဝင်း(မုံသိမ်) (၁၀)

စာရေးသူငယ်စဉ်က စာရေးသူ၏ အဘွားမကြာခဏပြုလုပ်၍စားသောက်တတ်သောယိုတစ်မျိုးကို အမှတ်ရနေပါသည်။ အဘွားစားနေလျှင် မြေးဦးဖြစ်သော စာရေးသူကို အမြဲတမ်းခွံ့ကျွေးနေကျမို့ ပူရှိန်ရှိန်လေးနှင့်စားကောင်းတာဖြစ်လို့ အဘွားက မေ့နေလျှင်တောင် အမြဲသတိပေး၍တောင်းပြီးစားနေကြဖြစ်ပါသည်။

အဲဒီယို၏အာနိသင်ကြောင့်ထင်ပါသည်။ အဘွား (၉၄) နှစ်တွင် ဆုံးပါးသွားသော်လည်း ကိုယ့်ဝန်ကိုယ်ထမ်းပြီး ကျန်းကျန်းမာမာသွက်သွက်လက်လက်ဖြင့် ဘဝကို ဖြတ်သန်းသွားခဲ့ပါသည်။

ယခု ဆေးပညာဖြင့် အသက်မွေးပြီး ဆေးပညာရှင်အဖြစ် ရပ်တည်လာတော့မှ အဘွားဘာလို့ဘဝသက်တမ်းတစ်လျှောက် ကျန်းကျန်းမာမာနှင့်နေထိုင်နိုင်ခဲ့သည်ကို သဘောပေါက်တွေ့မြင်လာပါတော့သည်။

အဓိကအချက်မှာ အဘွားမကြာခဏ ယိုထိုးစားသောက်နေသော ရဲယိုသီး၊ ရဲယိုရွက်၏အစွမ်းအာနိသင်ကြောင့်ပင် ဖြစ်ပေသည်။ အဘွားက သူ၏ခြံတစ်ပတ်လည်တွင် ရဲယိုပင်များကိုအထူးဂရုစိုက်ပြီးစိုက်ပျိုးထားပါသည်။

ရဲယိုသီးမရသေးသည့်အချိန်မှာ

---

မျိုးနှင့် ရှေ့ဆောင်ခဲ့သော ဂျီစီဘီအေအသင်းကြီးသည် ကွဲအက်ခဲ့ရသည်။ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို လက်ခံ၍ ဥပဒေပြုကောင်စီရွေးကောက်ပွဲသို့ ဝင်ရောက်လိုသော ဦးဘဖေနှင့်အဖွဲ့မှာ ယခင် ဂျီစီဘီအေအဖွဲ့ဝင် (၂၁) ပါဝင်သဖြင့် (၂၁) တစ်ဦးပါတီဟု ပြည်သူအများက ကင့်ပွန်းတပ်ခဲ့ကြ၏။ ထိုအဖွဲ့နှင့်ဆန့်ကျင်သော ဂျီစီဘီအေအဖွဲ့ကို ဦးချစ်လှိုင်က ခေါင်းဆောင်ခဲ့သည်။ ထိုအဖွဲ့ကမူ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကိုလက်မခံ။ မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးရန်ကိုသာ ဆက်လက်တောင်းဆိုရမည်ဟူသောဝါဒကိုဆုပ်ကိုင်ထားသည်။

ဤဆောင်းပါးတစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း ဦးဘဖေသည် သူဦးဆောင်သည့် သူရိယသတင်းစာမှ ဒိုင်အာခီစနစ်ကို လက်ခံသင့်ကြောင်း အစဉ်အဆက်မပြတ် ရေးသားဖော်ပြတိုက်တွန်းခဲ့ပြီး သူပါဝင်သည့် (၂၁) ဦးပါတီ ဂျီစီဘီအေတစ်ခြမ်းသည် ၁၉၂၂ခု၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပသော ရွေးကောက်ပွဲအား ဝင်ရောက်အရွေးခံခဲ့သည်။

ထိုအဖွဲ့နှင့် ယှဉ်ပြိုင်အရွေးခံခဲ့သောပါတီမှာ ဆာဂျေအေမောင်ကြီးခေါင်းဆောင်သော ပရိုဂရစ်ဆစ်ပါတီ (တိုးတက်သောပါတီ) ဖြစ်သည်။ ယင်းပါတီဝင်အများမှာ ထိုစဉ်က ရွှေတောင်ကြားရပ်ကွက်တွင် နေထိုင်ကြသော လူချမ်းသာများသာဖြစ်၍ ယင်းပါတီအား သတင်းမီဒီယာများက ရွှေတောင်ကြားပါတီဟု ကင်ပွန်းတပ်ခဲ့ကြ၏။ ဗြိတိသျှအစိုးရကလည်း မြန်မာလူထု အလိုမရှိသော ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်ကို ပြန်ခေါ်ယူလိုက်ပြီး မြန်မာနိုင်ငံဘုရင်ခံအဖြစ် ဆာဟာကုတ်ဘတ္တလာကို ခန့်ထားခဲ့သည်။ ဆာဟာကုတ်ဘတ္တလာမှာ မြန်မာလူထု လေးစားသူဖြစ်သည်။

ဤပထမဆုံးရွေးကောက်ပွဲတွင် ဦးဘဖေသည် ဝန်ကြီးချုပ်ရာထူးရရှိလိမ့်မည်ဟု မျှော်မှန်းထား၏။ အဘယ်ကြောင့်ဆိုသော် သူသည် အင်္ဂလန်နိုင်ငံသို့ ထိုအုပ်ချုပ်ရေးစနစ်ရရှိရေးအတွက် နှစ်ကြိမ်တိုင်တိုင် သွားရောက်၍ အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ရသူဖြစ်၏။ ထိုစနစ်အရ လစာငွေ (၅၀၀၀) စား ဝန်ကြီးချုပ် (၄) ဦးရှိသည်အနက် မြန်မာလူမျိုးများထဲမှ (၃) ဦး ရရှိသည်။

ထိုဝန်ကြီးချုပ်လေးဦးမှာ -

၁။ ပြည်ထဲရေးဝန်ကြီးချုပ်
ဆာမောင်ခင်၊

၂။ ဘဏ္ဍာရေးဝန်ကြီးချုပ်
မစ္စတာအလက်ဇန္ဒာကီ(သ်)၊

၃။ ပညာရေးဝန်ကြီးချုပ်
အမ်အေမောင်ကြီး၊

၄။ သစ်တောရေးဝန်ကြီးချုပ်
ဆာဂျေအေမောင်ကြီး
တို့ ဖြစ်သည်။

ဦးဘဖေမှာမူ ဥပဒေပြုကောင်စီတွင် ဒုတိယဥက္ကဋ္ဌရာထူးကိုသာရရှိခဲ့၏။ ပထမဆုံးရွေးကောက်ပွဲတွင် မြန်မာလူထုသည် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို စိတ်ဝင်စားမှုမပြခဲ့။ တစ်ချိန်က မြန်မာလူထုအား နိုင်ငံရေးနိုးကြားတက်ကြွလာအောင် ရှေ့ဆောင်ခဲ့သော သူရိယသတင်းစာကြီးသည် ဒိုင်အာခီစနစ်လက်ခံရေးကို မီးကုန်ယမ်းကုန်ထောက်ခံခဲ့သဖြင့် ထိုသူရိယသတင်းစာကြီးအား မြန်မာနိုင်ငံလူထုကြီးက ငြိုငြင်ခဲ့ရ၏။ မှတ်တမ်းများအရ ၁၉၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သော ဒိုင်အာခီဥပဒေပြုကောင်စီရွေးကောက်ပွဲသည် အစဉ်အလာကြီးမားခဲ့သော သူရိယသတင်းစာကြီးနှင့် မြန်မာလူထုအထင်အမြင်ကြီးမားခဲ့သော ဦးဘဖေတို့အား ကံဇာတာညှိုးမှိန်စေခဲ့သော ရွေးကောက်ပွဲဖြစ်ခဲ့ပါကြောင်း။

လှမျိုးထက်

ကျမ်းကိုး -

၁။ ကိုလိုနီခေတ်မြန်မာသမိုင်း
(ဗန်းမော်တင်အောင်)

၂။ The Burma Gazette

၃။ သတင်းစာမှတ်တမ်းများ



www.burmeseclassic.com

www.burmeseclassic.com

ရဲယိုရွက်ကို အတို့အမြှုပ် စသည်တို့နှင့် တွဲစပ်၍ မကြာခဏနှစ်သက်စွာစားသုံး တတ်ပါသည်။

"ရဲယိုသီး၊ ရဲယိုရွက်က မန်းကြေ စေပြီး သွေးသားကြည်လင်လို့ သွေး ကြော၊ လေကြောပွင့်လင်းပြီး လူကိုပေါ့ ပါးကျန်းမာစေတယ် လူလေးရဲ့"

ဟု စာရေးသူကို အမြဲပြောတတ် ပါသည်။

ဟုတ်ပေသည်။ ယနေ့ဆေးသိပ္ပံ သုတေသနတွေ့ရှိချက်များအရ ရဲယိုသီး၊ ရဲယိုရွက်တို့တွင် အဘွားပြောတာထက် ပင် ပိုလွန်အစွမ်းထက်သောအာနိသင် များ ပါဝင်နေသည်ကို လက်တွေ့သိရှိ ရပါသည်။

ဒါကြောင့် အဘွား ကျန်းမာစွာ နေနိုင်တာဖြစ်မည်။

ရဲယိုပင်၏ အင်္ဂလိပ်အမည်မှာ Morinda သို့မဟုတ် Common Name အမည်မှာ Noni ဖြစ်ပါသည်။

Genus မျိုးစုမှာ Morinda ဖြစ်ပြီး Species မျိုးစိတ်မှာ Angustifolic ဖြစ်၍ Family မျိုးရင်းမှာ Rubiaccac ဖြစ်ပါ သည်။

ရုက္ခဗေဒအမည်မှာ Morinda Citrifolial ဖြစ်သည်။ မူရင်းဒေသမှာ အရှေ့တောင်အာရှဖြစ်ပြီး အိန္ဒိယမှ တစ်ဆင့် ပစိဖိတ်ဒေသ ပေါ်လီနီရှားနှင့် ဟာဝိုင်ယီကျွန်းတို့တွင် အများဆုံးပေါက် ရောက်ပါသည်။

အရွက်သည် ခါးသက်သက်အရ သာရှိပြီး အသီးမှည့်သည် ချို၍ ပူရှိန်ရှိန် နှင့် အနံ့အနည်းငယ်ပြင်းပါသည်။

ရဲယိုရွက်၏ဆေးစွမ်းအာနိသင် များမှာ သံဓာတ်ပါရှိ၍ သွေးအားကို ကောင်းမွန်စေပါသည်။ ရုပ်ဓာတ်ကိုပွား စီးရှင်သန်စေသည်။ နှုတ်ခံတွင်းကိုမြိန် စေပြီး စားဝင်၊ အိပ်ပျော်၊ နှလုံးခုန်၊ ရင် တုန်၊ သွေးကျဲခြင်း၊ သွေးပျစ်ခြင်းတို့ကို ကာကွယ်ပေးပါသည်။

အသီးသည် သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ကိုနိုင်သည်။ မီးယပ်သွေး ကို မှန်ကန်စေသည်။ သွေးဝမ်းရိုးရိုး၊ ဝမ်းပျက်၊ ဝမ်းလျှောရောဂါတို့ကို သက် သာ ပျောက်ကင်းစေနိုင်သည်။ အစာ မကြေ၊ ချောင်းဆိုးသက်သာစေပြီး လေ သက်၊ သွေးသက်စေပြီး သွေးကြောလေ ကြော ပွင့်လင်း၍ ပေါ့ပါးသွက်လက်စေ ပါသည်။

ရဲယိုသီးတွင် Xerorine ခေါ် ဟော်မုန်းဓာတ်တစ်မျိုးပါရှိ၍ အရေပြား ရောဂါကို ထိရောက်စွာ ပျောက်ကင်းစေ ပြီး အရေပြားကင်ဆာပျောက်ကင်းစေ နိုင်ပါသည်။

သဘာဝ ရဲယိုသီး၊ ရဲယိုရွက်ကို စားသုံးခြင်းဖြင့် ခန္ဓာကိုယ်ခုခံအားစနစ် (Immune System) ကို မြှင့်တင်ပေးနိုင် ခြင်းကြောင့် ခန္ဓာကိုယ်အတွင်းချို့ယွင်း မှုများကို ပြန်ကောင်းမွန်စေရန် ပြုလုပ် ပေးပြီး အနာများကို အကျက်မြန် (မန်း ကြေစေခြင်း)၊ ထို့အပြင် ကင်ဆာရောဂါ ကိုဖြစ်စေနိုင်သည့် ဓာတ်ပစ္စည်းများမှ D.N.A များကို ကင်ဆာဆဲ(လ်)အဖြစ်သို့ မပြောင်းလဲသွားအောင် ဟန့်တားမှုကို ဆောင်ရွက်နိုင်ပါသည်။

ကင်ဆာလူနာများတွင် အဓိက တွေ့ရှိရတတ်သည့် နာကျင်မှုဝေဒနာ များကို သက်သာစေနိုင်ပါသည်။ သဘာဝရဲယိုသီးတွင် ကင်ဆာရောဂါကို ဖြစ်ပေါ်အောင် လှုံ့ဆော်ပေးနိုင်သည့် Free Radicais များကို ဖယ်ရှားပေးနိုင် သည့် Anti-Oxidant ဓာတ်အာနိသင် များ ပြည့်ဝစွာပါဝင်နေသော ဆေးဖက် ဝင်အာနိသင်အစွမ်းကြောင့် အထူးသဖြင့် ကင်ဆာဆဲ(လ်)များကို သူ့အလိုလိုသေ ဆုံးခြင်းဖြစ်စေရန် လှုံ့ဆော်မှုများကို ဆောင်ရွက်ပေးနိုင်သည့်အသီးအရွက် မျိုး ဖြစ်ပါသည်။

ဤသို့ ကောင်းခြင်းများစွာ၊ ဆေး ဖက်ဝင်အာနိသင်များပြည့်ဝစွာပါရှိနေ သောရဲယိုသီး၊ ရဲယိုရွက်တို့ဖြင့် သဘာဝ မြစ်ချောင်း၊ အင်းအိုင်များမှရရှိသော ငါး ခူ၊ ငါးရံ့ငါးတို့ဖြင့် ဆေးဖက်ဝင်ဟင်းလျာ စီမံချက်ပြုတ်နည်းကို တင်ပြပါမည်။

**ရဲယိုရွက်နှင့်**
**ငါးခူစဉ်းကောဆေးဖက်ဝင်**
**ဟင်းလျာပါဝင်သောပစ္စည်းများ**

၁။ သဘာဝငါးခူ (၅) ကောင် (၂၅) ကျပ်သားခန့်
၂။ ရဲယိုရွက်မနုမရင့်(ငထွေရည်ရွက်) (၁၅) ရွက်
၃။ ကြက်သွန်ဖြူ (၅) ကျပ်သား
၄။ နှမ်းဆီစစ်စစ် (၁၀) ကျပ်သား
၅။ သံပရာသီး (၁) လုံး

**ပ စီမံချက်ပြုတ်နည်း**

ငါးခူကို အရိုး၊ အချွံ စင်ကြယ် အောင်တိုက်ချွတ်ပြီး ဗီနီကာဖြင့်ထပ်မံ ၍ဆေးကြောပါ။ ပြီးလျှင် အလယ်ရိုးကို ထုတ်ပြီး အသားလွှာ၍ စဉ်းကောလုပ် ထားပါ။ ပြီးလျှင် သံပရာသီး (၁) လုံး အရည်ညှစ်ပြီး ၎င်းငါးခူစဉ်းကောမှာ ဆမ်းပြီး ဆား၊ နနွင်းသင့်ရုံဖြင့်နယ်ပြီး နာရီဝက်ခန့်နှပ်ထားပါ။

ထုံးစံအတိုင်း ငရုတ်သီးအပွ ကြက်သွန်နီနှင့် ကြက်သွန်ဖြူ (၅) ကျပ် သား၏ တစ်ဝက်ကို ရောထောင်းထားပြီး ကျန်ကြက်သွန်ဖြူတစ်ဝက်ကို ပါးပါးလှီး ထားပါ။

အားလုံးပြည့်စုံပြီဆိုလျှင် နှမ်းဆီ (၁၀) သားကို ဆီပူလာအောင်အပူပေး ပြီး ငရုတ်၊ ကြက်သွန်ထောင်းထားသည် များကို ဆီသတ်ပေးပါ။

ကြက်သွန်များလိပ်လာသည့်အ နေတွင် ငါးခူးစဉ်းကောနှပ်ထားသည့် ငါးအသားများကိုထည့်၍မီးအရှိန်လျှော့ ပြီးမွှေပေးပါ။ အားလုံးသမသွားလျှင် ကြက်သွန်ဖြူပါးပါးလှီးထားသည်များကို ထည့်၍ ရောမွှေပေးပြီး ကြက်သွန်ဖြူ နွမ်းလာသည့်အနေတွင် ရေနွေးဆူဆူ သင့်ရုံထည့်၍ ငါးများနူးနပ်၍ ဆီပြန် လာသည့်အချိန်တွင် ရဲယိုရွက်ပါးပါးလှီး ထားသည်များကို အပေါ်မှအုပ်၍မွှေ ပေးပါ။

ရဲယိုရွက်အရောင်ပြောင်းကာ ဆီ နှင့်ထိတွေ့ပြီး အရွက်များအိလာသည့် အချိန်တွင် မီးပေါ်မှချလိုက်ပါက လွန်စွာ မွှေးပျံ့၍ အရသာကောင်းမွန်သောဆေး ဖက်ဝင်ဟင်းလျာကို သုံးဆောင်နိုင်ပါပြီ။

ဤဟင်းလျာသည် သွေးအား နည်းသူများ၊ ဖွံ့ဖြိုးစအရွယ်ကလေးငယ် များ၊ သက်ကြီးရွယ်အိုများနှင့် သွေး၊ ဝမ်း၊ မြင်းသရိုက်ရှိသူများ၊ သွေးတိုး၊ လေငန်းရောဂါနှင့် ပန်းအားနည်းသူများ၊ နာလန်ထစလူနာများအတွက် အထူး သင့်တော်သည့် ဆေးဖက်ဝင်ဟင်းလျာ ဖြစ်ပါသည်။

စာဖတ်ပရိသတ်ကြီး ရောဂါ လည်းပျောက်၊ လျှာလည်လောက် အောင် တင်ပြလိုက်ပါသည်။

သတ္တဝါအများ
စားသမျှအားဖြစ်၍
ကျန်းမာကြပါစေ

ရွှေနှင်း (ပုသိမ်)



www.burmeseclassic.com

www.burmeseclassic.com

မှတ်မိပါသေးသည်။ ၁၉၉၅ ခုနှစ်လောက်က ဟုမ္မလင်း - ခန္တီး နွေရာသီကားလမ်းဖောက်လုပ်ရေးစီမံကိန်းစတင်သောအခါ ကျွန်တော် ဦးဆောင်သောအဖွဲ့က ချောင်းဆုံနှင့် ထမံသီအကြား လမ်းပိုင်းကို တာဝန်ယူခဲ့ရလေသည်။

အချိန်က ဆောင်းရာသီ ဇန်နဝါရီလဆန်းရက်များ။ တစ်နည်းအားဖြင့် အအေးဓာတ်က အမြင့်ဆုံးဆိုသည့်အခါသမယ။

ကျွန်တော်တို့မှာ ဆောင်း၏နှိပ်စက်မှုဒဏ်ကို အလူးအလဲပင်ခံကြရသည်။ မိမိတို့ပါလာသော စောင်ထူစောင်ကျားတို့ဖြင့်သာမက ရွာခံပြည်သူများက ပံ့ပိုးသောစောင်များနှင့်ပါ အအေးဒဏ်ကို ကာကွယ်ကြပါသော်ငြား အနိုင်ယူခြင်းငှာမစွမ်းနိုင်။ အအေးဓာတ်က မေးတခိုက်ခိုက် ဒူးတရိုက်ရိုက်နေအောင်ပင် လွန်ကဲလွန်းလှပါပေသည်။

နောက်ဆုံးတွင် မီးကိုသာ စစ်ကူယူကြရတော့သည်။ မီးဖိုကြီးများဖို၍ အအေးဒဏ်ကို ခုခံကြရသည်။ ညစဉ်လိုလိုပင် ရဲဘော်တို့၏တဲများ၊ လမ်းလုပ်အားပေးတို့၏တဲများရှေ့တွင် မီးဖိုများက ဟိုနားတစ်ဖို၊ သည်နားတစ်ဖိုဆိုသလို အလျှိုအလျှိုပေါ်လာတော့သည်။

နေ့လယ်ပိုင်းတွင် လမ်းကိစ္စ၊ လမ်းအလုပ်ကို တက်ညီလက်ညီဆောင်ရွက်ကြရပြီး မိုးချုပ်သည်နှင့် သူ့အဖွဲ့နှင့်သူ မီးဖိုဘေးတွင် ဝိုင်းပတ်ထိုင်ကြသည်။ ပါလာသောရိက္ခာများဖြင့် ချက်ပြုတ်စားသောက်ကြသည်။ ပြီးလျှင် တော်တော်နှင့်မအိပ်နိုင်ကြဘဲ ရောက်တတ်ရာရာများပြောဆိုကြကာ စကားဖောင်ဖွဲ့ကြလေသည်။ ညဦးနက်လေသော် နေ့လယ်က ခုတ်ယူလာသည့် တင်းဝါးများတွင် ကောက်ညှင်းဆန်သွတ်ကာ ပေါင်းသင်းဖုတ်ကြပြန်လေသည်။ မီးဖိုမှ ဝါးကွဲသံတဖောင်းဖောင်း၊ မီးခိုးတွေတထောင်းထောင်း၊ လူသံတွေတပေါးပေါးတဝါးဝါးဖြင့် စခန်းကြီးတစ်ခုလုံး အသက်ဝင်ဆူညံနေလေတော့သည်။

❑

ကျွန်တော်တို့စကားဝိုင်းကိုတော့ လူကြီးဝိုင်းဟုပြောလိုကပြောနိုင်သည်။ ညစဉ်လိုလို စုဝေးမိကြသော ကျွန်တော်တို့ဝိုင်းတွင် များသောအားဖြင့် လူကြီးများသာ ဝိုင်းဖွဲ့မိကြလေ့ရှိသည်။ ကျွန်တော် အပါအဝင် အခြားဆရာ(၂)ဦး၊ (၃)ဦးနှင့်အတူ လုပ်အားပေးများဖြစ်ကြသော ဦးမောင်ဖေ၊ ဦးစံထွန်း၊ ဦးတင်လွန်း အစရှိသောလူကြီးများမှာ စကားဝိုင်း၌ အမြဲလိုလိုပင်ဆုံတွေ့မိကြသူများဖြစ်သည်။

# ရဲမြတ်တင်

## ဂျပန်ချစ်သူများ





www.burmeseclassic.com

www.burmeseclassic.com

သည်ညစကားဝိုင်းကမူ ယခင်ညများထက် ပို၍စည်ကားနေလေသည်။ အကြောင်းမှာ သည်ညတွင် လူငယ်လေး၊ ငါးဦးခန့်က ကျွန်တော်တို့ဝိုင်းသို့ ဖူးပေါင်းရောက်ရှိလာသောကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့် လူကြီးများက စကားတဖောင်ဖောင်ပြောလိုက်၊လူငယ်များကစကားပြန်ထောက်လိုက်နှင့် သူတို့ချင်း အပြန်အလှန် အချေအတင်ပြောကြကာ တဝါးဝါးတဟားဟားနှင့်ရှိနေတော့သည်။ ကျွန်တော်တို့ကမူ သူတို့ပြောသမျှကို ပြုံး၍နားထောင်နေရသည်ကများပါသည်။

ယနေ့ညတွင် အထူးအားဖြင့် စစ်အတွင်းမှ အတွေ့အကြုံများကို လူကြီးများက တစ်ယောက်တစ်လှည့်စီ ပြောပြနေကြသလို လူငယ်များကလည်း သူတို့ဗဟုသုတများအား မကြာမကြာ ဝင်ရောက် ပြောဆိုလျက်ရှိကြသည်ကို ကျွန်တော်က သတိထားမိသည်။

စကားဝိုင်းက တစ်စတစ်စအရှိန်မြင့်လာချိန်မှာပင် ယနေ့ညအတွက် စကားဝိုင်းကို ဦးဆောင်နေသော ဦးမောင်ဖေက ကျွန်တော့်ဘက်သို့လှည့်ကာ ယခုလိုပြောလိုက်လေသည်။

"ဆရာကြီးနှယ်၊ စစ်ဆိုတာ မကောင်းတဲ့အကြောင်း ကျွန်တော်တို့ထက် ပိုသိတဲ့သူဘယ်ရှိလိမ့်မလဲဗျာ။ ဟောဒီကျွန်တော့်လက်ကိုကြည့်လေ။ ဒါဒုတိယကမ္ဘာစစ်ကပေးလိုက်တဲ့အမွေပေါ့"

ထိုသို့ပြောပြီး ဦးမောင်ဖေက လက်ကောက်ဝတ်မှ တုံးတိတိပြတ်နေသော သူ့ဘယ်ဘက်လက်ကို ကျွန်တော်မြင်သာအောင် ထောင်၍ပြလေသည်။ ဦးမောင်ဖေမှာ ချောင်းဆုံရွာမှ လုပ်အားပေးအဖွဲ့ကို ဦးဆောင်လာသူဖြစ်သည်။

ကျွန်တော်က သူ့စကားကို





www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ကာ ထောက်ခံလိုက်လေသည်။ ဤတွင် လူငယ်တစ်ယောက်က ဦးမောင်ဖေကို လှမ်းပြောလိုက်သည်။

"ဘကြီး၊ ဘကြီးလက်ပြတ်တဲ့အကြောင်း ကျွန်တော်တို့သိတာက မပေါက်သေးတဲ့ဗုံးကို ယမ်းထုတ်ဖို့တူနဲ့ထုဖွင့်ရာက လက်ဆော့လို့ပြတ်ရတာဆို"

ထိုလူငယ်စကားကြောင့် ဝါးခနဲရယ်ကြသည်။

ဦးမောင်ဖေက မျက်နှာကြီးနီရဲကာ -

"နင့်အမေကလိန်းတောင်မဟုတ်ဘူး။ အင်္ဂလိပ်ကြောင့်ကွ၊ အင်္ဂလိပ်ကြောင့်၊ ငါ့လက်ပြတ်ရတာ သင်းတို့ကြောင့်"

ဟု ပြောလိုက်သည်တွင် အနီးရှိ ဦးတင်လွန်းက -

"ဟုတ်တယ်ကွ၊ ကိုမောင်ဖေ့လက်ပြတ်ရတာ အင်္ဂလိပ်စက်သေနတ်ကြောင့်"

ဟု ထောက်ခံပြောဆိုလိုက်သည်။

ဤတွင် အခြားလူငယ်တစ်ယောက်က -

"ဒါဖြင့် ဘကြီးဖြစ်ပုံလေး ကျွန်တော်တို့နားထောင်ရအောင် ပြောပြပါဦး"

ဟု ပွဲတောင်းလိုက်သည်တွင် ဦးမောင်ဖေက သူ့အတွေ့အကြုံအား အောက်ပါအတိုင်းပင်ပြောပြလိုက်လေသည်။

"ဒီလိုကွ အဲဒီတုန်းက ငါက မောင်းခမ်းမှာနေတာ၊ ချောင်းဆုံကို မရောက်သေးဘူး။ အဲဒီတုန်းက စားစရာ၊ ဝတ်စရာကလည်း အတော့်ကိုရှားတာကိုးကွ။ ပြေးရလွှားရ၊ ပုန်းရခိုရနဲ့ ဘာအလုပ်မှကိုမလုပ်နိုင်ကြဘူး။ ဒါနဲ့ တစ်နေ့ကျတော့ ငါလည်း သမွန်လေးတစ်စင်းနဲ့ အထက်ပိုင်းကိုဆန်တက်ခဲ့တယ်။ ဘာကြောင့်ဆန်တက်ခဲ့တာလဲဆိုတော့ ငါကလယ်ကလေးတစ်ကွက်နှစ်ကွက်လောက်ကို ခိုးကြောင်ခိုးဝှက်လုပ်ထားတာရှိတယ်။ အဲဒီကထွက်တဲ့ စပါးကိုသွားသယ်မလို့ကွ။ အသွားတုန်းက ဟင်းစားလေးပဲရရဆိုပြီး ပိုက်ကလေးတစ်ဖုံလောက်လည်းချထားခဲ့သေးသကွ။

ဒါနဲ့ ဟိုရောက်တော့ စပါးအိတ်ကလေးတွေတင်ပြီးပြန်စုန်လာခဲ့ရာမှာ ပိုက်ချထားတဲ့နေရာရောက်တော့ ဖော်ဦးမှပဲလေဆိုပြီး သမ္ဗာန်ကို သောင်စပ်မှာကပ်လိုက်တယ်။ ရေကျချိန်ဆိုတော့ သောင်တွေကလည်းထွန်းနေတာမို့ ကမ်းစပ်ကသစ်ပင်တွေအောက်မှာမကပ်ဘဲ နီးရာသောင်ပြင်မှာပဲသမွန်ကိုကပ်ထားလိုက်မိတာ ဘာပြောကောင်းမလဲကွာ၊ ငါက ပိုက်ကလေးဖော်နေရုံရှိသေး အင်္ဂလိပ်လေယာဉ်ပျံတစ်စင်းကရောက်လာခဲ့ပြီး စက်သေနတ်နဲ့ဆော်တော့တာပဲဟေ့။ ငါ့သမွန်က ပေါင်းမိုးလေးနဲ့ဆိုတော့ သူတို့ကဘာထင်လဲမသိပါဘူး"

"ဘကြီး - ဘယ်နှယ့်လုပ်သလဲ၊ ထွက်ပြေးရောလား"

"ဘယ်ပြေးနေမလဲကွာ၊ ပြေးသေမှာပေ့ါ။ ငါလည်းပစ်ပြီဆိုကတည်းက ရေထဲကို စွပ်ခနဲငုပ်နေလိုက်တာ တော်တော်ကြာတော့မှပဲ ခေါင်းပြန်ဖော်ဖြစ်တော့တယ်။ ဘာပြောကောင်းမလဲကွာ သမွန်တစ်ခုလုံး ဘာမှရစရာမရှိတော့ဘူး။ စပါးတွေလည်းပြန့်ကျဲလို့ပေ့ါ။ ဒီနောက် လက်ကတစစ်စစ်နာလာလို့ ငုံ့ကြည့်လိုက်မှ လက်က သွေးတွေရဲနေတာမြင်ရတော့တာပဲ။ ဘယ်လိုလုပ်မှန်သွားမှန်းကိုမသိဘူး"

"လက်ကတစ်ခါတည်းပြတ်သွားရောလား ဘကြီး"

"မပြတ်ဘူးကွ၊ ကျည်က လက်ကောက်ဝတ်အလယ်တည့်တည့်ဖောက်ဝင်သွားတာ။ ငါလည်း ပထမတော့ ဘယ်လိုလုပ်ရမှန်းမသိဘဲဖြစ်နေတယ်။ လက်ကနာသထက်နာလာသလို သွေးထွက်ကလည်းများသထက်များများလာနေပြီ။ နောက်တော့ ငါလည်း ဒဏ်ရာကို ပုဆိုးနဲ့ပတ်ပြီး ကုန်းပေါ်တက်စွတ်ပြေးတော့တာပဲ။

အဲဒီလို ပြေးရင်းပြေးရင်းနဲ့ တစ်နေရာလည်းရောက်ရော ဂျပန်တပ်နဲ့ တည့်တည့်တိုးမိတော့တာပဲ။ ဂျပန်တွေက ချုံပုတ်ကလေးတွေဘေးနားမှာ နေရာယူပြီးဝပ်နေကြတာ။ ငါ့လည်းတွေ့ရော ဂျပန်ကဖမ်းတားပြီးဘာတွေပြောမှန်းမသိဘူး၊ ဂျပန်လိုလျှောက်ပြောပြီး ကောင်းကင်ကိုလည်း လက်ညှိုးတထိုးထိုးနဲ့လုပ်ပြနေတယ်။ ငါကလည်း ဟုတ်တဲ့အကြောင်း၊ အင်္ဂလိပ်လေယာဉ်ပျံလာပစ်တဲ့အကြောင်း၊ ငါ့လက်ကိုမှန်သွားတဲ့အကြောင်း ခြေဟန်လက်ဟန်နဲ့ပြောပြီး လက်ကဒဏ်ရာကိုလည်းပြပေ့ါကွာ"

"ဂျပန်က ပါးတွေဘာတွေရိုက်မလွှတ်ဘူးလား ဘကြီး"

"အောင်မာ၊ ဘာလို့ရိုက်ရမှာလဲကွ။ မရိုက်တဲ့အပြင် ဂျပန်လေးတစ်ယောက်က ငါ့ကို သူတို့ဗိုလ်ကြီးဆီခေါ်သွားတယ်။ ဗိုလ်ကြီးဆီရောက်တော့ ငါ့ကိုပြပြီး သတင်းပို့နေတယ်။ ဗိုလ်လုပ်တဲ့ဂျပန်က ပုပုသေးသေး ဖြူဖြူလေးပဲ၊ သဘောကောင်းမယ့်ပုံပဲ။ ငါ့ကိုလည်း ပြုံးပြုံးပြုံးပြုံးနဲ့ကြည့်နေတယ်။ အဲဒီမှာ ထူးဆန်းတာတစ်ခုက အဲဒီဗိုလ်ဟာ သူနေတဲ့ မိုးကာတဲကြီးထဲမှာ နေ့ခင်းကြောင်တောင် ခြင်ထောင်အကြီးကြီးထောင်ပြီး စားပွဲကုလားထိုင်တွေပါ အထဲသွင်းပြီး ဝင်နေတာကွ။ ခြင်တွေဘာတွေကိုက်မှာကြောက်လို့များလားမသိဘူး။ သူ့ကြည့်တော့လည်း ဘောင်းဘီတိုကလေး၊ စွပ်ကျယ်လက်ပြတ်ကလေးနဲ့ပဲတွေ့ရတယ်။ သူ့ဓားလွယ်ကြီးတော့ စားပွဲပေါ်မှာကန့်လန့်တင်လို့ပေ့ါကွာ။

ဒါနဲ့ ဗိုလ်ကြီးက အမိန့်ပေးလိုက်တယ်ထင်ပါတယ်။ ငါ့ခေါ်လာတဲ့ဂျပန်လေးက ဆေးခန်းကို တစ်ခါတည်းခေါ်သွားတော့တာပဲ။ ဟိုရောက်တော့ ဂျပန်ဆေးတပ်သားက ငါ့ဒဏ်ရာကို ချက်ချင်းဖြေကြည့်တယ်။ ပထမတော့ ဒဏ်ရာကို ဆေးကြောသန့်စင်ပြီးဆေးထည့်ပေးဖို့ပါပဲ။ ဒါပေမယ့် ဒဏ်ရာကို သေသေချာချာလည်းကြည့်မိရော ဆေးတပ်သားက မျက်နှာကိုရှုံ့မဲ့ပြီးခေါင်းယမ်းပြတယ်။ ကျည်ဆန်ကြောင့် အရိုးတွေကြေမွကုန်ပြီဖြစ်လို့ ဒီအတိုင်းထားလို့မရတော့တဲ့အကြောင်း၊ လက်ကိုဖြတ်မှရတော့မယ့်အကြောင်း ပြောတော့တာပဲ။ ငါလည်း ဘာမှမပြောသာတော့ဘူး။ ပြောစရာလည်းမလိုတော့ဘူးလေ။ ဒီလောက်ပြုစုကုသပေးတာပဲ ကျေးဇူးကြီးလှပြီ။ အဲဒီကစပြီး ငါလည်း ခုလို လက်တိုဖြစ်ရတော့တာပဲ"

ဘကြီးဦးမောင်ဖေက ပြောစကားကိုရပ်၍ ရှေ့မှရေနွေးကြမ်းပန်းကန်ကိုကောက်ယူပြီး ရှူးခနဲမှုတ်သောက်လိုက်လေသည်။

ကျွန်တော်က -

"ဒါဖြင့် ဘကြီးကို ဂျပန်က ကယ်လိုက်တယ်ပြောရမှာပေ့ါ။ နို့-ဒဏ်ရာကကော အကျက်မြန်ရဲ့လား"

"ဘယ်မြန်လိမ့်မလဲ ဆရာကြီးရာ၊ ကြာတာပေ့ါ။ အဲဒီဂျပန်ဆေးတပ်သားဆီမှာပဲ ကျွန်တော် နေ့တိုင်းဆေးသွားထည့်ရတယ်။ ရှာနဲ့ သူတို့စခန်းနဲ့ကသိပ်မဝေးဘူး။ ဒါနဲ့ တစ်ပတ်လောက်ကြာတော့ ဂျပန်ဆေးတပ်သားကပြောတယ်၊ မကြာခင် သူတို့တပ်ဖွဲ့ပြောင်းတော့မယ့်အကြောင်း၊ ဒါပေမယ့် ဘာမှ[illegible]ရာမလို



www.burmeseclassic.com

www.burmeseclassic.com

ကြောင်း၊ ဒီစာရွက်ကိုပြပြီး နောက်ရောက်မယ့်တပ်ဖွဲ့ဆီမှာဆေးဆက်ထည့်ဖို့အကြောင်းတွေပြောပြီး စာတစ်စောင်ကျွန်တော့်ကိုပေးတယ်ဗျ။ စာက ဘူးသီးငါးပေါင်းကြော်တွေလို ဆေးနီတွေနဲ့ရေးထားတဲ့ဂျပန်စာ။ ဒါနဲ့ ကျွန်တော်လည်းတွေ့တဲ့ဂျပန်တပ်မှန်သမျှ အဲဒီစာနီကြီးထုတ်ထုတ်ပြပြီး ဒဏ်ရာကိုဆေးထည့်ရတာပေါ့ဗျာ။ ဂျပန်တပ်ဖွဲ့တိုင်းကလည်း အဲဒီစာမြင်တာနဲ့ ကြည်ကြည်ဖြူဖြူပဲဆေးထည့်ပေးကြပါတယ်။ ဒီလိုနဲ့ပဲ ဒီဒဏ်ရာကြီး အနာကျက်ခဲ့ရတယ်။ အင်း - ကျေးဇူးရှင်တွေ၊ ကျေးဇူးရှင်တွေ ခုလောက်ဆို လူ့လောကမှာရှိမှရှိကြပါဦးမလား မသိပါဘူးဗျာ"

ဟု ဦးမောင်ဖေက ကျွန်တော့်ကို ပြောရင်းမှပင် ညည်းတွားလိုက်လေသည်။

ထိုအခါ လူငယ်တစ်ဦးက ရယ်ကျဲကျဲမျက်နှာဖြင့် -

"ဘကြီးပဲ ဂျပန်ကို ကျေးဇူးရှင်ပြောတာကြားဖူးတယ်။ ပါးရိုက်နားရိုက်၊ လူသတ်၊ မုဒိမ်းကျင့်အကုန်လုပ်သွားတဲ့ လူ့ဘီလူးကြီးတွေကို"

ဟု ဝင်ပြောလိုက်ရာ ရယ်သံများက ထွက်ပေါ်လာပြန်လေသည်။

ဤတွင် ဦးမောင်ဖေက ခက်ထန်သောအသံဖြင့် -

"အေး - သူများအတွက်တော့ ဟုတ်ချင်ဟုတ်လိမ့်မယ်။ ငါ့အတွက်တော့ လုံးဝမဟုတ်ဘူးကွ။ ငါတစ်ခါမှ ဂျပန်ဆိုးတာမမြင်ဖူးဘူး။ မင်းတို့စဉ်းစားကြည့်၊ အဲဒီတုန်းက ဂျပန်မှမကယ်ရင် ငါသေပြီးသားပဲ။ ငါ့လက်ကိုခွဲစိတ်ဖြတ်တောက်ပြီးချိန်မှာ ငါမြော့မြော့ပဲကျန်တော့တယ်။ သွေးထွက်လွန်ပြီး သတိလစ်ခါနီးနေပြီ။ အဲဒါသူတို့ဂျပန်အချင်းချင်းဆီက သွေးဖောက်ယူပြီး ငါ့ကိုဆက်ပေးလို့ ငါအသက်ရှင်ခဲ့တာ။ ဒီကျေးဇူးရှင်တွေကိုမှ ကျေးဇူးရှင်လို့မပြောရင် ဘယ်သူ့ကိုပြောရမလဲကွ"

ဟု ပြတ်ပြတ်သားသားပင် တုံ့ပြန်ချေပလိုက်လေသည်။ ထို့နောက် သူကပင် ဆက်လက်၍ -

"ငါ့စိတ်ထဲမှာတော့ ဂျပန်ကို ဘယ်တော့မှမမေ့နိုင်ဘူး။ အဲဒီဂျပန်ဗိုလ်ကြီးနဲ့ ဂျပန်ဆေးတပ်သား အပါအဝင် ငါတွေ့ဖူးလိုက်တဲ့ ဂျပန်တွေမှန်သမျှ ခုထိ မျက်စိထဲမှာ မြင်ယောင်နေတုန်းပဲ။ နောက်ဆုံး ငါ့ကိုမျက်နှာပြုံးပြုံးလေးနဲ့ သကြားခဲကျွေးခဲ့ဖူးတဲ့ ဂျပန်လေးတစ်ယောက်ကိုတောင် ခုထိမှတ်မိနေသေးတယ်ကွ။ စိတ်ထဲရှိတာပြောရမှာဖြင့် ငါ့ကိုယ်ငါ ဖြစ်လေရာဘဝတိုင်း ဂျပန်ချည်းဖြစ်ရပါလို၏လို့တောင် ဘုရားမှာဆုတောင်းမိတယ်ဟေ့"

ဟု ခိုင်မာစွာပြောချလိုက်တော့မှ လူငယ်များက ရယ်ကြပြန်လေသည်။

ထို့နောက် လူငယ်တစ်ဦးက -

"ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် ဘကြီး။ ဘာကြောင့်ဆို ဂျပန်ပြည်က ဝေးလည်းဝေးတယ်။ ပြီးတော့ ဘကြီး ဂျပန်လူမျိုးတွေရဲ့ ဓလေ့စရိုက်၊ အပြုအမူတွေနဲ့လည်း ရင်းမှမရင်းနှီးသေးတာ။ ဒါကြောင့် ဒီဘဝသေပြီး နောက်ဘဝ ဂျပန်တန်းဖြစ်ဖို့တော့ လွယ်မယ်မထင်ဘူးဗျ"

ဟု မှင်သေသေမျက်နှာဖြင့် ဝင်ပြောလိုက်ရာ ဦးမောင်ဖေ မည်သူ့ကိုမျှဂရုမစိုက်သောလေသံမျိုးဖြင့် -

"အိုကွာ၊ နောက်ဘဝ ဂျပန်ဖြစ်ခွင့်မကြုံသေးရင်တောင် ဂျပန်အိမ်မှာ ခွေးကြီးပဲဖြစ်ရဖြစ်ရဖြစ်လိုက်ချင်ပါရဲ့ကွာ"

ဟု ပြောလိုက်တော့ရာ အုန်းခနဲရယ်သံကြီးက ကျယ်လောင်စွာပင် ထွက်ပေါ်လာလေသည်။ကျွန်တော်ကိုယ်တိုင်ပင် ဦးမောင်ဖေစကားကြောင့် ပြုံးချင်ချင်ဖြစ်သွားမိရသည်။ သို့သော် ဦးမောင်ဖေကမူ အလျှော့ပေးမည့်ပုံ၊ နောက်ဆုတ်မည့်ပုံမပေါ်တော့ပေ။ သူ့မျက်နှာတွင် တည်ကြည်သောအသွင်သဏ္ဌာန်များက အထင်အရှားပင်ဖြစ်ပေါ်နေလေသည်။

ထို့နောက် သူကပင် -

"ရယ်ချင်ရယ်ကြပေါ့ကွာ၊ ငါကတော့ ရယ်စရာပြောတာမဟုတ်ဘူး။ ငါဂျပန်ကိုချစ်တယ်၊ ဂျပန်ဖြစ်ချင်တယ်။ ဒါကြောင့် ဂျပန်အိမ်မှာ ခွေးအဖြစ်နဲ့တစ်ဘဝနေပြီးမှ ဂျပန်အဖြစ်ကိုရောက်ရမယ်ဆိုရင်လည်း ငါတကယ်နေနိုင်တဲ့အကြောင်းကို ရိုးရိုးသားသားပြောတာပဲကွ"

ဟု ပြောလိုက်လေရာ ခံစားချက်အမှန်ဖြင့်ပြောနေမှန်း ရိပ်မိသွားကြလေသည်မို့ မည်သူကမျှထပ်မရယ်ကြတော့ပေ။ ထို့နောက်တွင် စကားဝိုင်းက ခေတ္တမျှ တိတ်ဆိတ်သွားသည်။ ထိုသို့ ကျွန်တော်တို့စကားဝိုင်းက ငြိမ်သက်သွားချိန်တွင် ခပ်လှမ်းလှမ်းရှိမီးဖိုမှ ဆူညံသော စကားပြောသံများနှင့် ဝါးကွဲသံတဖောင်းဖောင်းက ကျွန်တော်တို့ဘက်သို့ လွင့်ပျံ့လာလေသည်။

ခေတ္တမျှကြာသော် ဦးစံထွန်းက ချောင်းတစ်ချက်ဟန့်ကာစကားစလိုက်လေသည်။

"ကိုမောင်ဖေ ပြောတာတွေဟာ သဘာဝကျပါတယ်ဗျ။ သို့သော် သူဆုတောင်းတဲ့အတိုင်း ဂျပန်အိမ်မှာ ခွေးကြီးဖြစ်မယ်မဖြစ်ဘူးဆိုတာ အတပ်မပြောနိုင်ပေမယ့် ကျုပ်အိမ်မှာ ဂျပန်တသေပြီး ခွေးလေးလာဖြစ်တဲ့အကြောင်းကိုတော့ ပြောပြရဦးမယ်ဗျ"

ထိုသို့ဦးစံထွန်းက ကြေညာလိုက်သည်နှင့် စကားဝိုင်းက လှုပ်လှုပ်ရှားရှားပြန်ဖြစ်သွားသည်။ အထူးသဖြင့် လူငယ်ဝိုင်းက စိတ်ဝင်တစားဖြစ်သွားကြသည်။

"လုပ်ပါဦးဗျို့ ပြောပါဦးဗျို့"

"ဂျပန်ကနေ ခွေးကလေးဖြစ်သွားအကြောင်းကြားချင်တယ်ဗျို့"

ပွဲတောင်းသံများက ရုတ်ခြည်းပင်ထွက်ပေါ်လာလေသည်။ နားထောင်ရန်လည်း ငံ့လင့်လျက်ရှိကြသည်။

ထို့ကြောင့် ဦးစံထွန်းက -

"အဟမ်း . . . အဟမ်း ဒီလိုဗျ၊ ကျွန်တော် တုံးဟဲမှာနေတုန်းကပေါ့။ ဂျပန်က ရှေ့ကပြေး၊ အင်္ဂလိပ်က နောက်ကလိုက်နေတဲ့အချိန်ပေါ့ဗျာ။ တစ်နေ့တော့ မနက်လင်းအားကြီးအချိန်လောက်မှာပဲ ကျုပ်တို့ရွာထဲ ဂျပန်ဝင်တော့တာပဲ။ တစ်ရွာလုံး ကလေးလူကြီးမကျန် ဂျပန်ဝင်တယ်ကြားတာနဲ့ အိပ်ချင်မူးတူးထပြီးပြေးကြလွှားကြပေါ့ဗျာ။ အဲ-ကျုပ်တို့ ရွာစွန်ပိုင်းကတော့ အသိနောက်ကျတယ်ပြောရမှာပဲ။ ကျုပ်တို့နိုးချိန်မှာ ဂျပန်ကဝိုင်ထားပြီးသားဖြစ်နေပြီ။ ဒါနဲ့ လိုရင်းပြောရရင် ကျုပ်အပါအဝင် လူဆယ်ယောက်လောက် ဂျပန်ချောအဆွဲခံရတယ်ဆိုပါတော့ဗျာ။ ကျုပ်တို့လည်း သူတို့ထမ်းခိုင်းတာတွေထမ်းရပြီး သူတို့သွားရာလိုက်ခဲ့ကြရတာပေါ့ဗျာ။ဒါပေမယ့် သိပ်တော့မသွားလိုက်ရပါဘူး။ တစ်မိုင်သာသာလောက်သွားမိပြီဆိုတာနဲ့ အင်္ဂလိပ်တပ်နဲ့ပက်ပင်းဆုံမိပြီး တိုက်ပွဲဖြစ်တော့တာပဲဗျို့"

"တိုက်ပွဲဖြစ်တော့ ဘကြီးတို့က အထမ်းတွေချပြီးထွက်မပြေးဘူးလားဗျ"

"ဘယ်ပြေးရဲမလဲ၊ မှန်သေမှာပေါ့။ ပစ်လိုက်တဲ့သေနတ်သံတွေဟာ လေထဲမှာ တရှီရှီနေတော့တာပဲ၊ ဒါပေမယ့်ဗျို့ ကျုပ်ဒီနေရာမှာတစ်ခုသတိထားမိတာရှိတယ်၊ သတ္တိအရာမှာ ဂျပန်တာ အင်္ဂလိပ်ထက် အများကြီးပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com

တယ်ဗျ။အင်္ဂလိပ်သေနတ်က ကျည်ဆန်အထွက်မြန်ပေမယ့် လူကိုတော့ မှန်ခဲတယ်ဗျ။ ဝမ်းလျားမှောက်ပြီးစွတ်ပစ်နေတာကိုး။ သူတို့ပစ်လိုက်တဲ့သေနတ်သံဟာ ဆီးဖြူသီးတွေကို ဆန်ကောထဲထည့်မွှေနေသလို ဂလုတ်ကုတ်ကုတ်ကုတ်ဂလုတ်ကုတ်ကုတ်ကုတ်နဲ့နေသဗျ။ အဲဒီသေနတ်သံတွေကြားမှာ ဂျပန်သေနတ်သံ ဖောက်ထိုင်းဖောက်ထိုင်းဆိုတာကို တစ်ခါတစ်ခါမှသာ ကြားရတတ်တယ်။ ဒါပေမယ့် ဂျပန်က သစ်ပင်အကွယ်ကနေ မတ်တတ်ရပ်ပြီးချိန်ပစ်တာဆိုတော့ တစ်ချက်ပစ်လိုက်တိုင်း အင်္ဂလိပ်တစ်ယောက်ကတော့ ကားခနဲပဲဗျို့"

"မော်တာတွေဘာတွေကောမပစ်ဘူးလား ဘကြီး"

"ပစ်တာပေါ့ဗျာ၊ တအုန်းအုန်းပေါ့။ ဒါပေမယ့် အင်အားချင်းကမမျှတော့ ဂျပန်ကပြေးရတာပေါ့ဗျာ။ အင်္ဂလိပ်က အတင်းဖိတက်လာတာမို့ ကစဉ့်ကလျားကိုပြေးရတာ။ ကျုပ်တို့လည်း အဲဒီတော့မှအထမ်းတွေထားပစ်ခဲ့ပြီး စွတ်ပြေးကြတော့တာပေါ့။

ဒီလိုနဲ့ ကျုပ်လည်း တစ်ယောက်တည်းကွဲပြီး ကျည်ဆန်နဲ့ဝေးရာ ပြေးရင်းပြေးရင်းနဲ့ တစ်နေရာရောက်တော့ ရှေ့မှာ လူတစ်ယောက်က တုံးလုံးလဲနေရာကနေ လက်ကလေးပြပြီး ကျုပ်ကိုတားနေတာ တွေ့လိုက်ရသဗျ။ ကျုပ်လည်း ရပ်ပြီး သေသေချာချာကြည့်လိုက်တော့ ဘယ်ကနေဘယ်လိုလုပ်ကျန်ခဲ့မှန်းမသိတဲ့ ဂျပန်တစ်ယောက်ဖြစ်နေတာကိုး။ သူ့ပေါင်မှာလည်းဒဏ်ရာကြီးတွေနဲ့၊ သွေးတွေကလည်းရွဲလို့။ ကျုပ်ကိုလည်း ခြေဟန်လက်ဟန်ပြပြီး ဂျပန်လိုကော၊ ဗမာလိုကော ဘာတွေပြောနေမှန်းမသိဘူး။ သဘောကတော့ သူ့ကိုကူပါကယ်ပါဆိုတဲ့သဘောပေါ့။ အသက်ကလည်းငယ်ငယ်လေး၊ ရှိလှ (၁၇)၊ (၁၈) ပေါ့ဗျာ။ သူ့ကိုယ်ပေါ်မှာလည်း ရေဘူးလေးတစ်လုံးနဲ့ ဘက်နက်လေးတစ်ချောင်းပဲကျန်တော့တယ်၊ ဒီပြင်ဟာတွေမရှိတော့ဘူး။

ပထမတော့ ကျုပ်လည်း ဂျပန်ကို ဘယ်ကယ်ရမလဲ။ ဒီအတိုင်းထားပစ်ခဲ့ပြီး ရွာအရောက်ပြန်ပြေးခဲ့တာပဲ။ ရွာရောက်လို့ ဆရာတော်ကို အကျိုးအကြောင်းလျှောက်မိတော့မှ ဆရာတော်က လူသားအချင်းချင်း ဒုက္ခသည်တစ်ယောက်အပေါ် လျစ်လျူမရှုသင့်ကြောင်း၊ ကယ်ဆယ်ထိုက်ကြောင်းပြောတာနဲ့ ကျုပ်လည်း ရွာသားတစ်ယောက်နဲ့အတူ အိမ်က လှည်းတပ်ပြီး အဲဒီဂျပန်လေးဆီပြန်သွားတာပေါ့။ ကျုပ်တို့လာတာလည်း မြင်ရော ဂျပန်လေးက အတော်ဝမ်းသာသွားရှာတယ်။ အမယ် - လက်အုပ်ကလေးတောင်ချီလို့ဗျ"

"အဲဒီအချိန်မှာ ဖက်ဆစ်တော်လှန်ရေးစနေပြီမဟုတ်လား။ တကယ်ဆိုရင် သတ်တောင်ပစ်ရမှာမဟုတ်လား ဘကြီးရ"

"အိုကွာ - ဒါတွေနောက်မှထား၊ ခုဟာက ဘုန်းကြီးကလည်းခိုင်းလို့ကိုးကွ။ ပြီးတော့ ငါတို့ကိုယ်၌ကလည်း အဲဒီလိုမျိုးမလုပ်ဝံ့မလုပ်ရက်ပါဘူး မောင်။ ဒဏ်ရာတွေဗရပွမျက်နှာလေးငယ်ငယ်နဲ့ သူ့ကိုမြင်ရတာနဲ့ပဲ သနားလှန်းလှပါပြီ။ ဒါနဲ့ သူ့ကို လှည်းပေါ်တင်ပြီးခေါ်လာ၊ ငါ့အိမ်မှာပဲထား၊ သူ့ကိုယ်ပေါ်ကဒဏ်ရာတွေကို တတ်သလောက်မှတ်သလောက် ပြုစုပေါ့ကွာ၊ အိမ်နီးနားချင်းတွေအားလုံး ရှိသမျှဆေးဝါးလေးတွေနဲ့ ဝိုင်းဝန်းကုသပေးကြရတာပေါ့။ သူ့ကို ဂျပန်မှန်းမသိအောင် သူ့ယူနီဖောင်းတွေကိုလည်း မြေကြီးထဲတူးမြှုပ်လိုက်ကြတယ်။

ဒါနဲ့ တစ်လနီးပါးလောက်ကြာတော့ သူ့ဒဏ်ရာတွေအကုန်ကျက်သလောက်ဖြစ်သွားတယ်။ အဲဒီမှာ သူက သူ့အကြောင်းတွေပြောပြတော့တာပဲ။ သူဟာ ကျောင်းသားဖြစ်တဲ့အကြောင်း၊ ပညာတစ်ပိုင်းတစ်စနဲ့ စစ်ထဲလိုက်ခဲ့ရတဲ့အကြောင်း၊ သူလိုပဲ စစ်ထဲကိုမလိုက်ချင်ဘဲလိုက်ခဲ့ရတဲ့သူတွေ အများကြီးရှိကြောင်းတွေကို ပြောပြတာပေါ့ကွာ။ တော်တော်သိမ်မွေ့တဲ့ကလေးလေးပါ။ ကိုမောင်ဖေပြောသလို သူမြင်ရတာ ဂျပန်ဆိုးတယ်ဆိုတာ ဘယ်လိုယုံရမှန်းကိုမသိဘူး"

ဦးစံထွန်းက ပြောလက်စကိုရပ်ကာ ချောင်းတစ်ချက်နှစ်ချက်ဟန့်ပြီး လည်ချောင်းရှင်းလိုက်သည်။ ကျွန်တော့်အနီးမှဆရာတစ်ယောက်က စကားဝင်ထောက်လိုက်သည်။

"ဘယ်သူမဆိုပေါ့ ဘကြီးရာ။ ဆိုးတယ်၊ ကောင်းတယ်ဆိုတာ အကြောင်းအကျိုးနဲ့ဒွန်တွဲလာကြတာမဟုတ်လား"

"ဟုတ်ပါ့ဆရာရေ၊ ဟုတ်ပါ့။ ဒီကောင်လေးကတော့ တကယ့်ကိုချစ်စရာလေးပါ။ သူ့အပေါ် ကျွန်တော်တို့က ပြုစုစောင့်ရှောက်ကျွေးမွေးထားတဲ့ ကျေးဇူးကို သူမမေ့ဘူး။ သူနေကောင်းပြီဆိုတာနဲ့ ကျုပ်အိမ်ကအလုပ်မှန်သမျှ ဝိုင်းကူလုပ်တယ်။ ရွာထဲကဒီပြင်အိမ်တွေကိုလည်း မျက်နှာမရွေးဘူး။ လုပ်စရာရှိသမျှ ကူလုပ်ပေးတယ်။ ကျုပ်သားငတင်နဲ့တော့ အဖော်ရပြီးတတွဲတွဲပေါ့။ ကျုပ်တို့တစ်ရွာလုံးလည်း ဒီကလေးကို ဝိုင်းချစ်ကြတာပဲ။ သူ့ကိုဆို ဟိုအိမ်ကအလည်ခေါ်၊ ဒီအိမ်ကအလည်ခေါ် ရှိတာချကျွေးနဲ့ပေါ့ဗျာ။ အနေကြာလာတာနဲ့အမျှ သံယောဇဉ်တွေဖြစ်လို့။

အမယ်- သူက ဗမာစကားကိုလည်း မတောက်တခေါက်တော့တတ်တယ်ဗျ။ သူငယ်ငယ်က ရန်ကုန်မှာသွားစိုက်ဆရာလုပ်နေတဲ့ သူ့အဖေဆီလိုက်လာပြီး တစ်နှစ်ကျော်ကျော်လောက်နေခဲ့ဖူးသတဲ့။ အဲဒီတုန်းက ဗမာစကားကို နည်းနည်းပါးပါးသင်ခဲ့ဖူးသတဲ့။ ဒါ့ပြင် သူက ရွာသားတွေနဲ့မတတ်တတတ် မပီကလာပီကလာပြောရင်းက နောက်တော့ တဖြည်းဖြည်းနဲ့ ဗမာလိုတော်တော်ပြောတတ်လာတယ်။ ကျုပ်ကို အဖေတဲ့၊ ကျုပ်အိမ်သူကိုလည်း အမေတဲ့၊ ပီပီသသခေါ်တတ်လာတယ်။ ဒါနဲ့ သူ့နာမည်ကိုမေးကြည့်တော့ ဂျပန်လို ခိပေလို့ခေါ်သတဲ့။ ကျုပ်ကလည်း ဗမာနာမည်ပေးလိုက်တယ် ချစ်ဖေလို့၊ မောင်ချစ်ဖေပေါ့ဗျာ"

"ဘဝရေစက်တွေကဆုံချင်တော့ ခိပေကနေ ချစ်ဖေလုံးလုံးဖြစ်ရတော့တာပေါ့နော် ဘကြီး"

"အမှန်ပေါ့ဗျာ။ အမယ် သူကလည်း ကျုပ်ပေးတဲ့နာမည်လေးကိုပဲ သဘောကိုကျလို့။ မောင်ချစ်ဖေလို့ခေါ်လိုက်ရင် ဗျာ၊ ဗျာနဲ့။ ကျုပ်လည်း သားတစ်ယောက် ကောက်ရလိုက်သလိုပဲ။ ဘာမဆိုအားကိုးရတယ်။ ရေစည်လှည်းမောင်း၊ စပါးထောင်း၊ ထင်းခုတ်တို့တအစ ဝဲခင်း၊ စပါးခင်းထဲအထိ ဘာတစ်ခုမှလှည့်မကြည့်ရဘူး။ ကျုပ်က ဒီလောက်ကြီးမလုပ်ဖို့ပြောတော့ အဖေရယ်တဲ့၊ ကျွန်တော့်အသက်ဟာ အဖေတို့ပေးတဲ့အသက်ပဲရှိပါတယ်တဲ့။ အဖေတို့ကျေးဇူးကို ဒီတစ်သက်ဆပ်လို့တောင်ကုန်မှာမဟုတ်ပါဘူးတဲ့။ ဖြစ်နိုင်ရင်နောင်ဘဝတောင် အဖေတို့ဆီမှာလူဖြစ်ပြီး အတူလာနေချင်ပါသေးတယ်တဲ့။ သူက ဒီလိုပြောတော့ ကျုပ်ဖြင့်ဝမ်းနည်းပြီး မျက်ရည်တောင်လည်မိတယ်။

သို့ပေမယ့် ဖြစ်ချင်တာမဖြစ်ရတဲ့လောကထုံးစံအတိုင်း မောင်ချစ်ဖေကျွန်တော်တို့နဲ့ ခွဲခွာရဖို့အကြောင်းပေါ် မကြာခင်မှာပဲ ဖန်လာခဲ့တယ်ဗျ။ ကျပန်



www.burmeseclassic.com

www.burmeseclassic.com

က လက်နက်ချ၊ စစ်ကြီးကပြီးလို့ အခြေအနေတွေအားလုံး အေးအေးဆေးဆေးဖြစ်သွားပြီဆိုတာနဲ့ အနယ်နယ်အရပ်ရပ်မှာ ကြွင်းကျန်နေတဲ့ဂျပန်တပ်ဖွဲ့ဝင်တွေအားလုံး သက်ဆိုင်ရာနဲ့ဆက်သွယ်ဖို့ အမိန့်ထုတ်တော့တာကိုး။ မောင်ချစ်ဖေ ဂျပန်ပြန်ရတော့မှာပဲဆိုပြီး ကျုပ်တို့အားလုံး စိတ်မကောင်းကြဘူး"

"မောင်ချစ်ဖေလည်း မခွဲချင်ခွဲချင်နဲ့ပဲ ဂျပန်ပြည်ကိုပြန်သွားရတယ်ပေါ့ ဟုတ်လား ဘကြီး"

လူငယ်တစ်ဦးက စိတ်မကောင်းသံဖြင့် ဝင်ထောက်လေသည်။

ဦးစံထွန်းက ခေါင်းကိုခါယမ်းလိုက်သည်။ မချိတင်ကဲလေသံဖြင့်လည်း -

"မောင်ချစ်ဖေ ဂျပန်ပြန်သွားဖြစ်တယ်ဆိုရင်တောင် ကျုပ်တို့ဖြေသာပါသေးတယ်ဗျာ။ ခုဟာက . . ."

စကားမဆက်နိုင်ဘဲ အသံကနစ်ဝင်သွားလေသည်။ အားလုံးစိတ်ဝင်စားမှုဒီဂရီမြင့်တက်သွားကြသည်။ ကျွန်တော်ကပင် ဝင်ထောက်လိုက်မိသည်။

"နို့-မောင်ချစ်ဖေကဘယ်လိုဖြစ်သွားတာလဲ ဘကြီး"


"အင်း-အဲဒီအကြောင်းပြန်ပြောရရင် အခုပဲ အသစ်ပြန်ဖြစ်ရသလိုပါပဲ ဆရာကြီးရယ်။ အဲဒီနှစ်က ရေတွေတော်တော်ကြီးတယ်ဗျ။ ရေတွေလျှံတက်လိုက်တာ မြစ်ကမ်းဘေးကရွာတွေသာမက ရှိရှိသမျှလယ်ကွင်းတွေ၊ ယာခင်းတွေပါ မကျန် အကုန်ရေလွှမ်းတော့တာပဲ။ လူတွေဆိုတာ အိမ်ခေါင်မိုးထုပ်တွေပေါ်မှာ တန်းပစ်ပြီးတက်နေကြရတယ်။ ကျွဲ၊ နွား တိရစ္ဆာန်တွေကိုတော့ တော်တော်ဝေးတဲ့တောင်ကုန်းတွေပေါ် သွားမောင်းပို့ထားကြရတယ်။ ဘယ်မှသွားလာလို့ မဖြစ်ဘူး။ မြင်မြင်သမျှ ရေပင်လယ်ကြီးပဲ။

ဒါနဲ့ ကျုပ်တို့ရွာသားတွေလည်း အလုပ်မရှိအလုပ်ရှာဆိုသလိုပဲ လှေတွေနဲ့ တစ်ဖက်ကမ်းက တောအုပ်တွေထဲ လျှောက်သွားကြတယ်။ အဲဒီတုန်းက တောတွေတော်တော်ရှိသေးတယ်။ ခုလောက်မကျဲသေးဘူး။ ရေက ရုတ်တရက်တက်လိုက်တော့ တချို့တောတိရစ္ဆာန်တွေဟာ ပြေးစရာမြေမရှိတော့ဘဲ အဲဒီသစ်ပင်တွေအပေါ် လျှောက်တက်ပြီး ခိုကပ်နေကြတာပေါ့ဗျာ။ ငှက်တွေ၊ တောကြက်တွေ၊ ဖွတ်တွေ၊ ယုန်တွေစုံလို့ပေါ့ဗျာ။ ကျုပ်တို့က အဲဒီအကောင်တွေလိုက်ရှာပြီးလျှောက်ရိုက်ကြတာပဲ။ ရလိုက်တဲ့အကောင်တွေကိုမှ စားလို့ကိုမကုန်ဘူး။ သူတို့ခမျာလည်း အစာရေစာကပြတ်၊ ပြေးစရာကလည်း မရှိဆိုတော့ စင်းစင်းကိုခံကြရတော့တာပဲ"

"ဒီလိုဒုက္ခသည်ကိုကျတော့မကယ်တဲ့အပြင် ဝင့်ကျွတ်အောင်တောင်ချွတ်ပေးလိုက်ရသေးတယ်ပေါ့နော် ဘကြီး ဟဲဟဲ"

"ဒါတော့မတတ်နိုင်ဘူးပေါ့ကွာ။ ကမ္ဘာ့နိယာမအတိုင်းပဲပေါ့။ ဒါနဲ့ ကျုပ်ရယ်၊ ကျုပ်သားငတင်ရယ်၊ မောင်ချစ်ဖေရယ်တို့လည်း တစ်နေ့တစ်ခေါက်ဆိုသလို တစ်ဖက်ကမ်းသွားပြီးဟင်းရှာကြတာကလား။ ကျုပ်တို့လိုပဲ ရှာတဲ့လူကများတော့ လှေတွေကိုဖြန့်ခွဲပြီးရှာကြတာပေါ့။ အဲဒီနေ့ကတော့ ကျုပ်တို့လည်း သူများမရောက်သေးတဲ့ ခပ်ဝေးဝေးက နရွဲပင်အုပ်အုပ်ကြီးတွေနားသွားပြီး ဟင်းရှာကြတယ်။ အဲဒီနရွဲပင်ကြီးက သာမန်အချိန်မှာ တော်တော်မြင့်တဲ့အပင်တွေပါ။ ခုလိုရေတက်နေတော့ ရေက သူတို့အုပ်ဆက်လောက်ရောက်နေပြီး အကိုင်းတွေပဲရေပေါ်မှာပေါလောပေါ်နေတာ။ ပြီးတော့ ရေရဲ့အနေအထားကလည်း ကျုပ်တို့ကပ်လာတဲ့မျက်နှာစာဘက်မှာ ရေသားငြိမ်နေပေမယ့် အပင်တွေရဲ့ဟိုဘက် ဝါးတစ်ရိုက်လောက်မှာတော့ မြစ်ထဲကိုစီးသွားတဲ့ ရေစီးကြောင်းက တော်တော်သန်နေတာကိုး။

ဒါနဲ့ကျုပ်တို့လည်း နီးရာသစ်ကိုင်းတစ်ကိုင်းမှာ လှေကိုချည်ပြီး လုပ်ငန်းစကြတာပေါ့။ ကျုပ်ကတော့ လှေပေါ်မှာပါပဲ။ ငတင်က သစ်ပင်ပေါ်တက်သွားတယ်။ မောင်ချစ်ဖေကတော့ ရေထဲဒိုင်ဗင်ထိုးဆင်းသွားပြီး သစ်ကိုင်းတွေပေါ် ဆွဲတက်၊ တွေ့တဲ့အကောင်ရိုက်၊ လှေပေါ်ပြန်ပို့နဲ့လုပ်နေတာပေါ့။ သူတော်တော်လေးလည်းပျော်နေတယ်။



မကြာခင်မှာပဲ ကျုပ်သားငတင်ဆီက 'အဖေရေ ဖွတ်ကြီးဗျို့ ဖွတ်ကြီး'လို့ ဝမ်းသာအားရ အော်လိုက်သံကြားရတော့တာပဲ။ ကျုပ်ကလည်း 'အေးဟေ့-ဖွတ်ဆိုလည်းရိုက်ပေါ့ကွာ'လို့ ပြန်ပြောကာရှိသေး ရေထဲကိုလုံးထွေးပြီး ဝုန်းခနဲကျလာတော့တာပဲ။ အောင်မလေးဗျာ-ကျားသစ်ကြီးဗျ။ ငတင်က ဖွတ်မှတ်လို့ လှမ်းအရိုက်၊ သူ့လက်ကို ဟိုကပြန်အဟပ်၊ အရှိန်မထိန်းနိုင်တော့ဘဲ ငတင်ရော အဲဒီကောင်ကြီးပါ ရေထဲကိုလုံးထွေးပြီးကျလာတာကလား။

ဒီကောင်ကြီးကလည်း ရေကြီးလို့ ဒိပြင်သတ္တဝါတွေလိုပဲ ကပ်ကျန်ရစ်တာ။ သစ်ပင်ပေါ်က သူ့လက်လှမ်းမီရာအကောင်တွေကို ဖမ်းဆီးစားသောက်ပြီး အသက်ဆက်နေတယ်ထင်ပါ့။ ကျုပ်တို့လာတာမြင်တော့ သူကပုန်းနေတာပါပဲ။ သူ့ကိုယ်ပေါ်က အကွက်တွေကြောင့် ဖွတ်မှတ်ပြီး ငတင်ကရိုက်တော့မှ သူက ပြန်လုပ်တော့တာကိုး"

"ရေထဲမှာနပန်းလုံးကြတာပေါ့၊ ဟုတ်လား ဘကြီး"

"အစစ်ပေါ့။ ဒါပေမယ့် ငတင်က ဘာလက်နက်မှမပါတော့ သူ့ချည်းခံနေရတာပေါ့။ ကျုပ်ကလည်း လှေပေါ်က နေမမီမကမ်း ကျားသစ်ခေါင်းကို တက်နဲ့ လှမ်းခုတ်ပါသေးတယ်။ ဒါပေမယ့် တက်ကလည်းကျိုးသွားပြီး ရေထဲကျသွားရော။

အဲဒီအချိန်မှာပဲ မောင်ချစ်ဖေက ဓားမြှောင်ကို ပါးစပ်နဲ့ကိုက်၊ အပေါ်က နေခုန်ဆင်းလာပြီး ကျားသစ်ကိုထိုးတော့တာပဲ။ ဒီတော့ ကျားသစ်ကလည်း ငတင့်ကိုလွှတ်ပြီး မောင်ချစ်ဖေကို မဲတော့တာပေါ့။ မောင်ချစ်ဖေက ကျားသစ်ကိုမီတဲ့နေရာဓားနဲ့ထိုး၊ ကျားသစ်ကလည်း မောင်ချစ်ဖေကို ကြုံရာကိုက်နဲ့ တဝုန်းဝုန်းနေတာလားဗျာ။ ငတင်က လှေဆီပြန်ကူးလာပြီး ဓားမြှောင်လာယူတယ်။ ဒါပေမယ့် ယူပြီးပြန်သွားမယ်အလုပ်မှာ မောင်ချစ်ဖေနဲ့ကျားသစ်နဲ့က လုံးရင်းထွေးရင်း ရေစီးကြောင်းထဲကို ရောက်သွားပြီ။ ရေစီးကသန်တော့ မျောသွားတာလည်းတော်တော်ဝေးသွားပြီ။

ဒါနဲ့ လှေနဲ့လိုက်မယ်ကြံပြီး လှေကိုဖြုတ်တော့ လှေက တော်တော်နဲ့ ဖြုတ်မရဘူး။ ဖြုတ်ရပြန်တော့ လှော်စရာတက်ကမရှိပြန်ဘူး။ ပေါလောမျောနေတဲ့ တက်ထက်ပိုင်းကျိုးကို လိုက်ဆယ်နေရသေးတယ်။ တစ်ခါတက်အတိုနဲ့

www.burmeseclassic.com

လျော့ရတာမို့ ခရီးကမတွင်ပြန်ဘူး။ ဒီလိုနဲ့ပဲ. . ."

ဦးစံထွန်းက စကားကိုမဆက်နိုင်ရှာ။ ပခုံးမှ တဘက်စဖြင့် မျက်လုံးတို့ကို ပွတ်သပ်နေလေသည်။ စကားဝိုင်းတစ်ခုလုံးလည်း ငြိမ်သက်၍နေသည်။

"အဟမ်း ဟမ်း - ဒီလိုနဲ့ပဲ မောင်ချစ်ဖေ ရေတိမ်နစ်ရှာတယ်ဆိုပါစို့ဗျာ။ ရေစီးကြောင်းအတိုင်းမျောသွားတာမှာ တဖြည်းဖြည်းဝေးဝေးသွားပြီး ကျားသစ်ကော၊ မောင်ချစ်ဖေကော စုံးစုံးမြုပ်သွားတော့တာပါပဲ။ လုံးလုံးကိုပေါ်မလာတော့ဘူး။ အကူလှေတွေရောက်လာတော့ ကျုပ်တို့လည်း စုန်ချည်ဆန်ချည်နဲ့နှံ့အောင်ရှာကြပါသေးတယ်။ ဒါပေမယ့် အစအနကိုမတွေ့ကြရတော့ဘူး"

လူငယ်အချို့က စုတ်သပ်လိုက်ကြသည်။ အချို့က သက်ပြင်းကိုချကြသည်။

"နောက်တစ်ပတ်လောက် ကြာတော့ ရေပြန်ကျသွားတယ်။ ရေပြန်ကျသွားတော့ အဲဒီနရွဲပင်အောက်မှာပဲ မောင်ချစ်ဖေအတွက် ဆွမ်းသွတ်တရားနာကြပါတယ်။ ကျုပ်က ရေစက်ချပြီးတာနဲ့ သားရေ မောင်ချစ်ဖေရေ အမျှ အမျှလို့လည်း အမျှဝေလိုက်ရော တစ်ရွာလုံး ဘယ်သူမှမျက်ရည်မဆည်နိုင်ကြဘူး၊ ငိုလိုက်ကြတာဗျာ"

ဦးစံထွန်းအသံက ဝမ်းနည်းမှုဖြင့် တုန်၍ပင်နေလေသည်။ ကာယကံရှင် ဦးစံထွန်းမဆိုထားဘိ နားထောင်ရသူ ကျွန်တော့်ရင်ထဲမှာပင် ဆို့နစ်ကြေကွဲစွာ ခံစားလာရပါသည်။ အခြားသူများလည်း ဤကဲ့သို့ပင် ခံစားကြရလိမ့်မည်ထင်သည်။ သို့သော် မောင်ချစ်ဖေဇာတ်လမ်းက မဆုံးသေးပါချေ။

"ဒီလိုနဲ့ဗျာ၊ နောက်တစ်လလောက်ကြာတော့ ထူးထူးဆန်းဆန်းပဲခင်ဗျ။ ကျုပ်အိမ်အောက်ကခွေးမကြီးမှာ သားတွေပေါက်လာတယ်။ ပေါက်တာမှ ခြောက်ကောင်တောင်။ ဒါပေမယ့် ဟိုလူယူဒီလူယူနဲ့ အိမ်မှာ အမွေးနီနီနဲ့ ခွေးထီးလေးတစ်ကောင်ပဲကျန်ခဲ့တယ်။ အဲဒီခွေးကလေးဟာ အတော်လိမ္မာသဗျ။ သင်ပေးသမျှလည်း တတ်လွယ်လိုက်တာ။ အမယ် - ဒီခွေးလေးက အရွယ်လည်းရောက်ရောဇာတိကပြလာတော့တာပဲ။

ပထမ တိုင်မှာချိတ်ထားတဲ့ မောင်ချစ်ဖေရဲ့ကိုယ်ပိုင်နံပါတ်လည်ဆွဲပြားကလေးကို သူကခုန်ခုန်ပြီးတော့ဆွဲနေတတ်တယ်ဗျ။ ဆွဲလို့မမီတော့ မောင်ချစ်ဖေရဲ့ဘက်နက်လေးကို ပါးစပ်နဲ့ချီလာပြီး ကျုပ်ရှေ့မှာချပြသဗျ။ ပါးစပ်ကလည်း တအင်းအင်းနဲ့ညည်းပြတယ်။ ကျုပ်ကလည်း ထူးဆန်းပြီးတော့ ကေန္တဒီခွေးကလေးဟာ မောင်ချစ်ဖေများဝင်စားသလားလို့ထင်နေမိတာပေါ့ဗျာ။

ဒါနဲ့ မကြာခင်မှာပဲ ပိုလို့အံ့ဩစရာကောင်းတာကို ထပ်ကြုံရတော့တာပဲ။ တစ်နေ့မှာ ဒီခွေးလေးဟာ ကျုပ်တို့မြေကြီးထဲတူးမြှုပ်ထားတဲ့ မောင်ချစ်ဖေယူနီဖောင်းအစတွေကိုဖော်ယူပြီးတော့ အိမ်ကိုချီလာရောဗျို့။ ကျုပ်တို့လည်း အံ့ဩလို့မဆုံးနိုင်ကြဘူး။ ကျုပ်ကတော့ ဒါ မောင်ချစ်ဖေဝင်စားတာပဲလို့ ဒိဋ္ဌသတ်မှတ်လိုက်တယ်။ ကျုပ်မိန်းမက အဲဒီအချိန်မှာ မွေးနိုင်ဖွားနိုင်တဲ့အရွယ်မဟုတ်တော့တာမို့ သူ့ခမျာ ခွေးကလေးအဖြစ်နဲ့ပဲ ကျုပ်တို့ဆီပြန်လာရှာတာလို့ တွေးလိုက်မိပါရဲ့ဗျာ"

ဦးစံထွန်း၏စကားဆုံးသည်နှင့် အသီးသီးသက်ပြင်းကိုယ်စီချလိုက်မိကြသည်။ အားလုံး၏မျက်နှာပြင်၌ တစ်စုံတစ်ရာသောခံစားချက်ကြောင့် ညှိုးနွမ်းသောအသွင်သဏ္ဌာန်များထင်ဟပ်လျက်ရှိကြလေသည်။

ညဉ့်က အတော်ပင်နက်လေပြီ။ အခြားတဲများမှ မီးဖိုများမီးငြိမ်းကာ အိပ်ရာဝင်ကြလေပြီ။ စခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စပြုလေပြီ။

"ကိုင်း - တော်ကြတာပေါ့ဗျာ။ မနက်စောစောထဖို့လည်းရှိကြသေးတယ်"

ကျွန်တော်က အချက်ပေးလိုက်သည်နှင့် စကားဝိုင်းကိုသိမ်းကာ အသီးသီး တဲများသို့ပြန်သွားလိုက်ကြလေသည်။

❑

ထိုညက ကျွန်တော် အိပ်မက်မက်လေသည်။

အိပ်မက်ထဲတွင် ခွေးကလေးနှစ်ကောင်က တစ်ကောင်နှင့်တစ်ကောင် ပုတ်ခတ်မြူးထူး၍ ဆော့ကစားလျက်ရှိကြလေသည်။ ထိုခွေးကလေးများကို သေသေချာချာကြည့်မိမှ တစ်ကောင်သောခွေးကလေးမှာ ဦးမောင်ဖေဖြစ်လျက်ရှိပြီး ကျန်တစ်ကောင်ကမူ မောင်ချစ်ဖေဖြစ်လျက်ရှိသည်ကို တွေ့ရလေသတည်း။

ရဲမြတ်တင်

# နတ်မောက်မင်းသန့်နိုင်
# ပျားအုံရဲ့ အား

ကျွန်ုပ်တို့သည် တစ်ခါတစ်ရံတွင် အလုပ်ဒဏ်ပိခြင်းကြောင့်လည်းကောင်း၊ စိတ်ဖိစီးမှုများခြင်းကြောင့်လည်းကောင်း ကောင်းစွာ အိပ်စက်မပျော်ဘဲ အိပ်ရေးပျက်များခြင်း၊ မလှုပ်ချင်၊ စကားမပြောချင်၊ ထသွားထလာပင်မလုပ်ချင်အောင် ပင်ပန်းနွမ်းနယ်နေတတ်ပါသည်။

ထိုအခါတွင် အချို့သူများသည် ယနေ့ခေတ်ပေါ် အားဖြည့်အချိုရည်တစ်မျိုးမျိုးကို သောက်သုံးတတ်ကြပါသည်။ ထိုအချိုရည်များသည် ဘေးထွက်ဆိုးကျိုးတစ်မျိုးမျိုးပေးတတ်သဖြင့် မသောက်သင့်ပါ။ ဖြစ်နိုင် ရနိုင်လျှင် သဘာဝအိမ်မွေးကြက်ဥတစ်လုံး၊ နှစ်လုံးကို ဖောက်သောက်လိုက်ခြင်းက ပိုကောင်းပါသည်။ အစိမ်းမသောက်လိုလျှင် ရေနွေးပူတွင် ငါးမိနစ်စိမ်ပြီး မချက်တချက်စားသောက်ပါ။ အားအမြန်ပြည့်ပါသည်။

ထို့ထက် အဆများစွာ သာလွန်သောချက်ချင်းအားပြည့်စေသောအစားအစာမှာ ပျားအုံပင်ဖြစ်ပါသည်။ ပျားအုံဟုဆိုသော်လည်း ပျားရည် (ပျားလပို့)ကို ဆိုလိုခြင်းမဟုတ်ပါ။ ပျားအုံလေးများရှိသည့် ပျားသလက် (ပျစ်သလက်ဟု အရပ်ထဲတွင်ဆိုပါသည်) ကို စားလိုက်လျှင် ချက်ချင်းအားပြည့်ထခုန်နိုင်ပါသည်။ အညာဒေသနှင့် မြေလတ်ပိုင်းတွင် ပျားနငြောင်းဟုခေါ်သည့် လက်ဝါးခန့် သဘာဝပျားအုံလေးများ လွန်စွာပေါများစွာ ရနိုင်ပါသည်။ ဈေးထဲတွင် ပျားဥလေးများပြည့်နေသော ပျားသလက်ဖေလေးများ လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ပါသည်။ ထိုပျားဥပျားသလက်သည် လူခန္ဓာကိုယ်ဗင်ပန်းနွမ်းနယ်နေခြင်းအတွက် ငါးမိနစ်အတွင်း ချက်ချင်းအင်အားပြည့်စေသော သဘာဝအစားအစာဖြစ်ပြီး မည်သည့်ဘေးထွက်ဆိုးကျိုးမှုလည်းမရှိပါကြောင်း အများသိစားသုံးနိုင်ရန် တင်ပြရေးသားအပ်ပါသည်။

နတ်မောက်မင်းသန့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ဆရာချမ်းမင်း(LL.B)

## ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏

# ဘဝနှင့်လက္ခဏာပညာအမြင်

**သေသော်မှတည့် ပြော်ကောင်း၏**

*ကုန်းဘောင်နေမီး မထိန်ညီး၍*
*တိုင်းကြီးပြည်ကြီး အချည်းနှီးလျှင်*
*ထီးသုဉ်းနန်းသုဉ်းကြွင်းသုဉ်း၍*
*မျိုးသုဉ်းသုည ဤသုံးဝမှာ*
*ဖြစ်လာရချေ တို့တစ်တွေသည်*
*သေသော်မှတည့် ပြော်ကောင်း၏။*

(ဆီးဘန်းနီဆရာတော်)

❑

အချိန်ကာလကား မြန်မာနှစ် ၁၂၄၇ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၈ ရက်၊ ခရစ်သက္ကရာဇ်အားဖြင့် ၁၈၈၅ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်၊ တနင်္ဂနွေနေ့ မွန်းလွဲ (၃) နာရီ၊ (၃၀) မိနစ်။ နေရာမှာ သီပေါမင်းနှင့်မိဖုရားခေါင်ကြီး စုဖုရားလတ်တို့ ဆောက်လုပ်လှူဒါန်းခဲ့သော မြတောင်ကျောင်းတိုက်၏ တစ်ခုသောနေရာ။

သျှောင်ပေစူးလေးကိုကျစ်ကျစ်ပါအောင်ထုံးပြီး တောင်ရှည်ပုဆိုး၊ တရုတ်တိုက်ပုံအကျီကို ဝတ်ဆင်ထားသော ဆယ်နှစ်အရွယ် မောင်လွန်းသည် စာတော်ဝန်ဦးခဲ၏ ကျောင်းလက်ရန်းပေါ်မှနေ၍ မြန်မာတစ်မျိုးသားလုံးအဖို့ ရင်နင့်စဖွယ်မြင်ကွင်းတစ်ရပ်ကို အသက်ရှူရပ်မတတ် အာရုံမပြတ် စိတ်မဖျံ့လွင့်ဘဲ စူးစိုက်စွာကြည့်လျက်ရှိ၏။

ကျည်ဆန်တစ်တောင့်၊ သေနတ်တစ်ချက်မျှပင်မဖောက်လိုက်ရဘဲ မြန်မာ့ရေမြေသနင်း ရှင်ဘုရင် သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ထီးဖြူလေးစင်းစိုက်ထားသော ဗီရိုလှည်းပေါ်သို့တင်၍ အင်္ဂလိပ်စစ်ဗိုလ်ချုပ် ပရင်ဒါဂတ်၊ ဗြိတိသျှအလံတော် အင်္ဂလိပ်ခြေလျင်တပ်သားများဝိုင်းရံ၍ ဘင်ခရာတီးမှုတ်ကာ ခေါ်ဆောင်သွားသည်ကို မြင်လိုက်ရသော နေပြည်တော်တစ်ဝန်းရှိ ရဟန်းရှင်လူပြည်သူတို့က ထိုမြင်ကွင်းကိုကြည့်ရင်းကြည့်ရင်း ဆောက်တည်ရာမရတော့ဘဲ မျက်ရည်ဖြိုင်ဖြိုင်ကျလျက် ငိုကြီးချက်မဖြစ်ရပါတော့သည်။ 'ထီးကျိုးစည်ပေါက်၊ထီးနန်းပျောက်ခဲ့ရပါပကော' ဟူ၍လည်း ငိုကြွေးမြည်တမ်းခဲ့ကြရှာသည်။

ထိုသူငယ်ကလေးသည်လည်း အရှင်နှစ်ပါး ပါတော်မူသွားသည်ကိုမြင်လိုက်ရသောအခါ ရှိုက်ကြီးတငင်ငိုချလိုက်ကာ -

"ငါတို့တစ်မျိုးလုံး လူဖြစ်တုံး၍ ကျွန်လုံးလုံးဖြစ်သွားပါပေါ့လား"

ဟူ၍ မြည်တမ်းကာ ကျောင်းဦးဘုရားသို့သွား၍ -


"တပည့်တော်သည် ကမ္ဘာပျက်ခါနီးမှ ယောင်တီယောင်တ လူ့ဘဝကိုရသည့်ယောကျာ်းကဲ့သို့ ဖြစ်နေပါပြီ။ နောင်ဖြစ်လေရာဘဝဘဝများ၌ မည်သို့သောအခါမျှ ကျွန်မဖြစ်ပါရစေနဲ့ဘုရား"

ဟူ၍ မြတ်စွာဘုရားအား ဦးခိုက်ကြည်ညိုလေးမြတ်စွာဖြင့် ဆုတောင်းလိုက်လေသည်။

မောင်လွန်း အမည်ခံ ထိုသူငယ်လေးသည်ကား နောင်သောအခါတွင် မြန်မာတစ်မျိုးသားလုံး၏ ငြိမ်းချမ်းရေးဖခင်ဆရာကြီး သခင်ကိုယ်တော်မှိုင်း ဖြစ်လာမည့်သူပင်တည်း။

**❑ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း**

ဗိုလ်ချုပ်အောင်ဆန်း ဘိလပ်မှ ပြန်ရောက်လာပြီးနောက် တစ်ခုသော






www.burmeseclassic.com

www.burmeseclassic.com



မူရင်းညာလက်ပုံစံ




သရုပ်ပြညာလက်ပုံစံ

နေ့တစ်နေ့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအိမ်သို့ ရုတ်တရက်ရောက်ရှိလာပြီး ဆရာတပည့်နှစ်ဦး အာလာပသလ္လာပစကားများ ပြောဆိုနေရာမှ -

"ဆရာကြီးခင်ဗျာ၊ ဆရာကြီးမျှော်မှန်းလာခဲ့တဲ့ လွတ်လပ်ရေးကို တစ်နှစ်အတွင်းရအောင် ကျွန်တော်တို့ကြိုးစားနေပါတယ် ဆရာကြီး။ တစ်နှစ်လောက်တော့စောင့်ကြည့်ပါဦး။ ဒီအတွင်း ဆရာကြီးဘာမှမလုပ်ပါနဲ့ဦး"

ဟု ဗိုလ်ချုပ်က ဆိုလိုက်ရာ -

"ဟေ့-အောင်ဆန်း၊ မင်းက ဆရာလား၊ ငါကဆရာလား"

ဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်းက ခပ်ထန်ထန်ပြန်မေးလိုက်၏။ ဆရာကြီးကား အတော်ပင်စိတ်ဆိုးသွားပုံရ၏။ စင်စစ် ဗိုလ်ချုပ်က ဆရာကြီးအား ဖဆပလကို ထိုးနှက်တိုက်ခိုက်သောစကားများပြောဆိုခြင်းမပြုရန် တောင်းပန်ခြင်းမျှသာဖြစ်၏။ ဆရာကြီးစိတ်ဆိုးသွားသည်ကို မြင်လိုက်ရသဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် ရုတ်တရက်မို့ ရှိုးတိုးရှန့်တန့်ဖြစ်သွား၏။ သို့သော် ဗိုလ်ချုပ်သည် မိမိရင်ထဲတွင်ရှိသည့်အတိုင်း -

"ဆရာကြီး၊ ဒီပြင်လူတွေဘာပြောပြော ကျွန်တော်တို့မထိခိုက်ပါဘူး။ ဆရာကြီးတ ကျွန်တော်တို့ကို ဆန့်ကျင်တဲ့စကားတစ်ခွန်းပြောရင် တစ်ခွန်းထိခိုက်ပါတယ်။ ကျွန်တော်ကတိပေးတဲ့အတိုင်း တစ်နှစ်ပြည့်လို့ ဘာမှဖြစ်မလာဘူးဆိုရင် ဆရာကြီးလုပ်ချင်တာလုပ်ပါ။ ကျွန်တော်လည်း နိုင်ငံရေးမလုပ်တော့ပါဘူး။ အေးအေးပဲနေပါတော့မယ်။ အခုပြောတဲ့စကား ဆရာကြီးမှတ်ထားပါ"

ဟု ဆက်၍ပြောပြန်သည်။

ထိုစဉ် ဆရာဇေယျ (ဦးယော) သည် အနီးသို့ရောက်ရှိလာရာ ဗိုလ်ချုပ်အောင်ဆန်းသည် ဦးယောဘက်လှည့်၍-

"ဒီနေ့ဘာနေ့လဲ ဦးယော၊ အဲ - မှတ်ထားပါ ဆရာကြီး"

ဟု ပြောလိုက်၏။ ၎င်းနောက် ဗိုလ်ချုပ်အောင်ဆန်းသည် ဆရာကြီးအား ဖွတ်တောင်းပန်လျက်ရှိရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းကလည်း ဗိုလ်ချုပ်အောင်ဆန်းကို တပည့်သားမြေးအဖြစ် ချစ်ခင်လေးစားသူမို့ စိတ်အနည်းငယ်ပြေစပြုလာကာ -

"အေးအေး - စိတ်ချပါကွာ၊ ငါ ဘာမှမပြောတော့ပါဘူး"

ဟု ဗိုလ်ချုပ်အောင်ဆန်းအား ကတိပေးလိုက်၏။ ထိုစဉ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဗိုလ်ချုပ်အောင်ဆန်းတို့ ဘီလပ် (အင်္ဂလန်) သို့ သွား၍ ဆွေးနွေးသောကိစ္စကို မူလကပင် ဘဝင်မကျခဲ့။ ဂျစ်ဘီအေခေတ်တုန်းကလိုဖြစ်လာဦးမည်ဟူ၍ စိတ်ထဲတွင် စွဲနေ၏။ ထိုအချိန်က ဆရာကြီးအနေဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏လုပ်ရပ်ကို မကျေနပ်၍ နှုတ်မှထုတ်ပြောလိုက်လျှင် သတင်းစာများတွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းနာမည်နှင့်အတူ ဖဆပလအားတိုက်ခိုက်သောစကားများ ပါလာတတ်၏။

စင်စစ် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ဗိုလ်ချုပ်အောင်ဆန်းကို နိုင်ငံရေးခေါင်းဆောင်တစ်ဦးအဖြစ်လည်းကောင်း၊ သားတပည့်အဖြစ်လည်းကောင်း ချစ်ခင်လေးစားသူ ဖြစ်၏။ ဆရာကြီးသည် ဗိုလ်ချုပ်အောင်ဆန်း၏ မိခင်ကြီးဒေါ်စုထက်ပင် အသက်တစ်နှစ်တစ်လနီးပါးခန့် အသက်ကြီးသူဖြစ်၏။ ဆရာကြီးသည် ခရစ်သက္ကရာဇ် ၁၈၇၆ ခု၊ မတ်လ ၂၃ ရက်တွင် ဖွားမြင်၍ ဗိုလ်ချုပ်အောင်ဆန်း၏မိခင်ကြီး ဒေါ်စုမှာ ၁၈၇၇ ခု၊ ဧပြီလ ၂၂ ရက်တွင် ဖွားမြင်ခဲ့သူဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံမှပြန်လာပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက် ၁၉၄၇ ခု၊ ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ည (၇) နာရီ (၅) မိနစ်အချိန်၌ မြန်မာနိုင်ငံတော်အသံလွှင့်ဌာနမှ အထူးသတင်းကြေညာချက်တစ်ရပ်ကို မြန်မာပြည်ဘုရင်ကိုယ်တိုင် -

"၁၉ - ၇ - ၁၉၄၇ ရက်နေ့နံနက် အမှုဆောင်ကောင်စီအဖွဲ့ဝင်ဝန်ကြီးများ အစည်းအဝေးကျင်းပနေစဉ် ဝန်ကြီးများအားသေကြောင်းလုပ်ကြံသည့်အကြောင်းကို မြန်မာပြည်သူပြည်သားတို့အားကျွန်ုပ်က ဝမ်းနည်းစွာဖြင့်အသိပေးရပါကြောင်း၊ နံနက် (၁၀) နာရီခွဲသာသာလောက်တွင် စက်သေနတ်များကိုကိုင်ဆောင်သူတို့သည် အစည်းအဝေးခန်းထဲသို့ ဝင်ရောက်လာ၍ အတွင်းရှိလူ များကို ပစ်ခတ်ကြောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့်တကွ ဝန်ကြီးသခင်မြမန်းဘခိုင်၊ ဝန်ကြီးဦးဘချို ဝန်ကြီးအပ္ဗဒူရာဇတ်နှင့် ဝန်ကြီးဦးဘဝင်းတို့ သေဆုံးကြကြောင်း"

ဟု ထုတ်ပြန်ကြေညာလိုက်၏။

ဗိုလ်ချုပ်အောင်ဆန်းတို့ လုပ်ကြံခံရပြီဆိုသော သတင်းဆိုးကြီးသည် တစ်ပြည်လုံးသို့ လှည်းနေလှည်းအောင်း မြင်းဇောင်းမကျန် တောမီးပမာ လျှင်မြန်စွာ ပျံ့နှံ့သွားတော့၏။ ထိုသတင်းကို ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကြားလိုက်ရသောအခါ လွန်စွာ စိတ်ထိခိုက်သွားရှာ၏။

"အောင်ဆန်း မနေ့တနေ့ကပဲ အိမ်လာသွားသေးတယ်"

ဟူ၍လည်း ဆရာကြီးစိတ်ထဲ အောက်မေ့မိ၏။ 'အောင်ဆန်းတို့ အသေစောရလေခြင်း'ဟုလည်း ယူကျုံးမရဖြစ်ရရှာသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့ကျဆုံးပြီးနောက် ဗိုလ်ချုပ်၏ အရိုက်အရာကို ဆက်ခံသောသခင်နုသည် တစ်ခုသောနေ့တစ်နေ့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံ ရောက်ရှိလာပြီး အကျိုးအကြောင်းမှန်သမျှကိုပြောပြရာ ဆရာကြီးက -

"အောင်ဆန်းမသာအတွက်တော့ ငါတော့ ငွေမတတ်နိုင်ဘူးကွ။ ဒီကဗျာတစ်ပုဒ်နဲ့ စာအုပ်သာယူသွားပေတော့"

ဟု ဆိုပြီး မိမိရေးသားထားသော 'အာဇာနည်ဗိမာန်ကဗျာ'နှင့် စာအုပ်ကို သခင်နုလက်သို့ ပေးအပ်လိုက်သည်။

❑ ဩော် . . . အဆောင်ဆောင်နန်း
တွေကြငှန်းတွေနဲ့
အခေါင်မမြန်းခင်က အောင်စာတမ်း
ချီ့စေဖို့
အောင်ပန်းညှိ့ရရှာတဲ့ တောင်တမန်း
တို့ဗမာမှာ
အဟောင်းသံသရာအငုတ်တွေနှင့်
အောင်ဆန်းတို့မသာမယာဟာ
ငှင်းကံကြမ္မာအလုပ်ပေထင့်
သောင်းမြန်မရဏာစမုတ်မှာတော့
ချုပ်သန့်ယင်းအလိုတွင်
ခေါင်းအလံ ပဝါအုပ်ပါလို့
ကျုပ်ဖြင့်သဂြိုဟ်ချင်။
. . . . . . . . ။ . . . . . . . . ။
. . . . . . . . ။. . . . . . . . . ။
(ဩော် . . . )
တောင်နန်း မြောက်နန်း အဆောင်
ဆောင်ကြငှန်းနှင့်
အခေါင်မမြန်းရခင်က အောင်ပန်း
ညှိ့ရရှာတဲ့
အောင်ဆန်းတို့သေပုံနှမြော။ ။

ဟူ၍ ဆရာကြီးသခင်ကိုယ်တော်မှိုင်း ကြေကွဲဝမ်းနည်း မြည်တမ်းခဲ့ရရှာသည်။

**❑ အမ်အေဦးမောင်ကြီးနှင့်**
**ဆရာကြီးသခင်ကိုယ်တော်မှိုင်း**

ထိုစဉ်ကာလက အမ်အေဦးမောင်ကြီးသည် လက်ရှိ ဝန်ကြီးရာထူးဖြင့် တစ်လလျှင် လစာငွေ ငါးထောင်ကျပ်ရရှိနေသူ ဖြစ်သည်။ တစ်ခါက အမ်အေဦးမောင်ကြီးသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား -

"ခုနေ အလောင်းဘုရားဦးအောင်ဇေယျတို့ရှိရင် ဘယ်လိုနေမလဲ ဆရာ"

ဟု မေးလိုက်ရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းက -

"မောင်ပဲပြောပါဦး"

ဟုဆိုလိုက်ရာ အမ်အေဦးမောင်ကြီးက -

"ခုနေ ဦးအောင်ဇေယျတို့ရှိရင် အလွန်ဆုံးဖြစ်လှ ဓားပြဗိုလ်ပဲဖြစ်တော့မပေါ့"

ဟု ဆိုလိုက်၏။

ဆရာကြီးသည် ဦးမောင်ကြီး၏ စကားကိုကြားလိုက်ရစဉ်အခိုက်အတန့်တွင် ဆတ်ဆတ်ခါနာကြည်းလာရာမှ နောက်ဆုံး သည်းခံနိုင်စွမ်းမရှိတော့ဘဲ-

"မောင်လိုအကောင်တောင် ငါးထောင်ကျပ်စားဖြစ်သေးတာပဲ။ဦးအောင်ဇေယျတို့သာရှိရင် ဘယ်ဓားပြဗိုလ်ဟုတ်မလဲ၊ အင်ပိုင်ယာရှင်ကြီးဖြစ်နေမှာပေါ့"

ဟု ဒေါသသံနှင့်ပြန်ပြောလိုက်၏။

"ဆရာကျွန်တော့်ကိုဘယ့်အတွက် အကောင်လို့သုံးနိုင်သလဲ"

ဟု အမ်အေဦးမောင်ကြီးက ဒေါသနှင့်ပြန်မေးလိုက်ရာ-

"မင်းတတောင် အလောင်းဘုရားလိုလူကို ဓားပြနဲ့နှိုင်းနိုင်သေးရင် မင်းလိုလူကိုရော ဘာဖြစ်လို့ ငါက အကောင်လို့မခေါ်ရမှာလဲ"

ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက .အချက်ကျကျ ပြန်နှက်လိုက်သည်။

**❑ ဦးမေအောင်နှင့်**
**ဆရာကြီးသခင်ကိုယ်တော်မှိုင်း**

အချိန်ကာလသည်ကား မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏လက်အောက် ကိုလိုနီဘဝရောက်နေစဉ် တစ်နည်းအားဖြင့် သူ့ကျွန်ဘဝရောက်ရှိနေချိန် ခရစ်နှစ် ၁၉၁၂ ခုနှစ်တွင် ဖြစ်သည်။ ဗြိတိသျှဧကရာဇ်ဘုရင်၏သားကြီးဖြစ်သူ ဝေလမင်းသား (PRINCE OF WALES) သည် ဗြိတိသျှအင်ပါယာနိုင်ငံများသို့ လှည့်လည်ခရီးထွက်ခဲ့ရာ အိန္ဒိယမှတစ်ဆင့် မြန်မာပြည်သို့ဝင်ရောက်လာမည်ဖြစ်သည်။ ရောက်ရှိလာမည့်ဝေလမင်းသားကို အမွှမ်းတင် ဂုဏ်ပြု ထောမနာပြုရန်အတွက် သက်ဆိုင်ရာအာဏာပိုင်များက စိုင်းပြင်းလျက်ရှိ၏။ ထိုစဉ်ကာလ၌ ဦးမေအောင်သည် ဆရာကြီးထံ ရောက်ရှိလာပြီး ဝေလမင်းသားကို အမွှမ်းတင်ဂုဏ်ပြုကြိုဆိုရန် ရတုပိုဒ်စုံရေးပေးပါရန် မေတ္တာရပ်ခံပန်ကြားလာသည်။ ဦးမေအောင်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်းထံတွင် မြန်မာစာသင်ယူခဲ့ဖူးသူ တပည့်တစ်ဦးဖြစ်သည့်အားလျော်စွာ ဆရာကြီး ဆင်းရဲချို့တဲ့နေစဉ် မိမိတတ်နိုင်သည့်နည်းလမ်းဖြင့် အကူအညီပေးလိုသောစေတနာအရင်းခံ၍ ဉာဏ်ပူဇော်ခငွေတစ်ထောင်ချီးမြှင့်ပါမည်ဟု ကတိကဝတ်ပြုပြီး ပန်ကြားရာ -

"ငါ့မှာ သားသမီးတွေတာဝန်အတွက် ပြေးနိုင်လွှားနိုင်၊ရေးနိုင်မှ ထမင်းအနိုင်နိုင်နပ်မှန်တာ။ ငွေတစ်ထောင်ဆိုတာ ငါလည်းမကိုင်ဖူးဘူး။ ဒီလိုလွယ်လွယ်နဲ့ရနိုင်လိမ့်မယ်လို့လည်း ဘယ်တုံးကမှမထင်ခဲ့ဖူးဘူး။ ငွေတစ်ထောင်ကိုတော့ မင်းစေတနာအရ ငါလိုချင်ပါတယ်။ လိမ်မပြောပါဘူး။ ဒါပေမယ့် ငါ့ရှေ့မှာတင် မင်းနှစ်ပါး (သီပေါမင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com

အရှင်နန်းမတော်မိဖုရားခေါင်ကြီး) ကို ဖမ်းပြီး တစ်ပြည်လုံးကို ကျွန်လုပ်ခဲ့တဲ့ အင်္ဂလိပ်ဘုရင်မရဲ့မြေး မင်းသားကို ချီးကျူးတဲ့စာမျိုး ငါ့လက်နဲ့ရေးမပေးနိုင်ဘူး။ တခြားလူကိုသာခိုင်းပါ မောင်မေအောင်"

ဟု ဆရာကြီးသခင်ကိုယ်တော်မှိုင်းက တည်ကြည်ပြတ်သားစွာ ငြင်းဆိုရာ ဦးမေအောင်သည် စိတ်မကောင်းစွာဖြင့်ပင် အခြားမြန်မာပညာရှိတစ်ဦးအား ဥဏ်ပူဇော်ခငွေတစ်ထောင်ပေး၍ အရေးခိုင်းရလေ၏။

ထိုစဉ်က ရွှေနားတော်သွင်းချင်းကိုရေးပေးရန်ပန်ကြားခဲ့သူ ဝတ်လုံတော်ရ ဦးမေအောင်သည် နောင်တွင် ပြည်ထဲရေးဝန်ကြီးချုပ်ရာထူးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံခဲ့ရသည်။

## ⊔ လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း

ဆရာကြီးဦးလွန်းသည် ဆရာဦးမောင်ကြီးက မိမိထက်အသက်သုံးနှစ်ခန့်ငယ်သည်ကို သိသော်လည်း ဂါရဝတရားထားကာ ရိုသေစွာ ဆက်ဆံမှုပြုခဲ့သည်။ စကားပြောဆိုရာ၌ပင် ဆရာဦးမောင်ကြီးကို 'ဆရာ' ဟူ၍ သုံးနှုန်းခဲ့သည်။

လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးသည် ယမိုက်အဖြေကျမ်း၊ ပရမတ္ထသံခိပ်ဋီကာကျမ်းကြီး၊ ပါဠိအဘိဓာန်၊ ဝိထိမဉ္စရီ အစရှိသော ဘာသာရေးကျမ်းပေါင်းများစွာနှင့် နီတိကျမ်းများ၊ သောတမာလာ၊ သာခုသုန္ဒရီ အစရှိသော တရားစာအုပ်များ၊ ထေရီထေရာဘာသာပြန်စာအုပ်များ၊ ရာဇဝင်ဝတ္ထုကြီးများ၊ ခင်မြင့်ကြီး၊ သန်းသန်း အစရှိသော ကာလပေါ်ဝတ္ထုကြီးများ အစရှိသည့် စာအုပ်ပေါင်းလေးရာကျော်ခန့်ကို ရေးသားပြုစုနိုင်ခဲ့သဖြင့် မြန်မာစာပေသမိုင်းတွင် စာအများဆုံးရေးသားနိုင်ခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်ဟု ဆိုရမည်ဖြစ်၏။

တစ်ခုသောနေ့တစ်နေ့၌ ဆရာကြီးနှစ်ဦးသည် စကားစမြည်ပြောရင်းလမ်းလျှောက်လာကြရာ ဘားလမ်းရှိ သစ္စာဝါဒီသတင်းစာတိုက်ရှေ့အရောက်တွင် -

"ဆရာ -- ခဏ"

ဟု ဆရာကြီးဦးလွန်းကို ဆရာဦးမောင်ကြီးက ခွင့်ပန်ပြီး သစ္စာဝါဒီသတင်းစာတိုက်ထဲသို့ ဝင်သွားခဲ့သည်။ သတင်းစာတိုက်မှ ပြန်ထွက်လာသောအခါ ဆရာဦးမောင်ကြီး၏လက်ထဲတွင် ငွေ(၅၀)ကျပ်ပါလာသည်ကို ဆရာကြီးဦးလွန်းတွေ့လိုက်ရ၏။ ယင်းငွေသည် ဆရာဦးမောင်ကြီး ရေးသားသော 'စာဏကျနီတိ' ပင့်တိုင်အခန်းအတွက် စာမူခလစာငွေဖြစ်မှန်း ဆရာကြီးဦးလွန်းသိလိုက်ရသဖြင့် -

"ဆရာရယ်၊ ဒီလိုအစိုးရအလိုတော်ရိတိုက်မျိုးမှာ စာမရေးချင်စမ်းပါနဲ့။ ကျပ်ကိုလည်း ခဏခဏလာပြီးရေးပေးပါ၊ ရေးပေးပါလို့ ပူဆာနေပါတယ်။ ဒီလိုအစိုးရမျိုးကို အားပေးပြီးရေးရမယ်ဆိုတာ ဖြစ်ကိုမဖြစ်လို့ မရေးပေးဘဲနေလိုက်တယ်။ ဒီလခငွေငါးဆယ်ကျပ်ကို မရလို့ မငတ်နိုင်ပါဘူး ဆရာရယ်၊ မရေးပါနဲ့"

ဟု ဆရာကြီးဦးလွန်းက ဆိုလိုက်ရာ ဆရာဦးမောင်ကြီးသည် ဆရာကြီးဦးလွန်း၏စေတနာကို နားလည်သဖြင့် တစ်ခွန်းတစ်ပါဒမျှပြန်လှန်မပြောခဲ့ပေ။

## ⊔ ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း

၁၉၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်၊ ကြာသပတေးနေ့။

ထိုနေ့ထိုရက်ကား သူရိယမဂ္ဂဇင်းအယ်ဒီတာအဖြစ် ဆရာကြီးရွှေဥဒေါင်းအလုပ်စတင်ဝင်ရောက်သောနေ့ ဖြစ်သည်။ အသက်အားဖြင့် နှစ်ဆယ့်ရှစ်နှစ်မျှသာရှိသေးသည်။ သူရိယတိုက်အုပ်ဦးလှဖေက 'ဆရာလွန်းနှင့်အတူတွဲ၍ အလုပ်လုပ်ရမည်' ဟု ပြောလိုက်ရာ ဆရာကြီးရွှေဥဒေါင်းအနေဖြင့် မိမိပညာတိုးတက်မြင့်မားလာတော့မည်ကိုတွေး၍ လွန်စွာနှစ်သက်အားတက်ခဲ့မိသည်။ ထိုစဉ်က သူရိယတိုက်မှာ ဆူးလေဘုရားလမ်း၌တည်ရှိ၍ အလုပ်ခန်းမှာ ကျဉ်းမြောင်းလွန်းသောကြောင့် ဆရာကြီးရွှေဥဒေါင်းနှင့် ဆရာလွန်းတို့နှစ်ယောက်မှာ တစ်စားပွဲတည်းတွင် မျက်နှာချင်းဆိုင်ထိုင်၍ အတူအလုပ်လုပ်ကြရသည်။ ထိုစဉ်က ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏အသက်မှာ လေးဆယ့်ရှစ်နှစ်မျှသာရှိသေး၏။

ဆရာလွန်း၏ ရုပ်လက္ခဏာနှင့်ပတ်သက်၍ ဆရာကြီးရွှေဥဒေါင်းက -

ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင် အတူထိုင်၍အလုပ်လုပ်ကြသောအခါမှ ဆရာကြီး၏ရုပ်လွှာကို သေချာစွာလေ့လာရသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းဖြစ်လာကာမှ တွေ့မြင်ရဖူးကြသော ခေတ်လူငယ်များသည် 'ဆရာလွန်း' တည်းဟူသောပုဂ္ဂိုလ်ကို မှန်းဆရန်ခဲယဉ်းကြပေလိမ့်မည်။ သခင်ကိုယ်တော်မှိုင်းဘဝ၌ အသားအရေအတန်ငယ်ပြည့်ဖြိုးလာ၍ ခံ့ခံ့ကြီးနှင့် ကြည်ညိုဖွယ်ရှိနေသည်မှန်သော်လည်း 'ဆရာလွန်း' (သို့) 'မစ္စတာမောင်မှိုင်း' အဖြစ်၌ပင် တစ်ခါမြင်လျှင်ထပ်၍ကြည့်ချင်သော ဥပဓိရုပ်မျိုးရှိသည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ချေသည်။ အလုံးအရပ်ခပ်သွယ်သွယ် ခပ်နွဲ့နွဲ့နှင့်ကြည်လင်သောအသားအရေ ရှိ၍ ညိုစိမ့်စိမ့်ဟုခေါ်ကြ သည့်အသား နှင့်တကွ နက်မှောင်သော နှုတ်ခမ်းမွေး ဖြောင့်စင်းသောနှာတံ၊ အဆင်ပြေသော မျက်နှာပေါက်၊ မကျဉ်းလွန်းသောနဖူးပြင်တို့၏အထက်မှ ဖိတ်ဖိတ်တောက် နက်ပြောင်နေသောဆံပင်ကို ကပိုက နှစ်ပတ်ရစ်သျှောင်ထုံးကာ ပန်းရောင်ပ... ကို အုပ်ပေါင်းခေတ်ဖြစ်သော်လည်း ... တရို 'ငွေထိုး' ပေါင်းလျက် ကွမ်းကလေး... မပြတ်စားလျက်ရှိသော ဆရာလွန်း... ကြည့်ရသည်မှာ မင်္ဂလာနှင့်ပြည့်စုံ... သောကြောင့် (ကျွန်ုပ်အဖို့ရာ၌) ဦး... တော်စမ်းချင်လှသည်ဟု စိတ်ထဲ... အကြိမ်ကြိမ် တမ်းတခဲ့မိဖူးပါသည်။

ကျွန်ုပ်၏မိခင်မှာ သီပေါဘုရင်... 'စာတော်ဖတ်' တစ်ယောက်ဖြစ်၍ နန်း... တွင်းသူနန်းတွင်းသားများ၏ ဆင်ယ... ဝတ်စားပုံများကို ကျွန်ုပ်အား ပြော... လေ့ရှိရာ ဆရာလွန်း၏ ရုပ်လက္ခဏာ... ကို ကျွန်ုပ်မြင်တွေ့ရလေသောအ... ထိုင်မသိမ်းအကျီ၊ ပုဆိုးတောင်ရှည်... ခေါင်းပေါင်းဖြူဖော့လုံးဆင်ကာ ဘု... အပါးတော်၌ခစားလျက်ရှိသော အတွ... ဝန်ဦးလွန်းအနေဖြင့် ကျွန်ုပ်၏စိတ်... ထဲတွင် တစ်ခဏဖြစ်မိပါသေးသည်။

ထူးခြားသော အချက်တစ်ခု... ဆရာလွန်းသည် ရွှေတောင်မြို့သား... သော်ငြားလည်း ၎င်း၏ဟန်ပန်လေ... အမူအရာနှင့် ဂိုက်ဆိုက်တို့မှာ ကပို... နေသော နန်းတွင်းသားတစ်ယော... နှင့်တူလှသည်ဟု ကျွန်ုပ်အကဲဖြ... သည်။ ကျွန်ုပ်ကိုယ်တိုင်မှာလည်း သီ... ဘုရင်လက်ထက်က သံတော်ဆင့်၊ ... တော်၊ ရေတော်၊ ထီးဖြူတော်မိုး၊ ... မင်း အစရှိသည့် မင်းအမှုထမ်းအ... အရာခံများကို မြင်ရဖူးသည်။ သူ... တိုက်၌ အုပ်ပေါင်းသမားများဖြစ်သေ... ဦးဘသော၊ ဦးလှဖေ၊ ဦးဘကလေး... ပုဂ္ဂိုလ်များအနက် သျှောင်ခပ်... စောင်းနှင့်ငွေထိုးပေါင်းသော ဆရာ...



www.burmeseclassic.com

www.burmeseclassic.com

တို့မြင်ရသည်မှာ (မန္တလေးမှလာခါစဖြစ်သော) ကျွန်ုပ်အဖို့ရာ၌ ဖွားရာဇာတိဖြစ်သော မန္တလေးရွှေမြို့တော်ကြီးကို မကြာခဏသတိရစေပါတော့သည် ဟူ၍ဆိုခဲ့ပါသည်။

### ❏ ဆရာကြီးလူထုဦးလှနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း

ဆရာကြီးသခင်ကိုယ်တော်မှိုင်းနှင့် ပတ်သက်၍ ဆရာကြီးလူထုဦးလှက -

ဆရာကြီး၏စာပေများကို ဖတ်ရသူများကလည်း ဇာတိမာန်တက်ကြွကြပေလိမ့်မည်။ မျိုးချစ်စိတ်၊ ညီညွတ်ရေးစိတ်များ ကြီးထွားလာကြပေလိမ့်မည်။

ဆရာကြီးသည် သူ၏တစ်သက်တာအတွင်း မဖောက်မပြန် ပြည်သူလူထုနှင့်အတူ တိုင်းပြည်တာဝန်ကိုထမ်းဆောင်ခဲ့သည်ဖြစ်သောကြောင့် ဝတ္တရားကျေပွန်လှပေပြီ။ နောင်လာနောက်သားများက ဆရာကြီး၏စံနမူနာကိုယူပြီး တိုင်းပြည်အတွက် မိမိတို့တာဝန်ကျေပွန်ကြဖို့အရေးကြီးပေသည်။

ဆရာကြီးသည် 'မိမိအမှား' ကို ဝန်ခံတတ်သောပုဂ္ဂိုလ်လည်း ဖြစ်သည်။ ဤအချက်ကိုလည်း မှတ်သားကြရပေမည်။ သူရိယသတင်းစာတိုက်သို့ရောက်သောအခါ ဦးဘဖေ၊ ဦးလှဖေတို့က ဆရာကြီး၏ထက်မြက်သောဂုဏ်ကိုမြင်ကြသောကြောင့် အင်္ဂလိပ်စာသင်ကြားရန် တိုက်တွန်းကြသည်။ ဆရာကြီးက ကုလားဖြူစာဖြစ်သောကြောင့် မသင်လိုမသင်ဘဲနေသည်။ အင်္ဂလိပ်ကိုစိတ်နာပြီး အင်္ဂလိပ်စာကိုမသင်ဘဲနေခြင်း ဖြစ်သည်။

နိုင်ငံခြားတိုင်းပြည်များသို့ ကျွန်တော်တို့နှင့်အတူ သွားကြသောအခါ ဆရာကြီးက ဤအကြောင်းကို ပြောပြလေ့ရှိသည်။

"မောင်ဘဖေနဲ့မောင်လှဖေတို့က အင်္ဂလိပ်စာသင်ပါဆိုတုန်းက သင်လိုက်မိရင် တယ်ကောင်းမယ်။ အခုတော့ စကားပြန်အဆင့်ဆင့်နဲ့ ပြောရကြားရတာ မှားယွင်းနိုင်တယ်။ စကားပြန်က မှန်မှန်မပြောရင် ခက်သေးတယ်"

ဟု ရယ်ရယ်မောမောပြောပြခြင်းဖြစ်ပါသည်။

"အခုတော့ နားကန်းတဲ့လူလိုဖြစ်နေတာပေါ့ကွယ်"

ဟုလည်းဆိုလိုက်ပါသေးသည်။

'ဘာသာမျိုးခြား၊ စာစကား၊ သင်ကြားသင့်သည်မှတ်' ဆိုသော သံပေါက်ကို ဆရာကြီးက သဘောကျသည်။ အင်္ဂလိပ်ဆန့်ကျင်ရေး၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ် ပြင်းထန်လွန်းသောကြောင့် မိမိအင်္ဂလိပ်စာမသင်မိသည်မှာမှားသည် ဟု မိမိကိုယ်ကို ဆရာကြီးဝေဖန်သုံးသပ်သည်။

ဆရာကြီးသည် အသက်ခပ်ငယ်ငယ်ကပင် နှုတ်ခမ်းမွေးထားသည်။ နှုတ်ခမ်းမွေးမှာ မည်းမည်းနက်နက်နှင့် အလွန်ကြည့်ကောင်းပြီး အလွန်ကျက်သရေရှိသည်။ ခေါင်းပေါင်းပတ်ပေါင်းကလေးကိုပေါင်းလေ့ရှိပြီး ချည်လုံကွင်း၊ ပင်နီအင်္ကျီသာဝတ်ဆင်လေ့ရှိသည်။ ရိုးရိုးကလေး ဝတ်စားဆင်ယင်လေ့ရှိသည်မှာ ကြီးမှမဟုတ်၊ ငယ်စဉ်ကတည်းကဖြစ်သည်။

အကြောင်းတစ်ခုကြောင့် ဆရာကြီးရွှေဥဒေါင်း သူရိယသတင်းစာမှ ထွက်သောအခါ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် အလွန်ရင်းနှီးချစ်ခင်သူအတွက်စိတ်မကောင်းဖြစ်ကာ ဆရာကြီးရွှေဥဒေါင်းအား မိမိတွင်ရှိသော ပိုက်ဆံအကြွေအနုပ်များကို -

"ရော့ - မောင်ဖေသိန်းယူ၊ ရော့- မောင်ဖေသိန်းယူ"

ဆိုပြီး အတင်းပေးလေသည်။ ဆရာကြီးရွှေဥဒေါင်းကငြင်းသော်လည်း အတင်းပင်ပေးသည်။

စိတ်စေတနာ အလွန်ဖြူစင်၍ ညာတာ သနားတတ်သော ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် မျိုးချစ်စာဆိုတော်ကြီးသာမဟုတ်၊ လူသားတို့တိုမီးလောင်တိုက်သွင်းသည့် စစ်ကြီးများ၊ အခြားစစ်အငယ်စားများနှင့် ပြည်တွင်းစစ်များမဖြစ်ပွားစေလိုသော၊ စစ်များကိုတားဆီးသောပုဂ္ဂိုလ်ကြီးလည်းဖြစ်လေသည်။ ဤတာဝန်များကို ကွယ်လွန်အနိစ္စရောက်ချိန်အထိ ကြိုးပမ်းထမ်းဆောင်သွားခဲ့သည်။

ဟူ၍ ဖော်ညွှန်းဂုဏ်ပြု ရေးသားခဲ့ပါသည်။

### ❏ ဆရာဒဂုန်တာရာနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘဝစာမျက်နှာများကို ဆရာဒဂုန်တာရာက -

ကျွန်တော် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို စတွေ့ကြုံကာ သိကျွမ်းရသောအခါ ကျောင်းသားဘဝ အသက်နှစ်ဆယ်အရွယ်ကဖြစ်သည်။ ထိုအခါက ဆရာကြီးသည် အသက် (၆၅) အရွယ်ဖြစ်လေရာ ကျွန်တော့်ထက်များစွာကြီးသည်။

ကျွန်တော်သည် ဆရာကြီး၏ ကဗျာ၊ ဋီကာ၊ ဂဏ္ဌိ စသော စာပေများကိုဖတ်ခဲ့သည်မှာ (၇)တန်း၊ (၈)တန်းကတည်းက ဖြစ်သည်။ ဆရာကြီး၏စာများကို လယ်တီပဏ္ဍိတဦးမောင်ကြီး၏ ဝတ္ထုများလောက် မစွဲငြိခဲ့။ ထိုအခါက အနုအယဉ်၊ အနွဲ့အပျောင်းတို့ကိုသာ တပ်မက်ခဲ့၏။ ကျွန်တော့်မှာ အိမ်တံစက်မြိတ်မှ မထွက်ခဲ့။ ပန်းပွင့်များကိုသာ အလှဟုထင်လျက်ရှိသည်။ ငွေလရောင်သည် ကမ္ဘာကြီးဟု အောက်မေ့ခဲ့၏။

၁၉၃၆ ကျောင်းသားသပိတ်ပြီးသောအခါမှ ဆရာကြီး၏ ဒေါင်းဋီကာကို ရှာဖွေရမှန်း သိလာပေပြီ။ ဘွိုင်းကောက်ဋီကာစာအုပ်ကိုလိုက်ရှာလာပေပြီ။ ကျောင်းသားသပိတ်အတွေ့အကြုံသည် ကျွန်တော့်အား ဆရာကြီးထံပါးသို့ ပို့ဆောင်လိုက်လေပြီ။

> ❏ *ဩ. . . ဝေးခရီးကပေမဲ့*
> *အရေးကြီးလျှင်ဖြင့်*
> *သွေးနီးရာပါစမြဲပေမို့*
> *ထ. . . ဆင်ထူးကို တမြည်မြည်*
> *သင်ခဲ့သမို့*
> *'ထီ' မထင် ကျောင်းတော်သား*
> *တွေရဲ့*
> *အမည်အစဉ်မှာ ခေါင်းပေါ်*
> *အဖျားတွင်လ. . .*
> *မင်းရှိဆရာကို စာရင်းတို့ကာထား*
> *လိုက်ကြပေတော့ . . .*

လူထုလှုပ်ရှားမှုထဲမှ ထွက်လာသော ဆရာကြီး၏တေးသံကို ခံစားရမှန်းသိလာပေပြီ။ ဆရာကြီးသည် အခန်းတံခါးပိတ်၍ ကဗျာရေးသူလော၊ မဟုတ်ပေ။ ပဟန်းကောလိပ် (ဝါ) အမျိုးသားတက္ကသိုလ်၌ မြန်မာစာပေ ရာဇဝင်ပါမောက္ခအဖြစ် နယ်ချဲ့ဆန့်ကျင်ရေး၊ ပညာရေးသူပုန်ပါမောက္ခလုပ်နေသည်။ ထို့ကြောင့်သာ မင်းရှိဆရာကို စာရင်းတို့ကာထားလိုက်ဖို့ မှာကြားခဲ့ခြင်း ဖြစ်သည်။

၁၉၃၀-၃၁ ခုနှစ်တွင် ရာဇဝင်မြောက်သော ဂဠုန်ဆရာစံ၏တောင်သူလယ်သမားလက်နက်ကိုင်သူပုန်ကြီး ပေါ်ပေါက်လေသည်။ ဆရာကြီးသည် ယင်းလယ်သမားသူပုန်ကြီးအား -

> ❏ *ရဂုံစံ ချစ်စရာ တပည့်တို့မှာဖြင့်*
> *ဦး အရပ် သစ္စာဂတိတွေနှင့်*

www.burmeseclassic.com

*ဂျွန်သရက်၊ ဂျွာမိပေတော့*

ဟု အံ့လေးပြုခဲ့ပေသည်။

လယ်သမားသူပုန်ကြီးပြီးနောက် တို့ဗမာအစည်းအရုံးပေါ်လာရာ ဆရာကြီးသည် ရေနံချောင်းသခင်ညီလာခံသို့ တက်ရောက်ကာ 'မစ္စတာမောင်မှိုင်း' အမည်စွန့်၍ 'သခင်'အမည်ခံလိုက်လေသည်။

၁၃၀၀ပြည့်အရေးတော်ပုံဟုထင်ရှားသော ၁၉၃၈-၃၉အထွေထွေသပိတ်ကြီးမှာ အလုပ်သမား၊ လယ်သမား၊ ကျောင်းသား၊ ပညာရှင်တို့လက်တွဲသောပြည်သူ့အာဏာခေတ်သို့ဦးတည်သည့် လူထုလှုပ်ရှားမှုကြီးဖြစ်ရာ တို့ဗမာအစည်းအရုံးနှင့် ကျောင်းသားသမဂ္ဂသည် တော်လှန်ရေးတပ်ဦးဖြစ်လာသည်။ဆရာကြီးသည် ယင်းနယ်ချဲ့ဆန့်ကျင်ရေးအင်အားဘက်မှ မားမားမတ်မတ်ရပ်ခဲ့ပေသည်။

□ *ဩော် . . . အထက်နဂိုရ်က*
*ပျက်ပြိုလို့ ကျခဲ့တဲ့*
*ကနက်ဗဟိုပလ္လင် လက်စအကြွင်းပေထင့်*
*တက္ကသိုလ်သဘင် သမဂ္ဂအသင်းဆီက*
*အိုကွယ် တက်မဟ အတင်းဟော့လို့*
*အကွက်ကျကျ နင်းနင်းပြီး*
*ခက်သမျှ ရှင်းပေမည့်*
*သတင်း ဒေါင်းအိုးဝေ*

ကျွန်တော်သည် ဆရာကြီး၏ ကဗျာများကိုခံစားရမှန်းသိစ ၁၃၀၀ပြည့်အရေးတော်ပုံအတွင်း၌ ဆရာကြီးနှင့် သိကျွမ်းလာခဲ့ရသည်။ ဆရာကြီးမှာ ကျွန်တော်တို့ဘက်ကပါကလားဟူသော အသိသည် ဆရာကြီး၏ကဗျာကိုခံစားရမှန်းသိစေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အမြဲတမ်း ခေတ်အဆက်ဆက်တိုင်း တော်လှန်ရေးဘက်ကသာနေ၏။ ကျွန်တော်တို့မီသော တို့ဗမာနှစ်ခြမ်းကွဲခေတ်၌ ဆရာကြီးသည် တော်လှန်ရေးဘက်ကရပ်တည်ခဲ့သည်ကို သတိရသေးသည်။ ဆရာကြီးသည် ဖောက်ပြန်သည့်ဘက်ကို ကဲ့ရဲ့ရှုတ်ချ၍ တော်လှန်ရေးဘက်ကို ချီးကျူးဂုဏ်ပြုသည်။ ဤကား ဆရာကြီး၏ အနုပညာဝါဒဖြစ်သည်။ ဝံသာနုလှုပ်ရှားမှုတိုးတက်နေစဉ်က -

□ *ဩော် . . . မြေအမှုပေမို့*
*ငွေခရှင်ယ်နှင့်*
*ဖေယျတုပါကွယ့်*
*သပြေနုချိန်တင်ရန်*
*ပန်းတွေကလည်းများပါဘိနှင့်*
*ဖေပုရှိန် အင်္ဂလန်နန်းမြေသွားတို့*
*မှာဖြင့် . . .*

ဟု ဘိလပ်သွားအဖွဲ့ကို ဂုဏ်ပြုခဲ့သည်။ သို့သော် ယင်းဝံသာနုအဖွဲ့ကပင် ဒိုင်အာခီရာထူးပေးကာ နယ်ချဲ့သမားနှင့်စေ့စပ်ပူးပေါင်းသွားသောအခါ -

□ *ခွေးရူးပြန်မသာ၏အလောင်းလိုပ*
*အခါအလှည့်မကောင်းစေဘို့*
*အစားချောင်စရာကြံ*
*မယားတောင်ညာစံတွေနှင့်*
*စံသည်တကား။*
*အိုကွယ် . . . ငါးထောင်သပြာစား*
*မာန်ရှယ်နှင့်*
*မာန်ဖီဖီပွား*

ဟူ၍ ဖောက်ပြန်သည့်ဘက်ကို ရှုတ်ချခဲ့ပေသည်။

ဂျပန်ခေတ်၌ကား ကျွန်တော်သည် ဆရာကြီးနှင့် နီးနီးကပ်ကပ်နေခွင့်ရခဲ့သည်။ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌဟောင်း သခင်တင်မောင်နှင့် အတူသွားတက်ကာ တစ်ခါတစ်ရံ ဆရာကြီး၏ အိမ်မှာပင် ညအိပ်ရသည်။ နေ့လယ်နေ့ခင်းတွင် ဆရာကြီး၏ လက်ဖက်ဝိုင်း၌ ထိုင်မိကာ စာပေရေးရာ၊ နိုင်ငံရေးရာ၊ ရှေးဟောင်းနှောင်းဖြစ်များကို ကြားနာခဲ့ရသည်။ ဆရာကြီးမှာ အသက်ထင်ရှားရှိနေသော အမျိုးသားလွတ်မြောက်ရေးရာဇဝင်ဂန္ထဝင်ကျမ်းကြီးတစ်ဆူဖြစ်ပေသည်။ ဆရာကြီးသည် ဖက်ဆစ်ခေတ်အတွေ့အကြုံကို -

□ *ကြမ္မာဝေဖန် ကောက်ကျစ်တဲ့*
*အကျိုးပေးထင့်*
*မဟာရွှေဂျပန် စောက်ကျင့်ဆိုးသော်လဲ*
*ပဂိုးငရမန် ပုဂံမှာများသလိုပ*
*ဩော် . . . ရှေးရဲ့အဖို့မှာတော့*
*ဘုရင်အကျော်အမော် ဧကရာဇ်တပါးပေပေါ့*
*အို . . . အဓိပတိကြီးရဲ့*
*မအေးစဖွဲ့ အရေးနဲ့ရှာသနဲ့*
*ဩော် တွေးတဲ့လို့ တင်နော်ဟေကာသနား*
*(ဝါ) ထုနည်းတထွေမှာတော့*
*နေမျိုးနေမျိုးသဝေထိုးလေပြီတကား*

စသည်ဖြင့် ဟာသဉာဏ်ဖြင့် သရုပ်ဖော်ထားပေးသည်။

လွတ်လပ်ရေးရသောအခါ ဆရာကြီးသည် -

□ . . . . . . . . .
*အင်္ဂလိပ်များကို ဂျောင်းလက္ခာ*
*ဂျောင်းလက္ခာနှင့်*
*မောင်းကာထုတ်လိုက်သမို့*
*အဟုတ်ပင် တကယ်လွတ်သော်လဲ*
*ဘယ်ဝင့်ဖန်သာ ကံ့ကြမ္မာဖေးလေဘိ*
*ဩော် . . . . အင်္ဂလန်က ယခင်အဖန်ဖန်*
*တင်ပြန်တယ်ဆိုတဲ့ ကြွေးတွေရဲ့အပြင်*
*ငွေမရှိပြန်လျှင် အမေရိကန်ထံချေးရတဲ့*
*ကြွေးမျိုးစုံ ကုဋေကုဋာဖြင့်*
*မြေရွာမှာ သေတာလောက်မကောင်းချိန်မို့*

စသည်ဖြင့် နိုင်ငံရေးအရ လွတ်လပ်သော်လည်း စီးပွားရေးအရ မလွတ်လပ်ပုံကို နားလည်ပေသည်။

လွတ်လပ်ရေးရပြီး ပြည်တွင်းမငြိမ်းမချမ်းဖြစ်သောအခါ ဆရာကြီးသည် ငြိမ်းချမ်းရေးဗိသုကာကြီးဖြစ်လာတော့သည်။ ပြည်တွင်းငြိမ်းချမ်းရေးကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့အစည်းတို့တွင် ဦးစီးဦးကိုင်ဖြစ်လာပေသည်။ ပြည်တွင်းမငြိမ်းမချမ်းဖြစ်သည်နှင့်ပတ်သက်၍ ဆရာကြီးက -

□ *တို့ဗမာသခင်ဗဟိုဝယ်*
*တို့သာလျှင် တဗိုလ်ကျယ်မဟဲ့ဆိုတဲ့*
*အလိုမငယ် ဆိုရှယ်လစ်ကယ်နှင့်*
*တံခွန်တလူလူ ကွန်မြူနစ်ကယ်တို့*
*မချစ်သာ မေတ္တာကင်းပြန်သနဲ့*
*အချင်းချင်းပင် တငြင်းထဲငြင်းငြင်းပြီး*
*မင်းပွဲအတူမှာ ထမင်းပွဲလုကာလယ်မြိုခဲ့ပါလို့*
*ပွဲချင်းပြီး အသေအကြေ တအူအူအသံဗလံနှင့်*
*တဆူဆူ တညံညံ ကိုက်ကြတိုက်ကြ၊ မိုက်ကြတော့*

စသည်ဖြင့် တို့ဗမာသခင်ခေတ်က တပည့်ကျော်များအား ကရုဏာဒေါသဖြစ်ရပြန်လေသည်။

□



www.burmeseclassic.com

www.burmeseclassic.com

၁၃၀၀ ပြည့် အရေးတော်ပုံခေတ်မှစ၍ ၁၉၆၃ အထိအနှစ်အစိတ်လောက်သောကာလအတွင်း ကျွန်တော်သည် ဆရာကြီးသခင်ကိုယ်တော် မှိုင်းထွန်းညှိခဲ့သော မီးရှူးတန်ဆောင်လင်းပြရာ လမ်းမ၌ လျှောက်ခဲ့ရပေသည်။ ဆရာကြီး၏ လက်ဖက်ဝိုင်း၌ စကားနာသူ၊ ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ အစည်းဥက္ကဋ္ဌ ဆရာကြီး၏ လက်ထောက် နိုင်ငံခြားသို့ အစည်းအဝေးတက်၊ မိတ်ဆက်ချစ်ကြည်ရေးခရီးအတူသွားရသူ၊ မြစ်ဝကျွန်းပေါ်နှင့် အညာတစ်ခွင် ငြိမ်းချမ်းရေးခရီးစဉ်၌ အတူပါရသူ စသည်အားဖြင့် ဆရာကြီးထံပါး၌နေခဲ့ရသည်။

ဆရာကြီးသည် ရှုပ်ထွေးပွေလီမည်းနက်သော နိုင်ငံရေးဝက်ပါများကိုသိသည်။ ဆရာကြီး၏နိုင်ငံရေးအတွေ့ အကြုံကား ကျွန်တော်တို့၏ အမျိုးသားလွတ်မြောက်ရေးသမိုင်းလောက် သက်တမ်းရင့်သည် မဟုတ်လော။

ဆရာကြီး၏ ဘဝအတွေ့အကြုံကား ကုံလုံကြွယ်ဝလှသည်။ ဆရာကြီး၏ ဘဝမာတိကာစဉ်ကား များထွေလှသည်။ ဘုန်းကြီးကျောင်းစာသင်သား၊ အညာခရီးသည်၊ စာစီသမား၊ စာပြင်ဆရာ၊ အယ်ဒီတာ၊ ဆောင်းပါးရှင်၊ မြန်မာစာပေပါမောက္ခ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ တို့ဗမာအစည်းအရုံးနာယက၊ ကမ္ဘာ့ငြိမ်းချမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ အစည်းဥက္ကဋ္ဌ၊ စတာလင်နိုင်ငံတကာငြိမ်းချမ်းရေးဆုရ၊ အလင်္ကာကျော်စွာဘွဲ့ရ၊ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ရ၊ ဂျာမနီတက္ကသိုလ်မှ ဒေါက်တာဘွဲ့ရ။

နိုင်ငံရေးလောက၌ ပြောသလိုလုပ်သူရှားသည်။ အပြောတခြားအလုပ်တခြားကများသည်။ ပုဂ္ဂိုလ်နှင့်တရားဘာမှမဆိုင်ကြ။ ဆရာကြီးသည် အခန်းထဲမှ ကဗျာရေးသူသက်သက်မဟုတ်ချေ။ မှန်တံခါးအတွင်းမှာ လက်ထွန်စက်ကိုဖွဲ့သော လယ်သမား၊ အလုပ်သမားတံဆိပ်တပ်သူခမိန် မဟုတ်ချေ။ ဆရာကြီးသည် ပြည်သူကြား၌နေကာ ပြည်သူတို့၏ရင်ခုန်သံကိုဖော်ကျူးသည်။ ဆရာကြီး၏ ငြိမ်းချမ်းရေးရဲတင်းသံကြောင့် ပြည်သူတို့ အားသစ်လန်းရသည်။

ကျွန်တော်သည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ရဲတင်းသံကိုကြားရင်းရင်ခုန်လာသည်။ သွေးသစ်တိုးလာသည်။

ဟူ၍ ဆရာဒဂုန်တာရာက ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘဝကြေးပုံပြင်ကို ဖန်သားပြင်တွင် ကြည့်လင်ပြတ်သားစွာ ဖော်ညွှန်းဖွဲ့ဆိုရေးသားခဲ့ပါသည်။

## ❑ ဆရာဇော်ဂျီနှင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်း

တစ်လောတုန်းကပင် သခင်ကိုယ်တော်မှိုင်းဘွဲ့ခံ ဆရာကြီးဦးလွန်းထံသို့ ကျွန်တော်ရောက်ခဲ့၍ ကန်တော့ခွင့်ရခဲ့သည်။ ဆရာကြီးကို ကန်တော့ခွင့်ရသည့်အခါတိုင်း ကျွန်တော့်မှာ သောမနဿဖြစ်ခဲ့ရသည်။ နိုင်ငံရေးသမားတို့သည် ဆရာကြီးကို မည်ကဲ့သို့မြင်ကြမည်ဟု ကျွန်တော် မမှန်းတတ်ပါ။ ကျွန်တော်တို့ စာပေသမားများကမူ ဆရာကြီးကို လူပုဂ္ဂိုလ်တစ်ဦးအဖြစ်ဖြင့် သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံ၍ ပြည်သူလူထုအပေါ်၌ မေတ္တာအထားဆုံးဖြစ်သောပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ စာရေးဆရာတစ်ဦးအဖြစ်ဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရာရကြောင်းအတွက် ကျေးဇူးအပြုဆုံးဖြစ်သောစာဆို ဟူ၍ လည်းကောင်း တန်ဖိုးထားချင်ပါသည်။ ကျွန်တော်တို့ခေတ်၌သာမက နောင်လာမည့်ခေတ်အဆက်ဆက်၌လည်း ထိုသို့ပင် တန်ဖိုးထားကြလိမ့်မည်ဟု ဆိုရဲပါသည်။ ထိုသို့သောပုဂ္ဂိုလ်ထူးကို ကန်တော့ရသဖြင့် အဘယ်မှာလျှင် သောမနဿမဖြစ်ဘဲရှိပါအံ့နည်း။

၁၉၁၈ ခုနှစ်လောက်မှစ၍ ၁၉၅၃ ခုနှစ်လောက်အထိ အနှစ်လေးဆယ်နီးပါးခန့် ကဗျာဆိုခဲ့သော ဆရာကြီးသည် အာရှတိုက်၌ ယခုတိုင် သတင်းမွှေး၍ကျန်နေသော အိန္ဒိယစာဆို တဂိုးနှင့်လည်းကောင်း၊ တရုတ်ဝတ္ထုရေးဆရာ လူရှွန်းနှင့် လည်းကောင်း တူသည်ဟု ယူချင်ပါသည်။ တူပုံမှာ တဂိုး၏ကဗျာများသည် အိန္ဒိယပြည်သူလူထု မျက်စိပွင့်ရေးအတွက် လည်းကောင်း၊ လူရှွန်း၏ဝတ္ထုများသည် တရုတ်ပြည်သူလူထုမျက်စိပွင့်ရေးအတွက် လည်းကောင်း အခြေခံဖြစ်ခဲ့ကြသကဲ့သို့ ဆရာကြီး၏ ကဗျာများသည်လည်း မြန်မာတိုင်းရင်းသားပြည်သူလူထုမျက်စိပွင့်ရေးအတွက် အခြေခံဖြစ်ခဲ့သည်ဟုယူပါသည်။

အိန္ဒိယလွတ်လပ်ရေးကို နေရူးသည် လောလောဆယ်အားဖြင့် ယူပေးခဲ့သည်မှာမှန်၏။ သို့ရာတွင် တိုင်းပြည်၏ဆန္ဒအင်အားကို တဂိုးက စည်းရုံးပေးနိုင်ခဲ့သောကြောင့် ဖြစ်သည်။ တရုတ်ပြည်သစ်ထူထောင်ရေးကို မော်စီတုန်းသည် လောလောဆယ်အားဖြင့်ယူပေးခဲ့သည်မှာမှန်၏။ သို့ရာတွင် တိုင်းပြည်၏ ဆန္ဒအင်အားကို သခင်ကိုယ်တော်မှိုင်းက စည်းရုံးပေးနိုင်ခဲ့သောကြောင့်ဖြစ်သည်ဟု ယူဆပါသည်။

ဟူ၍ ဆရာဇော်ဂျီက ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ဂုဏ်ပြုညွှန်းဆိုရေးသားခဲ့ပါသည်။

❑

ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို ၁၈၇၆ ခုနှစ်၊ မတ်လ ၂၃ ရက်၊ ကြာသပတေးနေ့။ မြန်မာနှစ် ၁၂၃၇ ခု၊ တပေါင်းလပြည့်ကျော် ၁၄ ရက်နေ့တွင် ဖခင်ဖြစ်သူ ဦးစံဒွန်း၊ မိခင်ဖြစ်သူ ဒေါ်အုန်းတို့မှ ပြည်ခရိုင် ရွှေတောင်မြို့နယ် ငါးလည်ရွာ၌ ဖွားမြင်ခဲ့သည်။ မွေးချင်းငါးယောက်အနက်တွင် ဒုတိယမြောက်ဖြစ်၍ အမည်ရင်းမှာ မောင်လွန်းဖြစ်၏။

၁၈၈၀ ပြည့်နှစ်တွင် ကဲ့ကူလက်လှည့်ငယ်ဆရာဖြစ်သော ရွှေတောင်မြို့ ဆရာချို အင်္ဂလိပ်-မြန်မာနှစ်ဘာသာကျောင်း၌ သင်ပုန်းကြီးကို စတင်သင်ယူခဲ့၏။ ၁၈၈၁ ခုနှစ်တွင် ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးထံ စာပေပညာကို ဆည်းပူးလေ့လာသင်ယူခဲ့သည်။ ခုနစ်နှစ်သားအရွယ်တွင် ဦးလေးတော်စပ်သူ ဦးပဥ္စင်း ဦးသီရိနှင့်အတူ မန္တလေးမြို့သို့ လိုက်ပါခဲ့ပြီး မြတောင်ကျောင်းတိုက်ဆရာတော်ကြီးထံတွင် ကိုရင်ဝတ်ဖြင့် စာပေပညာတို့ကို လေ့လာဆည်းပူးခဲ့၏။ ရှင်ဘွဲ့အမည်မှာ ပဏ္ဍိတဖြစ်သည်။

(၂၂) နှစ်အရွယ်၌ အစိုးရစစ်(၇) တန်းစာမေးပွဲကို မုံရွာမြို့ အလွတ်ပညာသင်ကျောင်းမှ ဦးပဏ္ဍိတ ရဟန်းဘွဲ့ဖြင့် ဝင်ရောက် ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၈၉၈ ခုနှစ်တွင် မော်လမြိုင်မြို့သို့ရောက်ရှိလာပြီး ကျိုက်သံလန်အရှေ့စောင်းတန်းရှိ ဆရာတော်ဦးဩဘာသလေးထပ်ကျောင်းတွင်သီတင်းသုံးနေစဉ်ကာလမှစ၍ မော်လမြိုင် မြန်မာတိုင်းသတင်းစာတွင် 'ပဏ္ဍိတလေး'ကလောင်အမည်ဖြင့် ကဗျာစာပေများကို စတင်ရေးသားခဲ့သည်။

၁၉၀၁ ပြည့်နှစ်၌ ရန်ကုန်မြို့သို့ရောက်ရှိလာပြီး ဆူးလေဘုရားလမ်းရှိ ဟံသာဝတီသရေစာပုံနှိပ်တိုက်တွင် ပထမဦးစွာ စာစီပညာကို သင်ယူလုပ်ကိုင်ခဲ့ပြီးနောက် စာပြင်ဆရာဖြစ်လာခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

ရွှေတောင်မောင်လွမ်းအမည်ဖြင့် ပြဇာတ်များကို စတင်ရေးသားခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ငါးကြော်ဖိုရပ်နေ ဆန်စပါးပွဲစားကြီးဦးနှ၊ ဒေါ်နှင်းတို့၏ သမီးဖြစ်သူ ဒေါ်ရှင်နှင့် လက်ထပ်ခဲ့ပြီးနောက် 'ဇမ္ဗူကျက်သရေစာပုံနှိပ်တိုက်'မှ ရန်ကုန်တိုင်းသတင်းစာတိုက်သို့ ပြောင်းရွှေ့ခဲ့ပြီး ထိုမှတစ်ဖန် ရန်ကုန်တိုင်းသတင်းစာမှတစ်ဆင့် မော်လမြိုင်မြို့ 'မြန်မာတိုင်းသတင်းစာ' တွင် အယ်ဒီတာအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

၁၉၀၅ ခုနှစ်တွင် မော်လမြိုင်ရာဇဝင်ဝတ္ထုကို ရွှေတောင်မောင်လွမ်းအမည်ဖြင့်လည်းကောင်း၊ ၁၉၀၆ ခုနှစ်တွင် ကဗျာသာရမဉ္ဇူကျမ်းနှင့် ပရမတ္ထသံခိပ်အဖြေကျမ်းဒုတိယတွဲကို ဆရာလွမ်းအမည်ဖြင့် ထုတ်ဝေခဲ့သည်။ ၁၉၁၁ ခုနှစ်တွင် Y.M.B.A ခေါင်းဆောင်ဦးဘဖေတို့တစ်စုသတင်းစာထုတ်ဝေရန်ကြိုးပမ်းရာ ဆရာကြီးက'သူရိယသတင်းစာ'ဟုအမည်ပေးပြီး မိမိကိုယ်တိုင်လည်း မြန်မာစာအယ်ဒီတာအဖြစ် တာဝန်ယူခဲ့သည်။ ၁၉၁၂ ခုတွင် သူရိယသတင်းစာတွင် မစ္စတာမောင်မှိုင်း အမည်ဖြင့် ကြက်ဋီကာဆောင်းပါးကိုလည်းကောင်း ၁၉၁၃ - ၁၄ ခုနှစ်တွင် ယင်းသတင်းစာ၌ပင် ဗိုလ်ဋီကာဆောင်းပါးကို လည်းကောင်း၊ ၁၉၁၆ ခုနှစ်တွင် မှာတော်ပုံဝတ္ထုပထမတွဲကိုလည်းကောင်း ရေးသားထုတ်ဝေခဲ့သည်။

၁၉၂၁ ခုနှစ်တွင် မှာတော်ပုံဝတ္ထုတတိယတွဲကို ထုတ်ဝေခဲ့ပြီးနောက် အမျိုးသားကောလိပ်တွင် မြန်မာစာနှင့်ရာဇဝင်ပါမောက္ခအဖြစ်ဆောင်ရွက်ရန် သူရိယသတင်းစာအယ်ဒီတာအဖြစ်မှ နုတ်ထွက်ခဲ့ပြီးနောက် အမျိုးသားကောလိပ်တွင် မြန်မာစာနှင့်ရာဇဝင်ပါမောက္ခအဖြစ်ဆောင်ရွက်ခဲ့သည်။ ၁၉၂၂ ခုနှစ်တွင် မျောက်ဋီကာကို ရေးသားခဲ့ပြီး မှန်နန်းရာဇဝင်တော်သစ်ကို တည်းဖြတ်ထုတ်ဝေခဲ့သည်။

၁၉၂၈ - ၂၉ ခုနှစ်တွင် တောပုန်းကြီးစံဖဲကြီးမိန့်ကျသည့်အမှုတွင် အယူခံကိစ္စကို ဦးဆောင်၍ ဆောင်ရွက်ပေးခဲ့သည်။ ၁၉၃၅ ခုနှစ်၊ မတ်လတွင် တို့ဗမာအစည်းအရုံး၏ ပထမအကြိမ် သခင်ကွန်ဖရင့်ကြီးကို ရေနံချောင်းမြို့တွင် ကျင်းပရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် တို့ဗမာအစည်းအရုံးနာယကအဖြစ်လက်ခံခဲ့ပြီးနောက် မစ္စတာမောင်မှိုင်းကလောင်အမည်မှ သခင်ကိုယ်တော်မှိုင်းသို့ ပြောင်းလဲခံယူခဲ့သည်။

၁၉၅၀ ပြည့်နှစ် လွတ်လပ်ရေးနှစ်ပတ်လည်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းကို 'အလင်္ကာကျော်စွာ' ဘွဲ့ချီးမြှင့်အပ်နှင်းခဲ့ပြီး ယင်းနှစ် ဇွန်လ ၂၅ ရက်၌ အမေရိကန်က ကုလသမဂ္ဂအလံဖြင့်၍ မြောက်ကိုရီးယားကိုကျူးကျော်လာသောကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် ကမ္ဘာ့ငြိမ်းချမ်းရေးလှုပ်ရှားမှုတွင် ပါဝင်လာခဲ့ရသည်။

၁၉၅၁ ခုနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်းအတ္ထုပ္ပတ္တိစာအုပ်ကို တည်းဖြတ်နိဒါန်းရေးသားခဲ့ပြီးနောက် ၁၉၅၇ ခုနှစ်၊ မေလ ၁၀ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဂျူဗလီဟောတွင် ကျင်းပသော ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက် (ဗမာနိုင်ငံ) က ဆရာကြီးအား ကွန်ဂရက်ဥက္ကဋ္ဌကြီးအဖြစ် တင်မြှောက်ခဲ့သည်။

၁၉၅၃ ခုနှစ်၊ မေလ ၂၅ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ တရုတ်ပြည်၊ မွန်ဂိုလီးယား၊ ဟန်ဂေရီ၊ ဆိုဗီယက်ယူနီယမ်နိုင်ငံများသို့ ကမ္ဘာလှည့်ခဲ့ပြီး 'ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ချုပ်ဗဟိုကောင်စီအစည်းအဝေးကြီး' သို့ တက်ရောက်ခဲ့သည်။ ၁၉၅၇ ခုတွင် သီဟိုဠ် (သီရိလင်္ကာ)နှင့် အိန္ဒိယကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်များသို့တက်ရောက်ခဲ့၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းအား ၁၉၅၅ ခုနှစ်၊ မတ်လ ၂၂ ရက်နေ့တွင် ကမ္ဘာ့စတာလင်ဆုရွေးချယ်ရေးအဖွဲ့ (မော်စကို) က 'စတာလင်ငြိမ်းချမ်းရေးဆု' ကို လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် အရှေ့ဂျာမနီနိုင်ငံ ဟမ်းဘို့တက္ကသိုလ်၏ 'ဂုဏ်ထူးဆောင် ဒေါက်တာ (ပါရဂူ) ဘွဲ့'ကိုလည်းကောင်း ချီးမြှင့်အပ်နှင်းခြင်းခံခဲ့ရသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ကြာသပတေးနေ့ နံနက် (၁)နာရီ၊ မိနစ် (၁၀) အချိန်တွင် ရန်ကုန်မြို့ စမ်းချောင်းရပ် ချမ်းသာလမ်း၊ အမှတ် (၅) နေအိမ်၌ ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်ချိန်တွင် အသက် (၈၄) နှစ်ရှိပြီ ဖြစ်သည်။

❑

ယခုဖော်ပြပါ လက်ပုံစံသည် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လက်ပုံစံပင် ဖြစ်သည်။ အဘိဓမ္မာဆန်သော လက်ဝါးပြင်နှင့်အတူ အဖုအထစ်များသောလက်ချောင်းတို့နှင့် ယှဉ်တွဲလျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ တွေးခေါ်ဆင်ခြင်တုံတရားမြင့်မားပြီး ထက်မြက်စူးရှသော ဉာဏ်ရည်ဉာဏ်သွေးရှိမည်ကို ဖော်ပြသည်။ စီးပွားနေဥစ္စာကြွယ်ဝချမ်းသာခြင်းထက် ဉာဏ်ပညာကြွယ်ဝ ပြည့်စုံခြင်းကိုသာ တန်ဖိုးထားတတ်သည်ကို ညွှန်းဆိုလျက်ရှိသည်။ နက်နဲစွာတွေးတောဆင်ခြင်ဉာဏ်ရှိမည်ကိုလည်း ထပ်ဆင့်ဖော်ပြလျက်ရှိသည်။ လက်မရပ်တည်မှု အနေအထားသည် ခိုင်ခံ့၍ ခါးသိမ်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။

ဆရာဒဂုန်တာရာက -

'ဆရာကြီးသည် အံ့ဩဖွယ်ရာကောင်းလောက်အောင်ပင် ပါးသည်၊ ထက်မြက်သည်၊ အခြေအနေကိုသိမြင်နေသည်'

ဟု ဆိုခဲ့ခြင်းမှာ ယင်းလက်မကြောင့်ပင် ဖြစ်သည်။

"ငါ့မှာ သားသမီးတွေတာဝန်အတွက် ပြေးနိုင်လွှားနိုင်၊ ရေးနိုင်မှ ထမင်းအနိုင်နိုင်နပ်မှန်တာ။ ငွေတစ်ထောင်ဆိုတာ ငါလည်းမကိုင်ဖူးဘူး။ ဒီလိုလွယ်လွယ်နဲ့ရနိုင်လိမ့်မယ်လို့လည်း ဘယ်တုံးကမှမထင်ခဲ့ဖူးဘူး။ ငွေတစ်ထောင်ကိုတော့ မင်းစေတနာအရ ငါလိုချင်ပါတယ်၊ လိမ်မပြောပါဘူး။ ဒါပေမယ့် ငါ့ရှေ့မှာတင် မင်းနှစ်ပါး (သီပေါမင်းနှင့် အရှင်နန်းမတော်မိဖုရားခေါင်ကြီး) ကို ဖမ်းပြီး တစ်ပြည်လုံးကျွန်လုပ်ခဲ့တဲ့ အင်္ဂလိပ်ဘုရင်မရဲ့မြေးမင်းသားတို့ချီးကျူးတဲ့စာမျိုး ငါ့လက်နဲ့ရေးမပေးနိုင်ဘူး။ တခြားလူကိုသာ ရေးခိုင်းပါမောင်မေအောင်"

ဟု ဆရာကြီး သခင်ကိုယ်တော်မှိုင်းမိန့်ဆိုခဲ့ခြင်းမှာ အဆစ်မာ၍ ခိုင်ခံ့မာကြောသော လက်မရပ်တည်မှုအနေအထားကြောင့်ပင် ဖြစ်သည်။

ဆရာကြီး၏လက်ပုံစံ၊လက်ချောင်းအနေအထားနှင့် လက်မဖွဲ့စည်းရပ်တည်ပုံတို့ကို လေ့လာပြီးသည့်နောက် ဉာဏ်လမ်းကြောင်းကို ဆက်လက်စိစစ်ကြည့်လိုက်သောအခါ ဉာဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်ထိစပ်၍ အစဖျိုးထွက်ရှိလာသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ်-A)

အဘိဓမ္မာဆန်သောလက်ပုံစံတို့တွင် ဉာဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့်ထိစပ်၍ အစဖျိုးထွက်ရှိလာခြင်းသည် ခပ်သိမ်းသော ရာမှန်



www.burmeseclassic.com

www.burmeseclassic.com

သမျှကို သတိဆင်ခြင်တုံတရားနှင့် စဉ်းစားတွေးခေါ်ပြီးမှသာလျှင် ဆောင်ရွက်လုပ်ကိုင်တတ်သည်ကို ဖော်ပြသည်။ သတိနှင့် ပညာ မကင်းကွာဘဲ စဉ်းစားချင့်ချိန် ဝေဖန်နိုင်းဆပြီးမှသာ ဆောင်ရွက်လုပ်ကိုင်လေ့ရှိသည်ကို ဖော်ညွှန်းသည်။

ယင်းဉာဏ်လမ်းကြောင်းသည် ကွေးညွတ်ကာ လေးကိုင်းသဏ္ဌာန်ဖြင့် တနလ်ာဂြိုဟ်ခုံသို့ ဦးတည်၍ ခက်ရင်းခွ အနေအထားဖြင့်အဆုံးသတ်သွားသည်။ (အမှတ်-B)

ဉာဏ်ပညာ စူးရှထက်မြက်ပြီး လောကီပညာ၊ လောကုတ္တရာပညာတို့တွင် နှံ့စပ်ကျွမ်းကျင်ဝန္တဝင်မြောက်ခြင်းကိုဖော်ပြသောအမှတ်အသားဖြစ်သည်။

ဆရာမကြီး လူထုဒေါ်အမာက ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား -

'ကဗျာလင်္ကာကျတော့ ဆရာကြီးက ရှိရင်းစွဲပုံစံအရိုးတစ်ခုကိုဆွဲထုတ်ပြီး အမွမ်းအပြောက်တွေနဲ့ လှသထက်လှအောင် ပြုပြင်တယ်။ အကြောင်းအရာ အနေနဲ့ အရင်တုန်းက မရေးဖွဲ့တဲ့ အကြောင်းအရာ၊ အသစ်အဆန်းတွေကို ရေးဖွဲ့တယ်။ အဲဒီလိုရေးဖွဲ့ရာမှာ သုံးနှုန်းတဲ့စကားလုံးက ပါးစပ်ပြောစကား၊ အရပ်ပြောစကား၊ ဗန်းစကား၊ ခေတ်စကား၊ အင်္ဂလိပ်စကား၊ နိုင်ငံရေးစကား၊ ကုလားစကား၊ ပါဠိစကားစုံနေအောင် တော်ရာလျော်ရာမှာ ထည့်သုံးတယ်။ သုံးပုံနှုန်းပုံက သစ်လွန်း၊ ဆန်းလွန်း၊ ကောင်းလွန်းလို့ တအံ့တဩ ဟယ်ခနဲ ဟာခနဲဖြစ်ရ၊ နှစ်ခြိုက်ရ သဘောကျရတယ်၊ လုပ်ဝံ့ပါပေတယ်၊ ရေးဝံ့ပါပေတယ်၊ ဒီနေရာနဲ့ ဒီစကားအဓိပ္ပာယ်ဟောင်းမွန် ပေါ်လွင်လှပါပေတယ်လို့ လက်ဖျားခါကြရတယ်"

ဟူ၍ ချီးမွမ်းခဲ့ခြင်းမှာ ထိုဉာဏ်လမ်းကြောင်းကြောင့်ပင် ဖြစ်သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်တို့အား ပြောလိုသည်မှာ ဉာဏ်လမ်းကြောင်းသည် အသက်လမ်းကြောင်းနှင့် ထိစပ်ပြီး ကွေးညွတ်ကာ လေးကိုင်းသဏ္ဌာန်ဖြင့် တနလ်ာဂြိုဟ်ခုံဆီသို့ ဦးတည်၍ ခက်ရင်းခွသဏ္ဌာန်ဖြင့် အဆုံးသတ်သွားတိုင်း အထက်ပါကဲ့သို့ ဟောချက်ထုတ်နိုင်သည်ဟု လွယ်လွယ်နှင့်မှတ်ယူထား၍မရပေ။ အဘိမဓွာဆန်သောလက်ပုံစံ၊ ခါးသိမ်၍အဆစ်မာသောလက်မ၊ မို့မောက်သော ကြာသပတေးဂြိုဟ်နှင့် ယင်းဂြိုဟ်ခုံပေါ်၌ ဆော်လမွန်လက်စွပ် (အမှတ်-D) (ဝါ) ကြာသပတေးခါးပတ်တို့နှင့် ဆက်နွယ်ပေါင်းစပ်၍ ကောက်ချက်ချရမည် ဖြစ်သည်။

ဉာဏ်လမ်းကြောင်းကို စိစစ်ပြီးသည့်နောက် ကံကြမ္မာလမ်းကြောင်း(ဝါ) ထီးရိုးကိုဆက်လက်လေ့လာကြည့်သောအခါ ဆရာကြီး၏ကံလမ်းကြောင်းသည် အင်္ဂါလွင်ပြင်မှ စတင်ပြီး လက်ခလယ်လက်ချောင်းအောက်ခြေရှိ စနေဂြိုဟ်ခုံပေါ်တွင် သစ်ပင်၏အကိုင်းအခက်အလက်ပမာ ဝေဖြာ၍ အဆုံးသတ်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ်-D)

ယင်းအမှတ်အသားသည် သစ်တစ်ပင်ကောင်းလျှင် ငှက်တစ်သောင်းနားနိုင်သည် ဟူသော စကားကဲ့သို့ တပည့်တပန်းများပေါများခြင်း၊ ဆွေခြွေအရံပေါများခြင်း၊ ဘုန်းကံကြီးမားခြင်း၊ ဂုဏ်ကျက်သရေတိုးပွားခြင်း၊ အမည်သတင်းထင်ရှားခြင်း၊ ကမ္ဘာ့အတိုင်းအတာအထိ ကျော်ကြားခြင်းတို့ကို ညွှန်ပြသော အမှတ်လက္ခဏာ ဖြစ်သည်။ အရွယ်သုံးပါးရှိသည့်အနက် တတိယအရွယ်တွင် ကံကြမ္မာနေမွန်းတည့်မည်ကို ဖော်ပြသောအမှတ်အသားပင် ဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လက်ဝါးပြင်ရှိ လက်ညှိုးအောက်ခြေ ကြာသပတေးဂြိုဟ်ခုံပေါ်တွင် ဆော်လမွန်လက်စွပ် (ဝါ) ကြာသပတေးခါးပတ် အမှတ်အသားအား ထင်ရှားတွေ့ရမည် ဖြစ်သည်။ (အမှတ်-D)

ဇမ္ဗူတစ်လူတွင် ဆရာတစ်ဆူဖြစ်ရမည်ကို ညွှန်ပြသော အမှတ်လက္ခဏာ ဖြစ်သည်။ ၎င်းအပြင် ဆရာကောင်း သမားကောင်းတို့ထံတွင် ပညာရင်နို့ သောက်စို့ရခွင့်ရမည်ကိုလည်း ထပ်ဆင့်ဖွင့်ဆိုသည်။

ဆရာမကြီးလူထုဒေါ်အမာက -

"ဆရာကြီးရေးတဲ့ ကဗျာသရုတ္တသဂြိုဟ် (ဒု-တ-နှိပ်) စာအုပ်တွေရဲ့ ကျမ်းပြီးနိဂုံးပါဌ်နိဿဂဆိုပြီး ဆရာကြီးကဘာယ်လိုပေးထားသလဲဆိုတော့ -

'ကျေးဇူးတော်အရှင် ကျီးသဲလေးထပ်ဆရာတော်ဘုရားကြီးနှင့် ဝါးလည်ရွာကျောင်း၌ သီတင်းသုံးနေတော်မူသော အသျှင်သီရိမာလာမဟာထေရ်မြတ်၏အထံတော်တို့မှရအပ်သောနည်း ဥပဒေနှင့်ရေးအပ်သော ကဗျာသာရတ္ထသဂြိုဟ်ကျမ်းပါ' လို့ ဖော်ပြထားတယ်။

ကျွန်မကို ပါးစပ်နဲ့ပြောဖူးတာကလည်း ဆရာကြီးက သူ့ကဗျာဗီဇဟာ ဒီဦးပဉ္စင်းလေးဆီကလာတာ။ နောက် ကျီးသဲလေးထပ်ဆရာတော်ကြီးဆီမှာ တပည့်ခံရတော့ ကဗျာအခြေခံခိုင်ခိုင်မာမာရတယ်လို့ ပြောတယ်"

ဟု ဆရာမကြီး လူထုဒေါ်အမာက ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ကျေးဇူးရှင်ဆရာတို့ကို ဖွင့်ဆိုရေးသားခဲ့သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအနေဖြင့် ဆော်လမွန်လက်စွပ်သည် 'ဆရာ' အမှတ်အသားဟူ၍ မှတ်ယူရမည်ဖြစ်ပြီး ထိုဆရာ၏သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့၏ အထုအထည်၊ အထူအပါး၊ အနက်အရှိုင်း၊ အနိမ့်အမြင့်တို့ကိုမူကား လက်ပုံစံအမျိုးအစား၊ ကြာသပတေးဂြိုဟ် ပြည့်ဖြိုးမြင့်မောက်မှု၊ ဉာဏ်လမ်းကြောင်းနှင့်လက်မ ရပ်တည်မှုအနေအထားတို့ကိုဆက်နွယ်ပေါင်းစပ်ကောက်ချက်ချသွားရမည်ဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လက်ဝါးပြင်ရှိ ကံလမ်းကြောင်းသည် အင်္ဂါလွင်ပြင်မှ အစဖျိုးထွက်ရှိလာပြီး လက်ခလယ်လက်ချောင်းအောက်ခြေရှိ စနေဂြိုဟ်ခုံပေါ်တွင် သစ်ပင်၏အကိုင်းအခက်အလက်ပမာ ဝေဖြာကာ အဆုံးသတ်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ်-C)

အင်္ဂါလွင်ပြင်မှ အစဖျိုးထွက်ရှိလာခြင်းသည် ဘဝကို အောက်ခြေအဆင့်ဆင့်မှ လှေကားထစ်များသဖွယ် ဘဝခရီးလမ်းကို လျှောက်လှမ်းလာရမည့် လက္ခဏာအမှတ်အသားပင် ဖြစ်သည်။

ကံလမ်းကြောင်းအပြောင်းအလဲများပြီး မီးရထားသံလမ်းပမာမျဉ်းပြိုင်ဖြစ်နေသည်မှာ ဘဝအပြောင်းအလဲ၊ နေရာအပြောင်းအလဲ၊ အလုပ်အပြောင်းအလဲများကာ အလုပ်နှစ်မျိုးနှစ်ခုကို တစ်ပြိုင်တည်း လုပ်ကိုင်နေရမည်ကို ဖော်ညွှန်းသည်။ (အမှတ်-C)

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘဝအစ၊ သာမဏေပဏ္ဍိတ ထိုမှ ဦးပဉ္စင်းဦးပဏ္ဍိတ၊ ၎င်းမှ လူထွက်ပြီး စာစီသမား၊ စာပြင်ဆရာ၊ အယ်ဒီတာ၊ ဆောင်းပါးရှင်၊ ရာဇဝင်တွေးပြုဆရာ၊ စာပေကျမ်းပြုဆရာ၊ ဝတ္ထုရေးဆရာ၊ ပြဇာတ်ဆရာ၊ မြန်မာစာပေပါမောက္ခ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ တီကာ



www.burmeseclassic.com

www.burmeseclassic.com

အစည်းအရုံးနာယက၊ ကမ္ဘာ့ငြိမ်းချမ်းရေးပြည်တွင်းငြိမ်းချမ်းအဖွဲ့အစည်းဥက္ကဋ္ဌ၊ စတာလင်နိုင်ငံတကာငြိမ်းချမ်းရေးဆုရ၊ အလင်္ကာကျော်စွာဘွဲ့ရ၊ ဂျာမနီ တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ဒေါက်တာ (ပါရဂူ) ဘွဲ့ရ။

ဆရာကြီး၏လက်ဝါးပြင်ရှိ နှလုံးလမ်းကြောင်း (ဝါ) မေတ္တာလမ်းကြောင်းမှဆင်းလာသော လမ်းကြောင်းတစ်ကြောင်းသည် ကံလမ်းကြောင်းကို အသက် (၄၀ - ၄၁) ဝန်းကျင်လောက်တွင်ဖြတ်ပြီး ဉာဏ်လမ်းကြောင်းတွင် အဆုံးသတ်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ်-E)

ယင်းအမှတ်လက္ခဏာမှာ အိမ်ထောင်ဖက်သေဆုံးမည်ကို ညွှန်ပြသော အမှတ်အသားဖြစ်သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် အသက်(၂၇)အရွယ်တွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ငါးကြော်ဖိုရပ်နေ ဆန်စပါးပွဲစားကြီး (အချို့က ဆန်ကုန်သည်) ဦးနုနှင့် ဇနီး ဒေါ်နှင်း (အချို့က ဒေါ်နှစ်) တို့၏သမီး ဒေါ်ရှင်နှင့် လက်ထပ်ခဲ့ပြီးနောက် ဆရာကြီး အသက် (၄၀-၄၁) ဝန်းကျင်ခန့်တွင် ဇနီးဖြစ်သူ ဒေါ်ရှင်မှာ ကွယ်လွန်သွားခဲ့ရရှာသည်။ ကွယ်လွန်ချိန်တွင် သားသမီးလေးဦး (အချို့က ငါးဦး) ကျန်ရစ်ခဲ့ပြီး သမီးကြီး မမြရီမှာ ဈာရေးဆရာကြီး ဇေယျ (ပြန်ကြားရေးဌာန၊ ညွှန်ကြားရေးဝန် ဦးယော) နှင့် လက်ထပ်ခဲ့သည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအတွက် ပြောလိုသည်မှာ ဖော်ပြပါ အမှတ်အသားသည် မုဆိုးဖို၊ မုဆိုးမ အမှတ်အသားဟု လေ့နံမားထစ်မှတ်ယူ၍မရပေ။ ကမ္ဘာကျော် လက္ခဏာပညာရှင်ကြီးများဖြစ်ကြသော COMTE C.de SAINT-GERMAIN,-A.B, LL.M နှင့် K.C. SEN, M.A, Ph.D တို့က ထိုအမှတ်အသားကို မုဆိုးဖို၊ မုဆိုးမလက္ခဏာဟု အဆိုအမိန့်ပြုခဲ့ကြသည်။

ကျွန်ုပ်၏ လက္ခဏာဟောသက် အနှစ်လေးဆယ်ကျော် အတွေ့အကြုံအရ ထိုအမှတ်အသားသည် မုဆိုးဖို၊ မုဆိုးမ (သို့) အိမ်ထောင်ဖက်သေဆုံးရခြင်းအကြောင်းရင်းတစ်ခုတည်းကို မှုသေထား၍ ကောက်ချက်ချမရပေ။ အခြားအခြားသော အဓိပ္ပာယ်ဖွင့်ဆိုချက်များလည်းရှိနေပြန်သည်။

လက္ခဏာဝါသနာရှင်များအနေဖြင့် ယင်းအမှတ်အသားအကြောင်းကို အသေးစိတ် လေ့လာလိုပါက ၁၉၈၆ ခုနှစ်၊ ဇွန်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ကျွန်ုပ်ရေးသားခဲ့သော 'စတုဂံလွှင်ပြင်မှ ဘဝင်မကျစရာ အိမ်ထောင်ရေး' လက္ခဏာဆောင်းပါးကို ရှာဖွေဖတ်ရှုနိုင်ပါသည်။

ဆရာကြီး၏ ကံလမ်းကြောင်းသည် အသက်(၃၆)နှစ်မှ (၅၈)နှစ်အထိ တစ်ကြောင်းတည်းသောအနေအထားဖြင့် စနေဂြိုဟ်ခုံရှိရာ လက်ခလယ်လက်ချောင်းဆီသို့ ဦးတည့်တက်သွားသည်ကို တွေ့ရမည်ဖြစ်သည်။ ထူးခြားမှုကားမရှိ။

ဆရာကြီး၏ လက်ဝါးပြင်တွင် အောင်မြင်ရေး လမ်းကြောင်းသည် အသက်(၃၁)မှအစပျိုးထွက်ရှိလာသည်။ အောင်မြင်ရေးလမ်းကြောင်းနှစ်ကြောင်းသည် ယင်းအသက်အရွယ်မှ အသက် (၅၈) နှစ်အထိ ကံလမ်းကြောင်းနှင့်ယှဉ်တွဲ၍ ရပ်တည်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်သည်။ (အမှတ်- F)

ဆရာကြီးသည် အသက်(၃၁)နှစ်အရွယ်တွင် 'ကဗျာသာရမဉ္ဇူကျမ်းနှင့် ပရမတ္ထသံခိပ်အဖြေကျမ်း(ဒု-အတွဲ)ကို ကလောင်အမည် ဆရာလွန်းနှင့် လည်းကောင်း၊ အသက် (၃၅) နှစ်အရွယ်တွင် 'သူရိယသတင်းစာ' ဟု အမည်ပေးပြီး ကိုယ်တိုင် မြန်မာစာအယ်ဒီတာအဖြစ် လည်းကောင်း၊ အသက် (၃၆)၊ (၃၇)၊ (၃၈)၊ (၄၀) တို့တွင် မစ္စတာမောင်မှိုင်း အမည်ဖြင့် 'ကြက်ဋီကာ'၊ 'ဗိုလ်ဋီကာ' ဆောင်းပါးများ၊ 'မှာတော်ပုံ'ဝတ္ထု (ပ-တွဲ) တို့ကို ရေးသားထုတ်ဝေခဲ့သည်။

အောင်မြင်ရေးလမ်းကြောင်းသည် အသက်(၄၅)နှစ်မှ အသက်(၅၇)နှစ်ထိတိုင်အောင် နှစ်ကြောင်းပြိုင်၍ရပ်တည်လျက်ရှိသည်ကို တွေ့ရမည် ဖြစ်သည်။ ဆရာကြီးသည် အသက် (၄၅) နှစ်တွင် 'မှာတော်ပုံ'ဝတ္ထု (တ-တွဲ) ကို ထုတ်ဝေခဲ့ပြီးနောက် သူရိယသတင်းစာအယ်ဒီတာအဖြစ်မှ နုတ်ထွက်ပြီး အမျိုးသားကောလိပ်တွင် မြန်မာစာနှင့်ရာဇဝင်ပါမောက္ခအဖြစ်ဆောင်ရွက်ခဲ့သည်။ အသက်(၄၆)နှစ်တွင် 'မျောက်ဋီကာ' ကို ရေးသားခဲ့ပြီး 'မှန်နန်းရာဇဝင်တော်'ကို တည်းဖြတ်ထုတ်ဝေခဲ့သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ဘဝကံကြမ္မာအတက်အကျပြသောပြဒါးတိုင်နှင့်တူသည့် ကံလမ်းကြောင်းသည် အသက်(၅၉)နှစ်မှစ၍ ကွယ်လွန်သွားချိန်ဖြစ်သော အသက် (၈၉) နှစ်အထိတိုင်အောင် ကံလမ်းကြောင်းသည် ထူးခြားစွာဖြင့် နှစ်ကြောင်းပြိုင်လျက်ရှိပြီး သစ်ပင်၏ အကိုင်းအခက်အလက်များပမာ လက်ခလယ်အောက်ခြေရင်းတွင် အဆုံးသတ်သွားသည်ကို တွေ့ရမည်ဖြစ်သည်။

ထိုကံကြမ္မာလမ်းကြောင်းနှင့်တစ်ပြိုင်တည်းဆိုသလိုပင် အင်အားကောင်းသောအောင်မြင်ရေးလမ်းကြောင်းသည် အသက်(၅၉)နှစ်မှစ၍ ကွယ်လွန်ချိန် အသက်(၈၉)နှစ်တိုင်အောင် အောင်မြင်ရေးလမ်းကြောင်း သုံးကြောင်းသည် တနင်္ဂနွေဂြိုဟ်ခုံဖြစ်သော လက်သူကြွယ်အောက်ခြေရင်းတွင် အဆုံးသတ်သွားသည် တွေ့ရမည်ဖြစ်သည်။

(အမှတ်-G)

ထိုကဲ့သို့ ထူးခြားကောင်းမွန်သော ကံလမ်းကြောင်းနှင့် အင်အားကောင်းသော အောင်မြင်ရေးလမ်းကြောင်းတို့၏ ဆက်နွယ်ပေါင်းစပ်မှုတို့ကြောင့် ထိုအသက်အပိုင်းအခြားတို့တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် လွန်စွာဘုန်းကံကြီးမားလာခြင်း၊ ဂုဏ်ကျက်သရေတိုးဝေဖြိုးမောက်လာခြင်း၊ နိုင်ငံသူနိုင်ငံသားတို့သာမက နိုင်ငံတကာကပါချစ်ခင်ကြည်ညိုလေးစားလာရခြင်း၊ အမည်သတင်း ကမ္ဘာကျော်သွားသည်အထိ ထင်ရှားကျော်စောခြင်းနှင့်အတူ အမျိုးသားနိုင်ငံရေးသြဇာ၊ ပညာသြဇာအစရှိသည်ဖြင့် အိုဇာတာလွန်စွာကောင်းမွန်ခဲ့ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် တတိယအရွယ်တွင် ကံကြမ္မာနေမွန်းတည့်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် အသက် (၅၉) နှစ်တွင် တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ၊ အသက် (၇၄) နှစ်တွင် အလင်္ကာကျော်စွာဘွဲ့ရ၊ အသက် (၇၇) နှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဂရက်ဥက္ကဋ္ဌကြီး။

ဆရာကြီး၏ လက်ဝါးပြင်တွင် အရှေ့နိုင်ငံ(အမှတ်-H)၊ အနောက်နိုင်ငံနှင့် ဥရောပနိုင်ငံ (အမှတ်-I) များသို့ သွားရောက်ရမည့် နိုင်ငံခြားခရီးသွားအမှတ်လက္ခဏာများ ရပ်တည်လျက်ရှိခြင်းကြောင့် ဆရာကြီးသခင်ကိုယ်တော်မှိုင်းသည် အသက် (၇၈) နှစ်အရွယ် ၁၉၅၃ ခု၊ မေလ ၂၅ ရက်နေ့မှ ဇူလိုင်လ ၂၈ ရက်နေ့အထိ တရုတ်ပြည်၊ မွန်ဂိုလီးယား၊ ဟန်ဂေရီ၊ ဆိုဗီယက်ယူနီယံနိုင်ငံများသို့ ကမ္ဘာလှည့်ရင်း ကမ္ဘာ့ငြိမ်းချမ်းရေးအဖွဲ့ချုပ် ဗဟိုကောင်စီအစည်း



www.burmeseclassic.com

www.burmeseclassic.com

အဝေးကြီးသို့ တက်ရောက်ခဲ့သည်။

အသက် (၈၁) နှစ်တွင် သီဟိုဠ် (သီရိလင်္ကာ)နှင့် အိန္ဒိယကမ္ဘာ့ငြိမ်းချမ်းရေးကွန်ဖရင့်များတက်ရောက်ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ၁၉၅၅ ခုနှစ်၊ မတ်လ ၂၂ ရက်၊ အသက် (၇၉) နှစ်တွင် ကမ္ဘာ့စတာလင်ဆုရွေးချယ်ရေးအဖွဲ့(မော်စကို)၏ ငြိမ်းချမ်းရေးစတာလင်ဆုကို လည်းကောင်း၊ ၁၉၆၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ အသက် (၈၅) နှစ်တွင် အရှေ့ဂျာမနီနိုင်ငံ ဟမ်းဘတ်တက္ကသိုလ်၏ ဂုဏ်ထူးဆောင်ပညာပါရဂူ (ဒေါက်တာ) ဘွဲ့ကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ခြင်းခံခဲ့ရသည်။

ဤနေရာတွင် လက္ခဏာဝါသနာရှင်များအားပြောလိုသည်မှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် မြန်မာနိုင်ငံကိုကျော်၍ နိုင်ငံတကာအတိုင်းအတာအထိ ကမ္ဘာကျော်ကြားသွားခဲ့ရခြင်းမှာ အထက်တွင် ဖော်ပြထားသကဲ့သို့ ထူးခြားကောင်းမွန်သောကံလမ်းကြောင်းနှင့် အင်အားကောင်းသော အောင်မြင်ရေးလမ်းကြောင်းကြောင့်ဟု ဆိုလျှင် လျော်ကန်သင့်မြတ်မှုရှိသော်ငြားလည်း အချို့ပေါ် သကာလောင်းလိုက်သကဲ့သို့ အလှပေါ် အယဉ်ဆင့်သွားနိုင်သော အမှတ်အသားတစ်ခုမှာ လက်ညှိုးအောက်ခြေရှိ ပြည့်ဖြိုးသော ကြာသပတေးဂြိုဟ်ခုံနှင့် ရပ်တည်လျက်ရှိသော ကြယ်ပွင့်အမှတ်အသားကြောင့်ဟု ဆိုရမည်ဖြစ်သည်။ (အမှတ်- J)

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လက်ဝါးပြင်ရှိ လက္ခဏာအမှတ်အသားတို့အနက် နောက်ဆုံးရေးသားလိုသော လက္ခဏာလမ်းကြောင်းမှာ ကျန်းမာရေးလမ်းကြောင်း (ဝါ) ဗုဒ္ဓဟူးလမ်းကြောင်းပင် ဖြစ်သည်။ (အမှတ်-K)

ယင်းလမ်းကြောင်းသည် လက်သန်းအောက်ခြေရှိ ဗုဒ္ဓဟူးဂြိုဟ်ခုံမှ အစပျိုးထွက်ရှိလာပြီး အပြစ်အနာအဆာကင်းရှင်းစွာဖြင့် အသက်လမ်းကြောင်း၌ ထိစပ်ရပ်တန့်သွားသည်ကို တွေ့ရမည်ဖြစ်သည်။

"ဆရာကြီးက ဉာဏ်အလွန်ထက်တဲ့ပုဂ္ဂိုလ်။ စာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို အခေါက်ခေါက်ဖတ်နေစရာမလိုဘဲနဲ့ မှတ်မိနိုင်တဲ့ပါရမီရှိတယ်။ မြန်မာစာကဗျာလင်္ကာတွေကို ဆရာကြီးဖတ်မှတ်လေ့လာထားတာကလည်း နည်းတာမှမဟုတ်တာ။ အဲဒီတော့ ဆရာကြီးက စာတစ်ပုဒ်ကောက်လုပ်မယ်ဆိုရင်ဖြင့် ကာရန်ကို အများသူတကာလို ခဲခဲယဉ်းယဉ်း ရှာဖွေနေပုံမပေါ်ဘူး။ ကာရန်လုံးတွေက ဆရာကြီးပါးစပ်ထဲမှာ ဘာမဆိုအခန့်သင့်အစီအရီရှိနေကြတဲ့ပုံပါ။ ဆရာကြီးစာတွေကိုဖတ်လိုက်ရင် မန်ကျည်းရွက်သပ်နဘောတွေအထပ်လိုက်တွေ့ရတာပဲ။ မန်ကျည်းရွက်ကို လက်နဲ့သပ်ချလိုက်ရင် အရွက်အဖတ်ကလေးတွေဟာ လက်ထဲမှာ အထပ်လိုက်အစီလိုက်ကျလာသလို ဆရာကြီးရဲ့နဘေကာရန်က အထပ်လိုက်အစီလိုက်ကျလာတယ်"

ဟု ဆရာမကြီးလူထုဒေါ်အမာက လည်းကောင်း၊

ဆရာကြီးရဲ့မှုပိုင်ဟန်မှာ -

"ပထမ ကျွန်တော်သတိပြုမိတာကတော့ သရော်တော်တော် ငေါ့တော့တော့လေပါပဲ။ သရော်တဲ့လေ၊ သရော်တဲ့စကားလုံးတွေဟာ ဆရာကြီးရဲ့ကဗျာအလျဉ်ထဲမှာ တဖျပ်ဖျပ်လူပ်ရှားကြွရွနေပါတော့တယ်။

*ဩော် . . . မလွတ်တတ်လွတ်တတ်နဲ့*
*ဝတ်မပြတ်ချင်ရော့သလား. . .*
ဆိုတာမျိုးတွေ၊
(လွတ်လပ်ရေးကိုသရော်တာ)

*ဒိုးဒုတ်အမြီးမှာ မဖြူတဖြူနဲ့ နက်ချင်သနဲ့. . .*
ဆိုတာမျိုးတွေ၊
(ဒိုးဒုတ်ဦးဘချိုကိုသရော်တာ)

*ပြားသလိုလိုနဲ့ခုံးပေတဲ့၊ ဖားဆိုတဲ့ဂမုန်း. . .*
ဆိုတာမျိုးတွေ၊ -

*သာယာဝတီ သူပုန်တော်ဆီက အာဇာမန်နီတန် ဂဠုန်စောတို့ကိုဖြင့်. . .*
ဆိုတာမျိုးတွေ၊
(ဂဠုန်ဦးစောကိုသရော်တာ)

*တောင်ကျရေ နွားနှစ်ကောင်မဝသလို*
*မောင်ဘဖေ ငါးထောင်မရသော်ကြောင့်. . .*

ဆိုပြီး ငါးထောင်စားအမတ်ရာထူးယူချင်တဲ့ သူ့မိတ်ဆွေတပည့် ဦးဘဖေကိုသရော်ခဲ့ပါတယ်"

ဟု ဆရာမောင်စွမ်းရည်ကလည်းကောင်း၊ ဆရာကြီး၏ ကဗျာစာပေနှင့် ပတ်သက်၍ရေးသားခဲ့ခြင်းမှာ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏လက်ဝါးပြင်တွင် အပြစ်ကင်းစင်သောကျန်းမာရေးလမ်းကြောင်း (ဝါ) ဗုဒ္ဓဟူးလမ်းကြောင်းကြောင့်ပင် ဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လက်ဝါးပြင်တွင် ဗုဒ္ဓဟူးဂြိုဟ်ခုံပြည့်ဖြိုး၍ ဗုဒ္ဓဟူးလမ်းကြောင်းသန့်စင်ကောင်းမွန်ခြင်းတို့ကြောင့် ဉာဏ်ပညာစူးရှထက်မြက်၍ ထိုးထွင်းဉာဏ်၊ တီထွင်ဉာဏ်၊ ဖြတ်ထိုးဉာဏ်၊ အာဝဇ္ဇန်းဉာဏ်၊ ဟာသဉာဏ်၊ သရော်ဉာဏ်တို့နှင့် ပြည့်စုံသည့်အပြင် အင်းအိုင်ခါးလှည့်လက်ဖွဲ့ယတြာဂါထာမန္တန်တို့တွင်လည်း နှံ့စပ်ကျွမ်းကျင်သိမြင်နိုင်စွမ်းရှိသည်ဟု ဆိုရမည်ဖြစ်သည်။

ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ လက်ဝါးပြင်တွင် ကြာသပတေးဂြိုဟ်ခုံပြည့်ဖြိုး၍ ဆော်လမွန်လက်စွပ်ပါရှိခြင်း၊ ဗုဒ္ဓဟူးဂြိုဟ်ခုံသန့်စင်၍ ဗုဒ္ဓဟူးလမ်းကြောင်း ကောင်းမွန်ခြင်းတို့ကြောင့် ဆရာကြီးသည် ရတနာသုံးပါး ကိုင်းရှိုင်းခြင်း၊ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့်ပြည့်စုံခြင်း၊ ဒါန၊ ဘာဝနာ၊ ဝိပဿနာတို့တွင် စိတ်အားထက်သန်ခြင်း၊ နာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံခြင်းတို့အပြင် နက္ခတ်ဗေဒင်ပညာရပ်တို့တွင်လည်း ဝါသနာအထုံရှိသည်ဟု ဆိုရမည် ဖြစ်သည်။

စိတ်ထားလွန်စွာဖြူစင်မြင့်မြတ်သော သူတော်စင် ပညာရှင်ကြီးဖြစ်သူ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ကြာသပတေးနေ့ နံနက် (၁)နာရီ မိနစ် (၃၀) တွင် ရန်ကုန်မြို့ စမ်းချောင်းရပ် ချမ်းသာလမ်း အမှတ် (၅) နေအိမ်တွင် ကွယ်လွန်ခဲ့ရရှာပါသည်။

ဆရာချမ်းမင်း (LL.B)

မှီငြမ်း -

၁။ နှစ်ဆယ်ရာစုနှစ်လက္ခဏာပညာ (ဆရာစံမင်း)
၂။ ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး (နန္ဒာမိုးကြယ်)
၃။ သောင်းပြောင်းထွေလာရေးချင်ရာရာ (လူထုဦးလှ၊ ၇-၈-၁၉၆၄)
၄။ မှိုင်းကထာမှိုင်းကဗျာ (မဟာမှိုင်းအလွန် နှစ်ငါးဆယ်ပြည့်အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ ကဗျာဆရာသမဂ္ဂမှစီစဉ်ထုတ်ဝေ) ၂၀၁၄၊ ဇူလိုင်လ၊ ပထမအကြိမ်။



www.burmeseclassic.com

www.burmeseclassic.com

# ဆရာကြီး
# တားရော့ဖြန့်ခင်းပုံနည်းစနစ်

**Eight of cups -**

ဖလား (၈) လုံး ကားချပ်

**အတည့်အဓိပ္ပာယ်**

အချစ်ရေးစိတ်ခံစားမှုအပိုင်း၌ စွမ်းဆောင်ရည်ရှိမည်။ အတိတ်က အတွေ့အကြုံများကို မေ့ထားလိုက်ပါ။

**ပြောင်းပြန်အဓိပ္ပာယ်**

အချစ်ရေးကံခေမည်။ ပျက်စီးဆုံးရှုံးနှင့် ကွာရှင်းပြတ်စဲရခြင်းကြုံမည်။

**Eight of pentacles -**

ငါးမြှောင့်ကြယ် (၈) ခုပါ ကားချပ်

**အတည့်အဓိပ္ပာယ်**

ငွေရှာနိုင်စွမ်းရှိသည်။ ကျွမ်းကျင်မှုရှိအောင် လေ့လာပါ။ ယုံကြည်မှုပြန်လည်ရရှိပါမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ငွေကိုလွယ်လွယ်နှင့်ရအောင်ရှာလိုသည်။ ပြစ်မှုကျူးလွန်တတ်သည့် ခက်ခဲပင်ပန်းသောအလုပ်ကို မနှစ်သက်ပါ။

**Eight of swords -**

ဓား (၈) လက်ပါကားချပ်

**အတည့်အဓိပ္ပာယ်**

ပြဿနာဒုက္ခများကို ထိန်းချုပ်နိုင်သည်။ ကျန်းမာရေးပြဿနာရှိမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ပြဿနာကိုင်တွယ်ဖြေရှင်းနိုင်ခြင်းမရှိပါ။ အကျပ်အတည်းများအကြားလုံခြုံမှုမရှိသလို ခံစားရသည်။

**The Hermit IX -**

ရသေ့ကားချပ်၊

key words;

wisdom Through experience -

အသိဉာဏ်ပညာ၊

**အတည့်အဓိပ္ပာယ်**

တခြားသူ၏အတွေ့အကြုံ၊ ပညာရပ်များကို အသုံးချတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အသိဉာဏ်ပညာ နည်းပါးသည်။ တစ်ကိုယ်ကောင်းဆန်ပြီး သည်းခံမှုမရှိ ကြောက်တတ်သည်။

Nine နှင့် ပတ်သက်သော ကားချပ် (၄) ချပ်စလုံး The Hermit ၏ key word အတိုင်း Wisdom through exprience။

**Nine of wands -**

တောင်ဝှေး (၉) ချောင်းပါ ကားချပ်

**အတည့်အဓိပ္ပာယ်**

စီးပွားရေးလုပ်ငန်းများအတွက် အကာအကွယ်ပြုတတ်သည်။ သင့်တင့်သောဗျူဟာကို အသုံးပြုတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ပြင်ပမှ တိုက်ခိုက်ရန်မူမှုများကို open ဖွင့်ထားသည်။

**Nine of cups -**

ဖလား (၉) လုံးပါ ကားချပ်

**အတည့်အဓိပ္ပာယ်**

သေချာရေရာသော အနာဂတ်ရှိမည်။ အချစ်ရေးကံကောင်းမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ဤအချိန်၌ သင့်ဆန္ဒများ မပြည့်ဝပါ။ ပျက်စီးဆုံးရှုံးရခြင်းနှင့်ကွဲကွာရခြင်းကြုံမည်။

**Nine of pentacles -**

ငါးမြှောင့်ကြယ် (၉) ခုပါ ကားချပ်

**အတည့်အဓိပ္ပာယ်**

ဘဏ္ဍာရေးကိစ္စများ၌ အသိပညာကို အပြည့်အဝ အသုံးပြုသည်။ ကျန်းမာရေးကောင်းမည်။ အမွေရနိုင်သည်။ တစ်ကိုယ်တော်လွတ်လပ်နေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

လက်ဝေခံ၊ မှီခိုနေရခြင်းက စိတ်ဓာတ်ကျခြင်းကိုဖြစ်စေသည်။ ငွေကြေးအသုံးအဖြုန်းများနေမည်။

**Nine of swords -**

ဓား (၉)ချောင်းပါကားချပ်

**အတည့်အဓိပ္ပာယ်**

ပြဿနာဒုက္ခကြုံတွေ့ရခြင်းများက အသိဉာဏ်ပညာ ပိုမိုတိုးစေသည်။ အကျပ်အတည်းကာလဖြစ်သည်။ ကျန်းမာရေးညံ့နေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ပြဿနာဒုက္ခများမဖြေရှင်းနိုင်၍ ပိုမိုဆိုးရွားလာပါမည်။ ယုံကြည်မှုအားနည်းနေမည်။

**The wheel of fortunex -**

ကံကြမ္မာလှည်းဘီး

key word:

changes and New cycles -

အတက်အကျ၊ အပြောင်းအလဲ

**အတည့်အဓိပ္ပာယ်**

အပြောင်းအလဲလုပ်ရမည့်အချိန်ဖြစ်သည်။ ခရီးထွက်ရန်စီစဉ်ပါ။ အိမ်ထောင်ကျကိန်းရှိသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အပြောင်းအလဲများ၊ ယခုမဖြစ်နိုင်သေးပါ။ နေ့စဉ် အစားအသောက်နှင့် ကျန်းမာရေးဂရုပြုပါ။

Ten နှင့် ပတ်သက်သောကားချပ် (၄) ချပ်စလုံး The wheel of fortune ၏ keywords အတိုင်း chang and new cycle ဖြစ်ပါသည်။

**Ten of wands -**

တောင်ဝှေး (၁၀) ချောင်းပါကားချပ်

**အတည့်အဓိပ္ပာယ်**

အလုပ်အတွင်း ကြီးမားသောပြောင်းလဲမှုများရှိမည်။ ခရီးထွက်ရကိန်းရှိမည်။ ဝန်ထုပ်ဝန်ပိုးများဖြစ်နေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ဤအချိန်၌ ပြောင်းလဲခြင်း တစ်စုံတစ်ရာမရှိပါ။ လောင်းကစားမလုပ်ပါနှင့်။ အတားအဆီးအခက်အခဲနှင့် ပြဿနာများ ပြန်ရောက်လာပါမည်။

**Ten of cups -**

ဖလား(၁၀)လုံးကားချပ်

**အတည့်အဓိပ္ပာယ်**

အချစ်နှင့် စိတ်ခံစားမှု အပြောင်းအလဲရှိမည်။ မိသားစုဆက်ဆံရေးပုံစံသစ်ဖြစ်မည်။ စစ်မှန်သောရင်းနှီးမှုရှိမည်။ ခရီးတိုထွက်ရတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မိသားစုအတွင်း ပဋိပက္ခရှိမည်။ အနေအထိုင်မဆင်ခြင်မှုကြောင့် ...

www.burmeseclassic.com

www.burmeseclassic.com

မာရေးထိခိုက်မည်။ ပျက်ဆီးဆုံးရှုံးခြင်း၊ ဗွာရှင်းပြတ်စဲခြင်းကိစ္စရှိမည်။

**Ten of pentacles -**

ငါးမြှောင့်ကြယ် (၁၀) ခုပါ ကားချပ်

**အတည့်အဓိပ္ပာယ်**

ဘဏ္ဍာရေးနှင့်ပတ်သက်၍ အဓိက အပြောင်းအလဲများရှိမည်။ အိုးသစ်အိမ်သစ်၊ အလုပ်သစ်ရရှိမည်။ အမွေရရှိမည်။ ငွေကြေးနှင့်ဆိုင်သောကိစ္စများ အောင်မြင်မှုရမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ငွေကြေးကဏ္ဍအပြောင်းအလဲမရှိပါ။ ငွေကြေးနှင့်ပတ်သက်၍ ကံဆိုးနေမည်။ သက်ကြီးရွယ်အိုများကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်နေမည်။

**Ten of swords -**

ဓား (၁၀) လက် ပါကားချပ်

**အတည့်အဓိပ္ပာယ်**

ပြဿနာဒုက္ခများအဓိက (အကြီးအကျယ်ပြောင်းလဲမှုရှိမည်) ဝန်ထုပ်ဝန်ပိုးများ ဖယ်ရှားနိုင်မည်။ ကံမကောင်းခြင်းများ အဆုံးသတ်သွားနိုင်သည်။ ကျောကုန်းရှိဝေဒနာသက်သာမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

အခက်အခဲများ ရင်ဆိုင်ဖြေရှင်းရန် သတ္တိရှိဖို့လိုပါသည်။ အခြေအနေက ထင်သလောက်မဆိုးနိုင်ပါ။

**Justice XI -**

တရားသူကြီးကားချပ်

Key words: Justice Equilibrium -

တရားမျှတခြင်း

**အတည့်အဓိပ္ပာယ်**

တရားမျှတစွာ ဆောင်ရွက်မည်။ ဥပဒေနှင့်အညီနေထိုင်မည်။ အိမ်ထောင်ကျကိန်းကြုံမည်။ ဥပဒေနှင့်အညီ ယှဉ်ပြိုင်မှုအောင်မြင်မည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မိမိကိုယ်ကို အထင်ကြီးမှုကြောင့် ကျရှုံးတတ်သည်။ စိတ်ဓာတ်ကျနေမည်။ ကျန်းမာရေးထိခိုက်မည်။

**the hanged man XII -**

ဇောက်ထိုးဆွဲခံထားရသူကားချပ်

Key words: sacnifice, reversal -

အနစ်နာခံခြင်း၊ ပြောင်းပြန်လှန်ခြင်း

**အတည့်အဓိပ္ပာယ်**

အခြားသူ၏ အလိုဆန္ဒအရ အနစ်နာခံရဖွယ်ရှိသည်။

**ပြောင်းပြန်အဓိပ္ပာယ်**

တစ်ဦးတစ်ယောက်၏အရှုံးလုပ်ခံရတတ်သည်။

**Death XIII -**

မရဏမင်းကားချပ်

Key word: Trans for mation -

ရုပ်အသွင်ပြောင်းခြင်း၊

တစ်ဖန်ပြန်လည်မွေးဖွားခြင်း

**အတည့်အဓိပ္ပာယ်**

အခြေအနေတစ်ရပ် အဆုံးသတ်ပြီး အသစ်တစ်ဖန်ပြန်စနိုင်မည်။ ယခင်ထက်ကောင်းသော အပြောင်းအလဲများဖြစ်မည်။ အတွေးစိတ်ကူးသစ်နှင့် အနာဂတ်အစီအစဉ်များ ရှင်သန်နေမည်။ ငွေကြေးက သင့်ထံအလိုလိုရောက်လာမည်။ အချစ်ရေး၌ ပွင့်လင်းပါ။

**ပြောင်းပြန်အဓိပ္ပာယ်**

စိတ်ပူပန်နေရမည်။ အပြောင်းအလဲမရှိပါ။ မနာလိုမှု၊ ဒေါသဖြစ်မှု၊ တိုက်ခိုက်ရန်လိုမှုတို့က ကိုယ်၊ စိတ် (၂) ပါး ကျန်းမာရေးထိခိုက်မည်။

**Tenperanee XIV -**

စောင့်ထိန်းခြင်း (သီလ) ကားချပ်

keyword: moderation -

သင့်တင့်လျောက်ပတ်စွာနေတတ်ခြင်း

**အတည့်အဓိပ္ပာယ်**

အားလုံးနှင့် သင့်တင့်အောင်နေတတ်သည်။ မိမိကိုယ်ကို ထိန်းချုပ်နိုင်သည်။ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့စဉ်အတွင်း သည်းခံတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မိမိကိုယ်ကို အလိုလိုက်တတ်သည်။ စိတ်ခံစားမှုအပေါ် ထိန်းချုပ်နိုင်မှုနည်းနေမည်။ ဥပဒေကို မျက်ကွယ်ပြုတတ်သည်။

**The Devil XV-**

မိစ္ဆာကားချပ်

Keywords:

Materialism, Deception -

ရုပ်ဝါဒဆန်ခြင်း

**အတည့်အဓိပ္ပာယ်**

ရုပ်ဝတ္ထုပစ္စည်းအပေါ် လိုချင်စိတ်ကပ်ငြိနေမည်။ လောဘတက်မည်။ မိမိစိတ်သာယာမှုအတွက် စွမ်းရည်ကောင်းများကို တလွဲသုံးတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ပယောဂအနှောင့်အယှက်၊ မျက်နှာဖုံးကို ဆွဲလှန်ပစ်လိုသည့်ဆန္ဒရှိသည်။ ကျန်းမာရေးပိုကောင်းစေရန် စားနေကျအစားစာကို ပြောင်းစားပေးပါ။

**The Tower XVI -**

မျှော်စင်ကားချပ်၊

Key Word: Catastrophe -

ဘေးဒုက္ခအန္တရာယ်

**အတည့်အဓိပ္ပာယ်**

ရှေးရိုးဆန်သောအမူအကျင့်များကို ဖယ်ရှားပစ်ပါ။ လက်တွေ့မကျသော စိတ်ကူးများကို လွှင့်ပစ်ပါ။ ခိုက်ရန်ဖြစ်ပွားခြင်း၊ စိတ်သဘောထားကွဲလွဲခြင်းများရှိမည်။ မမျှော်လင့်သောအဖြစ်အပျက်များကြုံရမည်။ မတော်တဆထိခိုက်မှုရှိတတ်သည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ရှေးရိုးအမူအကျင့်ပုံစံများပြောင်းလဲပစ်ရန် ငြင်းဆန်နေမည်။ မနာလိုစိတ်ကြောင့် ဘေးဒုက္ခတွေ့တတ်သည်။

**the Star XVII -**

မှဝ်ကြယ်ကားချပ်၊

Key Words:

Discovery, Aspriation -

ရှာဖွေတွေ့ရှိခြင်း၊

အာသီသပြင်းပြခြင်း

**အတည့်အဓိပ္ပာယ်**

ဘဝနှင့် ပတ်သက်၍ ယုံကြည်မှု၊ သစ္စာရှိမှုတို့ဖြင့် ရှင်သန်မည်။ ရည်ရွယ်ချက်အသစ်များ စတင်ဖြစ်သည်။ အခွင့်အရေးသစ်များရရှိမည်။ ကျွမ်းကျင်မှုများကို အသုံးပြုပါ။

**ပြောင်းပြန်အဓိပ္ပာယ်**

အဆိုးမြင်ဝါဒရှိမည်။ အနာဂတ်အတွက် ရည်မှန်းချက်သစ်များ စတင်ရန်မရှိပါ။ မိမိကိုယ်မိမိ သိမ်ငယ်စိတ်ဝင်နေမည်။ ကျန်းမာရေးပြဿနာရှိနေမည်။

**The Moon XVIII -**

လမင်းစန္ဒာကားချပ်

**Keyword:**

**Attainment Deception -**

**ကြိုးစားရရှိခြင်း**

**အတည့်အဓိပ္ပာယ်**

အထင်မြင်လွဲမှားမှုများရှိမည်။ မသိစိတ်တွင်ရှိနေသည့်ကြောက်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com

ကျော်လွှားပါ။ အရာရာဖြည်းဖြည်း မှန်မှန်ကြိုးစားပါ။ တစ်ဦးတစ်ယောက်ကြောင့် စိတ်ခံစားမှုဒဏ်ခံရမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

နှောင့်နှေးကြန့်ကြာသောအစီအစဉ်များကြောင့် စိတ်ဓာတ်ကျနေမည်။ သစ္စာဖောက်ခံရမည်။

**The Sun XIX -**
**သူရိယကားချပ်**
**Keyword: Renewal -**
**အသစ်တစ်ဖန်ပြန်ဖြစ်ခြင်း၊**
**ဆန်းသစ်ခြင်း**

**အတည့်အဓိပ္ပာယ်**

အမှန်တရားနှင့် ပျော်ရွှင်မှုကို ရှာဖွေဖြစ်မည်။ မိမိကိုယ်မိမိ ယုံကြည်မှုရှိနေမည်။ အကောင်းမြင်ဝါဒရှိပြီး သူရသတ္တိပြည့်စုံမည်။ သိပ္ပံပညာ (သို့) သင်္ချာပညာရပ်နယ်ပယ်၌ အလုပ်သစ်စလုပ်ဖြစ်မည်။ အတွေးအခေါ်သစ်များကို စတင်ဖွင့်လှစ်အသုံးချပါ။

**ပြောင်းပြန်အဓိပ္ပာယ်**

ယုံကြည်မှုနှင့် သတ္တိလျော့နည်းနေမည်။ မရိုးသားသောကိစ္စများ ဖန်တီးမိမည်။ လိင်မှုကိစ္စကြောင့် ပြဿနာကြုံရတတ်သည်။ တစ်ဦးတစ်ယောက်၏ သစ္စာဖောက်ခြင်းခံရမည်။ ကြွားဝါလိုစိတ်ရှိနေမည်။

**Jndgement XX -**
**စီရင်ချက်ကားချပ်၊**
**Key word: Awareness -**
**အသိစိတ်နိုးကြားခြင်း**

**အတည့်အဓိပ္ပာယ်**

အိမ်ရာအပြောင်းအလဲ၊ ရာထူး၊ ဌာန၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပြောင်းအလဲရှိမည်။အတွေ့အကြုံဗဟုသုတအသစ်များက ပျော်ရွှင်ကြည်နူးမှုများကိုပေးမည်။ ထုံးတမ်းစဉ်လာဆန်သောအမြင် ရှုထောင့်များကို လက်မခံတတ်။ ကျန်းမာရေးတိုးတက်ကောင်းမွန်နေမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

မျက်စိမှိတ်ယုံကြည်တတ်ပြီး မှားယွင်းသော စီရင်ချက်ချတတ်သည်။ မိသားစုနှင့် ကွဲကွာရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးရခြင်းရှိမည်။ ကျန်းမာရေးတဖြည်းဖြည်းညံ့နေမည်။

**The word XXI -**
**ကမ္ဘာလောကကားချပ်**
**Key word:**
**Cosmic Consciousness -**
**အလုံးစုံအောင်မြင်ခြင်း**

**အတည့်အဓိပ္ပာယ်**

ကြိုးစားအားထုတ်မှု အားလုံးအောင်မြင်မည်။ အလုပ်သစ်ရခြင်း၊ နေရာရွှေ့ပြောင်းခြင်းရှိမည်။ ရည်မှန်းချက်ကို လက်ကိုင်ထားမည်။ ခရီးရှည်ထွက်ခြင်းဖြင့် အကျိုးများမည်။

**ပြောင်းပြန်အဓိပ္ပာယ်**

ဘယ်အပိုင်းကဏ္ဍမှ အောင်မြင်မှုမရ။ အစီစဉ်များနှောင့်နှေးကြန့်ကြာမည်။ အမှန်အတိုင်းရှုမြင်တတ်မှုလျော့နည်းနေမည်။ ပြောင်းလဲရမှာကိုကြောက်သည်။

**Court Cards -**
**တော်ဝင်ကားချပ်များ**

တော်ဝင်ကားချပ် (၁၆) ချပ်ရှိပါသည်။ ၎င်းတို့မှာ ဘုရင်ကားချပ်၊ မိဖုရားကားချပ်၊ မြင်းစီးသူရဲကောင်းကားချပ်၊ မင်းလုလင်ကားချပ်တို့နှင့် ကိန်းဂဏန်းဖြင့်ဖော်ပြထားသော ကားချပ်တို့ပါဝင်ပါသည်။

အဆိုပါ ကားချပ်များသည် မေးမြန်းသူ၏ ဘဝအတွင်းသို့ ဝင်ရောက်လာသည် (သို့) ဘဝအတွင်းမှ ထွက်ခွာသွားသည့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ရည်ညွှန်းနေပါသည်။ အကယ်၍ ဖြန့်ခင်းထားသည့်ကားချပ်များ၌နောက်ဆုံးကားချပ်က တော်ဝင်ကားချပ်တစ်ချပ်ဖြစ်နေလျှင် မေးမြန်းသူဘက်မှ အဖြေအမည်ခွဲခြားသိရှိရန် နောက်ဆုံးဆုံးဖြတ်ချက်ချမေးမြန်းရမည့်သဘောကို ရည်ညွှန်းပါသည်။

**ဘုရင်ကားချပ်**

အမျိုးသားကို ကိုယ်စားပြုသည်။ ဖခင်သဘောကိုပြသည်။ ဩဇာအာဏာရှိခြင်း၊ ဉာဏ်ပညာကြီးမားခြင်း၊ အတွေ့အကြုံရင့်ကျက်ခြင်းတို့ကို ကိုယ်စားပြုသည်။ အသက် (၃၅) နှစ်ကျော်နှင့်အထက် အမျိုးသားတို့ကို ရည်ညွှန်းသည်။

**သတိပြုရန်**

အကယ်၍ King (ဘုရင်) နှင့် Queen (မိဖုရား) ကားချပ်တို့က ဖြန့်ခင်းရာ၌ ပြောင်းပြန်ဖြစ်နေလျှင် ကားချပ်သည် မကောင်းသောပုဂ္ဂိုလ်အား ကိုယ်စားပြုဖော်ပြသည်။

King(ဘုရင်)ကားချပ်က ပြောင်းပြန်ဖြစ်လျှင် အမျိုးသမီးကိုယ်စားပြုကားချပ်၏ အကောင်း၊ အဆိုးကို ဖော်ပြပြီး Queen (မိဖုရား)ကားချပ်က ပြောင်းပြန်ဖြစ်လျှင် အမျိုးသားကိုယ်စားပြုကားချပ်၏အကောင်း၊အဆိုးကို ဖော်ပြသည်။

**Kinghts**
**မြင်းစီးသူရဲကောင်းကားချပ်**

၎င်းသည် တမန်တော် (ဆက်သား) ကို ရည်ညွှန်းသည်။ ကားချပ်က အတည့်ဖြစ်လျှင် အမျိုးသားကို (သို့) ကောင်းသောသတင်းကို ကိုယ်စားပြုသည်။

ကားချပ်က ပြောင်းပြန်ဖြစ်လျှင် အမျိုးသမီးကို (သို့) မကောင်းသတင်းကို ကိုယ်စားပြုသည်။

အသက် (၂၅ နှစ်မှ ၄၀ နှစ်ထိ) ပုဂ္ဂိုလ်များကို ကိုယ်စားပြုသည်။

**Pages**
**မင်းလုလင်ကားချပ်**

၎င်းကားချပ်သည် ကလေးများနှင့် လူငယ်၊ ကျား၊ မတို့ကို ရည်ညွှန်းသည်။ လူ့အလွှာအသိုင်းအဝန်းအမျိုးမျိုးနှင့် သက်ဆိုင်သည်။ ရှင်သန်ကြီးထွားနေဆဲကာလနှင့် အတွေ့အကြုံ မရင့်ကျက်သေးသည့်သဘောကို ရည်ညွှန်းသည်။

ကားချပ်က အတည့်ဖြစ်နေလျှင် အမျိုးသားငယ်ကို ဖော်ပြပြီး ကားချပ် ပြောင်းပြန်ဖြစ်လျှင် အမျိုးသမီးငယ်ကို ဖော်ညွှန်းသည်။ ၎င်းအပြင် အဆိုပါ ကားချပ်အတည့်နှင့် ပြောင်းပြန် တစ်ခုချင်းစီက မိန်းမဆန်သော ယောကျ်ားကလေးနှင့် သန်မာသော ယောကျ်ားကလေးတို့ကိုလည်း ရည်ညွှန်းဖော်ပြပါသည်။

လှည့်စားတတ်သည့်သဘောကိုလည်း ကိုယ်စားပြုသည်။

အသက် (၁) နှစ်မှ (၂၅) နှစ်ထိ ကလေးများကို ကိုယ်စားပြုသည်။

**Divinatory Meanings**
**King of wands -**
**ဘုရင့်တောင်ဝှေးကားချပ်**

**အတည့်အဓိပ္ပာယ်**

လွပ်လပ်သူ၊ ဩဇာအာဏာရှိသူ၊ ရည်မှန်းချက်ကြီးသူ၊ ခေါင်းဆောင်နိုင်သည့်အရည်အချင်းရှိသူသဘောဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရည်ညွှန်းသည်။ အတွေးအခေါ် အကြံ အစည်ကောင်းများရှိသည်။

### ပြောင်းပြန်အဓိပ္ပာယ်

အဆိုပါ ဘုရင်က ကလေးဆန်ပြီး မှီခိုနေရတတ်သည်။ လူမှုအသိုင်းအဝန်း အကြား ဝင်ဆံ့နိုင်မှုမရှိ၊ တစ်ကိုယ်ကောင်းဆန်ပြီး မင်းဆိုးမင်းညစ်ဖြစ်လာနိုင်ဖွယ်ရှိသည်။

**King of cups -**
ဘုရင့်ဖလားကားချပ်

### အတည့်အဓိပ္ပာယ်

ကောင်းမွန်သော မိသားစုဘဝ တည်ထောင်ရရှိနိုင်သူ၊ တစ်သက်တာကာလအတွင်း စိတ်ချလုံခြုံမှုရှိစေရန် စွမ်းဆောင်နိုင်သူ၊ မေတ္တာဖြင့်အရာရာ ပြုစုပျိုးထောင်နိုင်သူဖြစ်ကြောင်း ဖော်ပြသည်။

❑ Cancer Type.

### ပြောင်းပြန်အဓိပ္ပာယ်

၎င်းဘုရင်က သွေးအေးခြင်း၊ ဂရုမထားတတ်ခြင်း၊ ပြုစုပျိုးထောင်မှုမရှိ စီးပွားရေးနှင့် လူမှုဆက်ဆံရေးများ၌ ယုံကြည်ထိုက်သောသူ မဟုတ်ကြောင်း ဖော်ပြသည်။ ရက်စက်ကြမ်းကြုတ်သူ နှလုံးသားမရှိသူအဖြစ်ကိုယ်စားပြုသည်။

**King of pentacles -**
ဘုရင့်ငါးမြှောင့်ကြယ်ကားချပ်

### အတည့်အဓိပ္ပာယ်

စီးပွားဘဏ္ဍာနှင့် ပတ်သက်၍ အကြံဉာဏ်ကောင်းများ ပေးစွမ်းနိုင်သည်။ လက်တွေ့ကျပြီး ယုံကြည်စိတ်ချရသူအဖြစ် ကိုယ်စားပြုသည်။ ဒေါသဖြစ်ခဲ့သော်လည်း အလွန်ခေါင်းမာသူဖြစ်သည်။

ရောင်းရေးဝယ်တာကိစ္စရပ်များ၊ ဘဏ်လုပ်ငန်းများ၌ ကျွမ်းကျင်အောင်မြင်တတ်သည်။

❑ Taurus Type.

### ပြောင်းပြန်အဓိပ္ပာယ်

တစ်ကိုယ်ကောင်းဆန်ခြင်း၊ ပျင်းရိခြင်း၊ လက်တွေ့မကျခြင်းကိုပြသည်။ မိမိစိတ်သာယာ ကြည်နူးမှုအတွက် အလိုရှိတိုင်းပြုကတတ်၊ ဇိမ်ခံတတ်သည်။ တရားမျှတမှုမရှိခြင်း၊ မရိုးသားခြင်းကို ကိုယ်စားပြုသည်။

**King of swords -**
ဘုရင့်ဓားကားချပ်

### အတည့်အဓိပ္ပာယ်

အတွေ့အကြုံရင့်ကျက်သူ၊ ကျွမ်းကျင်သူ (ပညာရှင်) ကို ရည်ညွှန်းသည်။ ဥပဒေလောကနှင့် လက်နက်ကိုင်အဖွဲ့အစည်းအတွင်း ကျွမ်းကျင်သူ၊ အကြံပေးအရာရှိဖြစ်သူ၊ များစွာသော (ဘက်စုံ) စွမ်းရည်များကို ပိုင်ဆိုင်ထားသူဖြစ်ကြောင်း ကိုယ်စားပြုသည်။

❑ Gemini Type

### ပြောင်းပြန်အဓိပ္ပာယ်

အပေါ်ယံသဘောဆောင်သော ဖောက်ပြန်ပြောင်းလဲတတ်သော၊ ရှိပြီးစွမ်းရည်များကို အသုံးမချသော ဩဇာတိက္ကမရှိသူအား ဆန့်ကျင်ပုန်ကန်တတ်သောသဘောကိုပြသည်။

သနားကြင်နာစိတ်များကင်းပြီး အတင်းဖျင်းပြောသူ၊ စိတ်မတည်ငြိမ်သူ၊ အမှုရင်ဆိုင်ရဖွယ်ရှိသောသူဖြစ်ကြောင်း ကိုယ်စားပြုသည်။

**Queen of wands -**
မိဖုရားတောင်ဝှေးကားချပ်

### အတည့်အဓိပ္ပာယ်

လူမှုအသိုင်းဝန်းအတွင်းနှင့် လုပ်ငန်းအတွင်း အောင်မြင်မှုလိုသည်။ဩဇာအာဏာရှိခြင်းကို ကိုယ်စားပြုသည်။ ရည်မှန်းချက်ကြီးမားသည်။ မိမိအားလေးစားအားကျအာရုံစိုက်စေလိုသူကို ရည်ညွှန်းသည်။

❑ Leo Type

### ပြောင်းပြန်အဓိပ္ပာယ်

အပေါ်စီးမှ ဆက်ဆံတတ်ခြင်း၊ တောင်းဆိုတတ်ခြင်း၊ ထိန်းချုပ်တတ်ခြင်းတို့ကို ရည်ညွှန်းသည်။ အတ္တကြီးသူ၊ ဒေါသကြီးသူ၊ မနာလိုဝန်တိုတတ်သူဖြစ်ကြောင်း ဖော်ပြသည်။ ထို့ပြင် (တစ်ခါတစ်ရံ) အကြင်နာမဲ့ ရက်စက်တတ်သည်။

**Queen of cups -**
မိဖုရားဖလားကားချပ်

### အတည့်အဓိပ္ပာယ်

အချစ်ရေးနှင့်စိတ်ခံစားမှုအပေါ် လိုလားသည်။ ကြည်နာယုယမှုအလိုရှိသည်။ ဇနီးကောင်း၊ မိခင်ကောင်း ဖြစ်တတ်သည်။ မိသားစုအပေါ် အကာအကွယ်ပေးတတ်သည်။ ကာမဂုဏ်အာရုံဘက် စိတ်သန်တတ်သည်။ အလိုလိုနားလည်နိုင်စွမ်းသည့်သဘောဉာဏ်ရှိသည်။

❑ Scorpio.

### ပြောင်းပြန်အဓိပ္ပာယ်

အချစ်ရေး၌ ရိုးသားမှုမရှိသူ၊ ကွာရှင်းပြတ်စဲရတတ်သူ (သို့) အခြားသော မကောင်းသည့်အချက်များ၊ တစ်ပါးသူအပေါ် မနာလိုတတ်သူ၊ သစ္စာဖောက်ဖျက်တတ်သူအဖြစ်ကိုယ်စားပြုသည်။

**Queen of pentacles -**
မိဖုရားငါးမြှောင့်ကြယ်ကားချပ်

### အတည့်အဓိပ္ပာယ်

အဓိကအချက်က ငွေရှာနိုင်ခြင်းကို ပြသည်။ ပင်ပန်းဆင်းရဲခံ၍ ကြိုးစားခဲ့သမျှ အကျိုးဖြစ်ထွန်းလာခြင်းကို ပြသည်။

မိသားစုထံမှ လက်ဆောင်ရခြင်း၊ ကိုယ်ဝန်ရတတ်ခြင်းသဘောကို ရည်ညွှန်းဖော်ပြသည်။

❑ Virgo Type.

### ပြောင်းပြန်အဓိပ္ပာယ်

ငွေဖြုန်းတီးသူ၊ ပျင်းရိသူ၊ အပေါ်ယံကြောမိတ်ဆွေဖွဲ့သူ၊ ယုံကြည်မှုလျော့ရဲနေသူ၊ ရုပ်ဝတ္ထုပစ္စည်းများအပေါ် အာရုံစိုက်လွန်းသူဖြစ်ကြောင်း ကိုယ်စားပြုဖော်ပြသည်။

**Queen of Swords -**
မိဖုရားကားချပ်

### အတည့်အဓိပ္ပာယ်

၎င်းကားချပ်သည် တစ်ခါတစ်ရံ ကွာရှင်းပြတ်စဲထားသူ (တစ်ခုလပ်) နှင့် မုဆိုးမတို့ကို ကိုယ်စားပြုသည်။ တစ်စုံတစ်ဦးက သူမ၏ပြဿနာ-ဒုက္ခများကို အာရုံစိုက်လာတတ်သည်။ အလိုဆန္ဒကြီးသူ၊ နှုတ်သီးကောင်းလျှာပါးသူဖြစ်သည့်သဘောကို ပြသည်။ တရားဥပဒေနှင့် ထိပ်တိုက်ရင်ဆိုင်ရဖွယ်ရှိသည်။


❑ Libra Type.

### ပြောင်းပြန်အဓိပ္ပာယ်

ပြဿနာ၊ ဒုက္ခများရှိသော်လည်း တခြားသူမသိ၊ မမြင်စေချင်သူ၊ ကွာရှင်းပြတ်စဲရခြင်းကို ကြောက်သူ၊ ရိုးသားမှုမရှိဘဲ လူမသိသူမသိ (တိတ်တိတ်ပုန်း) ဖောက်ပြန်တတ်သူကိုကိုယ်စားပြုသည်။

သရေခြီး

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



မုဆိုးညောင်ပင်လှေဆိပ် မှ ရေခဲချောင်းပုံးတင်ထားသော စက်ဘီးကို တွန်း၍ တက်လာသူ ကိုသံချောင်းမှာ ဟောဟဲလိုက်ကာ ချွေးအရွှဲသားနှင့်ဖြစ်နေ၏။ ဆောင်းနေပင် ဖြစ်လင့်ကစား နေက ထန်းတစ်ဖျားမရောက်ခင်မှာပင် ကျဲကျဲတောက်ပူနေလေပြီ။ နွေသရေစာ ရေခဲထုပ်၊ ရေခဲချောင်းများ ကို စက်ဘီးတစ်စီးဖြင့် ရွာစဉ်တစ်လျှောက် လှည့်လည်ရောင်းသူ ကိုသံချောင်းမှာ သည်ကနေ့မှ မျက်စိလည်လမ်းမှောက်ကာ မုဆိုးညောင်ပင်ရွာဘက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခြင်း ဖြစ်၏။

အမည်ဆန်းဆန်း မုဆိုးညောင်ပင်ရွာလေးကား ရန်ကုန်-ပဲခူးသွားကားလမ်းမကြီးနံဘေးရှိ ရွာငယ်ကလေး ဖြစ်ပါ၏။ ကားလမ်းနံဘေးဟု ဆိုသော်လည်း ကားလမ်းနှင့် အတော်ကလေး လှမ်းနေသေးရကား လမ်းမကြီးဘက်မှမျှော်ကြည့်ပါက ပျပျကလေးမျှသာ မြင်ရလေသည်။ ထို့ပြင်တစ်ဝ ငမိုးရိပ်ချောင်းမှ ခွဲထွက်သည့် ရိုးလက်တက်လေးတစ်ခုကလည်း ရွာလေးကို ပတ်ခွေ စီးနေပြန်သေးရာ မြို့နှင့် အလှမ်းဝေးလွန်းလှသည့် ရွာငယ်ဇနပုဒ်လေး အသွင်ဆောင်၍နေလေသည်။

မုဆိုးညောင်ပင်နှင့်အနီးတစ်ဝိုက်ရှိ ရွာနီးချုပ်စပ်များသည်ကား ညောင်ပင်သာ၊ ဘိုးရင်ကလေး၊ ကုက္ကိုဝ အစရှိသည်တို့ ဖြစ်၏။ တစ်ရွာနှင့်တစ်ရွာ ကူးသန်းကြလျှင်တော့ ဖုထစ်ရွှတ်တွငှက်လင်းတဖြစ်နေသည့် ကျောက်ချောလမ်းထုက် ရိုးချောင်းကလေးအတွင်း ပဲ့တောင်လှေများဖြင့် လွန်းထိုးသွားလာနေသည့် ရေလမ်းခရီးကိုသာ အသုံးများကြသည်။

ရေခဲထုပ်သည် ကိုသံချောင်းမှာ အခါတိုင်းဆိုလျှင် မွန်းမတည့်မီ ရေခဲပုံးတစ်ဝက်ကျိုးအောင် ရောင်းကုန်နေပြီ ဖြစ်သော်လည်း ယနေ့မူကား ဈေးဦးပင် မပေါက်ဖြစ်နေ၍ စက်ဘီးကို ဦးတည်ရာနင်းလာရင်းက မုဆိုးညောင်ပင်ရွာထိပ်သို့ ရောက်လာခြင်း ဖြစ်သည်။ ရွာဦးထိပ်ရှိ ညောင်မုတ်ဆိတ်ပင်ကြီးကား အရိပ်ကောင်းလှသည်။ တွဲရရွဲကျနေသော ညောင်မုတ်ဆိတ်ဖားဖားကြီးများကလည်း မိမိတို့သက်တမ်းကို လှစ်ပြသည့်နှယ်ရှိနေ၏။

ကျဲကျဲတောက်နေရောင်အောက်က စက်ဘီးအပြင်းနင်းလာသူ ကိုသံချောင်းမှာ ညောင်ပင်ရိပ်အေးအေးကြီးကိုတွေ့သခိုက် အရိပ်ခိုအံ့ဟုစိတ်ကူးမိကာ ညောင်ပင်အရိပ်အောက်သို့ စက်ဘီးကိုထိုးအဝင်တွင် ညောင်ပင်ကြီးနံဘေးရင်ကွဲဇရပ်လေးအတွင်းမှ ရိပ်ခနဲထွက်လာသော လူတစ်အုပ်ကို တွေ့လိုက်ရ၍ ကျွီခနဲမြည်အောင် စက်ဘီးဘရိတ်ကို အတင်းဆွဲအုပ်လိုက်ရ၏။ စက်ဘီးအရှိန်ကြောင့် လူမှာလည်း ရှေ့ဘက်သို့ဟပ်ထိုးလဲကျမတတ် ဟန်ချက်ပျက်သွားသည်ကြောင့် ကျွဲမြီးတိုသွားကာ -

"ဟေ့လူတွေ၊ စက်ဘီးလည်းရှောင်ဦးကြလေဗျာ။ ခင်ဗျားတို့ ဘာအရေးကြီးလာကြတာတုံး"

ဟူ၍ ကိုသံချောင်း ခပ်ငေါက်ငေါက်အော်လိုက်ရင်းက လက်ကိုင်ကိုထိန်းကာ စက်ဘီးပေါ်မှ ဒရောသောပါး ခုန်ချလိုက်ရ၏။ စက်ဘီးရှေ့မှ လူတစ်အုပ်ကား အသံဟူ၍စိုးစဉ်မျှပြန်မပြုဘဲ ငြိမ်၍ရပ်နေကြသဖြင့် ကိုသံချောင်း ဒေါပွပွနှင့် စက်ဘီးဘဲလ်ကို ကလင်ခနဲမြည်အောင် ခပ်ပြင်းပြင်းတစ်ချက်ဆွဲလိုက်ရင်း မော့ကြည့်လိုက်တွင်မဖော့ မိမိရှေ့မှ လူဘစ်အုပ်မှာ ရေတွေအရွှဲသားနှင့်ရပ်နေသည်ကို တွေ့လိုက်ရ၏။ အသေအချာကြည့်မှ မိန်းမတွေချည်းဖြစ်နေသည်။ ဖားလျားကျနေသော ဆံပင်ထွေးကြီးများမှ ရေတွေကလည်း တစက်တစက်ကျနေသည်။ အောင်မယ်



www.burmeseclassic.com

www.burmeseclassic.com

လေး - (၉) ယောက်တောင်ပါလား။ အသက်ငယ်ငယ် အရွယ်ကောင်း မိန်းမ တစ်ယောက်ကမူ ကြက်တောင်စည်းနှင့် ကလေးမလေးကို ခါးထစ်ခွင်၍ချီထား သေး၏။ ကလေးက ရေခဲချောင်းပုံးကို လက်ညှိုးထိုးပြနေသည်ကြောင့် ဈေးဦး တော့ပေါက်ပြီဟဲ့ဟု ဝမ်းသာအားရဖြစ် ကာ စက်ဘီးကယ်ရီယာခုံပေါ် ကြိုးသိုင်း ချည်ထားသော ရေခဲပုံးဘက်သို့လှည့်၍ အဖုံးဖွင့်ကာ ရေခဲထုပ်များကိုလှမ်း၍ နှိုက်လိုက်၏။

ရေခဲထုပ်လေး၊ ငါးဆယ်ထုပ်ကို ငုံ့၍နှိုက်ရင်းက -

"ဘာနဲ့စားမလဲ။ သံပရာပေါင်း လား၊ နို့အေးလား၊ ပဲနဲ့လား"

ဟု ပြောနေကျစကားက နှုတ်မှ အလိုလို ပေါ့ပေါ့ပါးပါးထွက်သွားကာ ကိုယ်ကိုမတ်၍ရေခဲထုပ်များကမ်းအပေး လိုက်တွင်မတော့ ဟင် - စောစောက သူမျက်စိအောက်ရှိနေသည့် လူအုပ် ကြီးသည် စုပ်စမြုပ်စပျောက်သွားကာ တစ်ယောက်ကိုမျှ မတွေ့ရတော့ချေ။

ကိုသံချောင်းကြက်သီးမွေးညင်း များတဖြန်းဖြန်းထလာကာ ဘေးဘီလှည့် ကြည့်နေရင်းက ခေါင်းမှဆံပင်တွေအား လုံး တောင်တက်သွားသလို မှင်တက်မိ ကာ ကြောင်ကြောင်ကြီးဖြစ်သွား၏။ ပြီးမှ အောင်မယ်လေးဗျ ဟူသော အသံ နက်ကြီးဟိန်းထွက်လာပြီး နောက်ဘက် သို့ ကိုယ်ကိုတစ်ဆက်တည်းလှည့်ကာ ညောင်ပင်အောက်မှပြေးထွက်လိုက်၏။ ဝုန်းခနဲနေအောင် တိုက်သွားသောစက် ဘီးမှာ အလဲလဲအပြိုပြိုဖြစ်ကာ အဖုံးပွင့် ထွက်သွားသောရေခဲပုံးမှ ရေခဲချောင်း တွေ ဖွေးဖွေးလှုပ်ပြန့်ကျဲကုန်သည်ကို လည်း ဂရုမစိုက်နိုင်။ ညောင်ပင်ရိပ်မှ ဝေးရာဘက်ဆီသို့သာ မျက်စိကိုအတင်း ပိတ်၍အသားကုန်ပြေးနေသည်ဟူသော အသိတရားကိုသာ ကိုသံချောင်း နောက်ဆုံးမှတ်မိလိုက်သည်။

❑

"အဖြစ်ကတော့ အဲဒါပါပဲ ဆရာ ရယ်။ နေကလည်းမွန်းတည့်နေဆိုတော့ ပူသလားလို့ မမေးနဲ့။ သည်ကြားထဲ စက်ဘီးကလည်း ခရီးဝေးကနင်းလာ တာမဟုတ်လား။ နေပူပူမှာ သွေးဆူဆူနဲ့ အရမ်းကာရော လန့်သွားရာက သွေးက ဆောင့်တက်သွားသလားမှ မသိတာ။ အသားကုန်ပြေးလာရင်းက လှေဆိပ် နားအရောက်မှာ ဗိုင်းခနဲပစ်လဲသွားပြီး အသက်ကုန်သွားတာပါပဲ ဆရာရယ်"

မုဆိုးညောင်ပင်ရွာက ရာအိမ်မှူး အပြောကို ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ရင်း ရွာမူလတန်းကျောင်း အုပ်ဆရာလေး ကိုအောင်မွန်က -

"ရာအိမ်မှူးတို့က ဆိုင်ရာကို အကြောင်းကြားပြီးပြီလား"

ဟူသောအမေးကို -

"လှည်းကူးရဲစခန်းကိုတော့ ဖုန်း ဆက်သတင်းပေးပြီးပြီ ဆရာလေးရဲ့။ သူတို့လာမှလုပ်သင့်တာဆက်လုပ်ကြ မှာပေါ့"

ဟု၍ လှေဆိပ်ဘက်ကို အသာ လှမ်းမျှော်ကြည့်ရင်း ရာအိမ်မှူးက ဆက် ပြောသည်။

"သည်လို ဆရာလေးရေ ကျုပ်တို့ ရွာမှာ အရင်ကသည်လိုတစ်ခါမှမဖြစ် ဖူးဘူး။ အဲ - ပြီးခဲ့တဲ့ မိုးဦးကျကမှလို့ ပြောရမှာပဲ။ ခရမ်းညောင်ပင်ဘက်က ပွဲထောင်တစ်စီး ကုက္ကိုဝရွာအလှူကိုသွား ကြတာလေ။ အဲသည်နေ့က မိုးကလည်း ဖွဲဖွဲလေးပါ။ လေကလည်းသည်လောက် ကြီးတိုက်တာမဟုတ်ဘူး။ ကျုပ်တို့ရွာ ထိပ်က ရင်ကွဲဇရပ်လေးအကျော်လည်း ရောက်ရော ဖြူန်းဆို လေပြင်းတစ်ချက် မွှေလိုက်ပြီး အဲသည်ပွဲထောင်ထိုးနစ် သွားတော့တာပဲ ဆရာလေးရေ။

နေ့ခင်းကြောင်တောင်ကြီး ဆရာ ရယ်။ ဘာပြောကောင်းမလဲ၊ ကျုပ်တို့ တစ်ရွာလုံးလည်း ပွက်လောရိုက်သွား တော့တာပဲ။ ပွဲထောင်ပေါ်မှာ လူက အယောက် သုံးဆယ်ကျော်လောက်ပါ တာ။ ကိုးယောက်လောက်က ဘယ်လိုမှ ဆယ်လို့မရဘူး။ ဘယ်ကိုမျောသွားမှန်း လဲမသိဘူး၊ နောက်ဆုံးတော့ ဟိုရွာ တစ်လောင်းပေါ်၊ သည်ရွာတစ်လောင်း ပေါ်နဲ့ကိုလိုက်စုယူရတာ။ အဲ့ဩဖို့ ကောင်းတာက သေတာက မိန်းမတွေ ချည်း ဆရာလေးရဲ့၊ အရွယ်ကောင်း တွေ။ ယောကျ်ားလေးဆိုလို့ ရင်ခွင်ပိုက် ကလေးလေးတောင်မသေဘူး၊ အကုန် ပြန်ကယ်လို့ရတယ်။

အဲသည် ပွဲထောင်ပေါ်မှာ ဆရာ လေးတို့ဌာန လှည်းကူးမြို့နယ် ပညာ ရေးမှူးတောင်ပါလိုက်သေး၊ မေးကြည့် ပါလား။ အဲသည်နောက်ပိုင်းမှာတော့ ဆရာရယ် ရေတွေရွှဲရွှဲစိုနေတဲ့ မိန်းမ တစ်သိုက်ကို သည်ရွာထိပ်ဇရပ်လေးနား တစ်ဝိုက် ဖျိုးခနဲဖျတ်ခနဲတွေ့တွေ့နေရ တော့တာပါပဲ။ ကျုပ်တို့ရွာကလူတွေက တော့ အကြောင်းသိဆိုတော့ နေ့နေ့ညည ဘယ်တော့မှ အဲသည်ဇရပ်နဲ့ ညောင် ပင်နားမသီကြဘူး။ ရွာနောက်လမ်းက သာ ဖြတ်လမ်းလုပ်ပြီးသွားကြတော့တာ ပဲ။ ရွာမရောက်ဘူးတဲ့ ဧည့်သည်စောင် သည်တွေသာ ခုလိုရောက်ရောက်သွား ပြီး အခြောက်အလှန့်ခံရတော့တာပါပဲ"

ရာအိမ်မှူးက သူ့စကားအဆုံးမှာ ဟင်းခနဲ သက်ပြင်းရှည်ကြီးချရင်း ခေါင်း တဆတ်ဆတ်ညိတ်နေ၏။ ဆရာလေး ကိုအောင်မွန်လည်း သူကြားလိုက်ရ သော ရေစိုမိန်းမတစ်သိုက်ဇာတ်လမ်း ကို ပိုပြီး စိတ်ဝင်စားလာရကား သူသိလို သည်များကို ဆက်မေးတော့သည်။

"နေပါဦး၊ ရာအိမ်မှူးရဲ့။ အဲသည် ခြောက်လှန့်နေတဲ့သူတွေက ဘာကြောင့် မိန်းမတွေချည်းဖြစ်နေရတာတုံး။ နောက် ပြီး ဘာကြောင့် အဲဒီညောင်မုတ်ဆိတ်ပင် ကြီးနဲ့ ဇရပ်လေးအနားကချည်းထွက်ပြီး ခြောက်လှန့်နေရတာတုံးဗျာ"

ဆရာလေး၏ အမေးကြောင့် ရာအိမ်မှူးက တွေတွေကြီးစဉ်းစားနေ ရာက လက်ထဲမှ ဆေးပေါ့လိပ်ကို တစ်ချက်ရှိုက်ပြီး မီးခိုးတွေထောင်းခနဲ ထနေအောင်မှုတ်ထုတ်လိုက်၏။ ပြီးမှ စကားကို ဖြည်းဖြည်းချင်းဆက်ပြော သည်။

"သည်လို ဆရာလေးရဲ့၊ သည် ဇာတ်လမ်းက အဆက်အစပ်ရှိတယ်။ ခုလိုရာဇဝင်အူပေါက်ပြောနေရလို့တော့ ဆရာလေး ရေလည်မှာမဟုတ်ဘူး။ ကျုပ်တို့လည်း လူကြီးမိဘတွေပြော စကားကနေတစ်ဆင့်ပြန်ကြားရတာ။ ရွာကဘဘုန်းကျောင်းကရှေ့မီနောက်မီ ကပ္ပိယကြီးပြောပြတာကတော့ အဲသည် ဇရပ်ကလေးက ရာဇဝင်ရှိတယ်တဲ့။ အကြောင်းသိတွေကတော့ ကိုးလောင်း ဇရပ်လို့ခေါ်ကြသတဲ့။ ဇရပ်ဒကာက ဦးလူကလေးရဲ့သမီးတွေနဲ့ တူမအပျိုကြီး တွေပေါ့။ အရင်က ဦးလူကလေးဆိုရင် သည်နယ်တစ်ဝိုက်မှာ မသိသူမရှိဘူးတဲ့။ ရွာမျက်နှာဖုံးတဲ့။ ချမ်းသာတာကလည်း ကျိုကျိုတက်ဆိုပဲ။ စပါးပွဲစားကြီးပေါ့။ ပွဲကတော်ကြီးဆုံးပြီး မုဆိုးဖိုကြီးဘဝနဲ့ သမီးတွေ၊ တူမအပျိုကြီးတွေနဲ့ တစ်ဝင်း ထဲအတူနေကြတာတဲ့။ သမီးတွေ၊ တူမ တွေကလည်း ထက်ထက်မြက်မြက်တွေ တဲ့"

စပါးပွဲစားကြီး ဦးလူကလေးနှင့် ပွဲကတော်ကြီး ဒေါ်မိန်းခလေးတို့ကား မုဆိုးညောင်ပင်နယ်တစ်ဝိုက်၌ လူသိများ ထင်ရှားသူများဖြစ်ကြ၏။ နှစ်ဖက်မိဘ ၏ မင်္ဂလာလက်ဖွဲ့ လက်ဇကေတစ်ရာ ကျော်မှထွက်သည့်စပါးအပြင် စီးပွား အရာ၌ လာဘ်မြင်ကာ တက်ညီလက်ညီ ရှိလှ၍လည်း အိုးအိမ်ခွဲပြီး မကြာမတင် မှာပင် သူတို့မောင်နှံ၏စီးပွားရေးသည် လည်း ဒီရေအလားအတက်ကြမ်းခဲ့လေ သည်။ အိမ်ထောင်သက် (၅) နှစ်ကာလ အတွင်း သားသမီးပွားစီးရာဝယ် သမီး မိန်းကလေးအမြွှာတွေချည်း နှစ်ကြိမ် ဆက်ဖွားသည့်အတွက် မအေးမယ်



www.burmeseclassic.com

www.burmeseclassic.com

မအုန်းခြယ်၊ မခင်တင့်၊ မခင်ဆင့် ဟူသော သမီးလေးယောက် အပြိုင်းအရိုင်း ထွန်းကားခဲ့လေသည်။

လယ်ပိုင်ချောင်းပိုင်ဖြစ်ရှိသာမက အဘက်ဘက်ကစီးပွားတိုး၍၊လူယုံကြည်မှုရှိလာ၍လည်း လက်ထွက်စပါးကြိတ်ခွဲရောင်းဘဝမှ တစ်ဆင့်တက်ကာ စပါးပွဲစားနှင့် ပွဲကုတော်ကြီးအဖြစ် လူရိုသေရှင်ရိုသေဘဝသို့ တက်လှမ်းနိုင်ခဲ့ကြ၏။

သို့သော် လောကကြီး၌ တံကြမ္မာဟူသည်ကား ဘယ်သောအခါမျှ မည်သူ့ကိုမျှ တစ်ဖက်စောင်းနင်းအသာစီးချည်းချပေးတတ်သည်တော့ မဟုတ်ချေ။ ထိုနှစ်က ဝါးကြီးထပ်သည့်နှစ်ဖြစ်၍ မုဆိုးညောင်ပင်နယ်တစ်ဝိုက်သာမက ဒေသအားလုံးလိုလိုပင် အလုံးအရင်းနှင့် ရေကြီးသည့်နှစ်ဖြစ်လေသည်။ တစ်နယ်လုံးလည်း စပါးအပျက်အစီးများသည်။ ဦးလူကလေးတို့မိသားစုတွင် စိုက်ပျိုးထားသည့် လယ်ဧကများဆုံးရှုံးသည့်အပြင် လှောင်ထားသည့် စပါးအပြည့်နှင့်ကျီတွေပါရေထဲမျောပါကုန်သည်။

အဆိုးဝါးဆုံးသော ကံတရားလှည့်စားချက်ကား ဒေါ်မိန်းခလေးတို့ညီအစ်မနှစ်ယောက် ရုတ်တရက်ဆုံးပါးသွားသောဖြစ်ရပ်ပါပေ။ စပါးကပျက်၊ လယ်ကရှုံးကာ စီးပွားအကျဘက်ရောက်နေ၍ ဒေါ်မိန်းခလေးမှာ ညီမဖြစ်သူကို အဖော်ပြုရင်း အညာဘက်တက် ကုန်ကူးရန်အကြံဖြင့် ဈေးစနည်းနာရန်အသွား သူပုန်မိုင်းခွဲသည့်ရထားတွဲ၌ စီးမိလေရာ ညီအစ်မနှစ်ယောက်စလုံး အသက်ပါဆုံးခဲ့ရသည်။

ညီမဖြစ်သူ ဒေါ်ရွှေသင်မှာလည်း ကလေးငါးယောက်နှင့် မုဆိုးမဖြစ်လေရာ မိန်းမဘက်ကပါသည့် လူမမယ်တူမတွေတာဝန်ပါ ဦးလူကလေးခေါင်းသို့ပင်ဆိုက်ရောက်ခဲ့၏။ သည်သို့ဖြင့် ထိုစဉ်အရွယ်ကပင် ဦးလူကလေးသည် လူမမယ်အရွယ် ကလေးတစ်အုပ်တစ်မနှင့်ရုန်းရင်းကန်ရင်းက ဘဝကို တစ်ကပြန်စခဲ့ရ၏။ ကလေးတစ်သိုက်နှင့် လောကဓံကို ရုန်းကန်ရင်း အိမ်ထောင်ရက်သားထူရန်အရေးကိုလည်း သူစိတ်ဝယ် ရေးရေးမျှပင်မတွေးမိ။

နဂိုကတည်းက လူစွမ်းလူစမသေးသည့် ဦးလူကလေးမှာ သမီးတွေအပြိုင်းအရိုင်း အရွယ်ရောက်လာ၍ ကိုယ်ခွဲလက်ဖယ်အဖြစ် အကူအညီရလာချိန်၌ ယခင် စပါးပွဲစားအလုပ်ကို ပြန်စဖြစ်သည်။ အကျိုးပေး၍ အကြောင်းထင်သည်လားတော့မသိပေ၊ သူလုပ်ငန်းစသည့်နှစ်မှာပင် စပါးဈေးထိုးတက်သွားချိန်နှင့် ပြိုင်ပြိုင်ပြတ်တက် စီးပွားမှာဒီရေအလားတိုးလာပြန်သည်။ အဖေ၊ အမေပီဇသွေးအပြည့်ပါသည့်သမီးတွေမှာလည်း စီးပွားရေးမျက်စိရှိသူများဖြစ်ပေရာ ရွှေပေါင်ခံ၊ ငွေတိုးပေး၊ ကုန်စုံဆိုင်အလုပ်များဖြင့် အသီးအသီးအသကအသကကြီးပွားတိုးတက်နေရကား အိမ်ထောင်သားမွေးအလုပ်ကို အရေးမျှပင်မလုပ်ကြချေ။

ဖခင်အိုကြီးကိုလည်း သမီး၊ တူမအပျိုကြီးတစ်သိုက်တို့က အိမ်ဦးခန်းထားကာ အကျအနလုပ်ကျွေးပြုစုထားကြသည်။ ဥပုသ်သီတင်းများစောင့်လျက်၊ တရားဘာဝနာပွားများရင်း ဘုရားတည်၊ ကျောင်းဆောက်သည့်အလုပ်များနှင့် ပျော်မွေ့နေသော ဖခင်ကြီးကိုလည်း ဂုဏ်ယူကျေနပ်မဆုံးတပြုံးပြုံးနှင့်ရှိနေကြစဉ်အချိန်တွင်ပင် ကြမ္မာမုန်တိုင်းက တစ်ကျော့ပြန်လာသည်ဟု ဆိုရမည့်အဖြစ်ပါပေ။

ရာအိမ်မှူးသည် သူ့စကားစကို ပြန်မဆက်နိုင်သောကြောင်အောင်ပင် သူ့အတွေးစတွေက အတိတ်မှကြောင်းခြင်းရာတွေဆီသို့ပြန်လည်ရောက်ရှိသွားခြင်းဖြစ်၏။ ‘ဆက်ဦးလေဗျာ’ ဟူသော ဆရာလေး၏ သတိပေးစကားသံကြားမှ သူဇာတ်လမ်းကိုပြန်ဆက်ရသည်။

“အဲသည်ဦးလူကလေးသမီးအပျိုကြီးမတွေက တစ်နေ့ သူတို့အိမ်မက်အရ ရွာထိပ်မှာဇရပ်လှုမယ်ဆိုပြီး ဇရပ်ဆောက်ကြသတဲ့။အဲသည်ဇရပ်ဆောက်လို့ [illegible]သတ်စဲ့ညမှာပဲ အပျိုကြီးမတွေရဲ့အဖေ မုဆိုးဖိုကြီးက သူတို့အိမ်မှာ တောက်တိုမည်ရခိုင်းတဲ့ ရွာထဲက ဆင်းဆင်းရဲရဲကောင်မလေးကို ခိုးပြေးသတဲ့။ အဲသည်သတင်းက တစ်ရွာလုံးပြန့်သွားတော့ အားလုံးကဝိုင်းပြီးမေးငေါ့ကြတော့တာဖေါ့ ဆရာလေးရဲ့။ ဘယ့်နယ် ဇရပ်ဒကာ၊ ကျောင်းဒကာကြီးဆိုခုတော့ ဘွားဘွားကြီးကိုပေါ် တော့တာပဲ။ ကြောင်သူတော် ကြွက်ခိုးကြီးပါလားညာလားပေါ့။ အဲသည်မှာတင်ဆရာလေးရေ ဘာပြောကောင်းမလဲ၊ အပျိုကြီးမတွေက စိတ်ကလည်းကြီး၊ ထက်ကလည်းထက်ဆိုတော့ကာ လူပုံအလယ်မှာ ခေါင်းမဖော်ဝံ့အောင် တစ်သက်လုံး အရှက်ကွဲနေရမယ့်အစား အရှက်နဲ့အသက်လဲပစ်မဟဲ့ဆိုပြီး အကုန်အဆိပ်သောက်သေကြတာ သမီးတွေရော၊ တူမတွေရော ကိုးယောက်တောင်တဲ့။ သူတို့ဆောက်တဲ့ဇရပ်တောင် ရေစက်ချမသွားရရှာဘူးဆိုဘဲ။ အဲသည်ဇရပ်ကိုလည်း အကြောင်းသိတွေက ကိုးလောင်းဇရပ်လို့ခေါ်ကြသတဲ့ဆရာလေးရဲ့”

ရာအိမ်မှူး၏ စကားအဆုံးတွင် မတော့ ဆရာလေးကိုအောင်မွန်တစ်ယောက် လောကီထုပ်ပုံ လူတို့ဇာတ်၏ ထူခြားဆန်းကြယ် ဖြစ်ရပ်မှန်ဇာတ်လမ်းအသွယ်သွယ်ကို စေ့စေ့တွေးရင်းက သက်ပြင်းရှည်ကြီးချမိသည်။ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာ ဖတ်ဖူး၊ ကြည့်ဖူးသည့် ဇာတ်လမ်းဇာတ်ကွက်တွေထက်ကို အံ့သြဘနန်းတွေ့ရသည့်ဖြစ်ရပ်ဆန်းပါကလား။

သည့်နောက်မှာတော့ ဆရာလေးကိုအောင်မွန် မုဆိုးညောင်ပင်ရွာလေးမှ ပြောင်းရွှေ့မိန့်ကျကာ အနယ်နယ်အရပ်ရပ်သို့ ပညာရေးဝန်ထမ်းအဖြစ် ရွှေ့ပြောင်း တာဝန်ထမ်းဆောင်ရလေသည်။ ထိုသို့ တစ်နယ်တစ်ကျေးရောက်နေစဉ်တွင်ပင် သူစိတ်ဝင်တစားရှိနေသည့် မုဆိုးညောင်ပင်ရွာသတင်းကိုနားစွင့်လျက်ရှိရာ သူ့ထံရောက်လာသည့်သတင်းအချက်အလက်များသည်ကား-

အဆိုပါ ကိုးလောင်းဇရပ်၌ ဦးလူကလေး၏သမီး၊ တူမများဖြစ်သည့် ဝမ်းကွဲညီအစ်မကိုးယောက်မှာ မကျွတ်လွတ်ကြကြောင်း၊ ညီအစ်မကိုးယောက်အဆိပ်သောက်မသေခင်တွင် ဖအေကြီးနှင့် နောက်မိန်းမတို့ စံစားမည်စိုးသဖြင့် မိသားစုပိုင် ရတနာပစ္စည်းတွေကို မြေစဥ်အိုးသုံးလုံး၌ထည့်ကာ ညောင်ပင်ခြေရင်းတစ်နေရာတွင် တိတ်တဆိတ်မြှုပ်နှံထားခဲ့ရာမှ အစွဲစိတ်ကြောင့် အစောင့်ဖြစ်ကာ ပြန်လည် စောင့်ကြပ်နေကြရကြောင်း။

ထိုအစောင့်ညီအစ်မကိုးယောက် ကျွတ်လွတ်ရမည့်အချိန်၌ ရွာထိပ်သို့ တိုက်တိုက်ဆိုင်ဆိုင်ရောက်ချလာသော ပွဲထောင်လေမှ ကံနိမ့်သူများမှာ လူစားလဲခံလိုက်ရခြင်းဖြစ်ကြောင်းနှင့် လူစားလဲရာ၌လည်း ဖအေကြီးယူလိုက်သည့် နောက်မိန်းမကိုမကျေနပ်သည့်အစွဲစိတ်ကြောင့် မိထွေးအရွယ် မိန်းမငယ်လေးများကိုရွေးခေါ်ခြင်းဖြစ်ကြောင်း စသည့်ဖြစ်ရပ်အဖုံဖုံ ဇာတ်လမ်းစုံကို ကြားသိရလေသည်။

ဤဖြစ်ရပ်ဆိုး၏နောက်တွင်ကား မုဆိုးညောင်ပင်ရွာကလေးသို့ ရောက်ရှိလာသည့် မည်သည့်ဧည့်သည်စောင်သည် အရွယ်ငယ်မိန်းမပျိုမဆို မုဆိုးညောင်ပင်ရွာဇရပ်ကလေးအရှေ့မှ တုန်းလမ်းဖြစ်စေ၊ ရေလမ်းဖြစ်စေ ဖြတ်သန်းသွားလာခြင်းများမပြုဝံ့ကြတော့ဟူသော အကြောင်းကိုလည်း နိုင်းတမွတ်သတင်းတစ်ရပ်အနေဖြင့် နောက်ဆက်တွဲကြားသိလိုက်ရပါကြောင်း။

ဆောင်းခင်သွင်

www.burmeseclassic.com



၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ

# ကောင်းကျိုးဝေဖြာ တစ်နေ့တာလမ်းညွှန်

ဒေါ်ခင်စိုးသူ (B.Sc)

**အောက်တိုဘာလ ၁ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း(၈)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၆)။ လာဘ်နေအရပ် မြောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း(၉)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား ကြာသပတေး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၃ ရက်၊ စနေနေ့**- လာဘ်ဂဏန်း (၁)၊ စိုးမိုးဂဏန်း (၃၊ ၅၊ ၈)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အစိမ်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၄ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၀)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင် ဗေဒါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၅ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း(၃)၊ စိုးမိုးဂဏန်း (၆၊ ၈၊ ၉)။ လာဘ်နေအရပ်က အနောက်။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူးနှင့် အင်္ဂါ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၆ ရက်၊ အင်္ဂါနေ့**- လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၆၊ ၀)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အပြာရောင်၊ မီးခိုးရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၇ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၆၊ ၇၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အညိုရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ တနင်္လာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၈ ရက်၊ ကြာသပတေးနေ့**- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၁၊ ၄၊ ၉)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၉ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း (၇)၊ စိုးမိုးဂဏန်း (၀၊ ၅၊ ၇)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ပန်းရောင်၊ အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'အရဟံဇိနော' (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၀ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၀၊ ၂၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင်က အစိမ်းရောင်၊ ဗေဒါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၁ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၁၊ ၆၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓေါ' (၉)ခါရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၂ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အဝါရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည် အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၃ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၈ ၀)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က အဖြူရောင်၊ အစိမ်း



www.burmeseclassic.com

www.burmeseclassic.com

ရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၅ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၃၊ ၉၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အပြာရောင်၊ မီးခိုးရောင်။အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၆ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း(၅)။ စိုးမိုးဂဏန်း (၂၊ ၃၊ ၅)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင်က ခရမ်းရောင်၊ ဖေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၇ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၅၊ ၇)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အညိုရောင်၊ အဝါရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၁၈ ရက်၊ တနင်္ဂနွေနေ့**- လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၅၊ ၇၊ ၉)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အဖြူရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာ အကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဘဂဝါ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၁၉ ရက်၊ တနင်္လာနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၂၊ ၈၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် အစိမ်းရောင်၊ ဖေဒါရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သမ္မာသမ္ဗုဒ္ဓေါ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၀ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၇)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင်က မီးခိုးရောင်၊ ခရမ်းရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်စေရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'နမောတဿ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၁)။ စိုးမိုးဂဏန်း (၅၊ ၆၊ ၉)။ လာဘ်နေအရပ်က တောင်။ လာဘ်အရောင်က ပန်းရောင်၊ လိမ္မော်ရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၂ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၇၊ ၈၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သတ္ထာဒေဝမနုဿာနံ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၃ ရက်၊ သောကြာနေ့** - လာဘ်ဂဏန်း (၃)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၆)။ လာဘ်နေအရပ်က အရှေ့။ လာဘ်အရောင် အနီရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ သောကြာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်လှည့်၍ 'ဗုဒ္ဓေါဇိနော' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၄ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၄)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၈)။ လာဘ်နေအရပ်က အနောက်တောင်။ လာဘ်အရောင် အညိုရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၅ ရက်၊ တနင်္ဂနွေနေ့** - လာဘ်ဂဏန်း (၅)၊ စိုးမိုးဂဏန်း (၁၊ ၃၊ ၇)။ လာဘ်နေအရပ်က အရှေ့မြောက်။ လာဘ်အရောင်က အစိမ်းရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်ဘက်လှည့်၍ 'ဗုဒ္ဓံ ပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၆ ရက်၊ တနင်္လာနေ့**.- လာဘ်ဂဏန်း (၆)။ စိုးမိုးဂဏန်း (၂၊ ၇၊ ၀)။ လာဘ်နေအရပ် အနောက်။ လာဘ်အရောင် ခရမ်းရောင်၊ နီညိုရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ မြောက်ဘက်လှည့်၍ 'သုဂတော' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၇ ရက်၊ အင်္ဂါနေ့** - လာဘ်ဂဏန်း (၇)။ စိုးမိုးဂဏန်း (၁၊ ၅၊ ၉)။ လာဘ်နေအရပ်က အရှေ့တောင်။ လာဘ်အရောင် အဖြူရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ တနင်္လာ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အနောက်တောင်ဘက်လှည့်၍ 'ဓမ္မံပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၂၈ ရက် ဗုဒ္ဓဟူးနေ့** - လာဘ်ဂဏန်း (၈)။ စိုးမိုးဂဏန်း (၀၊ ၃၊ ၇)။ လာဘ်နေအရပ် တောင်။ လာဘ်အရောင် ပန်းရောင်၊ အနီရောင်။ အကျိုးပေးနေ့သား ဗုဒ္ဓဟူး၊ ကြာသပတေး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့မြောက်ဘက်လှည့်၍ 'အရဟံသိဒ္ဓိ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာ ၂၉ ရက်၊ ကြာသပတေးနေ့** - လာဘ်ဂဏန်း (၉)။ စိုးမိုးဂဏန်း (၂၊ ၆၊ ၀)။ လာဘ်နေအရပ်က မြောက်။ လာဘ်အရောင်က အစိမ်းရောင်၊အပြာရောင်။ အကျိုးပေးနေ့သား အင်္ဂါ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့ဘက်လှည့်၍ 'သံဃာပူဇေမိ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၃၀ ရက်၊ သောကြာနေ့**- လာဘ်ဂဏန်း(၁)။ စိုးမိုးဂဏန်း (၁၊ ၃၊ ၈)။ လာဘ်နေအရပ် အရှေ့။ လာဘ်အရောင်က လိမ္မော်ရောင်၊ ပန်းရောင်။ အကျိုးပေးနေ့သား တနင်္လာ၊ စနေ။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ အရှေ့တောင်ဘက်ဘက်လှည့်၍ 'လောကဝိဒူ' (၉) ခါ ရွတ်ဆိုပါ။

**အောက်တိုဘာလ ၃၁ ရက်၊ စနေနေ့** - လာဘ်ဂဏန်း (၂)။ စိုးမိုးဂဏန်း (၂၊ ၄၊ ၅)။ လာဘ်နေအရပ် အနောက်တောင်။ လာဘ်အရောင် အနက်ရောင်၊ အနီရောင်။ အကျိုးပေးနေ့သား တနင်္ဂနွေ၊ ဗုဒ္ဓဟူး။ တစ်နေ့တာအကြံအစည်အောင်မြင်ရန် နံနက်အိပ်ရာထ တောင်ဘက်လှည့်၍ 'ဝိဇ္ဇာစရဏသမ္ပန္နော' (၉) ခါ ရွတ်ဆိုပါ။

ဒေါ်ခင်စိုးသူ (B.S)



www.burmeseclassic.com

www.burmeseclassic.com

# ဖိုးကျော့

## ဂန္ဓာရီသမား အယူများသော်...



(ယခင်လမှအဆက်)

"ဘရသေ့၊ နန်းကျားကြီးဘုရင်သေပြီဆိုတာ ဟုတ်ပါသလား"

တစ်နေ့တွင် စိတြက ဘရသေ့ကို မေး၏။

"နန်းကျားကြီးသေတာရှင်တာ ငါကိစ္စမှမဟုတ်ဘဲ"

"တပည့်တို့ကိစ္စနဲ့ပတ်သက်နေလို့ပါ"

"ဘရသေ့၊ လောင်းကြက်ဘက်ကို မရောက်လို့မသိပါဘူးကွယ်။ ရှင်ယောင်ငယ်တို့က ဘယ်လိုလုပ်သိလဲ၊ ရှင်ယောင်ငယ်တို့ကို ဘယ်သူကပြောလဲ"

"တစ်နေ့က အမိ၊ အဖတို့လာပြောသွားကြတာ"

"ဟုတ်လား၊ ရှင်ယောင်ငယ်တို့ မိဘတွေ ဘရသေ့လည်း မတွေ့လိုက်ပါလား။ ဘယ်နေ့ကပါလိမ့်"

ဘရသေ့က'ဘယ်နေ့ကပါလိမ့်'ဟု ဆိုစကားကို စိတြနှင့်နာရဒတို့က အံ့ဩသလိုဖြစ်သွားကြ၏။ဘရသေ့စကားအရဆိုလျှင် သူတို့သည် ဤကျောက်ဂူဝ၌ ဘရသေ့၏တောင်ထွေးကိုထမ်းကာ ဘယ်နရက်များကြာသွားပြီနည်း။ ပြီးတော့ မိမိတို့ကိုခေါ်ပြောရာ၌ 'ရှင်သူငယ်တို့၊ ရှင်ညီနောင်တို့'ဟု ပြောမည့်အစား ယခု ရှင်ယောင်ငယ်တို့ဟုဆိုလာခြင်းမှာ သူတို့သည် ရဟန္တာတန်ဆာကို ဆင်မြန်းထားကြသော ရှင်မဟုတ်တော့ဟု ဆိုလိုခြင်းလား။ စိတြနှင့်နာရဒတို့၏အတွေးမဆုံးမီပင် ဘရသေ့က -

"ရှင်ယောင်ငယ်တို့ မိဘတွေနဲ့ တွေ့တယ်ဆိုတာ ဘယ်နေ့ကပါလိမ့်"

ထိုစကားကိုပင် ဘရသေ့က ထပ်မေးသည်။ ဘာအဓိပ္ပာယ်နှင့်မေးသည်ကို သူတို့မသိ။

"ဘရသေ့ဂူထဲဝင်သွားတဲ့နေ့က"

"ဟုတ်လား၊ ရှင်ယောင်ငယ်တို့ မိဘတွေ ဒီတောဒီတောင်ထဲ ဘာလာလုပ်လဲ"

"တပည့်တို့ညီနောင်ကိုလာရှာကြတာ"

"တွေ့လို့ပြောသွားကြတာလား"

"မှန်လှပါ"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ဘာပြောသေးလဲ"

"နန်းကျားကြီးဘုရင်လည်း သေသွားပြီ၊ သူတို့နဲ့ လောင်းကြက်မြို့ကို ပြန်လိုက်ကြပါလို့ခေါ်ကြတယ်"

"ဘာလို့လိုက်မသွားကြလဲ"

"ဘရသေ့ဆီက ပညာကိုလိုချင်ကြလို့ပါ၊ ပညာမစုံဘဲမပြန်ချင်ကြလို့ပါ"

"ကောင်းလေစွ၊ ကောင်းလေစွ"

"ဘာဘရသေ့"

"နာရဒက ဘာမေးဦးမလို့လဲ"

"တပည့်တို့ သမီးမျောက်သားသဇင်ဖြူကို ကျားကြီးတစ်ကောင်ကိုက်သတ်သွားတယ် ဘရသေ့"

"သူက ဒီတောထဲဘာလာလုပ်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ထင်းလာခွေရင်းရောက်လာတာပါ"

"ဘရသေ့လည်း မမြင်မိလိုက်ပါလား"

"ဘရသေ့ ဂူထဲဝင်နေတဲ့နေ့က အမေ၊ အဖေတို့ တပည့်တို့ကိုလာခေါ်တဲ့နေ့ကပဲ ဘရသေ့"

"ဩော် - ဟုတ်လား၊ ကျားကသူ့ကိုဘာလို့ကိုက်ပါလိမ့်"

"စားချင်လို့နေမှာပေါ့"

"သေသွားလား"

"သေမှာပဲ၊ သွေးသံရဲရဲနဲ့ကိုမြင်လိုက်ကြရတာ၊ အော်ငိုပြီး တပည့်တို့ကို အကူအညီတောင်းသေးတယ်"

"သနားစရာပဲ၊ ဘာလို့မကယ်လိုက်ကြလဲ။ ရှင်ယောင်ငယ်တို့နဲ့ သမီးမျောက်သားဆို"

"ကယ်ကြမလို့ဘဲ၊ ထမရလို့ပါ။ အော်ဟစ်ပြီး ကျားကြီးကို ခြောက်လှန့်ဖို့လည်း ပါးစပ်ဟမရလို့ပါ"

"ဟား ဟား ဟား"

ဘရသေ့က တဟားဟားရယ်ပစ်လိုက်သဖြင့် ရှင်ငယ်ညီနောင်တို့က ကြောင်သွားကြသည်။

"ခုလောက်ဆို အဲဒီသူငယ်မကျားစားဖြစ်သွားရောပေါ့ ကျွတ် ကျွတ်"

"မှန်လှပါ၊ ကျားစာဖြစ်သွားပြီထင်ပါတယ်"

"အိမ်း- သတ္တဝါတစ်ခု၊ ကံတစ်ခုဆို မှတ်လား။ သဗ္ဗေသတ္တာ ကမ္မသကာပဲပေါ့ကွယ် မဟုတ်ဘူးလား"

ဘရသေ့က ရှင်ငယ်ညီနောင်ကို အကဲခတ်ရင်းဆို၏။

ရှင်ငယ်ညီနောင်တို့လည်း ဘရသေ့နောက်ထပ်ဘာများပြောဦးမည်နည်းဟု ဘရသေ့မျက်နှာကို ငေးကြည့်နေကြသည်။

"ရှင်ယောင်ငယ်တို့၊ လာ-လိုက်ခဲ့ကြဦး"

ဘရသေ့က လိုက်ခဲ့ကြဦးဆိုတော့လည်း ဘရသေ့နောက်ကို လိုက်လာကြရပြန်သည်။

အတန်ကြာသွားမိကြလေသော် ရှင်ငယ်ညီနောင်တို့ နှာခေါင်းထဲ အနံ့တစ်မျိုးကနံလာသည်။ ရှင်ငယ်ညီနောင်မှာ ထိုအနံ့ကိုအောင့်ခံ၍မရတော့။

"ဟတ်ချိုး၊ ဟတ်ချိုး"

ပြိုင်တူချေလိုက်ကြ၏။

"ဘာဖြစ်တာလဲ"

ဘရသေ့ကမေး၏။

"အနံ့တစ်မျိုးနံလို့ပါ ဘရသေ့"

"ဘာနံ့လဲ"

"မသိပါ ဘရသေ့"

"အဲဒါ ကန့်နံ့ခေါ်တယ်။ ဒီတောင်ဟာ ကန့်တောင်ကြီးပဲ။ အင်မတန် ဆေးဖက်ဝင်တယ်။ ဝိဇ္ဇာခိုရ်ပုဂ္ဂိုလ်များဆေးအလို့ငှာ လာယူတတ်ကြတယ်။ ရှင်ယောင်ငယ်တို့ကိုင်ကြည့်ပါလား"

ဘရသေ့ကကိုင်ကြည့်ပါဆိုသဖြင့် ကိုင်ကြည့်ကြ၏။

ကိုင်လိုက်သည်နှင့် လက်ချောင်းမှသည် လက်မောင်း၊ လက်မောင်းမှသည် တစ်ကိုယ်လုံးလည်းမဟုတ်ဘဲ ထူးထူးဆန်းဆန်း ကိုယ်တစ်ခြမ်းပါ အေးစက်ထုံကျဉ်သွား၏။ ထိုအခါ ရှင်သူငယ်ညီနောင်မှာ မီးခဲကိုကိုင်မိ၍ လက်ကိုဆတ်ခနဲရုပ်လိုက်သလို တွန့်ခနဲဖြစ်သွားကြသည်။

ရှင်သူငယ်တို့ ဤသို့တွန့်ခါသွားကြသည်ကိုကြည့်ပြီး ဘရသေ့က အသံထွက်ရုံ ညှင်းညှင်းညံ့ညံ့ရယ်ကာ -

"ဒါ သာမန်ကန့်မဟုတ်ဘူး၊ ဝိဇ္ဇာတွေ ဆေးဖမ်းတဲ့ကန့်ပဲ။ ဒါကြောင့် အစွမ်းကြီးမားတာ။ တစ်တောင်လုံး ဒီလိုကန့်မျိုးချည်းပဲ။ ဒါကို ဆေးဖမ်းကန့်တောင်လို့ခေါ်တယ်"

ဟုပြောသည်။

တောင်ကြီးတစ်ခုလုံးမှာ ငုဝါရောင်တောက်နေသည်။ တစ်တောင်လုံးမှာ မည်သည့်သစ်ပင်မှမရှိ။ မြက်ပင်ချုံနွယ်များကိုလည်း တောင်အောက်၌သာ မြင်နေရ၏။

ဘရသေ့က လာဟုဆိုသဖြင့် လိုက်သွားကြရာ မကြာမီ စိမ်းပြာရောင်တောက်နေသော တောင်တစ်တောင်ကို လှမ်းမြင်ကြရပြန်သည်။ အနားရောက်သွားသောအခါ အကြီး၊ အသေး တောင်တစ်ခုလုံး ကျောက်စိမ်းပြာအခဲအလုံး၊ အချွန်အတက်အပြားအချပ်တွေနှင့်တစ်တောင်လုံးပြည့်နေသည်ကိုတွေ့ရ၏။

ရှင်ငယ်ညီနောင်တို့မှာ မညီမညာ အချွန်အတက်စောင်းတွေ စူးရှမှာစိုး၍ အပြား၊ အလုံးတွေကိုသာနင်းကာ ဘရသေ့နောက်လိုက်ပါနေရ၏။

"ဒီတောင်ကို ဘာတောင်လို့ခေါ်ပါသလဲ ဘရသေ့"

အထူးအဆန်းလိုဖြစ်နေသဖြင့် စိတြကဘရသေ့ကို မေးလိုက်၏။

"ဒီတောင်ကို ဒုတ္တာတောင်လို့ခေါ်တယ် ရှင်ယောင်ငယ်တို့၊ အလွန်ဆေးဖက်ဝင်သပေါ့ကွယ်"

ဟုဆိုကာ -

"ကဲ၊ ကဲ - ရှေ့ကိုလိုက်ခဲ့ကြဦး"

ဆိုပြန်သဖြင့် လိုက်လာကြရပြန်၏။

"တစ်တောင်လုံး နန္ဒင်းဝါရောင်တောက်နေတာပဲ ထူးဆန်းလိုက်တာ။ ဒီတောင်ကိုကော ဘယ်လိုခေါ်ပါသလဲ ဘရသေ့"

"ဒီတောင်ကို ဆေးဒန်းတောင်ခေါ်တယ်။ ဆေးဒန်းဆိုတာလည်း သုံးတတ်ရင် ဆေးတစ်ပါး၊ သိဒ္ဓိတစ်ပါးပဲ။ ဆေးဝိဇ္ဇာတို့မှာ မပါမဖြစ်တဲ့ဆေးဒန်းကြီးပေါ့"

"မှန်လှပါ"

"လာ လာ၊ အချိန်ရှိတုန်း လှမ်းလိုက်ကြဦးစို့"

"မှန်ပါ"

တစ်တောင်လုံး စိမ်း၊ ဝါနီအသွေးလွှမ်းနေသောတောင်တစ်လုံးပေါ် ရောက်လာကြပြန်၏။

"ဒီတောင်ကတော့ဘရသေ့ ဘာတောင်ခေါ်ပါသလဲ"

ဤတစ်ခါတော့ စိတြအမေးကို မစောင့်တော့ဘဲ နာရဒကမေးလိုက်၏။

"ဒီတောင်ကို မြင်းသီလာတောင်လို့ခေါ်တယ် ရှင်ယောင်ငယ်။ မြင်းသီလာဆိုတာတော့ ကြားဖူးကြမှာပေါ့"

"မှန်လှပါ၊ ကြားဖူးပါတယ် ဘရသေ့"

"ဘယ်လိုကြားဖူးလဲ"

ရုတ်တရက်မူ ရှင်ငယ်ညီနောင်တို့မှာ ဘာကိုဘယ်လိုဖြေရမှန်းမသိ။ ဘယ်လိုသဘောနှင့်မေးမှန်းလည်းမသိသဖြင့် မှင်တက်မိငိုင်သွားကြသည်။

"ဟင် - ဘယ်လိုကြားဖူးကြလဲ ပြောပါဦး"

ရှင်ငယ်ညီနောင်တို့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ကြပြီး ယခုအထိ ဘရသေ့မေးခွန်းကို မဖြေနိုင်ကြသေးဖြစ်နေကြ၏။

"ဟင် - ဘယ်လိုကြားဖူးကြလဲ ပြောကြပါဦးလေ"

ဘရသေ့က သူတို့နှစ်ယောက်ကို ပြုံးကြည့်ကြည့်၍ မေးလာသဖြင့် စိတြက-

"မြင်းသီလာဆိုတဲ့နာမည်လောက်ပဲကြားဖူးကြတာပါ ဘရသေ့"

ဘရသေ့က ရယ်၏။

"ဒီလိုဆို ကန့်တို့၊ ဒုတ္တာတို့၊ ဆေးဒန်းတို့ဆိုတာတွေကော ဘယ်လိုကြားဖူးကြလဲ"

"ကန့်ရယ်၊ ဆေးဒန်းရယ်၊ ဒုတ္တာ



www.burmeseclassic.com

www.burmeseclassic.com

ရယ်ဆိုတဲ့ နာမည်လောက်ပဲကြားဖူးကြပါတယ် ဘရသေ့"

စိတြ၏ စကားကို ဘရသေ့က ရယ်ပြန်၏။ ပြီးမှ -

"ကန့်၊ ဆေး၊ ဒုတ္ထာ၊ မြင်းသီလာ နာနာအမှုန့်ကြိတ်၊ မြင်းပြေးသောအခါ တုတ်ကိုရှာ၊ နာနာထပ်၍ရိုက်၊ မြင်းသေသောအခါ ဆေးတိုက်ပါ၊ တုတ်မှာ ကန့်လန့်ဖြစ်တဲ့"

ပြောပြီး ရှင်ငယ်ညီနောင်တို့၏ မျက်နှာကိုစိုက်ကြည့်နေ၏။ ပြီးတော့မှ-

"အဲဒါကို ရှင်ယောင်ငယ်တို့ မကြားဖူးကြဘူးလား"

"မှန်လှပါ၊ မကြားဘူးကြပါ ဘရသေ့။ ဘာကိုဆိုလိုပါသလဲ"

"ဆိုလိုတာကို ပြောပြလို့မရဘူး။ လက်တွေ့လုပ်ပြမှသိမယ်။ တစ်နေ့ကျရင် ရှင်ယောင်ငယ်တို့အတွက် အသုံးဝင်လာလိမ့်မယ်၊ မှတ်ထားကြ၊ အဲဘာပြောတာ မှတ်မိလား"

"မှန်လှပါ၊ မှတ်မိပါတယ် ဘရသေ့"

"မှတ်မိရင်ဆိုပြစမ်း"

"ကန့်၊ ဆေး၊ ဒုတ္ထာ၊ မြင်းသီလာ နာနာအမှုန့်ကြိတ်၊ မြင်းပြေးသောအခါ တုတ်ကိုရှာ၊ နာနာထပ်၍ရိုက်၊ မြင်းသေသောအခါ ဆေးတိုက်ပါ၊ တုတ်မှာကန့်လန့်ဖြစ် မှန်တယ်နော် ဘရသေ့"

"မှန်လိုက်လေကွယ်၊ ငါ့တပည့် ဉာဏ်ထက်သားပဲ၊ နာရဒကော"

"မှတ်မိပါတယ် ဘရသေ့"

"ကဲ - ဒီနေ့အချိန်မရှိတော့ဘူး။ ပြန်ကြမယ်-လာ"

ပြောပြောဆိုဆိုနှင့်ပင် ဘရသေ့ ကြွသွားရာနောက် ရှင်ငယ်ညီနောင်တို့လည်း လိုက်လာကြ၏။

လမ်းတစ်ဝက်လောက်တွင် မိုးချုပ်သွားသည်။

တောကြီးမျက်မည်းဖြစ်သဖြင့် ချက်ချင်းမှောင်လာ၏။ ထိုအခါ ဘရသေ့သည် သူ၏ဝတ်ရုံထဲမှအရာတစ်ခုကို ထုတ်လိုက်သည်။ ထိုအရာမှာ နရွဲသီးသာသာခန့်သာရှိသော်လည်း အလင်းရောင်ကမူ ဘရသေ့နှင့်ရှင်ငယ်ညီနောင်တို့ကိုပါ အလင်းက လွှမ်းခြုံသွားသည်။ သို့သော် မီးရောင်လို အပူမရှိ အေးမြနေ၏။

ထိုအရာ၏ အလင်းရောင်နှင့်ပင် ဘရသေ့ကရှေ့မှသွား၊ ရှင်ငယ်ညီနောင်တို့က နောက်မှလိုက်နှင့် မကြာမီ ဘရသေ့၏ကျောင်းသင်္ခမ်းကိုရောက်လာကြလေသည်။

□

"အစ်ကို စိတြ"

"ဘာလဲ နာရဒ"

"ဘရသေ့က ငါတို့ကိုခေါ်တာ ပြောတာကိုလေ"

"မင်းဘာကိုဆိုလိုတာလဲ"

အစ်ကို သတိပြုမိလား၊ ငါတို့ကို ဘရသေ့က ရှင်ယောင်ငယ်တို့လို့ပြောတာကိုလေ"

"အေးဟ၊ ငါလည်း ငါ့ညီပြောမှ သတိရတယ်။ ဟုတ်တယ်၊ ငါတို့ရောက်စက ငါတို့ကို ရှင်ငယ်ညီနောင်လို့ခေါ်တယ်။ ဟိုဂူထဲဝင်သွားပြီးပြန်ထွက်လာကတည်းက ငါတို့ကို ရှင်ယောင်ငယ်လို့ပဲ ခေါ်တော့တယ်။ ငါ့ညီပြောတာ အဲဒါ မဟုတ်လား"

"ဟုတ်တယ်လေ၊ ငါတို့က ရှင်ယောင်မှမဟုတ်တာ၊ သာမဏေပဲ။ ရှင်ပဲ၊ ကိုရင်ပဲ။ အဲဒါ ငါတို့ကို ဘရသေ့က ဘာလို့ ရှင်ယောင်ငယ်တို့လို့ခေါ်ရတာလဲ"

"အေးကွ၊ ငါတို့စိတ်ဆိုးပြီးပြန်သွားကြမလားလို့ စိတ်စမ်းတဲ့သဘောနဲ့များ တမင်နှိမ်ခေါ်ကြည့်တာလား မသိဘူးနော်။ အေး၊အေး - တစ်ခုတော့ရှိတယ်ကွ။ ငါတို့ လောင်းကြက်မှာနေခဲ့ကြတုန်းက နေ့စဉ်မဟုတ်တောင် လဆန်းပက္ခ၊ လဆုတ်ပက္ခတွေမှာတော့ ဆရာဘုန်းကြီးဆီမှာ သီလထပ်ယူကြရတယ် မဟုတ်လား။ ခု ဘရသေ့ဆီ ရောက်နေတာလည်း သုံးလေးလရှိပြီဆိုတော့ တို့သီလ တစ်ခါမှ မထပ်ယူကြရတော့ဘူး၊ အဲဒါကြောင့် ငါတို့ကို ရှင်သာမဏေတွေ မဟုတ်တော့ဘူး၊ သင်္ကန်းဝတ်ထားပေမယ့် ရှင်မဟုတ်တော့ဘူးဆိုတဲ့သဘောနဲ့ ရှင်ယောင်ငယ်တို့လိုများခေါ်နေလားမှ မသိတာ"

"အစ်ကိုပြောတာလည်းဖြစ်တော့ ဖြစ်နိုင်တယ်။ ဒါပေမယ့် ငါတို့စိတ်ကို သိချင်လို့ တမင်ချိုးနှိမ်ပြီးခေါ်ခေါ်၊ ငါတို့ကို ရှင်သာမဏေတွေ မဟုတ်တော့ဘူး လို့ပဲပြောပြော အစ်ကိုစိတြ"

"အင်း- ပြောပါဦး"

"ဘယ်လိုပဲခေါ်ခေါ်၊ ဘယ်လိုပဲ ပြောပြော၊ ဘယ်လိုပဲစိတ်စမ်းစိတ်စမ်း၊ နောက်ဆုံးကုန်ကုန်ပြောမယ် အစ်ကိုရာ ရိုက်ရိုက်ပုတ်ပုတ်၊ နှင်လွှတ်နှင်လွှတ်၊ သတ်သတ်သေသေ ဘရသေ့ဆီက ရှိန်းဆာယာပိုမောက် ကိုယ်ပျောက်တဲ့ အတတ်၊ ရုပ်ပြောင်းနာမ်ခွဲအတတ်၊ သက်ပြောင်းရုပ်ခွာအတတ်၊ ရုပ်ပြောင်းရုပ်လွှဲ၊ နာနာရုပ်အတတ်ကို မသင်ပေးမချင်း ငါတို့ညီအစ်ကို ဘရသေ့ဆီက မပြန်ကြစတမ်းနော် အစ်ကို"

"အေး - ငါလည်း မင်းပြောသလိုပဲ မှန်းထားတယ်။ နာနာရုပ်အတတ်ကို မတတ်မချင်း ငါတို့ လောင်းကြက်ကို မပြန်ဘူးကွ"

"အစ်ကို၊ ဒါ တကယ်ကတိနော်"

"မင်းမှာသစ္စာ၊ လူမှာကတိတဲ့ဟေ့။ တောစောင့်နတ်၊တောင်စောင့်နတ်၊ဘုမ္မစိုး၊ ရုက္ခစိုး၊ ဒီနေရာတစ်ဝိုက်၌ရှိကြကုန်သော ဘီလူး၊ ယက္ခ၊ ဂန္ဓဗ္ဗတို့ကို တိုင်တည်ပါတယ်။ ငါတို့ညီအစ်ကို နာနာရုပ်အတတ်ကိုမတတ်မချင်း ဘရသေ့ဆီက မပြန်ဘူးဟေ့"

သူ့အစ်ကို စိတြ တိုင်တည်ပြောသည်ကို သဘောကျ၍ နာရဒကလည်း သူ့အစ်ကိုမျက်နှာကိုကြည့်ကာ လက်သီးလက်မောင်းတန်း၍ ကြွေးကြော်လိုက်သည်။

"နာနာရုပ်အတတ်ကိုမတတ်မချင်း တို့လောင်းကြက်ကို မပြန်ဘူးဟေ့၊ မပြန်ဘူး"

"အေးကွ - သတ်ရင်တောင် နှစ်ယောက်စလုံးကိုတော့မသတ်နိုင်ဘူးကွ။ တစ်ယောက်တော့ကျန်မှာပဲ။ ငါ့ညီကျန်ကျန်၊ ငါကျန်ကျန် ကျန်တဲ့လူ နာနာရုပ်အတတ်ကိုတတ်ရင် တို့ကျေနပ်ပြီကွ၊ တို့ကျေနပ်ပြီ"

ပြောရင်းက အစ်ကိုဖြစ်သူ စိတြမှာ နာနာရုပ်အတတ်ကို အလွန်တတ်ချင်စိတ်ထက်သန်နေရာ တစ်ခါထပ်ပြီး လက်သီးလက်မောင်းတန်း၍ပင် ကြွေးကြော်လိုက်ပြန်၏။ ပြီးတော့မှ -

"ငါတို့အထူးသတိထားကြဖို့ ငါ့ညီကို အစ်ကိုတစ်ခုပြောဦးမယ်"

"ဟုတ်ကဲ့ပါ အစ်ကို ပြောပါ"

"ဘရသေ့က ငါတို့ကို ရွှေပေးပေး၊ ငွေပေးပေး၊ စိန်ပေးပေး အို-ဘာပေးပေးကွာ နာနာရုပ်အတတ်ကလွဲလို့ ငါတို့ ဘာမှမလိုချင်ဘူးပြောရမယ်။ မင်းတွေ့လား တစ်နေ့ကလေ"

"ဘာလဲ အစ်ကို"

"ငါတို့ကို ဟိုကန့်၊ ဆေးဒန်း၊ ဒုတ္ထာ၊ မြင်းသီလာတွေရှိတဲ့တောင်ကို ခေါ်သွားပြီး ဝိဇ္ဇာတွေ ဆေးဖမ်းတဲ့အကြောင်း၊ အဲဒီဟာတွေ သိဒ္ဓိတစ်ခုခုပြီးတဲ့အကြောင်း တို့ကိုပြောတာ။ ကန့်၊ ဆေး၊ ဒုတ္ထာ၊ မြင်းသီလာ နာနာအမှုန့် ကြိတ်ဆိုတာ တို့ကို ပရိယာယ်နဲ့သင်ပေးတာများလား မသိဘူး။ အဲဒါ သုံး လေး ခါ တို့ကိုထပ်ပြောတာလေ။ မင်းအဲဒါ ရိပ်မိပါ



www.burmeseclassic.com

www.burmeseclassic.com

သေးတယ်နော်"

"ဟုတ်ကဲ့-ရပါသေးတယ် အစ်ကို"

"အေး - အဲဒါ တခြားမဟုတ်ဘူး ကွ။ ဘရသေ့ ကျုပ်တို့တပည့်ညီနောင်ကို ဝိဇ္ဇာမိုရ်ဖြစ်အောင်သင်ပေးပါ၊ ဝိဇ္ဇာလမ်းကိုပြပါလို့များပြောလာလေမလားလို့ တို့ကိုစိတ်စမ်းတာဖြစ်မယ်"

"ဟုတ်မယ် အစ်ကို၊ အဲဒါဖြစ်နိုင်တယ်"

"ဖြစ်နိုင်တယ်လုပ်မနေနဲ့ကွ၊ ငါပြောတာ ဟုတ်ကိုဟုတ်ရမယ်။ အဲဒီတော့ ရှင်ယောင်ငယ်တို့ ဝိဇ္ဇာမိုရ်မဖြစ်ချင်ဘူးလား။ ဝိဇ္ဇာလုပ်မလားလို့ တစ်နေ့ကျ မေးကောင်းမေးလာလိမ့်မယ်။ ဘရသေ့ ငါတို့ကို ဘယ်လိုမေးမေး၊ နာနာရုပ်အတတ်ကလွဲပြီး ဘာမှမတတ်ချင်ဘူး၊ မသင်ချင်ဘူးလို့ချည်း ငါတို့ဘူးချည်းပြောရမယ်။ ပစ္စည်းဥစ္စာအနေနဲ့ဆိုရင်လည်း ရွှေ ငွေ၊ စိန်ကျောက်ဘာပေးပေးမယူဘူး၊ မလိုချင်ဘူး။ တပည့်တို့လိုချင်နေတာက နာနာရုပ်အတတ်၊ ရှိန်းဆာယာပိုမောက် ကိုယ်ပျောက်အတတ်၊ ရုပ်ပြောင်းနာမ်ခွာအတတ်၊ သက်ပြောင်းရုပ်ခွာအတတ်၊ရုပ်ပြောင်းရုပ်လွှဲအတတ်၊ နာနာရုပ်အတတ်ကလွဲရင် ဘာဆိုဘာမှ မလိုချင်ဘူးချည်း ပြောကြရမယ်နော်။ နောက်ဆုံးကွာ ကုန်ကုန်ပြောရရင် နတ်သမီးတစ်ယောက်စီပေးလိုက်မယ်၊ ပြန်သွားကြဆိုတောင် ငါတို့မယူဘူး၊ မပြန်ဘူးကွနော် ဟုတ်လား"

"ဟုတ်ကဲ့ပါအစ်ကို၊ အစ်ကို့ညီကို စိတ်ချပါ"

တစ်မနက်တွင် စိတြနှင့်နာရဒတို့ ဤသို့ တီးတိုးတီးတိုး တိုင်ပင်နေကြစဉ် အမိဌာန်ပုတီးစိပ်နေရာကထလာသော ဘရသေ့က -

"ရှင်ယောင်ငယ်တို့ တီးတိုးတီးတိုးနဲ့ ဘာတွေတိုင်ပင်နေကြတုံး။ လောင်းကြက်ကိုပြန်ချင်ကြပလား"

ဟုမေးလာ၏။

"မဟုတ်ပါဘူး ဘရသေ့၊ မပြန်ချင်ကြပါဘူး။ ဘရသေ့ဆီက ပညာမရမချင်း တပည့်တို့ လောင်းကြက်ကိုပြန်ဖို့ အကြောင်းမရှိပါ"

"ဟုတ်လား၊ ဘရသေ့ဆီက ဘာပညာကိုလိုချင်ကြတာတုံး"

"နာနာရုပ်အတတ်ပါ ဘရသေ့"

"ဟေ. . ."

ဘရသေ့သည် စိတြစကားကို အလွန်အမင်း အံ့ဩသွားသလိုနှင့် မျက်နှာတည်သွားကာ ချက်ချင်းစကား လှီးလွှဲပစ်လိုက်၏။

"မသိဘူးလေကွယ်၊ ဘရသေ့က ရှင်ယောင်ညီနောင်ငယ်တို့အရပ်ကိုလွမ်းပြီးပြန်မယ့်အကြောင်းများတိုင်ပင်နေကြလားလို့ပါ"

"မဟုတ်ပါဘူး ဘရသေ့၊ တပည့်တို့ လောင်းကြက်ကို ပညာမစုံမချင်း မပြန်ကြ. . ."

"ဟုတ်လား၊ ကဲကဲ-မပြန်ချင်ကြသေးဘူးဆိုရင် ဘနဲ့လိုက်ခဲ့ကြပါဦးကွယ်"

စိတြစကားအဆုံးကိုပင် မစောင့်ဘဲ ဘရသေ့က လိုက်ခဲ့ကြပါဦးဆိုတော့လည်း စိတြနှင့် နာရဒတို့မှာ ဘရသေ့နောက် ကျိုးကျိုးနွံနွံပင်လိုက်ပါလာကြရပြန်သည်။

❑

ယခင်တစ်နေ့ကလိုပင် တောတောင်ကန္တာရတွေကိုဖြတ်ကျော်လာကြရ၏။ မည်သည့်အရပ်ကိုသွားနေမှန်းမသိသော ဘရသေ့နောက်ကိုလိုက်လာကြ၏။ ရေတံခွန်ကြီးများမှာ မော့ကြည့်၍ပင် အဆုံးမမြင်ရ။ ရေတံခွန်ကျောက်တောင်ကြီးတွေမှာ မိုးသားတိမ်တိုက်ထဲ ထိုးဝင်နေကြသည်။ ရှင်ငယ်ညီနောင်တို့၏စိတ်ထဲမှာ ဟိမဝန္တာက သတ္တရာဘန်တောင်စဉ်ခုနစ်ထပ်ကိုများ ရောက်လာကြလေသလားဟု ခံစားမိလိုက်ကြရ၏။

ထိုအချိန်မှာပင် ဘရသေ့ဆီက အသံထွက်လာသည်။

"ရှင်ယောင်ငယ်တို့၊ အပေါ်ချည်း မော့ကြည့်မနေကြနဲ့၊ ချော်လဲဦးမယ်။ အောက်ကိုလည်းသတိနဲ့ကြည့်သွားကြ"

ဟု ပြောသဖြင့် ရေတံခွန်ကြီးတစ်ခု၏အောက်ကိုငုံ့ကြည့်လိုက်ရာ တစ်ကိုယ်လုံး ကြက်သီးထသွားကြသည်။ အသူတစ်ရာမက နက်ရှိုင်းသော ရေတံခွန်ကြီး စီးဆင်းသွားရာအောက်တွင် ပင်လယ်ကြီးတစ်ခုကို မြင်လိုက်ကြရသည်။

မကြာပါချေ၊ နေရောင်မဟုတ်သော အလင်းရောင်တစ်မျိုးက သူတို့ကိုယ်ပေါ်ထင်ဟပ်လာသဖြင့် မြေပြင်တစ်ခုလုံးကိုငုံ့ကြည့်လိုက်ရာ မြေပြင်တစ်ခုလုံးမှာ ဖြူရော်ရော်အရောင်တွေယှက်ဖြာနေသည်ကိုမြင်ကြရသည်။ သူတို့နင်းသွားနေကြသောကျောက်ပြင်ပေါ်မှထွက်လာသောအရောင်တို့မှာ သူတို့ ခြေဖမိုး၊ ခြေမျက်စိတို့၌ပင် အမျှင်တန်း၍ထင်ဟပ်နေသည်။

ရှင်ငယ်ညီနောင်က ဘရသေ့နောက်ကို ထက်ကြပ်မကွာလိုက်ပါလာကြရာ နောက်ထပ်တစ်နေရာမှာလည်း ကျောက်သားပြင်တစ်ခုလုံး ရောင်စဉ်တွေ ပြိုးပြက်အမျှင်အတန်းတွေနှင့် ပြေးလွှားယှက်ဖြာနေသည်။ ရှေ့ကိုဆက်အလှမ်းတွင် ရှင်စိတြက -

"ဘရသေ့"

ဟု လန့်သွားသလိုနှင့် ခေါ်လိုက်ရာ ရှေ့ကသွားနေသော ဘရသေ့က ခြေလှမ်းတုံ့၍နောက်ကိုလှည့်ကြည့်၏။

"ဘာလဲ စိတြ"

"ဒီတောင်က လူကိုယ်ပေါ်တောင် အရောင်တွေလာကပ်နေပါလားဘရသေ့၊ ဘာတောင်ခေါ်ပါသလဲ"

"ဘော်ကောင်းတော့သောင်းထိုက်၊ ရွှေကောင်းတော့ ဖယောင်းဖြစ်တဲ့ ကြားဖူးကြလား"

"မကြားဖူးကြပါ ဘရသေ့"

"မကြားဘူးတာပဲကောင်းပါတယ်၊ လာ လာ လာကြ"

ဘရသေ့အနောက်လိုက်လာကြ၍ ဘာမှမကြာလိုက်။ စောစောက လူကိုယ်ပေါ်လာကပ်နေသောအရောင်ထက်ပင် ဖြူဖွေးယှက်လိမ်နေသော ဆံခြည်မျှင်များလို အရောင်မျှင်တွေက ကိုယ်ပေါ်လာဟပ်ပြီး ရှင်ငယ်ညီနောင်တို့၏ကိုယ်ပေါ်တွင်လျှောက်ပြေးယှက်ဖြာနေသည်။

"ဒီတောင်ကတော့ အဘ"

စိတြနှင့် နာရဒ ရှင်ငယ်ညီနောင်တို့မှာ ပညာလိုလားသူများဖြစ်ကြသဖြင့် ထူးထူးဆန်းဆန်းတွေ့ရကြုံရတိုင်း သူတို့ဆရာ ဘရသေ့ကို တစ်လမ်းလုံးရောက်သည့်နေရာတိုင်း၌ မေးလာကြ၏။

"ဒီတောင်က ငွေတောင်ခေါ်တယ် ရှင်ယောင်ငယ်တို့။ ခြေရင်းတအခဲ၊ အလုံး၊ အချောင်းတွေကိုကောက်ပြီး ပွတ်ကြည့်ကြ။ အကုန်ငွေရိုင်းတုံးတွေချည်းပဲ"

ဘရသေ့ကကောက်ပြီးပွတ်ကြည့်ကြဆိုသဖြင့် စိတြနှင့် နာရဒတို့သည် သူတို့ခြေရင်းက ကျောက်ခဲလိုဖြစ်နေသော အခဲနှစ်ခဲကိုတစ်ယောက်တစ်ခဲစီကောက်ပြီး ပေါင်ကအဝတ်ပေါ်တိုက်ပွတ်ကြည့်ကြသည်။ ဘရသေ့ပြောသည်မှာမှန်၏။ ငွေရောင်ထွက်လာ၏။

လက်ထဲက ငွေရိုင်းခဲနှစ်ခဲကိုကိုင်ထားရင်း ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်ရာ သူတို့လက်ထဲက ငွေရိုင်းခဲ[illegible] ငွေရိုင်းတုံးများမှာ ပုံစံအမျိုးမျိုးနှင့် တ[illegible] တောင်လုံးပြည့်နေ၏။ ဤသည်ကို စိတြက-

"ဘရသေ့ အများကြီးပဲနော် ငွေ



www.burmeseclassic.com

www.burmeseclassic.com

ရိုင်းတုံးတွေက တစ်တောင်လုံးပြည့်နေတာပါပဲလား"

"ဒါကဘာမျှားသေးလို့လဲကွယ်။ အောက်မှာ အစိုင်အခဲတွေက ယူဇနာများစွာရှိနေသေးတယ်။ ရှင်ယောင်ငယ်တို့ကိုယ်ပေါ်ယှက်ဖြာလာတဲ့ အဖြူတန်းတွေက ကြီးမားတဲ့ အောက်ငွေတောင်ကြီးထဲကထွက်ပေါ်နေတဲ့ရောင်စဉ်တန်းတွေပဲ။ ရှင်ယောင်ငယ်တို့လိုချင်ရင် နိုင်သလောက်ကောက်ယူလာကြ"

ဘာရသေ့က လိုချင်လျှင်နိုင်သလောက် ကောက်ယူလာကြဆိုတော့မှ ရှင်ငယ်ညီနောင်တို့မှာ ဘာပေးပေး ဘာတွေ့တွေ့မယူဘဲ နာနာရုပ်အတတ်ကိုသာ တတ်အောင်သင်ကြမည်ဟု ကတိပြုလာကြသည်ကို ချက်ချင်းသတိရ၍ လက်ထဲက ငွေရိုင်းခဲတွေကို ကမန်းကတန်းပစ်ချလိုက်ကြသည်။ နှုတ်မှလည်း -

"တပည့်တို့ မလိုချင်ပါဘူး ဘာရသေ့"

ဟု အပြိုင်ပြောမိလိုက်ကြ၏။

"ဒါဆို လာ၊ လာကြ"

ဟု ဆိုပြန်ရာ ရှင်ငယ်ညီနောင်တို့မှာ ဘာရသေ့နောက် ဖဝါးမကွာလိုက်လာကြရပြန်၏။

အတန်ကြာသွားမိကြသောအခါ ဘာရသေ့နှင့် ရှင်ငယ်ညီနောင်တို့ ကိုယ်ပေါ်တွင် ဝါထိန်သောအရိပ်တစ်ခုသည် တဖြည်းဖြည်း လင်းလက်ထိုးကျလာပြန်၏။ ထိုဝါထိန်သောအရိပ်မှာ ဘာရသေ့နှင့် ရှင်ငယ်ညီနောင်တို့ကိုယ်ပေါ်၌သာမဟုတ် ပတ်ဝန်းကျင်ရှိ ကျောက်တုံး၊ ကျောက်ခဲ၊ မြက်၊ သစ်ပင်၊ ချုံပုတ်များပါ မကျန် ဝါထိန်လင်းလက်သောအရောင်တွေက ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းခြုံနေလေသည်။

ရှင်ငယ်ညီနောင်တို့မှာ အံ့ဩမိကြသော်လည်း ဘာရသေ့က ခြေလှမ်းမရပ်ဘဲလျှောက်သွားနေရာ ရှင်ငယ်ညီနောင်တို့မှာလည်း ဘာရသေ့နောက်ကိုသာ အမီလိုက်လာနေကြရသည်။ ဝါထိန်သောအရောင်တို့မှာ သွားရင်းလာရင်း တဖြည်းဖြည်းနှင့်ပို၍ လင်းထိန်ယှက်ဖြာလာသည်။

ရှင်ငယ်ညီနောင်တို့ တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြရာ သူတို့နှစ်ယောက်မှာ ရွှေရောင်ထွက်နေသော ရွှေရုပ်ရွှေတုံးလိုဖြစ်လာကြသည်။ သူတို့သာမဟုတ် ရှေ့ကသွားနေသော ဘာရသေ့မှာလည်း ဒေါက်ခြာ၊ ဝတ်ရုံနှင့်တကွ တစ်ကိုယ်လုံး ရွှေရုပ်ရွှေတုံးအဖြစ်နှင့် လှမ်းကြွနေသည်ကို မြင်နေရ၏။

ဝါထိန်ဝင်းတောက်နေသောတောင်ကြီးတစ်တောင်ကို လှမ်းမြင်လိုက်ရသောအခါမှာတော့ ရှင်ငယ်ညီနောင်တို့မှာ အံ့ဩတကြီးနှင့်ခြေလှမ်းပင်တုံ့မိသွားကြ၏။ ထိုဝါထိန်နေသောတောင်ကြီးကို တောင်ကြီးတောကြီးတွေက ပတ်ပတ်လည် ဝိုင်းရံထား၏။ တောကြီးတောင်ကြီးထဲတွင် ထိုတောင်ကြီးမှာ အရောင်တပြောင်ပြောင်နှင့် မိုးထိတမျှထီးတည်းတည်နေသည်။

"ဘာရသေ့၊ ဒီတောင်ကရွှေတောင်ကြီးပေါ့နော်၊ ဟုတ်ပါသလား"

"ဟုတ်ပါတယ်၊ ရွှေစိမ်းတောင်လို့ခေါ်တယ်။ ဒီရွှေစိမ်းတွေကို သန့်စင်အောင်လှော်လိုက်ရင် ရွှေတကာ့ရွှေထဲမှာ သိင်္ဂီရွှေလှော် ပုရပိုက်ခေါက် ရွှေဖယောင်းစစ်စစ်ကိုရတယ်"

"မှန်လှပါ၊ ရွှေတောင်ကြီးက အံ့မခန်းပါလားနော်၊ ဘာရသေ့။ ဘယ်လောက်ယူယူ ဗိုလ်ခြေတစ်ထောင်၊ ဗိုလ်ခြေတစ်သောင်း၊အကွောဘိဏီတပ်တွေလာယူကြလို့တောင် ကုန်နိုင်စရာမရှိပါလား ဘာရသေ့"

"ဟုတ်တယ်၊ ဘယ်လောက်ယူယူ ကုန်နိုင်ဖွယ်မရှိဘူး။ မဟာပထဝီမြေကြီးထဲမှာလည်း ယူဇနာပေါင်းများစွာရှိနေသေးတယ်။ ရှင်ယောင်ငယ်တို့ ဟိုအစွန်းအစအငုပ်အပဲ့တွေကိုဖွဲ့ပြီးလိုသလောက်ယူကြ"

ဘာရသေ့က သူတို့ညီနောင်ကို မတ်တတ်ရပ်ကြည့်နေပြီးပြော၏။

"တပည့်တို့ မလိုချင်ပါဘူး ဘာရသေ့"

စိတြနှင့် နာရဒတို့က ပြိုင်တူပြောလိုက်ကြ၏။

"ဟော့ - ရွှေလည်းမလိုချင်၊ ငွေလည်းမလိုချင်ဘူး ဆိုတော့ ရှင်ယောင်ငယ်တို့ ဘာလိုချင်လို့ ဘာရသေ့နောက် ကလိုက်နေကြတာတုံး"

"ဘာရသေ့ဆီက တပည့်တို့ နာနာရုပ်အတတ်ကိုသာ လိုချင်ပါတယ် ဘာရသေ့"

"ဟယ်-ဒီတစ်ခါမှခက်ကပြီ။ ငွေလည်းမလိုချင်၊ ရွှေလည်းမလိုချင်တော့ ကဲ - လာ၊ လာ အချိန်ရှိတုန်းသွားလိုက်ကြရအောင်"

ရွှေတောင်ကြီးနားကထွက်လာကြ၏။

မကြာပါချေ။ သူတို့ကိုယ်ပေါ်မယုံကြည်နိုင်လောက်အောင် ဖြူလဲ့တောက်ပသောအရောင်တွေ ထင်ဟပ်လာပြီး ဖြူလဲ့တောက်ပနေသော တောင်ကြီးတစ်တောင်ကို ရှေ့ကဆီး၍တွေ့နေကြရပြန်၏။

"ဒီတောင်ကကော ဘာရသေ့၊ ဘာတောင်ခေါ်ပါသလဲ"

"ဒါ စိန်တောင်ခေါ်တယ်။ ဒါ ကျောက်ကဖြစ်တဲ့ စိန်တောင်ကြီးပေါ့။ ပထဝီမြေကြီးကို အမှီပြုပြီး ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြားကစပြီး အားလုံးဟာ မြေကဖြစ်တာချည်းပဲ။ အဲဒါကြောင့်လည်း သူတို့ဟာ မြေကြီးထဲမှာ မြေကိုအမှီပြုပြီး မြေပေါ်မှာတည်နေကြတာ၊ နောက်ဆုံး အားလုံးဟာ သူတို့လာရာ မြေထဲပဲပြန်သွားကြရမှာ ဟုတ်လား"

"မှန်လှပါ"

"ကဲကဲ- ရှင်ယောင်ငယ်တို့လိုချင်သလောက် စိန်တွေယူကြပါ။ ဘာရသေ့ ဒီကခဏနားပြီးစောင့်နေပါ့မယ်"

"တပည့်တို့ မလိုချင်ပါဘူး ဘာရသေ့"

"မလိုချင်တော့လည်း ကဲ - လာ၊ လာ သွားကြစို့"

ဒီလိုနှင့်လာလိုက်ကြရာ အစိမ်း၊ အနီအရောင်တန်းများ တစ်ခုနှင့်တစ်ခု ရောယှက်ရက်ကန်းချည်ထိုးနေကြသော တောင်နှစ်လုံးကြားကို ရောက်လာကြသည်။ တောင်နှစ်လုံးစီ၏တစ်ဖက်အဆုံးစီမှာ မျက်စိတစ်ဆုံးရှည်လျားနေသည်။ ရောင်စဉ်ရောင်တန်းတွေကလည်း ညနေဆည်းဆာနေရောင်ကို ထိုးဖောက်၍ ရောယှက်သွယ်တန်း ရက်ကန်းချည်ထိုးနေသည်။

"ဘာရသေ့၊ အရောင်တန်းတွေ ရက်ကန်းချည်ထိုးရောယှက်နေကြတာ အံ့ဖွယ်ပါပဲ။ ဘာတောင်တွေခေါ်ပါသလဲ ဘာရသေ့"

ရောင်စဉ်တန်းတွေရက်ကန်းချည်ထိုးရောယှက်နေကြသည်ကို တအံ့တဩကြည့်၍ နာရဒက သူ့အစ်ကိုစိတြထက်ဦးအောင်မေးလိုက်၏။

"ဒီဘက်ကတောင်က မြတောင်၊ ဟိုဘက်ကတောင်က ပတ္တမြားတောင်ခေါ်တယ်။ ခု ရှင်ယောင်ငယ်တို့မြင်နေရတဲ့အရောင်တွေ ရက်ကန်းချည်ထိုးရောယှက်နေတာ မလှဘူးလား"

"အလွန်လှပါတယ် ဘာရသေ့"

"ဒါဘာဟုတ်သေးလို့လဲကွယ်၊ လူတွေရဲ့ပသာဒမှာ အလွန်လှပတယ်လို့ မြင်ကြရတဲ့ ရတနာတိုးပါးတွေရောယှက်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့တောင်တွေ အများကြီးအများကြီး ရှိပါသေးတယ်။ ဒီနေ့ လဆုတ်လား၊ လဆန်းလား ရှင်ငယ်တို့ မှတ်မိလား"

"မှတ်မိပါတယ်ဘရသေ့၊ လဆုတ်ပက္ခပါ"

"ဘယ်နှရက်လဲ"

"လဆုတ်ခုနစ်ရက်ပါ"

"ဒါဆို တော်တော်နဲ့ဆာယ်လထွက်ဦးမလဲ။ လထွက်လာရင် နီလာပတ္တမြားအရှင်တွေ ပြေးလွှားပျံသွားမြူးထူးနေကြသော ရှင်ယောင်ငယ်တို့ကို ပြချင်လို့ပါ။ ခုတော့ အခွင့်မသာသေးဘူး။ ဒီတော့ ရှင်ယောင်ငယ်တို့ ဒီက မြခဲ၊ ပတ္တမြားခဲတွေကို လိုချင်သလောက်သာယူလာကြပေတော့"

"တပည့်တို့ မလိုချင်ပါဘူး ဘရသေ့"

"ဟော - ရွှေ ငွေ၊ စိန်၊ ကျောက်ကိုလည်းမလိုချင်၊ မြသားပတ္တမြားကိုလည်း မလိုချင်ဆိုတော့ ပြီးရောပေါ့။ ကဲ၊ ကဲလာ၊ လာ မြန်မြန်သွားကြမယ်"

ဘရသေ့အမိန့်ရှိသည့်အတိုင်း မြတောင်နှင့်ပတ္တမြားတောင်ကြားက ခရီးဆက်လာကြပြန်သည်။ ရေတံခွန်တစ်ခုနားအရောက်မှာ တောစာငှက်ပျောတစ်ခိုင်ဝင်းမှည့်နေသည်ကို မြင်ရ၏။ ငှက်ပျောသီးမှည့်ကို ကျေးငှက်တွေထိုးဆိတ်စားနေကြ၏။

"ရှင်ယောင်ငယ်တို့လည်း ဆာကြရောပေါ့"

တစ်နေ့လုံးထူးထွေဆန်းပြားသော ရွှေတောင်၊ ငွေတောင်၊ စိန်တောင်၊ မြတောင်၊ ပတ္တမြားတောင်တို့ကို တွေ့တိုင်းတွေ့တိုင်း အံ့ဩမိပြီး အစာစားချင်ခြင်း၊ ဆာလောင်မွတ်သိပ်ခြင်းတို့သတိသည်ပင် ကိုယ်၌မရှိကြရာ ယခု ဘရသေ့က 'ဆာကြရောပေါ့' ဆိုတော့မှ ဗိုက်ဆာလာကြ၏။

"ကဲ - ဗိုက်ဆာရင် အဲဒီငှက်ပျောသီးတွေသွားစားကြ။ ဘရသေ့ဒီကခဏနားနေမယ်"

ဘရသေ့က သွားစားကြဟု ဆိုသော်လည်း ရှင်ငယ်ညီနောင်တို့မှာ နေလွဲညစာစားမစားကို ဘရသေ့က တမင်စမ်းသပ်ခြင်းလာဟု တွေးမိလိုက်ကြရာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး သွားစားသင့်၊ မသင့်တွေဝေနေကြစဉ် -

"ရှင်ယောင်ငယ်တို့ ဟိုမှာမျောက်တစ်အုပ်ဆင်းလာနေပြီ။ မြန်မြန်သွားခူးစားကြလေ"

ဘရသေ့ လက်ညှိုးညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရာ ရေတံခွန်တောင်စောင်းဘက်က ဧရာမမျောက်ကြီးတစ်အုပ်ဆင်းလာနေသည်ကို လှမ်းမြင်လိုက်ကြရသည်။ မျောက်ကြီးတွေမှာ သူတို့တစ်ခါမှမမြင်ဘူး၊ မတွေ့ဘူးကြသော လူတစ်ယောက်ဖက်ခန္ဓာကိုယ်ကြီးတွေနှင့် မျောက်ကြီးများဖြစ်သည်။

ထို့ကြောင့် ဘရသေ့ကလည်း ခွင့်ပြုစကားဆိုထားသည့်ပြင် ထိုအချိန်ကျမှ ဗိုက်ကလည်း တကယ်ဆာလာသဖြင့် ဝင်းမှည့်နေသောငှက်ပျောခိုင်မှငှက်ပျောသီးတစ်ဖီးကို စိတ်ကြကကမန်းကတန်းသွားခူးယူပြီး ဘရသေ့အနားမှာပင် ထိုင်စားလိုက်ကြသည်။

ငှက်ပျောသီးစားရင်း မျောက်အုပ်ကြီးကို လှမ်းကြည့်နေကြရာ ဆူညံစွာအော်ဟစ်လာကြသော မျောက်အုပ်ထဲမှ မျောက်တောင်းကြီးတစ်ကောင်သည် ငှက်ပျောခိုင်ကို အလုအယက် လှမ်းဆွဲလိုက်ရာ အပင်ပါကျွတ်ထွက်ပါသွားသည်။

အပင်ပါကျွတ်ထွက်ပါလာသော ငှက်ပျောခိုင်ပင်ကို မျောက်တောင်းကြီးကဆွဲပြီး တောင်ပေါ်သို့ တက်ပြေးသွားရာ ကျန်မျောက်များက ဆူညံစွာအော်ဟစ်၍ ထိုမျောက်ကြီးနောက် ပြေးလိုက်သွားကြသည်။

ပြေးလိုက်သွားကြသော မျောက်အုပ်ကိုကြည့်ရင်း ဘရသေ့အနားတွင် ငှက်ပျောသီးထိုင်စားနေကြရ၏။ ရှင်သူငယ်ညီနောင်တို့ ငှက်ပျောသီးထိုင်စားနေကြသည်ကို ဘရသေ့ကပြုံးဖြီးဖြီးကြည့်ပြီးရယ်၏။

သူတို့ကိုကြည့်ပြီး ဘရသေ့က ရယ်နေသောအခါ ရှင်ငယ်ညီနောင်တို့မှာ ဘရသေ့ 'ဘာကိုရယ်နေပါလိမ့်' ဟု ကြောင်အမ်းအမ်းဖြစ်သွားကြသည်။

ထိုအခါ ဘရသေ့က -

"သာမဏေတွေလည်း နေ့လွဲညစာစားလား"

"သာမဏေတွေက နေ့လွဲညစာမစားရပါဘူး။ တပည့်တို့ သာမဏေတွေစောင့်ထိန်းရတဲ့သိက္ခာပုဒ်မှာ ဝိကာလဘောဇနာ ပါပါတယ် ဘရသေ့။ ဒါပေမယ့် တပည့်တို့က ဘရသေ့ခိုင်းရင် ဘာမဆိုလုပ်ရဲလုပ်ဝံ့ပါတယ် ဘရသေ့။ အခုလည်း ဘရသေ့ကမြန်မြန်ခူးစားကြပြောလို့စားဝံ့ကြတာပါ"

"ဟော"

ဘရသေ့က အထိတ်အလန့်ရေရွတ်လိုက်ပြီးမျက်နှာတစ်ချက်တည်သွား၏။ ရှင်ငယ်ညီနောင်တို့သည် သူ့စကားကိုမြေဝယ်မကျနားထောင်လိုက်နာတတ်ကြသော တပည့်စစ်တပည့်မှန်တပည့်ကောင်းတွေဟု ဘရသေ့ ယုံကြည်သွားပုံရ၏။

သို့သော် တပည့်ကောင်းနှစ်ယောက်ကိုရထားသော ဘရသေ့သည် ဘာကြောင့်မျက်နှာတစ်ချက်တည်သွားသည်ကိုတော့ ရှင်ငယ်ညီနောင်တို့မှာ မတွေးတတ်အောင်ဖြစ်သွားကြ၏။ မကြာမီ ထိုအကြောင်းကိုသိရတော့မည်ဟု လုံးဝမထင်မိကြသဖြင့် ရှင်ငယ်ညီနောင်တို့မှာ ဘရသေ့မျက်နှာကိုသာ အကဲခတ်ငေးကြည့်နေမိကြ၏။

ရှင်ငယ်ညီနောင်တို့ သူ့မျက်နှာတည်သွားသည်ကို ထိတ်လန့်သွားကြသည်ထင်၍လားမသိ၊ ဘရသေ့တဟားဟားရယ်လိုက်ပြီး-

"နေ့လွဲညစာစားကြတယ်ဆိုတော့ ခုမှရှင်ယောင်ငယ်တွေအစစ်ဖြစ်သွားကြပြီပေါ့"

ဟု ပြောပြီးရယ်ပြန်၏။

ထိုအခါမှ ရှင်ငယ်ညီနောင်တို့မှာလည်း ဘရသေ့နှင့်အတူ လိုက်ရယ်မိကြသည်။

"နေလုံးကိုတော့မမြင်ရတော့ဘူး။ ရှင်ယောင်ငယ်တို့လည်း ဗိုက်ပြည့်သွားကြပြီဆိုတော့ ကဲ - သွားကြမယ်"

ပြောပြောဆိုဆိုနှင့်ပင် ဘရသေ့ထလိုက်သောအခါ ရှင်ငယ်ညီနောင်တို့ကလည်း ဘရသေ့နှင့်အတူ ချက်ချင်းထလိုက်ကြ၏။

"ရှင်ယောင်ငယ်တို့ကို မရောက်ဘူးမပေါက်ဘူးတဲ့ အရပ်တကာလှည့်ပြချင်ဇောနဲ့ခေါ်လာမိတာ ခရီးကဘရသေ့တို့သခ်မ်းနဲ့ တော်တော်ဝေးသွားပြီ။ ဖြတ်လမ်းက ပြန်ကြမှဖြစ်တော့မယ်။ မနက်အရုဏ်မတက်မီ ဘရသေ့လည်း အမိဌာန်ပုတီးစိပ်ဖို့ရှိသေးတယ်။ လာလာ သွားကြမယ်"

ဘရသေ့ရှေ့ကနေကြွသောအခါ ရှင်ငယ်ညီနောင်တို့မှာလည်း နောက်တလိုက်ပါလာကြရသည်။

ရေတံခွန်တစ်ခုမှ စီးကျနေသော ရေစီးကြောင်းအတိုင်း အောက်ဘက်သို့ စုန်၍ဆင်းလာကြရာ ရေစီးကြောင်းမှာ ကျောက်တောင်ခေါင်းကြီးတစ်ခုထဲ စီးဝင်သွားတာတွေ့ရ၏။ ကျောက်တောင်ခေါင်းထဲစီးဝင်နေသောရေတွေမှာ အဖြူ တစီစီထ၍ပလုံတွေစီနေ၏။ ရေစီးထဲ



www.burmeseclassic.com

www.burmeseclassic.com

နေသောကျောက်ခေါင်းကြီးမှာ ရေပေါ်မှ လူတစ်ရပ်ခန့်လောက်ပင်အမြင့်ရှိ၏။ ကျောက်ခေါင်းဝအထက်တွင် ယင်ရွှပင်များပေါက်ရောက်နေကြသည်မှာ ချုံဖြစ်နေ၏။

"ကဲ - ရှင်ယောင့်ငယ်တို့လာကြ။ ဘရသေ့လက်မောင်းကို တစ်ယောက်တစ်ဖက်တွဲခိုပြီးမြဲမြဲကိုင်ထားကြ။ ဒီကျောက်ခေါင်းဝကနက်လည်းနက်တယ်၊ ရေစီးလည်းကြမ်းတယ်။ ဘရသေ့လက်မောင်းထဲကလွတ်မကျစေနဲ့နော်။ လွတ်ကျရင် ဘောဂဝတီအထိရောက်သွားလိမ့်မယ်။ မြဲမြဲသာကိုင်ထားကြ"

ဟု ရှင်ငယ်ညီနောင်ကို သတိပေးပြောဆိုပြီး သူ့တောင်ဝှေးကို လက်နှစ်ဖက်နှင့်ဖော်ကိုင်ကိုင်မြှောက်ပြီး တောင်ဝှေးအလယ်လောက်ကို ခေါင်းမှာတင်ထား၏။ ထိုအခါ ရှင်ငယ်ညီနောင်တို့မှာ တောင်ဝှေးကို ဖော်ကိုင် ကိုင်ထားသော ဘရသေ့၏လက်မောင်းတစ်ဖက်စီတွင် တစ်ယောက်စီ ခိုတွဲလိုက်ကြရသည်။

ရှင်ငယ်ညီနောင်နှစ်ယောက်က သူ့လက်မောင်းကို တစ်ယောက်တစ်ဖက်စီးခိုတွဲကိုင်လိုက်ကြသည်နှင့် ဘရသေ့သည် ရေစီးကျောက်ခေါင်းထဲ မတ်တတ်ဆင်းကူးလာ၏။ စောစောကမူ ဘရသေ့က ရေနက်သည်ဟု ဆိုသော်လည်း တကယ်ဆင်းကူးလာသောအခါ ဘရသေ့၏တင်ပါးပင်မမြုပ်ပေ။

ရေစီးကြမ်းသည်မှာတော့ အမှန်ပင်။ ရှင်ငယ်ညီနောင်တို့မှာ ရေစီးနှင့်မျောချလာသောဘရသေ့၏လက်မောင်းနှစ်ဖက်မှာ တွဲလီတွဲလောင်း ခိုတွဲလိုက်ပါလာကြရသည်။ ရေစီးမှာ ဘရသေ့ကြီးကို ခိုတွဲထားကြသော ရှင်ငယ်ညီနောင်တို့၏ ပေါင်ရင်းအထိနစ်နေသည်။ ဤကျောက်ခေါင်းရေတံခွန်ကြီး မည်မျှနက်သည်ကိုမူ အောက်မြေကိုမနင်းမိသဖြင့် မသိရပေ။

မကြာမီမှာပင် ရေတိမ်လာသည်ကိုသတိထားမိကြ၏။ ရေစီးသံကလည်း စောစောကလို ဆူညံပွက်ထနေသံတို့ကို မကြားရတော့။ ရေစီးကျောက်ခေါင်းထဲမှာ မှောင်မိုက်နေသဖြင့် ဘာမှမမြင်ရ။ ရေစီးကျနေသံကလွဲပြီး တခြားအသံဗလံများကိုလည်း မကြားရပေ။ ရှင်ငယ်ညီနောင်တို့မှာ ရေပွန်ခေါင်းထဲ ဘရသေ့လက်မောင်းကို တွဲလီတွဲလောင်းဖက်တွယ်ပါလာကြ၏။ မှောင်နှင့်မည်းမည်းထဲ လိုက်ပါနေကြရသော ရှင်ငယ်ညီနောင်တို့မှာ ဘရသေ့ခိုင်းလျှင် ဘာမဆိုလုပ်ရဲလုပ်ဝံ့သည်ဟု ကတိစကားဆိုဖူးကြသော်လည်း ယခုတော့ သူတို့တစ်ကိုယ်လုံးကို ကြောက်စိတ်ကဖုံးလွှမ်းနေသည်။

"ကဲ၊ကဲ- ဆင်းကြတော့၊ ကျောက်မြစ်ပင်လယ်ထဲရောက်ပါပြီဗျာ"

ဘရသေ့က သူ့လက်မောင်းနှစ်ဖက်ကို အောက်သို့လျှော့ချလိုက်ပြီး ပြောသည်။ ဘရသေ့လက်မောင်းကို တစ်ယောက်တစ်ဖက်စီ ခိုတွဲလိုက်ပါလာကြရာမှ လက်ကိုဖြုတ်လိုက်သောအခါ သဲပြင်ထဲခြေနင်းမိကြသည်။ ထိုအခါမှ ရှင်ငယ်ညီနောင်တို့မှာ ပတ်ဝန်းကျင်ကို သတိပြုမိကြသည်။

သူတို့ရောက်ရှိနေသောနေရာမှာ အံ့ဩစရာကောင်းသလို ထိတ်လန့်ဖွယ်ရာလည်းကောင်း၏။ ကျောက်တောင်ခေါင်းထဲက မြစ်ပင်လယ်ကြီးမှာ သူတို့လောင်းကြက်မြို့က အဉ္စနနဒီမြစ်ထက်ပင်ကျယ်သည်။ မြစ်ရေပြင်မှာ အမှောင်ထဲတွင် မည်းနက်မနေဘဲ ဘော်သာခွာငွေရောင်နှင့် လှိုင်းကြက်ခွပ်လေးတွေမြူးနေသည်။ ကြယ်ရောင်ကွက်တိကွက်ကျားကိုလည်း မြစ်တစ်ပြင်လုံး၌ မြင်နေရ၏။ မြစ်တစ်ဖက်ကမ်း၏ ရေထဲတွင် ကြယ်ပွင့်ကလေးများကိုလည်း ဟိုတစ်စုသည်တစ်စုမြင်နေရသည်။

ရှင်ငယ်ညီနောင်တို့ မိုးပေါ်ကို မော့ကြည့်လိုက်ကြသည်။ မည်းမှောင်နေသောမိုးပေါ်တွင် ကြယ်ပွင့်များကို ဟိုတစ်စုသည်တစ်စုမြင်နေရ၏။ မည်းနက်နေသောကောင်းကင်တစ်ခွင် တစ်ပြင်လုံးတွင် ကြယ်များပြန့်ကျဲတောက်ပနေကြသည်ကိုမမြင်ရဘဲ အစုစုအဝန်းဝန်း၌သာ ကြယ်များ ကွက်တိကွက်ကျားတောက်ပနေကြသည်မှာ ထူးဆန်းနေသလိုဖြစ်နေသဖြင့် မိုးပေါ်ကိုသေသေချာချာ ဂရုစိုက်ကြည့်လိုက်မိကြမှ ကျောက်တောင်ခေါင်းကြီးထဲက မြစ်ပင်လယ်ကို အုပ်မိုးထားသော ကျောက်တောင်ကြီး၏ အခေါင်းအပေါက်အကွဲတို့ကြားက မိုးပေါ်ရှိကြယ်များကို လှမ်းမြင်ကြရခြင်းဆိုသည်ကိုသဘောပေါက်သွားကြသည်။

ထိုအချိန်မှာပင် ဘရသေ့သည် သူ့တောင်ဝှေးတစ်ဖက်တွင် ဝတ်ရုံထဲက ထုတ်လိုက်သော အရာဝတ္ထုတစ်ခုကို ပဝါနှင့်ထုပ်၍ချည်ဆွဲလိုက်ရာ ထိုအရာဝတ္ထုထဲက အလင်းရောင်တွေထွက်လာ၏။ ထိုအခါမှ ရှင်ငယ်ညီနောင်တို့မှာ မြခဲနှင့်ပတ္တမြားခဲတွေက အမှောင်ထဲတွင် လမ်းပြနိုင်ကြောင်း သဘောပေါက်သွားကြသည်။ ထို့ကြောင့်လည်း ဘရသေ့က သူတို့ကို ကျောက်ယူခိုင်းခြင်းလေလားဟူသော အတွေးမဆုံးမီမှာပင် ဘရသေ့ဆီမှအသံထွက်လာ၏။

"ကဲ - လာ၊ လာ သွားကြမယ်"

ပြောပြောဆိုဆို ကျောက်ခေါင်းမြစ်ကမ်းစပ်ရှိသဲသောင်အတိုင်း ဘရသေ့သည် မီးရှူးပြသလို တောင်ဝှေးကိုမြှောက်၍ ရှေ့ကကြွသွားရာ ရှင်ငယ်ညီနောင်တို့မှာလည်း သဲသောင်ပြင်အတိုင်း ဘရသေ့နောက်မှလိုက်ကြရပြန်၏။

ဘရသေ့၏ တောင်ဝှေးထိပ်တွင် ဆွဲချည်ထားသောအရာဝတ္ထု၏အလင်းရောင်ကြောင့် ဤတစ်ခါမှ မြစ်ပင်လယ်ကြီးပေါ်က ကျောက်တောင်ကြီး၏အမိုးပေါက်ကြီးများကို ပီပီပြင်ပြင်မြင်ကြရသလို မြစ်ပြင်ထဲက လှိုင်းကြက်ခွပ်များကမ်းစပ်သဲသောင်ကို လာလာရိုက်ခတ်နေသည်ကိုလည်းမြင်ကြရ၏။

တစ်နေ့လုံး တောင်တကာတောင်တောတကာတောများကိုလျှောက်သွားလိုက်လာခဲ့ကြရသော ရှင်ငယ်ညီနောင်တို့မှာ ကျောက်ခေါင်းမြစ်ကမ်းတွင်ရှိသဲသောင်၌ပင် လှဲအိပ်ပစ်ကြရလျှင်ကောင်းမည်ဟုပင် တွေးမိလိုက်ကြရ၏။

သဲသောင်မှာ ဖွေးဖွေးသန့်စင်၍ အမှိုက်သရိုက်ဆိုသည်မှာလည်း တစ်မှုန်တစ်စကိုပင်မမြင်ကြရ။ ပူခြင်း၊ အေးခြင်းလည်းမရှိ၊ ပကတိ သဘာယမျှ၏။ ကမ်းစပ်ကိုလာ၍ရိုက်ခတ်နေကြသော လှိုင်းကြက်ခွပ်သံ တိုးတိုးမျှင်မျှင်လေးကလွဲပြီး ဘာသံမှမကြားရ။

သည်လိုနှင့် ဘရသေ့ အလင်းပြ၍သွားနေကြသည့်အတိုင်း လိုက်ပါလာကြရာ ကွမ်းတစ်ယာညက်လောက်အကြာမှာတော့ နားမလည်နိုင်သောအသံဗလံအချို့ကို ဆူဆူညံညံကြားလာရသည်။ အသံကြားရာကိုသွားရင်းနှင့်ပင် လှမ်းကြည့်ကြရာ မြစ်ထဲတွင် ခွဲခြားမသိသောအရိပ်များနှင့် ထိုအရိပ်မှုန်ရိုမှုန်ဝါးကြားထဲက ရေစက်ရေပေါက် ရေလုံးရေသီးများဖွေးဖွေးလွှင့်ပြီး လွင့်စဉ်ပြန့်ကျဲနေကြသည်ကိုလည်း မြင်နေရသည်။

နားမလည်သော်လည်း ကြားနေရသောအသံများမှာ သာယာနာပျော်ဖွယ်ရှိလှသည်။ နီးလာ၍လားမသိ၊ အသံများက ပိုကျယ်လာသည်။ စိတြသည် ရှေ့က အလင်းပြ၍သွားနေသော ဘရသေ့အား -

"ဘရသေ့၊ ဒီအသံတွေက ဘာသံ



www.burmeseclassic.com

www.burmeseclassic.com

တွေလဲ၊ ပိုကျယ်လာသလိုပါပဲလား။ နား ထောင်လို့တော့ကောင်းသား"

ဟု မေးလိုက်ရာ ဘရသေ့က -

"ရှင်ယောင်ငယ် တိုးတိုးပြော၊ အဲဒါ နဂါးမတွေ ရေကစားနေကြတာ။ ကြားသိသွားလို့ နဂါးမတွေရှက်ပြီး စိတ်ဆိုးသွားရင် ရှင်ငယ်တို့ ဒီကျောက်ခေါင်းမြစ်ထဲကမထွက်နိုင်ဘဲဖြစ်သွားမယ် ဘာမှတ်လဲ။ အဲဒီဘက်ကိုမကြည့်နဲ့။ နဂါးမတွေက လူမနုဿတွေကိုသိပ်ရှက်တတ်ကြတာ"

ဟု သတိပေး၏။

သို့သော် ဘရသေ့က နဂါးမတွေ ဟုပြောလိုက်ခါမှ နဂါးမတွေကိုမမြင်ဘူးသော ရှင်ငယ်ညီနောင်တို့မှာ နဂါးမတို့၏အသွင်သဏ္ဌာန်သည် မည်သို့ရှိမည်နည်းဟုသိချင်ကြသဖြင့် နဂါးမတွေ ရေကစားနေကြရာဘက်ကို သွားရင်းလျှောက်ရင်း မသိမသာစောင်းကြည့်လာကြသည်။ သို့သော် ရေရောင်၊ ကြယ်ရောင် မှုန်တီမှုန်ဝါးအပြင် သူတို့မြူးထူးပျော်ပါးနေကြရာမှထွက်ပေါ်လာသော ရေလုံးရေသီးတို့ကြား၌ အသွင်သဏ္ဌာန်တို့ကို ပီပီပြင်ပြင်မမြင်ကြရ။ သူတို့ဆော့ကစားနေရာမှစဉ်ထွက်လာသော ရေလုံးရေသီးတွေမှာလည်း အနီးအနားရောက်မှ အုန်းသီးပမာဏခန့်ရှိလေသည်။ တစ်ချက်တစ်ချက်တွင်တော့ လူရုပ်လိုလိုမြင်မိလိုက်ကြသော်လည်း တစ်ချက်တစ်ချက်မှာမူ မည်သည့်အရာဝတ္ထုဟု ခွဲခြားမပြောနိုင်သောအရိပ်များသာ ရှုပ်ထွေးရောယှက်နေ၏။

သည်လိုနှင့် သဲသောင်ပြင်အတိုင်းလျှောက်လာကြရာ နဂါးမများ၏ ရေကစားနေကြသောအသံတို့မှာ တဖြည်းဖြည်းဝေးကျန်ခဲ့ပြီး အလွန်ကျယ်လောင်သောအသံတစ်မျိုးကို ကြားလာရပြန်သည်။ အသံကြားလာရသော ရှေ့ကမြစ်ထဲကိုလှမ်းကြည့်လိုက်ရာ မြစ်ရေပြင်ထက် လူသုံး၊ လေးရပ်ခန့်မြင့်သော ရေလှိုင်းဝိုင်းလုံးကြီးများ ဝဲကတော့ထိုးနေသည်ကို မြစ်ပြင်တစ်နေရာ၌မြင်လာရသည်။

တဝေါဝေါတသောသောအော်မြည်၍မြစ်ပြင်ထဲတွင်ကွက်ပြီးဝဲကတော့ထိုးနေသော ထိုနေရာ၏အဝန်းအဝိုင်းကိုမူ ခန့်မှန်း၍ပင်မရနိုင်။ ကြီးမားကျယ်ပြန့်သလောက် ဝဲကတော့ကြီး၏ အနက်အစောက်ကိုလည်း မခန့်မှန်းနိုင်ကြ။ ဝဲကတော့ကြီး၏လည်ပတ်နေသောအသံနက်ကြီးကမူ ကြောက်မက်ထိတ်လန့်စရာပင်။

ထို့ကြောင့် ရှင်ငယ်နာရဒက -

"ဘရသေ့၊ ဒီမြစ်ထဲက ဝဲကတော့ကြီးဟာ ကြောက်စရာပါလား"

ဟူသော စကားမဆုံးမီမှာပင် ဘရသေ့က-

"အဲဒီဝဲကတော့ကြီးကို ဇရဝါမုခတွင်းလို့ခေါ်တယ်။ အဲဒီတွင်းထဲကိုဆင်းလိုက်သွားရင် ဘောဂဝတီနဂါးပြည်ကို ထုတ်ချင်းပေါက်ရောက်သွားတယ်။ စောစောက ရှင်ယောင်ငယ်တို့တွေ့ခဲ့ကြတဲ့ နဂါးမတွေဟာ အဲဒီဇရဝမုခတွင်းကတက်လာပြီး လူ့ပြည်မှာ ရေလာကစားနေကြတာ"

ဘရသေ့၏ စကားကို ကြားရသောအခါ ရှင်ယောင်ညီနောင်တို့သည် ကျောက်တောင်ခေါင်းကြီးထဲက မြစ်ပြင်ကြီးကို လည်းကောင်း၊ ထိုကျောက်တောင်ခေါင်းမြစ်ထဲတွင် ရေလာကစားနေကြသည်ဆိုသောနဂါးမများကိုလည်းကောင်း အံ့ဩမဆုံးဖြစ်သွားကြသည်။

သည်လိုနှင့် သဲသောင်မြစ်ကမ်းအတိုင်းလျှောက်လာကြရာ မြစ်ရေပြင်တွင် ကြယ်ရောင်သာမဟုတ်၊ လရောင်ကွက်တိကွက်ကျား ထိုးကျလာသည်ကိုလည်း မြင်လာရ၏။ လရောင်မှာ မိုးပေါ်ကကြယ်များကိုမြင်နေရသော ကျောက်တောင်ကြီး၏အပေါက်အကွဲကြီးတို့ကြားမှ ထိုးကျဖြာဆင်းလာခြင်း ဖြစ်ပေမည်။ လရောင်ကို မြစ်ရေပြင်ထဲ၌မြင်ရခြင်းအားဖြင့် လဆုတ်ပက္ခ၏ ခုနစ်ရက်လသည် အရှေ့လောကဓာတ်မှထွက်ပေါ်လာပြီးဖြစ်ပေမည်။ အချိန်ကိုမှန်းဆရလျှင် သက်ကြီးခေါင်းချချိန် သန်းခေါင်ပင်နီးပလားထင်ရ၏။

ကျောက်တောင်ပေါက် ကျောက်ကွဲကြီးများကြားထဲက ထိုးကျနေသော ကြယ်ရောင်နှင့်စာလျှင် လရောင်ကပိုပြီးလင်းလာရာ မြစ်ရေပြင်မှာ ပို၍ထင်ရှားလာ၏။ သဲသောင်မှာလည်း သန့်စင်ပြန့်ပြူးနေရာ ဘရသေ့တောင်ဝှေးမှ အလင်းရောင်ပေးနေသော ပတ္တမြားလုံးထုပ်ကို ဘရသေ့ကပြန်သိမ်းပြီး သူ့ဝတ်ရုံထဲပြန်ထည့်ထားလိုက်၏။

ရှင်ငယ်ညီနောင်တို့၏စိတ်ထဲမှာ ယခု ကြယ်ရောင်၊ လရောင်တို့နှင့်မြင်နေရသော ကျောက်တောင်ကြီးခေါင်းထဲက မြစ်ပင်လယ်ကြီးကို နေ့ခင်းနေ့လယ် နေရောင်နှင့် ကြည့်ချင်စိတ်ပေါက်လာကြသည်။ နေရောင်နှင့်သာဆိုလျှင် ဤမြစ်ပင်လယ်၏ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းအကျယ်အဝန်းကို မြင်နိုင်သလိုမြစ်ပင်လယ်၏ ထူးခြားချက်ကိုလည်း အံ့ဖွယ်ဘနန်း နောက်ထပ်တွေ့ရမြင်ရနိုင်၏။ ဘရသေ့ကိုပူဆာလျှင် တစ်နေ့ခင်း၌ လိုက်ပြကောင်းလိုက်ပြမည်လားဟုလည်း တွေးမိကြ၏။

ထိုအချိန်မှာပင် ရေဝဲကတော့ကြီးတစ်ခု၏အသံကို ကြားလာရပြန်၏။ ရေဝဲကတော့ထိုးနေသံက တဖြည်းဖြည်းကျယ်လာ၏။ သို့သော် ပထမရေဝဲကတော့ထိုးသံလောက်တော့ မကျယ်ပေ။ သူတို့မှာလည်း သဲသောင်အစရှိကျောက်ဆောင်တစ်ခုအနားရောက်လာကြ၏။ဘရသေ့က ကျောက်ဆောင်ပေါ်တက်သွားသောအခါ ရှင်ငယ်ညီနောင်တို့မှာလည်း တက်လိုက်လာကြရသည်။

ဘရသေ့က မြစ်ကမ်း၏ကျောက်စွန်းတစ်ခုနားတွင်ရပ်လိုက်၏။ ရှင်ငယ်ညီနောင်တို့ကလည်း ဘရသေ့နည်းတူလိုက်ရပ်ကြသည်။ ဘရသေ့က ရေဝဲကတော့ကြီး ချာလည်ပတ်လည်ဝဲကတော့ထိုးသည်ကို ငုံ့ကြည့်နေသလို ရှင်ငယ်ညီနောင်တို့ကလည်း ဘရသေ့နည်းတူလိုက်ပြီးငုံ့ကြည့်နေကြ၏။

ရေဝဲကတော့ကြီး၏ကျယ်လောင်စွာမြည်ဟည်းနေသောအသံနှင့် ရေလုံးရေသီးများ ဘေးပတ်ပတ်လည်သို့ ပန်းထွက်လွင့်စဉ်နေကြသည်မှာ တလင်းရာတစ်ဝန်းမက ကျယ်ဝန်း၏။ရေဝဲကတော့ကြီး၏ဗဟိုချက်မမှာ လူနှစ်ရပ်ကျော်ခန့်နက်သည်။ ပတ်ဝန်းကျင်ရှိရေပြင်ပေါ်က ရေများကို ရေဝဲကတော့ကြီးက အရှိန်ပြင်းပြင်းနှင့်ဆွဲစုပ်ယူနေ၏။ ဘရသေ့နှင့်တကွ ရှင်ငယ်ညီနောင်တို့ကိုပါ ရေဝဲကတော့မှလေလာဟပ်သဖြင့် ဝတ်ရုံတွေပင် ကိုယ်မှကျွတ်၍လွင့်ပါသွားမလားထင်ရ၏။

ထို့ကြောင့်ထင်၏။ ဘရသေ့က-

"ရှင်ယောင်ငယ်တို့ ကိုယ်ရုံတွေကို ကျစ်ကျစ်လျစ်လျစ်စည်းထားကြ"

ဟု ပြောလိုက်သဖြင့် ကိုယ်ရုံတွေကို ကိုယ်နှင့်မကွာသွားအောင် လုံးကျစ်စည်းထားလိုက်ကြသည်။ ထိုအချိန်မှာပင် ဘရသေ့က ဘာမပြောညာမပြောနှင့် ရှင်ငယ်ညီနောင်နှစ်ယောက်လက်ကို တစ်ဖက်တစ်ယောက်ဆွဲပြီး ကျောက်စွန်းပေါ်က ရေဝဲကတော့ထဲ ခုန်ချလိုက်လေသည်။

ရုတ်တရက်ဖြစ်သဖြင့် ရှင်ငယ်ညီနောင်တို့မှာ လန့်ပြီး ဟိုက်ခနဲပင် နှုတ်မှအသံထွက်သွားကြ၏။ ရင်ထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com

အေးခနဲ ခံစားလိုက်ကြရသည်။ သို့သော် သူတို့နှုတ်မှလန့်အော်လိုက်ကြသံအဆုံးမှာပင် ဝဲကတော့ကြီးက သူတို့ကို ဆွဲစုပ်နစ်မြှုပ်ပစ်လိုက်သည်။ ဘရသေ့ကြီးနှင့်အတူ သူတို့သုံးယောက်မှာ ရေဝဲကတော့ကြီးဆွဲစုပ်ခေါ်ရာနောက် ကိုယ်ဖော့၍ပါနေကြသည်။

ရေဝဲကတော့ကြီးဆွဲခေါ်ရာပါနေကြစဉ် ဘရသေ့က သူတို့နှစ်ယောက်ကို တစ်ဖက်တစ်ယောက်စီ သူ့လက်နှင့်မြဲမြဲဆုပ်ကိုင်ထားသလို ရှင်ငယ်ညီနောင်တို့ကလည်း ကြောက်ကြောက်နှင့် ဘရသေ့၏လက်တစ်ဖက်စီကိုမလွှတ်သွားအောင် ရေထဲ၌ ဖမ်းဆုပ်ကိုင်ထားကြရသည်။

ရေဝဲကတော့ကြီးသည် အရှိန်ပြင်းစွာနှင့် ရေနက်အောက်ထဲ ဆွဲခေါ်သွား၏။ ရှင်ငယ်ညီနောင်တို့၏ စိတ်ထဲမှာ ဘရသေ့က ဤဗြရဝမုခတွင်းက နဂါးပြည်ဘောဂဝတီကို ထုတ်ချင်းပေါက်ရောက်သည်ဆိုသောစကားကို သတိရမိလိုက်ကြရာ ဘရသေ့သည် သူတို့အား ဘောဂဝတီ နဂါးပြည်ကိုပြချင်၍ တမင်ရေဝဲကတော့ထဲခေါ်လာခြင်းဟုထင်လိုက်ကြပြီး ဝမ်းသာသွားကြ၏။ သူတို့တစ်ခါမှမမြင်ဘူးသောနဂါးများနှင့် နဂါးပြည်ကို မကြုံစဖူး ရောက်ဖူးကြရတော့မည်ဟုသာ ဝမ်းသာအားရဖြစ်မိကြ၏။

ရေဝဲကတော့ကြီးထဲ ခုန်ချ၍ ဘောဂဝတီနဂါးပြည်ကို သွားကြမည့်အကြောင်း ဘရသေ့က ကြိုတင်မပြောခြင်းမှာ သူတို့ကြောက်လန့်ပြီးမလိုက်ဘူးဟု ငြင်းကြမည်စိုး၍လား။ ဘာကြောင့်ဆိုသည်ကိုတော့ ဘရသေ့သာသိပေမည်။

ရေထဲ၌ဖြစ်နေ၍ဘရသေ့ကိုလည်း စကားမမေးနိုင်ဖြစ်နေကြရာ သူတို့မှာ ရေဝဲကတော့ကြီး လှည့်ပတ်ဆွဲခေါ်ရာသို့သာ မျောပါနေကြသည်။ သို့သော် ဤသည်မှာ ခဏသာကြာ၏။ ဝုန်းခနဲအသံကြီးနှင့်အတူ သူတို့သုံးယောက်ကို ရေဝဲကတော့ကြီးသည် ရေပေါ်ကို သူ့ပါးစပ်ထဲမှ ထိုးအန်တင်ပေးလိုက်သည်။ ထိုအခါမှ သုံးယောက်စလုံးမှာ လက်ချင်းဆက်ကိုင်ထားကြရာမှကိုယ်စီလွှတ်လိုက်ကြပြီး ရေပေါ်တွင် အသက်ဝဝရှူကာ မြစ်ရေထဲကိုယ်ဖော့၍ကူးခပ်နေကြရ၏။

လဆန်းခုနစ်ရက်လမှာ မြစ်ပြင်တစ်ခုလုံး လင်းလင်းဖြာဖြာ ကျရောက်နေရာ ဘရသေ့ကူးခပ်သွားရာဘက် ရှင်ငယ်ညီနောင်တို့လည်း ကူးခပ်လိုက်ပါရင်း ပတ်ဝန်းကျင်ကိုကြည့်မိရာ အံ့သြတကြီးဖြစ်သွားကြပြန်၏။အကြောင်းမှာ သူတို့ ရေဝဲကတော့ထဲကပေါ်လာသောနေရာမှာ အဦနနဒီမြစ်ရေပြင်ပေါ်ဖြစ်နေသည့်အပြင် သူတို့ ဘရသေ့နှင့်နေနေကြသော သူတို့၏ ကျောင်းသင်္ခမ်းရှိရာဧသာန်အရပ်က တောင်ဖြူတောင်အာရပ်နားကို ရောက်နေကြသောကြောင့်ဖြစ်လေသည်။ (ထိုတောင်ဖြူတောင်ကို ယခု ရက္ခတောင်ဟု ခေါ်ကြသည်။)

အချိန်ကမူ သန်းလွဲချိန်ပင်ရှိနေပြီ။

❑

ဘရသေ့အား ရေပူရေချမ်းကမ်းလှမ်းခြင်း၊ ခြေဆုပ်လက်နယ် ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ သစ်သီးဝလံများရှာဖွေကျွေးမွေးခြင်းနှင့် ဘရသေ့က နာနာရုပ်အတတ်ကိုသင်ပေးမည့်နေ့အား စောင့်မျှော်နေကြ၏။ သည်လိုနှင့် ကျောက်တောင်ခေါင်းထဲရှိ ပင်လယ်ကြီးထဲက နဂါးမများ ရေကစားနေကြသည်ကိုတွေ့ခဲ့ကြရပြီး တစ်လခန့်အကြာ ဘရသေ့က -

"ကဲ-ရှင်ယောင်ငယ်တို့ရယ်၊ ဂန္ဓာရီခရီးတစ်နေရာကိုသွားလိုက်ကြဦးမယ်ကွယ်တို့"

ဟုဆိုသဖြင့် ဘရသေ့နောက် လိုက်လာကြရပြန်လေသည်။

အတန်ကြာသွားမိကြသော် ရေတံခွန်ကြီးတွေထိုးကျနေသော ကျောက်တောင်ကြီးတစ်ခုအနား ရောက်လာကြသည်။ ကျောက်တောင်ကြီးမှာ မြင့်မားလွန်းသဖြင့် အပေါ်အဆုံးထိပ်ကိုပင် မမြင်ရ။ တောင်ထိပ်က မိုးသားထဲထိုးဝင်နေ၏။

ထိုတောင်ပေါ်ကို ဘရသေ့တက်သောအခါ ရှင်ငယ်ညီနောင်တို့မှာလည်း လိုက်တက်ကြရသည်။ ထိုတောင်ပေါ်ကို တက်ရသည်မှာ တမေ့တမောရှိလှ၏။ ဘရသေ့ကြားနှင့် သူတို့ကြားထဲ မိုးတိမ်ဖြူများဝင်ဖြတ်သွားရာ ရုတ်တရက် ဘရသေ့ကိုပင်ကွယ်သွားသည်။ မိုးတိမ်ဖြူများရွေ့လျားသွားတော့မှ ဘရသေ့ကိုယ်ခန္ဓာက ပြန်ပေါ်လာ၏။ အောက်ကိုငုံ့ကြည့်ကြရာ တောင်အောက်ကို မမြင်ရတော့။ မိုးသားတိမ်လိပ်တွေက ဝါဂွမ်းပမာပိတ်ဆီးနေသည်။ တစ်ချက်တစ်ချက် ထိုမိုးတိမ်ဖြူများလွင့်သွားတော့မှ တောင်အောက်ရှိသစ်ပင်တောတောင်များကိုမြင်ကြရသည်။

ဘရသေ့ကမူ တောင်ပေါ်ကိုသာ တစိုက်မတ်မတ်တက်မြဲတက်နေ၏။ သူတို့ရှင်ငယ်ညီနောင်မှာ ဘရသေ့နှင့်ဝေးသွားမှာစိုး၍ မနားမနေတက်လိုက်လာကြရ၏။ အမြင့်ကို ရောက်လာလေ တောင်ဘေးရှိ တိမ်ဖြူတွေမှာ အစုလိုက်အခဲလိုက်ဖြစ်ပြီး ကျောက်တောင်ကြီး၏အနီးတွင်မရွေ့မလျားတည်နေကြသည်။ တောင်အောက်မှာလို လေတိုက်ခြင်းလည်းမရှိတော့။ ထို့ကြောင့်လည်း မိုးတိမ်ဖြူလွှလွှများမှာ ဂွမ်းပုံဂွမ်းတောင်ကြီးလိုတည်နေကြသည်။

ထိုဂွမ်းပုံဂွမ်းတောင်ကြီးရှိ မိုးတိမ်၏ပုံသဏ္ဌာန်တို့မှာလည်း ငှက်ရုပ်၊ မြင်းရုပ်၊ ဆင်ရုပ်၊ ကျားရုပ်၊ ကုမ္ဘဏ်၊ ဂန္ဓဗ္ဗ၊ ဂဠုန်၊ ယက္ခ စိတ်မှန်းရှိသမျှ ပုံသဏ္ဌာန်အမျိုးမျိုးကိုပေါ်နေကြသည်။

တစ်နေရာတွင် ဘရသေ့က ရှင်ငယ်ညီနောင်တို့ကို ရပ်စောင့်နေ၏။ တောင်ပေါ်၌ အလင်းရောင်တစ်ဝက်ခန့်ရှိ ကျောက်ဖျာကျောက်လွှင်ပြင်တစ်ခုကို တွေ့ရ၏။ ထိုကျောက်ဖျာ၏ ပတ်ပတ်လည်တွင် အနီ၊ အဝါ၊ အပြာ၊ အစိမ်း၊ အညို၊ အမည်း၊ ကြက်သွေး၊ မရန်း၊ အဖြူဆွတ်ဆွတ်၊ အနီတွတ်တွတ်ရဲသစ်ပင်ရောင်စုံများမှာ တစ်ကွာတစ်မိုက်မှသည် လူတစ်ရပ်၊ နှစ်ရပ်၊ အတောင်တစ်ဆယ်နှစ်ထိ ကျောက်လွှင်ပြင်အစတွင် မိုးတိုးမတ်တတ် ကျိုးတိုးကျဲတဲပေါက်ရောက်နေကြသည်။

အစကမူ ထိုသစ်ပင်များကို ကျောက်သစ်ပင်များဟု မထင်မိကြ။ သာမန်မြေကပေါက်နေသောမြေပေါက်သစ်ပင်များဟုသာ ထင်မိကြသည်။ အနားရောက်၍ ကိုင်ကြည့်ကြတော့မှ အရွက်၊ အခက်၊ အလက်၊ ပင်စည်မှအစ တစ်ပင်လုံး ကျောက်သား ကျောက်သစ်ပင်များဖြစ်နေသည်ကို အံ့သြဖွယ်ရာတွေ့ကြရလေသည်။

"ရှင်ယောင်ငယ်တို့ လာကြပါ။ ကျောက်သစ်ပင်တွေကို ကိုင်ကြည့်နေကြလို့ ဘာထူးမှာတုန်း"

ဘရသေ့ခေါ်နေသဖြင့် အပြေးလိုက်သွားကြရ၏။ ထိုကျောက်သစ်ပင်တောကိုဖြတ်လာကြရင်းနှင့် တဖြည်းဖြည်း အေးစိမ့်လာ၏။ တစ်ကိုယ်လုံးထုံတက်လာသည်ထိ အေးစိမ့်လာသဖြင့် ဘရသေ့နောက်ကို ခုန်ဆွခုန်ဆွနှင့်သာ လိုက်ပါနေကြရ၏။ သို့သော် ခဏသာ၊ ကွမ်းတစ်ယာညက်ပင်မကြာ ပြန်နွေးလာ၏။ နွေးရာက တဖြည်းဖြည်းပူလာပြန်သည်။ ပူသည်မှာ နေပူထဲတွင် လျှောက်လာရသလိုပင် ပူလာသည်။

www.burmeseclassic.com

သို့သော် နေရောင်ခြည်နှင့် နေကိုလည်း မမြင်ရ။ ချွေးတပြိုက်ပြိုက်ကျကာ ရှေ့ဆက်မသွားချင်လောက်အောင်ပူလာ၏။ ခြေတစ်လှမ်းလှမ်းတိုင်းလှမ်းတိုင်း တစ်ဆင့်ထက်တစ်ဆင့် ပိုပူလာသလိုခံစားလာရသည်။ ရှင်ငယ်ညီနောင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်၍ ရှေ့ကိုဆက်မလှမ်းရဲဖြစ်သွားကြစဉ် ဘရသေ့ကပြေးချလာပြီး အတင်းလက်ဆွဲခေါ်လိုက်သောအခါ ဟုပ်ခနဲလာဟပ်သွားသောအပူရှိန်ကြောင့် သတိပင်မေ့သွားမလားထင်လိုက်ကြသည်။ သူတို့ကိုဆွဲခေါ်လာသော ဘရသေ့က -

"ဒီတောင်မှာ အတွင်းလှိုင်း၊ အပြင်လှိုင်း၊ အအေးလှိုင်း၊ အပူလှိုင်းရှိတယ်။ ရှင်ယောင်ငယ်တို့က အာဂလူတွေပဲ။ အေးတယ်၊ ပူတယ် ညည်းသံတစ်ချက်မကြားလိုက်ရဘူး။ တချို့ဆို အမလေး၊ အဘလေးအော်ပြီး တောင်အောက်ရောက်သွားကြတာ"

ဟုဆို၏။

"ကဲ - ဟိုဂူဝနားသွားပြီး နားနေကြ။ အဲဒီမှာ အပူ၊ အအေးမျှတယ်။ ဘရသေ့ဟိုမှာသွားနားမယ်"

ဟု ပြောပြီး ကျောက်စွန်းနှစ်ခုကြားဝင်သွားသည်။

ရှင်ငယ်ညီနောင်တို့မှာ ဘရသေ့ညွှန်ပြခဲ့သော ဂူဝအနားလှမ်းလာကြ၏။ ဂူဝနှင့်နှစ်လံ၊ သုံးလံကွာနားကို ရောက်လာကြသောအခါ အထိအတွေ့နှစ်မျိုးကို ခံစားကြရပြန်၏။ အေးသည့်လည်း မဟုတ်၊ ပူသည်လည်း မဟုတ်ဘဲ တစ်ကိုယ်လုံးမှာ ဂွမ်းပုံမိုးတိမ်များလို ပေါ့ပါး၍ လေထဲလွင့်နေသလိုခံစားမိကြသည်။

ထို့ကြောင့်လားမသိပါ။ ခြေထောက်တစ်ဖက်ကိုလှမ်းသွားနေသော်လည်း ထိုနေရာက မရွှေ့ဘဲဖြစ်နေ၏။ ရှင်ငယ်ညီနောင်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့ဩစိတ်နှင့် သူတို့အနားတွင်ရှိနေသော ကျောက်သစ်ပင်တစ်ပင်၏ ကိုင်းတစ်ကိုင်းကို နှစ်ယောက်သားလှမ်းဆွဲ၍ ခြေလှမ်းကို မြန်မြန်လှမ်းကြ၏။ သို့သော် ခြေထောက်ကိုလှမ်းလိုက်တိုင်း ခြေထောက်က မြေပေါ်မကျသလို ခံစားနေကြရပြီး ခြေလှမ်းသာလှမ်းနေရသော်လည်း နေရာကမူ လုံးဝမရွှေ့။ ရှေ့ကိုလှမ်းလိုက်သောခြေလှမ်းတွေမှာ ထိုနေရာထဲကိုသာပြန်ကျနေ၏။

"ဟင်-အစ်ကို၊ ခြေထောက်လည်း လှမ်းလို့ရသားနဲ့ ဘာလို့ အခုထိ ဂူရှေ့ကို မနရောက်နိုင်တာလဲ။ အဲဒါဘယ်လိုဖြစ်ပြန်တာလဲဟင်"

"အေးကွ၊ အဲဒါ ငါလည်းမပြောတတ်ဘူး။ ဒီကျောက်သစ်ကိုင်းကိုကိုင်ပြီး ရှေ့ကိုလှမ်းနေကြလို့လားမသိဘူး။ ကျောက်သစ်ကိုင်းကို လက်လွှတ်လိုက်ကွာ"

စိတ္တြက ညီ နာရဒကို သစ်ကိုင်းလက်လွှတ်ရန်ပြောသလို သူကလည်း လှမ်းကိုင်ထားသော ကျောက်သစ်ကိုင်းကို လက်လွှတ်လိုက်သည်။ ကျောက်သစ်ကိုင်းအား လက်လွှတ်လိုက်ကြပြီး ရှေ့ကိုခြေလှမ်းပြိုင်တူလှမ်းလိုက်ကြသည်။

သို့သော် လူကသာအားစိုက်လှမ်းနေကြသဖြင့် ယိမ်းယိမ်းယိုင်ယိုင်ဖြစ်နေကြသော်လည်း ခြေလှမ်းများကား ပထမအတိုင်းသာ တစ်လှမ်းမှရှေ့ကိုမရွှေ့။ ခြေလှမ်းပေါင်းများစွာလှမ်းနေကြသော ရှင်ငယ်ညီနောင်တို့၏ လှမ်းချလိုက်သောခြေလှမ်းတို့မှာ ထိုနေရာ၌သာပြန်ကျနေ၏။

"ဘယ်လိုဖြစ်တာ. . ."

ဟူသော နာရဒ၏ စကားမဆုံးမီ ဘရသေ့ အပြေးရောက်လာပြီး နှစ်ယောက်စလုံး၏ ကျောကုန်းကို သူ့လက်နှစ်ဖက်နှင့် . တစ်ယောက်တစ်ချက်စီ နောက်က အားကုန်တွန်းလိုက်ရာ ထိုအခါမှ ရှင်ငယ်ညီနောင်တို့မှာ ဂူဝရှေ့လေးဖက်ထောက်ကျသွားကြသည်။ သူတို့နှစ်ယောက်ကုန်းထလိုက်စဉ် ဘရသေ့ကား သူတို့အနား၌ မတ်တတ်ရပ်နေ၏။

ရှင်ငယ်ညီနောင်တို့ကိုယ်က မတ်တတ်ရပ်ပကတိအခြေအနေရှိသွားသည်နှင့် ဘရသေ့က လာကြဟုသာပြောပြီး ကျောက်ဂူထဲဝင်သွားရာ ရှင်ငယ်ညီနောင်တို့မှာလည်း ဘရသေ့နောက်က ဝင်လိုက်ပါလာကြရပြန်သည်။

ခြေလှမ်းတစ်ဆယ်မပြည့်မီပင် ဂူထဲတွင် လျှပ်စီးလက်နေသလို ဖြူတစ်ခါ၊ ဝါတစ်လှည့် စိမ်းလိုက်၊ ပြာလိုက်၊ နီလိုက်၊ ညိုလိုက်နှင့် လျှပ်စီးရောင်စုံလက်နေသည်ကို အံ့ဖွယ်ဘနန်း လှမ်းမြင်ကြရသည်။ သို့သော် လျှပ်စီးရောင်စုံတွေကသာ တဖျတ်ဖျတ်အဆက်မပြတ်လက်နေသော်လည်း အသံဆို၍ကား ဘာသံမှမကြားရ။ ဂူတစ်လုံးမှာ တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်၍သာနေသည်။

ဂူဝင်ပေါက်ဘေးနှစ်ဖက်မှာ နှစ်တောင်လောက်သာကျယ်၏။ အမြင့်ကမူ လူကြီးတစ်ယောက်အရပ်လွတ်ရုံသာရှိသည်။ အထဲကိုရောက်သွားသောအခါ ဂူဝ၏အဆုံးသုံးဘက်ကိုပင်မမြင်ရပေ။ ဂူကြီးမှာကျယ်ဝန်းသလို အမြင့်မှာလည်း လူကြီးကိုးယောက်၊ ဆယ်ယောက်အရပ်ခန့်မြင့်သည်ဟု ခန့်မှန်းရ၏။ အပေါ်မှ တွဲလောင်းကျနေကြသောကျောက်ပန်းကျောက်ခက်တွေမှာ ဝါဂွမ်းလို ဖြူတချို့၊ ညိုတစ်လှည့်မက ရောင်စုံဖြာထွက်နေကြသည်။

ဂူထဲတွင် အဖြူ၊ အပြာ၊ အဝါ၊ အနီ၊ အစိမ်း၊ အညို ထိုထိုသို့သော ရောင်စုံပိုးစုန်းကြူးကောင်များ မရပ်မနားပျံသန်းနေကြ၏။ အစပထမ ဂူဝကမြင်ခဲ့ကြရသော လျှပ်စီးလက်နေမှုတို့မှာ ၎င်းပိုးစုန်းကြူးကောင်များက ထွက်နေသော အလင်းလျှပ်စီးတန်းများဖြစ်နေသည်ကို ဂူထဲရောက်မှသတိထားမိကြသည်။ ထိုပိုးစုန်းကြူးကောင်များမှာ လက်သန်းလက်မ၊ ကွမ်းသီးလုံး၊ ခုံညင်းလုံးမှသည် အချို့အကောင်ကြီးများဆိုလျှင် လိမ္မော်သီး၊ မင်းကွတ်သီးအကြီးစားလောက်ပင်ရှိသည်။ ထိုအကြီးစားအကောင်များတလည်းမနည်း။ လူဆယ်ရပ်၊ ကိုးရပ်ခန့်အမြင့်ရှိသောဂူထဲတွင် ထိုပိုးစုန်းကြူးကောင်များမှထွက်သော အရောင်များကြောင့် ဂူတွင်းတစ်ခုလုံးမှာ ရောင်စုံအလင်းတို့ကြောင့် အရာဝတ္ထုအားလုံးကို ထင်ထင်ရှားရှားမြင်နေရသည်။

"ကဲ-ရှင်ယောင်ငယ်တို့၊ ဘရသေ့ပုတီးတစ်ပတ်၊ နှစ်ပတ်စိပ်လိုက်ဦးမယ်။ ဂူထဲလျှောက်ကြည့်ကြ။ လိုချင်တာတွေ့ရင်မှတ်ထားကြ၊ ဘရသေ့ယူပေးမယ်။ ရှင်ယောင်ငယ်တို့ အထူးအဆန်းပုဂ္ဂိုလ်များကိုလည်း တွေ့ရပါလိမ့်မယ်"

ဟု ပြောပြီး ဘရသေ့ ကျောက်စွန်းတစ်ခုပေါ် ခုန်တက်သွားသည်။ ဖြူဂုန်ရုံဘက်မျက်နှာမူကာ တရားထိုင်နေလေသည်။

ရှင်ငယ်ညီနောင်နှစ်ပါးမှာ ဂူထဲတစ်ခုလုံးကို အပေါ်မော့ကြည့်လိုက်၊ အောက်ငုံ့ကြည့်လိုက်နှင့် လျှောက်ကြည့်နေကြ၏။

ဂူထဲတွင် ဟိုသည်ပျံသွားနေကြသော ပိုးစုန်းကြူးကောင်များ၏အလင်းကြောင့် ဂူတစ်ခုလုံးရောင်စုံလင်းလက်နေရာ ရှင်ငယ်ညီနောင်တို့မှာ ဘရသေ့မှာကြားခဲ့သည့်အတိုင်း ဂူထဲလျှောက်ကြည့်နေကြ၏။ ဂူထဲတွင် သဲသောင်ငယ်အကွင်းအကွက်များကိုတွေ့ရသည်။ အပေါ်ကျောက်ခေါင်းထဲက ရေစွန်ငယ်တစ်ခုပန်းကျနေသည်ကိုလည်းမြင်

www.burmeseclassic.com

ရ၏။ ထိုသွန်ကျလာသော ရေတံခွန်ငယ်မှရေများသည် အောက်ကိုရောက်သည်နှင့် သဲသောင်ပေါ်ကျပြီး ပျောက်သွားသည်။ တခြားဘယ်နေရာမှစီးမသွားပေ။

ရှင်ငယ်ညီနောင်တို့ ရေတံခွန်လေးကိုကြည့်ငေးနေကြစဉ် ရေတံခွန်ဘေးရှိ ကျောက်စွန်းနှစ်ခုကြားမှ ရဟန်းတော်တစ်ပါး ထွက်ကြွလာသည်ကို မြင်လိုက်ကြရသောအခါ ရှင်ငယ်ညီနောင်တို့မှာ ရုတ်တရက်လန့်ဖျပ်သွားကြသည်။ သစ်ခေါက်ဆိုးသင်္ကန်းအညိုဝတ်ရဟန်းတော်သည် ထိုရေတံခွန်ရေကို လက်ခုပ်နှင့်ခံသောက်သည်။ မျက်နှာလည်းသစ်၏။ ရှင်ငယ်ညီနောင်တို့ဘက်ကိုမူ တစ်ချက်ပင်လှည့်မကြည့်ခဲ့ဘဲ ကျောက်စွန်းနှစ်ခုကြား ပြန်ဝင်ပျောက်ကွယ်သွားသည်။

ထိုရဟန်းတော်ပျောက်ကွယ်သွားသည်နှင့် စိတြနှင့် နာရဒတို့သည်လည်း ထိုရေတံခွန်ရေကို ရဟန်းတော်နည်းတူ လက်ခုပ်နှင့်ခံသောက်ကြည့်ကြသည်။ ရေမှာ အေးကြည်နေသဖြင့် ထိုရေကို သောက်ပြီးသည်နှင့် လူတစ်ကိုယ်လုံးမှာ အေး၍ ချက်ချင်းလန်းဆန်းသွားသည်။ ထို့ကြောင့်လည်း ရှင်ငယ်ညီနောင်တို့မှာ လန်းလန်းဆန်းဆန်းနှင့် ဂူထဲလျှောက်ကြည့်ကြသည်။ ဂူထဲတွင် သဲလမ်းဖုန်ဖုန်များရှိသလို ကျောက်လမ်းအပိုင်းအပိုင်းကိုလည်းတွေ့ရသည်။ဂူထဲတွင် ကျောက်ချွန်ပြားအကွဲအစိတ်များ ထောင်ထားသလိုဖြစ်နေသဖြင့် လမ်းဖြောင့်ဟူ၍ ကား သုံး၊ လေးလံပင်မရှိ။ လမ်းတွေမှာလည်း ဝက်ပါလို အကွေ့အကောက်ချည်း ဖြစ်၏။

အကွေ့အကောက် သဲလမ်း၊ ကျောက်လမ်းတွေက ဂူထဲတွင် အဆင့်ဆင့်မြင့်တက်သွားရာ ထိုလမ်းကြောင်းများကြားတိုင်းကြားတိုင်းတွင် ရသေ့၊ ရဟန်းနှင့် ယောဂီဝတ်လူပုဂ္ဂိုလ်များကို တရားထိုင်၍တွေ့ကြရ၏။

ရဟန်းသုံးလေးပါးတို့ စကျွဲခြွေချ၍ တရားထိုင်နေကြသည်ကိုမြင်ရသော် နန်းကျားကြီးဘုရင်ကြောင့် တောရပ်မှီသွားကြသော လောင်းကြက်မြို့က သူတို့အသိထဲက ရဟန်းတော်များလားထင်ကာ အနားကပ်ကြည့်ကြ၏။ သူတို့အသိထဲက တစ်ပါးပါးကိုတွေ့လျှင် သူတို့ပြေးလာကြသည့် အကြောင်းကိုလည်း လျှောက်ထားကြမည်ဟုသေသေချာချာ အနားကပ်ဖူးကြည့်ကြသောအခါ ရဟန်းတော် သုံး၊ လေးပါးမှာ အားလုံးသူတို့

တစ်ခါမှမမြင်ဘူးသောမျက်နှာစိမ်းရဟန်းတော်များချည်းဖြစ်သည်။

ရဟန်းတော်များနှင့် ရသေ့ယောဂီနားဝန်းကျင်ရှိ ကျောက်စွန်း၊ ကျောက်ငူများပေါ်တွင် ငှက်ပျောသီး၊ နရွဲသီးနှင့် သူတို့မသိမမြင်ဘူးသောအသီးများတင်ထား၊ ချထားသည်ကိုလည်း တွေ့လာရသည်။

တစ်နေရာအရောက်တွင်မူ တစ်ကိုယ်လုံး အမွေးအမှင်တွေဖုံးအုပ်ထားသော လူပုလေးတချို့ကိုလည်း တရားထိုင်၍တွေ့နေကြရာ နာရဒကကြောက်လာသဖြင့်-

"အစ်ကို၊ ဘရသေ့က ငါတို့ကိုရှာနေပြီးလားမသိဘူး၊ ပြန်ကြမယ်"

ဟု တီးတိုးပြောလိုက်၏။

စိတြကမူ အင်းမလုပ်အေးမလုပ်သေးဘဲ မျက်စိမှိတ်ကာ တရားထိုင်နေကြသော လူပုလေးတွေကို ငေးကြည့်နေသည်။ လူပုလေးတွေမှာ ကိုယ်ပေါ်၌ အဝတ်မရှိသော်လည်း နီကြင်ကြင်အမွေးရှည်များက သူတို့ကိုယ်ကိုဖုံးထားသဖြင့် ကွန္ဒြေကိုမမြင်ရ။

"အစ်ကို၊ ဂူကြီးထဲမှာ နောက်ဘာကောင်တွေရှိနေဦးမယ်မသိ၊ ပြန်ကြမယ်ဗျာ"

နာရဒက အဝတ်မရှိသောလူပုလေးသုံးယောက်အား အံ့သြတကြီးငေးကြည့်နေသော စိတြကို ထပ်ပြောပြန်၏။

ထိုအခါမှ 'အေး'ဟုဆိုကာ လူပုလေးများအနားက ပြန်လှည့်လာကြ၏။

လမ်းမှာ ကျဉ်းကျဉ်းကလေးဖြစ်သော်လည်း သန့်ရှင်းသည်။ အမှိုက်သရိုက် အမှုန်အမွှားတစ်ခုတစ်စမှမရှိ။ သဲလမ်းဆုံးသောအခါ အလင်းရောင်လည်းပိုရလာ၏။ ဖျာသုံး၊လေးချပ်စာခန့်ကျယ်ဝန်းသော သဲသောင်တန်းတစ်ခုပေါ် ရောက်လာကြသည်။ ထိုသဲသောင်ပေါ်ကသဲတွေမှာလည်း ဖြူဖွေးသန့်စင်ပြီးအပေါ်၌ လျှောက်ပျံနေကြသော ပိုးစုန်းကြူးကောင်များ၏ အရောင်ဟပ်သဖြင့် သဲပြင်ပေါ်ရှိ သဲပွင့်ကလေးများကပါ ရောင်စုံထွက်နေသည်။ ထိုသဲပြင်ပေါ်တွင် အိပ်စက်လဲလျောင်းနေကြသော ယောဂီဝတ်လူတွေ၊ ဝတ်ဖြူဝတ်ပုဂ္ဂိုလ်တွေ၊ ရသေ့တွေကိုလည်းမြင်ရသည်။

သဲသောင်ပြင်လေးအဆုံးကိုလှမ်းကြည့်မိကြ၏။ ရဟန်းတော်သုံး၊လေးပါးနှင့် ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်သုံး၊လေးဦးတို့က သဲသောင်အထက် ကျောက်လမ်းပေါ်၌ လျှောက်လှမ်းသွားနေကြသည်။ ရှင်ငယ်ညီနောင်နှစ်ပါးတို့ သဲသောင်နားကဖြတ်လာကြရာ တစ်ဦးတလေက သူတို့ကိုလှမ်းမကြည့်ကြ။ ရှင်ငယ်ညီနောင်တို့သည် သူတို့လာလမ်းကိုမှန်းပြီးတရားထိုင်နေကြသောပုဂ္ဂိုလ်များအောက်ရှိ သဲလမ်းအတိုင်းဝင်လာကြ သည်။

ကျောက်စွန်းကွေ့လမ်းထဲအရောက်မှာ အပေါ်က ပိုးစုန်းကြူးအနီရဲရဲတစ်ကောင် အတောင်ညောင်း၍လားမသိ သူတို့ရှေ့နားထိုးကျလာ၏။ ထိုနီနီရဲရဲပိုးစုန်းကြူးကောင်နှင့် အရှေ့မနှောင်းမှာပင် နောက်အဖြူတစ်ကောင်ထိုးကျလာပြန်၏။ ထို့နောက်မှာ အပြာ၊ အစိမ်း၊ ရောင်စုံအကောင်များ သူတို့ကိုယ်ပေါ်ရော ဘေးပတ်ဝန်းကျင်ကိုပါ တဖြုတ်ဖြုတ်ကြွေကျလာကြ၏။

အထူးအဆန်းဖြစ်၍ မမြင်ဘူးမတွေ့ဘူးကြသောပိုးစုန်းကြူးအကောင်များကို ရှင်ငယ်ညီနောင်တို့က အနီးကပ်ငုံ့ကြည့်ကြ၏။ အပေါ်ကထိုးကျလာသော လက်သန်း၊ လက်မမှသည် မာလာကသီး၊ မင်းကွတ်သီး၊ ဥသျှစ်သီးတမျှ အကြီး၊ အသေး ရောင်စုံအကောင်များမှာ ချက်ချင်းမသေကြသေးဘဲ လမ်းပေါ်တွင် တရွေ့ရွေ့သွားလာလှုပ်ရှားနေကြသည်။ တချို့အကောင်များကမူ ဂူပေါ်ပျံတက်သွားကြ၏။

ကျောက်လမ်းပေါ်တွင် တရွေ့ရွေ့သွားနေကြသော ပိုးစုန်းကောင်များကို ရှင်ငယ်ညီနောင်တို့က သေသေချာချာ အနီးကပ်မြင်လိုက်ကြရသောအခါ အံ့သြမဆုံးဖြစ်သွားကြပြန်သည်။ ပိုးစုန်းကြူးကောင်ရောင်စုံများမှာ တစ်ကောင်မှ ခြေ၊ လက်အင်္ဂါ မျက်စိ၊ ပါးစပ်မပါ။ တုံးတုံးတိတိ အလုံး၊ အဝိုင်း၊ အစောင်း၊ သုံးထောင့်၊ လေးထောင့်လိုချည်းဖြစ်သည်။ အတောင်အလက်လည်းမပါဘဲ ဤပိုးစုန်းကြူးကောင်များသည် ဂူထဲတွင် လူးလာတုံ့ခေါက် မည်သို့ပျံ၍တောက်စားနေခဲ့ကြသနည်းဆိုသည်ကို ဝေခွဲမတတ် ဖြစ်နေကြစဉ် -

"ရှင်ယောင်ငယ်တို့၊ အဲဒီပတ္တမြားမျက်ရှင်၊ ပြဒါးရှင်၊ ဓာတ်လုံးရှင်တွေကို လိုချင်ရင် ကောက်ယူခဲ့ကြလေ"

ဟူသော ဘရသေ့အသံကိုကြားရသဖြင့် ခေါင်းမော့ကြည့်လိုက်ကြရာ ဘရသေ့က သူတို့အနားတွင် မတ်တတ်လာရပ်နေသည်ကိုတွေ့လိုက်ရသည်။

(ဆက်ရန်)

ဒီးဘုး



www.burmeseclassic.com

www.burmeseclassic.com

"တော့် - ကိုတင်ထွန်း၊ ရှင်မထ သေးဘူးလား၊ ဘယ်အချိန်ရှိနေပြီလဲ။ တကတဲ နေဖင်ထိုးအောင်အိပ်နေရ လောက်အောင် ရှင်ဘယ်နှပြားချမ်းသာ နေလို့လဲ။ သူများတွေတောတက်နေကြ တာ ခုနေဆို မှိုတစ်ကျင်းမျှစ်တစ်တောင်း လောက်ရနေပြီ၊ မြန်မြန်ထ။ ဟုတ်ပါ့ တော်၊ ဘယ်လိုလင်မျိုးကိုယူမိရက်သား ဖြစ်နေရလဲမသိပါဘူး။ ပျင်းချက်ကကမ်း ကုန်လွန်းပါတယ်"

ဂေါက်သီးမ၏ နံနက်ချိန်ခါ တေးသံသာသည် ကျောက်မဲတောရွာ လေးမှ စူးစူးဝါးဝါးထွက်ပေါ်လာပါ သည်။ ဤအသံသည် နေ့စဉ်နံနက်တိုင်း ကြားနေကျအသံဖြစ်၍ ရွာကလေးအဖို့ မထူးဆန်းတော့။ ဤရွာသို့ ဂေါက်သီးမ မရောက်ခင်က ရွာ၏နံနက်ခင်းသည် ကြက်တွန်သံ၊ ချိုးကူသံ၊ ခါတွန်သံ၊ သပိတ်လွယ်၊ မြီးတောင်ရှည် စသည့် ငှက်လေးများ၏ တွန်ကျူးသံများနှင့် တစ်ခါတစ်ရံဟောင်လိုက်သောခွေးသံ မှလွဲ၍တိတ်ဆိတ်ငြိမ်သက်နေတတ်၏။



# သန့်ဇင်

## ကျောက်မဲတောကျေးရွာမှ အပေအတေကြီးများအကြောင်း

www.burmeseclassic.com

www.burmeseclassic.com



အိမ်ခြေ သုံးဆယ်ခန့်သာရှိ၍ လည်းကောင်း၊ နံနက်ခင်း၌ တောင်သူများ တောတက်အလုပ်လုပ်ကြ၍ အစဉ်သဖြင့် ငြိမ်းချမ်းလှပါဘိ။

သို့သော် ရွာသားတစ်ဦးဖြစ်သူ တင်ထွန်းတစ်ယောက် နှောနယ်ဘက်သွားပြီး ထန်းပင်တက်ရာမှအပြန် မိန်းမရလာခဲ့သည်။ တင်ထွန်းယူလာသော မိန်းကလေးသည် သူနှင့်အသက်တော်တော်ကွာ၏။ ဘယ်လောက်ကွာသလဲ မေးတော့ မှန်မှန်မဖြေ။ ဒွေးချိုးလေးတိုးပေါ့ဗျာဟု တုံးတိတိပင်ဖြေသည်။ သူ့မိန်းမလေးသည် ကလေးစိတ်ကလည်း မပျောက်၊ အကာန့်ကလည်း နည်းနည်းပျက်ချင်နေသဖြင့် ရူးတူးတူးပေါ်တော တောနေတတ်သောကြောင့် ရွာကလေးက သူမအား ဂေါက်သမီးမဟုအမည်ပေးကြရာမှ မူရင်းနာမည်ပျောက်ပြီး ဂေါက်သီးမဟုသာတွင်နေပါတော့သည်။

ကလေးမရခင်တုန်းက တင်ထွန်းနှင့်အတူ တောတက် မျှစ်ချိုး၊ မှိုနုတ်၊ ယာအလုပ်၊ ကိုင်းအလုပ်၊ မြောက်သူဘောက်အလုပ်များ အတူတကွလိုက်လုပ်ပြီး တင်ထွန်းကလည်း ညားခါစမိန်းမငယ်ငယ်လေးမို့ အနားကမခွာသော်လည်း ကလေးတစ်ယောက်ရလာသောအခါ သူ့ဇာတိကပြလာသလို၊ သူမ၏ဇာတိသွေးကလည်း ထက်ကြပ်မကွာ အစွမ်းပြပါတော့သည်။

တင်ထွန်း ဤမိန်းကလေးအားယူအပြီး ဇာတိရွာ ကျောက်မဲတောသို့အပြန် ရေဦး-တန့်ဆည်ကားလမ်းမကြီးအနီး မုံရွာကားကိုစောင့်ကြ၏။ အဲယားကွန်းဘတ်(စ်)ကားကြီးဆိုက်ရောက်လာပြီး စပယ်ယာက သူတို့နှစ်ယောက်ကိုခေါ်တင်တော့ ဂေါက်သီးမက ကားပေါ်တော်တော်နှင့်မတက်။ ကားကြီးကိုပတ်ကြည့်ပြီး -

"မစီးရဲပါဘူးတော်"

ဟု ဆို၏။

ကားစပယ်ယာက စိတ်မရှည်တော့ဘဲ -

"ဟိုကောင်မလေး ဘာဖြစ်လို့ ကားကိုပတ်ကြည့်နေတာလဲ။ တက်မှာဖြင့် မြန်မြန်တက်၊ ခရီးသည်တွေကို အားနာစရာ"

ဟု ဆိုလိုက်သောအခါ -

"ရှင်တို့ကားမစီးရဲဘူး။ ကိုတင်ထွန်း ပြန်ဆင်းလာခဲ့၊ ဒီကားဆိုတဲ့ဟာကြီးက လှည်းတုတ်ကြီးလည်းမပါဘူး။ မတော် အိမ်ကြီးပြုတ်ကျနေခဲ့ရင် ဘယ်



www.burmeseclassic.com

www.burmeseclassic.com

နှယ်လုပ်မလဲ”

သူမအပြောကြောင့် စပယ်ယာသည် ဇဝေဇဝါဖြစ်သွားပြီး သူ့ကားကို ပတ်ကြည့်၏။ ကားက ဘီးများ၊ ဘီးနတ်များလည်းအကောင်း၊ ဘာချို့ယွင်းချက်မှလည်းမရှိ။ သည်တော့ စပယ်ယာမှာ အူကြောင်ကြောင်ဖြစ်သွားပြီး -

“ဆရာရေ ဟိုမိန်းကလေးက လှည်းတုတ်ကြိုးလည်းမပါဘူး။ အိမ်ကြိုးပြုတ်ကျကျန်ခဲ့မယ်တဲ့။ လုပ်ပါဦးဗျာ၊ ကျုပ်တော့ခေါင်းစားပြီ”

ဒရိုင်ဘာကားဆရာလည်း ခေါင်းကုတ်၍စဉ်းစားရကျပ်နေ၏။ ဘာဖြစ်လို့ ကားဘော်ဒီကပြုတ်ကျခဲ့ရမှာလဲ၊ လှည်းတုတ်ကြိုးဆိုတာဘာလဲ၊ သူလည်းမသိ။ ရပ်စောင့်နေရတာကြာလာတော့ ခရီးသည်တွေလည်း စိတ်မရှည်ချင်တော့။ ဂေါက်သီးမကလည်း ပေကတ်ကတ်နှင့် ကားပေါ် မတက်။ ကားအပေါက်ဝနားလမ်းမပေါ် ရပ်နေ၏။ တင်ထွန်းကခေါ်လည်း တက်မလာ။ သည်အခါမှာတော့ ကားပေါ်မှ ခရီးသည်ယောကျာ်းကြီးတစ်ဦးက ဒေါပွပြီး -

“ဟဲ့-ကလေးမ၊ နင်ကားကိုမမြင်ဖူးဘူးလား။ ဒါလှည်းမဟုတ်ဘူး။ လှည်းဆိုရင် အိမ်နဲ့ဝင်ရိုးကို လှည်းတုတ်ကြိုးနဲ့ချည်သလို ကားဆိုတာကလည်း သံဘော်ဒီနဲ့ဖရိန်ကို ဝရိန်ဆော်ထားတာဟ။ ခိုင်တယ် မြန်မြန်တက်။ နင်တို့နှော အနောက်ဘက်ကရွာတွေ ကားမမြင်ဘူးကြလို့ အထူးအဆန်းဖြစ်နေကြတာ။ နင်မတက်ရင် နင့်လင်ကိုတင်ပြီးကားမောင်းထွက်သွားမယ်။ လိုက်မှာလားမလိုက်ဘူးလား”

ထိုလူကြီးအော်တော့မှ သူမ၏လင်တော်မောင် အသစ်စက်စက်လေးနဲ့ ခဏသာပေါင်းရပြီး ခွဲရမှာကြောက်သဖြင့် ကားပေါ်သို့ ကမန်းကတမ်းတက်လာ၏။ တင်ထွန်းကား သူ့မိန်းမ ငအမကြောင့် အရှက်တော်ကွဲပြီး ရှက်ရာလွန်းသဖြင့် တဘက်ကြီးခေါင်းအုပ်ပြီး မျက်နှာမပြရဲအောင်ရှိနေသည်။

ဘတ်(စ်)ကားကြီးမှာ ဖူဆိုအမျိုးအစား ဂျပန်ကျကားဖြစ်သောကြောင့် အဲယားကွန်းအလွန်ကောင်း၏။ ကားပေါ်တက်သည်နှင့် အေးစိမ့်သွားတော့သည်။ အညာနွေကျဲကျဲတောက်မှာ ခရီးနှင်လာကြသော သူတို့လင်မယားနှစ်ယောက် ကားပေါ်ရောက်မှ ရုတ်ခြည်းချမ်းတုန်လာ၏။

“အမလေးတော် - ဥတုရာသီများပြောင်းချက်က ခုပဲနွေ၊ ခုပဲဆောင်းရောက်လိုက်နဲ့ ချမ်းအေးလိုက်တာ။ မီးလေးဘာလေးလှုံရရင် သိပ်ကောင်းမှာပဲ”

ကားပေါ်မှ ခရီးသည်များသည် ဂေါက်သီးမအား ကမ္ဘာဦးကျောက်ခေတ်လူသားတစ်ယောက်အား တွေ့ရသည့်နှယ် အထူးအဆန်းဖြစ်၍ကြည့်ကြကုန်၏။ တင်ထွန်းမှာ တစ်ရှက်ကနှစ်ရှက်ဖြစ်လာ၍ ဒေါပွလာပြီး ဂေါက်သီးမပါးစပ်ထဲ လက်ကိုင်ပဝါဆို့၍ စကားမပြောနှင့်ဟု ဟောက်လေတော့သည်။ သူတို့အဖြစ်ကိုကြည့်ပြီး ကားပေါ်မှခရီးသည်များ တဟားဟားနှင့်ပွဲကျနေကြရာ စပယ်ယာက -

“ဆရာရေ၊ စိုင်ပြင်ကြီးကိုမြန်မြန်မောင်းပါဗျို့။ ကြာကြာနေရင် ကျွန်တော်တို့ရူးကုန်လိမ့်မယ်”

ဤမျှအထိ ရာဇဝင်စာတင်သော ဂေါက်သီးမပါပေတည်း။

❑

နယုန်မိုးသေး မြက်သားမွေးဆိုသကဲ့သို့ မြက်များအပြင် ဝါးရုံတောတို့သည်လည်း တစ်သားမွေးတစ်သွေးလှုကြသည်။ မှိုတို့သည်လည်း မြေကိုခွဲ၍ မိုးအားမျှော်ကြည့်ကြ၏။ ဘုတလင်မြောက်ဘက် ဒီပဲရင်းနယ် မုံရွာ-ရေဦးကားလမ်းအရှေ့ဘက် အုတ်ဖိုတောင်ရိုးကြီးနှင့် ယာခင်းဒေသသည် လျှိမြောင်၊ ချပ်ကုန်း၊ စရစ်ကုန်း၊ အညာတောအုပ်များနှင့်ယာတချို့က ဟိုသည်ကွက်ကျားအပျံ့မသနပ်ခါးဘဲကြားရိုက်ထားသကဲ့သို့ ရှိလေသည်။ ဝါးရုံတောများက အိမ်ဆောက်၊ နွားတင်းကုပ်ဖြစ်လောက်အောင် မကြီးထွားကြသော်လည်း စည်းရိုးတိုင်အရံအတားလောက်တော့သုံးဖြစ်သေးသည်။ ထိုဒေသနေ ကျေးလက်လူတန်းစားအတွက် ဟင်းတစ်ခွက်ကိုတော့ ထိုဝါးရုံတောများက အဆက်မပြတ်ဖြည့်ဆည်းပေးနေပါလေ၏။ မုတ်သုံရန့်ပေး၍ မှန်တိုင်းမိုးလေး တစ်ပြိုက်၊ နှစ်ပြိုက်ရွာချလိုက်ပြီဆိုမှဖြင့် နုထွတ်နေသော မျှစ်စို့ပေါက်လေးများ ဟိုရုံသည်ရုံ၌ အစီအရီတိုးထွက်လာကြ၏။ ဇွန်၊ ဇူလိုင်၊ ဩဂုတ်၊ စက်တင်ဘာလအထိ ယာမရှိသူ မြောက်သူမြောက်သား (ယာရှိသူအား တောင်သူဟု ခေါ်ကြသည်) တို့ နံနက်ဝေလီဝေလင်း ထန်းတောအောက် ရွာချိုတွေမှာ နေရောင်ပြူသည်နှင့် ချပ်ရိုးကုန်းကြားတစ်လျှောက် မျှစ်ချိုးထွက်ကြတော့သည်။ တောင်ပို့ဝါးရုံမှို၊ မိုဦးနက်တို့သည်လည်း မိုးရေသောက်ရသည်နှင့် အလျှိုအလျှိုတိုးထွက်လာကြ၏။ သူတို့သည် လူသားအပေါင်းတို့အား လာလေ့ ခူးဆွတ်လော့ ကြော်လှော်ချက်ပြုတ်၍ စားသုံးကြကုန်လော့ဟု ဖြူစင်သောစေတနာဖြင့် ပုန်း၍တစ်မျိုး၊ ကွယ်၍တစ်သွယ်၊ ပြောင်ခင်း၍တစ်ဖုံ သူ့ထက်ငါ အဖွေးသားပေါ်ထွက်ရောက်ကြကုန်သည်။

မျှစ်ချိုး၍ အခွံသင်ပြီး တစ်ပိဿာနှစ်ထောင်ကျပ်သည် ယာမရှိကိုင်းမရှိ ဘောက်အလုပ်သမားမြောက်သူမြောက်သားများအတွက် မက်လောက်စရာ ငွေကြေးဖြစ်၏။ ကြိုးစားပမ်းစား တစ်မနက်ခင်း မွန်းမတည့်မီခူးလျှင် မျှစ်နှစ်ပိဿာလောက်အပြင် ကံကောင်းပါက မှိုတစ်ပိဿာခန့်ပါရတတ်သည်။ မှိုရှာမျှစ်ချိုးရင်း တောဟင်းတောရွက်လေးများပါ ရှာဖွေ၍ခူးဆွတ်သော် တစ်နေ့စာဟင်းရံအတွက် ပူစရာမရှိတော့။ ဘိလပ်ချဉ်ပေါင်၊ သပြက်ရွက်၊ ကုန်းကန်စွန်းညွှန့်လေးများကလည်း နဘူးနွယ်၊ ဒဟတ်ချိုတို့နှင့်အပြိုင် ထင်တိုင်းကြ၍ပေါ်ထွက်ရောက်နေကြ၏။

တင်ထွန်းက ဝီရိယမရှိ။ အချိန်ရှိသရွေ့ သောက်စားမူးယစ်ပြီးနေချင်သည်။ အရက်တိုက်မည့်သူရှိလျှင် မျှစ်ချိုးရင်း အရက်ဖိုတဲရှိရာ သက်ကယ်ခြံရွာဘက်သို့လိုက်သွားတတ်သလို လက်ထဲမှာ ငွေစလေး နှစ်ရာမျိုး၊ သုံးရာမျိုးရှိလို့ကတော့ ဓားမနှင့်တောင်းလေးပိုက်ပြီး လွယ်အိတ်စုတ်လွယ်လျက် မျှစ်ချိုးမည့်အကြောင်းပြကာ နေမွန်းတိမ်းသည်ပင် ပြန်မလာတော့။ ဂေါက်သီးမက မှ ဖိုးငွေကြိုယူထားပြီး လင်တော်မောင်ပြန်မလာ၍ ကလေးခါးထစ်ခွင်ချီပြီး ရွာထိပ်ထွက်မျှော်နေတတ်၏။

နေပူ၍ နွားများပန်းပြီး ယာသိမ်းပြန်လာကြသော တောတက်သူများနောက်မှ မူးမူးနှင့်ပေါက်တတ်ကရဗွေ ပြောပြီး သိုင်းကွက်နင်းပြန်လာသော တင်ထွန်းကိုတွေ့ရသောအခါ ဂေါက်သီးမသည် မျှစ်တောင်းကိုအရင်ကြည့်၏။ တောင်းထဲမှာကား မှိုဦးနက်သုံးလေးပင်နှင့် ဓားမငုတ်တိုသည် အိပ်ပျော်လျက်ပါလာ၏။ ဂေါက်သီးမ၏ဒေါသကား မီးတောင်ကချွန်းသကဲ့သို့ ပေါက်ကွဲလေတော့တည်း။

“ရှင်ဘယ်တွေကိုအလေလိုက်ပြီး ဘယ်မယားငယ်တဲမှာသွားအခိုက်ဖြုန်း



www.burmeseclassic.com

www.burmeseclassic.com

နေလို့ တစ်မနက်လုံး တောတက်တာ မိုးဦးနက်သုံး၊ လေးပင်ပဲပါရသလဲဟင်။ တော့်ကိုတင်ထွန်း - ပြောပါဦးတော့။ ကျုပ်တို့သားအမိဘာနဲ့သွားပြီးထမင်းစားကြမှာလဲ"

"နင့်ဟာနင် ရှိတာနဲ့စားပေါ့။ လူထွင်းတဲ့ခံတွင်းမဟုတ်ဘူး၊ နတ်ထွင်းတဲ့ခံတွင်း။ မြန်မာပြည်မှာ ထမင်းငတ်သေတဲ့မသာမရှိသေးဘူး"

"ဒီမှာ ငမူးကြီးရဲ့၊ အဲဒီတော့ ကလေးက နတ်ထွင်းတဲ့ကလေးမဟုတ်ဘူး၊ တော်ထွင်းတာလေ။ ဒီကလေးကို ဘာနဲ့သွားကျွေးမှာလဲ၊ စဉ်းစားပြီးမှပြောပါဦး။ သူ့ဟာသူကျတော့ အန်ဖတ်ဆို့အောင်သောက်လာပြီးတော့"

"ဒီမှာ ကလေးကို အဖေတို့ကျွေးလိမ့်မယ်။ မင်းငါ့ကိုဘာဘာညာညာလာပြောမနေနဲ့"

"ရှင့်ဟာလေ သူများသားသမီးကိုယူထားပြီးတော့ ထမင်းနပ်မှန်အောင်လုပ်မကျွေးချင်ဘူး။ ကိုယ့်ဟာကိုယ်ကျတော့ တစ်နေ့တစ်နေ့မူးဖို့ဘယ်ကသွားရှာသောက်နေလဲမသိဘူး"

"ဟာ - ဒီမိန်းမစကားတယ်များတာပဲ။ ငါလုပ်လိုက်ရသေတော့မယ်"

တင်ထွန်းသည် ဂေါက်သီးမကို သာကြိမ်းဝါးနေ၏။ လူပုံက မြေပြင်မှာ ယိမ်းထိုးနေပြီး မဟန်နိုင်ဖြစ်နေသည်။

"အောင်မယ်- ရှင်ကများ ကျွန်မကိုလုပ်မလို့လား။ လာလေ၊ စမ်းကြည့်လိုက်စမ်းပါ။ နွားနယ်သူတဲ့နော်၊ သတ္တိရှိလို့ ရှင်တို့ကျောက်မဲတောကိုလိုက်လာတာ သေပေတော့"

ပြောပြောဆိုဆိုဖြင့် ဂေါက်သီးမသည် တင်ထွန်း၏ ဆံပင်အားဆွဲပြီး ကျောကုန်းအား တအုန်းအုန်းထုပါတော့သည်။ တင်ထွန်းကလည်း ထုရိုက်နေသော ဂေါက်သမီးမ၏လက်ကိုဖမ်းချုပ်လိုက်ရာ နှစ်ယောက်သား ရွာအဝင်လှည်းလမ်း ဖုံတောထဲလဲကျသွားပါ၏။ လင်မယားနှစ်ယောက် တစ်ယောက်တစ်ပြန် လုံးထွေးသတ်ပုတ်နေကြရာ ကလေးလေးမှာ လမ်းဘေး၌ထိုင်ပြီး တအီးအီးငိုနေပါတော့သည်။

လင်မယားရန်ဖြစ်သတ်ပုတ်သံ၊ ကလေးငိုသံကြားရ၍ ရွာထိပ် မူလတန်းကျောင်းမှ ဆရာလေးဦးမြင့်ထွက်ကြည့်သောအခါ ဖုံအလူးလူးဖြင့် တင်ထွန်းကလည်းလမ်းမ၌လဲနေ၏။ ဂေါက်သီးမက တင်ထွန်းကိုယ်ပေါ်တက်ခွ၍ ဆံပင်ဆွဲပြီး မျက်နှာအား လက်ဝါးဖြင့်တဖြောင်းဖြောင်းရိုက်နေသည်ကို တွေ့ရပါတော့၏။

"ဟဲ့ဟဲ့ - တော်ကြပါတော့၊ ရွာထိပ်မှာ လူမြင်လို့လှည်းမကောင်းဘူး။ ဘယ်သူတွေများလဲလို့ တင်ထွန်းတို့လင်မယားကိုး။ ဟဲ့ - ဂေါက်သီးမ တော်တော့ နင်လွန်မယ်"

"ဆရာလေးရဲ့ သင်းက ကျွန်မကို ရိုက်မလို့တဲ့ ဟီး ဟီး ဟီး"

"ငိုမနေနဲ့၊ နင့်ယောကျ်ားကရိုက်မလို့သာပြောတာ၊ ငါမြင်တာကတော့ နင်ကပဲရိုက်နေတာ"

"ဒါကတော့ ကိုယ့်ကိုမလုပ်ခင် ဦးအောင်လုပ်ရတာကိုး ဆရာလေးရဲ့"

"သွားကြတော့၊ ငါ့ကျောင်းရှေ့မှာ ရန်ဖြစ်မနေကြနဲ့။ ငါရွာလူကြီးကိုသွားတိုင်မှာနော်"

ဆရာလေး ထွက်ပြောသဖြင့် ဂေါက်သီးမ ကလေးချီပြီးထွက်သွားပါတော့သည်။

တင်ထွန်းကား တစ်ကိုယ်လုံး ဖုံအလူးလူးဖြင့် မျက်နှာတစ်ပြင်လုံး ဖူးရောင်၍နေပါတော့သည်။

❑

"ဒါကြောင့် ငါပြောတာ တင်ထွန်းမင်းမိန်းမကို ကွာလိုက်"

ကိုလေးကုလားက အရက်ခွက်အားငှဲ့သောက်ပြီး တံတွေးတစ်ချက်ထွေး၍ တင်ထွန်းကိုပြော၏။ တင်ထွန်းဘာစကားမှမပြောနိုင်ပါ။ ကြက်ကြီးလည်လိမ်ထားသကဲ့သို့ဖြစ်နေ၏။ ရောင်ကိုင်းနေသောမျက်နှာကြောင့် မျက်လုံးများပိတ်၍ပင်နေသည်။

"ကျုပ်စိတ်နာတယ်ဗျာ၊ ကျုပ်ကို ရက်ရက်စက်စက်လုပ်တယ်"

"ဟုတ်တယ်ကွ၊ ရက်စက်မှကြေကွဲတယ်ဆိုတာ။ မင်းကို ဂေါက်သီးမက ရက်ရက်စက်စက်လုပ်တော့ ခုမင်းကြေကွဲနေရပြီ။ ဒီတော့ ချက်ကြီးတစ်ခွက်လောက်ထပ်ချလိုက်"

ကိုကြီးဒွေးက ပုလင်းထဲမှလက်ကျန်ချက်အရက်အား တင်ထွန်းခွက်ထဲထည့်ပေးလိုက်သည်။

"ဟ- မောင်ဒွေးရ၊ ငါ့ဖို့လည်းချန်ပါဦးကွ။ ပုလင်းထဲမှာမရှိတော့ဘူး"

"ကိုလေးကုလားသောက်နေတာ လေးခွက်ရှိပြီ။ ကျုပ်တို့သုံးခွက်ပဲရှိသေးတယ်။ ကျုပ်မှတ်ထားတယ် ကိုလေးကုလားရဲ့၊ ကျုပ်မမူးသေးပါဘူးဗျ"

"ဒေါ်ဖွားတင့်၊ နောက်တစ်လုံးချပါဦးဗျာ၊ ဦးရည်လုပ်ဗျာ။ ခင်ဗျားအရက်တွေကမစစ်ဘူးနဲ့တူတယ်"

"ဟဲ့-ကုလား၊ နင့်မျက်စိရှေ့မှာပဲ ချက်နေတာ၊ မစစ်ရအောင် ငါက ဘာတွေရောနေလို့လဲ။ ဦးရည်က တစ်လုံးငါးရာဟဲ့။ နှစ်ရာတန်ကနှစ်ရာတန်ပဲရမှာ၊ အကြွေးမရဘူးနော်။ စိုင်ပြင်ဈေးကထန်းလျက်ကိုလည်း ငါအကြွေးဝယ်လို့မရဘူး။ လက်ငင်းရမှာဖြစ်မှာ"

"ခင်ဗျားကလည်းဗျာ၊ ပဲရှိရင် ငွေရှိတယ်ဗျ။ ဒီမှာရော့"

ကိုလေးကုလားက ဒေါ်ဖွားတင့်အား သူ့ခါးပုံစံကိုပုတ်ပြသည်။

"မုဆိုးမဆိုပြီး မခန့်လေးစားလုပ်တာလား။ ငါ့ထင်းခုတ်ဓားမက လူမရွေးဘူး"

"မဟုတ်ပါဘူးဗျာ၊ ကျုပ်ခါးပုံစထဲမှာ မြေပဲဆန်နှစ်လုံးကျော်လောက်ပါတယ်။ အရက်တစ်လုံးတော့ ရလောက်ပါရဲ့"

"သွား - စကောထဲသွားထည့်ပြီးရင် ဒီမှာအရက်တစ်ပုလင်းလာယူ။ ဦးရည်က အုပ်ချုပ်ရေးမှူးမှာထားတာ၊ ဧည့်သည်တွေလာရင်တိုက်မလို့တဲ့။ နင်တို့အတွက်မရဘူး"

အရက်နောက်တစ်လုံးကုန်တော့ သူတို့သုံးယောက် ဒေါ်ဖွားတင့်အရက်တဲ၌ မှောက်နေကြပါတော့၏။ အနီးရှိ ထနောင်းပင်ကြီးပေါ်မှ ပန်းထိမ်ဖိုငှက်တစ်ကောင်သည် ပန်းထိမ်ဆရာ တူထုသံကဲ့သို့ တတောင်တောင်မြည်လျက် အော်ဟစ်နေလေ၏။ ကိုကြီးဒွေးကျောင်းနေသောနွားတွေက ယာခရိုးလှည်းလမ်းစပ်မှ သူများပြောင်းခင်းထဲသို့ တိုးဝင်သွားကြပါတော့သည်။

❑

"မောင်ဒွေး၊ မင်းဘယ်လိုရှင်းမှာလဲ။ မင်းနွားတွေဦးစံပြောင်းခင်းထဲဝင်ဆွဲကြတယ်ဆို။ မင်းမတားဘူးလား"

ရွာလူကြီးကိုလေးသိန်း၏ အိမ်ခြံဝင်း တမာပင်အောက်၌ ကိုကြီးဒွေးငုတ်တုတ်လေးထိုင်လျက်။ သူ့ခမျာနေ့ခင်းကသောက်ထားသော ချက်အရက်စည်းစိမ်လေးပင် ဘယ်ဆီရောက်သွားပြီမသိတော့ပါ။ သူမူးပြီးအိပ်ပျော်နေတုန်း သူကျောင်းနေသည့်နွားတွေ သူများအခင်းထဲဝင်စား၍ အခင်းရှင်က မကျေနပ်သဖြင့် ရွာလူကြီးထံလာတိုင်ခြင်းဖြစ်သည်။

"ကျုပ်အိပ်ပျော်သွားလို့ပါဗျာ



www.burmeseclassic.com

www.burmeseclassic.com

ဦးလေးစံခင်ရှာ၊ တောင်းပန်ပါတယ်ဗျာ"

"မင်းပုံစံက ငါ့တူမက ဆောရီးပါပဲ၊ ဦးလေးကတော့ ထီးကျိုးသွားပြီလိုဖြစ်နေပြီ။ ငါ့ပြောင်းပင်တွေ အိမ်က နွားမစားရဘဲ မင်းနွားတွေစားလို့ ကုန်သလောက်ဖြစ်နေပြီ"

"ဦးလေးရာ ညနေခင်း ခဏလေး နွားစားတာနဲ့ ဦးလေးပြောင်းခင်းကြီး တစ်ခင်းလုံးကုန်မှာလားဗျာ။ ကျုပ်နွားတွေ ဒီလောက်တော်ကြီးမဏျပါဘူး။ မသကာသုံး၊ လေးပင်ပေါ့"

"ဇှေဟ့ကောင် မင်းလိုက်ကြည့်။ မင်းနွားတွေက အပေါ်က အညွန့်အဖူးလေးတွေဆွဲဆိတ်ပြီးစားသွားကြတာ။ ငါ့အခင်းကတော့ ပြောင်းညွန့်တုံးပါပြီ"

"ကျုပ်လူညွန့်တုံးတာပဲကြားဖူးပါတယ်ဗျာ။ ပြောင်းညွန့်တုံးတာ တစ်ခါမှမကြားဖူးဘူး"

"ကဲပါ ဦးလေးစံခင်ရယ်၊ ပြောင်းဆိုတာ အပေါ်ကအညွန့်ဖြတ်လည်း ဘေးကအတက်ထွက်ပါတယ်။ ဒီတစ်ခါ ခွင့်လွှတ်လိုက်ပါ။ ကိုယ့်တူကိုယ့်သားတွေပဲ၊ ဆွေမျိုးမှမကင်းကြတာ"

"တောက် - ငါလေ ဟင်း. . . မင်းအဖေငါ့အစ်ကိုဝမ်းကွဲမျက်နှာကြောင့်မို့ပေါ့ကွာ။ ဒိပြင်ဆို အလျော်တောင်းတယ်"

"ဦးလေးကဘယ်လောက်အလျော်လိုချင်လို့လဲ"

ကိုကြီးငွေး ဒေါသထွက်လာပြီး ဦးစံခင်အား ဘုဆတ်ဆတ်ပြန်မေးတော့သည်။

"ဟေ့ကောင် မင်းလျော်နိုင်ရင် မင်းနွားပေါက်လေးပေးပါလား"

"လက်စသတ်တော့ ဦးလေးက ရွှေမန်းတင်မောင်ကတဲ့ဇာတ်ထဲက ရွှဲကုန်သည်ပါလား။ ဦးလေးလောဘကြီးတာ တစ်ရွာလုံးသိပါတယ်။ ဒီမှာဦးလေး နွားတော့မရဘူး၊ နွားချေးပဲရမယ်သိလား"

"အေး- နွားချေးဆိုလည်း ငါ့အိမ်ကို ဆယ်တောင်းလောက်လာပို့။ မပို့လို့ကတော့ နောက်တစ်ခါ မင်းနွားတွေ ငါ့အခင်းထဲဝင်ရင် လက်ကျူးရင် လက်ဖြတ်မယ်၊ ဇက်ကျူးရင် ဇက်ဖြတ်မယ်။ စံခင်အကြောင်းသိရမယ်ကွ"

"ဘူး. . . ဘူး. . . ဘူ. . . ဘူး"

ခြံစည်းရိုးစပ် မန်ကျည်းပင်ပေါ်မှ ငှက်ငနွားတစ်ကောင် အော်ဟစ်နေလေသည်။

"တွေ့လားဦးလေး။ လူမပြောနဲ့ ငှက်ကတောင် ဦးလေးကို နွားထက်မိုက်မှန်းသိတယ်။ ဟိုမှာငှက်ငနွားအော်နေတာတွေ့လား"

ဦးစံခင်ဒေါသဖြစ်ပြီး ထင်းစဖြင့် မန်ကျည်းပင်အားလှမ်းပစ်ရာ ငှက်မှာ လန့်ပြီးပျံလေသည်။

❑

ရွာဦးကျောင်းမှာ အုန်းမောင်းခေါက်သံကြားရ၏။ အရုဏ်တက်လာနေပေပြီ။ အရှေ့အရပ်ဆီမှ အနီရင့်သွေးအလင်းပြေးသည် ပုစွန်ဆီရောင်သန်းလာနေ၏။ တမာပင်ထိပ်ဖျားမှ သပိတ်လွယ်ငှက်လေးတစ်ကောင်သည် အရုဏ်နှင့်အပြိုင် သီကြွေးနေပါသည်။ ခင်ပုပ်ငှက်တို့ တစ်ညလုံးငှက်တေလေလုပ်နေကြပြီး အလင်းရောင်လာခါနီးမှ ရွာထိပ်မန်ကျည်းပင်ကြီး၌ အိပ်တန်းလုနေကြ၏။ ညဥ့်ငှက်တေလေ ဇီးကွက်အား တချို့ဒေသက ခင်ပုပ်ငှက်ဟုခေါ်ကြသည်။ သူတို့ကြောင့် လန့်နိုးလာသော ကျီးကန်းတို့က မကျေနပ်ကြဘဲ ခင်ပုပ်ငှက်အား ဝိုင်း၍ထိုးဆိတ်၏။ ကျီးနှင့်ခင်ပုပ် သည်ဟာကြောင့်မတည့်သည်ဘဲလား။

ကိုလေးကုလားလည်း အရက်ခိုးပြန်၍ အိပ်မရတော့ဘဲ စောစောနိုးနေ၏။ ရေနွေးတစ်အိုးတည်ပြီး ဘယ်သူမှမထသေးဘူးအထင်ဖြင့် အိမ်ထဲခြေဖော့နင်းပြီး ပြန်ဝင်၏။ သူက အိမ်ရှေ့အဖီလေးအောက်ကွပ်ပျစ်မှာအိပ်သူဖြစ်၏။ ပုတ်ထဲမှနှမ်းများအား ပြည်တောင်းနှင့်ခပ်ပြီး လွယ်အိတ်ထဲကဲ့ထည့်မည်အလုပ် -

"ကိုကုလား၊ တော်ဘာလုပ်တာလဲ။ ပြန်ချထားလိုက်စမ်း၊ ပြည်တောင်းကို"

သူမိန်းမ၏အသံသည် ခြင်ထောင်ထဲမှ ပေါ်ထွက်လာပါသည်။ ထိုအသံသည် ကိုလေးကုလားအဖို့ ငှက်ဆိုးထိုးသံဖြစ်၏။ စိတ်ထဲမှာကျိတ်ပြီးဆဲလိုက်မိသည်။

"မဟုတ်ပါဘူးဟာ၊ မြေပဲဆန်လေးကြော်မလို့ယူတာပါ။ မှားသွားလို့"

"တော့်အကြောင်း ကျုပ်သိတယ်။ တော်နိုးကတည်းက ကျုပ်လည်းနိုးနေတာ။ ရှင်ဘာလုပ်မလဲဆိုတာ ချောင်းကြည့်နေတာ"

ကိုလေးကုလားမခံမရပ်နိုင်ဖြစ်ပြီး ဆဲသံကပေါက်ကွဲထွက်လာ၏။

"(xxx)၊ နားကိုပါးလွန်းတယ်"

"မပါးလို့လည်းမရဘူး တော်ရေ၊ တစ်မိုးစာနှမ်းလေး တော်အရည်ဖျော်တာနဲ့ကုန်မှာစိုးလို့ နေ့ကင်းညကင်းချထားရတယ်သိလား"

ကိုလေးကုလား စိတ်အလွန်ညစ်ရ၏။ နံနက် မောနင်းပက်ဖို့ အကြံအဖန်လုပ်ဖို့ရာ လမ်းစကပိတ်နေ၏။ ဘယ်မှာနိုက်ရမည်လဲဟု သူအကြံထုတ်သည်။ တဲအပေါက်ဝသံတိုင်မှာချိတ်ထားသော ဖလန်ထည်အကျီအဟောင်းကလေးက လေအတိုးမှာ တဖျတ်ဖျတ်ခတ်လျက်။ သည်အကျီလေးသည် သူ့သားအကြီး ကျော်စွာဝင်း၏အကျီ ဖြစ်သည်။ တဲအပေါက်ဝအပြင်ဘက်မှ လက်လျှိုပြီး အကျီအိတ်ထဲစမ်းလိုက်၏။ နှစ်ရာတန်တစ်ရွက်၊ ရာတန်တစ်ရွက်ထွက်လာသည်။ ကမန်းကတန်းနိုက်၍ ပုဆိုးခါးကြား၌ ကျစ်လိုက်သည်။ ထမင်းကြော်၊ မြေပဲကြော်ဆီဆမ်းနှင့် ရေနွေးကြမ်းအား အမြန်စားပြီး-

"ငါရွာပြင်မှာဗိလတ်ရွက်၊သပြက်ရွက်လေးသွားခူးလိုက်ဦးမယ်"

"ရှင်ဟင်းချက်ချိန်အမီပြန်လာမှာလား"

"လာမှာပေါ့ကွာ၊ ငါကဘယ်သဝေထိုးရမှာမို့လို့လဲ"

"မသိပါဘူးတော်၊ သက်ကယ်ခြံက ဒေါ်ဖွားတင့်မျက်နှာ နေထွက်နေဝင်သွားဖူးနေရတာလားလို့"

"မင်းတို့မိန်းမတွေဟာလေ၊ လုပ်မကျွေးတာဘဲကောင်းတယ်။ မနက်မိုးလင်းတာနဲ့ အပေါက်အစပ်က တယ်များ"

ကိုလေးကုလား မားမတိုခါးထိုး၍ လွယ်အိတ်အဟောင်းလေးလွယ်ပြီး ရွာအရှေ့အပြင်ဘက်ထွက်ခဲ့သည်။ နေလုံးကြီးသည်ပင် ထန်းတစ်ဖျားခန့်ရောက်တော့မည်။ လှည်းလမ်းနံဘေး ဒဟတ်ပွင့်ဖြူဖြူလေးများသည် နံနက်ခင်း၏ တောက်ပသော နေရောင်ခြည်အား ကြိုလင့်လျက် လန်းဆန်းနေကြသည်။ မိုးသောက်ထားသဖြင့် နေစာမြက်တို့ လမ်းဘေးတစ်လျှောက် မင်းမူနေကြသည်။ သန်းပင်၊ ရှားပင်တို့က တစ်နှစ်စာအတွက် အားယူရင်း အပြိုင်းအရိုင်းကုန်းထကြ၏။ မြို့ဘက်မှာ ထင်းရှားသဖြင့် ဒီအပင်လေးများ လက်ကောက်ဝတ်ခန့်မှ ပိုကြီးခွင့်မရ။ နည်းနည်းလေးကြီးသည်နှင့် ဓားမစာမိပြီး ထင်းအဖြစ်ဘဝပြောင်းရသည်။

သည်အပင်လေးတွေကြား နွယ်



www.burmeseclassic.com

www.burmeseclassic.com

တက်နေသော သပြက်ရွက်နုနုလေးများအားနူးပြီး လွယ်အိတ်ထဲထည့်၏။ မလှမ်းမကမ်းရှိ ထနောင်းပင်ပေါ်မှ ရွှေပြည်စိုးငှက်၏ သီကျူးသံသည် အလွန်သာယာပါဘိတောင်း။ ဆက်ရက်လေးများက တကျိကျိအသံပေးရင်း မြက်တောထဲ၌ အစာကောက်နေကြသည်။နေခြည်ဆမ်းနေသော နံနက်ခင်းသည် စိမ်းစိုနေသော သစ်ပင်တောအုပ်၊ သာယာလှသော ငှက်မြည်ကြွေးသံများကြောင့် ကိုလေးကုလား နံနက်ခင်း မောနင်းပက်ဖို့ကိုပင် မေ့လျော့သွား၏။

"ဖောင်း. . . ဖောင်း. . . ဒိန်း. . . ဖောင်း"

ခပ်လှမ်းလှမ်း ယာခင်းအစပ်မှ ပြောက်အိုးဖောက်သံများ ကြားရသည်။ ခိုငှက်အုပ်ကြီးသည် ယာခင်းစည်းရိုးထန်းပင်တန်းထိပ်၌ဝဲနေရာမှ ပြောက်အိုးသံတဖောင်းဖောင်းကြောင့် လန့်ပြီး မြောက်ဘက်သို့ပျံပြေးလေသည်။ ထန်းပင်အောက်၌ လူရိပ်တွေ့၍ သေချာစွာကြည့်လိုက်ရာ ကိုကြီးဌေးဖြစ်နေသည်။ သောက်ဖော်သောက်ဖက်လည်းဖြစ်၊ ညီဝမ်းကွဲလည်းဖြစ်၍ ယာခရိုးဘေးကပ်လျှောက်ရင်း သူ့နားရောက်သွား၏။ ကိုကြီးဌေးသည် ယာခင်းမြေပွပွ၌ ရှုးဒိုင်းတုတ်တံလေးများစိုက်ပြီး လာမည့်ငှက်အုပ်အားစောင့်ကြည့်နေသည်။ မိုးလေးတစ်ပြိုက်၊ နှစ်ပြိုက်ရွာ၍ ထွန်ကြ၊ ထယ်ကြပြီး မြေပဲကြဲထားရာ သုံးရက်ခန့်ကြာသောအခါ မြေပဲဆန်များ အညှောက်ပေါက်၍ မြေကြီးကပပ်ကြားအက်ဖြစ်လာသည်။မြေပဲပင်ပေါက်လေးများသည် ပပ်ကြားအက်ကြားမှကွေးကွေးလေးဖြစ်ကာ မြေပြင်၌ မပေါ်တပေါ်ဖြစ်နေသည်။ နောက်နေ့ဆိုလျှင် ပင်စည်ရိုးမှာဖြောင့်သွားပြီး အစေ့ရွက်နှစ်ရွက်နှင့် မြေပဲပင်ပေါက်လေးများစီတန်းလျက် ဖွေးဖွေးလှုပ်တော့မည်။ ဤသို့ မြေကြီးမှတိုးထွက်ခါစအချိန်တွင် တောအုပ်များမှ ခို၊ ခါ၊ ချိုး၊ ဆက်ရက်စသော ငှက်အုပ်များ၊ တစ်ခါတစ်ရံ ကြက်တူရွေးအုပ်များ အသင်းလိုက်အပင်းလိုက် ပျံဝဲလာကြပြီး အပင်ကွေးလေးတွေကိုနှုတ်သီးနှင့်ဆိတ်ဖွ၍စားပစ်ကြ၏။ ထိုအခါ ယာခင်းရှင်က လူစောင့်ပြီးခြောက်လှန့်ရသည်။ တစ်မနက်ခင်းခြောက်လိုက်လျှင် ငှက်တွေကမလာကြတော့။ ယခင်က လောက်လေးခွ၊ ဝါးလုံး၊ ဒန်အိုးစုတ် စသည်တို့ဖြင့် တီးခတ်ပစ်၍ခြောက်လှန့်ရသော်လည်း ခေတ်မီလာသော ယနေ့အချိန်အခါ၌ တရုတ်ပြည်မှလာသော မီးရှူး၊ ပြောက်အိုးတို့သည် ငှက်ခြောက်ရာ၌ လွန်စွာအသုံးတည့်နေပြီဖြစ်၏။ ငှက်အုပ်လာလျှင် မီးရှူးအား ငှက်အုပ်ရှိရာသို့ချိန်၍ မြေမှာစိုက်ပြီး စနက်တံအား မီးရှို့လိုက်လျှင် ကောင်းကင်သို့ ရှူးခနဲတက်သွားပြီး ငှက်အုပ်ကြားထဲ ဖောင်းခနဲပေါက်ကွဲသော် ငှက်တို့သည် အလန့်တကြားနှင့် အတောင်ဦးတည့်ရာ ပျံပြေးကြလေသတည်း။

"ဟေ့ကောင် မောင်ဌေး၊ မင်းကိုယ်မင်း လေကြောင်းကာကွယ်ရေးတပ်သားကြီးမှတ်နေလား။ ဘာလဲ၊ အမေရိကန်လေယာဉ်ပျံတွေကို ပစ်ချမလို့ချိန်နေတာလား"

"ကိုကြီးသန်းအောင်ရဲ့မြေပဲခင်းလေ၊ ကြဲထားပြီးအပင်ပေါက်မှာ·ငှက်စာမိမှာစိုးလို့ ကျုပ်ကို ဒီမနက်တစ်ထောင်ပေးပြီး ငှက်ခြောက်ခိုင်းထားတာ"

"အကြီးကောင် မောင်ထွန်းက ဘယ်သွားနေလို့လဲ၊ သူ့သားတွေ အားကိုးရသားနဲ့"

"မောင်ထွန်းက မိန်းမရှိရာ ရန်ကုန်ကိုပြန်သွားတယ်။ အလတ်ကောင်နဲ့ မောင်ပိန်ကလည်း သူတို့ယာတွေထွန်လို့ကောင်းတုန်းလေ။ ဒါနဲ့ ကျွန်တော်လာကူနေရတာ"

"ဒါဆို မင်း ဒီမနက် တစ်ထောင်ထောပြီပေါ့"

"ဘာလုပ်မလို့လဲ ကိုလေးကုလား၊ ဒါလေးတော့မလုပ်ပါနဲ့ဗျာ။ ဆန်ဝယ်ရမှာဗျ"

"ဟေ့ကောင် မောင်ဌေး၊ မင်း ငါ့ရှိတုန်းကတော့ကပ်သောက်ပြီး မင်းပိုက်ဆံကျတော့ ဟိုဟာဒီဟာအကြောင်းပြနေတာတော့ မမိုက်ဘူးကွ။ ငါးရာတော့ထုတ်၊ ငါ့မှာသုံးရာပါတယ်"

"ဒီနှစ်ယောက် ဘာတွေငြင်းခုံနေတာလဲ"

တင်ထွန်းသည် ခွဲတောင်းအားပခုံးထက်ထမ်းလျက် သူတို့နှစ်ယောက်အနီးသို့ ရောက်လာ၏။

"တင်ထွန်း၊ မင်းတောင်းထဲ ဘာတွေလဲကွ"

"မှိုလေးနည်းနည်းပါးပါးပါဗျာ"

တင်ထွန်းက မှိုတောင်းအား ပုဆိုးပေါင်းနှင့်အုပ်၍ ပခုံးပေါ်မှမချဘဲ ပြော သည်။

"ချစမ်းပါ၊ မင်းပခုံးပေါ်ကတောင်းကို"

တင်ထွန်းက မျက်စိမျက်နှာပျက်လျက် ပခုံးပေါ်မှခွဲတောင်းအား မချချင်ဘဲချလိုက်ရလေသည်။ တောင်းထဲ၌ မှိုဦးနက်များက အပြည့်အသိပ်။

"ဟာ-မှိုဦးနက်တွေ၊ မရှိဘူးဆိုရင်ပဲ အနည်းဆုံး သုံးပိဿလောက်တော့ရှိမှာ။ တင်ထွန်း မင်းတော့ပွပြီကွ။ တစ်ပိဿာ ငါးထောင်၊ သုံးပိဿာဆိုရင် တစ်သောင်းခွဲပဲ။ ကိုယ့်လူ၊ ဘာမှငြင်းမနေနဲ့။ မင်းငါတို့နှစ်ယောက်ကို အရက်တိုက်၊ ဒါ မင်းဆရာ ငါ့အမိန့်"

"ကျုပ်အချိန်မရလို့ပါ ကိုလေးကုလားရယ်။ ဂေါက်သီးမကို အချိန်မီစိုင်ပြင်ဈေးကိုပို့ခိုင်းမလို့ပါ။ ဒါမှ ဈေးကောင်းလေးရမှာ။ ဈေးကွဲသွားရင်၊ ချက်စားလို့မကုန်ရင် အခြောက်လှန်းတာနဲ့ပဲပြီးသွားလိမ့်မယ်။ မလုပ်ပါနဲ့ဗျာ၊ ညနေကျမှသောက် ဟုတ်လား"

"မင်းတို့နှစ်ယောက်က တကယ်တော့ သစ္စာမရှိတဲ့အပေါင်းအသင်းတွေပဲ။ ငါအိမ်ကခိုးလာတဲ့မြေပဲတွေ၊ နှမ်းတွေ အရက်နဲ့လဲသောက်တော့ မင်းတို့နှစ်ယောက် တစ်ဖြုန်စ်ဖြုန်မျိုးဆိုကြ၊ မင်းတို့အလှည့်ကျတော့ ဟိုအကြောင်းပြဒီအကြောင်းပြသိပ်ကောင်းတယ်။ ဟေ့ကောင် တင်ထွန်း ငါရင်နာတယ်ကွ။ ငါအရက်သမားပေမယ့် သစ္စာရှိတယ်ကွ"

ကိုလေးကုလား၏ ဟန်ပန်အမူအရာကြောင့် သူတို့နှစ်ယောက် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ ကိုကြီးဌေးက သူ၏ပိုက်ဆံ ငါးရာတန်နှစ်ရွက်အား ခါးကြားပုဆိုးထဲလိပ်ထည့်ရင်း -

"ဟုတ်ပါတယ် တင်ထွန်းရယ်၊ ဒီလိုလုပ် ငါအကြံပေးမယ်။ သက်ကယ်ခြံထိပ်ကလှည်းလမ်းမှာသွားစောင့်ရယ် မျှစ်သည်မလုံးတင်ကို မီနိုင်တယ်။ မင်းသူ့ကိုတစ်ပိဿာငါးရာတော့ ပေးစားလိုက်ပါ။ တစ်ခါတည်းချိန်ခိုင်း၊ ပိုက်ဆံကို ဒေါ်ဖွားတင့်တဲကိုလာပို့လို့ သေသေချာချာမှာလိုက် ဟုတ်ပလား"

တင်ထွန်း အတွေးရကျပ်နေရာမှ မျက်နှာဖြီးခနဲဖြစ်သွားသည်။ သူလည်း မှိုဦးနက်တွေရကတည်းက ရွာအမြန်ပြေးပြီး ဂေါက်သီးမလက်ထဲကို မှိုတောင်းအပ်၊ အရက်သောက်မလို့ ကြံနေတုန်း သူတို့နှင့်လာဆုံခြင်းဖြစ်သည်။ သို့ဖြင့် သူတို့သုံးယောက် သက်ကယ်ခြံရွာထိပ်သို့ ဦးလှည့်လိုက်ကြပါတော့သည်။ အနီးရှိထန်းပင်ပေါ်မှ ငှက်လေးတစ်ကောင် အော်မြည်သံက ထူးဆန်းလှပါသည်။

ကြက်ဝတ်ခြောက်တောင် ကြွေ

www.burmeseclassic.com

ဝက်ခြောက်ကောင် ကြော်ရော့ ကြော်ရော့'

ဟူသတည်း။

အညာဒေသမှာ ဤငှက်အား ထန်းရည်ရှူးငှက်ဟု ခေါ်ကြလေသည်။

❑

တင်ထွန်းမျက်နှာမှာ ဒဏ်ရာတွေ လျော့ပါးသွားသည်။ ကိုကြီးငွေးက တင်ထွန်းမျက်နှာကို သေသေချာချာ ကြည့်ပြီး အရက်ခွက်အား မော့လိုက်သည်။ အညာသဲဖားလေးတွေကြော်ထားတာ ကြွပ်ရွနေ၏။ ထန်းလျက်အရက်နှင့် သဲဖားကြော်သည် အရက်သမားများအတွက် အလွန်ပင် ခံတွင်းတွေ့နေကြ၏။ ကိုလေးကုလားသည် ခွက်လှည့်ကိုပင်မစောင့်နိုင်ဘဲ နှစ်ခွက်၊ သုံးခွက်ဆင့်ချလိုက်သည်။

"ကိုလေးကုလားရာ ဒီလောက်လည်း နွားငတ်ရေကျလုပ်မနေပါနဲ့။ ဖြည်းဖြည်းသောက်ပါဗျာ၊ သူများတွေ တစ်ခွက်စီပဲသောက်ရသေးတယ်"

"နည်းနည်းလေး အရှိန်တင်နေတာပါကွာ"

ကိုကြီးငွေးသည် ကိုလေးကုလားအား စိတ်ပျက်လက်ပျက်ဖြင့်ကြည့်နေ၏။ တင်ထွန်းက မျက်နှာလေးညှိုးငယ်စွာဖြင့် -

"ကျုပ်တို့ ဒီအရက်ကို ဘာဖြစ်လို့ ဒီလောက်တောင် ကြိုက်နေရတာလဲ။ ကျုပ် ဒီအရက်ကြောင့် မိန်းမနဲ့စကားများရတယ်။ မနေ့ညက ဝေါက်သီးမမျက်ရည်လေးစမ်းစမ်းနဲ့ ကျုပ်အနားလာပြီး မျက်နှာကိုဆေးလိမ်းပေးတယ်။ သူမှားသွားပါတယ်လို့လည်း တောင်းပန်တယ်။ ပြီးတော့ပြောသေးတယ်"

"ဘာတွေပြောလဲကွ"

ကိုလေးကုလားက ဝင်ထောက်ပေးသည်။ တင်ထွန်းသည် ပြောရင်းဖြင့် ဝမ်းနည်းလာဟန်ရှိသည်။ မျက်ရည်တွေ ကျလာ၏။ တန်တော့ ဒီကောင် တစ်ခွက်တည်းနှင့် မူးပြီထင်၏။ သူဝမ်းသာသွားသည်။ ဒီကောင်တွေနည်းနည်း သောက်ပြီးမူးမှ ပုလင်းထဲကအရက်တွေ ငါတစ်ယောက်တည်းသောက်ပစ်မည်ဟု တွေးနေ၏။

"နောက်ကို အရက်တွေအများကြီးမသောက်ပါနဲ့တဲ့ဗျာ"

"မင်းမိန်းမကလည်းကွာ၊ အရက်မသောက်ပါနဲ့ဆိုရင်လည်း ပြောပေါ့။ ခုဟာက အရက်သမားကို နည်းနည်းပဲသောက်ခိုင်းရသလား"

ကိုကြီးငွေးက နားမလည်သလိုဖြင့် ပြောပြန်သည်။

"မဟုတ်ဘူးဗျ။ ကျုပ်မိန်းမက အရက်လေးနည်းနည်းသောက်ထားရင် သိပ်သဘောကျတာ။ အိပ်ရာဝင်ခါနီး နှိပ်ပေးရတာနဲ့၊ ဇက်ကြောဆွဲပေးရတာနဲ့၊ အဲ - ကျုပ်များ ရေချိန်လွန်အောင် သောက်မိပြီး မှောက်သွားလို့ကတော့ ဒီအရည်တွေကို လူမှန်းမသိအောင် သောက်လာပြန်ပြီ။ အသေကောင်ကြီး ကျနေတာပဲဆိုပြီး ဆူဆောင့်နေတော့တာပဲဗျာ"

"အဲဒါတော့ ငါတို့လည်းမသိဘူးမောင်"

"ဟဲ့-ကုလားရဲ့၊ သူတို့လင်မယားက ညားတာဘာကြာသေးလို့လဲ။ နင်တို့လို အိမ်ထောင်သည်ခုနစ်ဆွေးရှစ်ဆွေးတွေမှမဟုတ်တာ၊ နားမလည်ဘဲနဲ့ သူများလင်မယားကြားဝင်ရှုပ်နေကြတယ်"

ဒေါ်ဖွားတင့်က အရက်ပေါင်းအိုးအား မီးထိုးရင်းလှမ်းအော်လိုက်မှ တင်ထွန်းတို့လင်မယား ပြဿနာငြိမ်းလေတော့သည်။ တစ်အောင့်ကြာတော့ တင်ထွန်းစကားဆက်ပြန်သည်။

"ကျုပ်တို့ ဒီအရက်တွေသောက်ဖြစ်အောင် ဘယ်သူတွေကစပြီးတီထွင်ဖန်တီးခဲ့တာလဲမသိဘူးနော်"

"မင်းကလည်းကွာ ရှင်းတဲ့ကိစ္စကို ရှုပ်အောင်လုပ်နေပြန်ပြီ။ အရက်ချက်တဲ့ ဒေါ်ဖွားတင့်ပဲပေါ့ကွ။ သူချက်လို့ငါတို့ သောက်ရတာ အဆန်းလုပ်ပြီးပြောနေရသေးတယ်"

"အောင်မာ ကုလား၊ နင့်စကားဆင်ခြင်ပြော။ ငါထန်းလျက်ပြတ်သွားတုန်းက နင်လေ မမောမပမ်းနိုင် စိုင်ပြင်အထိ လမ်းလျှောက်ပြီး အာစီတစ်ပြားသွားဝယ်တယ်မဟုတ်လား။ တစ်သက်လုံး ချက်အရက်သောက်လာတဲ့ကောင်က စိုင်ပြင်တက်ပြီးစီအရက်ဝယ်သောက်လို့ ငါ့ကိုများ ခင်ဗျားအရက်ထက် အဆတစ်ရာကောင်းတယ်ဆိုပြီး ပြောသွားသေးတယ်။ အရက်ကငါကစတာမဟုတ်ဘူး။မြို့ကပီလမ်ဂျီကုမ္ပဏီကချက်ရောင်းတာ"

"မင်းတို့ဘာတွေပြောနေကြတာလဲကွ"

"ဟာ - ဦးလေးစံခင်၊ အရက်ဖိုကို ဘာလာလုပ်တာလဲ။ ကျုပ်ပြောင်းရိုးဖိုးပေးစရာမရှိဘူးနော်"

"မင်းကို ဘယ်သူကပြောင်းရိုးဖိုးတောင်းနေလို့လဲ။ ငါလည်း ထမင်းမစားခင် တစ်ခွက်တစ်ဖလားချရအောင်ဝင်လာတာ"

ထိုစဉ် အရက်ပေါင်းအိုးမီးဖိုဘေးနား ထွန်းပင်ကြီးပေါ်က ငှက်တစ်ကောင်သည် နွားမတစ်ကောင်အော်သံကဲ့သို့ တွန်လိုက်ပါသည်။

"တွေ့လား ကိုလေးကုလား၊ နွားထက်မိုက်တဲ့ သူလာနေတာကို ငှက်တထောက်ခံနေတာလေ။ ငှက်ငနွားအော်နေတာ ကြားလား"

"တော်စမ်းပါ ငွေးရာ။ မင်းလူကြီးကို ကြပ်ကြပ်စော်ကား၊ မြေမျိုမယ်ဒါနဲ့နေပါဦး၊ စောစောကပြောနေသံကြားရပါတယ်။ အရက်ကို ဘယ်ကစတယ် ဟုတ်လား တင်ထွန်း"

"ဟုတ်တယ် ဦးလေးစံခင်ရဲ့ ဒီအရက်တွေကိုတီထွင်ခဲ့တဲ့သူရှိလို့ ကျုပ်တို့သောက်နေရတာ။ သောက်တော့မူးတယ်၊ ဒီတော့ မိန်းမနဲ့ရန်ဖြစ်တယ်။ မကောင်းပါဘူးဗျာ"

"ဟော့ကောင် မိန်းမကပြန်ချော့လို့ ကောင်းတာလေးလည်းထည့်ပြောပါဦး"

ဦးစံခင်က အဟမ်း၊ အဟမ်းတချောင်းဟန့်ရင်း အရက်ခွက်ကိုလှမ်းကိုင်လိုက်ရာ ကိုလေးကုလားက ကပျာကယာလှမ်းဆွဲပြီးမော့ချလိုက်ရာ ဦးစံခင် ရှက်သွားပြီး ဒေါ်ဖွားတင့်အား အရက်တစ်ပိုင်း လှမ်းမှာလိုက်သည်။ ဦးစံခင်သည် ဘုန်းကြီးလူထွက်ဖြစ်ပြီး ပြင်ဦးလွင် အနီးစခန်း ဆင်ခေါင်းကြီးကျောင်းမှ အစ်ကိုဝမ်းကွဲဖြစ်သူ ဆရာတော်အား အကြောင်းပြုပြီး ရဟန်းငါးဝါအထိ စာသင်ခဲ့ဖူးရာ သူတို့တွေထက် စာပေဗဟုသုတရှိသူဖြစ်သည်။

"ဒီလိုကွ၊ ဒီအရက်ဆိုတဲ့သူရာရည်ဟာ ငါတို့ရှင်တော်ဂေါတမမြတ်စွာဘုရားရှင် မပွင့်မီကတည်းကရှိခဲ့တာ။ ဇာတကငါးရာ့ငါးဆယ်ဇာတ်တော်ထဲမှာ. . ."

"ဖိုက်ဟန်ဒရက်ဖစ်ဖတီစတိုရီပေါ့ဗျာ"

"ကုလား၊ မင်းတိတ်တိတ်နေစမ်း။ လူကြီးကစကားအကောင်းပြောနေတာ၊ မင်းဝင်နှောင့်နေရင် ငါဆက်မပြောတော့ဘူး"

"ဟဲတဲ - ကျွန်တော်ကစတာပါ၊ ဆက်ပြောဆက်ပြော၊ အရက်လေးတော့ မှာသောက်ဦးနော်။ ကျွန်တော်တို့လည်း ပြတ်လပ်နေကြတယ်ဗျ"

ဦးစံခင် ကိုလေးကုလားအား



www.burmeseclassic.com

www.burmeseclassic.com

မျက်စောင်းထိုးကြည့်သည်။

"ဘုရားပွင့်ပြီးတော့ တစ်နေ့မှာ ဝိသာခါကျောင်းအမကြီးဟာ ဘုရားရှင်ကို လာရောက် ဖူးမြော်ကန်တော့ပြီး လျှောက်ထားသတဲ့။ လူတွေကို အရှက် အကြောက် ပျက်စီးစေတတ်တဲ့ သေသောက်ခြင်းဆိုတာ အဘယ်ကာလက စတင်၍ဖြစ်ပေါ်ခဲ့ပါသလဲဘုရားတဲ့။ ဒီတော့ ဘုရားရှင်က ဒီအကြောင်းကို ဟောတော်မူလို၍ အတိတ်ကိုဆောင်တော်မူတယ်"

"ဘာလဲ၊ ဘုရားရှင်ခေတ်က ထိုထိုးရင် အတိတ်ရေးသလို အတိတ်တွေ ဘာတွေရှိလား"

"ဟဲ့ကောင် လူငနွား၊ အတိတ်ဆိုတာ အတိတ်ကာလကိုပြောတာဟဲ့"

"ဟဲဟဲ - စောစောက ကျွန်းပင်ပေါ်မှာအော်နေတာ ငှက်ငနွား၊ ဒီမှာတော့ လူငနွား"

"တင်ထွန်း၊ ငါဦးစံခင်က ဦးလေးဝမ်းကွဲမို့လို့ သည်းခံနေတာနော်။ မင်းဆိုရင် ပုလင်းနဲ့ခေါင်း မိတ်ဆက်သွားမယ်"

"တော်ကြပါကွာ၊ စကားပြောပျက်တယ်။ ဒီလိုကွ၊ ဟိုးရှေးတုန်းက ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်းကြီး မင်းပြုနေစဉ် ကာသိကတိုင်းမှာ သုရာအမည်ရှိတဲ့ မုဆိုးတစ်ယောက်ဟာ ဟိမဝန္တာတောမှာ အမဲသွားသွားလိုက်တယ်။ အဲဒီတောကြီးထဲမှာ သစ်ပင်ကြီးတစ်ပင်ဟာ လူတစ်ရပ်လောက်အမြင့်မှာ သစ်ကိုင်းကြီးသုံးကိုင်းခွဲဖြာထွက်နေသတဲ့။ သစ်ကိုင်းအဆုံနေရာမှာ စဉ့်အိုးကြီးလောက် အခေါင်းပေါက်ဖြစ်နေပြန်ပါရော။ မိုးတွေရွာတော့ သစ်ခေါင်းထဲမှာ ရေတွေပြည့်လာတာပေါ့။ သစ်ပင်ကြီးရဲ့မလှမ်းမကမ်းမှာ သဘာဝအလျောက်ပေါက်နေတဲ့ သလေးစပါးတွေကလည်းရှိနေတယ်"

"ဦးလေး သလေးစပါးဆိုတာ ဘာစပါးလဲ။ ကျုပ်တော့ ရွှေဘိုကောက်ယဉ်တို့၊ ခွန်နီတို့၊ ကောက်ကြီးတို့သာကြားဖူးတယ်"

"သူ့အလိုလိုပေါက်တဲ့စပါးတစ်မျိုးပေါ့ကွာ။ မင်းကလျှာတော်တော်ရှည်တဲ့ကောင်ပဲ။ အဲဒီစပါးနှံတွေကို ငှက်တွေကချီလာပြီး သစ်ပင်ကြီးမှာလာနား၊ စပါးစေ့လေးတွေကိုခြွေစားရင်း စပါးနှံတွေက သစ်ခေါင်းထဲကျ၊ ပြီးတော့ သစ်ပင်ကြီးဘေးမှာ သဖန်းခါးပင်၊ သျှစ်သျှားပင်၊ ငရုတ်ချိုပင်တို့ကလည်း ဝန်းရံပေါက်နေပြီး အသီးတွေက သစ်ခေါင်းထဲကိုကျကုန်သတဲ့။ တစ်ခါ နေပူလာတော့ သစ်ခေါင်းထဲကအရည်တွေဟာ အပူဒဏ်ကြောင့် ကျိုချက်သလိုဖြစ်လာပြီး အနီရောင်ပေါက်လာသတဲ့"

"အင်း - ပေါထဲမှာ ဝိုင်အရက်ဖြစ်ပြီနဲ့တူတယ်"

"ဟော့ကောင်၊ ဝိုင်တွေ၊ ဇက်တွေ အသာထား။ အဲဒီအရည်တွေကို ငှက်တွေက ရေငတ်လို့သောက်ကြပြီးပျံတော့ မြေကြီးပေါ်ပြုတ်ကျသတဲ့။ သစ်ပင်ပေါ်ကမျောက်တွေလည်း သောက်ပြီးအသေကောင်တွေလို ကျနေတာပဲ။ နောက်တော့ ဒီကောင်တွေမူးပြီးအိပ်ပျော်နေတာကွ။ မင်းတို့လိုပေါ့ကွာ။ အမူးပြေလို့ အိပ်ရာကလည်းနိုးရော ငှက်တွေလည်း ထပျံကြတယ်။ မျောက်တွေလည်း သစ်ပင်ပေါ်ပြန်တက်ကြပေါ့။ ဒါကို သုရာဆိုတဲ့မုဆိုးကြီးကတွေ့သွားပြီး ဝါးကျည်တောက်ကြီးနဲ့ထည့်လို့ ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းကြီးကို သွားဆက်ပါလေရော"

"ဒီကောင် လမ်းမှာ ရဲနဲ့တွေ့ရင် အရက်ပုန်းဆိုပြီး အဖမ်းခံရမှာ သေချာတယ်။ ဒါနဲ့ နေစမ်းပါဦး၊ စောစောက ဦးလေးပြောတဲ့အထဲမှာ သစ်ပင်ကြီးဘေးမှာ သဖန်းခါး၊ သျှစ်သျှားပင်နဲ့ ငရုတ်ချိုပင်ကြီးတွေပေါက်နေကြပြီး အသီးတွေက သစ်ခေါင်းထဲကြွေကျကုန်တယ်ဆိုတော့ သဖန်းနဲ့ သျှစ်သျှားပင်ကတော့ အပင်ကြီးမျိုးမို့ ဟုတ်ထိပါပြီ။ ငရုတ်ပင်က ကျုပ်ခါးလောက်မှ အမြင့်ဆုံးဟာကို ဘယ်လိုလုပ် သစ်ခေါင်းထဲခုန်ပျံပြီးဝင်မလဲ စဉ်းစားပါဦး။ ပြီးတော့ ငရုတ်သီးကစပ်ရမှာ၊ ငရုတ်ချိုပင်ဆိုတော့ကာ"

"မင်းကလည်း၊ ငရုတ်သီးအချိုပွကြီးတွေ ဈေးမှာမတွေ့ဘူးလား"

ကိုကြီးဌေးက ကုလားကိုဝင်ပြော၏။

ကိုလေးကုလားသည် အရက်လေးထွေလာပြီဖြစ်၍ ဦးစံခင်စကားကို ငြင်းပါတော့သည်။

"ဦးလေး၊ ငရုတ်ပင်မဖြစ်နိုင်တော့ဘူး။ ငရုတ်ပင်က ပုပုလေး၊ တခြားအပင်ထည့်ပြော"

"မင်းမငြင်းနဲ့ကွာ၊ ဒါဟာ ငါးရာ့ငါးဆယ်နိပါတ်တော်ကို ညောင်ကန်ဆရာတော်ကြီး မြန်မာလိုပြန်ထားတာကွ။ ငါသင်ခဲ့ရတယ်။ ငရုတ်ချိုပင်လို့ပါတယ်"

"ဦးလေးဟာက မဖြစ်နိုင်တာဘဲ။ ငရုတ်သီးပင်က အမြင့်ကြီးဆိုတာ"

"ဖြစ်နိုင်လို့ ဆရာတော်ကြီးက ပါဠိကနေ ဘာသာပြန်ထားတာကွ။ မင်းမငြင်းနဲ့"

"ဒီမယ် - တော်တို့ငြင်းခုံမနေကြနဲ့။ ငရုတ်ချိုတွေ၊ ငရုတ်ခါးတွေလုပ်မနေနဲ့။ ရော့ - ဒီမှာ ငရုတ်ဆုံနဲ့ငရုတ်ကျည်ပွေ့ ဦးစံခင့် ဒီကုလားခေါင်းကို ငရုတ်ကျည်ပွေ့နဲ့သာထုလိုက်တော့"

ဦးစံခင်သည် အရက်ကလည်း နည်းနည်းမူးလာ၊ ဒေါသကလည်းဖြစ်လာသဖြင့် လက်ကငရုတ်ကျည်ပွေ့ကြီးအား လှမ်းကိုင်လိုက်စဉ် -

"တော်-ကိုတင်ထွန်း၊ ရှင်က ဒီမှာ အရည်တွေလာသောက်နေပြန်ပြီ။ မလုံးတင်ပိုက်ဆံလာပေးတာ ကျုပ်ယူထားလိုက်ပြီ။ ရှင်အိမ်ပြန်ချင်ပြန်၊ မပြန်ချင်နေ ဒါပဲ"

ဝေါက်သီးမ၏ စူးစူးဝါးဝါးအော်သံကြောင့် အခြေအတင်ဖြစ်နေသော စကားဝိုင်းသည် ပျက်သွားပါတော့သည်။ ဒေါ်ဖွားတင့်က အရက်ဖိုး ဘယ်သူရှင်းမှာလဲဟု ခါးထောက်၍မေးသည်။ တင်ထွန်းကာ မျက်နှာငယ်လေးနှင့် -

"နောက်မှကျုပ်ပြန်ဆပ်ပါ့မယ်၊ ခင်ဗျားတို့မှာပါရင်စိုက်ပေးလိုက်ကြပါ"

ဟုဆို၏။

ဤသို့ဖြင့် ကိုကြီးဌေး၏ ခါးကြားမှာကျစ်ထားသော ငွေတစ်ထောင်နှင့် ကိုလေးကုလား၏ငွေသုံးရာသည် အရက်ဖိုးထဲပါသွားလေတော့သတည်း။

❑

ဤရွာနှင့် ဤဒေသလေးသည် မုံရွာ-ရေဦးကားလမ်း၏ အရှေ့ဘက်ခြမ်း ဒီပဲရင်းမြို့နယ်ထဲတွင်တည်ရှိပြီး ဘုတလင်မြို့မြောက်ဘက်၊ အရာတော်မြို့နယ်၏အနောက်ဘက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးမှာတည်ရှိပါသည်။ စိုင်ပြင်ကြီး မူးရိုးမြောက်ဘက်ဒေသများသည် မြေပြန့်လွင်ပြင်များဖြစ်၍ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာထဲတွင်ပါဝင်သော်လည်း ထိုဒေသမှာမူကား အုတ်ဖိုတောင်ရိုးတလျှောက် လျှိုမြောက်ချပ်ကြားကမူတန်းများနှင့် စရစ်ကုန်းမြေ၊ အိမ်ခြံတောများထူထပ်သဖြင့် လုပ်ကိုင်စားသောက်၍ရသမျှမြေများအား ယာထွင်ကြရသည်။ မြေပဲ၊ နှမ်း၊ ပဲအမျိုးမျိုးအား အဓိကသီးနှံအဖြစ် စိုက်ပျိုးကြသည်။ နှစ်ကာလရှည်ကြာလာ၍ လူဦးရေအိမ်ထောင်စုတိုးပွားလာသော်လည်း ယာမြေများ



www.burmeseclassic.com

www.burmeseclassic.com

အညာဝါလှိုင်း

# ကျီးပေါင်းရောဂါအတွက် ဆေးမခက်ပါ

ကျွန်ုပ်သည် လည်ဆစ်ရိုးတွင် ကျီးပေါင်းတက်ပြီး အာရုံကြောကို ဖိထားလေတော့သည်။ ဘယ်ဘက်တစ်ခြမ်း မလှုပ်ချင်မကိုင်ချင်သလိုဖြစ်လာပြီး ကိုယ်တစ်ခြမ်းသေမလိုဖြစ်လာသည်။ ဆရာဝန်နှင့် ကုသသော်လည်း ကျီးပေါင်းရောဂါမှာ မပျောက်ပါ။ လက်ပြင်ငုပ်သည်ထင်၍ မြန်မာအနှိပ်သည်ထံ ရောက်သွားပြန်သည်။ အနှိပ်သည်မှ လက်မြှောက်လှုပ်ရှားခိုင်း၏။

'ခင်ဗျားလက်ပြင်ငုပ်တာမဟုတ်ဘူး။ လည်ကုပ်အဆစ်မှာ ကျီးနှပေါင်းတက်နေတာဖြစ်မယ်။ ဓာတ်မှန်ရိုက်ကြည့်ပါလား'

ဟု အကြံပေး၏။

ဓာတ်မှန်ရိုက်ကြည့်သောအခါတွင် ကျီးပေါင်းတက်၍နေကြောင်း သိရှိရပါတော့သည်။ တစ်ခါတစ်ရံ ရောဂါကို မြန်မာအနှိပ်သည်က ရှာပေးတာကို ကြုံရလေတော့သည်။

ရောဂါရှိလျှင် ဆေးရှိရမည် ဖြစ်သည်။ မိတ္ထီလာဆေးရုံသို့ တက်ရောက်ကုသရလေသည်။ အရိုးအဆစ်ကြားတွင် ကျီးပေါင်းတက်လာသဖြင့် အာရုံကြောကိုဖိထား၍ ကိုယ်တစ်ခြမ်းသေနိုင်ကြောင်း၊ အာရုံကြောပြတ်သွားပါက အချိန်မရွေးသေနိုင်ကြောင်း။ ထို့ကြောင့် ဦးခေါင်းကို မလှုပ်နိုင်အောင် လည်ပင်းအခွေကြီးနှင့်နေရလေသည်။ ဖိထားသော အာရုံကြောကို လွတ်သွားအောင် အလေးဆွဲပါသည်။ ခေါင်းကိုညှပ်ဖြင့်ဆွဲထားပြီး ခြေထောက်မှ အလေးဖြင့် ချိတ်၍ဆွဲထားရ၏။ နာရီဝက်ခန့်ဆွဲပြီး လှေ့ကျင့်ရလေသည်။ (၇) ရက်အလေးဆွဲသဖြင့် လည်ပင်းအဆစ်နည်းနည်းဟသွားသဖြင့် ဖိထားသော အာရုံကြောလွတ်သွားသဖြင့် ရောဂါပျောက်သလိုဖြစ်သွားပါသည်။ မကြာမီ ကျီးပေါင်းမှာ ပြန်ကြီးလာပြီး ရောဂါပြန်ထလာပြန်ပါသည်။ ဆေးရုံမှာအခြားကုထုံးမရှိသဖြင့် အလေးဆွဲသောကုထုံးကို ဆက်၍မကုတော့ပါ။

မြန်မာ့စီးပွားရေးဘဏ်မှ မတင်လှမှ မန္တလေးမြန်မာဆေးခန်းကို ညွှန်သဖြင့် မန္တလေးသို့သွားပါသည်။ ရောဂါမှာ အတော်သက်သာပါသည်။ သို့သော် လုံးဝ မပျောက်ပါ။ အခြားကျီးပေါင်းပျောက်ဆေးများကို သုံးစွဲကုသပါသော်လည်း ရောဂါကင်းစင်အောင်မပျောက်ပါ။ ပြင်ဦးလွင် ရွှေဟသာကျောင်းတွင် သကြန်တွင်း သက်န်းဝတ်ကြရာမှ ကျီးပေါင်းရောဂါပျောက်ဆေးကို တွေ့လာပါသည်။

ကျောင်းထိုင်ဆရာတော်မှ -

"ကျီးပေါင်းအတွက် ဆေးမခက်ဘူးကွ။ ဆားခါးကို ရေနွေးနဲ့ ကြပ်ထုပ်ထိုးပါ"

ဟု အမိန့်ရှိပါသည်။ ဆေးဆိုင်သို့ ပြေးပြီး ဆားခါး (၂၅) ကျပ်သားကိုဝယ်ပြီး ပိတ်စနှင့်ထုပ်၏။ ရေနွေးအိုးတည်ပြီး ဆားခါးကြပ်ထုပ်ကို ရေနွေးငွေ့ဖြင့် အပူပေးပါသည်။ လည်ပင်းကျီးပေါင်းကို ကြပ်ထုပ်ဖြင့်ထိုး၍ ကုသရာ ကျီးပေါင်းရောဂါကင်းစင်ပျောက်ကင်းသွားသည်။

အညာဝါလှိုင်း

ထပ်တိုးခဲ့၍မရ။ သည်တော့ ဖျံကျအလုပ်သမားမြောက်သူတို့ပေါ်များလာ၏။ ဤတွင် တချို့လူငယ်လေးတွင် အလုပ်လက်မဲ့ဖြစ်ပြီး ရွှေတောတက်သူ၊ ဖားကန့်တက်သူ၊ တချို့တလေဆိုလျှင် မလေးရှားအထိ ခရီးဆန့်ကြပြီဖြစ်သည်။

ဤလူမွှေကြီး အပေ့အတေသုံးဦးသည်ကား အသက်အရွယ်ကလည်းကြီးလာ၍တစ်ကြောင်း၊ တင်ထွန်းမှလွဲ၍ ကျန်နှစ်ယောက်သည် သားသမီးတွေကလည်း အရွယ်ရောက်ကုန်ကြသဖြင့် ငယ်စဉ်ဘဝကတည်းက သူတို့၏အမူအကျင့်စရိုက်များကို မဖျောက်နိုင်ဘဲရှိကြသည်။ ကိုလေးကုလားတယာအသင့်အတင့်ပိုင်သော်လည်း အိမ်ထောင်ကျကတည်းက မိန်းမကသာဦးဆောင်လာခဲ့သည်ဖြစ်၍ ထန်းရည်သောက်လိုက်၊ အရက်မူးလိုက်ဖြင့် ဘဝကိုမျှောပြီးပျော်သလိုနေသည်။ ကိုကြီးငွေးမှာကား မိန်းမနှင့်သမီးက ရွာစဉ်လှည့်၍ ဈေးရောင်းရသည်။ အိမ်မှာ ထမင်းဟင်းချက်သည်က သူ့အလုပ်။ ပြီးတော့ သူပိုင်နွားသုံးကောင်၊ မွေးဘက်ပေးထားသောနွားနှလေးကောင်အား နေ့လယ်ဆိုလျှင် ပုံမှန်ကျောင်းနေရသည်က သူ၏နေ့စဉ်အလုပ်ဖြစ်သည်။ နွားကျောင်းရင်း အကောင်ပလောင်လေးများ ဟင်းစားရအောင် လေးခွတစ်လက်ဖြင့် ခါလေးချိုးလေးပစ်သည်။

တင်ထွန်းကတော့ ထန်းပင်တက်သလိုလို မှိုချိုးမျှစ်ရှာသလိုလို၊ ပျားဖွပ်သလိုလိုနှင့်ယောင်ခြောက်ဆယ်ဘောက်သမားဖြစ်သည်။ ကောက်ရိုးရိတ်၊ မြက်ရိတ်လည်းလိုက်၏။ ထင်းခုတ်၊ ဝါးခုတ်လည်းလိုက်၏။ ယာရှင်းပေါင်းနုတ်လည်း ခေါ်ခိုင်း၍ရသည်။ သို့သော် အရက်ဖိုးရှိနေလျှင်တော့ အလုပ်ကိုစိတ်မဝင်စားတော့ပါ။ အိမ်ထောင်ကျ၍ ကလေးရလာသော်လည်း ကျွန်တော်သည် ထိုနည်းလည်းကောင်းအစားထဲက ဖြစ်သည်။

သို့ပေမယ့် သူတို့သည် တေဖော်တေဖက်အချင်းချင်းသာ လှည့်ပတ်၍ ခွက်ကျချင်ကျမည်၊ တစ်ယောက်နှင့်တစ်ယောက် ဂျိုကျ၍ အရက်ကပ်သောက်ချင်သောက်မည်၊ ရပ်ရွာကိုတော့ ဒုက္ခမပေး။ မူးပြီးရမ်းကားသည်ကိုမတွေ့ရ။ အရမ်းမူးလာလျှင် ရွာပြင်ကျွန်းပင်အောက်ခုံ ခွေခွေလေးအိပ်ချင်အိပ်နေကြမည်။ စာရိတ္တပျက်ခြင်းမရှိ။ ကိုယ်အိမ်ပိုင်သည့် ကောက်ပဲသီးနှံအား အရက်နှင့်လဲသောက်ချင်သောက်မည်။ သူတစ်ပါးပစ္စည်းအား အပ်တိုတစ်ချောင်းမျှ စိတ်နှင့်ပင်မပြစ်မှားကြ။ ဒါလေးတွေက သူတို့၏ချစ်စရာစရိုက်လေးများဖြစ်သည်။

ယခုအချိန်အထိ ထိုသုံးယောက်သည် ကျောက်မဲတောရွာ၌ သက်ရှိထင်ရှားနေထိုင်လျက်ရှိကြပြီး ရန်ကုန်မှ စာရေးဆရာလာလျှင် သောက်ရသောစီအရက်ကိုမျှော်ကြရင်း ထန်းရည်၊ ချက်အရက်ဖြင့် ကျေနပ်နေလျက်မူးလို့၊ ပေလို့ တေလို့ကောင်းတုန်းရှိနေကြပါတော့သည်။

သန့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

တဟီ တဟီ ပါရမီ သဗ္ဗယံ စယံ
ဂတံ ဂတံ သဗ္ဗိ သုခပွဒံ ပဒံ
နရာ နရာ နံ သုခသံဘဝံ ဘဝံ
နမာ နမာနံ ဇိန ပုံဂဝံ ဂဝံ။ ။

**တနင်္ဂနွေသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ သုံး၍ မလေးမျိုး ဖြင့် ဝေဝေဆာဆာကပ်လှူပူဇော်ထားပြီး ဒိဗ္ဗတပတိဂါထာကို အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီတဟီအစချီသော ဘုရားရှိခိုးဂါထာကို ပုတီးစိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဓာတ်မရိုက်ပါနှင့်။ အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို စနေနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - စနေနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့မကြာမကြာသွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမပြုတော့သည့် ဘူးခွံ၊ ပုလင်းခွံအဟောင်းများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - အိမ်မှ လမ်းလျှောက်သွားလျှင် အနီးဆုံးဖြစ်သော ဘုရားစေတီတွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များကောက်ခြင်း၊ ပန်းခြောက်များစွန့်ခြင်းပြုပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** -ခို၊ ကျီး၊ စာ စသော ငှက်ကလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - ကိုယ်အင်္ဂါမသန်စွမ်းသောချို့တဲ့သူများကို ဆေးဝါး၊ ဓာတ်စာများလှူပါ။
**ထီကံကောင်းလိုသူများ** - စက်ဘီးနှင့်လှည့်ရောင်းသော ထီသည်ထံတွင် (၇)ဂဏန်းများစွာပါအောင်ရွေးချယ်ကံစမ်းထားလိုက်ပါ။

**တနင်္လာသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံဖြဝေဝေဆာဆာ ကပ်လှူပူဇော်ပြီး ဒိဗ္ဗတပတိဂါထာကို ပုတီး (၃) ပတ် နေ့စဉ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - နံနက်စောစောအရုဏ်ဆွမ်းခံကြွသောသံဃာတော်များကို တန်းဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အနောက်အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**ကားရောင်းလိုသူများ** - ကားကို ကြာသပတေးနာမည်ရှင်အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိ ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမပြုတော့သည့်စက်ပစ္စည်းအဟောင်းအပျက်များကို ချက်ချင်းရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာကိုရွတ်၍ ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို စကားဖြင့်အနိုင်မယူပါနှင့်။ ကိုယ်ကလျှော့ပါ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများ (လိပ်စာ၊ ငါးစာ) အစာကျွေးပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်ရောင်းသောထီဆိုင်တွင် (၂)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

**အင်္ဂါသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး သစ်သီးဆွမ်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို အမိဋ္ဌာန်ပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သီလရှင်ဆရာကြီးများကို ဆေးလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အင်္ဂါနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပါ။
**ကားရောင်းလိုသူများ** - ကားကို သောကြာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ပြီးရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အင်္ဂါနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် အမိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - ဘုရား၊ ကျောင်း၊ ဇရပ်များသို့ ရောက်တိုင်း တံမြက်စည်းလှည်း သန့်ရှင်းရေးများပြုလုပ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကို အနီရောင်ပစ္စည်းလက်ဆောင်မပေးရ။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။
**ထီကံကောင်းလိုသူများ** - ခရီးသွားရင်း လမ်းမှာကြုံသောထီဆိုင်တွင် ဂဏန်းမရွေးဘဲချက်ချင်းထိုးလိုက်ပါ။

**ဗုဒ္ဓဟူးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကိုပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တစ်နေ့တည်း ဘုရား (၅) ဆူလှည့်၍ ပန်း (၅) မျိုးစီ ကပ်လှူပူဇော်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို အနုန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားစက်ဖုံးကို လက်နှင့်ထိ၍ ဒိဝါတပတိဂါထာမကြာမကြာရွတ်ပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - အောင်ဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - သမ္ဗုဒ္ဓေဂါထာတော်ရွတ်၍ ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခို၊ ကျီး၊ ခွေးလေးများကို အစာကျွေးပါ။
**ကျန်းမာရေး** - စိတ်ကျန်းမာရေးမကောင်းသော ဝေဒနာရှင်များကို ဆေးလှူပါ။
**ထီကံကောင်းလိုသူများ** - စနေနံထီဆိုင်များတွင် (၇) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

**ကြာသပတေးသားသမီးများ**

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး တနင်္လာနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး(၃)ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - သောကြာနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို သင်္ကန်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ကံ့ကော်ညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတီရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို တနင်္လာနာမည်ရှင်အကျိုးဆောင်နှင့်စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ တနင်္ဂနွေထောင့်တွင် ပဋ္ဌာန်းနှင့် ဓမ္မစကြာရွတ်ဖတ်ပူဇော်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - နှစ်ဦးပေါင်းနံသင့်ပန်းများဖြင့် ဘုရားရှင်အား အိုးတစ်လုံးသတ်သတ်ပူဇော်ထားပြီး နွမ်းတိုင်းလဲပေးပါ။
**လူမှုရေးအတိုက်အခံများသူများ** - မေတ္တာသုတ်ကို နေ့စဉ် ဂြိုဟ်သက်အလိုက် ရွတ်ဖတ်သရဇ္ဈာယ်ပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူနှင့်ဆုံရန်သွားတိုင်း အကျီအမည်းရောင်ဝတ်မသွားပါနှင့်။
**ကျန်းမာရေး** - ရေသတ္တဝါလေးများကို တစ်နိုင်ဘေးမဲ့လွှတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**ထီးကံကောင်းလိုသူများ** - တနင်္ဂနွေသားသမီးနှင့်စပ်တူထိုးပါ။ ကိုယ်ကဂဏန်းမရွေးပါနှင့်။ သူကြိုက်ရာထိုးပါစေ။ ထီပေါက်တတ်ပါသည်။

## သောကြာသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး စနေနံ အသီး၊ အညွန့်၊ ပန်းများဖြင့် ကပ်လှူပူဇော်ထားပြီး ဒိဝါတပတိဂါထာကို ပုတီး (၃) ပတ်စိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - တဟီးတဟီးအစချီသော ဘုရားရှိခိုးဂါထာကို ပုတီး (၃) ပတ် စိပ်ပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ဒန်းညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို နံ့သာရည်ဖြင့် စတီပက်ဖျန်းပြီး စနေသားနှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - ရွှေဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - အသုံးမပြုတော့သည့်ဘူးခွံ၊ ပုလင်းခွံများကို ရှာဖွေရှင်းလင်းစွန့်ထုတ်ပစ်လိုက်ပါ။
**လူမှုရေးအတိုက်အခံများသူများ** -ရင်ပြင်တော်၊ စောင်းတန်းတော်များကို တံမြက်စည်းမကြာမကြာသွားလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ချစ်သူကိုစကားဖြင့်အနိုင်မယူပါနှင့်။
**ကျန်းမာရေး** - နွမ်းပါးသော မိခင်အရွယ်သက်ကြီးရွယ်အိုများကို ဆေးဝါး၊ ငွေကြေးလှူပါ။
**ထီကံကောင်းလိုသူများ** - လှည်းနှင့်ရောင်းသောထီသည်ထံတွင် (၄) ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းပါ။

## စနေသားသမီးများ

**ငွေကြေးအကျပ်အတည်းမှလွတ်မြောက်ရန်** - ဘုရားရှင်အား ယခုတစ်လလုံး ပန်းပေါင်းစုံ (၅) မျိုးဖြင့် ကပ်လှူပူဇော်ပြီး ဒိဝါတပတိဂါထာကိုပုတီးစိပ်ပါ။
**ကြွေးတောင်းလိုသူများ** - စနေနေ့တွင် ခွေးကျွေးပြီးမှ အကြွေးသွားတောင်းပါ။
**နိုင်ငံခြားသွားလိုသူများ** - သံဃာတော်အရှင်သူမြတ်များကို အရဏ်ဆွမ်းလောင်းလှူပါ။
**အိမ်ရောင်းလိုသူများ** - အိမ်ကို ပျဉ်းမညွန့်လက်တစ်ဆုပ်ဖြင့် မကြာမကြာစတိရိုက်ပါ။
**ကားရောင်းလိုသူများ** - ကားကို အနောက်အရပ်က အကျိုးဆောင်နှင့် စပ်ရောင်းပါ။
**အလုပ်ရရှိရန်အခက်အခဲဖြစ်နေသူများ** - တနင်္လာနံဘွဲ့အမည်ပါရှိသော ဘုရားစေတီသို့သွား၍ အဓိဋ္ဌာန်ပုတီးများစိပ်ပါ။
**အိမ်ထောင်ရေးအဆင်မပြေသူများ** - မွေးနံမှစ၍ ဂြိုဟ်ရှစ်ခွင်လှည့်ပြီး ရေသပ္ပာယ်ပါ။ မွေးနံပြန်ရောက်လျှင် မေတ္တာသုတ်ကို ရွတ်ဖတ်ပူဇော်ပါ။
**လူမှုရေးအတိုက်အခံများသူများ** - လမ်းလျှောက်သွားလျှင် အိမ်နှင့်အနီးဆုံးဖြစ်သည့် ဘုရားစေတီသို့သွား၍ တံမြက်စည်းလှည်းပါ။
**နှလုံးသားရေးရာအခက်အခဲတွေ့နေသူများ** - ခိုလေးများကိုအစာကျွေးပါ။
**ကျန်းမာရေး** - ဦးခေါင်းဝေဒနာရှင်များ၊ စိတ်ကျန်းမာရေးမကောင်းသူများနှင့်ကြုံတိုင်း လိုအပ်သောဆေး၊ အာဟာရ၊ ငွေများနိုင်သလောက်လှူပါ။
**ထီကံကောင်းလိုသူများ** - ကားနှင့်လှည့်ရောင်းသော ထီကားများ အိမ်ရှေ့လာရပ်ပြီးရောင်းပါက (၂) ဂဏန်းစသော ထီလက်မှတ်လေးများ ရွေးချယ်ကံစမ်းထားလိုက်ပါ။

ယခုလတွင်-
တနင်္ဂနွေ စနေပိတ်မှည့်ထားသော နာမည်ရှင်များအနေနှင့် အခြားသူများထက် ပိုမိုရွတ်ဖတ်ပူဇော်ကျင့်ကြံအားထုတ်ခြင်းဖြင့် အောင်မြင်မှုများစွာရယူပါ။
ဥပမာ - အောင်ဒိန်း၊ အုံ့ထင်၊ အေးတာ၊ ဩတု

*မိမိကောင်းမှုအကြောင်းပြု*
*ဆုမတောင်းဘဲပြည့်ပါစေ*

ပြည့်သိန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

ဘုရားစေတီပုထိုးတော်တွေကို -

ဘုရားဖူးရောက်တဲ့အခါ ထူးထူးခြားခြား ထိထိရောက်ရောက် ကြည်ညိုပူဇော်ချင်ပါတယ်လို့ဆိုလာသူတွေရှိကြပါတယ်။

ဒီလိုစိတ်ဖြစ်လာတယ်ဆိုကတည်းက အလိုလိုနေရင်း ကုသိုလ်စိတ်ဖြစ်နေပါပြီ။ ကြည်ညိုပူဇော်ချင်ပါတယ်ဆိုတာနဲ့ မနောကံကုသိုလ်တွေတော်တော်များသွားပါပြီ။

ဘုရားရောက်ရင် ပန်းလှူရင်ကောင်းမလား၊ ဆီမီးလှူရင်ကောင်းမလား၊ ရေပဲသပ္ပာယ်ရင်ကောင်းမလားဆိုပြီး စဉ်းစားနေစရာမလိုပါဘူး။ အားလုံးဟာ ထူးထူးခြားခြား ထိရောက်တဲ့ပူဇော်ခြင်းတွေပါပဲ။ အားလုံးပူဇော်ပါ။ တကယ်အကျိုးပေးတာကြုံရပါလိမ့်မယ်။

ဒီလိုမှမဟုတ်သေးဘဲ -

ကံအကြောင်းတရားတစ်ခုခုပေါ်မူတည်လို့ -

ပြောရမယ်ဆိုရင် လောကီပညာရပ်တွေကိုဝါသနာပါလို့ -

ကိုယ်နဲ့တိုက်ရိုက်ထိရောက်သွားတာမျိုးကို ပူဇော်ချင်ပါတယ်ဆိုတဲ့စိတ်များဖြစ်ပေါ်လာရင် -

မာတ်ကြီး(၄)ပါးနဲ့ ဘုရားပူဇော်ကြပုံတွေကို ဗဟုသုတဝေမျှလိုက်ပါတယ်။

ဒါကတော့ တစ်နေ့သား တစ်နံသားချင်းစီနဲ့ပဲဆိုင်ပါတယ်။

အဲဒီလိုများပူဇော်ပြီး ကုသိုလ်တွေပွားများချင်ကြတယ်ဆိုရင်တော့ -

တနင်္ဂနွေနာမည်ရှင်တွေနဲ့ စနေနာမည်ရှင်တွေ -

မီးနဲ့သက်ဆိုင်တာမှန်သမျှလှူပါ။

ဘယ်လိုလှူရမလဲဆိုတော့ ဘုရားစေတီပုထိုးတွေမှာ လျှပ်စစ်မီးညလုံးပေါက်တွေပူဇော်မယ်။ စိန်ဖူးတော်မီး၊ ထီးတော်မီးအကုန်လှူပါ။ ဖယောင်းတိုင်အများကြီးထွန်းပြီးလှူရင်လည်းရပါတယ်။ ဘယ်လိုလှူချင်သလဲ။

(၅)တိုင်ထွန်းမလား၊ (၉)တိုင်ထွန်းမလား၊ သက်စေ့ထွန်းပူဇော်ချင်သလား၊ ဂြိုဟ်သက်နဲ့ပူဇော်ချင်လား၊ စိတ်ထဲမှာ သဒ္ဓါပေါက်သလိုပူဇော်ပါ။ လင်းထိန်နေအောင်ပူဇော်ပါ။

ဘုရားရုပ်ပွားတော်မြတ်တွေမှာ မီးလုံးလေးတွေရောင်စုံအများကြီးနဲ့သွယ်တန်းပူဇော်ရတဲ့မီးကြိုးတွေ၊ မီးဆိုင်းတွေ ပူဇော်ပါ။ဒီလိုမှမဟုတ်ရင်လည်း အလင်းဖွင့်ပူဇော်ပါ။ မီးလုံးတွေ၊ မီးချောင်းတွေနဲ့ အလင်းဖွင့်ပူဇော်ပါ။ ရောင့်စုံမီးလုံးလေးတွေ ကြိုးနဲ့ပူဇော်တာဖြစ်ဖြစ် မီးလုံး၊ မီးချောင်းတွေ၊ ဆလိုက်မီးကြီးတွေနဲ့ ပူဇော်တာဖြစ်ဖြစ် မီးပူဇော်တာဟာ မီးပူဇော်တာပါပဲ။

အကောင်းဆုံးပါပဲ။

ဘာဖြစ်လို့လဲဆိုတော့ -

တနင်္ဂနွေဟာ မီးခဲဂြိုဟ်ပါ။

မီးဂြိုဟ်တော့ မီးဂြိုဟ်ပါပဲ။ ဓာတ်ဖက်ပြည့်စုံရာပြည့်စုံကြောင်းဖြစ်ဖို့က စနေရှိရပါသေးတယ်။

အဲဒီတနင်္ဂနွေနဲ့ စနေဟာ အန္တော (၁-၀) မီးဓာတ်ပဲဖြစ်ပါတယ်။ စနေဟာ မီးတောက်ပါ။

ဒါကြောင့် -

တနင်္ဂနွေနာမည်ရှင်တွေ၊ စနေနာမည်ရှင်တွေဟာ မီးနဲ့ပတ်သက်တာမှန်သမျှ ပူဇော်တာနဲ့ကို ဘုန်းတွေကံတွေတက်လာတာ၊ ကျန်းမာလာတာ၊ စီးပွားဥစ္စာဒီရေလိုတိုးလာတာ ကိုယ်တွေ့ကြုံရပါလိမ့်မယ်။ ဆုတောင်းစရာမလိုပါဘူး။

ဘုရားရှင်ကို ကြည်ညိုသဒ္ဓါစိတ်နဲ့သာ ပူဇော်ပါ။

ပူဇော်နေရင်း၊ ပူဇော်ထားတာကိုကြည့်ရင်း ပီတိဖြစ်ပြီးကြည်ညိုနေပြီဆိုရင် အဲဒါဓာတ်ထိသွားသလိုပါပဲ။

လူတစ်ယောက်ဆိုရင် -

သူဟာ သူများတွေရဲ့မနာလိုဝန်တိုမှုကြောင့် သူ့ရဲ့အလုပ်ရှင်က သူ့ကိုဘယ်လိုမှ အကောင်းမမြင်တော့ဘဲ အလုပ်ထုတ်ခံရတော့မယ့်ဆဲဆဲမှာ ဘုရားစေတီ

# ဆရာဦးမောင်မောင်သန်း

( [illegible] )

## အကျိုးပေးမြန်ခြင်းအတွက်

## သူရဋ္ဌလက်ဆောင်

www.burmeseclassic.com

www.burmeseclassic.com

တစ်ဆူဆူမှာသွားပြီး ဂြိုဟ် (၈) ခွင်လုံး မီးပူဇော်ခိုင်းလိုက်ပါတယ်။

သူ့နာမည်ကလည်း အောင်တင်ဆိုတော့ အန္တောကွက်တိဖြစ်နေတာနဲ့ ပူဇော်ခိုင်းလိုက်တာပါ။

သူသွားပူဇော်တဲ့ဘုရားစေတီက အတွင်းမှာရှိတဲ့ရုပ်ပွားတော်တွေရှေ့မှာ ပူဇော်ရတာဆိုတော့ ညနေပိုင်းလွှတ်လိုက်ပါတယ်။ ဂြိုဟ် (၈) ခွင်လုံးပေါ့။ တစ်ဆူရှေ့မှာ ဖယောင်းတိုင်အကြီးတွေ (၉)တိုင်စီ ပူဇော်လိုက်တဲ့အခါ (၇၂)တိုင် ပူဇော်ပြီးသားဖြစ်သွားပါတယ်။ သူ့မွေးနံကစပြီး လက်ယာရစ်ပူဇော်ရတာပါ။ ဘယ်သူ့ကိုမှစကားမပြောရပါဘူး။ဘုရားဂုဏ်တော်တွေကိုပဲ ရွတ်ပြီးပူဇော်ရတာပါ။


သူဟာ မှောင်လာတဲ့အချိန်မှာ သူပူဇော်ထားတဲ့ အလင်းတိုင်တွေကြောင့် စေတီကြီးအတွင်းမှာ လင်းထိန်နေတာကိုကြည့်ပြီး ကြည်ညိုလွန်းလို့ အကြိမ်ပေါင်းများစွာ ရှိခိုးမိပါတယ်တဲ့။

သူ့ရင်ကို အဲသလိုထိသွားပြီးတဲ့နောက်ပိုင်း သူဟာခဏခဏသွားပူဇော်ပါတော့တယ်။

ဟော - သူ့ကိုရန်လိုကြတဲ့သူတွေကိုယ်တိုင်က သူ့အလုပ်တွေကိုဝိုင်းလုပ်ပေးလာတာကို သူဟာ တအံ့တဩနဲ့ ဟုတ်မှဟုတ်ပါ့မလားဆိုပြီးတော့တောင် မျက်လုံးဒေါက်ထောက်ကြည့်နေရတယ်တဲ့။ သူ့ကို အလုပ်ထုတ်နိုင်တဲ့ သူ့လူကြီးကိုယ်တိုင် ဒီထက်ကြီးတဲ့တာဝန်တွေ ထပ်ပေးလာတယ်။

ဒါဟာ မှတ်ထိသွားတာပါပဲ။

အန္တောမှတ်ထိသွားတာပါပဲ။



www.burmeseclassic.com

ဘာဆုမှသူမတောင်းသလို ဘာအကာအကွယ်ကိုမှလဲ မရှာမဖတ်ခဲ့ပါဘူး။ ဘုရားရှင်ကိုကြည်ညိုလွန်းတဲ့စိတ်နဲ့ခဏခဏသွားပူဇော်တာပဲဖြစ်ပါတယ်။

ဒါဟာ မီးမာတ်နဲ့ပူဇော်ခြင်းပါပဲ။

တစ်ယောက်ဆို ဂြိုဟ်တိုင်းမှာ ဆီမီးခွက်တွေ (၂၄) ခွက် (ပဋ္ဌာန်းဆီမီး) နဲ့ ဂြိုဟ်(၈)ခွင်လုံးကို ပူဇော်ပြီးတဲ့နောက် ပိုင်း ဆင့်ကဲတိုးတက်သွားတဲ့အတွက် ဘုရားတိုင်းမှာတောင်သွားပြီးပူဇော်ဖို့ပြင်နေလေရဲ့။

'အ' အက္ခရာသမားမို့ မီးတောက်ဖြစ်တဲ့ စနေတွဲမှ အင်္ဂါဖြစ်မှာမို့ မာတ်ဖက်ပြည့်စုံမှာမို့ ဆီမီး ဖယောင်းတိုင်ဆိုတဲ့မီးတောက်ပူဇော်ရမယ်၊ ဒီလိုမဟုတ်ပါဘူး။

ပြီးတော့ စနေနာမည်ရှင်က တနင်္ဂနွေမီးခဲတွဲမှဖြစ်မယ်ဆိုပြီး မီးလုံးတွေ၊ ဆလိုက်မီးတွေ၊ ရောင်စုံမီးတွေ ပူဇော်ရမယ်ဆိုပြီး အဲသလိုခွဲမနေပါနဲ့။

ဘယ်မီးမာတ်နဲ့ဖြစ်ဖြစ် အလင်းဖွင့်ပြီးပူဇော်ပါ။

အရေးကြီးတာ ကြည်ညိုသဒ္ဓါပွားဖို့ပါပဲ။

ဘယ်ကိစ္စတွေညာကိစ္စတွေစဉ်းစားမနေပါနဲ့။

ကျန်းမာရေးနဲ့ပဲဆိုင်ဆိုင်၊ စီးပွားရေးနဲ့ပဲဆိုင်ဆိုင်၊ ပညာရေးနဲ့ပဲဆိုင်ဆိုင် စိတ်ထဲမှာ တကယ့်ကိုသဒ္ဓါစိတ်နဲ့ကြည်ညိုပြီးပူဇော်ပါ။

တနင်္လာနာမည်ရှင်တွေနဲ့ ကြာသပတေးနာမည်ရှင်တွေ -

ဒါကတော့ ဂဠုန် (၂-၅) မာတ်ပါ။

ရွှံ့မြေတို့ ကျောက်မြေတို့ စဉ်းစားမနေပါနဲ့။

ပထဝီမာတ်နဲ့ပူဇော်တဲ့ သဒ္ဓါစိတ်ပဲထားပါ။ အိမ်ဘုရားမှာ ဒါမှမဟုတ် ဘုရားစေတီပုထိုးတွေမှာ ပန်းပေါင်းစုံ၊ သစ်သီးပေါင်းစုံပူဇော်ပါ။

ဘယ်ပန်းမှဘာမှမစဉ်းစားပါနဲ့။

ဘယ်ပန်းနဲ့ဖြစ်ဖြစ် ပန်းပေါင်းစုံနေအောင်ပူဇော်ပါ။ ပန်းပေါင်းစုံ(၃)မျိုးဖြစ်ဖြစ်၊ (၅)မျိုးဖြစ်ဖြစ်၊ (၇)မျိုးဖြစ်ဖြစ် (၉)မျိုးဖြစ်ဖြစ် ပူဇော်ပါ။ ဘုရားစေတီပုထိုးတွေမှာဆိုရင် မွေးနံထောင့်ကစပြီး လက်ယာရစ်အတိုင်း လှည့်ပူဇော်ပါ။ ဂြိုဟ်(၈)ခွင်လုံးကနေ ပူဇော်ပါ။ အရေးကြီးတာ တစ်ဂြိုဟ်နဲ့တစ်ဂြိုဟ်သွားနေတုန်းမှာ စကားမပြောပါနဲ့။ ဘုရားဂုဏ်တော်တွေကို ရွတ်ပွားသွားပါ။

တစ်မျိုးကို (၃)ခိုင်၊ (၅)ခိုင် ကြိုက်သလိုပူဇော်ပါ။

သစ်သီးဆိုရင်လည်း သစ်သီးပေါင်းစုံပူဇော်ပါ။

ကိုယ်ကြည်ညိုသလို၊ အဆင်ပြေသလိုပူဇော်ပါ။

တချို့ဆို သစ်သီးပေါင်းစုံကို ဗန်းကြီးတွေထဲထည့်ပြီး၊ လှလှပပပြင်ထားပြီး ပူဇော်ကြတာရှိသလို တချို့ကျတော့ အခွဲခွာခွဲစိတ်ပြီး ပူဇော်ကြတာလည်းရှိပါတယ်။ အဆင်ပြေသလိုပူဇော်ပါ။

ခဏခဏပူဇော်ပါ။

အရုဏ်တက်မှာပဲ ပူဇော်ပူဇော်၊ နံနက်လင်းမှပူဇော်ပူဇော် ကြည်ညိုစွာနဲ့ပဲပူဇော်ပါ။

ပီတိတွေဖြစ်လာမှာပါ။

ကိုယ်ပူဇော်ထားတဲ့ ရောင်စုံပန်းပေါင်းစုံတွေကိုကြည့်ပြီး ဒါမှမဟုတ် အသီးပေါင်းစုံကိုကြည့်ပြီး ရင်ထဲမှာဖော်မပြနိုင်လောက်တဲ့ပီတိတွေနဲ့ပြည့်နေပြီဆိုရင်၊ ဘုရားရှင်ကိုတစိမ့်စိမ့်ကြည်ညိုနေပြီဆိုရင် မာတ်ထိပြီလို့ပြောလို့ရပါတယ်။

ဆုတောင်းစရာမလိုပါဘူး။အောင်မြင်ပါပြီ။

က-ခ-ဂ-ဃ-င နဲ့ စမှည့်ထားတဲ့ နာမည်ပဲဖြစ်ဖြစ် -

ပ-ဖ-ဗ-ဘ-မနဲ့ စမှည့်ထားတဲ့ နာမည်ပဲဖြစ်ဖြစ် -

အခုပြောသလို ပူဇော်ပါ။

လက်တွေ့ ထူးခြားအောင်မြင်မှုတွေကြောင့် ကိုယ်တိုင်တောင် ကိုယ့်ကိုယ်ကိုယ်အံ့ဩသွားပါလိမ့်မယ်။

အင်္ဂါနာမည်ရှင်တွေနဲ့ ရာဟုနာမည်ရှင်တွေ -

စ-ဆ-ဇ-ဈ-ညနဲ့စမှည့်ထားတဲ့ နာမည်ပဲဖြစ်ဖြစ် -

'ရ' နဲ့စမှည့်ထားတဲ့နာမည်ပဲဖြစ်ဖြစ် -

ဘုရားရှင်ကို ယပ်တော်သွင်းပူဇော်ပါ။

ယပ်တောင်အသစ်တစ်ချောင်းဝယ်ပါ။ ဘုရားပူဇော်ဖို့အတွက်ပဲသုံးပါ။ လူခတ်ဖို့မလုပ်ပါနဲ့။

ဘုရားရှင်ကို ယပ်တော်သွင်းပူဇော်ပါ။

ဖြည်းဖြည်းချင်းယပ်ပြီးပူဇော်ပါ။

တအားမခတ်ပါနဲ့။

ဆရာတော်ဘုရားကြီးများဘေးနားကနေ ယပ်တောင်နဲ့ခတ်ပြီး ပူဇော်နေသလိုမျိုးပေါ့။ ဖြည်းဖြည်းညင်ညင်သာသာပူဇော်ပါ။

ပူဇော်တဲ့အခါ ဘုရားရှင်ရဲ့ဂုဏ်ကျေးဇူးတော်တွေကို အာရုံပြုပြီးပူဇော်တာမို့ (၉) ချက်ပေါ့။

တစ်ခါယပ်ရင် အရဟံ ဆိုပြီးတော့ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ ပူဇော်အထူးကို ခံယူတော်မူသော မြတ်စွာဘုရားဆိုပြီးအာရုံညွတ် ကြည်ညိုတဲ့စိတ်နဲ့ သေသေချာချာ ပူဇော်ပါ။ ယပ်ခတ်ရုံမဟုတ်ပါဘူး။ ယပ်ခတ်လိုက်တာနဲ့ ဂုဏ်တော်ကိုရွတ်ပွားပြီး အနက်အဓိပ္ပာယ်ကိုပါ နှလုံးသွင်းအာရုံပြုပြီးပူဇော်ပါ။ အဲဒီအတိုင်း ဂုဏ်တော်(၉)ပါးကို တစ်ပါးချင်းစီရွတ်ပြီး တစ်ပါးချင်းစီရဲ့ အနက်အဓိပ္ပာယ်ကို အာရုံပြုပူဇော်၊ ယပ်တော်သွင်းရှိခိုးပါ။

ဒါကတော့ များသောအားဖြင့် အိမ်မှာပူဇော်ကြရင် အဆင်ပြေကြပါတယ်။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် အဲသလိုပူဇော်ပါ။ ဂုဏ်တော် (၉) ပါးပြည့်လို့ (၉)ကြိမ်ရွတ်ပြီးပြီဆိုရင် ပြီးပါပြီ။ ကိုယ့်စိတ်ထဲက သဒ္ဓါပေါက်လွန်း၊ ကြည်ညိုလွန်းလို့ (၁၈) ချက်ယပ်ယပ်၊ (၂၇) ချက်ယပ်ယပ် ဘယ်နှချက်ပဲယပ်တော်သွင်းပူဇော်ပူဇော်ရပါတယ်။ ကြည်ညိုနေရင် ပူဇော်ပါ။

ပူဇော်တိုင်းကတော့ ဘုရားဂုဏ်တော်ကိုရွတ် အာရုံပြုနှလုံးသွင်းပူဇော်ဖို့ပါပဲ။

ယပ်တောင်ကို လက်ကကိုင်ဘယ်၊ ညာ ဖြည်းဖြည်းလေးယပ်လိုက်ရင် အရဟံ -

ဘယ်၊ ညာ ဖြည်းဖြည်းလေးယမ်းလိုက်ရင် သမ္မာသမ္ဗုဒ္ဓေါ -

အဲသလို ဖြည်းဖြည်းလေးယပ်ပြီး ပူဇော်ပါ။

တအားမခတ်ပါနဲ့၊ အဂါရဝလိုဖြစ်သွားမှာစိုးလို့ပါ။

တချို့ကျတော့ -

နယ်တွေမှာဖြစ်ဖြစ်၊ ရန်ကုန်မှာပဲဖြစ်ဖြစ် -

စေတီတစ်ဆူဆူကိုသွားပြီး ကိုယ့်မွေးနံထောင့်ကနေ ခုနလိုရွတ်၊ ယပ်တော်သွင်း၊ ပြီးရင် လက်ယာရစ်လှည့်၊ ဂြိုဟ်တိုင်းမှာရှိတဲ့ ရုပ်ပွားတော်အားလုံးကို ယပ်တော်သွင်းပြီး ပူဇော်သွားကြပါတယ်။ လူရှင်းရင် အဆင်ပြေသလို လူမရှင်းတာတောင်မှ ပူဇော်ကြပါတယ်။

ဘုရားရှင်ကို လေနဲ့ပူဇော်တာပဲဆိုပြီး တချို့မမြင်ဘူးလို့လာမေး၊ သူတို့လည်း အဲသလိုလိုက်ပူဇော်၊ အများကြီးရှိနေပါပြီ ပူဇော်နေကြပါပြီ။ ပီတိဖြစ်



www.burmeseclassic.com

www.burmeseclassic.com

စရာပါ။

ဒီလိုနာမည်ရှင်တွေဆိုရင် တန်ခိုးကြီးဘုရားကြီးတွေနားမှာပူဇော်ထားတဲ့ ပန်ကာပူဇော်တာမျိုး -

ဆရာတော် သံဃာတော်အရှင်သူမြတ်များကို ယပ်တောင်၊ ပန်ကာ ပူဇော်တာမျိုးရပါတယ်။

ဝံသေ (၄ - ၆) -

ယ-လ-ဝ အက္ခရာနဲ့စပြီးမှည့်ကြသူတွေပဲဖြစ်ဖြစ် -

သ - ဟ အက္ခရာနဲ့စပြီးမှည့်ထားသူတွေပဲဖြစ်ဖြစ် -

ရေကြည်တွေ၊ ရေနောက်တွေ တွေးမနေပါနဲ့။

ဘုရားရှင်ကို သောက်တော်ရေ၊ မျက်နှာသစ်တော်ရေ အဲသလိုရေတွေနဲ့ ပူဇော်ပါ။

ရေသပ္ပာယ်ပူဇော်ရင်လည်း ရပါတယ်။

ခုနလိုပေါ့၊ မွေးထောင့်ကစပြီး ရေသပ္ပာယ်။ ဘယ်နှခွက်ရယ်ဘာရယ် မတွက်နဲ့။ ဂဏန်းအရေအတွက်တို့၊ သက်စေ့တို့မှတ်နေရင် ဂဏန်းမှာပဲ အာရုံရှိနေမယ်။

ဒီတော့ -

ရေသပ္ပာယ်ပြီဆိုတာနဲ့ ခုနလို ဘုရားဂုဏ်တော်တွေကိုပဲရွတ်၊ အနုက်အဓိပ္ပာယ်ပါအာရုံပြုပြီးရွတ်။ ဂုဏ်တော် (၉)ပါးပြည့်ပြီးရင်ထပ်ပြန်တလဲလဲကြည်ညိုပြီး ဆက်ကာဆက်ကာ ရေသပ္ပာယ်။ ပိုတောင်ကောင်းသေးတယ်။

ပြီးရင် စကားမပြောနဲ့၊ ဂြိုဟ် (၈) ခွင်ကို လက်ယာရစ်လှည့် -

ဂြိုဟ်တိုင်းမှာ အဲသလို သပ္ပာယ်သွား -

ဘယ်ပီတိနဲ့မှမတူနိုင်ဘူး ဆိုတာ ကိုယ်တွေ့ကြုံလိမ့်မယ်။

အောင်မြင်မှု ဆိုတာ ဒါပါလားဆိုပြီးတော့လည်း သိလာလိမ့်မယ်။

ဆုတောင်းစရာမလိုပါဘူး။

ပြည့်သွားပါလိမ့်မယ်။

ဗုဒ္ဓဟူးနာမည်ရှင်က ခတ်ဖက်ကျရာ သောကြာကို ပူဇော်တဲ့အနေနဲ့ သောကြာ (ရေနောက်) မို့လို့ ကော်ဖီ၊ လက်ဖက်ရည်၊ ဖျော်ရည်တွေနဲ့ ပူဇော်တာမျိုး -

သောကြာက ရေနဲ့ပူဇော်တာမျိုး၊ အဲသလိုတွေတွေးမနေပါနဲ့။

ဝံသေခတ်သဘောဖြစ်တဲ့ ရေနဲ့ ပူဇော်တာဟာ အကောင်းဆုံးပါပဲ။

ဟုတ်ပြီ -

ဒီရေခတ်သဘောကို ဘယ်မှာ ပူဇော်မလဲ။

ဆရာတော် သံဃာတော် အရှင်သူမြတ်တွေအတွက် ရေလိုရင်ရေတူးပေးပြီးပူဇော်တာ၊ ရေစက်တပ်ပူဇော်တာ၊ ရေပိုက်ထမ်းပူဇော်တာ၊ ရေသန့်ပူဇော်တာ -

အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကြီးတွေမှာ ရွတ်ဖတ်ပူဇော်နေကြတဲ့ သံဃာတော်အရှင်သူမြတ်များအတွက် သောက်ရေ၊ ဖျော်ရည်ပူဇော်လှူဒါန်းတာ ပူဇော်လို့ရပါတယ်။

ဒါ ဝံသေခတ်နဲ့ပူဇော်ခြင်းပါပဲ။

အခုပြခဲ့တဲ့ပူဇော်ပုံတွေဟာ -

အိမ်မှာ ကြည်ညိုပူဇော်ထားတဲ့ ဘုရားရှင်ကို နေ့စဉ် အဲသလိုပူဇော်နေနိုင်ပါတယ်။

ထွေထွေထူးထူး စဉ်းစားနေစရာ မလိုပါဘူး။

ခတ်ဖက်နဲ့ ပူဇော်တာဟာ -

ထူးခြားမှုတွေ စတင်လာပြီဆိုရင် တလိမ့်လိမ့်တက်လာပြီး အကျိုးပေးတာ ကိုယ်တွေ့ကြုံပါလိမ့်မယ်။

ဆုမတောင်းပါနဲ့ -

ပူဇော်တဲ့အခါမှသာ စိတ်ထဲက ကြည်ညိုမှုအပြည့်နဲ့ ရိုရိုသေသေပူဇော်ပါ။

ဒါက -

ကိုယ့်နာမည်နဲ့လိုက်အောင်ပူဇော်ချင်ကြသူတွေအတွက် ပြသလိုက်တာပါ။

တော်တော်များများက အချိန်ရတာနည်းလို့ဆိုပြီး တစ်မျိုးကောင်းပူဇော်ချင်ကြသူတွေရှိပါတယ်။

အဲဒီလို အလုပ်များကြရင် ခုလို ခတ်ဖက်ကျတဲ့ပူဇော်ခြင်းတွေနဲ့ ပူဇော်ပါ။ ဘာလှူရရင်ကောင်းမလဲဆိုပြီး စဉ်းစားနေစရာမလိုပါ။

အချိန်ပေးနိုင်သူတွေကျတော့ အိမ်မှာပဲ ခတ်(၄)ပါးစုံအောင် ပူဇော်ကြတာတွေ -

ဘုရားစေတီတွေမှာ ခတ်(၄)ပါးပြည့်အောင်ပူဇော်ကြတာတွေရှိပါတယ်။

တချို့ကျ ဂြိုဟ်(၈)ခွင်မပတ်ကြတော့ဘူး။

ကိုယ်ပူဇော်ချင်တဲ့ ဘုရားရုပ်ပွားတော်တစ်ဆူဆူရှေ့မှာ ခတ်(၄)ပါးပြည့်အောင် ပူဇော်လိုက်ကြသူတွေလည်း ဒုနဲ့ဒေးပါ။

အားလုံးအောင်မြင်ကြတာချည်းပါပဲ။

ဒါဟာ -

ခတ်ဖက်ကျရာဂြိုဟ်များနဲ့ပူဇော်တာပါပဲ။

ခတ်ကြီး (၄) ပါးပြည့်အောင် ပူဇော်ပူဇော်၊ တစ်ပါးထဲပြည့်အောင် ပူဇော်ပူဇော် ထိရောက်တာချည်းပါပဲ။

လုံးဝအမှားမယွင်းမရှိပါဘူး။

အတိမ်းအစောင်းလည်း မရှိပါဘူး။

ဒါကြောင့် ဘယ်သူပဲပူဇော်ပူဇော် မှားသွားတယ်တို့ အန္တရာယ်ဖြစ်သွားတယ်တို့ ရှိမှာမဟုတ်ပါဘူး။

ရှိလည်းမရှိခဲ့ပါဘူး။

ထူးထူးခြားခြား တိုးတက်အောင်မြင်သွားကြတာတွေသာရှိပါတယ်။

တချို့များဆို ကျိုတ်ပြီးပူဇော်၊ ကျိတ်ပြီးအောင်မြင်နေကြသူတွေလည်း ရှိပါတယ်။

လောကီပညာကို သတိမမူသလို၊ ဝါသနာမပါသလိုသာ အမူအရာပြနေပေမယ့် ခုနလိုပူဇော်ခြင်းကြီးတွေနဲ့ပူဇော်နေကြသူတွေ၊ အောင်မြင်နေကြသူတွေ ရှိနေပါတယ်။

ဝါသနာပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဘုရားရှင်ကို ကြည်ညိုသဒ္ဓါတွေပွားပြီးပူဇော်ရင်း အောင်မြင်နေကြတာကို မြင်ရကြားရတာကိုက တကယ့်ပီတိပါ။ တကယ်ဝမ်းမြောက်စရာပါ။တကယ်လည်း အားကျပါတယ်။

ဒါကြောင့် ဒီလအတွက် ခတ်ဖက်ကျရာပူဇော်ခြင်းများနဲ့ ကုသိုလ်ကြီးတွေပွားနိုင်ကြရအောင် သူရဿတီလက်ဆောင်ပေးလိုက်ရတာပဲဖြစ်ပါတယ်။

ဒီလိုပူဇော်တဲ့အခါ -

ဘုရားဂုဏ်တော်တွေကိုပဲ ရွတ်ဖတ်နှုတ်သွင်းနေဖို့ အကြံပြုလိုပါတယ်။ ဘုရားရှင်ကိုကြည်ညိုပူဇော်တာမို့ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကိုပဲ အာရုံပြုပါ။ အမှတ်နဲ့ပဲသွားလာလှုပ်ရှားရင်း ပူဇော်ပါ။ အမှတ်မှတ်နေတာကို သတိရှိရှိနဲ့သာအာရုံထားပြီးပူဇော်ပါ။

သူရဿတီရဲ့ထုံးစံအတိုင်း -

လက်တွေ့အောင်မြင်တဲ့ ကုသိုလ်ပြုပုံတွေကိုသာ လက်ဆောင်ပေးပြီး မေတ္တာစကားပြောကြားလိုက်ပါတယ်။

အောင်မြင်ခြင်းများစွာနဲ့ ပြည့်စုံကြပါစေ။

**ဆရာဦးအောင်အောင်သန်း**

**(ခိုင်ကိုအေးမြိုင်စသား)**



www.burmeseclassic.com

www.burmeseclassic.com

**တနင်္ဂနွေသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများအတွက် အကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ စနေနံမည်ရှင်၊ စနေသားသမီးများဖြစ်ပါသည်။ (၁) ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ အင်း၊ အဆောင် စတာတွေဝင်လာ၍မရသေးသောကာလဖြစ်ပါသည်။ သော့ချိတ်တွေ၊ သံဟောင်းတွေ၊ သစ်ဟောင်းတွေလည်းဝင်လာလျှင် စိတ်ညစ်ရတတ်ပါသည်။ ဝင်ငွေရှိပေမယ့်လည်း အကုန်အကျကများနေတတ်လို့ တန်ဖိုးမရှိသောကျောက်များမဝင်ပါစေနှင့်။ လုပ်ငန်းခွင်များတွင် ပင်ပန်းတတ်ပါသည်။ စိတ်ဖိစီးမှုများနေတတ်သည်။ ပညာရေးကောင်းနေသော်လည်း သွားချင်လာချင်စိတ်တွေများနေတတ်၍ ကိုယ့်ပညာရေးလည်းဂရုစိုက်ပါ။ ကျန်းမာရေးကောင်းနေစေရန် ဦးခေါင်းမူးဝေလာတဲ့အထိ အဆာမခံပါနှင့်။ အပူအစပ်များ၊ တက်စာများရှောင်ပါ။စကားပြောဆင်ခြင်ရပါမည်။ စကားပြောကြမ်းလာတတ်၍ အိမ်ထောင်ရေး၊ လူမှုရေး၊ အချစ်ရေးတွေမှာ မဖြစ်သင့်တာတွေဖြစ်လာတတ်ပါသည်။ ချစ်တတ်သူများအတွက် အရေးကြီးဆုံးအချက်မှာ သစ္စာရှိပါ။ စိတ်ကစားခြင်းတွေခဏခဏဖြစ်နေတတ်ပါသည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၇၊ ၂၊ ၉၊ ၃) ဂဏန်းများနှင့် ကံစပ်နေပါသည်။ စနေနံထီဆိုင် (၂)ဆိုင်၊ (၃) ဆိုင်ခွဲထိုးပါ။

*ယတြာ ။ ။ ဦးခေါင်းမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

၂၀၁၅ ခုနှစ် ၊ ဓ အောက်တိုဘာလအတွက်

ဆရာဦးမောင်မောင်သန်း

( ရှင်ကိုမအားမြဲဓေဝလား )

# ခုနစ်ရက်သားသမီး

# ဟောစာတမ်း





www.burmeseclassic.com

www.burmeseclassic.com

**တနင်္လာသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးမည့်သူများမှာ ကြာသပတေးနာမည်ရှင်များဖြစ်ပါသည်။ (၆)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကိုယ်ထိုင် စကားပြော ကြမ်းတမ်းခက်ထန်ခြင်းကိုရှောင်ပါ။ သီလဖျက်သူများ၊ လောင်းကစားသမားများကို ညအိပ်လက်ခံမည်ဆိုလျှင် အထူးသတိထားပါ။ ကိုယ်တိုင်လည်း လောင်းကစားမှန်သမျှ လုံးဝရှောင်ထားပါ။ ငွေအလုံးအရင်းချေးလိုက်တာမျိုးလုံးဝရှောင်ပါ။ စိတ်ညစ်ရတတ်ပါသည်။ ဝင်ငွေကောင်းနေပါလိမ့်မည်။ ငွေဝင်လာတိုင်း တစ်နိုင်အလှူလေးတစ်ခုပြုပေးပါ။ လှူလေစီးပွားတက်လေဖြစ်ပါသည်။ ကျန်းမာရေးအတွက် ဆီး၊ ဝမ်း၊ လေအချုပ်မခံပါနှင့်။ လွန်ကဲစွာအဆာမခံပါနှင့်။ ဆေးဝါးလိုအပ်သူများကို ဆေးလှူပေးပါ။ ပညာရေးကံများထူးထူးခြားခြားကောင်းနေပါသည်။ ချစ်တတ်သူတွေ စန်းပွင့်နေသောကြောင့် တစ်ဦးနှင့်တစ်ဦး သစ္စာရှိဖို့ အရေးကြီးပါသည်။ အိမ်ထောင်ရှင်များအနေဖြင့် စကားပြောဆင်ခြင်ရပါလိမ့်မည်။ အနိဋ္ဌစကားများမပြောမိအောင်ရှောင်ပါ။ တန်ဖိုးလုံးဝမရှိသောကျောက်များမဝင်ပါစေနှင့်။ ထီဝါသနာပါလျှင် တနင်္လာနံ၊ စနေနံထီဆိုင်များတွင် (၂၉၊၇၊ ၅) ဂဏန်းများနှင့် အကျိုးပေးနေပါသည်။

*ယတြာ ။ ။ ခန္ဓာကိုယ်အောက်ပိုင်းမကောင်းသူများကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

**အင်္ဂါသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူများမှာ အင်္ဂါနာမည်ရှင်၊ တနင်္လာနာမည်ရှင်များဖြစ်ပါသည်။ (၄)ဂဏန်း၊ (၈)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ကံပွင့်၍ ငွေကြေးအဆင်ပြေလာသောကြောင့် ဂုဏ်သိက္ခာကျဆင်းမည့်အလုပ်မှန်သမျှ လုံးဝရှောင်ပါ။ အလောင်းကစားကိစ္စများလည်းရှောင်ပါ။ အမင်္ဂလာကိစ္စ၊ ဗန်းစကားပြောတာတွေလည်း ရှောင်လိုက်ပါ။ ကျန်းမာရေးကောင်းစေရန် အပူအစပ်များ လွန်ကဲစွာမစားပါနှင့်။ လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ လေအောင့်၊ ရင်အောင့်ဖြစ်ပြီး ခေါင်းမူးမူးနေတတ်ပါသည်။ မာရဏပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ပညာရေးကံတွေ ခက်ခက်ခဲခဲကြားကကောင်းလာတတ်ပါသည်။ ချစ်တတ်သူတွေအတွက် ကိုယ့်ချစ်သူကို အလုပ်နှင့်ပတ်သက်သောကိစ္စ၊ အိမ်နှင့်ပတ်သက်သောကိစ္စများအား မလိုအပ်ဘဲမပြောမိပါစေနှင့်။ နိုင်ငံရပ်ခြားတိုင်းတစ်ပါးနှင့်ပတ်သက်သောလုပ်ငန်းများအကျိုးပေးပါသည်။ လူမျိုးခြားအကျိုးပေးမည်။ ဦးခေါင်းမကောင်းသောဝေဒနာရှင်များကို မကြာမကြာအစားအစာလှူပေးပါ။ ဘုရားစေတီများတွင် လျှပ်စစ်မီးမကြာမကြာလှူပါ။ အံ့ဩလောက်အောင် ဘုန်းကံတက်လာပါလိမ့်မည်။ ထီထိုးရန်အတွက် စနေနံထီဆိုင်တွင် (၇၊ ၃၊ ၂၊ ၉) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

*ယတြာ ။ ။ ရေသတ္တဝါလေးများကို ကြုံတိုင်းအစာကျွေးပေးပါ။*

BURMESE CLASSIC

**ဗုဒ္ဓဟူးသားသမီးများ**

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသောကိစ္စများအတွက် ကိုယ့်ကိုအကောင်းဆုံးကူညီနိုင်မည့်သူ၊ အကြံပေးနိုင်သူများမှာ တနင်္ဂနွေနာမည်ရှင်၊ တနင်္ဂနွေသားသမီးများဖြစ်ပါသည်။ (၆)ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ သစ်ဟောင်း၊ သွပ်ဟောင်းများ၊ အသံထွက်အနုပညာပစ္စည်းအဟောင်းများဝင်လာလျှင် စိတ်ညစ်ရတတ်၍ မဝင်ပါစေနှင့်။ စာကလေးများကို အစာကျွေးပါ။ ကျန်းမာရေးကောင်းနေစေရန် လွန်စွာအိပ်ရေးပျက်မခံပါနှင့်။ လွန်ကဲစွာအဆာမခံပါနှင့်။ ဆေးလှူပါ။ အတိုက်အခံများလွန်းလျှင် ဘုရားစေတီရင်ပြင်တော်တွေမှာ တံမြက်စည်းလှည်း၊ အမှိုက်ကောက်ပါ။ ၂၄-ပစ္စည်းကို နေ့စဉ် (၂၄)ခေါက်ရအောင်ရွတ်ပါ။ ပညာရေးကောင်းလွန်းနေပါသည်။ အိပ်ရေးပျက်သာမခံပါနှင့်။ အချိန်မှန်စား၊ အချိန်မှန်အိပ်ပါ။ ထူးထူးချွန်ချွန်ဖြစ်လာမည်။ အလုပ်လျှောက်ထားသူများ အလုပ်ရပါပြီ။ အိမ်ထောင်ရေးတွင် တစ်ယောက်ယောက်က အမြဲလျှော့ပေးပါ။ ချစ်တတ်သူတွေအတွက် ကံကောင်းနေပါသည်။ အချစ်သစ်တွေလည်းတွေ့တတ်သည်။ ချစ်သူအပေါ် သစ္စာရှိဖို့လိုပါသည်။ စကားပြောမမာပါနှင့်။ မာနတွေမထားပါနှင့်။ မာနကြောင့်ဝေးသွားတတ်ပါသည်။ ဆိုင်ကယ် တရကြမ်း မစီးပါနှင့်။ ထီဝါသနာရှင်များအတွက် စနေနံထီဆိုင်တွင် (၇၊ ၂၊ ၉၊ ၅) ဂဏန်းတွေနှင့် ကံစပ်နေပါသည်။

*ယတြာ ။ ။ လမ်းသွားရင်းကြုံတွေ့ရသည့် နွမ်းပါးသောကလေးငယ်များကို ဆေးဝါးထောက်ပံ့ပါ။*



www.burmeseclassic.com

www.burmeseclassic.com

## ကြာသပတေးသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီမည့်သူ၊ အကြံပေးနိုင်သည့်သူများမှာ တနင်္လာနာမည်ရှင်၊ တနင်္လာသားသမီးများဖြစ်ပါသည်။ (၈)ဂဏန်း၊ (၄)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ ရွှေ ရွှေရောင်ပစ္စည်းများဝင်လာလျှင် စိတ်ညစ်ရတတ်သည်။ လူမျိုးခြား အကျိုးမပေးသေးပါ။ ကျန်းမာရေးအတွက် လိုအပ်လျှင် သက်ကြီးရွယ်အိုများကို ဆေး၊ ငွေ၊ အာဟာရ မကြာမကြာလှူပါ။ အိပ်ရေးပျက်မခံပါနှင့်။ ပညာရေးကံတွေကောင်းနေပါသည်။ အာရုံကြောများမကြာခဏအနားပေးပါ။ အိမ်ထောင်သည်များ စကားပြောမလွန်ပါစေနှင့်။ ဒေါသမကြာခဏထွက်ဖြစ်တတ်လို့ ဆင်ခြင်ပါ။ ဘုရားဆောင်တွင် အင်းဟောင်း၊ အင်းပျက်များမထားပါနှင့်။ စွန့်ပစ်ပါ။ မင်္ဂလာရှိအောင်နေပါ။ အမင်္ဂလာစကားတွေ၊ ဗန်းစကားတွေမပြောပါနှင့်။ သံဃာတော်အရှင်သူမြတ်များကို အရုဏ်ဆွမ်းခဏခဏလောင်းလှူပါ။ ချစ်တတ်သူတွေအတွက် မျက်နှာပွင့်နေမည်။ ကံတွေပွင့်နေမည်။ စကားကြောင့်ခဏခဏမှားတတ်ပါသည်။ ဆင်ခြင်ပါ။ တန်ဖိုးရှိသောကျောက်မျက်ရတနာဝင်လာမည်။ ဝင်ငွေကောင်းနေမည်။ ငွေဝင်လေလှူလေပြုလုပ်ပါ။ တန်ဖိုးမရှိသောကျောက်တော့ မဝင်ပါစေနှင့်။ လာဘ်တွေပိတ်သွားတတ်ပါသည်။ ထီဝါသနာပါသူများအတွက် ကားနှင့်ရောင်းသော ထီဆိုင်တွင် (၂)ဂဏန်းများစွာပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

*ယတြာ ။ ။ လေထိထားသော လေရောဂါဝေဒနာရှင်များကို ဆေး၊ ငွေ၊ အာဟာရလှူပါ။*

## သောကြာသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသောကိစ္စများတွင် ကိုယ့်ကိုအကောင်းဆုံးကူညီနိုင်မည့်သူ၊ အကြံပေးနိုင်မည့်သူများမှာ စနေနာမည်ရှင်၊ ဗုဒ္ဓဟူးနာမည်ရှင်များဖြစ်ပါသည်။ (၅)ဂဏန်းရှောင်ပြီးအလုပ်လုပ်ပါ။ ငွေနံကောင်းစေရန် လာဘ်ဝင်စေသောဂါထာများကို အဓိဋ္ဌာန်ပုတီးများစိပ်ပါ။ လောင်းကစားအကျိုးမပေးပါ။ အိမ်ထောင်ရေးသာယာစေရန် စကားပြောမလွန်ပါစေနှင့်။ ကျက်သရေမင်္ဂလာမရှိသောစကားများမပြောမိအောင်နေပါ။ အတိုက်အခံများနေပါက ထိမ်သားပုတီးဖြင့် နမော(၅)ချက်ဂါထာကို အဓိဋ္ဌာန်ပုတီးစိပ်ပါ။ ကျန်းမာရေးအတွက်လိုအပ်ပါက ခဏခဏအိပ်ရာပြောင်းအိပ်ပါ။ ဆေးလှူပါ။ ဓာရဏပရိတ်ရွတ်ပါ။ တောင်စဉ်ရေမရတွေးပြီး အိပ်မပျော်ဖြစ်တတ်ပါသည်။ အိပ်ရေးဝအောင်အိပ်ပါ။ ပညာရေးကံများကောင်းမည်။ ပုံမှန်စာကြိုးစားပါ။ လျော့ရဲရဲမဖြစ်ပါစေနှင့်။ ဘုရားစေတီများတွင် ညလုံးပေါက်လျှပ်စစ်မီးပူဇော်ပေးပါ။ ချစ်တတ်သူများအတွက် စကားပြောမမောက်မာဖို့ဘဲလိုပါသည်။ စကားပြောကြမ်းသဖြင့် စိတ်ဝမ်းကွဲတတ်ပါသည်။ ဆင်ခြင်ပါ။ ခိုစာကျွေးပါ။ ငှက်စာကျွေးပါ။ ထီထိုးရန်အတွက် စနေနံထီဆိုင်များတွင် (၇၊ ၁၊ ၂၊ ၉) ဂဏန်းများနှင့်ကံစပ်နေပါသည်။

*ယတြာ ။ ။ မျက်မမြင်များကိုတွေ့အောင်ရှာပြီး ငွေ၊ အာဟာရလှူပါ။*

BURMESE CLASSIC

## စနေသားသမီးများ

အောင်မြင်လိုသော စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် အကောင်းဆုံးအကြံပေးနိုင်သူ၊ အကူအညီပေးနိုင်သူများမှာ တနင်္လာနာမည်ရှင်၊ ကြာသပတေးနာမည်ရှင်များဖြစ်ပါသည်။ (၃)ဂဏန်းရှောင်ပြီး အလုပ်လုပ်ပါ။ စက်ပစ္စည်းအဟောင်းများမဝင်လာပါစေနှင့်။ ဆိုင်ကယ်အကြမ်းမစီးပါနှင့်။ သစ်ဟောင်းများဝင်၍မရပါ။ အိမ်ကိစ္စ၊ အလုပ်ကိစ္စများနှင့်ပတ်သက်ပြီး သူများကိုအာမမခံပါနှင့်။ အင်း၊ လက်ဖွဲ့၊ အဆောင်များဝင်လာ၍မရပါ။ ကျန်းမာရေးအတွက်လိုအပ်ပါက ဓာရဏပရိတ်တော်ကို အဓိဋ္ဌာန်ဖြင့်ရွတ်ပါ။ ငှက်ကလေးများကို ဘေးမဲ့ပေးပါ။ ဦးခေါင်းဝေဒနာရှင်များနှင့်ဆုံတိုင်းလိုအပ်သော ဆေး၊ အာဟာရ၊ ငွေ တစ်နိုင်လှူပါ။ ပညာရေးကောင်းမည်။ ချစ်တတ်သူများမျက်နှာပွင့်လန်းနေမည်။ ငွေကံပွင့်နေမည်။ လောဘကြီး၍မရပါ။ အလုပ်လျှောက်ထားသူများ အလုပ်ရနိုင်သော်လည်း ကိုယ်လုပ်ရမည့်အလုပ်ကို ရွေးချယ်ခွင့်မရှိဘဲဖြစ်မည်။ ရပ်ဝေးတွင်တာဝန်ထမ်းဆောင်ရတတ်ပါသည်။ ထီဝါသနာပါသူများအတွက် တနင်္လာနံထီဆိုင်၊ ကားနှင့်လှည့်ရောင်းသောထီဆိုင်များတွင် (၂၊ ၉၊ ၅၊ ၇) ဂဏန်းများပါအောင် ရွေးချယ်ကံစမ်းထားလိုက်ပါ။

*ယတြာ ။ ။ နေ့စဉ် (၁၅) မိနစ် အချိန်ရအောင်ယူပြီး ဝင်လေထွက်လေမှတ်ကာ တရားထိုင်ပါ။*

ရ င် ကို ေ အး မြ ေ စ သ ာ း
**ဆရာဦးမောင်မောင်သန်း**
အမှတ် (၈၅၂) ကုန်းဘောင်(၁၀)လမ်း (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com